မိုးရွေး


ဇေတဝန် ဆရာတော်ဘုရားကြီး

သည်

မိုးရွာ အရှင်သိရိမာလာ၏ အမေးတို့ကို


ဖြေကြားတော်မူအပ်သော

သမဏ္ဍကဒိဋ္ဌိပန်းကုပ်



ပိဋကတ်တျဖူးဟာအဖွဲ့

သာသနာ ၂၅၄၉ ကောဇာ ၁၃၆၇ ခရစ် ၂၀၀၆



နိဒါန်း

ဗုဒ္ဓစန္ဒေ အနုပ္ပန္နေ၊ ဗုဒ္ဓါဒိစ္စေ အနုဂ္ဂတေ
တေသံ သဘာဂဓမ္မာနံ၊ နာမမတ္တံ နနာယတိ။

ဗုဒ္ဓစန္ဒေ ဘုရားတည်းဟူသော လမင်းသည် အနုပ္ပန္နေ မထွန်းလင်းမဖြစ်ပေါ်သည်ရှိသော် ဗုဒ္ဓါဒိစ္စေဘုရားတည်းဟူသော နေမင်းသည် အနုဂ္ဂတေ မပေါ်မထွက်မတက်သည်ရှိသော်၊ တေသံသဘာဂဓမ္မာနံ ထိုအနိစ္စအခြင်းအရာ စသည်တို့ဖြင့် တူကုန်သော သခ်ၤတတရားတို့၏ နာမမတ္တံ-နာမမတ္တံပိ အမည်မျှသည်လည်း နနာယတိ မထင်ပေ။

အကယ်၍သာ ဤကမ္ဘာတွင် လမင်းစန္ဒာထွက်ပေါ်မလာခဲ့သည်ရှိသော် ညချမ်းအခါသွားလာကြသူဟူဟူသမျှ တို့သည် ညဉ့်အမှောင်၌ လမ်းမှန်မမှန် မဝေဖန်နိုင် မသိနိုင်သကဲ့သို့လည်းကောင်း၊ ရောင်ခြည်တစ်ထောင်အလင်းဆောင်သည့် တောက်ပထွန်းလင်းရှင် နေမင်းသည် ထွက်ပေါ်မလာခဲ့သည်ရှိသော် ကမ္ဘာသူကမ္ဘာသား သတ္တဝါအများတို့သည် ကမ်းမခြင်လမ်းမခြင် ရှိကြရာသကဲ့သို့လည်းကောင်း လောကသုံးရပ်ဘုံသုံးထပ်၌ အကုန်သိမြင် ဘုရားရှင်တည်းဟူသော နေမင်းလမင်းသည် မထွက်ပေါ်မထွန်းလင်းသည်ရှိသော် အမှန်ရှိသည့် သဘာဝဓမ္မပရမတ္ထတရားတို့၏ ဖဿ-ဝေဒနာ စသည့်အမည်မျှသည်လည်း ပုထုဇဉ်သားသတ္တဝါအများတို့အား လားလားမျှပင် ထင်နိုင်မည် မဟုတ်ပေ။

လမင်းနေမင်းအလား မြတ်စွာဘုရားတို့ ထင်ရှားပွင့်တော်မူလာမှသာလျှင် လမ်းမှားလမ်းမှန် ဝေဖန်သိရှိနိုင်ကြ၍ သစ္စာလေးပါး ခန္ဓာ-အာယတန-ဓာတ်ပရမတ္ထဓမ္မတို့၏ နက်နဲသော သဘာဝကို မြတ်စွာဘုရားတို့၏ အထံတော်၌ နာခံမှတ်သားကာ ပါရမီ အားလျော်စွာသိမြင်နိုင်ကြပေသည်။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာဘုရားတို့ ပွင့်တော်မူရာအခါသည် လောကသားသတ္တဝါအများတို့အတွက် အခွင့်ကောင်းအခါကောင်းကြီးပင်ဖြစ်ပေသည်။

ယင်းသို့ ပွင့်တော်မူကြသော ဘုရားမျှင်တို့တွင်လည်း သက်တမ်းရှည်သောကာလ၌ ပွင့်တော်မူကြသည့် မြတ်စွာ ဘုရားရှင်တို့သည် ဒေသနာတော်ကို အကျယ်အားဖြင့် မဟောကြားဘဲ မျက်မှောက်သာဝကကြီးများ မဂ်ဖိုလ်ရရုံမျှ အကျဉ်းအားဖြင့် ဟောတော်မူကြသည်။ သို့ဖြစ်သောကြောင့် ထိုဘုရားရှင်တို့နှင့်မျက်မှောက်သာဝကကြီးများ ကွယ်လွန် သွားလျှင်ပင် သာသနာတော်သည်လည်း တပါတည်း ကွယ်ပျောက်ပြီးဖြစ်တော့သည်။

ကျွန်ုပ်တို့၏ ကိုးကွယ်အားထားရာ ဂေါတမရှင်တော်မြတ်ဘုရားသည်ကား သက်တမ်းတိုသော ကာလ၌ ပွင့်တော်မူသဖြင့် ဒေသနာတော်ကို အကျယ်အားဖြင့် ဟောကြားတော်မူ၍ နောင်လာနောက်သား သတ္တဝါအများ၏ အကျိုးစီးပွားကို ဖြည့်ဆည်းတော်မူခဲ့သည်။ ထို့ကြောင့် နောင်လာနောက်သား သတ္တဝါအများတို့သည် ရှင်တော်ဂေါတမ ဟောကြားတော်မူခဲ့သည့်

မဂ်ဖိုလ်နိဗ္ဗာန်တရားမှန်ကို ဧကန်ပိုင်ပိုင်ရယူနိုင်သော အခွင့်ကောင်းများရှိကြလေသည်။

အဘယ်ကြောင့်ဆိုသော် မှန်ကန်တိကျစွာ သိုက်နန်းကိုဖော်ပြသည် သိုက်စာရရှိထားသော သိုက်ဆရာသည် အခါအားလျော်စွာ ဥစ္စာပစ္စည်းများကို တူးဖော်ထုတ်ယူနိုင်သကဲ့သို့ ထို့အတူ မဂ်ဖိုလ်နိဗ္ဗာန်ကို ဖြောင့်မှန်စွာ ညွှန်ပြသည့် ဂေါတမရှင်တော်ဘုရား၏ ဒေသနာတော်များသည် သဒ္ဒါအနက် မပျက်စီးဘဲ ယနေ့ထက်တိုင်ဆက်လက် တည်တံ့ လျက်ရှိသောကြောင့်တည်း။

ထိုဒေသနာများသည် နက်နဲခက်ခဲလှသည့်ပြင် လွန်စွာလည်း ကျယ်ဝန်းလှပေသည်။ ယခုအခါ တွေ့မြင်မှတ်သားရသည့် နိကာယ်ငါးရပ်ပိဋကတ်တော်များသည် ၄၅-ဝါ ကာလကြာအောင် ဂေါတမရှင်တော်ဘုရား ဟောကြားတော်မူခဲ့သည့် ဒေသနာတော်များမှ တစ်စိတ်တစ်ဒေသမျှသာ ဖြစ်ပေသည်။ ယင်းသည်ပင် တူညီသော ဝါကျစကားများကို ပေယျာလနည်းအားဖြင့်အတိုချုပ်၍ ပုံနှိပ်ရာ ဆဋ္ဌသင်္ဂါယနာမူဖြင့် အုပ်ရေ ၄၀ အထိရှိလေသည်။ ပေယျာလပြု၍ မြုပ်ထားသော ဝါကျစကားများကို အကုန်အစင်ထုတ်နုတ်ဖော်ပြလျှင် ဆယ်ဆမက ရှည်လျားပြန့်ကျယ်လာနိုင်ပေသည်။ ထို့ကြောင့် ပိဋကတ်သုံးသွယ်သည် သံသရာပင်လယ် ရေပင်လယ် နည်းပင်လယ် ဉာဏ်ပင်လယ်ဟူသော ပင်လယ်အဏ္ဏာဝါ သမုဒ္ဒရာကြီး လေးသွယ်တွင် နည်းပင်လယ် ပိဋကတ်အဏ္ဏာဝါ အဖြစ်ပါဝင်လေသည်။

ထိုနည်းပင်လယ် ပိဋကတ်အဏ္ဏာဝါကြီးကို သင်ယူလေ့ကျက် ကူးခပ်ခြင်းအမှုကို ပြုကြလျက် မဂ်ဖိုလ်နိဗ္ဗာန်တည်း ဟူသော ကမ်းတစ်ဖက်သို့ လွယ်ကူစွာရောက်လိုကြသူ များပြီလူတို့အတွက် အထောက်အကူဖြစ်စေရန် ရည်သန်တော်မူ၍ ကျေးဇူးရှင်မုံရွေးဆရာတော်ဘုရားကြီးသည် ဤသမန္တစက္ခုဒီပနီအမည်ရှိသော ကျမ်းတော်ကြီးကို ရေးသား ပြုစုတော်မူခဲ့ရာ ဆရာတော်ဘုရားကြီး၏ ရည်သန်တော်မူရင်း နှလုံးသွင်းကို ကူညီဖြည့်ဆည်းလိုသော ရန်ကုန်မြို့ ပိဋကဗျူဟာအဖွဲ့ကြီးက ထိုသမန္တစက္ခုဒီပနီအမည်ရှိသော ကျမ်းတော်ကြီးကို ထုပ်မံ၍ စက်တင်ပုံနှိပ်လိုက်ရပါကြောင်း သပ္ပုရိသ နွယ်ဝင်သူတော်စင်အပေါင်းတို့။

ဘန္တန္တပညိန္ဒာဘိဝံသ
အဘိဓဇ မဟာရဋ္ဌဂုရု
အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
ဒုတိယ ဥက္ကဋ္ဌ ဆရာတော်
မဟာအောင်မြေဘုံစံကျောင်းတိုက်
ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။

သုတကျေးဇူးစွမ်းရည်ထူး

သုတံ သဒ္ဓါယ သီလဿ သုတဿ စာဂဿ ပညာယ ဥပနိဿယပစ္စယေန ပစ္စယော။
(ပဋ္ဌာနပါဠိ)

* အဆိုးကိုနှိုင်၊ အကောင်းပိုင်ဖို့၊ ကြံခိုင်ထူးခြား၊ လူစွမ်းအား၊ တရားလိုအပ်သည်။
* ဤလူဘဝ၊ မြတ်ပုည၊ မုချရအောင် ယူရမည်။
* သုတမပါ၊ ကောင်းမှုမှာ ဝေးကွာတတ်လေသည်။
* သုတမပါ၊ မဂ်ဖိုလ်မှာ၊ ဝေးကွာတတ်လေသည်။
* သုတ တိုးပွား၊ ကောင်းမှုများ ထူးခြားမြင့်တက် ရနိုင်သည်။
* သုတ တိုးပွား၊ မဂ်ဖိုလ်များ၊ ထူးခြားမြင့်တက် ရနိုင်သည်။
* သဒ္ဓါသီလ၊ သုတစာဂ၊ မြတ်ပညာ၊ ကောင်းစွာတိုးပွားသည်။
* ကောင်းမှုတန်ခိုး၊ အသိတိုးအောင်၊ တရားရောင်၊ စွမ်းဆောင်ပေးက မြင့်မြတ်သည်။
* သုတကျေးဇူး စွမ်းရည်ထူး ခီုးကျူးထိုက်ပေသည်။

"လုပ်ရန်အခွင့်၊ သင့်မသင့်ကို၊ နှိုင်းချင့်တိုင်းတာ၊ ကောင်းစွာသိတတ်၊ ဆုံးဖြတ်တတ်၊ မချွတ်လူခေါ်သည်" လူဘဝ၌ ကံသည် လူပုံသဏ္ဌာန်ကို ဖော်ပေးခဲ့၍ ဉာဏ်သည် လူ့အရည်အချင်းကို ထည့်သွင်းမြှင့်တင်ပေးနေရသည်။ လူဖြစ်ဖို့မှာ ကံ၏တာဝန်ဖြစ်၍ လူစစ်ဖို့ကား ဉာဏ်၏တာဝန်ဖြစ်သည်။ ကံ ရုပ်ကို ဉာဏ်အလုပ်ဖြင့် အလှဆင်ပေးနိုင်မှ လူ၏ထည်ဝါမှု ကိုရမည်။ လူစစ်မှ လူ့အလုပ်စေ့စပ်သေချာ၍ လူ့စွမ်းအား ပေါ်လွင်မည်။ လူစစ်မှလည်း လူ့အနှစ်ပြည့်ဝမည်။

လူ့စွမ်းအားအစစ်သည် တရားသာဖြစ်သည်။ လူဘဝ၏ အဖုအဆစ်၊ အထစ်အငေါ့၊ အခက်အခဲ၊ အရှုပ်အထွေး ပြဿနာမျိုးစုံကို တရားကလွဲ၍ မည်သည့်အရာမျှအားလုံး ချောမွေ့ပြေလည်အောင် ဖြေရှင်းနိုင်စွမ်းမရှိခေ့။ လူ့စွမ်းအားတရားရနိုင်ရန် အမြင်ထက်မြက်ပြတ်သားသော ဉာဏ်ကို အထူးလိုအပ်သည်။ အတိတ်ကံနှင့် တွဲပါလာသော ဘဝကပေးထားသည့် ဉာဏ်သည် ပစ္စုပ္ပန် ဉာဏ်ဝီရိယဖြင့် တူးဆွဖော်ထုတ်ပေးမှ ပေါ်လာတတ်သည်။ ကံကောင်း, မကောင်း ဉာဏ်ဝီရိယဖြင့် တူးစမ်းကြည့်ရသည်။

လူ့အသိဉာဏ်ကို သုတဖြင့်သာ ရယူနိုင်သည်။ မျက်စိဖြင့် မြင်ရခြင်း၊ နားဖြင့်ကြားရခြင်း၊ နှစ်မျိုးကိုပေါင်း၍ သုတဟု ခေါ်ထားခြင်းဖြစ်သည်။ မျက်စိ၊ နားနှစ်ပေါက်မှသာ အသိဉာဏ်ကို သွင်းယူရသည်။ မျက်စိ၊ နားကွယ်ပျောက် ပျက်စီးသွားလျှင် လူ့အသိဉာဏ်ဝင်ပေါက်ပိတ်သွားတော့သည်။ ဘုရား၊ ပစ္စေကဗုဒ္ဓါကလွဲ၍ လူသည် မသင်ကြားရဘဲ ဘာမှမတတ်၊ အသိဦးသူ, အသိထူးသူတို့ထဲမှ တဆင့်ရရှိသော သုတဖြင့်သာ အသိဉာဏ်ရရှိ ဖြစ်ပေါ်တိုးပွားကြရ သည်။

လူမှာ ဘာပဲရှိရှိ, လူဘာပဲလုပ်လုပ်, လူနေ့စဉ် အဆက်မပြတ်မလွတ်တမ်း မျက်ခြည်မပြတ် အရယူနေရမည့် အရာသည် ကောင်းမှုတရားတစ်မျိုးတည်းသာ ဖြစ်သည်။ တရားသည် အဆိုးအားလုံးအကုန်နိုင်သည်၊ အကောင်းအားလုံးပိုင်အောင် အာမခံတာဝန်ယူသည်။ ကောင်းမှုတရားတစ်မျိုးကို ပမာဏလည်းကြီးမား အရည်အသွေးလည်းကောင်း အောင်မြင့်တင်၍ စေ့စပ်သေချာလုံလောက်အောင် အရယူနိုင်လျှင် သံသရာတစ်လျှောက် မဂ်ပေါက်၊ ဖိုလ်ပေါက်

နိဗ္ဗာန်ရောက်သည်ထိ ကိစ္စအားလုံး ပြီးစီးနိုင်တော့သည်။ မျက်မှောက်၌ ခရီးသွား ဧည့်သည်သည် ပိုက်ဆံတစ်မျိုး လုံလောက်အောင် ယူနိုင်လျှင် အခြားပစ္စည်းကို ယူရန်မလိုဘဲ လမ်းခရီး တစ်လျှောက် ကိစ္စအားလုံး ပြီးစီးနိုင်သကဲ့သို့ပေတည်း။

သုတမပါလျှင် အသိဉာဏ်မရနိုင်သဖြင့် ကောင်းမှုရလဒ်အခွင့်အလမ်းကို မမြင်၊ ကောင်းမှုဝေးကွာနေတတ်သည်။ မဂ် ဖိုလ်ရထိုက်သူပင် သုတမရှိလျှင် မဂ် ဖိုလ်မရဘဲ ဝေးကွာနေတတ်သည်။ အရှုပခြုပ်ဟူသည် တိဟိတ်ဖြစ်သော်လည်း ရုပ်မရှိသဖြင့် မျက်စိ၊ နားမပါရကား သုတမရနိုင်သောကြောင့် ပုထုဇဉ်ဘဝ၌ လုံးဝမဂ် ဖိုလ်မရနိုင်ဟု ဆိုသည်။ စာထဲ၌ မဟာဓနသူဌေးဇနီးမောင်နှံသည် တိဟိတ်ဖြစ်ပါလျက် သုတမရခဲ့သောကြောင့် ကောင်းမှုရော မဂ် ဖိုလ်ပါလက်လွတ်ဆုံးရှုံးခဲ့ရကြောင်း ပြဆိုထားသည်။

သုတ တိုးပွားမှ ကောင်းမှုနှင့် မဂ် ဖိုလ်ရနိုင်ခွင့် အသိဉာဏ်ပွင့်လာတတ်သည်။ ဘုရားလက်ထက်က အင်္ဂုလိမာလ လူဆိုးကြီး၊ အရိယတံငါသည်၊ သူခိုးဖိုးလည်၊ ပရဒါရက်များလှသည့် ခေမက သူဌေးသား စသူတို့သည် အကုသိုလ်ကံ ကြီးပါလျက် သုတကျေးဇူးကြောင့် အသိဉာဏ်ပွင့်ကာ မဂ် ဖိုလ်ရခဲ့ကြောင်းတွေ့ရသည်။ အဇာတသတ်မင်းကဲ့သို့ ကံကြီးမထိုက်သေးသမျှ မည်သည့်အကုသိုလ်ကမျှ မဂ်ဖိုလ်မရအောင် မတားနိုင်ပါ။ လင်းနို့သားငါးရာ, ဖား, နာဠာဂီရိဆင်, ဗုဒ္ဓရက္ခိတ ကြက်တူရွေးစသော တိရစ္ဆာန်များပင် သုတကျေးဇူးကြောင့် အသိထူးများရရှိခဲ့ကြကြောင်း သိရပေသည်။

စာပေလေ့လာသင်ယူခြင်း, နာကြားမှတ်သားခြင်း, စာပေဖတ်ရှုခြင်း စသော သုတကြောင့် သဒ္ဓါတရားဖြစ်ပေါ် တိုးပွားရသည်။ သဒ္ဓါတရားပေါ်လာလျှင် ကောင်းမှုတရားလမ်းပေါက်ပွင့်သွားသည်။ ကိုယ်ကျင့်သီလမြင့်မား လာရသည်။ သုတအဆင့်ဆင့်နောက်ထပ်ဖြစ်ပေါ် တိုးပွားလာရသည်။ အလှူရဲရင့်လာသည်၊ ဘယ်သူအားပေးပေး, ဒါနဖြစ်အောင်ပေးတတ်သည်။ နာကြားဉာဏ်မှ စဉ်းစားဉာဏ် ပွားများဉာဏ်များ ရရှိတိုးပွားလာရသည်။ သုတနည်းလျှင် အသိမဲ့၍ ကိုယ့်ဟာကိုယ်တောင် အလိမ်ခံရတတ်သည်။

* တရားစကား၊ ဟောကြားပုဂ္ဂိုလ်၊ မိမိကိုယ်၊ ရိုရိုသေသေလွန်လေးစား။
* တည်ကြည်ငြိမ်သက်၊ ရွှင်အားတက်၊ လေးနက်လမ်းမှန်စိတ်ကိုထား။
* ဤသို့ နာမှ၊ အကျိုးရ၊ သုတပညာပွား၊ " သုတများ၍ အသိဉာဏ် တိုးပွားလိုသူသည် (၁) နာယူသင်ကြားလျှင် တရားစကား၊ ဖတ်ရှုလေ့လာလျှင် တရားစာပေကို လေးလေးစားစားတန်ဖိုးထားရမည်၊ (၂) သင်ယူနာကြားလျှင် သင်ပြဟောကြားပေးသူ, ဖတ်ရှုလျှင် ရေးသားပေးသူကို ရိုသေမြတ်နိုးလေးစားရမည်၊ (၃) မိမိကိုယ်ကို တရားနှင့်ထိုက်တန် သူအဖြစ် မြှင့်တင်၍ ရိုသေလေးစားတန်ဖိုးရမည်၊ (၄) စိတ်မပျံ့လွင့်အောင်ထိန်းသိမ်း၍ တည်ကြည်ငြိမ်သက်လေးနက်စွာ စူးစူးစိုက်စိုက် နာယူမှတ်သားရမည်၊ အထူးစိတ်ဝင်စားရမည်။ စိတ်ငြိမ်မှ ဉာဏ်ပေါ်ထွက်သည်၊ (၅) တရားလမ်းကြောင်းပေါ် စိတ်ကိုတင်၍ နှလုံးသွင်းဆင်ခြင်စဉ်းစားရင်း နာယူမှတ်သားရမည်။ နာကြားဉာဏ်မှ စဉ်းစားဉာဏ်သို့ မြှင့်ပေးနေရမည်။

သုတသည် လောကသုတနှင့် ဓမ္မသုတဟု နှစ်မျိုးရှိသည်။ လောကသုတသည် အများအားဖြင့် ဘဝထမ်းပုံနည်းပညာကိုပေး၍ ဓမ္မသုတသည်ဘဝအသုံးချ၍ စွမ်းအားထုတ်ယူနိုင်ပုံနည်းပညာကိုပေးသည်။ လူသည် လောကသုတမျှဖြင့် အသိမစုံသေး၊ အပူလည်း မငြိမ်းသေး၊

အဆိုးကိုလည်း မနိုင်သေး၊ လောကနှင့် ဘဝဒုက္ခ၏ အနိုင်ကျင့်လွှမ်းမိုးမှုကို ခံနေရဦးမည်။ အာရုံဖိစီးမှု ဒုက္ခအောက်တွင် စိတ်သောကရောက်နေရဦးမည်။ ဓမ္မသုတပါရှိထားမှ လူ့အသိပြည့်စုံနိုင်သည်။ အဆိုးကိုနိုင်၍ အပူငြိမ်းနိုင်သည်။ လောကနှင့်ဒုက္ခအပေါ် အာရုံအပေါ် အနိုင်ယူလွှမ်းမိုးနိုင်၍ စိတ်သောကအပူလျော့ပါး ငြိမ်းအေးသွားနိုင်သည်။ အရှိကိုနိုင်မှသာ တကယ့်အသိပညာအစစ် ဖြစ်သည်။ ဓမ္မသုတဉာဏ်ရှိမှ ဒါန၊ သီလ၊ သမာဓိ ပညာအပြည့်ရှိနေသော ခန္ဓာပစ္စည်းကို ဓာတ်ခွဲကြည့်တတ်မည်။

နည်းပရိယာယ်ကြွယ်ဝလှသည့် မြတ်ဗုဒ္ဓ၏ ဘဝအသုံးချနည်းစနစ်များကို နားလည်အောင် ပြောပြတတ်သူများက သင်တန်းပေးခြင်း, ဟောပြောပေးခြင်းဖြင့် သုတကြွယ်အောင်ဖြန့်ဝေပေးကြသည်။ နားပေါက်မှ သုတသွင်းပေးကြသည်။ အများနားလည်အောင် ရေးပြတတ်သူများက ဖတ်ရှုနိုင်အောင် သုတပွားစရာ စာအုပ်များရေးပေး ကြသည်။ မျက်စိပေါက်မှ သုတသွင်းပေးကြသည်။ ထိုပညာရှင် နှစ်မျိုးလုံး မြန်မာ့မြေပေါ်၌ ယခုထိ အပြည့်အစုံ ရှိနေသဖြင့် မြန်မာပြည်၌ လူဖြစ်ရသည်မှာ ယခုအတွက်ရော နောင်ရေးအတွက် ဘဝတွက်ကိန်းကိုက်လှပေသည်။

ကျေးဇူးတော်ရှင် မုံရွေးဇေတဝန်ဆရာတော်ဘုရားကြီးသည် အံ့သြဖွယ်ကောင်းလောက်အောင် သုတပြည့်စုံ ကြွယ်ဝတော်မူလှသည်။ ကျမ်းပေါင်းများစွာ ပြုစုတော်မူခဲ့သည်။ ထိုကျမ်းများထဲမှ ယခုဖတ်ရှုလေ့လာရမည့် သမန္တစက္ခု ဒီပနီကျမ်းမြတ်သည် လောကသုတ ဓမ္မသုတအတွက် နည်းပေးပုံပြည့်စုံတိကျကောင်းမွန်လှသည်။ တစ်ခုဖတ်လိုက်လျှင် တစ်ခုချက်ချင်းအသိရှင်းသွားစေသည်။ ရှေးဆရာတော်ကြီးပင်ဖြစ်သော်လည်း ယခုခေတ် ရဟန်းရှင်လူအကြီးအငယ် အားလုံးပင် နားဝင်အောင် အသိစင်ကြယ်အောင် ရေးပြပေးနိုင်စွမ်းရှိသည်။ သုတလိုသူမည်သူမဆို လေ့လာထိုက်သည့် အသိဉာဏ် ဆက်သွယ်ရေးကျမ်းကြီးဖြစ်သည်။

အများအတွက် အကျိုးဆောင်ပေးမှု အမျိုးမျိုးရှိရာတွင် ကောင်းမှုတိုးအောင် အသိပညာတိုးအောင် အကျိုး ဆောင်ရခြင်းသည် အမြတ်ဆုံးဖြစ်သည်။ ထိုအကျိုးဆောင်တာဝန်ကို သိရှိနားလည်ထားကြသည့် သဒ္ဓါမေတ္တာ ပညာအားကြီးကြသည့် ရန်ကုန်မြို့ ပိဋကဗျူဟာအဖွဲ့သည် ၁၈-ကျမ်းမြောက်အဖြစ် သမန္တစက္ခုဒီပနီကျမ်းကို အားရဝမ်းသာ ထုတ်ဝေလိုက်ခြင်းဖြစ်ပေသတည်း။

ဘဒ္ဒန္တသိရိန္ဒာဘိဝံသ
(တိပိဋကယောဆရာတော်)
(ပိဋကဗျူဟာအဖွဲ့ ဩဝါဒါစရိယ)
မဟာဝိသုဒ္ဓါရုံ ပါဠိတက္ကသိုလ်၊ နန္ဒဝန်လမ်း၊ ဗဟန်း၊ ရန်ကုန်မြို့။

အဖိုးမဖြတ်နိုင်သော အနုပ္ပရတနာ ကျမ်းစာ

လောကဥ် ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေး၊ ကုသိုလ်ရေးစသော ကိစ္စများရှိရာ ယင်းအကြောင်းအရာနှင့် ပတ်သက်၍ အကုန်အစင် သိသူဟူ၍ ဘုရားရှင်မှ တစ်ပါးမည်သူမှမရှိချေ။ ဘုရားရှင်ကိုသာ "သဗ္ဗညု -အလုံးစုံကို အကုန်သိမြင်တော်မူသော ပုဂ္ဂိုလ်" ဟုဆိုရသည်။ ဘုရားရှင်၏ ဂုဏ်တော်ကိုသာ "သဗ္ဗညုတညာဏ် - အလုံးစုံကို အကုန်သိသောဉာဏ်၊ အနာဝရဏာဉာဏ် - အပိတ်အပင် အတားအဆီးမရှိသောဉာဏ်၊ သမန္တစက္ခု - ပတ်ဝန်းကျင် သိမြင်နိုင်သော ဉာဏ်မျက်စိ" ဟုဆိုရပေသည်။ [ပဋို၊ သံ ၁၂၅၊ ၁၇၂။]

မိမိနားမလည်သော (သို့မဟုတ်) မရှင်းလင်းသော အကြောင်းအရာကို မိမိထက် တတ်သိနားလည်သော ပုဂ္ဂိုလ်များထံ မေးမြန်းဆွေးနွေးခြင်းဖြင့် သိလိုသောအချက်များသိရှိပြီး၊ မရှင်းသောအရာများရှင်လင်းနိုင်ပေသည်။ သို့ဖြစ်၍ ဘုရားရှင်လက်ထက်တော်၌ နတ်ဗြဟ္မာများ၊ လူများ၊ ပရိဗိုဇ်များ၊ ဗြာဟ္မဏများ၊ မင်းများသည် ဘုရားရှင် ထံ လာရောက်၍ သိလိုသော အချက်များကို လျှောက်ထားမေးမြန်းရာ ဘုရားရှင်က ဖြေဆိုတော်မူထားသော သုတ်တော်များကို ဝိဋကဥ်များစွာ တွေ့ရပေသည်။ [သဂါထာဝဂ္ဂသံယုတ္တ၊ သာမညဖလသုတ္တစသည်။]

အဘိဓမ္မပိဋကဥ် ပါဝင်သော ကထာဝတ္ထု ကျမ်းကြီးကား ထိုခေတ်၌ ရှိနေသော အယူဝါဒ အမှားများကို အမှန်ဖြစ်စေရန် သကဝါဒ (မိမိဘက်)၊ ပရဝါဒ (အခြားတစ်ဘက်) ပုဂ္ဂိုလ်တို့ အပြန်အလှန် မေးခွန်းထုတ်လျက် ဆွေးနွေးဖြေကြားသည့် အနေအားဖြင့် ဟောကြားတော်မူအပ်သော ပါဠိတော်ဖြစ်ပေသည်။ [အဘိ၊ ၄။]

အမေးအဖြေနှင့် ပတ်သက်၍ "မိလိန္ဒပဉာ-မိလိန္ဒမင်းကြီး၏ အမေး၊ အရှင်နာဂသေန၏ အဖြေကျမ်း" ကြီးသည် လွန်စွာထင်ရှားပေသည်။ အဋ္ဌကထာများ၌လည်း သိသင့်သိထိုက်သော အချက်များကို ရှင်းလင်းစေရန် မေးခွန်းများမေး၍ အဖြေများကို ထုတ်ပြလျက် ဖွင့်ပြထားသည်ကို တွေ့ရပေသည်။ [ဒီ၊ ၌၊ ၁၊ ၂၀၉။ အဘိ၊ ၌၊ ၁၊ ၄။]

မြန်မာနိုင်ငံ ရှေးရှေးပညာရှိများ မေး+ဖြေထားအပ်သော ကျမ်းစာများလည်း များစွာပင်ရှိပေသည်။ [မောင်းထောင်သာသနာပိုင်၏ အမေးတော်အဖြေကျမ်းစသည်။]

ပါဠိဝေါဟာရအားဖြင့် ပြောရလျှင် အမေးကို "ပုစ္ဆာ - မေးခွန်း၊ ပညာ-သိလိုသော အနက်(ပြဿနာ)၊ စောဒနာ - အပြစ်တင်ခြင်း၊ ဥမ္မဂ္ဂေါ - ပညာ၏ဖြစ်ပေါ်လာခြင်း" ဟု ခေါ်၏။ အဖြေကို "ဝိသဇ္ဇနံ - ဖြေဆိုခြင်း၊ ပရိဟာရ - အပြစ်ကိုရှောင်လွှဲခြင်း၊ သောဓနာ - မရှင်းလင်းသော အရာကို စင်ကြယ်စေခြင်း- ရှင်းလင်းခြင်း၊ ဝေယျာကရဏံ - ဗျာကရဏံ - အဓိပ္ပာယ်ကို ထင်ရှားအောင်ပြုခြင်း၊ ဖြေဆိုခြင်း" ဟု ခေါ်၏။ အဖြေဟူသော မြန်မာစကား၌လည်း "ရှုတ်ထွေးနေသောအရာကို ဖြေရှင်းပေးခြင်း" ဟုဆိုလိုပေသည်။

ထိုအဖြေသည် မေးသောအကြောင်းအရာကို လိုက်၍ လွယ်သည်လည်းရှိ၏၊ ခက်သည်လည်းရှိ၏၊ ခက်သောအကြောင်းအရာကို "ဂမ္ဘီရဋ္ဌာန - နက်နဲသောအရာ၊ ဂူဋ္ဌတ္ထ-လျှို့ဝှက်နေသောအနက်၊ ဂဏ္ဌိပဒ - အဖုအဆစ် - ခက်ရာဆက်ဆစ်၊ ကခ်ိဋ္ဌာနီယဓမ္မ - ယုံမှားခြင်း၏ တည်ရာအကြောင်း- ယုံမှားထိုက်သောအကြောင်း" ဟုခေါ်ပေသည်။

ထိုခက်ခဲနက်နဲသော ပြဿနာကို ဖြေဆိုရန်မှာ မလွယ်ကူပေ၊ ကောက်ချက်မှတ်ချက်ချတတ်သောဉာဏ်၊ ဆုံးဖြတ်တတ်သော ဉာဏ်ရှိမှ ဖြစ်နိုင်ပေသည်။ ယင်းဉာဏ်ကို "ဝိနိစ္ဆယဉာဏ်" ဟု ခေါ်၏။ ထိုဉာဏ်လည်း ဆိုင်ရာ ကျမ်းဂန်အဓိပ္ပာယ်ကို တတ်သိကျွမ်းကျင်ရုံဗဟုသုတရှိရုံမျှမက ကွဲလွဲနေသောနေရာ၊ မတူသောနေရာ၌ ညှိနှိုင်းတတ် ဖို့ လိုအပ်ပေသည်။ သို့ဖြစ်၍ "ကျမ်းသိထက် ကျမ်းညှိခက်သည်" ဟု ဆိုထုံးစကားရှိပေသည်။

ထိုသို့ ညှိနှိုင်းသောအခါ

(က) အာဂမယုတ္တိ - ကျမ်းစာပါဠိအထောက်အထားဖြင့် သင့်လျော်မှု

(ခ) သဘာဝယုတ္တိ - သဘောလက္ခဏာ အခြေအနေအားဖြင့် သင့်လျော်မှု

နှစ်မျိုးဖြင့် ညှိနှိုင်းရပေသည်။

ဤသမန္တစက္ခုဒီပနီ (ထက်ဝန်းကျင် ပညာမျက်စိ အလင်းပြကျမ်း) ၌ မေး+ဖြေထားအပ်သော အကြောင်းအရာများသည် မည်သို့သော အကြောင်းအရာများဖြစ်သည်ကို စာဖတ်သူများ ဖတ်ရင်းပင် သိရှိကြပါလိမ့်မည်။ မိမိအနေ ဖြင့်မူ ဤကျမ်းစာကို "အနုဋ္ဌရတနာ-တန်ဖိုးမဖြတ်နိုင်သောကျမ်းစာ" ဟုဆိုချင်ပါသည်။

ဘဒ္ဒန္တ ပဏ္ဍိတာဘိဝံသ
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ
နာယကချုပ်
နိုင်ငံတော်ပရိယတ္တိသာသနဒုတတ္တသိုလ်
ကမ္ဘာအေး၊ ရန်ကုန်။

ပိဋကတ္တုဟာအဖွဲ့၏ ကျမ်းဦးအမှာစာ

ဗုဒ္ဓမြတ်စွာဘုရားရှင်၏ သာသနာတော် သုံးရပ်တွင်မူလဘူတဖြစ်သော ပရိယတ္တိသာသနာတော်မြတ်ကြီး ရှည်ကြာလေးမြင့်စွာ တည်တံ့ခိုင်မြဲပြန့်ပွားစေရန်အတွက် ကျမ်းပြုအရှင်မြတ်ကြီးများဖြစ်ကြသော ပိဋကစာပေပညာရှင် အသီးသီးတို့ ရေးသားပြုစုတော်မူခဲ့ကြသည့် တိမ်မြုပ်နေသော ပိဋကတော်များ၊ ကျမ်းစာအုပ်အဖြစ်သို့ တစ်ခါမျှမရောက်ဖူးသေးသော ကျမ်းစာများ၊ ပရိယတ္တိသာသနာတော်အတွက် အကျိုးများမည့် ကျမ်းစာများ၊ ဦးစားပေးရိုက်နှိပ်ဖြန့်ချိရန်နှင့် ကျမ်းစာအုပ်အဖြစ်သို့ရောက်ဖူးသော်လည်း ပရိယတ္တိ သာသနာတော်အတွက် ကျေးဇူးများသည် ပြတ်လပ်ရှားပါးနေသော ကျမ်းစာအုပ်တို့ကို အခြေအနေအားလျော်စွာ ပြန်လည်ရိုက်နှိပ်အား ဖြည့်ပေးရန်ဟူသော ရည်ရွယ်ချက်များဖြင့် ပိဋကတ္တုဟာအဖွဲ့ကို မြန်မာနှစ် ၁၃၇၇ခုနှစ်၊ ကဆုန်လပြည့်(ဗုဒ္ဓနေ့)နေ့၊ စနေနေ့ (၂၄. ၅. ၇၅)နေ့တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။

ပိဋကတ္တုဟာအဖွဲ့ကို အားပေးခြီးမြှင့်ကူညီစောင့်ရှောက်တော်မူကြသော ဆရာတော်ကြီးများမှာ- (၁) ကမ္ဘာ့သာသနာပြု အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ သဒ္ဓမ္မဇောတိက ဆရာတော်ကြီး ဦးသေဋ္ဌလ၊ (၂) ခြောက်ထပ်ကြီးဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဦးအာစိဏ္ဏ၊ (၃) ပြည်လမ်းခင်ဦးတောရ မူလပဋ္ဌာန်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဦးနာရဒ၊ (၄) ကြည့်မြင်တိုင် ဘုံပျံဆရာတော် ဦးပညာသာမိ၊ (၅) ဖျာပုံတိုက်သစ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဦးဩဘာသာဘိဝံသ၊ (၆) သပြေကန်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ မဟာရဋ္ဌဂုရု ဒုတိယရွှေကျင်သာသနာ ပိုင်ဆရာတော် ဦးဝါသေဋ္ဌာဘိဝံသ၊ (၇) မင်းကွန်းပဌမ တိပိဋကစရ ဓမ္မ ဘဏ္ဍာဂါရိက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇသဒ္ဓမ္မဇောတိက ဦးဝိစိတ္တသာရာဘိဝံသ၊ (၈) အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဓဇဆရာတော် ဦးတိလောကသာရ၊ (၉) အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက ဓဇ ဦးသီလာနန္ဒာဘိဝံသတို့ပါဝင်၍ ဦးဆောင်ညွှန်ကြား အားပေး ကူညီတော်မူခဲ့ကြပါသည်။

ပိဋကတ္တုဟာအဖွဲ့၏ နာယကလူကြီးများ၊ အမှုဆောင်များတွင် (၁) ဒီးဒုတ်ဦးသာဒင်၊ (၂) ရွှေတိဂုံဂေါပက လူကြီးဖြစ်သော ဝဏ္ဏကျော်ထင်ဦးမြင့်၊ (၃) ဦးဘသော်၊ (၄) ဗိုလ်မှူးအောင်၊ (၅) ဝဏ္ဏကျော်ထင် ဟံသာဝတီဦးဘခင်၊ (၆) ဦးအောင်သိမ်း (မဟာသဒ္ဓမ္မဇောတိကဓဇ)၊ (၇) ဒေါက်တာရန်ရှင်းနှင့်၊ (၈) ဓမ္မတ္တုဟာ ဦးမြသောင်းစသော ပုဂ္ဂိုလ်များပါဝင်ခဲ့ပါသည်။

ပိဋကတ္တုဟာအဖွဲ့၏ နှစ်(၃၀)အတွင်း ဖော်ထုတ်ပုံနှိပ်ဖြန့်ဝေပူဇော်ခဲ့သော ကျမ်းစာများမှာ-(၁) ကလျာဏီကျောက်စာမြန်မာပြန်ကျမ်း၊ (၂) ဇာတိဝိသောဓနကျမ်း၊ (၃) ဝဇီရဗုဒ္ဓိဋီကာ နိဿယကျမ်း ပထမတွဲ၊ (၄) မဟာပကာမကျမ်း၊ (၅) ဝဇီရဗုဒ္ဓိဋီကာ နိဿယကျမ်း ဒုတိယတွဲ၊ (၆) နလာဋမောတ်တော်ကျမ်း၊ (၇) ဝိမတိ ဝိနောဒနိဋီကာ နိဿယကျမ်းပထမတွဲ၊ (၈) ဝိမတိ ဝိနောဒနိဋီကာ နိဿယကျမ်း ဒုတိယတွဲ၊ (၉) ပဋ္ဌာန်းလမ်းညွှန်ကျမ်း၊ (၁၀) ဗုဒ္ဓဒေသနာတော် မြန်မာပြန် နိဒါန်းကျမ်း၊ (၁၁) ဓမ္မစကြာနှင့် အနတ္တလက္ခဏသုတ် အမေးအဖြေ (၂)အုပ်တွဲ၊ (၁၂) သတိပဋ္ဌာန်နှင့်ပဋ္ဌာန်းအမေးအဖြေ(၂)အုပ်တွဲ၊ (၁၃) ပဒတ္ထမဉ္ဇူသာပါဠိမြန်မာအဘိဓာန်ကျမ်း၊ (၁၄) စွန်းလွှန်းဝိပဿနာ အမေးအဖြေကျမ်းနှင့် ယော်ဂီအခြေခံကျင့်စဉ်ကျမ်း (၁၅) စူဠသောတာပန်ဖြစ်ခန်း ဓာတ်ကမ္မဋ္ဌာန်းကျမ်း၊ (၁၆) ဂူကုန်းဓမ္မပေါင်းချုပ်ကျမ်းအတွဲ-၁၊

(၁၇) ဂူကုန်းဓမ္မပေါင်းချုပ်ကျမ်းအတွဲ - ၂ တို့ဖြစ်ကြပါသည်။

ပဋ္ဌကဗျူဟာအဖွဲ့ ရာသက်ပန် ဥက္ကဋ္ဌကြီး ဦးအောင်သိမ်း (မဟာသဒ္ဓမ္မဇောတိကဓဇ) သည် ၁၉၉၇ ခုနှစ်တွင် ပါဠိစာပေလေ့လာလိုက်စားသူများအတွက် မရှိလျှင်မဖြစ်သော ပဒတ္ထမဉ္ဇူသာ ပါဠို - မြန်မာအဘိဓာန်ကျမ်းကြီးကို မူပိုင်ရှင် ကမ္ဘာအေးဘုဒ္ဓသာသနာအဖွဲ့သို့ မေတ္တာရပ်ခံခွင့်တောင်းခဲ့ရာ ခွင့်ပြုချက်ရရှိပြီးမှ အဖွဲ့၏ ငွေအင်အား မလုံလောက်သဖြင့် မအောင်မြင်ဘဲရှိနေ၍ ၁၉၉၉ ခုနှစ်တွင် တရားအလှူစေတနာရှင်တစ်ဦးပေါ် ပေါက်ခဲ့ပါသည်။ သိန်း (၂၀) စိုက်ထုတ်၍ ရိုက်နှိပ်လျှဒါန်းခဲ့သော စေတနာရှင်မှာ ကျောက်တံတားမြို့နယ် (၃၄) လမ်း၊ အမှတ် (၁၂၀) နေ ချမ်းသာစာပေနှင့် ပုံနှိပ်လုပ်ငန်းပိုင်ရှင် ဦးရဲမြင့် မိသားစု ဖြစ်ပါသည်။ ယခုအခါ ပါဠို-မြန်မာအဘိဓာန်ကျမ်းကြီးသည် ပါဠိစာပေ လေ့လာလိုက်စားကြသော ရဟန်းရှင်လူများ လက်သို့ ရောက်ရှိနေပြီးဖြစ်ပါသည်။

ယခုတဖန် ပဋ္ဌကဗျူဟာအဖွဲ့၏ (၁၈) အုပ်မြောက်ကျမ်းစာအဖြစ် ရိုက်နှိပ်ပူဇော်ရန် ပညာရှိတို့ မျက်ရှု သမန္တစက္ခုဟု မှတ်တမ်းတင်ထားရသော ဘကြီးတော်ဘုရားလက်ထက် သံဃရာဇာ ဆရာတော်ကြီးဖြစ်သော ဂ္ဂနွဝဇီရာဘိလင်္ကာရသိရိဓဇမဟာဓမ္မရာဇဓိရာဇဂုရု တံဆိပ်တော်ခံ မုံရွေးဇေတဝန် ဆရာတော်ဘုရားကြီး ပြုစုတော်မူသော သမန္တစက္ခုဒီပနီဘွဲ့ သမုတ်သည့် ဗဟုသုတပေါင်းချုပ်ကျမ်းကြီးအား ရိုက်နှိပ်ပူဇော်ရန် ပဋ္ဌကဗျူဟာအဖွဲ့ အမှုဆောင်အစည်းအဝေးက ဆုံးဖြတ်ပြီး မူပိုင်ရှင်သာသနာရေးဦးစီးဌာနသို့ ရိုက်နှိပ်ဖြန့်ချိပူဇော်ခွင့်ရရှိရေးကို ပဋ္ဌကဗျူဟာအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးရဲမြင့်(ချမ်းသာစာပေ) အားတာဝန်ပေးအပ်ခဲ့ရာ သာသနာရေး ဦးစီးဌာန၏ ခွင့်ပြုချက်ရရှိပြီး ကျမ်းစာအုပ်ရိုက်နှိပ်ရန် လိုအပ်နေသော ငွေ (၁၆) သိန်းကိုပါ ဦးရဲမြင့်မှ စိုက်ထုတ်ပူဇော်ပေးခဲ့သဖြင့် သမန္တစက္ခုဒီပနီကျမ်းကို အောင်မြင်စွာရိုက်နှိပ်ပူဇော်နိုင်ခဲ့ပါသည်။

ဤကျမ်းကြီးကို ရိုက်နှိပ်ပူဇော်ခွင့်ပြုသော သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဝန်ကြီးကိုလည်းကောင်း၊ ပဋ္ဌကဗျူဟာအဖွဲ့၏ (၁၈)အုပ်မြောက် ကျမ်းစာရိုက်နှိပ်မှုတွင် လိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့သော ချမ်းသာစာပေနှင့် ပုံနှိပ်လုပ်ငန်းပိုင်ရှင် ဦးရဲမြင့် (ဒုတိယဥက္ကဋ္ဌ ပဋ္ဌကဗျူဟာအဖွဲ့) ကိုလည်းကောင်း၊ ပဋ္ဌကဗျူဟာ အမှုဆောင်အဖွဲ့မှ အထူးပင် ကျေးဇူးတင်ရှိပါကြောင်းကို ဖော်ပြအပ်ပါသည်။

ဦးပွ
ဥက္ကဋ္ဌ
ပဋ္ဌကဗျူဟာအဖွဲ့

ကျေးဇူးတင်မှတ်တမ်းလွှာ


ပြည်ထောင်စု မြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာနပိုင်၊ မုံရွာအရှင်သိရိမာလာ၏ အမေးတို့ကို၊ မုံရွေးဇေတဝန်ဆရာတော်ဘုရားကြီး ဖြေကြားတော်မူသော **"သမန္တစက္ခုဒီပနီ ကျမ်းကြီး"** အားပိဋကတျှဖာအဖွဲ့၏ (၁၈) အုပ်မြောက်ကျမ်းအဖြစ် ပုံနှိပ်ပူဇော်ခွင့်ပြုခဲ့သော သာသနာရေးဝန်ကြီးဌာန၊ ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်နှင့် သာသနာရေးဦးစီးဌာနတို့အားလည်းကောင်း၊ ကျမ်းစာအုပ်ပုံနှိပ်ထွက်ပေါ်လာရေးအတွက် ကူညီပံ့ပိုးပေးခဲ့သော ဦးရဲမြင့်(ချမ်းသာစာပေနှင့် ပုံနှိပ်လုပ်ငန်း)အားလည်းကောင်း၊ ပိဋကတျှဖာအဖွဲ့ကြီးမှ ကျေးဇူးအထူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ဦးပွ
ဥက္ကဋ္ဌ
ပိဋကတျှဖာအဖွဲ့

မုံရွေးဇေတဝန်ဆရာတော်ဘုရားကြီး၏
ထေရုပ္ပတ္တိကထာ
အကျဉ်းချုပ်

ရတနတ္တယံ အဟံ ဝန္ဒာမိ သပ္ပဒါ။ ။ ကောဇာသင်္ကရာဇ် ၁၁၂၈ ခု ဖုဿုနှစ် နယုန်လဆန်း ၄ ရက် တနင်္ဂနွေနေ့ မွန်းတိမ်း ၁၆ ဖဝါးပြည့် ၃ ချက်တီးကျော် နှစ်နာရီ နှစ်ပါဒ် ဆယ်ဗီဇနာ လေးပြန်ခရာ၊ ပြိဿ-တနင်္ဂနွေ၊ ပုဒ္ဓဟူး၊ စနေ၊ မေထုန်-တနင်းလာ၊ ကာရကဋ္ဌ ကြာသပတေး၊ တူ-လင်၊ မကာရ-အင်္ဂါ၊ ကုံ-ရာဟု၊ မိန်-သောကြာ အခါတွင်၊ ကြေးမုံမြို့၊ သူကြီး "ဦးဇေယျ" သူကြီးကတော် "မမင်းလှ"၏ သန္ဓေတိုက်ခန်းမှ ရွှင်လန်းကြည်သာ သားရတနာကို ဖွားမြင်၍ လာသည်။

ဇာတာပုံ



မိဘနှစ်ဦးတို့ မှည့်ခေါ်သော ငယ်နာမည်ကား "မောင်အောင်မြ"ဟု မှည့်ခေါ်၏၊ ၎င်း မောင်အောင်မြ ငါးနှစ်သားအရွယ်သို့ ရောက်လျှင် မုံရွေး မြို့ရှေ့တောင်မင်းကျောင်းဟူ၍ လည်းကောင်း၊ ဒေါင်မြေတုလွတ်ကျောင်း၊ ကလျာဏီရွှေကျောင်း၊ ဆင်ဖြူကျောင်းဟူ၍ လည်းကောင်း အမည်လေးမျိုးဖြင့် ကျော်စောထင်ရှားသောကျောင်းတိုက်ကြီး၌ သီတင်းသုံးနေတော်မူသော "ဝိစိတ္တာလင်္ကာရ သာသနဓရ မဟာဓမ္မရာဇာဓိရာဇဂုရု"တံဆိပ်တော်ရမဟာဝိစိတ္တ ဆရာတော် ဘုရားကြီးအထံတော်မှာ အပ်နှင်းသဖြင့် သူငယ်တို့ သင်သင့် သင်ထိုက် တတ်သင့် တတ်ထိုက်သော လောကုတ္တရာဘက်ဆိုင်ရာသင်ပုန်းကြီး, မင်္ဂလသုတ်ပါဠိအနက်, နမက္ကာရဘုရား ရှိခိုး, သုတဝန္ဒနာဘုရားရှိခိုး, ငါးပါးသီလခံယူနည်းပါဠိ အနက်, ဇာတ်တော်ကြီးဆယ်စောင်, ပရိတ်ကြီး, အတွင်းအောင်ခြင်း, အပြင်အောင်ခြင်း စသည်တို့နှင့် လောကီဘက်ဆိုင်ရာ ပေဒင်

နက္ခတ်ဓာတ်ဗိန္ဒောစသည်များကို သင်ကြား၍ ပေးသဖြင့် အသက်ခုနစ်နှစ်မျှရှိလျှင် ပြဆိုခဲ့ပြီးသော အရုပ်ရုပ်တို့ကို သေချာကျနစွာ တတ်မြောက်သဖြင့် ကလေးသူငယ်နှင့် မလိုက်အောင် အပြောအဆို အနေအထိုင် အစားအသောက် အသွား အလာမှစ၍ အလွန် လိမ္မာတော်မူသတည်း။

မောင်အောင်မြ အသက်ရှစ်နှစ်အရွယ်ရောက်လျှင် မဟာဝိစိတ္တ ဆရာတော်ဘုရားကြီး ထံမှာပင် ရှင်သာမဏေဖြစ်သဖြင့် ဆရာတော်ဘုရားကြီး မှည့်ခေါ်တော်မူသော ဘွဲ့တော်ကား ကိုရင်အာဒိစ္စဟူ၍ ဖြစ်လေသည်။ ၎င်းရှင်အာဒိစ္စ ဆရာဖြစ်သော "ဝိစိတ္တာလင်္ကာရ သာသနဓရ မဟာဓမ္မရာဇာဓိရာဇဂုရု" တံဆိပ်တော်ခံ မဟာဝိစိတ္တ ဆရာတော်ဘုရားသည် ပြဆိုခဲ့ပြီးသော ကလျာဏီရွှေကျောင်းကြီးနှင့် မဟာဇေတဝန် ကျောင်းကြီး နှစ်ကျောင်းကို များစွာသော ရဟန်းသံဃာတော် အခြံအရံနောက်ပါနှင့် တလှည့်စီ သီတင်းသုံးတော်မူ၍ ပရိယတ် ပဋိပတ် သာသနာတော်ကြီး၏ အကျိုးစီးပွားတို့ကို ဆောင်ရွက်တော်မူစဉ် ဆရာတော်ဘုရားကြီး သီတင်းသုံးတော်မူရာ ကျောင်းသို့ ရှင်အာဒိစ္စ အမြဲမကွာလိုက်ပါစေ၍ ပညာသင်ပေးသဖြင့် အသက်ကိုးနှစ်အရွယ်ကပင် သဒ္ဒါ၊ သင်္ဂြိုလ်၊ အဘိဓာန်၊ ဆန်း၊ အလင်္ကာ၊ သဒ္ဒါဘက်ဆိုင်ရာ သဒ္ဒဂယ်၊ ရူပသိဒ္ဓိ၊ နျာသ၊ သဒ္ဒနီတိ၊ မောဂ္ဂလာန်စသည်၊ အဘိဓမ္မာဘက်ဆိုင်ရာ ဋီကာ အစောင်စောင် ပါဠို အဋ္ဌကထာ၊ ဝိနည်းဘက်ဆိုင်ရာ ပါဠို အဋ္ဌကထာ ဋီကာ အဆုံးအဖြတ် ဂဏ္ဌိ ဂဏ္ဌနွဏ၊ သုတ်ဘက်ဆိုင်ရာ ပါဠို အဋ္ဌကထာ၊ ဋီကာမှစ၍ ကျမ်းသေးဖြစ်သော ပို့၊ ကဗျာ၊ လင်္ကာ၊ ရတု ရကန်၊ အဲ၊ အန်၊ လူးတား၊ သတ်ပုံ သတ်ညွှန်း၊ အပင့်၊ အရစ်မှမကျန် လောကီလောကုတ္တရာတို့ကို စာစပ်ကျမ်းရိုးနှင့်တကွ တတ်မြောက်တော်မူသဖြင့် ကိုးနှစ်အရွယ်ကပင် ဆရာတော်ဘုရားကြီး လက်ထောက်စာချအဖြစ်ဖြင့် ရဟန်းရှင်လူတို့ကို ပို့ချသင်ကြား ပြသဆုံးမ၍ နေတော်မူသည်။ တစ်နေ့လျှင် ၁၂ ကြောင်းပေကို ပါးစပ်နှင့်တကိုက်စာ ကျက်၍ ရသည်ဟု အစဉ်ဆက်လူကြီးများ၏ပြောသံကို ကြားရဖူးပေသည်၊ အသက် ၁၂ နှစ်မှာ အာဒါသမုခပို့၊ မဟာသီလဝပို့တို့ကို စပ်ဆိုတော်မူသည်။ ထိုမှတစ်ပါး ဆိုင်ရာရတု လူးတား ပို့၊ ကဗျာများကိုလည်း စပ်ဆိုတော်မူသည်။

ဤကဲ့သို့ စာပေပို့ချခြင်း ဟောပြောခြင်း ရေးသားခြင်းနှင့်ပင် အသက် ၂၀ သို့ ဝင်ရောက်လာသဖြင့် မဟာဝိစိတ္တ ဆရာတော်ဘုရား အထံတော်မှာပင် ပဗ္ဗဇိတဒုလ္လဘကို ရတော်မူပြီးသည့်နောက် ၃၀ါအရတွင် ဆရာတော်ဘုရားကြီးက အထူးအမိန့်ရှိတော်မူသည်မှာ "မောင်အာဒိစ္စ ပညာသင်သောသူတို့သည် ဆရာတစ်ဦးတည်းအထံမှ ပညာအခြေအနေပြည့်စုံခိုင်လုံသည်ရှိသော် ၎င်းကျမ်းဂန်ခက်ရာခက်ဆစ်တို့၌ ယူပုံဆပုံ ဆရာအမျိုးမျိုးတို့အထံ လှည့်လည်၍ နည်းခံဦးမှ သာလျှင် မိမိ၏ဉာဏ်ပညာသည် ပဒေသာကဲ့သို့ ထွေထွေရာရာတို့ကို နှိုင်းချိန်၍ ယူဆနိုင်သည်။ သို့အတွက် ငါ့အထံမှ ထွက်ခွာ၍ ကျမ်းဂန်တတ်မြောက်သော အခြားဆရာတော်များထံ ရှာကြံ၍ နည်းခံချေဦး"ဟု အမိန့်ပေးတော်မူသောကြောင့် မုံရွေးမြို့၏အနောက်မြန်မာခရီး လေးတိုင်ခွဲခန့်ဝေးကွာ၍ သလွာဝတီမြစ် ခြားလျက်နေသော ဆားထုံးဆရာတော်ဘုရားအထံမှာ ၃ နှစ်၊ မုံရွာမြို့အရှေ့ မုံရွေးမြို့၏မြောက် ခရီး ၃ တိုင်ခန့် ဝေးကွာသော လယ်ဇင်ရွာ သက်ငယ်ကျောင်း ဆရာတော် အရှင်ပညာသာမိ အထံတော်မှာ ၃ နှစ်၊ ၎င်းဆရာတော်ဘုရား

အများအထံတော်မှာ နေစဉ်ကလည်း အမျိုးမျိုးသော လောကီလောကုတ္တရာနှင့် စပ်လျဉ်းသည့် ပျို့ ကဗျာ လက်ာ မော်ကွန်း ရတုပိုဒ်စုံ လူးတား ဧချင်း အဲ အန် စသည်တို့ကို ရေးသားတော်မူသည်။

ယခု **မုံရွေးဆရာတော်-မုံရွေးဆရာတော်-ဟု** ထင်ပေါ်၍ နာမည်ကြီးခြင်း ကောင်းသတင်းဖြစ်၍ နေရစ်သော**မုံရွေးဆရာတော်ဘုရား** သည် မည်သည့်စာမျိုးကိုမဆို ပါဠိ မြန်မာ နှစ်ဘာသာလုံးကိုပင် ပေရွက်ထန်းရွက် ပုရပိုက်တို့၏အပေါ်၌ ကညစ်မတွန့် ကန့်ကူဆံမတွန့် ရပြီးသားစာကို ရေးသကဲ့သို့ လျင်မြန်စွာ ရေးသားသီကုံးနိုင်သော ဇဝနညာဏ်၊ ဂဇ္ဈီရညာဏ်၊ တိက္ခညာဏ်တို့ဖြင့် ပေါ်ပေါ်လွင်လွင်ကြီး ရေးသားတော်မူနိုင်သဖြင့်များစွာသော ကျမ်းဂန်တတ် မထေရ်ကြီးများ၏ အခြီးအမြောက်ကို ငယ်စဉ်ကပင် အကြိမ်ကြိမ် ခံယူတော်မူခဲ့ရလေသည်။

ရဟန်းတော် အရှင်အာဒိစ္စသည် လယ်ဇင်ဆရာတော်ဘုရားအထံမှ ငယ်ဆရာမုံရွေးမဟာဝိစိတ္တ ဆရာတော်အထံသို့ ရဟန်းဝါ ၉ ဝါအရ ပြန်၍နေပြီး ထပ်မံကာ သင်္ကရိုက် ဘင်္ဂလီ နာဂရီ ဆန်း ကလာပ် ဝိဒင်္ဂစသော ဘာသန္တရကျမ်းများကို သင်ကြားတော်မူသည်။

သက္ကရာဇ် ၁၁၂၂-ခုနှစ်၊ နန်းတက်တော်မူသော နောင်တော်ကြီးမင်း လျှုဒါန်းဆက်ကပ်ခြင်း ခံရသော "ဝိစိတ္တာလင်္ကာရ သာသနဓရမဟာဓမ္မရာဇာဓိရာဇဂုရု"ဘွဲ့တံဆိပ်တော်ခံ မဟာဝိစိတ္တ ဆရာတော်ဘုရားကြီးသည် သက္ကရာဇ် ၁၁၄၃-ခုနှစ်၊ နန်းတက်သော "သိရိပဝရဝိဇယာနန္တယသတြိဘဝနာဒိတျာဓိပတိ ပဏ္ဍိတ မဟာဓမ္မရာဇာဓိရာဇာ"ဘွဲ့ခံ ဘိုးတော်ဘုရား ပဒုံမင်းဦးဝိုင်း လက်ထက် သက္ကရာဇ် ၁၁၆၄-ခုနှစ်၌ မရဏနတ်ထံက အပင့်သန်လျသဖြင့် မငြင်းဆန်ဘဲသာ လိုက်ပါတော်မူလေသတည်း။

ငင်းကျေးဇူးတော်အရှင် ဆရာတော်ဘုရားကြီး ဘဝနတ်ထံ လိုက်စံတော်မူသောနှစ်၌ပင် အရှင်အာဒိစ္စသည် သက်တော် ၃၆ နှစ်၊ရဟန်းဝါ(၁၇)ဝါအရ အမည်လေးခုရသော ကလျာဏီရွှေကျောင်းတိုက်ကြီးနှင့် မဟာဇေတဝန် ရွှေကျောင်းတိုက်ကြီး နှစ်ခုတို့ကို ဆက်ခံတော်မူပြီးလျှင် ပရိယတ္တိ ပဋိပတ္တိတည်းဟူသော သာသနာ့ဝန်ကြီးကို ထမ်းဆောင်တော်မူသည်။

အရှင်အာဒိစ္စသည် ငယ်စဉ်ကစ၍ အသက်ထက်ဆုံး နံနက် အရုဏ်မတက်မီ စောစောထ၍ နိသဇ္ဇရွက္ခမူ ဝိနည်း တိစီဝရိတ်မုတင်တို့ကို အမြဲဆောက်တည်ပြီးလျှင် ညဉ့် နံနက် ဘုရားဝတ်တက် ဝတ်ကပ်ပြုခြင်း ကုသိုလ်ပြုတိုင်း ဝီရိယာဓိက ဘုရားဆုပန်ဆင်တော်မူခြင်း၊ နံနက် ဆွမ်းစားအပြီး နှင့် ညဝတ်တက်အပြီးတို့၌ နေ့ဝါညဝါချပို့ခြင်း၊ နေ့ဆွမ်းစားအပြီး ၁၂-နာရီအချိန်မှ နာရီပြန် တစ်ချက်အတွင်း အစာကြေစေခြင်းငှာ ကျိန်းစက်တော်မူခြင်း၊ နာရီပြန် ၂-ချက်အတွင်းမှာ စာကြည့်ခြင်း၊ ၃-နာရီမှ ၄-နာရီအတွင်း စာရေးခြင်း၊ ၄-နာရီမှ ၅-နာရီအတွင်း အရပ်ရပ်မှ အမေးပုစ္ဆာများကို ဖြေရှင်းတော်မူခြင်း၊ ညဝါချအပြီး ၁၀-နာရီအတွင်း သမထဝိပဿနာကို အားထုတ်တော်မူခြင်း ဤဝတ်များကို ကျန်းမာတော်မူက အမြဲဝတ်ထားတော်မူသည်။

အရပ်ရပ်မှ ရဟန်းရှင်လူတို့သည် လောကဓမ္မနှစ်ပွားနလုံးပင် အားထားရလေသောကြောင့် အနီးအဝေးမှ လာရောက်၍ တရားစာပေသင်ခြင်း၊ နာခံမှတ်သားခြင်း၊ လာ၍ ပင့်ဖိတ်ခြင်းတို့ကြောင့် များစွာထင်ပေါ်ပြီးလျှင် ငယ်နာမည်ပျောက်၍ **မုံရွေးဆရာတော်-မုံရွေးဆရာတော်**

ဟု ကျော်စောတော် မူလေသတည်း။ ထိုစဉ်အခိုက်တွင် မုံရွာမြို့ သိရိမာလာ ပညာရှိ ရဟန်းတော်အရှင်မြတ် အထပ်ထပ်အခါခါ အမျိုးမျိုးမေးလျှောက်သမျှတို့ကို ဖြေကြားတော် မူရာဖြစ်သော ဤသမန္တစက္ခုဒီပနီမည်သော ကျမ်းစာကြီးကို ၁၁၇၃ ခုနှစ်၊ တပေါင်းလပြည့် အင်္ဂါနေ့တွင် ပြုစုပြီးစီးတော်မူခဲ့သတည်း။ ထို့ပြင်လည်း ကြိုးကြား အားလပ်တော်မူတိုင်း ကျမ်းပေါင်းများစွာ ရေးသားတော်မူသတည်း။

"ပန်းသတင်း လေညှင်းဆောင် လူသတင်း လူချင်းဆောင်"ဆိုသော ပေါရာဏ စကားပုံနှင့် အညီ မုံရွေးဆရာတော်၏ ဂုဏ်သတင်း **ကျော်စောခြင်း**သည် ဘုရင့်ရွှေနားတော်ထိ ကြားသိ လေသောကြောင့် သက္ကရာဇ် ၁၀၈၁-ခုနှစ်၊ **အဝမြို့ စတုတ္ထမြို့**တည် နန်းတည် ဖြစ်သော **"ကြိဘဝနာဒိတျာဓိပတိ ပဝရပဏ္ဍိတ မဟာဓမ္မရာဇဓိရာဇ"**ဘွဲ့ခံ ဘကြီးတော် မင်းတရားကြီး လက်ထက် သက်တော် (၅၃)နှစ်၊ **ဝါတော်** (၃၄)ဝါ၊ ကျောင်းထိုင် (၁၇) နှစ်မြောက်၌ ဘကြီးတော် မင်းတရားကြီးက မှူးကြီးမတ်ရာ သေနာပတိ ဝန်ရှင်တော်မင်းကြီးများ စောင့်ကြပ် စေ၍ ရတနာ (၇)ပါးဖြင့် စီခြယ်အပ်သော ရွှေဝေါကြီးဖြင့် ရွှေထီးတို့ကို မိုးကာစေလျက် အရိယဝံသ အာဒိစ္စရံသီမည်သော မုံရွေးမဟာဇေတဝန်ဆရာတော်ဘုရားကြီးကို နေပြည်တော်သို့ ပင့်၍ နန်းတော်သို့ ရောက်တော်မူသောအခါ မူလကပင် ဆရာတော်၏ ဂုဏ်သတင်းကို ရွှေနားတော် ကြားသိပြီးဖြစ်သည့်အတိုင်း အထူးထူးသော ရာဇဓမ္မ မင်းနှင့် စပ်ဆိုင်ရာတို့ကို မေးလျှောက်သောအခါ လောကီကျမ်း လောကုတ္တရာကျမ်း အကိုးအကားစုံလင်စွာ အမျိုးမျိုး သော ဥပမာ ဥပမေယျ ထုံးပုံသက်သေ သာဓကတို့ဖြင့် တန်ဆာဆင်လျက် ဘုရင်၏ နှလုံး၌ တွင်တွင်ကျယ် တပြုံးပြုံး နားထောင်လို့ မမှုန်းနိုင်အောင် ဟောဖော်ပြသ ဆုံးမတော်မူနိုင်သော ဂမ္ဘီရ ဇဝန တိက္ခဉာဏ်တို့နှင့် ပြည့်စုံတော်မူခြင်းစသော အကြောင်းတို့ကို ကြည်ညိုလှသောကြောင့်-

"ဣန္ဒဝဇိရာလင်္ကာရ သိရိမဟာဓမ္မ ရာဇာဓိရာဇဂုရု" ဟူသော တံဆိပ်တော်ကို ပထမ အကြိမ် လျှဒါန်းဆက်ကပ်၍ မင်းဆရာတော် တင်မြှောက်ပြီးသည့်နောက် မင်းတရားကြီး တောင်းပန်သဖြင့် ရတနာစုံ စီခြယ်အပ်သော မှန်နန်းတော်ကြီး အတွင်း၌ မဟာရာဇဝင် တော်ကြီးကို စီရင်ခြင်းငှာ စွမ်းနိုင်တော်မူသော နာနာဂန္ထန္တရ ဗဟုသုတနှင့် ပြည့်စုံတော် မူသော ဂုဏ်တော်တို့ကို ကြည်ညိုမြတ်နိုးတော်မူပြန်သဖြင့် ထပ်မံကာ "ဣန္ဒဝဇိရာဘိလင်္ကာရ **သိရိဓမ္မဟာဓမ္မရာဇာဓိရာဇဂုရု**"ဟူသော ဒုတိယတဖန် တံဆိပ်တော်နှင့်တကွ ရတနာစုံစီခြယ် သော ဝေါ-ယာဉ် ရွှေထီး ရွှေကျိုင်း, ဝေါ-ယာဉ် ထမ်းမည့်သူ, ရွှေထီးရွှေကျိုင်း မိုးကာမည့်သူ များပါ လျှုတော်မူသတည်း။

ထို့နောက် အင်းဝမြို့ ထီးလှိုင်ဘုရား၏ အရှေ့မြောက်နားတွင် ပြာသာဒ်ကျောင်း အမည်နှင့် ကျောင်းကြီးဆောက်လုပ်၍ လျှုဒါန်းဆက်ကပ်သဖြင့် ၎င်းကျောင်း၌ သီတင်းသုံးတော်မူစဉ် ပြာသာဒ်ကျောင်းတွဲ, မော်ကွန်းနှင့် ဘုရင်မင်းတောင်းပန်ချက်အရ ကုသပို့ကိုလည်း ရေးသား တော်မူသတည်း။

မုံရွေး မဟာဇေတဝန် ဆရာတော်ဘုရားကြီးသည် သက်တော် (၆၀) ဝါတော် (၄၁)ဝါ ရရှိတော်မူသောအခါ မုံရွေးမြို့ အရှေ့ခရီး ၃ မိုင်ကွာ ရွှေမြင်တင်တောင်၏ ပတ်ဝန်းကျင် လေးမျက်နှာ တာပေါင်း (၈၀၀) ရှစ်ထောင်အတွင်း များစွာသော သတ္တဝါတို့ကို မည်သူမျှ

မသတ် မဖြတ်ရစေခြင်း ဇီဝိတ အဘယဒါန အလို့ငှာ ဘုရင်မင်းမြတ်အထံ ခွင့်ပန်အလျှောခံ၍ မုံရွေးနွားထိန်းသား ရွှေတိုက်အတွင်းဝန်ကြီးနှင့် မဟာသက်တော်ရှည် အမတ်ကြီးများပါ တိုင်ပင်ပြီးလျှင် ကျောက်တိုင်ရှစ်ချက် စိုက်တော်မူသတည်း။

ကျောက်တိုင် ရှစ်ချက်ကား

(၁) အတုလရန်အောင် "ရွှေမြင်တင်"ဘုရားမှ အရှေ့မြောက်ထောင့် တာ(၁၅၀၀)ကွာ "ရာဇသုခပဗ္ဗတ"တောင်ဘက် ကြေးမုံရွာက စိုက်သော "ဇေယမင်္ဂလာ"ကျောက်တိုင်။

(၂) ဘုရားမှ အရှေ့တာ (၁၀၀၀)ကွာ "သေတဟတ္ထိ"တောင်ထက် ကြေးမုံရွာကပင် စိုက်သည့် "သုမင်္ဂလာ"ကျောက်တိုင်။

(၃) ဘုရားမှ အရှေ့တောင်ထောင့်တာ(၁၀၀၀)ကွာ "သီတဂူဟ"တောင်တက် ခင်မွန်မြို့က စိုက်သည့် "သီတမင်္ဂလာ"ကျောက်တိုင်။

(၄) တောင် မျက်နှာတာ (၁၀၀၀)ကွာ "သိရိမင်္ဂလာ" အရပ်၌ ကြာပိုင်ရွာကစိုက်သည့် "ရွှေပြည်ရတနာ" ကျောက်တိုင်။

(၅) အနောက်တောင်ထောင့် တာ (၁၅၀၀)ကွာ "သိရိဝပုန"အရပ်၌ နွားထိန်းရွာက စိုက်သည့် "ကြံတိုင်းအောင်"ကျောက်တိုင်။

(၆) အနောက်မျက်နှာ တာ (၁၀၀၀)ကွာ "သီလဝပုန"အရပ်၌ ရဟန်းသံဃာတော်တို့ စိုက်သည့် "ရန်မိုးအောင်" ကျောက်တိုင်။

(၇) အနောက်မြောက်ထောင့် တာ(၁၅၀၀)ကွာ "မနောသုခ"အရပ်၌ မုံရွေးမြို့ကစိုက်သည့် "ရန်ကြီးအောင်"ကျောက်တိုင်။

(၈) မြောက်မျက်နှာ တာ(၁၀၀၀)ကွာ "မနောသန္တ"အရပ်၌ မုံရွေးမြို့ကပင် စိုက်သည့် "ရွှေပြည်မင်္ဂလာ"ကျောက်တိုင်။

ဤကျောက်တိုင်တို့သည် ယခုတိုင် အထင်အရှားရှိသေးသည်။ အထက်ပါ ကျောက်တိုင်များ စိုက်ကြောင်း ပြထားသော "မဟာဇေတဝန်" ကျောင်းတိုက်အတွင်း ကမ္ဘည်းကျောက်စာကြီး၌ အောက်ပါ သံပိုင်းလက်ာဖြင့် နိဂုံးချုပ်၍ ပြထားသည်။

သံပိုင်း

မင်္ဂလာရောင်လျှိုး။ ။မြကျောက်ခံသား၊ မင်းဝံတောင်ညွှန့်၊ မိုးရှည်ကွန့်လျက်၊ ညာကျွန့်ကျက်သရေ၊ သန်လျက်ဗွေထက်၊ မှန်ရွှေပြိုးပြောင်၊ လနေရောင်သို့၊ ဆောင်အဆန်းဆန်း၊ မြနန်းစံလွှတ်၊ ပြာသာဒ် ဘုံသာ၊ ရတနာပုရ၊ ရွှေဝမြို့ကြီး၊ တိုင်းလုံးထီးကို၊ အပြီးရောက်အောင်၊ တည်ထောင်စတုတ္ထ၊ နန်းရိုးချသား၊ နရထိပ်ညွှန့်၊ ဆဒ္ဒန့်သာမိ၊ ဓိပတိခေါင်ချာ၊ စိုးအုပ်ခါတွင်၊ ရာဇာပဝရ၊ လှူဆက်သသား၊ ဣန္ဒဝဇိရာ၊ ဘိလက်ာရ၊ သိရိခဇ၊ မဟာဓမ္မ၊ ရာဇာဓိရာဇဂုရု၊ မျက်ရှုခတ်နှိပ်၊ တံဆိပ်ရွှေစာ၊ လက်မကွာနှင့်၊ ဝိပဿနာဓုရ၊ ကြိုးလုံ့လလျက်၊ လောကစက္ခု၊ ဇမ္ဗူရုန်နှိပ်၊ မင်းဆယ်ကျိပ်၏၊ ဦးထိပ်ဥက္ကဋ္ဌ၊ မန္ဓာတ်စက္က၊ သာကိယဇာတိ၊ သီရိဥတ္တမ၊ စောသီဟကို၊

စန်းလမသွေ၊ တက်နေတူနှန်း၊ ဘုန်းကျက်သရေ၊ မြုတေတိုးလျက်၊ ရာသက်ရှည်ကြောင်း၊ မေတ္တာဟောင်းတွင်၊ သွန်းလောင်းထပ်ဆင့်၊ နှိုးဆော်ပင့်သား၊ ဘုရင့်ဆရာ၊ စီကုံးမှာသည်။ ။ **ကမ္ဘာတည်စိမ့် သံဝိုင်းတည်း**။

[ဆရာတော်သည် မဟာသီလဝပျို့၊ ပဋ္ဌာဝုဓပျို့၊ ကုသပျို့သစ်၊ ပါရမီတော်ခန်းပျို့ အဖြေစသော ပျို့ပေါင်း ခုနစ်စောင်ကို ရေးသားတော်မူသည်၊ ထိုပျို့များအနက် မဟာသီလဝပျို့နှင့် ပဋ္ဌာဝုဓပျို့များသည် ဆရာတော်၏ အကောင်းဆုံးလက်ရာဟု ဆိုရပေမည်၊ မဟာသီလဝပျို့တွင် ဆရာတော်သည်ရာဇကြောင်းကိုနွယ်၍ ရေးသား၏၊ ပဋ္ဌာဝုဓပျို့၌လည်း ထိုကဲ့သို့ပင် ရာဇကြောင်းကို အသားပေးကာ ရေးသားထားရကား ဆရာတော်သည် ရာဇကြောင်းကို ပိုမိုနိုင်နင်းသည်ဟုဆိုရပေမည်၊ စင်ဆင်စစ်တက်နှင့် ဆိုင်သော သေနင်္ဂဗျူဟာကျမ်းကိုလည်း နိုင်နင်းလှသည့်အလျောက် မဟာသီလဝပျို့တွင် စစ်ဗိုလ်မျူးတို့ သိသင့်သိထိုက်သော သေနင်္ဂဗျူဟာကျမ်းပါ အချက်အလက်များကို ပေါ်လွင်ထင်ရှားအောင် အကျဉ်းရုံး၍ ပြခဲ့လေသည်၊ ဆရာတော်သည် ဖွဲ့ဆိုလိုသည်ကို ကွက်ကွက်ကွင်းကွင်း ပေါ်အောင် ဖွဲ့တတ်၏၊ တခါတရံ အဖွဲ့အနွဲ့ထဲတွင် ဥပမာဥပမေယျများကို ညှပ်၍ ဆိုလိုရင်းသဘောကို ထင်ရှားစွာသိနိုင်ရန် သုံးခဲ့၏၊ လူတို့၏ စိတ်ကို ကြောက်ရွံ့ရမည့်နေရာ၌ ကြောက်ရွံ့စေလျက် ကရုဏာဖြစ်ပေါ်ရမည့်နေရာ၌ လှိုက်လှိုက်လှဲလှဲ ကြင်နာစိတ်များ ပေါ်ထွက်လာအောင် ထင်ရှားသော ဥပမာများ ဆောင်ကာ ရေးသားနိုင်၏၊ ရာဇကြောင်းဘက်၌ ဗဟုသုတကြွယ်ဝသဖြင့် အခြားဆရာများထက် စုံလင်စွာ ဗဟုသုတဖြစ်ဖွယ် အခန်းများကို ရေးသားနိုင်သည်။ မြန်မာ့စွယ်စုံကျမ်း ၉၊ ၃၄၀]

အရိယဝံသ အာဒိစ္စရံသီ အမည်တော်ရှိသော မုံရွေးဆရာတော်ဘုရားကြီးသည် အထူးထူးအထွေထွေ အံ့သြ၍မကုန်အောင် ပေါများလှသော ဂုဏ်ထူးဝိသေသ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီးပင် ဖြစ်ရငြားသော်လည်း ဘုရားရှင်ကိုယ်တော်မြတ်တို့သော်မှ မလွှဲမရှောင်သာသော မရဏာနိုင်ငံသို့ သက္ကရာဇ် ၁၁၉၆-ခုနှစ် သက်တော်(၆၉)နှစ် ဝါတော်(၅၀)အရတွင်ရတနာပုရအဝနေပြည်တော် ပြာသာဒ်ကျောင်းကြီးမှာပင် နတ်ပြဟ္မာတို့ပင့်ဆောင်သဖြင့်လိုက်ပါတော်မူလေသတည်း။

မုံရွေးဆရာတော် ရေးသားတော်မူခဲ့သော ကျမ်းတို့ကား -

၁။ မဟာရာဇဝင်တော်ကြီး အင်္ဂါ ၁၂၀ ကျော်။
၂။ မဟာရာဇဝင်သံခိပ်။
၃။ သမန္တစက္ခုဒီပနီကျမ်း။
၄။ သာသနဝံသဒီပနီကျမ်း။
၅။ ရွှေလင်းတပျို့။
၆။ ဝစနာလင်္ကာရကျမ်း။
၇။ ဟိတလက္ခဏာကျမ်း။
၈။ လက္ခဏာရာမ ရာဇဝင်။

၉။ မဟာသမုဒ္ဒဂမ္ဘီရဒီပနီ။
၁၀။ အဿလက္ခဏာကျမ်း။
၁၁။ ဝစနမာလာကျမ်း။
၁၂။ သီဟဠဝတ္ထု။
၁၃။ ပေါရာဏကထာကျမ်း။
၁၄။ ဥတိန္နပျို့။
၁၅။ ကုသပျို့။
၁၆။ ၎င်းဖတ်စာ။ (၁)
၁၇။ နာနာဆန္ဒပျို့။
၁၈။ ၎င်းဝါဆိုစဉ်ပျို့။
၁၉။ မဟာနာရဒပျို့။
၂၀။ ပဉ္စာဝုဓပျို့။
၂၁။ ၎င်းဖတ်စာ။
၂၂။ ဟာသဇဝနိယဉာဏမဠရီ။
၂၃။ ရာဇောဝါဒမေတ္တာစာကိုယ်။
၂၄။ ၎င်းအဖြေ။
၂၅။ မေတ္တာစာအမျိုးမျိုးညွှန့်ပေါင်းချုပ်။
၂၆။ ရတု ကေပိုဒ်နှင့် ပိုဒ်စုံအမျိုးမျိုး။
၂၇။ သင်္ဂီယနာတင် လူးတား။
၂၈။ ၄၄-ပုစ္ဆာလင်္ကာ။
၂၉။ ရွှေလင်္ကာ (၁)။
၃၀။ ကဝိမဏ္ဍနီ သတ်ပုံကြီး။
၃၁။ သတ်ပုံလင်္ကာ။
၃၂။ သတ်ညွှန်းနှင့် သတ်ထူး။
၃၃။ မင်းအဆုံးအဖြတ်။
၃၄။ ကေသဓာတုဝဏ္ဏ နိဿယ။
၃၅။ အာကာသသျှောတပျို့။
၃၆။ အာဒါသမုခပျို့။
၃၇။ မဏိသျှောတကျမ်း။
၃၈။ ပြာသာဒ်ကျောင်းတွဲ့။
၃၉။ ဩဝါဒဝိနိစ္ဆယကျမ်း။

၄၀။ မဟာသီလဝပျို့။
၄၁။ မင်္ဂလသုတ်ပျို့။
၄၂။ အာကာသစာရီပျို့။
၄၃။ ပါရမီအဖြေ။
၄၄။ ကောက်နုတ်ချက် ဇာတ်ဝတ္ထုများ။
၄၅။ ဂမ္ဘီရကထာကျမ်း။
၄၆။ ရတနာကြေးမုံကျမ်း။
၄၇။ မုံရွေးမှတ်စု။

ဤပြဆိုခဲ့သော ကျမ်းများအပြင် အမြောက်အများ ရှိသေးသော်လည်း မူစုံအောင် ရှာ၍မတွေ့သဖြင့် တွေ့ရှိသောစာမူများနှင့် ဆရာတော်ရေးကြောင်း ပြထားသော ကျမ်းစာရင်းအမည်မျှလောက်ကိုသာ ဖော်ပြလိုက်ရပါကြောင်း။

မုံရွေးမဟာဇေတဝန်ဆရာတော်ဘုရားကြီး၏
ထေရုပ္ပတ္တိကထာအကျဉ်းချုပ် ပြီးပြီ။

(ဤထေရုပ္ပတ္တိကထာ အကျဉ်းချုပ်ကို ၁၂၉၂-ခု၊ တပို့တွဲလဆန်း ၁၄-ရက်နေ့ မုံရွေး ဆရာတော်ဘုရားကြီး၏ မြေးတပည့် ဦးဥတ္တမဗုဒ္ဓိ ရေးသားတော်မူပါသတည်း)။

နိဒါန်း

သမန္တစက္ခုဒီပနီကျမ်းနှင့် ပတ်သက်၍ ကျမ်းဦးမှတ်ဖွယ်

သမန္တစက္ခုဒီပနီကျမ်း

"အအာရဲအင်-ဘကြီးဆင်ဖြူရှင်" ဟူသော ရာဇဝင်သံခိပ်အရ မြန်မာသက္ကရာဇ် ၁၁၈၁-ခုနှစ် နန်းတက်သော ရတနာပူရ စတုတ္ထမြို့တည် နန်းတည် စစ်ကိုင်းမင်း ဖန်နန်းရှင်ခေါ် ဘကြီးတော်မင်းတရားကြီးလက်ထက်တွင် **"ဣန္ဒဝဇိရာလင်္ကာရသိရိမဟာဓမ္မရာဇာဓိရာဇဂုရု"** ဟူသောဘွဲ့တံဆိပ်တော်နှင့် **"ဣန္ဒဝဇိရာဘိလင်္ကာရသိရိဓမ္မဟာဓမ္မရာဇာဓိရာဇဂုရု"**ဘွဲ့တံဆိပ်တော်ရ အရိယဝံသအာဒိစ္စရံသီ-သညီနာမံငယ်ဘွဲ့ခံသော မုံရွေးဇေတဝန်ဆရာတော်ဘုရားကြီးသည် မင်းဆရာမဖြစ်မီ မုံရွေးဇေတဝန်ကျောင်းတွင် သီတင်းသုံးစဉ်က မုံရွာသိရိမာလာမည်သော တပည့်ရဟန်းတော်၏ မေးလျှောက်ချက်တို့ကို ဖြေဆိုရာ ဖြေဆိုကြောင်းဖြစ်သည့် ဤ"သမန္တစက္ခုဒီပနီ"မည်သော ကျမ်းကြီးကို ပြုစုတီထွင် စီရင်တော်မူခဲ့ပေသည်။

ဤကျမ်းကို **"သမန္တစက္ခုဒီပနီ"**ဟု အမည်မှည့်ခဲ့၏၊ ဤအမည်နှင့် စပ်၍-

> "သမန္တတော၊ ထက်ဝန်းကျင်မှ၊ စက္ခုဒီပကာရကော၊ ပညာမျက်စိတည်းဟူသော ဆီမီးရောင်ဖြင့် ပြောင်ပြောင်တောက်ပခြင်းကို ပြုတတ်သော။ သမန္တစက္ခုဒီပနီ နာမ၊ သမန္တစက္ခုဒီပနီအမည်ရှိသော။ အယံ ဂန္ထော- ဤကျမ်းသည် . . . .

ဟူ၍ နိဂုံး၌ ပါရှိသဖြင့် "ထက်ဝန်းကျင် ပညာမျက်စိ အလင်းရောင်းကို ဝင်းပြောင်ထင်လင်းစေသောကျမ်း"ဟု ဆိုလိုကြောင်းသိရ၏။

သို့သော် ဤ'သမန္တစက္ခု'ဟူသော အမည်သည် ဤမျှမက ပုဒ္ဓပိဋ္ဌကနှင့်အဋ္ဌကထာဋီကာတို့တွင်"သမန္တစက္ခု ဝုစ္စတိ သဗ္ဗညုတညာဏန္တိ ဣဒံ သမန္တစက္ခုနာမ"[1]ဟူ၍လည်းကောင်း"သဗ္ဗညုတညာဏသခီါတေ သမန္တစက္ခုမှိ"[2] ဟူ၍လည်းကောင်း "သဗ္ဗတ္ထအပ္ပဋိဟတေန သမန္တစက္ခုနာပသတာ"[3] စသည်ဖြင့်လည်းကောင်း အသီးသီးဖွင့်ဆိုထားကြသဖြင့်သုံးလောကအနှစ် ရှင်ချစ်ထွတ်ထား သဗ္ဗညုမြတ်စွာဘုရား၏ ကြီးမားမြင့်ထည်သော သဗ္ဗညုတရွေဉာဏ်တော်ကြီးကို သမန္တစက္ခုဟုဆိုကြောင်းသိရပေသည်၊ ဒီပနီဟူသော ပုဒ်အရ မီးအလင်းရောင်ဟူသောအဓိပ္ပာယ်နှင့် တွဲစပ်လိုက်လျှင်ဘုရားရှင်ကိုယ်တော်မြတ်၏သဗ္ဗညုတဉာဏစက္ခုတည်းဟူသောဉာဏ်အလင်းရောင်ဖြင့် ဝင်းပြောင်လင်းထိန်မှုကို ပြုတတ်သော ကျမ်းဟု ဆိုရပေလိမ့်မည်။

ဆိုလည်းဆိုသင့်ပေသည်၊ အဘယ်ကြောင့်ဆိုသော်-ဤကျမ်း၌ပါရှိသော တရားခြောက်ဆယ်ကျော်မျှသော အမေးပုစ္ဆာ ပြဿနာတို့သည် ပုစ္ဆာမည်ကာမျှမဟုတ်၊ တိမ်မြုပ်နက်နဲ ဖြေနိုင်ခဲ

၁။ အဘိ ဋ္ဌ၊၁၃၄။ ၂။ ဒီ ဋ္ဌ၊၁။၁၆၅။ ၃။ ဝိ ဋ္ဌ၊ ၃၇။

သည့် ဖျက်ခွဲမလွယ် သမုဒ္ဒရာပင်လယ်ကြီး၏ အောက်ခြေတွင် တည်နေသော ရွှေငွေရတနာ အဖြာဖြာအမျိုးမျိုးတို့ကို ငုပ်လျှိုးဖော်ယူရန် မလွယ်ကူဘိသကဲ့သို့ ပညာရှိ သာမန်တို့နှင့် မဆက်ဆံသော မေးခွန်း ပုစ္ဆာ ပြဿနာများ ဖြစ်သောကြောင့်ပင်တည်း။

အမေးနှင့်အဖြေ နှစ်ချက် အလွယ်နှင့်အခက်

ဤသမန္တစက္ခုဒီပနီကျမ်းကြီး အကြောင်းကို မဖော်ပြမီ ဤကျမ်းကြီးအလား များစွာသော အမေးအဖြေဆိုင်ရာ သိမှတ်ဖွယ်ရာတို့ကို စာလာပေလာအတိုင်း အနည်းနယ်မျှဖော်ပြပါဦးမည်။

"အမေးကျွဲကျောင်း အဖြေဘုရားလောင်း"ဟု ရွေးဟောင်းစကားတရပ်ရှိပေရာ ကျွဲကျောင်းသားသူငယ်က လွယ်လွယ်ကူကူပင် မေးမြန်လင့်ကစား ဘုရားလောင်းဉာဏ်ဖြင့်သာ အဖြေမှန် အဖြေကောင်းကို ပေးနိုင်သည်ဟု ဆိုလိုပေသည်၊ အမှန်အားဖြင့်လည်း မေးလိုသောသူသည် မိမိအတွေ့အကြုံအရ ကြံဆ၍လည်းကောင်း၊ သူတပါးအထံမှ မှတ်သားကြားနာ၍လည်းကောင်း နည်းခဲသင်ကြား၍လည်းကောင်း"ရအပ်သောအနက်သဘောကိုမေးရသောကြောင့်ဝန်လေးသည် ခဲယဉ်းသည်မဟုတ်၊ ဖြေသောသူသည်သာလျှင် ဥပမာ ဥပမေယျ သာဓကယုတ္တိကို နှိုင်းညှိဖြေဆိုရသောကြောင့် ခဲယဉ်းလှသည်ဖြစ်ပေ၏။

စွယ်စုံကျော်ထင်ကျမ်းတွင် ကျွဲကျောင်းသားတစ်ယောက်သည် ခလောက်ဆွဲလျက် မြက်စားသောကျွဲ၏" ဗျူပ်ကြောင်း" မြည်သော ခလောက်သံကို မှတ်ပြီးလျှင် ပညာရှိ ရဟန်းတစ်ပါးအား အရှင်ဘုရား "ဗျူပ်ကြောင်း" သဒ္ဒါသည် အဘယ်ကို ဟောပါသနည်းဟုမေးလျှင် ထိုအရှင်သည် ကျမ်းဂန်တွင် တွေးမျော်၍ မြင်တော်မမူနိုင်ဟူ၍လည်းကောင်း, ပုဂံပြည်၌ ဗိုင်းထုပ်များကို ရွက်လာသော ရက်ကန်းသည်မတစ်ဦးသည်ကျမ်းတတ်ဆရာတော်တစ်ပါးထံသို့ကပ်၍ အရှင်မြတ် ပြဿနာတစ်ခုကို ဒါယိကာမအား မေးခွင့်ပြုပါ၊ "ဗုဒ္ဓေ သဒ္ဒါ၊ ဗုဒ္ဓေါ သဒ္ဒါ၊ ဗုဒ္ဓံ သဒ္ဒါ" တို့သည် ဘုရားသခင်ကို ဟော၏ဟူပြီ၊ 'ဗုဒ္ဓါင်း'သဒ္ဒါကား အဘယ်အနက်ကို ဟောပါသနည်းဟု (ယင်း ရွက်လာသော ဗိုင်းထုပ်များကိုရည်၍) မေးလျှင် ထိုကျမ်းတတ်အရှင်သည် ဆင်ခြင်၍ မရနိုင်ဟူ၍လည်းကောင်း အဖြေခက်ခဲကြောင်း သာဓကများကို ပြဆိုထားလေသည်။

ဤအမေးအဖြေနှင့် ပတ်သက်၍ ရထဝိနီတသုတ်အဋ္ဌကထာ၌-

> "ကိံ ပဥ္ဉသ ပုစ္ဆနံ ဘာရိယံ၊ ဥဒါဟု ဝိဿဇ္ဇနန္တိ၊ ဥဘယဟေတွာ ပုစ္ဆနံ နော ဘာရိယံ ဝိဿဇ္ဇနံ ပန ဘာရိယံ၊ သဟေတုကံ ဝါ သကာရဏံ ကတွာ ပုစ္ဆနမွိ ဝိဿဇ္ဇနမွိ ဘာရိယမေဝ'။[၁]

ဟု ဖွင့်ဆိုထား၏၊ အဓိပ္ပာယ်မှာ ပြဿနာကို မေးခြင်းနှင့် ဖြေခြင်းတို့သည် အဘယ်က ခက်သနည်းဆိုလျှင် သင်ကြားမှတ်သား၍ မေးခြင်းမျိုးသည် မခက်ခဲ၊ ဖြေခြင်းသည်သာ ခက်ခဲသည်ဟု ဆိုသင့်၏၊ တနည်းကား အကြောင်းအကျိုးနှင့် မေးလျှင် အမေးရော အဖြေပါ မလွယ်ကူဟု ဆိုလိုသည်။

၁။ မ ၄ ၂၊ ၆၅။

အမေးလွယ်၏ အဖြေခက်သည်-ဟူသော ရှေးစကားသာလျှင် များစွာသော ဇာတ်နိပါတ် ဝတ္ထုသက်သေတို့နှင့် ညီသည်၊ အဘယ်သို့နည်းဟူမူ မဟာဥမင်္ဂဇာတ်၌ မဟောသဓသုခမိန်၏ ပညာရှိမရှိကို စမ်းခြင်းငှာ တစ်ဆယ့်လေးရပ်သောပြဿနာကို ပညာသင့်ရုံရှိသော သိန်း,ဒေဝိန်း ကာမိန်း, ပက္ကုသ်တို့ပင် ပြုလုပ်နိုင်ပါသည်၊ တစ်ဦးလုပ်သော ပြဿနာကို တစ်ဦးဖြေခြင်းငှာ မတတ်နိုင်ရာ၊ ဘုရားလောင်း သုခမိန်သာလျှင် မေးလာသမျှ ပုစ္ဆာ၏ အနက်တို့ကို ပြက်ပြက် ထင်ထင် သိမြင်နိုင်သည်ဟု စွယ်စုံကျော်ထင်ကျမ်းတွင် ကျီးသဲလေးထပ်ဆရာတော် မိန့်ဆို၏။

မိလိန္ဒပဉှာတွင်လည်း ပုထုဇဉ်ပညာရှိဖြစ်သော မိလိန္ဒမင်းကြီးမေးသော ပုစ္ဆာကို ပဋိသမ္ဘိဒါပတ္တ တိပိဋကဓရ ဖြစ်သော အာယုပါလမထေရ်စသော ရဟန္တာအရှင်တို့တော်မှ ဖြေဆိုခြင်းငှာ မစွမ်းနိုင်ကြသောကြောင့် ယောနကတိုင်းမှ ရှောင်ခွာ၍ ဟိမဝန္တာအစပ်၌ နေကြရသည်၊ ရှေးပါရမီဝိသေသ ကြီးမြတ်လှသော နာဂသေနမထေရ် ရောက်လာမှ ရဟန္တာ အပေါင်းတို့သည် သာဂလမြို့သို့ ပြန်လာကြရသည်။ (ခု ၁၁၊ မိလိန္ဒပဉှ ၁၇)

[ဤတွင် ပဋိသမ္ဘိဒါပတ္တ ရဟန္တာဖြစ်လျက် ပုထုဇဉ်၏ အမေးကိုမျှ မဖြေနိုင်ဟု ဆိုသော စကားသည် ပဋိသမ္ဘိဒါဉာဏ်ထက်ပင် လောကီပညာက သာလွန်သလောဟု စောဒနာဖွယ်ဖြစ်ရာ၏၊ အမှန်အားဖြင့် ပဋိသမ္ဘိဒါဉာဏ်ထက် လောကီဉာဏ်က သာလွန်သည်မဟုတ်၊ "အထခေါ ပဥ္စသကာ ယောနကာ ရာဇာနံ မိလိန္ဒံ ဧတဒဝေါစုံ ပဏ္ဍိတော မဟာရာဇ ထေရော၊ အပိစ ခေါ အဝိသာရဒေါ နကိဉ္စိ ပဋိဘာသတီ"တိ (ခု၊ ၁၁၊၁၉) ဟူသော စကားအရ ပညာရှိသော်လည်း ရဲရင့်ခြင်းမရှိ၍ တစုံတရာ စကားတုံ့မပြုခြင်း သာဟု မှတ်သားကြရာ၏။]

သဗ္ဗညုတ္တတ်ထား မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်ကလည်း အနာဂါမ်ဖြစ်သော ဝိသာခ သူကြွယ်ကြီးသည် ရဟန္တာမ,ဖြစ်သော အရှင်မဓမ္မဒိန္နာအား လောကုတ္တရာရေးရာ ပြဿနာပေါင်းများကြွေးကြော်မေးရာ ဓမ္မဒိန္နာထေရီမကြီးက ကွက်ကွက်ကွင်းကွင်း အမြင်ရှင်း အောင် ဖြေကြားခဲ့ပေသည်။ (စူဠဝေဒလ္လသုတ်၊ မ၊ ၁-၃၇၃) ထို့အတူ ပါယာသိ မြို့စားမင်းက သူ၏ လိပ်ခဲတည်းလည်းမရှင်းမလင်း ဖြစ်နေသော ဝိညာဉ်ပြဿနာ အဖြာဖြာကို စိတြကထိက ဧတဒဂ်ရ ရဟန္တာ အရှင်ကုမာရကဿပအား မေးမြန်းသဖြင့် အရှင်ကုမရကဿပ က သာဓကဥပမာ အဖြာဖြာဖြင့် ကောင်းစွာ ဖြေကြားတော်မူခဲ့ရပေသည်။ (ပါယာသိသုတ္တ၊ ဒီ ၂-၂၅၃)။

မြန်မာစာပေနယ်မှ အမေးအဖြေစုံတွဲများ

မြန်မာနိုင်ငံ သာသနာဝင်တွင်လည်း-

၁။ စတုရဂ်အမတ်နှင့် ပုဂံဆရာတော်,
၂။ သာလွန်မင်းတရားနှင့် တောင်ဘီလာဆရာတော်,
၃။ အလောင်းမင်းတရားနှင့် အတုလယသဆရာတော်,
၄။ လက်ဝဲနော်ရထာနှင့် တောင်တွင်းဆရာတော်,
၅။ ပဒုံမင်းခေါ် ဘိုးတော်မင်းတရားနှင့် မောင်းထောင်သာသနာပိုင်,

တို့လည်း အမေး အဖြေနယ်တွင် ထင်ရှားခဲ့ပေ၏။ ထိုမင်း အမတ်တို့နှင့် ဆရာတော်ဘုရားကြီးတို့၏ အမေးအဖြေဆိုင်ရာ ရတုကဗျာများနှင့် အမေးတော် ဖြေကျမ်း များမှာ မြန်မာ့သာသနာနှင့် မြန်မာစာပေနယ်ပယ်တွင် ထင်ရှားကျန်ရှိနေခဲ့ကြပေသည်။ မေးသူ ဖြေသူ အဆူဆူသော ပညာရှင်တို့၏ ကျေးဇူးကား ကြီးမားလှပေစွ။

ထိုမှနောက် ဘိုးတော်မင်းတရားကြီး နတ်ထီးစံပျော် လွန်တော်မူပြီးသောအခါ နန်းတက်တော်မူသော ဘကြီးတော်ဘုရား(၁၁၈၁-၁၁၉၂) လက်ထက်တွင် မင်းဆရာတော်အဖြစ် ထင်ရှားကျော်ကြားတော်မူခဲ့သော အရိယဝံသ အာဒိစ္စရံသီ ဘွဲ့တော်ရင်းရှိသည့် မုံရွေး ဇေတဝန် ဆရာတော်ဘုရားကြီးသည်လည်းအမေးတော်အဖြေအရာ၌များစွာပင် ထင်ရှားတော်မူခဲ့ပေသည်။ (ထေရပ္ပတ္တိကို သီးခြားဖော်ပြထားပါသည်)။

မုံရွေးဆရာတော်ဘုရား၏ ထူးခြားသောပညာရည်

အထူးအားဖြင့်ဆရာတော်သည် ဘကြီးတော်မင်းတရားကြီး၏ မင်းမှုရေးရာ အဖြာဖြာ၌ မေးလာသမျှ ကိစ္စအဝဝတို့ကို ဖြေကြားတော်မူရလေ့ရှိသည်၊ ရာဇကြောင်းဆိုင်ရာ ဗဟုသုတ အရာတွင် များစွာပွမ်းတီးတော်မူသည့်အလျောက် နန်းတွင်း၌ဖြစ်ပေါ်သမျှ ကိစ္စအဝဝတို့ကိုလည်း အချိန်များစွာယူ၍ ဖြေရှင်းရလေ့ရှိသည်၊ ထို့ကြောင့်ပင် ထိုစဉ်က လောကရေးရာ မဝင်မပါလေ့ရှိသော ဆရာတော်ဦးပုဓ်က မုံရွေးဆရာတော်ဘုရားကြီး မင်းရေးစိုးခွင် ဝင်ရောက်နေရသည်ကို ရည်ရွယ်၍ "ရှေးအခါက ဟူးရားဖြူ ဟူးရားညို ဟူ၍သာ ရှိသည်၊ ယခု ဟူးရား၀ါ များလည်း ရှိသည်" ဟု ကျိစယ်တော်မူလေ့ရှိသောဟူ၏။ (မုံရွေးဇေတဝန်ဆရာတော်သည် ၁၁၂၈-ခုဖွား၊ ဆရာတော်ဦးပုဓ်က ၁၁၇၉-ခုဖွား အသက် ၂၁-နှစ်ခန့် ကွာသော်လည်း ပညာရှင်အချင်းချင်း ရင်းနှီးခင်မင် တိုင်ပင်ပြောဆိုလေ့ ရှိသည်ဟု ဆိုပေသည်၊ ထို့ကြောင့်လည်း ရင်းနှီးသူချင်းဖြစ်၍ ကျိစယ်ခြင်းဖြစ်၏။ မုံရွေးဇေတဝန် ဆရာတော်ဘုရားက ဇာတ်နိပါတ်တော်များ ပို့ကဗျာ စီကုံးတော်မူလေ့ရှိရာ ယင်းကိုလည်း ဆရာတော်ဦးဗုဓ်က တွေ့ရာနေရာ၌ "ဇာတ်ဆရာကြီး ဘယ်ဇာတ် ကနေပါသတုံး"ဟုလည်း မေးလေ့ရှိသည်ဟူ၏)။

ရာဇော၀ါဒကျမ်းအကြောင်း

မုံရွေးဆရာတော်ဘုရားကြီးသည် မင်းဆရာတော်အဖြစ်ဖြင့် နေပြည်တော်တွင်နေရသည်ထက် တောရပ်တောရွာ၌သာမွေ့လျော်တော်မူသည်၊ မိမိနေရာ မုံရွေးသို့ပြန်ရန် ခွင့်တောင်းစာဖြစ်သော "ကွန္ဒဝဇိရာဘိလင်္ကာရ သိရိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ခံ သလ္လာ၀တီ သီတာယ္ယက်ရုံ အလုံမြို့ကျေး မုံရွေးဇေတဝန်ဆရာ အရိယဝံသ အာဒိစ္စရံသီပုဂ္ဂိုလ်ထေရ်မြတ် မပြတ်သွန်းလောင်းအပ်သော သြဓိသစေတနာနှင့် မေတ္တာစာ ဆက်သွင်းပါသည် သာသနာ့ဒါယကာ မဟာဓမ္မရာဇ်တရားမင်းမြတ်"ခြီ မေတ္တာစာကပုဒ်ကို ဘကြီးတော်မင်းတရားထံ ဆက်သွင်းခဲ့သည်။ ထိုမေတ္တာစာမှာ လောကီလောကုတ္တရာ ဗဟုသုတအဖြာဖြာကို ကောင်းစွာ အကျဉ်းချုံးထားသည့်ပမာ များစွာအနှစ်သာရနှင့် ပြည့်စုံလှပေရာရတနာပူရမြို့တော်အတွင်း ရွှေစည်းခုံထံရင်း စံကျောင်းတော်၌ သီတင်းသုံးတော်မူသော "မုနိန္ဒာဘိဝံသ ဓမ္မသေနာပတိ သိရိသဒ္ဓမ္မပါလ မဟာဓမ္မရာဓိရာဇဂုရု" တံဆိပ်တော်ရ ဓမ္မသေနာပတိ ဖြစ်တော်မူသော စလင်းသာသနာပိုင်

ဆရာတော်ဘုရားကြီးက မုံရွေးဆရာတော်ပင် အဖြေရေးသားပါရန် တိုက်တွန်းတော်မူပါသဖြင့် သရုပ်အဓိပ္ပာယ် မကျယ်မကျဉ်း ရေးသားတော်မူရသည်၊ ယင်းမေတ္တာစာနှင့် အဖြေလွှာမှာ ရာဇဝါဒကျမ်းဟူသော အမည်ဖြင့် ထင်ရှားလေသည်၊ ယင်းရာဇဝါဒကျမ်းမှာ မဇ္ဈိမဒေသ ရာဇဝင် မြန်မာရာဇဝင်တို့သာမက ဇာတ်နိပါတ်များစွာ သက္ကတမာဂဓကျမ်းစာလာ မှတ်သားစရာ အဖြာဖြာ ပြည့်စုံလှစွာဖြင့် မြန်မာစာပေနယ်တွင် ပထမတန်း မေတ္တာစာကြီး ဖြစ်ခဲ့ပေသည်၊ ယင်းရာဇဝါဒကျမ်းသည်လည်း အမှန်အားဖြင့်သော် မေတ္တာစာကဗျာ အကျဉ်းကို အလင်းပြသဖွယ် အကျယ်ဖြေဆိုထားသဖြင့် အဖြေကျမ်းဟူ၍ပင် ဆိုသင့်ပေသည်၊ ယင်းရာဇဝါဒကျမ်းမှာ ဤခေတ်တွင်သာမကသူ့ခေတ်မှာပင် ပြိုင်ဖက်မဲ့ ဗဟုသုတပဒေသာကျမ်းကြီးဖြစ်ခဲ့သဖြင့် မုံရွေး၏ အရည်အချင်းကို သိလိုလျှင် ရာဇဝါဒကို ကြည့်ဟု ခေတ်ပြိုင် ပညာရှင်များက ညွှန်းခဲ့ရသည်ဟု အဆိုရှိသည်။

ကျမ်းမပြုဘဲ ကျမ်းစုပေါ်လာ ဤကျမ်းစာ

ဤရာဇဝါဒကျမ်းနှင့် အလားတူပင် မုံရွေးဇေတဝန်ဆရာတော်၏ ဂုဏ်ရည်ကို ထိပ်တန်းသို့ ပို့ဆောင်ပေးထားသော ကျမ်းတစ်ကျမ်းမှာ "သမန္တစက္ခုဒီပနီကျမ်း" ပင် ဖြစ်၏၊ ဤကျမ်း၏ အမည်ကို ဤစာရွေ့ပိုင်းတွင် ဖွင့်ဆိုဖော်ပြခဲ့ပါ၏၊ သို့သော် ဤကျမ်းသည် ကျမ်းပြုပုဂ္ဂိုလ် (မုံရွေးဇေတဝန်ဆရာတော်)က ကျမ်းတစ်ကျမ်းအဖြစ် ဖွဲ့စည်းရေးသားခဲ့ခြင်း မဟုတ်သကဲ့သို့ ဤကျမ်း၏ အမည်ကိုလည်း ကျမ်းပြုပုဂ္ဂိုလ်က ပေးခဲ့ခြင်း ဟုတ်ဟန်မတူပေ။

ကျမ်းပြုပုဂ္ဂိုလ်တိုင်း တူညီသော အပြုအမူမှာ ကျမ်းမရေးသားမီ ပဏာမ ပုဗ္ဗကဇန္ဆာရမ္ဘ ပြုမြဲတည်း၊ ယင်းတွင်လည်း မိမိပြုမည့်ကျမ်း၏ အမည်ကို ဖော်ထုတ်မြဲဖြစ်ရာ ဤသမန္တစက္ခု ဒီပနီတွင်ကား ရိုးရိုးပဏာမ ဂါထာနှစ်ပုဒ်မှလွဲ၍ ကျမ်းစာအကြောင်း လုံးဝမပါခဲ့ပေ၊ ထို့ပြင် ကျမ်းနိဂုံးတွင် "ပုဗ္ဗာပရံ၊ ရှေ့နှင့် နောက်ကို။ အသံကိဏ္ဏံ၊ မရောယှက်အောင်။ ကတ္တာ၊ ပြု၍ တဿ ဂရုနော၊ ထိုအရိယဝံသ အာဒိစ္စရံသီ အမည်ရှိသော ပုဂ္ဂိုလ်သူမြတ်၏။ အန္တေဝါသိကေန၊ တပည့်လည်းဖြစ်ထသော။ သိရိသဒ္ဓမ္မနာမေန၊ သိရိသဒ္ဓမ္မ အမည်ရှိသော။ မယာ၊ ငါပဉ္စင်းသစ်သည်။ လိခိတ္တာ၊ ရေး၍။ ဌပိတော၊ ထားအပ်၏" ဟု ပါရှိသဖြင့် မုံရွာသိရိမာလာ၏ အမေးတို့ကို ဆရာတော်ဘုရားကြီး ဖြေကြားသမျှ ကူးယူစီစဉ်၍ အရှင်သိရိသဒ္ဓမ္မ-က ကျမ်းစာ အနေပြုလုပ်၍ ထားခဲ့ပေသဖြင့် စာပေလောကတွင် ကျမ်းစာတစောင်တဖွဲ့ ဖြစ်ပေါ်လာခဲ့ရသည်ဟု သိရပေသည်။

ဤသို့ ကျမ်းစာတစောင်တဖွဲ့အသွင် စီစဉ်ပြုလုပ်ပြီးနောက်မှ ကျမ်း၏အမည်ကို ထိုသိရိသဒ္ဓမ္မ ပဉ္စင်းသစ်ကပင် "သမန္တတော၊ ထက်ဝန်းကျင်မှ၊ စက္ခုဒီပကာရကော၊ ပညာမျက်စိတည်း ဟူသော ဆီမီးရောင်ဖြင့် ပြောင်ပြောင်တောက်ပခြင်းကို ပြုတတ်ထသော။ သမန္တစက္ခုဒီပနီ နာမ၊ သမန္တစက္ခုဒီပနီအမည်ရှိသော။ အယံဂန္ထော၊ ဤကျမ်းသည်"ဟု ဆိုသဖြင့် အရှင်သိရိသဒ္ဓမ္မသည် အမေးအဖြေတို့ကို စုပေါင်းရေးကူး၍ "သမန္တစက္ခုဒီပနီကျမ်း"ဟု ကမ္ဘည်းတပ်ကာ ကျမ်းမြတ်တဆူ ပြုခဲ့သည်ဟု မှတ်သားသင့်ပေတော့၏။(မုံရွေးဆရာတော် ပြုစုသောကျမ်းစာ စာရင်းကို ဆက်တွဲ ဖော်ပြထားသော "ထေရုပ္ပတ္တိကထာ"တွင် ကြည့်ရှုပါကုန်)။

သီရိမာလာပုဂ္ဂိုလ်ဟူသည်

ဤတွင် ကြားဖြတ်၍ ဤသမန္တစက္ခုဒီပနီကျမ်းကြီး ဖြစ်ပေါ်လာရာ၌ ပဓာနပုဂ္ဂိုလ်ဟု ဆိုအပ်သော မုံရွာသီရိမာလာခေါ်ဆို ရဟန်းပျို၏ အခန်းကဏ္ဍသည် ပါဝင်သင့်သည်ဖြစ်၍ ဖော်ပြပါဦးမည်။

"တပည့်တော် သီရိမာလာ လျှောက်ထားပါသည် ဇေတဝန်ဆရာတော်ဘုရား"ဟု အစထား၍ ခက်ခဲနက်နဲသော ပုစ္ဆာပြဿနာတို့ကို မေးလျှောက်သော ပုဂ္ဂိုလ်ကား သာမန်ပုဂ္ဂိုလ် မဟုတ်ပေ၊ "သဟေတုကံ ဝါ သကာရဏံ ကတွာ ပုစ္ဆနမ္မိ ဝိသဇ္ဇနမ္မိ ဘာရိယမေဝ" ဟူသော စကားအတိုင်း အကြောင်းအကျိုးပြ၍ ပိဋကတ်တော်လာ ခဲရာခက်ဆစ် အဖြာဖြာတို့ကို ဖွေရှာကြံတွေး၍ အမေးပုစ္ဆာ ပြုလုပ်တတ်သည်ကို ကြည့်ရှုလျှင် ဤသီရိမာလာပုဂ္ဂိုလ်သည် မည်မျှ ကျမ်းဂန်နှံ့စပ်သည်ကို သိနိုင်၏။ ထိုပုဂ္ဂိုလ်ကား နောင်တွင် လှေသင်းအတွင်းဝန်မင်းကြီး မဟာဇေယသခ်ၤဘွဲ့ခံ ဦးချိန်ဖြစ်လာမည့် ပုဂ္ဂိုလ်ပင် ဖြစ်၏၊ မုံရွာမြို့တွင် ၁၁၅၈-ခုနှစ်တွင် ဖွားမြင်၍ ငယ်မည်မှာ မောင်ချိန်ဖြစ်ကာ အရွယ်ရောက်လျှင် အရိယဝံအာဒိစ္စရံသီမည်သော မုံရွေး ဇေတဝန်ဆရာတော်ဘုရားကြီးအထံ "ဂရုပဒေသ နယဂ္ဂါဟ နိဿယာစရိယအဖြစ် အထူးလေးမြတ် ရှိသေခြင်းတို့ဖြင့် သင်ရိုးကျမ်းဂန်များကို အခွန့်ရှည်ညောင်း နှစ်ပေါင်းများစွာ နည်းနာခံ လေ့ကျက် သင်ကြား စွမ်းအားလောက်လုံ ကိုယ်ယုံတင်းကြမ်း ဉာဏ်စွမ်း ပြောင်မြောက် ရဲရဲတောက်သော သဗ္ဗတ္ထက ဗဟုသုတဂုဏ်နှင့် ပြည့်စုံ"ခဲ့သည်ဟု (မန္တလေးမြန်မာ့တာရာ သတင်းစာတိုက်မှ ၁၈၉၉-ခုနှစ် ရိုက်သော ဝေါဟာရတ္ထဒီပနီကျမ်း အတ္ထုပ္ပတ္တိစာတမ်းတွင်) ဖော်ပြခဲ့ပေသည်။

ထိုသီရိမာလာ ပဉ္စင်းပျိုသည် ဤသမန္တစက္ခုဒီပနီကျမ်း နောက်ဆုံး မေးဖြေစကားအရ ပုစ္ဆာ ၁၆၅-ချက်ကို နှစ်သက်ဖွယ်ရာ အဖြေလွှာရပြီးသည့်နောက်တွင် မိဘလုပ်ကျွေးရန်ဟုဆိုကာ သာသနာ့ဘောင်မှ လူ့ဘောင်သို့ ဆင်းသက်သွားလေသည်၊ ထို့နောက် အရည်အချင်းအရ ရတနာပူရစတုတ္ထနန်းစံ ဘကြီးတော်မင်းတရားကြီး လက်ထက် မဟာဇေယ သခ်ၤဘွဲ့နှင့် သံတော်ဆင့်ကြီးအရာ ကောင်းစွာ ထမ်းရွက်လျက် အမရပူရ ဒုတိယနန်းစံ ရွှေဘိုမင်းတရား လက်ထက် ဆက်လက်ထမ်းဆောင်ကာ မန္တလေးရတနာပုံ မြို့တည်နန်းတည် ပဉ္စမသင်္ဂါယနာတင်မင်းတရားကြီးလက်ထက်တွင်"အတွင်းမဟာသေနာပတိလှေသင်းဝန်"အရာမင်းကြီးမဟာဇေယသခ်ၤဘွဲ့ထူးဖြင့် ချီးကျူးမြှောက်စားခြင်း ခံရလေသည်။

လှေသင်းအတွင်းဝန်မင်းကြီး မဟာဇေယသခ်ၤဘွဲ့ခံ ဦးချိန်သည် လောကုတ်လောကီ အလီလီတို့၌ သုတေသီစစ် ဖြစ်ခဲ့သည့်အတိုင်း ငယ်စဉ်ကသင်ကြားခဲ့ရင်းတွင် တိုးတက်လေ့လာကောင်းစွာ ပြွမ်းတီးခဲ့သည့်အားလျော်စွာ မြန်မာစာပေနယ်တွင် ကျယ်ကျယ်ပြန့်ပြန့် နေရာယူထားနိုင်သော "ဝေါဟာရလီနတ္ထဒီပနီ" ကျမ်းကြီးကိုလည်းကောင်း, တစ္ဆေဘုတ်ပြိတ်တို့၏ အကြောင်းကို ထုံးဟောင်းပိဋကတ်အရပ်ရပ် ရာဇဝင်တို့မှ စုံစုံလင်လင်ထုတ်ပြ၍ "တဇ္ဇတ္ထဒီပနီ" ကျမ်းကိုလည်းကောင်း မာဂဓ အဘိဓာန်ကျမ်း၏ ခက်ဆစ် ဖုထစ်ထုတ်နှင့် သုတ်သင်ရာဖြစ်သော "အဘိဓာနတ္ထဝိသောဓနီ" ကျမ်းကိုလည်းကောင်း စီရင်ရေးသား ခဲ့လေသည်။

ဤကဲ့သို့ အရည်အချင်းရှိသော ပုဂ္ဂိုလ်တစ်ဦးက ထူးထူးခြားခြားမှတ်သားဖွယ်ရာမေးခွန်း ပုစ္ဆာများပြုလုပ်၍ လောကုတ်လောကီ အဆီအနှစ် ပြည့်ဝသော ကျမ်းဂန်ကြီးတဆူ ပေါ်ပေါက်လာရခြင်း ဖြစ်သဖြင့် သမန္တစက္ခုဒီပနီ ဟူသော အမည်နှင့် လျော်ညီစွာ မြန်မာစာပေနယ်တွင် ပတ်ဝန်းကျင် ပညာမျက်စိဖြင့် သိဖွယ်ဟူသမျှ မကျန်ရအောင် အလင်းပြနေသော ကျမ်းမြတ်ကြီး တဆူဖြစ်ကြောင်း အထူးဆိုဖွယ်မလိုတော့ပါချေ၊ အမှန်အားဖြင့် ဘုရားသာသနာနောက်ပိုင်းတွင် ခိုင်းနှိုင်းသင့်သမျှ ခိုင်းနှိုင်းရပါမူ သမန္တစက္ခုသဗ္ဗညုမြတ်စွာဘုရားတစ်ပါး ပွင့်ပေါ်တော်မူနေသည့် အလား များပြားသော တရားဓမ္မဆိုင်ရာ လောကုတ်လောကီ ဗဟုသုတအဖြာဖြာတို့ကို ကောင်းစွာ ဖတ်ကြား မှတ်သားတွေးကြံ၍ အသိဉာဏ်ပွားရပေတော့သည်။

သမန္တစက္ခုဒီပနီကျမ်း၏ အခန်းကဏ္ဍများ

ဤကျမ်းကြီးသည် အတွဲ (အပိုင်းကဏ္ဍ)အားဖြင့် ၉ တွဲ (၉ ကဏ္ဍ)ရှိ၍ ပုစ္ဆာ ဝိသဇ္ဇနာ အားဖြင့် ၁၆၅-ပုစ္ဆာ ဝိသဇ္ဇနာရှိပေသည်၊ ထို ၁၆၅-ပါးသော ပုစ္ဆာ ဝိသဇ္ဇနာတို့ကား "ပါဠို အဋ္ဌကထာ ဋီကာ အနု မဟာ ဒီပနီ အမှီယောဇနာ များစွာသော အခြံအရံရှိသော လေးပါးသော နက်နဲခြင်း, သုံးပါးသော ကောင်းခြင်း, သုံးပါးသော သမ္မတ္တိတို့နှင့် ပြည့်စုံလျက် မြတ်သော ဝိမုတ္တိရသကိစ္စရှိသော ပိဋကသုံးပုံတည်း ဟူသော မဟာသမုဒ္ဒရာအတွင်း၌ တည်သော အထူးထူးသော နည်းနာနယ ဝိနိစ္ဆယ ဂဏ္ဌိဌာနတို့ကို နုတ်ယူ၍ အထူးထူး အပြားပြားသော သုတ္တ သုတ္တာနုလောမ အာစရိယဝါဒလဒ္ဓါပဒေသအတ္ထနောမတိ သကဝါဒ ပရဝါဒတို့နှင့်တကွ ဖော်ပြလျက် လောကီဓမ္မ လောကုတ္တရာဓမ္မ သဒ္ဒနယအတ္ထနယတည်းဟူသောထက်ဝန်းကျင်သော ဓမ္မနယ" တို့နှင့် ပြည့်ဝစုံလင်လှပေသည်။

အနည်းငယ်မျှ သိသာရုံ ထုတ်ဖော်ပြရသော် -

ပထမတွဲတွင် ပုစ္ဆာ-၂၆ ရပ်ရှိရာတွင် ယခုလူတို့ အလွန်သိလိုကြသော ရှင်ဥပဂုတ်ရဟန္တာ တောင်သမုဒ္ဒရာ၌ ကြေးပြာသာဒ်နှင့် နေ, မနေ အတ္ထုပ္ပတ္တိဆိုင်ရာ အကြောင်းအရာ မနုသီဟ ဟူသည် ဘုရားပွင့်တော်မူချိန်မှ ပေါ်သည်ဟူသော စကားနှင့် ယင်းမနုသီဟသည် မည်သည့် ခြင်္သေ့ အမျိုးအစား၌ ပါဝင်မည်ဆိုသော အမေးကို ရှင်းလင်းဖြေကြားချက်များ, မိုးကြိုးမာတ်သည် ရွှေငွေကြေးနီ မည်သည့်မာတ်ဖြစ်ကြောင်း, ဗိုလ်တစ်ထောင်လေးဟူသည် မည်သည့် ပုံသဏ္ဌာန်ရှိကြောင်း, မိန်းမဘဝ တခါရလျှင် မည်သည့်အခါမျှ ယောကျ်ားပြန်မဖြစ်ဟူသော စကား,ခြင်္သေ့သည် အင်အားကြီးသော်ငြားလည်း ကိုယ်အနေအထားအားဖြင့် ခွေးထက်ငယ်သည် ဟူသော အယူအဆ, မြတ်စွာဘုရား ပရိနိဗ္ဗာန်စံရာ၌ မြွေက်သို့ ဦးခေါင်း ပြုသည်၊ သို့မဟုတ် မျက်နှာပြုသည် ဝါဒနှစ်မျိုး စသော အချက်ပေါင်းများစွာကို တိကျစွာ ဆုံးဖြတ်ပြဆိုထားလေသည်။

ဒုတိယတွဲတွင် ပုစ္ဆာပေါင်း ၂၄-ပုစ္ဆာပါရှိရာ အလွန်မှတ်သားစရာကောင်းသော ကိုယ်စောင့်နတ်ရှိ,မရှိနှင့် လူသေလျှင် ကိုယ်စောင့်နတ် သေ,မသေ မြတ်စွာဘုရားကို ဖွားတော်မူသော အခါ မယ်တော်မာယာအသက် ငါးဆယ့်ခြောက်နှစ်ကျော်ပြီ ဟူသော စကားမှန်,မမှန်နှင့် မယ်တော်မာယာ အသက်တွက်နည်း, ရသေ့ပရိက္ခရာများတွင် ပါသော လျှော်တေ သစ်နက်ရေဆံကျစ် စသည်တို့အကြောင်း သိမှတ်ဖွယ်ရာ အဖြာဖြာတို့ကို ကောင်းစွာဖြေဆို ရှင်းလင်းထားပေသည်။

သမန္တစက္ခုဒီပနီကျမ်း နိဒါန်း

တတိယတွဲတွင် ပုဏ္ဏာ ၂၁-ပုဏ္ဏာ ပါရှိရာ၌ စျာန်ရပုဂ္ဂိုလ်များ လောကီအဘိညာဉ်၏အစွမ်းဖြင့်သာ ဒိဗ္ဗစက္ခု ဒိဗ္ဗသောတများ ရရှိမြင်ကြားနိုင်သလို နတ်များလည်း ယင်းဒိဗ္ဗစက္ခု ဒိဗ္ဗသောတတို့ကို အဘိညာဉ်ဖြင့် မြင်ရကြားရခြင်း ဟုတ် မဟုတ်, အိပ်မက်အကြောင်း သိမှတ်ဖွယ်ရာ အဖြာဖြာ, ဘုရားလောင်းတောထွက်သောအခါ ငြဟ္မာလျှူသော သပိတ်သည် မြေသပိတ်လော သံသပိတ်လော ဟူသော ပြဿနာ, စကြာမင်းကြီးနေသော မြို့ရွာသည် အဘယ်မြို့ရွာဖြစ်သည် ဟူသော အမေးနှင့် မဋ္ဌသကနတ်ပန်း အဘွန်ရ သရက်သီးစသည့် အကြောင်းမျိုးစုံ သိမှတ်စရာ အဖုံဖုံတို့ကို စုံစုံလင်လင် ဖြေရှင်းရေးသားထားပေ၏။

စတုတ္ထတွဲတွင် မြတ်စွာဘုရား၏ လက္ခဏာတော်ကြီးငယ် အသွယ်သွယ်အကြောင်းကြည်ညို့ဖွယ်ရာ ဖော်ပြချက်များ, ဓမ္မတာသုံးဆယ် အကြောင်းများ ရောင်ခြည်တော်ခြောက်သွယ် ကွန့်မြူးပုံ စုံစုံလင်လင်, မြင်းမိုရ် သတ္တရတ္တန် သီဒါခုနစ်တန် အယူအဆများ စသော ကြည်ညိုဖွယ်ရာ အံ့ဩဖွယ်ရာ အဖြာဖြာတို့ကို သေချာစေ့စပ်စွာ ဆုံးဖြတ် ရှင်းလင်း ပြထားသည်။

ပဉ္စမတွဲတွင် မြန်မာရာဇဝင်များစွာတွင် လာရှိသည့် မဇ္ဈိမဒေသမင်းဆက်-တကောင်းပျူရွာသရေခေတ္တရာ-ပုဂံ-မြင်းစိုင်း-စစ်ကိုင်း-ပင်းယ-အင်းဝ- ကုန်းဘောင်မင်းဆက် အကျဉ်း လင်္ကာရာဇဝင် သံခိပ်, တရုတ်ပြည်တွင် မြတ်စွာဘုရား၏ စွယ်တော်စစ် ရှိ,မရှိ အဆုံးအဖြတ်နှင့် အခြားဓာတ်တော်မွေတော်များအကြောင်း, ရဟန္တာ ဓာတ်တော်များအလား မိမိဆရာသမား၏အရိုးဓာတ်ကို စေတီတည်ရန် ထိုက်,မထိုက် ဘုရားရုပ်တုတော်နှင့် ရုပ်တုတော်များတွင် နားရွက်တော်ရှည်ခြင်း မကိုင်ွတန်ဆာဆင်ခြင်း ပြုသင့်မပြုသင့် စသော ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သော အကြောင်းအရာများကို ပြတ်ပြတ်သားသားဆုံးဖြတ် ရေးသားထားသည်ကို ဖတ်ရှုရမည်ဖြစ်သည်။

ဆဋ္ဌမတွဲတွင် ယခုခေတ်တွင် ထင်ရှားနေသော ဒက္ခိဏာသာခါ ရုပ်ပွားတော်များအကြောင်းနှင့် ထိုရုပ်ပွားတော်များ မြန်မာပြည်တွင် မည်သို့ ပြန့်ပွားလာပုံအကြောင်း, မယ်တော် မာယာသည် ဤဘဒ္ဒကမ္ပာတွင် ပွင့်သည့် ဘုရား၀ါးဆူ၏ မယ်တော် ဖြစ်,မဖြစ် ဓမ္မက္ခန္ဓာရှစ်သောင်းလေးထောင်ရေတွက်ပုံ ရေတွက်နည်း, ရှင်သီဝလိ ကိုးကွယ်သင့် မကိုးကွယ်သင့်, ပြဒါးသေတစ်ပြည်ဝဟူသော စကားနှင့် ၎င်းတို့ဆိုင်ရာ ဝိဇ္ဇာဇော်ဂျီများအကြောင်း စသည့် လောကီလောကုတ္တရာ သိမှတ်ဖွယ်ရာများကို ရှင်းလင်းရေးသားထားပေသည်။

သတ္တမတွဲတွင် ဗုဒ္ဓဘာသာတိုင်း သိမထားလျှင် မဖြစ်သော ကုသိုလ် အကုသိုလ်အကျိုးပေးခြင်းနှင့်စပ်သည့် သမ္မတ္တိ ဝိပတ္တိအကြောင်းများပါရှိရာ ကုသိုလ်ကောင်းမှုပြုပါလျက် အကျိုးမပေးပုံ အကုသိုလ်ပြုလျက် ကြီးပွားချမ်းသာနေရပုံများကို နားရှင်းကြဖို့ပင်ဖြစ်၏။ ထိုမှ တစ်ပါး အလွန်တွေ့ရခဲသော ပစ္စေကဗုဒ္ဓါ ဝတ္ထုများကို ကျယ်ကျယ်ဝန်းဝန်းဖော်ပြထားရာ အလွန်ဖတ်ရှု၍ကောင်းသော အပိုင်းပင်ဖြစ်လေသည်။

အဋ္ဌမတွဲတွင် ရန်ကုန်ရွှေတိဂုံသမိုင်းနှင့် စပ်သော တပုဿ ဘလ္လိကတို့ ပင့်ဆောင်လာသည့် ဆံတော်ဓာတ်နှင့် ဥက္ကလာပမြို့ရွာများ စစ်တမ်းကြီး, ဥက္ကာပုံ ကြယ်ပုံများအကြောင်း, စာနှင့်ဇာအရေးအသား အဆုံးအဖြတ်နှင့် လူတိုင်းမသိကြသောစာမရီကောင်အကြောင်းစသည့် ဖတ်စရာမှတ်စရာများစွာ ပါဝင်ပေသည်။

ဤ သမန္တစက္ခုဒီပနီကျမ်း၏ နောက်ဆုံး ကဏ္ဍဖြစ်သော နဝမတွဲတွင်မူ ဓူဝံကြယ်အကြောင်း ဓူဝံကြယ်သည် တာဝတိံသာမှ ဝေဇယန္တာပြာသာဒ်၏အထွတ်စိန်ဖူးဟုတ် မဟုတ် ရှင်းလင်းချက်, ရုပ်ထုတော်ကို အသစ်ပြင်လိုု၍ ဖျက်ရာ၌ အပြစ်လွတ်မလွတ်အကြောင်း, ဘုရားထီးဟောင်းကို ချသင့် မချသင့် ပြဿနာ, သူယောင်တောနှင့် သူယောင်မယ်များနှင့် ကောဇာ ဂေါဇာ ရေးထုံးနှစ်ဖြာကို ဝေဖန်၍ပြခြင်းများ စသည့် သိသင့်သိထိုက်သော ပြဿနာမြောက်မြားစွာကို အကိုးအထောက် သာဓကပြည့်ပြည့်ဝဝဖြင့် တင်ပြထားပေရာ ပညာရှင်တိုင်းလက်မလွတ်နိုင်သော အခန်းတစ်ခန်းပင် ဖြစ်ပါခြေ၏။

ဤသို့ အမြွက်မျှလောက်ထုတ်ပြထားသော အကြောင်းအရာများအပြင် ဘုရား တရား သံဃာ ရတနာသုံးပါးနှင့် ဆက်ဆံသော သိစရာ မှတ်စရာအဖြာဖြာတို့ဖြင့် လေ့လာ၍ မကုန်နိုင်အောင် ပါဝင်သောကြောင့်ပင် ဤကျမ်းကြီးသည် အစဉ်အဆက် အထက်ကျော်ကာလကပင် **"ပညာရှိတို့ မျက်ရှု သမန္တစက္ခု"**ဟု မှတ်တမ်းပြုထားရသော ကျမ်းကြီးတစ်ကျမ်း ဖြစ်ပေသည်။

ပြန်လည်ပုံနှိပ်ခြင်း

ဤ သမန္တစက္ခုဒီပနီကျမ်းကြီးကို ရှေးသရောအခါက ပေမူအားဖြင့် လေ့လာကြည့်ရှု နေကြရာမှ သာသနာနှစ် ၂၄၇၀၊ မြန်မာဝေါဟာ ကောဇာသက္ကရာဇ် ၁၂၈၈-ခုနှစ်တွင် မန္တလေးမြို့ ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်မှ ရွှေငါးတွဲကို ပထမအုပ်ကို၊ နောက်လေးတွဲကို ဒုတိယအုပ် ပြုလုပ်စီစဉ်၍ စက်တင်ပုံနှိပ်ခဲ့ပြီးနောက် ရန်ကုန်မြို့ သုဓမ္မဝတီပုံနှိပ်တိုက်, ဂန္ဓမာပုံနှိပ်တိုက် စသည်တို့မှ ဆက်လက်ရိုက်နှိပ်ခဲ့ရာ မြန်မာ့သာသနာနှင့် မြန်မာ့စာပေနယ်ပယ်တွင် တွင်ကျယ်ထင်ရှား၍ လူသိများခဲ့ရုံမျှမက ထင်ရှားသော ဗဟုသုတပေါင်းချုပ်ကျမ်းကြီး တစ်ကျမ်းအဖြစ် အလေးဂရုအရေးပြုလျက် ကြည့်ရှုလေ့လာခဲ့ကြရပေ၏။

ယခုအခါတွင် ထိုအကြိမ်ကြိမ်ရိုက်နှိပ်ခဲ့သော ကျမ်းစာတို့မှာလည်း ခေတ်ကာလအလျောက် ထပ်မံမရိုက်နှိပ်နိုင်၍ ရှားပါး၍နေကာ အလိုရှိသူတို့ လိုက်လံရှာဖွေ၍မရ၊ ရပြန်သော်လည်း နှစ်တွဲခွဲ၍ ပုံနှိပ်ခဲ့သဖြင့် ပထမအုပ်ရလျက် ဒုတိယအုပ်မရခြင်း၊ ဒုတိယအုပ်သာရ၍ ပထမအုပ်မရခြင်း စသော အခက်အခဲတို့ကြောင့် ဤကျမ်းကြီးကို တစ်အုပ်တည်းနှင့်အပြီး သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်မှ ရိုက်နှိပ်ပေးပါရန် ဗဟုသုတရှာဖွေသူ ရဟန်းရှင်လူတို့၏ တိုက်တွန်းတောင်းပန်ချက်ကို အလေးအနက်ခံယူ၍

(၁) မူလကျမ်းရင်းပါ စာပိုဒ်ရှည်ကြီးများကို သင့်လျော်အောင် ခွဲခြားပေးခြင်း
(၂) စာခေါင်းများကို စာလုံးမဲဖြင့် ထင်ရှားအောင်ပြုလုပ်ပေးခြင်း၊
(၃) ကျမ်းဦးမှတ်ဖွယ် နိဒါန်းသွယ်၍ သုတနယ်ပယ်ကို ချဲ့ထွင်ပေးခြင်း၊
(၄) ရှာဖွေ၍ လွယ်ကူစေရန် "အက္ခရာစဉ်အညွှန်း" ထည့်သွင်းပေးခြင်း၊
(၅) မာတိကာအကျယ်ဖြင့် သိလွယ်အောင် ဖော်ပြပေးခြင်း၊
(၆) စက္ကူဖြူ စက္ကူချောဖြင့် ရိုက်နှိပ်ထားခြင်း၊
(၇) စာလုံးကောင်း မင်ကျမင်နကောင်းဖြင့် ဖတ်ရှုချင်စဖွယ် စီစဉ်ခြင်း၊
(၈) ခန့်ညားသော ဆိုက်အရွယ်ဖြင့် စာပေနယ်ပယ်တွင် တင့်တယ်စေခြင်း၊
(၉) အမှားအယွင်း အကျအပေါက် နည်းနိုင်သမျှနည်းအောင် အထပ်ထပ် တည်းဖြတ်ပြင်ဆင်ထားခြင်း၊

တို့ဖြင့် သာသနာရေးဦးစီးဌာနရှိ ပညာရှင်ပေါင်းများစွာ ကာလကြာရှည်စွာ ပူးပေါင်းအားထုတ်၍ မဟုဿာဟကြီးစွာဖြင့် ဤသမန္တစက္ခုဒီပနီဘွဲ့ချီသမုတ် ဗဟုသုတပေါင်းချုပ် ကျမ်းစာအုပ်ကြီးကို တစ်အုပ်တည်းနှင့် အပြီး ဗဟုသုတရှာမီးသူ ရဟန်းရှင်လူတို့၏ လက်တွင်းသို့အရောက်ဝမ်းမြောက်ဖွယ်ရာ ပေးဆက်နိုင်ခဲ့ပြီး ဖြစ်သဖြင့် -

သုတပညာ အရာရာ၌ လိမ္မာထူးချွန် သူ့ထက်လွန်၍ ပညဝန်တဆူ ပြုလိုသူအပေါင်းတို့သည် သုတပညာ ပွားရာပွားကြောင်း ကျမ်းကောင်း ကျမ်းမြတ်အစစ် ကောန်ဖြစ်သော ဤ **"သမန္တစက္ခု ဒီပနီ"**ကျမ်းကို ကြိုးပမ်းအားထုတ် မဟုဿာဟ္လ်လွန်မင်းသော သမ္မာဆန္ဒဖြင့် နေ့ညမပြတ် အထပ်ထပ်ကြည့်ရှုလျက် ဗာဟုသစ္စမင်္ဂလာကို အခါခါပွားများနိုင်ကြပါစေသတည်း။

သာသနာရေးဦးစီးဌာန
ကမ္ဘာအေးကုန်းမြေ
ရန်ကုန်

၁၃၄၉ ခု၊ နယုန်လ

သမန္တစက္ခုဒီပနီကျမ်း

ပထမတွဲမာတိကာ

ဦးရေ	အကြောင်းအရာ	မျက်နှာနံပါတ်
	ကျမ်းဦးပဏာမ	၁
	အရှင်သိရိမာလာ၏ လျှောက်ထားလွှာ	၃
၁။	ကဏ္ဍာဇိန်မင်းသမီး ဇာလီမင်းသားတို့ကို ဇူဇကာပုဏ္ဏား ရိုက်နှက်ရာ၌ ဇူဇကာပုဏ္ဏားအပြစ် ထိုက်,မထိုက်အကြောင်း	၃
၂။	ပျိုကဗျာတို့တွင် သစ်သီး,သစ်လန် ပန်း မှန် ဖို-မ ဟု စပ်ဆိုရာ၌ သစ်သီးနှင့် သစ်လန်၊ ပန်းနှင့် မှန် အခွဲအကြောင်း	၄
၃။	ဇမ္ဗူ သပြေသီး ကြွေကျရာ၌ ရေသတ္တဝါ၊ ကုန်းသတ္တဝါ ဖြစ် မဖြစ် အကြောင်း	၈
၄။	ရှင်ဥပဂုတ် ရဟန္တာ တောင်သမုဒ္ဒရာ၌ ကြွေးပြာသာဒ်နှင့်နေသည် ဟူသော စကားအကြောင်း	၉
၅။	ဘုရားပွင့်တော်မူမှ ပေါ်သည်ဆိုသော မနုသီဟ ခြင်္သေ့သည် ခြင်္သေ့မျိုး ၄ ပါးတွင် မည်သည့်အမျိုးက ဖြစ်သည်၊ သံသေဒဇမျိုးဖြစ်သည် အကြောင်း	၁၀
၆။	သုံးဆယ့်နှစ်ပါးသော မဟာပုရိသလက္ခဏာတော်ကြီးအကြောင်း	၁၂
၇။	ခပ်သိမ်းသောဘုရားရှင်တို့ မစွန့်အပ်သော အရုပ်လေးပါး အကြောင်း	၁၆
၈။	မိုးကြိုးမျိုးတို့သည် ပထဝီဓာတ်ဖြစ်မည်၊ ဝါယောဓာတ်သက်သက် ဖြစ်မည်၊ ဥတုသမုဋ္ဌာန်ဖြစ်မည်၊ နတ်လက်နက်ဖြစ်မည်အကြောင်း	၁၇
၉။	ပါရမီရှိလျက် မဂ်ဖိုလ်မရရာသည် သုံးပါးဟူသော စကားအကြောင်း	၂၀
၁၀။	ရန်အောင်ရာသည် အဂ်ိလေးပါးအကြောင်း	၂၁
၁၁။	စွန့်ထိုက်သော မိန်းမအပြားငါးပါး အကြောင်း	၂၂
၁၂။	မျက်ကြုတ်ထွက်ရာသည် ဆယ်ပါးအကြောင်း	၂၃
၁၃။	မယ်တော်မာယာ၏ ဆွေတော်စဉ်တွင် မောင်တော်သုပ္ပဗုဒ္ဓနှင့် ခမည်းတော် မဟာသုပ္ပဗုဒ္ဓတို့၏ အထူးအကြောင်း	၂၄
၁၄။	တစ်ကျိပ်ကိုးယောက်သောမိန်းမတို့ ရေချိုးသွားရာ တစ်ယောက်ကို မိကျောင်းယူ၏၊ နှစ်ကျိပ်ပြန်လာ၏ဟူသော ပဟေဋ္ဌိပုစ္ဆာစကား၏အကြောင်း	၂၃
၁၅။	ယောက်ျား ဗိုလ်တစ်ထောင် တင်လေး၊ ချိန်ဝင်ပိုလ်တစ်ထောင်တင်လေး တို့၏အကြောင်း	၂၈
၁၆။	မြတ်စွာဘုရား ဆံတော်ပယ်ရာတွင် ဆံတော် လက်လေးသစ်ကြွင်းသည်၊ လက်ရှစ်သစ် ကြွင်းသည် ဟူသော စကားအကြောင်း	၃၁
၁၇။	မဂ်ရဇကန်၊ သောတာပန်၊ တိရစ္ဆာန် ဘယ့်ကြောင့်မည်သနည်း ဟူသော ပုစ္ဆာစကား၏ အကြောင်း	၃၂

ဦးရေ	အကြောင်းအရာ	မျက်နှာနံပါတ်
၁၈။	ပါရမီခန်းပျို့တွင် စပ်ဆိုသည့် သာဝိတ္တိအကြောင်း....	၃၄
၁၉။	ပါရမီတွင် စပ်ဆိုသည့် ဣတ္ထိတော်ဟု ခေါ်ဝေါ်စင်စစ် မိန်းမဖြစ်၍ ဟူသော စကားအဓိပ္ပာယ်၊ မိန်းမသည် ယောကျ်ား မဖြစ် ဟူသောစကား၊ သောရေယျထေရ်ဝတ္ထု၊ ဘုရားလောင်း၊ ယသောဓရာဒေဝီတို့ ယောကျ်ား အဖြစ်၊ မိန်းမအဖြစ် မြဲ, မမြဲအကြောင်း	၃၆
၂၀။	သားရရာသည် အင်္ဂါသုံးပါး အကြောင်းအားဖြင့် ဟူသော စကားအရ မိန်းမတို့ သားရ ရာသည် အင်္ဂါသုံးပါး၊ ရှစ်ပါးအကြောင်း	၅၁
၂၁။	မရှိအံ့သည်။ တမည်သာလျှင်၊ ကြည့်က မြင်သို့ ဟူသော ပါရမီလင်္ကာအရ ဘုရားရှင်တို့ မမြင် မသိကောင်းသော တရားရှိ,မရှိ၊ သံသရာ၏ အစကို မြင်, မမြင်အကြောင်း....	၅၁
၂၂။	ခြင်္သေ့တို့၏ အကြိုးအငယ် ပမာဏအကြောင်း	၅၉
၂၃။	သတ္တဋ္ဌာန စေတီတော်တို့၏ ဗောဓိပင်နှင့် ကွာဝေးပုံအကြောင်း	၆၀
၂၄။	ဇေတဝန်ကျောင်းတော်၏ အမြင့်အရပ် ဘုံဆင့်ဘုံထပ် ဘယ်မျှရှိသည် အကြောင်း	၆၁
၂၅။	မြတ်စွာဘုရား၏ ပရိနိဗ္ဗာန် စံယူတော်မူသည့်ကာလ ဦးခေါင်းတော်ပြုရာ အရပ်အကြောင်း	၆၅
၂၆။	တေဇောဓာတ်လောင်သည့် နေ့အကြောင်း	၆၆

ပထမတွဲ မာတိကာ ပြီး၏။

ဒုတိယတွဲ မာတိကာ

၂၇။	စတုဓာတုဝဝတ္ထာန် ကမ္မဋ္ဌာန်းစီးဖြန်းပုံအကြောင်း	၆၉
၂၈။	လူတို့ကိုယ်တွင် ကိုယ်စောင့်နတ် ရှိ,မရှိအကြောင်း....	၇၂
၂၉။	လူနှင့် ကိုယ်စောင့်နတ်တို့ တပြိုင်နက်တည်း စုတေ့ကြရမည်၊ ရှေ့နောက် စုတေ့မည်အကြောင်း....	၇၆
၃၀။	ယခုရှိသော သိကြားလက်ထက် အသုရာနှင့် စစ်တိုက်, မတိုက်အကြောင်း	၇၇
၃၁။	ရေနေနဂါး၊ မြေနေနဂါး၊ တောင်နေနဂါးတို့၏ အကြောင်း	၈၁
၃၂။	မေတ္တေယျ ဘုရားအလောင်းတော် ယခုအဘယ်ဘုံမှာ ရှိသည်အကြောင်း	၈၄
၃၃။	နမော တဿ ပဏာမကို နတ် ၅ ယောက်တို့ အသီးအသီး ရွတ်ကြသည်ကို စုရုံး၍ထားသည် ဆိုသောစကား ဟုတ်, မဟုတ်အကြောင်း	၈၆
၃၄။	ခပ်သိမ်းသော စိတ်တို့သည် တစ်ခုယုတ်ကိုးဆယ် ဖြစ်မည်၊ သို့မဟုတ် ကိုးဆယ့်တစ်ပါး ဖြစ်မည်အကြောင်း....	၈၇
၃၅။	မြတ်စွာဘုရား၏ ပဋိသန္ဓေ သောမနဿဖြစ်မည်, ဥပေက္ခာ ဖြစ်မည် အကြောင်း	၈၈

ဦးရေ	အကြောင်းအရာ	မျက်နှာနံပါတ်
၃၆။	မြတ်စွာဘုရား၏ ပဋိသန္ဓေစိတ်တော်သည် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် တို့တွင် အဘယ်ကို အာရုံပြုသည်အကြောင်း	၉၀
၃၇။	သဗ္ဗညုတဉာဏ်တော်နှင့်တူသော အာရုံရှိသော စိတ်တစ်ခုသည် ခပ်သိမ်း သော သတ္တဝါတို့၌ ရှိ၏၊ ဟူသော စကားအကြောင်း	၉၁
၃၈။	ဆပညာသ၊ ငါးမာသဝယ်၊ သုံးရက်ပယ်၊ အကယ်မယွက်၊ မယ်တော်သက်။ နှစ်နှင့်ရက်ဝယ်၊ ဧက်သတ်ပယ်၊ လဝယ်ဒွေစွက်၊ သန္ဓေသက် ဟူသော ကဗျာ၏အရ မယ်တော်မာယာ၏ အသက်ကို တွက်စစ်ပုံအကြောင်း	၉၂
၃၉။	အဘိဓမ္မတ္ထသင်္ဂဟကျမ်းလာ ကံမျိုးတစ်ဆယ့်ခြောက်ပါး၊ ပဋိသန္ဓိဒါမင် ပါဠိတော်လာ ကံမျိုးတစ်ဆယ့်နှစ်ပါးတို့၏ ကွဲပြားပုံအကြောင်း	၉၄
၄၀။	ဒိဋ္ဌအပြား ခြောက်ဆယ့်နှစ်ပါးအကြောင်း	၉၇
၄၁။	သင်္ကာယဒိဋ္ဌိ နှစ်ဆယ့်အကြောင်း	၁၀၅
၄၂။	အနုလောမ ခန္တီဉာဏ် လေးဆယ်၌ ဝိပဿနာဉာဏ်နှစ်ရာ ပွားများ ဝေဖန်ပုံအကြောင်း	၁၀၆
၄၃။	ဆုတောင်းခန်းတွင် "သိကြားသုံးစွဲ၊ ချို့မြဲစင်စစ်၊ ကောင်းကင်ဖြစ်သည်၊ နတ်မြစ် မန္ဒာကိနီတည်း"ဟု စပ်ဆိုသောကဗျာအရ နတ်ပြည်၌ မြစ်ရှိ,မရှိ အကြောင်း	၁၀၈
၄၄။	ရသေ့ပရိဗိုဇ်၊ ပဏ္ဍရင်္၊ အစေလက၊ နိဂဏ္ဌ တိတ္ထိတို့၏ အဝတ်အစား အသုံးအဆောင် အယူဝါဒများအကြောင်း	၁၀၈
၄၅။	ရသေ့တို့ ပရိက္ခရာတွင် လျှော်တေ၏ အကြောင်း	၁၁၉
၄၆။	သစ်နက်ရေဟူသည်၊ သစ်ပင်ကခွာသည်၊ သစ်ခေါက် သစ်ခွံ ဖြစ်မည်၊ သစ်နက်မည်သော သားမျိုး၏ အရေဖြစ်မည်အကြောင်း	၁၂၀
၄၇။	ရသေ့တို့မှာ သစ်နက်ရေကို ဆောင်စမှတ်ပြုခြင်းအကြောင်း	၁၂၂
၄၈။	ရသေ့တို့၏ ဆံကျစ်ဟူသည် ပကတိဆံပင်ကို ကျစ်သည့် ဆံကျစ်ဖြစ်မည် အခြားပင် ရှိဦးမည်အကြောင်း	၁၂၂
၄၉။	ပိုးမျိုးရှစ်ဆယ်တို့၏ အမည်နာမ သရုပ် သဘော် နေရာ ဌာနများ အကြောင်း	၁၂၄
၅၀။	မြတ်စွာဘုရား ပါရမီတော်ဖြည့်စဉ် ကောင်းကင်ပြင်၌ ကြယ်ကို နည်းစေ လျက် မျက်လုံးတော်ကို ထုတ်၍ လှူသည်များအကြောင်း စသည်ဖြင့် ပြောဆိုကြသော စကားများ ကျမ်းဂန် လာ,မလာ အကြောင်း	၁၂၆

ဒုတိယတွဲ မာတိကာပြီး၏။

တတိယတွဲ မာတိကာ

၅၁။	မြတ်စွာဘုရားသည် အလုံးစုံသောအရာတို့၌ ရဲရင့်ခြင်းသို့ ရောက်ပါလျက် စတုဝေသာရဇ္ဇ ရဲရင့်ခြင်းလေးပါးဟု ကန့်သတ်ခြင်းအကြောင်း	၁၃၃

ဦးရေ	အကြောင်းအရာ	မျက်နှာနံပါတ်
၅၂။	အိပ်မက်မြင်မက်ခြင်းသည် ပဋ္ဌာဒါရဖြင့် မြင်မက်သည်၊ သို့မဟုတ် မနောဒ္ဓာရဖြင့် မြင်မက်သည်၊ ဘဝင်စိတ်ဖြင့် မြင်မက်သည်၊ သို့မဟုတ် ဝီထိစိတ်ဖြင့် မြင်မက်သည်အကြောင်း	၁၃၆
၅၃။	စျာန်သမာပတ်ရသောသူတို့မှာ ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတ အဘိညာဉ်၏ အစွမ်းဖြင့် သိမ်မွေ့သော အာရုံကို ယူနိုင်သကဲ့သို့ ဆကာမာဝစရ နတ်တို့မှာ အဘိညာဉ်၏ အစွမ်းဖြင့် ယူနိုင်ခြင်း ဖြစ်မည်၊ သို့မဟုတ် ပကတိသဘောအားဖြင့် ယူနိုင်ခြင်းဖြစ်မည်အကြောင်း	၁၄၃
၅၄။	ဘုရားလောင်း ပဋိသန္ဓေယူသည်နှင့် တပြိုင်နက် မယ်တော် သိရိမဟာမာယာ မြင်မက်သော အိပ်မက်၏အကြောင်း	၁၄၄
၅၅။	အလောင်းတော် သိဒ္ဓတ်မင်းသား ဘုရားဖြစ်အံ့သောနေ့၌ မြင်မက်သော အိပ်မက်ကြီး ငါးပါးအကြောင်း	၁၄၅
၅၆။	ပသေနဒီကောသလမင်းကြီး မြင်မက်သော အိပ်မက်ကြီး ၁၆ ချက် အကြောင်း	၁၄၇
၅၇။	ပါရမီတွင် "အာဒိစ္စဝင်၊ မင်းစင်ရှစ်သောင်း၊ သုံးပြည်ပေါင်းကို"ဟူသော အစပ်စကားအရ ကိုးခန်းပျို့တွင် "မိဘန္တယ်ပေါင်း၊ သိန်းခြောက်သောင်း လျှင်"ဟု စပ်ဆိုသော စကားအရ ဆွေတော် မျိုးတော် ရှစ်သောင်း ဖြစ်မည်၊ သိန်းခြောက်သောင်း ဖြစ်မည်အကြောင်း	၁၅၄
၅၈။	မဇ္ဈိမဒေသသည် တိတိခတ်သော် ယူဇနာ ခုနစ်ရာ့ရှစ်ဆယ်၊ အပြင်ခတ်သော် ယူဇနာ ကိုးရာရှိ၏ ဟူသော မဏိကုဏ္ဍလဝတ္ထု စကားအရ တိတိခတ်ဟန်၊ အပြင်ခတ်ဟန်အကြောင်း	၁၅၅
၅၉။	တောထွက်တော်မူသောကာလ ငြဟ္မာလျှူသော သပိတ်တော်သည် မြေသပိတ်ဖြစ်မည်၊ သံသပိတ်ဖြစ်မည်၊ ကျောက်သပိတ်ဖြစ်မည်အကြောင်း	၁၅၆
၆၀။	မြတ်စွာဘုရားဝတ်ရုံတော်မူသော သင်္ကန်းတော်၏ အလျား အနံ အတိုင်းအထွာ ပမာဏအကြောင်း	၁၅၈
၆၁။	ငါးရာန္နားကို၊ ကြိမ်များဖန်ဖန်၊ ရေပြန်တိုက်ပြီး၊ မကားကြီးတည့်-ဟူသော ပါရမီပျို့လာ အဓိပ္ပာယ်အရ နွားမငါးရာယူပုံအကြောင်း	၁၅၉
၆၂။	ဘုရားဖြစ်တော်မူမည့်နေ့ ညနေချမ်းတွင် မာရ်နတ်စစ်ရောက်၍ ဘုရားလောင်းက သက်သေညွှန်လျှင် ဝသုန္ဓရီနတ်သမီး ဆဲရေးပြစ်၍ သက်သေခံသည်ဆိုသော စကား ဟုတ်,မဟုတ်၊ အရုပ်ထုလုပ်၍ ကုသိုလ်ရ, မရအကြောင်း	၁၆၂
၆၃။	စကြာဝတေးမင်းကို ဘယ်တိုင်း၊ ဘယ်ပြည်၊ ဘယ်မြို့က ဖြစ်ထွန်းပေါ်ပေါက်သည်အကြောင်း	၁၆၃
၆၄။	စကြာဝတေးမင်းအလောင်းတို့သည် စကြာရတနာ ဆိုက်ရာသော ကျင့်ဝတ် သုံးပါး၊ ဆယ်ပါး၊ တဆယ့်နှစ်ပါးအကြောင်း	၁၆၄

ဦးရေ	အကြောင်းအရာ	မျက်နှာနံပါတ်
၆၅။	စကြာမင်းတို့အား ရတနာခုနစ်ပါးတွင် စကြာရတနာ အလျင်ရောက်မည်၊ ဆင်ရတနာ အလျင်ရောက်မည် အကြောင်း	၁၆၇
၆၆။	စကြာမင်းတို့အား ရတနာခုနစ်ပါး အစဉ်ရောက်ပုံ အခြင်းအရာ သရုပ်သင်္ခါအကျယ်စကားအကြောင်း	၁၆၇
၆၇။	စကြာမင်း မရှိသည့်နောက်၌ စကြာရတနာကွယ်ဟန် အကြောင်း	၁၇၁
၆၈။	မနုရာဇာ လျှောက်ထုံးခေါ် မဟာရာဇသတ်ကြီး စကား၊ ပန်းတွင် မဏ္ဍူခြီ၊ နီလာရောင်ခြည်ခြီ၊ မဏိဂူဟာခြီ ကဗျာလင်္ကာစကားများအရ မဏ္ဍူသကပန်းပင်နှင့် အဗ္ဘန္တရသရက်ပင် ထွေးထွေးယှက်ယှက် ရှိသည်ကို ရှင်းလင်းကောက်ယူခြင်း၊ မဏ္ဍူသကပန်းပင် အမြင့်ယူဇနာ တစ်ရာ ရှိ,မရှိ ကုမ္ဘက် ရှစ်သောင်းလေးထောင် စောင့်, မစောင့် အကြောင်း	၁၇၁
၆၉။	ကိုးခန်းပျို့လာ သြဇဝန္တခြီ ကဗျာလင်္ကာ၏အရ ကာမာဝစရကုသိုလ်စိတ် တသောင်းငါးထောင် တရာ့နှစ်ဆယ် ပွားများရေတွက်ပုံအကြောင်း	၁၈၄
၇၀။	ဘုရားတကာတို့ ပြည့်စုံစမြဲဖြစ်သော ဓမ္မတာ သုံးဆယ်အကြောင်း	၁၈၅
၇၁။	ဘုရားသခင်တို့ ဝုဏ်တော်အနန္တ ဖြစ်ပါလျက် အဋ္ဌာရသ ဗုဒ္ဓဓမ္မ၊ ဘုရားကျေးဇူး တဆယ့်ရှစ်ပါးဟူ၍ ကန့်သတ်ခြင်း အကြောင်း	၁၈၈

တတိယတွဲ မာတိကာ ပြီး၏။

စတုတ္ထတွဲ မာတိကာ

၇၂။	ဟတ္ထိပါလပျို့၊ ဟတ္ထိပါလ၊ ဣသိန္ဒ-ဟု ချီသောပိုဒ်၌ ဓမ္မတာသုံးဆယ်ကို ဆိုရာ "ဘိက္ခုသံဃ၊ သာဝကတို့၊ ဝါလက္ခုတ်သော်၊ အခေါ်မလင့်၊ သွားခွင့်လည်းပန်း၊ အမှန်အောက်မေ့"ဟု စပ်ဆိုသော စကားအရ ဘုရားကိစ္စ ဖြစ်သင့်၊ သာဝကတို့ကိစ္စ ဖြစ်သင့်အကြောင်း	၁၉၁
၇၃။	အသီတာနုဗျဉ္ဇနဓရ၏ အရ လက္ခဏာတော်ငယ် ရှစ်ဆယ်၏ အကျယ်စကား	၁၉၄
၇၄။	မင်္ဂလာစေတီမော်ကွန်း၌ "သုံးဆယ့်နှစ်ပါး၊ ထင်ရှားလက္ခဏာ၊ အင်္ဂါရှစ်ဆယ်၊ ရောင်ခြောက်သွယ်ဖြင့်"ဟု စပ်ဆိုရာ၌ အင်္ဂါရှစ်ဆယ်-ဟူသည် လက္ခဏာတော်ငယ် ရှစ်ဆယ်ပင် ဖြစ်ကြောင်း	၂၀၃
၇၅။	ကိုးခန်းပျို့၌ ဓမ္မတာသုံးဆယ်ကို စပ်ဆိုရာတွင် ဝတ္ထုအကြောင်းဖြစ်သည် ရှိသော် သိက္ခာပုဒ်ကို ပညတ်ခြင်း ဓမ္မတာမပါ ကြွင်းကျန်ရာ၌ ကြွင်းကျန်ပုံ အကြောင်း	၂၀၇
၇၆။	လက္ခဏာတော်ငယ် ရှစ်ဆယ်အဝင် ဗျာမပ္ပဘာလက္ခဏာ ရောင်ခြည်တော်၊ အသီတိနိစ္စလဋ္ဌိတိ ရောင်ခြည်တော်၊ အနန္တဒသ ဒိသာဖရဏ ရောင်ခြည်တော်တို့၏ အကျယ်စကား	၂၀၈
၇၇။	မောရသုတ်ပရိတ်တော်သည် ဂါထာဖြစ်မည်၊ စုဏ္ဏိယ ဖြစ်မည်အကြောင်း	၂၁၅

သမန္တစက္ခုဒီပနီကျမ်း

ဦးရေ	အကြောင်းအရာ	မျက်နှာနံပါတ်
၇၈။	ဘုရားသခင်၏ ရောင်ခြည်တော် ခြောက်ပါးတို့ ကိုယ်တော်မှ အသီးအသီး ထွက်ရာဌာန၊ ထွက်ပုံအခြင်းအရာများ အကြောင်း	၂၁၈
၇၉။	ကိုးခန်းပျို့တွင် လေးကျွန်းထိပ်ဝယ်၊ ဘုန်းရိပ်လွှမ်းခြုံ၊ သဗ္ဗဘုံသို့ ဟူ၍ စပ်ရာ၌ သဗ္ဗဘုံ ဟူသည် စကြာမင်းကို ဆိုသည့်အကြောင်း	၂၂၅
၈၀။	ကိုးခန်းပျို့တွင် ခါးတောက်မြစ်ယှက်၊ စိုက်ရောဖက်သား၊ သရက်ပင်မင်း၊ သီးချိုကင်းသို့ ဟူ၍ စပ်ဆိုသည့်ကဗျာလင်္ကာ၏ အဓိပ္ပာယ်	၂၂၇
၈၁။	မြင်းမိုရ်တောင်သည် ရွှေ၊ ငွေ၊ မြ၊ ဖန်၊ ရတနာလေးပါးဖြင့် ပြီးသည်၊ ရွှေအတိသာ ပြီးသည်အကြောင်း	၂၃၂
၈၂။	မြင်းမိုရ်တောင်ကို ရံသော တောင်စဉ် ခုနစ်ထပ်တို့၏ အဘယ်ရတနာဖြင့် ပြီးသည်အကြောင်း	၂၃၄
၈၃။	ပုဂ္ဂလာဓိဋ္ဌာန်ဒေသနာတော်နည်းအားဖြင့် သာမညအလှူ၏ အကျိုးငါးပါး၊ ဓမ္မဓိဋ္ဌာန်ဒေသနာတော်နည်းအားဖြင့် ယာဂု၊ ဆွမ်း၊ သင်္ကန်းစသော ဝိသေနအလှူမျိုးတို့၏ အကျိုးတရားများ အကြောင်း	၂၃၅

စတုတ္ထတွဲ မာတိကာ ပြီး၏။

ပဉ္စမတွဲ မာတိကာ

၈၄။	သရေခေတ္တရာပြည် မြို့သက် အနှစ်ငါးရာတည်သည်၊ ခြောက်ရာတည်သည် ဟူသော စကားများအရ ညှိနှိုင်းတွက်စစ်ပုံ အကြောင်း	၂၃၃
၈၅။	မဇ္ဈိမဒေသ၊ တကောင်း၊ သရေခေတ္တရာ၊ ပုဂံ၊ မြင်စိုင်း၊ ပင်းယ၊ စစ်ကိုင်း၊ အင်းဝ၊ အမရပူရမြို့တည် နန်းတည်၊ မင်းစဉ် မင်းဆက် နန်းတက် သက္ကရာဇ်၊ သက္ကရာဇ်ဖြို့ခြင်းအကြောင်းများ	၂၃၈
၈၆။	မြတ်စွာဘုရား သာသနာတော် အစဉ်ရောက်ပုံအကြောင်း	၂၈၈
၈၇။	နီဖလံစသော ရွှေမျိုးဆယ်ပါးဟူသည် ကျမ်းဂန်လာ မလာ အကြောင်းနှင့် လောကီကျမ်း သာသနာတော်ကျမ်းအထွက်အလာ ရွှေအမျိုးမျိုးတို့၏ အကျယ်စကား	၂၈၉
၈၈။	တစ်ဆယ့်နှစ်ရာသီဖြစ်သော လတို့တွင် သစ်ဆင်းလ ဟူသည် အဘယ်လကို ခေါ်သည်အကြောင်း	၂၉၂
၈၉။	ဘုရားသခင်၏ စွယ်တော်ဓာတ်မြတ် တည်ရှိရာ ဂန္ဓာရတိုင်းဟူသည် ယခု ဂန္ဓာရတိုင်းဟု ခေါ်ဝေါ်ကြသော တရုတ်ပြည် ဟုတ်,မဟုတ် အကြောင်း	၂၉၃
၉၀။	ဘုရားသခင်၏ လက်ယာညှပ်ရိုးတော်သည် တာဝတိံသာမှသည် သီဟိုဠ်ကျွန်းသို့ အဘယ်အခါ ရောက်သည်အကြောင်း	၂၉၄

ဦးရေ	အကြောင်းအရာ	မျက်နှာနံပါတ်
၉၁။	လက်ဝဲညှပ်ရိုးတော်သည် အဘယ်အရပ်ဌာန၌ တည်သည်အကြောင်း	၂၉၆
၉၂။	မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူရာ အလောင်းတော်ကို ရွှေတလား၌ သွင်းသည်၊ ရွှေကျင်း၌ သွင်းသည် ဟူသော စကားများအကြောင်း	၃၀၀
၉၃။	ဘုရားလောင်းကို ဖွားတော်မူသော ကာလ၊ မယ်တော်မာယာ မိထွေးတော်ကို ကိုင်သည် ဟူသောစကား ကျမ်းဂန်လာ မလာအကြောင်း....	၃၀၃
၉၄။	ဘုရားသခင်တို့မှာ ပညာဓိက၊ သဒ္ဓါဓိက ဝီရိယာဓိက ရှိသကဲ့သို့ ပစ္စေကဗုဒ္ဓါတို့မှာ ရှိ, မရှိကြောင်း	၃၀၄
၉၅။	ပုထုစဉ်ရဟန်းတို့၏ သရီရဓာတ်ကို စေတီတည်အပ်, မတည်အပ် အကြောင်း	၃၀၅
၉၆။	ဥဒ္ဒိသကစေတီဖြစ်သော မြတ်စွာဘုရား၏ ရုပ်ပွားရုပ်တုတော်ကို ကိုးကွယ်အပ်သည်ကို ကျမ်းဂန်လာ, မလာကြောင်း	၃၀၇
၉၇။	ဓာတုစေတီ၊ ဓမ္မစေတီ၊ ဥဒ္ဒိသကစေတီ တည်းဟူသော စေတီသုံးပါးကို မည်သည့်ကျမ်းဂန်က လာသည့်အကြောင်း	၃၂၆
၉၈။	ကောသလမင်းကြီး ထုလုပ်ကိုးကွယ်သည့် စန္ဒကူးနှစ် ရုပ်ထုဟူသည် သင်္ဂီယနာဝင်ကျမ်းထွက်စကား ဟုတ်,မဟုတ်အကြောင်း	၃၂၇
၉၉။	ဥဒ္ဒိသကစေတီဖြစ်သော မြတ်စွာဘုရား၏ ရုပ်ပွားရုပ်တုတော်ကို ဘုရားသခင် ထင်ရှားရှိစဉ် ကိုးကွယ်ဖူးသည်, မကိုးကွယ်ဖူးသည်အကြောင်း	၃၃၀
၁၀၀။	ဘုရားရုပ်တုတော်များမှာ နားရွက်တော်ရှည်၊ လက်ချ၊ လက်ပိုက်၊ လက်ကန်တော့တင်၊ ခြေဖော်၊ မကိုင်ဆွတန်ဆာဆောင်း ထုလုပ်ကြခြင်း အကြောင်း	၃၃၀

ပဋ္ဌမတွဲ မာတိကာ ပြီး၏။

ဆဋ္ဌမတွဲ မာတိကာ

၁၀၁။	ဒက္ခိဏာသာခါအကြောင်း	၃၄၁
၁၀၂။	အနဝတတ်အိုင် တောင်ငါးလုံး ရံနေပုံအကြောင်း	၃၅၄
၁၀၃။	ဘုရားငါးဆူ မယ်တော်အကြောင်း	၃၅၄
၁၀၄။	မယ်တော်မာယာ နတ်သားအကြောင်း	၃၆၂
၁၀၅။	အဘယ်မျှလောက် အတိုင်းအရှည်ရှိသော တရားစုကို ဓမ္မက္ခန္ဓာတစ်ပါး ဖွဲ့ရမည်အကြောင်း	၃၆၃
၁၀၆။	သုတ်၊ ဝိနည်း၊ အဘိဓမ္မာ၊ ပိဋကသုံးပုံ၌ ဓမ္မက္ခန္ဓာ ရေတွက်ပုံအကြောင်း	၃၆၄

ဦးရေ	အကြောင်းအရာ	မျက်နှာနံပါတ်
၁၀၇။	ရှင်သီဝလိ ရုပ်ပွားတော်, ဓာတ်တော်တို့ကို ကိုးကွယ်ဆောင်ရွက်သော သူတို့အား လာဘ်လာဘ ပေါများမည်, မပေါများမည်အကြောင်း	၃၆၆
၁၀၈။	ပြဒါးသေသော် တပြည်ဝသည်၊ စိန်သေသော် တဆွေဝသည် ဟူသော စကားဟောင်းအရ ပြဒါး၊ စိန်တို့ကြောင့် ရွှေငွေ ဖြစ်,မဖြစ်အကြောင်း	၃၇၉
၁၀၉။	ဆေးမြစ် ဆေးရွက်တို့ကြောင့် ရုပ်သက္ကာန် ပျောက်,မပျောက်အကြောင်း	၃၈၃
၁၁၀။	ဝိဇ္ဇာဓိုရ်တို့ ကောင်းကင်သို့ ပျံနိုင်သည်ဆိုသောစကား မှန်မည်, မမှန်မည် အကြောင်း	၃၈၅
၁၁၁။	ဝိဇ္ဇာဓိုရ်တို့ နေရာအရပ်အကြောင်း	၃၈၉
၁၁၂။	ပတ္တာမြားတန်ခိုးကြောင့် လူတို့ကောင်းကင်သို့ ပျံနိုင်မည်, မပျံနိုင်မည် အကြောင်း	၃၉၀
၁၁၃။	ဘုရားတဆူ တဆူသည် နှစ်ဆယ့်လေးသန်ခြေနှင့် ကုဋေခြောက်ဆယ် ဗိုလ်ခြေတစ်သိန်းခွါတ်သည်ဟူသောစကား ကျမ်းဂန်လာ,မလာအကြောင်း	၃၉၀
၁၁၄။	အမေးသုံးပါး၊ အဖြေသုံးပါး ကောက်ယူပုံအကြောင်း	၃၉၂
၁၁၅။	၎င်းပျို့၌ ဝိဒင်္ဂမသင်၊ နားမဝင်၊ ပုံပြင်မှတ်ပိုက်ထုပ် ဆိုသော စကားအဓိပ္ပာယ်အကြောင်း	၃၉၅
၁၁၆။	၎င်းပျို့၌ မင်းဘုန်းရောက်လာ၊ ဤသည့်စာ၊ လူရွာမတိမ်မြုပ် ဆိုသော စကားအရ ဘယ်မင်းဘုန်းကြောင့် ဘယ်မြို့သို့ ကိုးခန်းပျို့ ရောက်လာသည်အကြောင်း	၃၉၇
၁၁၇။	ယခုကာလ မြန်မာ့တိုင်းနိုင်ငံတွင် သုံးစွဲကြသော အလေးတောင်းတင်းနှင့် ကျန်းဂန်ထွက် အလေးတောင်းတင်း ညီမျှသည်, မညီမျှသည်, မညီမမျှက အပြစ်ရှိမည်, မရှိမည်အကြောင်း	၄၀၂

ဆဋ္ဌမတွဲ မာတိကာပြီး၏။

သတ္တမတွဲ မာတိကာ

၁၁၈။	ဘုရားလောင်းသုံးပါးတို့၏ ပါရမီဖြည့်ရပုံအကြောင်း		၄၁၇
၁၁၉။	ကံ အကျိုးပေးဟန်နှင့် သမ္မတ္တိ ၄-ပါး၊ ဝိပတ္တိ ၄-ပါးအကြောင်း		၄၁၈
၁၂၀။	ပစ္စေကဗုဒ္ဓါတို့၏ အဘိနီဟာရနှင့် ဝတ္ထုတော်များအကြောင်း		၄၃၄

သတ္တမတွဲ မာတိကာပြီး၏။

အဋ္ဌမတွဲ မာတိကာ

၁၂၁။	မြတ်စွာဘုရားစက်တော်ရာချရန် တောင်းပန်သည်များ သစ္စဗန္ဓမုဆိုးဖြစ်မည် ရသေ့ဖြစ်မည်အကြောင်း	၄၇၈

ဦးရေ	အကြောင်းအရာ				မျက်နှာနံပါတ်
၁၂၂။	မိန်းမတို့မှာ ဆယ်ပါးသီလဆောက်တည်အပ်,မအပ်အကြောင်း			....	၄၈၄
၁၂၃။	ပဉ္စာနန္တရိယကံအကြောင်း	....	....	....	၄၈၇
၁၂၄။	နိယတမိစ္ဆာဒိဋ္ဌိကံအကြောင်း	....	....	....	၅၀၁
၁၂၅။	ဇမ္ဗူဒီပါကျွန်းသည် တောနေသုံးထောင်၊ လူနေသုံးထောင် ရေနေလေးထောင်ရှိသည်ဆိုသော စကားအကြောင်း			....	၅၀၆
၁၂၆။	ဝေဇယန္တာပြာသာဒ်ပမာဏအကြောင်း	....		....	၅၀၈
၁၂၇။	ဒုဿစေတီတော် အဘယ်ဘုံမှာရှိသည်၊ အဘယ်မျှမြင့်သည် အကြောင်း	....	....	....	၅၀၉
၁၂၈။	စူဠာမဏိစေတီတော် အဘယ်မျှ ကြီးမြင့်သည်အကြောင်း			....	၅၀၉
၁၂၉။	တပုဿ၊ ဘလ္လိကတို့ ဆောင်ယူသည့် ဆံတော်ဓာတ်တည်ရာ မြို့အကြောင်း	....	....	....	၅၁၀
၁၃၀။	ဖြဟ္မာတို့မှာ "ဃာနာဒိတ္တယံနတ္ထိ"ဆိုသော စကားအကြောင်း			....	၅၁၃
၁၃၁။	နေ,လ,နက္ခတ်,တာရာတို့၏ ပမာဏ သွားလာပုံများအကြောင်း			....	၅၁၅
၁၃၂။	ဥပါဠိနှင့် ကြယ်ပျံသည် ဥပါကျသည်ဆိုသောစကားများနှင့် ဥပါဟူသည် တိမ်တိုက်ချင်း ခတ်မိရာက ဖြစ်,မဖြစ်အကြောင်း			....	၅၁၆
၁၃၃။	ဗျာဒိတ်ခံပြီးသော ဘုရားလောင်းတို့ ငုံးအောက် ငယ်သော တိရစ္ဆာန်ဖြစ်,မဖြစ်အကြောင်း	....	....	....	၅၂၀
၁၃၄။	(စာ-ဇာ)ဟူသော အရေးအသား နှစ်မျိုးတွင် မည်သည့် အရေးအသားက သင့်မည့်အကြောင်း	....	....	....	၅၂၃
၁၃၅။	သဟမွတိဖြဟ္မာသည် ပထမစျာန်ဘုံသားဖြစ်မည် သုဒ္ဓါဝါသ ဘုံသားဖြစ်မည်အကြောင်း	....	....	....	၅၂၅
၁၃၆။	သဟမွတိဖြဟ္မာ၊ မြတ်စွာဘုရားအား တရားဟောရန် တောင်းပန်ရာ၌ သမ္မာဝါစာ ဖြစ်,မဖြစ်အကြောင်း	....	....	....	၅၂၆
၁၃၇။	မြတ်စွာဘုရား၏ စွယ်တော်ဓာတ် အကြီးအရှည် ပမာဏအကြောင်း			....	၅၃၀
၁၃၈။	မြတ်စွာဘုရား၏ စွယ်တော်ဓာတ် မည်သည့် မြို့ရွာ၌ တည်သည်အကြောင်း				၅၃၁
၁၃၉။	ကမ္ဘာ့တန်ဆာ အက္ခရာ ရှိ,မရှိအကြောင်း....		....	....	၅၃၂
၁၄၀။	ဘုရားမပွင့်သော သုညကမ္ဘာ၌ ပစ္စေကဗုဒ္ဓါ စကြဝဠတေးမင်းတို့ ဖြစ်,မဖြစ်အကြောင်း	....	....	....	၅၄၀

သမန္တစက္ခုဒီပနီကျမ်း

ဦးရေ	အကြောင်းအရာ				မျက်နှာနံပါတ်
၁၄၁။	စာမရီ သတ္တဝါအကြောင်း	....	....	....	၅၄၇
၁၄၂။	ဝရဇိန်တင်,အက္ခရာ၊ ဆင်ဦးကင်းတင် အက္ခရာများအကြောင်း			....	၅၄၈

အဋ္ဌမတွဲ မာတိကာ ပြီး၏။

နဝမတွဲ မာတိကာ

၁၄၃။	ဦးရစ်ပေါင်းသော သူကို တရားဟောအပ်, မဟောအပ်အကြောင်း			....	၅၅၁
၁၄၄။	ဓူဝံကြယ်အကြောင်း	....	....	....	၅၅၂
၁၄၅။	မြတ်စွာဘုရားသခင် ရေတော်တော်မူခြင်းဟူသော စကားအကြောင်း			....	၅၅၉
၁၄၆။	ရုပ်တုတော်စသည်ကို အသစ်ပြုပြင်လို၍ ဖျက်ဆီးရာ၌ အပြစ်လွတ်, မလွတ်အကြောင်း	....	....	....	၅၆၁
၁၄၇။	မြင့်ရာအရပ်သို့ရောက်လေပြီးသောထီးတော်စသည်ကိုအသစ်ပြုပြင်လိုသော်လည်း နိမ့်ရာအရပ်သို့ မချကောင်းဟု ပြောဆိုကြသော စကားအကြောင်း			....	၅၆၆
၁၄၈။	အသီတိ မဟာသာဝကတို့၏ ဘွဲ့အမည်တော် အသီတိရှစ်ကျိပ် ရေတွက်ပုံအကြောင်း	....	....	....	၅၆၇
၁၄၉။	စေတီတဆူသို့ပြောင်း၍ လှူသင့်,မလှူသင့်အကြောင်း		....	....	၅၇၃
၁၅၀။	ပုဂ္ဂိုလ်ပြောင်း၍ လှူအပ်,မလှူအပ်အကြောင်း		....	....	၅၇၆
၁၅၁။	ကိုယ်မချိသော် မိဘသားကို မကယ်နိုင်ဆိုသောစကားသည် ကျမ်းဂန်ထွက် စကားဖြစ်မည် နှုတ်မဆိတ်ပြောဆိုသော စကားဖြစ်မည် အကြောင်း			....	၅၇၈
၁၅၂။	မဏိကုဏ္ဍလ၌ ယုံတမ်းစကားအကြောင်း		....	....	၅၈၁
၁၅၃။	ဘုရားရှင်တို့၏ ဝေမတ္တရှစ်ပါးအကြောင်း		....	....	၅၈၃
၁၅၄။	မြတ်စွာဘုရားသခင် ပလ္လင်တော်သည် အမြင့်အရပ် ရှိ,မရှိအကြောင်း		....	....	၅၈၇
၁၅၅။	ဟိမဝန္တာဝယ် သူယောင်တော ရှိသည်ဆိုသောစကား ကျမ်းဂန် လာ, မလာအကြောင်း	....	....	....	၅၉၆
၁၅၆။	ကောဇာ, ဂေါဇာ, ကလိယုဂ်အကြောင်း	....	....	....	၅၉၇
၁၅၇။	မြင်းမိုရ်တောင်နှင့် ကမ္ဘာရေမြှုပ်အကြောင်း		....	....	၆၀၃
၁၅၈။	ခြသေ့်လေးမျိုးအကြောင်း	....	....	....	၆၀၅
၁၅၉။	မြစ်ကြီးငါးသွယ် မြစ်ငယ်ငါးရာ အကြောင်း	....	....	....	၆၀၈

ဦးရေ	အကြောင်းအရာ	မျက်နှာနံပါတ်
၁၆၀။	မုသာဝါဒအကြောင်း	၆၁၂
၁၆၁။	မိဘတို့၏ပရိယာယ်အကြောင်း	၆၁၄
၁၆၂။	စိန္တိတံ သတ္တသန္ဓေါယံ့အကြောင်း	၆၁၆
၁၆၃။	ဘုရားအလောင်းနှင့် တိရစ္ဆာန်မျိုးအကြောင်း	၆၂၃
၁၆၄။	ဝါဆိုစဉ်ဌာနအကြောင်း	၆၂၈
၁၆၅။	မိဘကို လုပ်ကျွေးခြင်းအကြောင်း	၆၃၃

နဝမတွဲ မာတိကာ ပြီး၏။

မာတိကာပြီး၏။

သမန္တစက္ခုဒီပနီကျမ်း

ပထမတွဲ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ကျမ်းဦးပဏာမ

အနန္တကရုဏာဓာရံ၊ ရိတခေမံ ဝိရံ ဓီရံ။
ယာနတျမုခဒေသေန္တံ၊ ဝဏ္ဏိတံ ပုဂ်ံဝံ သီဝံ။

(ဤဂါထာကား - ဒုတိယပါဒတွင်-ဓီရံ။ စတုတ္ထပါဒတွင် သီဝံ-ဟူ၍ ဒီဃနှင့် ရှိလျှင် နဋ္ဌက္ခရေသုပါဒေသု၊သ္စာဒိမှာ ယောဏ္ဏဝါဝတ္တံ-ဟူသောဆန်းကျမ်းသုတ်လက္ခဏာနှင့်အညီ လေးလုံးနောင် ယ-ဂိုဏ်းကြိုက်သော ဝတ္တဂါထာ။ ဓီရံ၊ သိဝံဟု ဣရသဿနှင့် ရှိလျှင် သမေသု သိန္ဓုတော ဇေန၊ ပထျာဝတ္တံ ပကိတ္တိတံ-ဟူသော သုတ်လက္ခဏာနှင့်အညီ ဝိသမ၌ လေးလုံးနောင် ယ-ဂိုဏ်း။ သမ၌ လေးလုံးနောင် ဇ-ဂိုဏ်း ကြိုက်သော ပထျာဝတ္တဂါထာ။)

သသဒ္ဓမ္မဂဏ္ဍုတ္တမံ၊ ဇာတိပုညာဒိသမ္ဘန္နံ။
ပေသုညဝိဂတံ ဇိနံ၊ သောဘမာနံ ဝန္ဒေ သေဋ္ဌံ။

(ဤဂါထာကား - ဩဇေသု ဇေန သိန္ဓုတော၊ တမေဝ ဝိပရီတာဒိ-ဟူသော သုတ်လက္ခဏာနှင့်အညီ ဝိသမ၌ လေးလုံးနောင် ဇ-ဂိုဏ်း၊ သမ၌ လေးလုံးနောင် ယ-ဂိုဏ်း ကြိုက်သော ဝိပရီတပထျာဝတ္တဂါထာ။)

အဟံ၊ ငါသည်။ အနန္တကရုဏာဓာရံ၊ အဆုံးမရှိသော အာရုံရှိသော မဟာကရုဏာသမာပတ္တိဉာဏ်တော်၏ တည်ရာဖြစ်တော်မူထသော။ ရိတခေမံ၊ အရဟတ္တဖိုလ်ဉာဏ်ဖြင့် အာရုံပြုသောအားဖြင့် ရောက်အပ်သော နိဗ္ဗာန်လည်းရှိတော်မူထသော။ ဝိရံ၊ သမ္မာဝါယာမ မဂ္ဂင်ဟု ဆိုအပ်သော ကြီးသော လုံ့လရှိတော်မူထသော။ ဓီရံ၊ သမ္မာဒိဋ္ဌိဉာဏ်ဟု ဆိုအပ်သော ပညာလည်းရှိတော်မူထသော။ ယာနတျမုခဒေသေန္တံ၊ ဝိပဿနာ ယာဉ်သုံးပါးကို အမှူးထား၍ ဟောကြားတတ်သော ဒေသနာဉာဏ်တော်လည်းရှိတော်မူထသော၊ ဝဏ္ဏိတံ၊ ချီးမွမ်းအပ်သော သီလကွန်စသော သုံးပါးသော ခန္ဓဂုဏ်လည်း ရှိတော်မူထသော။ ပုဂ်ံဝံ၊ လူနတ်တို့၏ အမှူလည်း ဖြစ်တော်

မူထသော။ သီဝံ၊ ကိလေသမာရိမ္ပလည်း ငြိမ်းတော်မူပြီးထသော။ သသဒ္ဓမ္မဂဏ္ဌတ္တာမံ၊ သူတော်ကောင်းတို့၏ တရား မြတ်သောဂိုဏ်းနှင့်တကွ ဖြစ်တော်မူထသော။ ဇာတိပုညာဒိသမ္ပန္နံ၊ ဇာတိမဟာထ္ထ ပုညမဟာထ္ထစသော မဟာထ္ထဂုဏ်တော်သုံးပါးနှင့်လည်း ပြည့်စုံတော်မူထသော။ ပေသုညဝိဂတံ၊ မိမိသို့သာ နှစ်သက်စေခြင်း၊ သူ့အချစ်ကို ပျက်စေလိုခြင်းတည်းဟူသော လက္ခဏာနှစ်ပါးရှိသော ကုန်းစကားမှလည်း ကင်းစင်တော်မူပြီးထသော၊ သောဘမာနံ၊ ကောင်းသောအရောင်လည်း ရှိတော်မူထသော။ သေဋ္ဌံ၊ အထူးသဖြင့် ခီးမွမ်းအပ်တော်မူထသော။ ဇိနံ၊ ငါးမာရ်အောင်မြင် မြတ်ချစ်ရှင်ကို။ ဝန္ဒေ- ဝန္ဒာမိ၊ ရှိခိုးပါ၏။

(ဤဂါထာတို့သည်ကား - သုဗောဓာလင်္ကာရစသော ကျမ်းတို့၌လာသော ယမက မျိုးဂါထာ။ ဇိနာလင်္ကာရစသော ကျမ်းတို့၌လာသော ဧကက္ခရ၊ ကေဋ္ဌာရမျိုးဂါထာ။ ဝိဒင်္ကျမ်း၊ ဝိစိတ္တာလင်္ကာရကျမ်း၊ ဒဏ္ဍီကျမ်း၊ ကောသဓေ စသော ကျမ်းတို့၌လာသော ကာကောပဒ စသော ဂါထာ။ ထိုမှတပါး အနောတတ္တော ဒကာဝဋ္ဋနယ၊ စတုဒီပ-စက္ကာသဋ္ဌနယ၊ သီဟနိဝတ္တနနယ၊ ဗီဇနီနယ၊ ခဂ္ဂနယ၊ သခ်လိကာဗဒ္ဓနယ၊ ဆတြနယ၊ ပဒုမစက္ကနယ၊ ရထစက္ကနယ၊ မေရုပလ္လင်္၊ မုတ္တာဟာရ၊ ဓနကေတု၊ အနုလောမ ပဋိလောမ၊ ဒ္ဝိယာဝဋ္ဋ၊ တိယာဝဋ္ဋ၊ ဂေါမူတြ၊ ဂတပစ္စာဂတစသော ဂါထာမျိုးတို့ကို မယူမူ၍ ဝဇိရတ္ထသင်္ဂဟစာကိုယ် ၎င်းဋီကာကျမ်းတို့၌လာသော အာဒိသံကေတ၊ အန္တသံကေတ၊ အာဒျန္တသံကေတ သုံးပါးတို့တွင်-

စတကဿာဒိ စီရေန၊ ဌပိတာ စတုအက္ခရာ။
ဓကေကေနေကပါဒန္တ၊ ကတံ ဒွေ စတုရောပိ ဝါ။

စဇဒ္ဓန သံသဂ်ံ၊ ဘဇသာမုသမာဂမံ။
ကရပုည မဟောရတ္တံ၊ သရဘရာဟိနိစ္စတံ-

စသော ဂါထာကို့ကဲ့သို့ အစဖြစ်သော အက္ခရာကို မှတ်၍ ဖွဲ့အပ်သော အာဒိသံကေတ ဂါထာတည်း။

တနည်းကား။ ။ကွဲသံ။ကွဲဝါ။ကွဲနိ။ကွဲအ-ဟူသောနေတ္တိပါဠိတော်။ ။သံဝါနိအ အစရှိသော နေတ္တိအဋ္ဌကထာ။ဒု၊ သ၊ နှ၊ သော ဟူသော ဓမ္မပဒဂါထာ။ ။မ၊ ဝိ၊ ဝါ၊ စိ၊ ဥ-ဟူသော ကဝိသာရစသော ဆန်းဋီကာတို့၌လာသော သညာ။ ။ဝိသုဒ္ဓိမဂ်-ပါရာဇိကဏ်အဋ္ဌကထာ၊ပရိတ်ဋီကာစသည်တို့၌လာသောဘဂဝါ-ဟူသောပုဒ်။ မေခလာ-ဟူသောပုဒ်။ လောကဝေါဟာရအားဖြင့် ဣ သွာ သု၊ ပု ဒိ အာ- သု စိ ပု ဘာ။ ဝိ လိ မုတ္တော- အစရှိသော ပုဗ္ဗာစရိယဂါထာ။ ဟိ ရမ္မတိ ပင်။ ဟင် ရမ္မတိ ပေါက်- စသော လောကနီတိကျမ်းတို့၌လာသော ဂါထာတို့ကဲ့သို့။ အာဒျေ ကက္ခရသညာဖြင့်ဖွဲ့အပ်သော ဂါထာဗန္ဓသိလောကမည်၏။)

တပည့်သိရိမာလာ၏ လျှောက်လွှာ

တပည့်တော် သိရိမာလာ လျှောက်ပါသည် ဇေတဝန်ဆရာတော်ဘုရား-

ကိစ္စော မနုဿပဋိလာဘော၊ ကိစ္ဆံ မစ္စာန ဇီဝိတံ။
ကိစ္ဆံ သဒ္ဓမ္မဿဝနံ၊ ကိစ္ဆော ဗုဒ္ဓါနမုပ္ပါဒေါ—

ဟူ၍ ဟောတော်မူအပ်သော ဒေသနာတော်၌ လူတို့၏အဖြစ်ကို ရခဲခြင်း၊ လူတို့၏ အသက်ရှည်ခဲခြင်း၊ သူတော်တရားကို ကြားနာရခဲခြင်း၊ ဘုရားဖြစ်တော်မူသော ခေတ္တကာလ ဥပ္ပါဒကို ရခဲခြင်းဟူ၍ လေးဌာနကို ပြတော်မူသည်တွင် လူ၏အဖြစ်၊ လူ၏အသက်နှင့်တည်သော အဖြစ်၊ ဘုရားဖြစ်တော်မူသော ခေတ္တကာလ ဥပ္ပါဒကို တွေ့ကြုံမ်ရပေသည်။ သဒ္ဓမ္မဿဝနဒုလ္လဘကိုမူကား တရားတော်မြတ်သည် စတုဂုဏ်ရှိ ဒုဒ္ဒသဖြစ်၍ အလွန်နက်နဲ သိမ်မွေ့သောကြောင့် မသိမမြင်နိုင်ဖြစ်ပါသည်။ သပ္ပုရိသူပနိဿယ၊ အတ္တသမ္မာပဏိဓိ၊ သီလ၊ အဝိပ္ပဋိသာရ၊ ပါမောဇ္ဇ၊ ပီတိ၊ ပဿဒ္ဓိ၊ သုခ၊ သမာဓိ၊ ယထာဘူတဉာဏဒဿန၊ နိဗ္ဗိဒါ၊ ဝိရာဂ၊ ဝိမုတ္တိ၊ဝိမုတ္တိဉာဏဒဿနတို့တွင် သပ္ပုရိသူပနိဿယသည် အရင်းမူလဖြစ်၏ဟု နှလုံးသွင်းမိပါသဖြင့် သူတော်ကောင်းတို့ကို ယှဉ်တွဲမှီဝဲ ဆည်းကပ်ပါသည်။

သတ္တိရော၀ သမာသေထ၊ သတ္တိ ကုဗ္ဗေထ သန္ထဝံ၊
သတံ သဒ္ဓမ္မမညာယ၊ သေယျာ ဟောတိ န ပါပိယော—

ဟု ဟောတော်မူသည့် ဒေသနာတော်နှင့်အညီ သူတော်ကောင်းတို့နှင့် ပေါင်းဖော်မှီဝဲခြင်းသည် သူတော်ကောင်းတို့ တရားကို သိအံ့သောအကြောင်း၊ သူတော်ကောင်းတို့ တရားကို သိခြင်းသည် မယုတ်မာအံ့သော အကြောင်းဖြစ်သည်ဟု မှတ်ယူပါသည်။

၁-ပုစ္ဆာ။ ။ဝေဿန္တရာမင်းကြီးသည် ကဏ္ဍာဇိန်မင်းသမီး ဇာလီမင်းသားတို့ကို ဇူဇကာပုဏ္ဏားအား လျူလျှင် နှောင်ဖွဲ့၍ ကွဲနွားကဲ့သို့ ရိုက်ပုတ်ရာ၌ ဇူဇကာပုဏ္ဏားအား အပြစ်ထိုက်မည် မထိုက်မည်ကို သိလိုပါသည်။

သက္ကရာဇ် ၁၁၇၀-ပြည့်နယုန်လဆန်း ၁-ရက်၊ ဗုဒ္ဓဟူးနေ့တွင် မုံရွာ သိရိမာလာက လျှောက်လာရာတွင် ဖြေဆိုလိုက်သည်ကား-

၁-ဝိသဇ္ဇနာ။ ။ဝေဿန္တရာမင်းကြီးသည် ကဏ္ဍာဇိန်မင်းသမီး၊ ဇာလီမင်းသားတို့ကို ဇူဇကာပုဏ္ဏားအား လျူလျှင် နှောင်ဖွဲ့၍ ကွဲ နွားကဲ့သို့ ဇူဇကာပုဏ္ဏား ရိုက်နှက်ရာ အပြစ်ထိုက်မည် မထိုက်မည်ကို မေးရာ၌-

သုခကာမာနိ ဘူတာနိ၊ ယော ဒဏ္ဍေန ဝိဟိံသတိ။
အတ္တနော သုခမေသာနော၊ ပေစ္စ သော န လဘတေ သုခံ။

ဘော၊ အိုအချင်းတို့။ ယော၊ အကြင် သူသည်။ အတ္တနော၊ မိမိ၏။ သုခံ၊ ချမ်းသာကို။ ဧသာနော၊ ရှာမှီးသည်ဖြစ်၍။ သုခကာမာနိ၊ ချမ်းသာကို အလိုရှိကုန်ထသော။ ဘူတာနိ၊

သတ္တဝါတို့ကို။ဒက္ခေန၊ တုတ်လုံတံစသည်ဖြင့်။ ဝိဟိံ သတိ၊ ရိုက်ပုတ်ညှဉ်းဆဲ၏။ သော၊ ထိုသူသည်။ ပေစ္စ၊ တမလွန်ဘဝ၌။ သုခံ၊ ချမ်းသာကို။ န လဘတေ၊ မရရာ-ဟူ၍ ဓမ္မပဒကျမ်း ဒဏ္ဍဝဂ်တွင် ဟောတော်မူသည်။

သူ့ကို ညှဉ်းဆဲ ရိုက်နှက် နှိပ်စက်ပြုသောသူသည် တမလွန်ဘဝ၌ ချမ်းသာမရကြောင်းကို ပြတော်မူသည်။

ယော ဒက္ခေန အဒက္ခေသု၊ အပဒုဋ္ဌေသု ဒုဿတိ။
ဒသန္နမညတရံ ဌာနံ၊ ခိပ္ပမေဝ နိဂစ္ဆတိ။

ဘိက္ခဝေ၊ ရဟန်းတို့။ ယော၊ အကြင်သူသည်။ ဒက္ခေန၊ တုတ်လုံတံစသည်ဖြင့်။ အဒက္ခေသု၊ ဒဏ်မထိုက်ကုန်သော။ အပဒုဋ္ဌေသု၊ မပြစ်မှားထိုက်ကုန်သော သူတို့၌။ ဒုဿတိ၊ ပြစ်မှား၏။ သော၊ ထိုသူသည်၊ ဒသန္နံ၊ ဆယ်ပါးကုန်သော ဒဏ်တို့တွင်။အညတရံ၊ တစ်ပါးပါးသော။ ဌာနံ၊ အရာသို့။ ခိပ္ပမေဝ၊ လျင်စွာသာလျှင်။ နိဂစ္ဆတိ၊ ရောက်၏- ဟူ၍ မျက်မှောက်သောကိုယ်၏ အဖြစ်၌ ဒဏ်ဆယ်ပါးတို့တွင် တစ်ပါးပါးသော ဒဏ်သို့ရောက်ရာသော အဖြစ်ကိုလည်း ဓမ္မပဒ ကျမ်းတွင်ပင် ဟောတော်မူသည်။

ထိုကြောင့် သုဝဏ္ဏသာမပျို၌- သူ့ကိုတရံ၊ ယင်ရှိ ကြံသော်၊ ကိုယ်ထံမျက်မှောက် ဆင်ရှိရောက်၏-ဟူ၍ စပ်တော်မူသည်။

မနောပုဗ္ဗင်္ဂမာ ဓမ္မာ၊ မနောသေဋ္ဌာ မနောမယာ။
မနသာ စေ ပဒုဋ္ဌေန၊ ဘာသတိ ဝါ ကရောတိ ဝါ။
တတော နံ ဒုက္ခမန္ဝေတိ၊ စက္ကံ ဝ ဝဟတော ပဒံ။

ဟူ၍လည်းကောင်း။

ယော အပဒုဋ္ဌဿ နရဿ ဒုဿတိ၊ သုဒ္ဓဿ ပေါသဿ အနင်္ဃဿ။
တမေဝ ဗာလံ ပစ္စေတိ ပါပံ၊ သုခုမော ရဇော ပဋိဝါတံဝ ခိတ္တော—

ဟူ၍လည်းကောင်း ဓမ္မပဒကျမ်း၌ ဟောတော်မူသည်များကို ထောက်၍ ဇူဇကာပုဏ္ဏား အပြစ် မလွတ်၊ အပြစ်ထိုက်၏ဟု မှတ်ရမည်။

၂-ပုဏ္ဏာ။ ။ပျို့ကဗျာတို့တွင်လည်း သစ်သီး သစ်လန်၊ ပန်း မှန် ဖိုမ ဟူ၍ စပ်တော်မူသည်။ သစ်သီးမည်သို့၊ သစ်လန်မည်သို့၊ပန်းမည်သို့၊ မှန်မည်သို့ကိုလည်း ခြားနား၍ သိလိုပါသည်။

၂-ဝိသဇ္ဇနာ။ ။သစ်သီး သစ်လန်၊ ပန်း မှန် ဖိုမဟူ၍ စပ်တော်မူရာ၌လည်း သစ်သီး မည်သို့၊ သစ်လန်မည်သို့၊ ပန်းမည်သို့၊ မှန်မည်သို့ ဖြစ်ကြောင်းများကို ခြားနား၍ သိလို ပါသည် ဟူရာ၌—

သစ်သီးဟူသည်ကား– ဥဒ္ဒံ ဝုစ္စိ ဝိရုဠှံ့ ဒဝတိ ဂစ္ဆတီတိ ဒုမော-ဟူသော ဝစနတ္ထနှင့် အညီ သရက် ပိန္နဲ စသည်တို့ကဲ့သို့ အထက်သို့ ရှေးရှုကြီးမြင့် ပွားတက်တတ်သော အပင်သည် သစ်ပင်မည်၏။

သစ်လန်ဟူသည်ကား– ဝလ္လံ-ဆိုလိုသည်။ ဝလ္လံ-ဟူသည်ကား ဝလ္လိ-ဆိုလိုသည်။ဝလ္လိဟူသည်ကား ဝလ္လတိ အလ္လဘာဝေန ဘဝတီတိ ဝလ္လိဟူသော ဝစနတ္ထနှင့်အညီ အချင်းချင်း ပေါင်းယှက်၍ နွယ်တတ်သော သတ္တိရှိသော ကျိုးအား၊ ကင်းပုံ၊ မိကျောင်းနွယ်၊ ခွေးတောက်စသော အပင်သည် ဝလ္လိမည်၏။ ထို့ကြောင့် ရုက္ခသဒ္ဒါ၊ ဒုမသဒ္ဒါတို့ ဟောအပ်သော အနက်ဖြစ်သော အပင်သည် သစ်ပင်မည်၏။အဘိဓာန်တွင်လည်း–

ပါဒပေါ ဝိဋပီ ရုက္ခော၊ အဂေါ သာလော မဟီရုဟော။
ဒုမော တရု ကုဇော သာခီ–

ဟူ၍ သစ်ပင်၏ ပရိယာယ်ကို ဆယ်ပါး ပြတော်မူသည်။

နွယ်ကိုမူကား– ဝလ္လိတု ကထိတာ လတာ-ဟူ၍ ပရိယာယ်နှစ်ပါး ပြတော်မူသည်။ ထိုရုက္ခ၏ အကြောင်းကို သုတ္တနိပါတ်အဋ္ဌကထာ ပထမသုတ်၏ အဖွင့်၌–

ပထဝိတလံ အဓိဋ္ဌာယ ပထဝိရသဉ္စ အာပေါရသဉ္စ နိဿာယ တပ္ပစ္စယာ မူလခန္ဓ သာခပ္ပသာခ ပတ္တပလ္လဝပလာသ ပုပ္ဖဖလေဟိ ဝဓိတ္တာ နဘံ ပူရေတ္တာ ယာဝ ကပ္ပဝိဿာနံ ဇီဇပရမ္ပရာယ ရုက္ခပဝေဏိသန္တာနေန တိဋ္ဌတိ–

ဟု မြေအပြင်၌တည်လျက် ပထဝီရသ၊ အာပေါရသကိုမှီ၍ ထို မြေ ရေ အရသာလျှင် အကြောင်းရှိကုန်သော အမြစ်၊ ပင်စည်၊ ခက်ကြီး၊ ခက်ငယ်၊ ရွက်ကြီး၊ ရွက်ငယ်၊ ရွက်ဖူး အပွင့် အသီးတို့သည်ပွားကုန်၍ ကောင်းကင်ပြင်ကို ပြည့်စေလျက် ကမ္ဘာဆုံးအောင် မျိုးစေ့ အဆက်ဆက် ဖြင့် သစ်ပင်၏ အစဉ်အဆက်တို့သည်တည်ကုန်၏ဟု ပင်စည်၊ အကိုင်း၊ အခက်၊ ရွက်ကြီး၊ ရွက်လတ်၊ ရွက်ဖူးတို့နှင့် ပြည့်စုံသည်ကို ရုက္ခမည်ကြောင်းကို လာသည်။

ဝလ္လိဟူသည်ကား– တုပ်အပ်၊ ချည်အပ်၊ နှောင်ဖွဲ့အပ်သော သတ္တိနှင့်မကင်း။ တုပ်၍၊ ချည်၍၊ နှောင်ဖွဲ့၍ သုံးဆောင်ရသော ကိစ္စ သတ္တိရှိသောနွယ်ဟု ဆိုလိုသည်။ ထို့ကြောင့် မူလပဏ္ဏာသ-အဋ္ဌကထာ၊ မဟာဟတ္ထိပဒေါပမသုတ် အဖွင့်၌ ဝလ္လိတိ အာဗန္ဓနဝလ္လိ-ဟူ၍ ဆိုလေသည်။ ဘူးနွယ်သည် မြက်ပင်၌ လည်းကောင်း၊ သစ်သားသစ်ပင်၌ လည်းကောင်း၊ အနွယ်ဖြင့် လည်းကောင်း၊ နှာမောင်းတို့ဖြင့် လည်းကောင်း ဆွဲ၍ ထိုမြက်ပင် သစ်သားသစ်ပင်တို့၏ အထက်၌ ကြီးတတ် ပွားတတ်သော သတ္တိရှိသည်ဟူ၏။ ထို့ကြောင့် မိလိန္ဒပဉှာ၌–

ယထာ လာဗုလတာ နာမ၊ တိဏော ကဋ္ဌေ လတာယ ဝါ။
အာလမ္ဗိတ္တာ သောဏ္ဍီကာဟိ၊ တတော ဝမ္ဗုတိ ဥပရိ–

ဟု အရှင်သာရိပုတ္တရာ ဟောတော်မူကြောင်းကို လာသည်။

စတုဓမ္မသာရဋ္ဌလည်း– ချောမြေပြင်ပ၊ လုံးရုပ်လှသည်၊ ရုက္ခမည်သာ၊ သစ်ပမာသို့-ဟူ၍ အပင်မျိုးကိုပင် ရုက္ခမည်ကြောင်းကို စပ်တော်မူသည်။ ။ကျီးအာ၊ ကင်းပုံ စသည်တို့သည် နွယ်တတ်သောသတ္တိရှိ၍ နွယ်မျိုးမည်ကြောင်းကိုလည်း ဥတိန္နပျို့တွင်–

ကျီးအာကင်းပုံ၊ ဂုံနှင့်မိကျောင်း၊ နွယ်စုံပေါင်း၍၊ မကောင်းဖြစ်စေ၊ ကောင်းဖြစ်စေ-ဟူ၍ စာစပ်ရှိသည်။

ထို့ကြောင့် အပင်နှင့်အနွယ်ကိုအခြားမှတ်ပြီးမှ အပင်မှသီးသည်ကိုသစ်သီး၊အနွယ်မှသီးသည်ကို ဝလ္လံ-ဟုခေါ်ဝေါ်ယူရမည်။ ။ပဏ္ဏာသနိပါတ် နိလိနီဇာတ်တွင်လည်း ရုက္ခဖလာ စ ရုက္ခဝလ္လိမူလာ စ ဗဟုကာ-ဟူ၍ရှိသည်။ ရှေးသူဟောင်းတို့လည်း သစ်သီးဝလ္လံ၊ ပန်းနှင့်မှန် ဟူ၍ ပြောထုံးဆိုထုံးရှိသည်။ ဝလ္လံ-ကိုပင် သစ်လန်ဟူ၍စပ်လေသည်။

ဤစကားသည် နှုတ်မဆိတ်ပြေလည်ရုံ၊ စကားလှ၊ စကားပြမ္ဟဖြင့်သာ ဖြေဆိုလိုက်သော စကားဟူ၍ မမှတ်လင့်။ ဝိနည်းစူဠဝါပါဠိတော် သေနာသနက္ခန္ဓကဋ္ဌ–

တိဏံ တုလာနိ ရုက္ခတုလံ လတာတုလံ ပေါဠကိတုလန္တိ-ဟူ၍လည်းကောင်း၊ ၎င်းပါဠိတော်၏ အဖွင့်ဖြစ်သော အဋ္ဌကထာဋ္ဌလည်း-

ရုက္ခတုလန္တိ သိမ္ဗလိရုက္ခာဒီနံ ယေသံ ကေသဉ္စိ ရုက္ခာနံ တုလံ။ လတာတုလန္တိ ခီရဝလ္လိအာဒီနံ ယေသံ ကေသဉ္စိ ဝလ္လီနံ တုလံ။ ပေါဠကိတုလန္တိ ပေါဠကိတိဏာဒီနံ ယေသံ ကေသဉ္စိ တိဏဇာတိကာနံ အန္တမသော ဥစ္ဆုနာဠိကာဒီနံတုလံ–

ဟူ၍ လဲမျိုးသုံးပါး အပြားရှိကြောင်းကို ဟောတော်မူရာဋ္ဌ လက်ပံ၊ မြိုင်ဝါး စသည်တို့မှ ဖြစ်သော လဲကို ရုက္ခတုလ သစ်ပင်လဲ၊ ဂုံ, ခွေးတောက်စသည်တို့မှ ဖြစ်သောလဲကို လတာတုလ နွယ်မျိုးလဲ၊ ကိုင်း, ဖောင်းပင်မှ ဖြစ်သောလဲကို ပေါဠကိတုလ ဖောင်းပွင့်လဲ ဟူ၍ ဘုရားဟောပါဠိတော်ကပင် အပင်အနွယ် ခြားနား၍ ဟောတော်မူသော နည်းရှိ၍လည်းကောင်း။

လတာ ဝါ ယဒိ ဝါ ရုက္ခာ၊ ဖလဓာရာ ဟောန္တိ တာဝဒေ။
တေ ပဇ္ဇဖလိတာ သဗ္ဗေ၊ ဓုဝံ ဗုဒ္ဓေါ ဘဝိဿသိ–

ဟူသော ဗုဒ္ဓဝင်ပါဠိတော်ကို နည်းမှီ၍လည်းကောင်း ဖြေဆိုလိုက်သော စကားဖြစ်သည်။

ပန်းမာလိ ဆိုသည်တွင်-ပုပ္ဖသဒ္ဒါ၊ ပသဝသဒ္ဒါ၊ ကုသုမသဒ္ဒါတို့သည် ဟောအပ်သော အပွင့်ကို ပန်းဟူ၍ ယူရမည်။ ပွင့်တတ်သော သတ္တိရှိသော ပန်းကိုပုပ္ဖသဒ္ဒါ ဟောကြောင်းကိုလည်း ဗုဒ္ဓဝင်ပါဠိတော်ဋ္ဌ-

ထလဇာ ဇလဇာ ပုပ္ဖါ၊ သဗ္ဗေ ပုပ္ဖန္တိ တာဝဒေ။
တေပဇ္ဇ ပုပ္ဖိတာ သဗ္ဗေ၊ ဓုဝံ ဗုဒ္ဓေါ ဘဝိဿသိ-

ဟူ၍လည်းကောင်း။

ယထာပိ သမယေ ပတ္တေ၊ ပုပ္ဖန္တိ ပုပ္ဖိမာ ဒုမာ။
တထေဝ တွံ မဟာဝီရ၊ ဗုဒ္ဓဉာဏောန ပုပ္ဖသု–

ဟူ၍လည်းကောင်း ဟောတော်မူသော နည်းကိုမှီ၍ ဆိုသည်။

မာလ်ဆိုရာမှာ-မာလာသဒ္ဒါ ဟောအပ်သော အပွင့်ဖြစ်စေ၊ အညွှန့်ဖြစ်စေ၊ အခက်ဖြစ်စေ၊ အရွက်ဖြစ်စေ မာလ်မည်၏ဟူ ယူရမည်။ ထေရဂါထာ ဒသနိပါတ် ကပ္ပတ္ထေရသုတ် အဖွင့်တွင်–

နာနာဝိရာဂဝဏ္ဏဝိစိတ္တေဟိ ဝတ္ထေဟိ အနေကဝိဓေဟိ အာဘရဏေဟိ နာနာဝိဓေဟိ မဏိရတနေဟိ ဗဟုဝိဓေဟိ ပုပ္ဖဒါမ မာလာဒါမာဒီဟိ စ ကပ္ပရုက္ခညနာမ အလင်္ကရိတ္ဝာ တေန သတ္ထုထူပံ ပူဇေသိ–

ဟု ပုပ္ဖမည်သော ပန်းဆိုင်း၊ မာလာမည်သော ပန်းဆိုင်းစသည်တို့ဖြင့် ပဒေသာပင်ပြု၍ ပူဇော်ကြောင်းကို ဟောရာ၌ ပုပ္ဖ နှင့် မာလာ အခြားခွဲ၍ ဆိုသည်။ ပုပ္ဖသဒ္ဒါအရာကျဉ်းသည်။ မာလာသဒ္ဒါ အရာကျယ်သည်၊ မာလာဆိုလျှင် ပုပ္ဖသဒ္ဒါရောရှိများသောအားဖြင့်ပါသင့်သည်။ ပုဂ္ဂလပညတ် အဋ္ဌကထာတွင်လည်းမာလာဒီသု မာလာတိ ယံကိဉ္စိပုပ္ဖံ။ထေရဂါထာ သတ္တနိပါတ် သုန္ဒရ သမုဒ္ဒတ္ထေရသုတ် အဖွင့်တွင် အလင်္ကာသုဝဏာ မာလာဘာရီ ဝိဘူသိတာ-စသော ဂါထာ၌-

မာလာဘာရီတိ မာလာဓာရိနီ ပိဋ္ဌန္ဓနပုပ္ဖဒါမာနိ။ ဝိဘူသိတာတိ ဉီနဋ္ဌာနဿပူရဏာ ဝသေန- အစရှိသည်ဖြင့် ဖွင့်သည်။

မာလာသဒ္ဒါသာ ပန်းကို ဟောသည်မဟုတ်။ မာလျသဒ္ဒါလည်း ပန်းပွင့်ပန်းကုံးတို့ကို ဟော၏။

အဘိဓာန်၌-

မာလျန္တု ပုပ္ဖေ တဒ္ဒါမေ။

မာလျ နှ၊ မာလျသဒ္ဒါသည်ကား၊ ပုပ္ဖေ၊ ပန်းပွင့်၌လည်းကောင်း။ တဒ္ဒါမေ၊ ပန်းကုံး၌လည်းကောင်း။ ဘဝေ၊ ဖြစ်၏ဟုဆိုလေသည်။

ထို့ကြောင့် မာလာ ဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏိ-သိက္ခာပုဒ် အဖွင့်၌ အညွှန့်၊ အခက်၊ အရွက်၊ ရွှေပန်း၊ ငွေပန်းကစ၍ အလုံးစုံကို ပန်ဆင်ခြင်းမှ ကြဉ်ရှောင်ရသည်။ အယုတ်သဖြင့် ဝါချည် ပိုးချည်စသည်ဖြင့် တန်ဆာဆင်ယင်ခြင်း အကျိုးငှါ ပြုလုပ်သီကုံးအပ်သော ပန်းတို့ကို မာလာဟူ၍ဆိုအပ်၏။ထို့ကြောင့် ဝိနယာလင်္ကာရဋ္ဌိကာ၌-

မာလာတိ ဗန္ဓ ဗန္ဓံဝါပုပ္ဖံ၊ အ နွှမသော သုတ္တာဒိမယမ္မိအလင်္ကာရတ္ထာယပိဋ္ဌန္ဓိယမာနံ မာလာတွေဝ ဝုစ္စတိ-ဟူ၍ဆိုသည်။

မာလာသဒ္ဒါအဟောကို ရည်၍မြန်မာမှု၌ မာလ်ဟူ၍ ယူရမည်။ မာလ်ဟူ၍ မဆိုဘဲလျက် မှန်ဟူ၍ ဆိုထုံးရှေးထုံးရှိသည်ကား- ဗိမာနသဒ္ဒါ၊ ဝိမာနသဒ္ဒါ ဟောအပ်သည်ကို ဗိမာန်ဟူ၍

ရေးထုံးရေးနည်းရှိလျက် ယခုအခါ ဗိမ္မာန်ဟူ၍ ဟသံယုဂ်နှင့် ရှိလေသကဲ့သို့တည်း။ယင်းသို့ဖြစ်၍ ပန်းမှန်ဆိုခြင်း ဖြစ်လေသည်။

ဤတွင်ရွှေကား ပုပ္ပသဒ္ဒါ မာလာသဒ္ဒါနှစ်ပါးတို့သည် အရာထူးသည်ဖြစ်၍ ပုပ္ပသဒ္ဒါ ကြောင့်ပန်း၊ မာလာသဒ္ဒါကြောင် မာလ်တွင်ဟန်၊ မာလ်ကို မှန်ဟူ၍ ခေါ်တွင်ဟန်ကို ပြပေသည်။ တကြောင်းမှာလည်း အနက်အဓိပ္ပာယ်အထူးမကြံရပြီ။ ပန်းနှင့်မာလ်သည် အတူတူပင် ဖြစ်ပေသည်ဟု ယူသင့်၏ ထင်ပေသည်။ ထိုကြောင့်-

ရွှေမင်းဘုန်း မော်ကွန်းတွင်လည်း- နွေလဂိမှာန်၊ ပူရှိန်ထန်သား၊ ပန်းမာလ်စုံစီ၊ ပွင့်မျိုးညီသော်၊ ရာသီမေထုန်၊လနယုန်၌-ဟူ၍လည်းကောင်း။

ဘုံခန်းတွင်လည်း-ရွက်ရင့်လျော်လျက်၊ ရွက်ကျောနုလှန်၊ ရွက်သစ်ပြန်သည့်၊ ပန်းမာလ်ငုံကင်း၊ သုတ်လေညင်းနှင့်-ဟူ၍လည်းကောင်း။

ပန်းနှင့် မာလ်ကို အခြားမယူ အတူတူသာအစပ်ရှိ၍ယူအပ်သည်။ သီးခြားဟူ၍ မယူအပ်ပြီ အထင်ရှိသည်။

၃-ပဒ္ဓာ။ ။ဇမ္ဗု သပြေသီး ကျက္ကြေသောကာလ ရေသို့ရောက်လျှင် ရွှေ၊ ငွေ၊ လိပ်၊ ငါး၊ မကန်း၊ ကြည်းကုန်းကျလျှင် ယုန်၊ ဒရယ်၊ သမင်၊ စိုင်၊ ဆတ် စသော တိရစ္ဆာန်ဖြစ်ကြောင်းများကို ပြောဆိုကြပါသည်။ ထိုစကားမှန်လျှင်လည်း အကြားအလယ်သို့ ကျချေက ရေသားတပိုင်း၊ ကြည်၊ ကုန်းသားတပိုင်း ဖြစ်ရာသော အကြောင်းပင် ရှိရာပါသည်။ ကျမ်းဂန်ထွက်ဆိုရာကိုလည်း သိမှတ်လိုပါသည်။

၃-ဝိသဇ္ဇနာ။ ။ဇမ္ဗု သပြေသီး ကျက္ကြေသောကာလ ရေသို့ရောက်လျှင် ရွှေ၊ ငွေ၊ လိပ် ငါး၊ မကန်း။ ကြည်းကုန်းသို့ကျလျှင် ယုန်။ ဒရယ်စသော တိရစ္ဆာန်မျိုး ဖြစ်ကြောင်းများကို ပြောဆိုကြပါသည်။ ထိုစကားမှန်လျှင် အကြားအလယ်သို့ ကျချေက ရေသားတပိုင်း၊ ကြည်း ကုန်းသားတပိုင်း ဖြစ်ရာသော အကြောင်းပင်ရှိရာပါသည်။ ကျမ်းဂန် ထွက်ဆိုရာများကိုလည်း နားလည်သာအောင် သိမှတ်လိုပါသည် ဟူရာ၌-

ဇမ္ဗုပက္ကာနံ ပတိတဋ္ဌာနေ သုဝဏ္ဏကံ်ရာဇဋ္ဌဟန္တိ။ တေန နဒိဒကေန ဝုယ္ဘမာနာ အနုပုဗ္ဗေန မဟာသမုဒ္ဒံ ပဝိသန္တိ။ တတောယေဝ ဇမ္ဗုနဒိယံ နိဗ္ဗတ္တတ္တာ ဇမ္ဗုနဒန္တိ တံ သုဝဏ္ဏံ ဝုစ္စန္တိ။

ဇမ္ဗုပက္ကာနံ၊ ဇမ္ဗုသပြေသီးမှည့်တို့၏။ ပတိဋ္ဌာနေ၊ ကျရာအရပ်၌။ သုဝဏ္ဏကံ်ရာ၊ရွှေအညွှန့်ဘို့သည်။ (ရွှေပင်တို့သည်လည်းဟူ၏)။ဇဋ္ဌဟန္တိ၊ ပေါက်ကုန်၏၊ တေန နဒိဒကေန၊ထိုသပြေပင်မှ ကျသော မြစ်ရေဖြင့်။ ဝုယ္ဘမာနာ၊ မျောလေကုန်သော ရွှေညွှန့်ရွှေပင်တို့သည်။ အနုပုဗ္ဗေန၊ အစဉ်သဖြင့်။ မဟာသမုဒ္ဒံ၊ မဟာသမုဒ္ဒရာသို့။ပဝိသန္တိ၊ စီးဝင်ကုန်၏။ တတောယေဝ၊ ထိုကြောင့်သာလျှင်။ ဇမ္ဗုနဒိယံ၊ ဇမ္ဗုနဒီမြစ်၌။ နိဗ္ဗတ္တတ္တာ၊ ဖြစ်လေသည်၏ အဖြစ်ကြောင့်။ ဇမ္ဗုနဒန္တိ၊ ဇမ္ဗုနဒဟူ၍၊ (ဇမ္ဗုရာဇ်ရွှေဟူ၍လည်းပေး)။ တံ သုဝဏ္ဏံ၊ထိုရွှေကို။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။။

ဤသို့ သာရတ္ထသင်္ဂဟကျမ်း၊ မဇ္ဈိမနိကာယ် ဥပရိပဏ္ဏာသ အဋ္ဌကထာ စသည်တို့၌ လည်းကောင်း။

ဇမ္ဗောနဒန္တိ မဟာဇမ္ဗုသာခါယ ပဝတ္တနဒိယံ နိဗ္ဗတ္တံ။ တံ ကိရ ဌာနံ ရတ္တသုဝဏ္ဏာကရော၊ မဟာဇမ္ဗုဖလရသေဝါ ပထဝိယံ ပဝိဋ္ဌေ သုဝဏ္ဏကုံရာဥဋ္ဌဟန္တိ။

တိကနိပါတ်အင်္ဂုတ္တရဋ္ဌကာကြီး၊ ကိုးကြောင်းစာ၊ စိအင်္ဂါ၌လည်းကောင်း။

အဘိဓာန်စာကိုယ်တွင်လည်း—

တပနိယံ ဟိရညန္တု - ဇ္ဇေဒါစာမီကရမ္ဗိစ။
သာတကုမ္ဘံ တထာဇမ္ဗု - နဒံ သိင်္ဂီ စ နာရိယံ။

ဟုလာသော ဂါထာကို ဖွင့်သောဋ္ဌီကာ၌လည်း—

စာမီနာမ ဧကောပပ္ပဇာတိ၊ တံ ကရုတ္တာ စာမီကရံ။ သတကုမ္ဘံ ပဒ္ဓကော သရဝဏ္ဏံ တဗ္ဘဏ္ဏာသဒိသတ္တာ သာတကုမ္ဘံ—

ဟုဆိုသည် အလိုသော်ကား- စာမီမည်သော ပန်းပွင့်ဖြင့် ပြုသောရွှေသည် စာမီကရရွှေမည်၏။ ပဒုမာဝတ်ဆံနှင့်တူသောရွှေသည် သာတကုမ္ဘရွှေမည်၏ဟုဆိုပြီးမှ—

ဒေဝရုက္ခဘူတာယ မဟာဇမ္ဗုယာ ပတိဋ္ဌိတဋ္ဌာနေ နဒီ ဇမ္ဗုနဒီ။ တဿံ ပတိတော မဟာဂဇပွမာဏာနံ ကုမ္ဘပွမာဏာနံ ဝါ ဖလာနံ ဗီဇေဟိ ဇာတံ သုဝဏ္ဏံ ဇမ္ဗုနဒံ။ ဣဒမ္ပနသုဝဏ္ဏံ အနလပွတံ ဒေဝါလင်္ကာရမလံ ဇာယတေ—

ဟုဖွင့်သည့် အဘိဓာန်ဋ္ဌီကာပါဠိ၌လည်းနတ်သစ်ပင်ဖြစ်သော သပြေပင်ကြီး၏တည်ရာ၌ဖြစ်သော မြစ်သည် ဇမ္ဗုနဒီမြစ်မည်၏။ ထိုမြစ်၌ ကျကုန်သော ဆင်ပြောင်ကြီးပမာဏ အိုးစရည်းကြီးပမာဏရှိကုန်သော အသီးတို့၏ အစေ့မှဖြစ်သော ရွှေသည် ဇမ္ဗုနဒရွှေမည်၏။ ဤရွှေသည် မီးနှင့်တူသော အရောင်ရှိ၏။ နတ်တန်ဆာဖြင့် မတူနိုင်ဖြစ်၏ ဟူ၍ဆိုသည်။ ထိုကြောင့် ဘူရိဒတ်ဇာတ်ပေါင်း၌—

ဤမှတဆန်း၊ ငါတို့ကျွန်း၌၊ မြင့်သွန်းယူဇနာ၊ တရာမျှလောက်၊ ဖြူဖြူရောက်သား၊ပင်အောက်သပြေ၊ အသီးကြွေသော်၊ ရွှေတိဖြစ်ရှောင်း၊ ထိုအကြောင်းဖြင့်၊ လူပေါင်းယခု၊ သမိုက်ပြုသား၊ ဇမ္ဗုနဒ၊ ဟိရညဟု-ဟူ၍ စပ်တော်မူသည်။

ထိုကြောင့် ဇမ္ဗူသပြေသီးကျကြွေလျှင် ငါး၊ လိပ်၊ မကန်း၊ ယုန်၊ ဒရယ် စသောသတ္တဝါမဖြစ်။ ရွှေသာဖြစ်လေတော့သည်ဟု မှတ်အပ်၏။

၄-ပဏ္ဍာ ။ ။အရှင်ဥပဂုတ်သည် တောင်သမုဒ္ဒရာ၌ ကြေးပြာသာဒ်နှင့် နေကြောင်းအတ္ထုပ္ပတ္တိမျှားကိုလည်း သိလိုပါသည်။ သမုဒ္ဒရာထဲတွင်ရှိသည်မှန်က ငါးကြီး လိပ်ကြီးတို့ မြူးတူးရာတွင် လှိုင်းတံပိုးထ၍ ပြာသာဒ်မှ မတည်မရပ်နိုင် ရှိရာပါသည်။

၄-ဝိသဇ္ဇနာ။ ။အရှင်ဥပဂုတ်သည် တောင်သမုဒ္ဒရာ၌ ကြေးပြာသာဒ်နှင့် နေကြောင်းကို ဆိုသော အတ္ထုပ္ပတ္တိကို သိလိုပါသည်ဟူ၍လည်း—

ရာဇဝံသကျမ်း၌ သိရိဓမ္မာသောကမင်းကြီးသည် စေတီ ရှစ်သောင်းလေးထောင်တို့ကို အနု မောဒနာပြုသောကာလ မာရ်နတ်ကို ဆုံးမကြောင်း သဒ္ဒါကစ္စည်းကျမ်း၊ သဒ္ဒနီတိကျမ်းတွင် ဥပဂုတ္တေန မာရော ဗန္ဓော-ဟုဥဒါဟရဏ်သာဓက ထုတ်ဖော်ကြောင်း။

မိလိန္ဒပဉ္ဟာတွင်—

ယထာ မောဂ္ဂလိပုတ္တတိဿတ္ထေရဉ္စပရတ္တတ္ထေရာဒယောနိဒ္ဒိသတိ၊ ဧဝံ ဧတေပိ နိဒ္ဒိသကိ မယိ ပရိနိဗ္ဗုတေ ပဋ္ဌဝဿသတေ ကာလေ ဧတေ ဥပ္ပဇ္ဇိဿန္တိ—

စသည်ဖြင့် အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်၊ အရှင်ဥပဂုတ္တထေရ် စသည်တို့သည် တရားညွှန်ပြ သကဲ့သို့ ထိုအတူ မိလိန္ဒမင်း နာဂသိန်တို့သည် ငါဘုရား ပရိနိဗ္ဗာန်စံပြီးနောက် အနှစ်ငါးရာ တိုင်သော် ဖြစ်ကုန်လတ္တံ့၊ တရားညွှန်ပြကုန်လတ္တံ့ဟု ဗျာဒိတ် ထားတော်မူကြောင်းများကိုသာ တွေ့ဖူးခဲ့သည်။

ထိုမှတပါး အရှင်ဥပဂုတ်၏ အတ္ထုပ္ပတ္တိ ဝတ္ထုထုံးစံများကို ခိုင်ခိုင်ခဲ့ခဲ့ ဒဋ္ဌိကမ္မဥ္ဇာပက ပြု၍ မှတ်သားလောက်အောင် ကျမ်းဂန် မတွေ့ဖူးခဲ့။ သမုဒ္ဒရာထဲတွင် ရှိသည်မှန်အံ့။ ငါးကြီး လိပ်ကြီးတို့ မြူးတူးရာတွင် လိုင်းတံပိုးထ၍ ပြာသာဒ်မှ မတည်မရပ်နိုင် ရှိရာပါသည် ဆိုရာ၌လည်း အရှင်ဥပဂုတ် ရှိသည်မှန်လျှင် တန်ခိုးအရာဖြစ်၍ ကွဒ္ဒဝိသယော အစိန္တိယော-ဟု ဟောတော်မူသည်။ တန်ခိုးအရာကို မကြံအပ် မကြံရာပြီဖြစ်သည်။

ဝိစိတ္တာလင်္ကာရကျမ်းတွင်လည်း—

အစိန္တိယံ အစိန္တေယျ၊ အပတ္ထေယျံ အပတ္ထယေ။
အကထေယျံ အကထေယျ၊ အသင်္ခေယျံ အသင်္ခယေ။

ဟူ၍လည်းကောင်း။

စတ္တာရိမာနိ ဘိက္ခဝေ အစိန္တေယျာနိ န စိန္တေတဗ္ဗာနိ။

ဟူ၍လည်းကောင်း ဟောတော်မူသည်များကို နှလုံးသွင်း၍ တန်ခိုးအရာကို မကြံအပ် မကြံရာ မှတ်ရမည်။

၅-ပဏ္ဍာ။ ။ ပဏ္ဍာခြင်္သေ့၊ ကာဠခြင်္သေ့၊ တိဏ္ဏခြင်္သေ့၊ ကေသရာဇာခြင်္သေ့ ဟူသော ခြင်္သေ့မျိုး လေးပါးမှ တပါး မနုသီဟခြင်္သေ့သည် ဘုရားပွင့်တော်မူမှသာ ပေါ်သည်ဆိုကြပါသည်။ ဘုရားပွင့်တော်မူမှသာ ပေါ်ချေလျှင်လည်း ခြင်္သေ့မျိုး လေးပါးတွင် မည်သည့်ခြင်္သေ့မျိုးမှ ပေါက်ဖွားရ၍ဖြစ်မည်။ သံသေဒဇမျိုးက ဖြစ်မည်ကို သေချာစွာ သိလိုပါသည်။

၅-ဝိသဇ္ဇနာ။ ။ပဏ္ဍာခြင်္သေ့၊ ကာဠခြင်္သေ့၊ တိဏ္ဏခြင်္သေ့၊ ကေသရာဇာခြင်္သေ့ ဟူသော ခြင်္သေ့မျိုး လေးပါးမှ တပါး မနုသီဟခြင်္သေ့သည် ဘုရားပွင့်တော်မူမှသာ ပေါ်သည်ဟု ဆိုကြသည်။ ဘုရားပွင့်မှသာ ပေါ်ချေလျှင်လည်း ခြင်္သေ့မျိုး လေးပါးတွင် မည်သည့်ခြင်္သေ့မျိုးက ပေါက်ဖွားရ၍ဖြစ်မည်။ သံသေဒဇမျိုးက ဖြစ်မည်ကို သိမှတ်လိုပါသည်ဟု လျှောက်ရာ၌—

မနုသီဟမျိုး၏ အစစ်ကို ရှာကြံ၍ မေးသောအရာဖြစ်သည်၊ အစစ်ကို ရှာကြံသော် မနုသီဟမျိုး၏ အစစ်ကိုသာ ရှာကြံအပ်တော့သည်မဟုတ်၊ သန္ဓေဖြစ်စကို ရှာကြံလျှင် ခြသေ့မျိုး လေးပါးလုံးကိုလည်းကောင်း။ တပါးသော တိရစ္ဆာန်တို့ကိုလည်းကောင်း ရှာကြံအပ်သည်ပင် ဖြစ်သည်။ တပါးသော တိရစ္ဆာန်မျိုး ခြသေ့မျိုးတို့သည် ကမ္ဘာဦးကာလက ပေါက်ဖွားရာ၌ အမိ အဖ အစွဲအလမ်း မရှိကောင်း။ သြပပါတိက ယောနိ ဥပပတ် ပဋိသန္ဓေမျိုးဖြစ်၍ အချို့လည်း သံသေဒဇာန စိမ်းစိုပုပ်ညီသော အရပ်ကိုစွဲ၍ သံသေဒဇ ဖြစ်၏။ ထိုသူတို့ကိုစွဲ၍ နောက်ကာလ ဇလာဗုဇယောနိ၊ အဏ္ဍဇယောနိတို့၌ ဖြစ်၏။ ထိုသို့ ဖြေဆိုခြင်းသည်ကား—

၉၀ ယက္ခာပိ စတုပ္ပဒပက္ခိကဇာတိ ဒီဃဇာတိအာဒယောပိ သတ္တေ စတုယောနိကာယေဝ။

၉၀၊ ဤသို့၊ ယက္ခာပိ၊ ဘီလူးတို့သည်လည်းကောင်း။ စတုပ္ပဒပက္ခိကဇာတိ ဒီဃဇာတိ-အာဒယောပိ၊ အခြေလေးခု ရှိသော တိရစ္ဆာန်မျိုး ငှက်မျိုး မြွေ ငါး အစရှိကုန်သော။ သတ္တေ၊ ခပ်သိမ်းကုန်သော တိရစ္ဆာန်တို့သည်။ စတုယောနိကာယေဝ၊ ပဋိသန္ဓေအမျိုးလေးပါး ရှိကုန်သည်သာလျှင်။ ဟောန္တိ၊ ကုန်၏-ဟူ၍ သာရတ္ထသင်္ဂဟ စသော ကျမ်းတို့၌ ဆိုသောကြောင့် လည်းကောင်း—

ဘုမ္မဝဇ္ဇေသု ဒေဝေသု၊ ပေတေ နိဇ္ဈာမတဏှိကေ။
နိရယေသု စ သမ္ဘော်တိ၊ ယောနေကော ဝေါပပါတိကော။

ဘုမ္မဒေဝ မနုဿေသု၊ တိရစ္ဆာနေ ပရေ တထာ။
ပေတေသု စာဝ သေသေသု၊ စတသ်ောပိ စ ယောနိယော။

ဘုမ္မဝဇ္ဇေသု၊ ဘုမ္မစိုးနတ်သည် ကြဉ်အပ်ကုန်သော။ ဒေဝေသု စ၊ နတ်တို့၌လည်းကောင်း။ နိဇ္ဈာမတဏှိကေ၊နိဇ္ဈာမတဏှိက ဖြစ်သော။ ပေတေ စ၊ ပြိတ္တာ၌လည်းကောင်း။ နိရယေသု စ၊ ငရဲတို့၌လည်းကောင်း။ ဧကော၊ တခုသော၊ သြပပါတိကော။ သြပပါတိကဖြစ်သော။ ယောနိ၊ ယောနိသည်။သမ္ဘော်တိ၊ ဖြစ်၏။

ဘုမ္မဒေဝမနုဿေသု၊ ဘုမ္မစိုးနတ် လူတို့၌လည်းကောင်း။ တထာ၊ ထိုမှတပါး။ အပရေ၊ တပါးသော။ တိရစ္ဆာနေ၊ တိရစ္ဆာန်၌လည်းကောင်း။ အဝသေသေသု၊ နိဇ္ဈာမတဏှိက ပြိတ္တာမှကြွင်းကုန်သော။ ပေတေသု စ၊ ပြိတ္တာတို့၌လည်းကောင်း။ စတသ်ော၊ လေးပါးကုန်သော။ ယောနိယော၊ ယောနိတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဤသို့စသည်ဖြင့် ပရမတ္ထဝိနိစ္ဆယစသော လက်သန်းအဋ္ဌကထာ ဋီကာကျမ်းတို့၌ လာသောကြောင့် လည်းကောင်း။ တိရစ္ဆာန်တို့သည် လေးပါးသော ယောနိတို့ကို ရအပ်ကုန်၏။

လျှောက်စာတွင်မှာမူကား ကေသရာဇာခြသေ့ဟူ၍ ဇာ-အက္ခရာ ပိုလျှံလျက် ပါလာသည်။ မပါသင့်၊ ကေသရခြသေ့ဟူ၍သာ ဆိုသင့်၏။ အဘိဓာန်စာကိုယ်၌လည်း မိဂိန္ဒော ကေသရီ သီဟော-ဟူ၍ ခြသေ့ပရိယာယ် သုံးပုဒ်ကို ပြသည်။ အဘိဓာန်ဋီကာ၌လည်း တိကံ သီဟေ၊ ကေသရော ဇဋာ၊ တံ ယောဂါ၊ ဤ၊ ကေသရီ ဟူ၍လည်းကောင်း၊ သာရတ္ထသင်္ဂဟကျမ်းတွင်လည်း —

သီတာ စ စတုဗ္ဗိဓာ ဟောန္တိ တိဏသီဟော၊ ကာဠသီဟော၊ ပဏ္ဍုသီဟော၊ ကေသရသီဟောတိ-ဟူ၍လည်းကောင်း။ အပဒါန်ပါဠိတော်၌လည်း—

တိဏသီဟော ကာဠသီဟော၊ ပဏ္ဍုသီဟော စ ကေသရီ။

တေသံ စတုန္နံ သီဟာနံ၊ ကေသရီ အဂ္ဂတံ ဂတော-ဟူ၍လည်းကောင်း၊ ရဋ္ဌစက်အင်းပုံတွင် ဆရာပြုအင်းဆန်းဂါထာ၌လည်း—

သု ကိတ္တိမာ သုဘာစာရော၊ သုသီလဝါ သုဘာဂတော။
ယသဿိမာဝစေ ဝီရော၊ ကေသရော၀ အစ္ဆမ္ဘိတော—

ဟူ၍ လည်းကောင်း။ ပါဠို, အဋ္ဌကထာ, ဋီကာကျမ်းများတွင် ကေသရဟုရှိသည်ကို ထောက်၍ ပါရမီခန်း၌လည်း— ခုန်ပျံကျဝဲ၊ နေရာမြဲသို့ မစဲမိခင်၊ ရောက်ပြန်လျင်သည်၊ စွမ်းအင်ထက်ကြွ၊ တတ်စွမ်းလှသည်၊ သီဟရာဇာ၊ ကေသရာဟု၊ သခ်ၤာသုံးထောင်၊ တောတောင်သေ၌နှင်း၊ ခြသေ့မင်း ဟူ၍လည်းကောင်း၊

ပဏ္ဍုကာဠ၊ ကေသရနှင့်၊ တိဏဟူသည်၊ လေးဆူအရိုး၊ ခြသေ့မျိုးတွင်၊ အစိုးရစင်တောတခွင်၌၊ ကောင်းကင်ပျံတက်၊ သိန္ဓောမြတ်လည်း၊ မလွတ်ရလေ၊ လိုက်နှည်ဖွေသာ ကေသရာသီ၊ ခေါ်တွင်ညီလျက်— ဟူ၍လည်းကောင်း။

သံဝရပျို့တွင်လည်း—လေးမည်နွယ်ရိုး၊ ခြသေ့မျိုးတွင်၊ တန်ခိုးကြီးစွာ၊ ကေသရာ၏၊ နိဝါသန၊ ရွှေဂူဝသို့— ဟူ၍လည်းကောင်း။

ပုံတောင်ဖွဲ့တွင်လည်း— ရှေ့ဦးလက်ထား၊ ပဲ့ဖျားမြီးရွက်၊ နှစ်ဘက်ခြေကန်၊ ကြန်သင့်ဖန်၍ ဟေဝန်တောမှာ ကေသရာသို့-ဟူ၍လည်းကောင်း။

ဤသို့စသည်ဖြင့် အာဂုံသာဓကတို့၌ ကေသရ ဟူ၍သာရှိသည်။ ကေသရာဇာဟူ၍ မရှိသောကြောင့် ကေသရ ခြသေ့ဟူ၍သာ ရေးမှတ်သင့်သည်။

၆—ပုစ္ဆာ။ ။သုံးဆယ့်နှစ်ပါးသော မဟာပုရိသ လက္ခဏာတော်ကို သိလိုပါသည်။

သက္ကရာဇ် ၁၁၇၀ ပြည့် ဝါဆိုလဆန်း ၁ ရက်၊ ကြာသပတေးနေ့ မုံရွာ သီရိမာလာက လျှောက်လာရာတွင် ဖြေဆိုလိုက်သည်ကား—

၆-ဝိသဇ္ဇနာ—သုံးဆယ့်နှစ်ပါးသော မဟာပုရိသလက္ခဏာတော်ကို သိလိုပါသည်ဟူရာ၌ - မဟာပုရိသလက္ခဏာတော်၌—

ကတမာနိ စ တာနိ ဘိက္ခဝေ ဒွတ္တိံသမဟာပုရိသဿ မဟာပုရိသလက္ခဏာနိ။ ယေဟိ သမန္နာဂတဿ မဟာပုရိသဿ ဒွေ၀ ဂတိယော ဘ၀န္တိ အနညာ။ သစေ အဂါရံ အဇ္ဈာဂသတိ၊ ရာဇာ ဟောတိ စက္ကဝတ္တိ ။လ။ သစေ ခေါ ပန အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇတိ၊ အရဟံ ဟောတိ သမ္မာသမ္ဗုဒ္ဓေါ လောကေ ဝိဝဋ္ဋစ္ဆဒေါ—

စသည်ဖြင့် လာသော ပါထေယျကျမ်း လက္ခဏသုတ်။

သမန္နာဂတော စ သော ဘဝံ ဂေါတမော ဒွတ္တိံသမဟာပုရိသလက္ခဏေဟိ။ သုပ္ပတိဋ္ဌတပါဒေါ ခေါ ပန သော ဘဝံ ဂေါတမော။ ကွဒမ္မိ တဿ ဘောတော ဂေါတမဿ မဟာပုရိသလက္ခဏံ ဟောတိ –

စသည့်ဖြင့် လာသော မဇ္ဈိမပဏ္ဏာသကျမ်း၊ ဖြဟ္မာယုသုတ်။

ထိုကဲ့သို့ အထိုက်အလျောက်လာသော သေလသုတ်။ သီလက္ခန်ကျမ်းတွင် လာသော အမ္ဗဋ္ဌသုတ်။ မဟာဝဂ္ဂကျမ်းတွင် လာသော မဟာပဒါနသုတ်၊ မဟာသုဒဿနသုတ်။ သုတ္တနိပါတ်ကျမ်းတွင်လာသော ပါရာယနသုတ် စသည်တို့ဋ္ဌဋ္ဌလည်းကောင်း။ ထိုထိုသို့သော သုတ်တို့၏ အဋ္ဌကထာ။ မဟာသုဒဿနသုတ် ဋီကာ၊ ကစ္စာယနဘေဒ ဋီကာကြီး၊ အနာဂတဝင်ဋီကာ၊ ပရိတ်ကြီး ဋီကာ၊ ဇိနလက္ခဏဒီပနီ၊ အဋ္ဌသာလိနီဂဏ္ဌိ၊ ဗုဒ္ဓေ နိဂြောဓဗိမ္ဗော-စသော မဟာနမက္ကာရဂါထာ၊ မဟာပဏာမကြီးဂါထာ။

သု စ အာဒိ မု ဇာ ဥ ဒ္ဒိ ကော သု သု ဇ ဥ မြ သ။
သ စိ နိ သ ရ သီ သ စ၊ အ သု ပ မြ အ ဂေါ ဥ ဥ –

ဟူသော အာဒိသင်္ကေတဂါထာ။

ဤသို့စသည်ဖြင့် များစွာ ဆရာတို့ အကျဉ်းအကျယ် ဆုံးဖြတ်လျက် ရှိကြကုန်ပြီဖြစ်၍ အကျယ် မပြသာပြီ။ အကျဉ်းမှတ်သားရုံ ဂါထာစီအံ့ –

စ သု ဒီ ဥ မု ဒီ ဇာ ဇ၊ ကော နိ မြံ သီ သ အံ သု က။
လော ဥ ထော တိ ဝ သီ စ သ၊ အ ဩ ထူ မြံ နိ တမ္မူ ဥ။

ဤဂါထာကား ၃၂- လုံး အဋ္ဌကထာဖွဲ့မျိုး။ ဝုတ္တိသုံးပါးတွင် ဝိသမဝုတ္တိ၊ ပထျာဝတ္တ ဂါထာ။ ။ကော နိ မြံ တွင် သဂိဏ်းမှ လွတ်အောင် ဆန္ဒာနုရက္ခဏအလို့ငှာ မြံ ဟု နိဂ္ဂဟိတန္တနှင့်ရွတ် တတိယပါဒတွင် ဝသီ စသ၌ စသဟု သ သံယုတ်နှင့်ရွတ်။ စတုတ္ထ ပါဒတွင်လည်း နိတမ္မူ ဥ ၌ တံ ဟု နိဂ္ဂဟိတန္တနှင့်ရွတ်။

အနက်ကား- စ။ စက္ကေနကိတပါဒေါ၊ စက္ကာရတနာဖြင့် မှတ်အပ်သော ခြေတော်လည်း ရှိတော်မူ၏။

သု။ သုပ္ပတိဋ္ဌတပါဒေါ၊ ရွှေခြေနင်းကဲ့သို့ ညီညွတ်စွာ တည်သော ခြေတော်လည်း ရှိတော်မူ၏။ ။(ဖဝါးတော်၌ လက္ခဏာတော် နှစ်ပါး)။

ဒီ။ ဒီဃပဏ္ဍိ၊ မြတ်စွာဘုရား အထွာတော်ဖြင့် တထွာနှင့် သုံးသစ်။ မဇ္ဈိမအထွာဖြင့် တတောင်နှင့် ကိုးသစ်။ ပကတိ အထွာဖြင့် နှစ်တေင့်တထွာနှင့် ခုနစ်သစ်၊ တမူယော ရှိသော အပြင်အလျားဋ္ဌ ရှိသော ခြေဖဝါးတော်ကို လေးစုစု၍ နှစ်စုကား ဖဝါးဦး တစုကား ဖမျက်မြင်းခေါင်း၏ တည်ရာ၊ တစုကား ရွှေကျင်ဖုကဲ့သို့ အလျားရှည်သော ဖနောင့်တော်လည်း ရှိတော်မူ၏။ (ဖနောင့်တော်၌ လက္ခဏာတော်တစ်ပါး)

ဥ။ ဥဿခ်ပါဒေါ၊ ဖမိုးမှသည်လေးသစ်တက်၍ အထက်၌ တည်သောမြင့်သော ဖမျက်တော်လည်း ရှိတော်မူ၏။ (ဖမျက်တော်၌ လက္ခဏာတော်တစ်ပါး)။

မု။ မုဒုကရုစရဏော၊ နူးညံ့သိမ်မွေ့သော လက်ဖဝါးတော်၊ ခြေဖဝါးတော်လည်း ရှိတော်မူ၏။

ဒီ။ ဒီဃင်္ဂုလိ၊ ရှည်သော လက်ချောင်းတော်လည်း ရှိတော်မူ၏။

ဇာ။ ဇာလိကပွါဒဟတ္ထော၊ လေသွန်တံခါး၌ စီထားအပ်သော ရွှေပွတ်လုံးကဲ့သို့ ညီညွတ်စွာသော ခြေချောင်းတော် လက်ချောင်းတော်လည်း ရှိတော်မူ၏။ (လက်ခြေရောရာ၌ လက္ခဏာတော်သုံးပါး)။

ဧ။ ဧဏိဇဃော်၊ ဧဏီမည်သောသား၏ မြင်းခေါင်းနှင့်တူသော ထက်ဝန်းကျင် ပြည့်ဖြိုးစွာတက်သော မြင်းခေါင်းတော်လည်း ရှိတော်မူ၏။ (မြင်းခေါင်းတော်၌ လက္ခဏာတော်တစ်ပါး)

ကော။ ကောသစ္ဆာဒဂ်ဇာတော၊ ဆဒ္ဒန်ဆင်မင်း၏ နိမိတ်ကဲ့သို့ အင်္ဂါမ်ဖြင့် ဖုံးလွှမ်းအပ်သော ကျစ်လျစ်လှစွာသော ယောကျ်ားမြတ်၏ နိမိတ်တော်လည်း ရှိတော်မူ၏။ (နိမိတ်တော်၌ လက္ခဏာတော်တစ်ပါး)။

နိ။ နိဂြောဓိမွော၊ ပညောင်ပင်၏ အဝန်းကဲ့သို့ ဝန်းသော လက်သစ်နှင့်အထွာ၊ အထွာနှင့် အတောင်၊ အတောင်နှင့်အလံ၊ အလံနှင့်အရပ်မျှသော ကိုယ်တော်လည်း ရှိတော်မူ၏။

ဗြံ။ ဗြဟ္မဇုဂုတ္တော၊ ဗြဟ္မာမင်း၏ ကိုယ်ကဲ့သို့ သုံးပါးသောအရပ်၌ ဖြောင့်မတ်သော ကိုယ်တော်လည်း ရှိတော်မူ၏။

သီ။ သီဟပုဗ္ဗဒ္ဓကာယော၊ ခြင်္သေ့မင်း၏ ရှေ့ထက်ဝက်သော ကိုယ်နှင့်တူသော ပြည့်ဖြိုးသော ကိုယ်တော်လည်း ရှိတော်မူ၏။

သ။ သတ္တပဋိဏော၊ လက်ဖမိုးတော်နှစ်ဘက်၊ ခြေဖမိုးတော်နှစ်ဘက်၊ ပခုံးတော်နှစ်ဘက် လည်ကုပ်တော်ဟုဆိုအပ်သော ခုနစ်ပါးသောအရပ်တို့၌ ပြည့်ဖြိုးသော အသားတော်လည်း ရှိတော်မူ၏။

(တနည်း) ရင်၊ ညှပ်ရိုး၊ ပခုံး၊ လက်ရုံးတော်တည်းဟူသော ခုနစ်ပါးသော အရပ်တို့၌ ပြည့်ဖြိုးသော အသားတော်လည်း ရှိတော်မူ၏။

နောက်နည်းမှာ- ပိဏောရက္ခံ သဗာဟုဟူ၍ လာသော သဒ္ဒါကစ္စည်းကျမ်းကိုမှီ၍ ဆိုလိုက်သည်။

အံ။ အန္တရံသပ္ပပိဏော၊ ရေစီးကြောင်းမထင် တပြင်တည်းပြည့်သော ကျောက်တော်လည်း ရှိတော်မူ၏။ (များသောအားဖြင့် ကိုယ်တော်အလုံး၌တည်သော လက္ခဏာတော် ငါးပါး)။

သူ။ သုခုမာမလစ္ဆဝိ၊ သိမ်မွေ့နူးညံ့သော အညစ်အကြေးမထင် သန့်ရှင်းစင်ကြယ်စွာသော အရေတော်လည်း ရှိတော်မူ၏။

က။ ကနကသမတ္တစော၊ သိဂ်ိုနိက္ခရွှေစင် အဆင်းနှင့်တူသော အရေတော်လည်းရှိတော်မူ၏။ (အရေတော်၌ လက္ခဏာတော် နှစ်ပါး)။

လော။ လောမကူပေကလောမော၊ တခုတခုသော မွေးတွင်းတော်၌ တချောင်း တချောင်းစီ ရောက်သော မွေးညင်းတော်လည်း ရှိတော်မူ၏။

ဥ။ ဥဒ္ဓဂ္ဂလောမော၊ ညိုသောအဆင်းရှိသော မျက်နှာတော်ကို ရှုလိုဘိသကဲ့သို့ အထက်သို့ အဖျား ကော်ရရော့တက်သော လက်ယာရစ်လည်သော မွေးညင်းတော်လည်း ရှိတော်မူ၏။ (မွေးညင်းတော်၌ လက္ခဏာတော်နှစ်ပါး)။

ထော။ ထောမျရသဂ္ဂသဂ္ဂိ၊ အနည်းငယ်မျှသော အရသာကိုသော်လည်း ဆောင်ယူခြင်းငှာ စွမ်းနိုင်သော ခုနစ်ထောင်သော လည်ပြွန်စပ်ကုန်သော ခြီးမွမ်းအပ်မြတ်သော အကြောတော်လည်း ရှိတော်မူ၏။ (အကြောတော်၌ လက္ခဏာတော်တစ်ပါး)။

တိ။ တိဋ္ဌန္တနောနမန္တဇာဏုကာမသန္တော၊ ရပ်တော်မူလျက် မကိုင်းမည့်တိုင် လက်တော်ဖြင့် ပုဆစ်တော်ကို သုံးသပ်တော်မူနိုင်၏။ (လက်ရုံးတော်၌ လက္ခဏာတော်တစ်ပါး)။

ဝ။ ဝဋ္ဋက္ခန္ဓော၊ မှုရိုးစည်ငယ်ကို ထောင်ထားဘိသကဲ့သို့ ညီညွတ်စွာ လုံးသော စည်းကြပ်သော လည်တော်လည်း ရှိတော်မူ၏။ (လည်တော်၌ လက္ခဏာတော်တစ်ပါး)။

သီ။ သီဟဟနုကော၊ခြင်္သေ့မင်း၏မေးနှင့်တူသော တိဝန်းသော မေးတော်လည်းရှိတော်မူ၏။ (မေးတော်၌ လက္ခဏာတော်တစ်ပါး)။

စ။ စတ္တာလီသဂ္ဂဒန္တော၊ အထက်နှစ်ဆယ်၊ အောက်နှစ်ဆယ်၊ အမျှလေးဆယ်သော သွားတော်လည်း ရှိတော်မူ၏။

သ။ သမကလပနဇော၊ ခရုသင်း ပွတ်သစ်ကဲ့သို့ သန့်ရှင်းဖြူစင်စွာညီညွတ်သော သွားတော်လည်း ရှိတော်မူ၏။

အ။ အဝိရဠဒသနော၊ မခေါ် မကဲ့ ခွဲစိဘိသကဲ့သို့ ညီညွတ်သောသွားတော်လည်း ရှိတော်မူ၏။

ဩ။ ဩဒါတဒါဒ္ဒေါ၊ ပွတ်သစ်သော ခရုသင်းကဲ့သို့ ဖြူစင်စွာသော လေးချောင်းသော စွယ်တော်လည်း ရှိတော်မူ၏။ (သွားတော်၌ လက္ခဏာတော်လေးပါး)။

ထူ။ ထူလဇိဝှေါ၊ ကြီးပြန့်သော လျှာတော်လည်း ရှိတော်မူ၏။ (လျှာတော်၌ လက္ခဏာတော်တပါး)။

ဗြဲ။ ဗြဟ္မယောသော၊ ဗြဟ္မာမင်း၏ အသံကဲ့သို့ အင်္ဂါရုံပါးနှင့် ပြည့်စုံသော အသံတော်လည်း ရှိတော်မူ၏။ (အသံတော်၌ လက္ခဏာတော်တပါး)။

နီ။ နီလက္ခဏာ၊ အလွန်ညိုသော မျက်လုံးတော်လည်း ရှိတော်မူ၏။ (မျက်လုံးတော်၌ လက္ခဏာတော်တပါး)။

တ။ တရုဏာပခုမကော၊ ယနေ့သာ ဖွားသစ်သော နွားသူငယ်နှင့်အတူ နုပျိုသော မျက်မွေးတော်လည်း ရှိတော်မူ၏ (မျက်မွေးတော်၌ လက္ခဏာတော်တပါး)။

မ။ မုဒေါဒါတုဏ္ဏာလောမော၊ နူးညံ့ဖြူစင်စွာသော မျက်မှောင်တော် နှစ်ဘက်အကြား နဖူးအလယ်၌ လက်ယာရစ်လည်သော အထက်သို့အဖျားတက်သော တလဲခွဲသော ဥဏ္ဏာလုံတော်လည်း ရှိတော်မူ၏။(ဥဏ္ဏာလုံတော်၌ လက္ခဏာတော်တစ်ပါး)။

ဥ။ ဥဏှီသသီသော၊ လက်ယာနားပန်းတော်မှသည် လက်ဝဲနားပန်းတော် တိုင်အောင် တက်သော အသားတော်အလွှာဟု ဆိုအပ်သော သင်းကျစ်တော်လည်း ရှိတော်မူ၏။ (သင်းကျစ်တော်၌လည်း လက္ခဏာတော်တပါး)။

ဣတိဂုဏသဟိတံ၊ ဤသို့သုံးဆယ့်နှစ်ပါးသော ယောက်ျားမြတ်တို့၏ လက္ခဏာတော်နှင့် ပြည့်စုံတော်မူသော။ မဟေသိံ၊ မြတ်စွာဘုရားကို။ နမာမိ၊ ရှိခိုးပါ၏။

ဤဂါထာကား ဝဇိရတ္ထသင်္ဂဟကျမ်းတွင်လာသောနည်းကိုမှီ၍ စီကုံးအပ်သော အာဒိသင်္ကေတ ဂါထာမည်၏။

---

၃ -ပုစ္ဆာ။ ။မစွန့်အပ်သော အရပ်လေးပါးကို သိလိုပါသည်။

၃-ဝိသဇ္ဇနာ။ ။မစွန့်အပ်သော အရပ်လေးပါးကို မေးလျှောက်ရာ၌—

သဗ္ဗဗုဒ္ဓါနံ ဟိဇောဓိပလ္လင်္ကော အဝိဇဟိတော၊ ဧကသ္မိညေဝဌာနေ အဟောသိ။ ဓမ္မစက္ကပ္ပဝတ္တနံ ဣသိပတနေ မိဂဒါယေ အဝိဇဟိတမေဝ ဟောတိ၊ ဒေဝေါရောဟဏကာလေ သင်္ကဿနဂရေ ပဋိမပါဒဋ္ဌာနံ အဝိဇဟိတမေဝ ဟောတိ။ ဇေတဝနေ ဂန္ဓကုဋိယံ စတ္တာရိ မဉ္စပါဒဋ္ဌာနာနိ အဝိဇဟိတာ နေဝ ဟောန္တိ။ ဝိဟာရော ပန ခုဒ္ဒကောပိ မဟန္တောပိ ဟောတိ။ ဝိဟာရောပိ န ဝိဇဟတိ။ နဂရမ္ပန ဝိဇဟတိ။

ဟူ၍ ဗုဒ္ဓဝင်အဋ္ဌကထာ လာသည်နှင့်အညီ ဗောဓိပလ္လင်အရပ်၊ ဓမ္မစကြာတရား ဟောရာအရပ်၊ နတ်ပြည်ကသက်သောကာလ သင်္ကဿမြို့၌ ပဋိမခြေတော်ချရာ အရပ်၊ ဇေတဝန်ကျောင်းတော် ဂန္ဓကုဋိ၌ လေးခုသော ညောင်းစောင်းခြေ ချရာအရပ်တို့သည် မပြောင်းမရွေ့ကုန်။ ကျောင်းတော်သည် ကြီးသည်လည်းကောင်း ငယ်သည်လည်းကောင်း ရှိကုန်၏။ ကျောင်းတော်ရာလည်း မပြောင်းကုန်။ သာဝတ္ထိပြည်မူကား နေရာအမြဲမရှိ၊ ပြောင်းရွှေ့ ၏ ဟူလိုသည်။

၈-ပဏ္ဍာ။ ။မိုးကြိုးမျိုးတို့သည် ပထဝီဓာတ်၊ ရွှေ၊ ငွေ၊ ကြေးနီ စသည်ဖြင့် လုံးလုံးခဲခဲလော၊ အလုံးအခဲမရကောင်း ဝါယောဓာတ်မျှသာ ဖြစ်မည်လော၊ နတ်လက်နက်လော၊ နတ်လက်နက်မှန်ချေကလည်း မတော်မမှန်သော သူတို့ကိုသာ ကျရောက်ရပါသည်။ စေတီ၊ ဂူ၊ ကျောင်းသို့မကျရောက်ရာပါ။ ယခုကျရောက်၍ရှိခဲ့ပါသည်ကို သိလိုပါသည်။

၈-ဝိသဇ္ဇနာ။ ။မိုးကြိုးမျိုးတို့သည်။ ပထဝီဓာတ်၊ ရွှေ၊ ငွေ၊ ကြေးနီစသည်ဖြင့် လုံးလုံးခဲခဲလော၊ အလုံးအခဲမရကောင်း ဝါယောဓာတ်မျှသာ ဖြစ်မည်လော ဟူရာ၌–

အသနိယော ပန နဝဝိဓာ ဟောန္တိ၊ အသညာ၊ ဝိစက္ကာ၊ သတေရာ၊ ဂဂ္ဂရာ
ကပိသီသာ၊ မစ္ဆဝိလောဠိကာ၊ ကုက္ကုဠကာ၊ ဒက္ခိမဏိကာ၊ သုက္ခာသနီ။

ဟူသောပါဠိနှင့်အညီ အသံမပြုဘဲ ကျသောမိုးကြိုး၊ တဘက်သွားမိုးကြိုး၊ ရည်သက်သို့ကျသောမိုးကြိုး၊ ဂျက်ဂျက်မြည်လျက် ကျသောမိုးကြိုး၊ မျောက်မျက်နှာ မော်သက်သို့ကျသောမိုးကြိုး၊ ငါးမြွှာသက်သို့ ကျသော မိုးကြိုး၊ ကြက်တောင်ဖြန့်သက်သို့ ကျသော မိုးကြိုး၊ ထွန်တုံးကဲ့သို့ကျသောမိုးကြိုး ၊ လောင်မီးမိုးကြိုးဟူ၍ ကိုးပါးအပြားရှိ၏။

ပထဝီဓာတ် လုံးလုံးခဲခဲ ဟူ၍ အထူးမဆိုသော်လည်း ဝိစက္ကာ ဧကံ စက္ကံ ကရောတိ ဟူ၍လည်းကောင်း။ ဧကံစက္ကန္တိ၊ ဧကံမဏ္ဍလံ ဟူ၍လည်းကောင်း။ သုတ်မဟာဝါဟရိနိဗ္ဗာနသုတ် **အဋ္ဌကထာ**၊ ဌင်းဋီကာတို့တွင် အသွားတဘက်သာရှိသော မိုးကြိုးသည် ဝိစက္ကမည်၏ဟုဆိုသည်။ ဝိစက္ကမည်သောမိုးကြိုး၌ အသွားတဘက်ရှိလျှင် အနှောင့်အမင်း တဘက်ကရှိရာသည်။ အသွားအနှောင့် အစုံရှိသည်ဖြစ်၍ တူးရွင်း၊ ပုဆိန်၊ ပဲခွပ်သွားကဲ့သို့ ရှိဟန်ကို ထောက်လျှင် ရွှေ၊ ငွေ၊ ကြေးနီ၊ သံ၊ ကျောက်စသော တခုခု လုံးလုံးခဲခဲ ပထဝီဓာတ်ပင် ဖြစ်သည်ဟု ယူရန်ရှိ၏။ တပါးသော ဓာတ်လည်းရှိရာ၏။

"သုက္ခာသနီပတိတဋ္ဌာနံ သမုဋ္ဌိဒ္ဓေတိ" ဟူ၍လည်းကောင်း၊ "ဒေဝေ ဝဿန္တေပိ သဇော-တိဘူတတာယ ဥဒကေန အတေမေတပ္ပတော သုက္ခာသနီတိ ဝုတ္တော" ဟူ၍လည်းကောင်း လာသော သုတ်မဟာဝါ အဋ္ဌကထာ ဋီကာပါဠိတို့နှင့်အညီ မိုးပင်ရွာသော်လည်း အလျဲနှင့် တကွဖြစ်၍ ရေမစွတ်သော မိုးကြိုးကို သုက္ခာသနီ လောင်မီးမိုးကြိုးမည်၏ဟု ဆိုသည်ကို ထောက်လျှင် တဇောဓာတ် မီးလျှံမီးခဲလည်း ရှိရာ၏။ ယခုအခါ ကျရောက်ရာ သစ်ပင်၊ ကျောင်း၊ စေတီ၊ ဘုရားစသည်တို့၌ အရေးအသားမထင်။ ပြင်းစွာသော လေတို့သည် ခတ်ရိုက်ဘိသကဲ့သို့ ကျိုးပဲ့ကြေမွသည်မျှားကိုသာ တွေ့မြင်ရသဖြင့်လည်း ဝါယောဓာတ်မျှသာ ဟူ၍လည်းယူသင့်၏။ ဝါယောဓာတ်မျှသာ ဖြစ်ကောင်းသည်ကို ကျမ်းဂန်တို့၌ တိုက်ရိုက်မထင်။

နတ်လက်နက်ပင်လော ဟူရာ၌လည်း- "အသနိ ဒိသု ကုလိသံ၊ ဝဇိရံ ပုန္နပုံသကေ"–ဟု မိုးကြိုး၏ ပရိယာယ်သုံးပါးကို အသနိ၊ ကုလိသ၊ ဝဇိရ ဟူ၍ အဘိဓာန်စာကိုယ်၌ ပြသည်။ ဌင်းဋီကာ၌လည်း။ "အသနျာဒိတ္တသဲ တဿ သက္ကသာယုံခံ"- ဟူ၍ လည်းကောင်း၊ "ကုလိမှိ သက္ကသ ဟတ္ထေ သေတိ တိဋ္ဌတီတိကုလိသော"၊ ဟူ၍လည်းကောင်း။

ဝိနည်းမဟာဝါအဋ္ဌကထာ ပဗ္ဗဇ္ဇာန္ဓကတွင်လည်း—

အထဿ အာရဒ္ဓပုဝတ္တာကမ္မဋ္ဌာနမနသိကာရေ ဣန္ဒ္ရိယာသနိဝိယ ပဗ္ဗတေ ကိလေသပဗ္ဗတေ စုဏ္ဏိယမာနံယေဝ ဉာဏံ ပဝတ္တတိ—

ဟု ဥပမာပြုရာ၌ အသနိသာ မဆိုမူ၍ ဣန္ဒြာသနိဟူ၍ လည်းကောင်း၊ သဒ္ဒသာယုံခံ ဟူ၍ လည်းကောင်း လာသည်နှင့်အညီ သိကြားလက်နက် ဟူ၍လည်း ဆိုသင့်၏။ အပဒါန်အဋ္ဌကထာ၊ ဌိတဗ္ဗလိယထေရအပဒါန်တွင်—

အသနိပါတောတိ အာသမန္နတော သနန္တော ဂဇ္ဇန္တော ပတတီတိ အသနိပါတော။ အသန္တိ အသနိယာ ပါတော ပတနံ အသနိပါတော ဒေဝဒဏ္ဍောတိ အတ္ထော—

ဟူ၍ လာသည်နှင့်အညီ နတ်လက်နက် ဟူ၍လည်း ဆိုသင့်၏။ ဤသို့၊ သဒ္ဒ၊ ဣန္ဒ၊ ဒေဝ ဆိုသည်ကိုထောက်လျှင် မိုးကြိုးကို ဖြစ်စေနိုင်သော သိကြား၊ နဂါး၊ ဘီလူးတို့၏ အာနုဘော်ကြောင့် ဖြစ်သော လက်နက်ဟူ၍လည်း ဆိုအပ်၏။ ဘေးဘယရောက်သောသူတို့၏ ကံကို အရင်းပြုသဖြင့် ကမ္မပစ္စယ ဥတုဇကြောင့်လည်း ဖြစ်၏ဟု မှတ်အပ်၏။

နတ်လက်နက် မှန်ချေကလည်း မတော်မမှန်သော သူကိုသာ ကျရောက်ရပါမည်။ စေတီ၊ ဂူ၊ ကျောင်း၊ ဘုရားသို့ မကျမရောက်ကောင်းပါ။ ယခုကျရောက်၍ ရှိခဲ့သည်ဆိုရာ၌ဧကန်ပါတ်၊ ဒုတိယဝဂ်၊ မတကဘတ္တဇာတ်၌ ဆိတ်ငယ်တစ်ခုကို တက္ကသိုလ်ဆရာ မသတ်ဘဲ တောဝယ် လွှတ်စေသည်ရှိသော် ထိုဆိတ်ငယ်၏ အကုသိုလ်ကံကြောင့် အခါမဲ့မိုးကြိုး ကျောက်ဖျားကြီးထက် ကျ၍ ကျောက်လွှာကွာ၍ ဆိတ်ငယ်၏ လည်ထက် ကျဖူးကြောင်း။

ဒုကနိပါတ် စူဠနန္ဒိယဇာတ်တွင်—

အထဿ ပါပပုရိသဿ ဂေဟေ အသနိ ပတိတွာ ဘရိယဉ္စ ဒွေဒါရကေ ဂေဟေနေဝ သဒ္ဒိံ ဈာပေသိ—

ဟု နန္ဒိယညီနောင် အဓိကိုသတ်သော မုဆိုး၏ သားငယ်နှစ်ယောက် မယားတယောက်ကို မိုးကြိုးကျကြောင်း။

အရှင်မဟာမောဂ္ဂလာန်ကို ခိုးသားငါးရာနှင့်တကွ တိတ္ထိ ငါးရာတို့ပြစ်မှားရာ ဆယ်ပါးသော ဌာနသို့ ကျရောက်ကြောင်းကို ဟောတော်မူရာ၌ "အဂါရာနိ အဂ္ဂိ ဒုယ္ဟတိ" ဟူသော ပါဠိတော်ကို ဖွင့်သော ဓမ္မပဒ အဋ္ဌကထာ၌—

အဂ္ဂိ ဒုယ္ဟတီတိ ဧကံ သံဝစ္ဆရံ ဒွတ္တိက္ခတ္တုံ အညသ္မိံ ဌာဟကေ အဝိဇ္ဇမာနေပိ အသနိ အဂ္ဂိ ဝါ ပတိတွာ ဒဟတိ။

တပါးသောမီးသည် မရှိသည်ရှိသော် မိုးကြိုးလောင်မီးသော်လည်း ကျ၍လောင်ရာ၏ဟု ဖွင့်တော်မူကြောင်းများကို ထောက်၍ မတော်မမှန်သောသူတို့ကိုလည်း ကျ၏။ ။လောကတွင် မတော်မမှန် ပြုတတ်သောသူတို့အား မိုးကြိုးလောင်မီး ကျရာ၏ဟု ဆိုထုံးရှိသည်။

ထိုစကားလည်း ဓမ္မပဒဘိက္ခုဝဂ်၊ သောဏထေရဝတ္ထုတွင် "ဧဝရူပါယ ဣတ္ထိယာ သန္တိကံ ဟရန္တာနံ အသနိ ပတိတွာ မတ္ထကံ ဘိန္ဒေယျ" ဟု လာသည်နှင့်လျော်သောစကားပင်ဖြစ်သည်။

စေတီ၊ ဂူ၊ ကျောင်း၊ ဘုရားသို့ ကျသည် ဆိုရာမှာ ဥတုဇသက်သက်ကြောင့် ဖြစ်သော မိုးကြိုးဖြစ်လျှင် ဆိုရန်မရှိပြီ။ နတ်နဂါးတို့ကြောင့်ဖြစ်လျှင် ရတနာသုံးပါးတို့၌ သဒ္ဓါတရား နည်းသော နတ်နဂါးတို့လည်း ရှိရာသည်။ သဒ္ဓါတရားနည်းကလည်း ရတနာသုံးပါးဟူ၍ ရိုသေ ရှောင်ရှားတော့မည် မဟုတ်ပြီ။

မာရ်နတ်သား၊ အာဠဝကဘီလူး၊ ဥရုဝေလ နဂါးတို့သည် သက်တော်ထင်ရှားရှိသော ဘုရား သခင်ကိုလျက်လည်း လက်နက်ကိရိယာတို့ဖြင့် ပြစ်မှားခြင်းကို ပြုတော့သည်။ မာရ်နတ်လည်း ဘုရားသခင်ကိုယ်တော်ကိုပင် မိုးကြိုးချကြောင်းကို ဇိနာလင်္ကာရစာကိုယ်တွင်-

ဇလန္တံ နဝဝိဓံ ပဿံ၊ ဝဿာပေသိ အနပ္ပကံ၊
ဓူမန္ဓကာရံ ကတ္တာန၊ ပါတေသိ အသနိံ ဗဟုံ။ ဟုလာ၏—

အနက်ကား။ ။ဇလန်္တ၊ ရဲရဲညိသော။ နဝဝိဓံ၊ ကိုးပါးအပြားရှိသော။ ဝဿံ၊ မိုဃ်းကို။ ဝဿာပေသိ၊ ရွာစေ၏။ အနပ္ပကံ၊ အတိုင်းမသိသော။ ဓူမန္ဓကာရံ၊ မီးခိုးအမိုက်တိုက်ကို။ ကတ္တာန၊ ပြု၍။ ဗဟုံ၊ များစွာ။ အသနိံ၊ မိုးကြိုးကို။ ပါတေသိ၊ ကျစေ၏–ဟု ဆိုသည်။

ကာ၊ ဟီ၊ ဝ၊ မ၊ ယော၊ ဟိ၊ သု၊ သီ ဟု ဆိုအပ်လော သာသနာပြုကိုးရပ်တွင်။ က-၏အရ။ ကသို့ရဂန္ဓာရတိုင်း၌ မဇ္ဈန္တိက မထေရ်ကို နဂါးမင်း အမျက်ထွက်၍ကြောက်မက်ဖွယ်ဖန်ဆင်းသည်တို့ကို ဝိနည်းအဋ္ဌကထာတို့၌။ ။တတောတတော၊ ထိုထိုသို့သော အရပ်မှ။ ဘုသာဝါတာ၊ ပြင်းစွာသောလေတို့သည်။ ဝါယန္တိ၊ လာကုန်၏။ ရုက္ခာ၊ သစ်ပင်တို့သည်။ ဘိဇ္ဇန္တိ၊ ကျိုးကုန်၏။ ပဗ္ဗတကူဋာနိ၊ တောင်ထွတ်တို့သည်။ပတန္တိ၊ ကျကုန်၏။ မေဃာ၊ မိုးတို့သည်။ ဂဇ္ဇန္တိ၊ ကြိုးကုန်၏။ ဝိဇ္ဇုလတာနိ၊ လျှပ်စစ်နွယ်တို့သည်။ နိစ္ဆရန္တိ၊ ပြက်ကုန်၏။ အသနိယော၊ မိုးကြိုးတို့သည်။ ဖလန္တိ၊ ကွဲကုန်၏။

ဂင်းနည်းတူ မဟာဝင်ကျမ်း၌လည်း။

နာဂရာဇာ ပဒုဋ္ဌော သော၊ ဝိဝိဓာ ဘီ သကာ ကရိ။
ဝါတာ မဟန္တာ ဝါယန္တိ၊ မေဃော ဂဇ္ဇတိ ဝဿတိ။
ဖလန္တိ အသနီ ဝိဇ္ဇု၊ နိစ္ဆရန္တိ တတော တတော။
မဟီရုဟာ ပဗ္ဗတာနံ၊ ကူဋာနိ ပပတန္တိစ။
ဝိရူပရူပါ နာဂါစ၊ ဘီ သာပေန္တိ သမန္တတော။
သယံ ဓူမာယတိ ဇလတိ၊ အင်္ကောသန္တော အနေကဓာ။

ဟူ၍အထူးထူးကြောက်မက်ဖွယ်ကိုပြုကြောင်း၊ ကြီးစွာသောလေကို လာစေကြောင်း၊ မိုးကိုကြိုးစေကြောင်း၊ ရွာစေကြောင်း၊ မိုးကြိုးတို့ကို ကျစေကြောင်း၊ လျှပ်စစ်တို့ကို ပြက်စေကြောင်း၊ သစ်ပင်တောင်ထွတ်တို့ဖြင့် ချကြောင်းများကို ဆိုသည်။

ဤသို့စသည်ဖြင့် ဘုရားသခင်ရဟန္တာအရှင်မြတ်တို့ကို သော်လည်း မိုးကြိုးချကြောင်းများကို ဆိုသဖြင့် သဒ္ဓါဂါရဝ နည်းသော နတ်နဂါးတို့သည် ချသည်ဖြစ်ရာ၏ဟု ယူရန်ရှိသည်။

၉-ပုဏ္ဏ။ ။ပါရမီရှိလျက် မဂ်ဖိုလ်မရရာသည်သုံးပါးကို သိလိုပါသည်။

၉-ဝိသဇ္ဇနာ။ ။ပါရမီရှိလျက် မဂ်ဖိုလ်မရရာသည်သုံးပါးကို မေးလျှောက်ရာ၌-

ယထာရုတာ၊ တိုက်ရိုက်ဟောတော်မူသည်ကို မမှတ်မိ။ အာဠာရ၊ ဥဒက၊ အဇာတသတ်ဟူ၍ ယူသော် သင့်မည်ထင်၏။ ဓမ္မပဒကျမ်းတွင် ဗာရာဏသီ သေဋ္ဌေးသားသည် ပထမအရွယ်က ရဟန်းပြုလျှင် ရဟန္တာ ဖြစ်လတ္တံ့။ဥစ္စာပစ္စည်းကို သိမ်းဆည်းလျှင်သေဋ္ဌေးကြီးဖြစ်လတ္တံ့ စသည်ဖြင့် မိန့်ပြီး၍ -

ကဒါနိ ပနေသ ဂိဟိဘောဂါပိ ပရိဟီနော သာမညတောပိ ပရိဟာယိတ္ထာစ ပန သုက္ခပလ္လကေ ကောဉ္စသကုဏော ဝိယ စျာယတိ။

ဟူ၍ ရဟန်းမပြုသောကြောင့်လည်း ရဟန်းကျေးဇူးမှ ယုတ်လေ၏။ ဥစ္စာစည်းစိမ်ကို မသိမ်းဆည်းသောကြောင့်လည်း လူ၏ စည်းစိမ်မှ ယုတ်လေ၏ဟု ဟောတော်မူသည်ကို ထောက်၍ ဤသူကိုထည့်သွင်းလျှင်လည်း လေးယောက်ပင် ဖြစ်ကောင်းရာ၏။

မဂ်ဖိုလ်၏ အန္တရာယ်ဖြစ်ရာသည် ငါးပါးမှာမူကား- မဖျိမနိကာယ် အလဂဒ္ဒသုတ်အဋ္ဌကထာ၌-

အန္တရာယိကာ ကမ္မကိလေသ ဝိပါက ဥပဝါဒ အာဏာတိက္ကမဝသေန ပဉ္စဝိဓာ-

စသည်ဖြင့် လာသောပါဠိနှင့်အညီ ကမ္မန္တရာယိက၊ ကိလေသန္တရာယိက၊ ဝိပါကန္တရာယိက ဥပဝါဒန္တရာယိက၊ အာဏာတိက္ကန္တရာယိကဟူ၍ ငါးပါးတို့တွင် ပဉ္စာနန္တရိက် ငါးပါးတွင် တပါး ပါးမျှ ထိုက်စေ ကမ္မန္တရာယိကမည်၏။ (ဘိက္ခုနီဒူသကကံသည် မဂ်ဖိုလ်၏ အန္တရာယ်ကိုသာပြု၍ နတ်ပြည်၏ အန္တရာယ်ကိုမပြု)။

နိယတမိစ္ဆာဒိဋ္ဌိကံသည် ကိလေသန္တရာယိကမည်၏၊ ပဏ္ဍုက်၊ ဥဘတောဗျည်း၊ တိရစ္ဆာန်တို့၏ ပဋိသန္ဓေသည် ဝိပါကန္တရာယိကမည်၏။ အရိယာတို့အား စွပ်စွဲသောကံသည် ဥပဝါဒန္တရာယိကမည်၏။ အာပတ်ခုနစ်ပုံတို့ကို စေတနာနှင့်တကွ လွန်ကျူး၍ ကျင့်ခြင်းသည် အာဏာတိက္ကမန္တရာယိကမည်၏။ ဤငါးပါးသော ကံတို့သည် မဂ်ဖိုလ်နိဗ္ဗာန်၏ အန္တရာယ်မည်ကုန်၏။ ဤအန္တရာယ်ကကံငါးပါးကိုပင် ပါရမီရှိလျက် မဂ်ဖိုလ်မရထိုက်သည် ဆိုဟန်ရှိ၏။

ဧကနိပါတ် ပန္နရသမ ကကဏ္ဍကဝဂ် ဒသမမြောက်၊ သဠာယတန်တွင် -

သစာယံ ဘိက္ခဝေ ရာဇာ ဣဿရိယဿ ကာရဏာ ပိတရာ ဓမ္မိကံ ဓမ္မရာဇာနံ ဇီဝိတာ နာ ဝေါရောပေသ္သထ၊ ဣမသ္မိံ ယေဝ အာသနေ ဝိရဇံ ဝီတမလံ ဓမ္မစက္ခုံ ဥပ္ပဇ္ဇိဿထ။ ဒေဝဒတ္တမ္ပန အသန္တံ ပဂ္ဂဟံ ကတ္တာ သောတာပတ္တိဖလာ ပရိဟီနောတိ အာဟ-

ဟူ၍ ဟောတော်မူသည်နှင့်အညီ အဇာတသတ်မင်းသည် အကယ်၍ တရားစောင့်သောအဖကို မပြစ်မှားသည်ဖြစ်အံ့၊ သာမညဖလသုတ်ကို ဟောတော်မူသည်၏ အဆုံး၌ပင် မဂ်ဖိုလ်ရလတ္တံ့။ ဒေဝဒတ်တည်းဟူသော မသူတော်ကို မှီဝဲခြင်းကြောင့် သောတာပတ္တိဖိုလ်မှ ယုတ်လေ၏ဟု ဟောတော်မူသည်။

သောတာပန်တည်ပြီးသော ရဟန်းငယ်တဦးသည် ရဟန္တာဖြစ်သော ရဟန်းအား ပြစ်မှား ခြင်းကို ပြုရာတွင်-

တေန ဟိ အာဝုသော ဥပရိမဂ္ဂဋ္ဌာယ ဝါယာမံ မာအကာသိ။ ခီဏာသဝေါ တယာ ဥပဝဒိတော-

စသည်ဖြင့် အထက်မဂ် အလို့ငှာ လုံ့လမပြုလင့်။ သင်သည် ရဟန္တာကို စွပ်စွဲ၏ဟု မိန့်တော် မူရာတွင် ကန်တော့၍ ကံငြိမ်းစေသည်။ မကန်တော့လျှင် အထက်မဂ်ဖိုလ်ကို မရရာပြီဆိုလိုသည်။ ဤစကားများကို ပါရာဇိကဏ်အဋ္ဌကထာ၊ ဝိသုဒ္ဓိမဂ်၊သာရတ္ထသဂ်ဟ စသောကျမ်းတို့၌ ဆိုသည်ကို ထောက်သော် ဤကံများရှိချေလျှင် ပါရမီရှိကာမျှကို မဆိုလင့်ဦး၊ အောက်မဂ် အောက်ဖိုလ်ကို ရပြီးသောသူမှ အထက်မဂ် အထက်ဖိုလ်တို့ကို မရနိုင်ချေဟု မှတ်သင့်သည်။ ဝိသုဒ္ဓိမဂ်တွင်-

ဘာရိယံ ကမ္မံ အာနန္တရိယသဒိသံ။ သဂ္ဂါဝရဏဉ္စ မဂ္ဂါဝရဏဉ္စ-

ဟု ဆိုသောကြောင့်တည်း။

ဤအရာတွင် ဥပရိမဂ္ဂဋ္ဌာယ ဝါယာမံ မာ အကာသိ၊ ခီဏာသဝေါ တယာ ဥပဝဒိတော-ဟူသောပါဠိ၌ သင်သည် အထက်မဂ် အကျိုးငှာ လုံ့လမပြုဘိသနည်း၊ ရဟန္တာကို သင်သည် စွပ်စွဲ၏ဟု လုံ့လပြုစိမ့်သောငှာ တိုက်တွန်းရုံမျှသာဖြစ်သည်၊ လုံ့လမပြုသင့်လောဟု မြစ်တားခြင်း မဟုတ်ဟူ၍လည်း အဓိပ္ပာယ်ကို ယူအပ်၏၊ ထို့သို့ယူသော် အောက်မဂ်ကို ရပြီးသော အရိယာ ပုဂ္ဂိုလ်တို့၌ကား အထက်မဂ်၏ အနန္တရာယ်မဖြစ်ရာပြီဟု မှတ်သင့်၏ သုံးပါးဆိုရာမှာ မတွေ့ဖူးချေ။ ဤကံငါးပါးကိုသာ တွေ့ဖူးပေသည်။

၁၀-ပုစ္ဆာ။ ။ရန်အောင်ရာသည် လေးပါးကို သိလိုပါသည်။

၁၀-ဝိဿဇ္ဇနာ။ ။ရန်အောင်ရာသည် လေးပါးကိုမေးရာ၌-

ယသေတေစတုရော ဓမ္မာ၊ ဝါနရိန္ဒေါဝ ကုမ္ဘိလံ။
သစ္စံ ဓမ္မော ဓိတိ စာဂေါ၊ ဒိဋ္ဌံ သော အတိဝတ္တတိ။

ယသ၊ အကြင်သူအား။ သစ္စံ၊ မှန်သောစကားသည် လည်းကောင်း။ ဓမ္မောစ၊ ဆင်ခြင်တတ်သော ပညာသည် လည်းကောင်း။ ဓိတိ စ၊ မပြတ်ပြုသော လုံ့လသည် လည်းကောင်း။ စာဂေါစ၊အသက်ကိုစွန့်ခြင်းသည်လည်းကောင်း။ ဧတေစတုရောဓမ္မာ၊ ဤလေးပါးသော ကျေးဇူး တို့သည်။ သန္တိ၊ ရှိကုန်၏။ သော၊ ထိုသူသည်။ ကုမ္ဘိလံ၊ မိကျောင်းကို။ ဝါနရိန္ဒော၊ မျောက်မင်း သည်။ အတိဝတ္တတိကျော်၊ လွန်နိုင်သကဲ့သို့။ ဒိဋ္ဌံ၊ ရန်သူကို။ အဘိဝတ္တတိ၊ လွန်နိုင်၏။

ပါဠိဇာတ်၊ နရိန္ဒဇာတ်ကျမ်းတွင် လာသည့်ဂါထာ။ ။သစ္စန္တိ ဝစီသစ္စံ-ဟု ဖွင့်သည်။ မုသာ ဝါဒမှ ကြဉ်ခြင်း။ ဓမ္မောတိ ဝိစာရဏပညာဟု ဖွင့်သောကြောင့် ဓမ္မကို ဆင်ခြင်တတ်သော ပညာ။ ဓိတိတိ အဇ္ဈောစ္ဆိန္နဝီရိယံ ဝုစ္စတိ-ဟု ဖွင့်သောကြောင့် ဓိတိကို မပြတ်ပြုသော ဝီရိယ။ ။ စာဂေါကို၊ စာဂေါတိ အတ္တဘရိစ္စာဂေါ တံ့ အတ္တာနံ ပရိစ္စဇိတွာ မမ သန္တိကံ အာဂတော-ဟု

ဖွင့်သောကြောင့် စာဂကို အတ္တစာဂ-အသက်ကိုစွန့်ခြင်း ယူရမည်။ ဥစ္စာပစ္စည်း ပေးကမ်းခြင်းကို မလိုအပ်။

သံဝရပျို့တွင်မူကား - သစ္စံမမွော်၊ ဓိတိကျော်သည်၊ စာဂေါ်ဇယ၊ ငါ့ကိုမ၍၊ အဖစောင့်သည်၊ ငါတို့ပြည်-ဟူ၍ စပ်ပြီးလျှင်-

သစ္စံမမွ၊ ဝီရိယနှင့်၊ စာဂဟူသည်၊ ရန်သူအောင်မှု၊ ကြောင်းလေးခုဖြင့်၊ သတ္တုမဒန၊ ကိစ္စပြီးကုန်၊ ကိုယ်ပင်ယုံ၍၊ ရဲခုံတည်လောက်၊ ခြသေ့ဟောက်သို့၊ အားမြောက်သံပ၊ ကြမ်းတတ်လှ၊ သည်၊ ပြည်မတမွတ်၊ နရထွတ်၊ နောင်လတ် နောင်ကြီး၊ တို့တည်းနီးလျက် အပြီးစကား၊ မဆိုအားခဲ့၊ အကြားရှေ့နေ၊ နှစ်ဘက်ပြေဖြင့်၊ ရေလည်မနောက်၊ ကြာမရှောက်သို့၊ သာလျှောက်ချစ်ပြန်၊ ကျွန်ုပ်ကြံအံ့ဟု စပ်ပြန်၍ -

အမွေဥစ္စာတို့ကို နောင်တော်တို့အား ပေးဝေရကြောင်းကို ပြသည့်အလိုကား စာဂအရကို ဥစ္စာပစ္စည်းပေးကမ်းခြင်းသည် ရန်အောင်ရာသော အကြောင်းပင်ဟူ၍ ရည်မှတ်တော် မူဟန် ရှိသည်။

ဘေဒေါ် ဒဏ္ဍော သာမ ဒါနာ- အနျပါယာ စတုရော ဏ္ဍမေ-

ဟု အဘိဓာန်၌လာသော သုံးပါးအပြားရှိသော ဘေဒဥပါယ်၊ သုံးပါးအပြားရှိသော ဒဏ္ဍဥပါယ်၊ ငါးပါးအပြားရှိသော သာမဥပါယ်၊ ငါးပါးအပြားရှိသော ဒါနဥပါယ်၊ ဤလေးပါးကို ရန်အောင်ရာသည် လေးပါးယူ၍ ဆိုကြကုန်၏။

အကျယ်စကားကိုသိမှတ်မူလိုကား -ရာဇိန္ဒရာဇနာမာဘိဓေယျ ဒီပနီ၌လည်းကောင်း၊ ၎င်းကျမ်း၏ ဝိသောဓနဖြစ်သော နာမာ လင်္ကာရကျမ်း၌ လည်းကောင်း၊ ရာဇနာမတ္ထပကာသနီ၌လည်းကောင်း၊ ရာဇဘိဓာနသူဒနီ ရာဇနီတိကျမ်းတို့၌ လည်းကောင်း ရန်အောင်ရာသည် ဥပါယ်လေးပါးကို ဆင်ခြင်ရှုကြည့်လေအပ်၏။

၁၁-ပုစ္ဆာ။ ။မိန်းမတို့အား စွန့်ထိုက်သည် ငါးပါးကို သိလိုပါသည်။

၁၁-ဝိသဇ္ဇနာ။ ။စွန့်ထိုက်သော မိန်းမအပြား ငါးပါးကို မေးလျှောက်ရာ၌-

ကျမ်းဂန်တို့၌ နှလုံးမပိုက်မိ။ မနုသာရမမွသတ်တွင်မူကား-

ဝဠိုတ္ထီ လဒ္ဓပုတ္ထိစ၊ ကုဋ္ဌရောဂီ အနာစာရီ။
အနိစ္ဆန္တီ သပုရိသေ၊ ဆဒ္ဓေတဗ္ဗာဝ ပဠိမာ။

ဆဒ္ဓေတဗ္ဗာ၊ စွန့်အပ်သော မယားတို့သည်။ ဝဠိ၊ မြဲသော မိန်းမလည်းတယောက်။ လဒ္ဓပုတ္ထိစ၊ သားမိန်းမသာမွေးသော မိန်းမလည်းတယောက်။ ကုဋ္ဌရောဂီ၊ နူနာရှိသော မိန်းမလည်းတယောက်။ အနာစာရီ၊ လင်ကို မရိုမသေ ပြုကျင့်သော မိန်းမလည်းတယောက်။ သပုရိသေ၊ မိမိလင်၌။ အနိစ္ဆန္တီ အလိုမရှိသော မိန်းမလည်းတယောက်။ ဤမာဝပဠိ၊ ဤငါးယောက်သော မိန်းမတို့လျှင်တည်း-ဟူ၍ ဆိုသည်။

လောကနီတိတွင်မူကား–

ဝိဝါဒသီလီ ဥဿူယျာ၊ ပဿန္တတဏှိကာ ဂတာ။
အမိတာ ဘုဥ္ဇနာ နိဒ္ဒါ၊ သတပုတ္တမွိ တံ ဇဟေ။

ယာ ဣတ္ထီ၊ အကြင်မိန်းမသည်။ ဝိဝါဒသီလီ၊လင်၏စကားကို ငြင်းခုံတတ်သော အလေ့ရှိ၏။ ဥဿူယျာ၊ ငြူစူစောင်းမြောင်းတတ်၏။ ပဿန္တတဏှိကာ၊ မြင်တိုင်းကို လိုချင်မက်မောတတ်၏။ ဂတာ၊ သူတပါးအိမ်သို့ သွားလာလှည့်ပတ်တတ်၏။ အမိတာ၊ နှိုင်းရှည့်ခြင်းကင်းလျက်။ ဘုဥ္ဇမာနာ၊ များစွာချက်၍စားတတ်၏။ နိဒ္ဒါ၊ အိပ်ကျူး၏။ တံ၊ ထိုမိန်းမကို၊ သတပုတ္တမွိ၊ သားတရာပင်မြင်သော်လည်း။ ဇဟေ၊ စွန့်ရာ၏။

ဤသို့ ဓမ္မနီတိ၊ လောကနီတိ၊ မဟာရဟနီတိတို့၌လာသည်ကို ထောက်လျှင် စွန့်အပ်စွန့်ရာသည့် ခြောက်ပါးဟူ၍ ဆိုသင့်မည်ထင်သည်။

၁၂-ပဏ္ဍာ။ ။ မျက်ကြုတ် ထွက်ရာသည် ဆယ်ပါးတို့ကို သိလိုပါသည်။

ခပ်သိမ်းဒါန၊ အနန္တကို၊ ဓမ္မအလှူ အောင်သောဟူ၍လည်း အရှင်မဟာရဋ္ဌသာရစပ်တော်မူသည်။ သည်အချက်များကို သေသေချာချာ မှတ်သားပါရအောင် ကယ်ပါမည်အကြောင်းကို လျှောက်ထားပါသည် ဆရာတော်ဘုရား။

၁၂-ဝိသဇ္ဇနာ။ ။အမျက်ထွက်ရာသည် ဆယ်ပါးကို မေးလျှောက်ရာ၌–

နဝအာဃာတဝတ္ထု၊ ငါ၏အကျိုးမဲ့ကို ပြုလေပြီ၊ ပြုဆဲ၊ ပြုလတ္တံ့၊ ငါ့အဆွေခင်ပွန်းတို့၏အကျိုးမဲ့ကို ပြုလေပြီ၊ ပြုဆဲ၊ ပြုလတ္တံ့။ ငါ့ရန်သူ၏ အကျိုးစီးပွားကို ပြုလေပြီ၊ ပြုဆဲ၊ ပြုလတ္တံ့။ ဤသို့စသည်ဖြင့် သုတ်ပါထေယျတွင် လာသော ဤကိုးပါးတွင် အရာမဟုတ်သည်၌ အမျက်ထွက်ခြင်းဟု ဆိုအပ်သော အဋ္ဌာနကောပကို လောင်းစွက်၍ ဆယ်ပါးဖြစ်သတည်း။

ဤစကားတို့ကို အဂုံတ္တရ ဒသကနိပါတ်၊ သမ္မောဟဝိနောဒနီ၊ ပရိဝါစသော အဋ္ဌကထာကျမ်းတို့၌ လာသည်။

အဋ္ဌာနကောပ ဟူသည်ကား– မိုးအလွန်ရွာ၏ဟု အမျက်ထွက်၏။ မိုးမရွာဟု အမျက်ထွက်၏၊ နေပူလွန်း၏ဟု၍လည်းကောင်း၊ နေမပူဟူ၍လည်းကောင်း အမျက်ထွက်၏။ လေလာလွန်းသော်လည်းကောင်း မလာပြန်သော်လည်းကောင်း အမျက်ထွက်၏။ တံမြက်လှည်းခြင်းငှာ မတတ်နိုင်၍ ဗောဓိရွက်ကို အမျက်ထွတ်၏။ သင်္ကန်းရုံခြင်းငှာ မစွမ်းသော် သင်္ကန်းအား အမျက်ထွက်၏။ ချော်၍ လဲသော် သစ်ငုတ်အား အမျက်ထွက်၏။ နဝအာဃာတကား သတ္တဝါတို့ကို အာရုံပြု၍ဖြစ်သောကြောင့် ကမ္မပထပျက်၏။ အဋ္ဌာနကောပကား သင်္ခါရတို့၌ ဖြစ်သောကြောင့် ကမ္မပထမပျက်ဟု အဋ္ဌသာလိနီ၌ ဆို၏။

၁၃-ပုစ္ဆာ ။ ။ကပိလဝတ်ပြည်၌ ဇေယျသေနမင်း၏ သားတော် သီဟဟနု၊ သမီးတော် ယသောဓရာ။ ။ဒေဝဒဟပြည် ဒေဝဒဟမင်းနှင့် ဇေယျသေနမင်းသည် သားတော် သမီးတော်တို့ကို မောင်နှံ စုံဖက်ကြသည်။ ။ဒေဝဒဟမင်း၏ သားတော် အဠုန၊ သမီးတော် ကစ္စာနာ။ ။သီဟဟနုမင်းနှင့် ကစ္စာနာ စုံဖက်ရာတွင် သားတော် သုဒ္ဓေါဒန၊ သုက္ကောဒန၊ သက္ကောဒန၊ ဓောတောဒန၊ အမိတောဒန။ သမီးတော် အမိတာ၊ ပါလိကာ၊ သားတော် ငါးယောက်၊ သမီးတော် နှစ်ယောက်၊ ပေါင်း ခုနစ်ယောက်။ ဇေယျသေနမင်း သမီးတော် ယသောဓရာနှင့် အဠုန စုံဖက်ရာတွင် သိရိမဟာမာယာ၊ ပဇာပတိဂေါတမီ သမီးတော် နှစ်ယောက်။ ဒဏ္ဍပါဏိ၊ သုပ္ပဗုဒ္ဓ သားတော်နှစ်ယောက်၊ ပေါင်းလေးယောက်။ သုဒ္ဓေါဒနနှင့် သိရိမဟာမာယာ၊ ပဇာပတိဂေါတမီတို့ကို စုံဖက်ရာတွင် မာယာမိဖုရား၌ ဘုရားလောင်း သိဒ္ဓတ်မင်းသား၊ ဂေါတမီ၌ နန္ဒသတို့သားနှင့် ဇနပဒကလျာဏီကို မြင်သည်။ ။ အမိတာနှင့်သုပ္ပဗုဒ္ဓ စုံဖက်ရာတွင် သမီးတော် ဘဒ္ဒကစ္စာနာနှင့် သားတော်ဒေဝဒတ်ကို မြင်သည်။ ။ဤသို့ ဆွေတော်စဉ်ဆက်၍ ရှာကြံသော် ဘုရားလောင်း၏အမိ မယ်တော်မာယာ၏အမိကား ယသောဓရာ၊ ခမည်းတော် အဉ္ဇနတည်း။ မောင်တော်ကား ဒဏ္ဍပါဏိနှင့် သုပ္ပဗုဒ္ဓတည်း။ ။သုပ္ပဗုဒ္ဓမင်းကား မယ် တော် မာ ယာ က မောင်, တော်သည်၊ ဘုရားလောင်းကဖြစ်လျှင် ဦးရီးတော်သည်၊ ဘဒ္ဒကစ္စာနာမည်သော ယသောဓရာကဖြစ်လျှင်အဖတော်သည်။ ယသောဓရာကထောက်လျှင် ဘုရားလောင်းက ယောကျ္ခမတော်သည်။ သို့သာ တော်ရပါမည်ကို ဘူရိဒတ် ဇာတ်ပေါင်း၌-

သမုဒ္ဒဇာ၊ ထိုခါလှဲ့ကျော်၊ ငါ့မယ်တော်ကား၊ မျက်မြော်လောက၊ ဤကာလ၌၊ ဒေဝဒဟ၊ ပြည်မအုပ်စိုး၊ မျိုးရိုးမြတ်စွာ၊ တွင်မည်သာဖြင့်၊ မဟာသုပ္ပ၊ ဗုဒ္ဓဟူသည်၊ ရိပ်ဖြူတစင်း၊ မင်း၏ရင်သွေး၊ အထွေးအကြီး၊ ညီးရရီးသား၊ သမီးစစ်တွင်၊ လက်ဦးမြင်သည့်၊ မိခင်မာယာ၊ ဖြစ်တုံ့လှာသည်။

ဟူ၍စပ်တော်မူရာ၌ သုပ္ပဗုဒ္ဓကို အဖပြု၍ စပ်တော်မူခဲ့သည်။ ။ဘူရိဒတ်အဖြေမှာ သိသာရှင်းလင်းစွာ မဆို၍ နားမရှင်းလင်းနိုင် ရှိပါသည်။ ရှင်းလင်းတော်မူပါ။

"လူရည်ကြုံးကြုံး၊ ပြည်ပခုံး၌၊ လက်ရုံးအားယူ၊ ဆန့်သမူဖြင့်၊ လိုသူလာစေ၊ ပါဠိမပြေလည်း၊ ဖြေအံ့ဟူသည်၊ ဉာဏ်ဝတ်တည်လျက်၊ ကျိုးကျည်အာသံ၊ အလာခံသည်"ဟူ၍ ရှင်မဟာသီလဝံသစပ်တော်မူပါသည်ဘုရား။

သက္ကရာဇ်၁၁၇၀ပြည့် ဝါခေါင်လဆန်း ၁-ရက်၊စနေနေ့။မုံရွာသိရိမာလာလျှောက်လာရာတွင် ဖြေဆိုလိုက်သည်ကား။

၁၃-ဝိဇ္ဇနာ ။ မယ်တော် မာယာ၏ အဆွေတော်စဉ်ကို မေးရာ၌-

မယ်တော် သိရိမဟာမာယာ၏မောင် ယသောဓရာ ဒေဝဒတ်တို့၏ အဖကား သုပ္ပဗုဒ္ဓသာတွင်သည်။ မယ်တော်မာယာ၏ အဖကား မဟာသုပ္ပဗုဒ္ဓဟု တွင်သည်။ အဉ္ဇနဟူ၍လည်း တွင်သည်။ ဘုရားသခင်၏ဆွေတော်ကို ရာဇဝင်မဟာဝင်စသော ကျမ်းတို့၌-

အဋ္ဌနော တထာ ကစ္စာနာ၊ အာသုံ တဿ သုတာ ဒုဝေ။
မဟေသီပိ စ ကစ္စနာ၊ ရညော သီဟဟနုဿ သာ။
အာသိ အဋ္ဌနသက္ကဿ၊ မဟေသိယာ ယသောဓရာ။
အဋ္ဌနဿ ဒုဝေ ဓီတာ၊ မာယာစာထ ပဇာပတီ။

ဟု လာသည်နှင့်အညီ အဋ္ဌနဟု တွင်သည်ကိုသာ ဆိုကြသည်။ မဟာသုပ္ပဗုဒ္ဓဟု တွင်သည်ကို မဆိုကြသောကြောင့် အမည်နှစ်ပါးရှိကြောင်းကို အတွေ့အမြင် အသိနည်း၍ နားရှုပ်ကြလေသည်။

အမှာကံ သတ္ထု နိဗ္ဗတ္တိတော ပုရေတရမေဝ ဒေဝဒဟနဂရေ မဟာသုပ္ပဗုဒ္ဓဿ ဂေဟေ ပဋိသန္ဓိ ဂဏှိ။ ဂေါတမီ တိဿာ နာမံ အကံသု၊ မဟာမာယာယ ကနိဋ္ဌဘဂိနီ ဟောတိ။

ဧကနိပါတ် အဂုံတ္တိရ်အဋ္ဌကထာ၊ မိထွေးတော် ဂေါတမီ၏ ဧတဒဂ်ပိုင်း၊ ကိုးကြောင်း စာ၊ 'ဎေ'အဂီါတွင်ရှိသ ည်။

အမှာကံ၊ ငါတို့၏ သတ္ထု မြတ်စွာဘုရား၏။ နိဗ္ဗတ္တိတော၊ ဖြစ်တော်မူသည်မှ ပုရေတရမေဝ၊ ရှေးဦးစွာကပင်လျှင်။ ဒေဝဒဟနဂရေ၊ ဒေဝဒဟပြည်၌။ မဟာသုပ္ပဗုဒ္ဓဿ မဟာသုပ္ပဗုဒ္ဓမင်း၏။ ဂေဟေ၊ အိမ်၌။ ပဋိသန္ဓိ၊ ပဋိသန္ဓေကို။ ဂဏှိ၊ ယူ၏။ ဇာတကာလေ ဖွားသောအခါ၌။ အဿာ၊ ထိုမင်းသမီး၏။ နာမံ၊ အမည်ကို။ ဂေါတမီတိ၊ ဂေါတမီဟူ၍ အကံသု၊ မှည့်ကုန်၏။ မဟာမာယာယ၊ မဟာမာယာမင်းသမီး၏။ ကနိဋ္ဌဘဂိနီ၊ ညီမငယ်သည်။ ဟောတိ၊ ဖြစ်၏။

ဤသို့ ကျမ်းလာသည်ကို ရည်၍ "ဒေဝဒဟ၊ ပြည်မအုပ်စိုး၊ မျိုးရိုးမြတ်စွာ၊ တွင်မည် သာဖြင့်၊ မဟာသုပ္ပ၊ ဗုဒ္ဓဟူသည်၊ ရိပ်ဖြူတစင်း၊ မင်း၏ရင်သွေး၊ အထွေးအကြီး၊ ညီးရရီးသား၊ သမီးစစ်တွင်၊ လက်ဦးမြင်သည်၊ မိခင်မာယာ၊ ဖြစ်တုံလှာသည်"ဟု စပ်တော်မူသည်။

ဟတ္ထိပါလပျို့၌လည်း "ထိုရော်ထွတ်ထား၊ မိဖုရားကား၊ သီခြား သာကိယ၊ တည်ထောင်ကြသား၊ ဒေဝဒဟ၊ ပြည်မသခင်၊ နတ်ရှင်သားလှ၊ ကစ္စာနမောင်၊ မင်းခေါင်အဋ္ဌန၊ နရိန္ဒကို၊ သီဟကျော်ဟိုး၊ ငါ့ဘိုးနှမ၊ မည်ရယသော်၊ ငါ့ဘွားတော်နှင့်၊ တဖော်ယှဉ်မို့၊ ဆောက် နှင်းပြီးသော်၊ သမီးနှစ်ပါး၊ သားလည်းထိုမျှ၊ မြင်ကြရှေးနှောင်း၊ လေးယောက်ပေါင်းတွင်"– ဟု စပ်တော်မူသည်။

မယ်တော်မာယာ၏ အဖ အဋ္ဌနမင်းကြီးကား မဟာသုပ္ပဗုဒ္ဓ အမည်တချက်၊ အဋ္ဌန အမည်တချက်၊ နှစ်ချက်တွင်မည်။ ထို့ကြောင့် ပါရမီခန်း၌ "အမိမျိုးမှ၊ အဘိုးအဋ္ဌန"ဟု စပ်တော်မူသည်။

"တေးစောလှကား၊ ဒေဝနရိန်၊ ဇေယသိန်ဟု၊ ကျော်ရှိန်လွှဲပြင်း၊ ထိုသည့်မင်း၏ သည်းရင်း ရင်သွေး၊ သိကြားပေးသည်၊ ချစ်မြေးလှဘိ၊ သိရိမဟာ၊ စောမာယာနှင့်၊ ပဇာပတိ၊ ဘုန်းရှိ နှစ်ယောက်"ဟု စပ်သည်၌လည်း ဇေယသေနမင်းကြီး၏သား သီဟဟနု သမီးတော် ယသော

ဓရာမင်းသမီး၏ သမီး သိရိမဟာမာယာ။ သိရိမဟာမာယာ၏ သား သိဒ္ဓတ်မင်းသား၊ သိဒ္ဓတ်မင်း၏ မယ်တော်ကား သိရိမဟာမာယာဒေဝီဖြစ်၍ အမိမျိုးမှ အဘိုးအဋ္ဌန-ဟု စပ်သည်။

ဘေးစောလှကား၊ ဒေဝနရိန်၊ ဇေယသိန်ဟူရာ၌ သိဒ္ဓတ်မင်းသား၏ မယ်တော် သိရိမဟာမာယာဒေဝီ၊ သိရိမဟာမာယာဒေဝီ၏ မယ်တော် ယသောဓရာဒေဝီ၊ ယသောဓရာဒေဝီ၏ ခမည်းတော် ဇေယသိန်မင်းကြီးတည်း။ ထို့ကြောင့် အမိမျိုးမှ၊ အဘိုးအဋ္ဌနတွင် တခန်း။ ဘေးစောလှကား၊ ဒေဝနရိန်၊ ဇေယသိန်တွင် တခန်းယူမှ ဆွေစဉ်မျိုးဆက် မှန်သည်။

> ကပိလဝတ္ထုနဂရေ သြက္ကာကကုလဝံသေ သီဟဟနုရာဇာ ရဇ္ဇံ ကာရေတွာ တသ္မိံ ဒိဝင်္ဂတေ တဿ ပုတ္တော သုဒ္ဓေါဒနော နာမ မဟာရာဇာ ရဇ္ဇာဘိသေကံ ပါပုဏိ။ တဒါ အတ္တနော မာတုလော မဟာသုပ္ပဗုဒ္ဓေါ နာမ ရာဇာ ဒေဝဒဟနဂရေ ရဇ္ဇံ ကာရေသိ၊ တဿ ဒ္ဝေ ဓီတာ အဟေသုံ၊ မဟာမာယာ စ ပဇာပတိဂေါတမီစာတိ။ မဟာမာယာ ပန အတ္တနော ပုညဝိသေသေန အတိဝိယ မနောဟရရူပသောဘာဓာဉပုညလက္ခဏသမ္ပန္နာ အဘိရူပါဒဿနီယာ ပါသာဒိကာသဗ္ဗရတနာလင်္ကာရဝိယ၊ မဟာမာယာဒေဝီ ရူပဝိဘူတိယာ ဇနဿ အက္ခမာနုရူပါ နိပ္ဖန္နကုသလမူလာ မဟာသုပ္ပဗုဒ္ဓရညော အဂ္ဂမဟေသိယာ ကုစ္ဆိမ္ဟိ နိဗ္ဗတ္တိ။ တဿာ ပဒသာ ဂမနကာလေ ဒေဝိ ဂေါတမီနာမ ဓီတာ ဝိဇာယိ။

ဒသဝတ္ထု ဆယ်ကြောင်းစာ၊ 'ငေ' အင်္ဂါတွင် ရှိသည်။

အနက်ကား။ ကပိလဝတ္ထုနဂရေ၊ ကပိလဝတ်ပြည်၌။ သြက္ကာက ကုလဝံသေ၊ သြက္ကာကရာဇ်မင်း၏အမျိုး၌။ သီဟဟနုရာဇာ၊ သီဟဟနုမင်းသည်၊ ရဇ္ဇံ၊ ပြည်ကို။ ကာရေတွာ၊ မင်းပြု၍။ တသ္မိံ၊ ထိုသီဟဟနုမင်းသည်။ ဒိဝင်္ဂတေ၊ နတ်ရွာလားသည်ရှိသော်။ တဿ၊ ထိုသီဟဟနုမင်း၏ ပုတ္တော၊ သားဖြစ်သော။ သုဒ္ဓေါဒနောနာမ မဟာရာဇာ၊ သုဒ္ဓေါဒန အမည်ရှိသော မင်းကြီးသည်။ ရဇ္ဇာဘိသေကံ၊ ရဇ္ဇာဘိသေကသို့၊ ပါပုဏိ၊ ရောက်၏။ တဒါ။ ထိုအခါ၌။ အတ္တနော၊ မိမိ၏။ ဝါ။ သုဒ္ဓေါဒနမင်းကြီး၏။ မာတုလော၊ ဦးရီးဖြစ်သော။ မဟာသုပ္ပဗုဒ္ဓေါနာမ၊ မဟာသုပ္ပဗုဒ္ဓအမည်ရှိသော၊ ရာဇာ၊ မင်းသည်။ ဒေဝဒဟနဂရေ၊ ဒေဝဒဟပြည်၌။ ရဇ္ဇံ ရာဇာဝံ၊ မင်းအဖြစ်ကို။ ကာရေသိ၊ မင်းပြု၏။ တဿ၊ ထိုမဟာသုပ္ပဗုဒ္ဓမင်းအား။ ဒ္ဝေဓီတာ၊ သမီးနှစ်ယောက်တို့သည်။ အဟေသုံ၊ ရှိသည်ဖြစ်ကုန်၏။ မဟာမာယာစ၊ မဟာမာယာမည်သော မင်းသမီးသည်လည်းကောင်း။ မဟာပဇာပတိဂေါတမီစ၊ မဟာပဇာပတိဂေါတမီမည်သော မင်းသမီးသည်လည်းကောင်း။ ဣတိ၊ ဤသို့။ ဒ္ဝေဓီတာ၊ သမီးနှစ်ယောက်တို့သည်။ အဟေသုံ၊ ရှိသည်ဖြစ်ကုန်၏။ တာသု၊ ထိုသမီးနှစ်ယောက်တို့တွင်။ မဟာမာယာ ပန၊ မဟာမာယာမင်းသမီးသည်ကား။ အတ္တနော၊ မိမိ၏။ ပုညဝိသေသေန၊ ကောင်းမှုအထူးကြောင့်၊ အတိဝိယ၊ အလွန်လျှင်။ မနောဟရရူပသောဘာဓာဉပုည လက္ခဏသမ္ပန္နာ၊ သူတပါး၏ နှလုံးကို ဆောင်တတ်သောအဆင်း၏ တင့်တယ်ခြင်း ဘုန်းရှိသောသူတို့၏ ဘုန်းကြောင့်ဖြစ်သော လက္ခဏာနှင့် ပြည့်စုံ၏။ အဘိရူပါ၊ အလွန်အဆင်းလှ၏။ ဒဿနီယာ၊ ရှုချင်ဖွယ်ရှိ၏။ သဗ္ဗရတနာလင်္ကာဝိယ၊ ခပ်သိမ်းသော ရတနာတို့ဖြင့် တန်ဆာဆင်ယင်ကုန်ဘိသကဲ့သို့။ ပါသာဒိကာ၊ ကြည်ညိုဖွယ်ရှိ၏။ မဟာမာယာဒေဝီ၊ မဟာမာယာမိဖုရားသည်။ ရူပဝိဘူတိယာ၊ အဆင်းအင်္ဂါလက္ခဏာ၏ ပြည့်စုံခြင်းကြောင့်။

ဇနသဿ၊ လူအပေါင်းအား။ အကွမာနုရူပါ၊ မတည်တံ့ နိုင်သော သဘောရှိ၏။ နိပ္ပန္နကုသလမူလာ၊ ပြီးပြည့်စုံသော ကုသိုလ်ဟူသော အရင်းရှိသည်ဖြစ်၍။ မဟာသုပ္ပဗုဒ္ဓရညော၊ မဟာသုပ္ပဗုဒ္ဓမင်းကြီး၏။ အဂ္ဂမဟေသီယာ၊ မိဖုရားကြီး၏။ ကုစ္ဆိမှိ၊ ဝမ်း၌။ နဗ္ဗတ္တိ၊ ဖြစ်၏။ တဿာ၊ ထိုသိရိမဟာမာယာမင်းသမီး၏။ ပဒသာ၊ ခြေဖြင့်။ ဂမနကာလေ၊ သွားတတ်သောအခါ၌။ ဒေဝီ၊ မိဖုရားကြီးသည်။ ဂေါတမီနာမ ဓီတရံ၊ ဂေါတမီမည်သော မင်းသမီးကို။ ဝိဇာယိ၊ ဖွား၏။

ဤသို့ အဂ်ုတ္တရနိကာယ်ကျမ်း၊ ဒသဝတ္ထုကျမ်း၌ မယ်တော်မာယာသည် မဟာသုပ္ပဗုဒ္ဓမင်းကြီး၏ သမီးဖြစ်ကြောင်းကိုလာသောကြောင့်-

အရှင်မဟာရဋ္ဌသာရဆရာသည်"မဟာသုပ္ပ၊ ဗုဒ္ဓဟူသည်၊ ရိပ်ဖြူတစင်း၊ မင်း၏ရင်သွေး၊ အထွေးအကြီး၊ ညီးရရီးသား၊ သမီးစစ်တွင်၊ လက်ဦးမြင်သည်၊ မိခင်မာယာ၊ ဖြစ်တုံလှာသည်" ဟူ၍ စပ်တော်မူသည်။

မဟာဝင်စသောကျမ်းတို့၌ အဋ္ဌနမင်းကြီး၏ သမီးဟု လာသောကြောင့် ''မင်းခေါင်အဋ္ဌန၊ နရိန္ဒကို၊ သီဟကျော်ဟိုး၊ ငါဘိုးနှမ၊ မည်ရယသော်၊ ငါဘွားတော်နှင့်၊ တဖော်ယှဉ်မှီး၊ ဆောက်နှင်းပြီးသော်၊ သမီးနှစ်ပါး၊ သားလည်းထိုမျှ၊ မြင်ကြရှေးနှောင်း၊ လေးယောက်ပေါင်းတွင်၊ ဆုတောင်းမဆွ၊ ဝိသေသကြောင့်၊ ဗုဒ္ဓမာတာ၊ ဖြစ်ချင်စွာဟု၊ ကမ္ဘာတသိန်းပြည့်"စသည်ဖြင့်လည်းကောင်း။

ပါရမီခန်း၌လည်း "အမိမျိုးမှ၊ အဘိုးအဋ္ဌန" စသည်ဖြင့်လည်းကောင်း စပ်တော်မူသည်။

မယ်တော်မာယာ၏ အဖမှာ မဟာသုပ္ပဗုဒ္ဓတွင်သည်။ ။ထို့ကြောင့် "မဟာသုပ္ပ၊ ဗုဒ္ဓဟူသည်" စသည်ဖြင့် စပ်တော်မူသည်။

ယသောဓရာ၊ ဒေဝဒတ်တို့၏အဖမှာ မဟာသဒ္ဒါမပါ၊ သုပ္ပဗုဒ္ဓဟူ၍သာ တွင်သည်။ ဤသို့ မဟာသုပ္ပဗုဒ္ဓနှင့် သုပ္ပဗုဒ္ဓတို့၏ အမည်အထူးကို မှတ်ရမည်။

၁၄-ပဏ္ဍာ။ ။တကျိပ်ကိုးယောက်သော မိန်းမတို့သည် ရေချိုးအံ့သောဌာ မြစ်ဆိပ်သို့ သွားလေ၏။ တယောက်သော မိန်းမကို မိကျောင်းဖမ်းယူလေ၏။ နှစ်ကျိပ်သော မိန်းမတို့သည် အိမ်သို့ပြန်လာကုန်၏ဟု ဆိုသောစကားသည် အဘယ်ကို ရည်မှတ်၍ဆိုသည်။ အဘယ်သို့သော အဓိပ္ပါယ်ကို မှတ်သားရပါမည်ကိုလည်း သိလိုပါသည်။ ယုတ္တိသဘောမရှိလျှင်လည်း ဤစကားသည် လောကတွင် ထင်ရှားစွာ မဖြစ်ကောင်းထင်ပါသည်

"သူအားဝေဠု၊ ဉာဏသဒ္ဒေး၊ ဉာဏ်ပေးလျှသည်" ဟူ၍လည်း အရှင်မဟာရဋ္ဌသာရ စပ်တော်မူပါသည် ဆရာတော်ဘုရား။

သက္ကရာဇ် ၁၁၇၀-ပြည့်၊ တော်သလင်းလဆန်း ၁-ရက်။ တနင်္ဂနွေနေ့၊ မုံရွာသိရိမာလာက လျှောက်လာရာတွင် ဖြေဆိုလိုက်သည်ကား။

၁၄-ဝိသဇ္ဇနာ။ ။တကျိပ်ကိုးယောက်သော မိန်းမတို့သည် ရေချိုးအံ့သောဌာ မြစ်ဆိပ်သို့ သွားလေ၏ဟူသော စကားသည် အလွတ်သက်သက် ဖြစ်လာသော စကားမဟုတ်။ ဝဇိရတ္ထ

သင်္ဂဟကျမ်းတွင် လာသော တဆယ့်ခြောက်ပါးသော ပဟေဠိကို ပြသော ဥပကဥဒါဟရုဏ် ဂါထာက ထွက်သောစကားတည်း။

ကေ့နဝိသတိ နာရီ၊ နဟာနာယ နဒီ ဂတာ။
တာသ္မေကံ ကုမ္ဘိလော ဂဏ္ဍီ၊ ဝိသတိ ယရမာဂတာ။

ဟု လာသော ဂါထာပါဠိ–

အနက်ကား။ ။ကေ့နဝိသတိ နာရီ၊ တကျိပ် ကိုးယောက်သော မိန်းမတို့သည်။ နဟာနာယ၊ ရေချိုးအံ့သောငှါ။ နဒီ၊ မြစ်သို့။ ဂတာ၊ သွားလေကုန်၏။ တာသု နာရီသု၊ ထိုတကျိပ်ကိုးယောက်သော မိန်းမတို့တွင်။ ဧကံနာရီ၊ တယောက်သောမိန်းမကို။ ကုမ္ဘိလော၊ မိကျောင်းသည်။ ဂဏ္ဍီ၊ ဖမ်းယူလေ၏။ ဝိသတိ၊ နှစ်ကျိပ်ကုန်သော၊ နာရီယော၊ မိန်းမတို့သည်။ ယရံ၊ အိမ်သို့။ အာဂတာ၊ ပြန်ခဲ့ကုန်၏။

ဤသို့ ယောဇနာအပ်သော အနက်ကိုမှီ၍ဖြစ်သော စကားသာဖြစ်သည်။ ဤအနက်ကား မလိုအပ်သောအနက်သာတည်း။

အလိုရှိအပ်သောအနက်၊ အသင့်ဖြစ်သော အနက်၊ ဝိသတိ၊နှစ်ကျိပ်ကုန်သော။ နာရီယော၊ မိန်းမတို့သည်။ နဟာနာယ-နဟာနတ္ထံ၊ ရေချိုးအံ့သောငှါ။ နဒီ၊ မြစ်သို့။ဂတာ၊ သွားလေကုန်၏။ တာသုနာရီသု၊ ထိုနှစ်ကျိပ်သော မိန်းမတို့တွင်။ ဧကံနာရီ၊ တယောက်သောမိန်းမကို။ ကုမ္ဘိလော၊ မိကျောင်းသည်။ ဂဏ္ဍီ၊ ဖမ်းယူလေ၏။ ကေ့ဝိသတိ ၊ တကျိပ်ကိုးယောက်ကုန်သော။ နာရီယော၊ မိန်းမတို့သည်။ ယရံ၊ အိမ်သို့။ အာဂတာ၊ ပြန်ခဲ့ကုန်၏။

ဤသို့ယောဇနာသော အနက်ကိုသာ အလိုရှိအပ် သင့်မြတ်သောအနက်ဟူ၍မှတ်အပ်၏။

အဓိပ္ပါယ်ကား။ ။နှစ်ကျိပ်သွား၏။ တယောက်ကို မိကျောင်းဖမ်းယူ၏။ တကျိပ်ကိုးယောက်သာ ပြန်လာ၏ဟူလိုသည်၊ နှစ်ကျိပ်သွား၍ တယောက်ပျောက်သော် တကျိပ်ကိုးယောက်သာ ပြန်လာလည် ဆိုရကား အနက်ဖြောင့်ပင်ဖြစ်သည်။ အထူး တပါးသော အနက်ကို မကြံသင့်ပြီ။ ထို့ကြောင့်ဦးကာ၌-

ဝိသတိနာရီ နဟာနာယ နဟာနတ္ထံ နဒီ ဂတာ။ တာသု နာရီသု ဧကံ နာရီ ကုမ္ဘိလော ဂဏ္ဍီ။ ဧကေ့နဝိသတိ နာရီ ယရံ အာဂတာ အယမုက္ကန္တာ နာမ ပဟေဠိကာ-ဟု ဖွင့်သည်ကို ထောက်၍ သိအပ်၏။

၁၅-ပဏ္ဏာ ။ ။သဟဿထာမဓနု-ဟု ဆိုအပ်သော ဗိုလ်တထောင်တင်သော လေးဆိုသည်ကား။ အချို့လည်း ယောကျ်ား ဗိုလ်တထောင် တင်နိုင်သော လေးကို ဆိုသည်ဟု ဆိုကြပါသည်။ အချို့လည်း ခြိန်ဝန် ဗိုလ်တထောင်ရှိသော ဝန်ကိုရွက်ဆောင်နိုင်သော လေးသည် ဗိုလ်တထောင်တင်သောလေးဟု ဆိုကြပါသည်။

သက္ကရာဇ် ၁၁၇၀-ပြည့်၊ သီတင်းကျွတ်လဆန်း ၁-ရက်။ အင်္ဂါနေ့။ မုံရွာ သိရိမာလာကလျှောက်လာရာတွင် ဖြေဆိုလိုက်သည်ကား။

၁၅- ဝိသဇ္ဇနာ။ ။သဟဿထာမခန္ဓ-ဟုဆိုအပ်သော လေးကို၊ မေးလျှောက်ရာ၌ - ယောက်ျား တထောင်တင်မှတင်နိုင်ကောင်းသောလေးသည်သဟဿထာမခန္ဓမည်၏ဟုဆိုသောစကားလည်း သင့်၏။ ယောက်ျားတထောင်ဆောင်မှ ပါကောင်းသော ချိန်ဝန်ဘာရကို ဆောင်နိုင်သော လေးသည်လည်းသင့်၏။

ထို့ကြောင့် အဂုံတ္တရတိကနိပါတ် အဋ္ဌကထာ၌-

တံ ခနုံ ပုရိသသဟဿံ-အာရောပေတိ၊ပုရိသသဟဿံ ဩရောပေတိ ဟူ၍လည်းကောင်း– အဂုံတ္တရ တိကနိပါတ် ဋီကာ၌လည်း–

သဟဿထာမန္တိ ပုရိသသဟဿဗလံ ပုရိသ သဟဿေန ဝဟိတဘာရသဟဿံ-ဟူ၍ လည်းကောင်း၊

ဗုဒ္ဓဝင် အဋ္ဌကထာ၌လည်း–

သဟဿထာမခန္ဓံအာရောပေတုံ ဝဋ္ဋတိ။ တထာဟိ။ပ။ တံ ခနုံ ပုရိသသဟဿံ အာရော ပေတိ ဟူ၍-လည်းကောင်း၊

ဤသို့စသည်ဖြင့် အဋ္ဌကထာ ဋီကာ လာသည်ကိုထောက်၍ ပုရိသသဟဿဟူ၍ဆိုသော ကြောင့် လူရေတိုလ်တထောင် တင်မှချ၍ ဖြစ်ကောင်းသော လေးကိုလည်း ယူအပ်၏။ ချိန်ဝန်ကို ဆိုသည်ဖြစ်မူကား ချိန်ဝန်တထောင်ကိုသာ နိုင်သောလေးကို သဟဿထာမခန္ဓ ဆိုသည် ဖြစ်တန်ရာ၏။ ချိန်ဝန်ကိုမူကား ဒွိသဟဿ– သာ တွေ့ဘူးသည်။

ဒဠ္ဍခန္ဓနာမ ဒွိသဟဿထာမံဝုစ္စတိ။ဒွိသဟဿထာမံနာမယဿအာရောပိတဿဇိယာ ဗန္ဓော လောဟသီသာဒီနံ ဘာရော ဒဏ္ဍော ဂဟေတွာ ယာဝ ကဏ္ဏပ္ပမာဏာ ဥက္ခိတ္တဿ ပထဝိတော မုစ္စတိ။

မူလပဏ္ဏာသ အဋ္ဌကထာ၊ သဋ္ဌာယတနသံယုတ်အဋ္ဌကထာ၊ အဂုံတ္တရ နဝကနိပါတ်အဋ္ဌ ကထာ၊ ဝိမာနဝတ္ထု အဋ္ဌကထာ၊ သာရတ္ထသင်္ဂဟ၊ အဘိဓမ္မာ၊ အနဋီကာ စသောကျမ်းတို့၌ ထိုနှင့်တူစွာ ယထာနုရူပ လာသည်ကိုလည်းကောင်း အဘိဓာန်နိဿယ၊ သင်္ခါပကာသန စသည်တို့၌လည်းကောင်း –

ဒဏ္ဍောတိ ဓနုဒဏ္ဍော၊ယာဝ ကဏ္ဏပ္ပမာဏာတိ ဒီဃသော ယတ္တကံ ကဏ္ဏဿ ပမာဏံ၊ တတ္တကေ ဓနုဒဏ္ဍေ ဥက္ခိတ္တမတ္တေ အရောပေသု ယေဝ၊ ဇိယာဒဏ္ဍေသု သောစ ဘာရော ပထဝိတော မုစ္စတိ။ ဣဒံ ဒွိသဟဿထာမံနာမ ဓနုတိ ဒဋ္ဌဗ္ဗံ။

ဟူသော မူလပဏ္ဏာသဋီကာ၊ အဂုံတ္တရနဝကနိပါတ်ဋီကာ၊ သဋ္ဌာယတန သံယုတ်ဋီကာ စသည် တို့၌ ဒွိသဟဿဘာရကိုသာ လာသည်။

ဒွိသဟဿထာမံ၊ ဗိုလ်နှစ်ထောင်အားရှိသော လေးကို။ အဋ္ဌဓနုနာမ၊ ခိုင်မာကြမ်းခက်သော လေးမည်၏ဟူ၍၊ ဝုတ္တံ၊ ဆိုအပ်၏။ ဒဏ္ဍော၊ လေးကိုင်း၌။ ဂဟေတွာ၊ ကိုင်၍။ ယာဝကဏ္ဏပ္ပမာဏာ၊ မြားတင်လောက်သော အတိုင်းအရှည်တိုင်အောင်။ ဥက္ခိတ္တဿ၊ လေးကိုခြိုကြွစဉ်၊ အာရောပိတဿ၊ တင်ပြီးသော။ ယဿ၊ အကြောင်းလေး၏။ ဇိယာဗန္ဓော၊ ညှိအလယ်၌ ဖွဲ့သော၊ လောဟသီသာဒီနံ၊ ကြေးသလွဲ အစရှိသည်တို့၏။ ဘာရော၊ ဘာရအခန့်ရှိသော ခြိန်ဝန်သည်။ ပထဝိတော၊ မြေမှ။ မုစ္စတိ၊ လွတ်၏။ တံ ဓနုံ၊ ထိုလေးသည်။ ဒွိသဟဿထာမံ နာမ၊ ဗိုလ်နှစ်ထောင်အားရှိသော လေးမည်၏။

ဤသို့ ဗိုလ်ခြိန်နှစ်ထောင်တင်သော လေးကိုသာ ဒဋ္ဌဓနု ဒွိသဟဿထာမ ဟူ၍ တွေ့ဖူးခဲ့သည်။ သဟဿထာမမှာ လူဗိုလ်အရေအတွက် တထောင်လည်းတခုက်။ လူတထောင်ဆောင်အပ်သော ဝန်ကို ဆောင်နိုင်သည်လည်း တခုက်။ နှစ်နည်းလာသည်။

အဋ္ဌဓနုအရာ၌ –

အဋ္ဌဓနုနာမ တိသဟဿထာမံဝုစ္စတိ။ တိသဟဿ ထာမန္တိ ဇိယာယ အာရောပိတာယ ဇိယာဗန္ဓော လောဟသီသာဒီနံ ဘာရော ဒဏ္ဍော ဂဟေတွာ ကဏ္ဏပ္ပမာဏံ ဥက္ခိတ္တဿ ပထဝိတော မုစ္စတိ။

ဟူ၍ ထေရဂါထာ၊ ဝဂ်ီသအဋ္ဌကထာတွင် ဖွင့်သည်။ ခြိန်ဝန်သုံးထောင် နိုင်သောလေး ဆိုလိုသည်။ ကျပ်ခြိန် ပိုလ်တထောင်မှာ ယထာရုတ တိုက်ရိုက်မတွေ့။ ကျပ်ခြိန် ပိုလ်နှစ်ထောင်ကိုသာ တိုက်ရိုက်မှတ်မိပေသည်။ ထိုထာမပိုလ်နှစ်ထောင်အားရှိသောလေး၊ ထာမသုံးထောင်အားရှိသော လေးသည် အဋ္ဌဓနု၏ ဝိနိစ္ဆယသာဖြစ်သည်။ သဟဿထာမဓနု၏ဝိနိစ္ဆယမဟုတ်ထင်ပေသည်။

ယသဝမုနဝတ္ထု သတ္တမပိုင်း သံကိစ္စဇာတ်တွင် -

အတိကာယော မဟိဿာသော၊ အဇ္ဈုနော၊ ကေတကာဓိပေါ။
သဟဿဗာဟု အစ္ဆိန္နော၊ ဣသိမာ တဇ္ဇဂေါတမံ။

ဟူသော ဂါထာ၏အဓိပ္ပာယ်၌ ကေတကတိုင်းကို အစိုးရသော အဇ္ဈုနမင်းသည်ကား အလွန်အားကြီး၏။ လေးအရာ၌ အလွန်တတ်စွာ၏။ ငါးရာသော လေးသမားတို့သည် လက်ရုံးတထောင်ဖြင့်တင်မှ တင်နိုင်သောလေးကို တင်နိုင်သောကြောင့် လက်ရုံးတထောင်ဟု ဆိုသည်။ ဤအရာ၌ သဟဿဗာဟုအရသည် ယောက်ျားငါးရာသာဖြစ်သည်။ လက်ရုံးတစ်ထောင်သာ ဆိုသည်။ ကျပ်ခြိန်ပိုလ်တထောင် မဟုတ်သေးဖြစ်သည်။

အရှင်မဟာအရိယဝံသအကျော် ပြုတော်မူသည့် ဒသဇာတက ဝိသောဓနကျမ်း၌ကား ဤလေးတို့သည် လင်းလေး၊ လက်ငင်းလေးသာ ဖြစ်သည်ဟူ၍ဆို၏။ အချို့လည်း ရှေးအခါဒူးလေးမရှိ ဟူ၍ဆို၏။

ဝိနည်းပါစိတ်ပါဠိတော် သေခိယတွင် အာဝုဓံ နာမ စာပေါ၊ ကောသဇ္ဇော-ကို စာပေါ၊ လက်ငင်းလေး၊ ကောဒဇ္ဇော၊ ဒူးလေးဟူ၍ ရွှေဥမင်ဆရာတော် သမ္မန်တော်မူ၏။

သဟဿထာမ၌ လူပိုလ်တထောင်ဆိုရာကား ဗလ၍ ဗ-၌ တတိယအက္ခရာနှင့်ရှိသင့်၏။ ဒိသဟဿထာမ၌ ပလဟု ပထမက္ခရာ ပ-နှင့် ခြိန်ဝန်ပိုလ်နှစ်ထောင်ဟုရှိရာ၏။ ပလဟူသော ခြိန်ဝန်ပိုလ်၌ ပလံ နာမဒသဓရဏံ ဆိုသောအရာကို တပိဿာဟု ရွှေဥမင် ဆရာတော်ဆိုတော်မူ၏ဟု ကခ်ီဂဏ္ဌိ၌ မှာ၏။

၁၆- ပုစ္ဆာ။ ။တချက်လည်း မြတ်စွာဘုရားသည် ဆံတော်မြတ်ကို အနော်မာမြစ်ကမ်းယံတွင် ဖြတ်တော်မူသော ကာလ ဆံတော်သည် လက်လေးသစ် ကြွင်းရစ်သည်။ တခြို့ကလည်း ဆံတော်သည် လက်ရှစ်သစ် ကြွင်းရစ်သည်ဟု အတည်မကျ အသီးသီး ပြောဆိုကြပါသည်။ အတပ်သိလိုပါသည်။

၁၆-ဝိသဇ္ဇနာ ။ ။ဘုရားသခင် ဆံတော်သည် လက်လေးသစ် မှန်မည်။ ရှစ်သစ် မှန်မည်ကို မေးလျှောက်ရာ၌ –

ဒက္ခိဏောန ဟတ္ထေန ပရမနိသိတမသိဝရံ ဂဟေတွာ ဝါမဟတ္ထေန မောဠိယာ သဒ္ဓိံ စူဠံ ဂဟေတွာ ဆိန္ဒိ။ ကေသာ ဒွင်္ဂုလိမတ္တာ ဟုတွာ ဒက္ခိဏတော အာဝဋ္ဋမာနာ သီသံ အလ္လိယိံသု။ တေသမွန ကေသာနံ ယာဝဇီဝံ တဒေဝ ပမာဏံ အဟောသိ။ **ပုန** ကေသမဿုဩဟာယနာ န ဟောတိ။

ဒက္ခိဏောနဟတ္ထေန၊ လက်ယာလက်တော်ဖြင့်။ ပရမနိသိတံ၊ မြတ်သော လက်စွဲတော်ဖြစ်သော။ အသိဝရံ၊ သန်လျက်တော်ကို။ ဂဟေတွာ၊ ယူ၍။ ဝါမဟတ္ထေန၊ လက်ဝဲလက်တော်ဖြင့် မောဠိယာ၊ မကိုင့်တော်နှင့်။ သဒ္ဓိံ၊ တကွ၊ စူဠံ၊ ဦးသျှောင်ကို။ ဂဟေတွာ၊ ကိုင်၍၊ ဆိန္ဒိ၊ ဖြတ်တော်မူ၏။ ကေသာ၊ ဆံတော်တို့သည်။ ဒွင်္ဂုလိမတ္တာ၊ လက်နှစ်သစ်မျှ ဟုတွာ၊ ဖြစ်၍ ဒက္ခိဏတော၊ လက်ယာရစ်အားဖြင့်။ အာဝဋ္ဋမာနာ၊ လည်ကုန်လျက်။ သီသံ - သီသေ၊ ဦးခေါင်းတော်၌။ အလ္လိယိံသု၊ ကပ်ကုန်၏။ တေသမွနကေသာနံ၊ ထိုဆံတော်တို့၏။ ယာဝဇီဝံ၊ အသက်ထက်ဆုံး။ တဒေဝ ပမာဏံ၊ ထိုနှစ်သစ်သော ပမာဏသည် သာလျှင်။ အဟောသိ၊ ဖြစ်၏။ ပုန၊ တဖန်။ ကေသမဿု ဩဟာယနာ၊ ဆံမုတ်ဆိတ်ကို ရိတ်ချရခြင်းသည်။ နဟောတိ၊ မဖြစ်။

ဤသို့ စသည်ဖြင့် ဗုဒ္ဓဝင်အဋ္ဌကထာစသော ကျမ်းတို့၌ လာသောကြောင့် လက်နှစ်သစ်တည်ရစ်ကြောင်းတို့ သိအပ်၏။ ဘုရားသခင် လက်နှစ်သစ်တော်သည် မဇ္ဈိမပုရိသတို့၌ ခြောက်သစ်။ ပကတိပုရိသတို့၌ ကိုးသစ်ဖြစ်ရကား ဆံတော်ကို ခြောက်သစ်ဆိုသော်လည်း သင့်၏။ ကိုးသစ်ဆိုသော်လည်း သင့်၏။ အရာဌာနသို့ လိုက်၍ ချင့်တွက်ရမည်။ သဗ္ဗညုတဘုရားသခင်တို့မှသာ ဆံတော်လက်နှစ်သစ်ရှိသည်မဟုတ်၊ ပစ္စေကဗုဒ္ဓါတို့မှာလည်း ဆံမုတ်ဆိတ်တော် လက်နှစ်သစ်ရှိသည်ဟု ဆိုသည်။

ထို့ကြောင့် အပဒါန် အဋ္ဌကထာ၊ ခဂ္ဂဝိသာဏသုတ်အဖွင့်တွင်–

ပစ္စေကဗုဒ္ဓါ နာမ ဒွင်္ဂုလကေသမဿု အဋ္ဌပရိက္ခာရ ယုတ္တာ ဘဝန္တိ၊ ဟုဆိုသည်။

ရဟန်းတို့မှာလည်း ရှည်စွာအဆုံး လက်နှစ်သစ်မျှသာ ဆံကိုထားအပ်ကြောင်း၊ ထိုထက် အလွန် မထားအပ်ကြောင်းကို ပညတ်တော်မူ၏။ လေးသစ်ဆိုသည်မှာ ကျမ်းဂန်နှင့်လည်း မညီ၊ အမြောက်အပွား အတိုးအတက် မရလွန်း။

၁၇-ပဏ္ဍာ ။ ။တကြောင်းလည်း သောတာပန်ဖြစ်သော ပုဂ္ဂိုလ်သည် အပါယ်လေးပါး တံခါးပိတ်ကြောင်းများကို ရတနသုတ္တန် ဒေသနာတော်တွင် စတူဟပါယေဟိစ ဝိပွမုတ္တော ဟူ၍ ဟောတော်မူပါသည်။

အဘိဓမ္မတ္ထသင်္ဂဟ လက်သန်းအဋ္ဌကထာတွင်လည်း–

သောတာပတ္တိမဂ်ံ ဘာဝေတွာ ဒိဋ္ဌိဝိစိကိစ္ဆာပဟာနေန ပဟီနာပါယဂမနော သတ္တက္ခတ္တုံပရမော သောတာပန္နောနာမ– ဟူ၍ဆိုပါသည်ကိုလျက် -

မဂ်ရဏကန်၊ သောတာပန်၊ တိရစ္ဆာန်ဘယ့်ကြောင့်ဖြစ်သနည်း –

ဟု အမေးပုစ္ဆာပြု၍ မေးဆိုကြပြန်ခဲ့သည်။ တိရစ္ဆာန်သည် အပါယ်လေးပါးတွင် ပါဝင်သူပင် ဖြစ်ပါသည်။ သဘောယုတ္တိမရှိလျှင် ဤစကားကိုရှာကြံ၍ မဆိုတန်ရာ ဖြစ်ပါသည်။ သဘောယုတ္တိ အာဂုံသာဓက ရှာကြံတော်မူပါ။

ဆိုစဉ်ခဏ၊ အမြွက်ပြက၊ မဟ စသာ၊ ထုံးနည်းနာကို၊ မကြာဖြေမှု၊ နှုတ်ဝယ်လုသို့၊ တခု မထား၊ သူကိုကြားသည်–

ဟု အရှင်မဟာသီလဝံသ စပ်ဆိုတော်မူပါသည် ဆရာတော်ဘုရား။

၁၇-ဝိသဇ္ဇနာ။ ။သောတာပန် ပုဂ္ဂိုလ်တို့သည် တိရစ္ဆာန်ဖြစ်သည်ဟု ဆိုသော စကားကို မေးလျှောက်ရာ၌ -

စတူဟပါယေဟိ စ ဝိပွမုတ္တော-ဟု ဟောတော်မူအပ်သော ဒေသနာတော်သည် နိတတ္ထ ဒေသနာတော်နည်းဖြစ်၍ မုချဆတ်ဆတ်မှန်သော အနက်ရှိသော စကားတော်ပင် ဖြစ်သည်။

ထို့ကြောင့် သုတ်မဟာဝါပါဠိတော် မဟာပရိနိဗ္ဗာနသုတ်တွင် –

ယေန အရိယသာဝကော အာကင်္ခမာနော အတ္တနာဝ အတ္တာနံ ဗျာကရေယျ ခီဏာနိရယောခီ၊ မိုဏာတိရစ္ဆာနယောနိယော၊ ခီဏာပေတ္တိဝိသယော၊ ခီဏာပါယဒုဂ္ဂတိ ဝိနိပါတော၊ သောတာပန္နောဟမသ္မိ၊ အဝိနိပါတဓမ္မော နိယတောသမ္ဗောဓိပရာယနောတိ ဟူ၍ လည်းကောင်း။

ပုဂ္ဂလပညတ်ပါဠိတော်၌လည်း –

ကတမော ပုဂ္ဂလော သတ္တက္ခတ္တုပရမော။ကွဓေကစ္စော ပုဂ္ဂလော တိဏ္ဏံ သညောဇနာနံ ပရိက္ခယာ သောတာပန္နော နာမ ဟောတိ အဝိနိပါတ ဓမ္မော နိယတော သမ္ဗောဓိပရာယနော-ဟူ၍ လည်းကောင်း။

ကတမော ပုဂ္ဂလော ကောလံကောလော သောတာပန္နော။ ကွမေကစ္စော ပုဂ္ဂလော တိဏ္ဏံ သညောဇနာနံ ပရိက္ခယာ သောတာပန္နော ဟောတိ အဝိနိပါတ-ဓမ္မော-ဟူ၍လည်းကောင်း။

ကတမော ပုဂ္ဂလော ဧကဗီဇီသောတာပန္နော။ ကွမေကစ္စော ပုဂ္ဂလော တိဏ္ဏံ သညောဇနာနံ ပရိက္ခယာ သောတာပန္နော ဟောတိ အဝိနိပါတဓမ္မော-ဟူ၍ လည်းကောင်း။

ဤသို့ စသည်ဖြင့် သုံးပါးသော သောတာပန်ပုဂ္ဂိုလ်တို့ကိုပင် အဝိနိပါတဓမ္မ၊ အပါယ်လေးပါး မလားကြောင်းကို ဟောတော်မူသော မုချဆတ်ဆတ်သော ပရမတ္ထ ဒေသနာတော် ဖြစ်သည်ဟု မှတ်အပ်၏။

ထိုသို့ ဟောတော်မူသော ဒေသနာတော်ရှိလျက် သောတာပန်ပုဂ္ဂိုလ်သည် တိရစ္ဆာန်အဘယ့်ကြောင့် ဖြစ်သနည်း ဟူရာ၌ –

မြတ်စွာဘုရားလက်ထက် တခုသော နဂါးသည် လူ့အယောင်ဖြင့် ရဟန်းပြုရာ၌ –

တိရစ္ဆာနဂတော ဘိက္ခဝေ အနုပသမ္မန္နော န ဥပသမ္မာဒေတဗ္ဗော။ ဥပသမ္မန္နော နာသေတဗ္ဗော –

ဟူ၍ ဟောတော်မူသော ဝိနည်းမဟာဝါ ပါဠိတော်၌ တိရစ္ဆာန်ကို ရဟန်းမပြုစေအပ်ဟု ပညတ်တော်မူသည်ကိုဤအရာ၌ဗုဒ္ဓမတညုတမထေရ်မြတ်တို့သည် –

တိရစ္ဆာနဂတော ဘိက္ခဝေတိ ဇ္ဈ နာဂေါ ဝါ ဟောတု သုပဏ္ဏမာဏဝကာဒီနံ အညတရော၊အန္တမသော သက္ကံ ဒေဝရာဇာနံ ဥပါဒါယော ကောစိ နမနုဿဇာတိယော သဗ္ဗော၀ ဣမသ္မိံ အတ္ထေ တိရစ္ဆာနဂတောတိ ဝေဒိတဗ္ဗော-ဟူ၍ ဖွင့်တော်မူသည်။

တိရစ္ဆာန်ဆိုသည်ကား -ဤအရာ၌ နဂါးဖြစ်စေ၊ ဂဠုန်ဖြစ်စေ၊ အထူးသဖြင့် သိကြားမင်းကို အစပြု၍ တစုံတယောက် လူစင်စစ် မဟုတ်သမျှကိုပင် တိရစ္ဆာန်ဟု မှတ်ရမည်။

ထိုသို့ အဋ္ဌကထာဖွင့်သည်ကို ထောက်၍ ဝဇိရတ္ထသင်္ဂဟကျမ်း၌ –

ဗြဟ္မာနော ဟောန္တိ ဧကစ္စေ အဟေတုကပဋိသန္ဓိကာ တိရစ္ဆာနဂတာ ဧကစ္စေ မဂ္ဂံ ဖလံ လဘန္တိတိ။

ဧကစ္စေ၊ အခြို့ကုန်သော။ ဗြဟ္မာနော၊ ဗြဟ္မာတို့သည်။ အဟေတုကပဋိသန္ဓိကာ၊ အဟိတ်ပဋိသန္ဓေရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဧကစ္စေ၊ အခြို့ကုန်သော။ တိရစ္ဆာနဂတော၊ တိရစ္ဆာန်ဖြစ်ကုန်သော သူတို့သည်။ မဂ္ဂံ အရိယမဂ္ဂင်္၊ အရိယမဂ်ကိုလည်းကောင်း။ ဖလံ သာမညဖလဉ္စ၊ သာမညဖိုလ်ကိုလည်းကောင်း။ လဘန္တိ၊ ရကုန်၏ –

ဟူဆိုသောစကား၌ဗြဟ္မာဖြစ်လျက် အဟိတ်ဆိုသည်ကားရုပ်ဖြင့် ပဋိသန္ဓေနေသော အသညသတ်ပုဂ္ဂိုလ်ကိုရည်၍ဆိုသည်။ တိရစ္ဆာန်ဖြစ်လျက် မဂ်ဖိုလ်ရ၏ဆိုသည်ကား ဝိနည်းဒေသနာတော်အားဖြင့် သိအပ်သော သိကြားမင်းကိုဆိုသည်။

ထို့ကြောင့် ဝဇိရဋီကာ၌ –

ဧကစ္စေ ဗြဟ္မာနော အဟေတုကပ္ပဋိသန္ဓိကာဟောန္တိတိ ဣဒံ အသညသတ္တေ သန္ဓာယ ဝုတ္တံ။ တေဟိ ရူပပဋိသန္ဓိကာဟောန္တိ။ ရူပဉ္စ အဟေတုကံ။ သဗ္ဗံ ရူပံ နာမဟေတုကမေဝါတိ ဝုတ္တံ။ တိရစ္ဆာနဂတာ ဧကစ္စေ ပဂ္ဂဲ ဖလံ လဘန္တိတိ အရိယမဂ္ဂဉ္စ သာဖလဖလဉ္စ လဘတိ ဧဝ။ဣဒဉ္စ သန္ဓာယဘာသိတဝသေနေဝ ဝေဒိတဗ္ဗံ။ တထာ ဟိ တိရစ္ဆာနဂတော ဘိက္ခဝေန ပဗ္ဗာဇေတဗ္ဗော နာ ဥပသမ္မာဒေတဗ္ဗောတိ ဧတ္ထ သဏ္ဌော ဒေဝရာဇာ တိရစ္ဆာနဂတောတိ ဝုစ္စတိ။ သော ပန မဂ္ဂဖလာနိ လဘတေဝ –

ဟုလာသော ဋီကာပါဠိကိုထောက်၍ သိအပ်၏။

ထို့ကြောင့် မဂ်ရပြီးသောပုဂ္ဂိုလ်တို့သည် တိရစ္ဆာန်ဖြစ်၍ဟူသောစကားသည် တိရစ္ဆာန်ဘုံ၌ အဟိတ် ပဋိသန္ဓေနေ၍ဖြစ်သော ပုဂ္ဂိုလ်ကို ရည်၍ မေးသည်မဟုတ်၊ ဝိနည်းအားဖြင့်ရဟန်းမပြုရခြင်း တစိတ်တူသည်ကိုရည်၍ လောကီဖွယ်ရာ ပညာပွား စကားရရုံ ဆရာတို့ပြဿနာ စီကုံးရေးသားထားလေသည်ဟု မှတ်ရမည်။

၁၈-ပုစ္ဆာ။ ။နှစ်ဆယ့်လေးလုံး၊ စွဲသုံးအရာ၊ သရဏာဟု၊ ဦးစွာရွတ်ဘိ၊ သာသတ္ထိဖြင့်၊ သိဒ္ဓိမင်္ဂလာ၊ သင်ပြီးစွာသား၊ ရံကာထေရ်ပေါင်း၊ ရှင်ရှစ်သောင်းတွင်၊ အကြောင်းသိချင်၊ တောင်းပန်ကျင်သည်၊ နားဝင်နည်းနာ၊ သာရိပုတြာ–

ဟူ၍ ပါရမီခန်းတွင် စပ်တော်မူသည်၌ –

'ဦးစွာရွတ်ဘိ၊ သာဝတ္ထိဖြင့်'ဆိုသောစကားကို သာဝတ္ထိပြည်ဟု ယူချေသော် '၌'ဟူ၍ ဆိုရပါမည်။ 'ဖြင့်' ဟူ၍ဆိုခဲ့သည်။ 'ဖြင့်' ဟူ၍ ကရိဏီး ယူချေကလည်းကရိဏီး၏အရ သာဝတ္ထိသည် အဘယ်ကိုဆိုသည် မသိနိုင်ပါ။ '၌'ဟူ၍ အာဓာရ ဆိုချေသော်လည်း အာဓာရ ဖြစ်သော သာဝတ္ထိပြည်၌ အရှင်သာရိပုတြာကိုတင်၍ ရဟန်းပြုသည်မဟုတ်၊ ပါရမီခန်းအဖြေ၌လည်း နှစ်လိုဝမ်းမြောက်စွာ သိဒ္ဓိတင်သည်ဟူ၍ ဆိုပါသည်။ သာဝတ္ထိဖြစ်သော ပဌမကွဲရာ 'တ္ထိ'ဖြစ်မည်။ ဒုတိယကွဲရာ 'တ္ထိ'ဖြစ်မည်။ သာဝတ္ထိ၊ သာဝတ္ထိ နှစ်ပါးကို မည်သို့ ဆိုလိုမည်ကို သိလိုပါသည်။

အသက်ခန္ဓာ၊ ဆုံးသောခါမှ၊ ဆိုရာသတတ်၊ မှတ်သည်လေးတွဲ၊ နက်ထုံးဖွဲ့လည်း၊ ကြွင်းမဲ့ ငါပြသပြီတည်း -ဟူ၍ အရှင်မဟာရဋ္ဌသာရ စပ်တော်မူသည် ဆရာတော်ဘုရား။

သတ္တရာဇ် ၁၁၇၀-ပြည့် တန်ဆောင်မုန်းလဆန်း ၁ ရက် ဗုဒ္ဓဟူးနေ့ မုံရွာ သိရီမာလာက ဧလျှောက်လာရာတွင် ဖြေဆိုလိုက်သည်ကား–

၁၈-ဝိသဇ္ဇနာ။ ။ပါရမီခန်းအရကို မေးလျှောက်ရာ၌ သာဝတ္ထိ၊ သာဝတ္ထိ အက္ခရာရှိသည်ကို မေးသည်လည်းတစ်ချက်၊ သာဝတ္ထိပြည်ဟု နှစ်လုံးပိုက်၍ မေးသည်လည်းတစ်ချက်။ ဤအက္ခရာတို့သည် ပါရမီခန်းကိုပြုတော်မူသော ကျမ်းဆရာ၏ မနသိကာရ၊ မနသိဌာနသို့ပင် မကျချေ။ နောက်သားတို့ အရေးအကူး များသောကြောင့် စာစောင်ကပင် အက္ခရာ တိမ်းယိမ်းချော်အမှန်မကျရှိလေသည်။ သာဝတ္ထိဟူ၍ပင် မဖတ်ရေးသင့်ချေ။ သာဝိတ္ထိဟူ၍သာ ဝ-၌ ကွသရ

တင်၍ ဝိ-ဟူ၍ ရှိမှ သင့်ချေသည်။ သာဝိတ္ထိဟူသည်ကား ပြည်၏ အမည်မဟုတ် ဆန်း၏အမည်တည်း။

အဂ္ဂိဟုတမုခံ ယညာ၊ သာဝိတ္ထိ ဆန္ဒသော မုခံ။
ရာဇာ မုခံ မနုဿာနံ၊ နဒီနံ သာဂရော မုခံ။
နက္ခတ္တာနံ မုခံ စန္ဒော၊ အာဒိစ္စော တပတံ မုခံ။
ပုညံ အာကင်္ခမာနာနံ၊ သံယော ဝေ ယဇတံ မုခံ –

ဟု သုတ္တနိပါတ်ပါဠိတော် သေလသုတ်တွင် လာသည်။

ယညာ၊ ယဇ်ပူဇော်ခြင်းသည်။ အဂ္ဂိဟုတမုခံ၊ မီးပူဇော်ခြင်းလျှင် အကြီးအကဲရှိ၏။ သာဝိတ္ထိ၊ သာဝိတ္ထိ မည်သော ဆန်းသည်။ ဆန္ဒသော၊ ဆန်းကျမ်း၏။ မုခံ၊ အကြီးအကဲဖြစ်၏။ ရာဇာ၊ မင်းသည်။ မနုဿာနံ၊ လူတို့၏။ မုခံ၊ အကြီးအကဲဖြစ်၏။ သာဂရော၊ သမုဒ္ဒရာသည်။ နဒီနံ၊ မြစ်တို့၏။ မုခံ၊ အကြီးအကဲဖြစ်၏။

စန္ဒော၊ လသည်။ နက္ခတ္တာနံ၊ နက္ခတ်တို့၏။ မုခံ၊ အကြီးအကဲဖြစ်၏။ အာဒိစ္စော၊ နေသည်။ တပတံ၊ အရောင်အဝါ ထွန်းလင်းသမျှ ဝတ္ထုတို့၏။ မုခံ၊ အကြီးအကဲဖြစ်၏။ သံယော၊ သံယာသည်။ ပုညံ၊ ကောင်းမှုကို။ အာကင်္ခမာနာနံ၊ အလိုရှိကုန်သော။ ယဇတံ၊ ပူဇော်ကုန်သော သူတို့၏။ ဝေ၊ စင်စစ်။ မုခံ၊ အကြီးအကဲဖြစ်၏။

ဤသို့သေလသုတ်တွင် လာသည်လည်း တကြောင်း၊ ဝိနည်း စူဠဝါပါဠိတော်၊ မဇ္ဈိမပဏ္ဏာသပါဠိတော်၌လာသော ကေနိယဝတ္ထုအဆုံးတွင်လည်း ၎င်းနည်းတူ ဘုရားဟောတော်မူသည်။

သုတ္တနိပါတ် အဋ္ဌကထာ၌လည်း–

ဗေဒေ သဇ္ဈာယန္တေ ဟိ ပဌမံ သဇ္ဈာယိတဗ္ဗတော သာဝိတ္ထိ ဆန္ဒသော မုခန္တိ ဝုတ္တံ –

ဟူ၍ ဖွင့်သည်။ ထိုသို့ ဟောတော်မူသည်နှင့်အညီ သာဝိတ္ထိဟူ၍ ဆန်းအမည်ကို မှတ်အပ်၏။ ထိုသာဝိတ္ထိမည်သော ဆန်းသည် နှစ်ဆယ့်လေးလုံးအက္ခရာရှိသည်၊ သုံးပဒလည်းရှိသည်၊ ဗေဒင်ကျမ်း၏အစဦးလည်းဖြစ်သည်။

ထိုကြောင့် အဘိဓာန်၌ –

စတုဝီသက္ခရံ တု ယံ ဝေဒါနမာဒိဘူတံ သာ၊ သာဝိတ္ထိ တိပဒံ သိယာ။

ယံ၊ အကြင်ဆန်းသည်။ စတုဝီသက္ခရံ၊ အက္ခရာနှစ်ဆယ့်လေးလုံးရှိ၏။ ဝေဒါနံ၊ ဗေဒင်ကျမ်းတို့၏။ အာဒိဘူတံ၊ အစဖြစ်၍ဖြစ်၏။ သာ၊ ထိုဆန်းသည်။ သာဝိတ္ထိ၊ သာဝိတ္ထိမည်၏။ တိပဒံ၊ သုံးပဒရှိသည်။ သိယာ၊ ဖြစ်ရာ၏ဟု ဆိုသည်။

သာဝိတ္ထိဆန်းကား သရဏုံ သုံးပါးပင်ဖြစ်သည်။

ထို့ကြောင့် အဘိဓာန်ဋီကာ၌ –

ယထာ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။ ဓမ္မံ သရဏံ ဂစ္ဆာမိ။သံဃံ သရဏံ ဂစ္ဆာမီတိ။ သဝိတုသဏ္ဌသိနော အယံ ဝါစာ သာဝိတ္ထိ။ ဣဏံ–

ဟူ၍ဆိုသောကြောင့် သရဏဂုံ သုံးပါးသည် သုံးပဒလည်းရှိသည်။ နှစ်ဆယ့်လေးလုံးလည်း ရှိသည်ဖြစ်၍ သာဝိတ္တိဂါထာ မည်သည်၊ ဗေဒင်ကျမ်းတို့၏ အစအဦး ဖြစ်သောကြောင့် "သာဝိတ္တီ ဆန္ဒသော မုခံ" ဟူ၍လည်းကောင်း။ "ဝေဒါန မာဒိဘူတံ သာ" ဟူ၍လည်းကောင်း ဆိုသည်ကိုပင် "ဦးစွာရွတ်ဘိ၊ သာဝိတ္တိ"ဟူ၍စပ်တော်မူသည်။

ထို့ကြောင့် "နှစ်ဆယ့်လေးလုံး၊ စွဲသုံးအက္ခရာ၊ သရဏာဟု၊ ဦးစွာရွတ်ဘိ၊ သာဝိတ္တိဖြင့်၊ သိဒ္ဓိမင်္ဂလာ၊ တင်ပြီးစွာသား၊ ရံကာထောရ်ပေါင်း၊ ရှင်ရှစ်သောင်းတွင်၊ အကြောင်းသိချင်၊ တောင်းပန်ကျင်သည်၊ နားဝင်နည်းနာ၊ သာရိပုတြာ"ဟု စပ်တော်မူသည်။

ထို့ကြောင့် သာဝတ္တိ ဟူ၍လည်း မဖတ်လေအပ်။ သာဝတ္ထိ ဟူ၍လည်း မမှတ်လေအပ်။

၁၉-ပုစ္ဆာ။ ။ပါရမီတွင်-ကုသိုလ်ဘော် ဟု၊ ခေါ်ဝေါ်စင်စစ်၊ မိန်းမဖြစ်၍၊နှစ်ဆစ်တရာ၊ ကမ္မာရှည်လျား၊ ကျင်လည်ငြားလည်း၊ ယောကျ်ားတရံ၊ မဆံဖူးလေ၊ မီးယပ်နေသား၊ အသေတတန်၊ ကိုယ်ဝန်လည်းစွဲ၊ ဆင်းရဲတိုင်ထိ၊ သားသည်မိတို့-ဟူ၍ စပ်တော်မူသော ကဗျာကို မှီ၍ မိန်းမတို့သည် ယောကျ်ား မဖြစ်စဖူးလေ။ ယောကျ်ားတို့လည်း မိန်းမ မဖြစ်စဖူး-ဟူ၍ ယူသူ တို့လည်း အများရှိပါသည်။ မိန်းမကား ယောကျ်ားမဖြစ်၊ ယောကျ်ားကား မိန်းမရံဖန်ဖြစ်၏ဟု ယူသူတို့လည်း ရှိကြပါသည်။ အချို့လည်း မိန်းမအဖြစ်လည်း အမြဲမရှိ၊ ယောကျ်ားအဖြစ်လည်း အမြဲမရှိဟု သောရေယျဝတ္ထုကိုဆောင်၍ ပြောဆိုကြပါသည်။ အချို့လည်း ယသောဓရာဒေဝီသည် အမြဲပင် မိန်းမဖြစ်သူ၊ ဘုရားလောင်းသည် အမြဲပင် ယောကျ်ားဖြစ်သူဟု ပြောဆိုကြပါသည်။ သို့အသီးအသီး ဆိုကြ ယူကြသော စကားမှန်လျှင် "ယောကျ်ားတရံ၊ မဆံဖူးလေ၊ မီးယပ်နေသား" ဟု စပ်ဆိုသောစကားသည် ပျက်အံ့ ထင်ပါသည်။ သောရေယျဝတ္ထုစကား၊ ယသောဓရာစကား၊ ဘုရားလောင်း စကားတို့နှင့် "ယောကျ်ားတရံ၊ မဆံဖူးလေ" စပ်ဆိုသော စကားတို့ကိုသိလိုပါသည်။

သက္ကရာဇ် ၁၁၇၀-ပြည့် နတ်တော်လဆန်း ၁-ရက်၊ သောကြာနေ့၊ မုံရွာ သိရီမာလာက လျှောက်လာရာတွင် ဖြေဆိုလိုက်သည်ကား -

၁၉-ဝိသဇ္ဇနာ။ ။ပါရမီခန်းကဗျာကို အမှီပြု၍ မိန်းမတို့သည် ယောကျ်ားမဖြစ်စဖူးလေ။ ယောကျ်ားတို့လည်း မိန်းမ မဖြစ်စဖူးလေဟု ယူကြပါသည် ဟူ၍ မေးလျှောက်ရာ၌ -

သံသရာ၌ ကျင်လည်သော သတ္တဝါတို့သည် မြဲသောသဘောမရှိ။ ဖောက်ပြန်တတ်၏။ ထို့ကြောင့် မိန်းမလည်း ယောကျ်ားဖြစ်၏။ ယောကျ်ားလည်း မိန်းမဖြစ်၏ဟု အကျဉ်းအားဖြင့် သန္နိဋ္ဌာန်ကျ မှတ်အပ်၏။ ထို့ကြောင့် ကုန္ဒိယမိုက်ပါဦးတော်၊ ဥပါဒဝါရ၊ ပစ္စုပ္ပန္နာတီတဝါရတွင် ကုတ္ထိန္ဒိယမူ ပုရိသိန္ဒြိယမူလို၌ အနုလောမဝယ်-

ယဿ ကုတ္ထိန္ဒြိယံ ဥပ္ပဇ္ဇတိ တဿ ပုရိသိန္ဒြိယံ ဥပ္ပဇ္ဇိတ္ထာတိ အာမန္တာ။

ပဋိလောမ၌လည်း–

ယဿ ဝါ ပန ပုရိသိန္ဒြိယံ ဥပ္ပဇ္ဈိတ္ထ၊ တဿ ဣတ္ထိန္ဒြိယံ ဥပ္ပဇ္ဇတိတိ သဗ္ဗေသံ စဝန္တာနံ န ဣတ္ထိနံ ဥပပဇ္ဇန္တာနံ တေသံ ပုရိသိန္ဒြိယံ ဥပ္ပဇ္ဈိတ္ထ။ နော စ တေသံ ဣတ္ထိန္ဒြိယံ ဥပ္ပဇ္ဇတိ၊ ဣတ္ထိနံ ဥပပဇ္ဇန္တီနံ တေသံ ပုရိသိန္ဒြိယဉ္စ ဥပ္ပဇ္ဈိတ္ထ ဣတ္ထိန္ဒြိယဉ္စ ဥပ္ပဇ္ဇတိ။

အနက်ကား။ ။ယဿ၊ အကြင်ပုဂ္ဂိုလ်အား။ ဣတ္ထိန္ဒြိယ်၊ ဣတ္ထိန္ဒြေသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ဆဲ။ တဿ၊ ထိုပုဂ္ဂိုလ်အား။ ပုရိသိန္ဒြိယ်၊ ပုရိသိန္ဒြေသည်။ ဥပ္ပဇ္ဈိတ္ထ၊ ဖြစ်ဖူးလေပြီလော။ ဣတိပုစ္ဆာယံ၊ ဤသို့သော အမေးသည်။ သတိ၊ ရှိသော်။ အာမန္တာ၊ ဣတ္ထိန္ဒြေ ဖြစ်ဆဲသော ပုဂ္ဂိုလ်အား ပုရိသိန္ဒြေ ဖြစ်ဖူးလေပြီ။ ဣတိ အယံ၊ ဤသည်လျှင်။ ဝိသဇ္ဇနာ၊ အဖြေတည်း၊ ဤကား အနုလောမပါဠိ၏အနက်။

ယဿ ဝါ ပန၊ အကြင်ပုဂ္ဂိုလ်အားကား ။ ပုရိသိန္ဒြိယ်၊ ပုရိသိန္ဒြေသည်။ ဥပ္ပဇ္ဈိတ္ထ၊ ဖြစ်ဖူးလေပြီ ။ တဿ၊ ထိုပုဂ္ဂိုလ်အား။ ဣတ္ထိန္ဒြိယ်၊ ဣတ္ထိန္ဒြေသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ဆဲလော။ ဣတိပုစ္ဆာယံ၊ ဤသို့သောအမေးသည်။ သတိ၊ ရှိသော်။ သဗ္ဗေသံ၊ ခပ်သိမ်းကုန်သော။ စဝန္တာနံ၊ စုတေ့ဆဲဖြစ်ကုန်သော ။ နဣတ္ထိနံ၊ ဣတ္ထိမဟုတ်ကုန်သော။ ဥပပဇ္ဇန္တာနံ၊ ပဋိသန္ဓေ နေဆဲဖြစ်ကုန်သော။ တေသံ၊ ထိုပုဂ္ဂိုလ်တို့အား။ ပုရိသိန္ဒြိယ်၊ ပုရိသိန္ဒြေသည်။ ဥပ္ပဇ္ဈိတ္ထ၊ ဖြစ်ဖူးလေပြီ။ တေသံ၊ ထိုပုဂ္ဂိုလိတို့အား ဣတ္ထိန္ဒြိယ်၊ ဣတ္ထိန္ဒြေသည်။ နောစ ဥပ္ပဇ္ဇတိ၊ ဖြစ်ဆဲမဟုတ်။ ဣတ္ထိနံ၊ ဣတ္ထိဘောဒ္ဒ တည်ကုန်သော၊ ဥပပဇ္ဇန္တီနံ၊ အဋ္ဌိသန္ဓေနေဆဲဖြစ်ကုန်သော။ တေသံ၊ ထိုပုဂ္ဂိုလ်တို့အား။ ပုရိသိန္ဒြိယဉ္စ၊ ပုရိသိန္ဒြေသည်လည်း။ ဥပ္ပဇ္ဈိတ္ထ၊ ဖြစ်ဖူးလေပြီ။ ဣတ္ထိန္ဒြိယဉ္စ၊ ဣတ္ထိန္ဒြေသည်လည်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်ဆဲ။ ဣတိအယံ၊ ဤသည်လျှင်။ ဝိသဇ္ဇနာ၊ အဖြေတည်း။ ။ဤကား ပဋိလောမပါဠိ၏ အနက်။

အနုလောမပုစ္ဆာ၌ ဣတ္ထိန္ဒြေဖြစ်ဆဲသော ပုဂ္ဂိုလ်အား ပုရိသိန္ဒြေဖြစ်ဖူးလေပြီ။

ပဋိလောမပုစ္ဆာ၌ ခပ်သိမ်းသော စဝန္တပုဂ္ဂိုလ်၊ ဣတ္ထိ မဟုတ်သော ဥပပဇ္ဇန္တ ပုဂ္ဂိုလ်တို့သည် ပုရိသိန္ဒြေ ဖြစ်ဖူးလှလေပြီ။ ဣတ္ထိန္ဒြေလည်းဖြစ်ဆဲဟူ၍ ဟောတော်မူသည်။ ဤသို့ တိုက်ရိုက် ယထာရုတ၊ နီတတ္ထ၊ ပရမတ္ထဒေသနာတော်ဖြင့် တစုံတယောက်သော ပစ္စေကဗုဒ္ဓါ သာဝကတို့သည် ပစ်ပယ်ခြင်းငှာ မစွမ်းနိုင်သော သဗ္ဗညုတ ဉာဏ်တော်ဖြင့်သာ ဟောတော်မူခြင်းငှာ စွမ်းနိုင်သော ဒေသနာတော်ဖြင့် သိသာစွာပြတော်မူပြီးသည်ကို ဖောက်ပြန်၍ မယူအပ်။ မိန်းမလည်း ယောကျ်ားဖြစ်ဖူးလှလေပြီ။ ယောကျ်ားလည်း မိန်းမဖြစ်ဖူးလှလေပြီဟူ၍သာ အမြဲမှတ်အပ်၏။

မိန်းမကား ယောကျ်ားမဖြစ်။ ယောကျ်ားကား မိန်းမ ရဖန်ဖြစ်၏ဟု ယူကြပါသည်ဆိုသော စကားကို မေးလျှောက်ရာ၌ –

ဤစကားသည် ယထာရုတ တိုက်ရိုက်ဆိုသော စကားမဟုတ်၊ အနုမာနကြံဆ၍ ဆိုသော စကားသာဖြစ်ချေသည်။

အဘယ်သို့ ကြံဆသနည်းဟူမူကား –

အကြင်မိန်းမတို့သည် ဣတ္ထိဘာဝကိုရလျှင်ဘဝတဏှာ လွှမ်းခြင်းကြောင့် မိန်းမတို့၏ သဏ္ဌာန်လက္ခဏာတင့်တယ်၏၊ အထုံးအဖြိတ်လည်း ရှုဖွယ်ရှိ၏။ အဝတ်အစားလည်း ချစ်ဖွယ်ရှိ၏၊ ဤသို့

စသည်ဖြင့် ဘဝတဏှာကို ပြင်းစွာဖြစ်စေ၍ သားၵ်တပ်ခြင်းတဏှာ၊ လင်ၵ်တပ်ခြင်းတဏှာ၊ ယောကျ်ားတပါးၵ် တပ်ခြင်းတဏှာတို့သည် နှိပ်စက်ခြင်းကြောင့် အလျှပေးသော်လည်းကောင်း၊ သီတင်းသီလဆောက်တည်သော်လည်းကောင်း၊ကျွတ်ဘဝမှထွက်မြောက်ခြင်းကို အလိုမရှိဖြစ်လေတိုင်းသော ဘဝတို့ၵ်ပင် ဤလင်၊ ဤသား ၊ဤသမီးတို့နှင့်သာ တွေရပါစေ၊ ကြုံရပါစေ၊အတူတကွဖြစ်ရပါစေဟု နောက်နောက်သော ဘဝတိုင်အောင်ပင် တပ်ခြင်းတဏှာရာဂကို ပွားများစေ၍ အားကြီးစွာသော ဆန္ဒ,ရာဂ, ဥပါဒါန်, အာလယကိုဖြစ်စေ၍ ကျွတ်ဘဘဝတည်းဟူသော မိန်းမအဖြစ်ကိုအလိုရှိတတ်ချေသည်။ ကျွတ်ဘဘဝကိုသာအလိုရှိသော မိန်းမတို့သည်ကား ယောကျ်ားအဖြစ်ကို ရနိုင်ခဲချေသည်။ ဤသို့သော စကားကို ရည်ရွယ်၍ မိန်းမကား ယောကျ်ားမဖြစ် ဟူ၍ ဆိုလေသည်။

စင်စစ်အားဖြင့်ကား မိန်းမသည် ယောကျ်ားမဖြစ်ကောင်းသောကြောင့် ဆိုသည်မဟုတ်။ ယုတ္တိရှာကြံ၍ ဆိုသောစကားသာ ဖြစ်သည်။ ယုတ္တိရှာကြံ၍ ဆိုသောစကားဖြစ်သော်လည်း တပ်ခြင်းတဏှာ ရာဂကို မစွန့်ချေသောကြောင့်ဆိုသော စကားသည် အတိယုတ္တတရဖြစ်သော စကားပင်ဖြစ်တော့သည်၊ ထိုသို့မိမိတို့ ကျွတ်ဘဘဝ၌ ပြင်းစွာတပ်သော မိန်းမတို့အား မိန်းမဘဝမှ ဘဝပြောင်းကာမျှကို မဆိုလင့်ဦး၊ ကမ္ဘာပင် ပြောင်းလှည့်ပြောင်းသော်လည်း ခွာနိုင်ခဲချေ၏။

ထို့ကြောင့် သုတ်ပါထေယျအဂ္ဂညသုတ်ပါဠိတော်၌ –

ကျွတ္ထိယာ စ ကျွတ္ထိလိင်္ဂံ ပါတုရဟောသိ၊ ပုရိသဿ စ ပုရိသလိင်္ဂံ –

ဟူ၍လည်းကောင်း။

ထိုပါဠိတော်၏ အဖွင့်ဖြစ်သော အဋ္ဌကထာ၌လည်း –

ကျွတ္ထိယာ စာတိ ယာ ပုဗ္ဗေ မနုဿကာလေကျွတ္ထိတဿာ ကျွတ္ထိလိင်္ဂံ ပါတုဘဝတိ၊ ပုဗ္ဗေ ပုရိသဿပုရိသလိင်္ဂံ –

ဟူ၍လာသော အဋ္ဌကထာပါဠိ၊

ဇိနာလင်္ကာရဋီကာ၌–

ပုရိမကပ္ပေ ပုရိသာနံ ပုရိသလိင်္ဂံမေဝ၊ ကျွတ္ထိနံ ကျွတ္ထိလိင်္ဂံမေဝပါတုရဟောသိ –

ဟု လာသောပါဠိတို့ကိုမြင်၍ ထိုကြံဆ၍ဆိုသောစကားသည် သင့်သောစကားပင် ဖြစ်ပေသည်ဟု ဆိုသတည်း။

ရွှေကမ္ဘာဟောင်းက မိန်းမဖြစ်သောသူသည် ယခုကမ္ဘာဦး၌ မိန်းမဖြစ်၏။ ရွှေကမ္ဘာဟောင်းက ယောကျ်ားဖြစ်သော သူသည်လည်း ယခုကမ္ဘာဦး၌ ယောကျ်ားဖြစ်၏ဟူရာ၌ –

ကမ္ဘာဦး၌ မိန်းမတည်း ရှေးဦးစွာ ဖြစ်သလော၊ ယောကျ်ားတည်း ရှေးဦးစွာ ဖြစ်သလောဟူအံ့။

အသိတိနိပါတ် မဟာဟံသဇာတ်၌–

မဟာဘူတိတ္ထိယော နာမ လောကသ္မိံ ဥပ္ပဇ္ဇိ သု - ဟူသောပါဠိ၊

ဥပဓိဒ္ဓံ သူတိ ပဌမကပ္ပကာလေ ဣတ္ထိလိင်္ဂသေဝ ပဌမံ ပါတုဘူတတ္တာ ပဌမံ နိဗ္ဗတ္တတ္တာတိ အတ္ထော–

ဟူသော အဋ္ဌကထာ လာသောကြောင့် မိန်းမသည် ရှေးဦးစွာဖြစ်၏ဟု သိအပ်၏။

ဤသို့ သာဓကပါဠိတို့ကို ဆောင်၍ ဆိုခြင်းသည် မိန်းမသည် ဣတ္ထိဘဝသို့ရောက်လျှင် ယောက်ျားဖြစ်ခဲ့ကြောင်းကိုသာ ဆိုပေသည်။ စင်စင် ယောက်ျား မဖြစ်ကောင်းကြောင်းကို ဆိုသည်ကား မဟုတ်။ ထို့ကြောင့် မိန်းမလည်းယောက်ျားဖြစ်၏။ ယောက်ျားလည်း မိန်းမဖြစ်၏ဟု ယခင်ပြသော ယမိုက်ပါဠိတော်တို့ကိုထောက်၍ အမြဲသန္နိဋ္ဌာန်ကျ မှတ်အပ်၏။

ယောက်ျားလည်း မိန်းမ ရံဖန်ဖြစ်၏ဟု မေးလျှောက်ရာ၌–

ယောက်ျားလည်း မိန်းမဖြစ်၏။ မိန်းမလည်း ယောက်ျားဖြစ်၏။ အမြဲမရှိကြဟူ၍ ယခင်ပြသော ယမိုက်ပါဠိတော်ကိုတကြောင်း–

ပုရိသာနံ မာတုဂါမကာလော မာတုဂါမာနဉ္စ ပုရိသကာလောအတ္ထိ။ ဣမမှာ စက္ကဝါဠာ သတ္တာ ပရစက္ကပါဠိံ ပရစက္ကဝါဠာ စက္ကမံ စက္ကဝါဠိံ သံသရန္တိ။ တေသု ဣမသ္မိံ စက္ကဝါဠေ မာတုဂါမကာလေယေဝ ဌပေတ္ဝာ နာနာနာမံ ဧကနာမိကာယ မနုဿမာတုယာ ကုစ္ဆိယံ နိဗ္ဗတ္တကာလေ ဧကေန ပိတထည် စတူသု မဟာသမုဒ္ဒေသု ဥဒကတော ဗဟုတရံ–

ဟု လာသော သံယုတ္တနိကာယ်၊ အနမတဂ္ဂသုတ်အဋ္ဌကထာပါဠ်–

ပုရိသာဟိ ဣတ္ထိယော ဣတ္ထိယောစ ပုရိသာ အဘူတပုဗ္ဗ နာမ နတ္ထိ–

ဟူသော ဓမ္မပဒအဋ္ဌကထာ သောရေယျသုတ် အဖွင့်တွင်လာသောပါဠ်–

ဤသို့ပါဠိတော် အဋ္ဌကထာပါဠ်တို့ကို ယုံကြည်သဖြင့် ယောက်ျားလည်း မိန်းမဖြစ်၏။ မိန်းမလည်း ယောက်ျားဖြစ်၏ဟု အမြဲမှတ်အပ်၏။

အချို့လည်း မိန်းမအဖြစ်လည်း အမြဲမရှိ၊ ယောက်ျားအဖြစ်လည်း အမြဲမရှိဟု သောရေယျ-ဝတ္ထုကိုဆောင်၍ ပြောဆိုကြပါသည် ဟူရာ၌လည်း အမြဲမရှိကြောင်းကို ယခင်ပြခဲ့ပြီးသော ပါဠိတော် အဋ္ဌကထာပါဠ်တို့နှင့် ညီသောကြောင့် လည်းကောင်း၊ သောရေယျဝတ္ထုကို ဆောင်၍ ပြောဆိုပေသောကြောင့် လည်းကောင်း၊ သောရေယျဝတ္ထုသည်လည်း ဓမ္မပဒ-အဋ္ဌကထာ စိတ္တဝဂ်တွင်လာသော ဝတ္ထုဖြစ်သောကြောင့် လည်းကောင်း သင့်သော ပြောဆိုခြင်းပင် ဖြစ်ပေသည်။

သင့်ကြောင်း သာဓကအာဂုံကား–

ပုမိတ္ထိ ပရိဝတ္တန္တိ၊ ပုရိသာနံ ဣတ္ထိတာဝူပဂမနေန ဣတ္ထိနံ ပုရိသဘာဝူပဂမနေန ပရိဝတ္တနံ-ဟုလာသော သာရတ္ထသဂ်ဟပါဠ်–

တေန ခေါ ပန သမယေန အညတရသ္မိ ဘိက္ခုနော ဣတ္ထိလိင်္ဂံ ပါတုဘူတံဟောတိ။ တေနခေါပန သမယေနအညတရာယဘိက္ခုနိယာ ပုရိသလိင်္ဂံ ပါတုဘူတံ ဟောတိ–

ဟုလာသော ပါရာဇိကဏ် ပါဠိတော်တို့ကို ထောက်၍ သင့်ကြောင်းကို သိရသည်။

ယခုပြသော သာရတ္ထသင်္ဂဟပါဠိ ပါရာဇိကဏ်ဏ် ပါဠိတော်တို့သည်ကား– ပဝတ္တိအခါ လိင်ပြန်ခြင်းကို ပြသော စကားဖြစ်သည်။

စောဒကပုဂ္ဂိုလ်၏ အာဘော်ကား ပဋိသန္ဓေ ဘဝပြောင်းကိုသာ မေးသည် မဟုတ်တုံလောဟူအံ့။ ပဝတ္တိအခါ လိင်ပြန်ခြင်းကို လည်းကောင်း၊ ပဋိသန္ဓေအခါ လိင်ပြန်ခြင်းကို လည်းကောင်း နှစ်ပါးစုံတို့၌ပင် မိန်းမသည် ယောကျ်ားဖြစ်ခြင်း ယောကျ်ားသည် မိန်းမဖြစ်ခြင်း တို့၌ ဖောက်ပြန်၍ ဖြစ်မဖြစ်ကို သိလိုလျှင် မေးသည်ဖြစ်သောကြောင့် ဤသာဓကပါဠိတို့ကို ဆောင်သည်။

ထိုပါဠိတို့တွင် ပဌမပါဠိ၏ အဓိပ္ပာယ်ကား- ပုဓိတ္ထိပရိဝတ္တန ဟူသည်ကား ယောကျ်ားတို့သည် မိန်းမအဖြစ်သို့ ရောက်ခြင်း၊ မိန်းမတို့သည် ယောကျ်ားအဖြစ်သို့ ရောက်ခြင်း ပရိဝတ္တန မည်၏။

ဒုတိယပါဠို၌ မြတ်စွာဘုရား လက်ထက်တော်၌ တစ်ပါးသောအခါ ရဟန်းယောကျ်ား တစ်ယောက်သည် ကျွတ္ထိလိင်ထင်ရှားဖြစ်၏ ဟူလိုသည်။

တတိယပါဠို၌ ရဟန်း မိန်းမ တစ်ယောက်သည် ပုရိသလိင်ထင်ရှားဖြစ်၏ ဟူလိုသည်။ ထို့ကြောင့် ရဟန်းယောကျ်ားအား ကျွတ္ထိလိင် ထင်ရှားဖြစ်ဖူးလေသည်ကို လည်းကောင်း၊ ရဟန်းမိန်းမအား ပုရိသလိင် ထင်ရှား ဖြစ်ဖူးလေသည်ကို လည်းကောင်း ထောက်၍ ပဝတ္တိတွင်ပင် အဖြစ် မမြဲကြောင်းကို သာဓကယူ၍ ရှည်စွာသော သံသရာ၌ကား မိန်းမဖြစ်တုံ ယောကျ်ားဖြစ်တုံ ဟူ၍သာ မှတ်အပ်၏။

ယသောဓရာဒေဝီသည် မိန်းမအမြဲဖြစ်သသူဟု ပြောဆိုကြသည်ဟူ၍ မေးလျှောက်ရာ၌ မိန်းမအမြဲ ဖြစ်သသူဟု မရှိကြောင်းကို ရှေးပြပြီးသော ပါဠိတော်ရှိပြီးဖြစ်သည်။

တစ်ကြောင်းလည်း-ကျန္ဒြိယ ယမိုက်တွင်ပင်–

ယဿ ကျွတ္ထိန္ဒြိယံ ဥပ္ပဇ္ဇိတ္ထ။ တဿ ပုရိသိန္ဒြိယံ နုပ္ပဇ္ဇိတ္ထာတိ။ ဥပ္ပဇ္ဇိတ္ထ။

ယဿ၊ အကြင်ပုဂ္ဂိုလ်အား။ ကျွတ္ထိန္ဒြိယ်၊ ကျွတ္ထိန္ဒြေသည်။ ဥပ္ပဇ္ဇိတ္ထ၊ ဖြစ်ဖူးလေပြီ။ တဿ၊ ထိုပုဂ္ဂိုလ်အား။ ပုရိသိန္ဒြိယ်၊ ပုရိသိန္ဒြေသည်။ နုပ္ပဇ္ဇိတ္ထ၊ မဖြစ်ဖူးလေပြီလော။ ကျွတိပုစ္ဆာယ်၊ ဤသို့သောအမေးသည်။ သတိ၊ ရှိသော်။ ဥပ္ပဇ္ဇိတ္ထ၊ ဖြစ်ဖူးလေပြီ။ ကျွတိဝိသဇ္ဇနာ၊ ဤသို့သော အဖြေသည်။ ဟောတိ၊ ဖြစ်၏။

မိန်းမဖြစ်ဖူးသောသူသည် ယောကျ်ားဖြစ်ဖူးလေပြီဟု ဟောတော်မူသည်။ ယင်းသို့ဖြစ်သောကြောင့် ယသောဓရာဒေဝီကိုလည်း ယောကျ်ားဖြစ်ဖူးလှလေပြီ ဟူ၍သာ မှတ်အပ်၏။ ယသောဓရာဒေဝီကို အမြဲမိန်းမ ဖြစ်သသူဟူ၍သာ ထင်ကြလေသည်ကား တန်ရုံမျှသော သူကို မဆိုလင့်ဦး။ ကျမ်းဂန်အင်တန်ကျမ်းသိလိမ္မာသည့် သူများပင်လည်း ထင်မိယူမိခဲ့သည်။ ထင်မိကြောင်းကား ငါးရာငါးဆယ့်သော ဇာတ်တော်ဝယ် အမရာ မဒ္ဒီ စန္ဒကိန္နရီ တို့မှစ၍ ပါလာလျှင် ယေဘုယျအားဖြင့် ယခုအခါ ရာဟုလမာတာ ဖြစ်၏ဟု ဇာတ်ကျမ်းတို့၌ ဇာတ်ပေါင်းတော် မူသည်ကို အမှီပြု၍ ဆိုမိ ထင်မိလေသည်။ ငါးရာငါးဆယ်ဇာတ် ဆိုသည်လည်း ယခုဘဒ္ဒကပ် ကမ္ဘာထဲတွင် ဖြစ်ကြောင်းကို သိစေလို၍ အတိတေဟု သာမည

ချီ၍ ဟောတော်မူသော ဇာတ်သာမျှားသည်။ သေရိဝဝါဏိဇဇာတ်၊ လောမဟံသနဇာတ် စသည်တို့ကဲ့သို့ ရှေးငါးကမ္ဘာထက်ဖြစ်ကြောင်း ရှေးကိုးဆယ့်တကမ္ဘာထက် ဖြစ်ကြောင်းများကို သိစေလို၍ "ဣတော ပဉ္စကပ္ပေ ဣတော ဧကနဝုတိ ကပ္ပေ" စသည်ဖြင့် ဣတောတု ဝိသေသ ချီ၍ ဟောတော်မူမြဲတွင် အတီတေဟု သာမညချီ၍ ဟောတော်မူသော ဇာတ်သာများသည်။ ထို့ကြောင့် ယသောဓရာဒေဝီသည် မိန်းမသာဖြစ်လျက်ရှိသည်ကို ဤကမ္ဘာမျှတွင်သာဟု ဇာတ်ကျမ်းကိုထောက်၍ ယူရမည်။ ယသောဓရာဒေဝီသည် မိန်းမဆုကို တောင်းသည်ကား ဤကမ္ဘာတွင်မှသာမဟုတ်၊ လေးသခ္ခေါနှင့် ကမ္ဘာတသိန်းထက်ကပင် ဒီပင်္ကရာ မြတ်စွာဘုရား ရှေ့တော်၌ ဆုတောင်းကြောင်းကို-

ပဉ္စဟတ္ထာ တဝ ဟောန္တု၊ တယော ဟောန္တု မမ ဣသေ။
တေန သဒ္ဓံ သမာဟောန္တု၊ ဗောဓတ္ထာယ တဝ ဣသေ။

ဣသိ ဂဟေတွာ ပုပ္ဖါနိ၊ အာဂစ္ဆန္တံ မဟာယသံ။
ပူဇေသိ ဇနသံ မဇ္ဈေ၊ ဗောဓတ္ထာယ မဟာဣသိ။

ပသိတွာ ဇနသံမဇ္ဈေ၊ ဒီပင်္ကရ မဟာမုနိ။
ဝိယာကာသိ မဟာဝီရော၊ ဣသိ မုဂ္ဂတမာနသံ။

အပရိမေယျေ ဣတော ကပ္ပေ၊ ဒီပင်္ကရ မဟာမုနိ။
မမ ကမ္မံ ဝိယာကာသိ၊ ဥဇုဘာဝံ မဟာမုနိ–

စသည်ဖြင့် လာသော ဘိက္ခုနီအပဒါန် ပါဠိတော် ကိုးကြောင်းစာ၊ 'ဓား' အဂ်ါတွင် ဒီပင်္ကရာမြတ်စွာဘုရား လက်ထက်တော်ကပင် ကြာငါးလက် ကြာသုံးလက်ကို လှူ၍ ဆုတောင်းကြောင်းကို လာသောကြောင့် ကာလ အလွန်ရှည်လျားလှလေပြီ မှတ်သင့်သည်။ ထိုထက်အလွန် ရှည်ဝေးစွာကပင် ဆုတောင်းကြောင်းကို ၎င်းအပဒါန်ကျမ်း၌ ဂါထာ အများပင်ပါသည်။ ထို့ကြောင့် မိန်းမဖြစ်ခဲ့သော အစ ရှည်လျားလှလေပြီဟု မှတ်သင့်သည်။ ရှည်လျားလှသော်လည်း အစ မထင် သံသရာအဆက်ဆက်က ရှည်လျားလှသည့် ကာလကို ထောက်ပြန်ချေသော် လေးသခ္ခေါနှင့် ကမ္ဘာတသိန်းမျှသော ကာလသည် အနည်းငယ်မျှသာ မှတ်ရမည်။ ယင်းသို့ဖြစ်၍ ထိုထက်ရှေးအလွန်ကာလက ယသောဓရာဒေဝီ အလောင်းသည် မိန်းမချည်းသည် ဖြစ်တော့သည်မဟုတ်။ ယောက်ျားလည်း ဖြစ်ဖူးလှလေပြီ၊ ထို့ကြောင့် "ယဿ ဣတ္ထိန္ဒြိယံ ဥပ္ပဇ္ဇတိ၊ တဿ ပုရိသိန္ဒြိယံ ဥပ္ပဇ္ဇိတ္ထာတိ၊ အာမန္တာ စသည်ဖြင့် ဟောတော်မူသော ယမိုက်ပါဠိတော်နှင့်အညီ ယသောဓရာဒေဝီလည်း ယောက်ျားဖြစ်ဖူးလှလေပြီဟူ၍ သန္နိဋ္ဌာန်ကျမှတ်အပ်၏။ ယသောဓရာဒေဝီသည် မိန်းမသာအမြဲဖြစ်၏ဟူ၍ မမှတ်လေလင့်။

ဘုရားအလောင်းတော်သည် အမြဲယောက်ျား ဖြစ်သသူဟူ၍ ဆိုကြပါသည်ဟု မေးလျှောက်ရာ၌လည်း–

လေးသခ္ခေါနှင့်ကမ္ဘာတသိန်းထက် ဗျာဒိတ် ခံတော်မူသည်မှစ၍ ကိုသာ ယူအပ်သည်။ အဘယ်ကြောင့်နည်းဟူမူကား–

ယော တေ ကတာဘိနီဟာရာနံ ဗောဓိသတ္တာနံ, အာနိသံသာ ဝဏ္ဏိတာ။ လ။ ဣတ္ထိဘာဝံ နာ ဂစ္ဆန္တိ၊ ဥဘတောဗျဉ္ဇနပဏ္ဍကာ။

ဟုလာသော ဓမ္မသင်္ဂဏီအဋ္ဌကထာ၊ အပဒါန်အဋ္ဌကထာတို့၌ ဗျာဒိတ်ခံပြီးသော ကာလကိုသာ ရည်၍ ဆိုသောကြောင့် ပါရမီခန်းတွင်လည်း–

"ဗျာဒိတ်ရဖြင့်၊ ပြောက်ချေမှည့်ကပ်၊ ဆယ့်ရှစ်ရပ်သား၊ မအပ်ကျိုးနည်း၊ မြူအထည်းကို၊ သုတ်လှည်းလျှော်ဖြူ၊ ရှင်သော်မူကား" ဟူ၍လည်းကောင်း–

ဓမ္မရာသီပျို့တွင်လည်း- "အောင်မြင်ဆုတောင်း၊ ရသည့်နှောင်းမှ၊ အလောင်းတကာ၊ မဖြစ်ရာကို၊ တခါဖွင့်ထွေ၊ ဆိုပြန်ပေအံ့" စသည်ဖြင့် လည်းကောင်း စပ်တော်မူသည်နှင့်အညီ ဗျာဒိတ်ခံပြီးသော ကာလမှစ၍သာ ဘုရားလောင်းတို့သည် မိန်းမ မဖြစ်၊ ယောကျ်ား အမြဲဖြစ်သည်ဟု ဆိုသော စကားကို ယူသင့်သည်။ ထို့ထက်အလွန် အစမထင် သံသရာမှာမူကား ယောကျ်ားချည်းသာ ဖြစ်တော့သည်မဟုတ်၊ မိန်းမလည်းဖြစ်ဖူးလှပေပြီ။ ထို့ကြောင့်–

> ယဿ ဣတ္ထိန္ဒြိယံ နုပ္ပဇ္ဇိတ္ထ၊ တဿ ပုရိသိန္ဒြိယံ ဥပ္ပဇ္ဇိဿတီတိ။ နတ္ထိ။ ယဿ ဝါ ပန ပုရိသိန္ဒြိယံ နုပ္ပဇ္ဇိဿတိ၊ တဿ ဣတ္ထိန္ဒြိယံ နုပ္ပဇ္ဇိတ္ထာတိ။ ဥပ္ပဇ္ဇိတ္ထ–

ဟုဟောတော်မူအပ်သော ယမိုက်ပါဠိတော်နှင့်အညီ ဘုရားအလောင်းတို့သည်လည်း မိန်းမဖြစ်ဖူးလှပေပြီ ဟူ၍ မှတ်အပ်၏။

ဗျာဒိတ်ရပြီးသောသူတို့ မိန်းမ မဖြစ်ဟူရာ၌ ဘုရားလောင်းကိုသာ မုချ ယူအပ်သည်။ ပစ္စေကဗုဒ္ဓါ, သာဝကအလောင်းတို့မှာ မိန်းမဖြစ်တုံ ယောကျ်ားဖြစ်တုံ ဟူ၍သာ မှတ်သင့်သည်။ ပစ္စေကဗုဒ္ဓါအလောင်း မိန်းမဖြစ်ဖူးဟန်ကား အပဒါန်ကျမ်း ပဉ္စမဂါထာ အဖွင့်တွင်–

> ဧကော ကိရ ဘိက္ခု၊ ကဿပဘဂဝတော သာသနေ ယောဂါဝစရော ကာလံ ကတ္ဝာ ဗာရာဏသိယံ သေဋ္ဌိကုလေ ဥပန္နော အဓေ့ မဟာဒွနေ မဟာဘောဂေ သုဘဝေါ အဟောသိ။ ပရဒါရိကော ဟုတ္ဝာ တတ္ထ ကာလင်္ကတော နိရယေ နိဗ္ဗတ္တော။ တတ္ထ ပစိတ္ဝာ ဝိပါကာဝသေသေန သေဋ္ဌိဘရိယာယ ကုစ္ဆိမှိ ဣတ္ထိပဋိသန္ဓိ အဂ္ဂဟေသိ–

စသည်ဖြင့်လာသည်။

အဓိပ္ပါယ်ကား။ ။ကဿပမြတ်စွာဘုရား လက်ထက်တော်၌ တယောက်သော ယောဝါဝစရ ရဟန်းသည် သေ၍ ဗာရာဏသီပြည်၌ ဥစ္စာစည်းစိမ်ဖြင့် ကြွယ်ဝသော သေဋ္ဌေးအမျိုး၌ဖြစ်၏။ ပရဒါရက်ကို ပြု၍သေသော် ငရဲ၌ဖြစ်၏။ ကြွင်းသော အကျိုးဆက်ကြောင့် သေဋ္ဌေးသမီးဖြစ်ပြန်လေ၏။ လင်၏အိမ်သို့ ရောက်သည်ရှိသော် လင်သည် မချစ်မခင်ရှိလေ၏။ တနေ့သ၌ လင်သည် နက္ခတ်သဘင် ကစားမည် သွားလေသော် မခေါ်ဘဲသွားလေ၏။ နောက်မှလိုက်လေသော် လမ်းခရီးအကြား၌ ပစ္စေကဗုဒ္ဓါကိုတွေ့၍ သပိတ်တော်ကို ယူပြီးလျှင် စားဖွယ်၊ ခဲဖွယ်တို့ဖြင့် ပြည့်စေလျက် သပိတ်ကို ကြာပွင့်ဖြင့် ဖုံးလျက် ကြာပန်းစည်းကို လက်ဖြင့်ကိုင်လျက် ဆုပန်လေ၏။ ဤပန်းကဲ့သို့ ဖြစ်လေတိုင်းသော ဘဝတို့၌ လူမျိုးချစ်ခင်ခြင်း၊ ကြာပန်း၌ ပဋိသန္ဓေနေရခြင်း၊ ယောကျ်ားသာလျှင် ဖြစ်ရခြင်း၊ နိဗ္ဗာန်ကိုရခြင်း၊ ကြာ၏ အဆင်းအနံ့နှင့်တူသော အဆင်းအနံ့ရှိခြင်းတို့နှင့် ပြည့်စုံလိုပါ၏ဟု ဆုပန်၏။ နောင်လည်း လင်သည် အလွန်ချစ်ခင်လေးမြတ်လေ၏။ အစဉ်အတိုင်း ခံစားပြီး၍ သေသည်ရှိသော် နတ်ပြည်၌ ကြာပန်း၌ ပဋိသန္ဓေနေ၍ ပဒုမဒေဝ နတ်သားဟုတွင်၏။ နတ်ပြည်ခြောက်ထပ်၌ အနုလောမ ပဋိလောမခံစံပြီး၍ လူပြည်၌ တဖန် ပဒုမာကြာတိုက်တွင် ပဋိသန္ဓေနေ၍ ဗာရာဏသီမင်းကြီးသည် ယူ၍မွေး၏။ အရွယ်သို့

ရောက်လျှင် ခေတ္တဇဟု အမည်တွင်၏။ ကြီးသောကာလ ပစ္စေကဗုဒ္ဓါ ဖြစ်လေ၏။ ဤသို့လာသော အကြောင်းကိုထောက်၍ ဗျာဒိတ်ရပြီးသော ပစ္စေကဗုဒ္ဓါ အလောင်းတို့သည် မိန်းမဖြစ်ပြန်၏ဟု သိရာသည်။ သာဝကအလောင်းတို့ မိန်းမဖြစ်ဟန်မှာ အရှင်အာနန္ဒာ၊ အရှင်သောရေယျ မထေရ်မြတ်တို့ကို ထောက်၍ သိရာသည်။

ဤစကားနှစ်ရပ်တွင် ယောက်ျားလည်း မိန်းမဖြစ်၏။ မိန်းမလည်း ယောက်ျားဖြစ်၏ဟု ဆိုရာ၌ အဘယ်အကြောင်းကြောင့် ဤသို့ဖြစ်သနည်းဟူမူကား–

ပုရိသော ဣတ္ထိဘာဝံ လဘန္တော ကာမေသုမိစ္ဆာစာရံ နိဿာယ လဘတိ–

ဟူသော သုတ်ပါထေယျ အဋ္ဌကထာပါဠိကို လည်းကောင်း၊

ပုရိသာ ဟိ ပရဿ ဒါရေ အတိစရိတ္တာ ကာလံ ကတ္တာ ဗဟူနိ ဝဿသတသဟဿာနိ နိရယေ ပစိတ္တာ မနုဿဇာတိံ အာဂစ္ဆန္တိ အတ္ထဘာဝသတေ ဣတ္ထိဘာဝံ အာပဇ္ဇန္တိ–

ဟူသော သာရတ္ထသင်္ဂဟပါဠိ-ဂင်းနည်းတူလာသော ဓမ္မပဒ အဋ္ဌကထာပါဠိ၊ ဤသို့လာသော အာဂုံသာဓက၊ ပါဠို အဋ္ဌကထာ ပါဠိတို့နှင့်အညီ ယောက်ျားတို့သည် ပရဒါရ၊ ကာမေသု မိစ္ဆာစာရ ကံကိုကျင့်၍ သေလျှင် အနှစ်တသိန်းမျှသော ကာလပတ်လုံး ငရဲ၌ ကျက်၍ လူဖြစ်သော ကာလ ဘဝအရာမျှလောက် မိန်းမအဖြစ်သို့ ရောက်ရကုန်၏။

ပရဒါရကံကို ပြုသောသူတို့သည် အနှစ်တသိန်းမျှသော ကာလပတ်လုံး ငရဲ၌ ခံရ၏ဟူသည်ကား ယေဘုယျသို့လိုက်၍ ဆိုသည်ဖြစ်ရာ၏။ ။**ဒုဿနသော** ဟူသော အာဒိသကေ်တဖြင့် မှတ်အပ်သော ဂါထာကို ရွတ်သော သေဋ္ဌေးသားလေးယောက်တို့သည် ကဿပမြတ်စွာဘုရား လက်ထက်တော်က ပရဒါရကံကို ကျင့်၍ လောဟကုမ္ဘီငရဲ၌ ငုပ်သောကာလ အနှစ်သုံးသောင်း၊ ပေါ်ဆဲကာလ အနှစ်သုံးသောင်း အနှစ်ခြောက်သောင်း ရှိမှ တကြိမ်တခါသော ပေါ်လျက် မြေတယူဇနာ တက်သည့်တိုင်အောင်မျှ ငရဲကမလွတ်နိုင်ကြောင်းကို ပြဆိုတော်မူသော ဓမ္မပဒအဋ္ဌကထာပါဠိကိုထောက်၍ သိရာ၏။ ဝတ္ထုသာဓကအားဖြင့်ကား–

အာနန္ဒတ္ထေရော ဟိ ကပ္ပသတသဟဿံ ပူရိတပါရမိ အရိယသာဝကော‌ပိ သံသာရေ သံသရန္တော ဧကဿိံ အတ္တဘာဝေ ကမ္မာရကုလေ နိဗ္ဗတ္တော ပရဒါရိကကမ္မံ ကတ္တာ နိရယေ ပစိတ္တာ ပက္ကာဝသေသေန အကုသလေန စုဒ္ဒသသု အတ္တဘာဝေသု ပရဿ ပါဒစာရိကာ ဣတ္ထီ အဟောသိ။ သတ္တသု အတ္တဘာဝေသု ဗီဇဒ္ဓါရဏံ ပါပုဏိ–

ဟူသော သာရတ္ထသင်္ဂဟပါဠိ ဓမ္မပဒအဋ္ဌကထာပါဠိနှင့်အညီ အရှင်အာနန္ဒာထေရ် အလောင်းသည် ပန်းထိမ်သည် အမျိုးဖြစ်သောကာလ ပရဒါရကံကို ပြုမိသောကြောင့် ငရဲ၌ ကျက်၍ ထိုမကောင်းမှုကံ အကြွင်းအားဖြင့် တဆယ့်လေးကြိမ် မိန်းမဖြစ်သည်။ ခုနစ်ကြိမ် အစေ့ထုတ်ခံရသော အမျိုးဖြစ်သည်။

နာရဒကဿပဇာတ်တော်၌လည်း-ရာဇဂဟနဂရေ သုဝဏ္ဏကာရပုတ္တော ဟုတ္တာ ပါပမိတ္တ-သံသဂ္ဂေနအစရှိသည်ဖြင့် လာသောပါဠိနှင့်အညီ ရွှေပန်းထိမ်သည်၏သား ဖြစ်သောကာလ ယုတ်မာသော အဆွေခင်ပွန်းကို ပေါင်းဖော်မှီဝဲသဖြင့် ပရဒါရကံကို ပြု၍ ရောရုဝ ငရဲကြီး၌ ရှည်မြင့်စွာကျက်ပြီးမှ ဆိတ်၊ မျောက်၊ နွားအမျိုး၌ ဖြစ်သောကာလ အစေ့ထုတ်သော

ဆင်းရဲကို ခံခဲ့၍ ဝဇ္ဇီတိုင်း၌ နပုံးတကြိမ်ဖြစ်၍ တာဝတိံသာ၌ သိကြားမင်း၏ မိဖုရားလေးကြိမ်ဖြစ်၍ ဇဝနနတ်သား၏ မိဖုရားကြီးဖြစ်ပြီးမှ မိဓိလာပြည်၌ အင်္ဂတိမင်းကြီး သမီးရုစာဟူ၍ ဖြစ်၏။ နောက် တာဝတိံသာ နတ်ပြည်၌ နတ်သားဖြစ်၍ မကောင်းမှုမှ လွတ်၏ ဟူလိုသည်။

သောရေယျ သေဋ္ဌေးသားသည်ကား အရှင်မဟာကစ္စည်းထေရ်ကို မြင်လျှင်–

အဟောဝတာယံ ထေရော မမ ဘရိယာ ဘဝေယျ၊ မမ ဝါ ဘရိယာယ သရီရဝဏ္ဏော ဇေသ္ဌ သရီရဝဏ္ဏော ဝိယ ဘဝေယျာတိ။ တဿ စိန္တိတက္ခဏေ ဇဝ ပုရိသလိင်္ဂံ အန္တရဓာယိ။ ဣတ္ထိလိင်္ဂံ ပါတုရဟောသိ–

ဟူသော ဓမ္မပဒအဋ္ဌကထာပါဠိနှင့်အညီ ဤမထရ်သည် အံ့ဖွယ်ရှိစွ၊ ငါ၏မယားဖြစ်ပါသော်မှဟူ၍လည်းကောင်း၊ ငါ၏မယား ကိုယ်အဆင်းသည် ဤမထေရ်၏ အဆင်းကဲ့သို့ဖြစ်ပါလေသော်မှ ဟူ၍လည်းကောင်း ကြံသောခဏ၌ပင်လျှင် ပုရိသလိင်ကွယ်၍ ဣတ္ထိလိင်ထင်ရှားဖြစ်လေ၏ ဟူသတည်း။ ထို့ကြောင့်–

အယံပန သေဋ္ဌိပုတ္တော ထေရေ အယောနိသော မနသိကာရေန စိတ္တံ ဥပ္ပါဒေတွာ ဣမသ္မိံ ယေဝ အတ္တဘာဝေ ဣတ္ထိဘာဝံ ပဋိလဘတိ–

ဟူ၍ ၎င်းအဋ္ဌကထာ၌ ဆိုသည်။ ဤသို့ပရဒါရကံကို ပြုခြင်း၊ မြတ်သောသူတို့၌ မသင့်မတင့်သောအားဖြင့် နှလုံးသွင်းခြင်း အကုသိုလ်စေတနာဖြင့်။ တနည်းကား- အကုသိုလ်စေတနာကြောင့် အကြင်အကြင်သို့သော ကာလ ဘဝတို့၌ အကြင်အကြင် ယိုယွင်းမှားဖောက်ခဲ့သော ကြမ္မာ အကုသိုလ်စေတနာတို့သည် ရှိကုန်၏။ ထိုထိုသို့သော ဇာတိဘဝသို့ ရောက်သောကာလ ထိုထိုသို့သော အကုသိုလ်စေတနာ အကျိုးပေးခိုန် ကြိုက်သော ကာလ ဣတ္ထိဘာဝဟု ခေါ်ဝေါ်အပ်သော မိန်းမဖြစ်ရလေသည်ကို ရည်တော်မူ၍ ပါရမီခန်း၌-

"အကြင်ရောခါ၊ ကြမ္မာယွင်းယို၊ အကုသိုလ်ဖြင့်၊ ထိုထိုဇာတိ၊ ကြိုက်လတ်ဘိသော်၊ ဣတ္ထိဘော်ဟူ၊ ခေါ်ဝေါ်စင်စစ်၊ မိန်းမဖြစ်လျက်" ဟူ၍ စပ်တော်မူလေသည်။

ဤတွင်ရွေ့ကား ယောကျ်ားသည် မိန်းမဖြစ်ရကြောင်း မိန်းမဖြစ်ဖူးကြောင်းကို ဆိုသော စကားတည်း။

မိန်းမသည် ယောကျ်ားအဘယ့်ကြောင့် ဖြစ်ရသနည်းဟူမူကား–

ဣတ္ထိယော ပန ဒါနာဒီနိ ပုညာနိ ကတွာ ဣတ္ထိဘာဝေ ဆန္ဒံ ဝိရာဇေတွာ ဣဇံ နော ပုညံ ပုရိသတ္တဘာဝံ ပဋိလာဘာယ သံဝတ္တတူတိ စိတ္တံ အဓိဋ္ဌဟိတွာ ကာလံ ကတွာ ပုရိသတ္တဘာဝံ ပဋိလဘန္တိ၊ ပတိဒေဝတာဇေ ဟုတွာ သာမိကေ သမ္မာပဋိပတ္တိ ဝသေနာပိ ပုရိသတ္တဘာဝံ ပဋိလဘန္တေဝ–

ဟုလာသော ဓမ္မပဒအဋ္ဌကထာပါဠိ သာရတ္ထသင်္ကဟပါဠိတို့နှင့်အညီ မိန်းမတို့သည် အလှူစသောကောင်းမှုကိုပြု၍ မိန်းမအဖြစ်၌ တပ်ခြင်းရာဂကို ကင်းစေလျက် ငါတို့ပြုအပ်သော ဤကောင်းမှု၏ အကျိုးသည်ကား နောင်သောအခါ ယောကျ်ားအဖြစ်ကို ရခြင်းငှာ

ဖြစ်စေသတည်းဟု စိတ်နှလုံးသွင်း၍ သေခြင်းကိုပြု၍ ယောကျ်ားအဖြစ်ကို ရကုန်၏။ လင်ကို နတ်ကဲ့သို့ဖြစ်စေ၍ လင်၌ကောင်းစွာ ကျင့်သောအစွမ်းအားဖြင့်လည်း ယောကျ်ားအဖြစ်ကို ရကုန်၏။ ထို့ကြောင့် သုတ်ပါထေယျအဂ္ဂညသုတ် အဋ္ဌကထာ၌လည်း–

> မာတုဂါမော ဟိ ပုရိသတ္တဘာဝံ လဘန္တော အနုပုဗ္ဗေန ပုရိသတ္တပစ္စယဓမ္မေ ပူရေတ္ဝာ ပဋိလဘတိ –

ဟုလာသည်နှင့်အညီ မိန်းမတို့သည် ယောကျ်ားအဖြစ်ကို ရခြင်းသည် အစဉ်သဖြင့် ယောကျ်ားအဖြစ်ကို ထောက်ပံ့တတ်သော တရားတို့ကို ဖြည့်၍ရ၏၊ ဟူလိုသည်။

တနည်းလည်း- ယဒါ ပဝတ္တိယံ ဗြဟ္မစရိယဝါသမိစ္ဆာစာရပဋိဝိရတိဝသေန ပုရိသတ္တ-ပတ္ထနာဝသေန ဝါကတူပစိတဗလဝကုသလကမ္မေနအာယူဟိတသာမတ္ထိယံပုရိသိန္ဒြိယုပ္ပါဒ-နသမတ္ထံ ဣတ္ထိန္ဒြိယံ အနုပ္ပါဒေတွာ အတ္တနော သာမတ္ထိယာနုရူပံ ပုရိသိန္ဒြိယံ ဥပ္ပါဒေတိ-

ဟုလာသော သာရတ္တသင်္ဂဟပါဠိနှင့်အညီ၊ ဥပုသ်သီတင်းစောင့်ခြင်း, မိစ္ဆာစာရမှ ကြဉ်ခြင်း ပဋိဝိရတိ၏ အစွမ်းဖြင့်လည်းကောင်း၊ ယောကျ်ားအဖြစ်ကို တောင့်တခြင်း အစွမ်းဖြင့်လည်းကောင်း ပြုအပ်ဆည်းပူးအပ်သော ကုသိုလ်စေတနာသည် ပုရိသိန္ဒြေကို ဖြစ်စေနိုင်၏၊ ဟူလိုသည်။

> ယာ ဣဿ ပုရိသော ဟောတုံ၊ ဇာတိ ဇာတိ ပုနပ္ပုနံ။
> ပရဒါရံ ဝိဝဇ္ဇေယျ၊ ဓောတပါဒေါ ကဒ္ဒမံ။
>
> ယာ ဣဿ ပုရိသော ဟောတုံ၊ ဇာတိ ဇာတိ ပုနပ္ပုနံ၊
> သာမိကံ အပစာယေယျ၊ ဣန္ဒံ ပါရိစာရိကာ–

ဟုလာသော နာရဒဇာတ် ပါဠိတော်၊ ၎င်းနည်းတူလာသော လောကနီတိ၊ ဓမ္မနီတိပါဠိတို့၌ အဖန်တလဲလဲ ယောကျ်ားအဖြစ်ကို အလိုရှိသော ယောကျ်ားသည် ခြေဆေးပြီးသောသူသည် ညွန့်ကိုကြဉ်ဘိသကဲ့သို့ ပရဒါရကံကို ကြဉ်ရာ၏။ အကြင်မိန်းမတို့သည် အဖန်တလဲလဲ ယောကျ်ား အဖြစ်ကို အလိုရှိအံ့၊ သိကြားမင်း၏ မိဖုရားသည် သိကြားမင်းကို ရိုသေစွာ လုပ်ကျွေးသကဲ့သို့ မိမိလင်ကို လုပ်ကျွေးရာ၏၊ ဟူလိုသည်။

တနည်းလည်း- မာတုဂါမနပုံသကဉ္ဉတတောဗျဉ္ဇနကာနံ ဟိ မနုဿဇာတိယံ ဌိတာနမ္ပိ ပဏိဓိန သမိဇ္ဈတိ။ တတ္ထ ဌိတေန ပန ဗုဒ္ဓတ္တံ ပတ္ထေန္တေန ဒါနာဒီနိ ကတ္ဝာ ပုရိသဘာဝေါ-ယေဝ ပတ္ထေတဗ္ဗော-ဟုလာသော သုတ္တနိပါတ် အဋ္ဌကထာပါဠိ၊

အနက်ကား။ ။ဟိသစ်၊ ထိုစကားသည်မှန်၏။ မနုဿဇာတိယံ၊ လူ့အဖြစ်၌။ ဌိတာနံ၊ တည်ကုန်သော။ မာတုဂါမနပုံသကဉ္ဉတတောဗျဉ္ဇနကာနမ္ပိ၊ မိန်းမ နပုံး ဉာတတော ဗျည်းတို့အားလည်း။ ပဏိဓိ၊ ဘုရားဆုကို တောင်းခြင်းသည်။ န သမိဇ္ဈတိ။ မပြည့်စုံချေသေး။ တတ္ထ၊ ထိုလူ့အဖြစ်၌၊ ဌိတေန ပန၊ တည်သည်ဖြစ်၍ကား။ ဗုဒ္ဓတ္တံ၊ ဘုရားအဖြစ်ကို။ ပတ္ထေန္တေန၊ တောင့်တသဖြင့်။ ဒါနာဒီနိ၊ အလှူအစရှိသည်တို့ကို။ ကတ္ဝာ၊ ပြု၍။ ပုရိသဘာဝေါ ယေဝ၊ ယောကျ်ား၏အဖြစ်ကိုသာလျှင်။ ပတ္ထေတဗ္ဗော၊ တောင့်တအပ်၏။ ဧဝံ၊ ဤသို့တောင့်တ သည်။ သတိ၊ ရှိသော်။ သမိဇ္ဈတိ၊ ပြည့်စုံ၏။

လူ၏အဖြစ်၌ တည်ကုန်သော၊ မိန်းမ နပုံး ဥဘတောဗျည်းတို့အား ဘုရားဆုကို တောင့်တခြင်းသည် မပြည့်စုံသေးချေ။ အလှူတော်ကောင်းမှုကိုပြု၍ ဆုတောင်းသည်ရှိသော် ယောကျ်ားအဖြစ်ကို ရရာ၏။ ယောကျ်ားဖြစ်ပြီးမှ ဘုရားဆုကို တောင်းသည်ရှိသော် ပြည့်စုံရာ၏ ဟူသတည်း။ ဝတ္ထုသာဓကကား သုတ်မဟာဝါပါဠိတော် သက္ကပဉှာသုတ်တွင်–

> ကွဓေဝ ဘန္တေ ကပိလဝတ္ထုသ္မိံ ဂေါပိကာနာမ သက္ယဓီတာ အဟောသိ၊ ဗုဒ္ဓေ ပသန္နာ ဓမ္မေ ပသန္နာ သံဃေ ပသန္နာ သီလေသု ပရိပူရကာရိနီ။သာ ကွတ္ထိတ္တံ ဝိရာဇေတွာ ပုရိသတ္တံ ဘာဝေတွာ ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပန္နာ ဒေဝါနံ တာဝတိံသာနံ သဟဗျတံ အမ္ဟာကံ ပုတ္တတ္တံ အဇ္ဈုပဂတာ တတြပိ နံ ဧဝံ ဇာနန္တိ ဂေါပကော ဒေဝပုတ္တော ဂေါပကော ဒေဝပုတ္တောတိ–

အစရှိသည်ဖြင့် လာသောပါဠိနှင့်အညီ ကပိလဝတ်ပြည်၌ ဂေါပိကာမည်သော သာကီဝင် မင်းသမီးသည် ရတနာသုံးပါးတို့၌ အလွန်ကြည်ညိုု၏။ သီလကို ဖြည့်လေ့ရှိ၏။ ထိုသတို့သမီးသည် မိန်းမအဖြစ်၌ တပ်ခြင်းကင်း၍ ယောကျ်ားအဖြစ်ကို တောင့်တ၍ သေလျှင် တာဝတိံသာ နတ်ပြည်၌ သိကြားမင်း၏သားဖြစ်၍ ဂေါပကနတ်သားဟု ထင်ရှားစွာ ဖြစ်၏။ ထိုအခါ ရဟန်းသုံးပါးတို့သည် မြတ်စွာဘုရား အထံ၌ မြတ်သောအကျင့်ကို ကျင့်၍ သေသော် ယုတ်သော ဂန္ဓဗ္ဗ အမျိုး၌ ဖြစ်၏။ သိကြားမင်းကို ခစားအံ့သောငှာ လာသော် ဂေါပက နတ်သားက စောဒနာ၏။

အမောင်တို့၊ သင်တို့သည်ကား အဘယ်ကို မျက်နှာပြု၍ မြတ်စွာဘုရား တရားတော်ကို နာဘိသနည်း။ တစ်ပါးကို နှလုံးသွင်း၍ နာလေသလော။ ထိုမှ ဤမျှ ကြည့်ရှု၍ နာရှာလေသလော။ အိပ်၍ပင် နာရှာ လေသလော။ ငါသည် မိန်းမဖြစ်စဉ်ကာလ ထိုမိန်းမအဖြစ်၌ စိတ်တပ်ခြင်း ရာဂတဏှာကို ကင်းစေ၍ ယောကျ်ား၏အဖြစ်၌ စိတ်တပ်ခြင်းကို ပွားစေ၍ သိကြားမင်း၏ သားဖြစ်၏။ သင်တို့သည်မူကား မြတ်စွာဘုရား အထံတော်တွင် ကျင့်ပါလျက် ယုတ်သော ဂန္ဓဗ္ဗအမျိုး၌ ဖြစ်ကြကုန်၏။ မကောင်းသဖြင့် မြင်ရခြင်းကို မြင်ခဲ့၏၊ တကားဟု စောဒနာလျှင် နတ်သားနှစ်ယောက်တို့သည် သတိရ၍ ပဌမစျာန်ကို အခြေပြုလျက် သခီရ တရားတို့ကို သုံးသပ်ဆင်ခြင်သည်ရှိသော် အနာဂါမိဖိုလ် တည်လေကုန်၏။ ထိုဘုံမှ စုတေ၍ ပြဟ္မပုရောဟိတာ ဘုံ၌ တည်လေကုန်၏။ တစ်ယောက်သော နတ်သားသည်ကား နိကန္တိကို ပယ်ဖြတ်အံ့သောငှာ မစွမ်းနိုင်ရကား ကာမဘုံ၌သာ နေရစ်လေ၏။ ထို့ကြောင့် နိဂုံးဂါထာ၌–

> ကွတ္ထိ ဟုတွာ သွဇုပုမောမှိ ဒေဝေါ၊
> ဒိဗ္ဗေဟိ ကာမေဟိ သမင်္ဂီဘူတော-ဟူ၍ ဆိုလေသည်။

သောရေယျသေဋ္ဌေးသားသည် အရှင်မဟာကစ္စည်းထေရ်ကို ကန်တော့၍ သည်းခံစေပြီးလျှင် "ထေရော ခမာမိတိ ဝုတ္တမတ္တေဝေ ကွတ္ထိလိင်္ဂံ အန္တရဓာယိ၊ ပုရိသလိင်္ဂံ ပါတုဘဝိ" ဟု လာသော အဋ္ဌကထာပါဠိနှင့်အညီ ကန်တော့သော ခဏ၌ပင်လျှင် ကွတ္ထိလိင်ကွယ်၍ ပုရိသလိင် ထင်ရှားဖြစ်၏ ဟု ဥပက ဥဒါဟရုဏ်တို့ကြောင့် သိအပ်၏။

ဤတွင် ရွေ့ကား မိန်းမတို့သည် ကွတ္ထိဘာဝ၌ တပ်ခြင်းကင်းသဖြင့် လည်းကောင်း၊ ဥပုသ် သီတင်းသီလ ဆောက်တည်သဖြင့်လည်းကောင်း၊ ပရဒါရက်မှ ကြဉ်သဖြင့်လည်းကောင်း၊

လင်၌ ကောင်းမွန်ရှိသေစွာ လုပ်ကျွေးသဖြင့် လည်းကောင်း၊ မိန်းမအဖြစ်က ကုသိုလ်ကောင်းမှုပြု၍ ယောက်ျားအဖြစ်ကို ဆုတောင်းပတ္ထနာပြုသဖြင့်လည်းကောင်း၊ ကန်တော့ပူဇော်ထိုက်သောသူ၊ အပြစ်ပြုမိသော သူတို့အား ပူဇော်ကန်တော့သဖြင့် လည်းကောင်း ဤသို့ ပြုသဖြင့် မိန်းမဘဝမှကင်း၍ ယောက်ျားဖြစ်ရကြောင်းကို ပြသောအပိုင်းတည်း။

ယခု ကျတ္ထိဖြစ်ဆဲသောသူသည် ပုရိသ ဖြစ်ပြန်လတ္တံ့လောဟူမူဖြစ်၏။ ထို့ကြောင့်–

> ယဿ ကျတ္ထိန္ဒြိယံ ဥပ္ပဇ္ဇတိ၊ တဿ ပုရိသိန္ဒြိယံ ဥပ္ပဇ္ဇိဿတီတိ။ ပစ္ဆိမဘဝိသကာနံ ကျတ္ထိနံ ဥပပဇ္ဇန်ိနံ ယာ စ ရူပါဝစရံ အရူပါဝစရံ ဥပပဇ္ဇိတ္ထာ ပရိနိဗ္ဗာယိဿန္တိ။ ယာ စ ကျတ္ထိယော ဒေဝေနေဝ ဘာဝေန ကတိစိဘဝေ ဒဿေတ္ထာ ပရိနိဗ္ဗာယိဿန္တိ။ တာသံ ဥပပဇ္ဇန်ိနံ ကျတ္ထိန္ဒြိယံ ဥပ္ပဇ္ဇိဿတိ။ ကျတရာသံ ကျတ္ထိနံ ဥပပဇ္ဇန်ိနံ တာသံ ကျတ္ထိန္ဒြိယဉ္စ ဥပ္ပဇ္ဇတိ။ ပုရိသိန္ဒြိယဉ္စ ဥပ္ပဇ္ဇိဿတိ-ဟုလာသော ကျန္ဒြိယယမိုက် ပုဂ္ဂလဝါဒရပါဠိတော်။

အဓိပ္ပါယ်ကား။ ။ပစ္ဆိမဘဝိက ကာမာဝစရ ဥပပဇ္ဇန္တိဖြစ်သော တိဟိတ် ပုထုဇဉ် အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ်နှစ်ယောက်၊ ကျတ္ထိအဖြစ်ဖြင့် တဘဝ နှစ်ဘဝစသည်ဖြစ်၍ ပရိနိဗ္ဗာန်ပြုလတ္တံ့သော ကျတ္ထိကာမာဝစရ ဥပပဇ္ဇန္တိဖြစ်သော ပုထုဇဉ်လေးယောက်၊ အောက်ဖလဋ္ဌာန်ကို ပုဂ္ဂိုလ်နှစ်ယောက်၊ ဤပုဂ္ဂိုလ်နှစ်ယောက်တို့သည် ကျတ္ထိဖြစ်ဆဲ ရ၏။ ပုရိသ မဖြစ်လတ္တံ့။

ပုရိသိန္ဒြေဖြစ်ပြန်ကောင်းသော ကျတ္ထိကာမာဝစရ ဥပပဇ္ဇန္တိဖြစ်သော ပုထုဇဉ်လေးယောက်၊ အောက်ဖလဋ္ဌာန်နှစ်ယောက်။ ဤပုဂ္ဂိုလ်တို့သည် ကျတ္ထိလည်းဖြစ်ဆဲ၊ ပုရိသလည်းဖြစ်လတ္တံ့ဟူလိုသည်။ ဤကား ပုဂ္ဂလဝါဒရတည်း။

ပုဂ္ဂလောကာသဝါဒရဒ္ဓလည်း–

> ယဿ ယတ္ထ ကျတ္ထိန္ဒြိယံ ဥပ္ပဇ္ဇတိ၊ တဿ တတ္ထ ပုရိသိန္ဒြိယံ ဥပ္ပဇ္ဇိဿတီတိ၊ ပစ္ဆိမဘဝိကာနံ ကျတ္ထိနံ ဥပပဇ္ဇန်ိနံ ယာ စ ကျတ္ထိယော ဒေဝေနေဝ ဘာဝေန ကတိစိဘဝေ ဒဿေတ္ထာ ကာမာဝစရံ ဥပပဇ္ဇိတ္ထာ ပရိနိဗ္ဗာယိဿန္တိ။ ဥပပဇ္ဇန်ိနံ တာသံတတ္ထ ကျတ္ထိန္ဒြိယံ ဥပ္ပဇ္ဇတိ။ နော စ တာသံ တတ္ထ ပုရိသိန္ဒြိယံ ဥပ္ပဇ္ဇိဿတိ။ ကျတရာသံ ကျတ္ထိနံ ဥပပဇ္ဇန်ိနံ တာသံ တတ္ထ ကျတ္ထိန္ဒြိယဉ္စ ဥပ္ပဇ္ဇတိ၊ ပုရိသိန္ဒြိယဉ္စ ဥပဇ္ဇိဿတိ။

အဓိပ္ပာယ်ကား။ ။ပစ္ဆိမဘဝိက ကာမာဝစရ ဥပပဇ္ဇန္တိ ဖြစ်သောတိဟိတ် ပုထုဇဉ်၊ အောက်-ဖလဋ္ဌာန်ပုဂ္ဂိုလ် နှစ်ယောက်၊ ဤပုဂ္ဂိုလ်တို့အား ကာမသုဂတိ ခုနစ်ဘုံ၊ မိမိဖြစ်ခိုက်သော ဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော ကာမာဝစရဥပပဇ္ဇန္တိ ဖြစ်သော ပုထုဇဉ် လေးယောက်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် နှစ်ယောက်၊ ကျတ္ထိဘောဖြင့် တစ်ဘဝ နှစ်ဘဝ အစရှိသည်ဖြစ်၍ ပရိဗ္ဗာန်ပြုလတ္တံ့သော ကာမဝစရ ဥပပဇ္ဇန္တိဖြစ်သော သုဂတိအဟိတ်၊ ဒွိဟိတ် တိဟိတ်ပုထုဇဉ်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် နှစ်ယောက်၊ ဤပုဂ္ဂိုလ်တို့အား ကာမသုဂတိခုနစ်ဘုံ၊ မိမိဖြစ်ခိုက်သောဘုံ၌ ပုရိသိန္ဒြေ မဖြစ်ပြန်ကောင်းသော ကျတ္ထိကာမာဝစရဥပပဇ္ဇန္တိ ဖြစ်သော ပုထုဇဉ်လေးယောက်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် နှစ်ယောက်တို့အား ကာမတစ်ဆယ့်တစ်ဘုံ ရ၏။ ဤကား ဘုံနှင့်တကွ ကျတ္ထိဖြစ်ဆဲ၊ ပုရိသ မဖြစ်လတ္တံ့ ရသည်ကိုပြသည်။

မိမိဖြစ်ခိုက်သောဘုံ၌ ပုရိသိန္ဒြေ ဖြစ်ပြန်ကောင်းသော ဣတ္ထိကာမာဝစရ ဥပပဇ္ဇန္တ ဖြစ်သော ပုထုဇဉ်လေးယောက်၊ အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ်နှစ်ယောက်တို့အား ကာမတစ်ဆယ့်တစ်ဘုံ ရ၏။ ဤကား ဘုံနှင့် တကွ ဣတ္ထိလည်းဖြစ်ဆဲ။ ပုရိသလည်း ဖြစ်လတ္တံ့ ရသည်ကိုပြသည်။

ဤစကားတွင် ထန်းတပင်ဆရာတော်ကား အရိယာဖြစ်သော ပုရိသသည် ဣတ္ထိ မဖြစ်ရာပြီဟု ဣန္ဒြေယယမိုက် ပစ္စပ္ပန္နာနာဂတဝါရ ဣတ္ထိနှင့်ပုရိသ အတွဲ ပဋ္ဌလဝါရ ပစ္စနိက်အကောက်တွင် မိန်ခဲ့ဆို ပြီးမှ အရိယာဖြစ်သော မိန်းမတို့သည် ပရိနိဗ္ဗာန် ပြုခါနီး၌ ပုရိသလိင်ပြန်၍ ပရိနိဗ္ဗာန်ပြုကုန်၏ဟူ၍ ဆရာမြတ်တို့ မိန့်တော်မူကုန်၏ဟု ဆိုပြန်သည်။ ဤစကားတွင် ပုဏ္ဏာ ဝိသဇ္ဇနာဆရာ ယမကသာရ ဆရာတို့မူကား ယခင် ယမိုက်ပါဠိတော်ကို–

ပစ္ဆိမဘဝိကာနံ၊ အဆုံးစွန်သော ဘဝရှိကုန်သော။ ယာ ဣတ္ထိယော၊ အကြင်မိန်းမတို့သည်။ ဧတေနေဝ ဘာဝေန၊ ဤသို့သောမိန်းမအဖြစ်ဖြင့်။ ကတိစိဘဝေ ပစ္ဆိမဘဝေ၊ တစ်ကြိမ်သော၊ အဆုံးစွန်သော ဘဝကို။ ဒဿေတွာ၊ ပြပြီး၍။ ပရိနိဗ္ဗာယိဿန္တိ၊ ပရိနိဗ္ဗာန်ပြုကုန်လတ္တံ့။ တာသံ၊ ထိုမိန်းမတို့အား။ တတ္ထ၊ ထိုကာမဘုံ၌။ ဣတ္ထိန္ဒြိယံ၊ ဣတ္ထိန္ဒြေသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ဆဲ။ တာသံ၊ ထိုမိန်းမတို့အား။ ပုရိသိန္ဒြိယံ၊ ပုရိသိန္ဒြေသည်။ နော စ ဥပ္ပဇ္ဇိဿတိ၊ မဖြစ်လတ္တံ့-ဟူ၍ အနက် သမ္မန်တော်မူကြပါသည်။

ပါဠိတော်မှာ ထောက်သော် အနက်မဖြောင့်လွန်းသကဲ့သို့ထင်သည်။ ပစ္ဆိမဘဝိက မိန်းမတို့သည် ကာမဘုံ၌သာ ဣတ္ထိဖြစ်ဆဲ၊ ပရိနိဗ္ဗာန်ပြုသောအခါကား ပုရိသဖြစ်ပြန်လတ္တံ့ ဆိုသည်။

နော စ ဥပ္ပဇ္ဇတိကိုလည်း ပဋိသန္ဓေ အသစ်ဖြစ်နေသည်ကိုသာ ရည်၍ ဟောတော်မူသည်။ ယခုဘဝ၌ ပုရိသလိင်ပြန်သည်ကို မြင်တော်မမူဟု ယူသည်။

နော စ တာသံ ပုရိသိန္ဒြိယံ ဥပ္ပဇ္ဇိဿတိကိုလည်း–

> န ဟိ တာသံ သဗ္ဘာသံ တသ္မိံဘဝေ ပဝတ္တေ ပုရိသိန္ဒြိယံ န ဥပ္ပဇ္ဇတိတိ လိင်္ဂပရိဝတ္တိ-သဗ္ဘာဝါ။ ဘဝန္တရေ ပန အာဒိ ဥပ္ပါဒဿ အဘာဝံ သန္ဓာယ နော စ တာသံ ပုရိသိန္ဒြိယံ ဥပ္ပဇ္ဇိဿတီတိ ဝုတ္တံ–

ဟုလာသော ဋီကာပါဠ်ကိုဆောင်ပြီးလျှင် ရဟန္တာမိန်းမတို့သည် ပရိနိဗ္ဗာန်စံသောကာလ ပုရိသလိင် ပြန်မြဟုဆိုသည်။ ယမကသာရဝတ္ထု၊ ပုဏ္ဏဝိသဇ္ဇနာဝတ္ထုတို့ကိုရှု၍ ရှေ့နောက် နှောင်ယှူသင့်သည်။

ရတနာကရ ဆရာတော်မူကား သူကရီဝတ္ထုတွင် ရဟန္တာမိန်းမတို့သည် ပရိနိဗ္ဗာန်စံခါနီးကာလ ပုရိသလိင်မပြန်ဆိုသည်။ မိန်းမလည်း ယောကျ်ားဖြစ်၏။ ယောကျ်ားလည်း မိန်းမဖြစ်၏ဟု ဆိုသော စကားကိုမူကားပြ၏။ ထိုကြောင့် ပါရမီဆရာလည်း–

"အကြင်ရောဒါ၊ ကြမ္မာယွင်းယို၊ အကုသိုလ်ဖြင့်၊ ထိုထိုဇာတိ၊ ကြိုက်လတ်ဘိသော်၊ ဣတ္ထိဘော်ဟု၊ ခေါ်ဝေါ်စင်စစ်၊ မိန်းမဖြစ်၍"- စပ်တော်မူသည်။

"နှစ်ဆစ်တရာ၊ ကမ္မာရှည်လျား၊ ကျင်လည်ခြားလည်း၊ ယောကျ်ားတရံ မဆံဖူးလေ၊ မီးယပ်နေသား၊ အသေတတန်၊ ကိုယ်ဝန်လည်းစွဲ၊ ဆင်းရဲတိုင်ထိ၊ သားသည်မိကို"- ဟူ၍ စပ်တော်မူသော ကဗျာကို အဘယ်သို့ ယူရမည်နည်း။

ဤကဗျာ၌ မိန်းမတို့သည် ကမ္ဘာရှည်လျားစွာ ကာလပတ်လုံး ယောက်ျားမဖြစ်ကြောင်းကို စပ်သည်မဟုတ်လော။

ပါရမီအဖြေတွင်လည်း-"မိန်းမတို့သည် တရံတဆစ်မျှ ယောက်ျားမဖြစ်ဖူးလေ" ဟူ၍ အဖြေရှိသည် မဟုတ်လော။

ရှင်လူအများပင်လည်း ဤကဗျာကို အမှီပြု၍ မိန်းမတို့သည် ယောက်ျားမဖြစ်ဖူးကြောင်းကို ပြောဆိုကြသည် မဟုတ်လော၊ ယင်းသို့ဖြစ်၍ ဤကဗျာကို ဘယ်ဒေါသမရောက်ယူမည်နည်းဟူမူကား-ဤကဗျာဆရာသည် မိန်းမတို့ ယောက်ျားမဖြစ်ကြောင်းကို စပ်တော်မူပေသည်လည်းမဟုတ်။ကဗျာအဓိပ္ပါယ်တွင် စကားလည်း မိန်းမတို့သည် ယောက်ျားမဖြစ်စဖူးလေ။ မဖြစ်ဖူးကြောင်းကို ပါပေသည်လည်းမဟုတ်။ ထို့ကြောင့် ကဗျာ၌ ပဒဒေါသ၊ ဝါကျဒေါသ၊ ပဒတ္ထဒေါသတို့တွင် တစုံတခုမျှ ဆိုရန်မရှိ။ ထိုသို့ ဆိုရန်မရှိသော် မိန်းမတို့သည် ယောက်ျားမဖြစ်ကြောင်းကို အဓိပ္ပာယ်ပါသည် မဟုတ်လောဟူမူ၊ မပါချေ။ အခြားအလွတ်ပင်ဖြစ်ချေသည်၊ အလွတ်ကိုပင် စပ်တော်မူပေသည်။ အဘယ်သို့သော အဓိပ္ပာယ်ကိုရည်၍ စပ်တော်မူလေသနည်းဟူမူကား- ကမ္ဘာရှည်လျား ကျင်လည်ငြားသော်လည်း ယောက်ျားတို့နှင့် မဆက်ဆံသော အာဝေဏိကဖြစ်သော မီးယပ်နေခြင်းဆင်းရဲ၊ ကိုယ်ဝန်ဆောင်ရခြင်းဆင်းရဲ၊ သားဖွားရခြင်းဆင်းရဲတို့ကို မိန်းမဖြစ်သော သူတို့သာ ခံရချေသည်ဟု စပ်တော်မူပေသည်။ ယောက်ျားဘဝ မဖြစ်ဖူးသောအကြောင်းကိုရည်၍ စပ်တော်မူသည်မဟုတ်ပေ။

ထို့ကြောင့်-

> ပုနစ ပရံ ဘိက္ခဝေ မာတုဂါမော ဂဗ္ဘိနီ ဟောတိ၊ ဣဒံ ဘိက္ခဝေ မာတုဂါမဿ တတိယံ အာဝေဏိကံ ဒုက္ခံ၊ ယံ မာတုဂါမော ပစ္စနုဘောတိ အညတြေဝ ပုရိသေဟိ။ ပုနစ ပရံ ဘိက္ခဝေ မာတုဂါမော ဝိဇာယတိ၊ ဣဒံ ဘိက္ခဝေ မာတုဂါမဿ စတုတ္ထံ အာဝေဏိကံ ဒုက္ခံ၊ ယံ မာတုဂါမော ပစ္စနုဘောတိ အညတြေဝ ပုရိသေဟိ။ ပုန စပရံ ဘိက္ခဝေ မာတုဂါမော ပုရိသဿ ပါရိစရိယံ ဥပေတိ၊ ဣဒံ ခေါ ဘိက္ခဝေ မာတုဂါမဿ ပဉ္စမံ အာဝေဏိကံ ဒုက္ခံ၊ ယံ မာတုဂါမော ပစ္စနုဘောတိ အညတြေဝ ပုရိသေဟိ။ ဣမာနိ ခေါ ဘိက္ခဝေ ပဉ္စ မာတုဂါမဿ အာဝေဏိကာနိ ဒုက္ခာနိ ယာနိ မာတုဂါမော ပစ္စနုဘောတိ အညတြေဝ ပုရိသေဟီတိ။

ဟူ၍ သံယုတ္တနိကာယ်အဝင် သဠာယတန သံယုတ်ကျမ်း မာတုဂါမသံယုတ် ရှစ်ကြောင်းစာ၊ 'ထဲ' အဂ်ီတွင်လာသည်။

အနက်ကား။ ။ဘိက္ခဝေ၊ ရဟန်းတို့။ ပုနစပရံ၊ တပါးတံ့။ မာတုဂါမော၊ မာတုဂါမသည်။ဂဗ္ဘိနီ၊ ကိုယ်ဝန်ဆောင်ရသည်။ ဟောတိ၊ ဖြစ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံ၊ ဤကိုယ်ဝန်ဆောင်ရခြင်းသည်။ မာတုဂါမဿ၊ မာတုဂါမအား။ တတိယံ၊ သုံးခုမြောက်သော၊ အာဝေဏိကံ၊ ယောက်ျားတို့နှင့် မဆက်ဆံသော။ ယံ ဒုက္ခံ၊ အကြောင်ဆင်းရဲသည်။ အတ္ထိ၊ ရှိ၏။ တံ ဒုက္ခ၊ ထိုဆင်းရဲကို။ ပုရိသေဟိ၊ ယောက်ျားတို့မှ။ အညတြေဝ၊ ကြဉ်၍သာလျှင်။ မာတုဂါမော၊ မာတုဂါမသည်။ ပစ္စနုဘောတိ၊ ခံရ၏။ ဤကား တတိယဖို့။ စတုတ္ထဉ်-မာတုဂါမော၊ မာတုဂါမသည်။ ဝိဇာယတိ၊ သားဖွားရ၏။ ပဉ္စမဉ်-မာတုဂါမော၊ မာတုဂါမသည်။ ပုရိသဿ၊ ယောက်ျား၏ ပါရိစရိယံ၊ အလုပ်အကျွေးအဖြစ်သို့။ ဥပေဘိ၊ ရောက်ရ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣမာနိ ခေါ ပဉ္စ၊ ဤငါးပါးတို့သည်။ မာတုဂါမဿ၊ မာတုဂါမအား။ အဝေဏိကာ၊ အသီးအခြား ဖြစ်ကုန်သော ယောက်ျား

တို့နှင့် မဆက်ဆံကုန်သော။ ယာနိ ဒုက္ခာနိ၊ အကြင် ဆင်းရဲတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တာနိ ဒုက္ခာနိ။ ထိုဆင်းရဲတို့ကို။ ပုရိသေဟိ၊ ယောက်ျားတို့မှ။ အညတြေဝ၊ ကြဉ်၍သာလျှင်။ မာတုဂါမော၊ မာတုဂါမသည်။ ပစ္စနုဘောတိ၊ ခံရ၏။

ဤသို့စသည်ဖြင့် သင်္ဂီယနာသုံးတန်တင်သောကျမ်းတို့၌ တိုက်ရိုက်လာသည်လည်းတချက်။ လောကနီတိတွင်လည်း-

ပတိကုလင်္ဂာ ဉာတိ၊ ဝိယောဂါစ ဒဟာရိဝ။
ဥတုနီ ဂဗ္ဘနီ ဇာယီ၊ သာဒရံ ပါရိစရိယာ။
ပုရိသေဟိ အညတြေဝ၊ ဒုက္ခာ မာတုဂါမဿိမေ-ဟူ၍လာသည်။

အနက်ကား။ ။ဒဟာရိဝ၊ အငယ်ကတည်းကလျှင်။ ပတိကုလင်္ဂာ၊ လင်၏အိမ်သို့ လိုက်ရခြင်းကြောင့်လည်းကောင်း။ ဉာတိဝိယောဂါစ၊ ဆွေမျိုးတို့နှင့် ကွေကွင်းရခြင်းကြောင့်လည်းကောင်း။ ဥတုနီ၊ ဥတုဟူသော အညစ်အကြေးတို့ကို ဆောင်ရခြင်းကြောင့်လည်းကောင်း။ ဂဗ္ဘိနီ၊ ကိုယ်ဝန်ဆောင်ရခြင်းကြောင့်လည်းကောင်း။ ဇာယီ၊ သားဖွားရခြင်းကြောင့် လည်းကောင်း။ သာဒရံ၊ ရိုသေစွာ။ ပါရိစရိယာ၊ လင်ကိုလုပ်ကျွေးရခြင်း လည်းကောင်း။ မာတုဂါမဿ၊ မာတုဂါမအား။ ဣမေ ဒုက္ခာ၊ ဤဆင်းရဲတို့သည်။ ပုရိသေဟိ၊ ယောက်ျားတို့မှ။ အညတြေဝ၊ ကြဉ်၍သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဤသို့စသည်ဖြင့် ကျမ်းဂန်တို့၌ ဆိုသောကြောင့် မီးယပ်နေသောဆင်းရဲ ကိုယ်ဝန်ဆောင်ရသော ဆင်းရဲတို့ကို နှစ်ဆစ်တရာ ကမ္ဘာရှည်လျားသော်လည်း ယောက်ျားတို့နှင့် မဆက်ဆံ၊ မိန်းမတို့သာ ခံရသည်ကို ရည်တော်မူ၍-

"နှစ်ဆစ်တရာ၊ ကမ္ဘာရှည်လျား၊ ကျင်လည်ငြားလည်း၊ ယောက်ျားတရံ၊ မဆံဘူးလေ၊ မီးယပ်နေသား၊ အသေတတန် ကိုယ်ဝန်လည်းစွဲ၊ ဆင်းရဲတိုင်ထိ၊သားသည်မိတို့"ဟုစပ်တော်မူသည်မှတ်ရမည်။ ဤပျို့၌ နှစ်ဆစ်ဟူသည် တဖန်ဆိုလိုသည်၊ အဖန်တရာ အဖန်တထောင် ကမ္ဘာရှည်လျားစွာ ကျင်လည်ငြားသော်လည်း ယောက်ျားတို့နှင့် တရံတဆစ်မျှ မဆက်ဆံဟူလိုသည်။ နှစ်ဆစ်ကား ရှေးစကားဖြစ်သည်။

ထုံးကား- "ပါရမီတွင်၊ နံထောင်မိရင်၊ မကြွင်နှစ်ဆစ်၊ နင့်မူညစ်ဟု၊ အပြစ်ရှိကြိုက်"ဟူ၍လည်းကောင်း၊ ဆုတောင်းခန်းတွင်လည်း- "ပေါင်းခြင်းအပြစ်၊ အမူညစ်ကြောင့်၊ နှစ်ဆစ်လူမှာ၊ မပြုလှာတည့်" ဟူ၍လည်းကောင်း၊ လောကသာရပျို့တွင်- "မလာနှစ်ဆစ်၊ မိုးကြိုးပစ်သို့၊ ရန်စစ်တို့ကို၊ ဖျောက်လွှင့်ဖြိုလျက်"ဟူ၍လည်းကောင်း၊ "မဝံ့နှစ်ဆစ်၊ ကြိမ်ဖန်စစ်၍၊ အပြစ်အလျောက်၊ သုံးကြိမ်မြောက်မှ" ဟူ၍လည်းကောင်း စပ်ထုံးရှိသည်။ တိုင်ထိ ဟူသည်လည်းရှေးစကားဖြစ်သည်။ ဆင်းရဲဒုက္ခဆိုလိုသည်။ ထို့ကြောင့် ရွှေဟင်္သာပျို့တွင်- "တိုင်ထိနှစ်လုံး၊ ဆုံးခဲ့ပြီးသော်" ဟူ၍ လည်းကောင်း၊ ပုံတောင်နိုင်ဖွဲ့တွင်လည်း "ရပ်စွန်ပြည်နား၊ မွေ့ချောက်ချားသည်၊ လူများနှစ်လုံး တိုင်ထိတည်း" ဟူ၍လည်းကောင်း၊ ဆုတောင်းခန်းတွင်- "တိုင်ထိထိုမှ၊ တွင်းဆုံးကျသို့၊ ကြောင့်ကြဆယ်ကြိမ်၊ စိုးရိမ်များဖန်၊ ကြောက်ကြိုက်သန်လျက်၊ ယူပြန်မသာ၊ စိုက်ခေါ်ကာနှင့်" ဟူ၍လည်းကောင်း စပ်ထုံးရှိသည်။

၂၀-ပုစ္ဆာ ။ ။သားရရာသည်၊ အင်္ဂါသုံးပါး၊ အကြောင်းအားဖြင့် ဟု စပ်ဆိုတော်မူသည်ကိုလည်း သားရရာသည် အင်္ဂါရှစ်ပါးပင် ရှိသေးသည်ဟု ဆိုကြပါသည်။ သုံးပါး ရှစ်ပါးကိုပင် သိလိုပါသည်။

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ-ဟူ၍ ဟောတော် မူပါသည် ဆရာတော်ဘုရား။

၂၁ - ဝိသဇ္ဇနာ။ ။သား ရရာသည် အင်္ဂါသုံးပါး၊ ရှစ်ပါးကို သိလိုပါသည်ဟု မေးလျှောက်ရာ၌–

မိဘတို့၏ စည်းဝေးခြင်း , ဥတုလာခိုက်ကြိုက်ခြင်း, ဖြစ်ထိုက်သောသတ္တဝါတို့ စုတေခိုက်ကြိုက်ခြင်း ဤသုံးပါးကိုပင်ဆိုသည်။

အင်္ဂါရှစ်ပါးမှာမူကား - အမိ ဥတုလာခိုက် ကြိုက်ခြင်း၊ သတ္တဝါတို့ စုတေခိုက်ကြိုက်ခြင်း၊ ဤနှစ်ပါးကိုလွှတ်ပြီးမှ မိဘတို့ အဇ္ဈာစာရဖြင့် စည်းဝေးသည်ဖြစ်စေ၊ ကာယသံသဂ္ဂ ကိုယ်လက်နှီးနှောသည်ဖြစ်စေ၊ ပုဆိုးကို စုပ်သည်ဖြစ်စေ၊ သုက်ကိုသောက်သည်ဖြစ်စေ၊ ချက်ကိုသုံးသပ်သည်ဖြစ်စေ၊ အဆင်းကို ရှုသည်ဖြစ်စေ၊ အသံကို ကြားနာသည်ဖြစ်စေ၊ အနံ့ကို ရှုသည်ဖြစ်စေ ဤအကြောင်းတို့ကြောင့် ကိုယ်ဝန်တည်ရာ ယူရာသည်။ ကျမ်းဂန်တွင်မူကား အကြောင်းသုံးပါးကိုလည်းတခြား၊ နောက်ခုနစ်ပါးကိုလည်း တခြား သီးသန့်၍ လာသည်။ ဤစကားများကို ဝိနည်းပါဠိတော် အဋ္ဌကထာ သာရတ္ထသင်္ဂဟစသော ကျမ်းတို့၌လာသည်ကို ထောက်၍ သိရာသည်။

၂၁- ပုစ္ဆာ ။ ။ပါရမီတွင်- မရှိအံ့သည်၊ တမည်သာလျှင်၊ ကြည့်ကမြင်သို့-ဟူ၍ စပ်တော်မူချက်တွင် မြတ်စွာဘုရား မသိကောင်းသော အရာမည်သည် မရှိရာပြီဟု ယူသင့်ပါသည်။ "ပုဗ္ဗာ ကောဋိ နာ ပညာယတိ" စသည်ဖြင့် ဟောတော်မူသော ပါဠိတော်၌လည်း သံသရာ၏အစကို မသိမမြင်ကြောင်းကို ပါလာပြန်ပါသည်။ အဘယ်ကြောင့် သံသရာ၏ အစကို မသိ မမြင် ရှိရလေသနည်း။ သဗ္ဗဓမ္မံ ဇာနနသီလောတိ သဗ္ဗညူ"ဟူသော ဝစနတ္ထနှင့်အညီ သဗ္ဗညုတဉာဏ်တော်သည် အလုံးစုံသော တရားတို့ကို သိတတ်သည်ဖြစ်ပါလျက် သံသရာ၏ အစကို မသိမထင် ဆိုခြင်းကို မဆင်ခြင်နိုင်ပါ။

မထင်ရာရာ၊ ပုစ္ဆာနက်လေး၊ ခဲခက်မေး၍၊ နှေးနှေးညောင်းစောက်၊ ဆရာ့မှောက်၌၊ သောက်တုံရင်နို့၊ ခစားစို့လျက်၊ ကိုယ်ဖို့ပညာ၊ ပွားရစာကို၊ ရှာသော်လည်း ကောင်း-ဟူ၍ စပ်တော်မူသောကြောင့် အသနားခံ လျှောက်ပါသည်ဘုရား။

သက္ကရာဇ် ၁၁၇၀-ပြည့် ပြာသိုလဆန်း ၁-ရက် စနေနေ့၊ မုံရွာ သိရိမာလာက မေးလျှောက်လာရာတွင် ဖြေဆိုလိုက်သည်ကား။

၂၁-ဝိသဇ္ဇနာ။ ။လေးပါးအမိုက်၊ သုံးခန်းတိုက်၌၊ ဆောက်စိုက်တန်ဆောင်၊ ညှိထွန်းထောင်က၊ ရိပ်မှောင်စိုးစိ၊ မမှေးငြိသည့်၊ မရှိအံ့သည်၊ တမည်သာလျှင်၊ ကြည့်မမြင်သို့-ဟူ၍စပ်တော်မူသော ကဗျာ၌ အဓိပ္ပာယ်ကား –

စတုဒ္ဒသီ၊ တိထီလက္ခဏ်၊ ညဉ့်လယ်သန်းခေါင်၊ တိမ်တောင်ပိတ်ဆိုင်း၊ တောအုပ်မှိုင်းဟူ-ဆိုအပ်သော အင်္ဂါလေးပါး အမိုက်ရှိသော သုံးခန်းသောတိုက်တို့၌ တန်ဆောင်ဆီမီးဖြင့် ညှိထွန်းသည်ရှိသော် တစိုးတစိ၊ မငြိမမှေး၊ အရိပ်မှောင်ကင်း၍ မရှိအံ့သည်ကိုသာ ထား၍ ထင်ရှားရှိသမျှကို မြင်လေသကဲ့သို့၊ ဤကား တန်ဆောင်ဆီမီးဖြစ်သော ဥပမာကိုသာ ဆိုလိုသည်။ ဥပမေယျဖြစ်သော တေဝိဇ္ဇာဏ်တော်၊ အနာဂတံသဉာဏ်တော်ကို မယူအပ်။ ထို့ကြောင့် "မရှိအံ့သည်၊ တမည်သာလျှင်" စကားကို ဥပမေယျဖြစ်သော ဉာဏ်တော်ကို မယူအပ်။ ဥပမာဖြစ်သော ဆီမီးတန်ဆောင်ကိုသာ ယူအပ်၏။ ဥပမာဖြစ်သော တန်ဆောင်ဆီမီးပင် မရှိအံ့သော ဝတ္ထုကိုထား၍ ရှိကောင်းသမျှကို မြင်စေတတ်တပြီးကား ဉာဏ်တော်သည် အဘယ်ဆိုဖွယ်ရာရှိအံ့နည်း။ မရှိသောဝတ္ထုကိုသာထား၍ ရှိကောင်းသမျှကို မြင်တတ်၏ဟု ဥပမာ- ဥပမေယျ ဟပ်၍ ယူသော်ကား သဒိသူပစာရအားဖြင့် ယူကောင်းပေ၏ဟု ငါတို့ ဉာဏ်ထင်ပေသည်။

အနမတဂ္ဂေါ်ယံ ဘိက္ခဝေ သံသရော ပုဗ္ဗာ ကောဋိ နာ ပညာယတိ အဝိဇ္ဇာ နီဝရဏာနံ သတ္တာနံ တဏှာသံယောဇနာနံ သန္ဓာဝတံ သံသရတံ–

ဟူ၍ဟောတော်မူသော ပါဠိတော်သည် သံယုတ္တနိကာယ်အဝင်နိဒါနဝဂ္ဂ သံယုတ်တွင် သင်္ဂါယနာတင်အပ်သော အနမတဂ္ဂသုတ်ဖြစ်သည်။

ဘိက္ခဝေ၊ ရဟန်းတို့၊ အယံ သံသာရော၊ ဤခန္ဓာ အာယတန ဓာတ်တို့၏ အစဉ်မပြတ် ဖြစ်ခြင်းသည်။ အနမတဂ္ဂေါ၊ မသိအပ်သော အစရှိ၏။ အဝိဇ္ဇာ နီဝရဏာနံ၊ အဝိဇ္ဇာနီဝရဏ ရှိကုန်သော။ တဏှာသံယောဇနာနံ၊ တဏှာတည်းဟူသော ကြိုးဖြင့်ဖွဲ့အပ်ကုန်သော။ သန္ဓာဝတံ၊ ဤဘဝမှသည် ထိုဘဝသို့ ပြေးကုန်သော။ သံသရတံ၊ ဤဘဝမှသည် ထိုဘဝသို့ ပြောင်းကုန်သော။ သတ္တာနံ၊ သတ္တဝါတို့၏။ ပုဗ္ဗာကောဋိ၊ ရှေးဖြစ်သော အစွန်းသည်။ န ပညာယတိ၊ မထင်မသိ။

ဤဒေသနာကို ကျမ်းဂန်သိမြင်ကုန်သော အချို့သော ဆရာတို့လည်းမသိအပ်သော အစရှိသော ဟူ၍သာ ဟောတော်မူသည်။ စင်စစ်မရှိဟူ၍ ဟောတော်မူသည်မဟုတ်။ န ပညာယတိ ဟူ၍သာ ဟောတော်မူသည်။ နတ္ထိ ကိရိယာ၊ နတ္ထိပရိယာယ်မဟုတ်။ ထို့ကြောင့် သံသရာ၏ အစသည်ရှိ၏။ ရှိကောင်း၏၊ ရှိတန်လေရာ၏။ ဘုရားသခင် ဉာဏ်တော်သည် သိ၏၊ သိကြောင်းကို သိတန်လေရာ၏ဟူ၍ ဆိုကြကုန်၏။ ထိုစကားကို ယုတ္တိနှင့်သာ ဆိုသည်။ အစရှိကြောင်းကို အာဂုံနှင့် မဆို။

ယခု မေးလျှောက်ရာ၌လည်း မြတ်စွာဘုရားသည် န ပညာယတိ ဟူ၍ ဟောတော်မူတိုင်း သံသရာ၏အစ သတ္တဝါတို့၏ ဖြစ်စကို သိအံ့လော၊ မသိအံ့လော၊ အဘယ်ကြောင့် မသိရှိလေသနည်းဟူရာ၌သိသည် မသိသည် နှစ်ဌာနတွင် မသိဟူ၍သာလျှင် မှတ်အပ်၏။

ဘုရားဖြစ်လျက် အဘယ်ကြောင့် မမြင်မသိ ရှိရပြန်လေသနည်း ဟူမူကား ဘုရားဖြစ်လျက်ပင် ဤကဲ့သို့ မသိကောင်း မမြင်ကောင်းသော အရာသည် အများပင်တည်း။

အဘယ်သို့ များသနည်း-အသညသတ်ဘုံ၌ နာမ်တရားရှိ၏ဟူ၍ မြင်တော်မမူ၊ အရူပဘုံ၌ ရုပ်တရားရှိ၏ဟူ၍ မြင်တော်မမူ၊ သုဒ္ဓါဝါသငါးဘုံ၌ ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမ်ပုဂ္ဂိုလ်

ရှိ၏ဟူ၍ မြင်တော်မမူ၊ အရူပဘုံ၌ သောတာပတ္တိမဂ်ပုဂ္ဂိုလ် ရှိ၏ဟူ၍ မြင်တော်မမူ၊ အဝီစိ၌ ဘုရားလောင်းရှိ၏ဟူ၍ မြင်တော်မမူ၊ တပါးသော စကြာဝဠာ၌ ဗျာဒိတ်ရပြီးသော ဘုရားလောင်းတို့ ရှိသည်ကို မြင်တော်မမူ၊ မိန်းမတို့သည် ရှစ်ပါးသော သမာပတ်ကိုရ၍ သေသော်လည်း ဗြဟ္မပါရိ-သဇ္ဇာဘုံမှတပါး ရှေးဦးစွာကျော်ခုန်၍ အထက် ပြဟ္မာ့ပြည်၌ ဖြစ်သည်ကို မြင်တော်မမူ၊ ဗျိုင်းအမျိုးဥ အဖိုရှိသည်ကို မြင်တော်မမူ၊ နတ်ပြည်၌ တိရစ္ဆာန်ရှိသည်ကို မြင်တော်မမူ၊ အဝိဇ္ဇာတဏှာမှတပါး မူဖြစ်ထိုက်သော ပဋိစ္စသမုပ္ပါဒ်တရားကို မြင်တော်မမူ၊ အာရမ္မဏပစ္စည်း မထိုက်သော ပရမတ္ထတရားကို မြင်တော်မမူ၊ အနန္တရ၊ သမနန္တရ၊ အနန္တရူပ၊ နတ္ထိ၊ ဝိဂတပစ္စည်း ပစ္စယုပ္ပန်ထိုက်သော ရုပ်တရားကို မြင်တော်မမူ၊ အာရမ္မဏ၊ ဥပနိဿယ၊ ကမ္မ၊ အတ္ထိ။ ဤပစ္စည်းတို့၌ မဝင်သော ပဌာန်းပစ္စည်းကို မြင်တော်မမူ၊ တစ်ဆယ့်ခြောက်ပါးသော ဟာရ၊ ငါးပါးသော နယ၊ သောဠသဝိဓ သုတ္တန္တ၊ အဋ္ဌဝိသ သာသနပဋ္ဌာန-ဟု ဆိုအပ်သော နေတ္တိပေဋကောပဒေသနည်းတို့မှ ကင်းကောင်သော ဓမ္မဒေသနာတော်ကို မြင်တော်မမူ၊ ဝိပတ္တိသုံးပါး၊ နာနတ္တလေးပါး၊ ဌာနရှစ်ပါးဟု ဆိုအပ်သော မဟာနိဒ္ဒေသနည်းတို့မှ ကင်းကောင်းသော ဒေသနာနည်းကိုလည်း မြင်တော်မမူ။ ဤမှတပါးလည်း အများပင် ရှိသင့်သေးသည်။ ဤကဲ့သို့ မြင်တော်မမူခြင်းသည်ကား သဗ္ဗညုတဉာဏ်တော်သည် အရာကျဉ်းသောကြောင့် မြင်တော်မမူသည် မဟုတ်။ အသညသတ်ဘုံ၌ နာမ်တရားလည်း ထင်ရှားမရှိ၊ အရူပဘုံ၌ ရုပ်တရားလည်း ထင်ရှားမရှိသောကြောင့်သာ မမြင်လေသည်။ ကောင်းကင်ပြင်၌ အရေး သားသော်လည်း ထိုအရေးကို မမြင်ရခြင်းသည်ကား အရေးသည်ပင် ထင်ရှားမရှိသောကြောင့်သာ မမြင်ရသကဲ့သို့၊ အသညသတ်ဘုံ၌ နာမ်တရား၊ အရူပဘုံ၌ ရုပ်တရားတို့ကို မြင်တော်မမူခြင်းသည် ထိုဘုံတို့၌ထိုတရားတို့သည် ထင်ရှား မရှိသောကြောင့်သာ မြင်တော်မမူဟု သိအပ်၏။ ထို့အတူလည်းကောင်း။ သံသရာ၏အစကို မသိအပ်၊ သံသရာစက်၏ ရှေ့အစွန်းကို မြင်တော်မမူ၍ ဟောတော်မူခြင်းသည်ကား သံသရာဝဋ်၏ အစ သတ္တဝါတို့၏ဖြစ်စဉ မရှိ။ ဤသို့ မရှိသောကြောင့်သာ မမြင်ဟူ၍ မှတ်အပ်သည်။ သံသရာ၏ ဖြစ်စဉ၊ သတ္တဝါတို့၏ ဖြစ်စဉ၊ ဝဋ်တရားတို့၏ ဖြစ်စဉသည် အကယ်၍ ကာလအဝန့် အပိုင်းအခြား ထင်ရှားရှိသည်ဖြစ်အံ့၊ သဗ္ဗညုတဉာဏ်တော်သည် မမြင်နိုင်သည်ဟူ၍ မရှိရာ မြင်နိုင်သည်သာလျှင်တည်းဟု မှတ်ရမည်။

"မရှိအံ့သည်၊ တမည်သာလျှင်၊ ကြည့်ကမြင်သို့" ဆိုသော စကားမှာလည်း မရှိဟူသော တမည်ကိုသာလျှင် မမြင်ဟူသော စကားတရပ်၊ ထိုမှတပါး၊ ထင်ရှား ရှိသည်ဟူသမျှကို ကြည့်ကမြင်လေသည်ချည်းဟူသော စကားတရပ်။ ဤနှစ်ရပ်ကိုခွဲ၍ အဓိပ္ပာယ်ယူရမည်၊ ခပ်သိမ်းသော သတ္တဝါတို့၏ စိတ် စေတသိတ်ဟု ဆိုအပ်သော အာရမ္မဏိက ပစ္စယုပ္ပန်တရားတို့သည် အာရုံခြောက်ပါး တရားဟု ဆိုအပ်သော အာရမ္မဏ ပစ္စည်းတရားကိုသာ အာရုံပြုနိုင်သည်။ ထို့ကြောင့် ပဋ္ဌာန်းပါဠိတော် ပစ္စယနိဒ္ဒေသ၌—

> ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံအာရမ္မဏပစ္စယေန ပစ္စယော။ သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ။ ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ။ ရသာယတနံ ဇိဝှာဝိညာဏဓာတုယာ။ ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ။ ရူပါယတနံ၊ သဒ္ဒါယတနံ၊ ဂန္ဓာယတနံ၊ ရသာယတနံ၊ ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မနံ အာရမ္မဏ ပစ္စယေန ပစ္စယော။ သဗ္ဗေ ဓမ္မာ မနောဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မနံ အာရမ္မဏပစ္စယေန ပစ္စယော။ ယံ ယံ ဓမ္မံ အာရဗ္ဘ

ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တ စေတသိကာ ဓမ္မာ။ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော-ဟူ၍ လည်းကောင်း။ ပဋ္ဌာန်း အဋ္ဌကထာ၌လည်း သဗ္ဗေသမ္မိ စိတ္တစေတသိကာနံ ဓမ္မာနံ အာရမ္မဏဘူတာဓမ္မာ အာရမ္မဏပစ္စယေန ပစ္စယော တံ ဝေဒိတဗ္ဗော-ဟူ၍ ဆိုသည်။

အာရုံခြောက်ပါးတရား ထင်ရှားရှိမှ အာရမ္မဏိကဖြစ်သော စိတ် စေတသိက် တရားတို့သည် အာရုံပြုနိုင်သည် မြတ်စွာဘုရား၏ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်တော် သည်လည်း ရှေးအတိတ်၌ သံသရာ၏ဖြစ်စ ထင်ရှားရှိမှ အာရုံပြုနိုင်ရာသည်။ သံသရာ၏ အစ မရှိဟူသော် အဘိဓမ္မာ မူလဋ္ဌီကာ၌ အနမတဂ္ဂေါတိ အညာတဂ္ဂေါဟု ဖွင့်သည်မဟုတ်လော။ နတ္ထိကိရိယာနှင့် မဖွင့်တကား ဟူအံ့။ မူလဋ္ဌီကာဆရာ ဖွင့်ခြင်းသည်ကား သံသရာ၏ အစရှိသောကြောင့် နတ္ထိကိရိယာနှင့် မဖွင့်သည်မဟုတ်၊ မူလဋ္ဌီကာဆရာမှာ အနမတဂ္ဂပုဒ်၏ အနက်ကိုသာ သိစေလို၍ အညာတဂ္ဂေါဟု ဖွင့်လေသည်။ ဝဋ္ဋအာဒိပရိစ္ဆေဒ သံသာရပုဗ္ဗကောဋိ ဝိနိစ္ဆယကိုဖွင့်သည်မဟုတ် မှတ်ရမည်။ တကြောင်းမှာလည်း အနမတဂ္ဂေါတိ ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်ကိုဖွင့်သော သံဝဏ္ဏနာပုဒ်ဖြစ်၍ သံဝဏ္ဏေတဗ္ဗပုဒ်ကပင် အာမရှိကြောင်းကို ဟောတော်မူသော ပါဠိဖြစ်ရကား အညာတဂ္ဂေါကိုလည်း အစမရှိဟူသော အနက်ကိုသာ ယူရမည်။ သံသရာ၏ အစမရှိကြောင်းကို အဘယ်သို့ သိအပ်သနည်း ဟူမူကား —

သံသာရသာဂရော နာမ –
ခန္ဓာနဉ္စ ပဋိပါဋိ၊ ဓာတုအာယတနာန စ။
အဗ္ဗောစ္ဆိန္နံ ဝတ္တမာနာ၊ သံသာရောတိ ပဝုစ္စတီတိ။

ဧဝံ ဝုတ္တံ သံသာရဝဋ္ဋံ၊ သွာယံ ယသ္မာ ဣမေသံ သတ္တာနံ ဥပ္ပတ္တိယာ ပုရိမာကောဋိ နပညာယတိ။ ဧတ္ထကာနဉ္စိ ဝဿသတာနံ ဝါ ဝဿသဟဿာနံ ဝါ ဝဿသတသဟဿာနံ ဝါ ကပ္ပသတာနံ ဝါ ကပ္ပသဟဿံ ဝါ ကပ္ပသတသဟဿံ ဝါ မတ္ထဧက သတ္တာ ဥပ္ပန္နာ တတော ပုဗ္ဗေ နာဟေသုန္တိ ဝါ အသုကဿ နာမ ရညော ကာလေ ဥပ္ပန္နာ၊ အသုကဿ နာမ ဗုဒ္ဓဿ ကာလေ ဥပ္ပန္နာ၊ တတော ပုဗ္ဗေ နာဟေသုန္တိ ဝါ အယံ ပရိစ္ဆေဒေါ နတ္ထိ။ ပုရိမာ ဘိက္ခဝေ ကောဋိ န ပညာယတိ အဝိဇ္ဇာယ ဣတော ပုဗ္ဗေ အဝိဇ္ဇာ နာဟောသိ၊ အထ ပစ္ဆာ သမ္ဘဝိတိ။ ဣမိနာ ပန နယေန အယံ သံသာရသာဂရော အနမတဂ္ဂေါဝ။

အနက်ကား။ ။သံသာရသာဂရော နာမ၊ သံသာရသာဂရမည်သည်ကား။ ခန္ဓာနဉ္စ ပဋိပါဋိ၊ ဓာတု အာယတနာန စ။ အဗ္ဗောစ္ဆိန္နံ ဝတ္တမာနာ၊ သံသာရောတိ ပဝုစ္စတီတိ။ ခန္ဓာနဉ္စ။လ။ ပဝုစ္စတီဟူ၍။ ဧဝံ၊ ဤသို့။ ဝုတ္တံ၊ ဟောတော်မူအပ်သော။ သံသာရဝဋ္ဋံ၊ သံသရာဝဋ်သည်။ သံသာရသာဂရော နာမ၊ သံသာရသာဂရမည်၏။ ခန္ဓာနဉ္စ၊ ခန္ဓာတို့၏လည်းကောင်း၊ ဓာတု-အာယတနာနဉ္စ၊ ဓာတ်အာယတနတို့၏လည်းကောင်း။ အဗ္ဗော၊ မပြတ်။ ဝတ္တမာနာ၊ ဖြစ်သော။ ပဋိပါဋိ၊ အစဉ်ကို။ သံသာရောတိ၊ သံသရာဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏။ သွာယံ သော အယံ သံသာရော၊ ထိုသံသရာဝဋ်သည်၊ ယသ္မာ၊ အကြောင်းကြောင့်။ ဣမေသံ သတ္တာနံ၊ ဤသတ္တဝါတို့၏။ ဥပ္ပတ္တိယာ၊ ဖြစ်ခြင်း၏။ ပုရိမာ၊ ရှေးဖြစ်သော။ ကောဋိ၊ အစွန်းသည်။ န ပညာယတိ၊ မထင်။ တသ္မာ၊ ထို့ကြောင့်။ သံသာရသာဂရောနာမ၊ မည်၏။ ဟိ၊ ချဲ့ဦးအံ့။ ဧတ္ထကာနံ၊ ဤမျှအတိုင်း အရှည်ရှိကုန်သော။ ဝဿသတာနံ ဝါ၊ အနှစ်တရာတို့၏ လည်းကောင်း။ ဝဿသဟဿာနံ ဝါ၊

အနှစ်တထောင်တို့၏ လည်းကောင်း၊ ဝဿသတသဟဿနံ ဝါ၊ အနှစ်တသိန်းတို့၏ လည်းကောင်း၊ ကပ္ပသတာနံ ဝါ၊ ကမ္ဘာအရာတို့၏လည်းကောင်း၊ ကပ္ပသဟဿနံ ဝါ၊ ကမ္ဘာ အထောင်တို့၏လည်းကောင်း၊ ကပ္ပသတသဟဿနံ ဝါ၊ ကမ္ဘအသိန်းတို့၏ လည်းကောင်း။ မတ္ထကေ၊ အထက်၌။ သတ္တာ၊ သတ္တဝါတို့သည်။ ဥပပန္နံ၊ ဖြစ်ကုန်၏။ တတော၊ ထိုကာလမှ။ ပုဗ္ဗေ၊ နှေးကာလ၌။ နာဟေသုံ၊ မဖြစ်ဖူးကုန်။ ဣတိဝါ၊ ဤသို့လည်းကောင်း။ အသုကဿနာမ၊ ဤအမည် ရှိသော။ ရဇော၊ မင်း၏။ ကာလေ၊ လက်ထက်၌။ ဥပပန္နော ဖြစ်ကုန်၏။ အသုကဿ နာမ၊ ဤအမည်ရှိသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ ကာလေ၊ လက်ထက်တော်၌။ ဥပပန္နာ၊ ဖြစ်ကုန်၏။ ဘတော၊ ထိုကာလမှ။ ပုဗ္ဗေ၊ နှေးကာလ၌။ နာဟေသုံ၊ မဖြစ်ဖူးကုန်။ ဣတိဝါ၊ ဤသို့လည်းကောင်း။ အယံ ပရိစ္ဆေဒေါ၊ ဤသို့သော အပိုင်းအခြားသည်။ နတ္ထိ၊ မရှိ။

ဘုရားပါဠိတော် ပုရိမာ ဘိက္ခဝေ-စသောပါဠိကိုလည်း သာဓကဆောင်၏။

အနက်ကား။ ။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣတော၊ ဤကာလမှ။ ပုဗ္ဗေ၊ နှေးကာလ၌။ အဝိဇ္ဇာ၊ အဝိဇ္ဇာသည်။ နော ဟောသိ၊ မဖြစ်ဖူးလေ။ အထပစ္ဆာ။ ထိုမှနောက်၌။ သမဘဝိ၊ ဖြစ်ဖူးလေပြီ ။ ဣတိ၊ ဤသို့။ အဝိဇ္ဇာယ၊ အဝိဇ္ဇာ၏။ ပုရိမာ။ နှေးဖြစ်သော။ ကောဋိ၊ အစွန်းသည်။ နပညာယတိ၊ မထင်။ ဣမိနာ ပန နယေန၊ ဤသို့သောနည်းဖြင့်။ အယံ သံသာရသာဂရော၊ ဤသံသာရ သာဂရသည်။ အနမတဂ္ဂေါ၀၊ မသိအပ်သော အစရှိသလျှင်ကတည်း။

ဤသို့ အဋ္ဌသာလိနီကျမ်း၌ ပရိစ္ဆေဒေါ နတ္ထိ-ဟူ၍ တိုက်ရိုက် နတ္ထိကိရိယာနှင့် ပြပြီးလျှင် ပုရိမာ ဘိက္ခဝေ ကောဋိ နပညာယတိ၊ ဟူသော သာဓကပါဠိကို ပြသည်။ ထို့ကြောင့် နပညာယတိ၏ အနက်သည် နတ္ထိကိရိယာပင်ဖြစ်သည်။ ဇိနာလင်္ကာရဋီကာတွင်လည်း—

> အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော၊ သွာယံ အဝိဇ္ဇာ ဣတော ပုဗ္ဗေ နံ သံဝိဇ္ဇ တီတိ နိမိတ္တံ ဘိက္ခဝေ နံ သမနုပဿာမီတိ ဝုတ္တတ္တာ အဝိဇ္ဇာဒီနိ ဒွါဒသပဒိုစ္စသမုပ္ပါဒင်္ဂါနိ-ယမေကံ ကပ္ပံ ဂဟေတွာ ဣတော ပဋ္ဌာယ ဣမေမွာ ဥပပန္နာ၊ တတော ပုဗ္ဗေ နာဟောသုန္တိ တာဒိသံ ကာရဏံ နတ္ထိ။ အာဒိကောဋ္ဌိယေဝ နတ္ထိဘာဝေနေဝ အနမတဂ္ဂေါ၀ံ ဘိက္ခဝေ သံသာရောတိ ဝုတ္တံ။ ဧဝံ ပုရိမကောဋ္ဌိယာ အဘာဝေန။

ဟူ၍ နတ္ထိကိရိယာနှင့်ပင် ဆိုသည်။

နေတ္တိအဋ္ဌကထာ နန္ဒိယာဝဋ္ဋနည်းအဖွင့်တွင်လည်း —

> တတ္ထ ပုဗ္ဗာ ကောဋိန ပညာယတိ အသုကဿ နာမ ဗုဒ္ဓဿ ဘဂဝတော အသုကဿဝါ စက္ကဝတ္တိနော ကာလေ အဝိဇ္ဇာဘဝတဏှာစ ဥပပန္နာ၊ တတော ပုဗ္ဗေ နာဟောသီတိ ဧဝံ အဝိဇ္ဇာဘဝတဏှာနံ နံ တာဝပုရိမာ ပုရိမာ မရိယာဒါ ဥပလဗ္ဘထိ။ ယသ္မာ အနမဘဂ္ဂတ္တာ သံသာရဿ နံ ဥပလဗ္ဘတိ —

ဟူ၍ နံ ဥပလဗ္ဘတိ ကိရိယာနှင့်ဆိုသည်။

ပါရာဇိကဏ္ဍ အဋ္ဌကထာ၊ ဝိသုဒ္ဓိမဂ်စသော ကျမ်းတို့၌-အရဟံ အဖွင့်တွင် —

> တိဘဝရထေ သမာယောဇိတံ အနာဒိကာလပ္ပဗန္ဓံ သံသာရစက္ကံ

ဟူ၍ လည်းကောင်း။

ဝိမတိဝိနောဒနီတွင်လည်း

အနုမတဂ္ဂန္တိ အနု အနု အနုမတဂ်ဂ်။ သဗ္ဗထာ အနုဂစ္ဆန္တေတိ။ အညာတကောဋ္ဌိကန္တိ အတ္ထောဟူ၍ လည်းကောင်း။

ဇိနာလင်္ကာရတွင်လည်း

အနာဒိကာလဂတာ နာမရူပိနံ၊ ယထာသကံ ဟေတုဖလဝတ္တိနံ၊ တဿာဝ ဘာဝတ္တာဘိ-
သမ္ဘူဏာန္တာ နာနာ ဝိပလ္လာသမနုပ္ပဝိဋ္ဌာနံ –

ဟူ၍လည်းကောင်း မိန့်ရကား သံသရာ၏ အစမရှိဟူ၍သာ မှတ်အပ်သည်။

အဘိဓမ္မတ္ထသင်္ဂဟကျမ်း၌ တေဘူမိက မနာဒိကံ ဟူသော ပါဠိကိုလည်း-ကွစ္စေဝံ ယထာဝုတ္တ-နယေန၊ အကြင်အကြင် ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်။ အာဗန္ဓံ၊ လည်သော။ အနာဒိကံ၊ အစကင်းသော။ (တနည်းကား)။ မသိအပ်သော အစရှိသော။ တေဘူမိကံ၊ သုံးပါးသောဘုံ၌ အကျုံးဝင်သော။ ဝဋ်ရဲ့၊ သုံးပါးသောဝဋ်ကို ဟူ၍ နှန်းကျောင်းချရိုး၊ ဒက္ခိဏာဝန်ချရိုး၊ ဆားလင်းကြီးချရိုးတို့၌ ယောဇနာကုန်သည်။

အာဗန္ဓံ အဝိစ္ဆိန္နံ၊ အနာဒိကံ အာဒိရဟိတံ-ဟူ၍လည်း အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ၌ ဖွင့်တော်မူသည်။

အာဒိရဟိတံ၌ အစကင်းသည်ဆိုလျှင် အစမရှိဟူ၍သာ မှတ်အပ်သည်။ ထိုသို့ အစကင်းသောကြောင့် သံသရာ၏ အစသည် အဘယ်ကစ၍ ဖြစ်သနည်းဟု မေးသည်ရှိသော် ထိုအမေးကို မဖြေအပ်ဟူ၍ ပြလိုသောကြောင့် နေတ္တိပါဠိတော် အဋ္ဌဝီသသုတ္တန္တသာသနပ္ပဋ္ဌာန အဝိဿဇ္ဇနီယအရာတွင် —

> ပုဗ္ဗာကောဋ္ဌိ နာ ပညာယတိ အဝိဇ္ဇာနိဝရဏာနံ သတ္တာနံ တဏှာသံယောဇနာနံ သကိံ နိရယံ သကိံ တိရစ္ဆာနယောနိံ သကိံ ပေတ္တိဝိသယံ သကိံ အသုရယောနိံ သကိံ ဒေဝေ သကိံ မနုဿေ သန္ဓာဝံတံ သံသရိတံ။ ကတမာ ပုဗ္ဗာကောဋ္ဌိတိ အဝိဿဇ္ဇနီယံ။

ဘိက္ခဝေ၊ တို့။ အဝိဇ္ဇာ နိဝရဏာနံ၊ အဝိဇ္ဇာ, နိဝရဏာရှိကုန်သော။ တဏှာသံယောဇနာနံ တဏှာသံယောဇဉ်ရှိကုန်သော။ သကိံ၊ တကြိမ်။ နိရယံ၊ ငရဲသို့။ သကိံ၊ တကြိမ်။ တိရစ္ဆာန-ယောနိံ၊ တိရစ္ဆာန်ဘုံသို့။ သကိံ၊ တကြိမ်။ ပေတ္တိဝိသယံ၊ ပြတ္တာဘုံသို့။ သကိံ၊ တကြိမ်။ အသုရယောနိံ၊ အသုရာဘုံသို့။ သကိံ၊ တကြိမ်။ ဒေဝေ၊ နတ်ပြည်သို့၊ သကိံ၊ တကြိမ်။ မနုဿေ၊ လူ့ပြည်သို့။ သန္ဓာဝိတံ၊ ပြေးကုန်သော၊ သံသရိတံ၊ အဖန်တလဲလဲ ကျင်လည်ကုန်သော။ သတ္တာနံ၊ သတ္တဝါတို့၏။ ပုဗ္ဗာကောဋ္ဌိ၊ ရှေ့ဖြစ်သောအစွန်းသည်။ နပညာယတိ၊ မထင်မသိ။ သာပုဗ္ဗာကောဋ္ဌိ၊ ထိုရှေ့အစွန်းသည်။ ကတမာ၊ အဘယ်နည်း။ ဣတိပုဗ္ဗံ၌၊ ဤသို့ တစုံတယောက်သောသူ၏ အမေးကို။ အဝိဿဇ္ဇနီယံ၊ မဖြေအပ်။

ဤနေတ္တိပါဠိတော်၌ အစကို မေးသည်ရှိသော် မဖြေအပ်ဟု ပြပြီးလျှင် နပညာယတိ ဟူသော ဒေသနာသည် သာဝကတို့ ဉာဏ်ကိုသာရသည်။ ဘုရားဉာဏ်မှာ မထင်မသိဟူ၍ မရှိပြီဟု "နပညာယတိတိ သာဝကာနံ ဉာဏဝေကလ္လေန"ဟူ၍ တက်ပြန်သည်။

သာဝကာနံ၊ တို့၏၊ ဉာဏဝေကလ္လေန၊ ဉာဏ်ချို့ခြင်းကြောင့်။ နှ ပညာယတီတိဒေသနာ၊ နှ ပညာယတိ-ဟူသော ဒေသနာကို။ ကတာ၊ ပြုအပ်၏။ အတ္တနော၊ မိမိ၏။ ဉာဏဝေကလ္လေန၊ ကြောင့်။ နှ ပညာယတီတိဒေသနာ၊ နှ ပညာယတိဟူသော ဒေသနာကို။ နှ ကတာ၊ မပြုအပ်။

ဤသို့ဆိုပြီးမှ ဘုရားဒေသနာတော်သည် မိမိကိုကပ်၍ ညွှန်ခြင်းရှိသော ဒေသနာ၊ သူတပါးကို ကပ်၍ ညွှန်ခြင်းရှိသော ဒေသနာဟု နှစ်ပါးရှိကြောင်းကို ပြလို၍–

ဒုဝိဓာ ဘဂဝန္တာနံ ဒေသနာ အတ္တူပနာယိကာ စ ပရူပနာယိကာ စ။ နှ ပညာယတီတိ ပရူပနာယိကာ။ နတ္ထိ ပုဒ္ဂါနံ ဘဂဝန္တာနံ အဝိဇာနနာတိ အတ္တူပနာယိကာ —

ဟူ၍ တက်ပြန်သည်။

နှ ပညာယတိ ဟူသော ဒေသနာကာ သူတပါးကို ကပ်၍ ညွှန်ခြင်းရှိသော ဒေသနာတည်း။ နတ္ထိ ပုဒ္ဂါနံ ဘဂဝန္တာနံ အဝိဇာနနာ-ဟူသော ဒေသနာကား ကိုယ်တော်ကို ကပ်၍ ညွှန်ခြင်းရှိသော ဒေသနာမည်၏ ဟူသတည်း။

ဤသို့ဒေသနာ နှစ်ပါးရှိသည်တွင် သာဝကတို့ကိုသာရည်၍ နှ ပညာယတိ ဟူသော ဒေသနာကို ပြ၏။ ကိုယ်တော်ကို ရည်၍ မပြဆိုသော စကားသည် တိုက်ရိုက်အားဖြင့် ယူသော် သူတပါးသော မသိသည်။ ဘုရားဖြစ်လျှင် သံသရာ၏ဖြစ်စ၊ အဝိဇ္ဇာတဏှာ၏ဖြစ်စ၊ သတ္တဝါတို့၏ ပုဗ္ဗာကောဋိကို သိ၏ ထင်၏ ဟူသော အနက်သည်ရောက်၏။ ထိုသို့ရောက်သော်လည်း နေတွိဋ္ဌကာ၌ နယသမုဋ္ဌာန အဖွင့်တွင် ပုဗ္ဗာကောဋိ နှ ပညာယတီတိဇ္ဇာ ယံ ဝတ္တဗ္ဗံ။ တံ ပရတောပဋ္ဌာနကထာယံ အာဝိ ဘဝိဿတိ-ဟု သာမညဆို၍ ဋီကာတွင် စင်ကြယ်စွာမဖွင့်ခဲ့၊ ထိုသို့မဖွင့်သော အလိုကား အဋ္ဌကထာက ဖွင့်သောအတိုင်း စကားငြိမ်သက်ပြီဟူ၍ မဖွင့်လေသည်ဟု ယူရန်ရှိသည်။

အဋ္ဌကထာတွင်ကား-ကတမာ ပုရိမာ ကောဋိတိ အဝိဿဇ္ဇနီယတ္တို့၊ ကတမာ ပုဗ္ဗာ ကောဋိတိ ကေနစိ ကတံ ပုစ္ဆနံ အဝိဿဇ္ဇနီယံ-ဟူ၍ ဆိုသည့်အလိုကား ကတမာ ပုရိမာ ကောဋိတိ အဝိဿဇ္ဇနီယံ ဟူ၍ ပါဠိတော်လာသည်ကား–ပုဗ္ဗာကောဋိသည် အဘယ်နည်းဟူ၍ တစုံတယောက်သော သူ၏မေးမြန်းခြင်းကို မဖြေအပ်ဟူလိုသည်။

အရှင် အဋ္ဌကထာဆရာ ပါဠိတော်၌ အရှင်မဟာကစ္စည်းမထေရ်သည် သံသရာ၏အစ ပုဗ္ဗာကောဋိကို မေးသည်ရှိသော် မဖြေအပ်ဟူ၍ ဆို၏။ ဖြေသည်ရှိသော် ဝစီဒုစရိုက်စသည်ဖြစ်အံ့သော အကြောင်းကြောင့်လော၊ အစဖြစ်ဦး ထင်ရှားရှိလျက် သတ္တဝါတို့ မသိစကောင်းသော ကြောင့်လော၊ ဤသို့ စုဒ်ထုတ်ဖွယ် ရှိ၍–

ကသ္မာ သံသာရဿ ပုရိမာယ ကောဋ္ဌိယာ အဘာဝတော-ဟူသောပါဠိကို မိန့်သတည်း။

ကသ္မာ၊ အဘယ့်ကြောင့်။ အဝိဿဇ္ဇနီယံ၊ မဖြေအပ်သနည်း ဟူမူကား။ သံသာရဿ၊ သံသရာ၏။ ပုရိမာယ၊ ရှေ့ဖြစ်သော။ ကောဋ္ဌိယာ၊ အစွန်း၏။ အဘာဝတော၊ မရှိသော ကြောင့်တည်း။

ထို့နောင်မှ ရှေ့အစွန်းမရှိကြောင်းကို သာဓကဆောင်လိုပြန်သောကြောင့် "တေနေဝါဟ ပုရိမာ ဘိက္ခဝေ ကောဋ္ဌိ နှ ပညာယတီ" တိဟူ၍ ဆိုသတည်း။ ထိုသာဓကပါဠိ၌ နှ ပညာယတိ

သဒ္ဒါကို မသိရုံ မမြင်ရုံမျှကိုသာ ယူရမည်လော ဟူမူကား-တတ္ထ နု ပညာယတီတိ နု ဒိဿတိ နု ဥပလဗ္ဘတီတိ အတ္ထော-ဟူသော ပါဠိကို မိန့်သတည်း။

အဓိပ္ပာယ်ကား။ ။နုပညာယတိ ဆိုသည်ကား အစကိုပင် မရကောင်း မရအပ်။ အယံ ပရိစ္ဆေဒေါ နတ္ထိ-ဟူသော ဓမ္မသင်္ဂဏီ အဋ္ဌကထာပါဠိနှင့်အညီ အပိုင်းအခြားပင်မရှိ ဆိုလိုသတည်း။

ဤသို့ နေတွင် အဋ္ဌကထာဆရာ ဓမ္မသင်္ဂဏီ အဋ္ဌကထာဆရာ နှစ်ပါးပင် အစမရှိကြောင်း၊ အစ မရအပ်ကြောင်းကို ပြတိုင်းမှတ်၍ သန္နိဋ္ဌာန်ချရမည်။

ယင်းသို့သော် ယခင် နေတွင် ပါဠိတော်၌ သာဝကတို့အား ဉာဏဝေကလ္လ ဖြစ်သောကြောင့် နု ပညာယတိ-ဟု ဟောတော်မူသည် ဟူ၍ ဆိုသည် မဟုတ်လော၊ အရှင် အဋ္ဌကထာဆရာ နု ပညာယတိ-ကား အဘယ်အဓိပ္ပာယ်ကို ပြလိုသနည်း ဟူမူ–

> နု ပညာယတီတိ အညဿ ဉာဏဝိသယော နု ဟောတီတိပန အတ္ထံ သန္ဓာယ နု ပညာယတီတိ သာဝကာနံ ဉာဏဝေဿလ္လေနာတိ-ဟု မိန့်သတည်း။

နု ပညာယတိ-ဟူသော ပါဠိတော်ကို သာဝကတို့ ဉာဏ်ချို့တဲ့သောကြောင့် တပါးသော သူတို့၏ ဉာဏ်အရာ မဟုတ်လော။ ဤအနက်ကိုရည်၍ နု ပညာယတိ-ဟူ၍ ဟောတော်မူသည် ဆိုလိုသည်။

သာဝကတို့၏ ဉာဏဝေကလ္လ ဖြစ်သောကြောင့် အရာမဟုတ်၍ မသိလျှင် ရှိတန်စေ။ ဘုရားသခင်သည် မသိကောင်းသော တရားရှိလေသေးသလောဟု စုဒ်ရှိရကား–

နတ္ထိ ဗုဒ္ဓါနံ ဘဂဝန္တာနံ အဝိဇာနနာတိ၊ ဟူသော ပါဠိကိုတက်သတည်း။ ဘုရားတို့ကား မသိသော တရားမည်သည် အဘယ်မှာ ရှိတော့မည်နည်း။ သိလေ မြင်လေသည်ချည်းသာတည်း ဟူလိုသတည်း။

မသိသောမည်သည်မရှိ ဆိုပြီ၊ သံသရာ၏ အစကို သိပါသလော။ သာဝကတို့မှာ ဉာဏဝေကလ္လဖြစ်သည် ဘုရားတို့မှာ ဉာဏဝေကလ္လမဟုတ်၊နု ပညာယတိ ဟူသော ဒေသနာတော်သည်လည်း အတ္တူပနာယိက ဒေသနာ-မဟုတ်ဟူ၍ ပါဠိတော်၌ဆိုသည်။ ဘုရားသခင်မှာ သိသကဲ့သို့ အနက်ရောက်သည်။ ဘုရားသခင် သိပါ၏လော စုဒ်ရှိရကား–

> ပုရိမာယ ကောဋိယာ အဘာဝတော ဧဝ နု ပညာယတိ၊ နု တတ္ထ ဉာဏဿ ပဋိယောတော်တိ ဒဿေတိ။ တမ္မနု အတ္ထိ တံ အညေသံ အပွမေယျမ္ပိ ဘဂဝတော နု အပွမေယျန္တိ ဘဂဝတော သဗ္ဗတ္ထ အပွဋိဟတဉာဏံ–

ဟူ၍ မိန့်သတည်း။

ပုရိမာယ ကောဋိယာ၊ ရှေ့အစွန်း၏။ အဘာဝတော ဧဝ၊ မရှိသောကြောင့်သာလျှင်။ နု ပညာယတိ၊ မထင်နိုင်။ တတ္ထ၊ ထိုမထင်နိုင်ရာ၌။ ဉာဏဿ၊ ဉာဏ်တော်အား။ ပဋိယောတော၊ တားမြစ်ခြင်းသည်။ နု၊ မရှိ။ ဣတိ ဤသို့။ ဒဿေတိ၊ ပြ၏။ ယမ္မနု၊ အကြင်တရားသည်ကား။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုတရားကို။ အညေသံ၊ တပါးသော ပစ္စေကဗုဒ္ဓါ သာဝကတို့အား။ အပွမေယျမ္ပိ၊ မနှိုင်းယှဉ်နိုင်သော်လည်း။ ဘဂဝတော၊ မြတ်စွာဘုရားအား။ အပွမေယျမ္ပိ၊

မန္ဒိုင်းယှဉ်နိုင်သည်။ န၊ မဟုတ်။ ပမေယျမေဝ၊ နှိုင်းယှဉ်နိုင်သလျှင်ကတည်း။ ဘဂဝတော၊ အား။ သဗ္ဗတ္ထ၊ ခပ်သိမ်းသောတရား၌။ အပွဋိဟတဉာဏ်၊ မပိတ်မပင်သော ဉာဏ်သည်။ အတ္ထိ၊ ရှိ၏။

ရှေ့အစွန်းဟူသော အာရုံသည် ထင်ရှားမရှိသောကြောင့် မြတ်စွာဘုရားသည် မသိချေ။ ထိုသို့ မသိခြင်း၌ ဉာဏ်တော်အား ပိတ်ပင်သည် မဟုတ်ဟူသော အနက်ကိုပြ၏။ အကြင်တရားသည် ထင်ရှားရှိ၏။ ထိုတရားကို သူတပါးတို့သည် မနှိုင်းယှဉ်နိုင်သော်လည်း မြတ်စွာဘုရားကား နှိုင်းယှဉ်နိုင်၏။ ခပ်သိမ်းသော တရား၌ မြတ်စွာဘုရားအား မပိတ်မပင်သော ဉာဏ်တော်သည် ရှိ၏ဟူလိုသတည်း။

ထို့ကြောင့် ဘုရားမသိဆိုသော်လည်း ဉာဏ်တော်အရာကျဉ်းသောကြောင့် မဟုတ်၊ သံသရာဝဋ်ကပင် အစရှာ၍ ရစကောင်းသော အရာမဟုတ်၊ သံသရာဝဋ်၏ အစကပင် ထင်ရှားရှိသည် မဟုတ်သောကြောင့် ကောင်းကင်ပြင်၌ အရေးအသားကိုရှာ၍ မရကောင်းသကဲ့သို့ ပရိနိဗ္ဗာန်စံတော်မူလေကုန်သော ရဟန္တာပုဂ္ဂိုလ်တို့၏ လားရာဂတိကို ရှာ၍ မရကောင်းသကဲ့သို့၊ စကြဝဠာ အနန္တ၏ အဆုံးအစကိုရှာ၍ မရကောင်းသကဲ့သို့ဖြစ်၍ ဉာဏ်တော်ဖြင့် မမြင်နိုင်မှတ်ရမည်။

၂၂- ပုစ္ဆာ။ ။ခြင်္သေ့တို့၏ အကြီးအငယ် ရုပ်သဏ္ဌာန်တို့သည် အဘယ်တိရစ္ဆာန်ပမာဏ ရှိမည်ကို သိလိုပါသည်။

သက္ကရာဇ် ၁၁၇၀-ပြည့်၊ တပို့တွဲလဆန်း ၁-ရက်၊ တနင်းလာနေ့၊ မုံရွာ သိရိမာလာက လျှောက်ထားရာတွင် ဖြေဆိုလိုက်သည်ကား။

၂၂- ဝိသဇ္ဇနာ။ ။ခြင်္သေ့တို့၏ အကြီးအငယ် ရုပ်သဏ္ဌာန် ပမာဏတို့သည် အဘယ်တိရစ္ဆာန်ပမာဏရှိမည်ကို သိလိုပါသည်ဆိုရာ၌-

ဟံသာ ကောဉ္စာ မယူရာစ၊ ဟတ္ထိယော ပသဒါ မိဂါ။
သဗ္ဗေပိ သီဟဿ ဘဝေ ယန္တိ၊ နတ္ထိ ကာယသို့ တုလျတာ။

ဟူ၍ ဒုကနိပါတ် ကေဠိသီလဇာတ်တွင် ဟောတော်မူသည်။

နတ္ထိ ကာယသို့ တုလျတာတိ သရီရေ ပမာဏံ နာမ နတ္ထိ။ ယဒိ ဘဝေယျ၊ မဟာ-သရီရာ ဟတ္ထိနော စေဝ ပသဒါ မိဂါ စ သီဟံ မာရေယျုံ။ သီဟောစ ဟံသာဒယော ခုဒ္ဒကသရီရေယေဝ မာရေယျ။ ယဒိ ဧဝံ ခုဒ္ဒကာယေဝ သီဟဿ ဘာယေယျုံ၊ နမဟန္တာ၊ ယသ္မာ ပနေတံ နတ္ထိ၊ တသ္မာ သဗ္ဗေပိ တေ သီဟဿ ဘာယန္တိ။ ၎င်းဇာတ် အဋ္ဌကထာ။

ဟံသာစ၊ ဟသ်ာတို့သည်လည်းကောင်း။ ကောဉ္စာစ၊ ကြိုးကြာတို့သည် လည်းကောင်း။ မယူရာစ၊ ဥဒေါင်းတို့သည်လည်းကောင်း။ ဟတ္ထိယောစ၊ ဆင်တို့သည် လည်းကောင်း။ ပသဒါစ၊ ချေတို့သည် လည်းကောင်း။ မိဂါစ၊ ကြွင်းသောသားတို့သည် လည်းကောင်း။ သဗ္ဗေပိ၊ ခပ်သိမ်းသော သားတို့သည်လည်း။ သီဟဿ၊ ခြင်္သေ့မှ။ ဘာယန္တိ၊ ကြောက်ကုန်၏။ ကာယသို့၊ ကိုယ်၌။ တုလျတာ၊ ပမာဏအဖြစ်သည်။ နတ္ထိ၊ မရှိ။

နိတ္ထိ ကာယသို့ တုလျတာတိ၊ နတ္ထိ ကာယသို့ တုလျတာ-ဟူသည်ကား။ သရီရေ၊ ကိုယ်၌။ ပမာဏံနာမ၊ ပမာဏမည်သည်၊ နတ္ထိ၊ မရှိ။ ယဒိ ဘဝေယျ၊ ကိုယ်၌သာ ပမာဏ ဖြစ်ငြားအံ့။ မဟာသရီရာ၊ ကြီးသောကိုယ်ရှိကုန်သော။ ဟတ္ထိနောစ၊ ဆင်တို့သည်လည်းကောင်း။ ပသဒါစ၊ ချေတို့သည် လည်းကောင်း။ မိဂါစ၊ ကြွင်းသောသားတို့သည် လည်းကောင်း။ သီဟံ၊ ခြင်္သေ့ကို။ မာရေယျုံ၊ သတ်ကုန်ရာ၏။ သီဟောစ၊ ခြင်္သေ့သည်လည်း။ ဟံသာဒယော၊ ဟင်္သာ အစရှိကုန်သော။ ခုဒ္ဒကသရီရေယေဝ၊ ငယ်သောကိုယ်ရှိသော တိရစ္ဆာန်တို့ကိုသာလျှင်။ မာရေယျ၊ သတ်ရာ၏။ ယဒိဧဝံ၊ အကယ်၍ ဤသို့သတ်သည်ရှိသော်။ ခုဒ္ဒကာယေဝ၊ ငယ်သော တိရစ္ဆာန်တို့သည်သာလျှင်။ သီဟဿ၊ ခြင်္သေ့မှ။ ဘာယေယျုံ၊ ကြောက်ကုန်ရာ၏။ မဟန္တာ၊ ကြီးသောသားတို့သည်။ နဘာယေယျုံ၊ မကြောက်ကုန်ရာ။ ယသ္မာပန၊ အကြင်ကြောင့်ကား။ သရီရေ၊ ကိုယ်၌။ ဧတံ၊ ထိုပမာဏသည်။ နတ္ထိ၊ မရှိ။ တသ္မာ၊ ထို့ကြောင့်။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ တေပိ၊ ထိုသားတို့သည်လည်း။ သီဟဿ၊ ခြင်္သေ့မှ။ ဘာယန္တိ၊ ကြောက်ကုန်ရာ၏။ ဟူ၍လာသည်။

နိဒါနဝဂ္ဂ သံယုတ်ပါဠိတော်တွင်လည်း—

> ဟံသာ ကောဥ္စာ မယူရာစ၊ ဟတ္ထိယော ပသဒါ မိဂါ။
> သဗ္ဗေ သီဟဿ ဘာယန္တိ၊ နတ္ထိ ကာယသို့ တုလျတာ။
>
> ဧဝမေဝ မနုဿေသု၊ ဒဟရော စေပိ ပညဝါ။
> သော ဟိ တတ္ထ မဟာ ဟောတိ၊ နေဝ ဗာလော သရီရဝါတိ-

ဟူ၍ ၎င်းနည်းတူလာသည်။

ဤသို့ ပါဠိ, အဋ္ဌကထာတို့၌ ဆင်၊ ချေ၊ သမင် စသော သားမျိုးတို့သည် ခြင်္သေ့ထက်ကြီးကုန်၏။ ဟင်္သာ စသော တိရစ္ဆာန်တို့သည် ခြင်္သေ့အောက်ငယ်ကုန်၏ဟု ဆိုသဖြင့် ယခုအခါ 'ချေ' ဟု ခေါ်ဝေါ်သော သားမျိုးတို့အောက် ငယ်ကုန်၏ဟု သိအပ်၏။

၂၃–ပဏ္ဍာ။ ။သတ္တဌာန စေတီတော်တို့၏ မဟာဗောဓိမှ အကွာအဝေးတို့သည် တဆယ့်ကိုးလံ ကွာသည်၊ လေးဆယ့်ငါးလံ ကွာသည်ဆိုသည့် အရာများသည် ညီညီညွတ်ညွတ်မရှိပါ၊ ဝေးလျှင် ဝေးချင်း၊ နီးလျှင် နီးချင်းသာ ရှိရပါမည်။ ကျမ်းဂန်ထွက်ဆိုသည့် အကွာအဝေးကိုလည်း သိလိုပါသည်။

၂၃–ဝိသဇ္ဇနာ။ ။သတ္တဌာန စေတီတို့သည်ဗောဓိမှ အကွာအဝေး တဆယ့်ကိုးလံ ကွာသည်၊ လေးဆယ့်ငါးလံ ကွာသည်ဆိုကြသည့် အရာသည် ညီညီညွတ်ညွတ် မရှိပါ။ ဝေးလျှင်ဝေးချင်း၊ နီးလျှင် နီးချင်း ရှိရပါမည်ဆိုရာ၌–

> ဧဝံ ဗောဓိသမီပေယေဝ စတ္တာရိ သတ္တာဟာနိ ဝီတိနာမေတွာ ပဉ္စမေ သတ္တာဟေ ဗောဓိရုက္ခမူလာ ယေန အဇပါလနိဂ္ရောဓော၊ တေနုပသင်္ကမိ။

ဝိနည်းမဟာဝါအဋ္ဌကထာ။ ၎င်းနည်းတူ ဗုဒ္ဓဝင်အဋ္ဌကထာ၊ အပဒါန်အဋ္ဌကထာတို့၌လာသည်နှင့်အညီ– ပလ္လင်သတ္တာဟ၊ အနိမိသသတ္တာဟ၊ စင်္ကမသတ္တာဟ၊ ရတနာဃရသတ္တာဟ၊ ဤလေးပါးတို့သည် ဗောဓိပင်နှင့် နီးသည်ဟုဆိုသည်။ ဤလေးပါးမှ ကြွင်းသော သုံးဌာန

သတ္တာဟတို့သည် မဟာဗောဓိပင်နှင့် ဝေးသည်ဟူ၍ ဗျတိရေက လှန်သောအားဖြင့် သိသာသည်။

သည်ကိုရည်၍ သုံးဆယ့်နှစ်ပါးချီသော တံတားဦးတည်တွင်– "လေးပါးဌာန၊ ဤတည်မျှကား၊ ချက်မအောင်မြေ၊ ဗုဒ္ဓဟေမှ၊ သမီပဟု၊ ဆောင်ထကျမ်းလာ။ မှတ်အပ်စွာသည်" ဟူ၍ လည်းကောင်း၊ "သုံးပါးပြည့်ဆန်၊ ဤမျှဌာန်ကား၊ ကျမ်းဂန်ဆိုထ၊ စကားကျဖြင့်၊ ဇေယပလ္လင်၊ အောင်မြေပြင်မှ၊ ဒူရဟူဖွယ်၊ နားဝင်လွယ်သည်" ဟူ၍ လည်းကောင်း စပ်တော်မူသည်များကို ထောက်၍ ပထမ လေးပါးသောဌာနသည် ဗောဓိပင်နှင့်နီး၏။ နောက်သုံးပါးသည် ဝေး၏ ဟူ၍သာ မှတ်ရာသည်။ တဆယ့်ကိုးလံ ကွာသည် လေးဆယ့်ငါးလံကွာသည် ဆိုသည်မှာ ကျမ်းဂန်မတွေ့ပေ။

၂၄–ပဋ္ဌာ။ ။မြတ်စွာဘုရား စံနေတော်မူသော ဇေတဝန်ကျောင်းသည် ရှစ်မင်းပယ်စားခန့် ကျယ်သည်ကို သိရပါသည်။ အမြင့်အရပ် ဘယ်မျှရှိမည်။ ဘုံဆင့် ဘယ်နှစ်ထပ် ရှိမည်ကို သိလိုပါသည်။

လေးပါးဓိရ၊ ပဏ္ဍိတစစ်၊ အနှစ်ပြည့်စွာ၊ ဆရာကောင်းထံ၊ ကျိုးနွံဆည်းကပ်၊ အပ် မအပ်ကို၊ တပ်တပ်သိမှု၊ ပုစ္ဆာပြု၍၊ ဗာဟုသစ္စ၊ သုတစိန္တာ၊ ဘာဝနာဖြင့်၊ သုံးဖြာဉာဏ်ထူး၊ တက်ဖူးရှေးခါ၊ ဝါသနာကြောင်၊ ဖြစ်လာတော်ငြား၊ ဂုဏ်မြောက်မြားဟု၊ တရားလမ်းကြီး၊ ခရီးသိတတ်၊ ရှေးညွှန်မှတ်သည်။ မပြတ်ပေါင်းယှဉ် တွဲသတည်း။ ဟူ၍ စပ်တော်မူသည်ကို နှလုံးသွင်းမိပါသဖြင့် လျှောက်ဝံ့ပါသည် ဆရာတော်ဘုရား။

၂၄–ဝိသဇ္ဇနာ။ ။ဇေတဝန် ကျောင်းတော်သည် ရှစ်မင်းပယ်စားခန့် ကျယ်သည်ဆိုသည်ကို သိရပါသည်။ အမြင့်အရပ် ဘယ်မျှရှိမည်၊ ဘုံဆင့် ဘယ်နှစ်ထပ် ရှိမည်ကို သိလိုပါသည်ဆိုရာ၌–

ဇေတဝနေ ကောဋိသန္ထရေန အဌာရသ ဟိရညကောဋိဟိ ကိဏိတွာ နဝကမ္မံ ပဋ္ဌပေသိ။ သော မဇ္ဈေ ဒသဗလဿ ဂန္ဓကုဋိ ကာရေသိ။ တံ ပရိဝါရေတွာ အသီတိ မဟာထေရာနံ ပါဋိယေက္ကံ ဧကသန္နိဝေသနအာဝါသေ ကေကုဋိက ဟံသ ဝဋ္ဋက ဒီဃမာလ မဏ္ဍပါဒိဝသေန သေနာသနာနိ ပေါက္ခရဏိစက်ံမန ရတ္တိဋ္ဌာန ဒိဝါဋ္ဌာနာနိ စာတိ အဌာရသကောဋိပရိစ္စာဂေန ရမ္မဏီယေ ဘူမိဘာဂေ ဝိဟာရံ ကာရာပေတွာ ဒသဗလဿ အာဂမနတ္ထာယ ဒူတံ ပေသေသိ-ဟူ၍ အပဒါန် အဌကထာ၌လာသည်။

ဇေတမင်းသား၏ ဥယျာဉ်၌ တဆယ့်ရှစ်ကုဋ္ဌေသော ရွှေအသပြာကိုခင်း၍ ဝယ်ပြီးလျှင် အမှုကိုပြုစေ၍ ထိုသေဋ္ဌေးသည် ဥယျာဉ်အလယ်၌ မြတ်စွာဘုရား၏ ဂန္ဓကုဋိကို ပြုစေ၏။ ဂန္ဓကုဋိကိုရံ၍ အသီတိမဟာထေရ်တို့၏ အသီးသီး တယောက်စီကိန်းရာ ကျောင်းတို့ကို တခုသော တိုက်ရှိသော ဟင်္သာတောင် အမွန်းရှိသော ရှည်သော တန်ဆောင်း မဏ္ဍပ်စသော အစွမ်းအားဖြင့် ကြွင်းသော ကျောင်းတို့ကိုလည်းကောင်း၊ ရေကန်၊ စင်္ကြံ ညဉ့်သန့်ရာ၊ နေသန့်ရာတို့ကို လည်းကောင်း၊ တဆယ့်ရှစ်ကုဋ္ဌေသော ဥစ္စာတို့ကို စွန့်သဖြင့်

မွေ့လျော်ဖွယ်ရှိသော မြေအဖို့၌ ကျောင်းကိုပြီးစေ၏။ ကိုးလဖြင့် ကျောင်းပူဇော်ခြင်း ကျောင်းလွှတ်သဘင်ကို ပြီးစေ၏။ ကျောင်းပူဇော်ရာ၌ တဆယ့်ရှစ်ကုဋေကုန်၏။ ဤသို့ ဇေတဝန်ကျောင်းတော်၌ ငါးဆယ့်လေးကုဋေသော ဥစ္စာတို့ကို စွန့်၏။

ဤသို့ဆိုသော သာမညစကားကို ထောက်လျှင် ယခုကာလ ဆောက်လုပ်သော ဘုံအမိုး သုံးဆင့်၊ ဘုံလေးဆင့်၊ ဘုံငါးဆင့်ထပ်သော တခဲနက်သော ကျောင်းကဲ့သို့ ရှစ်မင်းပယ်ခန့် အလျားအနံကျယ်သော ဘုံအမိုး သုံးထပ်၊ လေးထပ်၊ ငါးထပ်ရှိသော ထိုရှစ်မင်းပယ်နှင့် လျော်သော အမြင့်အစောက်ရှိသော ကျောင်းဟူယူရန်ရှိ၏။ ယူလည်းယူကြ၏။ အချို့လည်း အသက်ရှည်သော ကာလဖြစ်၍ သစ်ဝါးကြိမ်နွယ်တို့သည် ကြီး၏။ ထို့ကြောင့် ကျောင်းလည်း ရှစ်မင်းပယ်ခန့်၊ တဆယ့်ခြောက်မင်းပယ်ခန့်၊ ဂါဝုတ်ခန့်စသည်ဖြင့် ကြီး၏ဟူ၍ ဆိုကြ၏။ အချို့လည်း ဇေတဝန်ကျောင်းတော်သည် ဘုံသုံးထပ် အမိုးရှိ၏။ အကျယ် ရှစ်မင်းပယ်ခန့် ကျယ်၏ဟု ပြောဆိုကြ၏။ ငါတို့ဆရာတို့ အယူမူကား မင်း၏ပယ်တော်ဖြင့် ရှစ်ပယ်ကျယ်၏ ဟူသောစကားကို ပကတိနေရာ သုဂတာလယ သေနာသနဝိဟာရကို မယူလို။ သံဃာရာမ သံဃာ့အာရာမ် ဇေတဝန်ကျောင်းတိုက် ပရိဝေဏကိုသာ ယူလို၏။ ယူလိုကြောင်းလည်း–

အဘိတေ ပန ဝိပဿိဿ ဘဂဝတော ကာလေ ပုနဗ္ဘသုမိတ္တောနာမ သေဋ္ဌိ သုဝဏ္ဏိဋ္ဌက သန္တရေန ကိဏိတွာ တသ္မိံ ယေဝ ဌာနေ ယောဇနပ္ပမာဏာ သံဃာရာမံ ကာရာပေသိ။

သိခိဿ ဘဂဝတော ကာလေ သိရိဝဍ္ဎနော နာမ သေဋ္ဌိ သုဝဏ္ဏဖာလသန္တရေန ကိဏိတွာ တသ္မိံ ယေဝ ဌာနေ တိဂါဝုတပ္ပမာဏံ သံဃာရာမံ ကာရာပေသိ။

ဝေဿဘုဿ ဘဂဝတော ကာလေ သောတ္ထိယောနာမ သေဋ္ဌိ သုဝဏ္ဏဟတ္ထိဝရသန္တရေန ကိဏိတွာ တသ္မိံ ယေဝ ဌာနေ အဍ္ဎယောဇနပ္ပမာဏံ သံဃာရာမံ ကာရာပေသိ။

ကကုသန္ဓဿ ဘဂဝတော ကာလေ အစ္စုတောနာမ သေဋ္ဌိ သုဝဏ္ဏိဋ္ဌကသန္တရေန။ ကိဏိတွာ တသ္မိံ ယေဝ ဌာနေ ဂါဝုတပ္ပမာဏံ သံဃာရာမံ ကာရာပေသိ။

ကောဏာဂမနဿ ဘဂဝတော ကာလေ ဥဂ္ဂေါနာမ သေဋ္ဌိ သုဝဏ္ဏကဿပ သန္တရေန ကိဏိတွာ တသ္မိံ ယေဝ ဌာနေ အဍ္ဎဂါဝုတပ္ပမာဏံ သံဃာရာမံ ကာရာပေသိ။

ကဿပဿ ဘဂဝတော ကာလေ သုမနောနာမ သေဋ္ဌိ သုဝဏ္ဏိဋ္ဌကသန္တရေန ကိဏိတွာ-တသ္မိံ ယေဝ ဌာနေ သောဠသ ကရီသပ္ပမာဏံ သံဃာရာမံ ကာရာပေသိ။

အမှာကံ ပန ဘဂဝတော ကာလေ အနာထပိဏ္ဍိကောသေဋ္ဌိ ကဟာပဏကောဋိသန္တရေန ကိဏိတွာ တသ္မိံ ယေဝ ဌာနေ အဋ္ဌကရီသပ္ပမာဏံ သံဃာရာမံကာရာပေသိ။ ဣဒံကိရ ဌာနံ သဗ္ဗဗုဒ္ဓါနံ အဝိဇဟိတဋ္ဌာနမေဝ–

ဟုလာသော အပဒါန်အဋ္ဌကထာ၊ ၎င်းနည်းတူ ဝိနည်းစူဠဝါ အဋ္ဌကထာ၊ သုတ်မဟာဝါ အဋ္ဌကထာတို့၌ လာသည်။

အဓိပ္ပါယ်ကား။ ။ဝိပဿီဘုရားလက်ထက် ပုနဗ္ဘသုမိတ္တ သူကြွယ် ရွှေအုတ်ခင်း၍ ဝယ်ပြီးလျှင် တယူဇနာရှိသော သံဃာ့အာရာမ်ကို ပြုစေ၏။

သိဒ္ဓိဘုရားလက်ထက် သိရီဝမုန သူကြွယ် ရွှေထွန်သွားခင်း၍ ဝယ်ပြီးလျှင် သုံးဂါဝုတ်ရှိသော သံဃာ့အာရာမ်ကို ပြုစေ၏။

ဝေဿဘူဘုရားလက်ထက် သောတ္ထိယသူကြွယ် ရွှေဆင်ရုပ်ခင်း၍ ဝယ်ပြီးလျှင် ယူဇနာခွဲရှိသော သံဃာ့အာရာမ်ကို ပြုစေ၏။

ကကုသန်ဘုရားလက်ထက် အစ္စုတသူကြွယ် ရွှေအုတ်ခင်း၍ ဝယ်ပြီးလျှင် တဂါဝုတ်ပမာဏရှိသော သံဃာ့အာရာမ်ကိုပြုစေ၏။

ကောဏာဂုံဘုရားလက်ထက် ဥဂ္ဂသေဋ္ဌေး ရွှေလိပ်ရုပ်ခင်း၍ ဝယ်ပြီးလျှင်ဂါဝုတ်ခွဲပမာဏရှိသော သံဃာ့အာရာမ်ကို ပြုစေ၏။

ကဿပမြတ်စွာဘုရားလက်ထက် သုမနသေဋ္ဌေး ရွှေအုတ်ခင်း၍ ဝယ်ပြီးလျှင် တဆယ့်ခြောက်ပယ် ပမာဏရှိသော သံဃာ့အာရာမ်ကို ပြုစေ၏။

ငါတို့ဘုရားလက်ထက် အနာထပိဏ်သေဋ္ဌေး အသပြာစွန်းခြင်း ထိစေလျက် ရွှေငွေကိုခင်း၍ ဝယ်ပြီးလျှင် မင်း၏ပယ်တော် ရှစ်ပယ်ခန့်ရှိသော သံဃာ့အာရာမ်ကို ပြုစေ၏။

ဝိနည်းစူဠဝါ အဋ္ဌကထာတွင် ဝိပဿီဘုရားလက်ထက်ရွှေအုတ်၊ သိခီဘုရားလက်ထက် ရွှေလှံတံ၊ ဝေဿဘူဘုရားလက်ထက် ရွှေထွန်သွား၊ ကကုသန်ဘုရားလက်ထက် ရွှေဆင်ခြေ၊ ကောဏာဂုံဘုရားလက်ထက် ရွှေအုတ်၊ ကဿပဘုရားလက်ထက် ရွှေလိပ်ရုပ်၊ ငါတို့ဘုရားလက်ထက် ရွှေအသပြာခင်း၍ ဝယ်သည်ဆိုသည်ကို ထောက်၍ ကျောင်းတိုက်အာရာမ်ဟူ၍သာ မှတ်ရာသည်။

အမြင့်အရပ် ဘယ်မျှရှိမည်၊ ဘုံဆင့် ဘယ်နှစ်ထပ် ရှိမည်ဟု မေးရာ၌ ဇေတဝန်ကျောင်းတိုက်အာရာမ်တွင်း၌ မြတ်စွာဘုရား နေတော်မူသော ကျောင်းဟူ၍ အသီးအခြားမရှိ။ ဇေတဝန်ကျောင်းအာရာမ်တွင်း၌ မြတ်စွာဘုရားနေတော်မူသော အနာထပိဏ်သေဋ္ဌေး ပြုသော တသိန်းစီထိုက်သော ဂန္ဓကုဋီ၊ ကရေရိကုဋီ၊ ကောသမ္ဗကကုဋီ၊ ပသေနဒိကောသလမင်းပြုသော အသပြာတသိန်းထိုက်သော သလဋ္ဌဂါရကုဋီဟူ၍ လေးရပ်ရှိကြောင်းကို သုတ်မဟာဝါ အဋ္ဌကထာ မဟာပဒါနသုတ်အဖွင့်တွင်—

> အန္တော ဇေတဝနေ ကိရ ကရေရိကုဋီ ကောသမ္ဗကကုဋီ ဂန္ဓကုဋီ သလဋ္ဌဂါရန္တိ စတ္တာရိ မဟာဂေဟာနိ။ ဧကေကံ သတသဟဿပရိစ္စာဂေန နိပ္ပန္နံ။ တေသု သလဋ္ဌဂါရံ ရညာ ပသေနဒိနာ ကာရိတံ၊ သေသာနိ အနာထပိဏ္ဍိကေန ကာရိတာနိ—

ဟုလာသည်။ ကုဋီလေးရပ်တွင် ဂန္ဓကုဋီ၌ မြတ်စွာဘုရား များသောအားဖြင့် နေတော်မူသည်။

ဇေတဝနေ ဂန္ဓကုဋိယာ စတ္တာရိ မဥ္စပါဒဌာနာနိ အဝိဇဟိတာနေဝ ဟောန္တိ– ဟူ၍ ဗုဒ္ဓဝင်အဋ္ဌကထာတို့၌ ဆိုသောကြောင့် ဂန္ဓကုဋီ၌ ညောင်စောင်း ခြေရာလေးရပ်တို့သာ မစွန့်ကုန်ဆိုသည်ဖြစ်၍ မြတ်စွာဘုရား နေတော်မူသော ကျောင်းဟူသည်ကား- ဂန္ဓကုဋီစသော ကုဋီလေးရပ်တို့သည် ဘုရားကျောင်းတော်ပင် ဖြစ်တော့သည်။

ဇိနဿ ဝါသဘဝနမိတ္တိ-ဂန္ဓကုဋီပျထ-ဟူ၍ အဘိဓာန်ဆိုသည်။

ဇိနဿ၊ မြတ်စွာဘုရား၏။ ဝါသဘဝနံ၊ နေတော်မူရာကျောင်းသည်။ ဂန္ဓကုဋိ၊ ဂန္ဓကုဋိမည်၏။ အမြင့်အရပ် ဘုံဆင့် ဘုံထပ်မှာ ဂန္ဓကုဋိမုတပါး ဇေတဝန်ကျောင်းဟုပင် အထူးအထည်နှင့် မရှိသည့်အရာကို ဘုံဘယ်မျှရှိ၏ဟူ၍ ကျမ်းဂန်ရှိရတော့သည် မဟုတ်။ ပုဗ္ဗာရာမကျောင်းမှာသာ ဘုံနှစ်ထပ်ရှိကြောင်းကို—

> ဒွေ ဘူမိယံ ပါသာဒံ ကရိံသု။ ဟေဋ္ဌာ ဘူမိယံ ပဉ္စဂဗ္ဘသတာနိ။ ဥပရိ ဘူမိယံ ပဉ္စဂဗ္ဘသတာနီတိ ဂဗ္ဘသဟဿပ္ပဋိမဏ္ဍိတော ပါသာဒေါ အဟောသိ။ အဋ္ဌကထိသေ ဘူမိဘာဂေ ပါသာဒံ ကာရေသိ—

စသည်ဖြင့် ဓမ္မပဒအဋ္ဌကထာ ပုပ္ဖဝဂ် ဝိသာခသုတ်တွင် ဆိုသောကြောင့် ပြာသာဒ်ဘုံနှစ်ထပ်ရှိသည်။ အောက်ဘုံ၌ တိုက်ခန်းငါးရာ၊ အထက်ဘုံ၌ တိုက်ခန်းငါးရာ ပေါင်း တိုက်ခန်းတထောင်ရှိသည်။ ပဓာနဝတ်ကျောင်း ငါးရာ၊ ပြာသာဒ်ငါးရာ။ ဇရပ်ရှည် ငါးရာရံသည် ဆိုသည်။ အချို့သောသူတို့ကား ဇေတဝန်ကျောင်းတော်သည် အလံတရာမြင့်သည်။ အလံနှစ်ရာ အနံရှိသည်။ အလံသုံးရာ အလျားရှိသည်။ ကွန်းစင်သစ်လုံးရေတရာ။ သည်လည်-သည်မ-နှစ်ရာ။ သည်ထွေး-သည်ရံလေးရာရှိသည်။ တိုက်ခန်းရှစ်ဆယ်ရှိသည်။ ရွှေဖြင့်မိုးသည်။ ဘုံသုံးထပ်ရှိသည်ဟု ပါဠိပဒရွတ်၍ ပြောဆိုကြကုန်၏။ ဤပါဠိပဒတို့ကို ကျမ်းကြီးကျမ်းမတို့၌ မတွေ့ဖူးချေဟူ၍ ကျမ်းဂန်သိမြင်သော ဆရာကြီးတို့ မိန့်ကုန်၏။ ဝိနည်းစူဠဝါပါဠိတော် သေနာသနက္ခန္ဓကတွင်ကား—

> ဇေတဝနေ ဝိဟာရေ ကာရာပေသိ၊ ပရိဝေဏာနိ ကာရာပေသိ၊ ကောဋ္ဌကေ၊ ဥပဋ္ဌာန-သာလာယော၊ အဂ္ဂိသာလာယော၊ ကပ္ပိယကုဋိယော၊ ဝစ္စကုဋိယော၊ ပဿာဝ ကုဋိယော၊ စင်္ကမေ၊ စင်္ကမနသာလာယော၊ ဥဒပါနေ၊ ဥဒပါန သာလာယော၊ ဇန္တာဃရေ၊ ဇန္တာဃရ သာလာယော၊ ပေါက္ခရဏိယော၊ မဏ္ဍပေ ကာရာပေသိ။

ဟူ၍ ဇေတဝန်ကျောင်းတော်တို့ကို ပြုစေ၏။ ပရိဝုဏ်တို့ကိုလည်းကောင်း။ တံခါးမုခ်၊ စည်းဝေးစရာ ဇရပ်၊ မီးတင်းကုပ်၊ ကပ္ပိကကုဋိ၊ ဝစ္စကုဋိ၊ ပဿာဝကုဋိ၊ စင်္ကြံဇရပ်၊ ရေတွင်း၊ ရေတွင်းဇရပ် ဇရုံးအိမ်၊ ဇရုံးအိမ်ဇရပ်၊ ရေကန်၊ မဏ္ဍပ်တို့ကို ပြုစေရာ၏ဟု ဆိုသည်။ အဋ္ဌကထာတွင်လည်း—

> အဋ္ဌာရသဟိ ကောဋီဟိ ဧတေ ဝိဟာရာဒယော ကာရာပေသိအဋ္ဌကရီသပမာဏာယ ဘူမိယာ ဟူ၍သာ ဆိုသည်။ ပထမတောင်ဖိလာ တိပိဋကာလင်္ကာရ ဆရာတော်ရေးတော်မူသည့် ဝိဟာရာနုမောဒနာ-တွင်လည်း ဝိနည်းပါဠိတော်၏ အဓိပ္ပာယ်လာတိုင်းကိုသာ စကားပြေ ရေးတော်မူသည်။ ထိုနည်းတူဝါဆိုစဉ်ဝတ္ထု၊ တထာဂတုပ္ပတ္တိ၊မာလာလင်္ကာရ-တို့တွင်လည်း ဆိုကုန်သည်။ ဤအရာတွင် အချို့သောကျမ်းတို့၌ ဝိဟာရံ ပါဝိသိ-ဟူ၍ ရှိပါ၏တကားဟူအံ့။ ဝိဟာရံဟူ၍ ဆိုသော်လည်း ဂန္ဓကုဋိကိုပင် ရည်၍ ဆိုသည်၊ ထို့ကြောင့် မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ၊ ဓမ္မစေတိယသုတ်အဖွင့်တွင် ဝိဟာရာတိ ဂန္ဓကုဋိံ သန္ဓာယာဟံသု-ဟု ဖွင့်သောနည်းကို ထောက်သင့်သည်။

ဒုကနိပါတ်ကျမ်း အဋ္ဌမဝဂ် ပဌမပလာယိတဇာတ်တွင် ပရိဗိဇ်ရဟန်းတယောက်သည် ဇေတမင်းသားကို ကုဋ္ဌေသော ဥစ္စာစွန့်၍ ပြုလုပ်သော တံခါးမုခ်ကို မြင်လျှင် ရဟန်းဂေါတမ နေသောပြာသာဒ်လောဟု လူများကို မေး၏။ တံခါးမုခ်သာတည်းဟု ပြောကြ၏။ တံခါးမုခ်မျှ ဤကဲ့သို့ ရှိသော် ဘုရားစံနေတော်မူသော ဝသနဂေဟသည် အဘယ်သို့ ဖြစ်လတ္တံ့နည်းဟု မေးသောကာလ၌လည်း "ဂန္ဓကုဋိ နာမ အပ္ပမေယျာတိ" ဟု "ဂန္ဓကုဋိသည်မနှိုင်းယှဉ်အပ်"ဟု ဂန္ဓကုဋိကိုသာ စံနေတော်မူသောကျောင်းဟူ၍ ပြောဆိုကြသည်များကို ထောက်သော်လည်းကောင်း၊ ဇေတဝန်

ကျောင်းတော်သည် ဘုံသုံးထပ်ရှိသည်၊ အလံတစ်ရာမြင့်သည်၊ အလံနှစ်ရာ အနံရှိသည်၊ အလံသုံးရာ အလျားရှိသည်ဟူသော စကားတို့သည် ခိုင်ခဲ့သော ကျမ်းကြီး ကျမ်းမတို့က ထွက်သည်မှန်လျှင် သုတ်မဟာဝါ အဋ္ဌကထာ၊ ဝိနည်းစူဠဝါဟိုဋ္ဌတော် အဋ္ဌကထာ၊ ဝိဘာရာနုမောဒနာ စသော ကျမ်းတို့တွင် အရိပ်အမြွက် ပါသင့်လျက် မပါချေသောကြောင့်လည်းကောင်း ခိုင်ခဲ့သော ပါဠိပဒ မဟုတ်လွန်းသကဲ့သို့ ထင်သည်။

---

၂၅ - ပုစ္ဆာ။ ။မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသောကာလ မြောက်သို့ ဦးခေါင်းပြု၍ ပရိနိဗ္ဗာန် စံတော်မူသည်ဟူ၍ အစဉ်ရှည်စွာ စကားဥဒါန်း ရှိပါသည်ကို အချို့က မြတ်စွာဘုရားသည် အရှေ့သို့ ဦးခေါင်းပြု၍ ပရိနိဗ္ဗာန် စံတော်မူသည်။ အရှေ့သို့ ဦးခေါင်းပြု၍ ပရိနိဗ္ဗာန် စံယူတော်မူသည့် ကာလ လက်ယာနံတောင်းဖြင့် လျောင်းတော်မူလျှင် မြောက်သို့ မျက်နှာမူလျက် ရှိသည်ကို ရည်၍သာ မြောက်သို့ ဦးခေါင်းပြုသည်ဟု ဆိုကြကုန်သည်။ "ဥတ္တရသီသာဘိမုခ" ဟူသော ပါဠိကိုလည်း ဥတ္တရတပုဒ်၊ သီသတပုဒ် အဘိမုခတပုဒ်ခွဲရမည်။ သီသသဒ္ဒါ၏ အနက်သည်လည်း မျက်နှာသည် ဦးခေါင်းပင် ဖြစ်တော့သည်၊ ထို့ကြောင့် ဥတ္တရသီသာဘိမုခကို မြောက်သို့ မျက်နှာပြု၍ ပရိနိဗ္ဗာန် စံတော်မူသည် အနက် ယောဇနာ ရမည်ဟု ကျမ်းဂန် အရိပ်ခို၍ ပြောဆိုကြပါသည်၊ ရှင်းလင်းအောင် သိလိုပါသည်။

သက္ကရာဇ် ၁၁၇၀-ပြည့်၊ တပေါင်းလဆန်း ၁-ရက်၊ အင်္ဂါနေ့၊ မုံရွာ သိရိမာလာ-က လျှောက်လာရာတွင် ဖြေဆိုလိုက်သည်ကား-

၂၅-ဝိသဇ္ဇနာ။ ။မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် စံယူတော်မူသောကာလ ဦးခေါင်းတော်ပြုရာ အရပ်ကို မေးရာ၌-

ကျယ် မေ တံ့ အာနန္ဒ အန္တရေန ယမကသာလာနံ ဥတ္တရသီသကံ မဉ္စကံ ပညာပေဟိ။ ကိလန္တောသ္မိ အာနန္ဒ နိပဇ္ဇိဿမီတိ။

အာနန္ဒ၊ ချစ်သားအာနန္ဒာ။ မေ၊ ငါဘုရားသည်။ ကျယ်၊ တိုက်တွန်း၏။ တံ့၊ သင်သည်။ ယမကသာလာနံ၊ အစုံသော အင်ကြင်းပင်တို့၏။ အန္တရေန၊ အကြား၌။ ဥတ္တရသီသကံ၊ မြောက်သို့ ဦးခေါင်းရှိသော။ မဉ္စကံ၊ ညောင်စောင်းကို။ ပညာပေဟိ၊ ခင်းလော့။ ကိလန္တောသ္မိ၊ ပင်ပန်းတော်မူသည်။ အသို့၊ ဖြစ်၏။ အာနန္ဒ၊ အာနန္ဒာ။ နိပဇ္ဇိဿမိ၊ ငါလျောင်းအံ့။ ကွတိ၊ ဤသို့။ အဝေါစ၊ မိန့်တော်မူ၏။

အာယသ္မာ အာနန္ဒော ဘဂဝတော ပဋိဿုတ္ဝာ အန္တရေန ယမကသာလာနံ ဥတ္တရသီသကံ မဉ္စကံ ပညာပေသိ။

အာယသ္မာ အာနန္ဒော၊ အရှင်အာနန္ဒာသည်။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ဝစနံ၊ စကားတော်ကို။ ပဋိဿုတ္ဝာ၊ ဝန်ခံ၍။ ယမကသာလာနံ၊ အစုံသော အင်ကြင်းပင်တို့၏။ အန္တရေန၊ အကြား၌။ ဥတ္တရသီသကံ၊ မြောက်သို့ ဦးခေါင်းရှိသော။ မဉ္စကံ၊ ညောင်စောင်းကို၊ ပညာပေသိ၊ ခင်း၏။

ချစ်သား အာနန္ဒာ ငါတို့က်တွန်း၏၊ သင်သည် အင်ကြင်းပင်ပုံတို့၏ အကြားဌ မြောက်သို့ ဦးခေါင်းရှိသော ညောင်စောင်းကို ခင်းလော့ဟု မိန့်တော်မူ၏။ အရှင်အာနန္ဒာလည်း မြောက်သို့ ဦးခေါင်းရှိသော ညောင်စောင်းကို ခင်း၏ဟု ဆိုလိုသည်။

ဤသို့ ယောဇနာသော အနက်တွင် မြောက်သို့ ဦးခေါင်းရှိသော ညောင်စောင်းကို ခင်း၏ဟူသော စကားကို ဆရာတို့ မျှားစွာအနက်ဆိုကြသည်။ တောင်ဖီလာ ဆရာတော်တို့ စီရင်တော်မူကြသည့် ရာဇမဏိစူဠာဇာတ် ကမ္ဘည်းတွင်လည်း အရှင်အာနန္ဒာကို ခေါ်၍ ညောင်စောင်းကို ဦးခေါင်းရင်း မြောက်သို့ပြု၍ ခင်းဟု မိန့်တော်မူသည်ဟူ၍ စာတမ်းရှိသည်များကို ထောက်သော် မြောက်သို့ ဦးခေါင်းပြု၍ ပရိနိဗ္ဗာန် စံတော်မူသည်ဟု ယူရန်ရှိသည်။

မဟာပရိနိဗ္ဗာနသုတ် အဋ္ဌကထာ၌လည်း–

"အန္တရေန ယမကသာလာနံ ဥတ္တရသီသကန္တိ တသ္မာ ကိရ မဉ္စကဿ ဧကော သာလပန္တိ သီသဘာဂေ ဟောတိ၊ ဧကော ပါဒဘာဂေ" ဟူ၍ ညောင်စောင်း၏ ဦးခေါင်းရင်းက တစ်ပင် ခြေရင်းကတစ်ပင်၊ အင်ကြင်းပင်ရှိကြောင်းကိုသာ ဖွင့်၍ ဥတ္တရ၏အရ ဒီသာဘာဂ ဖြစ်ကြောင်းကို မဖွင့်၊ နလာဋ္ဌဓောတုဝင်တွင်လည်း ဤကဲ့သို့ သာမညဆိုသည်။ ဥတ္တရသီသာဘိမုခကို ဥတ္တရတစ်ပုဒ်၊ သီသတစ်ပုဒ်၊ အဘိမုခ တစ်ပုဒ်ခွဲ၍ အနက်ကြံရမည့် အကြောင်းများမှာ ကျန်းဂန် မတွေ့ဖူးပေ။

၂၆- **ပုစ္ဆာ**။ ။ကဆုန်လပြည့် အင်္ဂါနေ့ မလ္လာမင်းတို့၏ အင်ကြင်းပင်စုံ၌ ပရိနိဗ္ဗာန်စံတော်မူသည်။ အင်ကြင်းပင်စုံတွင် ခုနစ်ရက်ထားသည်။ စန္ဒကူးထင်းပုံထက်တွင် ခုနစ်ရက်ထားပြီးမှ တေဇောဓာတ်လောင်သည် ဆိုပါသည်။ ခုနစ်ရက်နှစ်လပြည့်လျှင်လည်း တနင်းလာနေ့ တေဇောဓာတ် လောင်ရပါမည်ကို "ရဝိဝါရေ အင်္ဂိတေဇော" ဟု တနင်္ဂနွေနေ့ တေဇောဓာတ် လောင်ကြောင်းကို ဆိုပြန်ခဲ့ပါသည်။ ရှင်းလင်းစွာ သိလို ပါသည်။

ရှင်လူပုဏ္ဏား၊ ကြွယ်ရှားယုတ်မြတ်၊ ပညာတတ်နှင့်၊ ပူးပွတ်မကင်း၊ ဆိုသွင်းမိန့်သံ၊ နားပါးခံ၍၊ ကထံကထိ၊ သင်္ကာရှိသား၊ စွန်းငြိ စေးညှော်၊ ဂုဏ်သရော်ကို၊ ချဉ်ပေါ်ရေထိ၊ ကြေးနီ ညှိသို့၊ မရှိစေရ၊ ဖျောက်များကလျင်၊ ချာမဦးကိုင်၊ လိုရာတိုင်သည်-ဟု စပ်ဆိုသည်များကို မှတ်မိပါသဖြင့် မေးလျှောက်ပါသည် ဆရာတော်ဘုရား။

၂၆- **ဝိသဇ္ဇနာ**။ ။ကဆုန်လပြည့် အင်္ဂါနေ့ ပရိနိဗ္ဗာန်စံ၍ ခုနစ်ရက်နှစ်လိမြောက် တနင်းလာနေ့ တေဇောဓာတ် လောင်ရပါမည် ဆိုရာမှာ–

နိဒ္ဒါဝေန ပန တံ ရတ္တိဘာဂဝတော ဘဝင်္ဂသ ဩကာသောယေဝ နာဟောသိ။ ပဌမယာမသ္မိဉ္စိ မလ္လာနံ ဓမ္မဒေသနာ အဟောသိ။ မဇ္ဈိမယာမေ သုဘဒ္ဒဿ၊ ပစ္ဆိမယာမေ ဘိက္ခၡသံဃဿ ဩဝဒတိ။ ဗလဝပစ္စူသေ ပရိနိဗ္ဗာယိ-ဟူသော ပရိနိဗ္ဗာနသုတ်အဋ္ဌကထာ၊

ဝိသာခါပုဏ္ဏမဒိဝသေ ပစ္စူသသမယေ အနုပါဒိသေသာယ နိဗ္ဗာနဓာတုယာ ပရိနိဗ္ဗုတော ဘဂဝတိ လောကနာထေ-

ဟူသော ပါရာဇိကဏ်အဋ္ဌကထာတို့နှင့် အညီ–

ကဆုန်လပြည့်နေ့သည် အိပ်ခြင်း၏အစွမ်းဖြင့် ဘဝင်၏ အခွင့်သည် မရှိရပြီ။ ညဉ့်ဦးယံ၌ မလွှာမင်းတို့ကို တရားဟောတော်မူသည်။ သန်းခေါင်ယံ၌ သုဘဒ်ပရိဗိုဇ်ကို ဆုံးမတော်မူသည်။ ပစ္ဆိမယံ၌ ရဟန်းအပေါင်းတို့ကို ဆုံးမ၍ မိုးသောက်ထ၍ ပရိနိဗ္ဗာန်စံတော်မူသည်။ မိုးသောက်ယံဖြစ်သော်လည်း ကဆုန်လပြည့် အင်္ဂါနေ့ဟူ၍ပင် ယူရမည်။ ယင်းသို့ယူလျှင် လပြည့်ကျော်ခြောက်ရက် တနင်းလာနေ့သည် ပရိနိဗ္ဗာန်စံသောနေ့မှ ခုနစ်ရက်မြောက်သော သာဓုကီဠနသတ္တာဟ၊ ပထမသတ္တာဟသည် စေ့၏။ ထိုနေ့၌ပင် အလောင်းတော်ကို ဆောင်၍ မြို့မြောက်တံခါးဖြင့်သွင်း၍ မြို့လယ်ဖြင့် ဆောင်၍ မြို့အရှေ့တံခါးမှ ထုတ်၍ မကုဋဗန္ဓန ဥယျာဉ်၌ အမြင့်အတောင် တစ်ရာ့နှစ်ဆယ်ရှိသော စန္ဒကူးထင်းပုံထက် တင်ထား၏။ ထိုနေ့ပင် သင်္ကြိတ်အံ့သောဌာလုံ့လပြုသော်လည်း အပြီးမမြောက်၍ စန္ဒကူးထင်းပုံထက်တွင် ခြောက်ရက် တနင်းလာနေ့မှ စ၍ ထားသော် လပြည့်ကျော် တစ်ဆယ့်နှစ်ရက် တနင်္ဂနွေနေ့သို့ ရောက်သောကာလ ခုနစ်ရက်မြောက်လေ၏။ စိတကသတ္တာဟ- ဒုတိယသတ္တာဟစေ့၏။ ထိုနေ့ တေဇောဓာတ်လောင်၏။ ထို့ကြောင့် "အင်္ဂါဝါရေ ပရိနိဗ္ဗုတိ၊ ရဝိဝါရေ အင်္ဂိတေဇော" ဟု ဆိုလေသတည်း။

ယခင် သာဓုကီဠနသတ္တာဟ၊ စိတကသတ္တာဟနောက်၊ ဓာတ်တော်ကို ပူဇော်သည်။ ရှုစ်ပြည်ထောင်သော မင်းတို့ကို ဒေါဏပုဏ္ဏား ဝေသည်တိုင်အောင် ခုနစ်ရက်ကို ဓာတုပူဇာ သတ္တာဟဆိုသည်။ ဓာတုပူဇာသတ္တာဟသည် နယုန်လဆန်း လေးရက် တနင်္ဂနွေနေ့သို့ ရောက်၏။ ဤသတ္တာဟသုံးပါးတို့ကို ရွှေဥမင်ဆရာတော် ပါရာဇိကဏ်အဋ္ဌကထာနိဿယတွင် ပြဆိုတော်မူသည်။

သမန္တစက္ခုဒီပနီကျမ်း-ပထမတွဲပြီး၏။

သမန္တစက္ခုဒိပနီကျမ်း

ဒုတိယတွဲ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

တပည့်တော် သိရိမာလာလျှောက်ပါသည် ဇေတဝန်ဆရာတော်ဘုရား–

၂၇-ပုစ္ဆာ။ ။ အဘိဓမ္မတ္ထ သင်္ဂြိဟ်ကျမ်းတွင် "စတုဓာတုဝဝတ္ထာနံ ဧကံ ဝဝတ္ထာနံ" ဟူ၍ ဆိုသည့်အရာ၌ တခုသော ဝဝတ္ထာန်ကိုမှတ်၍ စီးဖြန်းရမည်ဆိုသော အရာသည် အဘယ်သို့ စီးဖြန်းရမည်ကို သိလိုပါသည်။

သက္ကရာဇ် ၁၁၇၀-ပြည့်၊ တန်ခူးလဆန်း ၁-ရက်၊ ကြာသပတေးနေ့ မုံရွာ သိရိမာလာက လျှောက်လာရာတွင် ဖြေဆိုလိုက်သည်ကား–

၂၇-ဝိသဇ္ဇနာ။ ။ တခုသော ဝဝတ္ထာန်ကို မှတ်သား၍ စီးဖြန်းရမည်ဆိုသော အရာသည် ဘယ်သို့မှတ်သား၍ စီးဖြန်းရမည်ဟူရာ၌–

သမထဘာဝနာ၊ ဝိပဿနာဘာဝနာ နှစ်ပါးတို့တွင် သမထဘာဝနာဝင် လေးပါးသော ဓာတ်တို့ကို မှတ်သား၍ စီးဖြန်းရာသည်ကိုပင် ဧကဝဝတ္ထာန်ဆိုသည်။ ထို့ကြောင့်–

> ဝဝတ္ထာနဿိ သဘာဝူပလက္ခဏဝသေန သန္နိဋ္ဌာနံ စတုန္နံ ဓာတူနံ ဝဝတ္ထာနံ စတုဓာတု-ဝဝတ္ထာနံ။ ဓာတုမနသိကာရော ဓာတုကမ္မဋ္ဌာနံ စတုဓာတု ဝဝတ္ထာနဿိ အတ္ထတော ဧကံ-

ဟူ၍ ဝိသုဒ္ဓိမဂ်တွင်ဆိုသည်။

ထိုကမ္မဋ္ဌာန်းသည် အကျယ် စီးဖြန်းခြင်း၊ အကျဉ်း စီးဖြန်းခြင်း နှစ်ပါးရှိသည်တွင် **အကျဉ်းကား** - မဟာသတိပဋ္ဌာနသုတ်၌လာသည်၊ **အကျယ်ကား** - မဟာဟတ္ထိပဒေါပမသုတ်၊ ရာဟုလောဝါဒသုတ်၊ ဓာတုဝိဘင်းတို့၌လာသည်။ ဤအလုံးစုံကိုပေါင်း၍ ဝိသုဒ္ဓိမဂ်တွင် ကျယ်ဝန်းစွာဆိုသည်။ နေတွင်ပါဋ္ဌိတော်တွင်လည်း မကျယ်လွန်း မကျဉ်းလွန်းလာသည်။ ဓမ္မရာသီတွင်လည်း စပ်ဆိုလျက်ရှိပေသည်။ ကမ္မဋ္ဌာန်းလေးဆယ်ဟူသော ဝတ္ထုဓမ္မဒီပနီ၊ ဝိသုဒ္ဓိမဂ်ဒီပနီတို့၌လည်း အသီးသီး ရှိကြပေကုန်သည်။ ကျယ်ဝန်းလှသည်ဖြစ်၍ အကျဉ်းမှတ်သားရုံ သစ္စသင်္ခေပကျမ်းမှ ထုတ်၍ပြပေအံ့။

> ကေသာဒီ မတ္တလုဂ်န္တာ၊ ပထဝံသာတိ ဝီသတိ။
> ပိတ္တာဒီ မုတ္တကန္တာ တေ၊ ဇလံသာ ဒွာဒသီရိတာ။
>
> ယေန သန္တပ္ပနံ ယေန၊ ဇီရဏံ ဒဟနံ် တထာ။
> ယေနာသိတာဒိပါကောတိ၊ စတုရံသာနာလာဓိကာ။

ဥဒ္ဓါဓောဂမကုစ္ဆိဋ္ဌာ၊ ကောဋ္ဌာသေယျင်္ကာရီ စ။
အဿာသောပိ၊ စ ဝိညေယျာ၊ ဆလံသာ ဝါယုနိဿိတာ။
ပုဗ္ဗမုတ္တကရိသဉ္စ-ဒရိယံ စတုရောတုဇာ။
ကမ္မာ ပုါစဂို စိတ္တမှာ-သာသော်တိ ဆပိ ကော်ဇာ။
သေဒသိဂိါဏိကာသု စ၊ ခေဠော စိတ္တောတုသမ္ဘဝါ။
ဒွိဇာ ဗာတ္တိ သ ကောဋ္ဌာသာ၊ သော်သာ ဧဝ စတုဗ္ဘဝါ။

ကေသာဒီ၊ ဆံအစရှိကုန်သော။ မတ္ထလုင်္ဂ်ာ၊ ဦးနှောက်အဆုံးရှိကုန်သော။ ဝိသတိ၊ နှစ်ဆယ်သော်အစုတို့ကို။ ပထဝီဓာတ်လွန်သော် အစုတို့ဟူ၍။ ဤရိတာ၊ ဟောအပ်ကုန်၏။ ပိတ္တာဒီ၊ သည်းခြေအစရှိကုန်သော။ မုတ္တကန္တာ၊ ကျင်ငယ်အဆုံးရှိကုန်သော။ ဒွါဒသ၊ တစ်ဆယ့်နှစ်ပါးကုန်သော။ တေ၊ ထိုအစုတို့ကို။ ဇလံသာ၊ အာပေါဓာတ်လွန်သော အစုတို့ဟူ၍။ ဤရိတာ၊ ဟောအပ်ကုန်၏။

ယေန၊ အကြောင်တေဇောဓာတ် လွန်သောအစုဖြင့်။ သန္တပ္ပန်၊ ဖျားခြင်းသည်။ ဟောတိ၊ ဖြစ်၏။ သော၊ ထိုအစုသည်လည်းကောင်း။ ယေန၊ ဖြင့်။ ဇီရဏံ၊ အိုခြင်းသည်။ ဟောတိ၊ ဖြစ်၏။ သော စ၊ သည်လည်းကောင်း။ ယေန၊ ဖြင့်။ ဒဟန်၊ ပူလောင်ခြင်းသည်။ ဟောတိ၊ ၏။ တထာ၊ ထို့အတူ။ ယေန၊ ဖြင့်။ အသိတာဒိပါကော၊ စားသော အစာစသည်တို့၏ ကျက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ သော် စ၊ သည်လည်းကောင်း။ ဣတိ၊ ဤသို့။ စတုရံသာ။ လေးပါးသောအစုတို့သည်။ အနာလာမိကာ၊ တေဇောဓာတ်လွန်ကုန်၏။

ဥဒ္ဓါဓောဂမကုစ္ဆိဋ္ဌာ၊ အထက်သို့ဆန်သောလေ, အောက်သို့ဆန်သောလေ, ဝမ်းဌိတည်သောလေလည်းကောင်း။ ကောဋ္ဌာသေယျင်္ကာရီ စ၊ အအူတွင်းဌိကိန်းသောလေ၊ လက်ခြေစသောအင်္ဂါသို့ လျှောက်သောလေလည်းကောင်း။ အဿာသော စ၊ ထွက်သက် ဝင်သက်လေလည်းကောင်း။ ဣတိ၊ ဤသို့။ ဆလံသာ၊ ခြောက်ပါးသော့အစုတို့ကို။ ဝါယုနိဿိတာ၊ လေဓာတ်လွန်သောအစုတို့ဟူ၍။ ဝိညေယျာ၊ သိအပ်ကုန်၏။

ပုဗ္ဗမုတ္တကရိသဉ္စ၊ ပြည် ကျင်ငယ် ကျင်ကြီး လည်းကောင်း။ ဥဒရိယံ။ အစာသစ်လည်းကောင်း။ စတုရော၊ လေးပါးတို့သည်။ ဥတုဇာ၊ ဥတုကြောင့်ဖြစ်ကုန်၏။ ပါစဂို၊ ဝမ်းမီးသည်။ ကမ္မာ၊ ကံကြောင့်။ သမုဋ္ဌာတိ၊ ဖြစ်၏။ အဿာသော၊ ထွက်သက်ဝင်သက်သည်ကား။ စိတ္တမှာ၊ စိတ်ကြောင့်။ သမုဋ္ဌာတိ၊ ၏။ ဣတိ၊ ဤသို့။ ဆပိ၊ ခြောက်ပါးတို့သည်လည်း။ ဇကဇာ၊ တခုသောအကြောင်းကြောင့် ဖြစ်ကုန်၏။

ဧသေဒသိဃ်ာဏိကာသု စ၊ ချွေး နှပ် မျက်ရည်သည်လည်းကောင်း။ ခေဠော၊ တံတွေးသည်လည်းကောင်း။ စိတ္တောတုသမ္ဘဝါ၊ စိတ်ဥတုကြောင့်ဖြစ်ကုန်၏။ ဒွိဇာ၊ အကြောင်းနှစ်ပါးကြောင့်ဖြစ်ကုန်၏။ သေသာ၊ ကြွင်းကုန်သော။ ဗာတ္တိသ ကောဋ္ဌာသာ၊ သုံးဆယ့်နှစ်ပါးသော အစုတို့သည်။ စတုဗ္ဘဝါ ဧဝ၊ လေးပါးသောအကြောင်းကြောင့် ဖြစ်ကုန်သည်သာလျှင်တည်း။

အဓိပ္ပာယ်ကား ။ ။ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော၊ မံသံ၊ နှာရု၊ အဋ္ဌိ၊ အဋ္ဌိမိဉ္ဇံ၊ ဝက္ကံ၊ ဟဒယံ၊ ယကနံ၊ ကိလောမကံ၊ ပိဟကံ၊ ပပ္ဖါသံ၊ အန္တံ၊ အန္တဂုဏံ၊ ဥဒရိယံ၊ ကရီသံ၊မတ္ထလုင်္ဂ် ၊ ဤနှစ်ဆယ်သော အစုသည်ပထဝီဓာတ်လွန်သောအစုမည်၏။

ပိတ္တံ၊ သေမ္ပံ၊ ပုဗ္ဗော၊ လောဟိတံ၊ သေဒေါ၊ မေဒေါ၊ အဿု၊ ဝသာ၊ ခေဠော၊ သိင်္ဃာ-ဏိကာ၊ လသိကာ၊ မုတ္တံ၊ ဤတစ်ဆယ့်နှစ်ပါးသည် အာပေါဓာတ်လွန်ကဲသောအစုမည်၏။

ဖျားခြင်း၊ အိုခြင်း၊ အစာကြေခြင်း ဤလေးပါးသော ကောဋ္ဌာသသည် တေဇောဓာတ် လွန်သော အစုမည်၏။

ကြို့ထိုးခြင်း စသော အထက်သို့ ဆန်သောလေ၊ ကျင်ကြီး ကျင်ငယ်ကို ဆောင်ခြင်း စသော အောက်သို့စုန်သောလေ၊ အအူ၏ အပဋ္ဌ ဖြစ်သော ဝမ်းဋ္ဌ တည်သောလေ၊ အအူ၏ အတွင်းဋ္ဌဖြစ်သော ကောဋ္ဌာသဋ္ဌ ကိန်းသောလေ၊ လက်ခြေ စသော အင်္ဂါသို့ လျှောက်သောလေ၊ ထွက်သက် ဝင်သက်လေ။ ဤခြောက်ပါးသောအစုသည် ဝါယောဓာတ် လွန်သော အစုမည်၏။

ဤသို့ ပထဝီဓာတ် နှစ်ဆယ်၊ အာပေါဓာတ် တဆယ့်နှစ်ပါး၊ တေဇောဓာတ် လေးပါး၊ ဝါယောဓာတ် ခြောက်ပါး အားဖြင့် လေးဆယ့်နှစ်ပါး ဖြစ်၏။ ထိုတွင် ပြည်၊ ကျင်ကြီး၊ ကျင်ငယ်၊ အစာသစ်၊ ဤလေးပါးသည် ဥတုကြောင့်ဖြစ်၏။ ပါစက္ခိ-ဟူသော ဝမ်းမီးသည် ကံကြောင့်ဖြစ်၏။ ထွက်သက်ဝင်သက်သည် စိတ်ကြောင့်ဖြစ်၏။ ဤခြောက်ပါးသောအစုသည်၊ အကြောင်း တပါးစီသာ ဖြစ်သောကြောင့် ဧကဇမည်၏။ ချွေး၊ နှပ်၊ မျက်ရည်၊ တံတွေး၊ ဤလေးပါးသည် စိတ်ဥတုကြောင့် ဖြစ်သောကြောင့် ဒွိဇမည်၏။ ကြွင်းသော သုံးဆယ့်နှစ်ပါးသည် ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူသော လေးပါးသောအကြောင်းကြောင့် ဖြစ်၏။ ဤလေးပါးသောဓာတ်တို့တွင် ပထဝီဓာတ်နှစ်ဆယ်တွင်ပင် ကေသာစသော တခုတခုသော သဘောဋ္ဌ ဓာတ်လေးပါးတို့သည် ရှိကုန်၏။ ရှိကုန်သော်လည်း ပထဝီဓာတ်ကဲလွန်၏။ ကြွင်းသော ၃-ပါးသော ဓာတ်တို့သည် အားနည်းကုန်၏။

အာပေါဓာတ်တဆယ့်နှစ်ပါးတို့ဋ္ဌလည်း မိမိဓာတ်ကား ကဲလွန်၏။ ကြွင်းသောဓာတ်သုံးပါးကား အားနည်း၏။ တေဇောဓာတ် ဝါယောဓာတ်တို့ဋ္ဌလည်း ဤကဲ့သို့မှတ်အပ်၏၊ ပမာအားဖြင့် ပထဝီဓာတ်ဋ္ဌ ပထဝီသည် တစိတ်ခန့်ရှိ၏။ ကြွင်းသော သုံးပါးသော ဓာတ်တို့သည် ထက်ဝက်ခန့်ရှိကုန်၏။ တနည်းကား-ပထဝီဓာတ်သည် တဒေါဏခန့်ရှိ၏။ ကြွင်းသော သုံးပါးသောဓာတ်တို့သည် ဥပနှုပမာဏ ရှိကုန်၏။ ဤကဲ့သို့ ကဲလွန်သည်ကိုသာရည်၍ ပထဝီဓာတ်ဟုဆိုသည်။ သုံးပါးသောဓာတ်တို့သည် မကင်းကုန်ဟု မှတ်အပ်၏။ ဤသို့ သဘောလက္ခဏာကို မှတ်သား၍ ဆိတ်ငြိမ်စွာနေပြီးသော်–

အတ္ထိ ဣမသ္မိံ ကာယေ ပထဝီဓာတု အာပေါဓာတု တေဇောဓာတု ဝါယောဓာတု။

ဣမသ္မိံ ကာယေ၊ စက်ဆုပ်ဖွယ်ရှိသော ဤကိုယ်ခန္ဓာအစု၌။ပထဝီဓာတု၊ ခက်ထန်ကြမ်းတမ်းသော လက္ခဏာရှိသော တည်တံ့သော ရသရှိသော ခံလင့်တတ်သော ပစ္စုပဋ္ဌာန်ရှိသော မြေတည်းဟူသော ပထဝီဓာတ်သည်။ အတ္ထိ၊ ရှိ၏။

အာပေါဓာတု၊ ဖွဲ့တတ်ယိုစီးတတ်သော လက္ခဏာရှိသော ပေါင်းတတ်သော ရသရှိသော သဂြိုဟ်တတ်သော ပစ္စုပဋ္ဌာန်ရှိသော ရေတည်းဟူသော အာပေါဓာတ်သည်။ အတ္ထိ၊ ရှိ၏။

တေဇောဓာတု၊ ပူတတ်သော လက္ခဏာရှိသော ရင့်စေတတ်သော ရသရှိသော ပျော့ပျောင်းစေတတ်သော ပစ္စုပဋ္ဌာန်ရှိသော မီးတည်းဟူသော တေဇောဓာတ်သည်။ အတ္ထိ၊ ရှိ၏။

ဝါယောဓာတု၊ ချောက်ချားတတ်သော လက္ခဏာရှိသော လူပ်တတ်သော ရသရှိသော ရှေးရှုဆောင်တတ်သော ပစ္စုပဋ္ဌာန်ရှိသော လေတည်းဟူသော ဝါယောဓာတ်သည်။ အတ္ထိ၊ ရှိ၏။

ဤသို့ အဖန်တလဲလဲ စီးဖြန်းရာ၏၊ စီးဖြန်းသောသူအား ဥပစာရ သမာဓိသည် ဖြစ်၏။ သတ္တဝါ၊ ပုဂ္ဂိုလ်၊ ဒ့ါကိုယ်၊ ဒ့ါမယား၊ ဒ့ါသား၊ ဒ့ါမြေး၊ ဒ့ါဥစ္စာ၊ ဒ့ါလယ်၊ ဒ့ါယာ၊ ဒ့ါပရိက္ခရာ ဟုမှတ်သော သညာကိုလည်း ပယ်နိုင်၏။ ဓာတ်လေးပါးသာ ဖြစ်၍လည်း မှတ်အပ်၏။ ကြောက်လန့်ခြင်း ဘေးရန်မှလည်းကင်း၏။ ကြီးသောပညာရှိသည်လည်းဖြစ်၏။ အပါယ်ဂတိမှလွတ်၍ သုဂတိဘဝကိုလည်း ရနိုင်၏။ နိဗ္ဗာန်အဆုံးရှိသော အကျိုးကိုလည်း ရ၏။ ဓာတ်လေးပါးတွင် တခုခုသော ဓာတ်ကို ထင်သော်လည်း ထိုဓာတ်၌ပင် အဖန်တလဲလဲ လုံ့လပြုသောသူအား ဆိုခဲ့ပြီးသော အကျိုးတို့သည် ဖြစ်ကုန်၏။ ထိုကြောင့် ဝိသုဒ္ဓိမဂ်၌—

> ဧကေကေန မုခေန ဓာတုယော ပါကဋာ ဟောန္တိ။ တာသု ပုနပ္ပုနံ အာဝဇ္ဇတော မနသိကရောတော ဝုတ္တနယေနေဝ ဥပစာရသမာဓိ ဥပ္ပဇ္ဇတိ-ဟု ဆိုသည်။

ဤကမ္မဋ္ဌာန်းကို စီးဖြန်း၍ အရိယမဂ်ဖိုလ် တရားကို ရရာ၏။ ရှေးရှေးသော ဘဝက အလေ့အလာ နည်းခဲ့သောကြောင့် မဂ်ဖိုလ် တရားကိုပင် မရသေးသော်လည်း ဥပစာရ သမာဓိကိုရသဖြင့် အပါယ်လေးပါးမှ လွတ်နိုင်၏။ ထို့ကြောင့် –

"ဥပစာရ သမာဓိ ဘာဝနာပိ ကာမသုဂတိဘဝဝိသေသံ အာဝဟတိယေဝ" ဟု ဆိုသည်နှင့်အညီ အပါယ်လေးပါးမှ လွတ်လျှင်ပင် သာသနာတော်တွင်း၌ လူ၏မဖြစ်ကို ရကျိုးရှိလှတော့သည်။ လောကဥ္စ ယောကျ်ားကောင်းပြီလှတော့သည်။ မြတ်စွာဘုရားသည် လွန်စွာသော ပါရမီကို ဖြည့်တော်မူခြင်းသည်လည်း သတ္တဝါတို့ကို ကယ်တော်မူလိုရှိ၍ ဖြည့်တော်မူပေသည်။ ငါတို့သုဂတိဘဝကို ရလေက ဘုရားသခင်လည်း ပါရမီဖြည့်ကျိုး ရှိလှပေစွ။ ငါတို့လည်း ဘုရားဆုံးမတော်မူတိုင်းကို ခံကျိုးရှိလှပေစွဟု နှလုံးပိုက်၍ ဘုရားသခင်၌ ရိုသေလေးမြတ်ခြင်းကိုပြု၍ လူသော်လည်းကောင်း၊ ရှင်သော်လည်းကောင်း မမေ့မလျော့ စီးဖြန်းအပ်၏။ တစ်ခုခုသော ကမ္မဋ္ဌာန်းကို မစွဲလမ်းမိ အချည်းနှီးသက်သက် နေ့ရက်ကုန်စေ၍လူတို့ပြည်တွင် အသက်တရာ ရှည်ပါသော်လည်း တစ်နေ့တစ်ရက်သာ အသက်ရှည်သော သူတော်ကောင်းတို့၏ တစ်နေ့တစ်ရက်ကိုမျှ မမီမူ၍ မရှိစေအပ်။ လုံ့လပြုအပ်၏။

ဤသို့ စီးဖြန်းအပ်သော အခြင်းအရာတို့ကို စတုဓာတုဝဝတ္ထာန် ကမ္မဋ္ဌာန်းဟု ဆိုသည်မှတ်ရမည်။

၂၈-ပဋ္ဌာ။ ။လူတို့ကိုယ်တွင် ကိုယ်စောင့်နတ် ရှိသည်ဟူ၍ အများပင် ပြောကြပါသည်။ ကျမ်းဂန်ထွက်ဆိုမည် မထွက်ဆိုမည်ကို သိလိုပါသည်။

၂၈-ဝိသဇ္ဇနာ။ ။လူတို့ကိုယ်တွင် ကိုယ်စောင်နတ် ရှိမရှိကို မေးရာ၌–

ကိုယ်စောင့်နတ်သည် ဦးခေါင်းကို စောင့်သောနတ်။ ကိုယ်ကိုစောင့်သောနတ်။ ခြေကို စောင့်သောနတ်ဟူ၍ သုံးပါးအပြားရှိသည်။ ဦးခေါင်းကို စောင့်သောနတ်သည် နံနက်အခါ ကြည့်ရှုမ,စသည်။ နံနက်အခါ ဦးခေါင်းကို စင်ကြယ်သန့်ရှင်းစွာ ပြုလေ့ရှိသောသူကို နှစ်လို

သည်။ ကိုယ်ကို စောင့်သောနတ်သည် နေ့အခါ ကိုယ်ကို သန့်ရှင်းစင်ကြယ်စွာ ပြုလေ့ရှိသော သူကို စောင့်ရှောက်သည်။ ခြေကို စောင့်သောနတ်သည် ည၌အခါ ခြေကို စင်ကြယ်စွာ ဆေးကြော၍ အိပ်ရာသို့ ဝင်လေ့ရှိသောသူကို စောင့်ရှောက်သည်။ ဦးခေါင်းကို စောင့်သော နတ်သည်၊ ကြိုးတန်း၊ ကြိမ်တန်း၊ လေကား၊ တံတား၊ အိမ်အောက် ပုဆိုးအဝတ်အောက်၊ လျှိုးဝင်ခြင်းကို အလိုမရှိ။ ကိုယ်ကို စောင့်သောနတ်သည် မိမိဝတ်ပြီးသော အဝတ်ကို အောက်အထက်ပြန်၍ ဝတ်ခြင်းကို အလိုမရှိ။ ခြေကို စောင့်သောနတ်သည် ခြေကို မစင်မကြယ် မသန့်မရှင်း ပြု၍ အိပ်လေ့ရှိသောသူကို အလိုမရှိ ဟူလိုသည်။

ဤသို့သော စကားများနှင့် ရှေးသူဟောင်းတို့သည် နံနက်အခါ ဦးခေါင်းမှာ ကျက်သရေ နေသည်။ နေ့အခါ ကိုယ်တွင် ကျက်သရေနေသည်။ ည၌အခါ ခြေ၌ ကျက်သရေနေသည်။ အခါကိုလိုက်၍ သန့်ရှင်းစင်ကြယ်စေရမည်၊ ဆုံးမသြဝါဒ ပေးရမည်ဟူ၍ ငါတို့ဓမ္မာစရိယ၊ ဥပဇ္ဈာစရိယ ဖြစ်တော်မူသော ပထမ ဇေတဝန်တိုက်တည် ဆရာမြတ် မိန့်တော်မူလေ့ရှိသည့် စကားလည်း တချက်။

မင်းရာဇာလျှောက်ပုံတွင် - သိရီသုံးပါး ဟူသည်ကား - ကြိုးတန်း၊ ကြိမ်တန်းအောက် မလျှိုးရာ ။ ခါးဝတ်ပုဆိုးကို အောက်အထက်ပြန်၍ မဝတ်ရာ။ ခြေမဆေးဘဲ အိပ်ရာသို့မဝင်ရာ။ ဤသုံးပါးကို သိရီသုံးပါးဟု ဆိုသည်။

ဘောဇရောဇကေတု ဝတ္ထုတွင်လည်း ခါးဝတ်ပုဆိုးကို ဦးခေါင်းထက်သို့ မတင်ရာဟု ပညာရှိသူတော်ကောင်းတို့ ဆိုသည်ဟူ၍ လာသည်များကို ထောက်သော် လျော်သကဲ့သို့ ရှိမည်ထင်သည်။ အဘယ့်ကြောင့် လျော်သကဲ့သို့ ရှိမည်ထင်သည်ဟု အထင်နှင့်သာ ဆိုလေသနည်းဟူမူ – ဤနတ်သား သုံးယောက်တို့၏ အတ္ထုပ္ပတ္တိကို ကျမ်းဂန် မတွေ့ဖူးပေ။ သုတပညာ နှင့် ပြည့်စုံသော သူဟောင်းတို့ ပြောဆိုသည်ကို ကြားဖူးရရုံသာဖြစ်၍ အထင်ယုတ္တိနှင့်သာ ဆိုရပေသည်။

တကြောင်းလည်း ပညာကို စောင့်သောနတ်၊ ကျက်သရေကို စောင့်သောနတ်၊ ဥစ္စာကို စောင့်သောနတ်ဟူ၍ သုံးပါးအပြားရှိသည်ဟု စာစောင်ငယ် မှတ်စုတို့တွင် တွေ့ဖူးသည်။ လောကီရာမကျမ်း၊ သဗ္ဗကျမ်း၊ ဒဏ္ဍီကျမ်းများတွင် သူရဿတီ နတ်သမီးသည် စကားတတ်သည်၊ ပညာကို စောင့်ရှောက်သည်ဟု ဆိုသည်။

သုတ်သီလကွန်ပါဠိတော် ငြဟ္မဇာလသုတ် မဟာသီလကိုပြရာတွင် သိရိဂ္ဂါယနံ-ဟူသောပုဒ်ကို ဂင်းအဋ္ဌကထာ၌–

သိရိဂ္ဂါယနန္တိ ဧဟိ သိရိမယ့် သရီရေပတိဋ္ဌာဟိ" တိ ဧဝံ သိရေန သိရိယာ အဂ္ဂါယနံ။

သိရိဂ္ဂါယနန္တိ။ ဟူသည်ကား။ သိရိ၊ အိုကျက်သရေ။ ဧဟိ၊ လာပါလော့။ မယ့်၊ ငါ၏။ သရီရေ၊ ကိုယ်၌။ ပတိဋ္ဌာဟိ၊ ရပ်တည်ဘိလော့။ ဣတိဧဝံ၊ ဤသို့။ သိရေန၊ ဦးခေါင်းဖြင့်။ သိရိယာ၊ ကျက်သရေကို။ အဂ္ဂါယနံ၊ ခေါ်ခြင်းသည်။ သိရိဂ္ဂါယနံ၊ မည်၏။ ဆိုသည်များကို ထောက်လျှင် ကျက်သရေစောင့်နတ်ကို ခေါ်သကဲ့သို့ပင် စကားရောက်သည်။

လောကီကျမ်းတို့တွင် တနင်္ဂနွေနေ့ ဦးခေါင်း၌ ကျက်သရေနေသည်။ တနင်းလာနေ့ ပခုံး၌နေသည်။ အင်္ဂါနေ့ ကျောက်ကုန်း၌ နေသည်။ ဗုဒ္ဓဟူးနေ့ နှာခေါင်း၌နေသည်။

ကြာသပတေးနေ့ လက်ရုံးဌ်နေသည်။ သောကြာနေ့ ကြွန်ဆြဲဌ်နေသည်။ စနေနေ့ ကိုယ်လုံး/ပြည့်အောင်နေသည်။ နေ့ရက်ကိုစွဲ၍ ကျက်သရေနေသည်ဟု ဆိုသည်။ ဤအရာ၌ ကျက်သရေစောင့်နတ်ကိုပင် ဆိုဟန်ရှိသည်။ အရှင်မဟာသီလဝံသ တံတားဦးတည်တွင် –

"ကျက်သရေဆောင်တတ်၊ သီရိနတ်လျှင်၊ စောထွက်ကြွနှန်း၊ မကိုင်စွန်းဌ်၊ မြန်ခန်းရွှေပြည်၊ စိုးစိမ့်သည်ဟု၊ နေတည်ကျကျ၊ စောင့်ပြီးမှတည့်"ဟူ၍ စပ်ရာဌ်လည်း ကျက်သရေစောင့်နတ်ကိုပင် စပ်သကဲ့သို့ရှိသည်။

အနာထပိဏ်သေဌ္ဌး၏အိမ်၌ စတုတ္ထတံခါးတွင်စောင့်နေသော မိစ္ဆာဒိဋ္ဌိ နတ်သည် အနာထပိဏ်သေဌ္ဌး၏ ဥစ္စာပစ္စည်းတို့ကို ကွယ်အောင်ပြုသည်။ သမ္မာဒိဋ္ဌိ ဖြစ်သောကာလ ဥစ္စာပစ္စည်းတို့ကို ရအောင်ပြု၍ တည်စေပြန်သည်ဟု ဆိုသည်။ ဤနတ်တို့ကဲ့သို့ ဥစ္စာပစ္စည်းတို့ကို ကွယ်အောင် ရအောင် စောင့်သောနတ်လည်း ရှိရချေသည်ဟု ထောက်၍ နတ်သုံးယောက်ကိုယ်တွင်ရှိသည်ဆိုသော စာစောင်ငယ်များတွင် လာသောစကားလည်း ယုတ္တိရှိပြန်သကဲ့သို့ပင် ထင်သည်။

ပေါရာဏကထာ စကားဟောင်း ဘောဇ္ဇရောဇ်ကေတုဝတ္ထုတွင်လည်း မင်းတယောက်ကို စန္ဒကူရမည်သော ကိုယ်စောင့်နတ် စကားပြောသည်။ နဖူးတွင် စာရေးသည်ဟူ၍ဆိုသည်။ ဗျာသပုံလေးရပ်တို့တွင်လည်း သတို့သမီးသတို့သားတို့ကို မိမိတို့ ကိုယ်တွင် စောင့်သောနတ်တို့ စောင့်ရှောက်၍ လှည့်ပတ်ကြသည် ဆိုသည်။ ပုဏ္ဏားတို့စာများတွင်လည်း ကိုယ်စောင့်နတ် တကျိပ်တယောက်ပင် ရှိသည်ဟုဆိုသည်။ တကျိပ်တယောက်၏သရုပ်ကား –

သတ္တဘာဂနတ်သည် နဖူးစာကို ရေးမှတ်သည်။ သူရဿတီနတ်ကား ပညာကို ပွားစေတတ်သည်။ သက္ကနတ်ကား စည်းစိမ်ဥစ္စာကိုပေးတတ်သည်။ မဟိရာဇနတ်ကား အိပ်မက်ကိုပေးတတ်သည်။ ဝါမသူရနတ်ကား နိမိတ်ပြသည်။ ဇနသူရနတ်ကား အလှူပေးသည်ကို မှတ်သည်။ ကရဝါနတ်ကား ကာမသုခကို ပေးတတ်သည်။ ယောတကနတ်ကား သွားလေရာရာသို့လိုက်၍ စောင်မသည်။ ကလျာဏမိတ္တနတ်ကား ကောင်းသောစကားကို မှတ်သားသည်။ စန္ဒာဒေဝီနတ်ကား ကျက်သရေကိုစောင့်သည်။ နရိန္ဒာဒေဝီနတ်ကား အိပ်သောအခါ ဦးခေါင်းရင်းက စောင့်ရှောက်သည်ဟု သရုပ်ဖော်၍ ဆိုသည်။ ဤသည်များကို ထောက်၍ ကိုယ်စောင့်နတ်ရှိ၏ဟူ၍ မှတ်သင့်သည်။

ဤသို့ မှတ်သင့်သော်လည်း ပြခဲ့သမျှသော စကားစုတို့သည် လောကီပဏ္ဏာသ ဒန္ဓသီရသတ္ထု ကြမ္မဒိတ်၊ ဗျာသ၊ ရာမ၊ မနုဝတ္ထု သုံးဆယ်တို့ကဲ့သို့ ပုရာဝုတ္တပဗန္ဓက္ကတိဟာသ ပုရာဏကထာ မျှသာဖြစ်၍ ဟုတ်တန်ရာ၏ မဟုတ်တန်ရာ၏တကား၊ စကားနှစ်ခွ ဒွိဟရှိရာပေသည်။ မှတ်သင့်သော ကျမ်းဂန်တွင် တွေ့မြင်ဖူးသည်ကား အဘိဓာန်စာကိုယ်တွင် –

ဇီဝေါတု ပုရိသောတ္တာထ– ဟူ၍ဆိုသည်။

ဇီဝေါ၊ ရှင်စေတတ်သော နတ်။ ပုရိသော၊ အလိုကို ပြည့်စေတတ်သော နတ်။ အတ္တာ၊ မြဲမြံ ခိုင်ခံ့ ခြင်းသို့ ရောက်စေတတ်သောနတ်။ ကိုယ်ကို စီရင်သောနတ်၏ ပရိယာယ်သုံးပုဒ်ပြသည်။

ၵင်းအဘိဓာန်ဦးကာ တွင်လည်း –

တိက် သရီရာဓိပတိဒေဝေ။ ဇိဝန္တိ သတ္တာ ယေနာတိ ဇိဝေါ။ ပူရေတိ နိဿယသာ-ဘိလာသန္တိ ပုရိသော။ ဂ္ဂသော။ အတန္တိ သတတံ ဂစ္ဆန္တိ သတ္တာ ယေနာတိ အတ္တာ - ဟူ၍ ဖွင့်သည်။

ပါရာဇိကဏ် ပါဠိတော် ဒုဋ္ဌုလ္လဝါစာ သိက္ခာပုဒ်တွင်လည်း–

ကဒါ တေ ဒေဝတာယော ပသီဒိဿန္တိ - ဟူ၍ လည်းကောင်း။

ပါရာဇိကဏ်အဋ္ဌကထာ သုဒိန္နကဏ္ဍတွင်လည်း–

သဗ္ဗပဌမံ ဟိဿ တံ ပါပံ အတ္တာနာ ဇာနာတိ။ တတော အာရက္ခဒေဝတာ။ အထညာပိ ပရစိတ္တဝိဒူနိယော ဒေဝတာ-ဟု ဆိုသည်။ မကောင်းမှုကို ပြုသောအားဖြင့် ခပ်သိမ်းသော သူတို့၏ ရှေးဦးစွာ မိမိ သိ၏။ ထို့နောက် မိမိကိုယ်ကို စောင့်သောနတ် သိ၏။ ထို့နောက် သူတပါးစိတ်ကို သိတတ်သော နတ်တို့သည် သိကုန်၏ဟူ၍ဆိုသည်။

သုတ်မဟာဝါ အဋ္ဌကထာ မဟာပဒါနသုတ်အဖွင့်တွင်လည်း–

ယဒါရာဇာနော အဓမ္မိကာ ဟောန္တိ။ တဒါ ဥပရာဇာနော သေနာပတိ သေဋ္ဌိ သကလ နဂရံ သကလရဋ္ဌံ အဓမ္မိကမေဝ ဟောတိ။ အထ တေသံ အာရက္ခဒေဝတာ။ တာသံ ဒေဝတာနံ မိတ္တာ ဘူမဋ္ဌဒေဝတာ–

စသည်ဖြင့် ဆိုသည်။

အဓိပ္ပာယ်ကား။ ။အကြင်အခါ မင်းတို့သည် တရားမစောင့်ကုန်၊ ထိုအခါ အိမ်ရှေ့မင်း အမတ် စစ်သူကြီး သူဌေး သူကြွယ် အလုံးစုံသော မြို့သူ အလုံးစုံသောတိုင်းသူတို့သည် တရားမစောင့်ကုန်။ထိုအခါ ထိုသူတို့ကို စောင့်ကုန်သော ကိုယ်စောင့်နတ်တို့သည် တရားမစောင့်ကုန်။ ထိုနတ်တို့၏။ အဆွေခင်ပွန်းဖြစ်သော မြေ၌ တည်သောနတ်၊ ကောင်းကင်၌ တည်သော နတ်၊ ဥဇ္ဈဝလာဟကမည်သောနတ်၊ အဒ္ဒါဝလာဟကမည်သောနတ်၊ သီတဝလာဟကမည်သော နတ်။ ဝဿဝလာဟကမည်သောနတ်၊ စတုမဟာရာဇိမ့စ၍ နတ်ပြည်ခြောက်ထပ်၊ အထက် ဘဝဂ် တိုင်အောင် အရိယာပုဂ္ဂိုလ်တို့ကို ထား၍ ခပ်သိမ်းသော နတ်ပြဟ္မာ ပရိသတ်တို့သည် တရားမစောင့်သည်သာလျှင် ဖြစ်ကုန်၏။

ဇာတ်ပေါင်းတွင်လည်း —

ကောင်းကင်ရုက္ခ၊ ဘုမ္မမလွတ်၊ ကိုယ်စောင့်နတ်တို့။ ရိုညွတ်သဒ္ဓါ၊ တရားနာ၍၊ ဒိဗ္ဗာရမ္မ-ဏာ၊ မြင်ကစင်ဖြူ။ နှလုံးဟူသား၊ မှန်ဆူမွန်ခြောင်း၊ ဆင်မကောင်းကို၊ ချွန်းတောင်း ဉာဏ်ဟုန်၊ ထိန်းလင့်ကုန်–ဟူ၍လည်းကောင်း။

ပါရမီခန်းတွင်လည်း––လူတို့စီးပွား၊ ကျင့်တတ်အားသည်၊ သိကြားမာတလိ၊ မဏိမေခလာ၊ ပြဟ္မာသုယံ၊ ဝိသုကံနှင့်၊ အရံလည်းဖြစ်၊ မဟာရာဇိက၊ စသည်တရိုး၊ အိမ်စိုးကိုယ်စောင့်၊ မှောင့်လည်းဖျက်တတ်၊ ဘုတ်ခတ်သံဘက် ဟူ၍လည်းကောင်း စပ်တော်မူချက်ရှိသည်။ ဤသို့ ဖြစ်၍ ကိုယ်တွင်ကိုယ်စောင့်နတ်ရှိကြောင်းကို မှတ်အပ်သည်။

၂၉-ပဏ္ဍာ။ ။လူတို့စုတေ့လျှင် ကိုယ်စောင့်နတ်လည်း စုတေ့မည်၊ မစုတေ့မည်။ ကိုယ်စောင့်နတ်စုတေ့သော် လူတို့စုတေ့မည်၊ မစုတေ့မည်မျှားကို သိလိုပါသည်။

သဟာဿမပိစေ ဝါစာ၊ အနတ္ထာပဒသဉ်ဉီတာ။
ဧကံ အတ္ထာပဒံ သေယျော၊ ယံ သုတွာ ဥပသမ္မတိ–

ဟူသောပါဠိ၌ များစွာသော စကားကို ကြားသိရသော်လည်း အကျိုးမရှိသော စကားနှင့် ငြားချေက ယုတ်မာရာသော အကြောင်းသာ ဖြစ်ပါသည်။ တလုံးတပါဒမျှ အကျိုးရှိသောစကားကို ကြားသိရပါသဖြင့် ချမ်းသာမြတ်မွန်၊ နိဗ္ဗာန်ခရီး၊ နီးပါးမည့်အကြောင်းကို ရည်မှတ်၍ လျှောက်ထားပါသည် ဆရာတော်ဘုရား။

၂၉-ဝိသဇ္ဇနာ။ ။လူစုတေ့လျှင် ကိုယ်စောင့်နတ်လည်း စုတေ့မည် မစုတေ့မည်၊ ကိုယ်စောင့်နတ်စုတေ့သော် လူတို့စုတေ့မည်၊ မစုတေ့မည်ကို မေးရာ၌ —

သတ္တဝါတို့၏ စုတေ့ခြင်းကား ရှေ့နောက်လည်း ရှိရာ၏။ တပြိုင်နက် ကြုံသည်လည်း ရှိရာ၏။ ဤအရာ၌ အမြဲမဆိုသာသော အရာဖြစ်သည်။တေမိမင်းသား နတ်ပြည်က စုတေ့လာသော ကာလ စုတေ့အပ်သော သဘောရှိသော ငါးရာသောနတ်သားတို့သည် လူပြည်သို့ တပြိုင်နက်ပင် စုတေ့လာကြောင်း။ ဝေဿန္တရာမင်းကြီး နတ်ပြည်က စုတေ့လာသောကာလ နတ်သားခြောက်သောင်းအတူ စုတေ့လာကြောင်းကိုဆိုသည်၊ လူပြည်က စုတေ့ကြသောကာလ တပြိုင်နက်ဟူ၍ မရှိပြီ။ ဘုရားရှင်နှင့် ဖွားဖက်တော် ခုနစ်ယောက်တို့သည် တပြိုင်နက် ဖွားကြကုန်၏။ စုတေ့သောကာလ အတူတကွ မဟုတ်ကြပြီ၊ ပဒုမဒေဝီ မိဖုရားသားတော် ပစ္စေကဗုဒ္ဓါ ငါးရာတို့သည် ဖွားသောကာလကလည်း တနေ့တည်း တပြိုင်နက်၊ ပစ္စေကဗုဒ္ဓါဖြစ်သော ကာလလည်း တနေ့တည်း တပြိုင်နက်ပင်၊ ပရိနိဗ္ဗာန်စံသောကာလလည်း တနေ့တည်း တပြိုင်နက်ပင် ကြုံကြိုက်ကြ လေကုန်သည်၊ ဤကဲ့သို့ပင် ပြိုင်မိသည်လည်းရှိရာ၏။ မပြိုင်မိသည်လည်း ရှိရာ၏။

ဥပမာကား။ ။သစ်ပင်၌စောင့်သော နတ်တို့သည် သစ်ပင်ကို သူတို့ ခုတ်ဖြတ်လေသည်ဟူ၍လည်း မသေ မစုတေ့ ကြွင်းကျန်သဖြင့် သစ်တပင်သို့ပြောင်း၍ နေကာမတ္တပင် ရှိသကဲ့သို့ မိမိတို့ မှီဝဲသောသူ သေလွန်သည်ဟူ၍လည်း ကိုယ်စောင့်နတ်သေမည်မဟုတ်ရာပြီ။ တပါးသော သူသို့ ပြောင်းရွှေ့ရာတော့သည်။ နတ်သေသည်ဟူ၍ လည်းသစ်ပင်သေရာသော အကြောင်းမရှိပြီ။ ဟိမဝန္တာသိရီသကကုက္ကိုပင် ရောက်သောတောင့် အရှင်ဂဝမွတိအလောင်း နတ်ဖြစ်သည်။ ဘဝပြောင်း၍ နောက် နတ်သားအသစ် ဖြစ်တော့သည်။ နတ်သေသည်ဟူ၍ ကုက္ကိုပင်သေသည် မဟုတ်၊ ထိုကဲ့သို့လည်း ရှိရာကောင်းတော့သည်။

စတုတ္ထနိပါတ်စူဠကလိင်္ဂဇာတ်တွင်လည်းကလိင်္ဂမင်းနှင့် အသကမင်း စစ်ပြိုင်ကြသောကာလ ကလိင်္ဂမင်း၏ ကိုယ်စောင့်နတ်သည် ကိုယ်လုံးဖြူသော နွားလားဥသဘအယောင်၊ အသကမင်း၏ ကိုယ်စောင့်နတ်သည် ကိုယ်လုံးမည်းသော နွားလားဥသဘအယောင်ဆောင်၍ နှစ်ဦးသော နွားလားတို့ ဝေ့တိုက်ကြသောကာလ တပါးသောသူတို့ မမြင်ကုန်။ မင်းနှစ်ပါးသာမြင်သည်။ ထိုအခါ နန္ဒိသေနအမတ် ဥပဒေသပေး၍ အသကမင်း သူရဲတစ်ထောင်နှင့်တကွ ကလိင်္ဂမင်း၏ ကိုယ်စောင့်နတ်ဖြစ်သော နွားလားဥသဘကို လက်နက်အချက်ကျအောင် ထိုးကြလေသော် ကလိင်္ဂမင်း၏ ကိုယ်စောင့်နတ် သေဆုံးခဲ့၏။ ကိုယ်စောင့်နတ်သေဆုံးလျှင်ကလိင်္ဂမင်းလည်းထိတ်လန့်၍ စစ်ပျက်ခဲ့၏။

ဤစကားကို ဇာတ်ကျမ်းတွင် —

အာရက္ခဒေဝတာ တတ္ထဝဇီဝိတက္ခယံ ပါပုဏိ၊ တာဒေဝ ကလိဂေါ ပရာဇိတွာ ပလာယိ– ဟူ၍လာသည်။

ဤဇာတ်တော်၌ ကလိင်္ဂမင်း၏ ကိုယ်စောင့်နတ်သာသေ၍ ကလိင်္ဂမင်းမသေ ရှိသည်။

ပါစိတ်အဋ္ဌကထာဘူတဂါမသိက္ခာပုဒ်အဖွင့်၌ ဇေတဝန်ကျောင်းအာရာမ်တွင်သစ်ပင်၌နတ်သား တယောက် သေသည်။ သစ်ပင်မသေ၍ နတ်သမီးတယောက်ကို မြတ်စွာဘုရားက ပေးအပ်၍ နေရသည်ဟုဆိုသည်။ ထို့အတူ ကိုယ်စောင့်နတ်တယောက်သေသော်လည်းနတ်တယောက်စွဲမှီ၍ နေကောင်းသည်ပင် ဖြစ်တော့သည်။

အသီတိနိပါတ် , မဟာကုဏာလ ဇာတ်တွင်လည်း ကောသလမင်းကြီးသေ၍ မိဖုရားကို ဗာရာဏသီမင်းယူ၍ မိဖုရားမြောက်၏။ မိဖုရားတွင်မူကား ကောသလမင်းကိုစွဲ၍ ပဋိသန္ဓေနှင့် ပါလေ၏။ ကောသလမင်းသေလျှင် မိမိသားငယ်၌ ကိုယ်စောင့်နတ်ဖြစ်လေ၏။ ထိုသားငယ် တဆယ့်ခြောက်နှစ်မြောက်သောကာလ၊ ကုရုဂ်ဒေဝီမည်သော မင်းသမီးနှင့် ယဉ်ပါးသည်ကို သိ၍ သတ်မည်ပြုသောကာလ အဖဖြစ်သောကိုယ်စောင့်နတ်သည် မင်းသားငယ်၌ စောင့်ရှောက် မ,စ,၍ ချမ်းသာရစေ၏။ ထို့ကြောင့် —

> တသ္မိ ခဏေ ကုမာရဿ ပိတာ အာရက္ခဒေဝတာ တဿေဝကုမာရဿမာတု သရီရေ အဓိမုစ္စိတွာ သာ ဒေဝတာနုဘာဝေန ရာဇာနံ ဥပသင်္ကမိတွာစသည်ဖြင့်ဆိုသည်။

ဤဇာတ်ဝတ္ထုများ၌ မင်းသားငယ်၏ဖြစ်စ ဖွားစနှင့် အဖဖြစ်သောကာလရှေနောက်မညီသည် ကိုထောက်လျှင် စုတေ့သောကာလလည်း ရှေ့နောက်ရှိရာချေသည်။

၃၀-ပဏ္ဍာ။ ။ရှေးကာလ မာယလုလင်ဖြစ်သော ဘုရားလောင်းသိကြားသည် အသုရာ၏ သမီး သုဇာတာကိုလည်း ယူသည်၊ ပြည်ကိုလည်း ယူသည်၊ ထို့ကြောင့် ထိုကာလ၌ ရန်ကြီးစွာ ဖြစ်၏။ နောက်ကာလ ထိုသိကြားလည်း မဟုတ်ပြီဖြစ်၍ စစ်တိုက်ခြင်း ခိုက်ရန်ဒေါသ မဖြစ်ကြပြီ ဟူ၍ ကပ္ပဝဏ္ဏနာဝတ္ထုတွင် ဆိုပါသည်။

ဘုံခန်းတွင်လည်း၊ "ပြည်နှင့်သမီး၊ ရန်ကြီးနှစ်ပါး" ဟူ၍စပ်ပါသည်။

ဓဇဂ္ဂသုတ်တွင်လည်း "ဘူတပုဗ္ဗံ ဘိက္ခဝေ ဒေဝါသုရသင်္ဂါမော သမူပဗ္ဗုဠ္ဎော အဟောသိ" ဟူ၍ ရှေးကာလကိုရည်၍ ဟောတော်မူပါသည်။ သို့ဖြစ်၍ ရှေးကာလ မာယလုလင်ဖြစ်သော သိကြားသာ စစ်မက်ခိုက်ရန်ရှိရမည်။ ယခုကာလ သိကြားတို့သည်ကား စစ်တိုက်ဖွယ် မရှိရာကုန်ပြီဟု ဆိုသင့်ပါသည်ကို အချို့ကအစဉ်မပြတ် ကမ္ဘာပတ်လုံးပင် ခိုက်ရန် မကင်းဖြစ်၍ နောက်ဆက်ခံသောသိကြား၊ ယခုရှိဆဲသော သိကြားတို့သည်လည်း သခွတ်ပွင့်သည်ရှိသော် အသုရာနှင့် မပြတ်ပင် စစ်မက် မကင်းဟူ၍ ဆိုကြပါသည်။ ပို့ကဗျာများတွင်လည်း အစဉ်မပြတ် ရန်စစ်တိုက်ခိုက်၍ နေရဟန်များကို စပ်ဆိုကြပါသည်။

သက္ကရာဇ်၁၁၇၁-ခုကဆုန်လဆန်း၁-ရက်၊ သောကြာနေ့၊ မုံရွာ သိရိမာလာ လျှောက်လာရာတွင် ဖြေဆိုလိုက်သည်ကား–

၃၀-ဝိသဇ္ဇနာ။ ။သိကြား အသုရာတို့ စစ်တိုက်မည် မတိုက်မည်ကို မေးရာ၌ —

ရှေးကာလ မာယလုလင်ဖြစ်သော ဘုရားလောင်း သိကြားမင်း လက်ထက်လည်းတိုက်၏။ နောက်ဆက် သိကြားတို့ လက်ထက်လည်း တိုက်ကုန်၏။ ယခုရှိသော သောတာပန် သိကြား လက်ထက်လည်း တိုက်၏ဟု မှတ်သင့်၏၊ ထိုစကားသုံးရပ်တွင် ဘုရားလောင်း သိကြားလက်ထက် တိုက်ကြောင်းမှာ ထင်ရှားလေပြီ။ နောက်ဆက် သိကြားတို့ လက်ထက် တိုက်ကြောင်းမှာ တိကနိပါတ်၊ ဒုတိယဝဂ်၊ ကက္ကဋဇာတ်၌ ကုဋ္ဌရအိုင်၏အနီးတွင်ဘုရားလောင်း ဆင်မင်းဖြစ်သော ကာလ ကောက်နယ်တလင်း ရှိလောက်သော ပုစွန်ကို ဘုရားလောင်းသည် ဆင်မနှင့်အတူ နင်းခြိုး၏ တက်မနှစ်ချောင်းတို့သည် မြစ်သို့ကျလေ၏။ တချောင်းသည် သမုဒ္ဒရာသို့ရောက်လျှင် အသုရာတို့ ရလေ၍ စည်ကြီးပြု၏။ သိကြားနှင့်စစ်တိုက်သော ကာလ နတ်စစ်မြေ၌ရှုံးလေရကား ပစ်ထားခဲ့သည်ကို သိကြားမင်းကရလေ၏။ တက်မတချောင်းလည်း မြစ်တခုသို့ပါလေသဖြင့် ရှည်လျားသောကာလ လူတို့အရပ်သို့ ရောက်လေ၍ ဝါသုဒေဝစသော ဒသဘာတိက မင်းညီ နောင်တို့ ရလေသဖြင့် အာလိဂ်္ဂမည်သော မုဒိန်းစည် ပြုလေကုန်၏။ ထို့ကြောင့် –

> သမုဒ္ဒံ ပဝိဋ္ဌမ္ပန အသုရာ ဂဟေတွာ အာလမ္ဗရံ နာမ ဘေရိမကရိ်သု ။ တေ အပရ-ဘာဂေ သက္ကေန သဂ်ိမေ ပရာဇိတာ တံ ဆဋ္ဌေတွာ ပလာယိ သု။ အထနံ သက္ကော အတ္တနော အတ္ထာယ ဂဏ္ဟာပေသိ။ အာလမ္ဗရာ မေဃောဝိယ ထနတိ– ဟူ၍လာသည်။

ဇာတ်ပေါင်းတွင် –ရှေးဖျားမဆွ၊ ကုဋ္ဌီရဟု၊ ကန်လှ၌ဝယ်၊ ကြောက်ဖက်ဖွယ်တည့်၊ ကောက်နယ်တလင်း၊ မြေခင်းရှိလောက်၊ ကြီးမြောက်စွာလှ၊ ကက္ကဋကို၊ ပွပွသမ္ဘာ၊ ဖူးငုံအာသား၊ ပွင့်လာဘုန်းရှိ၊ ဆင်ဟတ္ထိလျှင်၊ နင်းဘိအားကိုး၊ ရွှဲရွှဲခြိုးသော်၊ စဉ်ကျိုးဘိန္န၊ မြစ်သို့ကျ၍၊ တက်မအစုံ၊ မျောလေတုံ၏၊ ကြိုက်ကြဲကြမ္မာ၊ အသုရာတို့၊ မဟာသမုဒ်၊ ဝေဝုစ်ရေကြောင်း၊ ဝင်လေရှောင်းသား၊ တချောင်းအကြွ၊ ဆယ်ရလေ၍၊ မြည်ထွေသာလှ၊ ဝှန်ပေါက်ပြလျက်၊ စည်မစည်ကြီး၊ စည်ဘေရီးဟု၊ ပြုပြီးဆုံးမ၊ ဝါသဝနှင့်၊ တွေ့ကြ ရန်မွေ၊ နတ်စစ်မြေ၌၊ ရှုံးလေရကား၊ ပစ်စွန့်သွားသော်၊ သိကြားဝတြဘူ၊ ယူလေတုံလျှင်း၊ မိုးအုန်းအင်းတည့်၊ ထုတ်ချင်းအသံ၊ ဝေးရပ်ပျံသား၊ အာလမ္ဗရ၊ တွင်ထမည်ခေါ်၊ ထိုစည်ကျော်ကား။ ။ ထွန်းပေါ်တန်ခိုးပို့၏တည်း –ဟူ၍စပ်တော်မူသည်။

တက်မတချောင်းမှာ ဇာတ်တော်တွင် မင်းညီနောင်တကျိပ်တို့ ရလေကြောင်းကိုသာမန် ဆိုသော်လည်း ရက္ခင်္ဂဏ်စူဠရာဇဝံသ မဟာရာဇဝံသနှစ်ရပ်တွင် မဟာရာဇဝံသ၌ ဒွါရတီပြည်ကို စိုးအုပ်သော ဝါသုဒေဝစသော မင်းညီနောင်တကျိပ်တို့ရကြောင်းကို အထူးဆိုသည်။ ဤသို့ ကက္ကဋဇာတ်၌ မာယလုလင်ဖြစ်သော ဘုရားလောင်းသိကြားမင်းသည် နတ်အဖြစ်မှ စုတေ ကာမတ္တဟူ၍ မဆိုသာ။ ဘဝအရာ ခြားအံ့လည်းမသိ။ ဘဝအထောင် ခြားအံ့လည်းမသိ၊ ခြားပြီးမှ ဆင်မင်းဖြစ်၍နေမှပင် နောက်သိကြားတို့လက်ထက် စစ်တိုက်၍ အသုရာရှုံးကြောင်းကို လာသောကြောင့် နောက်ဆက်ခံသော သိကြားတို့ လက်ထက်လည်း စစ်တိုက်ကြောင်းကို သိသာသည်။ ယခုရှိသော သိကြားလက်ထက် စစ်တိုက်ကြောင်းမှာ မြတ်စွာဘုရားက သိကြား

မင်းကို ငါတရားဟောသည်မှ ရှေးကာလ၌ နှစ်လိုခြင်း ဝေဒပဋိလာဘ၊ ဝမ်းမြောက်ခြင်း သောမနဿမဋိလာဘကို ရဖူး၏လောဟု မေးသောကာလ ရဖူးကြောင်းကို ပြလို၍ —

ဘူတပုဗ္ဗံ ဘန္တေ ဒေဝါသုရသင်္ဂါမော သမုပဗ္ဗုဠ္ဎော အဟောသိ။ တသ္မိံ ခေါ ပန ဘန္တေ သင်္ဂါမေ ဒေဝါ ဇိနိံသု။ အသုရာ ပရာဇယိံ သု။ တဿ မယ္ဟံ ဘန္တေ တံ သင်္ဂါမံ အဘိဝိဇိနိတ္တာ ဝိဇိတသင်္ဂါမဿ ဧတဒဟောသိ။

ဘန္တေ၊ အရှင်ဘုရား။ ဘူတပုဗ္ဗံ၊ ရှေး၌ဖြစ်ဖူး၏။ ကိံဘူတပုဗ္ဗံ။ အဘယ်သို့ရှေး၌ဖြစ်ဖူးသနည်း ဟူမူကား။ ဒေဝါသုရသင်္ဂါမော။ နတ်-အသုရာတို့၏ စစ်ထိုးခြင်းသည်။ သမုပဗ္ဗုဠ္ဎော၊ တပြိုင်နက်ရောက်သည်။ အဟောသိ၊ ဖြစ်၏။ ဘန္တေ၊ အရှင်ဘုရား။ တသ္မိံ ခေါ ပန သင်္ဂါမေ၊ ထိုနတ်-အသုရာတို့စစ်ထိုးရာ၌။ ဒေဝါ၊ နတ်တို့သည်။ ဇိနိံသု၊ အောင်ကုန်၏။ အသုရာ၊ အသုရာတို့သည်။ ပရာဇယိံ သု၊ ရှုံးကုန်၏။ ဘန္တေ၊ အရှင်ဘုရား။ တံ သင်္ဂါမံ၊ ထိုစစ်ထိုးခြင်းကို။ အဘိဝိဇိနိတ္တာ၊ အောင်မြင်ပြီး၍။ ဝိဇိတသင်္ဂါမဿ၊ အောင်မြင်ပြီးသော စစ်ထိုးခြင်းရှိသော။ တဿ မယ္ဟံ၊ ထိုအကျွန်ုပ်အား။ ဧတံ ဧသော ပရိဝိတက္ကော၊ ဤသို့သော အကြံသည်။ အဟောသိ၊ ဖြစ်၏။ ကိံ အဟောသိ၊ အဘယ်သို့ဖြစ်သနည်းဟူမူကား။ ကဒါနိ၊ ယခုအခါ၌။ ယာစေဝ သြဇာ၊ အကြင်သြဇာသည်။ ဒိဗ္ဗာ၊ နတ်၌ဖြစ်၏။ ယာ စ သြဇာ၊ အကြင်သြဇာသည်လည်း။ အသုရာ၊ အသုရာပြည်၌ ဖြစ်၏။ ဧတံ ဥဘယံ၊ ထိုနှစ်ပါးစုံသောသြဇာကို။ ဒေဝါ၊ နတ်တို့သည်။ ပရိဘုဉ္ဇိဿန္တိ၊ သုံးဆောင်ရကုန်လတ္တံ့ ။ ကဿတိပရိဝိတက္ကော၊ ဤသို့သောအကြံသည်။ အဟောတိ၊ ဖြစ်၏-ဤသို့စသည်ဖြင့် သိကြားမင်းသည် —

၁။ ကသာမစ္ဆရိယပဉ္ဉာ။
၂။ ပိယာပိယပဉ္ဉာ။
၃။ ဆန္ဒပဉ္ဉာ။
၄။ ဝိတက္ကပဉ္ဉာ။
၅။ ပပဉ္စပဉ္ဉာ။
၆။ သောမနဿပဉ္ဉာ။
၇။ ဒေါမနဿပဉ္ဉာ။
၈။ ဥပေက္ခာပဉ္ဉာ။
၉။ ကာယသမာစာရပဉ္ဉာ။
၁၀။ ဝစီသမာစာရပဉ္ဉာ။
၁၁။ ပရိယေသနပဉ္ဉာ။
၁၂။ ပါတိမောက္ခသံဝရပဉ္ဉာ။
၁၃။ ဣန္ဒြိယသံဝရပဉ္ဉာ။
၁၄။ ဧကန္တပဉ္ဉာ။

ဤတဆယ့်လေးပါးသော ပြဿနာတို့တွင် ငါးခုမြောက်သော ပပဉ္စပဉ္ဉာ၏ အဆုံး၌ သောတာပန်ဖြစ်ခြင်း၊ သိကြားမင်းအဖြစ်မှ စုတေ၍ သိကြားသစ် ဖြစ်ပြန်ခြင်းတို့ကြောင့် ဝမ်းမြောက်သောအဖြစ်ကို ပြလို၍ လျှောက်သောစကားတွင် အသုရာတို့နှင့် စစ်ထိုးကြောင်းကို လာသည်။

ဒေဝါသုရသဂ်ါမောတိ ဒေဝါနဉ္စ အသုရာနဉ္စ သဂ်ါမော။ သမုပဗျူဠ္ဆောတိ သမာပန္နော။ စသည်ဖြင့် သုတ်မဟာဝါအဋ္ဌကထာ၌လာသည်။ ဤသို့ သုတ်မဟာဝါ သဂ္ဂါပဥ္စသုတ်ကို မဟော မိက စစ်ထိုးကြောင်းကို လာသောကြောင့် သောတပန်မတည်မိက စစ်တိုက်သည်ဟူ၍ ယူသင့်သည်။

သုတ္တနိပါတ်ပါဠိတော် အဋ္ဌကထာ၊ ဇိနာလင်္ကာရဋီကာတို့၌–

သုဒ္ဓါဒနမင်းကြီး၏ ဆရာဖြစ်သော ကာဠဒေဝိလရသေ့သည်တာဝတိံသာနတ်ပြည်၌ နေ့သန့် စင်တော်မူ၍ နေသောကာလ၌ နတ်တို့သည် ဘုရားလောင်းဖွား၍ နှစ်လိုဝမ်းမြောက်စွာ ကစား ကုန်သည်တို့ကိုမြင်၍ ကာဠဒေဝိလရသေ့ မေးသောအခါ–

ယဒါ အဟောသိ အသုရသဂ်ါမေ၊
ဇယော သုရာနံ အသုရာ ပရာဇိတာ။
တဒါပိ နေ တာဒိသော လောမဟံသနော၊
ကိမတ္ထတံ တုဋ္ဌမနာ ပမောဒိတာ-

ဟု စစ်မြေသို့ သက်သောကာလ နတ်တို့သည် အောင်ကုန်၏။ အသုရာတို့ ရှုံးကုန်၏။ ထိုအခါ သော်လည်း ထိုသို့သဘောရှိသော ရွှင်လန်းခြင်းတို့သည် မဖြစ်စဖူးလေ။ အကြောင်းအသို့ရှိ သနည်းဟု မေးရာ၌ ယခုနတ်တို့သည် စစ်မတိုက်သည်ရှိသော် မမေးရာပြီ၊ စစ်တိုက်ကုန်သော ကြောင့်သာလျှင် ဤသို့ မေးသောစကား၌ အရိပ်အမြွက် ပါလေသည်ဟု ယူသင့်သည်။

တကြောင်းမှာလည်း - ရှေးအခါ ရာဇဂြိုဟ်ပြည်မှထွက်၍ တယောက်သော ယောက်ျားသည် သုမာဂဓမည်သော ရေကန်နား၌ နေစဉ် ဆင်စီး၊ မြင်းစီး၊ ရထားစီး၊ခြေသည်သူရဲတို့ပြေးလာကုန်၍ ကြာရိုးပေါက်၏ အတွင်း ဝင်ပြေးကြလေကုန်သည်တို့ကိုမြင်၍ မမြင်ဖူးသည်ကို ငါမြင်ရဘိ၏။။ ငါသည်ရူးချေပြီဟု မြို့တွင်းသို့ဝင်၍ လူများကိုပြော၏။ လူများတို့လည်း ယခုသင်မြင်ခဲ့သော အခြင်းအရာသည် လောကဌ်မရှိရာ။ သင်သည် ရူးလေပြီ။ သင်၏ စိတ်သည်ပျံ့လွင့်ချေပြီဟု ဆိုကြ၏။ မြတ်စွာဘုရားလည်း ဤစကားကို ဖော်၍ ဟောတော်မူ၏။ ရဟန်းတို့က ထိုသူမြင်ခဲ့ သော အခြင်းအရာသည် မှန်မည် မမှန်မည်ကို လျှောက်ထားကြလေကုန်၏။ မြတ်စွာဘုရားက ချစ်သားတို့ ဤစကားသည် မှန်၏၊ နတ်အသုရာတို့သည် စစ်တိုက်ကြကုန်၏။ ထိုအစည်းအဝေး နတ်မြေ၌ နတ်တို့သည် နိုင်ကုန်၏။ အသုရာတို့သည် ရှုံးကုန်၏။ အသုရာတို့ ကြောက်လန့်ကုန် သောကြောင့် ကြာရိုး၏ အပေါက်တွင်းသို့ ပြေးဝင်ကုန်၏၊ နတ်သာ ကြွင်းရစ်ကုန်၏ဟု ဟော တော်မူ၏၊ ထို့ကြောင့် မဟာဝဂ္ဂသံယုတ်၌–

သော ပုရိသော သုမာဂဓာယ ပေါက္ခရဏိယာ တီရေ စတုရင်္ဂိနိသေနံ ဘိသမုဋ္ဌာလံ ပဝိသန္တံ ဒိသွာနသဒ္ဒ ဧတဒဟောသိ –

အစရှိသည်ဖြင့်လာသည်ဖြစ်၍ နောက်လည်း အစဉ်မပြတ်ပင်စစ်ထိုး စစ်တိုက်လျက်နေသည်ဟု မှတ်သင့်သည်။ ဓဇဂ္ဂသတ်၌ ဘူတပုဗ္ဗံဆိုသည်မှာ မည်သည့်သိကြားဟု အထူးမဆိုသောကြောင့် မာဃလုလင်ဖြစ်သော သိကြားဟူ၍သာ မယူသင့်၊ ရှေးရှေးကာလ စစ်တိုက်သမျှ သိကြားကိုပင် ယူသင့်သည်၊ ဋီကာ၌လည်း —

ဘူတပုဗ္ဗန္တိ ပုဗ္ဗေ ဇာတံ၊ ဒေဝါသုရသင်္ဂါမောတိ တာဝတိံသာ ဒေဝါစ တပ္ပဋိပက္ခ-
ဘူတာ အသုရာ စ တေသံ သမ္ဗဟာရော —

ဟု ဤမည်သော သိကြားလက်ထက်ဟူ၍ အထူးမဆိုဘဲ သာမညသာ ဆိုသည်။

ပြည်နှင့် သမီး ရန်ကြီးနှစ်ပါး ဆိုသည်မှာကား ရှေးမာယလုလင်ဖြစ်သော သိကြားကိုရည်၍ ဆိုလေသည်ဟု ယူရန်ရှိ၏။ဤသို့ ဇာတ်နိပါတ် သုတ်မဟာဝါဋ်ကာ စသည်တို့၌ လာသောကြောင့် ရှေးရှေး သိကြားတို့လည်း စစ်ထိုးကြကုန်၏။ နောက်နောက် သိကြားတို့လည်း စစ်ထိုးကြကုန်၏။ ယခု သိကြားလည်း သောတာပန်မတည်မီ စစ်ထိုး၏ဟု မှတ်သင့်သည်။

၃၁-ပဏ္ဍာ။ ။နဂါးဟူက ရေမျိုးရေနတ်ဟူ၍ ဆိုရိုးရှိပါသည်။ သမုဒ္ဒရာထဲတွင်သာ နေရပါမည်ကို မြေထဲတွင်လည်း မြေနဂါး၊ မြင်းမိုရ်တောင်ခြေရင်းတွင်လည်း တောင်နေ နဂါးရှိသည် ဆိုကြပြန်ပါသည်။ တောင်နေနဂါးမှာ ထင်ရှားသည် ဖြစ်ပါတော့သည်။ မြေထဲတွင် ဆိုသောအရာသည် သမုဒ္ဒရာ၌နေသည့်သူတို့ကိုပင် ဆိုမည်လော။ အခြား အမျိုးပင် ရှိပြန်မည်လောဟု သံသယရှိပါသည်။

၃၁-ဝိသဇ္ဇနာ။ ။ရေနေနဂါး၊ မြေနေနဂါး၊ တောင်နေနဂါးမျိုးတို့တွင် မြင်းမိုရ် တောင်နေ နဂါးတို့မှာ ထင်ရှားပါပြီ။ မြေထဲတွင်နေသည့်နဂါး ဆိုသည့်အရာသည် သမုဒ္ဒရာ မှာနေသည်ကိုပင် ဆိုသလော။ အခြားပင် ရှိသေးသလောဟူရာ၌–
နဂါးအမျိုးတို့သည် တထောင့်နှစ်ဆယ့်လေးပါး ပြားသည်။

ဝိသာ ပန စတုဒ္ဓိမာ ဟောတိ၊ ကဋ္ဌမုခါ၊ ပုတိမုခါ၊ အဂ္ဂိမုခါ၊ သတ္ထမုခါတိ စသော သာရတ္ထသင်္ဂဟပါဠိနှင့်အညီ ကဋ္ဌမုခ၊ ပုတိမုခ၊ အဂ္ဂိမခ၊ သတ္ထမုခဟူ၍ လေးပါး။ ထိုလေးပါးကို ဒဠ္ဒဝိသ၊ ဒိဋ္ဌဝိသ၊ ဖုဋ္ဌဝိသ၊ ဝါတဝိသ၊ ဤအဆိပ်လေးပါးနှင့် မြှောက်၊ တဆယ့်ခြောက်ပါး ဖြစ်၏၊ ထိုတဆယ့်ခြောက်ပါးကို အာဂဒဝိသနောဃောရဝိသ၊ နောအာဂဒဝိသဃောရဝိသ၊ အာဂဒ-ဝိသစဃောရဝိသစ၊ နေဝအာဂဒဝိသ နှ စဃောရဝိသ လေးပါးနှင့် မြှောက်သော် ခြောက်ဆယ့် လေးပါး ဖြစ်၏၊ ထိုခြောက်ဆယ့်လေးပါးကို အဇ္ဈာဇ၊ ဇလာဗုဇ၊ သံသေဒဇ၊ ဩပပါတိက ဃောနိလေးပါးနှင့် မြှောက်၊ နှစ်ရာ့ငါးဆယ့်ခြောက် ဖြစ်၏၊ ထိုနှစ်ရာ့ငါးဆယ့်ခြောက်ကို ရေနေ၊ ကြည်းနေ နှစ်ပါးနှင့် မြှောက်၊ ငါးရာ့တဆယ့်နှစ်ဖြစ်၏။ ထိုငါးရာ့တဆယ့်နှစ်ကို။ ကာမရူပီ၊ အကာမရူပီဟု ဆိုအပ်သော စည်းစိမ် ရှိ-မရှိ နှစ်ပါးနှင့်မြှောက်၊ တထောင့်နှစ်ဆယ့်လေးပါး ဖြစ်၏။ ဤသို့ ခွဲဝေရာ၌လည်း ရေနေ ကြည်းနေ နှစ်ပါးရှိသည်။

ဥရေန ဂစ္ဆတီတိ ဥရဂေါ၊ သပ္ပသ္သေတံနာမံ၊ သော ဒုဝိဓော ကာမရူပီ အကာမရူပီ စာတိ။ ကာမရူပီ ဒုဝိဓော ဇလဇထလဇော။ ဇလဇော ဇလေယျော ကာမရူပီ လဒ္ဓတိ၊ နော ထလေ၊ သခ်ပါလ ဇာတကေ သခ်ပါလရာဇဝိယ ထလဇော ထလေယျော၊ နော ဇလေ ဟု လာသော ပါဠိ၌လည်း —

ကာမရူပီ၊ အကာမရူပီ နှစ်ပါးတို့တွင် ကာမရူပီလည်း ရေနေ ကြည်းနေ ရှိသည်။ ရေနေ နဂါးသည်ရေ၌သာလျှင် စည်းစိမ်ချမ်းသာကို ရ၏၊ ကြည်း၌ မရ။ သခ်ပါလ နဂါးမင်းကဲ့သို့ ကြည်း၌ ဖြစ်သော နဂါးသည် ကြည်း၌သာလျှင် စည်းစိမ်ချမ်းသာကို ရ၏၊ ရေ၌ မရ ဆိုသည်။

ဤသို့ ရေနေ ကြည်းနေကို ခွဲ၍ အခြားသန့်သန့်ပင် ဆိုချေသောကြောင့် သမုဒ္ဒရာနဂါးတို့သည် ရေနေမျိုး သခ်ၤပါလ နဂါးမင်းကို ဥပမာပြု၍ ပြချေသောကြောင့် သခ်ၤပါလနဂါးမင်းတို့ကဲ့သို့ မြေထဲတွင် နေသည်ကို ကြည်းနေမျိုးဟု မှတ်ရမည်။ မြေထဲတွင်နေသော ဘူရိဒတ် နဂါးမင်းကဲ့သို့သော နဂါးကိုယူရာ၏။ မြေထဲတွင် နဂါးတို့နေကြောင်းလည်း ပါရာဇိကဏ် အဋ္ဌကထာ၊ စတုတ္ထပါရာဇိကာတပေါ်ဒါ ဝတ္ထုအဖွင့်တွင်–

ဝေဘာရပဗ္ဗတဿ ကိရ ဟေဋ္ဌာ ဘူမဋ္ဌကနာဂါနံ ပဉ္စယောဇနသတိကံ နာဂဘဝနံ ဒေဝလောကသဒိသံ ရမဏီယေန တလေန အာရာမုယျာနေဟိ သမန္နာဂတံ–

စသည်ဖြင့် ဝေဘာရတောင်၏ အောက်၌ မြေနဂါးတို့၏ ယူဇနာငါးရာရှိသော နဂါးပြည်သည် နတ်ပြည်နှင့်တူ၏။ မွေ့လျော်ဖွယ်ရှိသော မြေအပြင်ဖြင့် လည်းကောင်း၊ အရံဥယျာဉ်တို့ဖြင့် လည်းကောင်း ပြည်စုံ၏။ ထိုနဂါးပြည်၌ နဂါးတို့၏ ဗျော်ပါးရာဖြစ်သော ရေအိုင်သည် ကြည်သောရေ၊ အေးသောရေ၊ မြိန်မြတ်သောရေ၊ စင်ကြယ်သောရေ ရှိ၏။ မှော်သေးမှော်ညို မရှိ။ ကောင်းမြတ်သော ရေဆိပ်ရှိ၏။ မွေ့လျော်ဖွယ်ကို ဖြစ်စေတတ်၏။ လှည်းဘီးဝန်းပမာဏ ရှိသော ပဒုမ္မာကြာတို့သည် ပွင့်ကုန်၏။ များစွာသောငါးလိပ်တို့ ရှိကုန်၏။ ထိုအိုင်မှ ထွက်ခဲ့သော တပေါဒါမြစ်သည် နှစ်ခုသော ငရဲကြီးတို့၏ အကြားမှ စီးခဲ့၍ ရာဇပြိုလ်ပြည်ကို လှည့်လည်၍ စီး၏။ များစွာသော ပြိတ္တာတို့သည် ရှိကုန်၏။ ထိုအရပ်၌ နှစ်ခုသော လောဟကုမ္ဘီ ငရဲကြီးတို့၏ အကြားဖြင့် လာသောကြောင့် တပေါဒါမည်သော မြစ်သည် ကျိုက်ကျိုက်ဆူလျက် စီး၏ဟု ဆိုသည်။ ဤသို့ မြေတွင်း၌ နဂါးတို့ရှိကြောင်းကို လာသည်။

ဟိမဝန္တာတော ဒဒ္ဒရ တောင်ခြေရင်း၌လည်း နဂါးပြည်ရှိ၏။ ထိုနဂါးတို့ကိုလည်း မြေနေနဂါးပင် ဆိုရမည်။ ထိုနဂါးတို့ပြည် ရှိကြောင်းကိုလည်း စတုက္ကနိပါတ် ဒဒ္ဒရဇာတ်၌–

ဟိမဝန္တပ္ပဒေသေ ဒဒ္ဒရုပဗ္ဗတပါဒေ နာဂဘဝနံ နာမ အတ္ထိ။ ဟု၍လာသည်။

တိသနိပါတ် ပဏ္ဏရဂ်နာဂရာဇဇာတ်၌လာသော ပဏ္ဏရဂ်နဂါးတို့ကဲ့သို့ အဂ်ုတ္တိရ် ဧကနိပါတ် အဋ္ဌကထာ၌လာသော အရှင်ရာဟုလာအလောင်း၊ ပထဝီသန္ဓရ နဂါးမင်းတို့ကဲ့သို့ သမုဒ္ဒရာထဲတွင် နေရသည်ကို ရေနေနဂါးဆိုလိုသည်။ ထိုအကြောင်းကိုလည်း သာရတ္ထသဒ်ဟ၌ "ယေ နာဂါ မဟာသမုဒ္ဒေ ဥမိပိပ်ဒေပိ ပဋိဝသန္တိ" စသည်ဖြင့် ဆိုသည်။

အဓိပ္ပာယ်ကား။ ။အကြင်နဂါးတို့သည် မဟာသမုဒ္ဒရာ၏ တံပိုးအပြင်၌ နေကုန်၏။ ထိုနဂါးတို့တွင် နဂါးမတို့သည် ဥတုလာသောကာလ တည်သောကိုယ်ဝန်ကို စောင့်အံ့သောငှါ အကယ်၍ ငါတို့သည် ဤသမုဒ္ဒရာ၌ သားကိုဖွားမြင်ကုန်အံ့။ ငါတို့၏ သားငယ် သမီးငယ်တို့သည် လှိုင်းတံပိုး၏ အဟုန်ကိုလည်းကောင်း၊ ပျံ၍လာသော ဂဠုန်တို့၏ အဟုန်ကိုလည်းကောင်း သည်းခံခြင်းငှါ မတတ်နိုင်ကုန်လတ္တံ့ဟု ကြံပြီး၍ ထိုနဂါးမတို့သည် သမုဒ္ဒရာ၌ငုပ်၍ သမုဒ္ဒရာ၏ ခံတွင်းဝသို့သက်၍ ငါးစင်းသော မြစ်ကြီးတို့သို့ ရောက်လျှင် ဟိမဝန္တာသို့ ဝင်ကြလေကုန်၏။ ဟိမဝန္တာဝယ် ဂဠုန်တို့သည် မပျံမရောက်နိုင်သော ရွှေဂူ၊ ငွေဂူ၊ ပတ္တမြားဂူတို့၌ နေကုန်လျက် ဖွားမြင်ကုန်၏။ နဂါးငယ်တို့သည် ရှေးဦးစွာ ဖမှက်စသော ပမာဏရှိသော ရေတို့၌သက်၍ ရေကူးသင်ကုန်၏။ ထို့နောက် အကြင်အခါ၌ အစဉ်သဖြင့် ထိုနဂါးငယ်တို့သည် ဂဂီစသည်တို့၌ ဤမှာဘက်ကမ်းမှသည် ထိုမှာဘက်ကမ်းသို့၊ ထိုမှာဘက်ကမ်းမှသည် ဤမှာဘက်ကမ်းသို့

ကူသန်းခြင်းကို ပြုခြင်းငှါ တတ်နိုင်ကုန်၏။ ထိုအခါ ငါတို့သားငယ်တို့သည် လှိုင်းတံပိုး၏ အဟုန်ကိုလည်းကောင်း၊ ဂင်္ဂါနဒီ၏ အဟုန်ကိုလည်းကောင်း သည်းခံခြင်းငှါ တတ်နိုင်လတ္တံ့ဟု သိ၍ မိမိတို့၏ အာနုဘော်ဖြင့် ကြီးစွာသော မိုးကိုဖြစ်စေ၍ ဟိမဝန္တာကို တပြိုင်နက် ရေအိုင်ကြီးကဲ့သို့ ပြု၍ မိုးကို ရွာစေလျက် ရွှေ့ ငွေ့ စသည်ဖြင့်ပြီးသော လှေကို ဖန်ဆင်း၍ အထက်၌ ရွှေကြယ်ဖြင့် ဆန်းကြယ်သော တပေါင်းတည်းသော နံ့သာဆိုင်း ပန်းဆိုင်း ပုဆိုးဝိတာန်တို့ကို ဖွဲ့၍ သေ၊ ထမင်း၊ စည် စောင်းငြင်း စသည်တို့ကိုယူ၍ ထိုလှေတို့ဖြင့် ငါးစင်းသော မြစ်ကြီးတို့သို့ သက်၍ မဟာသမုဒ္ဒရာသို့ ရောက်လေကုန်၏။ထိုလေးပါးကုန်သော နဂါးတို့သည် အလံတရာပမာဏ၊ အလံတထောင်ပမာဏ ကြီးခြင်း ပြန့်ပြောခြင်းသို့ ရောက်လေကုန်၏ဟူလိုသည်။ ဤသို့လျှင် သမုဒ္ဒရာ၌ နဂါးတို့နေကြောင်းကို လာသည်။ ဤသို့စသည်ဖြင့် မြေထဲနေ နဂါး ရေထဲနေ နဂါးတို့ကို ခြားနားစွာ လာသောကြောင့် အသီးအခြားမှတ်ရာ၏။

ထိုသို့ အသီးအခြားဖြစ်လျက် နဂါးဟူက ရေမျိုးဟူ၍ အဘယ့်ကြောင့် ဆိုကြသနည်းဟူမူ နဂါးတို့သည် ရေ၌ ဖျော်ပါးတတ်သည်၊ ရေ၌ ကစားတတ်ကြသည်။

ဘူရိဒတ်ဇာတ်၌ နဂါးမသည် ငြဟ္မဒတ်မင်းကို မှာရာ၌လည်း–

ကွမေသု၊ ဤသားငယ်တို့၌။ အပွမတ္တော၊ မမေ့မလျော့။ ဘဝ၊ ဖြစ်တော်မူလေလော့။ ခေါ ပန၊ စင်စစ်သဖြင့်။ ကွမေ၊ ဤသားငယ်တို့ကား။ ဥဒကဝီဇကာ၊ ရေ၌ဖြစ်သော အမျိုးတို့တည်း။ သုခုမာလာ၊ သိမ်မွေ့ကြကုန်၏။

အကျွန်ုပ်တို့ နဂါးမျိုးသည် ရေကိုသာ အလိုရှိပါသည်။ ပြည်တော်သို့ ပြန်သောကာလ ကြီးစွာသောလှေ၌ ရေကိုသွင်း၍ သာဂရမင်းသား သမီးတော် သမုဒ္ဒဇာတို့ကို ကစားစေလျက် လိုက်တော်မူပါစေ။ နေပြည်တော်သို့ ရောက်ကာလလည်း ရေကန် ကြီးစွာတူး၍ ရေ၌ကစားပါစေဟူ၍ မှာလိုက်ကြောင်းကို ဟောတော်မူသည်။

ဇနာလက်ာရဋ္ဌိကာ၊ လောကဒီပနီ ကျမ်းတို့၌လည်း–

> သိနေရုပဗွတဿ ဟေဋ္ဌာ တိကူဋာနံ မဇ္ဈေ ပံသုပထဝီ အတ္ထိယေဝ၊ ပံသုပထဝိယံ ရတနဝါလိကပိဋ္ဌေ ဒဿယောဇနသဟဿံ အသုရပုရံ အဟောသိ။ တိကူဋတော ဗဟိ ပံသုပထဝိမတ္ထကေ ရတနာဝါလိကာ ပုဏ္ဏာ။ တသ္မိံ နာဂါ ဝသန္တိ။ အသုရာနဉ္စ နာဂါနဉ္စ ဂမနာ ဂမနကာလေ တေသံ ကုဒ္ဓါနုဘာဝေန ဥဒကေပိ မဂ္ဂံ ပညာယတိ။ တတ္ထ ဥဒကံ စတုရာသီတိသဟဿဂဗ္ဘိရံ–ဟုလာသည်။

မြင်းမိုရ်တောင်၏ အောက်၌ သုံးခုသော အထွတ်တို့၏ အလယ်၌ ပံသုပထဝီရှိ၏။ ပံသုပထဝီ အထက်အပြင် ရတနာသဲစုံ၌ ယူဇနာတသောင်းရှိသော အသုရာပြည်သည်ရှိ၏။ သုံးခုသော အထွတ်မှပြင် ပံသုပထဝီထိပ်၌ ရတနာသဲစုဖြင့် ပြည့်၏။ ထိုသဲစုံ၌ နဂါးတို့သည်နေကုန်၏။ အသုရာတို့သည်လည်းကောင်း၊ နဂါးတို့သည်လည်းကောင်း သွားလာသော ကာလ၌ ထိုအသုရာနတ်နဂါးတို့၏ အာနုဘော်ကြောင့် ရေ၌ခရီးလမ်းတို့သည် ထင်ကုန်၏။ ထိုရေသည် ယူဇနာရှစ်သောင်းလေးထောင် နက်၏ဟုဆိုသည်။ ထို့ကြောင့် မြင်းမိုရ်တောင်ခြေရင်း၌ နဂါးတို့သည် သီဒါရေထဲ၌နေသည်ဟု သိသာသည်။

သာရတ္ထသင်္ဂဟကျမ်းတွင်လည်း–

တတ္ထ နာဂါ ဥဒကေ ဗလဝါတိ သိနေရူဿ ပဌမာလိန္ဒေ ဧတေသံ အာရက္ခာ။
ဟု လာသောပါဠိနှင့် အညီ –

မြင်းမိုရ်တောင်၏ အာလိန် ငါးရပ်တွင်လည်း နဂါးတို့သည် ရှေ့၌ အားကြီးသောကြောင့် ပဌမအာလိန်၌ အစောင့်အရှောက်ထားကြောင်းကိုဆိုသည်။

ဓမ္မပဒကျမ်းတွင်လည်း အနဝတတ်အိုင်၌ ပဏ္ဏက နဂါးမင်းနေကြောင်း၊ မုစလိန္ဒအိုင်၌ မုစလိန္ဒနဂါးနေကြောင်း၊ ဥရုဝေလမြစ်၌ ဥရုဝေလနဂါးနေကြောင်း၊ ဂယာမြစ်၌ အဂ်ိဒတ္တ နဂါးနေကြောင်း၊ ဂင်္ဂါမြစ်၌ ဘုရားသခင် ကူးတော်မူသောအခါ နဂါးတို့ လှေဖန်ဆင်း၍ ပို့လိုက်ကြောင်း၊ နဂါးပြည်သို့ ဘုရားသခင်ကို ပင့်၍သွားကြောင်း၊ နမ္မဒါမြစ်၌ နမ္မဒါ နဂါးနေကြောင်း၊ ဘုရားသခင်ကို နဂါးပြည်သို့ပင့်၍ သွားကြောင်း၊ သဃ်မိတ္တာထေရီသည် ပေဓိပင်ကို ဆောင်၍ သမုဒ္ဒရာကို ကူးသောအခါ နဂါးတို့ ရေကနေ၍ မိမိတို့ပြည်သို့ ပင့်၍ သွားကြောင်း၊ ရောပထနဂါး ဂင်္ဂါမြစ်ထဲကပေါ်လာကြောင်း၊ မဏိကဏ္ဌနဂါး ရေထဲကပေါ်လာကြောင်းတို့ကိုဆိုသည်။ သို့ဖြစ်၍ နဂါးတို့ကို ရေနှင်မျိုးဟူ၍ ခေါ်ဝေါ်ကြလေသည်။

၃၂-ပဒ်။ တကြောင်းလည်း မေတ္တေယျဘုရားကို ဖူးမြင်ရပါလို၏ဟု အမျှားပင် ဆုပန်ကြပါသည်။ မေတ္တေယျဘုရားလောင်း ဘယ်ဘုံမှာရှိမည်ကို သိလိုပါသည်။

၃၂-ဝိသဇ္ဇနာ။ မေတ္တေယျ ဘုရားလောင်း ဘယ်မှာရှိသည်ကို သိလိုပါသည်ဆိုရာ၌= မေတ္တေယျ ဘုရားလောင်း ဤကမ္ဘာ၌ ပွင့်လတ်ံ့ဟူ၍–

အဟမေတရဟိ သမ္မဒ္ဓေါ၊ မေတ္တေယျောနာမ ဟေဿတိ–
ဟူသော ဗုဒ္ဓဝင် ပါဠိတော်။

အသီတိ ဝဿသဟဿာယုကေသု ဘိက္ခဝေ မနုဿေသု မေတ္တေယျော နာမ ဘဂဝါ လောကေ ဥပ္ပဇ္ဇိဿတိ–

စသည်ဖြင့် ပါထေယျဝဂ် အဂ္ဂညသုတ် ပါဠိတော် ၎င်းအဋ္ဌကထာ တို့၌လာသည်။ ယခု အဘယ်ဘုံမှာ ရှိသည်ဖြစ်မည်ကို ပါဠိအဋ္ဌကထာကျမ်းဂန်တို့၌ နှစ်လုံးမသွင်းမိ။ သီဟိုဠ်ကျွန်း၌ ဒုဋ္ဌဂါမဏိမင်းကြီး သေအံ့သောအခါ နီးလတ်သော် ရဟန်းတို့ကို ပင့်စေ၍ တရားတော် ပရိတ်တော်တို့ကို ရွတ်စေ၏။ ထိုအခါ နတ်ပြည်ခြောက်ထပ်မှ ရထားခြောက်ဆူနှင့် နတ်သား ခြောက်ယောက်တို့ကို တင်စိမ့်သောဌာ စေလိုက်၏။ နတ်သားတို့လည်း–

ယာစုံ ဝိသုံ ဝိသုံ ဒေဝါ၊ ရာဇာနံ တေ ရထေ ဋ္ဌိတာ။
အမှာကဉ္စ ဒေဝလောကံ၊ ဧဟိ ရာဇ မနောရမံ —

ဟု ငါတို့ နတ်ပြည်သည် နှလုံးမွေ့လျော် ဖျော်ဖြယ်ရှိပါသည်။ ငါတို့ရထား၌ စီး၍လိုက်တော်မူပါလော့ဟု အသီးသီးလျှောက်ကြကုန်၏။ မင်းကြီးလည်း ထိုနတ်သားတို့၏ စကားကို ကြား၍ တရားနာဦးမည်၊ ငံ့ဦးလော်ဟု လက်ပြသော အခြင်းအရာဖြင့်တား၏။ ရဟန်းတို့လည်း

ငါတို့ကိုတားသည်ဟု ရပ်ကြကုန်၏။ မင်းကြီးလည်း ရပ်ကြောင်းကိုမေး၏။ ရဟန်းတို့လည်း မင်းကြီး တားမြစ်သောကြောင့် ရပ်ကြောင်းကိုပြော၏။ မင်းကြီးလည်း နတ်ပြည်ခြောက်ထပ်က ရထားနှင့် တင်လာကြောင်းကို ပြော၏။ လူများလည်း မင်းကြီးသည် သေဘေးမှကြောက်၍ မြည်တမ်းယောင်ယမ်းသည်ဟု မှတ်ကြကုန်၏။ ထိုအခါ မင်းကြီးဝယ် ယုံမှားခြင်းကို ပျောက်စိမ့်သောဌာ အဘယမထေရ်လည်း ယုံမှားခြင်းကို ဖျောက်ပါလော့ဟု မိန့်လျှင် ကောင်းကင်သို့ ပန်းကုံးကို ပစ်စေသော် ရထားစွန်း၌ ငြိ၍ နေသည်ကိုမြင်မှ ယုံကြည်ကြကုန်၏။ မင်းကြီးလည်း နတ်ပြည် ခြောက်ထပ်တွင် အဘယ်နတ်ပြည်သည် မွေ့လျော်ဖွယ် ရှိသနည်းဟု မေးသောကာလ အဘယမထေရ်သည်—

ဗုဒ္ဓဘာဝါယ သမယံ၊ သြလောကေန္တော မဟာဒယော။
မေတ္တေယျော ဗောဓိသတ္တောဟိ၊ ဝသတေ တုသိတေ ပုရေ။

ဟူ၍ မေတ္တေယျဘုရားလောင်း၏ နေတော်မူရာ တုသိတာနတ်ပြည်သည် သာယာမွေ့လျော်ဖွယ် ရှိကြောင်း၊ မင်းကြီးလျှင် စုတေ့လျှင်တုသိတာ နတ်ရထား၌ နတ်သားဖြစ်ကြောင်း တုသိတာ နတ်ပြည်သို့ သွားကြောင်း၊ နောင်အခါ လက်ယာရံဖြစ်အံ့သော အကြောင်း၊ မင်း၏အဖသည် ဘုရား၏ခမည်းတော်၊ မင်း၏မယ်တော်သည် ဘုရား၏မယ်တော်၊ ညီတော် သဒ္ဓါတိဿသည် လက်ဝဲရံ၊ သာလိမင်းသားသည် ဘုရားသားတော် ဖြစ်အံ့သောအကြောင်းတို့ကို မဟာဝင်ကျမ်းတို့တွင် ဆိုသည်။

မခုရသဝါဟိနီမည်သော သီဟဠဝတ္ထု မာလယအတ္ထုပ္ပတ္တိ၌ အရှင်မာလယ မထေရ်နှင့် ဥပါသကာတယောက်သည် တာဝတိံသာသို့ ရောက်သောကာလ၊ မေတ္တေယျဘုရားလောင်း တုသိတာဘုံမှသည် စူဠာမဏိ စေတီတော်သို့ လာကြောင်းကို —

ယော သောဠသ အသင်္ခ်ေယျံ၊ ပါရမိယော ပရိပူရော ဓမ္မံ ဒေသေတိ သတ္တာနံ-
စသောပါဠိ၊

လောကေ၊ လူ၌။ ယေသတ္တာ၊ အကြင်သတ္တဝါတို့သည်။ ပုညံ၊ ကောင်းမှုကို။ ကတွာ၊ ပြုကြကုန်၍။ တုသိတေ၊ တုသိဘာမည်သော။ ပုရေနတ်ပြည်၌၊ ဇာယရေ၊ ဖြစ်ကြကုန်၏။ တေသံ သတ္တာနံ၊ ထိုသတ္တဝါတို့အား။ သောဠသအသင်္ခ်ေယျံ ၊ တဆယ့်ခြောက်သင်္ခ်ေပတ်လုံး။ ပါရမိ-ယော၊ ပါရမီတို့ကို။ ပရိပူရော၊ ဖြည့်တော်မူပြီးထသော။ ယော ဗုဒ္ဓကိုရော၊ အကြင်ဘုရား အလောင်းတော်သည်။ ဓမ္မံ၊ တရားတော်ကို။ ဒေသေတိ၊ ဟောတော်မူတတ်၏။ သော မေတ္တေယျော၊ ထိုမေတ္တေယျ ဘုရားအလောင်းသည်။ အယမေဝ၊ ဤနတ်မင်းပင်တည်း။

ဤသို့စသည်ဖြင့် တုသိတာနတ်ပြည်မှ လာကြောင်းကို ဆိုသည်။ သုံးဆယ့်နှစ်ပါးခါသော တံတားဦးတည်၌လည်း "သမာရင့်ညောင်း၊ မိတ္တလောင်းလျှင်၊ နတ်ပေါင်းရံထပ်၊ နှောင်းဆုံးကွပ်၍၊ နတ်ရပ်သာစွာ၊ တုသိတာက လက်ယာစွယ်ရှင်၊ ဖူးလာသွင်သို့၊ မမြင်ပါရ၊ တောင့်တသူ၊လူခပ်သိမ်းအား၊ နတ်ပြည်သွားလည်း၊ တပါးမလာ၊ သည့်နှယ်သာဟု၊ ခြင်းရာသိဆွေ၊ ပြည့်နှင်းပေသို့"ဟူ၍ စပ်ဆိုတော်မူသည်၊

ထို့ကြောင့် မေတ္တေယျ ဘုရားလောင်း ယခု တုသိတာနတ်ပြည်မှာ ရှိ၏ဟူ၍ မှတ်သင့်သည်။

၃၃-ပဏ္ဍာ။ ။နမော တဿ ပဏ္ဍာမကိုလည်း သာတာဂိရိနတ်၊ အသူရိန်နတ်၊ မဟာရာဇ်နတ်၊ သိကြား၊ ဗြဟ္မာ၊ နတ်ငါးယောက်တို့ အသီးသီး ကိုယ်စီပဏ္ဍာမပြု၍ ရွတ်ကြသည်ဟု ဂါထာဗန္ဓဖွဲ့၌ ပြောဆိုကြပါသည်။ နတ်ငါးယောက်တို့ ရွတ်သည်ကို ဘယ်ကျမ်းမှာဆိုသည် ဘယ်ကာလရွတ်သည် ဘယ်ရဟန္တာတို့ စုရုံး၍ ထားသည်ကို သိလိုပါသည်။

၃၃-ဝိသဇ္ဇနာ။ ။နမော တဿကို နတ်သားငါးယောက်တို့ ပဏ္ဍာမပြု၍ အသီးအသီး ရွတ်ကြသည်ဟူ၍ ဂါထာဗန္ဓဖွဲ့၍ ဆိုကြပါသည်။ ဘယ်ကျမ်းတွင် လာသည်၊ ဘယ်ကာလရွတ်သည် ဘယ်ရဟန္တာတို့ စုရုံး၍ထားသည်ကို သိလိုပါသည်ဆိုရာ၌—

သာတာဂိရိ နမော ယက္ခော၊ တဿစ အသုရိန္ဒကော။
ဘဂဝတော မဟာရာဇာ၊ သက္ကော အရဟတော တထာ။
သမ္မာသမ္ဗုဒ္ဓဿ ဗြဟ္မာ၊ ဧတေ ပဉ္စ ပတိဋ္ဌိတာ—

ဟူ၍လည်းကောင်း။ ဧတေ ပဉ္စ နမဿန္တိ-ဟူ၍လည်းကောင်း ရှိကြကုန်သည်။ သဒ္ဒဗျူဟာ ဟူသော သဒ္ဒါဂေယ်ကျမ်းနက်၌လည်း ပါသည်။ သဟဿပုစ္ဆာတွင်လည်း ရှိသည်။ ယိုးဒယားနိုင်ငံ မော်ကွန်းတွင်လည်းပါသည်။ ကစ္စာယနဘေဒ ဋ္ဌီကာသစ်တွင်လည်း "တထာ ဟိ သာတာဂိရိ နမော-ယက္ခော၊ နမော နမောတိ ဝန္ဒနံ ကရောတိ"-စသည်ဖြင့် ဆိုသည်။

ဤစကားများသည် တပါးသော ပါဠိ, အဋ္ဌကထာတို့တွင် သာတာဂိရိနတ်သည် 'နမော' ဟူ၍ ရှိခိုးကြောင်း။ အသူရိန်နတ်သည် 'တဿ' ဟူ၍သာ။ မဟာရာဇ်နတ်သည် 'ဘဂဝတော' ဟူ၍သာ။ သိကြားသည် 'အရဟတော' ဟူ၍သာ။ ဗြဟ္မာသည် 'သမ္မာသမ္ဗုဒ္ဓဿ'ဟူ၍သာ ရှိခိုးကြောင်း၊ ဘယ်ကာလ၌ ရှိခိုးကြောင်း။ ဘယ်ရဟန္တာတို့စုရုံး၍ ထားကြောင်းကို တိုက်ရိုက်မတွေ့။ သဘောလည်း ဟုတ်အံ့သကဲ့သို့မထင်။ သုတ်မဟာဝါ ပါဠိတော် သက္က **ပဉ္စာသုတ်တွင်**—

အထခေါ သက္ကော ဒေဝါနမိန္ဒော ပါဏိနာ ပထဝိံ ပရာမသိတွာ တိက္ခတ္တုံ ဥဒါနံ ဥဒါနေသိ နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။ နမော တဿ။လ။ သမ္မာသမ္ဗုဒ္ဓဿ။ နမော တဿ။လ။ သမ္မာသမ္ဗုဒ္ဓဿာတိ။

ဟူ၍ သိကြားမင်းပင် မြေကိုလက်ဖြင့် သုံးသပ်၍ သုံးကြိမ်တိုင်တိုင်၊ နမော တဿ စသော ဥဒါန်းကို ရွတ်ဖူးကြောင်းကို ဆိုသည်။ ဤကဲ့သို့ပင် မဇ္ဈိမနိကာယ် မဇ္ဈိမပဏ္ဏာသပါဠိတော် ဗြဟ္မာယုသုတ်၌လည်း—

ဗြဟ္မာယုဗြဟ္မုနာ ဥဒ္ဒါယာသနာ ဇေဏ်သံ ဥတ္တရာသံဂံ ကရိတွာ ယေန အဠလိ ပဏ္ဍာမေတွာ တိက္ခတ္တုံ ဥဒါနံ ဥဒါနေသိ။ နမောတဿ။လ။ သမ္မာသမ္ဗုဒ္ဓဿာတိ။

ဟူ၍လည်းကောင်း၊ ဤနည်းအတူလာသော သဂါဝရသုတ်၌လည်းကောင်း၊ အဂုံတ္တိရ်ပါဠိတော်တို့၌ အာရာမဒဏ္ဍိပုဏ္ဏား ပညာရှိတို့ ရွတ်ဖူးကြောင်းများပါသည်ကို ထောက်သော် ဤဥဒါန်းသည် ပေါရာဏ ဥဒါနပဏ္ဍာမ တချက်တည်းပင် ယူသင့်သည်။ ဤနမောတဿ မဏ္ဍာမကို ပေါရာဏ ဥဒါနပဏ္ဍာမဟု ဆိုခြင်းသည်လည်း ဤကမ္ဘာတွင်သာမဟုတ်။ ဤကမ္ဘာမှပြန်၍ ရေသည်ရှိသော် ကိုးဆယ့်နှစ်ကမ္ဘာထက် ဖုဿမြတ်စွာဘုရားလက်ထက် ဘုရားခမည်းတော် မဟိန္ဒမင်းကြီးသည်

သုံးကြိမ်ပင် ဤဥဒါန်းကိုရွတ်၍ လျှောက်ဖူးကြောင်းကို ဓမ္မပဒအဋ္ဌကထာ အသာရေ သာရမတိနော စသော သုတ်အဖွင့်တွင်လာသည်၊ နတ်ငါးယောက်တို့ အသီးအသီး တပါဒစိရွတ်ကြသည်ဆိုသော စကားသည် ယုတ္တိမရှိလွန်းသကဲ့သို့ ထင်သည်။

၃၄-ပဏ္ဏာ။ ။ခပ်သိမ်းသော စိတ်တို့သည်၊ ဇာတိဘေဒ၊ ဘူမိဘေဒ အပြားအားဖြင့် အကျဉ်းတခုယုတ်ကိုးဆယ်၊ အကျယ် တရာနှစ်ဆယ့်တပါး ရှိကြောင်းကို အဘိဓမ္မတ္ထ-သင်္ဂဟကျမ်း၊ နိပုဏသာရတ္ထသင်္ဂဟကျမ်းတို့တွင် ဆိုသည်ကို အချို့က စိတ်အကျဉ်း ကိုးဆယ့်တခု ဖြစ်သည်ဟူ၍ ကျမ်းဂန်ရိပ်ရှိကြောင်းကို ဆိုပြန်ပါသည်။ တခုယုတ် ကိုးဆယ်သော စိတ်ကိုပင် အနက်ယောဇနာ ချွတ်၍လည်းကောင်း၊ အမှတ်မှား၍ လည်းကောင်း ရှိသလော၊ အကျယ် တရာနှစ်ဆယ့်တပါးသော စိတ်တို့တွင် အသော-ဘဏစိတ် သုံးဆယ်ကို နုတ်ပယ်၍ အကြွင်းသောဘဏ ကိုးဆယ့်တခုသောစိတ်ကိုပင် ဆိုသလော၊ အခြားသက်သက်ပင် ကိုးဆယ့်တခု ရှိသေးသလော ရှင်းလင်းစွာ သိလိုပါသည်။

သတ္တရာဇ် ၁၁၇၁-ခု၊ နယုန်လဆန်း ၁-ရက်၊ တနင်္ဂနွေနေ့၊ မုံရွာသိရိမာလာကလျှောက်လာရာတွင် ဖြေဆိုလိုက်သည်ကား—

၃၄-ဝိသဇ္ဇနာ။ ။ခပ်သိမ်းသော စိတ်တို့သည် တခုယုတ်ကိုးဆယ်လော၊ ကိုးဆယ့်တခုလော ဟူရာ၌—

စိတ်အပေါင်းတို့ကို ဇာတိဘေဒ၊ ဘူမိဘေဒဖြင့် အကျဉ်းတခုယုတ်ကိုးဆယ် အကျယ် တရာ့နှစ်ဆယ့်တပါး ရှိကြောင်းကို ပြလိုသော်—

ကုတ္ထမေကူနနဝုတိ၊ ပဘေဒံ ပန မာနသံ။
ဧကဝီသသတံဝါထ၊ ဝိဘဇန္တိ ဝိစက္ခဏာ။

ဟူသော ဝုတ္တာဝုတ္တသင်္ဂဟဂါထာကို အဘိဓမ္မတ္ထသင်္ဂဟ ကျမ်း၌ မိန့်၏။ ထိုဂါထာဖြင့် စိတ်တခုယုတ် ကိုးဆယ်ရှိကြောင်း၊ အကျယ် တရာ့နှစ်ဆယ်တပါး ရှိကြောင်းကို မှတ်အပ်၏။

တနည်းကား။ ။စိတ်အကျဉ်း ကိုးဆယ့်တခုရှိကြောင်းကို ပြလိုသော် အဘိဓမ္မတ္ထ သင်္ဂဟ ကျမ်း၌ပင်—

ပဉ္စဝိသ ပရိတ္တမှိ၊ ဆစိတ္တာနိ မဟဂ္ဂတေ။
ဧကဝီသတိ ဝေါဟာရေ၊ အဋ္ဌ နိဗ္ဗာန ဂေါစရေ။
ဝိသာနုတ္တရ မုတ္တမှိ၊ အဂ္ဂမဂ္ဂ ဖလုဒ္ဓိကေ။
ပဉ္စ သဗ္ဗတ္ထ ဆစ္စေတိ၊ သတ္တဓာ တတ္ထ သင်္ဂဟော—ဟူ၍ မိန့်သည်။

ထိုဂါထာ၏ အဓိပ္ပာယ်ကား— ကာမတရားကို အာရုံပြုတတ်သော၊ မနောဒွါရာဝဇ္ဇန်းကြဉ်သော အဟိတ်စိတ် ၁၄-ခု၊ မဟာဝိပါက်စိတ် ၈-ခု၊ ၂၅-ခု တရပ်။ မဟဂ္ဂတ်တရားကို အာရုံပြုတတ်သော ဝိညာဏဉ္စာယတနစိတ် ၃-ခု၊ နေဝသညာ နာသညာယတနစိတ် ၃-ခု၊ ပေါင်း ၆-ခု တရပ်။

ကသိုဏ်းစသော ပညတ်တရားကို အာရုံပြုတတ်သော ရူပစိတ် ၁၅-ခု၊ အာကာသာနဉ္စာယတနစိတ် ၃-ခု။ အာကိဉ္စညာယတနစိတ် ၃-ခု၊ ပေါင်း ၂၁-ခု တရပ်။

နိဗ္ဗာန်ကိုအာရုံပြုသော လောကုတ္တရာစိတ် ၈-ခု၊ တရပ်။

လောကုတ္တရာ ကိုးပါးကြဉ်သော ပရိတ္တ၊ မဟဂ္ဂတ၊ ဝေါဟာရတရားကို အာရုံပြုတတ်သော အကုသိုလ်စိတ် ၁၂-ခု၊ မဟာကုသိုလ် ဉာဏဝိပ္ပယုတ်စိတ် ၄-ခု၊ မဟာကြိယာဉာဏဝိပ္ပယုတ်စိတ် ၄-ခု၊ ပေါင်း ၂၀-ခု၊ တရပ်။

အရဟတ္တမဂ် အရဟတ္တဖိုလ် ကြဉ်သော ပရိတ္တ, မဟဂ္ဂတ, ဝေါဟာရ, အနုတ္တရ တရားကို အာရုံပြုတတ်သော မဟာကုသိုလ် ဉာဏသမ္မယုတ်စိတ် ၄-ခု၊ ပဉ္စမစျာန်ဟုဆိုအပ်သော အဘိညာဉ်ကိစ္စတပ်သော ကုသိုလ်စိတ် ၁-ခု၊ ပေါင်း ၅-ခု တရပ်။

ခပ်သိမ်းသော ပရိတ္တ၊ မဟဂ္ဂတ၊ ဝေါဟာရ၊ အနုတ္တရ နိဗ္ဗာန်တရားကို အာရုံပြုတတ်သော မဟာကြိယာဉာဏသမ္မယုတ်စိတ် ၄-ခု၊ ကြိယာအဘိညာဉ် ၁-ခု ဝုဋ္ဌောစိတ် ၁-ခု၊ ပေါင်း ၆-ခု တရပ်။

ဤခုနစ်ရပ်ကို ပေါင်းသော် စိတ်ပေါင်း ကိုးဆယ့်တခု ဖြစ်သတည်း။

ဤသို့အဘိဓမ္မတ္ထသင်္ဂဟကျမ်း၌ပင် တခုယုတ်ကိုးဆယ်သောစိတ်၊ ကိုးဆယ့်တခုသောစိတ်၊ တရာ့နှစ်ဆယ့်တခုသော စိတ်တို့ကို ပြပေသည်။

အဘိဓမ္မတ္ထသင်္ဂဟကျမ်း၌သာ ပြပေသည်မဟုတ်၊ အရှင်အနုရုဒ္ဓါဆရာ ပြုတော်မူသော ပရမတ္ထဝိနိစ္ဆယဋီကာလည်း—

> စိတ္တမေကူနနဝုတိ၊ ဝိဓံ တတ္ထ ဝိဘာဝယေ။
> ဧကနဝုတိဝိဓံ ဝါ၊ ဧကဝီသသတမ္မိ ဝါ။

တတ္ထ၊ ထိုလေးပါးသော ပရမတ္ထတို့တွင်။ စိတ္တံ၊ စိတ်သည်။ ဧကူနနဝုတိဝိဓံ၊ တခုယုတ်ကိုးဆယ်အပြားရှိ၏။ (ဝါ) တနည်းကား။ ဧကနဝုတိဝိဓံ၊ ကိုးဆယ့်တပါး အပြားရှိ၏။ (ဝါ) တကြောင်းကား။ ဧကဝီသသတမ္မိ၊ တရာ့နှစ်ဆယ့်တပါးအပြားရှိ၏။ ဣတိ၊ ဤသို့၊ ဝိဘာဝယေ၊ ပြရာ၏။ ဟုဆိုသည်။

ထို့ကြောင့် ကိုးဆယ့်တခုသောစိတ် ရှိသည်ဆိုသော စကားသည် ကျမ်းလာစကားပင် ဖြစ်သည်။

၃၅-ပဋ္ဌာ။ ။မြတ်စွာဘုရား အဘယ်စိတ်နှင့် ပဋိသန္ဓေ နေတော်မူသည်ကို သိလို ပါသည်။

၃၅-ဝိသဇ္ဇနာ။ ။မြတ်စွာဘုရားသည် အဘယ်စိတ်ဖြင့် ပဋိသန္ဓေ နေတော်မူသနည်း ဟူရာ၌—

သဗ္ဗေပိ သတ္တာပေဓိသတ္တာ ပစ္ဆိမပဋိသန္ဓိဂ္ဂဟဏကာလေပဋ္ဌမေနသော မနုဿသဟဂတ တိဟေတုကအသင်္ခါရိကမဟာဝိပါကစိတ္တေန ပဋိသန္ဓိံ ဂဏှန္တိ။ တံ ပန မေတ္တာ ပုဗ္ဗဘာဂ-

စိတ္တသ ဝိပါကံ ဟောတိ။ တေန ဒိန္နာယ ပဋိသန္ဓိယာ အသခ္ခေ်ယျာယုကကာလဝေသေန ပန ပရိဏာမတိ–

ဟူ၍ အဋ္ဌသာလိနီ အဗျာကတမဟာဝိပါက အဖွင့်တွင်ဆိုသည်။

အဓိပ္ပာယ်ကား။ ။အလုံးစုံသော သဗ္ဗညုဘုရားလောင်းတို့သည် အဆုံးစွန် ပဋိသန္ဓေကို ယူသောအခါ၌ ပထမဖြစ်သော သောမနဿသဟဂုတ် တိဟိတ် အသင်္ခါရိက မဟာဝိပါက် စိတ်ဖြင့် ပဋိသန္ဓေကို ယူကုန်၏။ ထိုမဟာဝိပါက်စိတ်သည်ကား မေတ္တာရှေးအဖို့၌ရှိသော ကုသိုလ်စိတ်၏အကျိုးဖြစ်၏။ ထိုမေတ္တာရှေးအဖို့၌ရှိသော ကုသိုလ်စိတ်သည် ပေးအပ်သော ပဋိသန္ဓေဖြင့် အသခ္ခေ်ယျအသက်ရှည်သောကာလ၏ အစွမ်းအားဖြင့် ရင့်၍တည်၏ ဟူလိုသည်။

မဟာသိဝ ထေရ်သည်ကား– သောမနဿထက် ဥပေက္ခာသဟဂုတ်သည် အားရှိမြတ်၏။ ထို့ဉပေက္ခာသဟဂုတ်ဖြင့် ဘုရားလောင်းတို့သည် ပဋိသန္ဓေကို ယူကုန်၏။ အဘယ်ကြောင့်နည်း ဟူမူကား- ဥပေက္ခာသဟဂုတ်ဖြင့်ယူအပ်သော ပဋိသန္ဓေရှိကုန်သော ပုဂ္ဂိုလ်တို့သည် မြတ်သော အလိုဆန္ဒ ရှိကုန်၏။ နတ်ပြည်၌ဖြစ်သော အာရုံတို့၌သော်လည်း တပ်သောစိတ်ရှိသည် မဖြစ်ကုန်။ ထို့ကြောင့် ဥပေက္ခာသဟဂုတ်ဖြင့် ပဋိသန္ဓေကို ယူကုန်၏။ အဘယ်ကဲ့သို့နည်း ဟူမူကား တိပိဋကစူဠနာဂထေရ် အစရှိသည်တို့ကဲ့သို့တည်းဟု ဆို၏။

အဋ္ဌကထာဌ်ကား- ဤအယူသည် မဟာသိဝထေရ်၏ နှလုံးအလိုသာတည်း။ ဤအကြောင်းသည် မရှိဟုပယ်၍ ဘုရားလောင်းတို့အား သတ္တဝါတို့၏ အစီးအပွားအလို့ငှာကျင့်ခြင်းသည်အားကြီး၏။ ထို့ကြောင့် မေတ္တာရှေ့အဖို့၌ရှိသော ကာမာဝစရကုသိုလ်၏ အကျိုးဖြစ်သော၊ သောမနဿသဟဂုတ် တိဟိတ် အသင်္ခါရိက စိတ်ဖြင့် ပဋိသန္ဓေကိုယူကုန်၏ ဟူလိုသည်။ သုတ်မဟာဝါ အဋ္ဌကထာ မဟာပဒါနသုတ္တန္တရာဇ အဖွင့်တွင်လည်း–

> မေတ္တာပုဗ္ဗဘာဂဿ သောမနဿသဟဂတ ဉာဏသမ္ပယုတ္တ အသင်္ခါရိကကုသလစိတ္တဿ သဒိသမဟာဝိပါက စိတ္တေန ပဋိသန္ဓိ ဂဏှိ။ မဟာသိဝတ္ထေရော ပန ဥပေက္ခာသဟဂတေ-နာတိ အာဟ-ဟု ဆိုသည်။

မေတ္တာရှေ့အဖို့၌ရှိသော သောမနဿသဟဂုတ်၊ ဉာဏသမ္ပယုတ် အသင်္ခါရိက ကုသိုလ်စိတ်နှင့်တူသော မဟာဝိပါက်စိတ်ဖြင့် ပဋိသန္ဓေယူ၏။ မဟာသိဝထေရ်သည်ကား ဥပေက္ခာသဟဂုတ်ဖြင့် ပဋိသန္ဓေနေ၏ ဆိုသည်ဟု ပြသည်။ မဟာသိဝထေရ်၏ အယူကို အဋ္ဌသာလိနီတွင် ထိုမထေရ်၏ အယူမှာသာဟု ဆိုပြီးဖြစ်၍လည်းကောင်း၊

တနည်းလည်း မဏိဒီပတွင်–

> ပဋိသန္ဓိ ဂဟေတွာတိ စ သတော သမ္မဇာနော ဟုတွာ ဧကူနဝီသတိယာပိ ပဋိ-သန္ဓိစိတ္တေသု မေတ္တာ ပုဗ္ဗဘာဂဿ သောမနဿသဟဂတဉာဏသမ္ပယုတ္တ အသင်္ခါရိက ကုသလစိတ္တဿ သဒိသမဟာဝိပါက စိတ္တေန အာသဋ္ဌပုဏ္ဏမာယ ဥတ္တရာသဋ္ဌနက္ခတ္တေနေဝ ပဋိသန္ဓိ ဂဏှိတွာတိ အတ္ထော။ ကေစိ ပန ဗုဒ္ဓါ ဘဂဝန္တော ဂဗ္ဘဝိက္ကမတိကာ ဟောန္တိ၊ တသ္မာ ဥပေက္ခာသဟဂတ ဉာဏသမ္ပယုတ္တ အသင်္ခါရိကကုသလစိတ္တဿ သဒိသ မဟာ-ဝိပါကစိတ္တေန ပဋိသန္ဓိ ဂဏှန္တီတိ ဝဒန္တိ၊ တံ အဋ္ဌကထာယံ ဗုဒ္ဓါနံ ဟိတူပစာရော ဗလဝါ ဟောတိ၊ တသ္မာ အယုတ္တန္တိ ပဋိက္ခိတ္တံ ဟူ၍ဆိုသောကြောင့်လည်းကောင်း၊

ဇိနာလင်္ကာရဋီကာ၌—

တုသိတာဘဝနတော စဝိတွာ မာတုကုစ္ဆိယံ မေတ္တာပုဗ္ဗဘာဂဿ သောမနဿသဟဂတ ဉာဏသမ္ပယုတ္တဿ အသင်္ခါရိက ကုသလစိတ္တဿ ဝိပါကဘူတေန တေန သမေန မဟာ-ဝိပါက စိတ္တေန ပဋိသန္ဓိံ ဂဏှာဿ တသ္မိံ ယေဝ ခဏေ ဗာတ္တိံသ ပုဗ္ဗနိမိတ္တာနိ ပါတုရ-ဟေသုံ-ဟူ၍ ဆိုသောကြောင့် လည်းကောင်း။ သောမနဿစိတ်ဟူ၍သာ မှတ်အပ်၏။

၃၆-ပုစ္ဆာ။ ။မြတ်စွာဘုရား၏ ပဋိသန္ဓေ စိတ်တော်သည် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် သုံးပါးတွင် အဘယ်ကို အာရုံပြုသည်ဟု သိလိုပါသည်။

၃၆-ဝိဿဇ္ဇနာ။ ။ပဋိသန္ဓေစိတ်တော်သည် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် သုံးပါးတွင် အဘယ်ကို အာရုံပြုသနည်းဟူရာ၌—

အထ မဟာသတ္တော တာသံ ဒေဝတာနံ ပဋိညံ အဒတ္ဝာဝ ကာလ ဒီပ ဒေသ ကုလ ဇနေတ္တိ အာယုပရိစ္ဆေဒ ဝသေနဠ မဟာဝိလောကနံ နာမ ဝိလောကေသိ။

ဟူသော သုတ်မဟာဝါ အဋ္ဌကထာပါဠိ၊ ထိုနည်းတူလာသော ဓမ္မပဒ အဋ္ဌကထာပါဠိ၊ အပဒါန် အဋ္ဌကထာပါဠိတို့နှင့်အညီ ဘုရားလောင်းတို့သည် ကာလ၊ ဒီပ၊ ဒေသ၊ ကုလ၊ ဇနေတ္တိ အာယု ပရိစ္ဆေဒဟူသော ပဉ္စမဟာဝိလောကနကို ဆင်ခြင်၍ပဋိသန္ဓေနေကြောင်းကို ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာအရပ်ရပ်တို့၌ လာသည်ကို ထောက်သော်ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်သုံးပါးတွင် ဂတိနိမိတ်ကို အာရုံပြု၍ ပဋိသန္ဓေနေတော်မူ၏ဟု ယူသင့်သည်။ ဤစကားကိုမူကား ပါဠို၊ အဋ္ဌကထာ၊ ဋီကာဆုံးဖြတ်သည်ကို မတွေ့ဖူးပေ။ ပန်းယစတုရင်္ဂလအမတ်က ရွှေဖဝါးတော်အောက် အစချီ၍ မေးသောအမေးတွင် ပုဂံဆရာတော်က အထွေထွေချီ၍ ဖြေသော ကဗျာတို့၌—

လူနတ်ငြဟ္မာ၊ အာကာမိုးပြင်၊ ကောင်းကင်မဆုံ၊ ပူဇော်အုံဟု၊ အလွဲ့ရံပတ်၊ တို့စောထွက်လျှင်၊ မချွတ်နိဗ္ဗာ၊ ဝင်သောခါ၌၊ အနိစ္စာဒုက္ခ၊ အနတ္တသာ၊ ဗျာန်အင်္ဂါကို၊ ပစ္စဝေက္ခဏာ သဘော၊ လျင်လျင်ဇောမှ၊ တိတောအောင်ထွန်၊ ပစ္စုမာရ်ကို၊ လွန်ခဲ့ကျော်ဘိ၊ စုတိတော်စိတ်၊ အတိတ်နှင်နှင်၊ သုံးပါးတွင်မူ- ထင်၏တစိ၊ ဂတိနိမိတ်၊ တိဟိတ်ပဋိသန္ဓေ၊ ယူနေသောခါ၊ တုသိတာမှ၊ ပဉ္စာလောကန၊ ကြည့်ပြီးမှလျှင်၊ ဘဝပြောင်းလာ၊ ဤကြောင်းခြာကို၊ ပညာရှိတွေ၊ ကြံမိစေလော့၊ သန္ဓေဘဝင်၊ သုံးအင်စုတိ၊ တုဘိအာရုံ၊ ပြုတုံမချွတ်၊ပရမတ်သည်။ ။ ဟောမှတ် ဧကန်သာ တမှံ–

ဟူ၍ တွေ့မြင်ဖူးသည်ကို နယဂ္ဂါဟပြု၍ လည်းကောင်း၊ ကိုယ့်ဉာဏ်ကပင် သဘောယုတ္တိ သင့်အုံသကဲ့သို့ ထင်သောကြောင့် လည်းကောင်း၊ ကျမ်းကြီးကျမ်းငယ်ကပင် ဘုရားလောင်း တို့သည် မဟာဝိလောကန ငါးပါးကို ကြည့်ရှုတော်မူမြဲဟု ပြသောကြောင့် လည်းကောင်း ဆိုသည်။

၃၇-ပုစ္ဆာ။ ။သပ္ပညုတညာဏ်တော်နှင့် တူသော အာရုံရှိသော စိတ်တခုသည် ခပ်သိမ်းသောစိတ်ရှိသော သတ္တဝါအပေါင်းတို့၌ပင် ရှိသည်ဆိုကြပါသည်၊ မှန်မည် မမှန်မည်ကို သိလိုပါသည်။

၃၇-ဝိဿဇ္ဇနာ။ ။သပ္ပညုတညာဏ်နှင့်တူသော အာရုံရှိသော စိတ်တခုသည် ခပ်သိမ်းသော စိတ်ရှိသော သတ္တဝါအပေါင်းတို့၌ပင် ရှိသည်ဆိုသည် မှန်မည် မမှန်မည်ကို သိလိုပါသည် ဟူရာ၌–

ဣဒံ စိတ္တံ တီသု ဘဝေသု သဗ္ဗေသံ သစိတ္တကသတ္တာနံ သာဓာရဏာ၊ န ကဿစိ၊ သစိတ္တကဿ န ဥပ္ပဇ္ဇတိနာမ။ ဥပ္ပဇ္ဇမာနမ္ပန ပဉ္စဒ္ဓါရေ ဝေါဋ္ဌပ္ပနံ ဟောတိ၊ မနောဒ္ဓါရေ အာဝဇ္ဇနံ။ ဆအသာဓာရဏာညာဏာနိပိ ဣမိနာဂတိတာရမ္မဏမေဝ ဂဏှန္တိ။ မဟာဂဇ်နာမေတံ စိတ္တံ ဣမဿ အနာရမ္မဏ်နာမ နတ္ထိ။ အသပ္ပညုတညာဏမွိ သပ္ပညုတညာဏဂတိက်နာမ ကတမန္တိ ဝုတ္တေ ဣဒန္တိ ဝတ္တဗ္ဗံ။

ဣဒံ စိတ္တံ၊ ဤမနောဒ္ဓါရာဝဇ္ဇန်းစိတ်သည်။ တီသု၊ သုံးပါးကုန်သော။ ဘဝေသု၊ ဘုံတို့၌။ သဗ္ဗေသံ၊ အလုံးစုံကုန်သော။ သစိတ္တကသတ္တာနံ၊ စိတ်ရှိကုန်သောသတ္တဝါတို့အား။ သာဓာရဏ်၊ ဆက်ဆံ၏။ ကဿစိ၊ တစုံတယောက်သော။ သစိတ္တကဿ၊ စိတ်ရှိသော သတ္တဝါအား။ န ဥပ္ပဇ္ဇတိ နာမ၊ မဖြစ်သောမည်သည်။ နှ အတ္ထိ၊ မရှိ။ ဥပ္ပဇ္ဇမာနံ ပန၊ ဖြစ်သော်ကား။ ပဉ္စဒ္ဓါရေ၊ ပဉ္စဒ္ဓါရ၌။ ဝေါဋ္ဌပ္ပနံ၊ ဝုဋ္ဌောသည်။ ဟောတိ၊ ဖြစ်၏။ မနောဒ္ဓါရေ၊ မနောဒ္ဓါရ၌။ အာဝဇ္ဇနံ၊ အာဝဇ္ဇန်းသည်။ ဟောတိ၊ ၏။ ဆအသာဓာရဏာညာဏာနိပိ၊ ခြောက်ပါးကုန်သော အသာဓာရဏာညာဏ်တို့သည်လည်း။ ဣမိနာ၊ ဤမနောဒ္ဓါရာဝဇ္ဇန်းစိတ်သည်။ ဂတိတာရမ္မဏမေဝ၊ ယူအပ်ပြီးသော အာရုံကိုသာလျှင်။ ဂဏှန္တိ၊ ယူကုန်၏။

ဆအသာဓာရဏာညာဏ်ဟူသည်ကား–

၁။ ဣန္ဒြိယပရောပရိယတ္တိညာဏ်။
၂။ အာသယာနုသယညာဏ်။
၃။ သပ္ပညုတညာဏ်။
၄။ အနာဝရဏာညာဏ်။
၅။ ယမကပါဋိဟာရိယညာဏ်။
၆။ မဟာကရုဏာသမာပတ္တိညာဏ်။

ဤခြောက်ပါးတည်း။

ဧတံ စိတ္တံ၊ ထိုမနောဒ္ဓါရာဝဇ္ဇန်းစိတ်သည်။ မဟာဂဇ်နာမ၊ ဆင်ပြောင်ကြီးနှင့်တူသော စိတ်မည်၏။ ဣမဿ၊ ဤမနောဒ္ဓါရာဝဇ္ဇန်းစိတ်၏။ အနာရမ္မဏ်နာမ၊ အာရုံမဟုတ်သော တရားမည်သည်။ နတ္ထိ၊ မရှိ။ အသပ္ပညုတညာဏမွိ၊ သပ္ပညုတညာဏ် မဟုတ်သော်လည်း။ သပ္ပညုတညာဏဂတိက်၊ သပ္ပညုတညာဏ်နှင့် အလားတူသောစိတ်သည်။ ကတမံနာမ၊ အဘယ်စိတ်နည်း။ ဣတိ၊ ဤသို့။ ဝုတ္တေ၊ သော်။ ဣဒံနာမ၊ ဤမနောဒ္ဓါရာဝဇ္ဇန်းစိတ်ပင်တည်း။ ဣတိ၊ ဤသို့။ ဝတ္တဗ္ဗံ၊ ဆိုအပ်၏။

ဤသို့ အဋ္ဌသာလိနီစိတ္တုပ္ပါဒကဏ္ဍ အဆုံးတွင် မနောဒ္ဓါရာဝဇ္ဇန်းစိတ်သည် စိတ်ရှိလေသမျှသော သတ္တဝါတို့၌ရှိကြောင်း၊ ဘုံသုံးပါး၌ပင်ရှိကြောင်း၊ ဆအသာဓာရဏ ညာဏ်ပင်သော်လည်း မနော-

ဒွါရာဝဇ္ဇန်းစိတ်၏ ယူပြီးသော အာရုံကိုသာ ယူရကြောင်း၊ ဆင်ပြောင်ကြီးနှင့် တူကြောင်း၊ ခပ်သိမ်းသောတရားတို့သည် မိမိ၏ အာရုံသာဖြစ်ရကြောင်း၊ သဗ္ဗညုတဉာဏ်စစ်ပင်မဟုတ်သော်လည်း သဗ္ဗညုတဉာဏ်တော်နှင့် အလားတူကြောင်းကို ဆိုသည်ဖြစ်၍ ကျမ်းဂန်လာသော စကားအမှန်ဖြစ်သည်ဟူ၍ မှတ်အပ်၏။

၃၈–ပဏ္ဍာ။ ။မယ်တော်မာယာ၏ အသက်ကိုလည်း-

ဆပညာသ၊ ငါးမာသဝယ်၊ သုံးရက်ပယ်၊ အကယ်မယွက်၊ မယ်တော်သက်။
နှစ်နှင့် ရက်ဝယ်၊ ဧက်သတ်ပယ်၊ လဝယ်ဒွေးစွက်၊ သန္ဓေသက်။

ဟု ဆိုသော ကဗျာ၏ အဓိပ္ပာယ်ကိုလည်း ကျမ်းဂန်လာတိုင်း မှန်မမှန်ကို သိလိုပါသည်။

၃၈–ဝိသဇ္ဇနာ။ ။မယ်တော်မာယာအသက်၌–

ဆပညာသ၊ ငါးမာသဝယ်၊ သုံးရက်ပယ်၊ အကယ်မယွက်၊ မယ်တော်သက်–

ဟူရာ၌-ဆပညာသမှာ ငါးဆယ့်ခြောက်နှစ်ယူ။ ငါးမာသဝယ်၊ သုံးရက်ပယ် ဟူရာ၌၊ လေးလနှင့် နှစ်ဆယ့်ခုနစ်ရက်သာ အသက်ရှည်သည်ဟု ဆိုလိုသည်။ နှစ်နှင့် ရက်ဝယ်၊ ဧက်သတ်ပယ်၊ လဝယ် ဒွေးစွက်၊ သန္ဓေသက်၊ ဟူရာ၌လည်း၊ ဆပညာသငါးဆယ့်ခြောက်နှစ်ဝယ် ဧက်ပယ်သော် ငါးဆယ့်ငါးနှစ်သာရှိ၏။ ရှေ့လေးလတွင် ဒွေးစွက်သော် ခြောက်လဖြစ်၏။ နှစ်ဆယ့်ခုနစ်ရက်ဝယ် သတ်ပယ်သော် အရက်နှစ်ဆယ်သာရ၏။ မယ်တော်သည် ငါးဆယ့်ငါးနှစ်ခြောက်လ အရက်နှစ်ဆယ် ရှိသောကာလ ဘုရားလောင်းကို သန္ဓေ စွဲယူတော်မူ၏ ဟူလိုသည်။

ဤသို့ ဆိုတိုင်း ကျမ်းဂန်ထွက်ဆိုမည် မဆိုမည်ကို မေးရာ၌–

ဗောဓိသတ္တမာတာပိ ပဌမဝယေ သမ္မတ္တိံ အနုဘဝိတွာ မဇ္ဈိမဝယဿ တတိယေ ကောဋ္ဌာသေ ဝိဇာယိတွာ ကာလံ ကရောတီတိ အယမေတ္ထ ဓမ္မတာ။

ဟူ၍ သုတ်မဟာဝါ အဋ္ဌကထာ၊ ဥပရိပဏ္ဏာသ အဋ္ဌကထာ။ ၎င်းဋီကာ သိရိမဟာမာယာကျမ်းတို့၌ လာသည်။

ဗောဓိသတ္တမာတာပိ၊ ဘုရားလောင်းမယ်တော်သည်လည်း။ ပထမဝယေ၊ ပဌမအရွယ်၌။ သမ္မတ္တိံ စည်းစိမ်ကို။ အနုဘဝိတွာ၊ ခံစား၍။ မဇ္ဈိမဝယဿ၊ မဇ္ဈိမအရွယ်၏။ တတိယေ၊ သုံးခုမြောက်သော။ ကောဋ္ဌာသေ၊ အစု၌။ ဝိဇာယိတွာ၊ ဖွား၍။ ကာလံ၊ သေခြင်းကို။ ကရောတိ၊ ပြု၏။ ဣတိအယံ၊ ဤသည်လျှင်။ ဇောတ္ထ၊ ဤအရာ၌။ ဓမ္မတာ၊ သဘောတည်း။

အဓိပ္ပာယ်ကား။ ။တရာတမ်းတွင် သုံးစုပြုသော် ပထမအရွယ် သုံးဆယ့်သုံးနှစ် လေးလ၊ မဇ္ဈိမအရွယ် သုံးဆယ့်သုံးနှစ်လေးလ၊ ပစ္ဆိမအရွယ် သုံးဆယ့်သုံးနှစ်လေးလရှိသည်တွင် ပဌမအရွယ် သုံးဆယ့်သုံးနှစ် လေးလ စည်းစိမ်ခံစား၍ မဇ္ဈိမအရွယ် သုံးဆယ့်သုံးနှစ် လေးလကို သုံးစုပြုသော် ပဌမအစု တဆယ့်တနှစ် တလနှင့် ဆယ်ရက်။ ဒုတိယအစု တဆယ့်တနှစ် တလနှင့် ဆယ်ရက်၊ တတိယအစု တဆယ့်တနှစ် တလနှင့် ဆယ်ရက် ရသည်တွင် ပဌမအစု တဆယ့်တနှစ် တလဆယ်ရက်။ ဒုတိယအစု တဆယ့်တနှစ် တလဆယ်ရက်၊ ပေါင်းသော် နှစ်ဆယ့်

နှစ်နှစ်နှင့် နှစ်လ အရက်နှစ်ဆယ်ရသည်။ ထိုကို ပဌမအရွယ် သုံးဆယ့်သုံးနှစ် လေးလနှင့်ပေါင်း ပြန်သော် ငါးဆယ့်ငါးနှစ်နှင့် ခြောက်လ အရက်နှစ်ဆယ်ရ၏။ ထိုအခါ ဘုရားလောင်းကို ပဋိသန္ဓေယူ၏။ ထို့ကြောင့် နှစ်နှင့်ရက်ဝယ်၊ ဧက်သတ်ပယ်၊ လဝယ်ဒွေးစွက်၊ သန္ဓေသက်ဟု ဆိုလေသတည်း

ဤငါးဆယ့်ငါးနှစ် ခြောက်လ အရက်နှစ်ဆယ်ထဲတွင် ဆယ်လလည်း လောင်းစွက်၊ ဖွားပြီး ခုနစ်ရက်ကိုလည်းလောင်းစွက်သော် ငါးဆယ့်ခြောက်နှစ်နှင့် လေးလ အရက်နှစ်ဆယ်နှင့် ခုနစ်ရက် ရှိသည်ကို ရည်၍ "ဆပညာသ၊ ငါးမာသဝယ်၊ သုံးရက်ပယ်၊ အကယ်မယွက် မယ်တော်သက်" ဟူ၍ ဆိုလေသည်။

"ယွက်သည်" ဟူသော စကားသည် ပေါရာဏကထာ ရှေးစကားဖြစ်သည်။ ယွင်းသည် ယိုသည်၊ ပိုသည်၊ လျှံသည် ဆိုလိုသည်။ မယွက်ဆိုသည်ကား၊ မယွင်းမယို မပိုမလျှံ ဆိုလိုသည်။

ဆိုထုံးကား၊ ပါရမီတွင်–ရှင်ချစ်နှုတ်နက်၊ အကျိုးဆက်လည်း၊ မယွက်စေရာ။

ကိုးခန်းတွင်– မဖြောင့်မတန်း၊ ကောက်ယွန်းမကြဲ၊ တဆံမယွက်၊ တည့်တည့်ထွက်၏။

သင္ဃေခန်းတွင်–သတိမရွက်၊ ငုံကိုဖက်လျှင်၊ ယွက်လေဘိခြင်း။

သစ္စာခန်းတွင်–သွေးသားခန်းလျက်၊ ကျန်းကျန်းမာခက်၊ စိတ်မယွက်လျှင်၊ ယှဉ်ဘက်မကင်း။

ငရဲခန်းတွင်–စွမ်းအားအန်နှင့်၊ ကျေးကျွန်ရံသီး၊ စည်းစိမ်ကြီးက၊ မီးလည်းမယွက်၊ လူပျက်လူချော်၊ ကျင့်မိသော်လျှင်။

ဘုံခန်းတွင်–နူတ်လွတ်ဟုန်းလျက်၊ ကြုံးသံထွက်မူ၊ ယွက်ယွက်ယိမ်းယိမ်း၊ တိမ်းတိမ်းနွဲ့နွဲ့၊ ချဲ့ချဲ့တုန်အောင်၊ နတ်ပေါင်းရှောင်အံ့။

ဗုဒ္ဓုပ္ပတ္တိတွင်–မချွတ်မှန်ချက်၊ ခုနစ်ရက်လျှင်၊ မယွက်စကြာ၊ ရောက်တုံလှာအံ့၊ ဘစာသွားရေး၊ ရှိလေသေးဟု။

မနုဿရတွင်– မိထွေးသည်းအူ၊ အောက်သားမူကား၊ ခံယူနှစ်ဆ၊ မိဘခွန်နက်၊ နှစ်ပါးသက်ဖြင့်၊ မယွက်စုံစေ၊ စစ်မေးလျှင်။

သံဝရတွင်–ကျွမ်းဝင်ကြလျက်၊ မေတ္တာယွက်၍၊ သူပျက်မှတ်ထွေ။

တစ်ရာသက်ဝယ်ခြီတွင်–တဆယ့်နှစ်ဖြာ၊ ချွန်းခင်းရာနှင့်၊ ပမာငါးချက်၊ မယွက်စေငှာ။

ပြောင်မွန်ဖွဲ့တွင်–ကျွန်ုပ်ဆသည်၊ မှိုပမှန်ဆက်၊ တိမှာယွက်လိမ့်။

ဗျိုဟပ်လက်ံတွင်–မူလသက္ကရာဇ်၊ တည်တုံလစ်၍၊ ထိုနှစ်မယွက်၊ ရောက်သည်သက်နှင့်။

တောင်ငူမင်းဆို လွတ်ဦးသဘင်ခြို၌– အသစ်သစ်လျှင်၊ မရစ်စုံမက်၊ မေတ္တာယွက်၍၊ မျှသက်ဝေမြဲ၊ မဝေပဲနှင့်။

တဆယ့်နှစ်ခွင်ခြီတွင်လည်း–မဖွဲ့ချစ်ခင်၊ မယ်ပလျှင်လည်း၊ ပြင်တပါးသို့၊ နည်းများမထွက်၊ စိတ်မယွက်တည့်၊ မရွက်မြဲညွှန်။

တဆယ့်နှစ်ခွေချိတွင်-မဖွဲ့ချစ်နေ၊ မယ့်မှာပေတည့်၊ လျှောက်ပြေတပါး၊ သူ့ပြင်သားသို့၊ နည်းများခွဲဝက်၊ တီမှာယွက်လိမ့်။

အာကာတသွန်ချိတွင်-ယူယူဆွတ်ဆွတ်၊ ဆိုခွက်ထင်ယောင်၊ တန်ဆောင်ထားခက်၊ မယွက်စေကြောင်းဟူ၍ စပ်ဆိုသော ထုံးများကို ထောက်၍ သိသာသည်။

၃၉–ပုစ္ဆာ။ ။အဘိဓမ္မတ္ထသင်္ဂဟကျမ်းတွင် ကမ္မစတုက္ကကို ပြရာ၌ ကိစ္စ၏အစွမ်းအားဖြင့် ကံမျိုးလေးပါး၊ ပါကဒါနကံမျိုး လေးပါး၊ ပါကကာလကံမျိုး လေးပါး ပါကဌာနကံမျိုးလေးပါး ဟူ၍ ပြဆိုပါသည်။

ကံမျိုး တဆယ့်နှစ်ပါး ရှိပြန်ကြောင်းကိုလည်း ပြဆိုကြပါသည်။ တဆယ့်နှစ်ပါး ရှိမည် မရှိမည်၊ ရှိလျှင်လည်း၊ ပါဠိအဓိပ္ပာယ်နှင့်တကွ မှတ်သားလွယ်အောင် ရေး၍ သနားတော်မူပါ ဆရာတော်ဘုရား။

၃၉–ဝိသဇ္ဇနာ။ ။ကံအပြားကို မေးလျှောက်ရာ၌ တဆယ့်နှစ်ပါးသော ကံသည် အဘိဓမ္မတ္ထသင်္ဂဟကျမ်း၌ ဆိုသောနည်းပင် မဟုတ်။ နည်းထူးနည်းခြားပင် ဖြစ်သည်။ ထို့ကြောင့် သာရတ္ထသင်္ဂဟကျမ်း၌–

ယာနိ စ ပဋိသန္ဓိဒါမဂ္ဂပရိယာယေန အဟောသိကမ့ဲ အဟောသိကမ္မဝိပါကော၊ အဟောသိကမ့ဲ နာဟောသိ ကမ္မဝိပါကောတိ အာဒိနာနယေန ဒွါဒသကမ္မာနိ ဝိဘတ္တာနိ။ ထာနိသဗ္ဗာနိ အတ္တနော ဌာနံ သြပဂ္ဂမိတ္တာ သုတ္တန္တိကပရိယာယေန ဝုတ္တာ။ ဟု ဆိုသည်။

ခုဒ္ဒကနိကာယ်အဝင်။ ပဋိသန္ဓိဒါမင် ပါဠိတော် ကမ္မကထာတွင်–

(၁) အဟောသိ ကမ့ဲ၊ အဟောသိ ကမ္မဝိပါကော။
(၂) အဟောသိ ကမ့ဲ၊ နာဟောသိ ကမ္မဝိပါကော။
(၃) အဟောသိ ကမ့ဲ၊ အတ္ထိ ကမ္မဝိပါကော။
(၄) အဟောသိ ကမ့ဲ၊ နတ္ထိ ကမ္မဝိပါကော။
(၅) အဟောသိ ကမ့ဲ၊ ဘဝိဿတိ ကမ္မဝိပါကော။
(၆) အဟောသိ ကမ့ဲ၊ န ဘဝိဿတိ ကမ္မဝိပါကော။
(၇) အတ္ထိ ကမ့ဲ၊ အတ္ထိ ကမ္မ ဝိပါကော။
(၈) အတ္ထိ ကမ့ဲ၊ နတ္ထိ ကမ္မဝိပါကော။
(၉) အတ္ထိ ကမ့ဲ၊ ဘဝိဿတိ ကမ္မဝိပါကော။
(၁၀) အတ္ထိ ကမ့ဲ၊ န ဘဝိဿတိ ကမ္မဝိပါကော။
(၁၁) ဘဝိဿတိ ကမ့ဲ၊ ဘဝိဿတိ ကမ္မဝိပါကော။
(၁၂) ဘဝိဿတိ ကမ့ဲ၊ န ဘဝိဿတိ ကမ္မဝိပါကော။

ဟူ၍ တဆယ့်နှစ်ပါး အပြားဖြင့် ကံကို သာမည ပိုင်းခြား၍ ဟောတော်မူ၏။

ဝိသေသအားဖြင့်ကား။ ။ကုသိုလ်၌ တဆယ့်နှစ်ပါး၊ အကုသိုလ်၌ တဆယ့်နှစ်ပါး၊ သာဝဇ္ဇ၌ တဆယ့်နှစ်ပါး၊ အနဝဇ္ဇ၌ တဆယ့်နှစ်ပါး၊ ကဏှ၌ တဆယ့်နှစ်ပါး၊ သုက္က၌တဆယ့်နှစ်ပါး၊ သုခဝိပ္ပြယ၌ တဆယ့်နှစ်ပါး၊ ဒုက္ခဝိပ္ပြယ၌ တဆယ့်နှစ်ပါး၊ သုခဝိပါက၌ တဆယ့်နှစ်ပါး၊ ဒုက္ခဝိပါက၌ တဆယ့်နှစ်ပါးတို့ကိုလည်း ဟောတော်မူ၏။

ထိုတဆယ့်နှစ်ပါးသော ကံတို့တွင်-

(၁) အတိတ်၌ ပြုအပ်သော ကံတို့တွင် အကြင်ကံသည် ဒိဋ္ဌဓမ္မဝေဒနီယကံ ဖြစ်လျှင် ဒိဋ္ဌဓမ္မဝေဒနီယကံ အလျောက်။ ဥပပဇ္ဇဝေဒနီယကံဖြစ်လျှင် ဥပပဇ္ဇဝေဒနီယကံအလျောက်၊ အပရာပရိယဝေဒနီယကံ ဖြစ်လျှင် အပရာပရိယဝေဒနီယကံအလျောက် အတိတ်ကာလ၌ အကျိုးကိုပေးလေ၏။ ထိုကံကိုရည်၍ အဟောသိကမ္မံ၊ အဟောသိ ကမ္မဝိပါကော-ကံဖြစ်လေပြီ။ ကံ၏ အကျိုးလည်း ဖြစ်လေပြီ ဟူလိုသည်။ (၁)

(၂) ဒိဋ္ဌဓမ္မဝေဒနီယကံကို များစွာပြုသော်လည်း ဒိဋ္ဌဓမ္မဝေဒနီယကံ တခုသာလျှင် အကျိုးပေး၏။ ကြွင်းသော ဒိဋ္ဌဓမ္မဝေဒနီယကံတို့သည် အကျိုးမပေးကုန်။

များစွာသော ဥပပဇ္ဇဝေဒနီယကံကို ပြုသော်လည်း တခုသော ဥပပဇ္ဇဝေဒနီယ ကံသာ အနန္တရဘဝ၌ ပဋိသန္ဓေဟူသော အကျိုးကိုပေး၏။ ကြွင်းသော ဥပပဇ္ဇဝေဒနီယ ကံတို့သည် အကျိုးကို မပေးကုန်။

များစွာသော အာနန္တရိယကံကို ပြုသော်လည်း အားကြီးသော အာနန္တရိယကံ တခုသာလျှင် ပဋိသန္ဓေဟူသော အကျိုးကို ပေး၏။ ကြွင်းသော အာနန္တရိယကံတို့သည် ပဋိသန္ဓေဟူသော အကျိုးကို မပေးကုန်။

သမာပတ်ရှစ်ပါးကို ရငြားသော်လည်း တခုသောသမာပတ် စေတနာသာလျှင် ပြဟ္မာဘုံ၌ ဖြစ်စေ၏။ ကြွင်းသော သမာပတ် စေတနာတို့သည် အကျိုးမပေးကုန်။

ထိုသို့ အတိတ်ကာလ၌ အကျိုးမပေးကုန်သော ကံတခုကို ရည်၍လည်းကောင်း၊ အကြင်သူသည် များစွာသော ကုသိုလ် အကုသိုလ်ကိုပြု၍ အဆွေခင်ပွန်းကောင်းကိုမှီ၍ ထိုကုသိုလ် အကုသိုလ်သည် အကျိုးမပေးမီ အရဟတ္တဖိုလ်သို့ ရောက်၏။ ထိုရဟန္တာကံကို ရည်၍လည်းကောင်း။ အဟောသိ ကမ္မံ၊ နာဟောသိ ကမ္မ ဝိပါကော။ ကံဖြစ်ပြီ။ ကံ၏ အကျိုးကား မဖြစ်လေ ဟူလိုသည်။ (၂)

(၃) အတိတ်၌ ပြုအပ်သော ကံသည် အတိတ်၌ အကျိုးကို မပေးမူ၍ ပစ္စုပ္ပန်ဘဝ၌ အကျိုးကို ပေး၏။ ထိုကံကိုရည်၍ အဟောသိ ကမ္မံ အတ္ထိ ကမ္မ ဝိပါကော။ ကံဖြစ်လေပြီ။ ကံ၏အကျိုးလည်း ရှိ၏ ဟူလိုသည်။ (၃)

(၄) အတိတ်၌ ပြုအပ်သော ကံသည် အတိတ်၌လည်းကောင်း၊ ပစ္စုပ္ပန်၌လည်းကောင်း အကျိုးပေးခွင့်ကို မရသောကြောင့် အကျိုးမပေးမူ၍ အဟောသိကံ ဖြစ်သော်လည်းကောင်း၊ ရဟန္တာဖြစ်၍ နိဗ္ဗာန်သို့ ရောက်သော်လည်းကောင်း၊ အဟောသိ ကမ္မံ နတ္ထိ ကမ္မ ဝိပါကော။ ကံကား ဖြစ်လေပြီ။ ကံ၏အကျိုးကား မရှိဟူလိုသည်။ (၄)

(၅) အတိတ်၌ ပြုအပ်သော ကံသည် အတိတ်၌လည်းကောင်း၊ ပစ္စုပ္ပန်၌လည်းကောင်း အကျိုးမပေးမူ၍ အနာဂတ်ကာလ၌ အကျိုးပေးလတ္တံ့။ ထိုကံကိုရည်၍ အဟောသိ ကမ္မံ ဘဝိဿတိ ကမ္မဝါပါကော၊ ကံဖြစ်လေပြီ။ အကျိုးကား ဖြစ်လတ္တံ့ ဟူလိုသည်။ (၅)

(၆) အတိတ်၌ ပြုအပ်သောကံသည် ကာလလွန်၍လည်းကောင်း၊ အနာဂတ်ဘဝ၌ အကျိုးမပေးမီ ပရိနိဗ္ဗာန်ပြုလတ္တံ့ ဖြစ်၍လည်းကောင်း ထိုကံကိုရည်၍ အဟောသိ ကမ္မံ၊ နဘဝိဿတိ ကမ္မဝိပါကော။ ကံကားဖြစ်လေပြီ။ အကျိုးကားမဖြစ်လတ္တံ့။ (၆)

ဤသို့ အတိတ်၌ဖြစ်သော ကံသည် အတိတ်၌အကျိုးပေးသည် မပေးသည် နှစ်ပါး။ ပစ္စုပ္ပန်အကျိုး ပေးသည် မပေးသည် နှစ်ပါး။ အနာဂတ်၌ အကျိုးပေးသည် မပေးသည် နှစ်ပါးအားဖြင့် ပေါင်းခြောက်ပါး။

(၇) ပစ္စုပ္ပန်၌ပြုအပ်သော ပစ္စုပ္ပန်တွင် အကျိုးပေးသော ဒိဋ္ဌဓမ္မဝေဒနီယကံသည် အတ္ထိ ကမ္မံ အတ္ထိ ကမ္မဝိပါကော။ ကံလည်းရှိ၏။ ကံ၏အကျိုးလည်း ရှိ၏။ (၁)

(၈) ပစ္စုပ္ပန်တွင်ပြုအပ်သော ဒိဋ္ဌဓမ္မဝေဒနီယကံမှ တပါးသောကံသည် အတ္ထိ ကမ္မံ နတ္ထိ ကမ္မဝိပါကော။ ပစ္စုပ္ပန်တွင် ကံကားရှိ၏။ ပစ္စုပ္ပန်တွင် ကံ၏အကျိုးကားမရှိ။ (၂)

(၉) ပစ္စုပ္ပန်ကွင် ပြုအပ်သော အနာဂတ်မှာ အကျိုးပေးလတ္တံ့သော ဥပပဇ္ဇ ဝေဒနီယကံ-အပရာပရိယကံသည် အတ္ထိကမ္မံ ဘဝိဿတိ ကမ္မဝိပါကော။ ကံကားရှိ၏။ အကျိုးလည်း ဖြစ်လတ္တံ့။ (၃)

(၁၀) ပစ္စုပ္ပန်တွင် ပြုအပ်သော ဥပပဇ္ဇဝေဒနီယ ကံသည် အခွင့်ကိုမရ၍ အကျိုးမပေးသော်လည်းကောင်း၊ အပရာပရိယ ကံသည် အကျိုးမပေးမီ ပရိနိဗ္ဗာန် ပြုသော်လည်းကောင်း၊ အတ္ထိ ကမ္မံ နဘဝိဿဘိ ကမ္မဝိပါကော။ ကံကားရှိ၏။ အကျိုးကား မဖြစ်လတ္တံ့။ (၄)

ဤသို့ ပစ္စုပ္ပန်၌ဖြစ်သော ကံသည် ပစ္စုပ္ပန်၌ အကျိုးပေးသည်၊ မပေးသည်၊ အနာဂတ်၌ အကျိုးပေးလတ္တံ့သည်၊ မပေးလတ္တံ့သည်အားဖြင့် လေးပါး။

(၁၁) အနာဂတ်၌ ပြုလတ္တံ့သော အကျိုးပေးလတ္တံ့သော ကံသည် ဘဝိဿတိ ကမ္မံ ဘဝိဿတိ ကမ္မဝိပါကော၊ ကံလည်းဖြစ်လတ္တံ့၊ အကျိုးလည်းဖြစ်လတ္တံ့။ (၁)

(၁၂) အနာဂတ်ဘဝ၌ ပြုလတ္တံ့သော အကြောင်းခြား၍ လည်းကောင်း၊ အကျိုးပေးအံ့သော ကာလလွန်၍လည်းကောင်း၊ ပရိနိဗ္ဗာန်ပြု၍လည်းကောင်း၊ အကျိုးမပေးရ လတ္တံ့သော ကံသည် ဘဝိဿတိ ကမ္မံ နဘဝိဿတိ ကမ္မဝိပါကော။ ကံအားဖြစ်လတ္တံ့၊ အကျိုးကား မဖြစ်လတ္တံ့။ (၂)

ဤသို့ အနာဂတ်၌ဖြစ်လတ္တံ့သောကံသည်၊ အကျိုးပေးလတ္တံ့၊ မပေးလတ္တံ့သောအားဖြင့် ပေါင်းနှစ်ပါး။

ဤသို့ အတိတ်၌ဖြစ်သော ကံသည်၊ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်၌အကျိုးပေး၊ မပေးအားဖြင့်ခြောက်ပါး။ ပစ္စုပ္ပန်တွင် ပြုသောကံသည် ပစ္စုပ္ပန်အနာဂတ်၌ အကျိုးပေး၊ မပေး

အားဖြင့်လေးပါး။ အနာဂတ်၌ပြုအပ်သောကံသည်၊ အနာဂတ်၌ အကျိုးပေး၊ မပေးအားဖြင့် နှစ်ပါး။

ဤသို့လျှင် ကံသည် သာမညအားဖြင့် တဆယ့်နှစ်ပါးဖြစ်၏။ ဤ၌ ကံတဆယ့်နှစ်ပါးကို ခွဲဝေသောအရာသည် အလွန်နက်နဲ သိမ်မွေ့သည်ကို နှလုံးပိုက်၍ အဖန်တလဲလဲ နှလုံးသွင်းရာ၏။

၄၀-ပုစ္ဆာ။ ။ခြောက်ဆယ့်နှစ်ပါးသော ဒိဋ္ဌဝါဒဟူ၍ ဆိုသည်မျှားကို ကြားသိရုံမျှဖြစ်ပါသည် သရုပ်သဘောကို မသိရပါ၊ သိလိုပါသည်။

သတ္တရာဇ် ၁၁၇၁-ခု ဝါဆိုလဆန်း ၁ ရက်၊ တနလ်ာနေ့၊ မုံရွာသိရိမာလာကလျောက်ရာတွင် ဖြေဆိုလိုက်သည်ကား။

၄၀-ဝိသဇ္ဇနာ။ ။ခြောက်ဆယ့်နှစ်ပါးသော ဒိဋ္ဌဝါဒကို သိလိုပါသည် ဟူရာ၌–

ခြောက်ဆယ့်နှစ်ပါးသော ဒိဋ္ဌဝါဒအပြားကို ဒီဃနိကာယ် သုတ်သီလက္ခန် ဗြဟ္မဇာလသုတ် ပါဠိတော် အဋ္ဌကထာတို့၌ အကျယ်ဟောတော်မူသည်။ သုတ်သီလက္ခန် ဋီကာဟောင်း၊ သာဓုဇနဝိလာသိနီမည်သော သုတ်သီလက္ခန်ဋီကာသစ်တို့၌ အကျယ်အားဖြင့် ဆိုတော်မူကြကုန်သည်။ အကျဉ်းအားဖြင့်ကား–

> ကတမေ စ ပန တေ ဘိက္ခဝေ ဓမ္မာ ဂမ္ဘီရာ ဒုဒ္ဒသာ ဒုရနုဗောဓာ သန္တာ ပဏီတာ အတက္ကာဝစရာ နိပုဏာ ပဏ္ဍိတဝေဒနီယာ။ ယေ တထာဂတော သယံ အဘိညာ သစ္ဆိကတ္ဝာ ပဝေဒေတိ။

စသော ကထေတုကမျတာပုစ္ဆာ၏ အဖြေဖြစ်သော-

> သန္တိ ဘိက္ခဝေ ဧကေ သမဏာဗြာဟ္မဏာ ပုဗ္ဗန္တကပ္ပိကာ ပုဗ္ဗန္တာနုဒိဋ္ဌိနော ပုဗ္ဗန္တံ အာရဗ္ဘ အနေကဝိဟိတာနိ အဓိမုတ္တိပဒါနိ အဘိဝဒန္တိ အဇ္ဈာရသဟိ ဝတ္ထူဟိ–

စသော ဝိသဇ္ဇနာ ဒေသနာတော်ကို ဟောတော်မူ၍ ပုဗ္ဗန္တာနုဒိဋ္ဌ ၁၈-ပါး၊ အပရန္တာနုဒိဋ္ဌ ၄၄-ပါး တို့တွင် ပုဗ္ဗန္တာနုဒိဋ္ဌကို ရှေးဦးစွာ ခွဲဝေတော်မူ၏။

(က) ပုဗ္ဗန္တာနုဒိဋ္ဌ ၁၈-ပါး

ထိုပုဗ္ဗန္တာနုဒိဋ္ဌသည် သဿတဝတ္ထု ၄-ပါး၊ ဧကစ္စသဿတဝတ္ထု ၄-ပါး၊ အန္တာနန္တိကဝတ္ထု ၄-ပါး၊ အမရာဝိက္ခေပိကဝတ္ထု ၄-ပါး၊ အဓိစ္စသမုပ္ပန္နဝတ္ထု ၂-ပါး၊ ပေါင်း ၁၈-ပါးတို့တွင်–

သဿတဝတ္ထု ၄-ပါး

ခန္ဓာငါးပါးကို အတ္တဟူ၍လည်းကောင်း၊ လောကဟူ၍လည်းကောင်း၊ အမှားယူ၍အမြဲတည်၏။ သတ္တဝါတို့သည် တဘဝမှသည် တဘဝသို့ ရွှေ့ရကုန်၏ဟု ယူသော သဿတဒိဋ္ဌသည် ၄-ပါးဖြစ်၏။

(၁) ဘဝတသိန်းမျှသာမြင်သော အဘိညာလာဘီတိတ္ထိသည် မိမိမြင်တိုင်း ခန္ဓာကိုယ်သည် မြေ၏ဟု ယူ၏။

(၂) ဆယ်ကမ္ဘာတိုင်အောင် မြင်သောသူသည် မိမိမြင်တိုင်းသာ ခန္ဓာကိုယ်သည်မြေ၏ဟု ယူ၏။

(၃) ကမ္ဘာလေးဆယ်တိုင်အောင် မြင်သောသူသည် မိမိမြင်တိုင်းသာ မြေ၏ဟု ယူ၏။

(၄) လုံ့တံတောင်ဝှေးဖြင့် ရေကိုစုံစမ်း၍ သက်ဆင်းသကဲ့သို့ ဆင်ခြင်တွေးဆ၍ မိစ္ဆာအယူကို ယူကုန်သော အနုဿတိကတက္ကီ၊ ဇာတိဿရတက္ကီ၊ ဗျာနာဘိညာလာဘီ တက္ကီ။ သုဒ္ဓတက္ကီတို့၏ တွေးဆ၍ယူသော အယူ။ ဤကား သဿတဝတ္ထု ၄-ပါး။

ဧကစ္စသဿတဝတ္ထု ၄-ပါး

အချို့သော သတ္တဝါ သခ်ီရသည် မြေ၏။ အချို့သော သတ္တဝါ သခ်ီရသည် မမြဟူသော အယူကိုယူသော ဧကစ္စသဿတဒိဋ္ဌိသည် ၄-ပါးဖြစ်၏။

(၁) ကမ္ဘာ ပျက်သည်ရှိသော် သတ္တဝါတို့သည် များသောအားဖြင့် အာဘဿရဘုံ၌ ဖြစ်ကုန်၏၊ ထိုဗြဟ္မာတို့သည် ကမ္ဘာတည်ပြန်လတ်သော် အောက်ဘုံ၌ ရှေးဦးစွာ ဖြစ်လာသော ဗြဟ္မာသည် တယောက်တည်း ငြီးငွေ့သည်ဖြစ်၍ ငါနှင့်အတူ ဖြစ်လာစေချင်၏ဟု တောင့်တသောအခါ တယောက်သော ဗြဟ္မာဖြစ်လျှာ၏၊ နောက်မှဖြစ်လာသော ဗြဟ္မာသည် ထိုဘုံမှစုတေ့ပြန်၍ လူ့ဘုံ၌ဖြစ်ပြန်လေ၏။ ဗျာန်အဘိညာဉ်ရ၍ ဆင်ခြင်သည်ရှိသော် မိမိ၏ အမြဲမတည်ခြင်း ဗြဟ္မာကြီး၏ တည်ရစ်ခြင်းကိုမြင်၍ အချို့ကား မြေ၏ဟု မိစ္ဆာအယူကို ယူ၏။

(၂) မြူးထူးခြင်းလွန်၍ စုတေ့သော ခိဠာပဒေါသိကနတ်တို့ လူ့ဘုံ၌ဖြစ်၍ ဗျာန်အဘိညာဉ်ရ၍ ဆင်ခြင်သော် မိမိ၏ အမြဲမတည်ခြင်း၊ အဖော်ဖြစ်သောနတ်တို့၏ အမြဲတည်ရစ်ခြင်းကိုမြင်၍ အချို့ကားမမြဲ၊ အချို့ကားမြေ၏ဟု မိစ္ဆာအယူကိုယူ၏။

(၃) အချင်းချင်း အမျက်ထွက်၍ စုတေ့သော မနောပဒေါသိကနတ်တို့သည်ထို့အတူ လူ့ဘုံ၌ဖြစ်၍ ဗျာန်အဘိညာဉ်ရ၍ ဆင်ခြင်သော် မိမိ၏ အမြဲမတည်ခြင်း၊ အဖော်ဖြစ်သော နတ်တို့၏ အမြဲတည်ခြင်းကို မြင်၍ အချို့ကား မမြဲ၊ အချို့ကား မြေ၏ဟု မိစ္ဆာအယူကို ယူ၏။

(၄) ရုပ်နာမ်တရားကို ဆင်ခြင်သော ရဟန်းပုဏ္ဏားတို့သည် ရုပ်၏ပျက်ခြင်းကိုသာ မြင်၍ စိတ်စေတသိက်တို့၏ ပျက်ခြင်းကို မမြင်ကုန်သည်ရှိသော် ၎က်တို့သည် သစ်တပင်ကို စွန့်၍ သစ်တပင်၌ နားကုန်သကဲ့သို့ ရုပ်တရားပျက်သည်ရှိသော် စိတ်စေတသိက်တို့သည် တပါးသို့ပြောင်းလေကုန်၏၊ ရုပ်ကားမမြဲ၊ နာမ်ကားမြေ၏ဟု မိစ္ဆာအယူကို ယူ၏။ ဤကား ဧကစ္စသဿတဝတ္ထု ၄-ပါး။

အန္တာနန္တိကဝတ္ထု ၄-ပါး

အပိုင်းအခြား အဆုံးရှိသည်၊ မရှိသည်ကိုစွဲ၍ ယူသော အန္တာနန္တိကဒိဋ္ဌိ ၄-ပါး ဖြစ်ဟန်ကား-

(၁) ကသိဏ်းပဋိဘာဂနိမိတ်ကို စကြဝဠာအဆုံးတိုင်အောင် မပွားစေမူ၍ အပိုင်းအခြားဖြင့်သာလျှင် ပွားစေ၍ ငါပွားစေအပ်သော ပဋိဘာဂနိမိတ်သည် အဆုံးရှိ၏ဟု ယူ၏။

(၂) စကြာဝဠာအဆုံးတိုင်အောင် ပဋိဘာဂနိမိတ်ကို ပွားစေ၍ အပိုင်းအခြားမရှိသော ဘာဝနာဖြင့် အတ္တလောကသည် အဆုံးမရှိဟု ယူ၏။

(၃) အထက်အောက်ကို အပိုင်းအခြားဖြင့် ပွားစေ၍ ဖီလာကား အပိုင်းအခြား မရှိ၊ ကြီးစွာသော ကသိုဏ်းဘာဝနာကိုသာ အားထုတ်၍ အတ္တလောကသည် အဆုံးလည်းရှိ၏၊ အဆုံးလည်းမရှိဟုယူ၏။

(၄) စုံစမ်းဆင်ခြင်သော နှလုံးဖြင့်သာ အတ္တလောကသည် အဆုံးရှိသည်လည်း မဟုတ်၊ မရှိသည်လည်း မဟုတ်ဟု ပညတ်သော တက္ကဝိမံသအယူကိုယူ၏။ ဤကား အန္တာနန္တိကဝတ္ထု ၄-ပါး။

အမရာဝိက္ခေပိကဝတ္ထု ၄-ပါး

ကုသိုလ်၊ အကုသိုလ်၊ သဿတ၊ ဥစ္ဆေဒတို့ကို မေးသည်ရှိသော် အတပ်မဆိုနိုင်ခြင်းကြောင့် အတပ်မဆိုဘဲ ပုံ့လွှင့်သော ငါးကဲ့သို့ဟူ၍ဆိုသော အမရာဝိက္ခေပ ၄-ပါး ဖြစ်ဟန်ကား-

(၁) အကြင်ရဟန်းပုဏ္ဏားတို့သည် ကုသိုလ်၊ အကုသိုလ်ကို အမှန်မသိဘဲလျက် ပြောချေသော် မုသာဝါဒဖြစ်၍ နတ်ရွာမင်္ဂဖိုလ်၏ အန္တရာယ်ဖြစ်ရာချေ၏ဟု ထိတ်လန့်ခြင်းကြောင့် ကုသိုလ်ဟူ၍ လည်းကောင်း၊ အကုသိုလ်ဟူ၍လည်းကောင်း၊ ငါမဆိုဟု ပုံ့လွှင့်သောစကားကို ဆိုခြင်းဟူသော ပထမအယူ။

(၂) ကုသိုလ်၊ အကုသိုလ်ကို မေးသည်ရှိသော် ဟုတ်တိုင်းဖြေမိသော် သူတပါးချီးမွမ်းသဖြင့် ဆန္ဒရာဂ ဖြစ်ရာ၏၊ မဟုတ်သဖြင့် ကဲ့ရဲ့သောကာလ ဒေါသပဋိဃာတ ငါ၌ ဖြစ်ရာ၏ဟု စက်ဆုပ်၍ ပုံ့လွှင့်သော စကားကို ဆိုခြင်းဟူသော ဒုတိယအယူ။

(၃) ကုသိုလ် အကုသိုလ်ကို မေး၍ ဖြေသည်ရှိသော် ပညာရှိတို့ စိစစ်၍ မေးသောကာလ ငါမစွမ်းနိုင်ရာ၊ မစွမ်းနိုင်သဖြင့် ဆင်းရဲခြင်း ဝိဃာတဝိပွဒ္ဓိသာရီဖြစ်က နတ်ရွာမင်္ဂဖိုလ်၏ အန္တရာယ်ဖြစ်ရာ၏ဟု စက်ဆုပ်၍ အတည်မရှိ ဆိုခြင်းဟူသော တတိယအယူ။

(၄) ပရလောက ရှိသလော၊ မရှိသလောဟု မေးသော် အတပ်မသိခြင်းကြောင့် ရှိ၏ဟူ၍လည်း ငါမဆို၊ မရှိဟူ၍လည်း ငါမဆိုဟု ပုံ့လွှင့်သော အလွန်မိုက်မဲသော စတုတ္ထအယူ။ ဤကား အမရာဝိက္ခေပိက ဝတ္ထု ၄-ပါး။

အဓိစ္စသမုပ္ပန္နဝတ္ထု ၂-ပါး

အတ္တလောကသည် အကြောင်းကုသိုလ်၊ အကုသိုလ် မရှိဘဲပင် ဖြစ်၏ဟူသော အဓိစ္စသမုပ္ပန္န ၂-ပါးဖြစ်ဟန်ကား-

(၁) အသညသတ်ဘုံမှစုတေ့၍ လူ့ဘုံ၌ဖြစ်၍ သမာပတ်ရှစ်ပါးကိုရ၍ အောက်မေ့ ဆင်ခြင်သော် အသညသတ်ဘုံ၌ ဖြစ်သည်ကိုလည်းကောင်း ထို့ထက်အလွန် ရှေ့ရှေ့ကိုလည်းကောင်း မြင်၍ အကြောင်းကင်းသဖြင့် အတ္တလောကသည် ဖြစ်၏ဟူသော ပထမဌာန။

(၂) စုံစမ်းဆင်ခြင်သော တက္ကိုပုဂ္ဂိုလ်တို့သည် အဝိဇ္ဇာသခိါရတို့ကြောင့် ဖြစ်ခြင်းကို မသိ၍ အတ္တလောကသည် အကြောင်းမရှိ။ အလိုလိုပင်ဖြစ်၏ ဟူသော ဒုတိယဌာန။ ဤကား အဓိစ္စ-သမုပ္ပန္နဝတ္ထု ၂-ပါး၊ ဤ ၂-ပါးတွင် ပထမဌာနဌ် အသညသတ်ကိုသာ ဒေသနာသီသ ပဓာနပြု၍ ဥပလက္ခဏနည်းဖြင့် ဟောတော်မူသည်။ ရှေးဘဝဌ် ခန္ဓာအစဉ်ကို အောက်မေ့၍ မမြင်ကုန်သော သူတို့ကိုလည်း ယူအပ်ကုန်၏။ ထို့ကြောင့် အဋ္ဌကထာဌ် "အသညသတ္တာသိ ဒေသနာသီသ-မတ္တန်၏" ဟု ဆိုသတည်း။ ဤသို့လျှင် ပုဗ္ဗန္တာနုဒိဋ္ဌိသည် ဌာနဟူသော ဝတ္ထုအားဖြင့် ၁၈-ပါး တည်း။

(ခ) အပရန္တာနုဒိဋ္ဌိ ၄၄-ပါး

အပရန္တာနုဒိဋ္ဌိ ၄၄-ပါးကို ပြလို၍– သန္တိ ဘိက္ခဝေ ဧကေ သမဏဗြာဟ္မဏာ အပရန္တကပ္ပိကာ အပရန္တာနုဒိဋ္ဌိနော အပရန္တံ အာရဗ္ဘ အနေကဝိဟိတာနိ အဓိမုတ္တိပဒါနိ အဘိဝဒန္တိ စတုစတ္တာရီသာယ ဝတ္ထုဟိ- စသော ဒေသနာကို ဟောတော်မူသည်။ အနာဂတ်ဌ ဖြစ်သောအဖို့ကို အစဉ်လျှောက်၍ မိစ္ဆာဒိဋ္ဌိအမြင်သည် အပရန္တာနုဒိဋ္ဌိမည်၏။ ထိုအယူသည် ဥဒ္ဓမာဃာတနိကသညီဝါဒ ၁၆-ပါး၊ အသညီဝါဒ ၈-ပါး၊ နေဝသညီ နာသညီဝါဒ ၈-ပါး၊ ဥစ္ဆေဒ ဝါဒ ၇-ပါး၊ ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ ၅-ပါး၊ ပေါင်း ၄၄-ပါးတည်း။

သညီဝါဒ ၁၆-ပါး

စုတေ့သည်မှ နောက်ဌ မြဲ၏၊ မသေ၊ သညာရှိ၏ဟု ယူခြင်းဖြစ်သော သညီဝါဒ ၁၆-ပါး ဟူသော်ကား-

(၁) ဒိဗ္ဗစက္ခုနှင့် ပြည့်စုံသော ရဟန်း ပုဏ္ဏားတို့သည် ကသိဏ်းရုပ်ကို အတ္တဟု ယူ၍ ကသိဏ်းရုပ်ဌ ဖြစ်သော သညာကိုလည်း သညာဟု ယူ၍ အတ္တသညာရုပ်ရှိ၏။ စုတေ့သည်မှ အထက်ဌ မြဲ၏ဟု အတ္တကို ပညတ်ကုန်သော ပုဂ္ဂိုလ်တို့၏လည်းကောင်း၊ ကြံဆ၍သာ မိမိအထင်မျှဖြင့် သေသည်၏ အထက်ဌမြဲ၏။ သညာရှိ၏ဟု ပညတ်ကုန်သော ပုဂ္ဂိုလ်တို့၏ လည်းကောင်း ရှုပိသညီဝါဒ။

(၂) အရူပသမာပတ်ကို အတ္တဟု ယူ၍ ထိုသမာပတ်ဌဖြစ်သော သညာကိုလည်း သညာဟု ယူ၍ သေသည်၏ အထက်ဌ အတ္တသညာသည် မြဲ၏၊ ရုပ်မရှိ၊ သညာရှိ၏ဟု အတ္တကို ပညတ်ကုန်သောပုဂ္ဂိုလ်တို့၏လည်းကောင်း၊ ကြံဆ၍သာ ထို့အတူ အတ္တကို ပညတ်ကုန်သော ပုဂ္ဂိုလ်တို့၏ လည်းကောင်း အရူပိသညီဝါဒ။

(၃) အတ္တသည် ရုပ်လည်းမရှိ၊ သညာလည်းမရှိ၊ သေသည်မှ အထက်ဌ မြဲ၏ဟု ပညတ်သော ရူပိစ အရူပိစသညီဝါဒ။

(၄) ကြံဆ၍ ရုပ်ရှိသည်လည်း မဟုတ်၊ မရှိသည်လည်း မဟုတ်၊ သေသည်၏ နောက်ဌ မြဲ၏ဟု ပညတ်ကုန်သော နေဝရူပိနာ ရူပိသညီဝါဒ။

(၅) အောက် အန္တာနန္တိကဝါဒဌ ဆိုအပ်ပြီးသော နည်းဖြင့် အဆုံး အပိုင်းအခြားရှိ၏၊ သေသည်မှ အထက်ဌ မြဲ၏ဟု ပညတ်ကုန်သော သူတို့၏ အန္တဝါသညီဝါဒ။

(၆) အဆုံးအပိုင်းအခြားမရှိ သေသည်မှ အထက်၌ မြဲ၏၊ သညာရှိ၏ဟု ပညတ်ကုန်သော သူတို့၏ အနန္တဝါသညီဝါဒ။

(၇) အဆုံးအပိုင်းအခြားလည်းရှိ၏၊ အဆုံးလည်း မရှိ၊ သေသည်လည်း မဟုတ် မြဲ၏ သညာလည်း ရှိ၏ဟု ပညတ်ကုန်သော သူတို့၏ အန္တဝါအနန္တဝါသညီဝါဒ။

(၈) အဆုံးအပိုင်းအခြား ရှိသည် မရှိသည် မဟုတ်၊ သေသည်လည်း မဟုတ် မြဲ၏၊ သညာလည်း ရှိ၏ဟု ပညတ်ကုန်သော သူတို့၏ နေဝန္တဝါ နာနန္တဝါသညီဝါဒ။

(၉) သမာပတ်ဝင်သောအားဖြင့် တစ်ခုတည်းသော သညာရှိသော အတ္တသည် ဖြစ်၏။ သေသည်မှ အထက်၌ မြဲ၏ဟု အတ္တကို ပညတ်ကုန်သော သူတို့၏ ဧကတ္တသညီဝါဒ။

(၁၀) သမာပတ် မဝင်သောအားဖြင့် အထူးထူးသော သညာရှိသော အတ္တသည် ဖြစ်၏။ သေသည်မှ နောက်၌ မြဲ၏ဟု အတ္တကို ပညတ်ကုန်သော သူတို့၏ နာနတ္တသညီဝါဒ။

(၁၁) ငယ်သော ကသိုဏ်း၏ အစွမ်းအားဖြင့် ငယ်သော နည်းသော သညာရှိသော အတ္တသည် ဖြစ်၏ဟု ပညတ်ကုန်သော သူတို့၏ ပရိတ္တသညီဝါဒ။

(၁၂) ကြီးသော ကသိုဏ်း၏ အစွမ်းအားဖြင့် ကြီးသောများသော သညာရှိသော အတ္တသည် ဖြစ်၏ဟု ပညတ်ကုန်သော သူတို့၏ အပ္ပမာဏသညီဝါဒ။

(၁၃) ဒိဗ္ဗစက္ခုဖြင့် စတုတ္ထဈာန် အဆုံးရှိသော ဈာန်၌ သုခဟူသော အဂိါရှိသောကြောင့် ထိုဘုံ၌ဖြစ်သော သတ္တဝါတို့ကို မြင်၍ စင်စစ် ချမ်းသာသော အတ္တသည် ဖြစ်၏။ သေသည်မှ အထက်၌ မြဲ၏ဟု ပညတ်ကုန်သော သူတို့၏ ဧကန္တ သုခီသညီဝါဒ။

(၁၄) ဒိဗ္ဗစက္ခုဖြင့် ငရဲ၌ဖြစ်သော သတ္တဝါတို့ကို မြင်၍ စင်စစ်ဆင်းရဲသော အတ္တသည် ဖြစ်၏။ သေသည်မှ အထက်၌ မြဲ၏ဟု ပညတ်ကုန်သော သူတို့၏ ဧကန္တဒုက္ခီသညီဝါဒ။

(၁၅) ဒိဗ္ဗစက္ခုဖြင့် မနုဿဘုံ၌ ဖြစ်သော သတ္တဝါတို့ကို မြင်၍ စင်စစ် ချမ်းသာဆင်းရဲနှစ်ပါးရှိသော အတ္တသည် ထင်၏၊ သေသည်၏ အထက်၌ မြဲ၏။ သညာရှိ၏ဟု ပညတ်ကုန်သော သူတို့၏ သုခဒုက္ခီသညီဝါဒ။

(၁၆) ဝေဟပ္ဖိုလ်ဘုံ၌ ဥပေက္ခာဖြင့် ပဋိသန္ဓေဖြစ်သောကြောင့် ထိုဘုံ၌ ဖြစ်သောသတ္တဝါတို့ကို မြင်၍ ဆင်းရဲချမ်းသာ မဟုတ်သော အတ္တသည် ထင်၏။ သေသည်မှ အထက်၌ မြဲ၏၊ သညာရှိ၏ဟု ပညတ်ကုန်သော သူတို့၏ အဒုက္ခမသုခီသညီဝါဒ၊ ဤသို့ သညီဝါဒ ၁၆-ပါးဖြစ်သတ္တိ့ကုန်း။

အသညီဝါဒ ၈-ပါး

အသညီဝါဒ ၈-ပါး ဟူသည်ကား- သေသည်၏ အထက်၌ အတ္တသည် မြဲ၏။ သညာမရှိဟူသော ယူခြင်းဖြစ်သော အသညီဝါဒသည် ၈-ပါးတည်း။

(၁) သေသည်မှ နောက်၌ အတ္တလောကသည် ရှိ၏။ သညာမရှိဟု ပညတ်ကုန်သော သူတို့၏ ရူပရှိ၏၊ သညာမရှိဟူသော ရူပီအသညီဝါဒ။

(၂) အတ္တသည် ရူပမရှိ၊ နာမ်ရှိ၏၊ ထိုအတ္တသည်မြဲ၏၊ သညာမရှိဟူသော အရူပီအသညီဝါဒ။

(၃) ရုပ်ရှိသည်လည်း ဖြစ်သော ရုပ်မရှိသည်လည်းဖြစ်သော အတ္တသည်ရှိ၏၊ ထိုအတ္တသည် မြဲ၏၊ သညာမရှိဟူသော ရူပီစအရူပီစအသညီဝါဒ။

(၄) ရုပ်ရှိသည်လည်း မဟုတ်၊ ရုပ်မရှိသည်လည်း မဟုတ်သော အတ္တသည်ရှိ၏၊ ထိုအတ္တသည် မြဲ၏၊ သညာမရှိဟူသော နေဝရူပီနာရူပီအသညီဝါဒ။

(၅) အဆုံးအပိုင်းအခြားရှိသော အတ္တသည်ရှိ၏၊ ထိုအတ္တသည် မြဲ၏၊ သညာမရှိဟူသော အန္တဝါအသညီဝါဒ။

(၆) အပိုင်းအခြားအဆုံးမရှိသော အတ္တသည် ရှိ၏၊ ထိုအတ္တသည် မြဲ၏၊ သညာမရှိဟူသော အနန္တဝါ အသညီဝါဒ။

(၇) အဆုံးရှိသည်လည်းဖြစ်သော အဆုံးမရှိသည်လည်းဖြစ်သော အတ္တသည်ရှိ၏။ ထိုအတ္တသည် မြဲ၏။ သညာမရှိဟူသော အန္တဝါအနန္တအသညီဝါဒ။

(၈) အဆုံးရှိသည်လည်းမဟုတ်၊ မရှိသည်လည်း မဟုတ်သော အတ္တသည်ရှိ၏။ ထိုအတ္တသည် မြဲ၏၊ သညာမရှိဟူသော နေဝန္တဝါ နာနန္တဝါ အသညီဝါဒ၊ ပေါင်း အသညီဝါဒ ၈-ပါး။

နေဝသညီနာသညီဝါဒ ၈-ပါး

နေဝသညီ နာသညီ ဝါဒ ၈-ပါး ဟူသည်ကား–သေသည်မှ နောက်ကာလ၌ အတ္တလောကသည် ရှိ၏။ မြဲ၏။ အတ္တလောက၏ သညာရှိသည်လည်း မဟုတ်။ မရှိသည်လည်း မဟုတ်ဟု မှားသော အားဖြင့် ယူခြင်းတည်းဟူသော ဝါဒတည်း။

(၁) ထိုဝါဒသည် အသညီ၌ ဆိုခဲ့ပြီးသော နည်းဖြင့် ရူပီအတ္တ နေဝသညီ နာသညီ။
(၂) အရူပီ နေဝသညီ နာသညီ။
(၃) ရူပီ စ အရူပီ စ နေဝသညီ နာသညီ။
(၄) နေဝရူပီ နာရူပီ နေဝသညီ နာသညီ။
(၅) အန္တဝါ နေဝသညီ နာသညီ။
(၆) အနန္တဝါ နေဝသညီ နာသညီ။
(၇) အန္တဝါ စ အနန္တဝါ စ နေဝသညီ နာသညီ။
(၈) နေဝန္တဝါ နာနန္တဝါ နေဝသညီ နာသညီ၊ ပေါင်း နေဝသညီ နာသညီဝါဒ ၈-ပါး။

ဥစ္ဆေဒဒိဋ္ဌိ ၇-ပါး

ဥစ္ဆေဒဒိဋ္ဌိဟူသည်ကား–ဒိဗ္ဗစက္ခုဖြင့် အတ္တဘောကို ကြည့်သည်ရှိသော် စုတိမျှကိုသာ မြင်၍ စုတိနောင် ပဋိသန္ဓေကို မြင်ခြင်းငှာ မစွမ်းနိုင်သောကြောင့် ခန္ဓာပြောင်းသည်ရှိသော် သတ္တဝါဘို့သည် ပြတ်၏ဟူ၍လည်းကောင်း၊ ရုပ်နာမ်သဘောကို စုံစမ်းကြံစည်လေ့ရှိသော တက္ကိပုဂ္ဂိုလ်သည် သစ်ပင်မှ ကြွေကျသော သစ်ရွက်တို့သည် တဖန် မရောက် မရှင်ပြီ။ ပျက်စီးသကဲ့သို့ သတ္တဝါတို့ သေသည်ရှိသော် နောက်၌ မဖြစ်ပြီ၊ ပြတ်လေကုန်၏ ဟူ၍လည်းကောင်း ပညတ်လေကုန်၏။ ထိုနှစ်ယောက်သောသူတို့၏ မိစ္ဆာအယူတည်း။

(၁) ထိုဥစ္ဆေဒ ဝါဒသည် လူ့ဘုံ၌ အမိအဘတို့၏ သုက်သွေးကြောင့်ဖြစ်သော အတ္တတော သည် စုတေသည်ရှိသော် ပျောက်၏၊ ပြတ်၏ဟု ယူသော မာတာပေတ္တိကသမ္ဘဝဂူပြီ။

(၂) နတ်ပြည် ခြောက်ထပ်၌ ဖြစ်သော အာဟာရလျှင် အစာရှိသော အတ္တဘောသည် သေလျှင် ပြတ်၏ဟူသော ဒိဗ္ဗကဗဠီကာရာဟာရဘက္ခဂူပြီ။

(၃) ရူပဘုံ၌ ဈာန်စိတ်ဖြင့်ပြီးသော အင်္ဂါကြီးငယ်နှင့် ပြည့်စုံသော အတ္တဘောသည် သေသည်ရှိသော် ပြတ်၏ဟူသော မနောမယ အဟိနိဇ္ဈိယဂူပြီ။

(၄) အာကာသာနဉ္စာယတနဘုံ၌ ဈာန်စိတ်ဖြင့်ပြီးသော ကောင်းကင်ပညတ်လျှင် အာရုံရှိသော ရုပ်မရှိနာမ်မျှသာ ဖြစ်သော အတ္တဘောသည် သေသော် ပြတ်၏ဟူသော အာကာသာ-နဉ္စာယတနဥစ္ဆေဒ။

(၅) ဝိညာဏဉ္စာယတနဘုံ၌ ဖြစ်သော အတ္တဘောသည် သေသော် ပြတ်၏ ဟူသော ဝိညာဏဉ္စာယတနဥစ္ဆေဒ။

(၆) အာကိဉ္စညာယတနဘုံ၌ ဖြစ်သော အတ္တဘောသည် သေသော် ပြတ်၏ဟူသော အာကိဉ္စညာယတနဥစ္ဆေဒ။

(၇) နေဝသညာနာသညာယတနဘုံ၌ဖြစ်သော အတ္တဘောသည် သေသော် ပြတ်၏ဟူသော နေဝသညာနာသညာယတနဥစ္ဆေဒ၊ ပေါင်း ဥစ္ဆေဒ ၇-ပါး။

ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ ၅-ပါး

ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒဟူသည်ကား–မျက်မှောက်၌ ဒုက္ခငြိမ်းခြင်းသည် နိဗ္ဗာန်ချမ်းသာမည်၏ဟု ယူသော မိစ္ဆာအယူတည်း။ ထိုအယူသည်–

(၁) ကာမဘုံ၌ ကာမဂုဏ် စည်းစိမ်ကို ခံစားလျက် ကိုယ်စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံ၏။ ထိုသူသည် မျက်မှောက်သော အတ္တဘော၌ နိဗ္ဗာန်သို့ ရောက်၏ဟု ယူသော ဒိဋ္ဌဓမ္မ နိဗ္ဗာနဝါဒ။

(၂) ထို့ထက် ပဌမဈာန်နှင့် ပြည့်စုံသော အတ္တဘောသည် ဒုက္ခငြိမ်းသော နိဗ္ဗာန်သို့ ရောက်၏ဟု ယူသောဝါဒ။

(၃) ထို့ထက် ဒုတိယဈာန်နှင့် ပြည့်စုံသော အတ္တဘောသည် ငြိမ်း၏ဟု ယူသောဝါဒ။

(၄) ထို့ထက် တတိယဈာန်နှင့် ပြည့်စုံသောသူ ငြိမ်းချမ်း၏ဟု ယူသောဝါဒ။

(၅) ထို့ထက် စတုတ္ထဈာန်နှင့် ပြည့်စုံသောသူ ငြိမ်းချမ်း၏ဟု ယူသောဝါဒ။ ပေါင်း ဒိဋ္ဌဓမ္မ-နိဗ္ဗာနဝါဒ ၅-ပါး။

ဤသို့လျှင် သညီဝါဒ ၁၆-ပါး၊ အသညီဝါဒ ၈-ပါး၊ နေဝသညီ နာသညီဝါဒ ၈-ပါး၊ ဥစ္ဆေဒဝါဒ ၇-ပါး၊ ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ ၅-ပါး အားဖြင့် အပရန္တာနုဒိဋ္ဌိ ၄၄-ပါး ဖြစ်သတည်း။

ပေါင်း–ပုဗ္ဗန္တာနုဒိဋ္ဌိ ၁၈-ပါး၊ အပရန္တာနုဒိဋ္ဌိ ၄၄-ပါး အားဖြင့် ဒိဋ္ဌိဝါဒ ၆၂-ပါး ဖြစ်သတည်း။ ထို ၆၂-ပါးတို့တွင် သဿတဒိဋ္ဌိ၊ အဓိစ္စသမုပ္ပန္နဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိတို့၌ ယထာရဟ အကျုံးဝင်သော “ကရောတော နာ ကရီယတိ ပါပံ”ဟူ၍ ပါဏာတိပါတာ စသော မကောင်းမှုကံသည် မရှိ၊ ကုသိုလ်

ကောင်းမှုကံလည်း မရှိဟု ကံကိုမြစ်သော ပူရဏသဿပစသောသူ၊ ကုသိုလ် အကုသိုလ်ကံတို့၏ အကျိုးသည် မရှိ၊ သေလျှင် သတ္တဝါတို့သည် ပျောက်၏ဟူသော ဥစ္ဆေဒ အယူရှိသော အဇိတကေသကမ္ဗလ စသောသူ၊ ကံကိုလည်းကောင်း၊ ကံ၏အကျိုးကိုလည်းကောင်း မြစ်သော မက္ခလိဂေါသာလစသော သူတို့၏ အဟေတုကဝါဒ၊ အကိရိယဝါဒ၊ နတ္ထိကဝါဒသည် ကမ္မပထဖြစ်၏။ ကြီးသော အပြစ်ရှိ၏။

ထို့ကြောင့် သုတ်သီလက္ခန်အဋ္ဌအထာ သာမညဖလသုတ် အဖွင့်တွင် —

> တတ္ထ ပူရဏောကရောတောနာ ကရိယတိ ပါပန္တိ ဝဒန္တော ကမ္မံ ပဋိဗာဟတိ။ အဇိတော ကာယဿ ဘေဒါ ဥစ္ဆိဇ္ဇတီတိ ဝဒန္တော ဝိပါကံ ပဋိဗာဟတိ။ မက္ခလိ နတ္ထိ ဟေတူတိ ဝဒန္တော ဥဘယံ ပဋိဗာဟတိ။ တတ္ထ ကမ္မံ ပဋိဗာဟန္တေနာပိ ဝိပါကော ပဋိဗာဟိတောဟောတိ။ ဝိပါကံ ပဋိဗာဟန္တေနာပိ ကမ္မံ ပဋိဗာဟိတံ ဟောတိ။ ဣတိ သဗ္ဗေပေတေ အတ္ထတော ဥဘယပဋိဗာဟကာ အဟေတုကဝါဒါဒေဝ အကိရိယဝါဒါ စ နတ္ထိကဝါဒါစ ဟောန္တိ–ဟု မိန့်သတည်း။

အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ၌ —

> နတ္ထိဒိန္နန္တိ အာဒိနာနယေန ဝိပရီတဒဿနံ မိစ္ဆာဒိဋ္ဌိ။ ဧတ္ထ ပန နတ္ထိကာဟေတုကအကိရိယ ဒိဋ္ဌိဟိယေဝ ကမ္မပထဘောဒေါ —

ဟူ၍ သုံးပါးသော ဒိဋ္ဌိတို့၏ ကမ္မပထသို့ ရောက်ကြောင်းကို လည်းကောင်း၊

မူလဋီကာ၌လည်း —

> နတ္ထိကဒိဋ္ဌာဒယော ဧဝ ဟိ ကမ္မပထပ္ပတ္တာ ဘဝန္တိ-ဟူ၍ လည်းကောင်း၊

ပုဂ္ဂလပညတ် ပါဠိတော်၌လည်း —

> ဣဓေကစ္စော ပုဂ္ဂလော သမန္နာဂတော ဟောတိ၊ ဧကန္တကာဠကေဟိ အကုသလေဟိ ဓမ္မေဟိ။ ဧဝံ ပုဂ္ဂလော သကိံ နိမုဂ္ဂေါဝ ဟောတိ-ဟူ၍ လည်းကောင်း။

ပုဂ္ဂလပညတ် အဋ္ဌကထာ၌လည်း —

> ဧကန္တကာဠကေတိတိ နတ္ထိကဝါဒ အဟေတုကဝါဒ အကိရိယဝါဒ သင်္ခါတေဟိ နိယတမိစ္ဆာဒိဋ္ဌိဓမ္မေဟိ သမန္နာဂတော-ဟု မိန့်သတည်း။

ထို့ကြောင့် ဤသုံးပါးကို နိယတ ယူသည်ဖြစ်အံ့။ နိယတမိစ္ဆာဒိဋ္ဌိ မည်ကုန်၏၊ သာမဏေတို့ကို လိင်ပြန်ရာသော အင်္ဂါကို ဟောတော်မူရာ၌ မိစ္ဆာဒိဋ္ဌိ အယူသည်ကား —

သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ နှစ်ပါးတို့တွင် တပါးပါးကိုယူ၍ မစွန့်လိုသောသူကို ရည်၍ ဟောတော်မူသည်။ ထို့ကြောင့် ဝိနည်းမဟာဝါ အဋ္ဌကထာ၌ —

> မိစ္ဆာဒိဋ္ဌိကေပိ ဧသေဝနယော။ သဿတုစ္ဆေဒါနဉ္စိ အညတရဒိဋ္ဌိကော။လ။ အပ္ပဋိနိဿဇ္ဇနွော၀ နာသေတဗ္ဗောတိ– ဟူ၍ မိန့်လေသည်။ ဤသို့လျှင် ခြောက်ဆယ့်နှစ်ပါးသော ဒိဋ္ဌိအပြားကို အကျဉ်းအားဖြင့် သိအပ်၏။

၄၁-ပုစ္ဆာ။ ။သက္ကာယဒိဋ္ဌိ နှစ်ဆယ်ကို သိလိုပါသည်။

၄၁-ဝိသဇ္ဇနာ။ ။သက္ကာယဒိဋ္ဌိ နှစ်ဆယ်ကို မေးရာ၌ –

> မိစ္ဆာဒိဋ္ဌိယာ ဘိက္ခဝေ သမန္နာဂတာ သတ္တာ ကာယဿ ဘေဒါ ပရံ မရဏာ အပါယံ ဒုဂ္ဂတိ ဝိနိပါတံ နိရယံ ဥပပဇ္ဇန္တိ။

ဘိက္ခဝေ၊ ရဟန်းတို့။ မိစ္ဆာဒိဋ္ဌိယာ၊ မှားသောအယူနှင့်။ သမန္နာဂတာ၊ ပြည့်စုံကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ ကာယဿ၊ ကိုယ်၏။ ဘေဒါ၊ ပျက်ခြင်းကြောင့်။ မရဏာ၊ သေသည်မှ။ ပရံ၊ နောက်၌။ နိရယံ၊ ချမ်းသာကင်းသော။ ဝိနိပါတံ၊ ပျက်စီးရာဖြစ်သော။ ဒုဂ္ဂတိ၊ မသူတော်တို့၏ လားရာဖြစ်သော။ အပါယံ၊ အပါယ်လေးဘုံ၌။ ဥပပဇ္ဇန္တိ၊ ဖြစ်ကုန်၏။

ဤပါဠိတော်၌ အဟေတုကဝါဒ၊ အကိရိယဝါဒ၊ နတ္ထိကဝါဒ တို့ကိုသာလျှင် အယူမှားသည်ဟု မယူအပ်။ ခန္ဓာငါးပါးကို မိမိကိုယ်ဟုယူမှတ်ခြင်း သက္ကာယဒိဋ္ဌိ နှစ်ဆယ်ကိုလည်း အယူမှားသည်ဟု မှတ်အပ်သည်သာလျှင်တည်းဟု ပြခြင်းငှာ အဂ်ုတ္တိရ်အဋ္ဌကထာ၌ –

> ဣမသ္မိံ သုတ္တေ မိစ္ဆာဒိဋ္ဌိယာ ဘိက္ခဝေ သမန္နာဂတောတိ ဝစနတော အန္ဓမသော ဝိသတိ ဝတ္ထုတံ သက္ကာယဒိဋ္ဌိ ဥပါဒါယ ဒိဋ္ဌိနာမ သဂ္ဂဲ ဥပနေတုံ သမတ္ထာ နတ္ထိ။ ဧကန္တံ နိရယသ္မိံ ယေဝ နိမုဇ္ဇာပေတီတိ ဝုတ္တံ–ဟု မိန့်တော်မူသည်။

ဣမသ္မိံ သုတ္တေ၊ ဤအဂ်ုတ္တိရ်ပါဠိတော်၌။ မိစ္ဆာဒိဋ္ဌိယာ သမန္နာဂတောတိ ဝစနတော၊ မှားသောအယူနှင့် ပြည့်စုံသောသူဟူ၍ သာမညသာ ဟောတော်မူခြင်းကြောင့်။ အန္ဓမသော။ အယုတ်သဖြင့်။ ဝီသတိဝတ္ထုကံ၊ နှစ်ဆယ်အပြားရှိသော။ သက္ကာယဒိဋ္ဌိ၊ ကိုယ်ရှိ၏ဟူသော အယူကို။ ဥပါဒါယ၊ အစပြု၍။ သဂ္ဂံ၊ သုဂတိဘုံသို့။ ဥပနေတုံ၊ ဆောင်ခြင်းငှာ။ သမတ္ထာ၊ စွမ်းနိုင်သော။ ဒိဋ္ဌိနာမ၊ မှားသောအယူမည်သည်။ နတ္ထိ၊ မရှိ။ ဧကန္တံ၊ စင်စစ်။ နိရယသ္မိံ ယေဝ၊ ငရဲစသော အပါယ်၌သာလျှင်။ နိမုဇ္ဇာပေတိ၊ နစ်မွန်းစေတတ်၏။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

အယူမှားသည်ဆိုသည်ကား ငါကိုယ်ဟု ယူမှတ်သော သက္ကာယဒိဋ္ဌိမျှသော်လည်း သုဂတိသို့ မပေါ်စေနိုင်။ ငရဲစသော အပါယ်၌သာလျှင် နစ်မွန်းစေတတ်၏ ဟူလိုသည်။

သက္ကာယဒိဋ္ဌိ အပြားနှစ်ဆယ် ဟူသော်ကား –

> ရူပံ အတ္တတော သမနုပဿတိ။ ရူပဝန္တံဝါ အတ္တာနံ။ အတ္တနိ ဝါ ရူပံ။ ရူပသ္မိံ ဝါ အတ္တာနံ။
>
> ရူပံ၊ ရူပ်ကို။ အတ္တတော၊ မိမိကိုယ်အားဖြင့်။ သမနုပဿတိ၊ ရှု၏။ အတ္တာနံ၊ မိမိကိုယ်ကို။ ရူပဝန္တံ ဝါ၊ ရူပ်ရှိ၏ဟူ၍လည်း။ သမနုပဿတိ၊ ရှု၏။ အတ္တနိ ဝါ၊ မိမိ၌မူလည်း။ ရူပံ၊ ရူပ်ရှိ၏ဟူ၍။ သမနုပဿတိ၊ ရှု၏။ ရူပသ္မိံ ဝါ၊ ရူပ်၌မူလည်း။ အတ္တာနံ၊ မိမိကိုယ်ရှိ၏ ဟူ၍။ သမနုပဿတိ၊ ရှု၏။ ရူပက္ခန္ဓာဒ္ဒိ အခြင်းအရာ ၄-ပါး။

> ဝေဒနံ အတ္တတော သမနုပဿတိ။ ဝေဒနာဝန္တံ ဝါ အတ္တာနံ။ အတ္တနိ ဝါ ဝေဒနံ ဝေဒနာယ ဝါ အတ္တာနံ။ အနက်ရှေးနည်းတူ။

ဝေဒနာကို မိမိကိုယ်အားဖြင့် ရှု၍ မိမိကိုယ်ကို ဝေဒနာရှိ၏ဟူ၍ ရှု၏။ မိမိကိုယ်၌မူလည်း ဝေဒနာရှိ၏ဟူ၍ ရှု၏။ ဝေဒနာ၌မူလည်း မိမိကိုယ်ရှိ၏ဟူ၍ ရှု၏။ ဝေဒနာကွန္ခာ၌ ၄ ပါး။

သည် အတ္တတော သမနုပဿတိ။ သညာဝန္ဆံ ဝါ အတ္တာနံ။ အတ္တနိ ဝါ သည်။ သညာယ ဝါ အတ္တာနံ။ သညာကွန္ခာ၌ ၄-ပါး။

သခ်ါရေ အတ္တတော သမနုပဿတိ။ သခ်ါရဝန္ဆံ ဝါ အတ္တာနံ။ အတ္တနိ ဝါ သခ်ါရေ။ သခ်ါရေသု ဝါ အတ္တာနံ။ သခ်ါရကွန္ခာ၌ ၄-ပါး။

ဝိညာဏ် အတ္တတော သမနုပဿတိ။ ဝိညာဏဝန္ဆံ ဝါ အတ္တာံနံ။ အတ္တနိ ဝါ ဝိညာဏ်။ ဝိညာဏသ္မိ ဝါ အတ္တာနံ။ ဝိညာဏကွန္ခာ၌ ၄-ပါး။

ဤသို့လျှင် ခန္ဓာငါးပါးတွင် တပါးတပါး၌ လေးပါးလေးပါးစီဖြစ်၍ အခြင်းအရာနှစ်ဆယ် ရှိကုန်၏။ ထိုနှစ်ဆယ်တို့တွင် တပါးပါးဖြင့် ခန္ဓာငါးပါးကို ငါကိုယ်ဟူ၍ ယူမှတ်ခြင်းသည် သက္ကာယဒိဋ္ဌမည်၏။ ထို သက္ကာယဒိဋ္ဌရှိသော သူတို့အား ပစ္စုပ္ပန်ဘဝ၏ အခြားမဲ့၌ သုဂတိဘဝကို မရနိုင်ရာဟု ဟောတော်မူသည်ဖြစ်၍ ငါကိုယ်မဟုတ်၊ ခန္ဓာ အစုမျှသာဟူသော အနတ္တသညာကို ပွားစေသဖြင့် ကိုယ်ဟူသောယူမှတ်ခြင်း သက္ကာယဒိဋ္ဌကို မမေ့မလျော့ ပယ်အပ်၏။ အနတ္တသညာကိုလည်း အဖန်တလဲလဲ ပွားစေအပ်၏။ ထိုအနတ္တသညာသည်လည်း သာသနာတွင်း၌သာ ရှိသည်။ သာသနာ ပ,သောကာလ၌ မရှိခြင်းကို သမ္မောဟဝိနောဒနီဋီကာ၌–

အနတ္တလက္ခဏ် ဝိနာ ဗုဒ္ဓုပ္ပါဒါ နာ ပညာယတိ။ ဗုဒ္ဓုပ္ပါဒေယေဝ ပညာယတိ။

အနတ္တလက္ခဏ်၊ အနတ္တလက္ခဏာသည်။ ဗုဒ္ဓုပ္ပါဒါ၊ ဘုရားဖြစ်ရာ သာသနာတော်တွင်းမှ။ ဝိနာ၊ ကင်း၍ နာ ပညာယတိ၊ မထင်နိုင်။ ဗုဒ္ဓုပ္ပါဒေယေဝ၊ ဘုရားပွင့်တော်မူရာ သာသနာတော်တွင်း၌သာလျှင်။ ပညာယတိ၊ ထင်နိုင်၏– ဟူ၍ မိန့်သည်ကို နှလုံးသွင်း၍ သက္ကာယဒိဋ္ဌမှ ကင်းအောင် အနတ္တသညာကို နှလုံးသွင်းရာသည်။

ဤ သက္ကာယဒိဋ္ဌနှင့် ခြောက်ဆယ့်နှစ်ပါးသော ဒိဋ္ဌကို ပေါင်းသည်ရှိသော် တေသဋ္ဌိဒိဋ္ဌ ဟု ဆိုသည်။

ထို့ကြောင့် သုတ္တနိပါတ် အဋ္ဌကထာ သဘိယ ဝိသတိပစ္ဆာတွင် –

သက္ကာယဒိဋ္ဌိယာ သဟ ပြဟ္မဇာလေ ဝုတ္တဒ္ဓါသဋ္ဌိဒိဋ္ဌဂတာနိ ဂဟေတွာ တေသဋ္ဌိ ဟောန္တိ-ဟု ဆိုလေသည်။

၄၂-ပုစ္ဆာ။ ။အနုလောမခန္တိဉာဏ် လေးဆယ်၌ ဝိပဿနာပွားများ ဝေဖန်ဟန်ကို သိသာအောင် ပြတော်မူပါ။

၄၂—ဝိသဇ္ဇနာ။ ။အနုလောမခန္တိဉာဏ် လေးဆယ်၌ ဝိပဿနာဉာဏ် နှစ်ရာပွားများ ဝေဖန်ဟန်ကို သိလိုပါသည် ဆိုရာ၌ –

ထိုလေးဆယ်၏ အကြောင်းအရာကို ပဋိသမ္ဘိဒါမဂ်ကျမ်း ဝိပဿနာကထာတွင် –

သော ဝတ ဘိက္ခဝေ ဘိက္ခု ကိဉ္စိ သခ်ါရံ အနိစ္စတော အနုပဿန္တော အနုလောမိကာယ ခန္တိယာ သမန္နာဂတော ဘဝိဿတိ။ နေတံ ဌာနံ ဝိဇ္ဇတီတိ –

စသည်ဖြင့် အနိစ္စဟူရှုခြင်း၌ အနုလောမ သမ္မန္တနိယာမသို့ မရောက် စသည်ဖြင့် အကျယ် ဟောတော်မူသည်။ အဟာနိဒ္ဒေသကျမ်း၌လည်း ဟောတော်မူသည်။ ထို့သို့ ဟောတော်မူတိုင်း အနုလောမခန္တိဉာဏ်လေးဆယ် ဝေဖန်ခွဲစိတ်ခြင်းကို ဝိသုဒ္ဓိမဂ်ကျမ်းတွင် ကျယ်ဝန်းစွာ ဆိုဘည်ကို ပါဠိအနက်ဓိပ္ပာယ်နှင့်ဆိုလျှင် အလွန်ကျယ်ဝန်းရာသည် ဖြစ်၍ သိသာရုံမျှသာ ပြပေအံ့။

အနိစ္စတော၊ ဒုက္ခတော၊ ရောဂတော၊ ဂဏ္ဍတော၊ သလ္လတော၊ အဃတော၊ အာဗာဓတော၊ ပရတော၊ ပလောကတော၊ ဣတိတော၊ (၁၀)။

ဥပဒ္ဒဝတော၊ ဘယတော၊ ဥပသဂ္ဂတော၊ စလတော၊ ပဘင်္ဂုတော၊ အဒ္ဓုဝတော၊ အတာဏတော၊ အလေဏတော၊ အသရဏတော၊ ရိတ္တတော၊ (၂၀)။

တုစ္ဆတော၊ သုညတော၊ အနတ္တတော၊ အာဒီနဝတော၊ ဝိပရိဏာမဓမ္မတော အသာရကတော၊ အဃမူလတော၊ ဝဓကတော၊ ဝိဘဝတော၊ သာသဝတော (၃၀)။

သန်တတော၊ မာရာမိသတော၊ ဇာတိဓမ္မတော၊ ဇရာဓမ္မတော၊ ဗျာဓိဓမ္မတော၊ မရဏဓမ္မတော၊ သောကဓမ္မတော၊ ပရိဒေဝဓမ္မတော၊ ဥပါယာသ ဓမ္မတော၊ သံကိလေသိက ဓမ္မတော၊ (၄၀)။

ပဋိက္ခေ့ အနိစ္စတော ပဿန္တော အနုလောမိကံ ခန္တိ ပဋိလဘတိ။ ပေါင်းလေးဆယ်တွင် အနိစ္စတော၊ ပလောကတော၊ စလတော၊ ပဘင်္ဂုတော၊ အဒ္ဓုဝတော၊ ဝိပရိဏာမဓမ္မတော၊ အသာရကတော၊ ဝိဘဝတော၊ သန်တတော၊ မရဏဓမ္မတော–ဟူ၍ ခန္ဓာငါးပါးတွင် တပါး တပါး၌ ဆယ်ခုဆယ်ခုပြု၍ ငါးဆယ်သော အနိစ္စာနုပဿနာဉာဏ်ဖြစ်၏။

ပရတော၊ ရိတ္တတော၊ တုစ္ဆတော၊ သုညတော၊ အနတ္တတော–ဟူ၍ ငါးပါးသော ခန္ဓာတွင် တစ်ပါးတစ်ပါး၌ ငါးပါးငါးပါးစီပြု၌ စီးဖြန်းခြင်းသည် နှစ်ဆယ့်ငါးပါးသော အနတ္တာနုပဿနာဉာဏ်ဖြစ်၏။ ကြွင်းကုန်သော ဒုက္ခတော၊ ရောဂတော အစရှိသော နှစ်ဆယ့်ငါးပါးသော အခြင်းအရာဖြင့် ခန္ဓာငါးပါးတွင် တစ်ပါးတစ်ပါး၌ နှစ်ဆယ့်ငါးပါးစီပြု၍ စီးဖြန်းခြင်းဖြင့် တရာ နှစ်ဆယ့်ငါးပါးသော ဒုက္ခာနုပဿနာဉာဏ် ဖြစ်၏။ ဤအလုံးစုံကိုပင် အနုလောမခန္တိဉာဏ် လေးဆယ်ဟူ၍ ဆိုသည်။ ဤလေးဆယ်သော အခြင်းအရာကိုပင် ရှေးဆရာတို့လည်း ထုတ်နုတ်၍ ဘာဝနာလေးဆယ်ဟု သမုတ်၍ လေ့ကျက်ကြကုန်၏။ ဤလေးဆယ်တွင် ခန္ဓာငါးပါးဖြင့် မြှောက်ပွား၍ အနိစ္စာနုပဿနာဉာဏ် ငါးဆယ်။ အနတ္တာနုပဿနာဉာဏ် နှစ်ဆယ့်ငါးပါး ဒုက္ခာနုပဿနာဉာဏ် တရာနှစ်ဆယ့်ငါးပါး။ ပေါင်းသော် ဝိပဿနာဉာဏ် နှစ်ရာဖြစ်၏ဟု မှတ်ရာ၏။

၄၃—ပုစ္ဆာ။ ။တကြောင်းလည်း ဆုတောင်းခန်းတွင် – "သိကြားသုံးစွဲ၊ ချိုမြိန်စင်စစ်၊ ကောင်းကင်ဖြစ်သည်၊ နတ်မြစ်မန္ဒာ ကိန်းတည်း" ဟူ၍ စပ်ပါသည်။ ထိုနတ်မြစ်များသည် ကျမ်းဂန်တွင်ပါသောကြောင့်ပင် စပ်ချေသလော၊ နတ်ပြည်မှာ ရှိကောင်းချေအံ့လော ဆိုသည်များကို သိလိုပါသည်။

၄၃–ဝိသဇ္ဇနာ။ ။ဆုတောင်းခန်းတွင် "သိကြားသုံးစွဲ၊ ချမြဲ စင်စစ်၊ ကောင်းကင်ဖြစ်သည်၊ နတ်မြစ်မန္ဒာကိနီတည်း၊" ဟူ၍ စပ်တော်မူသည်။ ဤနတ်မြစ်များသည် ကျမ်းဂန်တွင် ပါမည် မပါမည်ကို သိလိုပါသည် ဆိုရာ၌ —

မန္ဒာကိနီ တထာကာသ ဂင်္ဂါသုရနဒီပျထ။ အဘိဓာန်စာကိုယ်။

အာကာသဝါဟိဂင်္ဂါယံ မေရုသိင်္ဂါဠ္ဟဝါယံ မန္ဒာကိနျာဒိနာမတ္တယံ။ မန္ဒံ အကိတုံ သီလ မဿာတိ မန္ဒာကိနီ။ အာကာသေ သန္ဒမာနာ ဂင်္ဂါ အာကာသဂင်္ဂါ။ သုရာနံ ဒေဝါနံ နဒီ သုရနဒီ။ ။အဘိဓာန်ဋီကာ။

မန္ဒာကိနီ၊ မန္ဒာကိနီမည်သောမြစ်။ တထာ၊ ထိုမှတပါး။ အာကာသဂင်္ဂါ၊ အာကာသဂင်္ဂါမည်သောမြစ်။ အပိ၊ စင်စစ်။ အထ၊ ထိုမှတပါး။ သုရနဒီ၊ နတ်မြစ်။

နတ်မြစ်ပရိယာယ် သုံးပါးရှိကြောင်းကို အဘိဓာတ်ကျမ်းလာသော စကားရပ်တွင် အာကာသဂင်္ဂါကိုရည်၍ ကောင်းကင် ဖြစ်သည်ဆိုသည်။ သုရနဒီကိုရည်၍ နတ်မြစ်ဟူ၍ ဆိုသည်။ မန္ဒာကိနီကို ရည်၍ မန္ဒာကိနီတည်းဟု ဆိုသည်။ ထို့ကြောင့် ကောင်းကင်ဖြစ်သည်၊ နတ်မြစ် မန္ဒာကိနီတည်း ဟူ၍ စပ်တော်မူသည်။

နတ်ပြည်၌ မြစ်ရှိကောင်းသည် မရှိကောင်းသည်ကို သိလိုပါသည်ဆိုရာ၌ —

နေမိဇာတ်တွင်-အန္နပါနေဟိ စ၊ ထမင်းအဖျော်တို့ဖြင့် လည်းကောင်း။ ဥဘယံ ဥဘယေဟိ၊ နှစ်ပါးတို့နှင့်။ ဥပေတိ၊ ပြည့်စုံ၏။ နာနာပဖွဒုမာယုတော၊ အထူးထူးသော ပန်းသစ်ပင်တို့နှင့်ယှဉ်သော။ နဇ္ဇော စ၊ မြစ်သည်လည်း။ အနုပရိယာယတိ၊ ရစ်၍စီး၏။ ပါဠိတော်။

တတ္ထ တာသု ဂါထာသု၊ ထိုဂါထာတို့၌။ နဇ္ဇောတိ ဧသောသဒ္ဒေါ၊ နဇ္ဇောဟူသော ဤသဒ္ဒါသည်။ ဝစနဝိပလ္လာသော၊ ဧကဝုစ် သိ-ကို ဗဟုဝုစ် ယော-ပြန်သော ဝစနဝိပလ္လာသတည်း။ ဧကာ၊ တစ်ခုသော။ နဒီ၊ မြစ်သည်။ တံ ဝိမာနံ၊ ထိုဗိမာန်ကို။ ပရိက္ခိပိတ္တာ၊ ရံ၍။ ဂတာ၊ စီး၏။ ဣတိအယံ၊ ဤသည်လျှင်။ အတ္ထော၊ အနက်တည်း။

ဤသို့ ပါဌဇာတ်ပါဠိ အဋ္ဌကထာတို့၌လာသည်ကို ထောက်၍ ကောင်းကင်၌ နတ်တို့၏ ကုသိုလ်ကံနှင့်လျော်စွာ ဗိမာန် ဥယျာဉ် ရေကန်တို့သည် ဖြစ်ရတိသကဲ့သို့ မြစ်တို့သည်လည်း ရှိကုန်၏ဟု မှတ်ရာ၏။

၄၄— ပုစ္ဆာ။ ။ရသေ့၊ ပရိဗိုဇ်၊ ပဏ္ဍုရင်၊ အစေလက၊ နိဂဏ္ဌ၊ တိတ္ထိတို့၏ အကွဲအပြား အဝတ်အစား အသုံးအဆောင် အယူဝါဒတို့ကို သိလိုပါသည်။

သဂ္ဂရာဇ် ၁၁၇၁-ခု ဝါခေါင်လဆန်း ၁-ရက်၊ ဗုဒ္ဓဟူးနေ့။ မုံရွာသိရိမာလာက မေးလျှောက်လာရာတွင် ဖြေဆိုလိုက်သည်ကား –

၄၄–ဝိသဇ္ဇနာ။ ။ရသေ့တို့ကိုမေးရာ၌ ရသေ့ပရိယာယ်ကို ဇဋိလောတု ဇဋာဓရော-ဟု အဘိဓာန်စာကိုယ်၌ လာသည်။ ဒွယံ ဇဋာဝတိ။ ဇဋံ ယဿတ္ထိ ဇဋိလော။ ကွလော။ ဇဋံ ဓာရေတီတိ ဇဋာဓရော-ဟု အဘိဓာန် ဋီကာ၌လာသည်။ ဇဋိလော၊ ရသေ့ (တနည်း

ကား)။ ဆံကျစ်ရှိသောသူ။တုၤထိုမှတပါး။ ဇဋာရော၊ ရသေ့။ (တနည်းကား)။ ဆံကျစ်ကို ဆောင်သောသူ။ ရသေ့ပရိယာယ် နှစ်ပါးကိုပြသည်။ ထို့ကြောင့် ရသေ့ဟူသည်ကား ဆံကျစ်ရှိသောသူဟုမှတ်အပ်၏။

ပရိပိုဇ်ရဟန်းဟူသည်ကား –

သော ဗြာဟ္မဏာနဉ္စ ဗြာဟ္မဏဇာတိယပါသဏ္ဍာနံ ပဏ္ဍရင်္ ပရိဗ္ဗာဇကာဒီနံ သဒ္ဒိသဟသမတ္တာနံ နိစ္စဘတ္တံ ပဋ္ဌပေသိ။ ပါရာဇိကဏ်ဏ အဋ္ဌကထာ။

သော ဗိန္ဒုသာရောရာဇာ၊ ထိုဗိန္ဒုသာရမင်းသည်။ ဗြဟ္မဏာနဉ္စ၊ ပုဏ္ဏားတို့အားလည်းကောင်း၊ ဗြာဟ္မဏဇာတိယပါသဏ္ဍာနံ၊ ပုဏ္ဏားမျိုးဖြစ်သော ပါသဏ္ဍအယူရှိကုန်သော။ ပဏ္ဍရင်္ပရိဗ္ဗာဇကာဒီနံ၊ ပုဆိုးဖြူဝတ်သော တက္ကတွန်း, ရဟန်းအယောင် သင်္ကန်းဝတ်သော တက္ကတွန်းအစရှိကုန်သော၊ သဒ္ဒိသဟသမတ္တာနံ၊ ခြောက်သောင်း အတိုင်းအရှည်ရှိကုန်သော သူတို့အား။ နိစ္စဘတ္တံ။ ကျွေးမြဲဝတ်ကို။ ပဋ္ဌပေသိ၊ ဆောက်တည်၏။

ပဏ္ဍရင်္ပရိဗ္ဗာဇကာဒီနံ-ဟူသောစကား၌ အထူးကား ပုဆိုးဖြူကိုပင် သင်္ကန်းယောင်ဝတ်သော တိတ္ထိကား ပဏ္ဍရင်္မည်၏။

ဦးခေါင်းပြည်းလျက် ရဟန်းယောင် သင်္ကန်းဝတ်သည်ကား ပရိဗ္ဗာဇကမည်၏။

ကိုယ်၌အဝတ်မကပ် အချည်းစည်းနေသော တိတ္ထိကား အာဇီဝကမည်၏။

ငါတို့အား ကိလေသာ ဟူသော ထုံးနှောင်ဖွဲ့ခြင်းကားမရှိပြီ။ သံသရာ၌ ကြောင့်ကြခြင်းမရှိ။ လယ်,ယာ,သားမယား သိမ်းဆည်းခြင်းဟူသော ရာဂစသော ကိလေသာတို့၏ အာရုံကား ငါတို့၌ မရှိပြီ။ ငါတို့ကား ရဟန္တာတည်းဟု ဝန်ခံလျက် တပါးသော အသွင်အမူ ပရိက္ခရာတို့ကို ဆောင်သော တိတ္ထိတို့ကား နိဂဏ္ဌမည်၏ဟူ၍ ပါရာဇိကဏ်ဏ အဋ္ဌကထာ နိဿယ၌ ဆိုသည်။

ဗိန္ဒုသာရမင်းကြီးသည် ပုဏ္ဏားတို့ကိုလည်းကောင်း၊ ပုဏ္ဏားတို့၏ အမျိုးဖြစ်သော ပါသဏ္ဍအယူရှိကုန်သော ပုဆိုးကို သင်္ကန်းအယောင်ဝတ်သော ပဏ္ဍရင်္တိတ္ထိ။ ဦးခေါင်းပြည်းစည်း ရဟန်းအယောင် သင်္ကန်းဝတ်သော ပရိဗ္ဗာဇကတိတ္ထိ။ ကိုယ်၌အဝတ်မဝတ်ဘဲ အချည်းစည်းနေသော အစေလကတိတ္ထိ။ ငါတို့အား ကိလေသာနှောင်ဖွဲ့ခြင်း မရှိပြီ။ သံသရာ၌ကြောင့်ကြခြင်းတည်းဟူသော ဒုက္ခမရှိပြီ။ ငါတို့ကား ရဟန္တာဟု ဝန်ခံလျက် တပါးသောသူတို့၏ ပရိက္ခရာကို ဆောင်ယူတတ်သော နိဂဏ္ဌတိတ္ထိ။ ဤသို့အပြားအားဖြင့် ခြောက်သောင်း အတိုင်းအရှည်ရှိသော တက္ကတွန်းတို့အား မပြတ်သော ကျွေးမြဲဝတ်ကို ကျွေးတော်မူ၏ဟု ရာဇဝံသ၌ ဆိုသည်။

ဝိနည်းနိဿယ ရာဇဝံသတို့၌ ဆိုသောစကားတို့သည် ခိုင်မခိုင်ယုတ္တိအာဂုံရှာကြံသော် ပရိပိုဇ်ရဟန်းတို့သည် ဦးခေါင်းပြည်းကြောင်းကို မဟာဥမင်္ဂတ်၌ ဘေရီပရိပိုဇ်မက ဦးခေါင်းကို လက်ဖြင့်သုံးသပ်၍ ငါကဲ့သို့ ရဟန်းပြုလေလော့ဟု ဆိုသည်ကိုထောက်၍ သိအပ်၏။

သင်္ကန်းဝတ်ကြောင်းကား ပါရာဇိကဏ် ပါဠိတော် ကယဝိက္ကယ သိက္ခာပုဒ်၌ —

အထ ခေါ သော ပရိဗ္ဗာဇကော သံဃာဋိ ပါရုပိတ္တာ ပရိဗ္ဗဇ္ဇာဇကာရာမံ အဂမာသိ။

အထ ခေါ၊ ထိုအခါ၌။ သော ပရိဗ္ဗာဇကော၊ ထိုပရိဗိုဇ်သည်။ သံယာဋ္ဌိ၊ အရှင်ဥပနန္ဒ၏ ဝတ်ရုံသော ဒုကူဋ်ကို။ ပါရုပိတွာ၊ ရုံ၍။ ပရိဗ္ဗာဇကာရာမံ၊ ပရိဗိုဇ်တို့၏အာရာမ်သို့။ အဂမာသိ၊ သွားလေ၏- ဟူ၍ အရှင် ဥပနန္ဒ၏ သင်္ဃန်းကို ဝတ်ရုံကြောင်းကိုလာသည်။

ဝိနည်းပါစိတ်ပါဠိတော်၌လည်း–

> တေန ခေါ ပန သမယေန သမ္ဗဟုလာ စ ဘိက္ခူ ပရိဗ္ဗာဇကာ စ သာကေတာ သာဝတ္ထိံ အဒ္ဓါနမဂ္ဂပ္ပဋိပန္နာ ဟောန္တိ။

စသည်ဖြင့် ရဟန်းတို့သည်လည်းကောင်း၊ ပရိဗိုဇ်တို့သည်လည်းကောင်း သာကေတပြည်မှသည် သာဝတ္ထိပြည်သို့ သွားကြသောကာလ၊ လမ်းခရီးတွင် ခိုးသူတို့ လုယူ၍ နောက်မှရပြန်လျှင် ရဟန်းတို့သင်္ကန်းနှင့် ပရိဗိုဇ်တို့အဝတ်မကွဲမပြား၍ အထူးမသိရာတွင် ကပ္ပဗိန္ဒုထိုးမှတ်ရကြောင်းကိုလည်းကောင်း မဟာဗောဓိ ပရိဗ္ဗာဇကဇာတ်၌ ဘုရားလောင်း မဟာဗောဓိပရိဗိုဇ်၏ သင်္ကန်းစွန်းနားကို နန်းတွင်း၌မွေးသော ကောလေယျ ခွေးငယ်သည် ကိုက်ဆွဲ၍ထားသဖြင့် ရပ်စေသည်လည်းကောင်း ဆိုသည်ဖြစ်၍ ပရိဗိုဇ်တို့သည် ဦးခေါင်းပြည်းလျက် ရဟန်းအယောင် သင်္ကန်းပတ်သည်ဟု သိရာ၏။ ရသေ့မှာ ဆံကျစ်ထုံးသည် ပရိဗိုဇ်မှာ ဦးခေါင်းပြည်းသည်။

ရသေ့မှာ သစ်ခေါက်လျှော်တေကို ဝတ်သည်၊ သစ်နက်ရေကို ပခုံးတင်သည်။ ပရိဗိုဇ်မှာပိုးချည် ဝါချည် စသည်ဖြင့် ပြီးသည်ကို အဝါဆိုး၍ဝတ်သည်။ ထို့ကြောင့် အဋ္ဌကထာ၌–

> သုဘဒ္ဒေါ ဆန္နပရိဗ္ဗာဇကော။ သုဘဒ္ဒေါ သုဘဒိသည်။ ဆန္နပရိဗ္ဗာဇကော၊ အဝတ်ဝတ်သော ပရိဗိုဇ်ဟုဆိုသည်။ ဝိသတိနိပါတ်မာတင်္ဂဇာတ်၌ ဘုရားလောင်း မာတင်္ဂလုလင်သည် ရဟန်းပြုရာ၌ သမဏပဋိဇံ ပဋိဇိတွာ ဟူသောပါဠိကို ပရိဗ္ဗာဇကဝေသဟု ဋီကာဖွင့်သည်။ ပရိဗိုဇ်ရဟန်းဒေသွင်ကိုယူ၍ ရဟန်းပြု၏ဟူလိုသည်။ အဝတ်အရုံကို ဆိုသောကာလ၌–
>
> ဒုပဋ္ဋံ နိဝါသေတွာ ကာယဗန္ဓနံ ဗန္ဓိတွာ ပံသုကူလသံဃာဋိံ ပါရုပိတွာ မတ္တိကာပတ္တံ အာဒါယ အကာသေန ဂန္ဓာ—

ဟုလာသည်၌ နှစ်ထပ်သောသင်းပိုင်ကို ဝတ်၍ ခါးပန်းစည်း၍ ပုံသကူသင်္ကန်းဖြစ်သော ဒုကူဋ်ကို ရုံ၍ မြေသပိတ်ကိုယူ၍ ကောင်းကင်ဖြင့်သွား၏ဟု ဆိုသည်ကိုထောက်၍ ပရိဗိုဇ်ရဟန်းတို့သည် သာသနာဝင်ရဟန်းတို့ကဲ့သို့ သင်းပိုင် ခါးပန်းနှင့် သင်္ကန်းရုံကြောင်း မြေသပိတ်ဆောင်ကြောင်းများကို အတပ်သိသာသည်။

ပဏ္ဏာရဂ်မှာ အဝတ်ဖြူဝတ်သည်။ အဝတ်ဖြူ ဝတ်သူတို့သည် ကဿပမြတ်စွာဘုရား သာသနာတော်ကစ၍ ယခုတိုင်အောင်ပင် အစဉ်ရှည်စွာ ရှိသည်ဟု သာရတ္ထသင်္ဂဟကျမ်းတွင် ဆိုသည်။

အစေလကတို့မှာ အဝတ်မဆောင်သော အမျိုးတည်း။ ထို့ကြောင့် အဘိဓာန်ဋီကာ၌ နတ္ထိ စေလံ ဝတ္ထမေတဿ။ သမာသန္တေ ကော-ဟု ဝစနတ္ထကို ပြသည်။

နိဂဏ္ဌဆိုသည်ကား ငါတို့၌ ကိလေသာဟူသော နှောင်ဖွဲ့ခြင်း မရှိပြီဆိုသည်ဟု ဝိနည်းအဋ္ဌကထာနိဿယတွင် ဆို၏။ အဘိဓာန်ဋီကာတွင်ကား– "စတူဟိ ဂန္ထေဟိ ဗန္ဓနီယတ္တာ နိဂဏ္ဌော။ နိသဒ္ဒေါ ဗန္ဓနေ" ဟု လေးပါးသောဂန္ထတို့ဖြင့် နှောင်ဖွဲ့အပ်သောကြောင့် နိဂဏ္ဌဟုတွင်သည်။ နိ-ဟူသော ဥပသာရပုဒ်ကား နှောင်ဖွဲ့ခြင်း အနက်ဖြစ်သည်ဟု ဆိုသည်။ ဒိဂမ္ဗရဆို

ခြင်း၊ အစေလကဆိုခြင်း၊ နိဂဏ္ဌဆိုခြင်းသည် တက္ကတွန်းတို့ ပရိယာယ်သာဖြစ်သည်။ ထို့ကြောင့် အဘိဓာန်၌ "ဒိဂမ္ဗရော အစေလကော နိဂဏ္ဌော စ"ဟု ဆိုသည်။ ဋီကာ၌လည်း "ဒွယမစေလကေ"ဟု ရှိ၏။ နိဿယ၌ကား "တယမစေလကေ၊ တိကမစေလကေ"ရှိရမည်ဆို၏။

အာဇီဝကဆိုသည်လည်း အဝတ်မဆောင်သော ဦးခေါင်းရိတ်သော သူကိုပင် ဆိုသည်။ ထို့ကြောင့် ပါရာဇိကဏ်ပါဠိတော် အစ္ဆိန္နစီဝရသိက္ခာပုဒ်၌ ရဟန်းတို့ကို ခိုးသူလု၍ အဝတ် မကပ်လာခဲ့၍ ဇေတဝန်ကျောင်းတော်သို့ ရောက်လျှင် ရဟန်းတို့ကို ရှိခိုးသော် ရဟန်းတို့က တက္ကတွန်းမှတ်၍ "သုန္ဒရာ ခေါ ဣမေ အာဝုသော အာဇီဝကာ၊ ယေ ဣမေ ဘိက္ခူသု အဘိဝါဒေန္တိ" အာဝုသော၊ ငါရှင်တို့။ ဣမေ အာဇီဝကာ၊ ဤတက္ကတွန်းတို့သည်။ သုန္ဒရာ ခေါ၊ ကောင်းပေစွ။ ယေ ဣမေ အာဇီဝကာ၊ အကြင် တက္ကတွန်းတို့သည်။ ဘိက္ခူသု၊ ရဟန်းတို့ကို။ အဘိဝါဒေန္တိ၊ ရှိခိုးကုန်၏။ ဟူ၍ လည်းကောင်း၊ ဝိနည်း စူဠဝါပါဠိတော်၌ ဝိဿာခါ၏ အဌဝရယာစနဝတ္ထုတွင် ရဟန်းတို့ ဖွားမြဲတိုင်းသောကိုယ်ဖြင့် မိုးရေခံချိုးသည်ကို စေသူမြင်လျှင် ကျောင်း၌ရဟန်းမရှိ၊ အာဇီဝကသာရှိကုန်သည်ဟု ဆိုဖူးသည်ဟု ဆိုသည်ကို ထောက်၍ သိအပ်၏။

တိတ္ထိတို့၏ အကွဲအပြား အဝတ်အစား အသုံးအဆောင် အယူဝါဒကို သိလိုပါသည် ဆိုရာ၌–

သာသနာတော်တွင်း၌ မြတ်စွာဘုရားသည် ကြီးစွာသော ဘုရားတရားတော်ဖြင့် အာဏာထားတော်မူ၍ သိက္ခာပုဒ်ကို ပညတ်တော်မူသောကြောင့် ဘုရားတပည့်သား သံဃာတော်တို့၌ အထူးအကွဲ မရှိစေရ။ ဧကုဒ္ဒေသ၊ ဧကကမ္မ၊ ဧကသိက္ခာဖြစ်ကြ၍ နာနာကုလ၊ နာနာ နာမ၊ နာနာဇစ္စ၊ နာနာဂေါတ္တမှ လာကြကုန်သော အမျိုးသား အပေါင်းတို့သည် တူသောဆန္ဒ ရှိကြကုန်သည်ဖြစ်၍ မြစ်ကြီးငါးသွယ် မြစ်ငယ်ငါးရာတို့သည် မဟာသမုဒ္ဒရာသို့ ရောက်သောကာလ အမျိုးအမည်ကိုစွန့်၍ မဟာသမုဒ္ဒရာဟု ခေါ်ဝေါ်ခြင်းသို့ ရောက်သကဲ့သို့ သာကီဝင်မင်းမျိုး ဟူသော ခေါ်ဝေါ်ခြင်းသို့သာ ရောက်ရလေတော့သည်။ သာသနာတော်ပသော ကာလ၌မူကား မည်သည့်ပုဂ္ဂိုလ်မျှ ဤကဲ့သို့ တပေါင်းတည်း၊ တန္ဓယ်တည်း၊ တကျင့်တည်းရှိအောင် ဆုံးမနိုင်သော ပုဂ္ဂိုလ်မြတ်တို့သည် မရှိခြင်းကြောင့် နာနာဆန္ဒ၊ နာနာရုပိ၊ အနေကဝိဓ အဓိမုတ္တိကဖြင့် နှလုံးသွင်းမိရာရာ သွင်းကြ၍ ကျင့်ကြလေသောကြောင့် တပေါင်းတည်း၊ တန္ဓယ်တည်း၊ တယူတည်း၊ တကျင့်တည်း မရှိပြီဖြစ်၍ အနေကွဲ၊ အကြံကွဲ၊ အယူကွဲ ကွဲကြလေသည်ကား လူမျိုး တရားတစ်ပါးထက်သော် တိတ္ထိမျိုးတို့သည် ကွဲပြားချက်များလေသည်ဖြစ်၍ အဝတ်အစား အသုံးအဆောင်တို့သည် အလွန်ပင် များလေကုန်သည်။ အချို့လည်း အဝတ် မဝတ်ကုန်၊ အချို့လည်း သမန်းမြတ်ကို ဝတ်ကုန်သည်။ ဖြူဆံမြက်ကို ဝတ်ကုန်သည်၊ ပြိတ်မြက်ကို၊ ဆံချည်ကို၊ ဒွက်ပျောချည်ကို၊ ပျဉ်ပြားကို ဝတ်ကုန်သည်၊ လင်းနို့နှင့်တူသော အကျင့်ကို ကျင့်ကုန်သည်၊ ခွေးနှင့်တူသော အကျင့်ကို ကျင့်ကုန်သည်၊ နွားနှင့်တူသော အကျင့်ကို ကျင့်ကုန်သည်၊ အပူငါးပါးရှိသော အကျင့်ကို ကျင့်ကုန်သည်။ လောမဟံသဇာတ်၊ ဥဒ္ဒါလကဇာတ်၊ မဟာဇောဓိဇာတ်၊ သေတကေတုဇာတ်၊ ဥရုဝေလကဿပ ဝတ္ထု စသည်တို့၌လည်း အထူးထူးအပြားပြား များစွာပင် လာသည်။

အကျဉ်းအားဖြင့်ကား ဝိနယသင်္ဂဟကျမ်း တိတ္ထိယပက္ကန္တကတွင် တတြာယံ ဝိနိစ္ဆယော ဥပသမ္ဘန္ဓော ဘိက္ခု တိတ္ထိယော ဘဝိဿာမိတိ-စသောပါဠိ၌ အဓိပ္ပာယ်ကား – ရဟန်းဖြစ်သော သူသည် တိတ္ထိဖြစ်အံ့ဟူ၍ ရဟန်းအသွင်ဖြင့် တိတ္ထိတို့ ကျောင်းသို့ သွား၏။ ဖဝါးလှမ်းတိုင်း ဖဝါးလှမ်းတိုင်း ဒုက္ကဋ်သင့်၏။ တိတ္ထိတို့အသွင်ကို ယူကာမတ္တာဖြင့် တိတ္ထိယပက္ကန္တက ဖြစ်၏။ မိမိတို့ အလိုလိုပင် တိတ္ထိပြုအံ့ဟု သမန်းမြက်သင်္ဃန်း စသည်ကို ဝတ်၍ တိတ္ထိယပက္ကန္တက ဖြစ်၏။ အကြင်သူသည် အချည်းနှီး ရေခိုးသော မိမိကိုယ်ကို ကြည့်၍ ငါအား အာဇီဝက အဖြစ်သည် တင့်တယ်စွာ။ အာဇီဝက ဖြစ်ပုံဟု သင်္ဃန်းကို မယူမူ၍ အချည်းနှီး တက္ကတွန်းတို့ ကျောင်းသို့သွား၏။ ခြေလှမ်းတိုင်း ဒုက္ကဋ်အာပတ် သင့်၏။ ခရီးအကြား၌ အရှက်အကြောက် ဖြစ်အံ့၊ ဒုက္ကဋ်ကို ဒေသနာကြား၍ လွတ်၏။ တိတ္ထိတို့ကျောင်းသို့ ရောက်၍ ထိုတိတ္ထိတို့က သြဝါဒပေး၍ လည်းကောင်း၊ မိမိဘာသာပင် လည်းကောင်း တိတ္ထိတို့အဖြစ်၏ ဆင်းရဲသည်ကို မြင်၍ ပြန်ခဲ့အံ့။ လွတ်၏။ တိတ္ထိတို့ အကျင့်ကိုမေး၍ ဆံမုတ်ဆိတ်တို့ကို နုတ်ခြင်းစသည်ကို ဆို၍ ဆံတစ်ပင်မျှကို နုတ်စေ၏။ ဆောင့်ကြောင့်ထိုင်၍ တောင်းခြင်း စသည်တို့ကို လည်းကောင်း၊ အဝတ်စသည်တို့ကို ယူ၍ ဥဒေါင်းရင်မွေး စသည်တို့ကို ဝတ်၏။ ထိုတိတ္ထိတို့ အသွင်ကို ယူ၍ ဤတိတ္ထိတို့ အဖြစ်သည် မြတ်စွာဟု ယူ၏။ အာပတ်လည်းမလွတ်၊ တိတ္ထိယပက္ကန္တက ဖြစ်၏။ အကယ်၍ တိတ္ထိတို့၏အဖြစ်သည် တင့်တယ်၏လော၊ မတင့်တယ်၏လော ဟု စုံစမ်းအံ့သောငှာ သမန်းမြက်သင်္ဃန်းကို ဝတ်၏။ ဆံကျစ်ကိုသော်လည်း ထုံး၏။ ပြာစစ်ထမ်းပိုးကို သော့်လည်း ဆောင်၏။ အကြင်မျှလောက်သော ကာလပတ်လုံး ဝန်မခံ။ ထိုမျှလောက် စောင့်သေး၏။ ဝန်ခံသောခဏ၌ပင် တိတ္ထိယပက္ကန္တက ဖြစ်၏ဟု ဆိုသည်များကိုလည်းကောင်း၊

သုတ်သီလက္ခန် မဟာသီဟနာဒသုတ်တွင် –

> အစေလကော စေပိ ကဿပ ဟောတိ မုတ္တာစာရော ဟတ္ထာပလေခနော။ပ။ သာယ တတိယကမ္မိဥဒကောရောဟဏာနုယောဂမနုယုတ္တော ဝိဟရတိ။တဿစာယံသီလသမ္ပဒါ စိတ္တသမ္ပဒါ ပညာသမ္ပဒါ အဘာဝိတာ ဟောတိ အသစ္ဆိကတာ။ အထ ခေါ သော အာရကာဝ သာမညာ အာရကာဝ ဗြာဟ္မညာ - စသော ပါဠိတော်။

သုတ်ပါထေယျ ဥဒုမ္ဗရသုတ်တွင်လည်း -

> ကဓ ခေါ နိဂ္ဂြောဓ တပဿီ အစေလကော ဟောတိ မုတ္တာစာရော-စသော ပါဠိတော်။

ပုဂ္ဂလပညတ်ကျမ်း စတုတ္ထရာသီတွင် —

> ကထဉ္စ ပုဂ္ဂလော အတ္တန္တပေါ စ ဟောတိ အတ္တာပရိတာပနာနုယောဂမနုယုတ္တော၊ ဣဓေကစ္စော ပုဂ္ဂလော အစေလကော ဟောတိ မုတ္တာစာရော –

စသည်ဖြင့်လာသောပါဠိတော်။

မဇ္ဈိမပဏ္ဏာသကျမ်း ကန္ဒရကသုတ်၌ လာသောပါဠိတော်၊ အဋ္ဌကထာရှိ စတုက္ကနိပါတ်၌ လာသော ပါဠိတော်တို့၏ အနက်ဖြင့်လည်း သိအပ်၏။

အနက်ကား။ ။ကဿပ၊ငါ့ရှင်ကဿပ။အစေလကောပိ၊ အဝတ်မဝတ်သည်လည်း။ဟောတိ၊ ဖြစ်၏။ မုတ္တာစာရောပိ၊ ရပ်လျက် ကျင်ကြီးသွားသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဟတ္ထာပလေခနော၊ လက်ဟူသော ကနုတ်ဖြင့် မစင်သုတ်သည်လည်း။ ဟောတိ၊ ဖြစ်၏။ ဧဟိဘဒန္တိကော၊

အရှင်ကောင်း ဆွမ်းခံခြင်းငှာ လာလှည့်ဟူသော သူ၏ဆွမ်းကိုလည်း။ နှ ပဋိဂ္ဂဏှာတိ၊ မခံ။ တိဋ္ဌဘဒန္တိကော၊ အရှင် ရပ်လင့်ဦးဟူသော သူ၏ဆွမ်းကိုလည်း။ နှ ပဋိဂ္ဂဏှာတိ၊ မခံ။ အဘိဟဋ္ဌုံ၊ ရွှေးရွှဆောင်သော သူ၏ဆွမ်းကိုလည်း။ ဥဒ္ဒိဿကတံ၊ ရည်၍ ပြုသော သူ၏ဆွမ်းကိုလည်း။ နိမန္တနံ၊ ဖိတ်သော သူ၏ဆွမ်းကိုလည်း။ နှ သာဒိယတိ၊ မသာယာ။ နှ ပဋိဂ္ဂဏှာတိ၊ မခံ။ သော၊ ထိုသူသည်။ ကုမ္ဘိမုခါ၊ အိုးမှခွူး၍လျှသော ဆွမ်းကိုလည်း။ နှ ပဋိဂ္ဂဏှာတိ၊ မခံ။ ကဋောပိ-မုခါ၊ ခြင်းတောင်းမှခွူးသော ဆွမ်းကိုလည်း။ ဇဋကမန္တရံ၊ တံခါးခုံခြား၍ လျှသောဆွမ်းကိုလည်း။ ဒဏ္ဍာမန္တရံ၊ လှံတံခြား၍ လျှသောဆွမ်းကိုလည်း။ မုသလမန္တရံ၊ ကျည်ပွေကိုကျော်၍ လျှသောဆွမ်းကိုလည်း။ ဒွိန္နံ၊ နှစ်ယောက်ကုန်သော သူတို့၏။ သုဥ္ဇမာနံ၊ စားစဉ် လျှသော ဆွမ်းကိုလည်း။ ဂဗ္ဘိနိယာ၊ ကိုယ်ဝန်ရှိသောသူ၏ ဆွမ်းကိုလည်း။ ပါယမာနာယ၊ သူငယ် နို့စို့ခိုက် လျှသောဆွမ်းကိုလည်း။ ပုရိသန္တရဂတာယ၊ ယောကျ်ားတပါးနှင့် မွှေလျော်သော သူ၏ ဆွမ်းကိုလည်း။ (တနည်းကား) မျောက်မထားသောသူ၏ ဆွမ်းကိုလည်း။ သံကိတ္တိသု၊ ညီညွတ်သောသူ၏ဆွမ်းကိုလည်း။နှ ပဋိဂ္ဂဏှာတိ၊ မခံ။ ယတ္ထ၊ အကြင်အရပ်၌။ သာ၊ ခွေးသည်။ ဥပဋ္ဌိတော၊ အနီး၌ရပ်၍နေသည်။ ဟောတိ၊ ဖြစ်၏။ တတ္ထ၊ ထိုအရပ်၌။ နှ ပဋိဂ္ဂဏှာတိ၊ မခံ။ ယတ္ထ၊ အကြင်အရပ်၌။ မက္ခိကာ၊ ယင်တို့သည်။သဏ္ဍသဏ္ဍစာရိနီ၊ အစုအစုပျံကုန်၏။ တတ္ထ၊ ၌၊ အာဘဋ္ဌံ၊ ဆောင်ခဲ့သောဆွမ်းကို။ နှ ပဋိဂ္ဂဏှာတိ၊ မခံ။ မစ္ဆမ္မိ၊ ငါးကိုလည်း။ မံသမ္မိ။ အမဲကိုလည်း။ နှ ခါဒတိ၊ မစား။ သုရံ၊ သေကို။ မေရယံ၊ အရက်ကို။ ထုသောဒကံ၊ ခပ်သိမ်းသော စပါးဖြင့် စိမ်သော သောဝီရကမည်သော ဆေးကို။ (တနည်းကား) ဖွဲဖြင့် ရောသော ရေကို။ နှ ပိဝတိ၊ မသောက်။ သော၊ ထိုသူသည်။ ဧကာဂါရိကောဝါ၊ တအိမ်တည်း၌သာ ဆွမ်းခံသည်လည်း။ ဟောတိ၊ ၏။ ဧကာလောပိကော ဝါ၊ တလုတ်တည်းသာ စားသည်လည်း။ ဟောတိ၊ ၏။ ဒွါဂါရိကော ဝါ၊ နှစ်အိမ်သာ ဆွမ်းခံသည်လည်း။ ဒွါလောပိကော ဝါ၊ နှစ်လုတ်မျှသာ စားသည်လည်း။ သတ္တာဂါရိကောဝါ၊ ခုနစ်အိမ်သာ ဆွမ်းခံသည်လည်း။ သတ္တာလောပိကောဝါ၊ ခုနစ်လုတ်သာ စားသည်လည်း။ ဟောတိ၊ ၏။ ဧကိဿာဒတ္တိယာပိ၊ ခွက်ငယ်တခုမျှဖြင့်။ ယာပေတိ၊ မျှ၏။ ဒွိဟိဒတ္တိဟိပိ၊ ခွက်ငယ်နှစ်ခုတို့ဖြင့်လည်း။ ယာပေတိ၊ မျှ၏။ ဧကာဟိကပွိ၊ တရက်ခြန်လည်း။ အာဟာရံ၊ အာစာကို။ အာဟာရေတိ၊ မျှ၏။ ဒွိဟိကပွိ၊ နှစ်ရက် ခြန်လည်း။ အာဟာရံ၊ အစာကို။ အာဟာရေတိ၊ မျှ၏။လ။ သတ္တာဟိကပွိ၊ ခုနစ်ရက် ခြန်လည်း။ အာဟာရံ၊ ကို။ အာဟာရေတိ၊ မျှ၏။ အမုမာသိကပရိယာယံ၊ လခွဲတကြိမ်။ ဘတ္တဘောဇနာနုယောဂမနုယုတ္တော၊ ထမင်းစားခြင်းနှင့်ယှဉ်သည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ သာကဘက္ခော ဝါ၊ ဟင်းရွက်ဖတ်ကိုသာ စားသည်။ သာမာကဘက္ခော၀ါ၊ နတ်ကောက်ဆန်ကိုသာ စားသည်။ နီဝါရဘက္ခော ဝါ၊ နတ်ကြိတ်ဆန်ကိုသာ စားသည်။ (တနည်းကား) အလိုလိုရောက်သော သလေးဆန်ကိုသာ စားသည်။ ဒဒ္ဒုလဘက္ခော ဝါ၊ သားရေပုပ်ကိုသာ စားသည်။ (သနံပြည်ကိုသာ စားသည်လည်းဟူ၏)။ ဟဋဘက္ခော ဝါ၊ မုန့်ကိုသာ စားသည်။ ကဏဘက္ခော ဝါ၊ ဖွဲညက်ကိုသာ စားသည်။ အာစာမဘက္ခော ဝါ၊ ထမင်းခိုးကိုသာ စားသည်။ ပိညာကဘက္ခော ဝါ၊ ငှက်ပျောပတ်ကိုသာ စားသည်။ တိဏဘက္ခော ဝါ၊ မြက်ကိုသာစားသည်။ ဂေါမယဘက္ခော ဝါ၊ နွားချေးကိုသာ စားသည်။ ဟောတိ၊ ဖြစ်၏။ ဝနမူလဖလာဟာရော၊ တောသစ်မြစ် တောသစ်သီးလျှင် အစာရှိသည်ဖြစ်၍။ ယာပေတိ၊ မျှ၏။ ပဝတ္တဖလဘောဇီ၊ အညာမှကြွေသော သစ်သီးလျှင် အစာရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ သာဏာနိပိ၊ ပိုက်ဆန်လျှော်မျှင်ဖြင့် ရက်သော ပုဆိုးတို့ကိုလည်း။ ဓာရေတိ၊ ဆောင်၏။

မသာဏာနိုပိ၊ ပိုက်ဆန်လျှော်ဆန်ဖြင့် ရောၗရက်သော ပုဆိုးကိုလည်းကောင်း။ ဆဝဒုဿာနိုပိ၊ သူကောင်ပစ်သော ပုဆိုးတို့ကို လည်းကောင်း။ ပံသုကူလာနိုပိ၊ ပုံသူကူပုဆိုးတို့ကို လည်းကောင်း။ တိရီဋ္ဌာနိုပိ၊ သစ်ခွပုဆိုးတို့ကိုလည်းကောင်း။ အဇိနာနိုပိ၊ သစ်နက်ရေတို့ကို လည်းကောင်း။ အဇိနိက္ခိပမ္ပိ၊ ခွာနှင့်တကွသော သစ်နက်ရေတို့ကိုလည်းကောင်း။ ကုသ-စီရံပိ၊ သမန်းမြက်ဖြင့်ကျစ်ကော သက်နိုးကိုလည်းကောင်း။ ဝါကစီရံပိ၊ လျှော်တေဖြင့်ရက်သော ပုဆိုးကိုလည်းကောင်း။ ဖလကစီရံပိ၊ ပျဉ်ပြားစီသော သက်နိုးကိုလည်းကောင်း။ ကေသကမ္မလမ္ပိ၊ ဆံခြည်ကမ္မလာကိုလည်းကောင်း။ ဝါလ ကမ္မလမ္ပိ၊ သားမြီးဖြင့်ရက်သော လမ္မလာကိုလည်းကောင်း။ ဥလူကပက္ခိကမ္ပိ၊ ခင်ပုပ်မွေးဖြင့်ရက်သော ပုဆိုးကိုလည်းကောင်း။ ဓာရေဿ၊ ဆောင်၏။ ကေသမဿုလောစကောပိ၊ ဆံမုတ်ဆိတ်ကို နုတ်ခြင်းသည် လည်းကောင်း။ ကေသမဿုလောစနာနုယောဂမနုယုတ္တော၊ ဆံမုတ်ဆိတ်ကို နုတ်ခြင်းနှင့် ယှဉ်သည်ဖြစ်၍။ ဥဇ္ဇုဇိကောပိ၊ ခုန်၍ သွားသည်လည်း။ ဟောတိ၊ ဖြစ်၏။ အာသနပဋိက္ခိတော၊ နေရာကိုပယ်၍။ ဥက္ကုဋိကောပိ၊ ဆောင့်ကြောင့်ထိုင်သည်လည်း။ ဟောတိ၊ ၏။ ဥက္ကုဋိက-ပဓာနမနုယုတ္တော၊ ဆောင့်ကြောင့်ထိုင်၍ သွားခြင်းနှင့် ယှဉ်သည်ဖြစ်၍။ ကဏ္ဋကာသယိကောပိ၊ ဆူးရှိသောခင်္သေ့ကဲ့သို့။ ဟောတိ၊ ဖြစ်၏။ ကဏ္ဋကာပဿယေ၊ ဆူးရှိသောတံကဲ့သို့။ သေယျမ္ပိ၊ အိပ်ခြင်းကိုလည်းကောင်း။ ဖလကသေယျမ္ပိ၊ ပျဉ်ပြားဌအိပ်ခြင်းကိုလည်းကောင်း။ တဏ္ဍိလသေယျမ္ပိ၊ မြင့်သောမြေအရပ်ဌသာ အိပ်ခြင်းကိုလည်းကောင်း။ ပပွေတိ၊ ပြု၏။ ဧကပဿယိကောပိ၊ နံပါးတဘက်တည်းဖြင့်သာ အိပ်သည်လည်းကောင်း။ ရဇောဇလ္လဓရော၊ မြူဟူသော ရေကိုသာဆောင်၏။ အဇ္ဈောကာသိကောပိ၊ လွင်ဌသာ နေသည်လည်းကောင်း။ ယထာသန္ထတိကောပိ၊ ခင်းတိုင်းသောနေရာဌသာ နေလေ့ရှိသည်လည်းကောင်း။ ဝေကဋိကောပိ၊ ဘင်ကိုသာ စားလေ့ရှိသည်လည်းကောင်း။ ဝိကဋဘောဇနာနုယောဂမနုယုတ္တော၊ ဘင်ကိုသာ စားခြင်းနှင့် ယှဉ်သည်ဖြစ်၍၊ အနုပါနကောပိ၊ ပျစ်သော ချမ်းသောရေကိုသာ သောက်သည်လည်းကောင်း။ ဟောတိ၊ ဖြစ်၏။ အနုပါနကတ္တာမနုယုတ္တော၊ ပျစ်သောချမ်းသော ရေကိုသောက်ခြင်းနှင့် ယှဉ်သည်ဖြစ်၍။ သာယတတိယကမ္ပိ၊ တနေ့သုံးကြိမ်လျှင်၊ ဥဒကောရောဟဏာ-နုယောဂမနုယုတ္တော၊ မကောင်းမှုကို လျှော်အံ့ဟူ၍ ရေဌဉ်ပါခြင်း လုံ့လနှင့်ယှဉ်သည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ တဿ၊ ထိုသူ၏။ အယံ၊ ဤအကျင့်သည်။ သီလသမ္ပဒါစ၊ သီလ၏ပြည့်စုံခြင်းကိုလည်းကောင်း။ စိတ္တသမ္ပဒါ စ၊ သမာဓိ၏ပြည့်စုံခြင်းကိုလည်းကောင်း။ ပညာသမ္ပဒါ စ၊ ပညာ၏ပြည့်စုံခြင်းကိုလည်းကောင်း၊ အဘာဝိတာ၊ မပွားစေအပ်သည်။ ဟောတိ၊ ၏။ အသစ္ဆိကတာ၊ မျက်မှောက် မပြုအပ်သည်။ ဟောတိ၊ ၏။ အထခေါ၊ စင်စစ်မူကား။ သော၊ ထိုသူသည်။ သာမညာ စ၊ ရဟန်းအဖြစ်မှလည်း။ အာရကာ။ ဝေး၏။ ပြဟ္မညာ စ၊ မြတ်သောအကျင့်မှလည်း။ အာရကာ၊ ဝေး၏။ ။ဤသို့အစရှိသော အယူအကျင့်တို့သည်လည်းထိုတိတ္ထိတို့၏အယူအကျင့်ပင်ဖြစ်တော့သည်။

အင်္ဂုတ္တရနိကာယ် တိကနိပါတ်ကျမ်းဌ ဥပုသ်သုံးပါးကို ပြရာတွင် နိဂဏ္ဌဥပုသ် ဟူသည်ကား တိတ္ထိတို့သည် ဥပုသ်ဆောက်တည်သည်ရှိသော် ယူဇနာတစ်ရာ အပဌရှိသော သတ္တဝါတို့ကိုသာ ငါမသတ်ပြီ၊ ယူဇနာတရာအတွင်းဌရှိသော သတ္တဝါတို့ကိုသာ သတ်မည်။ ဤသို့ အစရှိသည်ဖြင့် ဆောက်တည်သော ဥပုသ်သည် တိတ္ထိတို့၏ ဥပုသ်ဖြစ်သောကြောင့်နိဂဏ္ဌဥပုသ်မည်၏။ ထိုနိဂဏ္ဌ ဥပုသ်သည်ကား အကျိုးမရှိ ဆိုသည်။ ဤကဲ့သို့အယူရှိ၍ကျင့်သောသူတို့၏ အယူသည်တိတ္ထိတို့၏ ဝါဒဖြစ်တော့သည်။

ဝိနည်း မဟာဝါ ပါဠိတော် ပဝါရဏာကဉ္စနကဉ္ဇလည်း-တစ်ဂါတွင်း ကာလပတ်လုံး စကား မဆိုသော ကျင့်ဝတ်ကို ကျင့်ကြကုန်သော ရဟန်းတို့ကို တိတ္ထိတို့၏ ဆောက်တည်ခြင်းဖြစ်သည်၊ မကျင့်အပ်ဟု ပယ်တော်မူ၍ "နု ဘိက္ခဝေ မုခပတံ တိတ္ထိယ သမာဒါနံ သမာဒပေတဗ္ဗံ။ ယော သမာဒပေယျ အာပတ္တိ ဒုက္ကဋဿ" ဟူ၍ သိက္ခာပုဒ်ကို ပညတ်တော်မူသည်ဖြစ်၍ စကားမပြော မဆိုနေကြသော ကျင့်ဝတ်သည် တိတ္ထိတို့၏အကျင့်ပင်ဖြစ်သည်။ ဤမှတပါးလည်း အများပင် ရှိကောင်းသေးသည်။ ဤအရာတွင် အမြင်အယူကို ဆိုသောကာလ။ ပရမတ္ထသဘောတရား အားဖြင့် ဒိဋ္ဌဂတသမ္မယုတ် လေးခုဥ္စ ရှိသော ဒိဋ္ဌစေတသိက်ကိုရသင့်သည်ဖြစ်၍ ဒိဋ္ဌိဟု ရေးသင့် ရှိသင့်သည်။ ထိုမှားသော အယူသည် ဒိဋ္ဌိမည်၏။ထိုအယူနှင့်ယှဉ်သော ပုဂ္ဂိုလ်ကို ဆိုသောကာလ တိတ္ထိယဟု ရှိသင့်သည်။

ရသေ့တို့ ပရိက္ခရာကို မေးရာ၌ ရသေ့တို့၏ အပြားလည်း အများပင် ရှိသည်ဖြစ်၍ မိမိတို့ ပရိက္ခရာလည်း အထူးထူး အပြားပြား အများပင် ရှိရာချေသည်၊ ရသေ့တို့ အပြား များ ကြောင်း ကိုလည်း သုတ္တနိပါတ်အဋ္ဌကထာ။ သုတ်သီလက္ခန် အဋ္ဌကထာ၊ သာရသိဒ္ဓိက-ကျမ်းတို့တွင် ဆိုသည်။ ဆိုဟန်ကား-

ထိုရသေ့တို့၏ အပြားကား။ တတ္ထ အဋ္ဌဝိဓာ တာပသာ၊ သပုတ္တဘရိယာ၊ ဥဉ္ဆာစာရိကာ၊ တံပတ္တကာလိကာ၊ အနဂ္ဂိပက္ကိကာ၊ အယမုဋ္ဌိကာ၊ ဒန္တလူရတာ၊ ပဝတ္တဖလိကာ၊ ဝဏ္ဏမုတ္တိကာ ဟူသည်တည်း။

ထိုရှစ်ပါးသော ရသေ့တို့တွင်-

၁။ **သပုတ္တဘရိယ ရသေ့ကား သားမယားနှင့်တကွ** ရသေ့ပြု၍ လယ်လုပ်ကုန်သွယ်ခြင်း စသည်တို့ဖြင့် အသက်မွေးခြင်းကို ပြုသော ကေနိယရသေ့ စသည်တို့ကဲ့သို့သော ရသေ့တည်း။

၂။ **ဥဉ္ဆာစာရိကရသေ့** ဟူသည်ကား မြို့ရွာတံခါး၌ အရိပ်သခ်မ်းပြု၍ ထိုမြို့ရွာ၌ မင်း ပုဏ္ဏား သား သူငယ် စသည်တို့အား အတတ်ပညာ စသည်တို့ သင်စေ၍ ရွှေငွေကို ပယ်၍ နှမ်း ဆန်စသော ကပ္ပိယဘဏ္ဍာတို့ကိုသာ သိမ်းခံကုန်၏။ ထိုရသေ့တို့သည် သပုတ္တဘရိယ ရသေ့တို့ထက် မြတ်ကုန်၏။

၃။ **တံပတ္တကာလိကရသေ့** ဟူသည်ကား- ဆွမ်းစားသောအခါ၌ အာဟာရကို ခံ၍ သုံးဆောင်ကုန်၏။ ထိုသေ့တို့သည် ဥဉ္ဆာစာရ ရသေ့တို့ထက် မြတ်ကုန်၏။

၄။ **အနဂ္ဂိပက္ကိကရသေ့** ဟူသည်ကား- မီးဖြင့် မချက်သော သစ်သီးတို့ကို ခဲ၍ မှီတ ကုန်၏။ ထိုရသေ့တို့သည် တံပတ္တကာလိက ရသေ့တို့ထက် မြတ်ကုန်၏။

၅။ **အယမုဋ္ဌိကရသေ့** ဟူသည်ကား- ဆောက်ပုတ် ကျောက်ခဲ စသည်တို့ကို ယူ၍ အမှတ်မရှိသောအရပ်သို့ သွားကုန်၏။ အကြောင်အခါ မွတ်သိပ်ခြင်းသည် ဖြစ်၏။ ထိုအခါ ရောက်လေရာရာ အရပ်၌ သစ်ပင်အခေါက်အခဲ့ကို ထုခွာ၍သာ စားကုန်၏။ ဥပုသ်အဂီါကို ဆောက်တည်ကုန်၏။ လေးပါးသော ပြဟ္မာဝိဟာရတို့ကို ပွားစေကုန်၏။ ထိုရသေ့တို့သည် အနဂ္ဂိပက္ကိက ရသေ့တို့ထက် မြတ်ကုန်၏။

၆။ ဒန္တလူရတာရသေ့ ဟူသည်ကား - ဆောက်ပုတ်ကျောက်ခဲ စသည်တို့ဖြင့် မယူမူ၍ သွားကုန်၏။ မွတ်သိပ်သောကာလ၌ မိမိတို့ရောက်သော သစ်ပင်မှ သွားတို့ဖြင့် ခွာကိုက်ပြီးလျှင် သစ်ခေါက်ကိုသာ ခဲ၍ ဥပုသ်အင်္ဂါတို့ကို ဆောက်တည်၍ ဗြဟ္မဝိဟာရတို့ကို ပွားစေ၏။ ထိုရသေ့တို့သည် အယမုဋ္ဌက ရသေ့တို့ထက် မြတ်ကုန်၏။

၇။ ပဝတ္တဖလိကရသေ့ ဟူသည်ကား – ဇာတဿရ အိုင်ကို လည်းကောင်း တောအုပ်ကိုလည်းကောင်း မှီ၍ နေကုန်၏။ ထိုရသေ့တို့သည် ထိုရေအိုင်တို့၌ ကြာရိုးကြာစွယ် စသည်တို့ကိုလည်းကောင်း ထိုတောင်ပွင့်သောကာလ သစ်ပွင့်၊ သီးသောကာလ သစ်သီးတို့ကိုသာ လည်းကောင်း ခဲကုန်၏။ အပွင့်အသီး မရှိသောကာလ အယုတ်သဖြင့် သစ်ခွံကိုမျှ ခဲ၍သာ နေကုန်၏။ အာဟာရအလို့ငှာ အရုပ်တပါးသို့ မသွားကုန်၊ ဥပုသ်အင်္ဂါတို့ကို ဆောက်တည်ကုန်၍ ဗြဟ္မဝိဟာရတို့ကို ပွားစေခြင်းတို့ကိုသာ အမြဲပြုကုန်၏။ ထိုရသေ့တို့သည် ဒန္တလူရတာ ရသေ့တို့ထက် မြတ်ကုန်၏။

၈။ "ဝဏ္ဏမုတ္တိက ရသေ့ ဟူသည်ကား - မြေ၌ကျသော သစ်ရွက်တို့ကို ခဲကုန်၏။ အာဟာရအလို့ငှာ အရုပ်တပါးသို့ မသွားကုန်၊ ဥပုသ်အင်္ဂါကို ဆောက်တည်ကုန်၏။ ဗြဟ္မဝိဟာရတို့ကို ပွားစေခြင်းကို အမြဲပြုကုန်၏။ ထိုရသေ့တို့သည် အလုံးစုံသော ရသေ့တို့ထက် မြတ်ကုန်၏ဟု သုတ္တနိပါတ်အဋ္ဌကထာ ဟိရိသုတ်အဖွင့်တွင် လာသည်။

တနည်းလည်း - သုတ်သီလက္ခန် အဋ္ဌကထာ အမဋ္ဌသုတ်အဖွင့်တွင် လာသည့်ရသေ့တို့၏ အပြားကား –

အဋ္ဌဝိဓာ တာပသာ၊ သပုတ္တဘရိယာ၊ ဥဉ္ဆာစရိယာ၊ အနဂ္ဂိပက္ကိကာ၊ အသာမပါကာ၊ အယမုဋ္ဌကာ၊ ဒန္တဝက္ကလိကာ၊ ပဝတ္တဖလဘောဇနာ၊ ပဏ္ဏုပလာသိကာတိ - စသည်ဖြင့် လာသည်။

အဓိပ္ပာယ်ကား – သပုတ္တဘရိယ၊ ဥဉ္ဆာစရိယ၊ အနဂ္ဂိပက္ကိက၊ အသာမပါက၊ အယမုဋ္ဌက၊ ဒန္တဝက္ကလိက၊ ပဝတ္တဖလဘောဇန၊ ပဏ္ဏုပလာသိက ဟူ၍ ရသေ့မျိုးရှစ်ပါးရှိသည်။

ထိုတွင် –

၁။ အကြင်ရသေ့တို့သည် ကေနီယ ရသေ့တို့ကဲ့သို့ ဥစ္စာကို သိမ်းဆည်းလျက် သားမယားနှင့်တကွ နေကုန်၏။ ထိုရသေ့တို့သည် **သပုတ္တဘရိယ** မည်ကုန်၏။

၂။ အကြင်သူတို့သည်ကား သပုတ္တဘရိယ အဖြစ်မည်သည်ကား ရသေ့တို့အား မလျောက်ပတ်ဟု နှလုံးပြု၍ ရိတ်ရာ နယ်ရာအရုပ်တို့၌ ကောက်ပဲ နှမ်း စသည်တို့ကိုသာ ခံ၍ သုံးဆောင်ကုန်၏။ ထိုရသေ့တို့သည် **ဥဉ္ဆာစရိယ** ရသေ့မည်ကုန်၏။

၃။ အကြင်သူတို့သည် တလင်းတခုမှသည် တလင်းတခုသို့ သွား၍ ကောက်ပဲစသည်တို့ကို ခံ၍ ထောင်းဖွပ်၍ သုံးဆောင်ခြင်း မည်သည်ကား ရသေ့တို့အား မလျောက်ပတ်ဟု နှလုံးပြု၍ ရွာနိုင်းတို့၌ ဆန်ဆွမ်း၊ ပဲဆွမ်းခံ၍ ချက်၍ သုံးဆောင်ကုန်၏။ ထိုရသေ့တို့သည် **အနဂ္ဂိပက္ကိက** ရသေ့မည်ကုန်၏။

၄။ အကြင်သူတို့သည် ရသေ့တို့အား ကိုယ်တိုင် ချက်ပြုတ်၍ စားခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်းဟု ရွာသို့ဝင်၍ ကျက်ပြီးသော ဆွမ်းတို့ကိုသာလျှင် ခံကုန်၏။ ထိုရသေ့တို့သည် **အာသာမပါက** ရသေ့မည်ကုန်၏။

၅။ အကြင်သူတို့သည်ကား-နေ့တိုင်းနေ့တိုင်း ဆွမ်းရှာမှီးရခြင်း မည်သည်ကား ရသေ့တို့အား ဆင်းရဲစွာ၏ ဟု ဆောက်ပုတ် ကျောက် လက်စွဲကုန်လျက် ဝေးပင်စသည်တို့ အခေါက်ကို ခွာထု၍ ခဲကုန်၏။ ထိုရသေ့တို့သည် **အယမုဋ္ဌိက** ရသေ့မည်ကုန်၏။

၆။ အကြင်သူတို့ကား ကျောက်ဖြင့် သစ်ခေါက်ကို ခွာထု၍စားခြင်း မည်သည်ကား ဆင်းရဲကုန်၏ဟု သွားတို့ဖြင့်သာလျှင် ခွာ၍ ခဲကုန်၏။ ထိုရသေ့တို့သည် **ဒန္တဥက္ခလိက** ရသေ့မည်ကုန်၏။

၇။ အကြင် သူတို့သည် သွားဖြင့် ကိုက်ခွာ၍ စားခြင်းမည်သည်ကား ရသေ့တို့အား ဆင်းရဲကုန်၏ ဟု ခဲလှင်ကန် စသည်တို့ဖြင့် ပုတ်ခတ်၍ ကျသော သစ်သီးကိုသာ သုံးဆောင်ကုန်၏။ ထိုရသေ့တို့သည် **ပဝတ္တဖလ ဘောဇန** ရသေ့မည်ကုန်၏။

၈။ အကြင်သူတို့ကား ခဲလှင်ကန် စသည်တို့ဖြင့် ပုတ်ခတ်၍ ကျသော သစ်သီးတို့ကို သုံးဆောင်ခြင်း မည်သည်ကား ရသေ့တို့အား မလျောက်ပတ်ဟု အလိုလို ကြွေကျသော အပွင့် အသီး သစ်ရွက်ရော် စသည်တို့ကိုသာ ခဲ၍ မျှတကုန်၏။ ထိုရသေ့တို့သည် **ပဏ္ဏုပလာသိက** ရသေ့မည်ကုန်၏။

ထို ပဏ္ဏုပလာသိက ရသေ့တို့သည် ဥက္ကဋ္ဌ၊ မဇ္ဈိမ၊ မုဒုကဟူ၍သုံးပါးပြားကုန်၏။ ထိုသုံးပါးတို့တွင် အကြင်ရသေ့တို့သည် နေရာအရပ်မှ မထမူ၍ လက်ဖြင့် မီသောအရပ်၌သာလျှင် ကျသည်ကို ကောက်၍ခဲကုန်၏။ ထိုရသေ့တို့သည် ဥက္ကဋ္ဌမည်ကုန်၏။

အကြင်ရသေ့တို့သည် တခုသောသစ်ပင်မှ တပါးသော သစ်ပင်ကို မသွားကုန်၊ ထိုရသေ့တို့သည် မဇ္ဈိမ မည်ကုန်၏။

အကြင်ရသေ့တို့သည် ထိုသို့သော သစ်ပင်ရင်းကို ကပ်ပြီးလျှင် ရှာမှီး၍ ခဲကုန်၏။ ထိုရသေ့တို့သည် မုဒုက မည်ကုန်၏။ ထိုရှစ်ပါးသော ရသေ့တို့သည် လေးပါးသော ရေတွက်ခြင်းသို့ ရောက်ကုန်၏။

ထိုရှစ်ပါးသော ရသေ့တို့တွင် သပုတ္တဘရိယ ဥဉ္ဆာစရိယ ဤရသေ့ နှစ်ပါးတို့သည် အဂါရိကင်္ဂ ရေတွက်ခြင်းသို့ ရောက်ကုန်၏။ အိမ်ရာထောင်၍ နေသောလူနှင့် အတူသာ ဟူလိုသည်။

အနုဂ္ဂိပတ္တိက၊ အသာမပါက ဤရသေ့နှစ်ပါးတို့သည် အဂျာဂါရ မည်ကုန်၏။ မီးတင်းကုပ်ဖြင့် ချက်ပြုတ်၍ စားသောသူ ဟူလိုသည်။

အယမုဋ္ဌိက၊ ဒန္တဥက္ခလိက ဤရသေ့နှစ်ပါးတို့သည် ကာန္တမူလဖလ ဘောဇနသို့ ပေါင်းအပ်ရေတွက်အပ်သောသူ မည်ကုန်၏။ သစ်ဥ၊ သစ်မြစ်၊ သစ်သီးစား ဟူလိုသည်။

ပဝတ္တာဖလဘောဇန၊ ပဏ္ဏုပလာသိက ဤရသေ့နှစ်ပါးတို့သည် ပဝတ္တာဖလဘောဇန မည်ကုန်၏။ အလိုလိုကြွေကျသော သစ်သီးစား ဟူလိုသည်။

ဤသို့လျှင် ရှစ်ပါးသော ရသေ့တို့သည် လေးပါးသော အပြားသို့ ပေါင်းတွက်ခြင်းသို့ ရောက်ကုန်၏။ ဤသို့လျှင် ရှစ်ပါးသော ရသေ့ လေးပါးသော ရသေ့တို့၏ အပြားရှိကြောင်းကို ဆိုသည်။

ဤသို့ စသည်ဖြင့် ရသေ့တို့သည် များသော အပြားရှိသောကြောင့် ပရိက္ခရာလည်း အများပင် ကွဲပြား၍ ရှိရာချေသည်၊ ထိုရသေ့တို့၏ များသောပရိက္ခရာကိုမူကား – အထူးကျမ်းဂန်တွင် စေ့စုံစွာ မဆို၊သုမေဓာရှင်ရသေ့၏ ပရိက္ခရာကိုသာ အပဒါန်အဋ္ဌကထာ။ ဓမ္မသင်္ဂဟအဋ္ဌကထာ၊ ဇာတတ္ထကိ နိဒါန်း၊ ဗုဒ္ဓဝင်အဋ္ဌကထာ၊ ဗောဓိဝင်၊ နလာဋ္ဌဓာတုဝင် စသည်တို့၌ လာသည်ကို တွေ့ဖူးသည်ကား

> အန္တော်ပဏ္ဏာသာလာယံ ဇဋာမဏ္ဍလ ဝါကစီရ တိဒဏ္ဍကုဏ္ဍိကာဒိကေ တာပသ ပရိက္ခာရေ မဏ္ဍူပေ ပါနီယဃဋ ပါနီယသခ် ပါနီယသရာဝါနိ အဂ်ိါရက-ပလ္လဒါရုအာဒီနိတိ ဧဝံ ယံ ယံ ပဗ္ဗဇိတာနံ ဥပကာရာယ သံဝတ္တတိ။

အန္တော် ပဏ္ဏာသာလာယံ၊ သစ်ရွက်မိုးသော ဇရုပ်၏အတွင်း၌။ ဇဋာမဏ္ဍလ ဝါကစီရတိဒဏ္ဍ-ကုဏ္ဍိကာဒိကေ၊ ဆံကျစ်ဝန်း၊ လျှော်တေသင်္ကန်း၊ သစ်သားသုံးခွ၊ ကရားအစရှိကုန်သော။ တာပသပရိက္ခာရေ၊ ရသေ့တို့၏ ပရိက္ခရာတို့သည် လည်းကောင်း။ မဏ္ဍူပေ၊ မဏ္ဍပ်၌။ ပါနီယဃဋ ပါနီယသခ် ပါနီယသရာဝါနိ၊ ရေအိုး၊ ရေသောက်ခရုသင်း၊ ရေသောက်ခွက်တို့သည်လည်းကောင်း။ အင်္ဂါသာလာယံ၊ မီးတင်းကုပ်၌။ အဂ်ိါရကပလ္လဒါရုအာဒီနိစ၊ မီးအိုးကင်းထင်းအစရှိသည်တို့သည် လည်းကောင်း။ ဣတိဧဝံ၊ ဤသို့။ ယံ ယံ ဥပကရဏ၊ အကြင် အကြင် အဆောက်အဦသည်။ ပဗ္ဗဇိတာနံ၊ ရသေ့ရဟန်းတို့အား။ ဥပကာရာယ၊ ကျေးဇူးပြုခြင်းငှာ။ သံဝတ္တတိ၊ ဖြစ်၏။

ဤသို့ဆိုသော အခြင်းအရာတို့သည် ရသေ့တို့၏ ပရိက္ခရာပင်ဖြစ်သည်။ ထို့ကြောင့် ဆုတောင်းခန်း၌ -- "နေနား သန့်ရှင်း၊ စကြိုတွင်း၌၊ အဆင်းပဲနောက်၊ မြကျောက်ဆောင်ပန်း၊ အင်းပျဉ်ဝန်း နှင့်၊ ဦးစွန်းဆံကျစ်၊ သရစ်ပွင့်ရွှေ့ ဝတ်ပန်းကြွေသို့၊ သုံးထွေ ဝတ်စား၊ ကရားပြတို့၊ ထိုမြို့တုံပြ၊ တရိသူလီ၊ ဇော်ဂီပုဏ္ဏား၊ သုံးစွဲထားသည်၊ သစ်သား သုံးခွ၊ တိဒဏ္ဍနှင့်၊ ကိုင်ထဆောင်နေ၊ သုံးထွေငါက်လောက်၊ ကောက်သည်ထမ်းပိုး၊ ဝါးရိုးခွံနွေး၊ တောင်ဝှေးလက်ကူ၊ တံချွန်ချွန်းတောင်း၊ ခြင်းတောင်းဆိုင်းကြိုး၊ သစ်သီးထည့်ငှာ၊ အညာခမိုး၊ ခပ်အိုးအင်တွဲ၊ ကျည်ထဲပတောက်၊ ရေသောက်ခရု၊ ဆွမ်းခံပြုသား၊ ဆီကုရောင်ဖိတ်၊ သပိတ်မြေဖြစ်၊ ပြာစစ်အိမ်ပူး၊ မယ်ဖျားမီးလှုံ၊ ပွတ်ခုံပွတ်ကျေ၊ မီးမွှေယောက်မ၊ ထိုမျှစုံစေ့၊ အပ်သရွေ့ကို၊ ရသေ့သဖွယ်" ဟူ၍ စပ်တော်မူသည်များသည် ရသေ့ပရိက္ခရာပင် ဖြစ်တော့သည်။

ဤပို့ဒ်၌ **တရိသူလီ**-ဟူသည်တွင် **တရိ**-ဟူသည်ကား သုံးခုဆိုလိုသည်၊ **သူလီ**-ဟူသည်ကား တံကျင်ဟူလိုသည်၊ သစ်သားတံကျင် သုံးချောင်းရှိသည့် ပရိက္ခရာဆိုလိုသည်။

သူလီ သဒ္ဒါလည်း တံကျင်ကိုပင်ဟော၏။ ကျမ်းဂန်၌ မာဂဓဘာသာဖြင့်တိဒဏ္ဍ-ဟူ၍ပင်ပါ၌ ရှိ၏။ မြန်မာဘာသာ၌လည်း ဆရာအဆက်ဆက် တံကျင်သုံးခု မခေါ်မူ၍ တိဒဏ္ဍပင်ခေါ်ပြန်သည်။ ဤခေါ်ရိုးနှင့်တကွ အဓိပ္ပာယ်ကို ပြလို၍ "တရိသူလီ၊ ဇော်ဂီပုဏ္ဏား၊ သုံးစွဲထားသည်။ သစ်သားသုံးခွ၊ တိဒဏ္ဍနှင့်" ဟူ၍ ဖော်လွှက်စပ်လေသည်။

မဟာဗောဓိပရိဗ္ဗာဇကာဇာတ်တွင် မဟာဗောဓိပရိဗ္ဗိဇ်သည် မြက်ခြေနင်း ထီး စသည်တို့ကို ပြင်၍နေကြောင်း ရာမပဏ္ဍိတဇာတ်တွင် ရာမပဏ္ဍိတရသေ့က မြက်ခြေနင်းကို တရားဆင်ရာ ထားစိမ့်သောဌာပေးလိုက်ကြောင်းများကို ဇာတ်ကျမ်းတွင်ဆိုသည်ဖြစ်၍မြက်ခြေနင်းသည်လည်း ရသေ့တို့ ပရိက္ခရာပင် ဖြစ်တော့သည်။

၄၅- ပန္ထာ။ ။ရသေ့တို့ ပရိက္ခရာတွင် လျှော်တေဆိုသည်ကား အဘယ်ဖြစ်မည်ကို သိလိုပါသည်။

သဏ္ဌာဇ် ၁၁၇၁-ခု။ တော်သလင်းလဆန်း ၁-ရက်၊ ကြာသပတေးနေ့၊ မုံရွာသိရိမာလာက လျှောက်လာရာတွင် ဖြေဆိုလိုက်သည်ကား။

၄၅- ဝိသဇ္ဇနာ။ ။ရသေ့တို့ လျှော်တေကို မေးရာ၌-

ဝက္ကလော ဝါ တိရိဋ္ဌက်-ဟု အဘိဓာန်စာကိုယ်တွင် ဆိုသည်။ ကစ္စည်းကျမ်း သဒ္ဒါဥဏာဒိ တွင်လည်း ဝက္ကေ ရုက္ခတ္တစေ အလန္တိ ဝက္ကလဲ-ဟု ဝစနတ္ထကို ပြသည်။ ယောဇနာပြတွင်လည်း သစ်ခွံတိ ဝက္ကလဲ ဝုတ္တံ၊ သစေ ဝုစ္စတိ ဝက္ကလဲ-ဟု ဂါထာရှိသည်ဖြစ်၍ ဝက္ကလ၊တိရိဋ္ဌက တို့ဖြင့် ပြအပ်သော လျှော်တေကို သစ်ပင်က ထုခွာ၍ ယူသည့် သစ်ခွံ သစ်ခေါက်ဟု ယူသင့်သည်။

သစ်ခွံ သစ်ခေါက် ဖြစ်ကြောင်းကိုလည်း ဆုတောင်းခန်းတွင်- " တလ္လညိုငေါက်၊ လူနံ့ ဖျောက်လျက်၊ သစ်ခေါက်လည်းပတ်၊ လဲချွတ်အမွေး၊ လှူညစ်ကြေးကို။ လျှော်ဆေးမှုထား၊ လှူဝတ်စားလည်း။ ။ငါ့အားပယ်ရပြီသတည်း"ဟုစပ်တော်မူသည်။ရသေ့တို့သည် ဝါချည်ပုဆိုး ဝါချည်သင်္ကန်းတို့ကို ဝတ်ရုံခြင်း၌ အရာမဟုတ်၊ ကိုးပါးသော အပြစ်ရောက်သည် ဆိုလိုသည်။ ထိုစကားကို ပြလို၍ ဆုတောင်းခန်း၌ –

"ရသေ့မည်သည်၊ ဝါချည်အမျိုး ၊ပုဆိုးသင်္ကန်း၊ မရာလွန်းခဲ့" ဟူ၍လည်းကောင်း။ "အပေါင်းကိုးမည်၊ ဤသို့တည်သော်၊ ဝါချည်အမျိုး၊ လူပုဆိုး၌၊ ကြိုးဘို့လည်းထွေး၊ အပြစ်သေးကို၊ ဆွေးနွေးရှင့်ဘ၊ ပုဏ္ဏားလှကား၊ ဆုန်းဆကြဲနှိုက်နဲ့သတည်း" ဟူ၍လည်းကောင်း စပ်လေသည်။ သုမေဓာရှင်ရသေ့ လျှော်တေမှာကား သစ်ခေါက်သစ်ခွံမဟုတ်ချေ။

မုဥ္ဇတိဏံ ဟီရံဟီရံ ကတွာ ဂန္ထေတွာ ကတံ ဝါကစီရံ နိဝါသနပါရုပနတ္ထာယ
အာဒိယိန္တိ အတ္ထော –

ဟူ၍ အဋ္ဌသာလိနီ အဋ္ဌကထာတွင်ဆိုသည်။

မုဥ္ဇတိဏံ၊ ဖြူဆံမြက်ကို။ ဟီရံဟီရံ ကတွာ၊ အမျှင်အမျှင်ပြု၍။ ဂန္ထေတွာ၊ ဖွဲ့၍။ အတ္တနာ၊ မိမိသည်။ ကတံ၊ ပြုအပ်သော။ ဝါကစီရံ၊ လျှော်တေသင်္ကန်းကို။ နိဝါသနပါရုပနတ္ထာယ၊ ဝတ်ရုံအံ့သောဌာ။ အာဒိယိ ၊ ယူပြီ။ ဣတိ အယံ၊ ဤသည်ကား – အတ္ထော၊ အနက်တည်း၊

ဆုတောင်းခန်းတွင်လည်း –"ချုပ်တည့် ချောမော၊ ဖြူဆံကျောတည့်။ ကုံးစောလတိမ်၊ ကျစ်ကာလိမ်သည့်၊ မွေ့သိမ်တင့်ဆန်း၊ လျှော်နှားစွန်းကို၊ သင်္ကန်းသင်းပိုင်၊ မှတ်၍ကိုင်ပြီး၊ ဝတ်ခါနီး၌၊ ကောင်းချီးထွေခေါ်၊ ငါ့အားလျှော်သည်၊ သူတော်မွေးရေ၊ ဤလျှော်တေကား" ဟူ၍ စပ်တော်မူသည်များကိုထောက်၍ဖြူဆံမြက်ကိုအမျှင်အမျှင်ပြု၍ ရက်သည့် ထုံးသည့် အဝတ်မှတ်ရာသည်။

၄၆–ပဌာ။ သစ်နက်ရေဆိုသည်ကား သစ်ပင်ကခွာအပ်သော သစ်ခေါက်သစ်ခွံဖြစ်မည်။ သစ်မည်သော သားမျိုးဇာတိ တိရစ္ဆာန်၏ အရေဖြစ်မည်ကို အတပ်သိလို ပါသည်။

၄၆–ဝိသဇ္ဇနာ။ ။သစ်နက်ရေဆိုသည်ကား သစ်ပင်က ခွာအပ်သော သစ်ခေါက် သစ်ခွံဖြစ်မည် သစ်မည်သော သားမျိုးဇာတိ တိရစ္ဆာန်၏ အရေဖြစ်မည်ကို အတပ်သိလို ပါသည် ဆိုရာ၌ –

စမ္မန္တိ အဇိနံ ပျထ။ စမ်း၊ သစ်နက်ရေ။ အဇိန်၊ သစ်နက်ရေဟူ၍ အဘိဓာန်တွင် ဆိုသည်။ ။ ဝိနယသင်္ဂဟ အဋ္ဌကထာတွင်လည်း အဇိနပွဝေဏီတိ အဇိနစမ္မေဟိ မဉ္စပွမာဏေန သိဒ္ဓိတ္ထာ ကတပဝေဏီ-ဟူ၍လည်းကောင်း။

တိကနိပါတ် အင်္ဂုတ္တိရ်ဋ္ဌကာကြီး ကိုးကြောင်းစာ မိ အင်္ဂါတွင်လည်း –

အဇိနစမ္မေဟိတိ အဇိနမိဂစမ္မေဟိ။ တာနိ ကိရ စမ္မာနိ သုခုမတရာနိ။တသ္မာ ဒုပဋ္ဋ တိပင္ဆာနိ ကတ္တာ သိဗ္ဗန္တိ။

ဟူ၍ ပြဆိုသောကြောင့် သစ်ပင်မဟုတ်ချေ။ သစ်နက်မည်သော သားမျိုး၊ အဇိနမိဂတို့၏ အရေဖြစ်ချေသည်။ ထိုအရေသည် မည်ကာမတ္တ အရေမဟုတ်၊ သိမ်မွေ့နူးညံ့လှသည်။ နှစ်ထပ်သုံးထပ်ပြု၍ ချုပ်ကုန်သည်။ ထို့ကြောင့် အင်္ဂုတ္တိရ်ဋ္ဌကာကြီးတွင် "တာနိ ကိရ စမ္မာနိ သုခုမ-တရာနိ။ တသ္မာ ဒုပဋ္ဋ တိပင္ဆာနိ အတ္တာ သိဗ္ဗန္တိ" ဟူ၍ လာချေသည်။ ။ထိုသားမျိုးလည်း သစ်မည်ကာမတ္တ မဟုတ်၊ ခွာလေးဘက်ရှိသော နက်ကျောသိမ်မွေ့သော အရေ အမွေးရှိသော သုခုမတရ သားမျိုးအထူး ဖြစ်သည်။မဟာသယန နေရာကြီးနှစ်ဆယ်တွင်သွင်း၍ရေတွက်သည်။ မဟာသယန နေရာကြီးသို့ရောက်အောင် ပြုပြင်သောကာလ ဥပုသ်သီတင်း ဆောက်တည်သော ဥပါသကာ၊ ဥပါသိကာ၊ သာမဏေ၊ ရဟန်းတို့ မအိပ်မနေရချေ။ ဘုရားလောင်း ဖွားသော ကာလလည်း စတုမဟာရာဇ် နတ်လေးယောက်တို့သည် လောကၠ မဂ်လာဟု သမုတ်အပ်သော သစ်နက်ရေဖြင့် ခံလင့်ကြောင်းကို ဆိုသည်။ ဝေဿန္တရာဇာတ်တွင် ကဏှာဇိန်မင်းသမီးဖွားသော ကာလလည်း သစ်နက်ရေဖြင့် ခံကြောင်းကို ဆိုသည်။ ထိုသစ်နက်ရေသည် ဝေးသော တိုင်းပြည် မြို့ရွာတွင်သာ ရှိဟန်ထင်သည်။ ။ပူတကေကုလရာဇဝံသပဝေဏီတွင်လည်းဤလိမာဒေကဟဒေရာ ခေါ်သည့်ကွန်း၌ စပျစ်ရည် အများရသည်။ သစ်နက်အများ ရသည်ဆိုသည်။ ထို့ကြောင့် ထိုသစ်နက်မည်သော တိရစ္ဆာန်သည် ငါတို့ မြန်မာတိုင်းနိုင်ငံတွင်လည်းကောင်း၊ တရုပ်တရက်၊ ယွန်း၊ လူး၊ လင်းဇင်း၊ အကျော်၊ လဝိုက် မျက်နှာမည်း၊ ယိုးဒယား၊ ရက္ခိုင်၊ စစ်တကောင်း၊ ပန်းဝါ၊ အင်္ဂလပတ်၊ ကသည်း၊ တက်ခေါင်၊ ဒါကာ၊ ဒီလီ၊ ဝိလပ်၊ ကုမ္ဘိလာ၊ ကလ္လကတ္တာ၊ မုတ်သူဇာ၊ ပတ်၊ ဝီလစ်၊ မုံဂရာဇ်၊ ဇရုတ်၊ ပတနာ၊ ဗဏာရဝ်စသော အနီးအပါး မြို့ရွာ တိုင်းပြည်များတွင် ရှိကြောင်းများကို စာဟောင်းစာစောင် အထွက်အဆို မတွေ့ဖူးချေ။ ဤလိမာဒေကဟဒေရာကွန်းတွင် ရှိကြောင်းကိုသာ တွေ့ဖူးရချေသည်။ ။ထိုသစ်နက်ရေ အထူးကိုလည်း အဋ္ဌသာလိနီအဋ္ဌကထာ၌ပင် "ပုန္နာဂပုပ္ဖံ သန္ထရသဒိသံ။ပုန်းညက်ပွင့် အခင်းနှင့်တူသော။ သခုရံ၊ ခွာနှင့် တက္ကသော။ အဇိနစမ္မံ၊ သစ်နက်ရေကို။ ဧကံသေ၊ ပခုံးတဘက်၌။ ကတ္တာ၊ တင်၍။"ဟု ဆိုသည်။ ထို့အတူ အပဒါန်အဋ္ဌကထာဇာတတ္ထကီနိဒါန်းတို့တွင်လည်းကောင်း ဝိနည်းအဋ္ဌကထာတို့တွင်လည်းကောင်း ဆိုသည်။ ။သုဝဏ္ဏသာမသူဋ္ဌေးခန်းတွင်လည်း " အခြေစုံစွာ၊ ခွာလည်း

လေးဘက်၊ ကိုယ်မပျက်သား၊ သစ်နက်ရေစင်၊ ပခုံးတင်၍"ဟု စပ်တော်မူသည်။ ။ပခုံးတင်၍ဟု ဆိုသော်လည်း ပခုံးတင်ရုံမျှသာ မဟုတ်။ ပခုံးတဘက်၌ ရုံသောအဝတ်ပင် မှတ်သင့်သည်။ ထို့ကြောင့် စတုက္ကနိပါတ် တတိယဝဂ် ဂေါဓဇာတ်တွင်လည်း "အဇိနံ အာဒိယတိ ဧကံသံ ကတ္တာ ပါရုပိတေန အဇိနစမ္မေန" ဟုလာသောကြောင့်တည်း။

ဆရာမြတ်တို့ကား ခွာလေးလုံးရှိသော ဤသစ်နက်သည် မန္တိမဒေသ ဟိမဝန္တာစသော ဧကာတို၌သာ ရှိသည်။ ငါတို့ တိုင်းနိုင်ငံများတွင် မရှိသော သားမျိုးဖြစ်သည်ဟု ဆိုကုန်သည်။ အဘိဓာန်တွင်–ကရဇော တု နခေါ နိတ္ထိ။ ကရဇော၊ လက်သည်း။ နခေါ၊ လက်သည်း။ နိတ္ထိ၊ ပုံးလိုင် နပုံးလိုင်တည်း။ လက်သည်း၏ ပရိယာယ်နှစ်ပါးကို ပြပြီးလျှင် "ခုရော၊ သဖံ" ဟူ၍ ဆိုသည်။ ခုရော၊ ခွာ။ သဖံ၊ ခွာ။ ခွာပရိယာယ်နှစ်ပုဒ်ကိုပြပြန်သည်ဖြစ်၍ ခွာနှင့် လက်သည်းကို အခြားသန့်သန့်ခွဲ၍ ယူသင့်သည်။ ဝိနည်းအဋ္ဌကထာတွင် –

> နခေန ကပ္ပိယံ ကရောန္တေန ပူတိနခေန နာ ကာတဗ္ဗံ၊ မနုဿာနံ ပန သီဟဗျဂ္ဃဒီပိ မကာ္ကရာနံ သကုန္တာနဉ္စ နခါ တိခိဏာ ဟောန္တိ။ တေဟိ ကာတဗ္ဗံ။ အသာ မဟိသ သူကရ မိဂ ဂေါ ရူပါဒီနံ ခုရာ အတိခိဏာ။ တေဟိ နာ ကာတဗ္ဗံ။ ကတံပိ အကတံဝ ဟောတိ။ ဟတ္ထိ နခါ ပန ခုရာ နာ ဟောန္တိ။ တေဟိ စ ဝဋ္ဋတိ။

ဟု သမဏာ ကပ္ပိယကာရ ငါးပါးတွင် လက်သည်းဖြင့် ကပ္ပိခြင်း၌ ပုပ်ဆွေးသော လက်သည်းဖြင့် မပြုအပ်။ လူတို့၏ လည်းကောင်း။ ခြင်္သေ့၊ ကျား ၊ သစ်၊ မျောက်၊ ဥက်တို့၏ လည်းကောင်း။ လက်သည်းသည် ထက်ကုန်။ ထိုလက်သည်းတို့ဖြင့် ပြုအပ်၏။ မြင်း၊ ကျွဲ၊ နွား၊ ဝက်၊ သမင်၊ စိုင်တို့၏ ခွာသည် မထက်ကုန်၏။ ထိုခွာတို့ဖြင့် ကပ္ပိခြင်းကို မပြုအပ်။ ပြုသော်လည်း ပြုရာမရောက်။ ဆင်တို့၏ လက်သည်းသည် ခွာမဟုတ်။ ထိုဆင်တို့၏ လက်သည်းဖြင့် ပြုသော်ကား အပ်၏ဟု ဝိနည်းအဋ္ဌကထာ၊ ဝိနယသင်္ဂဟအဋ္ဌကထာ စသောကျမ်းတို့၌ ဆိုသည်များကို ထောက်သော် ခုရသဒ္ဒါနှင့် နခါသဒ္ဒါ အလွန်ကွာသည်။ သစ်မျိုး ကျားမျိုးကိုလည်း လက်သည်းရှိ တိရစ္ဆာန်မျိုး ဖြစ်သည်ဟု ဆိုသည်။ သစ်နက်မျိုးမှာ ခုရဇာတိဟု ဆိုသည်။ အနောက်ပြည်ကြီးက ရောက်လာသော ဇော်ဂီခေါ်သော သူတို့တွင် ပါလာသည်မှာလည်း နက်ကြောသော အဆင်းရှိသည်။ ပါးသော အရေရှိသည်။ ခွာနှင့် တကွဖြစ်သည်။ သို့အသိုးအခြားဆိုလျက် ဆုတောင်းခန်းတွင် "ပွင့်ကြီးအေးမြက်၊ ပုန်းညက်သဖွယ်၊ ပန်းပေါင်းခြယ်သို့၊ သပ္ပာယ်လှစွာ၊ ခြေသည်းမွာတည့်၊ အရာမပျက်။ သစ်နက်အရေ၊ ဆောင်စနေကို၊ ပြေပြေပြစ်ပြင်၊ ခေါက်စနစ်လျက်" ဟူ၍ စပ်လေသည်မှာ ယခုငါတို့ တိုင်းနိုင်ငံ၌ရှိသော ဒီပိသဒ္ဒါ ဟောသော သစ်ပြောက်ကို ရည်၍ စပ်တော်မူချေသည်။ ဒီပိမည်သော သစ်ပြောက်နှင့် အဇိနမည်သော သစ်နက်သည် အတူတူပင် ဖြစ်လေသလော ဟူငြားအံ့။

နာ ဒီပိ စမ္မ ပရိက္ခဋာ ဥပါဟနာ ဓာရေတဗ္ဗာ။ နာ အဇိနစမ္မပရိက္ခဋာ ဥပါဟနာ ဓာရေတဗ္ဗာ။ ဟု သစ်ပြောက်ရေဖြင့် လည်းကောင်း။ သစ်နက်ရေဖြင့်လည်းကောင်း ကွပ်သော ဖိနပ်တို့ကို မဆောင်အပ်ဟု ခြား၍ ဝိနည်းမဟာဝါတွင် ဟောတော်မူသောကြောင့် အတူတူ မဟုတ်ဟု

မှတ်အပ်၏။ ဒီပိကို သစ်ပြောက်ဟု အဘယ့်ကြောင့် သိအပ်သနည်း ဟူမူကား။ စိတ္တော သေယျထာပိ ဒီပိစ္ဆာပေါ၊ ဟု ပြောက်ကြားသော သစ်ငယ်ကို ပမာပြု၍ ဝိနည်း မဟာဝါတွင်ပင် လာသောကြောင့် ဒီပိသဒ္ဒါကား သစ်ပြောက်ကို ဟောသည်ဟု သိသင့်သည်။ သို့ကိုလျက် သစ်နက်ရေကို မစပ်။ ခြေသည်းရှိသော သစ်ပြောက်ကို စပ်လေသည်ကား ထိုသစ်ပြောက်၏ အရေကိုလည်း ရသော့်တို့ သုံးဆောင်အပ်သည်ပင်ဟု ရည်မှတ်၍ စပ်တော်မူလေသည်ဟု ယူရန်ရှိ၏။

၄၇-ပဏ္ဍာ။ ။အဘယ့်ကြောင့် ရသော့်တို့သည် သစ်နက်ရေကို ဆောင်စမှတ်ပြုသည်ကို သိလိုပါသည်။

၄၇-ဝိသဇ္ဇနာ။ ။အဘယ့်ကြောင့် ရသော့်တို့ သစ်နက်ရေကို ဆောင်စမှတ်ပြုသနည်းဟု မေးရာ၌ ဆရာတို့ အသီးသီး ဝါဒကွဲကြ၏။ ဇာတတ္ထကထိန်းနိဿယတွင် သစ်နက်တို့သည် ရာဂနည်းသည်။ တသက်အဖို့တွင် တကြိမ်သာ မေထုန်မှီဝဲခြင်းကိုပြုသည်။ ထိုသစ်နက်တို့ကဲ့သို့ ရာဂခေါင်းပါးအောင် ကျင့်အပ်၏ဟု ဆောင်စမှတ်ပြုသည်ဟု ဆိုသည်။ အနောက်ပြည်ကြီးက ရောက်လာသော ဇော်ဂီခေါ်သည့် သူတို့လည်း ထို့အတူပင်ပြောဆိုသည်။ အချို့ဆရာတို့သည် သစ်နက်တို့သည် အစာကို ခုပ်စားသော ကာလ လက်ယာဘက်သို့ ကျသော အစာကိုသာ စားသည်။ လက်ဝဲဘက်ကို ကျသောအစာကို မစားလေသကဲ့သို့ ထို့အတူ ငါတို့သည် ရသေ့ရဟန်းပြုသည့် နေ့မှစ၍ မတရားသဖြင့်ရသော အစာကို မစား၊ တရားသဖြင့်ရသော အစာကိုသာ စားမည်ဟူ အဓိဋ္ဌာန်ထား၍ သစ်နက်ရေကို ဆောင်သည်ဟု ဆိုသည်။ အချို့သော ဆရာတို့လည်း သစ်နက်မျိုးတို့သည် တောချုံပုပ္ပေါင်းက အောင်းနေ၍ အစာကို ရှာသကဲ့သို့၊ သစ်နက်ရေကို ဆရာပြု၍ ငါတို့ရသေ့သည်လည်း တောချုံ တောကျောင်း အောင်းနေ၍ ဈာန်သမာပတ်ကို ရှာရာ၏ဟု ပမာပြု၍ သစ်နက်ရေကို ဆောင်စမှတ် ပြုသည်ဟု ဆိုကြကုန်၏။

၄၈-ပဏ္ဍာ။ ။ရသေ့တို့ ဆံကျစ်ဆိုသော အရာ၌လည်း ဆံပင်ကို ဆံကျစ်ဆိုမည်။ အခြားကိုပင် ဆံကျစ်ဆိုမည်ကို သိလိုပါသည်။

၄၈-ဝိသဇ္ဇနာ။ ။ရသေ့တို့၏ ဆံကျစ်ဆိုရာ၌လည်း ဆံပင်ကိုပင် ဆံကျစ်ဆိုသည်။ အခြားကို ဆံကျစ်ဆိုသည်ကို သိလိုပါသည် မေးရာ၌–

ကေသစယေ တာပသာနံ တဟိံ ဇဋာ။ ။တဟိံ ကေသစယေ၊ ထိုဆံစုအပေါင်း၌။ တာပသာနံ၊ ရသေ့တို့အား။ ဇဋာ၊ ဆံကျစ်မည်၏ဟု အဘိဓာန်တွင် လာသည်။ အရဟတ္တမဂ်တည်းဟူသော ထီးလှိုင်ဌက်ကို ထောင်လိုသောဌာ ဆံကျစ်တည်းဟူသော ကျောကွင်းဦးသျှောင်ကို ပြသည်ဟူ၍ စတုဓမ္မသာရတွင် အစပ်အဆိုရှိသည်။

ကေသေ မုဋ္ဌိတ္တာဟံ တတ္ထ၊ ဝါကစီရဉ္ဆ ဓမ္မကံ။
ကလလေ ပတ္ထရိတ္တာန၊ အဝကုဇ္ဇော နိပဇ္ဇဟံ။

ဟူ၍ လာသော ဗုဒ္ဓဝင် ပါဠိတော်တို့ကို ထောက်၍ ပကတိ ဆံကိုကျစ်၍ ထုံးသည်ကိုလည်း ဆံကျစ်ဟု ဆိုအပ်၏။

အန္တော ပဏ္ဏာသာလာယံ ဇဋာမဏ္ဍလဝါကစီရတိဒဏ္ဍာကုဏ္ဍိကာဒိကေ တာပသပရိက္ခာရေ။

အန္တောပဏ္ဏာသာလာယံ၊ သစ်ရွက်မိုးသောကျောင်း၏ အတွင်း၌။ ဇဋာမဏ္ဍလ ဝါကစီရ တိဒဏ္ဍာကုဏ္ဍိကာဒိကေ၊ ဆံကျစ်ဝန်း၊ လျှော်တေသင်္ကန်း၊ သစ်သားသုံးခွ၊ ကရားအစရှိကုန်သော။ တာပသပရိက္ခာရေ၊ ရသေ့တို့၏ ပရိက္ခရာတို့ကို။ ဟူ၍ ဆံကျစ်ဝန်းကို ဝိသုဂ်နတ် ဖန်ဆင်းကြောင်းကို ဆိုသောကြောင့်လည်းကောင်း။

ဇဋာမဏ္ဍလံ ပဋိမုဉ္စိတွာ စူလာယ သဒ္ဒိဒ် နိစ္စလဘာဝကရဏတ္ထံ သာရသူစိ ပဝေသေတွာ။

ဇဋာမဏ္ဍလံ၊ ဆံကျစ်ဝန်းကို။ ပဋိမုဉ္စိတွာ၊ စွပ်၍။ စူဠာယ၊ ဦးသျောင်နှင့်။ သဒ္ဒိ၊ တကွ။ နိစ္စလဘာဝကရဏတ္ထံ၊ မြဲမြံသော အဖြစ်ကို ပြုအံ့သောငှာ။ သာရသူစိ၊ အနှစ်ရှိသော တံကျင်ကို၊ ပဝေသေတွာ၊ သွင်း၍။ နတ်တို့ဖန်ဆင်းသောဆံကျစ်ဝန်းသို့ စွပ်၍ ဥသျောင်နှင့်တကွ မြဲမြံသော အဖြစ်ကိုပြုအံ့သောငှာ အနှစ်ရှိသောကန့်လန့်တံကျင်ကိုထိုး၍ ထားကြောင်းကို ဆိုသောကြောင့် ဆုတောင်းခန်း၌လည်း–

"နေနားသန့်ရှင်း၊ စကြိုတွင်း၌ အဆင်းပဲနောက်၊ မြကျောက်ဆောင်ပန်း၊ အင်းပျဉ်ဝန်း နှင့်၊ ဦးစွန်း ဆံကျစ်" ဟူ၍ နတ်ဖန်ဆင်းကြောင်းကို စပ်သည်လည်းတချက်။

"ပြုပြင်ဦးရစ်၊ ဆံကျစ်လည်းစွပ်၊ သျောင်ကျင်တပ်မှ၊ တင့်အပ်ကိုယ်ဝယ်" ဟူ၍ ဦးသျောင်တွင် ဆံကျစ်စွပ်၍ တံကျင်ထိုးတပ်ရကြောင်းကို ဆိုသည်လည်း တချက်။

ဝိနည်းမဟာဝါ ပါဠိတော် ဥရုဝေလဘာဏဝါရတွင်လည်း–

အထ ခေါ တေ ဇဋိလာ ကေသမိဿံ ဇဋာမိဿံ ခါရိကာဇမိဿံ အဂ္ဂိဟုတမိဿံ ဥဒကေ ပဝါဟေတွာ။

အထခေါ၊ ထိုအခါ၌။ တေ ဇဋိလာ၊ တို့ရသေ့တို့သည်။ ကေသမိဿံ၊ ဆံဖြင့်ရောထသော၊ ဇဋာမိဿံ၊ ဆံကျစ်ဖြင့်ရောထသော။ ခါရိကာဇမိဿံ၊ ပြာစစ်ထမ်းပိုးဖြင့်ရောထသော။ အဂ္ဂိ-ဟုတမိဿံ၊ မီးပူဇော်ခြင်းဖြင့် ရောထသော။ ပရိက္ခာရံ၊ ပရိက္ခရာကို။ ဥဒကေ၊ ရေ၌။ ပဝါဟေတွာ၊ မျှောလိုက်၍။ ဟူ၍ ဆံကျစ်ကိုရေဝယ်မျှောလိုက်ကြောင်းကို ဆိုသည်လည်းတချက်။

ဤသို့လာသော နည်းနာနယ ဥပဒေသတို့ကိုထောက်၍ ဆံကျစ်ဆိုသည်ကား ဆံမှအခြား ဖြစ်ကြောင်းကို သိသာသည်။ ဂန္ဓာရဇာတ်တွင် ဆားထုပ်ကို ဆံကျစ်ကြားတွင် ချုပ်၍ထားသည်ကို ဆိုသည်။ ။ဘူရိဒတ်ဇာတ်တွင်လည်း ရသေ့အယောင်ဆောင်သော နောင်တော်သုဒဿန၏ ဆံကျစ်ကြားတွင် ဖားအယောင် ဆောင်သော အဇမုခီ နှမငယ်ကို ချုပ်၍ ဆောင်ယူခဲ့ကြောင်းကို ဆိုသည်။ ဤသို့ဆိုသည်မျှားသည်လည်း ကေသန္တရမဆို။ ဇဋန္တရဟုဆိုသည်ဖြစ်၍ သုမေဓာရှင်ရသေ့၏ နတ်ပေးသော, ဆံကျစ် ကဲ့သို့ပင် ဆံမှအခြား ဆံကျစ်ဟုယူသင့်သည်။ ဆရာမြတ်တို့ကား– ယခုအခါ ဒေါက်ချာဟု ခေါ်ဝေါ်သော သီသာလက်ာရပင် ဖြစ်သည်ဟု ဆိုကြကုန်၏။

၄၉-ပဏ္ဍာ။ ။ပိုးမျိုးရှစ်ဆယ်တို့၏ အမည်နာမ နေရပ်ဌာနတို့ကို သိလိုပါသည်။

၄၉-ဝိသဇ္ဇနာ။ ။ပိုးမျိုးရှစ်ဆယ်တို့၏ အမည်နာမ နေရပ်ဌာနတို့ကို သိလိုပါသည် မေးရာ၌–

ပိုးမျိုးရှစ်ဆယ်တို့၏ အမည်နာမ နေရပ်ဌာနကို ကျမ်းဂန်တို့၌ စေ့စေ့စုံစုံ ကုန်စင်အောင် မတွေ့ဖူးပေ။ တွေ့ဖူးသမျှမှာလည်း မစေ့စုံလွန်းရှိသည်။ တွေ့ဖူးသည့် ကျမ်းဂန်စုတို့တွင် မူလ ပဏ္ဏာသ အဋ္ဌကထာ ဝမ္မိကသုတ်အဖွင့်၌—

ဆဝိ နိသိတာ ပါဏာ စမ္မနိသိတာပါဏာ မံသနိသိတာပါဏာနှာရုနိသိတာပါဏာ အဋ္ဌိနိသိတာပါဏာ အဋ္ဌိမိဉ္ဇနိသိတာပါဏာတိ ဧဝံ ကုလဂဏနာယ အသိတိမတ္တာနိ ကိမိကုလ-သဟဿာနိ အန္တောကာယသ္မိံ ယေဝ ဇာယန္တိ။ ဥစ္စာရပဿာဝံ ကရောန္တိ။ ဂေလညေန အာတုရိတာနိ သယန္တိ။ မဟာ နိပတန္တိ။ ကွတိ အယံပိ တေသံ ပါဏာနိ သူတိယရဝစ္ဆကုဋ္ဌိ-ဂိလာနသာလာ သုသာနဋ္ဌ ဟောတီတိ ဝမ္မိကေဝ သဒ္ဒံ ဂတော။ ဟူ၍လာသည်။

အဓိပ္ပါယ်ကား။ ပြင်အရေကို မှီသောပိုး၊အတွင်းအရေကိုမှီသောပိုး၊ အသားကိုမှီသော ပိုး၊ အကြောကိုမှီသောပိုး၊ အရိုးကိုမှီသောပိုး၊ ရိုးတွင်းခြင်ဆီကိုမှီသောပိုး၊ ဤသို့အမျိုးတို့၏ အရေအတွက်အားဖြင့် ရှစ်သောင်းမျှသော ပိုးအပေါင်းတို့သည် ကိုယ်တွင်း၌သာလျှင် ဖြစ်ကုန်၏။ ကျင်ကြီးကျင်ငယ် ပြုကုန်၏။ သူနာအိမ်ကို ပြုကုန်၏။ သုသာန် သချိုင်းကို ပြုကုန်၏။ ထို့ကြောင့် ဤစာတုမဟာဘူတိက ကာယသည် ဝမ္မိကဟုထိုအပ်သော တောင်ပို့ဟူသော ခေါ်ဝေါ်ရေတွက် ခြင်းသို့ ရောက်ကုန်၏ဟူလိုသည် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌လည်း မရဏာဿတိနိဒ္ဒေသတွင် ကာယ-ဗဟုသာဓာရဏာ အဖ္ဖုတ္တိက ကထာဝယ်–

အသီတိယာ တာဝ ကိမိကုလာနံ သာဓာရဏော။ တတ္ထ ဆဝိနိသိတာ ပါဏာ ဆဝိံ ခါဒန္တိ။ စမ္မနိသိတာ စမ္မံ ခါဒန္တိ။ မံသ နိသိတာ မံသံ ခါဒန္တိ၊ နှာရုနိသိတာ နှာရုံ ခါဒန္တိ။ အဋ္ဌိနိသိတာ အဋ္ဌိ ခါဒန္တိ။ မိဉ္ဇနိသိတာ မိဉ္ဇံခါဒန္တိ၊ တတ္ထေဝ ဇာယန္တိ ဇိယ္ယန္တိ မိယျန္တိ ဥစ္စာရပဿာဝံ ကရောန္တိ။ ကာရောဝ နေသံ ပသူတိယရဋ္ဌေဝ ဂိလာနသာလ သုသာ-နဋ္ဌ ဝစ္ဆကုဋ္ဌိစ ပဿာဝဒေါဏိကာစ။ သွာယံ တေသံ ကိမိကုလာနံ ပကောပေန မရဏံ နိဂစ္ဆတီ ယေဝ။ ဟူ၍လာသည်။

အဓိပ္ပာယ်ကား။ ။ဤကိုယ်သည် ရှစ်ဆယ်သောပိုးမျိုးတို့နှင့် ဆက်ဆံ၏။ ထိုကိုယ်၌ ပြင်ရေကိုမှီသော ပိုးတို့သည် ပြင်ရေကိုစားကုန်၏။ အတွင်းရေကိုမှီသော ပိုးတို့သည် အတွင်း ရေကို စားကုန်၏။ အသားကိုမှီသော ပိုတို့သည် အသားကိုစားကုန်၏။ အကြောကိုမှီသော ပိုးတို့သည် အကြောကို စားကုန်၏။ အရိုးကိုမှီသော ပိုးတို့သည် အရိုးကိုစားကုန်၏။ ခြင်ဆီ ကိုမှီသော ပိုးတို့သည် ခြင်ဆီကိုစားကုန်၏။ ထိုအရပ်၌ပင်လျှင် ဖြစ်လည်းဖြစ်ကုန်၏။ အိုကုန်၏။ သေကုန်၏။ ကျင်ကြီးကျင်ငယ်ကို ပြုကုန်၏။ ကိုယ်သည်သာလျှင် ထိုပိုးတို့၏ သားဖွားရာ အိမ်လည်းဖြစ်၏။ သူနာဇရပ်လည်းဖြစ်၏။ သုသာန်သချိုင်းလည်း ဖြစ်၏။ ကျင်ကြီး အိမ်လည်းဖြစ်၏။ ကျင်ငယ်မြောင်းလည်းဖြစ်၏။ ထိုကိုယ်သည် ထိုပိုးမျိုးတို့၏ ပျက်ခြင်းဖြင့် သေခြင်းသို့ ရောက်ရ၏ဟု ဆိုလိုသည်။ ကာယဂတာသတိ နိဒ္ဒေသ၌လည်း–

ယတ္ထ တက္ကောဋ္ဌကာ ဂဏ္ဍုပါဒကာ တာလဟီရကာသူစိမုခကာ ပဋ္ဌတန္တသုတ္တကာ ဣစ္စေဝမာဒိ ဒွတ္တိံ သ ကုသလပ္ပ ဘေဒ၊ ကိမဃော အာကုလဗျာကုလာ သဏ္ဌသဏ္ဌာစာရိနော ဟုတ္တာ နိဝသန္တိ- စသည်ဖြင့် လာသည်။

အဓိပ္ပါယ်ကား။ ။ထိုအစာဟောင်း၌ တက္ကောဋ္ဌကမည်သောပိုး ၊ ဂဏ္ဍုပါဒကမည်သောပိုး၊ တာလဟီရကမည်သောပိုး။ သူစိမုခက မည်သောပိုး။ ပဋ္ဌန္တသုတ္တကမည်သောပိုး။ ဤသို့စသော သုံးဆယ့်နှစ်ပါးသော အမျိုးအပြားရှိကုန်သော ပိုးတို့သည် ထိုမှ ဤမှ လူးလဲကုန်လျက် အထူးသဖြင့် နှောင့်ယှက်ကုန်လျက် အစုစုသွားလာကုန်သည်ဖြစ်၍ နေကုန်၏။ အကြင်ပိုးတို့သည် သောက်အပ်စားအပ်သော အစာတို့သည် မရှိကုန်သည်ရှိသော် ခုန်၍ မြည်တမ်းကုန်လျက် နှလုံးသားကို ကိုက်ကုန်၏၊ သောက်အပ် စားအပ်သော အစာ စသည်တို့ကို မျိုသောကာလ၌လည်း အထက်သို့ ခံတွင်းဟလျက် ရှေးဦးစွာမျိုသော နှစ်လုတ် သုံးလုတ်သော ထမင်းတို့ကို အဆောတလျင် လုကြကုန်၏။ ဤကိုယ်သည် ထိုပိုးတို့၏ သားဖွားအိမ်၊ ဝစ္စကုဋီ၊ ဂိလာနဇရပ်၊ သုသာန်အရပ်သာ ဖြစ်၏ ဟူလိုသည်။

တက္ကောင်းမှာလည်း - စားအပ်သော အစာ စသည်တို့သည် ငါးစု ဝေဖန်ခြင်းသို့ ရောက်ကုန်၏။ တစုကို ပိုးတို့သည် ခဲလေကုန်၏။ တစုကို ဝမ်းမီးလောင်လေ၏။ တစုကား ကျင်ငယ်ဖြစ်လေ၏။ တစုကား အစာဟောင်းဖြစ်လေ၏၊ တစုကား ရသအဖြစ်သို့ ရောက်၍ အသွေးအသား စသည်တို့ကို ပွားစေ၏ဟု ဆိုသည်။ ဤမျှသာ ဆိုသည်တို့ကို တွေ့မိ မှတ်မိ ရှိချေသည်။ နေရပ် ဌာနနှင့် တကွ စေ့စေ့စုံစုံကိုကား မတွေ့ မမှတ်မိပေ။ မဟာသတိပဋ္ဌာန-သုတ်အဖွင့် သုတ်မဟာဝါ အဋ္ဌကထာ၊ မူလပဏ္ဏာသ အဋ္ဌကထာ စသည်တို့၌လည်း စေ့စေ့စုံစုံ လာစကောင်း၏ပင် ထင်သည်။ မလာမရှိခဲ့ဖြစ်သည်၊ မူလကမ္မဋ္ဌာန်းဆိုသော စာစောင်ငယ်၌သာ စေ့စေ့စုံစုံဆိုသည်ကို တွေ့ဖူးချေသည်။ ဤမူလကမ္မဋ္ဌာန်းကိုလည်း ပါဠိတော်စသော ကျမ်းတို့တွင် မတွေ့မမြင်မိ၊ နှလုံးလည်း မသွင်းမိ၊ ဆရာမြတ်တို့ကို မေးမြန်း လျှောက်ထားသော်လည်း မနှစ်သက်လွန်းသကဲ့သို့ ထင်သည်ဟု ဆိုကြသည်ဖြစ်၍ ယုံအပ် မယုံအပ်ဟု နှလုံးဖွိဟရှိသည်နှင့် စိတ်သန္ဓိဋ္ဌာန် မကျလွန်းသောကြောင့် နောက်နောင်လည်း ဒီဋ္ဌာနု-ဂတိ ရှိပုံလေတော့မည် အောက်မေ့၍ မရေးမဖြေလိုက်သည်၊ အလိုရှိမူကား ထိုမူလကမ္မဋ္ဌာန်းဆိုသောစာကို လေ့ကျက်သော် သိအံ့သည်။

၅၀- ပဏ္ဍာ။ ။ဘုရားသခင်၏ ပါရမီဖြည့်တော်မူသမျှကို ထုံးသာဓကပြု၍ ကျင့်ရစ် မှတ်ရစ်ကြစေခြင်းငှာ ဇာတ်နိပါတ်ကျမ်း၊ စရိယာပိဋကတ်ကျမ်းတို့ကို ဟောတော်မူပါသည်။ ၎င်းကျမ်းတို့တွင်လည်း မျက်လုံးတော်ကိုထုတ်၍ လှူသည်။ ဦးခေါင်းတော်ကိုဖြတ်၍ လှူသည်။ အသွေးတော်ကိုထုတ်၍ လှူသည်။ အသားကို လှီး၍ လှူသည်ဟု ထုံးသာဓက ထင်ရှားစွာ မဟော မလာပါ။ သို့ကိုလျက် ကောင်းကင်ပြင်၌ ကြယ်ကိုနည်းစေလျက် မျက်လုံးတော်ကိုထုတ်၍ လှူသည်များကြောင်း။ မြင်းမိုရ်တောင်ထက် ဦးခေါင်းတော်ကို ဖြတ်၍လှူသည် များကြောင်း။ သမုဒ္ဒရာရေကို နည်းစေလျက် အသွေးတော်ကို ထုတ်၍လှူသည် များကြောင်း။ မြေကြီးအထုထက် အသားတော်ကို လှီး၍ လှူသည် များကြောင်းများကို ဥဒါန်း

ပြု၍ ပြောဆိုကြပါသည်။ ထိုစကားသည် ကျမ်းဂန်အာဝုံ သာဓက ရထိုက်သော စကားပင် ဖြစ်မည်၊ ဘုရားကျေးဇူးတော်ကို ချီးမွမ်းသော်လည်း လွန်ကျူးနိုင်မည် မဟုတ်ဟူ၍သာ ချီးမွမ်းပြောဆိုသော ဥဒါန်းဝေါဟာရမျှသာ ဖြစ်မည်ကို သိလို ပါသည်။ လောကီပဏ္ဍာသဇာတ်တို့ကဲ့သို့ ဘုရားကျေးဇူးတော်ကို ချီးမွမ်း ပြောဆို သော်လည်း စကားလက္ခဏာ မခိုင်မခံ့လွန်းလျှင် ချီးမွမ်းအား မတက်ပါသေး။ မခိုင်မခံ့သော ချီးမွမ်းပြောဆိုခြင်းထက် ခိုင်ခံ့သော ကျမ်းဂန်ပါဠိ လာရှိသော စကားဖြင့် ချီးမွမ်းရခြင်း ဖြစ်ပါလျှင် အတိမဓုရ၊ အတိဂမ္ဘီရ ဖြစ်အံ့သော အကြောင်း ဖြစ်ပါအံ့ထင်၍ အတပ်သိမှတ်ရအောင် လျှောက်ပါသည် ဆရာတော် ဘုရား။

သတ္ထုရာဇ် ၁၁၇၁-ခု၊ သီတင်းကျွတ်လဆန်း ၁-ရက် စနေနေ့၊ မုံရွာ သီရိမာလာက လျှောက်လာရာတွင် ဖြေဆိုလိုက်သည်ကား။

၅၀-ပိသဇ္ဇနာ။ ။ဘုရားသခင်၏ ပါရမီဖြည့်ရကြောင်းကို မေးရာ၌–

ခပ်သိမ်းသော ရှင်လူအများပင် ဘုရားသခင်၏ ပါရမီတော် ဖြည့်ကြောင်းများကို ချီးမွမ်းပြောဆိုကြလျှင် ငါးရှဉ်ငါးဆယ် ဇာတ်တော်တွင် ပါသောစကားကို အခိုင်အခံ့ယူ၍ ပြောဆိုကြရသည်။ မပါချေလျှင် ဟောတော်မူသော ဒေသနာတော်မရှိသောကြောင့် မခိုင် မခံ့ပင် ထင်ရချေသည်မှာ အမှန်ပင်ဖြစ်တော့သည်။ ထိုသို့သော်လည်း ငါးရှဉ်ငါးဆယ်ဇာတ် ဆိုသည်မှာလည်း ပါရမီဖြည့်တော်မူလေသမျှ ဘဝအကုန်ဖော်ပြ၍ ဟောတော်မူသည်မဟုတ် ချေသေး။ စကားအလျဉ်းသင့်၍ ဟောခွင့်ကြုံက်သော ကာလအခိုက်တွင် ဟောတော်မူလိုက် သမျှသာ ဖြစ်ချေသေးသည်။ ငါးရှဉ်ငါးဆယ် ဇာတ်တော်သာမဟုတ်။ သုတ္တန် ဝိနည်း ပိဋကတ် အပေါင်းတို့ကိုလည်း အတ္ထုပ္ပတ္တိအကြောင်း လေးပါးတွင် တပါးပါးရှိမှ ဟောတော်မူချေသည်။

ထို့ကြောင့် မနောရထပူရဏီမည်သော အင်္ဂုတ္တရနိကာယ် ဧကနိပါတ် အဋ္ဌကထာ၌–

> စတ္တာရော ဟိ နိက္ခေပါ အတ္တာဖ္ဘာသယော ပရဖ္ဘာသယော ပုစ္ဆာဝသိကော အတ္ထုပ္ပတ္တိ ကောတိ။ ဟူ၍ ဆိုသည်။

ဌင်းနည်းတူ ဒီဃနိကာယ် အဋ္ဌကထာ၊ မဇ္ဈိမနိကာယ် အဋ္ဌကထာစသည်တို့၌လည်း ဆိုသည်။

ဇာတ်တော်ကိုလည်း အနုဋ္ဌိကာတွင်–

> တတ္တကာနဉ္စ ဒေသနာ အတ္ထုပ္ပတ္တိဝသေန ဝေဒိတဗ္ဗာ။

တတ္တကာနံ၊ ထိုငါးရှဉ်ငါးဆယ်သော ဇာတ်တို့ကို။ ဒေသနာ စ၊ ဟောခြင်းကိုလည်း။ အတ္ထုပ္ပတ္တိဝသေန၊ စကားစပ် ဝတ္ထုဖြစ်သည်၏ အစွမ်းအားဖြင့်။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။ ဟူ၍ ဆိုသည်။

ယင်းသို့ဖြစ်၍၊ ဇာတ်တော် ငါးရှဉ်လေးဆယ့်ခုနစ် ဇာတ်တို့မှာ အတ္ထုပ္ပတ္တိ ရှိသည်ကိုသာ စွဲ၍ ဟောတော်မူလေသည်။ ပါရမီဖြည့်ရသော ဘဝမှာ ထိုမျှသာမမှတ်ရာ။ ထို့ကြောင့် အင်္ဂုတ္တရနိကာယ် အဋ္ဌကထာတွင် သံသုမာရဂိရိပြည်၌ နေသော နကုလပိတာသည် ဘဝမြောင်း ငါးရာတိုင်တိုင် ဘုရားအဘ ဖြစ်ဘူးသည်။ ဘထွေးအဖြစ်လည်း ငါးရာ၊ ဘကြီးအဖြစ်လည်း

ငါးရာ၊ ဝရီးအဖြစ်လည်း ငါးရာ ဖြစ်ဘူးသည်။ ဘဝပေါင်း နှစ်ထောင်ရှိသည်။ နကုလမာတာသည်လည်း ဘဝမခြား ငါးရာတိုင်တိုင် ဘုရားအမိ ဖြစ်ဘူးသည်။ မိထွေးအဖြစ်လည်း ငါးရာ၊ မိကြီးအဖြစ်လည်း ငါးရာ၊ အရီးအဖြစ်လည်း ငါးရာ ဖြစ်ဘူးသည်။ ဘဝပေါင်း နှစ်ထောင်ရှိသည်။ နှစ်ရပ်ပေါင်းသော် ဘဝလေးထောင်ရှိကြောင်းကို အဂုံတွရနိကာယ် ဧကနိပါတ် အဋ္ဌကထာ၌–

အယံ ကိရ နကုလပိတာဂဟပတိ ပုဗ္ဗေ ပဉ္စဇာတိသတာနိ ဒဿဗလဿ ပိတာ အဟောသိ။ ပဉ္စဇာတိသတာနိ စူဠပိတာ ပဉ္စဇာတိသတာနိ မဟာပိတာ။ စသည်ဖြင့်ဆိုသည်။

သာကေတမြို့နေ မဟလ္လက ပုဏ္ဏား ပုဏ္ဏေးမ လင်မယား နှစ်ယောက်တို့တွင် ပုဏ္ဏားသည် ငါးရာတိုင်တိုင် အဖ၊ ဘဝငါးရာ ဘထွေး၊ ဘဝငါးရာဘကြီး၊ ပေါင်း တထောင့်ငါးရာ။ ပုဏ္ဏေးမသည်လည်း ဘဝမခြား ငါးရာတိုင်တိုင် အမိ၊ ဘဝငါးရာ မိထွေး၊ ဘဝငါးရာ မိကြီး၊ ပေါင်း တထောင့်ငါးရာ။ နှစ်ရပ်ပေါင်းသော် ဘဝသုံးထောင်ရှိသည်ဟု ဆိုသည်။

ထို့ကြောင့် ဓမ္မပဒအဋ္ဌကထာ၌–

> ဧဝါတံ ဒိယမုဇာတိသဟဿံ ပြာဟ္မဏဿ ဟတ္ထေ သံဝဍ္ဎော၊ ဒိယမုဇာတိသဟဿံ ပြာဟ္မဏီယာ ဟတ္ထေ သံဝဍ္ဎောတိ တီဏိ ဇာတိသဟဿာနိ ဟူ၍လည်းကောင်း။ ဇာတ်အဋ္ဌကထာ၌လည်း–
>
> အတီတေ ဘိက္ခဝေ အယံ ပြာဟ္မဏော နိရန္တရံ ပဉ္စဇာတိသတာနိ မယှံ ပိတာ အဟောသိ၊ ပဉ္စဇာတိသတာနိ စူဠပိတာ၊ ပဉ္စဇာတိသတာနိ မဟာပိတာ။ သောပိ ပြာဟ္မဏီ နိရန္တရမေဝ ပဉ္စဇာတိသတာနိ မာတာ အဟောသိ၊ ပဉ္စဇာတိသတာနိ စူဠမာတာ၊ ပဉ္စဇာတိသတာနိ မဟာမာတာတိ ဧဝါဟံ ဒိယမုဇာတိသဟဿံ ပြာဟ္မဏဿ ဟတ္ထေ သံဝဍ္ဎော၊ ဒိယမု ဇာတိသဟဿံ ပြာဟ္မဏီယာ ဟတ္ထေ သံဝဍ္ဎောတိ တီဏိ ဇာတိသဟဿာနိ။ ဟူ၍လာသည်ကို ထောက်၍သိသာသည်။

ဘဝခြား၍လည်း ထိုကဲ့သို့သော နည်းဖြင့် များစွာပင် ဖြစ်ရာသော အကြောင်းရှိသည်။ ပေါင်းသော် နကုလပိတာ နကုလမာတာတို့၌ ဘဝပေါင်း လေးထောင်။ မဟလ္လက သာကေတပုဏ္ဏားတို့မှာလည်း ဘဝပေါင်း သုံးထောင်ရှိသည်၊ ဘဝပေါင်း ခုနစ်ထောင်ရှိသည် များကို ထောက်၍လည်း ဘဝခြား ဇာတ်တော်ပေါင်း ငါးရာ့လေးဆယ့်ခုနစ်ဇာတ် မျှဖြင့်သာ ပါရမီကို ဖြည့်ရသည်ဟု မမှတ်သာ။ ဘုရားရှင်ကို မဆိုလင့်ဦး။ ရှင်သာရိပုတြာ ရှင်မောဂ္ဂလာန်တို့ပင်လည်း ဘဝမခြား ငါးရာတိုင်တိုင် ရသေ့ ရဟန်းပြု၍ ပါရမီကို ဖြည့်ရသည်။ ဘဝခြားလျက် ရသေ့ ရဟန်းပြု၍ ပါရမီကို ဖြည့်ရသော အဖြစ်သည်ကား များစွာရှိသေး၏။ လူဖြစ်၍ ပါရမီကို ဖြည့်ရသောဘဝကား မရေတွက်နိုင် ရှိသည်ဟု မဟာဝဂ္ဂသံယုတ် အဋ္ဌကထာတွင် ဆိုသည်။

ရှင်သာရိပုတြာ၊ ရှင်မောဂ္ဂလာန်တို့ကို မဆိုလင့်ဦး၊ ရှင်မဟာကဿပပင် ဘဝငါးရာ ရသေ့ ပြု၍ ပါရမီဖြည့်ရသည်ဟု အဂုံတွရနိကာယ်၊ ဧကနိပါတ် အဋ္ဌကထာတွင် ဆိုသည်။ အနာထပိဏ်သေဋ္ဌး၏ ညီရင်းဖြစ်သော အရှင်သုဘူတိမထေရ်ပင်သော်လည်း ဘဝငါးရာ ရသေ့ ရဟန်းပြု၍ ပါရမီ ဖြည့်ရသည်ဆိုသည်။ ထို့ကြောင့် အပဒါန် အဋ္ဌကထာ၌– “အပရာနိ ပဉ္စဇာတိသတာနိ ပဗ္ဗဇိတ္တာ အာရညိကော အဟောသိ” ဟူ၍ဆိုသည်။

ရှင်မဟာကဿပ၊ ရှင်သုဘူတိမထေရ်တို့ကို မဆိုလင့်ဦး၊ ယသောဓရာဒေဝီတို့ပင်လည်း–

ပဠကောဋိသတာ ပုဒ္ဓါ၊ နဝကောဋိ သတာနိစ။
ဧတေသံ ဒေဝဒေဝါနံ၊ မဟာဒါနံ ပဝတ္တယိ - ဟူသော ပဌမဂါထာ။
ဧကာဒသ ကောဋိသတာနိ၊ ခီဏော ဒုတိယဂါထာ။
ဝိသကောဋိသတာ ပုဒ္ဓါ၊ တီသ ကောဋိသတာနိ စ။ ခီဏောဂါထာ။
စတ္တာလီသ ကောဋိသတာ၊ ပဠ ကောဋိသတာနိစ။ (ဂါထာ)
သဋ္ဌိကောဋိသတာ ပုဒ္ဓါ၊ သတ္တတိကောဋိ သတာနိစ။ (ဂါထာ)
အသီတိကောဋိသတာ ပုဒ္ဓါ၊ နဝုတိ ကောဋိသတာနိစ။ (ဂါထာ)
ကောဋိသတသဟဿာနိ၊ ဟောန္တိ လောကဂ္ဃနာယကာ။ (ဂါထာ)
နဝကောဋိသဟဿာနိ၊ အပရေ လောကဂ္ဃနာယကာ။ (ဂါထာ)
ကောဋိသတသဟဿာနိ၊ ပဠာသီတိ မဟေသိနံ။ (ဂါထာ)
ပဠာသီတိ ကောဋိသတာ၊ သတ္တတိံသ ဟိ ကောဋိယော။
ဧတေသံ ဒေဝဒေဝါနံ၊ မဟာဒါနံ ပဝတ္တယိ။

ဟူသော ဂါထာတို့၌ဆိုသော ကုဋ္ဌေအသိန်းအသန်းမကသော ဘုရားတို့အထံ၌ အလှူကြီးကို ပေး၍ ပါရမီဖြည့်ရကြောင်း။

ဗြဟ္မဒေဝဠ သမ္ဗဒ္ဓံ၊ ဂေါတမံ လောကနာယကံ။
အညေသံ လောကနာထာနံ၊ သင်္ကမန္တေ ဗဟုံ မယာ။

ဟူသော ဂါထာဖြင့်- ဗြဟ္မဒေဝဘုရားတို့မှ တပါးသော ဘုရားတို့၏ အထံ၌ ပါရမီဖြည့်ရကြောင်းတို့ကို ဘိက္ခုနီအပဒါန်၊ ယသောဓရာဝတ္ထု စသည်တို့၌ ဆိုသည်။ မဟန္တဂုဏကျမ်း၌လည်း ယသောဓရာသည် လေးသင်္ချေအထက် ရှေးရှေးသင်္ချေကာလကပင် ဘုရားလောင်းမယားဖြစ်၍ ဒီပင်္ကရာဘုရားနှင့် တွေ့သောအခါလည်း သုမေဓာမယား နောင်ခါ ဖြစ်ရပါလို၏ ဆုတောင်း၏။ တောင်းသည့်အတိုင်းလည်း ဒီပင်္ကရာဘုရား ဗျာဒိတ် ကြားတော်မူ၏ ဟူ၍ လာသည်။ ဘုရားလောင်း၏ မယားဖြစ်ရပါလို၏ဟု ဆုတောင်း၍ လှူအပ်သော အလှူကို၊ ခံတော်မူသော အလှူခံတော်မူသော အလှူခံမြတ်တို့၏ အရေအတွက်ကိုကား–

ခီဏာသဝါ အသင်္ချေယ္ယာ၊ ပစ္စေကာ စတုသဋ္ဌိကောဋိယော။
သမ္ဗာသမ္ဗုဒ္ဓါ ဒ္ဝိလက္ခံ့ ဆန္နဝုတိ စ၊ တိအသီတိ သတ္တကောဋိယော။

ပုဗ္ဗေ၊ ရှေးအလောင်းဖြစ်သောအခါ၌။ ထေရိယာ၊ ယသောဓရာထေရီ၏ ဒိန္နပွဋ္ဌိဂါဟကာ၊ အလှူခံ ပုဂ္ဂိုလ်မြတ်တို့သည်ကား။ ခီဏာသဝါ၊ ရဟန္တာတို့သည်။ အသင်္ချေယ္ယာ၊ အသင်္ချေတို့

လည်းကောင်း။ ပစ္စေကာ၊ ပစ္စေကဗုဒ္ဓါတို့သည်။ စတုသင်္ခိကောဋိယော၊ ခြောက်ဆယ့်လေး ကုဋေတို့ လည်းကောင်း။ သမ္မာသမ္ဗုဒ္ဓါ၊ မြတ်စွာဘုရားတို့သည်။ ဒွိလက္ခဏ်၊ ကုဋေနှစ်သိန်းတို့ လည်းကောင်း။ ဆန္နဝုတိ စ၊ ကုဋေကိုးသောင်းခြောက်ထောင်တို့ လည်းကောင်း။ တိ စ၊ ကုဋေသုံးရာတို့လည်းကောင်း။ အသီတိ စ၊ ကုဋေရှစ်ဆယ်တို့လည်းကောင်း။ သတ္တဂေါဋိယော၊ ကုဋေခုနစ်ဆယ်တို့ လည်းကောင်း။ ဣတိ၊ ဤသို့။ ဂဏနာ၊ အရေအတွက်ရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ရဟန္တာတသင်္ခေ၊ ပစ္စေကဗုဒ္ဓါ ခြောက်ဆယ့်လေးကုဋေ၊ ဘုရားပေါင်း ကုဋေနှစ်သိန်း ကိုးသောင်း ခြောက်ထောင် သုံးရာနှစ်ဆယ့်ခုနစ်ကုဋေတို့တည်း။ ဤမျှ အရေအတွက်ရှိသော သာဝက၊ ပစ္စေကဗုဒ္ဓါ သင်္ဃာဉာဏ်ရှင်တို့ အထံ၌ အလှူကောင်းမှုပြု၍ ငါတို့ဘုရားလောင်း မယား ဖြစ်လို၏ဟု ဆုတောင်းကြောင်းကို ဆိုသည်။

ဒီပင်္ကရာ ဘုရားလက်ထက် သုမိတ္တာမည်သော ပုဏ္ဏားသမီးနှင့်အတူ ဘုရားလောင်း သုမေဓာ၏မယား နောင်အခါဖြစ်ရပါလို၏ ဆုတောင်းသော ပုဏ္ဏားသမီးသည်လည်း နှစ်သောင်း ရှစ်ထောင်ရှိသည်။ တောင်းသည့်အတိုင်း ပြည့်စုံ၍ ငါတို့ဘုရားလက်ထက် ရဟန္တာ မိန်းမချည်း ဖြစ်၍ နိဗ္ဗာန်ယူကုန်သည်ဟူ၍ ထေရီအပဒါန်၌ လာကြောင်းကို မဟန္တဂုဏကျမ်း၌ ဆိုသည်။ ယသောဓရာဒေဝီ၏ အခြံအရံဖြစ်သော မောင်းမငယ်တို့မျှ ဤရွှေလောက်စဉ် ပါရမီဖြည့်ရာ တပြိုးကား ဘုရားသခင်၏ ပါရမီဖြည့်တော်မူခြင်းကား အဘယ်မှာလျှင် ရေတွက်ခြင်းငှာ တတ်နိုင်ကောင်းတော့အံ့နည်း။ မတတ်နိုင်သည်သာလျှင်တည်း။ ထို့ကြောင့် ဗုဒ္ဓဝင်ကျမ်း၌—

ဧတေသံ ဓမ္မရာဇူနံ၊ အညေသံ နေကကောဋိနံ။

အာစိဏ္ဏိတ္ထာန တံ မဂ္ဂံ၊ နိဗ္ဗုတာ တေ သသာဝကာ။

ဧတေသံ၊ ထိုနှစ်ကျိပ်ရှစ်ဆူကုန်သော။ ဓမ္မရာဇူနံ၊ တရားမင်းတို့၏ လည်းကောင်း။ အညေသံ၊ တပါးကုန်သော။ အနေကကောဋိနံ၊ အကုဋေမကကုန်သော။ ဓမ္မရာဇူနံ၊ တရားမင်းတို့၏ လည်းကောင်း။ တံ မဂ္ဂံ၊ ထိုသို့ ဖြစ်တော်မူကုန်သော အကြောင်းအထွာပွတို့ ဗုဒ္ဓဝင်အစဉ်ကို။ အာစိဏ္ဏိတ္ထာန၊ ဟောကြားတော်မူပြီး၍။ သသာဝကာ၊ တပည့်သားတော်တို့နှင့် တကွကုန်သော။ တေ၊ ထိုဘုရားသခင်တို့သည်။ နိဗ္ဗုတာ၊ ပရိနိဗ္ဗာန်စံတော်မူကုန်ပြီ။

ဟူ၍ အကုဋေမကကုန်သော ဘုရားသခင်တို့ထံ ပါရမီဖြည့်ရကြောင်း ဗုဒ္ဓဝံသကို ဟောတော်မူကြောင်းကို ဆိုသည်။ ထိုသို့ဆိုသည်နှင့် အားလျော်စွာ ပါရမီဖြည့်ရသည်များကြောင်းကိုလည်း—

ပါရမိယော ပူရိတတ္တာဘဝါနံ ပရိမာဏံ နာမ နတ္ထိ။

ပါရမိယော၊ ပါရမီတို့ကို။ ပူရိတတ္တာဘဝါနံ၊ ဖြည့်တော်မူသော ကိုယ်တော်၏ အဖြစ်တို့၏။ ပရိမာဏံနာမ၊ နှိုင်းရှည့်ခြင်းမည်သည်။ နတ္ထိ၊ မရှိပြီ။

ဟူ၍ စရိယာပိဋကတ ဇာတကထာ၊ ဇိနာလင်္ကာရဋီကာ စသည်တို့၌ ဆိုသည်ဖြစ်၍ ငါးရာ့လေးဆယ့်ခုနစ်ဇာတ်တို့၌ လာသည်တို့သာ ပါရမီဖြည့်ဘဝဟု မယူသင့်။ မပါသေးသော မနှိုင်းရှည့်အပ်သော

ဘဝ မနှိုင်းရည့်အပ်သောကမ္ဘာတို့ပင် အလွန်များသေးသည်။ ငါးရာ့လေးဆယ့်ခုနစ်ဇာတ်တို့သည်လည်း မရေမတွက်နိုင်သော ကမ္ဘာဟူသမျှက မဟုတ်ချေသေး။ ဤဘဒ္ဒကမ္ဘာတွင်သာ ဖြစ်တော်မူသော ဇာတ်တော်များချေသည်။ ဤဘဒ္ဒကပ်ကမ္ဘာတွင်း၌ ဖြစ်ကြောင်း၊ တပါးသော ကမ္ဘာ၌ ဖြစ်ကြောင်းကို အဘယ့်ကြောင့် သိရသနည်း ဟူအံ့။ အတီတေဟု သာမညခ်ီလျှင် ဤကမ္ဘာ၌သာ ဖြစ်သည်။ ဣတော ပဉ္စကပ္ပေ။ ဣတော ဧကူန နဝုတိကပ္ပေဟု ကာလအပါဒါန်ဖြင့် ဝိသေသပြု၍ ခ်ီလျှင် တပါးသော ကမ္ဘာကဟု သိသာသည်။ ထိုနှစ်ပါးတွင်လည်း အတီတေဟု သာမညခ်ီသည့် ဇာတ်တော်သာများသည်။ ဣတော ပဉ္စကပ္ပေဟု ခ်ီသော ဧကနိပါတ်၌ သေရိဝဝါဏိဇာတ်၊ ဣတော ဧကူနနဝုတိကပ္ပေဟု ခ်ီသော လောမဟံသနဇာတ်၊ ဤသို့စသည်ဖြင့် တစ်ဇာတ် နှစ်ဇာတ်မျှသာ ပါသည်၊ ဒုကနိပါတ်တွင် အရကဇာတ်သည်ကား အတီတေပင်ခ်ီသည်။ ထိုသို့ ခ်ီသော်လည်း ဇာတ်နိဒါန်းတွင်–

> ပေါရာဏပဏ္ဍိတာပိ သတ္တာဝဿာနိ မေတ္တံ ကတ္တာ သတ္တသံဝဋ္ဋဝိဝဋ္ဋကပ္ပေ ဗြဟ္မလောက-သို့ဥေဝ ဝသိ သု – ဟူ၍လည်းကောင်း။

နိဂုံးသို့ ရောက်သော ကာလ၌လည်း–

> အပရိဟီနဇ္ဈာနော ဗြဟ္မလောကေ နိဗ္ဗတ္တိတ္တာ သတ္တသံဝဋ္ဋဝိဝဋ္ဋကပ္ပေ ဣမံလောကံ န အဂမာသိ–ဟူ၍လည်းကောင်း–

အရကရှင်ရသေ့သည် မေတ္တာစျာန် ပွားခဲ့၍ ခုနစ်ခုသော သံဝဋ္ဋဝိဝဋ္ဋကပ်ပတ်လုံး ဗြဟ္မာ့ပြည်၌ ဖြစ်၍ ယခု ဤလောကသို့ ရောက်လာသည် ဆိုသည်ဖြစ်၍ ခုနစ်ကမ္ဘာထက်ကဖြစ်သော ဇာတ်ဟု ယူဖွယ်ရှိ၏။ သုတ္တနိပါတ်တွင် ဗကဗြဟ္မာဇာတ်ကိုလည်း ရှေးကမ္ဘာက ဖြစ်သောဇာတ်ဟူ၍ ဆိုဖွယ်ရှိ၏။ ဤသို့ စသည်ဖြင့် ရှေးကမ္ဘာ၌ ဖြစ်သောဇာတ်သည် အနည်းငယ်သာပါသည်။ ဤကမ္ဘာတွင် ဖြစ်သော ဇာတ်သာများသည်။ ဤကမ္ဘာတွင်မျှလည်း ဘဝအကုန်မှ မဟုတ်ချေသေး။ မဟောသေးသော ဇာတ်အဖြစ်တော်သည် အလွန်ပင် များပြားချေသေးသည်။ ယင်းသို့ဖြစ်၍ ဟောတော်မူပြီးသော ဇာတ်တော်တွင် မျက်လုံးတော်ကို ထုတ်သောဇာတ်၊ ဦးခေါင်းကို ဖြတ်သောဇာတ် များစွာမလာသော်လည်း မဟောသေးသော ဇာတ်တော်ဘဝက ဖြည့်လေသမျှသော ပါရမီတော်ကို ရည်၍ ကျမ်းဂန်တွင် ဆိုလေသည်။ ဆိုသော ကျမ်းကား အဋ္ဌသာလိနီ၊ အပဒါန်အဋ္ဌကထာ တို့တွင်–

> အလက််တသီသံ ပန ဆိန္ဒိတ္တာ အဠီဘက္ခနိ ဥပ္ပာဋေတ္တာ ဟဒယမံသံ ဥပ္ပာဋေတ္တာ ဒိန္နကာလေ ဗောဓိသတ္တာနံ စာဂံ နိဿာယ တုဋ္ဌ နာမ ဟောတိ။

အလက််တသီသံ၊ တန်ဆာဆင်ပြီးသော ဦးခေါင်းကို ဆိန္ဒိတ္တာ၊ ဖြတ်၍။ အဠီတက္ခိနိ၊ ညှိသော မျက်လုံးတော်တို့ကို။ ဥပ္ပာဋေတ္တာ၊ ထုတ်နုတ်၍။ ဟဒယမံသံ၊ နှလုံးသားကို။ ဥပ္ပာဋေတ္တာ၊ ထုတ်နုတ်၍၊ ဒိန္နကာလေ၊ လှူတော်မူသော ကာလ၌၊ ဗောဓိသတ္တာနံ၊ တို့အား။ စာဂံ၊ အလှူကို၊ နိဿယ၊ မှီ၍၊ တုဋ္ဌနာမ၊ ရောင့်ရဲခြင်းမည်သည်။ ဟောတိ၊ ဖြစ်၏။

ဓမ္မပဒအဋ္ဌကထာတွင်လည်း-

အဟဉ္စိ ကပ္ပသတသဟဿာဓိကာနိ စတ္တာရိ အသင်္ချေယျာနိ အလင်္ကတပ္ပဋိယတ္တံ အတ္တနော သီသံ ဆိန္နိတ္တာ အက္ခီနိ ဥပ္ပာဋေတ္တာ ဟဒယမံသံ ဥပ္ပာဋေတ္တာ ပါဏသမံ ပုတ္တဒါရံ ပရိစ္စဇိတ္တာ ပါရမိယော ပူရေန္တော ပရေသံ ဓမ္မဒေသနတ္ထမေဝ ပူရေသိ။

အဟဉ်၊ ငါဘုရားသည်ကား၊ ကပ္ပသတသဟဿာဓိကာနိ၊ ကမ္ဘာတသိန်း၊ အလွန်ရှိကုန်သော။ စတ္တာရိအသင်္ချေယျာနိ၊ လေးအသင်္ချေတို့ပတ်လုံး။ အလင်္ကတပ္ပဋိယတ္တံ၊ တန်ဆာဆင်ခြင်းနှင့် စပ်သော။ အတ္တနော၊ မိမိ၏။ သီသံ၊ ဦးခေါင်းတော်ကို။ ဆိန္နိတ္တာ၊ ဖြတ်၍။ အက္ခီနိ၊ တို့ကို။ ဥပ္ပာဋေတ္တာ၊ ထုတ်နုတ်၍၊ ဟဒယမံသံ၊ ကို။ ဥပ္ပာဋေတ္တာ၊ ထုတ်နုတ်၍။ ပါဏသမံ၊ အသက်နှင့် တူသော။ ပုတ္တဒါရံ၊ သားမယားကို။ ပရိစ္စဇိတ္တာ၊ စွန့်၍။ ပါရမိယော၊ တို့ကို။ ပူရေန္တော၊ ဖြည့်တော်မူသော ငါဘုရားသည်။ ပရေသံ၊ သူတပါးတို့အား။ ဓမ္မံ၊ တရားတော်ကို။ ဒေသနတ္ထမေဝ၊ ဟောလိုသောကြောင့်သာလျှင်။ ပူရေသိ၊ ဖြည့်တော်မူ၏။

ဇိနာလင်္ကာရ စာကိုယ်တွင်လည်း-

သော သာဂရေ ဇလာဓိကံ ရုဟိရံ အဒါသိ၊
ဘူမိ ပရာဇိယ သမံသမဒါသိ ဒါနံ။
မေရုပွမာဏမဓိကဉ္စ သမောဇ္ဇိသီသံ၊
ခေ တာရကာဓိကတရံ နယနံ အဒါသိ။ (ဝသန္တတိလက-ဂါထာ)။

သော၊ ထိုဘုရားလောင်းသည်။ သာဂရေ၊ သမုဒ္ဒရာဇ်၌၊ ဇလာဓိကံ၊ ရေထက်လွန်သော။ ရုဟိရံ၊ သွေးကို။ အဒါသိ၊ လှူ၏။ ဘူမိံ၊ မြေကို။ ပရာဇိယ၊ နှိုးစေ၍၊ သမံသံ၊ အသားတည်းဟူသော။ ဒါနံ၊ ကို။ အဒါသိ၊ ၏၊ မေရုပွမာဏံ၊ မြင်းမိုရ်တောင်နှင့်မျှသော။ အဓိကဉ္စ၊ လွန်ထသော။ သမောဇ္ဇိသီသံ၊ ဦးသျှောင်နှင့် တကွသော ဦးခေါင်းတော်ကို။ အဒါသိ၊ ၏။ ခေ၊ ကောင်းကင်ပြင်၌။ တာရကာဓိကတရံ၊ ကြယ်ထက်လွန်သော။ နယနံ၊ မျက်စိတော်ကို။ အဒါသိ၊ လှူတော်မူ၏။

ဤသို့ စသည်ဖြင့် ကျမ်းဂန်တို့၌ တိုက်ရိုက်ပင် ဦးခေါင်းတော်ကို ဖြတ်၍ လှူဖူးကြောင်း၊ မျက်လုံးတော် စသည်တို့ကို ထုတ်၍ လှူဖူးကြောင်းများကို ဆိုသည်။ ဤသို့ ဆိုခြင်းသည်လည်း ငါးရာ့လေးဆယ့်ခုနစ်ဇာတ်တော်တွင် ဖြစ်သမျှကို ရည်၍မဆို၊ ဒီပင်္ကရာမြတ်စွာဘုရားထံ ဗျာဒိတ်ခံတော်မူသည်မှစ၍ ဝေဿန္တရာမင်း အဖြစ်သို့ ရောက်သည်တိုင်အောင်သော ကာလကိုရည်၍ ဆိုသော စကားဖြစ်သည်။ ထို့ကြောင့် ဇိနာလင်္ကာရကျမ်း၌-

ယဒါ ဘိနီဟာရမကာ သုမေဓော၊ ယဒါ စ မဒ္ဒီ အဒဒါ သိဝိန္ဒော။
ဇွေန္တရေ ဇာတိသု ကိဉ္စိပေကံ၊ နိရတ္ထကံ နော အဂမာသိ တဿ။ (ဥပဇာတိ)။

မဟာသမုဒ္ဒေ ဇလဗိန္ဒုတောပိ၊ တဒန္တရေ ဇာတိ အနပ္ပကာဝ။
နိရန္တရံ ပူရိတပါရမိနံ၊ ကထံ ပမာဏဉပမာ ကုဟိံ ပါ။ (ဥပေန္ဒဝဇိရာဂါထာ)။

ယဒါ၊ အကြောင်အခါ၌။ သုမေဓော၊ သုမေဓာ ရှင်ရသေ့သည်။ အဘိနီဟာရံ၊ ဒီပင်္ကရာဘုရားထံ၌ ဆုတောင်းခြင်းကို။ အကာ၊ ပြု၏။ ယဒါ စ၊ အကြောင်အခါ၌ကား။ သိဝိန္ဒော၊

ဝေဿန္တရာမင်းသည်၊ မဒ္ဒီ၊ မဒ္ဒီမိဖုရားကို။ အဒဒါ၊ ပေးလှူ၏။ ဇေတ္တန္တရေ၊ ဤနှစ်ပါး၏ အကြောင်း၌။ ဇာတိသု၊ အဖြစ်တို့တွင်။ ဧကံပိ၊ တဖြစ်သည်မျှလည်း။ ကိဉ္စိ၊ စိုးမည်ငယ်မျှ။ တဿ၊ ထိုဘုရားလောင်းအား။ နိရတ္ထကံ၊ အကျိုးမရှိသည်ဖြစ်၍။ နော အဂမာသိ၊ သွား တော်မမူ။ (တနည်းကား)။ နော အဂမာသိ၊ ဖြစ်တော်မမူ။

တဒန္တရေ၊ ထိုနှစ်ပါး၏အတွင်း၌။ ဇာတိ၊ အဖြစ်တော်သည်။ မဟာသမုဒ္ဒေ၊ မဟာ သမုဒ္ဒရာ၌။ ဇလဗိန္ဒုတောပိ၊ ရေပေါက်ထက်လည်း။ အနုပ္ပကာဝ၊ အတိုင်းမသိ သလျှင်က တည်း။ နိရန္တရံ၊ အခြားမဲ့၊ ပူရိတပါရမီနံ၊ ဖြည့်တော်မူသော ပါရမီတော်တို့၏။ ပမာဏံ ဝါ၊ အတိုင်းအရှည်သည်လည်းကောင်း။ ကထံ ဝါ၊ ဆိုသောစကားသည်လည်းကောင်း။ ဥပမံဝ၊ နှိုင်းရှည့်ရာသည်လည်းကောင်း။ ကုတော် အတ္ထိ၊ အတီမှာရှိအံ့နည်း။

ဟူ၍ လေးသချေါနှင့် ကမ္ဘာတသိန်းအတွင်း၌ ဖြည့်လေသမျှ သိမ်း၍ဆိုလေသည် ဖြစ်သော ကြောင့် ဇာတ်တော်တွင် ထွက်သည်ဖြစ်စေ မထွက်သည်ဖြစ်စေ သဘောယုတ္တိ ကျမ်းဂန်လာရှိ အတိထိရ အလွန်ခိုင်ခံ့လှသော စကားဟောင်းပင် ဖြစ်ပေသည်ဟု မှတ်ရာ၏။

သမန္တစက္ခုဒီပနီကျမ်း-ဒုတိယတွဲ ပြီး၏။

သမန္တစက္ခုဒိပနီကျမ်း

တတိယတွဲ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

တပည့်တော် သိရိမာလာ လျှောက်ပါသည် ဇေတဝန်ဆရာတော်ဘုရား–

၅၁-ပဏ္ဏာ။ ။ပရိတ်ကြီးပါဠိတော်၌–

သပ္ပေ ဒသဗလူပေတာ၊ ဝေသာရဇ္ဇေဟုပါဂတာ။
သပ္ပေ တေ ပဋိဇာနန္တိ၊ အာသဘံ ဌာနမုတ္တမံ။

ဟူ၍ လာသည်တွင်-လေးပါးသော ဝေသာရဇ္ဇဉာဏ်ဖြင့် ထင်ရှားရှိကုန်၏- ရဲရင့်ကုန်၏ ဟူသည်၌ ဘုရားသခင်သည် အလုံးစုံသော ဂုဏ်ကျေးဇူးတို့ဖြင့် ရဲရင့်ခြင်းဖြစ်ပါသည်။ ခွန့်ရှားခြင်းကင်းပါသည်၊ ဘုရားလောင်းဖြစ်သည့် ကာလကလည်း အထူးထူးသော ဂုဏ်ကျေးဇူးတို့ဖြင့်ပင် ထင်ရှားပါသည်၊ ရဲရင့်ခြင်းရှိပါသည်၊ ခွန့်ရှားခြင်းကင်းပါသည်၊ သို့ကိုလျက် ဘုရားဖြစ်တော်မူမှ စတုဝေသာရဇ္ဇဉာဏ်လေးပါးဟူ၍ ရဲရင့်ခြင်းအရာ၌ ကန့်သတ်ပြန်ပါသည်၊ လေးပါးသော အရာဌာနသည် ဘယ်အရာဖြစ်၍ ကန့်သတ်ပါသည်ကို သိလိုပါသည်။

သဗ္ဗာရာဇ် ၁၁၇၁-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁-ရက်၊ တနင်္ဂနွေနေ့၊ မုံရွာသိရိမာလာက လျှောက်လာရာတွင် ဖြေဆိုလိုက်သည်ကား–

၅၁-ဝိသဇ္ဇနာ။ ။စတုဝေသာရဇ္ဇ– ရဲရင့်ခြင်းအရာကို မေးရာ၌–

ရဲရင့်ခြင်းသည် မေးသောပုစ္ဆာအတိုင်း အများပင်ဖြစ်သင့်သည်။ ထို့ကြောင့် ပရိတ်ပါဠိတော်၌ပင် လေးပါးဟု သာမညမဆိုမူ၍–

ယေစာပိ နိဗ္ဗုတာ လောကေ၊ ယထာဘူတံ ဝိပဿိသုံ။
တေ ဇနာ အပိသုဏာထ၊ မဟန္တာ ဝီတသာရဒါ။

ဟိတံ ဒေဝမနုဿာနံ၊ ယံ နမဿန္တိ ဂေါတမံ။
ဝိဇ္ဇာစရဏသမ္ပန္နံ၊ မဟန္တံ ဝီတသာရဒံ။

လောကေ၊ ၌။ နိဗ္ဗုတာ၊ ငြိမ်းလေကုန်ပြီးထသော။ ယေစာပိ ဇိနာ၊ အကြင်မြတ်စွာဘုရား တို့သည်လည်း။ (တနည်းကား) ယေစာပိဇနာ၊ အကြင်ရဟန္တာ ပုဂ္ဂိုလ်တို့သည်လည်း။ ယထာဘူတံ ဟုတ်မှန်သောအတိုင်း။ ဝိပဿိသုံ၊ သိမြင်တော်မူကြကုန်၏။ တေ ဇိနာ၊ ထိုမြတ်စွာဘုရားတို့သည်။ (တနည်းကား) တေ ဇနာ၊ ထိုရဟန္တာပုဂ္ဂိုလ်တို့သည်။ (ဤအရာ၌ အချို့ဆရာတို့က ဘုရားဟော သဒ္ဒါဖြစ်သည်၊ ဇိနာရှိရမည်ဟူ၏၊ အချို့သော ဆရာတို့ကလည်း ရဟန္တာဟောဖြစ်သည်။ ဇနာရှိရမည်ဟူ၏)။ ။အပိသုဏာ၊ ချောပစ်သောစကားကို မဆိုကုန်။ အထ၊ ထိုမှတပါးတုံ။ မဟန္တာ၊ မြတ်ကုန်၏။ ဝိတသာရဒါ၊ ကင်းသောရွံ့ရှားခြင်းရှိကုန်၏။

ဝိဇာစရဏသမ္ပန္နံ၊ ဝိဇ္ဇာရှစ်ပါး ဝိဇ္ဇာသုံးပါးစရဏ တဆယ့်ငါးပါး တရားနှင့် ပြည့်စုံထသော။ မဟန္တံ၊ မြတ်စွာထသော၊ ဝိတသာရဒံ၊ ကင်းသော ရွံ့ရှားခြင်းရှိထသော။ ဒေဝမနုဿာနံ၊ နတ်လူတို့၏။ ဟိတံ၊ အစီးအပွားလည်းဖြစ်ထသော။ ဂေါတမံ၊ ဂေါတမ အမျိုးလည်းဖြစ်ထသော။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ ပဏ္ဍိတာ၊ ပညာရှိကုန်သော။ ဒေဝမနုဿာ၊ နတ်လူတို့သည်။ နမဿန္တိ၊ ရှိခိုးကုန်၏။

ယံ နမဿန္တီတိဇ္ဇ ယန္တိနိပါတမတ္တံ-ဟူ၍ သုတ်ပါထေယျ အဋ္ဌကထာ၌ဆိုသောကြောင့် ယံကာနိပါတ်ပုဒ်မျှသာ၊ အနက် မရှိဟုဆို၏။ ဤသို့ မဟန္တံ ဝိတသာရဒံဟူ၍သာမည်ဖြင့် ရွံ့ရှားခြင်းကင်းကုန်သောဟု ဂုဏ်ကျေးဇူးအပေါင်းတို့ကို သိမ်း၍ဆိုလေသည်။ ကင်းသော ရွံ့ရှားခြင်းရှိသည်ဟု ဆိုသည်လည်း သဗ္ဗညုတဉာဏ်တော်၏ အာနုဘော်ကြောင့်ပင်ဖြစ်သည်။ သဗ္ဗညုတဉာဏ်ကို ရကလည်း အလုံးစုံသော ဂုဏ်ကျေးဇူးအပေါင်းကိုပင် ရသည်ဖြစ်တော့သည်။ ဝေသာရဇ္ဇဂုဏ်သည် သဗ္ဗညုတဉာဏ်တော်၏ အစွမ်းကြောင့် ဖြစ်ကြောင်းကိုလည်း မဏိဒီပကျမ်း၌—

> သဗ္ဗညုတဉာဏာနုဘာဝေန ဝိဂတော သာရဒေါ ဇေတသာသိ ဝိသာရဒေါ။ ဘဂဝါ ဝိသာရဒဿ ဘာဝေါ ဝေသာရဇ္ဇံ။ ဗုဒ္ဓတ္တနိယျာန အန္တရာယာသဝက္ခယသခီတေသု စတူသု ဌာနေသု ဝေသာရဇ္ဇဉာဏုပ္ပတ္တိကာရဏေသု ဝေသာရဇ္ဇံ။ စတုဝေသာရဇ္ဇံ၊ တမေဝ ဉာဏံ စတုဝေသာရဇ္ဇဉာဏ်-ဟူ၍ လာသည်။

သို့ကိုလျက် စတုဝေသာရဇ္ဇဉာဏ်ဟူ၍ သခ်ၤာသတ်၍ ဆိုပြန်ခြင်းသည်ကား ဘုရားသခင်ကပင် လေးပါးသော အရာ၌ အထူးပြု၍ဟောတော်မူသော ပါဠိတော်ကိုမှီ၍ သခ်ၤာသတ်၍ ဆိုပြန်လေသည်။

ထို့ကြောင့် အဂုတ္တရနိကာယ် စတုက္ကနိပါတ် ကျမ်း၌—

> စတ္တာရိမာနိ ဘိက္ခဝေ တထာဂတဿ ဝေသာရဇ္ဇာနိ၊ ယေဟိ ဝေသာရဇ္ဇေဟိ သမန္နာဂတော တထာဂတော အာသဘံ ဌာနံ ပဋိဇာနာတိ။ ပရိသာသု သီဟနာဒံ နဒတိ၊ ပြဟ္မစက္ကံ ပဝတ္တေတိ။ ကတမာနိ စတ္တာရိ သမ္မာသမ္ဗုဒ္ဓဿ တေ ပဋိဇာနတော ဣမေ ဓမ္မာ အနဘိသမ္ဗုဒ္ဓါတိ။ တတြ ဝတ မံ သမဏော ဝါ ဗြာဟ္မဏော ဝါ ဒေဝေါ ဝါ မာရော ဝါ ပြဟ္မာ ဝါ ကောစိ ဝါ လောကသ္မိံ သဟဓမ္မေန ပဋိစောဒေဿတီတိ နိမိတ္တမေတံ ဘိက္ခဝေ န သမနုပဿမိ။ ဇေတမဟံ ဘိက္ခဝေ နိမိတ္တံ အသမနုပဿန္တော ခေမပ္ပတ္တော အဘယပ္ပတ္တော ဝေသာရဇ္ဇပ္ပတ္တော ဝိဟရာမိ။

ခီဏာသဝဿ တေ ပဋိဇာနတော ဣမေ အာသဝါ အပရိက္ခီဏာတိ။ တတြ ဝတမံ သမဏော ဝါ ဗြာဟ္မဏော ဝါ ဒေဝေါ ဝါ မာရော ဝါ ဗြာဟ္မာ ဝါ ကောစိ ဝါ လောကသ္မိံ သဟဓမ္မေန ပဋိစောဒေဿတီတိ နိမိတ္တမေတံ ဘိက္ခဝေ န သမနုပဿာမိ။ ဧတမဟံ ဘိက္ခဝေ နိမိတ္တံ အသမနုပဿန္တော ခေမပ္ပတ္တော အဘယပ္ပတ္တော ဝေသာရဇ္ဇပ္ပတ္တော ဝိဟရာမိ။

ယေ ခေါ ပန တေ အန္တရာယိကာ ဓမ္မာ ဝုတ္တာ တေ ပဋိသေဝတော နာလံ အန္တရာယာယာတိ။ တတြ ဝတ မံ သမဏော ဝါ ဗြာဟ္မဏော ဝါ ဒေဝေါ ဝါ မာရော ဝါ ဗြဟ္မာ ဝါ ကောစိ ဝါ လောကသ္မိံ သဟဓမ္မေန ပဋိစောဒေဿတီတိ နိမိတ္တမေတံ ဘိက္ခဝေ န သမနုပဿာမိ။ ဧတမဟံ ဘိက္ခဝေ နိမိတ္တံ အသမနုပဿန္တော ခေမပ္ပတ္တော အဘယပ္ပတ္တော ဝေသာရဇ္ဇပ္ပတော ဝိဟရာမိ။

ယဿ ခေါ ပန တေ အတ္ထာယ ဓမ္မော ဒေသိတော သော န နိယျာတိ၊ တက္ကရဿ သမ္မာ ဒုက္ခက္ခယာယာတိ။ တတြ ဝတ မံ သမဏော ဝါ ဗြာဟ္မဏော ဝါ ဒေဝေါ ဝါ မာရော ဝါ ဗြဟ္မာ ဝါ ကောစိ ဝါ လောကသ္မိံ သဟဓမ္မေန ပဋိစောဒေဿတီတိ နိမိတ္တမေတံ ဘိက္ခဝေ န သမနုပဿာမိ။ ဧတမဟံ ဘိက္ခဝေ နိမိတ္တံ အသမနုပဿန္တော ခေမပ္ပတ္တော အဘယပ္ပတ္တော ဝေသာရဇ္ဇပ္ပတ္တော ဝိဟရာမိ။

ဣမာနိ ခေါ ဘိက္ခဝေ စတ္တာရိ တထာဂတဿ ဝေသာရဇ္ဇာနိ၊ ယေဟိ ဝေသာရဇ္ဇေဟိ သမန္နာဂတော တထာဂတော အာသဘံ ဌာနံ ပဋိဇာနာတိ၊ ပရိသာသု သီဟနာဒံ နဒတိ၊ ဗြဟ္မစက္ကံ ပဝတ္တေတိ။

ယေ ကောစိ မေ ဝါဒပထာပုထုဿမဏာ၊ ယံနိဿိတာ သမဏာ ဗြာဟ္မဏာ စ။
ယထာဂတံ ပတ္တာ နံ တေ ဘဝန္တိ၊ ဝိသာရဒံ ဝါဒပထာတိ ဝုတ္တံ။
ယော ဓမ္မံစက္ကံ အတိဘုယျ ကေဝလံ၊ ပဝတ္တယိ သဗ္ဗဘူတာနုကမ္ပိ။
တံ တာဒိသံ ဒေဝမနုဿသေဋ္ဌံ၊ သတ္တာ နမဿန္တိ ဘဝဿ ပါရဂူတိ -

ဟူ၍ ဟောတော်မူသည်။

အဓိပ္ပာယ်အကျဉ်းကား ။ ။ ချစ်သားရဟန်းတို့ လေးပါးသော အရာ၌ ငါဘုရားသည် ရွံ့ရှားခြင်း ကင်းတော်မူ၏။

လေးပါးဟူသော်ကား။ သစ္စာလေးပါးကို သိ၏ဟု ငါဝန်ခံ၏။

အသဝေါတရား ကုန်၏ဟု ငါဝန်ခံ၏။

ပါရာဇိကာစသော မကောင်းမှုသည် စွာန်မဂ်ဖိုလ်၏ အန္တရာယ်ဖြစ်၏ဟု ငါဘုရား ဟောတော်မူ၏။

အကျင့်သီလစသော တရားသည် သံသရာမှ ထွက်မြောက်ကြောင်းဟူ၍ ငါဘုရားဟောတော်မူ၏။

ဤလေးပါးသော အရာ၌ တစ်စုံတစ်ယောက်သော ရဟန်း၊ ပုဏ္ဏား၊ နတ်၊ မာရ်၊ ဗြဟ္မာတို့သည် မဟုတ်လေတကားဟု စောဒနာလတ္တံ့ဟူ၍ မမြင်သောကြောင့် ရဲရင့်ခြင်းသို့ ရောက်တော်မူ၏ ဟူလိုသည်။ ထို့ကြောင့် ဆရာတို့လည်း—

အန္တရာယေ နိယျာနေ စ၊ ဗုဒ္ဓတ္တေ အာသဝက္ခယေ။
သဗ္ဗဒါ စတုဋ္ဌာနေသု၊ ပတ္တံ ဝိသာရဒံ နမေ –

ဟူ၍ ဆိုတော်မူကုန်သည်။ ဤသို့ ဆိုသောစကားနှင့်အညီ ရဲရင့်ခြင်းလေးပါးဟူ၍ သန်္ဂါသတ်၍ ဆိုလေသည်။

၅၂-ပုစ္ဆာ။ ။ အိပ်၍ပျော်သောသူသည် ဘဝင်သို့ သက်သော စိတ်ရှိသည်ဆိုပါသည်။ ဘဝင်စိတ်တို့သည် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်မှတပါး အာရုံငါးပါးတို့ကို မယူတတ်ဟု ဆိုလိုပါသည်၊ သို့ကိုလျက် အိပ်ပျော်သောကာလ အာရုံငါးပါးနှင့် မကင်းသော အထူးထူးသော အဆင်းသဏ္ဌာန်ကို မြင်ရခြင်း ဖြစ်ပြန်ပါသည်။ ။ သမုဒ္ဒဇ မိဖုရား မဒ္ဒီမိဖုရားတို့၏ မြင်မက်သော အိပ်မက်သည် ရှုပါရုံကို မြင်မက်သောအိပ်မက်၊ ခေမာမိဖုရားတို့သည် ရွှေဥဒေါင်းမင်း၊ ရွှေဟင်္သာမင်း၊ ရွှေသမင်မင်းတို့ ဟောတော်မူသော တရားကို နာကြားခြင်းသည် သဒ္ဒါရုံကို ကြားသော အိပ်မက်၊ ဤမှတပါး အများပင် ဝိညာဉ်ငါးပါး၊ အာရုံငါးပါး ထိပါး၍ ဝီထိငါးရပ်နှင့် ဆက်ဆံသော အာရုံငါးပါးတို့ကို မြင်ရကြားတွေ့ရသည်ဟူ၍ အများပင် ရှိသင့်ပါသည် ဝိညာဉ်ငါးရပ်ကိုပင် ယူရမည်။ သို့မဟုတ် မနောဝိညာဉ်ကိုသာ ယူရမည်ကိုလည်း သိလိုပါသည်။

၅၂-ဝိသဇ္ဇနာ။ ။ အိပ်မက်ခြင်း၏ အခြင်းအရာကို မေးရာ၌ –

အိပ်မက်ခြင်း၏ အကြောင်းအရာကို ဝိဘင်း အဋ္ဌကထာ၊ အဂုံတ္တရနိကာယ် ပဉ္စကနိပါတ် အဋ္ဌကထာ၊ မဟာသုပိနဇာတ်၏ အဖွင့် ဇာတ်အဋ္ဌကထာ၊ ပါရာဇိကဏ္ဍအဋ္ဌကထာ သံယာဒိသိသ် သိက္ခာပုဒ်အဖွင့်၊ မိလိန္ဒပဉ္ဟာ၊ သာရတ္ထသင်္ဂဟ၊ သာရတ္ထဒီပနီ ဋီကာစသော ကျမ်းတို့၌ ဆုံးဖြတ်သည့် အရာသည် အလွန်ကျယ်ဝန်း များပြားသောကြောင့် မေးသူ၏ဆန္ဒလည်း ပြေလည်ရုံ၊ ထိုကျမ်းတို့၌ ဆိုသောစကားလည်း သိသာရုံ ပြဿနာပုစ္ဆာစဉ်ထုတ်၍ ဆိုပေအံ့။

(၁) အိပ်မက်၏ဆိုပြီ၊ ထိုအိပ်မက်ကို အာရုံကို ယူတတ်သော ပဉ္စဒ္ဒါရ မနောဒ္ဒါရတို့တွင် အဘယ်ဒ္ဒါရစိတ်ဖြင့် မက်သနည်း။

(၂) အိပ်မက်ခြင်း၏ အပြားကား အဘယ်မျှပြားသနည်း။

(၃) မက်သော အိပ်မက်သည် မက်တိုင်း မှန်မည်လော၊ မမှန်မည်လော။

(၄) ထိုအိပ်မက်ကို ပုထုဇဉ်လေးယောက် အရိယာရှစ်ယောက်အားဖြင့် အလုံးစုံ တကျိပ်နှစ်ယောက်သော ပုဂ္ဂိုလ်တို့တွင် အဘယ်ပုဂ္ဂိုလ်တို့သည် မက်အပ်သနည်း။

(၅) နိုးလျက်တည်း မက်သလော၊ အိပ်ပျော်လျက်တည်း မက်သလော။

(၆) ကုသိုလ်၊ အကုသိုလ်၊ အဗျာကတ သုံးပါးတို့တွင် အဘယ်တရားနည်း။

(၇) အိပ်မက်မြင်ခြင်း၌ ကောင်းကျိုး မကောင်းကျိုးတို့သည် ဖြစ်ရာသလော။

ဤကား အမေးပုစ္ဆာ ခုနစ်ပါးတည်း၊ ဤခုနစ်ပါးသော အမေးပုစ္ဆာ ပြဿနာတို့ကို ထုတ်ဦးရာ၏။

ထိုခုနစ်ပါးသော အမေးပုစ္ဆာတို့တွင်

(၁) ပဉ္စဒ္ဒါရ၊ မနောဒ္ဒါရ စိတ်တို့တွင် အဘယ်ဒ္ဒါရစိတ်ဖြင့် မက်သနည်း ဟူသော ပထမအမေးဌ် -

သုပိနံ ပဿန္တောမနောဒ္ဒါရေနေဝ ပဿတိ၊ န ပဉ္စဒ္ဒါရိကေန -

ဟူသော ပါဠိနှင့်အညီ အိပ်မက်မြင်သော ပုဂ္ဂိုလ်သည် မနောဒ္ဒါရဖြင့်သာ မြင်မက်၏။ ပဉ္စဒ္ဒါရဖြင့် မမြင်မက်ဟူ၍ မှတ်ရမည်။

(၂) အိပ်မက်အပြားကား အဘယ်မျှ ပြားသနည်းဟူသော ဒုတိယအမေးဌ် -

တဉ္စ ပနေတံ သုပိနံ ပဿန္တော စတူဟိ ကာရဏေဟိ ပဿတိ၊ ဓာတုက္ခောဘတော ဝါ အနုဘူတပုဗ္ဗတော ဝါ ဒေဝတောပသံဟရတော ဝါ ပုဗ္ဗနိမိတ္တတော ဝါတိ၊

ဟူသော ပါဠိနှင့်အညီ အိပ်မက်၏ အပြားသည် လေးပါး အပြားရှိ၏။

လေးပါးဟူသော်ကား -

ဓာတုက္ခောဘ မက်ခြင်းလည်း တပါး၊

အနုဘူတပုဗ္ဗမက်ခြင်းလည်း တပါး၊

ဒေဝတောပသံဟာရ မက်ခြင်းလည်း တပါး၊

ပုဗ္ဗနိမိတ္တ မက်ခြင်းလည်း တပါး- ဤသို့အားဖြင့် လေးပါးအပြားရှိ၏။

ထိုလေးပါးတို့တွင် ကမ်းပါးတောင်ထက်မှ ကျခြင်း စသည်လည်းကောင်း၊ တောင်ဖျား သစ်ပင် ကောင်းကင်သို့ထက် မက်ခြင်းသည်လည်းကောင်း၊ ဆင်၊ မြင်း၊ ခိုးသူ၊ မြွေ၊ ခွေးဘီလူးတို့လိုက် စသည်တို့ဖြင့် လည်းကောင်း မြင်မက်ခြင်းသည် ဓာတုက္ခောဘ မက်ခြင်းမည်၏။ သလိပ်၊ သွေး၊ လေ၊ သည်းခြေစသော ဓာတ် မငြိမ်မဝပ် လှုပ်ချောက်ချား၍ မြင်မက်သည် ဆိုလိုသည်။

ရှေးနေခဲ့ဖူးသော အရပ်ဌာနတို့၌ရှေးက လေ့ကျက်ခဲ့ဖူးသော အမူအရာတို့ကို ရှေးကဲ့သို့ အတိုင်း ပြောမက်၊ ဆိုမက်၊ ပြုမက်ခြင်းသည် အနုဘူတ မက်ခြင်းမည်၏။ ရှေးကလေ့ကျက်ခဲ့ဖူး၍ မက်သည်ဆိုလိုသည်။

မိမိအဆွေခင်ပွန်းနတ်၊ ရန်သူဖြစ်ခဲ့ဖူးသော နတ်တို့သည်အကျိုးပြုလိုခြင်း၊ အပြစ်ပြုလိုခြင်းငှာ အထူးထူးသော နှစ်သက်ဖွယ်ရှိသော အာရုံ၊ အထူးထူးသော ကြောက်မက်ဖွယ်ရှိသော အာရုံတို့ကို ဆောင်ကုန်သည်ဖြစ်၍ ထိုအာရုံတို့ကို နတ်တို့၏ အာနုဘော်ကြောင့် မြင်မက်ကုန်၏။ ထိုသို့မြင်မက်ခြင်းသည် ဒေဝတောပသံဟာရ မက်ခြင်းမည်၏။ နတ်တို့လှည့်ဖြား၍ မက်သည်ဆိုလိုသည်။

မိမိပြုအပ်သော ကောင်းမှုကံ၊ မကောင်းမှုကံတို့၏ အကျိုးအပြစ်တို့သည် ဖြစ်လိုလို၍ ဘုရားအလောင်းတော် သိဒ္ဓတ်မင်းသား၏ ငါးပါးသောအိပ်မက်တို့ကို မြင်မက်ခြင်း ကောသလမင်းကြီး၏ တဆယ့်ခြောက်ချက်သော အိပ်မက်တို့ကို မြင်မက်ခြင်း၊ မယ်တော်မာယာ၏

ဘုရားလောင်း ပဋိသန္ဓေ နေလတ္တံ့သော အကြောင်းနိမိတ်ဖြစ်မည်ကို မြင်မက်ခြင်းကဲ့သို့ မြင်မက်ခြင်းသည် ပုဗ္ဗနိမိတ္တမက်ခြင်းမည်၏။ အကျိုးအပြစ်မဖြစ်မီ နိမိတ်ထင်သည်ဆိုလိုသည်။

အကျဉ်းအဓိပ္ပါယ်ကား။ အိပ်မက်မြင်မက်ခြင်းသည် ဓာတ်ချောက်ချား၍လည်းမြင်မက်သည်၊ ရှေးဌေးလေ့ကျက်ခဲ့ဖူးသောကြောင့်လည်း မြင်မက်သည်။ နတ်တို့လှည့်ဖြား၍လည်း မြင်မက်သည်။ ပုဗ္ဗနိမိတ်ဖြစ်လို၍လည်း မြင်မက်သည်။ ဤလေးပါးတည်းဟု မှတ်ရမည်။

(၃) ထိုသို့မြင်မက်သော အိပ်မက်တို့သည် မှန်မည်လော၊ မမှန်မည်လော ဟူသော တတိယအမေးဌ—

တတ္ထ ယံ ဓာတုက္ခောဘတော စ အနုဘူတပုဗ္ဗတော စ သုပိနံ ပဿတိ။ န တံ သစ္စံ ဟောတိ- ဟူသော ပါဠိနှင့်အညီ-

ထိုလေးပါးသော မြင်မက်ခြင်းတို့တွင် ဓာတ်ချောက်ချား၍ မြင်မက်ခြင်း၊ ရှေးဌေးလေ့ကျက်ခဲ့ဖူးသည်ကို မြင်မက်ခြင်း ဤနှစ်ပါးတို့သည် အလျဉ်းပင် မမှန်ကုန် ဟူလိုသည်။

ယံ ဒေဝတော ပသံဟာရတော ပဿတိ။ တံ သစ္စံပါ ဟောတိ အလိကံဝါ-

ဟူသော ပါဠိနှင့်အညီ နတ်တို့လှည့်ဖြား၍ မက်ခြင်းသည် မိမိတို့ပြုအပ်သော ကုသိုလ်ကံအကုသိုလ်ကံတို့၏ ဗလ၀၊ ဒုဗ္ဗလသို့လိုက်၍ ရံခါလည်းမှန်၏၊ ရံခါလည်းမမှန်၊ အမြဲမရှိ။ ထို စကားသည်လျှင် သင့်မြတ်စွာ။ သီဟိုဠ်ကျွန်း ရောဟနဇနပုဒ် မဟာနာဂဝိဟာရ၌ မထေရ်တဦးသည် ရဟန်းအပေါင်းတို့ကို မပန်ကြားမူ၍ တခုသော ကံကောင်ကို ဖြတ်စေ၏။ သစ်ပင်စောင့်နတ်သည် မထေရ်အား အမျက်ထွက်၍ ရှေးဦးစွာ အိပ်မက်ဖြင့် ဖြားယောင်းလှည့်ပတ်၏။ နောက်အခါ ဤနေ့မှ ခုနစ်ရက်မြောက်သော နေ့၌ သင်တို့၏ အလုပ်အကျွေးဖြစ်သော ဒါယကာမင်းသည် သေလတ္တံ့ဟု အိပ်မက်၌ ကြားလေ၏။ မထေရ်လည်း ထိုစကားကိုဆောင်၍ မင်း၏ မောင်းမတို့အား ကြား၏။ မောင်းမအပေါင်းတို့သည် တပြိုင်နက်လျှင် ကြီးစွာငိုကြွေးကြကုန်၏။ ထိုအခါ မင်းသည် အဘယ့်ကြောင့်နည်းဟု မေး၏။ မောင်းမတို့လည်း မထေရ်ဆိုကြောင်း အလုံးစုံကိုပင် ကြားပေကုန်၏။ မင်းလည်း နေ့ကိုရေတွက်စေ၍ ခုနစ်ရက်လွန်သောကာလ ဆိုတိုင်းမမှန်သောကြောင့် မထေရ်၏ လက်ခြေတို့ကို ဖြတ်စေ၏ ဟူသတည်း။

ယံ ပန ပုဗ္ဗနိမိတ္တတော ပဿတိ။ တံ ဧကန္တသစ္စမေဝ ဟောတိ-

ဟူသောပါဠိနှင့်အညီ ပုဗ္ဗနိမိတ်ဖြစ်လို၍ မြင်မက်ခြင်းသည်လျှင် ဧကန္တမှန်သည်ဟု မှတ်ရမည်။

(၄) ထိုအိပ်မက်ကို၊ ပုထုဇဉ်လေးယောက်၊ အရိယာရှစ်ယောက်အားဖြင့်၊ အလုံးစုံတကျိပ်နှစ်ယောက်သော ပုဂ္ဂိုလ်တို့တွင် အဘယ်ပုဂ္ဂိုလ်သည် မက်အပ်သနည်း ဟူသော **စတုတ္ထအမေးဌ—**

တံ ပနေတံ စတုဗ္ဘိဓံ သပိနံ ပဿန္တော သေက္ခပုထုဇ္ဇနာဝ ပဿန္တိ အပ္ပဟီနဝိပလ္လာသတ္တာ။ အသေက္ခာ န ပဿန္တိ ပဟီနဝိပလ္လာသတ္တာ- ဟူသော ပါဠိနှင့်အညီ-

ထိုလေးပါးသော အိပ်မက်တို့ကို မပယ်အပ်သေးသော ဝိပလ္လာသရှိကုန်သော သေက္ခ၊ ပုထုဇဉ်ပုဂ္ဂိုလ်တို့သာ မက်ကုန်၏။ ပယ်အပ်ပြီးသော ဝိပလ္လာသရှိကုန်သော အသေက္ခပုဂ္ဂိုလ်တို့သည် မမက်ကုန်။ သေက္ခပုဂ္ဂိုလ်တို့ မက်၏ဟုဆိုသော်လည်း သေက္ခခုနစ်ယောက်တို့တွင် မဂ္ဂင်္ဂာန်လေးယောက်တို့သည် မမက်ကုန်၊ သုံးယောက်သော အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ်တို့သာ မက်ကုန်၏ဟု မှတ်ရာ၏။

(၅) ဘဝင်ကင်း၍ နိုးစဉ်ကာလ ဇောဝါရဉ် မက်သလော၊ ဘဝင်ကျ၍ အိပ်ပျော်စဉ်ကာလ၌ မက်သလောဟူသော **ပဋိမအမေးဒွ်-**

အိပ်မက်သောသူတို့အား ဘဝင်ကင်း၍ နိုးစဉ်ကာလ ဇောဝါရဉ် မက်၏ဟူ၍လည်း မယူသင့်။ ဘဝင်ကျ၍ အိပ်ပျော်စဉ်ကာလ မက်၏ဟူ၍လည်း မယူသင့်။ အဘယ့်ကြောင့်နည်း ဟူမူကား-

ယဒိ တာဝ သုတ္တော ပဿတိ၊ အဘိဓမ္မဝိရောဓော အာပဇ္ဇတိ-

ဟူသော ပါဠိနှင့်အညီ အကယ်၍ အိပ်ပျော်သောကာလ မက်သည်ဟု ယူငြားအံ့။ အဘိဓမ္မာဒေသနာနှင့် ဆန့်ကျင်ခြင်းသို့ ရောက်၏။ အဘယ်သို့ ဆန့်ကျင်သနည်း ဟူငြားအံ့။ ဘဝင်စိတ္တေန ဟိ သုပတိ- ဟူသော ပါဠိနှင့်အညီ အိပ်ပျော်သော သူတို့သည် ဘဝင်စိတ်ဖြင့်သာ အိပ်၏။ တံ ရူပနိမိတ္တာဒိအာရမ္မဏံ ရာဂါဒိသမ္မယုတ္တံ ဝါ န ဟောတိ-ဟူသော ပါဠိနှင့်အညီ ထိုဘဝင်စိတ်သဘောသည်လည်း ရူပါရုံ အစရှိသည်ကို ယူခြင်း၊ ရာဂ အစရှိသူတို့နှင့် ယှဉ်ခြင်းသည် မဖြစ်ကုန်။ အိပ်မက်သော သူတို့သည်ကား ရူပါရုံ အစရှိသည်ကို စွဲလမ်းခြင်း၊ ရာဂစသည်တို့နှင့် ယှဉ်ခြင်းတို့သည် ဖြစ်ကုန်၏။ ထို့ကြောင့် အဘိဓမ္မာဒေသနာနှင့်မညီ ဆန့်ကျင်၏။ ဆန့်ကျင်သောကြောင့် မယူအပ်။

အဘယ်ကြောင့် နိုးစဉ်မက်သည်ဟု မယူအပ်သနည်း ဟူငြားအံ့။

အထ ပဋိဗုဒ္ဓေါ ပဿတိ၊ ဝိနယဝိရောဓော အာပဇ္ဇတိ- ဟူသော ပါဠိနှင့်အညီ အကယ်၍ နိုးစဉ်ကာလ မက်သည်ဟု ယူအံ့။ ဝိနည်းဒေသနာနှင့်မညီ ဆန့်ကျင်ခြင်းသို့ ရောက်၏။

အဘယ်သို့ ဆန့်ကျင်ခြင်းသို့ ရောက်သနည်း ယူငြားအံ့။

ယဉ္စိ ပဋိဗုဒ္ဓေါ ပဿတိ၊ သံဝေါဟာရိကစိတ္တေန ပဿတိ-

ဟူသော ပါဠိနှင့်အညီ နိုးစဉ်ကာက မက်သည်ဖြစ်အံ့၊ ရဟန်းတို့အား အာပတ်၊ လူတို့အား အပြစ်ထိုက်လျောက်သော ပကတိသော စိတ်ဖြင့် မက်ရာ၏။ ပကတိစိတ်ဖြင့် မက်လျှင်လည်း-

သံဝေါဟာရိကစိတ္တေန စ ကတေ ဝီတိက္ကမေနာပတ္တိ နာမ နတ္ထိ-

ဟူသော ပါဠိနှင့်အညီ-ပကတိသောစိတ်ဖြင့် လွန်ကျူးမိသော် ရဟန်းတို့အား အာပတ်မသင့်သော မည်သည်မရှိ၊ သင့်သည်ချည်း၊ လူတို့အား အပြစ်မရောက်သော မည်သည်မရှိ၊ ရောက်သည်ချည်း ဖြစ်ခဲ့။ သို့သော် အိပ်ပျော်သောကာလ သူ၏အသက်ကိုသတ်၊ သူ၏ဥစ္စာကို ခိုးမက်သော ရဟန်းတို့အား ပါရာဇိကာအာပတ်၊ ထုလ္လစ္စည်းစသော အာပတ်တို့သည် ဝတ္ထုအလျောက် သင့်ရာ၏။ လူတို့အား သူ၏အသက်သတ်ခြင်းကို ပြုမက်သော် ပါဏာတိပါတ စသော အပါယဂမနီယ

အပါယ်သို့ လားစေတတ်သော ကံတို့သည် ထိုက်ကုန်ရာ၏။ စင်စစ်အားဖြင့်ကား "အညတြ သုပိနန္တာ" ဟူ၍ ဟောတော်မူသော ပါဠိတော်–

သုပိနံ ပဿန္တေ ပန ကတေ ဝိတိက္ကမေ ကေန္တမနာပတ္တိ ဧဝ–

ဟူသော အဋ္ဌကထာပါဠိတို့နှင့်အညီ အိပ်မက်၌ သူ့အသက်ကိုသတ်ခြင်း၊ သူ့ဥစ္စာကို ခိုးယူခြင်း စသည်ကို ပြုမက်သော ရဟန်းတို့အား အာပတ်အပြစ်တို့သည် မသင့်မထိုက်ကုန်။ ထို့ကြောင့် နိုးလျက်ပင် မက်၏ဟု ယူလျှင် ဝိနည်းဒေသနာနှင့်မညီ၊ ဆန့်ကျင်ခြင်းသို့ ရောက်၏၊ ထို့ကြောင့် မယူအပ်။ ဘဝင်ကျ၍ အိပ်ပျော်စဉ်ကာလ မက်၏ဟူ၍လည်း မယူသင့်။ ဘဝင်ကင်း၍ နိုးစဉ်ကာလဇောဝေါရှိ၍ မက်၏ဟူ၍လည်း မယူသင့်ဟုဆိုသော် အဘယ်ကာလ၌ မက်သနည်းဟူငြားအံ့။

ကပိမိဒ္ဓပရေတော ခေါ မဟာရာဇ သုပိနံ ပဿတိ–ဟူဟောပါဠိ–

ကပိမိဒ္ဓပရေတောတိ မက္ကဋနိဒ္ဒါယ သုတ္တော- ဟူသော ပါဠိ

တို့နှင့်အညီ ဩက္ကန္တနိဒ္ဒါဟု ဆိုအပ်သော ဘဝင်ကျသော အိပ်ခြင်း၊ ပဋိဗုဒ္ဓဟု ဆိုအပ်သော နိုးကြားခြင်းကို ပယ်၍ မျောက်တို့၏ အိပ်ခြင်းကဲ့သို့ ကပိမိဒ္ဓပရေတ-ဟု ဆိုအပ်သော လျင်သော အပြန်ရှိသော အိပ်ခြင်းသည် အဖန်တလဲလဲ ကုသိုလ်စသောစိတ်နှင့် ရောနှောခြင်းလည်း ရှိ၏။ ထိုအိပ်ခြင်းဖြင့် အိပ်သောသူသည် အိပ်မက်ကို မြင်မက်၏ ဟူသတည်း။

အဓိပ္ပာယ်အကျဉ်းကား။ ဘဝင်ချည်းသက်သက်လည်း မဟုတ်တတ်၊ ကုသိုလ်စသော ဇောဝါရသက်သက်ပြိုပြိသား နိုးသည်လည်း မဟုတ်တတ်၊ စိတ္တဝေါကိဏ္ဏအပိုင်းတွင်သာ မက်၏ ဟူလိုသည်။

ဤသို့ စိတ္တဝေါကိဏ္ဏဖြစ်သော မျောက်တို့၏ အိပ်မျဉ်းခြင်းကဲ့သို့ အိပ်မျဉ်းခြင်းကို လော်က ဝေါဟာရအားဖြင့် မျောက်မျဉ်း ဟူ၍ ဆို၏။ ထို့ကြောင့် ပါရမီ၌ "မျောက်မျဉ်းခါ၌၊ မင်းလျာ အိပ်မက်၊ မြင်သောထက်လည်း၊ ဆတက်အရာ၊ ရှင့်ဘဝါလျှင်၊ ထိုခါလွန် ဝမ်းမြောက်၏တည်း" ဟူ၍ စပ်ဆိုတော်မူလေသည်။ ဤပျို့၌ မျောက်အိပ်ခါ မဆိုမူ၍ မျောက်မျဉ်းခါဟု ဆိုလေသည်ကား– မျဉ်းသည်ဆိုသော စကားလည်း အိပ်သည်ကိုပင်ဆိုသည်၊ ရှေးစကားဖြစ်သည်။

ဆိုထုံးကား ဇာတ်ပေါင်းတွင် "နာနာဖျားဖျား၊ အိပ်သောလားသို့၊ ရေသားဖိန်းဖိန်း၊ မျဉ်းမျဉ်းမှိန်းသည်၊ စက်ကိန်းတပြောင်းပြောင်းသတည်း"

ဘူရိဒတ်လင်္ကာတွင် "ပျော်ပါးလှည့်ကာ၊ ပန်းအိပ်ရာထက်၊ သာယာမျဉ်းခွေ၊ ကိန်းစက်၍လျှင်"–

သဒ္ဒေးခန်းတွင် 'ရှည်ကြာနေ့ရက်၊ အိမ်ဝယ်ဘက်လျှင်၊ ကိန်းစက်မျဉ်းလျောင်း၊ မကောင်းခဲ့"

ဝိဓူရတွင် "တိမ်းညွတ်ငဲ့စောင်း၊ မပြန်ပြောင်းခဲ့၊ မျဉ်းလျောင်းစက်ရာ၊ ရွှင်သက်သာအောင်၊ ဆင်းဝါကိုယ်ပြင်"-

ဗုဒ္ဓပုတ္တိတွင် "စက်မွေ့ရာ၌၊ အသာလျောင်းလျှင်၊ မျဉ်းပျော်ချင်သည်၊ ဘဝင်ချည်းဇော မတတ်တည်း"-

စံမြောက်ဘက်ကွေ့ချိုရတုတွင် "နန်းရွှေဘုံကို၊ အာရုံမကွက်၊ မျဉ်းကိန်းစက်သော်၊ အိပ်မက်တည့်မှန်၊ နတ်တို့ဖန်သို့"– ဤသို့ စသည်ဖြင့် စပ်ကုန်သော ထုံးသာဓကတို့ကို ထောက်၍ သိရာ၏။

(၆) အိပ်မက်ခြင်းသည် ကုသိုလ်၊ အကုသိုလ်၊ အဗျာကတ သုံးပါးတို့တွင် အဘယ်နည်းဟူသော အဋ္ဌအမေးဌ—

တေနာယံ သုပိနော ကုသလောပိ ဟောတိ အကုသလောပိ အဗျာကတောပိ–

ဟူသော ပါဠိနှင့်အညီ ကပိမိဒ္ဓပရေတဟု ဆိုအပ်သော လဟုပရိဝတ္တ လျင်သော အပြန်ရှိခြင်းကြောင့် ထိုအိပ်မက်သည် တရားဟောခြင်း စသည်ကို မြင်မက်သော သူတို့အား ကုသိုလ်၊ သူ့အသတ်ကို သတ်ခြင်း၊ သူ့ဥစ္စာကိုခိုးခြင်း စသည်ကို မြင်မက်သော သူတို့အား အကုသိုလ်၊ ထိုနှစ်ပါးမှလွတ်သော အာဝဇ္ဇန်း၊ တဒါရုံခဏဌိတ်ဖြစ်သော သူတို့အား အဗျာကတဖြစ်သည်ဟု ကျမ်းဂန်လာသောကြောင့် ကုသိုလ်၊ အကုသိုလ်၊ အဗျာကတ သုံးပါးပင် ရှိသည်ဟု မှတ်ရာသည်။

(၇) အကျိုးရမည် မရမည်၊ အပြစ်ဖြစ်မည် မဖြစ်မည်ဟူသော သတ္တမအမေးဌ—

သွားယံ ဒုဗ္ဗလဝတ္ထုကတ္တာ စေတနာယ ပဋိသန္ဓိ အာကဓိတုံ အသမတ္ထော–

ဟူသောပါဠိနှင့်အညီ အိပ်မက်ဌိဖြစ်သော ကုသိုလ် အကုသိုလ် စေတနာသည် ဒုဗ္ဗလဝတ္ထုကဖြစ်၍ ပဋိသန္ဓေနာမက္ခန္ဓာ ကဋတ္တာရုပ်ကို အကျိုးမပေးသည်ကိုရည်၍ အိပ်မက်ဌိ လွန်ကျူးသော ရဟန်းတို့အား အာပတ်မသင့်။ အညတြ သုပိနန္ထာဟု ဟောတော်မူသည်။ ထိုပဋိသန္ဓေအကျိုးကို မပေးဆိုသော် အိပ်မက်ဌိဖြစ်သော ဗုဒ္ဓါရမ္မဏာ ဓမ္မာရမ္မဏာဟု ဆိုအပ်သော ဘုရားကို ပူဇော်ခြင်း၊ တရားနာခြင်းစသော ကုသိုလ်စေတနာ။ ပါဏာတိပါတစသော အကုသိုလ်စေတနာတို့သည် အကျိုးမခံရ၊ အဟောသိကံဖြစ်မည်လောဟူအံ့၊ အဟောသိကံလည်း မဖြစ်၊ အဘယ့်ကြောင့်နည်းဟူမူကား—

ပဝတ္တေ ပန အညေဟိ ကုသလာကုသလေဟိ ဥပတ္ထမ္ဘိတော ဝိပါကံ ဒေတိ–

ဟူသောပါဠိနှင့်အညီ ပဝတ္တိအခါ၌သော်ကား တပါးကုန်သော ကုသိုလ် အကုသိုလ်စေတနာတို့သည် အထောက်အပံ့အမှီရသည်ရှိသော် အင်မတန် ပဝတ္တိအကျိုးကို ပေးစွမ်းနိုင်၏။ အဟောသိကံ မဖြစ် မှတ်ရမည်။

ထိုအိပ်မက်သည် နေ့အခါ မြင်မက်သည်ရှိသော် မည်မျှ မမှန်တတ်၊ ညဉ့်ဦးယံ၊ သန်းခေါင်ယံ၌လည်း မည်မျှ မမှန်တတ်၊ လင်းအားကြီး မိုးသောက်ထအခါ၌သော်ကား စားအပ်၊ သောက်အခဲအပ်သော အာဟာရတို့သည် ကောင်းစွာကြေခြင်းသို့ ရောက်သောကိုယ်၌ သြဇာတည်ခြင်းကြောင့် အရုဏ်တက်သောကာလ၌ မြင်မက်သော အိပ်မက်သည် ညီညွတ်မှန်ကန်သည်။ ကောင်းသော ကွင်္ဘာရုံကို မြင်သောသူသည် ကွင်္ဘာရုံကို ရ၏။ အနိဋ္ဌာရုံကို မြင်သောသူသည် အနိဋ္ဌာရုံကိုရ၏ ဟူလိုသည်၊ သာရတ္ထသင်္ဂဟစသော ဓမ္မက်ကျမ်း၌ ထွက်သည်။

လောကီကျမ်းဌကား စနေနေ့ မိုးသောက်ယံ၌ မြင်သော အိပ်မက်သည် မှန်တတ်သည်။ ဘုန်းကံရှိသောသူသည် ဖတ်သည်ရှိသော် ထိုသူ့ဘုန်းကံမှီ၍ လွန်၍မှန်တတ်သည်ဟူ၏။ ဤအရာ၌ ကျမ်းကြီးကျမ်းခိုင် မဟုတ်လေသော်လည်း မွန်ရာဇဝင်၌လာသော ဓမ္မစေတီမင်းတို့ဆိုသော စကားအစဉ်ဖြင့် မှတ်ရာ၏။

ယခင်အမေးဌ အိပ်မက်ကို ပဋ္ဌဒ္ဓါရဖြင့် မမြင်မက်၊ မနောဒ္ဓါရဖြင့်သာ မြင်၏ဟူ၍ကား ဆို၏။ မဒ္ဒိမိဖုရားတို့၏ မြင်မက်ခြင်းကဲ့သို့ ရူပါရုံ၊ ခေမာမိဖုရားတို့၏ တရားနာခြင်းကဲ့သို့ သဒ္ဒါရုံ စသည်တို့ကို ပဋ္ဌဒ္ဓါရမဟုတ် ဆိုသည်ရှိသော် မနောဒ္ဓါရဖြင့် ရူပါရုံစသည်တို့ကို မြင်နိုင်အံ့လော ဟူငြားအံ့၊ မြင်နိုင်၏။ ထို့ကြောင့် အဘိဓမ္မတ္ထသင်္ဂဟကျမ်းဌ—

"မနောဒ္ဓါရိကာ စိတ္တာနံ ပန ဆဋ္ဌိမွိ ပစ္ဆုပ္ပန္နမတီတံ အနာဂတံ ကာလဝိမုတ္တဉ္စ ယထာရဟမာလမ္ဗဏံ ဟောတိ"

ဟူ၍ မနောဒ္ဓါရဌဖြစ်သော ခြောက်ဆယ့်ခုနစ်ခုသော စိတ်တို့သည် ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ် အားဖြင့် ကာလသုံးပါးဌ ဖြစ်သော စိတ်ရှစ်ဆယ့်လေးခု၊ စေတသိက်ဒွေပညာသ၊ ရုပ်အဋ္ဌဝီသ၊ ကာလဝိမုတ်၊ နိဗ္ဗာန်၊ ပညတ်ဟုဆိုအပ်သော အာရုံခြောက်ပါးကို ယထာရဟ အာရုံပြုကုန်၏ဟု ဆိုသည်။ ပဋ္ဌာန်းပါဠိတော်ဌလည်း—

သဗ္ဗေ ဓမ္မာ မနောဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော—

ဟုအာရုံခြောက်ပါးလုံးပင်မနောဝိညာဏ ဓာတ်အားဖြင့် အာရမ္မဏပစ္စယ သတ္တိဖြင့် ကျေးဇူးပြုတတ်၏ဟု ဟောတော်မူသည်။ ထိုသို့ဟောတော်မူသည်နှင့်လျော်စွာ မနောဒ္ဓါရဌဝိသယပွဝတ္တိကို ခွဲဝေသည်ရှိသော် ဝိဘူတာရုံ အဝိဘူတာရုံ ဟူ၍ နှစ်ပါးတည်း။

ထိုနှစ်ပါးတို့တွင် ဝိဘူတာရုံဝိတိသည် ပစ္စုပ္ပန်ဖြစ်၍ သတ္တရသာယုက ဖြစ်ကောင်းသော အာရုံခြောက်ပါးဌ အကျုံးဝင်သော ဝိညတ်ဒွေ၊ လက္ခဏရုပ်လေးခု ကြဉ်သော ရုပ်ဇာဝီသတို့တွင် တစ်ပါးပါးကို အာရုံပြု၍ ငါးဝီထိ၊ ပစ္စုပ္ပန်ဖြစ်၍ သတ္တရသာယုက မဖြစ်ကောင်းသော ဓမ္မာရုံဌ အကျုံးဝင်သော ဝိညတ်ဒွေ၊ လက္ခဏရုပ်လေးခု၊ ကာမစိတ်စတုပညာသ၊ စေတသိက်ဒွေပညာသတို့တွင် တစ်ပါးပါးကိုအာရုံပြု၍ တစ်ဝီထိ၊ အတိတ်အနာဂတ်ဖြစ်၍ သတ္တရသာယုက မဖြစ်ကောင်းသော အာရုံခြောက်ပါးဌ အကျုံးဝင်သော ရုပ်အဋ္ဌဝီသ၊ ကာမစိတ် စတုပညာသ၊ စေတသိက်ဒွေကာယသတို့တွင် တပါးပါးကို အာရုံပြု၍ တစ်ဝီထိ၊ ဤသို့လျှင် ခုနစ်ဝီထိဖြစ်သတည်း။

အဝိဘူတာရုံဝီထိဌလည်း ပစ္စုပ္ပန်ဖြစ်၍ သတ္တရသာယုက ဖြစ်ကောင်းသော အာရုံခြောက်ပါးဌ အကျုံးဝင်သော ဝိညတ်ဒွေ၊ လက္ခဏရုပ် လေးခုကြဉ်သော ရုပ်ဇာဝီသတို့တွင် တစ်ပါးပါးကို အာရုံပြု၍ နှစ်ဝီထိ၊ ပစ္စုပ္ပန်ဖြစ်၍ သတ္တရသာယုက မဖြစ်ကောင်းသော ဓ မ္မာရုံဌ အကျုံးဝင်သော ဝိညတ်ဒွေး လက္ခရုပ်လေးခု၊ စိတ်ရှစ်ဆယ့်ကိုးခု၊ စေတသိက်ဒွေပညာသတို့တွင် တစ်ပါးပါးကို အာရုံပြု၍ တစ်ဝီထိ၊ အတိတ်အနာဂတ် ဖြစ်၍ သတ္တရသာယုက မဖြစ်ကောင်းသော အာရုံခြောက်ပါးဌ အကျုံးဝင်သော ရုပ်အဋ္ဌဝီသ၊ စိတ်တစ်ခုယုတ်ကိုးဆယ်၊ စေတသိက်ဒွေပညာသ၊ ကာလဝိမုတ်၊ နိဗ္ဗာန်၊ ပညတ်တို့တွင် တစ်ပါးပါးကို အာရုံပြု၍ တစ်ဝီထိ၊ ဤသို့လျှင် လေးဝီထိဖြစ်သတည်း။

ဤတဆယ့်တဝီထိတို့တွင် အကြောင်းနှင့်လျော်စွာ တခုခုသော ဝီထိဖြင့် မြင်မက်၏ဟူ၍ယူရာ၏။ ဤသို့ဆိုခဲ့သော စကားတို့ကို ယုံမှားကင်းစေလိုရ်—

သတ္တာနံ ဂမနာဒိ ဣရိယာပထကမ္မနံ ကာယကမ္မ ဝစီကမ္မ သမုဋ္ဌာပနံ ကုသလာကုသလဓမ္မသမာဒါနံ လောကိယလောကုတ္တရသမာဓိသမာပဇ္ဇနံ တတော ဝုဋ္ဌာနံ စုတူပ-

ပတ္တိစာတိ သဗ္ဗကုသလာကုသလမမ္မပ္ပဋိဇာနနာဒိ ဇဝနပရိယောသာနကိစ္စံ မနောဒ္ဓါရိက-စိတ္တေနေဝ ဟောတိ။ န ပဉ္စဒ္ဓါရိကေန။ တထာ နိဒ္ဒေါက္ကမနပဋိပဇ္ဇန သုပိနဒဿနာ-

စသော ပါဠိတို့ဖြင့် သတ္တဝါတို့၏ သွားခြင်း စသော ကြွရိယာပုတ်ကို လှုပ်ခြင်း။ ကာယကံ ဝစီကံတို့ကို ဖြစ်စေခြင်း၊ ကုသိုလ် အကုသိုလ်ဓမ္မကို ဆောက်တည်ခြင်း၊ လောကီ လောကုတ္တရာ သမာဓိကို ဝင်စားခြင်း၊ ထခြင်း၊ စုတိခြင်း၊ ပဋိသန္ဓေကို ဖြစ်စေခြင်း၊ အလုံးစုံသော ကုသိုလ် အကုသိုလ်ဓမ္မကို သိခြင်းစသော ဇောအဆုံးရှိသော ကိစ္စသည် မနောဒ္ဓါရဖြင့်သာ ဖြစ်၏။ ပဉ္စဒ္ဓါရိကစိတ်ဖြင့်မဟုတ်။ ထို့အတူ အိပ်ခြင်းသို့သက်ခြင်း၊ နိုးကြားခြင်း၊ အိပ်မက်မြင်မက်ခြင်းတို့သည်လည်း မနောဒ္ဓါရိကစိတ်ဖြင့် မဖြစ်ဟူလိုသည်။

ဤသို့ဆိုခဲ့ပြီးသော စကားစုတို့သည် သာရတ္ထသင်္ဂဟ ကျမ်းဆရာ၊ မိလိန္ဒပဉ္ဟာဆရာတို့၏ ဝါဒဖြင့် ပြအပ်သော စကားတည်း။

ဤအိပ်မက်ကို ဆုံးဖြတ်ရာ၌ ပရမတ္ထသဘော၊ ဇော၊ တဒါရမ္မဏ၊ ဘဝင်၊ အာဝဇ္ဇန်း၊ ဒွါရနှင့် ယှဉ်သော အရာဖြစ်၍ အလွန်တရာ နက်နဲသိမ်မွေ့စွာသည်၊ ဝတ်ထည်ကောင်းကို အပ်ချည်ကောင်းနှင့် ချုပ်မှလျော်ချေသည်ဟူ၍ ဝိသုဒ္ဓိမဂ် ဆရာကျော်၊ ရွှေဥမင်ဆရာကျော်တို့ မိန့်တော်မူသကဲ့သို့ အဓိပ္ပာယ်နက် သဘောခက်သည်ကိုလည်း ဉာဏ်ထက်မြက်မှ သိနိုင်ရာချေသည်။

၅၃-ပုစ္ဆာ။ ။စျာန်သမာပတ် ရသောသူတို့မှာ ဒိဗ္ဗစက္ခု ဒိဗ္ဗသောတကို ဘာဝနာစီးဖြန်း၍ အဘိညာဉ်၏ အစွမ်းဖြင့် ရသည်ကို သိသာပါ၏။ ဆကာမာဝစရ နတ်တို့မှာ စျာန်သမာပတ်ကိုရမှပင် ဒိဗ္ဗစက္ခု ဒိဗ္ဗသောတကိုရ၍ ဝေးသောအရပ် တိုက်နံရံတို့ဖြင့် ဖုံးလွှမ်းသောအရပ်၌ သိမ်မွေ့နူးညံ့သော အာရုံကို သိသည်ဖြစ်မည်၊ စျာန်သမာပတ် မရဘဲပင် ပကတိ သိသည်ဖြစ်မည်ကို သိလိုပါသည်။

၅၃-ဝိသဇ္ဇနာ။ ။စျာန်သမာပတ် ရသောသူတို့သည် ဒိဗ္ဗစက္ခု ဒိဗ္ဗသောတကို ဘာဝနာစီးဖြန်း၍ အဘိညာဉ်စွမ်းအားဖြင့် ရသည်ကိုသာ သိသာပါ၏။ ဆကာမာဝစရ နတ်တို့မှာ စျာန်သမာပတ်တို့ကို ရမှပင် ဒိဗ္ဗစက္ခု ဒိဗ္ဗသောတကို ရ၍ ဝေးသောအရပ်၊ တိုက်နံရံတို့ဖြင့် ဖုံးလွှမ်းသောအရပ်၌ သိမ်မွေ့နူးညံ့သော အာရုံကို သိသည်ဖြစ်မည်။ စျာန်သမာပတ် မရဲဘဲပင် ပကတိ သိသည်ဖြစ်မည်ကို သိလိုပါမည် ဟူရာ၌-

ဒေဝတာနဉ္စိ သုစရိတကမ္မနိဗ္ဗတ္တံ ပိတ္တသေမ္ဟရုဟိရာဒီဟိ အပလိဗုဒ္ဓံ ဥပက္ကိလေသဝိမုတ္တတာယ ဒူရေပိ အာရမ္မဏံ သမ္ပဋိစ္ဆနသမတ္ထံ ဒိဗ္ဗံ ပသာဒစက္ခု ဟောတိ-ဟူ၍ နေတ္တိအဋ္ဌကထာ၌လည်းကောင်း ပါရာဇိကဏ်ဏ အဋ္ဌကထာ ဝေရဉ္ဇကဏ္ဍ ဒိဗ္ဗစက္ခုအဖွင့်တွင်လည်းကောင်း ဆိုသည်။

ဟိ သစ္စံ၊ မှန်၏။ ဒေဝတာနံ၊ နတ်တို့အား။ သုစရိတကမ္မနိဗ္ဗတ္တံ၊ ကောင်းစွာကျင့်အပ်သော ကံကြောင့်ဖြစ်သော၊ ပိတ္တ သေမ္ဘ ရုဟိရာဒီဟိ၊ သည်းခြေ, သလိပ်, သွေး အစရှိသည်တို့ဖြင့်။ အပလိဗုဒ္ဓံ၊ မလိမ်းကျံသော ဥပက္ကိလေသဝိမုတ္တတာယ၊ ညစ်ညူးခြင်းမှ လွတ်သည်၏ အဖြစ်

ကြောင့်။ ဒုရေပိ အာရမ္မဏာ၊ အဝေးဌ် ဖြစ်သောအာရုံကိုလည်း။ သမ္မဒ္ဓိစ္စနသမတ္ထံ၊ ခံခြင်းငှာ စွမ်းနိုင်သော။ ဒိဗ္ဗံပသာဒစက္ခု၊ နတ်၌ဖြစ်သော ပသာဒစက္ခုသည်။ ဟောတိ၊ ဖြစ်၏၊ ဤကား အနက်။

နတ်တို့၏ ဝေးသောအရပ်၌ အာရုံကိုမြင်ခြင်းသည် အဘိညာဉ်စက္ခုမဟုတ်၊ ဒိဗ္ဗပသာဒစက္ခု ဖြင့်သာ မြင်သည်ဟုဆိုသည်။ အဘိညာဉ်စက္ခုကိုကား–

ဣဒ္ဓိဘာပိ ဝိရိယဘာဝနာဗလနိဗ္ဗတ္တံ၊ ဉာဏစက္ခု တာဒိသမေဝ-

(ဎင်းဝိနည်း အဋ္ဌကထာ ပါဠိ။)

ဝိရိယဘာဝနာ ဗလ နိဗ္ဗတ္တံ၊ ဝိရိယဘာဝနာ၏ အစွမ်းကြောင့်ဖြစ်သော။ ဣဒ္ဓိဘာပိ ဉာဏ-စက္ခု၊ ဤသို့သဘောရှိသော အဘိညာဉ်စက္ခုသည်လည်း။ တာဒိသမေဝ၊ ထိုနတ်၌ဖြစ်သော ပသာဒစက္ခုနှင့်တူသလျှင်ကတည်း။ ဤသည်ကားအနက်။

နတ်တို့၏ ပသာဒစက္ခုကဲ့သို့ အဘိညာဉ်စက္ခုဖြစ်သည်ကို ဆိုသတဲ့သည်း။ ဒိဗ္ဗသောတဉ်လည်း ဤအတူပင် မှတ်ရာသည်။

အကျဉ်းကား။ နတ်တို့မှာ ပသာဒစက္ခုဖြင့်သာမြင်သည်။ ပသာဒ သောတဖြင့်သာကြား သည်။ ရသေ့ ရဟန်းတို့မှာ အဘိညာဉ်စက္ခုဖြင့်သာ မြင်သည်။ အဘိညာဉ်သောတဖြင့်သာ ကြားသည် ဟူလိုသတည်း။ ဤဒိဗ္ဗစက္ခုဟူသော ပါဠိဉ် ဒိပ္ပဟူ၍ ပဌမက္ခရာ ပ-နှင့်မလို။ ဒိဝါ ဒိတောယော- ဟူသော သုတ်လက္ခဏာကို ထောက်၍ဒိဗ္ဗဟု တတိယက္ခရာ ဗ-နှင့် လိုသည်။ နတ်တို့မှာ သည်းခြေ သလိပ် သွေး စသည်တို့ဖြင့် မလိမ်းကျံ၊ ညစ်ညူးခြင်းမှ ကင်းသော ကြောင့် ဝေးသောအရပ်၌ အာရုံကို ယူနိုင်သည်။ လင်းတဉ်က်တို့သည် ယူဇနာတစ်ရာ ကွာသော အရပ်၌ အစာကိုမြင်သည်ဆိုသော်လည်း ထိုဉ်က်တို့၏ ပသာဒရုပ်သည် အလွန်စင်ကြယ် သန့်ရှင်း လှဟန် ရှိသည် ထင်မိပေသည်။

၅၄- ပုဏ္ဏာ။ ။မယ်တော် သိရိမဟာမာယာ မြင်မက်သော အိပ်မက်ကို သိလို ပါသည်။

သက္ကရာဇ် ၁၁၇၁-ခု နတ်တော်လဆန်း ၁ ရက်၊ အင်္ဂါနေ့၊ မုံရွာသိရိမာလာက မေးလျှောက် လာရာတွင် ဖြေဆိုလိုက်သည်ကား။

၅၄–ဝိသဇ္ဇနာ။ ။မယ်တော်မာယာ၏ မြင်မက်သော အိပ်မက်ကို မေးရာ၌–

တဒါ ကိရ ကပိလဝတ္ထု နာဂရေ အာသဠ်ဠနက္ခတ္တံ သံယုတ္တံ အဟောသိ။ မဟာဇနော နက္ခတ္တံ ကီဠတိ-

အစရှိသဖြင့် အပဒါန် အဋ္ဌကထာ၊ ဗုဒ္ဓဝံသ အဋ္ဌကထာ၊ ဇာတတ္ထကထိနိဒါန်း၊ သာရတ္ထသင်္ဂဟ၊ ဇိနာလင်္ကာရဋီကာ စသော ကျမ်းတို့၌ လာသည်။

အဓိပ္ပါယ်ကား။ ။ ကပိလဝတ်ပြည်၌ ဝါဆိုလပြည့် သဘင်သည်ဖြစ်၏။ သေသောက်ခြင်း ကင်းသော ပန်းနံ့သာတို့ဖြင့် တန်ဆာဆင်အပ်သော သဘင်ကို ခုနစ်ရက်ပတ်လုံး ဘုရားလောင်း မယ်တော်သည် သဘင်ခံ၍ ဝါဆိုလပြည့်နေ့ နံနက်က ထ၍ လေးသိန်းသော ဥစ္စာတို့ကို ပေးလှူ စွန့်ကြဲ၍ နံ့သာရည်ချိုး၍ မြတ်သော အစာကိုစား၍ ဥပုသ်ဆောက်တည်၍ ညဉ့်အိပ်ပျော်ခြင်း သို့ ရောက်၏။။ဘုရားလောင်းပဋိသန္ဓေ နေတော်မူမည့် အခါ၌လျှင် ဤသို့သော အိပ်မက်ကို မြင်၏။

အိပ်မက်ကား-စတုမဟာရာဇ် နတ်မင်းကြီးလေးယောက်တို့သည် မိဖုရားကို အိပ်ရာနှင့် တကွ ခိုလေ၍ ဟိမဝန္တာတောသို့ ဆောင်ယူပြီးလျှင် ယူဇနာခြောက်ဆယ်ရှိသော ဆေး ဒါန်း မြင်းသီလာ ကျောက်ဖျာအပြင်၌ ခုနစ်ယူဇနာရှိသော အင်ကြင်းပင်ကြီးအောက်၌ ထား၍ တင့်တယ်စွာရပ်ကုန်၏။ ထိုအခါ ထိုနတ်မင်းကြီးတို့၏ နတ်မိဖုရားတို့သည် လာ၍ မာယာမိဖုရားကို အနဝတတ်အိုင်သို့ ဆောင်၍ လူတို့၏အနံ့ကို ဖျောက်ခြင်းငှါ ရေချိုးစေ၍ နတ်တို့၏ အဝတ် တန်ဆာတို့ကို ဝတ်ဆင်စေ၍ နတ်တို့၏နံ့သာတို့ဖြင့် လိမ်းစေ၍ နတ်တို့၏ ပန်းကို ပန်စေ၍ နတ်တို့၏တန်ဆာကို ဆင်ယင်စေ၍ အနဝတတ်အိုင်၏ အနီး၌ ငွေတောင်သည်ရှိ၏။။ ထိုငွေတောင် အတွင်း ရွှေဗိမာန်သည် ရှိ၏။ ထိုဗိမာန်၌ အရှေ့သို့ ဦးခေါင်းပြု၍ နတ်တို့၏ အိပ်ရာကို ခင်း၍ သိပ်ကုန်၏။ ထိုအခါ ဆင်ဖြူသည် ထိုငွေတောင်၏ အနီး၌ ရွှေတောင်တစ်တောင်**ရှိ၏။ ထိုရွှေတောင်သို့** သွားဦး၍ ရွှေတောင်မှသက်၍ ငွေတောင်သို့တက်၍ မြောက်မျက်နှာမှလာ၍ ငွေပန်းဆိုင်းနှင့်တူသော နှာမောင်းဖြင့် ဖြူသောကြာကို ယူ၍ ကြိုးကြာသဲကဲ့သို့ မြည်၍ ရွှေဗိမာန်သို့ ဝင်ပြီးလျှင် မိဖုရားအိပ်ရာသို့ သုံးကြိမ် လက်ယာရစ် လှည့်၍ လက်ယာနံတောင်းကို ခွဲ၍ ဝင်သည်နှင့်အတူဖြစ်၏။ ထိုသို့မြင်မက်သောအခါ၌ပင် ဘုရားလောင်းသည် စုတေ့တော်မူ၍ သတိနှင့် ပြည့်စုံသည်ဖြစ်၍ အဆင်အခြင်နှင့်ပြည့်စုံသည်ဖြစ်၍ ဥတ္တရာသင်္ဃနက္ခတ်နှင့် ယှဉ်သော အခါ၌ ပဋိသန္ဓေ နေတော်မူ၏ ဟူလိုသည်။ ဤကား– မယ်တော်မာယာ မြင်မက်သော အိပ်မက် တည်း။

၅၅– ပုစ္ဆာ။ ။ဘုရားလောင်း ဘုရားဖြစ်အံ့သောနေ့ မြင်မက်သော အိပ်မက်ကို သိလိုပါသည်။

၅၅–ဝိသဇ္ဇနာ။ ။ဘုရားအလောင်း မြင်တော်မူသော အိပ်မက်ကို မေးရာ၌လည်း– မက်ဟန်အကြောင်းကား–

တထာဂတဿ ဘိက္ခဝေ အရဟတော သမ္မာသမ္ဗုဒ္ဓဿ ပုဗ္ဗေ သမ္ဗောဓိ အနဘိ-သမ္ဗုဒ္ဓဿ ဗောဓိသတ္တဿမေဝ မဟာသုပိနာ ပါတုရဟေသုံ။

အစရှိသည်ဖြင့် အင်္ဂုတ္တရနိကာယ် ပဉ္စကနိပါတ်၊ မဟာသုပိနသုတ်၌ လာသည်။

အဓိပ္ပါယ်ကား။ ။ဘုရားဖြစ်တော်မူသော ကဆုန်လပြည့်နေ့မိုးသောက်ထ၍ စကြာဝဠာ မြေအပြင်သည် မြတ်သော အသရေရှိသော အိပ်ရာဖြစ်၍ ယူဇနာငါးရာ အစောက်မြင့်သော ဟိမဝန္တာတောင်မင်းသည် ခေါင်းအုံးဖြစ်၍ အရှေ့သမုဒ္ဒရာထိပ်ဖြင့်သွားလေသော လက်ဝဲလက်ကို

အရှေ့စကြဝဠာ တောင်ထိပ်၌တင်၍ အနောက်သမုဒ္ဒရာထိပ်ဖြင့် သွားလေသော လက်ယာလက်ကို အနောက်စကြဝဠာ တောင်ထိပ်၌ တင်၍ တောင်သမုဒ္ဒရာထိပ်ဖြင့် သွားသော ခြေတော်အစုံကို တောင်စကြာဝဠာ တောင်ထိပ်တင်၍ ပက်လက်အိပ်တော်မူရသည်ဟု မြင်မက်တော်မူသည်။ ဤပဌမအိပ်မက်ခြင်းကား–အတုမရှိသော သဗ္ဗညုတဉာဏ်ကို သိခြင်း၏ ပုဗ္ဗနိမိတ်တည်း။

ဒုတိယမြင်မက်ခြင်းကား။ ။ တိရိယမည်သော နေဇာမြက်သည် ထွန်တုံးရှိ နီလှစွာသော အရိုးဖြင့် ချက်တော်မှရောက်၍ တထွာ၊ တထောင်၊ တလံ၊ တတာ၊ တဂါဝုတ်၊ တယူဇနာ အစရှိသည်ဖြင့် ကြီးတည့်၍ ယူဇနာအသိန်းမကသော ကောင်းကင်အလုံး၌ နှံ့၍ တည်၏ဟု မြင်မက်တော်မူ၏။ ဤဒုတိယမြင်မက်ခြင်း၌ မြတ်သော အဂ်ါရုစ်ပါးရှိသော မဂ်တရားကို နှတ်လူအပေါင်းတို့၌ ပြရခြင်း၏ ပုဗ္ဗနိမိတ်တည်း။

တတိယမြင်မက်ခြင်းကား။ ။ဖြူလှစွာသောကိုယ် မည်းလှစွာသော ဦးခေါင်းရှိသော ပိုးမျိုးတို့သည် ခြေတော်ဖျားမှစ၍ ပုဆစ်ဒူးတိုင်အောင်တတ်၏။ ခြေတော်အစုံကို ဖုံးမိ၏ဟု မြင်မက်တော်မူ၏။ ဤတတိယမြင်မက်ခြင်း၌ များစွာသော ဩဝါဒ၌ တည်ကုန်သော ကြည်ညိုကုန်သော သူတို့သည် ဘုရားသခင်သို့ကပ်၍ သရဏဂုံယူခြင်း၏ ပုဗ္ဗနိမိတ်တည်း။

စတုတ္ထမြင်မက်ခြင်းကား။ ။ညိုသောအဆင်း ရွှေသောအဆင်း နီသောအဆင်း ဖြောတော့သော အဆင်းရှိသော လေးပါးသောငှက်မျိုးတို့သည် အရပ်လေးမျက်နှာမှလာ၍ ရှေ့တော်သို့ ရောက်လျှင် ဖြူထွားစင်ကြယ်စွာဖြစ်၏ဟု မြင်မက်တော်မူ၏။ ဤစတုတ္ထမက်ခြင်း၌ မင်းအစ ရှိသော လေးပါးသော အမျိုးသားတို့သည် မြတ်စွာဘုရား ဟောတော်မူအပ်သော သာသနာတော်၌ လူ၏ဘောင်မှ ရဟန်းဘောင်၌ ရဟန်းပြု၍ အတုမရှိသော မဂ်ဖိုလ်ကို မျက်မှောက်ပြုခြင်း၏ ပုဗ္ဗနိမိတ်တည်း။

ပဉ္စမမြင်မက်ခြင်းကား။ ။မသန့်စင်သော တောင်ထိပ်၌ မလိမ်းမကျံသည်ဖြစ်၍ စကြီသွားတော်မူသည်ကို မြင်မက်တော်မူ၏။ ဤပဉ္စမမြင်မက်ခြင်း၌ ပစ္စည်းလေးပါးကို ရတော်မူငြားသော်လည်း မလိမ်းမကျံသော စိတ်ရှိတော်မူခြင်း၏ ပုဗ္ဗနိမိတ်တည်း။

တကြောင်းလည်း–စကြာဝဠာ မြေကြီးတို့သည် အသရေရှိသော အိပ်ရာဖြစ်ခြင်းကို မြင်မက်ခြင်းသည်ကား– ဘုရားဖြစ်အံ့သော ပုဗ္ဗနိမိတ်တည်း။ ဟိမဝန္တာတောင်မင်းကို ဦးခေါင်းအုံး မက်ခြင်းသည်ကား– သဗ္ဗညုတဉာဏ်တည်းဟူသော အဆောက်အဦကို ရခြင်း၏ ပုဗ္ဗနိမိတ်တည်း။ လေးပါးသော လက်ခြေတို့သည် သမုဒ္ဒရာ အထက်ဖြင့် သွားလေ၍ စကြဝဠာအထိပ်၌ တည်ခြင်းကို မြင်မက်ခြင်းသည်ကား– ဓမ္မစကြာ တရားတော်ကို ဟောရအံ့၏ ပုဗ္ဗနိမိတ်တည်း။ ပက်လက်အိပ်တော်မူခြင်းကို မြင်မက်ခြင်းသည်ကား-- သုံးပါးသော ဘဝ၌ မှော်က်လျက်တည်သော သတ္တဝါတို့ကို ပက်လက်ဖြစ်စေခြင်း၏ ပုဗ္ဗနိမိတ်တည်း။ မျက်စိကို မှိတ်လျက် မျက်စိမြင်သောသူကဲ့သို့ မြင်မက်ခြင်းသည်ကား– ဒိဗ္ဗစက္ခုကိုရခြင်း၏ ပုဗ္ဗနိမိတ်တည်းဟူလိုသည်။ ဤကား– ဘုရားလောင်း၏ အိပ်မက်တည်း။

၅၆-ပုစ္ဆာ။ ။ပသေနဒီကောသလမင်းကြီး မြင်မက်သော အိပ်မက်တို့ကို မည်သည့် ကျမ်းကလာသည်ကို သိလိုပါသည်။ အဓိပ္ပာယ်ကိုလည်း မကျဉ်းမကျယ် မှတ်သား လိုပါသည် စကားပြေထုတ်နုတ်တော်မူပါ။

၅၆-ဝိဿဇ္ဇနာ။ ။ကောသလမင်းကြီး၏ အိပ်မက်ကို မေးရာ၌–

ထိုအိပ်မက်တို့ကို ပစ္စုပ္ပန် အတိတ် ဇာတ်တော်နှင့်တကွ ခုဒ္ဒကနိကာယ်အဝင် ကေနိပါတ် ဇာတ်ကျမ်း အဋ္ဌမပိုင်း ဝရုဏဝဂ်တွင် သတ္တမမြောက်ဖြစ်သော မဟာသုပိနဇာတ်၌ သဂီယနာ တင်သည်။ တင်သော ဂါထာတို့ကား–

ဥသဘာ ရုက္ခာ ဂါဝိယော ဂဝါ စ။
အဿေဝ ကံသော သိဂီလိကာစ ကုမ္ဘော။

ပေါက္ခရဏီစ အပါကစန္ဒနံ။
လာဗူ နိသီဒန္တိ သိလာ ပ္လဝန္တိ၊

မဏ္ဍူကိယော ကဏ္ဌသပ္မေ ဂိလန္တိ။
ကာကံ သုပဏ္ဏာ ပရိဝါရယန္တိ၊

တသာဝကာ ဧဠကာနံ ဘယာဟိတိ။ ဟူသတည်း။

ဤဂါထာတို့တွင် ဥသဘာအစ၊ စန္ဒနံ အဆုံးရှိအောင် အဋ္ဌကထာ၌ တင်သည်။ လာဗူ-နိသီဒန္တိ အစရှိသော လေးပါးဒတို့ကို ဧကနိပါတ် ပါဠိဇာတ်၌တင်သည်။ ထို့ကြောင့် အဋ္ဌကထာ၌-

> ပရိနိဗ္ဗုတေ ပန ဘဂဝတိ သဒ္ဓိတိကာရကာ ဥသဘာဒီနိ အဋ္ဌကထံ အာရောပေတွာ လာဗူ နိသီဒန္တိတိ အာဒီနိ စတ္တာရိ ပဒါနိ ဧကံ ဂါထံ ကတွာ ဧကနိပါတေ ပါဠိံ အာရောပေသုံ ဟူ၍ ဆိုသည်။

ထိုအိပ်မက်ကို မေးရာ၌ ဖြေအံ့သော စကားသည် အလွန်ကျယ်ဝန်းမည် ဖြစ်သောကြောင့် ချုံး၍သာ ဖြေဆိုပေအံ့။

ကောသလမင်းကြီးသည် တဆယ့်ခြောက်ပါးသော အိပ်မက်တို့ကို မြင်မက်၍ ပုဏ္ဏားတို့ကို မေးသည်ရှိသော် အန္တရာယ်သုံးပါးသည် ဖြစ်လတ္တံ့၊ သဗ္ဗစတုက္ကယဇ်ကိုသာ စီရင်လော့ဟု ဆို၍ မြို့၏အပ၌ ယဇ်တွင်းကိုပြု၍ များစွာသော အခြေလေးခုရှိသော သားအပေါင်းငှက်အပေါင်းတို့ကို ရုံးစု၏။ ထိုအခါ မလွိကာဒေဝီသည် အဘယ့်ကြောင့် ဤသို့ ပြုဘိသနည်း၊ ဘုရားသခင်ကိုသာ မေးလော့ဟု ဆို၍ ကျောင်းတော်သို့ ခေါ်၍သွားလေ၏။ ဘုရားသခင်လည်း လာကြောင်းကို မေးလင့်၏။ အိပ်မက်မြင်မက်ကြောင်း၊ ပုဏ္ဏားတို့ ဆိုကြောင်း အိပ်မက်၏ ဖြစ်ကြောင်းလုံးစုံကို ဖြေတော်မူပါဟု လျှောက်၏။ မင်းကြီး နတ်နှင့်တကွသော လောကဥ္စ ဝါဘုရားကိုထား၍ တစုံတယောက်သောသူမျှ ထိုအိပ်မက်တို့၏ အန္တရာယ်ဖြစ်ခြင်းကို သိနိုင်မြင်နိုင်သောသူ မည်သည် မရှိ၊ ငါဟောအံ့၊ သင်မြင်သော အိပ်မက်ကို ဆိုလော့ဟု မိန့်တော်မူ၏။ အရှင်ဘုရား ကောင်းပြီဟု ဆို၍ မြင်သော အိပ်မက်တို့ကို ဆိုအံ့သောငှာ "ဥသဘာ ရုက္ခာ ဂါဝိယော ဂဝါစ" အစရှိသော မာတိကာ ဂါထာတို့ကို ဆို၏။

(၁) ရှေးဦးစွာ မြင်မက်သည်ကား။ ။အရှင်ဘုရား လေးခုသော မျက်စဉ်းအဆင်းရှိသော ညိုသော နွားလားတို့သည် အရပ်လေးမျက်နှာမှ မင်းယင်ပြင်သို့ လာလတ်၍ ဝှေ့သည်ကို ရှုကုန်အံ့ဟု လူများတို့ စည်းဝေးကုန်စဉ် ဝှေ့အပ်သော အခြင်းအရာတို့ကို ပြ၍ မြည်တွန်ဟိန်းဟည်းလျက် မဝှေ့ဘဲ ဖဲကြလေကုန်သည်ကို မြင်မက်၏ဟု လျှောက်၏။

မင်းကြီး၊ ဤအိပ်မက်သည်ကား- မင်းကြီးလက်ထက်၌ ဖြစ်မည်မဟုတ်၊ နောင်အခါ အဓမ္မိကမင်း၊ အဓမ္မိကလူတို့လက်ထက်၌ ဖောက်ပြန်၍ ကုသိုလ်တရား ကျလျှော၍ အကုသိုလ်တရား ပြန့်ပြောသောကာလ၌ ဖြစ်လတ္တံ့။ ထိုအခါ မိုးတို့လည်း ကောင်းစွာ မရွာလတ္တံ့၊ မိုးရေတို့သည် ပြတ်လတ္တံ့၊ ကောက်ပဲတို့သည် ညှိုးကုန်လတ္တံ့၊ ငတ်မွတ်ကုန်လတ္တံ့၊ ရွာလိုဘိသကဲ့သို့ အရပ်လေးမျက်နှာမှ တိမ်တောင်တို့သည် တက်လတ်၍ မိန်းမတို့သည် နေပူ၌ လှန်းထားအပ်သော စပါးတို့ကို စွပ်အံ့စိုး၍ အတွင်းသို့ သွင်းစဉ်ကာလ၌ ယောကျ်ားတို့လည်း ပေါက်တူး ခြင်းတောင်း လက်စွဲကုန်လျက် ကန်သင်းကနုပိုင်းဖွဲ့အံ့သောငှာ ထွက်စဉ် ရွာအံ့သော အခြင်းအရာတို့ကို ပြ၍ ခြိမ်းမဲလျက် လျှပ်စစ်နွယ်တို့ကိုပြ၍ မရွာဘဲသာ ပြေလတ္တံ့ဟု မိန့်တော်မူ၏။

(၂) ဒုတိယမြင်မက်သည်ကား။ ။အရှင်ဘုရား ငယ်သော သစ်ပင်ချုံပင်တို့သည် မြေကို ဖောက်ထွင်း၍ တထွာ တတောင် တက်ကာမျှဖြင့် ပွင့်ကုန်သီးကုန်သည်တို့ကို မြင်မက်၏ဟု လျှောက်၏။

မင်းကြီး၊ ဤအိပ်မက်အလိုကား လောကသည် ဆုတ်ယုတ်သောအခါ လူတို့အသက်တမ်း ယုတ်သောကာလ၌ ဖြစ်လတ္တံ့၊ နောင်အခါ သတ္တဝါတို့သည် ထက်သော ရာဂရှိကုန်သည် ဖြစ်၍ အရွယ်မရောက်သေးသော သတို့သမီးငယ်တို့သည် ယောကျ်ားသို့သွား၍။ ဥတု လာခြင်း၊ ကိုယ်ဝန်ဆောင်ခြင်း၊ သားသမီးပွားစီးခြင်းတို့သည် ဖြစ်ကုန်လတ္တံ့ဟု မိန့်တော်မူ၏။

(၃) တတိယမြင်မက်သည်ကား။ ။အရှင်ဘုရား နွားမကြီးတို့သည် ယနေ့ဖွားသစ်သော နွားငယ်တို့၏ နို့ကို စို့ကုန်သည်တို့ကို မြင်မက်၏ဟု လျှောက်၏။

မင်းကြီး ဤအိပ်မက်၏အလိုကား- နောင်အခါ လူတို့တွင် ကြီးသောသူတို့အား အရိုအသေ အလေးအမြတ်ပြုခြင်း ကင်းသောကာလ၌ ဖြစ်ကုန်လတ္တံ့၊ ထိုသတ္တဝါတို့သည် အမိအဘတို့၌ လည်းကောင်း၊ ယောက္ခမ ယောကျ်ားသူ ယောက္ခမ မိန်းမသူတို့၌လည်းကောင်း ရှက်ခြင်းကင်းကုန်သည်ဖြစ်၍ မိမိအလိုလိုပင် ဥစ္စာစည်းစိမ်တို့ကို စီရင်လျက် ဝတ်ရာစားရာကိုမျှ ကြီးသောသူတို့အား ပေးလိုမှသာ ပေးလတ္တံ့၊ မပေးလိုသည်ရှိသော် မပေးလတ္တံ့၊ သက်ကြီးမိဘတို့သည် ကိုးကွယ်ရာမဲ့သည်ဖြစ်၍ အလိုအတိုင်း မပြည့်စုံသဖြင့် ငယ်သောသားသမီး ခွေးမတို့ကိုသာ အလိုသို့လိုက်၍ အသက်ရှည်ရလတ္တံ့ဟု မိန့်တော်မူ၏။

(၄) စတုတ္ထမြင်မက်သည်ကား။ ။အရှင်ဘုရား၊ ဝန်ကို ရွက်ဆောင်နိုင်သော ခွန်အားပလနှင့်ပြည့်စုံသော နွားကြီးအဆက်ဆက်တို့ကို မကမူ၍ နွားငယ်တို့ကိုသာ ကကုန်၏၊ ဝန်ကို ရွက်ဆောင်ခြင်းငှာ မတတ်နိုင်၍ စွန့်လျက်ရပ်ကုန်သည်ကို မြင်မက်၏ဟု လျှောက်၏။

မင်းကြီး၊ ဤအိပ်မက်အလိုကား နောင်အခါ အဓမ္မိကမင်းတို့ လက်ထက်၌ ဖြစ်ကုန်လတ္တံ့၊ အဓမ္မိကမင်းတို့သည် ပညာရှိကုန်သော အစဉ်အဆက်၌ လိမ္မာကုန်သော အမှုကို ဆောင်ရွက်ခြင်းငှာ စွမ်းနိုင်သော အမတ်ကြီးတို့အား စည်းစိမ်ဥစ္စာကို မပေးလတ္တံ့၊

တရားစီရင်ရာအရပ်၌လည်း၊ ပညာရှိကုန်သော၊ စီရင်ခြင်းငှာ စွမ်းနိုင်ကုန်သော၊ ကြီးရင့်သော အမတ်တို့ကို မထားကုန်လတ္တံ့၊ ငယ်သော၊ ပညာမရှိသော၊ အစဉ်အဆက်၌ မလိမ္မာသော အမှုကို မဆောင်ရွက်နိုင်သော အမတ်ငယ်တို့ကိုသာ စည်းစိမ်ချမ်းသာတို့ကို ပေးကုန်လတ္တံ့၊ တရားစီရင်ရာ၌လည်း ပညာမရှိကုန်သော၊ စီရင်ခြင်းငှာ မစွမ်းနိုင်သော၊ ငယ်နုကုန်သော သူတို့ကိုသာ ထားကုန်လတ္တံ့၊ ထိုအမတ်မိုက် တရားသူကြီးမိုက်တို့သည် မင်းမှုကိုလည်းကောင်း၊ လျော် မလျော်ကိုလည်းကောင်း မသိကုန်သည်ဖြစ်၍ စည်းစိမ်ချမ်းသာတို့ကို ထားအံ့သောငှာ မတတ်နိုင်၍ မင်း၏အမှုကို ပြီးစီးစိမ့်သောငှာလည်း မတတ်နိုင်၍ အမှုကို စွန့်ကုန်လတ္တံ့၊ ပညာရှိသော အမတ်တို့သည်လည်း စည်းစိမ်ချမ်းသာကို မရသောကြောင့် ကိစ္စကို ပြီးစိမ့်သောငှာ တတ်နိုင်သော်လည်း ငါတို့အား ထိုအမှုမှ အပဖြစ်ကုန်၏၊ အမတ်ငယ်တို့သာ သိကုန်လတ္တံ့၊ ဖြစ်လေသမျှတို့ကို စောင့်ရှောက်ကုန်လတ္တံ့ဟု ထိုမင်းတို့အား ပယ်စွန့်ကုန်လတ္တံ့ဟု မိန့်တော်မူ၏။

(၅) ပဉ္စမမြင်မက်သည်ကား။ ။အရှင်ဘုရား၊ ခံတွင်းနှစ်ခုရှိသော မြင်းသည် **နံပါး** နှစ်ဘက်၌ မုယောကို ပေးကုန်သော် နှစ်ခုသောခံတွင်းဖြင့် စားသည်ကို မြင်မက်၏ ဟု လျှောက်၏။

မင်းကြီး၊ ဤအိပ်မက်အလိုကား၊ နောင်အခါ အဓမ္မိကမင်းတို့သည် ဖြစ်ကုန်လတ္တံ့၊ ထိုအခါ၊ အဓမ္မိက ဗာလရာဇာတို့သည် တရားမစောင့်၊ လျှပ်ပေါသောသူတို့ကို တရားစီရင်**ရာ၌** ထားလတ္တံ့။ ထိုအခါ ထိုတရားသူကြီးမိုက်တို့သည် ကောင်းမှု မကောင်းမှု၌ မခံ့မကြောက်**သည်** ဖြစ်၍ နှစ်ဘက်သားတို့၏ တံစိုးကိုစား၍ တရားစီရင်ကုန်လတ္တံ့ဟု မိန့်တော်မူ၏။

(၆) ဆဋ္ဌမြင်မက်သည်ကား။ ။အရှင်ဘုရား၊ လူတို့သည် အဖိုးတသိန်းထိုက်သော ရွှေခွက်ကို သုတ်သင်၍ ဤရွှေခွက်၌ ကျင်ငယ်ကို စွန့်ပါလော့ဟု မြေခွေးတခုအား ဆောင်၍ ကပ်၏၊ ထိုရွှေခွက်၌ မြေခွေး ကျင်ငယ်စွန့်သည်ကို မြင်မက်၏ဟု လျှောက်၏။

မင်းကြီး၊ ဤအိပ်မက်အလိုကား– နောင်အခါ တရားမစောင့်သော အဓမ္မိကရာဇာ မင်းတို့သည် အမျိုးကောင်းသားတို့အား ရွံ့ရှားသဖြင့် စည်းစိမ်ကို မပေးလတ္တံ့၊ အမျိုးကောင်းသားတို့သည် ဆင်းရဲကုန်လတ္တံ့၊ အမျိုးယုတ်သော သူတို့သည် အစဉ်အစိုးရ ကုန်သည်ဖြစ်၍ အမျိုးကောင်းသားတို့သည် ငါတို့သည် အမျိုးယုတ်သောသူတို့အား မှီ၍ အသက်မွေးရတော့မည်ဟု သမီးကို ပေးကုန်လတ္တံ့၊ အမျိုးကောင်းသမီးတို့ အမျိုးယုတ်သောသူတို့နှင့် ပေါင်းဖော်ရခြင်းသည် ရွှေခွက်၌ မြေခွေး ကျင်ငယ်စွန့်သည်နှင့် တူလတ္တံ့ဟု မိန့်တော်မူ၏။

(၇) သတ္တမမြင်မက်သည်ကား။ ။အရှင်ဘုရား၊ ယောကျ်ားတယောက်သည် ကြိုးကို ကျစ်၍ ခြေရင်း၌ထား၏၊ ထိုယောကျ်ားနေသော အင်းပျဉ်အောက်၌ အိပ်သော မြေခွေးမငယ်တခုသည် ထိုသူ မမြင်စဉ် စားသည်ကို မြင်မက်၏ဟု လျှောက်၏။

မင်းကြီး၊ နောင်သောအခါ မိန်းမတို့သည် ယောကျ်ားတို့၌ လျှပ်ပေါသော ပုရိသလောလ၊ သေသောက်ခြင်း၌ လျှပ်ပေါသော သုရာလောလ၊ တန်ဆာဆင်ခြင်း၌ လျှပ်ပေါသော အလင်္ကာရလောလ၊ ခရီးသွားခြင်း၌ လျှပ်ပေါသော ဝိသိခါလောလ၊ အစား၌ လျှပ်ပေါသော အာမိသလောလတို့သည် ဖြစ်ကုန်လတ္တံ့၊ သီလ သီတင်း မဲ့ကုန်သည် ဖြစ်၍ လင်သည်

လယ်လုပ် ကုန်သွယ်၍ ဆင်းရဲငြိုငြင်စွာ ရသော ဥစ္စာတို့ကို သယောက် လင်ငယ်တို့နှင့်တကွ သေသောက်ကုန်လျက် ပန်းနုံသာ နုံသာပြောင်းတို့ဖြင့် ဆင်၍ အမှုကြီးငယ်ကိုမျှ မပြုပဲ၊ အိမ်ထရံ၏ အထက်အဖို့ဖြင့် လည်းကောင်း၊ အပေါက်ရှိရာ အရပ်တို့ဖြင့် လည်းကောင်း သယောက်လင်ငယ်ကို ဆောင်၍ နက်ဖြန်ပျိုးအံ့သော မျိုးကိုမျှသော်လည်း ထောင်း၍ ယာဂု ထမင်း ခဲဖွယ်စသည်တို့ကို စားသောက်၍ ပျက်စီးလတ္တံ့ဟု မိန့်တော်မူ၏။

(၈) အဋ္ဌမမြင်မက်သည်ကား။ ။အရှင်ဘုရား၊ အိမ်တံခါး၌ အချည်းနှီးသော များစွာသော အိုးတို့ဖြင့် ရံအပ်သော ရေပြည့်သော အိုးတလုံးရှိ၏၊ အမျိုးလေးပါးတို့သည် အရပ်ရှစ်မျက်နှာမှ ရေကိုဆောင်၍ ပြည့်သောအိုးကြီး၌သာ ပြည့်စေကုန်၏။ လျှဲ၍ စီးစေကုန်၏၊ အဖန်တလဲလဲ ထိုအိုး၌သာလျှင် ရေကိုလောင်းကြကုန်၏၊ အချည်းနှီးသော အိုး၌ကား-ကြည့်သူမျှ မရှိသည်ကို မြင်မက်၏ဟု လျှောက်၏။

မင်းကြီး၊ နောင်အခါ လူတို့သည် ယုတ်ကုန်အံ့၊ တိုင်းပြည်မြို့ရွာတို့သည် ဩဇာမရှိကုန်လတ္တံ့၊ မင်းတို့သည် ဆင်းရဲကုန်လတ္တံ့၊ ထိုမင်းတို့၏ ဘဏ္ဍာတိုက်တို့၌ တသိန်းမျှသော အသပြာသာလျှင် ဖြစ်ကုန်လတ္တံ့၊ ဤသို့ဆင်းရဲသော မင်းတို့သည် ခပ်သိမ်းသော ဇနပုဒ်တို့ကို မင်းမှုကိုသာ ပြုစေကုန်လတ္တံ့၊ ဇနပုဒ်သားတို့လည်း မင်းမှုဖြင့် နှိပ်စက်ကုန်သောကြောင့် မိမိတို့အမှုကို မပြုရကုန်လတ္တံ့၊ မိမိတို့အမှုကိုစွန့်၍ မင်းမှုကိုသာ ပြုကြကုန်လတ္တံ့၊ မင်း၏အကျိုးငှာသာလျှင် ကောက်ပဲတို့ကို စိုက်ပျိုးစေလျက် စောင့်ကုန်၊ ရိတ်ကုန်၊ နယ်ကုန်လျက် ကြဲခင်းကိုပြုသော သူတို့သည် ယန္တရားကို ပြုကုန်၍ တင်လဲ စသည်တို့ကို ချက်ကုန်လျက် ပန်းခင်းစသည်တို့ကို ပြုကုန်၍ ထိုပန်းခင်းမှဖြစ်ကုန်သော ပန်းတို့ကို ဆောင်ကုန်၍ မင်း၏ကျီကြ၌သာလျှင် ပြည့်စေကုန်လတ္တံ့၊ မိမိတို့အိမ်၌ အချည်းနှီးသော ကျီကြတို့ကို ကြည့်ကုန်သော သူတို့သည် မဖြစ်ကုန်လတ္တံ့ဟု မိန့်တော်မူ၏။

(၉) နဝမမြင်မက်သည်ကား။ ။အရှင်ဘုရား ကြာမျိုးငါးပါးဖြင့် ဖုံးလွှမ်းသော နက်သော ထက်ဝန်းကျင်မှ ရေဆိပ်ရှိသော ရေကန်တခု၌ ထက်ဝန်းကျင်မှ အခြေနှစ်ခု အခြေလေးခုရှိသော သတ္တဝါအပေါင်းတို့သည် သက်၍သောက်ကုန်၏။ ထိုရေကန်၌လည်း အလယ်၌ နက်သော ရေသည် နောက်၍၊ အနားဝန်းကျင် အခြေနှစ်ခု အခြေလေးခုရှိသော သတ္တဝါတို့၏ နင်းရာ သက်ရာအရပ်၌ ကြည်သည်ကို မြင်မက်၏ဟု လျှောက်၏။

မင်းကြီး၊ နောင်သောအခါ မင်းတို့သည် တရားမစောင့်ကုန်၊ ဆန္ဒအစရှိသော အဂတိသို့ လိုက်ကုန်လျက် မင်းပြုကုန်လတ္တံ့၊ တရားနှင့်ညီစွာ စီရင်ဆုံးမခြင်းသည် မရှိလတ္တံ့။ တံစိုးစား၍ ဥစ္စာ၌ မက်မောလျက် တိုင်းသူပြည်သူတို့၌ ခန္တီမေတ္တာမရှိ၊ ရွှန့်ရင်းကြမ်းတန်းစွာ ကြဲညှစ်ယန္တရား၌ ကြဲကိုကဲ့သို့ နှိပ်စက်၍ အထူးထူးသော အခွန်အတုတ်တို့ကို ဖြစ်စေကုန်လတ္တံ့။ ထိုသူတို့သည် အခွန်အတုတ် မပေးနိုင်ကုန်သည် ဖြစ်၍၊ ရွာ နိုဂုံး ဇနပုဒ်တို့ကို စွန့်၍ ရွာစွန်၌သာနေကုန်လတ္တံ့။ တိုင်းလယ်ပြည်လယ် ရွာကြီးရွယ်ငယ်တို့သည် ဆိတ်ညံ၍ ရွာစွန်ရွာနား စည်ပင်လတ္တံ့ဟု မိန့်တော်မူ၏။

(၁၀) ဒသမမြင်မက်သည်ကား။ ။အရှင်ဘုရား၊ တအိုးတည်းသာ ချက်သော ထမင်းသည် သုံးစုထားသကဲ့သို့ တစုကားနှဲ၍ တစုကားဆတ်၍ တစုကား ကောင်းစွာကျက်သည်ကို မြင်မက်၏ဟုလျှောက်၏။

မင်းကြီး၊ နောင်သောအခါ မင်းတို့သည် မတရားသည်ဖြစ်လတ္တံ့၊ မင်းတို့မတရားသည်ရှိသော် အမတ်၊ ပုဏ္ဏား၊ သူကြွယ်၊ နိဂုံး ဇနပုဒ်သားတို့သည်လည်း တရားမစောင့်ကုန်လတ္တံ့၊ ထိုလူတို့ကို စောင့်ကုန်သောနတ်၊ အပူဇော်ကို ခံကုန်သောနတ်၊ အာကာသဋ္ဌနတ်၊ ရုက္ခစိုးနတ်တို့သည်လည်း တရားမစောင့်ကုန်သည် ဖြစ်လတ္တံ့၊ တရားမစောင့်ကုန်သော ထိုမင်းတို့လက်ထက် ပြည်ရွာတိုင်းကားတို့၌ လေတို့သည် မညီမညွတ် ပြင်းစွာ လာကုန်လတ္တံ့၊ အာကာသဋ္ဌနတ်ဗိမာန်တို့သည် တုန်လှုပ်ကုန်လတ္တံ့၊ ထိုသို့တုန်လှုပ်သည်ရှိသော် နတ်တို့သည် အမျက်ထွက်၍ မိုးကိုမရွာစေကုန်လတ္တံ့၊ ရွာသော်လည်း အနှံ့မရွာ၊ အလုံးစုံ အနှံ့ပင် ရွာသော်လည်း စိုက်ခြင်းကြဲခြင်း၏ ကျေးဇူးဖြစ်အောင်မရွာ၊ တိုင်းတခုဥ်လည်းကောင်း ရွာတခုဥ်လည်းကောင်း၊ တဘက်ဆည်ကန်တခုဥ်လည်းကောင်း၊ အိုင်တခုဥ်လည်းကောင်း တပြိုင်နက်မရွာ၊ တဘက်ဆည်ကန်၏ အထက်အဖို့၌ ရွာသည်ရှိသော် အောက်အဖို့၌ မရွာ၊ အောက်၌ ရွာသော် အထက်၌ မရွာ၊ တခုသောအရပ်၌ အလွန်ရွာလွန်းသဖြင့် ကောက်ပဲပျက်၏၊ တခုသောအရပ်၌ မရွာသဖြင့် ညှိုးငယ် သေပျောက်၏၊ တခုသော အရပ်၌ ကောင်းစွာရွာ၍ ပြည့်စုံခြင်းဖြစ်လတ္တံ့ဟု မိန့်တော်မူ၏။

(၁၁) ကောဒသမမြင်မက်သည်ကား။ ။အရှင်ဘုရား၊ အဖိုးတသိန်းထိုက်သော စန္ဒကူးနှစ်ကို ရက်တက်ရည်ဖြင့် ရောင်းဝယ်သည်ကို မြင်မက်၏ဟု လျှောက်၏။

မင်းကြီး နောင်သောအခါ ငါဘုရား၏ သာသနာတော် လျှောကျသောအခါ၌ ပစ္စည်းလေးပါးတို့ကို မက်မောကုန်သော အလဇ္ဇီ ရဟန်းတို့သည် ပစ္စည်းဟူသော အကြောင်းကြောင့်သာလျှင် တရားဟောကုန်လတ္တံ့၊ ပစ္စည်းလေးပါးမှလွတ်၍ ဝဋ်ဆင်းရဲမှ ထွက်မြောက်စိမ့်သောငှာ နိဿရဏပက္ခ၌တည်၍ နိဗ္ဗာန်သို့ ရှေးရှုပြု၍ တရားဟောခြင်းငှာ မစွမ်းနိုင်လတ္တံ့ဟု မိန့်တော်မူ၏။

(၁၂) ဒွါဒသမ မြင်မက်သည်ကား။ ။အရှင်ဘုရား၊ အချည်းနှီးသော ဘူးတောင်းသည်ရေ၌ နစ်သည်ကို မြင်မက်၏ဟု လျှောက်၏။

မင်းကြီး၊ နောင်သောအခါ အဓမ္မိကမင်းတို့လက်ထက် လောကသည် ဖောက်ပြန်၍၊ မင်းတို့သည် အမျိုးကောင်းသားတို့အား စည်းစိမ်ကို မပေးမူ၍ အမျိုးယုတ်သော သူတို့ကိုသာ စည်းစိမ်ပေး၍ အစိုးရသည် ဖြစ်ကုန်လတ္တံ့၊ ထိုအမျိုးကောင်းသားတို့သည် ဆင်းရဲကုန်သောကြောင့် ထိုသူတို့၏ စကားသည် မင်း၏ ရှေ့မှောက် အမတ်၏ရှေ့မှောက် တရားဆုံးဖြတ်ရာတို့၌ မှုတည်လတ္တံ့၊ ဘူးတောင်း နစ်လေသကဲ့သို့ အမျိုးကောင်းသားတို့သည် နစ်၍ အမျိုးယုတ်သော သူတို့၏ စကားသာလျှင် ပေါ်၍ တည်လတ္တံ့၊ ရဟန်းသံဃာတို့၏ အစည်းအဝေး အမှုကြီးငယ်ပြုရာ၊ ဝိနည်းတရား ဆုံးဖြတ်ရာအရပ်တို့၌လည်း ဒုဿီလပါပပုဂ္ဂိုလ်တို့၏ စကားသာလျှင် တည်၍ ယူတတ်၊ လဇ္ဇီသူမြတ်ရဟန်း အမျိုးကောင်းသားတို့၏ စကားသည် မတည်ရလတ္တံ့ဟု မိန့်တော်မူ၏။

(၁၃) တေရသမမြင်မက်သည်ကား။ ။အရှင်ဘုရား၊ ကြီးစွာသော စုလစ်မွန်းခွန်ပမာဏရှိသော တခဲနက်သော ကျောက်သည် လေကဲ့သို့ ရေဝယ်ပေါလောပေါသည်ကို မြင်မက်၏ဟု လျှောက်၏။

မင်းကြီး၊ နောင်သောအခါ အဓမ္မိကရာဇာ မင်းတို့သည် အမျိုးယုတ်သောသူတို့အား စည်းစိမ်ကို ပေး၍ အမျိုးမြတ်သော သူတို့သည် ဆင်းရဲကုန်၏။ ထို**အမျိုး**မြတ်သော သူတို့၌ တစုံတယောက်သော သူတို့သည် ရှိသေခြင်းကို မပြုကုန်လတ္တံ့၊ မင်း**၏**ရှေ့မှောက် စသည်တို့၌ သူမြတ်တို့**၏** စကားသည် သက်ဝင်၍ မတည်နိုင်ကုန်လတ္တံ့၊ ဆိုပါသော်လည်း ပြက်ရယ်မှု ပြုသည်သာ ဖြစ်လတ္တံ့၊ သံဃာ့အစည်းအဝေး၌လည်း သီလရှိသော ရဟန်းတို့ကို အရှိအသေ ပြုအပ်၏ဟု မအောက်မေ့ကုန်လတ္တံ့၊ ထိုလဇ္ဇီသူတော်ကောင်း ရဟန်းတို့ စကားသည် သက်ဝင်၍ မတည်နိုင်လတ္တံ့ဟု မိန့်တော်မူ၏။

(၁၄) စုဒ္ဒသမ မြင်မက်သည်ကား။ ။အရှင်ဘုရား၊ သစ်မည်စည်ပွင့်မျသော ဖားမငယ်တို့သည် ကြီးစွာသော လျင်သော အဆိပ်ရှိသောမြွေကို လျင်စွာလိုက်၍ ကြာရှိုးကဲ့သို့ ဖြတ်၍ အသားကို စား၍ မျိုကုန်သည်တို့ကို မြင်မက်၏ဟု လျှောက်၏။

မင်းကြီး၊ နောင်သောအခါ လောကဌ် လူတို့သည် ကိလေသာ ထူပြောကုန်သည် ဖြစ်၍ ကိလေသာ၏ အလိုသို့ လိုက်ကုန်သည်ဖြစ်၍ ငယ်ကုန်သော၊ အလွန်ငယ်ကုန်သော မယားတို့**၏** အလိုသို့ လိုက်ကုန်လတ္တံ့၊ အိမ်၌ အမှုလုပ်သောသူ၊ ရွှေငွေ၊ အလုံးစုံကို ထိုမယားငယ်တို့**အား** သာလျင် ဆောက်နှင်းကုန်လတ္တံ့၊ ရွှေငွေတို့**၏** အချင့်အခိုန် အရပ်တို့ကို သိလို၍ အဘယ်နည်းဟု မေးသည်ရှိသော် များလိုများ နည်းလိုနည်း၊ သင့်အား ဤလုံလဖြင့် ဘယ်အတွက်ရှိ**အံ့နည်း** သင်သည် ငါ**၏**အိမ်၌ ရှိသည် မရှိသည်ကို သိချင်သေးသလောဟု ဆို၍ အထူးထူး အပြားပြား၊ **ဆဲရေး** နှုတ်လှုံထိုးခြင်းဖြင့် သိပ်နယ်၍ ကျွန်သားပေါက်ကဲ့သို့ အလိုအတိုင်းပြု၍ မိမိ**၏** **အစိုးရ**ခြင်းကို ဖြစ်စေလတ္တံ့ဟု မိန့်တော်မူ၏။

(၁၅) ပန္နရသမ မြင်မက်သည်ကား။ ။အရှင်ဘုရား၊ ဆယ်ပါးသော မသူတော်တရားတို့နှင့် ပြည့်စုံသော ရွာ၌ ကျက်စားသော ကျီးကို ရွှေဟင်္သာတို့ ခြံရံသည်ကို မြင်မက်၏ဟု လျှောက်**၏**။

မင်းကြီး၊ နောင်သောအခါ မင်းတို့သည် ဆင်အတတ် အစရှိသည်တို့၌ မလိမ္မာကုန်၊ **စစ်ထိုး**ခြင်း၌ မရဲရင့်ကုန်၊ ထိုမင်းတို့သည် မိမိအား မင်းအဖြစ်မှ ပျက်စီးခြင်းကို ရှုံးရှားသည် ဖြစ်၍ **အမျိုး**မြတ်သော သူတို့အား စည်းစိမ်ချမ်းသာကို မပေးမူ၍ မိမိ**၏** ခြေရင်းစောင့် ဖြစ်ကုန်သော ဆတ္တာသည် အစရှိကုန်သော ယုတ်သောသူတို့အားသာ စည်းစိမ်ချမ်းသာကို ပေးကုန်လတ္တံ့၊ အမျိုးအနွယ်မြတ်သော သူတို့သည် မင်း**၏**အိမ်၌ တည်ရာကို မရသည်ဖြစ်၍ အသက်ကို မွေးပါစမ့်သောငှာ အမျိုးယုတ်သော သူတို့ထံမှာ ခြံရံခစား ရကုန်လတ္တံ့ဟု မိန့်တော်မူ၏။

(ဤအရာ၌ အန္တေဟိ ဒဿဟိ အသဒ္ဓမ္မေဟိ သမန္နာဂတံ ဂါမဂေါစရံ ကာကံ ကဉ္စန ဝဏ္ဏာဘာယ သုဝဏ္ဏာနိ လဒ္ဓနာမကေ သုဝဏ္ဏရာဇဟံသေ ပရိဝါရေန္တေ အဒ္ဒသံ။ ဟူ၍လည်းကောင်း။

သုဝဏ္ဏရာဇဟံသေဟိ ကာကဿ ပရိဝါရိတကာလောဝိယ ဘဝိဿတိ။ ဟူ၍လည်းကောင်း ဇာတ် အဋ္ဌကထာတို့၌ ဆိုသောကြောင့် သုဝဏ္ဏာကို ရွှေဟင်္သာဌက်ဟူ၍ အဓိပ္ပာယ်ဆိုသည်။

ဝိမာနဝတ္ထု အဋ္ဌကထာ၌ကား-ကာကံ သုဝဏ္ဏာ ပရိဝါယန္တိတိ အာဒီသု ဂရုဠေ-ဟု ဖွင့်ရကား။ ဝိမာနဝတ္ထု အဋ္ဌကထာဆရာ အလိုအားဖြင့် ဂဠုန်ဌက်ဟူ၍ အဓိပ္ပာယ် ယူသင့်၏။)

(၁၆) သောဋ္ဌသမ မြင်မက်သည်ကား။ ။အရှင်ဘုရား၊ သစ်တို့သည် ဆိတ်တို့ကို စားကုန်၏၊ ယခုအခါကား ဆိတ်တို့သည် သစ်တို့ကို လိုက်၍ ရွပ်ရွပ်ဝါး၍ စားသည်ကိုလည်း မြင်မက်၏။ ထိုမှတစ်ပါး သစ်တို့သည် ဆိတ်တို့ကို အဝေးက မြင်၍ ကြောက်လန့်ကုန်သည် ဖြစ်၍ ချဉ်ပိတ်ပေါင်းတို့သို့ လျှိုဝင်၍ ပုန်းသည်ကိုလည်း မြင်မက်၏ဟု လျှောက်၏။

မင်းကြီး နောင်သောအခါ အဓမ္မိကမင်းတို့ လက်ထက် အမျိုးယုတ်တို့သည် မင်းနှင့် အကျွမ်းဝင်၍ အစိုးရသည် ဖြစ်ကုန်အံ့၊ အမျိုးကောင်းသားတို့ကား– ဆင်းရဲကုန်လတ္တံ့၊ အမျိုးယုတ်တို့သည် မင်းနှင့် အကျွမ်းဝင်သည်ဖြစ်၍ မင်းကို မိမိတို့ စကားကို ယူစေ၍ တရားဆုံးဖြတ်ရာ စသည်တို့၌ အားရှိကုန်သည်ဖြစ်၍ အမျိုးမြတ်တို့အား အစဉ်အဆက်မှလာသော လယ်ယာ စသည်တို့ကို ငါတို့၏ ဥစ္စာတည်းဟု တရားပြု၍ အမျိုးမြတ်သော သူတို့သည်လည်း သင်တို့၏ ဥစ္စာမဟုတ်ဟု တရားပြိုင်ဆိုသည်ရှိသော် ကြိမ်နွယ်တို့ဖြင့် ပုတ်ခတ်စေ၍ လည်၌ ကိုင်၍ ထုတ်စေ၏။ ကိုယ်နှင့် တန်မတန်ကိုလည်း မသိ၊ ငါတို့နှင့်တကွ ငြင်းခုံရာသလော၊ယခုပင် မင်းကိုလျှောက်၍ လက်ခြေဖြတ်ခြင်းစသည်တို့ကိုပြုစေအံ့ဟု ခြိမ်းခြောက်၏။ အမျိုးမြတ်သောသူတို့သည် ထိုသူတို့အား ကြောက်သောအားဖြင့် ကိုယ်၏ ဥစ္စာဖြစ်သော လယ်ယာတို့ကို ယူတော်မူပါလော့ဟု ဆောင်နှင်းခဲ့၍ မိမိအိမ်၌ ကြောက်လန့်သဖြင့်သာ အိပ်နေရကုန်၏။ ယုတ်မာသော အလဇ္ဇီရဟန်းတို့သည်လည်း သီလရှိသော ရဟန်းတို့ကို အလို အတိုင်း နှိပ်စက်ကုန်လတ္တံ့။ သီလရှိသော ရဟန်းတို့သည် ကိုးကွယ်ရာမရသဖြင့် တောသို့ဝင်၍ ချဉ်ပိတ်ပေါင်းရှိသော အရုပ်တို့၌သာ ပုန်းရှောင်၍ နေရလတ္တံ့ဟု မိန့်တော်မူ၏။

ဤသို့မိန့်တော်မူပြီးလျှင် ယခုအခါ၌သာ သင်မင်းကြီးသည်သာ ဤအိပ်မက်ကို မြင်မက်သည်မဟုတ်၊ ရှေးမင်းတို့သည်လည်း ဤကဲ့သို့ပင် မြင်မက်ဖူးကုန်၏ဟု မိန့်တော်မူပြီးလျှင် အတိတ်ကို ဆောင်တော်မူ၏။

ထိုဇာတ်၌ ဗာရာဏသီမင်းသည် အိမ်မက်တဆယ့်ခြောင်းပါးတို့ကို မြင်မက်၍ ပုဏ္ဏားတို့ကို မေးသော်မဖြေနိုင်၍ အန္တရာယ်ကြီးစွာ ဖြစ်လတ္တံ့။ သတ္တဝါတို့ကိုသတ်၍ ယဇ်နတ်တင်လော့ဟု ဆို၏၊ မင်းလည်း ထိုစကားများကို ယုံ၍ သတ္တဝါတို့ကို သတ်မည်ပြု၏၊ လုလင်တယောက်သည် ဤအမှုသည် မဟုတ်တန်ရာဟု ပညာရှိကိုရှာ၍ ထိုအခါ ငါတို့ဘုရားလောင်း ရသေ့ကိုတွေ့၏၊ မင်းနှင့်လုလင်သည် ဘုရားလောင်း ရသေ့သံသို့ကပ်၍ အိပ်မက်၏ အခြင်းအရာအကြောင်းတို့ကို မေးလျှောက်၏။ ရသေ့လည်း ဘုရားသခင်ဖြေသကဲ့သို့ ဖြေပေ၏။ သတ္တဝါတို့သည် ချမ်းသာရာကို ရကြကုန်၏။ အိပ်မက်မြင်မက်သောမင်းကား - အာနန္ဒာ၊ လုလင်ကား သာရိပုတြာ၊ အိပ်မက်ဖြေသော ရသေ့ကား ငါဘုရားဖြစ်တော်မူ၏ဟု ဇာတ်ကို ပေါင်းတော်မူ၏။

> စကား ပြေလည် လှအောင်ဆိုသော် ကျယ်အံ့စိုး၍ စကားအလျဉ် မပျက်ရုံသာ ကောက်ကာခုန်ကာ ဆိုလိုက်ပေသည်။ ဤကား– ကောသလမင်းကြီး မြင်မက်သော အိပ်မက်တည်း။

၅၃-ပုစ္ဆာ။ ပါရမီတွင်- "ကောင်းကင်ထွတ်မှ၊ စက်မြတ်တေဇ၊ သုံးကျွန်းဌသို့၊ အာဒိစ္စဝင်၊ မင်းစင်ရှစ်သောင်း၊ သုံးပြည်ပေါင်းကို၊ အုပ်ဆောင်းခဲ့မြောက်၊ ရောက်အံ့ရက်စေ၊ ခုနစ်နေ့တွင်၊ စက်ရှင်ရဲရဲ၊ ပေါ်လုဆဲ၌" ဟု ဘုရားသခင်၏ ဆွေတော်မျိုးတော်တို့ကို ရှစ်သောင်းဟူ၍ စပ်တော်မူပါသည်။

ကိုးခန်းပို့တွင်လည်း- "မိဘနွယ်ပေါင်း၊ သိန်းခြောက်သောင်းလျှင်၊ မင်းကောင်းစဉ်ရိုး၊ ကျော်လွှဲ့ဟိုးလျက်"ဟု တသိန်းခြောက်သောင်းရှိကြောင်းကို စပ်ဆိုပြန်ပါသည်။ စကားနှစ်ရပ်တွင် မည်သည့်ပို့ဆရာစကား ယုတ္တိသဘော ရှိမည်ကိုလည်း သိလိုပါသည်။

၅၃-ဝိသဇ္ဇနာ။ ။ပါရမီ၌–ဆွေတော်မျိုးတော်တို့ကို ရှစ်သောင်းဟူ၍ စပ်ရာ၌—

အပဒါန် အဋ္ဌကထာတွင် ပုဏ္ဏားရှစ်ယောက်တို့ လက္ခဏာ ဖတ်သောနေ့၌ စည်းဝေးလာကုန်သော ဆွေတော်မျိုးတော်တို့ကိုဆိုသော စကားရပ်တို့တွင်—

တံ ဒိဝသဉ္စ ပန မင်္ဂလဘာနေ သန္နိပတိတေသု အသီတိယာ ဉာတိကုလသဟဿေသု ဧကမေကော ဧကမေကံ ပုတ္တံ ပဋိဇာနိ သု အယံ ဗုဒ္ဓေါ ဝါ ဟောတု ရာဇာ ဝါ။ မယံ ဧကမေကံ ပုတ္တံ ဒဿာမ။

သစေပိ ဗုဒ္ဓေါ ဘဝိဿတိ၊ ခတ္တိယသမဏ္ဍေဟေဝ ပုရေက္ခိတပရိဝါရိတော ဝိစရိဿတိ။ သစေ ရာဇာ ဘဝိဿတိ၊ ခတ္တိယကုမာရေဟေဝ ပုရေက္ခိတပရိဝါရိတော ဝိစရိဿတီတိ။ ရာဇာပိ ဗောဓိသတ္တဿ ဥတ္တမရူပသမ္ပန္နာ ဝိဂတသဗ္ဗဒေါသဓာတိယော ပစ္စုပဋ္ဌာပေသိ။ ဗောဓိသတ္တော အနန္တေန ပရိဝါရေန မဟန္တေန သိရိသောဘဂ္ဂေန ဝဍ္ဎတိ-ဟူ၍ဆိုသည်။

အဓိပ္ပါယ်ကား။ ။ထိုအမည်မှည့်အံ့သော မင်္ဂလာနေ့၌ စည်းဝေးလာကုန်သော ရှစ်သောင်းသော ဆွေတော်မျိုးတော်တို့တွင် တယောက်တယောက်သော မင်းတို့သည် ဘုရားဖြစ်လည်းဖြစ်သောအလျောက် အခြံအရံဖြစ်ပစေ၊ စကြဝတေးမင်းလည်း ဖြစ်သောအလျောက် အခြံအရံဖြစ်ပစေ ငါတို့သည် တယောက်တယောက်သော သားတို့ကို ပေးကုန်အံ့၊ အကယ်၍ ဘုရားဖြစ်အံ့ မင်းမျိုးဖြစ်သောရဟန်းတို့ဖြင့် ထက်ဝန်းကျင်ခြံရံ၍ သွားစေအံ့၊ အကယ်၍ စကြဝတေးမင်းဖြစ်အံ့၊ မင်းမျိုးဖြစ်သောလုလင်တို့ဖြင့် ထက်ဝန်းကျင်ခြံရံ၍ သွားစေအံ့ဟုကြံ၍ ဝန်ခံကုန်၏။။ ခမည်းတော်ဖြစ်သော မင်းကြီးသည် ဘုရားလောင်းအား မြတ်သော အဆင်းအဂါ လက္ခဏာနှင့်ပြည့်စုံသော ခပ်သိမ်းသောအပြစ်မှ ကင်းသော နို့ထိန်းတို့ကိုပေး၏။။ ဘုရားလောင်းသည်လည်း အဆုံးမရှိသော အခြံအရံ၊ ကြီးစွာသော ဘုန်းကျက်သရေ အတင့်အတယ်တို့ဖြင့်သာလျှင် ကြီးတော်မူ၏။။ ဟူလိုသည်။

ကိ် မေ ကမ္မာယ ဒုက္ကရကိရိယာယ ယောတံ ဆဗ္ဗဿာနိ ဧဝံ ဒုက္ကရံ ကရောန္တော်ပိ ဗောဓိဉာဏ် န လဘာမိ။ ဟန္ဒာဟံ မမ ဂေဟံ ဂန္တွာ ယသောဓရာဒေဝိပမုခါနိ စတ္တာလိသနာဋကိတ္ထိသဟဿာနိ ဇီဝမာနမာတာပိတရော အသီတိဉာတိကုလသဟဿာနိ ပဿိတွာ ဒိဗ္ဗဘောဇနသဒိသံ သုဘောဇနံ ဘုဉ္ဇမာနာ ဝရသယနေ သယေယျန္တိ ဧကစိတ္တမ္ပိ နာဟောသိ–

ဟူ၍ ဇိနာလင်္ကာရဋီကာ၌ ဆိုသည်။

အဓိပ္ပာယ်ကား။ ။ဘုရားလောင်းသည် ငါ့အား ခဲယဉ်းစွာသော အကျင့်ကို ကျင့်ခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း။ အကြင် ငါသည် ခြောက်နှစ်ပတ်လုံး ဤသို့ ပြုခဲ့စွာသော အကျင့်ကို ကျင့်ငြားသော်လည်း သမ္မောဓိဉာဏ်ကို မရနိုင်။ ယခု ငါသည် ရွှေနန်းတော်သို့ ပြန်၍ ယသောဓရာဒေဝီအမျှူးရှိသော လေးသောင်းသော မောင်းမတို့ကိုလည်းကောင်း၊ မယ်တော် ခမည်းတော်တို့ကိုလည်းကောင်း၊ ရှစ်သောင်းသော ဆွေတော်မျိုးတော်တို့ကိုလည်းကောင်း ရှု၍ နတ်ဘောဇဉ်နှင့်တူသော မြတ်သော ဘောဇဉ်ကိုစား၍ မြတ်သောအိပ်ရာ၌ အိပ်နေတော့အံ့ ဟူ၍ တကြိမ်သော စိတ်၏ ဥပါဒ်ခြင်းမျှ ဖြစ်တော်မမူလေဟူလိုသည်။

ဤသို့ စသည်ဖြင့် ဆွေတော် မျိုးတော် ရှစ်သောင်းရှိကြောင်းကို ကျမ်းဂန်လာသည် အများပင်ဖြစ်၍ ပါရမီတွင် "အာဒိစ္စဝင်၊ မင်းစင်ရှစ်သောင်း၊ သုံးပြည်ပေါင်းကို အုပ်ဆောင်းခဲ့မြောက်" ဟု စပ်တော်မူသော အရာသည် အခိုင်ပင် ဖြစ်ပေသည်။ သုတ္တနိပါတ် အဋ္ဌကထာတွင်လည်း—

ဘဂဝတော ဟိ ဒွေ အသီတိ သဟဿသဒိ်ယ သက္ယကုလိယရာဇာနော ဥတယော—ဟူ၍ လာသည်လည်း တချက်။

ဓမ္မပဒအဋ္ဌကထာ ပထမဝဂ္ဂုနိဒါန်းတွင်-ဘုရားသခင်သည် အဓိအမျိုးမှ ရှစ်သောင်း၊ အဖ အမျိုးမှ ရှစ်သောင်း၊ နှစ်ပါးပေါင်းသော် တသိန်းခြောက်သောင်း ရှိသည်ဟုဆိုသောစကား၌—

> တထာဂတော ဟိ မာတုယာ ပက္ခတော အသီတိယာ ပိတုယာ ပက္ခတော အသီတိယာတိ ဒွေ အသီတိ ဥတိကုလသဟဿေဟိ ကာရိတေ ဝိဟာရေ ဧဝမေဝ ဝဿာဝါသံ-ဝသိ—

စသည်ဖြင့် ဆိုသည်ဖြစ်၍ လည်းကောင်း။

တကြောင်းလည်း ဝိနည်းပါစိတ် အဋ္ဌကထာတွင်—

ဗုဒ္ဓကာလေ ကိရ သက္ယကုလတော အသီတိပုရိသသဟဿာနိ ပဗ္ဗဇိံသု ဟု ဆိုသည်နှင့်အညီ ရဟန်းပြုသော သာကီဝင် မင်းမျိုးပင် ရှစ်သောင်းရှိသည်ဟု ဆိုသည်ကိုထောက်၍ ကိုးခန်းပို့တွင် "မိဘနွယ်ပေါင်း၊ သိန်းခြောက်သောင်းလျှင်၊ မင်းကောင်းစဉ်ရိုး၊ ကျော်လွှဲဟိုးလျက်" ဟု စပ်တော်မူသော အရာသည်လည်း အခိုင်ပင် ဖြစ်ပေသည်။

၅၈-ပဏ္ဍာ။ ။မဏိကုဏ္ဍလဝတ္ထုတွင် မဇ္ဈိမဒေသ ပရိစ္ဆေဒကို ပိုင်းခြားရာ၌ တိတိခတ်သော် ယူဇနာ ခုနစ်ရာတဆယ်ရှိသည်။ အပြင်ခတ်သော် ယူဇနာကိုးရာ ရှိသည်ဆိုပါသည်။ တိတိခတ်ဟန် အပြင်ခတ်ဟန်တို့ကို သိလိုပါသည်။

၅၈-ဝိသဇ္ဇနာ။ မဏိကုဏ္ဍလဝတ္ထုတွင် မဇ္ဈိမဒေသ အပိုင်းအခြားကို မေးရာ၌—

မဇ္ဈိမ ပရိစ္ဆေဒ အားဖြင့်သော်ကား- အရှေ့မှအလားကား-ဂဇင်္ဂလနိဂုံး၊ ထိုနိဂုံး၌ အင်ကြင်းပင်ကြီး၊ အရှေ့တောင်ထောင့်မှ အလားကား- သလ္လာဝတီမြစ်၊ တောင်မှအလားကား- သေတကဏ္ဏိကနိဂုံး၊ အနောက်မှ အလားကား-ဓုနမည်သော ဗြာဟ္မဏဂါမ၊ မြောက်မှ အလားကား—

ဥသိရဒ္ဓဇပုတ္တ တည်းဟူသော ငါးပါးသော အရုပ်တို့ဖြင့် ပိုင်းခြားအပ်သော မုရိုးစည်သဏ္ဌာန်ကဲ့သို့ တည်သော အချို့အချို့သော အစွန်အရုပ်တို့၌ ယူဇနာရှစ်ဆယ်၊ ကိုးဆယ်၊ တရာရှိသော၊ အလယ်ချက်မ၌ အလျားယူဇနာ သုံးရာ၊ အနုံယူဇနာ နှစ်ရာငါးဆယ် တိတိခတ်သော အဝန်းယူဇနာ ခုနစ်ရာတဆယ် အပြင်ခတ်သော အဝန်းယူဇနာ ကိုးရာရှိသော မဇ္ဈိမဒေသသည် လျောက်ပတ်သော အရုပ်မည်၏၊ ထိုအရုပ်၌ နေရခြင်းသည် လျောက်ပတ်သော အရုပ်၌ နေရခြင်းမည်၏ ဟူလိုသည်။

အဓိပ္ပာယ်ကား။ ။ဥပမာအားဖြင့်ဆိုသော် ကြက်ဆူရွက်သည် အဝင်အထွက် အထောင့်အစွန်းရှိသကဲ့သို့ မဇ္ဈိမဒေသသည် အဝင်အထွက် အထောင့်အစွန်းရှိ၏။ ပြင်သို့ထွက်သော အထောင့်အစွန်းတို့သည် ယူဇနာရှစ်ဆယ်၊ ကိုးဆယ်၊ တရာရှိ၏။ ပြင်သို့ ဤမျှစင်ရှိရကား - အတွင်းသို့လည်း ဤမျှလောက်ပင် ဝင်ရာ၏ဟု ယူရာ၏။ ယင်းသို့ ဖြစ်ရကား - ကြက်ဆူရွက်၏ အညွှန့်အစွန်းထွက်ဝင်ခြင်းကို မရေတွက်မူ၍ ကြပတေ့အသား သတိရကောင်းရာကို ဖက်ဝန်းလှီးဖြတ်သကဲ့သို့ အစွန်းအနား အဝင်အထွက်ကို မရေတွက်ဘဲ တိတိဖြတ်အသား သတိရကောင်းရာကိုသာ ရေတွက်သော် အဝန်း ခုနစ်ရာတဆယ်ရှိသည်ကို ရေတွက်၍ တိတိခတ်သော် အဝန်းယူဇနာ ခုနစ်ရာတဆယ်ရှိ၏ဟု ဆိုသည်။ ကြက်ဆူရွက်၏ အနားရှိတိုင်း တိုင်းထွာသကဲ့သို့ အစွန်းအနားရှိတိုင်း အနားဖြင့်လိုက်၍ တိုင်းထွာသော် အဝန်းကိုးရာရှိသည်ကို ရည်၍ အပြင်ခတ်သော အဝန်းယူဇနာ ကိုးရာရှိ၏ဟု ဆိုသည်။ ဤ တိတိခတ် ဟူသော စကားသည် ရှေးစကားဖြစ်သည်။ အလွန်အယုတ် အဆုတ်အတက်မရှိဟု ဆိုလိုသည်။ သည်ကိုရည်၍ ဆုတောင်းခန်း၌ "စတုရံသ၊ ပန်းလည်ချ၍၊ အမျှခတ်ခတ်၊ အဝန်းပတ်သော်၊ သေသတ်ဆစ်မျက်၊ ဆုတ်တက်မဲ့အောင်၊ ကျုံးသုံးမြောင်နှင့်" ဟူ၍စပ်လေသည်။

၅၉-ပုစ္ဆာ။ ။တောထွက်တော်မူသော ကာလ ဗြဟ္မာလျှူသော သပိတ်တော်သည် မြေသပိတ် ဖြစ်မည်၊ သံသပိတ်ဖြစ်မည်၊ ကျောက်သပိတ်ဖြစ်မည်ကို သိလိုပါသည်။

သက္ကရာဇ် ၁၁၇၁-ခု၊ ပြာသိုလဆန်း ၁ရက်၊ ဗုဒ္ဓဟူးနေ့၊ မုံရွာ သိရိမာလာက လျှောက်လာရာတွင် ဖြေဆိုလိုက်သည်ကား–

၅၉-ဝိသဇ္ဇနာ။ ။ဗြဟ္မာလျှူသော သပိတ်တော်သည် မြေသပိတ်ဖြစ်မည်၊ သံသပိတ်ဖြစ်မည်၊ ကျောက်သပိတ်ဖြစ်မည်ကို သိလိုပါသည်ဟု မေးရာ၌–

အပဒါန် အဋ္ဌကထာ ဗြဟ္မာလျှူသော အခန်းတွင်—

တိစီဝရဉ္စ ပတ္တောစ၊ ဝါသိ သူစိစ ဗန္ဓနံ။
ပရိဿာဝနေန အဋ္ဌေတေ၊ ယုတ္တယောဂဿ ဘိက္ခုနော တိ။
ဣမေ အဋ္ဌ ပရိက္ခာရေ အာဟရိတ္ဝာ။

ဟူ၍ သာမညဖြင့်သာ သုံးထည်သောသင်္ကန်း၊ သပိတ်၊ ပဲခွပ်၊ အပ်၊ ခါးပန်း၊ ရေစစ် ဟူ၍ ဆိုသည်။ သုံးထည်သော သင်္ကန်းမှာလည်း ခေါမ၊ ကပ္ပါသိက၊ ကောသေယျ - စသော ဇာတ်မျိုးတွင် အဘယ်ဇာတိမျိုးဟူ၍မဆို၊ သပိတ်မှာလည်း မြေသပိတ်၊ သံသပိတ်၊ ကျောက်သပိတ်တို့တွင်

မည်သည့်သပိတ်ဟု အထူးမဆို၊ ထိုသို့မဆိုသော်လည်း သုဇာတာသဌေးသမီး ယနာဆွမ်းကို လှူသောကာလ ဆိုပြန်သည်ကား-

ယဉ္စိကာရမဟာပြဟ္မုနော ဒိန္နော မတ္တိကာပတ္တော ဧတ္တကံ ကာလံ ဗောဓိသတ္တံ အဝိဇဟိတ္တာ တသ္မိံ ခဏေ အဒဿနံ ဂတော။

ဟူ၍ လာသည်။

အဓိပ္ပါယ်ကား။ ။ယဉ္စိကာရပြဟ္မာကြီး လှူအပ်သော မြေဖြင့်ပြီးသော သပိတ်တော်သည် ဤမျှလောက်သော ကာလပတ်လုံး ဘုရားလောင်းကို မစွန့်လေ၊ သုဇာတာ သေဌေးသမီးလှူသော ကာလ၌သာလျှင် မမြင်ခြင်းသို့ ရောက်လေ၏။ ကွယ်လေ၏ဟု ဆိုသည်ဖြစ်၍ ပြဟ္မာလှူသော သပိတ်တော်ကို မြေသပိတ်ဟူ၍ သိသင့်သည်။

စတ္တာရော မဟာရာဇာနော ဣန္ဒနီလမဏိမယေ ပတ္တေ ဥပနာမေသုံ။ ဘဂဝါ တေ ပဋိက္ခိပိ၊ ပုန မုဂ္ဂဝဏ္ဏသိလာမယေ စတ္တာရောပတ္တေ ဥပနာမေသုံ။ ဘဂဝါ စတုန္နမ္ပိ ဒေဝပုတ္တာနံ အနုကမ္ပာယ စတ္တာရောပိ ပတ္တေ ပဋိဂ္ဂဟေတွာ-

စသည်ဖြင့် ရာဇာယတနဠ် နေတော်မူသောအခါ စတုမဟာရာဇ် နတ်မင်းတို့သည် ဣန္ဒနီလာမြဖြင့်ပြီးသောသပိတ်ကို ကပ်ကုန်၏။ ဘုရားသခင်လည်း ပယ်တော်မူ၏။ တဖန် ပဲနောက်အဆင်းနှင့်တူသော ကျောက်ဖြင့်ပြီးသော သပိတ်တို့ကို ကပ်ကုန်၏။ ဘုရားသခင်လည်း နတ်သားတို့အား သနားတော်မူ၍ လေးလုံးသော သပိတ်တို့ကို ခံတော်မူ၍ အဆင့်ဆင့် ထားတော်မူပြီးလျှင် တလုံးတည်း ဖြစ်စေသတည်းဟု ဓိဋ္ဌာန်၍ နှိပ်တော်မူသောကြောင့် လေးလုံးသော သပိတ်တို့သည် လေးခုသော အရေးအကြောင်းထင်၍ မကြီးလွန်း မငယ်လွန်း၊ အလတ်သော ပမာဏရှိသော တလုံးတည်းသော သပိတ်၏အဖြစ်သို့ ရောက်လေကုန်၏ဟု ဆိုသည်ဖြစ်၍ တပုဿ ဘလ္လိက ကုန်သည်ညီနောင်တို့ ပျားဆုပ်လှူသော ကာလ ခံတော်မူသော သပိတ်တော်မူကား -ပဲနောက်အဆင်းနှင့်တူသော ကျောက်ဖြင့်ပြီးသော သပိတ်ဟူ၍ မှတ်သင့်သည်။

တကြောင်း သုတ္တနိပါတ်အဋ္ဌကထာ ဘာရဒွါဇသုတ်အဖွင့်တွင်-

ဘဂဝတော ကိရ ပိဏ္ဍာယ ပဝိသိတုကာမဿ ဘဂဝတော ဝိယ ဝိကသိတ ပဒုမ ဒွယမတ္တံ ဣန္ဒနီလမဏိဝဏ္ဏံ သေလမယံ ပတ္တံ ဟတ္ထဒွယမတ္တံ အာဂစ္ဆတိ။

ဆွမ်းခံဝင်တော်မူသော မြတ်စွာဘုရား၏ ပွင့်သစ်သော ပဒုမာနှစ်ခိုင်၏ အလယ်သို့ ဝင်၍လာသော ပျားပိတုန်းကဲ့သို့ ညိုသော မြအဆင်းရှိသော ကျောက်ဖြင့်ပြီးသော သပိတ်တော်သည် လက်တော်နှစ်ဘက် အတွင်းသို့ ရောက်လာ၏ဟု ဆိုသောကြောင့် ကျောက်ဖြင့်ပြီးသော သပိတ်တော်ဟု သိရာသည်။ ဘုရားသခင် ကိုယ်တော်မြတ်သည် သံသပိတ်သုံးဆောင်တော်မူသည်ကို ကျမ်းဂန်မတွေ့၊ ရဟန်းတို့မူကား-မတ္တိကာပတ္တ၊ အယောပတ္တဟူ၍ မြေသပိတ်၊ သံသပိတ် နှစ်ပါးကိုပင် သုံးဆောင်စီမံ့သောငှာ ခွင့်ပြုတော်မူ၏။

၆၀-ပုစ္ဆာ။ ။ကိုယ်တော်မြတ်လည်း လောကသယမ္ဘူ ဘုရားကြီး၌ မြစ်စွာဘုရား သင်္ဂန်းတော်ပမာဏ သင်္ဂန်းချပ်၍ လှူဖူးကြောင်းကို မိန့်တော်မူဖူးပါသည်၊ မြတ်စွာဘုရား သင်္ဂန်းတော်ပမာဏ အရှည်၊ အလျား၊ အနံ အဘယ်မျှ ချုပ်လုပ်မှ အတိုင်းအထွာရှိမည်ကိုလည်း သိလိုပါသည်။

၆၀-ဝိသဇ္ဇနာ။ ။မြတ်စွာဘုရား သင်္ဂန်းတော်ပမာဏကို သိလိုပါသည် ဟူရာ၌ —

ဣဒါနိ မဇ္ဈိမဿ ပုရိသဿ တိသော ဝိဒတ္ထိယော ဧကာ သုဂတဝိဒတ္ထိ၊ တာယ သုဂတဝိဒတ္ထိယာ ဒီယသော နဝဝိဒတ္ထိယော သုဂတစီဝရပ္ပမာဏံ၊ တိရိယံ ဆဝိဒတ္ထိယော၊ တမ္မန နဝမုကိဟတ္ထေန ဒီယသော တေရသဟတ္ထာ ဧကာ စ ဝိဒတ္ထိ၊ တိရိယတော နဝ-ဟတ္ထာ ဟောန္တိ။

ဟူ၍ ခုဒ္ဒသိက္ခာဋီကာ၌ လာ၏။

အဓိပ္ပါယ်ကား။ ။မြတ်စွာဘုရား သင်္ဂန်းတော်သည် မြတ်စွာဘုရား အထွာတော်ဖြင့် အလျားကိုးထွာ၊ အနံခြောက်ထွာရှိ၏။ မဇ္ဈိမပုရိသ အတောင်ဖြင့်ကား–သုံးဆတက် ဖြစ်၍ အလျားတဆယ့်သုံးတောင်ထွာ၊ အနံ ကိုးတောင်ရှိ၏။ ပကတိ လူတို့ အတောင်ဖြင့်ကား–မဇ္ဈိမပုရိသ အတောင်တွင် တခုခွဲတက်ပြန်၍ အလျား အတောင်နှစ်ဆယ်နှင့် ခြောက်သစ်၊ အနံ သုံးတောင်ထွာ ဖြစ်၏ ဟူလိုသည်။ ဤအရာတွင် ဘုရားသခင် အတောင်တွက်နည်း မဇ္ဈိမပုရိသ အတောင်တွက်နည်း ပကတိလူတို့ အတောင်တွက်နည်းဟူ၍ သုံးရပ်ရှိသည်။

တနည်းလည်း—ဘုရားသခင်အတောင် လက်သမားအတောင် ပကတိလူတို့ အတောင်တွက်နည်းဟူ၍ သုံးရပ်ရှိသည်။ ထို့ကြောင့် ကျမ်းဂန်၌ပင် နှစ်ဌာနဆိုလျက်ရှိသည်။ အတိုင်းအထွာ အရှည်အတို တက်ဟန်ကား–

မဇ္ဈိမဿ ပုရိသဿ တိသော အဂုံလိယော သတ္ထုဿ ဧကာ အဂုံလိ။ သတ္ထုဿ အဋ္ဌအဂုံလိယော မဇ္ဈိမဿ ပုရိသဿ စတုဝိသတိ အင်္ဂုံလိယော ဟောန္တိ–

ဟူ၍ ဥပေါ်သထသုတ်ဋီကာ၌ လာ၏။

အဓိပ္ပါယ်ကား။ ။မဇ္ဈိမပုရိသ သုံးသစ်သည် မြတ်စွာဘုရား တသစ်ရှိ၏၊ မြတ်စွာဘုရား ရှုစ်သစ်သည် သုံးထမ်းပိုး တက်ရသောကြောင့် မဇ္ဈိမပုရိသ၏ နှစ်ဆယ့်လေးသစ် ဖြစ်၏ ဟူလိုသည်။

မဇ္ဈိမပုရိသဿ ဟတ္ထေန ယဿ ဒါနိ ဝမုကိဟတ္ထောတိ သမညာတိ ဝုတ္တံ။ ယသ္မာ ပန ပကတိပုရိသဿ ဒိယမုဋ္ဌိလိ ဟောတိ၊ မဇ္ဈိမဿ ပုရိသဿ အဋ္ဌိလိ ဟောတိ၊ တထာ ဝိဒတ္ထိရတနံ ဗာဟာဗျာမောစ။ တသ္မာ မဇ္ဈိမဿ ပုရိသဿ မုဋ္ဌိရတနံ ပကတိပုရိသဿ ဝိဒတ္ထာဓိက မုဋ္ဌိရတနံ ဟောတီတိ နိဋ္ဌမေတ္ထ ဂန္ဆဗ္ဗံ။

ဟူ၍ ပြဟ္မဇာလသုတ်ဋီကာ၌လာ၏။

အဓိပ္ပါယ်ကား။ ။မဇ္ဈိမပုရိသ အတောင်ကို ယခုအခါ လက်သမားအတောင်ဟု ခေါ်ဝေါ်သမုတ်ကြကုန်၏။ ပကတိလူတို့ တသစ်ခွဲသည် မဇ္ဈိမပုရိသ၏ တသစ်ဖြစ်၏။ ထို့အတူ တထောင့်

ထွာကို တတောင်။ တလံခွဲကို တလံတို့သည် ဖြစ်ကုန်၏။ ထို့ကြောင့် မဇ္ဈိမပုရိသ၏ တောင်ဆုပ်သည် ပကတိသောလူတို့၏ တစ်ထွာအလွန်ရှိသော တောင်ဆုပ်သည် ဖြစ်၏ ဟူလိုသည်။ ဤပြဿနာလသုတ် ဦးကာ၌ မဇ္ဈိမပုရိသနှင့် လက်သမားတောင်ကို ဝေါဟာရကွဲသည်။ သဘောမကွဲဟု ပြသည်ဖြစ်၍ ပကတိအတောင်ထက် မဇ္ဈိမပုရိသအတောင် လက်သမားအတောင်တစ်ခုခွဲတက်၍ ရှည်၏။ မဇ္ဈိမပုရိသအတောင် လက်သမားအတောင်ထက် ဘုရားသခင်အတောင်သည် သုံးဆတက်၍ ရှည်၏ဟု မှတ်ရမည်။

ဤသို့ ကျမ်းဂန်လာသည်နှင့် ထောက်စာသည်ရှိသော် ရှေးအခါ ပကတိအတောင်လည်း ငယ်လွန်းသည်၊ ဘုရားသခင်အတောင်တော်သည်လည်း ရှည်လွန်းသည်။ မဇ္ဈိမပုရိသအတောင်ကို များသောအားဖြင့် ကမ္ဘာတန်ဆာတစ်မျိုးတွင် သုံးစွဲသည်များကို ထောက်၍ ယခုအခါ ခမ်းကြီးနားကြီးများတွင် သံတောင်ဟူ၍ သုံးဆောင်ကြသော အရာသည် မဇ္ဈိမပုရိသအတောင် လက်သမားအတောင်သို့ မိအောင် တစ်ခုခွဲတက်၍ သုံးသင့်မည်ထင်သည်။

ဆင်တောင်ဆိုသောအရာ၌လည်း ကျမ်းဂန်များတွင် မတွေ့မရှိဖြစ်၍ ဆဒ္ဒန္တဇာတ်တွင် ဆင်မင်းကို တိုင်းတာ ခန့်တွက်ရာ၌လည်း ဆင်တောင်ဖြင့် တိုင်းတာရသည် ဟူ၍မလာ။ ပကတိအတောင်ဖြင့်သာ တိုင်းတာရေတွက်သည်ကို လာသည်ဖြစ်၍ နောင်ကာလမှ အသစ် သုံးစွဲကြသော အတောင်သာ ဖြစ်ရာမည်ထင်သည်။

၆၁–ပုစ္ဆာ။ ။ပါရမီတွင် "ငါးရာနွားကို၊ ကြိမ်များဖန်ဖန်၊ ရေပြန်တိုက်ပြီး၊ မကားကြီးတည့်၊ သင်းသီးရှစ်ခု၊ နို့နပ်ပြု၍" စပ်ဆိုပါသည်ကို အချို့က တစ်ထောင်သော နွားဟူ၍ ဆိုပြန်ခဲ့ကြပါသည်။ ငါးရာဖြစ်မည် တစ်ထောင်ဖြစ်မည်ကိုလည်း သိလိုပါသည်။ ငါးရာဖြစ်စေ၊ တစ်ထောင်ဖြစ်စေ၊ အပြန်ပြန် ညှစ်ဟန် ခွဲဟန်ကို အညီအမျှ မရပါ၊ ခွဲနည်း ခွဲထုံးကို သိလိုပါသည်။

၆၁–ဝိသဇ္ဇနာ။ ။နို့ညှစ်နွားမကို မေးရာ၌ အပဒါန် အဋ္ဌကထာတွင်–

> မဟာသတ္တဿ ဒုက္ကရကရိကံ ကရောန္တဿ ဆဋ္ဌေ ဝဿေ ပရိပုဏ္ဏေ ဝိသာခါပုဏ္ဏမာယ ဗလိကမ္မံ ကာတုကာမာ ဟုတ္ဝာ ပူရေတရံယေဝ ဓေနုသဟဿံ လဒ္ဓမဓုကဝနေ စရာပေတ္ဝာ တာသံ ခီရံ ပဋ္ဌဓေနုသတာနိ ပါယေတ္ဝာ တာသံ ခီရံ အမုတိယာနန္တိ ဇဝံ ယာဝ သောဠသန္နံ ဓေနူနံ ခီရံ အဋ္ဌဓေနုယော ပိဝန္တိ။ တာဝ ခီရဿ ဗလဝန္တဘာဝ ဩဇဝန္တဘာဝ ပတ္ထယမာနာ ခီရပရိဝတ္တနံ နာမ အကာသိ–ဟု ဆိုသည်။

အဓိပ္ပာယ်ကား။ ။ဘုရားလောင်းသည် ပြုခဲ့စွာသော အမှုကိုပြုစဉ် ခြောက်နှစ်မြောက်ကဆုန်လပြည့်နေ့၌ ပူဇော်ခြင်းကို ပြုလိုသည်ဖြစ်၍ ရှေးဦးစွာကပင်လျှင် တထောင်သော နွားမတို့ကို နွယ်ခိုတော၌ ကျောင်းစား၍ ထိုတထောင်သော နွားမတို့မှ ညှစ်၍ ရသောနို့ရည်ကို ငါးရာသော နွားမတို့ကို သောက်စေ၍၊ ထိုငါးရာသော နွားမတို့၏ နို့ရည်ကို နှစ်ရာငါးဆယ်သော နွားမတို့ကို သောက်စေ၍ ဤသို့သောနည်းဖြင့် တဆယ့်ခြောက်ခုသော နွားမတို့၏ နို့ရည်ကို ရှစ်ခုသော နွားမတို့ကို သောက်စေ၍ ရှေးဦးစွာ နို့ရည်ခဲသောအဖြစ်၊ မြိန်မြတ်သောအဖြစ်၊ ဩဇာရှိသောအဖြစ်ကို အလိုရှိသဖြင့် နို့ရည်ကို အကြိမ်များစွာပြန်၍ ပြု၏ ဟူလိုသည်။

တထောင်ဖြစ်စေ၊ ငါးရာဖြစ်စေ၊ အပြန်ပြန်ညှစ်ဟန် ခွဲဟန်သည် အညီအမျှမရပါ။ ခွဲထုံးနည်းကို သိလိုပါသည်ဟု မေးရာ၌ မဏိကုဏ္ဍလဇာတက သမောဓာနပရိစ္ဆေဒ၌–တထောင်သော နွားမတို့ကို နွယ်ချိုတော၌ ကျောင်းစား၍ ထိုတထောင်သော နွားမတို့မှ ညှစ်၍ရသော နို့ရည် ငါးရာသော နွားမတို့ကို သောက်စေ၍ ဤသို့သောနည်းဖြင့် ငါးရာသော နွားမတို့၏ နို့ရည်ကို ညှစ်၍ နှစ်ရာငါးဆယ်သော နွားမတို့ကို သောက်စေ၏။ နှစ်ရာငါးဆယ်သော နွားမတို့၏ နို့ရည်ကို တရာ့နှစ်ဆယ့်ငါးခုသော နွားမတို့ကို၊ တရာ့နှစ်ဆယ်ငါးခုသော နွားမတို့၏ နို့ရည်ကို ခြောက်ဆယ့်လေးခုသောနွားမတို့ကို၊ ခြောက်ဆယ့်လေးခုသော နွားမတို့၏ နို့ရည်ကို သုံးဆယ့်နှစ်ခုသော နွားမတို့ကို၊ သုံးဆယ့်နှစ်ခုသော နွားမတို့၏ နို့ရည်ကို တစ်ဆယ့်ခြောက်ခုသော နွားမတို့ကို၊ တဆယ့်ခြောက်ခုသော နွားမတို့၏ နို့ရည်ကို ရှစ်ခုသောနွားမတို့ကို သောက်စေ၍ ချိုမြက်ခွါနစ်ခြင်း၊ လေးဖင့်မြှိန်ရှက်ခြင်း၊ အရသာသြဇာနှင့်ပြည့်စုံခြင်းကို အလိုရှိသဖြင့် နို့ရည်ပြန်ခြင်းကို ပြု၏ဟုဆိုသည်။ ဤမဏိကုဏ္ဍလဆရာတော်သည် တရာ့နှစ်ဆယ့်ငါးခုသော နွားမကိုခွဲရာ၌ ခြောက်ဆယ့်လေးခုဟု ခွဲဝေခဲ့သော် တခုသော နွားမသည် ခွဲဝေရာ မပါလေတကား ဟူငြားအံ့၊ ဤကျမ်းဂန်တွင် ပါသော စကားတို့မည်သည် အနည်းငယ်လွန်လေသော် လည်းကောင်း၊အနည်းငယ်လျော့လေသော်လည်းကောင်း ဤသို့သောအရာတို့ကို အပြစ်မယူအပ်။ ထို့ကြောင့် သာရတ္ထဒီပနီ၊ မဏိဒီပ စသော ကျမ်းတို့၌ –

အပွကဉ် ဥနမဓိကံ ဝါ ဂဏှနူပဂံ နာ ဟောတိ၊ ဟူ၍ဆိုသည်။

ဟိသစ္ဒံ၊ ထိုစကား သင့်စွ။ အပွကံ၊ အနည်းငယ်။ ဦးနံ ဝါ၊ ယုတ်သည်ကို လည်းကောင်း။ အဓိကံဝါ၊ လွန်သည်ကိုလည်းကောင်း။ ဂဏှနူပဂံ၊ ရေတွက် ပြောဆိုအပ်သည်။ နာ ဟောတိ၊ မဖြစ်။

အနည်းငယ်ယုတ်၍ တည်သည်ကိုလည်း ယင်းစကားသည် ယုတ်လျော့လျက်ကိုပင် အပြည့်အစုံဆိုလေသည်။ မသင့်ပါတကားဟူ၍ လည်းကောင်း။ အနည်းငယ် ပိုလျှံလျက် နေသည်ကို အပိုအလျှံသို့ မလိုက် ဆိုမြဲတမ်းတွင်သာ ဆိုလေသည်။ မသင့်ပါတကားဟူ၍ လည်းကောင်း မဆိုအပ်ပြီ ဟူလိုသည်။

အဘယ်ကဲ့သို့နည်း ဟူမူကား။

ဒ္ဝိန္နံ အဂ္ဃသာဝကာနံ ဧကံ အသခ္ခေယျံ ကပ္ပသတသဟဿဉ္စ၊ အသီတိမဟာသာဝကာနံ ကပ္ပသတသဟဿံ။

အစရှိသည်ဖြင့် လာကုန်သော များစွာသော အဋ္ဌကထာပါဠိတို့၌ အသီတိရှစ်ကျိပ်ဟူသည်ကား– ရှင်သာရိပုတြာ၊ ရှင်မောဂ္ဂလာန်တို့နှင့်တကွ ရှစ်ကျိပ်ဟူ၍ ဇာတ်ဦးကာ အဂ်ုတ္တိရဋ္ဌကာကြီးတို့၌ ရေတွက်၏။ ထိုအရေအတွက်တွင်ပင် ရှင်သာရိပုတြာ၊ ရှင်မောဂ္ဂလာန်တို့သည် အဂ္ဃသာဝက နှစ်ပါးဖြစ်၍ တသခ္ခေနှင့် ကမ္ဘာတသိန်း ပါရမီဖြည့်ရ၏ ဆိုပြီးမှ အသီတိ မဟာသာဝကတို့အား ကမ္ဘာတသိန်း ဖြည့်ရ၏ဟု ဆိုပြန်သည်။ အဂ္ဃသာဝကနှစ်ပါးကို နုတ်သော် အသီတိ မပြည့်ပါတကားဟု ဆိုရန်ရှိ၏။ ထိုစကားလည်း မဆိုရပြီ။

တကြောင်းလည်း – ပါရမီတွင် "သမ္မာဗုဒ္ဓါ ရကုန်အမည်၊ သီထိထေရ်လည်း၊ အရှည်မြင်ခြင်း၊ မတန်ပြင်း၌၊ လက်ရင်းငါ့အောက်၊ အကြီးမြောက်သည်၊ လျှံတောက်ပညာ၊ သာရိပုတြာ" ဟု

စပ်ရာ၌လည်း အရှင်သာရိပုတြာနှင့် တကွမှသာလျှင် အသီတိပြည့်သည်ကို အရှင်သာရိပုတြာကို လွှတ်၍ အသီတိထေရ်ဟု စပ်ရာ၌ ရှစ်ကျိပ်မပြည့်ဘဲကို အသီတိဟု စပ်သင့်သလောဟုဆိုရန်ရှိ၏။ သို့သော်လည်း တပါးတန်သည် နှစ်ပါးတန်သည် လျော့လေငြားသော်လည်း မဆိုရပြီ။ ထို့အတူ ကျမ်းဂန်တို့၌ တပါး နှစ်ပါးလျော့သောအရာ၊ တပါး နှစ်ပါး လွန်သောအရာတို့ကို ကျမ်းဂန်ဆရာတို့ ဒေါသမဆိုကုန်။ ဇာတ်တော်ပေါင်း ငါးရာ့လေးဆယ့်ခုနစ်ဇာတ်သာ ရှိသည်ကို ငါးရာငါးဆယ်ဇာတ်ဟူ၍လည်းကောင်း အများပင်ခေါ်ကုန်၏။ ကျမ်းတွင် ဆိုသောစကားနှင့် ပျို့တွင်ဆိုသော စကားကို ညှိပေအံ့။

အစစ္စာက တထောင်သော နို့ညှစ်နွားမတို့ကို နွယ်ချိုတောတွင် ကျောင်းသည်ဟု ဆိုသည်။ ထို့ကြောင့် ကျမ်းတွင် 'ဓနုသဟဿံ လဒ္ဓိမဓုကဝနေ စရာပေတွာ'ဟု ပုဗ္ဗကာလ ကြိယာနှင့်ဆိုသည်၊ သည်ကိုရည်၍ 'နွယ်ချိုတောကောင်း၊ စာဝကျောင်း၌'ဟု ပုဗ္ဗကာလကိရိယာ ဝိသေသနနှင့်ပင် စပ်တော်မူသည်။ ထိုပျို့၌ လဒ္ဓိမဓုကဝနေ စရာပေတွာပါဠိတွင်သာ ကောက်၍ စပ်သောကြောင့် ဓနုသဟဿံ-အရ မပါ။ ပုဗ္ဗကာလကြိယာအတွင်း ဥပ်သော ဓနုသဟဿံ-အရကို မဖော်နိုင်လေလျှင် ငါးရာနွားကိုသာ နွယ်ချိုတော၌ ကျောင်းသည်ဟု အပရကာလကိရိယာမှာလှမ်း၍ ယူလေသောကြောင့် ကျမ်းဂန်နှင့်ပျို့ မညီကြသကဲ့သို့ ထင်ကြလေသည်။ ထိုတထောင်သော နွားမတို့ကို နို့ညှစ်၍ ငါးရာသော နွားမတို့ကို သောက်စေ၏ ဆိုသည်။ ထို့ကြောင့် ကျမ်းဂန်တွင် "တာသံဒီရံ ပဥ္စဓေနုသတာနိ ပါယေတွာ"ဟု ဤယာတခန်း ဆိုပြန်သည်။ သည်ကိုရည်၍ "နှစ်ထောင်းအင်ခြိုက်၊ ရေမတိုက်တည့်၊ မရှိုက်ကိုယ်အား၊ ငါးရာနွားကို"ဟုဆိုပြန်သည်။ ထိုငါးရာသော နွားမတို့ကို နို့ညှစ်၍ နှစ်ရာ့ငါးဆယ်တွင် တကြိမ်၊ တရာနှစ်ဆယ့်ငါးတွင် တကြိမ်၊ ခြောက်ဆယ့်လေးခုတွင် တကြိမ်၊ သုံးဆယ့်နှစ်ခုတွင် တကြိမ်၊ တဆယ့်ခြောက်ခုတွင် တကြိမ်၊ ဤသို့ အကြိမ်ကြိမ် အဖန်ဖန်နို့ရည်ကို တိုက်သည် ဆိုသည်။ ထို့ကြောင့် ကျမ်းဂန်တွင် "တာသံ ဒီရံ အမုတိယာနန္တိ ဧဝံ ယာဝ သောဠသနှံ ဓေနူနံ ဒီရံ"ဟု တခန်းဆိုပြန်သည်။ သည်ကိုရည်၍ 'ကြိမ်များဖန်ဖန်၊ ရည်ပြန်တိုက်ပြီး'ဟု စပ်လေသည်။ အဆုံးရှစ်ခုသို့ ရောက်မှ နို့ရည်ကို ယူသည်ဆိုသည်။ ထို့ကြောင့် ကျမ်းဂန်တွင် "အဋ္ဌဓေနုယော ပိဝန္တိ"ဟု ဆိုသည်။ သည်ကို ရည်၍ 'မကားကြီးတည့်၊ သင်းသီးရှစ်ခု၊ နို့နပ်ပြု၍'ဟု စပ်ဆိုလေသည်။ ဤအဋ္ဌကထာပါဠိတို့နှင့် ကဗျာကို ညှိသော် ညီညွတ်ပေ၏ဟု ငါတို့ ထင်ပေသည်။

၆၂-ပုစ္ဆာ။ ။ဗောဓိပလ္လင်၌ မာရ်နတ်သားကို သိစေလို၍ ဘုရားသခင်က သက်သေညွှန်သောအခါ ဝသုန္ဓရီနတ်မိန်းမသည် ဆံရေကိုညှစ်၍ သက်သေခံသောကာလ ဆံကရေသည် မြစ်ကြီးငါးသွယ်ဖြစ်၍ မာရ်နတ်သား စသည်တို့သည် ရေ၌မျောပါး ပျက်စီးခြင်းသို့ ရောက်ရာတွင်မှ ဘုရားသခင်လည်း အောင်မြင်ခြင်းသို့ ရောက်လေသည်။ မာရ်နတ်သားလည်း ရှုံးခြင်းသို့ ရောက်လေသည်ဟု သူဟောင်းတို့ အစဉ်ပင် ပြောဆိုကြပါသည်။ ရှေးဘုရား၊ ပုထိုး၊ စေတီ၊ ဂူ ကျောင်းတို့၌လည်း ရွှေငွေ ခြယ်လှယ်၍ အစဉ်သမ္မုတိ မှတ်သားရအောင် စရိတ်ကြေးငွေ အကုန်ခံ၍ ရှေးသူဟောင်း အဆက်ဆက်တို့ အရုပ်ထုလုပ်၍ ထားကြပါသည်။ အချို့လည်း ဤအရုပ်ကို ကြည့်ရှု၍ မိစ္ဆာဉာဏ်သို့ သက်ရာသည်။ နောက်နောင် အစဉ်အမှတ်မှားလေအောင် နတ်ရုပ်ထုလုပ်၍ မကိုးကွယ်အပ်ဟု ဆိုကြပါသည်။ ဤစကားတွင် စရိတ်ကြေးငွေ အကုန်ခံ၍ လုပ်ခြင်း

သည်ကား နတ်ရွာ နိဗ္ဗာန် အလို့ငှာသာ လုပ်ပါသည်ကို အမြင်မှား အမှတ်မှားအောင် နတ်ရုပ်ကို ထုလုပ်မိသဖြင့် မကောင်းမှုပင် ရှိရာအံ့သို့ စကားရောက်ပါသည်။ ဝသုန္ဓရီ ဆံရေ ခါသည်, မခါသည်ကိုလည်း သိလိုပါသည်။

၆၂-ဝိသဇ္ဇနာ။ ။ဝသုန္ဓရီနတ်မိန်းမ သက်သေခံ မခံကိုမေးရာ၌ - အပဒါန်အဋ္ဌကထာ၌–

မယ့် ပန ဣမသ္မိံ ဌာနေ သစေတနော ကောစိ သက္ခိနာမ နတ္ထိ။ တိဋ္ဌတု တာဝ မေ အဝသေသေသု အတ္တဘာဝေသု ဒိန္နဒါနံ။ ဝေဿန္တရတ္တဘာဝေ ပန ဌတ္ဝာ သတ္တသတ္တက မဟာဒါနသဒ္ဒဿ ဒိန္နဘာဝေ အယံ အစေတနာပိ ဃနမဟာပထဝီ သက္ခိဘိစဝရဟ္တန္တရတော ဒက္ခိဏာ ဟတ္ထံ အဘိနီဟရိတ္ဝာဝေဿန္တရတ္တဘာဝေ ဌတ္ဝာ မယ့် သတ္တသတ္တကမဟာဒါနသဒ္ဒဿ ဒိန္နဘာဝေ တံ့ သက္ခိ နာ သက္ခိတိ မဟာပထဝီယာဘိမုခံ ဟတ္ထံ ပသာရေသိ။ မဟာပထဝီ အဟံ တေ တဒါ သက္ခိတိ ရဝသဟသေန ရဝသတသဟဿေန မာရဗလံ အဝတ္ထရမာနာ ဝိယ ဥန္နာဒံ နဒန္တော မဟာပုရိသံ ဒိန္နံ တေ သိဒ္ဓတ္ထ မဟာဒါနံ ဥတ္တမဒါနန္တိ ဝေဿန္တရဒါနေ သမ္မသန္တေ ဒီယမုယောဇနသတိကော ဂိရိမေခလာ ဟတ္ထိ ဇဏ္ဏုကေဟိ ပတိဋ္ဌာသိ။ မာရဗရိသာ ဒိသာ ပလာယိ သု။ ဒ္ဝေ ဧကမဂ္ဂေန ဂတာနာမ နတ္ထိ။ သီသာဘရဏာနိ စေဝ နိဝတ္ထဝသနာနိ စ ပဟာယ သမ္ဖုခသမ္ဖုခါဒိသာယေဝ ပလာယိ သု။

ဟူ၍ လာသောပါဠိ၏ **အဓိပ္ပာယ်ကား** —

အချင်းမာရ်နတ်သား၊ ဤအရပ်၌ စိတ်စေတနာရှိသော တစုံတယောက်သော သက်သေသည်မရှိ။ ဝေဿန္တရာဘဝမှ ကြွင်းသော ဘဝတို့၌ ပေးအပ်သော အလှူကို ထားဘိဦး၊ ဝေဿန္တရာဖြစ်၍ သတ္တသတ္တက မဟာဒါနကို ပေးသော ငါ၏အဖြစ်၌ စိတ်စေတနာမရှိသော ဤတခဲနက်သော မဟာပထဝီသည် ငါ၏သက်သေတည်းဟု သင်္ကန်းတော်၏ အကြားမှ လက်ယာလက်ရုံးတော်ကို ထုတ်ဖော်တော်မူ၍ "ဝေဿန္တရာဖြစ်သောအခါ သတ္တသတ္တက မဟာဒါနကို သင်သိသလော မသိသလော" ဟု မဟာပထဝီသို့ ရှေးရှုလက်ညှိုး ညွှန်တော်မူလျှင် မြေကြီးသည် "ငါကား သင်၏ သက်သေတည်း" ဟု အထောင်သောမြည်ခြင်း၊ အသိန်းသောမြည်ခြင်းတို့ဖြင့် မြည်၍ မာန်၏ စစ်သည်ကို လွှမ်းမိုးဘိသကဲ့သို့ ယောက်ျားမြတ် ဖြစ်တော်မူသော အသင်သိဒ္ဓတ် သင်လှူအပ်သော အလှူသည် မြတ်သောအလှူ တည်းဟု ပဲ့တင်ထပ်မျှ မြည်၏။ ဤသို့ ဝေဿန္တရာ အလှူကို သုံးသပ်သည် ရှိသော်၊ ယူဇနာ တရာဝင်းဆယ်ရှိသော ဂိရိမေခလာ ဆင်သည် ပုဆစ်တုပ်၍ ဝပ်၏။ မာရ်နတ်၏ ပရိသတ် အပေါင်းတို့သည်လည်း ပြေးကုန်၏၊ နှစ်ယောက်သော သူတို့သည်တခရီးတို့တည်း ပြေးသော မည်သည် မရှိ။ ဦးခေါင်း၌ ဆင်သောတန်ဆာ ခါးဝတ် ပုဆိုးတို့ကို စွန့်၍ မျက်နှာရှေးရှု မူမိရာရာ အရပ်သို့သာလျှင် ပြေးကြကုန်၏ ဟူလိုသည်။

မူလပဏ္ဏာသအဋ္ဌကထာ ပါသရာသိသုတ် အဖွင့်တွင်လည်း-

မဟာသတ္တော မယံ ဒသပါရမိယော ပူရေန္တော အတ္တော သမဏော ဝါ ဗြာဟ္မဏော ဝါ ဒေဝေါ ဝါ မာရော ဝါ ဗြဟ္မာ ဝါ သက္ခိ နတ္ထိ။

စသည်ဖြင့် ပါရမီကို ဖြည့်တော်မူသော ငါအား တစုံတယောက်သော ရဟန်း ပုဏ္ဏား လူ နတ် ဗြဟ္မာဖြစ်သော သက်သေသည် မရှိပြီဟု ကြံ၍ မြေကို လက်ညှိုးညွှန်လျှင်–

မဟာပထဝီ တာဝဒေဝ အယဒဏ္ဍေန ပဟတံ ကံသတာဠံဝိယ ရဝသတံ ရဝသဟဿံ မုဉ္စမာနာ ဝိရဝိတ္ထာ–

ဟု မြေကြီးသည်သာလျှင် ပြင်းပြစွာ မြည်ကြောင်းကိုဆိုသည်။

ဤသို့ မြေကြီးသာ သက်သေခံ၍ မြည်ကြောင်းကိုဆိုသည်။ ဝသုန္ဓရီနတ်သမီးသည် **ဆံရေ** ခါ၍ သက်သေခံလာကြောင်းကိုမဆို၊ ဆံကရေလျှောဟု မြစ်ကြီး မြစ်ငယ်ဖြစ်၍ စီးသွားရာတွင် မာရ်နတ်သား စစ်သည်တို့ မျောပါး၍ ပျက်စီးခြင်းသို့ ရောက်ကြောင်းကိုလည်း မဆိုဖြစ်သည်။ ရာဇမဏ္ဍိစူဠာဇာတကမူလည်း၊ မဏ္ဍိကုဏ္ဍလစသော ဝတ္ထုတို့တွင်လည်း မြေကြီးကောင်းကင် မြည်ဟိန်းကြောင်းများကိုသာဆိုသည်။ ။မနောသာရ ဥမင်တွင် ဝသုန္ဓရီ နတ်ရုပ်ရေးသော ကာလ တိပိဋကာလင်္ကာရဆရာတော်က ကျမ်းဂန်မလာ၊ ဖျက်ဘီဟု မိန့်တော်မူ၍ ဖျက်ရကြောင်းကိုလည်း ထုံးစံဝတ္ထုများတွင် ဆိုလျက် ရှိတော့သည်။

အရုပ်ထုလုပ်ရာမှာ ကုသိုလ် ရမည်-မရမည် မေးရာ၌–

အစဉ်အဆက် ကောင်းမှုကုသိုလ် ဖြစ်ပါလိမ့်မည် အထင်နှင့် လုပ်ကြပေသည့် အရာကို ကုသိုလ်မဖြစ်ရာဟု ဆိုရမည်မှာလည်း အလွန်ပင် ခက်တော့သည်။ နတ်ရွာ နိဗ္ဗာန် အကျိုးငှာ ကုသိုလ် ပွါးများအံ့သော အခြင်းအရာနှင့် ရှာကြံလျှင်လည်း ကုသလ ကမ္မပထသို့ ဝင်အောင် သွင်းရမည်လည်း တချက်၊ ကျမ်းဂန် မလာ မရှိသည်ကို ကြံဆ၍ ပရိကပ္ပပြုကြသော အရာသာ **ဖြစ်၍**လည်း နတ်ရွာနိဗ္ဗာန်ရရာ၏ဟု ဆိုရမည်လည်းတချက်၊ ရှေးရှေးသော ဘုရားသခင်တို့ လက်ထက် ဝသုန္ဓရီနတ်ရုပ် ထုလုပ်၍ မင်္ဂိုလ်နိဗ္ဗာန် ရောက်ဖူးကြောင်း ထုံးသာဓက မတွေ့ဖူးသည်လည်း တချက်၊ ဤသို့ အချက်ချက်သော စကားရပ်တို့ကို ထောက်သော် ခဲခက်သော **အရာဖြစ်**၍ ကုသိုလ်ရ၏ဟူ၍လည်း မဆုံးဖြတ်နိုင် ရှိချေသည်။ ကျမ်းဂန်မလာ မရှိသည့်အရာ မယုံကြည်အပ်သော စကားဖြစ်၍ မထုမလုပ်ခြင်းသည်သာလျှင် သင့်မည်ထင်သည်။

၆၃-ပဏ္ဍာ။ ။စကြဝတေး မင်းတို့သည် ဇမ္ဗူဒီပါကျွန်းတွင် ဘယ်တိုင်း ဘယ်ပြည် ဘယ်မြို့ကသာ ဖြစ်သည်ကို သိလိုပါသည်။

သက္ကရာဇ် ၁၁၇၁-ခု၊ တပို့တွဲလဆန်း ၁-ရက် သောကြာနေ့၊ မုံရွာ သိရိမာလာက လျှောက်လာရာတွင် ဖြေဆိုလိုက်သည်ကား–

၆၃ – ဝိသဇ္ဇနာ။ ။စကြဝတေး မင်းတို့သည် ဘယ်တိုင်း ဘယ်ပြည် ဘယ်မြို့ကသာ ဖြစ်သည်ကို သိလိုပါသည်ဟု မေးရာ၌–

သော အာယာမတော တီဏိ ယောဇနသတာနိ ဝိတ္ထာရတော အမုတေယျာနိ ပရိက္ခေပတော နဝယောဇနသတာနိတိ ဧတသ္မိံ ပဒေသေ ဗုဒ္ဓါ ပစ္စေကဗုဒ္ဓါ အဂ္ဂသာဝကာ အသီတိမဟာသာဝကာ စက္ကဝတ္တိရာဇာနော အညေ စ မဟေသက္ခာ ခတ္တိယဗြာဟ္မဏ ဂဟပတိ မဟာသာလာ ဥပ္ပဇ္ဇန္တိ–

ဟူ၍ အပဒါန်အဋ္ဌကထာ မဟာဝိလောကနပိုင်းတွင် ဆိုသည်။

အဓိပ္ပာယ်ကား။ ။မဇ္ဈိမဒေသ အရပ်သည်ကား အလျားအားဖြင့် ယူဇနာ သုံးရာ၊ အနံအားဖြင့် ယူဇနာ နှစ်ရာ့ငါးဆယ်၊ အဝန်းအားဖြင့် ယူဇနာကိုးရာ ရှိ၏၊ ထိုအရပ်၌ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ အဂ္ဂသာဝက၊ အသီတိ မဟာသာဝက၊ စကြဝတေးမင်း၊ တန်ခိုးကြီးကုန်သော ခတ္တိယမဟာသာလ၊ ဗြာဟ္မဏမဟာသာလ၊ ဂဟပတိ မဟာသာလတို့သည် ဖြစ်ကုန်၏ဟုဆိုသည်နှင့် အညီ စကြဝတေးမင်းတို့သည် မဇ္ဈိမဒေသ အရပ်၌သာ ဖြစ်ကုန်၏။ ပစ္စန္တဒေသအရပ်တို့၌ မဖြစ်ကုန်။ ထိုမဇ္ဈိမဒေသတို့တွင် မည်သည့်အရပ်၌သာ ဖြစ်၏ဟု မဆိုရကား အရပ်တိုင်းကပင် ဖြစ်၏ဟု ယူသင့်၏။

မဟာသုဒဿန ဇာတ်၌ မလ္လတိုင်း ကုသဝတီပြည်၊ ကလိင်္ဂဗောဓိဇာတ်၌ ကလိင်္ဂတိုင်း ဒန္တပူရပြည်၊ မန္ဓာတုဇာတ်၌ မဂဓတိုင်း ရာဇဂြိုဟ်ပြည်တို့၌ ဖြစ်ကြောင်းကို လာသည်။ ဗာရာဏသီပြည်သည် နောင်အခါ ကေတုမတီပြည် တွင်၍ သခ်ိစကြာမင်းဖြစ်လတ္တံ့ ဟူ၍လည်း စက္ကဝတ္တိသုတ်၌ လာသည်။

၆၄-ပဏ္ဍာ။ ။ပါရမီတွင်— "ကိုယ်ဖို့ပြည့်စုံ၊ ကျင့်ဝတ်ကုံလျက်၊ ရက္ခြံ နေ့ရေ၊ ရောက်စေခလို၊ မည်စကြာ၊ ရတနာဟု၊ သဒ္ဒါဖြောင့်ကြည်၊ ပုသ်ဆောက်တည်၍၊ သုံးသည်သီတင်း၊ မြဲစင်းလျင်းဖြင့်၊ ကိုယ်တွင်းကိုယ်ပ၊ စောင့်နိုင်မှတည့်၊ လုံ့လရှည်ကြိုး၊ ဘုန်းသစ်နှီး၍၊ စိုးမိုးစကြာ၊ ပိုင်သ,ရာသား" ဟု စပ်တော်မူရာ၌ စကြာမင်းလောင်းတို့သည် ဥပုသ်ဆောက်တည်မှ စကြာရတနာ ရကြောင်းကို ဆိုပါသည်။ သို့ကိုလျက် စကြဝတေးမင်းတို့ ကျင့်ရာသောဝတ် ဆယ်ပါးရှိကြောင်း။ တစ်ဆယ့်နှစ်ပါးရှိကြောင်းကို စာငယ်ပို့တို့၌–

"မန္ဓတ်စကြာ၊ မင်းတို့သာလျှင်၊ ကျင့်ရာဆယ်ခင်း၊ တရားရင်းမူ၊ အတွင်းတော်နေ၊ များဗိုလ်ခြေနှင့်၊ မင်းဆွေစိုးနီး၊ မှူးကြီးမတ်ဖျား၊ ပုဏ္ဏားသူကြွယ်၊ ပေါယယ်ဖြီးရုံ၊ နိဂုံဇနပုဒ်၊ ဝိမုတ်ရည်မှန်း၊ ရဟန်းသူမွန်၊ တိရစ္ဆာန်သားငှက်၊ ရေတွက်မှတ်သား၊ ခုနစ်ပါးကို၊ တရားသံဖြင့်၊ စောင့်ရှောက်ကျင့်၏၊ မသင့်ယွင်းမှား၊ မတရားကို၊ ပယ်ရှားစွန့်ခွာ၊ ဥစ္စာမဲ့လူ၊ သူတို့အားလည်း၊ ပြန်သွားပေးကမ်း၊ မဂ်ဖိုလ်လှမ်းသား၊ ပြည့်လျှမ်း၊ ကုံထံ၊ သူတော်ထံသို့၊ မြဲမြံဆည်းကပ်၊ အပ်မအပ်ကို၊ စေ့စပ်သေချာ၊ မေးလျှောက်ရာဟု၊ ဆယ်ဖြာအကျင့်၊ ကျမ်းရိုးဖွင့်၏။ ယခင့်လျှောက်ထား၊ ကျင့်ဆယ်ပါးတွင်၊ ပုဏ္ဏားတသွယ်၊ သူကြွယ်တစ်ပါး၊ ငှက်နှင့်သားကို၊ ခြားရ်လည်းကောင်း၊ အကြောင်းယုတ်လျ၊ အဓမ္မနှင့်၊ ဝိသမဟု၊ လောဘနှစ်သွယ်၊ ပယ်၍လည်းကောင်း၊ စကြာဆောင်းသား၊ မင်းလောင်းကျင့်ရန်၊ ဆယ်နှစ်တန်ဟု၊ ကျမ်းဂန်ပေစာ၊ ထုံးနည်းဖြာသည်။ ပြည်ရွာစည်အံ့သိုက်ဝှမ်းတည်း" ဟု ဆိုပါသည်။ ဤဆယ်ပါး၏အရ၊ ဆယ့်နှစ်ပါး၏အရ၊ အဓိပ္ပာယ်ကိုထုတ်၍ ပါရမီနှင့်ညီအောင် ပြသတော်မူပါ။

၆၄-ဝိသဇ္ဇနာ။ ။စကြဝတေးမင်း၏ ကျင့်ဝတ်ကိုမေးရာ၌—

စက္ကဝတ္တိ ကျင့်ဝတ်သည်၊ ဒါန၊ ဒမ၊ သံမယ-ဟူ၍ ဤသုံးပါးကိုကျင့်ရကြောင်းကိုဆိုသည်။ ဒါနသည် အလျှူပေးခြင်း၊ ဒမ-သည် ဣန္ဒြေကိုဆုံးမခြင်း၊ သံယမ-သည် ငါးပါးသောသီလ

ရှစ်ပါးသီလတို့ကို ဆောက်တည်ခြင်း။ တနည်းကား၊ သံယမ-သည် ကိုယ်နှုတ်တို့ကို စောင့်စည်းခြင်း။ ဤသုံးပါးတည်း၊ ဤကျင့်ဝတ်သုံးပါးကို မဟာသုဒဿနသုတ် စသည်တို့၌ ဟောတော်မူသည်။

တနည်းလည်း။ စက္ကဝတ္တိ ကျင့်ဝတ်ဆယ်ပါး၊ တစ်ဆယ့်နှစ်ပါး ရှိကြောင်းကိုကား-ဒီဃ နိကာယ် ပါထိကဝဂ် စက္ကဝတ္တိသုတ် အဖွင့်တွင်—

အန္တောဇနသ္မိံ ဗလကာယေတိ ဧကံ၊ ခတ္တိယေသု ဧကံ၊ အနုယုတ္တေသု ဧကံ၊ ဗြာဟ္မဏ-ဂဟပတိကေသု ဧကံ၊ နေဂမဇနပဒေသု ဧကံ၊ သမဏဗြာဟ္မဏေသု ဧကံ၊ မိဂပက္ခီသု ဧကံ၊ အဓမ္မကာရပ္ပဋိက္ခေပေါ ဧကံ။ အဓနာနံ ဓနာနုပ္ပဒါနံ ဧကံ၊ သမဏဗြာဟ္မဏေ ဥပသင်္ကမိတွာ ပဉ္ဉာပုစ္ဆာနံ ဧကန္တိ ဧဝမေတံ ဒသဝိဓံ ဟောတိ။ ဂဟပတိကေ ပန ပက္ခိဇာတေ စ ဝိသုံ ကတ္တာ ဂဏှန္တသ္မ ဒ္ဝါဒသဝိဓံ ဟောတိ။ ပုတ္တေ အဝတ္တံ ဂဏှန္တေန အဓမ္မရာဂဿ စ ဝိသမလောဘဿ စ ပဟာနဝသေန ဒ္ဝါဒသဝိဓံ ဝေဒိတဗ္ဗံ၊ ဣဒံ ခေါ တန္တိ ဣဒံ ဒသဝိဓံ ဒ္ဝါဒသဝိဓဉ္စ အရိယစက္ကဝတ္တိ ဝတ္တံနာမ-ဟူ၍ ဆိုသည်။

အဓိပ္ပာယ်ကား။ အန္တောဇနဟူသည်ကား။ သားမယားတို့ကို သီလ၌ တည်စေခြင်း၊ အဝတ်ပုဆိုး နှံသာပန်းစသည်တို့ကို ပေးခြင်း၊ ဘေးဥပဒ်မရှိအောင် စောင့်ရှောက်ခြင်း

ဗလကာယဟူသည်ကား။ ဗိုလ်ပါစသည်တို့၌ ကာလကို မလွန်စေမူ၍ မျိုးရိက္ခာပေးခြင်း။ ဤလည်းတစ်ပါး။

ခတ္တိယေသုဟူသည်ကား။ အဘိသိက်ခံလေပြီးသော မင်းတို့အား မြည်း, မြင်း, အသဏနေယျစသော ရတနာတို့ကို ပေးခြင်းဖြင့် ခီးမြှောက်ခြင်း။ ဤလည်းတစ်ပါး။

အနုယုတ္တေသုဟူသည်ကား။ မိမိထံ၌နေကုန်သော မင်းတို့အား ထိုက်သည်နှင့် လျော်စွာ ယာဉ်သံလျင်း ပေးခြင်းဖြင့် နှစ်သက်စေခြင်း၊ ဤလည်းတစ်ပါး။

ဗြာဟ္မဏဂဟပတိကေသုဟူသည်ကား။ ပုဏ္ဏားတို့အား ထမင်းအဖျော် ပုဆိုးစသော လျှူဖွယ်ဝတ္ထုကို သူကြွယ်တို့အား ထမင်းမျိုးစေ့ ထွန်တုံးထွန်သွား နွားလားစသည်တို့ကိုပေးခြင်း။ ဤလည်းတစ်ပါး။

နေဂမဇနပဒေသုဟူသည်ကား။ ထို့အတူ နိဂုံး ဇနပုဒ် နေသူတို့အား ထမင်း မျိုးစေ့ ရိက္ခာ ထွန်တုံး, ထွန်သွား, ကျွဲ နွားစသည်ကိုပေးခြင်း။ ဤလည်းတစ်ပါး။

သမဏဗြာဟ္မဏေသု ဟူသည်ကား။ ရဟန်းပုဏ္ဏားတို့အား ရဟန်းပုဏ္ဏားတို့နှင့် လျော်သော ပရိက္ခာဖြင့် လှူဒါန်းပူဇော်၍ အရိုအသေပြုခြင်း၊ ဤလည်းတပါး။

မိဂပက္ခီသု ဟူသည်ကား။ သားတို့အားလည်းကောင်း၊ ငှက်တို့အားလည်းကောင်း၊ ဘေးမဲ့ပေးသဖြင့် သက်သာရာကိုရစေခြင်း။ ဤလည်းတပါး။

အဓမ္မကာရပ္ပဋိက္ခေပ ဟူသည်ကား။ မတရားသော အမူအရာတို့ကို မပြုစေခြင်း။ ဤလည်းတပါး။

အဓနာနံ ဓနာနုပ္ပဒ နံ ဟူသည်ကား။ ဥစ္စာမရှိသော သူတို့အား ဥစ္စာပေးခြင်း၊ ဤလည်းတပါး။

သမဏာပြာဟ္မဏော ဥပသက်မိတွာ ပဉ္ဟာပုစ္ဆန် ဟူသည်ကား။ ရဟန်း ပုဏ္ဏားတို့သို့ကပ်၍ ကုသိုလ်၊ အကုသိုလ်၊ သာဝဇ္ဇ၊ အနဝဇ္ဇ၊ သေဝိတဗ္ဗ၊ အသေဝိတဗ္ဗ စသော တရားတို့ကို **မေး၍** အကုသိုလ်ကိုပယ်၍ ကုသိုလ်ကို ဆောက်တည်စေခြင်း။ ဤလည်းတပါး။ ဤသို့လျှင်ဆယ်ပါး ဖြစ်သတည်း။

ဤဆယ်ပါးတွင် လေးခုမြောက်သော ကျင့်ဝတ်တပါးဌ ပြာဟ္မဏနှင့် ဂဟပတိကို နှစ်ကွဲ။ ခုနစ်ခုမြောက်သော ကျင့်ဝတ်တပါးဌ မိဂနှင့် ပက္ခိကို နှစ်ကွဲ။ ဤသို့ခွဲ၍ယူသော် တဆယ့်နှစ်ပါး ဖြစ်၏။ တနည်းလည်း ယခင်ဆယ်ပါးတွင် အဓမ္မရာဂပဟာန ကျင့်ဝတ်။ ဝိသမလောဘပဟာန ကျင့်ဝတ် နှစ်ပါးကိုလောင်းသော် တဆယ့်နှစ်ပါးဖြစ်၏ ဟူလိုသည်။

အဓမ္မရာဂပဟာန ဝိသမလောဘပဟာန ဟူသည်ကား–

အဓမ္မရာဂေါတိ မာတာ မာတုစ္ဆာ ပိတာ ပိတုစ္ဆာ မာတုလာဒိကေ အယုတ္တဋ္ဌာနေ ရာဂေါ။ ဝိသမလောဘောတိ ပရိဘောဂ ယုတ္တေသုပိ ဌာနေသု အတိဗလဝလောဘော။ မိစ္ဆာဓမ္မောတိ ပုရိသာနံ ပုရိသေသု ဣတ္ထိနဉ္စ ဣတ္ထိသု ဆန္ဒရာဂေါ–

ဟူ၍လာသော စတ္တဝတ္တိသုတ် အဋ္ဌကထာနှင့်အညီ အမိ၊ မိထွေး၊ အဘ၊ ဘထွေး၊ အရိုးစသော မသင့်သော အရာဌ် တပ်သော ရာဂသည် အဓမ္မရာဂမည်၏။ သုံးဆောင်ခြင်းငှာ ထိုက်သော အရာဌ်လည်း အလွန်အကဲတပ်သော လောဘသည် ဝိသမလောဘ မည်၏။ ယောကျ်ားသည် ယောကျ်ားချင်း၊ မိန်းမသည် မိန်းမချင်း တပ်ခြင်းသည် မိစ္ဆာဓမ္မမည်၏။ ဤသုံးပါးအနက်က အဓမ္မရာဂ၊ ဝိသမလောဘ နှစ်ပါးကို လောင်း၍ တဆယ့်နှစ်ပါးဖြစ်၏ ဟူလိုသည်။

ပါရမီတွင် "သဒ္ဒါဖြောင့်ကြည်၊ ပုသ်ဆောက်တည်၍၊ သုံးသည်သိတင်း၊ မြဲစင်းလျင်းဖြင့်" ဟူသောစကားဖြင့်—

တဒဟုပေါသထေ ပန္နရသေ သီသံ နှာတသာ ဥပေါသထိကဿ ဥပရိပါသာဒဝရဂတဿ စတ္တာရတနံ ပါတုရဟောသိ—

ဟူ၍ လာသော မဟာသုဒဿနသုတ်နှင့်အညီ စကြာမင်းတို့သည် ဥပုသ်သီတင်း ဆောက်တည်မှ စကြာရတနာရကြောင်းကို ပြ၏။ "ကိုယ်တွင်းကိုယ်ပ၊ စောင့်နိုင်မှတည့်၊ လုံလရှည်ကြိုး၊ ဘုန်းသစ်နှီး၍" ဟူသော စကားဖြင့် အန္တောဇနသို့ ဗလကာယေ-စသည်ဖြင့် လာသောပါဠိနှင့်အညီ အတွင်းသား အပြင်သားတို့၌ ကျင့်ရာသော တဆယ့်နှစ်ပါးသော ဝတ်ကိုပြ၏။ ပါရမီတွင် လက််နှင့် ယခင် မင်းကျင့်လက််သည် လည်းကောင်း၊ ကျမ်းထွက်စကားတို့သည် လည်းကောင်း ညီညွတ်၏ပင် ထင်ပေသည်။

၆၅-ပဏ္ဍာ။ ။စကြာမင်းတို့၌ ရတနာခုနစ်ပါးတွင် စကြာရတနာ ရွေးဦးစွာ ရောက်လာသည်ဟူ၍ ပြောဆိုကြပါသည်။ သို့ကိုလျက် တချို့က ရတနာပြောင်မွန်မော်ကွန်းတွင်–

"စကြာရွှေ့တည်၊ လာလတ်မည်ဟု၊ နတ်ပြည်စိုးရ၊ မိန့်ဟမှာမြွက်၊ နှုတ်တော်နက်ကြောင့်၊ ရွှေစက်ထွတ်ခေါင်၊ တင်ရအောင်လျှင်၊ ပေါက်ပြောင်ရတနာ၊ မြတ်ရာဇာဝယ်၊ မင်္ဂလာမကိုင့်၊ သည်မှာထိုက်ဟု၊ နှစ်ခြိုက်သောလျှောက်" ဟူ၍လည်းကောင်း

"စကြာရောက်မည်၊ ဗျာဒိတ်ရည်ကြောင့်၊ ရှေ့တည်လက်ဆောင်၊ သည်နတ်ပြောင်ကို၊ သုံးထောင်ဝန္တာ၊ ပတ်မျှရှာ၍၊ ငါပင်ပို့လစ်" ဟူ၍လည်းကောင်း။

"တွန်းလှုစ် စက်ရှင်၊ တင်လျက်ပင်သာ၊ စကြာရွေ့မှောက်၊ ဆက်လှာရောက်အံ့" ဟူ၍ လည်းကောင်း။

"ကျွန်ုပ်တို့ကျွန်၊ ကျမ်းဂန်ပေစာ၊ တွေ့ဖူးပါသည်၊ ရတနာစက်ရှင် ရောက်လိုလျှင်မူ၊ မာတင်ဇာနည်၊ ရွေ့လျှင်တည်မှ၊ မှတ်သည်တူပြီ၊ ယခုညီခဲ့" ဟူ၍လည်းကောင်း။

"ထက်ပြည်ဘုံနတ်၊ အာကာပတ်သည်၊ မန္ဒာတ်စကြာ၊ ရောက်မည်ခါ၌၊ လွန်လာရွေ့လျှင်၊ ပြောင်မာတင်ကို၊ ကျမ်းပင်ဆတ်ဆတ်၊ တွေ့ဖူးမှတ်ရှင့်၊ ညီညွတ်သင့်လျော်" ဟူ၍ လည်းကောင်း စပ်ဆိုချက် ရှိသည်။ ဆင်ရတနာသာ ရှေးဦးစွာရောက်သည်ဟု ဆိုကြပါသည်။ စကြာရတနာ ရှေးဦးစွာ ရောက်မည်၊ဆင်ရတနာ ရှေးဦးစွာ ရောက်မည်ကိုလည်း သိလိုပါသည်။

၆၅-ဝိသဇ္ဇနာ။ ။စကြာရတနာ ရှေးဦးစွာ ရောက်မည်။ ဆင်ရတနာ ရှေးဦးစွာရောက်မည်ကို သိလိုပါသည်ဟု မေးရာ၌—

သုတံ ခေါ် ပနေတံ ယဿ ရညော ခတ္တိယဿ မုဒ္ဓါဝသိတ္တဿ တဒဟုပေါသထေ ပန္နရသေ သီသံနှာတဿ ဥပေါသထိကဿ ဥပရိပါသာဒဝရဂတဿ ဒိဗ္ဗံ စက္ကရတနံ ပါတုရဟောသိ–ဟူ၍လည်းကောင်း၊

ပုနစ ပရံ အာနန္ဒ ရညော မဟာသုဒဿနဿ ဟတ္ထိရတနံ ပါတုရဟောသိ– ဟူ၍ လည်းကောင်း လာသော မဟာသုဒဿနသုတ်။

တသိမာနိ သတ္တရတနာနိ ဘဝန္တိ။ သေယျထိဒံ၊ စက္ကရတနံ၊ ဟတ္ထိရတနံ၊ အဿ-ရတနံ၊ မဏိရတနံ၊ ဣတ္ထိရတနံ၊ ဂဟပတိရတနံ၊ ပရိဏာယကရတနမေဝ သတ္တမံ။

ဟူ၍ လည်းကောင်း လာသောမဟာပဒါနသုတ်။ ၎င်းနည်းတူလာသော စက္ကဝတ္တိသုတ်။

အထဿ ပန္နရသေ ဥပေါသထဒိဝသေ စက္ကဒဟတော စက္ကရတနံ ဥပေါသထကုလ-တော ဟတ္ထိရတနံ ဝလာဟကကုလတော အဿရတနံ ဝေပုလ္လပဗ္ဗတတော မဏိရတနံ အာဂမိ။ ဥတ္တရကုရုတော ဣတ္ထိရတနံ ပရိဏာယကရတနာနိ ပါတုဘဝန္တိ။

ဟူ၍လာသော ကလိင်္ဂဇာတ် ပါဠိတော်တို့နှင့်အညီ ရတနာခုနစ်ပါးတွင် စကြာရတနာသာ ရှေးဦးစွာ ရောက်သောအကြောင်းကို သိအပ်၏။

၆၆-ပုစ္ဆာ။ ။စကြာရတနာ ဆင်ရတနာတို့ကိုသာ မဟုတ်။ ရတနာခုနစ်ပါးတို့၏ သရုပ်ကိုပင် ကျမ်းဂန်တွင် အစဉ်အတိုင်း ဆိုဟန် အခြင်းအရာ အလုံးစုံကို သိလိုပါသည်။

၆၆-ဝိသဇ္ဇနာ။ ။ရတနာခုနစ်ပါးတို့၏ သရုပ်သဏ္ဌာန အခြင်းအရာ အလုံးစုံကိုပင် သိလိုပါသည်ဟု မေးရာ၌—

ရတနာခုနစ်ပါးတို့၏ ခေါင်းစဉ် အကျဉ်းမှတ်ဖွယ်ကား-

(၁) စက်၊

(၂) ဆင်၊

(၃) မြင်း၊

(၄) မြ၊

(၅) မိ၊

(၆) ကြွယ်၊

(၇) သား၊ ဟူ၍ မှတ်အပ်၏။

ထိုခုနစ်ပါးတို့တွင်—

(၁) **စကြာရတနာ၏အကြောင်းကား**။ ။ဒီပွဲ စက္ကရတနံ ပါတုဘဝတိ၊ သဟသာရံ သနေမိကံ သနာဘိကံ သဗ္ဗာကာရပရိပူရံ-ဟူ၍လာသော မဟာသုဒဿနသုတ် ပါဠိတော်နှင့်အညီ နတ်တို့အာနုဘော်နှင့် ယှဉ်သောကြောင့် ဒိဗ္ဗမည်၏။ တထောင်အကန့်ရှိသောကြောင့် သဟဿာရ မည်၏။ အကွပ်ရှိသောကြောင့် သနေမိက မည်၏။ ပုံတောင်းရှိသောကြောင့် သနာဘိက မည်၏။ ခပ်သိမ်းသော အခြင်းအရာနှင့် ပြည့်စုံသောကြောင့် သဗ္ဗာကာရပရိပူရ မည်၏။ တစုံတယောက်သောသူသည် မဆီးမတားနိုင်သဖြင့် သွားတတ်သောကြောင့် စကြာမည်၏။ မွေ့လျော်ခြင်းကို ဖြစ်စေတတ်သောကြောင့် ရတနာမည်၏။ တနည်းကား အရှိအသေပြုအပ်သောကြောင့် လည်းကောင်း၊ အဖိုးကြီးမြတ်သောကြောင့် လည်းကောင်း၊ အတုမရှိသောကြောင့် လည်းကောင်း၊ မယုတ်မာသောသူ၏ သုံးရာဖြစ်သောကြောင့် လည်းကောင်း ရတနာမည်၏။ ထိုစကြာရတနာသည် အကန့်များစွာတပ်၍ စီရင်အပ်သော လှည်းဘီးသဏ္ဌာန်တည်း။

ပုံတောင်းသည်ကား-ဣန္ဒနီလာ အတိုပြီး၏။ ပုံတောင်း၏ အလယ်၌ တမူကား ငွေဖြင့်ပြီးသောကျည်ရှိ၏။ အလယ်၌အပေါက်ရှိသော အဝန်းကဲ့သို့ တင့်တယ်၏။ နှစ်ဘက်သော ပုံတောင်း၏ အပြင်အရပ်၌ ငွေပြားအရံပတ် ရှိ၏၊ ငွေပြားအပတ်၌ အပိုင်းအခြားဖြစ်သော အရေးအသားတို့သည် ဖြစ်ကုန်၏။ တထောင်သောအကန့်တို့သည် ခုနစ်ပါးသော ရတနာမျိုးတို့ဖြင့် ပြီး၏။ နေရောင်ကဲ့သို့ အရောင်အဝါနှင့် ပြည့်စုံ၏။ အကန့်တို့၌ ကြာသွတ်အိုးကတ္တုသီး ရွဲလုံးရွဲသေး အရေးအသားတို့သည် ရှိကုန်၏။ အကွပ်ကား တက်သစ်သော နေရောင်ခြည် အပေါင်းတို့၏ အသရေကို ပြက်ရယ်မူ ပြုဘိသကဲ့သို့ ကောင်းစွာတည်လျက် ရှိကုန်၏။ အကွပ်နားဌ ဆယ်ချောင်းဆယ်ချောင်းသော အကန့်တို့၏အကြားဌ မူတ်အပ်သော နဲ့ပလွေဝါးကဲ့သို့ အတွင်းဌ အခေါင်းရှိသော အပေါက်ငယ် အပေါင်းတို့ဖြင့် စီအပ်သော လေကိုယူတတ်သော သန္ဆာရိုး သန္ဆာတိုင်တို့သည် ရှိကုန်၏။ လေခတ်သောကာလ သန္ဆာရိုးတို့၏ အသံသည် စည်စောင်းငြင်း၏ အသံကဲ့သို့ သာယာစွာ မြည်၏၊ သန္ဆာရိုး သန္ဆာတိုင်၏ အထက်၌ ထီးဖြူရှိ၏။ ထိုထီးဖြူ၏ နံပါးနှစ်ဘက်၌ နှစ်သွယ် နှစ်သွယ်သော ပန်းကုံးတို့သည် ဆွဲကုန်၏။ ပုံတောင်းငွေကျည်ဝ၏ အတွင်း လှည်းဘီး၌ နားပန်းစွန်း ထွက်သကဲ့သို့ နှစ်ခုသော ခြင်္သေ့ခံတွင်းတို့သည် ရှိကုန်၏။

ထိုခြေသံ့ခံတွင်းမှ ထန်းလုံးမျှလောက် ရှိသော နှစ်သွယ်သော ပုလဲဆိုင်းတို့သည် ဆွဲကုဋ်၏။ ထိုပုလဲဆိုင်းတို့သည်ကား စကြာလည်သောကာလ စကြာနှင့်တကွ လည်ကုန်၏။ ပုံတောင်းလည်း လည်၏။ စကြာလည်းလည်၏။ ပုလဲဆိုင်းလည်း လည်၏။ သုံးခုတို့သည် တပြိုင်နက် လည်ကြကုန်၏။ (ဤကား စကြာရတနာ၏ အခြင်းအရာတည်း။)

(၂) **ဆင်ရတနာ၏ အကြောင်းကား**။ ။အလုံးစုံ စင်ကြယ်စွာသော ခုနစ်ပါးသော မြေသို့ထိခြင်းရှိသော ကောင်းကင်သို့ သွားတတ်သော ဥပေါသထ ဆင်မင်းသည် ရောက်လာ၏။ အကြောင်းသော်ကား စကြာရတနာ ရောက်ပြီးသော မင်းကြီးအား အမတ်တို့သည် ပကတိမင်္ဂလာ ဆင်တော်နေရာ အရပ်ကို ရတနာအဘိ ဆန်းကြယ်သော နတ်ဗိမာန် ကဲ့သို့ စီရင်၍ အရှင်မင်းကြီး ဆင်ရတနာ၏လာခြင်းကို အောက်မေ့လော့ဟု လျှောက်၏။ မင်းကြီးလည်း အလျှူပေး၍ သီလ ဆောက်တည်၍ ကောင်းမှုကို အောက်မေ့လျက် နေ၏။ ထိုအခါ ဆဒ္ဒန်အမျိုးမှ လည်းကောင်း၊ ဥပေါသထအမျိုးမှ လည်းကောင်း တက်သစ်သော နေဝန်းကဲ့သို့ အလွန်နီသော ခြေလေးဘက်၊ လည်၊ မျက်နှာတို့ဖြင့် တန်ဆာဆင်အပ်သော အထူးသဖြင့် စင်ကြယ်ဖြူထွားသော ခြေလေးဘက်၊ အမြီးတံစပ်၊ နှာမောင်းဟူသော မြေသို့ထိသောအင်္ဂါလက္ခဏာနှင့် ပြည့်စုံသော ပဒုမာကြာနီနှင့် တူသော နှစ်လို့ဖွယ်သော မျက်နှာ ရှိသော ကောင်းကင်သို့ သွားခြင်းငှာ စွမ်းနိုင်သော မြင်းသီလာမူနှုန်ဖြင့် စွန်းသကဲ့သို့သော အစုံသော အစွယ်ရှိသော ငွေတောင်ထွတ်ကဲ့သို့ မြတ်သော ဆင်ရတနာသည် ကောင်းစွာစီရင်အပ်သော တန်ဆောင်း၌ တည်လာ၏။ ဆဒ္ဒန်ဆင်မျိုးမှ လာသည်ရှိသော် အလုံးစုံအောက် ငယ်သော ဆင်သည် လာ၏။ ဥပေါသထဆင်မျိုးမှ လာသည်ရှိသော် အလုံးစုံထက်ကြီးသော ဆင်သည် လာ၏။ ပါဠိတော်၌ကား ဥပေါသထ ဆင်မင်း လာ၏ဟု ဆို၏။ ကလိင်္ဂတောဓိဇာတ်တွင်လည်း ဥပေါသထဆင်မင်း လာကြောင်းကို ဆိုသည်။ အဋ္ဌကထာ၌ကား ဆဒ္ဒန်ဆင်မင်းသည် တစုံတယောက်သော သူတို့၏ သုံးရာ မဖြစ်ကောင်းသောကြောင့် အငယ်သာ လာ၏ဟု ဆို၏။ (ဤကား ဆင်ရတနာ၏ အကြောင်းတည်း။)

(၃) **မြင်းရတနာ၏ အကြောင်းကား**။ ။ကိုယ်လုံးဖြူသော၊ ကျီးကဲ့သို့ မည်းနက်သော ဦးခေါင်းရှိသော။ ဖြူဆံမြက် ကဲ့သို့သော လည်ဆံရှိသော ကောင်းကင်သို့ ပျံသွားတတ်သော ဝလာဟက မြင်းရတနာ၏ ရောက်လာသော အကြောင်းကား။ ။ဆင်ရတနာ ရှိပြီးသော မင်းကြီးအား အမတ်တို့သည် မင်္ဂလာမြင်း၏ နေရာကို ပြုပြင်၍ မြင်းရတနာ၏ လာခြင်းကို အောက်မေ့လော့ဟု လျှောက်၏။ မင်းကြီးလည်းအလျှူပေး၍ သီလဆောက်တည်၍ ကောင်းမှုကို အောက်မေ့လျက် နေ၏။ ထိုအခါ သိန္ဓောအမျိုးမှ လျှပ်စစ်နွယ်ဖြင့် မြှေးသော တန်ဆောင်မုန်းလအခါ၌ ဖြစ်သော တိမ်ဖြူနှင့်တူသော အသရေရှိသော နီသောခြေ နီသော နှုတ်သီးရှိသော လရောင်အဆင်းနှင့် တူသော စင်ကြယ်သိမ်မွေ့သော တခဲနက်သောကိုယ် ရှိသော၊ ကျီးတို့၏ လည်ကဲ့သို့ လည်းကောင်း၊ ဣန္ဒနီ၊ လာကျောက် ကဲ့သို့ လည်းကောင်း၊ မည်းသော ဦးခေါင်းရှိသော ဖြူဆံမြက်နှင့်တူသော လည်ဆံရှိသော ဝလာဟက မည်သော မြင်းမင်းသည် လာလတ်၍ ကောင်းစွာစီရင်အပ်သော ရတနာ တန်ဆောင်း၌ တည်လာ၏။ (ဤကား မြင်းရတနာ၏ အကြောင်းတည်း။)

(၄) **မျက်မြတ် ရတနာ၏ အကြောင်းကား**။ ။တစ်နှစ်မြောက်သော ဝါးညှိုအဆင်းနှင့် တူသော ဝေဠုရိယဟု ဆိုအပ်သော မြဇာတိ ဖြစ်၏၊ ရှစ်မြောင့်ရှိ၏၊ တင့်တယ်၍အမျိုး

မြတ်၏။ ကောင်းစွာ၏။ အလွန်စင်ကြယ်၏။ ခပ်သိမ်းသော အခြင်းအရာတို့နှင့် ပြည့်စုံ၏။ အရောင်လည်း ထက်ဝန်းကျင်မှ တယူဇနာ တိုင်အောင်ထွန်း၏။ အလျားလေးတောင် လုံးပတ်လှည်းပုံတောင်းခန့်ရှိ၏။ နှစ်ဘက်သော အစွန်းတို့၌ အလယ်ချက်မမှထွက်သော စင်ကြယ်စွာသော ပုလဲဆိုင်းနှစ် ပွင့်သောပဒုမာကြာတို့ဖြင့် တန်ဆာဆင်သော မျက်မြတ် ရတနာသည် ရှစ်သောင်း လေးထောင်သော မျက်မြတ်တို့ဖြင့် ခြံရံလျက် ကြယ်အပေါင်းတို့ဖြင့် ခြံရံသော လပြည့်ဝန်း၏ အသရေကိုလွှမ်းဘိသကဲ့သို့ ဝေပုလ္လတောင်မှ လာလတ်၏။ ထိုမျက်မြတ်ရတနာကို ပုလဲကွန်ရက်၌ထား၍ ဝါးအဆက်ဆက်ဖြင့် အတောင်ခြောက်ဆယ်မျှလောက်သော အရပ်သို့ တင်သည်ရှိသော်၊ ညဉ့်အဖို၌ ထက်ဝန်းကျင် တယူဇနာသော အရပ်ကို အရောင်သည်နှံ့၏။ လူအပေါင်းတို့သည် အရုဏ်တက်သော အခါကဲ့သို့ ထင်ကုန်၏။ ဤကား မြရတနာ၏ အကြောင်းတည်း။ ။(ဤမြရတနာကိုပင် ပတ္တမြားရတနာဟု ခေါ်ကြကုန်၏။ ယခုကာလ ခေါ်ဝေါ် သုံးဆောင်ကြသော ပတ္တမြား ရတနာသည်ကား ဝါးညိုအဆင်းမဟုတ်၊ လယ်ခေါင်ရန်းရောင်၏ အဆင်းဖြစ်ခဲ့၏။ သဘောမည်)။

(၅) မိဖုရား ရတနာ၏ အကြောင်းကား။ ။အလွန်အဆင်းလှ၏၊ ရှုချင်ဖွယ်ရှိ၏၊ ကြည်ညိုဖွယ်ရှိ၏၊ လွန်မြတ်သောအဆင်း၏ ကောင်းခြင်းနှင့် ပြည့်စုံ၏။ မြင့်ခြင်း၊ နိမ့်ခြင်း၊ ကြုံခြင်း၊ ဆူခြင်း၊ မည်းလွန်းခြင်း၊ ဖြူလွန်းခြင်းဟူသော ခြောက်ပါးသော အပြစ်တို့မှကင်း၏။ လူတို့၏ အဆင်းကိုလွန်၍ နတ်တို့၏ အဆင်းသို့လည်း မရောက်တတ်ရှိ၏၊ ချမ်းသောကာလ ပူ၏၊ ပူသောကာလ ချမ်း၏၊ ကိုယ်အနံ့ကား စန္ဒကူးနံ့၊ ခံတွင်းအနံ့ကား ကြာညိုပွင့်အနံ့လှိုင်၏၊ ကိုယ်ရောင်လည်း တဆယ့်နှစ်တောင်ရှိသောအရပ်ကို ထွန်းလင်းနိုင်၏၊ ထိုမိဖုရားရတနာသည် မဒ္ဒတိုင်းမင်းမျိုးမှလည်း ရ၏။ ဥတ္တရကုရု ကျွန်းမှသော်လည်း ရောက်၏။ ။(ဤကား မိဖုရားရတနာ၏ အကြောင်းတည်း။)

(၆) သူဌေးရတနာ၏ အကြောင်းကား။ ။သူဌေးကြီး ရတနာသည် မြေကြီးအတွင်း တယူဇနာတိုင်တိုင် မိမိမျက်စိဖြင့် အရှင်ရှိမြှုပ်၍ ထားသော ဥစ္စာ၊ အရှင်မဲ့မြှုပ်၍ ထားသော ဥစ္စာတို့ကို မြင်နိုင်၏၊ စကြာမင်းသည် စုံစမ်းလိုသောကြောင့် လှေစီး၍ ဂင်္ဂါမြစ်၏ အလယ်သို့သွား၍ ငါသည် ရွှေငွေရတနာတို့ကို လို၏ဟုဆိုလျှင် နှစ်ဘက်သောလက်တို့ဖြင့် ရေကိုသုံးသပ်၍ အသပြာရွှေငွေဖြင့်ပြည့်သော အိုးတို့ကိုထုတ်၍ပေး၏။ ပြကတော့ပင်လျှင် ဥစ္စာစည်းစိမ်များ၏။ ။(ဤကား သူဌေးကြီး ရတနာ၏ အကြောင်းတည်း။)

(၇) သားကြိုးရတနာ၏ အကြောင်းကား။ ။စစ်သူကြိုးဖြစ်သော သားကြိုးရတနာသည် ပညာရှိ၏၊ လိမ္မာ၏၊ အဆင်အခြင်နှင့်ပြည့်စုံ၏၊ တစ်ပါးသော သူတို့၏ အကြံအစည်ကို သိနိုင်၏။ တဆယ့်နှစ်ယူဇနာရှိသော မင်း၏ ပရိသတ်၌ စိတ်အကြံအစည်ကို သိ၍ ခီးမြှောက်အပ်သူကို ခီးမြှောက်၏။ ရွှတ်ချအပ်သူကို ရွှတ်ချ၏။ ။(ဤကား သားကြိုးရတနာ၏ အကြောင်းတည်း။)

ဤသည်သာလျှင် ရတနာ ခုနစ်ပါး၏ အကြောင်းတည်း။

ထိုရတနာ ခုနစ်ပါးကို ဆိုသော စကား၌လည်း ပါဠိ, အဋ္ဌကထာတို့၌ ကျယ်ဝန်းစွာဆို၏။ ဤ၌ သိသာရုံမျှသာ ချုံး၍ ဆိုလိုက်ပေသည်။

၆၇-ပုစ္ဆာ။ ။စကြာမင်းတို့ မရှိသောကာလ စကြာရတနာကွယ်သည် ဆိုပါသည်၊ မိမိနေရာ အရှေ့သမုဒ္ဒရာသို့ ပျံသွားသည် ဖြစ်မည်၊ နေမြဲအရပ်တွင်ပင် ပျောက်သည် ဖြစ်မည်ကိုလည်း သိလိုပါသည်။

၆၇-ဝိဿဇ္ဇနာ။ ။စကြာမင်းတို့ မရှိသောကာလ စကြာရတနာ ကွယ်ပျောက်သည် ဆိုသည်ကား-မိမိအရှေ့သမုဒ္ဒရာသို့ ပျံလေသည် ဖြစ်မည်၊ ဤအရပ်တွင်ပင် ပျောက်လေသည် ဖြစ်မည်ကို သိလိုပါသည်ဟု မေးရာ၌-

စကြာရတနာသည်ကား သမုဒ္ဒရာသို့ ပျံသွားသည် မဆို၊ ကွယ်လေသည်သာ ဆိုသည်၊ ထို့ကြောင့် ဒီဃနိကာယ် ပါထေယျဝဂ် ဝက္ကဝတ္တိသုတ်အဖွင့်တွင်-

အန္တရဓာယိတိ အန္တရဟိတံ နိဗ္ဗတဒီပသိခါ ဝိယ အဘာဝံ ဥပဂတံ-ဟု ဆိုသည်။

အဓိပ္ပာယ်ကား။ ။ကွယ်လေ၏ ဟူသည်ကား- ဆီမီးတောက်သည် ပျောက်လေသကဲ့သို့ ပျောက်ခြင်း မရှိခြင်းသို့ ရောက်လေ၏ ဟူသတည်း။

စကြာဝတေးမင်း၏ အာနုဘော်မည်သည်ကား သေလွန်၍ မင်းအား လွန်၍ ခုနစ်ရက် မြောက်သောနေ့၌ ကွယ်လေ၏၊ ရဟန်းပြုသော မင်းအား ခုနစ်ရက်မြောက်သောနေ့၌ ကွယ်လေ၏၊ မဟာသုဒဿနမင်းကြီး၏ တမူကား လွန်တော်မူသည်မှ ခုနစ်ရက်မြောက်သောနေ့၌ ခုနစ်ထပ်သော တံတိုင်း၊ ရှစ်သောင်းလေးထောင်သော ရေကန်၊ ဓမ္မပြာသာဒ်၊ ဓမ္မရေကန်၊ စကြာရတနာတို့သည်လည်းကောင်း အလုံးစုံတို့သည် ကွယ်လေကုန်၏။ ဆင်အစရှိသည်တို့တွင် ကုန်ပြီးသော အသက်ရှိသော သတ္တဝါတို့သည် တကွလျင် စုတေကုန်၏။ အသက်ကြွင်းသော ဆင်ရတနာ, မြင်းရတနာတို့သည် မိမိအမျိုးတို့သို့အသီးသီး ကပ်ကြလေကုန်၏။ မျက်မြတ်ရတနာသည်ဝေပုလ္လတောင်သို့ သွားလေ၏။ မိဖုရားသည် တန်ခိုးအာနုဘော်ဖြင့် ကွယ်လေ၏။ သေဋ္ဌေး၏ မျက်စိလည်း ပြကတေ့သာဖြစ်လေ၏။ သားကြီး၏ ဉာဏ်ပညာသည်လည်း ပကတိသာ ရှိလေ၏ ဟူလိုသည်။

၆၈-ပုစ္ဆာ။ ။မဟာရာဇသတ်ကြီးဟု ခေါ်ဝေါ်သမုတ်ကြသော မနုရာဇာလျှောက်ထုံးတွင်-"အထူးထူးသော သီးမျိုး ပွင့်မျိုးတို့ဖြင့် အကြွင်းမဲ့လှူင်ကုန်ပြည့်ကုန်စုံလှစွာသော အဗ္ဘန္တရမဏ္ဍူသက သရက်ပင်မင်းသည် ပတ္တမြားဂူ၏ အနီးဖြစ်သော တောင်ဖျား၌ ရောက်သောကြောင့် ထိုသစ်ပင်ကို အဗ္ဘန္တရမဏ္ဍူသက သရက်ပင်မင်း" ဟု ဆိုအပ်၏ဟု ပါပါသည်။ ထိုစကားအရသော်ကား မဏ္ဍူသကပန်းပင်ကိုပင် အဗ္ဘန္တရသရက်ပင်မင်းဟု ဆိုသံထွက်ပါသည်။ မဏ္ဍူသက ပန်းပင်ဆိုသည်နှင့် အဗ္ဘန္တရသရက်ပင်ဆိုသည်ကား-သဘောမပြား တစ်ချက်တည်း။ နီလုပွလပန်းပင်၊ လောဟိတစန္ဒန နံ့သာပင်ကဲ့သို့ ကမ္မဓာရည်းသမာသ် ယူရမည်လော။ မဏ္ဍူသက ပန်းပင်တခြား၊ အဗ္ဘန္တရသရက်ပင် တခြားဟူ၍အဿတ္ထကပီတနံ၊ ဥသီရဗီရဏံ၊ သာလိယံ တို့ကဲ့သို့ ဒွန်သမသ် ယူရမည်လော။

တကြောင်းလည်း-

"ပန်းတွင်မဋ္ဌ။ ကျွန်ုပ်ဟူသား၊ လှိုင်ကြူနုံသာ၊ ဂန္ဓမာဟု၊ တောင်သာထိပ်ပြင်၊ လိုဏ်မြတ်ရှင်၌၊ ရာစင်အချင့်၊ ဖြူးဖြူးမြင့်သား၊ မြနှင့် နှိုင်းအင်၊ ထိုသစ်ပင်ကို၊ မြင်လျှင် မချွတ်၊ အာရုံမှတ်၍၊ မပြတ်သို့ပင်၊ ဖန်စီရင်သို့၊ ရေတွင်ကြည်းပန်း၊ ညွတ်၍ ဝန်းသည်။ နတ်ပန်းမဋ္ဌသာတကား။"

ဟူ၍ ဆိုသော စာ၌လည်း အချင့်အမြင့် ယူဇနာတရာရှိဟန် အသံထွက်ပါသည်။ ဇမ္ဗူသပြေပင်၊ပဒေသာပင်၊ ကုက္ကိုပင်၊ ထိန်ပင်ဟု ဆိုအပ်သော ကျွန်းဦးရောက် သစ်ပင်တို့ကိုသာ ယူဇနာတရာရှိကြောင်းကို မှတ်ရဖူးပါသည်။ သို့ကိုလျက် မဋ္ဌသကပန်းပင်သည် ယူဇနာတရာအချင့် အမြင့်ရှိဟန်ဆိုပါသည်။ ဤအရာကိုလည်း သိလိုပါသည်။

တကြောင်းလည်း –

နီလာရောင်ခြည်၊ လျှံပြည့်လည်သား၊ မြရည်မယွန်း၊ ရေကြည်ဝန်း၌၊ ပေါ်ထွန်းဇမ္ဗူ။ သောင်းယူဇနာ၊ မြေမျက်နှာထက်၊ ငါးရာမြင့်သွန်း၊ အဝန်းကိုးထောင်၊ ဟေဝန် ချောင်ဝယ်၊ လေးထောင်ရှစ်သောင်း၊ အထွတ်ပေါင်းသား၊ မြင့်ဆောင်းနှစ်ရာ၊ ဂန္ဓမာ၏။ လိုဏ်သာပတ္တမြား၊ မုခ်ဝပါးဝယ်၊ ပျံ့ရှားလှတင့်၊ ပဋ္ဌပ္ပင့်ကို၊ မျက်ပွင့်ဖျော်လောက်၊ ခြောက်ဆင့်မြောက်သား၊ သုံးယောက်လှထွတ်၊ ပန်ဘို့မှတ်သည်၊ လူနတ်ကိုထား၊ ပိတုန်း များမှ၊ တန့်နားမဝံ့၊ ဖြည်းပျံ့လေမျှ၊ မသိမ်းရတည့်၊ ထက်မှတခွင်၊ ဝန်းကျင် ထောင်သောင်း၊ ဗိုလ်ပေါင်းထွေလည်၊ နတ်စစ်သည်တို့၊ လှံရှည်ထားတန်း၊ ရံဆီး ဝန်းသည်။ ။တောင်နန်း ဟေမဝန်ကသော။"

ဟူ၍ ဆိုသော စာ၌လည်း အထောင်အသောင်းမကသော နတ်စစ်သည်တို့သည် စောင့်ရှောက်ဝန်းရံ ဆီးချောင်းဝပ်စောင့်နေရဟန် အသံထွက်ပါသည်၊ အချို့ကလည်း အဘ္ဗန္တရသရက်ပင်မှာ များစွာသောနတ်တို့ စောင့်ရှောက်ရကြောင်းကို ဆိုပါသည်။ ဤသို့သော စကားနှစ်ရပ်ကို စပ်ဟပ်၍ ယူပြန်သော် မဋ္ဌသက ပန်းပင်နှင့် အဘ္ဗန္တရ သရက်ပင်မင်း အတူတူပင် ဖြစ်သကဲ့သို့ ရှိပြန်ပါသည်။ အချို့ကလည်း မဋ္ဌသက ပန်းပင်မှာ နတ်ဘီလူး ကုမ္ဘဏ်ရက္ခိုသ်တို့ မစောင့်မရှောက်ရ။ အဘ္ဗန္တရ သရက်ပင်မင်း မှာသာ နတ်ဘီလူး ကုမ္ဘဏ် ရက္ခိုသ်တို့ စောင့်ရှောက်ရကြောင်းကို ပြောဆိုကြပါသည်။ သို့ကိုလျက် အရှင်မဟာသီလဝံသစာဟူ၍ အမှတ်လိပ်ညွှန်းကမ္ဘည်းတပ်လျက် ပါသောစာ တွေ့ဖူးပါသည်။

စာကား။ ။"မဏိဂူဟာ၊ ရတနာ၏၊ မျက်နှာဆီသင့်၊ ပန်းစုံပွင့်ကို၊ သခင်ဖို့ရည်၊ တိမ်ကြားလည်မှ၊ ဇာနည်အသ၊ သိန္ဓဝဟု၊ ကသည်ရထား၊ ဖြူထွားစက်ဝန်း၊ လိုဏ်နန်း ကြုပ်ပြင်၊ ပြာသာဒ်ရှင်နှင့်၊ ကောင်းကင်မျှလောက်၊ တံခွန်ဆောက်မှ၊ ရှေ့နောက်သံကာ တစ်ထွာနှင်နှင်၊ အထုတင်လျက်၊ ကိုယ်တွင်မိန်ညို၊ မောက်တိုသံချပ်၊ ဝတ်တတ်ကြဲသေး၊ ကိုင်လေးလက်စွဲ၊ မြားမာခဲ၍၊ ရဲရဲစွယ်ခွန်၊ ကုမ္ဘဏ်ရှစ်သောင်း၊ လေးထောင်ပေါင်းကို၊ ပုံတောင်းကျွန်နစ်၊ မိုးကြိုးထစ်သို့။ မပစ်မိခင်၊ ရန်လုံးစင်သော်၊ အပင်ရောက်တိုင် မဋ္ဌခိုင်ကို၊ ပျံကြိုင်ကောင်းစွာ၊ ရွေးချယ်ရှာ၍၊ သုံးဖြာမှန်ကူ၊ ဆင်ထိုက်သူကား၊ စိတ်ဖြူသန့်ကြည်၊ သီလတည်၏၊ နတ်ပြည်ငါးဆင့်၊ ဘုံထက်မြင့်သည်။ မာရ်မင့် လက္ခဲသို့ တကား။" အရှင်မဟာသီလဝံသ ဆိုတော်မူသော စာဟူ၍ တွေ့ဖူးပါသည်။

ပတ္တမြားဂူဝ၏ အနီးတွင် ပန်းစုံပွင့်သော မဏ္ဍူသက ပန်းပင်ကိုပင်ကုမ္ဘက်ရှစ်သောင်း လေးထောင် စောင့်ရှောက်နေရဟန် အသံထွက်ပါသည်။ ဤသို့ အရပ်ရပ်စကားကို နှိုင်းယှဉ်သော် မဏ္ဍူသက ပန်းပင်ကိုမျှ အသီးအသီး ရှေးပညာရှိတို့ ပြဆိုခဲ့သမျှသည် ရှေ့နောက် အထွက်အဝင်ရှိခဲ့ရကား– တပါးသောစိတ်၊ စေတသိက်၊ ရုပ်၊ နာမ်နှင့်စပ်သမျှ စကားများမှာ ညီညွတ်နိုင်တော့မည် မဟုတ်၊ မညီမညွတ်နိုင်ကလည်း နောက်သားတို့ မှတ်၍ မှန်နိုင်တော့မည် မဟုတ် ဖြစ်ပါသည်။ ယင်းသို့ဖြစ်၍ ပျို့ကဗျာဆိုကြသော အရာတို့ကို မှတ်သားရသည်ထက် ပါဠိပဒနှင့် မှတ်သားရပါမှ အသေအချာ ခိုင်ခံ့ရာသည် ထင်ပါသည်၊ ပါဒိပဒဆောင်၍ ပြတော်မူပါ ဆရာတော်ဘုရား။

သက္ကရာဇ် ၁၁၇၁-ခု၊ တပေါင်းလဆန်း ၁-ရက်၊ စနေနေ့၊ မုံရွာသိရိမာလာက လျှောက်လာရာတွင် ဖြေဆိုလိုက်သည်ကား–

၆၈-ဝိသဇ္ဇနာ။ ။မဏ္ဍူသကပန်းပင်၏ အကြီးအမြင့် အနှစ်ဟရ သရက်ပင်နှင့် အထူးအခြား ရှိမည် မရှိမည်ကို မေးရာ၌–

မဏ္ဍူသကပန်းပင်၏ အတ္ထုပ္ပတ္တိကား သာရတ္ထသင်္ဂဟကျမ်း၌–

ဂန္ဓမာဒနကူဋ်ံ သာနုမယံ၊ အဗ္ဘန္တရေ မုဂ္ဂဝဏ္ဏံ၊ ကာဠာနုသာရိယာဒိ မူလဂန္ဓောစန္ဒနာဒိ သာရဂန္ဓော။ သရလာဒိ ဖေဂ္ဂုဂန္ဓော။ လဝင်္ဂါဒိ တစဂန္ဓော။ ကပိတ္ထာဒိ ပပ္ပဋ္ဌကာဂန္ဓော။ သဇ္ဇာဒိ ရသဂန္ဓော။ တမ္ဗလာဒိ ပတ္တဂန္ဓော။ နာဂကုင်္ကုမာဒိ ပုပ္ဖဂန္ဓော။ ဇာတိဖလာဒိ ဖလဂန္ဓော။ သဗ္ဗထာဂန္ဓကာသာဝကာဒိ ခန္ဓဂန္ဓော။ ဣမေဟိ ဒသဟိ ဂန္ဓေဟိ ဥဿန္နံ နာနပ္ပကာရ ဩသဓသဉ္ဆန္နံ ကာဠပက္ခေ ဥပေါသထဒိဝသေ အာဒိတ္တမိဝ အဂ်ိါရံ ဇလန္တံ တိဋ္ဌတိ။

တတ္ထေဝ နန္ဒမူလပဿာရံ ပစ္စေကဗုဒ္ဓါနံ ဝသနောကာသော တိဿော ဂုဟာယော သုဝဏ္ဏဂုဟာ မဏိဂုဟာ ရဇတဂုဟာတိ။ တတ္ထ မဏိဂုဟာဒ္ဓါရေ မဏ္ဍူသကော နာမ ရုက္ခော ယောဇနုဗ္ဗေဓေန ယောဇနဝိတ္ထာရေန ယော ယတ္တကာနိ ဥဒကေဝါ ထလေဝါ ပုပ္ဖာနိ သဗ္ဗာနိ ပုပ္ဖန္တိ။

ဝိသေသေန ပစ္စေကဗုဒ္ဓါဂမနဒိဝသေ တဿ ပုရေတော သဗ္ဗရတနမာဠော ဟောတိ။ တတ္ထ သမ္မဇ္ဇနိကဝါတော ကစဝရံ် ဆဒ္ဒေတိ။ သမကရဏဝါတော သဗ္ဗရတနမယံ ဝါလိကံ် ဘေရိတလမိဝ ကရောတိ။ သိဉ္စနကဝါတော ဥဒကံ် အာနေတွာ သိဉ္စတိ။ သုဂန္ဓကရဏဝါတော သဗ္ဗေသံ် သုဂန္ဓရုက္ခာနံ် ဂန္ဓေ အာနေတိ။ ဩစိနကဝါတော ပုပ္ဖာနိ ဩစိနိတွာ ပါတေတိ။ သန္ထရဏကဝါတော သဗ္ဗတ္ထ သန္ထရတိ။ သဒါ ပညတ္တာနေဝ စေတ္ထ အာသနာနိ ဟောန္တိ။ ယေသု ပစ္စေကဗုဒ္ဓါ ဗုဒ္ဓပ္ပါဒဒိဝသေ ဥပေါသထဒိဝသေ စ သဗ္ဗေ ပစ္စေကဗုဒ္ဓါ သန္နိပတိတွာ နိသီဒန္တိ။ အယံ် တတ္ထ ပါကတိ။

အဘိသမ္ဗုဒ္ဓါ တတ္ထ ဂန္ဒာ ပညတ္တာသနေ နိသီဒန္တိ။ တတော သစေ တသ္မိံကာလေ အညေပိ ပစ္စေကဗုဒ္ဓါ သံဝဇ္ဇန္တိ။ တေပိ တဒ်ဏာညေဝ သန္နိပတိတွာ ပညတ္တာသနေ နိသီဒန္တိ။ နိသီဒိတွာ ကိဉ္စိဒေဝ သမာပတ္တိံ် သမာပဇ္ဇိတွာ ဝုဋ္ဌဟန္တိ။ တတော သံဃတ္ထေရော အဓုနာဂတံ် ပစ္စေကဗုဒ္ဓံ အနုမောဒနတ္ထာယ ကထမဓိဂတန္တိ ကမဋ္ဌာနံ် ပုစ္ဆိ။ တဒါ သော

အတ္တနော ဥဒါနဗျာကရဏဂါထံ အဘာသိ၊ ဧတံ ဧဝမိဒံ ဂန္ဓမာဒနကူဋ္ဌံ ပစ္စေကဗုဒ္ဓါနံ နိဝါသနဋ္ဌာနံ ဟောတီတိ ဝေဒိတဗ္ဗော—

ဟူ၍ဆိုသည်။

အဓိပ္ပာယ်ကား။ ။ဂန္ဓမာဒနတောင်သည် နံ့သာမျိုးတို့ဖြင့် ပြီး၏။ အတွင်းကား ပဲနောက် အဆင်းနှင့်တူသော ကျောက်ဖြင့်ပြီး၏။ ကာလာနုသာရီစသော အမြစ်နံ့သာ၊ စန္ဒကူးစသော အနှစ်နံ့သာ၊ ထင်းရှူးစသော အကာနံ့သာ၊ သစ်ကြပိုးစသော အခေါက်နံ့သာ၊ သီးစသော အလွှာနံ့သာ၊ ပွဲရက်စသော အရည်နံ့သာ၊ ကွမ်းစသော အရွက်နံ့သာ၊ ကံ့ကော်, မာလာ ကျိကျူစသော အပွင့်နံ့သာ၊ ဇာတိပို့လ်စသော အသီးနံ့သာ၊ အလုံးစုံအနံ့နှင့် ပြည့်စုံသော သင်္ကန်းစသော ပင်စည်နံ့သာ၊ ဤဆယ်ပါးသော နံ့သာတို့ဖြင့် ပြန့်ပြောကုန်၏၊ အထူးထူး အပြားပြားရှိသော ဆေးပင်တို့ဖြင့် ဖုံးလွှမ်းကုန်၏။ လဆုတ်ပက္ခဥပုသ်နေ့တို့၌ ပြောင်ပြောင် တောက်သော မီးကဲ့သို့ ထွန်းလျက်တည်၏။ ထိုဂန္ဓမာဒနတောင်၌ပင်လျှင် နန္ဒမူလမည်သော တောင်ဝှမ်း၌ ပစ္စေကဗုဒ္ဓါတို့၏ နေရာဖြစ်သော သုံးခုသော ရွှေဂူ၊ ပတ္တမြားဂူ၊ ငွေဂူတို့သည် ရှိကုန်၏။ ထိုသုံးခုသော လိုဏ်ဂူတို့တွင် ပတ္တမြားဂူ၌ မဂ္ဂုသကမည်သော သစ်ပင်သည် အမြင့်အားဖြင့် တစ်ယူဇနာ၊ အချင်းအားဖြင့် တစ်ယူဇနာရှိ၏။ ရေပန်း ကြည်းပန်းတို့သည် ပွင့်ကုန်၏။ အထူးသဖြင့် အရှင်ပစ္စေကဗုဒ္ဓါတို့ လာတော်မူသောနေ့၌ ထိုမဂ္ဂုသကမည်သော သစ်ပင်၏ရှေ့မှ ခပ်သိမ်းသော ရတနာတို့ဖြင့်ပြီးသော မဏ္ဍပ်သည်ဖြစ်၏။ ထိုမဂ္ဂုသကပန်းပင်၌ တံမြက်လှည်းတတ်သော လေသည် ပန်းမှိုက်တို့ကို စွန့်လေ၏။ အညီအညွတ်ပြုတတ်သော လေသည် ခပ်သိမ်းသော ရတနာတို့ဖြင့် ပြီးသောသဲကို စည်မျက်နှာကဲ့သို့ အညီအညွတ်ပြုလေ၏။ ရေကို သွန်းတတ်သော လေသည် အနဝတတ်အိုင်မှ ရေကိုဆောင်၍ သွန်းလေ၏။ ကောင်းသော အနံ့ကိုပြုတတ်သော လေသည် ခပ်သိမ်းစုံကောင်းသော အနံ့ရှိသော သစ်ပင်တို့၏ အနံ့ကို ဆောင်၏။ ပန်းကိုဆွတ်တတ်သော လေသည် ပန်းတို့ကို ဆွတ်၍ ချလေ၏။ နေရာခင်းတတ်သောလေသည် ခပ်သိမ်းသော အရပ်တို့၌ နေရာခင်းလေ၏။ အခါခပ်သိမ်းလျှင် ထိုသစ်ပင်၏ အနီး၌ နေရာတို့သည် မရှိကုန်၊ အရှင်ပစ္စေကဗုဒ္ဓါ ဖြစ်သောနေ့၌လည်းကောင်း၊ ဥပုသ်နေ့၌လည်းကောင်း ခပ်သိမ်းသော ပစ္စေကဗုဒ္ဓါတို့သည် စည်းဝေးကုန်သည်ဖြစ်၍ ခပ်သိမ်းသော နေရာ၌ နေတော်မူကုန်၏။ ဤသည်ကား-ထိုမဂ္ဂုသက သစ်ပင်၏ ပကတိသောသဘောတည်း။

အသစ်ဖြစ်သော ပစ္စေကဗုဒ္ဓါ တို့သည်ကား ထိုသစ်ပင်သို့ ကြွတော် မူကုန်သည်ဖြစ်၍ ခင်းသောနေရာ၌ နေတော်မူကုန်၏။ ထို့နောင်မှ အကယ်၍ ထိုအခါ၌ တပါးသောအရှင် ပစ္စေကဗုဒ္ဓါတို့သည် ရှိကုန်၏။ ထိုပစ္စေကဗုဒ္ဓါတို့သည်လည်း ထိုခဏ၌ပင်လျှင် စည်းဝေးတော်မူကုန်သည်ဖြစ်၍ ခင်းသောနေရာ၌ နေကုန်၍ တစုံတခုသော သမာပတ်ကို ဝင်စားတော်မူကုန်၍ သမာပတ်မှ ထကုန်၏။ ထို့နောင်မှ သံဃာ့ထေရ်ဖြစ်သော ပစ္စေကဗုဒ္ဓါသည် ရောက်လာသော အရှင်ပစ္စေကဗုဒ္ဓါသစ်ကို ခပ်သိမ်းသောသူတို့အား ဝမ်းမြောက်စေခြင်းငှာ အဘယ့်ကြောင့် ပစ္စေကဗုဒ္ဓါအဖြစ်ကို ရလေသနည်းဟူ၍ ကမ္မဋ္ဌာန်းကို မေးလေ၏။ ထိုအခါ အသစ်သော ပစ္စေကဗုဒ္ဓါသည် မိမိဥဒါန်းကျူးသော ဂါထာကို ဆိုလေ၏။ ဤသို့လျှင် ဂန္ဓမာဒနတောင်သည် အရှင်ပစ္စေကဗုဒ္ဓါတို့၏ နေရာဟူ၍ မှတ်အပ်သတည်း။ ဤကား သာရတ္ထသင်္ဂဟကျမ်းတွင် လာသော စကားတည်း။

ပစ္စေကဗုဒ္ဓါ အပဒါန်အဋ္ဌကထာ၌ကား–

ဂန္ဓမာဒနော နာမ ဟိမဝတိ စူဠကာဠပဗ္ဗတံ မဟာကာလပဗ္ဗတံ နာဂပလိဝေဋနံ စန္ဒဂုတ္တံသူရိယဂုတ္တံ သုဝဏ္ဏမယံ ဟိမဝန္တပဗ္ဗတန္တိ သတ္တပဗ္ဗတံ အတိက္ကမ် ဟောတိ။ တတ္ထစ နန္ဒမူလပဗ္ဘာရံ ပစ္စေကဗုဒ္ဓါနံ ဝသနောကာသော တိသော စ ဂုဟာယော သုဝဏ္ဏဂုဟာ မဏိဂုဟာ ရဇတဂုဟာ။ တတ္ထ မဏိဂုဟာဒ္ဝါရေ မဋ္ဌသကရုက္ခော ယောဇနံ ဥဗ္ဗေဓေန ယောဇနံ ဝိတ္ထာရေန။ သော ယတ္ထကာနိဥဒကေ ဝါ ထလေ ဝါ ပုပ္ဖန္တိ။

အစရှိသည်ဖြင့်လာသည်။

အဓိပ္ပါယ်ကား။ ။ဂန္ဓမာဒနမည်သော တောင်သည် ဟိမဝန္တာ၌ စူဠကာဠတောင်၊ မဟာကာဠတောင်၊ နာဂပလိဝေဋနတောင်၊ စန္ဒဂုတ္တတောင်၊ သူရိယဂုတ္တတောင်၊ သုဝဏ္ဏမယတောင်၊ ဟိမဝန္တာတောင် ဟူ၍ ခုနစ်ထပ်သောတောင်ကို လွန်၍ တည်၏။ ထိုတောင်၌ နန္ဒမူလမည်သော တောင်ဂှမ်းတွင် ပစ္စေကဗုဒ္ဓါတို့၏ နေရာဖြစ်သော ရွှေဂူ၊ ပတ္တမြားဂူ၊ ငွေဂူဟု ဆိုအပ်သော သုံးလုံးသောဂူတို့သည် ရှိကုန်၏။ ထိုသုံးလုံးတို့တွင် ပတ္တမြားဂူ၌ မဋ္ဌသကပန်းပင်သည် အမြင့်အားဖြင့်တယူဇနာအချင်းအားဖြင့် တယူဇနာရှိ၏။ ထိုပန်းပင်သည် အကြင်မျှလောက် ကုန်သောရေ၌ ဖြစ်ကုန်သောပန်း၊ ကြည်း၌ဖြစ်ကုန်သော ပန်းတို့သည် ပွင့်ကုန်၏ ဟူသတည်း။ ကြွင်းသော စကားတို့သည်ကား ယခင်ပြဆိုခဲ့သော သာရတ္ထသင်္ဂဟ ကျမ်းစကားနှင့်တူ၏။

ဤဆိုအပ်ခဲ့သော စကားနှင့်အညီ မင်္ဂလာစေတီမော်ကွန်း၌ "နန္ဒမူလ၊ ပတ္တာရဋ္ဌ၊ မဏိသုဝဏ္ဏ၊ ရဇတဖြင့်၊ တောက်ပထွန်းငြား၊ လိုဏ်သုံးပါးတွင်၊ ပတ္တမြားဂူဝ၊ မုခ်ဒ္ဒါရဝယ်၊ မြင့်လှတက်ဝါ၊ အချင့်တာသော်၊ တယူဇနာ၊ အံ့အာသရဲ၊ ဝဲ့ဝဲ့ပင်ထီး၊ ရောက်လတ်ပြီးမှ၊ ဖြင်ညီးပေါပည်း။ တစုတည်းလျှင်၊ ရေကြီးပန်းမျိုး၊ မွမ်းပြည့်ဖြိုးသား၊ တောစိုးရုက္ခ၊ မဋ္ဌသို့။" ဟူ၍စပ်လေသည်။

အဗ္ဘန္တရဲသရက်ပင်၏ အကြောင်းအထွာပွတို့ကို ခုဒ္ဒကနိကာယ်အဝင် တိကနိပါတ်ကျမ်းစတုတ္ထဝဂ် ပထမဖြစ်သော အဗ္ဘန္တရဇာတ်ကို ထောက်၍ သိရာ၏။

အတီတေ ဗာရာဏသိယံ ပြဟ္မဒတ္တေ ရဇ္ဇံ ကာရေန္တေ ဗောဓိသတ္တော ကာသိကဂါမေ ပြာဟ္မဏကုလေ နိဗ္ဗတ္တိတ္တာ။

အစရှိသည်ဖြင့်လာသည်။

နိဒါန်းနှင့်တကွ **အဓိပ္ပာယ်သော်ကား**။ ။ငါတို့ မြတ်စွာဘုရားသည် ကောသလတိုင်းသာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ နေတော်မူသောအခါ ဤဝတ္ထုကို ဟောတော်မူ၏။ မြတ်စွာဘုရားသည် မမ္မစကြာတရားကို ဖြစ်စေတော်မူပြီးသော် ဝေသာလီပြည် တန်ဆောင်းဝန်း၌ နေတော်မူစဉ် မီထွေးတော်ဖြစ်သော မဟာပဇာပတိ ဂေါတမီသည် သာကီဝင်မင်းသမီးငါးရာတို့ကိုခေါ်၍ သွားလေ၏။ ရဟန်းပဉ္စင်းအဖြစ်ကိုရပြီးသော် နန္ဒကဩဝါဒသုတ်ကိုကြား၍ ရဟန္တာဖြစ်ကုန်၏။ မြတ်စွာဘုရားသည် သာဝတ္ထိပြည်ကြီး၌ နေတော်မူသည်ရှိသော် ယသောဓရာဒေဝီသည် ငါ၏အရှင်ဖြစ်သော သိဒ္ဓတ်မင်းသားသည် ရဟန်းပြု၍ ဘုရားအဖြစ်သို့ရောက်၏။ ငါသား ရာဟုလာသည်လည်း ရဟန်းပြု၍ ဘုရားအထံ၌ နေ၏၊ ငါတယောက်တည်း လူ၏ဘောင်၌နေ၍ အဘယ်ပြုအံ့နည်း။ ရဟန်းပြုပြီး၍ သာဝတ္ထိပြည်သို့သွား၍ ဘုရားကို

လည်းကောင်း၊ ငါ့သား ရာဟုလာကိုလည်းကောင်း မပြတ်ရှု၍ နေအံ့ဟု အကြံဖြစ်ပြီးလျှင် ရဟန်းမိန်းမတို့၏အထံ၌ ရဟန်းပြုလေပြီး၍ ဆရာဥပဇ္ဈာယ်တို့နှင့်တကွ သာဝတ္ထိပြည်သို့သွား၍ ဘုရားရှင်ကိုလည်းကောင်း ချစ်အပ်သော သားတော်ရာဟုလာကိုလည်းကောင်း ရှုလျက် ဘိက္ခုနီမတို့ကျောင်း၌ နေ၏။

ရာဟုလာသည်လည်း မယ်တော်ထံသို့ သွား၍ ဖူးမြင်၏။ တနေ့သ၌ မထေရ်မ၏ ဝမ်းလေသည်ပျက်၏။ မထေရ်မသည် ဖူးမြင်အံ့သောငှာ လာသော သားတော်ကို နှုတ်ဆက်ခြင်းငှာ ပြင်သို့ထွက်ခြင်းငှာ မစွမ်းနိုင်၍ မကျန်းသောအဖြစ်ကို ကြားသည်ရှိသော် ရာဟုလာသာမဏေသည် အဘယ်ကိုရသော် လွတ်မည်နည်းဟုမေး၏။ သကာ-ရသော် သရက်ဖျော်ရသော် လွတ်မည်ဟု ဆိုသည်ရှိသော် သားတော်ရာဟုလာသည် ဥပဇ္ဈာယ်ဖြစ်သော အရှင်သာရိပုတြာထံသို့သွား၍ အကြောင်းကို ပြန်ပေသော် နက်ဖြန်နေ့၌ ရာဟုလာကို ခေါ်၍ သာဝတ္ထိမြို့သို့ ဝင်လေ၏။ ရာဟုလာကို ဇရပ်၌နေနှင့်စေ၍ မင်းအိမ်တံခါးသို့ သွားလေ၏။

ကောသလမင်းကြီးသည် အရှင်သာရိပုတြာကို တင့်အပ်ရာ၌ နေစေ၏။ ထိုခဏ၌ ဥယျာဉ်စောင့်သည် ချိုမြိန်သော သရက်သီးမှည့်ကို ဆက်လာ၏။ မင်းကြီးသည် သရက်သီးမှည့်ကို သကာနှင့် ဖျော်၍ မင်းလက်ဖြင့်နယ်၍ သပိတ်ပြည့်လျှူ၏။ အရှင်သာရိပုတြာသည်လည်း မင်းအိမ်မှထွက်၍ ဇရပ်၌နေသော ရာဟုလာကို ပေး၏။ ရာဟုလာသည်လည်း ဆောင်ခဲ့၍ မယ်တော်အား ပေး၍ ဘုဉ်းပေးလျှင် ဝမ်းလေသည် ငြိမ်း၏။ မင်းလည်း အရှင်သာရိပုတြာသည် မဘုဉ်းပေးပဲ ယူ၍ သွားသည်ကို စုံစမ်းလတ်သော် အကြောင်းကိုသိ၍ မြတ်စွာဘုရားသည် အကယ်၍ ရဟန်းမပြုသည်ရှိသော် စကြဝတေးမင်း ဖြစ်အံ့သည်။ သားတော် ရာဟုလာသည် သားကြီးရတနာ ဖြစ်ပေအံ့သည်။ ဤမထေရ်မလည်း မိဖုရားကြီး ရတနာ ဖြစ်ပေအံ့သည်၊ အလုံးစုံသော စကြာဝဠာတိုက်၌ တိုင်းပြည်သည် ဤသူတို့ တိုင်းပြည်ဖြစ်အံ့သည်။ ငါတို့ လုပ်ကျွေးရချေအံ့သည်။ ယခုမူ ရဟန်းပြု၍ ငါတို့ပြည်ကို မှီ၍နေလျက် ငါတို့မွေ့လျော်၍ နေခြင်းသည် မသင့် တကားဟု ဤသို့အောက်မေ့၍ ထိုနေ့မှစ၍ ပိမ္ဗာထေရီမအား မပြတ်လျှင် သရက် အရသာကို လျှူစေ၏။ အရှင်သာရိပုတြာသည် ပိမ္ဗာထေရီမအား သရက်အဖျော်ပေး၍ ဝမ်းလေနာ လွတ်သည်ကို တပည့်သားတော်တို့ ပြောဟော၍ နေ့စဉ် မြတ်စွာဘုရားသည် လာတော်မူ၍ မေးတော်မူ၏။ ထိုအကြောင်းကို ပြန်ပေသော် အခုအခါ၌သာလျှင် သာရိပုတြာသည် ပိမ္ဗာထေရီမအား သရက်အဖျော်ဖြင့် ရောင့်ရဲစေသည်မဟုတ်၊ ရှေးအဖြစ်၌လည်း ရောင့်ရဲစေသည်သာတည်းဟု အတိတ်ကိုဆောင်၍ မိန့်တော်မူပေ၏။

လွန်လေပြီးသောအခါ၊ ကာသိကတိုင်း ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုသောအခါ ငါဘုရားလောင်းသည် ကာသိကရွာ၌ ပုဏ္ဏားမျိုးဖြစ်၍ အရွယ်သို့ရောက်သော် တက္ကသိုလ်ပြည်၌ အတတ်ပညာ သင်ချေ၍ လူ၏ဘောင်၌နေပြီးသော် အမိအဖတို့ သေလွန်သဖြင့် ရသေ့ပြု၍ ဟိမဝန္တာတောအရပ်၌ အဘိညာဉ် သမာပတ်တို့ကို ဖြစ်စေ၍ ရသေ့အပေါင်းခြံရံလျက် ချည်ဆားမီးအံ့သောငှာ ဗာရာဏသီပြည်သို့သွား၍ ရောက်လတ်သောအခါ မင်း၏ဥယျာဉ်၌ နေ၏။ ထိုရသေ့အပေါင်းတို့၏ သီလတန်ခိုးကြောင့် သိကြားမင်း၏ နေရာ တုန်လှုပ်လတ်သော် ထိုအကြောင်းအရာတို့ကိုသိ၍ နေရာကွယ်အောင်ပြုလျှင် ချမ်းသာသည် ဖြစ်အံ့ဟု ကြံ၍ သန်းခေါင်ယံ အခြားမဲ့၌ မိဖုရာ၏ အသရေရှိသော တိုက်သို့ဝင်၍ ကောင်း

ကင်၌ ရပ်လျက် မိဖုရား သင်သည် အဗ္ဘန္တရ သရက်သီးကို စားရအံ့။ စကြဝတေး အလောင်း ဖြစ်သော သားကို ရအံ့ဟု ကြားသည် ရှိသော် မိဖုရားလည်း မင်းကြီးအား ကြား၍ သရက်သီး အလို့ငှာ ဥယျာဉ်သို့ စေလတ္တံ့။ စေသည် ရှိသော် သရက်သီးတို့ကို ကွယ်စေအံ့။ စေအပ်သော မင်းချင်းတို့လည်း သရက်သီးမရှိဟု မင်းကြီးအားကြား၍ အသူစားကုန်သနည်း ဟု မင်းကြီးဆိုလတ်သော် ရသေ့တို့စားကုန်၏ဟု လျှောက်လတ်ကုန်အံ့။ ထိုစကားကို ကြား၍ ရသေ့တို့ကို နှင်ထုတ်လတ်သည်ရှိသော် ငါအလို ပြည့်မည်ဟု ကြံ၍ ထိုကြံသောအတိုင်း သန်းခေါင်ယံ၌ သက်လတ်၍ သိကြားအဖြစ်ကို မိဖုရားအား သိစေပြီး၍—

အဗ္ဘန္တရံ နာမ ဒုမော၊ ယဿ ဒိဗ္ဗမိဒံ ဖလံ။
ဘုတ္တာ ဒေါဟဠိနီ နာရီ၊ စက္ကဝတ္တိံ အဇာယတိ။

တံ်ပိ ဘဒ္ဒေ မဟေသီ စ၊ သာဝါသီ ပတိနော သိယာ။
အာဟာရိဿတိ တေ ရာဇာ၊ ကွဒံ အဗ္ဘန္တရံ ဖလံ။ ဟူသော ဂါထာကို ဆို၏။

ဘဒ္ဒေ၊ မိဖုရား။ ယဿ၊ အကြင်သစ်ပင်၏။ ကွဒံ ဖလံ၊ ဤအသီးသည်။ ဒိဗ္ဗံ၊ နတ်တို့စား ခြင်းငှာ ထိုက်၏။ သော ဒုမော၊ ထိုသစ်ပင်သည်ကား။ အဗ္ဘန္တရံနာမ၊ အဗ္ဘန္တရမည်၏။ တံ၊ ထိုသစ်သီးကို။ ဒေါဟဠိနီ၊ ချစ်ခြင်းရှိသော။ နာရီ၊ မိန်းမသည်။ ဘုတ္တာ၊ စား၍၊ စက္ကဝတ္တိံ၊ စကြဝတေး အလောင်းကို။ အဇာယတိ၊ ဖွားလတ်အံ့။ တံ့၊ သင်မိဖုရားသည်။ မဟေသီ စ၊ မြတ်သောမိဖုရားသည်လည်း။ သိယာ၊ ဖြစ်ရာ၏။ ပတိနော၊ လင်ဖြစ်သော မင်းကြီး၏။ သာဝါသီစ၊ အတူနေသည်လည်း။ သိယာ၊ ၏။ အဗ္ဘန္တရံ၊ အဗ္ဘန္တရ အမည်ရှိသော သရက်ပင်၏။ ကွဒံ-ဖလံ၊ ဤသရက်သီးကို။ တေ၊ သင်မိဖုရားအား။ ရာဇာ၊ မင်းသည်။ အာဟာရိဿတိ၊ ဆောင်ပေလတ္တံ့။

ဤဂါထာ၌ အဓိပ္ပာယ်ကား။ ။နတ်တို့သည် စားခြင်းငှာထိုက်သော အဗ္ဘန္တရ သရက်သီးကို မိဖုရား စားချင်သည်ဖြစ်၍ မင်းကြီးရှာ၍ ပေးသော် မိဖုရားစားမူကား- စကြဝတေး အလောင်း သားကောင်းရအံ့။ တသောင်း ခြောက်ထောင်သော မိဖုရားတို့ထက်လည်း မြတ်သော မိဖုရားဖြစ်အံ့ ဟူလိုသည်။

ဤသို့လျှင် သိကြားသည် မမေ့လျော့စေနှင့်၊ မင်းကြီးအား ကြားပေဟု မှာပြီး၍ နတ်ပြည်သို့ ပြန်လေ၏။ မိဖုရားလည်း နာဟန်ပြု၍ မောင်းမတို့ကို နှုတ်ထည့်၍ အိပ်၏။ မင်းကြီးမေးလတ်သော် နာ၏ဟူ၍ လျှောက်ပေသည် ရှိသော် မိဖုရား၏ အထံသို့လာ၍ အဘယ် မသာယာသနည်းဟု မေးသည်ရှိသော် အဗ္ဘန္တရသရက်သီးကို စားချင်သည်၊ မစား ရမူကား--ခန္ဓာမရှည်အံ့ဟု ဆိုသည်ရှိသော် အမတ်တို့ကိုခေါ်၍ မေးမြန်းလေလျှင် သရက် နှစ်ပင်တို့အကြား၌ရောက်သော သရက်ပင်သည် အဗ္ဘန္တရမည်၏။ ထိုအသီးကို ဆောင်ချေစေ၍ မိဖုရားအား ပေးလေ့ဟု အမတ်တို့ကို လျှောက်ဆိုသည်ဖြစ်၍ ဥယျာဉ်သို့သွား၍ ရှာချေစေသော် သိကြားသည် ကွယ်စေဘိရကား--တစ်လုံးမျှ မရခဲ့သော အကြောင်းကိုဆို၏။ အဘယ်ကြောင့် မရခဲ့သနည်းဟု မင်းကြီးမေးသော် ဥယျာဉ်၌နေသော ရသေ့တို့သည် စား၍ သဲရက်သီးမှည့် ကုန်လေသည်ဟု လျှောက်သည်ရှိသော် ပုတ်ခတ်၍ ရသေ့တို့ကို နှင်ထုတ်စေကုန်၏။ သိကြား၏ ကြံတိုင်းကား ပြည့်စုံ၏။

မိဖုရားသော်ကား သရက်သီးအလို့ငှာ မပြတ်အိပ်သည်ရှိသော် မင်းကြီးသည် အမတ်ပုဏ္ဏားတို့ကို စည်းဝေးစေ၍ အဗ္ဘန္တရ သရက်သီးရှိသောအဖြစ်ကို သိကုန်သလောဟုမေး၏။ ပုဏ္ဏားတို့သည် သဗ္ဘန္တရသရက်မည်သည်ကား နတ်တို့သာ ပရိတုတ်၏။ ဟိမဝန္တာတောင် ရွှေဂူ၌ ရှိ၏။ ဤသို့လျှင် ကွန်ပ်တို့ကြားဖူး၏ဟု လျှောက်၏။ မင်းကြီးသည် အသူဆောင်အံ့သောငှာ စွမ်းနိုင်အံ့နည်းဟု မေးသည်ရှိသော် လူတို့ကား မရောက်နိုင်။ ကျေးသားတစ်ခုကို စေအပ်၏ဟု ပုဏ္ဏားတို့လျှောက်၏။ ထိုအခါ မင်းအိမ်တော်၌ ကြီးသော လူငယ်တို့၏ ယာဉ် လှည်းပုံတောင်းအချက် အတိုင်းအရှည်ရှိသော၊ ခွန်အားအစွမ်းနှင့်ပြည့်စုံသော၊ ပညာရှိသော ဥပါယ်တံမျဉ်၌ လိမ္မာသော တစ်ခုသော ကျေးသားသည်ရှိ၏။ ထိုကျေးသားကို ဆောင်ခဲ့စေ၍ ရောက်သော် ငါးသားကျေးမြတ် ငါးသည်ကျေးမြတ်ကို ကျေးဇူးပြုခြင်းကြီး၏၊ ရွှေချိုင့်၌ နေစေ၍ ရွှေသန္တေး၌ ပျားနှင့်နယ်သောပေါက်ပေါက်ကိုသာ စားစေ၏။ သကာ အဖျော်ကိုသာ စားစေ၏။ ငါ၏ တစ်ခုသောကိစ္စကို ထမ်းဆောင်အံ့သောငှာအပ်၏ဟုဆို၏။ ကျေးသားလည်း "အရှင်မင်းကြီး ထိုကိစ္စကို ဆိုတော်မူလော့ဟု ဆိုသော် ချစ်သားကျေးမြတ် ငါ၏မိဖုရား ချင်ခြင်းဖြစ်သော သရက်သီးသည် ဟိဝန္တာရွှေတောင်ကြား၌ရှိ၏။ နတ်တို့စားခြင်းငှာဖြစ်၏။ လူမရောက်သာရကား– ကျေးသား ဆောင်ခဲ့လော့ဟုဆိုသော်–

အရှင်မင်းကြီးကောင်းစွ၊ ဆောင်အံ့ဟု ကျေးသားဆို၏။ ထို့နောင်မှ ကျေးသားကို ရွှေသန္တေး၌ ပျားနှင့်နယ်သော ပေါက်ပေါက်ကို စားစေ၍ သကာနှင့် ဖျော်သောရေကို သောက်စေ၍ အဖန်တရာချက်ပြီးသောဆီဖြင့် အတောင်ကြားကို သုတ်၍ လက်နှစ်ဘက်တို့ဖြင့် ကိုင်၍ ခြသေ့ခံသော လေသာနန်းတံခါးဝ၌ တည်၍ ကောင်းကင်သို့ လွှတ်လိုက်၏။ ထိုကျေးသားသည် မင်းကြီးအား တုပ်ဝပ်သည်ကို ပြု၍ ကောင်းကင်သို့ ပျံလေ၏။ လူတို့၏ခရီးကိုလွန်၍ ဟိမဝန္တာတော၌ ရှေးဦးစွာသော တောင်၏အတွင်း၌ နေကုန်သောကျေးသားတို့၏အထံသို့ ရောက်လေ၏။ ထိုကျေးသားတို့ကို သရက်သီးရှိရာအရပ်ကို မေးသည်ရှိသော် ငါတို့ မသိကုန်ဟုဆို၏။ ထိုအရပ်မှ ပျံလေ၍ နှစ်ခုမြောက်သော တောင်စဉ်၏အတွင်းသို့ရောက်၍ ထိုဥလည်း မသိရကား သုံးခုမြောက်သောတောင်စဉ်၏ အတွင်းသို့ပျံလေ၏။ ထိုဥလည်း မသိရကား လေးခုမြောက်သောတောင်စဉ်၏ အတွင်းသို့ ပျံလေ၏။ ထိုဥလည်း မသိရကား ငါးခုမြောက်သော တောင်စဉ်၏အတွင်းသို့ ပျံလေ၏။ ထိုဥလည်းမသိရကား– ခြောက်ခုမြောက်သော တောင်စဉ်၏ အတွင်းသို့ ပျံလေ၏။ ထိုတောင်၌ ကျေးသားတို့လည်း ငါတို့ကား မသိကုန်။ ခုနစ်ခုမြောက်သော တောင်စဉ်၏အတွင်း၌ နေသောကျေးသားတို့သည် သိကုန်၏ဟု ဆိုကုန်၏။ ထိုကျေးသားသည်လည်း ခုနစ်ခုမြောက်သော တောင်စဉ်၏အတွင်းသို့ ပျံလေ၍ မေးသည်ရှိသော် ဤမည်သော အရပ်၌ ရွှေတောင်၏ အကြား၌ ရှိ၏ဟု ဆို၏။

ကျေးသားလည်း ထိုသရက်သီးအလို့ငှာ ရောက်ပါသည်။ ထိုအရပ်သို့ဆောင်၍ တစ်လုံးသော သရက်သီးကိုပေးပါလော့ဟုဆိုသော် ထိုသရက်သီးသည်ကား– ဝေဿဝဏနတ်မင်းကြီးပရိဘုတ်သတည်း။ အလုံးစုံ အပင်ရင်းမှစ၍ ခုနစ်ထပ်သော သံကွန်ရက်ဖြင့်ရံ၏။ များစွာသော အကုဋေ့မကသော ကမ္ဘာဏ်တို့သည် စောင့်ကုန်၏။ ထိုကမ္ဘာဏ်တို့ မြင်လေသည်ရှိသော် အသက်မရှိလေပြီ။ ကမ္ဘာပျက်မီး အဝီစိအရပ်နှင့်တူသောအရပ်ကို မတောင့်တလင့်ဟု ထိုကျေးသားတို့က ဆို၏။ ကျေးသားတို့မလိုက်ဝံ့ပါသော် ထိုအရပ်ကို ငါအား ညွှန်းပါလော့ဟု ကျေးသားဆိုသည်ရှိသော် ဤမည်သောအရပ်ဖြင့် သွားလေဟုညွှန်းသည်ရှိသော် သရက်ပင်ရှိရာအရပ်သို့

ရောက်လေ၍ နေ့၌ ကိုယ်ကိုမပြမူ၍ သန်းခေါင်းယံ၌ ရက္ခိုသ်ဘီလူးတို့ အိပ်စဉ် သရက်ပင်၏ အနီးသို့ သွား၍ အမြစ်ကြားဖြင့် အသာအယာ တက်ခြင်းငှာ အားထုတ်သည်ရှိသော် သံကွန်ရက်သည် ချင်ချင် အသံ မြည်ဘိရကား ရက္ခိုသ်ဘီလူးတို့နိုး၍ ဖမ်းမိလေ၍ နှိပ်စက်ခြင်းကို စီရင်လေကုန်၏။ တစ်ယောက်သောဘီလူးသည်ကား– ဤကျေးဇူးကို ခံတွင်း၌ ထည့်၍ မျိုအံ့ဟု ဆို၏။ တစ်ယောက်သောဘီလူးသည်ကား–နယ်၍ ကြွေစေအံ့ဟု ဆို၏။ တစ်ယောက်သော ဘီလူးသည်ကား–ရင်ကို ခွဲ၍ မီးဌာကင်အံ့ဟု ဆို၏။ ထိုသို့ဆိုသော စကားကို ကျေးဇူးကြားလျှင် မလန့်သည် ဖြစ်၍ ထိုသရက်ပင်စောင့်ဘီလူးက မေး၍ အိုရက္ခိုသ်ဘီလူးမင်းတို့ အစ်ကိုတို့သည် အသူကျွန်တို့နည်းဟု မေး၏။ ငါတို့ကား–ဝေဿဝဏ နတ်မင်းကြီး၏ ကျွန်တို့တည်းဟု ဆိုကုန်၏။ ရက္ခိုသ်တို့လည်း ဝေဿဝဏနတ်မင်းကြီး၏ ကျွန်တော်၊ ငါလည်း ဟာရာဏသီမင်းကြီး၏ ကျွန်တော်ပင်တည်း။ မင်း၏ကျွန်ချင်း အတူတူပင်တကား။ ကျွန်ချင်း တူပါကုန်သော် အစ်ကိုတို့လည်းအသက်ကိုစွန့်၍ အရှင့်အမှုကိုထမ်းရမည်။ ငါလည်း အသက်ကို စွန့်၍ အရှင့်အမှုကို ထမ်းရမည်။ ငှါအား တမူကား -အရှင်ဖြစ်သော ဟာရာဏသီမင်းကြီးသည် အဗ္ဘန္တရ သရက်သီးအလို့ငှာ စေအပ်၏။ ထိုစေသောအခါ၌ ငါသည် ခမည်းတော်မင်းကြီးအား အသက်ကိုနှင်း၍ ငါလာခဲ့သည်။ အကြင်သူသည် အမိအဖတို့၏လည်းကောင်း။ အရှင်၏လည်းကောင်း ကိစ္စအလို့ငှါ အသက်ကိုစွန့်၏။ ထိုသူကား-ရန်မာန်ကို လွန်နိုင်ရာ၏။ သေသော်လည်း နတ်သားဖြစ်၏။ ဤသို့သော အကြောင်းအရာကြောင့် ငါမလန့်သည်။ မောင်ရက္ခိုသ်ဘီလူးတို့ လွှတ်ပါလျှင်လည်း ငါလွှတ်မည်။မလွှတ်၍သတ်သော်လည်း တိရစ္ဆာန်ဖြစ်သောကျေးသားအဖြစ်မှ လွှတ်၍ နတ်ပြည်ဆုကို ပြည့်လေအံ့သည်ဟု ဆိုပြီး၍–

ဘတ္တာ ရတ္ထေ ပရက္ကန္တော၊ ယံဌာန မဓိဂစ္ဆတိ။
သူရော အတ္တပရိစ္စာဂီ၊ လဘမာနော ဘဝါမဟံ။– ဟူသော ဂါထာကိုဆို၏။

ဘောရက္ခသာ၊ အိုရက္ခိုသ်ဘီးလူးတို့။ဘတ္တာ၊ အမိအဖ အရှင်ခပ်သိမ်း၏။ အတ္ထေ၊ အကျိုးငှာ။ ပရက္ကန္တော၊ လုံ့လပြုသောကျွန်သည်။ ယံဌာနံ၊ အကြင်အခွေအရံ လာဘ်စည်းစိမ်ချမ်းသာကို။ အဓိဂစ္ဆတိ၊ ရ၏။ သူရော၊ ရဲရင့်သည်ဖြစ်၍။ ဘတ္တာ၊ အမိအဖ အရှင်သခင်၏။ အတ္ထေ၊ အကျိုးငှါ။ အတ္တပရိစ္စာဂီ၊ ကိုယ်အသက်ကို စွန့်သောသူသည်၊ ယံဌာနံ၊ အကြင်လူစည်းစိမ် နတ်စည်းစိမ်ကို။ အဓိဂစ္ဆတိ၊ ရရာ၏၊ အဟံပိ၊ ငါသည်လည်း၊ တံ၊ ထိုသို့သော အခွေအရံလာဘ် စည်းစိမ်ချမ်းသာနှင့် ပြည့်စုံခြင်း၊ နတ်လူ၌ဖြစ်သော စည်းစိမ်ချမ်းသာ၏ ပြည့်စုံခြင်းကို။ လဘမာနော၊ ရသည်။ ဘဝါမိ၊ ဖြစ်အံ့။

ဤဂါထာ၏ အဓိပ္ပါယ်ကား။ ။အမိအဖ အရှင်သခင်တို့၏ အမှုကိစ္စကို ထမ်းရွက်ဆောင်ကြည်းသော သား သမီး ကျေးကျွန်တို့သည် ပစ္စုပ္ပန်ဘဝ၌ အခွေအရံ စည်းစိမ်ဥစ္စာချမ်းသာကို ရကုန်မြဲ။ ထိုအမိအဖ အရှင်သခင်တို့၏ အမှုကိစ္စ၌ ကိုယ်အသက်ကိုစွန့်၍ ဆောင်ရွက်သောသူတို့သည် နတ်စည်းစိမ် လူစည်းစိမ်တို့ကို ရကုန်မြဲ။ ငါလည်း အသက်ကို စွန့်၍ အရှင့်အမှုကို ဆောင်ရွက်ခြင်းကြောင့် အသက်မသေသည်ရှိသော် ပစ္စုပ္ပန်ဘဝ၌ အခွေအရံ လာဘ်စည်းစိမ်ကို ရလတ်မည်။ သေလေသော်လည်း လူကောင်း နတ်ကောင်း ဖြစ်လိမ့်မည်။ ဤသို့သော အကြောင်းကြောင့် အလန့်သောငှါကို ဘီလူးတို့သည် အဘယ့်ကြောင့် ချောက်ဘိသနည်း။ ဘီလူးတို့ချောက်၍ ငါမကြောက် ဟူလိုသည်။

ဤသို့လျှင် ဘီလူးတို့သည် ကျေးသား၏ တရားစကားကို ကြားသည်ရှိသော်ကြည်ညို သည်ဖြစ်၍ အရှင်ကျေးသား ချမ်းသာသဖြင့် သွားလေတော့ဟု လွှတ်၏။ ကျေးသားလည်း ငါအသက်ကို စွန့်၍လာပါသည်။ အကျိုးအချည်းနှီး မရှိပါစေလင့်၊ တလုံးသော သရက်သီးကို ပေးလိုက်ပါဟု တောင်းသည်ရှိသော် ငါတို့သရက်သီးတလုံးမျှ ပေးအံ့သောငှါ မစုံလေ။ ဤသရက်သီးတို့ကို ရေတွက်၍ ထားအပ်ကုန်၏။ တလုံးမျှပျောက်သည်ရှိသော် ငါတို့အသက် မရှိပြီ။ ဝေဿဝဏနတ်မင်း အမျက်ထွက်၍ ကြည့်သည်ရှိသော် အိုးကင်းပူ၌ ထည့်သောဆား ကဲ့သို့ များစွာသော ကုမ္ဘဏ် ဘီလူးတို့သည် ပျက်စီး၍ ဖရိုဖရဲ သေကုန်အံ့။ ထို့ကြောင့် ငါတို့မပေးသာ၊ ရရာကိုကား ညှဉ်းကုန်အံ့ဟုဆိုပြီးသော် တခုသောရွှေတောင် ကွန်ရက်အကြား၌ ဇောတိရသ အမည်ရှိသော ရသေ့သည် မီးက်ပူဇော်လျက် ကဉ္စနပတ္တ အမည်ရှိသော သခ်မ်း၌နေ၏။ ဝေဿဝဏ နတ်မင်းကြီး၏ ဆရာတည်း။ ထိုဆရာထံသွား၍ တောင်းပါလေဟု ဆိုလိုက်ကုန်၏။ ကျေးသားလည်း ကောင်းပြီဟုဝန်ခံ၍ ရသေ့အထံသို့ သွားလေ၏။ ရသေ့မေးသည်ရှိသော် ဗာရာဏသီမင်းကြီးစေသော အလုံးစုံသော အကြောင်းမျိုးတို့ကို ပြန်ကြားပြီး၍ အရှင်ရသေ့အထံမှာမှ အဘ္ဘန္တရသရက်သီး ရအံ့သောအကြောင်းကို ဆိုပေ၏။ ထိုအခိုက်၌ ဝေဿဝဏနတ်မင်းသည် လေးလုံးသော သရက်သီးတို့ကို ရှင်ရသေ့အား ပို့လာစေသည်ရှိသော် နှစ်လုံးကိုမူကား ရှင်ရသေ့ ပရိဘုတ်၏၊ တလုံးကိုမူကား– ကျေးသားကို စားစေ၏။ တလုံးကိုကား–ဆိုင်းငယ်၌ထည့်၍ ကျေးသား၏လည်၌ဆွဲ လွှတ်လိုက်၏။ ကျေးသားလည်း ထိုသရက်သီးကို ဆောင်ယူ၍ မိဖုရားအားပေး၍ စားသော် ချင်ခြင်းကား ပျောက်လေ၏။ သားကောင်းကိုကား မရခဲ့။

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူပြီး၍ ထိုအခါ မိဖုရားကား ယသောဓရာဒေဝီ ဖြစ်လာ၏။ ထိုအခါ ကျေးသားသည် ယခုအခါ အာနန္ဒာဖြစ်လာ၏။ထိုအခါ ဇောတိရသ ရသေ့သည် ယခုအခါ သာရိပုတ္တြာ ဖြစ်လာ၏။ ထိုအခါ ဥယျာဉ်၌နေသော ရသေ့အကြီးသည်ကား ယခုအခါ ငါဘုရား ဖြစ်လာ၏ဟု ဇာတ်ကို ပေါင်းတော်မူ၏။

ဤအဘ္ဘန္တရဇာတ်ကိုထောက်၍ အဘ္ဘန္တရသရက်ပင်မှာ ဘီလူးရက္ခိုသ်တို့ စောင့်နေရကြောင်းကိုသိသာသည်။ မဋ္ဌသက ပန်းပင်အခြား၊ အဘ္ဘန္တရသရက်ပင်လည်း အခြားဖြစ်ကြောင်းကို သိသင့်သည်။

ယင်းသို့ကိုလျက် မဏိဂုဟာခီသော စာ၌ ပတ္တမြားလိုဏ်၏ အနီး ပန်းစုံပွင့်သော၊ ကုမ္ဘဏ်အပေါင်း ရှုစ်သောင်းလေးထောင် စောင့်သော မဋ္ဌသက ပန်းပွင့်ဟူ၍ ဆိုလေသည်ကား—အဘယ်ကြောင်းကြောင့် ဆိုအပ်သနည်းဟူမူကား–

ထိုပျို့သည် ယခုရေးဖြေ ပြဆိုခဲ့သော မဋ္ဌသက ပန်းပင်စစ်ကို ဆိုသည်မဟုတ်၊ ထိုပျို့သည် နီတတ္ထ၊ သဘာဝတ္ထ၊ မုချတ္ထ ပုစ္ဆာမဟုတ်၊ နေယျတ္ထ၊ ဝဏ်ဝုတ္တိ၊ ဥပစာရတ္ထိ ပုစ္ဆာသာဖြစ်သည်။ သေဒမောနရုဠ္ဠိပဟေဠိမျိုး ဟူ၍ မှတ်အပ်၏။ နေယျတ္ထ၊ ဝဏ်ဝုတ္တိ၊ ဥပစာရတ္ထပုစ္ဆာ ဖြစ်ကြောင်းကို အမေးအဖြေနှင့်တကွ ပြဦးအံ့။

မဏိဂုဟာ၊ ရတနာ၏၊ မျက်နှာဆီသင့်၊ ပန်းစုံပွင့်ကို၊ သခင့်ဘို့ရည်၊ တိမ်ကြားလည်မှ၊ ဇာနည်အဿ၊ သိန္ဓဝဟု၊ က, သည်ရထား၊ ဖြူထွားစက်ဝန်း၊ လိုဏ်နန်းကြပ်ပြင်၊ ပြာသာဒ်ရှင်နှင့်၊ ကောင်းကင်မျှလောက်၊ တံခွန်ဆောက်မှ၊ ရှေ့နောက်သံကာ၊ တထွာနှင်နှင်၊

အထုတင်လျက်၊ ကိုယ်တွင်မိန့်ညို။ မောက်တိုသံချပ်၊ ဝတ်ထပ်ကြဲသေး၊ ကိုင်လေးလက်စွဲ၊ မြားမှာခဲ၍၊ ရဲရဲစွယ်ချွန်၊ ကုမ္ဘဏ်ရှစ်သောင်း၊ လေးထောင်ပေါင်းကို၊ ပုံတောင်းကျွဲနှစ်၊ မိုးကြိုးထစ်သို့၊ မပစ်မိခင်၊ ရန်းလုံးစင်သော်၊ အပင်ရောက်တိုင်၊ မဏ္ဍူခိုင်ကို၊ ပျံ့လိုင်ကောင်းစွာ၊ ရွေးချယ်ရှာ၍၊ သုံးဖြာမှန်ကူ၊ ဆင်ထိုက်သူကား။ စိတ်ဖြူသန့်ကြည်။ သီလတည်၏၊ နတ်ပြည်ငါးဆင့်၊ ဘုံထက်မြင့်သည်။ ။ မာရ်မင့် လက္ခဲသို့တကား။ ။(အရှင်မဟာ သီလဝံသ မေးတော်မူသည့် အမေး)။

ဂုဏ်စာကို အမေးချင်းလိုက်သည့် စာကား။

ဂုဟာမဏိ၊ ရည်ညိထွန်းဝါ၊ ရတနာ၏၊ လိုဏ်သာဆီလျှင်၊ မျက်နှာပြင်ဝယ်၊ ခက်ရှင်ညွန့်လန်း၊ မဏ္ဍူပန်းကို၊ လေးကျွန်းမင်းရန်။ တိန်စွန့်နှင်းသွား၊ လျင်လျားအဿ၊ သိန္ဓဝဟ္၊ က, သည် ရထား၊ ဖြူထွားစက်လည်၊ ညီသည်အဝန်း၊ လိုဏ်နန်းတင်မွန်။ လေသွန်နန်းမြင့်၊ သံကျူးဆင့်၍၊ ဆောက်လွှင့်တိမ်ဖျား၊ တံခွန်လွှားလျက်၊ မခြားနောက်ရှေ့၊ ချော့မြွေတည်၊ စီလျှဉ်စဉ်ကာ၊ ချင့်တာအစု၊ သံထုနှင့်နှင်၊ တောင်ထုတင်မှ၊ ကိုယ်တွင်ဝတ်လေ။ ရွှင်စေချပ်ဝါ၊ ပါးကာလေးနီ၊ ယှဉ်မှီလျှံတက်၊ မာကျက်မောက်တို။ မိန်ညိုရွှေချပ်၊ ဝတ်တတ်ကြဲသေး၊ ကိုင်လေးလေးချက်၊ ထားဝှက်နံမြှောင်၊ တောင်လောက်စည်ရှင်၊ အသာတင်မှ၊ သံမှင်ရဲရဲ၊ အံ့အဲမနိုင်၊ နှိုင်းပြိုင်မတန်၊ ကုမ္ဘဏ်ရှစ်သောင်း၊ လေးထောင်ပေါင်းကို၊ ပုံတောင်းနစ်ကျွဲ၊ မိုးယံကြိုးသံသို့၊ ဆံမျှမစစ်၊ လက်တသစ်မျှ၊ မပစ်မိလေ၊ ရန်လုံးကြွေ၍၊ အမွေမမြင်၊ နောင်စွမ်းအင်ဖြင့်၊ အပင်တိုင်ရောက်၊ တင်လျှောက်ပင်ရင်း၊ မကြွင်းအဖျား၊ မထားမချန်၊ မကျန်စေရ၊ မဏ္ဍူသကို၊ ယုယဖွေရှာ၊ ဆွတ်ခဲ့လာသော်၊ သုံးဖြာမှန်ကင်း၊ ဆင်လျင်းမည်သူ၊ လှမှန်ကူကား၊ စိတ်ဖြူကြည်လင်၊ သီလစင်၏၊ ထက်ခွင်ငါးတန်၊ သားမျိုးလွန်သား၊ ဗိမာန်စဉ်သင့်၊ ဘုံထက်မြင့်သည်။ ။မာရ်မင့် နေကဲ့သို့တကား။ (အရှင်မဟာရဋ္ဌသာရ အမေးချင်းလိုက်၍ ဆိုတော်မူသည့်စာ။)

အဖြေကား။ ။တရှိတူစွာ။ လိုဏ်ဂုဟာကား၊ သစ္စာလေးမည်၊ လိုဏ်နန်းတည်၍၊ စံရည်မှန်စွာ၊ ရတနာမူ၊ လျှံဝါထွန်းညို၊ သတိဇောဈင်၊ စုံအင်အပြား၊ ခုနစ်ပါးတည့်၊ မမှားတူစွာ၊ မျက်နှာဆီသင့်၊ ပန်းစုံပွင့်ကား၊ လှတင့်တုလွတ်၊ အရဟတ္တ၊ ဖလဟူသည်၊ ပန်းစုံမည်၏။ တတည် နှိုင်းသင့်၊ နတ်ရှင့်ဘို့ရည်၊ တိမ်ကြားလည်မူ၊ ရောင်ခြည်ခြောက်ဖြာ၊ ကိုယ်တော်ခွာ၍၊ လူရွာနတ်ခွင်၊ ရထားရှင်ကား၊ သန့်စင်ဖြူစွာ၊ လက္ခဏာရေး၊ ရစ်မြွေးမြဲစွာ၊ ထီးဝန်းကာ၍၊ ရှစ်ဖြာမဂ္ဂင်၊ ပြာသာဒ်ရှင်တည့်၊ ကောင်းကင်တံခွန်၊ ဆောက်သောဟန်ကား၊ ငါးတန်ဥေ္ဃ၊ ဗုဒ္ဓဉာဏ်သည်၊ တံခွန်မည်၏။ တတည်တူစွာ၊ တထွာနှင့်နှင်၊ အထုတင်သား၊ တအင်မချွတ်၊ သမာပတ်တည့်၊ တုလွတ်နှိုင်းအင်။ ကိုယ်တွင်မိန့်ညို၊ မောက်တိုကြဲသေးတို အရေးမူ၊ ကြိုင်မွေးပျံ့လှောင်း၊ သတင်းပေါင်းသည်၊ မိန်ချပ်မည်၏။ နှိုင်းရည်တူဘိ၊ ဝိသုဒ္ဓိမူ၊ မောက်တိုဟူ၏။ ကိုင်ယူလေးစွဲ၊ အမြဲမှန်လှ၊ ဒသဗလော်၊ အားတော်ကားလေး၊ နှိုင်းသွေးတူဘိ၊ သတိလက်နက်၊ အချက်မြဲလှ၊ ကိုင်ပြီးမှလျှင်၊ ထွန်းပနုဘော်၊ မြားတော်အလျင်၊ မလွတ်ခင်ဝယ်၊ ကောင်းကင် အောက်ထက်၊ မာရ်စစ်ပျက်၍၊ ရဲမက်စွယ်ချွန်၊ ကုမ္ဘဏ်ရှစ်သောင်း၊ လေးထောင်ပေါင်းကား၊ အကြောင်းမှန်စွာ၊ အဝိဇ္ဇာနှင့်၊ တဏှာကိလေ၊ အနေရုံးပေါင်း၊ ရှစ်သောင်းလေးထောင်၊ မြားမြောင်ရံကာ၊ ရှင်းရှင်းကွာ၍၊ လေးဖြာ

ကြက္ဒွိပါဒ်၊ ပုံတောင်းခတ်ထက်၊ မတ်မတ်စီးနင်း၊ သုံးလူ့မင်းလျှင်၊ မဠူပြင်တည့်၊ ရောင်ထင်ထွန်းပ၊ မာရ်မင်းလလျှင်၊ မုချဆတ်ဆတ်၊ ဘုရားမှတ်လော၊ တုလွတ်ဆင်တန်၊ နိဗ္ဗာန်ပွင့်ဖြူ၊ ပန်းမဠူကို၊ သုံးလူဆရာ၊ ဘုရားသာလျှင်၊ အမြဲဆင်မှ၊ သုံးခွင်ဘုံသား၊ ဆင်သူအားကို၊ မြတ်ဖျားဘုန်းထူ၊ ရွှေးချယ်ယူ၍၊ မဠူနိဗ္ဗာန်၊ ပေးသည်မှန်ဟု၊ ဧကန်ပြတ်ပြတ်၊ အမြဲမှတ်လော့၊ တမွတ်စံတင်၊ ဘုရားရှင်လျှင်၊ သုံးခွင် ဘုံဆင့်၊ လွန်၍တင့်သည်။ စာန်နှင့် ကသဖွယ်တကား။ (မဏိဂုဟာချီသည့်ပျို့ကို အရှင်မဟာရဋ္ဌသာရ လိုက်၍ဖြေတော်မူသည် ဟူ၏။

တနည်းတွေ့ဖူးသည့်စာကား–

ကြဲဘိခက်အင်။ ။ဉာဏ်ဖြင့်ထွင်၍၊ သိမြင်စိပ်စေး၊ ဖြေစိမ့်မေးသည်၊ နက်လေးခဲကျို၊ မဏိဂုဟာ၊ ဤပုစ္ဆာကို၊ ဖွေရှာကျမ်းဂန်၊ ဂန္ထန္တရ၊ အဋ္ဌကထာ၊ ဋီကာအနု၊ ရောရုံးပြွမ်း၊ သုံးပုံကျမ်း၌၊ စုံစမ်းနှိုက်နှဲ့၊ မရှာပဲကို၊ လှီးလွဲလွယ်ကာ၊ မရသာတည်း၊ ပညာကားမြို့။ မချို့လုံ့လ၊ သူရဲစကား၊ သြတ္တပ္ပရဲလောင်း၊ ကျိုးမြောင်းဟိရီ၊ ရဲဘိတံခါးစောင့်၊ သတိဖြောင့်မှ၊ ဆူးငြောင့်ပမာ၊ ငြိသက်ကို၊ ပညာခေါင်ဝင်း၊ ဉာဏ်စက်နင်း၍၊ မကြွင်းပါငြေ၊ သိတိုင်းဖြေစိမ့်။ တတွေ့မေးခင်း၊ စိုးစဉ်းကြွင်းမူ၊ မေးရင်းသူ၊ ထောက်ပင့်ကူလော့၊ ရွယ်ချူအရ၊ ဟုတ်နိုးလှ**သည်။ ။တူကြဿဖြင့်ညွှန်သင့်စွဟူလိုသော။**

ပျံဘိဌက်သွင်။ ။ဉာဏ်စက်ရှင်ဖြင့်၊ သိချင်စိပ်စေး၊ ဖြေစိမ့်မေးသည်၊ နက်လေးခဲကျို၊ မဏိဂုဟာ၊ ဤအရကား၊ ဟဒယမည်၊ နှလုံးသည်တည့်၊ ဆီလည်တော်သင့်၊ ပန်းစုံပွင့်သည်၊ သိလင့်မနား၊ တရားမျက်ရှု၊ သဗ္ဗညုတ၊ ဉာဏ်တော်ရလျက်၊ ထိုမှတပါး၊ စိတ်ကားဇာနည်၊ မြင်းလျှင်မည်၏။ က,သည်ရထား၊ တပါးမဟုတ်၊ စက်ဆုပ်ဖွယ်သာ၊ ကိုယ်ခန္ဓာတည့်၊ဖြစ်စွာစက်ဝန်း၊ လိုဏ်နန်းကြပ်ပြင်၊ ပြာသာဒ်ရှင်ကား၊ မဂ္ဂင်လေးခု၊ ဖိုလ်လေးခုတည့်၊ နှိုင်းတုမပြိုင်၊ တံခွန်တိုင်မူ၊ ဘုန်းခိုင်သကျ၊ ဂေါတမလျှင်၊ ရဏ်မခွတ်၊ နေကျမှတ်လော့၊ ဝန်းပစကြဝဠာ၊ လေးဖြာကျွန်းလုံး၊ ဖုံးသည့်တေဇော်၊ ယသော်ကိတ္တိ၊ နှံ့သိဝှန်တက်၊ တံခွန်ရွက်မူ၊ နှိုင်းဘက်တုကင်း၊ တရားမင်း၏၊ ရောင်ဆင်းသွင်တော်၊ မျက်နှာသော်ကား၊ စန္ဒော်ဘာသ၊ ပြည့်ဝန်း**ပသည်။ ဖြူလှသဖြင့် မာရ်မင်းလတူစကိုသော။**

လျှံကွစက်ရှင်။ ။ဉာဏ်ဖြင့်ရင်၍၊ သဲလျှင်ရှေ့နောက်၊ ထွာလောက်အတူ၊ ငါးခုဗလ၊ ပဥ္စ-ကွန္ဒြိယာ၊ သံကာအလို၊ မိန်ညိုဟောဖျင်၊ မဂ္ဂင်မောက်တို၊ ထိုမှတလက်၊ ကွဒွိပါဒ်ချပ်၊ စွပ်သည်သတိပဋ္ဌာန်၊ မြားချွန်သမထ၊ မြားမစဉ်းရှင်၊ အသာတင်က၊ ကောင်းကင်မြင်းမိုရ်၊ ထုတ်ချင်းလျှိုလျှင်၊ အလိုပြီးတိုင်၊ ဖောက်ထွင်းနိုင်သို့၊ တူပြိုင်မတန်၊ ကုမ္ဘဏ်ယက္ခ၊ ဂန္ဓဗ္ဗမူ၊ ဓမ္မခန္ဓာပေါင်း၊ ရှစ်သောင်းလေးထောင်၊ ကျမ်းကုန်အောင်တည့်။ သွေးဆောင်တချောင်း၊ ပုံတောင်းတမူ၊ အယူသင့်လှ၊ ထဲမှဂလိုင်၊ ချက်တိုင်ရိုးတော်၊ လည်ချောင်းတော်ကား၊ ထစ်ကြော်သံအိုင်၊ ဖြိုင်ဖြိုင်နှုတ်လွတ်၊ မုခပါဌ်ကို၊ မိန့်ရွတ်သွင်သွင်၊ မမြွက်ခင်က၊ ငါးအင်မာရ်ဆိုး၊ ရန်မျိုးကြေညက်၊ ထွားထွားပျက်သည်၊ သုံးချက်သရဏ၊ ပဉ္စသီလ၊ ရှစ်ဖြာအဋ္ဌ၊ ဒသဆယ်ပါး၊ တရားပြည့်နှက်၊ တေဒဂ်လည်း၊ တချက်သော်ကား၊ ဘုရားသည်သာ၊ ပြုရာသလော၊ သဘောထောက်ပြီး၊ ငါးဆောင်ထီးလည်း၊ ဖြူကြိုးဖြူလွှ၊ ဖြူဆွဆွဟု၊ တုပကျင့်မှား၊ မိစ္ဆာငါးနှင့်၊ မာရ်နတ်သားကို။ တရားမရ၊ ငြင်းခုံကြသည်။ ။**မြူမျှမသင့် လွန်တင့်မဖြူမည်သော**။

(မဏိဂုဟာချိပျို့ကို သုံးပုဒ်လိုက်၍ ဖြေပြန်သည်။ စာဆို လိပ်ကမ္ပည်း မှတ်စာ မပါဖြစ်၍ ဆိုသူကိုမသိချေ။)

နီလာရောင်ခြည် ချီသောပျို့တွင်လည်း– ခြောက်ဆင့်မြောက်သား ဟူသည်ကား– နဂါး၊ ဂဠုန်၊ ကုမ္ဘဏ်၊ ရက္ခိုသ်၊ စတုမဟာရာဇ ဤငါးဆင့်နှင့်သော် တာဝတိံသာသည် ခြောက်ဆင့်ဖြစ်၏။ သုံးယောက်အထွတ်၊ ပန်ဖို့မှတ်သည် ဟူသည်ကား-သုဓမ္မာ၊ သုနန္ဒာ၊ သုစိတ္တာတို့၏ အကြီးသုဇာတာ ပန်ဖို့ ဟူလိုသည်။

မဏိပုဟာချိသော ပျို့၏**အဓိပ္ပာယ်ကား**။ ပတ္တမြားဂူနီ၏အနီး ပန်းစုံပွင့်သော မဏ္ဍူသက ပန်းပင်ကို တိမ်တိုက်ကွန့်မြူးသော အဿဇာနည် သိန္ဓောမြင်း ကသော ရထားစက်ထက် ပြာသာဒ်တင်၍ ကောင်းကင်ထိခန့်ရှိသော ရဲတံခွန်ကို ရှေ့နောက်ထူလျက် တထွာတိတိ အထူရှိသော သံသားမိန်ညို မောက်တို သံချပ်တန်ဆာတို့ကို ဝတ်ခြုံလျက် လေးမြားကို ကိုင်၍ ရှစ်သောင်းလေးထောင်သော ဘီလူးရက္ခိုသ် အပေါင်းတို့ကို ပုံတောင်းကျနစ်၊ မိုးကြိုးထစ်သကဲ့သို့ မပစ်ရပဲပင် ဘေးရန်စင်၍ ပန်းပင်ကြီးသို့ ရောက်လေသဖြင့် မဏ္ဍူသကပန်းကို ဆွတ်ယူခဲ့မှ ရွှင်လန်းသဒ္ဒါ ဆင်ထိုက်ရာကို ရှာ၍ဆက်၏။ ဆင်ထိုက်သူကား၊ စိတ်ဖြူဆွဆွ၊ သီလ သမာဓိနှင့်ပြည့်စုံ၏။ နတ်ပြည်ခြောက်ဆင့်၊ မာရ်နတ်တို့၏ ကိုင်းညွှတ်ရာ၊ တာရကရာဇာ စန္ဒာလမင်းကဲ့သို့သော သူပင်တည်း ဟူသတည်း။

(ဂုဟာမဏိချိသောပျို့၌ စကားသာ အချို့ပိုလျှံတော့သည်၊ ယခင်ပြဆိုခဲ့သော အဓိပ္ပာယ်ပင်ဖြစ်သည်၊ သဘောမကွဲလွန်းပြီဖြစ်၍ မကောက်ခဲ့သည်။)

တရိုတူစွာချိသော အဖြေပျို့၏ **အဓိပ္ပာယ်ကား**။ ပတ္တမြားဂူဟူသည်ကား– သစ္စာလေးပါး ပင်တည်း၊ ရတနာဟူသည်ကား–ဗောဇ္ဈင် ခုနစ်ပါးဟူသတည်း။ မျက်နှာဆီသင့်၊ ပန်းစုံပွင့်ဟူသည်ကား–အရဟတ္တဖိုလ်တည်း၊ နတ်ရှင့်ဖို့ရည်၊ တိမ်ကြားလည် ဟူသည်ကား- ရောင်ခြည်တော် ခြောက်ပါးသည် လူ့ပြည် နတ်ပြည်သို့ လည်ခြင်းတည်း၊ မြင်းဟူသည်ကား- စိတ်တော်တည်း၊ ရထားဟူသည်ကား ခန္ဓာငါးပါးတည်း၊ ဖြူထွား စက်ဝန်းဟူသည်ကား လက္ခဏာယာဉ် သုံးပါးတည်းဟူသော ထီးဝန်းတည်း၊ ပြာသာဒ်ရှင်ဟူသည်ကား- မဂ္ဂင်ရှစ်ပါးတည်း၊ ကောင်းတံခွန်ဟူသည်ကား-ဥေ ယျဓမ္မဥာဏ်တည်း။ တထွာအထူဟူသည်ကား- သမာပတ်စျာန်တည်း၊ ကိုယ်တွင်မိန်ညို မောက်တိုကြွေးသည်ဟူသည်ကား-မိန်ညိုကား-သီလ၊ မောက်တိုကား-ဝိသုဒ္ဓိ၊ ကြွေးကား-စစ်ဝတ်တန်ဆာတည်း။

ထို့ကြောင့် အက္ခရသမ္မောဓတွင် ကြွေး စစ်ဝတ်တိ ဉာယန္တေဟု ဆိုလေသတည်း။ ကဝိလက္ခဏာ ဆရာ့အလိုတော် ကြွေးဟူသည်ကား-မောက်တိုဟုဆိုရိပ်ရှိ၏။ "နေပူကျဲကျဲ၊ တို့ထပ်ထဲ၊ ကြွေးခေါင်ထက်လွှား။" ဟူ၍ ပါလာသောကြောင့်တည်း။ ကိုင်လေးဟူသည်၊ ကား-ဒသဗလ အားတော်တည်း။ မြားမာဟူသည်ကား- သတိတရားတည်း။ ရှစ်သောင်းလေးထောင်သော ကုမ္ဘဏ်ဘီလူး ဟူသည်ကား- ကိလေသမာရ်ပျက်၍ အဝိဇ္ဇာ တဏှာအစရှိသော အခြံအရံအပေါင်းတို့ကို အောင်တော်မူသည် ဟူလိုသည်။ အပင်သို့ရောက်၏ ဟူသည်ကား သဗ္ဗညုတဉာဏ်သို့ ရောက်၏ဟူလိုသည်။ မဏ္ဍူခိုင်ကို ဆွတ်၏ ဟူသည်ကား နိဗ္ဗာန်တည်းဟူသော ပန်းတည်း။ သုံးဖြာမှန်ကု၊ ဆင်ကိုက်သူဟူသည်ကား - သုံးခွင်ဘုံသားတို့အား ရွေးချယ်၍

ပေးဝေတော်မူ၏။ ဆင်ရသောသူတို့လည်း သီလ၊ သမာဓိ၊ ပညာဂုဏ်နှင့် ပြည့်စုံလေ၏ ဟူလို သတည်း။

မာရ်မင်းလက္ခဏာသို့ ဟူသည်ကား-ဘုရားရတနာပင်တည်း။ အဝယဝ အစိတ်စိတ် ဖြေဆိုလျှင် ကျယ်ဝန်းမည်စိုး၍ ချုံးကာ ချုံးကာ ကောက်လိုက်ပေသည်။ ဤပျို့၏ အဓိပ္ပာယ်အရကား-ဘုရားသခင်ကိုသာရသည်။ မဠာသကပန်းပင်ကိုမရအပ်။ မဠာသကပန်းကား ဥပမာသာ ဖြစ်သည်။ ဘုရားသခင်ကား-ဥပမေယျဖြစ်သည်။ ထို့ကြောင့် မဠာသကပန်းကို မယူအပ်ဟု သိအပ်၏။

၆၉- ပဏ္ဍာ။ ။ကိုးခဏ်းပျို့တွင်- "သြဇဝန္တ၊ မြတ်ဒေသ၌၊ ပျိုးချရောက်မှန်၊ မျိုးနွယ်သန့်လျက်၊ အစွန်တရာ၊ နှစ်ဆယ်ပါသား။ ကာမာဝစရ၊ ကုသလဟု၊ သုခပွား ဆောင်၊ သောင်းငါးထောင်လျှင်၊ မြားမြောင်နှီးရင်း၊ ကုံထံခြင်းဖြင့်၊ နှောင်းကြွင်း ယခု၊ ကျွတ်ဆုမှီးယှဉ်၊ ပုထုဇဉ်နှင့်၊ ဖဲကြဉ်အပါယ်၊ မနွယ်လူ့ရပ်၊ မကပ်နတ်ဘုံ၊ ဇာတိမြဲသည်၊ လေးစုံရှစ်ဖော်၊ သားသူတော်တို့။ ဟူ၍ စပ်ဆိုပါသည်။

ကာမာဝစရ မဟာကုသိုလ်စိတ်သည် ရှစ်ပါးဟူ၍ ဆိုပါသည်။ တကြောင်းတည်း ကာမာဝစရ သောဘဏစိတ်သည် နှစ်ဆယ့်လေးပါးဟူ၍ ဆိုပါသည်။ တကြောင်းလည်း ကာမာဝစရစိတ်သည် ငါးဆယ့်လေးပါး ဟူ၍သာ အဘိဓမ္မတ္ထသင်္ဂဟကျမ်းတို့၌ ဆိုပါသည်။ ယင်းသို့ ဆိုပါလျက် တသောင်းငါးထောင် တရာ့နှစ်ဆယ် စပ်ဆိုပြန်ပါသည်။ ဤအရာကိုလည်း သိလိုပါသည်။

သက္ကရာဇ် ၁၁၇၁-ခု၊ တပေါင်းလဆန်း ၁-ရက်၊ တနင်းလာနေ့ မုံရွာ သိရိမာလာကလျှောက်လာရာတွင် ဖြေဆိုလိုက်သည်ကား။

၆၉- ဝိသဇ္ဇနာ။ ။ကာမာဝစရ ကုသိုလ်စိတ်ကို မေးရာ၌—

ကာမာဝစရသာမညစိတ်သည် ငါးဆယ့်လေးပါး။ ထိုစိတ်တို့တွင် ကာမာဝစရသောဘဏစိတ်သည် နှစ်ဆယ့်လေးပါး။ ထိုစိတ်တို့တွင်ပင် ကာမာဝစရ ကုသိုလ်စိတ်သည် ရှစ်ပါးရှိသည်။ ထိုရှစ်ပါးသော စိတ်တို့သည်ကား-ဇာတိသဘာဝအားဖြင့်သာ ရှစ်ပါးရှိသည်။ ပုညကြိယာဝတ္ထု အစရှိသော အားဖြင့်ကား-အများပင်ဖြစ်သည်။ ထို့ကြောင့် အဘိဓမ္မတ္ထသင်္ဂဟကျမ်း၌ အဋ္ဌဟုမဆိုမူ၍ အဋ္ဌပိဟုပိ သဒ္ဒါဖြင့် အထူးပြု၍ ဆိုလေသည်။ ထို့ကြောင့်-

သဒ္ဒါဓိကေ သတိ အတ္ထာဓိကော ဂဟေတဗ္ဗော။

သဒ္ဒါဓိကေ၊ သဒ္ဒါလွန်သည်။ သတိ။ ရှိသော်။ အတ္ထာဓိကော၊ လွန်သော အနက်ကို။ ဂဟေတဗ္ဗော၊ ယူအပ်၏။ ။ဟူ၍ ဆရာတို့ဆိုသည်။

အဘိဓမ္မတ္ထဝိဘာဝိနီဋီကလည်း။

အဋ္ဌပိတိ ပိသဒ္ဒေန ဒသပုညကိရိယာဒိဝသေန အနေကဝိဓတံ သမ္ပိဏ္ဍေတိ။

အဌပိတိဇတ္ထ၊ အဌပိဟူသောပုဒ်၌။ ဝိသဒ္ဒေန၊ ဝိသဒ္ဒါဖြင့်။ ဒသပုညကိရိယာဒိဝသေန၊ ဆယ်ပါးသော ပုညကိရိယာ အစရှိသော အစွမ်းဖြင့်။ အနေကဝိဓံ၊ များသော အပြားရှိသော အဖြစ်ကို။ သမ္ပိဏ္ဍေတိ၊ ပေါင်း၏ဟူ၍ ဆိုသည်။ များသော အပြားကို ပြလို၍—

ကမေန ပုညဝတ္ထူဟိ၊ ဂေါစရာဓိပတိဟိ စ။
ကမ္မ ဟီနာဒိတောစေဝ၊ ဂဏ္ဌေယျ နယကောဝိဒေါတိ။

ဟူသော ဂါထာကို မိန့်ပြန်၏။

အနက်ကား။ ။ပုညဝတ္ထူဟိ စ၊ ပုညကိရိယဝတ္ထု ဆယ်ပါးတို့ဖြင့်လည်းကောင်း။ ဂေါစရာဓိပတိဟိ စ၊ အာရုံခြောက်ပါး၊ အဓိပတိတရားကိုယ် သုံးပါး လေးပါးတို့ဖြင့်လည်းကောင်း။ ကမ္မဟီနာဒိတောစေဝ၊ ကံသုံးပါး၊ ဟီန အစရှိသည်တို့ဖြင့် လည်းကောင်း။ ကမေန၊ အစဉ်အတိုင်း။ နယကောဝိဒေါ၊ နည်း၌ လိမ္မာသောသူသည်။ ဂဏ္ဌေယျ၊ ရေတွက်ရာ၏။

အဓိပ္ပာယ်ကား။ ။ကာမာဝစရ ကုသိုလ်စိတ်ရှစ်ခုကို ပုညကိရိယဝတ္ထု ဆယ်ပါးဖြင့် မြှောက်ရှစ်ဆယ်ဖြစ်၏။ ထိုရှစ်ဆယ်ကို အာရုံခြောက်ပါးဖြင့်မြှောက်၊ လေးရာ့ရှစ်ဆယ် ဖြစ်၏။ ထိုလေးရာ့ရှစ်ဆယ်ကို နှစ်စုခွဲသော် တစုလျှင် နှစ်ရာ့လေးဆယ်စီရ၏။ ထိုတွင် တစုကို ဉာဏဝိပ္ပယုတ်ကိုရည်၍ အဓိပတိတရားကိုယ် သုံးပါးနှင့်မြှောက် ခုနစ်ရာ့နှစ်ဆယ်ရ၏။ တစုနှစ်ရာ့လေးဆယ်ကို ဉာဏသမ္ပယုတ်ကိုရည်၍ အဓိပတိတရားကိုယ် လေးပါးဖြင့်မြှောက်၊ ကိုးရာ့ခြောက်ဆယ်ရ၏။ အဓိပတိတရားကိုယ်ဖြင့် မြှောက်ပြီးသော သခ်ၤာနှစ်ပါးကို ပေါင်းသော် တထောင့် ခြောက်ရာ့ရှစ်ဆယ်ရ၏၊ ထိုတထောင့်ခြောက်ရာ့ရှစ်ဆယ်ကို ကံသုံးပါးဖြင့်မြှောက်၊ ငါးထောင့် လေးဆယ်ရ၏။ ထိုငါးထောင့်လေးဆယ်ကို အယုတ်၊ အလတ်၊ အမြတ် သုံးပါးဖြင့် မြှောက်၊ တသောင်းငါးထောင့် တရာ့နှစ်ဆယ်ရ၏။ ထို့ကြောင့်—

ဣမာနိ ဟိ အဌစိတ္တာနိ ဒသပုညကြိယဝတ္ထုဝသေန ပဝတ္တာနတော ပစ္စေကံ ဒသဒသာတိ ကတ္တာ အသီတိ စိတ္တာနိ ဟောန္တိ။ လ။ ဟီန မဇ္ဈိမ မဏီတ ဘေဒတော တိဝုဏီတာနိ ဝီသသတာဓိကပန္နရသသဟဿာနိ ဟောန္တိ။

ဟူ၍ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာကျော်ဆရာ မိန့်၏။

ယင်းစကားကို ရည်၍—

"သြဇဝန္တ၊ မြတ်ဒေသ၌၊ ပျိုးချရောက်မှန်၊ မျိုးနှယ်သန်လျက်၊ အစွန်တရာ၊ နှစ်ဆယ်ပါသား၊ ကာမဝစရ၊ ကုသလဟု၊ သုခပွားဆောင်၊ သောင်းငါးထောင်လျှင်" ဟူ၍ မိန့်လေသည်။

၇၀- ပဉ္စာ။ ။ပါရမီခန်းတွင်လည်း။ "ဓမ္မတာအပြား၊ သုံးဆယ်အားဖြင့်၊ ဘုရားဟူက၊ ပြည့်စုံကြသည်၊ မမျှမရှိ၊ ကုံသောတိတည်း။ ပါဠိဖြင့်အား၊ ဆိုဖွယ်များကို၊ ကြိုးကြားသာမျှ၊ အမြွက်ပြအံ့" ဟု စပ်ဆိုသည်တွင် ဓမ္မတာအပြားသုံးဆယ်ကို ဘုရားတကာပင် ရသင့်သည်။ ပါဠိအားဖြင့် ဆိုဖွယ်များသော်လည်း ကြိုးကြားမျှဖြင့် အမြွက်ပြအံ့ဟူ၍သာ စကားရပ်လေသည် ဖြစ်၍ ပဋိညာကရဏကိုသာ ပြု၍ ပဋိညာတဗ္ဗကို မပြုခြင်းကြောင့် ဓမ္မတာအပြားကိုလည်း စိုးစဉ်မျှ မသိရပါ၍ ဓမ္မတာ သုံးဆယ်ကိုလည်း ထုတ်နုတ်၍ ပြတော်မူပါ။

၇၀- ဝိသဇ္ဇနာ။ ။ဓမ္မတာအပြားသုံးဆယ်ကို မေးရာ၌လည်း ဗုဒ္ဓဝင်အဋ္ဌကထာ၌—

သဗ္ဗဗုဒ္ဓါနံ သမတိံသဓမ္မတာ။ သေယျထိဒံ၊ ပစ္ဆိမဘဝိကဿ ဗောဓိသတ္တဿသမ္ပဇာနနဿ မာတုကုစ္ဆိသ္မိံ ဩက္ကမနံ။ မာတုကုစ္ဆိယံ ပလ္လင်္ကေန နိသီဒိတ္ထာ ဗဟိမုခံ ဩလောကနံ။ ဌိတာယ ဗောဓိသတ္တဿ မာတုဝိဇာယနံ။ အရုဏုဂ်ယေဝ မာတုစ္ဆိတော နိက္ခမနံ။ ကဉ္စနပတ္တေ သုပ္ပတိဋ္ဌိတပါဒနံ ဥတ္တရာဘိမုခံ သတ္တပဒဝီတိဟာရံ ဂန္ဒာ စတုဒ္ဒိသံ ဩလောကေတ္ဝာ သီဟနာဒံ နဒနံ။ စတ္တာရိ နိမိတ္တာနိ ဒိသ္ဝာ ဇာတပုတ္တာနံ မဟာဘိနိက္ခမနံ။ အရဟတ္တဒ္ဓဇံ သမာဒါယ ပဗ္ဗဇိတ္ဝာ သဗ္ဗဉ္ညုတဉာဏသန္တိမေန ပရိစ္ဆေဒေန သတ္တာဟံ ပဓာနစရိယံ။ သမ္ဗောဓိပါပုဏနဒိဝသေ ပါယာသဘောဇနံ။ တိဏသန္ထရေ နိသီဒိတ္ထာ သဗ္ဗညုတ ဉာဏာဓိဂမော။ (၁၀) ။

အာနာပါနကမ္မဋ္ဌာနပရိကမ္မံ မာရဗလဝိဓံသနံ။ ဗောဓိပလ္လင်္ကေယေဝ တိဿော ဝိဇ္ဇာ အာဒိကတ္တာ အသာဓာရဏဉာဏပဋိလာဘော။ သတ္တသတ္တာဟံ ဗောဓိသမီပေ-ယေဝ ဝိတိနာမနံ။ မဟာပြဟ္မုနာ ဓမ္မဒေသနတ္ထာယ အာယာစနံ။ ဣသိပတနေ မိဂဒါယေ ဓမ္မစက္ကပဝတ္တနံ။ မာယပုဏ္ဏမာယံ စတုရ်ိက သန္နိပါတေ ပါတိမောက္ခုဒ္ဒေသော။ ဇေတ-ဝနေ နိဗဒ္ဓဝါသော။ သာဝတ္ထိနဂရေ ယမကပါဋိဟာရိယ ကရဏံ။ တာဝတိံသဘဝနေ အဘိဓမ္မဒေသနံ။ သင်္ကဿနဂရဒ္ဝါရေ ဒေဝလောကတော ဩတရဏံ။ (၂၀)

သတ္တာဟံ ဖလသမာပတ္တိသမာပဇ္ဇနံ။ ဒ္ဝီသုဌာနေသု ဝေနေယျဇနာဝလောကနံ။ ဥပ္ပန္န-ဝတ္ထုသ္မိံ သိက္ခာပဒပညာပနံ။ ဥပန္နာယ အတ္ထုပ္ပတ္တိယာ ဇာတကကထနံ။ ဉာတိသမာဂမေ ဗုဒ္ဓဝံသကထနံ။ အာဂန္တုကေဟိ ဘိက္ခုဟိ ပဋိသန္ထာရကထနံ။ နိမန္တိတာနံ ဝုတ္ထဝဿနံ နာပုစ္ဆန ဂမနံ။ ဒိဝသေ ဒိဝသေ ပုရေဘတ္တ ပစ္ဆာဘတ္တ ပဌမ မဇ္ဈိမ ပစ္ဆိမယာမေ ကိစ္စကရဏီယံ။ ပရိနိဗ္ဗာန ဒိဝသေ မံသရသဘောဇနံ။ စတုဝိသတိကောဋိသတသဟဿ သမာပတ္တိယော သမာပဇ္ဇိတ္ဝာ ပရိနိဗ္ဗာနဿ်ိ ဣမာ သမတိံသ သဗ္ဗညုဗုဒ္ဓါနံ ဓမ္မတာ။(၃၀)

အဓိပ္ပာယ်ကား။ ။ခပ်သိမ်းသော ဘုရားသခင်တို့အား သုံးဆယ်သော ဓမ္မတာတို့သည် ရှိကုန်၏။

သုံးဆယ်ဟူသည်ကား—

၁။ အဆုံးစွန်သော ဘုရားလောင်းတို့အား အဆင်အခြင် သတိပညာနှင့် ပြည့်စုံသည် ဖြစ်၍ မယ်တော်ဝမ်း၌ ပဋိသန္ဓေ နေတော်မူခြင်း။

၂။ မယ်တော်ဝမ်း၌ ထက်ဝယ် ပလ္လင်ဖြင့် နေ၍ ပြင်သို့မျက်နှာပြုသဖြင့် နေတော်မူခြင်း။

၃။ ဘုရားလောင်းကို မယ်တော်ရပ်လျက် ဖွားတော်မူခြင်း။

၄။ တောအရပ်၌သာ ဖွားတော်မူခြင်း။

၅။ ဖွားတော်မူပြီးသော ဘုရားလောင်းသည် ရွှေပြားထက်တွင် နင်းတော်မူခြင်း။

၆။ မြောက်သို့ရှေးရှု ခုနစ်ဖဝါး လှမ်းတော်မူပြီးလျှင် အရပ်လေးမျက်နှာကို ကြည့်တော်မူ၍ ရဲရင့်သောအသံဖြင့် ကြိမ်းပတော်မူခြင်း။

၇။ လေးပါးသော နိမိတ်ကို မြင်တော်မူ၍ သားတစ်ယောက်မြင်မှ တောထွက်တော်မူခြင်း။

၈။ ရဟန္တာတို့၏ တံခွန်ဖြစ်သော သင်္ကန်းကိုယူ၍ ရဟန်းပြုတော်မူပြီးလျှင် အလုံးစုံသောက် ဟောင်္ဂမပရိစ္ဆေဒအားဖြင့် ခုနစ်ရက်သော ကာလပတ်လုံး ပြုနိုင်ခဲသော အကျင့်ကို ကျင့်ရခြင်း။

၉။ ဘုရားအဖြစ်သို့ ရောက်သောနေ့၌ ပါယာသဘတ်ဆွမ်းကို သုံးဆောင်ရခြင်း။

၁၀။ မျက်ခင်းနေရာ၌ နေ၍ သဗ္ဗညုတဉာဏ်ကိုရခြင်း။
ပေါင်း ပထမဆယ်ပါး။

၁။ အာနာပါန ကမ္မဋ္ဌာန်းကို စီးဖြန်းတော်မူ၍ မာရ်စစ်သည်အပေါင်းကို အောင်တော်မူခြင်း။

၂။ ဗောဓိပလ္လင်၌သာလျှင် သုံးပါးသော ဝိဇ္ဇာကို အစပြု၍ အသာဓာရဏဉာဏ် စသော ကျေးဇူးကိုရခြင်း။

၃။ ခုနစ်ရက် ခုနစ်လီ ဗောဓိပင်၏ အနီး၌သာလျှင် လွန်စေခြင်း။

၄။ မဟာပြဟ္မာသည် တရားဟောစိမ့်သောငှာ တောင်းပန်ခြင်း။

၅။ မိဂဒါဝုန်တော၌ ဓမ္မစက္ကာတရား ဟောတော်မူခြင်း။

၆။ တပို့တွဲ လပြည့်နေ့ အင်္ဂါလေးပါးရှိသော အစည်းအဝေး၌ သြဝါဒပါတိမောက်ကို ပြခြင်း။

၇။ ဇေတဝန်ကျောင်းတော်၌သာ အမြဲနေတော်မူခြင်း။

၈။ သာဝတ္ထိပြည် မြို့တံခါး၌ ရေမီးအစုံ တန်ခိုးပြာဋိဟာကို ပြခြင်း။

၉။ တာဝတိံသာ နတ်ပြည်၌ အဘိဓမ္မာတရားကိုဟောခြင်း။

၁၀။ သင်္ကဿမြို့ တံခါး၌ နတ်ပြည်မှသက်ခြင်း။
ပေါင်း ဒုတိယတစ်ဆယ်။

၁။ ခုနစ်ရက်ပတ်လုံး ဖလသမာပတ်ကို ဝင်စားခြင်း။

၂။ နံနက်တစ်ကြိမ် ညဉ့်တစ်ကြိမ် ဝေနေယျတို့ကို ကြည့်ရှုတော်မူခြင်း။

၃။ ဝတ္ထု ဖြစ်သည်ရှိသော် သိက္ခာပုဒ်ကို ပညတ်ခြင်း။

၄။ အတ္ထုပတ္တိဖြစ်သည်ရှိသော် ဇာတ်ကို ဟောခြင်း။

၅။ ဆွေတော်မျိုးတော်တို့ အစည်းအဝေး၌ ဗုဒ္ဓဝင်ကို ဟောတော်မူခြင်း။

၆။ အာဂန္တုရဟန်းတို့နှင့် အပြေအပြစ် ပြောဟောတော်မူခြင်း။

၇။ ဝါကျွတ်သော် ဝါဆိုဖိတ်သော ဒကာကို ပန်ကြား၍သာ ကြွသွားတော်မူခြင်း။

၈။ နေ့တိုင်းနေ့တိုင်း ပုရေဘတ္တာ၊ ပစ္ဆာဘတ္တာ၊ ပဌမယံ၊ မဇ္ဈိမယံ ပစ္ဆိမယံတို့၌ ကိစ္စငါးပါးကို ပြုတော်မူခြင်း။

၉။ ပရိနိဗ္ဗာန်ပြုတော်မူအံ့သော နေ့၌ သားပြွမ်းဆွမ်းကို ဘုဉ်းပေးတော်မူခြင်း။

၁၀။ ကုန္ဒေ နှစ်သန်းလေးသိန်းသော သမာပတ်တို့ကို ဝင်စားတော်မူ၍ ပရိနိဗ္ဗာန်စံတော်မူခြင်း။

ပေါင်း တတိယတစ်ဆယ်။ ဤသည်လျှင် ဘုရားတကာတို့၏ ဓမ္မတာသုံးဆယ်တည်း။

၇၁- ပုစ္ဆာ။ ။တခန်းလည်း ပရိတ်ကြီး ပါဠိတော်တွင် အဋ္ဌာရသဟိ ပုဒ္ဓဝုဏ္ဏေဟိ-ဟု လာပါသည်။ ဘုရားသခင် ဂုဏ်တော်သည် အနန္တဂုဏ် ဖြစ်ပါသည်ကို တဆယ့် ရှစ်ပါးသော ဘုရားသခင်ဂုဏ်ကို ဆိုပြန်ပါသည်။ တဆယ့် ရှစ်ပါး အရာသည် ဂုဏ်တော် အထူး ဘယ်သို့ဖြစ်မည်ကိုလည်း သိလိုပါသည်။

သဗ္ဗဒါနံ ဓမ္မဒါန ဇိနာတိ-ဟူ၍ ဟောတော်မူသည်ကို နှလုံးပိုက်တော်မူပါ ဆရာတော် ဘုရား။

၇၁-ဝိသဇ္ဇနာ။ ။ဘုရားသခင်၏ ဂုဏ်တော်သည် အနန္တ ဖြစ်ပါလျက် အဋ္ဌာရသ ပုဒ္ဓဓမ္မ-ဟု ဆိုသည်ကို သိလိုပါသည် ဟူရာ၌—

ပုဒ္ဓဓမ္မေဟိ အဋ္ဌာရသဟိတိ အတီတံသေ ပုဒ္ဓဿ ဘဂဝတော အပွဋိဟာတညာဏံ တထာ အနာဂတပစ္စုပ္ပန္နေသု၊ ဣမေဟိ တီဟိ ဓမ္မေဟိ သမန္နာဂတဿ ပုဒ္ဓဿ ဘဂဝတော သဗ္ဗံ ကာယကမ္မံ ညာဏပုဗ္ဗင်္ဂံမံ ညာဏာနုပရိဝတ္တံ၊ တထာ သဗ္ဗာနိ ဝစီ မနော ကမ္မာနိ၊ ဣမေဟိ ဆဟိ ဓမ္မေဟိ သမန္နာဂတဿ ပုဒ္ဓဿ ဘဂဝတော နတ္ထိ ဆန္ဒဿ ဟာနိ၊ တထာ ဝီရိယ သတိ သမာဓိ ပညာ ဝိမုတ္တိနံ။ ဣမေဟိ ဒွါဒသဟိ ဓမ္မေဟိ သမန္နာဂတဿ ပုဒ္ဓဿ ဘဂဝတော နတ္ထိ ဒဝါ၊ နတ္ထိရဝါ၊ နတ္ထိ အပ္ပဋိ၊ နတ္ထိ ဝေဂါယိတတ္တံ၊ နတ္ထိ အပ္ပာဝဋ္ဌမနော၊ နတ္ထိ အပွဋိသင်္ခါနုပေက္ခာတိ ဣမေဟိ အဋ္ဌာရသဟိ အာဝေဏိက ပုဒ္ဓဝုဏ္ဏေဟိ နာယကာ နိဗ္ဗာနာနယန္တာ ပုဒ္ဓါ ဥပေတာ သမ္ပန္နာ။

ထိုပါဠိ၏ အနက်ကား။ ။ပုဒ္ဓဓမ္မေဟိ အဋ္ဌာရသဟိတိ၊ ပုဒ္ဓဓမ္မေဟိ အဋ္ဌာရသဟိ-ဟူသည်ကား။ အတီတံသေ၊ အတိတ်၌။ ဘဂဝတော၊ ကြီးသော ဘုန်းရှိတော်မူထသော။ ပုဒ္ဓဿ၊ မြတ်စွာဘုရားအား။ အပွဋိဟာတညာဏံ၊ မပိတ်ပင်သောဉာဏ်တော် လည်းကောင်း။ တထာ၊ တို့အတူ။ အနာဂတပစ္စုပ္ပန္နေသု၊ အနာဂတ် ပစ္စုပ္ပန်တို့၌။ အပွဋိဟာတညာဏံ၊ မပိတ်ပင်သော ဉာဏ်တော် လည်းကောင်း။ ဣမေဟိ တီဟိ ဓမ္မေဟိ၊ ဤသုံးပါးသော တရားတို့နှင့်။ သမန္နာဂတဿ၊ ပြည့်စုံတော်မူထသော။ ဘဂဝတော၊ ကြီးသော ဘုန်းရှိတော်မူထသော။ ပုဒ္ဓဿ၊ မြတ်စွာဘုရားအား။ သဗ္ဗံ၊ အလုံးစုံသော။ ကာယကမ္မံ၊ ကာယကံသည်။ ဉာဏပုဗ္ဗင်္ဂံမံ၊ ဉာဏ်တော်လျှင် ပြဋ္ဌာန်း၏။ ဉာဏာနုပရိဝတ္တံ၊ ဉာဏ်တော်သို့ အစဉ်လိုက်၏။ သဗ္ဗာနိ၊ ခပ်သိမ်းကုန်သော။ ဝစီ မနောကမ္မနိ၊ ဝစီကံ မနောကံတို့သည်။ တထာ၊ ထို့အတူ၊ ဉာဏပုဗ္ဗင်္ဂံမံ၊ ဉာဏ်တော်လျှင် ပြဋ္ဌာန်း၏။ ဉာဏာနုပရိဝတ္တံ၊ ဉာဏ်တော်သို့ အစဉ်လိုက်၏။ ဣမေဟိ ဆဟိ ဓမ္မေဟိ၊ ဤခြောက်ပါးသော တရားတို့နှင့်။

သမန္နာဂတဿ၊ ပြည့်စုံတော်မူသော။ ဘဂဝတော၊ ကြီးသောဘုန်းရှိတော်မူထသော။ တဿ ဗုဒ္ဓဿ၊ ထိုမြတ်စွာဘုရားအား။ ဆန္နဿ၊ အလိုတော်၏။ ဟာနိ၊ ယုတ်ခြင်းသည်။ နတ္ထိ၊ မရှိ။ တထာ၊ ထို့အတူ။ ဝိရိယသတိ သမာဓိ ပညာ ဝိမုတ္တိနံ၊ ဝိရိယ,သတိ,သမာဓိ,ပညာ,ဝိမုတ္တိတို့၏။ ဟာနိ၊ ယုတ်ခြင်းသည်။ နတ္ထိ၊ မရှိ။ ဣမေဟိ ဒွါဒသဟိ ဓမ္မေဟိ၊ ဤတဆယ့်နှစ်ပါးသော တရားတို့နှင့်။ သမန္နာဂတဿ၊ ပြည့်စုံသော။ ဘဂဝတော၊ ဘုန်းတော်ကြီးသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား။ ဒဝါ၊ မြူးတူး ခြင်းသည်။ နတ္ထိ၊ မရှိ။ ရဝါ၊ မြူးတူးလိုသော စကားသည်။ နတ္ထိ၊ မရှိ။ အပ္ပဋ္ဌံ၊ ချွတ်ယွင်း ခြင်းသည်။ နတ္ထိ၊ မရှိ။ ဝေဂါယိတတ္တံ၊ အဆောတလျင်ပြုသော အဖြစ်သည်။ နတ္ထိ၊ မရှိ။ အဗျာဝဋ္ဋ-မနော၊ ကြောင့်ကြသော နှလုံးတော်သည်။ နတ္ထိ၊ မရှိ။ အပ္ပဋိသင်္ခါနုပေက္ခာ၊ မစူးစမ်းမဆင်ခြင် ခြင်းသည်။ နတ္ထိ၊မရှိ။ ဣမေဟိ၊ ဤသို့။ အဋ္ဌာရသဟိ၊ တစ်ဆယ့်ရှစ်ပါးကုန်သော။ ဣမေဟိအာဝေဏိက ဗုဒ္ဓဂုဏေဟိ၊ ဤသို့ သဘောအသီးသီးဖြစ်သော ဘုရားကျေးဇူးတော်တို့နှင့်။ နာယကာ နိဗ္ဗာနာန-ယန္တာ၊ နိဗ္ဗာန်သို့ ပို့ဆောင်တတ်ကုန်သော။ ဗုဒ္ဓါ၊ ဘုရားသခင်တို့သည်။ ဥပေတာ သမ္ပန္နာ၊ ပြည့်စုံ ကုန်၏။ ဟူ၍ ပရိတ်ကြီးဦးကာတွင် ဆိုသည်။

အဓိပ္ပာယ်ကား။ ။အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်တို့၌ မပိတ်ပင်သော ဉာဏ်ရှိတော်မူသည် သုံးပါး။ ကာယကံ၊ ဝစီကံ၊ မနောကံတို့သည် ဉာဏ်တော်လျှင် ပြဋ္ဌာန်း၏။ ဉာဏ်တော်သို့ အစဉ်လိုက်၏ သုံးပါးပေါင်းသော် ခြောက်ပါး။ ဆန္ဒ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ၊ ဝိမုတ္တိတို့၏ ယုတ်ခြင်း မရှိ။ ပေါင်းသော် တဆယ့်နှစ်ပါး။ မြူးတူးခြင်း မရှိ၊ မြူးတူးလိုသောစကား မရှိ၊ ချွတ်ယွင်းသည်မရှိ၊ အဆောတလျင် ပြုသောအမှုမရှိ၊ ကြောင့်ကြခြင်းမရှိ၊ မစူးစမ်း မဆင်ခြင်မှု၌ ပြုခြင်းမရှိ။ ပေါင်းသော် တဆယ့်ရှစ်ပါးရှိ၏။ ဤကား ပရိတ်ကြီးဦးကာ အလိုတည်း။ ၎င်းနည်းတူ— အဋ္ဌာရသ အာဝေဏိကဓမ္မာနာမ အတီတံသေ ဗုဒ္ဓဿဘဂဝတော အပ္ပဋိဟတဉာဏံ၊ အနာဂတံသေ အပ္ပဋိဟတဉာဏံ။ စသည်ဖြင့် ဇိနာလင်္ကာရဋီကာ၌ လာသည်။

အစိန္တေယျဝတ္ထုဒ္ဒီပကား —

ဥပေတာ ဗုဒ္ဓဓမ္မေဟိ၊ အဋ္ဌာသရဟိ နာယကာ။
ဗာတ္တိံသ လက္ခဏူပေတာ။ သီတာနုဗျဉ္ဇနာ ဓရာ။
ဗျာမပ္ပဘာယ သုပဘာ၊ သဗ္ဗေ တေ မုနိကုဉ္ဇရာ —

ဟူ၍ ဟောတော်မူသော တရားတော်၌ ပစ္စေကဗုဒ္ဓါ ရဟန္တာတို့နှင့် မဆက်ဆံကုန်သော ဘုရားသဗ္ဗညုတို့အားသာ ဖြစ်သော၊ အံ့ဖွယ်အထူး ကျေးဇူးတော်တို့သည် ရှိ၏။ အဘယ်သို့ အံ့ဖွယ်ထူး ရှိသနည်း ဟူမူကား —

ဝတ်တော်မူသော သင်္ကန်းတော်သည် ဖွပ်ဆိုးခြင်း၊ နယ်ခြင်း၊ နွမ်းရိခြင်း မရှိသည်လည်း တစ်ပါး။

ဆံတော်သည် တောထွက်တော်မူသောအခါ ဖြတ်တော်မူသည့်အတိုင်း မရှည်မတို လက်နှစ်သစ်မျှသာ အသက်တော်ပတ်လုံး တည်သည်လည်း တစ်ပါး။

ကိုယ်ဝတ်၊ ဒုကူဋ်၊ သင်းပိုင်၊ ခါးပန်း၊ အပ်၊ သပိတ်၊ ရေစစ်၊ ခမ္မကရိဏ်ဟူသော ပရိက္ခရာတော်တို့ကို ဆောင်တော်မူသော်လည်း ကိုယ်တော်နှင့်မထိ၊ လက်လေးသစ်မျှ ခြားသည်လည်း တစ်ပါး။

သပိတ်တော်ကို ဆေးလျှင် လက်တော်စင်နှင့်လေ၏၊ လက်တော်ကို ဆေးလျှင် သပိတ်တော် စင်နှင့်လေ၏။ ဤလည်း တစ်ပါး။

မုန့်ညင်းသီးခွံ တည်းဟူသော ကြုတ်ထဲသို့ ဝင်နိုင်တော်မူသည်လည်း တပါး။

ခြောက်ပါးသော ရောင်ခြည်တော်တို့ကို လွှတ်တော်မူသည်ရှိသော် အရပ် ဆယ်မျက်နှာ တိုင်အောင် နှံ့နိုင်သည်လည်း တပါး။

တန်ခိုးတော်ဖြင့် ဝေနေယျသတ္တဝါ အလိုသို့လိုက်၍ ကိုယ်တော်ကို အသိန်းအသန်း ဖန်ဆင်းတော်မူ၍ ခွါတ်တော်မူသည်လည်း တပါး။

ဇာတိခေတ်၊ အာဏာခေတ်၊ ဝိသယခေတ် တည်းဟူသော ခေတ်သုံးပါးခွဲ အမိုက်ကို လည်းကောင်း၊ အလင်းကို လည်းကောင်း ဖန်ဆင်းနိုင်သည်လည်း တပါး။

ကိုယ်တော်ကို အထက်ကောင်းကင်ပြင်သို့ ရောက်အောင် လဝန်းပေါ်သကဲ့သို့ မြှင့်တော် မူနိုင်သည်လည်း တပါး။

သန့်ရှင်းသော၊ သာယာသော၊ သိလွယ်သော၊ နာချင်ဖွယ်သော၊ ပျံ့သော၊ လုံးသော နက်နဲသော၊ ပဲတင်ထပ်သော၊ အဂီါရှစ်ပါးနှင့် ပြည့်စုံသော အသံတော်ဖြင့် ဟောတော် မူသော တရားတော်သည် ပရိသတ်ရှိလေရာရာ ကြားနိုင်သည်လည်း တပါး။

လူနတ်တို့၏ စိတ်ကိုသိနိုင်သော အာသယာနုသယ ဉာဏ်တော်လည်း တပါး။

ကျွတ်အံ့သော သတ္တဝါတို့ကို သိတော်မူနိုင်သော မဟာကရုဏာ သမာပတ္တိ ဉာဏ်တော်လည်း တပါး။

ဤသူကား-နက်ဖြန်ကျွတ်လတ္တံ့၊ ဤသူကား-သန်ဘက်ကျွတ်လတ္တံ့ စသည်ဖြင့် သိနိုင်သော ဣန္ဒြိယပရောပရိယတ္တိ ဉာဏ်တော်လည်း တပါး။

သခီါရ၊ ဝိကာရ၊ လက္ခဏာ၊ နိဗ္ဗာန်၊ ပညတ်၊ ဤခေ ယျမံတရား ငါးပါးခွဲ အံ့ဖွယ်ငါးပါး၊ ပေါင်းတဆယ်ရှစ်ပါးတည်း။

ထိုတဆယ်ရှစ်ပါးတို့သည် ပစ္စေကဗုဒ္ဓါ ရဟန္တာတို့၌မဖြစ် ဘုရားတို့၌သာ ဖြစ်သောကြောင့် အံ့ဖွယ်အထူးပင်လျှင် ဖြစ်သတည်းဟု ဆိုသည်။

ဤနှစ်နည်း၏ အဓိပ္ပာယ်အရသည် သဒ္ဒါသခ်ျာအားဖြင့်သာ တဆယ်ရှစ်ပါးဖြစ်၍ အရာ ကျဉ်းသည်။ အနက်သခ်ျေအားဖြင့် အလုံးစုံသော ဘုရားကျေးဇူးတော်ကိုပင် သိမ်း၍ဆိုသော အရာဖြစ်၍ ဘုရားဂုဏ်တော်သည် အနန္တဂုဏာ ဆိုသည်နှင့်အညီပင် ဖြစ်သင့်သည်။ အဘယ် ကဲ့သို့နည်းဟူသော် ဘုရားဂုဏ်တော်သည် အနန္တဂုဏာပင်ဖြစ်လျက် နဝဂုဏ်ဟု ဆိုလေသကဲ့သို့တည်း နဝဂုဏ်ဆိုသောသဒ္ဒါ၏၊ အတွင်းသရုပ်အနက်၌ကား-အနန္တဖြစ်သော ကျေးဇူးတော်သည် ဝင်လေ သကဲ့သို့ အနန္တဖြစ်သော ကျေးဇူးတော်တို့သည် တဆယ်ရှစ်ပါးသော ဂုဏ်တော်၏ အတွင်းသို့ ဝင်လေသည်ချည်းမှတ်သင့်သည်။

သမန္တစက္ခုဒီပနီကျမ်း တတိယတွဲ ပြီး၏။

သမန္တစကၠဒီပနီကျမ်း

စတုတ္ထတွဲ

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

တပည့်တော် သိရိမာလာလျှောက်ပါသည် ဇေတဝန် ဆရာတော်ဘုရား။

၂၂- ပဏ္ဍာ။ ။ဟတ္ထိပါလပျို့၌။ "ဟတ္ထိပါလ၊ ကသိန္ဒဟု၊ ထွန်းပထိုရော်၊ ရသေ့ကျော်ကား"။ ခီသောပိုဒ်တွင် ဓမ္မတာသုံးဆယ်ကို စေ့စုံစွာဆိုသည်၌–

အနုရူပ၊ ကြောင်းစလျဉ်းသော်၊ ဟောဖော်ဇာတ်ရိုး၊ နွယ်မျိုးဆွေဘောင်၊ ဟောဆောင် ပုဒ္ဓဝင်၊ ထိပ်တင်ရှိပန်း၊ ရဟန်းတသွန်၊ အာဂန္တုက၊ ဟူသမျှနှင့်၊ တကွဖူးတွေ့၊ မြေ့မြေ့ကျင့်မှု၊ ဘိက္ခသံဃ၊ သာဝကတို့၊ ဝါလကျွတ်သော်၊ အခေါ်မလင့်၊ သွားခွင့်လည်းပန်၊ အမှန်အောက်မေ့၊ ညဉ့်နေ့မချန်၊ ငါးတန်ကိစ္စ၊ ပြုထစင်းလျင်း"။

ဟူ၍ စပ်ဆိုရာ၌ အကြောင်းရှိသော် ဇာတ်တော်ကိုဟောခြင်း၊ ဆွေတော်မျိုးတော် အစည်းအဝေး၌ ပုဒ္ဓဝင်ကျမ်းကို ဟောခြင်း၊ အာဂန္တုက ရဟန်းတို့နှင့် နှုတ်ခွန်းဆက်၍ မေးမြန်းတော်မူခြင်း၊ ဘိက္ခသံဃ သာဝကတို့သည် ဝါကျွတ်သည်ရှိသော် အပင့်အခေါ်မခံ သွားလာခြင်း၊ ကိစ္စငါးတန် ပြုခြင်းဟု အနက်သဘော ရသင့်ပါသည်။ တပည့်ရဟန်း သံဃာတို့သည် မြတ်စွာဘုရားထံ ဝါကျွတ်သောကာလ မရောက်ခြင်းသည် ဘုရားသခင်၏ ကိစ္စဓမ္မတာ မဖြစ်သင့်ပါ။ သာဝကတို့၏ ကိစ္စသာ ဖြစ်သင့်ပါသည်။ သို့ကိုလျက် ဓမ္မတာသုံးဆယ်မှာ သွင်း၍မစပ်သင့်ပါ။

နိမန္တိတာနံ ဝုတ္ထဝဿာနံ အနာပုစ္ဆနဂမနံ၊ ဟူ၍သာလျှင် ပါဠိဆိုပါသည်။ ဤအရာကိုလည်း စေ့စေ့နှလုံးသွင်း၍ မိန့်တော်မူပါ။

ပဥ္စဿ ပုစ္ဆနံ ဥဒါဟု ဝိသဇ္ဇနန္တိ။ ဥဂ္ဂဟေတွာ ပုစ္ဆနံ နော ဘာရိယံ။ ဝိသဇ္ဇနမ္ပန-ဘာရိယံ၊

ဟုမေးသောတပည့်နှင့် ဖြေသောဆရာ နှစ်ဦးတို့တွင် မေးသောသူကား- ဝန်မလေး၊ ဖြေသောသူသာ ဝန်လေးရာသည်ဟူ၍ ဟောတော်မူသည်နှင့်အညီ ကိုယ်တော်မြတ်မှာ ဖြေတော်မူရသည်တွင် ကြံစည်တော်မူရသည့် အရာကိုလည်းကောင်း၊ ရေးမှတ်တော်မူရသည်တွင် အညောင်းအညာရှိရာသည်ကို လည်းကောင်း အလွန်ပင် အားနာခြင်းရှိပါ၏။

သက္ကရာဇ် ၁၁၇၂-ခု ကဆုန်လဆန်း ၁-ရက်၊ အင်္ဂါနေ့၊ မုံရွာ သိရိမာလာက မေးလျှောက်လာရာတွင် ဖြေဆိုလိုက်သည်ကား။

၇၂- ဝိသဇ္ဇနာ။ ပျို့ကဗျာ ဖွဲ့ဆိုသော ဆရာတို့သည်ကား၊ အချို့လည်း ကျမ်းဂန်တတ်သိ၍ပင် ဆိုနိုင်သည်၊ အချို့လည်း ကျမ်းဂန်မသိပဲလျက် ကြည့်ရှု၍သာ ဆိုသည်၊ အချို့လည်း မေးမြန်းနှိုးနှောင်၍ ရသမျှကိုသာ ဆိုနိုင်သည်၊ အချို့လည်း ဆရာသမားတို့ ပြောစဉ် ဆိုစဉ်ကို လည်းကောင်း ကျမ်းဂန်မလာပဲလျက် သမ္မုတိဝေါဟာရ ထင်ရှားရှိသည်နှင့် ကျမ်းထွက်လာဟန်ထင်၍လည်းကောင်း ဆိုမိသည်လည်း ရှိသည်။

ဝိဓုရဇာတ်၌- ဂဠုန်၊ နဂါး၊ သိကြား၊ ကောရဗျ မင်းတို့၏ သီလကထာဝိနိစ္ဆယ၌ တံခွန်လေးခု စိုက်ထူရကြောင်းကို ပြောစဉ် သမ္မုတိရှိသည်၊ ပြောရာသို့လိုက်၍ ပျို့သုံးဆောင်တွင် နှစ်စောင်ပျို့၌ စပ်ဆိုချေသည်။ မဟာဥဏ္ဍာခီသော ပျို့၌သာ မ စပ်မဆိုရှိသည်။ တော်ထွက်ခန်းပျို့၊ ကမ္ဘာပျက်သော အပိုင်း၌လည်း ပဌမစျာန်သုံးဘုံမျှကိုသာ မီးဖျက်ကြောင်း ခြောက်ဘုံရေဖျက်ကြောင်း၊ ကိုးဘုံ လေဖျက်ကြောင်းကိုသာ ပါ၌, အဌကထာ, ဋီကာအရပ်ရပ်လာပါလျက်-ပဋ္ဌ ဘူမိနဋ္ဌာ အဂို အစရှိသော ဂါထာကို ကျမ်းလာဂါထာမှတ်၍ ငါးဘုံဖျက်ကြောင်း၊ ရှစ်ဘုံရေဖျက်ကြောင်းကို စပ်ဆိုလေသည်။ **မဟာပရိနိဗ္ဗာန**သုတ် ပါဠိ အဌကထာတို့၌ တပါးသော စကြဝဠာသို့ကြ၍ ဝါသနာဖြစ်ရုံမျှ ဟောပြခဲ့သည်၊ ဟောပြစဉ်လည်း ငါတို့မင်းသည် ထူးမြတ်သော စကားကို ယနေ့ဆိုသည်။ လူလော၊ နတ်လောဟု တွေးတော၍ ရှိရစ်ကြသည်ဟု ဆိုသည်။

အနာဂတဝင် အဌကထာ၌လည်း "တတော ဒူရေပိ ပရစက္ကဝါဠေ ဗြဟ္မလောကာဒယောပိ" ဟူ၍ တပါးသော စကြဝဠာတို့သို့ ကြွသွားတော် မူကြောင်းကို ဆိုသည်။ အကျွတ်တရားရကြောင်းကို မဆို။

မင်္ဂလာစေတီ မော်ကွန်းတွင်လည်း- "တို့ဘုရားကား၊ ကိုယ်ပွားဆောင်ဆောင်၊ သိန်းရာထောင်ဖြင့်၊ စေ့အောင်ကုဋ္ဌိပါဒ်၊ တန်ခိုးလွှတ်၍၊ အကျွတ်ရစာ၊ တိုက်ဝေးမှာလည်း၊ ဝါသနာဖြစ်စေ၊ သဂြိဟ်ပေ၏။" ဟူ၍ စပ်တော်မူသည်။

သို့ကိုလျက်၊ ပါရမီတွင်- "ငါနှင့်ကွာက၊ ချမ်းသာသုံးထပ်၊ မရလပ်အံ့၊ ကိုယ်ကြပ်ရောက်ပေါက်၊ ငါသွားလောက်ဟု၊ ဝေးမြောက်စကြဝဠာ၊ ခြားရာမှာလည်း၊ မကြာမားမား၊ ကိုယ်တိုင်သွား၍၊ တရားညွှတ်နူး၊ ချွတ်ဖူးသည်ချည်း၊ သခ္ခေါပည်း၏" ဟူ၍ စပ်ဆိုသည့် အရာ၌ ကိုယ်ကြပ်ရောက်ပေါက်အောင် ကိုယ်တိုင်သွား၍ ချွတ်ဖူးကြောင်းများကို စပ်ဆိုပြန်သည့် အရာသည် ကျမ်းဂန်လည်း အထွက်အဆို မရှိမတွေ့ ဖြစ်၍လည်း မည်သည့် ကျမ်းဂန်ကပင် သည်စကား လာတော့သည်ဟု အခိုင်မပြုနိုင်ကြ ရှိတော့သည်။ ယင်းသို့ဖြစ်သော်လည်း ပုဂ္ဂိုလ်အရည်ကိုထောက်၍ ကျမ်းဂန်ကိုညှိနှိုင်း၍ ညီသော်ကား ယူရတော့သည်။ မညီသော်ကား အပြစ်မဆိုရပြီ၊ ကျမ်းဂန်သိမြင်လှသော ဆရာဖြစ်၍လည်း တစုံတခုအကြောင်း မှီရာ ရှိတန်ရာချေသည် ဟူ၍သာ ဆိုကြကုန်သည်။ ကိုးခန်းဆရာလည်း ကျမ်းဂန်သိမြင်လှသော ဆရာဖြစ်၍ တစုံတခု အကြောင်းအမှီ ရှိရာချေသည် ဟူ၍သာ ဆိုရန်ရှိတော့သည်။ ဓမ္မတာသုံးဆယ်ကို ကျမ်းဂန်ပြရာ၌-

နိမန္တိတာနံ ဝုတ္ထဝဿာနံ အနာပုစ္ဆနဂမနံ-ဟူ၍သာ ဗုဒ္ဓဝင်အဋ္ဌကထာ၊ သာရတ္ထသင်္ဂဟ ကျမ်းတို့တွင် ဆိုသည်ကို တွေ့ဖူးပေသည်။ "ဘိက္ချသံဃ၊ သာဝကတို့၊ ဝါလကျွတ်သော်၊ အခေါ်မလင့်၊ သွားခွင့်လည်းပန်။" ဟု စပ်ရာ၌။ ဘိက္ချသံဃ သာဝကတို့အား ပန်ကြားခဲ့သည်ဟု ယူသော်လည်း ယူရ၏။ သဘောမမိလွန်း ထင်သည်။ ဘိက္ချသံဃသာဝကတို့ကိုပန်ခဲ့စေသည် ဟူ၍သော်လည်း ယူရ၏။ မသင့်လွန်းချေပင် ထင်ပြန်ပါသည်။ အကြောင်းကို ထောက်စာ ရှာဖွေသည်ရှိသော် သမန္တပါသာဒိက ဝိနည်းအဋ္ဌကထာ၌ ဗုဒ္ဓါစိဏ္ဏ၊ သာဝကာစိဏ္ဏ နှစ်ပါးကို ပြရာ၌—

> အာစိဏ္ဏန္တိ စရိတံ ဝတ္တံ အနုဓမ္မတာ။ တံ ခေါ ပနေတံ အာစိဏ္ဏံ ဒုဝိဓံ ဟောတိ ဗုဒ္ဓါ-စိဏ္ဏံ သာဝကာစိဏ္ဏန္တိ။ ကတမံ ဗုဒ္ဓါစိဏ္ဏံ၊ ဣဒံ တာဝ ဧကံ၊ ယေဟိ နိမန္တိတာ ဝဿံ ဝသန္တိ နု တေ အနပလောကေတွာ အနာပုစ္ဆိတွာ ဇနပဒစာရိကံ ပက္ကမန္တိ။ သာဝကာ ပန အပလောကေတွာ ဝါ အနပလောကေတွာ ဝါ ယထာသုခံ ပက္ကမန္တိ။

အစရှိသည်ဖြင့်လာသည်။

အဓိပ္ပာယ်ကား။ ။အာစိဏ္ဏဟူသည်ကား-အကျင့်တော်၊ ဝတ်တော်၊ ဓမ္မတာတော်ဟူ၏။ ထိုအကျင့်ဝတ် ဓမ္မတာတော်သည်ကား ဘုရားသခင်တို့၏ ဓမ္မတာအာစိဏ္ဏကျင့်ဝတ်၊ သာဝက-တို့၏ ဓမ္မတာအာစိဏ္ဏ ကျင့်ဝတ်ဟူ၍ နှစ်ပါးတည်း။ ထိုတွင် ဘုရားသခင်တို့၏ ဓမ္မတာအာ-စိဏ္ဏ ကျင့်ဝတ်ဟူသော်ကား ဤဆိုလတ္တံ့သော စကားသည် တပါးပင်တည်း။ အကြင် ဒါယကာတို့သည် ဖိတ်ကုန်သည်ဖြစ်၍ ဝါဆိုကုန်၏။ ထိုဒါယကာတို့ကို အကြောင်းကြား၍ သာလျှင် ဒေသစာရီ ကြွတော်မူ၏။ သာဝကတို့သည်ကား အကြောင်းကြား၍ လည်းကောင်း။ အကြောင်းမကြားမူ၍လည်းကောင်း အလိုရှိရာသွားကုန်၏။

ထိုမှတပါးလည်း ဘုရားသခင်တို့သည် ဝါကျွတ် ပဝါရဏာပြုပြီး၍ လူတို့ကို သင်္ဂြိဟ်အံ့သောငှာ ဒေသစာရီ သွားကုန်၏။ ဒေသစာရီ သွားကုန်သော်ကား မဟာမဏ္ဍလ၊ မဇ္ဈိမမဏ္ဍလ၊ အန္တိမမဏ္ဍလ ဤသုံးပါးသော မဏ္ဍလတို့တွင် တပါးပါး၌ သွားကုန်၏။

ထိုသုံးပါးတို့တွင်—မဟာမဏ္ဍလသည် ယူဇနာကိုးရာ။ မဇ္ဈိမ မဏ္ဍလသည် ယူဇနာခြောက်ရာ။ အန္တိမ မဏ္ဍလသည် ယူဇနာသုံးရာ။ အကြင်အခါ မဟာမဏ္ဍလ၌ ဒေသစာရီ သွားလိုကုန်၏။ မဟာပဝါရဏာနေ့၌ ပဝါရဏာပြု၍ အထွက်တရက်နေ့၌ များစွာသော ရဟန်းအပေါင်း ခြံရံလျက် ထွက်တော်မူ၍ ရွာနိဂုံးစသည်၌ လူအပေါင်းတို့ကို အာမိသပဋိဂ္ဂဟဖြင့် ခီးမြှောက်တော်မူလျက် ဓမ္မဒါနဖြင့် လူအပေါင်းတို့အား ဝိဝဋ္ဋူပနိဿိတ ကုသိုလ်ကိုပွားစေလျက် ကိုးလတို့ဖြင့် ဒေသစာရီ ကြွခြင်းကို ပြီးစေကုန်၏။

အကယ်၍ ဝါတွင်း၌ ရဟန်းတို့၏သမထ ဝိပဿနာနုကုန်အံ့။ မဟာပဝါရဏာနေ့၌ ပဝါရဏာ မပြုသေးမူ၍ ပဝါရဏာသင်္ဂဟကိုပေး၍ တန်ဆောင်မုန်းလပြည့်နေ့၌ ပဝါရဏာပြု၍တန်ဆောင်မုန်း လပြည့်ကျော် တစ်ရက်ဟု ဆိုအပ်သော နတ်တော်လဆန်း တစ်ရက်နေ့ဟု ဆိုအပ်သော ပဌမနေ့၌ များစွာသော ရဟန်းသံဃာအပေါင်း ခြံရံလျက် ထွက်ခဲ့၍ ဆိုခဲ့ပြီးသော နည်းဖြင့်သာလျှင် မဇ္ဈိမ မဏ္ဍလ၌ ရှစ်လဖြင့် ဒေသစာရီ ကြွခြင်းကို ပြီးစေကုန်၏။

အကယ်၍ကား ဝါဆိုကုန်သော ရဟန်းတို့အား မရင့်သေးသော ဣန္ဒြေရှိကုန်သော ဝေနေယျသတ္တဝါတို့သည် ဖြစ်ကုန်ခဲ့။ ထိုရဟန်းတို့၏ ဣန္ဒြေရင့်ခြင်းကို လင့်တော်မူ၍ နတ်တော်လတစ်လလုံး ထိုအရပ်၌ နေတော်မူ၍ နတ်တော်လပြည့်ကျော်တစ်ရက်ဟု ဆိုအပ်သော ဖုဿမာသဖြစ်သော ပြာသိုလဆန်း တစ်ရက်နေ့၌ များစွာသော ရဟန်းသံဃာအပေါင်း ခြံရံလျက် ထွက်ခဲ့၍ ဆိုခဲ့ပြီးသော နည်းဖြင့် အန္တိမ မဏ္ဍလ၌ ခုနစ်လတို့ဖြင့် ဒေသစာရီ ကြွခြင်းကို ပြီးစေကုန်၏။

ထိုသုံးပါးသော မဏ္ဍလတို့တွင် တစ်စုံတစ်ခုသောအရပ်၌ ဒေသစာရီကြွကုန်သော် ထိုထိုသို့သော သတ္တဝါတို့ကို ကိလေသာတို့မှ ကင်းစေလျက်၊ သောတာပတ္တိဖိုလ် စသည်တို့၌ ယှဉ်စေ၍ ဝေနေယျတို့၏ အစွမ်းဖြင့် အထူးထူးသော အဆင်းရှိကုန်သော ပန်းတို့ကို ဆွတ်ဘိသကဲ့သို့ သွားတော်မူကုန်၏။

ထိုမှတပါးလည်း ဘုရားရှင်တို့၏ အာစိဏ္ဏကား- နေ့တိုင်းနေ့တိုင်း မိုးသောက်ထ၌ ငြိမ်းသော ချမ်းသော နိဗ္ဗာန်ကို အာရုံပြုလျက် ဖလသမာပတ်ကို ဝင်စားတော်မူခြင်း၊ ဖလသမာပတ်မှ ထတော်မူ၍ နေ့တိုင်းနေ့တိုင်း မဟာကရုဏာ သမာပတ်ကို ဝင်စားပြန်ခြင်း၊ မဟာကရုဏာ သမာပတ်မှ ထတော်မူ၍ တစ်သောင်းသော စကြဝဠာ၌ ကျွတ်ထိုက်သော သတ္တဝါတို့ကို ရှုတော်မူခြင်း၊ ထိုမှတပါးလည်း အာစိဏ္ဏတော့သည်ကား- အာဂန္တုက ရဟန်းတို့နှင့် ရှေးဦးစွာ ပဋိသန္ဓာရပြုခြင်း။ အတ္ထုပ္ပတ္တိ၏ အစွမ်းအားဖြင့် ဓမ္မဒေသနာတော်ပြုခြင်း။ အပြစ်သို့ သက်သောကာလ သိက္ခာပုဒ်ကို ပညတ်ခြင်း ဤသည်ကား ဗုဒ္ဓါစိဏ္ဏတော်တည်း။

သာဝကာစိဏ္ဏ ဟူသည်ကား- ဘုရားသခင်လက်ထက်တော်၌ နှစ်ကြိမ် စည်းဝေးခြင်းသည် ဖြစ်ကုန်၏။ ဝါမဆိုမီ ဝါဆိုအံ့သောငှာ ကမ္မဋ္ဌာန်းကို ယူအံ့သောငှာ ဝါကျွတ်သော ရဟန်းတို့သည်လည်း မိမိရသော ဂုဏ်ကျေးဇူးကို လျှောက်အံ့သောငှာ၊ ကမ္မဋ္ဌာန်း ယူပြန်အံ့သောငှာ စည်းဝေးလာကုန်၏။ ဤသည်ကား သာဝကာ စိဏ္ဏတည်း။

ဤအာစိဏ္ဏတို့တွင် သာဝကတို့သည် ဝါကျွတ်သောကာလ ဘုရားထံမှ မခေါ် မပင့် ရောက်လာမြဲ ဖြစ်သည်ကို သွတ်သွင်း၍ပင် စပ်ရှာလေသလောဟု တွေးတောရန်ရှိ၏။ အကြောင်းမှာမူကား မဆိုင်လွန်းချေ၊ အကြောင်းတပါးရှာ၍ အထူးအပြား တော်လျော်အောင် ကြံစည်နိုင်သော ပညာရှိတပါးတို့နှင့် နှီးနှော၍ ယူသော်ကား သင့်လိမ့်မည် ထင်သည်။

---

၇၃ - ပုစ္ဆာ။ ။အသီတာနုဗျဉ္ဇနဓရ၏အရ လက္ခဏာတော်ငယ် ရှစ်ဆယ်ကိုလည်း အကျဉ်းထုတ်၍ လက္ခဏာတော်ကြီးမှာကဲ့သို့ သနားတော်မူပါ။

၇၃-ဝိသဇ္ဇနာ။ ။လက္ခဏာတော်ငယ် ရှစ်ဆယ်ကို မေးရာ၌။ လက္ခဏာတော်ငယ်ရှစ်ဆယ်ကား။ အသီတာနုဗျဉ္ဇနာဓရာတိ—

၁။ စိတဂုံလိတာ။ ၂။ အနုပုဗ္ဗဂုံလိတာ။ ၃။ ဝဋ္ဋဂုံလိတာ။ ၄။ တမ္ဗနခတာ။ ၅။ တုင်္ဂနခတာ။ ၆။ သိနိဒ္ဓနခတာ။ ၇။ နိဂုဠ္ဟဂေါပ္ဖတာ။ ၈။ သမပါဒတာ။ ၉။ ရာဇသမာနက္ကမတာ။ ၁၀။ သီဟသမာနက္ကမတာ။

၁၁။ ဟံသ သမာနက္ကမတာ။ ၁၂။ ဥသဘသမာနက္ကမတာ။ ၁၃။ဒက္ခိဏာ ဝဋ္ဋဂတိတာ။ ၁၄။ သမန္တတော စာရုဇက္ကုမဏ္ဍလတာ။ ၁၅။ ပရိပုဏ္ဏပုရိသဗျဥ္ဇနတာ။ ၁၆။ အစ္ဆိဒ္ဒနာဘိတာ။ ၁၇။ ဂမ္ဘီရနာဘိတာ။ ၁၈။ ဒက္ခိဏာ ဝဋ္ဋနာဘိတာ။ ၁၉။ ဒွိရာဇကရဿဒီသဉိရုဘုဇတာ။ ၂၀။ သုဝိဘတ္တဂတ္တတာ။

၂၁။ အနုပုဗ္ဗဂတ္တတာ။ ၂၂။ မဋ္ဌဂတ္တတာ။ ၂၃။ အနူနာနုဏ္ဏာတသမဂတ္တတာ။ ၂၄။ အလီ-နဂတ္တတာ။ ၂၅။ တိလကာဒိဝိရဟိတဂတ္တတာ။ ၂၆။ အနုပုဗ္ဗရုစိရ ဂတ္တတာ။ ၂၇။ သုဝိသုဒ္ဓဂတ္တတာ။ ၂၈။ ကောဋ္ဌိသဟဿ ဟတ္ထိဗလမာရဏာတာ။ ၂၉။ သုဝဏ္ဏတုဏ် နာသတာ။ ၃၀။ ရတ္တဒ္ဒိဇမုခတာ။

၃၁။ သုဒ္ဓဒန္တတာ။ ၃၂။ သိနိဒ္ဓဒန္တတာ။ ၃၃။ ဝိသုဒ္ဓိန္ဒြိယတာ။ ၃၄။ ဝဋ္ဋဒါဌတာ။ ၃၅။ ဝဇ္ဇောဋ္ဌတာ။ ၃၆။ အာယာတ ဝဒနိတာ။ ၃၇။ ဂမ္ဘီရပါဏိလေခတာ။ ၃၈။ အာယာတ လေခတာ။ ၃၉။ ဥဇုကလေခတာ။ ၄၀။ သုရုစိသဏ္ဌာနလေခတာ။

၄၁။ ပရိမဏ္ဍလ ကာယပ္ပဘာဝန္တတာ။ ၄၂။ ပရိပုဏ္ဏကပေါလတာ။ ၄၃။ အာယတဝိသာလ နေတ္တတာ။ သည်တွင် နှစ်ပါးယူဖွယ်ရှိ၏၊ ကျမ်းတွင် မယူကြ။ ၄၄။ ပစ္ဆပ္ပသာဒ ဝန္တနေတ္တတာ။ ၄၅။ အာကုဋ္ဌိတဂ္ဂပခုမတာ။ ၄၆-၄၇။ မုဒုတနုကရတ္တဇိဝှတာ။ သည်တွင် လက္ခဏာ နှစ်ပါးယူကြ၏။ သုံးပါးပင်သော်လည်း ယူသင့်ဖွယ်ရှိ၏။ မယူကြ။ ၄၈-၄၉။ အာယတရုစိကဏ္ဍတာ။ သည်တွင် နှစ်ပါးယူကြသည်။ ၅၀-နိဂဏ္ဌသိရတာ။

၅၁။ နိရုဠ္ဍသိရတာ။ ၅၂။ ပိစ္ဆိဒ္ဒနိရဝါသိရတာ။ ၅၃။အာယတ ပုထုလ နလာဋသောဘတာ။ သည်တွင်လည်း နှစ်ပါးယူရန်ရှိ၏။ ၅၄။ သုသဏ္ဌာန ဘမုကတာ။ ၅၅။သုသဏ္ဌာနဟရတာမုကတာ။ ၅၆။ အနုလောမဘမုကတာ။ ၅၇။ သုခုမာလဂတ္တတာ။ ၅၈။ အတိဝိယသောဘဂတ္တတာ။ ၅၉။ အတိဝိယဥဇုလိတဂတ္တတာ။ ၆၀။ ဝိမလဂတ္တတာ။

၆၁။ ကောမလဂတ္တတာ။ ၆၂။ သိနိဒ္ဓဂတ္တတာ။ ၆၃။ သုဂန္ဓတနုကတာ။ ၆၄။ သမလောမတာ။ ၆၅။ ကောမလလောမတာ။ ၆၆။ ဒက္ခိဏာဝဋ္ဋလောမတာ။ ၆၇။ ဘိန္နကဉ္စနနဂသိရိနီလ လောမတာ။ ၆၈။ ဝဋ္ဋလောမတာ။ ၆၉။ သိနိဒ္ဓလောမတာ။ ၇၀။ အတိသုခုမ အဿာသပဿာသဓာရဏာတာ။

၇၁။ သုဂန္ဓမုခ္ဓတာ။ ၇၂။ သုနီလကေသတာ။ ၇၃။ ဒက္ခိဏာဝဋ္ဋကေသတာ။ ၇၄။ သုသဏ္ဌာန-ကေသတာ။ ၇၅။ သိနိဒ္ဓကေသတာ။ ၇၆။ သဏ္ဌာနကေသတာ။ ၇၇။ အလုလိတကေသတာ။ ၇၈။ သမကေသတာ။ ၇၉။ ကောမလကေသတာ။ ၈၀။ ကေတုမာလာ ရတ္တဝိစိတ္တတာတိ ဣမေဟိ တေသံ ပရိဝါရေဟိ အသီတိ အနုဗျဉ္ဇနလက္ခဏေဟိ သမ္ပန္နာ။

ဟူ၍ ပရိတ်ကြီးဋ္ဌီကာ၌လာသည်။ ၎င်းနည်းတူ မဟာသုဒဿနသုတ်ဋ္ဌီကာ၊ စက္ကဝတ္တိသုတ်ဋ္ဌီကာ၊ ကစ္စာယနဘေဒဋ္ဌီကာ၊ ဇိနာလင်္ကာရဋ္ဌီကာ၊ အနာဂတဝင်ဋ္ဌီကာတို့၌လာကုန်သည်။

ထိုမှတပါး ဇိနလက္ခဏဒီပနီ၊ စက္ကင်္ဂဝိနိစ္ဆယ၊ မဟာပဏာမကြီး၊ အဋ္ဌသာလိနီဂဏ္ဌိပဒ၊ စတုရင်္ဂဗလ ဖွဲ့ဆိုသည့်ဂါထာ စသည်တို့၌လည်း လာကုန်သည်။ ထိုသို့ပင် လာကုန်သော်လည်း ထိုကျမ်းတို့၌ လက္ခဏာနုဗျဉ္ဇနဝိနိစ္ဆယတို့သည် မစေ့မစုံ ရှိသည့်အရာလည်းရှိသည်။ အစေ့အစုံပင်ပါပါသော်လည်း မတူကြသောအရာလည်းရှိသည်။ အက္ခရာပဒ တိမ်းယိမ်းကြသောအရာလည်း ရှိသည်။ ယင်းသို့ဖြစ်၍ ယခုပြဆိုသော အက္ခရာပဒ အနက်အဓိပ္ပာယ်တို့ကို အလွန်သင့်လျှော်ပြီ ဟူ၍ မမှတ်ပါလင့်။

သဒ္ဒါကျမ်း၊ သဒ္ဒနီတိဓာတုမာလာကျမ်း၊ မြန်မာအဘိဓာန်၊ ဂင်းဋီကာ သင်္ကရိုက်၊ အဘိဓာန်နှစ်ကျမ်း၊ ဤကျမ်းတို့၏ဋီကာ၊ ဧကက္ခရကောသ၊ ရတနကောသ၊ အမရကောသ၊ နာနတ္ထမဉ္ဇရီကျမ်း၊ ထိုကျမ်းတို့၏ဋီကာ။ ဤမှတပါးသော ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာကျမ်း၊ လောကီ လက္ခဏာကျမ်းတို့နှင့် တိုက်ဆိုင်ညီခိုင်း၊ နှိုင်ရှည့်ယူငင်၊ ဆင်ခြင်မေးမြန်း၍ သင့်သည်ထင်မှ ယူပါလေ။ ကြံပါလေ။ ပြင်ပါလေကုန်။

ယခင်ပါဠိ၏ **အနက်ကား**။ ။အသီတာနုဗျဉ္ဇနာဓရာတိ၊ အသီတာနုဗျဉ္ဇနဓရာဟူသည်ကား။ ၁။ စိတဂုံလိတာ။ စေ့စပ်သော လက်ချောင်း ခြေချောင်းတော်ရှိသောအဖြစ်။ ၂။ အနုပုဗ္ဗဂုံလိတာ၊ အဖျားငယ်၍ အစဉ်အတိုင်း သွယ်သော လက်ချောင်း ခြေချောင်းတော်ရှိသောအဖြစ်။ ၃။ ဝဋ္ဋဂုံလိတာ၊ လုံးသော လက်ချောင်း ခြေချောင်းတော် ရှိသောအဖြစ်။ ၄။ တမ္ဗနခတာ၊ နီသော လက်သည်းတော် ခြေသည်းတော်ရှိသောအဖြစ်။ ၅။ တုင်္ဂနခတာ၊ မြင့်သော ချွန်းသော ညွတ်သော လက်သည်းတော် ခြေသည်းတော်ရှိသောအဖြစ်။ (ဤ၌ တုင်္ဂသဒ္ဒါသည် အမြင့်ကို ဟော၏)။ ၆။သိနိဒ္ဓနခတာ၊ သိမ်မွေ့ ပြေပြစ်သော လက်သည်းတော် ခြေသည်းတော်ရှိသော အဖြစ်။ ၇။ နိဂူဠဂေါပ္ဖတာ၊ မရှိုက်မပက်သော ဖမျက်တော် ရှိသောအဖြစ်။ ၈။ သမပါဒတာ၊ ဆယ်ချောင်းလုံး ညီညွတ်သောခြေချောင်းတော်ရှိသောအဖြစ်။ ၉။ ရာဇသမာနက္ကမတာ၊ မင်း၏ သွားခြင်းနှင့်တူသော စံပယ်လျက် သွားခြင်းရှိသော အဖြစ်။ ။(ဤအရာ၌ ဂဏ္ဌိ၊ ဇိနာလင်္ကာရဋီကာတို့တွင် ဂဇသမာနက္ကမတာ၊ ဆင်၏သွားခြင်းဟု ရှိ၏)။ ၁၀။ သီဟသမာနက္ကမတာ၊ ခြင်္သေ့မင်း၏ သွားခြင်းနှင့်တူသော သွားခြင်းရှိသောအဖြစ်။

၁၁။ ဟံသသမာနက္ကမတာ၊ ဟင်္သာမင်း၏ သွားခြင်းနှင့်တူသော သွားခြင်းရှိသောအဖြစ်။ ၁၂။ ဥသဘသမာနက္ကမတာ၊ နွားလားဥသဘ၏ သွားခြင်းနှင့်တူသော သွားခြင်းရှိသောအဖြစ်။ ၁၃။ ဒက္ခိဏာဝဋ္ဋဂတိတာ၊ လက်ယာရစ်လည်၍ သွားတော်မူတတ်သောအဖြစ်။ ၁၄။ သမန္တတောဘာရုဇဏ္ဏုမဏ္ဍလတာ၊ ထက်ဝန်းကျင်မှ ရွှေချင်ဖွယ်ရှိသော ပုဆစ်တော်ဝန်းရှိသော အဖြစ်။ ၁၅။ ပရိပုဏ္ဏပုရိသဗျဉ္ဇနတာ။ ပြည့်စုံသော ယောကျ်ားမြတ်၏ လက္ခဏာရှိသောအဖြစ်။ ၁၆။ အစ္ဆိဒ္ဒနာဘိတာ၊ မပေါက်မပြတ်သော ချက်တော်ရှိသောအဖြစ်၊ (ဂဏ္ဌိတွင် အာဘိန္နဟုရှိ၏)။ ၁၇။ ဂမ္ဘီရနာဘိတာ၊ နက်သောချက်တော်ရှိသောအဖြစ်။ ၁၈။ ဒက္ခိဏာဝဋ္ဋနာဘိတာ၊ လက်ယာရစ်လည်သော ချက်တော်ရှိသောအဖြစ်။ ၁၉။ ဒွိရာဇကရသဒိသဥရုဘုဇ၊ ပိုးနသန်ခွေနှင့် တူသော ပေါင်တော်နှစ်ဘက် ထက်ဝယ်ခွေခြင်းရှိသောအဖြစ်။ (ဤအရာ၌ ဂဏ္ဌိတွင်၊ ဣဘကရသဒိသဥရုဘုဇတာ၊ ဆင်နှာမောင်းနှင့်တူသော ပေါင်တော် လက်ရုံးတော်ရှိသော အဖြစ်ဟုဆို၏။ အချို့ဆရာလည်း ဒွိရဒပင်လိုသည်။ ဒွိရဒသဒ္ဒါ ဆင်ကို ဟောသည်ဟု ဆို၏။ ဇိနာလင်္ကာရဋီကာတွင် ဒွိဇဟု ဆို၏)။ ၂၀။ သုဝိဘတ္တဂတ္တတာ၊ ကောင်းစွာ ဝေဖန်အပ်သော ကိုယ်တော်ရှိသောအဖြစ်။ (ဤ၌လည်း ဂဏ္ဌိတွင်၊ သုစိဂတ္တတာ၊ ဖြူစင်သောကိုယ်ဟု ဆို၏)။

၂၁။ အနုပုဗ္ဗဂတ္တတာ၊ အစဉ်အတိုင်းတက်သော ကိုယ်တော်ရှိသော အဖြစ်။ (ဂဏ္ဌိတွင်-အနုပုဗ္ဗစာရုဂတ္တတာ၊ အစဉ်အတိုင်းတင့်တယ်သော ကိုယ်ရှိသော အဖြစ်ဟူ၍ ဆို၏) ၂၂။ မဇ္ဈဂတ္တတာ၊ ပြေပြစ်သော ကိုယ်တော်ရှိသော အဖြစ်။ (ဂဏ္ဌိတွင် မုဒုဂတ္တ၊ သုပရိပဋ္ဌဟု အချက်ချက်ပင် ရှိသည်ဟူ၏)။ ၂၃။ အန္နနာနုဏ္ဏတသမဂတ္တတာ၊ မရှိက်မမိုးသော ကိုယ်ရှိသောအဖြစ်။ ၂၄။ အလီနဂတ္တတာ၊ မတွန့်မလိမ်သော ကိုယ်ရှိသောအဖြစ်။ ၂၅။ တိလကာဒိဝိရဟိတ ဂတ္တတာ၊ ချေမှဲ့စသည်မှ ကင်းသော ကိုယ်ရှိသော အဖြစ် (ချေဆို

သည်ကား မဲ့ဆိုလိုသည်။ နေမိဘုံခန်းတွင် "အာစပ်ဝင်းရွှေ ချေလည်းမပြောက်၊ ကြန်လျှောက်နှာယောင်"။ ဟုစပ်သည်ကိုရှု။ မဲ့ကိုချေဆိုကြောင်းကိုလည်း။ ပါရမီပျို့၏ ဋ္ဌီကာကိုစီရင်သော ကာလမှ ဆိုရတော့မည်)။ ၂၆။ အနုပုဗ္ဗရုစိရဂတ္တတာ၊ အစဉ်အတိုင်း ပြိုးပြိုးပြက်သော ကိုယ်တော်ရှိသောအဖြစ်။ ၂၇။ သုဝိသုဒ္ဓဂတ္တတာ၊ အထူးသဖြင့် စင်ကြယ်သော ကိုယ်တော်ရှိသောအဖြစ်။ ၂၈။ ကောဋိသဟဿ ဟတ္ထိဗလဓာရဏတာ၊ ကုဋေတထောင်သော ကာလဝက ဆင်မျိုး၏ အားကိုဆောင်နိုင်သော အားတော်ရှိသောအဖြစ်။ ၂၉။ သုဝဏ္ဏ တုဂ်နာသတာ၊ ရွှေဆွဲနှုံးနှင့်တူသော တက်သောနှာခေါင်းတော်ရှိသော အဖြစ်။ (တုဂ်သဒ္ဒါအမြင့်ကို ဟောသည်)။ ၃၀။ ရတ္တာဒ္ဓိဇမုခတာ၊ နီသော နှုတ်ခမ်းတော်ရှိသော အဖြစ်။ (ဂဏ္ဌိတွင် ရတ္တောဋ္ဌဟုရှိ၏။)

၃၁။ သုဒ္ဓဒန္တတာ၊ စင်ကြယ်သော သွားတော်ရှိသောအဖြစ်။ (ဂဏ္ဌိတွင်၊ ဝိသုဒ္ဓဒါဋ္ဌ စင်ကြယ်သောစွယ်တော်ဟူ၏)။ ၃၂။ သိနိဒ္ဓဒန္တတာ သိမ်မွေ့ပြေပြစ်သော သွားတော်ရှိသောအဖြစ်။ ၃၃။ ဝိသုဒ္ဓိန္ဒြိယတာ၊ အထူးသဖြင့် စင်ကြယ်သော စက္ခုစသော ဣန္ဒြေရှိသော အဖြစ်။ (ဤနှစ်ပါးကို ဂဏ္ဌိတွင်မသွင်း)။ ၃၄။ ဝဋ္ဋဒါဋ္ဌတာ၊ လုံးသော စွယ်တော်ရှိသော အဖြစ်။ ၃၅။ ဝဇ္ဇောဋ္ဌတာ၊ လုံးသော နှုတ်ခမ်းတော်ရှိသော အဖြစ်။ (ဤတွင် ဂဏ္ဌိပဗ္ဗဋ္ဌ တိက္ခဒါဋ္ဌတာ၊ ထက်သော စွယ်တော်ရှိသော အဖြစ်။ သုက္ကဒန္တတာ၊ ဖြူစင်သော သွားတော်ရှိသောအဖြစ် ဤနှစ်ပါးကို သွင်းပြန်သည်။ ရှေ့နှစ်ပါးကို နှုတ်၍၊ နောက်နှစ်ပါးကို လောင်းပြန်သော် သန်္ဃာမတိုးပြီ၊ ပေါင်း၍ယူသော်ကား တိုးပွားရာ၏)။ ၃၆။ အာယတ-ဝဒနီတာ၊ ရှည်သော နှုတ်သီးတော်ရှိသောအဖြစ်။ ၃၇။ ဂမ္ဘီရပါဏိလေခတာ၊ နက်သော လက်ခြား အရေးတော်ရှိသောအဖြစ်။ ၃၈။ အာယတ လေခတာ၊ ရှည်သောလက်ခြား အရေးတော်ရှိသောအဖြစ်။ ၃၉။ ဥဇုက လေခတာ၊ ဖြောင့်သော လက်ခြားအရေးတော်ရှိသော အဖြစ်။ ၄၀။ သုရုစိသဏ္ဌာန လေခတာ၊ နှစ်လိုဖွယ်သော သဏ္ဌာန်ရှိသော အရေးတော်ရှိသောအဖြစ်။

၄၁။ ပရိမဏ္ဍလ ကာယပ္ပဘာဝန္တတာ၊ အဝန်းညီသော တလဲမျှသော ကိုယ်တော်အရောင်ရှိသောအဖြစ်။ ၄၂။ ပရိပုဏ္ဏ ကပေါလတာ၊ ပြည့်သော ပါးတော်ရှိသောအဖြစ်။ ၄၃။ အာယတ ဝိသာလ နေတ္တတာ၊ ရှည်သော ကျယ်သော မျက်ကွင်းတော်ရှိသော အဖြစ်။ (ဤ၌လည်း နှစ်ပါးရကောင်း၏။ ဆရာတို့မူကား တပါးသာရေတွက်သည်)။ ၄၄။ ပဓုမ-သာဒဝန္တနေတ္တတာ၊ ငါးပါးသော အဆင်းရှိသော ကြည်ညိုဖွယ်သော မျက်စိတော်ရှိသော အဖြစ်။ ၄၅။ အာကုဋိတဂ္ဂ ဘမုကတာ၊ ညွတ်ညွတ်တက်သော မျက်မှောင်တော်ရှိသော အဖြစ်။ (ဤကုဋိတ သဒ္ဒါကား ကုဋိလသဒ္ဒါ၏ ပရိယာယ်တည်း)။ ၄၆-၄၇။ မုဒု တနုက ရတ္တဇိဝှတာ၊ နူးညံ့ပါးလွှာသော နီသော လျှာတော်ရှိသော အဖြစ်။ (ဤ၌ ဆရာတို့ကား လက္ခဏာနှစ်ပါးယူသည်။ ငါတို့အယူကား မုဒုတချက်။ တနုကတချက်။ ရတ္တ တချက် သုံးပါးပင်ရကောင်းထင်သည်။ ကျမ်းဆရာတို့ကား မယူပေ။ ဂဏ္ဌိတွင်လည်း နှစ်ပါးခွဲ၍ပင် ဆိုပေသည်)။ ၄၈-၄၉။ အာယတ ရုစိကဏ္ဍတာ၊ ရှည်သော နှစ်လိုဖွယ်သော နားတော် ရှိသောအဖြစ်။ (ဤ၌လည်း လက္ခဏာတော် နှစ်ပါးယူသည်)။ ၅၀။ နိဂ္ဂဏှသိရတာ၊ ထွတ်သမြတ်ကင်းသော ဦးခေါင်းတော်ရှိသော အဖြစ်။

၅၁။ နိဂုဇ္ဇသိရတာ၊ မရှိက်မပက်သော ဦးခေါင်းတော်ရှိသောအဖြစ်။ ၅၂။ ဝိစ်ဆိန္ဒနိဝါသိရတာ၊ အစုတ်အတွင်း ကင်းသော ဦးခေါင်းတော်ရှိသောအဖြစ် (ဂဏ္ဌိတွင် ဆပ္ဘာနိဘာစာရုသိရတာ၊ ထီးဝန်းနှင့်တူသော တင့်တယ်သော နှစ်လိုဖွယ်သော ဦးခေါင်းတော်ရှိသော အဖြစ်ဟူ၍ဆို၏)။ ၅၃။ အာယတ ပုထုလ နလာဋ သောဘတာ၊ ရှည်သောကျယ်သော နဖူးပြင်၏ တင့်တယ်သော အဖြစ်။ ၅၄။ သုသဏ္ဌာန ဘမုကတာ၊ ကောင်းသော သဏ္ဌာန်ရှိသော မျက်မှောင်တော်ရှိသောအဖြစ်။ (ဂဏ္ဌိတွင် သုသဏ္ဌိတ၊ ကောင်းစွာတည်သော ဟုဆိုသည်)။ ၅၅။ သုသဏ္ဌာန ဟရ ဘမုကတာ၊ ကောင်းသော သဏ္ဌာန်ကို ဆောင်တတ်သော မျက်မှောင်တော်ရှိသောအဖြစ်။ (ဂဏ္ဌိတွင် သဏ္ဌာလောမ-ဟရတာ၊ ကောင်းသော အမွေးကို ဆောင်သောဟု ဆို၏)။

၅၆။ အနုလောမဘမုကတာ၊ ညွတ်ညွတ် တက်သော မျက်မှောင်တော်ရှိသော အဖြစ်။ ၅၇။ သုခုမာလဂတ္တတာ၊ သိမ်မွေ့သော ကိုယ်တော်ရှိသော အဖြစ်။ (ဂဏ္ဌိတွင် သုခုမာရ၊ သုကုမာရ-ဟူ၍လည်း ပါဠိရှိ၏ဟု ဆိုသည်)။ ၅၈။ အတိဝိယ ဘောဘဂတ္တတာ၊ အလွန်ငြိမ်းချမ်းသော ကောင်းသော ကိုယ်တော်ရှိသောအဖြစ်။ (ဂဏ္ဌိတွင် သောမဟုရှိ၏။) ၅၉။ အတိဝိယ ဥဇုလိတဂတ္တတာ၊ အလွန် ထွန်းပသော ကိုယ်တော် ရှိသော အဖြစ်။ ၆၀။ ဝိမလဂတ္တတာ၊ အညစ်အကြေးကင်းသော ကိုယ်တော်ရှိသော အဖြစ်။ (ဂဏ္ဌိတွင် မလဝိရဟိတဟု ရှိ၏။)

၆၁။ ကောမလဂတ္တတာ၊ မစေးသော ကိုယ်တော်ရှိသောအဖြစ်။ ၆၂။ သိနိဒ္ဓဂတ္တတာ၊ သိမ်မွေ့ပြေပြစ်သော ကိုယ်တော်ရှိသော အဖြစ်။ (ဤနှစ်ချက် ဂဏ္ဌိတွင် မပါ။) ၆၃။ သုဂန္ဓတနုကတာ၊ မွှေးသော ကိုယ်တော်ရှိသော အဖြစ်။ ၆၄။ သမလောမတာ၊ ညီညွတ်သော မွှေးညင်းတော် ရှိသောအဖြစ်။ ၆၅။ ကောမလလောမတာ၊ မစေးသော မွှေးညင်းတော် ရှိသောအဖြစ်။ (ဂဏ္ဌိတွင် ကောမဋ္ဌလောမ၊ သိမ်မွေ့သော မွှေးညင်းဟုဆို၏။) ၆၆။ ဒက္ခိဏာဝဋ္ဋလောမတာ၊ လက်ယာရစ်လည်သော မွှေးညင်းတော် ရှိသော အဖြစ်။ ၆၇။ ဘိန္နကဉ္စန-နဂသိရိ နီလလောမတာ၊ ပေါက်သော ရွှေတောင် အသရေကဲ့သို့ ဦးခေါင်းတော်၌ရောက်သော ညိုသော မွှေးညင်းတော်ရှိသော အဖြစ်။ (ဂဏ္ဌိတွင် ဘိဒဉ္စန၊ ပေါက်သော မျက်စဉ်းတောင်ဟု ဆို၏)။ ၆၈။ ဝဋ္ဋလောမတာ၊ လုံးသော မွှေးညင်းတော်ရှိသောအဖြစ်။ ၆၉။ သိနိဒ္ဓလောမတာ၊ သိမ်မွေ့သော မွှေးညင်းတော် ရှိသောအဖြစ်။ ၇၀။ အတိသုခုမအသာသ ပသာသဓာရဏတာ၊ အလွန်သိမ်မွေ့သော ထွက်သက် ဝင်သက်ကို ဆောင်သော ကိုယ်တော်ရှိသောအဖြစ်။

၇၁။ သုဂန္ဓမုခတာ၊ အလွန်မွှေးသော ထိပ်တော်ရှိသော အဖြစ်။ (ဂဏ္ဌိတွင်၊ သုဂန္ဓမုခ၊ မွှေးသော ခံတွင်းဟု ဆို၏။) ၇၂။ သုနီလကေသတာ၊ ကောင်းစွာ မည်းနက်သော ဆံတော်ရှိသော အဖြစ်။ ၇၃။ ဒက္ခိဏာဝဋ္ဋကေသတာ၊ လယ်ယာရစ်လည်သော ဆံတော်ရှိသည်၏ အဖြစ်။ ၇၄။ သုသဏ္ဌာနကေသတာ၊ ကောင်းသောသဏ္ဌာန်ရှိသော ဆံတော်ရှိသည်၏ အဖြစ်။ ၇၅။ သိနိဒ္ဓ-ကေသတာ၊ သိမ်မွေ့သော ဆံတော်ရှိသည်၏အဖြစ်။ ၇၆။ သဏ္ဌာနကေသတာ၊ ကောင်းစွာတည်သော ဆံတော်ရှိသည်၏အဖြစ်။ (ဂဏ္ဌိတွင်၊ သဏ္ဌ၊ သိမ်မွေ့သည်ဟုဆို၏)။ ၇၇။ အလုလိတ-ကေသတာ၊ မရောယှက်သော ဆံတော်ရှိသည်၏အဖြစ်။ ၇၈၊ သမကေသတာ၊ ညီညွတ်သော ဆံတော်ရှိသည်၏ အဖြစ်။ ၇၉။ ကောမလ ကေသတာ၊ မစေးသော ဆံတော်ရှိသည်၏ အဖြစ်။ (သည်တွင် ဂဏ္ဌိ၌၊ နာနာဋ္ဌိတ ကေသတာ၊ အသီးသီးတည်သော ဆံတော်ရှိသော အဖြစ်ဟု

ပါ၏)။ဂဝ၊ ကေတုမာလာရတ္နဝိစိတ္တတာ၊ ထိပ်တော်၌ အရောင်စုဟူ ဆိုအပ်သော ကေတုမာလာဖြင့် ဆန်းကြယ်သော အဖြစ်။ ဣတိ၊ ဤသို့ တေသံ၊ ထိုသုံးဆယ့်နှစ်ပါးသော လက္ခဏာတော်ကြီးတို့၏။ ပရိဝါရေဟိ၊ အခြံအရံ ဖြစ်ကုန်သော။ ဣမေဟိ အသီတိ အနုဗျဉ္ဇန လက္ခဏေဟိ၊ ဤရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့နှင့်၊ သမ္ပန္နာ၊ ပြည့်စုံတော်မူကုန်၏။

ဤတွင် ဂါထာစီကုံး၍ ဆိုသော်ကား-

တံ တုံ သိ ဝ စိ အ နိ သ၊ ဂ သီ ဟံ ဥ ဒ စာ ဣ ပ။
အင် ဒ သု အ အ မု အ၊ အ တိ ဝိ သု ဥ မ သိ သု။
ကော ရ ရ ဝ ဝိ တိ သု အာ၊ ရ မု အာ သု တုံ ဂံ အာ ဥ။
ရှ ပ ပ အာ ပ အာ သု သံ၊ အာ အာ အ အာ သု နိ နိ ဆ။
သ ကော ဒ ဘိ သိ သု နီ ဒ၊ သု သိ သံ အ သ ကော နာ ကေ။
အသီတာနု ဗျဉ္ဇနဒ္ဓံ၊ အစိန္တေယျံ ဇိနံ နမေ။

ဤဂါထာတို့သည်ကား အပဒါန် စသော ဘုရားပါဠိတော်တို့၌ လာသော အချို့သော ဂါထာ၊ ဥဘတောဝိဘင်းပါဠို၊ ခန္ဓကပါဠို၊ ပရိဝါပါဠိတော်တို့၌ သင်္ဂီယနာတင် ဆရာမြတ်တို့ ထားအပ်သော ဥဒါန်းဂါထာတို့၌ သဂိုဏ်း၊ နဂိုဏ်းကို မကြဉ်မူ၍ ပါသဖြင့် လည်းကောင်း။

နဒိဿတေတ္ထ ယံ ဆန္ဒံ၊ ပယောဂေ ဒိဿတေ ယဒိ။
ဝိသမက္ခရပါဒံ တံ၊ ဂါထာ သာမညနာမတော်။

ဟူသော ဝုတ္တောဒယသုတ် လက္ခဏာကို မှီ၍လည်းကောင်း။ သဂိုဏ်း၊ နဂိုဏ်း၊ ကြဉ်ခြင်းတို့ကို မငဲ့မူ၍ —

တံ မေ သ ဒီ ကော မ သု ရော သော အ ပ နာ ပ သု သု ပိ။
အ ဓံ သ တိ ဖု ဝိ သိ ဝေ၊ က ကော က ဂေါ နမာမဟံ။

ဟူသော အာဒိသင်္ဂေါတဂါထာတို့ကဲ့သို့ အစအက္ခရာတလုံးကိုယူ၍ ဖွဲ့ဆိုသော အာဒိသင်္ဂေါတဝံသ အဋ္ဌကထာ ဂါထာသာမညတည်း။

အနက်ကား။ ။တံ-တမ္မနဓတာ၊ နီသော ခြေသည်း လက်သည်းတော်ရှိသောအဖြစ်။ တုံ–တုဂ်နဓတာ၊ မြင့်သော ခြေသည်း လက်သည်းတော်ရှိသောအဖြစ်။ သိ–သိနိဒ္ဓနဓတာ-သိမ်မွေ့သော ပြေပြစ်သော ခြေသည်း လက်သည်းတော် ရှိသောအဖြစ်။ (ခြေသည်း လက်သည်းတော်၌ လက္ခဏာတော်သုံးပါး)။ ။ဝ–ဝဋ္ဋကိုလိတာ၊ လုံးသော ခြေချောင်းလက်ချောင်းတော် ရှိသော အဖြစ်။ ။စိ–စိတကိုလိတာ၊ စေ့စပ်သော ခြေချောင်းလက်ချောင်းတော် ရှိသောအဖြစ်။ ။အ–အနုပုဗ္ဗကိုလိတာ၊ အစဉ်အားလျော်စွာ ညီညွတ်သော ခြေချောင်း လက်ချောင်းတော်ရှိသောအဖြစ်။ (ခြေချောင်းလက်ချောင်းတော်၌ လက္ခဏာတော်သုံးပါး)။ ။နိ–နိဂုဠ္ဟေါဖုတာ၊ မထင်သော ဖမျက်တော်ရှိသော အဖြစ်။ ။(ဖမျက်တော်၌ လက္ခဏာတော်တပါး)။ ။သ-သမပါဒတာ၊ ညီညွတ်စွာသော ငါးချောင်းသော ခြေချောင်းတော်ရှိသော အဖြစ်။ (ခြေချောင်းတော်၌ လက္ခဏာတော်တပါး)။ ။ဂ–ဂဇသမာနက္ကန

မတာ၊ ဆဒ္ဒန်ဆင်မင်းနှင့်တူသော ခြေတော်ဖြန့်သွားခြင်း ရှိတော်မူသည်၏ အဖြစ်။ ။ သီ–သီဟသမာနက္ကမတာ၊ ခြင်္သေ့မင်းနှင့် တူသော ခြေတော် ဖြန့်သွားခြင်း ရှိတော်မူသည်၏အဖြစ်။ ။ဟံ–ဟံသသမာနက္ကမတာ၊ ရွှေဟင်္သာမင်းနှင့် တူသော ခြေတော်ဖြန့် သွားခြင်း ရှိတော်မူသည်၏ အဖြစ်။ ။ဥ–ဥသဘသမာနက္ကမတာ၊ ဥသဘနွားမင်းနှင့် တူသော ခြေတော်ဖြန့်သွားခြင်း ရှိတော်မူသည်၏အဖြစ်။ ။ဒ–ဒက္ခိဏာဝဋ္ဋဂတိတာ၊ လက်ယာသို့လည်၍ ကြွတော်မူလေ့ ရှိသောအဖြစ်။ (သွားတော်မူခြင်း၌ လက္ခဏာတော် ငါးပါး)။ ။စာ–စာရုဇက္ကုမက္ကလတာ၊ ထက်ဝန်းကျင် ပုဆစ်တော် အဝန်း၏ တင့်တယ် သောအဖြစ်။ (ပုဆစ်တော်၌ လက္ခဏာတော်တပါး) ။က္က–က္ကဘကရသဒိသ ဥဇု ဘုဇတာ၊ ဆဒ္ဒန်ဆင်မင်း၏ နှာမောင်းနှင့်တူသော မောင်းလက်ရုံးရှိသောအဖြစ်။ (မောင်းလက်ရုံးတော်၌ လက္ခဏာတော်တပါး။ ။ဤအရာတွင် ဒိရဒကရသဒိသ ဟူ၍ လည်းကောင်း။ ကဒလိသဒိသ၊ ဟူ၍လည်းကောင်း သဒ္ဒါကွဲအနက်ရှိကြ၏။) ။ပ–ပရိပုဏ္ဏ ပုရိသဗျဉ္ဇနတာ၊ ထက်ဝန်းကျင် ပြည့်သော မြတ်သောအင်္ဂါတော်ရှိသည်၏အဖြစ်။ (နိမိတ်တော်၌ လက္ခဏာတော်တပါး)။ အ–အဘိန္နနာဘိတာ၊ မပြတ်မပဲ့သော ချက်တော်ရှိသည်၏ အဖြစ်။ ဂံ–ဂမ္ဘီရနာဘိတာ၊ နက်သော ချက်တော်ရှိသည်၏ အဖြစ်။ ။ဒ–ဒက္ခိဏာဝဋ္ဋနာဘိတာ၊ လက်ယာရစ်လည်သော ချက်တော်ရှိသည်၏ အဖြစ်။ (ချက်တော်၌ လက္ခဏာတော်သုံးပါး)။ သု-သုဝိဘတ္တသဗ္ဗဂတ္တတာ၊ ကောင်းစွာ ဝေဖန်အပ်သော အလုံးစုံသော ကိုယ်တော်ရှိသည်၏ အဖြစ်။ အနုပုဗ္ဗစာရုဂတာ၊ အစဉ်အားလျော်စွာ တင့်တယ်သော ကိုယ်တော်ရှိသည်၏အဖြစ်။ ။အ–အနုပုဗ္ဗရုစိရဂတ္တတာ၊ အစဉ်အားလျော်စွာ ပြိုးပြိုးပြက်သော ကိုယ်တော် ရှိသည်၏အဖြစ်။ မု-မုဒုဂတ္တတာ၊ နူးညံ့သော ကိုယ်တော်ရှိသည်၏အဖြစ်။ ။အ-အနုဿန္နာနော သန္နသမဂတ္တတာ၊ ပါးထိုက်သော အရာ၌မမိုး ဖြိုးထိုက်သောအရာ၌ မကြံသော ကိုယ်တော်ရှိသည်၏အဖြစ် ။အ–အလီနဂတ္တတာ၊ မတွန့် မလိမ်သော ကိုယ်တော်ရှိသည်၏ အဖြစ်။ တိ–တိလကာဒိရဟိတ ဂတ္တတာ၊ ချေမှဲ့မည်းစသည်မှ ကင်းသောကိုယ်တော်ရှိသည်၏အဖြစ်။ ဝိ–ဝိသုဒ္ဓဂတ္တတာ၊ စင်ကြယ်သော ကိုယ်တော်ရှိသည် အဖြစ်။ ။သု–သုခုမာလဂတ္တတာ၊ နူးညံ့သိမ်မွေ့သော ကိုယ်တော်ရှိသည်၏ အဖြစ်။ ။ ဥ–ဥဇုလိတသောမ ဂတ္တတာ၊ အလွန်ထွန်းတောက်ပသော ငြိမ်းချမ်းသော ကိုယ်တော်ရှိသည်၏ အဖြစ်။ ။မ–မလဝိရဟိတဂတ္တတာ၊ အညစ်အကြေးကင်းသော ကိုယ်တော်ရှိသည်၏အဖြစ်။ ။ သိ–သိနိဒ္ဓဂတ္တတာ၊ ပြေပြစ်သောကိုယ်တော်ရှိသည်၏ အဖြစ်။ ။သု–သုဂန္ဓတနုကတာ၊ အလွန် မွှေးသောကိုယ်တော်ရှိသည်၏ အဖြစ်။ (ကိုယ်တော်၌လက္ခဏာတော် တဆယ့်သုံးပါး)။ (ပထမ ဂါထာ သုံးဆယ့်နှစ်လုံး အနက်ပြီးပြီ။)

ကော–ကောဋိသဟဿ ဟတ္ထိဗလ ဓာရဏတာ၊ ကုဋေတထောင်သော ဆင်ပြောင် အားကို ဆောင်နိုင်သော အားတော်ရှိသည်၏အဖြစ်။ (အားတော်၌ လက္ခဏာတော်သုံးပါး ဤအားတော်သည် ကာယဗလ ဖြစ်သည် ဟူလို။ ကိုယ်တော်၏ လက္ခဏာ၌ သွင်း၍လည်း ရေတွက်ကြ၏။) ။ရ–ရတ္တောဌတာ၊ နီသောနှုတ်ခမ်းတော် ရှိသည်၏ အဖြစ်။ (နှုတ်ခမ်း တော်၌ လက္ခဏာတော်တပါး)။ ။ရ–ရတ္တဒိဇဓံသတာ၊ နီသောသွားဖုံးတော်ရှိသည်၏ အဖြစ်။ ။ဝ–ဝဋ္ဋဒါဌတာ၊ လုံးသော စွယ်တော်ရှိသည်၏ အဖြစ်။ ။ဝိ–ဝိသုဒ္ဓဒါဌတာ၊ စင်ကြယ်သော စွယ်တော်ရှိသည်၏ အဖြစ်။ ။တိ–တိက္ခဒါဌတာ၊ ထက်သောစွယ်တော် ရှိသည်၏အဖြစ်။ သု-သုက္ကဒါဌတာ၊ ဖြူစင်သော စွယ်တော်ရှိသည်၏ အဖြစ်။ ။(စွယ်တော်၌

လက္ခဏာတော်လေးပါး။ ဤလေးပါးတို့တွင် ဝိသုဒ္ဓဒါဠတာ၌ ဝိသုဒ္ဓဒန္တာတာဟု အခြို့ စာရှိ၏။ ဝိသုဒ္ဓဒန္တာတာဟု ရှိလျှင် အထူးသဖြင့် စင်ကြယ်သော သွားတော်ရှိသည်၏ အဖြစ်ဟု ဆိုရမည်။ ဤသို့ယူလျှင် စွယ်တော်၌ လက္ခဏာသုံးပါး။ အလုံးစုံသော သွားတော် သာမည်၌ လက္ခဏာတော်တပါးဟု ခွဲ၍ ယူသင့်၏)။ ။အာ–အာယတဝဒနိယာ၊ ရှည်လျားသော နှုတ်သီးတော် ရှိသည်၏အဖြစ်။ (နှုတ်သီးတော်၌ လက္ခဏာတော်တပါး)။ ရ-ရတ္တဇိဝှတာ၊ နီသော လျှာတော်ရှိသည်၏အဖြစ်။ ။မု-မုဒုတနုကဇိဝှတာ၊ နူးညံ့သော ပါးသောလျှာတော်ရှိသည်၏အဖြစ်။ ။အာ-အာယတဇိဝှတာ၊ ရှည်သော လျှာတော်ရှိသည်၏ အဖြစ်။ (လျှာတော်၌ လက္ခဏာတော်သုံးပါး)။ ။သု-သုဂန္ဓမုခတာ၊ မွှေးသောခံတွင်း တော်ရှိသည်၏အဖြစ်။ ။(ခံတွင်းတော်၌ လက္ခဏာတော်တပါး)။ ။တုံ-တုဂ်နာသတာ၊ မြင့်သောနှာယောင်တော် ရှိသည်၏ အဖြစ်။ ။(နှာယောင်တော်၌ လက္ခဏာတော် တပါး)။ ။ဂ-ဂဿိရပါဏိလေခတာ၊ နက်သော လက်ခြားရေးတော် ရှိသည်၏အဖြစ်။ အာ-အာယတလေခတာ၊ ရှည်လျားသော လက်ခြားရေးတော်ရှိသည်၏အဖြစ်။ ။ဥ-ဥဇုလေခတာ၊ ဖြောင့်သော လက်ရေးတော်ရှိသည်၏အဖြစ်။ ။ရု-ရုစိသဏ္ဌာနလေခတာ၊ နှစ်လို့ဖွယ်သော သဏ္ဌာန်ရှိသော အရေးအသား ရှိသည်၏အဖြစ်။ ။(အရေးအသား၌ လက္ခဏာတော် လေးပါး)။ ။ပ-ပရိမဏ္ဍလပ္ပဘာဝန္တတာ၊ ထက်ဝန်းကျင် တလံမျှလောက်သောကိုယ်တော် ရောင်ရှိသည်၏အဖြစ်။ ။(ဗျာမပ္ပဘာမည်သော ဇာတိပါ ကိုယ်ရောင်၌ လက္ခဏာတော် တပါး)။ ။ပ-ပရိပုဏ္ဏကပေါလတာ၊ ထက်ဝန်းကျင်ပြည့်သော ပါးပြင်တော်ရှိသောအဖြစ်။ (ပါးပြင်တော်၌ လက္ခဏာတော်တပါး)။ ။အာ-အာယတဝိသာလနေတ္တတာ၊ ရှည်လျားသော ကျယ်သော မျက်စိတော်ရှိသောအဖြစ်။ ။ပ-ပဥ္စပ္ပသာဒဝန္တနေတ္တတာ၊ ကြည်ညိုဖွယ် ရှိသော ငါးပါးသော အဆင်းနှင့်ပြည့်စုံသော မျက်စိတော်ရှိသောအဖြစ်။ ။(မျက်စိ တော်၌ လက္ခဏာတော်နှစ်ပါး)။ ။အာ-အာကုဋိတဂ္ဂပခုမတာ၊ မကောက်သော အဖျား ရှိသော မျက်မွေး မျက်တောင်တော် ရှိသောအဖြစ်။ ။(မျက်တောင်တော်၌ လက္ခဏာတော် တပါး)။ ။သု-သုသုက္ကိတဘမုကတာ၊ ကောင်းသော သဏ္ဌာန်ရှိသော မျက်မှောင် ရိပ်တော်ရှိသောအဖြစ်။ ။သံ-သဏ္ဌလောမ ဘမုကတာ၊ သိမ်မွေ့သော မျက်မှောင်မွေးတော် ရှိသောအဖြစ်။ အာ-အာယတဘမုကတာ၊ အလျားရှည်သော မျက်မှောင်တော် ရှိသောအဖြစ်။ (မျက်မှောင်တော်ရိပ်၊ မျက်မှောင်မွေးတော်၌ လက္ခဏာတော်သုံးပါး။ ဤမျက်တောင်တော်နှင့် မျက်မှောင်တော်ကိုဆိုရာ၌ သဘောအတူတူထင်မိသည်)။ ။ အာ-အာယတကဏ္ဏတာ၊ ရှည်သော လျားသော နားရွက်တော်ရှိသောအဖြစ်။ (ဤသို့လာသော အာယတကဏ္ဏ လက္ခဏာတော်ကိုရည်၍ ပညာရှိ အဆက်ဆက်တို့သည် ရုပ်တုဆင်းတုတော် ထုလုပ်ရာ၌ နားရွက်တော်ကို အထွာတော်နှင့်ဖွဲ့၍အရှည်အလျား ထုလုပ်လေသည်။ ရှေးစာတမ်းဟောင်းတို့၌ကား နားရွက်တော်ကို ပခုံးတော်သို့ မထိစေနှင့် အမှာရှိသည်။ ယခု ငါတို့လက်ထက်၌မူကား နားရွက်တော်ကို ပခုံးတော်သို့ ထိစေလျက် ထုလုပ်ကြသည်)။ ။ အ-အနုနတရုစိကဏ္ဏတာ၊ စဉ်းငယ်ညွတ်သော နှစ်လို့ဖွယ်ရှိသော နားရွက်တော်ရှိသောအဖြစ်။ (နားရွက်တော်၌ လက္ခဏာတော် နှစ်ပါး)။ ။အာ-အာယတပုထုလနလာဋတာ၊ ရှည်သော အသားဟူသော နဖူးပြင်ရှိတော်မူသည်၏အဖြစ်။ (နဖူးပြင်၌ လက္ခဏာတော်တပါး)။ သု-သုဂန္ဓမုဒ္ဓတာ၊ မွှေးလှစွာသော မဏိတော်ဦးထိပ်ပြင်တော်ရှိသောအဖြစ်။ (ဦးထိပ်ပြင်တော်၌ လက္ခဏာတော်တပါး)။ ။နိ-နိဂဏ္ဌသိရတာ၊ ထွတ်မြင်းအမာရာကင်းသော ဦးခေါင်းတော်

ရှိသောအဖြစ်။ ။နိ-နိဂုဠသိရတာ၊ ရှိုက်ပက်နိမ့်ဝှမ်းခြင်းကင်းသော ဦးခေါင်းတော်ရှိသော အဖြစ်။ ။ဆ-ဆတ္တနိဘာစာရုသိရတာ၊ ရွှေထီးဝန်းနှင့်တူသော နှစ်လို့ဖွယ်သော မတိမခွဲန်း စက်လှစွာသော ဦးခေါင်းတော်ရှိသော အဖြစ်။ (ဦးခေါင်းတော် လက္ခဏာတော်သုံးပါး)။ ဒုတိယဂါထာ အနက်ပြီးပြီ။ (ဤတွင်လက္ခဏာတော်ငယ်ခြောက်ဆယ့်လေးပါးရှိပြီ။)

သ-သမလောမတာ၊ ညီညွတ်သော မွေးညင်းတော်ရှိသော အဖြစ်။ ကော-ကောမလလောမတာ၊ သိမ်မွေ့သော မွေးညင်းတော်ရှိသော အဖြစ်။ ။ဒ-ဒက္ခိဏာဝဋ္ဋလောမတာ၊ လက်ယာရစ်လည်သော မွေးညင်းတော်ရှိသောအဖြစ်။ ။ဘိ-ဘိဒဠုန နဂသဒိသလော မတာ၊ ပြတ်သော တိသော မျက်စဉ်းတောင်နှင့်တူသော ညိုသော မွေးညင်းတော်ရှိသောအဖြစ်။ (ဤအရာ၌ မျက်စဉ်းတောင်ကို ဥပမာပြုခြင်းသည် ညိုသည်ကို ရည်၍သာပြုသည်။ လက္ခဏာတော်ငယ်၌ မဝင်သင့်။ ဤလက္ခဏာတော်ငယ်၌ကား- မျက်စဉ်းတောင်၏ တိတိပြတ်သော ဥပမာနှင့်တူသော မွေးညင်းတော်၏ အညီအညွတ်၊ မရှည်လွန်း၊မတိုလွန်း၊ အဖျားအညွန့်တိတိညီညွတ်ခြင်းကိုသာ လက္ခဏာတော်ငယ်၌ဝင်သင့်မည်ထင်သည်။ တစ်ပါးသောသူတို့၏ မွေးညင်းသည် ရှည်တုံ တိုတုံ မညီမညွတ်ရှိသည်။ ဘုရားသခင်တို့မှာ ဤကဲ့သို့ အတိုအရှည်မရှိ။ ညီညီညွတ်ညွတ် ရှိမည်ဟုထင်သည်။ ညိုရောင်ထွက်သော အဆင်းနှင့်တကွ အထက်သို့ အဖျားတက်ခြင်းကား မဟာပုရိသလက္ခဏာတော်ကြီးအဝင်ဖြစ်သည်။ အသီတာနုဗျဉ်ဇန လက္ခဏာတော်ငယ် မဟုတ်။ ထို့ကြောင့် လက္ခဏာတော်ကြီးရှိခိုးမဟာနမက္ကရဂါထာ မဟာပဏာမကြီးဂါထာတို့၌ နီလမုဒ္ဓဂ္ဂလောမောဟု ဆိုသည်။ စင်စစ်အားဖြင့်ကား လက္ခဏသုတ်ပါဠိတော်၌ ဥဒ္ဓဂ္ဂလောမတာကိုသာ လာ၏။ နီလသဒ္ဒါကား မပါပေ။ မပါသော်လည်းလက္ခဏာတော်ငယ်၌လည်း နီလလက္ခဏာတော် မပါသောကြောင့် နမက္ကရဆရာတို့လည်း လက္ခဏာတော်ကြီး၌ သွင်းလေပြီဖြစ်၍ ညိုသောအဆင်းတော်ကို လက္ခဏာတော်ကြီး အဝင်ဟု ဆိုလိုက်ပေသည်)။ သိ-သိနိဒ္ဓလောမတာ၊ သိမ်မွေ့ပြေပြစ်သော မွေးညင်းတော် ရှိသောအဖြစ်။ (မွေးညင်းတော်၌ လက္ခဏာတော်ငါးပါး)။ ။သု-သုခုမအဿသ ပဿသ ဓာရဏာတာ၊သိမ်မွေ့သောထွက်သက်ဝင်သက်ကို ဆောင်သည်၏အဖြစ်။ (ထွက်သက် ဝင်သက်တော်၌ လက္ခဏာတော် တစ်ပါး)။ နီ-နီလကေသတာ၊ မည်းနက်သော ဆံတော်ရှိသောအဖြစ်။ ဒ-ဒက္ခိဏာဝဋ္ဋ ကေသတာ၊ လက်ယာရစ်လည်၍ တည်သော ဆံတော်ရှိသောအဖြစ်။ သု-သုသဏ္ဌာန ကေသတာ၊ ကောင်းသော ဆံတော်ရှိသောအဖြစ်။ သိ-သိနိဒ္ဓကေသတာ၊ ပြေပြစ်သော ဆံတော်ရှိသောအဖြစ်။ သံ-သဏှ-ကေသတာ၊ သိမ်မွေ့သောဆံတော်ရှိသောအဖြစ်။ အ-အလုလိတကေသတာ၊မထွေးမယှက်သော ဆံတော်ရှိသောအဖြစ်။သ-သမကေသတာ၊ညီညွတ်သောဆံတော်ရှိသောအဖြစ်။ကော-ကောမလကေသတာ၊ နူးညံ့သော ဆံတော်ရှိသောအဖြစ်။ နာ-နာနာဝဏ္ဏတကေသတာ၊ အသီးသီးတည်သော ဆံတော်ရှိသောအဖြစ်။ (ဆံတော်၌ လက္ခဏာတော်ကိုးပါး) ။ ကေ-ကေတုမာလာဝိနဒ္ဓတာ၊ ဦးထိပ်တော်၌ အရောင်စုဟုဆိုအပ်သောကေတုမာလာရောင်လှိုင်တော်ဖြင့် မြွေးယှက်အပ်သည်၏ အဖြစ်။(ရောင်လှိုင်တော်၌ လက္ခဏာတော်တစ်ပါး)။ကြွတိ၊ဤသို့။အသီတာနုဗျဉ်ဇန်၌၊ရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့၏တည်ရာလည်းဖြစ်တော်မူထသော။အစိန္တေယျ၊ မကြံစည်အပ် မကြံစည်နိုင်သော ဣဒ္ဓိ၊ ဝါစ၊ ရူပ၊ ဉာဏဟု ဆိုအပ်သော ဂုဏ်တော်အပေါင်းနှင့်လည်း ပြည့်စုံတော်မူထသော။ ဇိန်၊ သုံးလူထွတ်ခေါင် ငါးမာရ်အောင်ကို။ အဟံ၊ ငါသည်။ နမေ-နမာမိ၊ ရှိခိုးပါ၏။

ဤတွင်ရွေ့ကား- ခြေသည်း လက်သည်းတော်၌ လက္ခဏာတော် သုံးပါး၊ ခြေချောင်း လက်ချောင်းတော်၌ လက္ခဏာတော်သုံးပါး၊ ဖမျက်တော်၌ လက္ခဏာတော်တစ်ပါး၊ ခြေချောင်းတော်၌ လက္ခဏာတော်တစ်ပါး၊ သွားတော်မူခြင်း၌ လက္ခဏာတော်ငါးပါး၊ ပုဆစ်တော်၌ လက္ခဏာတော်တစ်ပါး၊ ပေါင်,လက်ရုံးတော်၌လက္ခဏာတော်တစ်ပါး၊ နိမိတ်တော်၌ လက္ခဏာတော်တစ်ပါး၊ ချက်တော်၌ လက္ခဏာတော်သုံးပါး၊ ကိုယ်တော်၌ လက္ခဏာတော်တစ်ဆယ့်သုံးပါး၊ အားတော်၌ လက္ခဏာတော်တစ်ပါး။ နှုတ်ခမ်းတော်၌ လက္ခဏာတော်တစ်ပါး၊ သွားဖုံးတော်၌ လက္ခဏာတော်တစ်ပါး၊ စွယ်တော်၌ လက္ခဏာတော် သုံးပါး၊ သွားတော်၌ လက္ခဏာတော်တစ်ပါး၊ နှုတ်သီးတော်၌ လက္ခဏာတော် တစ်ပါး၊ လျှာတော်၌ လက္ခဏာတော် သုံးပါး၊ ခံတွင်းတော်၌ လက္ခဏာတော်တစ်ပါး၊ နှာယောင်တော်၌ လက္ခဏာတော်တစ်ပါး၊ အရေအသားတော်၌ လက္ခဏာတော်လေးပါး၊ ကိုယ်ရောင်တော်၌ လက္ခဏာတော် တစ်ပါး၊ပါးတော်၌လက္ခဏာတော်တစ်ပါး၊ မျက်စိတော်၌ လက္ခဏာတော်နှစ်ပါး၊ မျက်မွေးမျက်တောင်တော်၌ လက္ခဏာတော်တစ်ပါး၊ မျက်မှောင်တော်၌ လက္ခဏာတော်သုံးပါး၊ နားရွက်တော်၌ လက္ခဏာတော် နှစ်ပါး၊ နဖူးပြင်တော်၌ လက္ခဏာတော် တစ်ပါး၊ ဦးထိပ်ပြင်တော်၌ လက္ခဏာတော် တစ်ပါး၊ ဦးခေါင်းတော်၌ လက္ခဏာတော်သုံးပါး၊ မွေးညင်းတော်၌ လက္ခဏာတော်ငါးပါး၊ ထွက်သက်ဝင်သက်တော်၌ လက္ခဏာတော်တစ်ပါး၊ ဆံတော်၌ လက္ခဏာတော် ကိုးပါး၊ ရောင်လျှံတော်၌ လက္ခဏာတော်တစ်ပါးအားဖြင့် ပေါင်း ရှစ်ဆယ်ဖြစ်သတည်း။

၃၄- ပုစ္ဆာ။ ။တစ်ကြောင်းလည်း - "သုံးဆယ့်နှစ်ပါး၊ ထင်ရှား လက္ခဏာ၊ အင်္ဂါရှစ်ဆယ်၊ ရောင်ခြောက်သွယ်ဖြင့်၊ လျှပ်နယ် တောင်ရှိမ်း၊ နှောင့်ယှက်ငြိမ်းလျက်၊ ခပ်သိမ်းလက္ခဏာ၊ မဟာဝိသယ၊ ဉာဏဓိပတိ၊ ဂုဏ်ထူးရှိသား၊ မုနိကုဉ္ဇရ၊ သမ္မဒ္ဓနှင့်၊ ဓမ္မ သံဃာ၊ ရတနာအား၊ ဦးထိပ်ဖျားဌ၌၊ မှန်ထားဝန္ဒနာ၊ ရှိညွတ်စွာသည်၊ သဒ္ဓါနှလုံးကြည်ပြီး၍ " ဟု မင်္ဂလာစေတီမော်ကွန်းတွင် စပ်တော်မူသည်၌ သုံးဆယ့်နှစ်ပါး ထင်ရှားလက္ခဏာဆိုသည်မှာ မဟာပုရိသလက္ခဏာတော်ကြီး သုံးဆယ့် နှစ်ပါးကိုဆိုသည်ဟု အတပ်သိရပါတော့သည်။ အင်္ဂါရှစ်ဆယ်၊ ရောင်ခြောက်သွယ်ဖြင့် ဆိုရာ၌ အင်္ဂါရှစ်ဆယ်ပင်အထူးရှိဦးမည် လက္ခဏာတော် ရှစ်ဆယ်ကိုပင် အင်္ဂါရှစ်ဆယ် ဆိုသည်ဖြစ်မည်ကို သိလိုပါသည်။

၃၄-ဝိသဇ္ဇနာ။ ။သုံးဆယ့်နှစ်ပါး၊ ထင်ရှားလက္ခဏာ၊ အင်္ဂါရှစ်ဆယ်၊ ရောင်ခြောက်သွယ်ဖြင့်၊ လျှပ်နှယ်တောက်ရှိမ်း၊ နှောင့်ယှက်ငြိမ်းလျက်။ စသည်ဖြင့်စပ်သော ပျို့တွင်အင်္ဂါရှစ်ဆယ်၊ ရောင်ခြောက်သွယ်ဖြင့်ဆိုရာ၌အင်္ဂါပင်ရှစ်ဆယ်အထူးရှိဦးမည်၊လက္ခဏာတော်ငယ်ရှစ်ဆယ်ကိုပင် ဆိုသည်ဖြစ်မည်ကို သိလိုပါသည် ဟူရာ၌-

ဘုရားဂုဏ်ကျေးဇူးတော်တို့ကို ဆိုရာ ချီးမွမ်းရာတို့၌ သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်ကြီး၏ အခြားမဲ့၌ အသိတိ အင်္ဂသမန္နာ ဖြစ်သော အကြောင်းတို့ကို ကျမ်းဂန်တို့၌မဆို၊ သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်တို့ကို ဆိုလျှင် အဝိနာဘာဝနည်း၊ နာနန္တရိက နည်းအားဖြင့် လက္ခဏာတော်ငယ်ရှစ်ဆယ်တို့ကိုသာဆိုကုန်သည်။ ထို့ကြောင့် မဟာဝင်ကျမ်း၌-

ဒွတ္တိံ သ လက္ခဏူပေတံ၊ အသီတိ ဗျဥ္ဇနဒ္ဓလံ။
ဗျာမပ္ပဘာ ပရိက္ခိတ္တံ၊ ကေတုမာလာဘိ သောဘိတံ။

ဟူသောပါဠိ၊ သမန္တပါသာဒိက ဝိနည်းအဋ္ဌကထာ၌–

အသီတာနုဗျဥ္ဇနပ္ပဋိမဏ္ဍိတံ ဒွတ္တိံသ မဟာပုရိသလက္ခဏသဿိရိကတာယဝိကသိတ-
နီလုပ္ပလပုဏ္ဍရိကပ္ပဋိမဏ္ဍိတမိဝ သလိလတလံ။

စသည်ဖြင့် လာသောပါဠိ။

အဋ္ဌသာလိနီ မည်သော အဘိဓမ္မာအဋ္ဌကထာ၌လည်း—

သရီရေ ကခ်ံမာနော ဒွတ္တိံသဝရလက္ခဏပ္ပဋိမဏ္ဍိတံနာမ သရီရံ အတ္တိနုခေါ နတ္ထိတိ ကခ်ံတိ။ ဂုဏေကခ်ံမာနော အတီတာနာဂတပစ္စုပ္ပန္နဇာနနသမတ္ထံ သဗ္ဗညုတဉာဏံအတ္ထ နုခေါ နတ္ထိတိ ကခ်ံတိ။ ဥဘယတ္ထ ကခ်ံမာနော အသီတိအနုဗျဥ္ဇနဗျာမပ္ပဘာနုရဉ္ဇိတာယ သဉ္ဇိတာယ သရီရနိဗ္ဗတ္တိယာ သမန္နာဂတော သဗ္ဗညေယျဇာနနသမတ္ထံ သဗ္ဗညုတညာဏံ ပဋိဝိဇ္ဈိတွာ ဋ္ဌိတော လောကတာရကော ဗုဒ္ဓေါနာမ အတ္ထိ နုခေါ နတ္ထိ တိ ကခ်ံတိ။

စသည်ဖြင့် လာသောပါဠိ၊ မနောရထပူရဏီမည်သော အင်္ဂုတ္တရနိကာယ အဋ္ဌကထာ။ သမ္မောဟ-ဝိနောဒနီမည်သော ဝိဘင်းအဋ္ဌကထာ၊ သုမင်္ဂလဝိလာသိနီမည်သောပါထေယျဝဂ်အဋ္ဌကထာတို့၌ လာသော-

သဗ္ဗာတုယော ဗောဓိမဏ္ဍေသန္နိပတိတွာ ဗုဒ္ဓရူပံ ဂဟေတွာ ဗောဓိမဏ္ဍေပလ္လင်္ကေန ဗုဒ္ဓသရီရသိရိံ ဒဿိဿန္တိ။ ဒွတ္တိံ သမဟာပုရိသလက္ခဏာနိအသီတိအနုဗျဥ္ဇနာနိဗျာမပ္ပ-ဘာတိ သဗ္ဗံ ပရိပုဏ္ဏမေဝဟောတိ၊တတော ယမက ပါဋိဟာရိယသဒိသံဝိယပါဋိဟာရိယံ ကရိဿန္တိ။ ဆဗ္ဗဏ္ဏရသ္မိယော ဝိဿဇ္ဇေဿန္တိ။

အစရှိသောပါဠိ။

ဥပေတာ ဗုဒ္ဓမဇ္ဈေဟိ၊ အဋ္ဌာရသဟိ နာယကာ။
ဗာတ္တိံ သလက္ခဏူပေတာ၊ သိတာနုဗျဥ္ဇနာဓရာ။

ဟူ၍လာသော ပရိတ်ကြီးပါဠိတော်တို့၌လည်း သုံးဆယ့်နှစ်ပါးသော မဟာပုရိသလက္ခဏာ တော်ကြီးနှင့် ရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့သည် အတူမကွာလာသည်။ ထို့ကြောင့် အဂ်ီရှစ်ဆယ်ဟူသည်ကား လက္ခဏာတော်ငယ် ရှစ်ဆယ်ကိုသာယူသင့်သည်။ တကြောင်းလည်း သဒ္ဒါကျမ်းတို့၌–

သံယောဂဝိပ္ပယောဂဉ္စ၊ သဟစရိယ ဝိရောဓတော။
သဒ္ဒန္တရဝသေနာပိ၊ သဒ္ဒေါ ဝိသေသ ဝါစကော။

သံယောဂဝိပ္ပယောဂဉ္စ-သမ္မယောဂဝိပ္ပယောဂတော စ၊ သမ္မယောဂ ဝိပ္ပယောဂအားဖြင့် လည်းကောင်း။ သဟစရိယဝိရောဓတော စ၊ သဟစရိယဝိရောဓအားဖြင့် လည်းကောင်း။ သဒ္ဒန္တရဝသေနာပိ၊ သဒ္ဒါထူးသည်၏ အစွမ်းအားဖြင့်လည်းကောင်း။ သဒ္ဒေါ၊ သဒ္ဒါသည်။ ဝိသေသဝါစကော ထူးသောအနက်ကို ဟော၏။

သဒ္ဒါတို့သည် သမ္မယောဂကို မြင်သဖြင့်လည်းကောင်း၊ ဝိပ္ပယောဂကိုမြင်သဖြင့်လည်းကောင်း၊ သဟစရိယကို မြင်သဖြင့်လည်းကောင်း၊ ဝိရောဓကို မြင်သဖြင့်လည်းကောင်း သဒ္ဒါ၏ ထူးသောအစွမ်းအားဖြင့်လည်းကောင်း၊ ထူးပြားသော အနက်ကိုဟောသည်ဟု ဆိုအပ်သည်နှင့်အညီ သမ္မယောဂ အားဖြင့် ကြံသည်ရှိသော် သဝစ္ဆ ဓေနုမာနေဟိ ဟုဆိုလျှင် သားငယ်ရှိစကောင်းသော နွားမကို သိအပ်သည်။ မြည်းမကို မသိအပ်။ အဝစ္ဆ ဓေနုမာ နေဟိ-ဟုဆိုလျှင် မြည်းမကို သိအပ်၏။ နွားမကို မသိအပ်ဟု ဆိုသော ပရိဘာသာနှင့် အညီ အသီတိ အနုဗျဉ္ဇန ကျမ်းလာပါဠိတို့ကိုမှီ၍ ရှစ်ဆယ်ဆိုလျှင် လက္ခဏာတော်ငယ်ကိုသာ သိအပ်၏။

တကြောင်းလည်း ဝိပ္ပယောဂအားဖြင့် ကြံသော် သာရိပုတ္တော မောဂ္ဂလ္လာနောဟု ဆိုလျှင် တကွကျင်လည်ဖော်ဖြစ်သော မောဂ္ဂလာန သဒ္ဒါနှင့်တကွဖြစ်သောကြောင့် အဂ္ဂ သာဝကဖြစ်သော အရှင်သာရိပုတ္တြာကိုသာ သိအပ်၏။ ဟတ္ထကဖြစ်သော သာရိပုတ္တြာကို မသိအပ်ဟု ဆိုသော ပရိဘာသာနှင့်အညီ သုံးဆယ့်နှစ်ပါး ထင်ရှားလက္ခဏာ၊ ဟူသော သဟစရိယနှင့်တကွ ဖြစ်သောကြောင့် ရှစ်ဆယ်အင်္ဂါဟူသော ပဒဋ္ဌ လက္ခဏာတော်ငယ် ရှစ်ဆယ်ကိုသာ သိအပ်၏။

ယင်းသို့ တပြီးကား လက္ခဏာတော်ငယ်ရှစ်ဆယ်ဟူ၍ပင် စပ်သင့်ပါ၏တကား။ ယုံမှားဖွယ်ရှိအောင် အင်္ဂါရှစ်ဆယ်ဟု အဘယ့်ကြောင့် ဆိုသနည်းဟူငြားအံ့။ ကဗျာဖြစ်၍ အက္ခရာတူ အသံတူ နီးခဲ့သော် ဒေါသရောက်သည်ဟု သုဗောဓာလင်္ကာရကျမ်းတို့၌ ဆိုသောကြောင့် မစပ်လေသည်။ ပုံကား-ဝါကျဒေါသ ကိုးပါးတို့တွင် တခုသောအနက်ကို အဖန်ဖန် အထပ်ထပ် ဆိုသော ဧကတ္ထဒေါသသည် သဒ္ဒါ အားဖြင့်လည်း ဒေါသတပါး။ အနက်အားဖြင့်လည်း ဒေါသတပါး၊ ဤသို့နှစ်ပါးပြားသတည်း။ ထိုနှစ်ပါးတို့တွင်-သဒ္ဒါ အားဖြင့် ဧကတ္ထ ဒေါသနှင့်ဆိုင်သော ပျို့ကား- "နှုတ်စံပယ်ကို၊ နားဝယ်သို့ပင်၊ ခုခုတင်၍၊ အိမ့်ရှင်မွေးမိ၊ မြော်မိမိတည့်။" ဟူ၍ ဆိုရာ၌ တပုဒ်မျှ မခြားပဲ မိအက္ခရာထပ်မိလေသည်။ "ပျောင်းရိညိုးမြန်း၊ စစ်တဲခန်းက၊ လွမ်းမြန်းတရူ၊ အဘယ်သူလျှင်၊ ပန်းတူနား၌၊ ဆင်မကြိုက်လိမ့်။" ဟူသော အရာ၌လည်း တပုဒ်ခြားကာမျှဖြင့်သာ မြန်းအက္ခရာ ထပ်မိလေသည်။ ပြယုဂ်၌—ဝါရိဒေါ ဝါရိဒေါမွရဲ— ဟူသော ပြယုဂ်နှင့်အညီ။ သဒ္ဒါအားဖြင့် ဧကတ္ထဒေါသရောက်သင့်သည်။ ၎င်းနည်းတူ ဧကတ္ထဒေါသ ရောက်ရာသော အကြောင်း ရှိသောကြောင့် "သုံးဆယ့်နှစ်ပါး၊ ထင်ရှားလက္ခဏာ၊ လက္ခဏာရှစ်ဆယ်၊ ရောင်ခြောက်သွယ်ဖြင့်" ဟု မစပ်မူ၍ "အင်္ဂါရှစ်ဆယ်၊ ရောင်ခြောက်သွယ်ဖြင့်" ဟူ၍ စပ်လေသည်။

အလင်္ကာရဒေါသ ကင်းစိမ့်သောငှာ လက္ခဏာဆိုရမည့်အရာကို အင်္ဂါဟု ဆိုမိချေသော် အနက်သဘောမဖောက်ပြန်ပြီလောဟူငြားအံ့၊ မဖောက်ပြန်ပြီ။ ထို့ကြောင့်အဘိဓာန်အနေကတ္ထ-ဝဂ်တွင် သဘာဝကေသု လက္ခဏံ။ လက္ခဏံ၊ လက္ခဏံသဒ္ဒါသည်။ ဘာဘာဝကေသု၊ သဘောဟူသောအနက်, အမှတ်ဟူသော အနက်တို့၌။ ဝတ္တတိ၊ ဖြစ်၏။ ဟူ၍ဆိုသည်။

၎င်းအရာတွင် လက္ခဏာတော် ဆိုသည်လည်း ကိုယ်တွင်မှတ်ကြောင်းဖြစ်သည်။ အင်္ဂါဆိုသည်လည်း ကိုယ်တွင်ရှိသော အင်္ဂါဖြစ်သည်။ အဘိဓာန် အနေအတ္ထဝဂ်၌လည်း-အင်္ဂေါဒေသေ ဗဟုမ္ပင်္ဂံ၊ တထာဝယဝ ဟေတုသု။ အင်္ဂေါ၊ ပုလ္လိင်ဖြစ်သော အင်္ဂသဒ္ဒါသည်။ ဒေသေ၊ အင်္ဂတိုင်း၌

လည်းကောင်း။ ဇဟုမို့ စ၊ များသောအနက်၌လည်းကောင်း။ ဘဝေ၊ ဖြစ်၏။ တထာ၊ ထိုမှ တပါး။ အဂီ၊ နပုလ္လိင် အဂ််သည်။ အဝ ယဝဟေတုသု၊ အစိတ်ဟူသောအနက် အကြောင်း ဟူသောအနက်တို့၌။ ဘဝေ၊ ဖြစ်၏။ ဟူ၍ဆိုသည်။

အစိတ်ဆိုသည်မှာလည်း ကိုယ်၌ဖြစ်လျှင် ရူပကာယဖြစ်သော လက်ခြေစသော အင်္ဂါသည်ပင် အစိတ်မည်သည်။ ထို့ကြောင့် ပါရာဇိကဏ် အဋ္ဌကထာ၊ ဘဂဝါဂုဏ်တော် အဖွင့်တွင်-ရူပကာယဒဿန ဗျာဝဋဇနနယနပွသာဒဇနနသမတ္ထာ သဗ္ဗာကာရပရိပူရာ သဗ္ဗဂ် ပစ္စင်္ဂသိရီ-ဟူ၍ ပြုရာ၌-သိရီ၏အရဖြစ်သော သဗ္ဗာကာရပရိပူရဖြစ်သော အင်္ဂါကြီးငယ်သည် လက္ခဏာတော် ကြီးငယ်နှစ်မျိုးကိုပင် ယူသင့်သည်။ ယူသင့်သောကြောင့်လည်း သာရတ္ထဒီပနီဋီကာတွင်—

> သဗ္ဗာကာရပရိပူရာတိ အနဝသေသ လက္ခဏာနုဗျဉ္ဇနာဒိသမ္ပတ္တိယာ သဗ္ဗာကာရေဟိ ပရိပူရကာ၊ သဗ္ဗဂ်ပစ္စင်္ဂသိရီ သဒ္ဒေသံ အင်္ဂပစ္စင်္ဂါနံ သောဘာ–

ဟုဖွင့်သောကြောင့် အလုံးစုံသော လက္ခဏာကြီးငယ်စသော ပြည့်စုံခြင်းကိုပင်သဗ္ဗဂ်ပစ္စင်္ဂဟူ၍ လာသောကြောင့်တည်း။ ယင်းသို့ဖြစ်၍ "အင်္ဂါရှစ်ဆယ်၊ ရောင်ခြောက်သွယ်ဖြင့်" ဟူ၍ စပ်သော အရာ၌ လက္ခဏာတော်ငယ်ရှစ်ဆယ်ကိုသာ စပ်ဆိုတော်မူသည်ဟု မှတ်ရာ၏။

လက္ခဏာကို အင်္ဂါဟု ဆိုဖူးသည့်ထုံးကား ရှိပါ၏လော ဟူငြားအံ့။ ရှိ၏။ ထို့ကြောင့် သုဝဏ္ဏသာမပျို့တွင်–

"ရူပကာယ၊ ဟတ္ထိသဟု၊ ဝရလက္ခဏာ၊ အင်္ဂါအံ့ဖွယ်၊ ပြည့်ဖြိုးကယ်လျက်၊ ရှစ်ဆယ်မကင်း၊ စုံသောခြင်းဖြင့်၊ ဝင်းဝင်းပြောင်ပြောင်၊ လူနတ်ဘောင်၌၊ ကိုယ်ရောင်ထွန်းညီ၊ လျှပ်ခြည်စီး လျက်၊ မီးကျီးထပ်တူ၊ နိတုံဟူသား၊ ဇမ္ဗူမှည့်ကြွေ၊ ဆယ်မီးရွှေနှင့်၊ နှိုင်းထွေမပြား၊ သုံးလူ ဖျားလျှင်" ဟူ၍ လည်းကောင်း။

ဓမ္မရာသီပျို့တွင်–

"ရောင်လျှံထွန်းပ၊ နှစ်ရာ့ဆယ့်ခြောက်၊ စုံမြောက်နှစ်ဖက်၊ ခြေတော်စက်ကား၊ ထီးရွက် သဖွယ်၊ ရှစ်ဆယ်အင်္ဂါ၊ လက္ခဏာစစ်၊ သုံးဆယ်နှစ်ဖြင့်၊ စနစ်ထုတ်ဖော်၊ ကိုယ်တော်ထူးချက်၊ နှိုင်းဖက်ယှဉ်မှီး၊ ညီးညီးပြောင်ပြောင်၊ အရောင်ဖြိုးဟုံ၊ ခပ်သိမ်းစုံသား၊ အာရုံကောင်းစွာ၊ ထီး စကြာကို" ဟူ၍လည်းကောင်း။

စနစ်ထုနည်းလင်္ကာတွင်လည်း-"မုနိထွတ်ထား၊ မြတ်ဘုရားတို့၊ ထင်ရှားလက္ခဏာ၊ ဒွတ္တိံသာ နှင့်၊ အင်္ဂါသိတိ၊ ထွန်းညီလျှံပြောင်၊ ခြောက်သွယ်ရောင်သို့" ဟူ၍လည်းကောင်း လက္ခဏာကိုပင် အင်္ဂါဟူ၍ ဆိုဖူးသည့်ထုံး ရှိသည်ဖြစ်တော့သည်။

မဟာကရုဏာ၊ အနန္တာရုံ၊ ဉာဏ်ပေါင်းစုံလျက်၊ သုံးဘုံရှိညွတ်၊ ဝိသုဒ်နတ်၏၊ ရုပ်ဓာတ် အင်္ဂါ၊ လက္ခဏာကြီးငယ်၊ အသွယ်သွယ်ကို၊ မိုးလယ်အာကာ၊ ကျယ်ဝန်းစွာလျက်၊ တောင်ထွာ လက်သစ်၊ စနစ်မှတ်သား၊ တိုင်းတာငြားလည်း၊ ရိရှားပန်းကာ၊ မှန်စွာစီစီ၊ သိအံ့ခဲယဉ်း၊ ပမာလျှံးသော်၊ ကပ်ချဉ်းမကွာ၊ ငါမျှသာသည်၊ ပညာအနည်း၊ ဆိတ်စာတည်းဖြင့်၊ နိဿရည်း သေချာ၊ မှန်ကန်စွာအောင်၊ ကျမ်းလာချက်ချက်၊ ဆိုမည်ခက်၏၊ ရွှေငှက်ဂဠုန်၊ တောင်ဟုန် ခတ်ကာ၊ ပုံလေရာကို၊ နည်းနာမှီလျက်၊ နှံစုတ်ငှက်သည်၊ တုဖက်လေယောင်၊ လူဘောင်ဆိုရေး၊

ပြစ်ရှုပ်ထွေးကို၊ မျှော်တွေးလိုက်လျှင်၊ ကိုယ်၌မြင်လည်း၊ သိချင်သည်၊ ချင်ခြင်းဟူသား၊ အပူ ရောဂါ၊ ဝေဒနာသည်၊ အာသာပျောက်ခွင့်၊ ဉာဏ်ဆေးလွှင့်၍၊ ပြေနှင့်ရုံမျှ၊ ရုံးကာပြရှင့်၊ မုချ ဧကန်၊ သည်သာမှန်ဟု၊ ကျမ်းဂန်ဖြောင့်ယူ၊ သိလိုမူကား၊ ငါးဆူနိကာယ်၊ ပင်လယ်ကူးတို့၊ ကူးသန်းပို့သား။ မြင်းမိုရ်ပမာ၊ ဂုဏ်ပညာနှင့်၊ မြို့ရွာတိုင်းသူ၊ ရှင်လူမင်းမတ်၊ ရှိခညွတ်လျက်၊ တုလွတ်-ကျော်စော၊ ကျေးဇူးပြောသား၊ ဇိနောရသ၊ပေါက်ပြဉန်ဝါ၊ ထေရ်ဆရာကို၊ ပဒေသာပင်၊ ဆွတ်သောသွင်သို့၊ ယူငင်စိတ်ဖြာ၊ လျှောက်လေရာ၏၊ မဟာသမုဒ်၊ ဝဲဝုတ်လှိုင်းလိပ်၊ တောင် နှယ်ရိပ်လည်း၊ ကမ်းထိပ်ရောက်ခါ၊ ပျောက်ပျက်ကာသို့၊ နှိုင်းရာတူမျှ၊ ဖြစ်လေရလိမ့်၊ စကြာ သေဉ်နင်း၊ မင်းတို့ထိုက်တန်၊ ဝဿဝဏ်သို့၊ ကဲလွန်ကျက်သရေ၊ မြူတေထိန်ထိန်၊ဉာဏ်ဇွန်ရေမြေ လေထု၊ မေရုဂိရိန်၊ စက်ရဝိန်သည်။ ။ဝရဇိန်ဓိပတိ ဉာဏ်တော်သော်။

ဤကဗျာ၌ ငါတို့ဆရာတော်သည် ဗန်ကျီတိုက် ဆားလင်းကြီးအရပ်၌ ဗုဒ္ဓရက္ခိတခံ ပရမသိရိမဟာသာမိထေရ်၊ ဓမ္မရက္ခိတခံ ဒီပါလင်္ကာရ မဟာသာမိထေရ်၊ သံဃရက္ခိတခံ ဇိနောရသ မဟာသာမိထေရ်၊ ထိုအရှင်သုံးပါးတို့၏ အထံ၌ ရှည်မြင့်စွာ နည်းနာနယခံတော်မူငြားသော်လည်း သိရိမာလာက ပုစ္ဆာပြဿနာ မေးလျှောက်သော ကာလ ဗုဒ္ဓရက္ခိတမဟာသာမိ၊ ဓမ္မရက္ခိတမဟာသာမိထေရ်မြတ် နှစ်ပါးတို့သည် မရှိကြပြီ ဖြစ်၍ သံဃရက္ခိတ မဟာသာမိထေရ်သို့သာ ဆည်းကပ်၍ ယုံမှား သင်္ကာရှိလျှင် မေးလျှောက်ပါလေဟူ၍ ဥပဒေသပြခဲ့၍ စပ်ဆိုသော ကဗျာဖြစ်သည်။ ဤအမှာကို အကျွန်ုပ်သိရိသဒ္ဓမ္မ ရေးသွင်းလိုက်ပေသည်။

တပည့်တော် သိရိမာလာ လျှောက်ဝံ့ပါသည် ဇေတဝန်ဆရာတော်ဘုရား–

၃၅-ပဏ္ဍာ။ ။သုံးဆယ်သော ဓမ္မတာတို့တွင် နံနက်တစ်ကြိမ်၊ ညဉ့်တစ်ကြိမ် ဝေနေယျတို့ကို ကြည့်တော်မူခြင်း။ ဝတ္ထုဖြစ်သည်ရှိသော် သိက္ခာပုဒ်တို့ကို ပညတ်တော် မူခြင်း။ အတ္ထုပ္ပတ္တိ ရှိသည်ရှိသော် ဇာတ်တော်ကို ဟောခြင်း။ ဆွေတော်မျိုးတော်တို့ အစည်းအဝေး၌ ဗုဒ္ဓဝင်တရားကို ဟောတော်မူခြင်း။ ဤသို့ အစဉ်ကိုဆိုပါသည်။

ကိုးခန်းပျို့တွင် - "ဝေနေယတ္တဝါ၊ ရှိရာရာကို၊ နှစ်ခါမျှော်ရှု၊ အနုရူပ၊ ကြောင်းစ လျှင်းသော်၊ ဟောဖော်ဇာတ်ရိုး၊ နွယ်မျိုးဆွေဘောင်၊ ဟောဆောင်ဗုဒ္ဓဝင်" ဟု စပ်ဆို တော်မူပါသည်။ အကြောင်း ဖြစ်သည်ရှိသော် သိက္ခာပုဒ်ကို ပညတ်တော်မူခြင်းကို စပ်တော်မမူပါ။ သိက္ခာပုဒ်ကို ပညတ်တော်မူခြင်းသည် ဓမ္မတာသုံးဆယ်တွင် မဝင်ထိုက် သောကြောင့် ခြွင်းလေသည် ဖြစ်မည်။ ဝင်ထိုက်လျက်၊ အနုရူပ၊ ကြောင်းစလျှင်းသော်၊ ဟောဖော်ဇာတ်ရိုး- ဟု စပ်ဆိုရာ၌ ဝင်ထိုက်လေပြီဟု နှလုံးသွင်း၍ ခြွင်းလေသည် ဖြစ်မည်ကို သိသာအောင် မိန့်တော်မူပါ။

သက္ကရာဇ် ၁၁၇၂-ခု၊ နယုန်လဆန်း ၁-ရက်၊ ကြာသပတေးနေ့၊ မုံရွာ သိရိမာလာက လျှောက်လာရာတွင် ဖြေဆိုလိုက်သည်ကား-

၃၅-ဝိသဇ္ဇနာ။ ။ဓမ္မတာသုံးဆယ်တို့တွင် အကြောင်းဝတ္ထု ဖြစ်သည်ရှိသော် သိက္ခာပုဒ်ကို ပညတ်တော်မူခြင်းသည် ဓမ္မတာ၌ ဝင်မဝင်ကို မေးရာ၌-

ဥပ္ပန္နဝတ္ထုသို့ သိက္ခာပဒ ပညာပန်-ဟူ၍ ဗုဒ္ဓဝင် အဋ္ဌကထာ၊ သာရတ္ထသင်္ဂဟကျမ်းတို့၌ လာသောကြောင့် အကြောင်းဖြစ်သည်ရှိသော် သိက္ခာပုဒ်ကို ထားတော်မူခြင်းသည် ဧကန်ဓမ္မတာဝင်၏။ ပို့တွင် စပ်တော်မမူပါ။ သိက္ခာပုဒ် ပညတ်တော်မူခြင်းကို "အနုရူပ၊ ကြောင်းစလျဉ်းသော်၊ ဟောဖော်ဇာတ်ရိုး" ဟု စပ်ရာ၌ ဝင်ထိုက်လေပြီဟု ခြွင်းလေသည် ဖြစ်မည်လောဟူမေးရာ၌ ဇာတ်ကို ဟောတော်မူခြင်းမှာလည်း "ဥပ္ပန္နာယ အတ္ထုပ္ပတ္တိယာ ဇာတကကထံ"ဟူ၍ အခြားပင်သီးသန့်၍ လာသောကြောင့်မသွင်းထိုက်ချေ။ ပို့မှာ မပါမရှိဆိုရာမှာ စာစောင်အရေးအကူးများ၍ ကျရစ်သည် ဖြစ်မည်။ ယင်းသို့မဟုတ် စပ်တော်မူရင်းကပင် မပါလေသည် ဖြစ်မည်ကိုသာ စုံစမ်းသင့်သေးသည်။ သိက္ခာပုဒ်ထားခြင်း ၊ ဇာတ်ကို ဟောခြင်းတို့မှာ ဓမ္မတာစင်စစ်ဖြစ်၍ နှစ်ပါးပင်ဖြစ်သည်။ တပါးတည်းပေါင်း၍ တစ်ခုသာ မရေတွက်အပ်။

၇၆-ပုစ္ဆာ။ ။လက္ခဏာတော်ငယ်ရှစ်ဆယ်၌လည်း တလံမျှလောက်သောရောင်ခြည်တော် ရှိကြောင်းကို ပါလာပါသည်၊ တလံမျှလောက်သော ရောင်ခြည်တော်သည် လက္ခဏာတော်ငယ် အဝင်ဖြစ်ကလည်း ဖွားတော်မူစဉ် ကာလကပင် ပါသင့်ပါသည်၊ သို့ပါခဲ့လျှင်လည်း ထိုတလံမျှလောက်သော ရောင်ခြည်တော်ကို ဘုရားသခင် အလံတော်ယူလျှင် တလံသော် လေးတောင်ဖွဲ့၍ ဘုရားသခင့် တစ်တောင်သည် ပကတိလူတို့လေးတောင်ဆိုသည်နှင့် တွက်သော် တဆယ့်ခြောက်တောင် ရ၏၊ ထိုတဆယ့်ခြောက်တောင်ကို အရပ်ငါးမျက်နှာဖြစ်၍ ငါးခုဖြင့် မြှောက်သော် အတောင်ရှစ်ဆယ် ဖြစ်၏။ အတောင်ရှစ်ဆယ် အမှန်တွက်ရပါသည်၊ အများပင်လည်း အရောင်တော် အတောင်ရှစ်ဆယ် ရှိကြောင်းကို ပြောဆိုကြပါသည်၊ သို့ကိုလျက် ပဌာန်းတရားကို ဆင်ခြင်တော်မူရာတွင်မှသာ အတောင်ရှစ်ဆယ်မျှ ရောင်ခြည်တော်ထွက်ကြောင်းကို ဆိုကြပြန်ပါသည်၊ သည်အရာကိုလည်း ခြားနား၍ သိလိုပါသည်။

၇၆–ဝိဿဇ္ဇနာ။ ။တလံမျှလောက်သော ရောင်ခြည်တော်သည် လက္ခဏာတော် အဝင်ဖြစ်ကလည်း ဖွားတော်မူစဉ် ကာလကပင် ပါသင့်ပါသည် စသည်ဖြင့်မေးရာ၌–

မြတ်စွာဘုရား၏ ရောင်ခြည်တော်သည် လက္ခဏာရောင်ခြည်တော်၊ အသီတိ နိစ္စလဋ္ဌိတိ ရောင်ခြည်တော်၊ အနန္တဒသဒိသာဖရဏာ ဖြစ်သော ရောင်ခြည်တော်ဟူ၍ သုံးပါးရှိသည်တွင် လက္ခဏာရောင်ခြည်တော်သည်ကား ဖွားတော်မူစဉ် ကာလကပင် ကနကသမတ္တစ၊ ရွှေအဆင်းနှင့် တူသော ကိုယ်တော်ရှိသည်ဖြစ်၍ ပရိသမန္တ ပဘာဝန္တ ဖြစ်သော ထက်ဝန်းကျင် တလံမျှလောက်သော ရောင်ခြည်တော်သည် တောက်ပလျက် တည်သည်၊ မဟာပဏာမကြီး စသည်တို့၌လည်း ဗျာပပ္ပဘာဝန္တဗောန္ဓိကော–ဟူသော စကားကိုလည်း လက္ခဏာတော်အဝင်ဖြစ်၍ပင် ဆိုသည်။

ဘုရားလောင်းသည် လူသားစင်စစ် ပုထုဇဉ်သာ ဖြစ်တော်မူသေးသည်၊ အရိယာအဖြစ်သို့ အရောက်သေးဘဲလျက်တလံမျှလောက်သော ရောင်ခြည်တော်တို့သည် မထွန်းပတန်ရာ။ ဘုရားဖြစ်မှသာ ထွန်းပတန်ရာ၏ တကားဟု ဆိုငြားအံ့။ ဘုရားလောင်း မဟာပုရိသကို မဆိုလင့်ဦး၊ ယသောဓရာဒေဝီတို့ပင် သော်လည်း တဆယ့်နှစ်တောင်ရှိသော တိုက်ခန်းအတွင်း၌ ဆီမီးမထွန်းရ ဇာတိပါကိုယ်ရောင်မျှဖြင့်သာ တောက်ပသည်ဆိုသည်။ယသောဓရာ အပဒါန်၌လည်း

ယသော်ဓရာဒေဝီသည် ကာမဓာတ်၌ ဘုရားသခင်ကိုထား၍ အကျွန်ုပ်နှင့်တူသော အရောင်အဆင်းနှင့် ပြည့်စုံသောသူမရှိဟု လျှောက်လိုသောကြောင့်–

ကာမဓာတုံ အတိက္ကန္တာ၊ သဏ္ဌိတာ ရူပဓာတုယာ။
ရူပေနံ မံ သမော နတ္ထိ၊ ဌပေတွာ လောကနာယကံ။

မဟာမုနိ၊ သခင်ဘုရား။ ကာမဓာတုံ၊ ကာမဓာတ်ကို။ အတိက္ကန္တာ၊ လွန်ခဲ့၍။ ရူပဓာတုယာ၊ ရူပဓာတ်၌။ သဏ္ဌိတာ၊ တည်ကုန်၏။ လောကနာယကံ၊ မြတ်စွာဘုရားကိုယ်တော်ကို ဌပေတွာ၊ ထားဦး၍။ ရူပေန၊ အဆင်းဖြင့်။ မံ၊ အကျွန်ုပ်နှင့်။ သမော၊ တူသောသူသည်။ နတ္ထိ၊ မရှိဟူ၍ဆိုသည်။

ယသောဓရာဒေဝီကို မဆိုထားလင့်ဦး၊ ပဘာဝတီမင်းသမီး၊ ဘဒ္ဒကာပိလာနီတို့ပင်သော်လည်း လေးတောင်ရှိသော တိုက်ခန်းတွင်း၌ ဆီမီးမထွန်းရ ကိုယ်ရောင်ဖြင့်သာ ထွန်းလင်းနိုင်သည်ဟုဆိုသည်။ အသီတိ သာဝကအဝင် အရှင်ဝက္ကလိမထေရ်သည်လည်း—

အမှာကံ သတ္ထုနော ကာလေ သာဝတ္ထိယံ ပြာဟွဏကုလေ နိဗ္ဗတ္တိ။ တဿ ဝက္ကလိတိ နာမံ ကရိံ သု။ တတ္ထ ကလိတိ အပရာဓော။ တိလကာဠကာဒိဒေါသရဟိတတ္တာ နိဒ္ဒုန္တသုဝဏ္ဏ ပိဏ္ဍသဒိသတာယ ဗျာမပွဘာ ကလိတိ ကကာရာဂမံ ကတွာ ဝက္ကလိတိ ဝုစ္စတိ-ဟူ၍ တလံမျှလောက်သော အရောင် ထွန်းပကြောင်းကို ဝက္ကလိထေရ အပဒါန်တွင် လာသည်။

ယင်းသို့ဖြစ်၍ ပစ္ဆိမဘဝိက မဟာပုရိသာဇာနေယျ ဖြစ်တော်မူသော သိဒ္ဓတ်မင်းသား မြတ်သည် လူသားဖြစ်လျက် တလံမျှလောက်သော ကိုယ်ရောင်တော်သည် မထွန်းပတန်ရာဟု မအောက်မေ့သင့် မဆိုသင့်၊ ရောင်ခြည်တော်သုံးပါးတွင် လက္ခဏာရောင်ခြည်တော်သည် ထက်ဝန်းကျင် တလံပမာဏမျှထွန်း၏။ ထိုတလံမျှလောက်သော ရောင်ခြည်တော်သည် လက္ခဏာတော်ရှစ်ဆယ် အဝင်ဖြစ်သောကြောင့် သာရတ္ထဒီပနီဋီကာ၌ အန္တရာယ် မပြုနိုင်သည်လေးပါးကိုဖွင့်ရာတွင်—

ဗျာမပွဘာယာတိ သမန္တတော ဗျာမမတ္တာယ ပဘာယ။ ဧတ္ထ အနုဗျဉ္ဇနာနံ ဗျာမပွ-ဘာယစ။ ဟူ၍လည်းကောင်း။

အနုဗျဉ္ဇနာနံ ဗျာမပွဘာ ဧကာ ပဒွတ္တာ ဝုတ္တံ အနုဗျဉ္ဇန ဗျာမပွဘာပဒေသံ ပတွာတိ။ ဟူ၍ လည်းကောင်း။ ဖွင့်ဆိုသည် ဖြစ်သောကြောင့် တလံမျှလောက်သော ရောင်ခြည်တော်ကို လက္ခဏာတော်ငယ် အဝင်ဟူ၍သာ မှတ်အပ်သည်။

အသီတိ နိစ္စလဒ္ဓိတိ ရောင်ခြည်တော်ဟူသည်ကား— အဋ္ဌသာလိနီအဋ္ဌကထာ ကျမ်း၌ အသီတိဟတ္ထမတ္တေ ပဒေသေ နိစ္စလော၀ အဋ္ဌာသိ– ဟူသော ပါဠိနှင့်အညီ တန်ခိုးတော်ဖြင့် မဖန်ဆင်းမူ၍ ပကတိ နေ့ညဉ့်မပြတ် အတောင် ရှစ်ဆယ်မျှလောက်သော အရပ်၌ တည်လေ၏ဟု ဆိုသည်ကို ထောက်၍ လည်းကောင်း။

သုတ္တနိပါတ်အဋ္ဌကထာ သုဒ္ဓဋ္ဌကသုတ် အဖွင့်တွင်—

ပုဒ္ဓဿ ဟိ သမီပေ အသီတိ ဟတ္ထဗ္ဘန္တရတော အညော အာလောကော နာဟောသိ–

ဟူသော ပါဠိဖြင့် ဘုရားသခင်၏အနီး အတောင်ရှစ်ဆယ် အတွင်း၌ တစုံတခု တပါးသော အလင်းသည် မထွန်းပနိုင်ရာဆိုသည်ကို ထောက်၍လည်းကောင်း အသီတိ နိစ္စလဋ္ဌိတိ ရောင်ခြည်တော်ကို သိအပ်၏။

အနန္တ ဒသဒိသာဖရဏာ ရောင်ခြည်တော်သည်ကား–

တာ ဆဗ္ဗဏ္ဏရသ္မိယောနိက္ခမိတ္တာ ဃနမဟာပထဝီ ဂဏ္ဍီသု။ စတုနဟုတာဓိကဝီသ ယောဇန သတသဟဿဗဟလာ မဟာပထဝီ နိဒ္ဒန္တ သုဝဏ္ဏပိဏ္ဍိဝိယအဟောသိ–

အစရှိသော ပါဠိနှင့်အညီ အောက်သို့ပြေးလေ ဖောက်ထွင်းလေသော ရောင်ခြည်တော်သည် နှစ်သိန်းလေးသောင်း အထူရှိသော တခဲနက်သော မြေကြီးကို မြွေးယှက်၍ ရွှေစိုင်တုံးကဲ့သို့ ဖြစ်စေပြီး၍ ထိုမြေကြီးချင်း ဖောက်၍ အောက်၌ရှိသော လေးသိန်းရှစ်သောင်းသော ရေအထုကို ရွှေရည်ဖြင့် ပြည့်သော အိုးတို့မှ မှောက်သွန်လိုက်သော ကြည်လင်စွာသော ရွှေပျော်းကဲ့သို့ ဖြစ်စေပြီး၍၊ ထိုရေကို ဖောင်ထွင်းပြန်၍၊ ကိုးသိန်း ခြောက်သောင်း အထူရှိသောလေကို ကောင်းစွာ စိုက်ထူအပ်သော ရွှေသည်တိုင်ကဲ့သို့ ဖြစ်စေ၍၊ ထိုလေအထူကို ချင်းဖောက်၍၊ အောက်ဖြစ်သော အနှာင့်အယှက် မရှိသော ကောင်းကင်ပြင်သို့ ပြေးလေ၏။

အထက်အဖို့ဖြင့် ပျံတက်လေသော ရောင်ခြည်တော်တို့သည် နတ်ပြည်ခြောက်ရွာ၊ ဗြဟ္မာ့ပြည် အဆက်ဆက် ဘဝဂ်တိုင်အောင် တက်ပြီး၍ အထက်ကောင်းကင်သို့ ပြေးဝင်လေ၏။

ဖီလာအားဖြင့်ကား-အဆုံးမရှိသော စကြဝဠာ အရပ်ရှစ်မျက်နှာတို့သို့ ပြေးလေ၏၊ ထို အရပ်ဆယ်မျက်နှာတို့၏ အတွင်း၌ လ၏အရောင်၊နေ၏အရောင်၊ နက္ခတ်တာရာတို့၏အရောင်၊ နတ်တို့၏ ဥယျာဉ်ရေကန် ဝိမာန် ပဒေသာပင်တို့၏အရောင်၊ နတ်တို့၏ကိုယ်ရောင်၊ ဝတ်ဆင်သော ဘယက်တန်ဆာ ရတနာတို့၏ အရောင်တို့သည် မရှိနိုင်ပြီ၊ ကုဋေတသိန်းသော လောကဓာတ်တို့ကို ကိုယ်ရောင်ဖြင့် နှံ့စေခြင်းငှာ စွမ်းနိုင်သော ဗြဟ္မာကြီးတို့ စဉ်လျက်လည်း နေဝန်းတက်သောအခါ ပိုးစုန်းကြူးအရောင် ကဲ့သို့သာ ဖြစ်လေ၏။ နေ လ တာရာ နက္ခတ် ဥယျာဉ် ဝိမာန် ပဒေသာပင်တို့၏ အပိုင်းအခြားမျှသာလျှင် ထင်ကုန်၏။

ဧတ္တက် ဌာနံ ဗုဒ္ဓရသ္မိဟိယေဝ အဏ္ဍောတ္ထတံ အဟောသိ။

ဤမျှလောက်သော လောကဓာတ်ကို မြတ်စွာဘုရား ရောင်ခြည်တော်တို့ဖြင့်သာ လွှမ်းမိုးလေ၏ ဟူလိုသည်။

ဤအနန္တဒသဒိသာဖရဏာဖြစ်သော ရောင်ခြည်တော်၊ အသီတိနိုလဋ္ဌိတိဖြစ်သော ရောင်ခြည်တော်တို့သည်ကား-ဘုရားဖြစ်တော်မူမှသာ ဖြစ်သည်၊လက္ခဏာရောင်ခြည်တော်သည် ဖွားတော်မူစကပင် ပါလာသည်ဟု မှတ်အပ်၏။

ကထာဝတ္ထုကျမ်း၌လည်း—

ယထာ ဗောဓိသတ္တဿ ပကတိကာယော သမန္တာ ဗျာမံ သြဘာသတိ။ ဧဝမေဝ စက္ကဝတ္တိသတ္တဿ ပကတိကာယော သမန္တာဗျာမံ သြဘာသတီတိ။နဟေဝံ ဝတ္တဗ္ဗေ။

ဟူ၍လာသည်။

အဓိပ္ပာယ်ကား။ ။ဘုရားလောင်း၏ ပကတိသောကိုယ်ရောင်သည်ထက်ဝန်းကျင် တလံမျှ ထွန်းပတိသကဲ့သို့ စကြဝတေးလောင်းတို့အား ပကတိသော ကိုယ်ရောင်သည် ထက်ဝန်းကျင် တလံမျှ ပမာဏထွန်းပမည်လော ဟူကြားအံ့၊ မထွန်းပရာဟု ဆိုသည်ကို ထောက်၍ ဘုရားလောင်းတို့မှာ ဖွားတော်မူစကပင် ပကတိသောရောင်ခြည်သည် ရှိလေပြီဟု မှတ်သင့်သည်။

အနန္တဒသဒိသာဖရဏဖြစ်သော ရောင်ခြည်တော်၊ အသီတိ နိစ္စလဋ္ဌိတိဖြစ်သော ရောင်ခြည်တော်တို့သည်ကား-ဘုရားသခင်၏ အဓိဋ္ဌာန်တန်ခိုးကြောင့်လည်း မဟုတ်၊ ဘာဝနာကြောင့်ဖြစ်သော အဘိညာဉ်တန်ခိုးကြောင့်လည်း မဟုတ်။ ထို့ကြောင့်—

အယဉ္စ နေဝ ဗုဒ္ဓါနံ အဓိဋ္ဌာန ကွဒ္ဓိ၊ န ဘာဝနာမယာ ကွဒ္ဓိ။ သဏ္ဌာသုခုမဓမ္မမ္ပန သမ္မသတော လောကနာသဿ လောဟိတံ ပသီဒိ။ ဝတ္ထုရူပံ ပသီဒိ။ ဆဝိဝဏ္ဏော ပသီဒိ။ စိတ္တသမုဋ္ဌာနာ ဝဏ္ဏဓာတု သမန္တာ အသီတိ ဟတ္ထ မတ္တေပဒေသေ နိစ္စလောဝ အဋ္ဌာသိ–

ဟု ဆိုသည်။

အဓိပ္ပာယ်ကား။ ။ဤရောင်ခြည်တော်တို့သည် ဘုရားသခင်တို့၏ တန်ခိုးတော်ကြောင့်လည်းမဟုတ် ဘာဝနာဖြင့်ပြီးသော တန်ခိုးကြောင့်လည်းမဟုတ်။ သိမ်မွေ့နူးညံ့သော ပဋ္ဌာန်း တရားတော်ကို သုံးသပ်တော်မူသော ဘုရားသခင်၏ အသွေးတော်သည် ကြည်လင်၏။ ဟဒယဝတ္ထုသည် ကြည်လင်၏၊ အရေအဆင်းတော်သည် ကြည်လင်၏။ စိတ်လျှင်ဖြစ်ကြောင်းရှိသော ဥတုသမုဋ္ဌာနိကဝဏ္ဏဓာတ်သည် ထက်ဝန်းကျင် အတောင်ရှစ်ဆယ်မျှ လောက်သော အရပ်၌ အမြဲလျှင်တည်လေ၏ ဟူလိုသည်။

ဤသို့လျှင် ဖွားတော်မူသော ကာလက ပါသော လက္ခဏာရောင်ခြည်တော် ဘုရားဖြစ်တော်မူမှရသော အမြဲတည်သော အသီတိနိစ္စလဋ္ဌိတိ ရောင်ခြည်တော်၊ အနန္တဒသဒိသာဖရဏ ရောင်ခြည်တော်တို့ကို ခြားနား၍ သိအပ်၏။ သုတ္တနိပါတ် အဋ္ဌမထာ ပုရာဘေဒသုတ် အဖွင့်တွင်-ဗျာမ၊ အသီတိ၊ အနန္တပွဘာယတ္တာ ဟောန္တိ။ ဟူ၍ ဗျာမ၊ အသီတိ။ အနန္တ ရောင်ခြည်တော် သုံးပါးကို ဆိုပြီးလျှင် တတ္ထ ဗျာမပွဘာတိ အသီတိပွဘာ စ သဗ္ဗေသံ သမာနာ။ ဟု ဗျာမမည်သော လက္ခဏာရောင်ခြည်၊ အသီတိ ရောင်ခြည်တို့သည် ဘုရားတကာတူကြ၏။ အနန္တရောင်ခြည်မှာ အတောင်ရှစ်ဆယ်ထက်လွန်၍ ထွန်းပသမျှသော ရောင်ခြည်တော်ကိုပင်သွင်းလိုသည် ထို့ကြောင့်—

အနန္တပွဘာ ပန ဒူရံဝါပိ ဂစ္ဆတိ အာသန္နံ ကေဂါဝုတံ ယောဇနံ အနေကယောဇနံ စက္ကဝါဠပရိယန္တမ္ပိ

ဟူ၍ဆိုသည်

မင်္ဂလမြတ်စွာဘုရား၏ တသောင်းသော စကြာဝဠာသို့ သွားသောရောင်ခြည်တော်ကိုလည်း အနန္တရောင်ခြည်တော် ဟူ၍ပင် ဆိုသည်။ ထို့ကြောင့် မင်္ဂလသေ့ ပန ဗုဒ္ဓသေ့ သရီရပွဘာ ဒသသဟသေ့ စက္ကဝါဠံ့ အဂမာသိ– ဟူ၍ဆိုသည်။ ထိုရောင်ခြည်တော်သည် လူတို့စိတ်နှင့် အလိုရှိတိုင်းပင်သော်လည်း ထွန်း၏။ ဘုရားသခင်တို့၏ စိတ်တော် အလိုရှိတိုင်းပင်လည်း ရောက်နိုင်၏ဟု ပြခြင်းငှာ။ ။ ဧဝံ သန္တေပိ မနုဿာနံ စိန္တာယတ္တာ စ သတ္တဗုဒ္ဓါနံယေဝ ယသေ ယတ္တကံ ဣစ္ဆတိ၊ တသေ တတ္တကံ ဂစ္ဆတိ။ အယံ ရသ္မိဝေမတ္တတာ– ဟူ၍ ဆိုလေသည်။

တလံမ္မလောက်သော ရောင်ခြည်တော်ကို ဘုရားသခင်အလံ ဟူ၍ ယူလျှင် တလံသော် လေးတောင်ဖွဲ့၍ ဘုရားသခင် တတောင်သော် ပကတိလူတို့ လေးတောင် ဆိုသည်နှင့် တွက်သော် တဆယ့်ခြောက်တောင်ရ၏။ ထိုတဆယ့်ခြောက်တောင်ကို အရပ် ငါးမျက်နှာဖြစ်၍ ငါးခုမြောက်သော် အတောင်ရှစ်ဆယ် အမှန်အတွက်ရပါသည်။ သို့ကိုပင် ပဌာန်းတရားကို ဆင်ခြင်တော်မူရာတွင်မှ အတောင် ရှစ်ဆယ် ထွက်ကြောင်းကို ဆိုပြန်ပါသည်။ သည်အရာကို ခြားနား၍ သိလိုပါသည် ဟူရာ၌—

ဗျာမပွဘာယာတိ ဥဗ္ဗေဓတော နိဂ္ဂြောဓပွမာဏာယ၊ သမန္တတော ပန ပကတိပုရိသဿ အသီတိ ရတနပွမာဏာယ ပဘာယ သုဋ္ဌု သြဘာသန္တိ။ သာ ဟိ ဘဂဝတော ဧကရတနံ မဏ္ဍိမပုရိသဿ တိရတနံ ဟောတိ။ မဏ္ဍိမပုရိသဿ ဧကရတနံ ပကတိပုရိသဿ အဋ္ဌဂုံလာမိက ရတနံ။ တသ္မာ ဘဂဝတော စတုရတနသုတံ ဗျာမံ ပကတိပုရိသဿ သောဋ္ဌသရတနံ ဟောတိ။ တေန စတုဒိသာ ဥပရိဋ္ဌာတိ ပဋ္ဌသု ဒိသာသု သောဋ္ဌသသောဋ္ဌသာတိ ကတွာ သမန္တာ အသီတိဟတ္ထရတနပွမာဏာတိ။

ဟူ၍ ပရိတ်ကြီး ဋီကာသစ်၌လာသည်။

အဓိပ္ပာယ်ကား။ ။တလံမ္မလောက်သော ရောင်ခြည်တော်သည် အမြင့်အားဖြင့် ပညောင်ပမာဏ၊ ထက်ဝန်းကျင်အားဖြင့် ပကတိသော လူတို့၏ အတောင်ရှစ်ဆယ် ပမာဏ အတိုင်းအရှည် ကောင်းစွာ ထွန်းပကုန်၏။ ထိုအတောင်ရှစ်ဆယ် ယူဟန်ကား မြတ်စွာဘုရား၏ တတောင်သည် မဏ္ဍိမပုရိသ၏ သုံးတောင်၊ မဏ္ဍိမပုရိသ၏ တတောင်သည် ပကတိပုရိသ၏ တတောင်နှင့် ရှစ်သစ်ရှိ၏၊ ထို့ကြောင့် ဘုရားသခင်၏ လေးတောင်ဖြစ်သော တလံသည် ပကတိပုရိသ၏ တဆယ့်ခြောက်တောင်တည်း။ ထိုတဆယ့်ခြောက်တောင်ဖြင့် အထက်၊ လက်ဝဲ လက်ယာ၊ ရှေ့၊ နောက်ဟူသော အရပ်ငါးပါးနှင့် မြောက်ပွားသည် ရှိသော် ထက်ဝန်းကျင် အတောင်ရှစ်ဆယ် အတိုင်းအရှည် ဖြစ်၏ ဟူလိုသည်။

ဤပရိတ်ကြီး ဋီကာသစ် ဆရာသည် ဗျာမပွဘာမည်သော လက္ခဏာ ရောင်ခြည်တော်ကို အဋ္ဌသာလိနီအဋ္ဌကထာ၌ အသီတိနိစ္စလင်္ဂတိဝိနိစ္ဆယနှင့် နှောရ၍ တော်လျော်အောင် ဆိုလေသည်။ ယင်းသို့ ဆိုလေသော်လည်း ဘုရားသခင် တတောင်ကို မဏ္ဍိမပုရိသ သုံးဆတက်၊ မဏ္ဍိမပုရိသတတောင်ကို ပကတိပုရိသ အတောင်တစ်ခုခွဲတက်ဆိုသည့် အဋ္ဌကထာ ဋီကာတို့နှင့် မညီရကား မသင့်။ ဘယ်သို့ မညီသနည်း ဟူငြားအံ့ ပရိတ်ကြီး ဋီကာမှာ မဏ္ဍိမပုရိသဿ ဧကရတနံ ပကတိပုရိသဿ အဋ္ဌဂုံလာမိကရတနံ ဟူ၍ မဏ္ဍိမပုရိသတတောင်ကို ပကတိပုရိသက တတောင်နှင့် ရှစ်သစ်လိုက်ရမည်ဆိုသည်၊ အဋ္ဌကထာ ဋီကာတို့၌ကား–

သုဂတဝိဒတ္ထိ နာမ ဣဒါနိ မဇ္ဈိမပုရိသဿ တိဿော ဝိဒတ္ထိယော၊ ဝမ္ဗုကိဟတ္ထေန ဒိယမ္ဗုဟတ္ထော ဟောတိ။

ဟူ၍လာသော ကခီဝိတရဏီ အဋ္ဌကထာပါဠိ။

ယသ္မာ ပန ပကတိပုရိသဿ ဒိယမ္ဗုဂုံလိ မဇ္ဈိမဿ ဧကာ အဂုံလိ ဟောတိ။ တထာ ဝိဒတ္ထိရတနံ ဗာဟာ ဗျာမော စ။ တသ္မာ မဇ္ဈိမဿ မုဋ္ဌိရတနံ ပကတိပုရိသဿ ဝိဒတ္ထာ-ဓိကမုဋ္ဌိရတနံ ဟောတီတိ။ နိဋ္ဌမေတ္ထ ဂန္တုံ။

ဟူ၍လာသော မဂ်လဒီပနီပါဠိ။

မဇ္ဈိမဿ ပုရိသဿ ဟတ္ထေန ယဿ ဒါနိ ဝမ္ဗုကိဟတ္ထောတိ သမညာတန္တိ ဝုတ္တံ။ ယသ္မာ ပန ပကတိပုရိသဿ ဒိယမ္ဗုဂုံလိ မဇ္ဈိမဿ ပုရိသဿ ဧကဂုံလိ ဟောတိ။ တထာ ဝိဒတ္ထိ-ရတနံ ဗာဟာ ဗျာမော စ တသ္မာ မဇ္ဈိမဿ ပုရိသဿ မုဋ္ဌိရတနံ ပကတိပုရိသဿ ဝိဒတ္ထာဓိကမုဋ္ဌိရတနံ ဟောတီတိ နိဋ္ဌမေတ္တ ဂန္တုံ။

ဟူ၍လာသော သီလက္ခန် ဗြဟ္မဇာလသုတ်ဋ္ဌကာ၊ ဤသို့စသည်ဖြင့် လာသော အဋ္ဌကထာ ဋီကာပါဠိတို့နှင့်အညီ ဘုရားသခင်၏ တတောင်ကို မဇ္ဈိမပုရိသ သုံးဆတက်၍ သုံးထောင်ရှိရမည်။ မဇ္ဈိမပုရိသတွင် ပကတိပုရိသ တစ်ခုခွဲတက်ဖြစ်၍ လေးထောင်ထွာရှိရမည်။ ဤသို့တွက်နည်းနှင့်တွက်သော်၊ ဘုရားသခင်၏ တံလဲကို ပကတိပုရိသအတောင်နှင့် တဆယ့်ရှစ်တောင်ရှိသင့်သည်။ တဆယ့်ခြောက်တောင်မရှိသင့်။ ဘုရားသခင်အရပ်တော်လည်း အလံတော်နှင့် တလံပင်ရှိသည်။ ပကတိပုရိသ အတောင်နှင့်တွက်သော် တဆယ့်ခြောက်တောင်မဟုတ်၊ တဆယ့်ရှစ်တောင်အတွက် ရသည်။ ထို့ကြောင့် ဆရာတို့လည်း အဋ္ဌာရသဟတ္ထုဗ္ဗေဓေါတမောဟု ဆိုလေသည်။

ပရိတ်ကြိုးဋီကာစကားနှင့် အဋ္ဌကထာ, ဋီကာစကား မညီဟူသော ပရိတ်ကြိုးဋီကာတွင်လည်း ထက်ဝန်းကျင်လှည့်၍ အတောင်ရှစ်ဆယ်ရှိအောင်ဆိုသည်။ အဋ္ဌသာလိနီ အဋ္ဌကထာတွင်လည်း သမန္တာ အသီတိ ဟတ္ထမတ္တပုဗ္ဗဒေသေ နိစ္စလောဝ အဋ္ဌာသိ။ ဟူ၍ပင် ဆိုသည်ညီပေစွတကားဟု ဆိုငြားအံ့။ မညီချေ။ ပရိတ်ကြိုးဋီကာတွင်မူကား- ပစ္ဆာသု ဒိသာသု သောဠသသောဠသာတိ ကတွာ သမန္တာ အသီတိဟတ္ထရတနပွမာဏာတိ။ ဟူ၍ တမျက်နှာ တမျက်နှာ၌ တဆယ့်ခြောက်တောင်စီရှိစေ၍ ငါးရပ်ကိုပေါင်းသော် ထက်ဝန်းကျင်။ အတောင်ရှစ်ဆယ် ပြည့်စေသည်။ အဋ္ဌသာလိနီ အဋ္ဌကထာတွင်မူကား- ဤကဲ့သို့မယူလို အရပ်ခြောက်မျက်နှာတွင် တမျက်နှာ တမျက်နှာ၌ပင် အတောင်ရှစ်ဆယ်စေ့ စီယူလိုင်သည် ထို့ကြောင့် သမန္တာ အသီတိ ဟတ္ထမတ္တပုဗ္ဗဒေသေ နိစ္စလောဝ အဋ္ဌာသိ။ ဟူ၍ ဆိုလေသည်။

သုတ္တနိပါတ် အဋ္ဌကထာတွင်လည်း သမန္တတော အသီတိဟတ္ထပရိမာဏံ တာယ အဏ္ဏောတ္ထရိတတ္တာ။ ဟူ၍ ဆိုသည်။

သုတ်သီလက္ခန် အဋ္ဌကထာ၌လည်း—

တသ္မိံ ကိရ သမယေ ဒသဗလဿ သရီရတော နိက္ခမိတွာ ဆဗ္ဗဏ္ဏရသ္မိယော သမန္တာ အသီတိဟတပွမာဏေ ပဒေသေ အာဓာဝန္တိ ဝိဓာဝန္တိ။ ဟူ၍ ဆိုသည်။

အဘယ်ကြောင့် တမျက်နှာ တမျက်နှာ၌ပင် အတောင်ရှစ်ဆယ်ပြည့် ယူသင့်ကြောင်းကို သိသနည်းဟူမူကား – ထိုအဋ္ဌသာလိနီ အဋ္ဌကထာ၊ သုတ္တနိပါတ်အဋ္ဌကထာ သုတ်သီလက္ခန် အဋ္ဌကထာကျမ်းတို့ကို ပြုသော ဆရာသည်ပင် သုတ်ပါထေယျ သဒ္ဒတိသုတ်အဖွင့်၌ ဤသို့ ဆိုသည်။

သမန္တပါသာဒိကော သုဝဏ္ဏဝဏ္ဏော အဘိရူပေါ ဒဿနီယော။ ပုရိတ္ထိမကာယတော သုဝဏ္ဏဝဏ္ဏော ရိသ္မိ ဥဒ္ဓဟိတ္တာ ဂဂနတလေ အသီတိဟတ္ထဋ္ဌာနံ ဂဏ္ဟာတိ။ ပစ္ဆိမ-ကာယတော၊ ဒက္ခိဏဟတ္ထတော၊ ဝါမဟတ္ထတော သုဝဏ္ဏဝဏ္ဏာ ရိသ္မိ ဥဒ္ဓဟိတ္တာ အသီတိဟတ္ထဋ္ဌာနံ ဂဏ္ဟာတိ။ ဥပရိ ကေသန္တတော ပဋ္ဌာယ သဗ္ဗကေသာဝဋ္ဋေဟိ မောရဂီဝဏ္ဏာရသ္မိ ဥဒ္ဓဟိတ္တာ ဂဂနတလေ အသီတိ ဟတ္ထဋ္ဌာနံ ဂဏ္ဟာတိ။ ဟေဋ္ဌာ ပါဒတလေဟိ ပဝါဠဝဏ္ဏာ ရသ္မိ ဥဒ္ဓဟိတ္တာ ဥဿန္နယနပထဝီယံ အသီတိဟတ္ထဋ္ဌာနံ ဂဏ္ဟာတိ။ ဧဝံ သမန္တာ အသီတိဟတ္ထမတ္တံ ဌာနံ ဆဗ္ဗဏ္ဏရသ္မိယော ဝိဇ္ဇောတမာနာ ဝိပ္ဖန္ဒမာနာ ဝိဓာဝန္တိ။ ဟူ၍လာသည်။

အဓိပ္ပာယ်ကား။ ။မြတ်စွာဘုရား ရွှေကိုယ်တော်မှ ရွှေအရောင်တို့သည် တက်လတ်၍ ကောင်းကင်ပြင်၌ အတောင်ရှစ်ဆယ်ရှိသော အရပ်ကို စွဲငြိလေ၏။ နောက်ဖြစ်သော ကိုယ်တော်လက်ယာကိုယ်တော် လက်ဝဲကိုယ်တော်မှ ထွက်သော ရွှေအရောင်တို့သည် အတောင်ရှစ်ဆယ်တိုင်တိုင် ထွန်းလေ၏။ အထက်ဖြစ်သော ဆံတော်မှစ၍ ဆံတော်အလျဉ်မှ ရွှေဥဒေါင်း၏ လည်ဆံရောင်နှင့်တူသော စိမ်းမြည်းမှိုင်းသော ရောင်ခြည်တော်သည် အတောင်ရှစ်ဆယ်နှင်နှင် ကောင်းကင်၌ တည်လေ၏။ ခြေတော်အပြင်တို့မှလည်း သန္တာရောင်အဆင်းနှင့်တူသော နီသော ရောင်ခြည်တော်သည် ထွက်လတ်၍ တခဲနက်သောမြေ၌ အတောင်ရှစ်ဆယ်ရှိသော အရပ်သို့ ရောက်စေ၍ ထွန်းတောက်ပလျက် တည်လေ၏။ ဤသို့လျှင် ခြောက်မျက်နှာဖြစ်သောထက်ဝန်းကျင် ပတ်လည်နှံ့အောင် အတောင်ရှစ်ဆယ်စီ ခြောက်လီသော ရောင်ခြည်တော်တို့သည် ထွန်းပလျက် စဉ်လွှင့်လျက် ပြေးလေကုန်၏ ဟူလိုသည်။

ဤနည်းအတူပင် မစ္ဈိမပဏ္ဏာသအဋ္ဌကထာ၊ သဋ္ဌာယတနသံယုတ် အဋ္ဌကထာတို့၌လည်း –

အထသာ ပုရတ္ထိမကာယတော သုဝဏ္ဏဝဏ္ဏာရသ္မိ ဥဒ္ဓဟိတ္တာ အသီတိဟတ္ထဋ္ဌာနံ အဂ္ဂဟေသိ။ ပစ္ဆိမကာယတော၊ ဒက္ခိဏဟတ္ထတော၊ ဝါမဟတ္ထတော သုဝဏ္ဏဝဏ္ဏာ ရသ္မိ ဥဒ္ဓဟိတ္တာ၊ အသီတိဟတ္ထဋ္ဌာနံ အဂ္ဂဟေသိ

စသည်ဖြင့် လာသည်။

ဤသို့လျှင် ပရိတ်ကြီးဋီကာ၌ အရပ်ငါးမျက်နှာကိုပေါင်းမှ အတောင်ရှစ်ဆယ်ပြည့်သည် ဆိုသည်။ သုတ်ပါထေယျအဋ္ဌကထာ စသည်တို့မှာ အရပ်ခြောက်မျက်နှာတွင် တစ်မျက်နှာ တစ်မျက်နှာ၌ပင် အတောင်ရှစ်ဆယ်ပြည့်သည် ဆိုသည်၊ ဤသို့ ခြားနားသည်ကိုလည်း သိသင့်သည်။

ဤစကားရပ်တို့တွင် ဗုဒ္ဓဝင်အဋ္ဌကထာ၌ ရသိဝေမတ္တ-ကို ပြရာဝယ် မဂ်လမြတ်စွာဘုရား ရောင်ခြည်တော်သည် လောကဓာတ်တစ်သောင်းနှံ့၏။ ပဒုမုတ္တရဘုရား တစ်ဆယ့်နှစ်ယူဇနာ၊ ဝိပဿီဘုရားခုနစ်ယူဇနာ၊ သိခီဘုရား သုံးယူဇနာ၊ ကကုသန်ဘုရား ဆယ်ယူဇနာ နှံ့သည်ဟု ဆိုပြီးမှ—

အမှာကမွန ဘဂဝတော သမန္တတော ဗျာမပွမာဏာ ဝုတ္တာ သေသာနံ အနိယတာ အဟောသိ။

ဟု ငါတို့မြတ်စွာဘုရား ရောင်ခြည်တော်ကား တလဲ့ပမာဏသာထွန်းပ၏ဟူ၍ ဆိုသည်။ သုတ်-မဟာဝါ အဋ္ဌကထာတွင်လည်း ၎င်းနည်းပင်ဆိုသည်။ ဤစကားအလိုသော် ငါတို့မြတ်စွာဘုရားမှာ ပကတိလက္ခဏာ ဗျာမရောင်ခြည်တော်ထက် လွန်၍မထွက်လေပြီဟု ယူရန်ရှိ၏။ ထိုသို့ရှိသော်လည်း သုတ္တနိပါတ် အဋ္ဌကထာ၌ ရံသိဝေမတ္တကို ပြသောကာလ။ ဗျာမပွဘာဟိ အသီတိပွဘာ စ သဗ္ဗေသံ သမာနာဟု ဆိုပြန်သည် ဖြစ်သောကြောင့် ဗျာမပွဘာမည်သော လက္ခဏာရောင်ခြည်တော်၊ ဘုရားဖြစ်တော်မူသော ကာလမှထွက်သော အသီတိပွဘာ ရောင်ခြည်တို့သည် ဘုရားတကာတို့ပင် တူမြဲရှိမြဲဟူ၍ ဆိုသောကြောင့် ငါတို့မြတ်စွာဘုရားမှာလည်း တလဲ့သောရောင်ခြည်တော်လည်းရှိ၏။ အတောင်ရှစ်ဆယ်သော ရောင်ခြည်တော်လည်း ရှိ၏ဟူ၍ပင် ယူသင့်သည်။

ဗုဒ္ဓဝင်အဋ္ဌကထာတွင် ပဒုမုတ္တရမြတ်စွာဘုရား၏ နိစ္စလဋ္ဌိတိရောင်ခြည်တော်သည် တဆယ့်နှစ်ယူဇနာနှံ့သည်ဟုဆိုသည်။ သို့ကိုလျက် အပဒါန်ပါဠို ပုပ္ပထူပိယသုတ်တွင်—

ဗုဒ္ဓေါ လောကေ သမုပ္ပန္နော၊ တံ ဝိဇာနာထ နော ဘဝံ။
အသီတိ ဗျဒ္ဓနာနာသ၊ ဗာတ္တိံသ ဝရလက္ခဏာ။
ဗျာမပွဘော ဇိနဝရော၊ အာဒိစ္စောဝ ဝိရောစတိ။

စသောဂါထာဖြင့် တလဲ့မျှလောက်သော ရောင်ခြည်တော် ရှိမည် မရှိမည်ကို ကြည့်ရှုချေဟုစေ၍ ရှိကြောင်းကို တပည့်ငါးထောင်တို့ ပြန်ပြောလျှင် မန္တပါရဂူ ပုဏ္ဏားကြီးသည် သွား၍ ပန်းစေတီဖြင့် ပူဇော်ခဲ့ဖူး၍ ကမ္ဘာတသိန်း အပါယ်မလားကြောင်း၊ ကမ္ဘာလေးထောင်၊ ကမ္ဘာနှစ်ထောင်တို့၌ စကြာမင်းဖြစ်ခဲ့ဖူးကြောင်းကို ဆိုသည်။ ထိုစကား၌ ပဒုမုတ္တရ မြတ်စွာဘုရား၌ တလဲ့သော ရောင်ခြည်တော်လည်း ရှိ၏။ တစ်ဆယ့်နှစ်ယူဇနာထွန်းသော ရောင်ခြည်တော်လည်း ရှိ၏ဟု သိရသကဲ့သို့ ငါတို့ဘုရားမှာလည်း တလဲ့သော ရောင်ခြည်တော်လည်း ရှိ၏။ အတောင်ရှစ်ဆယ်သော ရောင်ခြည်တော်လည်း ရှိ၏ဟူ၍ပင် ယူသင့်သည်။ ဤသို့ ယူသည်ရှိသော် အဋ္ဌသာလိနီကျမ်း၌ အသီတိဟတ္ထမတ္တောပဒေသေ နိစ္စလောဝ အဋ္ဌာသိ-ဟူသောပါဠိနှင့် ညီရာ၏ဟု ထင်ပေသည်။

၇၇-ပဏ္ဍာ။ ။မောရသုတ် ပရိတ်တော်သည် ဂါထာဖြစ်မည်၊ စုဏ္ဏိယဖြစ်မည်ကို သိလိုပါသည်။

၇၇-ဝိသဇ္ဇနာ။ ။မောရသုတ်ပရိတ်တော်သည် ဂါထာဖြစ်မည်။ စုဏ္ဏိယဖြစ်မည် သိလိုပါသည်ဟူရာ၌—

ဥဒေတယံ စက္ခုမာ စသော ပါဠိသည် ပါဠဇာတ်၊ ဒုကနိပါတ်ဇာတ်၌ သဂီဃနာတင်အပ်သော ပါဠိဖြစ်သည်။ ထိုပါဠိဇာတ်ကျမ်းအလုံးသည် ခုဒ္ဒကနိကာယ်အဝင် ဂါထာကျမ်း ဖြစ်သည်။ အဋ္ဌကထာတွင်လည်း—

ဥဒေတယံ စက္ခုမာတိ ဣဒံ သတ္ထာ ဇေတဝနေ ဝိဟရန္တော ဧကံ ဥက္ကဏ္ဌိတဘိက္ခုံ အာရဗ္ဘ ကထေသိ။

ဟု ဂါထာဖြစ်ကြောင်းကို ပြ၍ ဂန္ဆာရမ္ဘသုံးပါးတွင် ဝတ္ထုပုဗ္ဗက ဂန္ဆာရမ္ဘကို ချီသည်။

ဇာတ်တွင်လည်း–

သော ပဘာ တာယ ရတ္တိယာ ပဗ္ဗတမတ္ထကေ နိသိန္နော သူရိယံ ဥဂ္ဂစ္ဆန္တံ ဩလောကေန္တော အတ္တနော ဂေါစရဘူမိယံ ရက္ခာဝရဏတ္ထာယ ဗြဟ္မမန္တံ ဗန္ဓန္တော ဥဒေတယန္တိ အာဒိမာဟ။ ဥဒေတယံ စက္ခုမာ။ လ။ ဝိဟရေမူတိ ဧဝံ ဟောဓိသတ္တော ဣမာယ ဂါထာယ သူရိယံ နမသိတ္တာ ဒုတိယဂါထာယ အတီတေ ပရိနိပ္ပုတေ အတိတေ ဗုဒ္ဓေစေဝ ပုဗ္ဗဝုဏ္ဏေစနမသိတိ၊ ယေ ဗြဟ္မဏာ ဝေဒဂူ။ လ။မောရော စရတိ ဧသနာတိ။ ဟူ၍လာသည်။

ဤသို့ ဇာတ်ကျမ်းတွင်ပင် ပထမဂါထာ၊ ဒုတိယဂါထာဟု ဆိုသောကြောင့် ဂါထာဟူ၍သာ မှတ်သင့်သည်။

ဥဒေတယံ စက္ခုမာ ဧကရာဇာ၊
ဟရိဿဝဏ္ဏော ပထဝိပ္ပဘာသော။
တံ တံ နမဿာမိ ဟရိဿဝဏ္ဏံ ပထဝိပ္ပဘာသံ၊
တယာဇ္ဇ ဝုတ္တာ ဝိဟရေမု ဒိဝသံ။

ယေ ဗြာဟ္မဏာ ဝေဒဂူ သဗ္ဗဓမ္မေ။
တေ မေ နမော တေ စ မံ ပါလယန္တု။
နမတ္ထု ဗုဒ္ဓါနံ နမတ္ထု ဗောဓိယာ၊
နမော ဝိမုတ္တာနံ နမော ဝိမုတ္တိယာ။
ဣမံ သော ပရိတ္တံ ကတ္တာ၊ မောရော စရတိ ဧသနာ။

အပေတယံ စက္ခုမာ ဧကရာဇာ၊
ဟရိဿဝဏ္ဏော ပထဝိပ္ပဘာသော။
တံ တံ နမဿာမိ ဟရိဿဝဏ္ဏံ ပထဝိပ္ပဘာသံ၊
တယာဇ္ဇ ဝုတ္တာ ဝိဟရေမု ရတ္တိံ။

ယေ ဗြာဟ္မဏာ ဝေဒဂူ သဗ္ဗဓမ္မေ၊
တေ မေ နမော တေ စ မံ ပါလယန္တု။
နမတ္ထု ဗုဒ္ဓါနံ နမတ္ထု ဗောဓိယာ၊
နမော ဝိမုတ္တာနံ နမော ဝိမုတ္တိယာ။
ဣမံ သော ပရိတ္တံ ကတ္တာ၊ မောရော ဝါသမကပ္ပယိ။

ဤမောရသုတ်ပရိတ်တော်၌ ဘုရားအလောင်းရွှေဥဒေါင်းမင်းသည် နံနက်အခါ ရွတ်သည့် နှစ်ဂါထာ။ နမော ဝိမုတ္တိယာ-တိုင်ရုံသာတည်း။ ဣမံ သော ပရိတ္တံ ကတ္တာ-နှစ်ပါဒကား-ဘုရားဖြစ်တော်မူမှ ဟောတော်မူသော ဂါထာဝက် နှစ်ပါဒတည်း။

ညအခါလည်း၊ အပေတယံ-အစ။ နမော ဝိမုတ္တိယာ တိုင်ရုံသာ ရွတ်တော်မူသည်။ ဣမံ သော ပရိတ္တံ ကတ္တာ- စသည့်နှစ်ပါဒကား-ဘုရားဖြစ်တော်မူမှ ဟောတော်မူသော ဂါထာဝက် နှစ်ပါဒတည်း။ နံနက်ရွတ်သည်နှစ်ဂါထာ ညရွတ်သည် နှစ်ဂါထာဖြစ်၍ လေးဂါထာဖြစ်ရကား-စတုတ္ထနိပါတ် ဇာတ်ကျမ်းတွင် သင်္ဂီယန တင်ကောင်းလျက် ဒုကနိပါတ်ကျမ်း၌ တင်လေ

သည်ကား - ဒေသနာ ဂမ္ဘီရဖြစ်သည်ကို သိစေလိုၗ် တင်လေသတည်း။ ဤအရာတွင် ဒေသနာ ဂမ္ဘီရဖြစ်သည်ကို သိစေလိုၗ်တင်လေသည်ဟုဆိုလိုက်သည်ကား- ကိုယ်၏ဉာဏ်သက်သောအရာကို သာလိုက်ၗ် ဆိုလိုက်ပေသည်။ မုချသိသောကြောင့် မဆိုရပေ။ အဘယ့်ကြောင့်နည်းဟူငြားအံ့။ ဤပရိတ်တော်ကဲ့သို့ ဂါထာအများဖြစ်လျက်ပင် ဒုကနိပါတ်ကျမ်းၦ သဂီယနာ တင်လေသည်ကား—ခန္ဓဇာတ်ၦ ဝိရူပက္ခ ချီသော ပထမဂါထာ၊ အပါဒကေ ချီသော ဒုတိယဂါထာ၊ မာမံ အပါဒကော ချီသော ပါထာ၊ သဗ္ဗေသတ္တာ ချီသောဂါထာ၊ အပ္ပမာဏော ချီသောသုံးပါး၊ ပမာဏဝန္တာနိ ချီသောပါဠ်။ ကတာ မေ ရက္ခာ ချီသောဂါထာတို့ကို ဒုကနိပါတ်ကျမ်းၦ သဂီယနာတင်လျက် အဋ္ဌကထာၦ–

> အာဒိတော ပန ဒ္ဒိဟိ ဂါထာဟိ စတူသု အဟိရာဇကုလေသု မေတ္တာ သြဓိသကာနောဓိသကဝသေန။ ဒ္ဒိန္နံ မေတ္တာဘာဝနာနံ ဒသိတတ္တာ ဣမံ ပရိတ္တံ ဣဓ ဝုတ္တန္တိ ဝေဒိတဗ္ဗံ။ အညထာ ကာရဏံ ပရိယေသိတဗ္ဗံ။

ဟူၗ် အစနှစ်ဂါထာကို သြဓိသ အနောဓိသအစွမ်းဖြင့် ဤကျမ်းၦဆို၏ဟု မိန့်ပြီးမှဤမှတပါးသော အကြောင်းကိုလည်း ရှာအပ်၏ဟု ဆိုပြန်သည်ဖြစ်၍ ဒေသနာဂမ္ဘီရအဖြစ်ကို မုချမဆိုဝံ့ရှိသည်။ ဤကဲ့သို့သော အရာများသည် ဗုဒ္ဓဝိသယဖြစ်တော့သည်။

ဥဒေတယံ-ဟုရှိသည်ကား-ပါဠိဟောင်း။ဥဒေတိယံ-ဟုရှိသည်ကား-ပါဠိသစ်ဟူၗ် ပရိတ်ကြီး ဋီကာဆရာ ယူဟန်ရှိ၏။

ဥဒေတိယန္တိပိ ပါဌော။ ဝါပရော အသရူပါတိ ဝိသဟော၊ သောယေဝတ္ထော၊ ဟုဆိုအပ်၏။

ဥဒေတယံၦ၊ ပထမ၊ ဒုတိယပါဒ ဥပေန္ဒဝဇြာ။ တတိယပါဒ ဣန္ဒဝဇြာ။ စတုတ္ထပါဒ ဝံသဋ္ဌ။ ပဌမပါဒၦ ဂိဏ်းတခုမမှန်၊ စက္ခုမဟု မ-တွင် အရသဿင့် ရှိမူမှန်၏။ မှန်ငြားသော်လည်း။ ပါဠို, အဋ္ဌကထာ, ဋီကာ အစောင်စောင် တညီတည်း ပုဒ်နေအတိုင်း စက္ခုမာဟု မာ-တွင် အာဒီယနှင့်သာ ရှိရကား–မပြင်သင့်ပြီ။ ဂိဏ်းမှန်စိမ့်သောငှာ ဟရိဿဝဏ္ဏောဟုဿ-သံယုဂ်နှင့် ရှိသည်။ ဟရိသ်တပုဒ်။ သဝဏ္ဏော တပုဒ်ခွဲ၍ရွတ်။ သဝိဘတ်ကဲ့သို့၊ ဟရိဿ-ဟု မရွတ်လင့်။ သမာနကို သပြုသည်။ ထို့ကြောင့် ဋီကာၦ–

> ပသတ္ထဿ သောစာတိ ဧတ္ထ စဂ္ဂဟဏေန ယောဂဝိဘာဂေန ဝါ သမာနသဒ္ဒဿ သာဒေသံ ကတွာ သဝဏ္ဏပဒသိဒ္ဓိ ဉာတဗ္ဗာ။

ဟူၗ် ဆိုသည်။

ဝိဟရေမု-ၦ။ ဃျာမ - ဝိဘတ်ကို၊ ဧမု-ရေးသည်။ ဝိဟာ-ဟု၊ အာဒီယနှင့်လည်းရှိ၏။ ဂိဏ်းမတော်၊ သဒ္ဒါရေးလည်းမသင့်၊ ဒီ ဝဿံဟု ဒီ-တွင် ဤဒီဃနှင့် ရွတ်မူ ဂိဏ်းသင့်သော်လည်း မပြင်သင့်။ တတိယပါဒ၊ ပထဝိပွဘာသံၦ ခြောက်လုံးလွန်သည်။ ဥပဇာတိဝံသဋ္ဌ ဂါထာသာမညတည်း။ ယေ ဗြဟ္မဏာ ဝေဒဂူ-ၦ။ ပထမ၊ ဒုတိယပါဒ ဣန္ဒဝဇြာ။ တတိယ၊ စတုတ္ထပါဒကား–ဝံသဋ္ဌ။ ပဉ္စမ၊ ဆဋ္ဌပါဒကား–ရှစ်လုံးဖွဲ့ ပထျာဝတ္တလက္ခဏာ။ ဥပဇာတိမျိုး ဂါထာသာမည။ လေးပါးစလုံး ဂိဏ်းတချက်စီ ပျက်သည်။ ဝေဒဂုဟု ဂု-ၦ ဥရဿ။ တေစ မ။ ဗုဒ္ဓါ နု ဝိမုတ္တာနဟု။ နိဂ္ဂဟိတ်သုံးရပ်ကိုချေလျှင် ဂိဏ်းမှန်သော်လည်း စာစောင်ဟူသမျှၦပင်

ပုဒ်နေအတိုင်းသာ ရှိရကား မချေသင့်။ အပေတယဲ ၌လည်း ဥဒေတယဲနှင့်တူ၏၊ စတုတ္ထပါဒ ဥပေန္ဒဝဇိရာ နေသည်သာ ထူးသည်။ ယေ ဗြာဟ္မဏာလည်း ရှေးနှစ်ဂါထာနှင့်တူ၏။

၇၈- ပဏ္ဍာ။ ။ဘုရားသခင်၏ ရောင်ခြည်တော်ခြောက်ပါး ထွက်ဟန်ကို ပြေပြေလည်လည် သိုက်သိုက်ဝန်းဝန်း အချီအငေါ် ကတ္တား၊ ကံဥပမာ၊ ဥပမေယျနှင့် အဟော အပြော သင့်လျော်အောင် ထုတ်နုတ်၍ သနားတော်မူပါ။

သတ္တရာဇ် ၁၁၇၂-ခုပထမဝါဆိုလဆန်း (၁)ရက် သောကြာနေ့ မုံရွာ သီရိမာလာက လျှောက်လာရာတွင် ဖြေဆိုလိုက်သည်ကား—

၇၈-ဝိသဇ္ဇနာ။ ။ဘုရားသခင် ရောင်ခြည်တော် ခြောက်ပါးကိုမေးရာ၌–

ပထဝိယာ အလံဘူသနာဘာဝေန ကရောတိ၊ ပထဝိယာဝါ အလက််ာရော၊ ပထဗျာဝါ အလက််တော သောဘာဏောတိ ပလ္လင်္ကော။ သုဒ္ဓိယေန တိဏဟာရကေန ဒိန်္နံ အဋ္ဌ တိဏမုဋ္ဌိ ဂဟေတွာပုဗ္ဗတ္တာရဒိသာဘာဂေဌိတော တာနိ အဂ္ဂေဂဟေတွာ စာလေန္တက္ခဏေ အနေကကပ္ပေါ ပစိတပါရမိတာနုဘာဝေန ပထဗျာ ဥဋ္ဌိတော သဗ္ဗရတနမယော စုဒ္ဒသ ဟတ္ထုစ္ဘဝိတ္ထာရော တဒနုကူလာယာမော ဘူမိကဏ္ဏိကော အပရာဇိတော ပလ္လင်္ကော ဗောဓိသမီပေ ဝိဒတ္တာဓိက စတုဟတ္ထုန္နရေ ဌာနေ ပဝတ္တော ပလ္လင်္ကော ဗောဓိပလ္လင်္ကော်။

ဟူသော ပါဠိနှင့်အညီ ဇမ္ဗုဒီပါ ယူဇနာသောင်းခွင် မြေအပြင်၌ ညွှန့်ရှင်ဖူးမြင့် မှန်ကင်းဆင့်သကဲ့သို့ အတင့်အတယ် အံ့ဖွယ်လျောက်ပတ် မြင့်မြတ်ခြင်းကို ဖွဲ့တတ်သော သတ္တိကြောင့်လည်းကောင်း၊ နှစ်သိန်းလေးသောင်း အထုပေါင်းသား တသောင်းယူဇနာ မြေချာထိပ်ပြင် မြရှင်ရောင်ဝေ မြေဦးထိပ်တွင် ဆင်အပ်သောတန်ဆာ မင်္ဂလာဆန်းကြယ် တင့်တယ်ခြင်း အစစ် ဖြစ်သောကြောင့်လည်းကောင်း၊ သုဒ္ဓိယလုလင်သည် ကြည်လင်သဖြင့် ချီးမြှင့်ဆက်ကပ်လှူဒါန်းအပ်သော ဥဒေါင်းရင်ဖုံး မြတ်မြတ်ဆိုင်နှစ်ကဲ့သို့ ရှစ်ဆုပ်သော မြက်စည်းကို သိမ်းဆည်းမြဲမြံ ခံတော်မူပြီး၍၊

မဟာဗောဓိ သမ္ဗုဒ္ဓဝေ အောင်မြေ ချမ်းမြေ အရှေ့မြောက်ယွန်း ဧသန်စွန်း၌ ရပ်တော်မူလျက် ထိုမြက်ညွှန့်ကို ကွက်ကန့်ဆန်းကြယ်သော ရွှေကြာကွန်ရက် လက္ခဏာတော်၊ အစုံရှိသော ရွှေလက်တော်ဖြင့် ခါတွက်ဖြန့်ကြဲတော်မူလျှင် အဆူဆူသော ကမ္ဘာတို့၌ များစွာဆည်းပူးတော် မူအပ်သော ဒါန သီလတော်အထူးထူး ပြုတော်မူဖူးသော ပါရမီသမ္ဘာရ ဓမ္မတာနုဘာဝကြောင့်၊ ဝိဝဋ္ဋဌာယီ၊ ဤကမ္ဘာ၏ကြက်သရေ၊ မြေဦးထိပ်ဆံညှောက်၌ ပေါက်လာသော ဝရဇိန်ရတနာ မြရတနာ ကြောင်ရတနာ ပတ္တမြားရတနာ ပုလဲရတနာ ရွှေရရတနာ၊ ငွေရတနာ၊ နီလာဂေါ်မုတ်၊ ဥဿဖယားပြဂိုးယားမျက်ရွဲ၊ အခဲအစိုင်ဖြင့်ပြီးသော တဆယ့်လေးတော်အစောက်ဆောင်သော ထိုနှင့်သဏ္ဌာန် မကျူးလွန်သော၊ အနံ့အလျား၊ အပြားအထူရှိသော၊ ဘူမိကဏ္ဏာ၊ မြေတကာတို့၏ ချက်ချာမှန်ကင်း မြေမင်းဦးစွန်းဖြစ်သော ရန်သူတကာတို့၏ညွတ်ပျပ်ရာ၊အပရာဇိတာ၊ ဌာနဇာတိ၊ သိဒ္ဓိဇေယျာ၊ မဟာဗုဒ္ဓဟေ အောင်မြေဘူမိ၊ သရိရုက္ခ၊ ဒုမရာဇာ၊ များစွာသော ပန်းပင်၊ သစ်ပင်အပေါင်းတို့သည်၊ ညွတ်ပြောင်းဝန်းရံလျက်၊ ဝတ်ဆံ

ရည်ပြည့်၊ သီးမှည့်အစိုင်၊ ပွင့်ဖူးခိုင်တို့ဖြင့်၊ ယိမ်းယိုင်ကော်ရော်၊ ပူဇော်ဆက်သရာ၊ သစ်ပင်တကာတို့၏ သေင့်နင်း၊ သင်းကျစ်ဦးသျှောင်၊- ရွှေညောင်ပင်မင်း၏ အရွှေ့မျက်နှာလေးတောင်ထွာ၌ တည်သော ဗွေချာပလ္လင် အောင်မြေပြင်၌ ဒေဝပုတ္တစသော ရန်မာရ်အပေါင်းတို့ကို အောင်တော်မူခြင်း တည်းဟူသော အောင်ပွဲသဘင် ရှိတော်မူသော အောင်သူတကာတို့၏သေင့်နင်း တရားမင်းသည် ရတနာပလ္လင် ဗောဓိပင်၌ အရဟတ္တဖိုလ် တည်းဟူသော ရတနာထီးဖြူ စိုက်ထူဆောင်းမိုးတော်မူ၍ ဝိမုတ္တိရသ ဓမ္မတည်းဟူသော သမ္မာသမ္ဗောဓိစည်းစိမ်ကို ခံစားတော်မူလျက် နေတော်မူသည် ခုနစ်ရက်။

မဟာဗောဓိပင် ရွှေပလ္လင်မှ ပြောင်းထရွှေ့တော်မူပြီးလျှင် အရှေ့မြောက်ယွန်း ဧသန်စွန်း၌ ရပ်တော်မူလျက်၊ ဗောဓိပင်နှင့် ရွှေပလ္လင်ကို အနိမိသစက္ခုဖြင့် ရှုတော်မူ၍ နေတော်မူသည် ခုနစ်ရက်။

ဗောဓိပင်မှ ဥတ္တရဒိသာ ခန်းဝါဠာန၌ ယမိုက်ပြာဋ္ဌိဟာ အသီးအသီး ရေမီးအစုံအစုံလွှတ်တော်မူလျက် ရတနာထကြိုး၌ နေတော်မူသည် ခုနစ်ရက်။

မဟာဗောဓိမှ ပစ္ဆိမုတ္တရာ ဒိသာဘာဂဝယ် ရတနာဃရ ဒေဝရိပ်ငြိမ် နတ်နန်းအိမ်၌ ကိန်းပိုက်တော်မူစဉ် ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓာတုကထာ၊ ပုဂ္ဂလပညတ်၊ ကထာဝတ္ထု၊ ယမိုက်၊ ပဋ္ဌာန်း-ဤခုနစ်ရပ် ကျမ်းမြတ်တို့တွင် အောက်ကျမ်းခြောက်ရပ်တို့ကို သုံးသပ်ဆင်ခြင်တော်မူသော ကာလ ကိုယ်တော်မှသည် ပြိုးပြက်ထိန်လည် ရောင်ခြည်တော်တစ်ခုမျှ မထွက်၊ အထက်စွန်ဖြစ်သော မဟာပကရဏာ ပဋ္ဌာန်းကျမ်းမြတ်သို့ သက်ဝင်မျှော်ရှုလျက်၊ ဟေတုပစ္စယော၊ အာရမ္မဏ-ပစ္စယော၊ အဓိပတိပစ္စယော-စသောနည်းအစုစုဖြင့် စတုဝီသတိ သမန္တ မဟာပကရဏာ ပဋ္ဌာန်းကျမ်းမြတ်သို့ သက်၍ သုံးသပ်ဆင်ခြင်သော ဘုရားသခင်၏ သဗ္ဗညုတ ဉာဏ်တော်သည် ယူဇနာရှစ်သောင်းလေးထောင် နက်ဝမ်းဆောင်သော သမုဒ္ဒရာဌ်သာ တိမိရ၊ တိမိင်္ဂလ စသော ငါးကြီးတို့သည် ရွှင်မြူးပျော်ပါးရာ ရတိသက္ခဲသို့ သမန္တစက္ခု။ သဗ္ဗညုတ ဉာဏ်တော်၏ ဧကန္တအားဖြင့် သမန္တသမောဓာန မဟာပကရဏာ ပဋ္ဌာန်းကျမ်းမြတ်၌သာ ရွှင်မြူးပျော်ပါး မွေ့လျော်ရာကို ရလေသဖြင့် အလိုတော်ရှိရာ ယထာသုခခြင့် အလွန်သိမ်မွေ့ထူးပြားသော တရားတော်မြတ်ကို သုံးသပ်ဆင်ခြင်တော်မူသော ဘုရားသခင်၏ ရွှေကိုယ်တော်မှသည် နီလ၊ ပီတ၊ လောဟိတ၊ ဩဒါတ၊ မဇ္ဇိဋ္ဌ၊ ပဘဿရ၏ အစွမ်းအားဖြင့် ခြောက်ပါးသော ရောင်ခြည်တော်တို့သည် ထွက်ကုန်၏။

အဘယ်သို့သော အရပ်တော်မှ အဘယ်သို့သော ရောင်ခြည်တော်တို့သည် ထွက်လေကုန်သနည်း ဟူမူကား-

ညီသောရောင်ခြည်တော်တို့သည်-

ကေသမဿူဟိ စေဝ အက္ခီနဉ္စ နီလဗ္ဘာနေဟိ နီလရသ္မိယော နိက္ခမိံသု။ ယာသံ ဝသေန ဂဂနတလံ အဠနစုဏ္ဏာ သမောကိဏ္ဏံ ဝိယ ဥမ္မာရပုပ္ဖ နီလုပ္ပလ သဉ္ဇာနံ ဝိယ ဝိတိပတန္တ-မဏိတာလဝဏ္ဏံ ဝိယ သမ္ပသာရိတ မေဓ ကပဋ္ဌံ ဝိယ အဟောသိ။

ဟူသော အဋ္ဌကထာပါဠိနှင့်အညီ ပိုးမည်းတောင်ဇာအရောင်၊ ပိတုန်းတောင်အဆင်းနှင့် တူသော ဆံတော်မကြွင်း မွေးညင်းမုတ်ဆိတ်တော် မျက်စိမျက်တောင် မျက်မှောင်တော်ဟု ဆိုအပ်သော

ညိုရာမှိုင်းရာ စိမ်းပြာမှေးမှောင်သင့်သော အရပ်တို့မှ စိမ်းစိမ်းစိုစို ညိုသော မှိုင်းသော မှေးသော မှောင်သော ပြာသော မည်းသော နက်သော ကျောသော ရောင်ခြည်တော်တို့သည် ထွက်ကုန်ပြီကုန်၏။

ထိုသို့ ညိုသော မှိုင်းသော မှေးသော မှောင်သော ပြာသော မည်းသော နက်သော ကျောသော ရောင်ခြည်တော်တို့၏ အစွမ်းအားဖြင့် ကောင်းကင်တိမ်ခြေ မိုးမြေအလုံးတို့သည် ဒုတ္ထာသင်းတွဲ မြခဲနဂသွဲစသော ညိုသောအမှုန့်တို့ဖြင့် တထုံတပိုင်းမျှမကြွင်း ကြဲခင်းဘိသကဲ့သို့ ကတောက်ညိုမှိုင်း ပဒိုင်းခတ္တာ အောင်မဲပြာ အောင်မဲညို ကြာညိုပန်းကုံးတို့ဖြင့် ဖုံးလွှမ်ဘိသကဲ့သို့ တယိုင်ယိုင် တန္ခွန္ခွဲ လွှဲ၍လွှဲ၍ခပ်အပ်သော ဣန္ဒနီလာရတနာယပ်ဝန်းကဲ့သို့ ကောင်းစွာဖြန့်အပ် ကြက်အပ်သော မော်ယော် ကျီးဥ ပုဆိုးနုကဲ့သို့ ရှုဖွယ်မငြီးဖြစ်လေ၏။

ရွှေသော ရောင်ခြည်တော်တို့သည်ကား—

ဆဝိတောစေဝ အက္ခီနဉ္စ ပီတဋ္ဌာနေဟိ ပီတရသ္မိယော နိက္ခမိံသု။ ယာသံ ဝသေန ဒိသာဘာဂါ သုဝဏ္ဏရသဓာရာနိသိဉ္စမာနာ ဝိယ သုဝဏ္ဏပဋ္ဋပသာရိတာ ဝိယကုင်္ကုဋ္ဌစုဏ္ဏ ကဏိကာရပုပ္ဖသမ္ဗရိကိဏ္ဏာ ဝိယစ ဝိရောစိံသု။

ဟူသော အဋ္ဌကထာပါဠိနှင့်အညီ နဖူးတော်ဖျားမှသည် ဖဝါးတော်ဦး အဆုံးတိုင်အောင် အလုံးစုံဟုဆိုအပ်သော ကိုယ်တော်၏အရေတော်၊ မျက်လုံး မျက်လွှာ မျက်နှာတော်မှစ၍ ရွှေသင့်ဝါသင့် လင်းပွင့်ပြောင်ရွှန်း တောက်ထွန်းထိန်လင်းသင့်သော အရပ်တို့မှ ရွှေသော ဝါသော လင်းပွင့်ပြောင်ရွှန်း တောက်ထွန်းထိန်းလင်းသော ရောင်ခြည်တော်တို့သည် ထွက်ကုန်ပြီကုန်၏။ ထိုရွှေသော ဝါသော လင်းပွင့်ပြောင်ရွှန်း တောက်ထွန်းလင်းသော ရောင်ခြည်တော်တို့၏အစွမ်းအားဖြင့် အရပ်ဆယ်မျက်နှာ ခန်းဝါအပေါင်းတို့သည် ရွှေရည် ရွှေပျော်း ရွှေချောင်းခဲခဲစီးသောပမာဏ ရွှေမိုက်ခွက်၌ ကျိုချက်အပ်သော သွက်သွက်သွင်သွင် ကြည်လင်လှစွာသော ရွှေရည်ရွှေကောင်းတို့ဖြင့် သွန်းလောင်းဘိသကဲ့သို့ ရွှေမျက်ပါး အလွှာလွှာမှခွါ၍ ယူအပ်သော ရွှေမှုန်ရွှေညှက်တို့ဖြင့် ကြဲပက်ဘိသကဲ့သို့ တတ်လှစွာသော ရွှေပန်းထိမ်သည် ငင်အပ်သော ရွှေနန်းမျှင်ဖြင့် ယှက်တင်၍ ခက်သောရွှေကွန်ရက်၊ ရွှေဇာဖြင့်ယက်အပ်သော ရွှေပုဆိုးပြားကို ဖြန့်ထားဘိသကဲ့သို့ မာလာကျိုက္ကူ မဏ္ဍူနော်ဇာ ရွှေဇီဇဝါ ရွှေပဒုမ္မာ မဟာလှေကား စကား သဇင် ဂမုန်အင် ထပ်တရာ ပန်းတို့ကို ရောပြွမ်းစီခြယ်ဘိသကဲ့သို့ တင့်တယ်ခြင်း စံပယ်ခြင်းသို့ ရောက်ကုန်၏။

နီသောရောင်ခြည်တော်တို့သည်ကား—

မံသလောဟိတေဟိ စေဝ အက္ခီနဉ္စ ရတ္တဋ္ဌာနေဟိ လောဟိတရသ္မိယော နိက္ခမိံသု။ ယာသံ ဝသေန ဒိသာဘာဂါ စိနပိဋ္ဌစုဏ္ဏရဇိတာ ဝိယသုပက္ကလာခါရသနိသိဉ္စမာနာ ဝိယ ရတ္တကမ္မလပရိကွ်တ္တာ ဝိယ ဇယသုမနပါရိစ္ဆတ္တကဗန္ဓုဇီဝကကုသုမသမ္ဗရိကိဏ္ဏာ ဝိယ စ ဝိရောစိံ သု။

ဟူသော အဋ္ဌကထာပါဠိနှင့်အညီ အသွေး အသား လက်ဖဝါး ခြေဖဝါးတော်တို့မှလည်းကောင်း၊ လက်သည်းတော် ခြေသည်းတော်တို့မှလည်းကောင်း၊ မျက်စိမျက်လွှာ လျှာတော်မကြွင်း ခံတွင်း

နှုတ်ဖျား၊ သွားဖုံးနှုတ်ဖျား သွားဖုံးအာစပ် နီအပ်ရင့်အပ်သမျှသော အရပ်တို့မှလည်းကောင်း၊ နီသော တွေးသော ရင့်သော ပွင့်သော လျှပ်သော ရောင်ခြည်တော်တို့သည် ထွက်ကုန် ပြီကုန်၏။

ထိုနီသော တွေးသော ရင့်သော ပွင့်သော လျှပ်သော ရောင်ခြည်တော်တို့၏ အစွမ်းအားဖြင့် ဆယ်ပါးသောအရပ်မျက်နှာ ဒိသာဘာဂတို့သည် နာရဏီမည်သော ရွှေ၏အဆင်း ရွှေခံကျင်းသော ဟသ်ပြဒါး၊ ပတ္တမြား တောင်ကြီးသဏ္ဌာန် ပိုးပရန်၏ ကျောက်ကုန်း၊ ဆုန်းမှန်ညက်ပမာ သန္တာပင်၏ အညွှန့်အဖူး၊ စန္ဒကူးနီ စာမရီမည်သော သားမြီးယပ် သဏ္ဌာန်၊ ကောသရာမည်သော ခြင်္သေ့မင်း၏ လည်ဆံတို့ကဲ့သို့လည်းကောင်း။ ကောင်းစွာ ချက်၍ ရွှေခွက်၌လောင်းစွက်သော ကြည်လှစွာသော ခိုပ်ရည်၊ ဖန်ခွက်တွင် တည်သော ဝတ်ပန်းရည်တို့ဖြင့် သွန်းလောင်းဘိသကဲ့သို့ လည်းကောင်း၊ နီလှစွာသော သပြာသိန်းသန်း-မည္ဇန်းထိုက်သော မင်းထိုက်ကမွလာ ကတ္တီပါဖြင့် ကာရံရစ်ဝိုင်းဘိသကဲ့သို့လည်းကောင်း၊ လယ်ခေါင်ရန်းအစစ် ကသစ်မိုးဆွေ သပြေကြက်မောက် တောက်လှစွာသော တိမ်နီ၏ပမာ အရွှေမျက်နှာမှ တက်လာပထွန်းသော နေဝန်း၊ တမိုးလုံးသန်းသော လျှပ်ပန်းလျှပ်နွယ်ဖြင့် စီခြယ်ဘိသကဲ့သို့ နှစ်လို့ဖွယ်အတိဖြင့် ထွန်းပကုန်၏။

ဖြူသောရောင်ခြည်တော်တို့သည်ကား–

> အဋ္ဌိဟိ စေဝ ဒန္တေဟိ စ အက္ခီနဉ္စ၊ သေတဋ္ဌာနေဟိ ဩဒါတရသ္မိယော နိက္ခမိ သု။ ယာသဲ ဝသေန ဒိသာဘာဂါ ရိဇတယဒ္ဓေဟိ အာသိဉ္စမာနခီရဓာရာ သမ္ပရိကိဏ္ဏာ ဝိယ သမ္ပသာရိတရဇတပဋ္ဋဝိတာနာ ဝိယ ဒိတိပတန္တရဇတတာလဝဏ္ဏာ ဝိယ ကုန္ဒ ကုမုဒသိန္ဒုဝါရ သုမနမလ္လိကာဒိ ကုသုမသဉ္ဆန္နာ ဝိယ စ ဝိရောစိ သု။

ဟူသောအဋ္ဌကထာပါဠိနှင့် အညီ မပါးမထိုက် မရှိုက်မကော မာကျောပြည့်ဖြိုးသော အရိုးတော်တို့မှ လည်းကောင်း၊ အထက်နှစ်ဆယ် အောက်နှစ်ဆယ်ပြည့်သော မခေါမကြဲ ရွဲစိဘိသကဲ့သို့ ညီညွတ်စွာသော လေးဆယ်အတိရှိသော သွားတော်တို့မှ လည်းကောင်း၊ လေးဆယ်သော သွားတော်တို့တွင် အကျုံးဝင်သော မတိမဝန်း ခွန်းလှစွာသော လေးချောင်းသော စွယ်တော်၊ မျက်လုံး မျက်နှာတော်၏ အစွန်းနှစ်ဘက်၌ တဘက်တချက်စီ အညီ၊ ဖုံးသော မျက်လုံးတော်စွန်းတို့မှ လည်းကောင်း၊ ဖြူသင့် ဖွေးသင့် မဲ့မည်း မရင့် မြူနည်မသင့်၊ သန့်ရှင်းစင်ကြယ်သင့်သော အရပ်ဟူသမျှတို့မှ လည်းကောင်း၊ ဖြူသော ဖွေးသော မဲ့မည်း မရင့်သော မြူနည်မသင့်သော သန့်ရှင်းစင်ကြယ်သော ရောင်ခြည်တော်တို့သည် ထွက်ကုန် ပြီကုန်၏။

ထိုဖြူသော ဖွေးသော မဲ့မည်း မရင့်သော မြူနည်မသင့်သော၊ သန့်ရှင်း စင်ကြယ်သော ရောင်ခြည်တော်တို့၏ အစွမ်းအားဖြင့် အရွှေ၊ အနောက်၊ တောင်၊ မြောက်၊ အောက်၊ ထက်၊ ခြောက်မျက်နှာဟူ ဆိုအပ်သော အရပ်ခြောက်ဖြာ ဒိသာဘာဂ အပေါင်းတို့သည် ငွေကောင်းအမျိုး၊ ငွေအိုး ငွေခွက်ဖြင့် ချက်၍လောင်းအပ်သော ငွေကောင်းရည်ဖြင့် ရစ်ခြည်လွှမ်းဘိ သကဲ့သို့ လည်းကောင်း၊ ဖွေးဖွေးဖြူလှပ် ကြာရပ်ညောင်ရွက်နှင့် တကွ ကြက်ထားအပ်သော ငွေပြားဗိတာန် ကဲ့သို့ လည်းကောင်း၊ တယိုင်ယိုင်တန္ဆဲနဲ့ နဲ့ကာနဲ့ကာနေ၍ ယပ်အပ်သော သာခွါဖြူလှပ် ငွေပြားယပ် ကဲ့သို့လည်းကောင်း၊ ကုမုဒြာ

ကြာဖြူသင်းခွေ ရေငုံနဲ့သဖွယ် စံပယ် ဇလပ် မြတ်လေး ကြက်ရုံး ငွေပန်းကုံးပမာ ကေလာသဂိရိ ငွေတောင်ကြီး သဏ္ဌာန်၊ ယုဂန္ဓိုရ်တောင်ဦးက ကွန့်မြူးပထွန်းသော ငွေလဝန်းအညီ နာရကတ္တီ အနှစ် စိန်စစ်ဖန်ခဲ ပုလဲဆိုင်း သဖွယ်ကဲ့သို့ တင့်တယ်ပြောင်ရွှန်း ထွန်းပကုန်၏။

မောင်းသော မည်းသော ပြာချိပ်သော ညိုရိပ်သော မှိုင်းမှိတ်သော ရောင်ခြည်တော် ပြိုးပြိုးပြက် ရိုးရိုးရဲ့ တခဲနက်သော ရောင်ခြည်တော်တို့သည်ကား–

မင်္ဂိဋ္ဌ ပဘဿရာ ပန တမှာ တမှာ သရီရပ္ပဒေသာ နိက္ခမိ သု။

ဟူသော အဋ္ဌကထာပါဠိနှင့်အညီ အကန့်တစ်ထောင် ဆန်းကြယ်ဆောင်သော စကြာရတနာလျှင် ပဌာနရှိသော တရာရှစ်ကွက် စက်မြတ်ရတနာတို့၏ တည်ရာဌာန ပဒေသဖြစ်သောသိမ်မွေ့ ညီညွတ် ချောမွတ်လှစွာသော ဖဝါးတော် အပြင်မှ စ၍ တက်သော် အထက်ဆံဖျားတိုင်အောင် တဆယ့်ရှစ်တောင် အမြင့်ဆောင်သော ရွှေရောင် ချက်ချက် တခဲနက် တစိုင်နက် တလက်လက် တဖိတ်ဖိတ် စိုသော ကိုယ်တော်အလုံးဌ် ဆံလုံးမြူရှိ ပြစ်မငြိသော ထိုထိုသို့သော အရပ်တို့မှ မြက်သော ကောင်းသော မောင်းသော မည်းသော ပြာချိပ်သော ညိုရိပ်သော မှိုင်းမှိတ်သော ပြိုးပြိုးပြက် တခဲနက်သော ရောင်ခြည်တော်တို့သည် ထွက်ကုန် ပြဋ္ဌကုန်၏။

ထိုသို့မြတ်သော ကောင်းသော မောင်းသော မည်းသော ပြာချိပ်သော ညိုရိပ်သော မှိုင်းမှိတ်သော ပြိုးပြိုးပြက် တခဲနက်သော ရောင်ခြည်တော်တို့၏ အစွမ်းအားဖြင့် ဆယ်ပါးသော အရပ်မျက်နှာ ဒိသာဘာဂတို့သည် မီးခိုးပမာ တိမ်ပြာတိမ်တိမ် ခိုပ်ရောင် မောင်းရောင် ခရမ်းပွင့်ရောင်ကဲ့သို့ လည်းကောင်း၊ ပြိုးပြိုးပြက် ရိုးရိုးရဲ့ တခဲနက် တစိုင်နက်သော ရောင်ခြည်တော်တို့သည် ဦးခေါင်းတော်ဖျား၌ တင်ထားအပ်သော ပတ္တမြားကျင်ဖု ရွှေစင်စုန့် တူသော ကေတုမာလာ ရတနာ ရောင်လျှံတော်မှလည်းကောင်း၊ မျက်နှာတော်၏ မှန်ကင်း မျက်ကွင်းတော်၏ ကျက်သရေ ရွှေကိုယ်တော်အလုံး၏ မှန်ကူ၊ နတ်လူတကာတို့၏ သမန္တပါသာဒိကကြေးမုံ ဥဏ္ဏာလုံမွေးတော် မြတ်မှ လည်းကောင်း။ နဖူးတော်အစဉ်၌ ဆံကျင်တော်တွင်ကပ်၍ထားအပ်သော ပတ္တမြားစီကွပ် ရွှေသင်းကျစ်တော်နှင့်တူသော် သိင်္ဂီနိက်အစစ် ဇမ္ဗူရစ်ကဲ့သို့သော သင်းကျစ်တော်မြတ်မှ လည်းကောင်း၊ ထိုမှ ဤမှ များစွာလှစွာသောအရပ်တို့မှ မိုးလယ်ဝန်းရစ် လျှပ်စစ်ကွန့်မြူး သောက်ရှူးကြယ်ပြောင် တန်ဆောင်နေလကဲ့သို့လည်းကောင်း ထွက်ကုန်၏၊ ပြဋ္ဌကုန်၏။

ဣတိတာ ဆဗ္ဗဏ္ဏရသ္မိယော နိက္ခမိတွာ ဃနမဟာပထဝီ ဂဏှိသု။ စတုနဟုတာဓိက-
ဝီသယောဇနသတသဟဿဗဟလာ မဟာပထဝီ နိဒ္ဒန္တသုဝဏ္ဏပိဏ္ဍီ ဝိယ အဟောသိ။

ဟူသော အဋ္ဌကထာပါဠိနှင့်အညီ ဤသို့လျှင် ခြောက်ပါးသော ရောင်ခြည်တော်တို့သည် တပြိုင်နက် ထွက်လေကုန်၍ တခဲနက်သော မြေအပြင်၌ စွဲလေ၏။ နှစ်သိန်းလေးသောင်း အထုရှိသော ဤမဟာပထဝီမြေကြီးသည်လည်းရွှေစိုင်ရွှေခဲအစစ်ကဲ့သို့ဖြစ်လေ၏။ ထို့နောက် မြေကို ဖောက်ထွင်းပြန်လေ၍ မြေကိုခံသော ရေကို စွဲလေ၏။ လေးသိန်းရှစ်သောင်း အထုရှိသော မြေကို ခံသောရေသည်ရွှေအိုး ရွှေခွက်တို့ဖြင့် သွန်းအပ်သော ညက်ညက်ကြော ရွှေဝတ်မှုန်ကဲ့သို့ ဖြစ်လေ၏။

ထို့နောက် ထိုရေကို ဖောက်ထွင်း၍ လေကို စွဲပြန်လေ၏။ ယူဇနာ ကိုးသိန်းခြောက်သောင်း အထုရှိသော ရေကိုခံသော လေသည်ကောင်းစွာထောင်စိုက်အပ်သော ရွှေသည်တိုင်ရွှေပွတ်တိုင်

ရွှေစိုင်တုံးကဲ့သို့ ဖြစ်လေ၏။ ထို့နောက် ထိုလေကို ဖောက်ထွင်းပြန်၍ လေ၏ အောက်၌ တစ်စုံတစ်ခုငြိတွယ်ရာဌာန မရစေကောင်းသော အဇ္ဈာကာသ ကောင်းကင်ပြင်သို့ ပြေးလေ၏။ အထက်အဖို့ဖြင့် တက်၍ ပျံလေသော ရောင်ခြည်တော်တို့သည် စတုမဟာရာဇနတ်ဘုံကို စွဲလေပြီး၍။ ထို့နောက် တာဝတိံသာ၊ ယာမာ၊ တုသိတာ၊ နိမ္မာနရတိ၊ ပရနိမ္မိတ ဝသဝတ္တီဘုံကို စွဲလေ၏။

ထို့နောက် ပဌမစျာန်သုံးဘုံ၊ ဒုတိယစျာန်သုံးဘုံ၊ တတိယစျာန်သုံးဘုံဟု ဆိုအပ်သော ကိုးထပ်သော ပြဟ္မာ့ပြည်ကို စွဲလေ၏။ထို့နောက်ဝေဟပ္ဖိုလ်ဘုံ၊ အသညသတ်ဘုံ၊ သုဒ္ဓါဝါသငါးဘုံ၊ ထို့နောက် အရူပလေးဘုံကို ဖောက်ထွင်း၍ အထက်ဖြစ်သော အဇ္ဈာကာသ ကောင်းကင်တိုင်အောင် ပြေးလေ၏။ ရှေ့၊ နောက်၊ လက်ဝဲ၊ လက်ယာ၊ ဖီလာအားဖြင့် အဆုံးစရှိသော လောကဓာတ် စကြဝဠာ အရပ်တို့က ပြေးလေ၏။

ဤမျှလောက်သော ဖီလာ၊ ရှေ့၊ နောက်၊ အောက် ထက်အရပ်တို့၌ လဗိမာန်အရောင်အဝါ နေဗိမာန်အရောင်အဝါတို့သည်မရှိလေကုန်ပြီ။ နက္ခတ်တာရာကြယ်အပေါင်းတို့၌လည်း အရောင်အဝါ မရှိလေကုန်ပြီ။နတ်တို့၏ဥယျာဉ် ရေကန်ပန်းမလ် ရတနာ မဒေသာပင်တို့၌လည်းကောင်း၊ နတ်တို့၏ ကိုယ်၌လည်းကောင်း၊ ဘယက်တန်ဆာ ရတနာတို့၌လည်းကောင်း အလုံးစုံသော အရောင်အဝါတို့သည် မရှိလေကုန်ပြီ၊ ကုဋေ တသိန်းမျှလောက်သော လောကဓာတ်တို့ကို အရောင်အဝါဖြင့် နှံ့ခြင်းငှာ စွမ်းနိုင်သော ပြဟ္မာကြီးတို့သည်သည်း နေဝန်းတက်သောအခါ ပိုးစိမ်းဝါ အရောင်ကဲ့သို့သာ ဖြစ်ကုန်၏။ နေ,လ, နက္ခတ်တာရာတို့နှင့် နတ်တို့၏ဥယျာဉ်, ရေကန်,ပန်းမလ်,ရတနာ ပဒေသာပင်တို့သည်လည်း အပိုင်းအခြားမျှသာ ထင်ကုန်၏။

ဤသို့ ဆိုခဲ့ပြီးသော နီလ၊ ပီတ၊ လောဟိတ၊ ဩဒါတ၊ မဇ္ဇိဋ္ဌ၊ ပဘဿရ တည်းဟူသော ခြောက်သွယ်သော အရောင်တို့ဖြင့် ထွန်းတောက်ပခြင်း ရှိသော၊ သုံးကျိပ်နှစ်ယောက်သော စကြဝတေးမင်း၊ သုံးကျိပ်နှစ်ယောက်သော သိကြားမင်း၊ သုံးကျိပ်နှစ်ယောက်သော ပြဟ္မာမင်းတို့၏ အသရေကို အသရေတော်ဖြင့် နှိပ်နင်းဘိသကဲ့သို့ ဗာတ္တိံသ မဟာပုရိသ လက္ခဏာ အသီတာနုဗျဉ္ဇန၊ ရူပကာယ သောဘဂ္ဂသမ္ပတ္တိ၊ အဋ္ဌတ္တရသတစက္ကဝတ်သမ္ပတ္တိ အစရှိသော တင့်တယ်ခြင်းနှင့်ပြည့်စုံတော်မူသော လူ,နတ်,ပြဟ္မာ သတ္တဝါအပေါင်းတို့၏မျက်စိတည်းဟူသော ပျားပိတုန်း စိတ်နှလုံးတည်းဟူသော ကျေးငှက်အပေါင်းတို့၏ ဝဲရာ၊ နားရာ၊ ပျော်ပါးရာလည်းဖြစ်ထသော လေးကျွန်းနှံ့မွေ စွေရွှာသောမိုးမှ ထက်ဝန်းကျင် ပြက်သော လျှပ်စစ်နွယ်ကဲ့သို့သော ရွှေအိုးမှ စီးသော ရွှေရည်ကဲ့သို့သော ညခင်းဆည်းဆာ နေဝင်ခါ၌ အရင်းအဖျားတိုင်အောင် ထိန်ထိန်လောင်သော ရွှေတန်ဆောင်တိုင်မှ ထွက်သောဆီမီးလျှံကဲ့သို့သော ရတနာဂူမှ ထွက်ဖြူကွန့်မြူးသော ရွှေခြင်္သေ့မင်းကဲ့သို့သော ဥဒယတောင်ထိပ်မှ ပေါ်ထွန်းနေသော နေလုလင်ကဲ့သို့သော တခဲနက်သော နီသော တိမ်တိုက်မှ ထွက်သော လပြည့်ဝန်းကဲ့သို့ ထက်ဝန်းကျင်မှ ကြည်ညိုဖွယ်ရှိသော ရှေ့ကိုယ်တော် နောက်ကိုယ်တော် လက်ဝဲကိုယ်တော် လက်ယာကိုယ်တော် အောက်ဖဝါးတော်အပြင် အထက်ဆံတော်ဖျားတည်းဟူသော ခြောက်ပါးသော အရပ်တို့မှ ထွက်သော ထက်ဝန်းကျင် အတောင်ရှစ်ဆယ်စီရှိသော အရပ်ကို နှံ့စေလျက် တည်သော ခြောက်ပါးသော ရောင်ခြည်တော်တို့ဖြင့် ထွန်းပသော နီလ့စွာသော ကြာတော၏ အလယ်၌သွားသော ရွှေလှေကဲ့သို့ နီလ့စွာသော ကမ္မလာဖြင့် ရစ်အပ်သော ရွှေတုံးကဲ့သို့ နီလ့စွာသော သန္တာပတ်တိုင်ဖြင့် ရံအပ်သော ရွှေပြာသာဒ်ကဲ့သို့ ရှစ်သောင်းသော ဆင်ဖြူတို့ဖြင့် ခြံရံအပ်သော ဆဒ္ဒန္တနာဂရာဇ ဆင်မင်းကဲ့သို့၊ ကိုးသောင်းသော ရွှေဟင်္သာအပေါင်းတို့ဖြင့် ခြံရံအပ်သော

ဓတရဋ္ဌရွှေဟင်္သာမင်းကဲ့သို့၊ စစ်သည်အပေါင်းတို့ဖြင့် ခြံရုံအပ်သော စကြဝတေးမင်းကဲ့သို့၊ နတ်အပေါင်းတို့ဖြင့် ခြံရုံအပ်သော သိကြားနတ်မင်းကဲ့သို့၊ ငြဟ္မာအပေါင်းတို့ဖြင့် ခြံရုံအပ်သော ဟာရိတငြဟ္မာမင်းကဲ့သို့၊ သတ္တရာဘန် တောင်စဉ်တို့ဖြင့် ခြံရုံအပ်သော မြင်းမိုရ်တောင်မင်းကဲ့သို့၊ အံ့ခြိုး၍ မကုန်နိုင်သော၊ ညီးညီးပြောင်ရွှန်း၊ ထွန်းတောက်ပသော ကျက်သရေ မြတေသိရီ ရှိတော်မူသော၊ အစိန္တေယျ လောကသေဋ္ဌနင်း တရားမင်းသည် ဤသို့သော ဒေသနာကို ဟောတော်မူ၏။။

အဂ္ဂတော ဝေ ပသန္နာနံ၊ အဂ္ဂမ္မံ ဝိဇနာတဲ့။
အဂ္ဂေ ဗုဒ္ဓေ ပသန္နာနံ၊ ဒက္ခိဏေယျေ အနုတ္တရေ။

အဂ္ဂေ ဓမ္မေ ပသန္နာနံ။ ဝိရာဂူပသမေ သုခေ။
အဂ္ဂေ သံယေ ပသန္နာနံ၊ ပုညက္ခေတ္တေ အနုတ္တရေ။

အဂ္ဂသ္မိံ ဒါနံ ဒဒတံ။ အဂ္ဂံ ပုညံ ပဝဍ္ဎတိ။
အဂ္ဂံ အာယု စ ဝဏ္ဏော စ။ ယသော ကိတ္တိ သုခံ ဗလံ။

အဂ္ဂဿ ဒါတာ မေဓာဝီ၊ အဂ္ဂမ္မ သမာဟိတော။
ဒေဝဘူတော မနုဿော ဝါ၊ အဂ္ဂပတ္တော ပမောဒတိ။

ဘိက္ခဝေ၊ ရဟန်းတို့။ ဝေ-ဧကန္တေန၊ စင်စစ်အားဖြင့်။ အဂ္ဂတော၊ မြတ်သည်၏ အဖြစ်ကြောင့်။ အဂ္ဂေ၊ မြတ်သော ရတနာသုံးပါး၌။ ပသန္နာနံ၊ ကြည်ညိုကုန်သောသူတို့ အား၊ အဂ္ဂဓမ္မံ၊ မြတ်သောရတနာသုံးပါး၏ဂုဏ်ကို။ ဝိဇာနတံ၊ ဝိဇာနန္တာနံ၊ သိကုန်သော သူတို့အား။ အနုတ္တရေ၊ အတုမရှိသော။ ဒက္ခိဏေယျေ၊ မြတ်သော အလှူဝတ္ထုကို ခံထိုက် သော။ အဂ္ဂေ၊ မြတ်သော။ ဗုဒ္ဓေ၊ မြတ်စွာဘုရား၌။ ပသန္နာနံ၊ ကြည်ညိုကုန်သော သူတို့အား။ သုခေ၊ ချမ်းသာသော။ ဝိရာဂူပသမေ၊ ရာဂ၏ ကင်းရာဖြစ်သော ငြိမ်သက် သော။ အဂ္ဂေ၊ မြတ်သော။ ဓမ္မေ၊ တရားတော်၌။ ပသန္နာနံ၊ တို့အား။ အနုတ္တရေ၊ အတု မရှိသော။ ပုညက္ခေတ္တေ၊ ကောင်းမှုတည်းဟူသော မျိုးစေ့၏ စိုက်ပျိုးရာ လယ်မြေ သဖွယ်လည်း ဖြစ်ထသော။ အဂ္ဂေ၊ မြတ်သော။ သံယေ၊ သံဃာတော်၌။ ပသန္နာနံ၊ တို့ အား။ အဂ္ဂသ္မိံ၊ မြတ်သောရတနာသုံးပါး၌။ ဒါနံ၊ အလှူကို။ ဒဒတံ-ဒဒန္တာနံ၊ လှူကုန် သောသူတို့အား။ အဂ္ဂံ၊ မြတ်သော။ ပုညံ၊ ကောင်းမှုသည်။ ပဝဍ္ဎတိ၊ ပွား၏။ အဂ္ဂံ၊ မြတ်သော။ အာယု စ၊ အသက်ရှည်ခြင်းသည်လည်းကောင်း။ အဂ္ဂေါ၊ မြတ်သော။ ဝဏ္ဏော စ၊ အဆင်းလှခြင်းသည်လည်းကောင်း။ အဂ္ဂေါ၊ မြတ်သော။ ယသော စ၊ အခြွေအရံသည် လည်းကောင်း။ အဂ္ဂံ၊ မြတ်သော။ ကိတ္တိ စ၊ ကျော်စောခြင်းသည်လည်းကောင်း။ အဂ္ဂံ၊ မြတ်သော။ သုခဉ္စ၊ ကိုယ်စိတ်၏ ချမ်းသာခြင်းသည်လည်းကောင်း။ ဗလဉ္စ၊ ခွန်အားကြီး ခြင်း ပညာကြီးခြင်းသည်လည်းကောင်း။ ပဝဍ္ဎတိ၊ ပြန့်ပွား၏၊ အဂ္ဂဿ၊ မြတ်သောအလှူ ခံအား။ ဒါနံ၊ မြတ်သောအလှူဝတ္ထုကို။ ဒါတာ၊ ပေးတတ်သော။ မေဓာဝီ၊ ပညာရှိသော။ အဂ္ဂဓမ္မသမာဟိတော၊ မြတ်သော ပသာဒစေတနာ၊ မြတ်သောဒါနအစရှိသော ကောင်းမှု

နှင့်ပြည့်စုံသော ဒါယကာသည်။ ဒေဝဘူတောဝါ၊ နတ်ဖြစ်၍သော်လည်းကောင်း။ မနုဿောဝါ၊ လူဖြစ်၍သော် လည်းကောင်း။ အဂ္ဂပတ္တော၊ မြတ်သော လောကုတ္တရာမဂ်ဖိုလ်ကိုရသည့် ဖြစ်၍။ ပမောဒတိ၊ အလွန်မွေ့လျော်ရ၏။ ဤသို့အစရှိသဖြင့် လျော်ရာဆက်သွင်း၍ ပြောဟောရမည်။

၇၉-ပဏ္ဍာ။ ။တချက်လည်း၊ ကိုးခန်းပျို့တွင်။ "တို့စည်းစိမ်ကား၊ ပျောက်တိမ်ရန်နှိပ်၊ လေးကျွန်းထိပ်ဝယ်၊ ဘုန်းရိပ်လွှမ်းခြုံ၊ သိကြားဘုံသို့၊ အပုံအယင်၊ ဖြစ်လင့်ကစား၊ သားနှင့်သမီး၊ မျိုးမသီးသော်၊ ချည်းနှီးပွင့်ဆန်း၊ စေ့မဲ့ထွန်းသည်၊ ပန်း၏သဖွယ်၊ ဆက်နွယ်နောင်ဘို့၊ စီးပွားချို့ခဲ့" ဟူ၍ စပ်တော်မူပါသည်။ "ဘုန်းရိပ်လွှမ်းခြုံ၊ သိကြားဘုံသို့" ဟူ၍လည်း စာရှိပါသည်။ "ဘုန်းရိပ်လွှမ်းခြုံ၊ သဗ္ဗဘုံသို့"ဟူ၍လည်း စာရှိပါသည်။ အဘယ်စကားသင့်မည်။ သိကြားဘုံသို့ဆိုလျှင် သိလွယ်ပါ၏။ သဗ္ဗဘုံသို့ဆိုသည်ကား ဘယ်ကိုဆိုသည်ကို သိလိုပါသည်။

၇၉-ဝိသဇ္ဇနာ။ ။ကိုးခန်းပျို့ဝယ် လာသော သဗ္ဗဘုံစကားကို မေးရာ၌–

သံသယနှစ်ချက်တွင် သိကြားဘုံသို့ ဆိုသောစကားသည် မသင့်၊ သဗ္ဗဘုံသို့ဆိုသောစကား သာ သင့်သည်။ သဗ္ဗဘုံဆိုခြင်းသည်ကား စကြာမင်း၏ ပရိယာယ်ဖြစ်သည်၊ ထို့ကြောင့် အဘိဓာန်စာကိုယ် စတုဗ္ဗဏ္ဏဝဂ်တွင် သဗ္ဗဘုမ္မော စက္ကဝတ္တိ ဟူ၍ ပရိယာယ်နှစ်ပုဒ်ပြသည်။ ၎င်းမှီကာ၌လည်း–

ဒွယံ စက္ကဝတ္တိနိ၊ သဗ္ဗဘူမိယာ ဣဿရော သဗ္ဗဘုမ္မော၊ ဧကော။ ပုညော ပနိတေန စက္ကရတနေနဝတ္တတေ အသာခုဒမနိကာဒိ ရာဇဝတ္တံအနုတိဋ္ဌတီတိ စက္ကဝတ္တီ၊ ဧကီ။

စသောပါဠိကို ပြသည်နှင့်အညီ သဗ္ဗဘုံဆိုသည်ကားစကြာမင်းကို ဆိုသည်ဟု သိသာသည်။ သိကြားမင်းသည် လေးကျွန်းလုံးကို အစိုးရသည်မဆို၊ သဗ္ဗဘုမ္မမည်သော စကြာမင်းသာ လေးကျွန်းလုံးကို အစိုးရသည်ဟုဆိုသည်၊ ယင်းသို့ဖြစ်၍ " ပျောက်တိမ်ရန်နှိပ်၊ လေးကျွန်းထိပ်ဝယ်၊ ဘုန်းရိပ်လွှမ်းခြုံ၊ သဗ္ဗဘုံသို့" ဟူ၍စပ်လေသည်။

စကြာမင်းသည်သာ လေးကျွန်းလုံးကို အစိုးရကြောင်းကိုလည်း ပါရမီခန်းတွင် "သရုပ်အလျောက်၊ ငါးပါးမြောက်သား၊ မင်းမြောက်တန်ဆာ၊ ရံကာစမြဲ၊ ပေးလွန်ကဲသည့်၊ စက်ရဲရောင်ထင်၊ လေးကျွန်းရှင်သို့" ဟူ၍ လည်းကောင်း။ "ထိတ်ကြောက်အန္တရာယ်၊ ရှင်းရှင်းပယ်၍၊ မခြယ်စိုးစိ၊ မမှေးငြိတည့်၊ တိတိလက္ခဏာ၊ ကြန်ရစာဖြင့်၊ စကြာရွေးရိုး၊ လေးကျွန်းစိုးသား၊ တန်ခိုးစုံပေါင်း၊ မင်းအလောင်းဟု၊ ခိုးသောင်းသြဇ၊ ထုံပုံပြလျက်" ဟူ၍ လည်းကောင်း။ "သတ္တရတနာ၊ စကြာကစ၊ စိုးမိုးရလျက်၊ ခွန်သလေးကျွန်း၊ စတုရန်း၌၊ ရစ်သန်းလက်ယာ၊ စက်ရာဇာသို့၊ ရတနာစစ်၊ အစုံဖြစ်သား၊ ခုနစ်ဟောလျှင်၊ ဟောမိအင်ဖြင့်" ဟူ၍လည်းကောင်း စပ်တော်မူသည်။ ဤသို့လျှင် လေးကျွန်းထိပ် လေးကျွန်းရှင်၊ လေးကျွန်းစိုးသား၊ ခွန်သလေးကျွန်းဟူသော စကားများဖြင့် သိကြားမင်းကိုမဆို စကြာမင်းကိုသာဆိုကြောင်းကို အတပ်သိသာသည်။ ထို့ကြောင့်သုတ်မဟာဝါ စသော ပါဠိတော်တို့တွင်လည်း—

ရာဇာဟောတိ စက္ကဝတ္တိ ဓမ္မိကော ဓမ္မရာဇာ စာတုရန္တော ဝိဇိတာဝီ ဇာနပဒတ္ထာ-ဝရိယ ပတ္တော သတ္တရတနသမန္နာဂတော။

စသည်ဖြင့် စကြာမင်းသာ လေးကျွန်းလုံးကို အစိုးရကြောင်းကို ဟောတော်မူသည်။

တကြောင်းမှာလည်း သဗ္ဗဘုမ္မ ဟူသည်ကား– စကြာမင်းကို ဆိုကြောင်းကိုလည်း သိသ်ကရိုက် အဘိဓာန်ကျမ်း၌လာသည့် ဒီသာဂဇဆင်မျိုး တဆယ့် ခြောက်ပါးကိုပြရာတွင်–

ဧရောဝတ ပုက္ကရိကော၊ ဗာမနံ ကုမုဒေါ်ဠနံ။
ပုဗ္ဗဒန္တ သဗ္ဗိဘော်မး၊ သုပြတိက ဒိဂါဂဇာ။

ကရိဏ်ဗျာ ဘြမကပိလာ၊ ပိင်္ဂလာနုပမာကြမတ်။
တဗြကဏ္ဏီ ဂုဘဒန္တီ၊ အင်္ဂနာ အဥ္ဇနဝတီ။ ဟူသောပါင့်။

မာဂဓ အဘိဓာန်ကျမ်း၌လာသော

ဧရောဝဏ်ာ ပုက္ကရိကော၊ ဝါမနော ကုမုဒေါ်ဠနော။
ပုပ္ပဒန္တော သဗ္ဗဘုမ္မော၊ သုပ္ပတိကော ဒိသာဂဇာ။

ဟူသော ပါင့်တို့၏ အနက်ကား–

ဧရောဝတ၊ ဧရောဝဏ်မည်သောဆင်။ ပုက္ကရိကော၊ ပုက္ကရိကမည်သောဆင်။ ဗာမနံ၊ ဗာမနမည်သောဆင်။ ကုမုဒေါ်၊ ကုမုဒမည်သောဆင်။ အဥ္ဇနံ၊ အဥ္ဇနမည်သောဆင်။ ပုဗ္ဗဒန္တ၊ ပုပ္ပဒန္တမည်သောဆင်။ သဗ္ဗိဘော်မး၊ သဗ္ဗဘုမ္မမည်သောဆင် သုပြတိက။ သုပ္ပတိကမည်သောဆင်။ ဣတိ၊ ဤသို့။ ဒိဂါဂဇာ၊ ဒိသာဂဇမည်သော ဆင်ပေါက်ရှစ် မျိုးတို့သည်။ ဟောန်၏ ဖြစ်ကုန်၏။

အဘြမု၊ အဗ္ဘမုမည်သောဆင်။ ကပိလာ၊ ကပိလာမည်သောဆင်။ပိင်္ဂလာ၊ ပိင်္ဂလာ မည်သောဆင်။ အနုပမာ၊ အနုပမာမည်သောဆင်။ တဗြကဏ္ဏီ၊ တမ္ဗကဏ္ဏီမည်သောဆင်။ ဂုဘဒန္တီ၊ သုဘဒန္တီမည်သောဆင်။ အင်္ဂနာ၊ အင်္ဂနာမည်သောဆင်။ အဥ္ဇနဝတီ၊ အဥ္ဇနဝတီမည်သောဆင်။ ဣတိ၊ ဤသို့။ကြမာ၊ အစဉ်အတိုင်း။ ကရိဏ်ဗျာဒိသာဂဇာ၊ ဆင်မရှစ်မျိုးတို့သည်။ ဟောန်၏ ဖြစ်ကုန်၏။

ဤသို့လာသော စကား၌ ဧရောဝဏ် မည်သောဆင်။ပုက္ကရိကမည်သောဆင်၊ ဝါမနမည်သောဆင်၊ ကုမုဒမည်သောဆင်။ အဥ္ဇနမည်သောဆင်၊ ပုပ္ပဒန္တမည်သောဆင်၊ သဗ္ဗဘုမ္မမည်သောဆင်၊ သုပ္ပတိကမည်သောဆင်ဟူ၍ ဒိသာဂဇဆင်ပေါက်မျိုး ရှစ်စီး။

အဗ္ဘမုမည်သောဆင်၊ ကပိလာမည်သောဆင်၊ပိင်္ဂလာမည်သောဆင်၊ အနုပမာမည်သောဆင်၊ တမ္ဗကဏ္ဏီမည်သောဆင်၊ သုဘဒန္တီမည်သောဆင်၊ အင်္ဂနာမည်သောဆင်၊ အဥ္ဇနဝတီမည်သော ဆင်၊ ဤသို့ အစဉ်အတိုင်း ဒိသာဂဇဆင်မမျိုး ရှစ်စီးတို့သည် ဖြစ်ကုန်၏။

ထိုတစ်ဆယ့်ခြောက်စီးသော ဆင်ပေါက် ဆင်မမျိုး တို့ကိုခွဲရာ၌ အလုံးစုံသော မြေအပြင်၌ ထင်ရှားသော မင်းမြတ်တို့နှင့် ထိုက်တန်သော ဥပေါသထ ဆဒ္ဒန်ဆင်သည် သဗ္ဗဘုမ္မမည်ကြောင်း

ကို သင်္ကရိုက် အဘိဓာန်ဋီကာကျမ်းတွင်– သဗ္ဓိဘူမော် ဝိဒိတံ သဗ္ဓိဘော်မး– ဟူ၍ဆိုသည်။ မာဂဓအဘိဓာန်ဋီကာတွင်လည်း—

သဗ္ဓဘုမ္မော ဝါ စက္ကဝတ္တိ၊ တဿာနုရူပတ္တာ သဗ္ဓဘုမ္မော။ ဟူ၍ဆိုသည်။

အနက်ကား။ ။သဗ္ဓိဘူမော်၊ အလုံးစုံသော မြေအပြင်၌။ ဝိဒိတံ၊ ထင်ရှားသောဆင်သည်။ သဗ္ဓိဘော် မး၊သဗ္ဓဘုမ္မအမည်၏။စက္ကဝတ္တိ၊ စကြာမင်းသည်။ သဗ္ဓဘုမ္မော၊ သဗ္ဓဘုမ္မမည်၏။ တဿာနုရူပတ္တာ။ ထိုစကြာမင်းအား ထိုက်သည်၏အဖြစ်ကြောင့်။ သောပိ၊ ထိုဆင်သည်လည်း။ သဗ္ဓဘုမ္မော၊ သဗ္ဓဘုမ္မမည်၏။ဟူ၍ဆိုသည်။ ယင်းသို့ဖြစ်၍ သဗ္ဓဘုံဆိုသောစကားသည် စကြာမင်းကို ဆိုသည်ဟုမှတ်အပ်၏။ သိကြားမင်းကို မမှတ်အပ်။

---

၈၀ - ပုစ္ဆာ။ ။တစ်ကြောင်းမှာလည်း "ခါးတောက်မြစ်ယှက်၊စိုက်ရောဖက်သား၊ သရက်ပင်မင်း၊ သီးချို့ကင်းသို့"စပ်ဆိုသည်၌ အချို့က ခါးသောသစ်ပင်နှင့်ဖက်၍ စိုက်သော သရက်ပင်သည် ချို့သောအသီးသာ သီးလာကင်းလာသည်။ ဟတ္ထိပါလစသော မင်းသားညီးနောင်တို့သည် ဆင်ထိန်း မြင်းထိန်းစသည်တို့နှင့် ပေါင်းဖော်သော်လည်း ကောင်းသော သဘောရှိ၍ တောထွက်ပြန်လေသည်ကို ဥပမာပြုသည်ဆိုကြပါသည်။ သူတချို့ကလည်း ချို့မြိန်သောအရသာမှ ကင်းကွာလေသကဲ့သို့ မင်းသားတို့သည် သူတော်ကောင်း သဘောမှ ကင်းကွာလေသည်ကို ဥပမာပြုသည်ဆိုကြပါသည်။ သိသာအောင် မိန့်တော်မူပါ ဆရာတော်ဘုရား။

၈၀–ဝိသဇ္ဇနာ။ ။"ခါးတောက်မြစ်ယှက်။ စိုက်ရောဖက်သား၊ သရက်ပင်မင်း၊ သီးချို့ကင်းသို့"။ စသည်ဖြင့် စပ်သောအဓိပ္ပာယ်ကိုမေးရာ၌–

ခါးတောက်သော တမာ၊ ခွေးတောက်နှင့် ရောနှော၍စိုက်သော သစ်ပင်ဟူသည်ကား– ဒဓိဝါဟနမင်း၏ သရက်ပင်ကိုရည်၍ စပ်တော်မူသောစကားဖြစ်သည်။ ထိုစကား၌ ခါးသောသစ်ပင်နှင့် ပေါင်းယှက်၍ သရက်ပင်မင်းသည် ချို့သောအရသာမှ ကင်းကွာသည့်အကြောင်းနှင့်ဟတ္ထိပါလစသောမင်းသားတို့သည် မကောင်းသောသူနှင့်ပေါင်းဖော်၍ ကောင်းသောသဘောမှကင်းကွာသည်ကိုသာ ယူသင့်သည်။ ချို့မြိန်သော အသီး ကင်းလာ ရင့်လာသည်ကို မယူသင့်။ဇာတ်တော်၌ အဓိပ္ပာယ် တိုက်ရိုက်အားဖြင့် မသူတော်နှင့်ပေါင်းဖော်၍ မသူတော်ဖြစ်ကြောင်းကိုပင် ဟောတော်မူလျက် ရှိပြီးဖြစ်သောကြောင့်တည်း။

ဤအရာ၌ဇာတ်တော်ကို ဤသို့သိအပ်၏။ ထိုဇာတ်တော်ကို ဒုကနိပါတ်ကျမ်း၌ သင်္ဂီ-ယနာတင်သည်။ အကြောင်းအတ္ထုပ္ပတ္တိကား–

မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန် ကျောင်းတော်၌ နေတော်မူသောအခါ ဆန့်ကျင်ဘက်ဖြစ်သောသူတို့နှင့် ပေါင်းဖော်သော ရဟန်းကို အကြောင်းပြု၍ ဝဏ္ဏ ဂန္ဓ ရသ ပေတော၊ စသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဒဓိဝါဟနဇာတ်ကို ဟောတော်မူ၏။ ဘုရားသခင်သည်–

ဘိက္ခဝေ အသာခုသန္ဓိဝါသော နာမ ပါပါ အနတ္ထကရော။ တတ္ထ မနုဿဘူတာနံ တာဝ ပါပသန္ဓိသဿ အနတ္ထကရတာယ ကိ ကာတဗ္ဗံ။

စသည်ဖြင့်ချီ၍ ရဟန်းတို့၊ မသူတော်တို့နှင့် ပေါင်းဖော်ခြင်းမည်သည်ကား-ယုတ်မာသည်ဖြစ်၍အကျိုးမဲ့ကိုသာပြုတတ်၏။ ထိုသို့ ပေါင်းဖော်ရာ၌ လူဖြစ်သော သတ္တဝါတို့၏ယုတ်မာသော သူကို ပေါင်းဖော်ရာ၌ အကျိုးမဲ့ကို ပြုခြင်းငှာမူကား အဘယ်ဆိုဖွယ်ရာရှိအံ့နည်း။ ရှေးအခါ မသာယာအပ်သော မချမြတ်သော တမာနှင့်တကွ ပေါင်းဖော်ခြင်းကိုစွဲ၍ ချမြတ်သော နတ်တို့၏ အရသာအဖို့ရှိသော စိတ်မရှိသော သရက်ပင်သည်လည်း မမြိန်ရှက်သော ခါးသော အဖြစ်ရှိ၏ဟု မိန့်တော်မူ၍ လွန်လေပြီးသောအကြောင်းကို ဆောင်တော်မူ၏။

ရှေးသရောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ကာသိတိုင်း၌ လေးယောက်သော ညီနောင်ဖြစ်သော ပုဏ္ဏားတို့သည် ရသေ့ရဟန်းပြုပြီးလျှင် အစဉ်အတိုင်း သခ်မ်းပြု၍ နေကြကုန်၏။ ထိုလေးယောက်သော ရသေ့တို့တွင်အစ်ကိုအကြီး ရသေ့သည် သေလွန်၍သိကြားမင်းဖြစ်လေ၏။ ထိုအကြောင်းကိုသိ၍ ကြိုးကြားကြိုးကြား ခုနစ်ရက်ရှစ်ရက်လွန်သဖြင့် ထိုရသေ့တို့အား ခစားအံ့သောငှာ လာ၏။ တနေ့သ၌ အကြီးဖြစ်သော ရသေ့အား ရှိခိုး၍ တင့်အပ်စွာနေပြီးလျှင် အရှင်ဘုရား၊ အဘယ်အလို ရှိသနည်းဟု မေး၏။ ဖြေတော်သော ရောဂါရှိသော ငါ့အား မီးကို အလိုရှိ၏ဟုဆို၏။ သိကြားမင်းလည်း ရသေ့အား ပုဆိန်ကို လှူ၏။ ပုဆိန် မည်သည်ကား - အရိုးတပ်သဖြင့် ပဲခွပ်ဖြစ်၏။ ရသေ့ကလည်း ငါ့အား ဤပဲခွပ်ကိုပေး၍ထင်းကို ဘယ်သူဆောင်ပေလတ္တံ့နည်းဟုဆိုသော် သိကြားမင်းသည် ဤသို့ဆို၏။ အရှင်ဘုရား ထင်းကို အကယ်၍ အလိုရှိအံ့။ ဤပဲခွပ်ကို လက်ဖြင့်သုံးသပ်၍ ထင်းကို ငါ့အားဆောင်၍ မီးကိုပြုလော့ဟု ဆိုသည်ရှိသော် ထင်းကိုဆောင်၍ မီးကိုပြု၍ ပေးလတ္တံ့ဟုဆို၍ ပဲခွပ်ကိုလှူ၏။

ဒုတိယ ညီတော်ရသေ့သို့ ကပ်၍ အရှင်ဘုရား အဘယ်ဖြင့် အလိုရှိသနည်းဟု မေး၏။ ထိုရသေ့ သခ်မ်းသည် ဆင်တို့သွားလာရာ ခရီးဖြစ်၍ ဆင်တို့ကြောင့်ဖြစ်သော ဆင်းရဲသည်ဖြစ်၏။ ထို့ကြောင့် ဆင်တို့ကို အရပ်တပါးသို့ ပြေးစေလော့ဟု ဆို၏။ သိကြားလည်း ရသေ့အား တစ်ခုသောစည်ကိုပေး၍ အရှင်ဘုရား စည်၏ ဤအပြင်ကို တီးသည်ရှိသော် အရှင်၏ရန်သူသည် ပြေးလတ္တံ့။ ဤအပြင်ကို တီးသည်ရှိသော်ချစ်သောစိတ်ရှိ၍ အဂိါလေးပါးရှိသော စစ်သည်တို့သည် ဝန်းရံကုန်လတ္တံ့ဟုဆို၍ စည်ကိုလှူ၏။

တတိယညီငယ်ထံသို့သွား၍အရှင်ဘုရား အဘယ်အလို ရှိသနည်းဟု မေး၏။ ညီငယ်ရသေ့လည်း ငါသည် ဖြေတော်သော ရောဂါရှိ၏။ ထို့ကြောင့် ထောပတ်ကို အလိုရှိ၏ဟုဆို၏။ သိကြားလည်း ရသေ့အား နို့ဓမ်းအိုးတစ်လုံးကို ပေး၍ အကယ်၍ အရှင်ဘုရားသည် ပြည်ကို အလိုရှိသည်ရှိသော် ဤအိုးကိုစောင်းလော့၊ ထိုအခါ အိုးမှ သည်းစွာသော ရေအလျဉ်ဖြင့် မြစ်ကြီးဖြစ်၍ အရှင့်အားပြည်ကိုယူပေးခြင်းငှာသော်လည်း စွမ်းနိုင်၏ဟုဆို၍ သွားလေ၏။ ထိုနေ့မှစ၍ ပဲခွပ်သည် အစ်ကိုကြီး ရသေ့အား မီးကိုပြု၍ ပေး၏။ ညီလတ်ရသေ့သည်လည်း စည်ကိုတီး၍ ဆင်တို့ကို ပြေးစေ၏။ ညီငယ် ရသေ့သည်လည်း နို့ဓမ်းကို မပြတ်သုံးဆောင်ရ၏။

ထိုရောအခါ ဝက်တစ်ခုသည် ရွာဟောင်းရာ၌ ကျက်စားသည်ရှိသော် အာနုဘော်နှင့်ပြည့်စုံသော ပတ္တမြားတုံးကိုမြင်၍ ဝက်သည် ပတ္တမြားတုံးကို ခံတွင်းဖြင့် ကိုက်၍ ပတ္တမြား၏ အာနုဘော်ဖြင့် ကောင်းကင်သို့ပျံ၍ သမုဒ္ဒရာအလယ်တစ်ခုသော ကျွန်းသို့သွား၍ ဤကျွန်းတွင် ငါနေခြင်းငှာ အပ်၏ဟု သက်၍ ချမ်းသာသောအရပ်၌ တစ်ခုသော ရေသဖန်းပင်၏ အောက်၌ နေခြင်းကိုပြု၏။ ဝက်သည် တစ်နေ့သ၌ သစ်ပင်ရင်းတွင် ပတ္တမြားကိုထား၍ အိပ်၏။

ထိုအခါ ကာသိကတိုင်း၌ နေသော လူတစ်ယောက်ကို ဤသူသည် ငါတို့ကျေးဇူးကို မပြု ဟု မိဘတို့က အိမ်မှ နှင်ထုတ်လိုက်သောကြောင့် တစ်ခုသော သင်္ဘောဆိပ်သို့ သွား၍ သင်္ဘောသားတို့၏ အမှုကိုပြု၍ သင်္ဘောစီး၍ သမုဒ္ဒရာသို့ သွားရာ သမုဒ္ဒရာ၏ အလယ်၌ သင်္ဘောပျက်၍ သစ်ပျဉ် တစ်ခုကို တွယ်ပြီးလျှင် မျောလေသော် ထိုကျွန်းသို့ ရောက်လေ၏။ ထိုသူသည် သစ်သီးတို့ကို ရှာသည်ရှိသော် ဝက်အိပ်ပျော်သည်ကို မြင်၍ အသာအသာ သွားပြီးလျှင် ပတ္တမြားကို ယူ၍ ပတ္တမြား၏ အာနုဘော်ဖြင့် ကောင်းကင်သို့ပျံ၍ ရေသဖန်းပင်၌ နေ၍ ကြံ၏။

ဤဝက်သည် ဤပတ္တမြား၏ အာနုဘော်ဖြင့် ကောင်းကင်သို့ သွား၍ ဤကျွန်း၌ နေ၏။ ငါသည် ဤဝက်ကိုသတ်၍ အသားကို စားပြီးလျှင် သွားအံ့ဟု ကြံ၍ တစ်ခုသော လှံကန်ကို ချိုး၍ ဝက်၏ ဦးခေါင်း၌ ကျစေ၏။ ဝက်သည် နိုး၍ ပတ္တမြားကို မမြင်သောကြောင့် ထိုမှ ဤမှ တုန်လှုပ်လျက်ပြေး၏။ သစ်ပင်ထက်၌ နေသော ယောကျ်ားသည် ရယ်၏ ဝက်သည် ကြည့်လတ်သော် ထိုသူကိုမြင်၍ သစ်ပင်ကို ဦးခေါင်းဖြင့် တိုက်၍ ထိုအရပ်၌ပင် သေလေ၏။ ထိုယောကျ်ားသည် သစ်ပင်မှ သက်၍ မီးမွှေး၍ ဝက်သားကို ချက်၍ စားပြီးလျှင် ကောင်းကင်သို့ ပျံ၍ ဟိမဝန္တာထိပ်ဖြင့် သွား၍ အဿမပိုဒ် သခ်မ်းကို မြင်၍ အစ်ကိုဖြစ်သော ရသေ့၏ သခ်မ်း၌သက်၍ နှစ်ရက်သုံးရက်နေ၏။

ထိုသူသည် ရသေ့အား ဝတ်ကြီးဝတ်ငယ်ကို ပြု၍ နေရာတွင် ပဲခွပ်၏ အာနုဘော်ကို မြင်၏။ ထိုအခါ ငါသည် ဤပဲခွပ်ကို ယူခြင်းငှာ အပ်၏ဟု ပတ္တမြား၏ အာနုဘော်ကို ရသေ့အားပြ၍ အရှင်ဘုရား အကျွန်ုပ်၏ ပတ္တမြားကိုယူ၍ ပဲခွပ်ကို အကျွန်ုပ်အား ပေးလော့ဟုဆို၏။ ရသေ့သည် ကောင်းကင်ဖြင့် သွားလိုရကား ပတ္တမြားကို ယူ၍ ပဲခွပ်ကို ပေး၏။ ထိုသူသည် ပဲခွပ်ကို ယူ၍ အတန်ငယ်သွား ပြီးလျှင် ပဲခွပ်ကို သုံးသပ်၍ အချင်းပဲခွပ်၊ ရသေ့၏ဦးခေါင်းကိုဖြတ်၍ ငါ၏ ပတ္တမြားကို ဆောင်ချေလော့ဟု စေ၏။ ပဲခွပ်လည်း သွား၍ ရသေ့၏ဦးခေါင်းကို ဖြတ်ပြီးလျှင် ပတ္တမြားကို ဆောင်ခဲ့၏။ ထိုသူသည် ပဲခွပ်ကို ဖုံးကွယ်ရာအရပ်၌ ထားခဲ့၍ အလတ်ရသေ့ထံ သွား၍ တစ်ရက်နှစ်ရက်နေ၍ စည်၏ အာနုဘော်ကို မြင်လျှင် ပတ္တမြားကိုပေး၍ စည်ကိုယူ၍ ရှေ့နည်းဖြင့် ရသေ့၏ ဦးခေါင်းကို ဖြတ်စေ၍၊ ညီငယ်ရသေ့ထံသို့ ကပ်၍ နို့ခမ်းအိုး၏ အာနုဘော်ကို မြင်၍ ပတ္တမြားကို ပေး၍ နို့ခမ်းအိုးကိုယူ၍ ရှေ့နည်းဖြင့် ရသေ့၏ ဦးခေါင်းကို ဖြတ်စေ၍ ပတ္တမြား၊ ပဲခွပ်၊ စည်၊ နို့ခမ်းအိုးတို့ကိုယူ၍ ကောင်းကင်ခရီးဖြင့် ပျံ၍ ဗာရာဏသီမင်းအား စစ်သော်လည်း ထိုးမည်လော၊ ပြည်ကိုသော်လည်း ပေးမည်လောဟု ယောကျ်ားတစ်ယောက်၏ လက်၌ကမ္ဘည်းကို ရေးပေးလိုက်၏။

မင်းသည် စေသော သတင်းစကားကိုကြား၍ ခိုးသူကို ဖမ်းယူအံ့ဟု ပြည်မှ ထွက်၏။ ထိုယောကျ်ားသည် စည်တစ်ဘက်ကိုပုတ်၍ လေးပါးသော အင်္ဂါရှိသော စစ်သည်တို့ကို ခြံရံစေ၍

နို့ ခမ်းအိုးကို သွန်သည်ရှိသော် မြစ်ကြီးသည် ဖြစ်၏၊ လူများတို့သည် နို့ခမ်းရည်၌ နစ်၍ မထွက်နိုင်ကုန်၊ ပဲခွပ်ကိုသုံးသပ်၍ အချင်းပဲခွပ် သင်္ဘသည် မင်း၏ ဦးခေါင်းကိုဆောင်ချေလော့ဟု ဆို၏။ ပဲခွပ်လည်းသွား၍ မင်း၏ ဦးခေါင်းကို ဆောင်၍ ခြေရင်း၌ထား၏၊ တစ်ယောက်သောသူမှ လက်နက်ကို ခို်အံ့သောငှာ မတတ်နိုင်၊ ထိုယောကျ်ားသည် များစွာသော ဗိုလ်ပါခြံရံလျက် မြို့တွင်းသို့ဝင်ပြီးလျှင် အဘိသိက်ခံ၍ ဒဓိဝါဟနမည်သော မင်းဖြစ်၍ တရားသဖြင့် မင်းပြု၏။

တစ်နေ့သ၌ ဂင်္ဂါမြစ်တွင် ပိုက်ကွန်တို့ဖြင့်တန်း၍ ရေသဘင်ကစားသည်ရှိသော် ကဏ္ဏမုဏ္ဏအိုင်မှ နတ်တို့သာသုံးဆောင်ထိုက်သောတစ်လုံးသော သရက်သီးမှည့်သည်မျှောလာ၍ပိုက်ကွန်၌ငြိ၏။ ပိုက်ကွန်တို့ကို ခို်လတ်သော် သရက်သီးကိုမြင်၍ မင်းအား ဆက်ကုန်၏။ ထိုသစ်သီးကား ကြီးစွာသော အိုးစရည်းပမာဏ အလုံးအဝန်းရှိ၏။ ရွှေအဆင်းနှင့်တူသောအဆင်းရှိ၏၊မင်းသည် အဘယ်အသီးနည်းဟု မုဆိုးတို့ကိုမေး၏။ သရက်သီးဟု ကြား၍ သုံးဆောင်၏။သရက်စေ့ကိုလည်း မိမိဥယျာဉ်၌ စိုက်စေ၍ နို့ရည်ဖြင့် သွန်းစေ၏။ သစ်ပင်ဖြစ်၍ သုံးနှစ်မြောက်သော် သီး၏ သရက်ပင်အား ပူဇော်ခြင်းသည် ဖြစ်၏။ နံ့သာကို လက်ငါးချောင်းရာထင်အောင် လိမ်းကုန်၏။ ပန်းဆိုင်းတို့ဖြင့် ရံကုန်၏။ နံ့သာဆီတို့ဖြင့် ဆီမီးညှိကုန်၏။ တင်းတိမ်ကာရံခြင်းကို ပြုကုန်၏။ အသီးတို့သည်အလွန်ချိုကုန်၏။ ကောင်းသောအဆင်း ရှိကုန်၏၊ဒဓိဝါဟနမင်းသည် တပါးသော မင်းတို့အား သရက်သီးလက်ဆောင်ပို့စေသော် အပင်ဖြစ်အံ့စိုး၍အညွှန့်ဖြစ်ရာအရပ်ကိုဖားရိုးဖြင့် ထိုး၍ ပို့စေ၏။ တနည်းကား လိပ်ကျောက်ဆူးဖြင့် ထိုး၍ပို့စေ၏။

(ဤအရာတွင်“ မဏ္ဍူကကဏ္ဏကေန ဝိဇ္ဈိတ္တာပေသေသိ”ဟူ၍ပါဠိရှိသည်၊ အချို့သော ဆရာတို့သည် ဖားပေါင်ကျောက်ကုန်းရိုးဖြင့်ဟူ၍ အဓိပ္ပာယ်ဆိုကြ၏။ အချို့သော ဆရာတို့လည်း လိပ်ကျောက်ဆူးဖြင့်ဟူ၍ အနက်ဆိုကြ၏။ရှေ့အဓိပ္ပာယ်အလိုရှိသော် မဏ္ဍူကသဒ္ဒါသည် ဖားဟောဖြစ်သည်။ နောက်အဓိပ္ပာယ် အလိုရှိသော် မဏ္ဍူကသဒ္ဒါသည် လိပ်ကျောက်ဟော ဖြစ်သည်။ ကဏ္ဏကသဒ္ဒါသည် ဆူးဟောဖြစ်သည်ဟု ဆိုရိပ်ရှိသည်။ ဤကိုထောက်သော် မဏ္ဍူကသဒ္ဒါသည် ဖားကိုလည်းကောင်း၊ လိပ်ကျောက်ကိုလည်းကောင်း အနက်နှစ်ပါးကိုပင် ယူဟန်ရှိသည်။ သုတ်သီလက္ခန်အဋ္ဌကထာပြဟ္မဇာလသုတ်အဖွင့်တွင်လည်း—

တသ္မိံပိ ရုက္ခေ မဏ္ဍူကကဏ္ဏကဝိသသမ္ဘသံအာဂမ္ဘ အနုပုဗ္ဗေန သုသိတွာ မတေ။

ဟူသော ပါဠိ၌ ကဏ္ဏကဟူသောသဒ္ဒါ ဝိသုဟူသော သဒ္ဒါတို့သည် ဆူးအဆိပ်ကို ဟောသည်ဖြစ်၍ လိပ်ကျောက်ဆူးဟု ဆိုသောစကားသည် သင့်မည်ကဲ့သို့ ရှိ၏။)

ထိုမင်းတို့သည် သရက်သီးကိုစား၍ အစေ့ကို စိုက်သည်ရှိသော် မပေါက်ကုန်။ ထိုမင်းတို့သည် ဤအကြောင်းကား အသို့နည်းဟုမေးကုန်၍ အကြောင်းကို သိကုန်၏၊ တစ်ယောက်မင်းသည် ဥယျာဉ်စောင့်ကိုခေါ်၍ သင်သည် ဒဓိဝါဟနမင်း၏ သရက်သီးအရသာကို ပျက်စေ၍ ခါးသော အဖြစ်ကို ပြုခြင်းငှာ တတ်နိုင်လတ္တံ့လောဟု မေး၏။ တတ်နိုင်ပါ၏ဟု ဆိုလျှင် ထိုသို့တပြီးကား သွားချေဟု ဥစ္စာတစ်ထောင်ပေး၍ လွှတ်လိုက်လေ၏။ ဥယျာဉ်စောင့်သည် ဗာရာဏသီပြည်သို့ သွားလေ၍ တစ်ယောက်သော ဥယျာဉ်စောင့်သည် ရောက်လာပါသည်ဟု မင်းအားကြားစေ၏။ မင်းလည်းခေါ်စေသည်ဖြစ်၍မင်းထံသို့ဝင်ပြီးလျှင် ရှိခိုး၍နေ၏။သင်သည် ဥယျာဉ်စောင့်လောဟု

မေးသည်ရှိသော် ဟုတ်ပါ၏ဟု ဆို၍ မိမိ၏အာနုဘော်ကို ချီးမွမ်း၍ မင်းသည် သင်သွားချေ။ ငါဥယျာဉ်စောင့်အထံ၌ နေလော့ဟု ဆို၏။

ဥယျာဉ်စောင့်ဟောင်းလည်း အသစ်ရောက်လာသော ဥယျာဉ်စောင့်နှင့် တကွသာလျှင် နှစ်ယောက်သော သူတို့သည် ဥယျာဉ်ကိုပြုပြင်ကြကုန်၏။ နောက်လာသော ဥယျာဉ်စောင့်သည် အခါမဟုတ်ပဲ ပန်းတို့ကို ပွင့်စေကုန်၏၊ အခါမဟုတ်ပဲ သစ်သီးတို့ကို သီးစေကုန်၏။ ဥယျာဉ်ကို မွေ့လျော်ဖွယ်ရှိအောင် ပြုလေသည်။ ထိုအခါ မင်းသည် နောက်ရောက်သော ဥယျာဉ်စောင့်ကို ကြည်ညိုး၍ ဥယျာဉ်စောင့်အဟောင်းကို ထုတ်၍ အသစ်ရောက်သောသူအားသာလျှင် ဥယျာဉ်ကို ပေး၏။ ဥယျာဉ်စောင့်သည်မိမိသို့ရောက်သောအဖြစ်ကိုသိ၍ သရက်ပင်ကိုရံ၍တမာခွေးတောက်ပင်တို့ကို စိုက်၏။ အစဉ်သဖြင့် တမာခွေးတောက်ပင်တို့သည် ကြီးကုန်၍ အမြစ်တို့နှင့် အမြစ်တို့သည်၊ အခက်တို့နှင့် အခက်တို့သည် ရောနှော မြွေးယှက်ကုန်သည် ဖြစ်ကုန်၏။ ထို့ကြောင့် မမြိန်ရှက်သောအရသာရှိသော သစ်ပင်နှင့် နှီးနှောခြင်းကြောင့် ချို့မြက်သော အသီးရှိသော သရက်ပင်သည် ခါးသည်ဖြစ်၍ တမာရွက်နှင့်တူသော အရသာရှိ၏။ ဥယျာဉ်စောင့်သည် သရက်သီး၏ ခါးသောအဖြစ်ကို သိ၍ မိမိ၏ အရှင်ထံသို့ ပြန်၍ပြေးလေ၏။

ဒဓိဝါဟနမင်းသည် ဥယျာဉ်သို့သွား၍ သရက်သီးကိုစားအံ့သောငှာ ခံတွင်းသို့ သွင်းလျှင်ပင် သရက်သီး၏အရသာသည် တမာရွက်၏ အရသာကဲ့သို့ဖြစ်၍ မျိုအံ့သောငှာ မတတ်နိုင်သောကြောင့် ဟက်၍ ထွေးရလေ၏။ ထိုအခါ ဘုရားလောင်းသည် ထိုမင်း၏ အကျိုးအကြောင်းကို ဆုံးမတတ်သော အမတ်ဖြစ်၏။ မင်းသည် ဘုရားလောင်းကိုခေါ်၍ ပညာရှိ ဤသစ်ပင်အားရှေးဖြစ်သော ပူဇော်သက္ကာရတို့သည် ယုတ်သည် မရှိဖြစ်လျက် သရက်သီး၏ ခါးသောအရသာသည် ဖြစ်ခဲ့၏၊ အကြောင်း အဘယ်သို့နည်းဟု မေးလို၍–

ဝဏ္ဏ ဂန္ဓ ရသူပေတော၊ အမ္မောယံ အဟုဝါ ပုရေ။
တမေဝ ပူဇံ လဘမာနော၊ ကေနမ္မော ကဋုကပ္ပလော–ဟူသောဂါထာကို ရွတ်၏။

အဓိပ္ပာယ်ကား။ ။ပညာရှိ၊ အဆင်းအနံ့အရသာနှင့် ပြည့်စုံသော ဤသရက်ပင်သည် ရှေးအခါ ပူဇော်ခြင်းကို ရတိသကဲ့သို့၊ ယခုလည်း ပူဇော်ခြင်းကိုရပါလျက် အဘယ့်ကြောင့် သရက်သီးသည် ခါးလေဘိသနည်းဟူလိုသည်။ ဘုရားလောင်းအမတ်လည်း သရက်ပင်၏ အကြောင်းကိုကြားလို၍—

ပုစိမန္ဒ ပရိဝါရော၊ အမ္မော တေ ဒဓိဝါဟန။
မူလံ မူလေန သံသဋ္ဌ၊ သာခါ သာခံ နိသေဝရေ။
အသာတသန္နိဝါသေန၊ တေနမ္မော ကဋုကပ္ပလော - ဟူသော ဒုတိယဂါထာကို ရွတ်၏။

အဓိပ္ပာယ်ကား။ ။အရှင်မင်းကြီး ဒဓိပါဟနမင်းကြီး၏ တမာပင်ဖြင့် ဝန်းရံအပ်သော သရက်ပင်သည်အမြစ်ကိုအမြစ်ချင်း၊ အခက်ကို အခက်ချင်း နှီးနှောသဖြင့် မသာယာအပ်သော တမာပင်နှင့်နှီးနှောခြင်းကြောင့် ခါးသော အသီးသည်သီးလာ၏ ဟူလိုသည်။

မင်းကြီးသည် ဘုရားလောင်း၏စကားကို ကြား၍ ခပ်သိမ်းကုန်သော တမာခွေးတောက်နွယ်တို့ကိုဖြတ်စေ၍ ထက်ဝန်းကျင်မှ မချို့မြက်သော မြေတို့ကို ထုတ်စေ၍ ချို့မြက်သောမြေတို့ကို

ဖို့စေ၍ နို့ရည် သကာရည် နံ့သာရည်တို့ဖြင့် သွန်းစေ၍ သရက်ပင်သည် ချို့မြက်သောအရသာ ပေါင်းဖော်ရခြင်းကြောင့် တဖန် ချို့ပြန်သည်လျှင် ဖြစ်၏။ ထိုအခါ ပြကတ္တသောဥယျာဉ်စောင့် အားသာလျှင် ဥယျာဉ်ကို ဆောက်နှင်း၍ အသက်ရှည်သမျှသော ကာလပတ်လုံး တည်၍ ကံအား လျော်စွာသွားကြလေ၏။

ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ထိုအခါပညာရှိသော အမတ်သည် ငါဘုရားဖြစ်လာ၏ဟု ဇာတ်ကိုပေါင်းတော်မူ၏။ (ဒဓိဝါဟနဇာတ်)။ ဤဒဓိဝါဟန ဇာတ်တော်ကိုရည်၍ စပ်တော်မူသည့် စကားဖြစ်သည်။

ဟတ္ထိပါလဇာတ်တွင်လည်း—

တေ ကုမာရာ အတိဖရုသာ အဟေသုံ။ ယာယ ဒိသာယ ဂစ္ဆန္တိ၊ တာယ ဒိသာယ အာဟရိယမာနံ ပဏ္ဏာကာရံ ဝိလုပ္ပန္တိ–ဟူ၍ ဆိုသည်။

အနက်ကား။ ။တေ ကုမာရာ၊ ထိုမင်းသားတို့သည်။ အတိဖရုသာ၊ အလွန်ကြမ်းကြုတ်ကုန်သည်။ အဟေသုံ၊ ဖြစ်ကုန်၏။ ယာယ ဒိသာယ၊ အကြင်အရပ်မျက်နှာဖြင့်။ ဂစ္ဆန္တိ၊ သွားကုန်၏။ တာယဒိသာယ၊ ထိုအရပ်မျက်နှာမှ။ အဟရိယမာနံ၊ ဆောင်ခဲ့သော။ ပဏ္ဏာကာရံ၊ လက်ဆောင်ကို။ ဝိလုပ္ပန္တိ၊ လုယက်ကုန်၏။ ဟူ၍လာသည်။

ပျို့တွင်လည်း "လုလင်လေးယောက်၊ တဝမ်းပေါက်လည်း။ ခါးတောက်မြစ်ယှက်၊ စိုက်ရောဖက်သား၊ သရက်ပင်မင်း၊ သီးချို့ကင်းသို့၊ ဆင်မြင်းနွားဆိတ်၊ အဟိတ်ထိန်းကျောင်း၊ သူမကောင်းနှင့်၊ ယှဉ်ပေါင်းသောအား၊ လားလေရာရာ၊ ရှစ်မျက်နှာ၌။ ကန္တာရကြီး၊ တဖျင်းစီးလျှင်၊ ခရီးလမ်းဘောင်၊ ရန်ဆူးထောင်၍၊ လက်ဆောင်လက်နား၊ သူ့ဆောင်ပါးကို၊ ပိုင်ကားလုယက်၊ဆော့ကျွတ်ဖျက်သည်၊ မာန်ခက်ကြော့ကြော့ကြွမ်းကြမ်းတည်း" ဟူ၍ စပ်တော်မူသည်။

ယင်းသို့ဖြစ်၍ ချို့သောအရသာမှ ကင်းကွာကြောင်းကိုသာ စပ်တော်မူသည်ဟု ယူသင့်သည်။ ချို့သောအရသာရှိသော အသီးသည် သီးလာကင်းလာသည်ဟု မယူသင့် ဖြစ်သည်။

စာ-ပုစ္ဆာ။ ။စာစောင်ငယ်တခု၌ "သီဒါတောင်လည်၊ ခုနစ်မည်တည့်၊ တိုင်ချည်ကြိုးတန်း၊ စက်လှည့်ဝန်းသား၊ လေးကျွန်းမကွဲငှင်၊ လေးစိုင်ရောင်ခြည်၊ လေးမည်ရပ်သား၊ နဂါးဂဠုန်၊ ကခုန်မြူးကွန်၊ ကုမ္ဘဏ်ဘီလူး၊ စားကြူးစိုးဆိုက်၊ မဟာရိဖ်တို့၊ ငါးတိုက်ကျယ်ဘောင်၊ မြင်းမိုရ်တောင်၏၊ ထိပ်ခေါင်ရွှေမြေ၊ တောင်ချက်ပွေ၌၊ လွှဲဝေနဝရတ်၊ စီမြောင်ခတ်သား" ဟူ၍ မြင်းမိုရ်တောင်၌ အရောင်လေးပါးရှိကြောင်းကို စပ်ဆိုပါသည်။ ဤကဲ့သို့ ပျို့ဆရာတို့ စပ်ဆိုကြသည် အများပင် ဖြစ်ပါသည်။

သဟဿ ပုစ္ဆာကျမ်း၊ ပုစ္ဆာဝိသဇ္ဇနာကျမ်း တို့၌ကား မြင်းမိုရ်တောင်သည် အဘယ်ဖြင့် ပြီးသနည်းဟု အမေးဆို၍ ဝရကနကမယေ မေရုရာဇေ– ဟုကျမ်းလာသောကြောင့် မြင်းမိုရ်တောင်သည် ရွှေအတိသာ ပြီးသည်ဟု အဖြေပြဆိုပြန်ပါသည်။ ရတနာလေးပါးဖြင့် ပြီးသည်ဟုဆိုသည်ကို မှတ်ရမည်။ ရွှေအတိသာပြီးသည်ဟု ဆိုသည်ကို မှတ်ရမည်ကိုမိန့်တော်မူပါ။

သင်္ကရာဇ် ၁၁၇၂-ခု၊ဒုတိယဝါဆိုလဆန်း၁-ရက်၊တနင်္ဂနွေနေ့။ မုံရွာ သိရိမာလာက လျှောက်လာရာတွင် ဖြေဆိုလိုက်သည်ကား–

စ၁—ဝိသဇ္ဇနာ။ ။မြင်းမိုရ်တောင်ကို မေးရာ၌–မြင်းမိုရ်တောင်သည် အရောင်လေးပါးဖြင့် ပြီးကြောင်းကို လောကဒီပနီကျမ်းတွင်–

> ပါစိနပဿံ ရဇတံ၊ ဒက္ခိဏပဿံ ဂ္ဃန္ဒနီလံ။ ပစ္ဆိမပဿံ ဖလိကံ၊ ဥတ္တရံ ကနကမယန္တိ။ သိနေရုဿယုဂန္ဓရုပဗ္ဗတဿ ဥပရိဘာဂေန ပါစီနဒိသာဒီဟိ နိက္ခန္တရဇတာဒိရံသယော သမုဒ္ဒပိဋ္ဌေန ဂန္ဒာ စင်္ကဝါဠပဗ္ဗတံ အာဟစ္စ တိဋ္ဌန္တိ။ တေသမွန ရဿီနံ အဗ္ဘန္တရေသု မဟာသမုဒ္ဒါ ဟောန္တိ။ ဟူ၍လာသည်။

အဓိပ္ပာယ်ကား။ ။မြင်းမိုရ်တောင်၏ အရှေ့နံပါးသည် ငွေဖြင့်ပြီး၏။ တောင်နံပါးသည် ဂ္ဃန္ဒနီလာ မြဖြင့်ပြီး၏။ အနောက်နံပါးသည် ဖန်စိမ်းဖြင့်ပြီး၏။ မြောက်နံပါးသည် ရွှေဖြင့်ပြီး၏၊ မြင်းမိုရ်တောင်၏ အရောင်သည် ယုဂန္ဓိရ်တောင်၏ အထက်အဖို့ဖြင့် အရှေ့မျက်နှာစသော အရပ်တို့မှထွက်သော ငွေအစရှိသော အရောင်တို့သည် သမုဒ္ဒရာထိပ်အပြင်ဖြင် ပြေးလေ၍ စကြဝဠာတောင်ကို ထိ၍တည်လေ၏။ ထိုအရောင်တို့၏ အတွင်း၌ လေးစင်းသော မဟာသမုဒ္ဒရာတို့သည် ဖြစ်ကုန်၏ဟူလိုသည်။ သာရတ္ထဒီပနီဋီကာတွင်လည်း ၎င်းနည်းတူပင် ဆိုသည်။

ထို့ကြောင့် မြင်းမိုရ်တောင်၌ အရောင်လေးပါး ရှိကြောင်းကို မှတ်သင့်သည်။ သို့ကိုလျက် ပရိတ်ကြီးနိဒါန်း၌ "ဝရကနကမယေ"ဟု ဆိုခြင်းသည်ကား ဥပလက္ခဏနည်းဖြင့် မှတ်သင့်ရာကို ဆိုလေသည်။ တကြောင်းလည်း ပဌာနနည်း ဖြင့်သာ ပြဋ္ဌာန်းရာကိုကောက်၍ ဆိုလေသည်။

ထို့ကြောင့် ပရိတ်ကြီးဋီကာ၌–

> ဝရကနကမယေတိ ဥတ္တမ သုဝဏ္ဏ ရဇတ ဂ္ဃန္ဒနီလ ဖလိကနိဗ္ဗတ္တေ။မေရုရာဇဿ ဟိ စတ္တာရော ဝဏ္ဏာ ဟောန္တိ။ ပါစီနံ ရဇတံ၊ ဒက္ခိဏံ ဂ္ဃန္ဒနီလံ၊ ပစ္ဆိမံ ဖလိကံ၊ ဥတ္တရံ သုဝဏ္ဏန္တိ ဝုတ္တဥိ—
>
> ပါစီနပဿံ ရဇတံ၊ ဒက္ခိဏံ ဂ္ဃန္ဒနီလကံ။
> ပစ္ဆိမံ ဖလိကဥ္စေဝ၊ သုဝဏ္ဏံ ဥတ္တရံ ဒိသန္တိ။
>
> ဥပလက္ခဏနယေနဟိ ဝရကနကမယေတိ ဝုတ္တံ၊ ပဌာန နယေန ဝါ။ တေနာဟ ဝရကနကန္တိ။ ဟူ၍ဆိုသည်။

အနက်ကား။ ။ဝရကနကမယေတိ၊ ဝရကနကမယေ- ဟူသည်ကား။ ဥတ္တမ သုဝဏ္ဏ ရဇတ ဂ္ဃန္ဒနီလ ဖလိက နိဗ္ဗတ္တေ၊ မြတ်သော ရွှေစင် ငွေစင် မြည်ဩ ဖန်စိမ်း အတိပြီးသော။ ဟိ-သစ္စံ၊ အကယ်မှန်၏။ မေရုရာဇဿ၊ မြင်းမိုရ်တောင်မင်း၏။ စတ္တာရော၊ လေးပါးကုန်သော။ ဝဏ္ဏာ၊ အဆင်းတို့သည်၊ ဟောန္တိ၊ ဖြစ်ကုန်၏။ ပါစီနံ၊ အရှေ့မျက်နှာသည်။ ရဇတံ၊ ငွေဖြင့်ပြီး၏။ ဒက္ခိဏံ၊ တောင်မျက်နှာသည်။ ဂ္ဃန္ဒနီလံ၊ မြည်ဖြင့်ပြီး၏။ ပစ္ဆိမံ၊ အနောက်မျက်နှာသည်။ ဖလိကံ၊ ဖန်စိမ်းဖြင့် ပြီး၏။ ဥတ္တရံ၊ မြောက်မျက်နှာသည်။ သုဝဏ္ဏံ၊ ရွှေဖြင့် ပြီး၏။ ဣတိ၊ ဤသို့၊ စတ္တာရော၊ လေးပါးကုန်သော။ ဝဏ္ဏာ၊ အဆင်းတို့သည်။ ဟောန္တိ၊ ကုန်၏။

ပါစီန ပဿံ ရဇတံ၊ ဒက္ခိဏံ ဂ္ဂန္ဒနီလကံ။ ပစ္ဆိမံ ဖလိကဥ္စေဝ၊ သုဝဏ္ဏံ ဥတ္တရံ ဒိသန္တိ။ ပါစီနပဿံ ရဇတံ။လ။ ဥတ္တရံ ဒိသံဟူ၍။ ဝုတ္တာဥို ဝုတ္တံ ဧဝ၊ မိန့်အပ်သလျှင် ကတည်း။ ဟိ-သစ်၊ ထိုစကားသည် သင့်မြတ်စွ။ ဥပလက္ခဏာနယေန၊ ဥပလက္ခဏာနည်းဖြင့်။ ဝရကနကမယေတိ၊ ဝရကနကမယေဟူ၍။ ဝုတ္တံ၊ ဆိုအပ်၏။ ဝါ။ တနည်းကား။ ပဌာနနယေန။ ပဌာနနနည်းဖြင့်။ ဝရကနကမယေတိ၊ ဝရကနကမယေဟူ၍၊ ဝုတ္တံ၊ ဆိုအပ်၏ တေန၊ ထို့ကြောင့်၊ ဝရကနကန္တိ၊ ဝရကနကဟူ၍။ အာဟ-အဝေါစ၊ မိန့်တော်မူ၏။ ဤသို့လာသည်ကို ထောက်၍ မှတ်ရာသည်။

၈၂-ပုစ္ဆာ။ ။တကြောင်းလည်း မြင်းမိုရ်တောင်မှာ ရွှေရတနာဖြင့် ပြီးသည်၊ ရတနာလေးပါးဖြင့် ပြီးသည်ဟု ဆိုကြသည်ကို ကြားသိရပါ၏။ တောင်စဉ်ခုနစ်ထပ်မှာ အဘယ်ရတနာဖြင့် ပြီးသည်ကို မသိရပါ၊ သိလိုပါသည်။

၈၂-ဝိသဇ္ဇနာ။ ။တောင်စဉ်ခုနစ်ထပ်မှာ အဘယ်ရတနာဖြင့် ပြီးသည်ကို မသိရပါ၊ သိလိုပါသည် ဟူရာ၌-ဝိသုဒ္ဓိမဂ်၊ ပါရာဇိကဏ်ဏ အဋ္ဌကထာစသော ပါဠိတို့၌—

တတော ဥပမျူပမေုန၊ ပမာဏေန ယထာက္ကမံ၊
အဿောဂါဠ္ဟုဂ္ဂတာ ဒိဗ္ဗာ၊ နာနာရတနဝိစိတ္တာ။

ယုဂန္ဓရော ဤသန္ဓရော၊ ကရဝိကော သုဒဿနော။
နေမိန္ဓရော ဝိနတကော။ အဿကဏ္ဏောဂိရိဗြဟာ။

ဧတေ သတ္တမဟာသေလာ၊ သိနေရုဿ သမန္တတော
မဟာရာဇာနမာဝါသာ၊ ဒေဝယက္ခ နိသေဝိတာ။ နေမိန္ဓရော၊

အနက်ကား။ ။တတော၊ ထိုမြင်းမိုရ်တောင်မင်းမှ။ ဥပမျူပမေုန၊ ထက်ဝက်ထက်ဝက်သော။ ပမာဏေန၊ အတိုင်းအရှည်ဖြင့်။ ယထာက္ကမံ၊ အစဉ်အတိုင်း။ အဿောဂါဠ္ဟုဂ္ဂတာ၊ ရေသို့သက်ကုန် ရေပေါ်သို့ ပေါ်ကုန်သော။ ဒိဗ္ဗာ၊ နတ်၌ဖြစ်ကုန်သော။ နာနာရတနဝိစိတ္တာ၊ အထူးထူးသော ရတနာတို့ဖြင့် ဆန်းကြယ်ကုန်ထသော။ ယုဂန္ဓရော၊ ယုဂန္ဓိရ်တောင်။ ဤသန္ဓရော၊ ဤသန္ဓရတောင်။ ကရဝိကော၊ကရဝိကတောင်။သုဒဿနော။ သုဒဿနတောင်။နေမိန္ဓရော၊ နေမိန္ဓရတောင်။ ဝိနတကော၊ ဝိနတကတောင်။ အဿကဏ္ဏော။ အဿကဏ်တောင်။ ဂိရိဗြဟာ၊ တောင်ကြီးတို့တည်း။ ဧတေ သတ္တမဟာသေလာ၊ ထိုခုနစ်လုံးသော တောင်ကြီးတို့သည်။ သိနေရုဿ၊ မြင်းမိုရ်တောင်၏။ သမန္တတော၊ ထက်ဝန်းကျင်မှ။ မဟာရာဇာနံ၊ မဟာရာဇ်နတ်မင်းကြီးတို့၏။ အာဝါသာ၊နေရာဖြစ်၏။ ဒေဝယက္ခနိသေဝိတာ၊ နတ်ဘီလူးတို့၏အမြဲမှီဝဲရာဖြစ်၏။ဟူ၍လာသည်။ ထို့ကြောင့် တောင်စဉ်ခုနစ်ထပ်တို့သည် အထူးထူးသောရတနာတို့ဖြင့် ဆန်းကြယ်၏ဟု မှတ်ရာ၏။

၈၃- ပုစ္ဆာ။ ။တကြောင်းမှာလည်း အလှူမပေးသော ပုဂ္ဂိုလ်ထက် အလှူပေးသော ပုဂ္ဂိုလ်သည် နတ်၌ဖြစ်သော်လည်းကောင်း၊ လူ၌ဖြစ်သော်လည်းကောင်း ငါးပါးသော အကျိုးတို့ဖြင့် သာလွန်လေသည်ဟု ဟောတော်မူပါသည်။ ပါရမီခန်းတွင်လည်း-"အာယုဝဏ္ဏော၊ ချမ်းသာကျော်နှင့်၊ ဗလော်အားသန်၊ ပဋိဘာန်ဟု၊ ငါးတန်လှူရွာ၊

တွင်ကျယ်စွာသား၊ ပဥ္စာနိသင်၊ အကျိုးထင်ကို၊ ရချင်လှူလှူ၊ တောင်းသည်ဆုဖြင့်၊ ငါးခု သီတင်း၊ မကင်းသိပ်သည်း၊ ကိုယ်ချုပ်တည်း၍၊ ပစ္စည်းအတူ၊ ဆည်းပူးမူလျက်။" ဟူ၍လည်း စပ်ဆိုတော်မူပါသည်။

ယင်းသို့ဖြစ်၍၊ အလှူ၏အကျိုးသည် ငါးပါးသာဖြစ်သင့်ပါသည်။ သို့ကိုလျက် ထီးလှူသော အကျိုးရှစ်ပါး၊ ယပ်လှူသောအကျိုးရှစ်ပါး၊ ထိုမှတပါး ခုနစ်ပါး၊ ရှစ်ပါး၊ ကိုးပါး၊ ဆယ်ပါးစသည်ဖြင့် အလှူ၏ အကျိုးကို ခွဲစိတ်၍ ဆိုကြပြန်ပါသည်။ ဤအရာမှန်သည်ဖြစ်လျှင် ယခင်ငါးပါးဆိုသော စကားတို့ မည်သို့ မှတ်ယူရပါမည်။ ထိုမှတပါး၊ ငါးပါး၊ ခြောက်ပါး၊ ခုနစ်ပါး၊ ရှစ်ပါး၊ ကိုးပါး၊ ဆယ်ပါး ဆိုသည်များကိုလည်း ကျမ်းဂန်မလာသော် မဆိုတန်ရာဟု ယုံမှားမရှိ မှတ်ပါသည်။ မည်သည့်ကျမ်းဂန်တို့က လာသည်ကို အတပ် အကြပ်သိလိုပါသည်။ ထုတ်နုတ်၍ ကျမ်းဂန်ညွှန်း၍ ပြတော်မူပါ။

ဣမေသံ ဒ္ဝိန္နံ အနုဂ္ဂဟိတာနံ ပစ္စယာနုဂ္ဂဟတော ဓမ္မာနုဂ္ဂဟံ ပဏီတတရံ- ဟု ဟော တော်မူသည်ကို နှလုံးသွင်း၍ ဓမ္မာနုဂ္ဂဟပြုတော်မူပါ ဆရာတော်ဘုရား။

စဥ-ဝိသဇ္ဇနာ။ ။အလှူပေးသော သူသည် အလှူမပေးသော သူထက် ငါးပါးသောအရာဖြင့် နတ်ဖြစ်သော်လည်းကောင်း၊ လူဖြစ်သော်လည်းကောင်း၊ သာလွန်လေသည် ဟောပြောကြပါသည်ဆိုရာ၌-

ဘုရားသဗ္ဗညု ဟောသော ပါဠိဒေသနာတော်ကို အမှီပြု၍ ဟောပြောကြသော အရာဖြစ်၍ အမှန်အကန် ဟောပြောသော အရာပင်ဖြစ်တော့သည်။ ထိုစကားသည် အဂုတ္တရနိကာယ်၊ ပဉ္စကနိပါတ်ကျမ်း၊ သုမနသုတ်တွင် လာသောစကားဖြစ်သည်။ ထို့ကြောင့် အကျယ်မဆိုပြီ။

သုမနမည်သော မင်းသမီးသည် မြတ်စွာဘုရားကိုလျှောက်ထားသည်ကား-

ကဿသ ဘန္တေ သာဝကာ သမသဒ္ဓါ သမသီလာ သမပညာ။ ဧကော ဒါယကော၊ ဧကော အဒါယကော၊ တေ ကာယဿ ဘေဒါပရမ္မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇေယ္ယုံ။ ဒေဝဘူတာနံ ပန နေသံ ဘန္တေ သိယာ ဝိသေသော။ သိယာ နာနာ-ကရဏန္တိ-ဟူ၍ လျှောက်သည်။

အဓိပ္ပာယ်ကား။ ။အရှင်ဘုရား၊လောက၌ တူသောသဒ္ဓါ၊ တူသောသီလ၊ တူသောပညာ ရှိကုန်၏။ တယောက်ကား အလှူပေးတတ်၏။ တယောက်ကား အလှူမပေးတတ်။ ထိုသူနှစ်ယောက်တို့သည် သေလွန်သောကာလ နတ်ပြည်၌ဖြစ်ကြကုန်အံ့။ ထိုသူနှစ်ယောက်တို့သည် ထူးကြကုန်မည်လော တူမျှကြကုန်မည်လောဟု လျှောက်သည်ဟူလိုသည်။

မြတ်စွာဘုရားသည် ထူးကြကုန်ရာသည်၊ မတူမျှကုန်ရာဟု မိန့်တော်မူလို၍-

ယော သော သုမနေ ဒါယကော သော အမုံ အဒါယကံ ဒေဝဘူတော သမာနော ပဉ္စဟိ ဌာနေဟိ အဓိဂဏှာ တိ ဒိဗ္ဗေန အာယုနာ၊ ဒိဗ္ဗေန ဝဏ္ဏေန၊ ဒိဗ္ဗေန သုခေန၊ ဒိဗ္ဗေန ယသေန၊ ဒိဗ္ဗေန အာဓိပတေယ္ယေန၊ ယော သော သုမနေ ဒါယကော၊ သော အမုံ အဒါယကံ ဒေဝဘူတော သမာနော ဣမေဟိ ပဉ္စဟိ ဌာနေဟိ အဓိဂဏှာတိ။ ဟူ၍ မိန့်တော်မူ၏။

အဓိပ္ပာယ်ကား။ ။သုမနမင်းသမီး၊ အကြင်သူသည် အလှူပေးတတ်၏။ ထိုသူသည်အလှူမပေးတတ်သောသူတို့ထက် နတ်ဖြစ်သော်လည်း အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ အခြံအရံများခြင်း၊ အစိုးရခြင်း၊ ဤငါးပါးသော အရာတို့ဖြင့် သာလွန်လေသည်ဟူလိုသည်။

အရှင်ဘုရား၊ နတ်ပြည်မှ စုတေခဲ့၍ လူဖြစ်ပြန်သည်ရှိသော် ထူးကြကုန်မည်လော၊ တူမျှကြကုန်မည်လောဟု လျှောက်ပြန်၏။ မြတ်စွာဘုရားသည်လည်း–

> ယော သော သုမနေ ဒါယကော သော အမုံ အဒါယကံ မနုဿဘူတော သမာနော ပဠဟိဌာနေဟိ အဓိဂဏှာတိမာနုဿကေန အာယုနာ၊ မာနုဿကေန ဝဏ္ဏေန၊ မာနုဿကေန သုခေန၊ မာနုဿကေန ယသေန။ မာနုဿကေန အဓိပတေယ္ယေန။ ယော သော သုမနေ ဒါယကော၊ သော အမုံ အဒါယကံ မနုဿဘူတော သမာနော ဣမေဟိ ပဠဟိဌာနေဟိ အဓိဂဏှာတိ။ ဟူ၍ မိန့်တော်မူ၏။

အဓိပ္ပာယ်ကား။ ။သုမနမင်းသမီး၊ အကြင်သူသည် အလှူပေး၏။ ထိုသူသည် မပေးမလှူသော သူတို့ထက် လူဖြစ်သော်လည်း အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ အခြံအရံများခြင်း၊ အစိုးရခြင်း-ဤငါးပါးသော အရာတို့ဖြင့် သာလွန်လေ၏ ဟူလိုသည်။

တကြိမ်လည်း၊ အရှင်ဘုရား၊ ထိုသူနှစ်ယောက်တို့သည် ရဟန်းပြုကြကုန်အံ့။ ထူးပြားကြအံ့လော၊ တူမျှကြအံ့လောဟု လျှောက်ပြန်၏။ ဘုရားသခင်လည်း ထူးပြားသောအကြောင်းကို မိန့်တော်မူလို၍–

> ယော သော သုမနေ ဒါယကော၊ သော အမုံ အဒါယကံ ပဠဇိတော သမာနော ပဠဟိ ဌာနေဟိ အဓိဂဏှာတိ။ ယာစိတောဝ ဗဟုလံ စီဝရံ ပရိဘုဉ္ဇတိ၊ အပ္ပံ အယာစိတော။ ယာစိတောဝ ဗဟုလံ ပိဏ္ဍပါတံ ပရိဘုဉ္ဇတိ၊ အပ္ပံ အယာစိတော။ ယာစိတောဝ ဗဟုလံ သေနာသနံ ပရိဘုဉ္ဇတိ အပ္ပံ အယာစိတော။ ယာစိတောဝ ဗဟုလံ ဂိလာနပစ္စယဘေသဇ္ဇပရိက္ခာရံပရိဘုဉ္ဇတိ၊ အပ္ပံ အယာစိတော။ ယေဟိ ခေါ ပန သပြဟ္မစာရီဟိ သဒ္ဓိံ ဝိတရတိ၊ တျဿ မနာပေနေဝ ဗဟုလံ ကာယကမ္မေန သမုဒါစရန္တိ၊ အပ္ပံ အမနာပေန။ မနာပေနေဝ ဗဟုလံ ဝစီကမ္မေန သမုဒါစရန္တိ၊ အပ္ပံ အမနာပေန။ မနာပေနေဝ ဗဟုလံ မနောကမ္မေန သမုဒါစရန္တိ၊ အပ္ပံ အမနာပေန။ မနာပညော ဗဟုလံ ဥပကာရံ ဥပဟရန္တိ၊ အပ္ပံ အမနာပံ ယော သော သုမနေ ဒါယကော၊ သော အမုံ အဒါယကံ ပဠဇိတော သမာနော ဣမေဟိ ပဠဟိ ဌာနေဟိ အဓိဂဏှာတိ။

ဟူ၍ မိန့်တော်မူ၏။

အဓိပ္ပာယ်ကား။ ။သုမနမင်းသမီး၊ အကြင်ရဟန်းသည် အလှူပေးတတ်၏။ ထိုရဟန်းသည် အပေးလှူတတ်သောသူထက် ငါးပါးသော အရာတို့ဖြင့် သာလွန်၏။ များစွာသော သင်္ကန်း၊ များစွာသော ဆွမ်း၊ များစွာသောကျောင်း၊ များစွာသော ဆေးတို့ကို သုံးဆောင်ရ၏။ အကြင်သီတင်းသုံးဖော်ဖြစ်သော သူတို့နှင့် အတူတကွနေရ၏။ ထိုသီတင်းသုံးဖော်ဘို့သည် ထိုရဟန်းအား နှစ်လိုသဖြင့်သာလျှင် များစွာသော ကာယကံဖြင့်လည်းကောင်း၊ ဝစီကံဖြင့်လည်းကောင်း

မနောကံဖြင့် လည်းကောင်း၊ လုပ်ဆောင်ခေါ်ဝေါ်ကုန်၏။ နှစ်လို့သဖြင့်သာလျှင် ကျေးဇူးကို ဆောင်ကုန်၏ ဟူလိုသည်။

တဖန်လည်း အရှင်ဘုရား၊ ထိုသူနှစ်ယောက်တို့သည် ရဟန္တာအဖြစ်သို့ ရောက်ကြကုန်အံ့။ ထိုသူတို့သည် တူမျှကြအံ့လော။ ထူးပြားကြအံ့လောဟု လျှောက်ပြန်၏။ ဘုရားသခင်လည်း ထူးပြားခြင်းမရှိ၊ တူမျှသောအဖြစ်ကို မိန့်တော်မူလို၍—

> ဧတ္ထ ခေါ ပနေသာဟံ သုမနေ ကိဉ္စိ နာနာကာရဏာ ဝဒါမိ ယဒိဒံ ဝိမုတ္တိယာ ဝိမုတ္တိန္တိ။

ဟူ၍ မိန့်တော်မူ၏။

အဓိပ္ပာယ်ကား။ ။သုမနမင်းသမီး၊ ရဟန္တာဖြစ်သော အခါ၌ကား ဝိမုတ္တိရသဟု ဆိုအပ်သော မင်္ဂဖိုလ်တရားသည် ထူးပြားခြင်း မရှိပြီ၊ တူမျှကြလေတော့သည် ဟူလိုသည်။

ထိုသို့မိန့်တော်မူလျှင် အရှင်ဘုရား အံ့ဖွယ်ရှိပေစွတကား။ အရှင်ဘုရား မဖြစ်ဖူးလေတကား၊ အလျှူပေးခြင်းငှာ အပ်သည်သာလျှင်တည်း။ ကောင်းမှုကိုပြုခြင်းငှာ သင့်သည်သာလျှင်တည်း။ နတ်ဖြစ်သော် လည်းကောင်း၊ လူဖြစ်သော် လည်းကောင်း၊ ရဟန်းဖြစ်သော် လည်းကောင်း ကောင်းမှုကုသိုလ်တို့မည်သည်ကား ကျေးဇူးကို ပြုတတ်ကုန်၏ဟု လျှောက်၏။ ဘုရားသခင်လည်း-

> ဧဝမေတံ သုမနေ၊ အလမေဝ သုမနေ ဒါနာနိ ဒါတုံ၊ အလံ ပုညာနိ ကာတုံ၊ ဒေဝ-ဘူတသပိ ဥပကာရာနိ ပုညာနိ၊ မနုဿဘူတသပိ ဥပကာရာနိ ပုညာနိ၊ ပဗ္ဗဇိတ-သပိ ဥပကာရာနိ ပုညာနိ။

ဟူ၍ ဟောတော်မူ၏။

အဓိပ္ပာယ်ကား။ ။သုမနမင်းသမီး၊ အလျှူပေးခြင်းငှာ အပ်သည်သာလျှင်တည်း။ ကောင်းမှုတို့ကို ပြုခြင်းငှာ အပ်သည်သာလျှင်တည်း။ လူဖြစ်သောသူအားလည်း ကျေးဇူးထောက်ပံ့ခြင်းကို ပြုပေကုန်၏။ နတ်ဖြစ်သောသူအားလည်း ကျေးဇူးထောက်ပံ့ခြင်းကို ပြုပေကုန်၏။ ရဟန်းဖြစ်သောသူအားလည်း ကျေးဇူးထောက်ပံ့ခြင်းကို ပြုပေကုန်၏ဟု မိန့်တော်မူပြီး၍ ဤဂါထာကို မိန့်တော်မူပြန်၏။

> ယထာပိ စန္ဒော ဝိမလော၊ ဂစ္ဆံ အာကာသမာတုယာ။
> သဗ္ဗေ တာရဂဏော လောကေ၊ အာဘာယ အတိရောစတိ။
>
> တထေဝ သီလသမ္ပန္နော၊ သဒ္ဓေါ ပုရိသပုဂ္ဂလော။
> သဗ္ဗေ မစ္ဆရိနော လောကေ၊ စာဂေန အတိရောစတိ။
>
> ယထာပိ မေဃော ထနယံ၊ ဝိဇ္ဇုမာလီသတက္ကကု။
> ထလံ နိန္နဉ္စ ပုရေတိ၊ အဘိဝဿံ ဝသုန္ဓရံ။
>
> ဧဝံ ဒဿနသမ္ပန္နော၊ သမ္မာသမ္ဗုဒ္ဓသာဝကော။
> မစ္ဆရိံ အဓိဂဏှာတိ၊ ပဉ္စဌာနေဟိ ပဏ္ဍိတော။

အာယုနာ ယသသာစေဝ၊ ဝဏ္ဏေန စ သုခေန စ။
သဝေ ဘောဂပရိဗ္ဗူဠှော၊ ပေစ္စ သဂ္ဂေ ပမောဒတိ။

အနက်ကား။ ။ဝိမလော၊ အညစ်အကြေးကင်းထသော။ အာကာသဓာတုယာ၊ ကောင်းကင်ပြင်၌။ ဂစ္ဆန္တော၊ သွားသော။ စန္ဒော၊ လသည်။ သဗ္ဗေ တာရဂဏာ၊ ခပ်သိမ်းသော ကြယ်အပေါင်းရှိသော။ လောကော၊ သြကာသလောကဒ်၌။ အာဘာယ၊ အရောင်ဖြင့်။ အတိရောစတိ ယထာ၊ လွန်၍ တင့်တယ်သကဲ့သို့။ တထေဝ၊ ထို့အတူလျှင်။ သီလသမ္ပန္နော၊ သီလနှင့်ပြည့်စုံသော၊ သဒ္ဓေါ၊ သဒ္ဓါတရားရှိသော။ ပုရိသပုဂ္ဂလော၊ ယောကျ်ားမြတ်သည်။ သဗ္ဗေ၊ ခပ်သိမ်းသော။ မစ္ဆရိနော၊ ဝန်တိုခြင်းရှိသော။ လောကော၊ သတ္တလောကဒ်၌။ စာဂေန၊ ပေးလှူခြင်းဖြင့်။ အတိရောစတိ၊ လွန်၍ တင့်တယ်၏။

ဝိဇ္ဇာမာလီသတက္ကကု၊ လျှပ်စစ်ပန်းနွယ်ဖြင့် တင့်တယ်သော။ မေဃော၊ မိုးကြိုးသည်။ ထနယံ ထနယန္တော၊ ခြိမ်းမဲလျက်။ ထလဋ္ဌ၊ မြင့်ရာအရပ်ကိုလည်းကောင်း။ နိန္နဋ္ဌ၊ နိမ့်ရာအရပ်ကိုလည်းကောင်း။ ဝသုန္ဓရံ၊ မြေအပြင်ကို။ အဘိဝဿံ- အဘိဝဿန္တော၊ ဆွတ်ဖျန်းလျက်။ ပူရေတိ ယထာ၊ ပြည့်စေတိသကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ ဒဿနသမ္ပန္နော၊ ဉာဏ်အမြင်နှင့်ပြည့်စုံသော သမ္မာသမ္ဗုဒ္ဓသာဝကော၊ မြတ်စွာဘုရားတပည့်သားဖြစ်သော။ ပဏ္ဍိတော၊ ပညာရှိသည်။ မစ္ဆိရံ၊ ဝန်တိုသောသူကို။ အာယုနာ စ၊ အသက်ရှည်ခြင်းဖြင့်လည်းကောင်း။ ယသသာ စ၊ အခြံအရံများခြင်းဖြင့်လည်းကောင်း။ ဝဏ္ဏေန စ၊ အဆင်းဖြင့်လည်းကောင်း။ သုခေန စ၊ ချမ်းသာခြင်းဖြင့်လည်းကောင်း။ ဝေ၊ စင်စစ်။ ဘောဂပရိဗ္ဗူဠှော၊ အသုံးအဆောင်ပေါများကြွယ်ဝလျက်။ ပစ္ဆာဟိ ဌာနေဟိ၊ ငါးပါးသောအရာတို့ဖြင့်။ အဓိဂဏှာတိ၊ ကဲလွန်၏။ သ သော ပုဂ္ဂလော၊ ထိုအလှူပေးသော ပုဂ္ဂိုလ်သည်။ ပေစ္စ၊ တမလွန် ဘဝ၌။ သဂ္ဂေ၊ သုဂတိဘဝ၌၊ ပမောဒတိ၊ မွေ့လျော်ရ၏။

ဤသို့ဟောတော်မူသော သုမနသုတ်နှင့်အညီ ဟောပြောကြသော အရာဖြစ်၍ ကျမ်းဂန်နှင့်အညီ ဟောပြောသော ဒေသနာစကား ဖြစ်သည်ဟု မှတ်သင့်သည်။ ပါရမီမှာ စပ်သော စကားလည်းဤသုတ္တန်ဒေသနာတော်နှင့်အညီ စပ်ဆိုတော်မူသော ဗျို့ပင်ဖြစ်ပေသည်။ ဤငါးပါးသော အကျိုးကို ဟောပြချက်ရှိလျက် အလှူ၏အကျိုး ခြောက်ပါး၊ ခုနစ်ပါး၊ ရှစ်ပါး စသည်ကို ပြဆိုကြပြန်သည်ဆိုရာမှာ ဤသုမနသုတ်၌ အလှူသာမညကိုသာ ရည်၍ အလှူမပေးသော ပုဂ္ဂိုလ်ထက် အလှူပေးသောပုဂ္ဂိုလ် သာလွန်ကြောင်းကို သိစေလို၍ ဘုရားသဗ္ဗညုသည် ပုဂ္ဂလာဓိဋ္ဌာန်ဒေသနာတော်နည်းဖြင့် ဟောတော်မူသော သုတ်ဖြစ်သည်။ ဓမ္မာဓိဋ္ဌာန် ဒေသနာတော်နည်းဖြင့်ကား အလှူကို ဝိသေသပြု၍ အလှူဝတ္ထု အားလျော်စွာ အကျိုးများကြောင်းကို ပြတော်မူပြန်လို၍ ငါးပါးသောအကျိုး၊ ခြောက်ပါးသော အကျိုးကို အထူးပြတော်မူပြန်သည်ဟု မှတ်သင့်သည်။ ထိုသို့မှတ်သင့်ရာတွင် များစွာသောအလှူဝတ္ထုသို့ လိုက်၍ ဟောတော်မူသော ဒေသနာကား အလွန်များသည်ဖြစ်၍ မှတ်သင့်မှတ်ရာ တော်ရုံမျှဖြင့်သာ ပြပေအံ့။

မာနုသိကာ စ သမ္ပတ္တိ၊ ဒေဝလောကေ စ ယာ ရတိ။
ယာ စ နိဗ္ဗာနသမ္ပတ္တိ၊ သဗ္ဗမေတေန လဗ္ဘတိ။

မာနုသိကာ၊ လူ၌ဖြစ်သော။ ယာ စ သမ္ပတ္တိ၊ အကြင်စည်းစိမ်သည်လည်းကောင်း။ ဒေဝလောကေ၊ နတ်ပြည်၌။ ယာရတိ စ၊ အကြင်မွေ့လျော်ခံစားရခြင်းသည်လည်းကောင်း။ ယာ

နိဗ္ဗာနသမ္မတ္တိ စ၊ အကြောင်နိဗ္ဗာန်ချမ်းသာသည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ သင်္ခ၊ အလုံးစုံသော စည်းစိမ် ချမ်းသာကို။ ဇတေန၊ ထိုဒါနဟူသောအကြောင်းကြောင့်။ လဗ္ဘတိ၊ ရအပ်၏။

အလှုတစ်ခု၏ အကျိုးသည် ချမ်းသာသုံးပါးရကြောင်းကို ခုဒ္ဒကပါဌကျမ်း နိဓိကဏ္ဍ-သုတ်တွင် ဟောတော်မူသည်။

ဆွမ်းအကျိုးငါးပါးကား။ ။ဘောဇနံ ဘိက္ခဝေ ဒဒမာနော ဒါယကော ပဋိဂ္ဂါဟကာနံ ပဋ္ဌဉာနာနိ ဒေတိ။ ကတမာနိ ပဉ္စ။ အာယုံ ဒေတိ။ ဝဏ္ဏံ ဒေတိ။ သုခံ ဒေတိ။ ဒေတိ။ ဗလံ ဒေတိ။ ပဋိဘာနံ ဒေတိ။ အာယုံ ခေါ ပန ဒတ္တွာ အာယုဿ ဘာဂီ ဟောတိ ဒိဗ္ဗဿဝါ မနုဿဿဝါ။ ဝဏ္ဏံ ဒတ္တွာ ဝဏ္ဏဿ ဘာဂီ ဟောတိ ဒိဗ္ဗဿ ဝါ မနုဿဿ ဝါ။သုခံ ဒတ္တွာ သုခဿ ဘာဂီ ဟောတိ ဒိဗ္ဗဿဓိ မနုဿဿဝါ။ ဗလံ ဒတ္တွာဗလဿ ဘာဂီ ဟောတိ၊ ဒိဗ္ဗဿဝါ မနုဿဿဝါ။ပဋိဘာနံ ဒတ္တွာ ပဋိဘာနဿ ဘာဂီ ဟောတိ၊ ဒိဗ္ဗဿဝါ မနုဿဿဝါ။ ဘောဇနံ ဘိက္ခဝေ ဒဒမာနော ဒါယကော ပဋိဂ္ဂါဟကာနံ ဣမာနိ ပဋ္ဌဉာနာနိ ဒေတီတိ။

ဘိက္ခဝေ၊ ရဟန်းတို့။ ဘောဇနံ၊ ဘောဇဉ်ကို။ ပဋိဂ္ဂါဟကာနံ၊ အလှူခံပုဂ္ဂိုလ်တို့အား။ ဒဒမာနော၊ ပေးလှူသော။ ဒါယကော၊ ဒါယကာသည်။ ပဋ္ဌဉာနာနိ၊ ငါးပါးသောအရာတို့ကို။ ဒေတိ၊ ပေးလှူ၏။ ကတမာနိပဉ္စ၊ အဘယ်ငါးပါးတို့နည်း ဟူမူကား။ အာယုံ၊ အသက်ရှည်ခြင်းကို။ ဒေတိ၊ ပေးလှူ၏။ ဝဏ္ဏံ၊ အဆင်းကို။ ဒေတိ၊ ပေးလှူ၏။ သုခံ ချမ်းသာကို။ ဒေတိ၊ ပေးလှူ၏ ။ ။ဇလံ။ ခွန်အားကို။ ဒေတိ၊ ပေးလှူ၏။ ပဋိဘာနံ၊ ပညာကို။ ဒေတိ၊ ပေးလှူ၏။ ခေါ ပန၊ စင်စစ်အားဖြင့်ကား။ အာယုံ၊ အသက်ရှည်ခြင်းကို။ ဒတ္တွာ၊ ပေးလှူရသောကြောင့်။ ဒိဗ္ဗဿ ဝါ၊ နတ်၏လည်းကောင်း။ မနုဿဿ ဝါ၊ လူ၏လည်းကောင်း။ အာယုဿ၊ အသက်ရှည်ခြင်း၏။ ဘာဂီ၊ အဖို့သည်။ ဟောတိ၊ ဖြစ်၏။ ဝဏ္ဏံ၊ အဆင်းကို။ ဒတ္တွာ၊ ပေးလှူရသောကြောင့်။ ဒိဗ္ဗဿ ဝါ၊နတ်၏လည်းကောင်း။ မနုဿဿဝါ၊ လူ၏လည်းကောင်း။ ဝဏ္ဏဿ၊ အဆင်း၏ လှခြင်း၏။ ဘာဂီ၊ အဖို့သည်။ ဟောတိ၊ ၏။ သုခံ၊ ချမ်းသာကို။ ဒတ္တာ၊ ပေးလှူရသောကြောင့်။ ဒိဗ္ဗဿ ဝါ၊ နတ်၏လည်းကောင်း။ မနုဿဿ ဝါ၊ လူ၏လည်းကောင်း။ သုခဿ၊ ချမ်းသာခြင်း၏။ ဘာဂီ၊ အဖို့သည်။ ဟောတိ၊ ၏။ ဗလံ၊ ခွန်အားကို။ ဒတ္တွာ၊ ပေးလှူရသောကြောင့်။ ဒိဗ္ဗဿ ဝါ၊ နတ်၏လည်းကောင်း။ မနုဿဿ ဝါ၊ လူ၏လည်းကောင်း။ ဗလဿ၊ ခွန်အားကြီးခြင်း၏။ ဘာဂီ၊ သည်။ ဟောတိ၊ ဖြစ်၏။ ပဋိဘာနံ၊ ပညာကို။ ဒတ္တွာ၊ ပေးလှူရသောကြောင့်။ ဒိဗ္ဗဿ ဝါ၊ နတ်၏လည်းကောင်း။ မနုဿဿ ဝါ၊ လူ၏လည်းကောင်း။ ပဋိဘာနဿ၊ ပညာကြီးခြင်း၏။ ဘာဂီ၊ သည်။ ဟောတိ၊ ၏။ ဘိက္ခဝေ၊ တို့။ ဘောဇနံ၊ ဘောဇဉ်ခဲဖွယ်ကို။ ပဋိဂ္ဂါဟကာနံ၊ အလှူခံ ပုဂ္ဂိုလ်တို့အား။ ဒဒမာနော၊ ပေးလှူသော။ ဒါယကော၊ ဒါယကာသည်။ ဣမာနိ ပဋ္ဌဉာနာနိ၊ ဤ ငါးပါးသော အရာတို့ကို။ ဒေတိနာမ၊ ပေးလှူသည်မည်၏။ **ဆွမ်းဘောဇဉ် အကျိုးငါးပါး။** (ပဋ္ဌကနိပါတ် အင်္ဂုတ္တိရ်ထွက်။)

ဒသယိမေ ဗြာဟ္မဏ အာနိသံသာ ယာဂုယာ ယာဂုံ ဒေန္တော အာယုံ ဒေတိ။ ဝဏ္ဏံ ဒေတိ။ သုခံ ဒေတိ။ ဗလံ ဒေတိ။ ပဋိဘာနံ ဒေတိ။ ယာဂု ပိတာ ခုဒ္ဒံ ပဋိဟနတိ။ ပိပါသံ

ပဋိဝိနောဒေတိ။ ဝါတံ အနုလောမေတိ။ ဝတ္ထိံ သောဓေတိ။ အာမာဝသေသံ ပါစေတိ။ ဣမေ ခေါ ဗြာဟ္မဏ ဒသာနိသံသာ ယာဂုယာတိ။

ဗြာဟ္မဏ၊ ပုဏ္ဏား။ ယာဂုယာ၊ ယာဂု၏။ အာနိသံသာ၊ အကျိုးတို့သည်။ ဣမေ ဒသ၊ ဤဆယ်ပါးတို့တည်း။ ယာဂုံ၊ လက်ဖြင့်ယူလျှင် အရာထင်ကောင်းသော ဘောဇ္ဇယာဂု, လက်ဖြင့်ယူလျှင် အရာမထင်ကောင်းသော အဘောဇ္ဇယာဂုကို။ ဒေန္တော၊ ပေးလျှူသော သူသည်။ အာယုံ၊ အသက်ကို၊ ဒေတိ၊ ပေးလျှူ၏။ ဝဏ္ဏံ၊ အဆင်းကို။ ဒေတိ၊ ပေးလျှူ၏။ သုခံ၊ ချမ်းသာကို။ ဒေတိ၊ ပေးလျှူ၏။ ဗလံ၊ ခွန်အားကို။ ဒေတိ၊ ပေးလျှူ၏။ ပဋိဘာနံ၊ ပညာကို။ ဒေတိ၊ ပေးလျှူ၏။ ယာဂုဝိတာ၊ ယာဂုကို သုံးဆောင်သော ပုဂ္ဂိုလ်သည်။ ခုဒ္ဒံ၊ မွတ်ခြင်းကို။ ပဋိဟနတိ၊ ဖျောက်နိုင်၏။ ပိပါသံ၊ သိပ်ခြင်းကို။ ပဋိဝိနောဒေတိ၊ ပယ်နိုင်၏။ ဝါတံ၊ လေကို။ အနုလောမေတိ၊ စုန်စေ၏။ ဝတ္ထိံ၊ အစာအိမ်ကို။ သောဓေတိ၊ စင်ကြယ်စေ၏။ အာမာဝသေသံ၊ အစာဟောင်းကို။ ပါစေတိ၊ ကျက်စေ၏။ ဗြဟ္မဏ၊ ပုဏ္ဏား။ ခေါ၊ စင်စစ်။ ယာဂုယာ၊ ယာဂု၏။ အာနိသံသာ၊ အကျိုးတို့သည်။ ဣမေ ဒသ၊ ဤဆယ်ပါး တို့တည်း။

ဂါထာကား။ ။တသ္မာ ဟိ ယာဂုံ အလမေဝ ဒါတုံ၊
နိစ္စံ မနုဿေန သုခတ္ထိကေန။
ဒိဗ္ဗာ နိဒ္ဒါ ပတ္ထယတာ သုခါနိ၊
မနုဿ သောဘဂ္ဂတ မိစ္ဆတာ ဝါတိ။

တသ္မာဟိ၊ ထို့ကြောင့်လျှင်။ သုခတ္ထိကေန၊ ချမ်းသာကိုအလိုရှိသော။ မနုဿေန၊ လူသည်။ ဒိဗ္ဗာနိ၊ နတ်၌ဖြစ်ကုန်သော။ သုခါနိ၊ ချမ်းသာတို့ကို။ ပတ္ထယတာ ဝါ၊ တောင့်တသည်ဖြစ်၍လည်းကောင်း။ မနုဿသောဘဂ္ဂတံ၊ လူ၏တင့်တယ်ခြင်းကို။ ဣစ္ဆတာ၊ အလိုရှိသည်ဖြစ်၍လည်းကောင်း။ ယာဂုံ၊ ယာဂုကို။ နိစ္စံ၊ အမြဲ။ ဒါတုံ၊ ပေးလျှူခြင်းငှာ။ အလမေဝ၊ သင့်မြတ်သလျှင်ကတည်း။ **ယာဂုအကျိုးဆယ်ပါး။** (ဝိနည်းမဟာဝါ ဘေသဇ္ဇက္ခန္ဓကတွင် လာသည်။)

ပဉ္စာ နိသံသာ သမ္မဇ္ဇနိယာ၊ သကစိတ္တံ ပသီဒတိ။ ပရစိတ္တံ ပသာဒေတိ။ ဒေဝတာ အတ္တမနာ ဟောန္တိ။ ပါသာဒိကသံဝတ္တနိကံ ပုညံ ပသဝတိ။ ကာယဿဘေဒါ ပရမ္မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇတိ။

ဘိက္ခဝေ၊ တို့။ သမ္မဇ္ဇနိယာ၊ တံမြက်လှည်းခြင်း၌။ အာနိသံသာ၊ အကျိုးဆက်တို့သည်။ ပဉ္စ၊ ငါးပါးတို့တည်း။ သကစိတ္တံ၊ မိမိစိတ်ကို။ ပသီဒတိ၊ ကြည်လင်စေ၏။ ပရစိတ္တံ၊ သူတစ်ပါး၏စိတ်ကို။ ပသာဒေတိ၊ ကြည်လင်စေ၏။ ဒေဝတာ၊ နတ်တို့သည်လည်း။ အတ္တမနာ၊ နှစ်လိုကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ပါသာဒိက သံဝတ္တနိကံ၊ အဆင်းလှခြင်း ကြည်ညို ဖွယ်ကို ဖြစ်စေတတ်သော။ ပုညံ၊ ကောင်းမှုကို။ ဥပစိနာတိ၊ ဆည်းပူး၏။ ကာယဿ၊ ကိုယ်၏။ ဘေဒါ၊ ပျက်သည်မှ။ ပရမ္မရဏာ၊ သေသည်၏ အခြားမဲ့၌။ သုဂတိံ၊ ကောင်းသောသူတို့၏ လားရာဖြစ်သော။ သဂ္ဂံ လောကံ၊ နတ်ပြည်သို့။ ဥပပဇ္ဇတိ၊ ရောက်ရ၏။ **တံမြက်လှည်းခြင်း အကျိုးငါးပါး။** (ဝိနည်းပရိဝါဝါဠိတော်တွင်လာသည်။)

ဟတ္ထိ အဿ ရထာပတ္တိ၊ သေနာ စ စတုရင်္ဂိနီ။
ပရိဝါရိဿန္တိ မံ နိစ္စံ၊ သဗ္ဗဒါနသိဒံ ဖလံ။

ဟတ္ထိယာနံ အဿယာနံ၊ သိဝိကံ သန္ဒမာနိကံ။
ဥပဋ္ဌိဿန္တိ မံ နိစ္စံ၊ သဗ္ဗဒါနသိဒံ ဖလံ။

သဋ္ဌိရထသဟဿာနိ၊ သဗ္ဗာလင်္ကာရဘူသိတာ။
ပရိဝါရိဿန္တိ မံ နိစ္စံ၊ သဗ္ဗဒါနသိဒံ ဖလံ။

သဋ္ဌိတူရိယသဟဿာနိ၊ ဘေရိယော သမလင်္ကတာ။
ဝဇ္ဇယိဿန္တိ မံ နိစ္စံ၊ ဗ္ဘေဒါနသိဒံ ဖလံ။

ဆဋ္ဌာသီတိ သဟဿာနိ၊ နာရိယော သမလင်္ကတာ
ဝိစိတ္တဝတ္ထာ ဘရဏာ၊ အာမုတ္တမဏိကုဏ္ဍလာ။
အာဋာရပမှာ ဟသုဋ္ဌာ၊ သုသညာ တနုမဇ္ဈိမာ။
ပရိဝါရိဿန္တိ မံ နိစ္စံ၊ သဗ္ဗဒါနသိဒံ ဖလံ။

စတုရင်္ဂိနီ၊ လေးပါးသော အင်္ဂါရှိသော။ ဟတ္ထိအဿရထာပတ္တိသေနာ စ၊ ဆင်မြင်း ရထား ခြေသည်တည်းဟူသော စစ်သည်တို့သည်။ ဣမံ၊ ဤသူကို။ နိစ္စံ၊ အမြဲ။ ပရိဝါရိဿန္တိ၊ ခြံရံလတ်ကုန်အံ့သတည်း။ ဣဒံ၊ ဤအကျိုးသည်ကား။ သဗ္ဗဒါနဿ၊ ခပ်သိမ်းသော ပရိက္ခရာအလှူ၏။ ဖလံ၊ အကျိုးသည်။ ဟောတိ၊ ဖြစ်၏။

ဟတ္ထိယာနံ၊ ဆင်ယာဉ်သည်လည်းကောင်း။ အဿယာနံ၊ မြင်းယာဉ်သည်လည်းကောင်း။ သိဝိကံ၊ ထမ်းစင်သည်လည်းကောင်း။ သန္ဒမာနိကံ၊ သန်လျင်းယာဉ်သည် လည်းကောင်း။ ဣမာနိ၊ ဤယာဉ်တို့သည်။ ဣမံ၊ ဤဒါယကာကို။ နိစ္စံ၊ အမြဲ။ ဥပဋ္ဌိဿန္တိ၊ ကပ်၍တည်လတ် ကုန်အံ့သတည်း။ ဣဒံ၊ ဤအကျိုးသည်လည်း။ သဗ္ဗဒါနဿ၊ ခပ်သိမ်းသော ပရိက္ခရာ အလှူ၏။ ဖလံ၊ အကျိုးသည်။ ဟောတိ၊ ဖြစ်၏။

သဗ္ဗာလင်္ကာရဘူသိတာ၊ ခပ်သိမ်းသော တန်ဆာတို့ဖြင့်တန်ဆာဆင်ကုန်ထသော။ သဋ္ဌိရထ-သဟဿာနိ၊ ခြောက်သောင်းသော ရထားတို့သည်။ ဣမံ၊ ဤဒါယကာကို။ နိစ္စံ၊ အမြဲလျှင်။ ပရိဝါရိဿန္တိ၊ ခြံရံလတ်ကုန်အံ့သတည်း။ဣဒံ၊ဤအကျိုးသည်လည်း။ သဗ္ဗဒါနဿ၊ခပ်သိမ်းသော ပရိက္ခရာအလှူ၏။ ဖလံ၊ အကျိုးသည်။ ဟောတိ၊ ၏။

သမလင်္ကတာ၊ ကောင်းစွာ တန်ဆာဆင်ကုန်ထသော။ သဋ္ဌိတူရိယသဟဿာနိ၊ ခြောက် သောင်းသော တူရိယာတို့သည် လည်းကောင်း။ ဘေရိယော စ၊ စည်တို့သည်လည်းကောင်း။ ဣမံ၊ ဤသူကို။ နိစ္စံ၊ အမြဲ။ ဝဇ္ဇယိဿန္တိ တီးမှုတ် ဖျော်ဖြေကုန်လတ္တံ့။ ဣဒံ၊ ဤအကျိုးသည် သဗ္ဗဒါနဿ၊ ခပ်သိမ်းသော ပရိက္ခရာ အလှူ၏။ ဖလံ၊ အကျိုးသည်။ ဟောတိ၊ ဖြစ်၏။

သမလင်္ကတာ၊ ကောင်းစွာ တန်ဆာဆင်ကုန်ထသော။ဝိစိတ္တဝတ္ထာလရဏာ၊ဆန်းကြယ်သော အဝတ်တန်ဆာ ဆင်ကုန်ထသော။ အာမုတ္တမဏိကုဏ္ဍလာ၊ ပတ္တမြားနားတောင်းလည်း ဝတ်ကုန် ထသော။ အဋ္ဌာရပမှာ၊ ပွင့်လန်း ရွှင်ပြသော မျက်နှာရှိကုန်ထသော။ ဟသုဋ္ဌာ၊ ပြုံးခြင်းရှေးရှိ သော စကားကို ဆိုတတ်ကုန်ထသော။ သုသညာ၊ ကောင်းသော လက္ခဏာ ရှိကုန်ထသော။

တနုမဇ္ဈိမာ၊ ဝမ်းခင်ပတ်လျှ ငယ်သောခါးလည်း ရှိကုန်ထသော။ ဆဋ္ဌာသီတိသဟဿာနှိ၊ ရှစ်သောင်းခြောက်ထောင် ကုန်သော။ နာရီယော၊ မိန်းမတို့သည်။ ဣမံ၊ ဤလုလင်ကို။ နိစ္စံ အမြဲ။ ပရိဝါရိဿန္တိ၊ ခြံရံလတ်ကုန်အံ့သတည်း။ ဣဒံ၊ ဤအကျိုးသည်။ သဗ္ဗဒါနဿ၊ ခပ်သိမ်းသော ပရိကွရာအလျှင်၏။ ဖလံ၊ အကျိုးသည်။ ဟောတိ၊ ဖြစ်၏။ ။
(ပရိကွရာစုံ အလျှင်၏အကျိုး။)

ဆတ္တေ စ သုဂတေ ဒတွာ၊ သံယေ ဂဏဝရုတ္တမေ။
အဌာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။

သီတံ ဥဏှံ နု ဇာနာမိ၊ ရဇောဇလ္လံ နလိမ္ပတိ။
အနုပဒ္ဒဝေါ အနီတီစ၊ ဟောမိ အပစိတောသဒါ။

သုခုမစ္ဆဝိကော ဟောမိ၊ ဝိသဒံ ဟောမိ မာနသံ။
ဆတ္တသတသဟဿာနိ၊ ဘဝေ သံသရတော မမ။

သဗ္ဗာလင်္ကာရယုတ္တာနိ။ တဿ ကမ္မဿ ဝါဟသာ။
ဣမံ ဇာတိံ ဌပေတွာန၊ မတ္ထကေ ဓာရယန္တိ မေ။

ကသ္မာ ဣမာယ ဇာတိယာ၊ နတ္ထိ မေ ဆတ္တဓာရဏာ။
မမ သင်္ခံ ကတံ ကမ္မံ၊ ဝိမုတ္တိ ဆတ္တ အတ္တိယာ။

ဆတ္တေစ၊ ထီးတို့ကို တမူကား။ သုဂတေ-သုဂတဿ၊ မြတ်စွာဘုရားအား လည်းကောင်း။ ဂဏဝရုတ္တမေ-ဂဏဝရုတ္တမဿ၊ အလွန်မြတ်စွာသော အပေါင်းဖြစ်ထသော။ သံယေ-သံယဿ၊ သံယာတော်အား လည်းကောင်း။ ဒတွာ၊ လှူရသောကြောင့်။ မမ၊ ငါ၏။ ကမ္မာနုစ္ဆဝိကေ၊ ကောင်းမှုကံအား လျောက်ပတ်ကုန်သော။ အဌာနိသံသေ၊ ရှစ်ပါးသော အကျိုးတို့ကို။ အနုဘောမိ၊ ခံစားရ၏။

သီတံ၊ အချမ်းကိုလည်းကောင်း။ ဥဏှံ၊ အပူကိုလည်းကောင်း။ နု ဇာနာမိ၊ မသိ။ ရဇောဇလ္လံ မြူကြေးညှင်းသည်။ နလိမ္ပတိ၊ မလိမ်းကျံ။ အနုပဒ္ဒဝေါ၊ ဘေးဥပါဒ် မရှိသည်လည်းကောင်း။ အနီတီစ၊ စိုးရိမ်ကြောင့်ကြ မရှိသည်လည်းကောင်း၊ အပစိတော၊ သူတပါးတို့ ရိုသေအပ်သည်လည်းကောင်း။ သဒါ၊ ခပ်သိမ်းသော အခါ၌။ ဟောမိ၊ ဖြစ်၏။

သုခုမစ္ဆဝိကော၊ သိမ်မွေ့နူးညံ့သော ကိုယ်ရှိသည်။ ဟောမိ၊ ၏။ မေ၊ ငါ၏။ မာနသံ၊ စိတ်နှလုံးသည်။ ဝိသဒံ၊ သန့်ရှင်းသည်။ ဟောမိ၊ ၏။ ဘဝေ၊ ဘဝ၌။ သံသရတော၊ ကျင်လည်သော။ မမ၊ ငါ့အား။ ဣမံ၊ ဤအဖြစ်ကို။ ဌပေတွာန၊ ထားလတ်၍။ သဗ္ဗာလင်္ကာရ-ယုတ္တာနိ၊ ခပ်သိမ်းသော တန်ဆာနှင့် ယှဉ်ကုန်ထသော။ ဆတ္တသတသဟဿာနိ၊ တစ်သိန်းသော ထီးတို့သည်။ တဿကမ္မဿ၊ ထိုထီးလျှသော ကောင်းမှု၏။ ဝါဟသာ၊ အဟုန်အားဖြင့်။ မေ၊ ငါ၏။ မတ္ထကေ၊ ထိပ်ထက်၌။ ဓာရယန္တိ၊ ဆောင်းကုန်၏။

ကသ္မာ၊ အဘယ့်ကြောင့်။ ဣမာယဇာတိယာ၊ ဤအဖြစ်၌။ မေ၊ ငါ၏။ ဆတ္တဓာရဏာ၊ ထီးဆောင်းခြင်းသည်။ နတ္ထိ၊ မရှိသတည်း။ သင်္ခံ၊ အလုံးစုံသော။ ကတံ၊ ပြုအပ်သော။ ကမ္မံ။

ကံသည်။ ဝိမုတ္တိဆတ္တပတ္တိယာ၊ အရဟတ္တဖိုလ်တည်းဟူသော ထီးကိုဆောင်းခြင်းငှာ။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။ နတ္ထိ၊ မရှိ။ ကဉ္စဒ်၊ ဤအကျိုးသည်။ ဆတ္တဒါနဿ၊ ထီးလှူရသည်၏။ ဖလံ၊ အကျိုးသည်။ ဟောတိ၊ ၏။

အပူအချမ်း ရှိသည်လည်းတစ်ပါး။
ကိုယ်၌ မြူကြေးညှင်းမတင် သန့်ရှင်းသည်လည်း တစ်ပါး။
ဘေးဥပဒ်မရှိသည်လည်း တစ်ပါး။
စိုးရိမ်ကြောင့်ကြ မရှိသည်လည်း တစ်ပါး။
သူခပ်သိမ်းတို့ ရိုသေသည်လည်း တစ်ပါး။
သိမ်မွေ့နူးညံ့သော အရေအဆင်းရှိသည်လည်း တစ်ပါး။
စိတ်နှလုံးသန့်ရှင်းသည်လည်း တစ်ပါး။
အရဟတ္တဖိုလ် ထီးဖြူကို ဆောင်းရသည်လည်း တစ်ပါး။ ။(ထီးအကျိုးရှစ်ပါး)

ဒုဿာနိ သုဂတေ ဒတ္တွာ၊ သံယေ ဂဏဝရုတ္တမေ။
အဋ္ဌာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။

သုဝဏ္ဏဝဏ္ဏော ဝိရဇော၊ သပ္ပဘာသော ပတာပဝါ၊
သိနိဒ္ဓံ ဟောမိ မေဂတ္တံ၊ ဘဝေ သံသရတော မမ။

ဒုဿ သတသဟဿာနိ၊ သေတပီတာစ လောဟိတာ။
ဓာရေန္တိ မတ္ထတေ မယ္ဟံ၊ ဒုဿဒါနဿိဒံ ဖလံ။

ကောသေယ္ယ ကမ္မလိယာနိ၊ ခေါမ ကပ္ပါသိကာနိစ။
သဗ္ဗတ္ထ အဋ္ဌိလဘာမိ၊ တေသံ နိဿန္ဒတော အဟံ။

သုဂတေ-သုဂတဿ၊ မြတ်စွာဘုရားအား လည်းကောင်း။ ဂဏဝရုတ္တမေ-ဂဏဝရုတ္တမဿ၊ အလွန်မြတ်သော ဂိုဏ်းအပေါင်းဖြစ်ထသော။ သံယေ-သံယဿ၊ သံဃာတော်အား လည်းကောင်း။ ဒုဿနိ၊ အဝတ်သင်္ကန်းတို့ကို။ ဒတ္တွာ၊ လှူရသောကြောင့်။ မမ၊ ငါ၏။ ကမ္မာနုစ္ဆဝိကေ၊ ကောင်းမှုကံအား လျောက်ပတ်ကုန်သော၊ အဋ္ဌာနိသံသေ၊ ရှစ်ပါးသော အကျိုးတို့ကို။ အနုဘောမိ၊ ခံစားရ၏။

ဘဝေ၊ ဘဝ၌။ သံသရတော၊ ကျင်လည်သော။ မမ၊ ငါ့အား။ သုဝဏ္ဏဝဏ္ဏော၊ ရွှေအဆင်းနှင့်တူသောအဆင်းရှိသည်။ ဟောမိ၊ ၏။ဝိရဇော၊ မြူကြေးညှင်းမတင်သည်။ ဟောမိ၊ ၏။ သပ္ပဘာသော၊ အရောင်အဝါရှိသည်။ ဟောမိ၊ ၏။ ပတာပဝါ၊ တန်ခိုး အာနုဘော်ရှိသည်။ ဟောမိ၊ ၏။ မေ၊ ငါ၏။ ဂတ္တံ၊ ကိုယ်သည်။ သိနိဒ္ဓံ၊ သိမ်မွေ့ပြေပြစ်သည်။ ဟောမိ၊ ၏။

သေတာစ၊ ဖြူသောပုဆိုးတို့သည် လည်းကောင်း။ ပီတာစ၊ ရွှေသော ပုဆိုးတို့သည် လည်းကောင်း။ လောဟိတာစ၊ နီသောပုဆိုးတို့သည်လည်းကောင်း။ ဒုဿသတသဟဿာနိ၊ တသိန်းသော ပုဆိုးတို့သည်။ မယ္ဟံ၊ ငါ၏။ မတ္ထကေ၊အထက်၌။ ဓာရေန္တိ၊ ဆောင်ကုန်၏။ ဣဒံ၊ ဤအကျိုးသည်။ ဒုဿဒါနဿ၊ အဝတ်သင်္ကန်းလှူရသည်၏။ ဖလံ၊ အကျိုးတည်း။

ကောသေယျ ကမ္မလိယာနိ၊ ပိုးချည်ပုဆိုး၊ ကမ္မလာပုဆိုး တို့ကိုလည်းကောင်း။ ခေါမ ကပ္ပါ-သိကာနိစ၊ ခေါမပုဆိုး၊ ဝါချည်ပုဆိုးတို့ကိုလည်းကောင်း။ တေသံ၊ ထိုအဝတ်သင်္ကန်းအလှူတို့၏။ နိဿန္ဒတော၊ အကျိုးအားဖြင့်။ သဗ္ဗတ္ထ၊ ခပ်သိမ်းသောအရပ်၌။အဟံ၊ ငါသည်။ ပဋိလဘာမိ၊ရ၏။

ရွှေအဆင်းနှင့် တူသော အဆင်းရှိသည်လည်း တပါး။
ကိုယ်၌မြူကြေးညှင်းမတင် သန့်ရှင်းစင်ကြယ်သည်လည်း တပါး။
အရောင်အဝါနှင့်ပြည့်စုံသည်လည်း တပါး။
ဘုန်းတန်ခိုးအာနုဘော် ကြီးသည်လည်း တပါး။
သိမ်မွေ့နူးညံ့သော ကိုယ်ရှိသည်လည်း တပါး။
အလိုရှိလျှင် ပုဆိုးတသိန်းတို့ကို ရသည်လည်း တပါး။
အထူးထူးသော ပုဆိုးတို့ကို ခေါင်းထက်၌ ဆောင်းရသည်လည်း တပါး။
အထူးထူးသော အမျိုးရှိသော ပုဆိုးတို့ကို ရသည်လည်း တပါး။
(အဝတ်သင်္ကန်း အကျိုးရှစ်ပါး။)

ပတ္တော စ သုဂတေ ဒတ္တာ၊ သံယေ ဂဏဝရုတ္တမေ။
ဒသာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။

သုဝဏ္ဏထာလေ မဏိထာလေ၊ ရဇတေပိ စ ထာလကေ။
လောဟိတင်္မယေ ထာလေ၊ ပရိဘုဉ္ဇမိ သဗ္ဗဒါ။

အနုပဒ္ဒဝေါ အနီတီစ၊ ဟောမိ အပစိတော သဒါ။
လာဘီ အန္နဿ ပါနဿ၊ ဝတ္ထဿ သယနဿ စ။

နာ ဝိနဿန္တိ မေ ဘောဂါ၊ ဒ္ဒိတစိတ္တော ဘဝါမဟံ။
ဓမ္မကာမော သဒါ ဟောမိ၊ အပ္ပတ္ထေသော အနာသဝေါ။

ဒေဝလောကေ မနုဿေဝါ၊ အနုဗန္ဓာ ဣမေ ဂုဏာ။
ဆာယာ ယထာပိ ရုက္ခဿ၊ သဗ္ဗတ္ထ နာ ဇဟန္တိ မံ။

သုဂတေ-သုဂတဿ၊ မြတ်စွာဘုရားအား လည်းကောင်း။ ဂဏဝရုတ္တမေ- ဂဏဝရုတ္တမဿ၊ အလွန်မြတ်သော ဂိုဏ်းအပေါင်းဖြစ်ထသော။ သံယေ-သံယဿ၊ သံဃာတော်အား လည်းကောင်း။ ပတ္တော၊သပိတ်တို့ကို။ ဒတ္တာ၊ လှူရသောကြောင့်။ မမ၊ ငါ၏။ ကမ္မာနုစ္ဆဝိကေ၊ ကောင်းမှုကံအား လျော်ပတ်ကုန်သော။ ဒသာနိသံသေ၊ ဆယ်ပါးသောအကျိုးတို့ကို။ အနုဘောမိ၊ ခံစားရ၏။

သုဝဏ္ဏထာလေစ၊ ရွှေခွက်တို့ကိုလည်းကောင်း။ မဏိထာလေစ၊ မြခွက်တို့ကိုလည်းကောင်း။ ရဇတေ၊ ငွေဖြင့်ပြီးကုန်သော။ ထာလကေပိစ၊ ခွက်တို့ကိုလည်းကောင်း။ လောဟိတင်္မယေ၊ ပတ္တမြားနီအတိ ပြီးကုန်ထသော။ ထာလေစ၊ ခွက်တို့ကိုလည်းကောင်း။ သဗ္ဗဒါ၊ ခပ်သိမ်း သောအခါ၌။ ပရိဘုဉ္ဇမိ၊ သုံးဆောင်ရ၏။

အနုပဒ္ဒဝေါ၊ ဘေးဥပဒ်မရှိသည်လည်းကောင်း။ အနီတီစ၊ စိုးရိမ်ကြောင့်ကြ မရှိသည် လည်းကောင်း။ အပစိတောစ၊ သူခပ်သိမ်းတို့ ရိုသေအပ်သည်လည်းကောင်း။ သဒါ၊ ခပ်သိမ်း

သောအခါ၌။ ဟောမိ၊ ၏။ အန္နသ်ာစ၊ ထမင်းကိုလည်းကောင်း။ ပါနသ်ာစ၊ အဖျော်ကို လည်းကောင်း။ ဝတ္ထသ်ာစ၊ အဝတ်ကိုလည်းကောင်း။ သယနသ်ာစ၊ အိပ်ရာကိုလည်းကောင်း။ လာဘီ၊ ရလွယ်သည်။ ဟောမိ၊ ၏။

မေ ငါ၏။ ဘောဂါ၊ စည်းစိမ်တို့သည်။ နု ဝိနသ်ာန္တိ၊ မပျောက်မပျက်ကုန်။ အဟံ၊ ငါကား။ ဌိတစိတ္တော၊ တည်ကြည်သောစိတ်ရှိသည်။ ဘဝါမိ၊ ဖြစ်၏။ သဒါ၊ အခါခပ်သိမ်း။ ဓမ္မကာမော၊ တရားကိုအလိုရှိသည်။ ဟောမိ၊ ၏။ အပွတ္တေသော၊ ခေါင်းပါးသော ကိလေသာရှိသည်။ အနာသဝေါ၊ အာသဝေါ မရှိသည်။ ဟောမိ၊ ၏။

ဒေဝလောကေဝါ၊ နတ်ပြည်၌လည်းကောင်း။ မနုဿေဝါ၊ လူ့ပြည်၌လည်းကောင်း။ ဣမေ ဂုဏာ၊ ဤကျေးဇူးတို့သည်။ အနုဘန္ဓာ၊ အစဉ် လိုက်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ရုက္ခသ်ာ၊ သစ်ပင်၏။ ဆာယာ ယထာပိ၊ အရိပ်ကဲ့သို့။ သဗ္ဗတ္ထ၊ ခပ်သိမ်းသောအရပ်တို့၌။ မံ၊ ငါ့ကို။ နု ဇဟန္တိ၊ မစွန့်ကုန်။

ရတနာတို့ဖြင့်ပြီးသော ခွက်ယောက်တို့ကို အခါခပ်သိမ်း သုံးဆောင်ရသည်လည်း တပါး။
ဘေးဥပဒ် မရှိသည်လည်း တပါး။
စိုးရိမ်ကြောင့်ကြ မရှိသည်လည်း တပါး။
အခါခပ်သိမ်း သူတို့ရှိသေအပ်သည်လည်း တပါး။
ထမင်းအဖျော် အိပ်ရာနေရာတို့ကို ရလွယ်သည်လည်း တပါး။
စည်းစိမ်ချမ်းသာ မပျောက် မပျက် တည်သည်လည်း တပါး။
တည်ကြည်သော စိတ်ရှိသည်လည်း တပါး။
တရားကို အလိုရှိသည်လည်း တပါး။
ကိလေသာ ခေါင်းပါးသည်လည်း တပါး။
အာသဝ မရှိသည်လည်း တပါး။ ။(သပိတ်အလှူ အကျိုးဆယ်ပါး)

စိတ္တဗန္ဓန သမ္ဗန္ဓာ၊ သုကတာ ဝါသိယော ဗဟူ။
ဒတ္တာန ဗုဒ္ဓသေဋ္ဌဿ၊ သံဃဿစ တထေဝဟံ။

အဋ္ဌယနိသံသေ အနုဘောမိ၊ ကမ္မာနုဿ်ဆဝိကေ မမ။
သူရော ဟောမိ ဝိသာရီစ၊ ဝေသာရဇ္ဇေသု ပါရမီ။

ဓိတိ ဝိရိယ ဝါ ဟောမိ၊ ပဂ္ဂဟိတ မနော သဒါ။
ကိလေသစ္ဆေဒနံ ဉာဏံ၊ သုခုမံ အတုလံ သုစိံ၊
သဗ္ဗတ္ထ ပဋိလဘာမိ၊ တဿ နိဿန္ဒတော မမ။

အဟံ၊ ငါသည်။ စိတ္တဗန္ဓနသမ္ဗန္ဓာ၊ ဆန်းကြယ်သော ဖဲ့ကြိုးတို့ဖြင့် ဖဲ့အပ်ကုန်သော။ သုကတာ၊ ကောင်းစွာလုပ်အပ်ကုန်ထသော။ ဗ ဟူ၊ များစွာကုန်သော။ ဝါသိယော၊ ပဲခွပ်တို့.ကို။ ဗုဒ္ဓသေဋ္ဌဿ၊ မြတ်စွာဘုရားအားလည်းကောင်း။ တထေဝ၊ ထို့အတူလည်းကောင်းလျှင်။ သံဃဿစ၊ သံဃာတော်အားလည်းကောင်း။ ဒတ္တာန၊ ပေးလှူရသောကြောင့်။ မမ၊ ငါ၏။ ကမ္မာနုဿ်ဆဝိကေ၊ ကောင်းမှုကံအား လျှောက်ပတ် ကုန်သော။ အဋ္ဌနိသံသေ၊ ရှစ်ပါးသော အကျိုးတို့ကို။ အနုဘောမိ၊ ခံစားရ၏။

သူရောစ၊ ရဲရင့်သည်လည်းကောင်း။ ဝိသာရီစ၊ ရွံရှာခြင်း ကင်းသည်လည်းကောင်း။ ဟောမိ၊ ၏။ ဝေသာရဇ္ဇေသု၊ ဝေသာရဇ္ဇဉာဏ်တို့၌။ ပါရမီ၊ ကမ်းတဘက်သို့ ရောက်သည်လည်း။ ဟောမိ၊ ၏။ ဓိသိစ၊ တည်ကြည်သည်လည်းကောင်း။ ဝီရိယဝါစ၊ လုံ့လရှိသည်လည်းကောင်း။ သဒါ၊ ခပ်သိမ်းသောအခါ၌။ ပဂ္ဂဟိတမနော၊ ချီးမြှောက်အပ်သော နှလုံးရှိသည်လည်းကောင်း။ ဟောမိ၊ ၏။

သုခုမံ၊ သိမ်မွေ့ထသော။ အတုလံ၊ အတုမရှိထသော။ သုစီ၊ စင်ကြယ်ခြင်းကိုလည်းကောင်း။ ကိလေသဿေဒနံ၊ ကိလေသာကို ဖြစ်တတ်သော။ ဉာဏံ၊ ဉာဏ်ကိုလည်းကောင်း။ သဗ္ဗတ္ထ၊ ခပ်သိမ်းသော အရပ်တို့၌။ တသ၊ ထိုပဲခွပ်သင်ခုန်း ဟူသောအလှူ၏။ နိဿန္ဒတော၊ အကျိုး အားဖြင့်။ မမ၊ ငါ့အား။ ပဋိလဘာမိ၊ ရ၏။

ရဲရင့်သည်လည်း တပါး။
ရွံရှာခြင်းကင်းသည်လည်း တပါး။
ဝေသာရဇ္ဇဉာဏ်ကို ရသည်လည်း တပါး။
တည်ကြည်သည်လည်း တပါး။
လုံ့လရှိသည်လည်း တပါး။
အခါခပ်သိမ်း အားထုတ်သော စိတ်ရှိသည်လည်း တပါး။
ကိလေသာကို ဖြတ်တတ်သော ဉာဏ်ကိုရသည်လည်း တပါး။
သိမ်မွေ့သော အတုမရှိသော စင်ကြယ်ခြင်းကို ရသည်လည်း တပါး။ ။

(ပဲခွပ်အကျိုးရှုစ်ပါး)

အကက္ကသော အဖရုသေ၊ သုဓောတေ သတ္ထကေ ဗဟူ။
ပသန္နစိတ္တော ဒတ္တွာန၊ ဗုဒ္ဓေ သယေ တထေဝ စ။

ပဠာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။
ကလျာဏမိတ္တံ ဝီရိယံ၊ ခန္တိ စ မေတ္တာ သတ္ထကံ၊

တဏှာသလ္လဿ ဆိန္နတ္တာ၊ ပညာသတ္ထံ အနုတ္တရံ။
ဝဇိရေန သမံ ဉာဏံ၊ တေသံ နိဿန္ဒတော လဘေ။

အကက္ကသေ၊ မချော်ကုန်ထသော။ အဖရုသေ၊ မကြမ်းကြုတ်ကုန်သော။ သုဓောတေ၊ ကောင်းစွာသွေးအပ်ကုန်ထသော။ ဗဟူ၊ များစွာကုန်သော။ သတ္ထကေ၊ ဓားတို့ကို။ ပသန္နစိတ္တော၊ ကြည်ညိုသောစိတ်ရှိသည်ဖြစ်၍။ ဗုဒ္ဓေ-ဗုဒ္ဓဿ၊မြတ်စွာဘုရားအားလည်းကောင်း။ သံယေ-သံဃဿ၊ သံဃာတော်အားလည်းကောင်း။ တထေဝ၊ ထို့အတူလည်းကောင်းလျှင်။ ဒတ္တွာန၊ ပေးလှူရသောကြောင့်။ မမ၊ ငါ၏။ ကမ္မာနုစ္ဆဝိကေ၊ ကောင်းမှုကံအားလျော်ပတ်ကုန်သော။ ပဠနိသံသေ၊ ငါးပါးသောအကျိုးတို့ကို။ အနုဘောမိ၊ ခံစားရ၏။

ကလျာဏမိတ္တံ၊ ကောင်းသော အဆွေခင်ပွန်းကို လည်းကောင်း။ ဝီရိယံ၊ လုံ့လကို လည်းကောင်း။ ခန္တိ စ၊ သည်းခံခြင်းကိုလည်းကောင်း။ မေတ္တာသတ္ထကံ၊ မေတ္တာတည်းဟူသော လက်နက်ကိုလည်းကောင်း။ တဏှာသလ္လဿ၊ တဏှာလောဘတည်းဟူသောငြောင့်ကို။ ဆိန္နတ္တာ၊ ဖြတ်တတ်သည်၏အဖြစ်ကြောင့်။ ပညာသတ္ထံ၊ ပညာလက်နက်ဟုဆိုအပ်သော။ အနုတ္တရံ၊ အလွန်

မရှိသော။ ဝဇိရေန၊ ဝရဇိန်နှင့်။ သမံ၊ တူသော။ ဉာဏ်၊ ဉာဏ်ကိုလည်းကောင်း။ တေသံ၊ ထို အလှူတို့၏။ နိဿန္ဒတော၊ အကျိုးအားဖြင့်။ လဘေ၊ ရ၏။

အဆွေခင်ပွန်းကောင်းကို ရသည်လည်း တပါး။
သည်းခံခြင်းကို ရသည်လည်း တပါး။
လုံ့လကို ရသည်လည်း တပါး။
မေတ္တာကို ရသည်လည်း တပါး။
ပညာကို ရသည်လည်း တပါး။
(ဓားလှူသော အကျိုးငါးပါး)

သူစိယော သုဂတေ ဒတ္တာ၊ သံယေ ဂဏဝရ္ဂတ္တမေ။
ပစ္စာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။

နမဿိယော ကခ်ဳေဒေါ၊ အဘိရူပေါ စ ဘောဂဝါ။
တိက္ခပညော သဒါ ဟောမိ၊ သံသရန္တော ဘဝါဘဝေ။

ဂဗ္ဘိရံ နိပုဏာံ ဌာနံ၊ အတ္ထံ ဉာဏေန ပဿယိံ။
ဝဇိရဂ္ဂသမံ ဉာဏံ၊ ဟောမိ မေ တမဃာတနံ။

သုဂတေ-သုဂတဿ၊ မြတ်စွာဘုရားအားလည်းကောင်း။ ဂဏဝရ္ဂတ္တမေ-ဂဏဝရ္ဂတ္တမဿ၊ မြတ်သောဂိုဏ်းအပေါင်းဖြစ်သော။ သံယေ-သံဃဿ၊ သံဃာအားလည်းကောင်း။ သူစိယော၊ အပ်တို့ကို။ ဒတ္တာ၊ ပေးလှူရသောကြောင့်။ ကမ္မာနုစ္ဆဝိကေ၊ ကောင်းမှုကံအား လျော်ပတ်ကုန်သော။ ပစ္စာနိသံသေ၊ ငါးပါးသော အကျိုးတို့ကို။ မမ၊ ငါ့အား။ အာနုဘောမိ၏။

ဘဝါဘဝေ၊ ငယ်သောဘဝ ကြီးသောဘဝ၌။ သံသရန္တော၊ ကျင်လည်သော။ အဟံ၊ ငါသည်။ နမဿိယော၊ သူခပ်သိမ်းတို့ ရှိခိုးကို ခံထိုက်သည်လည်းကောင်း။ ကခ်ဳေဒေါ၊ ယုံမှားခြင်းကို ဖျောက်တတ်သည်လည်းကောင်း။ အဘိရူပေါ၊ အဆင်းလှသည်လည်းကောင်း။ ဘောဂဝါ၊ စည်းစိမ်ရှိသည်လည်းကောင်း။ တိက္ခပညော၊ ထက်သောပညာ ရှိသည်လည်းကောင်း။ သဒါ၊ ခပ်သိမ်းသောအခါ၌။ ဟောမိ၊ ဖြစ်၏။

ဂဗ္ဘိရံ၊ နက်နဲထသော။ နိပုဏာံ၌ဌာနံ၊ သိမ်မွေ့သောအရာဖြစ်ထသော။ အတ္ထံ၊ အနက်ကို။ ဉာဏေန၊ ဉာဏ်ဖြင့်။ ပဿယိံ၊ တွေ့မြင်နိုင်၏။ ဝဇိရဂ္ဂသမံ၊ ဝရဇိန်ဖျားနှင့်တူသော။ တမဃာတနံ၊ အမိုက်ကို ဖျောက်တတ်သော။ မေ၊ ငါ၏။ ဉာဏံ၊ ဉာဏ်သည်။ ဟောမိ၊ ဖြစ်၏။

သူတကာတို့ ရှိခိုးခံရသည်လည်း တပါး။
သူတကာတို့၏ ယုံမှားသင်္ကာရှိသည်ကို ဖျောက်နိုင်သည်လည်း တပါး။
အဆင်းလှသည်လည်း တပါး။
စည်းစိမ်ချမ်းသာရှိသည်လည်း တပါး။
ထက်မြက်သော ပညာရှိသည်လည်း တပါး။
(အပ်လှူသောအကျိုးငါးပါး)

နခစ္ဆေဒနေ သုဂတေ၊ ဒတ္တာ သံယေ ဂဏုတ္တမေ။
ပဋ္ဌာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။

ဒါသီ ဒါသ ဂဝဿေစ၊ ဘတကေ အာရဏေ ဗဟူ။
နှာဝိတေ နာဠုကေ သူဒေ၊ သဗ္ဗတ္ထေဝ လဘာမဟံ။

သုဂတေ–သုဂတဿ၊ အားလည်းကောင်း။ ဂဏုတ္တမေ-ဂဏုတ္တမဿ၊ အလွန်မြတ်သောဂိုဏ်း အပေါင်းဖြစ်ထသော၊ သံယေ-သံယဿ၊ အားလည်းကောင်း။ နခစ္ဆေဒနေ၊ လက်သည်းလှီးမှားတို့ကို။ ဒတ္တာ၊ ပေးလှူရသောကြောင့်။ မမ၊ ငါ၏။ ကမ္မာနုစ္ဆဝိကေ၊ ကောင်းမှု ကံအား လျော်ပတ်ကုန်သော။ ပဋ္ဌာနိသံသေ၊ ငါးပါးသော အကျိုးတို့ကို။ အနုဘောမိ၊ ခံစားရ၏။

ဒါသီ ဒါသ ဂဝဿေစ၊ ကျွန်မိန်းမ ကျွန်ယောကျ်ား နွား မြင်းတို့ကိုလည်းကောင်း။ ဗဟူ၊ များစွာကုန်သော။ ဘတကေစ၊ သူခစားတို့ကိုလည်းကောင်း။ အာရဏေစ၊ ရွှင်မှု သည်တို့ကိုလည်းကောင်း။ နှာဝိတေစ၊ ခတ္တာသည်တို့ကို လည်းကောင်း။ နာဠုကေစ၊ ကချေသည်တို့ကိုလည်းကောင်း။ သူဒေစ၊ စဖိုသည်တို့ကိုလည်းကောင်း။ သဗ္ဗတ္ထေဝ၊ ခပ်သိမ်းသော အရပ်၌သာလျှင်။ အဟံ၊ သည်။ လဘာမိ၊ ရ၏။

ကျွန်မိန်းမ ကျွန်ယောကျ်ား နွား မြင်းတို့ကို ရသည်လည်း တပါး။
များစွာသော သူခစားတို့ကို ရသည်လည်း တပါး။
ဆတ္တာသည်တို့ကို ရသည်လည်း တပါး။
ကချေသည်တို့ကို ရသည်လည်း တပါး။
စဖိုသည်တို့ကို ရသည်လည်း တပါး။ (လက်သည်း လှီးမှားလှူသောအကျိုးငါးပါး။)

ဝိဓူပနေ သုဂတေ ဒတ္တာ၊ တာလဝဏ္ဏေစ သောဘဏေ။
အဋ္ဌာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။

သီတံ ဥဏှံ နာ ဇာနာမိ၊ ပရိဠာဟော နဝိဇ္ဇတိ။
ဒရထံ နာဘိဇာနာမိ၊ စိတ္တသန္တာပနံ မမ။

ရာဂဂ္ဂိ ဒေါသ မောဟဂ္ဂိ၊ မာနဂ္ဂိ ဒိဋ္ဌိအဂ္ဂိ စ၊
သဗ္ဗဂ္ဂိ နိဗ္ဗုတာ မယှံ၊ တဿ နိဿန္ဒတော မမ။

ဝိဓူပနေ၊ ယပ်တို့ကိုလည်းကောင်း။ သောဘဏေ၊ ကောင်းမွန်ကုန်သော။ တာလဝဏ္ဏေစ၊ တာလပတ် တို့ကို လည်းကောင်း။ သုဂတေ- သုဂတဿ၊ မြတ်စွာဘုရားအား။ ဒတ္တာ၊ ပေးလှူရသောကြောင့်။ မမ၊ ငါ၏။ ကမ္မာနုစ္ဆဝိကေ၊ ကောင်းမှုကံအား လျော်ပတ်ကုန်သော။ အဋ္ဌာနိသံသေ၊ ရှစ်ပါးသော အကျိုးတို့ကို။ အနုဘောမိ၊ ခံစားရ၏။

သီတံ၊ အချမ်းကိုလည်းကောင်း။ ဥဏှံ၊ အပူကိုလည်းကောင်း။ နာ ဇာနာမိ၊ မသိ။ ပရိဠာဟော၊ လောင်လင်ခြင်းသည်။ နဝိဇ္ဇတိ၊ မရှိ။ မမ၊ ၏။ စိတ္တသန္တာပနံ၊ စိတ်ကို ပူပန်စေတတ်သော။ ဒရထံ ပူပန်ခြင်းကို။ နာဘိဇာနာမိ၊ မသိစဘူး။

မမ၊ ၏။ တဿ၊ ထိုကောင်းမှုကံ၏။ နိဿန္ဒတော၊ အကျိုးအားဖြင့်။ မယှံ၊ ငါ့အား။ ရာဂဂ္ဂိ စ၊ ရာဂမီးသည်လည်းကောင်း။ ဒေါသ မောဟဂ္ဂိ စ၊ ဒေါသမီး မောဟမီးသည်

လည်းကောင်း။ မာနဂို စ၊ မာနမီးသည်လည်းကောင်း။ ဒိဋ္ဌိအဂို စ၊ ဒိဋ္ဌိမီးသည်လည်းကောင်း။ အပ္ပဂို၊ ခပ်သိမ်းသောမီးတို့သည်။ နိဗ္ဗုတာ၊ ငြိမ်းကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

အပူအချိမ်း မရှိသည်လည်း တပါး။
စိတ်၏ လောင်လင်ခြင်း မရှိသည်လည်း တပါး။
စိတ်နှလုံး မပူပန်သည်လည်း တပါး။
ရာဂ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိတည်းဟူသော မီးငါးပါးငြိမ်းသည်ကား ငါးပါး။

(ယပ်၊ တာလပတ်လှူသော အကျိုးရှစ်ပါး။)

မောရုပတ္တေ စာမရီယော၊ ဒတ္တာ သံယေ ဂဏှုတ္တမေ၊
ဥပသန္တ ကိလေသောဟံ၊ ဝိဟရာမိ အနန်ဂဏော။

မောရုပတ္တေ စ၊ ဥဒေါင်း မြီးယပ်တို့ကိုလည်းကောင်း။ စာမရိယော စ၊ စာမရီ သားမြီးယပ်တို့ကိုလည်းကောင်း။ ဂဏှုတ္တမေ-ဂဏှုတ္တမဿ၊ မြတ်သောဂိုဏ်းဖြစ်သော။ သံယေ-သံယဿ၊ သံယာတော်အား။ ဒတ္တာ၊ ပေးလှူရသောကြောင့်။ အဟံ၊ ငါသည်။ ဥပသန္တကိလေသော၊ ငြိမ်းသောကိလေသာရှိသည်။ အနန်ဂဏော၊ ကိလေသာတည်းဟူသော အညစ်အကြေး မရှိသည်။ ဟုတ္တာ၊ ဖြစ်၍။ ဝိဟရာမိ၊ နေရ၏။

ကိလေသာမရှိသည်ဖြစ်၍ အညစ်အကြေးမတင် သန့်ရှင်းစင်ကြယ် ခြင်းသည်လျှင်

(ဥဒေါင်းမြီးယပ်၊ သားမြီးယပ်လှူသော အကျိုးတပါး။)

ပရိဿာဝနေ သုဂတေ ဒတ္တာ၊ သုကတေ ဓမကရဏ္ဍုတ္တမေ။
ပဠာနိသံသေ အနုဘောမိ၊ ကမ္မာနုဿ္စဝိကေ မမ။

သဗ္ဗေသံ သမတိက္ကမ္မ၊ ဒိဗ္ဗံ အာယုံ လဘာမဟံ။
အပ္ပသယ္ဟာ သဒါ ဟောမိ၊ စောရုပစ္ဆတ္ထိကေဟိ စ။

သတ္ထေန ဝါ ဝိသေန ဝါ၊ ဝိဟေသမ္ဖိန ကုဗ္ဗတေ။
အန္တရေ မရဏံ နတ္ထိ၊ တေသံ နိဿန္ဒတော မမ။

ပရိဿာဝနေ စ၊ ရေစစ်တို့ကို လည်းကောင်း။ သုကတေ၊ ကောင်းစွာ လုပ်အပ်ကုန်ထသော။ ဓမကရဏ္ဍုတ္တမေ စ၊ မြတ်သောဓမကရိုက်တို့ကို လည်းကောင်း။ သုဂတေ-သုဂတဿ၊ မြတ်စွာဘုရားအား။ ဒတ္တာ၊ ပေးလှူရသောကြောင့်။ ကမ္မာနုဿ္စဝိကေ၊ ကောင်းမှုကံအား လျော်ပတ်ကုန်သော။ ပဠာနိသံသေ၊ ငါးပါးသောအကျိုးတို့ကို။ မမ၊ ငါ့အား။ အနုဘောမိ၊ ခံစားရ၏။

သဗ္ဗေသံ၊ ခပ်သိမ်းကုန်သော သူတို့၏။ အာယုံ၊ အသက်ကို။ သမတိက္ကမ္မ၊ လွန်၍။ ဒိဗ္ဗံ၊ နတ်၌ဖြစ်သော။ အာယုံ၊ အသက်ကို။ အဟံ၊ သည်။ လဘာမိ၊ ရ၏။ သဒါ၊ အခါခပ်သိမ်း စောရုပစ္ဆတ္ထိကေဟိ စ၊ ခိုးသူ ရန်သူတို့သည်။ အပ္ပသာယ္ဟာ၊ အနှိုင်အထက် မပြုနိုင်သည်။ ဟောမိ၊ ၏။

သတ္ထေနဝါ၊ လက်နက်ဖြင့် လည်းကောင်း။ ဝိသေန ဝါ၊ အဆိပ်ဖြင့် လည်းကောင်း။ ဝိဟေသမ္မိ၊ ညှဉ်းဆဲခြင်းကိုလည်း။ န ကုဗ္ဗတေ၊ မပြုနိုင်။ တေသံ၊ ထိုအလှူ ဝတ္ထုတို့၏။ နိဿန္ဒ-တော၊ အကျိုးအားဖြင့်။ မမ၊ ငါ့အား။ အန္တရေ၊ အကြား၌။ မရဏံ၊ သေခြင်းသည်။ နတ္ထိ၊ မရှိ။

သူတကာတို့ထက် လွန်၍ အသက်ရှည်သည်လည်း တပါး။
ခိုးသူ ရန်သူတို့သည် အနှိုင်အထက် မညှဉ်းဆဲနိုင်သည်လည်း တပါး။
လက်နက်မျိုးတို့ဖြင့် မညှဉ်းဆဲနိုင်သည်လည်း တပါး။
အဆိပ်မျိုးတို့ဖြင့် မညှဉ်းဆဲနိုင်သည်လည်း တပါး။
အသက်၏ အပိုင်းအခြားသို့ မရောက်မီအကြား၌ မသေသည်လည်း တပါး။
(ရေစစ်ဓမ္မကရိုဏ် လှူသောအကျိုးငါးပါး)

တေလဓရေ သုဂတေ ဒတ္တာ၊ သံယေ ဂဏဝရုတ္တမေ။
ပဠာနိသံသေ အနုဘောမိ၊ ကမ္မာနုဿ္စတိကေ မမ။

သုတနုရူပေါ သုဂဒေါ၊ သုသမုဂ္ဂဟာ မာနသော။
အဝိက္ခိတ္တမနော ဟောမိ၊ သတ္တာ ရက္ခေဟိ ရက္ခိတော။

သုဂတေ-သုဂတဿ၊ မြတ်စွာဘုရားအား လည်းကောင်း။ ဂဏဝရုတ္တမေ-ဂဏဝရုတ္တမဿ၊ အလွန်မြတ်သော ဂိဏ်းအပေါင်းဖြစ်သော။ သံယေ-သံယဿ၊ သံယာတော်အား လည်းကောင်း။ တေလဓရေ၊ ဆီကျည်တို့ကို။ ဒတ္တာ၊ လှူရသောကြောင့်။ ကမ္မာနုဿ္စတိကေ၊ ကောင်းမှုကံအား လျော်ပတ်ကုန်သော။ ပဠာနိသံသေ၊ ငါးပါးသော အကျိုးတို့ကို။ မမ၊ ငါ့အား။ အနုဘောမိ၊ ခံစားရ၏။

သုတနုရူပေါ၊ ကောင်းသော ကိုယ်အဖြစ် ရှိသည်လည်း။ ဟောမိ၊ ၏။ သုဂဒေါ၊ ကောင်းသော စကားကို ဆိုတတ်သည်လည်း။ ဟောမိ၊ ၏။ သုသမုဂ္ဂတမာနသော၊ ကောင်းသော နှလုံးရှိသည်လည်း။ ဟောမိ၊ ၏။ အဝိက္ခိတ္တမနော၊ မပျံ့လွင့်သော နှလုံးရှိသည်လည်း။ ဟောမိ၊၏။ သတ္တာရ-က္ခေဟိ၊ ခပ်သိမ်းသော အစောင့်အရှောက်တို့သည်။ ရက္ခိတော၊ စောင့်ရှောက်အပ်သည်လည်း။ ဟောမိ၊ ၏။

ကောင်းသောကိုယ်အဖြစ် ရှိသည်လည်း တပါး။
ကောင်းသော စကားရှိသည်လည်း တပါး။
ကောင်းသော နှလုံးရှိသည်လည်း တပါး။
မပျံ့လွင့်သော စိတ်ရှိသည်လည်း တပါး။
ခပ်သိမ်းသော အစောင့်အရှောက်တို့ဖြင့် စောင့်ရှောက်သည်လည်း တပါး။

(ဆီကျည်လှူရသောအကျိုးငါးပါး)

သူစိယရေ သုဂတေ ဒတ္တာ၊ သံယေ ဂဏဝရုတ္တမေ။
တီဏာနိသံသေ အနုဘောမိ၊ ကမ္မာနုဿ္စတိကေ မမ။

စေတောသုခံ ကာယသုခံ၊ ဣရိယာ ပထဇံ သုခံ၊
ဣမေ ဂုဏော ပဋိလဘိ၊ တဿ နိသာန္ဒတော အဟံ။

သူစိယရော့ အပ်ကျည်တို့ကို။ သုဂတေ-သုဂတသဿ၊ မြတ်စွာဘုရားအား လည်းကောင်း။ ဂဏဝရုတ္တမေ-ဂဏဝရုတ္တမဿ၊ အလွန်မြတ်သော ဂိုဏ်းအပေါင်းဖြစ်သော။ သံယေ-သံယဿ၊ သံယာတော်အား လည်းကောင်း။ ဒတ္တာ၊ ပေးလှူရသောကြောင့်။ ကမ္မာနုစ္ဆဝိကော၊ ကောင်းမှုကံအား လျော်ပတ်ကုန်သော။ တီဏာနိသံသေ၊ သုံးပါးသော အကျိုးတို့ကို။ မမ၊ ငဲ့အား။ အနုဘောမိ၊ ၏။

စေတောသုခံ၊ စိတ်၏ ချမ်းသာခြင်းကို လည်းကောင်း။ ကာယသုခံ၊ ကိုယ်၏ချမ်းသာခြင်းကို လည်းကောင်း။ ဣရိယာပထေ၊ ဣရိယာပုထ်ကြောင့် ဖြစ်သော။ သုခံ၊ ချမ်းသာခြင်းကို လည်းကောင်း။ ဣမေ ဝုဏှာ၊ ဤကျေးဇူးတို့ကို။ တဿ၊ ထိုအလှူဝတ္ထု၏။ နိဿန္ဒတော၊ အကျိုးအားဖြင့်။ အဟံ၊ ငါသည်။ ပဋိလဘိံ၊ ရ၏။

စိတ်၏ချမ်းသာခြင်း ရသည်လည်း တပါး။
ကိုယ်၏ချမ်းသာခြင်းကို ရသည်လည်း တပါး။
ဣရိယာပုထ်ကြောင့်ဖြစ်သော ချမ်းသာခြင်းကို ရသည်လည်း တပါး။

(အပ်ကျည်လှူသောအကျိုးသုံးပါး)

ကာယဗန္ဓေ ဇိနေ ဒတ္တာ၊ သံယေ ဂဏဝရုတ္တမေ။
ဆာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကော မမ။

သမာဓိသု န ကမ္မာမိ၊ ဝသီ ဟောမိ သမာဓိသု။
အဘေဇ္ဇပရိသော ဟောမိ၊ အဒေယျ ဝစနော သဒါ။

ဥပဋ္ဌိတဿတိ ဟောမိ၊ တာသော မယှံ နဝိဇ္ဇတိ။
ဒေဝလောကေ မနုဿေစ၊ အနုဗန္ဓာ ဣမေ ဝုဏှာ။

ဇိနေ-ဇိနဿ၊ မြတ်စွာဘုရားအား လည်းကောင်း။ ဂဏဝရုတ္တမေ-ဂဏဝရုတ္တမဿ၊ သော။ သံယေ-သံယဿ၊ အားလည်းကောင်း၊ ကာယဗန္ဓေ၊ ခါးပန်းတို့ကို။ ဒတ္တာ၊ ပေးလှူရသော ကြောင့်။ ကမ္မာနုစ္ဆဝိကော၊ ကောင်းမှုကံအား လျော်ပတ်ကုန်သော။ ဆာနိသံသေ၊ ခြောက်ပါးသော အကျိုးတို့ကို။ မမ၊ ငဲ့အား။ အနုဘောမိ၊ ခံစားရ၏။

သမာဓိသု၊ သမာဓိတရားတို့၌။ န ကမ္မာမိ၊ မတုန်မလှုပ်။ သမာဓိသု၊ သမာဓိတရားတို့၌။ ဝသီ၊ ဝသီဘော်သည်။ ဟောမိ၊ ၏။ အဘေဇ္ဇပရိသော၊ မကွဲမပြိုသော ပရိသတ်ရှိသည်။ ဟောမိ၊ ၏။ သဒါ၊ ခပ်သိမ်းသောအခါ၌။ အဒေယျ ဝစနော၊ သူခပ်သိမ်းတို့ ယုံကြည်အပ်သောစကား ရှိသည်။ ဟောမိ၊ ၏။

ဥပဋ္ဌိတဿတိ၊ တည်ကြည်သော သတိရှိသည်။ ဟောမိ၊ ၏။ မယှံ၊ ငဲ့အား။ တသော၊ ထိတ်လန့်ခြင်းသည်။ နဝိဇ္ဇတိ၊ မရှိ။ ဒေဝလောကေ ဝါ၊ နတ်ပြည်၌ လည်းကောင်း။ မနုဿေ ဝါ၊ လူပြည်၌လည်းကောင်း၊ ဣမေ ဝုဏှာ၊ ဤကျေးဇူးတို့သည်။ အနုဗန္ဓာ၊ အစဉ်လိုက်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဈာန်သမာပတ်တရားတို့၌ မတုန်မလှုပ်သည်လည်း တပါး။
ဈာန်သမာပတ်တရားတို့၌ ဝသီ လေ့ကျက်သည်လည်း တပါး။

သား မြေး ကျေးကျွန် ပရိသတ်တို့နှင့် မကွာမကွေ နေရသည်လည်း တပါး။
သူတကာတို့ ယုံကြည်အပ်သော စကားရှိသည်လည်း တပါး။
ခပ်သိမ်းသောအမှု၌ မမေ့တတ်သောသတိ ရှိသည်လည်း တပါး။
ထိတ်လန့်ခြင်း မရှိသည်လည်း တပါး။

(ခါးပန်းကြိုးလျှော်သော အကျိုးခြောက်ပါး)

အာဓာရကော ဇိနေ ဒတ္တာ၊ သံယေ ဂဏဝရုတ္တာမေ။
ပဉ္စဝဏ္ဏေဟိ ဒါယာဒေါ၊ အစလော ဟောမိ ကေနစိ။

ယေကေစိ မေ သုတာ ဓမ္မာ၊ သတိဉာဏပုဗ္ဗင်္ဂမာ။
န ဇိတာ မေ ဝိနဿန္တိ၊ ဘဝန္တိ သုဝိနိစ္ဆိတာ။

ဇိနေ-ဇိနဿ၊ ဘုရားရှင်အား လည်းကောင်း။ ဂဏဝရုတ္တာမေ-ဂဏဝရုတ္တာမဿ၊ သော။ သံယေ သံယဿ၊ အားလည်းကောင်း။ အာဓာရကော၊ သပိတ်ခြေတို့ကို။ ဒတ္တာ၊ ပေးလျှူရသော ကြောင့်။ ပဉ္စဝဏ္ဏေဟိ၊ ငါးပါးသော အကြောင်းတို့ဖြင့်။ ဒါယာဒေါ၊ အမွေခံသည်။ ကေနစိ၊ တစုံတခုသော အကြောင်းဖြင့်။ အစလော၊ မတုန်လှုပ်သည်။ ဟောမိ၊ ၏။

ယေကေစိ၊ ခပ်သိမ်းကုန်သော။ မေ-မယာ၊ ငါသည်။ သုတာ၊ ကြားအပ်ကုန်သော။ ဓမ္မာ၊ တရားတို့သည်။ သန္တိ၊ ရှိကုန်၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ တေ၊ ထိုတရားတို့သည်။ သတိ-ဉာဏပုဗ္ဗင်္ဂမာ၊ သတိပညာဖြင့် နှီးစေအပ်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ မေ မယာ၊ သည်။ ဇိတာ၊ အောင်အပ်ကုန်သော တရားတို့သည်။ န ဝိနဿန္တိ၊ မပျောက်ကုန်။ သုဝိနိစ္ဆိတာ၊ ကောင်းစွာဆုံးဖြတ်အပ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

တစုံတခုသောအကြောင်းဖြင့် မတုန်လှုပ်သည်လည်း တပါး၊
ကြားအပ်သော တရားတို့၌ သတိရှိသည် သတိနှင့်ပြည့်စုံသည်လည်း တပါး၊
ပညာနှင့် ပြည့်စုံသည်လည်း တပါး၊
အောင်အပ်သော တရားတို့သည် မပျောက်မပျက်ပဲ မြဲမြံသည်လည်း တပါး၊
ကောင်းစွာဆုံးဖြတ်ခြင်း ရှိသည်လည်း တပါး။

(သပိတ်ခြေလျှော်သော အကျိုးငါးပါး)

ဘာဇနေ ပရိဘောဂေစ၊ ဒတ္တာ ဗုဒ္ဓေ ဂဏုတ္တမေ။
တီဏာနိသံသေ အနုဘောမိ၊ ကမ္မနုစ္ဆဝိကေ မမ။

သောဏ္ဏမယေ မဏိမယေ၊ အထောပိ ဖလိကာမယေ။
လောဟိတင်္ကမယေစေဝ၊ လဘာမိ ဘာဇနေ အဟံ။

ဘရိယာ ဒါသဒါသီစ၊ ဟတ္ထာသ ရထပတ္တိကာ။
ဣတ္ထို ပတိဗ္ဗတာစေဝ၊ ပရိဘောဂါနိ သဗ္ဗဒါ။

ဝိဇ္ဇာမန္တပဒေစေဝ၊ ဝိဝိဓေ အာဂမေ ဗဟူ။
သဗ္ဗံ သိပ္ပံ နိသာမေမိ၊ ပရိဘောဂါနိ သဗ္ဗဒါ။

ပရိဘောဂ၊ သုံးဆောင်ရာ ဖြစ်ကုန်သော။ ဘာဇနေ၊ အိုးခွက်တို့ကို။ ပုဒ္ဓေ-ပုဒ္ဓသ၊ ဘုရားရှင်အား လည်းကောင်း။ ဂဏုတ္တမေ-ဂဏုတ္တမသ၊ မြတ်သော အပေါင်းဖြစ်သောသံဃာအားလည်းကောင်း။ ဒတ္တာ၊ ပေးလှူရသောကြောင့်။ ကမ္မာနုစ္ဆဝိကေ၊ ကောင်းမှုကံအား လျော်ပတ်ကုန်သော။ တီဏာနိသံသေ၊ သုံးပါးသော အကျိုးတို့ကို။ မမ၊ ငါ့အား။ အနုဘောမိ၊ ခံစားရ၏။

သောဏ္ဍာမယေ စ၊ ရွှေဖြင့် ပြီးသည်လည်း ဖြစ်ကုန်သော။ မဏိမယေ စ၊ မြဖြင့် ပြီးသည်လည်း ဖြစ်ကုန်သော။ အထောပိ၊ ထို့မှတပါးလည်း။ ဖလိကာမယေ၊ ဖန်ဖြင့် ပြီးသည်လည်း ဖြစ်ကုန်သော။ လောဟိတက်မယေစေဝ၊ ပတ္တမြားနီဖြင့် ပြီးသည်လည်း ဖြစ်ကုန်သော။ ဘာဇနေ၊ ခွက်တို့ကို။ အဟံ၊ ငါသည်။ လဘာမိ၊ ရ၏။

ဘရိယာဒါသဒါသီစ၊ မယား ကျွန်ယောကျ်ား ကျွန်မိန်းမတို့သည်လည်းကောင်း။ ဟတ္ထာသရထ ပတ္တိကာ၊ ဆင်မြင်းရထား ခြေသည်တို့သည် လည်းကောင်း။ ပတိဗ္ဗတာ၊ လင်ကို ကောင်းစွာ လုပ်ကျွေးကုန်သော။ ဣတ္ထီစေဝ၊ မိန်းမတို့သည် လည်းကောင်း။ သဗ္ဗဒါ၊ ခပ်သိမ်းသော အခါ၌။ ပရိဘောဂါနိ၊ အသုံးအဆောင်တို့သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။

ဒါဇာမန္တပဒေစေဝ၊ အတတ် မန္တရားပုဒ်တို့ကို လည်းကောင်း။ ဝိဝိဓေ၊ အထူးထူးကုန်သော။ ဇဟူ၊ များကုန်သော။ အာဂမေ စ၊ ကျမ်းဂန်တို့ကိုလည်းကောင်း။ သဗ္ဗဲ၊ သော။ သိပ္ပံ၊ အတတ်ကို။ နိသာမေမိ၊ ကြားသိ၏။ သဗ္ဗဒါ၊ ခပ်သိမ်းသောအခါ၌။ ပရိဘောဂါနိ၊ အသုံးအဆောင်တို့သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။

ရတနာအတိ ပြီးသော အိုးခွက် အဆောင်အယောင်တို့ကို ရသည်လည်း တပါး။
စစ်အင်္ဂါလေးပါး ကျွန်မိန်းမ၊ ကျွန်ယောကျ်ား၊ မယားကောင်းတို့ကို ရသည်လည်း တပါး။
အတတ်ကျမ်းဂန် ဟူသမျှတို့ကို တတ်စွမ်းနိုင်သော ပညာရှိသည်လည်းတပါး။

(သုံးဆောင်ရာ အိုးခွက်အလှူ အကျိုးသုံးပါး)

ထာလကေ သုဂတေ ဒတ္တာ၊ သံယေ ဂဏဝရုတ္တမေ။
တီဏာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။

သောဏ္ဍာမယေ မဏိမယေ၊ အထောပိ ဖလိကာမယေ။
လောဟိတက်မယေ စေဝ၊ လဘာမိ ထာလကေ အဟံ။

အဿထကေ ဖလမယေ၊ အထော ပေါက္ခရပတ္တကေ၊
မဓုပါနကသခ်ေဓ၊ လဘာမိ ထာလကေ အဟံ။

ဝတ္တေ ဂုဏော ပဋိပတ္တိ၊ အာစာရ ကိရိယာသု စ။
ဣမေ ဂုဏော ပဋိလဘ၊ တဿ နိဿန္ဒတော မမ။

သုဂတေ-သုဂတဿ၊ အားလည်းကောင်း။ ဂဏဝရုတ္တ မေ၊ ဂဏဝရုတ္တမဿ၊ သော။ သံယေ သံဃဿ၊ အားလည်းကောင်း။ ထာလကေ၊ ခွက်တို့ကို။ ဒတ္တာ၊ ပေးလှူရသောကြောင့်။ ကမ္မာနုစ္ဆဝိကေ၊ ကောင်းမှုကံအား လျော်ပတ်ကုန်သော။ တီဏာနိသံသေ၊ သုံးပါးသော အကျိုးတို့ကို။ မမ၊ ငါ့အား။ အနုဘောမိ၊ ခံစားရ၏။

သောဏ္ဏမယေစ၊ ရွှေဖြင့်ပြီးသည်လည်း ဖြစ်ကုန်သော။ မဏိမယေ၊ မြဖြင့် ပြီးသည်လည်း ဖြစ်ကုန်သော။ အထောပိ၊ ထို့မှတပါးလည်း။ ဖလိကာမယေ၊ ဖန်ဖြင့် ပြီးသည်လည်း ဖြစ်ကုန်သော။ လောဟိတင်္မယေ စေဝ၊ ပတ္တမြားနီဖြင့် ပြီသည်လည်း ဖြစ်ကုန်သော။ ထာလကေ၊ ခွက်တို့ကို။ အဟံ၊ ငါသည်။ လဘာမိ၊ ရ၏။

အဿတ္ထကေ၊ ညောင်ပုဒ္ဓဟေ ကဲ့သို့သော ခွက်တို့ကိုလည်းကောင်း။ ဖလမယေ၊ သစ်သီးဖြင့် ပြီးသော ခွက်တို့ကိုလည်းကောင်း။ အထော၊ ထိုမြို့။ ပေါက္ခရပတ္တကေ၊ ကြာရွက်ကဲ့သို့သော ခွက်တို့ကို လည်းကောင်း။ မခုပါနကသခ်ဳံ စ၊ ပျားသောက်စရာ ခရုသင်းတို့ကိုလည်းကောင်း။ ထာလကေ၊ ခွက်တို့ကို။ အဟံ၊ ငါသည်။ လဘာမိ၊ ၏။

ဝတ္ထေ၊ နိစ္စဝတ်၌လည်းကောင်း။ ဂုဏေ၊ ဂုဏ်ကျေးဇူး၌လည်းကောင်း။ အာစာရကိရိယာသုစ/ အကျင့်အမူအရာတို့၌ လည်းကောင်း။ ပဋိပတ္တိ၊ အကျင့်ကို။ လဘာမိ၊ ရ၏။ တဿ၊ ထိုကောင်းမှု၏။ နိဿန္ဒတော၊ အကျိုးအားဖြင့်။ ဣမေ ဂုဏေ၊ ဤကျေးဇူးတို့ကို။ မမ၊ ငါ့အား။ ပဋိလဘေ-မဋိလဘာမိ၊ ရ၏။

ရတနာအတိုပြီးသော စားခွက် စားယောက်တို့ကို သုံးဆောင်ရသည်လည်း တပါး။
ဗောဓိညောင်ရွက် အစရှိသည်ကဲ့သို့သော အထူးထူးသော အသုံးအဆောင်တို့ကို သုံးဆောင်ရသည်လည်း တပါး။
ဝတ်ပဋိပတ်ဂုဏ်ကျေးဇူးအကျင့် အမူအရာနှင့် ပြည့်စုံသည်လည်း တပါး။

(ဟင်းခွက် ဆွမ်းခွက် လျှသော အကျိုးသုံးပါး။)

ဘေသဇ္ဇံ သုဂတေ ဒတ္တွာ၊ သံယေ ဂဏဝရုတ္တမေ။
ဒသာနိသံသေ အနုဘောမိ။ ကမ္မာနုစ္ဆဝိကေ မမ။

အာယုဝါ ဗလဝါ ဓီရော၊ ဝဏ္ဏဝါ ယသဝါ သုခီ။
အနုပဒ္ဒဝေါ အနီတီစ၊ ဟောမိ အပစိတော သဒါ
နု မေ ပိယဝိယောဂေါတ္ထိ၊ တဿ နိဿန္ဒတော မမ။

သုဂတေ-သုဂတဿ၊ အားလည်းကောင်း။ ဂဏဝရုတ္တမေ-ဂဏဝရုတ္တမဿ၊ မြတ်သော ဂိုဏ်းအပေါင်းဖြစ်သော။ သံယေ-သံယဿ၊ သံဃာအားလည်းကောင်း။ ဘေသဇ္ဇံ၊ ဆေးကို။ ဒတ္တွာ၊ ပေးလှူရသောကြောင့်။ ကမ္မာနုစ္ဆဝိကေ၊ ကုန်သော။ ဒသာနိသံသေ၊ ဆယ်ပါးသော အကျိုးတို့ကို။ မမ၊ ငါ့အား။ အနုဘောမိ၊ ခံစားရ၏။

အာယုဝါ၊ ရှည်သောအသက် ရှိသည်လည်းကောင်း။ ဗလဝါ၊ ကြီးသောခွန်အား ရှိသည်လည်းကောင်း။ ဓီရော၊ ပညာ ရှိသည်လည်းကောင်း။ ဝဏ္ဏဝါ၊ လှသောအဆင်း ရှိသည်လည်းကောင်း။ ယသဝါ၊ အခြံအရံ အကျော်အစော ရှိသည်လည်းကောင်း။ သုခီ၊ ကိုယ်၏ ချမ်းသာခြင်း စိတ်၏ ချမ်းသာခြင်း ရှိသည်လည်းကောင်း။ အနုပဒ္ဒဝေါ၊ ဘေးဥပဒ်မရှိသည် လည်းကောင်း။ အနီတီစ၊ ကြောင့်ကြစိုးရိမ် မရှိသည် လည်းကောင်း။ သဒါ၊ ခပ်သိမ်းသော အခါ၌။ အပစိတော၊ သူ့ခပ်သိမ်းတို့ ရိုသေအပ်သည်လည်းကောင်း။ ဟောမိ၊ ၏။ မမ၊ ငါ၏။ တဿ၊ ထိုကောင်းမှုကံ၏။ နိဿန္ဒတော၊ အကျိုးအားဖြင့်။ မေ၊ ငါ့အား။ ပိယဝိယောဂေါ၊ ချစ်သောသူနှင့် ကွေကွင်းခြင်းသည်။ နု အတ္ထိ၊ မရှိ။

အသက်ရှည်သည်လည်း တပါး။
ခွန်အားကြီးသည်လည်း တပါး။
ပညာကြီးသည်လည်း တပါး။
အဆင်းလှသည်လည်း တပါး။
အခြံအရံများသည်လည်း တပါး။
ချမ်းသာ သည်လည်း တပါး။
ဘေးဥပဒ်အန္တရာယ်မရှိသည်လည်း တပါး။
ကြောင့်ကြစိုးရိမ်ခြင်း မရှိသည်လည်း တပါး။
အခါခပ်သိမ်းသူတို့ ရှိသေအပ်သည်လည်း တပါး။
ချစ်သော သူနှင့် ကွေကွင်းခြင်း မရှိသည်လည်း တပါး။
(ဆေးလျှုသော အကျိုးဆယ်ပါး။)

ဥပါဟနေ ဇိနေ ဒတွာ၊ သံယေ ဂဏဝရုတ္တမေ။
တီဏာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။

ဟတ္ထိယာနံ အဿယာနံ၊ သိဝိကံ သန္ဒမာနိကံ။
သဋ္ဌိ ရထသဟဿာနိ၊ ပရိဝါရေန္တိ မံ သဒါ။

မဏိမယာ ကမ္မလိကာ၊ သောဏ္ဏာရဇတာ ပါဒုကာ။
နိဗ္ဗတ္တန္တိ ပဒုဒ္ဓါရေ၊ ဘဝေ သံသရတော မမ။

နိယာမံ သတိဓာဝန္တိ၊ အာဂု အာစာရ သောဓနံ။
ဣမေ ဂုဏော ပဋိလဘေ၊ တဿ၊ နိဿန္ဒတော အဟံ။

ဇိနေ-ဇိနဿ၊ ဘုရားရှင်အားလည်းကောင်း။ ဂဏဝရုတ္တမေ-ဂဏဝရုတ္တဿ၊ သော။ သံယေ-သံယဿ၊ အားလည်းကောင်း။ ဥပါဟနေ၊ ခြေနင်းတို့ကို။ ဒတွာ၊ ကြောင့်။ ကမ္မာ-နုစ္ဆဝိကေ၊ ကောင်းမှုကံအား လျော်ပတ်ကုန်သော။ တီဏာနိသံသေ၊ သုံးပါးသောအကျိုး တို့ကို။ မမ၊ ငါ့အား။ အနုဘောမိ၊ ခံစားရ၏။

ဟတ္ထိယာနံ၊ ဆင်ယာဉ်သည်လည်းကောင်း။ အဿယာနံ၊ မြင်းယာဉ်သည်လည်းကောင်း။ သိဝိကံ၊ ထမ်းစင်သည်လည်းကောင်း။ သန္ဒမာနိကံ၊ သန်လျင်းသည်လည်းကောင်း။ သဋ္ဌိ-ရထသဟဿာနိ၊ ခြောက်သောင်းသော ရထားတို့သည်လည်းကောင်း။ မံ၊ ငါ့ကို။ သဒါ၊ ခပ်သိမ်း သောအခါ၌။ ပရိဝါရေန္တိ၊ ခြံရံကုန်၏။

ဘဝေ၊ ဘဝ၌။ သံသရတော၊ ကျင်လည်သော။ မမ၊ ငါ၏။ ပဒုဒ္ဓါရေ၊ ခြေချိရာ၌။ မဏိမယာ၊ မြမျက်ဖြင့်ပြီးသော ခြေနင်းတို့သည်လည်းကောင်း။ ကမ္မလိကာ၊ ကမ္မလာဖြင့် ပြီးသော ခြေနင်းတို့သည်လည်းကောင်း။ သောဏ္ဏာရဇတပါဒုကာ၊ ရွှေခြေနင်း ငွေခြေနင်း တို့သည်လည်းကောင်း။ နိဗ္ဗတ္တန္တိ၊ ဖြစ်ကုန်၏။

အာဂုအာစာရ သောဓနံ၊ မကောင်းသောအကျင့်ကို သုတ်သင်တတ်ထသော။ နိယာမံ၊ နိယာမ၊ သို့။ ဓာဝန္တိ၊ ပြေးသော။ သတိ၊ သတိသည်။ ဟောတိ၊ ဖြစ်၏။ တဿ၊ ထို ကောင်းမှု၏။

နိဿန္ဒတော၊ အကျိုးအားဖြင့်။ အဟံ၊ ငါသည်။ ဣမေ ဂုဏော၊ ဤကျေးဇူးတို့ကို။ ပဋိလဘေ-အဋ္ဌိလဘာမိ၊ ရ၏။

ဆင်ယာဉ် မြင်းယာဉ်တို့ကို ရသည်လည်း တပါး။
ဖဝါးချတိုင်း ရတနာခြေနင်း ဖြစ်သည်လည်း တပါး။
မကောင်းမှုကို သုတ်သင်ခြင်း၌ မြဲသောသတိ ရှိသည်လည်း တပါး။

(ခြေနင်းလျှသော အကျိုးသုံးပါး။)

ပါဒုကေ သုဂတေ ဒတ္တာ၊ သံယေ ဂဏဝရုတ္တမေ။
ဣဒ္ဓိပါဒုက မာရုယှ ဝိဟရာမိ ယဒိစ္ဆကံ။

သုဂတေ-သုဂတဿ၊ အားလည်းကောင်း။ ဂဏဝရုတ္တမေ-ဂဏာရုတ္တမဿ၊ သော။ သံယေ-သံယဿ၊ အားလည်းကောင်း။ ပါဒုကေ၊ ဖိနပ်တို့ကို။ ဒတ္တာ၊ ပေးလျှရသောကြောင့်။ ဣဒ္ဓိပါဒုကံ၊ တန်ခိုးတည်းဟူသော ဖိနပ်တို့ကို။ အာရုယှ၊ စီး၍။ ယဒိစ္ဆကံ၊ အလိုရှိတိုင်း။ ဝိဟရာမိ၊ နေရ၏။

တန်ခိုးဟူသော ဖိနပ်ကို ရသည်လျှင်
(ဖိနပ်လျှသော အကျိုးတစ်ပါး)

(ပုဆိုး အစရှိသည်ဖြင့် ကောင်းမွန်စွာလုပ်သည်ကို ခြေနင်း၊ ဖဝါးနင်းစရာ သစ်သားအစရှိသည်ဖြင့် အကြမ်းလုပ်သည်ကို ဖိနပ်ဟူ၍ဆိုသော စကားသည် မြန်မာဝေါဟာရအလျောက်သာ ဆိုသည်။ သဒ္ဒတ္ထ အလျောက်သော်ကား ဥပါဟနကို ဖိနပ်၊ ပါဒုကကို ခြေနင်းဟူ၍ဆိုလိုသည်)။

ဥဒပုဉ္ဆန စောဠေ စ၊ ဒတ္တာ ဗုဒ္ဓေ ဂဏုတ္တမေ။
ပဋ္ဌာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။

သုဝဏ္ဏဝဏ္ဏော ဝိရဇော၊ သပ္ပဘာသော ပတာပဝါ။
သိနိဒ္ဓံ ဟောမိ မေ ဂတ္တံ၊ ရဇော ဇလ္လံ နလိမ္ပတိ။
ဣမေ ဂုဏော ပဋိလဘေ၊ တဿ နိဿန္ဒတော အဟံ။

ဗုဒ္ဓေ-ဗုဒ္ဓဿ၊ ဘုရားရှင်အားလည်းကောင်း။ ဂဏုတ္တမေ-ဂဏုတ္တမဿ၊ မြတ်သောအပေါင်း ဖြစ်သော သံဃာအား လည်းကောင်း။ ဥဒပုဉ္ဆနေစောဠေစ၊ ရေသုတ်ပုဆိုးတို့ကို။ ဒတ္တာ၊ ပေးလျှရသောကြောင့်။ ကမ္မာနုစ္ဆဝိကေ၊ ကောင်းမှုကံအား လျော်ပတ်ကုန်သော။ ပဋ္ဌာနိသံသေ၊ ငါးပါးသော အကျိုးတို့ကို။ မမ၊ ငါ့အား။ အနုဘောမိ၊ ခံစားရ၏။

သုဝဏ္ဏဝဏ္ဏော၊ ရွှေအဆင်းနှင့်တူသော အဆင်းရှိသည်လည်းကောင်း။ ဝိရဇော၊ မြူကင်းသည်လည်းကောင်း။ သပ္ပဘာသော၊ အရောင်အဝါရှိသည်လည်းကောင်း။ ပတာပဝါ၊ တန်ခိုးအာနုဘော် ရှိသည်လည်းကောင်း။ ဟောမိ၊ ၏။ မေ၊ ၏။ ဂတ္တံ၊ ကိုယ်သည်။ သိနိဒ္ဓံ၊ သိမ်မွေ့သည်။ ဟောမိ၊ ၏။ ရဇောဇလ္လံ၊ မြူအညစ်အကြေးသည်။ န လိမ္ပတိ၊ မလိမ်းကျံ။ တဿ၊ ထိုကောင်းမှု၏။ နိဿန္ဒတော၊ အကျိုးအားဖြင့်။ ဣမေ ဂုဏော၊ ဤကျေးဇူးတို့ကို။ အဟံ၊ သည်၊ ပဋိလဘေ-ပဋိလဘာမိ၊ ရ၏။

ရွှေအဆင်းနှင့်တူသော အဆင်းရှိသည်လည်းတပါး။
မြူကင်းသည်လည်း တပါး။
အရောင်အဝါရှိသည်လည်း တပါး။
တန်ခိုးအာနုဘော်ရှိသည်လည်း တပါး။
ကိုယ်သိမ်မွေ့နူးညံ့သည်လည်း တပါး။

(ရေသုတ်ပုဆိုးလှူသော အကျိုးငါးပါး)

ကတ္တရဒဏ္ဍေ သုဂတေ ဒတ္တာ၊ သံယေ ဂဏဝရုတ္တမေ။
ဆာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။

ပုတ္တာ မယ္ဟ ဗဟူ ဟောန္တိ၊ တာသော မယ္ဟ နာ ဝိဇ္ဇတိ။
အပွသယ္ဟော သဒါ ဟောမိ၊ သဗ္ဗာရက္ခေဟိ ရက္ခိတော။
ခလိတံ မေ နာ ဇာနာမိ၊ အဖန္ဒံ မာနသံ မမ။

သုဂတေ-သုဂတဿ၊ အားလည်းကောင်း။ ဂဏဝရုတ္တမေ-ဂဏဝရုတ္တမဿ၊ သော။ သံယေ-သံယဿ၊ အားလည်းကောင်း။ ကတ္တရဒဏ္ဍေ၊ တောင်ဝှေးတို့ကို။ ဒတ္တာ၊ ပေးလှူရသောကြောင့်။ ကမ္မာနုစ္ဆဝိကေ၊ ကောင်းမှုကံအား လျောက်ပတ်ကုန်သော။ ဆာနိသံသေ၊ ခြောက်ပါးသော အကျိုးတို့ကို။ မမ၊ ငါ့အား။ အနုဘောမိ၊ ခံစားရ၏။

မယ္ဟ၊ ငါ့အား။ ပုတ္တာ၊ သားသမီးတို့သည်။ ဗဟူ၊ များကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ မယ္ဟ၊ ငါ့အား။ တာသော။ ထိတ်လန့်ခြင်းသည်။ နာဝိဇ္ဇတိ၊ မရှိ။ သဒါ၊ ခပ်သိမ်းသောအခါ၌။ အပွသယ္ဟော၊ အနိုင်အထက် မပြုအပ်သည်။ ဟောမိ၊ ၏။ သဗ္ဗာရက္ခေဟိ၊ ခပ်သိမ်းသော အစောင့်အရှောက်တို့ဖြင့်။ ရက္ခိတော။ စောင့်ရှောက်အပ်သည်။ ဟောမိ၊ ၏။ မေ၊ အား၊ ခလိတံ၊ ချော်ချွတ်ဖူးသည်ကို။ နာဇာနာမိ၊ မသိ။ မမ၊ ငါ၏။ မာနသံ၊ နှလုံးသည်။ အဖန္ဒံ၊ မတုန်လှုပ်သည်။ ဟောမိ၊ ၏။

သားသမီး များသည်လည်း တပါး။
မထိတ်လန့်သည်လည်း တပါး။
သူတပါးတို့ အနိုင်ထက် မပြုနိုင်သည်လည်း တပါး။
ခပ်သိမ်းသော အစောင့်အရှောက် ရှိသည်လည်း တပါး။
မချော်ချွတ်သည်လည်း တပါး။
နှလုံးမတုန်လှုပ်သည်လည်း တပါး။

(တောင်ဝှေးလှူသော အကျိုးခြောက်ပါး)

သြသမံ အဠနံ ဒတ္တာ၊ ဗုဒ္ဓေ သံယေ ဂဏုတ္တမေ။
အဋ္ဌာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။

ဝိသာလနယနော ဟောမိ၊ သေတာ ပီတာစ လောဟိတာ။
အနာဝိလပသန္နက္ခော၊ သဗ္ဗရောဂ ဝိဝဇ္ဇိတော။

လဘာမိ ဒိဗ္ဗနယနံ၊ ပညာစက္ခုံ အနုတ္တရံ။
ကမေ ဂုဏော ပဋိလဘေ၊ တဿ နိဿန္ဒတော အဟံ။

ဗုဒ္ဓေ-ဗုဒ္ဓဿ၊ လည်းကောင်း။ ဂဏ္ဌတ္တမေ-ဂဏ္ဌတ္တမဿ၊ သော။ သံယေ-သံယဿ၊ လည်းကောင်း။ သြသဓံ၊ ဆေးဖြစ်သော။ အဥနံ၊ မြက်စဉ်းကို။ ဒတွာ၊ ကြောင့်။ ကမ္မာနုစ္ဆဝိကော၊ ကုန်သော။ အဒ္ဒါနိသံသေ၊ ရှစ်ပါးသော အကျိုးတို့ကို။ မမ၊ အား။ အနုဘောမိ၊ ခံစားရ၏။

ဝိသာလနယနော၊ ကျယ်သောမျက်စိရှိသည်။ ဟောမိ၊ ၏။ သေတာစ၊ ဖြူသောအဆင်းတို့သည်လည်းကောင်း။ ပီတာစ၊ ရွှေသောအဆင်းတို့သည်လည်းကောင်း။ လောဟိတာစ၊ နီသောအဆင်းတို့သည်လည်းကောင်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ အနာဝိလပသန္နက္ခော၊ မနောက်ကျူကြည်လင်သော မျက်စိရှိသည် လည်းကောင်း။ ဟောမိ၊ ၏၊ သဗ္ဗရောဂဝိဝဇ္ဇိတော၊ ခပ်သိမ်းသော အနာမှ ကြဉ်အပ်သည်လည်း။ ဟောမိ၊ ၏။

ဒိဗ္ဗနယနံ၊ နတ်မျက်စိကို။ လဘာမိ၊ ရ၏။ အနုတ္တရံ၊ အတုမရှိသော။ ပညစက္ခုံ၊ ပညာစက္ခုကို။ လဘာမိ၊ ရ၏။ တဿ၊ ထိုကောင်းမှု၏။ နိဿန္ဒတော၊ အကျိုးအားဖြင့်။ ကမေဂုဏော၊ ဤကျေးဇူးတို့ကို။ အဟံ ငါသည်။ ပဋိလဟေ-ပဋိလဘာမိ၊ ရ၏။

ကျယ်သောမျက်စိရှိသည်လည်းတပါး။
မျက်စိအမည်းချည်းသာ မရှိမူ၍ ဖြူသောအဆင်းရှိသည်လည်းတပါး။
ရွှေသောအဆင်းရှိသည်လည်းတပါး။
နီသောအဆင်းရှိသည်လည်းတပါး။
မျက်စိမနောက်မကျူ ကြည်လင်သည်လည်းတပါး။
ခပ်သိမ်းသော အနာမှ ကင်းသည်လည်းတပါး။
နတ်မျက်စိကို ရသည်လည်းတပါး။
ပညာမျက်စိကို ရသည်လည်းတပါး။

(ဆေးမျက်စဉ်းလှူသောအကျိုးရှစ်ပါး)

ကုဋ္ဌိကေ သုဂတေ ဒတွာ၊ သံယေ ဂဏဝရုတ္တမေ။
ဓမ္မဒ္ဒါရဝိဝရဏံ၊ လဘာမိ ဉာဏကုဋ္ဌိကံ။

သုဂတေ-သုဂတဿ၊ လည်းကောင်း။ ဂဏဝရုတ္တမေ-ဂဏဝရုတ္တမဿ၊ သော။ သံယေသံယဿ၊ လည်းကောင်း။ ကုဋ္ဌိကေ၊ သန်ကောက်တို့ကို။ ဒတွာ၊ ကြောင့်။ ဓမ္မဒ္ဒါရဝိဝရဏံ၊ တရားတံခါးကို ဖွင့်ကြောင်းဖြစ်သော။ ဉာဏကုဋ္ဌိကံ၊ ပညာတည်းဟူသော သံကောက်ကို။ အဟံ၊ သည်။ လဘာမိ၊ ရ၏။

တရားတံခါးကို ဖွင့်ပြရာဖြစ်သော ပညာတည်းဟူသော သံကောက်ရသည်လျှင်။

(သံကောက်လှူသောအကျိုးတပါး)။

ကုဋ္ဌိကာနံ ယရေ ဒတွာ၊ ဗုဒ္ဓေသံယေ ဂဏုတ္တမေ။
ဒ္ဝါနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။
အပ္ပကောမော အနာယာသော၊ သံသရန္တော ဘဝေ အဟံ၊

ဗုဒ္ဓေ-ဗုဒ္ဓသ၊ အားလည်းကောင်း။ ဂဏ္ဌတ္တမေ-ဂဏ္ဌတ္တမသ၊ သော။ သံယေ-သံယသ၊ အား လည်းကောင်း။ ကုဋ္ဌိကာနံ၊ သံကောက်တို့၏။ ယရေ၊ အိမ်တို့ကို။ ဒတ္တာ၊ ကြောင့်။ ကမ္မာနုဋ္ဌ-ဝိကေ၊ ကောင်းမှုကံအား လျောက်ပတ်ကုန်သော။ ဒါနိသံသေ၊ နှစ်ပါးသော အကျိုးတို့ကို။ မမ၊ ငါ့အား ။ အနုဘောမိ၊ ခံစားရ၏။

ဘဝေ၊ ဘဝဋ္ဌ။ သံသရန္တော ၊ ကျင်လည်သော၊ အဟံ၊ သည်။ အပ္ပကောဓာ၊ နည်းသော အမျက်ရှိသည် လည်းကောင်း။ အနာယာသော၊ ကြေကွဲပင်ပန်းခြင်း မရှိသည်လည်းကောင်း။ ဟောမိ၊ ၏။

အမျက်နည်းသည်လည်းတပါး။
ကြေကွဲခြင်း မရှိသည်လည်းတပါး။
(သံကောက်အိမ်လှူသော အကျိုး နှစ်ပါး)

အာယောဂေ သုဂတေ ဒတ္တာ၊ သံယေ ဂဏ္ဌဝရုတ္တမေ။
ပဠာနိသံသေ အနုဘောမိ၊ ကမ္မာနုဋ္ဌဝိကေ မမ။

သမာဓိသု နကမ္မာမိ၊ ဝသီဟောမိ သမာဓိသု။
အဘေဇ္ဇပရိသော ဟောမိ၊ အာဒေယျဝစ္စနော သဒါ။
ဇာယတိ ဘောဂသမ္ပတ္တိ၊ ဘဝေ သံသရတော မမ။

သုဂတေ-သုဂတသ၊ လည်းကောင်း။ ဂဏ္ဌဝရုတ္တမေဂဏ္ဌဝရုတ္တမသ၊သော။ သံယေ-သံယသ၊ လည်းကောင်း။ အာယောဂေ၊ အပေါ်ရုံ အာယောဂပတ်တို့ကို။ ဒတ္တာ၊ ကြောင့်။ ကမ္မာနုဋ္ဌ-ဝိကေ၊ ကုန်သော၊ ပဠာနိသံသေ၊ တို့ကို။ မမ၊ အား။ အနုဘောမိ၊ ခံစားရ၏။

သမာဓိသု၊ သမာဓိတရုတ်ဋ္ဌ။ န ကမ္မာမိ၊ မတုန်လှုပ်၊ သမာဓီသု၊ သမာဓိတရုတ်ဋ္ဌ။ ဝသီ၊ လေ့ကျက်ခြင်းသည်။ ဟောမိ၊ ၏။ အဘေဇ္ဇပရိသော၊ မကွဲသော ပရိသတ်ရှိသည်။ ဟောမိ၊ ၏။ သဒါ၊ ခပ်သိမ်းသောအခါ၌။ အာဒေယျဝစနော၊ သူတပါးတို့ ယုံကြည်အပ်သော စကားရှိသည်။ ဟောမိ၊ ၏။ ဘဝေ၊ ဘဝဋ္ဌ။ သံသရတော၊ ကျင်လည်သော။ မမ၊ ငါ့အား။ ဘောဂသမ္ပတ္တိ၊ စည်းစိမ်ချမ်းသာနှင့် ပြည့်စုံခြင်းသည်။ ဇာယတိ၊ ဖြစ်၏။

စျာန်သမာပတ် အစရှိသော သမာဓိတရုတ်ဋ္ဌ မတုန်မလှုပ်မြဲမြံသည်လည်းတပါး။
ထိုသမာဓိတရုတ်ဋ္ဌ ဝသီဘော်ငါးပါးဖြင့် လေ့ကျက်သည်လည်းတပါး။
သား မြေး ကျေးကျွန် အစရှိသော ပရိသတ်တို့နှင့် မကွဲမပြိုသည်လည်းတပါး။
သူတပါးတို့ ယုံကြည်အပ်သော စကားရှိသည်လည်းတပါး။
စည်းစိမ်ချမ်းသာနှင့် ပြည့်စုံသည်လည်းတပါး။
(အပေါ်ရုံ အာယောဂပတ်လှူသော အကျိုးငါးပါး)

ဓူမနေတ္တေ သုဂတေ ဒတ္တာ၊ သံယေ ဂဏ္ဌဝရုတ္တမေ။
တီဏာနိသံသေ အနုဘောမိ၊ ကမ္မာနုဋ္ဌဝိကေ မမ။
သတိမေ ဥဇုကာ ဟောတိ၊ သုသမ္ဘန္ဓာစ နာရဝေါ။
ယထာမိ ဒိဋ္ဌနယနံ၊ တဿ နိဿန္ဒတော အဟံ။

သုဂတေ-သုဂတဿ၊ လည်းကောင်း။ ဂဏဝရုတ္တမေ-ဂဏဝရုတ္တမဿ၊ သော။ သံယေ-သံယဿ၊ လည်းကောင်း။ ဓူမနေတ္တော၊ အခိုးတံတို့ကို။ ဒတ္တာ၊ ပေးလျှရသောကြောင့်။ ကမ္မာနုစ္ဆဝိကော၊ ကုန်သော။ တီဏာနိသံသေ၊ တို့ကို။ မမ၊ အား။ အနုဘောမိ၊ ၏။

မေ၊ အား။ သတိ၊ သည်။ ဥဇုကာ၊ ဖြောင့်သည်။ ဟောတိ၊ ၏။ နှာရဝေါ၊ အကြောတို့သည်။ သုသမ္ဘန္နာစ၊ ကောင်းစွာ စပ်ကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ တဿ၊ ထိုကောင်းမှု၏။ နိဿန္ဒတော၊ အကျိုးအားဖြင့်။ အဟံ၊ သည်။ ဒိဗ္ဗနယနံ၊ နတ်မျက်စိကို။ လဘာမိ၊ ရ၏။

ဖြောင့်သော သတိရှိသည်လည်း တပါး။
အကြောတို့သည် ကောင်းစွာစပ်ကုန်သည်လည်း တပါး။
နတ်မျက်စိကို ရသည်လည်း တပါး။
(အခိုးတံလျှသော အကျိုးသုံးပါး)

ဒီပဋ္ဌာနေ ဇိနေ ဒတ္တာ၊ သံယေ ဂဏဝရုတ္တမေ။
တီဏာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။

ဇာတိမာ အဂ်ိသမ္ပန္နော၊ ပညဝါ ဗုဒ္ဓိသမ္မတော။
ဣမေ ဂုဏော ပဋိလဘေ၊ တဿ နိဿန္ဒတော အဟံ။

ဇိနေ ဇိနဿ၊ အားလည်းကောင်း။ ဂဏဝရုတ္တမေ-ဂဏဝရုတ္တမဿ၊ သော။ သံယေ-သံယဿ။ အားလည်းကောင်း။ ဒီပဋ္ဌာနေ၊ မီးခွက် မီးအိမ်တို့ကို။ ဒတ္တာ၊ ကြောင့်။ ကမ္မာနုစ္ဆဝိကေ။ ကုန်သော။ တီဏာနိသံသေ၊ တို့ကို။ မမ၊ အား။ အနုဘောမိ၊ ၏။

ဇာတိမာ၊ မြတ်သော ဇာတ်ရှိသည်လည်းကောင်း။ အဂ်ိသမ္ပန္နော၊ အင်္ဂါကြီးငယ်နှင့် ပြည့်စုံသည်လည်းကောင်း။ ပညဝါ၊ ပညာရှိသည်ဖြစ်၍။ ဗုဒ္ဓိသမ္မတော၊ ပညာရှိဟု သမုတ်အပ်သည်လည်းကောင်း။ ဟောမိ၊ ၏။ တဿ၊ ၏။ နိဿန္ဒတော၊ ဖြင့်။ ဣမေ ဂုဏော၊ ဤကျေးဇူးတို့ကို။ အဟံ၊ သည်၊ ပဋိလဘေ-ပဋိလဘာမိ၊ ရ၏။

အမျိုးမြတ်သည်လည်း တပါး။
အင်္ဂါကြီးငယ်နှင့်ပြည့်စုံသည်လည်း တပါး။
ပညာရှိသည်လည်း တပါး။
(မီးခွက်မီးအိမ်လျှသော အကျိုးသုံးပါး)

တုမ္ဘကေ ကရဏ္ဍေစေဝ၊ ဒတ္တာ ဗုဒ္ဓေ ဂဏုတ္တမေ။
ဒဿနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။

သဒါ ဂုတ္တော သုခသမ္ပ်ီ၊ မဟာယသဝါ ကထာ ဂတိ။
ဝိဘတ္တိ တတော သုခုမာလော၊ သဗ္ဗိတိ ပရိဝဇ္ဇိတော။

ဝိပုလေစ ဂုဏော လာဘီ၊ သမာစ ဝရဏာ မမ။
သုဝဇ္ဇိတ ဥပ္ပေဂါစ၊ တုမ္ဘကေစ ကရဏ္ဍကေ။

လဘာမိ စတုရော ဝဏ္ဏော၊ ဟတ္ထိသ ရတနာနိစ။
တာနိ မေ နု ဝိနသ္သန္တိ၊ တုမ္ဟကာရေ ဣဒံ ဖလံ။

ဗုဒ္ဓေ-ဗုဒ္ဓသ၊ လည်းကောင်း။ ဂဏ္ဌတ္တမေ-ဂဏ္ဌတ္တမသ၊ လည်းကောင်း။ တုမ္ဟကေစ၊ တုံတောင်းတို့ကိုလည်းကောင်း။ ကရဏ္ဍေစ၊ ကြွတ်ခွက်ပူတာတို့ကိုလည်းကောင်း။ ဒတွာ၊ ကြောင့်။ ကမ္မာနုဋ္ဌဝိကော၊ ကုန်သော။ ဒသာနိသံသေ၊ ဆယ်ပါးသောအကျိုးတို့ကို၊ မမ၊ ငါ့အား။ အနုဘောမိ၊ ၏။

သဒါ၊ အခါခပ်သိမ်း။ ဂုတ္တော၊ လုံခြုံသည်။ သုခသမ္မိဂီ၊ ချမ်းသာနှင့် ပြည့်စုံသည်။ ဟောမိ၊ ၏။ မဟာယသဝါ၊ များသော အခြံအရံရှိသည်။ ဟောမိ၊ ၏။ တထာ၊ ထို့အတူ။ ဂတိ၊ ပညာရှိသည်။ ဝိဘတ္တိ၊ ဝေဖန်ခြင်းရှိသည်။ ဟောမိ၊ ၏။ တတော၊ ထို့နောင်မှ။ သုခုမာလော၊ သိမ်မွေ့သည်။ သဋ္ဌိတိပရိဝဇ္ဇိတော၊ ခပ်သိမ်းသော ကြောင့်ကြခြင်းမှ ကင်းသည်။ ဟောမိ၊ ၏။

ဗဟုလေ၊ များစွာကုန်သော။ ဝိပုလေ၊ ပြန့်ပြောကုန်သော။ ဂုဏော၊ ကျေးဇူးတို့ကို။ လာဘီ၊ ရသည်။ ဟောမိ၊ ၏။ မမ၊ ငါ၏။ စရဏာ ခြေတို့သည်။ သမာစ၊ ညီညွတ်ကုန်သည်လည်း။ ဟောမ၊ ကုန်၏။ သုဝိဝဇ္ဇိတဉ္ဇေဂေါ်၊ ကောင်းစွာ ကြဉ်အပ်သော ထိတ်လန့်ခြင်းရှိသည်။ ဟောမိ၊ ၏။ စတုရောဝဏ္ဏော၊ လေးပါးသော - အဆင်းရှိကုန်သော။ တုမ္ဟကေစ၊ တုံတောင်းပန်း တို့ကိုလည်းကောင်း။ ကရဏ္ဍကေစ၊ ကြွတ်ခွက်ပူတာတို့ကိုလည်းကောင်း။ ဟတ္ထိသ ရတနာနိစ၊ ဆင်ရတနာ မြင်းရတနာတို့ကိုလည်းကောင်း။ လဘာမိ၊ ၏။ မေ-မမ၊ ၏။ တာနိ၊ ထိုရတနာ တို့သည်။ နု ဝိနသ္သန္တိ၊ မပျောက်ပျက်ကုန်။ ဣဒံ၊ ဤအကျိုးသည်။ တုမ္ဟကာရေ၊ တုံတောင်းပန်း အလ္ဟာကို ပြုခြင်း၌။ ဖလံ၊ အကျိုးတည်း။

ခပ်သိမ်းသောအခါ၌ လုံခြုံသည်၊ ချမ်းသာခြင်းနှင့် ပြည့်စုံသည်လည်း တပါး။
များသော အခြံအရံကို ရသည်လည်း တပါး။
ပညာဝေဖန်ခြင်းရှိသည်လည်း တပါး။
သိမ်မွေ့နူးညံ့သည်လည်း တပါး။
ခပ်သိမ်းသော စိုးရိမ်ကြောင့်ကြခြင်း ကင်းသည်လည်း တပါး။
များစွာသော ဂုဏ်ကျေးဇူးတို့ကို ရသည်လည်း တပါး။
ညီညွတ်သောခြေဖဝါးရှိသည်လည်းတပါး။
ထိတ်လန့်ခြင်း ကင်းသည်လည်း တပါး။
ရွှေ ငွေ မြ ဖန် ဟူသော အဆင်းလေးပါးရှိသော သုံးဆောင်စရာ တုံတောင်းပန်း ကြွတ်ခွက် ပူတာ ဆင်ရတနာ မြင်းရတနာတို့ကို ရသည်လည်း တပါး။
ထိုသို့ ရသော ရတနာတို့သည် မပျောက်မပျက်သည်လည်း တပါး။

(တုံတောင်းပန်း ကြွတ်ခွက် ပူတာ လှူသော အကျိုးဆယ်ပါး)

သမ္ဗာသေ သုဂတေ ဒတွာ၊ သံယေ ဂဏဝရုတ္တမေ။
ကိလေသ လုဒ္ဓနံ ဉာဏံ၊ လဘာမိ အတုလံ သုခံ။

သုဂတေ သုဂတသ၊ မြတ်စွာဘုရားအားလည်းကောင်း။ ဂဏဝရုတ္တမေ-ဂဏဝရုတ္တမသ၊ မြတ်သော ဂိုဏ်းအပေါင်းဖြစ်သော။ သံယေ-သံဃသ၊ သံဃာတော်အား လည်းကောင်း။

ဘဏ္ဍာသေ၊ မွေးညှဉ်တို့ကို။ ဒတ္တာ၊ ပေးလှူရသောကြောင့်။ ကိလေသလုပ္ပနံ၊ ကိလေသာကို နုတ်တတ်သော။ အတုလံ၊ အတုမရှိသော။ သုစီ ၊ စင်ကြယ်စွာသော။ ဉာဏံ၊ ဉာဏ်ကို။ လဘာမိ၊ ရ၏။။

ကိလေသာကို နုတ်တတ်သော အတုမရှိ သန့်ရှင်းစင်ကြယ်သော ဉာဏ်ကိုရသည်လျှင်။

(မွေးညှဉ်လှူသော အကျိုးတပါး)

တနုဓာရေ သုနိသိတေ၊ သံယေ ဒတ္တာန ပိဖွလေ။
ကိလေသကန္တနံ ဉာဏံ၊ လဘာမိ အတုလံ သုစီ ။

တနုဓာရေ၊ ပါးသော အလွှာရှိကုန်သော၊ သုနိသိတေ၊ ကောင်းစွာ သွေးအပ်ကုန်သော။ ပိဖွလေ၊ ဓားငယ်တို့ကို။ သံယေ-သံယသေ၊ အား။ ဒတ္တာန၊ ကြောင့်။ ကိလေသကန္တနံ၊ ကိလေသာကို ဖြတ်ကြောင်း ဖြစ်သော။ အတုလံ၊ အတုမရှိသော။ သုစီ ၊ သန့်ရှင်းစင်ကြယ်စွာသော။ ဉာဏံ၊ ဉာဏ်ကို။ လဘာမိ၊ ရ၏။။

ကိလေသာကို ဖြတ်တတ်သော၊ အတုမရှိ သန့်ရှင်းစင်ကြယ်သော ဉာဏ်ကိုရသည်လျှင်။

(ဓားငယ်လှူသော အကျိုးတပါး)

ဟတ္ထလိလင်္ဂတေ ဒတ္တာ၊ ဗုဒ္ဓေ သံယေ ဂဏုတ္တမေ။
ပဠာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။

သဗ္ဗလက္ခဏသမ္ပန္နော၊ အာယု ပညာ သမာဟိတော။
သဗ္ဗာယာသဝိနိမုတ္တော၊ ကာယော မေ ဟောမိ သဗ္ဗဒါ။

ဗုဒ္ဓေ-ဗုဒ္ဓသေ၊ အားလည်းကောင်း။ ဂဏုတ္တမေ-ဂဏုတ္တမသေ၊ သော။ သံယေ-သံယသေ၊ အားလည်းကောင်း။ ဟတ္ထလိလင်္ဂတေ၊ လက်ဆေးအင်တို့ကို။ ဒတ္တာ၊ ကြောင့်။ ကမ္မာနုစ္ဆဝိကေ၊ ကုန်သော။ ပဠာနိသံသေ၊ တို့ကို။ မမ၊ ငါ့အား။ အနုဘောမိ၊ ၏။။

သဗ္ဗလက္ခဏသမ္ပန္နော၊ ခပ်သိမ်းသောလက္ခဏာနှင့် ပြည့်စုံသည်။ ဟောမိ၊ ၏။။ အာယုပညာ-သမာဟိတော၊ အသက်ရှည်ခြင်း ပညာရှိခြင်း သမာဓိရှိခြင်းသည်။ ဟောမိ၊ ၏။။ သဗ္ဗဒါ၊ ခပ်သိမ်းသော အခါ၌။ မေ၊ ၏။။ ကာယော၊ ကိုယ်သည်။ သဗ္ဗာယာသဝိနိမုတ္တော၊ ခပ်သိမ်းသော ပင်ပန်းခြင်းမှ လွတ်သည်။ ဟောမိ၊ ၏။။

ခပ်သိမ်းသော လက္ခဏာနှင့် ပြည့်စုံသည်လည်း တပါး။။
အသက်ရှည်သည်လည်း တပါး။။
ပညာရှိသည်လည်း တပါး။။
သမာဓိရှိသည်လည်း တပါး။။
အခါခပ်သိမ်း ပင်ပန်းခြင်းမရှိသော ကိုယ်ရှိသည်လည်းတပါး။။

(လက်ဆေးအင်လှူသော အကျိုးငါးပါး)

နတ္ထုကေ သုဂတေ ဒတ္တာ၊ သံယေ ဂဏဝရုတ္တမေ။
အဋ္ဌာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။

သဒ္ဓါ သီလ ဟိရီစာပိ၊ အထ ဩတ္တပ္ပိယံ ဂုဏံ။
သုတံ စာဂဉ္စ ခန္တီစ၊ ပညာ မေ အဋ္ဌမံ ဂုဏံ။

သုဂတေ-သုဂတဿ၊ အားလည်းကောင်း။ ဂဏဝရုတ္တမေ-ဂဏဝရုတ္တမဿ၊ သော။ သံယေ-သံယဿ၊ အားလည်းကောင်း။ နတ္ထုကေ၊ နှာခေါင်း နှာနှတ်ဆေးတို့ကို။ ဒတ္တာ၊ ကြောင့်။ ကမ္မာနုဘ္ဘဝိကေ၊ ကုန်သော။ အဋ္ဌာနိသံသေ၊ ရှုစ်ပါးသော အကျိုးတို့ကို။ မမ၊ အား အနုဘောမိ၊ ၏။

သဒ္ဓါ သီလ ဟိရီ စာပိ၊ သဒ္ဓါ သီလ ဟိရီလည်းကောင်း။ အထ၊ ထိုမှတပါး။ ဩတ္တပ္ပိယံ၊ ဩတ္တပ္ပတည်းဟူသော။ ဂုဏံ၊ ဂုဏ်လည်းကောင်း။ သုတဉ္စ၊ သုတလည်းကောင်း။ စာဂဉ္စ၊ စာဂ လည်းကောင်း။ ခန္တီစ၊ ခန္တီလည်းကောင်း။ မေ၊ ငါ့အား။ ပညာ၊ ပညာသည်။ အဋ္ဌမံ၊ ရှစ်ခု မြောက်သော။ ဂုဏံ၊ ကျေးဇူးသည်လည်းကောင်း။ ဟောမိ၊ ၏။

သဒ္ဓါခြင်းနှင့် ပြည့်စုံသည်လည်း တပါး။
သီလရှိသည်လည်း တပါး။
မကောင်းမှုမှ ရှက်ခြင်းဟိရီနှင့် ပြည့်စုံသည်လည်းတပါး။
မကောင်းမှုမှ ကြောက်လန့်ခြင်း ဩတ္တပ္ပနှင့် ပြည့်စုံသည်လည်း တပါး။
အကြားအမြင်များသည်လည်း တပါး။
အပေးအကမ်း စာဂရှိသည်လည်း တပါး။
သည်းခံခြင်းနှင့် ပြည့်စုံသည်လည်း တပါး။
ပညာအမြော်အမြင်နှင့် ပြည့်စုံသည်လည်း တပါး။

(နှာခေါင်း နှာနှတ်ဆေး လှူသော အကျိုးရှစ်ပါး)

ထဝိကေ သုဂတေ ဒတ္တာ၊ သံယေ ဂဏဝရုတ္တမေ။
နဝါနိသံသေ အနုဘောမိ၊ ကမ္မာနုဘ္ဘဝိကေ မမ။

ဥစ္စေ ကုလေ ပဇာယာမိ၊ မဟာဘောဂေါ ဘဝါမဟံ။
သဗ္ဗေ မံ အပစာယန္တိ၊ ကိတ္တိ အဗ္ဘုဂ္ဂတာ မမ။

ကောဋ္ဌာဂါရဉ္စ ကောသဉ္စ၊ ထဝိကဉ္စာပိ မဇ္ဈသံ။
သုဝဏ္ဏာဒိ မယံ နေက်၊ လဘာမိ ထဝိကေ ဖလံ။

သုဂတေ-သုဂတဿ၊ လည်းကောင်း။ ဂဏဝရုတ္တမေ-ဂဏဝရုတ္တမဿ၊ သော။ သံယေ-သံယ-ဿ၊ လည်းကောင်း။ ထဝိကေ၊ အိတ်တို့ကို။ ဒတ္တာ၊ ကြောင့်။ ကမ္မာနုဘ္ဘဝိကေ၊ ကုန်သော။ နဝါနိ-သံသေ၊ ကိုးပါးသော အကျိုးတို့ကို။ မမ၊ အား။ အနုဘောမိ၊ ၏။

ဥစ္စေ၊ မြင့်သော။ ကုလေ၊ အမျိုး၌။ ပဇာယာမိ၊ ဖြစ်၏။ အဟံ၊ သည်။ မဟာဘောဂေါ၊ များသောစည်းစိမ်ချမ်းသာရှိသည်။ ဘဝါမိ၊ ၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော သူတို့သည်။ မံ၊ ကို။ အပစာယန္တိ၊ အရိုအသေပြုကုန်၏။ မမ၊ ၏။ ကိတ္တိ၊ ကျော်စောခြင်းသည်။ အဗ္ဘုဂ္ဂတာ၊ တက်သည်။ ဟောမိ၊ ၏။

ကောဋ္ဌာဂါရဌ၊ ကျီကိုလည်းကောင်း။ ကောသဋ္ဌ၊ ကြကိုလည်းကောင်း။ ထဝိကဋ္ဌာပိ၊ အိတ်ကိုလည်းကောင်း။ မဋ္ဌုသံ၊ တံတင်းကိုလည်းကောင်း။ သုဝဏ္ဏာဒိမယံ၊ ရွှေအစရှိသည်ဖြင့် ပြီးသော။ အနေကံ၊ များစွာသော အသုံးအဆောင်ကိုလည်းကောင်း။ လဘာမိ၊ ရ၏။ ဣဒံ၊ ဤသည်ကား။ ထဝိကေ-ထဝိကဿ၊ အိတ်အလျှော်၏။ ဖလံ၊ အကျိုးသည်။ ဟောမိ၊ ၏။

မြင့်မြတ်သောအမျိုး၌ ဖြစ်သည်လည်း တပါး။
စည်းစိမ်ချမ်းသာ ရှိသည်လည်း တပါး။
ခပ်သိမ်းသော သူတို့ ရိုသေသည်လည်း တပါး။
ကျော်စောခြင်း ကိတ္တိ ရှိသည်လည်း တပါး။
များစွာသောကျီတို့ကို ရသည်လည်း တပါး။
များစွာသောခန်းတိုက်တို့ကိုရသည်လည်းတပါး။
အိတ်စလဲ အစရှိသော အထူးထူးသော အိတ်တို့ကို ရသည်လည်းတပါး။
တံတင်းပူတာတို့ကို ရသည်လည်းတပါး။
ရွှေအစရှိသော ရတနာဖြင့်ပြီးသော များစွာသော အသုံးအဆောင်တို့ကို ရသည်လည်း တပါး။

(သပိတ်အိတ်လျှူသော အကျိုးကိုးပါး)

အာသန္နေ သုဂတေ ဒတွာ၊ သံယေ ဂဏဝရုတ္တမေ။
ဒသာနိသံသေကာဓိကေ၊ လဘာနုစ္ဆဝိကေ အဟံ။

သုဝဏ္ဏမယံ ရူပိယမယံ၊ အာသန္ဒိံ သုကတံ ဗဟုံ။
လောဟိတက်မယံ အညံ၊ ရတနေဟိ မယံ တထာ။

သုဝဏ္ဏာဒိမယံ သုကတံ၊ ကုဋ္ဌာဂါရဋ္ဌ ပါသာဒံ။
သုကတံ နာနာသယနံ၊ မဟာရဟံ မနောရမံ။

ဟတ္ထိယာနံ အဿယာနံ၊ သိဝိကံ သန္ဒမာနိကံ။
ဒါသိဂဏံ ဒါသဂဏံ၊ နာရိယော သမလင်္ကတာ။
လဘာမိ သဗ္ဗမေတမ္ပိ၊ အာသန္ဒိဿ ဣဒံ ဖလံ။

သုဂတေ-သုဂတဿ၊ လည်းကောင်း။ ဂဏဝရုတ္တမေ-ဂဏဝရုတ္တမဿ၊ သော။ သံယေ-သံယဿ၊ လည်းကောင်း။ အာသန္နေ၊ ခုတင်တို့ကို။ ဒတွာ၊ ပေးလျှူရသောကြောင့်။ အနုစ္ဆဝိကေ၊ မိမိကောင်းမှုကံအား လျော်ပတ်ကုန်သော။ ဧကာဓိကေ၊ တပါးအလွန်ရှိကုန်သော။ ဒသာနိ-သံသေ၊ ဆယ်ပါးသော အကျိုးတို့ကို။ အဟံ၊ သည်။ လဘေ-လဘာမိ၊ ၏။

သုဝဏ္ဏမယံ၊ ရွှေဖြင့်ပြီးသည်လည်းဖြစ်သော။ ရူပိယမယံ၊ ငွေဖြင့်ပြီးသည်လည်းဖြစ်သော။ လောဟိတက်မယံ၊ ပတ္တမြားဖြင့်ပြီးသည်လည်းဖြစ်သော၊ တထာ၊ ထိုမှတပါး။ အညရတနေဟိ-မယံ၊ တပါးသောရတနာတို့ဖြင့် ပြီးသည်လည်းဖြစ်သော။ သုကတံ၊ ကောင်းစွာလုပ်အပ်သော။ ဗဟုံ၊ များစွာသော။ အာသန္ဒိံ၊ ခုတင်ကို။ လဘာမိ၊ ၏။

သုဝဏ္ဏာဒီမယ်၊ ရွှေအစရှိသောရတနာတို့ဖြင့်ပြီးသော။ သုကတံ၊ တင့်တယ်ထသော။ ကူဋာ-ဂါရဠ္ဌ၊ အိမ်တိုက်ကိုလည်းကောင်း။ ပါသာဒံ၊ ပြာသာဒ်ကိုလည်းကောင်း။ မဟာရဟံ၊ အဖိုး များစွာထိုက်ထသော။ သုကတံ၊ ကောင်းစွာပြုအပ်သော။ မနောရမံ၊ နှလုံးမွေ့လျော်ဖွယ်ရှိသော။ နာနာသယနံ၊ အထူးထူးသော အိပ်ရာကိုလည်းကောင်း။ လဘာမိ၊ ရ၏။

ဟတ္ထိယာနံ၊ ဆင်ယာဉ်ကိုလည်းကောင်း။ အဿယာနံ၊ မြင်းယာဉ်ကိုလည်းကောင်း။ သိဝိကံ၊ ထမ်းစင်ကိုလည်းကောင်း။ သန္ဒမာနိကံ၊ သန်လျင်းကိုလည်းကောင်း။ ဒါသိဂဏံ၊ ကျွန်သမီး အပေါင်းကိုလည်းကောင်း။ ဒါသဂဏံ၊ ကျွန်ယောကျ်ားအပေါင်းကိုလည်းကောင်း။ သမလင်္ကတာ၊ ကောင်းစွာတန်ဆာဆင်ကုန်သော။ နာရိယောပိ၊ မိန်းမတို့ကိုလည်းကောင်း။ သဗ္ဗံ၊ အလုံးစုံသော။ တေမှိ၊ ဤစည်းစိမ်ကိုလည်း။ လဘာမိ၊ ရ၏။ ဣဒံ၊ ဤသည်ကား။ အာသန္နသာ၊ ခုတင်အလျှု၏။ ဖလံ၊ အကျိုးသည်။ ဟောတိ၊ ဖြစ်၏။

အထူးထူးသော ရတနာဖြင့် ပြီးသောခုတင်ကို ရသည်လည်းတပါး။
ရတနာဖြင့် ပြီးသော အိပ်ရာကို ရသည်လည်းတပါး။
ရတနာဖြင့် ပြီးသော ပြာသာဒ်ကို ရသည်လည်း တပါး။
အဖိုးထိုက်သော အိပ်ရာခင်းကို ရသည်လည်းတပါး။
ဆင်ယာဉ်ကို ရသည်လည်းတပါး။
မြင်းယာဉ်ကို ရသည်လည်းတပါး။
ထမ်းစင်ကို ရသည်လည်းတပါး။
သန်လျင်းကို ရသည်လည်းတပါး။
ကျွန်သမီးအပေါင်းကို ရသည်လည်းတပါး။
ကျွန်ယောကျ်ားအပေါင်းကို ရသည်လည်းတပါး။
တန်ဆာဆင်ပြီးသော မိန်းမတို့ကို ရသည်လည်းတပါး။

(ခုတင်လျှုသော အကျိုးတဆယ့်တပါး)

ပလ္လင်္ကော် သုဂတေ ဒတ္တွာ၊ သံယေ ဂဏဝရုတ္တမေ။
သောဠသာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။

အာသန္ဒေ ဝုတ္တဖလဠ္ဆ၊ အညဠ္ဆ ပဠဟေတုကေ။
ဘဝေ နိဗ္ဗတ္တမာနမ္ပိ၊ လဘာမဟံ သုနိမ္မိတေ။

ဥစ္စေ ကုလေ ပဇာယာမိ၊ မဟာဘောဂေါ ဘဝါ မဟံ။
သဗ္ဗသမ္ပတ္တိကော ဟောမိ၊ မစ္ဆေရံ မေ နဝိဇ္ဇတိ။

ဂမနေ ပတ္ထိတေ မယ္ဟံ၊ ပလ္လင်္ကော ဥပတိဋ္ဌတေ။
သဟပလ္လင်္က သေဋ္ဌေန၊ ဂစ္ဆာမိ မမ ပတ္ထိတံ။
တေန ပလ္လင်္ဒါနေန၊ တမံ သဗ္ဗံ ဝိနောဒယိ။

သုဂတေ-သုဂတဿ၊ လည်းကောင်း။ ဂဏဝရုတ္တမေ-ဂဏဝရုတ္တမဿ၊ သော။ သံယေ သံယဿ၊ လည်းကောင်း။ ပလ္လင်္ကော်၊ တို့ကို။ ဒတ္တွာ၊ ကြောင့်။ ကမ္မာနုစ္ဆဝိကေ၊ ကုန်သော။ သောဠသာနိသံသေ၊ ဟုဆယ့်ခြောက်ပါးသော အကျိုးတို့ကို။ မမ၊ ငါ့အား။ အနုဘောမိ၊ ၏။

အာသန္နေ၊ ခုတင်လှူရာ၌။ ဝုတ္တဖလဋ္ဌ၊ ဆိုအပ်ပြီးသော အကျိုးကိုလည်းကောင်း။ အည်၊ တပါးသော။ ပဋ္ဌဟေတုကေစ၊ ငါးပါးသော အကျိုးတို့ကိုလည်းကောင်း။ သုနိမ္မိတေ၊ ကောင်းစွာ ဖန်ဆင်းအပ်သော အကျိုးတို့ကို။ ဘဝေ၊ ဘဝ၌။ နိဗ္ဗတ္တမာနမ္ပိ၊ ဖြစ်သည်ရှိသော်။ အဟံ၊ သည်။ လဘာမိ၊ ၏။

ဥစ္စေ၊ မြင့်သော။ ကုလေ၊ အမျိုး၌။ ပဇာယာမိ၊ ဖြစ်၏။ အဟံ၊ ငါကား။ မဟာ-ဘောဂေါ၊ များစွာသော စည်းစိမ်ချမ်းသာရှိသည်။ ဘဝါမိ၊ ၏။ သဗ္ဗသမ္မတ္တိကော၊ ခပ်သိမ်းသော စည်းစိမ်ချမ်းသာနှင့် ပြည့်စုံသည်။ ဟောမိ၊ ၏။ မေ၊ ငါ့အား။ ပစ္ဆေရံ၊ ဝန်တိုခြင်းသည်။ နဝိဇ္ဇတိ၊ မရှိ။

ဂမနေ၊ သွားခြင်းကို။ ပတ္တိတေ၊ တောင့်တလတ်သော်။ မယံ၊ ငါ့အား။ ပလ္လင်္ကော၊ ပလ္လင်သည်။ ဥပတိဋ္ဌတေ၊ တည်လာ၏။ ပလ္လင်္သေဋ္ဌေန၊ မြတ်သောပလ္လင်နှင့်။ သဟ၊ တကွ။ မမ၊ ၏။ ပတ္ထိတံ၊ တောင့်တသောအရပ်သို့။ ဂစ္ဆာမိ၊ သွားရ၏။ တေနပလ္လင်္ကဒါနေန၊ ထိုပလ္လင်အလှူဖြင့်။ သဗ္ဗံ၊ ခပ်သိမ်းစုံသော။ တမံ၊ အမိုက်ကို။ ဝိနောဒယိ၊ ဖျောက်နိုင်၏။

အထူးထူးသော ရတနာဖြင့်ပြီးသော ပလ္လင်ကိုရသည်လည်းတပါး။
ရတနာဖြင့် ပြီးသော အိပ်ရာကို ရသည်လည်းတပါး။
ရတနာပြဿဒ်ကို ရသည်လည်းတပါး။
အဖိုးထိုက်သော အခင်းကို ရသည်လည်းတပါး။
ဆင်ယာဉ်ကို ရသည်လည်းတပါး။
မြင်းယာဉ်ကို ရသည်လည်းတပါး။
ရတနာ ထမ်းစဉ်ကို ရသည်လည်းတပါး။
ရတနာသန်လျင်းကို ရသည်လည်းတပါး။
ကျွန်းသမီးအပေါင်းကို ရသည်လည်းတပါး။
ကျွန်ယောကျ်ားအပေါင်းကို ရသည်လည်းတပါး။
တင့်တယ်စွာတန်ဆာဆင်ပြီးသော မိန်းမအပေါင်းကို ရသည်လည်းတပါး။
မြင့်မြတ်သော အမျိုး၌ ဖြစ်သည်လည်းတပါး။
စည်းစိမ်ချမ်းသာ ရှိသည်လည်းတပါး။
ခပ်သိမ်းသော ထူးမြတ်သော စည်းစိမ်ချမ်းသာကို ရသည်လည်းတပါး။
ဝန်တိုခြင်း မရှိသည်လည်းတပါး။
သွားလိုသော စိတ်ရှိလျှင် ပလ္လင်ပေါက်သည်လည်းတပါး။

(ပလ္လင်လှူသောအကျိုးတဆယ့်ခြောက်ပါး)

ပိဋ္ဌကေ သုဂတေ ဒတွာ၊ သံယေ ဂဏဝရုတ္တမေ။
ပစ္စာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။
ဥစ္စေ ကုလေ ပဇာယာမိ၊ မဟာဘောဂေါ ဘဝါမဟံ။
သဗ္ဗေ မံ အပစာယန္တိ၊ ကိတ္တိ အဇ္ဈုဂ္ဂတာ မမ။
ကပ္ပသတသဟဿာနိ၊ ပလ္လင်္ကာ စတုရဿကာ။
ပရိဝါရေန္တိ မံ နိစ္စံ၊ သံဝိဘာဂရတော အဟံ။

သုဂတေ-သုဂတဿ၊ လည်းကောင်း။ ဂဏဝရုတ္တမေ-ဂဏဝရုတ္တမဿ၊ သော။ သံယေ-သံယဿ၊ လည်းကောင်း။ ပိဌကေ၊ အင်းပျဉ်တို့ကို။ ဒတ္တာ၊ ကြောင့်။ ကမ္မာနုစ္ဆဝိကေ၊ကုန်သော။ ပဏ္ဍာနိသံသေ၊ တို့ကို။ မမ၊ အား။ အနုဘောမိ၊ ၏။

ဥစ္စေ၊ မြင့်သော။ ကုလေ၊ အမျိုး၌။ ပဇာယာမိ၊ ဖြစ်ရ၏။ အဟံ၊သည်။ မဟာဘောဂေါ၊ များသောစည်းစိမ်ချမ်းသာရှိသည်။ ဘဝါမိ၊ ၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော သူတို့သည်။ မံ၊ကို။ အပစာယန္တိ၊ ရိုသေကုန်၏။ မမ၊ ငါ၏။ ကိတ္တိ၊ ကျော်စောခြင်းသည်။ အဗ္ဘုဂ္ဂတာ၊ တက်သည်။ ဟောမိ၊ ၏။

ကပ္ပသတသဟဿာနိ၊ ကမ္မာတသိန်းကာလပတ်လုံး။ စတုရဿကာ၊ လေးမျက်နှာရှိကုန်သော။ ပလ္လင်္ကာ၊ ပလ္လင်တို့သည်။ မံ၊ကို။ နိစ္စံ၊ အမြဲ။ ပရိဝါရေန္တိ၊ ခြံရံကုန်၏။ အဟံ၊ သည်။ သံဝိဘာဂရတော၊ ခွဲခြမ်းဝေဖန်ခြင်း၌ မွေ့လျော်သည်။ ဟောမိ၊ ၏။

မြင့်မြတ်သော အမျိုး၌ ဖြစ်သည်လည်းတပါး။
စည်းစိမ်ချမ်းသာ ရှိသည်လည်းတပါး။
ခပ်သိမ်းသောသူတို့ ရိုသေအပ်သည်လည်း တပါး။
ကျော်စောခြင်းကိတ္တိ ရှိသည်လည်းတပါး။
လေးမျက်နှာရှိသောပလ္လင်ကို ရသည်လည်းတပါး။

(အင်းပျဉ်လှူသောအကျိုးငါးပါး)

ဘိသိယော သုဂတေ ဒတ္တွာ၊ သံယေ ဂဏဝရုတ္တမေ။
ဆာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။
သမသဂတ္တောပစိတော၊ မုဒုကော စာရုဒဿနော။
လဘာမိ ဉာဏပရိဝါရံ၊ ဘိသိဒါနဿိဒံ ဖလံ။
တူလိကာ ဝိကတိ ကာယော၊ ကဋိကာ စိတ္တကာ ဗဟူ။
ဝရပေါတ္ထကေ ကမ္မလေစေဝ၊ လဘာမိ ဝိဝိဓေ အဟံ။
ပါဝါရိကေစ မုဒုကေ၊ မုဒုကာ ဇိနပုဝေဏိယော။
လဘာမိ ဝိဝိဓဋ္ဌာနေ၊ ဘိသိဒါနဿိဒံ ဖလံ။
ယတော သရာမိ အတ္တာနံ၊ ယတောပတ္တောသ္မိ ဝိညုတံ။
အတုဿော စ္ဆန္နမဇ္ဈောမ္ပိ၊ ဘိသိဒါနဿိဒံ ဖလံ။

သုဂတေ-သုဂတဿ၊ လည်းကောင်း။ ဂဏဝရုတ္တမေ-ဂဏဝရုတ္တမဿ၊ သော။ သံယေ-သံယဿ၊ လည်းကောင်း၊ ဘိသိယော၊ မွေ့ရာတို့ကို။ ဒတ္တွာ၊ ပေးလှူရသောကြောင့်။ ကမ္မာနုစ္ဆဝိကေ၊ ကုန်သော။ ဆာနိသံသေ၊ ခြောက်ပါးသော အကျိုးတို့ကို။ မမ၊ အား။ အနုဘောမိ၊ ၏။

သမသဂတ္တော၊ ညီညွတ်သောကိုယ်ရှိသည်လည်းကောင်း။ အပစိတော၊သူတပါးတို့ရိုသေအပ်သည်လည်းကောင်း၊ မုဒုကော၊ နူးညံ့သည်လည်းကောင်း။ စာရုဒဿနော၊ ရှုဖွယ်သောကိုယ်ရှိသည်လည်းကောင်း။ ဟောမိ၊ ၏။ ဉာဏပရိဝါရံ၊ ဉာဏ်အခြံအရံကို။ အဟံ၊ ငါသည်။

လဘာမိ၊ ၏။ ဣဒံ၊ ဤသည်ကား။ ဘိသိဒါနဿ၊ မွေ့ရာအလျှု၏။ ဖလံ၊ သည်။ ဟောတိ။ ဖြစ်၏။

တူလိကာ၊ လဲဝါသွတ်သော မွေ့ရာတို့သည် လည်းကောင်း။ ဝိကတိကာယော၊ အရုပ်တို့ဖြင့် အထူးထူးလုပ်သော အခင်းတို့သည် လည်းကောင်း။ ကဋ္ဌိကာ၊ ပိုးချည်ဖြင့်ပြုအပ်သော အခင်းတို့သည်လည်းကောင်း။ စိတ္တကာ၊ ဆန်းကြယ်သော ကော်ဇောခင်းနှီးမြောက်တို့သည်လည်းကောင်း။ ဗဟူ၊ များစွာကုန်၏။ ဝိဝိဓေ၊ အထူးထူး အပြားရှိကုန်သော။ ဝရပေါတ္ထကေစေဝ၊ မြတ်သော သင်ပန်းဖြင့် ပြုအပ်သော အခင်းတို့ကိုလည်းကောင်း။ ကမ္မလေစေဝ၊ ကမ္မလာတို့ကိုလည်းကောင်း။ အဟံ၊ သည်။ လဘာမိ၊ ၏။

မုဒုကေ၊ နူးညံ့ကုန်သော။ ပါဝါရိကေစ၊ အပေါ်ရုံတို့ကို လည်းကောင်း။ မုဒုကာ၊ နူးညံ့ကုန်သော။ အဇိနပွဝေဏိယောစ၊ သစ်နက်ရေတို့ကိုလည်းကောင်း။ ဝိဝိဓဉ္စာနေ၊ အထူးထူးသော အရပ်၌။ လဘာမိ၊ ၏။ ဣဒံ၊ ဤသည်ကား။ ဘိသိဒါနဿ၊ မွေ့ရာအလျှု၏။ ဖလံ၊ အကျိုးတည်း။

ယတော၊ အကြောင်အခါမှ။ အတ္တာနံ၊ မိမိကိုယ်ကို။ သရာမိ၊ အောက်မေ့၏။ ယတော၊ အကြောင်အခါမှ။ ဝိညုတံ၊ သိကြားလိမ္မာသောအဖြစ်သို့။ ပတ္တော၊ ရောက်သည်။ အသ္မိ၊ ဖြစ်၏။ တတော၊ ထိုအခါမှ။ ပဋ္ဌာယ၊ စ၍။ အတုစ္ဆောစ္ဆန္နမစ္ဆော၊ အချည်းနှီး မဟုတ်သော အခင်းနှင့်တကွသော ညောင်စောင်းရှိသည်။ အမှိ၊ ဖြစ်၏။ ဣဒံ၊ ကား။ ဘိသိဒါနဿ၊ မွေ့ရာအလျှု၏။ ဖလံ၊ အကျိုးတည်း။

ညီညွတ်သော ကိုယ်ရှိသည်လည်း တပါး။
သူတပါးတို့ ရိုသေအပ်သည်လည်း တပါး။
နူးညံ့သော ကိုယ်ရှိသည်လည်း တပါး။
ရှုချင်ဖွယ် ရှိသည်လည်း တပါး။
အခြံအရံကို ရသည်လည်း တပါး။
အထူးထူးအပြားပြား အခင်းအနှီး တန်ဆာတို့ကို ရသည်လည်း တပါး။

(မွေ့ရာလှူသော အကျိုးခြောက်ပါး)

ဗိမ္မောဟနေ ဇိနေ ဒတ္တာ၊ သံယေ ဂဏဝရုတ္တမေ။
ဆာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။
ဥဏ္ဏိကေ ပဒုမိကေစ၊ အထော လောဟိတစန္ဒနေ။
ဗိမ္မောဟနေ ဥပါဓေမိ၊ ဥတ္တမင်္ဂ သဒါ မမ။
အင်္ဂဇီကေ မဂ္ဂဝရော သာမညေ စတုရောဖလေ။
တေသု ဉာဏံ ဥပ္ပါဒေတ္ဝာ၊ ဝိဟရေ နိစ္စကာလိကံ။
ဒါနေ ဒမေ သံယမေစ၊ အပ္ပမညာသု ရူပိသု။
တေသု ဉာဏံ ဥပ္ပါဒေတ္ဝာ၊ ဝိဟရေ သတ္ထကာလိကံ။
ဝတ္တေဂုဏောစ ပဒီပေ၊ အာစာရကိရိယာသစ။
တေသု ဉာဏံ ဥပ္ပါဒေတ္ဝာ၊ ဝိဟရေ သတ္ထဒါ အဟံ။

စက်မေဝါ ပဓာနေဝါ၊ ဝိရိယေ ဘောဓိပက္ခိကေ။
တေသု ဉာဏံ ဥပ္ပါဒေတွာ၊ ဝိဟရာမိ ယဒိစ္ဆကံ။

သီလံ သမာဓိ ပညာစ၊ ဝိမုတ္တိစ အနုတ္တရာ။
တေသု ဉာဏံ ဥပ္ပါဒေတွာ၊ ဝိဟရာမိ သုခံ အဟံ။

ဇိနေ-ဇိနသာ၊ မြတ်စွာဘုရားအား လည်းကောင်း။ ဂဏဝရုတ္တမေ-ဂဏဝရုတ္တမသာ အလွန်မြတ်သော ဂိုဏ်းအပေါင်း ဖြစ်သော။ သံယေ-သံယသာ၊ အား‌လည်းကောင်း။ ဗိမ္မောဟနေ၊ အုံးတို့ကို။ ဒတွာ၊ ပေးလှူရသောကြောင့်။ ကမ္မာနုစ္ဆဝိကေ၊ ကုန်သော။ ဆာနိသံသေ၊ ခြောက်ပါးသော အကျိုးတို့ကို။ မမ၊ အား။ အနုဘောမိ၊ ၏။

ဥဏ္ဏိကေ၊ သားမွေးသွတ်သော အုံးတို့ကို လည်းကောင်း။ ပဒုမိကေ၊ ပဒုမ္မာကြာပွင့် သွတ်သော အုံးတို့ကိုလည်းကောင်း။ အထော၊ ထို့မြို့။ လောဟိတစန္ဒနေ၊ စန္ဒကူး နီသွတ်သော အုံးတို့ကိုလည်းကောင်း။ ဗိမ္မောဟနေ၊ အုံးတို့ကို။ မမ၊ ငါ၏။ ဥတ္တမင်္၊ ဦးခေါင်းသည်။ သဒါ၊ ခပ်သိမ်းသောအခါ၌။ ဥပါဓေမိ၊ အုံးရ၏။

အဋ္ဌင်္ဂိကေ၊ ရှစ်ပါးသောအင်္ဂါရှိကုန်သော။ မဂ္ဂဝရေ၊ မြတ်သောမဂ်တို့ကိုလည်းကောင်း။ သာမညေ၊ ကိလေသာကုန်ခြင်း၏ အကျိုးဖြစ်ကုန်သော။ စတုရော၊ လေးပါးကုန်သော။ ဖလေ၊ ဖိုလ်တို့ကိုလည်းကောင်း။ အဟံ၊ ငါသည်။ ဥပ္ပါဒေမိ၊ ဖြစ်စေ၏။ တေသု၊ ထိုမဂ်ဖိုလ်တို့၌။ ဉာဏံ၊ ဉာဏ်ကို။ ဥပ္ပါဒေတွာ၊ ဖြစ်စေ၍။ နိစ္စကာလိကံ၊ မြဲသောကာလပတ်လုံး။ ဝိဟရေ-ဝိဟရာမိ၊ နေရ၏။

ဒါနေ၊ အလှူပေးခြင်း၌လည်းကောင်း။ ဒမေစ၊ ဥပသံဆောက်တည်ခြင်း၌လည်းကောင်း။ သံယမေစ၊ သီလသီတင်းစောင့်သုံးခြင်း၌ လည်းကောင်း။ အပ္ပမညာသုစ၊ အပ္ပမညာတရားတို့၌ လည်းကောင်း။ ရူပိသုစ၊ ရူပါဝစရ ဈာန်တို့၌လည်းကောင်း။ တေသု၊ ထိုသို့သော ကုသိုလ်တရားတို့၌။ ဉာဏံ၊ ဉာဏ်ကို။ ဥပ္ပါဒေတွာ၊ ဖြစ်စေ၍။ သဗ္ဗကာလိကံ၊ ခပ်သိမ်းသောကာလပတ်လုံး။ ဝိဟရေ ဝိဟရာမိ၊ နေရ၏။

ဝတ္တေစ၊ ဝတ်၌လည်းကောင်း။ ဂုဏေစ၊ ဂုဏ်ကျေးဇူး၌လည်းကောင်း။ ပဒီပေ၊ ပညာ၌ လည်းကောင်း။ အာစာရကိရိယာသုစ၊ အကျင့်အမူအရာတို့၌လည်းကောင်း။ တေသု၊ ထို တရားတို့၌။ ဉာဏံ၊ ကို။ ဥပ္ပါဒေတွာ၊ ဖြစ်စေပြီး၍။ သဗ္ဗဒါ ခပ်သိမ်းသောအခါ၌။ ဝိဟရေ-ဝိဟရာမိ နေရ၏။

စက်မေဝါ၊ စကြံ၌လည်းကောင်း။ ပဓာနေဝါ၊ အကျင့်၌လည်းကောင်း။ ဝိရိယေဝါ။ လုံ့လ၌လည်းကောင်း။ ဘောဓိပက္ခိကေဝါ၊ ဘောဓိပက္ခိယတရား၌လည်းကောင်း။ တေသု၊ ထိုတရားတို့၌ ဉာဏံ၊ ကို။ ဥပ္ပါဒေတွာ၊ ဖြစ်စေ၍။ ယဒိစ္ဆကံ၊ အလိုအလျောက်။ ဝိဟရာမိ၊ နေရ၏။

သီလံ၊ သီလတရားသည်လည်းကောင်း။ သမာဓိစ၊ သမာဓိတရားသည် လည်းကောင်း။ ပညာစ၊ ပညာတရားသည်လည်းကောင်း။ အနုတ္တရာ၊ လောကုတ္တရာဖြစ်သော။ ဝိမုတ္တိစ၊ ဝိမုတ္တိတရားသည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ တေသု၊ ထိုတရားတို့၌။ ဉာဏံ၊ ဉာဏ်ကို။ ဥပ္ပါဒေတွာ၊ ဖြစ်စေ၍။ အဟံ၊ ငါသည်။ သုခံ၊ ချမ်းသာစွာ။ ဝိဟရာမိ၊ နေရ၏။

အထူးထူးသောမြတ်သော အံ့းတို့ကို အံ့းရသည်လည်း တပါး။
မဂ်လေးတန် ဖိုလ်လေးတန်တို့ကို ရသည်လည်း တပါး။
အလျှုအစရှိသော ကုသိုလ်တရားတို့ကို ဖြစ်စေသည်လည်းတပါး။
ဝတ်အစရှိသော ကျေးဇူးနှင့် ပြည့်စုံသည်လည်း တပါး။
စကြိုအစရှိသော မြတ်သောအကျင့်နှင့် ပြည့်စုံသည်လည်းတပါး။
သီလအစရှိသော ကျေးဇူးနှင့် ပြည့်စုံသည်လည်းတပါး။

(ခေါင်းအုံးလျှူသော အကျိုးခြောက်ပါး)

ဖလ ပိဋ္ဌေ ဇိနေ ဒတ္တွာ၊ သံယေ ဂဏဝရုတ္တမေ။
ဒွါနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။
သောဏ္ဏမယေ မဏိမယေ၊ ဒန္တ သာရ မယေ ဗဟူ။
ပလ္လင်္ကသေဋ္ဌေ ဝိန္ဒာမိ၊ ဖလ ပိဋ္ဌသိဒံ ဖလံ။

ဇိနေ- ဇိနသာ၊ ဘုရားရှင်အားလည်းကောင်း။ ဂဏဝရုတ္တမေ- ဂဏဝရုတ္တမသာ၊ အလွန်မြတ်သော ဂိုဏ်းအပေါင်းဖြစ်သော။ သံယေ-သံယသာ၊ အားလည်းကောင်း။ ဖလ ပိဋ္ဌေ၊ နေရာဖြစ်သော အင်းပျဉ်တို့ကို။ ဒတ္တွာ၊ ပေးလျှူရသောကြောင့်။ ကမ္မာနုစ္ဆဝိကေ၊ ကုန်သော။ ဒွါနိ-သံသေ၊ နှစ်ပါးသောအကျိုးတို့ကို။ မမ၊ ငါ့အား။ အနုဘောမိ။ ခံစားရ၏။

သောဏ္ဏမယေ၊ ရွှေဖြင့်ပြီးသော ပလ္လင်တို့ကို လည်းကောင်း။ မဏိမယေ၊ မြကျောက်ရတနာဖြင့် ပြီးသောပလ္လင်တို့ကိုလည်းကောင်း။ ဒန္တသာရမယေ၊ ဆင်စွယ်နှစ်ဖြင့်ပြီးသော ပလ္လင်တို့ကို လည်းကောင်း။ (စန္ဒနသာရ၊ စန္ဒကူးနှစ် ပလ္လင်လည်းဟူ)။ ဗဟူ၊ များစွာကုန်သော။ ပလ္လင်္က-သေဋ္ဌေ၊ မြတ်သောပလ္လင်တို့ကို။ ဝိန္ဒာမိ၊ ရ၏။ ဣဒံ၊ ဤအကျိုးသည်ကား။ ဖလပိဋ္ဌသာ၊ အင်းပျဉ်အလျှု၏။ ဖလံ၊ အကျိုးတည်း။

ရတနာအတိပြီးသော ပလ္လင်ကို ရသည်လည်းတပါး။
ဆင်စွယ်၊ စန္ဒကူးနှစ်ကို ရသည်လည်းတပါး။

(အင်းပျဉ်လျှူသောအကျိုးနှစ်ပါး)

ပါဒပီဋ္ဌေ ဇိနေ ဒတ္တွာ၊ သံယေ ဂဏ ဝရုတ္တမေ။
ဒွါနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။
လဘာမိ ဗဟုကေ ယာနေ၊ ပါဒပီဋ္ဌသိဒံ ဖလံ။
ဒါသိဒါသ ဘရိယာစ၊ ယေစညေ အနုဇီဝိနော။
သမ္မာ ပရိစရန္တိ မံ၊ ပါဒပီဋ္ဌသိဒံ ဖလံ။

ဇိနေ- ဇိနသာ၊ အားလည်းကောင်း။ ဂဏဝရုတ္တမေ- ဂဏဝရုတ္တမသာ၊ သော။ သံယေ- သံယသာ၊ အားလည်းကောင်း။ ပါဒပီဋ္ဌေ၊ ခြေဆေးအင်းပျဉ်တို့ကို။ ဒတ္တွာ၊ ပေးလျှူရသောကြောင့်။ ကမ္မာနုစ္ဆဝိကေ၊ ကုန်သော။ ဒွါနိသံသေ၊ နှစ်ပါးသော အကျိုးတို့ကို။ မမ၊ ငါ့အား။ အနုဘောမိ၊ ခံစားရ၏။

ဗဟုကေ၊ များစွာကုန်သော။ ယာနေ၊ ယာဉ်တို့ကို။ လဘာမိ၊ ရ၏။ ဣဒံ၊ ကား။ ပါဒပီဌဿ၊ ခြေဆေးအင်းပျဉ် အလှူ၏။ ဖလံ၊ အကျိုးသည်။ ဟောတိ၊ ဖြစ်၏။ ဒါသိဒါသ ဘရိယာစ၊ ကျွန်မိန်းမ ကျွန်ယောကျ်ား မယားကောင်းတို့သည် လည်းကောင်း။ အညေ၊ တပါးကုန်သော။ ယေအနုဇီဝိနော၊ အကြင်မှီ၍ အသက်မွေးကုန်သောသူတို့သည်လည်းကောင်း။ မံ၊ ငါ့ကို။ သမ္မာ၊ ကောင်းစွာ။ ပရိစရန္တိ၊ လုပ်ကျွေးကုန်၏။ ဣဒံ၊ ဤသည်ကား။ ပါဒပီဌဿ၊ ခြေဆေးအင်းပျဉ်အလှူ၏။ ဖလံ၊ အကျိုးသည်။ ဟောတိ၊ ဖြစ်၏။

ဆင်ယာဉ် မြင်းယာဉ် အစရှိသော များစွာသော ယာဉ်တို့ကို ရသည်လည်းတပါး။

ကျွန်မိန်းမ၊ ကျွန်ယောကျ်ား၊ မယားအစရှိသော သူတို့သည် ကောင်းစွာလုပ်ကျွေးသည်လည်း တပါး။

(ခြေဆေးအင်းပျဉ်လှူသောအကျိုးနှစ်ပါး)

တေလံ အဘ္ဘဉ္ဇနေ ဒတွာ၊ သံယေ ဂဏဝရုတ္တမေ။
ပစ္စာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။
အဗျာဓိတာ ရူပဝတာ၊ ခိပ္ပံ ဓမ္မနိသန္တိတာ။
လာဘီ အန္နဿ ပါနဿ၊ အာယု ပစ္ဆိမကံ မမ။

ဂဏဝရုတ္တမေ-ဂဏဝရုတ္တမဿ၊ သော။ သံယေ-သံဃဿ၊ အား။ တေလံ၊ ဆီကိုလည်းကောင်း။ အဘ္ဘဉ္ဇနေ၊ နယ်ဆီတို့ကိုလည်းကောင်း။ ဒတွာ၊ ပေးလှူရသောကြောင့်။ ကမ္မာနုစ္ဆဝိကေ၊ ကုန်သော။ ပစ္စာနိသံသေ၊ ငါးပါးသော အကျိုးတို့ကို။ မမ၊ အား။ အနုဘောမိ၊ ခံစားရ၏။

အဗျာဓိတာ၊ အနာမရှိသော အဖြစ်သည် လည်းကောင်း။ ရူပဝတာ၊ မြတ်သောအဆင်း ရှိသော အဖြစ်သည်လည်းကောင်။ ခိပ္ပံ၊ လျင်စွာ။ ဓမ္မနိသန္တိတာ၊ တရားကိုသိသော အဖြစ် သည်လည်းကောင်း။ ဟောတိ၊ ဖြစ်၏။ အန္နဿ၊ ထမင်းကိုလည်းကောင်း။ ပါနဿ၊ အဖျော် ကိုလည်းကောင်း။ လာဘီ၊ ရလွယ်သည်။ ဟောမိ၊ ၏။ မမ၊ ငါ၏။ အာယု၊ အသက်ရှည် ခြင်းသည်။ ပစ္ဆိမကံ၊ ငါးခုမြောက်သော အကျိုးတည်း။

အနာမရှိ ကင်းစင်သည်လည်း တပါး။
အဆင်းလှသည်လည်း တပါး။
တရားကို လျင်စွာသိနိုင်သည်လည်း တပါး။
ထမင်းအဖျော်ကို ရလွယ်သည်လည်းတပါး။
အသက်ရှည်သည်လည်း တပါး။

(ဆီ၊ နယ်ဆီလှူသော အကျိုးငါးပါး။)

သပ္ပိံ တေလဉ္စ ဒတွာန၊ သံယေ ဂဏဝရုတ္တမေ။
ပစ္စာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။

ထာမပါ ရူပသမ္ပန္နော၊ ပဟဋ္ဌတနုဇော တဒါ။
အဗျာဓိ ဝိသဒါ ဟောမိ၊ သပ္ပိ တေလဿိဒံ ဖလံ။

ဂဏဝရုတ္တမေ-ဂဏဝရုတ္တမဿ၊ သော။ သံယေ-သံယဿ၊ အား။ သပ္ပိံ စ၊ ထော ပတ်ကိုလည်းကောင်း။ တေလဉ္စ၊ ဆီကိုလည်းကောင်း။ ဒတ္တွာန၊ ပေးလှူရသောကြောင့်။ ကမ္မာနုစ္ဆဝိကေ၊ ကုန်သော။ ပဉ္စာနိသံသေ၊ ငါးပါးသော အကျိုးတို့ကို။ မမ၊ အား။ အနုဘောမိ၊ ခံစားရ၏။

တဒါ၊ ထိုအခါ၌။ ထာမဝါ၊ ခွန်အားရှိသည်လည်းကောင်း။ ရူပသမ္ပန္နော၊ အဆင်းနှင့် ပြည့်စုံသည်လည်းကောင်း။ ပဟဋ္ဌတနုဇော၊ အဖျားတက်သော ကိုယ်မွေးရှိသည်လည်း ကောင်း။ အဗျာမိ၊ အနာမရှိသည်လည်းကောင်း။ ဝိသဒါ၊ သန့်ရှင်းသည် လည်းကောင်း။ ဟောမိ၊ ဖြစ်၏။ ဣဒံ၊ ကား။ သပ္ပိတေလဿ၊ ထောပတ်ဆီလှူရသည်၏၊ ဖလံ၊ အကျိုးတည်း။

ခွန်အားရှိသည်လည်းတပါး။
အဆင်းလှသည်လည်းတပါး။
မွေးဖျားအထက်သို့ ကော့ရရော့တက်၍ တည်သည်လည်းတပါး။
အနာမရှိသည်လည်းတပါး။
သန့်ရှင်းစင်ကြယ်သည်လည်းတပါး။

(ထောပတ်ဆီလှူရသောအကျိုးငါးပါး)

မုခ သောဓနကေ ဒတ္တွာ၊ ပုဒ္ဓေ သံယေ ဂဏုတ္တမေ။
ပဉ္စာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။

ဝိသုဒ္ဓကဏ္ဌော မဓုဿရော၊ ကာသဿသ ဝိဝဇ္ဇိတော၊
ဥပ္ပလဂန္ဓော မုခတော၊ ဥပဝါယတိ မေ သဒါ။

ပုဒ္ဓေ-ပုဒ္ဓဿ၊ အားလည်းကောင်း။ ဂဏုတ္တမေ-ဂဏုတ္တမဿ၊ သော။ သံယေ-သံယဿ၊ အားလည်းကောင်း။ မုခသောဓနကေ၊ ဒန်ပူတို့ကို။ ဒတ္တွာ၊ ကြောင့်။ ကမ္မာနုစ္ဆဝိကေ၊ ကုန်သော။ ပဉ္စာနိသံသေ၊ ငါးပါးသော အကျိုးတို့ကို။ မမ၊ ငါ့အား။ အနုဘောမိ၊ ၏။

ဝိသုဒ္ဓကဏ္ဌော၊ သန့်ရှင်းစင်ကြယ်သော လည်ချောင်းရှိသည်။ ဟောမိ၊ ၏။ မဓုဿရော၊ သာယာသော အသံရှိသည်။ ဧဟောမိ၊ ၏။ ကာသဿသ ဝိဝဇ္ဇိတော၊ ချောင်းဆိုး ကုတ်ဟီး နာ ကင်းသည်။ ဟောမိ၊ ဖြစ်၏။ သဒါ၊ ခပ်သိမ်းသော အခါ၌။ မေ၊ ၏။ မုခတော၊ ခံတွင်း မှ။ ဥပ္ပလဂန္ဓော၊ ကြာညှိပန်းအနံ့သည်။ ဥပဝါယတိ၊ လှိုင်၏။

သန့်ရှင်းစင်ကြယ်သော လည်ချောင်းရှိသည်လည်း တပါး။
အသံ သာယာသည်လည်း တပါး။
ချောင်းဆိုးအနာ မရှိသည်လည်း တပါး။
ကုတ်ဟီးအနာမရှိသည်လည်း တပါး။
ခံတွင်းမှ ကြာညှိပန်းအနံ့ လှိုင်သည်လည်း တပါး။

(ဒန်ပူလှူသော အကျိုးငါးပါး)

ဒဓိံ ဒတ္တွာန သမ္မန်၊ ဗုဒ္ဓေ သံယေ ဂဏ္ဌုတ္တမေ။
ဘုဥ္ဇာမိ အမတံ ဝိတ္တံ၊ ဝရံ ကာယဂတံ သတိံ။

ဗုဒ္ဓေ-ဗုဒ္ဓသာ၊ လည်းကောင်း။ ဂဏ္ဌုတ္တမေ-ဂဏ္ဌုတ္တမသာ၊ သော။ သံယေ-သံဃသာ၊ လည်းကောင်း။ သမ္မန်၊ ပြည့်စုံသော။ ဒဓိံ၊ နို့ခဲမ်းထောပတ်ကို။ ဒတ္တွာန၊ ပေးလှူရသောကြောင့်။ ဝရံ၊ မြတ်စွာထသော။ ကာယဂတံသတိံ၊ ကာထဂတာသတိဟု ဆိုအပ်သော။ အမတံ၊ အမြိုက်ဖြစ်သော။ ဝိတ္တံ၊ စည်းစိမ်ကို။ ဘုဥ္ဇာမိ၊ ခံစားရ၏။

မသေကြောင်းဖြစ်သော အမတဟု ဆိုအပ်သော ကာယဂတာသတိကို ခံစားရသည်လျှင်

(နို့ခဲမ်းလှူသော အကျိုးတပါး)

ဝဏ္ဏ ဂန္ဓ ရသောပေတံ၊ မဓုံ ဒတ္တွာ ဇိနေဂဏော။
အနုပမံ အတုလိယံ၊ ပိဝေ မုတ္တိရသံ အတံ။

ဇိနေ-ဇိနသာ၊ အားလည်းကောင်း။ ဂဏော-ဂဏာသာ၊ အပေါင်းသံဃာအားလည်းကောင်း။ ဝဏ္ဏဂန္ဓရသောပေတံ၊ အဆင်း အနံ့ အရသာနှင့်ပြည့်စုံသော။ မဓုံ၊ ပျားကို။ ဒတ္တွာ၊ ကြောင့်။ အနုပမံ၊ မနှိုင်းရည့်အပ်သော။ အတုလိယံ၊ မချိန်အပ်ထသော။ မုတ္တိရသံ၊ ဝိမုတ္တိအရသာကို။ အဟံ၊ သည်။ ပိဝေ-ပိဝါမိ၊ သောက်ရ၏။

ဝိမုတ္တိအရသာကို သောက်ရသည်လျှင်**(ပျားလှူသော အကျိုးတပါး)**

ယထာဘူတံ ရသံ ဒတ္တွာ၊ ဗုဒ္ဓေ သံယေ ဂဏ္ဌုတ္တမေ။
စတုရောဖလေ အနုဘောမိ၊ ကမ္မနုစ္ဆဝိကေ မမ။

ဗုဒ္ဓေ-ဗုဒ္ဓသာ၊ အားလည်းကောင်း။ ဂဏ္ဌုတ္တမေ-ဂဏ္ဌုတ္တမသာ၊ သော။ သံယေ-သံဃသာ၊ အားလည်းကောင်း။ ယထာဘူတံ၊ အကြင်အကြင်သို့ သဘောရှိသော။ ရသံ၊ အရသာကို။ ဒတ္တွာ၊ ကြောင့်။ ကမ္မနုစ္ဆဝိကေ၊ ကုန်သော။ စတုရော၊ လေးပါးကုန်သော။ ဖလေ၊ ဖိုလ်တို့ကို။ မမ၊ အား။ အနုဘောမိ၊ ၏။

ဖိုလ်လေးတန်ကို ရသည်လျှင် **(အရသာလှူသော အကျိုးလေးပါး)**

အန်နံ ပါနဉ္စ ဒတ္တွာန၊ ဗုဒ္ဓေ သံယေ ဂဏ္ဌုတ္တမေ။
ဒသာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။

အာယုဝါ ဗလဝါ ဝိရော၊ ဝဏ္ဏဝါ ယသဝါ သုခီ။
လာဘီ အန္နဿ ပါနဿ၊ သူရော ပညာဏ ဝါ သဒါ။
ဣမေ ဂုဏော ပဋိလဘေ၊ သံသရန္တော ဘဝေ အဟံ။

ဗုဒ္ဓေ-ဗုဒ္ဓသာ၊ အားလည်းကောင်း။ ဂဏ္ဌုတ္တမေ-ဂဏ္ဌုတ္တမေသာ၊ သော။ သံယေ-သံဃသာ၊ အားလည်းကောင်း။ အန္နဉ္စ၊ ဆွမ်းကိုလည်းကောင်း။ ပါနဉ္စ၊ အဖျော်ကိုလည်းကောင်း။ ဒတ္တွာန၊ ကြောင့်။ ကမ္မာနုစ္ဆဝိကေ၊ ကုန်သော။ ဒသာနိသံသေ၊ ဆယ်ပါးသောအကျိုးတို့ကို။ မမ၊ အား။ အနုဘောမိ၊ ၏။

အာယုဝါ၊ အသက်ရှည်သည်လည်းကောင်း။ ဗလဝါ၊ ခွန်အားရှိသည်လည်းကောင်း။ ဝီရော၊ လုံ့လရှိသည်လည်းကောင်း။ ဝဏ္ဏဝါ၊ ကောင်းသော အဆင်းရှိသည်လည်းကောင်း။ ယသဝါ၊ အခြံအရံများသည်လည်းကောင်း။ သုခီ၊ ချမ်းသာရှိသည်လည်းကောင်း။ ဟောမိ၊ ၏။ အန္ဓဿ၊ ထမင်းကိုလည်းကောင်း။ ပါနဿ၊ အဖျော်ကိုလည်းကောင်း။ လာဘီ စ၊ ရလွယ်သည်လည်း။ ဟောမိ၏။ သူရော စ၊ ရဲရင့်သည်လည်းကောင်း။ ပညာဏဝါ၊ ပညာရှိသည်လည်းကောင်း။ ဟောမိ၊ ၏။ ဘဝေ၊ ဘဝကြီးငယ်၌။ သံသရန္တော၊ကျင်လည်သော။ အဟံ၊ သည်။ ဣမေဂုဏော၊ ဤကျေးဇူးတို့ကို။ သဒါ။ အခါခပ်သိမ်း။ ပဋိလဘေ-ပဋိလဘာမိ၊ ရ၏။

အသက်ရှည်ခြင်းသည်လည်း တပါး။
ခွန်အားကြီးသည်လည်း တပါး။
လုံ့လဝီရိယရှိသည်လည်း တပါး။
အဆင်းလှသည်လည်း တပါး။
အခြံအရံများသည်လည်း တပါး။
ချမ်းသာခြင်းနှင့် ပြည့်စုံသည်လည်း တပါး။
ထမင်းကို ရလွယ်သည်လည်း တပါး။
အဖျော်ကို ရလွယ်သည်လည်း တပါး။
မကြောက်မရွံ့ ရဲရင့်သည်လည်း တပါး။
ပညာကြီးသည်လည်း တပါး။
(ဆွမ်း အဖျော်လျှူသော အကျိုးဆယ်ပါး)

ဓူပံ ဒတ္တွာန သုဂတော၊ သံယေ ဂဏဝရုတ္တမေ။
ဒသာနိသံသေ အနုဘောမိ၊ ကမ္မာနုဿဝိကေ မမ။

သုဂန္ဓဒေဟော ယသ ဝါ၊ သီဃပညော စ ကိတ္တိမာ။
တိက္ခပညော ဘူရိပညော၊ ဟာသဂမ္ဘီရ ပညဝါ။

ဝေပုလ္လဇဝန ပညော။ သံသရန္တော ဘဝါဘဝေ။
တသေဝ ဝဟသာ ဒါနိ၊ ပတ္တော သန္တိ သုခံ သိဝံ။

သုဂတေ-သုဂတဿ၊ အားလည်းကောင်း။ ဂဏဝရုတ္တမေ-ဂဏဝရုတ္တမဿ၊ သော။ သံယေ သံဃဿ၊ အားလည်းကောင်း။ ဓူပံ၊ ထုံသင်းကို။ ဒတ္တွာန၊ ကြောင့်။ ကမ္မာနုဿဝိကေ၊ ကုန်သော။ ဒသာနိသံသေ၊ ဆယ်ပါးသော အကျိုးတို့ကို။ မမ၊ ငါ့အား။ အနုဘောမိ၊ ခံစားရ၏။

ဘဝါ-ဘဝေ၊ ဘဝကြီးငယ်၌။ သံသရန္တော၊ သော။ အဟံ၊ သည်။ သုဂန္ဓဒေဟော၊ ကောင်းသော ကိုယ်အနံ့ရှိသည်လည်းကောင်း။ ယသဝါ၊ အခြံအရံရှိသည်လည်းကောင်း။ သီဃပညော စ လျင်သော ပညာရှိသည်လည်းကောင်း။ ကိတ္တိမာ၊ ကျော်စောခြင်းရှိသည်လည်းကောင်း။ တိက္ခပညော၊ ထက်သောပညာ ရှိသည်လည်းကောင်း။ ဘူရိပညော စ၊ မြေကြီးအထုနှင့် တူသော ပညာရှိသည်လည်းကောင်း။ ဟာသဂမ္ဘီရပညဝါ၊ ရွှင်သောပညာ နက်နဲသော ပညာရှိသည်လည်းကောင်း။ ဝေပုလ္လဇဝနပညော၊ ပြန့်ပြောသောပညာ လျင်မြန်သော ပညာရှိသည်လည်းကောင်း။ ဘဝါမိ၊ ၏။ တသေဝ၊ ထိုကောင်းမှု၏လျှင်။ ဝဟသာ၊ အစွမ်းအားဖြင့်

ဒါနိ-ဣဒါနိ၊ ယခု။ သိဝံ၊ ချမ်းမြေ့စွာထသော။ သန္တိသုခံ၊ နိဗ္ဗာန်ချမ်းသာသို့။ ပတ္တော၊ ရောက်သည်။ အသို့၊ ဖြစ်၏။

ကောင်းသောကိုယ်နှံ့ ရှိသည်လည်း တပါး။
အခြံအရံ များသည်လည်း တပါး။
လျင်သောပညာ ရှိသည်လည်း တပါး။
ကျော်စောခြင်းကိတ္တိ ရှိသည်လည်း တပါး။
ထက်သောပညာ ရှိသည်လည်း တပါး။
မြေကြီးအထုနှင့် တူသောပညာ ရှိသည်လည်း တပါး။
ရွှင်သောပညာ ရှိသည်လည်း တပါး။
နက်နဲသောပညာ ရှိသည်လည်း တပါး။
ပြန့်ပြောသောပညာ ရှိသည်လည်းသပါး။
လျင်မြန်သောပညာ ရှိသည်လည်း တပါး။

(ထုံသင်းလှူသော အကျိုးဆယ်ပါး)

ဤသို့ ပြဆိုအပ်သော အနေကာနိသံသ ဂါထာတို့သည်ကား– အပဒါန်ကျမ်း။ ပိလိန္ဒဝစ္ဆ ထေရသုတ်တွင် လာသည်။ ဒီဃနိကာယ်မဟာဝဂ္ဂကျမ်း၊ မဟာသုဒဿနသုတ်တွင်လာသော ဒါနာနိသံသကား ပြည်တော်ရှစ်သောင်းလေးထောင်။ ပြာသာဒ် ရှစ်သောင်းလေးထောင်တို့သည်ကား- ကျောင်းသခ်ိမ်းတန်ဆောင်း၏ အကျိုးအားဖြင့် ဖြစ်ကုန်၏။

ရှစ်သောင်းလေးထောင်သော ပလ္လင်တို့သည်ကား ကိန်းအိပ်ရာ ညောင်စောင်းတို့၏ အကျိုးအားဖြင့် ဖြစ်ကုန်၏။

ဆင်တော် ရှစ်သောင်းလေးထောင် မြင်းတော် ရှစ်သောင်းလေးထောင်၊ ရထားတော် ရှစ်သောင်းလေးထောင်တို့သည်ကား-နေရာအင်းပျဉ်လှူသော အကျိုးအားဖြင့် ဖြစ်ကုန်၏။

ရှစ်သောင်းလေးထောင်သော မျက်မြတ်ရတနာတို့သည်ကား- ဆီမီးတခွက်၏ အကျိုးအားဖြင့် ဖြစ်ကုန်၏။

မောင်းမ ရှစ်သောင်းလေးထောင်၊ သားတော် ရှစ်သောင်းလေးထောင်၊ သူဌေး သူကြွယ် ရှစ်သောင်းလေးထောင်တို့သည်ကား– သုံးဆောင်စရာ သပိတ်၊ ခွက်၊ ဓမကရိဏ်၊ ရေစစ်၊ ဓားမောက်၊ ဓားငယ်၊ လက်သည်းလှီး၊ သောတံကောက်၊ နားဖားချိတ်၊ ခြေပွတ်၊ ခြေနင်း၊ ဖိန့်၊ အပ်၊ ယပ်၊ တောင်ဝှေး၊ သပိတ်ခြေ၊ သပိတ်ဖုံး၊ ခါးပန်း၊ အင်းပျဉ်၊ နယ်ဆီ၊ ဆီထောပတ်၊ နို့ဓမ်း၊ ပျား၊ တင်လဲ အလှူတို့၏ အကျိုးအားဖြင့် ဖြစ်ကုန်၏။

နို့ညှစ်နွားမ ရှစ်သောင်းလေးထောင်တို့သည်ကား- နွားနို့အရသာ အလှူ၏ အကျိုးအားဖြင့် ဖြစ်ကုန်၏။

ပုဆိုး ကုဋေ ရှစ်သောင်းလေးထောင်တို့သည်ကား- ဝတ်စရာ ရုံစရာ သင်္ကန်းစုံ၏ အကျိုးအားဖြင့် ဖြစ်ကုန်၏။

စားတော်ချက် အိုးတော် ရှစ်သောင်းလေးထောင်တို့သည်ကား ဆွမ်းဝတ်လျှသော အကျိုးအားဖြင့် ဖြစ်ကုန်၏။

ရေကန် ရှစ်သောင်းလေးထောင်တို့သည်ကား - တခုသော ရေကန်၏ အကျိုးအားဖြင့် ဖြစ်ကုန်၏။

ရတနာတံတိုင်း ခုနစ်ထပ်တို့သည်လည်းကောင်း၊ နန်းတော်ပြာသာဒ်ကို ရံသော ပွတ်တိုင်တို့သည် လည်းကောင်း ကျောင်းသခ်ိမ်းကို ရံသော စောင်းရန်း၏ အကျိုးအားဖြင့် ဖြစ်ကုန်၏။

ရတနာထန်းပင်စဉ် ခုနစ်ထပ်တို့သည်ကား- စောင်းရန်းနား၌ စိုက်ကုန်သော ထန်းပင်စဉ်တို့၏ အကျိုးအားဖြင့် ဖြစ်ကုန်၏။

ရတနာရေကန်တို့ကို ရံသော ရတနာပွတ်တိုင်၊ ရတနာထန်းပင်စဉ်တို့သည်ကား ထိုရောအခါ၌ ရေကန်ကိုရံသော ဆူးစောင်းရန်းအလို့ငှာ ထန်းပင်စဉ်တို့ကို စိုက်သော အကျိုးအားဖြင့် ဖြစ်ကုန်၏။

ဤကား- ဒီဃနိကာယ် မဟာဝဂ္ဂကျမ်း၊ မဟာသုဒဿနသုတ် ပါဠိ, အဋ္ဌကထာတို့တွင် လာသော အလျှ၏ အကျိုးတည်း။

ထိုမှတပါး အင်္ဂုတ္တရနိကာယ် ပါဠိ, အဋ္ဌကထာ၊ သံယုတ္တနိကာယ် ပါဠိ, အဋ္ဌကထာ၊ မဇ္ဈိမနိကာယ်ပါဠိ, အဋ္ဌကထာ၊ ခုဒ္ဒကနိကာယ်ပါဠိ, အဋ္ဌကထာစသော နိကာယ်ကျမ်းကြီး ကျမ်းခိုင် အရပ်ရပ်တို့၌ ဒါနာနိသံသ၏ အကျိုးတို့ကို ပြသည်ကား များစွာပင် ရှိသေး၏။ အလွန်ကျယ်ဝန်းအံ့စိုး၍ မနုတ်မဆိုလိုက်ပေသည်။

သမန္တစက္ခုဒီပနီ– စတုတ္ထတွဲပြီး၏။

သမန္တစက္ခဒိပနီကျမ်း

ပဉ္စမတွဲ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

တပည့်တော် သိရိမာလာ လျှောက်ပါသည် ဇေတဝန်ဆရာတော်ဘုရား။

၈၄ - ပဏ္ဏာ။ ။မင်းရာဇာ လျှောက်ပုံ၌–မြတ်စွာဘုရားသည် အမြိုက်တည်းဟူသော နိဗ္ဗာန်ကို ယူတော်မူသည့်နောက် အနှစ်တစ်ရာပြည့်သောအခါ သရေခေတ္တရာပြည်ကြီးသည် ဖြစ်၏။ ထိုပြည်၌ကား- ဒွတ္တာဘောင်အစ၊ သုပညာနဂရဆိန္နမင်းလျှင် အဆုံးတည်း။ မင်းဆက်ပေါင်းကား- နှစ်ကျိပ်ငါးတည်း။ မြို့သက်ကား-အနှစ်ခြောက်ရာတည်း၏ဟု ဆိုပါသည်။ ဤသို့ဆိုသည့် အလိုကား- မြို့ မတည်မီ အနှစ်တရာ၊ မြို့သက်ခြောက်ရာနှင့် ပေါင်းသော် သာသနာတော်နှစ်ပေါင်း ခုနစ်ရာ ရသင့်ပါသည်။

ရတနာထွတ်ခေါင် ခ်ီသော မင်းဆက်လက်ာတွင်လည်း–

နွယ်ဆက်နှစ်ပါး၊ နှစ်ကျိပ်ငါးလျှင်၊ ဘုရားသာသနာ၊ ခုနစ်ရာက၊ သန်းပြည့်ဖြူး၊ သုံးဆယ့်ကိုးတွင်၊ လေဆိုးမြောက်လွှင့်၊ စကောလွှင့်၍၊ တဖွင့်တကွဲ၊ သုံးစုကွဲသား၊ ပျက်မြဲဓမ္မတာ၊ မလွဲသာသည်။ ။ကြမ္မာသည်တွင် ဆုံးခန်းတည်း။ ဟု အစပ်အဆိုတွေ့ပါသည်။

ယင်းသို့ စပ်ဆိုသည့်စကားနှင့် မင်းရာဇာပုံတွင်ဆိုသော စကားသည် မတိမ်းမယိမ်း အညီအညွတ်ပင် ဖြစ်ပါသည်။ သို့ကိုလျက် အချို့ဆရာက သရေခေတ္တရာမြို့သက်ငါးရာ သာတည်သည်။ဘုရားသာသနာတော် ခြောက်ရာ့သုံးဆယ်ရှစ်ခုတွင် တိမ်းယိမ်းသည် ဆိုခဲ့ပြန်ပါသည်။ ဤစကားနှစ်ရပ်ကိုလည်း ညှိနှိုင်းတော်မူပါ။ သင့်ရာမှတ်လိုပါသည်။

သက္ကရာဇ် ၁၁၇၂-ဝါဆိုလဆန်း ၁ ရက်။ အင်္ဂါနေ့။ မုံရွာ သိရိမာလာက လျှောက်လာရာတွင် ဖြေဆိုလိုက်သည်ကား–

၈၄-ဝိသင္ဇနာ။ ။ဘုရားသခင် မရှိသည့်နောက် အနှစ် ၁၀၁-ခု။ တန်ခူးလဆန်း ၁-ရက်၊ တနင်္ဂနွေနေ့ နံနက် နက္ခတ် ၂၆-လုံးတွင် အစပြု၍ သရေခေတ္တရာပြည်ကြီးကို ရသေ့၊ သိကြားစသော ခုနစ်ယောက်တို့ တည်ထောင်ကြောင်းကို အရပ်ရပ်သော ရာဇဝင်ဟောင်း၊ ကျောက်စာဟောင်း၊ မော်ကွန်း၊ သံပိုင်း၊ ခဲချင်းစသည်တို့၌ ထွက်ဆိုသည်၊ ငင်းထွက်ဆိုသည်နှင့်အညီ တွက်ချက်နှိုင်းညှိသည်ရှိသော်–

သုမုန္ဒရီမင်းလက်ထက်၊ သာသနာတော် သက္ကရာဇ် ၆၂၄-ခုတွင် ၂-နှစ်ခုအကြွင်းထားပြီးလျှင်၊ ၆၂၂-ခုကိုဖြို့ဖျက်၍ ဒေါဒေါရသကိန်းဟု သမုတ်သည်။ ထိုအခါသရေခေတ္တရာမြို့သက် ၅၂၄-နှစ်ရှိသင့်လေပြီ။ ဖြို့ပြီးနောက် ကိန်းပြုစ သက္ကရာဇ် ၂-ခုတွင် သားတော် အာဒိတျာ မင်းပြုသည်။ စည်းစိမ်သုံးနှစ်၊သက္ကရာဇ်၅-ခုတွင် သုပညာနဂရဆိန္နမင်းပြုသည်။ စည်းစိမ် ၁၁-နှစ်။ သက္ကရာဇ် ၁၆-ခုတွင် သရေခေတ္တရာပြည် တိမ်းယိမ်းသည်။ ဖြို့ပြီးမြို့သက် ၁၄-နှစ်ရှိသည်။ နှစ်ရပ်ကို ပေါင်းသည်ရှိသော် သက္ကရာဇ် မဖြို့မီမြို့သက် ၅၂၄-နှစ်၊ ဖြို့ပြီးနောက် မြို့သက် ၁၄-နှစ်ဖြစ်၍ ၅၃၈-နှစ်ခန့်သာ အတွက်ရသည်။ ထို့ကြောင့် မြို့သက် ငါးရာကျော်တည်၏ဟု ဆိုသော် သင့်ရာ၏။ ခြောက်ရာဆိုသော် မသင့်လွန်းချေ။

သာသနာတော်နှစ်မှာလည်း မြို့မတည်မီ ၁၀၁-ခု။ မြို့တည်ပြီး မြို့သက် ၅၃၈-နှစ်နှင့်ပေါင်းသော် ၆၃၉-နှစ်ဆိုသော် သင့်၏။ "ခုနစ်ရာနှင့်၊စွန်းပါပြည့်ဖြိုး၊ သုံးဆယ့်ကိုး" ဆိုသော် မသင့်လွန်းချေ ထင်ပေသည်။

ဤနေရာ၌ အတွက်အချက် ရကောင်းသည်ကိုသာ စိစစ်၍ဆိုလိုက်ရပေသည်။ သူကငါက စာပေရေးသားပြုစုကြသည် ဆိုသမျှသော ပညာရှိအပေါင်းတို့သည် ဉာဏ်ပညာသတိ ယွင်းယိုး၍လည်းကောင်း၊ သဘောနှလုံးမတွေးတောမိ၊ မဆင်ခြင်မိ၊ ဆင်ခြင်မိသော်လည်း သဘောမသက်သေးဟူ၍ သော်လည်းကောင်း၊ ရှေးသဘောသက်နှင့်ရင်းပင် ရှိသော်လည်း စီကုံးရေးသားပြုစုဆဲသောကာလ အရေးအမှတ် ယွင်းယိုး၍လည်းကောင်း၊ နောက်သားတို့ ရေးကူးမှတ်သားရာတွင် ယိုယွင်းပြန်၍လည်းကောင်း အတိမ်းအယိမ်းရှိမြဲပင် ဖြစ်တော့သည်။

၈၅-ပုစ္ဆာ။ ။နန်းတက် သက္ကရာဇ်စည်းစိမ် နှစ် လ မည်သည့်မင်းလက်ထက် သက္ကရာဇ် ဖြို့ကြောင်းကိုလည်း အကျဉ်းမှတ်လွယ်အောင် စီကုံးရုံးစုတော်မူပါ။ လေ့ကျက်လိုပါသည်။

၈၅-ဝိသဇ္ဇနာ။ ။နန်းတက်သက္ကရာဇ် စည်းစိမ် နှစ်-လနှင့်တကွမည်သည့်မင်းလက်ထက် သက္ကရာဇ် ဖြို့ကြောင်းကိုလည်း အကျဉ်းမှတ်လွယ်အောင် စီကုံး ရုံးစုတော်မူပါဆိုရာ၌—

ဤစကားသည် လျှောက်သူကကျဉ်း၏၊ ဖြေသူက အကျဉ်းဆိုရမည့်အရာ အလွန်ခဲ၏၊ ကျယ်၏ထင်သည်၊ အကျယ်ကို အကျဉ်းဆိုနိုင်သောဉာဏ်။ အကျဉ်းကို အကျယ်ဆိုနိုင်သော ဉာဏ်တို့သည်ကား- မည်ကာမတ္တသော ပုထုဇဉ်တို့၏ အရာမဟုတ် ဟူ၍ပင် ထင်ပေသည်။

မဟောသဓသည် အမရာဒေဝီနှင့် ပြောဆိုကြသောဆန္ဒပထပဉ္ဉာ။ ဘေရီပရိဗ္ဗိုဇ်မနှင့် ပြောဆိုကြသော ပဉ္ဉာတို့သည် သူတပါးတို့ အလွယ်တကူ မသိနိုင်ရာ၊သဗ္ဗညုဘုရားလောင်းဖြစ်၍သာ သိနိုင်လေသည်။

ဤအရာ၌ မေးသူကလွယ်၏၊ ဖြေသူက အလွန်ခက်သော အရာဖြစ်သည်၊ အကျယ်ကို အကျဉ်းရုံးချဉ်းရာ၌ အဘိဓမ္မာဒေသနာကိုမြတ်စွာဘုရားသည် ဝိတ္ထာရအားဖြင့် ဟောတော်မူပြီးမှ အရှင်သာရိပုတြာကို သခ်ဳပအားဖြင့် ဟောတော်မူသည်။

သုဘလုလင် မေးလျှောက်သောကာလ၊ အကျယ်ဖြေရမည်ကို အကျဉ်းဖြေတော်မူသည်ဟု ဆိုသည်။ ဤအရာကား- ဘုရားဖြစ်၍သာ အကျယ်ကို အကျဉ်းရုံးနိုင်လေသည်။ အကျဉ်းကို အကျယ်ချဲ့နိုင်လေသည်ကား-အရှင်သာရိပုတြာသည်လင်းနို့သားဖြစ်ခဲ့ဖူးသော ငါးရာသောရဟန်းတို့ကို အဘိဓမ္မာဒေသနာတော်ကို အကျယ်ချဲ့၍ ဟောတော်မူနိုင်ပြန်သည်။

အရှင်ကစ္စည်းထေရ်သည်သဒ္ဒါကျမ်းနိရုတ္တိကျမ်း၊ ပေဋကောပဒေသ ကျမ်းတို့ကိုလည်းကောင်း။ မဓုပိဏ္ဍိကသုတ်၊ ကစ္စာယန ပေယျာလ၊ ပါရာယန သုတ်တို့ကို လည်းကောင်း အကျယ်ချဲ့နိုင်သည်ကား- ရဟန္တာဖြစ်၍သာ ချဲ့နိုင်လေသည်။ အကျဉ်းချုံးခြင်း၊ အကျယ်ချဲ့ခြင်းတို့သည် ခဲလှသော အရာသာဟု ထင်ပေသည်။

တကြောင်းလည်း၊ ယခု လျှောက်ထားသော အရာတို့သည် လောကီသက်သက် လောကဝတ်ကြောင်းဖြစ်၍ ခိုင်ခိုင်ခဲ့ခဲ့ ပါဦ, အဌကထာ,ဋီကာ ကိုးကားစရာမရှိ။ သက္ကရာဇ် အစွဲအမှတ်လည်း မညီမညွတ်ဖြစ်ခဲ့သည်။ ရာဇဝင်များတွင် ထွက်သည့် သက္ကရာဇ်များနှင့် ကျောက်စာချင်းများတွင် ပါသည့်သက္ကရာဇ်၊ ကလျာဏီကျောက်စာတွင် စိုးစဉ်းပါလာသည့် သက္ကရာဇ်များသည် မညီမညွတ် ရှိခဲ့သည်။ ယင်းသို့ဖြစ်၍အမှန်အကန်ဆိုရမည့်အရာသည် လွယ်ယောင်နှင့် ခက်ခဲသကဲ့သို့ ဖြစ်၍နေသည်။ ထိုသို့ဖြစ်သော်လည်း သိလို မှတ်လိုသူ၏ အာသာဆန္ဒပြေရုံမျှဖြင့် ကျွန်းဦးဌိရောက်သော သပြေသီးကို တောင့်တသူသည်ထိုသပြေသီးကို မရသာ၍ လူပြည်တွင်ရှိသော သပြေသီးကိုပေး၍ ချင်ရဲပြေစေရသကဲ့သို့ မြင်းမိုရ်စကြဝဠာ တည်ဟန်ကို လူပြည်သို့တည်၍ မပြနိုင်သဖြင့် ပုံစံရေး၍ ပြသရတိသကဲ့သို့ အင်တန်အင်မျှ မှတ်သားနှင့် ရရုံဖြင့်သာ ပြပေအံ့။

ပြလတ္တံ့သော သက္ကရာဇ်သခ်္ကာတို့သည် ရှင်ဝဇိရပုဂ္ဂိုလ် ရေးထားခဲ့သော ရာဇဝံသပါဠို၊ ငှက်ပစ်တောင် ပဌမ အထက်ဂေါဓာဝရဆရာတော် ရေးထားခဲ့သော ရာဇဝံသ၊ အရှင်မဟာသီလဝံသ ရေးထားခဲ့သော ရာဇဝံသ၊ ဟံသာဝတီ ဆင်ဖြူများရှင် အရေးတော်ပုံ၊ သမိုင်းတော်အကျယ်၊ ပုဏ္ဏားရာဇဝင်၊ သက္ကရာဇ်ပုံ အင်းစောက်ချ၊ မောင်ကုလား ရေးထားခဲ့သည့် ရာဇဝံသအကျယ်, အလတ်, အချုပ်သုံးစောင်ထွက်၊ ရှင်သူရဲဆို ထိပ်ပွေခေါင်ချာချီ သခင်ထွေးချင်း၊ လှော်ကား သုံးထောင်မှူးဆို စကြဝဠာချီ တပင်ရွှေထီး ဧချင်း၊ ငင်းလှော်ကား သုံးထောင်မှူးပင်ဆို တဝေးမပြားချီ တပင်ရွှေထီးနားတော်သွင်းခေါ်သည့် ဆွေတော်စဉ်ဧချင်း၊ နဝဒေးဆို မဟာမုနိန္ဒချီ မင်းတရားခယ်တော်ဧချင်း၊ ဆီးကိုင်းစားဆို ဇမ္ဗူဒီပါချီ နတ်ရှင့်မယ်တော်ဧချင်း၊ ငင်းဆီးကိုင်းစားပင်ဆို မြတ်ညွန်းမင်္ဂလာချီ ရခိုင်ပါမိဖုရားဧချင်း၊ တလုပ်မြို့စား သခ်ယာဆို မင်္ဂလာညွန့်ရှင်ချီ ဟံသာဝတီ မဟာဥပရာဇကြီး ဧချင်း၊ ငင်းသခ်ယာပင်ဆို သောင်းထိုက်စကြဝဠာချီ ရတနာပုရ မဟာဥပရာဇာငယ် တွင်သည့် မင်းရဲကျော်စွာ စုန်ဧချင်း၊ နဝဒေးဆို တမွတ်ရတနာချီ ဘုရင့်နှမတော်ဧချင်း၊ ပါယ်သငယ်စားဆို မာန်အောင်ရတနာချီ သခင်ကြီးဧချင်း၊ ရှင်သံခိုဆို မင်္ဂလာမဏ္ဍိုင်ချီ မင်းရဲဒိဗ္ဗဧချင်း၊ ဇေယရန္တမိတ်ဆို မင်္ဂလာမဠာချီ မင်းရဲနရာဧချင်း၊ အဒူမင်းညီဆို့ဧလျောက်ပုံ့ပျံးချီ ရခိုင်မင်းသမီး ဧချင်း၊ မြေစွန်ဝန် ရာဇသူရခံ မြအိုဆို အောင်ပန်းညွှန့်လူချီ၊ မာန်အောင်ရတနာ ဒါယကာခံ မင်းသက်ရှည်ဧချင်း၊ ဟံသာဝတီရောက် မင်းတရားငယ်ဆိုရာ အိမ်ရှေ့ကျောင်းနေ ရှင်ဗုဒ္ဓကံ့ရဆို မင်္ဂလာ အခေါင်ချီ ငစဉ်ကူးမင်း ဧချင်း၊ စာဆိုငယ် မင်းထင်ကျော်ဆို မြေတူးမင်းသမီး ဧချင်း၊ မင်းရဲမင်းလှကျော်ထင်ခံ ပဒေသရာဇာဆို တိုးတက်မင်္ဂလာချီ မင်းထိပ်ဦးနေဧချင်း၊ ငင်းပဒေသရာဇာဆို၊ မင်္ဂလာပင်စည်ချီ မင်းထိပ်ပန်းသည်တွင်သည့် မင်း

ရတနာဧချင်း၊ ဘုန်းလူလူညွှန့်လင်း ဝေချီ လူးတားသံနားတော်သွင်းဧချင်း၊ စိန္တကျော်သူဆို မင်္ဂလာဖူးခိုင်ချီ ပင်းတလဲမင်းဧချင်း၊ ငင်းစိန္တကျော်သူပင်ဆို မင်္ဂလာသရဖူချီ အိမ်ရှေ့စံမင်းသမီး ဧချင်း၊ ပုလိပ်စားမင်းရာဇာခံ မောင်ဖျော်ဆို မင်္ဂလာချက်ပွေ့ရတနာသိခ်ိဆွေတော်စဉ်တွင်သည့် ဝစဉ်ကူးမင်းနားတော်သွင်း ဧချင်း၊ လက်ဝဲသုန္ဒရဆို တမွတ်မင်္ဂလာချီ ဧချင်း၊ ဇေယျကျော်သူခံ မောင်တိုးဆို မင်္ဂလာမှောင်ချွေချီ ရိုးတော်ယူ မြေးတော် အိမ်ရှေ့မင်းဧချင်း၊ တွင်းသင်းဝန် မဟာစည်သူဆို ဘဒ္ဒကမ္ဘာချီ မျိုးတော်စဉ်ဧချင်း၊ နန္ဒသူရဆို မင်္ဂလာမြုတေချီ ဆင်ဖြူရှင့် မယ်တော်ဧချင်း၊ မြာတောစား နန္ဒကျော်ထင်ကြီးဆို မင်းဆက်လက်ာ၊ စိန္တကျော်သူဆို မင်းဆက်လက်ာ၊ မြင်းခွာစား မင်းရာဇာဆို ဘုန်းပွင့်ဝေဆာချီ ဆွေတော်စဉ် သမိုင်းတို့နှင့်တကွ ဧချင်းစုအရပ်ရပ်၊ မျက်မှောက်လက်ထက် ရေးထားခဲ့သည့် ကျောက်စာကမ္ဘည်း အရပ်ရပ် အထွက်အဆို တို့နှင့် ညီညွှတ်ခြင်းရှိသော် ယူရာ၏။ မညီသော် မယူရာ၊ ပယ်စွန့်ရာ၏။

ဟနဂ်္ဂနေနံ အက္ခရာကို-၁။ တနင်းလာနံအက္ခရာကို ၂။ အဂ်ါနံအက္ခရာကို-၃။ ပုဒ္ဓဟူးနံအက္ခရာ (လ)နှင့် (ဝ)ကို-၄။ ကြာသပတေးနံအက္ခရာကို-၅။ သောကြာနံအက္ခရာကို-၆။ (နံ) ငယ်မှ တပါး စနေနံကို-၇။ ရာဟုနံ (ယ) နှင့် (ရ)ကို-၈။ (နော) နှင့် (ကိုး)ပါလျှင် ၉-ခု။ (နံ)ငယ်သက်သက်ကို သုညယူ။ သခ်ျာအရမှာလည်း ယထာဂ္ဂမနည်းယူမှ သင့်မည်ဖြစ်သည်။

မရွိမဒေသမင်းဆက်

ဇယတု၊ မှတ်စုနံသင့်ညွှန်။

မြတ်မွန်ဇိန၊ ထွတ်သက္ကဲ့ ပြောင်းကြွပြည်နိဗ္ဗာန်။

၁ နှစ်ဆယ့်လေးမှတ်၊ ဇာတသတ်၊ မင်းမြတ်စည်းစိမ်မှန်။

၂	ခါလွန်၊ ဥဒယ	....	....	....	၂၄
၃	လနေ၊ နုရုဒ္ဓါ	....	....	....	၄၀
၄	လေလာ၊ မုဏ္ဍာ	....	....	....	၄၄
၅	ဝေရ၊ နာဂဒါ	....	....	....	၄၈
၆	တိက္ကာ၊ သုသု	....	....	....	၉၂
၇	နောနု၊ ကာလာသော	....	....	....	၉၀
၈	ဥဩရ၊ သားတစ်ကျိပ်	....	....	....	၁၁၈
၉	အိမ်လုံးနှိပ်၊ နန်းကိုးဦး	....	....	....	၁၄၀
၁၀	အသ်ာကူး၊ စန္ဒဂုတ်	....	....	....	၁၆၂
၁၁	အရသုတ်၊ ဗိန္ဒုသာ	....	....	....	၁၈၆
၁၂	ကြာအလှ၊ သောကမင်း	....	....	....	၂၀၄
၁၃	ကြာဖြူအင်း၊ မင်းရိုးသုဉ်း၊ ထုံးနည်းမှတ်ယူရာ။		....	....	၂၅၁

တကောင်းမင်းဆက်

၁	မြတ်သာသနာ၊ နှစ်ဆယ်မှာမူ၊ မဟာသတိုးစစ်		....	....	၂၀
၂	သုံးဆယ့်နှစ်၊ အိမ်ရှေ့ပျော်	....	....	....	၃၂
၃	လေးဆယ်သော်၊ ဝက်လိုက်လာ	....	....	....	၄၀
၄	၎င်းနှစ်ပင်ဖွား၊ ကျင်သားနန်းလျာ	....	....	....	၄၀
၅	ပဉ္စနော၊ ပြည်မှန္ဒင်	....	....	....	၅၉

ပြုန္နာမင်း ၂-ပါး

၁	ခြောက်ဆယ်လျှင်၊ ပြုန္နာတွင်၊ မဟာသမ္ဘဝ	....	....	....	၆၀
၂	သောသ၊ စူဠသမ္ဘဝါ		....	....	၆၆

ဦးရေ	မင်းအမည်နှင့် အကြောင်းအရာ	နှန်းတက် သတ္တရာဇ်
	သရေခေတ္တရာမင်းဆက်	
၁	အနှင့်အာ၊ ဒွတ္တဘောင်	၁၀၁
၂	အိမ်ထောင်ဦး၊ ဒွတ္တရန်	၁၇၁
၃	အင်နောစံ၊ ရန်ဘောင်ခါ	၁၉၃
၄	ကြိုင်လှစွာ၊ ရန်ဘန်ပိုင်	၂၄၃
၅	ကြာကိုးဆိုင်၊ ရက္ခိုင်ဖြစ်	၂၉၃
၆	စစ်ကြီးလာ၊ ခံလောင်းခေါ်	၃၂၄
၇	စည်သူကျော်၊ လက်ခိုင်စိုး	၃၆၂
၈	ဆယ်ကိုးသာ၊ သီရိခံ	၃၉၆
၉	ဝေးကွာလံ၊ သီရိရာဇ်	၄၂၄
၁၀	ဝေးစင်စစ်၊ ငတစ်ပါး	၄၃၃
၁၁	ဝေးရပ်လား၊ ပါပိယံ	၄၈၄
၁၂	မြဲမြံနေ၊ ရံမုက္ခ	၅၁၀
၁၃	ပြည်သာမှ၊ သိန်ဆက်	၅၆၅
၁၄	ပြည်သူရက်၊ မုဆွလိန်	၅၆၈
၁၅	ပြရွှေစိန်၊ ဘေရိန္ဒ	၅၈၃
၁၆	ပဆွနောပဆွ၊ မုဆွလရာဇာ	၅၉၅
၁၇	ခြောက်ရာပြည့်၊ ညီပုဏ္ဏာ	၆၀၀
၁၈	ခြောက်ရာ့သုံး၊ သာခရောက်	၆၀၃
၁၉	ခြောက်ရာ့ခြောက်၊ သာသိစိုး	၆၀၆
၂၀	ခြောက်ရာ့ကိုး၊ ညီကန္ဒ	၆၀၉
၂၁	ခြောက်ရာ့ဆယ်၊ နောင်ကံတက်	၆၁၀
၂၂	သာစောက်၊ နောင်ဘိဇ္ဇ	၆၁၃
၂၃	သာထေ၊ မုန္ဒရီ	၆၁၇

နန်းစံသတ္တ၊ ရောက်ကာလတွင်၊ ဒေါဒေါရသ၊ ဒွေသေသနှင့်၊ မူလထောင်ဖြို့ပြို။

သက္ကရာဇ် ၆၁၇-ခုတွင် သုမုန္ဒရီမင်းမင်းပြုသည်။ နန်းစံ ၇-နှစ်။

သက္ကရာဇ် ၆၂၄-ခုတွင် ၆၂၂-ခုကို ဖြိုသည်။ အကြွင်း ၂-ခုထားသည်။

ဖြိုလေပြီးသောကိန်းဟောင်းကို ဒေါဒေါရသကိန်းဟု ခေါ်သည်။

ဦးရေ	မင်းအမည်နှင့် အကြောင်းအရာ	နန်းတက် သတ္တရာဇ်
၂၄	ကီ၊ အဒိတျာ	၂
၂၅	ပါ၊ ပညာနဂရ	၅
၂၆	သောဇ္ဈသ၊ ပြည်ကြီးညို့	၁၆
၂၇	တစ်ဆယ့်ကိုးတွင် တောင်ညိုပျက်၍ပြား	၁၉
၂၈	နှစ်ဆယ့်ငါးမှာ သက်သာပန်းတောင်းတိမ်း	၂၅
၂၉	အဌဝီသကိန်းတွင် မင်းတုန်းကျိုး	၂၈

ပုဂံမင်းဆက်

၁	နှစ်ဆယ့်ကိုးတွင်၊ ဆယ့်ကိုးရွာကို၊ မဟာသမုဒ္ဒရာဇ်ဖွဲ့	၂၉
၂	ခုနစ်ဆယ့်လေးနှစ်၊ ရသေ့ကြောင်မင်းဖြစ်	၇၉
၃	ရှစ်ဆယ့်ကိုး၊ ဥမ္မိုးမင်း	၈၄
၄	အသစ်လင်း၊ ထီးမင်းယိုင်	၁၆၄
၅	ခြိမ့်ခြိမ့်အိုင်၊ ယဉ်မင်းပိုက်	၂၂၁
၆	ခါလိုက်သင့်၊ ပိုက်သေဉ်လည်	၂၄၆
၇	ခါသင့်သည်၊ သေဉ်လည်ကြောင်	၂၆၆
၈	ညီနောင်ကိုး၊ ကြောင်တူရစ်	၃၀၉
၉	စင်စစ်လျှ၊ သည်ထံမင်း	၃၃၄
၁၀	စေသူအင်း၊ မုက္ခမန်	၃၆၀
၁၁	သုံးလခွဲသော်၊ သူရဲမင်းပြုရန်	၃၆၀
၁၂	လေးအားသန်၊ ရမွန်ဖျား	၄၀၆
၁၃	လေညာယား၊ သိုက်တိုင်တည်	၄၃၈
၁၄	လေလာများ၊ သားသေဉ်လည်	၄၄၅
၁၅	လေဗွေလည်၊ သေဉ်လည်ပိုက်	၄၅၄
၁၆	လေသိုက်ကိုး၊ ခဲလောင်းခါ	၄၆၉
၁၇	လေတာနော၊ ညီခဲလတ်	၄၇၉
၁၈	လေနောအပ်၊ သားထွန်တိုက်	၄၉၁
၁၉	မြို့နန်းစိုက်၊ ထွန်ပစ်ဆိုက်	၅၀၃
၂၀	မြို့ကျုံးနက်၊ ထွန်ခြစ်ရှင်	၅၂၀
၂၁	ပန်းညိုပင်၊ စောရဟန်	၅၃၅

သတ္တဗီသာ၊ ရောက်သောအခါတွင်၊ သေသာဒွယ၊ အကြွင်းချ၍၊ ခ ဆ ပဌာ၊ ကောဇာထောင်ဖြို့ပြန်၊

ဦးရေ မင်းအမည်နှင့်အကြောင်းအရာ နန်းတက်သက္ကရာဇ်

ပုပ္ပါးစောရဟန်းမင်းသည် ၅၃၅-ခုနှစ်တွင် မင်းပြုသည်။ နန်း၀ဝ ၂၇-နှစ်။ သက္ကရာဇ်၅၆၂-ခုရောက်သောအခါ သေသအကြွင်း၂-ခုထား၍၅၆၀-ကို ဖြုပြန်သည်။ ဖြုပြီးသော ကိန်းဟောင်းကို ခ ဆ ပစ္စာကိန်းဟုခေါ်သည်။

၂၂ ကံ၊ ရွှေအုန်းသီးစိုးစံ ၂
၂၃ အောင်လံ၊ ပိတ်သုံ ၁၄
၂၄ ကြာငုံ၊ ပိတ်တောင် ၂၂
၂၅ ထွတ်ခေါင်၊ ငခွေး ၃၂
၂၆ ထွန်းရောင်၊ မြင်းကျွေး ၅၈
၂၇ ရွှေရေး၊ သိခ် ၈၈
၂၈ နောဆ၊ သိန်းခွန် ၉၆
၂၉ အနက်သန်၊ ရွှေလောင်းစိုး ၁၀၆
၃၀ အင်းအိုင်ဖြူး၊ ထွန်တွင်းရ ၁၁၅
၃၁ အကြူးလှ၊ ရွှေမှောက်ယူ ၁၂၄
၃၂ အောင်လံထူ၊ ထွန်လွှတ်၀င် ၁၄၃
၃၃ အသာလွင်၊ စောခင်နှစ် ၁၆၄
၃၄ နောဇော်၊ ခဲလူးတွင် ၁၉၁
၃၅ ကြိုင်နှံ့ရွှင်၊ ပျဉ်းပြားမင်း ၂၀၈
၃၆ ကြပ်ကြပ်မင်း၊ မင်းတံနက် ၂၂၅
၃၇ ကြာညိုရွက်၊ စလေသား ၂၃၈
၃၈ ကြာသီးစား၊ သိန်းခိုမှတ် ၂၆၃
၃၉ ဒွေသတ်နော၊ တောင်သူခေါ် ၂၇၉
၄၀ စံအကျော်၊ ကွမ်းဆော်တက် ၃၁၂
၄၁ စိုးစံဆက်၊ ကြည်စိုးစိုး ၃၃၃
၄၂ သုံးရာ့သုံးဆယ့်ကိုး၊ စုက္ကတေး ၃၃၉
၄၃ ဆိမ့်သာလေး၊ နော်ရထာ ၃၆၄
၄၄ ကြိန်းနောသတ္တာ၊ ဥပရာစောလူး ၃၉၃
၄၅ ဝိုက်ကြူးညွှန်၊ ကျန်စစ်မှတ် ၄၂၃
၄၆ လူများနတ်၊ စည်သူလောင်း ၄၅၀
၄၇ မြင့်ကြာနှောင်း၊ ရှင်စောရ ၅၂၀
၄၈ ၎င်းရက်ပင် ကုလားကျ ၅၂၀
၄၉ ပွင့်ငုံစ၊ နရသိခ်ရာဇ် ၅၂၃
၅၀ ပွင့်ငုံသစ်၊ နရပတိစိုး ၅၂၆
၅၁ ငါးရာ့ငါးဆယ့်ကိုး၊ ထီးလှိုင်မင်း ၅၅၉
၅၂ မရင်းအင်း၊ မင်းကျစွာ ၅၈၁

ဦးရေ	မင်းအမည်နှင့်အကြောင်းအရာ	နန်းတက်သက္ကရာဇ်
၅၃	ပည်းနောသတ်မှာ၊ ဥဇနာသားတော်	၅၉၃
၅၄	သွပ်နှမ်းခေါ်၊ သားမြွာဘ	၆၀၂
၅၅	သောဠသ၊ ကျော်စွာပိုင်	၆၄၆
၅၆	သင်းသင်းကြိုင်၊ စောနစ်ခန်	၆၆၂
၅၇	သာယာလွန်၊ စောမွန်နစ်၊ နွယ်စစ်မပြား၊ စိုးပိုင်စား	၆၈၄
၅၈	တကားနော၊ စောကဲလက်ထက်၊ ပုဂံပျက်၊ မင်းဆက်အကျဉ်းချုပ်	၇၂၉

မြင်စိုင်း၊ မက္ခရာ၊ ပင်လယ်၊ (သုံးမြို့တည်။)

၁	သံသော့ငုတ်၊ အဟုတ်မြင်စိုင်းမှာ၊ ရာဇသင်္ကြီ၊ နန်းစံစိုးပိုင်သ	၆၆၂
၁	ငုံးနှစ်တွင်၊ အသန်ယာ၊ မက္ခရာဝယ်တဌာန	၆၆၂
၁	ငုံးနှစ်ပင်၊ ပင်လယ်တွင်၊ တစီးရှင်သီဟသူ၊ စိုးသူထီးနန်းရ	၆၆၂

ပင်းယမင်းဆက်

၁	သော်တာလ၊ ပင်းယတည်သည် တစီးရှင်	၆၇၄
၂	သာရွှင်လှ၊ ဥဇနာ	၆၈၄
၃	ထွန်းနေဝါ၊ ငါးစီးရှင်	၇၀၄
၄	ထင်အံစာ၊ ကျော်စွာငယ်	၇၁၃
၅	တယ်ကြူးစ၊ နရသူ	၇၂၃
၆	ထူကျော်သောင်း ခြေပြောင်ဥဇနာ၊ မင်းခြောက်ဆက်၊ တည်လျက်ပင်းယမှာ။	၇၂၆

စစ်ကိုင်းမင်းဆက်

၁	သာယာဝိုင်း၊ စစ်ကိုင်းတည်သည့်သခ်ယာ	၆၈၄
၂	သာကိုးကျော်၊ နောင်တော်တရဖျား	၆၉၂
၃	သားကိုးရောင်၊ ရွှေတောင်တက်	၆၉၈
၄	တက်နေဝါ၊ ကျစွာပေ	၇၀၄
၅	တက်နေသဲ၊ မင်းရဲကြီး	၇၀၆
၆	ထီးအလှ၊ တရဖျား	၇၁၄
၇	တိုက်အားသွင်း၊ မင်းဖျောက်ခံ	၇၁၆
၈	ထံကျော်သောင်း၊ ထောင်းထောင်းညက်ညက်၊ စစ်ကိုင်းပင်းယ၊ နှစ်ဌာနကို၊ ရှမ်းကဖျက်၊ မင်းဆက်ခြွမ်းခြွမ်းကျိုး	၇၂၆

ဦးရေ	မင်းအမည်နှင့် အကြောင်းအရာ	နှိုင်းတက် သက္ကရာဇ်

ပထမအင်းဝမင်းဆက်

၁	ထိန်ကျော်ဟိုး၊ သတိုးဖျား	၂၂၆
၂	တကားနော၊ စောကဲမှတ်	၂၂၉
၃	ထပ်သာခု၊ တရဖျား	၃၆၂
၄	နှစ်-မခြားခင် မင်းခေါင်ကြီး	၃၆၂
၅	ထီးရှစ်လီ၊ သီဟသူ	၃၈၄
၆	ထူးရွှေတွင်း၊ မင်းလှငယ်	၃၈၇
၇	တယ်ရွှေထွေး၊ ကျေးတော်ညီ၊ လကိုဆို၊ ပေါင်းသတ္တ	၃၈၇
၈	ဒါရုရ၊ မိုးညှင်းဖြစ်	၃၈၈
၉	ရှားနှစ်အဲ၊ ရဲကျော်စွာ	၈၀၁
၁၀	ရွှေနန်းလာ၊ ထူပါရုံဒါယကာ နရပတိကြီး	၈၀၄
၁၁	ရွှင်စံနှီး၊ မင်းကြီးမဟာသီဟသူရ	၈၃၀
၁၂	ရံဝန်းခ၊ ဒုတိယမင်းခေါင်ခါ	၈၄၂
၁၃	ရွှင်သာစံ၊ နန်းကြော့ရှင်	၈၆၃
၁၄	ရွှေရင်ရံ၊ သိုဟ်ပွား	၈၈၈
၁၅	ကိုးနတ်စား၊ ခိုမှိုင်းစိုး	၉၀၃
၁၆	ကိုးနတ်ရဲ၊ မိုးပြဲနရပတိခံ	၉၀၈
၁၇	နောအင်းစံ၊ စည်သူကျော်ထင်ခါ	၉၁၃
၁၈	နောအံသာ။ သတိုးစော	၉၁၆
၁၉	နောလေမြင့်၊ ပြည်ကခွာ	၉၄၅
၂၀	လက်ယာစောင့်၊ တိဝသော	၄၈၃
၂၁	နောလေရဲ၊ ရဲကျော်စွာ	၉၄၈
၂၂	နောပဉ္စပဉ္စ၊ ပြည်သို့စုန်၊ တောချဲ့ဖြစ်သည်လေးနှစ်မျ	၉၅၅

တောင်ငူနှင့် ဟံသာဝတီ

	နည်းတဝ၊ တောင်ငူပြည်၊ ရွှေဝတည်ခြားနားစ	
၁	ရွှင်သာလှ၊ ပိုင်သဇေယ္ယသူ	၈၆၄
၂	ရင်ကိုးငူ၊ ရွှေထီးစိုး	၈၉၂
၃	ကိုးအချင့်၊ ဘုရင့်နောင်	၉၁၂
၄	နောလေးဆောင်၊ တောင်ငူရောက်	၉၄၃
၅	နောသောအောက်၊ ပျက်စီးပြန်	၉၆၁

ဦးရေ	မင်းအမည်နှင့်အကြောင်းအရာ	နန်းတက် သက္ကရာဇ်
	ပြည်မြို့	
၁	ရွှေလှေလှဲ၊ ပြည်စံသတိုးစော	၈၄၄
၂	ရွှေရောင်ရော၊ ဘုရင်ထွေး	၈၈၈
၃	ရှစ်ကိုးလေး၊ နရပတိကြီး	၈၉၄
၄	ကိုးနှင့်နီး၊ ညီမင်းခေါင်	၉၀၀
၅	ကိုးနေလောင်၊ တပင်ရွှေထီးဖျက်၊ သတိုးနန်းစောင်ဆက်၊ ပြည်မြို့ဖြုန်းဖြုန်းပျက်။	၉၀၄
	တောင်ငူနောက်ဆက်	
၁	နောဇစက်၊ နောက်ဆက်တောင်ငူ၊ ညီတော်မင်းခေါင်ယူ	၉၁၃
၂	နောက်ဝိုက်သူ၊ သည်ဦးဘုန်း၊ ရွှေနန်းတည်စံတုန်း	၉၄၆
၃	နောထန်းအုန်း၊ နတ်ရှင့်နောင်	၉၇၁
၄	နောထွတ်ခေါင်၊ တောင်ငူပျက်	၉၇၂
	ဒုတိယအင်းဝမင်းဆက်	
၁	တချက်အင်းဝမှာ၊ နောပဉ္စာနဝ၊ ညောင်ရမ်းရောက်	၉၅၉
၂	နောသောထောက်၊ နောက်ဘက်လွန်	၉၆၇
၃	နောနောနံ၊ မင်းဒိဗ္ဗ	၉၉၀
၄	နောနောအ၊ သာလွန်မင်း	၉၉၁
၅	အင်းနှင့်အနီး၊ ငါးထပ်ကြီး	၁၀၁၀
၆	အနီးကျော်စွာ၊ ပြည်မင်းခါ	၁၀၂၃
၇	အာဏာစက်ဝင်း၊ ဆယ့်တလနှင့် ပြောင်းသည့် အိမ်ရှေ့မင်း	၁၀၃၄
၈	၎င်းနှစ်ပင်၊ အင်္ဂါမင်း	၁၀၃၄
၉	အင်းနှင့်သာနေ၊ မင်းစနေ	၁၀၆၀
၁၀	ဧနီတောသား၊ တနင်္ဂနွေမင်းတရား	၁၀၇၆
၁၁	အနားကိုးမြွာ၊ နံဇိဝှါ	၁၀၉၅
၁၂	အာဇာညစော၊ နန်းကလျှာ	၁၁၁၃
	ကုန်းဘောင်ဆက်	
၁	ဥဩဂလာ၊ ကုန်းဘောင်လောင်းရာဇာ	၁၁၁၄
၂	အအာကံ့ကော်၊ သားဦးစစ်ကိုင်းပျော်	၁၁၂၂

ဦးရေ	မင်းအမည်နှင့်အကြောင်းအရာ	နန်းတက် သက္ကရာဇ်
၃	အံအော်ကြာဖြူ၊ သာလတ်ရွှေနန်းယူ	၁၁၂၅
၄	ဥဉီဇေယော၊ ငါးထပ်ဒါယကာ	၁၁၃၈
၅	ဧလေ့ိုင်စွာ၊ ဇိဂ္ဂါမင်းဖောင်းကား	၁၁၄၃
၆	ရက်ကားသတ္တာ၊ ရောက်လကာ၊ အမရပြည်ကြီးပိုင်	၁၁၄၃
၇	အင်းအိုင်လည်၊ မြို့ကြီးတည်၊ မြို့မည် အမရာ သာမောလှ၊ မှတ်ကြမင်းစဉ်စာ	၁၁၄၄

ဤသို့ဆိုခဲ့ပြီးသော ဥပဒေသ နည်းတို့ဖြင့် မှတ်သားသည် ရှိသော် လျှောက်ရင်းတိုင်း နန်းစံသက္ကရာဇ်ကိုလည်း သိရာ၏။ နန်းစံသက္ကရာဇ်ကို သိသဖြင့် စည်းစိမ် နှစ်-လကိုလည်း သိရာ၏။ သက္ကရာဇ် လ-နေ့ ပွား၍လာသဖြင့် ဒေါဒေါရသကိန်း။ ခ ဆ ပဉ္စာ ကိန်း နှစ်ရပ်တို့ကိုလည်း သိရာ၏။

၈၆-ပဉ္စာ။ ။ဘုရားသခင်သည် မဟာသမ္မတ မင်းမှစ၍ မန္ဓာတ် စကြာမင်း တိုင်အောင် မင်းစဉ်မပြတ် ပြုကြောင်းကိုလည်းကောင်း။ မဟာသမ္မတ မင်းမှစ၍ စေတိယမင်းတိုင်အောင် မင်းစဉ်မပြတ် ပြုကြောင်းကိုလည်းကောင်း၊ မဂ္ဃဒေဝမင်းမှစ၍ နေမိမင်ကြီးတိုင်အောင် တစ်ယောက်ဖြင့် ယုတ်သော ရှစ်သောင်းလေးထောင်သော မင်းတို့သည် မင်းစဉ်မပြတ် ပြုကြောင်းကိုလည်းကောင်း၊ ဥက္ကာမုခမင်းမှစ၍ ကိုယ်တော်တိုင်အောင် ရှစ်သောင်းနှစ်ထောင်တစ်ကျိပ်သုံးယောက်သော မင်းတို့သည် အသမ္ဘိန္နခတ္တိယနွယ်စစ် ဖြစ်ကြောင်းကိုလည်းကောင်း၊ အကြောင်းဆိုင်ရာ သိလိုနာလိုသော သတ္တဝါတို့ကို သိသာမှတ်သားစေခြင်းငှာ ဟောတော်မူပါသည်။

သာသနာတော်၌ လာသော အစဉ်ကိုလည်း သိစေလိုသော သမ္မာဆန္ဒ ရှိတော်မူသော မဟာဝင်ဆရာ၊ ဒီပဝင်ဆရာမြတ်တို့သည် မဟာသမ္မတမင်း မှစ၍ သုံးသိန်းသုံးသောင်း လေးထောင် ငါးရာ့ ခြောက် ကျိပ်ကိုးယောက်သော မင်းတို့ကိုလည်းကောင်း၊ သီဟဗာဟုမင်းမှ စ၍ လက်ာဒီပကျွန်း၌ ဖြစ်ကုန်သော ဝိဇယဗာဟု အစရှိကုန်သော ခြောက်ကျိပ်ခြောက်ယောက်သော မင်းတို့ကိုလည်းကောင်း ပြဆိုပါသည်။ ဗိမ္ဗိသာရမင်း အဇာတသတ်မင်းတို့မှစ၍ သုံးကျိပ်မျှလောက်သော မင်းတို့၏ အစဉ်အဆက်ကိုလည်း ဗုဒ္ဓယောသဆရာပင် အဋ္ဌကထာကျမ်းတို့၌ ပြဆိုပါသည်။

ကလျာဏီ ကျောက်စာတွင်လည်း ရာမညဒေသ၌ ဖြစ်ကုန်သော အစဉ်အဆက် ဖြစ်သော သာသနာစောင့်မင်းတို့ကို ပြသရေးထားခဲ့ပါသည်။ ထိုသို့ ပြဆိုခဲ့သော သဗ္ဗညုဘုရားသခင် ထုံးကိုလည်းကောင်း၊ ကျမ်းပြုဆရာမြတ်တို့၏ ထုံးကိုလည်းကောင်း နှလုံးသွင်းတော်မူ၍ သာသနာတော် အစဉ်ရောက်ဟန်ကို အလွယ်တကူသိပါရအောင် ပြတော်မူပါ။

၈၆-ဝိသဇ္ဇနာ။ ။သာသနာတော် အစဉ်ရောက်ဟန်ကို သိလိုပါသည်ဟု မေးလျှောက်ရာ၌–

သာသနာတော်သည် ဘုရားသခင်၏ ဓမ္မစက်၊ သာသနာပြုမင်း၏ အာဏာစက်နှစ်ပါးကို အမှီတံကဲ သဟဲပြုရမှ တိုးတက်ပြန့်ပွား စည်ကားထွန်းလင်းနိုင်ရာသည်။ မဇ္ဈိမဒေသ၊ သီဟိုဠ်၊ သရေခေတ္တရာ၊ ပုဂံ၊ မြင်စိုင်း၊ စစ်ကိုင်း၊ ပင်းယ၊ အင်းဝ၊ မန္တလေးအစရှိသော တိုင်းကြီးပြည်ကြီး ထီးဆောင်းနန်းနေ သာသနဒါယကာ သာသနာပြုမင်းတို့၏ တည်ရာ အရပ်၌သာ သာသနာတော် အစဉ်ရောက်သည်ဖြစ်၍ အထက်ပြခဲ့သော ရာဇဝင်လာ သာသနာပြုမင်းစဉ်အတိုင်း သာသနာတော် ရောက်ဟန်တည်ဟန်ကို အကျဉ်းအားဖြင့် မှတ်ယူသင့်သည်။

၈၇-ပဏ္ဍာ ။ ။နိဖလံ၊ နာရဏီ၊ နာရဝေါအစရှိသော ရွှေတို့၏အမျိုးတို့သည် ဆယ်ပါးရှိကြောင်းကို ပြောဆိုကြပါသည်။ အချို့ကလည်း ရွှေမျိုးတို့ကို ကျမ်းဂန်မထွက်မဆိုဟု ပြောပြန်ခဲ့ပါသည်။

ဘုံခဏ်းပျို့တွင်လည်း" နာလိမုတ္တ၊ မည်ထုတ်စသည်၊ ကမ္ဘာကျက်သရေ၊ ဆယ်ပါးရွှေဖြင့်" ဟူ၍ စပ်ဆိုပြန်ပါသည်။ ကျမ်းဂန်လာကြောင်း မလာကြောင်းကို သိလိုပါသည်။

၈၇-ဝိသဇ္ဇနာ။ ။နိဖလံ၊ နာရဏီ၊ နာရဝေါအစရှိသော ရွှေမျိုးဆယ်ပါးတို့ကို ကျမ်းဂန်လာမလာကို မေးရာ၌–

သုဝဏ္ဏံ ကနကံ ဇာတ-ရူပံ သောဏ္ဏာဉ္စ ကဉ္စနံ။
သတ္ထုဝဏ္ဏော ဟရိ ကမ္မံ၊ စာရုဟေမဉ္စ ဟာဋကံ။

တပနီယံ ဟိရည်တ-ဇ္ဇေဒါစာမီကရမ္ဗိစ။
သာတကုမ္ဘံ တထာ ဇမ္ဗု-နဒံသိင်္ဂီစ နာရိယံ။

ဟူ၍ အဘိဓာန်တွင်လာသည်။

သုဝဏ္ဏံ၊ ရွှေ။ ကနကံ၊ ရွှေ။ ဇာတရူပံ၊ ရွှေ။ သောဏ္ဏံ၊ ရွှေ။ ကဉ္စနံ၊ ရွှေ။ သတ္ထုဝဏ္ဏော၊ ရွှေ။ ဟရိ၊ ရွှေ။ ကမ္မံ၊ ရွှေ။ စာရု ၊ ရွှေ။ ဟေမံ၊ ရွှေ။ ဟာဋကံ၊ ရွှေ။ တပနီယံ၊ ရွှေ။ ဟိရည်၊ ရွှေ။ ရွှေပရိယာယ်တစ်ဆယ့်သုံးပုဒ်။

စာမီကရဲ့၊ ဂီဝါရွှေ။ သာတကုမ္ဘံ၊ နိတုံရွှေ။ (နိဋ္ဌန်ရွှေဟူ၍လည်း ရာဇမကောစူဠဋီကျောက်စာတွင် ရေးသည်)။ တထာ၊ ထိုမှတပါး။ ဇမ္ဗုနဒံ၊ ဇမ္ဗူရာဇရွှေ။ သိင်္ဂီ၊ သိင်္ဂီနိက်ရွှေ။ ကွမေ၊ ဤရွှေတို့ကား။ တဇ္ဇေဒါ၊ ထိုရွှေအထူးတို့တည်း။ အယံ၊ ဤသိင်္ဂီသဒ္ဒါသည်။ နာရိယံ၊ ဂ္ဂတ္ထိလိင်တည်း။

ဋီကာ၌လည်း-စာမီကရာဒယော စတ္တာရော တဇ္ဇေဒါ၊ တသာ သုဝဏ္ဏသ ဝိသေသာ။ ဟူ၍ ဂီဝါရွှေ၊ နိတုံရွှေ၊ ဇမ္ဗူရာဇရွှေ၊ သိင်္ဂီနိက်ရွှေဟူ၍ ရွှေမျိုးလေးပါးရှိကြောင်းကို ဆိုသည်။

ထိုလေးပါးတို့တွင် စာမီမည်သော ပန်းပွင့်မှ ဖြစ်သော ရွှေသည် စာမီကရွှေ မည်၏။ ပဒုမ္မာဝတ်ဆံဝတ်မှုန်နှင့်တူသော ရွှေသည် သာတကုမ္ဘရွှေမည်၏။ ဇမ္ဗူသပြေသီးမှ ဖြစ်သော ရွှေသည် ဇမ္ဗူ နဒရွှေမည်၏။ သိဂ်ီမည်သော ငါး၏အဆင်းနှင့်တူသော ရွှေသည်လည်းကောင်း၊ ထိုငါးနှင့်တူသော ကျောက်စိုင်မှ ဖြစ်သော ရွှေသည်လည်းကောင်း သိဂ်ီရွှေမည်၏ ဟူလိုသည်။

အမရကောသဋ္ဌကား- စာမီကရစသော ရွှေတို့သည် ရွှေသာမည်မည်၏။ သိဂ်ီရွှေကား ဝိသေသတည်းဟု ဆိုသည်။ ဤသို့ အဘိဓာန်စာကိုယ်၊ ဋီကာ၊ အမရကောသကျမ်းတို့၏ အလိုအားဖြင့် ရွှေမျိုးလေးပါးရှိသည်ကို သိသာသည်။

အဂုံတို့၏ အဋ္ဌကနိပါတ် ဥပေါသထဝဂ်တွင်—

သိဂ်ီ သုဝဏ္ဏံ အထဝါပိ ကဉ္စနံ၊
ယံ ဇာတရူပံ သာတကန္တိ ဝုစ္စတိ။

သိဂ်ီ၊ ရွှေ။ သုဝဏ္ဏံ၊ ရွှေ။ ကဉ္စနံ၊ ရွှေ။ ဇာတရူပံ၊ ရွှေ။ သာတကံ၊ ရွှေဟူ၍ ရွှေမျိုးတို့ကို သာမညဆိုသည်။

ဝိမာနဝတ္ထု အဋ္ဌကထာဋ္ဌကား။

ယထေဝ ဟိ မနုဿ ပရိဘောဂသုဝဏ္ဏေသု ယုတ္တကတော ဒသဝိဓံ သေဋ္ဌံ။ ဒသဝိဓတော။ သြက္ကရုပ္ပန္နံ။တတော ယံကိဉ္စိ ဒိဗ္ဗံသေဋ္ဌံ။ဧဝံ ဒိဗ္ဗသုဝဏ္ဏေပိ စာမီကရတော သာတကာမ္ဘံ သာတကုမ္ဘတော ဇမ္ဗုနဒံ။ ဇမ္ဗုနဒတော သိဂ်ီသုဝဏ္ဏံ။ တံ ဟိ သဗ္ဗသေဋ္ဌံ။

ဟူ၍ လာသည်။

အဓိပ္ပာယ်ကား။ ။လူတို့ သုံးဆောင်သောရွှေတို့တွင် ယုတ္တကရွှေထက် ဒသဝိဓရွှေသည် မြတ်၏။ ဒသဝိဓရွှေထက် သြက္ကရုပ္ပန္နရွှေသည် မြတ်၏။ ထို့ထက် အလုံးစုံသော နတ်တို့၏ ရွှေသည် မြတ်၏။ နတ်တို့၏ ရွှေတွင်လည်း စာမီကရရွှေထက် သာတကုမ္ဘရွှေသည် မြတ်၏။ သာတကုမ္ဘရွှေထက် ဇမ္ဗုနဒရွှေသည် မြတ်၏။ ဇမ္ဗုနဒရွှေထက် သိဂ်ီရွှေသည် မြတ်၏။ ထိုသိဂ်ီရွှေသည် ခပ်သိမ်းသော ရွှေတို့ထက် မြတ်၏ ဟူလိုသည်။

ဤရွှေမျိုးတို့တွင် ဒသဝိဓရွှေ ဟူသည်ကား ဆယ်ပါးအပြားရှိသော ရွှေပင်ဖြစ်သည်ဟု ဆိုကြကုန်၏။ ဤသို့ ဆိုသည့်အလိုကို ထောက်သော် ရွှေမျိုးဆယ်ပါးသည် ကျမ်းထွက်စကားပင် ဖြစ်သည်ဟု ယူရန်ရှိ၏။ သရုပ်မူကား ကျမ်းဂန်မတွေ့။ ဒသဝိဓ-ဟူသည် ရွှေမျိုး အထူး အခြားပင် ရှိသေးသည် ဖြစ်မူကား ဆယ်ပါးသော ရွှေပင် မဟုတ်ချေသေး ယူသင့်သည်။ ကျမ်းဂန်တို့သည်ကား များပြားလှသည်။ အလုံးစုံသော ကျမ်းဂန်တို့ကို စေ့စေ့ စုံစုံ မတွေ့ရ၍ အပြည့်အစုံ အကုန်အစင်မဆိုနိုင်သည်။ ကျမ်းဂန် သိမြင်ပြီးသော ဆရာတို့ကား နီဖလံ၊ နာရဏီ၊ နာရဝေါ စသော ဝေါဟာရရွှေတို့သည် ကျမ်းကြီး ကျမ်းခိုင်ထွက်သော စကားမဟုတ်။ နောက်မှ သမုတ်ခေါ်ဝေါ်သော စကားသာဖြစ်သည်ဟု မိန့်ကုန်သည်။

မနုသာရ စကားပြ အကျယ်လောကီ ပရိဘောဂ စာဝယ် ကျမ်းဝယ်တို့၌ တွေ့မြင်ဖူးသည်မှာ ရွှေမျိုးအပါး နှစ်ဆယ်တည်း။

နှစ်ဆယ်ဟူသော်ကား–

အရမတ်၊ အညမတ်၊ အဥမတ်၊ နိရမတ်၊ နာရဏီ၊ နာရဏာ၊ နရမုတ္တာ၊ နာလာရေ၊ အတ္တရဏီ၊ ဥရဏီ၊ ဥရကုတ်၊ ဥတဝါ၊ သုဝဏ္ဏသာရ၊ သုဝဏ္ဏရာဂီ၊ သုဝဏ္ဏမဏီ၊ သုဝဏ္ဏရသ်၊ ဇမ္ဗုနဒ၊ ဇာတရူပ၊ သိဂ်ီနိက္ခ၊ ဝိဟာနက၊ ဤသည်လျှင် အပါးနှစ်ဆယ်တည်း။

အရမတ်၊ အညမတ်၊ အဥမတ်၊ နိရမတ်။ ဤလေးပါးကား ငွေကထွက်သည့် ရွှေတည်း။

နာရဏီ၊ နာရဏာ၊ နာရမုတ္တာ၊ နာလာရေ။ ဤလေးပါးကား နဂါးက ထွက်သည့် ရွှေတည်း။

အတ္တရဏီ၊ ဥရဏီ၊ ဥရကုတ်၊ ဥတဝါ၊ ဤလေးပါးကား မြေကထွက်သည့် ရွှေတည်း။

ဥတဝါရွှေကို ဥချည်နှင့် လျော်လျှင် သုဝဏ္ဏသာရ ဖြစ်၏။ သုဝဏ္ဏသာရကို ရာဂီငါးပါးနှင့် လျော်လျှင် သုဝဏ္ဏရာဂီဖြစ်၏။ သုဝဏ္ဏရာဂီကို ကျောက်မျိုး တဆယ့်နှစ်ပါးနှင့် လျော်လျှင် သုဝဏ္ဏမဏီ ဖြစ်၏။ သုဝဏ္ဏမဏီကို ပြဒါးနှင့် လျော်လျှင် သုဝဏ္ဏရသ် ဖြစ်၏။ ဤလေးပါးကား ဇော်ဂီကဖြစ်သော ရွှေတည်း။

ဇမ္ဗုနဒ၊ ဇာတရူပ၊ သိဂ်ီနိက္ခ၊ ဝိဟာနက။ ဤလေးပါးသည် ကမ္ဘာမြေက ဖြစ်သောရွှေတည်း။

တနည်း။ ရွှေမျိုးကား တဆယ့်နှစ်ပါးတည်း။

တစ်ဆယ့်နှစ်ပါးဟူသော်ကား။

နီဖလံ၊ နာရဏီ၊ နာရဝေါ၊ နာလိကာ၊ နာလိမုတ္တာ၊ အဥနီ၊ အဥနီမုတ္တာဃ အဇာတဝနီ ဇာတရူပ၊ ဥရဏီတာ၊ သိဂ်ိနိက်၊ ဇမ္ဗူရာဇ်။ ဤသည်လျှင် ရွှေမျိုးတဆယ့်နှစ်ပါးတည်း။

နီဖလံရွှေရှစ်ဆယ်ကို ခြောက်ဆယ်တင်အောင်လျော်မှနာရဏီဖြစ်သည်၊ နာရဏီခြောက်ဆယ်ကို လေးဆယ့်ငါးကျပ် တင်အောင် လျော်မှ နာရဝေါဖြစ်သည်။ နာရဝေါရွှေ လေးဆယ့်ငါးကျပ်ကို သုံးဆယ့်သုံးကျပ် ခုနစ်မူး တပဲနှစ်ရွေး တင်အောင်လျော်မှ နာလိကာဖြစ်သည်။ နာလိကာရွှေ သုံးဆယ့်သုံးကျပ် ခုနစ်မူး တပဲ နှစ်ရွေးကို နှစ်ဆယ့်ငါးကျပ် သုံးမူး နှစ်ရွေးတင်အောင် လျော်မှ နာလိမုတ္တာ ဖြစ်သည်။ နာလိမုတ္တာရွှေနှစ်ဆယ့်ငါးကျပ် သုံးမူးနှစ်ရွေးကိုတဆယ့်ကိုးကျပ် နှစ်ရွေး နှစ်ဆန်တင်အောင် လျော်မှ အဥနီဖြစ်သည်။ အဥနီရွှေ တဆယ့်ကိုးကျပ် နှစ်ရွေးနှစ်ဆန်ကို တဆယ့်လေးကျပ် နှစ်မူး တပဲ နှစ်နှမ်း တင်အောင် လျော်မှ အဥနီမုတ္တာ ဖြစ်သည်။ အဥနီမုတ္တာရွှေ တဆယ့်လေးကျပ် နှစ်မူး တပဲ နှစ်နှမ်းကို တဆယ့် ခြောက်မူး တပဲ လေးရွေး တဆန်တနှမ်း သုံးမုန်ညင်း နှစ်သန်းခေါင်း တင်အောင် လျော်မှ အဇာတဝနီရွှေ ဖြစ်သည်။ အဇာတဝနီရွှေ တဆယ့်ခြောက်မူး တပဲ လေးရွေး တဆန် တနှမ်း သုံးမုန်ညင်း နှစ်သန်းခေါင်းကို ရှစ်ကျပ် တရွေးသုံးနှမ်း နှစ်မုန်ညင်းတသန်းခေါင်း သုံးကညစ် ချေးတင်အောင် လျော်မှဇာတရူပ ရွှေဖြစ်သည်။ ဇာတရူပရွှေရှစ်ကျပ် တရွေးသုံးနှမ်း နှစ်မုန်ညင်း တသန်းခေါင်း သုံးကညစ် ချေးကို ခြောက်ကျပ်သုံးဆန် သုံးနှမ်း လေးသန်းခေါင်းလေးကညစ်ချေး တင်အောင် လျော်မှ ဥရဏီတာရွှေဖြစ်သည်။ ဥရဏီတာရွှေ ခြောက်ကျပ် သုံးဆန် သုံးနှမ်း လေးသန်းခေါင်း လေးကညစ်ချေးကို လေးကျပ်နှစ်မတ် နှစ်ဆန် သုံးနှမ်း တမုန်ညင်း ခြောက်သန်းခေါင်း နှစ်ကညစ်ချေးတင်အောင် လျော်မှ သိဂ်ိနိက်ရွှေဖြစ်သည်။ သိဂ်ိနိက်ရွှေ လေးကျပ် နှစ်မတ် နှစ်ဆန်

သုံးနှမ်းတမုန် ညင်း ခြောက်သန်းခေါင်းနှစ်ကညစ်ချေးကို သုံးကျပ် သုံးမူတပဲ လေးရွေး နှစ်ဆန် နှစ် နှမ်း သုံးသန်းခေါင်း နှစ်ကညစ်ချေးတင်အောင်လှော်မှ ဇမ္မူရာဇရွှေဖြစ်သည်။ ဤသို့ဆိုသည်များကိုသာ တွေ့ဖူးပေသည်။ ရွှေမျိုးဆယ်ပါးဟူ၍ သခ္ခါတို့ကို ဆိုစဉ်ပြောစဉ်ကိုသာ ကြားရသည်။ သရုပ်သခ္ခေါ်ကို တိုက်ရိုက်မတွေ့မိ မမှတ်မိရှိသည်။

၈၈-ပုစ္ဆာ။ ။တဆယ့်နှစ်ရာသီဖြစ်သော လတို့တွင် သစ်ဆင်းလဆိုသည်မှာ အဘယ်လကို ဆိုသည်ဟု သိလိုပါသည်။

၈၈-ဝိသဇ္ဇနာ။ ။တဆယ့်နှစ်ရာသီဖြစ်သော လတို့တွင် သစ်ဆင်းလ ဆိုသည်ကို မေးရာ၌ –

သစ်ဆင်းလဆိုသည်ကား တော်သလင်းလကိုဆိုလိုသည်။ သစ်ဆင်းသဘင် ဆိုသည်လည်း တော်သလင်းလ ရေပွဲသဘင်ကိုပင် ဆိုလိုသည်။ ထို့ကြောင့် သသခ်ီရိက ဉာဏသမ္ပယောဂေါ အစချီသော ရှင်ရဋ္ဌသာရ အခါတော်ပေး မေတ္တာစာ၌ –

"ခါကောင်းတည်၍၊ ရွှေပြည်ကြွင့်နှံး၊ မင်းဝံစွန်းထက်၊ သိုက်ညွှန်းပင်ရောက်၊ ဆောက်တုံ အစ၊ လကဆုန်တွင်၊ နယုန်နွယ်တာ၊ နံကာရေပြင်း၊ တော်သလင်းဟု၊ သစ်ဆင်းသဘင် မရောက်ခင်၌၊ ပြီးလျှင်သောအား၊ သိကြားကြန်နက်၊ နန်းသစ်တက်အံ့။

သုဝဏ္ဏာသာမ သူဌေးခန်းတွင်လည်း – ဝါဆိုဝါခေါင်၊ ယဉ်ဘောင်သစ်ဆင်း၊ တော်သလင်းနှင့်၊ သီတင်းကျွတ်သော်။

နဝဒေးဆို–အံ့မူးပေရာ အစချီရတုတွင်- သစ်ဆင်းရင်သော်ဟု စပ်သည်။ ဤအရာ၌ ရင်ဟူသည်ကား စီရင်ခန့်ရန်သည်ဟူလိုသည်။

ဟံသာဝတီဖွဲ့ ရာဇဌာနီ အစချီရတုတွင်လည်း တန်ခူးကဆုန်၊ နယုန်နွယ်တာ၊ နံကာ ပန်းလု၊ ရတုသစ်ဆင်း၊ တော်သလင်းဟု၊ သီတင်းကျွတ်ခါ၊ လွှတ်တော်မှာ၌၊ ပွဲတော်ကြိုက်၍၊ တဖြိုက်ပြကာ။

ဘဒ္ဒကမ္မာအစချီ စစ်ကိုင်းမင်းဆွေတော်စဉ်၌လည်း- ဇေယသိခ်ီ၊နာမထွေသာ၊ ဥဇနာဟု၊ သညာဆန်းပြား၊ နန်းတောင်းများလျှင်၊ ငါ့ရာခုနစ်ဆယ်၊ စွန်းဆွယ်သုံးခု၊ ရတုဝဿ၊ ကာလသစ်ဆင်း၊ တော်သလင်း၌၊ နန်းခင်းရိပ်ကျယ်၊ ဘုံသာလယ်၌။

မင်းရဲကျော်စွာ၊ စုန်ခြင်း၌လည်း၊ အာဏာဘုန်းထင်၊ ချောင်းသစ်တွင်မူ၊ သဘင်ပန်းလု၊ ခါရတုဖြင့်၊ ပျော်မှုစံခင်း၊ တော်သလင်းဟု၊ သစ်ဆင်းအခါ၊ ပျော်ဖွယ်သာတည့်၊ ဗိုလ်ပါတွေ့ဖြီး၊ သဘင်ကြီး၍၊ မငြီးရှုရာ။

မဟာမြတ်မုနီ ကျောက်စာတွင်လည်း သက္ကရာဇ်သခ္ခါ၊ ကိုးရာခြောက်ဆယ်၊ စွန်းဆွယ်လေးခု၊ ရတုဝဿ၊ ကာလသစ်ဆင်း၊ တော်သလင်းရောက်ခါ။

မင်းရဲနရာခြင်းတွင်လည်း ကျူးငံကျူးခုန်၊ စက်သံဟုန်ဖြင့်၊ ပဇ္ဇုန်မြခဲ၊ ခွင့်ရေးနွဲသော်၊ မြူးမြဲသစ်ဆင်း၊ တော်သလင်းဟု၊ ငါးစင်းဧရာ၊ ဆက်ကဖြာသား။

ဆီသည်ရွာစားဆို ဒွါဒရာသီဖွဲ့၌-မြစ်ရေကမ်းပြည့်၊ ထန်းလည်းမှည့်၍၊ စည့်စည့်မိုးလ၊ ဘဒ္ဒရနှင့်၊ ပြည့်ဝအညီ၊ ကန်ရာသီဟု၊ အာနီမြခိုင်၊ ရင့်မာလှိုင်က၊ မွေးကြိုင်ပျံ့ရွှင်း၊ တော်သလင်းကား၊ မြစ်တွင်းရတု၊ ပန်းလုသဘင်၊ သစ်ဆင်းယင်လျက်။

ဗုဒ္ဓပွတ္တိပျို့တွင်- တောင်လေသန်းလျှင်၊ ပွင့်လန်းရင့်မာ၊ ပေါ်သောခါလည်း၊ ဖွေရှာမျှော်ကိုး၊ လာနိုးနိုးလျှင်၊ တီးတိုးဆိုယွင်း၊ တော်သလင်းဟု၊ သစ်ဆန်းပန်းလု၊ ရွှင်ရေးပြုက၊ သားဦးဘခင်၊ မြော်ချင်တောင့်တ" ဟူ၍စပ်တော်မူကြသည်နှင့်အညီ သစ်ဆင်းလ ဆိုသည်ကား တော်သလင်းလကိုဆိုလိုသည်။ သစ်ဆင်းသဘင်ဟူသည်ကား လေ့ပွဲသဘင် ဆိုသည်ဟု မှတ်သင့်သည်။

၈၉-ပဉ္စာ။ ။အသမ္ဘိန္နဓာတ်တော် ခုနစ်ပါးတွင် စွယ်တော်လေးချောင်း တည်ရာကိုပြရာ၌– ဂန္ဓာရတိုင်းဆိုသည်ကား၊ တရုတ်ပြည်ပင် ဖြစ်သည်ဆိုကြပါသည်။ တရုတ်ပြည်သည် ဂန္ဓာရတိုင်း မှန်မည်မမှန်မည်ကိုလည်း သိလိုပါသည်။

သက္ကရာဇ် ၁၁၇၂-ခု၊ တော်သလင်းလဆန်း ၁-ရက်၊ ဗုဒ္ဓဟူးနေ့။ မုံရွာသိရိမာလာက လျှောက်လာရာတွင် ဖြေဆိုလိုက်သည်ကား။

၈၉-ဝိသဇ္ဇနာ။ ။စွယ်တော်၏ တည်ရာ ဂန္ဓာရတိုင်းကို မေးရာ၌ –

တိုင်းကြီးပြည်ကြီးတို့၏ အကြောင်းအရာကို အဂုတ္တိရ် အဋ္ဌကနိပါတ်၊ ဥပေါသထဝဂ်၊ သံခိတ္တသုတ်၊ သုဝဏ္ဏစသော ဇာတ်နိပါတ်ကျမ်းတို့၌ လာသည်ကား။

(၁)အင်္ဂတိုင်း၊ (၂)မဂဓတိုင်း၊ (၃)ကာသိတိုင်း၊ (၄)ကောသလတိုင်း၊ (၅) ဝဇ္ဇီတိုင်း၊ (၆)မလ္လတိုင်း၊ (၇)စေတိယတိုင်း၊ (၈)ဝံသတိုင်း၊ (၉)ကုရုတိုင်း၊ (၁၀) ပဉ္စာလတိုင်း၊ (၁၁)မဇ္ဈတိုင်း၊ (၁၂)သူရသေနတိုင်း၊ (၁၃)အဿကတိုင်း၊ (၁၄)အဝန္တိတိုင်း၊ (၁၅)ဂန္ဓာရတိုင်း၊ (၁၆)ကမ္ဗောဇတိုင်းဟူ၍ တိုင်းကြီးတစ်ဆယ့်ခြောက်တိုင်းရှိကြောင်းကိုဆိုသည်။

ထိုတိုင်းကြီး တစ်ဆယ့်ခြောက်တိုင်းတို့တွင် ဂန္ဓာရတိုင်း၌ တက္ကသိုလ်ပြည် ရှိကြောင်းကို "ဂန္ဓာရ ရဋ္ဌေ တက္ကသိလ နဂရေ ဒိသာပါမောက္ခဿ အာစရိယဿ သန္တိကေ" စသည်ဖြင့် ပဉ္စာဝုဓ ဇာတ်စသော ဇာတ်နိပါတ်ကျမ်းတို့၌ များစွာဆိုသည်။

ထိုဂန္ဓာရတိုင်း တက္ကသိုလ်ပြည် ပက္ကုသာတိမင်း မင်းပြုသောကာလ။ မဇ္ဈိမဒေသမဂဓတိုင်း ရာဇဂြိုဟ်ပြည် ဗိမ္ဗိသာရမင်းနှင့် ရာဇမဟာမိတ်ဖွဲ့ကြသည်။ ပက္ကုသာတိမင်းကြီး ရဟန်းပြု၍လာခဲ့သော်။ ရှစ်ယူဇနာဖြင့် ယုတ်သော ယူဇနာနှစ်ရာရှိသော ခရီးဖြင့်သွား၍ သာဝတ္ထိပြည်သို့ ရောက်သည်။ သာဝတ္ထိပြည်မှသည် လေးဆယ့်ငါးယူဇနာ ကွာသောခရီးဖြင့် သွား၍ ရာဇဂြိုဟ်ပြည်သို့ ရောက်သည်ဟူ၍ "အဋ္ဌဟိ ဉိနကာနိ ဒွေယောဇနသတာနိ ဂတော" ဟူ၍လည်းကောင်း၊ "ပဉ္စစတ္တာလီသ ယောဇနမတ္တံ မဂ္ဂံ အတိက္ကန္တော" ဟူ၍လည်းကောင်း ဥပရိပဏ္ဏာသ အဋ္ဌကထာ၌ ဆိုသည်။

"မဂဓရဋ္ဌေ ဥရုဝေလာယံ မဟာဗောဓိယင်္ကံ သမ္မဇ္ဇိတွာ" ဟူ၍ ကလျာဏီကျောက်စာတို့တွင် ဆိုသည်နှင့်အညီ ဇမ္ဗုဒီပါကျွန်း၏ အလယ် မဂဓတိုင်း၏ အတွင်း ရာဇဂြိုဟ်ပြည်၏အနီး ဥရုဝေလ

တောအုပ်တွင် မဟာဗောဓိပင်ရောက်သည်။ ဇမ္ဗူဒီပါကျွန်း၌ အချင်းယူဇနာ တစ်သောင်း၏ အလယ်ပိုင်းတွင် ဗောဓိပင်တည်သည်။ ဗောဓိပင်၏ ထိုမှတ်၌မှ ထက်ဝန်းကျင် ယူဇနာငါးထောင် ခန့်တွင် မဟာသမုဒ္ဒရာဝန်းလျက် တည်သည်။ မဟာသမုဒ္ဒရာ၏အနီးအပါးတွင် တရုတ်ဥတည်မင်း နေသော ပီကျဉ်မြို့ရှိသည်။ နန်းကျိန်မြို့၊ မိုးကျိန်မြို့၊ တွေ့စိုမြို့တို့တွင်လည်း နေ၏။ ပီကျဉ်မြို့မှ၊ ကျေးလက်အနီး ပိုလ်မျူးစုံးတူတို့ နေသော ကွမ်းဥမြို့၊ ပါပိလွန်မြို့၊ ရဝေမြို့၊ ပေဃျမာဝေလင်မြို့၊ သေဉ်လံမြို့၊ ကျိုန်ကျဉ်မြို့၊ ကူစည်စဉ်မြို့၊ ကန္ဓဇာမြို့၊ ပါရိနာမြို့တို့လည်း ကုန်သည် သင်္ဘော ဆိပ်ပင်ဖြစ်သည်ဟူ၍ ဇမ္ဗူဒီပါကျွန်းပုံများတို့တွင်ဆိုသည်။ မဟာဗောဓိမှ တာကြိုးတိုင်းတာသည် ရှိသော် တရုတ်ပြည်ရောက် မဟာသမုဒ္ဒရာနှင့်ထောက်၍ အနည်းအများ အယုတ်အလွန်အားဖြင့် ယူဇနာငါးထောင်ခန့်ရှိသင့်သည်။

တက္ကသိုလ်ပြည် ဂန္ဓာရတိုင်းကား ပက္ကျသာတိမင်း သွားသော ခရီးအတိုင်းအတာကို ဆိုသော မဇ္ဈိမနိကာယ် အဋ္ဌကထာကျမ်းထွက်စကားနှင့်ထောက်၍ တွက်ဆေးသော် မဟာဗောဓိမှသည် လေးဆယ့်ငါးယူဇနာ တစ်ရပ်၊ တရာ့ကိုးဆယ့်နှစ်ယူဇနာတစ်ရပ်၊ နှစ်စုပေါင်းသော် နှစ်ရာ့သုံးဆယ့်ခုနစ်ယူဇနာသာအတွက် သင့်ကျသည်။ ဤသို့ဆိုသော စကားနှစ်ရပ်သည် ယူဇနာခရီး အနီးအဝေးမတူ။ အတွက်အစားမခံဖြစ်၍ တရုတ်ပြည်ကိုဂန္ဓာရတိုင်းစစ်မဟုတ်ရာဟု မှတ်သင့်သည်။

စွယ်တော်ကား ကျမ်းဂန်တွင် ဂန္ဓာရတိုင်း၌ တည်သည်ဆိုသည်။ ဤသို့ဆိုသော စကားနှပ်ရပ် ရှိသည့်အတိုင်း ကျမ်းဂန်အတွက် အစားရသော တက္ကသိုလ်ပြည် ဂန္ဓာရတိုင်းကိုသာ ကျမ်းဂန် တတ်သော ဆရာမြတ်တို့ယုံကြည် ကုန်သည်။

၉၀-ပဏ္ဍာ ။ ။ညှပ်ရိုးတော် နှစ်ချောင်းတွင် လက်ယာ ညှပ်ရိုးတော်သည် တာဝတိံသာမှသည် လက်ာဒီပကျွန်း ထူပါရာမစေတီ၌တည်သည်ဆိုပါသည်။ အဘယ်ကာလ၌ ဤကျွန်းသို့ ရောက်ကြောင်းကို သိလိုပါသည်။

၉၀- ဝိသဇ္ဇနာ။ ။လက်ယာ ညှပ်ရိုးတော်သည် အဘယ်ကာလ၌ တာဝတိံသာမှသည် လက်ာဒီပကျွန်းသို့ ရောက်ကြောင်းကို သိလိုက်ပါသည်ဟူရာ၌။

သမ္မာသမ္ဗုဿ ပရိနိဗ္ဗာနတော ဒ္ဝိန္နံ ဝဿသတာနံ ဥပရိ ဆတ္တိံ သတိမေ ဝဿေ ဣမသ္မိံ ဒီပေ ပတိဋ္ဌဟိတိ။

ဟူ၍ ဝိနည်းပါရာဇိကဏ် အဋ္ဌကထာ၌ ဆိုသည်။

ဝုတ္ထဝဿော ပဝါရေတွာ၊ ကတ္တိကေ ပုဏ္ဏမာသိယံ။
အဝေါစေတံ မဟာရာဇ၊ မဟာထေရော မဟာမတိ ။

စိရံ ဒိဋ္ဌော ဟိ သမ္မဒ္ဒေါ၊ သံဃာ နော မနုဇာဓိပ။
အနာထဝါသံ ဝသိမ္မ၊ နတ္ထိနော ပူဇိယံ ဣဓ။

စသည်ဖြင့် မဟာဝင်ကျမ်းတွင် ဆိုသည်။

အဓိပ္ပာယ်ကား။ ။မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူသည်မှ အနှစ်နှစ်ရာသုံးဆယ် ခြောက်နှစ် ရောက်သောကာလ အရှင်မဟိန္ဒကို လက်ာဒီပကျွန်းသို့ ရောက်တော်မူ၍ ဝါကပ် တော်မူသည်။ ဝါကျွတ်ပြီး ကတ္တိကပုဏ္ဏမီ ဥပုသ်နေ့၌ ဒေဝါနံပိယတိဿမင်းကို မိန့်တော်မူ၏။ ငါတို့သည် ဇမ္ဗူဒီပါသို့ သွား လိုပြီ။ မြတ်စွာဘုရားကို ရှိခိုးခြင်း ပူဇော်ခြင်းကို မပြုရဟုဆိုလျှင် ဘုရား နိဗ္ဗာန်စံတော်မူပြီ မဟုတ်လောဟု လျှောက်လျှင် စံတော်မူပြီ၊ သရီရဓာတ်တော်တို့ကား ရှိသေး၏ ဟု မိန့်တော်မူလျှင် စေတီတည်စေလိုခြင်းကို သိ၍ ဓာတ်တော် အဘယ်မှာ ရနိုင်ပါအံ့နည်းဟု လျှောက်ပြန်၏၊ သုမနသာမဏေနှင့်တိုင်ပင်လေလော့ဟု ဆို၍ သုမနသာမဏေကို လျှောက်လျှင် မင်းကြီး ခရီးကိုသာ သုတ်သင်လော့ဟု မိန့်တော်မူ၏။ သာမဏေလည်း ကောင်းကင်သို့ပျံတက်၍ ပါဠလိပုတ်ပြည် သီရိဓမ္မာသောကမင်းသို့ ကပ်၍ အကြောင်းကို ကြားလျှင် သီရိဓမ္မာသောကမင်း လည်း သပိတ်ကို နံ့သာရေတို့ဖြင့် ပွတ်၍ မြတ်သော ပုလဲအဆင်းနှင့်တူသော ဓာတ်တော်တို့ဖြင့် ပြည့်စေ၍ ပေးလိုက်၏။ တာဝတိံသာကို သွားပြန်၍ သိကြားမင်းသို့ ကပ်ပြီးလျှင် သင်၏လက်၌ လက်ယာစွယ်တော်တဆူ၊ လက်ယာညှပ်ရိုးတော် တဆူရှိ၏။ ဤနှစ်ဆူသော ဓာတ်တော်တို့တွင် ညှပ်ရိုးတော်ကို ပေးလော့ဟု ဆိုလျှင် သိကြားမင်းလည်း ယူဇနာ ပမာဏရှိသော ပတ္တမြား စေတီကို လှစ်ပြီးလျှင် ညှပ်ရိုးတော်ကို ထုတ်၍ ပေးလိုက်၏။ ဤကား ဝိနည်းအဋ္ဌကထာ အလိုတည်း။

မဟာဝင်္သကား-

စူဠဂဗဏိစေတိယမှာ ဂဟေတွာ ဒက္ခိဏာကဒ္ဒကံ သာမဏေရဿ ပါဒါသိ၊ သတ္ထော ဒေဝါနမိယသာ -

ဟူ၍ စူဠဂဗဏိ စေတီတော်မှ ထုတ်ယူသည်ဟု ဝိသေသဆိုသည်။ ညှပ်ရိုးတော်ကို ယူပြီးလျှင် စေတိယတောင်သို့ ပြန်လာ၏။ ထိုအခါ ရှင်မဟိန္ဒ အမှူးရှိသောရဟန္တာ ကြီးတို့သည် အသောကမင်းက ပေးလိုက်သော ဓာတ်တော်တို့ကို စေတိယတောင်၌ တည်စေ၍ ညှပ်ရိုးတော်ကို ယူ၍ ညချမ်းအခါ၌ မဟာနာဂဝန် ဥယျဉ်သို့ သွားကြကုန်၏။ မင်းသည်လည်း မင်္ဂလာရှိသော ဆင်ဦးခေါင်းထက် ထီးဖြူ ဆောင်းလျက် ဥယျာဉ်သို့ လာ၏။

အကယ်၍ "ဘုရားသခင် ဓာတ်တော်မှန်အံ့၊ ထီးဖြူသည် ညွတ်စေသတည်း၊ ဆင်သည် ပုဆစ်တုပ်စေသတည်း၊ ဓာတ်တော် ပန်းတောင်းသည် ငါ၏ ဦးခေါင်း၌ တည်စေသတည်း" ဟု စိတ်ဥပဒါသည်နှင့် တကွနက် ထီးဖြူသည်လည်း ညွတ်၏။ ဆင်သည်လည်း ပုဆစ်တုပ်၏။ ဓာတ်တော်ပန်းတောင်းသည်လည်း မင်း၏ ဦးခေါင်းထက်၌ တည်၏။ မင်းသည် အမြီတ်ဖြင့် သွန်းသော ကိုယ်ကဲ့သို့ မြတ်သော နှစ်လို့ခြင်း ရှိသည်ဖြစ်၍ ဓာတ်တော်ကို ဘယ်သို့ ပြုရမည်နည်းဟု မေးလျှင် ဆင်ဦး ခေါင်းထက်၌ ထားဦးလော့ဟု ဆို၍ ဆင်ဦးခေါင်းထက်၌ ထား၏။ ဆင်လည်း ကြိုးကြာသံကဲ့သို့ မြည်၏။

ကြီးစွာသော မိုးတိမ်သည် တက်လတ်၍ ကြာတောင်၌ ရွာသော မိုးကဲ့သို့သော မိုးသည် ရွာ၏။ ရေသို့ရောက်အောင် မြေလှုပ်၏။ နတ်လူတို့ ဝမ်းမြောက်ကုန်၏။ ဤနေ့သည်ကား တန်ဆောင်မုန်းလပြည့်တည်း၊ ဆင်သည် မြို့သို့အရှေ့တံခါးဖြင့် ဝင်၍ တောင်တံခါးမှ ထွက်ပြီးလျှင် ထူပါရာမစေတီအနောက်၊ မဟေဇဝတ္ထု အရပ်သို့ သွား၍ ပြန်ခဲ့မှ ထူပါရာမစေတီသို့ ရှေးရှုရပ်၏။ ထိုအရပ်သည် ကကုသန်မြတ်စွာဘုရား၏ ရေစစ်တော်ကို သွင်း၍ ပဋိယာရာမစေတီ၊

ကောဏာဂုံမြတ်စွာဘုရား လက်ထက် ခါးပန်းတော်၊ ကဿပ မြတ်စွာဘုရားလက်ထက် ရေသနုပ်တော်ကို သွင်း၍ စေတီတည်ရာ အရပ်တည်း။ ဆင်ဦးခေါင်း၌ရှိသော ဓာတ်တော်တို့ကို ချသော် အချမခံ။ ဆင်ဦးခေါင်းနှင့် အမျှ မြေကိုဖို့၍ အုတ်စီပြီးလျှင် ချအံ့သော အခါ၌ ထန်းခုနစ်ဖျားခန့် ကောင်းကင်သို့ ပျံတက်၍ ယမိုက်ပြာဋ္ဌိဟာကို ပြု၏။ ပြာဋ္ဌိဟာပြပြီး၍ မင်း၏ ဦးခေါင်း၌ တည်လာ၏။ မင်းလည်း ထိုဓာတ်တော်ကို စေတီကြီးစွာ တည်၍ ဌာပနာသောအခါ ကြီးစွာသော မြေတုန်လှုပ်ခြင်းသည် ဖြစ်၏။ ဤသည်လျှင် လက်ယာညှပ်ရိုးတော် လက်ာဒီပသီဟိုဠ်ကျွန်းသို့ ရောက်ကြောင်းတည်း။

၉၁- ပုစ္ဆာ။ ။ လက်ဝဲ ညှပ်ရိုးတော်သည် အဘယ်အရပ်ဒေသ၌ တည်သည်ကိုလည်း သိလိုပါသည်။

၉၁ ဝိသဇ္ဇနာ။ ။ လက်ဝဲညှပ်ရိုးတော်၏ အကြောင်းကား သုတ်မဟာဝါ အဋ္ဌကထာ၊ ဓာတုဝင်၊ နလာဋ္ဌဓာတုဝင် စသောကျမ်းတို့၌ မဆိုခြင်းကြောင့် နောက်လာ ဆရာမြတ်တို့သည် ဓာတ်တော်ဝေခန်းကို ပြသစီရင်ကြသော်လည်း မပါမရှိ၍ မထင်ရှားသည်မှန်၏။ ရာဇမဏ္ဍိစူဠာဇာတ် ကမ္ပည်းမှာလည်း တပါးသောဓာတ်တော်တို့ကိုသာ စေ့စုံစွာ ရေးသား၍ ညှပ်ရိုးတော်ဓာတ်ကို မရေးချေ။ ယခင်ကျမ်းတို့တွင် မဆိုမရေးသော်လည်း ဗုဒ္ဓဝင်ပါဠိတော်တွင် လာသော စကားဖြင့် ပြမည်ဖြစ်၍ အမှန်မှတ်သင့်၏။ ဗုဒ္ဓဝင်ပါဠိတော်တွင် လာသည်ကား။

မဟာဂေါတမော ဇိနဝရော၊ ကုသိနာရမှိ နိဗ္ဗုတော။
ဓာတုဝိတ္ထာရိကံ အာသိ၊ တေသု တေသု ပဒေသတော။

ဧကော အဇာတ သတ္တုဿ၊ ဧကော ဝေသာလိယာ ပုရေ။
ဧကော ကပိလဝတ္ထုမှိ၊ ဧကောစ အလ္လကပ္ပကေ။

ဧကော စ ရာမဂါမမှိ၊ ဧကောစ ဝေဋ္ဌဒီပကေ။
ဧကော ပါဝေယျကေ မလ္လေ၊ ဧကော စ ကုသိနာရကေ။

ကုမ္ဘဿ ထူပံ ကာရေသိ၊ ပြာဟ္မဏော ဒေါဏသဝှယော။
အင်္ဂါရံ ထူပံ ကာရေသုံ၊ မောရိယာ တုဋ္ဌမာနသာ။

အဋ္ဌသာရီရိကာ ထူပါ။ နဝမော ကုမ္ဘစေတိယော။
အင်္ဂါရထူပေါ ဒသမော၊ တဒေါယေဝ ပတိဋ္ဌိတော။

ဥဏ္ဏိသံ စတသော ဒါဋ္ဌာ၊ အက္ခကာ ဒွေစ ဓာတုယော။
အသမ္ဘိန္နာ ဂ္ဂမာ သတ္တ၊ သေသာ ဘိန္နာဝ ဓာတုယော။

မဟန္တာ မုဂ္ဂမာသာစ၊ မဇ္ဈိမာ ဘိန္နတဏ္ဍုလာ။
ခုဒ္ဒကာ သာသပမတ္တာစ၊ နာနာဝဏ္ဏာစ ဓာတုယော။

မဟန္တာ သုဝဏ္ဏဝဏ္ဏာ မုတ္တဝဏ္ဏာစ မဇ္ဈိမာ။
ခုဒ္ဒကာ မကုလဝဏ္ဏာစ၊ သောဋ္ဌသ ဒေါဏမတ္တိကာ။

မဟန္တာ ပဥ္စနာဠိယော၊ နာဠိယော ပဥ္စ မဇ္ဈိမာ။
ခုဒ္ဒကာ ဆနာဠိစေဝ၊ တော သဗ္ဗာပိ ဓာတုယော။

ဥဏ္ဏိသံ သီဟဠေ ဒီပေ၊ ပြဟ္မလောကေစ ဝါမကံ့။
သီဟဠေ ဒက္ခိဏကဉ္စ၊ သဗ္ဗာပေတာ ပတိဋ္ဌိတာ။

ကောဒါဠာ တိဒသေ ပုရေ၊ ကော နာဂပုရေ အဟု။
ကော ဂန္ဓာရ ဝိသယေ၊ ကော ကလိင်္ဂရာဇိနော။

စတ္ထာလီသသမာ ဒန္တာ၊ ကေသာ လောမာစ သဗ္ဗသော။
ဒေဝါ ဟရိံသု ကေကံ၊ စက္ကဝါဠေ ပရမ္ပရာ။

ဝဇိရာယံ ဘဂဝတော၊ ပတ္တော ဒဏ္ဍဉ္စ စီဝရံ။
နိဝါသနံ ကုဍ္ဃရေ၊ ပစ္စတ္ထရဏံ သိလဝ္ဟယေ။

ပါဠလိပုတ္တပုရမ္ဗိ၊ ကရဏံ ကာယဗန္ဓနံ။
စမ္မာယုဒက သာဋိယံ၊ ဥဏ္ဏာလောမဉ္စ ကောသလေ။

ကာသာဝဉ္စ ပြဟ္မလောကေ၊ ဝေဠုနံ တိဒသေ ပုရေ။
နိသီဒနံ အဝန္တိသု၊ ဒေဝရဇ္ဇေ အတ္ထံရဏံ။

အရဏီစ မိဓိလာယံ၊ ဝေဒေဟေ ပရိဿဝနံ။
ဝါသိ သူစိ ဃရဏ္ဍသိ၊ ဂ္ဂန္ဒပတ္ထ ပုရေ တဒါ။

ပရိက္ခာရံ အဝသေသံ၊ ဇနပဒေ အပရန္တကေ။
ပရိဘုတ္တာနိ မုနိနာ၊ မဟိသု မနုဇာ တဒါ။

ဓာတုဝိတ္ထာရိကံ အာသိ၊ ဂေါတမဿ မဟေသိနော။
ပါဏိနံ အနုကမ္မာယ၊ အဟု ပေါရာဏိကံ တဒါတိ။

ဟူ၍လာသည်။

ဇိနဝရော၊ဒေဝပုတ္တမာရ်၊ ကိလေသမာရ်၊ အဘိသင်္ခါရမာရ်၊ မစ္စုမာရ်၊ ခန္ဓမာရ် တည်းဟူသော ငါးပါးသော မာရ်တို့ကို အောင်တော်မူတတ် မြတ်စွာထသော။ မဟာဂေါတမော၊ မဟာဂေါတမ အမည်တော်ရှိသော ရှင်တော်မြတ်ဘုရားသည်။ ကုသိနာရမြို့၊ ကုသိနာရုံပြည်၌။ နိဗ္ဗုတော၊ ပရိနိဗ္ဗာန်ပြုတော်မူ၏။ ဓာတု၊ ဓာတ်တော်သည်။ တေသုတေသု၊ ထိုထိုသို့သော အရပ်တို့၌။ ပဒေသတော၊ အစုအားဖြင့်။ ဝိတ္ထာရိကံ။ ပြန့်သည်။ အာသိ၊ ဖြစ်၏။

ဧကော၊ တစ်စိတ်သော ဓာတ်တော်သည်။ အဇာတသတ္တုဿ၊ အဇာတသတ်မင်း၏။ ပုရေ ပြည်၌။ ပတိဋ္ဌိတော၊ တည်တော်မူ၏။ ဧကော၊ တစ်စိတ်သော ဓာတ်တော်သည်။ ဝေသာလိယာ-ပုရေ၊ ဝေသာလိပြည်၌။ ပတိဋ္ဌိတော၊ တည်တော်မူ၏။ ဧကော၊ တစ်စိတ်သော ဓာတ်တော်သည်။ ကပိလဝတ္ထုမှိ။ ကပိလဝတ်ပြည်၌။ ပတိဋ္ဌိတော၊ တည်တော်မူ၏။ ဧကော၊ တစ်စိတ်သော ဓာတ်တော်သည်။ အလ္လကပွကော၊ အလ္လကပွပြည်၌။ ပတိဋ္ဌိတော၊ တည်တော်မူ၏။

ဧကော၊ တစ်စိတ်သော ဓာတ်တော်သည်။ ရာမဂါမမှိ၊ ရာမရွာ၌။ ပတိဋ္ဌိတော၊ တည်တော်မူ၏။ ဧကော၊ တစ်စိတ်သော ဓာတ်တော်သည်။ ဝေဋ္ဌဒီပကေ၊ ဝေဋ္ဌဒီပကပြည်၌။ ပတိဋ္ဌိတော၊ တည်တော်မူ၏။ ဧကော၊ တစ်စိတ်သော ဓာတ်တော်သည်။ ပါဝေယျကေ၊ ပါဝေယျက အမည်ရှိသော။ မလ္လေ၊ မလ္လာမင်းတို့ပြည်၌။ ပတိဋ္ဌိတော၊ တည်ထောက်မူ၏။ ဧကော၊ တစ်စိတ်သော ဓာတ်တော်သည်။ ကုသိနာရကေ၊ ကုသိနာရုံပြည်၌။ ပတိဋ္ဌိတော၊ တည်တော်မူ၏။

ဒေါဏသဒ္ဒယော၊ ဒေါဏအမည်ရှိသော။ ဗြာဟ္မဏော၊ ပုဏ္ဏားသည်။ ကုမ္ဘဿ၊ ဓာတ်တော်ခြင်သောအိုးကို။ ဂဟေတွာ၊ ယူ၍၊ ထူပံ၊ စေတီကို။ ကာရေသိ၊ တည်လေ၏။ မောရိယာ၊ မောရိယမင်းတို့သည်ကား။ တုဋ္ဌမာနသာ၊ ဝမ်းမြောက်ဝမ်းသာ။ အင်္ဂါရံ၊ မီးသွေးကို။ ဂဟေတွာ၊ ယူ၍။ ထူပံ၊ စေတီတော်ကို။ ကာရေသုံ၊ တည်လေကုန်၏။

အဋ္ဌ၊ ရှစ်ဆူသော စေတီတို့သည်။ သာရီရိကာ၊ ကိုယ်တော်မှဖြစ်ကုန်သော။ ထူပါ၊ စေတီတို့တည်း။ နဝမေ၊ ကိုးဆူမြောက်သော စေတီကား။ ကုမ္ဘစေတိယေ၊ ဓာတ်ခြင်အိုး စေတီတည်း။ ဒသမော၊ ဆယ်ဆူမြောက်သော စေတီကား။ အင်္ဂါရထူပေါ၊ မီးသွေးစေတီတည်း။ ဣတိဣမေ၊ ဤစေတီတို့သည်။ တဒါယေဝ၊ ထိုအခါ၌ပင်လျှင်။ ပတိဋ္ဌိတာ၊ တည်လေကုန်၏။

ဥဏ္ဍီသံ၊ နဖူးသင်းကျစ်တော်လည်းကောင်း။ စတုရော၊ လေးချောင်းကုန်သော။ ဒါဌာစ၊ စွယ်တော်တို့လည်းကောင်း။ ဒွေ၊ နှစ်ချောင်းကုန်သော။ အက္ခကာဓာတုယောစ၊ ညှပ်ရိုးဓာတ်တော်တို့လည်းကောင်း။ သတ္တ၊ ခုနစ်ပါးကုန်သော။ ဣမာ၊ ဤဓာတ်တော်တို့သည်။ အသမ္ဘိန္နာ၊ မကွဲမပြိုကုန်။ သေသော၊ ကြွင်းကုန်သော။ ဓာတုယော၊ ဓာတ်တော်တို့သည်ကား။ ဘိန္နာဝ၊ ကွဲပြိုကုန်သလျှင်ကတည်း။

မဟန္တာ၊ အကြီးဖြစ်ကုန်သော ဓာတ်တော်တို့သည်။ မုဂ္ဂမာသာ၊ ပဲနောက်စေ့ပမာဏရှိကုန်၏။ မဇ္ဈိမာ၊ အလတ်ဖြစ်သော ဓာတ်တော်တို့သည်။ ဘိန္နတဏ္ဍုလာ၊ ဆန်ကျိုးပမာဏရှိကုန်၏။ ခုဒ္ဒကာ၊ အငယ်ဖြစ်သော ဓာတ်တော်တို့သည်၊ သာသပမတ္တာ၊ မုန်ညင်းစေ့ပမာဏရှိကုန်၏။ ဓာတုယော၊ အရွယ်သုံးပါးပြားသော ထိုဓာတ်တော်တို့သည်။ နာနာဝဏ္ဏာစ၊ အသီးအသီးမတူသော အဆင်းရှိကြကုန်၏။

မဟန္တာ၊ အကြီးဖြစ်ကုန်သော ဓာတ်တော်တို့သည်။ သုဝဏ္ဏဝဏ္ဏာ၊ ရွှေအဆင်းရှိကုန်၏။ မဇ္ဈိမာ၊ အလတ်ဖြစ်သော ဓာတ်တော်တို့သည်။ မုတ္တဝဏ္ဏာ၊ ပုလဲအဆင်းရှိကုန်၏။ ခုဒ္ဒကာ၊ အငယ်ဖြစ်သောဓာတ်တော်တို့သည်။ ဗဟုလဝဏ္ဏာ၊ ချယ်ရောင်အဆင်း ရှိကုန်၏။ ဣတိ၊ ဤသို့။ ဓာတုယော၊ အရွယ်သုံးပါးပြားကုန်သော ထိုဓာတ်တော်တို့သည်။ နာနာဝဏ္ဏာစ၊ အသီးအသီးမတူသော အဆင်းရှိသည်လည်း ဖြစ်ကုန်၏။

မဟန္တာ၊ ကြီးကုန်သော ဓာတ်တော်တို့သည်။ ပဉ္စနာဠိယော၊ ငါးကွမ်းစားရှိကုန်၏။ မဇ္ဈိမာ၊ အလတ်ဖြစ်သော ဓာတ်တော်တို့သည်။ ပဉ္စနာဠိယော၊ ငါးကွမ်းစားပင်ရှိကုန်၏။ ခုဒ္ဒကာ၊ အငယ်ဖြစ်သော ဓာတ်တော်တို့သည်။ ဆနာဠိစေဝ၊ ခြောက်ကွမ်းစားရှိကုန်၏။ ဣတိ၊ ဤသို့၊ သဗ္ဗာပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ ဧတာ ဓာတုယော၊ ထိုမြတ်စွာဘုရား ဓာတ်တော်တို့သည်။ သောဋ္ဌ-သဒေါဏမတ္တိကာ၊ တဆယ့်ခြောက်ဒေါဏ အတိုင်းအရှည်ရှိကုန်၏။

ဥဏှိသံ၊ နဖူးသင်းကျစ်တော်သည်။ သီဟဠေဒီပေ၊ သီဟိုဠ်ကျွန်း၌။ ပတိဋ္ဌိတော၊တည်တော်မူ၏။ ဝါမက္ခဋ္ဌ၊ လက်ဝဲညှပ်ရိုးတော် ဓာတ်သည်ကား။ ဗြဟ္မလောက၊ ဗြဟ္မာ့ပြည်၌။ ပတိဋ္ဌိတော၊ တည်တော်မူ၏။ ဒက္ခိဏက္ခဋ္ဌ၊ လက်ယာညှပ်ရိုးတော် ဓာတ်သည်ကား။ သီဟဠေ၊ သီဟိုဠ်ကျွန်း၌။ ပတိဋ္ဌိတော၊ တည်တော်မူ၏။ သဗ္ဗာ၊ အလုံးစုံကုန်သော။ ဧတာပိ၊ ဤဓာတ်တော်တို့သည်ကား။ ပတိဋ္ဌိတာ၊ တည်တော်မူကုန်၏။

ဧကော၊ တခြောင်းသော။ ဒါဠာ၊ စွယ်တော်သည်။ တိဒသေပုရေ၊ တာဝတိံသာနတ်ပြည်၌။ ပတိဋ္ဌိတာ၊ တည်တော်မူ၏။ ဧကော၊ တခြောင်းသော။ ဒါဠာ၊ စွယ်တော်သည်။ နာဂပုရေ၊ နဂါးပြည်၌။ ပတိဋ္ဌိတာ၊ တည်တော်မူသည်။ အဟု၊ ဖြစ်၏။ ဧကော၊ တခြောင်းသော။ ဒါဠာ၊ စွယ်တော်သည်။ ဂန္ဓာရဝိသယေ၊ ဂန္ဓာရအရပ်၌။ ပတိဋ္ဌိတာ၊ တည်တော်မူ၏။ ဧကော၊ တခြောင်းသော။ ဒါဠာ၊ စွယ်တော်သည်။ ကလိင်္ဂရာဇိနော၊ ကလိင်္ဂရာဇ်မင်း၏။ ပုရေ၊ ပြည်၌။ ပတိဋ္ဌိတာ၊ တည်တော်မူ၏။

စတ္တာလီသသမာဒန္ဓာ၊ အမျှလေးဆယ်သော သွားတော်တို့ကို လည်းကောင်း။ သဗ္ဗသော၊ အခြင်းခပ်သိမ်းသော။ ကေသာလောမာစ၊ ဆံတော် အမွေးတော်တို့ကို လည်းကောင်း။ ဧကေကံ၊ တခြောင်းတခြောင်းစီ။ စက္ကဝါဠပရမ္မရာ၊ စကြာဝဠာတပါးတို့သို့။ ဒေဝါ၊ နတ်တို့သည်။ ဟရိံသု၊ ဆောင်လေကုန်၏။

ဘဂဝတော၊ ဂေါတမရှင်တော်ဘုရား၏။ ပတ္တောစ၊ သပိတ်တော်သည် လည်းကောင်း။ ဒဏ္ဍော၌၊ တောင်ဝှေးတော်သည် လည်းကောင်း။ စီဝရဉ္စ၊ သင်္ကန်းတော်သည် လည်းကောင်း။ ဝဇိရာယံ၊ ဝဇိရပြည်၌။ ပတိဋ္ဌိတံ၊ တည်တော်မူ၏။ နိဝါသနံ၊ သင်းပိုင်တော်သည်။ ကုလဃရေ၊ ကုလဃရပြည်၌။ ပတိဋ္ဌိတံ၊ တည်တော်မူ၏။ ပစ္ဆိတ္ထရဏံ၊ အပေါ်အခင်းတော်သည်။ သိလဝတိယေ၊ သိလဝအမည်ရှိသောပြည်၌။ ပတိဋ္ဌိတံ၊ တည်တော်မူ၏။

ကရဏ္ဍဉ္စ၊ ဓမ္မာရိဏ်အတော်သည်လည်းကောင်း။ ကာယဗန္ဓနဉ္စ၊ခါးပန်းတော်သည်လည်းကောင်း။ ပါဠလိပုတ္တပုရမ္ဗိ၊ ပါဠလိပုတ်ပြည်၌။ ပတိဋ္ဌိတံ၊ တည်တော်မူ၏။ ဥဒကသာဋိကာ၊ ရေသနုပ်တော်သည်။ စမ္မာယံ၊ စမ္မာပြည်၌။ ပတိဋ္ဌိတာ၊ တည်တော်မူ၏။ ဥဏ္ဏာလောမံ၊ ဥဏ္ဏာလုံမွေးရှင်တော်သည်။ ကောသလေ၊ ကောသလတိုင်း၌။ ပတိဋ္ဌိတံ၊ တည်တော်မူ၏။

ကာသာဝဋ္ဌ၊ သင်္ကန်းတော်သည်ကား။ ဗြဟ္မလောကေ၊ ဗြဟ္မာ့ပြည်၌။ ပတိဋ္ဌိတံ၊ ၏။ ဝေဠုနံ၊ ဦးရစ်တော်သည်။ တိဒသေပုရေ၊ တာဝတိံသာနတ်ပြည်၌၊ ပတိဋ္ဌိတံ၊ ၏။ နိသီဒနံ၊ နိသီဒိုင်တော်သည်။ အဝန္တိသု၊ အဝန္တိတိုင်းတို့၌။ ပတိဋ္ဌိတံ၊ ၏။ အတ္ထရဏံ၊ မြေခင်းနှီးတော်သည်။ ဒေဝရဋ္ဌေ၊ ဒေဝတိုင်း၌။ ပတိဋ္ဌိတံ၊ ၏။

အရဏီစ၊ မီးပွတ်တော်သည်။ မိဓိလာယံ၊ မိဓိလာပြည်၌။ ပတိဋ္ဌိတံ၊ ၏။ ပရိဿာဝနံ၊ ရေစစ်တော်သည်။ ဝေဒေဟေ၊ ဝေဒေဟတိုင်း၌။ ပတိဋ္ဌိတံ၊ ၏။ ဝါသိစ၊ ပဲခွပ်တော်သည် လည်းကောင်း။ သူစိဃရဏ္ဍာပိ၊ အပ်ကျည်တော်သည် လည်းကောင်း။ တဒါ၊ ထိုအခါ၌။ ဂ္ဂန္ဒပတ္ထေ၊ ဂ္ဂန္ဓပတ္ထအမည်ရှိသော။ ပုရေ၊ ပြည်၌။ ပတိဋ္ဌိတံ၊ ၏။

အဝသေသံ၊ ကြွင်းကုန်သော။ ပရိက္ခာရံ၊ ပရိက္ခရာတော်သည်။ အပရဏ္ဏကေ၊ အပရဏ္ဏအမည်ရှိသော။ ဇနပဒေ၊ ဇနပုဒ်၌။ ပတိဋ္ဌိတံ၊ တည်တော်မူ၏။ ဣတိ၊ ဤသို့။ မုနိနော၊

ရှင်တော်ဘုရားသည်။ ပရိဘုတ္တာနိ၊ သုံးဆောင်တော်မူသော ပရိက္ခရာတို့ကို။ တဒါ၊ ထိုအခါ၌။ မနုဇာ၊ လူတို့သည်။ မဟိ သု၊ ပူဇော်ကုန်၏။

ဂေါတမဿ၊ဂေါတမအမည်တော်ရှိသော။ မဟေသိနော၊ ဘုရားရှင်၏။ ဓာတု၊ဓာတ်တော်သည်။ ပါဏီနံ၊ သတ္တဝါတို့ကို။ အနုကမ္မာယ၊ အစဉ်သနားတော်မူသဖြင့်။ ဣတိ၊ ဤသို့။ ဝိတ္ထာရိက၊ ပျံ့နှံ့သည်။ အာသိ၊ ဖြစ်၏။ တဒါ၊ ထိုအခါ၌။ ပေါရာဏိကံ၊ အဟောင်းဖြစ်သော စေတီတော်သည်။ အဟု၊ ဖြစ်ပြီ။

ဤသို့ ဗုဒ္ဓဝင်ပါဠိတော်လာသည်နှင့်အညီ ဘုရားသခင် ဓာတ်တော်တို့၏ တည်ရာဌာနကို ဘိအပ်၏။ လက်ဝဲညှပ်ရိုးတော်သည် ပြဟ္မာပြည်၌ တည်တော်မူကြောင်းကိုလည်း သိအပ်၏။

၉၂-ပုစ္ဆာ။ ။ဘုရားသခင် အလောင်းတော်ကို ရွှေတလား၌ သွင်းသည် မသွင်းသည်ကို ဆိုရာ၌လည်း အခြို့ဆရာတို့က ရွှေတလားမဟုတ်၊ ရွှေကျင်း၌သာ ထည့်သွင်းသည် ဆိုပါသည်၊ ရွှေတလား ရှိ မရှိကိုလည်း သိလိုပါသည်။

၉၂-ဝိသဇ္ဇနာ။ ။ဘုရားသခင်၏ အလောင်းတော်ကို ရွှေတလား၌ သွင်းသည် မသွင်းသည်ကို မေးရာ၌။

မြတ်စွာဘုရား အလောင်းတော်ကို ထုတ်ခြင်း ထားခြင်းကို မဟာပရိနိဗ္ဗာနသုတ်၌လာသည်၊ ကား—

> အထခေါ ကောသိနာရကာ မလ္လာ ဘဂဝတော သရီရံအဟတေန ဝတ္ထေန ဝေဌေတွာ ဝိဟတေန ကပ္ပာသေန ဝေဌေသုံ။ ဝိဟတေန ကပ္ပာသေန ဝေဌေတွာ အဟတေန ဝတ္ထေန ဝေဌေသုံ။ ဧတေနုပါယေန ပဉ္စဟိ ယုဂသတေဟိ ဘဂဝတော သရီရံ ဝေဌေတွာ အယသာယ တေလဒောဏိယာ ပကိ္ခပိတွာ အညိဿာ အယသာယ ဒောဏိယာ ပဋိကုဋိံ တွာ သဗ္ဗဂန္ဓာနံ စိတကံ ကရိတွာ ဘဂဝတော သရီရံ စိတကံ အာရောပေသုံ။

ဟူ၍ဆိုသည်။

အဓိပ္ပာယ်ကား။ ထိုအခါ ကောသိနာရ တိုင်းသူ၊ မလ္လာမင်းတို့သည် မြတ်စွာဘုရား ကိုယ်တော်၏ အလောင်းကို အသစ်စက်စက်သော ပုဆိုးနှင့်ရစ်၍ ညက်လှစွာ ဖတ်ပြီးသော ဝါဂွမ်းစိုင်တို့ဖြင့် ရစ်ပတ်ကုန်၏။ ဝါဂွမ်းစိုင်ဖြင့် ရစ်ပတ်ပြီးသောကာလ အသစ်သော ပုဆိုးဖြင့် ရစ်ပြန်ကုန်၏။ ဤသို့သောနည်းဖြင့် ငါးရာ ငါးရာစီသော ပုဆိုးစုံ ဝါဂွမ်းတို့ဖြင့် ဘုရားသခင်ကိုယ်တော်ကို ရစ်၍ ရွှေဖြင့်ပြီးသော ဆီဖြင့်ပြည့်သော တလား၌သွင်း၍ တပါးသော ရွှေဖြင့်ပြီးသော အဖုံးဖြင့်ပိတ်၍ အလုံးစုံသော နံ့သာထင်ပုံကိုပြု၍ မြတ်စွာဘုရားအလောင်းတော်ကိုထင်းပုံထက်သို့တင်ကုန်၏ဟူလိုသည်။ ။ဤကား ပါဠိတော်၌လာသော အဓိပ္ပာယ်တည်း။

အဋ္ဌကထာ၌ အရှင်အာနန္ဒာ လျှောက်သော အခန်းတွင် ဖွင့်သည်ကား—

အဟတေန ဝတ္ထေနာတိ နဝေန ကာသိကဝတ္ထေနဟူရကား။ အဟတ-ဆိုသည်ကား အသစ်သော ကာသိကရာဇ်တိုင်းဖြစ် ပုဆိုးဟူလိုသည်။

ဝိဟတေန ကပ္ပာသေနာတိ သုပေါထိတေန ကပ္ပာသေန-ဟူရကား။ ဝိဟတ-ဟူသည် ကောင်းစွာ ဖတ်အပ်ပြီးသော ဝါဂွမ်းဟူလိုသည်။ ကာသိကပုဆိုးသည် နူးညံ့သိမ်မွေ့လှသော ကြောင့် ဆီကိုမယူတတ်။ ဝါဂွမ်းမူကား ဆီကို စွဲယူတတ်၏ ဆိုလိုသည်။

အယသာကို ဖွင့်သည်ကား-အယသာယာတိ သောဝဏ္ဏာယ၊ သောဝဏ္ဏဉ္စိ ဣဓ အယသန္တိ အဓိပ္ပေတံ။

အယသာ–ဟူသည်ကား ရွှေကိုအလိုရှိအပ်၏ ဟူလိုသည်။ အရှင်မဟာကဿပ ရောက် သောကာလ ခြေတော်စုံကို ဦးတိုက်သော စကားတွင်-

တတော ပါဒါနံ သမီပေ ဌတ္တာ အဘိညာပါဒကံ စတုတ္ထဇ္ဈာနံ သမာပဇ္ဇိတ္တာ ဝုဋ္ဌာယ အရာသဟဿပ္ပဋိမဏ္ဍိတ စက္ကလက္ခဏပ္ပတိဋ္ဌိတာ ဒသဗလဿ ပါဒါ သဒ္ဓိံ ကပ္ပါသပဋ္ဋလေဟိ ပဋ္ဆ ဒုဿယုဂသတာနိ သုဝဏ္ဏဒေါဏိံ စန္ဒနစိတကဋ္ဌ ဒ္ဝေဓာ ကတ္ဝာ မယ္ဟ မတ္ထကေ သိရသ္မိံ ပတိဋ္ဌဟန္တ္ဝါ တိ အဓိဋ္ဌာသိ။ ဟူ၍လာရာဥ်လည်း–

မြတ်စွာဘုရား ခြေတော်ရင်း၌ အဘိညာဉ်၏ အခြေဖြစ်သော စတုတ္ထစျာန်ကို ဝင်စား၍ ထပြီးမှ အကန့်တထောင်ဖြင့် တန်ဆာဆင်အပ်သော စက်လက္ခဏာ၏ တည်ရာဖြစ်သော ခြေတော်စုံတို့သည် တကွနက်သော ဝါဂွမ်းစိုင်ငါးရာ၊ ပုဆိုးအစုံ အထပ်ငါးရာတို့ကိုလည်း ကောင်း၊ ရွှေတလားကိုလည်းကောင်း၊ စန္ဒကူး ထင်းပုံကိုလည်းကောင်း နှစ်ဖြာပြု၍ ငါ၏ ဦးခေါင်းထိပ်၌ တည်စေသတည်းဟု ဤသို့ ဓိဋ္ဌာန်တော်မူ၏ ဟူလိုသည်။

နလာဋမောတုဝင်တွင် လာသည်ကား-

ဘဂဝတိ ပရိနိဗ္ဗုတေ ဝိသုကမ္မ ဒေဝပုတ္တော တထာဂတဿ သရီရပူမာဏံ ဝရဒေါဏိံ ရတနေဟိ မာပေတွာ ဝိသုဒ္ဓကပ္ပါသေဟိ တထာဂတဿ သရီရံ ဝေဌေတွာ ရတနဒေါ ဏိယံ ပက္ခိပိတွာ ဂန္ဓတေလေဟိ ပူရာပေတွာ အပရာယ ဒေါဏိယာ ပိဒဟိတွာ—

ဤသို့လာသည်။

အဓိပ္ပာယ်ကား။ ။မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူသည်ရှိသော် ဝိသကြံနတ်သား သည် ဘုရားသခင် ကိုယ်တော် ပမာဏရှိသော ရတနာအတိပြီးသော တလားကို ဖန်ဆင်း၍ စင်ကြယ်စွာသော ဝါဂွမ်းစိုင်တို့ဖြင့် ရစ်၍ ရတနာတလား၌ သွင်းပြီးလျှင် ဆီနှံ့သာဖြင့် ပြည့်စေ၍ တခုသော ရွှေတလားဖြင့် ဖုံးပိတ်၏ ဟူလိုသည်။

ဤအရာ၌ ဒေါဏိသဒ္ဒါကို ရွှေတလားဟူ၍ အဓိပ္ပာယ်ဆိုခြင်းသည်ကား ဒေါဏိသဒ္ဒါသည် တပါးသော အရာတို့၌ ကျင်းကိုဟောသည် မဟုတ်သော ဟူအံ့။ ဟော၏။ ဟောသော်လည်း အရာရာဆို့လိုက်၍ ဟောသည်ဟု ယူသင့်၏။ ဒေါဏိသဒ္ဒါသည် လှေ၌ဖြစ်သောကာလ ပက်ခွံကို ဟောသည်လည်းရှိ၏။ မြေ၌ဖြစ်သောကာလ ကျင်းကိုဟောသည်လည်းရှိ၏။ ဤအရာ၌ကား ကျင်း,ပက်ခွံတို့နှင့် မဆိုင်လေကောင်း ဖြစ်သောကြောင့် မဟောသင့်။ ထို့ကြောင့် ကလာပ် ကျမ်းတို့၌ လောကောပစာရဂြဟဏ သိဒ္ဓိ ဟူသော ပရိဘာသာနှင့်အညီ အနက်ရုပ်သဒ္ဒါတို့၏ ပြီးခြင်းသည် လောကဥပစာရ ဝေါဟာရသို့ လိုက်၍ ပြီးသင့်သည်ဟု ဆိုလေသတည်း။

တကြောင်းလည်း သဒ္ဒါငယ်ကျမ်းတို့၌–

အတ္ထာ ပကရဏာ လိင်္ဂါ၊ ဩစိတျာ ကာလဒေသတော။
သဒ္ဒတ္ထာ ဝိဘဇိယန္တိ၊ န သဒ္ဒါယေဝ ကေဝလာ။

အတ္ထာ၊ အနက်အားဖြင့် လည်းကောင်း။ ပကရဏာ၊ အရာအားဖြင့်လည်းကောင်း။ လိင်္ဂါ၊ လိင်အား ဖြင့်လည်းကောင်း။ ဩစိတျာ၊ အသင့်အားဖြင့်လည်း ကောင်း။ ကာလဒေသတော၊ ကာလဒေသအား ဖြင့်လည်းကောင်း။ သဒ္ဒတ္ထာ၊ သဒ္ဒါ၏အနက်တို့ကို။ ဝိဘဇိယန္တိ၊ ဝေဖန်အပ်ကုန်၏။ ကေဝလာ၊ သက်သက်။ သဒ္ဒါယေဝ၊ ကြားကာမျှသော သဒ္ဒါတို့ကိုသာလျှင်။ နဝိဘဇိယန္တိ၊ မဝေဖန်အပ်ကုန်။ ဟူ၍ဆိုသည်နှင့်အညီ–

ပကရဏာအားဖြင့်လည်းကောင်း။ ဩစိတျာ အားဖြင့်လည်းကောင်း။ ဒေါဏိသဒ္ဒါသည် ကျင်းဟူသောအနက်၊ ပက်ခွဲဟူသော အနက်တို့နှင့် မဆက်ဆံသောကြောင့် တလားဟူသော အနက်ကိုသာ သိအပ်သည်။ ထို့ကြောင့်–

ဩစိတျံ လောကတော ဧ ဃျံ၊ ပုဗ္ဗာပရာ ဝိရောဓိတံ။

ဩစိတျံ၊ အသင့်ကို။ လောကတော၊ လောကဝေါဟာရအားဖြင့်။ ပုဗ္ဗာပရာဝိရောဓိတံ၊ ရှေ့နောက် မဆန့်ကျင်သည်၏ အဖြစ်ကို။ ဧ ဃျံ၊ သိအပ်၏။ဟု ဆိုသတည်း။ ရှေ့နောက် မဆန့်ကျင်မှ အနက်သင့်ရာ၏ ဟူလိုသည်။

ယင်းသို့ တပြီးကား၊ ရှေးဆရာတို့သည်တလားဟူ၍ ဆိုဖူးပါ၏လောဟူအံ့။ ပရိနိဗ္ဗာနပျို့တွင်–

“မင်းမျှားမင်္ဂလာ၊ ဆောင်တုံရာဟု၊ သာယာသန့်ရှင်း၊ ဥယျာဉ်တွင်းသို့၊ ရောက်လျှင်းခါမှု၊ ဆောင်ခဲ့ယူ၍၊ အတူရွှေသွား၊ ရွှေတလားကို၊ တည်ထားသင့်ရာ၊ ချပြီးစွာမှ၊ နံ့သာဆီပေါင်း၊ နတ်တို့လောင်း၍၊ ရှင်ကောင်းကိုယ်တော်၊ သန်လျင်းပေါ်တွင်၊ မျှော်မဆုံးနိုင်၊ ရွှေတုံးစိုင်ကို၊ ခီကိုင်မစ၊ ဝန်းလျှားချ၍၊ ယုယသာဖြား၊ ရွှေတလား၌၊ မင်းဖျားသွင်းဆုံး၊ ရွှေပျဉ်ဖုံး၍၊ ချုံးခုံးအုတ်သဲ၊ ရှေးထက်ကဲ့၍”။ ဟူ၍လည်းကောင်း။

“ဤမြေမင်းသား၊ မိုးသိကြားနှင့်၊ နတ်များငြဟူ၊ ညီညွတ်စွာလျှင်၊ မဟာပူဇ၊ ဝိသေသဖြင့်၊ လောကထွက်ထား၊ ရွှေတလားကို၊ ညွတ်တွားရိုကျိုး၊ ရှိလျှင်ခိုး၍” ဟူ၍လည်းကောင်း။

“ထိုသို့ မင်းဖျား၊ ရွှေတလားကို၊ ပို့ရှားနံ့သာ၊ ထင်းပုံမှာထက်၊ ညီညာအုံအုံ၊ တင်ပြီးတုံသော်”။ ဟူ၍လည်းကောင်း။

“ထိပ်ထက်လက်ထား၊ ရွှေတလားကို၊ ညွတ်တွားပူဇ၊ လှည့်လက်ယာဖြင့်၊ သုံးခါလည်ပြီး၊ တပည့်ကြီးကား”။ ဟူ၍လည်းကောင်း။

“ရတနာစီထား၊ ရွှေတလားမှ၊ ရွှေသားအဆင်း၊ ထွက်လာလျှင်း၍၊ ရှင်ရင်းမြတ်လှ၊ ကသိုပ၏”။ ဟူ၍လည်းကောင်း။ မင်းခန်းတော် နှစ်ဆယ့်ခြောက်ပါးတွင် ကွမ်းကျပ်တော်သည်လည်း တလားနှင့် တူသောကြောင့် ရှေးအခါ ကွမ်းတလားဟု ခေါ်၏။

မင်္ဂလာစေတီမော်ကွန်းတွင်– “ကွမ်းလောင်းကွမ်းခွက်၊ လက်ဖက်စီရင်၊ သောက်ရေတင်နှင့်၊ ရွှေစင်အိုးပျစ်၊ ရွှေစစ်ထင်ရှား၊ ကွမ်းတလားက၊ စသည်ထွေးခံ၊ ထွန်းလှံမီးတူ၊

ရောင်ယူပွတ်ချော၊ မုနောလင်ပန်း၊ ယောက်ဇုန်းစလောင်း" စသည်ဖြင့် တလားဟူသော ဝေါဟာရကို ရည်၍ စပ်သည်။ ဤသို့စသည်ဖြင့် စပ်ချက်ထုံး ဥပဒေသလည်း ရှိသည်။

ဓာတုဘာဇနီဝတ္ထုဥဒ္ဒါလည်း– အနံ့ရှစ်တောင် အလျားအတောင်နှစ်ဆယ်ရှိသော ရွှေတလားနှင့် သွင်းထားကြောင်းကို ဆိုသည်။ ။ရာမညရာဇပဝေဏီဥဒ္ဒါလည်း သတ္တဝါအပေါင်းတို့၏ မကိုင်နှင့် သရဖူဖြစ်တော်မူသော ဘုရားရှင်သည် ပရိနိဗ္ဗာန်စံတော်မူလျှင် လူ, နတ်, နဂါး, သိကြား, ဗြဟ္မာ အပေါင်းတို့သည် ရွှေမျိုး ကျောက်မျိုးတို့ဖြင့်ပြီးသော အဖုံးပျဉ်တလားကို လုပ်ဆောင်ခြယ်လှယ်၍ သုံးဆယ့်နှစ်ယူဇနာရှိသော ပြည်သူအပေါင်းတို့လည်း မကြားမမြင်ဖူးသော ပွဲသဘင်တို့နှင့် တင့်တယ်စွာ သင်္ကြိတ်ကုန်သည်ဟုဆိုသည်။ ဤကား ပုဗ္ဗာစရိယတို့၏ ဝါဒ နယူပဒေသကို ပြသည်။

ငါတို့ ဆရာတော်သည်ကား ဒေါဏိသဒ္ဒါသည် ကျင်းကို ဟောသည် မှန်၏။ ဤအရာ၌ကား ကျင်းကို မယူသင့်။ ရှေးအခါ ဒေါဏိသဒ္ဒါကို ထောက်၍ ဒဏ္ဍား ဆိုလေကုန်သည်။ ကာလရှည်ကြာပြန်သဖြင့် ဝေါဟာရ၌ လျော့ပြန်၍ တဏ္ဍားဟူ၍ ခေါ်ဝေါ်ကြပြန်သည်။ ငါတို့ ငယ်ရွယ်စဉ် ကာလကလည်း တဏ္ဍားဟူ၍ပင် ခေါ်ဝေါ်ကြသည်ဟု မိန့်တော်မူသည်။

ရာဇမဏိစူဠာ အရေးတော်ပုံတွင်လည်း ပကတိမရေးမူ၍ စန္ဒကူးထင်းပုံသဏ္ဌာန်၊ ရွှေအတိပြီးသော တလားရုပ်သဏ္ဌာန်၊ အင်ကြင်းပင်ပျိုလေးပင် အဟန်ကို သိသာစွာ ရေးထုံးရှိသည်ကို မြင်ရသည်။ ထို့ကြောင့် ဒေါဏိဟူသောစကား၊ ရွှေကျင်းဟူသော စကားတို့ကို ကာလဒေသ ဝေါဟာရသို့ လိုက်၍ ရွှေတလားကိုပင် ဆိုသော စကား ဖြစ်သည်ဟု မှတ်သင့်သည်။

၉၃-ပုစ္ဆာ။ ။ဘုရားလောင်းကို ဖွားတော်မူသည့် ကာလ။ လက်ယာလက်က အင်ကြင်းခက်ကို ကိုင်လျက်၊ လက်ဝဲလက်က မိထွေးတော်ဂေါတမီကို ကိုင်လျက် မယ်တော်မာယာဖွားသည်ဟု အများပင် ဆိုထုံး ပြောထုံး ရှိပါသည်။ ရှေးဌာပနာသွင်းရိုး သွင်းထုံးမျှားမှာလည်း ရွှေ၊ ငွေ၊ ကြေး၊ သလွဲစသည်တို့ကို ထုလုပ်သွင်းကြပါသည်။ သို့ကိုလျက် မိထွေးတော်ကို ကိုင်လျက် ဖွားသည်ဟု ကျမ်းဂန်တွင် မလာ ဆိုပြန်ပါသည်။ ဤအရာကိုလည်း အတပ်သိလိုပါသည်။

၉၃- ဝိသဇ္ဇနာ။ ။ဘုရားလောင်းကို ဖွားတော်မူသော ကာလ၊ မိထွေးတော်ကို မယ်တော်မာယာ လက်ကိုင်သည် မကိုင်သည်ကို မေးရာ၌-

> အမစ္စာ ဒေဝိ ဂဟေတ္တာ သာလဝနံ ပဝိသိ်သု၊ သာ မင်္ဂလသာလမူလံ ဂန္တ္ဝာ သာလသာခံ ဂဏှိတုကာမာ အဟောသိ။ သာလသာခါ သုသေဝိတတ္တာ ဂဟိဝိယ ဩနမိတ္ဝာ ဒေဝိယာ ဟတ္ထကံ ဥပဂစ္ဆိ။ သာ ဟတ္ထံ ပသာရေတ္ဝာ သာခံ အဂ္ဂဟေသိ။ တာဝစသာ ကမ္မဇဝါတာ စလိ်သု။ အထ သာဏိ် ပရိက္ခိပါပေတ္ဝာ မဟာဇနေ မဇ္ဈေဂ္ဂမိ။ သာလသာခံ ဂဟေတ္ဝာ တိဋ္ဌမာနာယ ဧဝစသာ ဂမ္ဘဥဋ္ဌာနံ အဟောသိ။

ဟူ၍ အပဒါန်အဋ္ဌကထာ၌ ဆိုသည်။

အဓိပ္ပာယ်ကား။ ။အမတ်တို့သည် မယ်တော်မာယာဒေဝီကိုယူ၍ အင်ကြင်းတော်သို့ဝင်ကုန်၏။ မယ်တော်မာယာဒေဝီသည် မင်္ဂလာရှိသော အင်ကြင်းပင်ရင်းသို့ သွား၍ အင်ကြင်းခက်ကို ကိုင်လို၏ဟု စိတ်ဥပဒ်သော ကာလ၌လျှင် အင်ကြင်းခက်သည် မီးဖြင့်ပျော့သော ကြိမ်ညွှန့် ညှောင့်ကဲ့သို့ ညွတ်၍ မိဖုရားလက်သို့ ကပ်လာ၏။ မယ်တော်သည် လက်ကိုဆန့်၍ အင်ကြင်းခက်ကိုကိုင်၏။ ထိုခဏာ၌ကမ္ဘဇလေတို့သည် လှုပ်ကုန်၏။ထိုအခါ တင်းတိမ်ဖြင့် ရံစေပြီးလျှင် လူများသည် ဖဲလေ၏။ မိဖုရားသည် အင်ကြင်းခက်ကို ကိုင်၍ ရစ်စဉ်ပင်လျှင် ဖွားတော်မူ၏ဟု ဆိုသည်။ မိထွေးတော်ကို ကိုင်ရကြောင်းကို မဆိုဖြစ်သည်။ ဌာပနာသွင်းရိုး လုပ်ရိုးရှိ၍ လုပ်လေသည်မှာလည်း လူများသည် ဖဲလေ၏ဟု ဆိုသော်လည်း အမ, အစ အထိန်းအခြို ရှိလေရာသည်။ အမ,အစပြုသော သူတို့တွင်လည်း မိထွေးတော်သည် အရင်းဖြစ်၍ မိထွေးတော်အမ,အစရှိသည်ဟု ယူရန်ရှိသည်။

၉၄-ပုဏ္ဏာ။ ။ဘုရားသခင်တို့မှာ ပညာဓိက၊ သဒ္ဓါဓိက၊ ဝီရိယာဓိက ရှိကြောင်းကို အများပင် ပြောဆိုကြပါသည်။ ပစ္စေကဗုဒ္ဓါတို့မှာ ပညာဓိက၊ သဒ္ဓါဓိက၊ ဝီရိယာဓိက၊ ရှိမရှိကိုလည်း သိလိုပါသည်။ ကျမ်းဂန်နှိုင်းရှည့်၍ ပြသတော်မူပါ ဆရာတော်ဘုရား။

၉၄-ဝိသဇ္ဇနာ။ ။ဘုရားသခင်တို့မှာ ပညာဓိက၊ သဒ္ဓါဓိက၊ ဝီရိယာဓိက ရှိကြောင်းကို အများပင် ပြောဆိုကြပါသည်။ ပစ္စေကဗုဒ္ဓါတို့မှာ ပညာဓိက၊ သဒ္ဓါဓိက၊ ဝီရိယာဓိက ရှိ မရှိကို သိလိုပါသည် ဟူရာ၌—

> ယထာ မဟာဗောဓိ သတ္တာနံ၊ နာဓိပတေယျဓိသတ္တာနံ။ တေသံ ဟိ သတိပိ ပညာဓိကဘာဝေ ဒ္ဝေအသင်္ခေယျာနိ ကပ္ပသတသဟဿစ္စယေန ဗောဓိသမ္ဘာရသမ္ဘရဏံ ဂ္ဂဏှိတံ။ နာဓိပတေယျာ သဒ္ဓါဓိကာ ဝီရိယာဓိကာပိ ဝုတ္တပရိစ္ဆေဒတော ပရံ ကတိပယေဓေ ကပ္ပေ အတိက္ကမိတ္ဝာ သမ္ဗောဓိံ အဘိသမ္ဗုဇ္ဈန္တိ၊ နာ တတိယံ အသင်္ခေယျန္တိ။

ဟူ၍ ထေရအဋ္ဌကထာပါဠိ ဆယ်ကြောင်းပေ ကံ အင်္ဂါတွင်လာသည်။

အဓိပ္ပာယ်ကား။ ။သဗ္ဗညုဘုရားလောင်းတို့အား တသိန်းအလွန်ရှိသော လေးသင်္ချေ၌ ရှစ်သင်္ချေ၊ တဆယ့်ခြောက်သင်္ချေကွဲ၍ ရှိဘိသကဲ့သို့ ထို့အတူ ပစ္စေကဗုဒ္ဓါအလောင်းတို့အား မရှိသင့်ပြီ။ ထိုစကားသည် သင့်မြတ်စွ။

ချဲ့ဦးအံ့၊ ထိုပစ္စေကဗုဒ္ဓါ အလောင်းတို့အား ပညာဓိက၊ သဒ္ဓါဓိက၊ ဝီရိယာဓိကအဖြစ်သည် ရှိသော်လည်း နှစ်သင်္ချေနှင့် ကမ္ဘာတသိန်း မျှသာ ဗောဓိသမ္ဘာရ ဆုကိုရည်၍ ဆည်းပူးရခြင်းကိုသာ မှတ်အပ်၏။ ပညာဓိကပင်ဖြစ်သော်လည်း ထိုနှစ်သင်္ချေနှင့် ကမ္ဘာတသိန်းအောက် ယုတ်ခြင်းမရှိရာပြီ။ သဒ္ဓါဓိက ဝီရိယာဓိက တို့သည်လည်း ဆိုခဲ့ပြီးသော အပိုင်းအခြားထက် ကဲလွန်၍ တကမ္ဘာ၊ နှစ်ကမ္ဘာ၊ ကမ္ဘာတဆယ်၊ ကမ္ဘာနှစ်ဆယ်၊ ကမ္ဘာတရာ၊ ကမ္ဘာနှစ်ရာ၊ ကမ္ဘာတထောင်၊ ကမ္ဘာနှစ်ထောင်ဟု ဆိုအပ်သော ကတိပယပင် သာလွန်လေ၍ ပစ္စေကဗောဓိဉာဏ်ထိုထွင်း၍ သိကုန်ရာ၏။ ထိုသို့ပင် သာလွန်သော်လည်း တတိယအသင်္ခေယျသို့ မတိုင်ရောက်ရာပြီ ဟူလိုသည်။

ဤသို့ဆိုသော အလိုသော်ကား - ပညာဓိက ပစ္စေကဗုဒ္ဓါ အလောင်းပင် ဖြစ်သော်လည်း နှစ်သန်း ကမ္ဘာတသိန်းအောက် မယုတ်ရာပြီ။ သဒ္ဓါဓိက ဝီရိယာဓိကပင် ဖြစ်သော်လည်း ကတိ-ပယဟု ဆိုအပ်သော တစ်ကမ္ဘာ၊ နှစ်ကမ္ဘာပင် သာလွန်လေသော်လည်း အနည်းငယ်သာလွန်နိုင်သည်။ တသန်ဖြဲလုံးလုံး သာလွန်၍ သုံးသန်ဖြဲသို့ မရောက်ရာပြီ ဆိုသည်နှင့်အညီ ပညာဓိက၊ သဒ္ဓါဓိက၊ ဝီရိယာဓိက သုံးပါးအပြားရှိကြောင်းကို သိသင့်သည်။ သုံးသန်ဖြဲတိုင် မဖြည့်ရသောကြောင့်သာ ပညာဓိက၊ သဒ္ဓါဓိက၊ ဝီရိယာဓိကဟူ၍ မထင်ရှားရှိလေသည် မှတ်သင့်သည်။

၉၅-ပုစ္ဆာ။ ။စေတီထိုက်သည်ကိုပြရာ၌ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ၊ စကြဝတေးမင်းတို့သည် စေတီထိုက်ကြောင်းကို ဟောတော်မူသည် ဆိုပါသည်။ ပုထုဇဉ် ရဟန်းတို့ကိုလည်း စေတီပြုသော် ပြုအပ်မည် မပြုအပ်မည်ကို အတတ်သိလိုပါသည်။

သက္ကရာဇ် ၁၁၇၂-ခု၊ သီတင်းကျွတ်လဆန်း ၁-ရက်၊ သောကြာနေ့၊ မုံရွာသိရိမာလာကမေးလျှောက်လာရာတွင် ဖြေဆိုလိုက်သည်ကား။

၉၅-ဝိသဇ္ဇနာ။ ။ပုထုဇဉ် ရဟန်းတို့အား စေတီထိုက်မထိုက်ကို မေးရာ၌–

စတ္တာရော မေ အာနန္ဒ ထူပါရဟာ၊ ကတမေ စတ္တာရော၊ တထာဂတော အရဟံ-သမ္မာသမ္ဗုဒ္ဓေါထူပါရဟော၁။ ပစ္စေကသမ္ဗုဒ္ဓေါ ထူပါရဟော။ တထာဂတသာ သာဝကော ထူပါရဟော၁။ ရာဇာ စတ္တာဝတ္တိ ထူပါရဟော။

ဟူ၍ သုတ်မဟာဝါပါဠိတော်၌ ထူပါရဟကို ပြတော်မူပြီး၍ "ကွမေ ခေါ အာနန္ဒ စတ္တာရော ထူပါရဟာတိ" ဟူ၍ စေတီထိုက်သည့်အရာ၌ လေးပါးကို သနှံ့သတ်၍ ဟောတော်မူပြန်သည်။ ပုထုဇဉ်ရဟန်းနှင့် ငါးပါးဟူ၍ ဟောတော်မမူခဲ့။ အဋ္ဌကထာ၌ကား-

ရာဇာ စတ္တာဝတ္တိတိ ဇေတ္ထ ကသ္မာ ဘဂဝါ အဂါရမဇ္ဈေ ဝသိတာ ကာလင်္ကတသာ ရညော ထူပကရဏံ အနုဇာနာသိ၊ န သီလဝတော ပုထုဇ္ဇနသ ဘိက္ခုဿာတိ၊ အနုစ္ဆရိယတ္တာ"

ဟူသောပါဠိဖြင့် အဘယ့်ကြောင့် မြတ်စွာဘုရားသည် လူ၏ဘောင်၌ နေ၍ သေလေသော စကြာမင်းအား စေတီပြုခြင်းကို ခွင့်ပြုလေသနည်း။ ပုထုဇဉ် သီလဝန္တ ရဟန်းတို့ ခွင့်မပြုလေသနည်းဟု ပုစ္ဆာကိုမိန့်ပြီး၍ "အနုစ္ဆရိယတ္တာ" ဟု ဟိတ်ဖြင့် ဖြေသည်။ အံ့ဖွယ်မရှိသောကြောင့် ခွင့်မပြုသည်ဟု ဆိုသည်၊ အံ့ဖွယ်မရှိကြောင်းကို ပြပြန်လို၍လည်း–

ပုထုဇ္ဇနဘိက္ခုနဉ္စိ ထူပေ အနုညာယမာနေ တမ္မပဏ္ဏိဒိပေ တာဝ ထူပါနံ ဩကာသော နာ ဘဝေယျ၊ တထာ အညေသု ဌာနေသု၊ တသ္မာ အနစ္ဆရိယာ ဘဝိဿန္တိတိ နာနုဇာနာတိ။

ဟု ပုထုဇဉ် ရဟန်းတို့အား စေတီကို ခွင့်ပြုသည်ရှိသော် သီဟိဠ်ကျွန်း၌ စေတီ၏ တည်ရာအရပ်သည် မဆံ့သည်သာ ဖြစ်လတ္တံ့။ ထို့အတူ တပါးသော ကျွန်းအရပ်တို့၌လည်း မလောက်သည်သာ ဖြစ်လတ္တံ့။ ထို့ကြောင့် အံ့ဖွယ်မရှိသည်သာ ဖြစ်လတ္တံ့သောကြောင့် ခွင့်မပြုဟူလိုသည်။

စကြာမင်းကို ပြပြန်လို့၍–

ရာဇာစက္ကဝတ္တိ ဧကောဝ နိဗ္ဗတ္တတိ။ တေနဿ ထူပေါ အစ္ဆရိယော ဟောတိ။ ဟူသောပါဠိဖြင့် စကြာမင်းသည်ကား တစ်ပါးတစ်ယောက်တည်းသာ ဖြစ်၏။ ထို့ကြောင့် ထိုမင်း၏ စေတီသည် အံ့ဖွယ်ရှိသည်ဖြစ်၏ဟူလိုသည်။

ပုထုဇဉ် ရဟန်းတို့ကိုကား–

ပုထုဇနသီလဝတော ပန ပရိနိဗ္ဗုတဘိက္ခုနော ဝိယ မဟန္တမ္မိ သက္ကာရံ ကာတုံ ဝဋ္ဋတိယေဝ။

ဟူသောပါဠိဖြင့် သီလဝန္တဖြစ်သော ပုထုဇဉ်ရဟန်းတို့ကိုကား ပရိနိဗ္ဗာန်စံသော ရဟန္တာတို့အား ပူဇော်သက္ကာရကို ပြုသကဲ့သို့ ကြီးစွာသော ပူဇော်သက္ကာရကို ပြုခြင်းငှါကားအပ်သည်သာ လျှင်တည်း ဟူလိုသည်။

ထိုပါဠိ၏ **နေယျတ္ထာအဓိပ္ပာယ်ကား** ။ ။စေတီပြုခြင်းငှာကား မအပ်လေ။ ခိုးမြှောက်ခြင်း ပူဇော်ခြင်းကို ပြုခြင်းငှါမူကား ပရိနိဗ္ဗာန် ယူလေပြီးသော ရဟန္တာကို ခိုးမြှောက်သကဲ့သို့ ခိုးမြှောက်ခြင်းကို ပြုအပ်၏။ ပရိနိဗ္ဗာန်စံသော ရဟန္တာတို့ကို ခိုးမြှောက်ခြင်းကို ပြုဖူးသည့် ထုံးကား အရှင်အညာတကောဏ္ဍညထေရ်ကို နတ်တို့သည်ကိုးယူဇနာမျှရှိသော ရတနာပြာသာဒ်ဖြင့် ခိုးမြှောက်ပူဇော်ခြင်း၊ အရှင်သာရိပုတ္တြာကို မယ်တော်က ရွှေအတိပြီးသော စုလစ်မွန်းခွန် တပ်သော ဘုံဆင့်ကျောင်းဆောင်ငါးရာ၊ ရတနာပြာသာဒ်ငါးရာ သိကြားမင်းက ဝိသကြုံနတ် သားကို စေ၍ ဖန်ဆင်းစေသည့် စုလစ်မွန်းခွန် တပ်သော ဘုံဆင့်ကျောင်းဆောင်ငါးရာ၊ ရတနာပြာသာဒ်ငါးရာ ဤနှစ်ထောင်သော ရတနာကျောင်းဆောင်၊ ရတနာပြာသာဒ်တို့ဖြင့် ခိုးမြှောက်သက္ကာရပြုဖူးခြင်း။ အရှင်မဟာမောဂ္ဂလ္လာန်ကို ကိုးဆယ့်ကိုးတောင်အမြင့်ရှိသော နံ့သာထင်းပုံထက်သို့တင်၍ ပူဇော်သက္ကာရပြုခြင်း၊ အရှင်အာနန္ဒာကို လေးလတိုင်တိုင်ထား၍ ပူဇော်သက္ကာရကို ပြုခြင်း၊ မိထွေးတော်ဂေါတမီကို လူမင်းနတ်မင်းတို့သည် ရတနာဆီမီးဖြင့် ညှိ၍ ပူဇော်ခြင်း ဤသို့စသည်တို့ဖြင့် ပူဇော်သက္ကာရပြုဘိသကဲ့သို့ပြုလိုသော်လည်း ပြုအပ်သည် သာလျှင်တည်း ဟူလိုသည်။

၉၆- ပုစ္ဆာ။ ။တကြောင်းလည်း ဘုရားသခင်ဓာတ်တော်တို့ကိုသာစေတီပြု၍ ကိုးကွယ် သင့်သည်ထင်ပါသည်။ ဟောတော်မူသောဒေသနာတော်ဟူ၍ကြားသိရသည်မှာလည်း–

ယော စ ပူဇေယျ သမ္ဗုဒ္ဓံ၊ တိဋ္ဌန္တေ လောကနာယကံ။
ဓာတုံ သာသပမတ္တမ္ပိ၊ နိဗ္ဗုတသာပိ ပူဇယေ။

သမေ စိတ္တပ္ပသာဒမ္ပိ၊ သမံ ပုညံ မဟာဂ္ဂတံ။
တသ္မာ ထူပံ ကရိတ္ဝာန၊ ပူဇေဟိ ဇိနဓာတုယော။

ဟုလာသော ပစ္စုပဋ္ဌာနသညကထေရဝတ္ထုဟူ၍ တွေ့ဖူးပါသည်။ ၎င်းနည်းတူ–

ပရိနိဗ္ဗုတေ ဘဂဝတိ၊ အတ္ထဒဿီ နရုတ္တမေ။
ဆတ္တာတိ ဆတ္တံ ကတ္တာန၊ ထူပမှိ အဘိရောပယိ။

စသောဂါထာတို့ဖြင့် အတိဆတ္တိယထေရဝတ္ထုဦးလည်း အတ္ထဒဿီမြတ်စွာဘုရားအား ပရိနိဗ္ဗာန်စံယူတော်မူသည့်နောက်သရီရဓာတ်တော်ဌာပနာရာဖြစ်သော စေတီတော်၌ ထီးတော်တင်ခဲ့ဖူးသော အကြောင်းကိုလည်းကောင်း၊ "ဖုဿဿ ခေါ ဘဂဝတော၊ ထူပေါ အာသိ မဟာဝနေ။" စသော ဂါထာတို့ဖြင့် ခဏ္ဍဖုလ္လိယထေရဝတ္ထုဦးလည်း ဖုဿမြတ်စွာဘုရား ဓာတ်တော် ဌာပနာရာ စေတီဟောင်းကို ပြုပြင်ခဲ့ဖူးသော အကြောင်းကိုလည်းကောင်း တွေ့ဖူးပါသည်။ ထို့ကြောင့် စေတီဟူသည်ကား ဓာတ်တော်ကိုသာ ဆိုသင့်ပါသည်။ ဘုရားသခင်ရုပ်တုတော်ဟုဆိုအပ်သော ဥဒ္ဒိသကစေတီတော်ကို ကိုးကွယ်အပ်ကြောင်းကို မတွေ့ဖူးပါ။ ဘုရားဟောတော်မူသော ပါဠိတော်၌ ရှိ-မရှိကို သိလိုပါသည်။

၉၆-ဝိသဇ္ဇနာ။ ။ဘုရားသခင် ဓာတ်တော်ကိုသာ စေတီပြုအပ်သည်ဟု ထင်ပါသည်။ ဂါထာပန္နတို့၌လည်း ဓာတ်တော်ကိုသာ ဟောတော်မူသည်ကို တွေ့ဖူးပါသည်။ ဥဒ္ဒိသကစေတီဟု ဆိုအပ်သည် ရုပ်တုတော်ကို ကိုးကွယ်သည်ကို မတွေ့ဖူးပါ။ ဘုရားဟောတော်မူသော ပါဠိဒေသနာ ရှိ-မရှိကို သိလိုပါသည်ဆိုရာ၌-

ဓာတ်တော်ကို စေတီပြု၍ ချမ်းသာသုံးပါးကို ရဖူးလေသော မထေရ်တို့သည် ဟောတော်မူသောဒေသနာ၊ ဓာတ်တော်ကို ပူဇော်ကိုးကွယ်လိုသော ဝေနေယျတို့ကို မျှော်ထောက်၍ ဟောတော်မူသောဒေသနာတော်ဖြစ်၍ ဓာတ်တော်ကို အထူးပြု၍ ပါဠိတော်ကျမ်းတို့၌ ရှိလေသည်၊ ရုပ်တုတော်ကို မကိုးကွယ်အပ်သောကြောင့် ဟောတော်မမူသည်ကား မဟုတ်။ ပါဠိတော် ရှိ-မရှိကို သိလိုပါသည်ဟူရာ၌ ခုဒ္ဒကနိကာယ် အဝင် တေရသနိပါတ်၊ ဆဋ္ဌမြောက် ကလိင်္ဂဗောဓိနိဒါန်း၌ ဟောတော်မူသည်။ ၎င်းဇာတ်နိဒါန်း၌ပင် သင်္ဃိယနာတင်သည်။

ထိုဇာတ်၏ အကြောင်းဖြစ်ဟန်ကား - လူသုံးပါး၏ ဆရာဖြစ်တော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ နေတော်မူသောအခါ "ရာဇာ ကလိင်္ဂါ-စက္ကဝတ္တိ" အစရှိသော တဆယ့်သုံးပါးသော ဂါထာပုဒ်တို့ဖြင့် တန်ဆာဆင်အပ်သော ဤကလိင်္ဂ-ဗောဓိဇာတ်ကို ဟောတော်မူ၏။

မြတ်စွာဘုရားသည် ဝေနေယျတို့ကို သင်္ကြိုဟ်တော်မူခြင်းငှာ ဇနပုဒ်မြို့ ရွာ တိုင်း ပြည်များသို့ ဒေသစာရီ ကြွတော်မူလတ်သော် သာဝတ္ထိပြည်သူတို့သည် နှံ့ သာပန်းစသည်တို့ကို လက်စွဲကုန်လျက် ဇေတဝန်ကျောင်းတော်သို့ လာကုန်၏။ တစုံတခုသော ပူဇော်အပ်သော အရပ်ကို မရခြင်းကြောင့် ပန်းနံ့ သာတို့ကို ဂန္ဓကုဋိတံခါး၌ ချခဲ့ကြ၍သာ ပြန်လေကုန်၏။

ထိုအခါ ဒါယကာတို့သည် မြတ်သော ဝမ်းမြောက်ခြင်း မရှိသည် ဖြစ်ကုန်၏။ ထိုအကြောင်းကို သိ၍ အနာထပိဏ်သဒ္ဒေးသည် ဇေတဝန်ကျောင်းတော်သို့ လာသောအခါ အရှင်အာနန္ဒာ အထံသို့သွား၍ အရှင်ဘုရား ဤကျောင်းတော်သည်ကား ဘုရားသခင်ဒေသစာရီ ကြွတော်မူလေသော် အထောက်အပံ့မရှိ။ လူတို့သည် နှံ့သာပန်းစသည်တို့ဖြင့် ပူဇော်ရာ အရပ်သည် မရှိခဲ့။ အရှင်ဘုရားသည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်၍ တစုံတခု ပူဇော်ရာအရပ်၊

အရိုအသေ ပြုအပ်သော အဖြစ်ကို ပြုတော်မူပါလော့ဟု လျှောက်၏။ အရှင်အာနန္ဒာလည်း ကောင်းပြီဟု ဝန်ခံ၍ မြတ်စွာဘုရားကို လျှောက်၏။ အရှင်ဘုရား စေတီတို့သည် အဘယ်မျှ အပြား ရှိကုန်သနည်းဟု လျှောက်၏။ "တီဏိ အာနန္ဒ"ဟူ၍-ညီချစ်အာနန္ဒာ စေတီတို့သည် သုံးပါးအပြား ရှိကုန်၏ဟု မိန့်တော်မူ၏။ သုံးပါးအဘယ်နည်းဟု လျှောက်ပြန်၏။ "တီဏိ သာရီရိကံ ပရိဘောဂိကံ ဥဒ္ဒိသကန္တိ"ဟူ၍ သာရီရိက စေတီလည်းတစ်ပါး၊ ငါဘုရားသုံးဆောင်တော်မူသော ပရိဘောဂစေတီလည်း တစ်ပါး၊ ရုပ်တုတော်ဖြစ်သော ဥဒ္ဒိသက စေတီလည်းတစ်ပါး။ ဤသို့လျှင် သုံးပါးအပြားရှိကုန်၏ဟူ၍ ဟောတော်မူ၏။

"သက္ကာ ပန ဘန္တေ တုမ္ဟေသု ဓရန္တေသု တေသံ ကာတုံ" ဟူ၍ အရှင်ဘုရားကိုယ်တော် မြတ်သည်သက်တော်ထင်ရှား ရှိစဉ်ကပင်လျှင် ထိုစေတီသုံးပါးတို့ကို ပြုလုပ်ကိုးကွယ်ခြင်းငှာ တတ်ကောင်းပါအံ့လောဟု လျှောက်ပြန်၏။

> အာနန္ဒ သာရီရိကံ န သက္ကာ ကာတုံ။ တံ ဟိ ဗုဒ္ဓါနံ ပရိနိဗ္ဗာနကာလေ ကာတုံ သက္ကာ။ ဥဒ္ဒိသကံ ပရိဘောဂိကဉ္စ သက္ကာ ဟောတိ။ ဗုဒ္ဓေဟိ ပရိဘုတ္တော မဟာဗောဓိ-ရုက္ခော ဗုဒ္ဓေသု ဓရန္တေသုပိ စေတိယ မေဝါတိ။ ဟူ၍

ညီချစ် အာနန္ဒာ၊ သာရီရိကဖြစ်သော ဓာတ်တော်စေတီကိုကား-ငါဘုရားထင်ရှားရှိစဉ် ပြုခြင်းငှာ မတတ်ကောင်း၊ ထိုစကားသည် သင့်မြတ်စွ၊ ထိုဓာတုစေတီကိုကား မြတ်စွာဘုရားတို့ ပရိနိဗ္ဗာန် စံတော်မူပြီး နောက်ကာလ၌သာလျှင် ပြုခြင်းငှာ တတ်ကောင်း၏။ ရုပ်တုတော်ဖြစ်သော ဥဒ္ဒိသကစေတီ၊ ပရိဘောဂစေတီ နှစ်ပါးတို့ကိုကား ပြုလုပ်ကိုးကွယ်ခြင်းငှာ အပ်၏။ ဘုရားသခင်တို့သည် သုံးဆောင်တော်မူပြီးသော မဟာဗောဓိပင်သည် ဘုရားသခင်တို့ ထင်ရှားရှိစဉ်၌လည်း စေတီမည်သည်သာလျှင်တည်းဟု မိန့်တော်မူ၏။

> ဤအရာ၌ စကားချုပ်၍ ဆိုအံ့-စေတီသုံးပါးတို့တွင် သာရီရိကစေတီကိုသာ ဘုရားကိုယ်တော် ထင်ရှားရှိတော်မူစဉ် စေတီပြုလုပ်ကိုးကွယ်ခြင်းငှာ မတတ်ကောင်း ဆိုသည်။ ဥဒ္ဒိသကစေတီ၊ ပရိဘောဂစေတီတော် နှစ်ပါးကိုမူကား ဘုရားကိုယ်တော် ထင်ရှားရှိတော်မူစဉ်ကပင် စေတီပြုလုပ်ကိုးကွယ်သော်လည်း အပ်၏ဟု မိန့်တော်မူသည်နှင့်အညီ ဘုရားကိုယ်တော် ထင်ရှားရှိတော်မူစဉ်ကပင်ကိုးကွယ်အပ်၏ ဟူရကား-သဒ္ဓါပသန္န ပုဂ္ဂိုလ်တို့သည် ဘုရားရှိစဉ်ကပင် ထုလုပ်ကိုးကွယ်ရာ၏။ ဤကား စကားချပ်တည်း။

ထိုအခါ အရှင်အာနန္ဒာက လျှောက်သည်ကား-

အရှင်ဘုရား၊ ကိုယ်တော်မြတ်သည် ဒေသစာရီ ကြွတော်မူသည်ရှိသော် ဇေတဝန်ကျောင်းတော်၌ ကိုးကွယ်ရာမရှိပါ။ လူများတို့သည်လည်း ပူဇော်ရာအရပ်ကိုမရပါ။ မဟာဗောဓိပင်မှ အစေ့ကိုဆောင်၍ ဇေတဝန်မုခ်တံခါး၌ စိုက်ပျိုးလိုပါသည်ဟု လျှောက်ပြန်၏။

ညီချစ်အာနန္ဒာ၊ ကောင်းစွ၊ သင့်မြတ်စွ၊ ဤသို့စိုက်ပျိုးသည်ရှိသော် ငါဘုရားသည် အမြဲနေဘိသကဲ့သို့ ဖြစ်လတ္တံ့ ဟူ၍ မိန့်တော်မူ၏။

အရှင်အာနန္ဒာသည် အနာထပိဏ်သူဌေး၊ ဝိသာခါ ဒါယိကာမ၊ ပသေနဒိကောသလမင်း တို့အား ကြားတော်မူပြီးလျှင် ဇေတဝန်ကျောင်းတော် တံခါး၀၊ ဗောဓိပင်စိုက်ရာ အရပ်၌ တွင်းကိုတူးစေ၍ အရှင်မောဂ္ဂလ္လာန်ကို လျှောက်၏။

အရှင်ဘုရား၊ အကျွန်ုပ်အာနန္ဒာသည် ဇေတဝန်ကျောင်းတော်တံခါး၀၌ ဗောဓိပင်ကို စိုက်ပျိုးလိုပါသည်၊ မဟာဗောဓိပင်မှ ဗောဓိသီးကို အကျွန်ုပ်အကျိုးငှာ ဆောင်တော်မူပါဟုလျှောက်၏။

အရှင်မောဂ္ဂလ္လာန်ထေရ်လည်း ကောင်းပြီဟုဝန်ခံ၍ ကောင်းကင်ခရီးဖြင့် ဗောဓိမဏ္ဍိုင်သို့ ကြွသွားတော်မူ၍ အညာမှ ကြွေဆဲဖြစ်သော ဗောဓိသီးကို မြေသို့ မရောက်မီပင် သင်္ဘန်းတော်ဖြင့် ကောင်းစွာခံ၍ ဆောင်တော်မူခဲ့ပြီးလျှင် အရှင်အာနန္ဒာအား အပ်၏။

ဗောဓိရောပနအပိုင်း

အရှင်အာနန္ဒာသည်လည်း ယနေ့သည်ကား ဗောဓိပင်ကို စိုက်ပေအံ့ဟု ကောသလမင်း အားကြား စေ၏။ မင်းသည်လည်း ညချမ်းသောအခါ၌ မျှားစွာသော အခြံအရံနှင့်တကွ အလုံးစုံသော အဆောက်အဦတို့ကို ယူခဲ့၍ လာ၏။ အနာထပိဏ်သူဌေးသည် လည်းကောင်း၊ ဝိသာခါဒါယိကာမသည်လည်းကောင်း၊ များစွာသော လူတို့သည်လည်းကောင်း၊ ရဟန္တာကြီး တို့သည်လည်းကောင်း လာကြကုန်၏။ မဟာဗောဓိ စိုက်ပျိုးရာ အရပ်၌ ကြီးစွာသော ရွှေဖျဉ်းအိုးတို့ကို ထားစေ၍ အောက်၌ အပေါက်ကိုပြုစေ၍ နံ့သာပျောင်းဖြင့် ပြည့်စေ၍ မြတ်သောမင်းကြီး၊ ဤရွှေအိုး၌ ဗောဓိသီးကို စိုက်ပျိုးလော့ဟု မင်းအားပေး၏။ မင်းသည်လည်း ဤသို့ကြံပြန်၏။ ငါတို့မင်းမည်သည်ကား အခါခပ်သိမ်း မတတ်နိုင်ရာ။ မမွေ့လျော်ရာ၏။ ဗောဓိပင်ကို အနာထပိဏ်သူဌေး စိုက်ပျိုးခြင်းငှာ သင့်၏ဟု ဗောဓိသီးကို သူဌေးကြီးအား ပေး၏။ အနာထပိဏ်သူဌေးသည်လည်း နံ့သာညွန်ပျောင်းကို ယက်၍ ထိုယက်ရာ၌ချ၏။

ထိုအခါ လက်မှ လွတ်ကာမျှ၌သာလျှင် ခပ်သိမ်းသောသူတို့ မြင်စဉ်ဆဲဆဲ၌ပင်လျှင် ထွန်တုံးပမာဏ ပင်စည်လုံးပတ်ရှိသော အတောင်ငါးဆယ် အရပ်မြင့်သော ဗောဓိပင်သည် ပေါက်၏။ အရပ်လေးမျက်နှာတို့၌လည်း ပြန့်နှံ့ခြင်းရှိ၏၊ ခက်မကြီး ငါးရပ်တို့သည်လည်း အတောင်ငါးဆယ်စီ ထွက်ကုန်ပြီကုန်၏။ ဗောဓိပင်သည် တခဏချင်းဖြင့်သာလျှင် သစ်ပင် တကာတို့၏ အဓိပတိ၊ သစ်ပင်တကာတို့၏ အကြီးအမှူးဖြစ်၏။ ကောသလမင်းကြီးသည်လည်း တဆယ့်ရှစ်တောင်စီရှိသော ရွှေအိုး ငွေအိုးတို့၌ နံ့သာရေဖြင့် ပြည့်စေ၍ ကြာညှိကြာဖြူစသော ပန်းဆိုင်းတို့ဖြင့် မဟာဗောဓိကို ရံစေ၏။ ရေဖြင့်ပြည့်သော အိုးတို့ကိုစီ၍ တည်စေ၏။ ရတနာဒုနစ်ပါး ဖြင့်ပြီးသော ပွတ်လုံးပွတ်တိုင်တို့ကိုလည်း စိုက်စေ၏၊ ရွှေမူန်နှင့် ရောနှောသော သဲတို့ကို ကြဲစေ၏။ တံတိုင်း မီးတားဖြင့် ရံခြင်းကို ပြုစေ၏။ ရတနာဒုနစ်ပါး တို့ဖြင့် ပြီးသော တခါးမုခ်ကိုလည်း ပြုစေ၏။ ကြီးစွာသော ပူဇော်သက္ကာရကို ဖြစ်စေ၏။

ဤတွင်ရွေ့ကား။ အရှင်အာနန္ဒာ ဗောဓိပင် စိုက်ပျိုးသော ဗောဓိရောပနအပိုင်းတည်း။

အရှင်အာနန္ဒာသည် မြတ်စွာဘုရားသို့ကပ်၍ အရှင်ဘုရားသည် မြတ်သော မဟာဗောဓိပင် ရင်း၌ ကောင်းစွာ ဝင်စားအပ်သော သမာပတ်တရားရှိတော်မူ၏။ အကျွန်ုပ် ယခုစိုက်ပျိုးအပ်သော ဗောဓိပင်ရင်း၌ နေတော်မူ၍ များစွာသော လူနတ်တို့၏ စီးပွားခြင်းငှါ သမာပတ်တရားကို ဝင်စားတော်မူပါလော့ဟု လျှောက်၏။

ဘုရားသခင်လည်း ညီချစ်အာနန္ဒာ၊ အသို့ဆိုဘိသနည်း။ ငါဘုရားသည် ဗောဓိပင်ရင်း၌ ဖြောက်အပ်ပြီးသော သမာပတ်တရားတို့ကို ဝင်စား၍ နေပြန်သည်ရှိသော် တပါး သော အရပ်တို့သည် တည့်တုံခြင်းငှာ မတတ်နိုင်ရာဟု မိန့်တော်မူ၏။

အရှင်ဘုရား၊ များစွာသော လူနတ်တို့၏ စီးပွားချမ်းသာဖြစ်စေခြင်းငှာ ဤသို့ သဘော ရှိသော ဘူမိပဒေသအား မြဲသော သမာပတ္တိသုခဖြင့် ထိုဗောဓိပင်ရင်းကို သုံးဆောင်တော်မူပါဦးလေဟု လျှောက်ပြန်၏။ မြတ်စွာဘုရားသည်လည်း တည်ဉ်ပတ်လုံး သမာပတ်ချမ်းသာဖြင့် ခံစားတော်မူ၍ နေ၏။

အရှင်အာနန္ဒာသည်လည်း ကောသလမင်း စသည်တို့ကို ကြားစေ၍ ဗောဓိပင် ပူဇော်ခြင်းကို တနည်းကား။ ဗောဓိပင် သာခု အနုမောဒနာခေါ်ခြင်းကို ပြုစေ၏။ ထိုဗောဓိပင်သည်ကား အာနန္ဒာမထေရ် စိုက်ပျိုး စေအပ်သော ဗောဓိပင်ဖြစ်သော ကြောင့် အာနန္ဒာဗောဓိဟူ၍ သာလျှင် ထင်ရှားလေ၏။

ထိုရောအခါ တရားသဘင်၌ စကားပြောဟောခြင်းတို့သည် ဖြစ်ကုန်၏။ ဖြစ်ဟန်ကား။ အရှင်မြတ်တို့၊ သက်တော်ရှည်သော တရားရှေတိုက်စိုးဖြစ်တော်မူသော မထေရ်မြတ်အာနန္ဒာသည် သက်တော်ထင်ရှား ဘုရားရှိတော်မူစဉ်ပင်လျှင် ဗောဓိပင်မြတ်ကို စိုက်စေ၍ ကြီးစွာသော ပူဇော်သက္ကာရကို ပြုစေ၏။ အရှင်အာနန္ဒာသည် အံ့ဩဖွယ်သာပါတကား၊ အရှင်အာနန္ဒာသည် ကြီးစွာသော ဂုဏ်ကျေးဇူးရှိပေစွ တကားဟူ၍ ခီးမွမ်းအံ့ဩ ဟောပြောကုန်လျက် နေကြကုန်၏။ မြတ်စွာဘုရားသခင်သည်လည်း လာတော်မူလတ်၍ သံသရာဘေးကို ရှုလေ့ရှိသော ငါ၏ချစ်သားတို့၊ ငါဘုရားသည် ရွှေစက်တော်ညွှန့် မကွန့်မဖြန့်မီကာလ အဘယ်စကားကို ပြောဟောကုန်သနည်း။ ငါဘုရား လာတော်မူသည့်ကာလ အပြီးသို့မရောက်လေသည်ကား-အဘယ်စကားတို့ နည်းဟု မေးတော်မူ၏။

ရဟန်းတော် အပေါင်းတို့သည်လည်း လက်သည်းဆယ်ပွင့်ရှိသော လက်အုပ်နှစ်ဘက်ကို ထိပ်ထက်တင်၍ အရှင်ဘုရားမလာမီက ဤစကားသာဖြစ်ပါသည်။ လာတော်မူသော ကာလ လက်စမသိမ်းသေးသည်လည်း ဤစကားပင် ဖြစ်ပါသည်။ သုံးဆယ့်နှစ်မည် အရှည်စီးပွားမပြန့်သောစကားကို တရားသဘင်ဝယ် ရွှင်မြူးပျော်ပါးလို၍ ပြောဆိုကြသည် မဟုတ်ပါဟု နားတော်လျှောက်၏။ လျှောက်သည်၏ အဆုံး၌ပင်လျှင် မြတ်စွာဘုရားလည်း အဘယ်နံသောကာလ ဤကလိင်္ဂဗောဓိဇာတ် အတ္ထုပ္ပတ္တိရှိသည်ဖြစ်၍ အမြစ်အရင်း အကြွင်းမထား ဟောကြားပါရမည်နည်းမသိ စိတ်ရှိတော်မူသည်နှင့် နေရောင်သင့်၍ ပွင့်လိုသော ပဒုမ္မာပန်းကဲ့သို့ ဒေသနာဉာဏ်တော် တည်းဟူသော ပဒုမ္မာပန်းသည် လန်းလန်းထပ်ဆင့် ပွင့်ခိုန်ပွင့်ထောက် ရောက်လတ်ပြီဖြစ်၍ "ကာလေန ဝက္ခာမိ" စသော အင်္ဂါငါးရပ် ကပ်ပြီဖြစ်၍ ဟောတော်မူလိုသောကြောင့် ငြဟ္မာမင်း၏ အသံနှင့်တူသောအသံတော်ဖြင့် ဤသို့ မြွက်တော်မူ၏။

ချစ်သားတို့ ယခုအခါသာ အာနန္ဒာငဲ့ညှာမြတ်သည် အထွက်ခေါင်ထိ ဗောဓိပင်တော်ကို ပူဇော်စေတတ်သည် မဟုတ်လေသေး။ နှေးနှေးအခါ၌လည်း ကျွန်းငယ်နှစ်ထောင် အရံဆောင်သော ကျွန်းကြီးလေးကျွန်း၌ နေကုန်သော လူအပေါင်းတို့ကို ခေါ်ယူပြီးလျှင် များစွာသော နှံ့သာပန်းတို့ကို ဆောင်ယူစေ၍ မဟာဗောဓိမဏ္ဍိုင်၌ ဗောဓိပူဇော်ခြင်းကို ပြုစေဖူးသည်သာလျှင်တည်းဟု အကျင့်စကား ထားတော်မူပြီးမှ အတိတ်စကားကို အကျယ်သိသာအောင် ဆောင်တော်မူပြန်၏။

ဤတွင်ရွှေကား-ဇာတ်တော်ကိုဟောခြင်း၏ အကြောင်းကို ဆိုရာဖြစ်သော ဇာတက နိဒါနအပိုင်းတည်း။

ချစ်သားရဟန်းတို့ လွန်လေပြီးသောအခါ အလွန်ကျယ်ဝန်းလှစွာသော ကလိင်္ဂတိုင်း၌ နှလုံးမွေ့လျော် ပျော်ဖွယ်ရှိသော ဒန္တပုရမဟာနဂရ၌ ကလိင်္ဂမင်းသည် တရားသဖြင့်မင်းပြု၏။ ထိုမင်းအား မဟာကလိင်္ဂမည်သော သားကြီးလည်းတယောက်၊ စူဠကလိင်္ဂမည်သောသားငယ်လည်းတယောက် ပေါင်း နှစ်ယောက်သောသားတို့သည် စန္ဒကူးနှံသာပင်ကြီးအောက်၌ ပေါက်လာသော စန္ဒကူးပင်ငယ် နှစ်ပင်ကဲ့သို့၊ ရွှေပင်ကြီးအောက်၌ ပေါက်လာသော ရွှေပင်ငယ် နှစ်ပင်ကဲ့သို့ရှိကုန်၏။ ထိုသားတော် နှစ်ယောက်တို့ကို နိမိတ်လက္ခဏာ၌ လိမ္မာကုန်သော ပညာရှိတို့သည် သားကြီး ရတနာကား အဖနတ်ထံ စံယူသဖြင့် ထီးဖြူဆောင်းခြင်း မင်းလျှင်ဖြစ်လတ္တံ့။ သားတော် အငယ်ကား တောဖျား ပျော်မွေ့ရသော့ရဟန်းဖြစ်လတ္တံ့။ သားတော်ငယ်၏ သားတမူကား လေးကျွန်းသေ့၌နင်းစကြာမင်းလျှင် ဖြစ်လတ္တံ့ဟူ၍ လက္ခဏာ ဖတ်ကြားကုန်၏။

နောက်သောအခါ အဖဖြစ်သော မင်းကြီးသည်လည်းလူ့ပြည်ဦး ၍ နတ်ပြည် မှီးခဲ့သဖြင့် သားကြီး ရတနာသည် အဘ၏ အရိုက်အရာဖြစ်သော မင်း၏အဖြစ်သို့ရောက်လေ၏။ ညီကိုမူကား အိမ်ရှေ့အရာ နန်းလျာထား၏။ အိမ်ရှေ့မင်းသားတမူကား– ငါ၏သားသည် စကြာသေ့၌နင်း မင်းလျှင်ဖြစ်လတ္တံ့ဟု ကြားဆိုအပ်သော သားမြတ်ရတနာစကြာမင်း၏ ဂုဏ်ကိုမှီ၍ တုပခိုက်ရန် ငြင်းဆန်ခြင်းကိုပြု၏။ နောင်တော်မင်းလည်း ညီအိမ်ရှေ့မင်းကို ဆုံးမသမှု ပြုလိုသောကြောင့် စီးပွားဆောင်တတ်သော အမတ်တယောက်ကိုအိမ်ရှေ့မင်းကို ဖမ်းယူခေါ်ဟု စေခိုင်း၏။ ထိုအမတ်လည်း အိမ်ရှေ့မင်းထံသွား၍ အရှင်မင်းသားကို နောင်တော်မင်းသည် အမျက်ဝင်ခေါ်၏။ အရှင်မင်းသားအား ဖမ်းယူလိုခေါသည်။ အသက်ရှည်ကြောင်းကို စောင့်ရှောက်တော်မူပါဦးလော့ဟု ဆို၏။ အိမ်ရှေ့မင်းလည်း မိမိ၏ တံဆိပ် အမှတ်ရှိသော လက်စွပ်ရတနာ၊ သိမ်မွေ့စွာသော ကမ္ဗလာ၊ ရတနာသန်လျက် ဤသုံးချက်တို့ကို ထိုအမတ်အား ပြ၍ ဤအမှတ်ဖြင့် ငါ၏သားအား မင်းအဖြစ်ကို ပေးဘိလော့၊ ငါတမူကား အသက်ရှည်စွာ တောသို့ခွာ၍ နေဦးမည်ဟု မှာထားခဲ့ပြီးမှ တောသို့ဝင်၍ နှလုံးမွေ့လျော် ပျော်ဖွယ်ရှိသော ဘူမိဘာဂအရပ်၌ အဿမပုဒ်သခ်ိမ်းကို ဖန်ဆင်း၍ ရသော့ရဟန်းပြုပြီးလျှင် မြစ်ကမ်းယံတွင် နေလေ၏။

ဤတွင်ရွှေကား စူဠကလိင်္ဂ အိမ်ရှေ့မင်း တောသို့ဝင်သော အရည်ပဝေသနအပိုင်းတည်း။

ကျယ်ဝန်းပြန့်ပြောစွာသော မဒ္ဒတိုင်း၌ ခပ်သိမ်းသောအင်္ဂါအပေါင်းနှင့်ပြည့်စုံသော သာဂလနဂရပြည်၌ မဒ္ဒရာဇ မင်းကြီးသည် တရားနှင့်လျော်စွာ မင်းပြုတော်မူ၏။ ထိုမင်းကြီး၏ သီလသီတင်းနှင့်ပြည့်စုံစွာသော အဂ္ဂမဟေသီသည် တရံရောအခါ အဆင်းအင်္ဂါလက္ခဏာနှင့် ပြည့်စုံစွာသော သတို့သမီးကို ဖွား၏။ ထိုသတို့သမီးကို နိမိတ်လက္ခဏာတတ်ကုန်သော ပညာရှိတို့သည် ဤသတို့သမီးကား တောအရပ်သို့ ဝင်ပြီးလျှင် ရသော့ရဟန်းပြု၍ နေရလတ္တံ့။ ထိုသတို့သမီး၏ သားတော်တမူကား လေးကျွန်းခွန်သ စကြာ့သေ့၌နင်း မင်းလျှင် စင်စစ် ဖြစ်လတ္တံ့ဟု ဖတ်ကြကုန်၏။ ဇမ္ဗူဒီပါ ကျွန်းအပြင်၌ နေကုန်သော ထီးဖြူဆောင်းခြင်း မင်းအပေါင်းတို့သည် ထိုအကြောင်းအရာတို့ကို ကြားသိကုန်သည်ဖြစ်၍ သမီးတော်ကို တောင်းအံ့သောငှာ တပြိုင်နက်လျှင် ရောက်လာကုန်၍ သာဂလမြို့ကို ဝန်းရံကုန်လျက် စစ်မက်ပြိုင်ကြကုန်၏။ထိုအခါ မဒ္ဒရာဇမင်းကြီးအား ဤသို့သော အကြံသည်ဖြစ်၏။ငါသည် အကယ်၍ တစ်ယောက်သော မင်းကိုသာ ငါ၏။

သမီးကို ပေးဘိမူကား ကြွင်းသောမင်းတို့သည် ငါ့အား အမျက်ရှိကုန်ရာ၏။ ငါ၏သမီးကို စောင့်အံ့သောငှာ သင့်၏ဟုကြံ၍သတို့သမီးကိုလည်းကောင်း မိဖုရားကိုလည်းကောင်းယူ၍မထင်မရှား နွမ်းပါးသောအသွင်ဖြင့် ပြည်မှခွာထွက်၍တောသို့ဝင်သဖြင့် စူဠကလိင်္ဂမင်းသား၏နေရာ သခ်ၤမ်းမှ အညာဖြစ်သော ဥပရိဘာဂ၌ အဿမပိုဒ်နေရာ သခ်ၤမ်းကို ဖန်ဆင်း၍ ရသေ့ရဟန်း ပြုပြီးလျှင် သစ်သီး သစ်ရင်း ရှာမှီးခြင်းဖြင့် အသက်မွေးလျက်နေလေ၏။

ဤတွင်ရွှေ့ကား မဒ္ဒရာဇမင်း မိဖုရားတို့သည် ပြည်မှခွာထွက်ရသောနဂရာနိက္ခမနအပိုင်းတည်း။

ထိုမိခင် ဖခင်တို့သည် သမီးတို့ စောင့်အံ့ဟူ၍ နေရာသခ်ၤမ်း၌သာ နေရစ်စေလျက် သစ်သီးကြိုးငယ် ရှာမှီးအံ့သောငှာ သွားလေကုန်၏။ သတို့သမီးငယ်သည်လည်း ခမည်းတော်မယ်တော်ဖြစ်သော မင်းမိဖုရား နှစ်ပါးတို့ သွားလေကုန်သည်ရှိသော် အထူးထူးသော ပန်းတို့ကို ဆွတ်ယူ၍ ပုပ္ပစုမ္ဘိဘာဟုဆိုအပ်သော ပန်းကုံးပန်းသွယ်တို့ကို တနေ့ပတ်လုံး သီကုံးစီတန်း၍ မြစ်ကမ်းယံ၌ချထားလေ၏။ မြစ်ကမ်းယံ၌လည်း စောင်းတန်းလျောကား ထားဘိသကဲ့သို့ နှစ်လို့ဖွယ်ရှိသော ကောင်းစွာပွင့်သော ပန်းရှိသော သရက်ပင်ပျိုသည်ရှိ၏။ ထိုသရက်ပင်ထက်သို့တက်၍ ကစားပျော်မြူးလျက် ထိုပန်းကုံးပန်းသွယ်တို့ကို ရေ၌ချမျှောလိုက်၏။ ထိုပန်းကုံးပန်းသွယ်တို့သည် တနေ့ပတ်လုံး မျောလေ၍။ တနည်းကား တနေ့သ၌ မျောလေ၍ ဂင်္ဂါအကြေ၌ ရေချိုးသော စူဠကလိင်္ဂ မင်းသား၏ ဦးခေါင်း၌ ငြိတင်လျက်နေ၏။ မင်းသားသည် ပန်းကုံးပန်းသွယ်ကို ကြည့်၍ ဤပန်းကုံး ပန်းသွယ်သည်ကား တယောက်သော ပျိုနုငယ်မျစ်သော သတို့သမီးသာဖြစ်သော မိန်းမသည် ပြုအပ် ကုံးအပ် စီမံအပ်သော ပန်းကုံးပန်းသွယ်သာဖြစ်ရာ၏။ကြီးရင့်ပြီးသော မင်းမိန်းမတို့ပြုအပ်ကုံးအပ်စီမံအပ်သောပန်းကုံးပန်းသွယ် မဟုတ်ရာ။ စုံစမ်းဆင်ခြင်ဦးအံ့ဟု ကိလေသာ၏ အစွမ်းအားဖြင့် မြစ်ညာကမ်းယံသို့ အစဉ်လျှောက်၍ သွားလေ၏။

သရက်ပင်ထက်၌ နေလျက် သာယာချိုမြိန် နှစ်သက်ဖွယ်ရှိသော မဓုရသ အသံဖြင့် သီချင်းကို သီလျက်နေသော ထိုမင်းသမီး၏ အသံကို ကြားလေ၍ သရက်ပင်ရင်းသို့ ကပ်ပြီးမှ ထိုမင်းသမီးကိုမြင်၍ ကောင်းသော သဘောရှိသော သတို့သမီး သင်သည်ကား အဘယ်သူပေနည်း၊ အဘယ်အမျိုးအနွယ်နည်း၊ နတ်တည်းဖြစ်ပေသလော။ နတ်မဟုတ်မူ လူပင်ဖြစ်သလောဟု မေး၏။

အရှင် အကျွန်ုပ်ကား-လူမိန်းမပင်ဖြစ်ပေသည်။ နတ်ကားမဟုတ်ပေဟုဆို၏။လူသားစင်စစ်ဖြစ်တပြီကား သစ်ပင်ထက်မှ အောက်သို့ သက်ဘိလော့ဟုဆို၏။

မင်းသမီးလည်း အရှင်၊ အကျွန်ုပ်ကား-သက်ခြင်းငှာမတတ်ကောင်း၊သက်၍မသင့်မတော်ချေတည်း။ လူမျိုးမည်ကာ မဟုတ်ပါတည့်၊ ရေမြေ သေဋ္ဌနင်း မင်းမျိုးမင်းနွယ်၏ သမီးတည်းဟုဆို၏။

ကောင်းသောအခြင်းအရာရှိသော မင်းသမီး၊ ငါတစ်မူလည်း လူတန်းစေ့ကာ မဟုတ်ရှာတည့် ရေမြေသေဋ္ဌနင်း မင်းမျိုးမင်းနွယ်ဖြစ်သော ခတ္တိယဝံသ၊ ကလိင်္ဂမင်းကြီး၏ သားတော်ရင်နှစ်အမှန်တည်း၊ ငါ၏ မိဘ ဘေး ဘိုး ဆွေမျိုးညာတိတို့၏ ဇာတိနေရာကား အချင်းယူဇနာ

ကျယ်ဝန်းစွာသော မဟာကလိင်္ဂတိုင်းလျှင်တည်း၊ ချက်သိုမြှုပ်ရာအရပ်သာကား-ထိုတိုင်းကြီး၏ အခွန်ဆက်သရာခပ်သိမ်းသောရတနာတို့နှင့်တကွ မြို့၏အစာမြို့၏အင်္ဂါလက္ခဏာနှင့်ပြည့်စုံစွာလျက် သာယာဝပြော စည်ပင်လှသော ဒန္တပုရပြည်လျှင်တည်း၊ ငါ၏အဖမူကား ထိုပြည့်သေင့်နှင်း မင်းမင်းတကာတို့၏ ဦးထိပ် ရန်ညွှန့်နှိပ်လျက် ဘုန်းဆိပ်ထန်သော မဟာကလိင်္ဂမင်းလျှင်တည်း၊ ငါ့နောင်တော်လည်း မြေပေါ်ဇမ္ဗူ သူမတူသော ထီးဖြူဆောင်းခြင်း အမင်းမင်းတို့ကို ခြေရင်းထုတ်ချောက် ကြိုးရောက်စေနိုင်သော ရန်မာန်နှိပ်နင်း မင်းတယောက်ပေတည်း၊ ငါတမူလည်း ထီးဖြူဆောင်းမည်၊ အရည်အချင်း၊ မင်းမင်းတကာ၊ တတ်စရာကား၊ အဋ္ဌာရသ၊ သိပ္ပလောက်လွှ၊ ဂုဏ်ကြွေကြွေနှင့်၊ အိမ်ရှေ့နန်းလျှာ၊ ဥပရာတည်း၊ စကြာမင်းဘ၊ ခံရလတ္တံ့၊ နိမိတ်ညွှန့်ကြောင့်၊ ကျန်းမာန့်အလိုက်၊ အမှုဆိုက်၍၊ တော၌နေလာရသတည်း။ ထို့ကြောင့် ငါ့စကားကို မှတ်သားယုံကြည်ကြသဖြင့် အောက်သို့သက်ကာ မူဘိလော့ဟု ဆို၏။

အရှင်၊ လူတို့ပြည်တွင် မင်းလျှင်အစစ် ဖြစ်ခဲလှစွာ၏။ စကားဆိုကာမျှဖြင့် မင်းမျိုးကောန်မှန်ခဲ့လှစွာ၏။ အကယ်၍ မင်းမျိုးစင်စစ် ဖြစ်သည်မှန်အံ့၊ မင်းမင်းတကာ တပ်အပ်စွာသော ခတ္တိယမာယာကို ပြောဆိုပါဦးလော့ဟု ဆို၏။ မင်းသားသည်လည်း ခတ္တိယမာယာ လိမ္မာတတ်သိသမျှကို ပြော၏။ မင်းသမီးသည်လည်း ခတ္တိယမာယာ လိမ္မာကျွမ်းသိသမျှကိုပြော၏၊ ထိုမင်းသား မင်းသမီးနှစ်ယောက်တို့သည် အချင်းချင်း ခတ္တိယမာယာကို ပြောဆိုကြကုန်၏။ ထိုနောင်မှ မင်းသမီးသည် သရက်ပင်မှ သက်၍ နေရာသခ်မ်းသို့လာခဲ့ကြ၏။ ထိုမင်းသမီးသည်လည်း မိခင်ဖခင်တို့ တောမှလာရောက်ကုန်သည် ရှိသော် ထိုမင်းသားသည် ကလိင်္ဂမင်းကြီး၏ သားတော်ဖြစ်ကြောင်းကိုလည်းကောင်း၊ တောသို့ဝင်၍ နေလာရသောအဖြစ်ကိုလည်းကောင်း အကျယ်အားဖြင့် ခမည်းတော် မယ်တော်တို့အား ပြောလေ၏၊ ခမည်းတော် မယ်တော်ဖြစ်သော မင်းမိဖုရားတို့သည်လည်းကောင်း ဝမ်းမြောက်ကြကုန်သည်ဖြစ်၍ မင်းသား၏ စကားကို ဝန်ခံပြီးလျှင် မင်းသမီးကို မင်းသားအား အပ်နှင်းလေကုန်၏။

ဤတွင်ရွေ့ကား– မင်းသားမင်းသမီးနှစ်ဦးတို့၏ တွေ့မြင်ကြိုက်ကြ၍ ချစ်ခင်လေးမြတ်စွာ ပေါင်းယှဉ်မိသော ဂေဟဿိတသံယောဂ အပိုင်းတည်း။

ထိုမင်းသား မင်းသမီးတို့သည် ချစ်ခင်လေးမြတ်ခြင်း ရှည်လျားလတ်သော်၊ တစ်ရံရောအခါ မင်းသမီးသည် မင်းသားကိုစွဲ၍ ဆယ်လလွန်သဖြင့် ဘုန်းသမ္ဘာရ ရှိကုန်သော သူတို့၏ ကုသိုလ်အစွမ်းကြောင့်ဖြစ်သော ဘုန်းလက္ခဏာ အင်္ဂါထူးနှင့်ပြည့်စုံသော သားမြတ်ရတနာကို ဖွားမြင်လေ၏။ ဘိုးတော်၏ အမည် ဘကြီးတော်၏ အမည်၊ ခမည်းတော်၏ အမည်၊ တိုင်းပြည်၏ အမည် ထိုအမည်တို့ကို စွဲယူဘိသကဲ့သို့၊ ထိုအမည်နှင့်တူသော ကလိင်္ဂဟူသော အမည်တို့ကို မှည့်ကြကုန်၏။ ထိုကလိင်္ဂမင်းသားငယ်သည် အရွယ်ရောက်သည်ရှိသော် အဖ၏လည်းကောင်း၊ အဘိုး၏လည်းကောင်း နှစ်ပါးစုံတို့၏အထံမှ ခပ်သိမ်းကုန်သော အတတ်တို့ကိုသင်၍ တတ်မြောက် ပြီးစီးခြင်းသို့ ရောက်လေ၏။

တရံရောအခါဝယ် ထိုကလိင်္ဂမင်းသား၏အဖသည် ကောင်းကင်ပြင်သို့ ကြည့်သည်ရှိသော် နက္ခတ်နှင့်ယှဉ်သော အစွမ်းအားဖြင့် နောင်တော်မင်းကြီး၏ ဘဝပြောင်းလေသော အဖြစ်ကိုသိ၍ သားဖြစ်သော စကြာမင်းအလောင်းကို ခေါ်၍ ချစ်လှစွာသော သားမြတ်၊ သင်သည် တောတွင်မနေလင့်၊ ပြည်သို့ပြန်လော့။ သင်၏ ဘကြီးတော်ဖြစ်သော မဟာကလိင်္ဂမင်းကြီး

သည် ဘဝပြောင်းလေပြီ။ ဒန္တပုရမင်းနေမြို့သို့ သွားလေ၍ ဘေး ဘီး ဆွေမျိုးတို့နှင့်အမွေ ဥစ္စာဖြစ်သောပြည်ကို သိမ်းယူချေလော့ဟု ဆိုပြီးလျှင် မိမိပြည်မှလာသောအခါ ဆောင်ယူခဲ့သော တံဆိပ်လက်ရာ မှတ်စာမှတ်ချက်ရှိသော လက်စွပ်ရတနာ၊ သိမ်မွေ့လှစွာသော ကမ္ဗလာ၊ ရတနာသန်လျက်တို့ကို ပေးအပ်၍ ချစ်သား ဒန္တပုရမြို့၌ ဤအမည်ရှိဘော ခရီးလမ်းမအကွက်၌ ငါတို့အကျိုးစီးပွားကို ဆောင်တတ်သော အမတ်ကြီး၏ အိမ်သည်ရှိလေ၏။ ထိုအမတ်ကြီး၏အိမ်၌ ကျက်သရေရှိသော အိပ်ရာ၏အလယ်သို့တက်၍ ဤသုံးပါးသော ရတနာမြတ်တို့ကို- ထိုအမတ်ကြီးအားပြ၍ ငါ၏သားရင်းအစစ်ဖြစ်သော အကြောင်းကို ကြားလော့။ ထိုအမတ်သည် အမောင်ချစ်သားအား အဘိသိက်သွန်းခြင်း၊ မင်း၏အဖြစ်၌ တည်စေလတ္တံ့၊ဤသို့အပြည့်အစုံ မှာထားပြီးမှ လွှတ်လိုက်လေ၏။

ထိုကလိင်္ဂမင်းသားငယ်သည် အမိအဖတို့ကိုလည်းကောင်း၊ ဘိုးတော် ဘွားတော်တို့ကို လည်းကောင်း ရှိသေလေးမြတ်စွာရှိခိုးပြီး၍ ကောင်းမှုကံသည်ဖြစ်စေအပ်သော ကြီးစွာသော တန်ခိုးကြောင့် ကောင်းကင်ခရီးဖြင့် သွားလေ၍ အမတ်ကြီး၏ အိပ်ရာဖြစ်သော အင်းပျဉ်ထက်၌လျှင် သက်လေ၏။ အမတ်ကြီးလည်း သင်သည်ကား-အဘယ်သို့သော သူပေနည်းဟု မေး၏။

အမတ်ကြီး၊ အကျွန်ုပ်ကား- စူဠကလိင်္ဂမည်သော အိမ်ရှေ့မင်း၏ သားတော်တည်းဟု ကြားလေ၏။ လက်စွပ်ရတနာ၊ သိမ်မွေ့လှစွာသောကမ္ဗလာ၊ ရတနာသန်လျက်ဟု ဆိုအပ်သော သုံးပါးသော ရတနာတို့ကိုလည်း ပြလေ၏။ အမတ်ကြီးသည်လည်း မင်း မျူးမတ် ရာဇဂရိသာပြုကုန်သောသူတို့အား ကြားလေ၏။ အမတ်အပေါင်းတို့သည်လည်း တပြိုင်နက် ဝမ်းမြောက်ကုန်သည်ဖြစ်၍ ဒန္တပုရမြို့ကို တန်ဆာဆင်ယင်စေပြီးလျှင် ထိုကလိင်္ဂမင်းသားငယ်ကို ထီးဖြူအမ်နှင်း၍ အဘိသိက်သွန်းခြင်း၊မင်းအဖြစ်ကို ဖြစ်စေကုန်၏။

ဤတွင်ရွှေ့ကား။ ကလိင်္ဂမင်းသားသည် မြတ်သော အဘိသိက်သွန်းခြင်း၊ မင်း၏အဖြစ်ဟု ဆိုအပ်သော အဘိသေက မင်္ဂလာ၊ နန်းတက် နန်းသိမ်း မင်္ဂလာ၊ ထီးဆောင်း မင်္ဂလာ-ရာဇပလ္လင်ဥကင်ဖွင့်ခြင်း မင်္ဂလာသို့ရောက်သော မဟာရဇ္ဇာဘိသေက မင်္ဂလာအပိုင်းတည်း။

ထိုကလိင်္ဂမင်းသားငယ်သည် မင်းအဖြစ်သို့ ရောက်သောအခါ ထိုကလိင်္ဂမင်း၏မျှားသော အကျိုးစီးပွားကို ဆောင်တတ်သော အမတ်သည်ကား- ဘာရဒွါဇအမည်ရှိသတတ်။ ထိုအခါ ဘာရဒွါဇအမတ်သည် ကလိင်္ဂမင်းမြတ်အား ဒါန၊ ဒမ၊ သံယမ ဟု ဆိုအပ်သော သုံးပါး အပြားရှိသော စတ္တာဝတ္ထိကျင့်ဝတ်။

တနည်းကား-

အန္တောဇနသ္မိံ ဗလကာယေတိ ဧကံ။
ခတ္တိယေသု ဧကံ။
အနုယုတ္တေသု ဧကံ။
ဗြာဟ္မဏ ဂဟပတိကေသု ဧကံ။
နေဂမဇာနပဒေသု ဧကံ။
သမဏဗြာဟ္မဏေသု ဧကံ။
မိဂပက္ခီသု ဧကံ။

အဓမ္မကာရပ္ပဋိဂ္ဂဟေါ ဇကံ။
အဓနာနံ ဓနာနုပ္ပဒါနံ ဇကံ။
သမဏာ ပြာဟ္မဏော ဥပသက်မိတွာ ပဉ္ဉာပစ္ဆန် ဇကံ၊
ဧဝမေတံ ဒသဝိဓံ ဟောတိ။
ဟူ၍ ဆိုအပ်သော ဆယ်ပါးအပြားရှိသော စက္ကဝတ္တိကျင့်ဝတ်။

ဤဆယ်ပါးတွင်ပင် ပြာဟ္မဏနှင့် ဂဟပတိကို၊ မိဂနှင့်ပက္ခိကို အသီးသီးခွဲပြန်၍ တဆယ့်နှစ်ပါးသော စက္ကဝတ္တိကျင့်ဝတ်။

တနည်းကား။ ။ရှေ့ဆယ်ပါးတွင် အဓမ္မရာဂကိုပယ်ရှောင်ခြင်း၊ ဝိသမလောဘကို ပယ်ရှောင်ခြင်း အားဖြင့် တဆယ့်နှစ်ပါးအပြားရှိသော စက္ကဝတ္တိကျင့်ဝတ်တို့ကို သင်ကြားလေ၏။။

ထိုကျင့်ဝတ်တို့တွင်–

ဒါနဟူသည်ကား- အလှူပေးခြင်း၊ ဒမဟူသည်ကား-စက္ခုစသော ဣန္ဒြေတို့ကိုဆုံးမခြင်း သံမယဟူသည်ကား ကိုယ်နှုတ်ကို စောင့်စည်းခြင်း။ ဤသို့လျှင် သုံးပါးတည်း။

(၁) **တနည်းကား။** ။**အန္တောဇန-ဟူသည်ကား**– သားမယားတို့ကို သိမ်ဆွဲတည်စေခြင်း၊ အဝတ်ပုဆိုး နံ့သာပန်း စသည်တို့ကို ပေးခြင်း၊ ဘေးဥပဒ်မရှိအောင် စောင့်ရှောက်ခြင်း။

ဗလကာယ-ဟူသည်ကား– ဗိုလ်ပါစသည်တို့၌ ကာလကို မလွန်စေမူ၍ မျိုးရိက္ခာပေးခြင်း ဤလည်းတပါး။

(၂) **ခတ္တိယေသု** ဟူသည်ကား - အဘိသိက်ခံလေ့ပြီးသော မင်းတို့အား မြည်း၊ မြင်းအသေ ဇာနည် စသော ရတနာတို့ကို ပေးခြင်းဖြင့် ခိုးမျှောက်ခြင်းလည်းတပါး။

(၃) **အနုယုတ္တေသု**-ဟူသည်ကား-မိမိထံ၌ နေကုန်သော မင်းမှူးမတ်တို့အား ထိုက်သည့်အားလျော်စွာ ယာဉ် သန်လျင်းပေးခြင်းဖြင့် နှစ်သက်စေခြင်းလည်း တပါး။

(၄) **ပြာဟ္မဏဂဟပတိကေသု**-ဟူသည်ကား- ပုဏ္ဏားတို့အား ထမင်းအဖျော် ပုဆိုးစသော ဝတ္ထုတို့ကို သူကြွယ်တို့အား ထမင်း မျိုးစေ့ ထွန်တုံး ထွန်သွား နွားလား စသည်တို့ကို ပေးခြင်းလည်းတပါး။

(၅) **နေဂမ ဇာနပဒေသု**-ဟူသည်ကား– နိဂုံးဇနပုဒ်သူတို့အား ထမင်း မျိုးစေ့ ထွန်တုံး ထွန်သွား ကျွဲ နွားစသည်တို့ကို ပေးခြင်းလည်းတပါး။

(၆) **သမဏပြာဟ္မဏေသု**- ဟူသည်ကား ရဟန်းပုဏ္ဏားတို့အား ရဟန်းပုဏ္ဏားတို့၏ ပရိက္ခာရာဖြင့် လှူဒါန်းပူဇော်၍ အရိုအသေပြုခြင်းလည်းတပါး။

(၇) **မိဂပက္ခီသု**-ဟူသည်ကား– သားတို့အား လည်းကောင်း၊ ငှက်တို့အား လည်းကောင်း ဘေးမဲ့ပေးသဖြင့် သက်သာရာကို ရစေခြင်းလည်းတပါး။

(၈) **အဓမ္မကာရပ္ပဋိဂ္ဂဟ**-ဟူသည်ကား- မတရားသော အမှုအရာတို့ကို မပြုစေခြင်းလည်းတပါး။

(၉) **အဓနာနံ ဓနာနုပ္ပဒါနံ**-ဟူသည်ကား–ဥစ္စာမရှိသောသူတို့အား ဥစ္စာကို ပေးခြင်းလည်း တပါး။

(၁၀) **သမဏဗြာဟ္မဏေဥပသင်္ကမိတ္တာ ပဥ္ဉာပုစ္ဆနံ**-ဟူသည်ကား– ရဟန်းပုဏ္ဏားတို့ကိုကပ်၍ ကုသိုလ်၊ အကုသိုလ်၊ သာဝဇ္ဇ၊ အနဝဇ္ဇ၊ သေဝိတဗ္ဗ၊ အသေဝိတဗ္ဗ စသော တရားတို့ကို မေး၍ အကုသိုလ်ကို ပယ်ခြင်း၊ ကုသိုလ်ကို ဆောက်တည်ခြင်းလည်း တပါး။

ဤသို့လျှင် ဆယ်ပါးသော ကျင့်ဝတ်တို့တွင် လေးခုမြောက်ဖြစ်သော ကျင့်ဝတ်တပါး၌ ဗြာဟ္မဏနှင့် ဂဟပတိကို နှစ်ကွဲ ခုနစ်ခုမြောက်သော ကျင့်ဝတ်တပါး၌ မီဂနှင့် ပက္ခိကို နှစ်ကွဲ ခွဲ၍ ယူသော် တဆယ့်နှစ်ပါးဖြစ်၏။

တနည်းကား။ ယခင်ဆယ်ပါးတွင် အဓမ္မရာဂပဟာနကျင့်ဝတ်။ ဝိသမလောဘ ပဟာန ကျင့်ဝတ် ဤနှစ်ပါးကို လောင်းသော် တဆယ့်နှစ်ပါးဖြစ်၏။ အဓမ္မရာဂ ပဟာန ဟူသည်ကား– အမိ၊ မိထွေး၊ အဖ၊ ဘထွေး အရိုးစသော မသင့်မတင့်သောအရာ၌ တပ်သောရာဂသည် အဓမ္မ ရာဂမည်၏။ ထိုရာဂကိုပယ်ခြင်းသည် ပဟာနမည်၏။ သုံးဆောင်ခြင်းငှာ ထိုက်သော အရာ၌ သော်လည်း အလွန်အကဲတပ်သောလောဘသည် ဝိသမလောဘမည်၏။ ထိုလောဘကိုပယ်ခြင်းသည် ပဟာနမည်၏။ ဤနှစ်ပါးကို ပေါင်း၍ တဆယ့်နှစ်ပါးဖြစ်၏။ ဤတဆယ့်နှစ်ပါးသော စက္ကဝတ္တိ ကျင့်ဝတ်တို့ကို သင်ကြားလေ၏။ ထိုကလိင် မင်းကြီးသည်လည်း ထိုကျင့်ဝတ်တို့ကို ဖြည့်ကျင့်တော်မူလေ၏။

(၁) ထိုရောအခါ၊ ထိုကလိင်မင်းကြီးအား တဆယ့်ငါးရက် ပြည့်သောဥပုသ်နေ့၌ အရှေ့ သမုဒ္ဒရာဟု ဆိုအပ်သော စကြာအိုင်မှ နတ်တို့၏ အာနုဘော်နှင့် ယှဉ်သော ကြောင့် ဒိဗ္ဗမည်သော၊ တထောင်သော အကန့်ရှိသောကြောင့် သဟဿာရမည်သော အကွပ်ရှိသောကြောင့် သနေမိက ဖြစ်သော၊ အလယ်ချက်မ၌ ပုံတောင်းရှိသောကြောင့် သနာဘိကမည်သော၊ ခပ်သိမ်းသော အခြင်းအရာနှင့် ပြည့်စုံသောကြောင့် သဗ္ဗာကာရ ပရိပူရမည်သော၊ တစုံတယောက်သော သူသည် မဆီးမတားနိုင်သဖြင့် သွားတတ်သောကြောင့် စကြာမည်သော၊ မွေ့လျော်ခြင်းကို ဖြစ်စေ တတ်သောကြောင့် လည်းကောင်း၊ အရိုအသေပြုအပ်သောကြောင့် လည်းကောင်း၊ အတုမရှိ သောကြောင့်လည်းကောင်း၊ မယုတ်မာသော သတ္တဝါတို့၏ သုံးဆောင်ရာ ဖြစ်သောကြောင့် လည်းကောင်း ရတနာမည်သော စကြာရတနာသည် ငွေခြည်ပုံတောင်း၊ နှစ်ခုသော ခြေသဲ့ ခံတွင်း၊ နှစ်သွယ်သောပုလဲဆိုင်း၊ တရာသောသန္ဓာပတ်တိုင်၊ တရာသောထီးဖြူ နှစ်ရာသော ပန်းဆိုင်း။ တထောင်သော အကန့်နှင့်တကွ တက်သစ်သော နေလုလင်၏ ရောင်ခြည်အပေါင်း တို့၏ အသရေကို ပြက်ရယ်စမူ ပြဘိသကဲ့သို့ အလွန်တင့်တယ်လှစွာသော ကျက်သရေအပေါင်းနှင့် တကွသော စကြာရတနာသည် နှေးဦးစွာ ရောက်လာ၏။

(၂) စကြာရတနာ ရောက်ပြီးသော မင်းကြီးအား ဥပေါသထအမှိုးမှ တက်သစ်သော နေဝန်းကဲ့သို့ အလွန်နီသော အခြေလေးဘက်၊ လည်ဆံ၊ မျက်နှာတို့ဖြင့် တင့်တယ်သော အထူးသဖြင့် စင်ကြယ်ဖြူထွေးသော ကိုယ်ရှိသော၊ အခြေလေးဘက်၊ အမြီးတံစပ်၊ နှာမောင်း တည်းဟူသော ခုနစ်ပါးသော မြေသို့ထိသော အင်္ဂါလက္ခဏာနှင့် ပြည့်စုံသော။ ပဒုမ္မာကြာနီနှင့် တူသော နှစ်လို့ဖွယ်သော မျက်နှာရှိသော၊ ကောင်းကင်သို့ သွားခြင်းငှာ စွမ်းနိုင်သော၊

ဆေးဒန်းမြင်းသီလာမှုန့်နှင့် စွန်းငြိတပ်သော၊ အစုံသော အစွယ်ရှိသော၊ ငွေတောင်ထွတ်ကဲ့သို့ မြတ်သော ဆင်ရတနာသည်လည်း ရောက်လာ၏။

(၃) မြင်းရတနာ ရောက်သော စကားရပ်တွင် သုတ်မဟာဝါ မဟာသုဒဿနသုတ် ပါဠိတော်၌ကား– မြင်းရတနာ၏ အမျိုးကို အထူးမဆို။ အဋ္ဌကထာ၌သာ—

> အထဿ ပုညာနုဘာဝ စောဒိတော သိန္ဓဝကုလတော ဝိဇ္ဇုလတာ ဝိနဒ္ဓ သရဒကာလ သေတဝလာဟကရာသိ သသိရိကောလ။ ဝလာဟကော နာမ အဿရာဇ အာဂန္တာ တသ္မိ ဌာနေ ပတိဋ္ဌတိ။

ဟူ၍ သိန္ဓဝအမျိုးမှ ဝလာဟကမည်သော မြင်းမင်းလည်း ရောက်လာ၏ဟု ဆိုသည်။ ဤကလိင်္ဂ ဇာတ်၌ကား—

ဝလာဟက ကုလတော အဿရတနံ။ ဟူ၍ ဝလာဟကအမျိုးမှ မြင်းရတနာ လာ၏ဟုဆိုသည်။

အဘိဓာန်၌ကား—

"ဟယော တုရင်္ဂေါ တုရဂေါ၊ ဝါဟော အဿောစ သိန္ဓဝေါ" ဟူ၍ဆိုသည်။ ဦးကာ၌ ပါဒဒွယ-မဿေဟူ၍ဖွင့်သည်။ ဟယ၊ တုရင်္၊ တုရဂ၊ ဝါဟ၊ အဿ၊ သိန္ဓဝ။ ဤခြောက်ပုဒ်တို့သည် မြင်းသာမညကို ဟော၏ဟု ဆိုသည် ထောက်သော် သိန္ဓဝ-သဒ္ဒါသည် မြင်းသာမညကိုဟော၏။ သုတ်မဟာဝါ အဋ္ဌကထာ အလိုသော် သိန္ဓဝအမျိုး ဟူ၍လည်း ကုလဝံသေသ ရှိသေး၏ဟု မှတ်သင့်၏။

ယခုအခါ ဤဇာတ်တော်၏ အဓိပ္ပာယ် ဇာတ်တော်ကလာသော အမျိုးကိုသာပြပေအံ့။ ဆင်ရတနာ ရောက်ပြီးသော မင်းကြီးအား ဝလာဟကအမျိုးမှ လျှပ်စစ်နွယ်မြွေးသော တန်ဆောင်မုန်းလအခါ၌ဖြစ်သော တိမ်ဖြူနှင့်တူသော အသရေရှိသော၊ လရောင်နှင့်တူသော အဆင်းရှိသော၊ စင်ကြယ်သိမ်မွေ့သော၊ တခဲနက်သော ကိုးနက်တို့၏ လည်ကဲ့သို့၊ ကွန်ဒနီလာ ကျောက်ကဲ့သို့ မည်းနက်ကျောသော ဦးခေါင်းရှိသော၊ ဖြူဆံမြက်နှင့်တူသော လည်ဆံရှိသော၊ ဝလာဟကမည်သော မြင်းရတနာသည်လည်း ရောက်လာ၏။

(၄) မြ, မြတ်ရတနာသည်လည်း တနှစ်မြောက်သော ဝါးညှိုအဆင်းနှင့်တူသော ဝေဠုရိ-ယဟုဆိုအပ်သော မြိုးဇာတိ ဖြစ်သော တင့်တယ်သော၊ အမျိုးမြတ်သော၊ ကောင်းသော အလွန်စင်ကြယ်သော၊ ခပ်သိမ်းသော အခြင်းအရာနှင့် ပြည့်စုံသော၊ အရောင်အဝါဖြင့် ထက်ဝန်း ကျင်မှ တယူဇနာတိုင်တိုင် ထွန်းတောက်ပနိုင်သော၊ အလှူးအားဖြင့်လေးတောင် လုံးပတ် အားဖြင့် ရထားလှည်းစက် ပုံတောင်းချက်ခန့်ရှိသော၊ နှစ်ဘက်သော အစွန်အဖျားဝယ် အလယ် ချက်မ တည့်တည့်မှထွက်သော စင်ကြယ်စွာသော ပုလဲဆိုင်နှစ်ပွင့်နှင့်တူသော ပဒုမ္မာကြည်ဖြူ တို့ဖြင့် တန်ဆာဆင်သော မြ, မြတ်ရတနာသည် ရှစ်သောင်းလေးထောင်သော မြ, မြတ်ရတနာ တို့ဖြင့် ခြံရံလျက် ကြယ်နက္ခတ် အပေါင်းတို့ဖြင့် ခြံရံသော လပြည့်ဝန်း၏ အသရေကို လွှမ်းမိုသကဲ့သို့ ဝေဘူလတောင်မှ ရောက်လာ၏။

ဤအရာ၌၊ သုတ်မဟာဝါ မဟာသုဒဿနသုတ်တွင် "မဟာသုဒဿနသဿရညော မဏိရတနံ ပါတုရဟောသိ။" ဟူ၍ဟောတော်မူသည်။မဏိသဒ္ဒါကို များစွာကုန်သော ဆရာမြတ်အဆက်ဆက်

တို့သည် ပတ္တမြားကျောက်ဟူ၍ အနက်မြန်မာ ပြန်ဆိုကြကုန်၏။ ယခုအခါကား။ ဧကရာဇ်မင်းမှ စ၍ မှူးမတ်ရာပြတ်သူဌေးသူကြွယ် ရွှေပန်းထိန်အပေါင်းတို့သည် နီသောကျောက်ကို ပတ္တမြား ဟုခေါ် ဝေါ်ကုန်၏။ စိမ်းသောကျောက်ကို မြဟုခေါ် ဝေါ်ကုန်၏။

မဏိသွတ္တြကျမ်း၌လည်း- စိဝရက္ခန်၊ ဂေါမူလာ၊ ကွမ်းပြင်ရေ မံသခဲ၊ ဇေဂလီ၊ သိန်းခို ဟူ၍ ခြောက်ပါးပြားရာတွင် စီဝရက္ခန်ကား-ချင်းချင်းနီကာသာ၊ ဂေါမူလာကား- ခရမ်း ပွင့်ကဲ့သို့ နီရောင်ရှိသည်၊ ကွင်းပြင်ရေကား- ကွမ်းသွေး အဆင်းရှိသည်။ မံသခဲကား- ဟင်းမျိုးသားတစ်ကဲ့သို့ အဆင်းရှိသည်။ ဇောလီကား- နီလည်းမနီလွန်း ခပ်မဲမဲရှိသည်။ သိန်းခိုကား- နီနီတွေးတွေး၊ ချင်းချင်း ပြောင်ပြောင် ထိပ်ဝယ်ရှိသည်ဟု ဆိုသည်။

မြမျိုးကား၊ ခူလီ၊ ခူလာ၊ ကွတ္တရာ၊ သွာခါ၊ ကာလာ၊ ဝံသဝတ်၊ မီးသွေး ကိတ္တိတတ်၊ ခံဖြူဟူ၍ ရှစ်ပါးရှိသည်။

ထိုရှစ်ပါးတို့တွင် **ခူလီကား**- စိမ်းချက်မဲ့ရောင်ရှိသည်။ ခူလာကား စိမ်းချက်အလွန်မဲ့သည်။ ကွတ္တရာကား- သခွား ကဲ့သို့ စိမ်းသည်။ သွာခါကား- ကြေးမြီးကြေးတောင်ကဲ့သို့ စိမ်းသည်။ ကာလာကား- စိမ်းသော အရောင်၏ အတွင်းဝယ် တခါတခါ အမည်းအနက် စိုးစဉ်းပြောက်သည်။ ဝံသဝတ်ကား ဝါးကြောအဆင်းကဲ့သို့ စိမ်းသည်။ မီးသွေးကိတ္တိကတ်ကား- ပိုးမည်းတောင်စာ၏ လည်ကုပ် ကျောက်ကုန်း အရောင်ကဲ့သို့ စိမ်းသည်၊ ခံဖြူကား- ပိုးရည်မြူရောင်ကဲ့သို့ စိမ်းစိမ်းဝါဝါ ထင်သည်ဟူ၍ဆိုသည်။ ဤသို့နီသော အဆင်းရှိသော ကျောက်ကို ပတ္တမြားဟူ၍ခေါ်သည် စိမ်းသောအဆင်းရှိသော ကျောက်ကို မြဟူ၍ခေါ်သည်။

မဏိသဒ္ဒါသည် စိမ်းသော အနက်ကိုဟောသည်၊ နီသောအနက်ကိုမဟော။ ထို့ကြောင့် ပရိတ်ကြီးနိဒါန်း၌လည်း မဏိသပ္ပ၊ မြွေနီဟူ၍မဆို၊ မြွေစိမ်းဟူ၍သာ ဆိုသည်၊ ယင်းသို့ဖြစ်သောကြောင့် မဏိသဒ္ဒါကို ကျောက်နီဖြစ်သော ပတ္တမြားဟု အနက်မြန်မာ မပြန်ဆိုသင့်။ စိမ်းသောမြကိုသာ အနက်မြန်မာ ပြန်ဆိုသင့်သည်။ သဘောယုတ္တိ သင့်-မသင့်ကို ရှာပြန်သော် အဋ္ဌသာလိနီ အဋ္ဌကထာတွင် ညီသော ရောင်ခြည်တော်ကို ပမာပြရာ၌။

> ကေသမဿုဟိစေဝ အက္ခီနဉ္စ နီလဘာနေဟိ နီလရတ္တိယော နိက္ခမိသု၊ ယာသံ ဝသေန ဂဂနတလံ အဥ္ဇနစုဏ္ဏသမောကိဏ္ဏံ ဝိယ ဥမ္မာပုပ္ဖနီလုပ္ပလဒလသဉ္ဆန္နံ ဝိယ ဝိတိပတန္တာ မဏိတာလဝဏ္ဏံ ဝိယ သမ္ပသာရိတာ မေစကပဋ္ဌံဝိယစ အဟောသိ။

ဟု ညိုစိမ်းသော ရောင်ခြည်တော်ကို မျက်စဉ်းမှန့်ကို တချက်။ အောက်မည်းညိုပွင့် ကြာညိုပွင့်ကို တချက်၊ မြစိမ်းရပ်ဝန်းကို တချက်။ ကိုးဥရောင် မော်ယော်ပုဆိုးကို တချက်။ ဥပမာ လေးချက် ပြဆိုသည်။ မဏိဘာလဝဏ္ဏကို ပတ္တမြားယပ်ဟု ဆိုချေသော် ရောင်ခြည်တော်ကမူ အညိုအစိမ်းဖြစ်ခဲ့၊ ပတ္တမြားကမူ အနီဖြစ်ခဲ့၊ ဥပမေယျနှင့် ဥပမာ ဆန့်ကျင်၍ ဝိရောဓိဒေါသရောက်ရာသည်။ မဏိတာလဝဏ္ဏ မြစိမ်းယပ်ဝန်း ယူသော်ကား ဥပမေယျနှင့် ဥပမာ နီးနှောမိရာသည်။

သုပ္ပါရကဇာတ်၌လည်း—

ယထာ ကုသော၀ သသော၀၊ သမုဒ္ဒေါ ပဋိဒိသတိ။
သုပ္ပါရကံ တံ ပုစ္ဆာမ၊ သမုဒ္ဒေါ ကတမော အယံ။

ဟူသော ဂါထာ၏အရ၊ ကုသမာလိသမုဒ္ဒရာဇ်၌ သမန်းမြက် ကောက်ပင်တို့ကို ဥပမာ ပြုရာ၌လည်း မဏိသဒ္ဒါသည် မြစိမ်းဟောဖြစ်မှ သင့်ရာသည်။ ထို့ကြောင့် "တသ္မိ" ပန သမုဒ္ဒေ နီလမဏိရတနံ ဥဿန္နံ အဟောသိ။" ဟူ၍ နီလသဒ္ဒါဖြင့် မဏိသဒ္ဒါကို ဝိသေသပြု၍ ဟောတော်မူသည်။

မဟာသုဒဿနသုတ် ပါဠိတော်တွင်လည်း—

သော အဟောသိ မဏိဝေဠုရိယော သုဘော ဇာတိမာ အဋ္ဌော။
စသည်ဖြင့်လာသည်။ ဝေဠုရိယသဒ္ဒါကိုလည်း ဝိမာနဝတ္ထု အဋ္ဌကထာ၌ သိမ်မွေ့နုနယ်သော ဝါးညိုရွက် အဆင်းနှင့်တူသည်ဟု ဆိုသည်။

တောင်ဘီလာဆရာတော် စီရင်ပြုစုတော်မူသော မဟာသုဒဿနဝတ္ထု၌လည်း တန္ဒစ်မြောက်သော ဝါးညိုအဆင်းနှင့်တူသောကြောင့် ဝေဠုရိယဟု ဆိုအပ်သော မျက်ဇာတိသည် ဖြစ်၏ဟု ဆိုသည်။

သာရတ္ထသဒ်ဟကျမ်း၌လည်း ရတနာဆယ်ပါးကိုပြရာတွင်–

မုတ္တံ မဏီ ဝေဠုရိယဉ္စ သင်္ခ၊ သိသံ ပ၀ါဠံ ရဇတံ သုဝဏ္ဏံ။
မသာရဂလ္လမိစ လောဟိတင်္၊ ဒသပွကာရံ ရတနံ ဝဒန္တိ။

မဏိကို မြကျောက် လောဟိတင်္ကို ကျောက်နီဖြစ်သော ပတ္တမြားဟူ၍ ဆယ်ပါးအစေ့အစုံပြသည်၊ မဏိကို ကျောက်နီပတ္တမြား၊ မလာဟိတင်္ကိုလည်း ကျောက်နီ ပတ္တမြားဟု ယူအံ့။ အဓိပ္ပာယ်လည်း ထပ်ရာ၏ မြလည်းမပါရာပြီ။

နန်းကျောင်းဆရာ စီရင်တော်မူသော သဒ္ဒါနိဿယကာရကတွင်–

မဏိနာ မေ အတ္ထော။ မဏိနာ၊ မြဖြင့်။ မေ၊ ငါသည်။ အတ္ထော၊ အလိုရှိ၏-ဟူ၍ အနက်သမ္ဗန်တော်မူသည်။

ကဏ္ဏဇာတ်တွင်လည်း ဘုရားလောင်း ကဏ္ဏ လုလင်သည် ငယ်စဉ်ကာလ မည်းညိုသော အဆင်းရှိသည် ဖြစ်၍ ကဏ္ဏာဟူ၍တွင်သည်။ ကြီးသောကာလ စိမ်းညိုသောအဆင်း ရှိသည်ဆိုရာ၌လည်း။ သောဋ္ဌသဝဿကာလေ မဏိပဋိမာ ဝိယ သောဘဂ္ဂပတ္တောဟူ၍ မြအဆင်းနှင့် တူသော အဆင်းရှိသည်ဟု ဆိုသည်။

မူလပဏ္ဏာသ အဋ္ဌကထာ၊ ပါသရာသိ သုတ်၏ အဖွင့်တွင်–

သန္ဒမာနဉ္စ မဏိကဉ္စနသဒိသံ ဝိမလံ နီလံ သီတလံ နေရဉ္ဇရံ နဒီ အဒ္ဒသ။ အလျဉ်တွေတွေစီးသော မြဲခဲနှင့်တူသော အညစ်အကြေးကင်းသော ညိုသော အေးမြစွာသော ရေရှိသော နေရဉ္ဇရာမြစ်ကို မြင်တော်မူ၏ ဟူရာ၌လည်း။ ညိုသော ရေနှင့် စိမ်းညိုသော မြဲခဲသော ဥပမာ ဥပမေယျ ဟပ်မိရာသည်။ ဤသို့ အရပ်ရပ်ကို ထောက်၍ မဏိသဒ္ဒါကို စိမ်းသောအဆင်းရှိသော မြကျောက်

ကိုသာ မြန်မာပြန်ဆိုခြင်း၊ လောဟိတက်သဒ္ဒါကိုသာ နီသော အဆင်းရှိသော ပတ္တမြားကို မြန်မာပြည်ဆိုခြင်းသည် သင့်မည်ထင်သည်၊ တောင်ဘီလာဆရာတော်လည်း စကြာမင်း၏ ကျောက်ရတနာကို ဆိုရာ၌ ပတ္တမြားဟု မဆိုမူ၍ မျက်မြတ်ရတနာဟူ၍ပင် ဆိုတော်မူလေသည်။

(၅) မြရတနာရောက်ပြီးသော မင်းကြီးအား မိဖုရားရတနာသည် အလွန် အဆင်းလှ၏။ ရှုချင်ဖွယ်ရှိ၏၊ ကြည်ညိုဖွယ်ရှိ၏၊ လွန်မြတ်သော အဆင်းရှိ၏၊ ကောင်းခြင်းနှင့် ပြည့်စုံ၏၊ မြင့်ခြင်း နိမ့်ခြင်း, ကြုံခြင်း, ဆူခြင်း, မည်းလွန်းခြင်း, ဖြူလွန်းခြင်းဟူသော ခြောက်ပါးသော အပြစ်တို့မှ ကင်း၏၊ လူတို့အဆင်းကိုလွန်၍ နတ်တို့၏ အဆင်းသို့ မရောက်တတ်ရှိ၏၊ ချမ်းသောကာလပူ၏၊ ပူသောကာလချမ်း၏၊ ကိုယ်ကားစန္ဒကူးအနံ့၊ ခံတွင်းကား- ကြာညိုပန်းအနံ့ လိုင်၏။ ကိုယ်ရောင်သည် တဆယ့်နှစ်တောင်ရှိသော အရပ်ကို ထွန်းလင်းနိုင်၏။ ထိုမိဖုရားရတနာသည် ရောက်လာ၏။

(၆) မိဖုရားရတနာ ရောက်ပြီးသော မင်းကြီးအား သူဌေးရတနာသည် မိမိမျက်စိဖြင့် အရှင်ရှိ မြုပ်၍ထားသော ဥစ္စာ၊ အရှင်မရှိ မြုပ်၍ထားသော ဥစ္စာတို့ကို မြင်နိုင်၏။ ဂင်္ဂါမြစ်၏ အလယ်၌သော်လည်း စကြာမင်းက ငါသည် ရွှေငွေရတနာတို့ကို လိုင်၏ဟုဆိုလျှင် လက်နှစ်ဘက်ဖြင့် ရေကိုသုံးသပ်၍ အသပြာရွှေငွေရတနာတို့ဖြင့် ပြည့်သောအိုးတို့ကို ထုတ်၍ပေးနိုင်၏၊ ကြပတေ့ပင်လျှင်လည်း ဥစ္စာစည်းစိမ် များလှစွာ၏။ ထိုသူဌေးရတနာသည် ထင်ရှားဖြစ်လာ၏။

(၇) သူဌေးရတနာ ရောက်ပြီးသော မင်းကြီးအား စစ်သူကြီးဖြစ်သော သားကြီးရတနာသည် ပညာရှိ၏၊ လိမ္မာ၏၊ အဆင်အခြင်နှင့် ပြည့်စုံ၏၊ တပါးသော သူတို့၏ အကြံအစည်ကို သိစွမ်းနိုင်၏။ တဆယ့်နှစ်ယူဇနာရှိသော မင်း၏ ပရိသတ်၌ စိတ်၏အကြံအစည်ကိုသိ၍ ခိုးမျှော်အပ်သူကို ခိုးမျှော်၏။ ရှုတ်ချအပ်သူကို ရှုတ်ချ၏။ ဤသို့သော ဂုဏ်ကျေးဇူးရှိသော သားကြီးရတနာသည် ဖြစ်လာ၏။

ဤတွင်ရွှေ့ကား-ရတနာခုနစ်ပါးတို့၏ ထင်ရှားဖြစ်ကြောင်းကို ဆိုရာဖြစ်သော သတ္တရတန-ပါတုဘဝန အပိုင်းတည်း။

ထိုကလိင်္ဂမင်းကြီးအား ရတနာခုနစ်ပါးတို့သည် ထင်ရှားဖြစ်၍ အလုံးစုံသော စကြာဝဠာတိုက် အတွင်း၌ မင်းအဖြစ်ကို ပြုပြီး၍၊ တနေ့သ၌ သုံးဆယ့်ခြောက်ယူဇနာရှိသော ပရိသတ်ဖြင့် ခြံရံလျက် အလုံးစုံ ဖြူသော ကေလာသတောင်ထွတ်၏ အဖို့ရှိသော ဥပေါသထ ဆင်မင်းထက်သို့ တက်စီး၍ များစွာသော မင်း၏ကျက်သရေတို့ဖြင့် တင့်တယ်စံပယ်လျက် မယ်တော် ခမည်းတော်တို့၏ အထံသို့ သွားလေ၏။ ထိုအခါ ခပ်သိမ်းကုန်သော ဘုရားသခင်တို့၏ မာရ်ငါးပါးကို အောင်မြင်ရာဖြစ်သော အောင်မြေဌာန ဇေယပလ္လင်ဖြစ်သော မြေ၏အချက်အချာ မဟာဗောဓိ မဏ္ဍိုင်၏ အထက်အဖို့၌ ဥပေါသထမည်သော ဆင်မင်းသည် သွားခြင်းငှာ မစုံသည်ဖြစ်၍ ရပ်၏။ ကလိင်္ဂစကြာမင်းသည် အကြိမ်ကြိမ်တိုက်တွန်း၏၊ ဆင်မင်းသည်လည်း သွားခြင်းငှာ မစုံသည်သာတည်း၊ ထိုအကြောင်းကို ထင်ရှားပြတော်မူတတ်သော တရားတည်းဟူသော စကြာရတနာကို လည်စေတတ်သော ဓမ္မရာဇာဖြစ်တော်မူသော မြတ်စွာဘုရားသခင်သည် ဤဇာတ်ကျမ်း၌ ရှေးဦးစွာဖြစ်သော-

ရာဇာ ကလိင်္ဂေါ စက္ကဝတ္တီ၊ ဓမ္မေန ပထဝိ အနုသာသိ။
အဂမာသိ ဗောဓိသမီပံ၊ နာဂေန မဟာနုဘာဝေန။

ဟူသော ဂါထာကို ဟောတော်မူ၏။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ စက္ကဝတ္တိ၊ စကြာရတနာကို လည်စေတတ်သော။ ကလိင်္ဂီ၊ ကလိင်္ဂတိုင်းကို အစိုးရသော။ ရာဇာ၊ မင်းမြတ်သည်၊ ဓမ္မေန၊ တရားသဖြင့် ပထဝိံ၊ မြေအပြင်၌နေသော လူအပေါင်းကို။ အနုသာသိ၊ ဆုံးမ၏။ သောရာဇာ၊ ထိုမင်းသည်။ မဟာ-နုဘာဝေန၊ ကြီးသော အာနုဘော်ရှိသော။ နာဂေန၊ ဆင်ဖြင့်။ ဗောဓိသမီပံ၊ ဗောဓိပင်၏ အနီးသို့။ အဂမာသိ၊ ရောက်လေ၏။

ထိုအခါ စကြာမင်း၏ ပုရောဟိတ်သည် စကြာမင်းနှင့် အတူတကွ သွားသည်ရှိသော် ကောင်းကင်ပြင်၌ အဝိတ် အပင် အဆီး အတား မရှိပဲလျက် စကြာမင်းသည် ဆင်ကိုနှင်ခြင်းငှာ မစွမ်းနိုင်လေ၊ အကြောင်းအသို့ ရှိသနည်း စုံစမ်းအံ့ဟု၊ ကောင်းကင်မှသက်၍ ကြည့်သည်ရှိသော် ခပ်သိမ်းသော ဘုရားသခင်တို့၏ အောင်ချာပလ္လင်၊ မြေအပြင်၏ အချက်အချာ ဖြစ်သော ဗောဓိမဏ္ဍိုင်၏တည်ရာ မြေမျက်နှာအဖို့ကို မြင်လေ၏။ အကြင်မြေအရပ်သည်ကား၊ သုံးဆယ့် ငါးတောသည် မင်း၏ ပယ်တော်မည်၏။ ထိုမင်း၏ ပယ်တော်ဖြင့် ရှစ်ပယ်ခန့်သော အရပ်၌ ဆံမုတ်ဆိတ်မျှလောက်သော မြက်သစ်ပင်ငယ်မျှမရှိ။ ငွေအဆင်းနှင့်တူသော သဲမှုန်တို့ဖြင့် ထိုမှ ဤမှ ကြဲဖြန့်ကုန်၏။ ထိုမျှလောက်သော အရပ်၌ ထက်ဝန်းကျင်မှ မြက်သစ်ပင်နွယ်တို့သည် သစ်ပင် တကာတို့၏ အဓိပတိဖြစ်သော ဗောဓိမဏ္ဍိုင်ကိုသာ လက်ယာရစ်လည်လျက် တည်ကုန်၏။ ထိုအရပ်ကိုမြင်၍ ဤအရပ်သည်ကား ခပ်သိမ်းကုန်သော သဗ္ဗညုဘုရားရှင်တို့၏ အလုံးစုံသော ကိလေသာကို ပယ်ခွာရာ ဌာနတည်း။ ဤဌာန၏ အထက်အဖို့၌ သိကြား ငြဟ္မာကိုသော်လည်း လူးလာပြန်လှန် ကူးသန်းခြင်းငှာ မထိုက်ကောင်းသော ဗောဓိမဏ္ဍိုင် အရပ်ဖြစ်မည်ဟု ကြံပြီးမှ၊ ကသိဏ်မည်သော စကြာမင်း၏ အထံသို့ကပ်၍ ဗောဓိမဏ္ဍိုင်၏ ကျေးဇူးဂုဏ်ကို ပြောဆိုပြသပြီး လျှင် စကြာမင်းကို မြေသို့သက်စေ၏။

ထိုအကြောင်းကို ထင်ရှားပြတော်မူလိုသော လူသုံးပါးတို့၏ သေဋ္ဌနင်း တရားမင်းမြတ်သည်-

> ကလိင်္ဂေါ ဘာရဒ္ဒါဇော၊ ရာဇာနံ ကလိင်္ဂံ သမဏာ ကောလညံ။
> စက္ကဝတ္တာယတော ပရိဂ္ဂဟေတွာ၊ အဥလီ ဂ္ဂဒမဝေါစ၊

ဟူ၍ဟောတော်မူ၏။ ချစ်သားရဟန်းတို့၊ ကလိင်္ဂတိုင်း၌တည်သော ဘာရဒ္ဒါဇအမတ်သည် သမဏကောလညဖြစ်သော ကလိင်္ဂစကြာမင်းကိုခေါ်၍ ချီသော လက်အုပ်ရှိလျက် ဤသို့သော စကားဖြင့် နားတော် လျှောက်၏။ လျှောက်လေသော ဂါထာတို့ကား—

> ပစ္စောရောဟ မဟာရာဇ၊ ဘူမိဘာဂေါ ယထာ သမနုဂ္ဂတော။

အစရှိသော ငါးဂါထာကိုရွတ်၍ လျှောက်၏။

အဓိပ္ပာယ်ကား။ ။လူတို့သေဋ္ဌနင်းဖြစ်တော်မူသော မင်းမြတ်၊ အောက်သို့ သက်တော် မူလော့။ ဤမြေအပြင်သည်ကား အစဉ်အတိုင်း ကောင်းစွာတက်၏။ ဤအရပ်သည် တုဖက် ကင်းလွတ်ရာဖြစ်သော သဗ္ဗညုမြတ်စွာဘုရားသခင်တို့သည် သစ္စာလေးပါးတို့ကို ဆရာမရှိ သိတော် မူရာအရပ်ဖြစ်၍ ထွန်းတောက်ပကုန်၏။ လက်ယာရစ်လည်သောအားဖြင့် မြက်ပင် နွယ်ပင်တို့၏ မြေတကာတို့၏ အချက်အချာဖြစ်သော ထိုဗောဓိမဏ္ဍိုင်အရပ်ကို လည်၍ပေါက်ကုန်၏။ သမုဒ္ဒရာ အဆုံးရှိကုန်သော ခပ်သိမ်းသော မြေအပြင်၌ ကြည်ညိုဖွယ်ရှိသောကြောင့် မဏ္ဍာမည်၏။ မြတ်သော ကြောင့် သာရလည်းမည်၏။ ပုံတောင်းချက်မဖြစ်သောကြောင့် နာဘိဘူတလည်း မည်၏။

ဘုရားတကာတို့ မပြောင်းမရွှေ့သောကြောင့် အစလဌာနလည်းမည်၏။ ကမ္ဘာတည်သောကာလ ရှေးဦးစွာ တည်၏။ ပျက်သောကာလနောက်မှ ပျက်လေ၏။ ဤသို့ အကျွန်ုပ်တို့၏ လက္ခဏာ မန္တန်၏ အစွမ်းဖြင့် ကြားသိဖူးပါသည်။ ထိုအရပ်သို့ သက်တော်မူ၍ ရှိခိုးပူဇော်ခြင်းကို ပြုတော်မူလော့။ အလွန်မြတ်သော အမျိုးဥစ္စာဖြစ်သော ဂေါစရိယာ အစရှိသော ရှစ်ပါးသောအမျိုးကို လွန်၍ တည်သော ဥပေါသထအမျိုးဥစ္စာဖြစ်သော ကုဋ္ဌရမည်သော ဆင်မင်းသည် ဤအရပ်သို့ မကပ်ဝံ့ရာ။

ဤသို့စသည်ဖြင့် လျှောက်သည်ရှိသော် စကြာမင်းသည်လည်း ထိုဆင်ပြောင်ကို ဝရဇိန်ချွန်းဖြင့် တိုက်တွန်း၍ သွားစေ၏။ ဆင်မင်းသည်လည်း ကြီးကြောင့်က်၏ အသံကဲ့သို့သော အသံကို ဟစ်၍ ဖေ၏။ နှာမောင်းကိုခါလျက်၊ လည်ကိုဆန့်ခါ၍ ပြင်းစွာသော အသံဖြင့်ပဲ့တင်ထပ်စေလျက်၊ လေးသော ဝန်ကို ရွက်ဆောင်ခြင်းငှာ မတတ်နိုင်သကဲ့သို့ ကောင်းကင်၌သာလျှင် ရပ်၍နေလေ၏။ ထိုကလိင်္ဂစကြာမင်းသည်လည်း အဖန်တလဲလဲတိုက်တွန်းသည်ရှိသော် ဝေဒနာကို သည်းခံအံ့သောငှာ မတတ်နိုင်သည်ဖြစ်၍ သေလေ၏။ မင်းသည် ဆင်သေသောအဖြစ်ကို မသိသည်ဖြစ်၍ ဆင်ကျောက်ကုန်း၌ပင် နေလေ၏။ ထိုအခါ ဘာရဒွါဇအမတ်သည် မြတ်သောမင်းကြီး၊ အရှင်မင်းကြီး၏ ဆင်တော်သည် သေလွန်ချေပြီ၊ တပါးသောဆင်သို့ ပြောင်းတော်မူလော့ဟု လျှောက်၏။

ဤအကြောင်းကို ထင်ရှားပြတော်မူလိုသော သုံးလူဆရာ မြတ်စွာဘုရားသည် ဆယ်ခုမြောက်ဖြစ်သော ကလိင်္ဂေါ် ဘာရဒွါဇော စသောဂါထာကို ဟောတော်မူ၏။

ချစ်သားရဟန်းတို့၊ ကလိင်္ဂမည်သော ဘာရဒွါဇအမတ်သည် ဆင်မင်း၏ အသက်ကုန်သော အဖြစ်ကိုသိ၍ ကလိင်္ဂမင်းကြီးကို အရှင်မင်းကြီး၊ အဆောတလျင် တပါးသောဆင်သို့ ပြောင်းတော်မူလော့။ အရှင်မင်းကြီး၏ ဆင်မြတ်သည် အသက်ကုန်ချေပြီဟုဆို၏။ ထိုအခါ စကြာမင်း၏ တန်ခိုးအာနုဘော်ကြောင့် တပါးသော ဥပေါသထ ဆင်မျိုးဖြစ်သော ဆင်မြတ်တစ်စီးသည် လာလတ်ပြန်၍ ကျောက်ကုန်းကိုညွတ်၏။ မင်းကြီးသည်လည်း ထိုဆင်မင်း၏ ကျောက်ကုန်းသို့ ပြောင်းလေ၏။ ထိုခဏ၌ သေလေပြီးသော ဆင်ဖြူရတနာသည် မြေသို့ကျလေ၏။ ထိုအကြောင်းကို ထင်ရှားပြလိုသော မြတ်စွာဘုရားသည်၊

> တံ သုတ္တာ ကလိင်္ဂေါ် တရမာနော၊ သင်္ကိ နာဂံ သင်္ကန္တေန ရညာ။
> နာဂေါ် တတ္ထေဝ ပတတျဘူမျာ၊ ဝေယျဥ္ဇနိက ဝစောယထာ တထာ အဟု နာဂေါ်။

ဟူသော ဂါထာကို ဟောတော်မူ၏။

ချစ်သားတို့၊ ဘာရဒွါဇအမတ်၏ စကားကိုကြား၍ ကလိင်္ဂမင်းကြီးသည် အဆောတလျင် တပါးသော ဆင်သို့ပြောင်း၏။ သေလေသောဆင်သည်လည်း မြေသို့ကျလေ၏ ဟူလိုသည်။

ဤတွင်ရွှေ့ကား စကြာမင်းသည် မဟာဗောဓိပင်သို့ ရောက်သည်ကို ဆိုသော မဟာဗောဓိသမာဂမအပိုင်းတည်း။

ထိုအခါ ကလိင်္ဂစကြာမင်းသည် ကောင်းကင်မှမြေသို့သက်၍ မဟာဗောဓိမဏ္ဍိုင်ကို ကြည့်သည်ရှိသော် တန်ခိုးပြာဋိဟာကိုမြင်၍ ဘာရဒ္ဒါဇအမတ်အား ခြီးမွမ်းခြင်းကို ပြုလိုသောကြောင့်—

ကလိင်္ဂေါ ဘာရဒ္ဒါဇ ကလိင်္ဂိ၊ ပြာဟ္မဏံ ဣဒ မဝေါစ။
တွမေဝါသိ သပ္ပုဒ္ဓေါ။ သပ္ပညုသပ္ပဒဿာဝီ။

ဟူသောဂါထာကို ရွတ်၍ ခြီးမွမ်း၏။ ကလိင်္ဂမင်းသည် ဘာရဒ္ဒါဇ ကလိင်္ဂအမတ်ကို ဤသို့ဆို၏။ သင်သည် သစ္စာလေးပါးတရားတို့ကို သိတော်မူပြီးသော သပ္ပညုအမြင်ဖြင့် မြင်၏။ သင်သည် ပင်လျှင် ခပ်သိမ်းသောတရားတို့ကို သိသော သပ္ပညုဘုရားလေလောဟု ဆို၏။ ပုဏ္ဏားသည်လည်း မိမိကိုယ်ကို နိမ့်သောအရာ၌ထားလျက် သပ္ပညုဘုရားသခင်ကိုသာလျှင် ခြီးမြောက် ခြီးမွမ်းလေ၏။ ထိုအကြောင်းကို ပြတော်မူလိုသော မြတ်စွာဘုရားသည်။ တံအနမိဝါသေန္တော၊ စသော ဂါထာကို ဟောတော်မူ၏။

ချစ်သားရဟန်းတို့၊ ကလိင်္ဂ ပုဏ္ဏားသည် ဤသို့ဆို၏။ မြတ်သောမင်းကြီး၊ အကျွန်ုပ်သည် သပ္ပညုဘုရားမဟုတ်ပါ။ သပ္ပညုဖြစ်တော်မူသော ဘုရားသခင်တို့သည် ခပ်သိမ်းသော တရားတို့ကို သိတော်မူသည်ကား နိမိတ်လက္ခဏာ တတ်သောအားဖြင့်မသိကုန်။ မဂ်ဉာဏ်၏ အစွမ်းဖြင့်သာ သိတော်မူကုန်သည်။ မြတ်သောမင်းကြီး၊ အကျွန်ုပ်တို့သည်ကား နိမိတ်လက္ခဏာကိုမြင်၍ ကြားခြင်းကို စွမ်းနိုင်သောကြောင့် သုတ-ဗုဒ္ဓမည်ပါသည်။ သပ္ပညုဘုရားသခင်တို့သည် ခပ်သိမ်းသော တရားအပေါင်းကို သိတော်မူ၏။ အတိတ်အစရှိသည်ဖြင့် ပြားသော တရားအပေါင်းတို့ကိုလည်း သိတော်မူ၏။ မြင်လည်း မြင်တော်မူ၏။ ထိုသို့ သိမြင်တော်မူခြင်းသည် သပ္ပညုတဉာဏ်ဖြင့် သိမြင်ခြင်းမည်၏။ နိမိတ်လက္ခဏာဖြင့် သိမြင်ခြင်းမဟုတ်ပါ။ အကျွန်ုပ်တို့မူကား မဂ်ဉာဏ်၏ အစွမ်းဖြင့် မမြင်ပါ။ မိမိ၏အတတ်အစွမ်းဖြင့်သာ မြင်နိုင်ပါသည်။ ထိုသို့သိမြင်ခြင်းသည်လည်း တစိတ်တဒေသမျှကိုသာ မြင်နိုင်ပါသည်။ သပ္ပညုဘုရားသခင်တို့မှာမူကား အကြွင်းမဲ့အလုံးစုံကို မြင်နိုင်ပါသည်ဟု လျှောက်၏။ မင်းကြီးသည်လည်း ဘုရားသခင် ဂုဏ်ကျေးဇူးတော်ကို ကြားသိရ၍ အလွန်ဝမ်းမြောက်ခြင်းသို့ ရောက်သည်ဖြစ်၍ စကြာဝဠာတိုက်အလုံးစုံ၌ နေကုန်သော သူတို့အား များစွာသော နှံ့သာပန်း စသည်တို့ကို ဆောင်ယူစေ၍ မဟာဗောဓိမဏ္ဍိုင်၌ ခုနစ်ရက်ပတ်လုံး ဗောဓိပင် ပူဇော်ခြင်းကို ပြုစေ၏။ ထိုအကြောင်းကို ပြတော်မူလိုသော မြတ်စွာဘုရားသည်—

မမာယိတွာန တံ ဗောဓိ၊ နာနာတူရိယေဟိ၊ ဝဇ္ဇမာနေဟိ။
မာလာဝိလေပနံ အဘိဟရာပေတွာ၊ အထ ရာဇာမပါဃာသိ။

သဋ္ဌိပါဟသဟဿာနံ၊ ပုပ္ဖါနံ သန္နိပါတယိ။
ပူဇေသိ ရာဇာ ကလိင်္ဂေါ၊ ဗောဓိမဏ္ဍမနုတ္တရံ။

ဟူ၍ ဟောတော်မူ၏။

ချစ်သားရဟန်းတို့၊ ကလိင်္ဂစကြာမင်းသည် ထိုဗောဓိမဏ္ဍိုင်၌ မြတ်နိုးလှသည်ဖြစ်၍ အထူးထူးသော စည်းစောင်းငြင်းတို့ကို တီးမှုတ်စေခြင်းတို့ဖြင့် လည်းကောင်း။ ထင်ရှားရှိကုန်သော ပန်းနံ့သာ နံ့သာပြောင်းတို့ကို လည်းကောင်း ဆောင်ယူစေ၍ ပူဇော်လေ၏။ ဝါဟာခြောက်သန်း

ရှိကုန်သော ပန်းတို့ကို စုဝေးစေ၍ အတုမရှိသော မဟာဗောဓိမဏ္ဍိုင်ကို ပူဇော်လေ၏ ဟူလိုသည်။

ထိုစကြာမင်းသည် မဟာဗောဓိမဏ္ဍိုင်၌ တဆယ့်ရှစ်တောင်ရှိသော ရွှေသည်တိုင်တို့ကို စိုက်စေ၏။ ရတနာအတိပြီးသော ပွတ်လုံးပွတ်တိုင်ကို ပြုစေ၏။ ရတနာဖြင့် ရောနှောသော သဲကိုကြွေစေ၏။ တံတိုင်းမီးတား အရံအကာတို့ကို ပြုစေ၏၊ ခုနစ်ပါးသော ရတနာတို့ဖြင့်ပြီးသော တံခါးမုခ်ကို ပြုစေ၏။ နေ့တိုင်းနေ့တိုင်း ဝါဟ ခြောက်သန်းရှိသော ပန်းတို့ကို ပူဇော်စေ၏။ ထိုသို့ မဟာဗောဓိပူဇော်ခြင်းကို ပြုပြီး၍ မယ်တော်၊ ခမည်းတော်၊ ဘိုးတော်၊ ဘွားတော်တို့ ထံသို့ သွား၍ မယ်တော်၊ ခမည်းတော်၊ ဘိုးတော်၊ ဘွားတော်တို့ကို နေပြည်တော်ဟောင်း ဖြစ်သော ဒန္တပူရပြည်သို့ ဆောင်တော်မူခဲ့၍ ဒါန သီလ အစရှိသော ကောင်းမှုတို့ကို ပြု၍ အသက်၏ အဆုံး၌ တာဝတိံသာနတ်ပြည်၌ ဖြစ်လေ၏။

(ဤစကားတွင် ဝါဟ ခြောက်သန်းဟူ၍ ဆိုသည်ကား–

ပုပ္ပါနံ သဋ္ဌိဝါဟသတသဟဿာနံ သန္နိပါတယိ၊ ဧဝံ ဗောဓိမဏ္ဍံ ပူဇေသိ။ ပါဠိ ပန သဋ္ဌိဝါဟသဟဿာနံ ပုပ္ပါနန္တိ ဧတ္တကမေဝ အာဂတံ။

ဟူ၍ အဋ္ဌကထာ ဆိုသည်။

အဓိပ္ပာယ်ကား။ ။ဝါဟပေါင်း ခြောက်သန်းဟူလိုသည်။ ပါဠိတော်၌ကား ဝါဟခြောက်သောင်း ဟူ၍ လာ၏ ဟူလိုသည်။

တဝါဟ- ဟူသည်ကား။ လေးဆုပ်ကို တကုဋ္ဌ တလက်ခုပ်မည်၏။ လေးကုဋ္ဌလေးလက်ခုပ်ကို တကွမ်းစား တစလယ်။ လေးကွမ်းစား လေးစလယ်ကို တပြည်တတုံ၊ လေးပြည် လေးတုံကို တစိတ်။ လေးစိတ်ကို တတင်း။ လေးတင်းကို ဘတ္တိဟု ခေါ်သည်။ ထို တို့နှစ်ဆယ်သည် တဝါဟ၊ တဝါဟကို လှည်းတစီးတိုက်ဟု သုတ္တနိပါတ်စသော ကျမ်းတို့၌ ဆိုသည်။ ယခု သုံးဆောင်ကြသော တင်းဖြင့်မူကား တင်းလေးဆယ် ရှိလေ၏။ တင်းရှစ်ဆယ်ဟူ၍လည်း ဆိုကြ၏။ ဓမ္မာသောကမင်းအား ဆက်သော လှည်းကိုးထောင်ကို ယခု သုံးဆောင်ကြသော တင်းလေးဆယ်ဖြင့် တွက်သော် သုံးသိန်းခြောက်သောင်းရှိ၏။ တင်းရှစ်ဆယ်ဖြင့် တွက်သော် ခုနစ်သိန်း နှစ်သောင်းရှိ၏။

တလက်ဖက်သည် တကုဋ္ဌ။ လေးကုဋ္ဌသည် တကွမ်းစား။ လေးကွမ်းစားသည် တအာဋ္ဌကဟုဆိုအပ်သော တတုံ၊ လေးတုံသည် ဒေါဏဟု ဆိုအပ်သော တစိတ်။ လေးစိတ်သည် တတင်း။ လေးတင်းသည် တခါရိ၊ ခါရိနှစ်ဆယ်သည် တဝါဟ။ တဝါဟသည် လှည်းတစီးတိုက် မည်၏ဟု အဘိဓာန်၌ ဆိုသည်။

ဝိသတိ ခါရိကောတိ မာဂဓိကေန ပတ္ထေန စတ္တာရော ပတ္ထာ ကောသလရဋ္ဌေ ဧကော ပတ္ထော ဟောတိ။ တေန ပတ္ထေန စတ္တာရော ပတ္ထာ အာဋ္ဌကံ။ စတ္တာရိ အာဋ္ဌကာနိ ဒေါဏံ။ စတုဒေါဏာ မဏိကာ။ စတုမာဏိကာ ခါရိ။ တာယ ခါရိယာ ဝိသတိခါရိကော တိလဝါဟော။ တိလဝါဟောတိ သကဋံ။

ဟူ၍ နေတ္တိအဋ္ဌကထာတွင် ဆိုသည်။

မဂဓတိုင်း၌ စလယ် ကွမ်းစားဖြင့် လေးစလယ်၊ လေးကွမ်းစားသည် ကောသလတိုင်း၌ တစလယ် တကွမ်းစားဖြစ်၏။ ထိုလေးကွမ်းစားသည် တအာင်္ဂကာ တတုံတပြည်မည်၏။ လေးတုံလေးပြည်သည် ဒေါဏမည်သော တစိတ်ဖြစ်၏။ လေးစိတ်သည် မာဏိကမည်သော တတင်းဖြစ်၏။ လေးတင်းသည် ခါရီမည်သော တို့တောင်းဖြစ်၏။ ခါရီမည်သော တို့တောင်း နှစ်ဆယ်သည်တဝါဟမည်၏ ဟူသတည်း။

သာရတ္ထဒီပနီဋီကာတွင်မူကား- ခြောက်ကုဠုံသည် တကွမ်းစားမည်၏။ တချက်လည်း ရှစ်ကုဠုံသည် တကွမ်းစားမည်၏ဟု နှစ်ကွဲပြသည်။ သည်မှ တပါးလည်း ကွမ်းစားအခြင်း အတွယ်ကို ကျမ်းဂန်တို့၌ အယူဝါဒ များပြား၏ အကျယ်အားဖြင့် သိလိုမူသခို်ပကာ-သကစာကိုယ်၊ ဋီကာတို့ကို ရှု၍ သိလွယ်ရာသည်။

ဤကလိင်္ဂတ်၌ ဝါဟာခြောက်သန်းကို သုတ္တနိပါတ်ကျမ်းထွက်မှီ၍ ယခုသုံးဆောင်ကြသော အတင်းလေးဆယ်ကျနှင့် တွက်သော်။ တနေ့တနေ့၌ ပူဇော်လေသည်ကားတင်းပေါင်း နှစ်ဆယ့်လေးကုဋေ ရှိ၏။ ရှစ်ဆယ်ဖြင့်တွက်သော် လေးဆယ့်ရှစ်ကုဋေရှိ၏။ ခုနစ်ရက်ကိုသော် တင်းပေါင်းတရာ့ခြောက်ဆယ့် ရှစ်ကုဋေရှိ၏။ တင်းရှစ်ဆယ်နှင့် တွက်လျှင် ခုနစ်ရက်သော် သုံးရာ့သုံးဆယ့်ခြောက်ကုဋေရှိ၏။

ဘုရားသခင်တို့သည် ဇာတ်နိပါတ်ကို ဟောတော်မူသည် ရှိသော် ရှေးနိဒါန်း စကားရင်းနှင့် နိဂုံးစကားကို စပ်၍သာ ဟောတော်မူမြဲ ဖြစ်သောကြောင့် အနုသန္ဓေကိုစပ်၍ ဇာတ်ကို သိမ်းတော်မူလိုသော မြတ်စွာဘုရားသည် ဤသို့သော ဓမ္မဒေသနာကို ဆောင်တော်မူပြီး၍ ဤသို့ မိန့်တော်မူ၏။

ငါ၏ ချစ်သားရဟန်းတို့ ယခုအခါ၌သာ ငါ့ညီအာနန္ဒာသည် ဗောဓိပင်ကို ပူဇော်တတ်သည် မဟုတ်၊ ရှေးအခါ၌လည်း ကလိင်္ဂစကြာမင်းဖြစ်၍ မဟာဗောဓိ ပူဇော်ခြင်းကို ပြဖူးသည်သာလျှင် တည်းဟု မိန့်တော်မူပြီး၍ ဇာတ်ကို ပေါင်းတော်မူလိုသောကြောင့် ချစ်သား ရဟန်းတို့ ထိုအခါ မာဏဝကလင်္ဂ စကြဝတေးမင်းသည် ယခုအခါ အာနန္ဒာဖြစ်လာ၏။ ကလိင်္ဂဘာရဒ္ဒါဇ အမတ်ပညာရှိသည် ယခုအခါ ငါဘုရားဖြစ်လာ၏ဟု ဇာတ်ကိုပေါင်းတော်မူ၏။

ဤတွင်ရွှေကား မဟာဗောဓိ ပူဇော်ခြင်းကို ဆိုရာဖြစ်သော မဟာဗောဓိပူဇာ အပိုင်းတည်း။

ဤဇာတ်တော်ကို အင်တန်အင်မှ မဟာသုဒနသဿုတ် ပါဠို, အဋ္ဌကထာ, ဋီကာ စသောကျမ်းတို့ကိုမှီ၍ ခဲ့ထွင်ဖော်ထုတ်၍ ဆိုလိုက်သည်ကား– ပျို့ ကဗျာ စပ်ဆိုလိုသော သူမြတ်ဉာဏ်ရှိ ကဝိပုဂ္ဂိုလ်တို့သည် အလွယ်တကူ နည်းယူမှီဝဲနိုင်စေခြင်းငှာ ဆိုလိုက်ပေသည်။ ဤဇာတ်တော် နိဒါန်း ဟောအပ်သော ပါဠိကိုမှီ၍ ဥဒ္ဒိသကစေတီကို ဘုရားဟော ကျမ်းဂန်တွင် လာရှိကြောင်းကို သိသင့်သည်။ ဤမှတပါးလည်း အများပင် ရှိသေးသည်။

၉၇-ပုစ္ဆာ။ ။ဓာတုစေတီ၊ ဓမ္မစေတီ၊ ဥဒ္ဒိသကစေတီဟူ၍ စေတီသုံးပါးရှိကြောင်းကို ဆိုသည်လည်း ပဥ္စာကထနဝတ္ထုသုံးပါးစု စသော စာစောင်ငယ်တို့၌ ဝိနည်းဋီကာ၌ လာသည်ဟူ၍သာ အမှာရှိသည်ကို တွေ့ရပါသည်။ ဘုရားဟောပါဠိတော် စသောကျမ်းတို့၌ လာကြောင်းကို အမှာမရှိပါ။

၉၇-ဝိသဇ္ဇာ။ ။စေတီသုံးပါးကို ဝိနည်းဋီကာ၌ လာသည်ဆိုရာမှာ ဋီကာတွင်သာ လာသည်မဟုတ်၊ သာရတ္ထသင်္ဂဟကျမ်း၌လည်း–

တိဝိဓံ ဟိ စေတိယံ၊ ပရိဘောဂစေတိယံ၊ ဓာတုစေတိယံ၊ ဓမ္မစေတိယန္တိ။ တတ္ထ ဘဂဝတော။ ပရိဘုတ္တ။ပကာရဏာနိ နိဒဟိတ္တာ ကတံ စေတိယံ ပရိဘောဂစေတိယံ နာမ။ ဓာတုယော နိဒဟိတ္တာ ကတံ စေတိယံ ဓာတုစေတိယံ နာမ။ ပဋိစ္စသမုပ္ပါဒါဒိ လိုခိတပေါတ္ထကံ နိဒဟိတ္တာ ကတံ ဓမ္မစေတိယံ နာမ။

ဟူ၍ လာသည်။

အဓိပ္ပာယ်ကား။ ။ပရိဘောဂစေတီ၊ ဓာတုစေတီ၊ ဓမ္မစေတီ ဟူ၍ သုံးပါးတွင် မြတ်စွာဘုရားအသုံးအဆောင်တို့ကို ဌာပနာ၍ ပြုသော စေတီသည် **ပရိဘောဂစေတီ** မည်၏။ ဓာတ်တော်ကို ဌာပနာ၍ပြုသော စေတီသည် **ဓာတုစေတီမည်**၏။ ပဋိစ္စသမုပ္ပါဒ် စသည်တို့ကို ရွှေပြား ငွေပြား ပေရွက် စသည်တို့၌ ရေး၍ ဌာပနာသော စေတီသည် **ဓမ္မစေတီ**မည်၏။

တနည်းလည်း–

သာရီရိကံ ပရိဘောဂိကံ ဥဒ္ဒိသကန္တိ ဧဝမ္မိ စေတိယံ တိပွဘေဒံ ဟောတိ။ အယံ ပဘေဒေါ ပဋိမာရူပကဿာတိ ဥဒ္ဒိသက စေတိယေနေဝ သင်္ဂဟိတတ္တာ သုဋ္ဌုတရံ ယုဇ္ဇတိ။

ဟူ၍ ဝိနည်း ဋီကာ၌ လာကြောင်းကို ဆိုသည်။

သာရီရိက စေတီဟူသည်ကား-ဓာတုစေတီပင်တည်း။ ပရိဘောဂစေတီ ဟူသည်ကား–ယခင်ပြဆိုသော ပရိဘောဂစေတီပင်တည်း၊ ဘုရားသခင်ကိုရည်၍ အတုအစား ပြုအပ်သော ဆင်းတုတော်သည် **ဥဒ္ဒိသကစေတီ**မည်၏ဟု ဆိုသည်။

ရုပ်တုတော်သည် ဥဒ္ဒိသကစေတီ မည်ကြောင်းကိုလည်း ပုံတောင်နိုင် မော်ကွန်းတွင်–

"ထွန်းပေါ်ခိုမှီ၊ ပူဇော်ညီသား၊ စေတီထင်ရှား၊ မြတ်သုံးပါးတွင်၊ ဘုရားမည်ရ၊ ဥဒ္ဒိသဟု၊ ရှေးကရှင်တော်၊ ပေါ်လသောနည်း၊ တောင်မည်းမည်း၌"ဟူ၍ စပ်တော်မူချက်ရှိသည်။

ဝိနည်းဋီကာလာသော စကားသည်လည်း ဘုရားစကားတော်ပင် ဖြစ်သည်ဟု ယူသင့်သည်။ ပါဠိတော်၏ အဓိပ္ပာယ်ကို အဋ္ဌကထာဆရာ ပြသည်။ အဋ္ဌကထာ၏ အဓိပ္ပာယ်ကို ဋီကာဆရာ ပြသည်။ ထို့ကြောင့် ဋီကာလာသော စကားကိုလည်း အမှန်အကန်ပင် ယူသင့်သည်။

၉၈—ပုစ္ဆာ။ ။တကြောင်းလည်း ကောသလမင်းကြီး ထုလုပ်သော စန္ဒကူးရုပ်တု ဆိုသည်မှာ သင်္ဂီယနာဝင်ကျမ်းတို့က မလာသော စကားဖြစ်သည်ဟု ဆိုကြပြန်ပါသည်။ သင်္ဂီယနာဝင်ကျမ်းတို့က မလာသော် အဘယ်ကျမ်းတို့က လာသော စကားဖြစ်မည်ကို သိလိုပါသည်။

၉၈—ဝိသဇ္ဇနာ။ ။ကောသလမင်းကြီး ထုလုပ်သော စန္ဒကူးရုပ်တု ဆိုသည်မှာလည်း သင်္ဂီယနာတင် ကျမ်းတို့က လာသော စကားမဟုတ် ဖြစ်သည်ဟူ၍ ဆိုကြပြန်ပါသည်။ သင်္ဂီယနာတင် ကျမ်းတို့က မလာသော် အဘယ်ကျမ်းတို့က လာသည့် စကားဖြစ်မည်ကို သိလိုပါသည် ဟူရာ၌—

ထိုစကားသည် ဝဋ္ဋဂုံလိ ရာဇဇာတ်၌လာသော စကားဖြစ်သည်။ ထိုဇာတ်သည်ကား—ငါရာငါးဆယ်မှ အလွတ်ဖြစ်သော လောကီယွန်းပဏ္ဏာသဇာတ်ကျမ်းမှ လာသော ဇာတ်ဖြစ်သည်။ ထိုပဏ္ဏာသ ဇာတ်ကျမ်းကို သင်္ဂီယနာတင် ကျမ်းမျိုးတို့တွင် အရေအတွက် မဝင်သောကြောင့် လည်းကောင်း၊ ယွန်းတို့တိုင်းပြည်မှ ဖြစ်သောကျမ်းဟူ၍ ဆရာ အစဉ်အဆက်တို့ ပြောဆိုကြသောကြောင့်လည်းကောင်း၊ သဘောယုတ္တိ တန်မတန်ကို ချင့်မိ၍လည်းကောင်း၊ ပညာရှိတို့သည် အမြတ်တနိုး မပြုကုန်။ ပျို့ကဗျာကို လေ့လာသော ပုဂ္ဂိုလ်တို့သာ ကြိုက်နိုးရာရာကို ထုတ်နုတ်၍ ဇာတ်ငါးဆယ့်ငါးတွင် နရဇဝဇာတ်၊ အရိန္ဒမဇာတ်၊ သုမ္ဘမိတ္တဇာတ်၊ သမုဒ္ဒယောသဇာတ်၊ သခ်ပတ္တဇာတ်၊ မနောဟရိဇာတ်၊ ဝေပုလ္လယသကိတ္တိဇာတ်၊ သတ္တာဓနုဇာတ်၊ ရတနပဇ္ဇောတဇာတ်ကို ပျို့ကဗျာစပ်လေ့သဖြင့် ယခုတိုင်အောင် ပေါ်ထင်၍နေသည်။ ပေါ်ထင်လေသည် ဖြစ်၍လည်း အချို့သောသူတို့သည် အခိုင်အခဲ့ပင် ပြောဆိုကြ မှတ်သားကြကုန်သည်။ အချို့ ဆရာတို့သည်လည်း ကျမ်းဂန်တတ်သိ ကျွမ်းကျင်လျက်ပင် ဂရုပြုထိုက်သောအရာ လဟုပြုထိုက်သောအရာတို့ကို မရွေးမချယ်မူ၍ ပျို့ကဗျာစပ်ဆိုလေလျှင်ပင် ပုဂ္ဂိုလ်အရည်ကို ထောက်၍ နောက်နောက်တိုင်သော ကာလ အခိုင်အခဲ့ ထင်မှတ်၍ ရှိကြလေသော အရာလည်း အများပင် ရှိချေသည်။

ခုနစ်သခေါ်အတွင်း၊ ကိုးသခေါ်အတွင်း၌ ပွင့်တော်မူသည်ကို ရေတွက်သော ဘုရားအပေါင်းတို့ကိုလည်း သင်္ဂီယနာဝင်ကျမ်းတို့က မလာမရှိသည် ဖြစ်ကြလျက် ဆုတောင်းခန်း ပျို့၌လည်းကောင်း၊ သခေါ်နှစ်ဆယ် ဘုရားဆု ဖြည့်ရကြောင်းလည်း သင်္ဂီယနာဝင်ကျမ်းတို့က မလာမရှိသည် ဖြစ်လျက် ရတနာပိမာန်ကျောက်စာ၌ လည်းကောင်း၊ ဓမ္မရာဇာပျို့၌လည်းကောင်း၊ စပ်ဆိုလေသောကြောင့် နောက်သားတို့သည် ဘုရားဟောတော်မူသော ပါဠိ,အဋ္ဌကထာ ရှိသကဲ့သို့ ထင်ကြလေကုန်သည်။ ဝတ္ထု ပျို့ ကဗျာပင်တွေ့သော်လည်း အပေါ့အပါး မှတ်သားထိုက်သော အရာသို့ရောက်သော ကာလ၌ကား ပညာဟူး စကားပြောဆိုရန်မူကား မှတ်သားအပ်၏။ အလေးပြုအပ်သော ကာလသို့ရောက်သော အခါ၌ကား ခိုင်ခဲ့လှသော ကျမ်းဂန်လာသော စကားကို ရှာကြံ၍ ပြောဆိုမှတ်သားအပ်၏။

ယခု ပြဆိုလတ္တံ့သည်မူကား—ယွန်းပဏ္ဏာသဇာတ်ကျမ်းကို အခိုင်အခဲ့ ထင်မှတ်သောကြောင့် ပြဆိုသည် မဟုတ်၊ စန္ဒကူးဆင်းတုတော်ကို ပြုလုပ်ခြင်းသည် အဘယ်ကျမ်းက လာသနည်းဟု မေးလျှောက်သောကြောင့်သာ ဤကျမ်းက လာသည်ဟု ပြလို၍သာ ထုတ်နုတ်လိုက်သည်။ ရှေ့နောက်ဆင်ခြင်၍ မှတ်သားရာ၏။

ယော နရော ပဏ္ဍိတော ဘောန္တော-စသည်ဖြင့် တန်ဆာ ဆင်အပ်သော ဤဝဋ္ဋဂုဏ်လိရာဇဇာတ်ကို ဇေတဝန်ကျောင်းတော်၌ နေတော်မူလျက် ဟောတော်မူ၏။ တစ်နေ့သောနေ့၌ ဘုရားသခင်သည် ဒေသစာရီ ကြွတော်မူသည်ရှိသော် ကောသလမင်းကြီးသည် ဘုရားသခင်ကို ဖူးမြင်အံ့သောငှာ ပန်းနံ့သာကို ယူလျက် ဇေတဝန်ကျောင်းတော်သို့ လာ၏။ ဘုရားသခင် နေရာတော်ကိုသာ မြင်၍ ထိတ်လန့်ခြင်းသည် ဖြစ်၏။ လောကဋ္ဌ ကိုးကွယ်ရာမရှိဟု နေရာတော်ကို ပူဇော်၍ ပြန်လေ၏။ မြတ်စွာဘုရား ရောက်တော်မူသောကာလ ကျောင်းတော်သို့ လာ၍ လျှောက်၏။ အရှင်ဘုရား ကိုယ်တော်မြတ်သည် ပရိနိဗ္ဗာန်စံယူတော်မူသည်ရှိသော် ကိုးကွယ်ရာမရှိပါ။ ကိုယ်တော်မြတ်၏ အရုပ်တော်ကို ပြုခြင်းငှာ ခွင့်ပြုတော်မူပါဟု လျှောက်၏။ မင်းကြီး အကြင်သူသည် အားနှင့်လျော်စွာ မြေစိုင်စသော တစုံတခုသော ဝတ္ထုဖြင့် အငယ် အကြီး ပြုအပ်သည်ချည်းဟု မိန့်တော်မူပြီး၍ ရှေးပညာရှိတို့သည်လည်း ပြုဖူးကုန်၏ဟု အတိတ်ကို ပြတော်မူ၏။

ရှေးသောအခါ အင်္ဂတီမြို့၌ ဘုရားလောင်းသည် ဗန္ဓုလုလင်ဟု ဖြစ်လေ၏။ ထိုဗန္ဓုလုလင်သည် ကြီးစွာသော လှေကိုပြု၍ သမုဒ္ဒရာကို ကူးသည်ရှိသော် ကျွန်းတခုသို့ရောက်၍ အရံတခုသို့ဝင်၍ ကြည့်ရှုသည်ရှိကော် လက်ညှိုးတော်ပြတ်သော ရုပ်တုကိုမြင်၍ ပြတ်သော လက်ညှိုးတော်ကိုယူ၍ မြေညက်ဖြင့် ကြိတ်၍ ပကတိရှိစေ၏။

ဣမိနာ မေ ပုညကမ္မေန၊ ဘန္တေ အဟံ သပ္ပညုတ္တေါ။
ဇိနော စ အတုလော လောကေ၊ ဘဝိဿာမိ အနာဂတေ။

စသော သုံးဂါထာဖြင့် ဆုတောင်း၏။ ထို့နောက် ဘဝပြောင်း၍ နတ်ပြည်၌ ဖြစ်ပြီးမှ တဖန် ဗာရာဏသီပြည်၌ မင်းသားဖြစ်၏။ ဘုရားလောင်း လက်ညှိုးကိုခိုသည်ရှိသော် လူအပေါင်းတို့သည် တည်တံ့ခြင်းငှာ မတတ်နိုင်ကုန်။ ထိုမင်းသားသည် ဝဋ္ဋဂုဏ်လိမည်၏။ အဖေသေလွန်သောကာလ မင်းပြု၏။ ထိုအခါ တရာတယောက်သော မင်းတို့အထံသို့ တမန်စေလွှတ်၍ သားသမီးတို့ကို လည်းကောင်း၊ လက်ဆောင်ပဏ္ဏာကို လည်းကောင်း၊ ဆက်သလာကုန်ဟု စေလိုက်၏။ မင်းအပေါင်းတို့သည် အမျက်ထွက်ကုန်၍ စစ်ပြိုင်လာကုန်၏။ စစ်သည်ဗိုလ်ပါ တဆယ့်ရှစ်ခေါဘိဏီရှိ၏။ ထိုအခါ မင်းသားသည် တချောင်းသော လက်ညှိုးကိုခို၏။ မင်းအပေါင်းတို့သည် ကြောက်လန့်သဖြင့် ပြေးလေကုန်၏။ ထိုဝဋ္ဋဂုဏ်လိမင်းသည် သင်တို့ မကြောက်လင့်ကုန်ဟု ဘေးမဲ့ပေး၍ ထိုမင်းတို့ကို သီလသီတင်းပေးပြီးမှ လွှတ်လိုက်၏။ ဤသို့သော ဇာတ်ကို အကျယ်ဟောပြီးမှ ဤဂါထာကို ဟောတော်မူ၏–

ယေ စ နရာ မဟာရာဇ၊ ကရောန္တိ ကာရာပေန္တိ ဝါ။
မမ ရူပံ သဒါ ဓရာ၊ သာသနံ မေ စိရံ ဋ္ဌိတံ။

စသော ခုနစ်ဂါထာကို ဟော၏။ ထို့နောင်မှ–

သဒ္ဓေါ နရော မဟာရာဇ၊ မမ ဗိမ္ဗဉ္စ ကရေယျ။
မတ္တိကာဒိမယံ စေဝ၊ သုဝဏ္ဏာဒိမယံ သဒါ။

ဒီဃ ရဿဉ္စ မဟန္တံ၊ ခုဒ္ဒကဉ္စ ယထာ ဗလံ။
ကေနစိ ဝါ မမ ရူပံ၊ ကာတဗ္ဗမေဝ သပ္ပဒါ။

စသော သုံးဂါထာကို ဟောပြီးမှ နောက်အံ့ဖွယ်ရှိသော လေးဂါထာကို ဟောပြန်၏။ ထိုအခါ ကောသလမင်းကြီးသည် ဘုရားသခင်အထံတော်မှ ပြန်ခဲ့၍ စန္ဒကူးနှစ်ကို ရုပ်တုပြု၏။ သစ်စေးဟင်္သပဒါးတို့ဖြင့် မွမ်းမံပြီးလျှင် ခိုပ်ရည် အဆင်းနှင့်တူသော သင်္ကန်းဖြင့် ရုံ၍ထား၏။ ရတနာမဏ္ဍပ်ကို ပြု၏။ ဘုရားရှင်လည်း ရတနာမဏ္ဍပ်သို့ ကြွလာတော်မူလျှင် ထမည့်အဟန် ခြေတဘက်ကို ချ၏။ ဘုရားရှင်လည်း ရပ်လေ့ဟု မိန့်၏။ ထို့နောင် "ယေ ဇနာ မမ ဗိဗ္ဗံ ကရောန္တိ" စသော ဂါထာတို့ကို ဟောတော်မူ၏။ ထို့နောင် ကောသလမင်းကြီးသည်လည်း—

ဣတိ မေ ကတပုညေန၊ ဒါန ရတော အဟံ ဘန္တေ။
ပါရမိံ ပူရတော သဒါ၊ ဗုဒ္ဓေါ အမှိ အနာဂတေ။

စသော ဂါထာဖြင့် ဘုရားဆုကို တောင်းသော ဟူ၏။

ဘုရားသခင်လည်း–

သော တွံ လောကေ အနုတ္တရော၊ ဗုဒ္ဓေါ ဟောတိ အနာဂတေ။

စသော ဂါထာဖြင့် သင်သည် နောင်သောအခါ ဘုရားဖြစ်လတ္တံ့ဟု ဗျာဒိတ်ထားသည်ဟူ၏။ ဤသို့ စတုတ္ထဝဂ်သတ္တမဇာတ်တွင် ဆိုသည်။

ပဉ္စမဝဂ်၊ စတုတ္ထမြောက် ဝမုနရာဇဇာတ်တွင်လည်း အရှင်ဘုရား ရုပ်တုပြုသောသူတို့အား အကျိုးဘယ်မျှ၊ ရပါသနည်းဟု မေးလျှောက်ပြန်၏။ ပြန့်ပြောစွာသော ကောင်းမှုကို ရ၏ဟု မိန့်တော်မူပြီး၍ အတိတ်ကို ဆောင်တော်မူ၏။

ရှေးသောအခါ အင်္ဂတိမြို့တွင် ကုန်သည်အမျိုး၌ ဘုရားလောင်းသည် ဖြစ်၍ ဝမုနမည်၏။ မယားကား ကလျာဏီမည်၏။ သားကား ဝရပိယမည်၏။ သမုဒ္ဒရာကို ကူး၍ ကုန်ပြု၏။ ကျွန်းတခုခု၌ လက်တော်ပြတ်သော ရုပ်တုကိုဆက်၏။ ထို့နောင် ပြန်ခဲ့၏။ နဂါးလည်း ရတနာတို့ကို လေ့ဝယ်ပြည့်စေ၍ မြစ်ကမ်းဆိပ်တိုင်အောင် ပို့လိုက်၍ ရွာသို့ရောက်လျှင် ရုပ်တုတဆူကို ပြုပြန်၏။ သိကြားမင်းလည်း ရုပ်တုအကျိုးကို ဟောပြီးမှ ရတနာမိုးတို့ကို ရွာစေ၏။ ထို့နောက် ဘုရားသခင်သည် "ယော ခေါ ဇနော မဟာရာဇ" စသော ဂါထာကို ဟောသည် ဟူ၏။ ဤသို့စသည်ဖြင့် အကျယ်ပြ၏။ ။(ဤကား လောကီယွန်းပဏ္ဏာသဇာတ်တွင် ဆိုသောစကားတည်း)။

ထိုမှတပါး သာသနာအာယု ကျမ်းတွင်လည်း ပသေနဒီကောသလမင်းသည် စန္ဒကူးရုပ်တုကို ပြု၏။ ဝတ်မိုးဝတ်မြေနယ် အာရောမိကအရံစောင့် များစွာလှူ၏ဟု ပါဠိပဒနှင့် အကျယ်ဆို၏။

ဤတွင်ရွေ့ကား။ စန္ဒကူးရုပ်တုကို အဘယ်ကျမ်းတို့ကဆိုသနည်းဟု မေးသည်ကို ဖြေဆိုသော စကားတည်း။

ဤကျမ်းတို့သည်ကား ကျမ်းခိုင်မဟုတ်၊ သင်္ကိယနာဝင် ကျမ်းစုအရေအတွက်တွင်လည်း မဝင်သော ကျမ်းမျိုးသာ ဖြစ်ချေသည်။ ဤကျမ်းများသည် သင်္ကိယနာဝင် ကျမ်းစုပင်မဟုတ်သော်လည်း ဘုရားကျေးဇူးတော် ဂုဏ်တော်နှင့်စပ်၍ အလေးအမြတ် ပြုအပ်သော အရာဌာနသို့

ရောက်သောကာလ အလေးအမြတ် ပူဇော်သက္ကာရ ပြုသင့်သည်ပင်ဖြစ်၍ နောက်နောက်သော ကာလ ဘုရားကျေးဇူးတော် ဂုဏ်တော်နှင့်စပ်သည်ကို အရိုအသေ အလေးအမြတ် ပူဇော်သက္ကာရ ဖြစ်ရစ်စေခြင်းငှာသာ ရေးလိုက်သည်။ ခိုင်ခိုင်ခဲ့ခဲ့နှင့် ကျမ်းဂန်မလာမရှိသော်လည်း ဘုရားကျေးဇူးတော် ဂုဏ်တော်တို့ကို နှေးညှဉ်မပြတ် ခိုးမွမ်းပြောဆို၍ အရိုအသေ အလေးအမြတ် ပူဇော်သက္ကာရ ပြုသင့်သည်။

၉၉-ပုစ္ဆာ။ ။ဥဒ္ဒိသကစေတီဖြစ်သော ဘုရားရုပ်တုတော်ကို ဘုရားဟောတော်မူသည်ရှိသော် ဘုရားသခင် လက်ထက်တော်ကပင် ထုလုပ်၍ ကိုးကွယ်ဖူးမည် မကိုးကွယ်ဖူးမည်ကိုလည်း သိလိုပါသည်။

၉၉-ဝိသဇ္ဇနာ။ ။ဥဒ္ဒိသက စေတီဖြစ်သော ရုပ်တုတော်ကို ဘုရားဟောတော်မူသည်ရှိသော် ဘုရားသခင် လက်ထက်တော်ကပင် ထုလုပ်ကိုးကွယ်ဖူးမည်၊ မကိုးကွယ်ဖူးမည်ကို သိလိုပါသည်ဟူရာ၌—

မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်းတော်၌ နေတော်မူစဉ် အရှင်အနုရုဒ္ဓါ၊ အရှင်သောဘိတ၊ အရှင်ပဒုမုတ္တရ၊ အရှင်ဂုဏာသာရ၊ အရှင်ဉာဏာပဏ္ဍိတ၊ အရှင်ရေဝတ၊ ဤရဟန္တာခြောက်ပါးတို့သည် ဆံတော်ကိုတောင်း၍ ခြောက်ဆူသော ဆံတော်တို့ကို ပေးလိုက်၏။ ဘုရားအထံတော်မှ သွားသည်ရှိသော် သမုဒ္ဒရာကမ်းအနီး တခုသော ပစ္စန္တရွာသို့ ရောက်၏။ စေတီရာကို ရှာ၍ရလျှင် အလုပ်အကျွေးကို တောင့်တ၏။ ထိုအခါ သိကြားမင်းသည် လာ၏။ သင်သည် ဆံတော်ဓာတ်၏ ဒါယကာဖြစ်ဘိလော့ဟု မိန့်၏။ သိကြားမင်းလည်း ကောင်းပါပြီဟု ဝန်ခံ၍ အရှင်အနုရုဒ္ဓါလက်မှ ဆံတော်ကိုယူ၍ ဦးခေါင်း၌ထား၏။ တန်ခိုးဖြင့် တွင်းကို ဖန်ဆင်း၍ ထိုတွင်း၌ ရွှေဖြင့်ပြီးသော အသီတိရုပ်တု၊ ဘုရားသခင်၏ မယ်တော် ခမည်းတော်တို့၏ အရုပ်တို့ကို တန်ခိုးဖြင့် ဖန်ဆင်း၍ ဘုရားသခင်၏ အရုပ်ကိုလည်း ဖန်ဆင်း၏။ ထိုအကြောင်းကိုလည်း–

> ကြွဒ္ဓိယာ အာဝဇ္ဇံ့ မာပေတွာ တတ္ထ အသီတိသာဝကာနံ ရူပံ ဗုဒ္ဓ ဝိတုနော ရူပံ အနုပမဿ ဒသဗလဿ ရူပံ သုဝဏ္ဏမယံ မာပေတွာ မဇ္ဈေ သတ္တာရတနရာသိံ ကတွာ သမန္တတော သုဝဏ္ဏာဇာလံ ပရိက္ခိပိတွာ သေတစ္ဆတ္တံ ဥဿာပေတွာ တဿ ဟေဋ္ဌာ နာနာရတနာသမုဇ္ဇလံ ပလ္လင်ံ မာပေတွာ ဒသဗလဿ ဓာတုံ သိသတော ဩရော-ပယိတွာ သက္ကဘိက်ာရောဒကေန နှာပေတွာ ဘန္တေ ဘဂဝါ ကြွမသွိ် ဌာနေ သကလ-ဇနဟိတတ္ထံ ပဋိဝဿသဟဿပူမာဏံ တိဋ္ဌတူတိ ပဋ္ဌပေသိ။ ဟူသောပါဠိ၊

အနုပမဿ၊ မနွိုင်းရသည့်အပ်သော။ ဒသဗလဿ၊ မြတ်စွာဘုရား၏။ ရူပဉ္စ၊ အရုပ်တော်-ကိုလည်း။ မာပေတွာ၊ ဖန်ဆင်း၍။ မဇ္ဈေ၊ အလယ်၌။ သတ္တာရတနရာသိံ၊ ရတနာခုနစ်ပါး အစုကို၊ ကတွာ ပြု၍။ သမန္တတော၊ ထက်ဝန်းကျင်မှ။ သုဝဏ္ဏာဇာလံ၊ ရွှေကွန်ရက်ကို။ ပရိက္ခိပိတွာ၊ ရံ၍။ သေတစ္ဆတ္တံ၊ ထီးဖြူကို။ ဥဿာပေတွာ၊ ဆောက်စေ၍။ တဿ၊ ထိုထီးဖြူ၏။ ဟေဋ္ဌာ၊ အောက်၌။ နာနာရတနသမုဇ္ဇလံ၊ အထူးထူးသော ရတနာတို့ဖြင့် ကောင်းစွာ တောက်ပထသော။ ပလ္လင်ံ၊ ပလ္လင်ကို။ မာပေတွာ။ ဖန်ဆင်း၍။ ဤသို့လာသည်။

သိကြားမင်းသည် ဘုရားသခင်ရုပ်တုတော်ကို ဖန်ဆင်း၍ ဌာပနာသွင်းထားကြောင်းကို ဆိုသည်။ (ဤကားအရှင်အနုရုဒ္ဓါ သက္ကထူပဝံသ အပိုင်းတွင်လာသည်)။

အရှင်သောဘိတ အခန်းတွင်လည်း။ တသို့ခဏော၊ ထိုခဏ၌။ ပဇ္ဇုန္နော၊ ပဇ္ဇုန္နမည်သော။ မဟာရာဇာ၊ မြတ်သောနတ်မင်းသည်။ ဣဿိယာ၊ တန်ခိုးဖြင့်။ ဧကံ၊ တခုသော။ အာဝါဠံ၊ တွင်းကို။ ကရိတွာ၊ ပြု၍။ တတ္ထ၊ ထိုတွင်း၌။ ဓာတုဂဗ္ဘံ၊ ဓာတ်တော်တိုက်ကို။ မာပေတွာ၊ ဖန်ဆင်း၍။ တသို့၊ ထိုတိုက်၌။ သတ္တရတနမယံ၊ ရတနာခုနစ်ပါးဖြင့်ပြီးသော၊ အာသနံ၊ နေရာကို။ ပညပေတွာ၊ ခင်း၍။ ဝုတ္တပ္ပကာရံ၊ ဆိုအပ်ခဲ့ပြီးသော အပြားရှိသော။ သုဝဏ္ဏမယံ၊ ရွှေဖြင့်ပြီးသော။ မဟာသာဝကာနံ၊ မဟာသာဝကတို့၏။ ရူပဉ္စ၊ ဆင်းတုကိုလည်းကောင်း။ ဗုဒ္ဓရူပဉ္စ၊ ဘုရားဆင်းတုကိုလည်းကောင်း။ ဗုဒ္ဓမာတာပိတူနံ၊ ဘုရားမယ်တော် ခမည်းတော်တို့၏။ ဗိမ္ဗဉ္စ၊ အရုပ်ကိုလည်းကောင်း။ အဘိသခ်ရိ၊ ဖန်ဆင်း၏-ဟူ၍ဆိုသည်။

ဆဋ္ဌစေတီ၌လည်း ၎င်းနည်းတူပင် ဆိုသည်။ ဤသို့ ဘုရားရုပ်တုလုပ်၍ ဌာပနာသွင်းထားကြောင်းကို ဆိုသည်။ ဤကား ကေသဓာတုဝင်တွင် လာသော စကားတည်း။ လောက-ပညတ္တိ၊ ဆဂတိဒီပနီ ကျမ်းတို့၌လည်း ဟာရိန်မည်သော နတ်မိဖုရားနှင့် မဟေသရမည်သော ပရမေသွရာဘုမ္မစိုးနတ်မင်းသည် ဘုရားသခင်ရှိစဉ် ဟိမဝန္တာ မန္တာဂိရိတောင်၌ ရတနာအတိပြီးသော ဘုရားသခင်နှင့်တူသော ရုပ်တုတော်ကို ဖန်ဆင်း၍ အစဉ်မပြတ် ကိုးကွယ်ကြောင်းကိုဆိုသည်။ ဤသို့စသည်ဖြင့် ဘုရားရုပ်တုတော်ကို ဘုရားကိုယ်တော် ထင်ရှားရှိစဉ်ကပင် လုပ်ဆောင် ကိုးကွယ်ကြောင်းကို သိသာသည်။

၁၀၀-ပဏ္ဍာ။ ။ဘုရားသခင်ရုပ်တုတော်များမှာ အဘယ် အကြောင်းကြောင့် နားရွက်တော်ကို အလွန်ရှည်လျားစွာ ထုလုပ်လေသည်။ လက်တော်ချခြင်း၊ ပိုက်ခြင်း၊ လက်ကတော့ တင်ခြင်း၊ ခြေတော်ကို ဖော်၍ထားခြင်းတို့ကို အဘယ့်ကြောင့် လုပ်လေသည်။ ဘယက်တန်ဆာဆင်ဟန်၊ နရတင်း မကိုင့်တန်ဆာ ဆောင်းဟန်တို့ကို အဘယ့်ကြောင့် လုပ်လေသည်။ ဤအခြင်းအရာများကိုလည်း စေ့စုံစွာ သိလိုပါသည်။ မိန့်တော်မူပါ ဆရာတော်ဘုရား။

၁၀၀—ဝိသဇ္ဇနာ။ ။ဘုရားသခင် ရုပ်တုတော်များမှာ အဘယ်အကြောင်းကြောင့် နားရွက်တော်ကို အလွန်ရှည်လျားစွာ ထုလုပ်လေသနည်းဟူ၍ မေးရာ၌-

သက်တော်ထင်းရှားရှိသော ဘုရားကိုယ်တော်စစ်ကပင် နားရွက်တော်ရှည်သော အဖြစ်ကို အသိတာနုဗျဥ္ဇန လက္ခဏာတော်အရာ၌ အာယတာ ရုစိကဏ္ဏာ၊ ရှည်သောနား၊ နှစ်လိုဖွယ်သော နားရှိသော အဖြစ်ဟု ဆိုသည်။ ဤသို့ဆိုသောလက္ခဏာတော်ကို ထောက်၍ ရုပ်တုတော်များလည်း ကျမ်းဂန်နှင့်ညီအောင် နားရွက်တော်ကို အရှည်ထား၍ ထုလုပ်လေသည်။

ဤလက္ခဏာတော်သည် ဘုရားသခင်တို့မှာသာ ပါလာသည်မဟုတ်၊ စကြာမင်းတို့မှာလည်း ပါလာသည်ဖြစ်၍ စကြာမင်း၏ အရုပ်ကို ထုလုပ်သော ကာလလည်း ရှည်သော နားရွက်နှင့်ပင် ထုလုပ်ခြင်းသည် သင့်ရာသည်။ လက်တော်ချခြင်း၊ ပိုက်ခြင်း၊ လက်ကတော့ တင်ခြင်း၊ ခြေတော်ကိုဖော်ပြ၍ ထားခြင်းတို့မှာ ကျမ်းဂန် ဆတ်ဆတ်အားဖြင့် မတွေ့ပေ။

ပုဗ္ဗာစရိယ ဝါစနာမဂ္ဂကို ကြားသိရဟူးသည်မှာ ဘုရားသခင်ကိုယ်တော် ထင်ရှားရှိတော်မူသောကာလ ဗုဒ္ဓလက္ခဏာကို တတ်သိကုန်သော ရသေ့ပညာရှိ ပုဏ္ဏားပညာရှိတို့က အောက်မေ့ကြံစည်သည်ကား ရှင်ဂေါတမသံဃ ဘုရားဟု ဝန်ခံ၏။ ဘုရားလက္ခဏာရှိမှာ ဘုရားမှန်ရာသည်၊ ဘုရားလက္ခဏာနှင့်ပြည့်စုံအံ့လောဟု မပြတ်လာ၍လည်းကောင်း၊ တစ်ပါးသောသူတို့ကို စေလွှတ်၍ လည်းကောင်း ကြည့်ရှုစေသည်။ ဘုရားသခင်လည်း ဤသို့သော ဝေနေယျတို့ကို ခွီးမြှောက်လိုသဖြင့် မိမိတို့၏ ယုံမှားခြင်းကို ပျောက်စေလို၍ လက်တော်၌ရှိသော လက္ခဏာ, ခြေတော်၌ရှိသော လက္ခဏာစသည်တို့ကို မြင်စေလို၍ ယခုထုလုပ်ကြသော ရုပ်တုကဲ့သို့ နေတော်မူသည်ဟူ၏။

လက်ဖမိုးတော်၏ ပြည့်ဖြိုးသောအဖြစ်၊ ရှည်သော လုံးသော လက်ချောင်းတော်ရှိသောအဖြစ်၊ နီသော လက်သည်းတော်ရှိသောအဖြစ်၊ ဤသို့ပြည့်စုံသော လက္ခဏာတော်တို့ကို မြင်စေလိုသောကြောင့် လက်တော်ကိုချ၍ လက်ဖမိုးတော်ကိုပြလျက် နေတော်မူသည်။ လက်ဝါးတော်အပြင်၌ နူးညံ့သောအဖြစ်၊ သန့်ရှင်းသောအဖြစ်ကို သိစေလို၍ လက်ဝါးတော်တစ်ဘက်ကို ပြလျက် နေတော်မူသည်။ ဇောမညသော သားကဲ့သို့ မြင်းခေါင်းတော်၏ ပြည့်ဖြိုးသောအဖြစ်၊ ဖမျက်တော်၏ မြင့်သော အဖြစ်ကို သိစေလို၍ ခြေတော်ကိုတင်လျက် နေတော်မူသည်။ စက်ဖြင့်မှတ်အပ်သော ခြေတော်ရှိသည်၏အဖြစ်၊ ရွှေခြေနင်းကဲ့သို့ ညီညွတ်သော အပြင်ရှိသည်၏အဖြစ် စသည်တို့ကိုမြင်စေလို၍ ဖဝါးကိုပြလျက်နေတော်မူသည်။ ရင်၊ ညှပ်ရိုး၊ ပခုံး၊ လက်ရုံး တည်းဟူသော ခုနစ်ပါးသောအရပ်၌ ပြည့်ဖြိုးသောအဖြစ်ကို မြင်စေလို၍ လက်ကတော့တင်လျက် နေတော်မူသည်။ ဆဒ္ဒန်ဆင်မင်း၏ နှာမောင်းနှင့်တူသော လက်ရုံးတော် ရှိသောအဖြစ်ကို မြင်စေလို၍ လက်ရုံးတော်ကိုဆန့်လျက် နေတော်မူသည်။ ဤသို့ စသည်တို့ကို မြင်ကုန်သောသူတို့သည် လက္ခဏာတော်နှင့် ပြည့်စုံသောအဖြစ်ကို သိလေသည်။ သိလေသဖြင့်လည်း ကြည်ညိုခြင်းသို့ရောက်လေသည်ဟူ၏။

ထိုစကားရပ်တို့ကို ပုဗ္ဗာစရိယတို့သည် ကြံဆ၍ ပြောလေသလော၊ ကျမ်းဂန်တွင်ပင် အရိပ်အမြွက်ထင်ပါ၏လော ဟူငြားအံ့။ ထင်၏။ ထင်ကြောင်းကား။ ပေါက္ခရသာတိပုဏ္ဏားသည် အမွှဋ္ဌလုလင်ကိုစေ၍ ကြည့်စေသည်၊ နောင်အခါ ဆရာပေါက္ခရသာတိပုဏ္ဏားသည် ကိုယ်တိုင်လာ၍ကြည့်ရှုလာသည်။ လက္ခဏာတော်အစုံကိုမြင်ရလျှင် ပေါက္ခရသာတိပုဏ္ဏားသည် ကြည်ညိုလျှ၍ ဘုရားရှင်အထံတော်၌ သရဏဂုံယူလေ၏။ နောက် သောတာပန်ဖြစ်လေ၏။ ။သေလပုဏ္ဏားသည်လည်း တပည့်သုံးရာနှင့်ကိုယ်တိုင်လာ၍ ကြည့်ရှုလာသည်။ နောင်အခါ ကြည်ညိုလျှ၍ ဘုရားရှင်အထံတော်၌ ရဟန်းပြုလျှင် ရဟန္တာဖြစ်လေ၏။။ ဗာဝရီရသေ့ကလည်း အဇိတအမှူးရှိသော တပည့်ကြီးခြောက်ယောက်၊ တပည့်ငယ်ရသေ့ပေါင်းတစ်သောင်းခြောက်ထောင်တို့ကို စေလွှတ်၍ကြည့်စေ၏။ နောက်အခါ ဖေဘိဘုရဟန္တာချည်း ဖြစ်ကြလေ၏။

ပြဟ္မာယုပုဏ္ဏားကလည်း ဥတ္တရလုလင်ကို စေလွှတ်ကြည့်ရှုစေသည်တွင် ဥတ္တရလုလင်သည် ခုနစ်လတိုင်တိုင်စောင့်နေ၍ ကြည့်ရှုသည်။ နောက်အခါ ကိုယ်တိုင်လာ၍ ကြည့်ပြန်သည်တွင် မြတ်စွာဘုရား၏ ရုပ်လက္ခဏာတော်ကိုမြင်လျှင် ကြည်ညိုလှသောကြောင့် ခြေမတော်ကို ခံတွင်းဖြင့်ငုံ၍ သရဏဂုံယူသည်။ ဩရမ္ဘာဂိယသံယောဇဉ် ငါးပါးကိုပယ်၍ အနာဂါမိဖိုလ်၌တည်လေ၏။ အသက်တစ်ရာ့နှစ်ဆယ်ပြည့်တွင် သေ၍ အထက်ပြဟ္မာပြည်တွင် ဖြစ်လေ၏။

ထိုသူတို့သည် ကြည့်ရှုကြသော်လည်း နှစ်ပါးသောလက္ခဏာမှတပါး၊ ကြွင်းသောလက္ခဏာတော်တို့ကိုသာ မြင်ရ၏။ နှစ်ပါးသော လက္ခဏာကိုမူကား မမြင်ရ။ လျှာတော်ကို ယုံမှားခြင်းရှိသည်တွင် ရှည်သော လျှာတော်ရှိသည်၏အဖြစ်ကို မြင်စေလို၍ နားတော်တွင်းသို့ သွတ်သွင်းတော်မူ၏။ နူးညံ့သော လျှာတော်ရှိသည်၏အဖြစ်ကို သိစေလို၍နှာခေါင်းတွင်းသို့ သွတ်သွင်းတော်မူသည်။ ပြန့်သောအဖြစ်ကို သိစေလို၍ နဖူးတော်ကို အုပ်တော်မူသည်။ ထို့ကြောင့်–

> အထခေါ် ဘဂဝါ ဇိဝှံ နိန္နာမေတွာ ဥဘောပိ ကဏ္ဏသောတာနိ အနုမသိ ပဋိမသိ။ ဥဘောပိ နာသိကသောတာနိ အနုမသိ ပဋိမသိ။ ကေဝလမ္ပိ နလာဋမဏ္ဍလံ ဇိဝှါယ ဆာဒေသိ။ ဟူ၍ ဆိုသည်။

နိမိတ်တော်ကို သိစေလို၍ တန်ခိုးတော်ဖြင့်ဖန်ဆင်းတော်မူ၍ ပြရသည်။ ထို့ကြောင့်

အထ ခေါ် ဘဂဝါ တထာရူပံ ကွဒ္ဓါဘိသင်္ခါရံ အဘိသင်္ခရိ။

ဤသို့စသည်ဖြင့် ဒီဃနိကာယ် အမဋ္ဌသုတ်၊ မဇ္ဈိမနိကာယ်သေလသုတ်၊ ဗြဟ္မာယုသုတ်စသော ပါဠိ, အဋ္ဌကထာတို့၌ လာသည်ကား အများပင်ဖြစ်၍ဆရာမြတ်တို့လည်း အတွန်နောမတိ မဟုတ်။ ပရမ္မရာဘတ ဝါစနာမဂ္ဂကောလညူ၊ ပရမ္မရာဘတ ဝိနိစ္ဆယညူ ဖြစ်သော ဆရာတို့၏ လဒ္ဓေါပဒေသပင် ဖြစ်ရာသောကြောင့် ယမုနာနှင့် ဂင်္ဂါရေသည် မခြားမပြားသကဲ့သို့ ကျမ်းဂန်လာ စကားနှင့် ဆရာမြတ်တို့၏ စကားသည် အလွန်ညီလျှ်၏ဟု မှတ်သင့်သည်။

တကြောင်းလည်း ဘုရားရုပ်တုတော်မှာ နားရွက်တော်ကို ရှည်လျားစွာ ထုလုပ်သည်မှာ နွေးအစဉ် ရှည်လျားစွာသော ကာလကပင် သဏ္ဌာန်လက္ခဏာ အနေအထိုင်ကို သိကုန်သော ပညာရှိတို့သည် ထားခဲ့သော စနစ်ဥပဒေသရှိ၍ လုပ်ဆောင်လေသည်ဟူ၍လည်း မှတ်သင့်သည်။ နွေးပညာရှိတို့ထားခဲ့သော ဥပဒေသကား ဤသို့တည်း။

> ပဉ္စဒီဃာ ပဉ္စဟတ္ထာ၊ ဒွါဒီသဉ္စ ဝိဒတ္ထိယော။
> တရိယော ဒသမုဋ္ဌိစ၊ အဂုံလံ အဋ္ဌတာလိသံ။
>
> ပဉ္စဒသ ယဝေါစာတိ၊ အဋ္ဌင်္ဂရသတံ ယထာ။
> ဧဝံ ပုဒ္ဓရူပေ စနတံ၊ ပဏ္ဍိတေဟိ တထာမိတံ။

ပဉ္စဒီဃာ၊ တထောင့်ထွာဖြစ်သော ထက်ဝယ်တော်နှင့် တိုင်းရာသည် အရှည်ငါးပါးလည်းကောင်း။ ပဉ္စဟတ္ထာ၊အတောင်နှင့် တိုင်းရာသည် အရှည်ငါးပါးလည်းကောင်း။ ဒွါဒီသဉ္စ-ဝိဒတ္ထိယော၊ အထွာနှင့်တိုင်းရာသည် နှစ်ဆယ့်နှစ်ပါးလည်းကောင်း။ တရိယောဒသမုဋ္ဌိစ၊ မုဋ္ဌိနှင့်တိုင်းရာသည် တဆယ့်သုံးပါး လည်းကောင်း။ အဂုံလံ အဋ္ဌတာလိသံ၊ လက်သစ်နှင့် တိုင်းရာသည် လေးဆယ့်ရှစ်ပါး လည်းကောင်း။ ပဉ္စဒသ ယဝေါစ၊ မူယောနှင့်တိုင်းရာသည် တဆယ့်ငါးပါး လည်းကောင်း။ ဤတိ၊ ဤသို့။ ပုဒ္ဓရူပေ၊ ဘုရားသခင်ရုပ်တုတော်၌။ ယထာ၊ အကြင် အခြင်းဖြင့်။ အဋ္ဌင်္ဂရသတံ၊ တရာ့ရှစ်ပါးသော။ စနတံ၊ စနစ်အတိုင်းသည်။ ဟောတိ၊ ရှိသည်ဖြစ်၏။ တထာ၊ ထိုအခြင်းဖြင့်။ ပဏ္ဍိတေဟိ၊ တို့သည်။ စနတံ၊ စနစ် အတိုင်းအရှည်ကို။ မိတာ၊ တိုင်းတာနှိုင်းရှည့် အပ်ကုန်၏။ ။(ဤသို့ စနစ်ကျမ်းလာ၏။)

ထိုတွင် အရှည်တထောင့်ထွာနှင့် တိုင်းရာသည် ငါးပါးဟူသည်ကား—

ရွှေထက်ဝယ် တထောင့်ထွာ၊ ထက်ဝယ်တော်နှင့် နှာခေါင်းတော် တထောင့်ထွာ။ နောက်ဆံလျှဉ်တော် တထောင့်ထွာ။ ခါးတော်လုံးပတ် တထောင့်ထွာ။ ခေါင်းတော်လုံးပတ်တထောင့်ထွာ။ ဤသည်လျှင် အရှည်နှင့် တိုင်းရာသည် ငါးပါးတည်း။

အတောင်နှင့် တိုင်းရာသည် ငါးပါးဟူသော်ကား —

ရင်ဝတော် တတောင်။ တင်ဆုံက ပုဆစ်တဘက်တတောင်။ ပုဆစ်က ဖဝါးရွှေ့ တဘက် တတောင်။ ဤသည်လျှင် ငါးပါးတည်း။

အထွာနှင့် တိုင်းရာသည် နှစ်ဆယ့်နှစ်ပါး ဟူသော်ကား —

ထက်ဝယ်က ချက်ရွှေ့ တဘက်တထွာ။ ချက်တော်က နို့နှစ်ဘက်ကြားတထွာ။ နို့နှစ်ဘက်ကြားမှ နှာဖျားရွှေ့တထွာ။ နှာဖျားမှ မုန်ရွှေ့တထွာ။ ခေါင်းတော် အကန့် တထွာ။ အချင်းတထွာ။ နို့ နှစ်ဘက်ကြား တထွာ။ နို့မှပခုံးဖျား တဘက် တထွာ။ လက်ကတီး ကြားမှ လက်မောင်း တထောင်ဆစ်ရွှေ့ တဘက် တထွာ။ တတောင်ဆစ်က လက်ကောက်ဝတ်တော်ရွှေ့ တဘက်တထွာ။ လက်ကောက်ဝတ်က လက်ဖျားတထွာ။ နောက်ဆံလျှဉ်တော်ကသည် ခါးအချင်းတထွာ။ အကန့် တထွာ။ ခါးတော်မှ တင်ပါးတဘက် တထွာ။ မေးဖျားတော်က ဆံလျှဉ်တော် အကုန် တထွာ။ နောက်မုန်တော်ရွှေ့ တထွာ။ ဤသည်လျှင် အထွာနှင့် တိုင်းရာသည် နှစ်ဆယ့်နှစ်ပါးတည်း။

မုဋ္ဌနှင့်တိုင်းရာသည် တဆယ့်သုံးပါး ဟူသော်ကား —

နှာခေါင်းတော်က လက်ယာ လက်ဝဲနားတော်ရွှေ့ တဘက်တမုဋ္ဌ။ နားတော်မှ လည်တော် အကုန် တဘက်တမုဋ္ဌ။ လည်တော်မှ ပခုံးတော် တဘက်တမုဋ္ဌ။ နို့တော်မှသည် မောင်းတော်ရွှေ့ တဘက် တမုဋ္ဌ။ လည်တော်တမုဋ္ဌ။ ရင်ကြားကသည် လက်မောင်းတော်ရွှေ့ တဘက်တမုဋ္ဌ၊ ပေါင်တော် နှစ်ဘက်ထု တမုဋ္ဌစီ။ ဤသည်လျှင် မုဋ္ဌနှင့်တိုင်းရာသည် တဆယ့်သုံးပါးတည်း။

လက်သစ်နှင့် တိုင်းရာသည် လေးဆယ့်ရှစ်ပါး ဟူသော်ကား —

မေးတော်က နှာခေါင်းတော်ဖျားရွှေ့ လေးသစ်။ နှာခေါင်းတော်ဖျားကသည် မျက်မှောင်တော်ကြားရွှေ့ လေးသစ်။ မျက်မှောင်တော်ကြားကသည် ဆံလျှဉ်တော်ရွှေ့ လေးသစ်။ သင်းကြစ်ဆံလျှဉ်တော် နှစ်သစ်။ ဆံလျှဉ်တော်ကသည် ခေါင်းတော်အဆုံး နှစ်သစ်။ ရေပွက်သကဲ့သို့ မုန်တော်အဆုံး နှစ်သစ်။ ဆဗ္ဗညုရံသီပတိဋ္ဌာပန၊ ရောင်ခြည်တော် ခြောက်ပါးတို့၏ စုဝေးရာတည်ရာဖြစ်သော၊ ဝိမလကေတု ဟူသော အညစ်အကြေးကင်းသော မှန်ကင်းတော်လေးသစ်၊ မျက်မှောင်တော် အလျား တဘက်ငါးသစ်၊ မျက်မှောင်တော်မှ မျက်ခုံးတော်ရွှေ့ တဘက်နှစ်သစ်၊ မျက်စိတော်မှ နားတော်ရွှေ့ တဘက်လေးသစ်၊ မျက်ကွင်းတော် အလျား တဘက်သုံးသစ်၊ နားခွက်တော် တဘက်သုံးသစ်၊ နားသား တဘက်သုံးသစ်၊ လည်ရေးတော် သုံးဆင့် တသစ်ခွဲစီ၊ လက်တော်ထု တဘက်လေးသစ်၊ လက်မောင်းတော် အလျားတဘက် တဆယ့်ခြောက်သစ်၊ လက်မောင်းတော်လုံးပတ် တဘက် တဆယ့်ခြောက်သစ်စီ၊ လက်ကောက်ဝတ်တော် လုံးပတ် တဆယ့်တသစ်၊ လက်ဝါးတော်သား အလျားခြောက်သစ်စီ၊ လက်ညှိုး လက်ငယ် ခြောက်သစ်စီ၊ လက်ဖဝါးတော်ပြက် တဘက်ငါးသစ်စီ၊ ဖဝါးတော် အလျားတဘက်တဆယ့်တသစ်၊ ဖဝါးဦးတော်

ခြောက်သစ်၊ ဖနောင့်တော် တဘက်ငါးသစ်၊ ခြေမခြေညိုးတော်တို့ကို ဖဝါး၏ လေးစုတစုယူ၊ ခြေမသည်းတော် အလျား အနံတသစ်စီ၊ ဤသည်လျှင် လက်သစ်နှင့် တိုင်းရာသည် လေးဆယ့်ရှစ်ပါးတည်း။

မုယောနှင့်တိုင်းရာသည် တဆယ့်ငါးပါးဟူသော်ကား။ မျက်မှောင်တော်ပြက် သုံးမုယောစီ၊ မျက်ပွင့်တော် တဘက် သုံးမုယောစီ၊ မျက်ခွံတော် တဘက် သုံးမုယောစီ၊ မျက်တောင်တော်တဘက် နှစ်မုယောစီ၊ ခံတွင်းတော် တမုယော၊ အောက်နှုတ်ခမ်း တမုယော၊ လဆန်းငါးရက် သဏ္ဌာန်ရှိစေ၊ နားသား နားကွင်း အလျားတဘက် နှစ်မုယောစီ၊ နှာခေါင်းတော်တွင်း တဘက် နှစ်မုယောစီ၊ နှာခေါင်းဝအကြား တမုယော၊ ဤသည်လျှင် မုယောနှင့် တိုင်းရာသည် တဆယ့်ငါးပါးတည်း။

မျက်လုံးတော်နှစ်ဘက်ဖြူးစေ၊ ပခုံးတော်လည်ကုပ်တော်ဖြူးစေ၊ ဖမိုးတော်ကား အလုပ်မှာ မဝင်။ နဖူးတော်လေးသစ်၊ ဆံလျှဉ်တော် တိုင်ရံ့ ဖြူးဖြူးပြည့်ပြည့်ကြွကြွရှိစေ။ စလုံရိုက်တဘက် မရှိစေနှင့်။ အောက်နှုတ်ခမ်း လဆန်းငါးရက်သဏ္ဌာန်ရှိစေ။ သားမြတ်တော်နွားလားဥသဘ နဖူးကဲ့သို့ရှိစေ။ ဝမ်းတော်နွားလား ဥသဘနှာခေါင်းကဲ့သို့ရှိစေ၊ ရင်အုပ်တော် ခြင်္သေ့မင်း၏ ရင်အုပ်ကဲ့သို့ရှိစေ၊ ရင်ဝတော်နွားလားဥသဘ နဖူးကဲ့သို့ရှိစေ၊ ဤသည်လျှင် ဘုရားဆင်းတုတော်၏ လက္ခဏာတည်း။

တနည်းကား။ ။ဆင်းတုတော်၏ ဆံလျှဉ်တော်ကသည် မေးဖျားက သားမြတ်ရင်ကြားရွှေ့၊ ရင်ကြားကခွက်ရွှေ့၊ ခွက်ကသည် ထက်ဝယ်ရွှေ့၊ ဤလေးပါးကား ပြုသောဆင်းတုတော်၏ တဆယ့်နှစ်သစ် စီ၊ မုနီတော်ကို အသီးတည်း။ ထိပ်တော်မှသည် ဆံလျှဉ်တော်၊ ဆံလျှဉ်တော်မှသည် မျက်မှောင်တော် နှစ်ဘက်ကြား၊ မျက်မှောင်တော်နှစ်ဘက်ကြားမှသည် နှာခေါင်းတော်ဖျား၊ နှာခေါင်းတော်ဖျားမှသည် မေးတော်ဖျား၊ ဤလေးပါးကား လေးသစ်စီ။ နှာခေါင်းတော်ဖျားအကြားကို သုံးစုစု၊ အောက်နှစ်စု၊ အထက်တစု၊ အလယ်တွင် ခံတွင်းတော် အလျားလေးသစ်၊ ခေါင်းတော် လုံးပတ် သုံးဆယ့်ခြောက်သစ်၊ တတောင့်ထွာတည်း။ ခေါင်းတော်လုံးပတ်ကို လေးစုစု၊ လက်မောင်းတော်နှစ်ဘက်၊ တဘက် တစုဖြစ်စေ လည်တော် အချင်းလည်းတခုဖြစ်စေ၊ နားတော်အလျားငါးသစ်၊ ပြက်နှစ်သစ်ခွဲ၊ နဖူးတော် အပြင်လေးသစ်၊ မျက်မှောင်တော် နှစ်ဘက်အကြား တသစ်၊ မျက်တောင်နှစ်ဘက်အကြားသုံးသစ် နှာခေါင်းတော် နှစ်သစ်ခွဲ၊ လက်ရုံးတော် လုံးပတ် တဆယ့်သုံးသစ်၊ ထိုကိုလေးစုစု သုံးစုလက်ကောက်ဝတ်လုံးပတ်။ လက်တော် အသားငါးသစ်၊ လက်ချောင်းတော် ငါးသစ်၊ ဖဝါးတော်အသား တဆယ့်နှစ်သစ်။ ထက်ဝယ်တော် အလျားကို လေးစုစု၊ သုံးစုထက်ဝယ်တော်အချင်း၊ ထိုကိုလေးစုစု၊ တစုအစောက်ဖြစ်စေ။ ဤထက်ဝယ်တော် အလျားကို လေးစုစု၊ သုံးစုပလွင်တော် အစောက်ဖြစ်စေ။ ဤသည်လျှင် ဘုရားရှင်ရုပ်တုတော်၏ စနစ်တည်း။ ဤသို့သော ထုံးဥပဒေသရှိ၍ ထုလုပ်သည်ဟူ၍လည်း မှတ်သင့်၏။။

နည်းတကြောင်းလည်း။ နားရွက်တော် အရှည်ထုလုပ်ကြောင်းမှာ ဤစနစ်နည်းကို မှီး၍ လုပ်လေသည် ဟူ၍လည်းမှတ်သင့်၏။ စနစ်လုပ်နည်းတကြောင်းကား ဤသို့တည်း။ ဟောင်း၊ ထွာ၊ မိုက်၊ လက်သစ်၊ မုယော၊ ထက်ဝယ်တော် တည်လျှင် ထက်ဝယ်တော်သုံးစု တစုသည် ထွာဖြစ်၏။ ထွာကိုသုံးစုစု၊ တစုလေးသစ်ဖြစ်၏၊ လေးသစ်နှစ်ပြန်သည် မိုက်ဖြစ်၏။ လက်သစ်ကိုလေးစုစု၊ တစုသည် မုယောဖြစ်၏။ ဤသို့ထက်ဝယ်တော်ကို တောင်၊ ထွာ၊ မိုက် လက်သစ်၊

မုယောပြုပြီးမှ ဆင်းတုတော်တို့ကို တိုင်းထွာလုပ်ကိုင်ရာသည်။ ထက်ဝယ်တော် အတိုင်းအထွာတို့ ကိုယူ၍။ ပလ္လင်တော်ကသည် နှာခေါင်းတော်ဖျားတပြန်။ ခေါင်းတော်လုံးပတ်တပြန်။ ခါးတော် လုံးပတ်တပြန်။ တင်ဆုံကသည် ပုဆစ်ဒူးတဘက်တပြန်။ ဤကား အရှည်ငါးပါး။

ရင်ဝတော်တတောင် ပုဆစ်ဒူးကသည် တင်ဆုံထိ တဘက်တတောင်စီ ပုဆစ်ဒူးကသည် ဘဝါးရွှေ့တဘက် တတောင်စီ။ ဤကား တောင်နှင့်တိုင်းရာသည် ငါးပါး။

ပလ္လင်ကသည် ချက်ရွှေ့တထွာ၊ ချက်ကသည် နို့ရွှေ့တထွာ၊ နို့ကသည် နှာခေါင်းဖျားရွှေ့တထွာ၊ နှာခေါင်းဖျားကသည် ခေါင်းတော်အဆုံးတထွာ၊ ခေါင်းတော်အကန့်တထွာ၊ မျက်နှာတော်အလျားတထွာ၊ နို့နှစ်ဘက်အကြားတထွာ၊ နို့ကသည် ပခုံးဖျားရွှေ့ တဘက်တထွာ၊ လက်ကတီးကြားကသည် တတောင်ဆစ်ကွေးတထွာ၊ တတောင်ဆစ်ကွေးကသည် လက်ကောက်ဝတ်ရွှေ့တထွာ၊ လက်ကောက်ဝတ်ကသည် လက်ဖျားရွှေ့ တထွာ၊ ဝမ်းတော်အထူ တထွာ၊ အကန့်တထွာ၊ နှာခေါင်းတော် အဆုံးကသည် နောက်ဆံလျှဉ်ရွှေ့တထွာ၊ တင်သီးတော် အကန့်တထွာ၊ ဤကားအကန့်တထွာနှင့်တိုင်းရာသည် နှစ်ဆယ့်နှစ်ပါးတည်း။

နှာခေါင်းတော်ကသည် နားတော်ရွှေ့ တဘက်တမိုက်၊ နားတော်ကသည် လည်တော် အကုန် တဘက်တမိုက်၊ လည်တော်ကသည် ပခုံးတော် တဘက်တမိုက်၊ ရင်ကြားကသည် လက်မောင်းတော်ရွှေ့ တဘက်တမိုက်၊ လည်တော်တမိုက်၊ ပေါင်တော်အထူ တဘက် တမိုက်စီ၊ ဤကား မိုက်နှင့်တိုင်းရာသည် တဆယ့်နှစ်ပါးတည်း။

မေးတော်ကသည် နှာခေါင်းဖျားရွှေ့ လေးသစ်၊ နှာခေါင်းဖျားကသည် မျက်မှောင်တော်ရွှေ့ လေးသစ်၊ မျက်မှောင်တော်ကြားကသည် ဆံလျှဉ်တော်ရွှေ့ လေးသစ်ခွဲ၊ သင်းကျစ်တော်တသစ်ခွဲ၊ ဆံလျှဉ်တော်ကသည် ခေါင်းတော်အဆုံး ရွှေ့နှစ်သစ်၊ အညစ်အကြေးကင်းသော ရောင်လှံတော် လေးသစ်၊ မျက်မှောင်တော်အလျား ငါးသစ်စီ။ မျက်မှောင်တော်မှသည် မျက်ခုံးတော်ရွှေ့ တဘက်နှစ်သစ်စီ၊ မျက်စိတော်မှ နားတော်ရွှေ့ တဘက် လေးသစ်စီ၊ မျက်ကွင်းတော်အလျား တဘက်သုံးသစ်စီ၊ နားခွက်တော် တဘက်သုံးသစ်စီ၊ နားသားတဘက် နှစ်သစ်စီ၊ လည်ရေတော်သုံးဆင့် တသစ်ခွဲစီ၊ လက်မောင်းတော်အလျား၊ တဘက်တဆယ့်ခြောက်သစ်စီ၊ လက်မောင်းတော်လုံးပတ် တဆယ့်ခြောက်သစ်စီ၊ လက်ကောက်ဝတ်လုံးပတ် တဆယ့်တသစ်စီ၊ လက်ဝါးတော်အလျား ခြောက်သစ်စီ၊ လက်ညိုးငယ်ခြောက်သစ်၊ လက်ဝါးတော်ပြက် ငါးသစ်စီ၊ ဖဝါးတော် တဆယ့်တသစ်စီ၊ ဖမိုးတော် အလျား လေးသစ်၊ ခြေမတော်အလျား နှစ်သစ်၊ နှုတ်ခမ်းတော်အလျား လေးသစ်၊ ဤကား လက်သစ်နှင့် တိုင်းရာသည် နှစ်ဆယ့်လေးပါးတည်း။

မျက်မှောင်တော်ပြက် နှစ်မုယော၊ လဆန်းကဲ့သို့ရှိစေ၊ မျက်စိအပွင့် နှစ်မုယော၊ မျက်နက်အလျား နှစ်မုယော၊ မျက်တော် နှစ်မုယော၊ နှာခေါင်းတော် နှစ်မုယော၊ နှုတ်ခမ်းအလျား လေးသစ် အဆုံးတွင် ပြုံးတော်မူဟန် တဘက်တမုယောစီ၊ အောက်နှုတ်ခမ်း တမုယော၊ အစောက် တမုယော၊ လဆန်းသဏ္ဌာန်ရှိစေ။ ဤကားမုယောနှင့် တိုင်းရာသည် တဆယ့်ငါးပါးတည်း။

အဖြိုးခုနစ်ပါးကား။ ဖမိုးနှစ်ဘက်၊ ပခုံးနှစ်ဘက်၊ မျက်မိုးတော်နှစ်ဘက်၊ လည်ကုပ်တော်၊ ဤခုနစ်ပါးတည်း။

ဖြိုးသောလက္ခဏာ လေးဆယ်ဟူသော်ကား။ မေးတော်ကား - ခြသေ့မင်း၏ မေးကဲ့သို့ တိတိဝန်းဝန်း ဖြိုးသောလက္ခဏာရှိစေ၊ ပါးစောင်တော် မေးတော်က နားရင်းတိုင်အောင် လဆန်း တစ်ဆယ့်နှစ်ရက်လ၏ သဏ္ဌာန်ရှိစေ၊ တိတိဝန်းသော လက္ခဏာတော်ရှိစေ၊ နဖူးတော်လည်တော်ကား မုရိုးစည်သဏ္ဌာန်ရှိစေ၊ အကန့်ကိုသုံးစုစု၍ တစုသည် အလျားလည်ရေး သုံးတန့် ဖြိုးသော လက္ခဏာရှိစေ။ လည်တော်ကိုလည်း ခြသေ့မင်း၏ ရင်ကဲ့သို့ ဖြိုးသော လက္ခဏာရှိစေ။ ရင်အုပ်ဘီးရင်ပြင်ကား - နွားလားဥသဘ မျက်စိကဲ့သို့ရှိစေ၊ ရင်ကြားအပြင် ဖြိုးဖြိုးရှိစေ၊ နှုတ်သီးတော်လည်း နွားလားဥသဘ မျက်လုံးတော်ကဲ့သို့ရှိစေ၊ ဝမ်းလည်း နွားလားဥသဘ နှာခေါင်းကဲ့သို့ ဖြိုးဖြိုးရှိစေ၊ ခါးဆစ်လည်း နွားလားဥသဘ နှာခေါင်းကဲ့သို့ ရှိစေ၏။ ပေါင်တော်နှစ်ဘက် ဖြောင့်ဖြောင့်စင်းစင်း မရှိစေနှင့်၊ ဝန်းဝန်းဖြိုးဖြိုးရှိစေ၊ လက်မောင်းတော်လည်း ဆဒ္ဒန်ဆင်မင်း၏ နှာမောင်းကဲ့သို့ လက်ကောက်ဝတ်တိုင်အောင် လုံးလုံးဖြိုးဖြိုးရှိစေ၊ လက်ဖမိုးတော်လည်း ဖြိုးသော လက္ခဏာရှိစေ၊ ဖဝါးတော်နှစ်ဘက်လည်း ဖြိုးဖြိုးရှိစေ၊ လက်တော်ဆယ်ချောင်းလည်း ဖြိုးဖြိုးရှိစေ၊ ခြေမည်း ခြေမချောင်းလည်း ဖြိုးဖြိုးရှိစေ။ ဤကား– ဖြိုးသော လက္ခဏာတော် လေးဆယ်တည်း။

ထက်ဝယ် ပုဆစ်တော်အဖျားနှင့် ဆံလျှဉ်တော်အရှည်၊ နဖူးတော်ကား ခြုံးရုပ်လက်လေးသစ် နှာယောင်နှာခေါင်းတော် အဖျားကလည်း လက်လေးသစ်၊ နှာခေါင်းတော်အဖျားနှင့် မေးတော် အဖျားလည်း လက်လေးသစ်၊ လေးသစ်ကို သုံးစုစု၊ အောက်နှစ်စု၊ အထက်တစု၊ အလယ်တွင် တံခါးတော် လက်လေးသစ်၊ ဆံလျှဉ်တော်နှင့် မေးတော်၊ မေးတော်နှင့် ရင်ခေါင်းတော်၊ ရင်ခေါင်းတော်နှင့် ချက်တော်၊ ချက်တော်နှင့် အင်္ဂါဇာတ်တော်၊ ရင်ဝတော်နှင့် အရှည်၊ ဆံလျှဉ်တော်နှင့် ပိန္ဒဆူးစိုက်သရွေ့ အရှည်၊ နားတော်အထက်ကား မျက်မှောင်တော်နှင့် အရှည်၊ အောက်ကား ပခုံးတော်မ-ထိကာပြု၊ နားအလျားကို သုံးစုစု၊ တစုကာ၊ ပြက်၊ တဝက်ကားနားပြက်၊ တဝက်ကား နားသား၊ ဆံလျှဉ်တော်နားမူ၍တိုင် တဘက် တဘက်သည် အမျှပြု၊ ရင်ဝတော်နှင့်၊ ခေါင်းတော်လုံးပတ်အမျှပြု၊ ရင်ဝတော်ကို သုံးစုစု၊ တစုကို ခေါင်းလုံးပတ်တော်ပြု။ ခြုံးစနစ်ပြီး၏။

အတိုင်းမသိ၊ ကျေးဇူးရှိသည်၊ သိရီပဝရ၊ ဂုဏာဂွလျင်၊ ဗုဒ္ဓရူပ်၊ သဏ္ဌာန်ကြည့်ပျော်၊ ဆင်းရုပ်တော်ကို၊ ရှုမျှော်ထောက်ထား၊ လက်သမားတို့၊ တည်ထားလုပ်ငှာ၊ ကောင်းမွန်စွာလျင်၊ အခါကောင်းမြတ်၊ နေ့နက္ခတ်က၊ အမြတ္တနှင့်၊ ဝရလာဘ်၊ စုတ်သန်လှစွာ၊ လုပ်ပေရာသား၊ တောင်ထွာမိုက်က၊ လက်သစ်စသည်၊ မှန်လှမှယော၊ စစ်ဆေးကြောရ၍၊ သဘောကြည်ဖြူ၊ မြင်သူတို့အား၊ တက်ပွားပီတိ၊ ဇောဝီထိဖြင့်၊ မုန်ထွတ်ထား၊ မြတ်ဘုရားကို၊ ထင်ရှားလက္ခဏာ၊ ဒွတ္တိံသာနှင့်၊ အင်္ဂါသီတိ၊ ထွန်းညိလျှံပြောင်၊ ခြောက်သွယ်ရောင်သို့၊ တင့်ခေါင်သပွာယ်၊ ကြီးငယ်ရွယ်လတ်၊ ယှဉ်မှတ်ဝမ်းက၊ ပမာဏကို၊ နေကျမှတ်လျင်း၊ မျဉ်းလျင်ခင်းမှ၊ အချင်းရှုမျှော်၊ ထက်ဝယ်တော်ကို၊ တိုင်းသော်မှန်စွာ၊ ရပြီးခါမှ၊ သုံးစုစုသော်၊ တစုကားထွာ၊ ဖွဲ့သင့်ရာ၏။ ထွာကိုတဖန်၊ စုတုံပြန်မှု၊ သုံးပါးပြုသော်၊ တစုဧကန်၊ လေးသစ်မှန်၏။ နှစ်ပြန်လေးသစ်၊ တမိုက်ဖြစ်၏။ လက်တသစ်ကား – လေးစုထားမှ၊ စပါးမုယော၊ မှန်လှမောသည်။ ။ရှင်စောတောင်ထွာလက်သစ်တည်း။

တောင်ထွာလက်သစ်၊ မှန်စီစစ်၍၊ ကံထစ်နေကျ၊ ထက်ဝယ်ရမှု၊ ထောက်ဆရှုမျှော်၊ ပလွင်တော်မှ၊ တိုင်းသော်မမှား၊ နှာခေါင်းဖျားတည့်၊ ခါးနှင့်ခေါင်းမူ၊ လုံးပတ်ယူမှ၊ ပုဆစ်ကသည်၊ နေကျနှစ်ဘက်၊ တင်ဆုံထက်လျင်၊ ငါးချက်အညီ၊ တပြန်စီဟု၊ ရှုဤမမှား၊ တံတိုင်းထားသည်၊ ပါးပါးအရှည် မှန်စွာတည်း။

ပဥ္စဟတ္ထာ၊ ရှည်ရာငါးပါး၊ တိုင်းမှတ်သားမှု။ တခြားဤမှာ၊ ဧကာဟတ္ထာ၊ တောင်တော်မှာကား၊ ရင်ဝကိုမူ၊ တထောင်ယူမှ၊ ဒွေမူမှန်လှ၊ တင်သီးကတည့်၊ နေကျပုဆစ်၊ တတောင်ဖြစ်၏၊ ပုဆစ်နှစ်ပါး၊ ဖဝါးတိုင်လဲ၊ မလွဲမှန်စွာ၊ တတောင်သာဟု၊ ကျမ်းလာမမှား၊ ဧကန်ကြားသည်။ ။တောင်ကား— ပဥ္စဟတ္ထာတည်း။

ပဥ္စဟတ္ထာ၊ တိုင်းပြီးခါမှ၊ ဝိဒတ္ထဟု၊ ဘုရားထွာတော်၊ ပလ္လင်ပေါ်က၊ နေကျချက်မှာ၊ တထွာ။ လည်းကောင်း၊ ထိုနှောင်းချက်မှ၊ နို့ထညတည့်၊ နို့ကတဖန်၊ ထွာပြန်တုံဋ္ဌား၊ နှာခေါင်းဖျားမှ၊ ထိုသည်ကသော်၊ ခေါင်းတော်အဆုံး၊ ခေါင်းလုံးအပြန့်၊ အကန့်အထု၊ စုလော့ထွာစီ၊ ကြန့်ညီလက္ခဏာ၊ မျက်နှာတော်အလျား၊ တထွာခြားမှ၊ နို့ကြားနည်းတူ၊ ထွာပင်ယူမှ၊ နို့သီးကသည်၊ အံသအဆုံး၊ ပခုံးနှစ်ဘက်၊ ထွာနှစ်ဖက်လျှင်၊ လက်ကတီးကြား၊ မမှားတိုင်းရေး၊ တတောင်ကွေးက၊ စသည်လက်ကောက်ဝတ်၊ အလွတ်လက်ဖျား၊ ထွာစီထားမှ၊ ခါးစောင်းကိုယ်လက်၊ တဘက်တထွာ၊ ဝမ်းမှာကန့်လု၊ ထွာနှင့်ပြမှ၊ ခေါင်းဆုံးကသည်၊ နောက်ကျဆံလျှဉ်၊ ထွာနှင့်ယှဉ်မှ၊ တင်သီးကမူ၊ ကန့်ထတထွာ၊ ဤသို့သာလျှင်၊ ဗုဒ္ဓါမည်ရ၊ ဝိဒတ္ထကို၊ နေကျမမှား၊ တိုင်းမှတ်သားသည်။ ။ ထွာကားဗာဝီသလျှင်တည်း။

ဘုရားထက်ဝယ်တော်ကို တိုင်း၍ရလျှင် ပလ္လင်တော်တပြန်၊ ပလ္လင်တော်ကသည် ခံတွင်းတော်ရွှေ့တပြန်၊ ခံတွင်းတော်ကသည် နရတင်းရွှေ့ တပြန်၊ စိန်ထောင်အဝန်းထက်ဝက်၊ စိန်ဖျားနှင့် ကေတုမာလာအဖူးနှင့်မျှစေ၊ နရတင်းစိန်ဖျားနှင့် ထက်ဝက် လက်တစ်လုံးသာစေ၊ နရတင်းပြက်နှင့် ထက်ဝက်နှင့်မျှစေ။ ။ဤကား - တန်ဆာဆောင်းလုပ်နည်းတည်း။ ဤသို့သော စနစ်ဥပဒေသရှိ၍ လုပ်ဆောင်လေသည်ဟူ၍လည်း မှတ်သင့်သည်။

ဘုရားရုပ်တုတော်ကို တန်ဆာဆောင်းနရတင်းဆင်၍ ပြုလုပ်ကိုးကွယ်သည့် အရာများကို၊ ကျမ်းဂန်လာသည် မလာသည်ကို သိမှတ်လိုပါသည် ဟူရာ၌ –

ဒီဃနိကာယ် မဟာဝဂ္ဂပါဠိတော် မဟာပရိနိဗ္ဗာနသုတ်၌။

> အဘိဇာနာမိ ခေါ ပနာဟံ အာနန္ဒ အနေကသတံ ခတ္တိယပရိသံ ဥပသင်္ကမိတာ တတြပိ မယာ သန္နိသိန္နပုဗ္ဗဉ္စေဝ သလ္လပိတပုဗ္ဗဉ္စ သာကစ္ဆာ စ သမာပဇ္ဇိတပုဗ္ဗာ။ တတ္ထ ယာဒိသကော တေသံ ဝဏ္ဏော ဟောတိ၊ တာဒိသကော မယ္ဟံ ဝဏ္ဏော ဟောတိ။ ယာဒိသကော တေသံ သရော ဟောတိ၊ တာဒိသကော မယ္ဟံ သရော ဟောတိ။ ဓမ္မိယာ ကထာယ သန္ဒဿေမိ သမာဒပေမိ သမုတ္တေဇေမိ သမ္ပဟံသေမိ။ ဘာသမာနဉ္စ မံ န ဇာနန္တိ ကော နု ခေါ အယံ ဘာသတိ ဒေဝေါ ဝါ မနုဿော ဝါတိ။ ဓမ္မိယာ ကထာယ သန္ဒဿေတွာ သမာဒပေတွာ သမုတ္တေဇေတွာ သမ္ပဟံသေတွာ အန္တရဓာယာမိ။ အန္တရဟိတဉ္စ မံ န ဇာနန္တိ "ကော နု ခေါ အယံ အန္တရဟိတော ဒေဝေါ ဝါ မနုဿေဝါ" တိ။ ဟူ၍လာသည်။

အဓိပ္ပာယ်ကား။ ။ အာနန္ဒာ၊ ငါဘုရားသည် များကုန်သောမင်းတို့၏ ပရိသတ်သို့ ကပ်၍ နေခဲ့ဖူး၏။။ စကားဟောပြော၍လည်း နေခဲ့ဖူး၏။။ ဆွေးနွေးခဲ့ဖူး၏။။ ထိုမင်းတို့၏ ပရိတ်သတ်၌ အကြင်သို့သဘောရှိသောသူတို့၏ အဆင်းသည်ရှိ၏။။ ထိုနှင့်တူသော ငါ၏ အဆင်းသည်လည်းဖြစ်၏။။ အကြင်သို့သဘောရှိသောသူတို့၏ အသံသည်ရှိ၏။။ ထိုနှင့်တူသောငါဘုရား၏ အသံသည်လည်းဖြစ်၏။။ တရားစကားကို ကောင်းစွာပြု၏။။ ကောင်းစွာ ဆောက်တည်စေ၏။။

ကောင်းစွာ ထက်စေ၏။ ကောင်းစွာ ရွှင်စေ၏။ စကားဆိုသော ငါ့တမူကား– ဤတရား စကားကို ဆိုသောသူသည် လူလော နတ်လောဟု မသိလေကုန်။ တရားစကားကိုပြ၍ လာခဲ့သော ငါဘုရားကို နတ်လော လူလောဟူ၍ မသိလေကုန်ဟူလိုသည်။

ပါဠိတော်၏အဖွင့် အဋ္ဌကထာဌ်လည်း။ ။အညေသု စက္ကဝါဠေသု လဿတေဝ-ဟုဖွင့်၏။ တပါးသော စကြဝဠာတို့၌ ရအပ်၏ ဟူသတည်း။

ယာဒိသကော တေသံ ဝဏ္ဏောတိ တေ ဩဒါတာပိ ဟောန္တိ ကာဠာပိ မဂုံရစ္ဆဝီပိ၊ သတ္တာ သုဝဏ္ဏဝဏ္ဏောဝ။ ဣဒံ ပန သဒ္ဒါနံ ပဋိစ္ဆ ကထိတံ။ သဒ္ဒါနမ်ိဳစ ကေဝလံ တေသံ ပညာယတိယေဝ။ န ပန ဘဂဝါ မိလက္ခဘိဿော ဟောတိ။ နာပိ အာမုတ္တ မဏိ-ကုဏ္ဍလော ဗုဒ္ဓဝသေနေဝ နိသီဒတိ။ တေ ပန အတ္တနော သမာန သဒ္ဒါနမေဝ ပဿန္တိ။ ယာဒိသကော တေသံ သရောတိ တေ ဆိန္နသရာပိ ဟောန္တိ ဂဂ္ဂရသရာပိ ကာကသရာပိ။ သတ္ထာ ပြဟ္မသရော၀၊ ဣဒံ ပန ဘာသန္တိရံ သန္ဓာယ ကထိတံ။ သစေဝိ ဟိ သတ္ထာ ရာဇာသနေ နိသိန္နော ကထေတိ။ အဇ္ဇ ရာဇာ မဓုရေန သရေန ကထေတီတိ တေသံ ဟောတိ။ ကထေတ္တာ ပန ဣဒါနိ ပန ဘဂဝတိ ပုနရာဇာနံ အာဂတံ ဒိသွာ ကော နု ခေါ အယန္တိ ဝိမံသာ ဥပ္ပဇ္ဇတိ။ တတ္ထ ကော နု ခေါ အယန္တိ ဣမသ္မိံ ဌာနေ ဣဒါနေဝ မာဂဓာသာယ သိဟဠ ဘာသာယ မဓုရေနာကာရေန ကထေန္တော ကောနုခေါ အယံ အန္တရဟိတော၊ ကိံဒေဝေါ ဥဒါဟု မနုဿောတိ။ ဧဝံ ဝိမံသန္တောပိ န ဇာနန္တိတိ အတ္ထော။ ကိမတ္ထံ ပနေဝံ အဇာနန္တာနံ ဓမ္မံ ဒေသေတီတိ။ ဝါသနတ္ထာယ။ ဧဝံ သုတောပိ ဟိ ဓမ္မော အနာဂဟေ ပစ္စယော ဟောတိ ယေဝါတိ အနာဂတံ ပဋိစ္စ ဒေသေတိ။ ။

ဟူ၍ အဋ္ဌကထာဌ် ဖွင့်သည်။

အဓိပ္ပာယ်ကား။ ။တပါးသော စကြဝဠာသားတို့သည် ဖြူကုန်၏။ မည်းကုန်၏။ ကြမ်းပိုး ကျောက်ကုန်းအဆင်းရှိကုန်၏။ ဘုရားသခင်ကားရွှေအဆင်းနှင့်တူသော အဆင်းသာရှိ၏။ ထိုသူတို့သည် သဒ္ဒါန်ကိုစွဲ၍ သဒ္ဒါန်သည်လည်း ထိုသူတို့ကပင် ထင်လေကုန်၏။ ဘုရား သခင်တော်မူကား– တောသားတောင်သူ အရိုင်းအစိုင်းနှင့် တူသည်မဖြစ်။ လည်ရွဲတန်ဆာ ဆင်ယင်ခြင်းလည်းမရှိ။ မြမျက်ရတနာ နားတောင်းဆင်ယင်ခြင်းလည်းမရှိ။ ဘုရားအသွင် ဖြင့်သာ နေတော်မူ၏။ ထိုသူတို့တမူကား– မိမိတို့နှင့်တူသော သဒ္ဒါန်ကိုသာ ထင်လေကုန်၏။ အကြင်သို့သော သဘောရှိသော ထိုသူတို့၏ အသံသည် ပြတ်သောအသံ၊ ကွဲသောအသံ ကျိုးအသံနှင့် တူသော အသံသည် ရှိကုန်၏။ ဘုရားသခင်မူကား– ပြဟ္မာမင်း၏ အသံနှင့် တူသောအသံသာလျှင် ရှိသည် ဖြစ်၏။

မြတ်စွာဘုရားသည် မင်း၏ နေရာ၌နေ၍ စကားကိုဆိုတော်မူ၏။ ယနေ့ကား– ငါတို့ မင်းသည် သာယာသဖြင့် စကားဆိုဘိ၏တကားဟု ထိုသူတို့၏ စိတ်အကြံသည်ဖြစ်၏။ ဤသို့ဆိုပြီး၍ မြတ်စွာဘုရားသည် ဖဲခဲ့သည်ရှိသော် ရွှေမင်းတို့၏ လာသောအဖြစ်ကို မြင်၍ ဤသူကား– အဘယ်သူနည်းဟု စုံစမ်းဆင်ခြင်ခြင်းသည် ဖြစ်၏။ ဤအရပ်၌ မဂဓာသာ သိဟဠဘာသာဖြင့် သာယာစွာသော အခြင်းအရာဖြင့် ဟောတော်မူ၍ ကွယ်လေသည်ကား– အဘယ်သူနည်း။ နတ်လော လူလောဟူ၍ စုံစမ်းသော်လည်း မသိနိုင်ကုန်။ ထိုသို့မသိသည်

ရှိသော်လည်း အဘယ်ကြောင်းကြောင့် တရားဟောပြန်လေသနည်းဟူအံ့။ ဝါသနာပါရုံမျှ အကျိုးငှာ ဟောတော်မူလေသည်။ ဤသို့တရားကို ကြားသည်ရှိသော် နောင်သောအခါ၌ အထောက်အပံ့ရှိသည် ဖြစ်လတ္တံ့ဟု အနာဂတ်ကို စွဲ၍ ဟောတော်မူသည် ဟူလိုသည်။

ဤသို့စသည်ဖြင့် လာသော ပါဠိတော်, အဋ္ဌကထာစကားရပ်တို့တွင် စင်စစ်အားဖြင့်ကား– ဘုရားသခင်၌ တန်ဆာဆင်ယင်ခြင်းလည်း မရှိ။ လည်ရွဲ ဘယက်၊ လက်ကောက် လက်ကြပ်၊ လက်စွပ်၊ ခြေနင်း၊ နရတင်းဦးစိုက်၊ မကိုင်ဆိန်ထောင် ဆင်ယင်ခြင်းလည်း မရှိ၊ ထိုသို့မရှိသော် အဝေးစကြဝဠာသားတို့ကသာ ငါတို့မင်းသည် အခါတပါး ဤကဲ့သို့သော စကားကို မပြောစဖူး။ ယနေ့သည်ကား– အံ့ဖွယ်သရဲရှိသော တရားစကားကို ပြောဟောပေသည်ဟူ၍ ထင်ကြကုန်သည်။ ဤသို့ မင်းဟူ၍ မှတ်ထင်လေသော အခိုက်အတန့် ကာလကိုရည်၍ မင်းရုပ် မင်းဝတ် မင်းတန်ဆာနှင့်တကွ လုပ်လေသည်ဟု ဆရာအဆက်ဆက်တို့ ပြောဟောသော ထုံးနည်းဥပဒေသ စကားကို ကြားလိုက်ရဖူးသည်။ ယင်းသို့ဖြစ်၍ တန်ဆာဆောင်းဘုရားကို ထုလုပ်ကိုးကွယ်ကြသည်ဟူ၍ ငါတို့ထင်မှတ်ပေသည်။

သမန္တစက္ခုဒီပနီကျမ်း ပဥ္စမတွဲ ပြီး၏။

သမန္တစက္ခုဒ်ီပနီကျမ်း

ဆဋ္ဌမတွဲ

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

တပည့်တော် သိရိမာလာ လျှောက်ဝံ့ ပါသည် ဇေတဝန် ဆရာတော်ဘုရား–

၁၀၁–ပုစ္ဆာ။ ။ယခုအခါ ဒက္ခိဏာသာခါ ဘုရားသခင် ရုပ်တုတော်ဟူ၍ အမြတ်တနိုး ကိုးကွယ် ပူဇော်ကြပါသည်။ ဒက္ခိဏာသာခါ၏အဖြစ် အမြစ်ရင်းသည် ဘယ်ကိုစွဲ၍ ခေါ်ဝေါ်သမုတ်သည်ကို သိလိုပါသည်။

သက္ကရာဇ် ၁၁၇၂-ခု၊ တန်ဆောင်မုန်းလဆန်း ၁-ရက်၊ စနေနေ့ မုံရွာသိရိမာလာကလျှောက်လာရာတွင် ဖြေဆိုလိုက်သည်ကား–

၁၀၁–ဝိသဇ္ဇနာ။ ။ဒက္ခိဏာသာခါ ဘုရားရုပ်တုတော်၏အကြောင်းမှာ သမန္တပါသာဒိက ဝိနည်းအဋ္ဌကထာ နိဒါန်း၌–

တသ္မိံ ခေါ ပန သမယေ အနုဠာဒေဝီ ပဗ္ဘဇိတုကာမာ ဟုတ္တာ ရညော အာရောစေသိ။

အစရှိသည်ဖြင့် လည်းကောင်း၊

မဟာဝင်ကျမ်း၌လည်း–

မဟာဗောဓိဉ္စ ထေရိဉ္စ၊ အာဏာပေတု မဟီ ပတိ။
ထေရေန ဝုတ္တဝစနံ၊ သရမာနော သကေ ပုရေ။

အစရှိသည်ဖြင့် လည်းကောင်း ကျယ်ဝန်းစွာလာ၏။

အကျဉ်းအားဖြင့် အဓိပ္ပာယ်အား။ ။အခါတပါး၌ ဒေဝါနံပိယတိဿမင်း၏ ညီတော်ဖြစ်သော မဟာနာဂမည်သော အိမ်ရှေ့မင်း၏ မိဖုရားဖြစ်သော အနုဠာဒေဝီသည် ရဟန်းပြုလိုသည်ဖြစ်၍ မင်းအားကြား၏။ မင်းသည် မိဖုရား အနုဠာဒေဝီ ရဟန်းပြုလိုသော အကြောင်းကို အရှင်မဟိန္ဒထေရ်ကို လျှောက်၏။

မင်းကြီး ငါတို့သည် မာတုဂါမတို့ကို ရဟန်းပြုအံ့သောငှာ မအပ်ကုန်။ ပါဠိလိပုတ်ပြည်၌ကား– ငါ၏ နှမဖြစ်သော သယံမိတ္တာ ထေရီမသည်ရှိ၏။ ထိုသယံမိတ္တာထေရီမကို ပင့်လော့။ ဤကျွန်း၌လည်း ရှေး သုံးဆူသော ဘုရားရှင်တို့၏ ဗောဓိပင်တို့သည် တည်ဖူး၏။

ငါတို့ဘုရားရှင်၏ ရောင်ခြည်တော် ကွန်ရက်ကို လွှတ်တတ်သော မဟာဗောဓိသည်လည်း ဤကျွန်း၌တည်အပ်၏၊ ထို့ကြောင့် သတင်းစကားကို စေဘိလော့ သယ်မိတ္တာထေရီသည် မဟာဗောဓိကိုယူ၍ လာလတ္တံ့ဟု မိန့်တော်မူ၏။

မင်းသည်လည်း ကောင်းပြီဟု ဝန်ခံ၍ အမတ်တို့နှင့် တိုင်ပင်ပြီးလျှင် တူရင်းဖြစ်သော အရိဋ္ဌအမတ်ကို ငါတူ သင်သည် ပါဋလိပုတ်ပြည်သို့ သွား၍ မဟာဗောဓိပင်နှင့်တကွ ရှင်မသယ် မိတ္တာကို ပင့်နိုင်အံ့လောဟု မေး၏၊ အရှင်မင်းကြီး ရဟန်းပြုရပါလျှင် တတ်နိုင်ပါလတ္တံ့ဟု လျှောက်၏၊ ချစ်သားထေရီကို ပင့်ဆောင်ပြီးသောကာလ ရဟန်းပြုလော့ဟုမိန့်၏။ အရိဋ္ဌအမတ်လည်း မင်းကြီး၏လည်းကောင်း၊ အရှင်မဟိန္ဒ၏ လည်းကောင်း သတင်းစကားကို ယူ၍သွား၏၊ မထေရ်၏ အဓိဋ္ဌာန် တန်ခိုးအာနုဘော် အစွမ်းကြောင့် တနေ့တည်းပြည့်လျှင် ဇမ္ဗုကောဋ္ဌဆိပ်သို့ ရောက်လေ၍ လှေသို့သက်ပြီးလျှင် သမုဒ္ဒရာကိုလွန်၍ ပါဋလိပုတ်ပြည်သို့ ရောက်၏။

အနုဠာဒေဝီသည် ငါးရာသော သတို့သမီးတို့နှင့်လည်းကောင်း၊ ကျွင်းစေ ငါးရာတို့နှင့် လည်းကောင်း ဆယ်ပါးသော သီလကို ဆောက်တည်၍ ဖန်ရည်ဆိုးသောအဝတ်ကို ဝတ်ပြီးလျှင် မြို့၏တခုသော အရပ်၌ ကျောင်းကိုပြုစေ၍ နေလင့်၏၊ အရိဋ္ဌအမတ်လည်း ဓမ္မာသောက မင်းအား သားတော် အရှင်မဟိန္ဒထေရ် အဆွေတော် ဒေဝါနံပိယတိဿမင်း၏ အကြောင်းနှင့်တကွ ညီတော် မိဖုရား အနုဠာဒေဝီတို့ ရဟန်းပြုလိုပါသည်။ သမီးတော် သယ်မိတ္တာ ထေရီကို မဟာဗောဓိနှင့်တကွ စေတော်မူလိုက်ပါဟု မှာသော သတင်းစကားကို ပြုံးပေ၏။ သယ်မိတ္တာထေရီကို ကပ်၍လည်း အရှင်မ၏ မောင်တော် အရှင်မဟိန္ဒထေရ်သည် သင့်ထံသို့ စေလိုက်ကြောင်းကို ပြောဆိုသောအခါ သယ်မိတ္တာထေရီသည်လည်း ခမည်းတော် မင်းကြီး၏ အထံသို့ဝင်၍ မင်းကြီးသားတော် အရှင်မဟိန္ဒထေရ် မှာလိုက်ကြောင်းကို ပြော၏။ မင်းကြီးသည်လည်း အမိ ငါ၏ သားတော် မဟိန္ဒထေရ်သည်လည်းကောင်း မြေးတော် သာမဏေသည်လည်းကောင်း ငါ၏ လက်ကို ဖြတ်ဘိသကဲ့သို့ ပြုလျက် သီဟိုဠ်ကျွန်း ပေးလေပြီ၊ ထိုသူတို့ကို မမြင်ရသဖြင့် ဖြစ်သော သောကသည် သင့်မျက်နှာကို မြင်ရသဖြင့် ချစ်သမီး၊ မသွားပါလင့်ဟု ဆို၏။ အရှင်မင်းကြီး မောင်တော်မှာသော စကားလွန်ဝန်လေးလု၏။ တထောင်သော အရံသတို့သမီးနှင့်တကွ အနုဠာဒေဝီသည် ရဟန်းပြု ပျံတက်နေ၏။ ငါသွားအံ့ဟုဆို၏။ ထိုသို့တပြီးကား ချစ်သမီး မဟာဗောဓိကို ယူ၍သွားလေ၏။

ထိုမဟာဗောဓိအကြောင်းကား– ရှေး သုမနသာမဏေ ဓာတ် မတောင်းမီကပင် သီဟိုဠ်ကျွန်းသို့ ဗောဓိပင်ကိုပို့လို၍ မဟာဒေဝ အမတ်ကို မေး၏။ ထိုသူလည်း အရှင်မင်းကြီး ပညာရှိသော ရဟန်းတို့သည် မျှားကုန်၏ဟုဆို၏။ မင်းလည်း ရဟန်း ခေါ်၏။ ရဟန်းတို့လည်း မောဂ္ဂလိပုတ္တတိဿ မထေရ်ကို ဖြေစေ၏။ မင်းကြီး မဟာဗောဓိ လက်ာဒီပကျွန်းသို့ ရောက်ခြင်းငှာအပ်၏။ ဘုရားသခင်သည် ငါးပါးသော ဓိဋ္ဌာန်ခြင်း ဘုရားသခင်သည် ပရိနိဗ္ဗာန်စံတော်မူရာ ညောင်စောင်း၌ လျောင်းသောအခါ–

၁။ သီဟိုဠ်ကျွန်း၌ မဟာဗောဓိတည်စိမ့်သောငှာ အသောကမင် မဟာဗောဓိကို ယူအံ့သောငှာ သွားလတ္တံ့ ထိုအခါ တောင်ကိုင်းသည် ပေါ်ပြူတ်၍ ရွှေဖျင်း၌ တည်စေသတည်း။

၂။ ထို့သို့ တည်သောကာလ မဟာဗောဓိသည် ဆီးနှင်းတိမ်တိုက်သို့ ဝင်၍ ခုနစ်ရက်ပတ်လုံး တည်စေသတည်း။

၃။ ခုနစ်ရက်တိုင်သောအခါ ဆီးနှင်း တိမ်တိုက်မှ သက်၍ ရွှေဖျင်း၌တည်လျက် အရွှက်တို့မှ လည်းကောင်း၊ အသီးတို့မှ လည်းကောင်း ခြောက်ပါးသော ရောင်ခြည်တို့ကို လွှတ်စေသတည်း။

၄။ ထူပါရာမ၌ လက်ယာ ညှပ်ရိုးတော်ဓာတ်သည် စေတီတည်သောနေ့၌ ယမိုက်ပြာဋ္ဌိဟာကို ပြစေသတည်း။

၅။ လင်္ကာဒီပကျွန်း၌ ငါ၏ တဒေါဏမျသော ဓာတ်တော်တို့သည် မဟာစေတီ၌ တည်သော ကာလ ဘုရားအသွင်ကိုယူ၍ ကောင်းကင်သို့တက်၍ ယမိုက်ပြာဋ္ဌိဟာကို ပြစေသတည်း။

ဤငါးပါးကို ဓိဋ္ဌာန်တော်မူခဲ့သည်ဟု အမိန့်ရှိသည်ကိုကြားလျှင် အလွန်ကြည်သော စိတ်ရှိသော မင်းကြီးသည် ပါဠလိပုတ်ပြည်မှ မဟာဗောဓိတိုင်အောင် ခရီးလမ်းကို သုတ်သင်စေ၍ ရွှေဖျင်းအလို့ငှာ များစွာသော ရွှေတို့ကို လုပ်စေ၍ ထိုအခါ ဝိသုကံနတ်သားလည်း ရွှေပန်းထိမ်၏ အသွင်ဖြင့်လာ၍ မင်းကြီး ရွှေဖျင်းကို ပြုအံ့ဟု ရွှေကိုယူ၍ မိမိ၏ အာနုဘော်ဖြင့် လက်တို့ဖြင့် နယ်၍ဖန်ဆင်း၏။ ထိုရွှေဖျင်းသည် အဝန်းကိုးတောင်၊ အမြင့်ငါးတောင်၊ အချင်းသုံးတောင်၊ ထူလက်ရှစ်သစ်၊ ဆင့်နှာမောင်းပမာဏာ နှုတ်ခမ်းနားရှိ၏။ မင်းလည်း ခုနစ်ယူဇနာအလျား၊ သုံးယူဇနာအနံရှိသော များသောစစ်သည်ဖြင့်ပါဠလိပုတ်ပြည်မှထွက်၏။အရိယာသံဃာတို့ကိုလည်း ပင့်ယူ၍ သွားလေ၏။ စစ်သည်တို့လည်း ဆောင်အပ်သော တံခွန် ကုဋ္ဌား မုလေးပွား အထူးထူးသော ရတနာတို့ဖြင့် ဆန်းကျယ်သော များစွာသော တန်ဆာတို့ဖြင့် တန်ဆာဆင်သော အထူးထူးသော ပန်းဆိုင်း ပန်းသွယ်တို့ဖြင့် ပြိမ်းသော များစွာသော တူရိယာတို့ဖြင့် ကောင်းစွာ ကြွေးကြော်ကုန်လျက် မဟာဗောဓိကို ရံကုန်၏။ မင်းကြီးသည်လည်း တထောင်သော ဂိုဏ်းအကြီးဖြစ်သော မဟာထေရ်တို့ကို ယူ၍ အလုံးစုံသော ဇမ္ဗူဒိပ်၌ အဘိသိက်သွန်းပြီးသော မင်းတစ်သောင်းတို့ဖြင့် ခြံရံလျက် မိမိကိုယ်သည် မဟာဗောဓိပင်ကို ရံ၍ အရင်း၌ရပ်လျက် ကြည့်၏။

ထိုအခါ ဗောဓိပင်၏ ပင်စည်ကိုလည်းကောင်း တောင်ခက်မ၏ လေးတောင်သော ပမာဏကို လည်းကောင်း တား၍ ကြွင်းသမျှကို မမြင်ကုန်၊ မင်းကြီးသည်လည်း ထိုတန်ခိုးပြာဋ္ဌိဟာကို မြင်၍ ဖြစ်သော ပီတိပါမောဇ္ဇရှိ၍ အရှင်ဘုရားတို့ အကျွန်ုပ်သည် ဤသို့သော တန်ခိုးပြာဋ္ဌိဟာကို မြင်သည်ဖြစ်၍ နှစ်သက်၏။ မဟာဗောဓိကို အလုံးစုံသောကျွန်း၌ မင်း၏ အဖြစ်ဟု ဆိုအပ်သော အခွန်အတုတ်ဖြင့် ပူဇော်ပါ၏ဟု ရဟန်း အပေါင်းတို့ကို ဆို၍ အဘိသိက်ကို ပေး၏။ ပန်းနံ့သာစသည်တို့ဖြင့် ပူဇော်၍ သုံးကြိမ်တိုင်တိုင် လက်ယာရစ်လှည့်၍ ရှစ်ပါးသော အရပ်တို့၌ ရှိခိုးပြီးမှ ထ၍ လက်အုပ်ကိုချိလျက် ရပ်၏။ ဗောဓိပင်ကို ယူလို၍ မြေမှ တောင်ခက်မတိုင်အောင် အမြင့်ပြု၍ ထားအပ်သော ခပ်သိမ်းသော ရတနာတိုင်ဖြင့် ပြီးသော အင်းပျဉ်၏ အထက်၌ ရွှေဖျင်းကိုထား၍ ရတနာအင်းပျဉ် ထက်သို့ တက်၍ ရွှေစုတ်ကို ကိုင်ယူပြီးလျှင် ဆေးဒန်းမြင်းသိလာဖြင့်ပြီးသော အရေးကိုသား၏။

အကယ်၍ မဟာဗောဓိသည် လက်ာဒီပကျွန်း၌ တည်သည်ဖြစ်အံ့။ အကယ်၍လည်း ငါသည် ဘုရားသာသနာ၌ ယုံမှားခြင်း မရှိသည်ဖြစ်အံ့၊ မဟာဗောဓိသည် မိမိအလိုလို ရွှေဖျင်း၌ သက်၍ တည်စေသတည်းဟု သစ္စာပြု၏။ သစ္စာပြုသည်နှင့်တကွနက် မဟာဗောဓိခက်သည် ဆေးဒန်းမြင်းသို့လာ ပိုင်းခြားရာ အရပ်၌ ပြတ်၍ နှံ့သာပျောင်းဖြင့် ပြည့်သောရွှေဖျင်း၏ အထက်၌ တည်၏။ အရပ်ဆယ်တောင်ရှိသော ပင်စည်သည် ဖြစ်၏။ လေးတောင်ရှိသော ခက်မငါးဖြာတို့သည် ငါးခုသောအသီးတို့ဖြင့် တန်ဆာ ဆင်အပ်၏။ ငယ်သောအခက်တို့သည် တထောင်ရှိကုန်၏။

ထိုအခါ မင်းသည် အလျင်အရေး၏ အထက် လက်သုံးသစ် အရပ်၌ တပါးသော အရေးကို သားပြန်၏။ ထိုအရေးမှ ထိုခဏ၌ပင်လျှင် အဖုတို့သည်ဖြစ်၍ ဆယ်ခုသော မြစ်မတို့သည် ထွက်ကုန်၏။ တဖန် အထက်၌ လက်သုံးသစ် သုံးသစ်သော အရပ်တို့၌ တခုတခုသော ကိုးဆင့်သော အရေးတို့ကို ရေးကုန်၏။ ဆယ်ခု ဆယ်ခုကုန်သော အဖုတို့သည် ထကုန်၍ ကိုးဆယ်သော အမြစ်တို့သည် ထွက်ကုန်၏။ ဆယ်ခုသော မြစ်မတို့သည် လက်လေးသစ်ခန့် ထွက်ကုန်၏။ ဤမှတပါးသော မြစ်ငယ်တို့သည်လည်း နွားနှာရှုပ် တည့်သော ကွန်ရက်နှင့်အတူ အစဉ်အတိုင်း လွှမ်းခြုံကုန်လျက် ထွက်ကုန်၏။ ဤမျှသော ပြာဋ္ဌိဟာကို မင်းသည် ရတနာ အင်းပျဉ်ထက်၌ ရပ်လျက်သာလျှင် မြင်၍ လက်အုပ်ချီပြီးလျှင် သည်းစွာသောအသံကို ဟစ်၏။

အထောင်မကသော ရဟန်းတို့သည်လည်း ကောင်းချီးသံကို ပြုကုန်၏။ အလုံးစုံသော မင်း၏ စစ်သည်တို့သည် ပဲ့တင်ထပ်သောအသံကို ဖြစ်စေကုန်၏။ တသိန်းသော ဦးရစ်ပတ်ခြင်းတို့ကို ဖြစ်စေကုန်၏။ မြေ၌တည်သော နတ်တို့ကို အစပြု၍ ငြဟ္မာပြည်တိုင်အောင် နတ်တို့သည် ကောင်းချီးသံကို ဖြစ်စေကုန်၏။ ပြာဋ္ဌိဟာကိုမြင်သော မင်းကြီးအား ပီတိဖြင့် အခြားမရှိတွေ့အပ်သော ကိုယ်ရှိသည် ဖြစ်၍ လက်အုပ်ချီလျက် ရပ်စဉ်ပင်လျှင် မဟာဗောဓိလည်း တရာသော အမြင်ဖြင့် ရွှေဖျင်း၌ တည်လေ၏။ ဆယ်ခုသော မြစ်မတို့သည် ရွှေဖျင်းအပြင်ကို ထို၍တည်ကုန်၏။ ကြွင်းကုန်သော ကိုးဆယ်သော မြစ်ငယ်တို့သည် အစဉ်အတိုင်း ပွားကုန်၍ နှံ့သာညွှန်ပျောင်း၌သက်၍ တည်၏။

ဤသို့ရွှေဖျင်း၌ တည်ကာမတ္တဖြင့် မြေကြီးသည်လှုပ်၏။ ကောင်းကင် မိုးချုန်းသံတို့သည် ဖြစ်ကုန်၏။ တောနတ်တို့၏ ကခြင်း သီခြင်းတို့ဖြင့် လည်းကောင်း၊ နတ်တို့၏ သာဓုကာရ ပြုခြင်းတို့ဖြင့်လည်းကောင်း၊ ဘီလူးတို့၏ ကျူးရင့်သံတို့ဖြင့် လည်းကောင်း၊ အသူရာတို့၏ ခိုးမွှမ်းသံတို့ဖြင့်လည်းကောင်း၊ ငြဟ္မာတို့၏ လက်ပန်းပေါက်သံတို့ဖြင့်လည်းကောင်း၊ မိုးတို့၏ ခြိမ်းသော အသံတို့ဖြင့် လည်းကောင်း၊ အခြေလေးခုရှိသော သားမျိုးတို့ မြည်တွန်သော အသံတို့ဖြင့် လည်းကောင်း၊ ဌက်တို့၏ တွန်ကျူးရင့်အေးသံတို့ဖြင့် လည်းကောင်း၊ အလုံးစုံသော မောင်းကြွေးနင်းတို့ကို တီးမှုတ်သော အသံတို့ဖြင့်လည်းကောင်း၊ မြေအပြင်မှသည် ငြဟ္မာပြည်တိုင်အောင် တပြိုင်နက် အုတ်အုတ်ကျက်ကျက် တခဲနက် ပဲ့တင်ထပ်မျှသော အသံတို့သည် ဖြစ်လေ၏။

ငါးခုသော အခက်မတို့၏ အသီးမှ ခြောက်ပါးသော ရောင်ခြည်တို့သည် ထွက်လာ၏။ အလုံးစုံသော စကြဝဠာ တိုက်တို့ကို အမိုးအခြင်ဖြင့် မြွေးရှက်ဘိသကဲ့သို့ သနားစုံမက် နှစ်သက်ဖွယ်ဖြင့် ငြဟ္မာပြည်တိုင်အောင် နှံ့၍တက်ကုန်၏။ ထိုခဏမှစ၍ ခုနစ်ရက်ပတ်လုံး

မဟာဗောဓိသည် ဆီးနှင်း တိမ်တိုက်သို့ဝင်၍ တည်လေ၏။ တစုံတယောက်သောသူသည် မမြင်။ အသောကမင်းသည် ရတနာအင်းပျဉ်မှသက်၍ ခုနစ်ရက်ပတ်လုံး မဟာဗောဓိကို ပူဇော်ခြင်းကို ပြု၏။ ခုနစ်ရက်မြောက်သောအခါ အလုံးစုံသောအရပ်တို့၌ ဆီးနှင်းတို့သည်လည်းကောင်း၊ ရောင်ခြည်တော်တို့သည်လည်းကောင်း ပြန်နစ်၍ မဟာဗောဓိသို့သာ ဝင်ကုန်၏။ ကင်းသော ဆီးနှင်းတိမ်တိုက်ရှိသော အထူးသဖြင့် ကြည်ညိုဖွယ်ရှိသော စကြဝဠာတိုက်၌ မဟာဗောဓိသည် ပြည့်စုံသော ခက်မ ခက်သေးရှိသော ငါးလုံးသောအသီးတို့ဖြင့် တန်ဆာဆင်လျက် ရွှေဖျင်း၌ တည်လျက်သာလျှင် ထင်ရှားကုန်၏။

မင်းသည် ဗောဓိပင်ကိုမြင်၍ ထိုပြာဋိဟာတို့ကြောင့် ကောင်းစွာသော ပီတိပါမောဇ္ဇဖြစ်၍ အလုံးစုံသော ဇမ္ဗူဒီပါကျွန်း၌ မင်း၏ အခွန်အတုတ်ဖြင့် ပူဇော်အံ့ဟု အဘိသိက်ကိုပေး၍ ခုနစ်ရက်ပတ်လုံး ဗောဓိပင်ရှိရာ အရပ်၌သာလျှင်တည်၏။

ဗောဓိပင်သည် ပုဗ္ဗကတ္တိက ပဝါရဏာနေ့ဟု ဆိုအပ်သော သီတင်းကျွတ်လပြည့်နေ့၌ ရှေးဦးစွာ ရွှေဖျင်း၌တည်၏။ ထို့နောင် ဟိမဝန္တသတ္တာဟ-ဆီးနှင်း၌ နေသည် ခုနစ်ရက်၊ အဘိသေကသတ္တာဟ-အဘိသိက်သွန်း၍ ထားသည် ခုနစ်ရက်တို့ကို လွန်စေ၍ လဆုတ် ပက္ခဖြစ်သော ဥပုသ်နေ့၌ မင်းသည် တနေ့တည်းဖြင့် ပါဋလိပုတ်ပြည်သို့ဝင်၍ တန်ဆောင်မုန်းလဆန်းပက္ခ၏ အထွက်တရက်နေ့တွင် မဟာဗောဓိကို မြို့အရှေ့ အင်ကြင်းပင်ရင်း၌ ထား၏။ ရွှေဖျင်း၌ထားသောနေ့မှစ၍ တဆယ့်ခုနစ်ရက်မြောက်သောနေ့၌ အသစ်သော အညွှန့်တို့သည် ပေါက်ကုန်၏။ ထိုအညွှန့်တို့ကို မြင်သောမင်းကြီးသည် တဖန် ဗောဓိပင်ကို ပြည်စည်းစိမ်ဖြင့် ပူဇော်လို၍ အလုံးစုံသော ဇမ္ဗူဒီပါကျွန်းဖြင့် အဘိသိက်သွန်း၏။

သုမန သာမဏေသည် တန်ဆောင်မုန်းလပြည့်နေ့ ဓာတ်တော် ယူအံ့သောငှာ လာ၏။ မဟာဗောဓိအား ကတ္တိကာ နက္ခတ်သဘင်ဖြင့် ပူဇော်ခြင်းကို မြင်လေ၏။ ဤသို့ မဟာဗောဓိ မဏ္ဍိုင်မှ ဆောင်၍ ပါဋလိပုတ်ပြည်၌ထားသော ဗောဓိပင်ကို ရည်၍ပင် "တေန ဟိ အမ္ဗ မဟာ-ဗောဓိ ဂဟေတ္ဂာ ယာတိ" ဟု ဆိုလေသည်။ ။ချစ်သမီး၊ သင်သွားလိုသည် ရှိသော် မဟာ-ဗောဓိကို ယူ၍ သွားလေလော့ဟု ဆိုလေသည် ဟူလိုသည်။

သယ်မိတ္တာထေရီသည်လည်း ကောင်းပြီဟုဝန်ခံ၍ မင်းသည်လည်း ဗောဓိပင်ကို စောင့်စိမ့်သောငှာ တကျိပ်ရှစ်ယောက်သော ဒေဝမျိုး၊ ရှစ်ယောက်သော အမစ္စမျိုး၊ ရှစ်ယောက်သော ဗြာဟ္မဏမျိုး၊ ရှစ်ယောက်သော ကုဋုမ္ဗိကမျိုး၊ ရှစ်ယောက်သော ဂေါပကမျိုး၊ ရှစ်ယောက်သော တရုဏမျိုး၊ ရှစ်ယောက်သော ကလိင်္ဂမျိုးတို့ကို လျှော်၏။ ရေသွန်းစိမ့်သောငှာ ရှစ်လုံးသော ရွှေအိုး၊ ရှစ်လုံးသော ငွေအိုးတို့ကိုလည်း လျှော်၏။

ဤသို့သော အခြံအရံဖြင့် မဟာဗောဓိကို ဂင်္ဂါမြစ်၌ လှေထက်တင်၍ မင်း၏ကိုယ်သည်လည်း မြို့မှထွက်၍ တောအုပ်ကို လွန်စေ၍ အစဉ်သဖြင့် ခုနစ်ရက်တို့ဖြင့် တာမလိတ္တိဆိပ်သို့ ရောက်၏။ ခရီးအကြား၌ နတ်နဂါးလူတို့သည် မြတ်သော ပူဇော်ခြင်းကို ပြုကုန်၏။ မင်းသည် သမုဒ္ဒရာနား၌ ခုနစ်ရက်ပတ်လုံး ဗောဓိပင်ကိုထား၍ အလုံးစုံသော ဇမ္ဗူဒီပါကျွန်း၌ မင်း၏စည်းစိမ်ဖြင့် ပူဇော်၏။ ဤကား– သုံးကြိမ်မြောက် ပူဇော်ခြင်းတည်း။

ဤသို့ မဟာဗောဓိကို ပူဇော်ပြီး၍ တန်ဆောင်မုန်း လပြည့်ကျော် တရက်ဟု ဆိုအပ်သော မိဂသိရမာသ၏ လဆန်းတစ်ရက်ဖြစ်သော ပဌမ ပါဋိပဒနေ့၌ အသောကမင်းသည် ဗောဓိပင်ကို ချီ၍ လည်ရှိုပမာဏနက်သော ရေသို့သက်၍ လှေ၌တင်စေ၏။ သယ်မိတ္တာထေရီသည် အခြံအရံနှင့် တကွ လှေသို့ တက်ပြီးလျှင် အရိဋ္ဌအမတ်ကို "အမောင်၊ ငါသည် ဗောဓိပင်ကို သုံးကြိမ် တိုင်တိုင် ဇမ္ဗူဒိပ်မင်း၏ စည်းစိမ်ဖြင့် ပူဇော်၍ လည်ရှိသော ရေသို့သက်၍ ငါ၏ အဆွေအား ပို့စေ၏။ အဆွေသည်လည်း ငဲ့အတူ ပူဇော်ပါစေသတည်း"ဟု သတင်းစကားကို မှာကြားပြီးလျှင် မြတ်စွာဘုရားရှင်၏ ရောင်ခြည်တော်ကွန်ရက်ကို လွှတ်တတ်သော ဗောဓိပင်ကိုရှိခိုး၍ လက်အုပ်ချီလျက် မျက်ရည်စက်စက်ယိုလျက် ရပ်၏။

ဗောဓိတင်သော ထိုလှေသည် အသောကမင်းကြီး၏ ကြည့်စဉ်ဆဲဆဲ၌ သမုဒ္ဒရာအပြင်သို့ ပြေးလေ၏။ ထက်ဝန်းကျင် တယူဇနာ မျှလောက်သော အရပ်က လိုင်းတံပိုးတို့သည် ငြိမ်ကုန်၏။ ငါးပါးသော အဆင်းရှိသော ကြာတို့သည် ပွင့်ကုန်၏။ ကောင်းကင်ပြင်၌နတ်တို့၏ စည်စောင်းငြင်းတို့သည် ဖြစ်ကုန်၏။ ကောင်းကင်မှ ရေကြည်းသစ်ပင် စသည်တို့၌မှီ၍ နေကုန်သော နတ်တို့သည် ဖြစ်စေအပ်ကုန်သော အလွန်အကဲသော မြတ်သော ပူဇာသက္ကာရတို့သည် ဖြစ်ကုန်၏။ နဂါးတို့သည်လည်း များစွာသော ပူဇော်သက္ကာရဖြင့် မိမိတို့ပြည်သို့ ဆောင်အံ့သော အခြင်းအရာကို ပြုကုန်၏။ ထိုအခါ သယ်မိတ္တာထေရီသည်လည်း ဂင်္ဂါနဒီ၏ အသွင်ဖြင့် နဂါးတို့ကို လန့်စေ၏။ နဂါးတို့သည်လည်း ထိတ်လန့်ကုန်သည်ဖြစ်၍ လာလတ်ပြီးမှ ဗောဓိပင်၏ တင့်တယ်ခြင်းကို ဖူးမြင်ကုန်လျက် ထေရီကို တောင်းပန်ပြီးလျှင် နဂါးပြည်သို့ ဆောင်၍ ခုနစ်ရက်ပတ်လုံး နဂါးတို့သည် ပြည်စည်းစိမ်ဖြင့် ပူဇော်၍ တဖန် လှေ၌ထားလာပြန်၏။ ထိုနေ့၌ပင်လျှင် လှေသည် ဇမ္ဗုကောဋ္ဌဆိပ်သို့ ရောက်လေ၏။

ဒေဝါနံပိယတိဿမင်းသည်လည်း သုမန သာမဏေ၏ စကားဖြင့် နတ်တော်လဆန်းတရက်နေ့ကို အစပြု၍ မြောက်တံခါးမှစ၍ ဇမ္ဗုကောဋ္ဌဆိပ်သို့ ရောက်အောင် ခရီးလမ်းကို သုတ်သင်စေ၍ တန်ဆာဆင်စေလျက် မြို့မှထွက်သောနေ့၌ မြောက်တံခါးအနီး သမုဒ္ဒသာလ အရပ်၌ရပ်၍ ထိုသို့တင့်တယ်ခြင်းဖြင့် လာတတ်သော ဗောဓိကို မထေရ်၏ အာနုဘော်ဖြင့်မြင့်၍ နှစ်သက်သော စိတ်ရှိသော မင်းကြီးသည် ထွက်ခဲ့၍ အလုံးစုံသောခရီးကို ငါးပါးသော အဆင်းရှိသော ပန်းတို့ဖြင့် ကြဲစေ၍ အကြားအကြား၌ ပန်းတောင် ဆီမီးတိုင်တို့ကို ထားလျက် တရက်တည်းဖြင့်လျှင် ဇမ္ဗုကောဋ္ဌဆိပ်သို့ အရောက်သွား၍ ခပ်သိမ်းသော စည်စောင်းငြင်း မောင်းကြွေးနင်းတို့ဖြင့် ခြံရံ၍ ပန်းနံ့သာ အခိုးအထုံတို့ဖြင့် ပူဇော်လျက် လည်ရှိသောရေသို့ သက်၍ "အို အချင်းတို့ မြတ်စွာဘုရား၏ ရောင်ခြည်တော်ကို လွှတ်တတ်သော ဗောဓိပင်မင်းသည် ရောက်လာပေပြီတကား"ဟု ဆိုမြွက်လျက် ကြည်လှစွာသော စိတ်ရှိသော မင်းသည် ဗောဓိကိုချီ၍ ဦးခေါင်းထက်တင်၍ ဗောဓိကို ခြံရံ၍ လာကုန်သော တဆယ့်မြောက်ပါးသော အမျိုးနှင့်ပြည့်စုံသော အမတ်တို့နှင့်တကွ သမုဒ္ဒရာမှတင်၍ ကမ်းထိပ်၌ထားပြီးလျှင် သုံးရက်ပတ်လုံး အလုံးစုံသော လက်ာဒီပကျွန်း၌ ပြည်စည်းစိမ်ဖြင့် ပူဇော်၏။ တဆယ့်ခြောက်ပါးသော ဇာတိသမ္ဘန္နအမတ်တို့သာ ပြည်ကို စီရင်ရ၏။

ထိုအခါ လေးရက်မြောက်သောနေ့၌ ဗောဓိပင်ကိုယူ၍ မြတ်သော ပူဇော်ခြင်းကိုပြုလျက် အစဉ်အတိုင်း အနုရာပြည်သို့ရောက်၏။ ထိုပြည်၌ ကြီးစွာသော ပူဇော်ခြင်းကိုပြု၍ တဆယ့်လေးရက်မြောက်သောနေ့၌ ညချမ်းသော အခါ၌ မဟောဗောဓိကို မြောက်တံခါးဖြင့် သွင်း၍ မြို့လယ်သို့ ရောက်ပြီးလျှင် တောင်တံခါးဖြင့်ထွက်၍ ကုလလေးတာ အပြန်ငါးရာရှိသော အရပ်၌ထား၏။

ထိုအရပ်သည်ကား–ငါတို့ အရှင်ဂေါတမ မြတ်စွာဘုရားသည် နိရောဃသမာပတ်ကို ဝင်စား၍ နေတော်မူဖူး၏။ ရှေးသုံးဆူသော ဘုရားရှင်တို့သည်လည်း ဝင်စား၍ နေတော်မူဖူး၏။ ကကုသန် မြတ်စွာဘုရား၏ ကုက္ကိုဟောခိ၊ ကောဏာဂုံမြတ်စွာဘုရား၏ ရေသဖန်းဟောခိ၊ ကဿပမြတ်စွာ ဘုရား၏ ပညောင်ဟောခိ၊ ဤသုံးပါးတို့၏ တည်ရာဖြစ်၏။ ထိုအရပ်သည် မဟာမေဃဝန်ဥယျာဉ်၏။ မှန်ကူသဖွယ်သော အရပ်တည်း။

ထိုအရပ်၌ သုမနသာမဏေ၏ စကားဖြင့် မဆွကပင်လျှင် ပြုပြင်အပ်ပြီးသော ပရိက် ရှိသော ရာဇဝတ္ထု တံခါးမုခ်အရပ်၌ ဟောခိပင်ကို တည်စေ၏။

အဘယ်သို့တည်သနည်း ဟူမူကား- ဟောခိပင်ကို ခြံရံ၍လာကုန်သော တဆယ့်ခြောက်ပါးသော ဇာတိသမွန္နဖြစ်သော အမျိုးတို့သည် မင်းရုပ်သွင် ဖန်ဆင်း၍ မင်းမှာကား တံခါးစောင့်၏ အသွင်ဖန်ဆင်း၏၊ တကျိပ်ခြောက်ပါးသော အမျိုးတို့သည် ဟောခိပင်ကို ဆောင်ခဲ့၍ ချ၏။ မဟာဟောခိသည်လည်း ထိုသူတို့၏လက်မှ လွတ်သည်မှ အခြားရပ်၌ အတောင်ရှစ်ဆယ်ရှိသော ကောင်းကင်သို့ ပျံတက်၍ ခြောက်ပါးသော ရောင်ခြည်တော်တို့ကိုလွှတ်၏။ ရောင်ခြည်တော် အပေါင်းတို့သည် အလုံးစုံသောကျွန်းကို နှံ့စေလျက် အထက်ပြဟ္မာပြည်ကိုထိ၍ တည်လေ၏။

ဤသို့သော တန်ခိုးပြာဋိဟာကို မြင်၍ ဝမ်းမြောက် ဝမ်းသာခြင်း ပီတိပါမောဇ္ဇဖြစ်၍ တထောင်သော ယောကျ်ားတို့သည် အစဉ်အတိုင်း ဝိပဿနာကိုဖြစ်စေ၍ အရဟတ္တဖိုလ်သို့ ရောက်၍ ရဟန်းပြုကြကုန်၏။ မဟာဟောခိသည် နေဝင်သည်တိုင်အောင် ကောင်းကင်၌တည်၏။ မြေသို့ ရောက်သည်နှင့်တပြိုင်နက် ရေတိုင်အောင်မြေကြီးသည် လှုပ်၏။ တည်ပြီး၍ကား နေဝင်သောအခါ ရောဟဏီနက္ခတ်နှင့် ယှဉ်သည်နှင့် တပြိုင်နက် မြေသို့ ရောက်၏။ မဟာဟောခိသည် ခုနစ်ရက်ပတ်လုံး ဆီးနှင်းတိမ်တိုက်၌တည်၏။ လူတို့သည် မမြင်နိုင်ကြကုန်။ ခုနစ်ရက်မြောက်သောနေ့၌ ကင်းသော တိမ်တိုက်ရှိသော ကောင်းကင်သည်ဖြစ်၏။ ခြောက်ပါးသောရောင်ခြည်တော်တို့သည် ထွန်းတောက်ပကုန်လျက် အထူးသဖြင့် ပြည့်ကုန်လျက် ထွက်ကုန်၏။

မဟာဟောခိ၏ ပင်စည်သည်လည်းကောင်း၊ အကိုင်းအခက်တို့သည် လည်းကောင်း၊ ငါးလုံးသော အသီးတို့သည်လည်းကောင်း ထင်ကုန်၏။ မဟိန္ဒမထေရ်သည် လည်းကောင်း၊ သယ်မိတ္တာထေရီသည်လည်းကောင်း၊ မင်းသည်လည်းကောင်း အခြံအရံနှင့်တကွ မဟာဟောခိသို့သာ သွားကြကုန်၏။ များသောအားဖြင့် အလုံးစုံသော ကျွန်းသူအပေါင်းတို့သည် စည်းဝေးကြကုန်၍ ထိုသူတို့၏ ကြည့်ရှုစဉ်ပင်လျှင် မြောက်ကိုင်းမှ တလုံးသော အသီးသည် မှည့်၍ အခက်မှ ကြွေ၏။ အရှင်မဟိန္ဒထေရ်လည်း လက်တော်ကို ညွှတ်၍ခံ၏။ အသီးသည် မထေရ်၏ လက်တော်၌ တည်လာ၏။ မထေရ်သည် ထိုအသီးကို မင်းမြတ်စိုက်လော့ဟု မင်းအားပေး၏။ မင်းလည်း လှမ်း၍ ယူပြီးလျှင် ရွှေဖျဉ်း၌ ကောင်းသော မြေမှုန့်ကိုထည့်၍ နံ့သာပျော်ဖြင့် ပြည့်စေ၍ စိုက်ပြီးမှ မဟာသနအရပ်၌ထားအပ်၏။ အလုံးစုံသောသူ မြင်စဉ်ပင်လျှင် လေးတောင်မြင့်သော ရှစ်ပင်သော ဟောခိပင်ငယ်တို့သည် ပေါက်လာကုန်၏။ မင်းသည်လည်း ထိုအံ့ဖွယ်ကို မြင်ပြန်လတ်သော် ထိုဟောခိပင်ငယ်တို့ကို ထီးဖြူဖြင့် ပူဇော်၍ အဘိသိက်ကို သွန်း၏။

ထိုနောင် တပင်သော ဟောခိပင်ငယ်ကို လာခဲ့သော ကာလ ဟောခိပင်၏ ရှေးဦးစွာ တည်ရာအရပ် ဇမ္ဗုကောဋဆိပ်၌ စိုက်စေ၏။ တပင်ကို တဝက်ကပုဏ္ဏားရွာတံခါး၌၊ တပင်ကို

ထူပါရုံ၌၊ တပင်ကို ကွသရနမွာနကျောင်း၌၊ တပင်ကို ပထမစေတီယ၌၊ တပင်ကို စေတီယ တောင်၌၊ တစ်ပင်ကိုရောဟဏဇနပုဒ် ဘောဇရွာ၌၊ တစ်ပင်ကို ရောဟဏဇနပုဒ်၌ပင်လျှင် စန္ဒနရွာ၌ စိုက်စေ၏။ ဤမှတပါးသော လေးလုံးသော အသီးတို့မှ သုံးဆယ့်နှစ်ပင်သော ဗောဓိပင်ငယ် တို့ကို ယူဇနာစီခြားသော အရပ်တို့၌ စိုက်စေကုန်၏။

ဤသို့လျှင် သားတော် မြေးတော် မြစ်တော်အစဉ်အဆက်၊ ထက်ဝန်းကျင်သော သီဟိုဠ် ကျွန်းသူ လူအပေါင်းတို့၏ စီးပွားချမ်းသာ အလို့ငှာ တရားတည်ဟူသော တံခွန်ရှိတော် မူသော မြတ်စွာဘုရား၏ ဗောဓိပင် တည်သည်ရှိသော် သဃ်မိတ္တာထေရီအထံ၌ တထောင် သော အခြံအရံ မာတုဂါမနှင့်တကွ အနုဠာဒေဝီ မိဖုရားသည် ရဟန်းပြု၍ မမြင့်မီပင်လျှင် အခြံအရံနှင့်တကွ ရဟန္တာဖြစ်ကုန်၏။ တူတော်ဖြစ်သော အရိဋ္ဌအမတ်သည်လည်း ငါးရာသော ယောကျ်ားတို့နှင့်တကွ မဟိန္ဒထေရ်၏ အထံ၌ ရဟန်းပြု၍ မမြင့်မီပင်လျှင် ရဟန္တာဖြစ်လေ ကုန်၏။ ဤကား–ဝိနည်းအဋ္ဌကထာနိဒါန်း၊ မဟာဝင်ကျမ်းတို့၌လာသောစကားတည်း။

ဤသို့ဆိုအပ်ခဲ့ပြီးသော လင်္ကာဒီပကျွန်း၌တည်သော မဟာဗောဓိပင်သည်ငါတို့ဇမ္ဗူဒီပါကျွန်း၌ တည်သော ဒုမရာဇအာသဿတ္ထာရတဖြစ်သော မဟာဗောဓိပင်၏ တောင်ကိုင်းဖြစ်၍ ဒိက္ခိဏာသာခါ မဟာဗောဓိဟူ၍ ခေါ်ဝေါ်ကုန်သည်။ ထိုဒက္ခိဏာသာခါ မဟာဗောဓိ၏ ငါးလုံးသော အသီး တို့မှ ရှစ်ပင်စီပေါက်သည်ဖြစ်၍ လင်္ကာဒီပကျွန်း၌ အပင်လေးဆယ်ပွားလေသည်။ ဆောင်ယူခဲ့ရင်း ခက်မအပင်နှင့်သော် လေးဆယ့်တပင်ရှိသည်။ ထိုလေးဆယ့်တစ်ပင်တို့သည် သခ်ါရတရား ချည်းသာဖြစ်၍ အမြဲမတည်လေ။ အချို့သောအပင်တို့သည် ရှည်လျားသဖြင့် သေပျောက် ခြင်းသို့ ရောက်လေသည်ဟု ဆရာတို့ ပြောဆိုကြလေသည်။

ဟံသာဝတီမြို့၌ ကလျာဏီသိမ်သမုတ်သောကာလလည်း၊ ယိုယွင်းဟန်ရှိကြောင်းကိုသိသာသည်။ သီဟန်ကား၊ ထိုသိမ်ကျောက်စာ၌ –

ဗောဓိသ ဗောဓိရုက္ခ ပူဇနတ္ထာယ နာနာဝဏ္ဏာနိ ပဉ္စသိတိ ပီဌာနိ သုဝဏ္ဏ လိမ္မိတာနိစ သုဝဏ္ဏလိမ္မိတေ မဓုသိတ္ထကမယေ ပညာသပ္ပဒီပေစ အဓိသဒ်ိရ-

ဟု နှစ်ဆယ့်နှစ်ပင်ရှိသော ဗောဓိပင်တို့ကို ပူဇော်ရန် လျှောက်သည်ဆိုသည်။

ရတနာပူရမြို့ကို တတိယမြောက် တည်ထောင်သော နောင်တော် ဆင်ဖြူရှင်မင်းတရား လက်ထက် သီဟိုဠ်ရောက် သာရလင်္ကာရ သူမြတ် နှုတ်ထွက်စာတမ်းတွင်လည်း အစောင့် အိမ်ခြေတရာနှင့် သဃ်မိတ္တာဆောင်ယူခဲ့သည့် ဗောဓိပင်သာ တွေ့မြင်ခဲ့ကြောင်းကို ဆိုသည်များနှင့် ထောက်သော် အချို့သေပျောက်လျော့ယွင်းသည် ဆိုသောစကားသည် မှန်မည်ကဲ့သို့ရှိ၏။ ထိုဒက္ခိဏာသာခါ မဟာဗောဓိသားတို့ကို အခက်မှစ၍ ပြည်သူတို့သည် ဘုရားရုပ်တု ထုလုပ်၍ ကိုးကွယ်ကုန်သည်။ ရဟန်းသံဃာတို့လည်း မြတ်ထွတ်လှသော သစ်ပင်ဖြစ်သည်ဟူ၍ ထိုရုပ်တုကို အမြတ်တနိုး ကိုးကွယ်ကြကုန်သည်။

ထိုရုပ်တုတော်တို့သည် သက္ကရာဇ် ခုနစ်ရာ့ရှစ်ဆယ့်ရှစ်ခု။ ရတနာပူရ၌ ရွှေနန်းတက်တော် မူသော မိုးညှင်းမင်းတရားလက်ထက်၊ အကြီးအငယ် အဆူသုံးရာကျော် ရောက်လာသည်။ မင်းမှူးမတ်မှစ၍ ပြည်သူလူရဟန်းတို့သည် အမြတ်တနိုး ကိုးကွယ်ကြကုန်သည်ဟူ၍ ဒက္ခိဏာသာခါ ရောက်ရှိကြောင်းကိုဆိုသော မှတ်စုသမိုင်း စာတမ်းတို့၌ ပါသည်။ သက်တော်

ရှည်သော အစဉ်ပဝေဏီ ကထာကို မှတ်သားပြောဆိုလေ့ရှိသော ဆရာတို့သည်လည်း မိုးညှင်းမင်းတရား သားတော်မင်းရဲကျော်စွာ၊ ညီတော် ထူပါရုံဒါယကာ နရပတိကြီး၊ သားတော်မင်းကြီးမဟာသီဟသူရတို့ လက်ထက် အစဉ်မပြတ် ရောက်ပေါက်လျက်ရှိသည်ဟု ပြောစမှတ်ပြုကြကုန်သည်။ ထိုစကားသည် ယုတ္တိရှိသော စကားနှင့်ပင်တူ၏။

အဘယ့်ကြောင့်နည်းဟူမူ မိုးညှင်းမင်းတရားကို လက်ထက် သီဟိုဠ်ကျွန်းက ရဟန်းသံဃာတို့ သာသနာပြု မပြတ်မပြတ်ပင် ရောက်လာသည်ဟု ပြောစဉ် စကားလည်းရှိသည်။

အရိယဝံသဓဇ ပြုစုသည့်ရာဇဝင်တွင်လည်း-

သက္ကရာဇ် ခုနစ်ရာကိုးဆယ်တခုတွင် လင်္ကာဒီပ သီဟိုဠ်ကျွန်းက အရှင်သိရိသဒ္ဓမ္မာလင်္ကာရ၊ အရှင်သိရိသီဟဠမဟာသာမိ အမည်တော်ရှိသော် မဟာထေရ်တို့ သရီရဓာတ်တော် ငါးဆူကို ပင့်ဆောင်ခဲ့သည်၊ သင်္ဘောနှင့် ပုသိမ်သို့ရောက်လာသည်။ တလိုင်းမင်း ဗညားရန်ကချုပ်သော်လည်း နေတော်မမူ သာယာစွာဖောင်နှင့် တလိုင်းမင်း ဗညားရန်က ပြည်မြို့သို့ ပို့လာရသည်ဟု ကြားတော်မူလျှင် ပြည်မြို့တိုင်အောင် ဆီးကြို၍ပင့်ဆောင်ရသည်။ ဆန်တက်လာလျှင် မောင်းမမိသဲ့ မှူးတော်မတ်တော်အပေါင်း ခြံရံလျက် ရွှေဖောင်တော်နှင့်ကြိုသည်။ ရတနာပူရမြို့တော်သို့ ရောက်လျှင် မြေကြီးငလျှင် ပဲ့တင်ထပ်မျှ လှုပ်သည်။

မင်းကြီးလည်း သရီရဓာတ်တော်ငါးဆူကို ဌာပနာသွင်း၍ စစ်ကိုင်းအနောက်ဘက်တွင် သက္ကရာဇ် ခုနစ်ရာကိုးဆယ့်ခုနစ်ခု၊ တပေါင်းလဆန်း နှစ်ရက်၊ စနေနေ့ ဆင်မျှားရှင်တွင်သော ရတနာစေတီကို တည်သည်။ အုတ်ရွှေကျောင်း ကျက်သရေ သုံးတိုက်နှင့် ပြတင်းတရာရှိတည်၍ လျှုတော်မူသည်ဟု ဆိုသည်။

စစ်ကိုင်းမြို့တွင် စောကြက်ထောင့်ဘုရား အနောက်မြောက်ထောင့်၊ ဗဟန်းဝါတောင်တွင် မုဒ္ဒေစေတီဟောင်းကို ပထမ သီဟိုဠ်ရောက် ဘုန်းတော်ကြီး ထပ်မံပြင်လုပ်သည့် လမ်းဦးဘုရားတဆူ၊ လမ်းဦးဘုရားအရှေ့မြောက် လမ်းလွဲအရပ်တွင် ပထမ သီဟိုဠ်ရောက် ဘုန်းတော်ကြီးတည့်သည် နန္ဒမူလ ဘုရားကြီးတဆူ၊ တောင်ထိပ်တွင် ဘုရားကိုလည်း သီဟိုဠ်ရောက် ဘုန်းတော်ကြီးတည်တော်မူသည့် ဆံတော်ရှင် ခေါ်ဝေါ်ကြသည် တဆူ ဤဘုရားတို့ကို တည်တော်မူခဲ့သည်ဟူ၏။

နန္ဒမူလဘုရားအနောက်၊ ဒါနောဘီလူး နေသည့်အရပ်တွင် ပထမသီဟိုဠ်ရောက် ဘုန်းတော်ကြီးနေသည့် ကျောင်းရာ၌ စစ်ကိုင်းသားတို့ စေတီတည်သည်ဖြစ်၍ သီဟိုဠ်ရောက်တွင်သော ဘုရားတဆူ၊ ဤဘုရားများလည်း ကမ္ဘည်းကျောက်စာ အလှူတော် စာတမ်းများနှင့် ရှိသည်ဖြစ်သည်။ ပတူးကြီးသံဃရာဇာ တည်ထားပြုစုသော ဥမင်သုံးဆယ်မြောက်တောင်ထိပ်၌ မိုးညှင်းမင်းတရား ကောင်းမှု၊ ရွေးနရပတိ ကောင်းမှုဟောင်း ဌက်မြက်နား ဘုရားအနောက် ဇင်္ဂီအဆင်းတောင်က တံတိုင်းနားတွင် သိမ်ကိုလည်း ပထမသီဟိုဠ်ရောက် ဘုန်းတော်ကြီးသည် ကိုယ်နှင့်ရည်တူမှတ်သော သံဃာရဟန်းကောင်းတို့ကို ရွေးချယ်၍ သမုတ်တော်မူခဲ့သည်ဟု ဝိနယာလင်္ကာရဋီကာနှင့်တကွ သမိုင်းဟောင်း စာတမ်းတို့၌ ထွက်ဆိုသည်။

ယင်းသို့ဖြစ်၍ မိုးညှင်းမင်းတရားတော်လက်ထက်ဒက္ခိဏာသာခါသီဟိုဠ်ရုပ်တုရောက်လာသည်ဆိုသောစကားသည် ရဟန်းသံဃာတို့ ရောက်လျက်ဖြစ်သောကြောင့် ရဟန်းတို့မည်သည်

ဘုရားသခင်ကို အလွန်လေးမြတ်မြဲ။ လောကဌ် ပညာကြီးသော ပုဂ္ဂိုလ်မည်သည်လည်း ဘုရားသခင်ကို အလွန်လေးမြတ်မြဲဖြစ်၍ ဘုရားသခင်ကိုလေးမြတ်သည်နှင့်အညီ ရုပ်တုတော်ကို အလွန်လေးမြတ်ခြင်းဖြစ်၍ ယူဆောင်ခဲ့ရာသည်။ ထို့ကြောင့် မိုးညှင်းမင်းတရားလက်ထက် ရောက်သည်ဆိုသော စကားသည် မှန်ကန်ရာသည်ဟု ထင်ပေသည်။

တကြောင်းမှာလည်း။ ။သက္ကရာဇ် ခြောက်ရာ့ရှစ်ဆယ့်လေးခု၊ ပန်းယဉ်မင်းပြုသော ဥဇနာမင်းလက်ထပ်၊ ပင်းကျွားအရပ်၌ စကားကျောင်းမကို တည်သည်။ ကျောင်းရံခြောက်ကျောင်း ဆောက်သည်၊ တောင်နားကျောင်းကို တောင်စွန်ရွှေကျောင်း သမုတ်၍ အဘိဓမ္မာတတ် အရှင်သိရိပုညဝါသီ ပုဂ္ဂိုလ်ကိုတင်လျှသည်။ ၎င်းမြောက်ကျောင်းကို ဝေဠုဝန်သမုတ်၍ အဘိဓမ္မာတတ် အရှင်ဉာဏာတေဇပုဂ္ဂိုလ်ကို တင်လျှသည်။ ၎င်းမြောက်ကျောင်းကို ကုလားကျောင်းသမုတ်၍ ဝိနည်းတတ် အရှင် အာဒိစ္စရံသီ ပုဂ္ဂိုလ်ကို တင်လျှသည်။ ၎င်းမြောက်ကျောင်းကြီးကို ဇမ္ဗုက ကျောင်းမတော်ကြီး သမုတ်၍ ပုဂံစာချီအမတ် စောသင်ကား– အရှင်သုဓမ္မမဟာသာမိကို တင်လျှသည်။ ကျောင်းမတော်ကြီးဆရာ သက်တော် ကိုးဆယ့်ငါးနှစ်၊ ခနုလဂ် ခနုစန်း မွေးနံဂြိုလ်မှသည် ကြာသပတေးဂြိုဟ်ရောက် အသက် ရှည်တော်မူသည်။ ၎င်းမြောက် အိမ်နီမှ်ကျောင်းကို သက်ပိုင်မြင်စိုင်းအရပ်၌ သို့တင်းသုံးနေသော အသက် ရှစ်ဆယ့်နှစ်နှစ် ရှိသော ဆန်းအလင်္ကာသဒ္ဒါတတ်သော အရှင် ပရမတ္ထာကို တင်လျှသည်။ ၎င်းအရှေ့ ဇေတဝန် ကျောင်းကို ဝိနည်းတတ် အရှင်ဂုဏာဘိရာမကို တင်လျှတော်မူသည်။ ၎င်းမြောက်နား မြောက်စွန်ရွှေကျောင်းကို သုတ္တန်တတ် အရှင်သုမွာလင်္ကာရကို တင်လျှသည်။ သံဃာနေကျောင်းပေါင်းကြီးငယ် သုံးရာကျော်ရှိ၏ဟု ဆိုသည်။ သာသနာစိုး ခန့်တော်မူသည်ကား ဆရာတော်ကြီး သုဓမ္မမဟာသာမိတူ အရှင်မဟာမဟိန်ကို ခန့်တော်မူသည်။ ကြာသပတေးသား မိန်လင်းမိန်စန်း ကြာသပတေးနှင့်အတူ ကိုးဆယ့်ကိုးနှစ်ခြောက်လ အသက်ရှည်တော်မူ၏။ ငါးစီးရှင်လက်ထက်လည်း စကားကျောင်းတော် အရံအတွင်း ကျောင်းဆောက်ပြီးလျှင် ဇေတဝန်ကျောင်းသမုတ်၍ အရှင်အရိယဝံသ ပုဂ္ဂိုလ်ကို တင်လျှသည်။ ငါးစီးရှင်ကျော်စွာ ယောက်ခမတော် ရှိရှားမြို့စားမိဖုရားက ကျောင်းတော်အနီးတွင် ကျောင်းတည်လည်း၊ နိဂြောဓရုံသမုတ်၍ ဆရာတော်ကြီး၏ မြေးတော်သူ အရှင်မဟာနာမ်ကို တင်လျှသည်။ အသက်တရာ ရှည်တော်မူသည်။

ငါးစီးရှင်ကျော်စွာသား ကျော်စွာငယ်လက်ထက် မိဖုရား ဥမ္မာဒန္တီက ရှိရှားမိဖုရားကျောင်းတော်ရင်းတွင်ကျောင်းတည်သည်။ မေဃဝန်သမုတ်၍ အရှင်မဟာမဟိန်ကိုတင်လျှသည်။ ငါးစီးရှင်သား ကျော်စွာငယ်လက်ထက် စိုးမင်းကိုယ်တော်ကြီးက မောင်နှင့်နမ ဖြစ်ပါသည်။ ခမည်းတော် ဘကြီးတော်တို့လက်ထက် လူကြီးချင်းအခဲဆတ်ကြ၍ မသင့်ရှိလေသည်။ ကွန်ပ်တို့ မောင်နှမ မသင့်မရှိသင့်ပါစေရာတွင် ကျော်စွာငယ်က အလှူကောင်းမှု ပြုရာတွင် သာမုခေါ်ပါလှည့် မှာသောကြောင့် လင် သတိုးဆင်ထိန်း၊ သား သတိုးမင်းဖျား၊ စိုးမင်းကိုယ်တော်ကြီးတို့သုံးယောက် တကောင်းမြို့က စုန်ခဲ့၍ရောက်လျှင် ဒုဗ္ဘာဝတီမြစ်ငယ်ဝတွင် ဆိုက်၍နေကြ၏။ ထိုအခါ ရတနာပုရမြို့ကြီး မတည်မီ ထီးလှိုင်ရှင်ရွှေစာတီအရပ်တွင် အဝဟူသော ရွာရှိ၏။ တကောင်းသား တကောင်းသူတို့လည်း ဆိုင်ခင်း၍ စျေးစည်ပင်စွာ ရောင်းဝယ်ကြ၏။ ထိုစျေးကို တကောင်းစျေးဟု တွင်စေခဲ့၏။

တထုံးလည်း၊ ဘားမဲ့ဆရာတော်က ကိုးဌာနချရာတွင် ဤအရပ်၌ တကောင်း ရောင်းစေဟု ဆို၍ ညောင်ရမ်းလမ်းလက်ထက်သို့ ရောက်မှ တကောင်းဈေး တွင်လေသည် ဟူ၍ စာဟောင်း စာတမ်းတွေ့ဘူး၏။ တောင်ပလူအရပ်၌ သီတင်းသုံးတော်မူသော အရှင်အရှေ့ပရက္ကမ၊ အနောက် ပရက္ကမတို့လည်း ထိုအရပ်ကို ဆွမ်းခံ အမှီပြုတော်မူကြ၏။ စိုးမင်းကိုယ်တော်ကြီးတို့ ဆိုက်ရောက်လျှင် မောင်တော်ကောင်းမှ အနီးအပါးတွင် ကျောင်းတည်ပါရစေဆို၍ အနီးတွင် ကျောင်းတည်သည်။ ပုဗ္ဗာရုံကျောင်းသမုတ်၍ ဆရာတော်ကြီး တပည့်ရင်း အရှင်အဂ္ဂဗောဓိကို တင်လျှူသည်။ လင်သတိုးဆင်ထိန်းလည်း အရှင်ဗိဗွစက်သိမ်ရင်းတွင် မြောက်သို့ဥပစာထား၍ ဘုရားတည်သည်။ ကျွန်းသီးတော် ငါးဆယ်လျှခဲ့သည်။ အရှင်မဟာမဟိန် မရှိနောက် အရှင်မဟာနာမ် သာသနာကို စီရင်သည်။ ထိုကာလ စာသင်ကမ္ဘလွေ လေးရာရှိသောဟူ၏။ အရှင်မဟာနာမ်မရှိနောက် အရှင် ခေမင်္ကသီလ သာသနာတော်ကို စီရင်သည်။ ထိုကာလ ရခိုင်မြို့က စာသင်ကျမ်းတတ် နှစ်ကျိပ်ကိုးပါး စာသင်ရောက်လာသည်။ သီဟိုဠ်ကလည်း အများပင် ရောက်ပေါက်လာသည်။ သက်တော် အလွန်ရှည်တော်မူသည်။

အရှင်အရိယဝံသအကျော်လည်း ပန်းယ စကားကျောင်းတော်၌ပင် ပါဠို, အဋ္ဌကထာ, ဋီကာ ကျမ်းတို့ကို သင်တော်မူသည်ဟု ဆိုသည်။

ထူပါရုံဘုရားရှင် ထီးတော်တင်သောကာလ ပင့်၍ ကြွလာသည့် မထေရ်ခြောက်ရာ သံဃာတော်ငယ်ရှစ်ရာ သံဃာကြီးတထောင်ပါသည်။ တရပတ်ဖြူထမ်း၍ ချည်း သံဃာတို့လိုက်ရာ၊ ဆင်များရှင် ရွှေကျောင်းသို့ ရှေ့ဖျားသံဃာ ရောက်သောကာလ စကားကျောင်းမ ဆရာတော်ကြီး ထီးဖြူနှစ်ချက် ဆောင်းလျက် အရှေ့တံခါး မော်ကွန်းတိုင်စိုက် တံခါးဝသို့ ရောက်ကာသာ ရှိသေး သည်။

ထိုအခါလည်း သီဟိုဠ်ရဟန်းသံဃာအများပင်ပါသည်ဆိုသည်။ ရာဇဝင်တွင်လည်း ထူပါရုံဘုရား ထီးတော်တင်သောကာလ သီဟိုဠ်ကျွန်းတိုင်အောင် ရဟန်းသံဃာအများ ပင့်တော်မူသည်ဟု လာသည်၊ ၎င်းထူပါရုံဒါယကာမင်းနရပတိကြီး၊ မင်းကြီးမဟာသီဟသူရနှင့်မင်းပြိုင်ပြုသော သရေ ခေတ္တရာပြည်မြို့၌ ဆင်ဖြူရှင် သတိုးမင်းစောတို့လက်ထက်လည်း သီဟိုကျွန်းက မဟာဝိဟာရဝါသီ အရှင်သဒ္ဓမ္မစာရီ ပြည်မြို့သို့ ရောက်လာကြောင်းကို တောင်ဘီလာဆရာတော် တိပိဋကာလင်္ကာရ, ရေးမှတ်ခဲ့သော အနုက္ကမတွင်ဆိုသည်။ ပုဂံ သဒ္ဓမ္မဇောတိပါလ ဆရာထံသို့လည်း သီဟိုဠ်ကျွန်းက စာသင်ပုဂ္ဂိုလ်တို့ အများပင် ရောက်ပေါက်လာကြ၏ဟု ဆိုသည်။ နိဒ္ဒေသကျမ်းတွင်လည်း–

> လင်္ကာဒီပဇမ္ဗုဒီပဝါသီနံ သောတုဇနာနံ ပရိယတ္တိ ပရိယာပုဏနတ္ထေန ဆပ္ပဒ္မောတိ ဝိသုတေန-ဟူ၍ ဆိုပါချေသည်။

ဤစကားရပ်တို့ကို ထောက်သော် ထူပါရုံဒါယကာ မင်းနရပတိကြီးလက်ထက် သီဟိုဠ်ကျွန်းက ရဟန်းသံဃာတို့ မပြတ် ရောက်ပေါက်လျက် ရှိဟန်ရှိသည်။ ငါတို့တိုင်းနိုင်ငံများကလည်း သီဟိုဠ် ကျွန်းသို့ မပြတ်ကူးသန်းလျက် စာပေသင်ကြား၍ နေဟန်ရှိသည်။ အရှင်ဝရစက္ကပါလလည်း သီဟိုဠ်ကျွန်းသို့ ကူး၍ စာပေသင်ကြောင်းကို ဇာတ်ပေါင်း၌–

ဝရစက္က၊ ပါလဟူသည်၊ အမည်လိုက်လျော၊ ခံထိုက်သောဟု၊ သဘောထင်ပြ၊ သုပိနဉ်၌၊ ကမ္ဗ-ရွှေညွှန်၊ နတ်တို့ဖန်သား၊ နှံ့ဝန်သိမ္မော်၊ ငါနောင်တော်လည်း၊ တစ်ခေါ်၊လောက်၊ ပုဂ္ဂိုလ်

မြောက်၍၊ လှိုင်ပေါက်ကြေညာ၊ အဝှန်ဝါသား၊ ဆရာကောင်းချည်း၊ ပေးသည့်နည်းတိ၊ မိုးဖျား ထိမှု၊ အကျိုအခဲ၊ နှလုံးထဲဝယ်၊ အမြဲဆည်းပူး၊ အထူးထူးသား၊ ကျေးဇူးချင်းတ၊ ပြည့်စုံလှလျက်၊ မူလသိန်းယိုင်၌၊ မြတ်သည့်ကိုယ်ဖြင့်၊ မင်္ဂဖိုလ်ပစ္စည်း၊ တယောက်တည်းသာ၊ စူးစူးရှာသား၊ သမ္မာရင့်ညောင်း၊ ဗောဓိလောင်းတိ။ ။ဟူ၍လည်းကောင်း။

ဘူရိဒတ်လက်ာရတွင်လည်း–ကျေးဇူးဟူသည်၊ ရောင်ဖြူပဝန်း။ သော်တာထွန်းသို့၊ တကွန်း သိန်းယိုင်၌၊ မည်ပြန်ခေါက်၊ ရောက်တုံပြီးမှ၊ ရပ်သီးခန်းဝါ၊ ကြေညာသာနှင့်၊ ရတနာပုရ၊ လောကသေင်္ခနင်း၊ မင်းတို့တကာ၊ ရိုသေရာဖြင့်၊ သာသနာငါးထောင်၊ ထမ်းဆောင်နေ့တိုင်း၊ ကြီးနှယ်ဆိုင်းသား၊ စစ်ကိုင်းဟူသည်၊ ရွှေပြည်မြောက်ပါး၊ မြို့တောဖျားဝယ်၊ တရားမွေလျော်၊ ကုသိုလ်ပျော်သည်၊ သူတော်ထေရ်ကောင်း၊ ဗောဓိလောင်း၏၊ အပေါင်းထင်ရှား၊ တပည့်များတွင်၊ တွက်ကျံဝင်သား၊ မည်ပင်ရည်၊ သာရအစစ်၊ ဆယ့်ခြောက်နှစ်လျှင်၊ တက်သစ်အရွယ်၊ လူငယ်သော်ကား"ဟူ၍လည်းကောင်း၊

စပ်တော်မူသောကြောင့်၊ နောင်တော်ဖြစ်သော ဆရာစက္ကပါလသည် သီဟိုဠ်ကွန်းသို့ ကူး၍ စာပေသင်ကြောင်းကို သိသာသည်။ အရှင်ရဋ္ဌသာရသည် နောင်တော်ထံ စာသင်၍ အခြေရမှ တပါးသီဟိုဠ်က ပြန်ရောက်သော ဆရာတို့ထံသင်၍၊ တတ်မြောက်သောပုဂ္ဂိုလ်ကြီး မထေရ်ကြီးတို့တွင် သင်ပြန်ကြောင်းကိုလည်း ဇာတ်ပေါင်းပို့၌ –

ရဋ္ဌသာရ၊ လဒ္ဓသရော်၊ နွတ္ထခေါ်သား၊ သူတော်သွေရည်၊ ငါတုံသည်လည်း၊ ဖြောင့်ကြည်သဒ္ဓါ။ နောင်ဆရာလျှင်၊ သမ္မာရင့်လှည့်၊ ညီတပည့်ဟု၊ မပြည့်ပေါ်ထင်၊ တဝမ်းတွင်က၊ ချစ်ခင်တမူ၊ မဟူစသာ၊ နည်းနာသင်ထွေ၊ အခြေရမြောက်၊ ကြွံကြံထောက်၍၊ ပြန်ရောက်သိန်းယိုင်၌၊ ကျေးဇူးကိုသား၊ ပုဂ္ဂိုလ်မည်သီး၊ ထေရ်ဘုန်းကြီးဝယ်၊ မှီးခဲ့လက်လွတ်၊ ကြွင်းမဲ့တတ်သား၊ ထေရ်မြတ်တို့ထံ၊ ထုံးစံရမိ၊ အပြည့်ကျိလျက် ဟူ၍လည်းကောင်း။

ဟတ္တိပါလတွင်လည်း –

စစ်ကိုင်းချောက်၌၊ မပျောက်အာပတ်၊ ပိဋကတ်တတ်စွာ၊ သုဒ္ဓါစာရ၊ သီလဂုဏာဝန်၊ ထေရ်မွန်ပုဂ္ဂိုလ်၊ သိန်းယိုင်ရောက်ကြီး၊ သံဃာထီးကို၊ ယှဉ်မှီးငြမ်းထောက်၊ ထိပ်ထက်ဆောက်မှ၊ ဟူ၍လည်းကောင်း စပ်တော်မူသည်။

ယှဉ်မှီးဟူသည်ကား – သံဃာ့ထီးကို မှီဝဲဆည်းကပ်သည်။ ငြမ်းထောက်ဟူသည်ကား – လက်ထောက်လည်သည် ဟူလိုသည်၊ ထိပ်ထက်ဆောက်ဟူသည်ကား–ထိုသိန်းယိုင်ရောက်ဆရာ၏ ငြမ်းလက်ထောက် ဆရာကို ထိပ်ထက်တင်၏ ဟူလိုသည်။ ထိပ်ဦး၌တင်သော ပန်းကို ဦးဆောက်ပန်း ဆိုဘိသကဲ့သို့၊ ထိပ်ထက်ဆောက် ဆိုသည်ကား–ထိပ်ထက်တင်၏ ဟူလိုသည်။ ဤအရာတွင် အချို့ဆရာတို့သည်လည်း သံဃာ့ထီးကို၊ ဆီးမီးဉာဏ်ထောက်၊ ထိပ်ထက် ဆောက်မှ ဟူသည်ကား – ပထမသိန်းယိုင်ရောက် ဆရာကြီးကိုပင် ယှဉ်တွဲ၍ ဉာဏ်တည်းဟူသော ဆီမီးတောက်ကို ထိပ်ထက်ဆောက်သည်ဟူ၍လည်း ယူကြ၏။

အရှင်မဟာရဋ္ဌသာရတို့လက်ထက် ငါတို့တိုင်းနိုင်ငံကလည်း ကူးသွား၍ သိန်းယိုင်ကွန်းမှာ စာပေသင်ကြ၏။ သိန်းယိုင်ကွန်းကလည်း ကူးလာ၍ စာပေသင်ကြ၏။ အရှင်မဟာရဋ္ဌသာရတို့

ကျေးဇူးအရည်အသွား ဂုဏ်သတင်းကိုလည်း သိန်းယိုင်ခဲကျွန်းမှာ ပြောဟောပြသကြ၍ အလွန်ကျော်စော ထင်ရှားလေ၏ဟု ဆိုသည်။

ဟတ္ထိပါလပျို့ နိဂုံးတွင်လည်း –

ကံကျွေးဝတ္ထု၊ ဤကျမ်းပြုသား၊ ဂရုမြောက်ရည်၊ မဟာထေရ်ကို၊ မြန်ပြည်မဆန့်၊ ကျော်နှံသတင်း၊ သိန်းယိုင်ခဲချင်းသည်၊ မည်ရင်းအဘယ်သညာနည်း။ ဟု အစပ်ရှိသည်။

ရာဇဝင်တွင်လည်း ထူပါရုံ၊ ဒါယကာမင်း နရပတိကြီးလက်ထက် တကြိမ်။ ရတနာမြစည်းခုံ ဒါယကာမင်းကြီး မဟာသီဟသူရ လက်ထက်လည်းတကြိမ်။ ရာဇဗလ စိတ္တဒူတ ရာဇတမန်တို့ကို စေလွှတ်၍ သိန်းယိုင်ခဲကျွန်း စွယ်တော် စက်တော်ရာ မဟာစေတီ မဟာဗောဓိတို့ကိုအလှူတော်သွား၍ လှူရကြောင်းကို နှစ်ကြိမ်ပင်ဆိုသည်။

ပုဂံမြို့ ဆပွဒေါသဉမင်၌ သီတင်းသုံးနေသော ကျမ်းပြုဆရာ အရှင်သဒ္ဓမ္မဇောတိပါလဆရာသည် သီဟိုဠ်ကျွန်းကို ကူးလေသည်ကာလ သာသနာတော် တထောင့်ကိုးရာကိုးဆယ်တွင် အရိမဒ္ဒနာပြည်မှ ကူးသွားကြောင်းကို သုတ္တနိဒ္ဒေသစသောကျမ်းတို့၌ –

ပုဏ္ဏော ဒသေ နဝနဝုတိဂဏော စ ဝဿေ၊ ဝဿေ သဟဿဂဏနေ ဇိနနိဗ္ဗုတမှာ –

စသည်ဖြင့်ဆိုသည်။ ထိုသာသနာတော်ထောင့်ကိုးရာကိုးဆယ်တွင် ဒွေအဋ္ဌကောဖြင့် နုတ်သည်ရှိသော် သက္ကရာဇ် ရှစ်ရာရှစ်ခု အကြွင်းရသည်။ ထိုရှစ်ရာရှစ်ခုသည် ထူပါရုံဒါယကာမင်း နရပတိရွှေနန်းတက်၍ နန်းစံလေးနှစ် ထူပါရုံတည်ဆဲ နှစ်နှစ်တွင်းတွင်ပင် အတွက်ရသည်။ မင်းနရပတိကြီးသည်ကား သက္ကရာဇ် ရှစ်ရာလေးခုတွင် နန်းတက်သည်။ သက္ကရာဇ်ရှစ်ရာခြောက်ခုတန်ဆောင်မုန်းလဆန်း တဆယ့်သုံးရက် သောကြာနေ့ နေဝန်းထွက်သည်နှင့်တပြိုင်နက် မိဿဠ်စန်း ရာဟု၊ မေထုန်၌ စနေ၊ ကရကဋ္ဌ၌ ကြာသပတေး၊ တူ၌ တနင်္ဂနွေ၊ ဗုဒ္ဓဟူး သောကြာလင်၊ ခနု၌ အင်္ဂါ၊ ထိုအခါ၌ ထူပါရုံကိုတည်တော်မူသည်။ ယင်းသို့ဖြစ်၍ နန်းတက်၍ နန်းစံလေးနှစ် ထူပါရုံတည်၍ နှစ်နှစ်ခန့်တွင် အတွက်ရသည်။

ထို့ကြောင့် မိုးညှင်းမင်းတရား ငင်းသားတော် မင်းရဲကျော်စွာ ညီတော်မင်းနရပတိကြီးသားတော်မင်းကြီး မဟာသီဟသူရတို့လက်ထက် သီဟိုဠ်ကျွန်းက ငါတို့တိုင်းပြည်သို့ ရောက်လာကုန်သည်လည်း အများပင်ဖြစ်သည်၊ ငါတို့တိုင်းပြည် နိုင်ငံကလည်း သီဟိုဠ်ကျွန်းသို့ သွားကြသည်လည်း အများပင်ဖြစ်သည်၊ ထိုသို့ကူးလာကြသောကာလ ပင့်ဆောင်ခဲ့၍ အမြဲပင်ရောက်သည်ရှိရာသည်။

ထိုကား အရပ်ရပ်တို့ကိုထောက်၍ မိုးညှင်းမင်းတရား သားတော်မင်းရဲကျော်စွာ ညီတော်မင်းနရပတိကြီး သားတော်မင်းကြီး မဟာသီဟသူရတို့ လက်ထက်လည်း ဒက္ခိဏာသာခါ မဟာဗောဓိသား ရုပ်ထုတော်တို့ ရောက်လာ၏ဟု ယူသော်လည်း မှန်ရာသည်ပင်ဖြစ်တော့သည်။ မုချကား မှန်၏ဟူ၍ မဆိုနိုင်၊ ငါတို့သည် အသက်အရွယ်လည်း ငယ်သည် အစီအစဉ်ကိုလည်း မမိလိုက် ဗဟုသုတ အကြားအမြင်လည်း နည်းသည် စာဟောင်း ထုံးဟောင်းများကိုလည်း စုံစုံစေ့စေ့ မတွေ့ရ အစဉ်မီသော အသက်သိက္ခာကြီးသော ဗဟုသုတ ပုဂ္ဂိုလ်မြတ်တို့သာလျှင် အမှန်အကန် သိတန်ရာသည်။

သို့ရာတွင် ငါတို့အယူသော်ကား ထိုစကားသည် မှန်သည်ဖြစ်စေ မမှန်သည်ဖြစ်စေ ဒက္ခိဏာသာခါ မဟာဗောဓိသား မှန်သည်ဖြစ်စေ၊ မမှန်သည်ဖြစ်စေ၊ ငါတို့တိုင်းနိုင်ငံ၌ရှိသော ဂါမပူဇိတ = ရွာပူဇော်သော။ နိဂမပူဇိတ = နိဂုံးပူဇော်သော။ နဂရပူဇိတ = မြို့ပူဇော်သော။ ရဋ္ဌပူဇိတ = တိုင်းပြည်ပူဇော်သော။ စေတိယရုက္ခ၊ စေတီသစ်ပင် ဟူ၍မှတ်သော ဗောဓိပင် မှန်သည်ဖြစ်စေ မမှန်သည်ဖြစ်စေ စန္ဒကူ သရက္ခန် မှန်သည်ဖြစ်စေ မမှန်သည်ဖြစ်စေ ကျွန်း ယမနေ, ရေသဖန်း, သစ်သင်္ဘန်း, ကရဝဲစသော သစ်ထူးသစ်မြတ် မှန်သည်ဖြစ်စေ မမှန်သည် ဖြစ်စေ အရှည်ခိုင်ခံ့ သန့်ပြန့်ချောမွတ်သော သစ်ဟူသမျှကို အစွမ်းအလျောက် လျော်ကန်တတ် တင့်တယ်စွာ ထုလုပ်ရလျှင် ဗုဒ္ဓရူပ ဗုဒ္ဓပဋိမာ ဗုဒ္ဓဗိမ္ဗ ဗုဒ္ဓသဒိသချည်းပင် ဖြစ်တော့သည်။

ဗုဒ္ဓရူပ ဗုဒ္ဓပဋိမာ ဗုဒ္ဓဗိမ္ဗ ဗုဒ္ဓသဒိသ ဖြစ်ကလည်း ဥဒ္ဒိသက စေတီချည်းပင် ဖြစ်တော့သည်၊ ဥဒ္ဒိသကစေတီ ဖြစ်ကလည်း ကိုးကွယ် ပူဇော်လေသမျှသော နတ်လူအပေါင်းတို့သည် ပစ္စုပ္ပန်၌ လည်းကောင်း, သံသရာ၌လည်းကောင်း လူ့ချမ်းသာ နတ်ချမ်းသာ နှစ်ပါးကိုရ၍ အဆုံး၌ ဝိမုတ္တိရသကို ရကြမည်ချည်း ဖြစ်တော့သည်။ ဝိမုတ္တိရသကို ရကြလျှင်လည်း ပြုအပ်ပြီးသော ကိစ္စရှိလေတော့သည်ဟု နှလုံးပိုက်ယူမိသည်ဖြစ်၍ ဒက္ခိဏာသာခါ ရုပ်တု မှန်သည် မမှန်သည်တို့ကို အတူးမစိစစ်လိုပြီဟု အထင်ရှိပေသည်။

ဤသို့လျှင် ရုပ်တုတော်တို့ကို ဒက္ခိဏာသာခါ ခေါ်ဝေါ်ခြင်းသည်ကား – ဖြစ်ရင်းဗောဓိပင်ကိုစွဲ၍ ခေါ်ဝေါ်လေသည်။

၁၀၂-ပုစ္ဆာ။ ။အနဝတတ်အိုင်ဝယ် တောင်ငါးလုံးတို့သည် အဘယ်ကနေသည်ကိုလည်း သိလိုပါသည်။

၁၀၂ ဝိသဇ္ဇနာ။ ။အနဝတ္တာဘ်အိုင်ဝယ် တောင်ငါးလုံးနေဟန်ကို သိလိုပါသည်ဟူရာ၌ –

ကပ္ပသာရတွင် ကေလာသတောင်သည် အနောက်မြောက်ယွန်း၌ တည်၏။ သုဒဿနတောင်သည် အရှေ့မြောက်ယွန်း၌ တည်၏။ စိတြတောင်သည် အရှေ့တောင်ယွန်း၌ တည်၏။ ကာဠာဂိရိတောင် သည် တောင်တူရူး၌ တည်၏။ ဂန္ဓမာဒနတောင်သည် အနောက်တောင်ယွန်း၌ တည်၏။ အဝန်း အစောက်မျှစိအားဖြင့် ငါးလုံးသော တောင်တို့သည် အနဝတတ်အိုင်ကို လည်၍ တည်၏။ အနဝတတ်အိုင် အရှေ့မျက်နှာမှရေသည် အရှေ့မျက်နှာ စိတြတောင်ယံကို ထွင်း၍ ထွက်သည်။ အနောက်မျက်နှာမှ ရေသည် ဂန္ဓမာဒနတောင်ယံကို ထွင်း၍ ထွက်သည်။ မြောက်မျက်နှာမှရေသည် သုဒဿနတောင်ကို ထွင်း၍ထွက်သည်။ တောင်မျက်နှာမှရေသည် ကာဠာဂိရိတောင်ကို ထွင်း၍ ထွက်သည်ဟူ၍ တောင်နေရာ ပြန်လေးရုပ်တို့သည် တောင်လေးလုံးကို ထွင်း၍ ထွက်ဟန်တို့ကို ကပ္ပသာရတွင် ဆိုသည်။

၁၀၃-ပုစ္ဆာ။ ။ဘုရားသခင်မယ်တော်ဖြစ်သော သိရိမဟာမာယာဒေဝီသည် ဘုရားငါးဆူ မယ်တော်ခံရလတ္တံ့ဟု ပြောဆိုကြပါသည်။ ဘုရားငါးဆူ မယ်တော်ခံရမည်မှန်လျှင်လည်း မေတ္တေယျဘုရားသခင် မယ်တော်ဖြစ်ရပြန်ဦးမည်။ မေတ္တေယျဘုရားသခင် မယ်တော်ဖြစ်ပြန်ကလည်း လူပြည်၌ ပဋိသန္ဓေနေပြန်ရဦးမည်။ နေပြန်ရကလည်း ဥဒ္ဒါသောတသောတာပန်ဖြစ်၍ အထက်ဘုံသို့တက်ရမည် ဆိုသောစကားတို့ မည်နိုင်ရာသော သဘော

ရှိခဲ့ရာပါသည်။ဘုရားငါးဆူမယ်တော်ဖြစ်မည် မဖြစ်မည်တချက်။ ဥဒ္ဒဿောတ သောတာပန် မှန်မည် မမှန်မည် တချက်။ ဤနှစ်ချက် ကိုလည်း ခြားနား၍ သိလိုပါသည်။

သက္ကရာဇ် ၁၁၇၂-ခု၊ တော်သလင်းလဆန်း ၁-ရက်၊ တနင်းလာနေ့။ မုံရွာသိရိမာလာက လျှောက်လာရာတွင် ဖြေဆိုလိုက်သည်ကား။

၁၀၃-ဝိသဇ္ဇနာ။ ။မယ်တော်မာယာဒေဝီသည် ဘုရားငါးဆူ၏ မယ်တော်ဖြစ်သင့် မဖြစ်သင့်ကို မေးရာ၌ –

နှေးဘုရားတဆူ၏ မယ်တော်ဖြစ်ပြီးသော သူတို့သည် နောက်ဘုရားတဆူ၏ မယ်တော် မဖြစ်သင့်ပြီဟု မှတ်သင့်သည်။ မှတ်သင့်ကြောင်းကာ ဗုဒ္ဓဝင်ပါဠိတော်၌ –

ဗြာဟ္မဏော အဂ္ဂိဒတ္တော စ၊ အာသိ ဗုဒ္ဓဿ သော ပိတာ။
ဝိသာခါ နာမ ဇနိကာ၊ ကကုသန္ဓဿ မဟေသိနော။

ဗြာဟ္မဏော ယညဒတ္တော စ၊ အာသိ ဗုဒ္ဓဿ သော ပိတာ။
ဥတ္တရာ နာမ ဇနိကာ၊ ကောဏာဂမနဿ သတ္ထုနော။

ဗြာဟ္မဏော ဗြဟ္မဒတ္တော စ၊ အာသိ ဗုဒ္ဓဿသော ပိတာ။
ဓနဝတီ နာမ ဇနိကာ၊ ကဿပဿ မဟေသိနော။

ဟုလာသည်။ ကကုသန်မြတ်စွာဘုရား၏ ခမည်းတော် ပုဏ္ဏားမျိုး အဂ္ဂိဒတ္တ၊ မယ်တော်ကား-ဝိသာခါ။

ကောဏာဂုံမြတ်စွာဘုရား၏ ခမည်းတော် ပုဏ္ဏားမျိုး ယညဒတ္တ၊ မယ်တော်ကား-ဥတ္တရာ။ ကဿပမြတ်စွာဘုရား ခမည်းတော် ပုဏ္ဏားမျိုး ဗြဟ္မဒတ္တ၊ မယ်တော်ကား ဓနဝတီအမည်တွင်သည်ဟု ဆိုသည်။

ဤသို့ အမည်နာမ အသီးအသီး ခမည်းတော် မယ်တော်တို့ကို ဆိုသည်။ ဘုရားတစ်ဆူ ကိန်းပြီးသော မယ်တော် ဝမ်းတိုက်သည်လည်း စေတီကိန်းသော ကုဋိတိုက်နှင့် တူသည်။ တပါး သောသူတို့ သုံးဆောင်ခြင်းဌာ မထိုက်ဆိုသည်။ ထို့ကြောင့် သုတ်မဟာဝါ အဋ္ဌကထာ မဟာပဒါန သုတ်အဖွင့်တွင်—

ဗောဓိသတ္တောန ဝသိတဋ္ဌာနဠိ စေတိယသဒိသံ ဟောတိ၊ န အညေသံ ပရိဘောဂါရဟံ

ဟု ဆိုသည်နှင့်အညီ။

ကကုန်သန်ဘုရား ကိန်းပြီးသော စေတီတိုက်သည် ကောဏာဂုံ ကဿပဘုရား စသည်တို့၏ ကိန်းဝပ်ရာမဟုတ် မှတ်ရာသည်။ ဤသို့ ယုတ္တိအားဖြင့်လည်း မှတ်ရာသည်။

တကြောင်းမှာလည်း—

ကတော ကေနဝုတိကပ္ပေ ဝိပဿီနာမသတ္ထာ လောကေ ဥဒပါဒိ။ တသ္မိံ ဗန္ဓုမတိနဂရံ နိဿာယ ခေမေ မိဂဒါယေ ဝိဟရန္တော။

အစရှိသည်ဖြင့် ဝေဿန္တရာဇာတ်၌ လာသည်။

အဓိပ္ပာယ်ကား။ ။ဤကမ္ဘာမှ ပြန်၍ရသော် ကိုးဆယ့်တကမ္ဘာထက်၌ ဝိပဿီဘုရားသခင်သည် ဗန္ဓုမတီပြည်ကိုမှီ၍ ခေမာမည်သော ဘေးမဲ့တော၌ နေတော်မူစဉ် တယောက်သောမင်းသည် ဗန္ဓုမမင်းအား အဖိုးများစွာ ထိုက်သော စန္ဒကူးနှစ်နှင့်တကွ တသိန်းထိုက်သော ရွှေပန်းခိုင်ကိုဆက်၏။ ဗန္ဓုမမင်းသည် စန္ဒကူးနှစ်ကို သမီးအကြီးအားပေး၏။ ရွှေပန်းခိုင်ကို သမီးအငယ်အားပေး၏။ နှစ်ယောက်သော မင်းသမီးတို့သည် ငါတို့ကိုယ်တွင် မဆင်ပြီ၊ မြတ်စွာဘုရားကို ပူဇော်အံ့ဟုကြံ၍ သမီးအကြီးသည် စန္ဒကူးနှစ်ကို သိမ်မွေ့လှစွာ အမှုန့်ပြု၍ ရွှေကြုတ်တွင်သွင်း၍ သမီးအငယ်သည် ရွှေပန်းခိုင်ကို ရင်လွှမ်းတန်ဆာပြု၍ ရွှေကြုတ်တွင်သွင်း၍ ကျောင်းတော်သို့သွားပြီးလျှင် သမီးအကြီးသည်စန္ဒကူးမှုန့်ဖြင့် မြတ်စွာဘုရား၏ ကိုယ်တော်ကို ပူဇော်၏။ ကြွင်းသော အမှုန့်တို့ကို ဂန္ဓကုဋိဌ်ကြ၍ အရှင်ဘုရား နောင်သောအခါ ကိုယ်တော်ကဲ့သို့သော ဘုရားသခင်၏ အမိဖြစ်ရပါလို၏ဟု ဆုတောင်း၏။

ညီမငယ်သည်လည်း ဘုရားသခင်ကိုယ်တော်ကို ရွှေပန်းဖြင့် ပြုအပ်သော ရင်လွှမ်းဖြင့် ပူဇော်၍ အရှင်ဘုရား နောင်သောအခါ နိဗ္ဗာန်မရမီ ကာလပတ်လုံး ဤတန်ဆာသည် အကျွန်ုပ်ကိုယ်မှ မကွာသည်သာ ဖြစ်စေသောဟု ဆုပန်၏။ မြတ်စွာဘုရားသည်လည်း ထိုသူတို့အား အနုမောဒနာကိုပြုတော်မူ၏ ထိုနှစ်ယောက်သောသူတို့သည် အသက်ထက်ဆုံးတည်၍ နတ်ပြည်၌ ဖြစ်ကုန်၏။ ထိုနှစ်ယောက်တို့တွင် သမီးအကြီးသည် နတ်ပြည် လူပြည် လူးလားစုန်ဆန် ခံစား၍ ကိုးဆယ့်တကမ္ဘာ၏အဆုံး၌ ငါဘုရားသခင် မယ်တော် မဟာမာယာဒေဝီ ဖြစ်လာ၏။

သမီးအငယ်သည်ကား ထိုအတူ ကျင်လည်ခဲ့ပြီး၍ ကဿပမြတ်စွာဘုရားလက်ထက် ကိကီမင်း၏ သမီးဖြစ်လာ၏။ ပန်းခြီ ဆေးရုပ်ဖြင့် ရေးဘိသကဲ့သို့ ရင်လွှမ်းပန်းဖြင့် တန်ဆာဆင်ရသောကြောင့် ဥရုဇ္ဈ အမည်ရှိ၏။ တဆယ့်ခြောက်နှစ်မြောက်သောကာလ ကဿပ မြတ်စွာဘုရား၏ ဆွမ်းအနုမောဒနာ တရားတော်မြတ်ကို နာရ၍ သောတာပတ္တိဖိုလ်၌ တည်လေ၏။ နောင်သောအခါ ဆွမ်းအနုမောဒနာကိုပင် နာစဉ် အဖသည် သောတာပတ္တိဖိုလ်၌ တည်သောနေ့၌ အရဟတ္တဖိုလ်သို့ရောက်၍ ရဟန်းပြု၍ ပရိနိဗ္ဗာန် ယူလေ၏။

ကိကီမင်းကြီးအား တပါးကုန်သော သမီးခုနစ်ယောက်တို့ကိုလည်းရ၏–

သမဏီ သမဏဂုတ္တာစ၊ ဘိက္ခုနီ ဘိက္ခုဒါယိကာ။
ဓမ္မာစေဝ သုဓမ္မာ စ၊ သံဃဒါယီ စ သတ္တမီတိ။

ခေမာ ဥပ္ပလဝဏ္ဏာ စ၊ ပဋာစာရီ စ ဂေါတမီ။
ဓမ္မဒိန္နာ မဟာမာယာ၊ ဝိသာခါတိ စ သတ္တမီတိ။

ထိုသမီးခုနစ်ယောက်တို့တွင် သမဏီသည် ယခုအခါ ခေမာဖြစ်လာ၏။ သမဏဂုတ္တာသည် ဥပ္ပလဝဏ်ဖြစ်၏။ ဘိက္ခုနီသည် ပဋာစာရီ။ ဘိက္ခုဒါယိကာသည် ဂေါတမီ။ ဓမ္မာသည် ဓမ္မဒိန္နာ။ သုဓမ္မာသည် မဟာမာယာ။ သံဃဒါယီသည် ဝိသာခါဖြစ်လာ၏။

ကဿပဘုရားလက်ထက် သုဓမ္မာသည် ဝိပဿီဘုရားလက်ထက် စန္ဒကူးမှုန့်ဖြင့် ပူဇော်ခဲ့ဖူးသောကြောင့် ဝေဿန္တရာမင်း မယ်တော် စန္ဒကူးနီဖြင့် လိမ်းကျံလျက် တည်သော ဖုဿတီမိဖုရားပင်တည်း။ ဖုဿတီမိဖုရားသည် ငါတို့ဘုရားလက်ထက် မယ်တော်မာယာပင်တည်းဟု ဝေဿန္တရာဇာတ်တွင်ဆိုသည်။ ဤသို့လာသော သာဓကဘုံလည်း မယ်တော်မာယာ အလောင်းသည်

ကဿပဘုရားမယ်တော် ဖြစ်သည်မှန်အံ့။ ဘုရားမယ်တော်တို့သည် ဘုရားအလောင်းကို ဖွား၍ ခုနှစ်ရက်လည်ရုံမျှသာတည်၍ တုသိသာနတ်ပြည်မှာ ဖြစ်မြဲဆိုသည်။ တုသိတာနတ်ပြည်မှာသာ ရှိလေရာသည်။

မယ်တော်မာယာအလောင်းကား ကိကိမင်းကြီးသမီးတွင် ခြောက်ယောက်မြောက် ဖြစ်သော သုဓမ္မဖြစ်သည်ဆိုသည်။ ယင်းသို့ အာဂုံသာဓကနှင့် ထောက်သော်လည်း မသင့်ဖြစ်ပြန်သည်။ တုသိတာနတ်ပြည်မှာဖြစ်သည်မှန်၏။ ကမ္ဘာ့ဘယစသည်တို့တွင် တပါးပါးကြိုက်၍ စုတေခဲ့ပြီးလျှင် လူ့ပြည်မှာ ဖြစ်ပြန်လေအံ့လောဟူအံ့။ ပါရမီသမ္ဘာရနှင့် အလွန်ပြည့်စုံသော ကဿပမယ်တော် ဖြစ်သောနတ်သည် ကမ္ဘာ့ဘယစသော စုတေခြင်းဖြင့်လည်း မစုတေရာ။

မဟာဝင်ကျမ်း, ထူပဝင်ကျမ်းတို့တွင်လည်း သီဟိဠ်ကျွန်း၌ ကာကဝဏ္ဏမင်းသည် မေတ္တေယျဘုရားခမည်းတော် သုဇြဟ္မာ၊ မိဖုရား ဝိဟာရဒေဝီသည် မယ်တော်ဇြဟ္မဝတီ၊ သားကြီး ဒုဋ္ဌဂါမဏိမင်းကြီးသည် လက်ယာရံ၊ သားတော်အငယ် သဒ္ဓါတိဿသည် လက်ဝဲရံ၊ ဒုဋ္ဌဂါမဏိမင်းကြီး၏ မိဖုရားကြီး အနုဠာဒေဝီသည် မေတ္တေယျဘုရားလောင်း၏ အဂ္ဂမဟေသီ၊ သာလိမင်းသားသည် ဘုရားသားတော်၊ မင်း၏ဘဏ္ဍာစိုး သယ်မစ္စသည် အလုပ်အကျွေးယောကျ်ား၊ ထူပဝင်တွင် ထိုအမတ်၏ မယားသည် အလုပ်အကျွေးမိန်းမ၊ မဟာဝင်တွင် အမတ်၏သမီးသည် အလုပ်အကျွေးမိန်းမဖြစ်အံ့ဟူ၍ အမည် အမျိုး အခြားသီးသန့်၍ ဆိုသည်။

> ဧဝံ တေ သဗ္ဗေပိ ကတာဓိကာရာ ဟေတုသမ္ပန္နာ မေတ္တေယျဿ ဘဂဝတော ဥပ္ပန္နကာလေ တဿ သန္တိကေ ဓမ္မံ သုတ္ဝာ ဒုက္ခဿန္တံ် ကရဿန္တိ။ အနုပါဒိသေသာယ နိဗ္ဗာနဓာတုယာ ပရိနိဗ္ဗာယိဿန္တိ။

ထိုသူတို့သည် ပြုအပ်ပြီးသော ဆုတောင်းခြင်း ရှိကုန်၏။ အကြောင်းနှင့် ပြည့်စုံကုန်၏။ မေတ္တေယျအထံတော်၌ တရားနာ၍ ဒုက္ခ၏အဆုံးကို ပြုကုန်လတ္တံ့၊ အနုပါဒိသေသ နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန် ပြုကုန်လတ္တံ့ဟူ၍ ထူပဝင်တွင်ဆိုသည်။ မယ်တော်မာယာပင် တဖန် ဖြစ်လာပြန်အံ့ဟူ၍ မဆိုမလာ။ တစုံတခုသော ကျမ်းတွင်မှသော်လည်း ရှေးဘုရားတဆူ မယ်တော်သည် နောက်ဘုရားတဆူ အမိ ဖြစ်ပြန်ရသည်ဟုမရှိ။ ဝိသုဒ္ဓိမဂ် အနာဂတံသဉာဏ်အဖွင့်တွင်–

> အနာဂတေ မေတ္တေယျော နာမ ဘဂဝါ ဥပ္ပဇ္ဇိဿတိ။ သုဇြဟ္မာ နာမဿ ဗြာဟ္မဏော ပိတာ ဘဝိဿတိ၊ ဇြဟ္မဝတီ နာမ ဗြဟ္မဏီ မာတာတိ။

ဟူ၍ အဖကား သုဇြဟ္မာ ပုဏ္ဏား။ အမိကား ဇြဟ္မဝတီ ပုဏ္ဏားမဖြစ်မည်ဟူ၍သာဆိုသည်။ မယ်တော်မာယာကပင် ဖြစ်မည်ဟူ၍ အထူးမဆိုဖြစ်၍ အရာမဟုတ်သည်၌ ကူးသန်း၍ မကြဲမမေးအပ် မပြောအပ်သော အရာဖြစ်သည်။

ထို့ကြောင့် ကကုသန် ကောဏာဂုံ ကဿပဘုရားတို့၏ မယ်တော်ဖြစ်ဖူးလေပြီဟု ယူသော သံသယကို ပယ်အပ်၏။ မေတ္တေယျဘုရားသခင်၏ မယ်တော်ဖြစ်လတ္တံ့ဟု ယူသော ဝိမတိကိုလည်း ပယ်အပ်၏။

တစ်ချက်လည်း–မယ်တော်မာယာဒေဝီကိုပင် ဥဒ္ဓံသောတ သောတာပန်ဟူသော မနသိကာရနှင့်မေးသည်။ မေးသော အလိုကား။ ဥဒ္ဓံသောတဆိုသည်ကား သောတာပန်ဖြစ်

သည်။ သောတာပန်ဆိုသည်ကား ဥဒ္ဓံသောတဖြစ်သည်ဟု ထင်မှတ်မိသော မနသိကာရ ရှေးရှိသည်။ ဤအရာလည်း မဟုတ်ပင်ဖြစ်၍ ဤမနသိကာရကိုလည်း ပယ်အပ်သည်။ ပယ်ရာသော အကြောင်းကား —သောတာပန် ပုဂ္ဂိုလ်တို့သည်လည်း ဥဒ္ဓံသောတမဟုတ်၊ ဥဒ္ဓံ-သောတပုဂ္ဂိုလ်တို့သည်လည်း သောတာပန်မဟုတ်ဖြစ်သည်။

သောတာပန်မျိုးကား —

သတ္တက္ခတ္တုပရမော၊ ဣဓေကစ္စော ပုဂ္ဂလော တိဏ္ဏံ သံယောဇနာနံ ပရိက္ခယာ သောတာပန္နော ဟောတိ။

စသည်ဖြင့်လည်းကောင်း။

ကောလံကောလော၊ ဣဓေကစ္စော ပုဂ္ဂလော တိဏ္ဏံ သံယောဇနာနံ ပရိက္ခယာ သောတာပန္နော ဟောတိ။

စသည်ဖြင့်လည်းကောင်း။

ဧကဗီဇီ၊ ဣဓေကစ္စော ပုဂ္ဂလော တိဏ္ဏံ သံယောဇနာနံ ပရိက္ခယာ သောတာပန္နော ဟောတိ။

စသည်ဖြင့်လည်းကောင်း။

သံယောဇဉ်သုံးပါးကို ပယ်နိုင်သော သောတာပန်ပုဂ္ဂိုလ်သည်။

၁။ သတ္တက္ခတ္တု။ ၂။ ကောလံကောလ။ ၃။ ဧကဗီဇီဟု သုံးပါးကွဲပြားကြောင်းကို ပုဂ္ဂလပညတ်ကျမ်းတွင် ဆိုသည်။ ဥဒ္ဓံသောတပုဂ္ဂိုလ်ဟူ၍မဆို။ ထို့ကြောင့် သောတာပန်ပုဂ္ဂိုလ်သည် ဥဒ္ဓံသောတမဟုတ်ဟု မှတ်ရာသည်။

သကဒါဂါမ်သို့ရောက်သောကာလလည်–

ကတမော ပုဂ္ဂလော သကဒါဂါမီ။ ဣဓေကစ္စော ပုဂ္ဂလော တိဏ္ဏံ သံယောဇနာနံ ပရိက္ခယာ ရာဂ ဒေါသ မောဟာနံ တနုတ္တာ သကဒါဂါမီ ဟောတိ။

ဟု သံယောဇဉ်သုံးပါးကို ပယ်ကြောင်း၊ ရာဂ ဒေါသ၊မောဟတို့ကို ခေါင်းပါးစေကြောင်း၊ တစ်ကြိမ်သာ ဤကာမလောကသို့ လာမည့်အကြောင်းကို ဟောတော်မူသည်။

အနာဂါမ်သို့ ရောက်သောကာလကား —

(၁) သုဒ္ဓါဝါသဘုံ၌ ပဋိသန္ဓေ၏အခြားမဲ့၌ ရဟန္တာဖြစ်သူလည်း တစ်ယောက်။
အသက်အလယ်ပိုင်းသို့ မရောက်မီ ရဟန္တာဖြစ်သူလည်း တစ်ယောက်။
အသက်အလယ်ပိုင်းသို့ ရောက်မှ ရဟန္တာဖြစ်သူလည်း တစ်ယောက်။
ဤသို့သုံးပါးပြားသော အန္တရာပရိနိဗ္ဗာယီ ပုဂ္ဂိုလ်တစ်ယောက်။

(၂) အသက်တမ်း အလယ်ပိုင်းကို လွန်၍လည်းကောင်း၊ အသက်အပိုင်းအဆုံးသို့ ရောက်၍လည်းကောင်း ရဟန္တာဖြစ်သော နှစ်ပါးအပြားရှိသော ဥပဟစ္စပရိနိဗ္ဗာယီ ပုဂ္ဂိုလ်တစ်ယောက်။

(၃) ပြင်းစွာလုံ့လမပြုရသော ကိလေသပရိနိဗ္ဗာန်သို့ရောက်သော အသခ်ီရပရိနိဗ္ဗာယီ ပုဂ္ဂိုလ်တစ်ယောက်။

(၄) ပြင်းစွာ အားထုတ်၍ ကိလေသပရိနိဗ္ဗာန်သို့ ရောက်သော သခ်ီရပရိနိဗ္ဗာယီ ပုဂ္ဂိုလ်တစ်ယောက်။

ဤလေးရပ်သော ပုဂ္ဂိုလ်ကိုပြပြီးမှ ဥဒ္ဒံသောတကိုပြလို၍ —

ကတမော ပုဂ္ဂလော ဥဒ္ဓံသောတော အကနိဋ္ဌဂါမီ။ကွကေစ္စော ပုဂ္ဂလော ပဉ္စန္နံ သြရမ္ဘာ ဂိယာနံ သံယောဇနာနံ ပရိက္ခယာ သြပပါတိကော ဟောတိ။ပ။ အဝိဟာ စုတောအတပ္ပံ အာဂစ္ဆတိ။ အတပ္ပံ။ပ။သုဒဿံ။ပ။ သုဒဿီ။ပ။အနိကဋ္ဌ အာဂစ္ဆတိ။အကနိဋ္ဌေ အရိယ-မဂ္ဂံ သဉ္ဇနေတိ ဥပရိမာနံ သံယောဇနာနံ ပဟာနာယ။ အယံ ဝုစ္စတိ ပုဂ္ဂလော ဥဒ္ဓံသောတော အကနိဋ္ဌဂါမီ။

ဟူ၍ အနာဂါမ်သို့ရောက်မှ ဥဒ္ဓံသောတ အကြောင်းကိုအကျယ် ဟောတော်မူသည်။ ထို့ကြောင့် ဥဒ္ဓံသောတသည်လည်း သောတာပန်မဟုတ် မှတ်ရာသည်။ သောတာပန်သည်လည်း ဥဒ္ဓံသောတ ပုဂ္ဂိုလ်မဟုတ် မှတ်ရာသည်။

ဥဒ္ဓံသောတတွင်လည်း –

(၁) ဥဒ္ဓံသောတသာဖြစ်၍ အကနိဋ္ဌဂါမီ မဟုတ်သော ပုဂ္ဂိုလ်တစ်ယောက်။

(၂) အကနိဋ္ဌဂါမီသာဖြစ်၍ ဥဒ္ဓံသောတ မဟုတ်သော ပုဂ္ဂိုလ်တစ်ယောက်။

(၃) ဥဒ္ဓံသောတလည်းမဟုတ်။ အကနိဋ္ဌဂါမီလည်း မဟုတ်သော ပုဂ္ဂိုလ်တစ်ယောက်။

(၄) ဥဒ္ဓံသောတလည်းဖြစ် အကနိဋ္ဌဂါမီလည်းဖြစ်သော ပုဂ္ဂိုလ်တစ်ယောက်ဟူ၍ လေးပါး အပြားရှိ၏။

ထိုလေးပါးတို့တွင်–

(၁) အဝိဟာဘုံမှသည် သုဒဿီဘုံ တိုင်အောင် တက်၍ ရဟန္တာ ဖြစ်သော ပုဂ္ဂိုလ်သည် အထက်သို့တက်သော တဏှာအယဉ် ဝဋ်အယဉ် ရှိသောကြောင့် လည်းကောင်း၊ အထက်သို့သွား၍ ရအပ်သော မဂ်ရှိသောကြောင့် လည်းကောင်း၊ ဥဒ္ဓံသောတမည်သည်၊ အကနိဋ္ဌဂါမီသာမမည်။

(၂) အကနိဋ္ဌဘုံ၌သာ ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန်ယူသော ပုဂ္ဂိုလ်သည်၊ အကနိဋ္ဌဂါမီသာမည်သည်။ ဥဒ္ဓံသောတ မမည်။

(၃) အောက်လေးဘုံတွင် တဘုံဘုံ၌သာဖြစ်၍ အထက်ဘုံသို့မကူး၊ မိမိဖြစ်သောဘုံ၌သာ ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန်စံယူသော ပုဂ္ဂိုလ်သည် ဥဒ္ဓံသောတလည်း မမည်၊ အကနိဋ္ဌဂါမီလည်း မမည်။

(၄) အောက်ဘုံ၌ ရှေးဦးစွာဖြစ်ပြီးမှ အကနိဋ္ဌဘုံတိုင်အောင် ရောက်၍ ပရိနိဗ္ဗာန် စံယူသော ပုဂ္ဂိုလ်သည် ဥဒ္ဓံသောတလည်းဖြစ်၊ အကနိဋ္ဌဂါမီလည်း ဖြစ်သော ပုဂ္ဂိုလ်မည်၏။

ဤသို့ ပုဂ္ဂလပညတ်ပါဠိအဋ္ဌကထာ နေတ္တိအဋ္ဌကထာ စသော ကျမ်းတို့၌ အနာဂါမ် ပုဂ္ဂိုလ်ကိုသာ ဥဒ္ဓံသောတအရာ၌ အကျယ် ခွဲဝေသည်ဖြစ်၍ ဥဒ္ဓံသောတ ဟူသည်ကား သောတာပန်မဟုတ်မှန်ရာသည်။

ယင်းသို့ သောတာပန်သည် ဥဒ္ဓံသောတ မဟုတ်သော် မယ်တော် မာယာဒေဝီကား– သောတာပန်သာဖြစ်လျက် အဘယ့်ကြောင့်ပညာရှိပြုသော ပုဂ္ဂိုလ်သည်–

"တဝါလုံးလုံး၊ ယူကျိုးရပ်နာမ်၊ဝ၊ ဟောသံကို၊ နာခံမှန်စွာ၊ စိပ်စိပ်နာသော်၊ ကခ်ီဒိဋ္ဌိ၊ မစွန့်ငြိတည့်၊ အာဒီဖလ၊ ဖိုလ်အစကို၊ ရလေတုံလျင်း၊ တုပ်နှောင်းကင်းသည်၊ မိမင်းဘဝ ညာဆန်တည်း။"

ဟု ဇာတ်ပေါင်းပို့ ၌ ဆိုလေသနည်း ဟူအံ့၊ ဤအရာ၌ ဥဒ္ဓံသောတ ပုဂ္ဂိုလ်ကို ရည်၍ စပ်ဆိုသော အရာမဟုတ်၊ ကခ်ီနှင့် ဒိဋ္ဌိကိုသာ ခွာသည်။ အာဒီဖလကို ရသည်ဆိုသဖြင့် အနာဂါမ်ကိုလည်းမစပ်၊ သောတာပန်ကိုသာရည်၍စပ်သည်မှန်၏။ သောတာပန်မှန်သော်လည်း သောတာပန်ပင် ဥဒ္ဓံသောတဖြစ်သင့်သောကြောင့် စပ်သည်မဟုတ်၊ အနုသောတဂါမီပုဂ္ဂိုလ်၊ ပဋိသောတဂါမီပုဂ္ဂိုလ် နှစ်ရပ်တွင် ပဋိသောတဂါမီ အညာသို့ ဆန်လတ္တံ့သော ပုဂ္ဂိုလ်ဟု စပ်လေသည်။

လောက အားဖြင့်ကား–ဘဝသုံးပါးသို့ ကျလတ္တံ့သော ပုဂ္ဂိုလ်သည် အောက်သို့ စုန်သော ပုဂ္ဂိုလ်မည်၏၊ နိဗ္ဗာန်သို့ တက်လိုသော ပုဂ္ဂိုလ်သည် ဆန်သော ပုဂ္ဂိုလ်မည်၏။ နိဗ္ဗာန်ကို အညာဆိုလိုသည်။ သံဝရတွင်လည်း –

"အညာနိဗ္ဗာန်၊ ရွှေပြည်မွန်သို့၊ ဆန်အံ့ရင်းတည်၊ စူးစူးရည်၍၊ မလည်မသုန်၊ မဟာဂုဏ်တို့"

ဟု စပ်ဆို ထုံးရှိသည်။

ယုတ်ရာသို့ မဆုတ်ရာပြီ၊ အပါယ်သို့ မသက်ရာပြီ ဟူလိုသည်။ ကျမ်းဂန်တွင်လည်း –

သောတာပန္နော အဝိနိပါတဓမ္မော နိယတော သမ္ဗောဓိပရာယနော။

ဟု ဟောတော်မူရာ၌ အဝိနိပါတဓမ္မောဟူသော ပါဠိဖြင့် အောက်သို့ မစုန်ကြောင်း သမ္ဗောဓိပရာယနောဟူသော ပါဠိဖြင့် အညာသို့ဆန်ကြောင်းကို အဓိပ္ပာယ် ရသည်ဖြစ်၍ မိမင်းဘဝ ညာဆန်စပ်ရာ၌ ဘဝအားဖြင့် အဆန်ကိုသာ ယူသင့်သည်။ ဥဒ္ဓံသောတကဲ့သို့ ဘုံအားဖြင့် အဆန် မယူသင့်ဖြစ်သည်။

ယင်းသို့ သောတာပန်ကို ဥဒ္ဓံသောတ မယူသင့်သော် အနာထပိဏ်သူဌေး၊ ဝိသာခါ၊ နာဂဒတ္တ၊ စူဠရဋ္ဌ၊ မဟာရဋ္ဌ၊ အနေကဝဏ္ဏ၊ သိင်္ဂြားမင်းတို့ကဲ့သို့သော ပုဂ္ဂိုလ်တို့သည် ဥဒ္ဓံသောတ မဟုတ်လောဟူ ပြန်အံ့၊ ဥဒ္ဓံသောတပင်မဟုတ်၊ ယခင်ခုနစ်ယောက်မှာ ဝဋ္ဋလွှာသယ ဝဋ္ဋဘီရတ ပုဂ္ဂိုလ်မျိုး ဆိုလိုသည်၊ သောတာပန်သည် ဥဒ္ဓံသောတ မဟုတ်သော် သိင်္ဂြားမင်းသည် သောတာပန်ဖြစ်လျက် အဘယ့်ကြောင့် ဥဒ္ဓံသောတ ဖြစ်သနည်းဟူမူ သိင်္ဂြားမင်းလည်း ယခုဘဝ သောတာပန်အဖြစ်ဖြင့် ဥဒ္ဓံသောတ မဆိုလို ယခုဘဝ၌ အနာဂါမ်တည်၍ စုတေ့ပြီးမှ သုဒ္ဓါဝါသ ငါးဘုံအဝင် အဝိဟာဘုံ၌ ဖြစ်၍ အထက်သို့ ဆန်လတ္တံ့သော ဥဒ္ဓံသောတ ဆိုလိုသည်၊ ထို့ကြောင့် သုတ်မဟာဝါ သင်္ဂဟပဥ္စသုတ် အဖွင့် အဋ္ဌကထာ (၃၃၂)၌–

အယံ ကိရ တတော သင်္ကတ္တဘာဝတော စုတော တသ္မိံ အတ္တဘာဝေ အနာဂါမိမဂ္ဂသမင်္ဂိလဒ္ဓတ္တာ ဥဒ္ဓံသောတော အကနိဋ္ဌဂါမီ ဟုတ္ဝာ အဝိဟာဒီသု နိဗ္ဗတ္တေန္တော အဝသာနေ

အကနိဋ္ဌေ နိဗ္ဗတ္တိဿတိ တံ သန္ဓာယ ဧဝမာဟ။ ဧသေ ကိရ အဝိဟေသု ကပ္ပသဟဿံ ဝသိဿတိ၊ အတပ္ပေသု ဒွေ ကပ္ပသဟဿာနိ၊ သုဒဿေသု စတ္တာရိကပ္ပသဟဿာနိ၊ သုဒဿီသု အဋ္ဌ၊ အကနိဋ္ဌေသု သောဠသတိ ကေတိသ ကပ္ပသဟဿာနိ ပြဟ္မအာယုံ အနုဘဝိဿတိ၊ သက္ကော ဒေဝရာဇာ အနာထပိဏ္ဍိကော ဂဟပတိ ဝိသာခါ မဟာ-ဥပါသိကာတိတယောပိ ဟိ ဣမေ ကေပွမာဏာ အာယုကာ ဧဝံ ဝဋ္ဋဘိရတသတ္တာ နာမ ဧတေဟိ သဒိသာ သုခဘာဂိနော နာမ နတ္ထိ။ ။ဟူ၍ဆိုသည်။

ထိုပါဠိ၏ **အဓိပ္ပာယ်ကား**-သိကြားမင်းသည် ထိုအတ္တဘော၏ အဖြစ်၌ အနာဂါမ် ဖြစ်ပြီး၍ ဥဒ္ဓံသောတ အကနိဋ္ဌဂါမီ ဖြစ်၍ အဝိဟာ စသော ဘုံတို့၌ ဖြစ်၍ အဆုံး၌ အကနိဋ္ဌဘုံ၌ ဖြစ်လတ္တံ့။ အဝိဟာ၌ တထောင်၊ အတပ္ပာ၌ နှစ်ထောင်၊ သုဒဿာ၌ လေးထောင်၊ သုဒဿီ၌ ရှစ်ထောင်၊ အကနိဋ္ဌ၌ တသောင်းခြောက်ထောင်၊ ပေါင်းကမ္ဘာ သုံးသောင်းတထောင် ပြဟ္မာအသက် ဖြစ်လတ္တံ့။ အနာထပိဏ်သူဌေး ဝိသာခါတို့သည်လည်း တူသော အသက် ပမာဏ ရှိလတ္တံ့။ ဝဋ္ဋာဘိရတ သတ္တဝါမည်ကုန်၏။ ထိုသူတို့နှင့်တူ၍ ချမ်းသာသော အဖို့ရှိသော သတ္တဝါ မည်သည် မရှိဟူလိုသည်၊ ဤသို့ သိသာစွာ သိကြားကိုအနာဂါမ်ဖြစ်ပြီးမှ အဝိဟာဘုံမှာ ဥဒ္ဓံသောတ ဖြစ်မည်ကို အတပ်ဆိုသောကြောင့် သောတာပန်အဖြစ်တွင် ဥဒ္ဓံသောတဟု မမှတ်ရာ အနာဂါမ် အဖြစ်ဖြင့် ဥဒ္ဓံသောတဟု မှတ်ရာ၏။

သာရတ္တပကာသနီမည်သော သံယုတ္တနိကာယ် မဟာဝဂ္ဂသံယုတ် အဋ္ဌကထာဋ္ဌကား-

ကေစ္စော ဟိ သောတာပန္နော ဝဋ္ဋဿာသယော ဝဋ္ဋာဘိရတော ဝဋ္ဋသ္မိံ ယေဝ ဝိစရတိ သန္ဒိဿတိ အနာထပိဏ္ဍိကော သေဋ္ဌိ ဝိသာခါ ဥပါသိကာ စူဠဝဠဝမဟာရဋ္ဌဒေဝပုတ္တာ အနေကဝဏ္ဏော ဒေဝပုတ္တော သက္ကော ဒေဝရာဇာ နာဂဒတ္တော ဒေဝပုတ္တောတိ ဣမေဟိ ဧတ္တကာ ဇနာ ဝဋ္ဋဿာသယာ ဝဋ္ဋာဘိရတာ အာဒိတော ပဋ္ဌာယ ဆ ဒေဝလောကေ သောဓေတွာ အကနိဋ္ဌေ ဌတွာ ပရိနိဗ္ဗာယိဿန္တိ။

ဟုဆိုသည်။ နေတ္တိအဋ္ဌကထာ ပုဂ္ဂလပညတ် အဋ္ဌကထာတွင်လည်း ၎င်းနည်းတူပင်ဆိုသည်။ ဤသို့ ဆိုသည့်အလိုကား-နတ်ပြည်ခြောက်ထပ်၌ သုတ်သင်ပြီးမှ အကနိဋ္ဌဘုံ၌တည်၍ ပရိနိဗ္ဗာန်ပြုလတ္တံ့ဟု ခုနစ်ယောက်သော ပုဂ္ဂိုလ်ကို အထူးရေတွက်၍ ဆိုသည်။

ဤစကားရပ်တို့တွင်သံယုတ်အဋ္ဌကထာ နေတ္တိအဋ္ဌကထာတို့က"ဆဒေဝလောကေ သောဓေတွာ အကနိဋ္ဌေ ဌတွာ" ဟု ပုဒ္ဂကာလကြိယာ အပရကာလကြိယာနှစ်ပါးကို စပ်၍ နတ်ပြည်ခြောက်ထပ်ကသည် အကနိဋ္ဌသို့ ရောက်လတ္တံ့ ကဲ့သို့ ဆိုသော်လည်း "အဝိဟာဒီသု နိဗ္ဗတ္တောန္တော အဝသာနေ အကနိဋ္ဌေ နိဗ္ဗတ္တိဿတိ" ဟု သုတ်မဟာဝါအဋ္ဌကထာ၌ ဆိုသောကြောင့် အဝိဟာကစ၍ ဖြစ်လိမ့်မည်ဟု မှတ်ရာသည်။

မယ်တော်မာယာဒေဝီသည် ဤပုဂ္ဂိုလ်ခုနစ်ယောက်တို့ အဝင်လည်း မဟုတ်ဖြစ်၍ ဝဋ္ဋာဘိရတ ပုဂ္ဂိုလ်ဟူ၍လည်း မဆိုသင့်ဖြစ်သည်။

၁၁၄-ပဏ္ဍာ။ ။ယခု မယ်တော်မာယာဒေဝီသည် တုသိတာနတ်ပြည်၌ နတ်သား ဖြစ်လေသည် နတ်သမီးဖြစ်လေသည်ကိုလည်း သိလိုပါသည်။

၁၁၄-ဝိသဇ္ဇနာ။ ။မယ်တော်မာယာဒေဝီသည် နတ်သားဖြစ်သည် နတ်သမီးဖြစ်သည်ကို မေးရာ၌—

တတ္ထ မာတရန္တိ ပုတ္တေ မနုဿလောကေ မာတုဘူတံ ဒေဝပုတ္တန္တိ အတ္ထောယေဝ ဂဟေတတ္တော နု ဒေဝဓီတရန္တိ–

ဟု မဏိဒီပ ဝိသတိဝဏ္ဏနာအဖွင့်တွင် ဆိုသည်။

အဓိပ္ပာယ်ကား— အဘိဓမ္မာတရားကို ဟောသောကာလ အမိကိုရှေးရှုပြု၍ ဟောသည်ဟု အဘိဓမ္မာအဋ္ဌကထာတွင် ဆိုရာ၌ အမိဟောမာတရသဒ္ဒါသည် ရှေးလူပြည်၌ အမိဖြစ်ဖူးသော နတ်သားကို ဆိုလိုသည် နတ်သမီးမဟုတ် ဟူလိုသည်။

အကျယ်ပြပြန်လိုရ၌—

သီရိမဟာမာယာ ဟိ ဗောဓိသတ္တံ ဝိဇာယိတွာ သတ္တာဟမတ္တံ ဌတွာ ကွဏော စဝိတွာ တုသိတဘဝနေ ပုရိသဘာဝေန နိဗ္ဗတ္တိ နု ကွတ္ထိဘာဝေနာတိ အယဉ္စိ ဓမ္မတာ-ဟု တက်ပြန်သည်။

မဟာမာယာဒေဝီသည် ဘုရားလောင်းကိုဖွား၍ ခုနစ်ရက်မျှသာ တည်ပြီးလျှင် လူ့ပြည်မှ စုတေ၍ တုသိတာနတ်ပြည်၌ ယောကျ်ားအဖြစ်ဖြင့် ဖြစ်လေ၏။ မိန်းမ မဖြစ်လေ။ ဤသည်ကား ဓမ္မတာအဝင် ဟူလိုသည်။

ဓမ္မတာအကြောင်းကို ပြပြန်လိုရ၌လည်း—

"သဗ္ဗဗုဒ္ဓါနံ မာတူနံ ဗောဓိသတ္တေ ဝိဇာယိတွာ သတ္တာဟမတ္တံ ဌတွာ ကွဏော စ စဝိတွာ တုသိတာဘဝနေ ပုရိသဘာဝေနေဝ နိဗ္ဗတ္တိ၊ နု ကွတ္ထိဘာဝေနာတိ"

ဟု ခပ်သိမ်းသော ဘုရားတို့၏ အမိသည် ဘုရားလောင်းကိုဖွား၍ ခုနစ်ရက်မျှ တည်ပြီးလျှင် ဤအရပ်မှ စုတေ၍ တုသိတာ နတ်ပြည်၌ ယောကျ်ားအဖြစ်ဖြင့်သာ ဖြစ်လေ၏။ မိန်းမ မဖြစ်လေ ဟူသတည်း။

ထိုစကားကို ခိုင်စေလိုရ၌ —

ထေရဂါထာယံ ဒသနိပါဟေ အာဂတာနံ သုဒ္ဓေါဒနော နာမ ပိတာ မဟေသိနော၊ ဗုဒ္ဓဿ မာတာ ပန မာယာ နာမဿ ဗောဓိသတ္တံ ပရိဟရိယ ကုစ္ဆိနာ ကာယဿ ဘေဒါ တိဒိဝသ္မိံ မောဒတိ။ သာ ဂေါတမီ ကာလင်္ကတာ ကွတော စုတာ ဒိဗ္ဗဟိ ကာမေဟိ သမ္မီဘူတာ သာ မောဒတိ ကာမဂုဏေဟိ ပဉ္စဟိ ပရိဝါရိတာ ဒေဝဂဏေဟိ တေဟီတိ။ ကွမာသံ ဂါထာနံ ဝဏ္ဏနာယ သာတိ စ ပရိဝါရိတာတိ စ ကွတ္ထိလိင်္ဂံ နိဒ္ဒေသော ပုရိမတ္တဘာဝ-သိဒ္ဓံ ကွတ္ထိဘာဝံ သန္ဓာယ ကတော။ ဒေဝူပပတ္တိ ပန ပုရိသဘာဝေနေဝ ဇာတာတိ ဝုတ္တံ။

ဟု မိန့်ပြန်သည်။

သုဒ္ဓါဒနော နာမ စသော ထေရဂါထာတို့၏အဖွင့်၌ သာ-ဟူ၍လည်းကောင်း၊ ပရိဝါရိတာ-ဟူ၍လည်းကောင်း ဣတ္ထိလိင်ကို ညွှန်ခြင်းသည် ရှေးဖြစ်သော မိန်းမအဖြစ်ကိုသာ ရည်၍ပြသည်။ နတ်ပြည်၌ မိန်းမဖြစ်သည်ကို ရည်၍မပြ။ နတ်ပြည်၌ကား ယောကျ်ားသာဖြစ်၏ဟု အဋ္ဌကထာ၌ ဆိုသည်ဟူလိုသည်။ ဤသို့ ထေရဂါထာအဋ္ဌကထာကိုထောက်၍ မဏိဒီပဆရာ မိန့်သည်ကိုလည်း ကောင်း။ သီရိမဟာမာယာကျမ်း၌လည်း–

သိရိမဟာမာယာဒေဝီပိ သတ္တဒိဝသေယေဝ ဝသိတွာ ကာလင်္ကတွာ အတ္တနော ပုညာ-နုဘာဝေန တုသိတဘဝနေ ဒေဝပုတ္တော ဟုတွာ နိဗ္ဗတ္တိ။

သိရိမဟာမာယာဒေဝီပိ၊ သိရိမဟာမာယာဒေဝီမိဖုရားသည်လည်း။ သတ္တဒိဝသေယေဝ ခုနစ်ရက်သာလျှင်။ ဝသိတွာ၊ နေ၍။ ကာလင်္ကတွာ၊ သေခဲ့၍။ အတ္တနော၊ မိမိ၏။ ပုညာနုဘာဝေန၊ ကောင်းမှုအာနုဘော်ဖြင့်။ တုသိတဘဝနေ၊ တုသိတာနတ်ပြည်၌။ ဒေဝပုတ္တော၊ နတ်သားသည်။ ဟုတွာ၊ ဖြစ်၍။ နိဗ္ဗတ္တိ၊ ဖြစ်လေ၏။ ဟု ဆိုသည်။ ဇာတ်ဋ္ဌကထာ၌လည်း– "ဒေဝေါရောဟဏေတိ မာတုဒေဝပုတ္တဿ တေမာသံ အဘိဓမ္မပိဋ္ဌကံ ဒေသေတွာ ဒေဝေါရောဟဏကာလေ" ဟု ဖွင့်သည်။

ထို့ကြောင့် တုသိတာနတ်ပြည်၌ နတ်သားဖြစ်သည်ဟု မှတ်သင့်သည်။

၁၀၅-ပုစ္ဆာ။ ။ဓမ္မက္ခန္ဓာ ရှစ်သောင်း လေးထောင် ဆိုပါသည်၊ ဓမ္မက္ခန္ဓာ ဆိုသည်ကား အဘယ်မျှလောက် ကြီးကျယ်သော တရားစုကိုမှ ဓမ္မက္ခန္ဓာ တပါးမည်သင့်သည်ကိုလည်း သိလိုပါသည်။

၁၀၅-ဝိသဇ္ဇနာ။ ။ဓမ္မက္ခန္ဓာမည်ရာကိုမေးရာ၌–

ဝိနည်းပါရာဇိကဏ်အဋ္ဌကထာ၌–

ကောနုသန္ဓိကံ သုတ္တံ ဧကော ဓမ္မက္ခန္ဓော။ ယံ အနေကာနုသန္ဓိကံ၊ တတ္ထာနုသန္ဓိ-ဝသေန ဓမ္မက္ခန္ဓာ ဂဏနာ။ ဂါထာဗန္ဓေသု ပဉ္စာ ပုစ္ဆနံ ဧကော ဓမ္မက္ခန္ဓော။ ဝိဿဇ္ဇနံ ဧကော၊ အဘိဓမ္မေ ကေမေကံ တိကဒုကဘာဇနံ၊ ဧကမေကဉ္စ စိတ္တဝါရဘာဇနံ ဧကမေကော ဓမ္မက္ခန္ဓော။ ဝိနယေ အတ္ထိ ဝတ္ထု၊ အတ္ထိ မာတိကာ၊ အတ္ထိ ပဒဘာဇနီ၊ အတ္ထိ အန္တရာပတ္တိ၊ အတ္ထိ အာပတ္တိ၊ အတ္ထိ အနာပတ္တိ၊ အတ္ထိ တိကစ္ဆေဒေါ။ တတ္ထ ကေမေကော ကောဋ္ဌာသော ဧကမေကော ဓမ္မက္ခန္ဓောတိ ဝေဒိတဗ္ဗော။ ဧဝံ ဓမ္မက္ခန္ဓဝသေန စတုရာ-သီတိသဟဿာနိ ဝိဓံ-ဟု ဆိုသည်။

အဓိပ္ပာယ်ကား။ ။သုတ္တန်၌ အနုသန္ဓေ တခုရှိသော သုတ်သည် တခုသော ဓမ္မက္ခန္ဓာ မည်၏။ အနုသန္ဓေ များသောသုတ်၌ အနုသန္ဓေ၏ အစွမ်းအားဖြင့် ဓမ္မက္ခန္ဓာအရေအတွက် သိအပ်၏။ ဂါထာဗန္ဓတို့၌ အမေးသည် တခုသော ဓမ္မက္ခန္ဓာ၊ အဖြေသည် တခုသော ဓမ္မက္ခန္ဓာ တည်း။ အဘိဓမ္မာ၌ တခုတခုသော တိက် ဒုက်တို့ကို ဝေဖန်ခြင်းသည်လည်းကောင်း၊ တခုတခု

သော စိတ်အစုကို ဝေဖန်ခြင်းသည်လည်းကောင်း၊ တခုတခုသော ဓမ္မက္ခန္ဓာမည်၏။ ဝိနည်း၌ ဝတ္ထုရှိ၏။ မာတိကာရှိ၏။ ပဒဘာဇနီရှိ၏။ အန္တရာပတ္တိရှိ၏။ အာပတ္တိဝါရရှိ၏။အနာပတ္တိဝါရရှိ၏။ တိတ်ကိုပိုင်းခြားခြင်းသည်ရှိ၏။ ထိုအရာ၌ တခုခုသော အစုသည် တခုခုသော ဓမ္မက္ခန္ဓာမည်၏။ ဤသို့ဓမ္မက္ခန္ဓာ၏ အစွမ်းအားဖြင့် ရှစ်သောင်းလေးထောင် အပြားရှိ၏ဟု ဝိနည်းအဋ္ဌကထာ စသည်တို့၌ ဆိုသည်။

၁၀၆-ပုစ္ဆာ။ ။သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာတို့တွင်လည်း တပါးတပါးသော ပဋ္ဌကတ်၌ ဓမ္မက္ခန္ဓာအဘယ်မျှလောက် အရေအတွက် ရှိမည်ကိုလည်း သိလိုပါသည် ဆရာတော်ဘုရား။

၁၀၆-ဝိဿဇ္ဇနာ။ ။သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာပဋ္ဌကတ်တို့တွင် တပုံတပုံသော ပဋ္ဌကတ်အစု၌ ဓမ္မက္ခန္ဓာ အဘယ်မျှလောက် အရေအတွက်ရှိမည်ကို မေးရာ၌ –

ဝဇိရတ္ထသင်္ဂဟကျမ်းတွင် –

အနုညကဒိနာ နူန၊ ရဝေနာနူန ကာရိန၊
နူန ဝါဟာ ဝရာ ဝုတ္တာ၊ ခန္ဓာ တိပိဋကေ ဝရေ။

အနုညကဒိ၊ ဝိနည်းပိဋကဋ္ဌ၊ ဓမ္မက္ခန္ဓာနှစ်သောင်းတထောင်။ နာနူနရဝေ၊ အဘိဓမ္မာပိဋကဋ္ဌ ဓမ္မက္ခန္ဓာ လေးသောင်းနှစ်ထောင်။ နာနူနကာရိ၊ သုတ္တန်ပိဋကဋ္ဌ ဓမ္မက္ခန္ဓာနှစ်သောင်းတစ်ထောင်။ ဣတိ၊ ဤသို့။ ဝရေ မြတ်သော။ တိပိဋကေ၊ ပိဋကတ်သုံးပုံ၌။ နာနူနဝါဟာ၊ ရှစ်သောင်းလေးထောင်ကုန်သော။ ဝရာ၊ မြတ်ကုန်သော။ ဓမ္မက္ခန္ဓာ၊ ဓမ္မက္ခန္ဓာတို့ကို၊ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်၏။ ဟုဆိုသည်။

ဇကဝိသတိသဟဿာနိ၊ ခန္ဓာ ဝိနယပိဋကေ။
ကေဝိသတိသဟဿနိ၊ တထာ သုတ္တန္တပိဋကေ။

ဒွါစတ္တာလီသသဟဿာနိ၊ ခန္ဓာ အဘိဓမ္မပိဋကေ။
ဣတိ တံ စတုရာသီတိ၊ သဟဿံ ခန္ဓတော နမေ။

ဝိနယပိဋကေ၊ ဝိနည်းပိဋကဋ္ဌ၌ ခန္ဓာ၊ ဓမ္မက္ခန္ဓာတို့သည်။ ဇကဝိသတိသဟဿာနိ၊ နှစ်သောင်းတထောင်တို့တည်း။ တထာ၊ ထို့အတူ။ သုန္တတ္တပိဋကေ၊ သုတ္တန္တပိဋကတ်၌။ ခန္ဓာ၊ ဓမ္မက္ခန္ဓာတို့သည်။ ဇကဝိသတိ သဟဿာနိ၊ နှစ်သောင်းတထောင်တို့တည်း။ အဘိဓမ္မပိဋကေ၊ အဘိဓမ္မာပိဋကဋ္ဌ၌။ ခန္ဓာ၊ ဓမ္မက္ခန္ဓာတို့သည်။ ဒွါစတ္တာလီသသဟဿာနိ၊ လေးသောင်းနှစ်ထောင်တို့တည်း၊ ဣတိ၊ ဤသို့။ ခန္ဓတော၊ ဓမ္မက္ခန္ဓာအားဖြင့်။ စတုရာသီတိ သဟဿံ၊ ရှစ်သောင်းလေးထောင် အရေအတွက်ရှိသော။ တံ၊ ထိုပရိယတ္တိတရားတော်မြတ်ကို။ အဟံ၊ ငါသည်။ နမေ နမာမိ၊ ရှိခိုးပါ၏။ ဟု ဝဇိရတ္ထသင်္ဂဟဋီကာတွင်ဆိုသည်။

ဗုဒ္ဓဃောသုပ္ပတ္တိတွင်လည်း –ဌင်းနည်းတူပင် ဆိုသည်။ ဆရာမြတ်တို့သည်လည်း ဝိနယေ နူန အာကာရာ၊ စသောပဏာမဂါထာကို စီကုံးလေသတည်း။ ယင်းသို့ဖြစ်၍ ယခုပြ

ဆိုခဲ့ပြီးသော ကျမ်းပြုဆရာမြတ်တို့နည်းကို ယူ၍ ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာတို့၌လာသော ဓမ္မက္ခန္ဓာတို့ကို အရေအတွက်ဖြင့် ပိုင်းခြား၍ မှတ်သားသော်လည်း အာစရိယဝါဒဖြစ်၍ မှတ်သင့်သည်ပင် ဖြစ်တော့သည်။

တကြောင်းမှာလည်း- ဝိနည်းအဋ္ဌကထာ၊ သုတ္တန် အဋ္ဌကထာ၊ အဘိဓမ္မာ အဋ္ဌကထာ ကျမ်းဦးတို့၌ ဓမ္မက္ခန္ဓာတို့ကိုခွဲဝေ၍ ဆိုသည်ချည်းပင်ဖြစ်တော့သည်၊ ခွဲဝေသော်လည်း ဝိနည်း၌ကား ဤမျှ၊ သုတ္တန်၌ကား ဤမျှ၊ အဘိဓမ္မာ၌ကား ဤမျှရှိ၏ဟူ၍ မခွဲဝေလေ။ ၎င်းကျမ်းတို့၏ ဦးကာ၊ အနု၊ မရု၊ ဂဏ္ဌိစသော ကျမ်းကြီးတို့၌ ခွဲဝေ၍ ပြသင့်ကောင်းလျက် မခွဲမဝေမပြဖြစ်၍ အရေအတွက် အပိုင်းအခြားကို မပြုမူ၍၊ ပါဠို အဋ္ဌကထာ ဦးကာကျမ်းတို့၌ သာမညဖြင့်သာ ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်ဟု ဆိုသည့်အတိုင်းကိုသာ မှတ်သားသော်လည်း မှတ်သင့်သည်ပင် ဖြစ်တော့သည်။ မှတ်သင့်ကြောင်းကိုကား- အဋ္ဌသာလိနီ အဋ္ဌကထာတွင်-

> အဘိဓမ္မေ ဝါစနာမဂ္ဂေါ နာမ သာရိပုတ္တတ္ထေရပ္ပဘဝေါ။ မဟာပကရဏေ ဂဏနုစာ-
> ရောပိ ထေရေနေဝ ဌပိတော၊ ထေရော ဟိ ဣမိနာ နီဟာရေန ဓမ္မန္တရံ အမက္ခေတ္ဝာဝ
> သုခံ ဂဟေဘုံ ဓာရေတုံ ပရိယာပုဏိတုံ ဝါစေတုံ ပဟောတီတိ ဂဏနစာရံ ဌပေသိ။

ဟု အဘိဓမ္မာ၌ သင်ရိုးအစဉ်မည်သည်ကား အရှင်သာရိပုတ္တရာထေရ်မှ ရှေးဦးစွာ အစအဦးအမွန်ဖြစ်၏။ ပဋ္ဌာန်းကျမ်း၌ ရေတွက်သော အစဉ်ကိုလည်း အရှင်သာရိပုတ္တရာသာလျှင်ထားတော်မူ၏။ အရှင်သာရိပုတ္တရာသည် ဤသို့သော အကြောင်းဖြင့် တရားအထူးကို မချော်စေမူ၍ ယူလွယ်စိမ့်သောငှာ လည်းကောင်း၊ ဆောင်လွယ်စိမ့်သောငှာ လည်းကောင်း ကိုယ်လည်း သင်လွယ်စိမ့်သောငှာ လည်းကောင်း၊ သူ့ကို သင်လွယ်စိမ့်သောငှာ လည်းကောင်း စွမ်းနိုင်ရာ၏ဟု အရေအတွက် သန်ျာတို့ကို ထားတော်မူ၏ ဟူသတည်း။

အရှင်သာရိပုတ္တရာသည် စန္ဒကူးတော၌ ရှေးဦးစွာ နာခံရသည်။ အရှင်သာရိပုတ္တရာမှသာ အဘိဓမ္မာသည် ရှေးဦးစွာဖြစ်သည် ဆိုသည်၊ အကယ်၍ အဘိဓမ္မာ၌ ဓမ္မက္ခန္ဓာ လေးသောင်းနှစ်ထောင် ရှိသည်မှန်အံ့။ အဋ္ဌကထာကျမ်းကြီးတို့၌ ခွဲဝေရာ၏။ မခွဲဝေလေ။ ၎င်းကျမ်းကြီးတို့၏ ဦးကာ၌ ခွဲဝေရာ၏၊ မခွဲဝေလေ။

အရှင်အာနန္ဒာကို ဂေါပကပုဏ္ဏား မေးလျှောက်သည်ကား၊ အရှင်အာနန္ဒာ အရှင်အာနန္ဒာသည် များသော အကြားအမြင်ရှိ၏ဟု ဆိုသည်။ အဘယ်မျှလောက် သင်ကြားလေ့ကျက်ဆောင်ရွက်လေသနည်းဟု မေးလျှောက်သောကာလ၌—

> ဒွါသီတိ ပုဒ္ဓတော ဂဏှိ၊ ဒွေသဟဿာနိ ဘိက္ခုတော။
> စတုရာသီတိ သဟဿာနိ၊ ယေ မေ ဓမ္မာ ပဝတ္တိနော။

ဗြဟ္မာဏ၊ ဂေါပက မောဂ္ဂလ္လာနမည်သောပုဏ္ဏား။ ဒွါသီတိ သဟဿာနိ၊ ရှစ်သောင်းနှစ်ထောင်ကုန်သော ဓမ္မက္ခန္ဓာတို့ကို။ ပုဒ္ဓတော။ ဘုရားသခင်ထံမှ။ ဂဏှိ၊ သင်ယူ၏။ ဒွေသဟဿာနိ၊ နှစ်ထောင်သော ဓမ္မက္ခန္ဓာတို့ကို။ ဘိက္ခုတော၊ အရှင်သာရိပုတ္တရာစသော ရဟန်းတို့ထံမှ။ ဂဏှိ၊

သင်ယူ၏။ စတုရာသီတိ သဟဿာနိ၊ ရှစ်သောင်းလေးထောင်ကုန်သော။ ယေ ဓမ္မာ၊ အကြင် တရားတို့သည်။ သန္တိ၊ ရှိကုန်၏။ တေ ဓမ္မာ၊ ထိုတရားတို့ကို။ မေ၊ ငါ၏။ ဟဒယေ၊ နှလုံး၌။ ဇဝ့ဂွေ၊ လျှာဖျား၌။ ပဝတ္တိနော၊ ဖြစ်စေအပ်ကုန်၏ဟု ဆိုသည်။

ဘုရားသခင်ထံမှ ရှစ်သောင်းနှစ်ထောင်၊ အရှင်သာရိပုတ္တရာ စသော ရဟန်းတို့ထံမှ နှစ်ထောင်ကိုသာ သင်သည်ဆိုသည်၊ အကယ်၍ အဘိဓမ္မာ၌ လေးသောင်းနှစ်ထောင် ဓမ္မက္ခန္ဓာ ရှိသည်မှန်အံ့။ တပါးသော သုတ္တန်တို့ကို မဆိုလင့်ဦး၊ အဘိဓမ္မာကို ထောက်၍သော်လည်း လေးသောင်းနှစ်ထောင် အရှင်သာရိပုတ္တရာအထံမှ သင်၏ဟုဆိုအပ်လျက် နှစ်ထောင်သာ သင်သည်ဟု ဆိုသည်ကိုထောက်သော်၊ အဘိဓမ္မာ၌ လေးသောင်းနှစ်ထောင်ဆိုသော စကားကို ဆင်ခြင်စုံစမ်းရန် ရှိချေ၏ ထင်မိသည်။ ထို့ကြောင့် အဋ္ဌကထာကျမ်းတို့တွင် သာမညဆိုကိုင်း မှတ်သော်လည်း သင့်ရာသည်ပင် ဖြစ်တော့သည်။

၁၀၇-ပုစ္ဆာ။ ။ယခုအခါ အရှင်သီဝလိ ဂါထာဟူ၍ ရွတ်အံ့ သရဇ္ဈာယ်ကြပါသည်။ အရှင်သီဝလိအတု အရုပ်ဆင်းတု ပြု၍ကိုးကွယ်ကြပါသည်။ ဓာတ်တော်ကို ရကြောင်း ရှာ၍ ကိုးကွယ်ကြပါသည်။ ကိုးကွယ်ဆောင်ရွက် ပူဇော်သက္ကာရ ပြုကြသော ပုဂ္ဂိုလ်တို့၏ အာဘောဂ မနသိကာရကားအရှင်သီဝလိကို နတ်တို့ချစ်ခင်လေးမြတ်သည်။ လာဘ်လာဘ ပေါများသည် ဘုရားသခင်လည်း လာဘ်လာဘပေါများသောအရာ၌ ဧတဒဂ်တင်သည်၊ ငါတို့အားလည်း နတ်တို့ချစ်ခင်လေးမြတ်ရာ၏၊ လာဘ်လာဘပေါများသည် ဖြစ်ရာ၏ဟု မှတ်ကြပါသည်၊ အရှင်သီဝလိမှာမူကား ပါရမီဆုတောင်းခြင်း အရင်းရှိသည်ဖြစ်၍ လာဘ်လာဘပေါများရာပါ၏။ဆောင်ရွက်ကိုးကွယ်သော သူတို့မှာမူကား ပါရမီဆုတောင်းခြင်း အရင်းမရှိပဲကို ပေါများရာသော အကြောင်းမရှိဟု ဆိုကြပါသည်။ ဟုတ်တန်မဟုတ်တန်ကို သိသာစွာမှတ်သားရအောင် မိန့်တော်မူပါဆရာတော်ဘုရား။

သက္ကရာဇ် ၁၁၇၂-ခု၊ ပြာသိုလဆန်း ၁-ရက်။ အင်္ဂါနေ့၊ မုံရွာ သိရိမာလာက လျှောက်လာရာတွင် ဖြေဆိုလိုက်သည်ကား။

၁၀၇-ဝိသဇ္ဇနာ။ ။အရှင်မဟာသီဝလိကို ဧတဒဂ်တင်သော ဒေသနာကို အဂုံတွရနိကာယ်၊ ဧကနိပါတ်ကျမ်းတို့တွင် သင်္ဂါယနာတင်သည်။ အတ္ထုပတ္တိကိုမူကား အဋ္ဌကထာတွင် တင်သည်။ အဋ္ဌကထာ (၁၉၀)တွင်လာသည်ကား—

အာယမနုပုဗ္ဗိကထာ၊ အယမ္ပိ အတီတေ ပဒုမုတ္တရဗုဒ္ဓကာလေ ဝုတ္တနယေနေဝ ဝိဟာရံ ဂန္ဒာ ပရိသပရိယန္တေ ဌိတော ဓမ္မံ သုဏန္တော သတ္ထာရံ ဧကံ ဘိက္ခုံ လာဘီနံ အဂ္ဂဋ္ဌာနေ ဌပေန္တံ ဒိသွာ “မယာပိ အနာဂတေ ဧဝရူပေန ဘဝိတုံ ဝဋ္ဋတီ” တိ။ စသည်ဖြင့်လာသည်။

အဓိပ္ပာယ်ကား- ဤဆိုလတ္တံ့သည်ကား အစဉ်သော စကားတည်း။ အရှင်သီဝလိသည် လွန်လေပြီးသောအခါ ပဒုမုတ္တရဘုရားသခင် လက်ထက်တော်၌ ကျောင်းသို့သွားပြီးလျှင် ပရိသတ်၏အစွန်အနားဌာနေ၍ တရားနာစဉ် မြတ်စွာဘုရားသည် တပါးသော ရဟန်းကို လာဘ်လာဘများသော အရာ၌ ဧတဒဂ် ထားတော်မူသည်ကို မြင်၍ ငါလည်းနောင်သောအခါ ဤကဲ့သို့

ဖြစ်ရလို၏ဟုကြံ၍ ဘုရားသခင်ကို ဖိတ်၍ ခုနစ်ရက်ပတ်လုံး ကြီးစွာသောအလှူကို ပေး၏။ အရှင်ဘုရား ဤကောင်းမှုကြောင့် နောင်သောအခါ ဘုရားတဆူ၏ သာသနာတော်၌ အကျွန်ုပ် သည်လည်း လာဘ်လာဘ များသောအရာ၌ ဧတဒဂ်ရသည် ဖြစ်ရပါလို၏ဟု ဆုတောင်းခြင်းကို ပြု၏။ ဘုရားသခင်လည်း ထိုသူအား အန္တရာယ်မရှိအံ့သည်ကိုမြင်၍ သင်သည် နောင်ဂေါတမ ဘုရားလက်ထက် ပြည့်စုံလတ္တံ့ဟု ဗျာဒိတ်ကြားတော်မူ၏။

ထိုအမျိုးသားသည် အသက်ရှည်သမျှ ကာလပတ်လုံး ကုသိုလ်ကောင်းမှုကို ပြု၍ နတ်ပြည် လူပြည်၌ ကျင်လည်လတ်သော် ဝိပဿီ ဘုရားရှင်လက်ထက် ဗန္ဓုမတီပြည်မှ မနီး မဝေးသော အရပ်၌ တခုသောရွာတွင်ဖြစ်၍ ဗန္ဓုမတီမြို့သားတို့သည် မင်းနှင့်တကွ အလှူပေး ကြကုန်၏။ တစ်နေ့သ၌ အလုံးစုံသော ပြည်သူတို့သည် ငါတို့အလှူပေးရာ၌ အဘယ်အလှူဝတ် သည် မရှိသနည်းဟု ကြံလတ်သော် ပျား တင်လဲ နို့ဓမ်းတို့သည် မရှိကုန်၊ ပျား တင်လဲ နို့ဓမ်း တို့ကို အဘယ်မှာရပါအံ့နည်းဟု ကြံ၍ ဇနပုဒ်မှ မြို့သို့ဝင်ရာ ခရီး၌ ယောကျ်ားတစ်ယောက်ကို အစောင့်ထားကုန်၏။

ထိုအခါ တစ်ယောက်သော အမျိုးသားသည် မိမိရွာမှ တင်လဲ နို့ဓမ်းအိုးတို့ကို ယူခဲ့၍ တစ်စုံတစ်ခုသောအမှုကို ဆောင်အံ့ဟု မြို့သို့သွား၏၊ မျက်နှာ လက်ခြေတို့ကို ဆေးကြော၍ ဝင်အံ့ဟု သန့်ရှင်းသောအရပ်ကို ကြည့်လတ်သော် လှံတံရိုးရှိ ပျားကောင်မရှိသော စွဲတံနှင့် တကွ ပျားကို မြင်၍ ငါ့အား ကောင်းမှုကြောင့် ဖြစ်၏ဟု ယူ၍ ဝင်သွားလေ၏။ ခရီး၌ အစောင့်ထားသော ယောကျ်ားသည်မြင်၍ အမောင် ယောကျ်ားမြတ် ဤပျားစသည်တို့ကို အဘယ်သူအား ပို့ရအံ့နည်းဟုမေး၏။ ရောင်းရန်ယူခဲ့သည်ဟုဆို၏။ ထိုသို့တပြီးကား ဤတသပြာကိုယူ၍ ပျားနို့ဓမ်းအိုးကို ပေးလော့ဟုဆို၏။ ထိုသူသည် ကြံ၏ တစ်ကြိမ်တည်းဖြင့် များစွာသော အဖိုးတို့ကိုပေး၏။ စုံစမ်းခြင်းငှာ အပ်စွဟု ငါမပေးဟူ၍ ဆို၏။ တဆယ်ယူလော့၊ ငါမပေး၊ တရာယူလော့၊ ငါမပေးဟူ၍ ဆို၏။

ဤသို့သောနည်းဖြင့် ပွားတက်၍ တထောင် တိုင်အောင် ရောက်လေ၏။ ထိုပျားရှင်သည် ကြံပြန်သည်ကား အလွန်ပွားတက်၍ ပေးခြင်းငှာ မအပ်ဘဲလျက် ပွားတက်၍ပေးဘိ၏။ ပြဖွယ်ကိစ္စကို မေးဦးအံ့ဟု သင်သည် အဖိုးမထိုက်ဘဲလျက် များစွာပေးဘိ၏။ အဘယ် အမှုပြုရန် ရှိသနည်းဟု ဆို၏။ အမောင်ပြည်သူတို့သည်ကား– ဘုရားသခင်အား အလှူကြီး ပေးသည်ရှိသော် ဤနှစ်ပါးသည် အလှူတင်းကုပ်၌ မရှိသောကြောင့် ရှာရချေသည်။ အကယ်၍ ဤနှစ်ပါးမရချေမူ ပြည်သူတို့က ရုံးချေအံ့သည်။ ထို့ကြောင့် တထောင်ပေး၍ ယူလိုပါသည်ဟု ဆို၏။ ငါကား—အဖိုးဖြင့် မပေးပြီ၊ မိမိလက်ဖြင့်သာ လှူဒါန်းလိုပါသည်ဟု ဆို၏။ ပြည်သူတို့လည်း အခွင့်ပေး၍ နို့ဓမ်းခဲ၌ ပျားသလက်ကို နှစ်၍ ငါးပါးသော အစပ်မှန့်ဖြင့် နယ်ပြီးလျှင် ကြာရွက်၌ထည့်၍ မြတ်စွာဘုရားအနီး၌နေ၍ လူများသည် ဆောင်ခဲ့အပ်သော လှူဖွယ်ဝတ္ထုတို့နှင့် ပူဇော်သက္ကာရပြုစဉ်လျှင် မိမိ၏အလှည့်ကိုကြည့်၍ အခွင့်ကို သိပြီးလျှင် ဘုရားသခင်အထံသို့ ချဉ်းကပ်၍ အရှင်ဘုရား ဤအလှူကား— အကျွန်ုပ်၏ ဆင်းရဲစွာသော အလှူဖြစ်ပါသည် အစဉ်သနားသည်ကိုစွဲ၍ သုံးဆောင်တော်မူပါလော့ဟု လျှောက်၏။

မြတ်စွာဘုရားလည်း သပိတ်တော်ဖြင့်ခံ၍ ခြောက်သန်းရှစ်သိန်းသော ရဟန်းတို့အား ပေးသော်လည်း မကုန်စေသတည်းဟု အဓိဋ္ဌာန်တော်မူ၏။ အဓိဋ္ဌာန်တော် မူသည့်အတိုင်းခပ်သိမ်း

သော ရဟန်းတို့အား လျှူသော်လည်း မကုန်လေ။ ထိုအခါ ဆုပန်သည်ကား ဤကောင်းမှုကြောင့် ဖြစ်တိုင်းဖြစ်တိုင်းသော ဘဝတို့၌ လာဘ်လာဘအခြံအရံတို့ဖြင့် ကဲလွန်သည်သာ ဖြစ်စေသောဟု ပတ္ထနာပြု၏။ မြတ်စွာဘုရားသည်လည်း တောင်းသည့်အတိုင်း ပြည့်စေသတည်းဟု အနုမောဒနာပြုတော်မူ၏။

ထိုအမျိုးသားသည် အသက်ရှည်သမျှကာလပတ်လုံး ကောင်းမှုကုသိုလ်ပြု၍ လူပြည်နတ်ပြည်၌ ကျင်လည်သည်ရှိသော် ငါတို့ဘုရားသခင် ဖြစ်တော်မူသောကာလ သုပ္ပဝါသာမင်းသမီး၏ဝမ်း၌ ပဋိသန္ဓေယူလေ၏။ ပဋိသန္ဓေယူသော ကာလမှစ၍ များစွာသော ပဏ္ဏာကာရတို့သည် ရောက်လာကုန်၏။ သုပ္ပဝါသာသည်လည်း စည်းစိမ်ခမ်းသာနှင့်ပြည့်စုံ၏။ ထိုအခါ ကောင်းမှုကို စုံစမ်းအံ့သောငှာ လက်ဖြင့် မျိုးစေ့တောင်းကို ထိစေလျက် ကြဲ၏။ တစေ့တစေ့သော မျိုးစေ့မှ အနှံအရာ အနှံအထောင်တို့သည် သီးကုန်၏။ တပယ်ခန့်သော လယ်သည် လှည်းအစီး ငါးဆယ် ခြောက်ဆယ်တိုက်ဖြစ်ကုန်၏။

ကျိုင်္ဒသွင်းသော ကာလလည်း ကျီတံခါးကို လက်ဖြင့်ထိစေ၏၊ မင်းသမီးဘုန်းကြောင့် ယူတိုင်းယူတိုင်း တဖန်ပြည့်ပြန်၏ ပြည့်သောထမင်းအိုးမှလည်း မင်းသမီး၏ ဘုန်းကံတည်းဟုဆို၍ တစုံတယောက်သောသူအား ပေးသည်ရှိသော်လည်း အကြင်မျှလောက်မထလေ၊ ထိုမျှလောက်သောကာလသည် မကုန်နိုင်လေ၊ ထိုသတို့သားငယ်သည် အမိဝမ်း၌ သာလျှင် ခုနစ်နှစ် ခုနစ်လပတ်လုံး လွန်လေ၍ ရင့်သောကာလ ခုနစ်ရက်ပတ်လုံး ကြီးစွာသော ဆင်းရဲကိုခံရ၏။

ထိုသတို့သမီးသည် မိမိလင်ကို ခေါ်၍ ငါသည် သေရအံ့မည်လည်းမသိ၊ မသေမီအသက်ရှင်စဉ် အလှူပေးလိုသည်ဘုရားသခင်အထံသို့ သွားပါချေဟုစေလိုက်၏၊ အကျွန်ုပ်အကြောင်းကိုလည်း ကြားပါလေ မြတ်စွာဘုရားကို ဖိတ်၍ ဘုရားသခင် မိန့်ဆိုလိုက်သော စကားကို မှတ်၍ ပြောဆိုပါလှည့်ဟုမှာ၏၊ ထိုအခါ လင်သည် သွား၍ ဘုရားသခင်အား လျှောက်၏၊ ဘုရားသခင်လည်း ကောလိယမင်း၏ သမီးဖြစ်သော သုပ္ပဝါသာသည် ခမ်းသာစေသတည်း၊ ခမ်းသာစေသော အနာဂင်းသော သားကို ဖွားစေသတည်းဟု မိန့်တော်မူ၏။

လင်လည်း ထိုစကားကိုကြား၍ မိမိအိမ်သို့ပြန်ခဲ့၏။ ထိုသူမရောက်မီပင်လျှင် သုပ္ပဝါသာမင်း၏ ဝမ်းမှ ဓမကရိုဏ်မှ ရောက်သို့ ကိုယ်ဝန်သည်ဖွား၏၊ မင်းသမီးကို ခြံရံ၍နေသော ယိုသောမျက်ရည်ရှိသော လူများတို့သည် ရွှင်ခြင်းငှာ အားထုတ်ကုန်၏။ ဝမ်းမြောက်ခြင်းသို့ ရောက်သော လူများတို့သည် မင်းအား သတင်းစကား ကြားအံ့သောငှာ သွားလေ၏၊ မင်းသည် ထိုသူတို့၏ လာသောအဖြစ်ကိုမြင်၍ မြတ်စွာဘုရားဆိုတော်မူသော စကားသည် ပြည့်စုံသည်ဖြစ်လတ္တံ့ဟု ကြံလျက်သွား၍ ဘုရားသခင်စကားကို မင်းသမီးအား ကြားလေ၏၊ မင်းသမီးလည်း ထိုသို့ဖိတ်သော ဇီဝိတဘတ်သည် မင်္ဂလာဘတ်ဖြစ်လတ္တံ့၊ သွား၍ ခုနစ်ရက်ပတ်လုံး ဖိတ်ချေဦးဟုစေပြန်၏၊ မင်းလည်းဆိုတိုင်း ဖိတ်၏။ ခုနစ်ရက်ပတ်လုံး ဘုရာအမှူးရှိသော သံဃာတော်တို့အား အလှူကြီးကို ဖြစ်စေကုန်၏၊ သူငယ်သည် ခပ်သိမ်းသော ဆွေမျိုးတို့၏ ငြိမ်းသော စိတ်ကိုဖြစ်စေလျက် ဖွားသောကြောင့် သီဝလိဟူ၍ မှည့်ကုန်၏။

သီလဝိသည် ခုနစ်နှစ် ခုနစ်လ အမိဝမ်း၌ နေရသောကြောင့် ဖွားသောကာလမှစ၍ ခပ်သိမ်းသောအမူတို့၌ ခံသည်ဖြစ်၍ အရှင်သာရိပုတ္တရာသည် ခုနစ်ရက်မြောက်သောနေ့၌ ထိုသူငယ်နှင့် ပြောဟောခြင်းကို ပြုတော်မူ၏။

မြတ်စွာဘုရားလည်း ဓမ္မပဒ၌—

ယောမံ ပလိပထံ ဒုဂ္ဂံ၊ သံသာရံ မောဟမစ္စဂါ။
တိဏ္ဏော ပါရင်္ဂတော ဈာယီ၊ အနေဇော အကထံကထီ။
အနုပါဒါယ နိဗ္ဗုတော၊ တ မဟံ ပြူ မိ ဗြာဟ္မဏံ။

ဟူသောဂါထာကို ဟောတော်မူ၏။ အရှင်သာရိပုတ္တရာသည် သင်ကား- ဤသို့သဘောရှိသော ဆင်းရဲအစုကိုခံရလျက် အဘယ်ကြောင့် ရဟန်းမပြုဘိသနည်း။ ရဟန်းပြုခြင်းဌာ အပ်သည်မဟုတ်လောဟု မိန့်၏။ ပြုရပါသည်ရှိသော် ပြုချင်ပါ၏ဟု လျှောက်၏။ ထိုအခါ သုပ္ပဝါသာသည် မထေရ်နှင့် စကားပြောသည်ကို မြင်၍ အသို့နည်း ငါ၏သားသည် တရားစစ်သူကြီးနှင့်တကွ ပြောဟောကြသည်လေဟု အနီးသို့ကပ်၍ မေးလျှောက်၏။ မိမိခံရသော ဝမ်း၌နေရသော ဆင်းရဲသော စကားကိုဆို၍ သင်တို့သည်ခွင့်ပြုပါမူကား ရဟန်းပြုပါမည်- ဆိုသည်ဟု မိန့်တော်မူ၏။

အရှင်ဘုရား ကောင်းပါပြီ၊ ရဟန်းပြုတော်မူပါလော့ဟု အမိကလျှောက်၏။ မထေရ်လည်း ကျောင်းသို့ဆောင်၍ တစပဉ္စက ကမ္မဋ္ဌာန်းကိုပေး၍ သာမဏေပြုသည်ရှိသော် သီဝလိ သင်အား တပါး သောဩဝါဒသည် မရှိပြီ သင်သည် ခုနစ်နှစ် ခုနစ်လ ခံရသော ဒုက္ခကိုသာ ဆင်ခြင်လောဟု မိန့်တော်မူ၏။

အရှင်ဘုရား သာမဏေပြုခြင်းသည်သာ ကိုယ်တော်၏ ဝန်ဖြစ်သည်။ ထိုဒုက္ခကို သိခြင်းသည်ကား- အကျွန်ုပ်၏ ဝန်ပေတည်းဟု ဆို၏၊ သီဝလိလည်း ဆံအဝန်းကိုချစဉ် ခဏ၌လျင် သောတာပတ္တိဖိုလ်၌ တည်လေ၏။ ဒုတိယ ချသောကာလ သကဒါဂါမိဖိုလ်, တတိယချသောကာလ အနာဂါမိဖိုလ်, အလုံးစုံဆံချပြီးသောကာလနှင့် အရဟတ္တဖိုလ်၌ တည်ခြင်းသည် မရှေးမနှောင်းဖြစ်လေ၏။

ဤစကားရပ်တွင် ဖွားပြီးလျှင်ပင် ရဟန်းပြုတည့်သကဲ့သို့ အင်္ဂုတ္တိရ်စသော ကျမ်းတို့တွင် ဆိုသည်။ အသာတရူပဇာတ်တွင်ကား-စိုးစဉ်း ချမ်း သာပါ၏လောဟု မေး၏ "ကုတော မေ သုခံ" အဘယ်မှာ ချမ်းသာရပါအံ့နည်းဟု ပြောလျှောက်၏။ ထို့နောင် ဘုရားသခင်သည် ဥဒါန်း ရွတ်ဟန်ကို "ဥဒါနံ ဥဒါနေတွာ အနုမောဒနံ ကရိတွာ ပက္ကမိ" ဟု တရားဟောပြီးလျှင် ကြွတော်မူဟန်ကိုဆိုသည်။

သီဝလိကုမာရောပိ ခေါ သတ္တဝဿိကကာလေယေဝ သာသနေ ဥရံ ဒတွာ ပဗ္ဗဇိတွာ ပရိပုဏ္ဏာဇဿာ ဥပသမ္ပဒံ ဟုတွာ-

ဟု ခုနစ်နှစ်အရွယ်ရောက်မှ သာမဏေပြု၍ အသက် နှစ်ဆယ်စေ့မှ ရဟန်းပြုသည် ဆိုသည်ဖြစ်၍ အရှင်သာရိပုတ္တရာ တိုက်တွန်းတော်မူသည်ကား- အသက် ခုနစ်နှစ်အရွယ်ရောက်မှတိုက်တွန်းတော်မူသည်ဟု မှတ်ရာသည်။

သီဝလိသည် ရဟန်းပြုသောကာလမှစ၍ ရဟန်းအပေါင်းအား လေးပါးသော ပစ္စည်းတို့သည် အလိုရှိတိုင်း ဖြစ်ကုန်၏။ နောက်အခါ ဘုရားသခင်သည် သာဝတ္ထိပြည်သို့ သွားလေ၏။ မထေရ် သည်လည်း မြတ်စွာဘုရားကို ရှိခိုး၍ အရှင်ဘုရား အကျွန်ုပ်၏ ကောင်းမှုကို စုံစမ်းပါအံ့၊ ငါးရာသောရဟန်းတို့ကို ပေးတော်မူပါဟု လျှောက်၏။ သီဝလိ ယူလေလော့ဟု ခွင့်ပြုတော်မူ၍ ရှေးဦးစွာ နိုကြောဓအရပ်သို့ ကြွ၏။ ပညောင်စောင့်နတ်တို့သည် ခုနစ်ရက်ပတ်လုံး အလှူပေး၏။ ဒုတိယ၌ ပဏ္ဍဝတောင်, သုံးကြိမ်မြောက် အစီရဝတီမြစ်, လေးကြိမ်မြောက် သမုဒ္ဒရာ, ငါးကြိမ်မြောက် ဟိမဝန္တာ, ခြောက်ကြိမ်မြောက်ဆဒ္ဒန်အိုင်, ခုနစ်ကြိမ်မြောက် ဂန္ဓမာဒနတောင်, ရှစ်ကြိမ်မြောက် အရှင်ရေဝတထံသို့ ကြွတော်မူ၏။

ခပ်သိမ်းသောအရပ်၌ပင် ခုနစ်ရက် ခုနစ်ရက်စီ နတ်တို့သည် အလှူပေးကုန်၏။ ဂန္ဓမာဒန တောင်၌ကား – နာဂဒတ္တနဂါးမင်းသည် ခုနစ်ရက်တို့တွင် တနေ့သ၌ နို့ရည်ဆွမ်း, တနေ့သ၌ ထောပတ်ဆွမ်းကို လှူ၏။ ရဟန်းတို့သည် ဆိုကြကုန်၏။ အရှင်မြတ်တို့ ဤနတ်မင်းအား နွားမတို့သည်လည်း မထင်ကုန်၊ နို့ရည်ညှစ်ခြင်းတို့သည်လည်း မထင်ကုန်။ အဘယ်မှာလျှင် ရလေကုန်သနည်းဟုဆိုကြကုန်၏။ နတ်မင်းလည်း ဤသို့လျှောက်၏။

အရှင်ဘုရားတို့ ကဿပဘုရားသခင်လက်ထက်နို့ရည် ဆွမ်း လှူခဲ့ဖူးသော ကောင်းမှုအကျိုး ကြောင့်တည်းဟု လျှောက်၏။

တရံရောအခါ မြတ်စွာဘုရားသည် ရှားတောနေ ရှင်ရေဝတအထံသို့ ကြွတော်မူ၍ ပြန်သော ကာလစကားစပ်တွင် ရှင်သီဝလိကို သာသနာတော်၌ လာဘ်များသော သူတို့တွင် ကဲလွန်သော အရာ၌–

ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ လာဘီနံ ယဒိဒံ သီဝလိ–

ဟူ၍ ဧတဒဂ်ထားတော်မူ၏။ ဤကား– အရှင်သီဝလိ၏ အကြောင်းတည်း။

ဓမ္မပဒ အဂ်ုတ္တိရ် သီဝလိသုတ် အဖွင့်တွင် အရှင်သီဝလိသည် ခုနစ်နှစ် ခုနစ်လ ပဋိသန္ဓေနေရ ဟန်ကို ဆိုသည်။ အဂ်ုတ္တိရ် ရေဝတဝတ္ထု ပြီးကာနီးတွင်ကား–

သီဝလိတ္ထေရော သတ္တဒိဝသာနိ သတ္တမာသာဓိကာနိ သတ္တဝဿာနိ မာတုကုစ္ဆိယံ ဝသိ-

ဟူ၍လည်းကောင်း။

သဟဿဝတ္ထုတွင်–

သတ္တသံဝစ္ဆရ သတ္တမာသ သတ္တဒိဝသာနိ မာတုကုစ္ဆိမ္ဟိ ဝသိ၊ သတ္တဒိဝသေ မုဉ္စဂ္ဂေ အဟောသိ၊

ဟူ၍လည်းကောင်း လာပြန်သည်ဖြစ်၍ (ခုနစ်နှစ် ခုနစ်လ ခုနစ်ရက် ဟူ၍ မှတ်ရာ၏)။ အရှင် သီဝလိအကြောင်းကို ဓမ္မပဒစသော ကျမ်းတို့၌ များစွာလာကုန်၏။

အရှင်သီဝလိဂါထာဟူ၍ ရွတ်ကြအံ့ကုန်သည်ကား–

လာဘီန မုတ္တမော ထေရော၊ သီဝလိ ဣတိ ဝိဿုတော။
သော ရဟော ပစ္စယာဒီနံ၊ သဒါ သောတ္ထိံ ကရောတု မေ။

ယော ထေရော၊ အကြင်မထေရ်သည်။ လာဘီနံ၊ လာဘ်များသောသူတို့ထက်။ ဥတ္တမော၊ ကဲလွန်တော်မူ၏။ သီဝလိကျွတိ၊ သီဝလိဟူ၍လည်း။ ဝိသုတော၊ ကျော်စောတော်မူ၏။ ပစ္စယာဒီနံ၊ ပစ္စည်းလေးပါး ရှိခိုးပူဇော်ခြင်း စသည်တို့ကို။ ရဟော၊ ခံတော်မူထိုက်၏။ သော ထေရော၊ ထိုမထေရ်သည်။ သဒ်၊ အခါခပ်သိမ်း။ မေ၊ အကျွန်ုပ်အား၊ သောတ္ထိ၊ ချမ်းသာခြင်းကို။ ကရောတု၊ ပြုပါစေသတည်း။

ဤကား–ဥပ္ပါတသန္နိဋ္ဌ လာသော သီဝလိဂါထာဟူ၍ ရွတ်အံ့ကြသော ထောမနာ အာသီသ ဂါထာတည်း။

အရှင်သီဝလိဂါထာဟူ၍ ရွတ်အံ့သရဇ္ဈာယ်ကြပါသည်။ ရုပ်တုတော် ပြု၍လည်း ကိုးကွယ်ကြပါသည်။ ဓာတ်တော်ကိုလည်း ကိုးကွယ်ကြပါသည်။ ဆောင်ရွက်ကိုးကွယ်သော သူတို့မှာလာဘ်လာဘများရာသည် ထင်မှတ်၍ ကိုးကွယ်ကြပါသည်။ ပေါများမည် မပေါများမည်ကို မေးရာ၌–

ကမ္ဘာတစ်သိန်းစင် ဖြည့်အပ် ဆည်းပူးအပ်သော ပါရမီသမ္ဘာရ မျိုးစေ့ ရှိသော အဆူဆူသော ဘုရားသခင်တို့ထံ ဆုပန်ခြင်း ဆည်းကပ်ခြင်း ရှိသောရဟန္တာ အရှင်မြတ်ဖြစ်ပေသည်။ ကိုးကွယ်ရွက်ဆောင်ပေသော သူတို့လည်း အရှင်မြတ်၏ ဂုဏ်ကျေးဇူးကို ယုံကြည်လေးမြတ်ခြင်း၊ ကြည်ညိုခြင်း၊ သဒ္ဓါစေတနာရှိလှ၍သာ ထုလုပ်ဆောင်ရွက်ကိုးကွယ်ခြင်းကို ပြုလေကုန်သည်ဖြစ်၍ မထေရ်မြတ်၏ဂုဏ် ပါရမီတော်အစွမ်း ထိုသို့ကိုးကွယ်သော သူတို့၏ဟဒယဝတ္ထု၌ တည်သော သဒ္ဓါစေတနာ ပြဋ္ဌာန်းသော မဟာကုသိုလ်စိတ်၏ အစွမ်းတို့ကြောင့် လာဘ်လာဘ အထူးဝိသေသ ရခြင်း စသောအကျိုးသည် ရှိပေရာ၏။

အကြောင်းဆိုင်ရာ ရှာကြံသည်ရှိသော် အနောမဒဿီ မြတ်စွာဘုရား၏ ဉာဏ်တော်ကို သမုဒ္ဒရာကဲ့သို့ နက်နဲကြောင်း၊ မြေကြီးအထုကဲ့သို့ အထုထူကြောင်း၊ ကောင်းကင်ပြင်ကဲ့သို့ ကျယ်ဝန်းကြောင်းတို့ကို ခီးမွမ်းထောမနာ ပသံသပြုခဲ့ဖူး၍ အရှင်သာရိပုတ္တရာသည် ကြီးမြင့်သောပညာ၊ နက်နဲသောပညာ၊ ကျယ်ဝန်းသော ပညာတို့နှင့် ပြည့်စုံတော်မူလေသည်ဟု ပါရာယန စသောဝတ္ထု ကျမ်းဂန်တို့တွင် ဆိုသည်။

ဂင်းနည်းကဲ့သို့ အရှင်သီဝလိသည် လာဘ်လာဘများကြောင်းကို ထောမနာသော ဂါထာဗန္ဓတို့ဖြင့် ခီးမွမ်းရွတ်အံ့သောသူသည် လာဘ်လာဘပေါများရာပေသည်ပင်။

(တောအရပ် ထင်းခုတ်ရာ၌ လှည်းအောက်တွင် အိပ်ပျော်၍ လန့်နိုးသောခဏ၌ ဘုရားဂုဏ်ကျေးဇူးကို အထူးမသိ၊ ယောင်ယမ်း၍သာ "နမော ဗုဒ္ဓဿ" ဟု ဆိုသော သူငယ်ကို နတ်ဘိုလူးတို့ ပူဇော်ကြောင်း၊ ဗိမ္ဗိသာရမင်း ချမ်းသာပေးကြောင်း၊ ဘုရားသခင်ထံ မေးလျှောက်ပြန်သော အခါ ရတနာသုံးပါးဂုဏ်ကျေးဇူးတို့သည် ယောင်ယမ်းကာမတ္တပင် ဖြစ်သော်လည်း အကျိုးများစွာ ရှိကြောင်းကို ဟောတော်မူလျှင် သားအဖပင် သောတာပန် တည်ကြောင်းများကို ကျမ်းဂန် လာချေသည်။)

အရှင်သီဝလိ ရုပ်တုပြုလုပ်၍ ကိုးကွယ်သော သူတို့ကို မေးရာ၌ အရှင်မြတ်သည် ရဟန္တာဖြစ်သည်။ စေတီထိုက်သူလည်း ဖြစ်သည်။ ရုပ်တုတော်ဆိုသည်လည်း ဥဒ္ဒိသကစေတီပင်ဖြစ်သည်။ အရှင်မြတ်နှင့် အတူတကွ ကြွရာ သွားရာပါရနေရဘိသကဲ့သို့ ဖြစ်ပါစေသောဟု စိတ်ကထင်မှတ်စွဲကပ်၍ ပြုလုပ်ကိုးကွယ်ခြင်းဖြစ်သည်။ အရှင်မြတ်ကား–လောကုတ္တရာရတနာ အဝင်ပင်ဖြစ်တော့

သည်။ လောကီရတနာဖြစ်သော ကျောက်ထူး ကျောက်မြတ်တို့ကို ဆောင်ရွက်ကြသော သူတို့မှ သော်လည်း လာဘ်လာဘရခြင်း။ သူတပါးတို့သည် သားကဲ့သို့လွန်၍ ချစ်ခင်ခြင်း၊ လေးမြတ်ခြင်း၊ ကျွန်ခံစွာရခြင်း၊ ဥစ္စာသားသမီးရခြင်း၊ အနာကင်းခြင်း၊ ချမ်းသာကြီးခြင်း စသောအကျိုးတို့ကို ခံရသည်ဟုဆိုသည်။

ခံရကြောင်းကား —

မဏိကဏ္ဌ ဇာတ်တွင် မဏိကဏ္ဌ နဂါးမင်းသည် မြကျောက်ကိုဆောင်၍ သွားသဖြင့် ပြန့်ပြောသော ထမင်းဟင်းအဖျော်စသည် အကဲအလွန် ပြည့်စုံခြင်းကို —

မမန္နပါနံ ဝိပုလံ ဥဠာရံ။ ဥပဓိတော မဿ မဏိဿ ဟေတု။

မေ-မမ၊ ငါ၏။ အဿမဏိဿ၊ ထိုမြကျောက်၏။ ဟေတု၊အကြောင်းကြောင့်။ မမ၊ ငါ့အား။ ဝိပုလံ၊ ပြန့်ပြောစွာသော။ အန္နပါနံ၊ ထမင်းဟင်းအဖျော်သည်။ ဥဠာရံ၊ အကဲအလွန်။ ဥပဓိတော၊ ဖြစ်၏။ ဟုဆိုသည်။

မဟာဥမင်္ဂဇာတ်တွင်လည်း ဒေဝိန်း အမတ်သည် မြကျောက်ရတနာဖြင့် အသရေသွင်းခြင်းကို ပြု၏။ မင်းဥစ္စာဖြစ်သော သိကြားမင်းသည် ကုသမင်းအား ပေးအပ်သော သိရိပဝေသန မင်္ဂလာဖြစ်သော မြကျောက်ရတနာကို ခိုးပြီးလျှင် အမိအားပေး၍ ထား၏။ အမိသည်လည်း တစုံတယောက်သောသူကိုမျှ မသိစေဘဲ သိမ်း၍ထား၏။ မင်းအိမ်သို့ ဝင်သောကာလမှ သားအား ပေးလိုက်၏။ ထိုမြကျောက်ဖြင့် အသရေကိုသွင်း၍ မင်းအိမ်သို့သွား၏။ မင်းသည်လည်း ရှေးဦးစွာ စကားပြောဆို၍ နေ့တိုင်းနေ့တိုင်း ရှစ်သပြာ, တစ်ဆယ့်ခြောက် သပြာ, သုံးဆယ့်နှစ်သပြာ, ခြောက်ဆယ့်လေးသပြာသော ဥစ္စာတို့ကို အကျွန်ုပ်အား မျိုးရိက္ခာအလို့ငှာ ပေးလိုက်သည်ဟု ဆိုကြောင်းကို —

> ရညော သန္တကံ သက္ကေန ကုသရညောဒိန္နံ သိရိပဝေသနမင်္ဂလမဏိရတနံ ထေနေတ္တာ မာတုယာ ဒိန္နံ၊ သကိ္ခ အဇာနာပေတ္တာ မမ ရာဇကုလဲ ပဝိသနကာလေ တံ မယ္ဟံ ဒေတိ၊ အဟံ တေန မဏိနာ သိရိ' ပဝေသေတ္တာ ရာဇနိဝေသနံ ဂစ္ဆာမိ၊ ရာဇ တုမ္ဟေဟိ သဒ္ဒိ အကထေတ္တာ ပထမတရံ မယာ သဒ္ဒိ ကထေသိ၊ ဒေဝသိကံ အဋ္ဌ သောဠသ ဒ္ဗတ္တိံ သ စတုသဋ္ဌိ ကဟာပဏော မမ ပရိဗ္ဗယတ္ထာယ ဒေတိ။ ဟူ၍ ဟောတော်မူသည်။

ဘူရိဒတ် ဇာတ်တွင်လည်း ဘူရိဒတ် နဂါးမင်း၏ ပတ္တမြားရတနာကို ဆောင်ရသော သူတို့သည်လည်း ကျွဲ နွား သားသမီးကိုရခြင်း၊ အနာကင်းခြင်း၊ ချမ်းသာခြင်းတို့ကို ဖြစ်စေတတ်ကြောင်း အလိုခပ်သိမ်းကို ပေးတတ်သောကြောင့် သဗ္ဗကာမဒဒမည်ကြောင်းကို —

> ဓာရိယိမံ မဏိံ ဒိဗ္ဗံ၊ ပသုံ ပုတ္တေစ ဝိန္ဒတိ။
> အရောဂေါ သုခိတော ဟောတိ၊ ဂစ္ဆေဝါဒါယ ပြဟ္မဏ။

ဗြာဟ္မဏ၊ ပုဏ္ဏား။ ယော၊ အကြင်သူသည်။ ဒိဗ္ဗံ၊ နတ်၌ဖြစ်သော။ ဣမံမဏိံ၊ သဗ္ဗကာမဒဒမည်သော ဤပတ္တမြားကို။ ဓာရိယ၊ ဆောင်ရမူကား။ သော၊ ထိုသူသည်။ ပသုံစ၊ ကျွဲနွားကိုလည်းကောင်း။ ပုတ္တေစ၊ သားသမီးတို့ကိုလည်းကောင်း။ ဝိန္ဒတိ၊ ရ၏။ အရောဂေါ၊ အနာကင်းသည်။ သုခိတော၊ ချမ်းသာကြီးသည်။ ဟောတိ၊ ဖြစ်၏။ အာဒါယဓေ၊ ယူ၍သာလျှင်။ ဂစ္ဆ၊ သွားလေလော့။

ဟု ဘူရိဒတ်နဂါးမင်းက နေသာဒပုဏ္ဏားအား ပေးလိုက်ကြောင်း ဆိုပြောမှာလိုက်ကြောင်းကို ဘူရိဒတ်ဇာတ်တွင်လာသည်။

သခ်ၤပါလဇာတ်တွင်လည်း သခ်ၤပါလနဂါးမင်းသည် ပတ္တမြားကို ဆောင်ယူသွားရလျှင် လာဘ်လာဘများခြင်း၊ စည်းစိမ်ဥစ္စာများခြင်း စသည်တို့ကို ဆိုသည်။ ထို့ကြောင့်–

မဏိ မမံ ဝိဇ္ဇတိ လောဟိတကော်၊
ဓနာဟရော မဏိရတနံ ဥဠာရံ။

အာဒါယ တွံ ဂစ္ဆ သကံ နိကေတံ၊
လဒ္ဓါ ဓနံ တံ မဏိမောသဇသု။ ဟုဆိုလေသည်။

ဤကဲ့သို့ ကျောက်ရတနာကြောင့် ကုသမင်း အဆင်းလှခြင်း၊ ဒဓိဝါဟနမင်း ကောင်းကင်သို့ ပျံနိုင်ခြင်း၊ စကြဝတေးမင်း၏ ဝေဠုရိယဟု ဆိုအပ်သော မြကျောက်ရတနာသည် နောက်လှစွာသော ရေကို ကြည်စေတတ်ခြင်း၊ မဏိဇောတိရသ် ကျောက်မြတ်သည် အလိုခပ်သိမ်းကို ပေးနိုင်ခြင်းစသည်တို့သည် အများပင်ရှိသည်။

လောကီကျမ်းများတွင်လည်း တနဂ်္ဂနေသား **ပတ္တမြား**၊ တနလ်ာသား **ပုလဲ**၊ အင်္ဂါသား **သန္လာ**၊ ဗုဒ္ဓဟူးသား **မြ**၊ ကြာသပတေးသား **ဥဿဖယား**၊ သောကြာသား **စိန်**၊ စနေသား **နီလာ**၊ ရာဟုသား **ဂေါမိတ်**၊ ကိတ်ဂြိုဟ်သား **ကြောင်**ကို ဆောင်ရာသည်။ ဆောင်သော် အကျိုးများရာသည်ဟု ဆိုချေသည်။

(ဤအရာတွင် မေးရင်းပုစ္ဆာအဖြေ မဆိုင်လွန်းသော်လည်းစကားချပ်လိုက်ပေဦးအံ့။ ရာဟုရက်၊ ကိတ်ရက်ဟူ၍ မရှိပါတကားဟူအံ့။ ဗုဒ္ဓဟူးနေ့မွန်းတိမ်းသော် ရာဟု၊ တနလ်ာနေ့ မွန်းတိမ်းသော် ကိတ်၊ ကြာသပတေးနေ့ မွန်းတိမ်းသော် မိတ္တုဟု ဂြဟဇာပွင့် အဆုံးအဖြတ်များနှင့် ထောက်လေအပ်၏။)

ဓာတ်တော်ကို ကိုးကွယ်သည် ဆောင်ရွက်သည် ဆိုရာမှာလည်း အရှင်သီဝလိသည် မဟာသာဝကဖြစ်၏။ စေတီထိုက်သော အရိယာသာဝကပုဂ္ဂိုလ်ဖြစ်သည်။ ထို့ကြောင့် "တသ၊ သာဝကော ထူပါရဟော" ဟူ၍ ဟောတော်မူသည်။ စေတီထိုက်လျှင်လည်း စေတီတည်၍ထားမှ စေတီဖြစ်သည် မဟုတ်။ ဓာတ်တော်သည်လည်းကောင်း၊ ထားရာသိုရာ ရွှေကြူတ် ငွေကြူတ်တို့သည်လည်းကောင်း စေတီပင်ဖြစ်တော့သည်။

မြတ်စွာဘုရား သင်းကျစ်တော် ဓာတ်ကိုလည်း ရှေးအခါ စေတီတည်သည် မဟုတ်။ အဆင့်ဆင့် တဦးလက်မှသည် တဦးလက်သို့ ရောက်၍သာ ကိုးကွယ်ကြတော့သည်။ ကိုးကွယ်ကြဟန်ကား - ကုသိနာရုံပြည်၌ ဓာတ်တော်ဝေကြသော ကာလ မလ္လာမင်းတို့က အာဒါသ မဏ္ဍလ ပမာဏ ရှိသော သင်းကျစ်တော်ကို ရလေသည်ကို အရှင်မဟာကဿပ တောင်း၍ တပည့်တို့အားပေး၏။ တပည့်ဖြစ်သော မဟာနန္ဒထေရ်သည် ဧသာလီပြည် မဟာဝုန်တော ကူဋာဂါရကျောင်းတိုက် ဂန္ဓကုဋီ၌ထား၍ ကိုးကွယ်တော်မူသည်။ အရှင်မဟာနန္ဒထေရ် ပရိနိဗ္ဗာန်စံယူတော်မူလျှင် တပည့်ဖြစ်သော စန္ဒဂုတ္တထေရ်ပင့်ယူ၍ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတိုက် ဂန္ဓကုဋီတွင်ထား၍ ကိုးကွယ်တော်မူသည်။

အရှင်စန္ဒဂုတ္တ ပရိနိဗ္ဗာန်စံယူတော်မူလျှင် တပည့်ဖြစ်သော ဘဒ္ဒသေနထေရ် ပင့်ယူ၍ ကောင်းကင်ခရီးဖြင့် ကြွတော်မူပြီးလျှင် ဗာရာဏသီပြည် ကွယ်သိပတန မိဂဒါဝုန်တော မြတ်စွာဘုရားနေတော်မူသော ဂန္ဓကုဋီ၌ ထား၍ ကိုးကွယ်တော်မူသည်။

ဘဒ္ဒသေနထေရ် ပရိနိဗ္ဗာန် စံယူတော်မူလျှင် တပည့်ဖြစ်သော ရှင်ဇယသေနထေရ် ပင့်ယူ၍ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း ဂန္ဓကုဋီ၌ထား၍ ကိုးကွယ်တော်မူသည်။

ဇယသေနထေရ် ပရိနိဗ္ဗာန် စံယူတော်မူလျှင် တပည့်ဖြစ်သော သဃ်ရက္ခိတထေရ် ပင့်ယူ၍ ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း ဂန္ဓကုဋီ၌ထား၍ ကိုးကွယ်တော်မူသည်။

ရှင်သဃ်ရက္ခိတထေရ် ပရိနိဗ္ဗာန်စံယူတော်မူလျှင် တပည့်ဖြစ်သော မဟာဒေဝထေရ်ပင့်၍ ဒေဝါနုံပိယတိဿမင်း၏ ညီတော် မဟာနာဂအိမ်ရှေ့မင်းသည် မဟာဂါမဋ္ဌ မင်းပြုသောအခါ သိန်းယိုဋ်ကျွန်းသို့ ရောက်၍ ကိုးကွယ်၏။ ထိုမင်းသား ယဋ္ဌလာယက ထိုမင်းသား ဂေါဋ္ဌာဘယ အဆက် ထိုမင်းသား ကာကဝဏ္ဏမင်းလက်ထက် သိန်းယိုဋ်ကျွန်း၊ ရောဟဏဇနပုဒ်၊ မဟာဂါမရွာ မဟာဝါလုက ဂင်္ဂါ၏ တောင်မျက်နှာအဖို၌ သေရုမည်သော အိုင်၏အဆုံး ဝရာဃမည်သော ထုံးအိုင်၏ အထက် မဟာနာဂဝိဟာရတိုက်၌ တည်သော မဏိပါသာဏမဂ်လာစေတီတော်၌ ဌာပနာလေသည် ဟု နလာဋမာတုဝင်တွင်ဆိုသည်။

မြတ်စွာဘုရားစွယ်တော်ဓာတ်လည်း ရှေးဦးစွာ ဇမ္ဗူဒီပါကျွန်း ကလိင်္ဂတိုင်း၌တည်သည်၊ သာသနာတော် ရှစ်ရာသုံးဆယ့်ငါးနှစ် ငါတို့တိုင်းနိုင်ငံ၌ ပုဂံပြည်ဝယ် ထီးမင်းယဉ် မင်းပြု၍ နန်းစံလေးဆယ့်ကိုးနှစ် သိန်းယိုဋ်ကျွန်း၌ ကိတ္တိသိရိမေဃမင်း မင်းပြု၍ နန်းစံကိုးနှစ်ရှိသည်တွင် ဟေမမာလာမင်းသမီးနှင့် ဒန္တကုမာရ်သားတို့ဆောင်ယူလေ၍ သိန်းယိုဋ်ကျွန်းသို့ ရောက်လေသည်။ ယခုထက်တိုင်အောင် စေတီ မတည် ကိုးကွယ်၍သာ ရှိကြောင်းကို စာဟောင်းစာတမ်း အရပ်ရပ် ထွက်ဆိုလျက် ရှိတော့သည်။

ဤကဲ့သို့ပင် သီဝလိဓာတ်တို့ကို လိုရာပဲ့ဆောင်၍ ကိုးကွယ်သော်လည်း ကိုးကွယ်အပ်တော့သည်ပင်ဖြစ်၍ သီဝလိဂါထာ၊ သီဝလိရုပ်တု၊ သီဝလိဓာတ်စသည်တို့ကို ကိုးကွယ်သော သူတို့သည် ရတနာသုံးပါး ဂုဏ်ကျေးဇူးတို့ကို ယုံကြည်၍ ကိုးကွယ်ကြသော သူပင်ဖြစ်၍ စိတ်နှလုံးက အရိယာ သံယာတော်ဟူ၍ အောက်မေ့ခြင်းရှိရာသည် စိတ်ကအောက်မေ့ကာ မတ္တာဖြစ်သော်လည်း ကြီးမြတ်သော အကျိုးပင် ရှိရာသည်။ မြတ်စွာဘုရားလည်း—

ဧဝံ ဗုဒ္ဓံ သရန္တာနံ၊ ဓမ္မံ သံဃဉ္စ ဘိက္ခဝေါ။
ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ၊ လောမဟံသော နာ ဟောသတိ။

ဟူ၍ ဟောတော်မူသည်နှင့်လည်း ညီသည်။

လင်္ကာသီဒပကျွန်း၌၊ မဟာစေတီကို တည်သောအခါ ရဟန်းငယ်တပါးသည် စေတီဖျားက ကျသောကာလ ကောင်းကင်ခရီး၌ "ဓဇဂ္ဂပရိတ္တံ မံ ရက္ခတု" ဟု အောက်မေ့ကာမတ္တာဖြင့် စေတီမှ အုတ်နှစ်ချပ် ထွက်၍ ခံလင့်သဖြင့် တည်ရာရပ်ရာကို ရလေသည်ဟူ၍လည်း သဂါထာဝဂ္ဂသံယုတ် အဋ္ဌကထာတွင်ဆိုသည်။ ထို့ကြောင့် ဘုရားဂုဏ် သံယာဂုဏ်တို့ကို ကိုးကွယ်သော သူတို့သည် အကျိုးမဲ့ မရှိရာ မှတ်ရာသည်။

အရှင်သီဝလိမှာသာပါရမီတော်၏ အလျောက် လာဘ်လာဘ ပေါများရာသည်။ ဆောင်ရွက်ကိုးကွယ်သော သူတို့မှာ ပါရမီဆုတောင်းခြင်း အလျဉ်းမရှိပဲလျက် ပေါများရာသော အကြောင်းမရှိပါဆိုရာ၌–

ဆဒ္ဒန် ဆင်မင်းမှာသာ အစွယ်၏ အာနုဘော်ကို ခံစားသင့်လျက် အစွယ်ကိုယူဆောင်၍ သွားသောမုဆိုးမှာလည်း ခုနစ်နှစ် ခုနစ်လ ခုနစ်ရက်သွားမှ ရောက်နိုင်သော ရှည်ဝေးစွာသော ခရီးအဝန့်ကို ခုနစ်ရက်အတွင်း၌ပင် ရောက်နိုင်မည်ကိုမြင်၍ ဘုရားလောင်းက-

ကွမေသံ ဒန္တာနံ အာနုဘာဝေန သတ္တာဒိဝသဗ္ဘန္တရေယေဝ ဗာရာဏသိံ ပါပုဏိဿတိ။

ဟု ဆို၍ ပေးလိုက်သည်။ ရောက်လည်း ရောက်နိုင်လေသည်ဟု ဆဒ္ဒန္တ ဇာတ်တွင်ဆိုသည်။

ဧကနိပါတ်၊ ပဉ္စမဝဂ်၊ လောသကတိဿဇာတ်တွင် ကောသလတိုင်း၌ တယောက်သော အမျိုးပျက်သော တံငါ၏သားဖြစ်သော နည်းသော လာဘ်လာဘရှိသော တယောက်သော ရဟန်းသည် ရှိသတတ်။ ထိုရဟန်း၏ အကြောင်းကား-ဘဝဟောင်းမှ ရွှေ့ခဲ့၍ ကောသလတိုင်း၌ အမျိုးတထောင်နေသော တံငါရွာ၌ တယောက်သော တံငါမ၏ဝမ်းဝယ် ပဋိသန္ဓေယူလေ၏။ ထိုသူ ပဋိသန္ဓေယူသော နေ့မှစ၍ အမျိုးတထောင်တို့သည် ငါးအလို့ငှာ မြစ်၌လည်းကောင်း၊ တဘက်ဆည်ကန် စသည်တို့၌လည်းကောင်း ငါးတို့ကို ရှာကုန် သည်ရှိသော် တခုသောငါးကိုမျှ မရကုန်။ ထိုအခါမှစ၍ ထိုတံငါမျိုးတို့သည် စီးပွားချမ်းသာယုတ်ကုန်၏။ ထိုသူ ပဋိသန္ဓေနေသောကာလမှစ၍ ခုနစ်ကြိမ် မီးလောင်၏။ ခုနစ်ကြိမ် မင်းဘေးသင့်၏။ အစဉ်သဖြင့် ဆင်းရဲခြင်းဖြစ်ကြလေကုန်၏။

ထိုသူတို့ ကြံကြကုန်သည်ကား-ရှေးအခါ ငါတို့ရွာ၌ ဤသို့မရှိစဖူး၊ ယခုအခါ ယုတ်မာကြကုန်၏။ငါတို့အတွင်းတွင် တယောက်သော သူယုတ်သည်ရှိသတတ် နှစ်စုခွဲကြကုန်အံ့ဟု ငါးရာစီခွဲကြလေကုန်၏။ အကြင်အစုဌ်ထိုသူယုတ်၏ အမိအဖသည်ပါ၏။ထိုအစုသည်ယုတ်၏၊ မပါသော အစုသည် စီးပွားဖြစ်ကုန်၏၊ ထိုသို့သောနည်းဖြင့် အစဉ်အတိုင်း နှစ်စု နှစ်စုစီခွဲ၍ တအိမ်တည်းသာဖြစ်လေ၏။ ထိုရွာသူတို့သည် ဆင်ခြင်မိသဖြင့် ထိုသူတို့၏ ယုတ်သောအဖြစ်ကိုသိ၍ ပုတ်ခတ်၍ နှင်လိုက်ကုန်၏၊ မိဘတို့သည်ငြိုငြင်သဖြင့်အသက်ရှည်ကုန်လျက် ရင့်သော ကိုယ်ဝန်ရှိသည်ဖြစ်၍ တခုသော အရပ်၌ဖွား၏။

ပစ္ဆိပဘဝိက ဖြစ်သော သတ္တဝါကို ဖျက်ဆီးအံ့သောငှာ မတတ်နိုင်။ အိမ်အတွင်း၌ ဆီမီးကဲ့သို့ ထိုသူ၏ဟဒယဝတ္ထု၌ အရဟတ္တဖိုလ်၏ဥပနိဿယသည်ထွန်းတောက်၏၊ထိုသူ၏အမိသည်သူငယ်ကို လုပ်ကျွေးမွေးမြူ၍ ပြေးသွားတတ်သောကာလ တခုသော ခွက်ကိုပေး၍ ချစ်သားဤမည်သော အိမ်သို့ဝင်ချေလော့ဟု စေ၍ ပြေးလေကုန်၏။ ထိုသူငယ်သည်ထိုနေ့မှစ၍ တယောက်အထီးတည်းဖြစ်၍ ထိုထိုသို့သော အရပ်၌ ထမင်းကိုရှာ၍ တခုသောအရပ်၌ အိပ်လေ၏။ ရေကိုလည်းမချိုး၊ ကိုယ်ကိုလည်းမသုတ်သင်၊ မြေဘုတ်ဘီလူးကဲ့သို့ ငြိုငြင်သဖြင့် အသက်မွေးခြင်းကို ပြုရ၏။ အစဉ်အတိုင်းကြီးသဖြင့် ခုနစ်နှစ်ရှိသောကာလ တခုသော အိမ်တံခါး၌ ထမင်းအိုးကိုဆေး၍ စွန့်သော အရပ်၌ ကျီးတို့ကဲ့သို့ တလုံးတလုံးသော ထမင်းကို ရွေးကောက်၍ စား၏။

ထိုအခါ အရှင်သာရိပုတ္တရာသည်သာဝတ္ထိပြည်သို့ ဆွမ်းခံဝင်စဉ် မြင်၍ ဤသတ္တဝါသည်အလွန်သနားဖွယ်သို့ရောက်၏။ အဘယ်ရွာကလာသနည်းဟု ထိုသူငယ်၌ သနားသောစိတ်ကို ပွားစေ၍

အချင်းလာခဲ့လောဟု မိန့်၏။ သူငယ်သည်လာလတ်ပြီးလျှင် မထေရ်ကိုရှိခိုးလျက်ရပ်၏။သင်ကား– အဘယ်ရွာသားနည်း၊ သင့်အမိ အဖတို့ကား -အဘယ်သူတို့ပေနည်းဟု မေးတော်မူ၏။

အရှင်ဘုရား၊ အကျွန်ုပ်၏မိဘတို့သည် သင့်ကိုမှီ၍ ငါတို့ ပင်ပန်းလေပြီဟု စွန့်ပစ်၍ ပြေးလေကုန်ပြီဟု လျှောက်၏။ သင်ရဟန်းပြုလိုပါ၏လောဟု မေး၏။ အရှင်ဘုရား - အကျွန်ုပ်မျှကို အဘယ်သူရဟန်းပြုပါအံ့နည်း။ အကျွန်ုပ်ကဲ့သို့ အထီးကျန်သောသူကို ရဟန်းပြုသူရှိပါအံ့၊ ရဟန်းပြုလိုပါ၏ဟုလျှောက်၏။ ကောင်းပြီ၊ ရဟန်းပြုလော့ဟု မိန့်တော်မူ၍ မထေရ်လည်း ထိုသူငယ်အား ခဲဖွယ်စားဖွယ်တို့ကိုပေး၍ ကျောင်းသို့ဆောင်ခဲ့ပြီးလျှင် မိမိလက်ဖြင့်သာ ရေချိုးစေ၍ရှင်ပြုစေ၏။

အနှစ် နှစ်ဆယ် ပြည့်သောကာလ ပဉ္စင်းခံစေ၏။ ထိုသူသည် ကြီးသောကာလ လောသကတိဿ မထေရ်ဟူ၍ ထင်ရှား၏။ ဘုန်းအာနုဘော် နည်း၏။ နည်းသော လာဘ်လာဘရှိ၏။ အသဒိသ အလှူပေးသော ကာလ၌သော်လည်း ဝမ်းပြည့်အောင်မစားရဖူးလေ။ အသက်မီရုံသာ စားရချေ၏။ ထိုသူ၏သပိတ်၌ တဖွန်းမျှလောက်သော ယာဂုဟင်းတို့ကို လှူသည်ရှိသော် သပိတ်၌ အပြည့်သာလျှင် ထင်ကုန်၏။ လူတို့သည်လည်း ဤရဟန်း၏ သပိတ်သည်ပြည့်လေပြီဟုထင်၍ အောက်ရဟန်းတို့ကိုသာလျှင် လှူလေကုန်၏။ ထိုသူ၏သပိတ်၌ ယာဂုလှူသောကာလလည်း လူတို့၏လက်၌ ကွယ်လေကုန်၏။ ခဲဘွယ်စသည်တို့၌လည်း ဤနည်းသာလျှင် ဖြစ်ကုန်၏။ တပါးသောအခါ၌ ဝိပဿနာကို ပွားစေလျက် ရဟန္တာဖြစ်သော်လည်း နည်းသောလာဘ်လာဘရှိ၏။ အစဉ်သဖြင့် အာယုသခါရကုန်၍ ပရိနိဗ္ဗာန်ယူအံ့သောနေ့သို့ ရောက်လေ၏။

အရှင်သာရိပုတ္တရာသည် ဆင်ခြင်သည်ရှိသော်ထိုသူ၏ ပရိနိဗ္ဗာန်စံယူလတ္တံ့သော အကြောင်းကို သိ၍ ယနေ့ ငါသည် ထိုသူ၏အလိုအတိုင်းအာဟာရကိုပေးအံ့သောဋာအပ်၏ဟု မထေရ်ကိုခေါ်၍ သာဝတ္ထိပြည်သို့ ဆွမ်းခံဝင်လေ၏။ အရှင်သာရိပုတ္တရာသည် ထိုသူကိုမှီ၍ များစွာသောသူတို့သည် သာဝတ္ထိပြည်မှ မောင်းမဲခြင်းကိုသာပြု၏။ ရှိခိုးခြင်းကိုမျှ မရချေ။ ထိုအခါ ထိုမထေရ်ကို ငါရှင် သွားလော၊ အိမ်စျေးဇရပ်၌ နေလင့်လော့ဟု လွှတ်လိုက်၏။ လောသကတိဿ သွားလေလျှင်ပင် လူတို့သည် အရှင်မြတ်လာတော်မူ၏ဟု နေရာခင်း၍ ဆွမ်းဘုဉ်းပေးစေ၏။ မထေရ်လည်း ဤဆွမ်းကို လောသကတိဿအား ပေးချေလော့ဟု စေလိုက်၏။ ဆွမ်းကိုဆောင်ယူ၍ သွားသော သူတို့သည် မေ့လျော့၍ လမ်းခရီးတွင် မိမိတို့သာ စားကုန်၏။ အရှင်သာရိပုတ္တရာလည်း ထ၍ ကျောင်းသို့သွားသောကာလ၌ လောသကတိဿထေရ်သည်လည်းသွားလေ၍ အရှင်သာရိပုတ္တရာကို ရှိခိုး၏။ မထေရ်လည်း ပြန်၍ရပ်လျက် ငါရှင် သင်သည် ဆွမ်းရပါပြီလောဟု မေး၏။ မရပါဟု ဆို၏။ မထေရ်လည်း ထိတ်လန့်ခြင်းသို့ ရောက်လေ၏။ အခါကိုကြည့်သည်ရှိသော် အခါသည် လွန်ခဲ့၏။

မထေရ်လည်း ငါရှင် အတန်ငယ် ဤအရပ်၌ထိုင်ဦးလော့ဟု လောသကတိဿကို အိမ်စျေးအရပ်၌ ထိုင်စေ၏။ မထေရ်လည်း ကောသလမင်း၏ နန်းတော်သို့သွား၏။ မင်းသည် သပိတ်တော်ကိုလှမ်း၍ ဤအခါသည် ဆွမ်း၏အခါမဟုတ်ပြီဟု သပိတ်ပြည့်အောင် စတုမဓူကို လှူစေ၏။ မထေရ်လည်း စတုမဓူကိုယူ၍ ကြွတော်မူခဲ့၏။ ငါရှင်လောသကတိဿ၊ ဤစတုမဓူကို သုံးဆောင်လော့ဟုဆို၍ သပိတ်ကိုကိုင်၍ရပ်၏။လောသကတိဿသည်မထေရ်ကို ရိုသေသဖြင့် ရှက်ကြောက်စိုး၍ မသုံးဆောင်ရကား–မထေရ်သည် ငါရှင် လောသကတိဿ ငါသည် ဤသပိတ်ကို ကိုင်၍

သာလျှင်ပေးအံ့သည်၊ သင် နေ၍ ဘုဉ်းပေးလော့။ အကယ်၍ ငါသည် သပိတ်ကိုလက်မှ လွှတ်ငြားအံ့ သုံးဆောင်ခြင်းကိစ္စသည် မဖြစ်ရာပြီဟုမိန့်၏။

ထိုအခါ လောသကတိဿအား အဂ္ဂသာဝကဓမ္မသေနာပတိသည် သပိတ်ကိုကိုင်၍ တည်စဉ် စတုမဓူကို သုံးဆောင်ရ၏။ ထိုစတုမဓူသည် မထေရ်၏တန်ခိုးအစွမ်းကြောင့် ကုန်ခြင်းသို့ မရောက်နိုင်။ ထိုအခါ လောသကတိဿသည် အလိုအတိုင်း ဝမ်းပြည့်အောင် သုံးဆောင်ရ၏။ ထိုနေ့၌ပင်လျှင် အနုပါဒိသေသ နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန် စံယူတော်မူလေ၏။

မြတ်စွာဘုရားသည်လည်း ပရိနိဗ္ဗာန်ယူရာသို့ ကြွတော်မူလာ၍ အကောင်ချခြင်းကိစ္စကို ပြုတော်မူ၏။ ဓာတ်တော်ကို ယူ၍ စေတီတည်ခြင်းကို ပြုတော်မူ၏။

ဤဝတ္ထုဌ် လောသကတိဿကို ခေါ်၍သွားသောကာလ အရှင်သာရိပုတ္တရာကိုပင်လည်း မောင်းမဲခြင်းကိုသာပြု၏ ရှိခိုးခြင်းကိုမျှ မရချေဟုဆိုသည်။လောသကတိဿ၏ ကံအစွမ်းကြောင့် အရှင်သာရိပုတ္တရာတိုင် တန်ခိုးညစ်နွမ်းခြင်းရှိရသည်ကို ထောက်၍လည်းကောင်း၊လောသကတိဿ၏ အကုသိုလ်ကံရှိငြားသော်လည်း စတုမဓူကို သုံးဆောင်သောကာလ အရှင်သာရိပုတ္တရာ၏ တန်ခိုးကြောင့် မကွယ်မပျောက် ကုန်ခြင်းသို့ မရောက်နိုင်ဆိုသည်ကို ထောက်၍လည်းကောင်း၊ ကောကာလိကကို မြေမျိုထိုက်သော အကုသိုလ်ကံရှိငြားသော်လည်း မြတ်စွာဘုရား ရှေ့တော်၌ အကျိုးမပေးနိုင် ဘုရားသခင်မြင်ကောင်းသော အရပ်ကို လွန်သောအခါ၌သာ အကျိုးပေးနိုင်၏။ ထို့ကြောင့် သုတ္တနိပါတ်အဋ္ဌကထာ၊ (၃) ကောကာလိကသုတ်အဖွင့် (၁၉၆) တွင်–

> ဗုဒ္ဓါနုဘာဝေန တထာရူပံ ကမ္မံ ဗုဒ္ဓါနံ သမ္မုခီဘာဝေ ဝိပါကံ နဒေတိ၊ ဒဿနူပစာရေ ပန ဝိဇ္ဈတိတမတ္တေယေဝ ဒေတိ။

ဟုဆိုသည်ကိုထောက်၍လည်းကောင်း၊ထိုနှင့်အတူ အရှင်သီဝလိဓာတ်တော်ကို ဆောင်သွားသည် ရှိသော် ဓာတ်တော်သည်အရှင်သီဝလိပင် ဖြစ်တော့သည်။ အရှင်သီဝလိတန်ခိုးကြောင့် လာဘ်လာဘ ထူပြောပေါများရာသည်ဟု ယူသင့်သည်။

ဓာတ်တော်ကိုဆောင်၍ ပစ္စက္ခတွင်အကျိုးရှိမည် မရှိမည်ကို မေးရာ၌—

လင်္ကာဒီပသီဟိုဠ်ကျွန်း အနုရာဓပြို့၌ ညှပ်ရိုးတော်ဓာတ်ကို ဌာပနာရာဖြစ်သော ဒေဝါနံပိယတိဿမင်းကြီး၏ကောင်းမှု ထူပါရာမကျောင်းအာရာမ်၌ အသိဂါဟကအမတ်ကျောင်း၌ နေသော စူဠနာဂမထေရ်မြတ်သည် ဆွမ်းခံရွာဖြစ်သော စန္ဒဝဏ်ရွာခရီး၌ ခွေးမတခုသည် သားငယ်တို့ကို မွေးဖွား၍ငတ်မွတ်စွာ၏။ ထိုခွေးမကို မြင်လျှင်ခံတွင်းမှ အစာကို အန်၍ပေး၏။ စင်သောရေကိုသောက်စေ၏။ ပဌမဇ္ဈာနစေတနာ၏ အစွမ်းအားဖြင့် ထိုနေ့ညချမ်းအခါ၌ပင် ထောင်ရာမကသောဥပါသကာတို့သည် ထောပတ်တင်လဲသကာလက်စွဲကုန်လျက် မထေရ်မြတ်ကို ကပ်လာကြကုန်၏။ ထိုနေ့၌ပင် ထောင်ရာမကသော ရဟန်းတို့ကို လျှူပြန်လေ၏။ ထို့နောင် ဆွေမျိုးအပေါင်းတို့သည် လာပြန်၍ ရဟန်းတို့အား လျှူပြန်လေ၏။

ထိုညဉ့်၌ နတ်တို့သည် စန္ဒဝဏ်ရွာ၌ လှည့်ပတ်၍ မထေရ်အား အလှူကိုပေးလေကုန်ဟူ၍ ကြွေးကြော်ကုန်၏။ ရွာသူတို့သည် သလေးဆွမ်းစသည်တို့ကို လှူကုန်၏။ သုံးသောင်းသောရဟန်းတို့သည် သုံးဆောင်ရကုန်၏။ ထိုမထေရ် ဆွမ်းခံအံ့သောဌာ ထွက်သည်ရှိသော် တံခါးမုခ်၌နတ်တို့သည် သပိတ်ကိုယူ၍ လှည်းတပ်ဖန်ဆင်း၍လှူ၏။ မထေရ်မြတ် အမှူးရှိသော

သုံးသောင်းသော သံယာတို့သည် လာဘ်ဖြင့်ပြန့်ပြောကုန်၏။ အလှည့်အလည် အလှူပေးကြသော ဒကာတို့သည် သုံးဆယ့်နှစ်နှစ်တိုင်မှ အစွန်သောအိမ်သို့အလှည့်ရောက်၏။ နတ်လူတို့၏ ပစ္စည်းကို မှီဝဲ၍ နောက်အခါ ရဟန္တာအဖြစ်သို့ရောက်၏။

နောက်အခါ ထိုရဟန်းတို့သည် မဟာဗောဓိကို ဖူးမြင်လိုကုန်၍ ထိုမထေဠလိုက်ပါသည် ရှိသော် ငါတို့သည် ဆွမ်းစသည်တို့ဖြင့် မပင်ပန်းကုန်လတ္တံ့ဟု ငါးရာသော ရဟန်းတို့သည် တောင်းပန်ကုန်၏။ ငါလည်း အတူလိုက်ပါအံ့ဟု ငါးရာသောရဟန်းတို့ ခြံရံလျက် ထူပါရာမ ကျောင်းမှမဟာဗောဓိသင်္ဘောဆိပ်သို့ သွားလေသဖြင့် ရောက်၏။ မထေရ်မြတ်၏ ဘုန်းတန်ခိုးကို မှီ၍ ငါးရာသောရဟန်းတို့သည် ပစ္စည်းလေးပါဖြင့် မပင်ပန်းကုန်။ သင်္ဘောလှေစီး၍ သွားသည် ရှိသော် နတ်နဂါးတို့၏ ပူဇော်ခြင်းကို ခံတော်မူ၍ သုံးလလွန်သဖြင့် ဇမ္ဗုဒိပ်ဆိပ်သို့ရောက်၍ ထိုဆိပ်မှသည် ဗောဓိမဏ္ဍိုင်သို့ရောက်၏။ ရောက်လေရာရာအရပ်တို့၌ လူနတ်တို့သည် ပူဇော် ကုန်သည်ဖြစ်၍ ပစ္စည်းလေးပါးတို့သည် ပြန့်ပြောကုန်၏။ ပူဇော်ကန်တော့ပြီးမှ ပြန်ခဲ့ကြ၍ ခရီးအကြွေး၌ မထေရ်သည် မကျန်းမမာ ရှိလေသော် ရဟန်းတို့သည် ညှိုးငယ်ကြကုန်၏။

သင်တို့ အဘယ့်ကြောင့် ညှိုးငယ်ကြကုန်သနည်းဟု မေးသော် အရှင်တည်း မရှိလတ်သော် ကျွန်ုပ်တို့ ပစ္စည်းဖြင့် ခေါင်းပါးရာ၏ဟု လျှောက်သောကာလ၊ မစိုးရိမ်လင့်၊ ပရိနိဗ္ဗာန်စံသော သချှိုင်းကို ပူဇော်၍ ငါ၏ ဓာတ်တော်ကို ယူဆောင်ပြီးလျှင် ရေစစ်ထဲသို့ ဖွဲ့ချီ၍ ရွာသို့ဝင်သော ကာလ သပိတ်၌ချည်၍ ရှေးဦးစွာ သံယာထေရ်သည် ရွာသို့ဝင်လေလော့၊ သင်တို့အား ပစ္စည်း လေးပါးဖြင့် မပင်ပန်းသည် ဖြစ်လတ္တံ့ဟု မှာခဲ့၍ ပရိနိဗ္ဗာန်စံယူလေ၏။ ရဟန်းတို့လည်း အလောင်းတော်ကို သင်္ဂြိဟ်၍ ဓာတ်တော်ကို ယူဆောင်၍သွားကြသည်ရှိသော် ဓာတ်တော် ကြောင့် သက်တော်ထင်ရှားရှိသော အခါကဲ့သို့ပင် ပစ္စည်းလေးပါးတို့ဖြင့် မပင်ပန်း ချမ်းသာစွာ ငါးရာသော ရဟန်းတို့သည် မိမိတို့နေရာ လင်္ကာဒီပသီဟိုဠ်ကျွန်းသို့ ရောက်လေကြကုန်၏ဟု မခုရရသဝါဟိနီကျမ်း စူဠနာဂဝတ္ထုတွင် ဆိုသည်။

(သဟဿဝတ္ထူတွင်လည်း-တုမ္မေဟိ မာစိန္တယိတ္ထ၊ မယံ့ ပရိနိဗ္ဗုတကာလေ အာဠဟကံ သက္ကာရံကတွာ ဓာတုယော ဂဟေတွာ ပရိဿဝနေ ပက္ခိပိတွာ အန္တောဂါမံ ပဝိသနကာလေ ဓာတုံ ဂဟေတွာ သံယထေရဿ ပတ္တေ ဗဇ္ဈိတွာ ဘိက္ခာယ စရထာတိ ဝတွာ ပရိနိဗ္ဗာယိ။ တေ တထာ အကံသု တေသံ ဘိက္ခူနံ ပန လာဘသက္ကာရော ထေရဿ ခရမာနကာလောဝိယ အဟောသိ။ ဟူ၍ စူဠနာဂတ္ထေရ ဝတ္ထုတွင်လာသည်)။

ဤသည်များကို ထောက်လျှင် သီဝလိဓာတ်ကို ဆောင်သောသူတို့မှာလည်း လာဘ်လာဘ ပေါများခြင်း အကျိုးဖြစ်ကောင်းဖြစ်၏ဟု ထင်ပေသည်။

တယောက်ပြုသော ကုသိုလ်ကံသည် တယောက်သို့ မကူးရာ ဆိုရာ၌လည်း အမှန်ပင်ဖြစ် တော့သည်။ သိရိစောရဇာတ်, နိဂ္ဂြောဇာတ်စသည် တို့တွင် ကြက်သားကို စားရ၍ မင်းဖြစ်သည် ဆိုရာ၌ ရှေးကံဟူသော ပကတူပနိဿယ ပစ္စည်းခံ၍လည်း ကြက်သားကို စားရသည်။ ကြက်သားကိုစားခြင်းဟူသော ပကတူပနိဿယ ပစ္စည်းခံ၍ မင်းဖြစ်သည်ဟု ဆိုသင့်လျက် ကြက်သားကိုစား၍ မင်းဖြစ်သည်ဟု ဆိုသကဲ့သို့ ရှေးကံဟူသော ပကတူပနိဿယ ပစ္စည်းခံ၍ အရှင် သီဝလိဓာတ်ကို ကိုးကွယ်ရသည်။ ဓာတ်တော်ကို ကိုးကွယ်ရခြင်းတည်း ဟူသော ပကတူပနိဿယ ပစ္စည်းခံ၍ လာဘ်လာဘရသည်။ ဤသို့ အတိတ်၌ဖြစ်သော ပကတူပ ပစ္စက္ခ၌

ဖြစ်သော ပကတူပ နှစ်ချက်ရ ကြုံ၍ ယူသော် ရှေးကံကလည်း အရင်းရှိနှင့်သည်တွင် ထူးမြတ်သော ပရမီရှိသော ပုဂ္ဂိုလ်တို့ကို မှီဝဲရပြန်သဖြင့် ထူးမြတ်သော အကျိုးတို့ကို ခံရရာသည် ဖြစ်ကောင်း၏ဟု ထင်ပေသည်။

၁၀၈-ပဉ္စာ။ ။ပြဒါးသေသော် တပြည်ဝသည် စိန်သေသော် တဆွေဝသည် ဆိုကြပါသည်၊ ပြဒါးစိန်စသောဓာတ်၊ မူလပတ္တာဖြစ်သော ဆေးမြစ် ဆေးရွက်တို့သည် ရွှေငွေကို ဖြစ်စေတတ်သည်ဟု အများဆိုကြပါသည်။ ပြဒါးစိန်တို့ကြောင့် ရွှေငွေ ဖြစ်သင့် မဖြစ်သင့် ကျမ်းဂန် လာမည် မလာမည်ကို သိလိုပါသည်။

သက္ကရာဇ် ၁၁၇၂-ခုနှစ်၊ တပို့တွဲလဆန်း ၁-ရက်၊ ကြာသပတေးနေ့၊ မုံရွာသိရိမာလာက လျှောက်လာရာတွင် ဖြေဆိုလိုက်သည်ကား-

၁၀၈-ဝိသဇ္ဇနာ။ ။ပြဒါး၊ စိန်၊ ဆေးရွက်၊ ဆေးမြစ်တို့ကြောင့်၊ ရွှေ ငွေ ဖြစ်သင့် မဖြစ်သင့်ကို မေးရာ၌–

အဘိဓာန်ကျမ်း စတုဗ္ဗဏ္ဏဝဂ်တွင် ပါရဒေါ ရသော ဟု ပြဒါး၏ ပရိယာယ် နှစ်ပါးရှိကြောင်းကို ပြသည်။

> ပါရယတိ သက္ကတိ သဗ္ဗံ လောဟံ ကဉ္စနံ ကာတုမိတိ ပါရဒေါ အဂ္ဂိမှိ ပက္ခိတ္တော ရသတီတိ ရသော၊ စပလော၊ သုတော။

ဟု ဋီကာဝစနတ္ထကို ပြသည်။

သဗ္ဗံ၊ အလုံးစုံသော။ လောဟံ၊ သံကို။ (တနည်းကား) လောဟံ၊ ကြေးကို။ (တနည်းကား) လောဟံ၊ လောဟမျိုးကို။ ကဉ္စနံ၊ ရွှေကို။ ကာတုံ၊ ပြုခြင်းငှာ။ ပါရယတိသက္ကတိ၊ စွမ်းနိုင်၏။ ကွတိ တသ္မာ၊ ထို့ကြောင့်။ ပါရဒေါ၊ ပါရဒမည်၏။ ပါရဒေါ၊ ပြဒါး။ အဂ္ဂိမှိ၊ မီး၌။ ပက္ခိတ္တော၊ ပစ်ချသည်ရှိသော်။ ရသတိ သဒ္ဒကရောတိ၊ အသံကိုပြုတတ်၏။ ကွတိ တသ္မာ၊ ထို့ကြောင့်။ ရသော၊ ရသမည်၏။ ရသော၊ ပြဒါး။ စပလော၊ ပြဒါး။ သုတော၊ ပြဒါး။ ဟူ၍ ဋီကာ၌ စပလောနှင့် သုတော ပရိယာယ် = နှစ်ပါးလောင်းပြန်၍ ပြဆိုသည်။

ပြဒါးသည်အလုံးစုံသောသံကို၊ တနည်းကား–ကြေးကို၊ လောဟမျိုးကို ရွှေဖြစ်စေတတ်သည်ဆိုသော အရာ၌ သဗ္ဗလောဟ၏ အရကား-သမ္မောဟဝိနောဒနီ အဋ္ဌကထာ၌ လာသော —

ကာဠလောဟ၊ သံမည်း။ ထိုမှတပါးလည်း ဇာတိလောဟ၊ သံဇာတ်။ ဝိဇာတိလောဟ၊ ထယ်သံ။ ကိတ္တိမလောဟ၊ ကြေးဖြူအစရှိသည်နှင့် ရောစ၍ ပြုသောသံ။ ပိသာစလောဟ၊ သံချည်။ လောဟမျိုးလေးပါး။

အယော၊ သံတွေ။ သဇ္ဈု ငွေ။ သုဝဏ္ဏ၊ ရွှေ။ တိပု၊ သလွဲစင်။ သီသံ၊ သလွဲမည်း။ တမ္ဗလောဟ၊ ကြေးနီ။ ဝေကန္တလောဟ၊ သံမဏိ။ ဇာတိလောဟမျိုး ခုနစ်ပါး။

နာဂနာသိကလောဟ၊ ထယ်မည်သောသံ၊ ဝိဇာတိလောဟမျိုးတပါး။

ကံသလောဟ၊ ကြေးဖြူ။ ဝင်္ကလောဟ၊ တေး။ အာရကူဋ္ဌ၊ ခပ်ပြာ။ ကိတ္တိမလောဟမျိုးသုံးပါး။

လောဟရက္ခက၊ သံကြောင်။ ပုဓုက၊ သံကြွပ်။ မလီနက၊ သံမှတ်၊ စပလက၊ သွပ်မည်သောသံ။ သေလက၊ သံကျောက်မျိုး။ အာဋ္ဌလ၊ သံလိုက်။ အလ္လက၊ သံခဲ။ ဒုသိလောဟ၊ သံချည်။ ပိသာစလောဟမျိုး ရှစ်ပါး။

ဤသို့ပြအပ်သော လောဟမျိုး၊ ဇာတိလောဟမျိုး၊ ဝိဇာတိလောဟမျိုး၊ ကိတ္တိမလောဟမျိုး၊ ပိသာစလောဟမျိုးမှစ၍ လောဟသဒ္ဒါနှင့် ဆိုင်ရာအကြောင်း သင့်သမျှသော လောဟတို့ကို ယူအပ်၏။

တနည်းကား။ ။လောဟသဒ္ဒါသည်-ကြေးနီ၊ ကြေးဖြူ၊ ကြေးမည်း၊ သလွဲ၊ ဘင်၊နာစသော ဒန်မျိုးသံမျိုး အလုံးစုံကိုပင် ရသင့်၏ဟု ထင်သည် ရတနာခုနှစ်ပါးကိုလည်း လောဟသဒ္ဒါသည် ဟောနိုင်၏ဟု ယူရန်ရှိသည်။ ထို့ကြောင့် မဟာဥမင်္ဂဇာတ်၌ "လောဟဝိဇ္ဇာတိ လောဟသိပ္ပါ"ဟု အဋ္ဌကထာ၌ဖွင့်သည်။ ဋီကာ၌ကား-"လောဟဝိဇ္ဇာတိ၊ သတ္တရတနမယာ" ဟု ဖွင့်သောကြောင့် တည်း။

တနည်းကား။ ။အလုံးစုံသောသံ၏ အရကား– ထယ်သံ၊ တည်သံ၊ ပရွက်ဥသံ၊ ပေသံ၊ ထန်းသံ၊ အုန်းသံ၊ (ကွမ်းသီးသံ၊ ခြသံ၊ တောင်ပို့သံ) ချောင်သံ၊ အနန္တလောဟသံ၊ မြေသံ၊ ရေသံ၊ကျောက်သံ၊သစ်ထဲသံ၊ ဝါးထဲသံ၊ ငှက်ပျောသံ၊ သယံဇာတသံ စသည်တို့ပင် ဖြစ်တော့သည်။

ပြဒါးကား–ပကတိပင်ဖြစ်သည်၊သေမှဖြစ်သည်၊ခဲ၍သေမှဖြစ်သည်၊ပြာကျ၍ သေမှဖြစ်သည်ဟု အထူးမဆိုရကား–ပကတိပင်လည်းကောင်း သေ၍ ခဲ၍ ပြာကျ၍လည်းကောင်းဖြစ်သည်ချည်းပင် ယူသင့်သည်။

(ဒဗ္ဗဂုဏပ္ပကာသနီကျမ်း၌ကား–ဒေါသကင်းမှ အကျိုးစီးပွားရှိသည်ဆိုချေသည်။) ပြဒါးသည် ရွှေဖြစ်ကလည်း စိန်သည်လည်း ရွှေဖြစ်သင့်သည်ဟု ယူသင့်သည်။

သာရတ္ထဒီပနီဝိနည်းဋီကာ, သာရတ္ထသင်္ဂဟကျမ်း၌လည်း –

တိပုတမွေ မိဿေတွာ ကတံ ကံသလောဟံ နာမ။
သီသတမွေ မိဿေတွာ ကတံ ဝဋ္ဋလောဟံ နာမ။
တေနေဝ ကာရဏေန နိဗ္ဗတ္တံ ကိတ္တိမလောဟန္တိ ဝုစ္စတိ။

ဟု လာသည်။

သလွဲစင်နှင့် ကြေးနီကိုရောရ၍ ပြုသည်ရှိသော် ကံသလောဟ၊ ကြေးဖြူဖြစ်၏။ သလွဲမည်းနှင့် ကြေးနီကိုရောရ၍ပြုသော်၊ ဝဋ္ဋလောဟတေး ဖြစ်၏။ ပြဒါးနှင့်ကြေးနီကိုရောရ၍ ပြုသော် အာရကူဋ ဖြစ်၏ဟု ဆိုသည်။

ဝိနယာလင်္ကာရဋီကာတွင် –

ရသတုဋ္ဌေဟိ ရဠိတံ တမ္ဗံ ဟာရကူဋလောဟံ နာမ။

ဟုဆိုသည်။

ပြဒါး၊ ဒုတ္ထာတို့ဖြင့် ဆိုးအပ်သော ကြေးနီသည် ဟာရကူဋ္ဌ လောဟမည်၏ဟု ဆိုသည်ကို ထောက်သော် တပါးသော အာနုဘော်ရှိသော ဆေးတို့နှင့် ရောယှက်ပြန်သော် ထို့ထက် အကဲအလွန် ငွေ,ရွှေ, ဖြစ်ရာကောင်း၏ပင် အထင်ရှိပေသည်။

ရွှေမျိုး အပါးနှစ်ဆယ်ကို ဆုံးဖြတ်ရာ၌လည်း စတုတ္ထ စတုတ္ထဝယ် ဥတဝါရွှေကို ဥချည်နှင့် လှော်လျှင် သုဝဏ္ဏသာရဖြစ်၏။ သုဝဏ္ဏသာရကို ရာဂီငါးပါးနှင့် လှော်လျှင် သုဝဏ္ဏရာဂီဖြစ်၏။ သုဝဏ္ဏရာဂီကို ကျောက်မျိုးတစ်ဆယ့်ရှစ်ပါးနှင့် လှော်လျှင် သုဝဏ္ဏမဏ္ဍီဖြစ်၏။ သုဝဏ္ဏမဏ္ဍီကို ပြဒါးနှင့်လှော်လျှင် သုဝဏ္ဏရသ်ဖြစ်၏။ သည်လေးပါးသည် ဇော်ဂီကဖြစ်သည့် ရွှေတည်းဟု ဆိုသည်။

ဤစကားတွင်လည်း ဥချည်၊ ရာဂီ၊ ကျောက်မျိုး၊ ပြဒါးတို့သည် ရွှေကိုထောက်ပံ့တတ်သော သတ္တိရှိကုန်သည်။ ဇော်ဂီတို့သည် ပြပြင်တတ် ပြုပြင်နိုင်စွမ်းသော သတ္တိရှိချေသည်ဟု သိသာသည်။ ပြဒါးတွင် ပကတိဖြစ်၍လည်းကောင်း၊ ပကတိအရည်သာ သေ၍လည်းကောင်း၊ ပျော့ပြင်းလျက် သေ၍လည်းကောင်း၊ ခဲလျက်သေ၍လည်းကောင်း၊ ပြာကျမှ သေ၍လည်းကောင်း အထူးမဆို၍သာ သတ္တိအပိုင်းကို မသိသာလွန်းရှိသည်။

ဆေးမြစ် ဆေးရွက်တို့ဖြင့် ရွှေငွေ ဖြစ်မဖြစ်ကို မေးရာ၌ —

> စာမီ နာမ ဧကာ ပုပ္ပဇာတိ၊ တံကရတ္တာ စာမီကရံ။ အထ ဝါ စာမီ နာမ အင်္ဂိ။ စမ္ပ အဒနေ။ ဏီ။ တက္ကရတ္တာ စာမီကရံ။

ဟု အဘိဓာန်ဋီကာ၌ဆိုသည့် အလိုကား စာမီကရရွှေဟူသည် စာမီမည်သော ပန်းပွင့်မျိုးရှိ၏ ထိုစာမီမည်သော ပန်းပွင့်ဖြင့် ပြုသောကြောင့် စာမီကရရွှေဟု တွင်သည်။

တနည်းလည်း။ ။စာမီမည်သည်ကား - မီးတည်း။ မီးဖြင့်ပြုလုပ်သောကြောင့် စာမီကရရွှေဟု တွင်သည်ဟု ဆိုသည်။ ဤအလိုကား- ရွှေကိုအပွင့်ဖြင့်ပြု၍ ဖြစ်သည်ဆိုရကား - အပွင့်ဖြင့်ပြု၍ ရွှေဖြစ်လျှင် အမြစ်ဖြင့်ပြု၍လည်း ရွှေဖြစ်ရာသည်ပင် ရွှေကိုပြဒါးဖြင့် လည်းကောင်း၊ အပွင့်ဖြင့် လည်းကောင်း ပြုလုပ်၍ ဖြစ်လေကလည်း ငွေကိုလည်းပြုလုပ်၍ ဖြစ်ရာသည်ပင် ဖြစ်သည်။

ရှေးအခါ တောင်တွင်းပွင့်လှဦး သီဟပတ္တေသည် ကုလားတယောက်ကို သမီးပေး၍ ငွေချက်သောအတတ်ကို သင်သည်။ ငွေချက်သော အတတ်ကို တတ်လျှင် ကုလားကိုသတ်၍ သမီးကိုသိမ်းယူပေတော့ဟု အမတ်တို့ဆိုကြသည်ကို ဤမင်းမျိုးသည် သူတပါးကိုလှည့်ပတ်၍သာ အတတ်ပညာကို ယူတတ်သောသူ၏ အမျိုးဟူ၍ နောက်နောင် သူတပါးတို့ အပြစ်တင်စရာ ဖြစ်လေတော့မည် မချွတ်ဟု ကုလားကိုလည်းမသတ်၊ သမီးကိုလည်း မယူလေ။ ကြီးကျယ်စွာသော အခမ်းအနား စည်းစိမ်ချမ်းသာကို ပေး၍ သူကောင်း ဖြစ်စေသည်။ အမျိုးကတိကို စောင့်လေသည်ဟု ရာဇဝင်တွင်ဆိုသည်။

ငွေချက်အတတ်ကို သင်၍ ငါ၏မြေးတော်ကို ကုလားသို့ ပေးရမည်လောဟု ယောကျ်မတော်ဖြစ်သော ပုဂံတရုတ်ပြေးမင်းက အမျက်ကြီးစွာရှိ၍ ချခေါ်သည်။ နောင်မျက်နှာကို မြင်သောကာလ အမျက်ပြေ၍ အသက်စည်းစိမ် ချမ်းသာစွာ နေရသည်။ တောင်တွင်းမြို့ကသည် ပုဂံမြို့သို့ ချခေါ်၍ သွားသောကာလ ရွှေငွေကို လှည်းအများနှင့် တင်ယူ၍ သွားလေသည်။

ခရီးလမ်းစဉ်တလျှောက် ကုန်း ကျင်း သစ်ပင်မြင်တိုင်း ချမ်းသာစွာ ပြန်ရနေရပါလျှင် ရေတွင်း၊ ရေကန်၊ ကျောင်း၊ ဘုရားများစွာ ပြုစုပါမည် အဓိဋ္ဌာန်၍ သွားလေသည်။ ချမ်းသာစွာ ပြန်လည်ရသဖြင့် အဓိဋ္ဌာန်ရာအရပ် ဟူသမျှ၌ပင် ရေတွင်း ၊ ရေကန်၊ ကျောင်း၊ ဘုရားများစွာ ပြုလေသည် ဟူ၍လည်း တောင်တွင်းမြို့သမိုင်း မင်းစဉ် ရာဇဝင်တွင် ဆိုသည်။

ဤထုံးများကို ထောက်သော် မီးနေ, မီးရပ်, တတ်မှတ် လိမ္မာသောသူတို့သည် ဓာတ်နှံ ဓာတ်ရင့်ကို ချင့်စာ ထောက်ထား၍ အစွမ်းရှိသော ဆေးမြစ် ဆေးရွက်တို့ကို ရလျှင် အဖြူး၊ အခံ၊ အသွန်၊ အစိမ်၊ လိမ္မာပေက ရွေ ငွေပြုလုပ်၍ ဖြစ်ရာကောင်းချေ၏ ထင်ပေသည်။

လျှောက်ရင်း စကားဟောင်းကပင် ပြဒါးသေသော် တပြည်ဝင်၏ ဟူသော ပေါရာဏ စကား၌ ပြဒါးမသေသော် မဝ၊ သေသော်ဝ၏ဟု ယူရန်ရှိချေသည်။ ပြဒါးသေဖူးကြောင်းကို ပုဂံတရုတ်ပြေးမင်းလက်ထက် တရုတ်စစ်သည် ရောက်လာသောကာလ ငဆောင်ချမ်းတပ်တွင် အမတ်ကြီး ရာဇသကြီသား အနန္တပစ္စည်း ရန္တပစ္စည်းတို့သည် ပြဒါးသေကိုငုံ၍ ကောင်းကင်သို့ တဆယ့်ငါးတောင် တဆယ့်ခြောက်တောင်မြောက် ခုန်၍ တိုက်ခံသည်ဟု ရာဇဝင်တွင်ဆိုသည်။

ဘုရားဟော ကျမ်းတွင်လည်း နိဗ္ဗာန်သာ မြဲသည် ဆိုသည်။ ကလာပ် ကျမ်းကလည်း ကောင်းကင်သာ မြဲသည်ဟု ဆိုသည်။ နိဗ္ဗာန်ကောင်းကင်မှတပါး မြဲသည်မရှိ။ ဖောက်ပြန်တတ်သည်ချည်း။ ပြုပြင်ရလျှင် ဖောက်ပြန်သည်ချည်း ဖြစ်၍ ရှေးအခါ ပြဒါးသေလေဖူးကလည်း နောက်အခါ ဆေးဝါးပယောဂ အပြုအလုပ် မီးရပ်မီးနေသင့်လျှင် သေရာကောင်းပေသည်။ ပြဒါးသေကလည်း သံလည်းသေ၏။ စိန်လည်းသေ၏ ဟူ၍ပင် မှတ်သင့်သည်။

သံသေဟန်ကို အဘယ့်ကြောင့် သိအပ်သနည်းဟူအံ့—

အရဟန္တာနံ ဝဋ္ဋဒုက္ခသမုစ္ဆေဒသခီတံ သမုစ္ဆေဒမရဏံ၊ သခီရာနံ ခဏဘင်္ဂသခီတံ ခဏိကမရဏံ ရုက္ခော မတော လောဟံ မတန္တိ အာဒီသု သမ္မုတိမရဏဉ္စ။

ဟု ရဟန္တာတို့၏ ဝဋ်ဆင်းရဲ ပြတ်ခြင်းဟု ဆိုအပ်သော သေခြင်းသည် သမုစ္ဆေဒမရဏတည်း။ သခီရတို့၏ ခဏအားဖြင့် ပျက်ခြင်းဟုဆိုအပ်သော သေခြင်းသည် ခဏိကမရဏတည်း။ သစ်ပင်သေ၏၊ သံသေ၏၊ ဤသို့အစရှိသော သေခြင်းသည် သမ္မုတိမရဏတည်းဟု ဝိသုဒ္ဓိမဂ် မရဏာနုဿတိနိဒ္ဒေသ အဖွင့်တွင် လာသည်ကို ထောက်သော် သံစသောကြေးမျိုးတို့သည် ဝေါဟာရအလိုက် သေ၏၊ ဖောက်ပြန်၏၊ ဇာတ်ဟောင်းကို စွန့်၏၊ ပေါရာဏကထာစကားဟောင်းများကလည်း သံသေသော် အနန္တဟူ၍ပင် ဆိုထုံးရှိသည်။ အာဒီသဒ္ဒါ၏ အစွမ်းဖြင့် စိန်ကြွပ်သွပ် စသည်တို့လည်း သေ၏ဟူ၍ပင် မှတ်သင့်၏။

သရဘဂု စာများတွင်လည်း ဓာတ်လေးပါး ဓာတ်ရှစ်ပါးတို့ကို ကောင်းစွာ စီရင်သဖြင့် သေကြောင်း၊ ခဲကြောင်း၊ ရပ်နေကြောင်းများကို များစွာပင်ဆိုသည်။ မူလညွှန်း ဓာတ်ညွှန်းများကိုလည်း စာဟောင်းအဆောင်ဆောင် အရပ်ရပ်တို့တွင် တန်ခိုးအာနုဘော် ရှိကြောင်း ကာယသိဒ္ဓိ ဓနသိဒ္ဓိတို့ကို ပြဆိုလျက်ရှိသည်။(သိရီရာဇိန္ဒရှင်ရသေ့ပြုသောဒဗ္ဗဂုဏာပကာသနီကျမ်းဆဋ္ဌပိုင်းတွင်—

မုစ္ဆိတော ဟရတော ဗျာဓိ၊ မတော ဇီဝယတိ သယံ။
ဗဒ္ဓါ ခေ စရတာ ကုရုတော၊ ရသော စ ဝါယု စ ရုဝိ။

ရဝိ၊ အံ့ဩဖွယ်ရှိသော။ ရသော စ။ ပြဒါးသည်လည်းကောင်း။ ဝါယု စ၊ ဝါယောဓာတ်သည်လည်းကောင်း။ ဗျာဓိ၊ အနာကို။ မုစ္ဆိတော၊ တွေဝေစေသည်။ ဟရတော၊ ပယ်သည်ဖြစ်၍။ သယံ မတော၊ မိမိကားသေလျက်။ ဇီဝယတိ၊ သူတပါးကို အသက်ရှင်စေတတ်၏။ ဗဒ္ဓါ၊ မိမိကို ဖွဲ့မိသည်ဖြစ်လျက်။ ခေ စရတာ၊ သူတပါးတို့အား ကောင်းကင်သို့ပျံနိုင်ခြင်းကို။ ကုရုတော၊ ပြုတတ်၏။

အဓိပ္ပာယ်ကား။ ။အံ့ဖွယ်ရှိသော ပြဒါးသည် လည်းကောင်း၊ ဝါယောသည်လည်းကောင်း။ အနာကိုတွေဝေစေသည် ပယ်ဖျောက်နိုင်သည်၊ ပြဒါးသည် မိမိသေလျက် သူတပါးကို အသက်ရှင်စေနိုင်သည်။ မိမိကိုဖွဲ့မိလျက် သူတပါးတို့အား ကောင်းကင်သို့ပျံနိုင်ခြင်းကို ပြုနိုင်လေသည်ဟူ၏။ ထို့ကြောင့် ပြဒါးသည် အနာကိုပယ်နိုင်သည် အသက်ကို ရှည်စေနိုင်သည်၊ ကောင်းကင်သို့ ပျံစေနိုင်သည်။ ဤသတ္တိ သုံးပါးရှိသည်ကိုလည်း သိရသည် သေတတ်သော သဘောရှိကြောင်းကိုလည်း သိရသည်။

ပြဒါးအပြားကိုလည်း တူမ အာကာသ ဝိဇယ-ဟု သုံးပါးပြားကြောင်း ဣတ္ထိ ပုရိသ နပုံသက သုံးပါးပြားကြောင်း မြေအောင်း အပုပ်စား အပွင့်စား သုံးပါးပြားကြောင်းများကို ဆိုသည်။ (ရုက္ခနိယဏ္ဏု ကျမ်းကား - ဆေးပင်တို့၏ အမည်ကိုဆိုသည်၊ ရွေးကုမာရ နိယဏ္ဏု ကျမ်းကား -ဆေးပင်တို့၏ ဂုဏ်ကျေးဇူး အာနုဘော်ကို ဆိုသည်။) အဘိဓာန်မျိုးတွင် အမရကောသ၊ ရတနကောသ၊ နှစ်ထွေရှိသည်။အမရကောသမှာ ဋီကာ ဒီပနီအစရှိသည်များက လည်း အသီးသီး သစ်ပင်တို့၏ ဂုဏ်ကျေးဇူး အထွေထွေပင်ပါသည် အဂိုရတ်ကျမ်းမျိုးကလည်း ကာမာရတနကျမ်း ဓာတုပြဿသကျမ်း နှစ်ထွေရှိသည် ဤကျမ်းများကလည်း ပြဒါးဒုတ္ထာစသည်တို့ကို စီရင်၍ ရွှေ့ငွေ့ဖြစ်ကြောင်းများ များစွာပါသည်။

သာရကောမုဒိကျမ်းဒဗ္ဗဂုဏာဆေးကျမ်းတို့ကလည်းဆေးတို့၏အာနုဘော်ကို များစွာဆိုသည်၊ ဤသို့အထူးထူး အထွေထွေအားဖြင့် လောကကျမ်းများတွင် နာ, ဘင်, စိန်, သံ, ဒန်, ခဲပြာ, ကြွေပ်, ကျောက်, သွတ်, ဖွယ်,ကြေး, တေး, သတိုးစု သုတအမျိုးမျိုးတို့၏ လုပ်ရိုး လုပ်ခန်းတို့သည် အများပင်ရှိချေသည်၊ အသင့်အတင့် ချင့်စားစီရင်နိုင်လျှင် အလိုရှိရာ ဖြစ်ရာကောင်းချေ၏ပင် အထင်ရှိပေသည်။

၁၀၉-ပဏ္ဍာ။ ။ဆေးမြစ် ဆေးရွက်တို့၏ တန်ခိုးအာနုဘော်ကြောင့် လူတို့သည် ရှိန်းအံ့ ဆာယာပြီး၍ ကိုယ်ရုပ် သဏ္ဌာန်ပျောက်နိုင်သည် ဆိုသော စကားများသည် ကျမ်းဂန်ထွက်ဆိုမည် မဆိုမည်ကို သိလိုပါသည်။

၁၀၉-ဝိသဇ္ဇနာ။ ။အမြစ်အရွက်စသော ဆေးတို့၏ အာနုဘော်ကြောင့် လူတို့၏ရုပ်သဏ္ဌာန် ကွယ်ပျောက်ရာ မပျောက်ရာကို မေးရာ၌-

လောကကြောင်း၌ မင်းရဲကျော်စွာသည် ဒလတွင် ပြည်အရေးကို လုပ်ကြံသောကာလ ရှာ၍မတွေ့နိုင်သည် နှောင်ကြိုးတန်းနှင့်ကိုက်၍ ရှာမှရသည်ဆိုသည် မိလိန္ဒပဉှာ၌လည်း အကြင်ယောက်ျားသည် မမြင်ကောင်းသော ကျေးဇူးကား - ယောက်ျား၏ ကျေးဇူးမဟုတ်၊ ဆေးမြစ်၏ ကျေးဇူးတည်းဟု အရှင်နာဂသိန် ဖြေတော်မူသည် အယောဃရဏတ်တွင်—

ဝိဇ္ဇာဓရာ ယောရ မဓိယမာနာ၊
အဒဿနံ ဩသဓေဘိ ဝဇ္ဇန္တိ။
နု မစ္စုရာဇဿ ဝဇ္ဇန္တိ အဒဿနံ၊
တံ မေ မတီ ဟောတိ စရာမိ ဓမ္မံ။

ဝိဇ္ဇာဓရာ၊ ဝိဇ္ဇာဓိရ်လုလင်တို့သည်။ ယောရံ၊ ယောရမည်သော အတတ် ဂန္ဓာရီမည်သော အတတ်ကို။ အဓိယမာနာ၊ သင်ကုန်သည်ဖြစ်၍။ မောစေန္တိ၊ ရန်သူလက်မှ လွတ်နိုင်ကုန်၏။ ယောရံ၊ ယောရမည်သောအတတ် ဂန္ဓာရီမည်သော အတတ်ကို။ သာဓေတွာ၊ ပြီးစေ၍။ ဩသဓေဘိ၊ ဆေးတို့ဖြင့်။ ပစ္စတ္ထိကာနံ၊ ရန်သူတို့၏။ အဒဿနံ၊ မမြင်ခြင်းသို့။ ဝဇ္ဇန္တိ၊ ရောက်နိုင်ကုန်၏။ မစ္စုရာဇဿ၊ သေမင်း၏။ အဒဿနံ၊ မမြင်ခြင်းသို့။ နု ဝဇ္ဇန္တိ၊ မရောက်နိုင်ကုန်။ တံ တေန ကာရဏေန၊ ထိုအကြောင်းကြောင့်။ ပဗ္ဗဇိဿာမိ၊ ရဟန်းပြုအံ့။ ဓမ္မံ၊ တရားကို။ စရာမိ၊ ကျင့်အံ့။ ဣတိ၊ ဤသို့။ မေ၊ ငါ၏။ မတိ၊ စိတ်သည်။ ဟောတိ၊ ဖြစ်၏။

ဤသို့စသည်ဖြင့် လာသောကြောင့် မန္တာန်ဆေးမြစ်တို့ကြောင့် ရန်သူတို့သည် မမြင်နိုင်ကြောင်းကို အတပ်သိသာသည်။

ဇယဒိသဇာတ်၌လည်း စူဠပေါရိသာဒကို မွေးစားသော အမိဘီလူးမသည် စူဠပေါရိသာဒအား ဆေးမြစ်ကိုပေးသည်။ ထိုဆေးမြစ်ကိုကိုင်၍ သွားသည်ရှိသော် ဆေး၏ အာနုဘော်ကြောင့် လူတို့မမြင်ကုန်။ ကာလရှည်သဖြင့် မေ့လျော့၍ ဆေးမြစ်ပျောက်လျှင် သူကောင်ကိုစားသော ကာလ လူတို့မြင်လေကုန်သည်ဖြစ်၍ ဘီလူးသည် ကိုယ်ထင်ပြ၍သုသာန်တွင် လူသားကိုစားသည်ဟူ၍ လူပြည်အလုံး သိလေကုန်သည်ဟု-

> ယက္ခိနီပုတ္တောသ္မီတိ မညာယတိ။ သော အတ္တဘာဝံ ဇဟိတွာ အန္တရဓာယိတုံ သက္ကောတိ။ အထဿ သာ အန္တရဓာယနတ္ထာယ ဧကံ မူလံ အဒါသိ။ သော မူလာနုဘာဝေန အန္တရဓာယိ။

ဟူ၍လည်းကောင်း။

> အပရဘာဂေ ပမာဒေန တံ မူလံ နာသေတွာ အန္တရဓာယိတုံ အသက္ကောန္တော ဒိဿမာနရူပေါ သုသာနေ မနုဿမံသံ ခါဒတိ-

ဟူ၍လည်းကောင်း တီ သနိပါတ်၊ ဇယဒိသဇာတ်တွင် ဆိုသည်။

ဆေးမြစ်ကို ကိုင်၍ သွားသဖြင့် ကိုယ်ပျောက်ခြင်း ဖြစ်သည်ကား- လူသာမဟုတ်၊ မြေဘုတ်ဘီလူး စသည်တို့သည်လည်း ဆေးမြစ်ကြောင့် ကိုယ်ပျောက်ခြင်းဖြစ်သည်။ ထို့ကြောင့် သာရတ္ထသဒ်ဟကျမ်း၌-

> ပံသုပိသာစကာ နာမ အသုစိဌာနေ နိဗ္ဗတ္တာပိသာစကာ။ တေ ကိရ ဧကံ မူလံ ဂဟေတွာ အဒိဿမာနကာယာ ဟောန္တိ။

ပံသုပိသာစကာ နာမ၊ မြေဘုတ်ဘီလူးတို့မည်သည်ကား။ အသုစိဌာနေ၊ မသန့်သော အရပ်၌ နိဗ္ဗတ္တာပိသာစကာ၊ ဖြစ်သော ဘီလူးတို့တည်း။ တေ၊ ထိုဘီလူးတို့သည်။ ဧကံ မူလံ၊

ဆေးမြစ်တစ်ခုကို။ ဂဟေတွာ၊ ယူ၍။ အဒိဿမာနကာယာ၊ မထင်သောကိုယ် ရှိကုန်သည်။ ဟောန္တိ ကိရ၊ ဖြစ်ကုန်သတတ်။ ဟူ၍ဆိုသည်။

ဧကာ ကိရ ယက္ခိနီ ဒွေ ဒါရကေ ထူပါရာမဒ္ဒါရေ နိသီဒါပေတွာ။

စသော ပါဠိ၏ အဓိပ္ပာယ်ကား- တယောက်သော ဘီလူးမသည် သားငယ်နှစ်ယောက်တို့ကို ထူပါရုံတံခါး၌ နေစေ၍ အစာရှာအံ့သောငှာ မြို့သို့သွားလေ၏။ သားငယ်တို့သည် တယောက်သော ပိဏ္ဍာပတ်ဆောက်တည်သောရဟန်းကိုမြင်၍ အရှင်ဘုရား အကျွန်ုပ်တို့၏အမိသည် မြို့တွင်းသို့ ဝင်ပါလေ၏။ ထိုအမိအားဆိုပါလေ။ ဟုတ်ဟုတ်ငြားငြား ရတတ်သရွေ့ကို ယူခဲ့၍ လျင်လျင်ပြန်ခဲ့ပါ။ သင်၏ သားငယ် နှစ်ယောက်တို့သည် ငတ်မွတ်ခြင်းကို သည်းခံအံ့သောငှာ မတတ်နိုင်ဟု ဆိုတော်မူပါလေဟု မှာလိုက်၏။ သင်တို့၏ အမိကိုအဘယ်သို့ပြု၍ မြင်နိုင်ပါအံ့နည်းဟု မိန့်တော်မူ၏။

အရှင်ဘုရား၊ ဤတခုသော ဆေးမြစ်တုံးကို ယူ၍သွားပါလေဟု မှာလိုက်၏။ ဆေးမြစ်ကို ကိုင်မိလျှင် မထေရ်အား အထောင်မကသော ဘီလူးတို့သည် ထင်ကုန်၏၊ ထိုမထေရ်သည်လည်း သူငယ်တို့ပေးလိုက်သော အမှတ်ဖြင့်အဆင်းလည်းမလှတခုသောခရီး၌ ကိုယ်ဝန်အညစ်အကြေးကို တောင့်တရှာဖွေလျက် နေသည်ကိုမြင်လေ၏။ မြင်ပြီးလျှင် ထိုသို့မှာလိုက်တိုင်းဆို၏။ အရှင်ဘုရား သင်သည် ငါ့ကို အဘယ်ကြောင့် မြင်သနည်းဟု ဆိုသော် ဆေးမြစ်ပိုင်းကို ပြလေ၏။ ထိုဘီလူးမသည် ဆေးမြစ်ကို လု၍ယူလေ၏။

ဤသို့သောအကြောင်းတို့ကြောင့် မြေဘုတ်ဘီလူးတို့သည် တခုသောဆေးမြစ်ပိုင်းကို ယူ၍ သွားသဖြင့် မမြင်နိုင်သော သဘောရှိကုန်၏ ဟူ၍ မဇ္ဈိမနိကာယ်၊ မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ-စူဠကာလုဒါယိသုတ်အဖွင့်တွင် ဆိုသည်။ ၎င်းနည်းတူ ဒီဃနိကာယ်၊ ပါထိကဝဂ်၊ အာဋာနာဋိယသုတ်အဖွင့် အဋ္ဌကထာတွင်ဆိုသည်။ ထို့ကြောင့် တန်ခိုးရှိသော ဆေးမြစ်တို့ကြောင့် ကိုယ်ရုပ်သဏ္ဌာန် ပျောက်ကွယ်ခြင်းကို ဖြစ်စေနိုင်၏ဟု မှတ်သင့်သည်။

၁၁၀-ပဒ္ဓာ။ ။ဝိဇ္ဇာဓိရိလုလင်တို့သည် လူသားဖြစ်လျက် ကောင်းကင်သို့ ပျံနိုင်သည် ဆိုသောစကား မှန်မည် မမှန်မည်ကို သိလိုပါသည်။

၁၁၀-ဝိသဇ္ဇနာ။ ။ဝိဇ္ဇာဓိရိတို့သည် လူသားဖြစ်လျက် ကောင်းကင်သို့ ပျံနိုင်သည်ဆိုသော စကားသည် မှန်မည် မမှန်မည်ကို မေးရာ၌-

ဝိဇ္ဇံ ဓရတီတိ ဝိဇ္ဇာဓရော။ ဝိဇ္ဇံ၊ အတတ်ကို။ ဓရတိ၊ ဆောင်တတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဝိဇ္ဇာဓရော၊ ဝိဇ္ဇာဓရမည်၏။ ဝိဇ္ဇာဓရော၊ ဝိဇ္ဇာဓိရ်။ ဝိနယဓရော၊ ဝိနည်းဓိရ် ဆိုဘိ သကဲ့သို့ ဝိဇ္ဇာဓိရ်ခေါ်သည်။ အဘယ်အတတ်ပညာဖြင့် အဘယ်သို့ ပြုပြင်စီရင်၍ ကောင်းကင်သို့ သွားနိုင်ကြောင်းကိုမူကား ကျမ်းဂန်၌ သိသာထင်ရှားအောင်မပါ။

ဆန်းကျမ်းတွင်မူကား - ဣဒံ စုတ္တောဒယံ နာမ လောကိယဿန္ဒနိသိတံ-ဟူသော ဂါထာကို ဦးကာဖြစ်သော ကဝိသာရကျမ်း၌—

လောကီယစ္ဆန္ဒနိဿိတံ၊ နဝေဒိကစ္ဆန္ဒနိဿိတံ။ဒုဝိဓဥ္စိ ဆန္ဒံ လောကီယစ္ဆန္ဒဝေဒိကစ္ဆန္ဒ-ဘေဒေန။ တတ္ထ လောကီယံ နာမ၊ ဆန္ဒံ နက္ခတ္တပါဌက်၊ ဝေဒိကံ နာမ ဝိဇ္ဇာဗလေန အာကာသဂမနာဒိကံ။ ဟု ဖွင့်သည်။

ဆန်းကျမ်းသည် လောကီယဆန်းကျမ်း၊ ဝေဒိကဆန်းကျမ်းဟု နှစ်ပါးရှိသည်တွင် လောကီယဆန်းကျမ်းသည် နက္ခတ်ဟောစသည်ကို ဆိုသည်။ ဝေဒိကဆန်းကျမ်းသည်အတတ်၏ အစွမ်းဖြင့် ကောင်းကင်၌သွားခြင်း စသည်တို့ကို ဆိုသည်ဟုဖွင့်သည်။ဤသို့ဖွင့်သည်အလိုကား ဝိဇ္ဇာမိုရ်တို့၏ ကောင်းကင်သွားခြင်းကို ဝေဒိကဆန်းကျမ်း၌ ဆိုဟန်ရှိသည်။ ကောင်းကင်သို့ သွားနိုင်ခြင်း၌ မန္တန်ကြောင့်လည်းကောင်း၊ ဆေးကြောင့်လည်းကောင်း၊ အနည်းနည်းကြောင့်ပင်လည်းကောင်း သွားနိုင်ဟန်ရှိသည်။

ထို့ကြောင့် အဘိဓာန်ဋီကာ၌။ ဝိဇ္ဇာဂုဋ္ဌိကာနဉ္စ မန္တာဒိကံ ဓရတီတိ ဝိဇ္ဇာဓရော။ ဟူ၍ လည်းကောင်း။

ဥတ္တရတ္ထေရအဗဒါန်အဋ္ဌကထာတွင်လည်း-ဗာဟိရမန္တာဒိဝိဇ္ဇာ သိဒ္ဓိယာ အကာသဂါမိသမတ္ထော ဟုတွာ စရဏဝသေန တံ ဝိဇ္ဇံ ရက္ခိတွာ အဝိနာသေတွာ ပရိဟရဏဝသေန ဝိဇ္ဇာဓရော ဟောန္တိတိ အတ္ထော။ ဟူ၍လာသည်။

ထိုပါဠိ၌ မန္တာဒိဟု အာဒိသဒ္ဒါနှင့် ဆိုသောကြောင့် မန္တန်ကြောင့်လည်းကောင်း၊ ဆေးကြောင့်လည်းကောင်း သွားနိုင်သည်ဟု ယူသင့်သည်။ ဓမ္မပဒအဋ္ဌကထာ အပဒါန် အဋ္ဌကထာကျမ်းတို့တွင်လည်း–

သော အနုပုန္နေယျော အမှာကံ ဘဂဝတိ သာဝတ္ထိယံ ပြာဟုဏကေဟေ နိဗ္ဗတ္တိ။လ။ စူဠဒ္ဓနွာရံနာမ ဝိဇ္ဇံ သာဓေတွာ တာယ ဝိဇ္ဇာယ အာကာသံ တရိ။ ပရစိတ္တဝိဒူ ဟုတွာ ရာဇဂဟေ လာဘဂ္ဂယသဂ္ဂပတ္တော ပဋိဝသတိ။

သာဝတ္ထိပြည်တွင် ပိလိန္ဒဝစ္ဆထေရ် အလောင်းသည် ဘုရားသခင်နှင့် မတွေ့မီ စူဠဂန္ဓာရမည်သော အတတ်ကို တတ်၏။ ထိုအတတ်ဖြင့် ကောင်းကင်သို့ ပျံနိုင်၏။ သူတပါးတို့၏ စိတ်ကို သိနိုင်၏။ ရာဇဂြိုဟ်ပြည်၌ နေ၏ဟုဆို၏။ မဟာဂန္ဓာရ မန္တန်လည်း ထို့ထက်ပင် တန်ခိုးကြီးသည်ဆိုသည်။

မြတ်စွာဘုရားလည်း နာဠန္ဒမြို့ ပါဝါရိကသူဋ္ဌေး၏ သရက်ဥယျာဉ်၌ နေတော်မူစဉ် ကောင်းမည်သော သူကြွယ်သားသည် လျှောက်၏။ အရှင်ဘုရား၊ ရဟန်းတပါးကို တန်ခိုးဖန်ဆင်းခြင်းကို ပြုပါစေလော့။ ဒကာတို့သည် အလွန်ကြည်ညိုပါကုန်လတ္တံ့ဟု လျှောက်၏။ မြတ်စွာဘုရားလည်း ရဟန်းတို့ကို တန်ခိုးမပြလင့်ဟု ငါမြစ်တော်မူသည်ဟု မိန့်တော်မူ၏။ အရှင်ဘုရား တန်ခိုးပြသည်ရှိသော် နာဠန္ဒမြို့သားတို့သည် အတိုင်းထက်အလွန် ကြည်ညိုရာကုန်၏ဟု လျှောက်ပြန်၏။

အချင်းကေဝဋ္ဋ၊ အကယ်၍ တန်ခိုးပြအံ့။ ထိုရဟန်းကိုရည်၍ သဒ္ဓါသောသူတို့သည် ချီးမွမ်းရာ၏၊ ထိုသဒ္ဓါသောသူကို မသဒ္ဓါသောသူတို့သည် ဆိုပြန်ရာ၏။ အို လူအများတို့၊ ဂန္ဓာရမည်သောရသေ့၏ အတတ်သည်ရှိ၏။ ထိုဂန္ဓာရမန္တန် အတတ်ဖြင့် ထိုရဟန်းသည် များစွာသော တန်ခိုးဖန်ဆင်းခြင်းကို ဖြစ်စေအပ်၏။ တယောက်တည်းလျက်လည်း များစွာသော ကိုယ်ကို ဖြစ်စေတတ်၏။ အများဖြစ်လျက်လည်း တယောက်တည်း ဖြစ်စေနိုင်၏။ ထင်ရှား

သော ကိုယ်ရှိသော အဖြစ်ကိုလည်းကောင်း၊ ကွယ်ပျောက်သော ကိုယ်ရှိသော အဖြစ်ကို လည်းကောင်းပြုနိုင်၏။ တိုက်ခြားရာ အရပ်သို့လည်းကောင်း၊ တံတိုင်းခြားရာ အရပ်သို့ လည်းကောင်း၊ တောင်ခြားဆီးရာ အရပ်သို့လည်းကောင်း၊ ကောင်းကင်ပြင်ကဲ့သို့ မငြိ မရှောက် သွားနိုင်၏။ မြေအပြင်၌လည်း ရေ၌ကဲ့သို့ ငုပ်ခြင်းပေါ်ခြင်းကိုပြုနိုင်၏။ ရေ၌သော်လည်း မြေအပြင်၌ကဲ့သို့ မပျက်စေပဲသွားနိုင်၏။ ကောင်းကင်ပြင်၌လည်း ထက်ဝယ်ပလ္လင်ဖြင့် အတောင် ရှိသောဥက်ကဲ့သို့ ပျံနိုင်၏။ တန်ခိုးအာနုဘော်ကြီးသော လဝန်းကိုလည်းကောင်း၊ နေဝန်းကို လည်းကောင်း လက်ဖြင့် သုံးသပ်နိုင်၏။ ဆုပ်နယ်နိုင်၏။ ငြဟ္မာ့ပြည်တိုင်အောင်သော်လည်း ကိုယ်ဖြင့် အလိုသို့ပါစေနိုင်၏။ ဤသို့ ဂန္ဓာရမန္တန်ကို ခိုးမွမ်း၍ ဆိုရာ၏။

ဤသို့ မသဒ္ဓါသောသူတို့သည် သဒ္ဓါသောသူကို ဆိုရာအံ့လော ဟု မေးတော်မူ၏။ ဆိုရာသော သဘောရှိခဲ့၏ဟု လျှောက်၏။ ထို့ကြောင့် ကေဝဋ္ဋ၊ ဤအပြစ်ကိုမြင်၍ ငါဘုရားသည် တန်ခိုး ပြခြင်းကို အလိုမရှိဟု မိန့်တော်မူ၏။ ထို့ကြောင့် သုတ်သိလက္ခဏ် ကေဝဋ္ဋသုတ် ပါဠိတော်၌—

> အတ္ထိ ခေါ ဘော ဂန္ဓာရီ နာမ ဝိဇ္ဇာ။ တာယ သော ဘိက္ခု အနေကဝိဟိတံ ဣဒ္ဓိဝိဓံ ပစ္စနုဘောတိ။ လ။ ယာဝ ဗြဟ္မလောကာပိ ကာယေန ဝသံ ဝတ္တေသီတိ။ ဟု ဟောတော်မူသည်။

ထိုမန္တန်သည် ဂန္ဓာရအမည်တွင်ကြောင်းကား – ဂန္ဓာရမည်သော ရသေ့သည် ပြုအပ်သော ကြောင့်လည်းကောင်း၊ ဂန္ဓာရတိုင်း၌ ဖြစ်သောကြောင့်လည်းကောင်း၊ ဂန္ဓာရတွင်လေ့သည်။ ဂန္ဓာရတိုင်း၌ များစွာသော ရသေ့တို့သည် နေကုန်၏။ ထိုသူတို့တွင် တယောက်သောရသေ့သည် ပြုခဲ့သတည်းဟု ဆိုသည်။

ထို့ကြောင့် အဋ္ဌကထာ၌–

> ဂန္ဓာရီတိ ဂန္ဓာရေန နာမ ဣသိနာ ကတာ၊ ဂန္ဓာရရဋ္ဌေ ဝါ ဥပ္ပန္နဝိဇ္ဇာ။ တတ္ထ ကိရ ဗဟူ ဣသယော ဝသိံ သု။ တေသု ဧကေန ကတာ ဝိဇ္ဇာတိ အဓိပ္ပာယော။ ဟု လာသည်။

ထို့ကြောင့် ဂန္ဓာရမန္တန်သည် အထူးထူးသော အရုပ်အဆင်း တန်ခိုးပြာဋိဟာကို ပြနိုင်ခြင်း၊ ငြဟ္မာ့ပြည်တိုင်အောင် ပျံသွားနိုင်ခြင်း အစွမ်းရှိတော့သည်။ ဤကဲ့သို့သော မန္တန်တို့ကို ဝိဇ္ဇာဓိရိတို့ တက်၍ ပျံနိုင်သည်ဟု မှတ်ရာ၏။

တနည်းလည်း–မန္တန်လည်းတက် ဆေးလည်းတတ် နှစ်ပါးစုံတတ်မှပင် ဝိဇ္ဇာဓိရိမြောက်သည်ဟု ယူသင့်သည်။ အဘယ်ကြောင့်နည်းဟူအံ့။ အဘိဓာန်ဋီကာ၌ "ဂုဋ္ဌကာနဉ္စ မန္တာဒိကံ" ဟူ၍ အာဒိက သဒ္ဒါဖြင့် ဆိုသောကြောင့်လည်းကောင်း။

အပဒါန်အဋ္ဌကထာ၌ "ဗာဟိရမန္တာဒိ" ဟူ၍ အာဒိသဒ္ဒါဖြင့် ဆိုသောကြောင့် လည်းကောင်း၊ အယောဃရဇာတ်၌ "ဝိဇ္ဇာဓရာ ယောရ မဓီယမာနာ။ အဒဿနံ ဣသဓေဘိ ဝဇ္ဇွိ" ဟူ၍ လည်းကောင်း။

"ဣသဓေဘိတိ ယောရံ ဝိဇ္ဇံ ဝါ ဂန္ဓာရိဝိဇ္ဇံ ဝါ သာဓေတွာ ဣသဓာနိ အာဒါယ တေဟိ ဣသဓေဟိ ပစ္စတ္ထိကာနံ အဒဿနံ ဝဇ္ဇွိ" ဟု အဋ္ဌကထာ၌လာသောကြောင့်လည်းကောင်း။

ယောရမည်သောမန္တန်၊ ဂန္ဓာရီမည်သော မန္တန်၊ ထိုနှင့်လျော်သော ဂုဋ္ဌကာမည်သော ဆေး၊ ဤမန္တန်ဆေးနှစ်ပါးစုံတတ်မူ ပြီးမြောက်ခြင်းသို့ရောက်၏ဟု ယူရန်ရှိသည်။

ကောင်းကင်သို့ ပျံနိုင်ကြောင်းကိုလည်း ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊ ဝိသုဒ္ဓိမဂ်၊ ဗုဒ္ဓဝင် အဋ္ဌကထာစသောကျမ်းတို့၌ တန်ခိုးဆယ်ပါးကို ခွဲဝေရာတွင် "ဝိဇ္ဇာဓရာဒီနံ ဝေဟာသဂမနာဒိကာပန ဝိဇ္ဇာမယာ ဣဒ္ဓိ" ဟုဆိုသည်။ ဝိဇ္ဇာခိုရ်စသည်တို့၏ ကောင်းကင်၌ သွားနိုင်ခြင်းစသည်ကား ဝိဇ္ဇာမယ တန်ခိုးမည်၏ဟု ဆိုသည်။ **သာဓကပါဠိကား** — "ကတမာ ဝိဇ္ဇာမယာ ဣဒ္ဓိ။ ဝိဇ္ဇရော ဝိဇ္ဇံ ပရိဇပ္ပေတွာ ဝေဟာသံ ဂစ္ဆန္တိ၊ အာကာသေ အန္တလိက္ခေ စ ဟတ္ထိမ်ပိ ဒဿေန္တိ။ပ။ ဝိဝိဓမ်ိဳ သေနာဗျူဟံ ဒဿေန္တီ" တိ-စသည်ဖြင့်လာသည်။

အဓိပ္ပာယ်ကား-ဝိဇ္ဇာမယဣဒ္ဓိသည် မန္တန်ကိုရွတ်၍ ကောင်းကင်သို့သွားနိုင်၏။ ဟင်းလင်းသော ကောင်းကင်ပြင်၌ ဆင်မြင်းကိုပြနိုင်၏။ အထူးထူးသော စစ်ပွဲခင်းကျင်းဟန် သကဋဗျူဟာ၊ စက္ကဗျူဟာ၊ ပဒုမဗျူဟာစသော စစ်သည်ခင်းကျင်းဟန်ကိုလည်း ပြနိုင်၏ဟူ၍ သတည်း။

ကောင်းကင်သို့ ပျံနိုင်ဖူးသည်မှာ - ဓမ္မပဒကျမ်းတွင် ဇဋိလသူဋ္ဌေးဝတ္ထု၌ ကောင်းကင်က ဝိဇ္ဇာခိုရ်ပျံ၍ ပြာသာဒ်ဘုံခုနစ်ဆင့်တွင်ထားသော သူဋ္ဌေးသမီးထံသို့ လာရောက်ကြောင်းကို ဆိုသည်။

အပဒါန်ကျမ်းတွင်လည်း - သုမေဓာဘုရားလက်ထက်အရှင်ကစ္စည်းထေရ်အလောင်းဝိဇ္ဇာခိုရ် ဖြစ်၍ မဟာလေ့ကားပွင့်ကိုယူခဲ့၍ ကောင်းကင်သို့ ခရီးသွားစဉ် ဘုရားသခင်ကိုတွေ့၍ ပူဇော်လိုက်သည်ဆိုသည်။

ဎင်းအပဒါန်တွင်ပင် ရာဇဂြိုဟ်ပြည်၌ ဥတ္တရသာမဏေ အလောင်းသည် သုမေဓာဘုရား လက်ထက် ဝိဇ္ဇာခိုရ်လုလင်ဖြစ်၍ကောင်းကင်ပျံသွားစဉ် ဘုရားသခင်ကိုမြင်၍ ပန်း ထီး ပူဇော်လိုက်ကြောင်းကိုဆိုသည်။

ဇာတ်နိပါတ်ကျမ်းတွင် - ဆက္ကနိပါတ်ပဗ္ဗဇိတဝိဟေဋကဇာတ်၌ ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း၏မိဖုရား ဝိဇ္ဇာခိုရ်ဝင်ထွက်၍ မိဖုရားမှတ်လိုက်သော အမှတ်ဖြင့် ရှာဖွေသော် ကောင်းကင်သို့ ပျံသွားကြောင်းကို " ဝိဇ္ဇံ ပရိဝတ္တေတွာ အာကာသေန ဥပ္ပတိတွာ ဂတော" ဟူ၍ ဆိုသည်။

နဝကနိပါတ် သမုဂ္ဂဇာတ်၌လည်း - ကောင်းကင်က လာသော ဝါယသပုတ္တအမည်ရှိသော ဝိဇ္ဇာခိုရ်သည် ကြုတ်တွင်ထားသော မိန်းမငယ်ထံရောက်သည်။ ဒါနဝဘီလူးလာသော ကာလ မသိ၍ ဝိဇ္ဇာခိုရ်နှင့် တကွ ကြုတ်ကိုငုံ၍ သွားသည်။ ခံတွင်းက ထုတ်၍ ကြုတ်ကိုဖွင့်လျှင် ဝိဇ္ဇာခိုရ်လုလင်သည် မန္တန်စိပ်၍ သန်လျက်ကို ပိုက်၍ ပျံသွားလေသည် ဆိုသည်။

နာရဒဇာတ်၌ ဘုရားလောင်း ဗြဟ္မဒတ်မင်း ဆုံးမမည်လာ၍ ကောင်းကင်ပြင်၌ ရပ်နေသည်ကို အင်္ဂတိမင်းကြီးက ဝိဇ္ဇာခိုရ်တို့သည် ကောင်းကင်ခရီးဖြင့် သွားနိုင်၏။ ယခုလာသူသည်ဝိဇ္ဇာခိုရ်ပင်ဖြစ်သလောဟု အတွေးရှိ၍ ရှိမခိုးကြောင်းကိုလည်း "ကုတော နုတိ ကစ္စိ နု ခေါ ဝိဇ္ဇာဓရော ဘဝေယျာတိ မညမာနော အဝန္ဒိတွာ ဧဝံ ပုစ္ဆိ" ဟု လာသည်။

ရာဇဝင်အကြောင်းတွင်လည်း -ရာမညတိုင်းဌ် သုဝဏ္ဏဘူမိပြည် မတည်မီ ဝိဇ္ဇာဓိရ်လုလင်နှင့် နဂါးမ သင့်နေသည်။ နောင်အခါ နဂါးမဟု အတပ်သိလျှင် ကောင်းကင်သို့ ပျံသွားလေကြောင်းကို ရာမညရာဇဝံသတွင်ဆိုသည်။

ရက္ခဂ်ရာဇဝံသတွင်လည်း - တောင်ကြီးတခုထက် ဝိဇ္ဇာဓိရ်နေ၍ နေရာကသာ ရေဗူးကို လွှတ်လိုက်လေသည်။ ရေဗူးလည်း အလိုလိုသွားလေ၍ မြစ်သို့ရောက်လျှင် ရေသို့သက်၍ ငုပ်၏။ ဗူးဝယ်ရေပြည့်သောကာလ ရေမှအလိုလိုပေါ်၍ တောင်ပေါ်သို့ တက်သွားလေသည်ကို စိတ္တာ, နာရဒ ဟူသော ရှင်ကြီးရှင်ငယ်တို့ တွေ့လေလျှင် လိုက်၍ကြည့်ရာ ဝိဇ္ဇာဓိရ်ကို တွေ့လျှင် အစဉ်မပြတ် လုပ်ကျွေးပြုစု၍ ခစားသဖြင့် အတတ်ပညာကိုပေး၍ နောင်သော် ရှင်ကြီး ရှင်ငယ်တို့ဖင် ရက္ခဂ်ပြည်ဌ် မင်းကိုလုပ်ကြံခြင်းကို ပြုကြလေသည်ဟု ဆိုသည်။

သုဓမ္မပုရပြည်ဌ် ဝိဇ္ဇာဓိရ်သေသော အကောင်ကို တောအရပ်က ရခဲ့၍ သုဓမ္မပုရမင်း၏ ဆရာ ယူခဲ့၏။ ဝိဇ္ဇာဓိရ်တို့သည် ဇမ္ဗူသပြေပင်သို့ သွား၍ အသီးကို စားရသောကြောင့် သေသော အကောင်သည် မပုပ်မည်ဟု ရှိသည်။ နောင်အခါ ကုလားညီနောင် နှစ်ယောက်တို့ အသားကို စားလေသဖြင့် ခွန်အားဗလနှင့် ပြည့်စုံသည်။ ပေါ်ပါးလျင်မြန်သည် ဟူ၍ သုဓမ္မပုရရာဇဝံသတွင် ဆိုသည်။

ရတနာပုရတွင်လည်း - ဆင်ဖြူရှင် တရဖျား မင်းမူသောကာလ ကောင်းကင်ပျံ ဝိဇ္ဇာဓိရ် လုလင်ကို တွေ့ကြောင်းကို ဆိုသည်။ ဟံသာဝတီဆင်ဖြူများရှင်လက်ထက် ဟံသာဝတီ ကျုံးတူးသောကာလ မြေထဲ၌ အောင်း၍နေသော မြေအောင်းဝိဇ္ဇာဓိရ်ကို တွေ့သည်။ အကျွေးအမွေး မကောင်း၍ သေလေသည် ဆိုသည်။

ဤသို့ ကျမ်းဂန် ရာဇဝင်စသည်တို့၌ ကောင်းကင်သို့ ပျံသွားကြောင်း၊ မြေ၌ အောင်းဝင်၍ နေကြောင်းတို့ကို ထုံးသာဓကလာသောကြောင့် ဝိဇ္ဇာဓိရ်သည် လူသားပင် ဖြစ်သော်လည်း လောကီပညာ ဝိဇ္ဇာမယအတတ်၏ အစွမ်းကြောင့် ကောင်းကင်သို့ ပျံသွားနိုင်ရာ၏ဟု မှတ်ရာသည်။

၁၁၁-ပဉ္ဆာ။ ။ဝိဇ္ဇာဓိရ်တို့သည် အဘယ်အရပ်မှာ နေသည်ကိုလည်း သိလိုပါသည်။

၁၁၁- ဝိသဇ္ဇနာ။ ။ဝိဇ္ဇာဓိရ်တို့သည် အဘယ်မှာ နေသည်ကို သိလိုပါသည်ဟူရာ၌-

ဝိဇ္ဇာဓိရ်တို့သည် များသောအားဖြင့် ဟိမဝန္တာဌ် နေကုန်၏။ လူတို့အရပ်သို့လည်း ရံဖန်ရောက်လာကုန်၏။

အသီတိနိပါတ် မဟာကုဏာလဇာတ်၌ ဝိဇ္ဇာဓရ သိဒ္ဓိမယ သမဏ တာပသ ဝဏ္ဏာဓိ ဒေတ္တေ ဝရ ဒေဝ ယက္ခ ရက္ခသ ဒါနဝ ဂန္ဓဗ္ဗ၊ ကိန္နရ နာဂ သမာကိဏ္ဏာပဒေသေ ဧဝရူပေ ရမ္မဏီယေ" ဟူ၍ လည်းကောင်း၊ ဂဏာဒိဝုတ္ထေတိ တေသံ ဝိဇ္ဇာဓရာဒီနံ ဂဏေဟိ အဓိဝုတ္ထေ" ဟူ၍လည်းကောင်း။

ဝေဿန္တရာဇာတ်၌ “ ဟိမဝန္တေ စ နာမ ဗဟူ ဝနစရကတာပသဝိဇ္ဇာဓရာဒယော ဝိစရန္တိ” ဟူ၍လည်းကောင်း။

ဗောဓိပင်၌ “ဒေဝဒါနဝသိဒ္ဓိ ဝိဇ္ဇာဓရာဒိနာနာဘူတနိသေဝိတံ” ဟူ၍ လည်းကောင်း။

တိသနိပါတ် သမ္ဘူလဇာတ်၌လည်း “ ဟိမဝန္တေ ဟိ ဗဟူဝနစရကတာပသဝိဇ္ဇာဓရာဒယော သန္တိ” ဟူ၍ လည်းကောင်း လာသောကြောင့် ဟိမဝန္တာတော၌ နေကုန်၏ဟု ဆိုသတည်း။

လူတို့ပြည်သို့ ရဲဖန်ရောက်လာကုန်၏ဆိုသည်၌လည်း ပဗ္ဗဇိတ ဝိဟေသကဇာတ်၌ ဗာရာဏသီမင်းကြီး နန်းတော်သို့ ရောက်လာသည်။ ဇဋိလသူဌေးဝတ္ထုတွင် သူဌေးသမီးထံသို့ ရောက်လာသည်ဆိုသည်။

ဒွတ္တပေါင်မင်းကြီးထံသို့လည်း ဝိဇ္ဇာဓိရ်ရနှစ်ယောက် ခ ရမ်း၍ အလိုရှိသော အမှုကို ထမ်းရွက်လာကြောင်းကို ဒွတ္တပေါင်မင်းကြီး သမိုင်းတော်၌ လာသည်။ ဤသည်များကို ထောက်၍ သိသာသည်။

၁၁၂- ပဏ္ဍာ။ ။ရာဇဝင်ကြောင်းတွင်လည်း ပဋိက္ကယား ကုလားပြည်က မင်းသား တဦးသည် ပုဂံပြည်ဝယ် ရွှေအိမ်သည် အထံသို့ ပတ္တမြားပျံငှဲ့၍ လာသည် ဆိုပါသည်။ ပတ္တမြားတန်ခိုးကြောင့် လူပျံနိုင်သည်ဆိုသော စကားသည် မှန်မည် မမှန်မည်ကို သိလိုပါသည်။

၁၁၂-ဝိသဇ္ဇနာ။ ။ပတ္တမြား၏ တန်ခိုးကြောင့် လူပျံနိုင်မည် မပျံနိုင်မည်ကို မေးရာ၌—

ဒဓိဝါဟနဇာတ်၌ ဝက်တခုသည် ပတ္တမြားကိုငုံ၍ ကောင်းကင်ခရီးဖြင့် ပျံသွား၍ သမုဒ္ဒရာကျွန်း၏ အလယ်၌ အိပ်နေကြောင်း၊ ဒဓိဝါဟနမင်းကြီး ပတ္တမြားကိုငုံ၍ ကောင်းကင်ခရီးဖြင့် ဟိမဝန္တာတောတိုင်အောင် ပျံသွားကြောင်းကို ဆိုသောကြောင့် ပတ္တမြား၏ တန်ခိုးကြောင့် လူပျံသွားနိုင်သည်ဆိုသော စကားသည် အမှန်ပင်ဖြစ်သည်။

ပဋိက္ကယားမင်းသား ပျံ၍လာသည် ဆိုသော စကားသည် ကျမ်းဂန်နှင့်ဆီလျော်သော စကားပင်ဖြစ်သည်။ ပုလဲမျိုးရှစ်ပါးတွင် ဝလာဟကဆိုသောပုလဲသည် တိမ်တိုက်ကဖြစ်သည်ဆိုသည်။ ထိုပုလဲကို ရသောသူတို့သည်လည်း ပျံနိုင်ရာတန်၏ ထင်သည်၊ ပုလဲမှ ကြွင်းသော ရတနာတို့သည်လည်း ကောင်းကင်သို့ ပျံနိုင်ကောင်း၏ပင် ထင်သည်၊ ဗုဒ္ဓဝင်အဋ္ဌကထာ၌ “အာကာသဋ္ဌာ စ ဘူမဋ္ဌာတိ အာကာသဂတာ စ ဘူမိဂတာ စ၊ ရတနာနိတိ မုတ္တာဒိရတနာနိ၊” ဟူ၍ လာသောကြောင့်တည်း။

၁၁၃-ပဏ္ဍာ။ ။ဘုရားတဆူသည် နှစ်ဆယ့်လေးသခ္ခေါနှင့် ကုဋေ ခြောက်ဆယ် ဗိုလ်ခြေတသိန်း ချုတ်သည် ဆိုသောစကားလည်း ကျမ်းဂန်အခိုင်အခံ့ ထွက်ဆိုသည် မဆိုသည်ကို သိလိုပါသည် ဆရာတော်ဘုရား။

၁၁၃-ဝိသဇ္ဇနာ။ ။ဘုရားတဆူတဆူသည် နှစ်ဆယ့်လေးသခ်ျနှင့် ကုဋ္ဌေခြောက်ဆယ် (ဗိုလ်ခြေတသိန်း) ခွျတ်သည်ဟု ဆိုသောစကားကို မေးရာ၌–

> စတုဝီသတာသခ်ျေယျော၊ သဋ္ဌိယော ကောဋိယော စေဝ ပါဏာနိ သတသဟဿာနိ၊ ဧကော ဗုဒ္ဓေါ ပမောစယိ။

စတုဝီသတာသခ်ျေယျော၊ နှစ်ဆယ့်လေးသခ်ျေကုန်သော။ ပါဏာနိ စ၊ ဝေနေယျသတ္တဝါတို့ကိုလည်းကောင်း။ သဋ္ဌိယောကောဋိယောစေဝ၊ ကုဋ္ဌေခြောက်ဆယ်ကုန်သော။ ပါဏာနိစ၊ ဝေနေယျသတ္တဝါတို့ကို လည်းကောင်း။ သတသဟဿာနိ၊ တသိန်းကုန်သော။ ပါဏာနိ စ၊ ဝေနေယျသတ္တဝါတို့ကို လည်းကောင်း။ ဧကော၊ တဆူသော။ ဗုဒ္ဓေါ၊ ဘုရားသခင်သည်။ ပမောစယိ၊ ကျွတ်စေတော်မူ၏။ ဟူ၍တထာဂတုပ္ပတ္တိကျမ်းတွင် ဆိုသည်။

သဗ္ဗညုတံ ပတ္တာ စတုဝီသတိအသခ်ျေယျပွရိမာဏော သတ္တော ဝိမုတ္တိရသံ ပါယေသိ။ဟူ၍လည်း ဇိနာလင်္ကာရဋီကာတွင် နှစ်ဆယ့်လေးသခ်ျေ ပမာဏ ခွျတ်ကြောင်းကို ဆိုသည်။

ဤစကားတို့ကို ပါဠိတော်ကျမ်း၊ အဋ္ဌကထာကျမ်းကြီးတို့၌ မတွေ့မလာသည် ဖြစ်၍ လည်းကောင်း။ ဓမ္မပဒကျမ်းတို့၌ တဂါထာ တဂါထာတို့ကို ဟောတော်မူလျှင် ကျွတ်လေသော ဝေနေယျတို့ကား- အလွန်များကုန်သည် ဖြစ်၍လည်းကောင်း။ ထို့အတူ အကျွတ်များကုန်သော သုတ္တန်ဒေသနာတော်တို့သည် အများပင် ရှိကုန်သည်ဖြစ်၍ လည်းကောင်း။

အဂုံတ္တရနိကာယ် ဧကနိပါတ်အဋ္ဌကထာ၌—

> “ မဟာသမယသုတ္တန္တေ မဂ်လသုတ္တန္တေ စူဠရာဟုလောဝါဒေ သမစိတ္တပဋိပဒါယာတိ ဣမေသု စတူသု ဌာနေသု အဘိသမယပတ္တာသတ္တာနမ်ိ ပရိစ္ဆေဒေါ နတ္ထိ”

ဟူ၍ လာသည်နှင့်အညီ မဟာသမယသုတ်၊ မင်္ဂလသုတ်၊ စူဠရာဟုလောဝါဒသုတ်၊ သမစိတ္တပဋိပဒါသုတ်၊ ဤလေးသုတ်တို့ဖြင့် တရားရကုန်သော သတ္တဝါတို့၏လည်း အပိုင်းအခြား မရှိဟူ၍ ဆိုသောကြောင့်လည်းကောင်း။

သုတ္တနိပါတ်အဋ္ဌကထာ ပရာဘဝသုတ်၏ အဖွင့်၌—

> “မဟာသမယသုတ္တန္တေ စ၊ အထော မင်္ဂလသုတ္တကေ၊
> သမစိတ္တေ ရာဟုလောဝါဒေ၊ ဓမ္မစက္ကေ ပရာဘဝေ။
> ဒေဝတာသမိတိ တတ္ထ၊ အပွမေယျော အသခ်ျေယျော။

ဟု မဟာသမယသုတ်၊ မင်္ဂလသုတ်၊ သမစိတ္တသုတ်၊ ရာဟုလောဝါဒသုတ်၊ ဓမ္မစက္ကသုတ်၊ ပရာဘဝသုတ်ကို ဟောသောကာလ စည်းဝေးလာကုန်သော နတ်တို့သည် အပွမေယျ အသခ်ျေယျ ရှိကုန်၏။ တရားရသော နတ်တို့သည် မရေတွက်နိုင် ဆိုသောကြောင့်လည်းကောင်း။

အရှင်မဟိန္ဒထေရ် သီဟိုဠ်ကျွန်းသို့ ရောက်သည့်နေ့ သမစိတ္တသုတ်ကို ဟောသည့် အဆုံး၌ မရေတွက်နိုင်ကောင်းသော နတ်အပေါင်းတို့ တရားရကုန်သည်။ များစွာသော နဂါး ဂဠုန်တို့

သရဏံ တည်ကုန်သည်ဟု" ကထာပရိယောသာနေအသင်္ခေယျာနံ ဒေဝတာနံဓမ္မာဘိသမယော အဟောသိ။ ဗဟူ နာဂါ စ သုပဏ္ဏာ စ သရဏေသု ပတိဋ္ဌဟိံသု" ဟု ဝိနည်းအဋ္ဌကထာ၌ ဆိုသောကြောင့်လည်းကောင်း။ ကျမ်းဂန်ကို သိမြင်ကုန်သော ဆရာတို့သည် ဝန်မခံကုန်။

၁၁၄-ပုစ္ဆာ။ ။ကိုးခဏ်းပျို့တွင်–

သုံးတန်ဖြေထ၊ ရာအဋ္ဌ၊ သာရပုဒ်ခွဲလုပ်။
အနှောင်းအာကျေ၊ ရကပ်လေ၊ စပ်လေသန္ဓိရုပ်။
အမေးသုံးထွေ၊ စဉ်တိုင်းဖြေ၊ ပါဠိပြေ မတွန့်ရှုပ်။
ရဋ္ဌသာရ၊ တပဒလုံး၊ နှောင်းဆုံး ဖြေတအုပ်။
ဝိဒဂ်မသင်၊ နားမဝင်၊ ပုံပြင် မှတ်ပိုက်ထုပ်။
သည်နည်းကြံလေ၊ အထွေထွေ၊ တတ်ခြေ နည်းမှန်တုပ်။
မင်းဘုန်းရောက်လှာ၊ ဤသည့်စာ၊ လူရွာ မတိမ်မြုပ်။

ဟူ၍ စပ်တော်မူသည်တွင် သုံးတန်ဖြေထ၊ ရာအဋ္ဌဆိုသည်မှာ မေးပိမ့်စေလော့ ချိုသော ပုဒ်တို့က မေးသည်ကိုဆိုသော စကားဟူ၍ ဆိုကြပါသည်။ ယင်းသို့ ဆိုသော စကားမှန်လျှင်လည်း မေးပိမ့်ဖြေလော့ ချိုသည်တပုဒ်။ လောဘ ဒေါသ ချိုသည်တပုဒ်။ ချောမွေ့ပြင်ပ ချိုသည်တပုဒ်။ ဟိရိကျောင်ခွေ ချိုသည်တပုဒ်။ ပေါင်းလေးပုဒ်။ အမေးလေးရပ်ဖြစ်ပါသည်။ သုံးတန်မေးထွေ မဆိုသင့်ပါ။ အမေးလေးရပ်ဖြစ်၍ လေးတန်မေးထွေ ဆိုသင့်ပါသည်။ ။အမေးလေးရပ်ကို အဖြေသုံးရပ်ဖြစ်အောင် ဘယ်သို့ယူရမည်ကို သိလိုပါသည်။

သက္ကရာဇ် ၁၁၇၂-ခု၊ တပေါင်းလဆန်း ၁-ရက်၊ သောကြာနေ့။ မုံရွာသိရိမာလာက လျှောက်လာရာတွင်ဖြေဆိုလိုက်သည်ကား–

၁၁၄-ဝိသဇ္ဇနာ။ ။မေးပိမ့်ဖြေလော့ ချိုသည်တပုဒ်။ လောဘဒေါသ ချိုသည်တပုဒ်။ ချောမွေ့ပြင်ပ ချိုသည်တပုဒ်။ ဟိရိကျောင်ခွေချိုသည်တပုဒ်။ ပေါင်းလေးပုဒ်ဖြစ်၍ အမေးလေးရပ်ပင် မှန်သည်။ မှန်သော်လည်း ရှေ့သုံးပုဒ်ကို ဖြေ၍ပြေလျှင် လေးပိုဒ်လုံးအမေး၏ အဖြေပြီးတော့ သည်ကိုရည်၍ "သုံးတန်ဖြေထ။ ရာအဋ္ဌ။ သာရပုဒ်ခွဲလုပ်" ဟူ၍လည်းကောင်း။ အမေးသုံးထွေ စဉ်တိုင်းဖြေ ပါဠိပြေမတွန့်ရှုပ်" ဟူ၍ လည်းကောင်း ဆိုလေသည်ဟု ယူရာ၏။

တကြောင်းမှာလည်း – သုံးတန်မေးထွေ ဆိုသည်မှာ ရာတပုဒ်။ အဋ္ဌတပုဒ်။ သာရတပုဒ်သာ ဖြစ်၍၊ အစိတ်အစိတ်မေးသော သုံးတန်အမေးမျှကိုသာ ဖြေလျှင် ပြေလေပြီဟု ဆိုလိုသည်။ ဟိရိကျောင်ခွေချိုနှင့် ပုဒ်လုံးပြည့်ဖြေသည်မှာ ရဋ္ဌသာရ ဟူသော နောက်ပုဒ်တွင်မှ ပုဒ်လုံးပြည့်ဖြေသည်။ အမေးလေးပါးပင်ဖြေ၏ဟု သိစေခြင်းငှာ" ရဋ္ဌသာရတပဒလုံး၊ နှောင်းဆုံးဖြေတအုပ်"။ ဟုစပ်တော်မူသည် ယူကလည်း သင့်လေ့စွပင် ထင်ပေသည်။

ဤစကားကို သိသာအောင်မူကား—အကျယ်ဆိုမှ သိသာမည်ဖြစ်၍ အမေးနှင့်တကွ ဆိုဦးအံ့။

မေးပိမ့်ဖြေလော့၊ လေးထွေဗေဒင်၊ သင်္ကရိုက်၊ ပိုဒ်၏ဖွင့်နည်း၊ သရဗျည်းနှင့်၊ သိမ်းဆည်းအနက်၊ ဂါထာမြွက်သား၊ ဧကဂ္ဂရ၊ ကောသကျမ်းလာ၊ အဝဂ်ရာဝယ်၊ ဥစ္စာဝါစက၊ တတ်စွမ်းလှ၍၊ အတ္ထပြုပြု၊ ဟောထွင်ခဲ့သည်။ ။ဘက်မဲ့အဘယ်သဒ္ဒါနည်း။

အမေး။ ။ဤပထမအမေး၌ ဧကဂ္ဂရကောသကျမ်း၌ လာသော သရဗျည်းအနက်တို့တွင် ပဌမဝဂ်၊ ဒုတိယဝဂ်၊တတိယဝဂ်၊စတုတ္ထဝဂ်၊ပဉ္စမဝဂ်တို့တွင် အနက်မလို။ အဝဂ်တွင် ရအက္ခရာ၏ အစုတွင်သော်လည်း ရာအက္ခရာ၏ အနက်တွင် ရာ တု သောဤသို့ ခနေ သဒ္ဒေ၊ အာဒါနေ ဓာတုယံပိ စ-ဟူသောဂါထာနှင့်အညီ ရာသဒ္ဒါသည် ဒွေဟူသောအနက်၊ ဥစ္စာဟူသောအနက်၊ စသည်တို့ကိုဟောသည်။ဤအနက်စုတို့တွင် ဥစ္စာဟူသောအနက်ကိုဟောသောသဒ္ဒါကား အဘယ်သဒ္ဒါနည်း ဟူလိုသည်။

အဖြေကား။ ။ဥစ္စာဟူသောအနက်ကို ဟောတတ်သည်ကား ရာ- သဒ္ဒါဟူလိုသည်။

အမေး။ ။လောဘ ဒေါသ၊ မောဟ ကခ်ီ။ မိစ္ဆာဒိဋ္ဌိ၊ အဟိရိက၊ နောတ္တပ္ပနှင့်၊ ထိနမာန၊ ဥဒ္ဓစ္စဟု၊ ဒသကိလေ၊ လေးကြိမ်ခွေမှ၊ လေးထွေမဂ္ဂ၊ လေးဖိုလ်ရသား၊ သံယရတနာ၊ အရိယာကို၊ မြတ်စွာဘုရား၊ သမိုက်ထားသည်။ ။အပြားတည်မျှ သခ်ျာနည်း။ အရိယာ ပုဂ္ဂိုလ်အပြား ဘယ်မျှရှိသနည်းဟု မေးသည်။

အဖြေကား။ ။ရှစ်ယောက်ဖြစ်၍ ထိုသခ်ျာကို ဟောသောသဒ္ဒါကား အဋ္ဌဟူလိုသည်။

အမေး။ ။ခြောမြွေပြင်ပ၊ လုံးရပ်လှလျက်၊ ရုက္ခမည်သား၊ သစ်ပမာလျှင်၊ ပညာရှိယောင်၊ လွှားထောင်ပေါ်ကျော့၊ ထဲသော့သော့နှင့်၊ စိတ်ပေါ့ပေါင်းပျစ်၊ အိုအောင်ချစ်လည်း၊ အနှစ်မရ၊ ပင်ပန်းကြအံ့၊ မြန်မာ့အမှု၊ မှတ်တစ်ခုဖြင့်။ ဖေဂွါပြန်ဘက်၊ ထိုအနက်ကို၊ ပြက်ပြက်သိလွယ်၊ ဝေါဟာသွယ်သည်။ အဘယ်ပါဠိဘာသာနည်း။

ဤအပိုဒ်အရ **အမေး၌**။ ။ဖေဂွါဟူသည်ကား အကာဆိုလိုသည်။ အကာမှပြန်သော် အနှစ်ဟူလိုသည် အနှစ်ဟူသောအနက်ကို ပါဠိအားဖြင့်ကား ဘယ်သို့နည်းဟု မေးသည်။

အဖြေကား။ ။ပါဠိဘာသာအားဖြင့် 'သာရ'ဟူလိုသည်။ သုံးပိုဒ်၏အရကပင် ရာတပုဒ်။ အဋ္ဌတပုဒ်။ သာရတပုဒ်။ သုံးပုဒ်ရှိသည်ဖြစ်၍ သုံးတန်ဖြေထ၊ ရာအဋ္ဌ၊သာရပုဒ်ခွဲလုပ်ဟုဆိုသည်။ ။ အ-နှောင်း အာကျေ။ ရ-ကပ်လေ။ စပ်လေသန္ဓိရုပ်ဟူရာ၌၊ ရာ-အဋ္ဌ-သာရ-ဟု တည်ပြီးလျှင် ရ ကို ခွင်း၍ သရာသရေလောပံ ဟူသောကစ္စည်းသုတ်။ သရလောပံ ပပ္ပေါန္တိ သရေ-ဟူသော သဒ္ဒနီတိသုတ်တို့ဖြင့် အ-နှောင်းသောကြောင့် ရ- အစိတ် အာ-ကိုချေ။ နယေ ပရံ ယုတ္တော စသောသုတ်တို့ဖြင့် ရ-ကို နောက် အ သို့ကပ်လေ၍ သန္ဓိရုပ်ပြီး၏။

သုံးတန်မေးထွေ၊ စဉ်တိုင်းဖြေ၊ ပါဠိပြေမတွန့်ရှုပ်။ ဆိုသည်လည်း ဤရုပ်စီရင်၍ပြီးသောကာလ အမေးသုံးထွေ ပြေလေတော့သည် ဟူလိုသည်။

အမေး။ ။ဟိရိကျောင်း၊ သြတ္တပ်ရွှေနှင့်၊ နှံ့မွှေကြားမုံ၊ ခက်ရုံသန္တာ၊ သဒ္ဓါမျက်မြ၊ သီလပုလဲ၊ စွန့်ကြဲဒါန၊ စာဂမဏိ၊ ဗုဒ္ဓိဝရဖိန်၊ တောက်ထိန်ခုနစ်ပါး၊ ဥစ္စာများကို၊ သူ့အားဝေ၌၊ ဉာဏသူဌေး၊

ဉာဏ်လျှပ်ပေး၍၊ ကံကျွေးဝတ္ထု၊ ဤကျမ်းပြုသား၊ ဂုရုမြောက်ရည်၊ မဟာထေရ်ကို၊ မြန်ပြည်မဆုံ၊ ကျော်နှံ့သတင်း၊ သိန်းယိုင်ခဲ့ချင်းသည်။ မည်ရင်း အဘယ်သညာနည်း။

အဖြေ။ ။သုဝဏ္ဏံ ရဇတံ မုတ္တာ၊ မဏိဝေဠုရိယာပိ စ။
ဝဇိရဉ္စ ပဝါဠဉ္စိ၊ သတ္တာဟု ရတနာ နိမေ။

ဟူသော သာရတ္ထသင်္ဂဟကျမ်း၌ လာသော ဂါထာနှင့်အညီ လောကီရတနာနှင့်ဖက်၍ လောကုတ္တရာ ရတနာတို့ကိုစပ်ရာ၌ ဟိရိနှင့်ကျောင်၊ ဩတ္တပ္ပနှင့်ရွှေ၊ သုတနှင့် သန္တာ၊ သဒ္ဓါနှင့်မြေ၊ သီလနှင့်ပုလဲ၊ စာဂနှင့် ပတ္တမြား၊ ပညာနှင့် ဝဇိရိန်ကို ဟပ်၍စပ်သည်။ သုတကား တိုက်ရိုက်အားဖြင့် မလာသော်လည်း နှံ့မွှေကြားမုံ့ ဟူသည်ကား အနှံ့အပြား သိမြင်နိုင်သော အကြားအမြင်ကို ရည်၍ စပ်သည်ဖြစ်သောကြောင့် သုတကို သန္တာန်နှင့်ဟပ်၍ ယူသင့်သည်။ ဤသူတော်ဥစ္စာ ခုနစ်ပါးကို ပေးတတ်သော ဤကျမ်းပြုသော ဆရာကား အဘယ်သူနည်း။ စတုတ္ထပိုဒ် အမေးဌာနလည်း ဤကျမ်းကိုပြုသော ဆရာသည် ရဋ္ဌသာရပင်ဖြစ်သည်။ အခြားပုဂ္ဂိုလ်မဟုတ်ပြီဖြစ်၍ ရှေးအမေးသုံးထွေ၏ အဖြေလည်း ရဋ္ဌသာရပင်ဖြစ်၍ စတုတ္ထအမေးအဖြေဟူ၍ အခြားမရှိခဲ့ရကား သုံးတန်မေးထွေ၊ စဉ်တိုင်းဖြေ၊ ပါဠိပြေမတွန့်ရှုပ်။ ရဋ္ဌသာရ တပဒလုံး၊ နှောင်းဆုံး ဖြေတအုပ်၊ ဟူ၍စပ်ဆိုလေသည်။

ဤစကားစုတွင် သုံးတန်မေးထွေဟူ၍ လည်းကောင်း၊ သုံးတန်ဖြေထဟူ၍ လည်းကောင်း စာစောင် အရပ်ရှိသောကြောင့် အမေးသုံးပါး၊ အဖြေသုံးပါးဟု ဖြေလိုက်ရချေသည်။

စင်စစ်အားဖြင့်သော်ကား ရာဒ္ဓတမေး၊ အဒ္ဌဒ္ဓတမေး၊ သာရဒ္ဓတမေး၊ ရဋ္ဌဒ္ဓတမေးဖြစ်၍ အမေးလေးပါး ဥစ္စာအမေးဒ္ဌ 'ရာ'။ အရိယာသခ်ာအမေးဒ္ဌ 'အဒ္ဌ'။ အနှစ်အမေးဒ္ဌ 'သာရ' ကျမ်းပြု ပုဂ္ဂိုလ်ကို မေးရာဒ္ဌ ရဋ္ဌသာရဟု လေးချက်စေ့ ဖြေရမည်ဖြစ်၍ အဖြေ လေးပါးပင်ဆိုသင့်သည်။ ဤကဲ့သို့သောအရာကို လေးပါးဟု ယူမှလည်း ဝိဒင်္ဂီကာ၊ ဝိစိတ္တာ လင်္ကာရကျမ်းတို့၌ လာသောနည်းတို့ဖြင့် ညီညွတ်မည်ဖြစ်၍ ရဋ္ဌသာရ၊ တပဒလုံး၊ နှောင်းဆုံး ဖြေတအုပ် ဟူသော စကားလည်း အဖြေတပုဒ်ပင် ဖြစ်သည်ဟု ထင်မိပေသည်။

သူစာဒ္ဓလည်း နှောင်းဆုံးဖြေတအုပ် ဟူ၍ပင် နိမိတ်အရိပ် ဖော်လျက် ပါပေသည်၊ ထို့ကြောင့်အမေးက လေးပါး၊ အဖြေသုံးပါးဟူ၍ မမှတ်သင့် အမေးလည်းလေးပါး အဖြေလည်းလေးပါးဟူ၍သာ မှတ်သင့်သည်။

"ဝိဒင်မသင် နားမဝင် ပုံပြင်မှတ်ပိုက်ထုပ်" ဆိုရာ၌—

ဝိဒင်ကျမ်းကို မသင်ဖူး၍ နားမဝင်သည်ရှိသော် ဤပုံပြင် ဥဒါဟရဏ်ကိုသာ မှတ်လေ လော့ဟူ၍ဆိုသည်။ ဤနည်းကဲ့သို့ကြံလေသည်ရှိသော် အစိတ်အစိတ်ခွဲ၍မေးခြင်း အပေါင်း ပြု၍မေးခြင်း အစိတ်အစိတ်ခွဲ၍ ခြေခြင်း၊ အပေါင်းကိုဖြေခြင်းတို့၌ တတ်အံ့သောငှာ အခြေ အလက် ခဲခက်လှသော နည်းနာကို ရလိမ့်မည် ဟူလိုသည်။ ထို့ကြောင့် "သည်နည်းကြံလေ၊ အထွေထွေ၊ တတ်ခြေနည်းမှန်တုပ်" ဟု ဆိုလေသည်။

မှန်တုပ်ဟူသည်ကား ရှေးစကား ဖြစ်သည်။ လျှို့ဝှက် ခဲခက်လှသော အတတ် ဆရာတို့ တွင် လက်စွဲ လက်ဆုပ်ပြု၍ တပည့်မြင်တိုင်း မပြောမပြထားသော အတတ်၊ အကာလဖလ ဇာတ်၌ အကာလဖလမန္တန်။ သဗ္ဗဒါဠိကဇာတ်၌ ပထဝီဇယမန္တန်၊ ပဒကုသလ ဇာတ်၌ စိန္တာမဏိမန္တန်တို့ကဲ့သို့ အသက်ခန္ဓာ ဆုံးသောကာလမှ ဆိုရာ ပြောရာသော အတတ်၊

ဤကဲ့သို့ အလွန်လျှို့ဝှက်ခဲခက်လှသော အတတ်ကို၊ လျှို့ဝှက်၍ ထားသည်ကို မှန်တုပ် ဟူလိုသည်။

ထို့ကြောင့် ကိုးခန်းပျို့ပုဏ္ဏားခန်း၌-

ဆရာ့လက်ဆုပ်၊ မှန်တုပ် လျှို့ဝှက်၊ သူသိခက်ဟု၊ အသက်ခန္ဓာ၊ ဆုံးသော ခါမှ၊ ဆိုရာသတတ်၊ မှတ်သည်လေးတွဲ့၊ နက်ထုံးဖွဲ့သည်။ ဟူ၍လည်းကောင်း။

မှန်စီရွှေကျောင်း ဒုတိယနေ ဆရာတော် သတ်ပုံ၌ - ဆရာလက်ဆုပ်၊ ချိန်မှတ်တုပ်၊ သရုပ်သိမ့်သိမ့်ရှင်း။ ဟူ၍လည်းကောင်း။

ကဝိလက္ခဏာတွင်လည်း – ဆရာ့လက်ဆုပ်၊ မပြချုပ်၊ မှန်တုပ်မချနိုင်။ ဟူ၍ လည်းကောင်းစပ်သည်။ ဤကား ရှင်ရဋ္ဌသာရ မှန်စီဆရာတော်တို့ နည်းကိုသာ ယူ၍ ဆိုရမည်။

တပါးသော ဆရာတို့ကား မှန်တုပ်ဟူသည်ကား အနေအထားကျသည် ဟူလိုသည်။

ပုဒ္ဓပ္ပတ္တိပျို့တွင်လည်း - တပါးမဟုတ်၊ ရွှေစင်ခုတ်သို့၊ မှန်တုပ်နေကျ။ ဟူ၍လည်းကောင်း။

နဝရတ်ပျို့တွင်လည်း - လူပိုလ်ဝန်းကို၊ သိမ်းမြန်းပိုက်ထုပ်၊ ဘုန်းဖြင့်အုပ်သည်၊ မှန်တုပ်နေကျ၊ လူများဘ။ ဟူ၍ လည်းကောင်း။

ကျင့်ရန်စီးပွား၊ ကျိုးကြောင်းများကို၊ တခြားတခြား၊ မှတ်သားပိုက်ထုပ်၊ တအုပ်တအုပ်၊ နိဂုံးချုပ်မှ၊ သရုပ်သရုပ်၊ မှန်တုပ်ချနက်၊ မြဲစေလျက်လျှင်။ ဟူ၍လည်းကောင်း။

ရန်ညွှန့်ငင်ရုန်း၊ အားသွန်သုံး၍၊ နိဂုံးအချုပ်၊ ဘုန်းဖြင့်အုပ်သည်၊ မှန်တုပ်ချထား၊ နရဖျား။ ဟူ၍လည်းကောင်း စပ်ဆိုချက်ရှိသည်။

ပုဒ္ဓပ္ပတ္တိဆရာ၊ နဝရတ်ဆရာတို့မှာ အမှန်အကန် အနေအထားကျသည်ကို မှန်တုပ်ခေါ်ဟန် ရှိချေသည်။ ကိုးခန်း, မှန်စီ, နဝရတ်တို့မှာ ပသတ်စပ်သည်။ ပုဒ္ဓပ္ပတ္တိမှာ တသတ်စပ်သည်။

၁၁၅-ပစ္ဆာ။ ။"ဝိဒင်မသင်၊ နားမဝင်၊ ပုံပြင်မှတ်ပိုက်ထုပ်" ဆိုသော စကား၌လည်း ဝိဒင်ကျမ်းကို မသင်ပဲ နားမဝင်ရာသည့် အခြင်းအရာ၊ ဝိဒင်ကျမ်းကိုသင်လျှင် နားဝင်ရာသည့် အခြင်းအရာကို သိလိုပါသည်။

၁၁၅-ဝိသဇ္ဇနာ။ ။ဝိဒင်ကျမ်းကို မသင်ပဲ နားမဝင်ရာသည့် အခြင်းအရာ။ ဝိဒင်ကျမ်းကို သင်လျှင် နားဝင်ရာသည့် အခြင်းအရာကို သိလိုပါသည်ဟူရာ၌-

ပြားဟု ဗျိုင်္ဂံ သမာဿ၌၊ ဒွိဗျဉ်္ဇံ ဒွိသမာဿကမ်။
တထာ ဗျဉ်္ဇသမာဿ၌၊ ဒွိဗျဉ်္ဇေက သမဿကမ်။

စသော ဥဒ္ဒေသဂါထာတို့နှင့် အညီ ဝိဒဂ္ဂမုခမဏ္ဍနကျမ်း၌ ဗျဿ၊ သမာဿ၊ ဒွိဗျဿ၊ ဒွိသမာဿ၊ ဗျဿသမာဿ၊ ဒွိဗျဿ ဒွိသမာဿ၊ ဒွိဗျဿေက သမာဿ၊ ဒွိသမာ ဿေက ဗျဿ ရှစ်ပါး။

လိင်္ဂဝိပတ္တိ စသော ခုနစ်ပါးသော ပဘိန္နနှင့်ပေါင်းသော် ပထမပိုင်း၌ ကိုးပါး။

ဘေဒ၊ ဘေဒျ၊ ဩဇာတျ၊ သီသာလင်္ကာရ စသော ဒုတိယပိုင်း၌ နှစ်ဆယ်။

သိလောက၊ ခဏ္ဍောတြ၊ ပါဒေါတြ၊ စက္က၊ ပဒုမ၊ ကာကနယ၊ ဂေါမုတြ၊ သဗ္ဗတောဘဒ္ဒြ စသောအားဖြင့် တတိယပိုင်း၌ တဆယ့်လေးပါး။

ပဟေဋိ၊ ဟဇ္ဇ၊ ဂုဠ္ဠ၊ ထုတိ၊ နိန္ဒာ၊ ဒဗ္ဗစသောအားဖြင့် စတုတ္ထပိုင်း၌ တဆယ်။

ဤသို့ ကျယ်ဝန်းစွာ သင်္ကရိုက်ကျမ်း၌ လာသည်။ မြန်မာဝိဒင်္ဂေါ်သော သီရိ ဝိစိတ္တာလင်္ကာရကျမ်းတို့၌ကား-တတိယပိုင်းတွင် သဒ္ဒဘမ၊ ဂတာဂတနှစ်ပါး၊ စတုတ္ထပိုင်းဝယ် ဂုဠ္ဠတွင် ဗုဒ္ဓ, ဓမ္မ, သံဃသုံးပါး။ တုတျဇာတိ။ ပဉ္စမပိုင်းတွင် ပဏ္ဏလိက္ခာငါးပါးတို့သည် ထူး၍ လာပြန်သည်။

ဝိဒင်္ဂတွင်ကား-မာတိကာငါးဆယ့်လေးပါးရသင့်သည်။ ဝိဘင်္ဂပွဘေဒအပြား ပွားပြန်သည်နှင့် သော်ကား ခုနစ်ဆယ့်လေးပါးရှိပြန်သေးသည်။ ထို့ကြောင့် ဝိဒင်္ဂီကာ၌ "စတုသတ္တတိပွဘေဒေါ ဥဒ္ဒေသောနာမ" ဟူ၍ ဆိုလေသည်။

ဝိစိတ္တာလင်္ကာရတွင်ကား - မာတိကာ ခြောက်ဆယ့်ငါးပါးရှိသည်။ ဤသို့ကျယ်ဝန်းလှသည် ဖြစ်၍ အကျဉ်းအားဖြင့် သိသာရုံသာ။ ဝိစိတ္တာလင်္ကာရမည်သော မြန်မာဝိဒင်္ဂမှလာသော နည်းကို မှီ၍ မေးသောအမေးကို ပြပေအံ့။ အမေးစုတွင် ကိုးခန်းအမေးကား ဒွိသမာသ္ဍဇာတိတွင် ဆိုသည် ဆိုဟန်ကား—

အမေး-၁။ ။ပက္ခိ သေဋ္ဌ သခီ ပဘူ၊ ဆမာ ဝဒန္တိ ကေ ဝဒ၊
ဇေဋ္ဌမာသိ ဂတာ သောသံ၊ ကိဒိသိ ပဇလာ ဘူမိ။

အဖြေ-၁။ ။ပက္ခိသေဋ္ဌသခီပဘူဆမာ၊ ပက္ခိသဒ္ဒါ၊ သေဋ္ဌသဒ္ဒါ၊ သခီသဒ္ဒါ၊ ပဘူသဒ္ဒါ၊ ဆမာသဒ္ဒါတို့ကို။ ကေ၊ အဘယ်သဒ္ဒါတို့သည်။ ဝဒန္တိ၊ ဟောတတ်ကုန်သနည်း။ ဝဒ၊ ဆိုလော့။

အမေး-၂။ ။ဝိဝရာလီနကုဋ္ဌိရာ။

အဖြေ-၂။ ။ဝိဝရာလီနကုဋ္ဌိရာ၊ ဝိသဒ္ဒါ၊ ဝရသဒ္ဒါ၊ အလီသဒ္ဒါ၊ နကုလိသဒ္ဒါ၊ ဣရာသဒ္ဒါတို့သည်၊ ဝဒန္တိ၊ ဟောတတ်ကုန်၏၊ အစိတ်အစိတ်ပြု၍ ဖြေသည်တချက်။

အမေး-၃။ ။ဇေဋ္ဌမာသိ၊ နယုန်လ၌။ သောသံ၊ ခြောက်ကပ်ခြင်းသို့၊ ဂတာ၊ ရောက်သော။ ပဇလာ၊ ရေမရှိသော။ ဘူမိ၊ မြေသည်။ ကိဒိသိ၊ အဘယ်သို့ သဘောရှိသနည်း။

အဖြေ-၃။ ။ဝိဝရာလီနကုဋ္ဌိရာ၊ မြေပပ်ကြား၌ ပုန်းအောင်းသော ပုဇွန်ရှိသည်။ ဟောတိ၊ ဖြစ်၏။ ဝိဝရာလီနကုဋ္ဌိရာ-ပုဒ်လုံးပြု၍ ဖြေသည်တချက်။ ဤနှစ်ချက်တွင် ရှေ့အဖြေကား-ဝိ-တပုဒ် ဝရ-တပုဒ်၊ အလီ-တပုဒ်၊ နကုလီ-တပုဒ်၊ ဣရ-တပုဒ်၊ အစိတ်အစိတ် ငါးပုဒ်ပြုဖြေသည်။ နောက်အဖြေကား- ဝိဝရာလီနကုဋ္ဌိရာဟု ပုဒ်လုံးပြု၍ ဖြေသည်။

အမေး-၄။ ။ဇဂတျုပြုလမ္မာယုဓ၊ ဝိဟိမာနုသံ သယထာ၊
ကထံ ဝဇ္ဇာ ဘဝန္တွေတေ၊ ဒိနာဒေါ ဝိကာသန္တိ ကေ။

အဖြေ-၄။ ။ဇဂတျပြလမ္မာယုဓ ဝိဟိမာနုသံသယထာ၊ မြေကြီး။ အသုရာ၏လက်နက်၊ စပါး၊ လူအောင်ခြင်းဟူကုန်သော။ ဧတေ၊ ထိုအနက်တို့ကို၊ ကထံ၊ အဘယ်သဒ္ဒါတို့သည်။ ဝဇ္ဇ၊ ဟောကုန်သည်။ ဘဝန္တိ၊ ဖြစ်ကုန်သနည်း။

အမေး-၅။ ။ကု ဝလ ယဝ နရာ ဇယော။

အဖြေ-၅။ ။ကု ဝလ ယဝ နရာ ဇယော၊ကုသဒ္ဒါ၊ ဝလသဒ္ဒါ၊ ယဝသဒ္ဒါ၊ နရာသဒ္ဒါ၊ ဇယသဒ္ဒါ တို့သည်။ ဝဇ္ဇ၊ ဟောကုန်သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။

အမေး-၆။ ။ကော၊ အဘယ်ဝတ္ထုတို့သည်။ ဒိနာဒေါ၊ နံနက်အခါ၌။ ဝိကာသန္တိ၊ ပွင့်ကုန်သနည်း။

အဖြေ-၆။ ။ကု ဝလ ယဝ နရာ ဇယော၊ ကြာခေါင်းလောင်းတော အရေးတို့သည်။ ဝိကာသန္တိ၊ ပွင့်ကုန်၏။

အမေး-၇။ ။ရှေ့အမေးတွင် ကု-တပုဒ်၊ ဝလ-တပုဒ်၊ ယဝ-တပုဒ်၊ နရ-တပုဒ်၊ ဇယ-တပုဒ်၊ ငါးပုဒ်ပြု၍ ဖြေသည်တချက်။ နောက်အမေးတွင် ကု ဝလ ယဝ နရာ ဇယောဟု ပုဒ်လုံးပြု၍ ဖြေသည်လည်းတချက်။ ။ဤကဲ့သို့ ဗုဒ္ဓါနုဗုဒ္ဓပစ္စေကဗုဒ္ဓါပုဒ်၊ မုနိန္ဒစက္ကရာဓ ပုဒ်တို့ကိုလည်း သိအပ်၏။

ဤသို့ ဒွိသမာသ္တဇာတိတွင် လာသောနည်းကဲ့သို့ အစိတ်အစိတ်မေး၍ရာ-တပုဒ်၊ အဋ္ဌ-တပုဒ်၊ သာရ-တပုဒ်၊ အစိတ်အစိတ်ခွဲ၍ ဖြေသည် တချက်။ ပုဒ်လုံးအရှန့်မေး၍ ရာအဋ္ဌသာရတွင် အာအက္ခရာကိုချေ၍ ရဋ္ဌသာရဟု ပုဒ်လုံးပြု၍ ဖြေသည်လည်းတချက်။ ဤသို့သောအရာကိုပင် "ဝိဒဂ်မသင်၊ နားမဝင်၊ ပုံပြင်မှတ်ပိုက်ထုပ်" ဟု စပ်ဆိုလေသည်။

၁၁၆-ပဏ္ဍာ။ ။မင်းဘုန်းရောက်လာ၊ ဤသည့်စာ ဆိုရာ၌လည်း၊ ဘယ်မင်းဘုန်းကြောင့် ဘယ်မြို့သို့ရောက်လာသည်ကို သိလိုပါသည်။

သည်မှတပါး ယခုမေးလျှောက်သော အရာတို့၌ သင့်မသင့်ကို ဆင်ခြင်တော်မူ၍ မသင့်သည့် အရာကို ပြင်ဆင်လောင်းစွက်၍ သိသာအောင် မိန့်တော်မူပါ ဆရာတော်ဘုရား။

၁၁၆-သိဿဇနာ။ ။မင်းဘုန်းရောက်လာ၊ ဤသည့်စာ၊ ဆိုသည်၌လည်း၊ ဘယ်မင်းဘုန်းကြောင့် ဘယ်မြို့သို့ရောက်လာသည်ကို သိလိုပါသည်။

သည်မှတပါးလည်း ယခုမေးလျှောက်သော အမေးတို့၌ သင့်မသင့်ကို စုံစမ်းဆင်ခြင်တော်မူ၍ မသင့်သည့်အရာ၌ ပြင်ဆင်လောင်းစွက်၍ သိသာအောင် ဖြေဆိုတော်မူပါဟူရာ၌—

ကိုးခန်းပျို့တွင် ကလေးမိုးညှင်း ခီးသောပိုဒ်၌ "ပဲခူးတဝက်၊ လက်နက်သိမ်းဆောင်၊ မင်းခေါင်ရင်နှစ်"ဆိုရာ၌ မင်းကြီးစွာစောကဲ့ သားတော်ငယ် တရဖျားဇ၏ ညီတော်ဖြစ်သော ပထမမင်းခေါင်ကြီးကို ဆိုသည်။

သိကြားရည်တူ၊ ဆင်ဖြူရှင့်ထံ၊ ဘိသိက်ခံမှ- ဆိုသည်ကား- မင်းခေါင်ကြီး သားဖြစ်သောဆင်ဖြူရှင်သီဟသူသို့ မောင်ဖြစ်သော ဗညားရန်က တလိုင်းမြို့တွင် ရှင်စောပုကို ဆက်ရသည်ဖြစ်၍ "ဆင်ဖြူရှင့်ထံ၊ ဘိသိက်ခံမှ" ဟု ဆိုသည်။

ရှင်စောပုဆိုသည်မှာ ဟံသာဝတီ ရာဇာဓိရာဇ်မိဖုရားသုဒ္ဓမာယာတွင်မြင်သော သမီးတော် ဝိသုဒ္ဓိရာဇဒေဝီခံ တလိုင်းပြည်၌ တဆယ့်ခုနစ်နှစ် မင်းပြုသည့် ရှင်စောပုကို ဆိုသည်။

" ရှင်စောပုတူ၊ လှိုက်ဆူကျော်ရှိန်၊ ပုသိမ်မင်းမြေး၊ စဉ်ရှေးအရိုး" ဆိုသည်မှာ ရှင်စောပု၌ မောင်တော်သူ ဗညားဓမ္မရာဇာ တယောက်, ဗညားရန် တယောက် နှစ်ယောက်ရှိသည်။ ဗညားဓမ္မရာဇာသည် အဖရာဇာဓိရာဇ်မရှိနောက် ဟံသာဝတီတွင်မင်းပြု၍နေသည်။ညီဗညားရန်သည် ဒလ၊ ဒဂုံ၊ ပုသိမ်တို့ကို စိုးပိုင်လျက် မင်းခြားပြု၍နေသည်။ ဗညားရန်သား ဗညားအိမ်သည် ပုသိမ်ကိုစား၍ မင်းငယ်ပြု၍နေသည်။ ထိုဗညားအိမ်ကို ရှင်စောပုက တူတော်သည်။

(တူပုသိမ်မင်းဆိုလိုသည်၊သမက်ပင်ဖြစ်သည်၊ထူပါရုံကျောက်စာ၌ ရှေးပုသိမ်မြောင်းမြကို မင်းမူသည့် လောက်ဖျားကြီးကို အထူးငင်း၊ မိဖုရား ရှင်စောပု သမီး သမက်တို့သည် ဤသို့ စသည်ဖြင့် ဆိုသည်ကိုထောက်၍ သမက်ပင်ဖြစ်သည်ဟု မှတ်ရာသည်။)။

ရှင်စောပုတူ၊ ပုသိမ်မင်း၊ ထိုပုသိမ်မင်း၏မြေးသည် ရှင်ရဋ္ဌသာရ၏ အဖပင်ဖြစ်သည်။ ဤသည်ကား အဖရိုးဟူလိုသည်။

ထို့ကြောင့်"ရှင်စောပုတူ၊ လှိုက်ဆူကျော်ရှိန်၊ ပုသိမ်မင်းမြေး၊ စဉ်ရှေးအရိုး" ဟုစပ်ဆိုလေသည်။ အချို့စာမှာလည်း စဉ်ရှေးဘရိုး ဟူ၍ပင်ရှိ၏ အဓိပ္ပာယ်အတူတူပင် ဖြစ်သည်။

"တို့မိမျိုးကား၊ သတိုးမင်းဖျား၊ တရားစောင့်သုံး" ဆိုသည်မှာ အဝမြို့တည်သတိုးမင်းဖျားကိုဆိုသည်။ ။ဦးရီးမြစ်ရင်းဆိုသည်မှာ သတိုးမင်းဖျား၏ မယ်တော်စိုးမင်း ကိုယ်တော်ကြီးတည်း။ သတိုးမင်းဖျား၏ ဦးရီးကား အသခ်ယာစောယွန်း၏ သားကြီးကျစွာ၊ သားလတ် မင်းရဲကြီး၊ သားငယ်တရဖျားတို့သည် ဦးရီးတည်း။ (အရီးမြစ်ရင်းဟု အချို့စာရှိ၏။) အရီးရှိသောစာမှန်သော် သတိုးမင်းဖျား၏ အဖကား တကောင်းစား သတိုးဆင်ထိန်းတည်း။ ထိုသတိုးဆင်ထိန်း၏ နှမကို ယူသင့်သည်။ ထိုနှမ၏အကြောင်းကို စာတမ်းစာဟောင်းမထွက်မဆို။

(အချို့လည်း သမီးရင်းဖြင်သည်။ သတိုးဖျားကား- သမီးတော်၏ မြစ်ဖြစ်သည်ဟု ဆိုကြ၏)

"မင်းခေါင်ဒုတိယ၊ တို့မွေးဘ" ဆိုသည်မှာ မင်္ဂလာစေတီ ဒါယကာဖြစ်သော ဒုတိယမင်းခေါင်ကို ဆိုသည်။ "နန်းတက်သမီး၊ စောင့်သီးသီလ၊ ဒါနဖြည့်ဆည်း၊ ရှစ်နှစ်တည်းက၊ ခမည်းတော်မင်း၊ မယ်တော်နှင်းသည်၊ အရင်းအခြာ၊ ငါတကာနှင့်" ဟူရာ၌ ဒုတိယမင်းခေါင်ကိုပင် ဆိုသည်။ ထိုအကြောင်းကား ထူပါရုံဒါယကာ နရပတိကြီး သမီးတော် တွင်းသင်းမင်းရွှေအိမ်သည်နှင့်မိဖုရားမောင်တော် ပုခန်းစား သီဟပတ္တေကြီးသား သီဟပတ္တေဝယ်။ထိုသီဟပတ္တေဝယ်ကို ရတနာဗိမာန် ကျောက်စာတွင် ဥဇနာဟုပါသည်။ ထိုဥဇနာနှင့် စုံဖက်ရာတွင် မြင်သည့် သမီးတော်ကို ရှစ်နှစ်ရွယ်ကပင် ဘိုးတော် နရပတိကြီးသည် မြေးတော် နှစ်ပါးကို စုံဖက်တော်မူသည်။ နော်ရထာဟူသော အမည်ကို ပေးတော်မူ၏။

အိမ်ရှေ့စံသောကာလ မဟာသီဟသူရ အမည်ရှိသော ဘွဲ့ကိုခံ၏။ သုံးဆယ့်နှစ်ပါး၊ တံတားဦးတည်တွင်၊ "မဟာသီဟ၊ ရှေးပဒကို၊ ကမ္မဓာရည်း သမာသ်နည်းဖြင့်၊ စီရင်လင့်မှ" ဟု စပ်သည်လည်း အိမ်ရှေ့စံအဖြစ်က ခံသည့် အမည်ကို ရည်၍ စပ်လေသည်။

နောက်မင်းခေါင်ဟူသော အမည်ကို ခံသည်။ သံဝရတွင် "ရတနာပုရ၊ ရွှေဝတန်ဆောင်၊ မော်ကွန်းထောင်သို့၊ မင်းခေါင်လက်ထက်၊ ငယ်ရွယ်သက်က" ဟု စပ်လေသည်။

မင်းဖြစ်သောကာလ သိရိသုဓမ္မာ ရာဇာဓိပတိ ဟူသော အမည်ကို ခံသည်။ ကြားပိမ့်ကျက်သရေခြီ၊ တံတားဦးတည်၌၊ သိရိသုခံ၊ နံစံသာယာ၊ နောက်ပုဒ်မှာမူ၊ ရာဇာဓိပတိ၊ ကျွန်းလုံးသိမ့်" ဟု စပ်လေသည်လည်း မင်းဖြစ်သောကာလ ခံသော တံဆိပ်အမည်ကိုပင် စပ်လေသည်။ မိဖုရားမှာ အတုလ သိရိမဟာဒေဝီ ဟူသော အမည်နှင့် အဘိသိက်ခံသည်။ သားတော်အကြီး ယင်းသောအခါ သက်တော်ခုနစ်နှစ်အရွယ်သာရှိသောသူကိုသိရိမဟာသီဟသူရ ဟူသောအမည်နှင့် အိမ်ရှေ့အရာ နှင်းတော်မူ၏။

ထို့ကြောင့် တံတားဦးတည်တွင် "ထပ်မျှတူလျော်၊ မျိုးရိုးသော်ကား၊ မယ်တော်သားချင်း၊ ဦးရီးမင်းနှင့်၊ ဘမင်းနှမ၊ တကွမင်းဖြစ်၊ အရီးစစ်၏၊ ရင်နှစ်သမီး၊ ပြည့်ပြီး သမ္ဘာ၊ ခင်ပွန်းစာဖြင့်၊ အိမ်ရာထောင်ထောင်၊ နန်းရွှေတောင်ထက်၊ ကောင်းဘက်တူလှ၊ သမ္ဘာလသို့၊ မွေးဘရာနေ၊ သားမြူတေနှင့်၊ ရဲဆွေမကင်း၊ စိုးမင်းဘွာ စော၊ ချောရယောတိ၊ လှမောဆင်းရွယ်၊ သားကောင်းမယ်ဟု၊ ပြိုင်ဆွယ်ခိုင်းထောက်၊ မစွန်းပျောက်တည်း။ ထွန်းတောက်လက္ခဏာ၊ အင်ညီစွာလျက်၊ ပညာကျေးဇူး၊ ထူးသူသို့၊ မိတူမြတ်နိုး၊ သားနှယ်ပျိုးမှ၊ အကျိုးအကြောင်း။ ရှေးနှောင်းဆင်ခြင်၊ လေးဖင်သိမ်းဆည်း၊ ထိုင်းတည်းစာနာ၊ နက်လိမ္မာဖြင့်၊ အတုလာသိရိမဟာဒေဝီ၊ သည်ထင်ပေါ်၊ ဟိုးဟိုးကျော်သား၊ ဖွားတော်မည်သာ၊ ခံထိုက်စွာ၍၊ မြန်ချာစီးပွား၊ ဆောင်တတ်အားသည်။ မိဖုရားရတနာနှင့်လည်း ပြည့်စုံထသော" ဟု ဆိုသည်။

ဘဒ္ဒကမ္မာ ခြီသော မျိုးတော်စဉ်၌လည်း - သည်းအူမင်းခေါင်၊ မင်းဖျားနောင်လျှင်၊ ရစ်နှောင်မကွေ၊မြဲကြစေဟု၊ ရဝေဘုံလယ်၊ ရှစ်နှစ်ရွယ်က၊ စံပယ်ကျစ်လျစ်၊ မျိုးချင်းဖြစ်၍၊ ဘိုးချစ်ဘွားခင်၊ ရေစင်သတ်ဖျန်း၊ လက်ထပ်မှန်းသား၊ ရွှေနန်းတန်ဆောင်၊ လူထွတ်ခေါင်လျှင်၊ ရွှေတောင်ထိပ်ဗွေ၊ စိုးနှိပ်စေလျက်၊ မင်းဆွေမြတ်နောင်၊ သားကြီးမောင်ကို၊ ချစ်ခေါင်လွန်ဖျား၊ မင်းပြိုင်ထားလျက်" ဟု စပ်လေသည်။

မင်းရဲကျော်စွာ စုန်ချင်း၌- "အဋ္ဌာရသ၊ သိပ္ပမကြွင်း၊ အိမ်ရှေ့မင်းလျှင်၊ ပွင့်လင်းရွှေတောင်၊ မုနောဆောင်၍၊ မင်းခေါင်ဟူသည်၊ မင်းမြတ်မည်နှင့်၊ ဘုန်းစည်တီးဖြန်း၊ နိုင်ငံမြန်းက၊ မကျန်းတယောက်၊ ထံအောက်ကျိုးနွံ၊ လက်ဝေခံ၏" ဟူ၍လည်းကောင်း။ "သတိတည်စွာ၊ မင်းပညာဖြင့်၊ မဟာသီဟသူရ၊ နှံ့မျှကျော်ခြီး၊ သားတော်ကြီးကို၊ အပြီးမျက်မှောက်၊ မင်းပြိုင်မြောက်သည်" ဟူ၍လည်းကောင်း စပ်ဆိုလေသည်။

"မင်းစိုးဆွေစုံ၊ လူဘုံပျော်ညောင်း၊ ဝိမာန်ပြောင်းလည်း၊ ဇာတ်ပေါင်းပြီးချုပ်၊ စာကိုးအုပ်ဖြင့်၊ ထုပ်ထုပ်ပိုက်ပိုက်၊ သင်္ကြိုဟ်လိုက်၏။ တိုက်ရိုက်နတ်နား၊ ကြားပါလေ၍၊ နာစေခလို၊ တောင့်တဆိုသည်။ ။ကုသိုလ်ဝေဌ ထပ်လောင်းတည်း" ဟူရာ၌-ထိုဒုတိယမင်းခေါင်နှင့် အတုလ သိရိမဟာဒေဝီ နှစ်ပါးကိုပင် မင်းစိုးဆွေစုံဟု ဆိုသည်။

"လူဘုံပျော်ညောင်း၊ ဗိမာန်ပြောင်းလည်း" ဟူရာ၌-ဒုတိယမင်းခေါင်ကား သက္ကရာဇ် ရှစ်ရာ့ခြောက်ဆယ့်သုံးခုကို တက်လုဆဲဆဲ တန်ခူးလပြည့်ကျော် ငါးရက်နေ့ကပင် အနိစ္စရောက်လေသည်။ သက္ကရာဇ် ရှစ်ရာ့ရှစ်ဆယ့်ငါးခုမှ ကိုးခန်းပျို့ကို စပ်ဆိုလေသည်။ ၎င်းနောက် သုံးနှစ်စေ့။ ရှစ်ရာ့ရှစ်ဆယ့် ရှစ်ခုတွင် ပြည်မြို့သို့ရောက်မှ ဒုတိယမင်းခေါင်မရှိ နောက် နှစ်ဆယ့်ငါးနှစ်ရှိမှ နိဂုံးကို အပြီးအုပ်ချုပ်ရသည်ဖြစ်၍ ဒုတိယမင်းခေါင်ကို တောင့်တသောအားဖြင့် "မင်းစိုးဆွေစုံ၊ လူဘုံပျော်ညောင်း၊ ဗိမာန်ပြောင်းလည်း၊ ဇာတ်ပေါင်းပြီးချုပ်၊ စာကိုးအုပ်ဖြင့် ၊ ထုပ်ထုပ်ပိုက်ပိုက်၊သင်္ကြိုဟ်လိုက်၏။ တိုက်ရိုက်နတ်နား၊ ကြားပါလေ၍၊ နာခစေလို၊ တောင့်တဆိုသည်။ ။ ကုသိုလ်ဝေဌ ထပ်လောင်းတည်း။" ဟု စပ်ဆိုလေသည်။

"အစွန်းငါးခု၊ ပသျှအဋ္ဌ၊ ဒီဃသက္ကရာဇ်၊ ရောက်လစ်သောခါ" ချိသောပိုဒ်၌-သက္ကရာဇ် ရှစ်ရာ့ရှစ်ဆယ့်ငါးခု တပို့တွဲလဆန်း တဆယ့်နှစ်ရက်, စနေနေ့ မကာရလဂ် ပြိဿစန်း တိထီဆယ်လုံး၊ နက္ခတ်လေးလုံးတွင် စာကိုဆို၍ပြီးသည်။ ထိုနှစ်ပင် ရွှေနန်းကြော့ရှင် နရပတိကို မိုးညှင်းစလုံကြီး တိုက်ဖျက်၍ အရှေ့ဆင်ခေါင်းသို့ဆုတ်၍ နေရသောနှစ်တည်း ပြည်ဘုရင်ဆင်ဖြူရှင် သတိုးမင်းစောကိုလည်း အဝတွင် နန်းတင်လေ၏။ သုံးရက်ရှိလျှင် စလုံကြီးတို့ပြန်လေ၏။ ပြည်ဘုရင်လည်း မိုးညှင်းစလုံကြီးတို့ပြန်လေလျှင် အဝတွင်ရှိသော လူကြီးသူကြီးတို့ကို သိမ်းယူ၍ ပြည်သို့ပြန်လေ၏။ ရှင်ရဋ္ဌသာရ ဘုန်းတော်ကြီးကိုလည်း ပင့်ယူတော်မူ၏။ ရှင်ရဋ္ဌသာရဘုန်းတော်ကြီးလည်း ပြည်သို့ရောက်မှ စတုဓမ္မသာရ ကိုးခန်းပျို့ကို အပြီးသတ်တော်မူလေသည်။ သံဝရပျို့ကိုလည်း ပြည်သို့ရောက်မှ စပ်တော်မူသည်။

ထို့ကြောင့် သံဝရပျို့တွင်- " ပညတ်သိုက်တိုင်း၊ ကိန်းခန်းပိုင်းဖြင့်၊ စစ်ကိုင်းအဝ၊ မြို့ပြကျေးမြောင်း၊ ကုန်းကြောင်းဆောင်တွေ၊ မွန်းတည့်နေသို့၊ ရိုသေအပ်စွာ၊ ဆရာသမားရှောင်ရှားမရှိ၊ တိုင်းပူဘိလည်း၊ မထိမပါး၊ တပည့်များနှင့်၊ တရားဘာဝနာ၊ ငြိမ်းချမ်းသာ၏။ အညာကသည်၊ ဤရွှေပြည်သို့၊ အကြည်ရောက်အောင်၊ သာဆောင်သိမ်းပြု၊ သားနှယ်ယုလျက်၊ ဆင်ဖြူသခင်၊ နတ်ရှင်မင်းစိုး၊ လွန်မြတ်နိုး၏။" ဟူ၍ စပ်ဆိုလေသည်။

ဗုဒ္ဓဃောသာ၊ ဆရာထေရ်မြတ် ချိသောပိုဒ်၌၊ "ဤစာဇာတ်ပေါင်း၊ သုံးနှစ်အောင်းမှ၊ အကြောင်းမသိ၊ ပျောက်ဖွယ်ရှိလည်း" ဟူရာ၌ သက္ကရာဇ် ရှစ်ရာ့ရှစ်ဆယ့်ငါးခုတွင် ပြည်သို့ဆင်ဖြူရှင် သတိုးမင်းစော ပင့်ယူခဲ့၍ သုံးနှစ်ကြာမှ ရှစ်ရာ့ရှစ်ဆယ့်ရှစ်ခု တန်ခူးလဆန်း တဆယ့်နှစ်ရက် အတာစားသည့်နေ့ ဘုရင်နရပတိ ဆုံးလေသည့်နောက် မိုးညှင်းစလုံသားသိုဟန်ဘွား အဝရွှေနန်းကိုတက်၍ မင်းပြုမှ ပြည်မင်း တောင်ငူမင်းတို့သည် ခန့်ညားး၍ ပန္နာကာရ ပို့သကြ၍ အချစ်ကို တူပြုကြကုန်၏။ ထိုသို့သောကာလမှ ဩဇန္တချိသောပိုဒ်မှစ၍ နောက်ဇာတ်ပေါင်းစု အလုံးစုံရေးသော ပုရပိုက်သည် စစ်ကိုင်းမြို့တွင် တပည့်တို့လက်ဝယ်ရှိရစ်သည်ကို မပျက်မစီးရပြန်၍ စပ်ရှက်မိပြန်သည်ဟူ၏။ ရပြန်သော ကာလကား ပြည်မြို့တွင် ဆင်ဖြူရှင် သတိုးမင်းစောလက်ထက် ထိုမင်း၏ နားတန်ဆာအလို့ငှာ ရပြန်သည်ဟူလို၏။

ထို့ကြောင့်၊ "ဤစာဇာတ်ပေါင်း၊ သုံးနှစ်အောင်းမှ၊ အကြောင်းမသိ၊ ပျောက်ဖွယ်ရှိလည်း၊ ဇာတိရိုက်ရာ၊ နန်းပွင့်ခါ၌၊ ကြံရာချိန်သင့်၊ လင့်သောကြိုက်ဝယ်၊ တတိုက်စကြဝဠာ၊ ကျွန်းချာနှိပ်နင်း၊ မင်းတို့စီးတန်၊ မွန်သားလက္ခဏာ၊ အင်္ဂါကြွန်ရုံ၊ စွယ်စုံပျိုလူး၊ ဝေးစူးရဲမာန်၊ လျင်မြန်သန်ကြွား၊ စွမ်းအားခြေသွေ့၊ လှမြွေဆင်းရောင်။ ငွေတောင်အတူ၊ ဆင်ဖြူပေါက်ကြီး၊

ရမြောက်ပြီးသော်၊ ဝေးနီးပြောင်ပြောင်၊ တန်ခိုးရောင်ဖြင့်၊ ရန်မှောင်ဖျောက်ပယ်၊ ပင်လယ်ချောက်မွေ့၊ သရေခေတ္တရာ၊ မြစ်ညာအဝ၊ မြန်မာ့တိုင်းလုံး၊ ယူကျုံးနိုင်ငံ၊ နေလစံသို့၊ ဇမာင်နှံလွှမ်းမိုး၊ နှစ်ပြည်စိုးသား" ဟူရာ၌ သရေခေတ္တရာပြည် ရတနာပုရပြည် နှစ်ပြည်ကို စိုးစံရသည်ကိုပင် ဆိုသည်။

"မင်းရိုးမင်းဖျား၊ မင်းတရား၏၊ ရွှေနားတန်ဆာ၊ ရတနာဟု၊ သဒ္ဓါနှိုးဆော်၊ နတ်တို့ဖော်သည်။ ။ဘုန်းတော် အတုမဲ့တောင်းတည်း" ဟူရာ၌လည်း ထိုနှစ်ပြည်ကို အစိုးရသောပြည်မြို့ ဆင်ဖြူရှင် သတိုးမင်းစောကိုပင် ဆိုသည်။

သံဝရပျို့တွင်လည်း၊ "ခမည်းတော်ရင်း၊ နှစ်ပြည်မင်းလျှင်" ဟူရာ၌လည်း ဤနှစ်ပြည်ကို အစိုးရသော သတိုးမင်းစောကိုပင် ဆိုသည်။ ထို့ကြောင့် "မင်းဘုန်းရောက်လာ၊ ဤသည့်စာ၊ လူရွာမတိမ်မြုပ်" ဟူသော စကားကို ထူပါရုံဒါယကာ နရပတိကြီး သားတော်ငယ်ဖြစ်သော သာယာဝတီမင်းသည် ပြည်ကိုစား၍ ဒုတိယမင်းခေါင်လက်ထက် သက္ကရာဇ် ရှစ်ရာ့လေးဆယ့်လေးခုတွင် မင်းထီးမင်းခြား ပြုသော ဆင်ဖြူရှင် သတိုးမင်းစောကို ယူသင့်သည်။

သံဝရပျို့တွင်— "ခမည်းတော်ရင်း၊ နှစ်ပြည်မင်းလျှင်" ခို့သောပိုဒ်၌ "ခမည်းတော်ရင်း၊ နှစ်ပြည်မင်းလျှင်" ဟူသည်ကား ဆင်ဖြူရှင် သတိုးမင်းစောကိုဆိုသည်။ "ဘုန်းလှိုင်သားတော်၊ လိုပြည့်သော်တုံ၊ ကော်ရော်နှစ်သက်၊ ငါ့လက်ထက်လည်း၊ တိုးတက်မည်သာ၊ ငါ့ဆရာ" ဟု ဆိုသည်ကား- သတိုးမင်းစောသား ရှစ်ရာ့ ရှစ်ဆယ့် ရှစ်ခုတွင် မင်းပြုသည့် ဘုရင်ထွေးကို ဆိုသည်။ ဘုရင်ထွေး မင်းပြု၍ နန်းတက်စည်းစိမ် တနှစ်တွင် အဝမြို့တွင်လည်း စလုံငယ်သိုဟန်ဘွား နန်းတက်၍ စည်းစိမ်တနှစ် ရှိသောကာလ သက္ကရာဇ် ရှစ်ရာ့ရှစ်ဆယ့်ကိုးခုတွင် အရှင်အဂ္ဂသမာဓိ သုဝဏ္ဏသာမ သူဌေးခန်းကို ဆို၍ပြီးသည်။

ထို့ကြောင့် ၎င်းသုဝဏ္ဏသာမ သူဌေးခန်းပျို့တွင်- " ပြီးတုံသနစ်၊ သက္ကရာဇ်လည်း၊ ရှစ်ရာ့ရှစ်ဆယ်၊ ကိုးခုဆွယ်လျက်၊ မိုးလယ်လှည့်ပတ်၊ နက္ခတ်တာရာ၊ ကောင်းစွာလကြိုက်၊ ဇနပိုဒ်တိုင်းကား၊ အများတကာ၊ မတ်ဗိုလ်ပါနှင့်၊ နရာသဘော်၊ မင်းမြတ်ကျော်လည်း၊ ပျော်ပျော်မွေ့မွေ့၊ နန်းတော်ရွှေဝယ်၊ လက်ဒွေကျွမ်းသတ်၊ သီတင်းကျွတ်ဟု၊ ထိမ်းမှတ်ခေါ်လျက်၊ ဆန်းသုံးရက်လျှင်၊ ခန့်တွက်စေ့စေ့၊ ရက်နေ့သောကြာ၊ သူရိယာလည်း၊ ပြုမှာတူ၍၊ ထွက်ပြူကြိုက်ရုံ၊ ပြီးမြောက်ဆုံ၏" ဟု ဆိုလေသည်။

ဘုရင်ထွေးနန်းတက်၍ သုံးနှစ်ပြည့်၊ သက္ကရာဇ် ရှစ်ရာ့ကိုးဆယ့်တခု၊ စိတြနှစ် ဝါဆိုလပြည့်ဗုဒ္ဓဟူးနေ့။ သိဟ်လဂ်။ တူစန်း။ ပုဏ္ဏာတိထီ နက္ခတ်တာဆယ့်ငါးလုံးတွင် သံဝရပျို့ကို ဆို၍ပြီးသည်။ ထို့ကြောင့် ၎င်းပျို့တွင်- "စိတြနှစ်တွင်၊ သက္ကရာဇ်သစ်၊ ရှစ်ရာအစ၊ နဝအလယ်၊ နောက်ဆွယ်ဧက၊ လကားအာသင်္ဂ၊ နေ့မွန်ဗုဒ္ဓ၊ ပုဏ္ဏာပြည့်ညီ၊ တိထီထွန်းတက်၊ ဆယ့်ငါးရက်တွင်၊ သိဟ်လဂ်တူစဉ်း၊ စေ့ချဉ်းမိတ်ဖော်။ ဝါယော်အင်္ဂါ၊ ကျော်မျိုးရှိသား၊ သွာဒိနက္ခတ်၊ ရက်မြတ်မင်္ဂလာ၊ ကောင်းသောခါတွင်၊ တကာမင်းဘုန်း၊ ချိန်ဆုန်းနာထိုက်၊ ငါ့ကိုတိုက်၏၊ ငါ၌မေတ္တာ၊ ကရုဏာလည်း၊ ငါ့မှာမဖုံ၊ နှီးတုံသောအား၊ တိုင်းကားပြည်ရွာ၊ ချမ်းသာမျှော်ရှု၊ ပြီးအောင်ပြု၍၊ ဆင်ဖြူရှင်သား၊ မင်းတရားကို၊ စိတ်ဖြားလိမ္မာ၊ ပွားစိမ့်ဌာလျှင်။ ။ဤစာကျေးဇူးဆပ်သတည်း။" ဟု ဆိုလေသည်။

ဘူရိဒတ် ဇာတ်ပေါင်းတွင်- "မင်းခေါင်မင်းဖျား၊ မင်းနှစ်ပါးတို့၊ မှတ်သားယုံကြဲ၊ မြတ်နိုး တုံသည်။ ။စုပုံလက်သုံး တောင်ဝှေးတည်း။" ဟူ၍ ဒုတိယမင်းခေါင်နှင့် သားကြီး ရွှေနှန်းပြိုင် သည်ကိုဆိုသည်။ အချို့သောသူတို့ကား- ဒုတိယမင်းခေါင်နှင့် ရွှေနှန်းကျော့ရှင် နရပတိကို ဆိုသည်ဟုပြောဆိုကြ၏။ထိုစကားသည် မသင့်သတည်း။ အကြောင်းမူကား-ဒုတိယမင်းခေါင်သည် သက္ကရာဇ် ရှစ်ရာ့လေးဆယ့်နှစ်ခု သက္ကရာဇ်တို့ လေးဆယ့်လေးခုတွင် နန်းတက်သည်။ နန်းစံတဆယ့်လေးနှစ်။ သက္ကရာဇ်ရှည် ရှစ်ရာ့ငါးဆယ့်ခြောက်ခု။ သက္ကရာဇ်တို့ ငါးဆယ့်ရှစ်နှစ်တွင် ဇာတ်ပေါင်းစာကို ဆို၍ပြီးသည်။ ထို့ကြောင့် "အတိုသက္ကရာဇ်၊ ငါးဆယ့်ရှစ်၊ ပြီးလစ်ဤသည့်စာ" ဟု ဆိုသည်။

ယင်းသို့ဖြစ်၍ မင်းခေါင်မင်းဖျား။ မင်းနှစ်ပါးတို့ ဆိုသည်ကို ဒုတိယမင်းခေါင်နှင့် ရွှေနှန်းပြိုင် ကိုသာ ယူသော်သင့်သည်။ စာဆို၍ ပြီးသည်မှ ခုနစ်နှစ်ရှိ၍ သက္ကရာဇ်ရှည် ရှစ်ရာ့ခြောက်ဆယ့်သုံးခု။ သက္ကရာဇ်တို့ ခြောက်ဆယ့်ငါးခုနှစ်သို့ရောက်မှ ရွှေနှန်းကြော့ရှင် နရပတိ မင်းဖြစ်သည်။ ယင်းသို့ဖြစ်၍ ရွှေနှန်းကြော့ရှင် နရပတိကိုသွင်း၍ မင်းနှစ်ပါးယူသော် မသင့်ဖြစ်သည်။

သံဝရပျို့၌ - ရွှေဝတန်ဆောင်၊ တံခွန်ထောင်သား၊ မင်းခေါင်လက်ထက်၊ ဆိုသည်မှာ ဒုတိယမင်းခေါင်၊ ဘုန်းသန်နရပတိ၊ ထွတ်တိုင်ပြိုလည်း၊ ဆိုသည်ကို ရွှေနန်းကြော့ရှင် မင်းဆွေ နရပတိယူသော် သင့်မည် ထင်ပေသည်။

၁၁၇-ပဏ္ဍာ။ ။မြန်မာတိုင်းနိုင်ငံတွင် ယခုကာလ သုံးစွဲကြသည့် တောင်း တင်း အလေးတို့တွင် အလေးချိန်ကို ဆိုရာ၌ တစ်ကျပ်လျှင် ရွေးတရာ့ခြောက်ဆယ်။ ပဲနှစ်ဆယ်။ မူးတဆယ်။ လေးမတ်ရှိသည်။ ရှစ်ရွေးလျှင်တပဲ။ တဆယ့်ခြောက်ရွေးလျှင် တမူး။ ရွေးနှစ်ဆယ်လျှင် တမူးထီး။ ရွေးလေးဆယ်လျှင် တမတ်ရှိသည်။ နှစ်ပဲလျှင် တမူး။ နှစ်ပဲလေးရွေးလျှင် တမူးထီး။ ငါးပဲလျှင်တမတ်။ နှစ်မူးထီးလျှင် တမတ်၊ လေးမတ်လျှင် တစ်ကျပ်ရှိသည်။ ဤသို့ အစဉ် သုံးစွဲသော အခြင်းအရာသည် အဓွန့်ရှည်စွာကပင်ဖြစ်သည် ထင်ပါသည်။ အဓွန့်ရှည်စွာက ဖြစ်လျှင်လည်း ကျမ်းဂန်ထွက်ဆိုသော စကားကို မှီ၍ပင် သုံးစွဲခေါ်ဝေါ်သော အခြင်းအရာကို ရှေးရှေးသောမင်းတို့သည် ညှိနှိုင်း၍ပြဋ္ဌာန်းသမုတ်ထားရာ ပါသည်။ သို့ကိုလျက်ကျမ်းဂန်တွင် ထွက်ဆိုသည့် အချိန် အလေးတို့နှင့် မညီမမျှသေး ဖြစ်သည်ဟူ၍ ပြောဆိုကြပြန်ပါသည်။

တောင်း တင်း အချင့်မှာလည်း ယခုသုံးစွဲခေါ်ဝေါ်ကြသည့် ပမာဏနှင့် ကျမ်းဂန်တွင် ထွက်ဆိုသည့် ပမာဏသည် မတူမျှသေးပင်ဖြစ်သည်ဟူ၍လည်း ပြောဆိုကြပြန်ပါသည်။ မညီသော အခြင်းအရာကား - အဘယ်ကြောင့်ဖြစ်သည်၊ ကျမ်းဂန်တွင်ကား- ဘယ်သို့ ထွက်သည်ကျမ်းဂန်ထွက်ဆိုသည်နှင့် မညီမမျှသော်အပြစ်ရှိသင့်မည် မရှိသင့်မည်မျှားကို သိလိုပါသည် ဆရာတော်ဘုရား။

သတ္တရာဇ် ၁၁၇၂-ခုနှစ်၊ တန်ခူလဆန်း ၁-ရက်၊ တနင်္ဂနွေနေ့၊ မုံရွာသိရိမာလာက လျှောက်လာရာတွင် ဖြေဆိုလိုက်သည်ကား-

၁၁၇-ဝိသဇ္ဇနာ။ ။အလေး တောင်း တင်းကို မေးရာ၌-

ငါတို့ မြန်မာတိုင်းနိုင်ငံတွင် အလေး တောင်း တင်းနှင့် ကျမ်းဂန်တွင်ထွက်ဆိုသည့် အလေး တောင်းတင်းပမာဏသည် မည်မည္ဟုတ် မတူမမျှကြဆိုသည်မှာ အမှန်ပင် ဖြစ်တော့သည်။ သို့မည်ဟုတ်သော်လည်း ငါတို့တိုင်းနိုင်ငံမှာ ငါတို့ တိုင်းနိုင်ငံသားအလျောက်။ တပါးသော တိုင်းနိုင်ငံမှာလည်း တပါးသော တိုင်းနိုင်ငံသားအလျောက် အသင့်အတင့် စိတ်သဘောညီမျှကြ၍ ပေးသူ ယူသူ၊ ရောင်းသူဝယ်သူ၊ မြီစား မြီရှင် နှစ်ဦးသားတို့ ကျေနပ်ကြ ချမ်းမြေ့ကြလျင် တော်သင့်သည်ပင် ဖြစ်တော့သည်။

မည်မမျှကြဆိုရာ၌ အဘယ့်ကြောင့် အညီအမျှ ရှိနိုင်တော့အံ့နည်း၊ မည်မမျှ ရှိသောအရာသည် အလေး တောင်း တင်းမှာသာ မဟုတ်၊ တပါးသော အသုံးအဆောင် များမှာလည်း ကျမ်းဂန်နှင့် ညီမျှကြသော အရာလည်း အများပင်ရှိကောင်း၏။ မည်မမျှကြသော အရာလည်း အများပင် ရှိကောင်း၏။ လောကဝတ် သက်သက်ကိုင့်၍ ရှေးအစဉ် ပဝေဏီသို့လိုက်၍ ထီးစဉ် နန်းဆက်၊ဒီဋ္ဌာနုဂတိ၊ မိရိုးဖလာ၊ရပ်ရွာဒေသအလိုက်၊သုံးဆောင်ကြသောအရာပင်ဖြစ်သော်လည်း ကျမ်းဂန်နှင့် ညီညွတ်သည်လည်း ရှိရာ၏။ မည်ညွတ်သောအရာလည်း ရှိ၏။ ဓမ္မဝတ်သက်သက် ကျမ်းဂန်ကိုမှီ၍ သုံးစွဲထိုက်သောအရာဖြစ်မူကား- အညီအညွတ်သာ ရှိကောင်းသည်။ မည်မည္ဟုတ်သော အရာမရှိလေကောင်း၊ ညီညွတ်မှသင့်သည် မည်မည္ဟုတ်သော်မသင့်၊ မည်မည္ဟုတ်လေသော် အပြစ် ဖြစ်ကောင်းသော အရာဖြစ်လျှင် အပြစ်အလျောက် ဒေါသရှိရာချေသည်။

ကျမ်းဂန်နှင့် မည်ညွတ်သော်လည်း အပြစ်ဒေါသ လွတ်ကောင်းသော အရာဖြစ်လျှင်လည်း မည်ဟူ၍ သာဆိုရန်ရှိသည်၊ ဒေါသရှိ၏ဟု မဆိုသင့်ပြီ။မည်၍ အပြစ်ဖြစ်သည့်အရာလည်းတချက်၊ မည်၍ အပြစ်မဖြစ်ထိုက်သည့် အရာလည်း တချက်၊ ညီညွတ်၍ အကျိုးရှိရာသည့် အရာလည်း တချက်၊ ညီညွတ်လျက် အကျိုးများစွာမရှိရာသည့် အရာလည်းတချက် ရှိကောင်းသည်။

လောကဓမ္မနှစ်ပါးပင် အကျိုးရှိ မရှိ၊ အပြစ် ရှိ, မရှိကို ရွေးချယ်ဆင်ခြင် စဉ်းစား၍ သုံးဆောင်ပြောဆိုခြင်းကို ပညာရှိတို့ သဘောလက္ခဏာ ဖြစ်တော့သည်။

ထို့ကြောင့်-

ဒိဋ္ဌေဓမ္မေ စ ယော အတ္ထော၊ ယော စတ္ထော သမ္ပရာယိကော။
အတ္ထာဘိသမယာ မိရော၊ ပဏ္ဍိတောတိ ပဝုစ္စတိ။

ဟု ဟောတော်မူလျက် ရှိလေပြီ။ အလေး တောင်း တင်း မည်ညွတ်ကြသော အရာမှာ ဇမ္ဗူဒီပါကျွန်းအလုံး၌ ရံခါလည်း မဟာသမ္မတမင်း၊ ဒဿမ္မတိမင်း၊ မနောဇမင်း။ သိရိမမ္မာသောကမင်း စသည်တို့ကဲ့သို့ တယောက်တည်းသော အဖြစ်ဖြင့် မင်းမူသော ကာလလည်း ထိုမင်းတို့၏ အာဏာဖြင့် အညီအညွတ် ပြဋ္ဌာန်းလျှင် အညီအညွတ်ပင် ရှိလေကောင်းသည်။ စေတိယမင်းသားတော်ငါးယောက်တို့အသီးသီးပြည်ထောင်ကြ၍ မင်းပြုကြသည်။မဟာဂေါဝိန္ဒ ဘုရားလောင်း

လက်ထက်၊ ဒိသမွတိမင်းကြီးသားတော် ခုနစ်ယောက်တို့သည် ဇမ္ဗူဒီပါကျွန်းကို ခုနစ်ပိုင်းခွဲ၍ မင်းပြုကြသည်။ ဝါသုဒေဝစသောမင်းတို့လက်ထက် တကျွန်းလုံးကို ဆယ်စုပိုင်း၍ မင်းပြုကြကုန်သည်။

ဤသို့ စသည်ဖြင့် အသီးအသီး တိုင်းနိုင်ငံ ကွဲပြားသော ကာလလည်း အလေး တောင်း တင်း အချိန်အချင့်မှစ၍ အသုံးအဆောင် အပြောအဆို ဟူသမျှတိုင်းပင် ကွဲပြားရချေသည်။ ငါတို့ တိုင်းနိုင်ငံအနီးအပါးတွင်ပင်လည်း အလေး တောင်း တင်း အချိန် အချင့်မှစ၍ အသုံးအဆောင် အပြောအဆို ဟူသမျှတိုင်းပင် ကွဲပြားလျက် ရှိတော့သည်။

အလေး တောင်း တင်းကို မူကား- ရှေးအခါ မညီမညွတ်ရှိလေသည်ကို ပုဂံအလောင်းစည်သူမင်းကြီး လက်ထက်လည်း တကြိမ်၊ ဟံသာဝတီ ဆင်ဖြူရှင် လက်ထက်တွင်လည်း တကြိမ်၊ တအုပ်တချုပ်တည်း ဖြစ်သောကာလ အညီအမျှသာ ထားရကြောင်းကို စာဟောင်းစာတမ်းတို့တွင်ဆိုသည်။ယင်းသို့ဖြစ်၍ ငါတို့မြန်မာတို့ အချိန်အချင့်နှင့် ကျမ်းဂန်မှာ ထွက်ဆိုသည့် အချိန်အချင့် မညီဆိုရာမှာ အဘယ်မှာ ညီနိုင်ပါအံ့နည်း။ မညီနိုင်ရာချေသည် သာလျှင်တည်း။ ကျမ်းဂန်တွင်ပင် မဇ္ဈိမဒေသအတွင်း မဂဓတိုင်းနှင့်, ကောသလတိုင်းမညီကြောင်း၊ ရာဇဂဟကဟာပဏနှင့် ဒုဗ္ဗဒါမ ကဟာပဏ မညီကြောင်း၊ သီဟဠမင်းတို့နှင့် ဒမိလမင်းတို့ အချိန်အချင့် မညီကြောင်း မဟာအဋ္ဌကထာထွက်နှင့် အန္ဓကအဋ္ဌကထာထွက် အချိန်အချင့် မညီကြောင်းများကို ဆိုသည်။ အချိန်အချင့်သာ မဟုတ် တောင်၊တာ၊ကောသ၊ဥသဘ၊ဂါဝုတ်ဖွဲ့ခြင်း၊ ကုဋေဖွဲ့ခြင်း၊ အက္ခောဘိဏီဖွဲ့ခြင်း၊ အသင်္ချေဖွဲ့ခြင်း၊ ဝိုလ်တထောင်လေးကို ဆုံးဖြတ်ခြင်း စသည်တို့ သည်လည်း အညီအမျှမရှိပင် ဖြစ်တော့သည်။ ။ထို့ကြောင့် ကျမ်းဂန်တွင်ဆိုသော အချိန်အချင်နှင့် မြန်မာတို့ အချိန်အချင့် မညီမမျှသော အရာလည်း ရှိရာကောင်းချေတော့သည်။

ကျမ်းဂန်တွင်ဆိုသော အချိန်အချင့်တို့ကား။ ။ပါရာဇိကဏ်ပါဠိတော် (၁၅၅)၌-

တေန ခေါ ပန သမယေန ရာဇဂဟေ ပဉ္စမာသကော ပါဒေါ ဟောတိ။

တေန ခေါ ပန သမယေန၊ ထိုအဒိန္နာဒါန် သိက္ခာပုဒ်ကို ပညတ်တော်မူသောအခါ၌။ ရာဇဂဟေ၊ ရာဇဂြိုဟ်ပြည်၌ ပဉ္စမာသကော၊ ငါးပဲသည်။ ပါဒေါ၊ တမတ်သည်။ ဟောတိ၊ ဖြစ်၏။

ပါရာဇိကဏ် အဋ္ဌကထာ(၁။၂၅၈)၌—

> တဒါ ရာဇဂဟေ ဝိသတိမာသကော ကဟာပဏော ဟောတိ။ တသ္မာ ပဉ္စမာသကော ပါဒေါ။ ဧတေန လက္ခဏေန သဗ္ဗဇနပဒေသု ကဟာပဏသဉ္ဉိတဿ ဘာဂေါ ပါဒေါတိ ဝေဒိတဗ္ဗော။ သော စ ခေါ ပေါရာဏသ နီလကဟာပဏသ ဝသေန။ န ဣတရေသံ ဒုဗ္ဗဒါမကာဒီနံ။ တေန ဟိ ပါဒေန အတီတဗုဒ္ဓါပိ ပါရာဇိကံ ပညပေသုံ။ အနာဂတာပိ ပညပေဿန္တိ။ သဗ္ဗဗုဒ္ဓါနံ ဟိ ပါရာဇိကဝတ္ထုမ္ပိ ဝါ ပါရာဇိကေ ဝါ နာနတ္တံ နတ္ထိ။

တဒါ၊ ထိုသိက္ခာပုဒ်ကို ပညတ်တော်မူသော အခါ၌။ ရာဇဂဟေ၊ ရာဇဂြိုဟ်ပြည်၌။ ဝိသတိမာသကော၊ ပဲနှစ်ဆယ်သည်။ ကဟာပဏော၊ တကျပ်သည်။ ဟိ ယသ္မာ၊ အကြောင်းကြောင့်။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။ ပဉ္စမာသကော၊ ငါးပဲသည်။ ပါဒေါ၊ တမတ်တည်း။ ဧတေနလက္ခဏေန၊ ထိုလက္ခဏာဖြင့်။ သဗ္ဗဇနပဒေသု၊ ခပ်သိမ်းသော ဇနပုဒ်တို့၌။ ကဟာပဏသ၊ တသပြာဟု ဆိုအပ်သောကျပ်၏။ စတုတ္ထောဘာဂေါ၊ လေးဖို့တဖို့သည်။ ပါဒေါ၊

တမတ်မည်၏။ ကြတိ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။ သော စ ခေါ၊ ထိုတမတ်ကိုလည်း။ ပေါရာဏာသ၊ ရှေးဦးဖြစ်သော။ နီလ ကဟာပဏာသ၊ နီလ ကဟာပဏ၏။ ဝသေန၊ အစွမ်းဖြင့်။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ကြတရော်၊ နီလ ကဟာပဏမှ တပါးကုန်သော။ ဒုဒြဒါမကာဒီနံ၊ ဒုဒြဒါမမင်းသည် ဖြစ်စေအပ်သော ကျပ်စသည်တို့၏။ ဝသေန၊ အစွမ်းဖြင့်။ နု ဇေဝိတဗ္ဗော၊ မသိအပ်။ ဟိ သစ္စံ၊ မှန်၏။ တေန ပါဒေန၊ ထိုနီလ ကဟာပဏ၏ လေးဖို့တဖို့ဖြစ်သောမတ်ဖြင့်။ အတီတပုဒ္ဓါပိ၊ လွန်ကုန်ပြီးသော ဘုရားရှင်တို့သည်လည်း။ ပါရာဇိကံ၊ ပါရာဇိက သိက္ခာပုဒ်ကို။ ပညပေသုံ၊ ပညတ်တော်မူကုန်ပြီ။ အနာဂတာပိ၊ နောင်လာလတ္တံ့သော ဘုရားရှင်တို့သည်လည်း။ ပညပေဿန္တိ၊ ပညတ်တော် မူကုန်လတ္တံ့။ ဟိ ယသ္မာ၊ အကြင်ကြောင့်။ သဗ္ဗ ပုဒ္ဓါနံ၊ ခပ်သိမ်းသော ဘုရားရှင်တို့၏။ ပါရာဇိကဝတ္ထုမ္ပိ ဝါ၊ ပါရာဇိကဝတ္ထု၌လည်းကောင်း။ ပါရာဇိကေ ဝါ၊ ပါရာဇိကသိက္ခာပုဒ်၌လည်းကောင်း။ နာနတ္တံ၊ ထူးသောအဖြစ်သည်။ နတ္ထိ၊ မရှိပြီ။ ဟု ဆိုသည်။

နေယျတ္ထ အဝယဝတ္ထ အဓိပ္ပာယ်ကား။ ။ဘုရားသခင်ရှိတော်မူစဉ် ဒုတိယပါရာဇိကကို ပညတ်တော်မူသောအခါ ရာဇဂြိုဟ်ပြည်၌ ပဲနှစ်ဆယ်ကို တကျပ်၊ ငါးပဲကို တမတ်၊ လေးမတ်ကို တကျပ်ခေါ်သည်။ ထိုလက္ခဏာဖြင့် ခပ်သိမ်းသောဇနပုဒ်တို့၌ပင် တကျပ်၏ လေးဖို့တဖို့ကို တမတ်ဟူ၍ ခေါ်သည်။ ထိုတမတ်ကိုလည်း ရှေးမင်းတို့ လက်ထက်၌ဖြစ်သော နီလ ကဟာပဏ၏ အစွမ်းဖြင့် သိအပ်သည်။ နီလ ကဟာပဏမှ တပါးသော ဒုဒြဒါမမင်းသည်ဖြစ်စေအပ်သော ကျပ်အစရှိသည်တို့၏ အစွမ်းဖြင့် မသိအပ်။ အဘယ့်ကြောင့်နည်း ဟူအံ့။ ထိုနီလ ကဟာပဏ၏ လေးဖို့တဖို့ဖြစ်သောမတ်ဖြင့်သာ လွန်လေကုန်ပြီးသော ဘုရားရှင်တို့သည်လည်း ပါရာဇိက သိက္ခာပုဒ်ကို ပညတ်တော်မူကုန်ပြီ။ လာလတ္တံ့သော ဘုရားရှင်တို့သည်လည်း ပညတ်တော်မူကုန်လတ္တံ့။ အကြင်ကြောင့် ခပ်သိမ်းသော ဘုရားရှင်တို့၏ ပါရာဇိက ဝတ္ထု၌လည်းကောင်း၊ ပါရာဇိက သိက္ခာပုဒ်၌ လည်းကောင်း ထူးထွေသည်ဟူ၍ မရှိပြီဟုဆိုသည်။

ဤအရာ၌ ရာဇဂဟ ကဟာပဏ။ ပေါရာဏ နီလ ကဟာပဏ။ သိက္ခာပဒ ပညတ္တာရဟ ကဟာပဏတို့သည် တူမျှကြကုန်၏။ ထိုကဟာပဏတို့၌ ပဲနှစ်ဆယ်သည် တကျပ်။ ငါးပဲသည် တမတ်။ လေးမတ်သည်တကျပ်ရှိသည်။ ငါတို့နိုင်ငံတွင်လည်း ပဲနှစ်ဆယ်သည်တကျပ်။ ငါးပဲသည်တမတ်၊ လေးမတ်သည် တကျပ်ခေါ်ဝေါ်သည့် အခြင်းအရာသည် ညီမျှကုန်၏။ ထိုကျပ်၏ လေးဖို့ တဖို့ဖြစ်သော မတ်ဖြင့်သာ ခပ်သိမ်းသော ဘုရားရှင်တို့သည် သိက္ခာပုဒ်ကိုပညတ်တော်မူကုန်၏ဟု ဆိုသည်ကို ထောက်သော် ခပ်သိမ်းသော ဘုရားရှင်တို့၏ လက်ထက်တော်၌ သုံးဆောင်လေသမျှသော ပဲ၊ မတ်၊ ကျပ်တို့နှင့်လည်း ညီ၏ဟု ယူရန်ရှိသည်။ ပဲကသည် အောက်သို့ဆုတ်၍ ရွေးဟု ခေါ်ဝေါ်ခြင်း။ မတ်ကအောက်သို့ ဆုတ်လျှင် မူးဟု ခေါ်ဝေါ်ခြင်းတို့ကား- တိုက်ရိုက်မလာသောကြောင့် မြဲသောခေါ်ဝေါ်ခြင်းဟူ၍ မသိသာလွန်းရှိသည်။

နီလ ကဟာပဏဟူသည် အဘယ်မျှရှိသနည်းဟူမူကား- ဝဇိရဗုဒ္ဓိဋီကာ (၁၂၃)၌-

ဒုဒြဒါမကော နာမ ဒုဒြဒါမနာမကာဒီဟိ ဥပ္ပါဒိတော။ တေသံ ကိရ တိဘာဂံ အဋ္ဌတိ ဒုဒြဒါမကော။

ဒုဒြဒါမကော နာမ၊ ဒုဒြဒါမကမည်သည်ကား။ ဒုဒြဒါမ နာမကာဒီဟိ၊ ဒုဒြဒါမမင်း စသည်တို့သည်။ ဥပ္ပါဒိတော၊ ဖြစ်စေအပ်သော ကျပ်သည်။ ဒုဒြဒါမကာနာမ၊ ဒုဒြဒါမက

ကဟာပဏာမည်၏။ ဒုဒြဒါမကော၊ ဒုဒြဒါမက ကဟာပဏာသည်။ တေသံ၊ ထိုနီလ ကဟာပဏာတို့၏။ တိဘာဂံ၊ သုံးဖို့ကို၊ အဋ္ဌတိကီရ၊ ထိုက်သတတ်။

သာရတ္ထဒီပနီဋီကာ(၂။၁၂၃)၌လည်း–

ဒုဒြဒါမေန ဥပ္ပါဒိတော ဒုဒြဒါမကော။ သော ကိရ နီလ ကဟာပဏာဿ တိဘာဂံ အဋ္ဌတိ။

ဒုဒြဒါမေန၊ ဒုဒြဒါမဥ်သော မင်းသည်။ ဥပ္ပါဒိတော၊ ဖြစ်စေအပ်သော ကျပ်သည်။ ဒုဒြဒါမကော၊ ဒုဒြဒါမက ကဟာပဏာမည်၏။ သော၊ ထိုဒုဒြဒါမက ကဟာပဏာသည်။ နီလကဟာပဏာဿ၊ နီလကဟာပဏာ၏။ တိဘာဂံ၊ သုံးဖို့ကို။ အဋ္ဌတိ ကိရ၊ ထိုက်သတတ်။

ဝိမတိဝိနောဒနီ(၁။၁၆၉)၌လည်း–

ဒုဒြဒါမနာမေန နာမ ကေနစိ ဥပ္ပါဒိတော ဒုဒြဒါမကော။ သော ကိရ နီလကဟာပဏာဿ တိဘာဂံ အဋ္ဌတိ။

ဟူ၍ ၎င်းနည်းတူ လာသည်။ ထို့ကြောင့် ဒုဒြဒါမကျပ်သပြာသည် နီလကဟာပဏာကို လေးဖို့စုသည်ရှိသော် သုံးဖို့သာရှိရကား - သုံးမတ်မျှသာ အချိန်ရှိ၏။ သုံးမတ်သာရှိသော အသပြာကိုလည်း ငါတို့တိုင်းနိုင်ငံတွင် ကျပ်ဟူသော အမှတ်ဖြင့် မသုံးဆောင်ကြကုန်၊ ဘုံဘာသာ၊ ဘာရဝါ၊ ကျိလဝါ၊ သုကတ္တရာ၊ ဇာပံ၊ ဇာဝါ၊ ဝိလိယာ၊ ဂိုဝါ၊ သံမာဘရာ၊ ဤသာပတ္တံ၊ တာပရိုပံ၊ ခမ္မံဒိဝို၊ တရုနတ်တိတို၊ သုံဆံ၊ ကလည်ဘို၊ မကော်၊ တီမိုး၊ ဂါလီ၊ သံဝို၊ ကနိယံဘို၊ လူကိုနီရာ၊ ဘာဝီမံလိနာ၊ အန္တေလာ၊ အိုရကာလံ၊ ရေစံ၊ ကာမူလံ၊ ဇာပနာပတ္တံ၊ ကာပိုမရံ၊ သံကိုရင်သူ၊ မိုရတူသံတူ၊ တာပိုဝေရ၊ ဒူမိုလူကာ၊ ကာနရိန်၊ တလိန်၊ ကာမလိန်၊ မေလိန္ဒာ၊ ဗာရာစရာ၊ ဇုတာ၊ မော်တာ၊ လက္ခန္ဒာ၊ အစိရိုပြာ၊ ဝိရာပံ စသော အရံကျန်းငယ် ကျွန်းစွန်တို့၌သာ သုံးဆောင်ကြသော ဒင်္ဂါးဟူသော အသပြာသည် ခြောက်မူးသုံးမတ်သာရှိသည်ဆိုသည်၊ ထိုခြောက်မူး သုံးမတ်ရှိသော ဒင်္ဂါးသပြာသည် ဒုဒြဒါမမင်း၏ သပြာနှင့်တူသော အချိန်ရှိ၏။ ဒုဒြဒါမသပြာ၏ လေးဖို့တဖို့ဖြစ်သော တမတ်သော ဥစ္စာတို့ကား- ဘုရားသခင်သည် ပါရာဇိကအရာ၌ သိက္ခာပုဒ်ကို ထားတော်မမူ။ အဘယ့်ကြောင့် ထားတော်မမူ သနည်းဟူအံ့။

ဒုဒြဒါမမင်း၏သပြာကို နီလကဟာပဏာ ပဲ မတ်ဖြင့် ခွဲစိတ်သည်ရှိသော် တဆယ့်ငါးပဲသာရှိရာသည်။ လေးစုခွဲပါဒကိုလည်း ပဲပြုပြန်သည်ရှိသော် သုံးပဲနှင့် ခြောက်ရွေးသာ ရသင့်သည်။ တပါဒသည် သုံးပဲနှင့် ခြောက်ရွေးသာ ရှိရကား ဘုရားအဆက်ဆက် သိက္ခာပုဒ်ကို ပညတ်တော်မူသည့်ပါဒမှာ ငါးပဲရှိမှ ပညတ်တော်မူမြဲဖြစ်၍ ဒုဒြဒါမမင်း၏ သပြာပါဒနှင့် သိက္ခာပုဒ်ကို ထားတော်မမူရှိလေသည်။

ထိုမှတပါးလည်း ငါတို့တိုင်းနိုင်ငံတို့၌ ရွေး၊ ပဲ၊ မူး၊ မတ်၊ ကျပ်တို့ကိုသာ ချင့်တွက်သည်။ စပါးကစ၍ ချင့်တွင်သည်ဟူ၍မရှိ။ ကျမ်းဂန်တို့တွင်ကား စပါးလုံးကစ၍ ချင့်တွက်ခြင်း ရှိပြန်သည်။ ရှိဟန်ကား တိပိဋကဂဏ္ဌိပုဒ်၌-

စတ္တာရော ဝိဟယော ဂုဏ္ဍာ၊ ဒွေဂုဏ္ဍာ မာသကော ဘဝေ။
မာသကာ ပန ပဠေပေ၊ ပါဒဂ္ဃန္ဓိ ပဝုစ္စတိ။

စတ္တာရော ဝိဟယော၊ စပါးလေးလုံးတို့သည်။ ဂုဏ္ဍာ၊ တချင်ရွေးဖြစ်၏။ ဒွေဂုဏ္ဍာ၊ နှစ်ချင်ရွေးတို့သည်။ မာသကော၊ တပဲသည်။ ဘဝေ၊ ဖြစ်၏။ ဧတေပဠမာသကာပန၊ ထိုငါးပဲတို့သ ည်ကား။ ပါဒဂ္ဃန္ဓိ၊ တမတ်ထိုက်၏ဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏။

ဟူသည်၌ စပါးလေးလုံးလျင် တချင်ရွေး၊ နှစ်ချင်ရွေးလျင် တပဲ၊ ငါးပဲလျင် တမတ်၊ လေးမတ်လျင် တကျပ် ဖြစ်သင့်သောကြောင့် တပဲလျင် ရှစ်စပါး၊ တမတ်လျင် စပါးလေးဆယ်၊ တကျပ်လျင် စပါးတရာခြောက်ဆယ် ဆိုရာ၌ ငါတို့တိုင်းနိုင်ငံတွင် အသုံးနှင့် ချင့်တွက်သော် တပဲလျင် ရှစ်စပါးဆိုသည်မှာ ရွေးငယ်နှစ်လုံးရှိလေရာ၏။ နှစ်ချင်ရွေးလျင်တပဲ ဆိုရာမှာလည်း ရွေးငယ်လေးလုံး အမျှရှိသော ရွေးကြီးနှစ်လုံးဖြစ်ရာ၏။ သို့ဖြစ်၍ တပဲလျင် နှစ်ချင်ရွေးဆိုလေသည်ဟု မှတ်ရာ၏။ တမတ်လျင် စပါးလေးဆယ်ဆိုရာမှာလည်း ရွေးငယ်လေးဆယ် ရှိရာ၏။ ရွေးကြီးဆယ်ရွေးရှိရာ၏။ ဤသို့ယူသော် တကျပ်လျင် ရွေးငယ်တရာခြောက်ဆယ်၊ ရွေးကြီးလေးဆယ်၊ ပဲနှစ်ဆယ်၊ မတ်လေးမတ်ရှိရာ၏။

ဂဏ္ဌိပုဒ်စကား၌ တကျပ်လျင် စပါး တရာခြောက်ဆယ် ဆိုသည်။ မြန်မာတို့မှာ တကျပ်လျင် ရွေးတရာခြောက်ဆယ်ဆိုသည်။ အမျှအညီ အရေအတွက် ရသည်ဖြစ်၍ စပါးတလုံးအချိန်နှင့် ရွေးငယ်တလုံးအချိန် မျှသည်ဟု မှတ်လေအပ်၏။ အဘိဓာန်မှာလည်း စပါးလေးလုံးကစ၍ပင် ချင့်တွက်ပေသည်။

အဘိဓာန်ကျမ်း(၄၇၉-၈၀)တွင် စပါးလေးလုံးမှစ၍ ချင့်တွက်ဟန်ကား-

စတ္တာရော ဝိဟယော ဂုဏ္ဍာ၊ ဒွေ ဂုဏ္ဍာ မာသကော ဘဝေ။
ဒွေ အက္ခာ မာသကာ ပဠ- က္ခာနံ ဓရဏ မဌကံ။

သုဝဏ္ဏော ပဠဓရဏံ၊ နိက္ခံတွ' နိတ္ထိပဠ တေ။
ပါဒေါ ဘာဂေ စတုတ္ထေထ၊ ဓရဏာနိ ပလံ ဒသ။

တုလာပလ သတဋ္ဌာထ၊ ဘာရော ဝီသတိ တာ တုလာ။

စတ္တာရောဝိဟယော၊ စပါးလေးလုံးတို့သည်။ ဂုဏ္ဍာ၊ တချင်ရွေးဖြစ်၏။ ဒွေဂုဏ္ဍာ။ နှစ်ချင်ရွေးတို့သည်။ မာသကော၊ တပဲသည်။ ဘဝေ၊ ဖြစ်၏။ ဒွေပဠမာသကာ၊ ပဲတဆယ်တို့သည်။ အက္ခာ၊ တအက္ခဖြစ်၏။ အက္ခာနံ၊ အက္ခတို့၏။ အဋ္ဌကံ၊ ရှစ်ခုသည်။ ဓရဏံ၊ ဓရဏာတခုဖြစ်၏။ ပဠဓရဏံ၊ဓရဏာငါးခုသည်။သုဝဏ္ဏော၊သုဝဏ္ဏာတခုဖြစ်၏။ဧတေပဠသုဝဏ္ဏာတု၊ ထိုငါးသုဝဏ္ဏာတို့သည်ကား။ နိက္ခံ၊ နိက္ခတခုဖြစ်၏။ နိတ္ထိ၊ ပုလ္လင် နပုလ္လင်တည်း။

ဤနိက္ခသဒ္ဒါသည် ပုလ္လင် နပုလ္လင် နှစ်ပါးဆံ၏ ဟူလိုသည်။

ပါဒေါ တမတ်ဟုဆိုအပ်သော ပါဒသည်။ စတုတ္ထောဘာဂေ၊ အမှတ်မရှိသော်ဝတ္ထု၏ လေးဖို့တဖို့၌။ ဝတ္တတိ၊ ဖြစ်၏။ (တနည်းကား) စတုတ္ထောဘာဂေ၊ တကျပ်၏ လေးဖို့တဖို့၌။ ဝတ္တတိ၊ ဖြစ်၏။ အထ၊ ထိုမှတပါး။ ဒသဓရဏာနိ၊ ဓရဏာဆယ်ခုတို့သည်။ ပလံ၊ ပိုလ်တခုဖြစ်၏။

ပလသတ္ဆ၊ ပိုလ်တရာသည်ကား။ တုလာ၊ တချိန်ဖြစ်၏။ အထ၊ ထိုမှတပါး။ တာဒိသတိတုလာ။ ထိုအချိန်နှစ်ဆယ်တို့သည်။ ဘာရော၊ ဘာရတခုဖြစ်၏။

ဤစကားဌ ယခင်နည်းအဓိပ္ပာယ်ကို မှီ၍ ဆိုသည်မှာတော်လျော်အံ့ ထင်၍ နည်းမှီသဖြင့် ဆိုပေအံ့။

ချင်ရွေးငယ်အလေးရှိ စပါးလေးလုံးသည် ချင်ရွေးကြီးတလုံးဖြစ်၏။ ရွေးကြီးနှစ်လုံးသည် တပဲဖြစ်၏။ ထိုပဲ၌ ရွေးငယ်နှစ်လုံး ရွေးကြီးကနှစ်လုံးရှိ၏။ ပဲတဆယ်သည် အက္ခဖြစ်၏။ မြန်မာတို့အလို ငါးမူးရှိ၏။ ရှေးသူတော်ကောင်းတို့ကား ငါးမူးကို ခွဲဟူခေါ်၏။ အက္ခရှစ်ခုသည် ဓရဏဖြစ်၏။ မြန်မာတို့အလို နှစ်အက္ခသည် တကျပ်ဖြစ်၍ ဓရဏတခုသည် လေးကျပ်ရှိ၏။ ငါးဓရဏသည် သုဝဏ္ဏတခုဖြစ်။ ဓရဏတခုသည် လေးကျပ်ဖြစ်၍ သုဝဏ္ဏတခုသည် အကျပ်နှစ်ဆယ်ရှိ၏။ သုဝဏ္ဏငါးခုသည် နိက္ခတခုဖြစ်၏။ သုဝဏ္ဏတခုသည် အကျပ်နှစ်ဆယ်ဖြစ်၍ နိက္ခတခုသည် အကျပ်တရာရှိ၏။ ယခုအခါတပိသာဖြစ်၏။ ရှေးအခါ ပိသာကို တချက်ဟုခေါ်၏။ ဓရဏဆယ်ခုသည်ပိုလ်ဖြစ်၏။ ဓရဏတခုသည် လေးကျပ်ဖြစ်၍ တပိုလ်သည် အကျပ်လေးဆယ်ဖြစ်၏။ပိုလ်တရာသည် တချိန်ဖြစ်၏။ တပိုလ်သည် အကျပ်လေးဆယ်ဖြစ်၍ တချိန်သည် အကျပ်လေးထောင်ရှိ၏။ပိသာအားဖြင့်လေးဆယ်ရှိ၏။အခွက်လေးဆယ်ဟုခေါ်၏။ပိုလ်တထောင်သော် အကျပ်လေးသောင်း ပိသာအားဖြင့် လေးရာရှိ၏။ ပိုလ်တထောင်တင်သော လေးဟုခေါ်ဝေါ်သောအရာတို့၌ ပိသာလေးရာရှိ၏။ အချိန်နှစ်ဆယ်သည် ဘာရတခုဖြစ်၏။ တချိန်သည် ပိသာလေးဆယ်ဖြစ်၍ ဘာရတခုသည် အကျပ်ရှစ်သောင်း၊ ပိသာအားဖြင့် ရှစ်ရာရှိ၏။

စပါးလုံးရေဖြင့် ချင့်တွက်ဟန် တကြောင်းလာပြန်သည်မှာ ဝိနယဝိနိစ္ဆယဋီကာ၊ ဥတ္တရသိဉ္စည်းဋီကာတို့၌–

> ဥပသမ္ပန္နာနံ ပန သုဝဏ္ဏဿ ဝီသတိ ဝီဟိမတ္တော်နေ။ တံ ပန သုဝဏ္ဏမာသကဝသေန အမ္ဗုတိယမာသကံ ဟောတိ။

ဥပသမ္ပန္နာနံ ပန၊ ရဟန်းတို့အားကား၊ သုဝဏ္ဏဿ၊ ရွှေ၏။ ဝီသတိဝီဟိမတ္တော်နေ၊စပါးလုံးရေနှစ်ဆယ်အချိန်ရှိကို ခိုးကာမျှဖြင့်။ ပါရာဇိကော၊ ပါရာဇိကသင့်သည်။ ဟောတိ၊ ဖြစ်၏။ တံပန၊ ထိုဝတ္ထုသည်ကား။ သုဝဏ္ဏမာသကဝသေန၊ ရွှေဖြင့် ပြုအပ်သော ပဲ၏အစွမ်းဖြင့်။ အမ္ဗုတိယမာသကံ၊ နှစ်ပဲခွဲထိုက်သည်။ (တနည်းကား)။ တမတ်ဝက်ထိုက်သည်။ ဟောတိ၊ ဖြစ်၏။

ဤစကားဌ စပါးလုံးရေနှစ်ဆယ် အချိန်ရှိသော ရွှေစသောဝတ္ထုသည် နှစ်ပဲခွဲဖြစ်၏။ တမတ်ဝက်ဖြစ်၏၊ ဆိုရာ၏။ ယခင့်နည်း စပါးတလုံးကို မြန်မာတို့ ရွှေငယ်တလုံးယူလျှင် နှစ်ပဲခွဲသော် ရွှေငယ်နှစ်ဆယ်ရှိ၏။ ငါးပဲဖြစ်သောမတ်ဌ ရွှေငယ်လေးဆယ်ရှိ၏။ တကျပ်သော် ရွှေတရာ့ခြောက်ဆယ်ရှိ၏။ တိပိဋကဂဏ္ဌိပုဒ်ဌကား –

> သုဝဏ္ဏဝီသတိ ဝီဟဋ္ဌံ၊ ပါဒဋ္ဌန္တိ ပဝုစ္စတိ။

သုဝဏ္ဏ ဝီသတိ ဝီဟဋ္ဌံ၊ စပါးလုံးရေနှစ်ဆယ် အချိန်ရှိသောရွှေထိုက်သောဝတ္ထုကို။ ပါဒဋ္ဌန္တိ၊ တမတ်ထိုက်သောဝတ္ထုဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏။

ဤစကားဌာနား- စပါးလုံးရေနှစ်ဆယ်အချိန်ရှိသောရွှေထိုက်သောဝတ္ထုသည်တမတ်ထိုက်သော ဝတ္ထုဟုဆိုလေသည်ကား၊ စပါးတလုံးအလေးရှိသော ရွှေငယ်နှင့် နှစ်ဆယ်ကို အချိန်မတ်ပြည့်ဟု မဆိုလို။ ရွှေငယ်နှစ်ဆယ် အချိန်ရှိသော် မတ်ဝက်ဖြစ်သော တမူးရှိသော ရွှေတည်း။ ထိုရွှေဖြင့် မတ်ဝက်မူးပြည့်ထိုက်သော ဝတ္ထုကိုသာ ရဟန်းတို့အား သိက္ခာပုဒ်ကို ဆုံးဖြတ်ရာ၌၊ တမတ်ထိုက်သော ဝတ္ထုဟူ၍ ဆုံးဖြတ်ရာ၏ဟူလိုသည်။

ရွှေဖြင့် ရွှေနှစ်ဆယ်ရှိသော မတ်ဝက်ထိုက်သော ဝတ္ထုသည် ငွေစင်ငွေကောင်း အပြစ်မဲ့သော နီလကဟာပဏ်၏ လေးဖို့တဖို့ဖြစ်၍ ပါဒဟုဆိုအပ်သော တမတ်ထိုက်သောဝတ္ထုဖြစ်၏ ဆိုလိုသည်။

ဤသို့ဆိုခဲ့အပ်သမျှသော စကားရပ်တို့၌ ဝိဟိန့်ဝ် ဂုဥ္စတို့တွင် ဝိဟိ၏အရ စပါးလုံးကို ရွှေငယ်ပမာဏအချိန်၊ ဂုဥ္စကိုရွှေကြီးပမာဏ အချိန်ဖြစ်သင့်သည်ဟု ဆိုရာ၌ ငါတို့မြန်မာတို့ တိုင်းနိုင်ငံအလေး ရွှေတရာ့ခြောက်ဆယ်၊ပဲနှစ်ဆယ်၊မူးတဆယ်၊လေးမတ်သည်တကျပ်ဖြစ်၏ဟု သုံးဆောင်ကြသည်နှင့်ညီစေလို၍ ဝိဟိအရကို ရွှေငယ်၊ ဂုဥ္စအရကို ရွှေကြီးဟု ခေါ်ဝေါ်ရေတွက်ပေသည်၊ ဝိဟိကို စပါးလုံး၊ ဂုဥ္စကို ချင်ရွှေငယ်ဟု ယူသော်လည်း မြန်မာတို့အသုံးနှင့် မညီသည်မျှသာ ဆိုရန်ရှိသည်ဖြစ်၍ တကျပ်သော် စပါးလုံးရေ တရာ့ခြောက်ဆယ်၊ ပဲနှစ်ဆယ်၊ မူးတဆယ်၊ လေးမတ်ဟု ခေါ်ဝေါ်သော်လည်း ခေါ်ဝေါ်အပ်သည်ပင် ဖြစ်တော့သည်။

အဘယ့်ကြောင့်နည်းဟူအံ့၊ ရွှေငယ်၊ ရွှေကြီး၊ ပဲ၊ မူး၊ မတ်ဟူ၍လည်းကောင်း ခေါ်ဝေါ်ခြင်းတို့ကား- သစ်သီး သစ်စေ့ တို့၏ အမည်နာမကိုစွဲ၍ ခေါ်ဝေါ်အပ်သော ဝေါဟာရသာကွဲသည်။ အချိန်အလေးမကွဲပြားကြပြီဖြစ်၍ မြန်မာတို့အလို ရွှေငယ်တရာ့ခြောက်ဆယ်။ ကျမ်းဂန်အလို စပါးလုံးရေ တရာ့ခြောက်ဆယ်ဟု ဝေါဟာရသာကွဲသည်ဖြစ်၍ အထူးမရှိသောကြောင့် ခေါ်ဝေါ်အပ်သည်ပင် ဖြစ်တော့သည်။

တကြောင်းလည်း-

တိသာသပါ တိလာ ဥေ ယျာ၊ တိလာ စတ္တာရိ တဏ္ဍုလံ။
တဏ္ဍုလာ စတ္တာရော ဂုဥ္ဇော၊ ဆဂုဠံ ဧကမာသကံ။

ဟူ၍ ဂဏန်းကျမ်းတွင် လာသောဂါထာ၌ မုန့်ညင်းသုံးလုံးသည် နှမ်းတလုံး။ နှမ်းလေးလုံးသည် ဆန်တလုံး။ ဆန်လေးလုံးသည် တချင်ရွေး။ ချင်ရွေးခြောက်လုံးသည် တပဲဟူရာ၌ တပါးသောကျမ်း၌ စပါးကိုဆိုသည်။ ဤကျမ်း၌ ဆန်ကိုဆိုသည်။

စပါးရှစ်လုံး ဆန်ရှစ်လုံးသည် ရွှေငယ်နှင့် အမျှပင်ဖြစ်သည်ဟူ၍ ရှေးမင်းအဆက်ဆက်တို့သည် ရွှေငယ်ရှစ်လုံးကို ပဲဖွဲ့၍ ပဲနှစ်ဆယ်သည်ကျပ်ဖြစ်၍ တကျပ်သည် ရွှေငယ်တရာ့ခြောက်ဆယ်ဟု ဖွဲ့ဆိုသုံးဆောင်လေသည် ယူသော်လည်း သင့်ရာပေသည်ဟု ထင်မိပေသည်။

စပါး၊ ဆန်၊ ချင်ရွေးတို့သည် မညီမမျှတန်ရာသည်ဟူငြားအံ့။ စပါးကလည်း ရွှေငယ်ပြည့်ထိုက်သောစပါး၊ ဆန်ကလည်း ရွှေငယ်ပြည့်ထိုက်သောဆန်၊ ရွှေကလည်း စပါးဆန်တို့နှင့် မျှထိုက်သော ချင်ရွေးဟုယူသော် မညီမညွတ်မဆိုတန်ရာ ရှိသင့်၏ ထင်မိသည်။

တောင်း တင်း အချင့်ပမာဏကိုမေးရာ၌ အလေး တောင်း တင်း စကားလည်း တိုင်းနှိုင်ငံ အရပ်ဒေသတို့သို့လိုက်၍ အသီးအသီး အခြားအခြား ယခုပင်ရှိတော့သည်။ ယခုရှိက ရှေးကလည်း ဤကဲ့သို့ပင် ရှိရာတန်သည်ဖြစ်၍ ကျမ်းဂန်မှာလည်း အရပ်ဌာန ကာလဒေသသို့ လိုက်၍ အထူးထူး အထွေထွေ မညီမမျှ ရှိကောင်းပေသည်ပင် ဖြစ်တော့သည်။ ရှိဟန်ကား။

ဝိမတိဋီကာ(၁။၂၈)၌—

စတာသော မုဋ္ဌိယော ဧကော ကုဋ္ဌဝေါ။
စတ္တာရော ကုဋ္ဌဝါ ဧကော ပတ္ထော။
စတ္တာရော ပတ္ထာ ဧကော အာဠကော။
စတ္တာရော အာဠကာ ဧကံ ဒေါဏံ။
စတ္တာရိ ဒေါဏာနိ ဧကော မာနိကာ။
စတာသော မာနိကာ ဧကော ခါရီ၊
ဝီသတိ ခါရိကာ ဧကော ဝါဟော၊
တဒေဝ ဧကံ သကဋ္ဌန္တိ၊ ဟူ၍လည်းကောင်း။

သာရတ္ထဒီပနီ ဋီကာ ကျမ်း(၁။၁၂၄)၌လည်း—

စတာသော မုဋ္ဌိယော ဧကော ကုဋ္ဌဝေါ။
စတ္တာရော ကုဋ္ဌဝါ ဧကော ပတ္ထော။ ပ။
ဝီသတိ ခါရိယော ဧကော ဝါဟော။
တဒေဝ ဧကံ သကဋ္ဌန္တိ။ ။ဟူ၍လည်းကောင်း။

အဘိဓာန်(၄၈၂)၌—

ကုဋ္ဌဝေါ ပသတော ဧကော၊ ပတ္ထော တေ စတုရော သိယုံ။
အာဠကော စတုရော ပတ္ထာ၊ ဒေါဏံ ဝါ စတုရာဠကံ။
မာဏိကာ စတုရော ဒေါဏာ၊ ခါရီ' တ္ထီ စတုမာဏိကာ၊
ခါရိယော ဝီသ ဝါဟောထ၊ သိယာ ကုမ္ဘော ဒသမွဏံ။

ဟူ၍လည်းကောင်းလာသည်။

ဝိမတိနှင့် သာရတ္ထဒီပနီ အနက်ကား-

စတာသောမုဋ္ဌိယော၊ လေးဆုပ်တို့သည်။ ဧကောကုဋ္ဌဝေါ၊ တကုဋ်ုံ တလက်ခုပ်မည်၏။ စတ္တာရောကုဋ္ဌဝါ၊ လေးကုဋ်ုံ လေးလက်ခုပ်တို့သည်။ ဧကော ပတ္ထော၊ တကွမ်းစား တစလယ်မည်၏။ စတ္တာရော ပတ္ထာ၊ လေးကွမ်းစာ လေးစလယ်တို့သည်။ ဧကော အာဠကော၊ တအာဠကမည်၏။ စတ္တာရော အာဠကာ၊ လေးအာဠက လေးပြည်တို့သည်။ ဧကံဒေါဏံ၊ တဒေါဏတစိတ်မည်၏။

စတ္တာရိဒေါဏာနိ၊ လေးဒေါဏ လေးစိတ်တို့သည်။ ဧကာမာနိကာ၊ တမာဏိက တတင်းမည်၏။ စတသောမာဏိကာ၊ လေးမာဏိက လေးတင်းတို့သည်။ ဧကာခါရီ တခါရီ၊ တတို့မည်၏။ ဝီသတိ ခါရိယော၊ ခါရီနှစ်ဆယ် တို့နှစ်ဆယ်တို့သည်။ ဧကောဝါဟော၊ တဝါဟမည်၏။ တဒေဝ၊ ထိုတဝါဟသည်ပင်လျှင်။ ဧကံသကဠံ၊ တလှည်းမည်၏။

အဘိဓာန်ပါဠိ၏အနက်ကား–

ဧကောပသတော၊ တလက်ဘက်သည်၊ သဒ္ဒါနက်၊ (တနည်းကား။) ဧကောပသတော၊ လေးဆုပ်ရှိသော တလက်ဘက်သည်၊ အဓိပ္ပာယ်နက်။ ကုဍ္ဝေါ၊ တကုဍ်တလက်ခုပ်မည်၏။

(လေးဆုပ်ကို ပသတ။ လေးဆုပ်ကို တကုဍ်ဆိုသည်ကိုထောက်၍ ပသတနှင့် ကုဍ်ကို အတူတူဟူ၍ ရှင်းလင်းစွာမှတ်)

တေစတုရော၊ ထိုလေးကုဍ်လေးလက်ခုပ်တို့သည်။ ပတ္ထော၊ တကွမ်းစား တစလယ်သည်။ သိယုံ၊ ဖြစ်ကုန်၏။ စတုရောပတ္ထာ၊ လေးကွမ်းစား လေးစလယ်တို့သည်။ အာဠှကော၊ တုံဟုဆိုအပ်သော အာဠှကပြည်မည်၏။ စတုရာဠှကံ၊ လေးတုံ လေးအာဠှကလေးပြည်တို့သည်။ ဒေါဏံ၊ ဒေါဏမည်၏။ ဒေါဏံ၊ စိတ်။ ဝါ၊ ဒေါဏောဟုပုလ္လိင်လည်းရှိ၏။ စတုရောဒေါဏာ၊ လေးဒေါဏ လေးစိတ်တို့သည်။ မာဏိကာ၊ မာဏိကမည်၏။ တတင်းလည်းဟူ၏။ စတုမာဏိကံ၊ လေးမာဏိက လေးတင်းသည်။ ခါရီ၊ တို့ ခါရီမည်၏။ ထိ၊ ဣတ္ထိလိင်တည်း။ ဝီသခါရိယော၊ ခါရီနှစ်ဆယ်တို့နှစ်ဆယ်တို့သည်။ ဝါဟော၊ တလှည်းတိုက်ဟုဆိုအပ်သော ဝါဟမည်၏။ အထ၊ ထိုမှတပါး။ ဒသမွဏံ၊ ဆယ်အမွဏာသည်။ တနည်းကား။ ဒသမွဏံ တဆယ့်တစိတ်လျှင် တအမွဏာဖြစ်၍ စိတ်ပေါင်း တရာ့တဆယ်ဟုဆိုအပ်သော ဆယ်အမွဏာသည်။ ကုမ္ဘော၊ တကုမ္ဘ မည်သည်။ သိယာ၊ ဖြစ်ရာ၏။

အဓိပ္ပါယ်ကား။ ။ဝိနည်းဋ္ဌီကာ၌ လေးဆုပ်သည် ကုဍ်မည်၏ဟု ဆိုသတည်း၊ အဘိဓာန်၌ တလက်တက်သည် တကုဍ်မည်၏ဟုဆိုသည်၊ ထို့ကြောင့် လေးဆုပ်နှင့် တလက်တက်ကို အတူတူဟူ၍ မှတ်ရာ၏။

(ကုဍ္ဝေါ ပသတော ဧကော ဟူ၍ အဘိဓာန်၌ဆိုသောကြောင့်၊ သဒ္ဒါအားဖြင့်ပါဠိအားဖြင့် ကုဍ်ပသတကိုအတူတူပင် မှတ်ရာ၏။ လေးဆုပ်ကို တလက်ဘက် လေးဆုပ်ကို တလက်ခုပ်၊ ဤသို့ လက်ဘက်နှင့်လက်ခုပ် ဆိုသည်မှာလည်း ဝေါဟာရသာကွဲသည် ကုဍ်ဟူ၍လည်းကောင်း ပသတ ဟူ၍လည်းကောင်း တူကြသည်မှတ်ရမည်)။

လေးကုဍ်သည် တကွမ်းစာ တစလယ်မည်၏။ လေးကွမ်းစား လေးစလယ်သည် တုံဟုဆိုအပ်သော အာဠှကမည်၏။ လေးတုံ လေးအာဠှက လေးပြည်သည် ဒေါဏမည်သောစိတ်ဖြစ်၏။ ဒေါဏကား- ကျော်အောင်စံထား ဆရာတော်က စိတ်၊ ရွှေဥမင်၊ နန်းကျောင်း၊ ဒက္ခိဏာဝန် ဆရာတို့က စရွတ်ဟူ၏။ လေးဒေါဏ လေးစိတ်သည် တမာဏိက မည်၏။ တင်းဟူ၍လည်း မြန်မာပြန်ကြ၏။ လေးမာဏိက လေးတင်းသည်ခါရိဟူသော တို့မည်၏။ ခါရီနှစ်ဆယ် တို့နှစ်ဆယ် သည် လှည်းတစီးတိုက်ဝါဟမည်၏။

"ဝါဟော တု သကဒ္ဓော စေကော၊ ဒသဒေါဏာတု အမ္ဗဏံ" ဟု အဘိဓာန်စာကိုယ်၊ "အမ္ဗဏမေကာ ဒသဒေါဏမတ္တံ" ဟု အဘိဓာန်ဋီကာ၌ ဆိုသည်နှင့်အညီ တဆယ့်တစိတ်သည် အမွှာမည်၏။စိတ်ပေါင်းတရာ့တဆယ်ရှိသော အမွှာဆယ်ခုသည် ကုမ္ဘမည်၏။ တအမွှာသည် နှစ်တင်းသုံးစိတ်ရှိ၏။ ဆယ်အမွှာဖြစ်သော ကုမ္ဘသည် နှစ်ဆယ့်ခုနစ်တင်းနှစ်စိတ်ရှိ၏။

တချက်လည်း ဝိနည်းဋီကာအလို လေးဆုပ်၊ အဘိဓာန် အလို တလက်ဘက်ဟုဆိုအပ်သော ကုဋ်သည် တလက်ခုပ်မည်၏။ လေးကုဋ် လေးလက်ခုပ်သည် ပတ္ထဟုဆိုအပ်သော ကွမ်းစား စလယ်မည်၏။ တယောက်စားလည်းဟူ၏။ တစလယ်လည်းမည်၏။ ပတ္ထသဒ္ဒါ၊ နာဠိသဒ္ဒါတို့သည် ကွမ်းစားကိုဟော၏။

ပတ္ထော တု နာဠိ နာရိယံ။ ပတ္ထော၊ တကွမ်းစား။ တု၊ ထိုမှတပါး။ နာဠိ၊ တကွမ်းစား။ နာရိယံ၊ နာဠိသဒ္ဒါကား-ဣတ္ထိလိင်၌ဖြစ်၏၊ ပတ္ထနှင့် နာဠိကို ကွမ်စားအနက်တူကြောင်းကို ပြသည်။

ပတ္ထသဒ္ဒါသည် တယောက်စာအနက်ကို ဟောကြောင်းကား- ပါရာဇိကဏ်ပါဠိတော်၌ "ပတ္ထပတ္ထမူလကံ ပညတ္တံ ဟောတိ" ဟူ၍လည်းကောင်း အဋ္ဌကထာ၌ "ပတ္ထော နာမ နာဠိမတ္တံ ဟောတိ၊ ဧကဿ ပုရိသဿ အလံ ယာပနာယ" ဟုဆိုသည်။

တကွမ်းစား တကွမ်းစားမျှသာ မုယောဆန်ရင်းကို တပါးတပါးသော ရဟန်းအား ဆွမ်းဝတ်တည်သည်။ တကွမ်းစားသည် တယောက်စာမျှလောက်၏ဟု လာသည်။

သုဓာဘောဇနဇာတ်၌ "ပတ္ထောဒနော နာလမယံ ဒုဝိန္နံ" တကွမ်းစားကို ချက်သော ထမင်းသည် နှစ်ယောက် မစားလောက်၊ တယောက်မျှသာ စားလောက်သည် ဆိုသည်။

မဟာသုဒဿနသုတ်၌လည်း စကြာမင်းသည် တကွမ်းစား ချက်သော ထမင်းဖြင့်သာ ရောင့်ရဲတော်မူသည်ဟု ဆိုသည်။

ဆုတောင်းခန်းတွင် "ရိက္ခာဖြင်အား၊ ဆန်ကွမ်းစားတည့်၊ အလွားလေးထောင်၊ တထည်ဆောင်က၊ ကုန်အောင်မနည်း၊ လောက်သည်ချည်းကို" ဟု တယောက်စာကို ရည်၍ စပ်သည်။ တစလယ်သော ဆန်သည်လည်း တယောက်စာပင် ဖြစ်၏။

ထို့ကြောင့် ပတ္ထသဒ္ဒါဟောအပ်သော လေးကုဋ် လေးလက်ခုပ်သည် တစလယ် မည်၏။ လေးကွမ်းစား လေးစလယ်သည် အာဠကဟု ဆိုအပ်သော တုံ ပြည်မည်၏။

အဘိဓာန်၌ အာဠကော နိတ္ထိယံ တုမ္ဗော။ အာဠကော၊ ပြည်။ တုမ္ဗော၊ ပြည်။ နိတ္ထိယံ၊ ပုလ္လိင် နပုလ္လိင်တည်းဟု တုံနှင့် ပြည်ကို အတူဆိုသည်ဖြစ်၍ တုံနှင့်ပြည် တူ၏။ လေးချို့ လေးအာဠက၊ လေးပြည်သည် ဒေါဏဟု ဆိုအပ်သော စိတ်မည်၏။ လေးဒေါဏ၊ လေးစိတ်သည် မာဏိကဟု ဆိုအပ်သော တတင်းမည်၏။ လေးပြည်သည် တဒေါဏ၊ လေးဒေါဏသည် တတင်းဆိုသည်နှင့် ထောက်သော် ဒေါဏသဒ္ဒါကိုစိတ်ဟူ၍ ပေးသောအနက်သည် သင့်မြတ်သည်ထင်သည်။ မြတ်စွာဘုရား ဓာတ်တော်သည် ရှစ်ဒေါဏရှိသည်။ စလယ်အားဖြင့် တရာ့နှစ်ဆယ်ရှစ်စလယ်ရှိသည်။ တခုသောဒေါဏသည် တဆယ့်ခြောက်စလယ်ရှိမှ နှစ်တင်းဖြစ်သော ရှစ်ဒေါဏ

သည် စလယ်တရာ့နှစ်ဆယ့်ရှစ်စလယ် အတွက်ရသည်။ ထို့ကြောင့် ဒေါ်ဏကို စိတ်ဟူ၍ ယောဇနာသော အနက်သည် သင့်မြတ်သည်။ ဓာတ်တော်သည် ရှစ်ဒေါ်ဏ ရှစ်စိတ်ရှိကြောင်း၊ တရာ့နှစ်ဆယ်ရှစ် စလယ်ရှိကြောင်းကို နလာဋဓာတုဝဏ်ကျမ်းတွင်—

"စက္ခုမန္တဿ ဘဂဝတော သရီရဓာတု အဋ္ဌဒေါဏမတ္တံ သုဝဏ္ဏနာဠိယာ ဧကသဟအဋ္ဌဝိသတိနာဠိကာ အဟောသိ"

ဟူ၍ လာသည်။

လေးမာဏိက လေးတင်းသည် ခါရီဟု ဆိုအပ်သော တို့မည်၏။ ခါရီနှစ်ဆယ်၊ တို့နှစ်ဆယ်သည် လှည်းတစီးတိုက် ဝါဟာမည်၏။ ဧကသကဋ္ဌလည်း မည်၏။ တဝါဟာသည် အတင်းရှစ်ဆယ်ရှိ၏။ ကွမ်းစားကိုဆိုခဲ့ရာ၌ ကွမ်းစားဖွဲခြင်းသည် ညီမျှကြသည်မရှိ။ ဝိနည်းအဋ္ဌကထာ(၂။၂၈၂)၌—

သီဟဠဒီပေ ပကတိနာဠိ မဟန္တာ၊ ဒမိလနာဠိ ခုဒ္ဒကာ၊ မဂဓနာဠိ ပမာဏယုတ္တာ။ တာယ မဂဓနာဠိယာ ဒိယမုနာဠိ ဧကာ သီဟဠနာဠိ ဟောတိ။

သီဟဠဒီပေ၊ သီဟိုဠ်ကျွန်း၌။ ပကတိနာဠိ၊ ပြကတ်သော ကွမ်းစားသည်။ (တနည်းကား) ပြကတ်သော စလယ်သည်။ မဟန္တာ၊ ကြီး၏။ ဒမိလနာဠိ၊ ဒမိလကွမ်းစားသည် (တနည်းကား) ဒမိလစလယ်သည်။ ခုဒ္ဒကာ၊ ငယ်၏။ မဂဓနာဠိ၊ မဂဓကွမ်းစားသည်။ (တနည်းကား)။ မဂဓစလယ်သည်။ ပမာဏယုတ္တာ၊ အတိုင်းအရှည်နှင့် ယှဉ်၏။ တာယ နာဠိယာ၊ ထိုမဂဓကွမ်းစားဖြင့်။(တနည်းကား)။ ထိုမဂဓစလယ်ဖြင့်။ ဒိယမုနာဠိ၊ ကွမ်းစားခွဲသည်။(တနည်းကား)။ တစလယ်ခွဲသည်။ ကောသီဟဠနာဠိ၊ သီဟိုဠ်တကွမ်းစားသည်။(တနည်းကား)။ သီဟိုဠ်တစလယ်သည်။ ဟောတိ၊ ဖြစ်၏။

ဤသို့သော သီဟိုဠ်ကွမ်းစားလည်း ကြီးလွန်းသည်။ ဒမိလမည်သော ကျည်းလူမျိုးတို့၏ ကွမ်းစားသည်လည်း ငယ်လွန်းသည်။ မဂဓကွမ်းစားသည် အတိုင်းအရှည်နှင့် ယှဉ်သည်။ ထိုမဂဓကွမ်းစားထက် တခုခွဲတက်၍ သီဟိုဠ်ကွမ်းစားသည်ကြီးသည် ဟူ၏။

သုတ္တနိပါတ် အဋ္ဌကထာ၊ ကောကာလိကသုတ်၏ အဖွင့် (၂။၁၉၇)တွင်-

မဂဓကေန ပတ္ထေန စတ္တာရော ပတ္ထာ ကောသလရဋ္ဌေ ဧကော ပတ္ထော ဟောတိ၊

မဂဓကေနပတ္ထေန၊ မဂဓကွမ်းစားဖြင့်။ (တနည်းကား)။ မဂဓစလယ်ဖြင့်။ စတ္တာရော ပတ္ထာ၊ လေးကွမ်းစားတို့သည်။ (တနည်းကား)။ လေးစလယ် တို့သည်။ ကောသလရဋ္ဌေ၊ ကောသလတိုင်း၌။ ဧကော ပတ္ထော၊ တကွမ်းစားသည်။ (တနည်းကား)။ တစလယ်သည်။ ဟောတိ၊ ဖြစ်၏။

မဂဓကွမ်းစားဖြင့် လေးကွမ်းစား လေးစလယ်သည် ကောသလတိုင်း၌ တကွမ်းစား တစလယ်သာဖြစ်၏ဟု ဆိုသဖြင့် မဂဓကွမ်းစား စလယ်ထက် ကောသလကွမ်းစား စလယ်သည် ကြီးသည်ဟု သိသာသည်။ မဂဓတိုင်း၌ လေးစလယ်ပြည့်၍ တပြည်ရှိမှ ကောသလတိုင်း၌ တစလယ် တကွမ်းစား ခေါ်ကြသည်ဟူ၏။

ဤသို့ စသည်ဖြင့် သီဟိုဠ်ကွမ်းစား၊ ဒမိလကွမ်းစားတို့သည် ကြီးငယ်မမျှကြောင်း။ မဂဓကွမ်းစားနှင့် ကောသလကွမ်းစား ကြီးငယ်မမျှကြောင်း။ ဒမိလစလယ် ငယ်ကြောင်း။

မဂဓစလယ် အလတ်ဖြစ်ကြောင်း၊ မဂဓလယ်ထက် သီဟိုဠ်စလယ် တခုခွဲတက်ကြောင်း။ မဂဓစလယ်ထက် ကောသလစလယ် လေးဆထက်ကြီးကြောင်းတို့ကို ကျမ်းဂန်တို့၌ အထူးထူး အထွေထွေဆိုသဖြင့် ကျမ်းဂန်နှင့် ငါတို့တိုင်းနိုင်ငံမှာ သုံးဆောင်သော အချိန်အချင့်တို့သည် အဘယ်မှာ တညီတညွတ် ဖြစ်နိုင်အံ့နည်း။ မညီညွတ်နိုင်ရာသည်သာလျှင်တည်း။

ကျမ်းဂန်တွင်ပင် တကျမ်းနှင့်တကျမ်းလည်း မညီမမျှ ဆိုကြရာမှာ ကျမ်းဂန်တို့၏ ဖြစ်ရာအရပ်။ အလေး တောင်း တင်းကို ပြဋ္ဌာန်းဖန်ဆင်းရာ အရပ်တို့၌ဖြစ်သော မင်းတို့သည် တမင်းပြဋ္ဌာန်းခဲ့ပြီးသော အာဏာကို တမင်းပြင်၍ မပြဋ္ဌာန်းသော အသုံးအဆောင်လည်း ရှိရာသည်။ နောက်တမင်း ပြင်၍ ပြဋ္ဌာန်း ဖန်ဆင်းသဖြင့် ရှေးအသုံးအဆောင်နှင့်မတူ ကွဲလွဲကြပြန်သောအရာလည်း ရှိသည်။

ဇာတ်နိပါတ်စသော ကျမ်းတို့တွင် နန္ဒိယမင်းလက်ထက် ဖုဿရထား ဆိုက်ရောက်ရာအရပ် ဥယျာဉ်အတွင်း ရတနာစုထက်အဘိသိက်သွန်းသည်ဟုဆိုသည်။အယောဃရဇာတ်၌ရတနာပုံထက်ထား၍ သုံးလုံးသော ခရုသင်းတို့ဖြင့် အဘိသိက်သွန်းသည်ဟု ဆိုသည်။ ထို့အတူ သုံးလုံးသော ခရုသင်းတို့ဖြင့် ရတနာပုံထက် အဘိသိက်ခံသော မင်းတို့သည်လည်း အများပင် ရှိသည်။

တစ္ဆက သူကရဇာတ်၌ကား။ ရေသဖန်းတုံးထက် အဘိသိက်သွန်းသည်ဟု ဆိုသည်။ ထိုကဲ့သို့ ရေသဖန်းပျဉ်ထက် အဘိသိက်ခံသော မင်းတို့သည်လည်း အများအပြားပင် ရှိရာသည်။

("တီဟိ အဘိသေကေဟိ အဘိသေကဿ အဒံသု" ဟု သာရတ္ထသင်္ဂဟ၌ မဟာသမ္မတမင်းကို သုံးကြိမ် အဘိသိက်သွန်းသကဲ့သို့ သုံးကြိမ် အဘိသိက်ခံသော မင်းလည်း အများရှိရာသည်။ ခဏ္ဍဟာလ ဇာတ်၌ စန္ဒမင်းသားကို မင်းပရိသတ်တို့ ခရုသင်းသုံးလုံးနှင့် တစ်ကြိမ်၊ မင်းသမီးတို့ တစ်ကြိမ်၊ သိကြားမင်း ဝိဇယုတ္တရ ခရုသင်းနှင့်တစ်ကြိမ်၊ သုဇာတာ နတ်သမီးတို့ တစ်ကြိမ်၊ လေးကြိမ်သွန်းသကဲ့သို့ သိကြားရုပ်၊ နတ်သမီးရုပ်တို့နှင့် လေးကြိမ်ခံသည်လည်း ရှိရာသည်။)

ဒေဝါနံပိယတိဿ မင်းသည် ရေသဖန်းသား အခြေအပေါင် လေးချောင်းရှိသော ကြိမ်ဖြင့် ခက်သောဖတိုင်၌ ရေသဖန်း မဏ္ဍပ် ဆောက်၍ အဘိသိက်ခံသည်ဟု သာရတ္ထဒီပနီကျမ်း၌ ဆိုသည်။ ထိုမင်းတို့ကဲ့သို့ အဘိသိက်ခံသော မင်းလည်း အများပင်ရှိရာသည်။

ရှေးအခါ မျူမတ်တို့သည် ဗောင်းစွပ်ရကြောင်းကို မဆို။ မဟော်ဇာတ်၌ သိန်းဒေဝန်းတို့တွင် စ၍ ဗောင်းထုပ်စွပ်ရသည်။ ဤနည်းကိုမှီ၍ ဗောင်းထုပ်စွပ်ရကြောင်းကို ဆိုသည်။

(ရှေးအခါ မောင်နှင့်နှမ အိမ်ရာထောင်ခြင်းကို မပြု။ ဥက္ကာမုခမင်းတို့လက်ထက် တွင်မှ စ၍ အိမ်ထောင်ကြသည်ကိုခမည်းတော်က "တတ်နိုင်လေစွတကား=သကျာဝတ ဘော ကုမာရာ" ဟု ဆိုသည်။ နောက်အခါ သာကီဝင်မင်းတို့ အလေ့ပါ၍ အစဉ်လိုက်ကြလေတော့သည်ဟု ဆိုသည်။)

သည်များကိုထောက်၍ ထုံးသာဓကတို့မည်သည် ရှေးကဖြစ်သောထုံးသာဓကလည်း ရှိရာသည်။ နောက်မင်းတို့ ပြဋ္ဌာန်း၍ အသစ် အရိုးထွင်သော ထုံးလည်း ရှိရာချေသည်။ ဝေဿလီပြည်၌ လိစ္ဆဝီမင်းတို့မူကား ရှေးမင်းတို့ ပြဋ္ဌာန်းခဲ့သည်ကိုလည်း မဖျက်။ အသစ်လည်း မပြဋ္ဌာန်းပြီဟု ဆိုသည်။ တပါးသောမင်းတို့မှာ အသစ်ပြဋ္ဌာန်းရာ ရောက်ချေသည်။

ထို့ကြောင့် အလေး တောင်း တင်း မညီမမျှ ဆိုရာမှာလည်း နောက်နောက် အစိုးရသော မင်းတို့သည် အကြီးအငယ်လိုရာ ပြဋ္ဌာန်းပြန်၍ မညီရှိရာသည်။ ပြဋ္ဌာန်းရာ လိုက်၍ ဆိုသော ကျမ်းကလည်း မညီရှိလေသည်ဟု ယူရာသည်။


ဓမ္မသတ်ကျမ်းများလည်း မညီမညွတ်ရှိလေသော အရာများလည်း ဤကဲ့သို့ပင် နောက်မင်းတို့ လက်ထက် ပြင်ဆင်ပြန်၍လည်းကောင်း။ နောက်ဓမ္မသတ်ကျမ်းကို ပြုစုသောသူတို့ ပြင်ဆင်ပြန်၍ လည်းကောင်း မညီမညွတ်ရှိဟန်ရှိသည်။

ကျမ်းဂန်မှာဆိုသည့် အလေးနှင့် ငါတို့တိုင်းနိုင်ငံတွင် အလေး တောင်း တင်း မညီ ဆိုသည်မှာ ကျမ်းဂန်တွင်လာသော စကားစု အရပ်ရပ်ကိုပင် များသောအားဖြင့် မဖြိမဒေသ စသော တိုင်းပြည်၊ သီဟိုဠ်ကျွန်းစသော ကျွန်းငယ်တို့က ခေါ်ဝေါ်သုံးစွဲသော ဝေါဟာရ လက္ခဏာသာ ပါသည်များသည်။

မဖြိမဒေသ စသော တိုင်းပြည် သီဟိုဠ်ကျွန်းစသော ကျွန်းငယ်တို့က အသုံးအစွဲကို မဆိုလင့်ဦး ငါတို့ တိုင်းနိုင်ငံတွင်ပင် တမင်းလက်ထက်နှင့် တမင်းလက်ထက် အလေး တောင်း တင်း တို့သည် မညီ၊ ကြီးတုံငယ်တုံ ဖြစ်တော့သည်။

ငါတို့အယူမှာ ကျမ်းဂန်ထွက်ဆိုသည့် အလေး တောင်း တင်းနှင့် ယခုကာလ သုံးစွဲကြသော အလေး တောင်း တင်းသည် တူကြမျှကြသည် မတူကြမမျှကြသည်မှာ သံသရာပစ္စုပ္ပန် အပြစ်ရှိကြသင့်သည် မဟုတ်ကြပြီ၊ ရှေးကာလ လူတို့နှင့် ရှေးကာလ အလေး တောင်းတင်း အလိုက်ယခုကာလလူတို့နှင့် ယခုကာလ အလေးတောင်းတင်းအလိုက် ပေးသူ ယူသူ ရောင်းသူ ဝယ်သူ မြေစာမြေရှင်အတိုးရင်းပွား ကတိမှတ်စာ ရှိတိုင်း ပေးထိုက်သမျှ, ရထိုက်သမျှ နှစ်ဦးသား စိတ်သဘောချမ်းမြေ့ကျေနပ်ကြလျှင် သင့်လေတော့သည်သာ။ သူ့မြီကင်းပေတော့သည်သာ၊ မင်းတို့အား ဒဿမဘာဂ ပေးဆက်ခြင်းမှာလည်း အဂ္ဂညသုတ်တွင် လာသောအတိုင်း မဟာသမ္မတမင်းမှစ၍ နောက်လာဖြစ်သော မင်းအဆက်ဆက်တို့အား ဆယ်ပွင့်တပွင့် ဆယ်လုံးတလုံး ဆယ်တင်းတတင်း ဆက်သလျှင် မင်းခွန်ပြေလေတော့သည်သာ။ မင်းတို့ကလည်း ပြည်သူတို့အား ထောက်ပံ့ခြင်းသည် သဿမေဓ ဆယ်ခိုင့်တခိုင် မြေဆီမြေခွန်ကို အမှန်ယူခြင်း၊ သမ္မာပါသ၊ သုံးနှစ်လည်မှ အရင်းအတိုး အမှန်ခံယူခြင်း သင်္ဂဟဓမ္မနှင့်အညီ ထောက်ပံ့သင့်ပြီဟ်လျှင် ရာဇဓမ္မပြေလည်တော့သည်သာ အယူရှိပေသည်။

သမန္တစက္ခုဒီပနီကျမ်း ဆဋ္ဌမတွဲပြီး၏။



သမ္ဘန္ဓစက္ခုဒီပနီကျမ်း

သတ္တမတွဲ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

တပည့်တော် သိရိမာလာ လျှောက်ပါသည် ဇေတဝန် ဆရာတော်ဘုရား။

၁၁၈-ပဏ္ဏာ။ ။ပညာဓိက၊ သဒ္ဓါဓိက၊ ဝီရိယာဓိကဟူ၍ ဘုရားလောင်း သုံးပါးတို့သည် အရှည်ကာလဘယ်လောက်ပါရမီဖြည့်မှ သဗ္ဗညုတအဖြစ်သို့ရောက်သည်ကိုသိလိုပါသည်။

သတ္တရာဇ် ၁၁၇၃-ခု၊ ကဆုန်လဆန်း ၁-ရက်၊ တနင်းလာနေ့။ မုံရွာ သိရိမာလာက လျှောက်လာရာတွင် ဖြေဆိုလိုက်သည်ကား။

၁၁၈-ဝိသဇ္ဇနာ။ ။ဘုရားလောင်း သုံးပါးတို့၏ ပါရမီဖြည့်ရသည့်ကာလကို မေးရာ၌ အပဒါန်အဋ္ဌကထာ (၁။၁၅၅) ခဂ္ဂဝိသာဏသုတ်အဖွင့်တွင်-

> ဗုဒ္ဓါနံ အာနန္ဒ ဟေဋ္ဌိမပရိစ္ဆေဒေန စတ္တာရိ အသေခ္ချေယျာနိ ကပ္ပသတသဟဿဉ္စ၊ မဇ္ဈိမပရိစ္ဆေဒေန အဋ္ဌ အသခ္ချေယျာနိ ကပ္ပသတသဟဿဉ္စ။ ဥပရိမပရိစ္ဆေဒေန၊ သောဠသအသခ္ချေယျာနိ၊ ကပ္ပသတသဟဿဉ္စ။ ဧတေ စ ဘေဒါ ပညာဓိက သဒ္ဓါဓိက ဝီရိယာဓိကာနံဝသေန ဉာတဗ္ဗာ။

အစရှိသည်ဖြင့် လာသည်။

အဓိပ္ပာယ်ကား။ ။ချစ်သားအာနန္ဒာ ဘုရားတို့အား ပါရမီသမ္ဘာရဖြည့်ကျင့်ဆည်းပူးရခြင်းသည် နည်းစွာသော အပိုင်းအခြားအားဖြင့် လေးသခ္ချေနှင့် ကမ္ဘာတသိန်း။ အလတ်ဖြစ်သော အပိုင်းအခြားဖြင့် ရှစ်သခ္ချေနှင့်ကမ္ဘာတသိန်း။ အလွန်ဖြစ်သော အပိုင်းအခြားအားဖြင့် တဆယ့်ခြောက်သခ္ချေနှင့် ကမ္ဘာတသိန်း။ ဤသုံးပါးတို့သည် ဂေါစရတေဒမည်ကုန်၏။ ပညာဓိက၊ သဒ္ဓါဓိက၊ ဝီရိယာဓိကအစွမ်းဖြင့် သိအပ်ကုန်၏။ထိုတွင်ပညာဓိကတို့အား သဒ္ဓါနှုန်း၏။ပညာထက်၏။ သဒ္ဓါဓိကတို့အား ပညာအလတ်ဖြစ်၏။ ဝီရိယာဓိကတို့အား သဒ္ဓါနှုန်း၏။ လေးသခ္ချေနှင့် ကမ္ဘာတသိန်းသို့ မရောက်မူ၍ နှေတိုင်းနှေတိုင်း ဝေဿန္တရာ၏ အလှူနှင့်တူသော အလှူကြီးကို ပေးသော်လည်းကောင်း၊ ထိုနှင့်လျော်သော ပါရမီကျင့်ဝတ်ကို ကျင့်သော်လည်းကောင်း။ ဘုရားဖြစ်လတ္တံ့လော ဟူအံ့၊ ဖြစ်ကြောင်းမရှိ။ အဘယ့်ကြောင့်နည်းဟူမူ ဉာဏ်ကိုမယူနိုင်သေး၊ ပြန့်ပြောခြင်းသို့ မရောက်နိုင်သေးဖြစ်၍ ဘုရားမဖြစ်နိုင်ရာ။ ထို့ကြောင့် ဆိုခဲ့ပြီးသော ကာလပတ်လုံး ဉာဏ်ရင့်စိမ့်သောဌာ ပါရမီဖြည့်ခြင်းကို ပြုအပ်၏ ဟူလိုသည်။

ဤသို့ဆိုသည်ကို ထောက်၍ ပညာဓိကသည် လေးသခ်ျေနှင့် ကမ္ဘာတသိန်း၊ သဒ္ဓါဓိကသည် ရှစ်သခ်ျေနှင့် ကမ္ဘတသိန်း၊ ဝီရိယာဓိကသည် တဆယ့်ခြောက်သခ်ျေနှင့် ကမ္ဘာတသိန်း ဟူ၍လည်း မှတ်အပ်၏။

တနည်းလည်း-ဂုဏ်းအပဒါန် အဋ္ဌကထာ ကွေနပညာသဝဂ် ဒုတိယအပဒါန် အဖွင့်၌—

စတုရာသခ်ျေယျ သောဠသအသခ်ျေယျ အဋ္ဌရသအသခ်ျေယျ ကပ္ပသတသဟဿံ ပါရမိယော ပူရေတွာ ဗုဒ္ဓဘာဝတော ဒုလ္လဘံလောကနာယကန္တိ သမ္မန္နော။ ဟူ၍လာသည်။

အဓိပ္ပာယ်ကား။ ။လေးသခ်ျေနှင့် ကမ္ဘာတသိန်း။ တဆယ့်ခြောက်သခ်ျေနှင့် ကမ္ဘာတသိန်း။ တဆယ့်ရှစ်သခ်ျေနှင့် ကမ္ဘာတသိန်း ပါရမီတို့ကို ဖြည့်၍ ဘုရားအဖြစ်သို့ ရောက်ရသောကြောင့် ရခဲလှ၏ ဆိုလိုသည်။ ဤသို့ဆိုသည်ကို ထောက်၍ ပညာဓိကမှာ လေးသခ်ျေနှင့် ကမ္ဘာတသိန်း။ သဒ္ဓါဓိကမှာ တဆယ့်ခြောက်သခ်ျေနှင့် ကမ္ဘာတသိန်း။ ဝီရိယာဓိကမှာ တဆယ့်ရှစ်သခ်ျေနှင့်။ ကမ္ဘာတသိန်း ပါရမီကိုဖြည့်ရသည်ဟူ၍လည်း မှတ်သင့်၏။ ဤစကားကား။ ကျမ်းကြီးကျမ်းခိုင်တို့ကလာသော စကားရပ်တည်း။

အနာဂတဝင် အဋ္ဌကထာ၌ကား။ မိတ္တေယျ ဘုရားလောင်းကိုဆိုရာ၌ ကပ္ပသတသဟဿာ ဓိကသောဠသအသခ်ျေယျ ပါရမီပူရတော သဒ္ဓါဓိကော နေယျဟောဓိသတ္တော ဟုတ္တာ-ဟူ၍ နေယျသဒ္ဓါဓိက ဘုရားလောင်းကို တဆယ့်ခြောက်သခ်ျေ ဟူ၍လာသည်။ ပညာရှိတို့ စုံစမ်းရာသော စကားဖြစ်သည်။

(ငါတို့အလိုသော်ကား။ သဒ္ဓါဓိကတို့တွင် ခိပ္ပါဘိညကရှစ်သခ်ျေ။ ဒန္ဓာဘိညက တဆယ့်ခြောက်သခ်ျေ။ ဝီရိယာဓိက တို့တွင်လည်း ခိပ္ပါဘိညက တဆယ့်ခြောက်သခ်ျေ။ ဒန္ဓာဘိညက တဆယ့်ရှစ်သခ်ျေ။ ဤသို့ယူလျှင် မိတ္တေယျဘုရားမှာလည်း ဒန္ဓာဘိညသဒ္ဓါဓိကဖြစ်၍ တဆယ့်ခြောက်သခ်ျေ ဖြည့်ရချေသည်။ နေယျ ဟောဓိသတ္တမျိုး ဖြစ်ရချေသည်ဟု ယူသော် သဒ္ဓါဓိကော နေယျဟောဓိသတ္တော ဟုတ္တာ ဟူသောပါဠိနှင့် ညီရာသော အကြောင်းရှိ၏ ထင်ပေသည်)။

၁၁၉-ပုဏ္ဏာ။ ။တကြောင်းလည်း ကုသိုလ်ကောင်းမှုပြုလျှင် မဟာကုသိုလ်ဇော ခုနစ်ချက်စောသည်။ ပဌမဇော စေတနာသည် ဒိဋ္ဌဓမ္မဝေဒနီယကံဖြစ်၍ မျက်မှောက်သော ကိုယ်၏အဖြစ်၌ အခွင့်ကို ရသည်ရှိသော် အကျိုးကိုပေးသည်။ သတ္တမဇော စေတနာသည် ဥပပဇ္ဇဝေဒနီယကံဖြစ်၍ အခြားမဲ့သော ကိုယ်၏အဖြစ်၌ အခွင့်ကိုရသည်ရှိသော် အကျိုးကိုပေးသည်။ အလယ်ဇော ငါးချက် စေတနာသည် အပရာပရိယ ဝေဒနီယကံဖြစ်၍ အခွင့်ကို ရသည်ရှိသော် အဆက်ဆက်သော ကိုယ်၏ အဖြစ်၌ တိရစ္ဆာန်ကို ပေးလျှရသည်ရှိသော် တိရစ္ဆာန်၏အလျောက်။ ဒုဿီလကို ပေးလျှရသည်ရှိသော် ဒုဿီလ၏အလျောက်။ သုသီလကို ပေးလျှရသည်ရှိသော် သုသီလ၏အလျောက်။ အထက်သို့ ဘုရားတိုင်အောင်တက်၍ အဆအရာ အဆအထောင် မှစ၍ မရေမတွက်နိုင်သော အဆက်ဆက်တိုင်အောင် အကျိုးပေးသည် ဆိုပါသည်။

ယခုကာလ အကျိုးပေးသည်ကို ထင်ရှားစွာ မသိမမြင်ရပါ ဆိုသည်တွင် သမ္မတ္တိကာလဖြစ်၍ အကျိုးပေးနိုင်ရာသည်။ ဝိပတ္တိကာလဖြစ်သော် အကျိုးကိုမပေးနိုင်ရာ

ဆိုကြပါသည်။ ဤလောကဌ လုံလဝီရိယ၏ အစွမ်းလေးပါး၊ ဗေဒင်မန္တရားအစွမ်း၊ နတ်ဗြဟ္မာ စသည်တို့၏ တန်ခိုးအား ဉာဏ်ပညာ စသောအစွမ်း၊ ဤသို့ စသည်ဖြင့် များစွာရှိကုန်သည်။ ထိုအစွမ်းဟူသမျှတို့ထက် ကံဟူသော အစွမ်းသည် ကဲလွန်စွာသော အစွမ်းဖြစ်ပါသည်။ ထိုကံတို့တွင်လည်း အကုသိုလ်ကံထက် ကုသိုလ်ကံသည် အလွန့်ထက် အလွန်ကဲလွန်စွာသော အစွမ်းပင်ဖြစ်ပါသည်။ သို့ကိုလျက် ထိုကုသိုလ်ကံသည် သမ္မတ္တိကာလဖြစ်မှအကျိုးကိုပေးနိုင်သည်။ ဝိပတ္တိကာလဖြစ်သော် အကျိုးမပေးနိုင် ရှိရချေသော် အကြင်သူတယောက်သည် ကုသိုလ်ကံကားပြု၏။ သမ္မတ္တိကာလနှင့်မကြုံ။ ဝိပတ္တိကာလနှင့်သာ ကြုံချေအံ့။ ထိုကုသိုလ်ကံတို့သည် အဟောသိကံသာဖြစ်၍ နေရာသော အကြောင်းရှိချေသည်။ ထိုစကားမှန်ကလည်း ကုသိုလ်ကိုပင် ပြုသော်လည်း သမ္မတ္တိကာလကို တွေ့ပါစေဟူ၍ အမြဲ ဆုတောင်းနိုင်ချေမှပင် ကုသိုလ်ကံအကျိုး ခံရရာသော အကြောင်းရှိချေသည် ထင်ပါသည်။ သဘောသက်ရာကိုသာ စကားရောက်သင့်သည် အလျောက် လျောက်ပါသည်။ မသင့်လျှင်လည်း ပြင်တော်မူပါ။

သမ္မတ္တိကာလကား အဘယ်သို့ရှိမှ သမ္မတ္တိဖြစ်သည်။ ဝိပတ္တိကာလကားအဘယ်သို့ရှိမှ ဝိပတ္တိဖြစ်သည်။ ဤနှစ်ပါးကိုလည်း ခွဲတော်မူပါ။ သမ္မတ္တိအပြား၊ ဝိပတ္တိအပြား ဘယ်မျှ ရှိသည်။ အကျိုးပေးဖူးဟန် အကျိုးမပေးဖူးဟန်ကိုလည်း ဥပမာ သာဓကထုတ်၍ ပြသတော်မူပါ ဆရာတော်ဘုရား။

၁၁၉-ဝိသဇ္ဇနာ။ ။ဒိဋ္ဌမမ္မဝေဒနီယကံ။ ဥပပဇ္ဇဝေဒနီယကံ။ အပရာပရိယဝေဒနီယကံတို့၏ အကျိုးပေးဟန်၊ အကျိုးမပေးဟန်၊ သမ္မတ္တိ, ဝိပတ္တိတို့၏ အပြားကိုမေးရာ၌-

သမတ္တိကိုမှီ၍ ကုသိုလ်ကံ အကျိုးပေးခွင့်ကိုရ၍ အကျိုးပေးခြင်း။ ဝိပတ္တိကိုမှီ၍ ကုသိုလ်ကံ အကျိုးမပေးခြင်း။ ဝိပတ္တိကိုမှီ၍ အကုသိုလ်ကံ အကျိုးပေးခွင့်ကိုရ၍ အကျိုးပေးခြင်း။ သမ္မတ္တိကိုမှီ၍ အကုသိုလ်ကံ အကျိုးမပေးခြင်းသည် အမှန်ပင်ဖြစ်တော့သည်။

ထိုသမ္မတ္တိသည်
(၁) ဂတိသမ္မတ္တိ။
(၂) ဥပဓိသမ္မတ္တိ
(၃) ကာလသမ္မတ္တိ
(၄) ပယောဂသမ္မတ္တိ ဟူ၍ ၄-ပါး။

ဝိပတ္တိသည်လည်း
(၁) ဂတိဝိပတ္တိ။
(၂) ဥပဓိဝိပတ္တိ။
(၃) ကာလဝိပတ္တိ။
(၄) ပယောဂဝိပတ္တိ ဟူ၍ ၄-ပါး အပြားရှိသည်။

ထို ၄-ပါးတို့၏ အပြားကိုလည်းကောင်း။ အကျိုးပေးဟန်၊ အကျိုးမပေးဟန်ကိုလည်းကောင်း ဝိဘင်းပါဠိတော်၌ တဆယ့်ခြောက်ခုမြောက်သော ဉာဏဝိဘင်း၊ ဒသမမြောက်သော

ဒသဝိဓညဏဝတ္ထုနိဒ္ဒေသဝယ်ဒုတိယဗလနိဒ္ဒေသကိုပြရာ၌ဟောတော်မူသည်။ အဋ္ဌကထာ(အဘိ ၌၊ ၂။၄၂၁)၌လည်း ဒုတိယဗလ နိဒ္ဒေသတွင်ပင် ဖွင့်တော်မူသည်။ ဖွင့်ဟန်ကား—

> ဂတိသမ္ပတ္တိပဋိဘာဋ္ဌာနိတိ ဂတိသမ္ပတ္တိယာ ပဋိဘဟိတာနိ ဝါရိတာနိ ပဋိသေဓိ-တာနိ။ သေသပဒေသုပိ ဧသေဝ နယော၊ ဧတ္ထစ ဂတိသမ္ပတ္တိတိ သမ္မန္နာ ဂတိ ဒေဝ-လောကော စ မနုဿလောကော စ—

ဟု ဖွင့်သောကြောင့် ဂတိသမ္ပတ္တိပဋိဘာဋ္ဌာနိ ဟူသည်ကား- ဂတိသမ္ပတ္တိဖြင့် တားမြစ်ခြင်းတည်း၊ ဤဂတိသမ္ပတ္တိဟူသည်ကား ပြည့်စုံသော အလားရှိသည်။ နတ်ပြည် လူ့ပြည်သည် ဂတိသမ္ပတ္တိ မည်၏ ဟူလိုသည်။

ဂတိဝိပတ္တိတိ သိပန္နာဂတိ၊ စတ္တာရော အပါယာ-ဟူရကား အပါယ်လေးဘုံသည် ဂတိဝိပတ္တိ မည်၏။

ဥပဓိသမ္ပတ္တိတိ အတ္တဘာဝသမိဒ္ဓိ-ဟူရကား အတ္တဘော၏ ပြည့်စုံခြင်းသည် ဥပဓိသမ္ပတ္တိ မည်၏။

ဥပဓိဝိပတ္တိတိ ဟီနအတ္တဘာဝတာ-ဟူရကား အတ္တဘော၏ မပြည့်စုံခြင်းသည် ဥပဓိဝိပတ္တိ မည်၏။

ကာလသမ္ပတ္တိတိ သုရာဇသုမနုဿ ကာလသခီါတော သမ္မန္နကာလော- ဟူရကား- ကောင်းသောမင်း၊ ကောင်းသောလူတို့၏ လက်ထက်ဟု ဆိုအပ်သော ပြည့်စုံသောကာလသည် ကာလသမ္ပတ္တိမည်၏။

ကာလဝိပတ္တိတိ ဒုရာဇမနုဿ ကာလသခီါတော ဝိပန္နကာလော-ဟူရကား မကောင်းသော မင်း၊ မကောင်းသောလူတို့၏ လက်ထက်ဟုဆိုအပ်သော မပြည့်စုံသောကာလသည် ကာလဝိပတ္တိ မည်၏။

ပယောဂ သမ္ပတ္တိတိ သမ္မာပယောဂေါ-ဟူရကား ကောင်းသော လုံ့လသည် ဂယောဂ သမ္ပတ္တိမည်၏။ ပယောဂဝိပတ္တိတိ မိစ္ဆာပယောဂေါ- ဟူရကား မကောင်းသော လုံ့လသည် ပယောဂဝိပတ္တိမည်၏။

ထို ၄-ပါးသော သမ္ပတ္တိဝိပတ္တိတို့တွင်–

အကုသိုလ်ကံသည် သမ္ပတ္တိစက် ၄-ပါး၌ တည်စဉ်

အကျိုးမပေးနိုင်သည်ကို ပြသော ပဌမစတုက္က

အကုသလမူလ၊ သမ္ပတ္တိမူလီ

၁-ဂတိသမ္ပတ္တိ

တစုံတယောက်သောသူအား များစွာသော အကုသိုလ်ကံတို့သည် ရှိကုန်၏။ ထိုကံတို့သည် ဂတိဝိပတ္တိ၌ တည်စဉ်သာ အကျိုးကိုပေးနိုင်ကုန်၏။ ထိုသတ္တဝါသည်ပင် တခုသော ကောင်းမှု

ကံကြောင့် ဂတိသမ္မတ္တိဌ်တည်စဉ် လူဌ်လည်းကောင်း၊ နတ်ဌ်လည်းကောင်း ဖြစ်လေ၏။ ထိုသို့ ဖြစ်ရာဌ် အကုသိုလ်၏အလှည့်သည် မရှိရာပြီ၊ ကုသိုလ်၏ အလှည့်သာလျှင်ရှိရာတော့သည်။

၂-ဥပဓိသမ္မတ္တိ

တစ်ယောက်သော သူအားလည်း များစွာကုန်သော အကုသိုလ်ကံတို့သည် ရှိကုန်၏။ ထိုကံတို့သည် ဥပဓိဝိပတ္တိတည်စဉ်သာ အကျိုးကိုပေးနိုင်ကုန်၏။ ထိုသူသည်ပင် တခုသောကောင်းမှုကြောင့် ဥပဓိသမ္မတ္တိဌ်တည်သည်ဖြစ်၍ ကောင်းသော သဏ္ဌာန်ရှိသော အင်္ဂါကြီးငယ်ရှိ၏။ အဆင်းလှ၏၊ ရှုဖွယ်ရှိ၏၊ ပြဟ္မာလုလင်နှင်တူ၏။ အကယ်၍ ကျွန်မဝမ်းဝယ်တည်၍ ကျွန်ပင် ဖြစ်ငြားသော်လည်း ဤသို့အဆင်းအင်္ဂါ လက္ခဏာရှိသောသူသည် ညစ်ညူးသောအမှုနှင့် မလျောက်ပတ်လေဟု ဆင်မြင်း စောင့်ထိန်းခြင်း စသောအမှုကို မပြုစေကုန်။ သိမ်မွေ့သော အဝတ်ပုဆိုးတို့ကိုဝတ်စေ၍ ဘဏ္ဍာစိုးအရာစသော အမှုကိုသာ ပြုစေကုန်၏။ အကယ်၍ မိန်းမဖြစ်အံ့၊ ထမင်းဟင်းချက်ခြင်း စသော အမှုကို မပြုစေကုန်မူ၍ အဝတ်တန်ဆာတို့ကို ဆင်ယင်ဝတ်စားစေ၍ အိပ်ရာခန်းစောင့်အရာဌ်သာလည်းကောင်း ပြုစေကုန်ရာ၏။ ထိုမိန်းမကို မိဖုရားကဲ့သို့ အကျွမ်းဝင်သောအရာဌ်သာလည်းကောင်း ထားလေကုန်ရာ၏။

ဘာတိကမင်းလက်ထက် နွားသားစားကုန်သော များစွာကုန်သော သူတို့ကို ယူခဲ့၍ မင်းအား ဆက်ပြကုန်၏။ ထိုသူတို့ကို ပေးလျော်အံ့သောငှာတတ်နိုင်ကုန်အံ့လောဟု မင်းကမေးလတ်သော် မတတ်နိုင်ကုန်ဟုဆိုကြကုန်၏။ ယင်းသို့တပြီးကား ထိုသူတို့ကို မင်းရင်ပြင်ဌ် သုတ်သင်ခြင်းကို ပြုစေကုန်ဟု ဆို၏။ ထိုသူတို့တွင် တယောက်သော သတို့သမီးသည်အလွန်အဆင်းလှ၏။ထိုသူကို မြင်၍ အတွင်းတော်သို့ဆောင်၍ အကျွမ်းဝင်သောအရာဌ် ထား၏။ ကြွင်းသော ဆွေမျိုးတို့သည်လည်း ထိုသူ၏အာနုဘော်ကြောင့် ချမ်းသာစွာ အသက်မွေးရကုန်၏။ ထိုသို့သဘောရှိသော ကိုယ်အင်္ဂါလက္ခဏာနှင့်ပြည့်စုံသောအဖြစ်ဌ် မကောင်းမှုတို့သည် အကျိုးပေးခြင်းငှာမစွမ်းနိုင်ကုန်။

၃-ကာလသမ္မတ္တိ

တစ်ယောက်သောသူအား များစွာသော မကောင်းမှုကံတို့သည် ရှိကုန်၏။ ထိုကံတို့သည် ကာလဝိပတ္တိဌ်တည်စဉ်သာ မကောင်းသော အကျိုးကို ပေးနိုင်ကုန်၏။ ။ထိုသူသည်ပင် တခုသော ကောင်းမှုကံကြောင့် ကမ္ဘာဦးဌ်လည်းကောင်း၊ စကြဝတေးမင်း၊ ဘုရားသခင်တို့၏ ဖြစ်စဉ်ဌ်လည်းကောင်း၊ ကောင်းသောမင်း၊ ကောင်းသောလူတို့၏ လက်ထက်ဌ်လည်းကောင်း ဖြစ်လေ၏။ ထိုသို့သော ကာလသမ္မတ္တိဌ် ဖြစ်သည်ရှိသော် အကုသိုလ်ကံသည် အကျိုးပေးခြင်းငှာ အခွင့်မရှိ၊ စင်စစ်ကုသိုလ်၏ အခွင့်သာလျှင်ဖြစ်၏။

၄-ပယောဂသမ္မတ္တိ

တစ်ယောက်သောသူအား များစွာကုန်သော မကောင်းမှုကံတို့သည် ရှိကုန်၏။ ထိုကံတို့သည် ပယောဂဝိပတ္တိဌ် တည်စဉ်သာလျှင် အကျိုးကိုပေးနိုင်ကုန်၏။ ။ထိုသူသည်ပင် တခုသော ကောင်းမှုကံကြောင့် ပယောဂသမ္မတ္တိဌ်တည်၏။ ပါဏာတိပါတစသည်မှ ကြဉ်၏။ ကာယ၊ ဝစီ မနော သုစရိုက်တို့ကိုဖြည့်၏။ ထိုသို့သောအရာဌ် အကုသိုလ်၏ အကျိုးပေးခွင့်သည်မရှိ။ စင်စစ် ကုသိုလ်၏သာလျှင် အကျိုးပေးခွင့်ရှိသည်ဖြစ်၏။

ဤလေးဝါရတို့သည် ဝိပတ္တိလေးပါးကိုနှိပ်၍ သမ္ပတ္တိလေးပါးကို အမှီရ၍ အကုသိုလ်ကံတို့သည် အကျိုးမပေးနိုင်သောအဖြစ်ကို ပြ၍ဟောတော်မူအပ်သော ပဌမစတုက္ကမည်၏။

ဤပဌမစတုက္ကဌ် တမွှဒါဠိက၊ အရှင်အင်္ဂုလိမာလ၊ ဟရိတစ ရှင်ရသေ့၊ အရိယာမည်သော တံငါတို့၏ ဝတ္ထုတို့ကို မှီ၍သိရာ၏။

အကုသိုလ်ကံသည် ဝိပတ္တိ စက်လေးပါးဌ်တည်စဉ်

အကျိုးပေးနိုင်သည်ကိုပြသော ဒုတိယစတုက္က

အကုသလမူလ၊ ဝိပတ္တိမူလိ

၁-ဂတိဝိပတ္တိ

တစ်ယောက်သောသူအား များစွာသော မကောင်းမှုကံတို့သည် ရှိကုန်၏ ထိုကံတို့သည် ဂတိသမ္ပတ္တိဌ်တည်စဉ် အကျိုးမပေးနိုင်ကုန်။ ထိုသူသည်ပင် တခုသော မကောင်းမှုကံကြောင့် ဂတိဝိပတ္တိဌ်ဖြစ်၏။ ထိုဂတိဝိပတ္တိဌ် ထိုသူအား ထိုမကောင်းမှု ကံတို့သည် ကပ်လာကုန်၍ အလှည့်အလည်အားဖြင့် အကျိုးပေးကုန်၏။ ရံခါငရဲဌ်၊ ရံခါတိရစ္ဆာန်ဌ်၊ ရံခါပြိတ္တာဌ် ရံခါအသုရကာယ်ဘုံဌ် ဖြစ်စေကုန်၏။ ရှည်စွာသော ကာလပတ်လုံး အပါယ်ဘုံမှ ဦးခေါင်းချိစိမ့်သောဌ် အခွင့်မပေးကုန်။

၂-ဥပဓိဝိပတ္တိ

တစ်ယောက်သောသူအား များစွာသော မကောင်းမှုကံတို့သည် ရှိကုန်၏။ ထိုကံတို့သည် ဥပဓိသမ္ပတ္တိဌ်တည်စဉ် အကျိုးမပေးနိုင်ကုန်။ ထိုသူသည် တခုသော မကောင်းမှုကံဖြင့် ဥပဓိဝိပတ္တိဌ်တည်၏။ အဆင်းမလှ၊ သဏ္ဌာန်မလှ၊ အင်္ဂါချို့တဲ့၏။ မြေဘုတ်ဘီလူးနှင့်တူသည်ဖြစ်၍ ကြောက်မက်ဖွယ်ရှိ၏။ ထိုသူသည် အကယ်၍ ကျွန်မဝမ်းဌ် တည်၍ ကျွန်ဖြစ်၏။ ထိုသူအား ဤအမှုသည် လျှောက်ပတ်၏ဟု ယုတ်သော အပိုင်းအခြားအားဖြင့် ဘင်ကျူးစသော အလုံးစုံသော ညစ်ညူးသောအမှုတို့ကို ပြုစေကုန်၏။ အကယ်၍ မိန်းမဖြစ်အံ့၊ ထိုမိန်းမအား ဤအမှုသည် လျှောက်ပတ်၏ဟု ထိုမိန်းမအား အလုံးစုံသော ညစ်ညူးသော အမှုတို့ကိုပြုစေကုန်၏။ အမျိုးကောင်းအိမ်ဌ် ဖြစ်သော်လည်း အခွန်အတုတ်ဖြင့် နှိပ်စက်၍ မင်းချင်းတို့သည် အိမ်ကျွန်မ အမှတ်ဖြင့် နှောင်ဖွဲ့၍ သွားလေကုန်၏။ ကောတလဝါပီရွာဌ် သူဌေးကြီး မယားကဲ့သို့တည်း။

၃-ကာလဝိပတ္တိ

တစ်ယောက်သောသူအား များစွာသော မကောင်းမှုကံတို့သည် ရှိကုန်၏။ ထိုကံတို့သည် ကာလသမ္ပတ္တိဌ် ဖြစ်သောသူအား အကျိုးမပေးနိုင်ကုန်။ ထိုသူသည် တခုသော မကောင်းမှုကံကြောင့် ကာလဝိပတ္တိဖြစ်သော မကောင်းသောမင်း၊ မကောင်းသော လူတို့လက်ထက်ဌ်လည်းကောင်း၊ ဆုတ်သောအာယုကပ် ဆယ်နှစ်တမ်းကာလဌ်လည်းကောင်းဖြစ်၏။ အကြင်အခါငါးပါးသော နွားနို့အရသာတို့သည် ပြတ်ကုန်၏။ လူးထမင်းမျှသည်လျှင် မြတ်သောဘောဇဉ်

ဖြစ်၏။ အကယ်၍ လူ့ပြည်၌ ဖြစ်သော်လည်း သမင်ကျွဲနွားနှင့်တူသော အသက်မွေးခြင်းဖြင့် အသက်မွေးရသည်ဖြစ်၏။ ထိုသို့သောကာလ၌ ကုသိုလ်ကံ၏အကျိုးပေးခွင့်သည်မရှိ။ စင်စစ်အားဖြင့် အကုသိုလ်ကံ၏အကျိုးပေးခွင့်သည်သာလျှင် ဖြစ်၏။

၄-ပယောဂဝိပတ္တိ

တစ်ယောက်သောသူအား များစွာသောမကောင်းမှုကံတို့သည် ရှိကုန်၏။ ထိုကံတို့သည် ပယောဂသမ္ပတ္တိ၌ တည်သောသူအား အကျိုးမပေးနိုင်ကုန်။ ထိုသူသည် ပယောဂဝိပတ္တိ၌တည်၍ ပါဏာတိပါတစသော ဆယ်ပါးသော အကုသိုလ်ကံတို့ကို ပြု၏။ ထိုသူအား အပြစ်နှင့်တကွ ဖမ်းယူ၍ မင်းအားပြကုန်၏။ မင်းသည် များစွာကုန်သော ကမ္မကရဏာတို့ကို ပြုစေ၍ သတ်စေ၏။

ဤသို့ လေးပါးသော သမ္ပတ္တိတို့ဖြင့် ပိတ်ပင်တားမြစ်အပ်သော အကုသိုလ်ကံသည် အကျိုးမပေးမူ၍ လေးပါးသော ဝိပတ္တိကိုစွဲ၍ အကျိုးပေး၏။

ဥပမာကား။ ။တယောက်သော ယောကျ်ားမိုက်သည် တစုံတခုသောအမှုဖြင့် မင်းအား နှစ်သက်စေရာ၏။ ထိုသူ့အား မင်းသည် အရာအထူး၌ထား၍ ကျေးရွာပေး၍ ရွာစားခန့်ရာ၏။ ထိုသူသည် ထိုအရာကို ကောင်းစွာ မစောင့်ရှောက် မသုံးဆောင်နိုင်မူ၍ တောမျောက်ရသော ထမင်းထုပ်ကိုကဲ့သို့ ပရမ်းပတာ ဖျက်ဆီးရာ၏။ သူစည်းစိမ်ကို ဗလက္ကာရန္ဒိပ်စက်ညှဉ်းဆဲ၍ ယူရာ၏။ ကျေးရွာသားတို့သည် ဤသူကား မင်းကျွမ်းဝင်သောသူတည်းဟု တစိုးတစိမ့်မျှဆိုခြင်းငှာ မတတ်နိုင်ကုန်။ ထိုရွာစားမိုက်သည် တစ်ဦးသော အထူးသဖြင့် မင်းကျွမ်းဝင်သော အမတ်ကြီးအား ပြစ်မှားပြန်လေ၏။ ထိုမင်းကျွမ်းဝင်သော အမတ်ကြီးသည် ရွာစားကိုဖမ်း၍ ပုတ်ခတ်ပြီးလျှင် မြေ၌ ကျောက်ကုန်းဖြင့် ပွတ်တိုက်စေလျက် ဆွဲငင်ခဲ့စေ၍ မင်းထံကပ်ပြီးလျှင် ဤရွာစားသည် အရှင်မင်းကြီး၏ ကျေးရွာကို ဖျက်ဆီးသော သူတည်းဟု လျှောက်၏။ မင်းလည်း နှောင်အိမ်၌ ထားစေ၍ ဤရွာစားသည် အဘယ်သူ၏ဥစ္စာကို ဆောင်ယူသနည်းဟု မြို့ရွာ၌ စည်လည်စေသည်ရှိသော် လူတို့သည်လာကုန်၍ အကျွန်ုပ်၏ ဤဥစ္စာကို ယူပါသည်၊ အကျွန်ုပ်၏ ဤဥစ္စာကို ယူပါသည်ဟု ကြွေးကြော်ကုန်ရာ၏။ မင်းလည်း ရှေးထက်အလွန် အမျက်ထွက်ပြန်၍ အထူးထူးအပြားပြားဖြင့် နှောင်အိမ်၌ ပင်ပန်းစေ၍ သုဿာန်သို့ဆောင်ပြီးလျှင် သတ်လေဟု ဆိုရာ၏။

ဥပမာ၌ ထိုရွာစားအား တစုံတခုသော အမှုဖြင့် မင်းကို နှစ်သက်စေ၍ အရာအထူးကို ရသောအခါကဲ့သို့ ပုထုဇဉ်အားလည်း တစုံတခုသော ကောင်းမှုကံကြောင့် နတ်ပြည်၌ဖြစ်သောအခါကို မှတ်အပ်၏။ ထိုရွာစားသည် ကျေးရွာကို ဖျက်ဆီး၍ လူတို့၏ဥစ္စာကို လုယူသော်လည်း တယောက်သောသူမျှ ဆိုခြင်းငှာမဝံ့သောအခါကဲ့သို့ ထိုနတ်ပြည်၌ ဖြစ်စဉ် အကုသိုလ်ကံ၏ အကျိုးပေးခွင့်မရသောအခါကို သိအပ်၏။ ထိုရွာစားသည် တစ်နေ့သ၌ မင်းကျွမ်းဝင်သော အမတ်ကြီးအား ပြစ်မှား၍ ထိုမင်းကျွမ်းဝင်သော အမတ်ကြီးသည် အမျက်ထွက်သဖြင့် ပုတ်ခတ်ပြီးလျှင် မင်းအားကြားစေ၍ နှောင်အိမ်၌ နှောင်ဖွဲ့သော အခါကဲ့သို့ ဤသူ့အား နတ်ပြည်မှ စုတေခဲ့၍ ငရဲ၌ဖြစ်သောအခါကို မှတ်အပ်၏။ လူတို့သည် အကျွန်ုပ်၏ ဤဥစ္စာကို ယူပါသည်၊ အကျွန်ုပ်၏ ဤဥစ္စာကိုယူပါသည်ဟု ကြွေးကြော်သောအခါကဲ့သို့ ထိုငရဲ၌ဖြစ်စဉ် ခပ်သိမ်းသော အကုသိုလ်ကံတို့သည် ပေါင်းဆုံစည်းဝေး၍

ယူသောအခါကို မှတ်အပ်၏။ သုသာန်၌ပစ်စွန့်သောအခါကဲ့သို့ တခုခုသောကံသည် ကုန်သည်ရှိသော် တပါးပါးသောကံသည် အကျိုးကိုပေးပြန်သဖြင့် ငရဲမှ ဦးခေါင်းမချီမူ၍ တကမ္ဘာပတ်လုံးလည်း ငရဲ၌သာ ကျက်ခံရသောအခါကို မှတ်အပ်၏။

တကမ္ဘာပတ်လုံး ခံထိုက်သော ကပ္ပဋိတိကံကို မပြုပါပဲလျက် တကမ္ဘာပတ်လုံး ငရဲ၌ ကျက်ရခံရသော သတ္တဝါတို့သည် တယောက်မျှသာလည်း မဟုတ်ကုန်။ နှစ်ယောက်မျှသာ လည်းကောင်း။ တရာမျှသာလည်းကောင်း။ တထောင်မျှသာ လည်းကောင်း မဟုတ်ကုန်။ ဤသို့လျှင် တကမ္ဘာပတ်လုံး ငရဲ၌ခံထိုက်သော ကပ္ပဋိတိကံကို မပြုပါပဲလျက် တကမ္ဘာပတ်လုံး ငရဲ၌ ခံရ ကျက်ရသော သတ္တဝါတို့သည် ဤရွှေ့ဤမျှ ရှိ၏ဟု မရေမတွက်နိုင်၊ အရေအတွက်ကို လွန်ကြကုန်၏။

ဤလေးဝါရသည် သမ္မတ္တိလေးပါးကို နှိပ်၍ ဝိပတ္တိလေးပါးကို အမှီရ၍ အကုသိုလ်ကံတို့သည် အကျိုးပေးနိုင်သော အဖြစ်ကိုပြု၍ ဟောတော်မူအပ်သော ဒုတိယစတုက္ကနည်း မည်၏။

ဤဒုတိယစတုက္က၌ မတကဘတ္တဇာတ်တွင်လာသော ဆိတ်ငယ်၊ ဓမ္မဒိန္နာမိဖုရားအလောင်း ဆိတ်မငယ်၊ ဗိမ္မိသာရမင်း၏ ဆွေမျိုးဖြစ်သော တိရောကုဋ္ဌပြိတ္တာ၊ သူစိမ်းလောမပြိတ္တာ၊ ကပိလငါး၊ မလ္လိကာမိဖုရားစသည်တို့၏ ဝတ္ထုကိုမှီ၍ သိရာ၏။

ကုသိုလ်ကံသည် ဝိပတ္တိစက် ၄-ပါး၌တည်စဉ်

အကျိုးမပေးနိုင်သည်ကိုပြသော တတိယစတုက္က

ကုသလမူလဝိပတ္တိမူလီ

၁-ဂတိဝိပတ္တိ

ဤလောက၌ အချို့သောသူအား များစွာသော ကောင်းမှုကံတို့သည် ရှိကုန်၏။ ထိုကံတို့သည် ဂတိသမ္ပတ္တိ၌တည်သော သူအားသာလျှင် အကျိုးကို ပေးနိုင်ကုန်၏။ ထိုသူသည်ပင် တခုသော မကောင်းမှုကံဖြင့် ဂတိဝိပတ္တိဖြစ်သော ငရဲ၌ လည်းကောင်း၊ အသုရကာယ်၌ လည်းကောင်း ဖြစ်လေ၏။ ထိုသို့သဘောရှိသော အရပ်၌ ကုသိုလ်ကံသည် အကျိုးပေးခြင်းငှာ မတတ်နိုင်ရာ။ စင်စစ်အားဖြင့် အကုသိုလ်သည်သာလျှင် အကျိုးပေးခြင်းငှာ တတ်နိုင်ရာ၏။

၂-ဥပဓိဝိပတ္တိ

တယောက်သော သူအားလည်း များစွာသော ကောင်းမှုကံတို့သည် ရှိကုန်၏။ ထိုကံတို့သည် ဥပဓိသမ္ပတ္တိ၌ တည်စဉ်သာ အကျိုးပေးနိုင်ကုန်ရာ၏။ ထိုသူသည်ပင် တခုသော မကောင်းမှုကံကြောင့် ဥပဓိဝိပတ္တိ၌တည်၍ အဆင်းအဂိမလှ၊ မြေဘုတ်ဘီလူးနှင့် တူ၏။ ထိုသူသည် အကယ်၍ မင်းမျိုး၌ဖြစ်သော်လည်း အဖသေလွန်သဖြင့် ဤသို့ အသရေမရှိသော သူအား မင်းပြုစေသဖြင့် အဘယ်မူစအံ့နည်းဟု ပယ်လေခြင်းကြောင့် မင်းအဖြစ်ကို မရရာ။

စစ်သူကြီးအိမ် စသည်တို့၌ ဖြစ်သောသူသည်လည်း စစ်သူကြီးအရာ စသည်တို့ကို မရရာ။ သူဌေးအိမ်၌ ဖြစ်သော်လည်း သူဌေးအရာကို မရရာ။ ဤသို့သော အနက်ကို ထင်စွာပြအံ့ သောငှာ ဒီပရာဇဝတ္ထုကို ဆိုအပ်၏။

မင်းကြီးသည် ဒီပရာဇာမင်းသား ဖွားသောအခါ၌ မိဖုရားအား ကြည်ညို၍ ဆုကိုပေး၏။ မိဖုရားလည်း ဆုကိုယူ၍ထား၏။ မင်းသားသည် ခုနစ်နှစ် ရှစ်နှစ်အရွယ်သို့ ရောက်သော ကာလ မင်းသားတကာတို့ မကျင့်ရာသော ကြက်တိုက်, အန်ခတ်အမူကို ကြိုက်တတ်သည်ဖြစ် ၍ မင်းရင်ပြင်၌ ကြက်တိုက်စေ၏။ ကြက်တခုသည် ပြန်ဆုတ်၍ မင်းသား၏ မျက်စိရှိရာသို့ လာသဖြင့် မျက်စိ ပျက်လေ၏။ မယ်တော်မိဖုရားသည် မင်းသား၏ တဆယ့်ခြောက်နှစ်ရွယ် သို့ ရောက်သောကာလ ပြည်ကိုဆောင်စေအံ့ဟု မင်းထံကပ်၍ အရှင်မင်းကြီး၊ သားဖွားစ သော ကာလ ဆုပေးတော်မူ၏။ အကျွန်ုပ်လည်း ထိုဆုကိုယူ၍ထား၏။ ယခုအခါ ထိုဆုကို လိုပါ၏ဟုဆို၏။ မိဖုရားမြတ်၊ ယူလော့ဟု မိန့်တော်မူ၏။

အရှင်မင်းကြီး၊ အကျွန်ုပ်သည် အရှင်မင်းကြီးအထံမှ တစုံတခုမျှ မရသောမည်သည် မရှိပေ။ ယခုအခါ၌ကား အကျွန်ုပ်သားအား မင်း၏အဖြစ်သို့ ပေးတော်မူလော့ဟု ဆို၏။ ရှင်မိဖုရား၊ သင်သားသည်ကား စက္ခုမစုံ အင်္ဂါမြဲသောသူတည်း။ ပြည်နှင့်မတန်ဆိုရာရှိသည်။ ထို့ကြောင့် ပြည်စည်းစိမ်ကို မပေးလိုပြီဟု မိန့်၏။ မိဖုရားသည် အရှင်မင်းကြီး သင်မင်းကြီး တို့သည် အကျွန်ုပ်နှစ်သက်သောဆုကို ပေးအံ့သောငှာ မတတ်နိုင်ပဲလျက် အဘယ့်ကြောင့် ဆုကို ပေးတော်မူကုန်သနည်းဟု ဆို၏၊ မင်းကြီးသည် အဖန်တလဲလဲ တောင်းကြိမ်များလှ၍ သင့်သားကန်းအား အလုံးစုံသော လက်ာဒီပကျွန်းအပြင်၌ မင်းအဖြစ်ကို ပေးအံ့သောငှာ အလိုတော်မရှိ။ နာဂဒီပကျွန်းအရံ၌သာ ထီးဖြူကျင်း၍ မင်းပြုစေလော့ဟု ပေးလေ၏။ ထိုမင်းသားအား ဒီပရာဇာဟူသော အမည်သည်ဖြစ်၏။ အကယ်၍တည်း စက္ခုမမဲ့ မချို့တဲ့ သည်ဖြစ်အံ့။ ယူဇနာသုံးရာ အဝန်းရှိသော အလုံးစုံသောသီဟိုဠ်ကျွန်း၌ ခပ်သိမ်းသော စည်းစိမ်ချမ်းသာကို အခြံအရံရှိသော မင်းအဖြစ်ကို ရရာ၏။

ဤသို့ ဥပဓိဝိပတ္တိသည် ကုသိုလ်ကံ၏အခွင့်ကို တားမြစ်၍ အကျိုးမပေးနိုင်ရာသည်ကို သိရာ၏။

၃-ကာလဝိပတ္တိ

တယောက်သောသူအား များစွာသော ကောင်းမှုကံတို့သည် ရှိကုန်၏။ ထိုကံတို့ သည် ကာလသမ္ပတ္တိ၌ တည်သောသူအားသာလျှင် အကျိုးပေးနိုင်ကုန်၏။ ထိုသူသည်ပင် တခု သော မကောင်းမှုကံကြောင့် ကာလဝိပတ္တိဖြစ်သော မကောင်းသောမင်း၊ မကောင်းသော လူတို့လက်ထက်၌လည်းကောင်း၊ ဆုတ်ကပ်ဖြစ်သော နှစ်ဆန်း၌လည်းကောင်း ဖြစ်လေ၏။ ထိုသို့သဘောရှိသောအခါ၌ ကောင်းမှုကံသည် အကျိုးပေးခြင်းငှာ မတတ်နိုင်ရာ။

၄-ပယောဂဝိပတ္တိ

တယောက်သောသူအား များစွာသော ကောင်းမှုကံတို့သည် ရှိကုန်၏၊ ထိုကံတို့သည် ပယောဂသမ္ပတ္တိ၌တည်သော သူအားသာလျှင် အကျိုးပေးနိုင်ကုန်ရာ၏။ အကြင်သူသည်

ပယောဂ ဝိပတ္တိ၌ တည်လျက် သူ့အသက်ကို သတ်တတ်၏၊ မကောင်းသော အကျင့်ကိုသာ ကျင့်၏၊ ထို့ကြောင့် အမျိုးတူသော သူတို့သော်လည်း ထိုသူနှင့် အိမ်ရာသိမ်းဆည်းခြင်းကို မပြုလိုကုန်၊ ဤသူကား ကျွတ်ထိုခုတ္တ၊ သုရာခုတ္တ၊ အက္ခဒုတ္တတည်း၊ ဤသူကား ယောကျ်ားယုတ်တည်းဟူ၍ ဝေးစွာ ဖဲကြဉ်ကုန်၏။ ကောင်းမှုကံတို့သည်လည်း အကျိုးပေးခြင်းငှာ မစွမ်းနိုင်ကုန်။ ဤသို့လျှင် လေးပါးသော သမ္မတ္တိကိုစွဲ၍ အကျိုးပေးတတ်သော ကောင်းမှုကံတို့သည် လေးပါးသော ဝိပတ္တိတို့သည် တားမြစ်ခြင်းကြောင့် အကျိုးမပေးနိုင်ကုန်။

ဤလေးဝါရသည် သမ္မတ္တိ လေးပါးကိုနှိပ်၍ ဝိပတ္တိ လေးပါးသည် အဓိကပြု၍ ကုသိုလ်ကံတို့သည် အကျိုးမပေးနိုင်သော အဖြစ်ကိုပြု၍ ဟောတော်မူအပ်သော တတိယ စတုက္ကဌ အလွန်ကုသိုလ်ကံရှိလျက် ငရဲခံရသော တေမိမင်းသား၊ အရှင်ဒေဝဒတ်၊ အရှင်လောသကတိဿ၊ ဧရကပတ္တနဂါးမင်းတို့ ဝတ္ထုကိုမှီ၍ သိရာ၏။

ကုသိုလ်ကံသည် သမ္မတ္တိစက် ၄-ပါး၌ တည်စဉ်

အကျိုးပေးနိုင်သည်ကို ပြသော စတုတ္ထစတုက္ကံ

ကုသလမူလ သမ္မတ္တိမူလီ

၁- ဂတိသမ္မတ္တိ

တယောက်သောသူအားလည်း များစွာသော ကောင်းမှုကံတို့သည် ရှိကုန်၏။ ထိုကံတို့သည် ဂတိဝိပတ္တိ၌ တည်သောသူအား အကျိုးကို မပေးနိုင်ကုန်။ ထိုသူသည်ပင် တခုသော ကောင်းမှုကံကြောင့် ဂတိသမ္မတ္တိ၌သာလျှင် ဖြစ်၏၊ ထိုအခါ ထိုသူအား ထိုကံတို့သည် ကပ်လာ၍ အလှည့်အလည်အားဖြင့် အကျိုးပေးကုန်၏၊ ရံခါ လူပြည်၌ ရံခါနတ်ပြည်၌ ဖြစ်စေကုန်၏။

၂- ဥပဓိသမ္မတ္တိ

တယောက်သောသူအားလည်း များစွာသော ကောင်းမှုကံတို့သည် ရှိကုန်၏။ ထိုကံတို့သည် ဥပဓိဝိပတ္တိ၌ တည်သောသူအား အကျိုးမပေးနိုင်ကုန်။ ထိုသူသည်ပင် တခုသော ကောင်းမှုကံကြောင့် ဥပဓိသမ္မတ္တိ၌ တည်၏။ အလွန်အဆင်းလှ၏။ ပြဟ္မာငယ်နှင့်တူ၏၊ ထိုသူအား ဥပဓိသမ္မတ္တိ၌ တည်သောကြောင့် ကောင်းမှုကံတို့သည် အကျိုးပေးကုန်၏။ အကယ်၍ မင်းမျိုး၌ ဖြစ်အံ့၊ တပါးကုန်သော အစ်ကိုကြီးတို့သည် ရှိကုန်ငြားသော်လည်း ဤသူသည် အဆင်းအင်္ဂါလက္ခဏာနှင့်ပြည့်စုံ၏။ ဤသူအား ထီးဖြူဆောင်းစေရသည်ရှိသော် လူများအား ချမ်းသာခြင်းဖြစ်လတ္တံ့ဟု ထိုသူကိုသာလျှင် မင်းအဖြစ်၌ အဘိသိက်သွန်းကုန်၏၊ အိမ်ရှေ့မင်းအိမ် စသည်တို့၌ ဖြစ်သည်ရှိသော် အဖသေလွန်သဖြင့် အိမ်ရှေ့မင်းအရာ စသည်တို့ကိုရ၏။

၃- ကာလသမ္မတ္တိ

တယောက်သောသူအားလည်း များစွာသော ကောင်းမှုကံတို့သည် ရှိကုန်၏။ ထိုကံတို့သည် ကာလဝိပတ္တိ၌ တည်သောသူအား အကျိုးမပေးနိုင်ကုန်။ ထိုသူသည်ပင် တခုသော ကောင်းမှု

က်ကြောင့် ကာလသမ္မတ္တိ၌ ဖြစ်၏။ ကောင်းသောမင်း ကောင်းသောလူတို့ လက်ထက် ကာလသမ္မတ္တိ၌ ဖြစ်သောသူအား ကောင်းမှုကံတို့သည် အကျိုးပေးကုန်၏။

ဤအရာ၌ မဟာသောဏထေရ်ဝတ္ထုကို ဆိုအပ်၏။ တရံရောအခါ ဗြာဟ္မဏတိဿ ခိုးသူဘေးကြောင့် စိတ္တလပဗ္ဗတ၌ တသောင်းနှစ်ထောင်သော ရဟန်းတို့သည် နေကုန်၏။ ထို့အတူ တိဿမဟာဝိဟာရ၌လည်း တသောင်း နှစ်ထောင်သော ရဟန်းတို့သည် နေကုန်၏။ ကျောင်းနှစ်ရပ်၌ သုံးနှစ်စာဖြစ်သော ရိက္ခာတို့ကို တညဉ့်တည်းဖြင့် ကြွက်ကြီးတို့သည် ခဲကုန်၏။ ဖွဖွမျှသာ ကြွင်းကုန်၏။ စိတ္တလပဗ္ဗတ၌ နေသော ရဟန်းတို့သည် တိဿမဟာဝိဟာရ၌ မျိုးရိက္ခာရှိလတ္တံ့။ ထိုအရပ်သို့ သွား၍ ဝါဆိုကုန်အံ့ဟု ကျောင်းမှ ထွက်ခဲ့ကြကုန်၏။ တိဿမဟာဝိဟာရ၌ နေသော ရဟန်းတို့သည်လည်း စိတ္တလတောင်၌ မျိုးရိက္ခာရှိလတ္တံ့။ ထိုအရပ်သို့ သွား၍ ဝါဆိုကုန်လတ္တံ့ဟု ကျောင်းမှ ထွက်ခဲ့ကုန်၏။ ထိုနှစ်ပါးစုံတို့သည် တခုသော ဂမ္ဘီရတော ချောက်ကမ်းနား၌ တွေ့ကြလေ၍ မေးကြသဖြင့် ရိက္ခာကုန်သော အဖြစ်ကို သိ၍ ဤအရပ်သို့ သွား၍ အဘယ်ပြုအံ့နည်းဟု နှစ်သောင်းလေးထောင်သော ရဟန်းတို့သည် ဂမ္ဘီရ ချောက်တောသို့ဝင်၍ နေမြဲကျောင်း၌ပင် ပရိနိဗ္ဗာန် စံယုကုန်၏။ နောင်အခါ ဘေးငြိမ်းလတ်သော် ရဟန်းအပေါင်းတို့သည် သီကြားမင်းကို ယူစေ၍ ဓာတ်တော်ကို စုရုံးပြီးလျှင် စေတီပြုစေ၏။

ဗြာဟ္မဏတိဿ ခိုးသူသည်လည်း ဇနပုဒ်ကျေးရွာတို့ကို ဖျက်ဆီး၏။ ရဟန်းအပေါင်းတို့သည် စုရုံးတိုင်ပင်၍ ခိုးသူကို ငြိမ်းစေလော့ဟု သီကြားမင်းထံသို့ ရှစ်ယောက်သော မထေရ်တို့ကို စေလိုက်၏။ သီကြားမင်းလည်း ခိုးသူကား မျှား၏။ မြစ်အံ့သောဌာ မတတ်နိုင်။ ရဟန်းအပေါင်းတို့သည် သမုဒ္ဒရာတဘက်သို့ ကြွတော်မူလော့။ အကျွန်ုပ်သည် သမုဒ္ဒရာအစောင့်ကို ပြုအံ့ဟု ဆို၏။ ရဟန်းတို့သည် ခပ်သိမ်းသော အရပ်တို့မှ နာဂဒီပကျွန်းသို့ သွား၍ ဇမ္ဗုကောဋ္ဌဆိပ်၌ ဘုံသုံးဆင့်ရှိသော ဖောင်ကို ဖွဲ့စေ၏။ တထပ်သော ဘုံသည် ရေ၌ နစ်၏။ တထပ်သော ဘုံ၌ ရဟန်းသံဃာသည် နေ၏။ တထပ်သောဘုံ၌ သပိတ် သင်္ကန်းတို့ကို ထားလေကုန်၏။

သံယုတ္တနိကာယ်ကို ဆောင်သော စူဠသိဝထေရ်၊ ဣသိဒတ္တထေရ်၊ မဟာသောဏထေရ် ဤသုံးပါးသော ထေရ်တို့သည် ထိုပရိသတ်တွင် အကြီးဖြစ်ကုန်၏။ ထိုသုံးပါးတို့တွင် နှစ်ပါးသော မထေရ်တို့သည် ငါရှင်မဟာသောဏ၊ ဖောင်သို့ တက်လော့ဟု ဆိုကုန်၏။ အရှင်ဘုရားတို့သာ တက်ကုန်လော့ဟု ဆို၏။ ငါရှင်သောဏ ရေ၌ သေရခြင်းသည်လည်းကောင်း၊ ကြည်း၌ သေရခြင်းသည်လည်းကောင်း အတူတူပင်တည်း။ ငါတို့ကား မကူးလိုကုန်ပြီ၊ သင့်ကိုမှီ၍ကား နောင်အခါ သာသနာအဆက်သည် တည်ထွန်းရစ်လတ္တံ့။ ငါရှင်သောဏ၊ သင်သာကူးပါလော့ဟုဆိုကုန်၏။ အရှင်ဘုရားတို့ အကျွန်ုပ်တို့ကား အရှင်ဘုရားတို့ မကူးလိုသည်ရှိသော် မကူးပါပြီဟု သုံးကြိမ်မြောက်တိုင်အောင်ဆို၍လည်း သောဏထေရ်ကို တက်စိမ့်သောဌါ မတတ်နိုင်၍ ပြန်ခဲ့ကြကုန်၏။

ထိုအခါ စူဠသိဝထေရ်သည် ဣသိဒတ္တထေရ်ကိုဆို၏။ ငါရှင်ဣသိဒတ္တ နောင်အခါ မဟာသောဏထေရ်ကိုမှီ၍ သာသနာ အရှည်တည်ရစ်လတ္တံ့။ ထိုမထေရ်ကို လက်မလွတ်ပါလင့်ဟု ဆို၏။ အရှင်ဘုရားတို့ အဘယ်သို့ သွားမည်နည်းဟုဆိုသော် စူဠသိဝထေရ်လည်း ငါမူကား မဟာစေတီကို ရှိခိုးခြင်မ့်မည်ဟုဆို၍ မထေရ်နှစ်ပါးကို ဆုံးမသြဝါဒပေးပြီးလျှင် အစဉ်သဖြင့်

ဒေသစာရီကြွသည်ရှိသော် မဟာဝိဟာရသို့ ရောက်လေ၏။ ထိုအခါ မဟာဝိဟာရတိုက်သည် လူမရှိဆိတ်၏။ စေတီတော်ရင်ပြင်၌ ကြက်ဆူပင်တို့သည် ရောက်ကုန်၏။ စေတီကို ချဲ့တို့ဖုံးလွှမ်းကုန်၏။ မှော်ပင်ဖြင့် မြွေရှက်၏။ စူဠသိဝထေရ်သည် သက်တော်ထင်ရှားရှိသော ဘုရားအားရှိသေခြင်းကို ပြုဘိသကဲ့သို့ မဟာစေတီကိုရှိခိုး၍ အနောက်မျက်နှာ၌ ဇရပ်သို့ဝင်၍ ကြည့်ပြန်လတ်သော် ဤသို့ သဘောရှိသော လာဘ်ပူဇော်သက္ကာရဖြင့် ကျော်စောခြင်းသို့ ရောက်ပြီးသော သရီရဓာတုစေတီ၏ တည်ရာဌာနသည် ကိုးကွယ်သူမဲ့လျက် ရှိရဘိ၏ တကားဟု အဖန်တလဲလဲ ကြေကွဲတော်မူလျက် နားနေတော်မူ၏။

ထိုအခါ အနီးဖြစ်သော သစ်ပင်၌ စောင့်သောနတ်သည် ခရီးသွားသော ယောကျ်ားအဟန်ဖြင့် ဆန်တတုံကိုလည်းကောင်း၊ တင်လဲဆိုင်ကိုလည်းကောင်း ဆောင်ခဲ့၍ စူဠသိဝထေရ်၏ အထံသို့လာ၍ အရှင်ဘုရားသည် အဘယ်အရပ်သို့ ကြွမည်နည်းဟု မေး၏။ ဥပါသကာ ငါကား တောင်အရပ်သို့ သွားလို၏ဟုမိန့်၏။ အကျွန်ုပ်လည်း ထို့အတူပင် သွားလိုပါသည်။ အတူတကွ သွားကြပါအံ့ဟု လျှောက်၏။

ဥပါသကာ ငါကား အားနည်း၏။ သင်နှင့်အတူ သွားခြင်းငှါ မစွမ်းနိုင်ရာ။ သင်သာရှေ့သွားလော့ဟုမိန့်၏။ အကျွန်ုပ်သည် အရှင်ဘုရား၏ သွားတိုင်းဖြင့်သာ သွားပါအံ့ဟုလျှောက်၍ မထေရ်၏ သပိတ်သင်္ကန်းကိုဆောင်၏။ တိသဝါပိုအရပ်သို့ရောက်သောကာလ၌လည်းသပိတ်ကို ဆောင်၍ အဖျော်ပြု၍ ကပ်၏။ မထေရ်အား သောက်ကာမျှ၌လျှင် အားနှင့် ပြည့်စုံခြင်းသို့ ရောက်၍ တည်တံ့နိုင်၏။ နတ်သည် မြေကိုချဲ့စေ၍ ဝေဏုမြစ်အနီး၌ ရဟန်းတို့ စွန့်အပ်သော တခုသောကျောင်းသို့ရောက်လျှင် မထေရ်အား နေရာကိုသုတ်သင်၍ပေး၏။ မိုးသောက်လျှင် မထေရ်မျက်နှာဆေးစဉ်၌ ယာဂုချက်၍ ကပ်၏။ ယာဂုသောက်စဉ် ဆွမ်းချက်၍ ကပ်၏။ မထေရ်သည် သင့်အဖို့ ခြင်းဦးလောဟု သပိတ်ကို လက်ဖြင့်ပိတ်၏။ ငါကား အဝေးသို့မသွားပြီဟု မထေရ်မိန့်လတ်သော် နတ်သည် သပိတ်၌ဆွမ်းကိုထည့်၍ မထေရ်ဆွမ်းစားပြီးသော် သပိတ်သင်္ကန်းကိုယူ၍ ခရီးသွားကြပြန်သော်မြေကိုချဲ့စေ၍ ဇဇ္ဈရမြစ်အနီးသို့ ဆောင်၍ အရှင်ဘုရား ဤအရပ်သည်ကား သစ်ရွက်ကိုစားသော လူတို့၏ နေရာအရပ်တည်း။ အငွေ့ အခိုးသည်လည်း ထင်မြင်လတ်ပြီ။ အကျွန်ုပ်သည် ရှေ့သို့သွားနှင့်တော့အံ့ဟုဆို၍ မထေရ်ကိုရှိခိုးပြီးမှ မိမိနေရာသို့ပြန်လေ၏။ မထေရ်လည်း ဘေးရှိသမျှသော ကာလပတ်လုံး သစ်ရွက်စားသော လူတို့ကို မှီ၍ နေတော်မူ၏။ ဤကားစူဠသိဝထေရ် အကြောင်းတည်း။

ကသိဒတ္တထေရ်လည်း မဟာသောဏထေရ်နှင့်တကွ အစဉ်သဖြင့် ဒေသစာရီကြွတော်မူသည်ရှိသော် အဇဇနပုဒ်သို့ရောက်၏။ ထိုအရပ်၌လူတို့သည် စိမ်းသော သစ်မည်စည်သီးကိုခွဲ၍ အစေ့ကိုယူ၍ အခွံကိုစွန့်ကုန်၏။ အရှင်ကသိဒတ္တမထေရ်လည်း ငါ့ရှင်မဟာသောဏ၊ ဆွမ်းခံရာသည်ထင်၏ဟုဆို၍ သင်္ကန်းရုံတော်မူပြီးလျှင် သပိတ်ကို ထုတ်၍ရပ်၏။ သူငယ်တို့သည် မထေရ်ရပ်သည်ကိုမြင်၍ ဤဝတ္ထုဖြင့် တခုသော အကျိုးရှိသည်ဖြစ်လတ္တံ့ဟု မြေမှုန့်တို့ကိုခါ၍ သစ်မည်စည်သီးခွံကို သပိတ်၌ ထည့်လိုက်ကုန်၏။ မထေရ်တို့လည်း ဘုဉ်းပေးကုန်၏။ ခုနစ်ရက်ပတ်လုံး ထိုအခွံသည်လျှင် အာဟာရဖြစ်၏။

အစဉ်သဖြင့် သွားကြပြန်သည်ရှိသော် စောရိယအိုင်သို့ ရောက်ကြကုန်၏။ လူတို့သည် ကြာစွယ်ကိုယူ၍ ကြာရိုးတို့ကို စွန့်ကုန်၏။ အရှင်ကသိဒတ္တ မထေရ်လည်း ငါ့ရှင်သောဏ

ဆွမ်းခံရာသည် ထင်၏ဟု သင်္ကန်းကိုရုံပြီးလျှင် သပိတ်ကိုထုတ်၍ ရပ်၏။ သူငယ်တို့သည် ကြာရိုးကို သုတ်သင်၍ သပိတ်၌ လောင်းလိုက်ကုန်၏။ မထေရ်တို့သည် **ဘဉ်းပေး**ကုန်၏။ ခုနစ်ရက်ပတ်လုံး ထိုကြာရိုးသည်သာ အာဟာရဖြစ်၏။ အစဉ်သဖြင့် **သွား**ကြကုန်သည် ရှိသော် ဟင်းရွက်စားသော လူတို့နေရာ ရွာတံခါးသို့ ရောက်ကြကုန်၏။ ထိုအရပ်၌**တယောက်**သော သတို့သမီး၏ မိဘတို့သည်တောသို့ သွားလိုကုန်၍ ချစ်သမီး၊ အကယ်၍ အရှင်ကောင်းတို့သည် ကြွလာကုန်အံ့၊ တပါးသို့ မသွားပါစေလင့်၊ အရှင်မြတ်တို့ နေရာဌာနကိုလည်း မေးလိုက်ပါဟု မှာခဲ့၏။ ထိုသတို့သမီးသည် မထေရ်တို့ကိုမြင်၍ သပိတ်ကိုယူပြီးလျှင် နေရာ၌ နေစေ၏။ အိမ်၌မူကား ဆန်စပါးမည်သည်မရှိ၊ ပဲခွပ်ကိုယူ၍သာ တောင့်ပျော၊ သစ်ခေါက်ကို ချင်ရွေးနွယ်ရွက်တို့နှင့်တကွ ထောင်း၍ သုံးခုသောအဆုပ်တို့ကိုပြု၍ တဆုပ်ကို ကျသိဒတ္တမထေရ်၏ တဆုပ်ကို မဟာသောဏမထေရ်၏၊ သပိတ်၌ထည့်၍ ပို့သောတဆုပ်ကို ကျသိဒတ္တထေရ်သပိတ်၌ ထည့်ပေအံ့ဟု လက်ကိုဆန့်၏။ လက်သည်ပြန်လည်၍ မဟာသောဏမထေရ်သပိတ်၌ တည်စေ၏။

မထေရ်တို့သည် သစ်ရွက်ဆုပ်ကို ဘဉ်းပေး၍ နေရာအရပ်ကို သတို့သမီးအားကြားပြီးလျှင် ပြန်သွားကြကုန်၏။ ထိုသတို့သမီးသည် တောမှလာသော မိဘတို့အား မထေရ်နှစ်ပါးတို့ ကြွလာကုန်၍ ထိုမထေရ်တို့၏ နေရာကိုကြားခဲ့သော အဖြစ်ကိုပြော၏၊ ထိုမိဘနှစ်ယောက်တို့သည် မထေရ်တို့၏အထံသို့ သွား၍ ရှိခိုး၍၊ အရှင်ဘုရားတို့ အကျွန်ုပ်တို့သည် အကြင်သို့သော အာဟာရကို ရကုန်၏။ ထိုအာဟာရဖြင့် လုပ်ကျွေးပါအံ့၊ ဤအရပ်၌ပင် နေတော်မူပါကုန်ဟု လျှောက်၏။ မထေရ်တို့သည် အလုံးစုံဘေးရောက်သောကာလ၌ ထိုသူတို့ကို မှီ၍သာ နေကုန်၏၊ ဗြာဟ္မဏတိဿ ခိုးသူတို့သည် ငြိမ်းသောအခါ ပိတုမဟာရာဇာကို ထီးဖြူဆောင်းစေ၏။ ဘေးသည် ငြိမ်းပြီ။ တိုင်းပြည်သည် ပြည့်စုံပြီဟု ကြား၍ သမုဒ္ဒရာတဘက်သို့သွားသော ရဟန်းသံဃာတို့သည် လှေဖြင့် မဟာတိတ္ထ၌သက်၍ မဟာသောဏထေရ်သည် အဘယ်မှာနည်းဟု မေး၍ မထေရ်ထံသို့ ရောက်လာကြကုန်၏။ မထေရ်လည်း ရဟန်းငါးရာ အခြံအရံရှိ၍ ကာလကရွာ၌ မဏ္ဍလာရာမကျောင်းသို့ရောက်၏။

ထိုအခါ ကာလကရွာ၌ ခုနစ်ရာသောအမျိုးတို့သည် နေကုန်၏။ ညဉ့်အခါ၌ နတ်တို့သည် လှည့်လည်၍ မဟာသောဏထေရ်သည် ငါးရာသော ရဟန်း အခြံအရံရှိလျက် မဏ္ဍလာရာမကျောင်းသို့ ရောက်၏။ တယောက် တယောက်သောသူသည် ကိုးတောင် ကိုးတောင်သော သင်္ကန်းလျာနှင့်တကွ တသပြာ တသပြာစီထိုက်သော ဆွမ်းကို လှူကုန်လေ့ဟု လူတို့ကိုဆို၏။ မိုးသောက်သောနေ့၌ ထေရ်တို့သည် ကာလကရွာသို့ ဆွမ်းအလို့ငှာ ဝင်ကုန်၏။ လူတို့သည် ထိုင်စေ၍ ယာဂုကိုလှူ၏။ ထိုအခါ မဏ္ဍလာရာမကျောင်း၌ နေသော တိဿဘူတိထေရ်သည် သံဃာထေရ်အကြီး ဖြစ်၍ထိုင်၏။ တယောက်သော ဥပါသကာအကြီးသည် တိဿဘူတိထေရ်ကို ရှိခိုး၍ အရှင်ဘုရား၊ မဟာသောဏ ထေရ်ကား အဘယ်သူနည်းဟု မေး၏။ ထိုမခါ မဟာသောဏထေရ်သည် အငယ်သာဖြစ်၍ အစွန်၌နေ၏။ တိဿဘူတိထေရ်သည် လက်ကိုဆန့်၍ မဟာသောဏထေရ်ဟူသည်ကား ဤမထေရ်ပင်တည်းဟု မိန့်၏။

ဥပါသကာလည်း မဟာသောဏထေရ်ကိုရှိခိုး၍ သပိတ်ကိုယူ၏။ မထေရ်လည်း ပေးတော်မမူ။ တိဿဘူတိထေရ်လည်း ငါ့ရှင်သောဏ၊ အကြင်အခြင်းဖြင့် သင်မသိရာလေ၊ ငါမူကား သိ၏။ ဘုန်းရှိသောသူတို့အား နတ်တို့သည် ဆွမ်းကိုကျက်စေကုန်၏။ သပိတ်ကိုပေးဘိလော့။ သီတင်း

သုံးဖော်တို့အား သင်ြိုဟ်ခြင်းကို ပြုဘိလော့ဟု မိန့်တော်မူ၏။ သောဏထေရ်လည်း သပိတ်ကို ပေး၏။ အကြီးဖြစ်သော ဥပါသကာသည် သပိတ်ကိုယူ၍ တသပြာထိုက်သော ဆွမ်းဖြင့် ပြည့်စေ၍ ကိုးတောင်ရှိသော ပုဆိုးကို သပိတ်ခံပြု၍ မထေရ်၏လက်၌ထား၏။ တယောက်သော ဥပါသကာသည်လည်း အရှင်ဘုရားအား လျှုပါ၏ဟု ဆို၍ထား၏။

ထို့အတူ လျှုကုန်သဖြင့် ခုနစ်ရာသောပုဆိုးတို့ကိုလည်းကောင်း၊ ခုနစ်ရာသောဆွမ်းတို့ကို လည်းကောင်း မဟာသောဏထေရ် အားသာလျှင် လျှုကြကုန်၏။ မထေရ်လည်း ရဟန်း အပေါင်းတို့အား ဝေဖန်၍ သုံးဆောင်၏။ အစဉ်သဖြင့် ကြွသွားသည်ရှိသော် မဟာဝိဟာရသို့ ရောက်လျှင် မဟာဗောဓိကိုလည်းကောင်း၊ မဟာစေတီကို လည်းကောင်း ရှိခိုး၍ ထူပါရာမ၌ ရပ်လျက် သင်္ကန်းရုံ၍ ရဟန်းအပေါင်း ခြံရံလျက် တောင်တံခါးဖြင့် မြို့သို့ဝင်၏။ တံခါးမှစ၍ နေမြဲရပ်တိုင်အောင်သော ထိုအတွင်း၌ အသပြာခြောက်ဆယ်ထိုက်သော ဆွမ်းအပူဇော်ကို ခံရ၏။ ထိုနေ့မှစ၍ ပူဇော်သက္ကာရ၏ အတိုင်းအရှည်ပမာဏသည် မရှိပြီ။

ဤသို့ကာလဝိပတ္တိ၌ သစ်မည်စည်သီး အခွံမျှကိုလည်းကောင်း၊ ကြာရိုးမျှကိုလည်းကောင်း ရခဲသည်သာ ဖြစ်၏။ ကာလသမ္ပတ္တိ၌ ဤသို့သဘောရှိသော မျှားစွာသော လာဘ်လည်း ထင်ရှားစွာဖြစ်၏။

ဝတ္ထုဗ္ဗကနိဂြောဓ မထေရ်သည်လည်း သာမဏေဖြစ်စဉ်၌ ဗြာဟ္မဏတိဿခိုးသူဘေးသည် ထင်ရှားဖြစ်၏။ သာမဏေသည် လည်းကောင်း၊ ဥပဇ္ဈာယ်သည် လည်းကောင်း သမုဒ္ဒရာ တဘက်သို့မသွားကုန်။ သစ်ရွက်စားသော လူတို့ကို မှီ၍နေကုန်အံ့ဟု ပစ္စန္တအရပ်သို့ ရှေးရှုသွား ကြကုန်၏။ သာမဏေသည် ခုနစ်ရပ်ပတ်လုံး အာဟာရကင်းလျက် တခုသော ရွာဟောင်းရာတွင် ထန်းတပင်၌ အသီးမှည့်ကိုမြင်၍ ဥပဇ္ဈာယ်ကို အတန်ငယ်ငံ့တော်မူပါ၊ ထန်းသီးမှည့်ကို ချအံ့ဟု ဆို၏။ သာမဏော၊ သင်သည် ခွန်အားနည်း၏။ မတက်လေလင့်ဟု မိန့်၏။ အကျွန်ုပ်တက်အံ့ဟု ဆို၍ ပဲခွပ်ငယ်ကိုကိုင်လျက် တက်ပြီးလျှင် ထန်းသီးခိုင်ကို ဖြတ်အံ့သောဌာ အားထုတ်၏။ ပဲခွပ်သွားသည် ကျွတ်၍ မြေ၌ကျလေ၏။ မထေရ်လည်း သာမဏေသည် ပင်ပန်းလျက်တက်၏။ ယခုအသို့ ပြုရပါအံ့နည်းဟုကြံ၏။ သာမဏောလည်း ထန်းရွက်ကို အစိတ်အစိတ်ခွဲ ဆက်ပြီးသော် ပဲခွပ်ရိုး၌ ချည်၍ မြေသို့ထိအောင် ချလိုက်ပြီးလျှင် အရှင်ဘုရား၊ ပဲခွပ်သွားကို အရိုး၌သွင်းလိုက် ပါမူကား ကောင်းလေစွတကားဟု လျှောက်၏။ မထေရ်လည်း သာမဏောသည် ဥပါယ်တံမျှဉ်၌ လိမ္မာစွဟု ပဲခွပ်သွားကို အရိုး၌ သွင်း၍ ပေးလိုက်၏။

သာမဏောလည်း ပဲခွပ်ကိုချည်၍ ထန်းသီးကိုချ၏။ မထေရ်ကိုလည်း ပဲခွပ်ကိုချစေ၍ လိမ့်၍ သွားသော ထန်းသီးကို ဖြတ်၍ သာမဏောဆင်းသောကာလ၌ သင်သည် အားနည်း၏။ ဤ ထန်းသီးကို ရှေးဦးစွာခဲလောဟု ဆို၏။ အရှင်ဘုရား မခဲသည်ရှိသော် အကျွန်ုပ် မခဲပြီဟု ပဲခွပ်ကိုယူ၍ ထန်းသီးတို့ကို ခွဲပြီးလျှင် သပိတ်၌ အဆန်ကိုထည့်၍ မထေရ်အား ကပ်ပြီးမှ မိမိခဲ၏။ ထန်းသီးရှိသမျှ ကာလပတ်လုံး ထိုအရပ် ၌သာနေ၍ ထန်းသီးကုန်သောကာလ အစဉ် သဖြင့် သစ်ရွက်ကိုသာ ခဲရသော လူတို့နေရပ်၌ လူစွန့်သော ကျောင်းသို့ ဝင်ကြကုန်၏။ သာမဏောလည်း မထေရ်၏နေရာအရပ်ကိုသုတ်သင်၏။ မထေရ်လည်းသာမဏောအား ဩဝါဒကို ပေး၍ ကျောင်းသို့ဝင်၏။ သာမဏောလည်း နေရာမရခြင်းကြောင့် ပျက်ကုန်သော အတ္တဘောတို့၏ ရေတွက်ခြင်း ပမာဏသည်မရှိ၊ ဘုရားတို့အား လုပ်ကျွေးခြင်းကိစ္စကို ပြုဦးအံ့ဟု စေတီပြင်သို့

သွား၍ မြက်သစ်ပင်သုတ်သင်ခြင်းကို ပြု၏။ ခုနစ်ရက်ပတ်လုံး အာဟာရကင်းသောကြောင့် မူးဝေ၍လဲလေ၏။ သာမဏေလည်း လျောင်းလျက်သာလျှင် မြက်ကိုသုတ်သင်၏။ အချို့သော သူတို့သည်တောင် လှည့်လည်လတ်သည်ရှိသော် ပျားရခဲ့၍ ထင်းတို့ကိုလည်းကောင်း၊ သစ်ရွက်တို့ကိုလည်းကောင်း ယူ၍လာခဲ့စဉ် မြက်ပင်လှုပ်သော အမှတ်ဖြင့် ဤသည်ကား သမင်ဖြစ်လေသလောဟု သာမဏေ၏ အထံသို့သွား၍ ကြည့်ပြီးမှ အဘယ်ပြုသနည်းဟု မေးကြကုန်၏။ မြက်သုတ်သင်ကြောင်းကို ပြောမှ အရှင်ဘုရားမှတပါး တစုံတယောက်သော ရဟန်းသည် ရှိသေးသလောဟု မေးလျှင် ရှိသေး၏။ ငါ၏ဥပဇ္ဈာယ်သည် တိုက်တွင်း၌ နေတော်မူ၏ ဟု ဆိုလျှင် မထေရ်အားပေး၍ ခဲတော်မူကြပါလော့ဟု သာမဏေအား ပျားကိုလှူခဲ့၍ မိမိတို့နေရပ်ကို ကြားခဲ့ပြီးမှ အကျွန်ုပ်တို့သည် သစ်ခက်ချိုးခြင်းကို ပြု၍ သွားကုန်အံ့။ ထိုအမှတ်ဖြင့် မထေရ်ကို ပင့်ခဲ့၍ ကြွခဲ့ပါလောဟု မှာ၍သွားကြလေကုန်၏။

သာမဏေလည်း ပျားကိုယူခဲ့၍ မထေရ်၏အထံသို့ သွား၍ အဝဠ်ရပ်လျက် အရှင်ဘုရား၊ ရှိခိုးပါ၏ဟု ဆို၏၊ မထေရ်လည်း သာမဏေသည် ငတ်မွတ်သောကြောင့် ပူပန်လျက်လာသည်ဖြစ်လတ္တံ့ဟု ဆိတ်ဆိတ်နေ၏၊ သာမဏေလည်း တစ်ကြိမ်ရှိခိုးပါ၏ဟု ဆိုပြန်၏၊ သာမဏေအဘယ့်ကြောင့် အားနည်းသောရဟန်းကို ချမ်းသာစွာ အိပ်စိမ့်သောဌာ မပေးဘိသနည်းဟု မိန့်၏။

အရှင်ဘုရား၊ တံခါးကို ဖွင့်အံ့သောဌာ လျောက်ပတ်ပါပြီဟုဆိုမှ မထေရ်သည် တံခါးကိုဖွင့်၍ သာမဏေ သင်သည် အဘယ်ဝတ္ထုကို ရခဲ့သနည်းဟု မေး၏၊ လူတို့သည် လှူခဲ့သောပျားကို နှစ်ပါး ခဲခြင်းငှာ လျောက်ပတ်ရုံ ရခဲ့ပါသည်ဟု လျှောက်၏။ သာမဏေ ပျားကိုရခဲ့တိုင်း ခဲလတ်သော် ပင်ပန်းကုန်အံ့၊ အဖျော်သောက်ကြကုန်အံ့ဟု မိန့်၏၊ သာမဏေလည်း အဖျော်ပြု၍ ကပ်၏၊ ထိုအခါမထေရ်သည်သာမဏေကိုလူတို့၏ နေရာဌာနကို မေးလိုက်၏လောဟု မိန့်၏၊အရှင်ဘုရား အရပ်ကို ကြားခဲ့ပါ၏ဟုဆိုလျှင် သာမဏေ နံနက်အခါမှ သွားကြသည်ရှိသော် ပင်ပန်းအံ့၊ ယခုပင် သွားကြကုန်အံ့ဟု သာမဏေကို သပိတ် သင်္ကန်းတို့ကို ယူစေပြီးလျှင် ထွက်ကြကုန်၏။ ထိုနှစ်ပါးတို့သည် သွားကြ၍ လူတို့နေရာအရပ်၏ အနီး၌ အိပ်ကြကုန်၏။

သာမဏေသည် ညဉ့်အခါ၌ကြဲပြန်၏၊ ငါသည် သာမဏေဖြစ်သောအခါမှ စ၍ ရွာနီးကျောင်း၌ အရုဏ်တက်ရဖူးသည် မရှိဟု သပိတ်ကိုယူ၍ တောင် အရုဏ်တက်စိမ့်သောဌာ သွားလေ၏။ မထေရ်လည်း သာမဏေကို လျောင်းရာအရပ်၌ မမြင်လျှင် လူသားစားသော သူတို့သည် ဖမ်းယူသည်ဖြစ်လတ္တံ့သတည်းဟုကြံ၏၊ သာမဏေသည်တောင် အရုဏ်ကိုတက်စေ၍ သပိတ်ဖြင့် ရေကိုလည်းကောင်း၊ ဒန်ပူကိုလည်းကောင်း ယူ၍လာ၏၊ သာမဏေ အဘယ်သို့ သွားသနည်း၊ ကြီးပြီးသော ရဟန်းတို့အား သင်သည် ဝိတက်ကို ဖြစ်စေ၏။ ဒဏ်အမှုကို ဆောင်လော့ဟု ဆို၏။ ဆောင်ပါအံ့ဟု ဆို၏။

မထေရ်လည်း မျက်နှာဆေးပြီးသောကာလ သင်္ကန်းရုံ၍ လူတို့နေရာသို့ သွားကြကုန်၏၊ လူတို့သည်လည်း မိမိတို့သုံးဆောင်သော သစ်ဖုသစ်မြစ် အသီးအရွက်ကိုလှူ၏၊ မထေရ်တို့လည်း ဘုဉ်းပေး၍ ကျောင်းသို့သွား၏၊ သာမဏေသည် ရေကိုဆောင်၍ ခြေကိုဆေးအံ့ဟု ဆို၏၊ သာမဏေ သင်သည် ညဉ့်၌ အဘယ်သို့ သွားသနည်း၊ ငါတို့အား အကြံဝိတက်ကို ဖြစ်စေ၏ဟု

ဆို၏။ အရှင်ဘုရား အကျွန်ုပ်သည် သာမဏေဖြစ်သည်ကစ၍ ရွာနီးကျောင်း၌ အရှင်ဇာမတက်စေဖူးပါ အရှင်ဇာခံအံ့သောငှာ တောသို့သွားပါသည်၏ဆို၏။ သင့်အား ဒဏ်အမှုသည်မလျော်ပေ၊ ငါ့အား သာလျှင် လျော်ပေ၏ဟု ဆို၍ မထေရ်လည်း ထိုအရပ်၌သာလျှင် နေလေ၏၊ သာမဏေအားလည်း အမှတ်ကိုပေး၏။ ငါသည် အသက်အရွယ်ကြီးပြီ၊ ဘယ်သို့ဖြစ်လတ္တံ့ဟု မသိနိုင်၊ သင်သည်ကိုယ်ကို စောင့်ရှောက်ပါလောဟု ဆို၏။ မထေရ်ကား အနာဂါမ်ပုဂ္ဂိုလ်တည်း၊ နောင်အခါ လူသားစားသော သူတို့သည် မထေရ်ကိုစားလေကုန်၏။ သာမဏေသည်မိမိကိုယ်ကို စောင့်ရှောက်၍ ဘေးငြိမ်းသည် ရှိသော် လျော်ပတ်သော အရပ်၌ ဥပဇ္ဈာယ်ယူ၍ ပဉ္စင်းဖြစ်လျှင် ဘုရားစကားတော် သင်ယူ၍ ပိဋကတ်သုံးပုံကို ဆောင်သော ဝတ္တာဗဟုကနိဂြောဓမထေရ်ဟု ထင်ရှားကျော်စောလေ၏။

ထိုအခါ ပိတုမဟာရာဇာသည် မင်းအဖြစ်သို့ ရောက်၏။ သမုဒ္ဒရာတစ်ဘက်မှ လာကုန်သော ရဟန်းတို့သည် ဝတ္တာဗဟုကနိဂြောဓမထေရ်သည် အဘယ်မှာရှိသနည်းဟု မေးကုန်၍ မထေရ်၏ အထံသို့ သွားကြကုန်၏။ များစွာကုန်သော ရဟန်းအပေါင်းတို့သည် မထေရ်ကို ခြံရံကုန်၏၊ မထေရ်သည် များစွာသော ရဟန်းအပေါင်းခြံရံလျက် အစဉ်သဖြင့် မဟာဝိဟာရသို့ ရောက်၍ မဟာဗောဓိ၊ မဟာစေတီ၊ ထူပါရုံစေတီတို့ကို ရှိခိုး၍ မြို့သို့ဝင်၏။ တောင်တံခါးတိုင်အောင် သွားစဉ်ပင်လျှင် ကိုးပါးသော ဌာနတို့၌ သုံးထည်သောသင်္ကန်းကို ရ၏၊ မြို့တွင်းသို့ ဝင်သော ကာလမှစ၍ ကြီးစွာသော ပူဇော်သက္ကာရသည် ဖြစ်၏။

ဤသို့လျှင် ကာလဝိပတ္တိ၌ ထန်းသီး၊ သစ်ဥ၊ သစ်ရွက်မျှသော်လည်း ရခဲသည် ဖြစ်၏။ ကာလသမ္ပတ္တိ ဖြစ်လတ်သော် ဤသို့သဘောရှိသော များစွာသော လာဘ်သည် ဖြစ်၏။

၄-ပယောဂသမ္ပတ္တိ

တစ်ယောက်သောသူအား များစွာသော ကောင်းမှုကံတို့သည် ရှိကုန်၏။ ထိုကံတို့သည် ပယောဂဝိပတ္တိ၌ တည်သောသူအား အကျိုးမပေးနိုင်ကုန်၊ ထိုသူသည်ပင် တစ်ခုသောကောင်းမှုကံကြောင့် သမ္မာပယောဂ၌ တည်လျက် သုစရိုက်သုံးပါးတို့ကို ဖြည့်၏။ ငါးပါးသော သီလ၊ ဆယ်ပါးသော သီလတို့ကို စောင့်၏။ အမျိုး၏ ပြည့်စုံခြင်း၌ဖြစ်သော သူအား မင်းတို့သည် ခပ်သိမ်းသော တန်ဆာဖြင့် တန်ဆာဆင်အပ်ကုန်သော မင်းသမီးတို့ကို ထိုသူအား လျောက်ပတ်ကုန်၏ဟူ၍ ပေးကုန်၏။

ဆင်ယာဉ်၊ မြင်းယာဉ်၊ ကျောက်သံ ရွှေငွေ အသပြာ အစရှိသော ထိုသို့သော ပဏ္ဏာကာရတို့ကို ထိုသူအား လျောက်ပတ်၏ဟု ပို့ကုန်၏။ ရဟန်းပြုသောသူသည် များစွာသော အခြံအရံကြီးသော အာနုဘော်ရှိ၏။ ဤဆိုလတ္တံ့ သည်ကား သာဓကဖြစ်၏။

တရံရောအခါ ကုဋိကဏ္ဏမင်းသည် ဂိရိဂါမကဏ္ဏ၌ အရပ်၌နေသော စူဠသုဓမ္မထေရ်ကို မြတ်နိုးလှ၏။ ထိုမင်းသည် ဥပ္ပလဝါပိ၌နေလျက် မထေရ်ကို ပင့်စေ၏။ မထေရ်ကြွလာ၍ မာလာရာမ ကျောင်း၌ နေ၏။ မင်းသည် မထေရ်၏အမိကို မထေရ်သည် အဘယ်ကို ကြိုက်သနည်းဟုမေး၏။ မြတ်သောမင်းကြီး၊ သစ်ဥကို ကြိုက်ပါ၏ဟု ဆို၏။ မင်းလည်း ကြိုက်တော်မူသည့် သစ်ဥကို ယူစေပြီးလျှင် ကျောင်းသို့သွား၍ မထေရ်အား ပေးသည်ရှိသော် မျက်နှာကို ရွှန်အံ့သောငှာမဝံ့။ ထိုမင်းသည် ထွက်ခဲ့၍ ပရိဝုဏ်၏ အဝင်ရပ်လျက် မိဖုရားကို မထေရ်သည် အသို့ရှိသနည်းဟုမေး၏။ သင်မင်းကြီးသည် မင်းယောကျ်ား ဖြစ်ပါလျက်မျှ ကြည့်အံ့သောငှာ မဝံ့ပါ။

အကျွန်ုပ်ကား မိန်းမမျှပါတကား အသို့ကြည့်ဝံ့ပါအံ့နည်း၊ အကျွန်ုပ်သည် အသို့အဆင်းရှိသည်ကို မသိခဲ့ပါဟု လျှောက်၏။ မင်းကြီးလည်း ငါ၏နိုင်ငံ၌ အခွန်အတုတ် ယူရာ ဖြစ်သော သူကြွယ်သားမျှကို ရှုခြင်းငှာ မဝံ့ချေ။ အိုလူများတို့ ဘုရားသာသနာတော် မည်သည်ကား မြတ်လှပေစွတကားဟု လက်ပန်းပေါက်ခတ်၏။

တိပိဋကစူဠနာဂထေရ်ကိုလည်း မြတ်နိုး၏။ ထိုမထေရ်၏ လက်ညှိုး၌ အိုင်းအနာသည် ထ၏။ မင်းသည် မထေရ်ကို ဖူးအံ့ဟု ကျောင်းသို့သွား၍ ကြီးစွာသောချစ်ခြင်းဖြင့် လက်ညှိုးကို ခံတွင်းဖြင့် စုပ်၏။ ခံတွင်း၌လျှင် အိုင်းအနာသည် ကွဲ၏။ သွေးပြည်ကို မထွေးရက်မူ၍ မထေရ်၌ ချစ်ခြင်းအလွန်ပြင်းစွာဖြစ်သဖြင့် အမြိုက်သြဇာကဲ့သို့ပင် မျိုလိုက်၏။ ထိုမထေရ်သည် နောင်အခါ သေအံ့သော ညောင်စောင်း၌ လျောင်း၏။ မင်းလည်းလာ၍ ထိုမထေရ်၏ မသန့်စင်သော ဝတ္ထုထည့်သော အိုးကို ဦးခေါင်း၌ထား၍ ပိဋကတ်လှည်း၏ ဝင်ရိုးသည် ကျိုးချေတော့အံ့သည်တကားဟု ငိုယိုမြည်တမ်းလျက် ထိုမှဤမှသွား၏။ မြေရေကို အစိုးရသော မင်း၏ဦးခေါင်း၌ မထေရ်၏ မသန့်သော ဝတ္ထုသွင်းရာဖြစ်သော အိုးကိုရွက်၍ သွားရခြင်း သည်ကား အဘယ့်ကြောင့်နည်း၊ သမ္မပယောဂ၏ အကြောင်းသာတည်း။

ဤသို့ လေးပါးသော ဝိပတ္တိတို့ဖြင့် တားမြစ်အပ်သော ကောင်းမှုကံသည် အကျိုးမပေးမူ၍ လေးပါးသော သမ္ပတ္တိတို့ကို စွဲ၍ ပေးပြန်၏။

ထိုစကား၌ ဤဆိုလတ္တံ့သည်ကား ထင်သောအနက်ကိုပြု၍ ပြအပ်သော ဥပမာတည်း။

တယောက်သောမင်းသည် တယောက်သော အမတ်အား အနည်းငယ်သော အပြစ်ဖြင့် အမျက်ထွက်၍ နှောင်အိမ်သို့ သွင်းစေ၏။ ထိုသူ၏ ဆွေမျိုးတို့သည် မင်းအမျက်ထွက်သော အဖြစ်ကိုသိ၍ တစိုးတစိမ့်သော စကားကို မဆိုမူ၍ အမျက်ပြေသောအခါ၌ အမတ်၏ အပြစ်ကင်းသော အဖြစ်ကို မင်းအားလျှောက်ကုန်၏။ မင်းသည် လွတ်စေ၍ အရာအထူး၌ တဖန်ပြုကတော့ပြုပြန်၏။ ထိုအခါထိုအမတ်အား ထိုထိုသော အရပ်မှရောက်လာကုန်သော ပဏ္ဏာကာရတို့၏ ပမာဏမည်သည်မရှိ။ လူတို့သည် လက်ဆောင်ကို သိမ်းယူအံ့သောငှာ မတတ်နိုင်ကုန်သည်သာလျှင်တည်း။

ထိုစကား၌ မင်းသည် အနည်းငယ်သော အပြစ်ဖြင့် အမျက်ထွက်၍ ထိုအမတ်အား နှောင်အိမ်သွင်းထားသောအခါကဲ့သို့ ပုထုဇဉ်အား ငရဲ၌ဖြစ်သောအခါကို မှတ်အပ်၏။ ထိုအမတ်၏ ဆွေမျိုးတို့သည် မင်းအားသိစေ၍ ပကတိရှိပြန်သော အခါကဲ့သို့ ထိုသူ၏ နတ်ပြည်၌ဖြစ်သော အခါကို မှတ်အပ်၏။ ပဏ္ဏာကာရ ပို့သလာသော အခါကဲ့သို့ လေးပါးသော သမ္ပတ္တိတို့ကို စွဲ၍ ကောင်းမှုကံတို့သည် နတ်မှသည် လူသို့၊ လူမှသည် နတ်သို့၊ ဤသို့ချမ်းသာသော အရပ်မှသည် ချမ်းသာသော အရပ်သို့သာလျှင် ဆောင်၍ ကမ္မာတသိန်းသော်လည်းကောင်း ချမ်းသာသော အကျိုးကိုပေး၍ နိဗ္ဗာန်သို့ ရောက်စေခြင်းကို သိအပ်၏။

ဤလေးဝါရတို့သည် ဝိပတ္တိလေးပါးကိုနှိပ်၍ သမ္ပတ္တိလေးပါးကို အမှီရ၍ ကုသိုလ်ကံတို့သည် အကျိုးပေးနိုင်သော အဖြစ်ကိုပြု၍ ဟောတော်မူအပ်သော စတုတ္ထ စတုတ္ထမည်၏။

ဤစတုတ္ထ စတုက္ကဋ္ဌ မဟာသုဒဿန၊ မန္ဓာတုစက္ကြာမင်းတို့ လက်ထက် လူအပေါင်းတို့သည် ချမ်းသာစွာနေရခြင်း၊ နန္ဒိယမင်းလက်ထက် လူအပေါင်းတို့ ပဒေသာပင်မှ ဖြစ်သော အဝတ်

အစား တန်ဆာတို့ကို သုံးဆောင်ရခြင်း၊ မဟာပနာဒမင်းသည် နှစ်ဆယ့်ငါးယူဇနာ ရှိသော ရတနာပြာသာဒ်၌ စံနေရခြင်း၊ ဇော်တိကသူဌေး ယသကုမာရ၊ သောဏကုမာရစသော လုလင်တို့ စံနေရခြင်းစသော ဝတ္ထုတို့ကိုမှီ၍ သိအပ်၏။

ဤစကားရပ်တို့တွင် အကုသလဓမ္မ၌ ဂတိ၊ ဥပဓိ၊ ကာလ၊ ပယောဂ လေးပါး ခွဲဝေပြီးမှ ဝိပတ္တိသမ္ပတ္တိအစုံ ဝိပတ္တိကို အစတည်၍ အနုလောမ ခွဲဝေသည်ဖြစ်၍ ပဌမစတုက္ကဋ္ဌ ရှစ်ဌာန။

ဌင်းအကုသလဓမ္မကို ဂတိ၊ ဥပဓိ၊ ကာလ၊ ပယောဂ လေးပါးခွဲဝေပြီးမှ သမ္ပတ္တိ ဝိပတ္တိအစုံ သမ္ပတ္တိကို အဆုံးတည်၍ ပဋိလောမ ခွဲဝေပြန်သည်ဖြစ်၍၊ ဒုတိယစတုက္ကဋ္ဌ ရှစ်ဌာန။

ကုသလဓမ္မဋ္ဌလည်း ဂတိ၊ ဥပဓိ၊ ကာလ၊ ပယောဂ လေးပါးခွဲဝေပြီးမှ သမ္ပတ္တိဝိပတ္တိအစုံ သမ္ပတ္တိကို အစတည်၍အနုလောမ ခွဲဝေသည်ဖြစ်၍ တတိယစတုက္ကဋ္ဌ ရှစ်ဌာန။

ဌင်းကုသလဓမ္မကိုပင် ဂတိ၊ ဥပဓိ၊ ကာလ၊ ပယောဂ လေးပါးခွဲဝေပြီးမှ ဝိပတ္တိ သမ္ပတ္တိအစုံ ဝိပတ္တိအဆုံးတည်၍ ပဋိလောမ ခွဲဝေပြန်သည်ဖြစ်၍၊ စတုတ္ထစတုက္ကဋ္ဌ ရှစ်ဌာန ရှိရကား၊ အကုသလ၊ ကုသလဟု ဓမ္မဘေဒအားဖြင့် နှစ်ပါး၊ စတုက္ကရာသီအားဖြင့် ရှစ်ပါး ဂတိ၊ ဥပဓိ၊ ကာလ၊ ပယောဂ-ဟု အာကာရဘေဒအားဖြင့် လေးပါး လေးလိုဖြစ်၍ တစ်ဆယ့်ခြောက်ပါး သမ္ပတ္တိဝိပတ္တိ-ဟု ယုဂဘေဒအားဖြင့် အစုံသုံးဆယ့်နှစ်ပါး ပြား၏၊ ထိုသုံးဆယ့်နှစ်ပါးတို့ကို ခွဲစိတ်၍ အဓိပ္ပာယ် ရသင့်တိုင်း မကူးမယွက် အဋ္ဌကထာ ဖွင့်တော်မူသည် ဖွင့်တော်မူသောအတိုင်းသာ နုတ်ယူသည် ဖြစ်၍ ယခုပြဆိုအပ်သော စကားရပ်တို့သည် အကူးအယွက် ရှိသည်မဟုတ်၊ တစုံတခုမျှ အကူးအယွက် မရှိသည်သာ ဟုတ်၏။ စေ့စေ့ နှလုံးမသွင်းလျှင်သာ အရှုပ်ရှုပ် အထွေးထွေး အထပ်ထပ် ဆိုပြီးသော စကားကို တဖန်လှု၍ ဆိုပြန်ဘိသကဲ့သို့ ထင်ရာသည်။ စေ့စေ့ နှလုံးသွင်းလျှင် အရှုပ်ရှုပ် အထွေးထွေး အထပ်ထပ် မဆိုချေဟု ထင်မြင်ရာသည်။

ဝေပူလပဗ္ဗတ၌ စကြဝတေး ရှေးမင်းအပေါင်းတို့ ကျောက်ကောင်း မျက်မြှုတ်ဟု စွဲမှတ်ကြသော ဝေဠုရိယမျက်မွန်ရတနာကို ပုဏ္ဏကနတ်သားယူခဲ့၍ လူအပေါင်းတို့အားပြပါသော်လည်း တေဇောတိ ဂုဏ်သတ္တိကို မသိကြ၍ အပထင်ပြီးမှ၊ တဖန် ကျောက်ကျေးဇူးကို ခီးကျူးပြသရာတွင်မှ တပြည်လုံး ထိုကျောက်အကြောင်းကို လူအပေါင်းတို့သိ၍ ပီတိသောမနဿ ဖြစ်ကြသကဲ့သို့ ဤကဲ့သို့ ခဲခက်သည်ဟု ထင်သောအရာ၌ဆရာကောင်းထံကပ်၍ စွဲမှတ်မိအောင်မေး၍ သဘောသဘာဝ ကျနသောအခါ ဓမ္မရသကိုသိ၍ ပီတိသောမနဿ ဉာဏသမ္ပယုတ္တဇော တက်ပြော၍ ဇော ဝီထိ အတန်တန် ပွားရန်ရှိသည်။

၁၂၁-ပဋ္ဌာ။ ။မြတ်စွာဘုရားနှင့်၊ ရဟန္တာအရှင်တို့ကို အသီးအသီး ပညာဓိက စသည်ဖြင့် သုံးပါးပြား ကြောင်း၊ အဂ္ဂသာဝက၊ မဟာသာဝက၊ ပကတိသာဝက သုံးပါးပြား ကြောင်း၊ ဇာတဒဂ်ရကြောင်း လက်ဝဲရံလေးကျိပ်၊ လက်ယာရံလေးကျိပ် ရှိကြောင်း၊ မည်သည့်ရဟန္တာ, မည်သည့်ကျေးဇူးပညာ အာဏာတန်ခိုးရှိကြောင်း၊ သက်တော်ရှည်ကြောင်း၊ အမျိုးမြတ်ကြောင်း စသည်တို့ဖြင့် ခံတွင်းမဆိတ် သူခပ်သိမ်းတို့ပင်ပြသ ပြောဟောသောကြောင့် နားမဆိတ် ကြားသိရပါ၏။

ပစ္စေကဗုဒ္ဓါအရှင်တို့မှာကား ဘုရားသခင် အတ္ထုပ္ပတ္တိ၊ ရဟန္တာ အတ္ထုပ္ပတ္တိကဲ့သို့ ပြောဆိုရန် အတ္ထုပ္ပတ္တိပင် အထင်အရှား မရှိလေသလော၊ အထင်အရှားရှိပေလျက် နှင့်ပင်ပြောဟောပြသကြသော သူတို့ကသာ မပြောဟော မပြသသောကြောင့် မထင်မရှားရှိလေသလောဟု တွေးတော ကြံစည်မိပါသည်။ အထင်အရှား ပြောဟောပြသ ရန်ရှိလျှင် မှတ်သားနာခံလိုပါသည်။ အတ္ထုပ္ပတ္တိ အကြောင်းအရာများကို ကျမ်းဂန်မှ ထုတ်နုတ်၍ သနားတော်မူပါ ဆရာတော်ဘုရား။

သက္ကရာဇ် ၁၁၇၃-ခု၊ နယုန်လဆန်း ၁-ရက်၊ ဗုဒ္ဓဟူးနေ့၊ မုံရွာသိရိမာလာက လျှောက်လာရာတွင် ဖြေဆိုလိုက်သည်ကား။

၁၂၀-ဝိသဇ္ဇနာ။ ။ပစ္စေကဗုဒ္ဓါတို့၏ အတ္ထုပ္ပတ္တိကို မေးရာ၌—

ဘုရားသခင်မှာ တဆူတည်းဖြစ်၍ သာသနာတော်ကို ထားတော်မူခဲ့လျှင် သာသနာတော်တွင် ရှစ်သောင်းလေးထောင်သော ဓမ္မက္ခန္ဓာ တရားအပေါင်းတို့သည် ဘုရားသခင်ဂုဏ်ကျေးဇူးကိုသာဆိုသည့်စကားသာများသည်ဖြစ်၍ ဘုရားသခင်အတ္ထုပ္ပတ္တိကို ဟောပြောပြသသူ များရာသောအကြောင်းရှိချေသည်။ ရဟန္တာအရှင်မြတ်တို့မှာလည်း ဘုရားသခင့်ဂုဏ်ကိုမှီ၍ ဂုဏ်ကျေးဇူးတော်တို့သည် အသီးသီးပေါ်ထင်လျက် ရှိကြကုန်သည်ဖြစ်၍ ပြောဟောပြသသူများရာသည့် အကြောင်းပင်ရှိချေသည်။

ပစ္စေကဗုဒ္ဓါ အရှင်တို့မှာ သာသနာလည်းမရှိ၊ ပစ္စေကဗုဒ္ဓါတို့၏ ခေတ်လည်းမဟုတ်၊ ခေတ်ကြုံ၍ပင်ပွင့်သော်လည်း ဘုရားလောက် ဂုဏ်ကျေးဇူး ကျော်စောခြင်းမရှိရာ၊ တဆူတည်းသာ ပွင့်သည်လည်းမဟုတ်၊ ရံခါရံခါ ကြုံကြိုက်မိသာကာလ အရာအထောင်မျှလောက်ပင် ပွင့်တော်မူကြလေကုန်သည်၊ ပဒုမဒေဝီမိဖုရား၏သားတော် မဟာပဒုမပစ္စေကဗုဒ္ဓါပွင့်သောကာလ ငါးရာတပြိုင်နက်ကြုံသည်၊ ဆဒ္ဒန်ဆင်မင်းလက်ထက်လည်း ငါးရာတပြိုင်နက်ကြုံသည်၊ အရှင်ဘဒ္ဒဖိထေရ်အလောင်းပါရမီဖြည့်ဆဲကာလ ဗုဒ္ဓသုညခေတ်၌ ပစ္စေကဗုဒ္ဓါငါးရာတပြိုင်နက်ကြုံသည်။ မဟာကပ္ပိနမင်းဝတ္ထု၌လည်း တထောင်တပြိုင်နက်ကြုံသည်၊ သုသိမဇာတ်၌ အများတပြိုင်နက်ကြုံသည်၊ ဤသို့ စသည်ဖြင့် အများအပြားပွင့်သည်ဖြစ်၍ များလှစွာသောကြောင့်လည်း ကျော်စောခြင်း မရှိနိုင်ရာဖြစ်ချေသည်။

ဤသို့ ကျော်စောခြင်းမရှိ အလုံးစုံ မပေါ်မထင်သည်ကား ယခုမှသာမဟုတ်၊ ဘုရားသခင် လက်ထက်တော်ကပင်လည်း ရှိဖူး၏။ ရှိဖူးသောကြောင့် အရှင်အာနန္ဒာပင်လျှောက်ဖူး၏။ လျှောက်ဖူးကြောင်းကား—

သာဝတ္ထိပြည်၌ မြတ်စွာဘုရား နေတော်မူစဉ် အရှင်အာနန္ဒာအား ဤသို့သောအကြံသည်ဖြစ်၏။ ဘုရားတို့အား ပတ္တနာသည်လည်းကောင်း၊ အဘိနီဟာရသည်လည်းကောင်း ထင်၏။ သာဝက, ပစ္စေကဗုဒ္ဓါတို့အား မထင်တကား ကြံမိသည်ဖြစ်၏။ ထိုသို့ကြံသောအတိုင်း ထိုအနက်ကို မြတ်စွာဘုရားအား မေးလျှောက်၏။ ဘုရားသခင်သည်–

ပဗ္ဗိမေ အာနန္ဒ အာနိသံသာ ပုဗ္ဗယောဂါဝစရေ ဒိဋ္ဌေဝ ဓမ္မေ ပဋိကစ္စေဝ အညံ အာရာဓေတိ၊ နောစေ ဒိဋ္ဌေဝ ဓမ္မေ ပဋိကစ္စေဝ အညံ အာရာဓေတိ။ အထ မရဏကာလေ အညံ အာရာဓေတိ၊ နော စေ မရဏကာလေ အညံ အာရာဓေတိ၊ အထ ဒေဝ

ပုတ္တော သာမာနော အည့ အာရာဓေတိ၊ အထ ဗုဒ္ဓါနံ သမ္မုခီဘာဝေ ခိပ္ပါဘိညော ဟောတိ၊ အထ ပစ္ဆိမေ ကာလေ ပစ္စေကသမ္ဗုဒ္ဓေါ ဟောတိ။ ။

ဟူ၍ မိန့်တော်မူ၏။ (ခု၊ ဌ၊၁။ ၄၂)

အဓိပ္ပာယ်ကား။ ။ အာနန္ဒာ ပုဗ္ဗာယောဂါဝစရဠဒ္ဓ အကျိုးတို့သည် ငါးပါးရှိကုန်၏။ မျက်မှောက်ဠဒ္ဓပင် ဆောစွာ အရဟတ္တဖိုလ်ကို ရသည်။ ဆောစွာမရအံ့ သေခါနီးကာလဠဒ္ဓ အရဟတ္တဖိုလ်ကိုရသည်။ ထိုသို့မရအံ့ နတ်သားဖြစ်၍ အရဟတ္တဖိုလ်ကိုရသည်။ ထိုသို့ မရငြားအံ့ နောက်ဘုရားတို့ထံဠဒ္ဓ ခိပ္ပါဘိည ဖြစ်ရာသည်။ ထိုသို့ မဖြစ်ရအံ့၊ နောင်အခါ ပစ္စေကဗုဒ္ဓါဖြစ်ရာသည်ဟု ပုဗ္ဗယောဂါဝစရသုတ်ကို ဟောတော်မူသည်။

ဘုရားသခင်တို့သည် ဤသို့သောအကျင့်ကို ကျင့်သည်။ ပစ္စေကဗုဒ္ဓါတို့သည် ဤသို့ကျင့်သည်၊ ရဟန္တာတို့သည် ဤသို့ကျင့်သည်ဟု ရှေးအကြံကိုကြံစည်လေ့လာ ကျင်လည်ခြင်းသည် ပုဗ္ဗယောဂါဝစရမည်၏။

ဤသို့ ဟောတော်မူပြီးလျှင် အာနန္ဒာ၊ ပစ္စေကဗုဒ္ဓါ မည်သည်ကား အဘိနီဟာရနှင့် ပြည့်စုံခြင်း ပုဗ္ဗယောဂါဝစရတို့သည် ရှိကုန်၏။ ထို့ကြောင့် ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝက တို့အား ပတ္ထနာကို လည်းကောင်း၊ အဘိနီဟာရကို လည်းကောင်း အလိုရှိအပ်ဟု မိန့်တော်မူ၏။

အရှင်ဘုရား၊ ဘုရားတို့အား အဘယ်မျှကြာမှ ဖြစ်သနည်းဟု မေးလျှောက်ပြန်၏၊ အာနန္ဒာ၊ ဘုရားတို့အား လေးသချေ်နှင့် ကမ္ဘာတသိန်း, ရှစ်သချေ်နှင့် ကမ္ဘာတသိန်း, တဆယ့်ခြောက်သချေ်နှင့် ကမ္ဘာတသိန်းကြာမှ ဉာဏ်ရင့်ရာသည်။ ဤမျှသောကာလဖြင့် ဘုရားအဖြစ်ကို တောင်းသောသူအား အဘိနီဟာရအကြောင်းဠဒ္ဓ ရှစ်ပါးသော သမ္ပတ္တိရှိမှ ရရာသည်။

မနုဿတ္တံ လိင်္ဂသမ္ပတ္တိ၊ ဟေတု သတ္ထာရဒဿနံ။
ပဗ္ဗဇ္ဇာ ဂုဏသမ္ပတ္တိ၊ အဓိကာရောစ ဆန္ဒတာ။
အဋ္ဌဓမ္မ သမောဓာနာ၊ အဘိနီဟာရော သမိဇ္ဈတိ။

အဘိနီဟာရ ဟူသည်ကား ပဌမဗျာဒိတ်ရခြင်းတည်း။

(၁) **မနုဿတ္တကား** လူစင်စစ်တည်း။ လူမှကင်း၍ ကြွင်းသောဇာတ်တို့ဠဒ္ဓ နတ်ပင်ဖြစ်သော်လည်း မရရာ။ (လူအဖြစ်ဠဒ္ဓတည်၍ ဘုရားအဖြစ်ကို တောင့်တသဖြင့် ဒါနစသည်တို့ကို ပြု၍ လူ့အဖြစ်ကိုသာလျှင် တောင်းအပ်၏။ လူအဖြစ်ဠဒ္ဓတည်၍ ဆုတောင်းခြင်းကို ပြုအပ်၏။ ဤသို့ပြုမှ ပြည့်စုံရာသည်)။

(၂) **လိင်္ဂသမ္ပတ္တိ ဟူသည်ကား** ယောကျ်ားအဖြစ်တည်း၊ လူဖြစ်တုံသော်လည်း မိန်းမ၊ ဥတ္တတောဗျည်း၊ ပဏ္ဍုက်တို့အား ဆုတောင်းခြင်း မပြည့်စုံရာ။ ထိုမိန်းမ၊ ဥဘတောဗျည်း၊ ပဏ္ဍုက်အဖြစ်ဠဒ္ဓ တည်လေသောသူသည်ကား ဘုရားအဖြစ်ကို တောင့်တသဖြင့် ဒါနစသည်တို့ကို ပြု၍ ယောကျ်ားအဖြစ်ကို တောင်းဦးရာ၏။ ယောကျ်ားဖြစ်ပြီးမှ ဘုရားဆုကိုတောင်းရာ၏။ ဤသို့တောင်းသော် ပြည့်စုံရာ၏။

(၃) ဟေတုဟူသည်ကား အရဟတ္တဖိုလ်ရခြင်း ဥပနိဿယ၏ ပြည့်စုံခြင်းတည်း။ အကြင် သူသည် ထိုကိုယ်၏အဖြစ်၌ လုံ့လပြုသည်ရှိသော် ရဟန္တာဖြစ်စိမ့်သောငှာ စွမ်းနိုင်ရာ၏။ ထိုသူ့ အားသာ ပြည့်စုံရာ၏။

(၄) သတ္ထာရဒဿနဟူသည်ကား ဘုရားကို ဖူးတွေ့ရခြင်းတည်း။

(၅) ပဗ္ဗဇ္ဇာဟူသည်ကား သာသနာတော်၌ ရဟန်းအဖြစ်တည်း။ ကမ္မဝါဒီ၊ ကြိယဝါဒီဖြစ်သော ရသေ့ပရိဗိုဇ်သည်လည်း သင့်၏။

(၆) ဝုဏ္ဏသမ္ပတ္တိ ဟူသည်ကား ဈာန်စသော ဂုဏ်ကျေးဇူးကို ရခြင်းတည်း။

(၇) အဓိကာရ ဟူသည်ကား အသက်စသည်ကို စွန့်၍ ဆုတောင်းခြင်းတည်း။

(၈) ဆန္ဒတာ ဟူသည်ကား ပြုလိုသောအဖြစ်တည်း။ ထိုဆန္ဒသည် အကြင်သူအား အလွန် အားကြီး၏။ ထိုသူအားသာ ပြည့်စုံ၏။ ထိုအားကြီးသော ဆန္ဒဟူသည်ကား အကယ်၍ လေးသခ္ခေ်နှင့် ကမ္ဘာတသိန်းကာလပတ်လုံး ငရဲခံပြီးမှ ဘုရားဖြစ်လတ္တံ့ဟု တစုံတယောက်သော သူသည် ဆိုငြားအံ့။ ထိုစကားကိုကြား၍ ငရဲခံမည့်သူကား ငါပင်တည်းဟူ၍ လည်းကောင်း။ အလုံးစုံသော စကြဝဠာသည် မီးခဲအစုဖြင့် ပြည့်သည်ကို ဆင်း၍ ဘုရားဖြစ်အံ့။ အလုံးစုံသော စကြဝဠာသည် လှံသွားအတိပြွမ်းသည်ကို နင်း၍ ဘုရားဖြစ်အံ့။ အလုံးစုံသော စကြဝဠာ အနားရေးမျှအောင် ရေပြည့်သည်ကို ကူး၍ ဘုရားဖြစ်အံ့။ အလုံးစုံသော စကြဝဠာသည် အခြားမဲ့ ဝါးခုံးတို့ဖြင့် ပြည့်သည်ကိုနင်း၍ ဘုရားဖြစ်လတ္တံ့ဟု အကယ်၍ တစုံတယောက်သောသူသည် ဆိုအံ့။ ငါပင်တည်းဟု ဆိုလျက် စွမ်းနိုင်အံ့။ ထိုသူ့အား ဆန္ဒအားကြီးသည်ဟု သိအပ်၏။

ပစ္စေကဗုဒ္ဓါနံ ဒွေ အသန္နေ်ယျာနိ ကပ္ပသတသဟဿဉ္စ၊ တတော ဩရံ နသက္ကာ။
ဟု ဆိုသောကြောင့် ပစ္စေကဗုဒ္ဓါတို့အား နှစ်သခ္ခေ်နှင့်ကမ္ဘာတသိန်း ကျင့်အပ်၏။ ထို့အောက် ယုတ်သော် မတတ်ကောင်း။

မနုဿတ္တံ လိင်္ဂသမ္ပတ္တိ၊ ဝိဂတာသဝဒဿနံ။
အဓိကာရော ဆန္ဒတာ ဧတေ၊ အဘိနီဟာရကာရဏာ။

ဟု ဆိုသောကြောင့် အဘိနီဟာရ၏ အကြောင်းကား ငါးပါးတည်း။ ထိုငါးပါးတို့တွင်–

ဝိဂတာသဝ ဒဿနန္တိ ဗုဒ္ဓပစ္စေကဗုဒ္ဓသာဝကာနံ ယဿ ကဿစိ ဒဿနန္တိ အတ္ထော။
(သုတ္တနိ၊၂၊၁။၄၆။)

ဟူ၍ ဆိုသောကြောင့် ဘုရား ပစ္စေကဗုဒ္ဓါ သာဝကတို့တွင် တစုံတယောက်သောသူကို ဖူးတွေ့ ရလျှင်ပင် ပြည့်စုံ၏ဟူလိုသည်။ မနုဿတ္တ၊ လိင်္ဂသမ္ပတ္တိ၊ အဓိကာရ၊ ဆန္ဒတာ။ ဤလေးပါးမှာ ဘုရားနှင့်တူကုန်၏။

ဒ္ဝိန္နံ အဂ္ဂသာဝကာနံ ဧကော အသန္နေ်ယျော ကပ္ပသတသဟဿဉ္စ။အသီတိမဟာသာဝကာနံ ကပ္ပသတသဟဿံ၊ တထာ ဗုဒ္ဓဿ မာတာပိတူနံ ဥပဋ္ဌာကဿ ပုတ္တဿစာတိ။

ဟူသည်နှင့်အညီ အဂ္ဂသာဝက နှစ်ပါးတို့မှာ တသခ္ခေ်နှင့် ကမ္ဘာတသိန်း၊ အသီတိမဟာသာဝက၊ ဘုရားမယ်တော်၊ ခမည်းတော်၊ အလုပ်အကျွေး၊ သားတော်တို့မှာ ကမ္ဘာတသိန်းစီသာတည်း။

ဣမေသံ ပန သဗ္ဗေသမွိ အဓိကာရော ဆန္ဒတာတိ ဒွဂ််သမ္ဘန္ဓောယေဝ အဘိနိဟာရော ဟောတိ။

ဟူရကား ဤအဂ္ဂသာဝက မဟာသာဝက၊ မယ်တော် ခမည်းတော် အလုပ်အကျွေး သားတော် တို့မှာအဓိကာရ၊ ဆန္ဒတာ အဂ်ါနှစ်ပါးနှင့်ပြည့်စုံလျှင် ဗျာဒိတ်ခံရခြင်းအဘိနိဟာရသည် ပြည့်စုံ၏။

ဘုရားတို့သည် ခတ္တိယကုလ ဗြာဟ္မဏကုလ၌သာ ဖြစ်ကုန်၏။ ပစ္စေကဗုဒ္ဓါတို့သည် ခတ္တိယ ဗြာဟ္မဏ ဂဟပတိ သုံးပါး၌ ဖြစ်ကုန်၏။ အဂ္ဂသာဝကတို့သည် ခတ္တိယ၊ ဗြာဟ္မဏ၊ ကုလနှစ်ပါး၌သာ ဖြစ်ကုန်၏။

ဘုရားတို့သည် ဝိဝဋ္ဋကပ်၌သာ ဖြစ်ကုန်၏။ သံဝဋ္ဋကပ်၌မဖြစ်ကုန်။ ပစ္စေကဗုဒ္ဓါတို့သည် ဘုရား ဖြစ်တော်မမူသော အာယုကပ်ကာလ၌သာ ဖြစ်ကုန်၏။

ဘုရားတို့သည် မိမိလည်းသိကုန်၏။ သူ့ကိုလည်းသိစေကုန်၏။ ပစ္စေကဗုဒ္ဓါတို့သည် မိမိသာ သိကုန်၏။ သူတပါးကို မသိစေနိုင်ကုန်၊ အတ္ထရသကိုသာ ထိုးထွင်းနိုင်ကုန်၏။ ဓမ္မရသကို မထိုးထွင်းနိုင်ကုန်။ ပစ္စေကဗုဒ္ဓါတို့သည် လောကုတ္တရာဓမ္မကို ပညတ်သို့တင်၍ မဟောနိုင်ကုန်။ အ-သောသူမြင်မက်သော အိပ်မက်ကဲ့သို့ တောဋ္ဌနေသောသူသည် မြို့၌လျက်အပ်သောဟင်း၏ အရသာကို မသိသကဲ့သို့တည်း။ ပစ္စေကဗုဒ္ဓါတို့ကား တရားရသည်ဖြစ်၍ အလုံးစုံသော တန်ခိုး၊ သမာပတ်၊ ပဋိသမ္ဘိဒါအပြားသို့ ရောက်ကုန်၏။ ဘုရားမှသော်အောက်၊ သာဝကတို့၏ အထက် ဖြစ်ကုန်၏။ တပါးသောသူတို့ကို ရဟန်းပြုစေ၍ အာဘိသမာစာရိကဝတ်ကို ကျင့်စေနိုင်ကုန်၏ စိတ္တသလ္လေခကို ပြုအပ်၏။ ပျင်းရိ ညစ်ညူးခြင်းသို့ မရောက်စေအပ် (တနည်းကား လျော့သော လုံ့လဝီရိယရှိသည် မဖြစ်စေအပ် တနည်းကား သခ်ါရ၏ ဆုံးခြင်းသို့ ရောက်စေအပ်၏ ဟူ၍) ဤသို့သော ဥဒ္ဒေသဖြင့် ဥပုသ်ကို ပြုကုန်၏ ယနေ့ကား ဥပုသ်နေ့တည်းဟု ဆိုကာမတ္တ ဖြင့်လည်း ဥပုသ်ပြုကုန်၏။ ဂန္ဓမာဒနတောင် မဏ္ဍူသကသစ်ပင်ရင်း ရတနာမဏ္ဍပ်၌ စည်းဝေး၍ ပြုကြကုန်၏။

ဤသို့စသည်ဖြင့် မြတ်စွာဘုရားသည် အာနန္ဒာအား ပစ္စေကဗုဒ္ဓါတို့၏ ခပ်သိမ်းသော ပတ္ထနာကိုလည်းကောင်း၊ အဘိနိဟာရကိုလည်းကောင်း ဟောတော်မူပြီး၍ ပစ္စေကဗုဒ္ဓါတို့ကို ဟောတော်မူအံ့သောငှာ " သဗ္ဗေသု ဘူတေသု နိဓာယ ဒဏ္ဍံ" စသော ခဂ္ဂဝိသာဏသုတ်ကို ပြုတော်မူ၏။

တဦးသောပစ္စေကဗုဒ္ဓါ၏ အလောင်းသည် နှစ်သန်းနှင့် ကမ္ဘာတသိန်း ပါရမီကိုဖြည့်၍ ကသဟဘုရားသာသနာတော်၌ ရဟန်းပြုပြီးလျှင် တောကျောင်း၌နေ၍ ဂတ ပစ္စဂတဝတ်ကို ဖြည့်လျက် ရဟန်းတရားကို ကျင့်၏။ ဤဝတ်ကို မဖြည့်ခဲ့မူ၍ ပစ္စေကဗုဒ္ဓါဖြစ်သောသူ မည်သည် မရှိ။ သာသနာတော်၌ အချို့သောရဟန်းသည် အသွား၌သာဆောင်၍ ဂတဝတ်ကို ကျင့်၏။ အချို့သော ရဟန်းသည် အပြန်၌သာဆောင်၍ ပစ္စာဂတဝတ်ကိုကျင့်၏။ အချို့သောရဟန်း သည် အသွားအပြန်ပင် မဆောင်ယူ၍ ဂတပစ္စဂတဝတ်ကို မကျင့်ကုန်။ အချို့သောရဟန်း သည် အသွားအပြန်ပင်ဆောင်၍ ဂတပစ္စာဂတဝတ်ကို ကျင့်ကုန်၏။

ဤပစ္စေကဗုဒ္ဓါ အလောင်းသည်လည်း ဤဂတပစ္စာဂတဝတ်ကို ဖြည့်၍ သေခဲ့သော် ဆ ကာမာဝစရနတ်ပြည်၌ဖြစ်၍ စုတေခဲ့မှ ဗာရာဏသီမင်း၏ မိဖုရားဝမ်း၌ပဋိသန္ဓေနေလေ၏။

ဖွားမြင်လျှင် ခြောက်ကျိပ်ခြောက်ယောက်သောအထိန်းတို့သည်လုပ်ကျွေးရ၏။ တဆယ့်ခြောက် နှစ်မြောက်သောကာလာ မင်း၏အဘိသိက်ဖြင့် အဘိသိက်သွန်း၏။ ဗြဟ္မဒတ်ဟူသောအမည် ရှိ၏။ ဇမ္ဗူဒိပ်၌ နှစ်သောင်းသော မြို့တို့သည်ရှိကုန်၏၊ နှစ်သောင်းသောပြာသဒ်၊ နှစ်သောင်း သောဆင်၊ နှစ်သောင်းသောမြင်း၊ နှစ်သောင်းသောရထား၊ နှစ်သောင်းသော ခြေသူရဲ၊ နှစ်သောင်းသော မိဖုရား နှစ်သောင်းသောမောင်းမ၊ နှစ်သောင်းသောကချေသည်၊ နှစ်သောင်းသော အမတ်တို့သည်ရှိကုန်၏။ ထိုမင်းသည် တစ်ခုသော ကသိုဏ်းပရိကံကို ပြု၍ ငါးပါးသော အဘိညာဉ် ရှစ်ပါးသော သမာပတ်တို့ကို ဖြစ်စေ၏။

တနေ့သ၌တရားဆုံးဖြတ်ရာ၌နေ၏။ထိုအရပ်၌များစွာသောအသံရှိ၏။ထို့ကြောင့်ထိုအသံသည် သမာပတ်၏ညစ်ညူးခြင်းအကြောင်းတည်းဟု ပြာသာဒ်ထက်သို့ တက်၍ သမာပတ်ကို ဝင်စားအံ့ဟု နေသည်ရှိသော် မဝင်စားနိုင်။ မင်း၏စည်းစိမ်ဖြင့် ပျံ့လွင့်၍ သမာပတ်မှလျှော၏။ ထိုခဏ၌ ပြည်စည်းစိမ်ထက် သမဏသုခမမွှသည် မြတ်၏ဟုသိ၍ တယောက်သောအမတ်ကို ဤပြည်ကို တရားသဖြင့် ဆုံးမလော်ဟု အပ်ပြီးလျှင် ပြာသာဒ်ထက်သို့ တက်၍ သမာပတ်ချမ်းသာဖြင့် နေလေ၏။

စားတော်ကွမ်းရေ ဆက်သောသူတို့မှတပါး တယောက်သော သူမျှမကပ်ရ။ လ, ခွဲ လွန်လတ်သော မိဖုရားသည် မင်းကြီးအား ဥယျာဉ်သွားခြင်းစသော အမှုသည် မထင်။ မင်းကြီး သည် အဘယ်သို့သွားသနည်းဟု အမတ်တို့ကိုမေး၏။ မိဖုရားအား အမတ်တို့သည် ထို အကြောင်းကို ကြားပေကုန်၏။ မိဖုရားသည် နောင်အခါပြည်ကို ဆောင်နှင်းသောအမတ်နှင့် ချွတ်ယွင်းလေ၏။ မင်းကြီးသည်လျှင် ထိုအမတ်ကိုမိမိဥစ္စာကိုလည်းကောင်း၊ သားမယားတို့ကို လည်းကောင်း ယူစေ၍ တိုင်းတပါးသို့သွားစေ၏။

ထိုတိုင်းတပါး၌နေသောမင်းလည်း အမတ်လာသောအဖြစ်ကို မေး၏။ အမတ်လည်း မင်းကြီးထံ ခစားခြင်းငှာလာပါသည်ဟု လျှောက်၏ မင်းလည်း ခစားစေ၏၊ အမတ်လည်း နှစ်ရက် သုံးရက် လွန်သဖြင့် ရအပ်သော အကျွမ်းဝင်ခြင်းလျှင် မင်းကြီးအား ဤသို့ လျှောက်၏၊ အရှင်မင်းကြီး ပျားကောင်မရှိသော ပျားအုံနှင့်တူသော ဗာရာဏသီပြည်ကို တိုက်ယူတော်မူလော့ဟု ဆို၏။ မင်းကြီးလည်း ယုံတော်မမူသော် လူတို့ကို စေတော်မူဟု ဆိုပြန်၏၊ ပစ္စန္တမင်းလည်း လူတို့ကို စေလွှတ်လိုက်၏။ လူတို့သည်စေတိုင်းသွား၍ ရွေ့ပြန်တူးဖော်၍ မင်း၏နေရာနန်း၌ထွက်ကုန်၏။ မင်းကြီးလည်း မြင်၍ ဘယ်သို့ပြုကြသနည်းဟု မေး၏၊ ငါတို့ကား ခိုးသူတည်းဟုဆို၏။ မင်းကြီး လည်း ထိုသူတို့အား ဥစ္စာပေး၍ တဖန် ဤသို့မပြုလင့်ဟု ဆုံးမ၍ လွှတ်လိုက်၏၊ ထိုသူတို့ လာရောက်၍ ပစ္စန္တမင်းအား ကြားလေ၏။

တဖန်လည်း နှစ်ကြိမ် သုံးကြိမ် ထို့အတူ စုံစမ်း၍ သိလရှိသော မင်းဟု သိ၍ စစ်အင်္ဂါ လေးပါး ရုံးစုပြီးလျှင် အပိုင်းအခြားဖြစ်သော တခုသောမြို့သို့ကပ်၍ ထိုမြို့၌အမတ်အား မြို့ကို တည်း ပေးမည်လော စစ်ကိုတည်းတိုက်မည်လောဟု မေးစေ၏။

ထိုမြို့စားအမတ်လည်း ဗြဟ္မဒတ်မင်းအား အကြောင်းကို ကြားစေ၏။ မင်းကြီးလည်း မြို့ကိုပေးခဲ့၍ ငါ၏မြို့သို့ လာခဲ့လော့ဟု မှာလိုက်၏။ ထိုမြို့စားအမတ်လည်း မြို့ကိုပေးခဲ့၍ လာ၏။ ရန်သူမင်းလည်း ထိုမြို့ကို ယူ၍ ကြွင်းသော မြို့၌လည်း ထို့အတူစေ၏၊ ထိုမြို့စား အမတ်တို့သည်လည်း ထို့အတူ မင်းကြီးအား ကြားစေပြန်၏။

မင်းကြီးလည်း စစ်မထိုးလင့် ငါမြို့သို့သာ လာခဲ့ကြလော့ဟု မှာလိုက်၏။ မြို့စားအမတ်တို့သည်လည်း မင်းကြီးရှိရာ လာခဲ့ကြ၏။ အမတ်ကြီးတို့သည် အရှင်မင်းကြီး စစ်ထိုးပါအံ့ဟု လျှောက်၏။ မင်းကြီးလည်း ပါဏာတိပါတာဖြစ်လတ္တံ့ မထိုးကြနှင့်ဟု မြစ်၏။

အမတ်တို့လည်း ရန်သူမင်းကို အရှင်ဖမ်း၍ ဆက်ပါအံ့ဟု အထူးထူးသောအကြောင်းတို့ဖြင့် မင်းကြီးကိုလျှောက်သော်လည်း လက်နက်ဖြင့် ထိုးပစ်ခြင်း, လုယက်ခြင်းအမှုကို မပြုကုန်လင့်ဟု မြစ်၏။ အမတ်တို့လည်း ထိုးပစ်လုယက်ခြင်းအမှုကိုကား မပြုပြီ။ ဘေးကိုပြ၍ ပြေးစေအံ့ဟုဆို၍ စစ်အင်္ဂါလေးပါးကို ရုံးစု၍ အိုးတွင်း၌ ဆီမီးကိုထည့်၍ သွားကြကုန်၏။ ရန်သူမင်းလည်းထိုနေ့ ဗာရာဏသီပြည်အနီး မြို့တို့ကိုရပြီးဖြစ်၍ ယခုအခါ အဘယ်အတွက်ရှိတော့အံ့နည်းဟု ညဉ့်အခါ၌ ချပ်တန်ဆာတို့ကို ခွတ်၍ မှေ့လျော့သောအိပ်ခြင်းဖြင့် ဗိုလ်ပါနှင့်တကွ အိပ်၍နေ၏။

ဗာရာဏသီမင်း၏အမတ်တို့သည်လည်း မင်းကိုယူ၍ ရန်သူမင်း၏ တပ်သို့သွား၍ ခပ်သိမ်းသော အိုးတို့ဖြင့် ဆီမီးကိုဆောင်စေ၍ တပြိုင်နက် အလင်းဖြင့် စစ်သည်အသံကို ပြုစေ၏။ ရန်သူမင်း၏ အမတ်တို့သည်လည်း များစွာသော ဗိုလ်ပါတို့ကိုမြင်၍ ကြောက်သောကြောင့် မိမိတို့မင်းထံသို့ ကပ်၍ ထလော့ဟု များစွာသောအသံကို ပြုကုန်၏။ ရန်သူမင်းလည်း နိုးလျှင် ကြောက်လန့်၍ ပျားကောင်မရှိသော ပျားအုံနှင့်တူ၏ဟု ဆိုသော သူတပါး၏ စကားကို ယုံကြည်မိ၍ ရန်သူ့လက်သို့ ရောက်ချေပြီဟု တည်ဉ့်ပတ်လုံး ဝိုမြည်တမ်း၍ မိုးသောက်နေ့၌ ကန်တော့အံ့ဟု ကြံ၍ မင်းကြီးထံသို့ ကပ်ပြီးလျှင် ပုဆစ်တုပ်၍ အကျွန်ုပ်၏ အပြစ်ကို သည်းခံတော်မူပါဟု ကန်တော့၏။

မင်းကြီးလည်း ရန်သူမင်းကို ဆုံးမ၍ ထလော့၊ သင်၏အပြစ်ကို ငါသည်းခံ၏ဟု ဆိုသည်နှင့်တပြိုင်နက် သက်သာခြင်းသို့ ရောက်၏ ဗာရာဏသီမင်းအနီး၌လျှင် ဇနပုဒ်မင်း အဖြစ်ကို ရ၏။ ထိုနှစ်ပါးသော မင်းတို့သည် မြတ်သော အဆွေခင်ပွန်းတို့သည် ဖြစ်ကြကုန်၏။

ထိုအခါ ဗြဟ္မဒတ်မင်းသည် နှစ်ဦးသော စစ်သည်တို့သည် တကွနက် တည်သည်ကို မြင်၍ ငါ၏စိတ်ကို စောင့်ရှောက်ခြင်းသည်လည်း လူအပေါင်း၌ ယင်ငယ်တခုသောက်လောက်ရုံမျှ သွေးပေါက်သည် မဖြစ်လေဟု ဝမ်းမြောက်သောကြောင့်–

"အဟောသာဓု၊ အဟောသုဋ္ဌု။ သဗ္ဗေသတ္တာ သုခိတာ ဟောန္တု။ အဗျာပဇ္ဈာ ဟောန္တု"

ဟု မေတ္တာစျာန်ကို ဖြစ်စေ၍ ထိုစျာန်ကို အခြေပြုပြီးလျှင် သခါရတရားတို့ကို သုံးသပ်၍ ပစ္စေကဗောဓိဉာဏ်ကို ရလေ၏။

ထိုမင်္ဂလာမင်းသားဖြင့် ဆင်ကျောက်ကုန်း၌ နေစဉ် "မြတ်သော မင်းကြီး ပြန်ချိန်သင့်ပြီ၊ စစ်အောင်မြင်သော ဗိုလ်ပါတို့အား ပေးကမ်းခြင်းကို ပြုတော်မူလော့၊ စစ်ရှုံးသော ဗိုလ်ပါတို့အား မျိုးရိက္ခာ ပေးတော်မူလော့ ဟု လျှောက်ကြကုန်၏။

မင်းကြီးလည်း အချင်းတို့ ငါကား မင်းမဟုတ်။ ပစ္စေကဗုဒ္ဓါတည်းဟု ဆို၏၊ အရှင်မင်းကြီး အသို့ဆိုသနည်း၊ ပစ္စေကဗုဒ္ဓါတို့ကား ဤသို့မဟုတ်ကုန်၊ နှစ်သစ်သော ဆံ မုတ်ဆိတ်တို့သည် ရှိကုန်၏၊ ရှစ်ပါးသော ပရိက္ခာရာတို့နှင့် ယှဉ်ကုန်၏ဟု ဆိုကုန်၏။

ထိုအခါ မင်းကြီးသည် လက်ယာလက်ဖြင့် ဦးခေါင်းကို သုံးသပ်၏။ ထိုခဏ၌ လူ၏ အသွင်သည် ကွယ်လေ၏ ရဟန်း၏ အသွင်သည် ထင်ရှားဖြစ်၏။ နှစ်သစ်သော ဆံ မုတ်ဆိတ် ရှိသည်ဖြစ်၍ ရှစ်ပါးသော ပရိက္ခရာတို့နှင့် ပြည့်စုံလျက် ဝါတရာရှိသော မထေရ်နှင့် တူသည် ဖြစ်၏၊ ထိုအခါ ပစ္စေကဗုဒ္ဓါသည် စတုတ္ထစျာန်ကို ဝင်စား၍ ဆင်ကျောက်ကုန်းမှ ကောင်းကင်သို့ တက်၍ ကြာပွင့်၌ နေ၏။

အမတ်တို့သည် ရှိခိုးကုန်၍ အရှင်ဘုရား အဘယ်ကမ္မဋ္ဌာန်းကို ရသနည်းဟု မေးကုန်၏၊ ထိုပစ္စေကဗုဒ္ဓါသည် မေတ္တာစျာန်ကို ဖြစ်စေ၍ ထိုမေတ္တာစျာန်ကို ရှုသဖြင့် ရ၏၊ ထို့ကြောင့် ထိုအကြောင်းကို ပြလိုသော်—

သဗ္ဗေသု ဘူတေသု နိဓာယ ဒဏ္ဍံ၊
အဝိဟေဌယံ အညတရမ္ပိ တေသံ။
န ပုတ္တမိစ္ဆေယျ ကုတော သဟာယံ၊
ဧကော စရေ ခဂ္ဂဝိသာဏကပ္ပော။ (ခု၊၁။ ၂၄၈)

ဟူသော ဥဒါနဂါထာ ဗျာကရဏဂါထာကို လည်းကောင်း၊ တပါးသောဂါထာကို လည်းကောင်း ဟော၍ လူအပေါင်း၏ မြင်စဉ်ပင်လျှင် ကောင်းကင်၌ ပျံတက်၍ ဂန္ဓမာဒနတောင်သို့ ကြွလေ၏။

ထိုတောင်၌ နန္ဒမူလတောင်ဝှမ်းသည် ပစ္စေကဗုဒ္ဓါတို့၏ နေရာတည်း၊ ရွှေဂူ ပတ္တမြားဂူ ငွေဂူ တည်းဟူသော သုံးလုံးသောဂူတို့သည် ရှိကုန်၏၊ ထိုသုံးဂူတွင် ပတ္တမြားဂူ၌ မဋ္ဌသကမည်သော သစ်ပင်သည် အမြင့်အကျယ် တယူဇနာ ရှိ၏၊ ရေပန်း ကြည်းပန်းတို့သည် ပွင့်ကုန်၏။ အထူး သဖြင့် ပစ္စေကဗုဒ္ဓါတို့ ရောက်လာသောနေ့၌ ထိုသစ်ပင်၏နောက်၌ ခပ်သိမ်းသော ရတနာတို့ဖြင့် ပြီးသော တန်ဆောင်းသည်ဖြစ်၏၊ ထိုတန်ဆောင်း၌ သမ္မဇ္ဇနိကမည်သော လေသည် အမှိုက်ကို စွန့်၏၊ သမကရဏမည်သော လေသည် ခပ်သိမ်းသော ရတနာဖြင့် ပြီးသော သဲကို ညီညွတ်စွာ ပြု၏၊ သိဉ္စနကလေသည် အနဝတတ်အိုင်မှဆောင်၍ ရေကိုသွန်း၏၊ သုဂန္ဓကရဏလေသည် ဟိမဝန္တာမှ ခပ်သိမ်းသော နံ့သာပင်တို့၏ အနံ့ကို ဆောင်၏၊ ဩဇိနကလေသည် ပန်းပွင့်တို့ကို ဆွတ်၍ ကျစေ၏၊ သန္တရဏကလေသည် ခပ်သိမ်းသော အရပ်၌ ခင်း၏၊ အခါခပ်သိမ်း ခင်းအပ်သော အရပ်၌ နေရာတို့သည် ဖြစ်ကုန်၏၊ ထိုအရပ်၌ ပစ္စေကဗုဒ္ဓါ အသစ်ဖြစ်သော နွေ၌လည်းကောင်း၊ ဥပုသ်နွေ၌လည်းကောင်း ပစ္စေကဗုဒ္ဓါတို့သည် စည်းဝေး၍ ထိုင်နေကြ ကုန်၏၊ ဤကား ဓမ္မတာတည်း။

ထိုအသစ်ဖြစ်သော ပစ္စေကဗုဒ္ဓါသည် ထိုအရပ်သို့ ကြွ၍ ခင်းအပ်သော နေရာ၌ နေ၏၊ ထိုအခါ တပါးသော ပစ္စေကဗုဒ္ဓါတို့သည် ရှိကန်အံ့၊ ထိုပစ္စေကဗုဒ္ဓါတို့သည်လည်း စည်းဝေး ကုန်၍ ခင်းသောနေရာ၌နေပြီးလျှင် တစိုးတစိသော သမာပတ်ကို ဝင်စား၍ ထကြကုန်၏၊ ထို့နောင် အကြီးဖြစ်သော ထေရ်သည် အသစ်ဖြစ်သော ပစ္စေကဗုဒ္ဓါကို ခပ်သိမ်းသောသူ တို့အား ဝမ်းမြောက်စေလို၍ အဘယ်တရားကို နှလုံးသွင်းသနည်းဟု ကမ္မဋ္ဌာန်းကို မေး၏။ ထိုပစ္စေကဗုဒ္ဓါသည်လည်း မိမိ၏ ဥဒါနဗျာကရဏဂါထာကို ရွတ်လေ၏။

ဤဂါထာကား ပစ္စေကဗုဒ္ဓါ ဖြစ်စတကြိမ်၊ မဂ္ဂုသကတန်ဆောင်းအစည်းအဝေး၌ သံဃာ့ထေရ်ကမေး၍ တကြိမ်၊ ဘုရားသခင်ထပ်၍ ဟောတော်မူသည်တကြိမ်၊ သင်္ဂီယနာတင်သောကာလ အရှင်အာနန္ဒာရွတ်သည် တကြိမ်၊ လေးကြိမ်ရွတ်သည် ဖြစ်၍ စတုက္ခတ္တုဘာသိတမည်၏။ ။ပဌမ။

တပါးသော ပစ္စေကဗုဒ္ဓါအလောင်းသည် ကဿပမြတ်စွာဘုရား သာသနာတော်၌ အနှစ်နှစ်သောင်းကာလပတ်လုံး ရဟန်းတရားကိုပြုကျင့်၍ အဆုံး၌ ကသိုဏ်းပရိကံကိုပြုလျှင်ပဌမစျာန်ကို ဖြစ်စေ၍ နာမ်ရုပ်ကိုမှတ်၍ လက္ခဏာရေးကိုပြု၍ အရိယမဂ်ကို မရ။ ပြဟ္မာ့ပြည်၌ဖြစ်လေ၏။ ပြဟ္မာ့ပြည်မှ စုတေ့ခဲ့၍ ဗာရာဏသီမင်း၏ မိဖုရားဝမ်း၌ ပဋိသန္ဓေနေ၍ ဖွား၍ ကြီးမြင့်ခြင်းသို့ ရောက်၏။

အကြင်အခါမှစ၍ ဤသူကား မိန်းမ ဤသူကား ယောကျ်ားဟူ၍ အထူးကို မှတ်နိုင်၏။ ထိုအကြောင်းကို စွဲ၍ မိန်းမတို့၏လက်၌ မမွေ့လျော်၊ ကသယ်မှုန့်ဖြင့် ပွတ်ခြင်း၊ ရေချိုးခြင်း တန်ဆာဆင်ခြင်း စသည်မျှကိုလည်း မသာယာ၊ ထိုမင်းသားကို ယောကျ်ားတို့သာ မွေးကျွေးရကုန်၏။ နို့စို့သောကာလ၌ နို့ထိန်းတို့သည် သင်တိုင်းစွပ်၍ ယောကျ်ားအသွင်ဖြင့် နို့တိုက်ရကုန်၏၊ ထိုမင်းသားသည် မိန်းမတို့၏အနှုံကိုနှံ၍ အသံကိုကြား၍ငို၏။ သို့ကြား,လိမ္မာသော အဖြစ်သို့ ရောက်သောကာလလည်း မိန်းမတို့ကို မြင်ခြင်းငှာ အလိုမရှိ၊ ထို့ကြောင့် အနိတ္ထိဂန္ဓာဟူ၍ ထင်ရှား၏။

တဆယ့်ခြောက်နှစ်မြောက်သောကာလ မင်းနွယ်၌တည်စေအံ့ဟု အထူးထူးသော အမျိုးတို့မှ ထိုသူ့အား လျောက်ပတ်သောမိန်းမတို့ကိုဆောင်၍ တယောက်သောအမတ်ကို မင်းသားကို ဖြားယောင်းလော့ဟုစေ၏။ အမတ်လည်း ဥပါယ်တံမျဉ်ဖြင့် ထိုမင်းသားကို မွေ့လျော်စေလို၍ မင်းသား၏ အနီး၌ တင်းတိမ်ရံပြီးလျှင် က-ချေသည်တို့ကို က-စေ၏။ မင်းသားလည်း တီးမှုတ်သံကိုကြား၍ အဘယ်သူ၏ အသံနည်းဟုမေး၏။ က-ချေသည်တို့၏ အသံတည်း။ ဘုန်းရှိသောသူတို့အား ဤသို့သော က-ချေသည်တို့သည် ဖြစ်ကုန်၏။ အရှင့်သား မွေ့လျော်တော်မူလော့ဟု ဆို၏။ မင်းသားလည်း အမတ်ကိုဒဏ်ဖြင့်ခြိမ်း၍ ငင်ထုတ်စေ၏။ အမတ်လည်း မင်းကြီးအား ကြား၏။ မင်းကြီးလည်း မင်းသား၏အမိနှင့်တကွ သွား၍ မင်းသားကို သည်းခံစေ၍ တဖန် အမတ်ကိုတိုက်တွန်းပြန်၏။ မင်းသားလည်း မိဘတို့ အလွန်နှိပ်စက်သည်ရှိသော် မြတ်သောရွှေကိုယူ၍ ရွှေပန်းထိမ်သည်တို့ကို အလွန်လှသော မိန်းမရုပ်ကို ပြုကုန်လော့ဟုဆို၏။ ပန်းထိမ်သည်တို့သည် ဝိသုကံ ဖန်ဆင်းသည်နှင့်တူသော ခပ်သိမ်းသော တန်ဆာဆင်သော မိန်းမရုပ်ကို ပြုကုန်၏။ မင်းသားမြင်လျှင် အံ့သြခြင်းဖြင့် ဦးခေါင်းကို လှုပ်၍ မိဘတို့သို့ ပို့ခေျ၊ ဤသို့သောမိန်းမကို ရသည်ဖြစ်အံ့၊ ယူမည်ဟူ၍ စေလိုက်၏။ မိဘတို့လည်း ငါတို့သားသည် ကြီးသောဘုန်းရှိ၏။ မချတ် ထိုသူနှင့်တကွ ကောင်းမှုပြုဖက်တစုံတယောက်သော သတို့သမီးသည် လောက၌ ရှိသည်ဖြစ်လတ္တံ့ဟု ရွှေရုပ်ကို ရထား၌တင်ပြီးလျှင် အမတ်တို့ကို သွားကြခေျ၊ ဤသို့သော သတို့သမီးကို ရှာခေျလော့ဟုစေလိုက်၏။ အမတ်တို့သည် ဆောင်ယူ၍ တဆယ့်ခြောက်ပြည်ထောင်တို့၌ သွားကုန်လျက် ထိုထိုသို့သော တိုင်းပြည်သို့ရောက်လျှင် ရေဆိပ်စသည်တို့တွင် အကြင် အကြင် အရပ်၌လူအပေါင်းတို့သည် မြင်ကုန်၏။ ထိုထိုအရပ်တို့၌ နတ်ကဲ့သို့သော ရွှေရုပ်ကိုထား၍

အထူးထူးသော ပန်းအဝတ်တန်ဆာတို့ဖြင့် ဆင်ယင်လျက် ဗိတာန်ဖွဲ့၍ တင့်အပ်ရာအရပ်၌ ခနကုန်၏။ အကယ်၍ တစုံတစ်ယောက်သောသူသည် ဤသို့သောအရုပ်ကို မြင်သည်ဖြစ်လတ္တံ့၊ ထိုသူသည် စကားမြွက်လတ္တံ့ဟု ထားကုန်၏။ ဤသို့သောနည်းဖြင့် မဒ္ဒတိုင်းမှတပါး ခပ်သိမ်းသောတိုင်းတို့၌ လှည့်လည်ခဲ့၍မရလျှင် တိုင်းနိုင်ငံအငယ်မျှသည် အဘယ်ပြုအံ့နည်းဟု ထိုမဒ္ဒတိုင်းကို ရှောင်ဖယ်၍ ပြန်ခဲ့ကြကုန်၏။

ထို့နောင်မှ မင်းကတဖန် စေလိုက်ပြန်၍ မဒ္ဒတိုင်းသာဂလမြို့သို့ ရောက်လေကုန်၏။ သာဂလမြို့၌ မဒ္ဒဝမင်း၏တယောက်သောသမီးသည် တဆယ့်ခြောက်နှစ်သာရှိ၏။ အလွန်အဆင်းလှ၏။ ထိုမင်းသမီးကျွန်မတို့သည် ရေချိုးအံ့သောငှာ ထိုအရပ်သို့ ရောက်ကုန်၏။ ထိုအရပ်၌ ရွှေရုပ်ကို အဝေးမှမြင်လျှင် ငါတို့ကို ရေအလို့ငှာ စေလိုက်၍ အရှင့်သမီးသည် မိမိကိုယ်တိုင် လာဘိ၏ဟု ဆို၍လာ၏။ အနီးသို့ရောက်လျှင် ဤသူကား ငါတို့၏အရှင်မဟုတ်၊ ငါတို့အရှင်မကား ဤရွှေရုပ်ထက် လှသေးစွတကားဟု ဆိုကုန်၏။

အမတ်တို့သည် ထိုစကားကိုကြား၍ မင်းသို့ကပ်ပြီးလျှင် လျော်ကပ်စွာ သတို့သမီးကို တောင်း၏၊ မင်းလည်းပေး၏။ ထို့နောင်မှ ဗာရာဏသီမင်းအား သတို့သမီးရကြောင်းကို စေလိုက်၏။ မင်းကြီးလည်း ငါတို့လာသည်ရှိသော် ပြည်သူတို့ဆင်းရဲလတ္တံ့ သင်တို့ပင်ဆောင်ခဲ့ကုန်လော့ဟု စေလိုက်၏။ အမတ်တို့လည်း မင်းသမီးကိုဆောင်ခဲ့၍ မင်းသားထံ မင်းသမီးရကြောင်းကို စေလိုက်၏။ မင်းသားလည်း ကြားကတည်းကလျှင် ရာဂနှိပ်စက်၍ ပဌမစျာန်သည် လျှော်၏။ ထိုမင်းသားလည်း တမန်အဆင့်ဆင့် လျင်စွာရောက်စေဟု စေလိုက်၏။ ထိုအခါ အမတ်တို့သည် ခပ်သိမ်းသောအရပ်တို့၌ တည်၌မျှသာနေခဲ့သဖြင့် ဗာရာဏသီပြည်သို့ရောက်လျှင် မင်းအားစေလိုက်၏။ မင်းလည်း မြတ်သောအမျိုးမှဆောင်ခဲ့သောမင်းသမီးဖြစ်ပေသည်။ မင်္ဂလာကိရိယာပြု၍ ကြီးစွာသောအရိုအသေဖြင့် မြို့တွင်းသို့သွင်းပေအံ့။ ဥယျာဉ်သို့ ရှေးဦးစွာဆောင်လေဦးဟု စေလိုက်၏။ အမတ်တို့လည်း ဥယျာဉ်၌ထားလေကုန်၏။ မင်းသမီးသည် စင်စစ်နှုးညံ့သောသူဖြစ်၍ ပြင်းစွာသောခရီးသို့ လာရသည်နှင့် ပင်ပန်းသဖြင့် ဖြစ်သောအနာသည် နှိပ်စက်သောကြောင့် ညှိုးသောကြာကဲ့သို့ဖြစ်၍ ညဉ့်အခါ၌ပင်လျှင် သေလေ၏။

အမတ်တို့လည်း ကြီးစွာသောပူဇော်သက္ကာရမှ ယုတ်၏ဟူ၍ ငိုကြွေးကြကုန်၏။ မင်းကြီးသည်လည်းကောင်း၊ ပြည်သူတို့သည်လည်းကောင်း၊ အမျိုးအနွယ်သည် ပြတ်ခဲ့ပြီဟူ၍ ငိုကြွေးကြကုန်၏။ မြို့၌လည်း ကြီးစွာသော အုတ်အုတ်ကျက်ကျက်သည် ဖြစ်၏။ မင်းသားအား ကြားကာမျှ၌လျှင် ကြီးစွာသော ပူပန်ခြင်းသည် ဖြစ်၏။ ထို့နောင် မင်းသားသည် သောက၏အပြစ်ကို နုတ်ခွာခြင်းငှာ အားထုတ်၏။ ဤသောက မည်သည်ကား ပဋိသန္ဓေမရှိသောသူအား အဖြစ်။ ပဋိသန္ဓေရှိသော သူအားသာလျှင်ဖြစ်၏။ ထို့ကြောင့် ဇာတိကိုစွဲ၍သောက ဖြစ်သည်၊ ဇာတိသည် အဘယ်ကိုစွဲ၍ ဖြစ်သနည်းဟု ကြံ၏။

ဤသို့ ရှေးက ဘာဝနာ၏ အာနုဘော်ဖြင့် အသင့်နှလုံးပြု၍ အနုလောမ ပဋိလောမ ပဋိစ္စသမုပ္ပါဒ်ကိုမြင်၍ သခါရကို သုံးသပ်လျက် ထိုအရပ်၌ပင် ပစ္စေကဗုဒ္ဓါဖြစ်လေ၏။ မဂ်ဖိုလ်ချမ်းသာဖြင့် ငြိမ်သက်စွာနေသည်ကို အမတ်တို့သည် အရှင့်သား စိုးရိမ်တော်မမူလင့်၊ ဇမ္ဗူဒီပါကျွန်းသည် ကျယ်ဝန်း၏၊ တပါးသောသမီးကို ဆောင်ပါဦးအံ့ဟု ဆိုကုန်၏။ မင်းသားလည်း ငါကား-မစိုးရိမ်၊ ငါကား ပစ္စေကဗုဒ္ဓါတည်းဟု ဆို၍—

သံသဂ္ဂဇာတသ ဘဝန္တိ သ္နေဟာ၊
သ္နေဟန္တယံ ဒုက္ခိမိဒံ ပဟောတိ။
အာဒီနဝံ သ္နေဟဇံ ပေက္ခမာနော၊
ဧကော စရေ ခဂ္ဂဝိသာဏကပ္ပေါ။

ဟူသော ဂါထာကိုရွတ်၏။ ထိုမှကြွင်းသော အလုံးစုံသောစကားသည် ရှေးဂါထာနှင့် တူသည်သာလျှင်တည်း။ ဒုတိယ။

တပါးသော ပစ္စေကဗုဒ္ဓါအလောင်းသည် ရှေးဂါထာ၌ ဆိုသောနည်းဖြင့် ရဟန်းပြု၍ တရားဈာန်သီပြည်၌ မင်းပြုသည်ရှိသော် ပထမစျာန်ကိုဖြစ်စေ၍ ရဟန်းတရားနှင့်မင်းအဖြစ်သည် အဘယ်လျှင် မြတ်မည်နည်းဟု စုံစမ်း၍ အမတ်တို့အား ပြည်ကိုနှင်း၍ သမဏဓမ္မကို ပြု၏။ အမတ်တို့သည် တံစိုးကိုယူ၍ ဥစ္စာရှင်ကို ရှုံးစေ၏။ အခါတပါး မင်းနှင့်အကျွန်းဝင်သောသူကို ရှုံးစေ၏၊ ရှုံးသောသူသည် အလုံးစုံကို မင်းအားကြားလျှောက်၏။

မင်းလည်း ခုနစ်ရက်မြောက်သောနေ့၌ တရားဆုံးဖြတ်ရာသို့ ထွက်၏။ ထိုအခါလူအပေါင်းတို့သည် အမတ်တို့ အမှန်မပြုကြောင်းကို အသံပြုကြကုန်၏၊ ထိုအခါ မင်းလည်းတရားဆုံးဖြတ်ရာမှထ၍ ပြာသာဒ်သို့တက်၍ သမာပတ်ကို ဖြစ်စိမ့်သောငှာ နေသည်ရှိသော် အသံဖြင့်ပျံ့လွင့်သောစိတ်ရှိသည်ဖြစ်၍ မတတ်နိုင်၊ မင်းသည်ပြည်စည်းစိမ်ထက် ရဟန်းတရားသည်သာလျှင် မြတ်၏ဟု မင်း၏ချမ်းသာကိုပယ်၍ သမာပတ်ကို ဖြစ်စိမ့်သောငှာ ရှေး၌ဆိုခဲ့ပြီးသောနည်းဖြင့် ဝိပဿနာကိုရှု၍ ပစ္စေကဗောဓိဉာဏ်ကို မျက်မှောက်ပြုလေ၏။ ကမ္မဋ္ဌာန်းကို မေးသည်ဖြစ်၍—

မိတ္တေ သုဟဇ္ဇေ အနုကမ္ပမာနော၊
ဟာပေတိ အတ္ထံ ပဋိဗဒ္ဓစိတ္တော။
ဧတံ ဘယံ သန္ထဝေ ပေက္ခမာနော၊
ဧကော စရေ ခဂ္ဂဝိသာဏကပ္ပေါ။

ဟူသောဂါထာကို ရွတ်၏။ တတိယ။

ကာသပမြတ်စွာဘုရားသာသနာတော်၌ သုံးယောက်ကုန်သော ပစ္စေကဗုဒ္ဓါအလောင်းတို့သည် ရဟန်းပြုကုန်၍ စုတေ့လျှင် နတ်ပြည်၌ ဖြစ်ကြလေကုန်၏၊ နတ်ပြည်မှ စုတေ့ခဲ့၍ အကြီးသည် ဘရာဈာသီမင်းမျိုး၌ဖြစ်၏။ နှစ်ယောက်သည် ပစ္စန္တမြို့တို့၌ ဖြစ်ကြကုန်၏၊ ထိုနှစ်ယောက်တို့သည် ကမ္မဋ္ဌာန်းကိုသင်ပြီးလျှင် ပြည်ကိုစွန့်၍ ရဟန်းပြုကုန်၏၊ အစဉ်သဖြင့် ပစ္စေကဗုဒ္ဓါဖြစ်ကြလေကုန်၍ နန္ဒမူလတောင်ဂုဟ်း၌ နေကြကုန်၏။

တနေ့သ၌သမာပတ်မှထ၍ ငါတို့သည် အဘယ်အမှုကိုပြု၍လောကုတ္တရာသုခသို့ရောက်သနည်းဟု ဆင်ခြင်လတ်သော် ကာသပဘုရားလက်ထက် မိမိတို့ကျင့်ခဲ့သောအကျင့်ကို မြင်ကြကုန်၏။ ထို့နောင်မှ တတိယပုဂ္ဂိုလ်သည် အဘယ်မှာရှိသနည်းဟု ဆင်ခြင်ပြန်လတ်သော် ဘရာဈာသီပြည်၌ မင်းပြုနေသောအဖြစ်ကို မြင်၍ ထိုသူဂုဏ်၌ အောက်မေ့၍ ဘရာဈာသီမင်းသည်လည်း ပကတိအားဖြင့်လျှင် အလိုနည်းခြင်းစသော ဂုဏ်ကျေးဇူးနှင့် ပြည့်စုံ၏။ ငါတို့အဆုံးအမ၌ တည်ရာ၏။

ဆိုလွယ်သော သဘောရှိ၏။ ဆိုခြင်းငှာခဲ့၏။ မကောင်းမှုကိုကဲ့ရဲ့တတ်၏။ ယခု ထိုမင်းအား အာရုံပြု၍ လွတ်စေအံ့ဟု အခွင့်ကိုရှာလျက် နေသည်ရှိသော် တနေ့သ၌ ခပ်သိမ်းသော တန်ဆာဖြင့် တန်ဆာဆင်လျက် ဥယျာဉ်သို့ထွက်သော မင်းကို မြင်၍ ကောင်းကင်ဖြင့်သွားပြီးလျှင် ဥယျာဉ်တံခါး၌ ဝါးရုံပင်ရင်း၌ ရပ်ကြကုန်၏။

မင်းကြီးလည်း ပစ္စေကဗုဒ္ဓါတို့ကို မြင်လေ၏။ မြင်သည်နှင့် တပြိုင်နက်လျှင် ချစ်ခြင်းသည် ဖြစ်၏၊ မင်းကြီးလည်း ဆင်ကျောက်ကုန်းမှသက်၍ အရှင်ဘုရားတို့၊ အရှင်တို့အမည်ကား အဘယ်အမည်ရှိသနည်းဟု မေး၏၊ မင်းကြီး ငါတို့ကား– အသဇ္ဈမာနမည်၏ဟု ဆိုကုန်၏၊ အရှင်ဘုရားတို့အသဇ္ဈမာန ဟူသောပုဒ်၏ အနက်ကား– အဘယ်သို့နည်းဟု မေးပြန်၏၊ မင်းကြီး မငြိတွယ်ခြင်းအနက်ရှိ၏ဟုဆို၏။

ထို့နောင်မှ ဝါးရုံပင်ကိုပြလျက် မြတ်သော မင်းကြီး၊ ဤဝါးရုံချုံသည် အချင်းခပ်သိမ်းအားဖြင့် အမြစ်ပင်စည် အခက်တို့ဖြင့် ခြုံရုံလျက်တည်၏၊ သန့်လျက်စွဲသော ယောကျ်ားသည် အမြစ်ကိုဖြတ်ပြီးလျှင် မခြုံရုံစေမူ၍ ဖြတ်ခွာထုတ်အံ့သောငှာ တတ်နိုင်ရာ၏၊ ထို့အတူ သင်မင်းကြီးသည်လည်း အတွင်းအပ၌ နှောင်ဖွဲ့ခြင်းမှ မငြိတွယ်သည့် ဖြစ်ရာ၏။

ဥပမာကား—

ဝါးချုံ၏ အလယ်မှဝါးကိုဖြတ်၍ မငြိမတွယ်သော အခက်ရှိသည်ကို ပြုပြီးသောကာလ မငြိမတွယ်သည် ဖြစ်ရာ၏။ အဖျားခြွလည်းကောင်း၊ အရင်းခြွလည်းကောင်း ဖြတ်၍ထုတ်ယူခြင်းငှာ တတ်နိုင်ရာ၏။ ထို့အတူ ငါတို့သည်လည်း တစုံတခုသောအာရုံ၌ မငြိမတွယ်သည်ဖြစ်၍ ခပ်သိမ်းသော အရပ်တို့သို့သွားနိုင်ကုန်၏ဟု ဆိုကုန်၏၊ ထိုခဏ၌ပင်လျှင် စွာန်ဝင်စား၍ မင်း၏ မြင်စဉ်လျှင် ကောင်းကင်လမ်းဖြင့် နန္ဒမူလတောင်ဝှမ်းသို့ သွားကြကုန်၏။

ထို့နောင် မင်းကြီးသည် အဘယ်နံ့ရောအခါငါသည်လည်း မငြိမတွယ်သည် ဖြစ်ရပါအံ့နည်းဟုကြံ၍ ထိုအရပ်၌ပင်လျှင်ဝိပဿနာကိုပွားစေလျက် ပစ္စေကဗောဓိဉာဏ်ကို ရလေ၏၊ ရှေးနည်းဖြင့် ကမ္မဋ္ဌာန်းကို မေးသည်ဖြစ်၍—

ဝံသော ဝိသာလော၀ ယထာ ဝိသတ္တော၊
ပုတ္တေသု ဒါရေသု စ ယာ အပေက္ခာ။
ဝံသက္ကဠိရော၀ အသဇ္ဇမာနော၊
ဧကော စရေ ခဂ္ဂဝိသာဏသပ္ပေါ။

ဟူသောဂါထာကို ရွတ်၏။ စတုတ္ထ။

တပါးသော ပစ္စေကဗုဒ္ဓါ အလောင်းသည် ကာသပမြတ်စွာဘုရား သာသနာတော်၌ ယောဂါ၀စရ ရဟန်းဖြစ်၍သေလျှင် ဗာရာဏသီပြည်တွင် သူဌေးအမျိုး၌ဖြစ်လေ၏၊ ပရဒါရကံကို ပြုမိ၍ သေလျှင် ငရဲ၌ ကျက်ပြီးမှ ကြွင်းသောအကျိုးဖြင့် သူဌေးမယား ဝမ်း၌ဖြစ်၏၊ ငရဲမှ လာကုန်သော သူတို့၏ကိုယ်သည် ပူကုန်၏။

ထို့ကြောင့် သူဌေးမယားသည် ပူလောင်လျက် ဆင်းရဲငြိုငြင်စွာ ကိုယ်ဝန်ဆောင်ပြီးမှ သတို့သမီးကိုဖွား၏၊ အရွယ်သို့ရောက်သောကာလ သူဌေးသား တယောက်အားပေး၏၊ သူဌေး

သားကား မချစ်ခင်လေ ထိုရွာ၌ နက္ခတ်သဘင်ကြုံသောကာလ သူဌေးသားသည် ထိုသတို့သမီးနှင့် ကစားခြင်းငှာ အလိုမရှိသည်ဖြစ်၍ ပြည့်တန်ဆာမကိုဆောင်၍ ကစားလေ၏၊ ထိုစကားကိုကြားလျှင် သူဌေးသားသို့ကပ်လျက် အထူးထူး အပြားပြား တောင်းပန်၍ အရှင့်သား မိန်းမတို့မည်သည်ကား အကယ်၍ ဆယ်ယောက်သော မင်းတို့၏ နှမပင်ဖြစ်စေကာမူ စကြာမင်း၏ သမီးပင်သော်လည်း ဖြစ်စေကာမူ လင်တည်းစင်စစ် မချစ်မူကား အလျှံလက်လက် တံကျင်ထက်တွင် တင်ဘိသကဲ့သို့ မဟာဒုက္ခ တွေ့ကြုံရမြဲ ဖြစ်ပါသည်၊ အကယ်၍ အကျွန်ုပ်ကို ချီးမြှောက်ခြင်းငှာ မထိုက်ပါသည်ဖြစ်အံ့ လွှတ်တော်မူပါ၊ မိဘတို့ထံ ပြန်လိုပါသည် ဟုဆို၏။

သူဌေးသားက ထိုသို့တပြီးကား မည်သည်ကိုမျှ မစိုးရိမ်လင့် ကစားအံ့သောငှာ အစီအရင်ကိုသာ စီရင်လော့၊ သဘင်ကစားကုန်အံ့ဟုဆို၏ သူဌေးသမီးလည်း ထိုမျှလောက်သော ပြောဟောခြင်းမျှဖြင့် အားထုတ်ခြင်းသည်ဖြစ်၏ နက်ဖြန် သဘင်ကစားအံ့ဟု များစွာသောခဲဖွယ်စားဖွယ်ကိုစီရင်၏။ သူဌေးသားသည် မိုးသောက်သောနေ့၌ မခေါ်ပဲ ကစားရာ အရပ်သို့သွားလေ၏။ သူဌေးသမီးမူကားခေါ်လာနိုးနိုး ခရီးကိုရှုလျက်နေ၏ သူဌေးသားသည် မခေါ်ပဲသွားလေသည်ကိုသိ၍ သူဌေးသမီးလည်း အလုံးစုံစီရင်သော ခဲဖွယ် စားဖွယ်တို့ကိုယူ၍ ယာဉ်ထက်စီးလျက် ဥယျာဉ်သို့ထွက်လေ၏။

ထိုအခါနန္ဒမူလတောင်ဝှမ်း၌ ပစ္စေကဗုဒ္ဓါသည် ခုနစ်ရက်မြောက်သောနေ့၌ နိရောဓသမာပတ်မှထ၍ အနဝတတ်အိုင်၌ နာဂလတာ ဒန်ပူကိုခဲ၍ မျက်နှာတော်ဆေးပြီးလျှင် ယနေ့အဘယ်သူ့ဆွမ်းကိုခံရအံ့နည်းဟု ဆင်ခြင်လတ်သော် ထိုသူဌေးသမီးကို မြင်၍ ဤသတို့သမီးသည် ငါ၌ကြည်ညိုသော အခြင်းအရာကိုပြ၍ ပြုအပ်ပြီးသော အကုသိုလ်ကံ၏ကုန်ခြင်းသို့ ရောက်လတ္တံ့ဟုသိ၍ တောင်ဝှမ်း၏အနီး၌ ယူဇနာခြောက်ဆယ်ရှိသော မြင်းသီလာ ကျောက်ဖျာ အပြင်၌ရပ်လျက် သင်္ကန်းကို ဝတ်ရုံတော်မူပြီးလျှင် သပိတ်ကိုပိုက်လျက် အဘိညာဉ်၏ အခြေဖြစ်သော သမာပတ်ကိုဝင်စား၍ ကောင်းကင်ခရီးဖြင့် ကြွလာခဲ့ပြီးလျှင် သူဌေးသမီး၏ ခရီးရင်ဆိုင်၌သက်၍ ဗာရာဏသီသို့ ရှေးရှုကြွ၏။

ထိုပစ္စေကဗုဒ္ဓါကိုမြင်လျှင် ကျွန်မတို့သည် သူဌေးသမီးအားကြားကုန်၏၊ သူဌေးသမီးလည်း ယာဉ်မှသက်၍ ရိုသေစွာ ရှိခိုးပြီးလျှင် သပိတ်၌ ခဲဖွယ်ဘောဇဉ်တို့ဖြင့် ပြည့်စေပြီးမှကြာပန်းဖြင့် ဖုံးအုပ်၍ အောက်မှလည်း ကြာပွင့်ဖြင့်ခံလျက် ကြာပန်းစည်းကို လက်ဖြင့်ကိုင်၍ အရှင်ပစ္စေကဗုဒ္ဓါထံသို့ ကပ်၍ သပိတ်ကိုကပ်ပြီးလျှင် ပန်းစည်းလက်စွဲလျက် အရှင်ဘုရား ဤကြာပန်းသည် လူအပေါင်းတို့၏ ချစ်ခင်နှစ်လို့ခြင်းသည် ဖြစ်၏။ ထို့အတူ အကျွန်ုပ်သည် အကြင်အကြင် ဘဝ၌ ဖြစ်၏၊ ထိုထိုသို့သောဘဝ၌ လူအပေါင်းတို့၏ ချစ်ခင်ခြင်းသည်လည်းကောင်း၊ နှစ်လို့ခြင်းသည်လည်းကောင်း ဖြစ်ပါလို၏။

အဓိဝမ်း၌ ပဋိသန္ဓေနေရခြင်းသည် ဆင်းရဲ၏၊ ပဒုမ္မာကြာပန်း၌သာလျှင် ပဋိသန္ဓေနေရသည် ဖြစ်ပါလို၏။

မာတုဂါမ ဖြစ်ရခြင်းသည်လည်း စက်ဆုပ်ဖွယ်ရှိ၏။ စကြဝတေးမင်း၏ သမီးဖြစ်လင့်ကစား တပါးသောသူ၏အလိုသို့ လိုက်ရချေ၏။

အကျွန်ုပ်သည်ကား မိန်းမအဖြစ်သို့ မကပ်မူ၍ ယောကျ်ားသာလျှင် ဖြစ်ပါလို၏။

သံသရာဒုက္ခကိုလွန်၍ အဆုံးစွန်သောကိုယ်၏အဖြစ်၌ အရှင်ဘုရားတို့သည် ရောက်အပ်သော နိဗ္ဗာန်ပြည်မြတ်သို့သာ ရောက်ပါလို၏။

ဤလေးပါးသောဆုကိုတောင်း၍ ကြာပန်းစည်းကို ပူဇော်ပြီးလျှင် ငါးပါးသော ထိခြင်းဖြင့် ရှိခိုး၍ ဤကြာပန်းသည် ကောင်းသောအနံ့ ကောင်းသော အဆင်းရှိ၏၊ ထို့အတူလျှင် ကောင်းသောအနံ့ ကောင်းသောအဆင်း ရှိသည်သာ ဖြစ်ပါစေသတည်းဟု ငါးခုမြောက်သော ဆုကိုပြု၏၊ ထို့နောင် ပစ္စေကဗုဒ္ဓါသည် သပိတ်ကို လည်းကောင်း၊ ကြာပန်းစည်းကိုလည်းကောင်း ယူ၍ ကောင်းကင်၌ရပ်လျက် —

ဣစ္ဆိတံ ပတ္တိတံ တုယ္ဟံ၊ ခိပ္ပမေဝ သမိဇ္ဈတု။
သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ၊ စန္ဒော ပန္နရသော ယထာ။

ဟူသောဂါထာဖြင့် အနုမောဒနာပြု၍ ငါကြွသည်ကို သူဌေးသမီး မြင်စေသတည်းဟု အဓိဋ္ဌာန်တော်မူပြီးလျှင် နန္ဒမူလတောင်ဝှမ်းသို့ ကြွတော်မူလေ၏၊ သူဌေးသမီးလည်းရပ်လျက် ထိုပစ္စေကဗုဒ္ဓါကြွတော်မူသည်ကို မြင်၍ ကြီးစွာသော ဝိတိသည်ဖြစ်၍ အတိတ်ဘဝ၌ ပြုအပ်သော အကုသိုလ်ကံသည် အကျိုးကိုပေးခြင်းငှာ ခွင့်မရခြင်းကြောင့် မန်ကျည်းချဉ်ဖြင့် ဆေးအပ်သော ကြေးနီခွက်၏စင်ကြယ်ခြင်းဖြစ်သကဲ့သို့ ကုန်ခြင်းသို့ရောက်လေ၏။

ထိုခဏ၌ လင်၏အိမ်၌လည်းကောင်း၊ ဆွေမျိုးတို့၏ အိမ်၌လည်းကောင်း ခပ်သိမ်းသော သူများတို့သည် နှစ်လို့ကုန်၏၊ ချစ်ဖွယ်သော စကားကိုလည်းကောင်း၊ လက်ဆောင်ပဏ္ဏာတို့ကိုလည်းကောင်း စေလိုက်၏။ သူဌေးသားသည် သူဌေးသမီးကို လျှင်စွာဆောင်ခဲ့ကုန်လော့။ ငါသည် မှေလျော့၍ လာမိသည်ဟု လူများတို့ကို စေလိုက်၏၊ ထို့နေ့မှစ၍လည်း သူဌေးသမီးကို ရင်၌လိမ်းအပ်သော စန္ဒကူးကဲ့သို့၊ လည်၌ဆွဲအပ်သော ပုလဲသွယ်ကဲ့သို့၊ နား၌ပန်ဆင်အပ်သော ပန်းဆိုင်းကဲ့သို့ ချစ်လျက်သာ ဆောင်၏။

သူဌေးသမီးသည် အသက်ရှည်သမျှ ကာလပတ်လုံး ကြာသရိယ ဘောဇသုခကို ခံစား၍ သေခဲ့သော် ယောကျ်ားအဖြစ်ဖြင့် နတ်ပြည်ဝယ် ပဒုမ္မာကြာပန်း၌ ဖြစ်လေ၏။ ထိုနတ်သားသည် သွားသောကာလ ပဒုမ္မာကြာတိုက်၌လျှင်သွား၏။ ရပ်သော်လည်းကောင်း၊ နေသော်လည်းကောင်း၊ ပဒုမ္မာကြာတိုက်၌သာ ရပ်ရနေရ၏။ မဟာပဒုမဒေဝပုတ္တ နတ်သားဟူ၍ကွင်း၏။

ဤသို့ နတ်သားသည် ပစ္စေကဗုဒ္ဓါ၏ အာနုဘော်ကြောင့် အနုလောမ ပဋိလောမအားဖြင့် ခြောက်ထပ်သော နတ်ပြည်၌ ကျင်လည်ရ၏။ ထိုအခါ ဗာရာဏသီမင်း၏ နှစ်သောင်းသော မောင်းမတို့သည် ရှိကုန်၏။ တယောက်သော မောင်းမသည်မျှလည်း သားသမီးမရကုန်၊ အမတ်တို့သည် အရှင်မင်းကြီး အမျိုးအစဉ်ကို စောင့်တတ်သော သားကို အလိုရှိအပ်၏၊ မိမိကိုယ်၌ဖြစ်သောသားပင် မရှိသော်လည်း ကောက်၍ မွေးသော သားသည်ပင် အမျိုး၏အစဉ်ကို စောင့်နိုင်ပါ၏ဟု လျှောက်ကုန်၏။

မင်းကြီးလည်း မိဖုရားကိုထား၍ ကြွင်းသော မောင်းမတို့ကို ခုနစ်ရက်ပတ်လုံး ဓမ္မနာဋကို ပြုကုန်လော့ဟု အလိုအတိုင်း ပြင်သို့ သွားစေ၏၊ ထိုအခြင်းဖြင့်လည်း သားမရကုန်။ တဖန် အမတ်တို့သည် မြတ်သောမင်းကြီး၊ မိဖုရားကြီးတို့ မည်သည်ကား- ဘုန်းဖြင့်လည်းကောင်း၊ ပညာဖြင့်လည်းကောင်း ခပ်သိမ်းသော မိန်းမတို့ထက်မြတ်၏၊ စင်စစ်လျှင်

အရှင်မင်းကြီး၏ မိဖုရားကြီး၌ သားကိုရရာ၏၊ မိဖုရားကြီးအား ထိုအကြောင်းကို ကြားတော်မူပါဟု လျှောက်ကုန်၏၊ မင်းကြီးလည်း ကြားလေ၏။

မိဖုရားကြီးလည်း အရှင်မင်းကြီး၊ အကြင်မိန်းမသည်ကား မှန်သောစကားကိုသာ ဆိုလေ့ရှိ၏၊ သီလရှိ၏၊ ထိုမိန်းမသည်သာ သားကို ရရာ၏၊ အရှက်အကြောက်ကင်းသော မိန်းမအား အဘယ်မှာ သားရနိုင်အံ့နည်းဟုဆို၍ ပြာသာဒ်ထက်သို့တက်၍ ငါးပါးသီလကို ဆောက်တည်ပြီးလျှင် သားဆုကို တောင်း၏၊ စိတ်ကြံကာမျှမတွာ၌ သိကြားမင်း၏နေရာသည် တုန်လှုပ်၏၊ ထိုအခါ သိကြားမင်းသည် ဆင်ခြင်လတ်သော် ထိုအကြောင်းကို သိ၍ သီလရှိသော မိဖုရားအား သားဆုကိုပေးအံ့ဟု ကောင်းကင်ဖြင့်လာ၍ မိဖုရား၏ မျက်မှောက်၌ရပ်၏။ "မိဖုရား၊ သင့်အား သားကို ငါပေးအံ့" ဟုဆို၍ နတ်ပြည်သို့သွားလေ၍ ဆင်ခြင်လတ်သော် ဤပဒုမနတ်သားသည် အသက်တမ်းကုန်၍ အထက်နတ်ပြည်၌ ဖြစ်အံ့သည်ကိုသိ၍ နတ်သား၏ ဗိမာန်သို့သွားပြီးလျှင် အချင်းနတ်သား လူ့ပြည်၌ဖြစ်ပါချေလော့ဟုဆို၏၊ နတ်သားလည်း သိကြားမင်း ဆိုတော်မမူပါလင့်ဟု ဆို၏။

အချင်းနတ်သား သင်သည် လူ့ပြည်၌ကောင်းမှုပြု၍ ဤနတ်ပြည်၌ဖြစ်ရ၏၊ ထို့အတူ လူ့ပြည်၌ လည်၍ ပါရမီကို ဖြည့်အပ်၏ဟုဆို၏၊ မြတ်သော သိကြားမင်း၊ အမိဝမ်း၌ ပဋိသန္ဓေနေရခြင်းသည် ဆင်းရဲစွ၊ မစွမ်းနိုင်ဟုဆို၏။

အချင်းနတ်သား– သင်သည် ပဒုမ္မာ ကြာတိုက်၌သာလျှင် ဖြစ်ရလတ္တံ့၊ သင်သည် လူ့ပြည်၌ဖြစ်ပါချေဟု အဖန်တလဲလဲဆိုဖန်များသဖြင့် ဝန်ခံရ၏၊ ထို့နောင် နတ်သားသည် စုတေ့ခဲ့၍ ဗာရာဏသီမင်း၏ဥယျာဉ်၌ သိလာပတ္တရေကန်ဝယ် ပဒုမ္မာကြာတိုက်၌ ဖြစ်လေ၏။

မိဖုရားကြီးလည်း ထိုနေ့ညဉ့် မိုးသောက်ယံ၌ အိပ်မက်ဖြင့် မောင်းမနှစ်သောင်း ခြံရံလျက် ဥယျာဉ်သို့သွား၍ သိလာပတ္တရေကန်၌ ပဒုမ္မာကြာတိုက်၌ သားကိုရသကဲ့သို့ မြင်၏၊ မိဖုရားကြီးလည်း မိုးသောက်အခါ သီလကို စောင့်၍ ထိုရေကန်သို့သွားလျှင် တပွင့်သောကြာကို မြင်၏၊ ထိုကြာသည် ရေတိမ်၌လည်းမဟုတ်၊ ရေနက်၌လည်းမဟုတ်၊ မြင်သည်နှင့် တပြိုင်နက်လျှင် သား၏ချစ်ခြင်းသည်ဖြစ်၏။ မိဖုရားကြီးလည်း မိမိသားလျှင်ရေကန်သို့သက်၍ ကြာပန်းကိုကိုင်၏၊ ကိုင်သည်နှင့်တပြိုင်နက်လျှင် ပွင့်ချပ်တို့သည် ပွင့်ကုန်၏၊ သွန်းအပ်သော ရွှေဆင်းတုနှင့်တူသော သူငယ်ကိုမြင်လျှင် ငါသည် သားရပေပြီဟု အသံကို မြွက်၏။ လူများသည်လည်း ကောင်းချီးတထောင် လွှတ်ကုန်၏၊ မင်းကြီးလည်း သားရသော အခြင်းအရာကို ကြား၍ ဥယျာဉ်သည်လည်းကောင်း၊ ရေကန်သည်လည်းကောင်း ငါ၏ဥစ္စာလျှင်တည်း။ ထို့ကြောင့် ငါ၏ ခေတ္တာ၌ဖြစ်သောကြောင့် ခေတ္တဇမည်သော သားတည်းဟုဆို၍ မြို့သို့သွင်းပြီးလျှင် နှစ်သောင်းသော မောင်းမတို့အား အထိန်းကိစ္စကို ပြုစေ၏။

အကြင်အကြင် မိန်းမတို့သည် မင်းသားအားသိစေ၍ ခဲ့ဖွယ်ကိုခဲစေ၏၊ အလုံးစုံသော ဗာရာဏသီပြည်သည် တုန်လှုပ်လျက် ခပ်သိမ်းသောလူများသည် မင်းသားအား ပဏ္ဏာကာရအထောင်တို့ကို ပို့စေ၏၊ မင်းသားသည် ထိုထိုသို့သော ဘောဇဉ်ခဲ့ဖွယ်တို့ကို ဆောင်ခဲ့၍ ဤခဲ့ဖွယ်ကိုခဲပါလော့၊ ဤဘောဇဉ်ကို စားပါလော့ဟု ဆိုအပ်သောအစာဖြင့် နှိပ်စက်သောကြောင့် ငိုးငွေ့သည်ဖြစ်၍ တံခါးမှဒ်ဝ သွားပြီးလျှင် ကစားလျက်နေ၏။

ထိုအခါ တပါးသော ပစ္စေကဗုဒ္ဓါသည် ဗာရာဏသီပြည်ကို အမှီပြု၍ ဣသိပတနဥဒ္ဒေသ၏။ ထိုပစ္စေကဗုဒ္ဓါသည် စောစောထ၍ "ယနေ့ အဘယ်သူ့ ဆွမ်းကို ခံရအံ့နည်း" ဟု ဆင်ခြင်လတ်သော် မင်းသား၏ပြည့်စုံခြင်းကိုမြင်၍ ဤမင်းသားသည် ရှေးအခါ လေးပါးသောဆုကို ပန်၏။ ဆုသုံးပါးသည် ပြည့်စုံပြီ၊ တပါးသောဆုကို ပြည့်စုံစေအံ့။ ထိုမင်းသားအား အာရုံကိုပြပေအံ့ဟု ကြံ၍ ဆွမ်းခံသောအသွင်ဖြင့် မင်းသားအထံသို့ ရောက်လာ၍ မင်းသားသည်မြင်၍ ဤရဟန်းသည် ငါ့အား ခဲဖွယ်ကို ခဲလော့၊ ဤဘောဇဉ်ကို စားလော့ဟုဆိုရာ၏ဟုအမှတ်ရှိ၍ ရှင်ရဟန်း ဤအရပ်၌ မရပ်လင့်ဟု တားမြစ်၏။

ပစ္စေကဗုဒ္ဓါလည်း တခွန်းတည်းသောစကားဖြင့် ထိုအရပ်မှနစ်၍ နေတော်မူမြဲကျောင်းသို့ ဝင်လေ၏။ မင်းသားလည်း လူတို့ကိုခေါ်၍ ဤရဟန်းသည် ငါဆိုကာမတ္တဖြင့် နစ်လေ၏၊ ငါ့အား အမျက်ထွက်သလောဟု မေး၏၊ လူများတို့လည်း အရှင့်သား ရဟန်းတို့မည်သည်ကား အမျက်ထွက်ခြင်းမည်သည် မဖြစ်ကုန်။ သူတပါးသည် ကြည်ညိုသဖြင့် အကြင်ခဲဖွယ်ဘောဇဉ်တို့ကို ပေး၏၊ ထိုပေးသမျှဖြင့် မျှကုန်၏ဟု လျှောက်ကုန်၏။

ဤသို့ဆိုသော်လည်း ဤရဟန်းသည် အမျက်ထွက်သည်သာလျှင်တည်း၊ ထိုရဟန်းကို သည်းခံစေအံ့ဟု မိဘတို့အား မကြားမူ၍ ဆင်ထက်သို့ တက်၍ များစွာသော မင်း၏ အာနုဘော်ဖြင့် ဣသိပတနသို့သွား၍ သမင်အပေါင်းကိုမြင်လျှင် ဤသူတို့သည် အဘယ်သူနည်းဟု မေးပြန်၏၊ အရှင့်သား သမင်ဖြစ်ပါသည်ဟု လျှောက်၏။

ဤသမင်တို့အား ဤခဲဖွယ်ကို ခဲလော့၊ ဤဘောဇဉ်ကို စားလော့၊ ဤလျက်ဖွယ်ကို လျက်လော့ဆို၍ လုပ်ကျွေးကုန်သောသူတို့သည် ရှိကုန်သလောဟု မေးပြန်၏။ အရှင့်သား မရှိပါ၊ အကြင်အရပ်၌ မြက် ရေတို့ကို ရလွယ်၏၊ ထိုအရပ်၌ နေကုန်၏ဟု လျှောက်၏။ မင်းသားလည်း ဤသမင်တို့သည် အစောင့်အရှောက် မရှိပဲ အကြင်အရပ်၌ အလိုရှိကုန်၏။ ထိုအရပ်၌နေကုန်၏။ အဘယ်နံ့အခါ ငါသည်လည်း ဤသမင်တို့ကဲ့သို့ နေရပါအံ့နည်းဟု ဤသို့သော အာရုံကို ယူ၏။

ပစ္စေကဗုဒ္ဓါလည်း မင်းသား၏ လာသောအဖြစ်ကို သိ၍ ကျောင်းသို့ သွားသောခရီးကို လည်းကောင်း၊ စင်္ကြံကိုလည်းကောင်း၊ တံမြက်လှည်း၍ တကြိမ် နှစ်ကြိမ် စင်္ကြံသွားပြီးလျှင် ခြေရာကိုပြ၍ နေ့နေရာကို လည်းကောင်း၊ သစ်ရွက်မိုးသော ကျောင်းကိုလည်းကောင်း၊ တံမြက်လှည်း၍ ညညွတ်စွာပြုလျက် ကျောင်းသို့ဝင်သော ဖဝါးရာကို ပြ၍ ထွက်သောခြေရာကို မပြမူ၍ တပါးသောအရပ်သို့ သွားလေ၏၊ မင်းသားလည်း ထိုအရပ်တို့ကို တံမြက်လှည်း၍ ပြေပြစ်စွာ ပြုသည်ကို မြင်လျှင် ဤအရပ်၌ အရှင်ပစ္စေကဗုဒ္ဓါ နေသည် ဖြစ်လိမ့်သတည်းဟု အခြံအရံတို့ ဆိုသောစကားကို ကြား၍ နံနက်ကလည်း ထိုရဟန်းသည် အမျက်ထွက်၏၊ ယခုလည်း ဆင်မြင်းစသည်တို့ဖြင့် မိမိနေရာကို နင်းသည်ကိုမြင်လျှင် အလွန် အမျက်ထွက်ပြန်ရာ၏၊ ဤအရပ်၌လျှင် သင်တို့ ရပ်ကုန်လော့ဆို၍ ဆင်ကျောက်ကုန်းမှသက်၍တယောက် အထီးတည်းဖြင့်လျှင်ကျောင်းသို့ ဝင်၍ ဝတ်ကို အရင်းပြုသဖြင့် ကောင်းစွာ ညီညွတ်သောအရပ်၌ ခြေရာကိုမြင်လျှင် ဤရဟန်းသည် ဤအရပ်၌ စင်္ကြံသွားလျက် ကုန်သွယ်ခြင်းစသော အမှုမျိုးကို မကြံမချွတ်လျှင် မိမိ၏ အစီးအပွားကိုသာ ကြံ၏တကားဟု ကြည်သောစိတ်ရှိလျက် စင်္ကြံသို့တက်၍ စင်္ကြံမှ သက်ခဲ့ပြီးလျှင် ကျောက်ဖျာအပြင်၌ နေသဖြင့် ကောင်းစွာ တည်ကြည်ခြင်းသည်ဖြစ်၍ သခ်ိမ်းတွင်းသို့ ဝင်ပြီးလျှင်

ဝိပဿနာကို ရှုလျက် ပစ္စေကဗောဓိဉာဏ်သို့ ရောက်၍ ရှေးနည်းဖြင့် ပုရောဟိတ်သည်ကမ္မဋ္ဌာန်းကို မေးသည်ရှိသော် ကောင်းကင်ပြင်၌ ရပ်လျက်—

မိဂေါ အရညမ္ပိ ယထာ အဗန္ဓော၊
ယေနိစ္ဆကံ ဂစ္ဆတိ ဂေါစရာယ။
ဝိညူ နရော သေရိတံ ပေက္ခမာနော၊
ဧကော စရေ ခဂ္ဂဝိသာဏ ကပ္ပေါ။

ဟူသော ဂါထာကို ရွတ်၏။ ပဥ္စမ။

တပါးသော ပစ္စေကဗုဒ္ဓါအလောင်းဖြစ်သော ဗာရာဏသီမင်းအား အမတ်တို့သည် ခစားအံ့သောဌာနပ်ကုန်၏။ ထိုသူတို့တွင် တယောက်သောအမတ်သည် အရှင်မင်းကြီး ကြားအပ်သော စကားသည် ရှိ၏။ တခုသောအရပ်သို့ ကြွခြင်းကို တောင်းပန်၏ဟု ဆိုလျှင် မင်းကြီးလည်း ထ၍ သွားလေ၏။ တဖန် တယောက်သော အမတ်သည် များစွာသောလူတို့ ခစားရာ၌ နေခြင်းကို တောင်းပန်၏။

တယောက်သည် ဆင်ကျောက်ကုန်း၌ နေခြင်းကို၊ တယောက်သည် မြင်းကျောက်ကုန်း၌ နေခြင်းကို၊ တယောက်သည် ရွှေရထား၌ နေခြင်းကို၊ တယောက်သည် ထမ်းစင်၌နေလျက် ဥယျာဉ်သို့ သွားခြင်းကို တောင်းပန်၏၊ မင်းကြီးလည်း ထိုအရပ်မှ သက်ခဲ့၍ သွားလေ၏။ တယောက်သောသူသည် ဇနပုဒ်သို့ သွားခြင်းကို တောင်းပန်၏၊ ထိုသူ၏ စကားကို ကြား၍ ဆင်ကျောက်ကုန်းမှ သက်၍ တင့်အပ်ရာသို့ သွား၍ ဆိတ်ငြိမ်ရာ၌ နေ၏။ အမတ်တို့သည် စည်းစိမ်ကြီး၏၊ အမတ်တို့တွင် တယောက်သောအမတ်သည်မင်းကြီးအထံသို့သွား၍ ဤမည်သော ဇနပုဒ်ကို အကျွန်ုပ်အား ပေးပါလော့ဟု တောင်း၏။ မင်းကြီးလည်း ထိုအမတ်ကို ဤမည်သော ဇနပုဒ်ကို စားလေလော့ဟု ဆိုလိုက်၏။

တယောက်သော အမတ်သည်လည်း မင်း၏စကားကို မယူမူ၍ ငါလည်း ထိုဇနပုဒ်ကို သွား၍ ယူအံ့ဟု သွားကြလေ၏။ ထိုအရပ်သို့ သွားလေကုန်ပြီးလျှင် ငြင်းခုံခြင်းကိုပြု၍ တဖန် နှစ်ယောက်သောအမတ်တို့သည် မင်း၏ အထံသို့ လာပြန်၍ အချင်းချင်း အပြစ်ကို လျှောက်ကြကုန်၏။ မင်းကြီးလည်း ဤအပြစ်ကို ငြိမ်းစိမ့်သောဌာနတတ်နိုင်ရှိ၏။ ထိုသူတို့၏ အမျက်၌ အပြစ်ကို မြင်၍ ဝိပဿနာရှုလျှင် ပစ္စေကဗောဓိဉာဏ်သို့ ရောက်၍ ရှေးနည်းဖြင့်—

အာမန္တနာ ဟောတိ သဟာယမဇ္ဈေ၊
ဝါသေ ဌာနေ ဂမနေ စာရိကာယ။
အနဘိဇ္ဈိတံ သေရိဟံ ပေက္ခမာနော၊
ဧကော စရေ ခဂ္ဂဝိသာဏကပ္ပေါ။

ဟူသော ဂါထာကို ရွတ်၏။ ဆဋ္ဌမ။

တပါးသော ပစ္စေကဗုဒ္ဓါအလောင်းဖြစ်သော ဗာရာဏသီပြည် ပြဟ္မဒတ်မင်းအား တယောက်သော သားရှိသည်ဖြစ်၍ အသက်နှင့် ထပ်တူ ချစ်၏။ ခပ်သိမ်းသော ဣရိယာပုတ်တို့၌ သားကို ကိုင်၍ နေ၏။ ထိုမင်းသည် တနေ့သ၌ သားကိုထားခဲ့၍ ဥယျာဉ်သို့ သွား၏။ မင်းသားလည်း

ထိုနေ့၌ တခဏခြင်း သေခဲ့၏၊ အမတ်တို့သည် သား၌ ချစ်ခြင်းဖြင့် မင်းကြီးသည် နှလုံးကွဲရာ၏ဟု မင်းအား မကြားမူ၍ သင်္ဂြိဟ်ကုန်၏။ မင်းကြီးလည်း ဥယျာဉ်၌ သုရာယစ်သဖြင့် မေ့လျော့၍ သားကို မအောက်မေ့မိ။ ဒုတိယမြောက်သောနေ့၌ အထူးထူးသော ဘောဇဉ်ကို စားပြီးသောအခါ အောက်မေ့မိ၍ သားကို ဆောင်ခဲ့လော့ဟု ဆို၏။ ထိုမင်းအား လျော်သော အထူးထူးသော အစီအရင်ဖြင့် ထိုအကြောင်းကို ကြား၏၊ မင်းလည်းသောကဖြင့် နှိပ်စက်၍နေ၏။ နောင်အခါ အသင့်အားဖြင့် နှလုံးသွင်းမိ၍ အဝိဇ္ဇာ စသော တရားသည် ဖြစ်သည်ရှိသော် သခါရစသော တရားတို့သည် ဖြစ်ကုန်၏ဟု အစဉ်သဖြင့် ပဋိစ္စသမုပ္ပါဒ်ကို သုံးသပ်သော မင်းကြီးသည် ပစ္စေက ဗောဓိဉာဏ်သို့ ရောက်၏—

ခိဍ္ဍာ ရတီ ဟောတိ သဟာယမဒ္ဓေ၊
ပုတ္တေသု စ ဝိပုလံ ဟောတိ ပေမံ။
ဝိယဝိပ္ပယောဂံ ဝိဇိဂုစ္ဆမာနော၊
ဧကော စရေ ခဂ္ဂဝိသာဏကပ္ပော။

ဟူသော ဂါထာကို ရွတ်၏။ သတ္တမ။

ကဿပမြတ်စွာဘုရား သာသနာတော်၌ ငါးယောက်သော ပစ္စေကဗုဒ္ဓါ အလောင်းတို့သည် ရဟန်းပြုကုန်၍ အနှစ် နှစ်သောင်း ကာလပတ်လုံး ဂတပစ္စာဂတဝတ်ကို ဖြည့်၍ စုတေ့လျှင် နတ်ပြည်၌ ဖြစ်ကြကုန်၏။ ထိုနတ်ပြည်မှ စုတေ့ခဲ့၍ ထိုသူတို့၏ အကြီးသည် ဗာရာဏသီမင်း ဖြစ်၏၊ ကြွင်းသော လေးယောက်တို့သည် ပကတိသော မင်းတို့သည် ဖြစ်ကြကုန်၏၊ ထိုလေးယောက်သော မင်းတို့သည် ကမ္မဋ္ဌာန်းကိုသင်၍ ပြည်ကို စွန့်ပြီးလျှင် ရဟန်းပြု၍ အစဉ်သဖြင့် ပစ္စေကဗုဒ္ဓါဖြစ်၍ နန္ဒမူလပဗ္ဘာရ၌နေကြကုန်၏။ တနေ့သ၌ သမာပတ်မှထ၍ ဝံသကဠီရဂါထာ၌ ဆိုသောနည်းဖြင့် မိမိကံကိုလည်းကောင်း၊ အဖော်ကို လည်းကောင်း ဆင်ခြင်၍ ဗာရာဏသီမင်းအား ဥပါယ်တံမျဉ်ဖြင့် အာရုံကိုပြုခြင်းငှာ အခွင့်ကို ရှာကုန်၏၊ ထိုမင်းလည်း သုံးကြိမ်ညဉ့်၌ လန့်သဖြင့် ကြောက်၍ အသံကိုပြုမိ၏၊ ပြာသာဒ်အပြင်၌ ပြေး၏။

ပုရောဟိတ်သည် စောစောထ၍ ချမ်းသာစွာ စက်တော်ခေါ်ရပါ၏လောဟု မေးသော် ဆရာ-ငါ့အား အဘယ်မှာ ချမ်းသာစွာ အိပ်ရပါအံ့နည်းဟု ဆို၍ အလုံးစုံသော အကြောင်းမျိုးကို ကြား၏၊ ပုရောဟိတ်လည်း ဤရောဂါကို တစုံတခုသော ဆေးအားဖြင့် ကုအံ့သောငှာ မတတ်နိုင်ရာ၊ ငါ့အားလည်း စားသောက်ခြင်း၏ အကြောင်းထင်ပြီဟု ကြံ၍မြတ်သော မင်းကြီး၊ ပြည်၏ လည်းကောင်း၊ အသက်၏ လည်းကောင်း အန္တရာယ်စသည်တို့၏ ပုဗ္ဗနိမိတ်တည်းဟု ကြီးစွာသော ထိတ်လန့်ခြင်းကို ဖြစ်စေ၍ ထိုအကြောင်း၌ ငြိမ်းစိမ့်သောငှာ ဤမျှ အတိုင်းအရှည်ရှိကုန်သော ဆင်မြင်းရထား စသည်တို့ကို လည်းကောင်း၊ ရွှေငွေစသည်တို့ကို လည်းကောင်း အလှူပေး၍ ယဇ်ကို စီရင်အပ်၏ဟု ယဇ်ပူဇော်ခြင်း၌ ဆောက်တည်စေ၏။

ထို့နောင် ပစ္စေကဗုဒ္ဓါတို့သည် များစွာသော သတ္တဝါတို့ကို ယဇ်အလို့ငှာ စုရုံးသည်ကို မြင်ကုန်၍ ထိုအမှုကို ပြုသည်ဆိုသော် တရားကို သိနိုင်ခဲရာ၏၊ ယခုပင် ထိုမင်းကို ရှေးဦးစွာက သွားကုန်၍ ချွတ်ကုန်အံ့ဟု ဝံသကဠီရဂါထာ၌ ဆိုသောနည်းဖြင့် ကြွလာ၍ ဆွမ်းခံသည်ရှိသော် မင်းရင်ပြင်၌ သွားကုန်၏။

မင်းကြီးလည်း ခြင်္သေ့ခံသော လေသွန်တံခါးဦး ရပ်လျက် မင်းရင်ပြင်ကို ကြည့်သည်ရှိသော် ပစ္စေကဗုဒ္ဓါတို့ကို မြင်လေ၏၊ မြင်သည်နှင့် တပြိုင်နက်လျှင် ချစ်ခြင်းသည် ဖြစ်လေ၏၊ ထိုပစ္စေကဗုဒ္ဓါတို့ကို ခေါ်စေ၍ လွင်ပြင်၌ ခင်းအပ်သော နေရာ၌နေစေ၍ ရိုသေစွာ ဆွမ်းလုပ်ကျွေးပြီးသောကာလ အရှင်တို့သည် အဘယ်အမည် ရှိကုန်သနည်းဟု လျှောက်၏။

မြတ်သောမင်းကြီး ငါတို့ကား စတုဒိသာ အမည်ရှိ၏ဟု မိန့်ကုန်၏၊ အရှင်ဘုရားတို့-အရှင်တို့၏ စတုဒိသာဟူသော ပုဒ်၏အနက်ကား အဘယ်နည်းဟု မေးလျှောက်၏၊ အရပ်လေးမျက်နှာတို့တွင် တခုခုသော အရပ်တွင်မျှ တစုံတခုသော ဘေးသည် လည်းကောင်း၊ စိတ်၏ လန့်ခြင်းသည် လည်းကောင်း ငါတို့အား မရှိကုန်ဟု ဆို၏၊ အရှင်ဘုရားတို့.... အရှင်ဘုရားတို့အား ထိုဘေးသည် အဘယ့်ကြောင့် မရှိကုန်သနည်းဟု လျှောက်ပြန်၏။

မြတ်သောမင်းကြီး ငါတို့ကား- ဗြဟ္မဝိဟာရတို့ကို ပွားစေကုန်သောကြောင့် ဘေးမရှိဟု မိန့်ပြီးလျှင် ထ၍ကြွလေကုန်၏၊ မင်းကြီးလည်း ဤရဟန်းတို့သည် မေတ္တာစသည်တို့ကို ပွားစေခြင်းကြောင့် ဘေးမရှိကုန်ဟု ဆိုကုန်၏၊ ပုဏ္ဏားလည်း ထို အရာ အထောင် မကကုန်သော သတ္တဝါတို့ကို သတ်ခြင်းကို ခြီးမွမ်း၏၊ ထိုစကားနှစ်ရပ်တို့တွင် အဘယ်စကားသည် မှန်မည်နည်းဟု ကြံသောကာလ ရဟန်းတို့ကား- စင်သောရေဖြင့် စင်သောဝတ္ထုကို ဆေးကုန်၏၊ ပုဏ္ဏားတို့သည်ကား- မစင်သောရေဖြင့် စင်သောဝတ္ထုကိုဆေးကုန်၏၊ မစင်သောရေဖြင့် စင်သောဝတ္ထုကို ဆေးခြင်းငှာ မတတ်နိုင်ကောင်းရာ။ ရဟန်းတို့၏ စကားသည်လျှင် မှန်ရာ၏ဟု မင်းကြီးလည်း "သဗ္ဗေ သတ္တာ သုခိတာ ဟောန္တု" စသောနည်းဖြင့် မေတ္တာစသော လေးပါးသော ဗြဟ္မဝိဟာရကို ပွားစေ၍ နှံ့သော မေတ္တာစိတ်ဖြင့် ခပ်သိမ်းသော သတ္တဝါတို့ကို လွှတ်ကုန်လော့ဟု စေလိုက်၏။

ထို့နောင် မင်းကြီးသည် ပစ္စေကဗုဒ္ဓါတို့၏ စကားဖြင့် မကောင်းမှုမှလွတ်၍ ထိုအရပ်၌နေစဉ် ပင်လျှင် ဝိပဿနာကို ပွားစေ၍ ပစ္စေကဗောဓိဉာဏ်သို့ရောက်၍ အမတ်တို့သည်လည်း စားတော်ခေါ်အံ့သောအခါ၌ မြတ်သောမင်းကြီး၊ စားတော်ခေါ်အံ့သော အခါတန်ပါပြီဟု လျှောက်သောကာလ ငါကား- မင်းမဟုတ်ဟုဆို၍ ရှေးနည်းဖြင့် အလုံးစုံကိုဆို၍-

စာတုဒ္ဒိသော အပ္ပမ္ပိယော စဟောတိ၊
သန္တုဿမာနော ဣတရီတရေန။
ပရိဿယာနံ သဟိတာ အဆမ္ဘိ။
ဧကော စရေ ခဂ္ဂဝိသာဏကပ္ပေါ။

ဟူသော ဥဒါနဗျာကရဏကို ရွတ်၏။ အဋ္ဌမ။

ဗာရာဏသီမင်းကြီးအား မိဖုရားကြီးသည် သေလွန်လေ၏၊ ထိုသောကသည် ငြိမ်းသောအခါ၌ အမတ်တို့သည် မင်းတို့မည်သည်ကား- မိဖုရားကြီး ရှိစေအပ်သည် သာလျှင်တည်းဟု ကြံ၍ အရှင်မင်းကြီး တယောက်သောမိဖုရားကို ထားတော်မူဦးလော့ဟု လျှောက်ကြကုန်၏၊ မင်းကြီးလည်း အမတ်တို့ သင့်ရာရာကြကုန်လော့ဟု မိန့်၏။

ထိုသို့ရှာသောအခါ အနီးဖြစ်သောပြည်၌ မင်းကြီးသေလွန်၍ မိဖုရားသည် ပြည်၌မင်းပြုနေ၏၊ ထိုမိဖုရားသည် ကိုယ်ဝန်ရှိ၏၊ အမတ်တို့လည်း ထိုမိဖုရားသည် ငါတို့မင်းအား လျှောက်ပတ်၏ဟု

တောင်းပန်ကုန်၏၊ ထိုမိဖုရားလည်း ကိုယ်ဝန်ရှိသော မိန်းမတို့ကို လူတို့မနှစ်သက်ကုန် အကယ်၍ ငါ၌သားဖွားရုံငှဉ်တော်မူဦးလော့၊ ထိုသို့ပင် ငှဉ်စေကာမူ တယောက်သော မိဖုရားအခြားမထားသည်ဖြစ်အံ့ ဝန်ခံ၏ဟု ဆို၏။

အမတ်တို့လည်း မင်းအား အကြောင်းကို ကြားကုန်၏၊ မင်းကြီးလည်း ကိုယ်ဝန်ရှိစေကာမူ ဆောင်သာဆောင်ခဲ့လော့ကု ဆို၏၊ အမတ်တို့လည်း ဆောင်ခဲ့ကုန်၏၊ မင်းကြီးလည်း ထိုမိဖုရားကို အဘိသိက်သွန်း၍ ခပ်သိမ်းသော မိဖုရားကြီး အရာကို ပေး၏၊ ထိုမိဖုရားကြီးအား အခြံအရံတို့သည် အထူးထူးသော ပဏ္ဏာကာရဖြင့် ဆက်သ ကြကုန်၏၊ မိဖုရားကြီးလည်း အခါတိုင်သဖြင့် သားကိုဖွား၏၊ ထိုသားကိုလည်း မိမိသားကဲ့သို့ ခပ်သိမ်းသော ဂ္ဂရိယာပုတ်တို့၌ ရင်ခွင်၌ ထား၍နေ၏။

ထို့နောက် မိဖုရားအခြံအရံ တစ်ယောက်သည် ဤမင်းကြီးသည် အလွန်ချစ်ခင်၏၊ ယခုအခါထိုမင်းကို ငါဖျက်အံ့ဟု ကြံ၏၊ ထိုနောက်မှ မင်းသားကို သင်သည် ငါတို့မင်းကြီးသားတည်း၊ ဤမင်းကြီး၏ သားစစ်မဟုတ်၊ ဤမင်း၌ အလွန်အကျွမ်းဝင်ခြင်းကို မပြုလင့်ဟု ဆို၏၊ ထိုအခါမင်းသားသည် ငါ့သားလာလော့ဟု မင်းကြီးဆိုသော်လည်းကောင်း၊ လက်၌ကိုင်၍ ငင်သော်လည်းကောင်း၊ ရှေး၌ကဲ့သို့ မလာပဲနေ၏၊ မင်းကြီးလည်း ဤအကြောင်းကား အသို့နည်းဟု စုံစမ်းလတ်သော် အကြောင်းကိုသိ၍ အခါတပါး၌ ငါသည် ထိုသူကို ခြိုးမြောက်ပါသော်လည်း ရွံရှာဖွယ်သည်သာ ဖြစ်၏ဟု ငြီးငွေ့၍ ပြည်ကိုစွန့်ပြီးလျှင် ရဟန်းပြုလေ၏။

အမတ်တို့သည်လည်း မင်းကြီးသည် ရဟန်းပြုပြီဟု မျှားစွာသောလူတို့သည် လိုက်၍ ရဟန်းပြုကြကုန်၏၊ အခြံအရံနှင့်တကွ မင်းကြီးသည် ရဟန်းပြုလေပြီဟူ၍ လူတို့သည် မွန်မြတ်သော ပစ္စည်းကို လှူကြကုန်၏၊ မင်းကြီးလည်း မွန်မြတ်သော ပစ္စည်းတို့ကို သီတင်းဝါစဉ် ကြီးငယ် အလျောက်ပေးဝေစေ၏၊ ထိုသို့ပေးဝေရာ၌ အကြင်လူတို့သည် ကောင်းသည်ကို ရကန်၏၊ ထိုသူတို့သည် နှစ်သက်ကုန်၏၊ မကောင်းသည်ကို ရကုန်သောသူတို့သည် ကဲ့ရဲ့ကုန်၏၊ ငါတို့သည် ပရိဝုဏ်ကို တံမြက်လှည်းခြင်းစသော ခပ်သိမ်းသော ကိစ္စတို့ကို ပြုကုန်လျက် ကြမ်းသော ဆွမ်းကိုလည်းကောင်း၊ ဆွေးမြည့်သောအဝတ်ကိုလည်းကောင်း ရကုန်၏ဟု ရေရွတ်ကုန်၏၊ ထိုစကားကို ကြားသိ၍ ပရိသတ်တို့ကို သဂြိဟ်နိုင်ခဲစွာသော သပိတ်သင်္ကန်းကို ယူ၍ တစ်ယောက်အထီးတည်း တောသို့ဝင်၍ ဝိပဿနာကို အားထုတ်၍ ပစ္စေကဗောဓိဉာဏ်ကို မျက်မှောက်ပြု၍ ထိုအရပ်သို့ လာရောက်သောသူတို့သည် ကမ္မဋ္ဌာန်းကို မေး၍—

ဒုဿင်္ဟာ ပဗ္ဗဇိတာပိ ဧကေ၊
အထော ဂဟဋ္ဌာ ဃရမာဝသန္တာ။
အပ္ပေါသုက္ကော ပရပုတ္တေသု ဟုတ္တာ၊
ဧကော စရေ ခဂ္ဂဝိသာဏကပ္ပော။

ဟူသော ဂါထာကိုရွတ်၏။ နဝမ။

ပစ္စေကဗုဒ္ဓါအလောင်းဖြစ်သောဗာရာဏသီပြည်၌စာတုမာသိကမည်သောဗြဟ္မဒတ်မင်းသည် ပထမနွေလ၌ ဥယျာဉ်သို့သွား၍ ဥယျာဉ်၌မွေလျော်ဖွယ်ရှိသောမြေအဖို့၌ ညိုသောတခဲနက်သော အရွက်ဖြင့် ဖုံးလွှမ်းသော ပင်လယ်ကသစ်ပင်ကိုမြင်၍ ထိုသစ်ပင်ရင်း၌ ငါ၏နေရာကိုခင်းလော့ဟု

ဆို၍ ဥယျာဉ်ကစားပြီးလျှင် ညချမ်းသောအခါ၌ ထိုသစ်ပင်ရင်း၌ အိပ်၏။ တစ်ဖန် နွေလဥတု၏ အလယ်ဖြစ်သောကာလ၌ ဥယျာဉ်သို့ထွက်၏။ ထိုအခါ ပင်လယ်ကသစ်ပင်သည် ပင်လုံးကျွတ်မျှ ပွင့်၏။ ထိုအခါလည်း ထိုသစ်ပင်ရင်း၌ အိပ်နေခြင်းကို ပြု၏။ တစ်ဖန်လည်း နွေလ၏ အဆုံး ဖြစ်သောလ၌ ဥယျာဉ်သို့ ထွက်၏။ ထိုအခါလည်း ပင်လယ်ကသစ်ပင်သည် အရွက်ကြွေသည် ဖြစ်၍ ခြောက်သော သစ်ပင်ကဲ့သို့ ဖြစ်၏။ မင်းကြီးသည် ထိုအပင်ကိုမြင်၍ ရှေးဥလေ့ကျင့်ခဲ့ဖူး သော အစဉ်ဖြင့် ထိုသစ်ပင်ရင်း၌လျှင် နေရာခင်းခြင်းကို ပြုစေ၏။ အမတ်တို့သည် သိငြား သော်လည်း မင်းကြီးနေစိမ့်သောငှာ နေရာကို ခင်းကြကုန်၏။ ဥယျာဉ်၌ ပျော်ပါးပြီးသော် ညချမ်းသောအခါ ထိုနေရာ၌ အိပ်ခြင်းကို ပြုသည်ရှိသော် ထိုသစ်ပင်ကိုမြင်၍ အမတ်တို့၊ ဤ သစ်ပင်သည် ရှေးအခါ၌ ကောင်းစွာ ဖုံးလွှမ်းသောအရွက် ရှိ၏။ မြဖြင့်ပြီးသကဲ့သို့ အလွန်ရှုဖွယ် သော အဆင်းရှိ၏။ ထို့နောင် မြအဆင်းရှိသော အခက်ကြား၌ ထားအပ်သော သန္တာည္ဇန့်နှင့် တူသောအပွင့်တို့ဖြင့် အသရေနှင့်တကွရှုဖွယ်ရှိ၏။ အောက်၌ ပုလဲအဆင်းနှင့်တူသော သဲမှုန်ဖြင့် ပြွမ်းလော မြေအပြင်ရှိ၏။ နီသောကမ္ဗလာဖြင့် ခင်းဘိသကဲ့သို့ အညှာမှလွတ်သော အပွင့်ဖြင့် ဖုံးလွှမ်းအပ်၏။ ထိုသို့သဘောရှိသော သစ်ပင်သည် ယခုအခါ ခြောက်သော သစ်ပင်ကဲ့သို့ အခက်အလက်သာကြွင်းလျက်တည်၏တကား။ ငါတို့အားလည်း အို၊ခြင်းသည် ကပ်၍ နှိပ်စက်စွဲ တကားဟုကြံ၍ အနုပါဒိဏ္ဏရုပ်မျှကိုသော်လည်း အိုခြင်းသည်နှိပ်စက်၏။ ဥပါဒိဏ္ဏရုပ်ကိုသော်ကား အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်းဟု အနိစ္စသညာကို ရလေ၏။

ထိုတရားကို အစဉ်သဖြင့် ဆင်ခြင်လျှင် ခပ်သိမ်းသော သခါရတို့၌ ဒုက္ခတော အနတ္တတော ဟူ၍ ဝိပဿနာကိုရှုလျက် ငါသည်လည်း ပြတ်သောအရွက်ရှိသော ပင်လယ် ကသစ်ပင်ကဲ့သို့ ကင်းသောလူ၏ အသွင်ရှိမူကား ကောင်းလေစွတကားဟု တောင့်တလျက် အစဉ်သဖြင့် ထိုနေရာ၏အပြင်၌ လက်ယာနံတောင်းဖြင့် လျောင်းလျက်သာလျှင် ပစ္စေကဗောဓိဉာဏ်သို့ရောက်၍ ထို့နောင်မှ သွားအံ့သောအခါ အမတ်တို့သည် အရှင်မင်းကြီး သွားခြင်းငှာ အခါတန်ပြီဟု ဆိုလတ်သော် ငါကား မင်းမဟုတ်ပြီ ပစ္စေကဗုဒ္ဓါတည်းဟု ဆို၍ ရှေးနည်းဖြင့်–

သြရောပယိတ္တာ ဂိဟိဗျဉ္ဇနာနိ၊
သဉ္ဆိန္နပတ္တော ယထာ ကောဝိဠာရော။
ဆေတ္တာန ဝိရော ဂိဟိဗန္ဓနာနိ၊
ဧကော စရေ ခဂ္ဂဝိသာဏကပ္ပော။ ။

ဟူသော ဂါထာကိုရွတ်၏။ ဒသမ။

ပဌမဝဂ်ပြီး၏။

ကဿပမြတ်စွာဘုရား သာသနာတော်၌ နှစ်ပါးသော ပစ္စေကဗုဒ္ဓါ အလောင်းတို့သည် ရဟန်းပြု၍ အနှစ် နှစ်သောင်းကာလပတ်လုံး ဂတ ပစ္စာဂတဝတ်ကို ဖြည့်၍ စုတေလျှင် နတ်ပြည်၌ ဖြစ်လေကုန်၏။ နတ်ပြည်မှ စုတေခဲ့လျှင် အကြီးကား ဗာရာဏသီမင်း၏သား၊ အငယ်ကား ပုရောဟိတ်၏သား ဖြစ်၏။

ထိုနှစ်ယောက်ကုန်သော သူတို့သည် တစ်နေ့တည်းဖြင့်သာလျှင် ပဋိသန္ဓေ ယူကုန်၏။ တစ်နေ့တည်းဖြင့်သာလျှင် ဖွားကုန်၍ တကွ မြေမှုန့်လူးလျက် ကစားဖက်ဖြစ်သော အဆွေခင်ပွန်းတို့သည်ဖြစ်ကုန်၏။ ပုရောဟိတ်၏သားသည် ပညာရှိ၏။ ပုရောဟိတ်၏ သားသည် မင်းသားကို အဆွေ၊ သင်သည် အဖသေလွန်သဖြင့် ပြည်ကိုရလတ္တံ့။ ငါသည် ပုရောဟိတ် အရာကို ရလတ္တံ့။ ကောင်းစွာသင်သဖြင့် ချမ်းသာစွာ ပြည်ကိုဆုံးမအံ့သောငှာ အတတ်သင်ကုန်အံ့။ သင်သည်လည်း လိုက်ခဲ့ပါလော့ဟုဆို၍ နှစ်ယောက်သောသူတို့သည် အတတ်ပူဇော်အံ့သောသူတို့၏ဆရာဖြစ်လျက် ရွာနိုဂုံး စသည်တို့၌ ဆွမ်းခံကုန်လျက် အစွန်ဖြစ်သောဇနပုဒ်ရွာသို့ ရောက်ကြလေကုန်၏။ ထိုရွာသို့လည်း ပစ္စေကဗုဒ္ဓါတို့သည် ဆွမ်းခံသောအခါ၌ ဝင်လာကုန်၏။ လူတို့သည် ပစ္စေကဗုဒ္ဓါတို့ကို မြင်၍ အားထုတ်ခြင်းဖြစ်ကုန်လျက် နေရာတို့ကို ခင်းကုန်၏။ မွန်မြတ်သော ခဲဖွယ်ဘောဇဉ်တို့ကို ကပ်လှူကြကုန်၏။ ထိုမင်းသားတို့အား ဤသို့သော အကြံသည် ဖြစ်ကုန်၏။

ငါတို့နှင့်တူသော မြတ်သောအမျိုးမည်သည် မရှိကုန်၊ ထိုသို့လျက် ဤလူတို့သည် မရွေးမချယ်မူ၍ ငါတို့ကိုလည်း လှူကုန်၏။ ဤရဟန်းတို့အားလည်း ဤသို့သဘောရှိသော အရိုအသေကို ပြုကုန်၏။ မချွတ်လျှင် ဤရဟန်းတို့သည် တစုံတခုသော အတတ်ပညာကို တတ်သည်ဖြစ်ကုန်ရာ၏။ ယခုထိုသူတို့အထံ၌ အတတ်ကို သင်ကုန်အံ့ဟုကြံ၍ လူများတို့သည် ဖဲကုန်လတ်သော် အခွင့်ကိုရ၍ အရှင်ဘုရားတို့သည် အကြင်အတတ်တို့ကို ထုတ်ကုန်၏။ ထိုအတတ်တို့ကိုအကျွန်ုပ်တို့အားလည်း သင်ပါကုန်လော့ဟု တောင်းပန်ကုန်၏။

ပစ္စေကဗုဒ္ဓါအရှင်တို့သည် ရဟန်းမပြုသောသူတို့အား သင်ခြင်းငှာ မတတ်ကောင်းဟု မိန့်ကုန်၏။ မင်းသားတို့လည်း ရဟန်းအဖြစ်ကိုတောင်းပန်၍ ရဟန်းပြုကြကုန်၏။ ထို့နောင် မင်းသားတို့အား ပစ္စေကဗုဒ္ဓါတို့သည် ဤသို့ဝတ်အပ်၏၊ ဤသို့ရုံအပ်၏၊ အစရှိသည်ဖြင့် အာဘိသမာစာရိကဝတ်ကို ကြားကုန်၏။ ဤသို့သဘောရှိသော အတတ်ကို တယောက်အထီးတည်း နေခြင်း၌ မွေ့လျော်သောသူအားသာ ဖြစ်စေနိုင်၏။ ထို့ကြောင့် တယောက်တည်းသာ နေအပ်၏။ တယောက်တည်းသာ စကြံသွားအပ်၏၊ ရပ်အပ်၏၊ အိပ်အပ်၏ဟု ဆို၍ အသီးအသီး သခ်ၤမ်းသို့ကြွသွားကြကုန်၏။

ထို့နောင် မင်းသားတို့လည်း မိမိတို့၏ သခ်ၤမ်းသို့ ဝင်၍နေကြကုန်၏။ ပုရောဟိတ်သားလည်း နေသောကာလမှစ၍ စိတ်၏ တည်ကြည်ခြင်းကိုရ၏။ မင်းသားကား တခဏဖြင့်သာလျှင် ဆန့်ကျင်၍ ပုရောဟိတ်သား အထံသို့ သွားလေ၏။ ပုရောဟိတ်သားသည် မင်းသားကိုမြင်၍ အာဘယ်ကြောင့် အဆွေလာသနည်းဟု မေး၏။ အဆွေ ငါကား မမွေ့လျော်နိုင်ဟုဆို၏။ ထိုသို့တပြီးကား ဤအရပ်၌ နေလော့ဟု ဆို၏။

မင်းသားလည်း ထိုအရပ်၌ တမုဟုတ်မျှနေ၍ အဆွေ ပုရောဟိတ်သား၊ ဤအတတ်သည် တယောက်တည်း မွေ့လျော်သောသူအားသာ ပြည့်စုံသတတ်ဟု ဆို၏။ ပုရောဟိတ်သားသည် အဆွေမင်းသား သြော်ဟုတ်သည်တည်း၊ ထို့ကြောင့် သင်သည် မိမိနေရာ အရပ်သို့ သွားလေဦး၊ ငါကား ဤအတတ်၏ ပြီးခြင်းကို သင်အံ့ဟုဆို၍ မင်းသားသည် သွားပြန်၏၊ တဖန်လည်း တမုဟုတ်မျှဖြင့်လျှင် ဆန့်ကျင်သည်ဖြစ်၍ ရှေးနည်းဖြင့် သုံးကြိမ်တိုင်အောင်လာ၏။ မင်းသားကို ပုရောဟိတ်သားသည် ထိုအတူပင်လွှတ်လိုက်၍ မင်းသားသွားသည်ရှိသော် ကြံ၏။

ဤမင်းသည် မိမိအမှုကိုလည်း ယုတ်စေ၏၊ ငါ့အားလည်း ယုတ်စေဘိ၏။ ဤအရပ်သို့ မပြတ်လာ၏ဟု ပုရောဟိတ်သားသည် သခ်ိမ်းမှထွက်၍ တောသို့ဝင်လေ၏။ မင်းသားလည်း မိမိသခ်ိမ်း၌နေလျက် တဖန် တမုဟုတ်ဖြင့်လျှင် ဆန့်ကျင်ပြန်၍ ပုရောဟိတ်သား၏ သခ်ိမ်းသို့ လာပြန်၍ ထိုမှဤမှ ရှာလျက်ကြ၏။ ပုရောဟိတ်သားသည် လူဖြစ်သောကာလ၌ ပဏ္ဏကာရကို ယူ၍လာသော်လည်း ငါ့အားမြင်ခြင်းကိုမရ၊ သို့ကိုလျက် ယခုငါလာပါသော်လည်း မြင်ခြင်းကိုမျှ မပြုလို၍ ဖဲလေဘိ၏။

အိုအချင်းတို့ စိတ်သည် မရက်လေတကား လေးကြိမ်တိုင်တိုင် လာမိ၏၊ ယခုအခါတယောက်ထီး တည်းသာ နေတော့အံ့ဟု မိမိကျောင်းသို့ဝင်ပြီးလျှင် ဝိပဿနာကို အားထုတ်၍ ပစ္စေကဗောဓိ ဉာဏ်ကိုရ၍ ကောင်းကင်ဖြင့် နန္ဒမူလပဗ္ဘာရသို့ ကြွလေ၏။ ပုရောဟိတ်သားလည်း ဝိပဿနာကို အားထုတ်၍ ပစ္စေကဗောဓိဉာဏ်ကိုရ၍ နန္ဒမူလပဗ္ဘာရသို့ကြွတော်မူလေ၏။ ထိုနှစ်ပါးတို့သည် မြင်းသီလာကျောက်ဖျာအပြင်၌နေ၍ အသီးအသီးဥဒါန်းဖြစ်သော-

သစေ လဘေထ နိပကံ သဟာယံ၊
သဒ္ဓိံစရံ သာဓုဝိဟာရိ'မ်ီရံ။
အဘိဘုယျ သဗ္ဗာနိ ပရိဿယာနိ၊
စရေယျ တေန'တ္တမနော သတီမာ။ ဧကာဒသမ။

နော စေ လဘေထ နိပကံ သဟာယံ၊
သဒ္ဓိံ စရံ သာဓု ဝိဟာရိ'မ်ီရံ။
ရာဇာဝ ရဋ္ဌံ ဝိဇိတံ ပဟာယ၊
ဧကော စရေ မာတင်'ရညော နာဂေါ။ ဒွါဒသမ။

ဟူသော ဂါထာတို့ကို ရွတ်တော်မူကြ၏။

တပါးသော ပစ္စေကဗုဒ္ဓါသည် စတုဒိသာဂါထာ၏ အတ္ထုပ္ပတ္တိနှင့်တူသော ဖြစ်ကြောင်းရှိ၏။ ဤဆိုလတ္တံ့သည်ကား အထူးတည်း။

ဗာရာဏသီမင်းကြီးသည် မင်းရင်ပြင်သို့ ကြွလာသော ပစ္စေကဗုဒ္ဓါတို့ကို လွင်ပြင်၌ ခင်းအပ်သော နေရာ၌နေစေ၍ အရှင်တို့ကား အဘယ်အမည်ရှိသနည်းဟု မေး၏။

မင်းကြီး၊ ငါတို့ကား အနဝဇ္ဇဘောဇိမည်၏ဟု မိန့်ကုန်၏။ အရှင်ဘုရားတို့ အနဝဇ္ဇဘောဇိမည်သောပုဒ်၏ အနက်ကား အဘယ်သို့နည်းဟု မေး၏။ ကောင်းသည်ကိုလည်းကောင်း၊ မကောင်းသည်ကိုလည်းကောင်း ရတိုင်းရတိုင်း အထူးမပြုမူ၍ သုံးဆောင်ကုန်၏ဟု မိန့်ကုန်၏။

မင်းကြီးလည်း ထိုစကားကိုကြား၍ ဤသို့သော အကြံသည်ရှိ၏။ ဤအရှင်တို့ကို စုံစမ်းအံ့။ ဆိုတိုင်း ညီသောသဘော ရှိမည်လော မရှိမည်လောဟု ထိုနေ့၌ ပုန်းရည်လျှင် ဟင်းရှိသော ဆန်ကွဲထမင်းဖြင့် လုပ်ကျွေး၏။ ပစ္စေကဗုဒ္ဓါတို့သည် သုဒ္ဓါဘုတ်ကိုကဲ့သို့ ဘုဉ်းပေးကုန်၏။

မင်းကြီးလည်း ထိုသို့သုံးဆောင်သည်ဖြစ်စေဦး။ နက်ဖြန် မှန်မမှန်ကို သိရအံ့ဟု နက်ဖြန်အလို့ငှာ ဖိတ်ပြန်၏။

ဒုတိယမြောက်သောနေ့၌လည်း ထိုအတူသာလျှင်ကျေး၏။ ပစ္စေကဗုဒ္ဓါအရှင်တို့သည်လည်း ထိုအတူလည်းကောင်း ဘုဉ်းပေးကုန်၏။ မင်းကြီးလည်း တဖန် ကောင်းမွန်စွာ လှူ၍ စုံစမ်းဦးအံ့ဟု ဖိတ်ပြန်၍ နှစ်ရက်သောနေ့၌ ကြီးစွာသော အရိုအသေကို ပြု၍ မွန်မြတ်သော ခဲဖွယ်စားဖွယ်တို့ဖြင့် လုပ်ကျွေး၏။ ပစ္စေကဗုဒ္ဓါတို့လည်း ဖောက်ပြန်ခြင်းကို မပြုမူ၍ သုံးဆောင်ပြီးလျှင် မင်းကြီးအား မင်္ဂလာကို ဆို၍ ဖဲကုန်၏။

မင်းကြီးလည်း ပစ္စေကဗုဒ္ဓါတို့ ဖဲ၍ မမြင့်မီ ဤအရှင်တို့သည် အပြစ်မရှိသော ဘောဇဉ်ကို သုံးဆောင်လေ့ရှိကုန်၏။ အံ့ဖွယ်ရှိစွတကား၊ ငါသည်လည်း အပြစ်မရှိသောအစာကို စားရသည်ဖြစ်မူကား ကောင်းလေစွဟု ပြည်ကိုစွန့်ပြီးလျှင် ရဟန်းပြု၍ ဝိပဿနာကို အားထုတ်သည်ရှိသော် ပစ္စေကဗုဒ္ဓါဖြစ်၍ မဂ္ဂုသက သစ်ပင်ရင်း၌ ပစ္စေကဗုဒ္ဓါတို့၏ အလယ်တွင် မိမိအာရုံကို ထင်စွာပြလို၍ –

အဒ္ဓါ ပသံသာမ သဟာယသမ္မဒံ၊
သေဋ္ဌာ သမာ သေဝိတဗ္ဗာ သဟာယာ။
ဧတေ အလဒ္ဓါ အနဝဇ္ဇဘောဇီ၊
ဧကော စရေ ခဂ္ဂဝိသာဏကပ္ပော။

ဟူသော ဂါထာကိုရွတ်၏။ တေရသမ။

ဗာရာဏသီမင်းကြီးသည် နွေလအခါ၌ နေ့နေခြင်းငှာ ကပ်၏၊ မင်း၏ အနီး၌ မောင်းမငယ် တယောက်သည်စန္ဒကူးကိုသွေး၏။ ထိုမောင်းမငယ်၏လက်တဘက်၌တချည်သောလက်ကောက်၊ လက်တဘက်၌ နှစ်ချည်သော လက်ကောက်တို့သည်ရှိကုန်၏၊ ထိုနှစ်ချည်သော လက်ကောက်တို့သည် ထိကြကုန်၏၊ တချည်တည်းသော လက်ကောက်ကား ထိဖွယ်မရှိဖြစ်၏။

မင်းသည် ထိုအကြောင်းကိုမြင်၍ ဤနှစ်ချည်သော လက်ကောက်နှင့်တူသော အဖော်နှင့်နေသောသူသည် ထိပါးခြင်းဖြစ်ရာ၏ တခုတည်းသော လက်ကောက်ကဲ့သို့တစေ့တစ်ဝ တည်းနေသောသူအား ထိပါးခြင်းမရှိရာပြီဟု အဖန်တလဲလဲမောင်းမငယ်ကိုကြည့်လျက်ကြံ၏။

ထိုအခါ ခပ်သိမ်းသောတန်ဆာဖြင့် တန်ဆာဆင်ပြီးသော မိဖုရားကြီးသည် ယပ်ခပ်လျက်နေ၏ မိဖုရားက မင်းကြီးသည် မောင်းမငယ်၌ တပ်သောစိတ်ဖြင့် ရှု၏တကားဟု ကြံ၍မောင်းမငယ်ကို ထစေ၍ မိမိသာလျှင် စန္ဒကူးကိုသွေး၏၊ မိဖုရား၏ လက်နှစ်ဘက်တို့၌ များစွာကုန်သော ရွှေလက်ကောက်တို့သည် ထိကြကုန်၍ များစွာသောအသံတို့သည် ဖြစ်ကုန်၏။ မင်းကြီးလည်း ထိုအသံကိုကြား၍ လက်ယာနံတောင်းဖြင့် လျောင်းလျက်လျှင် ဝိပဿနာကို အားထုတ်၍ ပစ္စေကဗောဓိဉာဏ်ကိုရ၏။

လောကုတ္တရာ ချမ်းသာဖြင့်နေသောမင်းကြီးကို စန္ဒကူးလက်၌ရှိလျက် မိဖုရားသည်ကပ်၍ မြတ်သောမင်းကြီး၊ လိမ်းကျံအံ့ဟုဆို၏၊ မင်းကြီးလည်းဖယ်ရှားလေ၊ မလိမ်းကျံလင့်ဟုမြစ်၏။ မိဖုရားလည်း အဘယ်သို့နည်းဟုမေး၏၊ ငါကား မင်းမဟုတ်ဟုဆို၏၊ ဤသို့လျှင် မင်းကြီးနှင့်

မိဖုရားတို့ စကားပြောဟောခြင်းကို ကြား၍ အမတ်တို့လည်း ကပ်လာပြီးလျှင် မဟာရာဇဟူသောခေါ်ဝေါ်ခြင်းဖြင့် ခေါ်ဝေါ်ကြကုန်၏။ အမတ်တို့ ငါကား မင်းမဟုတ်ဟုဆို၏၊ အကြွင်းကား ပဌမဂါထာ၌ ဆိုပြီးသည်နှင့် တူသည်သာလျှင်တည်း၊ အမတ်တို့အား ကမ္မဋ္ဌာန်းကို ပြလို၍—

ဒိသွာ သုဝဏ္ဏသ ပဘဿရာနိ၊
ကမ္မာရပုတ္တေန သုနိဋ္ဌိတာနိ။
သံယဉ္ဇမာနာနိ ဒုဝေ ဘုဇသ္မိံ၊
ဧကော စရေ ခဂ္ဂဝိသာဏကပ္ပော။

ဟူသော ဂါထာကို ရွတ်၏။ စုဒ္ဒသမ။

ဗာရာဏသီမင်းကြီးသည် ငယ်စဉ်ကလျှင် ရဟန်းပြုလို၍ အမတ်တို့၊ မိဖုရားကိုယူ၍ ပြည်ကို ဆောင်ကြကုန်လော့။ ငါကား ရဟန်းပြုအံ့ဟု ဆို၏။ အမတ်တို့သည် ပြည်ကို မဆောင်လိုပါ၊ မင်းမရှိသောပြည်ကို စောင့်ခြင်းငှာ မစွမ်းနိုင်ရာ အနီးအပါးဖြစ်သော မင်းတို့လာလတ်၍ လုယက်ကုန်လတ္တံ့၊ အကြင်မျှလောက် တယောက်သော သားသည် ဖြစ်ရာ၏၊ ထိုမျှလောက် ငံ့တော်မူဦးလော့ဟု တောင်းပန်ကြကုန်၏၊ နူးညံ့သော စိတ်ရှိသောမင်းသည် ဝန်ခံ၏။

ထိုအခါ မိဖုရားသည် ကိုယ်ဝန်ယူ၏၊ မင်းလည်းတဖန်ဆိုပြန်၏၊ မိဖုရားသည် ကိုယ်ဝန်တည်ပြီ၊ ဖွားသောသားကို အဘိသိက်သွန်း၍ ပြည်ကိုဆောင်ကြကုန်လော့၊ ငါမူကား ရဟန်းပြုအံ့ဟု ဆို၏၊ အမတ်တို့လည်း မင်းကြီး မိဖုရားသည် သားယောကျ်ားး ဖွားလတ္တံ့လော၊ သားမိန်းမ ဖွားလတ္တံ့လောဟု သိနိုင်ခဲ၏၊ သားဖွားရုံ ငံ့တော်မူပါဦးဟု အဖန်တလဲလဲ တောင်းပန်ကြကုန်၏၊ ထိုအခါ သားယောကျ်ားဖွား၏။

မင်းလည်းအမတ်တို့ကိုစည်းဝေးစေ၍ မင်းသားသည် စွမ်းနိုင်ပြီ၊ အဘိသိက်သွန်း၍ မင်းပြုစေလော့ဟုဆိုပြီးလျှင် အမတ်တို့ ခွင့်မပေးမူ၍ အိမ်ဈေးဌာန သပိတ်သင်္ကန်းစသော ပရိက္ခရာတို့ကို ဆောင်၍ နန်းတွင်း၌လျှင် ရဟန်းပြု၍ မဟာဇနကမင်းကဲ့သို့ ထွက်လေ၏။ ခပ်သိမ်းသော အခြံအရံတို့သည် အထူးထူးအပြားပြားဖြင့် ငိုကြွေးလျက် မင်းသို့အစဉ်လိုက်ကုန်၏။ မင်းကြီးလည်း အကြင်မျှလောက်အပိုင်းအခြားသည်ရှိ၏၊ ထိုမျှလောက်သွားလေ၍ ဝါး တောင်ဝှေးဖြင့် အရေးငင်၍ ဤအရေးကို မလွန်ကုန်လင့်ဟု မိန့်၏။

ပြည်သူများလည်း အရေး၌ ဦးတိုက်၍ မြေ၌ နေလျက် ငိုကြွေး မြည်တမ်းပြီးလျှင် အရှင့်သား၊ သင့်ကိုအဘယ်သို့ ပြုအံ့နည်းဟု မင်းသားကို အရေးငင်ရာကိုလွန်စေ၏၊ မင်းသားသည်လည်း ခမည်းတော် ခမည်းတော်ဟုခေါ်လျက် ပြေးလာ၍ မင်းသို့လိုက်၏၊ မင်းကြီးလည်း ငါသည် ဤလူများကို ဆောင်လျက် မင်းပြုသေး၏ရှင့်၊ ယခုအခါ အဘယ့်ကြောင့် ဤသူငယ်ကို ဆောင်ရွက်ခြင်းငှာ မတတ်နိုင်လတ္တံ့နည်းဟု မင်းသားကိုယူ၍ တောသို့ဝင်လေ၏။ ထိုတောဌ္ဌေးဖြစ်သော ပစ္စေကဗုဒ္ဓါတို့သည် နေဖူးသောသခ်ိမ်း၌ သားငယ်နှင့်တကွ နေ၏။ မင်းသားငယ် ည မြတ်သောနေရာ စသည်တို့၌ လေ့ကျက်ဖူးသူဖြစ်၍ မြက်ခင်းနေရာ၌ နေသည်ရှိသော် ငိုကြွေးလေ၏။ အေးသောလေ စသည်တို့ဖြင့် ခတ်ရာ၌ အိပ်သည်ရှိသော် မွေးသည့်ဖခင်

ချမ်းလှစွ။ ပူသောအခါ ဖခင် ပူလှစွ၊ ဖခင် မှက်တို့သည် ခဲကုန်စွ၊ ဖခင် ထမင်းမွတ်စွ၊ ဖခင် ရေသိပ်စွဟု ဆို၏။

မင်းကြီးသည်သားကိုချော့မော့၍သာ ညဉ့်ကိုကုန်စေ၏။ နေ့အခါ၌လည်း သားငယ်အလို့ငှာ ဆွမ်းခံ၍ကျွေး၏။ အရောရောသော ဆွမ်းတို့ကိုလည်းကောင်း၊ ဆပ်၊ ပြောင်း၊ ပဲနောက် အစရှိသည်တို့ကိုလည်းကောင်း ပေးသည်ရှိသော် မင်းသားငယ်သည် ငတ်သည်ဖြစ်၍ စားရှာလေ၏။ တစ်ရက် နှစ်ရက်လွန်လျှင်ပင် နေပူဥဏှာအပ်သောပဒုမ္မာကဲ့သို့ညှိုးလေ၏။ အဖမူကား ဆင်ခြင်နိုင်သော အစွမ်းဖြင့် ဖောက်ပြန်ခြင်းမရှိ စားနိုင်၏။ ထို့နောင်မှ သားငယ်ကို ဖျောင်းဖျလျက် ဆို၏။

ချစ်သား မြို့ရွာ၌ မွန်မြတ်သော အာဟာရကို ရရာ၏။ မြို့ရွာသို့ သွားကြကုန်အံ့ဟု ဆို၍ သားငယ်ကို ရှေ့ထားလျက် လာခဲ့သော ခရီးဖြင့်လျှင် ပြန်ခဲ့ကုန်၏။ မင်းသား မယ်တော်ဖြစ်သော မိဖုရားသည်လည်း မင်းကြီးသည် သားငယ်ကိုယူ၍ ရှည်မြင့်စွာမနေလတ္တံ့။ တစ်ရက် နှစ်ရက်ဖြင့်သာလျှင် ပြန်လာလတ္တံ့ဟု ကြံ၍ မင်းကြီး ဝါးတောင်ဝှေးဖြင့် အရေးသားခဲ့သော အရပ်၌လျှင် စည်းစောင့်ရန်းကို ပြုစေလျက် စောင့်နေလင့်၏။ မင်းကြီးလည်း ထိုစောင့်ရန်း၏ အနီး၌ရပ်၍ ချစ်သား၊ ဤအရပ်၌ သင့်အမိသည် နေ၏။ သွားလေလော့ဟု လွှတ်လိုက်၏။

အကြင်မျှလောက် မင်းသားသည် အမိနေရပ်သို့ မရောက်။ ထိုမျှလောက် မင်းသားကို သူတပါးတို့ ပုတ်ခတ်ခြင်းမှ လွတ်စေသတည်းဟု မျှော်ရှုလျက်နေ၏။ မင်းသားသည် အမိထံသွားလေ၏။ အစောင့်အရှောက်တို့သည် မင်းသားကို မြင်လျှင် မိဖုရားအား ကြားကုန်၏။ မိဖုရားလည်း နှစ်သောင်းသော မောင်းမခြံရံလျက် သွား၍ယူလေ၏။ မင်း၏အကြောင်းကိုလည်း မေး၏။ မင်းသားလည်း မင်းကြီးနောက်က လာ၏ဟု ပြောလေသော် လူတို့ကိုစေလိုက်၏။ မင်းမူကား မိမိနေရာသို့ပြန်သွားလေ၏။ လူတို့လည်း မင်းကိုမမြင်၍ ပြန်ခဲ့ကုန်၏။ မိဖုရားလည်း တပ်ခြင်းကင်းသည်ဖြစ်၍ ပြည်၌ သားကို အဘိသိက်သွန်းလေ၏။ မင်းလည်း မိမိနေရာသို့ ရောက်၍ ဝိပဿနာကို ပွားစေသည်ရှိသော် ပစ္စေကဗုဒ္ဓါဖြစ်၍ မဇ္ဈိမက သစ်ပင်ရင်း၌ ပစ္စေကဗုဒ္ဓါတို့၏ အလယ်၌–

ဧဝံ ဒုတိယေန သဟာ မမသာ၊
ဝါစာဘိလာပေါ အဘိသဇ္ဇနာ ဝါ။
ဧတံ ဘယံ အာယတိ ပေက္ခမာနော၊
ဧကော စရေ ခဂ္ဂဝိသာဏကပ္ပေါ။

ဟူသောဂါထာကိုရွတ်၏။ ပန္နရသမ။

ဗာရာဏသီပြည်၌ သူဌေးသားသည် ငယ်ကတည်းကပင် သူဌေးအရာကို ရ၏။ ထိုသူဌေးသားအား ဥတုသုံးပါးအား လျောက်ပတ်သော သုံးဆောင်သော ပြာသာဒ်တို့သည် ရှိကုန်၏။ ထိုသူဌေးသားသည် ခပ်သိမ်းသော စည်းစိမ်ချမ်းသာတို့ကို နတ်လူလင်ကဲ့သို့ ခံစား၏။ သူဌေးသားသည် ငယ်ကတည်းကလျှင် ရဟန်းပြုအံ့ဟု မိဘတို့ကိုပန်၏။ မိဘတို့လည်းမြစ်၏။ သူဌေးသားလည်း တကြိမ် ပန်ပြန်၏။

မိဘတို့သည် သင်ကား နူးညံ့သိမ်မွေ့သောကိုယ်ရှိ၏။ ရဟန်းအဖြစ်သည်ကား ပြုနိုင်ခဲ၏။ သင်ခုန်းသွား၏အထက်၌ စကြဲသွားသည်နှင့်တူ၏။ ဤသို့စသည်ဖြင့် အထူးထူးအပြားပြား မြွစ်ကုန်၏။ သူဌေးသားလည်း ထို့အတူပန်ပြန်၏။ မိဘတို့သည် အကယ်၍ သူငယ်သည်ရဟန်း ပြုအံ့၊ ငါတို့အား နှလုံးမသာမယာဖြစ်ရာ၏။ အကယ်၍ သားကိုတားမြစ်အံ့၊ သားအား နှလုံးမသာမယာဖြစ်ရာ၏။ စင်စစ်သော်ကား ငါတို့အား နှလုံးမသာမယာခြင်းသည် ဖြစ်စေလော့၊ သားအား နှလုံးမသာမယာခြင်းသည် မဖြစ်စေသတည်းဟု ခွင့်ပြုကြကုန်၏။

သားလည်း အလုံးစုံသော အခြံအရံတို့၏ ငိုကြွေးမြည်တမ်းသော စကားကို မယူမူ၍ ကွသိပတနသို့သွား၍ ပစ္စေကဗုဒ္ဓါတို့၏ အထံ၌ ရဟန်းပြုလေ၏။ ထိုသူအား မြတ်သောနေရာကို မရ။ ညောင်စောင်း၌ ကပ်ကိုခင်း၍ အိပ်၏။ သူဌေးသားသည် မြတ်သောနေရာ၌သာ ကျင်လည်သောသူဖြစ်၍ တညဉ့်ပတ်လုံး အလွန်ဆင်းရဲသည်ဖြစ်၏။ မိုးသောက်သောအခါကိုယ်လက်သုတ်သင်ခြင်းကို ပြုပြီးလျှင် သပိတ်ကိုပိုက်၍ ပစ္စေကဗုဒ္ဓါတို့နှင့်တကွ ဆွမ်းခံအံ့သောငှာ ဝင်လေ၏။ ထိုသို့ဝင်ရာ၌ သိက္ခာကြီးသောရဟန်းတို့သည် မြတ်သောနေရာကိုလည်းကောင်း၊ မြတ်သောဆွမ်းကိုလည်းကောင်း ရကုန်၏။ ငယ်သောရဟန်းတို့သည်ကား အမှတ်မဲ့သော နေရာကိုလည်းကောင်း၊ ကြမ်းသောအစာကိုလည်းကောင်း ရကုန်၏။

သူဌေးသားသည် ထိုကြမ်းသော အစာကြောင့်လည်း အလွန်ဆင်းရဲသည်ဖြစ်၏။ သူဌေးသားသည် တရက်နှစ်ရက်ဖြင့်သာလျှင် ကြုံခြင်း၊ အဆင်းမလှခြင်းသို့ ရောက်သည်ဖြစ်၍ အိပ်၏။ အကြင်အခြင်းဖြင့် ဉာဏ်သည်မရင့်သေးဖြစ်၍ အမိအဖထံသို့ တမန်စေလိုက်၍ လူပြု၏။ တစ်ရက်နှစ်ရက်ဖြင့်သာလျှင် အားအင်ဖြည့်၍ တဖန်ရဟန်းပြုပြန်၏။ တဖန်လည်းလူပြုပြန်၏။ သုံးကြိမ်မြောက်၌ ရဟန်းပြု၍ ကောင်းစွာကျင့်၍ ပစ္စေကဗောဓိဉာဏ်သို့ ရောက်လေ၍ ပစ္စေကဗုဒ္ဓါတို့၏ အလယ်၌နေလျက်–

ကာမာ ဟိ စိတြာ မဓုရာ မနောရမာ။
ဝိရူပရူပေန မထေန္တိ စိတ္တံ။
အာဒီနဝံ ကာမဂုဏေသု ဒိသွာ၊
ဧကော စရေ ခဂ္ဂဝိသာဏကပ္ပေါ။

ဟူသော ဂါထာကိုရွတ်၏။ သောဠသမ။

ဗာရာဏသီမင်းကြီးအား အိုင်းအနာသည်ဖြစ်၏။ ပြင်းစွာသော ဝေဒနာတို့သည် ဖြစ်ကုန်၏။ ဆေးသမားတို့သည်လည်း ထားစည်းခြင်းမှကင်း၍ မချမ်းသာရာဟု ဆိုကုန်၏။ မင်းလည်း သမားတို့အား ဘေးမဲ့ပေး၍ ထားစည်းခြင်းကို ပြု၏။ အိုင်းအနာသည် ငယ်လေ၏။ မင်းလည်း ချမ်းသာပြီဟု မှတ်၍ သိမ်မွေ့သော အဟာရကို သုံးဆောင်၏။ အနာသည် ထပြန်၏။ ဤသို့လျှင် သုံးကြိမ်တိုင်တိုင် ထားစည်းခြင်းကို ပြုစေ၍ သမားတို့သည် ငြိမ်းစေပြီးလျှင် ပြည်ကိုစွန့်၍ ရဟန်းပြု၍ တောင်္ဒဝိပဿနာကို ပွားစေလျက် ခုနစ်နှစ်တို့ဖြင့် ပစ္စေကဗုဒ္ဓါဉာဏ်ကိုရ၍ ရှေးနည်းဖြင့်လျှင်—

ဤတီ စ ဂဏ္ဍောစ ဥပဒ္ဒဝေါ စ၊
ရောဂေါ စ သလ္လဉ္စ ဘယဉ္စ မေတံ။
ဧတံ ဘယံ ကာမဂုဏေသု ဒိသွာ၊
ဧကော စရေ ခဂ္ဂဝိသာဏကပ္ပေါ။

ဟူသော ဂါထာကို ရွတ်၍ နန္ဒမူလပဗ္ဘာရသို့ ကြွလေ၏။ သတ္တရသမ။

ဗာရာဏသီပြည်၌ သီတာလုကဗြဟ္မဒတ်မင်းသည် မင်းပြု၏။ ထိုမင်းသည် ရဟန်းပြု၍ တောကျောင်း၌ နေ၏။ ထိုအရပ်သည် ချမ်းသောအခါ၌ ချမ်းအေးလှ၏။ ပူသောအခါ၌ ပူလှ၏။ ရွာ၌ ဆွမ်းခံရပ်သော အခါ၌လည်းမရ။ သောက်ရေလည်း ရခဲ၏။ လေ နေပူ တံလှပ် မြွေ ကင်း တို့သည်လည်း နှိပ်စက်ကုန်၏။ ထိုမင်းသည် ဤသို့ကြံ၏။

ဤအရပ်မှ ယူဇနာခွဲမျှ၌ ပြည့်စုံသောအရပ်ရှိ၏။ ထိုအရပ်၌ အလုံးစုံသော ဘေးရန်တို့သည် မရှိကုန်။ အကယ်၍ ထိုအရပ်သို့ငါသွားအံ့။ ချမ်းသာစွာ နေရသဖြင့် သည်းခံခြင်းဌာတတ်နိုင်ရာ၏ ဟု ကြံ၏။ ထိုမင်းအား တစ်ဖန်တံု ရဟန်းတို့မည်သည်ကား ပစ္စည်းကို ရှာမှီးကုန်အံ့။ ဤသို့ ရှာမှီးခြင်းသည် စိတ်၏အလိုသို့ လိုက်သည်မည်၏။ စိတ်အလိုသို့လိုက်၍ ငါမသွားပြီဟု ကြံပြန်၏။ ဤသို့ဆင်ခြင်၍ မသွားဘဲ နေလေ၏။ ဤသို့ သုံးကြိမ်တိုင်တိုင် ဖြစ်သောစိတ်ကို ဆင်ခြင်၍ ထိုအရပ်၌ပင်လျှင် ခုနစ်နှစ်ပတ်လုံးနေ၍ ကောင်းစွာကျင့်သဖြင့် ပစ္စေကဗောဓိဉာဏ်သို့ ရောက်၍–

သီတဉ္စ ဥဏှဉ္စ ခုဒံ ပိပါသံ၊
ဝါတာတပေ ဒံသသရီသပေ စ။
သဗ္ဗာနိပေ' တာနိ အဘိသမ္ဘဝိတ္တာ၊
ဧကော စရေ ခဂ္ဂဝိသာဏကပ္ပေါ။

ဟူသော ဂါထာကို ရွတ်၍ နန္ဒမူလပဗ္ဘာရသို့ ကြွတော်မူလေ၏။ သတ္တရသမ။

ဗာရာဏသီပြည်၌ တစ်ယောက်သောမင်းသည် အနှစ်နှစ်ဆယ် မင်းပြု၍ သေလေသော် ဝဲရဲ၌ အနှစ်နှစ်ဆယ် ခံရပြီးမှ ဟိမဝန္တာနံပါး၌ ဆင်ဖြစ်၍ ကြာပဒုမ္မာအဆင်းရှိသော မြတ်သော ဆင်တကာတို့၏အကြီးဖြစ်၏။ ဆင်ငယ်တို့သည် စားအပ်ကုန်ပြီးသော သစ်ခက်တို့ကိုသာစားရ၏။ ဆင်မတို့သည် ရွှံ့ညွန့်တို့ဖြင့် လူးကုန်၏။ အလုံးစုံသည် ပါလိလေယျကဆင်အား ပြုသည်နှင့် တူကုန်၏။ ထိုဆင်သည် အပေါင်းမှခွာ၍ သွားလေ၏။ ထို့နောင် ဆင်အပေါင်းတို့သည် ဆင်မင်း ခြေရာကို အစဉ်မှီးသဖြင့် လိုက်ကုန်၏။ သုံးကြိမ်မြောက်အောင် ဖဲသော်လည်း လိုက်လေသည် သာတည်း။

ထို့နောင်မှ ကြံပြန်သည်ကား ယခုအခါ ငါ၏မြေးသည် ဗာရာဏသီပြည်၌ မင်းပြု၏။ အကယ်၍ ငါသည် မိမိ၏ ရှေး၌ဖြစ်ဖူးသော ဥယျာဉ်သို့သွားအံ့၊ ထိုပြည်၌ မင်းသည် ငှက်ကို စောင့်ရှောက် လတ္တံ့သတည်းဟု ကြံပြီးလျှင် တောမှ ညဉ့်အခါ၌ အပေါင်းကိုစွန့်၍ ဥယျာဉ်သို့ ဝင်လေ၏။ ဥယျာဉ်စောင့်သည် မြင်၍ မင်းအား ကြားသည်ရှိသော် မင်းလည်း ဆင်ကိုယူအံ့ဟု စစ်သည် အပေါင်း ခြံရံလျက် ဥယျာဉ်သို့သွား၏။ ဆင်သည် မင်းကြီးသို့ ရှေးရှုလာ၏။ မင်းလည်း

ဆင်ရှေးရှုလာသည်ကိုမြင်လျှင် မြားတင်၍ ရပ်လင့်၏။ ဆင်လည်း ဤမင်းသည် ငါ့ကိုပစ်ရာ၏ဟု လူတို့ဘာသာဖြင့် ပြဟ္မဒတ်မင်း ငါ့ကိုမပစ်လင့် ငါကား သင်မင်းကြီး၏ ဘိုးတော်တည်းဟုဆို၏။ မင်းလည်း အသို့ဆိုသနည်းဟု အလုံးစုံကိုမေး၏။

ဆင်သည် မင်း၏အဖြစ်ကိုလည်းကောင်း၊ ငရဲခံရသော အဖြစ်ကိုလည်းကောင်း၊ ဆင်ဖြစ်ရသော အကြောင်းကိုလည်းကောင်း ကြား၏။ မင်းလည်း တစ်စုံတစ်ခုသော ဘေးရန်ကိုမျှ မကြောက်လင့် ဟူဆို၍ ဆင်၏အဝတ်ကိုလည်းကောင်း၊ အစောင့်အရှောက်ကို လည်းကောင်း၊ ဆင်ထိန်းတို့ကို လည်းကောင်း ထား၍ လုပ်ကျွေးစေ၏။ တနေ့သ၌ မင်းသည် ဆင်ကျောက်ကုန်း၌ နေလျက် ဤဆင်သည် အနှစ်နှစ်ဆယ်သေ မင်းပြု၍ ငရဲသို့ရောက်ရ၏။ အကျိုးဆက်၏ အကြွင်းဖြင့် တိရစ္ဆာန်အမျိုး၌ ဖြစ်ရပြန်၏။ ဆင်ဖြစ်သော်လည်း အပေါင်းအဖော်ထိပါးခြင်းကို သည်းမခံနိုင်၍ ဤအရပ်သို့ ရောက်ပြန်လာ၏။ အပေါင်းအဖော်နှင့်တကွနေရခြင်းသည်ဆင်းရဲစွ။ တစ်ယောက် အထည်းတည်း နေရခြင်းသည် ချမ်းသာစွဟုကြံမိ၍ ထိုအရပ်၌ပင်လျှင် ဝိပဿနာကို အားထုတ်၍ ပစ္စေက ဗောဓိဉာဏ်သို့ ရောက်လေ၏။

လောကုတ္တရာ ချမ်းသာဖြင့် ချမ်းသာခံနေသော မင်းကြီးကို အမတ်တို့သည် ကပ်လတ်၍၊ အရှင်မင်းကြီး၊ သွားခါနိန်တန်ပြီဟု ဆိုကုန်၏။ ငါကား မင်းမဟုတ်ပြီဟု ဆို၍ ရှေးနည်းဖြင့်လျှင်–

နာဂေါဝ ယူထာနိ ဝိဝဇ္ဇယိတ္တာ၊
သဠာတခန္ဓော ပဒုမီ ဥဠာရော။
ယထာဘိရန္တံ ဝိဟရံ အရညေ၊
ဧကော စရေ ခဂ္ဂဝိသာဏကပ္ပေါ။

ဟူသောဂါထာကိုရွတ်၍ နန္ဒမူလပဗ္ဘာရသို့ ကြွလေ၏။ ဧကူနဝီသတိမ။

ဗာရာဏသီမင်း၏ သားသည် ငယ်စဉ်ကပင်လျှင် ရဟန်းပြုလို၍ အမိအဖတို့အား ပန်၏ မိဘတို့သည်လည်း မြစ်ကုန်၏၊ သားသည် မြစ်ငြားသော်လည်း ရဟန်းပြုအံ့ဟု ကြံ၍သာလျှင် ငြင်း၏။ ထို့နောင်မှ ရှေးဆိုခဲ့ပြီးသော သူဌေးသား၌ကဲ့သို့ ခွင့်လွှတ်ကုန်၏။ ရဟန်းပြု၍လည်းကောင်း၊ လူထွက်ပြန်၍လည်းကောင်း၊ ဥယျာဉ်၌သာ နေအပ်၏ဟု ဝန်ခံစေကုန်၏။ မင်းသားလည်း ဥယျာဉ်၌နေ၏။

အမိသည် နှစ်သောင်းသော မောင်းမခြံရံလျက် ဥယျာဉ်သို့လာ၍ သားကိုယာဂုသောက် စေခြင်း၊ ခဲဖွယ်တို့ကို ခဲစေခြင်းစသည်တို့ကို ပြုစေ၍ နေမွန်းတည့်ကာနီးသည် တိုင်အောင် ပြောဟော၌ ပြည်သို့ဝင်လေ၏။ အဖမင်းကြီးသည်လည်း မွန်းတည့်သောအခါ၌ လာလတ်၍ သားကိုကျွေးမွေး၍ မိမိလည်းစားသောက်ပြီးလျှင် သားနှင့်တကွ ပြောဟောပြီးမှ ညချမ်းသော အခါ၌ အစောင့်အရှောက်တို့ကို ထားခဲ့၍ မြို့သို့ဝင်လေ၏။

မင်းသားသည် ဤသို့သောနည်းဖြင့် ညဉ့်နေ့ပတ်လုံး မဆိတ်သည်ဖြစ်၍နေရ၏။ ထိုအခါ အာဒိစ္စဗန္ဓုမည်သော ပစ္စေကဗုဒ္ဓါသည် နန္ဒမူလပဗ္ဘာရ၌နေ၏။ ထိုပစ္စေကဗုဒ္ဓါသည် ဆင်ခြင်လတ်သော် မင်းသားသည် ရဟန်းပြုအံ့သောဌာ မစွမ်းနိုင်သောအဖြစ်၊ ကိလေသာတို့ကို ဖြတ်ခြင်းဌာ မစွမ်းနိုင်သော အဖြစ်ကို မြင်၍ ထို့နောင် မိမိသဘောဖြင့် ငြီးငွေ့လတ္တံ့လောဟု ဆင်ခြင်သောကာလ မိမိသဘောဖြင့်သာလျှင် ငြီးငွေ့၍ မကြာမြင့်သည်သာ ဖြစ်လတ္တံ့ဟု

သိ၍ မင်းသားအား အာရုံကိုပြအံ့ဟု ရှေးဆိုပြီးသော နည်းဖြင့်လျှင် မြင်းသီလာ ကျောက်ဖြာ အပြင်မှ လာခဲ့၍ ဥယျာဉ်၌ရပ်၏။

မင်းချင်းတို့သည် မြင်၍ မင်းအားကြားကုန်၏၊ မင်းကြီးလည်း ငါ့သားသည် ပစ္စေကဗုဒ္ဓါနှင့်တကွ မဆန့်ကျင်သည်ဖြစ်၍ နေလတ္တံ့သတည်းဟု ဝမ်းမြောက်သောကြောင့် ပစ္စေကဗုဒ္ဓါအရှင်ကို ရိုသေစွာ လုပ်ကျွေးပြီးလျှင် ထိုဥယျာဉ်၌ နေစိမ့်သောငှာ တောင်းပန်၍ ကျောင်းစကြံစသော အလုံးစုံကို ပြု၍နေစေ၏၊ ပစ္စေကဗုဒ္ဓါလည်း ထိုအရပ်၌ နေလျက်လျှင် တနေ့သ၌ အခွင့်ကိုရ၍ မင်းသားကို သင်ကားအသူနည်းဟူမေး၏၊ အကျွန်ုပ်ကား ရဟန်းတည်းဟု ဆို၏၊ ရဟန်းတို့မည်သည်ကား ဤသို့မဟုတ်ကုန်ဟုဆို၏၊ အရှင်ဘုရား အဘယ်သို့သဘောရှိကုန်သနည်း၊ အကျွန်ုပ်ကား အသို့မလျောက်ပတ်သနည်းဟု မေး၏၊ သင်ကား မိမိအား မလျောက်ပတ်သည်ကိုမရှု၊ သင်၏ အမိသည် နှစ်သောင်းသော မိန်းမတို့နှင့်တကွ နံနက်အခါ လာလတ်၍ ဥယျာဉ်မဆိတ်အောင်ပြု၏၊ အဖလည်း များစွာသော ဗိုလ်ပါအပေါင်းနှင့် ညချမ်းသောအခါ လာလတ်၍ အစောင့်ယောကျ်ားတို့သည် အလုံးစုံသောညဉ့်ပတ်လုံး စောင့်ရှောက်ရကုန်၏။

ရဟန်းတို့မည်သည်ကား ဤသို့သဘောမရှိကုန်၊ ဤသို့သဘောရှိကုန်၏ဟုဆို၍ ထိုအရပ်၌ တည်သော မင်းသားအား ဟိမဝန္တာ၌ တခုသောကျောင်းကိုပြ၏။ မင်းသားသည် ထိုကျောင်း၌ ပစ္စေကဗုဒ္ဓါတို့သည် တံကဲ့ပျဉ်ကိုမှီ၍ နေသည်ကိုလည်းကောင်း၊ စကြံသွားသည်ကိုလည်းကောင်း သင်္ကန်းဆိုးသည်ကိုလည်းကောင်း၊ သင်္ကန်းချုပ်သည်ကိုလည်းကောင်း မြင်၍ အရှင်ဘုရားတို့သည် ရဟန်းဖြစ်ကုန်၏လောဟု မေးသောအခါ ငါတို့သည် ရဟန်းဟုတ်ကုန်၏၊ ရဟန်းဖြစ်သော ကာလမှ စ၍ မိမိ၏ ထွက်မြောက်ခြင်းကို ပြုအံ့သောငှာ အလိုရှိရာအရပ်ကို သွားကုန်၏ဟု ဆို၍ ကောင်းကင်၌ ရပ်လျက်။

အဋ္ဌာန' တံ သင်္ကာကာရတဿ၊
ယံ ဖဿယေ သာမယိကံ ဝိမုတ္တိံ။

ဟူသော ထက်ဝက်သော ဂါထာကိုရွတ်၍ နန္ဒမူလပဗ္ဘာရသို့ ကြွလေ၏။

ပစ္စေကဗုဒ္ဓါကြွလေသော် မင်းသားသည် မိမိသခ်ၤမ်းသို့ဝင်၍ အိပ်လေ၏။ စောင့်သော ယောကျ်ားတို့သည် မင်းသားအား အိပ်လေပြီဟူ၍ အိပ်ကြလေကုန်၏။ မင်းသားလည်း ထိုသူတို့ အိပ်ပျော်စဉ် တောသို့ဝင်ပြီးလျှင် ဝိပဿနာအားထုတ်၍ ပစ္စေကဗောဓိဉာဏ်သို့ရောက်၍ နန္ဒမူလ-ပဗ္ဘာရသို့ ကြွတော်မူလေ၏။ ပစ္စေကဗုဒ္ဓါတို့၏ အထံသို့ ရောက်လေသော် ကမ္မဋ္ဌာန်းကိုမေးကြသောကာလ အာဒိစ္စပန္ထု ပစ္စေကဗုဒ္ဓါမိန့်သော ထက်ဝက်သော ဂါထာကို ပြည့်စုံအောင်ပြု၍။

အဋ္ဌာန' တံ သင်္ကာကာရတဿ၊
ယံ ဖဿယေ သာမယိကံ ဝိမုတ္တိံ။
အာဒိစ္စပန္ထသ္မာ ဝစော နိသမ္မ၊
ဧကော စရေ ခဂ္ဂဝိသာဏကပ္ပေါ။

ဟူသောဂါထာကို ရွတ်၏။ ဝိသတိမ။

ဗာရာဏသီပြည်၌ မင်းသည် ဆိတ်ငြိမ်ရာသို့ ကပ်၍၊ အချမ်းစသည်တို့ကို ပယ်တတ်ကုန်သော အမှုတို့သည် ရှိကုန်သကဲ့သို့ ထို့အတူ ဝင်္ကိုပယ်တတ်ကုန်သော ဝိဝင်္ကတို့သည်ရှိရာမည်လောဟုကြံ၍၊ အမတ်တို့ကို ဝိဝင်္ကကို သိကြကုန်သလောဟု မေး၏။ အမတ်တို့လည်း အရှင်မင်းကြီး သိပါကုန်၏ဟုဆိုကြကုန်၏။ မင်းကြီးလည်း အဘယ်နည်းဟု မေးပြန်၏။ အမတ်တို့လည်း လောကသည် အဆုံးရှိ၏၊ အစရှိသည်ဖြင့်အဿတ ဥစ္ဆေဒစကားကို ဆိုကြကုန်၏။ မင်းကြီးလည်း ဤသူတို့သည် မသိကုန်၊ အလုံးစုံသောသူတို့သည် ဒိဋ္ဌအယူရှိကုန်၏ဟု မိမိအလိုလိုသာလျှင် အမတ်တို့၏ မငြိမ်းတတ်သော မလျော်သည်ကိုလည်းကောင်း၊ မသင့်သည်ကိုလည်းကောင်း၊ မြင်၍ ဝင်္ကတရားကိုပယ်တတ်သော ဝိဝင်္ကတရားသည်ရှိရာ၏၊ ထိုဝိဝင်္ကတရားကို ရှာအပ်၏ဟု ကြံပြီးလျှင် ပြည်ကိုစွန့်၍ ရဟန်းပြု၍ ဝိပဿနာကိုရှုလျှင် ပစ္စေကဗောဓိဉာဏ်သို့ ရောက်၍—

ဒိဋ္ဌိဝိသူကာနိ ဥပါတိဝတ္တော၊
ပတ္တော နိယာမံ ပဋိလဒ္ဓမဂ္ဂေါ။
ဥပ္ပန္နဉာဏော်မှိ အနညနေယျော၊
ဧကော စရေ ခဂ္ဂဝိသာဏကပ္ပေါ။

ဟူသော ဥဒါနဗျာကရဏဂါထာကို ရွတ်၏၊ ဧကဝိသတိမ။

ဒုတိယဝဂ်ပြီး၏။

ဗာရာဏသီမင်း၏ စားတော်ကဲသည် ထူးသောထမင်းကိုချက်၍ ကောင်းသောအရသာကိုဆက်သော ငါ့အား မင်းသည် နှစ်လိုရာ၏ဟုဆက်၏။ မင်းသည် ရှေးဦးစွာသောထမင်းလုပ်ကို ခံတွင်း၌ထည့်ကာမျှလျှင် ခုနစ်ထောင်သောအကြောတို့သည် နှံ့ကုန်၏၊ စားတော်ကဲလည်း ငါ့အား ဆုလာဘ် ပေးလတ္တံ့ဟုကြံ၏၊ မင်းလည်း စားတော်ကဲကို ဆုလာဘ်ပေးခြင်းငှာ ထိုက်၏ဟုကြံ၏၊ ကြံပြီး၍ အရသာကို သာယာ၍ ဆုလာဘ်ပေးသော ငါ့ကို ယုတ်သော ကျော်စောခြင်းသည် နှိပ်စက်ရာ၏၊ ဤမင်းကား လျှပ်ပေါ၏၊ အရသာ၌ အလေးပြုတတ်၏ဟု ဆိုရာ၏ဟု ကြံပြီးလျှင် တစုံတခုမျှမဆိုနေ၏၊ အကြင်မျှလောက် စားတော်ခေါ်၍မပြီး၊ ထိုမျှလောက် စားတော်ကဲသည်လည်း ဆုလာဘ်ပေးလတ္တံ့ဟုအောက်မေ့၏။

မင်းသည်လည်း မိမိအား ကျေးဇူးမဲ့ဆိုအံ့သောအပြစ်မှ ကြောက်သဖြင့် တစုံတခုကိုမျှမဆိုနေ၏၊ စားတော်ကဲလည်း ဤမင်းသည်ကား ဇဝါဝိညာဉ်မရှိဟု အောက်မေ့၍ ခုနစ်ရက်မြောက်သောနေ့၌ မကောင်းသောထမင်းကိုချက်၏။ မင်းလည်း စားတော်ခေါ်သည်ရှိသော် ယနေ့စားတော်ကဲသည် ဒဏ်ဖြင့်ခြိမ်းခြောက်ခြင်းငှာ ထိုက်၏ဟုသိသော်လည်း ရှေး၌ကဲ့သို့ဆင်ခြင်၍ ကျေးဇူးမဲ့ကိုဆိုအံ့သော အပြစ်မှကြောက်သဖြင့် တခွန်းသောစကားကိုမျှ မဆိုနေ၏။

ထို့နောင် စားတော်ကဲသည် ဤမင်းကား ကောင်းသည် မကောင်းသည်ကို မသိဟု အလုံးစုံမျိုးရိက္ခာပေးသမျှကို မိမိယူပြီးလျှင် ဖြစ်တတ်သမျှသာချက်၍ မ င်းအားဆက်၏။ မင်းကြီးလည်း လောဘသည် သြော်အံ့ဘွယ်ရှိစွတကား၊ ငါ၏ အနှစ် နှစ်သောင်းကာလ ပတ်လုံး ခံစားအပ်သောမင်း၏ စည်းစိမ်သည် ဤသူ၏လောဘ၌ မတပ်ရုံမျှကိုမရတကားဟု ပြည်ကိုစွန့်၍ ရဟန်းပြုပြီးလျှင် ဝိပဿနာကိုရှုလျက် ပစ္စေကဗောဓိဉာဏ်သို့ရောက်၍—

နိလ္လောလုပေါ နိက္ကုဟော နိပ္ပိပါသော၊
နိမ္မက္ခော နိဒ္ဓန္တကသာဝမောဟော။
နိရာသယော သဗ္ဗလောကေ ဘဝိတ္တာ၊
ဧကော စရေ ခဂ္ဂဝိသာဏကပ္ပေါ။

ဟူသော ဂါထာကိုရွတ်၏။ ဗာဝီသတိမ။

ဗာရာဏသီပြည်၌ တယောက်သောမင်းသည် မြတ်သောမင်း၏ အာနုဘော်ဖြင့် မြို့ကို လက်ယာရစ်ပြု၍ လှည့်၏။ လူတို့သည် ကျီကြမှ ဟောင်းသောစပါးတို့ကို အပသို့ထုတ်သည်မြင်၍ အချင်းတို့၊ ဤအမှုကား အဘယ်နည်းဟု အမတ်တို့ကိုမေး၏။ အမတ်တို့လည်း အရှင်မင်းကြီး ယခုအခါ စပါးသစ်တို့သည် ဖြစ်ကုန်လတ္တံ့ဟု ထိုစပါးသစ်တို့၏နေရာကို ပြုအံ့သောငှာ ဤလူတို့သည် စပါးဟောင်းကို စွန့်ကုန်၏ဟု လျှောက်ကုန်၏။ မင်းကြီးလည်း အမတ်တို့ မောင်းမမိသဲ့ ဗိုလ်ပါတို့အား မျိုးရိက္ခာသည် ပြည့်စုံပါ၏လောဟုဆို၏၊ ပြည့်စုံပါ၏ဟုလျှောက်ကုန်၏၊ ထိုသို့တပြီးကား အလှူပေးအံ့၊ မဏ္ဍပ်ကိုပြုကုန်လော့၊ ဤစပါးတို့သည် များကုန်၏၊ မပျက်စေလင့်ဟုဆို၏။

ထိုအခါ အမတ်တယောက်သည် မှားသောအယူရှိ၏၊ ထိုအမတ်သည် အရှင်မင်းကြီးလှူအပ်သောအကျိုးသည်မရှိ၊ မိုက်သောသူတို့သည်လည်းကောင်း၊ ပညာရှိသောသူတို့သည်လည်းကောင်း၊ တပြောင်းပြန်ပြန် ကျင်လည်၍ ဆင်းရဲ၏အဆုံးကို ပြုကုန်လတ္တံ့ဟု ဆို၍ မြစ်၏၊ ထိုအမတ်သည် နှစ်ကြိမ် သုံးကြိမ် ကျီကြကို တားမြစ်သည်ကိုမြင်၍ ထို့အတူစေပြန်၏။ သုံးကြိမ်မြောက်၌ မြတ်သောမင်းကြီး၊ အလှူပေးခြင်းသည် တိတ္ထိတို့၏အယူသာတည်းစသည်ဖြင့်ဆို၍ တားမြစ်၏၊ မင်းကြီးသည် ဟယ်အချင်းတို့၊ ငါသည် မိမိဥစ္စာကိုမျှအလှူပေးခြင်းငှာ မရတကား၊ ငါသည် ဤသို့သဘောရှိကုန်သော ယုတ်မာသော အပေါင်းတို့နှင့် အကျွမ်းဝင်သဖြင့် အဘယ်အကျိုးရှိအံ့နည်းဟု ပြည်ကိုစွန့်၍ ရဟန်းပြုပြီးလျှင် ဝိပဿနာကို ရှုလျက် ပစ္စေကဗောဓိဉာဏ်ကိုရ၍ ထိုယုတ်မာသော အမတ်အပေါင်းတို့ကို ကဲ့ရဲ့လို၍—

ပါပဲ သဟာယဲ ပရိဝဇ္ဇယေထ၊
အနုဋ္ဌဒသီ ဝိသမေ နိဝိဋ္ဌံ။
သယံ နု သေဝေ ပသုတံ ပမတ္တံ၊
ဧကော စရေ ခဂ္ဂဝိသာဏကပ္ပေါ။

ဟူသော ဂါထာကိုရွတ်၏။ တေဝီသတိမ။

ကဿပမြတ်စွာဘုရား သာသနာတော်၌ ရှစ်ပါးသော ပစ္စေကဗုဒ္ဓါအလောင်းတို့သည် ရဟန်းပြုပြီးလျှင် ဂတပစ္စာဂတဝတ်ကိုဖြည့်၍ နတ်ပြည်၌ဖြစ်ကုန်၏။ ထိုအလုံးစုံသည်

အနဝဇ္ဇဘောဇိဂါထာ၌ ဆိုသည်နှင့်တူ၏။ ဤဆိုလတ္တံ့သည်ကား အထူးတည်း။ မင်းကြီးသည် ပစ္စေကဗုဒ္ဓါတို့ကိုမြင်၍ သင်တို့ကား အဘယ်မည်သနည်းဟုမေး၏ ငါတို့ကား ဗဟုသုတမည်ကုန်၏ဟု မိန့်ကုန်၏။

ဗြဟ္မဒတ်မင်းကြီးလည်း အမည်ကိုကြားကာမတ္တာဖြင့် ရောင့်ရဲခြင်းသို့ မရောက်သောကြောင့် ယခု ထိုသူတို့၏အထံ၌ ဆန်းကြယ်သောနည်းရှိသော ဓမ္မဒေသနာကို နာဦးအံ့ဟု နှစ်လိုသည်ဖြစ်၏။ အလျှံရောစက်ကိုပြု၍ ဆွမ်းလုပ်ကျွေးသည်၏အဆုံး၌ သံဃာ့ထေရ်၏ သပိတ်ကိုယူပြီးလျှင် ရှိခိုး၍ နေလျက်တရားဟောပါဟု လျှောက်၏။ သံဃာ့ထေရ်လည်း "သုခိတောဟောတု မဟာရာဇ၊ ရာကဿော ဟောတု" ဟု ဆို၍ထ၏။

မင်းလည်း ဤရဟန်းက ဗဟုသုတမဟုတ်သည်ဖြစ်လတ္တံ့ဟု ဒုတိယထေရ်ကို နက်ဖြန်ဆွမ်းအလို့ငှာ ဖိတ်၏၊ ခပ်သိမ်းသော ထေရ်တို့သည်လည်း "ဒေါသက္ခယော ဟောတု။ မောဟက္ခယော ဟောတု။ ယောဂက္ခယော၊ ဝဋ္ဋက္ခယော၊ ဥပဓိက္ခယော။ တဏှာက္ခယော ဟောတု" ဤသို့ တပုဒ်စီထူးစေ၍ အကြွင်းကို ပထမနှင့်အတူသာလျှင်ဆို၍ ထကုန်၏။

ထို့နောင် မင်းသည် ဤအရှင်တို့သည် ငါတို့ကား ဗဟုသုတမည်၏ဟု ဆိုကုန်၏။ ထိုသူတို့၏ဂါထာကား ဝိစိတြမဟုတ်ကုန်။ ထိုဂါထာတို့ဖြင့် အဘယ်ကိုဆိုသနည်းဟု ထိုဂါထာတို့၏ ဝစနတ္ထကို စုံစမ်းအံ့သောငှာ အားထုတ်၏။

ထိုအခါ " ရာဂက္ခယော ဟောတု "ဟူသည်ကို စုံစမ်းဆင်ခြင်သော် ရာဂကုန်ရာ၌လည်းကောင်း၊ ဒေါသကုန်ရာ၌လည်းကောင်း၊ မောဟကုန်ရာ၌လည်းကောင်း တပါးပါးကုန်ရာ၌ ကိလေသာကုန်လေသည်သာတည်းဟုသိ၍ နှစ်လိုခြင်းသည်ဖြစ်၏။ မုချအားဖြင့် ဤရဟန်းတို့သည် ဗဟုသုတဖြစ်ပေကုန်၏။ ဥပမာကား အကြင်ယောက်ျားသည် မြေကြီးကိုလည်းကောင်း၊ ကောင်းကင်ကိုလည်းကောင်း၊ လက်ညှိုးဖြင့် ညွှန်ပြသည်ရှိသော် လက်ညှိုးဖြင့် မညွှန်ပြသော အရပ်သည်လည်း ပြသည်မည်သည်သာဖြစ်၏။ နည်းတကြောင်းမူကား မြေကြီးကောင်းကင်ပြကုန်သကဲ့သို့ ထို့အတူ ဤပုဒ်တို့ဖြင့် တပါးပါးသောအနက်ကို ညွှန်ပြခြင်းတို့ဖြင့် မနှိုင်းရသည့်ကောင်းသော အနက်တို့ကိုပြကုန်သည်ဖြစ်ကုန်၏ဟု ဆင်ခြင်မိလေ၏။

ထို့နောင်မှ ထိုမင်းသည် အဘယ်အခါ၌ ငါသည်လည်းဤသို့သော ဗဟုသုတပုဂ္ဂိုလ်ဖြစ်ပါအံ့နည်းဟု ကြံစည်ပြီးလျှင် ပြည်ကိုစွန့်၍ ရဟန်းပြုလျက် ဝိပဿနာကိုရှုလျှင် ပစ္စေကဗောဓိဉာဏ်ကိုရ၍ ရွှေနှည်းဖြင့်လျှင်-

ဗဟုသုတံ ဓမ္မဓရံ ဘဇေထ၊
မိတ္တံ ဥဋ္ဌာရံ ပဋိဘာနဝန္တံ။
အညာယ အတ္ထာနိ ဝိနေယျ ကခီ။
ဧကော စရေ ခဂ္ဂဝိသာဏကပ္ပော။

ဟူသောဂါထာကိုရွတ်၏။ စတုဝိသတိမ။

ဗာရာဏသီပြည်၌ ဝိဘူသက ဗြဟ္မဒတ်မင်းသည် နံနက်သောအခါ ယာဂုကိုလည်းကောင်း၊ ထမင်းကိုလည်းကောင်း စားပြီး၍ အထူးထူးသော ဗာန်ဆာတို့ဖြင့် ကိုယ်ကိုတန်ဆာဆင်ပြီးလျှင်

ကြီးသော ကြေးမုံပြင်၌ အလုံးစုံသောကိုယ်ကိုရှုလျက် အကြင် အလိုမရှိအပ်သောအရာကိုပယ်၍ တပါးသောတန်ဆာဖြင့် တန်ဆာဆင်စေ၏၊ ထိုမင်းသည် တနေ့သ၌ ဤသို့ပြုစဉ် ထမင်းစားသော အခါသည် မွန်းတည့်သောအခါသို့ရောက်၏။ ထိုအခါ၌သာလျှင် ပုဆိုးပြားဖြင့် ဦးခေါင်းကိုရစ်၍ စားသောက်ပြီးလျှင် နေ့နေရာသို့ကပ်၍ တဖန်လည်း ထပြန်၍ ထို့အတူ တန်ဆာဆင်စဉ် နေဝင်၏၊ ဤသို့နည်းဖြင့် နှစ်ရက်မြောက်သော နေ့၌လည်းကောင်း၊ သုံးရက်မြောက်သောနေ့၌ လည်းကောင်း တန်ဆာဆင်ခြင်းကို ပြု၏။

ထိုအခါ တန်ဆာဆင်ခြင်းကိုသာ လုံ့လပြုသော ထိုမင်းအား ကျောက်ကုန်းရောဂါသည် ဖြစ်၏၊ ထိုမင်းအား ဤသို့သော အကြံသည်ဖြစ်၏။ အချင်းတို့ ငါသည် အလုံးစုံသော အစွမ်းဖြင့် တန်ဆာဆင်သော်လည်း ရောင့်ရဲခြင်းမရှိသော လောဘကိုဖြစ်စေ၏၊ ဤသို့ သဘောရှိသော လောဘသည်လည်း အပါယ်သို့လားစေတတ်သောတရားတည်း၊ ယခုငါသည် လောဘကိုနှိပ်စက် အံ့ဟူ၍ ပြည်ကိုစွန့်ပြီးလျှင် ရဟန်းပြု၍ ဝိပဿနာကိုရှုလျှင် ပစ္စေကဗောဓိဉာဏ်သို့ရောက်၍–

ခိဠိရတိ ကာမသုခဉ္စ လောကေ၊
အနလင်္ကရိတ္တာ အနပေက္ခမာနော။
ဝိဘူသနဋ္ဌာနာ ဝိရတော သစ္စဝါဒီ၊
ဧကော စရေ ခဂ္ဂဝိသာဏကပ္ပေါ။

ဟူသောဂါထာကို ရွတ်၏။ ပဉ္စဝီသတိမ။

ဗာရာဏသီမင်း၏သားသည် ငယ်သောကာလကပင် အဘိသိက်သွန်း၍မင်းပြု၏၊ ထိုမင်းသည် ပဌမဂါထာ၌ဆိုအပ်သော ပစ္စေကဗုဒ္ဓါ အလောင်းကဲ့သို့ အသရေကို ခံစားချက် တနေ့သ၌ ကြံ၏၊ အကယ်၍ ငါသည်မင်းပြုသော် များစွာသောလူတို့၏၊ ဆင်းရဲကိုပြုမိ၏ ထမင်းတနပ် အလို့ငှာ ဤသို့သော မကောင်းမှုကိုပြုသဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ ချမ်းသာကိုဖြစ်စေအံ့ဟု ကြံ၍ ပြည်ကိုစွန့်ပြီးလျှင် ရဟန်းပြု၍ ဝိပဿနာကိုရှုသည်ရှိသော် ပစ္စေကဗောဓိဉာဏ်သို့ရောက်၍–

ပုတ္တာ့ဒါရံ ပိတရဉ္စ မာတရံ၊
ဓနာနိ ဓညာနိ စ ဗန္ဓဝါနိ။
ဟိတ္ဝာန ကာမာနိ ယထောဓိကာနိ၊
ဧကော စရေ ခဂ္ဂဝိသာဏကပ္ပေါ။

ဟူသောဂါထာကို ရွတ်၏။ ဆဗ္ဗီသတိမ။

ဗာရာဏသီပြည်၌ ပါသာဒလောလ ဗြဟ္မဒတ်မင်းသည် နံနက်အခါ၌လျှင် ယာဂုထမင်းကို သောက်စား၍ သုံးဆောင်သောပြာသာဒ်၌ သုံးပါးသောအပြားရှိသော ကချေသည်တို့ကို ရှု၏။ ထိုမင်းသည် တနေ့သ၌ နံနက်အခါကလျှင် ငယ်သောကချေသည်တို့၏ နေရာပြာသာဒ်သို့သွား၏၊ ကချေသည်သမီးတို့သည်လည်း မင်းကြီးကိုရှုစေအံ့ဟု သိကြားမင်းအား နတ်သမီးတို့သည် လုံ့လပြုကုန်သကဲ့သို့ အလွန်အကဲ နှလုံးကို ဆောင်တတ်သော က-ခြင်း၊ သီခြင်း၊ တီးမှုတ်ခြင်းတို့ကို လုံ့လပြုကုန်၏။ မင်းကြီးလည်း ထို က-ချေသည်ငယ်တို့၏ က-ခြင်း၊ သီခြင်း၊ တီးမှုတ်ခြင်းတို့သည် အံ့ဖွယ်မရှိတကားဟု ရောင့်ရဲခြင်းမဖြစ်မူ၍ အလတ်ဖြစ်သော ကချေသည်

တို့၏ နေရာ ပြာသာဒ်သို့ သွားပြန်လေ၏။ ထို က-ချေသည် အလတ်တို့သဲ့်လည်း ထို့အတူပင် အားထုတ်ခြင်းကိုပြုကုန်၏ မင်းကြီးလည်း ထို က-ချေသည်တို့၏ အထံ၌လည်း ထို့အတူပင် မရောင့်ရဲပြန်သည်ဖြစ်၍ ကြီးကုန်သော က-ချေသည်တို့၏ နေရာပြာသာဒ်သို့ သွားပြန်လေ၏၊ ထို က-ချေသည်တို့သည်လည်း ထို့အတူပင် ပြုကြကုန်၏။

မင်းကြီးလည်း မင်းနှစ်ဆက် သုံးဆက်လွန်ခဲ့သော အခါ၌ကဲ့သို့ လွန်လေပြီးသော က-ချေသည်တို့၏ ကြီးသောအဖြစ်ဖြင့် အရိုးစုသာ က-သကဲ့သို့ က-ခြင်းကိုမြင်၍ သီချင်းသံကိုလည်း မချို မြက်သော အသံကိုကြား၍ တဖန်လျှင် ငယ်သော က-ချေသည် ပြာသာဒ်တို့၏ နေရာပြာသာဒ်သို့၊ တဖန်အလတ်ဖြစ်သော က-ချေသည်တို့၏ နေရာပြာသာဒ်သို့ သွား၏။

ဤသို့ သွားလာ၍လည်း တစုံတခု၌မျှ မရောင်ရဲသော မင်းကြီးသည် ကြံ၏၊ ဤက-ချေသည်တို့သည် သိကြားမင်းကို နတ်သမီးတို့သည် မွေ့လျော်စေသကဲ့သို့ မွေ့လျော်စေကုန်သည်ဖြစ်၍ အလုံးစုံသော အစွမ်းဖြင့် က-ခြင်း၊ သီခြင်း၊ တီးမှုတ်ခြင်းကို လုံ့လပြုကုန်၏၊ တစုံတခု၌မျှ မရောင့်ရဲသော ငါသည်သာလျှင် လောဘကို ပွားစေ၏။ ဤလောဘ မည်သည်လည်း အပါယ်သို့ လားစေတတ်သောတရားတည်း၊ ယခုပင် ငါသည် လောဘကို နှိပ်အံ့ဟု ပြည်ကို စွန့်ပြီးလျှင် ဝိပဿနာကိုပွားစေလျက် ပစ္စေကဗောဓိ ဉာဏ်သို့ရောက်၍—

သင်္ခါ ဧသော ပရိတ္တမေတ္တ သောခ္ခ၊
အပ္ပဿာဒေါ ဒုက္ခမေတ္တ ဘိယျော။
ဂဒ္ဒေါ ဧသော ဣတိ ဥတ္တာ မတီမာ၊
ဧကော စရေ ခဂ္ဂဝိသာဏကပ္ပေါ။

ဟူသော ဂါထာကို ရွတ်၏။ သတ္တဝိသတိမ။

ဗာရာဏသီပြည်၌ အနိဝတ္တိပြဟ္မဒတ်မင်းသည် စစ်မြေသို့သက်၍ အောင်မြင်ပြီးလျှင်ကိစ္စတပါး ကို အားထုတ်၏။ မပြီးပဲကို မပြန်တတ်၊ ထို့ကြောင့် ထိုမင်းကို အနိဝတ္တိမင်းဟူ၍ ခေါ်ကုန်၏။ ထိုမင်းသည် တနေ့သ၌ ဥယျာဉ်သို့သွား၏။ ထိုအခါ တောမီးသည်ထ၏။ တောမီးတောက်သည် ခြောက်ကုန် စိုကုန်သော မြက်တို့ကို လောင်လျက် မဆုတ်မနစ်မူ၍ သွား၏။ မင်းသည် ထိုမီးကို မြင်၍ ထိုမီး၌ ပဋိဘာဂနိမိတ်ကို ဖြစ်စေ၏။

ဤတောမီးကဲ့သို့ တဆယ့်တပါးသော မီးတို့သည် ခပ်သိမ်းသော မီးစာဖြစ်သော သတ္တဝါတို့ကို လောင်လျက် မဆုတ်မနစ်မူ၍ သွား၏။ ကြီးစွာသော ဆင်းရဲကို ဖြစ်စေ၏။ အဘယ်နံ့ရော အခါ၌ ငါသည်လည်း ဆင်းရဲ၏။ ဆုတ်နစ်ခြင်းအကျိုးငှာ ဤမီးသည် မဆုတ်မနစ်သကဲ့သို့ အရိယမဂ်ဉာဏ်တည်းဟူသောမီးဖြင့် ကိလေသာတို့ကို လောင်စေလျက် မဆုတ်မနစ်မူ၍ သွားရပါအံ့နည်းဟုကြံ၍ ထိုအရပ်မှ မုဟုတ္တာသွား၍ တံငါတို့သည် မြစ်၌ငါးတို့ကို ယူလတ်သော် ကွန်ယက်တွင်းသို့ဝင်သော တခုသောငါးသည် ကွန်ယက်ကိုဖောက်၍ ပြေးလေ၏။ တံငါတို့သည်လည်း ငါးတခုသည် ကွန်ယက်ကို ဖောက်၍ပြေးလေ၏ဟု ဟစ်ကြွေးကုန်၏။ မင်းလည်း ထိုစကားကို ကြားပြီး၍ ထိုငါး၌ ပဋိဘာဂနိမိတ်ကို ဖြစ်စေ၏။ ငါသည်လည်း အဘယ်နံ့ရော အခါ၌ အရိယမဂ်ဉာဏ်ဖြင့် တဏှာဒိဋ္ဌတည်းဟူသော ကွန်ယက်ကိုဖောက်၍ မငြိမတွယ်မူ၍

သွားရပါအံ့နည်း ဟုကြံ၍ပြည်ကိုစွန့်ပြီးလျှင် 'ရဟန်းပြု၍ ဝိပဿနာကိုရှုလျှင် ပစ္စေက ဗောဓိဉာဏ်သို့ ရောက်၍ နေနည်းဖြင့်လျှင်—

သန္ဒာလယိတွာန သံယောဇနာနိ၊
ဇာလံဝ ဘေတ္တာ သလိလမ္ဗုစာရီ။
အဂ္ဂိဝ ဒဍ္ဎံ အနိဝတ္တမာနော၊
ဧကော စရေ ခဂ္ဂဝိသာဏကပ္ပော။

ဟူသော ဂါထာကိုရွတ်၏။ အဋ္ဌဝိသတိမ။

ဗာရာဏသီပြည်၌ စက္ခုလောလ ဗြဟ္မဒတ်မင်းသည် ပါသာဒလောလ ဗြဟ္မဒတ်မင်းကဲ့သို့ က-ချေသည်တို့ကို ရှုခြင်းငှာ လုံ့လပြု၏။ ဤဆိုလတ္တံ့သည်ကား အထူးတည်း။ ထိုမင်းသည် က-ချေသည်တို့ကိုရှုခြင်းငှာ မရောင့်ရဲသည်ဖြစ်၍ ထိုထိုသို့သော ပြာသာဒ်သို့သွား၏။ အလွန်တင့်တယ်သော က-ချေသည်ကိုမြင်၍ အလွန်နှစ်သက်၍ က-ချေသည်တို့ကို မပြတ်ရှုသဖြင့် တဏှာကို ပွားစေလျက် သွား၏။ ထိုမင်းသည် က-ချေသည်ကို ရှုအံ့သောငှာ လာသောတယောက်သော သူကြွယ်မယားကိုမြင်၍ တပ်ခြင်းရာဂကိုဖြစ်စေ၏။ ထို့နောင် ထိတ်လန့်ခြင်းသို့ရောက်၍ ငါသည် တဏှာကိုပွားစေသော် အပါယ်၌ဖြစ်လတ္တံ့။ ယခု ထိုတဏှာကို နှိပ်စက်အံ့ဟု ပြည်ကိုစွန့်ပြီးလျှင် ရဟန်းပြု၍ ဝိပဿနာကိုရှုလျှင် ပစ္စေကဗောဓိဉာဏ်သို့ ရောက်၍–

ဩကိဉ္စိတ္တစက္ခု နု စ ပါဒလောလော၊
ဂုတ္တိန္ဒြိယော ရက္ခိ-တမာနသာနော။
အနဝဿုတော အပရိဍယှမာနော၊
ဧကော စရေ ခဂ္ဂဝိသာဏကပ္ပော။

ဟူသောဂါထာကိုရွတ်၏။ ကေူနတိ သတိမ။

ဗာရာဏသီပြည်၌ တယောက်သော စာတုမာသိက ဗြဟ္မဒတ်မင်းသည် လေးလ လေးလမြောက်၌ ဥယျာဉ် ကစားခြင်းငှာ သွား၏။ ထိုမင်းသည် တနေ့သ၌ နွေဥတု၏အလယ်ဖြစ်သော လ၌ ဥယျာဉ်သို့ ဝင်လတ်သော် ဥယျာဉ်တံခါး၌ အရွက်ဖြင့်ကောင်းစွာ ဖုံလွှမ်းအပ်သော အပွင့်ဖြင့် တန်ဆာဆင်ခြင်းရှိသော ပင်လယ် ကသစ်ပင်ကိုမြင်၍ အပွင့်တခုကိုယူလေပြီးလျှင် ဥယျာဉ်သို့ ဝင်လေ၏။ ထို့နောင် မင်းသည် အပွင့်ဦးကို ယူလေပြီဟု တယောက်သော အမတ်သည် ဆင်ကျောက်ကုန်း၌ တည်လျက် တပွင့်သောပန်းကို ယူပြန်၏။

ဤသို့သောနည်းဖြင့် အလုံးစုံသော ဗိုလ်ပါအပေါင်းတို့သည်လည်း ယူလေကုန်၏။ အပွင့်ကို မရသောသူတို့သည် အရွက်မျှကိုယူကုန်၏။ ထိုသစ်ပင်သည် အရွက်အပွင့်မရှိ ပင်စည်မျှသာ ဖြစ်လေ၏။ မင်းသည် ဥဉ္ဇအခါ ဥယျာဉ်မှ ထွက်လတ်သော် ထိုသစ်ပင်ကို မြင်၍ ဤသစ်ပင်သည် အသို့ဖြစ်သနည်း ငါလာသောအခါ၌ မြအဆင်းရှိသော အခက်ကြားတို့၌ သန္ဓာအဆင်းနှင့်တူသော အပွင့်ဖြင့် တန်ဆာဆင်အပ်၏။ ယခုအခါ၌ကား အရွက်အပွင့်မရှိသည်ဖြစ်၏ဟု ကြံ၏ ထိုသစ်ပင်၏ အနီး၌ အပွင့်မရှိသော ကသစ်ပင်ကို မြင်ပြန်၍ ဤသို့သော အကြံသည်ဖြစ်၏။

ဤသစ်ပင်သည် အပွင့်ရှိသောကြောင့် များစွာသော လူတို့၏ လောဘအာရုံ ဖြစ်၍ အမှုတ်ခြင်းဖြင့်လျှင် ပျက်စီးခြင်းသို့ရောက်၏။ အပွင့်မရှိသောသစ်ပင်ကား လောဘ၏ အာရုံ မဟုတ်သောကြောင့် ရှေးရှိမြဲတိုင်းတည်၏။ ဤမင်းအဖြစ်သည်လည်း ပွင့်သောသစ်ပင်ကဲ့သို့ လောဘအာရုံတည်း။ရဟန်းအဖြစ်သည်ကား မပွင့်သောသစ်ပင်ကဲ့သို့ လောဘအာရုံ မဟုတ်ပြီ၊ ထို့ကြောင့် ရဟန်းပြုအံ့ဟုကြံ၍ ပြည်ကိုစွန့်ပြီးလျှင် ရဟန်းပြုပြီး ဝိပဿနာကိုရှုလျှင် ပစ္စေကဗောဓိဉာဏ်သို့ရောက်၍ —

ဩဟာရယိတ္တာ ဂိဟိဗျဥ္ဇနာနိ၊
သဉ္ဆိန္နပတ္တော ယထာ ပါရိဆတ္တော။
ကာသာယဝတ္ထော အဘိနိက္ခမိတ္တာ၊
ဧကော စရေ ခဂ္ဂဝိသာဏကပ္ပော။

ဟူသောဂါထာကိုရွတ်၏။ တိသတိမ။

ဗာရာဏသီမင်းသည် ဥယျာဉ်၌ အမတ်တို့ဖြင့်ခြံရံလျက် သိလာဝင်္ကက ရေကန်၌ ကစား၏၊ ထိုမင်း၏ စားတော်ကဲလည်း ခပ်သိမ်းသော အသားတို့၏ အရသာကိုယူ၍ ကောင်းသော အဆီဖြင့် စီရင်အပ်သော နတ်ဩဇာနှင့်တူသော ထမင်းကိုချက်၍ ပွဲတော်တည်လာ၏။မင်းလည်း ထိုအရသာ၌ တပ်ခြင်းသို့ရောက်၍ တစုံတယောက်သောသူအား စိုးစဉ်းမျှမပေး၊ မိမိသာ သုံးဆောင်၏၊ ရေကစားသော်လည်း အလွန်ညဉ့်နက်မှတက်၍ လျင်လျင်သာ သုံးဆောင်၏။ အကြင်သူတို့နှင့်တကွရှေးအခါ သုံးဆောင်၏။ထိုသူတို့အားတစိုးတစိမျှမအောက်မေ့၊ နောင်အခါ သတိကိုဖြစ်စေ၍ ဩော်- ငါသည်မကောင်းသည်ကို ပြုမိ၏။ တပ်ခြင်းနှင့်တကွသောရသတဏှာသည် အလွန်နှိပ်စက်၏။ခပ်သိမ်းသော လူအပေါင်းကို မေ့လျော့၍ တယောက်တည်းသာ စားမိ၏။ ယခုပင် ထိုရသတဏှာကို နှိပ်စက်အံ့ဟု ပြည်ကို စွန့်ပြီးလျှင် ရဟန်းပြု၍ ပစ္စေကဗောဓိဉာဏ်သို့ရောက်၍ မိမိ၏ရှေ့၌ အကျင့်ကို ကဲ့ရဲ့လျက် ပဋိပက္ခဂုဏ်ကို ပြတတ်သော–

ရသေသု ဂေဓံ အကရံ အလောလော၊
အနုညပေါသိ သပဒါနစာရိံ။
ကုလေ ကုလေ အပွဋိဗဒ္ဓစိတ္တော၊
ဧကော စရေ ခဂ္ဂဝိသာဏကပ္ပော။

ဟူသော ဂါထာကိုရွတ်၏။ ဧကတိသတိမ။

တတိယဝဂ်ပြီး၏။

ဗာရာဏသီပြည်၌ မင်းကြီးသည် ပဒုမစာန်ကို ရ၏။ ထိုမင်းသည် စာန်ကို တောင့်ခြင်းငှာ ပြည်ကိုစွန့်၍ ရဟန်းပြုပြီးလျှင် ပစ္စေကဗောဓိဉာဏ်ကိုရောက်၍ မိမိ၏ ပဋိပတ္တိ ပြည့်ဖြိုးကိုပြသ၍

ပဟာယ ပဉ္စဝရဏာနိ စေတသော၊
ဥပတ္တိလေသေ ဗျပနုဒ္ဒ သင်္ဂေ။

အနိဿိတော ဆေတ္တွ သိနေဟဒေါသံ၊
ဧကော စရေ ခဂ္ဂဝိသာဏကပ္ပော။

ဟူသော ဂါထာကိုရွတ်၏။ ဗာတ္တိံ သတိမ။

ဗာရာဏသီပြည်၌ မင်းကြီးသည် စတုတ္ထစျာန်ကိုရ၍ စျာန်ကိုစောင့်ခြင်းငှာ ပြည်ကိုစွန့်ပြီးလျှင် ရဟန်းပြု၍ပစ္စေကမဟေဓိဉာဏ်သို့ရောက်၏ မိမိ၏ ပဋိပတ္တိကိုပြလို၍–

ဝိပိဋ္ဌိကတွာန သုခံ ဒုခဉ္စ၊
ပုဗ္ဗေဝ စ သောမနဿဒေါမနဿံ။
လဒ္ဓါနုပေက္ခံ သမထံ ဝိသုဒ္ဓံ၊
ဧကော စရေ ခဂ္ဂဝိသာဏကပ္ပော။

ဟူသောဂါထာကိုရွတ်၏။ တေတ္တိံသတိမ။

ပြည်တပြည်၌ တယောက်သော ပစ္စန္တမင်းသည် တထောင်သော သူရဲသာ ရှိ၏။ ပြည်လည်းငယ်၏၊ ပညာကားကြီး၏၊ ထိုမင်းသည် တနေ့သ၌ အကယ်၍ ငါ၏ပြည်ကား ငယ်၏၊ ပညာရှိသောအားဖြင့် အလုံးစုံသော ဇမ္ဗူဒီပ်ကိုယူခြင်းငှာ စွမ်းနိုင်ရာ၏ဟုကြံ၍ အနီးဖြစ်သော မင်းအား ခုနစ်ရက်အတွင်း၌ ပြည်ကိုတည်းပေးမည်လော၊ စစ်ကိုတည်းထိုးမည်လောဟု တမန်စေလိုက်ပြီး၍ မိမိ၏အမတ်တို့ကိုလည်း ရုံးစု၍ ငါသည် သင်တို့ကိုမပန်ပဲရှောင်တခင်သာ ဤမည်သော မင်းအား ဤသို့သောစကားကို စေလိုက်မိ၏၊ အသို့ပြုရမည်နည်းဟု မိန့်၏။

အမတ်တို့လည်း အရှင်မင်းကြီး၊ စစ်ထိုး၍ အတတ်နိုင်ရာ၊ တမန်ကို ပြန်စေလော့ဟု ဆိုကုန်၏။ ပြန်စေခြင်းငှာ အတတ်နိုင်ရာပြီဟု မိန့်၏၊ ထိုသို့တပြီးကား တပါးသူ၏ လက်နက်ဖြင့် သေရခြင်းသည် ဆင်းရဲကုန်၏။ ယခုအခါငါတို့သည် အချင်းချင်းသတ်၍သေကုန်အံ့၊ မိမိကိုယ်ကို မိမိသတ်၍ သေသော်လည်း သေကုန်အံ့၊ အဆိပ်ကိုသော်လည်းစားကုန်အံ့။

ဤသို့လျှင် ထိုအမတ်တို့သည် တယောက် အသီးစီ သေခြင်းကိုသာ ခိုးမွမ်းကြကုန်၏၊ ထိုနောင်မှ မင်းသည် အလွတ်မဲ့သေ၍ အဘယ်အကျိုးရှိအံ့နည်း။ သင်တို့သည် သူရဲကောင်းအဟုတ်တုံလောဟုဆိုလျှင် အရှင်မင်းကြီးအကျွန်ုပ်တို့ကား သူရဲကောင်းတည်းဟု ဆို၍ တထောင်သော သူရဲတို့သည် ထကုန်၏။

မင်းလည်း စုံစမ်းအံ့သောငှာ ကြီးစွာသော ထင်းကို စုစေ၍ မီးညှိ၍ အချင်းတို့ ငါသည် ဤသို့သဘောရှိသော ရှောင်တခင် မပြုအပ်သော အမှုကိုပြုမိခဲ့ပြီ၊ ထိုအမှုကြောင့် ငါ့အား အမတ်တို့သည် အမျက်ဝင်ကုန်၏။ ငါသည် ဤမီးပုံသို့ဝင်တော့အံ့၊ အဘယ်သူသည် ငါနှင့်တကွမီးပုံသို့ဝင်အံ့နည်း၊ အဘယ်သူသည် ငါ၌အသက်ကို စွန့်မည်နည်းဟုဆိုလျှင် ငါးရာသော သူရဲတို့သည် အရှင်မင်းကြီး၊ ငါတို့သည် ဝင်ကုန်အံ့ဟု ထကုန်၏။ ထို့နောင်မှ မင်းကြီးသည် ကြွင်းသော ငါးရာသော သူရဲတို့ကို သင်တို့ကား အဘယ်သို့ ပြုကုန်အံ့နည်းဟု ဆိုပြန်၏။

ထိုသူရဲတို့သည် မြတ်သောမင်းကြီး၊ ဤသူရဲတို့ကား ယောကျ်ားတို့၏ အချင်းအရာမဟုတ်၊ မိန်းမတို့၏ အမှုအရာမျှသာတည်း။ ငါတို့သည် မင်းကြီးနှင့်တကွ စစ်ထိုး၍ သေကုန်အံ့ဟု ဆိုကြကုန်၏။ မင်းကြီးလည်း သင်တို့သည် ငါ့အား အသက်ကို စွန့်ပေပြီဟု မိန့်ပြီးလျှင်

အင်္ဂါလေးပါးရှိသော စစ်သည်တို့ကို စုရုံး၍ ထိုတထောင်သော သူရဲတို့ဖြင့် ခြံရံလျက် မြို့မှထွက်၍ ပြည်၏အပိုင်းအခြား၌ နေ၏။

တိုင်းတပါးမှ မင်းသည် တမန်စေသော စကားကိုကြားလျှင် အချင်းတို့ ထိုမင်းငယ်မျှသည် ငါ၏ ကျွန်တို့အားကိုသော်လည်း အဖက်မလောက်ဟု စစ်ထိုးခြင်းကို နှစ်သက်၍ အလုံးစုံသော ဗိုလ်ပါကိုယူပြီးလျှင် ထွက်လာကုန်၍ ခုဒ္ဒကမင်းသည် ငါ့ကို စစ်ထိုးလော့ဟုဆို၏။ ထိုရန်သူမင်းကို မြင်၍ ဗိုလ်ပါအပေါင်းတို့ကို ဆိုလင့်၏။ ချစ်သားတို့ကား မများကုန်။ အလုံးစုံသော သူတို့သည် တပေါင်းတည်းပြုကုန်၍ သန်လျက်ကာကိုကိုင်၍ ဆောလျင်စွာ ရန်သူမင်း၏ရှေ့သို့ ဖြောင့်ဖြောင့်သာလျှင် သွားကြကုန်လော့ဟု ဆို၏။ သူရဲတထောင်တို့သည်လည်း ဆိုတိုင်းပြုကုန်၏။

ထိုအခါ ရန်သူမင်း၏ စစ်သည်တို့သည် နှစ်ဖြာကွဲ၍ အကြားကိုပေး၏။ တထောင်သော သူရဲတို့သည်လည်း ရန်သူမင်းကို အရှင်ဖမ်း၍ ယူကုန်၏။ ခုဒ္ဒကရာဇာမင်းသည် ရန်သူမင်းကို သတ်အံ့ဟု ရှေ့ကပြေး၏၊ ရန်သူမင်းသည်လည်း ထိုခုဒ္ဒကမင်းကို ဘေးမဲ့တောင်းပန်၏။ ထိုနောင်မှ ဘေးမဲ့ပေး၍ငြိမ်ဝပ်ခြင်းကို ပြုပြီးလျှင် မိမိ၏ လူအဖြစ်ကို ပြုစေ၏၊ ခုဒ္ဒကရာဇာမင်းသည် ရန်သူမင်းနှင့်တကွ တပါးသောမင်းသို့ ကပ်ပြန်၍ ထိုမင်း၏ ပြည်အပိုင်းအခြား၌ ရပ်၍ ပြည်ကိုတည်းပေးမည်လော၊ စစ်ကိုတည်း ထိုးမည်လောဟု စေပြန်၏။

ထိုမင်းတပါးသည် ငါကား တပြည်သောမင်းကိုမျှ မဝံ့တကားဟု ပြည်ကို ဆောက်နှင်း၏။ ဤသို့သောနည်းဖြင့် ခပ်သိမ်းသော မင်းတို့ကိုယူ၍ အဆုံး၌ ဗာရာဏသီမင်းကို ယူပြန်၏။

ထိုခုဒ္ဒကရာဇာသည် တရာတပါးသောမင်း ခြံရံလျက် အလုံးစုံသော ဇမ္ဗူဒီပါကျွန်း၌ ပြည်သူတို့ကို ဆုံးမလျက် ဤသို့ကြံ၏။ ငါတမူကား ရွေးအခါ၌ မင်းအငယ်မျှသာ ဖြစ်၏။ ထိုငါသည် မိမိ၏ဉာဏ်အစွမ်းဖြင့် အလုံးစုံသော ဇမ္ဗူဒီပ်အဝန်းကို အစိုးရသော မင်းဖြစ်၏။ ငါ၏ ထိုဉာဏ်သည်ကား လောကီနှင့်ရောသော ဝိရိယသမ္ပယုတ္တမျှသာ ဖြစ်၏။ လောကုတ္တရာသက်သက်ဖြစ်သော ဝိရိယသမ္ပယုတ္တဉာဏ်ကိုလည်း ဖြစ်စေအပ်၏ဟု ကြံပြီးလျှင် ဗာရာဏသီမင်းအား ပြည်ကိုပေး၍ သားမယားကိုလည်း မိမိနေဟောင်း ဌာနသို့ လွှတ်လိုက်ပြီးလျှင် ရဟန်းပြု၍ ပစ္စေကဗောဓိဉာဏ်သို့ ရောက်၍ မိမိ၏ ဝိရိယသမ္ပတ္တိကို ပြလို၍—

အာရဒ္ဓဝိရိယော ပရမတ္ထပတ္တိယာ၊
အလီနစိတ္တော အကုသီတဝုတ္တိ။
ဒဠ္ဠနိက္ကမော ထာမဗလူပပန္နော၊
ဧကော စရေ ခဂ္ဂဝိသာဏကပ္ပေါ။

ဟူသော ဂါထာကို ရွတ်၏။ စတုတ္ထိ သဓိမ။

ပဋိသလ္လာန စသောဂါထာ၏ အတ္ထုပ္ပတ္တိသည် အာဝရဏဂါထာ၌ ဆိုသည်နှင့် တူသည်သာတည်း။ တစုံတခုထူးသည် မရှိပြီ—

ပဋိသလ္လာနံ ဈာနမရိဉ္စမာနော၊
ဓမ္မေသု နိစ္စံ အနုဓမ္မစာရီ။

အာဒီနဝံ သမ္မသိတာ ဘဝေသု၊
ဧကော စရေ ခဂ္ဂဝိသာဏကပ္ပော။

ဟူသော ဂါထာကို ရွတ်၏။ ပစ္စတီသတိမ။

ဗာရာဏသီမင်းကြီးသည် ကြီးစွာသောမင်း၏ အာနုဘော်ဖြင့် မြို့ကို လက်ယာရစ် လှည့်၏။ ထိုမင်း၏ တင့်တယ်ခြင်းကို ရှုလိုကုန်သော လူတို့သည် ရှေ့မှသွားသော သူတို့သည်လည်း လှည့်၍ ပြန်၍သာ ကြည့်ကုန်၏။ နောက်မှလိုက်သော သူတို့သည်လည်း ထို့အတူပင် ကြည့်ကုန်၏။ ပကတိအားဖြင့်လည်း ဘုရားကို လည်းကောင်း၊ လပြည့်ဝန်းကို လည်းကောင်း၊ သမုဒ္ဒရာကို လည်းကောင်း၊ မင်းကိုလည်းကောင်း မြင်ရသဖြင့် လူတို့ မရောက်ရဲနိုင်သည်သာ တည်း။

ထိုအခါ သူကြွယ်တယောက်၏ မယားသည် ပြာသာဒ်၏ အထက်ကနေလျက် ခြေသ့ဲခံသော လေသွန်တံခါးကို ဖွင့်လှစ်၍ ရှုလျက်နေ၏။ မင်းသည် ထိုမိန်းမကိုမြင်၍ တပ်သော စိတ်ရှိ၏။ အမတ်တယောက်ကို မင်းမတ်၊ ဤမိန်းမ၏ လင်ရှိ မရှိသောအဖြစ်ကို မေးမြန်းချေလော့ဟု စေလိုက်၏၊ အမတ်လည်း လင်ရှိသောအဖြစ်ကို သိပြီးသော် လျှောက်၏။

မင်းလည်းကြံသည်ကား နှစ်သောင်းသော မောင်းမတို့သည် နတ်သမီးကဲ့သို့ တယောက်သော ငါ့ကိုသာလျှင် မွေ့လျော်စေ၏၊ ငါသည် ထိုမောင်းမကိုလည်း မရောင့်ရဲမူ၍ သူတပါး၏ မယား၌ တဏှာကို ဖြစ်စေ၏၊ ထိုတဏှာသည် အပါယ်သို့သာလျှင် တွန်းတတ်ချတတ်၏ဟု တဏှာ၌ အပြစ်ကိုမြင်၍ ယခုပင် ထိုတဏှာကို နှိပ်အံ့ဟု ပြည်ကိုစွန့်ပြီးလျှင် ရဟန်းပြု၍ ပစ္စေကဗောဓိဉာဏ်သို့ ရောက်၍—

တဏှာကွယံ ပတ္ထယမပ္ပမတ္တော၊
အနေဋမူဂေါ သုတဝါ သတီမာ။
သခီါတမေ္ဘော နိယတော ပဓာနဝါ၊
ဧကော စရေ ခဂ္ဂဝိသာဏကပ္ပော။

ဟူသောဂါထာကို ရွတ်၏။ ဆတ္တိံသတိမ။

ဗာရာဏသီမင်းအား ဝေးသောအရပ်၌ ဥယျာဉ်သည် ရှိ၏၊ မင်းကြီးသည် စောစောထ၍ ဥယျာဉ်သို့ သွားလေသော် ခရီးအကြား၌ ယာဉ်မှသက်၍ ရေရှိရာအရပ်သို့ မျက်နှာဆေးအံ့ဟု သွားလေ၏၊ ထိုအရပ်၌ ကျက်စားအံ့သောငှာ လာသော ခြသ့ေင်္ကယ်တခုကို မင်းချင်းတို့သည် မြင်၍ အရှင်မင်းကြီး၊ ခြသ့ေင်္ကယ်တခုတည်းဟုလျှောက်၏၊ မင်းလည်း ခြသ့ေင်္ကသည် တစုံတခုကိုမျှ မကြောက်ဟူသတတ်။ ထိုအခြင်းအရာကို စုံစမ်းအံ့ဟု စည် စသည်တို့ကို တီးစေ၏။ ခြသ့ေင်္ကသည်ထိုအသံကိုကြား၍ ထိုအရပ်၌ အိပ်၏။ မင်းလည်း သုံးကြိမ်မြောက်အောင် တီးစေ၏။ ခြသ့ေင်္ကသည် သုံးကြိမ်မြောက်၌ ဦးခေါင်းကို ထောင်၌ အလုံးစုံသော ပရိသတ်ကို ကြည့်၍ ထိုအရပ်၌ပင်လျှင် အိပ်ပြန်၏။

ထိုအခါ မင်းသည် အကြင်မျှလောက် ဤခြသ့ေင်္ကသည် မသွားလို၊ ထိုမျှလောက် သွားစေအံ့ဟုဆို၍ သွားစဉ်ပင်ကြံ၏။ ယခုသာ ဖွားသော ခြသ့ေင်္ကသည် တုန်လှုပ်ခြင်း မရှိ၊ ကြောက်လည်း

မကြောက်တတ်၊ ငါလည်း အဘယ်အခါ တဏှာဒိဋ္ဌိတည်းဟူသော အရံအတားကို၊ တနည်းကား တဏှာဒိဋ္ဌိတည်းဟူသော ကာမအာသာကိုဖြတ်၍ မတုန်မလှုပ်သည်ဖြစ်စေရအံ့နည်း၊ မကြောက်လန့်သည် ဖြစ်စေရအံ့နည်းဟု ထိုအာရုံကိုယူ၍ သွားလေ၏။

တဖန်တုံ၊ တံငါတို့သည် ငါးကို ဖမ်းအံ့သောငှာ သစ်ခက်စသည်တို့၌ နှောင်ဖွဲ့၍ ဖြန့်သော ကွန်ယက်၌ လေသည် မထိစေမူ၍ သွားသည်ကို မြင်၍ နိမိတ်ကို ယူပြန်၏။ ငါသည် အဘယ်အခါ၌ တဏှာဒိဋ္ဌိတည်းဟူသော ကွန်ယက်ကိုဖောက်၍ မငြိမတွယ်သွားရပါအံ့နည်းဟု ကြံပြန်၏။ ထို့နောင်မှ ဥယျာဉ်သို့ ရောက်၍ ရေကန်၏ အနီးဖြစ်သော ကျောက်ဖျာအပြင်၌နေဉ် လေဖြင့် ခတ်အပ်ကုန်သော ပဒုမ္မာတို့သည် ညွတ်၍ ရေသို့ထိပြီးလျှင် လေငြိမ်သောကာလ တဖန် တည်မြဲတိုင်း တည်ပြန်လျှင်ရေဖြင့် မလိမ်းကျံသည်တို့ကို မြင်၍ ထိုနိမိတ်ကိုလည်း ယူပြန်သည်။ ငါသည် အဘယ်နံအခါ၌ ဤပဒုမ္မာတို့သည် ရေ၌ ဖြစ်ကုန်လျက် ထိုရေတို့ဖြင့် မလိမ်းကျံဘဲ တည်ကုန်ဘိသကဲ့သို့ ထို့အတူ လောကဌ၌ ဖြစ်လျက် လောကဖြင့် မလိမ်းကျံဘဲ တည်ရအံ့နည်းဟု အဖန်တလဲလဲ ကြံ၍ ပြည်ကို စွန့်ပြီးလျှင် ရဟန်းပြု၍ ပစ္စေက ဗောဓိဉာဏ်သို့ ရောက်၍–

သီဟော၀ သဒ္ဒေသု အသန္တသန္တော၊
၀ါတော၀ ဇာလမ္ပိ အသဇ္ဇမာနော။
ပဒုမ်၀ တောယေန အလိပ္ပမာနော၊
ဧကော စရေ ခဂ္ဂဝိသာဏကပ္ပေါ။

ဟူသော ဂါထာကို ရွတ်၏။ သတ္တတိသတိမ။

ဗာရာဏသီမင်းသည် တိုင်းစွန်ပုန်ကန်သည်ကို ငြိမ်၀ပ်စိမ့်သောဉာဏ်ခွာ၍ အဖြောင့်သန်းလျက် တောအုပ်ခရီးကိုယူ၍ များစွာသော စစ်သည်တို့နှင့်တကွ သွား၏။ ထိုအခါတခုသော တောင်ခြေရင်း၌ ခြင်္သေ့သည် နေရောင်ပျို့တွင် နေဆာလှဲလျက်နေ၏။ ထိုခြင်္သေ့ကို မြင်၍ အမတ်တို့သည် မင်းအား လျှောက်ကြ၏။

မင်းလည်း ခြင်္သေ့သည် မလန့်တတ်သော သဘောရှိသည် ဟူသတတ်။ စုံစမ်းအံ့ဟု စည်ကြိုးထက်စည် စသည်တို့ကို တီးစေ၏။ ခြင်္သေ့လည်း ထိုအရပ်၌ပင် အိပ်၍သာနေ၏။ နှစ်ကြိမ်မြောက် တီးပြန်သော်လည်း ထိုအရပ်၌ပင် အိပ်မြဲ အိပ်ပြန်၏။ သုံးကြိမ်မြောက် တီးပြန်စေသော အခါ၌ကား ခြင်္သေ့သည် ငါ၏ရန်သူ ရှိ၏ဟု လေးခုသော ခြေတို့ဖြင့် ကောင်းစွာ ထောက်၍ ခြင်္သေ့သံကို ဟစ်၏။ ထိုအသံကို ကြားကုန်၍ ဆင်စီးသူရဲ စသည်တို့သည် ဆင် စသည်တို့မှ လျှောကျကုန်၍ မြက်ခုံစသည်တို့သို့ ဝင်ကြကုန်၏၊ ဆင် မြင်းအပေါင်း စသည်တို့သည် ထိုထိုသို့သော အရပ်တို့သို့ ပြေးကြကုန်၏။ မင်းစီးသော ဆင်တော်သည်လည်း မင်းကိုယူ၍ တောအုပ်သို့ ဝင်လျက် ပြေးလေ၏။ မင်းကြီးလည်း ဆင်ကို ရပ်စိမ့်သောဉာဏ် မတတ်နိုင်၍ သစ်ခက်၌ ဆွဲ၍ မြေသို့ဆင်း၍ တခုသော ခြေကြောင်းခရီးဖြင့် သွားသည်ရှိသော် ပစ္စေကဗုဒ္ဓါတို့၏ နေရပ်သို့ ရောက်လေ၍ ပစ္စေကဗုဒ္ဓါတို့ကို မေး၏။

အရှင်ဘုရားတို့ အသံကို မကြားလောဟု မေး၏။ မင်းကြီး ကြား၏ဟု ဆိုကုန်၏။ အဘယ်အသံကို ကြားကုန်သနည်းဟု မေးပြန်လျှင် ရှေးဦးစွာ စည်ကြိုးသံ ခရုသင်းသံ စသည်တို့ကို ကြား၏။ နောင်သောအခါ ခြင်္သေ့သံကို ကြား၏ဟု ဆို၏။ အရှင်တို့ မကြောက်ကုန်သလောဟု

မေး၏။ မြတ်သော မင်းကြီး ငါတို့ကား တစုံတခုသော အသံကိုမျှသော်လည်း မကြောက်ကုန်ဟု မိန့်ကုန်၏။

အရှင်တို့ အကျွန်ုပ်လည်း မကြောက်ခြင်းကို ဖြစ်စေအံ့သောငှာ တတ်ကောင်းပါအံ့လောဟု မေး၏။ မြတ်သောမင်းကြီး၊ အကယ်၍ ရဟန်းပြုအံ့၊ တတ်နိုင်သည်ဟု မိန့်ကုန်၏။ အရှင်ဘုရား ရဟန်းပြုပါအံ့ဟု ဆို၏။ ထို့နောင် မင်းကြီးအား ရဟန်းပြု၍ အာဘိသမာစာရိကဝတ်ကို သင်ကုန်၏။ မင်းကြီးသည်လည်း ရှေးနည်းဖြင့် ဝိပဿနာကို ပွားစေလျက် ပစ္စေကဗောဓိဉာဏ်သို့ ရောက်၍–

သီဟော ယထာ ဒါဌဗလီ ပသယှ၊
ရာဇာ မိဂါနံ အဘိဘုယျ စာရီ။
သေဝေထ ပန္တာနိ သေနာသနာနိ၊
ဧကော စရေ ခဂ္ဂဝိသာဏကပ္ပော။

ဟူသော ဂါထာကို ရွတ်၏။ အဋ္ဌကထာသတိမ။

တယောက်သော မင်းသည် မေတ္တာ စသော ဈာန်ကို ရ၏။ ထိုမင်းသည် ဤပြည်ကား ဈာန်ချမ်းသာ၏ အန္တရာယ်ကို ပြုတတ်၏ဟု ဈာန်ကို စောင့်အံ့သောငှာ ပြည်ကို စွန့်ပြီးလျှင် ရဟန်းပြု၍ ပစ္စေကဗောဓိဉာဏ်သို့ ရောက်၍–

မေတ္တံ ဥပေက္ခံ ကရုဏံ ဝိမုတ္တိံ၊
အာသေဝမာနော မုဒိတဉ္စ ကာလေ။
သဗ္ဗေန လောကေန အဝိရုဇ္ဈမာနော၊
ဧကော စရေ ခဂ္ဂဝိသာဏကပ္ပော။

ဟူသောဂါထာကို ရွတ်၏။ ဧကူနစတ္တာလီသမ။

ရာဇာပြုဟ်ပြည်ကို အမှီပြု၍ မာတင်္ဂမည်သော ပစ္စေကဗုဒ္ဓါသည် နေတော်မူ၏။ ထိုပစ္စေကဗုဒ္ဓါသည် ခပ်သိမ်းသော ပစ္စေကဗုဒ္ဓါတို့၏ အနှောင်းဆုံးတည်း။ ငါတို့ဂေါတမ မြတ်စွာဘုရား အလောင်း ဖွားတော်မူသောအခါ ဘုရားအလောင်းအား ပူဇော်အံ့သောငှာလာကုန်သော နတ်တို့သည် အရှင်ပစ္စေကဗုဒ္ဓါကိုမြင်၍ အရှင်ဘုရား လောကဌ ဘုရားအလောင်း ဖွားတော်မူပြီဟု ဆိုကုန်၏။ နိရောဓသမာပတ်မှထတော်မူသော ထိုပစ္စေကဗုဒ္ဓါသည်လည်း ထိုအသံကို ကြား၍ မိမိ၏လည်း အသက်ကုန်သည်ကိုမြင်၏။ ဟိမဝန္တာဌ မဟာပဝိတမည်သော တောင်သည် ပစ္စေကဗုဒ္ဓါတို့၏ ပရိနိဗ္ဗာန်စံယူရာအရပ်တည်း။

သုတ္တနိပါတ်အဋ္ဌကထာ၌ကား "ဟိမဝန္တေ သုဇာတော နာမ ပဗ္ဗတော" ဟူ၍ ရှိသည်၊ သုဇာတမည်သော တောင်ဟုဆိုသင့်၏။

ထိုတောင်သို့ ကောင်းကင်ဖြင့်သွား၍ ရှေး၌ပရိနိဗ္ဗာန် စံယူလေပြီးသော ပစ္စေကဗုဒ္ဓါတို့၏ အရိုးစုကို တောင်ကမ်းပါးပြတ်၌ ချပြီးလျှင် ကျောက်ဖျာအပြင်၌ထိုင်၍—

ရာဂဝ္ဆ ဒေါသဝ္ဆ ပဟာယ မောဟံ၊
သန္ဒာလယိတ္ဝာန သံယောဇနာနိ။
အသန္တသံ ဇီဝိတသင်္ခယမ္ပိ၊
ဧကော စရေ ခဂ္ဂဝိသာဏကပ္ပော။

ဟူသော ဂါထာကိုရွတ်၏။ စတ္တာလီသမ။

ထိုမာတင်္ဂပစ္စေကဗုဒ္ဓါသည် သဉ္ဇာဒေသေသ နိဗ္ဗာနဓာတ်ကို မိမိအားပြု၍ ဂါထာ၏ အဆုံး၌သာလျှင် အနုပါဒိသေသနိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်ပြုတော်မူ၏။

ဗာရာဏသီမင်းသည် အစဂါထာ၌ ဆိုအပ်ပြီးသော အခြင်းအရာ ရှိသလျှင်ကတည်း။ မင်းသည် ပြည်ကိုဆုံးမ၏။ ထိုမင်းအား ကြမ်းသောအနာသည်ဖြစ်၏၊ ဆင်းရဲစွာသောဝေဒနာတို့သည် ဖြစ်ကုန်၏။ နှစ်သောင်းသော မောင်းမတို့သည် ရံကုန်၍ ခြေလက်ဆုပ်နယ်ခြင်းစသည်တို့ကို ပြုကုန်၏။ အမတ်တို့သည်ကား ဤမင်းသည် အသက်မရှည်လတ္တံ့၊ ယခု ငါတို့သည် ကိုယ်၏ ကိုးကွယ်ရာကို ရှာကုန်အံ့ဟု တပါးသောမင်း၏ အထံသို့သွား၍ ခစားခြင်းငှာ တောင်းပန်ကုန်၍ ထိုအမတ်တို့သည် တပါးသောမင်း၌လျှင် ခစားလေကုန်၏။ တစုံတခုကိုမျှ မရကုန်။ မင်းသည် အနာပျောက်၍ ဤအမည်ရှိသော အမတ်သည် အဘယ်မှာနည်းဟူမေး၏။

ထိုအကြောင်းကိုကြား၍ ဦးခေါင်းလှုပ်၍ ဆိတ်ဆိတ်သာနေ၏။ အမတ်တို့လည်း မင်းကြီးကျန်းမာတော်မူပြီဟုကြား၍ ထိုမင်း၍ တစုံတခုသော အရာဌာနကို မရကုန်၏။ လွန်သော စဉ်းလဲခြင်းနှင့်ပြည့်စုံ၏ဟု တဖန်ပြန်လာခဲ့၍ မင်းကိုရှိခိုးပြီးလျှင် တင့်အပ်သောအရပ်၌ ရပ်ကုန်၏။ မင်းကြီးလည်း အဘယ်သို့သွားသနည်းဟု မေး၏၊ အရှင်မင်းကြီး အားနည်းသည်ကိုမြင်၍ အသက်သေခြင်းမှ ကြောက်ကုန်သောကြောင့် ဤအမည်ရှိသော ဇနပုဒ်သို့ သွားပေကုန်၏ဟု လျှောက်ကြကုန်၏။

မင်းကြီးလည်း ဦးခေါင်းကို လှုပ်၍အကြင်ငါသည် ထိုသူတို့ကိုစုံစမ်းဦးအံ့၊ ဤသူတို့သည် ဤသို့ပင် ပြဦးလော့ဟု ကြံ၍ ရှေး၌ဖြစ်သော ထိုအနာသည် လှန်ပြန်ပြီးသကဲ့သို့ ပြင်းသော ဝေဒနာရှိသောကိုယ်ကိုပြလျက် နာယောင်ပြု၏။ မိန်းမတို့သည် ကောင်းစွာ ခြံရံလျက် ရှေးအတူသာလျှင် အလုံးစုံသော အမှုကိုပြုကုန်၏။ အမတ်တို့သည် ရှေးအတူပင် များစွာသော လူတို့ကို ယူခဲ့၍ ဖဲကြကုန်၏။

ဤသို့လျှင် မင်းကြီးသည် သုံးကြိမ်မြောက်အောင် အလုံးစုံကို ဆိုခဲ့ပြီးသည်နှင့် အတူသာပြု၏။ အမတ်တို့လည်း ထိုနည်းအတူ ဖဲကြကုန်၏။ လေးကြိမ်မြောက်၍ ထိုအမိတ်တို့ကိုမြင်၍ ဩော် ဤသူတို့သည် ပြုခဲသောအမှုကို ပြုကြကုန်၏။ အမတ်တို့သည် နာသော ငှဲကို စွန့်၍ ငဲ့ကွက်ခြင်းမရှိ ဖဲကြကုန်ပြီတကားဟု ပြီးငွေ့သည်ဖြစ်၍ ပြည်ကိုစွန့်ပြီးလျှင် ရဟန်းပြု၍ ပေစ္စကဗောဓိဉာဏ်သို့ ရောက်၍–

ဘဇန္တိ သေဝန္တိ စ ကာရဏတ္ထာ၊
နိက္ကာရဏာ ဒုလ္လဘာ အဇ္ဇ မိတ္တာ။

အတ္တဋ္ဌပညာ အသုစီ မနုဿာ၊
ဧကော စရေ ခဂ္ဂဝိသာဏကပ္ပေါ။

ဟူသောဂါထာကို ရွတ်၏။ စတ္တာလီသမဝတ္ထု။

ဤတွင်ရှေ့ကား ပစ္စေကဗုဒ္ဓါတို့၏ ဝတ္ထုသည် လေးဆယ်အတိရှိ၏။ ဂါထာဖြင့်ကား ကောဒသမ ဝတ္ထုတွင် နှစ်ဂါထာ ပါသောကြောင့် လေးဆယ့်တဂါထာရှိ၏။ ပုဂ္ဂိုလ်အရေအတွက် အားဖြင့်ကား ကောဒသမ ဝတ္ထုတွင်ပင်လျှင် မင်းသား ပုရောဟိတ်သား နှစ်ပါးဖြစ်၍ လေးကျိပ်တပါးဖြစ်၏။

ဤသို့သောအကြောင်းတို့ကို မြတ်စွာဘုရားသည် အရှင်အာနန္ဒာကို ဟောတော်မူသည်။ ဤခဂ္ဂဝိသာဏသုတ်ကို သုတ္တနိပါတ်ကျမ်းတွင်လည်းကောင်း၊ အပဒါန် ကျမ်းတွင်လည်းကောင်း အကြောင်းသင့်၍ သင်္ဂီယနာဆရာတို့ နှစ်ထပ်တင်တော်မူသည်။ ဟောတော်မူသောကာလ တကြိမ်ပင်ဟောတော်မူသည် မှတ်ရမည်။ ဇာတ်ကျမ်းစသည်တို့တွင်လည်း ဆိုင်ရာ လျော်ရာ အများပင် အရှင်ပစ္စေကဗုဒ္ဓါတို့၏ အတ္ထုပ္ပတ္တိတို့သည် ပါကုန်၏။ ယခုပါသမျှကိုပင် မကျဉ်း မကျယ် မှတ်မိသော်လည်း သင့်ပြီ ဖြစ်တော့သည်။

ကျမာနိ နု ပုရာစရာ၊ ဒဿပုတ္တာ မယာ ဒါနိ။
ဘဝေ အသုတမမ္ဘာဟံ၊ သုဏောမု ခိပ္ပါဘိညန္တေ။

ကျမာနိဝတ္ထူနိ၊ ဤလေးကျိပ်တပါးသော ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့၏ အတ္ထုပ္ပတ္တိတို့ကို။ ပုရေ၊ ရှေးအခါ၌။ အာစေရာ။ ဆရာမြတ်တို့သည်။ နု ဒဿပုတ္တာ၊ ပြတော် မဖူးလေကုန်။ တနည်းကား။ ပုရာစေရာ- ပုရာစေရေဟိ၊ ရှေးဆရာမြတ်တို့သည်၊ ဒဿိတာနိ၊ ပြအပ်ကုန်သော။ ကျမာနိ ဝတ္ထူနိ၊ ဤလေးကျိပ်တပါးသော ပစ္စေကဗုဒ္ဓါ အရှင်တို့၏အဖြစ် အကြောင်းတို့ကို။ နု ဒဿပုတ္တါ၊ မမြင်ဖူးရပါကုန်။ တသ္မာ၊ ထိုသို့ပြတော်မမူ ဖူးလေသောကြောင့်။ တနည်းကား။ တသ္မာ၊ ထိုသို့ မမြင်ဖူးရပါသောကြောင့်၊ ဒါနိကျဒါနိ၊ ယခုအခါ၌။ မယာ၊ ငါသည်။ တံ ဝတ္ထုံ၊ ထိုအကြောင်းကို။ ဒဿိတံ၊ ပြအပ်၏။ တေန၊ ထိုကောင်းမှုကြောင့်။ အဟံ၊ ငါသည်။ ဘဝေ၊ ဘဝတိုင်း။ ဗာဟိ-ရေစ၊ သာသနာတော် ပ-သောကာလ၌လည်း။ သပ္ပုရိသာနံ၊ အရှင်ပစ္စေကဗုဒ္ဓါစသော သူတော်ကောင်းတို့၏။ သန္တိကာ၊ အထံတော်မှ။ အသုတမေ့မွေ၊ သူတပါးတို့သည် မကြားဖူးသောရုပ်နာမ်တို့၏ဖြစ်ပျက်ရေး လက္ခဏာရေးစသော ဝိပဿနာ တရားတော်မြတ်တို့ကို။ သုဏောမု၊ နာရပါလို၏။ အန္တေစ၊ အဆုံးစွန်၌လည်း။ ခိပ္ပါဘိညော၊ ဒါရုဏီရိယမထေရ်, ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ကဲ့သို့ လျင်သောအသိရှိသော သုခပဋိပဒါ ခိပ္ပါဘိညပုဂ္ဂိုလ်၊ တိဟိတ်ဥက္ကဋ္ဌ တိက္ခ ပညာပုဂ္ဂိုလ်၊ ဗလဝတရ ပညာခုရပုဂ္ဂိုလ်သည်။ ဟောမိ၊ ဖြစ်ရပါလို၏။

သမန္တစက္ခုဒိပနီကျမ်း သတ္တမတွဲပြီး၏။

သမန္တစက္ခုဒီပနီကျမ်း

အဋ္ဌမတွဲ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

တပည့်တော် သိရိမာလာ လျှောက်ပါသည် ဇေတဝန် ဆရာတော်ဘုရား။

၁၂၁-ပုစ္ဆာ။ ။မြတ်စွာဘုရားစက်တော်ရာ ချထားတော်မူခဲ့သည်။ ထိုစက်တော်ရာ ချထားတော်မူခဲ့သော အကြောင်းအရာတို့ကို ပြောဆိုကြသည်မှာ သစ္စဗန္ဓ မုဆိုး တောင်းပန်၍ ချထားတော်မူခဲ့သည်ဟု အများ ပြောဆိုကြပါသည်။ အချို့ကလည်း မုဆိုးမဟုတ် ရသေ့ တောင်းပန်၍ ချထားသည်ဟု ပြောဆိုကြပါသည်။ မုဆိုးဖြစ်မည် ရသေ့ဖြစ်မည်ကို သိလိုပါသည်။

သတ္ထာရာဇ် ၁၀၇၃-ခု၊ ဝါဆိုလဆန်း ၁-ရက်၊ ကြာသပတေးနေ့၊ မုံရွာ သိရိမာလာက လျှောက်လာရာတွင် ဖြေဆိုလိုက်သည်ကား။

၁၂၁-ဝိဿဇ္ဇနာ။ ။စက်တော်ရာ ချကြောင်း အတ္ထုပ္ပတ္တိ၌ သစ္စဗန္ဓမုဆိုး ဖြစ်မည်၊ ရသေ့ ဖြစ်မည်ကိုမေးရာ၌–

ကျမ်းဂန်တွင် မုဆိုးဟူ၍ မဆို။ ရသေ့ဟူ၍သာ ဆိုသည်။ သို့ရာတွင် မုဆိုးဟူ၍ ပြောဆို ကြလေသည်မှာ စက်တော်ရာခန်း ပျို့နှစ်စောင်ရှိသည်။ ပျို့နှစ်စောင်ကပင် မုဆိုးဟူ၍ဆိုသည်။ မုဆိုးသည်လည်း မည်ကာမုဆိုးမဟုတ်၊ တနေ့တနေ့၌တွင် ဖောက်သည် ကိုးကျိပ် ကိုးယောက်ပင် အယူခံ၍ ရောင်းချရအောင် သားသမင်ကို ပစ်တတ်လေသော မုဆိုးဟူ၍ ဆိုသည်။ ဤစကား များသည် ကျမ်းဂန်တွင် မလာရုံမျှသာမဟုတ်၊ သဘောယုတ္တိ မရှိလွန်းအောင် အကဲအလွန် ဆိုသည်။ ဤပျို့စကားကို အမှီပြုသဖြင့် မုဆိုးဟူ၍ ပြောဆိုကြလေသည်။

ကျမ်းဂန်တွင် လာသော စကားအစဉ်ကား၊ သဋ္ဌာယကနသံယုတ် ပါဠိတော် ပုဏ္ဏောဝါဒ သုတ်၏အဖွင့် သဋ္ဌာယတနသံယုတ်အဋ္ဌကထာ ဥပရိပဏ္ဏာသပါဠိတော် ပုဏ္ဏောဝါဒသုတ်၏အဖွင့် ဥပရိပဏ္ဏာသအဋ္ဌကထာ (မ-ဋ။ ၂၃၄) တို့၌–

> တတြာယံ အနုပုဗ္ဗိကထာ။ သုနာပရန္တရဋ္ဌေ ကိရ ဧကသ္မိံ ဝါကဂါမေ ဧတေ ဒွေ ဘာတရော။ တေသု ကဒါစိ ဇေဋ္ဌော ပဗ္ဗသကဋ္ဌသတာနိ ဂဟေတ္ဝာ ဇနပဒံ ဂန္တွာ ဘဏ္ဍံ အာဟရတိ၊ ကဒါစိ ကနိဋ္ဌော။

စသည်ဖြင့်လာသည်။

အဓိပ္ပာယ်ကား။ ။ယခု ဆိုလတ္တံ့သော စကားသည်ကား အစဉ်ဖြစ်သော စကားတည်း။ သုနာပရန္တတိုင်း၌ တစ်ခုသော ဝါဏိဇဂါမရွာသည် ရှိသတတ်။ ဤဝါဏိဇဂါမ ရွာသည်ကား လယ်ကိုင်း ကျောင်းတော်ရာ ရွာတည်းဟု ပညာရှိတို့ခေါ်ဆိုကုန်၏။ ပုဂံ နော်ရထာစော လက်ထက်၌လည်း ဤအရပ်သည်ပင် ဝါဏိဇဂါမရွာ ဖြစ်သည်။ စန္ဒကူးကျောင်းတော်ရာလည်း ဤအရပ်၌ပင်ဖြစ်သည်ဟု အရှင်အရဟံ မိန့်တော်မူသောကြောင့် ဂန္ဓရုံစေတီကို တည်ထားခဲ့သည်ဟု သမိုင်းကျောက်စာတို့၌ဆိုသည်။

ထိုဝါဏိဇဂါမရွာ၌ ညီနောင် နှစ်ယောက်တို့တွင် ရဲခါ အစ်ကိုသည် လှည်းငါးရာကိုယူ၍ တစ်ပါးသောအရပ်သို့သွား၍ ကုန်ရောင်း၏၊ ရဲခါလည်းညီသွား၍ ကုန်ရောင်း၏။ ဤအခါ၌ ညီကို အိမ်တွင်ထားခဲ့၍ အစ်ကိုသည် လှည်းငါးရာကိုယူ၍ အရပ်တစ်ပါးသို့ လှည်းသွားလေသော် အစဉ်သဖြင့် သာဝတ္ထိပြည်သို့ ရောက်၍ ဇေတဝန်ကျောင်းတိုက် အနီး၌ လှည်းဖွဲ့ချ၍နေစဉ် သာဝတ္ထိပြည်သူပြည်သားတို့သည် နံနက်စာ စားပြီးသော် ဥပုသ်သီတင်း ဆောက်တည်အံ့သောငှာ ဖြူသောပုဆိုးကို ဝတ်ရုံလျက် နံ့သာပန်း စသည်တို့ကို လက်စွဲကုန်လျက် တောင်တံခါးမှ ထွက်၍ ဇေတဝန်ကျောင်းတော်သို့ သွားကုန်၏။

ထိုအခါ မဟာပုဏ္ဏာသည် အကြောင်းအခြင်းကို မေးလေ၏။ လူတို့လည်း အမောင်လောက သုံးပါး၌ ဘုရားသခင် ထင်ရှားဖြစ်သည်ကို မသိလေသလော။ သင်သည် တရားတော်ကို နာခြင်းငှာ လိုက်ခဲ့ပါလော့ဟု ဆိုကြကုန်၏။ ထိုသူလည်း ဘုရားဟူသော အသံကို ကြားသည်နှင့် တပြိုင်နက် အရေအသား ရိုးတွင်းခြင်ဆီထိအောင် ပီတိသောမနဿသည် ဖြစ်၍ တည်လေ၏။

မဟာပုဏ္ဏာလည်း မိမိ၏ အလုပ်အကျွေးအပေါင်း ခြံရံလျက် ပရိသတ်နှင့်တကွ ကျောင်းသို့သွား၍ မြတ်စွာဘုရားသည် သာယာစွာသော အသံတော်ဖြင့် တရားဟောတော် မူသည်ရှိသော် ပရိသတ်အစွန်၌ နေလျက် တရားကိုနာစဉ် ရဟန်းပြုလိုသော စိတ်ရှိသည် ဖြစ်လေ၏။

တရားဟောတော်မူပြီးသောအခါ ပရိတ်သတ်တို့သွားလေသည့်နောက် ဘုရားသခင်သို့ကပ်ပြီးလျှင် နက်ဖြန် ဆွမ်းအလို့ငှာဖိတ်၍ မိုးသောက်သောနေ့၌ ဘုရားအမျှးရှိသော သံဃာတော်တို့အား အလှူကြီးကိုပေး၍ လက်ထောက် ကုန်သည်ကြီးကိုခေါ်၍ ဤဥစ္စာကို ညီအား ပေးလော့ဟု အလုံးစုံကို ဆောင်နှင်း၍ ဘုရားသခင်အထံ၌ ရဟန်းပြုပြီးလျှင် ကမ္မဋ္ဌာန်းကို မနသိကာရ ပြုသည်ရှိသော် မထင်နိုင်ပဲရှိ၏။

ထို့နောက် ကြံပြန်သည်ကား၊ ဤအရပ်၌ ငါ့အား သပ္ပါယ် မုဖြစ်နိုင်၊ မြတ်စွာဘုရားထံ၌ ကမ္မဋ္ဌာန်းကိုယူ၍ ငါတို့တိုင်းပြည်သို့ ပြန်သွားတော့အံ့ဟု ကြံ၏၊ ညချမ်းသောအခါ မြတ်စွာဘုရား အထံသို့ ကပ်၍ ကမ္မဋ္ဌာန်းကိုမေး၏၊ မြတ်စွာဘုရားသည်လည်း–

> သန္တိ ခေါ ပုဏ္ဏ စက္ခုဝိညေယ္ယာ ရူပါ ဣဋ္ဌာ ကန္တာ မနာပါ ပိယရူပါ ကာမူပသံဟိတာ ရဇနီယာ၊ တဉ္စေ ဘိက္ခု အဘိနန္ဒတိ အဘိဝဒတိ အဇ္ဈောသာယ တိဋ္ဌတိ။

စသည်ဖြင့် ချစ်သားပုဏ္ဏာ၊ စက္ခုဝိညာဉ်ဖြင့် သိအပ်ကုန်သော၊ အလိုရှိအပ်ကုန်သော၊ နှစ်လို့အပ်ကုန်သော၊ နှလုံးကိုပွားစေအပ်ကုန်သော၊ ချစ်အပ်ကုန်သော၊ ကာမကိုမှီကုန်သော၊ တပ်အပ်ကုန်သော ရူပါရုံတို့သည် ရှိကုန်၏၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မရုံတို့သည် ရှိကုန်၏၊ ဤအာရုံခြောက်ပါးတို့၌ နှစ်လို့ခြင်းကို ပယ်ဘိလော့၊ ပယ်ခြင်းကြောင့် နန္ဒီရာဂသည်

ချုပ်၏၊ နန္ဒီရာဂချုပ်ခြင်းကြောင့် ဒုက္ခချုပ်၏ဟု ဟောတော်မူပြီးလျှင် သင်သည် အဘယ်အရပ်၌ နေလိမ့်သနည်းဟု မေးတော်မူ၍ သုနာပရန္တတိုင်း၌ နေပါအံ့ဟု လျှောက်လျှင်–

ချစ်သား သုနာပရန္တတိုင်းသားတို့သည် ကြမ်းတမ်းရုန့်ရင်းကုန်၏၊ ထိုလူတို့သည် သင့်အား ဆဲရေးကုန်အံ့၊ ရေရွတ်ကုန်အံ့၊ သင်သည် အသို့ပြုမည်နည်းဟု မေးတော်မူ၏။

အကယ်၍ ဆဲရေးခြင်း ရေရွတ်ခြင်းကို ပြုကုန်အံ့၊ လက်ဖြင့် မပုတ်ခတ်ပေသေး၊ ကောင်းပေစွတကားဟု အောက်မေ့ပါအံ့။

အကယ်၍ လက်ဖြင့် ပုတ်ခတ်အံ့၊ ကျောက်ဖြင့် မပစ်ပေသေး၊ ကောင်းပေစွဟု အောက်မေ့ပါအံ့။

အကယ်၍ ကျောက်ဖြင့် ပစ်ခတ်အံ့၊ တုတ်လုံတံဖြင့် မရိုက်ခတ်ပေသေးဟု အောက်မေ့ပါအံ့။

အကယ်၍ တုတ်လုံတံဖြင့် ပုတ်ခတ်အံ့၊ ဓားလက်နက်ဖြင့် မခုတ်ပိုင်းပေသေးဟု အောက်မေ့ပါအံ့။

အကယ်၍ ဓားလက်နက်ဖြင့် ခုတ်ပိုင်းအံ့၊ မြတ်စွာဘုရား တပည့်သားတော်တို့သည် ကိုယ်၌ လည်းကောင်း၊ အသက်၌လည်းကောင်း၊ ငြီးငွေ့ကုန်သည်၊ စက်ဆုပ်ကုန်သည်ဖြစ်၍ ဓားလက်နက်ဖြင့် အသက်ကုန်ခြင်းကို ရှာကုန်သေး၏။ ငါတို့အားကား မရှာပဲပင် အဆုံးသို့ ရောက်ပေသည်ဟု အောက်မေ့ပါအံ့ဟု လျှောက်၏။

မြတ်စွာဘုရားလည်း ချစ်သားပုဏ္ဏ၊ သာဓု သာဓု၊ ချစ်သားပုဏ္ဏ၊ ဤသို့သော ငြိမ်းခြင်းနှင့် ပြည့်စုံသော သင်သည် သုနာပရန္တတိုင်း၌ နေခြင်းငှာ တတ်နိုင်သည်သာ ဖြစ်လတ္တံ့၊ ချစ်သားပုဏ္ဏ၊ သင်သွားခြင်း၏ အကြောင်းကို သိလော့ဟု မိန့်တော်မူ၏။

ထိုအခါ အရှင်ပုဏ္ဏမထေရ်သည် မြတ်စွာဘုရား တရားတော်ကို အလွန်နှစ်လိုဝမ်းမြောက်ပြီး၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် သုနာပရန္တတိုင်းသို့ ကြွလေ၏၊ သုနာပရန္တတိုင်း၌ နေ၍ ရဟန်းကိစ္စသည် ထိုဝါတွင်း၌ပင်လျှင် ပြီးပြည့်စုံလေ၏။

ထိုဝါတွင်း၌ ငါးရာကုန်သော ကုန်သည်တို့သည် သမုဒ္ဒရာသို့ ကူးအံ့ဟု သင်္ဘောလှေ၌ ဘဏ္ဍာဥစ္စာကိုတင်ကုန်၏၊ လှေကန်အံ့သောနေ့၌ စူလပုဏ္ဏသည် နောင်တော်မထေရ်ကို ဆွမ်းလှူ၍ သိက္ခာပုဒ်ကို ဆောက်တည်ရှိခိုးပြီးမှ အရှင်ဘုရား၊ သမုဒ္ဒရာတို့မည်သည်ကား မယုံကြည်အပ်၊ များစွာသော ဘေးအန္တရာယ်ရှိကုန်၏။ အကျွန်ုပ်တို့ကို ဆင်ခြင်တော်မူပါလော့ဟု လျှောက်၏၊ ကောင်းပြီ လှေသို့တက်လေလော့ဟု မိန့်၏။

လှေသည် သည်းထန်စွာသော အဟုန်ဖြင့် သွားလေသည်ရှိသော် တစ်ခုသော ကျွန်းငယ်သို့ ရောက်လေ၏၊ လူတို့သည် တစ်စုံတစ်ခုသော အမှုကိုပြုအံ့ဟု ကျွန်းပေါ်သို့ တက်ကြလေကုန်၏၊ ထိုကျွန်းသည်ကား စန္ဒကူးတောသာရှိ၏။ ထိုမှတပါး တစ်စုံတစ်ခုသောတောမျှ မရှိ၊ ထိုအခါ တစ်ယောက်သောသူသည် ပဲခွပ်ဖြင့် ခွာသည်ရှိသော် စန္ဒကူးပင်၏ အဖြစ်ကိုသိ၍ အိုအခွင်းတို့၊ ငါတို့သည် ဥစ္စာရပါခြင်းအကျိုးငှာ သမုဒ္ဒရာသို့ကူး၍ လာကုန်၏၊ စန္ဒကူးထက် ထူးသော မြတ်သော လာဘ်မည်သည် မရှိပြီ၊ လက်လေးသစ်မျှသည် အဖိုးတစ်သိန်းထိုက်၏၊ ဆောင်ယူအပ်သမျှသော ပစ္စည်းဥစ္စာ ဘဏ္ဍာတို့ကိုသာ ဆောင်ယူ၍ စန္ဒကူးဖြင့်သာ ပြည့်စေကုန်အံ့ဟု ဆိုကုန်၏။

ထိုကုန်သည်အပေါင်းတို့သည်လည်း ထိုသူဆိုတိုင်း ပြုကြကုန်၏။ စန္ဒကူးတောကို စောင့်ရှောက်ကုန်သော နတ်ဘီလူးတို့သည် ငါတို့၏ စန္ဒကူးတောကို ဤလူအပေါင်းတို့သည် ဖျက်ဆီးရာလေသလောဟု အမျက်ထွက်ကုန်၍ သတ်ကုန်အံ့ဟုကြံပြီးလျှင် ဤကျွန်းထက်၌ သတ်ကုန်သည်ရှိသော် အလုံးစုံသော ကျွန်းသည် လူကောင်ဖြင့် ပုပ်သည်ဖြစ်လတ္တံ့။ သမုဒ္ဒရာအလယ်သို့ ရောက်မှ ထိုသူတို့၏ သဘော်ကို နှစ်အံ့ဟု ဆိုကြကုန်၏။ ထိုအခါ ထိုစန္ဒကူးကို လှေသို့တင်၍ တခဏမျှသာ သွားကြလေလျှင် ပင်လယ်လှိုင်းတံပိုးကို ထစေ၍ ဘီလူးတို့၏ ကြောက်ဖွယ်ရှိသော အဆင်းတို့ကို ပြကြကုန်၏။ လူတို့သည်လည်း ကြောက်လန့်ကုန်သည်ဖြစ်၍ မိမိ မိမိတို့၏ နတ်တို့အား ရှိခိုးခြင်းကို ပြုကြကုန်၏။

မထေရ်၏ ညီတော်ဖြစ်သော စူဠပုဏ္ဏသူကြွယ်မူကား ငါ၏အစ်ကိုသာလျှင်ကိုးကွယ်ရာတည်းဟု မထေရ်၏အမည်ကို အောက်မေ့လျက်တည်၏။ မထေရ်သည်လည်း ထိုခဏ၌ပင်လျှင် ဆင်ခြင်တော်မူ၍ ထိုအလုံးစုံသော အတ္ထုပ္ပတ္တိကို သိတော်မူလျှင် ကောင်းကင်သို့ ပျံတက်၍ ရှေးရှုအရပ်၌ ရပ်တော်မူ၏။

နတ်ဘီလူးတို့သည် မထေရ်ကိုမြင်၍ အရှင်ပုဏ္ဏထေရ်ပါတကားဟု သိ၍ လာကြကုန်ဟုခေါ်၍ ဖဲသွားကြလေကုန်၏။ မထေရ်သည် လှေဦးဦးနေတော်မူ၍ လူအပေါင်းတို့ကို မကြောက်ကြကုန်လင့်ဟုသက်သာရာကိုရစေပြီးမှ အဘယ်အရပ်သို့ သွားလေကုန်သနည်းဟု မေးတော်မူ၏။ အကျွန်ုပ်တို့ နေရာဌာနသို့ပင် ပြန်လိုပါသည်ဟု လျှောက်ကြကုန်၏။ ထိုအခါ မထေရ်လည်း လှေဦးဦး ရပ်တော်မူလျက် ထိုသူတို့၏ အလိုရှိရာအရပ်သို့ ရောက်စေသတည်းဟု ဓိဋ္ဌာန်တော်မူ၏။ ကုန်သည်တို့သည် မိမိတို့၏ အလိုရှိရာ အရပ်သို့ရောက်၍ ထိုအကြောင်းကို သားမယားတို့အား ကြား၍ မထေရ်၏ အထံသို့ ကပ်ကြကုန်အံ့ဟုငါးရာကုန်သော ကုန်သည်တို့သည် ငါးရာကုန်သော မာတုဂါမတို့နှင့်တကွ သုံးပါးသော သရဏဂုံကို ဆောက်တည်ကြကုန်၍ ဥပါသကာအဖြစ်ကို ကြားလျှောက်ကြကုန်၏။

လှေမှ ဥစ္စာတို့ကိုချ၍ မထေရ်အား တစ်ခုသော အစုကိုပြု၍ "အရှင်ဘုရား၊ ဤအစုကား အရှင်ဘုရား၏ အစုတည်း"ဟု ဆိုကြကုန်၏။ မထေရ်လည်း ငါ့အား အသီးစုဖွယ်ကိစ္စ မရှိ၊ စင်စစ်သော်ကား သင်တို့သည် ဘုရားသခင်ကို မြင်ဖူးကုန်၏လောဟု မေး၏။ အကျွန်ုပ်တို့သည် ဘုရားသခင်ကို မမြင်ဖူးပါကုန်သေးဟု လျှောက်ကြကုန်၏။ ထိုသို့တပြီးကား ဤအစုဖြင့် တန်ဆောင်းဝန်းကျောင်းကို ပြုကြကုန်လော့။ မြတ်စွာဘုရားကို မြင်ရကုန်လတ္တံ့ ဟု မိန့်၏။

ကုန်သည် အပေါင်းတို့လည်း ကောင်းပါပြီဟု ဝန်ခံ၍ အရှင်ပုဏ္ဏကို ပေးဝေလိုသောအစု၊ မိမိတို့၏ အစုဖြင့် တန်ဆောင်းဝန်းကျောင်းတော်ကို ပြုကြကုန်၏။ မြတ်စွာဘုရားသည်လည်း ကျောင်းဆောက်မည်ဟု အားထုတ်သည့် ကာလမှစ၍ ပြီးသည့်တိုင်အောင် မပြတ်သုံးဆောင်ခြင်းကို ပြုတော်မူ၏။ ကျောင်းတော်ကို ဆောက်လုပ်ကုန်သော သူတို့လည်း ညအခါ၌ အရောင်အဝါကို မြင်လျှင် တန်ခိုးကြီးသော နတ်တို့သည် လာကြကုန်၏ ဟူသော အမှတ်ပြုကုန်၏။

ဘုရားသခင် နေတော်မူရာ ကျောင်းတော်တန်ဆောင်းဝန်းကို လည်းကောင်း၊ ရဟန်းအပေါင်းတို့၏ နေရာကျောင်းရံကို လည်းကောင်း ပြီးစေ၍ အလှူမဏ္ဍပ်ကို စီရင်ပြီးလျှင် အရှင်ဘုရား၊ အကျွန်ုပ်တို့ကိစ္စကို ပြုပါကုန်ပြီ၊ ဘုရားသခင်ကိုသာ ပင့်တော်မူပါလော့ဟု လျှောက်ကြကုန်၏။

မထေရ်သည်လည်း ညချမ်းသောအခါ တန်ခိုးဖြင့် သာဝတ္ထိပြည်သို့ သွားလေ၍ အရှင်ဘုရား၊ ဝါဏိဇဂါမရွာ၌ နေကုန်သော သူတို့သည် အရှင်ဘုရားကို ဖူးမြင်လိုပါကုန်သည်၊ ထိုသူတို့အား အစဉ်သနားသည်ကို ပြုတော်မူပါလော့ဟု မြတ်စွာဘုရားကို လျှောက်၏။ မြတ်စွာဘုရားသည်လည်း ဝန်ခံတော်မူ၏။ ပုဏ္ဏထေရ်လည်း မိမိနေရာသို့ ပြန်ခဲ့၏။

မြတ်စွာဘုရားသည်လည်း အာနန္ဒာကို ခေါ်တော်မူ၍ အာနန္ဒာ၊ နက်ဖြန် သုနာပရန္တတိုင်း ဝါဏိဇဂါမသို့ ဆွမ်းအလို့ငှာ ကြွတော်မူမည်၊ သင့်သည် ငါးရာတွင် တစ်ယောက် လျော့သော ရဟန်းတို့ကို မှတ်ချက်စာရင်း ကမ္မည်းတံကို ပေးအပ်ချေလော့ဟု မိန့်တော်မူ၏။

အာနန္ဒာလည်း ဝန်ခံ၍ ရဟန်းအပေါင်းတို့အား ထိုအကြောင်း ကို ကြား၍ ရဟန္တာတို့သာ မှတ်ချက်စာရင်း ကမ္မည်းတံကို ယူကြကုန်ဟု ဆို၏။ ထိုနေ့၌ ကုဏ္ဍဒါနထေရ်သည် ရှေးဦးစွာ စာရင်းကမ္မည်းတံကို ယူ၏။ ဝါဏိဇဂါမ ရွာသားတို့သည်လည်း နက်ဖြန် မြတ်စွာဘုရားကြွတော်မူလာ လတ္တံ့ဟု ရွာလယ်၌ မဏ္ဍပ်ဆောက်၍ အလှူဝတ်ကို စီရင်ကုန်၏။

မြတ်စွာဘုရားလည်း နက်ဖြန်နေ့၌ စောစောက ပင်လျှင် ကိုယ်တော်ကို သုတ်သင်တော်မူပြီးမှ ဂန္ဓကုဋီသို့ ဝင်တော်မူ၍ ဖလသမာပတ်ကို ဝင်စားတော်မူလျက် နေတော်မူ၏။ သိကြားမင်း၏ ပဏ္ဍုကမွလာ ကျောက်နေရာသည် ပူလေသဖြင့် အဘယ်အကြောင်းနည်းဟု ဆင်ခြင်ကြည့်ရှုလတ်သော် မြတ်စွာဘုရားသည် သုနာပရန္တတိုင်း ဝါဏိဇဂါမရွာသို့ ကြွတော်မူအံ့သော အကြောင်းကိုမြင်၍ ဝိသုကံနတ်သားကို ခေါ်ပြီးလျှင် –

အချင်းနတ်သား၊ ယနေ့သည်ကား မြတ်စွာဘုရားသည် ယူဇနာသုံးရာ ရှိသော အရပ်သို့ ဆွမ်းခံ ကြွတော်မူလတ္တံ့၊ ငါးရာသော ပြာသာဒ်ကိုဖန်ဆင်း၍ ဇေတဝန်ကျောင်းတော်မှခဲတံခါး၌ သွားအံ့သောအစီအရင်ကိုပြု၍ ထားချေလော့ဟုဆို၏။

ဝိသုကံနတ်သားလည်း သိကြားမင်း ဆိုတိုင်းပြု၏၊ မြတ်စွာဘုရား၏ ပြာသာဒ်ကား စမုတ်လေးမျက်နှာရှိ၏။ အဂ္ဂသာဝကနှစ်ပါး တို့၏ ပြာသာဒ်ကား စမုတ်နှစ်မျက်နှာရှိ၏၊ ကြွင်းကုန်သော ရဟန္တာတို့၏ ပြာသာဒ်ကား စမုတ်တမျက်နှာစီရှိကုန်၏။ မြတ်စွာဘုရားသည် ဂန္ဓကုဋီမှ ထွက်တော်မူ၍ အစဉ်အတိုင်း ထားအပ်သော တန်ဆောင်းပြာသာဒ်တို့တွင် မြတ်သော တန်ဆောင်းပြာသာဒ်သို့ ဝင်တော်မူ၏။ နှစ်ပါးသော အဂ္ဂသာဝကကိုအစပြု၍ တပါးယုတ် ငါးရာသော ရဟန်းတို့သည် အစဉ်အတိုင်း တန်ဆောင်းပြာသာဒ်သို့ ဝင်တော်မူကြကုန်၏။

တန်ဆောင်းပြာသာဒ်တခုကား ရဟန္တာမရှိ လပ်၏။ ထိုငါးရာသော ပြာသာဒ်တို့သည် ကောင်းကင်သို့ ပျံတက်ကုန်၏။ မြတ်စွာဘုရားသည် ရဟန္တာအပေါင်း ခြံရံလျက် ကြွတော်မူသည်ရှိသော် သစ္စဗန္ဓတောင်သို့ရောက်လေ၏။ ထိုအခါ ထိုသစ္စဗန္ဓတောင်တွင် သစ္စဗန္ဓအမည်ရှိသော မိစ္ဆာဒိဋ္ဌိ အမြင်ရှိသော ရသေ့သည်လူများကို မိစ္ဆာဒိဋ္ဌိ အယူကို သင်ကြားလျက် လာဘ်အခြံအရံအကျော်အစောသို့ ရောက်သည်ဖြစ်၍နေ၏။ ။ ဤအရာတွင် သံယုတ်အဋ္ဌကထာ ဥပရိပဏ္ဏာသအဋ္ဌကထာ တို့၌ –

တသ္မိံ ပဗ္ဗတေ သစ္စဗန္ဓော နာမ မိစ္ဆာဒိဋ္ဌိကတာပသော မဟာဇနံ မိစ္ဆာဒိဋ္ဌိ ဥဂ္ဂဏှာပေန္တော လာဘဂ္ဂယသဂ္ဂံ ပတ္တော ဟုတ္ဝာ ဝသတိ - ဟုဆိုသည်။

ထိုသို့ဆိုသော ကြောင့် သစ္စာဗန္ဓထေရ်သည် ရဟန္တာ မဖြစ်မီ မှားသော အယူရှိသည်ဖြစ်၍ လူများကို မှားသော အမြင်ရှိသော အယူကိုယူစေလျက်နေသော ရသေ့ဟူ၍သာ မှတ်သင့်သည်။

တနေ့တနေ့၌ ဖောက်သည် ကိုးကျိပ် ကိုးယောက်တို့ကို ရောင်းချရအောင် သမင် သား ငါး တို့ကို ပစ်သတ်လျက်နေသော မုဆိုးဟူ၍ ပို့.ကဗျာ ဖွဲ့ကုံးလျက် ပြောဆိုပြသကြသော စကား ကို မမှတ်သင့်။

ထိုသစ္စာဗန္ဓရသေ့၏ အတွင်း၌ဖြစ်သော ဟဒယဝတ္ထုသည်ကား အိုး၏ အတွင်း၌ ညှိထွန်းအပ် သော ဆီမီးတောက်ကဲ့သို့ အရဟတ္တဖိုလ်၏အကြောင်းသည် ထွန်းတောက်၏။

မြတ်စွာဘုရားသည် ထိုအကြောင်းကို မြင်တော်မူ၍ ထိုသူအား တရားဟောတော်မူအံ့ဟု ပြာသာဒ်ကို ကောင်းကင်၌ထား၍ သစ္စာဗန္ဓရသေ့ ထံသို့ကြွတော်မူ၍ တရားဟောတော်မူ၏။

သစ္စာဗန္ဓရသေ့သည် ဒေသနာတော်၏အဆုံး၌ ရဟန္တာအဖြစ်သို့ ရောက်လေ၏၊ မင်္ဂ၏အစွမ်းဖြင့် လျှင် အဘိညာဉ်တို့သည် ရောက်ကုန်၏ "ဧဟိ ဘိက္ခု" ခေါ်တော်မူလျှင် တန်ဆိုးဖြင့်ပြီးသော သပိတ်သင်္ကန်းကိုဆောင်၍ တဆောင်သော ပြာသာဒ်သို့ဝင်၏၊ ပြာသာဒ်၌ တည်ကုန်သော ငါးရာသော ရဟန္တာတို့နှင့်တကွ သုနာပရန္တတိုင်း ဝါဏိဇဂါမသို့ ကြွတော်မူ၍ ပြာသာဒ်တို့ကို ထင်ရှားမပြမူ၍ ဝါဏိဇဂါမသို့ ဝင်တော်မူ၏။

ကုန်သည်တို့သည်လည်း ဘုရားအမျူးရှိသော သံဃာတော်တို့အား အလှူကြီးကိုပေး၍ သိက္ခာပုဒ်ကိုယူကြကုန်၏၊ မြတ်စွာဘုရားသည်လည်း တန်ဆောင်းဝန်းသို့ ဝင်တော်မူ၏၊ လူများတို့ သည် နံနက်စာစားပြီးသောအခါ၌ ရှစ်ပါးသော ဥပုသ်ကို ဆောက်တည်အံ့သောငှာ ပန်းနံ့သာ တို့ကိုယူကုန်လျက် ကျောင်းသို့တဖန် လာကြကုန်၏၊ မြတ်စွာဘုရားသည်လည်း တရားဟောတော် မူ၍ လူအပေါင်းတို့အား အနှောင်အဖွဲ့မှ လွတ်စေတော်မူ၏၊ ကြီးစွာသော ဘုရားဟူသော အုတ်အုတ်ကျက်ကျက်သော ကျော်စောခြင်း အသံသည်ဖြစ်၏၊ မြတ်စွာဘုရားသည်လည်း လူ အပေါင်းတို့အား သင်္ကြိုဟ်ခြင်းကို ပြုအံ့သောငှာ ခုနှစ်ရက်ပတ်လုံး ထိုတန်ဆောင်းဝန်းကျောင်း တော်၌နေတော်မူ၏၊ အရဏ်ကိုမူကားမြတ်သောဂန္ဓကုဋီ၌သာလျှင် ခံတော်မူ၏၊ ခုနစ်ရက် ပတ်လုံး တရား ဟောတော်မူသည်၏ အဆုံး၌ ရှစ်သောင်းလေးထောင်သော ဝေနေယျတို့အား တရား ရခြင်းသည်ဖြစ်၏။

မြတ်စွာဘုရားသည် ခုနစ်ရက်ပတ်လုံး ထိုအရပ်၌နေတော်မူ၍ ဝါဏိဇဂါမ၌ ဆွမ်းခံကြွတော် မူ၍ ချစ်သားပုဏ္ဏ၊ သင်သည် ဤအရပ်၌နေရစ်လော့ဟု မိန့်တော်မူ၍ ပုဏ္ဏထေရ်ကို ပြန်နစ် စေပြီး လျှင် ကြွတော်မူလေသော် နမ္မဒါမည်သောမြစ်သည်ရှိ၏၊ ထိုနမ္မဒါမည်သောမြစ်နားသို့ ရောက်တော်မူလေ၏။ထိုနမ္မဒါမည်သောမြစ်၌နေသော နဂါးမင်းသည် မြတ်စွာဘုရား၌ အလွန် ကြည်ညိုခြင်း စေတနာဖြင့် ခရီးဦးကြို ဆိုခြင်းကို ပြုပြီးလျှင် နဂါးပြည်သို့ပင့်၍ သုံးပါးသော ရတနာတို့အား ကြီးစွာသော ပူဇော်သက္ကာရကိုပြု၍ တရားတော်မြတ်ကိုနာ၏။

မြတ်စွာဘုရားလည်းနဂါးတို့အားတရားဟောတော်မူပြီးလျှင် နဂါးရွာမှ ထွက်တော်မူခဲ့၏။ ထိုအခါနဂါးမင်းလည်း အရှင်ဘုရား၊ အကျွန်ုပ်တို့အား ကိုးကွယ်ရာဖြစ်သော စေတီကို ပေးတော် မူခဲ့ပါဟု တောင်းပန်၏။ မြတ်စွာဘုရားလည်း နမ္မဒါမြစ်နား၌ ခြေတော်ရာ ပါဒစေတီကို ပြတော်

မူ၏။ ထိုခြေတော်ရာသည် မြစ်ရေလှိုင်းတံပိုး လာကုန်သည်ရှိသော် ပိတ်လေ၏။ ရေကျ၍ သွားသည်ရှိသော် ပွင့်လျက်တည်၏။ ကြီးစွာသော ပူဇော်သက္ကာရသို့ ရောက်၏။

မြတ်စွာဘုရားသည် ထိုအရပ်မှ ထွက်တော်မူခဲ့၍ သစ္စဗန္ဓတောင်ထိပ်သို့ ရောက်တော်မူလျှင် သစ္စဗန္ဓထေရ်ကို သင်သည် လူများကို အပါယ်ခရီး၌ ကျစေ၏။ သင်သည် ဤအရပ်၌ နေရစ်၍ ထုလူများတို့အား အယူကို စွန့်စေပြီးလျှင် နိဗ္ဗာန်ခရီး၌ တည်စေလော့ဟု မိန့်တော်မူ၏။ သစ္စဗန္ဓထေရ်လည်း အရိုအသေ ကိုးကွယ်ရာကို တောင်းပန်၏။ မြတ်စွာဘုရားလည်း တခဲနက်သော အပြင်ရှိသော ကျောက်ဖျာထက်၌ စိုသောမြေစိုင်ခဲပေါ်တွင် တံဆိပ်ခတ်ဘိသကဲ့သို့ စက်တော်ရာ ပါဒစေတီကို ပြတော်မူ၏။

ထို့နောင်မှ ဇေတဝန်ကျောင်းတော်သို့ ကြွတော်မူ၏။ ထိုအကြောင်းကို ရည်၍ "တေနေဝ အန္တရဝဿေန" အစရှိသောစကားကို ပါဠိတော်၌ ဆိုလေသတည်း။ အရှင်ပုဏ္ဏထေရ်သည် ထိုနှစ်တွင်း၌ပင်လျှင် ဝိပါက်ကမ္မဇရုပ် အကြွင်းမရှိသော ပရိနိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန် စံယူတော်မူ၏။ လူများလည်း မထေရ်အား ခုနစ်ရက်ပတ်လုံး အလောင်းတော်ကို ပူဇော်ခြင်းကို ပြု၍ များစွာသော နံ့သာထင်းတို့ကို ရုံးစုစေ၍ အလောင်းတော်ကို ဖုတ်ကြည်း၍ ဓာတ်တော်တို့ကို ယူဆောင်စေပြီးလျှင် စေတီတည်လေ၏။

ဤသို့စသည်ဖြင့် ကျယ်ဝန်းစွာသော အဋ္ဌကထာ၌ မုဆိုးဟူ၍မလာ။ ရသေ့ဟူ၍သာ လာသည်ဖြစ်သောကြောင့် ကျမ်းလာတိုင်းကိုသာ မှတ်သင့်သည်။

၁၂၂-ပုစ္ဆာ။ ။ဒါယိကာမိန်းမတို့သည် ဆယ်ပါးသော သီလတို့ကို မဆောက်တည်အပ်။ သာမဏေတို့ ဆောက်တည်အပ်သော သီလဖြစ်သည်ဟု ဆိုကြပြန်ပါသည်။ ဒါယိကာမိန်းမတို့သည် ဆယ်ပါးသော သီလကို ဆောက်တည်အပ် မဆောက်တည်အပ်ကိုလည်း သိလိုပါသည်။

၁၂၂-ဝိဿဇ္ဇနာ။ ။ဒါယိကာမိန်းမတို့သည် ဆယ်ပါးသော သီလကို ဆောက်တည်အပ် မဆောက်တည်အပ်ကို မေးရာ၌-

ဝိသုဒ္ဓိမဂ်ကျမ်း၊ ပဌမကဏ္ဍ၊ သီလနိဒ္ဒေသအပိုင်း၊ စတုက္ကရာသီတွင်၊ ဒုတိယစတုက္က၌-

ဘိက္ခူ အာရဗ္ဘ ပညတ္တသိက္ခာပဒါနိ၊ ယာနိ စ နေသံ ဘိက္ခုနိုနံ ပညတ္တိတော ရက္ခိတဗ္ဗာနိ။ ဣဒံ ဘိက္ခုသီလံ။

ဟု ရဟန်းယောကျ်ားတို့အား ပညတ်အပ်သော သိက္ခာပုဒ်တို့သည် ဘိက္ခုသီလမည်၏။

ဘိက္ခုနိယော အာရဗ္ဘ ပညတ္တသိက္ခာပဒါနိ၊ ယာနိစ တာသံ ဘိက္ခုနံ ပညတ္တိ-တော ရက္ခိတဗ္ဗာနိ၊ ဣဒံ ဘိက္ခုနိသီလံ။

ဟု ရဟန်းမိန်းမတို့အား ပညတ်အပ်သော သိက္ခာပုဒ်တို့သည် ဘိက္ခုနီသီလမည်၏။

သာမဏေရ သာမဏေရီနံ ဒသသီလာနိ အနုပသမ္ပန္နသီလံ။

ထို သာမဏေယောကျ်ား၊ သာမဏေမိန်းမတို့၏ ဆယ်ပါးသောသီလသည် အနုပသမ္ပန္နသီလမည်၏။

ဥပါသက ဥပါသိကာနံ် နိစ္စသီလဝသေန ပဉ္စသိက္ခာပဒါနိ၊ သတိ ဝါ ဥဿာဟေ ဒသ၊ ဥပေါသထင်ဝသေန အဋ္ဌာတိ ဣဟဋ္ဌသီလန္တိ။

ဥပါသက ဥပါသိကာနံ်၊ ဒါယကာယောကျ်ား ဒါယိကာမိန်းမတို့အား။ နိစ္စသီလဝသေန၊ နိစ္စသီလ၏ အစွမ်းအားဖြင့်။ ပဉ္စသိက္ခာပဒါနိ၊ ငါးပါးသော သိက္ခာပုဒ်တို့သည်လည်းကောင်း။ ဥဿာဟေ၊ စွမ်းနိုင်သည်။ သတိ၊ ရှိသော်။ ဒသ၊ ဆယ်ပါးသော သိက္ခာပုဒ်တို့သည်လည်းကောင်း။ ဥပေါသထင်ဝသေန၊ ဥပေါသထအင်္ဂါ၏ အစွမ်းအားဖြင့်။ အဋ္ဌ၊ ရှစ်ပါးသော သိက္ခာပုဒ်တို့သည်လည်းကောင်း။ သန္တိ၊ ရှိကုန်၏။ ဣတိ၊ ဤသို့။ ဣဟဋ္ဌ၊ ဤငါးပါးသော သိက္ခာပုဒ်၊ ဆယ်ပါးသောသိက္ခာပုဒ်၊ ဥပေါသထအင်္ဂါ၏ အစွမ်းဖြင့် ရှစ်ပါးသော သိက္ခာပုဒ်သည်။ ဣဟဋ္ဌသီလံ၊ လူတို့သိက္ခာပုဒ်မည်၏။

ဤသို့ဆိုသောကြောင့် ဆယ်ပါးသော သိက္ခာပုဒ်ကို ဒါယိကာမိန်းမတို့သည် ဆောက်တည်အပ်၏ဟု ဆိုအပ်၏။ သဋ္ဌာယတန သံယုတ်ပါဠိတော် မာတုဂါမ သံယုတ်(သံ၊၂။၄၄၁)၌လည်း။

> ပဉ္စဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော မာတုဂါမော ကာယဿ ဘေဒါ ပရံ် မရဏာ သုဂတိံ သဂ္ဂံ လောကံ် ဥပပဇ္ဇတိ။ ကတမေဟိ ပဉ္စဟိ၊ သဒ္ဓါ စ ဟောတိ၊ ဟိရိမာ စဟောတိ၊ ဩတ္တပ္ပီ စ ဟောတိ၊ သီလသမ္ပန္နော စ ဟောတိ။ ပညဝါစ ဟောတိ၊ ဣမေဟိ ခေါ ဘိက္ခဝေ ပဉ္စဟိ ဓမ္မေဟိ သမန္နာဂတော မာတုဂါမော ကာယဿ ဘေဒါ ပရံ် မရဏာ သုဂတိံ သဂ္ဂံ လောကံ် ဥပပဇ္ဇတိ။

ဟူသောပါဠိဖြင့် မာတုဂါမတို့သည် သဒ္ဓါတရားရှိ၏၊ ဟိရိတရားရှိ၏၊ ဩတ္တပ္ပတရားရှိ၏။ သီလရှိ၏၊ ပညာရှိ၏။ ဤတရား ငါးပါးတို့နှင့် ပြည့်စုံသော မာတုဂါမသည် သုဂတိဘဝသို့ လားရ၏ဟု ဟောတော်မူပြီး၍ မာတုဂါမတို့၏ အားကို ဟောရာ၌ -

> ပဉ္စိမာနိ၊ ဘိက္ခဝေ မာတုဂါမဿ ဗလာနိ၊ ကတမာနိ ပဉ္စ၊ ရူပဗလံ။ ဘောဂဗလံ၊ ဉာတိဗလံ၊ ပုတ္တဗလံ၊ သီလဗလံ၊ ဣမာနိ ခေါ ဘိက္ခဝေ ပဉ္စမာတုဂါမဿ ဗလာနိ။

ဟူသောပါဠိဖြင့် မာတုဂါမတို့၏ အားတို့သည် အဆင်း၊ စည်းစိမ်၊ ဆွေမျိုး၊ သားသမီး သီလ၊ ဤသို့ငါးပါးရှိကြောင်းကို ဟောတော်မူရာ၌ အဋ္ဌကထာတွင် -

> သီလသမ္ပတ္တိ သီလဗလံ၊ ပဉ္စသီလ ဒသသီလာနိ အက္ခဏ္ဍာနိ ကတ္ဝာ ရက္ခန္တဿ ဟိ သီလသမ္ပတ္တိယေဝ ဗလံနာမ ဟောတိ - ဟုဖွင့်သည်။

အဓိပ္ပာယ်ကား။ ။ သီလနှင့်ပြည့်စုံသည်ကား သီလအားမည်၏။ ငါးပါးသောသီလ၊ ဆယ်ပါးသောသီလတို့ကို မကျိုးမပေါက်ရအောင် စောင့်သောသူ၏ သီလသမ္ပတ္တိသည်သာလျှင် သီလအားမည်၏ဟုဆိုလိုသည်။ ဤအဋ္ဌကထာပါဠိသည် မာတုဂါမတို့ကိုပင် တိုက်ရိုက်ဟောတော်မူသော ပါဠိတော်ကို ဖွင့်သောပါဠိပင်ဖြစ်သည်။ ထို့ကြောင့် ဒါယိကာမိန်းမတို့သည်။ ဆယ်ပါးသော သီလကို စောင့်ရှောက်အပ်တော့သည်သာဟု မှတ်အပ်သည်။ ဒါယိကာ မိန်းမတို့

သည် ဆယ်ပါးသော သီလကို ဆောက်တည်ဖူးကြောင်းကိုလည်း ပါရာဇိကဏ် အဋ္ဌကထာ နိဒါန်း(၆၇) ၌ –

> အနုဠာပိ ခေါ ဒေဝီ ပဉ္စဟိ စ ကညာသတေဟိ ပဉ္စဟိ စ အန္တေ ပုရိကာသတေဟိ သဒ္ဓိံ ဒသ သီလာနိ သမာဒိယိတ္ထာ ကာသာယာနိ ဝတ္ထာနိ အစ္ဆာဒေတ္ထာ နာဂရဿ ကေဒေသေ ဥပဿယံ ကာရာပေတ္ထာ နိဝါသံ ကပ္ပေသိ။ ။

ဟုလာသည်။

ဒေဝါနံပိယတိဿမင်း၏ ညီတော်မိဖုရား အနုဠာဒေဝီသည် ငါးရာသော သတို့သမီးတို့နှင့် လည်းကောင်း၊ ငါးရာသော အတွင်းသူ မိန်းမတို့နှင့် လည်းကောင်း တကွနက် ဆယ်ပါးသော သီလတို့ကို ဆောက်တည်၍ ဖန်ရည်ဆိုးသော အဝတ်ကို ဝတ်ပြီးလျှင် မြို့၏တစ်ခုသောအရပ်၌ အိမ်ကိုပြု၍နေ၏ဟူလိုသည်။

ဤသို့စသည်ဖြင့် ဒါယိကာမိန်းမတို့သည် ဆယ်ပါးသော သီလကို ဆောက်တည်ဖူးကြောင်းကို လာသည်၊ ဤသို့ဝိသုဒ္ဓိမဂ်၊ သဉ္စာယတနသံယုတ်ပါဠိတော်၊ အဋ္ဌကထာ၊ ပါရာဇိကဏ်အဋ္ဌကထာတို့၌ လာသောကြောင့် ဒါယိကာမိန်းမတို့သည် ဆယ်ပါးသော သီလကို တတ်စွမ်းနိုင်သမျှ ဆောက်တည်အပ်၏ဟု မှတ်အပ်၏။

ဆက္ကနိပါတ် မဟာတုဏ္ဍိလ ဇာတ်တွင်လည်း ဘုရားလောင်း မဟာတုဏ္ဍိလဝတ်မင်းက ညီတော်ကို တရားဟောရာ၌ "ဩဂါဟရဟဒံ" ဟု ဟောပြီး၍ "ဓမ္မောရဟဒေါ" ဟုဟောပြန်သည်။ "ဓမ္မော" အရကို "တတ္ထ ဓမ္မောတိ ပဉ္စသီလံ အဋ္ဌ ဒသသီလာနိ" ဟု ဖွင့်သည်၊ တိရစ္ဆာန်ပင် ပဉ္စသီလ၊ အဋ္ဌသီလ၊ ဒသသီလတို့ကို ကျင့်အပ်ကြောင်းကို ဟောတော်မူသည်ကို ထောက်သော် လူမိန်းမတို့သည် စွမ်းနိုင်သည်ရှိသော် စင်စစ်ကျင့်အပ်လှတော့သည်၊ ဒါယိကာမိန်းမတို့သည် ဆောက်တည်အပ်လေတပြီးကား ဒါယကာ ယောကျ်ားတို့၌ ဆိုဖွယ်မရှိ၊ ဆောက်တည်အပ်လှတော့သည်သာဟု မှတ်အပ်၏။

> မဟာဟံသဇာတ်(ဇာ -၎၊ ၅။၄၀၃။)၌– ဒသသု ရာဇဓမ္မေသု။ ဒါနာဒီသု ဒသ-ဝတ္ထုကာ စေတနာ ဒါနံ၊ ပဉ္စသီလဒသသီလာနိ သီလံ၊ ဒေယျဓမ္မစာဂေါ ပရိစ္စာဂေါ။ ဥဇုဘာဝေါ အဇ္ဇဝံ။ မုဒုဘာဝေါ မဒ္ဒဝံ၊ ဥပေါသထ ကမ္မံ တပေါ၊ မေတ္တာ ပုဗ္ဗဘာဂေါ အက္ကောဓော၊ ကရုဏာပုဗ္ဗဘာဂေါ အဝိဟိံသာ၊ အဓိဝါသနာ ခန္တိ၊ အဝိရောဓော အဝိရောဓနံ။

ဟု ရာဇဓမ္မကို ဟောရာ၌ မင်းကြီးသည် ငါးပါးသောသီလ၊ ဆယ်ပါးသော သီလတို့ကို ဆောက်တည်ခြင်းသည် သီလမည်သော ရာဇဓမ္မကို ကျင့်သည်မည်၏ဟု လာသည်ကိုထောက်၍ လူတို့သည် ဆယ်ပါးသော သီလကို ဆောက်တည်အပ်၏ဟု မှတ်အပ်၏။

အခြို့သော သူတို့ကား ဆယ်ပါးသော သီလသည် သာမဏေတို့ သီလဖြစ်သည်၊ လူတို့ သီလမဟုတ်၊ ဒါယကာယောကျ်ားတို့ပင်သော်လည်း မဆောက်တည်ကောင်း၊ မစောင့်ရှောက်ကောင်းဟု ဆိုကြကုန်၏။ ထိုသို့ပြောဆိုကြသောသူတို့သည်ကား ကျမ်းဂန်၌ အကြားအမြင် အသိပညာနည်းသော သူတို့ဖြစ်၍ သာ ပြောဆိုကြလေကုန်သည် မှတ်ရမည်။

၁၂၃-ပဏ္ဍာ။ ။ပဥ္စနာန္တရိယ့ကံ ထိုက်သော သူတို့သည် တကမ္ဘာပတ်လုံး အဝီစိဝရဲ၌ ခံရသည်ဟု ပြောဆိုကြပါသည်။

အချို့ကလည်း အပြစ်ကြီးသောကြောင့်သာ ကြာမြင့်ရှည်လျားစွာ ခံရသည်။ ကမ္ဘာပြည့်အောင် မခံရ၊ အရှင်မောဂ္ဂလ္လာန် အလောင်းသည် အာနန္တရိယကံထိုက်ဖူးသူပင်ဖြစ်သည်၊ ကမ္ဘာမစေ့မီ ငရဲမှလွတ်၍ ယခု ရဟန္တာဖြစ်၍ ကျွတ်တော့သည်ဟု ဆိုကြပါသည်။

တကမ္ဘာပတ်လုံး ခံရမည် မခံရမည်၊ အရှင်မောဂ္ဂလ္လာန်သည် ဤကမ္ဘာတွင် အာနန္တရိယကံ ထိုက်မည် မထိုက်မည်ကိုလည်း သိလိုပါသည်။

၁၂၃-ဝိသဇ္ဇနာ။ ။ပဥ္စနန္တရိယကံထိုက်သော သူတို့သည် တကမ္ဘာ ပတ်လုံး အဝီစိဝရဲ၌ ခံရသည်ဟု ပြောဆိုကြပါသည်။

အချို့ကလည်း အပြစ်ကြီးသောကြောင့်သာ ကြာမြင့်ရှည်လျားစွာ ခံရသည်၊ တကမ္ဘာပြည့်အောင် မခံရဟု ပြောဆိုကြပါသည် ဟူရာ၌ -

အာနန္တရိယကံ၏အကြောင်းကို ကျမ်းဂန်တို့၌ဆိုသည်ကား သန့်ရှင်း၏။ စကားကျယ်ဝန်းလှသောကြောင့်သာ မှတ်သားနာခံသောသူတို့က မရှင်းမလင်း ထင်လေသည်၊ အကျဉ်းအားဖြင့် အာနန္တရိယကံငါးပါးတို့တွင် သံဃဘေဒကတံ် တခုကိုသာ ငရဲ၌ တကမ္ဘာပတ်လုံး ကြာမြင့်စွာ ခံရသည်ဟု ဆိုသည်၊ ကြွင်းကံလေးခုမှာ အဝီစိ၌ အမြဲမခံ ခံရသည် တကမ္ဘာပတ်လုံး ကြာမြင့်စွာ ခံရသည်ဟု မဆို၊ နိယတမိစ္ဆာဒိဋ္ဌိကံမှာ မူကား- ကမ္ဘာလောင်သော်လည်း မလောင်သောစကြဝဠာသို့သွား၍ ခံရသည်ဟု ဆိုသည်၊ ဤသို့အကျဉ်းအားဖြင့် မှတ်ရာ၏။

အကျယ်အားဖြင့်ကား။ ။ကမ္မတော ဒွါရတော စေဝ၊ ကပ္ပဋ္ဌိတိယတော တထာ။
ပါက သာဓာရဏာဒီဟိ၊ ဝိညာတဗ္ဗော ဝိနိစ္ဆယော။

ဟူသော ဤဂါထာကို အဂုတ္တရ ဧကနိပါတ် အဋ္ဌကထာ၊ သမ္မောဟဝိတောဒနီ အဋ္ဌကထာတို့၌ မိန့်၏။

ထိုဂါထာ၏ အဓိပ္ပါယ်ကား ကမ္မအားဖြင့်လည်းကောင်း၊ ဒွါရအားဖြင့်လည်းကောင်း၊ ကပ္ပဋ္ဌိတိအားဖြင့်လည်းကောင်း၊ ပါကဒါနအားဖြင့်လည်းကောင်း၊ သာဓာရဏ စသည်ဖြင့်လည်းကောင်း အဆုံးအဖြတ်ကို သိအပ်၏။

၁-ကမ္မဝိနိစ္ဆယ

ဤငါးပါးတို့တွင် ကမ္မတောဟူရာ၌ -

မနုဿဘူတသော၀ မနုဿဘူတံ် မာတရံ ဝါ ပိတရံ ဝါ အပရိ၀တ္တလိင်္ဂီ ဇိဂိတာ ဝေါရောပေန္တသ္သ ကမ္မံ အာနန္တရိယံ ဟောတိ။

ဟူသည်နှင့်အညီ လူစင်စစ်ဖြစ်သော သူသည် လိင်မပြန်သော အမိကိုလည်းကောင်း၊ အဖကိုလည်းကောင်း သတ်အံ့၊ အာနန္တရိယကံ ထိုက်၏။ ထိုက်၏ အကျိုးကို မြစ်စိမ့်သောငှာ

စကြဝဠာတိုက်အလုံး၌ မဟာစေတီ ပမာဏရှိသော ရွှေစေတီတို့ဖြင့် ပြည့်စေ၍ လည်းကောင်း၊ စကြဝဠာ တိုက်အလုံးကို ပြည့်စေ၍ နေသော ရဟန်းအပေါင်းတို့အား ကြီးစွာသော အလှူကို ပေး၍ လည်းကောင်း၊ မြတ်စွာဘုရား၏ သင်္ဃန်းဒုကူဋ္ဌတော်စွန်းကို မလွတ်မူ၍ ဆွဲကိုင်လိုက်သော် လည်းကောင်း မလွတ်နိုင်ရာ၊ သေသောကာလ ငရဲသို့သာ ရောက်ရ၏။

အကြင် လူဖြစ်သော သားသည် တိရစ္ဆာန်ဖြစ်သော အမိအဖကို သတ်၏။ တိရစ္ဆာန် ဖြစ်သော သားသည် လူဖြစ်သော အမိအဖကို သတ်၏။ တိရစ္ဆာန်ဖြစ်သော သားသည် တိရစ္ဆာန်ဖြစ်သော အမိအဖကို သတ်၏။ ထိုကံသည် ဝန်မူကားလေး၏။ အာနန္တရိယကံ မထိုက်။

ဤအရာ၌ ဇဋ္ဌကစတုက္ကာ၊ သံဂါမစတုက္ကာ၊ စောရစတုက္ကာတို့ကို ဆိုအပ်၏။

ဆိတ်ကို သတ်အံ့ဟူသော အမှတ်ဖြင့် ဆိတ်နေရာ၌နေသော အမိအဖကို သတ်၏၊ အာနန္တရိယကံသို့ ရောက်၏။

ဆိတ်ကို သတ်အံ့ဟူသော အမှတ်ဖြင့် ဆိတ်ကို သတ်၏၊ အမိအဖကို သတ်အံ့ဟူသော အမှတ်ဖြင့် ဆိတ်ကို သတ်၏၊ အာနန္တရိယကံ မထိုက်၊ အမိအဖကို သတ်အံ့ဟူသော အမှတ်ဖြင့် အမိအဖကို သတ်၏။ အာနန္တရိယကံ ထိုက်၏။

သံဂါမစတုက္ကာ၊ စောရစတုက္ကာတို့ကိုလည်း ဤနည်းတူ သိအပ်၏၊ အမိအဖ၌ ဆိုသော နည်းကဲ့သို့ ရဟန္တာတို့၌လည်း စတုက္ကာတို့ကို သိအပ်ကုန်၏။

လူဇာတ်ဖြစ်သော ရဟန္တာကို သတ်သောကြောင့်သာ အာနန္တရိယကံသို့ ရောက်၏။ ဘီလူး၊ နတ်၊ ရဟန္တာတို့ကို သတ်ရာ၌ကား အာနန္တရိယကံသို့ မရောက် ကံမူကား ဝန်လေး၏၊ အာနန္တရိယကံနှင့် တူ၏။

လူဇာတ်ဖြစ်သော ရဟန္တာကို ပုထုဇဉ်ဖြစ်သော အခါ၌လျှင် ဓားလက်နက် စသည်ဖြင့် ပုတ်ခတ်၏။ အဆိပ်ခပ်၏။ ရဟန္တာဖြစ်သော ကာလမှ ထိုဒဏ်ဖြင့် သေ၏၊ အရဟန္တဃာတက ဖြစ်၏။ ပုထုဇဉ်ဖြစ်သော ကာလ လှူအပ်သော အလှူကို ရဟန္တာအဖြစ်သို့ ရောက်မှ သုံးဆောင်၏။ ပုထုဇဉ်အား လှူသော အလှူသာမည်၏။ ကြွင်းသော အရိယာတို့ကို သတ်သော သူအား အာနန္တရိယကံ မထိုက်၊ ကံမူကား ဝန်လေးစွ၏။ အာနန္တရိယကံနှင့် တူ၏။

လောဟိတုပ္ပါဒကံ၌ မြတ်စွာဘုရားအား မစုတ်မပြတ်နိုင်သော ကိုယ်တော်ရှိသောကြောင့် သူတပါးတို့ လုံ့လဖြင့် အရေပြတ်စေ၍ သွေးယိုခြင်း မရှိရာ၊ ကိုယ်၏ အတွင်း၌သာလျှင် တခုသောအရပ်၌ သွေးစု၍ နေ၏။ ဒေဝဒတ်လှိမ့်၍ ချအပ်သော ကျောက်ကြီးမှ ကွာ၍ လာသော ကျောက်လွှာသည် မြတ်စွာဘုရား ခြေတော်ဖျားကို ထိ၏။ ပုဆိန်ဖြင့် ရိုက်ဘိသကဲ့သို့ ခြေ၏အတွင်း၌ သွေးစုလေ၏။ ထိုသို့ပြုသူအား အာနန္တရိယကံ ထိုက်၏။

ဇီဝကသည်ကား မြတ်စွာဘုရား အလိုတော်ကိုသိ၍ ဓားငယ်ဖြင့် အရေကိုဖြတ်၍ သွေးပုပ်ကို ထုတ်၍ ချမ်းသာအောင် ပြု၏။ ထိုသို့ပြုသောသူအား ကောင်းမှုသာလျှင် ဖြစ်၏။ ပရိနိဗ္ဗာန် စံယူတော်မူပြီးသော မြတ်စွာဘုရား၏ စေတီတော်ကို ဖျက်၏။ ဗောဓိပင်ကို ဖြတ်၏။ ဓာတ်တော်ကို ဖျက်၏။ ထိုသူတို့သည် လေးသောကံ ထိုက်၏။ အာနန္တရိယကံနှင့် တူ၏။

ဓာတ်တော်နှင့်တကွသော စေတီကို လည်းကောင်း၊ ဆင်းတုကို လည်းကောင်း၊ နှိပ်စက်သော ဗောဓိခက်ကို ပယ်ဖြတ်အံ့သောငှာ အပ်၏။ ဗောဓိခက်၌ နားသော ငှက်တို့သည် စေတီ၌ အညစ်အကြေးကို ချကုန်၏။ ထိုဇောဓိခက်ကို ပယ်ခြင်းငှာ အပ်၏။ ပရိဘောဂစေတီဟု ဆိုအပ်သော ဗောဓိပင်ထက် သရီရစေတီဖြစ်သော ဓာတ်တော်သည် မြတ်၏။ စေတီအောက် မြေကိုခွဲ၍ သွားသောဗောဓိမြစ်ကို ဖြတ်အံ့သောငှာ အပ်၏။ ဗောဓိခက်သည် ဗောဓိဇရုပ်ကို ဖိ၏။ ဇရုပ်ကို မပျက်စိမ့်သောငှာ ဗောဓိခက်ကို မပယ်အပ်၊ ဗောဓိအာသနယရဖြစ်သော နေရာပလ္လင်၌ ဓာတ်တော် ဌာပနာ၏၊ ထိုဓာတ်အိမ်ကို ခိုင်စိမ့်သောငှာ ဗောဓိခက်ကို ပယ်ခြင်းငှာ အပ်၏။ ဗောဓိကို ပယ်ခြင်းငှာအပ်၏။ ဗောဓိပင်ကို သန့်ရှင်းစိမ့်သောငှာ မတော်မသင့်သော အရွက်ကိုပယ်ခြင်းငှာ အပ်၏။ မြတ်စွာဘုရားကိုယ်တော်ကို သုတ်သင်ဘိသကဲ့သို့ဖြစ်၍ ကောင်းမှုသာဖြစ်၏။

သံယေဘေဒကဋ္ဌကား ရှစ်ပါးသော သံဃာသည် စည်းဝေးသည်ရှိသော် အသီး ပရိသတ်ကို ယူ၍ ကမ္မဝါစာကို ကြား၏။ စာရေးတံ ယူစေ၏။ အသီးသောကံကို ပြု၏။ ပါတိမောက်ကို ပြ၏။ ထိုသူအား သံဃဘေဒကလည်း ဖြစ်၏။ အာနန္တရိယကံလည်း ဖြစ်၏။ သမဂ္ဂသညာဖြင့်ကား ပြုအပ်၏ ဟူသော အမှတ်ဖြင့် ပြုသောသူအား သံဃဘေဒကသာလျှင် ဖြစ်၏။ အာနန္တရိယကံ မထိုက်။ ကိုးပါးအောက် ယုတ်သော ပရိသတ်၌ ထို့အတူပင်တည်း၊ အလုံးစုံအောက် ယုတ်သော အပိုင်းအခြားဖြင့် ကိုးပါးသော ရဟန်းတို့တွင် အကြင်ရဟန်းသည် သံဃာကို ခွဲ၏။ ထိုသူအား သံဃဘေဒကကံ ဖြစ်၏။ အဓမ္မဝါဒီတို့သို့ လိုက်၍ ကျင့်သော ရဟန်းအား အပြစ်ကြီး၏။ ဓမ္မဝါဒီတို့သို့ လိုက်၍ ကျင့်သော ရဟန်းအား အပြစ်မရှိ၊ ထိုသံဃဘေဒက အရာ၌ ကိုးပါးသော သံဃာတို့ ပြည့်စုံသော်သာလျှင် ကံမြောက်ရာ၌ ဤဆိုလတ္တံ့သည်ကား ပါဠိတော်တည်း။

ဧကတော ဥပါလိ စတ္တာရော ဟောန္တိ၊ ဧကတော စတ္တာရော။ နဝမော အနုဿာဝေတိ သလာကံ ဂါဟေတိ အယံ ဓမ္မော အယံ ဝိနယော ဣဒံ သတ္ထုသာသနံ ဣဒံ ဂဏ္ဍထ၊ ဣဒံ ရောစေထာတိ၊ ဧဝံ ခေါ ဥပါလိ သံဃရာဇိစေဝ ဟောတိ သံဃဘေဒေါ စာတိ။ ဟူသည်တည်း။

အဓိပ္ပာယ်ကား။ "ချစ်သား ဥပါလိ၊ တဖို့က လေးယောက်သော ရဟန်း၊ တဖို့ကလည်း လေးယောက်သော ရဟန်းတို့သည် ရှိကုန်၏။ နဝမဖြစ်သော တယောက်သော ရဟန်းသည် ဤတရားသည် ဓမ္မတည်း၊ ဤတရားသည် ဝိနယတည်း၊ ဤကားမြတ်စွာဘုရား၏ အဆုံးအမတည်း၊ ဤအဆုံးအမကိုယူကုန်လော့၊ ဤအဆုံးအမကို ပြကုန်လော့ဟု နာစေ၏။ စာရေးတံကို ယူစေ၏။ ဤသို့ပြုခြင်းသည် သံဃရာဇိလည်း ဖြစ်၏။ သံဃဘေဒလည်း ဖြစ်၏။ ဟူသတည်း။

ဤ ငါးပါးသော ကံတို့တွင် သံဃဘေဒကကံသည် ဝစီကံတည်း။ ကြွင်းသော လေးပါးသော အာနန္တရိယကံသည် ကာယကံသာတည်း၊ ဤသို့လျှင် ကမ္မအားဖြင့် သိအပ်၏။

၂-ဒွါရဝိနိစ္ဆယ

ဒွါရအားဖြင့်ကား – အလုံးစုံသော ကံတို့သည် ကာယဒွါရကြောင့်လည်းကောင်း၊ ဝစီဒွါရကြောင့်လည်းကောင်း ဖြစ်ကုန်၏။ ရှေ့လေးပါးကံသည် အာဏာတို့က၊ ဝိဇ္ဇာမယ ပယောဂအစွမ်းဖြင့် ဝစီဒွါရကြောင့် ဖြစ်သော်လည်း ကာယဒွါရကိုသာ ပြည့်စေကုန်၏။ သံဃဘေဒကသည်ကား

လက်ဆုပ်ပြသဖြင့် သံဃဘေဒကို ပြုသောသူအား ကာယဒွါရကြောင့် ဖြစ်သော်လည်း ဝစီဒွါရကိုသာ ပြည့်စေ၏။ ဤသို့လျှင် ဒွါရအားဖြင့် သိအပ်၏။

၃-ကပ္ပဋိတိဝိနိစ္ဆယ

ကပ္ပဋိတိ အားဖြင့်ကား - သံဃဘေဒကသည်သာလျှင် ကပ္ပဋိတိ ကမ္မာပတ်လုံးတည်၏။ ကမ္မာတည်ဦးစဋ္ဌလည်းကောင်း၊ ကမ္မာ၏အလယ်ဋ္ဌလည်းကောင်း သံဃဘေဒကို ပြု၍ ခံရလျှင် ကမ္မာပျက်သော အခါဋ္ဌသာလျှင် လွတ်လေ၏။ အကယ်၍ နက်ဖြန်ပင် ကမ္မာပျက်လတ္တံ့ ယနေ့ သံဃဘေဒကို ပြုအံ့၊ နက်ဖြန်ပင် လွတ်လေ၏။ တနေ့မျှသာ ငရဲခံရ၏။ ကြွင်းသောလေးပါး သောက်တို့သည် အာနန္တရိကက်သာလျှင် ဖြစ်ကုန်၏။ ကမ္မာပတ်လုံးကား မတည်မခံရ။ ဤသို့လျှင် ကပ္ပဋိတိဖြစ် မဖြစ်ကို သိအပ်၏။ စူဠဝါပါဠိတော်၌ "အာပါယိကော နေရယိကော ကပ္ပဋ္ဌော" ဟု သာမညလာသည်၊ အဋ္ဌကထာ၌ "ကပ္ပန္တိ အာယုကပ္ပံ" ဟု သာမညသာဖွင့်သည်။

ကပ္ပသဒ္ဒါကို အာယုကပ်၊ အန္တရကပ်၊ အသင်္ခ္ယေယျကပ်၊ မဟာကပ်ဟု လေးပါးပြားသောကြောင့် ဆရာတို့သည် အယူကွဲပြားကြကုန်သည်၊ ဤအရာ၌ ကပ္ပသဒ္ဒါကို ကမ္မာဟုဆိုသော်လည်း မဟာကပ်ကြီးဖြစ်သော ကမ္မာကို မယူအပ်။ အသင်္ခ္ယေယျကပ်ဖြစ်သော ဝိဝဋ္ဋဌာယီမျှကိုသာ ယူအပ်၏ဟု ဝဇိရဗုဒ္ဓိ၊ ဝိမတိဝိနောဒနီ ဋီကာတို့၌ ဆို၏။ သာရတ္ထဒီပနီ၌ကား မဟာကပ်ကြီးဖြစ်သော ကမ္မာကို အစုရှစ်ဆယ်စုရမည်။ အသင်္ခ္ယေယျကပ်ဖြစ်သော ဝိဝဋ္ဋဌာယီကို အစုနှစ်ဆယ်စုရမည်၊ ထိုတစုခန့်သာ ရှင်ဒေဝဒတ် အဝီစိ၌ ခံရလိမ့်မည်ဟု ဆို၏။ ထိုဋီကာဆရာတို့၏ စကားကိုပြဦးအံ့။

> ကပ္ပန္တိ အာယုကပ္ပံ၊ သံဃဘေဒကော ဟိ ဧကံ ကပ္ပံ အသီတိဘာဂေ ကတ္ဝာ တတော ဧကဘာဂမတ္တံ ကာလံ နိရယေ တိဋ္ဌေယျာတိ၊ အာယုကပ္ပံ သန္ဓာယ ကပ္ပံ နိရယမ္ပိ ပစ္စတီတိ ဝုတ္တံ၊ ကပ္ပဋ္ဌကထာယမ္ပန သဏ္ဌာဟန္တေ ဟိ ကပ္ပေ ကပ္ပဝေမဇ္ဈေဝါ သံဃဘေဒံ ကတ္ဝာ ကပ္ပ ဝိနာသေယေဝ မုစ္စတိ၊ သစေပိဟိ သွေ ကပ္ပေါ ဝိနသိဿတီတိ အဇ္ဈ သံဃဘေဒံ ကရောတိ၊ သွေဝ မုစ္စတိ၊ ဧကဒိဝသမေဝ နိရယေ ပစ္စတီတိ ဝုတ္တံ။ တတ္ထာပိ ကပ္ပဝိနာသေ-ယေါတိ အာယုကပ္ပဝိနာသေယေဝါတိ အတ္ထော သတိ နတ္ထိ ဝိရောဓော။ သဏ္ဌာဟန္တေတိ ဣဒမ္ပိ သွေ ဝိနသိဿတီတိ ဝိယ အဘူတရိကပ္ပဝသေန ဝုတ္တံ။ ဧကဒိဝသမေ နိရယေ ပစ္စတီတိ အတ္ထောပိ တတော ပရံ ကပ္ပါဘာဝေ အာယုကပ္ပသာပိ အဘာဝတောတိ အဓိပ္ပာယတော အတ္ထယောဇနာ ဒဋ္ဌဗ္ဗာ။ ကပ္ပံ သဂ္ဂမ္ပိ မောဒတီတိ ဧတ္ထာပိ အာယုကပ္ပမေဝ။

ဟူသော သာရတ္ထဒီပနီ ဆရာတော်စကား၌ကား သံဃဘေဒကံကြောင့် တကပ်တပ်လုံး ငရဲ၌ကျက်ရ၏ ဟူသည်ကား အာယုကပ်ဟူသည် တခုသောကမ္ဘာကို အစုရှစ်ဆယ် စု၍ ထိုရှစ်ဆယ်စုမှ တစုခန့်မျှလောက်သော ကာလသည် ငရဲ၌ခံရ၏။ ဤတစုသည် အာယုကပ်မည်၏။ ဤအာယုကပ်ကို ရည်၍ "ကပ္ပံ နိရယမ္ပိ ပစ္စတိ" ဟု ဟောတော်မူ၏။ ကပ္ပဋိတိယ ကထာ၌ကား ကမ္ဘာ တည်စဋ္ဌလည်းဆောင်း၊ ကမ္ဘာ၏အလယ်ဋ္ဌလည်းကောင်း၊ သံဃာကိုသင်းခွဲ၍ ကမ္ဘာပျက်လျှင် လွတ်၏။ အကယ်၍ နက်ဖြန်ပင် ကမ္ဘာပျက်လတ္တံ့ ယနေ့ သံဃာသင်းခွဲခြင်းကိုပြု၏။ နက်ဖြန်ပင်လွတ်၏။ တနေ့မျှသာလျှင် ငရဲခံရ၏ဟုဆိုသောကြောင့် ကမ္ဘာပျက်သောအခါဋ္ဌလျှင် တည်းဟု အနက်ရှိသော်လည်း စကားမဆန့်ကျင်၊ သဏ္ဌာဟန္တဟူသည်လည်း နက်ဖြန်ပင် ပျက်

လတ္တံ့ ကဲ့သို့အဘူတဝရိကပွဲအစွမ်းဖြင့်သာဆိုသည်၊ တနေ့မျှ ငရဲ၌ကျက်ရ၏ဟု ဆိုသောစကား၌ လည်း ထိုအဝီစိ၌ဖြစ်သည့်နောက် ကပ်လည်းမပြည့်ပြီ၊ အာယုကပ်လည်း မရှိပြီဖြစ်၍ မဆန့်ကျင် သောအားဖြင့် အနက်ကို မှတ်အပ်၏။ ကပ္ပ သတ္တမို့ မောဒတိ ဟူသောပါဠိ၌လည်း နတ်ပြည်၌ နတ်၏အဃက်တမ်း အာယုကပ်မျှကိုသာ ရည်၍ ဟောသည်ဟူ၏။

ထိုသာရတ္ထဒီပနီ ဆရာ၏စကား၌ မှတ်သားရန်ကား သံဝဋ္ဋအသန္ဓေယျကပ်ကို အစုနှစ်ဆယ်စု၊ သံဝဋ္ဋဋ္ဌာယီ အသန္ဓေယျ ကပ်ကိုလည်း အစုနှစ်ဆယ်စု၊ ဝိဝဋ္ဋအသန္ဓေယျကပ်ကိုလည်း အစုနှစ်ဆယ်စု၊ ဝိဝဋ္ဋဋ္ဌာယီအသန္ဓေယျကပ်ကိုလည်း အစုနှစ်ဆယ်စုပြန်၊ ဤသို့ ကပ်လေးကပ်၌ပင် အစုနှစ်ဆယ်စီစုသော် မဟာကပ်၌ အစုရှစ်ဆယ်ဖြစ်၏။ ဤမဟာကပ်ကို အစုရှစ်ဆယ်စုပြန်သော် တခုသော အသန္ဓေယျကပ်၌ အစုနှစ်ဆယ်စီရ၏။ အစုနှစ်ဆယ်တွင် တစုခန့်သည် အဝီစိငရဲ၌ ခံရသောသူတို့၏ အာယုကပ်မည်၏ဟု ဆိုလိုသည်။

ထိုငရဲသူတို့၌ အာယုကပ်ကို လူတို့ပြည်က မှတ်နည်းဖြင့်တွက်သော်ကား အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ (၁၆၈)၌ -

> အသန္ဓေယျကပ္ပေါတိ။ ပ။ ဧဝံ ပရိစ္ဆိန္နဿ အန္တရကပ္ပဿ ဝသေန စတုသဋ္ဌိ အန္တရကပ္ပပမာဏော ဟောတိ။

ဟု လာသည်နှင့် အညီ အန္တရကပ် ခြောက်ဆယ့်လေးကပ်သည် တခုသော အသန္ဓေယျကပ် မည်၏ဟု ဆိုသည် ဖြစ်၍ ထိုခြောက်ဆယ့်လေးကပ်ကို အစုနှစ်ဆယ် စုသော် တစု၌ အန္တရကပ် သုံးကပ်စီ အမျှရ၏၊ ကပ်ခြောက်ဆယ်ကုန်၏၊ လေးကပ်မူကား ကြွင်းလေသေး၏။

ထို့ကြောင့်ထိုအန္တရကပ်သုံးကပ်သာသာသည် တခုသောအဖို့ဖြစ်၍အဝီစိ၌တခုသောကပ်ဖြစ်၏။ အရှင်ဒေဝဒတ်သည် အစုနှစ်ဆယ်စုတွင် တစုခန့်ခံရလတ္တံ့ ဟူသည်ကား အန္တရကပ် သုံးကပ်သာသာခန့် ခံရချိမ့်မည်ဟု အတွက်ရ၏။ အတွက်ရတိုင်း ခွဲစိတ်ပြန်သော် ယခု ငါတို့ဘုရား ပွင့်တော်မူသော ကာလသည်ကား တဆယ့်တခုမြောက်သော အန္တရကပ်အဆုံးအဖျားတွင် ပွင့်တော်မူသည်၌ သံယာကို သင်းခွဲချေရကား တဆယ့်နှစ်ခုမြောက်သော အန္တရကပ်လုံး တကပ်၊ တဆယ့်သုံးခု မြောက်သော အန္တရကပ်လုံး တကပ်၊ တဆယ့်လေးခု မြောက်သော အန္တရကပ်လုံး တကပ်ခံ၍ တဆယ့်ငါးခုမြောက်သော အန္တရကပ်သို့ ရောက်ဆိုက်မှ လွတ်ချိမ့်မည် ဟူသတည်း။ ။ဤကား အသန္ဓေယျကပ်တခုကို ခြောက်ဆယ့်လေးကပ်ရှိ၏ ဟု ယူသော ကျမ်းဆရာတို့၏ စကားကိုမှီ၍ ခြောက်ဆယ့်လေးကပ်ကို အစုနှစ်ဆယ် စု၍ တွက်သောစကားတည်း။

၄င်းအဘိဓမ္မတ္ထဝိဘာဝိနီဋီကာ တွင်ပင် "ဝီသတိ အန္တရကပ္ပပမာဏော တိစ ဝဒန္တိ" ဟုဆိုပြန်သည့် အလိုသော်ကား အန္တရကပ် ခြောက်ဆယ့်လေးကပ် မဟုတ်၊ နှစ်ဆယ်သာတည်းဟု ယူပြန်၏။

ဇိနာလင်္ကာရ ဋီကာတွင်လည်း—

> ဧဝရူပေါ ဝီသတိ အန္တရကပ္ပေါ ဧကော ဝိဝဋ္ဋဋ္ဌာယီ အသန္ဓေယျကပ္ပေါ နာမ ဧဝံ ဣတရေပိ တယော ကောဋ္ဌာသာတိ အသီတိ အန္တရကပ္ပေါ ဧကော မဟာကပ္ပေါ နာမ။

ဟူ၍လည်းကောင်း၊

သမ္မောဟဝိနောဒနီဋီကာ၌လည်း-

ယံ သော ဧကံ မဟာကပ္ပံ အသီတိဘာဂေ ကတ္တာ တတော ဧကဘာဂမတ္တံ ကာလံ တိဋ္ဌေယျ၊ တံ အာယုကပ္ပံ သန္ဓာယ ဝုတ္တံ။

ဟု အသင်္ခ္ယေယျကပ် ဟူသည်ကား အန္တရကပ် နှစ်ဆယ်တည်း၊ မဟာကပ်ဟူသည်ကား အန္တရကပ် ရှစ်ဆယ်တည်းဟု လာချေသည်၊ ဤသို့လာသည်နှင့်အညီ အန္တရကပ် နှစ်ဆယ်ဆိုသည်နှင့်တွက်ယူသည်ရှိသော် အဝီစိ၌ခံရသောသူတို့သည် အန္တရကပ်တခုစီပင် အာယုကပ်မည်၏ဟု စကား ရောက်ပြန်ချေသည်၊ ၎င်းဖိနာလင်္ကာရ ဋီကာတွင်ပင် ငရဲသူတို့၏ အသက်အပိုင်းကို ပြသောကာလလည်း "အဋ္ဌမေ အဝီစိ မဟာနိရယေ ဧကော အန္တရကပ္ပေါ၊ အာယုပ္ပမာဏံ" ဟု အန္တရကပ်တခုသည် အဝီစိ၌ ငရဲသူတို့၏ အသက်မည်၏ဟုဆိုသည်။

ဤသို့ဆိုသည်နှင့် ထောက်ပြန်ချေသော်လည်း အရှင်ဒေဝဒတ်သည် အသင်္ခ္ယေယျကပ်ကို အစုနှစ်ဆယ်ပြု၍ တစုခန့်ငရဲ၌ခံရမည် ဟူသည်ကား အန္တရကပ်တခုပင် ဖြစ်၍ ဖြစ်ချေသည်၊ ဤတွက်နည်း မှတ်နည်းတို့နှင့် ချင့်သော် ငါတို့ဘုရားသခင်သည် တဆယ့်တခုမြောက်သော အန္တရကပ်တွင် ဘုရားဖြစ်တော်မူရကား တဆယ့် နှစ်ခုမြောက်သော အန္တရကပ်လုံး ခံ၍ တဆယ့်သုံးခုသော အန္တရကပ်သို့တက်လျှင်ပင် လွတ်လတ္တံ့ဟု သိရာ၏။

ဤကား သာရတ္ထဒီပနီ ဆရာက အသင်္ခ္ယေယျကပ်လုံး ခံရမည်ဆိုသော စကားကိုမကြိုက်။ ကပ္ပဟူသည်ကား အဝီစိ၌ အာယုကပ်ကို ရည်၍ဆိုသည်၊ အာယုကပ်ဆိုသည်လည်း အသင်္ခ္ယေယျကပ်ကို အစုနှစ်ဆယ်စု၍ တစုခန့်မျှကိုသာဆိုသည်၊ "ကပ္ပံ သဂ္ဂမှိ မောဒတိ" ဟူသည်လည်း နတ်ပြည်၌ တကမ္ဘာလုံးမဟုတ်၊ နတ်၏အသက်တမ်းကိုသာရည်၍ ကပ်ဟု ဆိုလေသည်ဟု ယူ၏။

ဤကား သာရတ္ထဒီပနီဋီကာ ဆရာစကားကိုမှီ၍ ပြသောအပိုင်းတည်း။

ဝိမတိ ဝိနောဒနီဋီကာဆရာတော်၏ အယူသော်ကား -

ကပ္ပန္တိ အသင်္ခ္ယေယျကပ္ပံ၊ အာယုကပ္ပန္တိပိ ကေစိ၊ မဟာကပ္ပသာ စတုတ္ထော ဘာဂေါ အသင်္ခ္ယေယျကပ္ပေါ၊ တတော ဝိသတိမော ဘာဂေါ သံဃဘေဒကဿ၊ အာယုကပ္ပန္တိ ဝဒန္တိ၊ တံ အဋ္ဌကထာသု ကပ္ပဋ္ဌကထာယ န သမေတိ၊ ကပ္ပဝိနာသေ ယေဝ မုစ္စတီတိ အာဒိဝစနတော၊ ကပ္ပံ သဂ္ဂမှိတိ ဧတ္ထ ပဋိသန္ဓိပရမ္ပရာယ ကပ္ပဋ္ဌိတတာ ဝေဒိတဗ္ဗာ။

ဟု ကပ္ပဟူသည်ကား အသင်္ခ္ယေယျကပ်ဖြစ်သော ဝိဝဋ္ဋဌာယီကပ်ကိုသာ ဆိုလိုသည်ဟု ယူသည်။ အာယုကပ်ဟု ယူသောဆရာတို့ကို ကေစိတို့ယူသော အယူမျှသာဟု ဆိုသည်။ ထိုကေစိ ဆရာတို့သည်ကား မဟာကပ်၏ လေးဖို့တဖို့သည် အသင်္ခ္ယေယျကပ်တည်း။ ထိုအသင်္ခ္ယေယျကို အစုနှစ်ဆယ်စု၍ တစုခန့်သည် သံဃဘေဒကကံ ထိုက်သောသူ၏ အာယုကပ်တည်းဟု ဆိုကြကုန်၏။ ထိုကေစိ ဆရာတို့ စကားသည် အဋ္ဌကထာတို့တွင် ကပ္ပဋ္ဌကထာနှင့် မညီ၊ "ကပ္ပဝိနာသေယေဝ မုစ္စတိ" စသည်ဖြင့် ကပ်ပျက်မှလျှင် လွတ်မည်ဟုဆိုသော အဂိုတ္တိရ အဋ္ဌကထာ၊ သမ္မောဟဝိနောဒနီအဋ္ဌကထာ စကားရှိသောကြောင့် မသင့်ဟုယူသည်၊ "ကပ္ပံ

သင်္ဂိမ္ပိ" အစရှိသည်၌လည်း နတ်ပြည်၌ ပဋိသန္ဓေ အဆက်ဆက် ထပ်ကာထပ်ကာ ဖြစ်၍ ကမ္ဘာပတ်လုံး တည်သည်ကိုသာ သိအပ်၏ဟု ယူတော်မူသည်၊ အကျဉ်းအားဖြင့် မှတ်ရန်ကား ဝိဝဋ္ဋဒွာယိကပ်ကိုသာ ယူအပ်သည်၊ ဝိသတိဘာဂနည်းကို မယူအပ် ဆိုလိုသည်။

ဤကား ဝိမတိဝိနောဒနီဋီကာ ဆရာ၏အယူကို ပြသောအပိုင်းတည်း။

ဝဇိရဗုဒ္ဓိဋီကာ ဆရာအယူတော်ကား

ကပ္ပံ နိရယမှိတိ အသင်္ခေယ္ယကပ္ပံ၊ ဝိဝဋ္ဋဒွာယိကာလေယေဝ သံယဘောဒေါ ဟောတိတီ ကပ္ပန္တိ အာယုကပ္ပံ။ (ဝဇိရ- ဋီ၊ ၂၀၅။)

ဟု ကပ်ဟူသည်ကား အသင်္ခေယ္ယကပ်သာတည်း၊ ဝိဝဋ္ဋဒွာယိအခါ၌သာလျှင် သံယာသင်းခွဲခြင်းကို ပြုနိုင်သည်ဖြစ်၏။ ထိုဝိဝဋ္ဋဒွာယိအသင်္ခေယ္ယကပ်သည် အာယုကပ်မည်၏ဟု ယူ၏။ အကျဉ်းအားဖြင့်ကား ဝိသတိဘာဂကို မယူရ၊ ဝိဝဋ္ဋဒွာယိ အသင်္ခေယ္ယကပ်ကိုသာ ယူသင့်၏ ဟူလိုသည်။

ဤစကားတွင် ပြစ်မှားသည့်ကာလသည် ဝိဝဋ္ဋဒွာယိတွင် ဖြစ်ကောင်းသည်ကိုသာ ပြ၍ရှိသည်၊ ခံသည့်ကာလသည် ဝိဝဋ္ဋဒွာယိကပ်ပြည့် ခံရလိမ့်မည်မှာ ယူရန်မရှိ။

အာယုကပ္ပန္တိ ဇာတ္ထ ကိစ္စာပိ အဝိစိမှိ အာယုပရိမာဏံ နတ္ထိ၊ ယေန ပန ကမ္မေန ယတ္တကံ အနုဘဝိတဗ္ဗံ၊ တာဿ အာယုကပ္ပန္တိ ဝေဒိတဗ္ဗံ - ဟုဆိုသည်။

ဤကား (ဝဇိရ- ဋီ၊ ၅၃၃။) ဝဇိရဗုဒ္ဓိဆရာအယူကို ပြသော အပိုင်းတည်း။

အရှင်နာဂသိန် အယူတော်ကား

ဒေဝဒတ္တော မဟာရာဇ ဆ ကောဋ္ဌာသေ ကတေ ကပ္ပေ အတိက္ကန္တေ ပဌမကော-ဋ္ဌာသေ သံယံ ဘိန္ဒိ၊ ပဉ္စကောဋ္ဌာသေ နိရယေ ပစ္စိတ္ဝာ တတော မုစ္စိတ္ဝာ အင်္ဂဿရော နာမ ပစ္စေကဗုဒ္ဓေါ ဘဝိဿတိ။ (မိလိန္ဒ၊၁၁၆။)

ဟူ၍ ဝိဝဋ္ဋဒွာယိဟုဆိုအပ်သော အသင်္ခေယ္ယကပ်ကို ခြောက်ဖို့စုသည်ရှိသော် ပဌမအဖို့ အလွန်၌ ရှင်ဒေဝဒတ်သည် သံယာကိုသင်းခွဲ၍ ငါးဖို့ဝေ၌ ခံရပြီးလျှင် ထိုဝေရဲမှ လွတ်သောအခါ အင်္ဂဿရမည်သော ပစ္စေကဗုဒ္ဓါဖြစ်လတ္တံ့ဟု ဆိုသည်၊ ထိုအရှင်နာဂသိန် အယူတော်ကား အန္တရကပ် တဆယ့်တကပ် အလွန်တွင် သံယာကို သင်းခွဲသည်၊ အန္တရကပ်ငါးဆယ့်သုံးကပ် ကြွင်းသေးသည်။ ထိုငါးဆယ့်သုံးကပ်လုံး ခံရလတ္တံ့ဟု ယူတော်မူသည်။

ဤကား အရှင်နာဂသိန် အယူတော်ကို ပြသောအပိုင်းတည်း။

ဝိမတိဆရာ၊ ဝဇိရဗုဒ္ဓိဆရာ၊ အရှင်နာဂသိန်ဆရာတို့ စကားသည် တသံတည်းကဲ့သို့ရှိသည်။ ကထာဝတ္ထုအဋ္ဌကထာ၌ ကပ္ပဋ္ဌကထာအဖွင့် (၂၃၄)တွင် -

ကပ္ပဋ္ဌော ကပ္ပံ တိဋ္ဌေယျာတိ၊ အာမန္တာ၊ ကပ္ပေါစ သဏ္ဌာတိ၊ ကပ္ပဋ္ဌော စ ပုဂ္ဂလော ကာလံ ကရောတီတိ၊ နဟေဝံ ဝတ္တဗ္ဗေ။ ပ။ "ကပ္ပဋ္ဌော ကပ္ပံ တိဋ္ဌေယျာ"တိ၊ အာမန္တာ။

ဟူသော သံဝဏ္ဏနာတဗ္ဘပုဒ်ကို ဖွင့်ရာ အနုသန္ဓေတက်ရာ၌-

ကပ္ပေါစ သဏ္ဌာတိ သံယောစ ဘိဇ္ဇတီတိ အာဒိ"ယဒိ သော သကလံ ကပ္ပံ တိဋ္ဌတိ။ သဏ္ဌာဟနတော ပဋ္ဌာယ တံ ကမ္မံ ကတ္တာ တတ္ထ ဥပ္ပဇ္ဇိတ္တာ တိဋ္ဌေယျာ"တိ ဒသေတုံ ဝုတ္တံ။

ဟု ဖွင့်ဆိုသည့်အလိုသော်ကား ကမ္မာလည်းတည်၏၊ သံယာကိုလည်း သင်းခွဲ၏၊ အကယ်၍ ကမ္မာတည်သောကာလမှစ၍ ထိုင်ရဲ၌ဖြစ်အံ့။ တကမ္မာပတ်လုံးပင် တည်သည်ဟူလိုသည်။

ဤစကားထိုထောက်ပြန်လျှင်လည်း ဝိမတိဋီကာဆရာ၊ ဝဇိရဗုဒ္ဓိဋီကာဆရာ၊ ရှင်နာဂသိန် ဆရာတို့စကားနှင့် ကထာဝတ္ထုအဋ္ဌကထာ ဆရာစကားတော်သည် တညီတညွတ်းတသံတည်းကဲ့သို့ပင် ရှိပြန်သည်။ သာရတ္ထဒီပနီ ဆရာစကား၊ ဇိနာလင်္ကာရ ဆရာစကားတို့သည် သီးခြားကွဲပြား၍ နေချေသည်၊ နေသည်ဟူ၍ ငယ်ပြန်ရမည်လည်း ဤကထာဝတ္ထု အဋ္ဌကထာ၌ပင် ကပ္ပဋ္ဌကထာ အဖွင့်တွင်ကထာဝတ္ထုပါဠိတော်(၃၄၆)က-

နနု ဝုတ္တံ ဘဂဝတော —
အာပါယိကော နေရယိကော၊ ကပ္ပဋ္ဌော သံယဘေဒကော။
ဝဂ္ဂရတော အဓမ္မဋ္ဌော၊ ယောဂက္ခေမာ ပဓံသတိ။
သံယံ သမဂ္ဂံ ဘိန္ဒိတ္တာ၊ ကပ္ပံ နိရယမ္ဟိ ပစ္စတီတိ။
အတ္ထေဝ သုတ္တန္တောတိ၊ အာမန္တာ၊ တေနဟိ ကပ္ပဋ္ဌော ကပ္ပံ တိဋ္ဌေယျာတိ။

ဟူသော သံဝဏ္ဏေတဗ္ဗပါဠိတော်၏ သံဝဏ္ဏနာ(အဘိ-ဋီ၊၃။ ၂၃၄။) ၌-

အာပါယိကော နေရယိကောတိ သုတ္တံ ယံ သော ဧကံ ကပ္ပံ အသီတိဘာဂေ ကတ္တာ တတော ဧကဘာဂမတ္တံ ကာလံ တိဋ္ဌေယျ၊ တံ အာယုကပ္ပံ သန္ဓာယ ဝုတ္တံ၊ တသ္မာ အသာဓကန္တိ။

ဟု ဝိသတိဘာဂ လေးလီသည် အသီတိဘာဂတည်း၊ ထိုအသီတိဘာဂကို အစုနှစ်ဆယ်ပြု၍ ထိုအစုမှ တဖို့ခန့်မျှကာလ တည်ရာ၏၊ ထိုအာယုကပ်ကိုရည်၍ ဆိုသည်ဟု လာပြန်ခဲ့သည်၊ ထို့ကြောင့် သာရတ္ထဒီပနီဋီကာ ဆရာကိုလည်းပယ်ရမည့်အခက်ပင် ဖြစ်ခဲ့သည်၊ ယခုပြဆိုခဲ့သမျှ သော စကားအရပ်ရပ် အစုစုတို့ကို အမှန်အကန် သန္နိဋ္ဌာန်ကျ နိယတမှတ်ရအောင်ကိုကား ကထာဝတ္ထုပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ၊ အနုတို့ကို နှိုင်းနင်းဝါးစားမိအောင် တတ်ပြီးမှ ဋီကာသုံးစောင်၊ မိလိန္ဒပဉှာ ဤဆရာလေးဦးတို့ဝါဒကို ရှေ့နောက် အဖန်တလဲလဲ ဆင်ခြင်ပြီးမှ ဤဆရာတို့စကားတွင် မည်သည့်ဆရာစကားကသာ၍ သင့်မြတ်မည်ဟု ဆင်ခြင်နိုင်ပေသော သူမြတ်တို့သာ အမှန်အကန် သန္နိဋ္ဌာန်ကျ နိယတ မုချပိုင်ပိုင် ဆိုနိုင်ရာသောအကြောင်း ရှိချေတော့သည်၊ ငါတို့နှယ်မျှ သာမညသည် ပိုင်ပိုင်နိုင်နိုင် ဆိုနိုင်ရာသော အကြောင်းမရှိ ဖြစ်ချေတော့သည်။

၄–ပါကဒါနဝိနိစ္ဆယ

ပါကဒါနဟူသည်ကား - အကြင်အခြင်းဖြင့် ငါးပါးသောကံကို ပြုကုန်အံ့၊ ထိုသူအား သံယဘေဒကကံသာလျှင် ပဋိသန္ဓေ၏ အစွမ်းအားဖြင့် အကျိုးပေး၏၊ ကြွင်းသောကံတို့သည် အဟောသိကံဖြစ်၍ အကျိုးမပေးသောကြောင့် "အဟောသိကမ္မံ၊ နာဟောသိ ကမ္မဝိပါကော" စသော ရေတွက်ခြင်းသို့ရောက်၏၊ သံယဘေဒကကံမရှိသော် လောဟိတုပ္ပါဒကကံသည် အကျိုးပေး၏၊ လောဟိတုပ္ပါဒကကံမရှိသော် အရဟန္တဃာတကကံ အကျိုးပေး၏၊ အရဟန္တ

ယာတက်မရှိသော် အကယ်၍ အဖသီလရှိ၏၊ အမိသီလမရှိ ပိတုယာတကကံ အကျိုးပေး၏၊ အမိသီလရှိ၏၊ အဖသီလမရှိ၊ မာတုယာတကကံ အကျိုးပေး၏၊ အမိအဖသီလရှိချင်း မရှိချင်း တူရာ၌ မာတုယာတကကံ ပဋိသန္ဓေအဖြစ်ဖြင့် အကျိုးပေး၏၊ ဤသို့ပါကဒါနအားဖြင့် သိအပ်၏။

၅-သာဓာရဏာဝိနိစ္ဆယ

သာဓာရဏာစသည်တို့ဖြင့်ကား—ရှေ့လေးပါးသော ကံသည် လူရဟန်းတို့အား ဆက်ဆံ၏၊ သံယဘေဒကသည်ကား သမာနသံဝါသက ရဟန်းသည် တူသောသိမ်၌တည်လျက် သံဃာကို သင်းခွဲနိုင်၏၊ လူ၊ သာမဏေ၊ သာမဏေရီ သိက္ခာမာန်တို့သည် မခွဲနိုင်၊ မဆက်ဆံ၊ အာဒိသဒ္ဒါဖြင့်ကား ထိုငါးပါးသောကံသည် ဒုက္ခဝေဒနာနှင့် တကွဖြစ်သော ဒေါသ, မောဟနှင့် ယှဉ်၏၊ ဤသို့ သာဓာရဏာစသည်တို့ဖြင့် သိအပ်၏၊ ဤသို့လျှင် ကမ္မအားဖြင့်လည်းကောင်း၊ ဒွါရအားဖြင့် လည်းကောင်း၊ ကပ္ပဋ္ဌိတိအားဖြင့် လည်းကောင်း၊ ပါကဒါနအားဖြင့် လည်းကောင်း၊ သာဓာရဏ စသည်တို့ဖြင့် လည်းကောင်း အဆုံးအဖြတ်ကို သိအပ်၏၊ ဟူလိုသည်။

(ဤအရာတွင် အာနန္တရိယကမ္မဝိနိစ္ဆယ၊ သံဃဘေဒဝိနိစ္ဆယ၊ ကပ္ပဝိနိစ္ဆယများကို ကယာဝတ္ထု အဋ္ဌကထာ၊ အဂ်ုတ္တရအဋ္ဌကထာ၊ စူဠဝါအဋ္ဌကထာ၊ စရိယာပိဋကအဋ္ဌကထာ၊ ဣတိဝုတ်အဋ္ဌကထာ၊မူလဋီကာ၊ အနုဋီကာ၊ အင်္ဂုတ္တိရ်ဋီကာ၊ ဝဇိရဗုဒ္ဓိဋီကာ၊ သာရတ္ထဒီပနီဋီကာ၊ ဝိမတိဋီကာ၊ ခမ္မပဒအဋ္ဌကထာ၊ မိလိန္ဒပဉှာ စသော အစောင်စောင်သော ကျမ်းတို့၌ ဆုံးဖြတ်ကြသော အရာတို့သည် များပြားလှ၍ ကုန်ကုန်စင်စင် မယူဆောင်နိုင်အောင်ပင် ရှိချေတော့သည်။)

အချို့သောသူတို့သည် အာနန္တရိယကံကိုပြုမိချေက အဝီစိငရဲမှ မလွတ်နိုင်ရာ၊ အဇာတသတ် တယောက်သည်သာ ဘုရားသခင်ကို ကြည်ညိုလှသောကြောင့် အဝီစိငရဲမှ လွတ်၍ လောဟကုမ္ဘီငရဲမှာ ခံရသည်၊ တပါးသောသူတို့မှာကား အဝီစိငရဲမှာ မုချခံရမြဲ၊ မလွတ်နိုင်ဟု ပြောဆိုကြကုန်သည်၊ ဤစကားကိုလည်း မုချမမှတ်အပ်၊ အင်္ဂုတ္တိရ်အဋ္ဌကထာ စသည်တို့၌ လည်း နိရယေ ပစ္စတိ ဟူ၍သာ လာသည်၊ အင်္ဂုတ္တိရ် ပဉ္စကနိပါတ် ပါဠိတော်(၁၂၉)၌လည်း—

ပဉ္စိမေ ဘိက္ခဝေ အာပါယိကာ နေရယိကာ ပရိကုပ္ပါ အတေကိစ္ဆာ။ ကတမေ ပဉ္စ၊ မာတရံ ဇီဝိတာ ဝေါရောပိတာ ဟောတိ၊ ပိဘရံ ဇီဝိတာ၊ အရဟန္တံ ဇီဝိတာ။

စသည်ဖြင့် နေရယိကာဟူ၍ သာမညအားဖြင့် ဟောတော်မူသည်ကိုသာ လာသည်။ အဝီစိနိရယေ ပစ္စတိ ဟု မလာသောကြောင့် လည်းကောင်း၊ ခမ္မသင်္ဂဏိကျမ်း မာတိကာ မိစ္ဆတ္တနိယတတိက်၊ ပဌမပုဒ်ကို ဟောတော်မူရာ၌လည်း ပဋ္ဌာနန္တရိယကံဖြစ်ခိုက် ဒေါသမူဌေး သတ္တမဇော၊ နိယတမိစ္ဆာဒိဋ္ဌိကံဖြစ်ခိုက်၊ ဒိဋ္ဌဂတသမ္ပယုတ်လေးခု သတ္တမဇော၊ ဤစိတ်တို့သည် စုတိစိတ်၏ အခြားမဲ့၌ မကောင်းကျိုးကို ပေးခြင်းငှာ မြဲသော တရားဟူ၍သာ ဟောတော်မူသည်၊အဝီစိ၌ဖြစ်ခြင်းငှာ မြဲသောတရားဟူ၍ ဟောတော်မမူ သောကြောင့်လည်းကောင်း၊ အဝီစိမှာ ခံရမည်ဟူသော စကားကို အမြဲမမှတ်အပ်၊ ဒေဝဒတ်တယောက်မှာမူကား

အဝီစိ၌ ခံရကြောင်းကို လာသည်ပင်ဖြစ်တော့သည်။ သာရတ္ထဒီပနီ ဋီကာတွင်လည်း သံယဘေဒကက်တွင် "နိရယမှိတိ အဝီစိနိရယမှိ" ဟုဖွင့်သည်ဖြစ်တော့သည်။

အရှင်မောဂ္ဂလ္လာန် အလောင်းသည် အာနန္တရိယက် ထိုက်ဖူးသည်ပင်ဖြစ်သည် ကမ္ဘာမစေ့ မီ ငရဲမှလွတ်၍ ယခု ရဟန္တာဖြစ်တော့သည်ဆိုကြပါသည်၊ တကမ္ဘာလုံး ခံရသည် မခံရသည်၊ အရှင်မောဂ္ဂလ္လာန်အလောင်းသည် ဤကမ္ဘာတွင် အာနန္တရိယက်ထိုက်မည် မထိုက်မည်ဟူရာ၌—

အရှင်မောဂ္ဂလ္လာန်သည် အမိအဖတို့ကိုသတ်သော အာနန္တရိယက်ကို ပြုခဲ့သောကြောင့် ခိုးသားငါးရာ ရိုက်သောဝဋ်ကို ခံရကြောင်းများကို ဓမ္မပဒကျမ်း ဒဏ္ဍာဝဂ်၊ အပဒါန်ပါဠိတော်၊ စတ္တာလီသ နိပါတ် သရဘင်္ဂဇာတ် စသည်တို့၌ ဟောတော်မူသည်။ ။ ထိုကျမ်းသုံးကျမ်းတွင် ဓမ္မပဒ၌ကား—

သော မာတာပိတရော တထာ ဝိရဝန္တော်ပိ စောရသဒ္ဒံ ကရောန္တော ကောဋ္ဌေတွာ မာရေတွာ အဋ္ဌဝိယံ ခီပိတွဂ ပစ္စာဂမိ။ ဟူ၍လည်းကောင်း။

အပဒါန်ပါဠိတော်(အပ၊ ၁။၃၅။)၌—

ပါပမိတ္တော ပနိဿာယ၊ ကာမရာဂဝသံ ဂတော။
မာတရံ ပိတရဉ္စာပိ၊ ဃာတယိ ဒုဋ္ဌမာနသော။

ဟု သေအောင်သတ်ကြောင်းကို ဆိုသည်။

ဇာတ်ကျမ်းတွင်ကား။ အမွ တာတာမာ ဘာယိတ္ထ၊ စောရာ ပလာတာ "တိ ဝတ္တာ ပုန အတ္တနော ဂေဟမေဝ အာနေသိ။(ဇာ၊ ၎။၅၁၄။၁၃၄။)

ဟု အမိအဖတို့ကို ရိုက်ပုတ်ပြီးမှ ခိုးသူတို့ပြေးလေပြီ၊ မကြောက်လင့်ဟုဆို၍ တဖန်အိမ်သို့ ဆောင်ယူပြန်လေသည်ဟု ဆိုသည် ဤသို့ စကားနှစ်ရပ် ကွဲ၍လာသည်၊ ကမ္မပထာလင်္ကာရ ဝတ္ထုတွင်ကား နှစ်ကြိမ်ဖြစ်တန်ရာ၏ဟု ဆို၏။

ဤသို့ဓမ္မပဒကျမ်း၊ အပဒါန်ကျမ်း၊ ဇာတ်ကျမ်းတို့၌လာ၏၊ ထိုသို့လာသော်လည်း ထိုကံကို ပြုသောဘဝသည် ဤကမ္ဘာတွင်ပင် ဖြစ်လေသည်၊ တပါးသော ထိုထိုကမ္ဘာကပင် ပြုလေသည်ကို အတပ်မုချ မသိသာလွန်းရှိသည်၊ ဤကမ္ဘာတွင် ပြုခဲ့ဖူးသည့်အရာကို ရှာကြံသော် မူလပဏ္ဏာသကျမ်း၊ ပဉ္စမဂဂ် ဒသမမြောက်၊ မာရတဇနီယသုတ်တွင်လာသော အာနန္တရိယက်သည် ဤကမ္ဘာတွင်ပြုမိသောကံဟူ၍ ယူသင့်၏၊ အဘယ့်ကြောင့်နည်းဟူအံ့၊ ကကုသန်မြတ်စွာဘုရား လက်ထက်တော်ဟူ၍ ဆိုသောကြောင့်တည်း။ ထိုအကြောင်းကား ဤသို့တည်း—

ဧဝံ မေ သုတံ၊ ဧကံ သမယံ အာယသ္မာ မောဂ္ဂလ္လာနော ဘဂ္ဂေသု ဝိဟရတိ၊ သံသုမာရဂိရေ ဘေသကလာဝနေ မိဂဒါယေ။

စသည်ဖြင့် လာသောပါဠိ၏ အဓိပ္ပာယ်ကား။ အရှင်မောဂ္ဂလ္လာန် မထေရ်သည် ဘဂ္ဂတိုင်း၊ သံသုမာရဂိရမြို့၌သားတို့အား ဘေးမဲ့ပေရာ ပဲစင်းငုံတော၌ နေတော်မူစဉ် လွင်အရပ်၌ စကြိုသွားတော်မူသောအခါ မာရ်နတ်သည် မထေရ်၏ ဝမ်းသို့ဝင်၍ အူ၏အတွင်း အစာကျက်တည်ရာအရပ်၌နေ၏၊ မထေရ်လည်း ယနေ့ငါ၏ ဝမ်းသည် လေးစွတကားဟု ကြံပြီးမှ စကြိမ်

သည် ကျောင်းသို့ဝင်၍နေ၏၊ အစာမကျေ၍တည်း ရှိလေသလော မည်ညွတ်သော ဒေါသသည် ကြွေစေသတည်းဟု အသင့်အားဖြင့် နှလုံးသွင်းတော်မူ၍ ဆင်ခြင်တော်မူလျှင် ဝမ်းသို့ မာရ်နတ်သားဝင်၍ နေသောအဖြစ်ကိုသိ၍ ဟယ်မာရ်နတ်ယုတ်၊ သားကို ညှဉ်းဆဲသည်ရှိသော် အဖကို ညှဉ်းဆဲသည် မည်သကဲ့သို့ ဘုရားသခင် တပည့်ကို ညှဉ်းဆဲသည်ရှိသော် ဘုရားသခင်ကို ညှဉ်းဆဲသည် မည်ဘိရကား ဘုရားသခင်တပည့်ကို မညှဉ်းဆဲလင့် သင့်အား ရှည်မြင့်စွာသော ကာလပတ်လုံးဆင်းရဲခြင်းမဖြစ်စေလင့် ထွက်ဘိလော့ဟု မိန့်၏။

မာရ်နတ်သည်လည်း ဤရဟန်းသည် မသိပဲလျက် ငါ့ကိုထွက်လော့ဟု ဆိုဘိ၏၊ တပည့် ရဟန်းမျက်ကို မဆိုလင့်ဦး၊ ဆရာဖြစ်သော ဘုရားသခင်မှသော်လည်း ငါ့ကိုဆောစွာမသိနိုင်ပဲလျက် တပည့်သည် အဘယ့်ကြောင့် သိနိုင်ပါအံ့နည်းဟုကြံ၏၊ အရှင်မောဂ္ဂလ္လာန်သည်လည်း သင့်ကို ငါသိ၏၊ သင်ကား မာရ်နတ်တည်းဟု ဆို၏၊ မာရ်နတ်လည်း ဤရဟန်းသည် သို၍ပင် ဆိုချေ၏ဟု အရှင်မောဂ္ဂလ္လာန်၏ ခံတွင်းမှ ထွက်၍ ကျောင်းတံခါးရွက်ကိုမှီ၍ နေ၏။

အရှင်မောဂ္ဂလ္လာန်သည် တံခါးဦးနေသည်ကိုမြင်၍ မာရ်နတ်သား သင့်ကိုငါမြင်တော်မူ၏၊ ငါ့ကို မောဂ္ဂလ္လာန်သည် မမြင်လတ္တံ့ဟု မအောက်မေ့လင့်ဟု မိန့်တော်မူပြီး၍ အရှင်မောဂ္ဂလ္လာန်လည်း ဤမာရ်နတ်သည် အလွန်လျှင် ပြစ်မှားလိုသည်ဖြစ်လတ္တံ့၊ စက်ဆုပ်ဖွယ်ရှိသောအရပ်သို့ ဝင်၍နေခြင်းငှာ တတ်နိုင်ဘိ၏။ တပါးသော အကြောင်းကိုပြုလတ္တံ့၊ ဆွေမျိုးဟူ၍ ဆိုသည်ရှိသော် မနူးညံ့သောသူမည်သည်မရှိရာ၊ ငါသည် ယခုထိုသူအား ဆွေမျိုးအစဉ်ကိုစပ်၍ နူးညံ့အံ့သော အကြောင်းအရာတို့ကို ဆိုသဖြင့် လွတ်စေအံ့ဟုကြံ၍—

ဟယ်မာရ်နတ်ယုတ် ရှေးအခါ၌ ငါသည် ဒုသီမည်သော မာရ်နတ်ဖြစ်ဖူး၏၊ ငါ၏နှမကား ကာလီအမည်ရှိ၏၊ ကာလီ၏သားကား သင်ပင်တည်း၊ သင်ကား ငါ၏တူရင်းတည်း၊ ထိုအခါ ကကုသန်မြတ်စွာဘုရား ထင်ရှားဖြစ်တော်မူ၏။ လက်ယာရံကား ဝိဓုရ၊ လက်ဝဲရံကားသဋ္ဌိဝ တည်း။ ထိုနှစ်ပါးတို့တွင် အရှင်ဝိဓုရနှင့်တူသော ဉာဏ်ပညာရှိသောသူ မည်သည်မရှိ၊ ထို့ကြောင့် ဝိဓုရဟူ၍တွင်၏။

အရှင်သဋ္ဌိဝတွင်သည်ကား တောအရပ် သစ်ပင်ရင်းတွင် သညာဝေဒယိတ နိရောဓသမာပတ်ကို ဝင်စားတော်မူလျက် နေတော်မူ၏။ ထိုအခါ နွားကျောင်းကုန်သော၊ ဆိတ်ကျောင်းကုန်သော၊ လယ်လုပ်ကုန်သော၊ ခရီးသွားကုန်သောသူတို့သည် အရှင်သဋ္ဌိဝကို မြင်ကုန်၍ အိုအချင်းတို့၊ အံ့ဖွယ်သရဲ့ မဖြစ်ဖူးမြဲ ဖြစ်ပါသည်တကား။ ဤရဟန်းသည် ထိုင်လျက်သာလျှင် သေခဲ့၏တကား၊ ယခု ငါတို့သည် သင်္ဂြိဟ်ကုန်အံ့ဟု ထင်းတို့ကို ရုံးစု၍ မီးတိုက်၍ သွားကြလေကုန်၏၊ ထင်းပုံသည် ဆီမီးလျှံကဲ့သို့ ပြောင်ပြောင်တောက်၏။ မထေရ်မူကား ရေလိုက်အတွင်း၌ နေရာဘိသကဲ့သို့ဖြစ်၏၊ ထိုနေ့လွန်သောအခါ သမာပတ်မှထတော်မူ၍ ပေါက်ပွင့်အဆင်းနှင့်တူသော ရဲရဲညိသော မီးကျီးစုမှ သင်္ကန်းတော်ကို ခါ၍ ထတော်မူ၏၊ ကိုယ်၌မူကား အင်္ဂေမျှသော်လည်းမသင့်၊ သင်္ကန်း၌လည်း ချည်တမျှင်မျှ မလောင်လေ။ သမာပတ်မှထပြီးလျှင် နံနက်အခါရွာသို့ ဆွမ်းခံဝင်တော်မူသောကာလ ထိုမီးတိုက်ကုန်သော သူတို့သည် မြင်ကုန်၍ မကြုံဖူးမြဲတကား။ ဤရဟန်းသည် ထိုင်လျက်သာလျှင် သေပြီးမှ တဖန်ရှင်လာပြန်ပြီတကားဟု ဆိုကြကုန်၏၊ ဤသို့သောအကြောင်းကြောင့် သဋ္ဌိဝမထေရ်ဟုထင်ရှားလေ၏။

ထိုအခါ ဒုသီမည်သောမာရ်နတ်သည် ပုဏ္ဏားသူကြွယ် စသည်တို့သို့ဝင်၍ ရဟန်းတို့ကို ဆဲရေးစေအံ့၊ ရေရွတ်စေအံ့၊ ချုပ်ချယ်စေအံ့၊ ညှဉ်းဆဲစေအံ့၊ ရဟန်းတို့၏ စိတ်သည် တုန်လှုပ်ခြောက်ချားရာ၏ ကိလေသာမာရ်ဖြစ်ခြင်းငှာ အာရမ္မဏပစ္စယကို ရရာ၏ဟု ကြံပြီး၍ ဒုသီမည်သော မာရ်နတ်သည် ပုဏ္ဏားသူကြွယ်တို့သို့ဝင်၍ ရဟန်းတို့ကို ဆဲရေးရေရွတ်ချုပ်ချယ် ညှဉ်းဆဲကုန်၏။ ဦးခေါင်းပြည်းသော ရဟန်းတို့သည် မှိုင်တွေကုန်လျက် အောက်သို့မျက်နှာ ရှိကုန်လျက်၊ ခင်ပုပ်ငှက်တို့သည် ညအခါ၌ ကျက်စားအံ့သောငှာ သစ်ခေါင်းမှထွက်၍ သစ်ခက်၌ တည်သဖြင့် ကြွက်ကိုရှာမှီးကုန်လျက် မတုတ်မလှုပ်နေကုန်သကဲ့သို့ နေကုန်၏။

မြေခွေးသည် မြစ်ကမ်းဆိပ်၌ ငါးတို့ကို ရှာမှီးလျက်၊ ကြောင်သည် ကြွက်ကိုရှာမှီးလျက်နေကုန်သကဲ့သို့ မတုပ်မလှုပ်နေကုန်၏။ ဤသို့စသည်ဖြင့် ဆဲရေးရေရွတ် ချုပ်ချယ်ညှဉ်းဆဲကုန်၏။ လူတို့ကိုယ်၌မဝင်မူ၍လည်း ဝိသဘာဂဝတ္ထု နှလုံးမသာယာဖွယ်ဖြစ်ကုန်သော အာရုံကိုပြလျက် ရဟန်းတို့သည် ဆောင်းကိုယူ၍ ငါးဆောင်းဘိသကဲ့သို့ ကွန်ရက်ကိုယူ၍ ငါးဖမ်းဘိသကဲ့သို့၊ နှင်တံကိုထောင်၍ ငှက်တို့ကို နှောင်ဖွဲ့ဘိသကဲ့သို့၊ ခွေးတို့နှင့်တကွ တောဒ္ဒသားတို့ကိုလိုက်ဘိသကဲ့သို့၊ မာတုဂါမတို့ကိုယူ၍ သေသောက်တဲ၌ ထိုင်၍သေသောက်ကြဘိသကဲ့သို့၊ က-စေ တီးစေဘိသကဲ့သို့၊ ရဟန်းမိန်းမတို့ ညဉ့်နေရာအရပ်၌ ဝိသဘာဂဖြစ်သော ယောကျ်ားတို့နှင့်အတူ ထိုင်နေဘိသကဲ့သို့ ပြ၏။ တောသို့လာကုန်သော ကျောင်းသို့လာကုန်သော သူတို့သည် နှလုံးမသာမယာအပ်သော အာရုံကိုမြင်ကုန်၍ တပါးသော သူတို့ကို ပြောကုန်၏။

ရဟန်းတို့သည် ဤသို့သဘောရှိကုန်သော မလျောက်ပတ်သောအမှုတို့ကို ပြုကုန်၏။ ထိုရဟန်းတို့အား လျှို့၍ အဘယ်ကုသိုလ် ဖြစ်ကုန်အံ့နည်းဟူ၍ ဆိုကြကုန်၏။ ဤသို့ လူတို့သည် မြင်မြင်တိုင်းသော အရပ်တို့၌ ရဟန်းတို့အား ဆဲရေးရေရွတ်ကုန်၏။ များစွာသော မကောင်းမှုကို ပွားစေကုန်၏။ ထိုသူတို့သည် သေသောကာလ များသောအားဖြင့် ငရဲ၌သာ ဖြစ်လေကုန်၏။ ထိုအခါမြတ်စွာဘုရားသည် ရဟန်းတို့ကို ခေါ်တော်မူ၍ ဒုသီမည်သော မာရ်နတ်သည် ပုဏ္ဏားသူကြွယ်တို့ကို လှည့်ပတ်လေ၏။ လူတို့သည် ဆဲရေးရေရွတ်ကုန်သည်ရှိသော် သင်ချစ်သားတို့သည် အကယ်၍ စိတ်ဖောက်ပြန်ခြင်းကို ဖြစ်စေကြကုန်အံ့။ မာရ်နတ်သည် အခွင့်ကို ရရာ၏။ ချစ်သားတို့ ပြဟ္မဝိဟာရကိုသာ ပွားစေ၍ နေကြကုန်လော့ဟု ဆုံးမတော်မူ၏။ ရဟန်းတို့လည်း ဆုံးမတော်မူတိုင်း ကျင့်၍ ရဟန္တာဖြစ်ကြကုန်၏။

ထိုအခါ မာရ်နတ်သည် ကြံပြန်သည်ကား ထိုရဟန်းတို့ စုတေကုန်သည်ရှိသော် ပဋိသန္ဓေနေခြင်းကို တဖန်မမြင် ပရိနိဗ္ဗာန်ယူခြင်းကိုသာ ထင်၏။ လူတို့ကို လှည့်ပတ်၍ မြတ်နိုးခြင်း ပူဇော်ခြင်းကို ပြုစေအံ့။ ရဟန်းတို့၏ စိတ်သည် တုန်လှုပ်ခြောက်ချားရာ၏ဟု ကြံပြီးလျှင် လူတို့၏ မြင်ရာအရပ်၌ ရဟန်းတို့သည် ကောင်းကင်၌ သွားဘိသကဲ့သို့၊ ထက်ဝယ်ပလ္လင်ဖြင့် နေဘိသကဲ့သို့ ကောင်းကင်၌ သက်နှံးချုပ်ဘိသကဲ့သို့ စာပေသင်ကြားကုန်ဘိသကဲ့သို့ ကောင်းကင်၌ သာသက်နှံးကို ဖြန့်၍ ကိုယ်ကို အင်္ဂေ့ယျဘိသကဲ့သို့၊ ကြီးသောရဟန်းသည် ကောင်းကင်ဖြင့် သွားဘိသကဲ့သို့၊ သာမဏေငယ်တို့သည် ကောင်းကင်၌ရပ်လျက် ပန်းတို့ကို ဆွတ်ယူဘိသကဲ့သို့ ပြ၍ပြ၏။

တောသို့သွားကုန်သော ကျောင်းသို့လာကုန်သော သူတို့သည်ရဟန်းတို့ ပဋိပတ်ကိုမြင်၍ ပြန်လတ်ပြီးသော် တပါးကုန်သောလူတို့အား ပြောကုန်၏။ ရဟန်းတို့ကိုမဆိုလင့်ဦး၊ သာမဏေတို့မျှသော်လည်း ကြီးသော တန်ခိုးရှိကုန်၏။ ကြီးသော အာနုဘော်ရှိကုန်၏။ ဤရဟန်း

သာမဏေတို့အား ပေးအပ်သော အလှူသည် များသောအကျိုးရှိရာ၏။ ထိုရဟန်းသာမဏေတို့အား လှူဒါန်းကုန်လော့ ဤသို့စသည်ဖြင့် ဆိုကုန်၏။ လူတို့သည်လည်း ရဟန်းတို့အား အရိုအသေပြုကုန်၍ သေသောကာလ များသောအားဖြင့် နတ်ပြည်၌သာလျှင် ဖြစ်ကြကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကိုခေါ်တော်မူ၍ ချစ်သားရဟန်းတို့ - ဒုသီမည်သော မာရ်နတ်သည် တိုက်တွန်းအပ်သည်ဖြစ်၍ လူတို့သည် လှူဒါန်းကုန်၏။ ကိုယ်၌အသုဘသညာကို ရှုလေ့ရှိကုန်သည် ဖြစ်စေကုန်လော့။ အာဟာရ၌ ပဋိကူလသညာ ရှိစေကုန်လော့။ အလုံးစုံသော လောက၌ အနဘိရတိသညာ ရှိစေကုန်လော့။ ခပ်သိမ်းသော သင်္ခါရတရားတို့၌ အနိစ္စသညာကို ရှုလေ့ရှိကုန်လော့ဟု ဆုံးမတော်မူ၏။ ရဟန်းတို့လည်း ဆုံးမတော်မူတိုင်း ကျင့်၍ ရဟန္တာ ဖြစ်ကြကုန်၏။

မာရ်နတ်သည် လာဘ်၌တပ်မက်မောခြင်းကို ဖြစ်စိမ့်သောငှာ လုံ့လပြုငြားသော်လည်း အခွင့်ကိုမရခဲ့ရကား ကြီးစွာသောလုံ့လကိုပြုခြင်းငှာ အလိုရှိသည်ဖြစ် တယောက်သောသူငယ်၏ ကိုယ်၌ ဝင်ပြီးလျှင် ကျောက်ကိုပစ်စေအံ့ဟု ကြံ၏။ ကကုသန် မြတ်စွာဘုရားသည်လည်း လက်ယာရံ အရှင်ဝိဓုရထေရ်နှင့် ဆွမ်းခံဝင်တော်မူ၏။ မာရ်နတ်သည်လည်း တယောက်သောသူငယ်သို့ဝင်၍ ကျောက်ကိုကိုင်ပြီးလျှင် အရှင်ဝိဓုရ၏ ဦးခေါင်းကိုပစ်စေ၏။ အရေသည် ပြတ်၍ နှစ်ဖြာကွဲလေ၏။ ဦးခေါင်းတော်ခွံသည်ကား မကွဲမူ၍ အရိုးတော်ကို ထိလေ၏။ အရှင်ဝိဓုရထေရ်သည် ဦးခေါင်းတော်ရေ ကွဲလျက် ထီးထီးယိုသော သွေးရှိသည်ဖြစ်၍ မြတ်စွာဘုရားနောက်က အစဉ်အတိုင်း လိုက်တော်မူ၏။

ကကုသန် မြတ်စွာဘုရားသည်လည်း ဆင်တို့၏ကြည့်ခြင်းဖြင့် ကြည့်တော်မူ၏။ ဆင်တို့၏ ကြည့်ခြင်းဟူသည်ကား ဆင်ပြောင်တို့သည် ထိုမှဤမှ ကြည့်လိုလတ်သော် လည်ကိုမလှည့်မူ၍ အလုံးစုံသောကိုယ်ကိုသာလျှင် ပြန်နစ်၍ကြည့်၏။ ထို့အတူ အလုံးစုံသောကိုယ်ကိုသာ လှည့်၍ ကြည့်တော်မူ၏။

အဘယ့်ကြောင့်နည်းဟူမူကား လူတို့ကို အရိုးတို့သည် အစွန်းတခုနှင့် အစွန်းတခုကို ထိ၍ တည်ကုန်၏။ ပစ္စေကဗုဒ္ဓါတို့၏ အရိုးတို့သည် ဆင်ချွန်းတောင်း ခုံတ်သကဲ့သို့ တခုနှင့်တခု အစွန်းချင်းခိုတ်၍ တည်ကုန်၏။ ဘုရားသခင်တို့၏ အရိုးသည်ကား သံခြေချင်းအကွင်းကဲ့သို့ တခုနှင့်တခု အကွင်းချင်း ခိုတ်၍ တည်ကုန်၏။

ထို့ကြောင့် နောက်သို့ လှည့်၍ကြည့်အပ်သောကာလလည်တော်ကိုပြန်လှည့်၍ ကြည့်ခြင်းငှာ မတတ်ကောင်း။ ဥပမာကား ဆင်ပြောင် သည်နောက်အဖို့သို့လှည့်၍ ကြည့်လိုသောကာလအလုံးစုံသော ကိုယ်ကိုသာလျှင် လှည့်၍ ကြည့်ရ၏။ ထို့အတူ ကကုသန် မြတ်စွာဘုရားသည် ဇမ္ဗူရဇ်ရွှေဆင်းတုကဲ့သို့ အလုံးစုံသော ကိုယ်ကိုသာလျှင် ပြန်လှည့်၍ ကြည့်တော်မူ၏။ ရပ်တော်မူလျက် ဤဒုသီမည်သော မာရ်နတ်ယုတ်သည် မကောင်းမှုကို ပြုသည်ရှိသော် ပမာဏကိုမသိလေ။ ပမာဏကိုလွန်၍ ပြုဘိသည်ဟု မိန့်တော်မူ၏။ မြတ်စွာဘုရားသည် ကြည့်တော်မူသည်နှင့် တပြိုင်နက်လျှင် ဒုသီမည်သော မာရ်နတ်သည် ထိုအရပ်မှခွာ၍ ဝသဝတ္တီဘုံသို့ ရောက်လျှင်ပင် စုတေ၍ ငရဲကြီး၌ ဖြစ်လေ၏။

ထိုငရဲကြီးအမည်တို့သည် ဆဖဿာယတနိက ဟူသော အမည်၊ သက်သမာဟတ ဟူသော အမည်၊ ပစ္စတ္တဝေဒနီယဟူသောအမည် ဟူ၍ သုံးပါးအပြားရှိကုန်၏။

ထိုတွင် **ဆဖဿာယတနိက** ဟူသည်ကား ခြောက်ပါးသော **ဖဿာယတန**တို့တွင် အသီးသီး ခံရတွေ့ရသော ဝေဒနာခြောက်ပါး၏ အကြောင်းဖြစ်သောကြောင့် ဆဖဿာယတနိကမည်၏။

သက်သမာဟတ ဟူသည်ကား သံတံစို့ဖြင့် ထိုးသီရာဖြစ်သောကြောင့်၊ **တနည်းကား** သံချွန်းတောင်းဖြင့် ရိုက်ပုတ်ရာ ဖြစ်သောကြောင့် သက်သမာဟတမည်၏။

ပစ္စတ္တဝေဒနိယဟူသည်ကား တကွနက်လျှင် ဝေဒနာရောက်ရာ ဖြစ်သောကြောင့် ပစ္စတ္တ ဝေဒနိယမည်၏။

ထိုဝရဲဋ္ဌ ခံရသောသူတို့ကား သုံးဂါဝုတ်သော ကိုယ်သည် ရှိမြဲဖြစ်၏။ ဒုသီမည်သော မာရ်နတ်၏ ကိုယ်သည်လည်း ထို့အတူလည်းကောင်းဖြစ်၏။ ထိုအခါ မာရ်နတ်ကို ငရဲထိန်းတို့သည် ထန်းပင်လုံးခန်း ပမာဏရှိသော ပြောင်ပြောင်တောက်သော သံတံစို့ဖြင့် ထိုးကုန်၏။ သံချွန်းတောင်းဖြင့် ရိုက်ပုတ်ကုန်၏။ သံတံစို့ဖြင့် ထိုးလေ၏။ သံချွန်းတောင်းဖြင့် ရိုက်ပုတ်လေ၏ ဟူသည်ကား ငါးကျိပ်သော ငရဲထိန်းတို့သည် ရင်လယ်မှသည် ခြေသို့ ရှေးရှုပေါက်သွားလေအောင် ရိုက်နှက်ကုန်၏။ ငါးကျိပ်သော ငရဲထိန်းတို့သည် ရင်လယ်မှသည် ဦးခေါင်းသို့ ရှေးရှုပေါက်အောင် ရိုက်နှက်လေကုန်၏။

ထိုသို့ ရိုက်နှက်ကြသော သံတံစို့တို့၏ အစွန်းနှစ်ဘက်တို့သည် အနှစ်ငါးရာတိုင်သော ကာလ ခြေဖျားခေါင်းဖျားသို့ ရောက်လေကုန်၏။ ရောက်ပြီးမှ တဖန်တုံ့ပြန်၍ လာခဲ့ပြန်သော် အနှစ်ငါးရာရှိသောကာလ ရင်လယ်သို့ ရောက်ပြန်လာကုန်၏။ တနည်းကား တရာသော ငရဲထိန်းတို့လည်း သံချွန်းတောင်းဖြင့် ရင်လယ်မှစ၍ ရိုက်ကြကုန်သည်ရှိသော် ငါးကျိပ်သော ငရဲထိန်းတို့သည် ခြေဖျားတိုင်အောင် ရိုက်နှက်၍ သွားလေကုန်၏။ ငါးကျိပ်သော ငရဲထိန်းတို့သည် ဦးခေါင်းသို့တိုင်အောင် ရှေးရှုရိုက်နှက်၍ သွားလေကုန်၏။ အနှစ်ငါးရာတိုင်လျှင် ခြေဖျားခေါင်းဖျားသို့ ရောက်လေကုန်၏။ ခြေဖျားခေါင်းဖျားမှစ၍ ရိုက်ခဲ့သည်ရှိသော် အနှစ်ငါးရာတိုင်လျှင် ရင်လယ်သို့ ရောက်၏။

လူတို့ဦးခေါင်းသည်ကား လုံး၏။ လုံးသောကြောင့် သံတံကျင်ဖြင့် ရိုက်သည်ရှိသော်လိမ့်၍ ချော်၍ သွားဖွယ်ရှိ၏။ ငါးတို့ဦးခေါင်းသည်ကား ရှည်၏။ ကြီးမား၏၊ ရိုက်သည်ရှိသော် နာနာကျင်ကျင် ရိုက်မိ၏။ မလွဲမချော်အောင်ရိုက်ရာအရပ်ကိုရ၏။ ငရဲထိန်းတို့ ရိုက်လွယ်၏။ ထို့ကြောင့် ဤသို့ သဘောရှိသော ငါး၏ ဦးခေါင်းနှင့် တူသော ရှည်သော ကြီးမားသော ဦးခေါင်းရှိသည်ဖြစ်၍ ခံရလေ၏။ ဤကဲ့သို့ လွန်စွာသော ဆင်းရဲခြင်းဖြင့် အနှစ်အသိန်းမက များစွာသော ကာလပတ်လုံး ငရဲ၌ ကျက်ရ၏။

ဟယ် . . . မာရ်နတ်ယုတ် သင်သည်လည်း ဘုရားသခင် တပည့်သားဖြစ်သော ရဟန်းတို့ကို ညှဉ်းဆဲသဖြင့် မည်းနက်သော အကျိုးရှိသော ဆင်းရဲကို ခံရရာ၏ဟု မာရ်နတ်ကို ခြိမ်းချောက်တော်မူ၏။ မာရ်နတ်သည်လည်း နှလုံးမသာသည်ဖြစ်၍ ထိုအရပ်၌ပင် ကွယ်လေ၏။ ဤသို့ အရှင်မောဂ္ဂလ္လာန်အလောင်း ဒုသီမည်သော မာရ်နတ်ဖြစ်သော ကာလ ကကုသန်မြတ်စွာဘုရားတပည့် လက်ယာရံ အရှင်ဝိဓုရထေရ်ကို ခဲကျောက်ဖြင့် ပစ်၍ သေစေသော် ကံသည်

အာနန္တရိယကံပင် ဖြစ်သည်၊ ကကုသန်မြတ်စွာဘုရားကို ထောက်၍ ဤကမ္ဘာတွင်ပင်ဖြစ်သည်ဟု သိသင့်သည်၊ ယခုငရဲမှ လွတ်၍ ရဟန္တာဖြစ်သည်ကို ထောက်၍လည်း အရဟန္တယာတကံသည် တကမ္ဘာပတ်လုံး မခံရသည်ကိုလည်း သိသင့်သည်။

၁၂၄-ပဏ္ဍာ။ ။နိယတမိစ္ဆာဒိဋ္ဌိကံကို ပြုသော သူတို့သည်ကား အမြဲပင် ငရဲမှ မလွတ်နိုင်ပြီ၊ အကျွတ်တရားကိုလည်း မရနိုင်ပြီဟု ဆိုကြပါသည်။ ငရဲမှ မလွတ်နိုင်ရှိမည်။ အကျွတ်တရားကို မရနိုင်ဘဲ အစဉ်ပင် ရှိမည်ကိုလည်း သိလိုပါသည်။

၁၂၄-ဝိသဇ္ဇနာ။ ။နိယတမိစ္ဆာဒိဋ္ဌိကံကို ပြုမိသော သူတို့သည် အမြဲပင် ငရဲမှ မလွတ်နိုင်ပြီ။ အကျွတ်တရားကိုလည်း မရနိုင်ပြီဟု ဆိုကြပါသည်။ ငရဲမှ မလွတ်နိုင်ရှိမည်။ အကျွတ်တရားကို မရဘဲ အစဉ်ပင်ရှိမည်၊ အကျွတ်တရားကို ရသင့်ဦးမည်မျှားကို သိလိုပါသည်ဟူရာ၌ –

> နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မံပိ သမနုပဿာမိ၊ ယေန သမန္နာဂတာ သတ္တာ ကာယဿ ဘေဒါ ပရမ္မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇန္တိ၊ ယထယိဒံ ဘိက္ခဝေ မိစ္ဆာဒိဋ္ဌိ။ မိစ္ဆာဒိဋ္ဌိယာ ဘိက္ခဝေ သမန္နာဂတာ သတ္တာ ကာယဿ ဘေဒါ ပရမ္မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇန္တိ။

ဟု အဂ်ိုတ္တရ ကေနိပါတ် ပါဠိတော်တွင် လာသည်၊ အဓိပ္ပာယ်ကား မိစ္ဆာဒိဋ္ဌိ အမြင်အယူ ရှိသော သူတို့သည် သေသည်၏ အခြားမဲ့၌ ငရဲဖြစ်၏ ဟူလိုသည်။ တချက်တည်း –

> နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မံပိ သမနုပဿာမိ၊ ယံ ဧဝံ မဟာသာဝဇ္ဇံ ယထယိဒံ ဘိက္ခဝေ မိစ္ဆာဒိဋ္ဌိ။ မိစ္ဆာဒိဋ္ဌိပရမာနိ ဘိက္ခဝေ ဝဇ္ဇာနိ။

ဟူ၍ ဟောတော်မူသည်။ မိစ္ဆာဒိဋ္ဌိနှင့်တူသော အပြစ်ကြီးသော တရားမည်သည် မရှိဟူလိုသည်။ အဋ္ဌကထာ၌ကား ရှေ့ပါဠိတော် ဖွင့်ရာ (အံ-ဋ္ဌ၊၁။၃၆၉)၌–

> ဧကစ္စာ မိစ္ဆာဒိဋ္ဌိ သဂ္ဂါဝရဏာ စေဝ ဟောတိ မဂ္ဂါဝရဏာ စ၊ ဧကစ္စာ မဂ္ဂါဝရဏာဝ နု သဂ္ဂါဝရဏာ၊ ဧကစ္စာ နေဝ မဂ္ဂါဝရဏာ နု သဂ္ဂါဝရဏာ၊ တတ္ထ အဟေတုကဒိဋ္ဌိ အကိရိယဒိဋ္ဌိ နိတ္ထိကဒိဋ္ဌိတိ အယံ တိဝိဓာ သဂ္ဂါဝရဏာစေဝ ဟောတိ၊ မဂ္ဂါဝရဏာ စ၊ ဒသဝတ္ထုကာ အန္တဂ္ဂါဟိကာ မိစ္ဆာဒိဋ္ဌိ မဂ္ဂါဝရဏာဝ ဟောတိ နု သဂ္ဂါဝရဏာ၊ ဝိသတိဝတ္ထုကာ သက္ကာယဒိဋ္ဌိ နေဝ သဂ္ဂါဝရဏာ နု မဂ္ဂါဝရဏာ။ ။ဟုလာသည်။

အဓိပ္ပာယ်ကား။ ။အဟေတုကဒိဋ္ဌိ၊ အကိရိယဒိဋ္ဌိ၊ နတ္ထိကဒိဋ္ဌိ၊ ဤသုံးပါးသည် သုဂတိကိုလည်း ပိတ်၏။ မဂ်ဖိုလ်ကိုလည်း ပိတ်၏။ ဆယ်ပါးသော အန္တဂ္ဂါဟိက ဒိဋ္ဌိသည် မဂ်ဖိုလ်ကိုသာ ပိတ်၏။ သုဂတိကို မပိတ်၊ နှစ်ဆယ်သော သက္ကာယဒိဋ္ဌိသည် မဂ်ဖိုလ်ကိုလည်း မပိတ်၊ သုဂတိကိုလည်း မပိတ်။ နောက်ပါဠိတော်ကို ဖွင့်သော အဋ္ဌကထာ (အံ-ဋ္ဌ၊၁။၃၇၁)၌ကား –

> မိစ္ဆာဒိဋ္ဌိ ပရမာနီတိ မိစ္ဆာဒိဋ္ဌိပရမာ ဧတေသန္တိ မိစ္ဆာဒိဋ္ဌိ ပရမာနိ၊ ပဉ္စ ဟိ အာနန္တရိယကမ္မာနိ မဟာသာဝဇ္ဇာနိ နာမ၊ တေဟိပိ မိစ္ဆာဒိဋ္ဌိယေဝ မဟာသာဝဇ္ဇတရာတိ အဓိပ္ပာယော၊ ကသ္မာ၊ တေသဉ်ိပရိစ္ဆေဒေါ အတ္ထိ၊ စတ္တာရိ ဟိ အနန္တရိယကမ္မာနိ နိရယေ

နိဗ္ဗတ္တာပေန္တီတိ ဝုတ္တာနိ၊ သဲသဘေဒကမွိ နိရယေ ကပ္ပဋ္ဌိတိကမေဝ ဟောတိ ဧဝ မေတေသံ ပရိစ္ဆေဒေါ အတ္ထိ၊ ကောဋိ ပညာယတိ၊ နိယတမိစ္ဆာဒိဋ္ဌိယာ ပန ပရိစ္ဆေဒေါ နတ္ထိ။ ဟူ၍ ဖွင့်သည်

အဓိပ္ပာယ်ကား။ ။မိစ္ဆာဒိဋ္ဌိပရမာဟူ၍ ဟောတော်မူသည်ကား ငါးပါးသော အာနန္တရိယကံတို့သည် ကြီးစွာသောအပြစ် ရှိကုန်၏။ ထိုကံတို့ထက်လည်း မိစ္ဆာဒိဋ္ဌိသာလျှင် အလွန်ကြီးသောအပြစ်ရှိ၏။ ထိုအာနန္တရိယကံငါးပါးတို့၏ အပြစ်သည် အပိုင်းအခြားရှိ၏။ လေးပါးသော အာနန္တရိယကံတို့သည် ငရဲ၌ဖြစ်ခြင်းကိုသာ ပေးကုန်၏။ သဲဃဘေဒကံသည်လည်း တကမ္ဘာပတ်လုံးတည်သောကံမည်၏။ ဤသို့လျှင် အာနန္တရိယကံငါးပါးတို့၏ အပိုင်းအခြားသည် ရှိ၏။ နိယတမိစ္ဆာဒိဋ္ဌိ၏ အပိုင်းအခြားသည်ကား မရှိဟူလိုသည်။ နိယတမိစ္ဆာဒိဋ္ဌိ၏ အပိုင်းအခြား မရှိကြောင်းကို ပြလို၍ —

သာ တိ ဝဋ္ဋသ မူလံ၊ တာယ သမန္နာဂတသ ဘဝတော ဝုဋ္ဌာနံ နတ္ထိ၊ ယေ တသ သောတဗ္ဗံ မညန္တိ။ တေပိ ဝိပ္ပဋိသာရေန္တိ။ တာယ စ သမန္နာဂတသ နေဝ သဂ္ဂေါ အတ္ထိ နာ မဂ္ဂေါ၊ ကပ္ပဝိနာသေ မဟာဇနေ ဗြဟ္မလောကေ နိဗ္ဗတ္တေပိ နိယတမိစ္ဆာဒိဋ္ဌိကော တတ္ထ အနိဗ္ဗတ္တေတွာ ပိဋ္ဌစက္ကဝါဠေ နိဗ္ဗတ္တတိ။ ကိမ္မန ပိဋ္ဌစက္ကဝါဠံ နစ္စာယတီတိ စ္စာယတိ။ တသ္မိံ စ္စာယမာနေပိ ဧသ အာကာသေ ဧကသ္မိံ ဩကာသေ ပစ္စတိယေဝါတိ။ ဟူ၍ ဆိုပြန်သည်။

အဓိပ္ပာယ်ကား။ ။ ထိုမိစ္ဆာဒိဋ္ဌိကံသည် ဝဋ်တရား၏ အမြစ်တည်း၊ ထိုဒိဋ္ဌိအမြင် အယူရှိသောသူသည် ဘဝမှ လွတ်ကင်းခြင်းမရှိ၊ အကြင်သူတို့သည် ထိုဒိဋ္ဌိအမြင် အယူရှိသောသူ၏ စကားကို နာယူအပ်၏ဟူ၍ အောက်မေ့ကုန်၏။ ထိုသူတို့သည် နှလုံးမသာခြင်းဖြစ်၏။ ထိုသို့အောက်မေ့ခြင်း နှလုံးမသာခြင်းနှင့် ပြည့်စုံသောသူအား သုဂတိကိုလည်းမရ၊ မဂ်ဖိုလ်ကိုလည်း မရ၊ ကမ္မာဟျက်သောအခါ၌ လူတို့သည် ဗြဟ္မာ့ပြည်၌ ဖြစ်ကုန်သော် နိယတမိစ္ဆာဒိဋ္ဌိအမြင် အယူရှိသောသူသည် ထိုဗြဟ္မာ့ပြည်၌လည်း မဖြစ်မူ၍ တပါးသောစကြဝဠာ၌ ဖြစ်လေ၏။ တပါးသော စကြဝဠာ လောင်ပြန်သည်ရှိသော်ကား ကောင်းကင်ပြင်တွင် တခုသောအရပ်၌ ခံရပြန်လေ၏ဟူလိုသည်။

အဋ္ဌသာလိနီ(၃၉၂)တွင်လာသည်ကား —

ယာ စ မိစ္ဆာဒိဋ္ဌိနိယတာတိ အဟေတုကဝါဒ အကိရိယဝါဒ နိတ္ထိကဝါဒေသု အညတရာ။ တံ ဟိ ဂဟေတွာ ဌိတံ ပဂ္ဂိလံ ဗုဒ္ဓသတမွိ ဗုဒ္ဓသဟဿမွိ ဗောဓေတုံ နံ သက္ကောတိ။

ဟူ၍လာသည်။ နိယတမိစ္ဆာဒိဋ္ဌိနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို ဘုရားအရာ ဘုရားအထောင်ပင် ချွတ်သော်လည်း မကျွတ်နိုင်ရာဟူလိုသည်။

ဤစကားစုတွင် **အဟေတုကဒိဋ္ဌိ** ဟူသည်ကား မကွလိဂေါသာလသည် သတ္တဝါတို့သည် ကံဟူသော အကြောင်းမရှိ အကျိုးလည်း မရှိပဲပင် သံသရာမှ စင်ကြယ်၏ဟူ သကဲ့သို့ အကြောင်းအကျိုး နှစ်ပါးစုံကိုမြင်၍ မရှိဟု ယူသော အယူသည် အဟေတုဒိဋ္ဌိမည်၏။

အကိရိယဒိဋ္ဌိ ဟူသည်ကား ပူရဏကဿပသည် ကောင်းမှုကံ မကောင်းမှုကံ မရှိဟု ယူသကဲ့သို့ ကံကိုမြင်၍ မရှိဟု ယူသော အယူသည် အကိရိယဒိဋ္ဌိမည်၏။

နိတ္ထိကဒိဋ္ဌိ ဟူသည်ကား အဇိတသည် ကုသိုလ် အကုသိုလ်တို့၏ အကျိုးသည် မရှိဟု ယူသကဲ့သို့ အကျိုးမရှိဟု ယူသောဒိဋ္ဌိသည် နိတ္ထိကဒိဋ္ဌိမည်၏။

ပကုဒကား ဓာတ်လေးပါး၊ သုခ၊ ဒုက္ခ၊ ဇီဝ၊ ဤခုနစ်ပါးကား အမြဲတည်၏ဟု သဿတ-ဒိဋ္ဌိအယူရှိ၏။ နိဂဏ္ဌကား မြင်လေသမျှဝတ္ထုသည် အသက်နှင့်မကင်း၊ ရေမှသော်လည်းအသက်ရှိ၏။ ရေနွေးကိုမှသာ သုံးဆောင်အပ်၏ဟု အလွန်အကဲ ပုံ့လွင့်သောအယူရှိ၍ အမရာဝိက္ခေပ-ဒိဋ္ဌိ ဖြစ်လေ၏။ သဉ္စယကား တမလွန်ဘဝ ရှိ၏ဟူ၍လည်း မယူ၊ မရှိဟူ၍လည်းမယူ၊ အတည် မကျပြောဆိုသောကြောင့် အမရာဝိက္ခေပပင် ဖြစ်လေ၏။ ဤခြောက်ယောက်တို့တွင် ရှေးဦး သုံးယောက်တို့အယူသည် မိစ္ဆာအယူတည်း၊ ကမ္မပထသို့ စင်စစ်ရောက်သော ဒိဋ္ဌိဝါဒဖြစ်၏။

ဤအရာ၌ နိယတမိစ္ဆာဒိဋ္ဌိပုဂ္ဂိုလ်ကို နောက်နောင်ရှည်လျားသော ကာလအကျွတ်တရားကို ရကောင်းသေး၏ ဟူ၍လည်းကောင်း၊ အကျွတ်တရားမရနိုင်ပြီ ဟူ၍လည်းကောင်း အယူဝါဒ နှစ်ပါး ရှိသည်တွင် —

> နိယတမိစ္ဆာဒိဋ္ဌိ ဂဟေတွာ ဌိတပုဂ္ဂလံ ဗုဒ္ဓသတမ္ပိ ဗုဒ္ဓသဟဿမ္ပိ ဗောဓေတုံ နသက္ကောတိ။

ဟူသောပါဠိကြောင့်လည်းကောင်း၊

> တာယ သမန္နာဂတသ ဘဝတော ဥဋ္ဌာနံ နိတ္ထိ၊

ဟူသောပါဠိကြောင့်လည်းကောင်း၊

နိယတမိစ္ဆာဒိဋ္ဌိပုဂ္ဂိုလ်သည် မကျွတ်နိုင်ပြီဟု ဆိုကြ၏။ ထိုသို့မဆိုလေအပ်၊ အဘယ်ကြောင့်နည်း ဟူအံ့၊ ထိုပါဠိတို့၌ နသဒ္ဒါကို အချင်းခပ်သိမ်းမြစ်သော ပသဇ္ဇဝဋ္ဌိသေဓဟုမမှတ်အပ်၊ ရှေ့ပုဒ်၌ တာယ သမန္နာဂတသ ဟူသောပုဒ်ကိုလည်းကောင်း၊ တံ ဂဟေတွာ ဌိတံ ဟူသောပုဒ်ကိုလည်းကောင်း နှလုံးသွင်းသဖြင့် အကြင်မျှလောက်သော ကာလပတ်လုံး နိယတမိစ္ဆာဒိဋ္ဌိအယူကို မစွန့်၊ ထိုမျှလောက်သော ကာလပတ်လုံးလျှင် မကျွတ်နိုင်ရာ။ စွန့်သော် ကျွတ်နိုင်ရာ၏ဟု တစိတ်ကြွင်းမြစ်သော ပရိယုဒါသပဋိသေဓဟု၍ မှတ်အပ်၏။ မှတ်အပ်ကြောင်းကား မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ၊ အပဏ္ဏကသုတ်အဖွင့်(၈၅)တွင် —

> တီသု ဒိဋ္ဌီသု နတ္ထိကဒိဋ္ဌိ ဝိပါကံ ပဋိဗာဟတိ၊ အကိရိယဒိဋ္ဌိ ကမ္မံ ပဋိဗာဟတိ၊ အဟေတုကဒိဋ္ဌိ ဥဘယမ္ပိ ပဋိဗာဟတိ၊ တတ္ထ ကမ္မံ ပဋိဗာဟန္တေနာပိ ဝိပါကော ပဋိဗာဟိတော ဟောတိ၊ ဝိပါကံ ပဋိဗာဟန္တေနာပိ ကမ္မံ ပဋိဗာဟိတံ၊ ဣတိ သဗ္ဗေ တေ အတ္ထတော ဥဘယပွဋိဗာဟကာ နိတ္ထိကဝါဒါစေဝ အကိရိယ ဝါဒါစ ဟောန္တိ၊ ယေ ပန တေသံ လဒ္ဓိ ဂဟေတွာ ရတ္တိဋ္ဌာနေ ဒိဝါဋ္ဌာနေ နိသိန္နာ သဏ္ဌာယန္တိ ဝိမံသန္တိ၊ တေသံ "နိတ္ထိ ဒိန္နံ နတ္ထိ ယိဋ္ဌံ၊ ကရောတော နော ကရိယတိ ပါပံ၊ နတ္ထိ ဟေတု နတ္ထိ ပစ္စယော" တိ ဟသ္မိံ အာရမ္မဏေ မိစ္ဆသတိ သန္ဋိဋ္ဌတိ၊ စိတ္တံ ဧကဂ္ဂံ ဟောတိ၊ ဇဝနာနိ ဇဝန္တိ၊ ပထမဇဝနေ သတေကိစ္ဆာ ဟောန္တိ၊ တထာ ဒုတိယာဒီသု။ သတ္တမေ ဗုဒ္ဓါနမ္ပိ အတေကိစ္ဆာအနိဝတ္တိနော အရိဋ္ဌကဏ္ဏကသဒိသာ။

တတ္ထ ကောစိ ဧကံ ဒဿနံ ဩက္ကမတိ၊ ကောစိ ဒွေ၊ ကောစိ တီဏိပိ၊ ဧကသ္မိံ ဩက္ကန္တေပိ ဒ္ဝီသု တီသု ဩက္ကန္တေသုပိ နိယတမိစ္ဆာဒိဋ္ဌိကောဝ ဟောတိ၊ ပတ္တော သဂ္ဂမဂ္ဂါဝရဏစ္ဆေဝ မောက္ခမဂ္ဂါဝရဏာစ္ဆ၊ အဘာဗ္ဗော တဿ အတ္ထာဘာဝဿ အနန္တရံ သဂ္ဂမ္ပိ ဂန္တုံ၊ ပဂေဝ မောက္ခံ၊ ဝဋ္ဋခါဏုံ နာမေသ သတ္တော ပထဝိဂေါပကော။ ကိံ ပနေသ ဧကသ္မိံ ယေဝ အတ္တဘာဝေ နိယတော ဟောတိ၊ ဥဒါဟု အညသ္မိမ္ပိ ဧကသ္မိံ ညေဝ နိယတောတိ၊ အာသေဝနဝသေန ပန ဘဝန္တရေပိ တံ တံ ဒိဋ္ဌိံ ရောစေတိယေဝ၊ ဧဝရူပဿ ဟိ ယေဘုယ္ယေန ဘဝတော ဝုဋ္ဌာနံ နာမ နတ္ထိ။

တီသုဒိဋ္ဌီသု၊ သုံးပါးသောဒိဋ္ဌိတို့တွင်။ နိတ္ထိကဒိဋ္ဌိ၊ နိတ္ထိကဒိဋ္ဌိသည်။ ဝိပါက်၊ အကျိုးကို။ ပဋိဗာဟတိ၊ မြစ်၏။ အကိရိယဒိဋ္ဌိ၊ အကိရိယဒိဋ္ဌိသည်။ ကမ္မံ၊ ကံကို။ ပဋိဗာဟတိ၊ မြစ်၏။ အဟေတုကဒိဋ္ဌိ၊ အဟေတုကဒိဋ္ဌိသည်။ ဥဘယမ္ပိ ကံ-ကံ၏အကျိုးနှစ်ပါးကိုလည်း။ ပဋိဗာဟတိ၊ မြစ်၏၊ တတ္ထ၊ ထိုသုံးပါးတို့တွင်။ ကမ္မံ၊ ကံကို။ ပဋိဗာဟန္တေနာပိ၊ မြစ်သဖြင့်လည်း။ ဝိပါကော၊ အကျိုးကို။ ပဋိဗာဟိတော၊ မြစ်သည်။ ဟောတိ၊ ဖြစ်၏။ ဝိပါကံ အကျိုးကို။ ပဋိဗာဟန္တောနာပိ၊ မြစ်သဖြင့်လည်း။ ကမ္မံ၊ ကံကို။ ပဋိဗာဟိတံ၊ မြစ်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ ဤသို့။ ဧတေ သဗ္ဗေ၊ ထိုသုံးပါးသောဒိဋ္ဌိတို့သည်။ အတ္ထတော၊ အနက်အားဖြင့်။ ဥဘယပ္ပဋိဗာဟကာ၊ ကံ ဝိပါက်နှစ်ပါးစုံကို မြစ်ကုန်သော။ နတ္ထိကဝါဒါဒိစေဝ၊ နတ္ထိကဝါဒတို့သည်လည်းကောင်း အဟေတုကဝါဒါဒိစေဝ၊ အဟေတုကဝါဒတို့သည် လည်းကောင်း။ အကိရိယဝါဒစ၊ အကိရိယဝါဒတို့သည်လည်းကောင်း။ ဟောန္တိ၊ ဖြစ်ကုန်၏။

အဓိပ္ပာယ်ကား။ သုံးပါးသောဒိဋ္ဌိတို့တွင် နတ္ထိကဒိဋ္ဌိသည် အကျိုးမရှိဟု ယူ၏။ အကိရိယဒိဋ္ဌိသည် ကံဟူသော အကြောင်းမရှိဟုယူ၏။ အဟေတုကဒိဋ္ဌိသည် အကြောင်း အကျိုးနှစ်ပါးမရှိဟုယူ၏။ ထိုသုံးပါးတို့တွင် ကံကိုမြစ်သဖြင့်လည်း အကျိုးကိုမြစ်သည်ပင်၊ အကျိုးကိုမြစ်သဖြင့်လည်း ကံကိုမြစ်သည်ပင်။ ဤသုံးပါးသောဒိဋ္ဌိတို့သည် အတ္ထအားဖြင့် ကံ၊ ဝိပါက်နှစ်ပါးစုံကို မြစ်ကုန်သော အဟောတုကဒိဋ္ဌိ အကိရိယဒိဋ္ဌိသာ မည်ကုန်၏ ဟူလိုသည်။

ယေ ပန၊ အကြင်သူတို့သည်ကား။ တေသံ၊ ထိုသုံးပါးသော ဒိဋ္ဌိအယူရှိသော သူတို့၏။ လဒ္ဓိ၊ အယူကို။ ဂဟေတွာ၊ ယူ၍။ ရတ္တိဋ္ဌာနဒိဝါဋ္ဌာနေ၊ ညဉ့်နေရာ နေ့နေရာ၌။ နိသိန္နာ၊ နေကုန်လျက်။ သဏ္ဌာယန္တိ၊ သရဏ္ဂါယ်ကုန်၏။ ဝိမံသန္တိ၊ စုံစမ်းကုန်၏။ တေသံ၊ ထိုသူတို့အား။ ဒိန္နံ၊ ဒါနအကျိုးသည်။ နတ္ထိ၊ မရှိ။ ယိဋ္ဌံ၊ ပူဇော်သောအကျိုးသည်။ နတ္ထိ၊ မရှိ။ ကရောတော။ မကောင်းမှုကိုပြုသောသူအား။ ပါပံ၊ မကောင်းမှုသည်။ န ကရီယတိ၊ မကောင်းကျိုးကိုမပြုနိုင်။ ဟေတု။ ရှေးကံဟူသောအကြောင်းသည်။ နတ္ထိ၊ မရှိ။ ပစ္စယော၊ ရှေးကံဟူသောပစ္စည်းသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ သို့။ တသ္မိံ အာရမ္မဏေ၊ ထိုအာရုံ၌၊ မိစ္ဆာသတိ၊ မှားသောသညာသည်။ သန္ဋိဋ္ဌတိ၊ တည်၏။ စိတ္တံ၊ စိတ်သည်၊ ဧကဂ္ဂံ၊ တည်ကြည်သည်။ ဟောတိ၊ ဖြစ်၏။ ဇဝနာနိ၊ ဇောတို့သည်။ ဇဝန္တိ၊ စောကုန်၏။ ပဌမဇဝနေ၊ ပဌမဇော၌။ သတေကိစ္ဆာ၊ ကုစားကောင်းကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တထာ၊ ထို့အတူ။ ဒုတိယာဒိသု၊ ဒုတိယဇော စသည်တို့သည်လည်း၊ သတေကိစ္ဆာ၊ ကုစားကောင်းကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ သတ္တမေ၊ သတ္တမဇော၌၊ ဗုဒ္ဓါနမ္ပိ၊ ဘုရားတို့သည်လည်း။ အတေကိစ္ဆာ၊ မကုစားနိုင်ကုန်။ အနိဝတ္တိနော၊ ဆုတ်နစ်ခြင်းမရှိကုန်။ အရိဋ္ဌကဏ္ဏကသဒိသာ၊ အရိဋ္ဌရဟန်း၊ ကဏ္ဏကသာမဏေတို့နှင့် တူကုန်၏။

အဓိပ္ပာယ်ကား။ ။အကြင်သူတို့သည် သုံးပါးသော ဒိဋ္ဌိအယူရှိသောသူတို့၏ အယူကို ယူ၍ နေ့သန့်ရာညဉ့်သန့်ရာ၌ နေကုန်လျက် သရဏ္ဂုံယ်ကုန်၏။ စုံစမ်းကုန်၏။ ထိုသူတို့အား "နတ္ထိဒိန်နံ့ နတ္ထိယိဒ္ဓံ" စသော အာရုံ၌ မှားသော သညာသည် တည်၏။စိတ်ငြိမ်ဝပ်၏။ ပဌမဇ္ဈာန်မှစ၍ ဆဋ္ဌဇ္ဈာတိုင်ရုံသော်ကား ကုစားကောင်းသေး၏။ သတ္တမဇ္ဈာသို့ တက်သောကာလ ဘုရားတို့ ချွတ်၍လည်း မကျွတ်နိုင်ပြီ။ အရိဋ္ဌမည်သော ရဟန်း ကဏ္ဏကမည်သော သာမဏေတို့နှင့်တူလေပြီ ဟူလိုသည်။

တတ္ထ၊ ထိုသုံးပါးသောဒိဋ္ဌိတို့တွင်။ ကောစိ၊ အချို့သောသူသည်။ ဧတံ ဒဿနံ၊ တပါးသော ဒိဋ္ဌိအယူသို့။ သြက္ကမတိ၊ သက်၏။ ကောစိ၊ အချို့ကား။ ဒွေ၊ နှစ်ပါးသောဒိဋ္ဌိအယူတို့သို့။ ကောစိ၊ အချို့ကား။ တီဏိ၊ သုံးပါးသော ဒိဋ္ဌိအယူတို့သို့။ သြက္ကမတိ၊ သက်၏။ ဧကသ္မိံ၊ တပါးသောအယူသို့။ သြက္ကန္တေပိ၊ သက်ယူသော် လည်းကောင်း၊ ဒွီသု၊ နှစ်ပါးသောအယူတို့သို့။ တီသု၊ သုံးပါးသောအယူတို့သို့။ သြက္ကန္တေသုပိ၊ သက်ယူကုန်သော် လည်းကောင်း။ သတ္တော၊ သတ္တဝါသည်၊ နိယတမိစ္ဆာဒိဋ္ဌကောဝ၊ နိယတမိစ္ဆာဒိဋ္ဌိ အယူရှိသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ သဂ္ဂမဂ္ဂါဝရဏဿ၊ သုဂတိခရီးလည်း ပိတ်၏။ မောက္ခမဂ္ဂါဝရဏဿ၊ မဂ်ဖိုလ်နိဗ္ဗာန်ခရီးလည်း ပိတ်၏။ တဿ အတ္တဘာဝဿ၊ ထိုအတ္တဘော၏။ အနန္တရံ အနန္တရေ၊ အခြားမဲ့သော ကိုယ်၏အဖြစ်၌။ သဂ္ဂံပိ၊ သုဂတိဘဝသို့လည်း။ ဂန္ဆံ၊ သွားခြင်းငှာ၊ အဘဗ္ဗော၊ မထိုက်။ မောက္ခံ၊ မဂ်ဖိုလ်နိဗ္ဗာန်ကိုကား။ ပဂေဝ၊ အဘယ်ဆိုဖွယ်ရှိအံ့နည်း။

အဓိပ္ပာယ်ကား။ ။ထိုသုံးပါးသောဒိဋ္ဌိတို့တွင် အချို့သောသူသည် တပါးသော ဒိဋ္ဌိအယူကို ယူ၏။ အချို့ကား နှစ်ပါးသောဒိဋ္ဌိအယူကို ယူ၏။ အချို့ကား သုံးပါးသောဒိဋ္ဌိအယူကို ယူ၏။ တပါးသော အယူကိုယူသော် လည်းကောင်း။ နှစ်ပါးသောအယူကို ယူသော် လည်းကောင်း။ သုံးပါးသောအယူကို ယူသော်လည်းကောင်း၊ နိယတမိစ္ဆာဒိဋ္ဌိမည်သည်သာလျှင်တည်း။ထိုနိယာ-တမိစ္ဆာဒိဋ္ဌိ အယူရှိသောသူအား သုဂတိခရီးလည်း ပိတ်၏။ မဂ်ဖိုလ်နိဗ္ဗာန် ခရီးလည်း ပိတ်၏။ ထိုဘဝ၏အခြားမဲ့သော ကိုယ်၏အဖြစ်၌ သုဂတိဘဝသို့ လားခြင်းငှာ မထိုက်။ မဂ်ဖိုလ်နိဗ္ဗာန်သို့သော်ကား အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း ဟူလိုသည်။

ဧသ ဧသော၊ ဤပုဂ္ဂိုလ်သည်။ ဝဋ္ဋခါဏုနာမ၊ ဝဋ်တရား၏ သစ်ငုတ်မည်၏။ပထဝီဂေါ-ပကော၊ မြေစောင့်အဖြစ်သို့။ ပတ္တော၊ ရောက်၏။

ဤပုဂ္ဂိုလ်သည် ဝဋ်တရား၌ သစ်ငုတ်သဖွယ်ဖြစ်၏။ မြေစောင့်အဖြစ်သို့ ရောက်၏။ ဟူလိုသည်။

ကိံ ပန၊ အသ္မိနည်း။ ဧသ ဧသော၊ ဤပုဂ္ဂိုလ်သည်။ ဧကသ္မိံ ယေဝ အတ္တဘာဝေ၊ ဤကိုယ်၏အဖြစ်၌သာလျှင်။ နိယတော၊ နိယတပုဂ္ဂိုလ်သည်။ ဟောတိ၊ ဖြစ်သလော။ ဥဒါဟု၊ ထိုသို့ မဟုတ်မူကား။ အညသ္မိံပိ၊ တပါးသော ဘဝ၌လည်း။ ဧတသ္မိံ ယေဝ၊ ထိုဘဝ၌ကဲ့သို့။ နိယတော၊ နိယတပုဂ္ဂိုလ်သည်။ ဟောတိ၊ ဖြစ်ရာသလော။

အာသေဝနဝသေန ပန၊ အာသေဝနအားဖြင့်ကား။ ဘဝန္တရေပိ၊ ဘဝတပါး၌လည်း။ တံတံ-ဒိဋ္ဌိ၊ ထိုထိုသို့သော ဒိဋ္ဌိအယူကို။ ရောစေတိယေဝ၊ နှစ်သက်စေ သည်သာလျှင်တည်း။

ထိုပုဂ္ဂိုလ်သည် ဤကိုယ်၏အဖြစ်၌သာလျှင် နိယတပုဂ္ဂိုလ် ဖြစ်ရာမည်လော။ တပါးသော ဘဝ၌လည်း ထိုကဲ့သို့ပင် နိယတပုဂ္ဂိုလ်ဖြစ်ပြန်ချေဦးမည်လောဟု မေးအံ့။

အဖန်တလဲလဲ မှိုဝဲအပ်သော အာသေဝန၏ အစွမ်းဖြင့် ဘဝတပါး၌လည်း ထိုထိုသို့သော နိယတမိစ္ဆာဒိဋ္ဌိ အယူကို နှစ်သက်ရာချေသည်သာလျှင်တည်း ဟူလိုသည်။

ဤသို့ သဘောရှိသော ပုဂ္ဂိုလ်သည် အကျွတ်တရားကို ရပါဦးမည်လောဟု စုဒ်ရှိရကား။

ဧဝရူပဿ ဟိ ယေဘုယ္ယေန ဘဝတော ဝုဋ္ဌာနံ နာမ နတ္ထိ–

ဟူသောပါဠ်ကို မိန့်သတည်း။

ဟိ၊ ထိုစကားကို ဖြေဦးအံ့၊ ဧဝရူပဿ၊ ဤသို့သဘောရှိသော ပုဂ္ဂိုလ်အား။ ယေဘုယ္ယေန၊ များသောအားဖြင့်။ ဘဝတော၊ ဘဝမှ။ ဝုဋ္ဌာနံ နာမ၊ ထမြောက်ခြင်းမည်သည်။ နတ္ထိ၊ မရှိ။

အဓိပ္ပာယ်ကား။ ။ဤသို့သဘောရှိသော ပုဂ္ဂိုလ်အား များသောအားဖြင့် ဘဝမှ ထမြောက်ကျွတ်လွတ်ခြင်းမည်သည် မရှိရာပြီ ဟူလိုသည်။ ထိုပါဋ္ဌ၌ ယေဘုယ္ယေနဟု ဆိုတော်မူသောကြောင့် များသောအားဖြင့် အကျွတ်တရားရသောသူမည်သည် မရှိဟူ၍သာ ဆိုသည်၊ အနဝသေသ အကြွင်းမရှိသော နိယတယူမိလေသမျှသော ပုဂ္ဂိုလ်ဟူသမျှပင် မကျွတ်ရပြီ မဆိုလို၊ အပွကအားဖြင့်ကား အချို့သောပုဂ္ဂိုလ်သည် ကျွတ်ရသေး၏ဟု အဓိပ္ပာယ်ရသင်သည်ကို သိစေလိုရှိ၍ ယေဘုယ္ယေနဟူသော ပါဋ္ဌကို အဋ္ဌကထာဆရာ မိန့်လေသည်ဟု မှတ်အပ်၏။ ထို့ကြောင့် တိကပဋ္ဌာန်းပါဠိတော်(ပဋ္ဌာန၊၂။၃၇၂)၌ဌမိစ္ဆတ္တနိယတဟိတ် အာရမ္မဏာပစ္စည်းတွင် -

> မိစ္ဆတ္တနိယတော ဓမ္မော အနိယတဿ ဓမ္မဿ အာရမ္မဏာပစ္စယေန ပစ္စယော။ အရိယာ မိစ္ဆတ္တနိယတံ ပဟီနံ ကိလေသံ ပစ္စဝေက္ခန္တိ ဝိက္ခမ္ဘိတေ ကိလေသေ ပစ္စဝေက္ခန္တိ၊ ပုဗ္ဗေ သမုဒါစိဏ္ဏေ ကိလေသေ ဇာနန္တိ၊ နိယတံ ဓမ္မံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။

ဟု နိယတမိစ္ဆဒိဋ္ဌိပုဂ္ဂိုလ်သည် မဂ်ဖိုလ်ရ၍ မဂ်ဖိုလ်ရသည့်နောက် ပစ္စဝေက္ခဏာဝါရကိုဟောတော်မူသောကြောင့် နောင်အခါ ကောင်းမြတ်သော ကလျာဏမိတ္တသံသဂ္ဂ သပ္ပရိသူပနိဿယကို ရသောကာလ ထိုအယူအဟောင်းကို စွန့်လျှင် အကျွတ်တရားကို ရကောင်းသေး၏ဟုမှတ်ရာ၏။

၁၂၅-ပဏ္ဍာ။ ။ဇမ္ဗူဒီပါကျွန်းသည် တောနေသုံးထောင်၊ လူနေသုံးထောင်၊ ရေနေလေးထောင်ရှိသည် ဆိုသည်တွင် တောနေသုံးထောင်မှာ အခြားသီးသန့်ပင်ဖြစ်သည်၊ ရေနေလေးထောင် ဆိုသည်မှာ လူနေထဲတွင် မြစ်ကြီးမြစ်ငယ် ချောင်းမြောင်း အင်းအိုင်ရှိသမျှကို ပေါင်းစု၍ အလုံးစုံသော ရေနေလေးထောင် ယူရမည်။ အခြားသီးသန့် မရှိပြီ ဆိုကြပါသည်။ လူနေ ရေနေ ခြား မခြားကိုလည်း သိလိုပါသည် ခွဲဝေပြသတော်မူပါ ဆရာတော်ဘုရား။

၁၂၅-ဝိသဇ္ဇနာ။ ။ဇမ္ဗူဒိပ်ကျွန်း၌ တောနေသုံးထောင်၊ လူနေသုံးထောင်၊ ရေနေလေးထောင် ခြား မခြားကို မေးရာ၌-

အယံ ကိရ ဇမ္ဗုဒီပေါ ဒသသဟဿ ယောဇနပရိမာဏော၊ တတ္ထ စတုသဟဿ ယော၊ ဇနပရိမာဏော ပဒေသော ဥဒကေန အဇ္ဈောတ္ထဋော "သမုဒ္ဒေါ" တိ သခ်ိဂတော- တိသဟဿယောဇနပမာဏော မနုဿာ ဝသန္တိ၊ တိသဟဿယောဇနပမာဏော ဟိမဝါ ပတိဋ်ဌိတော ဥဗ္ဗေခေန ပဉ္စယောဇနသတိကော စတုရာသီတိ သဟဿကူဋေဟိ ပဋိမဏ်ဍိတော သမန္တတော သန္ဒမာနပဉ္စသတနဒီ ဝိစိတ္တော။

ဟူ၍ သုတ္တနိပါတ် အဋ္ဌကထာ (၃)၊ သေလသုတ်အဖွင့် (၁၆၀) တွင်လာသည်။

အဓိပ္ပာယ်ကား။ ။ဤဇမ္ဗုဒီပါကျွန်းသည် ယူဇနာတစ်သောင်းကျယ်၏။ ထိုယူဇနာတစ်သောင်းတွင် ယူဇနာလေးထောင် ပမာဏရှိသော အရပ်သည်ကား ရေလွှမ်းလေသောကြောင့် သမုဒ္ဒရာဟူ၍ ခေါ်ဝေါ်ခြင်းသို့ ရောက်လေ၏၊ ယူဇနာ သုံးထောင်သည်ကား လူတို့ နေရာဖြစ်၏။ ယူဇနာသုံးထောင် အရပ်သည်ကား ဟိမဝန္တာတောင် နေရာဖြစ်၏။ ထိုဟိမဝန္တာတောင်သည် ယူဇနာငါးရာမြင့်၏၊ ရှစ်သောင်းလေးထောင်သော တောင်ထွတ်တို့ဖြင့် တန်ဆာဆင်အပ်၏။ ငါးရာသော မြစ်ငယ်တို့သည် လည်၍ စီးကုန်၏ဟု ဆိုသည်။

(ဇမ္ဗုဒီပေ ပန စတုသဟဿယောဇနပ္ပမာဏော ပဒေသော တဒုပဘောဂီနံ သတ္တာနံ ပုညက္ခယာ ဥဒကေန အဇ္ဈောတ္ထရိတတ္တာ သမုဒ္ဒေါတိ သခ်ိဂတော—

အစရှိသော ပါဠိနှင့်အညီ ဇမ္ဗုဒီပ်၌ကား ယူဇနာလေးထောင်သောအရပ်သည် ရှိ၏။ ထိုအရပ်ကို မီဝဲကုန်သော သတ္တဝါတို့၏ ကောင်းမှုကုန်ခြင်းကြောင့် ရေသည် လွှမ်းမိုးလေသဖြင့် သမုဒ္ဒရာဟူသော ခေါ်ဝေါ်ခြင်းသို့ ရောက်လေ၏ ဟူလိုသည်) ။

ထို့ကြောင့် လူတို့နေရာတွင်ရှိသော မြစ်ကြီး, မြစ်ငယ်, ချောင်း မြောင်း, အင်း အိုင်တို့ကို ရေတွက်၍ ရေနေ လေးထောင်ဟူ၍ မခေါ်ဝေါ်သင့်၊ ရေနေကား အခြားသန့်သန့် ပင်လယ်တိမ် သမုဒ္ဒရာဟု ခေါ်ဝေါ်သော ကျွန်းနားတွင်ရှိသော ယူဇနာလေးထောင် ပမာဏရှိသော အရပ်၌ ရေကိုသာ ရေနေလေးထောင်ဟု ခေါ်ဝေါ်သင့်သည်။

၁၂၆-ပဏ္ဍာ။ ။သိကြားမင်းနေသော ဝေဇယန္တာပြာသဒ်၏ အရပ်အမြင့်ကို ဖွဲ့ဆိုခြီးမွှမ်းကြသော ပျို့ကဗျာတို့တွင် ပုံတောင်နိုင် မော်ကွန်း၌- "အမြင့်ယူဇနာ၊ ခုနစ်ရာတိ၊ ကျမ်းလာ ပြည်ဆန်၊ ဝေဇယန်လည်း၊ မလွန်လှည့်ယောင်၊ မြစ်လုံးပြောင်မျှ" ဟူ၍ ယူဇနာခုနှစ်ရာ အမြင့်အရပ်ရှိကြောင်းကို စပ်ဆိုပါသည်။

ဘူရိဒတ်လင်္ကာ၌ကား- "ပရိမဏ္ဍလိပ်၊ မြင်းမိုရ်ထိပ်မှာ၊ ယူဇနာဖြင့်၊ သခ်္ဂါတထောင်၊ အစောက်ဆောင်သည်၊ ရန်အောင်ဆုံးစွန်၊ ဝေဇယန်ဟု၊ ဗိမာန်သာထွက်၊ ပြာသာဒ် နန်းရှင်၊ မာယတွင်သည်၊ ကျော်ထင်ဟိုးဟိုး၊ နတ်မင်းစိုး၏၊ မိုးကြိုးစက်ရှိန်၊ ဝရဇိန်သို့" ဟူ၍ ယူဇနာတထောင် မြင့်ကြောင်းကို စပ်ဆိုပါသည်။

ဤသို့ နှစ်ရပ်စပ်ဆိုကြသည်တွင် အဘယ်စကားကို အခိုင်အတပ် မှတ်သင့်မည်ကို သိလိုပါသည်။

သက္ကရာဇ် ၁၁၇၃-ခု ဝါခေါင်လဆန်း ၁-ရက်၊ စနေနေ့၊ မုံရွာသိရိမာလာက လျှောက်လာရာတွင်ဖြေဆိုလိုက်သည်ကား။

၁၂၆-ဝိသဇ္ဇနာ။ ။ ဝေဇယန္တာ ပြာသာဒ်၏ အရပ်အမြင့်ကို မေးရာ၌—

သုတ်မဟာဝါ အဋ္ဌကထာဝယ် သက္ကအစ္စာသုတ်အဖွင့်တွင်—

သက္ကဿ ဝေဇယန္တော နာမ ပါသာဒေါ သတ္တယောဇနသတာနိ ဥဂ္ဂဠ္ဆိ—

ဟု သိကြားမင်း၏ နေရာဖြစ်သော ဝေဇယန္တာ ပြာသာဒ်သည် ယူဇနာခုနစ်ရာမြင့်၏ဟုလာသည်။ ထိုပါဠိကိုမှီ၍ ယူဇနာခုနစ်ရာ ရှိကြောင်းကို စပ်လေသည်။ ၎င်းသုတ်မဟာဝါ အဋ္ဌကထာ၊ မူလပဏ္ဏာသ အဋ္ဌကထာ၊ သတိပဋ္ဌာနသုတ် အဖွင့် (၂၃၀)တွင်ပင် —

ယောဇနသဟဿုပေဓော ဝေဇယန္တပါသာဒေါ။ ပဉ္စယောဇနသတုဗ္ဗေဓာ သုဓမ္မာ-ဒေဝသဘာ၊ ဒိယမုယောဇနသတိကော ဝေဇယန္တရထော။ တထာ ဧရာဝဏော ဟတ္ထီ။

ဟူ၍ ဝေဇယန္တာပြာသာဒ်ကား ယူဇနာတစ်ထောင်မြင့်သည်။ သုဓမ္မာဇရုပ် ယူဇနာငါးရာ မြင့်သည်။ ဝေဇယန္တာရထား၊ ဧရာဝဏ်ဆင်တို့သည် ယူဇနာ တရာငါးဆယ်စီ မြင့်ကုန်သည်ဟု ဆိုပြန်သည်။ ဧကနိပါတ်ကုလာဝကဇာတ်၌ —

တသ္မိံ ခဏေ ပဏ္ဍိတော ဘိန္ဒိတ္ဝာ ယောဇနသဟဿုဗ္ဗေဓော ဝေဇယန္တပါသာဒေါ ဥဋ္ဌဟိ၊ ဝေဇယန္တေ ဥဋ္ဌဟိတတ္တာ ဝေဇယန္တောတ္ဝေဝ နာမံ အကံသု။

ဟူသောပါဠိ။

ခဏ္ဍဟာလဇာတ်၌လာသော။ "ယောဇနသဟဿုဗ္ဗေဓ ဝေဇယန္တပါသာဒပ္ပဋိမဏ္ဍိတံ" ဟူသော ပါဠိတို့ဖြင့်လည်း ဝေဇယန္တာပြာသာဒ်သည် တထောင်ရှိကြောင်းကို ဆိုသည်၊ သုဓာဘောဇန-ဇာတ်၌လည်း၊ "သဋ္ဌိယောဇန ဝိတ္ထတံ ယောဇန သဟဿုဗ္ဗေဓံ ဝေဇယန္တံ" ဟု ယူဇနာ ခြောက်ဆယ်ကျယ်ကြောင်း၊ ယူဇနာတထောင်မြင့်ကြောင်း၊ အကျယ် အမြင့် နှစ်ပါးစုံတို့ကို ဆိုသည်။

ထိုသို့ဆိုသော စကားကိုမှီ၍ ယူဇနာတထောင်မြင့်ကြောင်းကို စပ်လေသည်။ ကျမ်းဂန်ကပင် စကားနှစ်ရပ် ကွဲပြားလေသောကြောင့် ပျို့ကဗျာတွင်လည်း နှစ်ကွဲရှိလေသည်။ တောင်ဘီလာ ပထမ တိပိဋကာလင်္ကာရ ဆရာတော် ပြုစုစီရင်တော်မူသော လောကဝိဒူဠ်ကား ဝေဇယန္တာ ပြာသာဒ် ယူဇနာခုနစ်ရာ၊ အထွတ်ယူဇနာ သုံးရာရှိသည်။ နှစ်ရပ်ပေါင်း ယူဇနာတထောင်ရှိသည် ဆိုသည်။

(ဓမ္မပဒ အပ္ပမာဒဝဂ်။ မာဃဝတ္ထု(၁၇၃)တွင် "တိယောဇနသတုဗ္ဗေဓေဟိ ဓဇေဟိ၊ ပဋိမဏ္ဍိတော သတ္တရတနမယော သတ္တယောဇနသတုဗ္ဗေဓော ဝေဇယန္တောနာမ ပါသာဒေါ ဥဂ္ဂဠ္ဆိ" ဟူ၍လည်းကောင်း။ "မဇ္ဈေဠ္ဆိတော ဓဇော တိယောဇန သတုဗ္ဗေဓော အဟောသိ ဣတိ ဓဇေန သဟ သာလာယနိသဒ္ဒေန ယောဇနသဟဿုဗ္ဗေဓော ပါသာဒေါ သတ္တရတန-မယော၀ ဟုတွာ နိဗ္ဗတ္တိ" ဟူ၍အလယ်၌ရှိသော အထွတ် တံခွန်နှင့်တကွ ယူဇနာတထောင် ရှိသည်ဟု ဆိုသည်)။

ယင်းသို့ ဆိုသည်များနှင့် ထောက်သော် ခုနစ်ရာဆိုသော ကျမ်းဂန် ပို့ကဗျာတို့မှာ ပြာသဒ်ဘုံဆင့် အထည်ကိုယ်တွင်သာရည်၍ ဆိုသည်၊ တထောင်ဆိုသည်မှာ အထွတ်ဝါနှင့်တကွ ရည်၍ဆိုလေသည်ဟု မှတ်သင့်သည်။

၁၂၇-ပဏ္ဍာ။ ။ဒုဿစေတီသည် အဘယ်ဘုံမှာ ရှိသည်။ အကြီးအမြင့် ဘယ်မျှ ရှိမည်။

၁၂၇-ဝိသဇ္ဇနာ။ ။ဒုဿစေတီတော်သည် အဘယ်ဘုံမှာ ရှိသည်ကို မေးရာ၌-

ပုဆိုးတော်ကို ယဋ္ဌိကာရပြုဟူ၍ ယူဆောင်လေသည် ဖြစ်သောကြောင့် ယဋ္ဌိကာရပြုဟူသည် အကနိဋ္ဌဘုံကဖြစ်၍ ဒုဿစေတီတော်လည်း အကနိဋ္ဌဘုံမှာ ရှိသည်ဟု မှတ်သင့်သည်။ အကြီးအမြင့် အဘယ်မျှရှိမည်ကို မေးရာ၌-

နိဝတ္ထသာဋကံ ဂဟေတွာ သစေ ကေန္ဒေန ဗုဒ္ဓေါ ဘဝိဿာမိ၊ ဣမံ သာဋကံ အာကာသေ တိဋ္ဌတု၊ နော စေ၊ ဘူမိယံ ပတတူတိ အာကာသံ ခိပိ၊ တံ မဟာပြဟ္မာ ဂဟေတွာ ပြဟ္မလောကေ ဒွါဒသယောဇနိကေ ဒုဿထူပေ ပတိဋ္ဌာပေတွာ ပူဇမကာသိ။

သော၊ ထိုဘုရားလောင်းသည်။ နိဝတ္ထသာဋကံ၊ ဝတ်တော်မူသော ပုဆိုးကို၊ ဂဟေတွာ၊ ကိုင်၍။ သစေ၊ အကယ်၍။ ကေန္ဒေန၊ စင်စစ်သဖြင့်။ ဗုဒ္ဓေါ၊ ဘုရားသည်။ ဘဝိဿာမိ၊ ဖြစ်လအံ့။ ဣမံသာဋကံ၊ ဤပုဆိုးသည်။ အာကာသေ၊ ကောင်းကင်၌။ တိဋ္ဌတု၊ တည်စေသတည်း။ စေ၊ အကယ်၍။ နော ဘဝိဿာမိ၊ မဖြစ်လအံ့။ ဘူမိယံ၊ မြေ၌။ ပတတု၊ ကျစေသတည်း။ ဣတိ၊ ဤသို့။ အဓိဋ္ဌဟိတွာ၊ အဓိဋ္ဌာန်၍။ အာကာသံ၊ ကောင်းကင်သို့။ ခိပိ၊ ပစ်၏။ တံ၊ ထိုသို့ပုဆိုးတော်ကို။ မဟာပြဟ္မာ၊ ယဋ္ဌိကာရပြုဟ္မာကြီးသည်။ ဂဟေတွာ၊ ယူ၍။ ပြဟ္မလောကေ၊ သုဒ္ဓါဝါသ ပြဟ္မာ့ပြည်၌။ ဒွါဒသယောဇနိကေ၊ တဆယ့်နှစ်ယူဇနာ ရှိသော။ ဒုဿထူပေ၊ ဒုဿစေတီ၌။ ပတိဋ္ဌာပေတွာ၊ သွင်း၍။ ပူဇံ၊ ပူဇော်ခြင်းကို။ အကာသိ၊ ပြု၏။ ဟု ဇိနာလင်္ကာရဋီကာ၌ ဆိုသည်။

ဤနည်းအတူပင် မဟာမာယာဝတ္ထု၌လည်း " ပြဟ္မလောကေ ဒွါဒသယောဇနုဗ္ဗေဓံ စေတိယမကာသိ" ဟူ၍လည်းကောင်း။ တထာဂတုပ္ပတ္တိ၌လည်း -

အဂိရသဿ ဗုဒ္ဓဿ၊ သကျပုတ္တဿ သတ္ထုနော။
ပြဟ္မလောကေ ဒုဿထူပေါ၊ အာသိ ဒွါဒသယောဇနော။

ဟူ၍လည်းကောင်း လာသည်နှင့်အညီ သုဒ္ဓါဝါသ အကနိဋ္ဌပြဟ္မာ့ပြည်၌ တဆယ့်နှစ်ယူဇနာ အမြင့်ရှိသော ဒုဿစေတီ ရှိ၏ဟု မှတ်ရာ၏။

၁၂၈-ပဏ္ဍာ။ ။စူဠာမဏိစေတီတော်လည်း တာဝတိံသာ နတ်ပြည်၌ ရှိသည်ကို သိမှတ်ရပါ၏။ အဘယ်မျှ အကြီးအမြင့် ရှိမည်ကို သိလိုပါသည်။

၁၂၈-ဝိသဇ္ဇနာ။ ။စူဠဒုမ္မတိစေတီတော်၏ ပမာဏကိုမေးရာ၌–

သီဟိုဠ်ကျွန်းက သုမနသာမဏေ တာဝတိံသာသို့သွား၍ သိကြားမင်းထံ၌ ညှပ်ရိုးတော်မာတ်ကို တောင်းသောအခါ –

သက္ကော ဒေဝါနမိန္ဒော ယောဇနပ္ပမာဏံ မဏိထူပံ ဥဋ္ဌါဒ္ဓေတွာ ဒိက္ခိဏကဉ္စကံ မာတုံ နီဟရိတွာ သုမနဿ အဒါသိ။

ဟု သိကြားမင်းသည် တယူဇနာပမာဏရှိသော ပတ္တမြားစေတီတော်ကို လှစ်၍ လက်ယာညှပ်ရိုးတော်မာတ်ကို ထုတ်၍ သုမန သာမဏေအား ပေးလိုက်၏ဟု ပါရာဇိကဏ်အဋ္ဌကထာ (၀ိ၊၌၊၁။၆၃) ၌ဆိုသည်။ မဟာဝင်ကျမ်း၌ကား–

စူဠာမဏိစေတိယမ္ပာ၊ ဂဟေတွာ ဒိက္ခိဏကဉ္စကံ။
သာမဏေရဿ ပါဒါသိ၊ သက္ကော ဒေဝါနမိဿရော။

ဟု စူဠာမဏိစေတီတော်မှ ထုတ်ယူ၍ ပေးလိုက်သည်ဟု ဆိုသည်၊ မဟာမာယာဝတ္ထုတွင်လည်း "တာဝတိံသဘဝနေ ဂ္ဂန္ဒနိလမယံ ယောဇနုဗ္ဗေဓံ စူဠာမဏိစေတိယမကာသိ" ဟူ၍လာသည်။

ဤစကားသုံးရပ်ကို စပ်၍ယူသော် စူဠာမဏိစေတီတော်သည် တယူဇနာရှိ၏ဟု ယူသင့်သည်။ တထာဂတုပ္ပတ္တိဋ္ဌမူကား –

ဘဝနေ တာဝတိံ သမ္မိ၊ သက္ကဿ ဝိသယေ ဂတေ။
အက္ခဓာတုံ နိဒဟိတွာ၊ မဏိထူပေါ တိယောဇနော။

ဟူ၍ သုံးယူဇနာရှိကြောင်းကို ဆိုသည်၊ တယူဇနာရှိသည်၊ သုံးယူဇနာ ရှိသည် ဆိုရာ၌ အချင်းတယူဇနာ၊ အဝန်းသုံးယူဇနာရှိသည် ဆိုသော် သင့်၏ ထင်သည်။ ဇိနာလင်္ကာရဋီကာတွင်ကား "တာဝတိံသဘဝနေ တိံ သယောဇနိကံ စူဠာမဏိစေတိယံနာမ ပတိဋ္ဌာပေသိ" ဟု ငါတို့တွေ့မြင်သော စာ၌ရှိသော ပါဠိအလိုသော် ယူဇနာ သုံးဆယ်ရှိ၏ဟု ယူရန်ရှိသည်။ တိယောဇနိကံသာရှိသော်ကား သုံးယူဇနာဟူ၍ မှတ်သင့်သည်။

၁၂၉-ပဏ္ဍာ။ ။တပုဿ ဘလ္လိကတို့ ဆောင်ယူသည့် ဆံတော်ဓာတ်သည် အဘယ်မြို့မှာ တည်ရှိရသည်ဟု ကျမ်းဂန်ထွက်ဆိုရာကို သိလိုပါသည်။

၁၂၉-ဝိသဇ္ဇနာ။ ။တပုဿ ဘလ္လိကတို့ ဆောင်ယူသော ဆံတော်ဓာတ်သည် ဘယ်မြို့မှာ ရှိသည်၊ ကျမ်းဂန်ထွက်ဆိုရာကို သိလိုပါသည် ဟူရာ၌ –

ဆံတော်ဓာတ်၏ အကြောင်းကား ဝိနည်းမဟာဝါ အဋ္ဌကထာ (၀ိ၊၌၊၃။၂၄၂)၌။ "အထ ဘဂဝါ သီသံ ပရာမသိ၊ ကေသာ ဟတ္ထေ လဂ္ဂိံသု" ဟု ဆံတော်ချောင်းရေမည်မျှမဆို၊ သာမညသာဆိုသည်၊ အနာဂတဝင် အဋ္ဌကထာ၌ကား။ "တပုဿ ဘလ္လိက ဒ္ဝေဘာတိကာနံ မုဋ္ဌိ ကေသဓာတုယော ဒတွာ" ဟု တဆုပ်သော ဆံတော်ဓာတ်ကို ပေးလိုက်ကြောင်းကို လာသည်။ အင်္ဂုတ္တိရ် ဧကနိပါတ်အဋ္ဌကထာ စသော ကျမ်းတပါးတို့၌ကား "အဋ္ဌ ကေသဓာတုယော အဒါသိ" ဟု ရှစ်ဆူသော ဆံတော်ဓာတ်ကို ပေးလိုက်သည်ဟု လာသည်။

နလာဋ္ဌ ဓာတုဝင်၌ လာသည်ကား ရှေးတပုသ ဘလ္လိက ညီနောင် ကုန်သည်တို့လက်မှ ဇယသေန နဂါးမင်းယူလေသော ဆံတော်ဓာတ်နှစ်ဆူကို တိသဟထေရ်တပည့် သိဝထေရ်သည် အထူးထူးသော တန်ခိုးပြာဋိဟာဖြင့် ဆောင်၍ ကာကဝဏ္ဏတိဿမင်းအား အပ်၍ ထိုဆံတော်ဓာတ်နှစ်ဆူကို နလာဋ္ဌဓာတ် ဌာပနာသော မဂ်လာစေတီ၌ ဌာပနာလေ၏ဟု ဆိုသည်။

ထိုကုန်သည်တို့၏ မြို့ရွာကိုကား အင်္ဂုတ္တိရ်အဋ္ဌကထာ (အံ၊၌၊ ၁။ ၂၉၅။)၌—

> အတ္တနော နဂရံ နေတွာ အသိတဉ္ဇန နဂရဒ္ဒါရေ ဇိဝကေသဓာတုယော စေတိယံ ပတိဋ္ဌာပေသုံ၊ ဥပေါသထဒိဝသေ စေတိယတော နိလရသ္မိယော နိဂ္ဂစ္ဆန္တိ။

ဟု တပုသဝတ္ထု၌ဆိုသည်၊ တပုသ ဘလ္လိက ညီနောင်တို့သည် မိမိတို့နေသော မြို့သို့ဆောင်၍ အသိတဉ္ဇမြို့တံခါး၌ သက်တော်ထင်ရှားရှိသော ဘုရားသခင်၏ဆံတော်ဓာတ်ကို စေတီတည်ကုန်၏။ ဥပုသ်နေ့တိုင်း စေတီတော်မှ ညီသောရောင်ခြည်တော်တို့သည် ထွက်၏ဟူ၍ ဆိုသည်။

ထေရဂါထာ အဋ္ဌကထာတွင်ကား တပုသ ဘလ္လိကညီနောင် နှစ်ယောက်တို့သည် ပေါက္ခရဝတီမြို့သားတည်း။ တပုသသည် ရာဇဂြိုဟ်ပြည်တွင် တရားတော်ကိုနာယူ၍ သောတာပန်တည်သည်၊ ညီကားရဟန်းပြု၍ ရဟန္တာဖြစ်သည်ဟု ဘလ္လိကထေရဂါထာ အဖွင့်တွင်လာသည်။

အင်္ဂုတ္တိရ်စသော အခြို့သော ဝတ္ထုစာတို့၌ "ဖလိက"ဟု ရှိသည်၊ ထေရဂါထာတွင် "ဘလ္လိက" ဟု ရှိသည်၊ အင်္ဂုတ္တိရ်တွင် အသိတဉ္ဇ၊ ထေရဂါထာတွင် ပေါက္ခရဝတီဟု မြို့ခဲ့၍ ဆိုသည်။

အဘယ့်ကြောင့် ကွဲလေသနည်းဟူအံ့၊ ထိုနှစ်မြို့သည် အနီးအပါးချင်းဖြစ်၍ ဆိုလေသည်ဟု ယူရန်ရှိ၏။ အမည်နှစ်ပါး တွင်ဖူးလေသောကြောင့် အမည်နှစ်ကွဲ ကျမ်းတွင်ဆိုလေသည်ဟူ၍လည်း ယူသင့်၏။ နီးကြောင်းကို အဘယ့်ကြောင့် သိရသနည်းဟူအံ့၊ စေတီတည်ရာတောင်ကို သိဂုံတ္တရတောင်ဆိုသည်၊ သိဂုံတ္တရတောင်အနီး၌လည်း ပေါက္ခရဝတီမြို့၊ **တရိဟကဏ္ဍမြို့၊ အသိတဉ္ဇမြို့၊ ရမ္မနဂရမြို့**, ဟူ၍ လေးရပ်သော မြို့တို့သည် ဝန်းရံလျက် ရှိကြောင်းကို ရာမညရာဇဝံသ တွင်ဆိုသည်။

ရွှေတိဂုံသမိုင်း၌ကား မြို့လေးလုံးအမည်ကို ပြရာ၌ အနောက်မျက်နှာက အသိတဉ္ဇမြို့ ရှိသည်၊ မြစ်လေးရပ်အမည်ကို ပြရာ၌ အနောက်မျက်နှာက အသိတဉ္ဇမြစ် ရှိသည်ဆိုသည်။ သိဂုံတ္တရတောင်၏အမည် ခုနစ်ပါးကိုပြရာ၌ ပေါက္ခရဝတီဟူ၍ တွင်ဖူးလေပြီ ဟူ၍လည်း ဆိုသည်။

ဤစကားရပ်တို့ကို ထောက်သော် အသိတဉ္ဇမြစ်ကြောင့် အသိတဉ္ဇတွင်သော မြို့လည်း တကွက်တပိုင်း၊ သိဂုံတ္တရတောင်သည် ပေါက္ခရဝတီဟူ၍ တွင်သည်၊ ပေါက္ခရဝတီတွင်သော တောင်ကြောင့် ပေါက္ခရဝတီတွင်သော မြို့လည်း တကွက်တပိုင်းရှိ၍ ကျမ်းနှစ်စောင်တွင် စကားနှစ်ကွဲရှိလေသည်၊ စကားနှစ်ရပ်ကွဲသော်လည်း အနီးအပါးချင်းဖြစ်၍ အဓိပ္ပာယ်မပျက်ကြ၊ ကျမ်းနှစ်ရပ်အညီပင် ဖြစ်သည်။

အဘယ့်ကြောင့် အမည်နှစ်ပါးတွင်ဖူးကြောင်းကို သိရသနည်းဟူအံ့၊ ရာဇာဓိရာဇ်အရေးပုံ၌ကား ဒဂုံမြို့ပင် ရှေးအခါ ပေါက္ခရဝတီ၊ တရိဟကဏ္ဍ၊ အသိတဉ္ဇ၊ ရမ္မနဂရ-ဟု အမည်

လေးမည် တွင်ဖူးလေသည်ဟုဆို၏။ ရာဇာဓိရာဇ်အရေးပုံ၌ဆိုသော အလိုသော် တစ်မြို့တည်းကို ပင် ဗာရာဏသီပြည်သည် သုရုန္ဒန၊ သုဒဿန၊ ရမ္မနဂရ၊ ဖြဟ္မဝမုန၊ ပုပ္ဖဝတီ၊ မောဠိနီဟု လွဲကာလွဲကာ တွင်သကဲ့သို့ ထိုမြို့သည်လည်း အသိတဉ္ဇမြို့ ဟူ၍လည်း တွင်သည်၊ ပေါက္ခရဝတီ ဟူ၍လည်း တွင်ဖူးသည်ဟု ယူရန်ရှိ၏။ ထိုသို့ယူသည်ရှိသော် ဤကျမ်းနှစ်ရပ်စကားသည် အညီပင် ဖြစ်တော့သည်။

တနည်းလည်း တပုသ ဘလ္လိက ညီနောင်တို့၏ နေရာမြို့ကို ဥက္ကလာမြို့ဟူ၍ မှတ်အပ်၏။ ထို့ကြောင့် ဝိနည်းမဟာဝါ ပါဠိတော်(ဝိ၊၃။၄။)၌ —

တေန ခေါ ပန သမယေန တပုဿဘလ္လိကာဒ္ဒေ ဝါဏိဇာ ဥက္ကလာ တံ ဒေသံ အဒ္ဓါနမဂ္ဂပ္ပဋိပန္နာ ဟောန္တိ၊ ဟူ၍လည်းကောင်း၊

အဋ္ဌကထာ (ဝိ၊၆၊၃။၂၄၁)၌လည်း —

တပုဿောစ ဘလ္လိကောစာတိ ဒ္ဝေ ဘာတရော ဝါဏိဇာ။ ဥက္ကလာတိ ဥက္ကလဇန-ပဒတော။ ဟူ၍လည်းကောင်း လာသောကြောင့်တည်း။

ယခင် ဆိုခဲ့ပြီးသော မြို့အမည်တို့နှင့် မတူပါတကား ဟူငြားအံ့၊ ဤမြို့သည်လည်း အဝေး မဟုတ်သောကြောင့် ဆိုလေသည်ဟု ယူသင့်၏။ အဘယ်ကြောင့် နည်းဟူအံ့၊ သမိုင်းဟောင်း၌ အရပ်လေးမျက်နှာက မြို့လေးလုံးတို့သည် ရံ၍ရှိကုန်၏။ မြို့လေးလုံးတို့၏ အမည်ကား အရှေ့ မျက်နှာက **ရမ္မနဂရမြို့**၊ တောင်မျက်နှာက **ဓညဝတီမြို့**၊ အနောက်မျက်နှာက **အသိတဉ္ဇမြို့**၊ မြောက်မျက်နှာက **ဥက္ကလာမြို့**၊ ဤမြို့လေးလုံးတို့သည် ဝန်းရံလျက် တည်ကုန်၏။ဟုဆိုသော ကြောင့် ဝိနည်းမဟာဝါ၌ မြောက်မျက်နှာက ရှိသောမြို့ကို ရည်၍ အနီးအပါးပင်ဖြစ်၍ ဆိုလေ သည်ဟု ယူရန်ရှိသည် ဖြစ်ဘိရကား မြို့မည်တို့သည် ကျမ်းဂန်တွင် မတူပါလေတကားဟု မယူစသား၊ နောင်အခါကား ထိုသို့မတွင်ပြီ၊ မတွင်ဟန်ကား ထိုမြို့တို့သည် ပျက်စီး၍ တရိဟ ကုမ္ဘမြို့ဟူ၍သာ ခေါ်လေသည်။ တရိဟကုမ္ဘကိုပင် နောင်အခါ တိကုမ္ဘမြို့ဟု ဆိုသည်။ ထို့ကြောင့် ကလျာဏီ ကျောက်စာ၌ "တိကုမ္ဘ နဂရေ ယေဝ" ဟု ဆိုလေသည်။ တိကုမ္ဘကို ပင် နောင်ကာလ "တိဂုံ" ဟု ခေါ်လေသည်။ "တိဂုံ" ကိုပင် "ဒဂုံ" ဟု ခေါ်လေသည်။ အလောင်းမင်းတရားလက်ထက် "ရန်ကုန်" ဟု သမိုက်ခဲ့၍ ယခု "ရန်ကုန်" ဟု တွင်လေ သည်။

ဤသို့ အဆက်ဆက်လာသော စကားကိုထောက်၍ ဆံတော်ဓာတ်၏ တည်ရာကား ရာမည တိုင်း၌ရှိသော အချင်း နှစ်ရာ့ နှစ်ဆယ့်ငါးတောင်၊ အဝန်း ခြောက်ရာ့ခုနစ်ဆယ့်တတောင်၊ စေတီတော်ရပ် တရာ့ရှစ်ဆယ့် ခြောက်တောင် နှစ်မိုက် ငါးသစ်၊ ထီးတော်အရပ် အတောင် သုံးဆယ်၊ အလုံးစုံ အရပ် တောင်ပေါင်း နှစ်ရာ့တဆယ့်ခြောက်တောင် နှစ်မိုက်ငါးသစ်၊ ထီးဝ ကိုးတောင်တမိုက်၊ ထီးဝန်း နှစ်ဆယ့် ရှစ်တောင်ရှိသော "ရွှေတိဂုံ" စေတီတော်သည် တပုသ ဘလ္လိက ညီနောင်တို့ ဆောင်ယူခဲ့သော ဆံတော်ဓာတ် တည်သော စေတီပင်ဖြစ်သည် ဟု မှတ်အပ်၏။

၁၃၀-ပုစ္ဆာ။ ။ဗြဟ္မာနတ်တို့အား "ယာနာဒိတ္တယံ နတ္ထိ" ဆိုသည်မှာ နှာခေါင်းပင် မရှိဟု ဆိုလိုမည်။ ယာနဝိညာဉ် မရှိသည်ကိုသာ "ယာနာဒိတ္တယံ နတ္ထိ" ဆိုလိုမည်ကိုလည်း သိလိုပါသည်။

၁၃၀-ဝိဿဇ္ဇနာ။ ။ဗြဟ္မာတို့မှာ "ယာနာဒိတ္တယံ နတ္ထိ" ဟု ဆိုသည်။ နှာခေါင်းပင် မရှိဆိုမည် ယာနဝိညာဉ် မရှိသည်ကိုသာ "ယာနာဒိတ္တယံ နတ္ထိ" ဆိုမည်ကိုသိလိုပါသည် ဟူရာ၌-

အဘိဓမ္မတ္ထသင်္ဂဟအဋ္ဌကထာ ကျမ်း၌-

> ဝတ္ထုသင်္ဂဟော ဝတ္ထူနိနာမ စက္ခု သောတ ဃာန ဇိဝှါ ကာယ ဟဒယဝတ္ထု စေတိ ဆဒ္ဓိဓေနိ ဘဝန္တိ၊ တာနိ ကာမလောကေ သဗ္ဗာနိပိ လဗ္ဘန္တိ၊ ရူပလောကေ ပန ယာနာ-ဒိတ္တယံ နတ္ထိ၊ အရူပလောကေ ပန သဗ္ဗာနိပိ န သံဝိဇ္ဇန္တိ။

ဟု ဆိုသည်။ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ ဟဒယဝတ္ထုဟူ၍ ခြောက်ပါးသော ဝတ္ထုရုပ်တို့ကို ကာမဘုံ၌ ဂန္ဓဗ္ဗနှင့်ပြည့်စုံသောပုဂ္ဂိုလ်တို့အား ရအပ်ကုန်၏။ အသည်းသတ်ကြဉ်သော ရူပတဆယ့်ငါးဘုံ၌ စက္ခု သောတ ဟဒယ ဤသုံးပါးသော ဝတ္ထုတို့ကို ရအပ်ကုန်၏။ ယာန ဇိဝှါ၊ ကာယ ဤသုံးပါးသော ဝတ္ထုရုပ်တို့သည် မရှိကုန်၊ အရူပဘုံ၌ကား ခြောက်ပါးသော ဝတ္ထုရုပ်တို့သည် မရှိကုန်ဟု ဆိုရာ၌ ဝတ္ထုရုပ်သုံးခုမရှိကြောင်းကိုသာ ဆိုသည်။ ယာနဝိညာဉ်၊ ဇိဝှါဝိညာဉ်၊ ကာယဝိညာဉ် မရှိကြောင်းကိုဆိုသည့် စကားမဟုတ်။

တချက်မှာလည်း ရူပဘုံ၌ မရှိသင့် မရသင့် မဖြစ်သင့်သမျှသော ရုပ်အပေါင်း တို့ကို ဆိုသည့် စကားပင်မဟုတ်၊ မရှိသင့် မရသင့် မဖြစ်သင့်သမျှသော ရုပ်အပေါင်းတို့ကို ဆိုသည်မှာ "ရူပ လောကေ ပန ယာန ဇိဝှါ ကာယ ဘာဝ ဒသကာနိစ အာဟာရဇကလာပါနိစ နလဗ္ဘန္တိ" ဟူသောပါဠိဖြင့် ယာနဒသက၊ ဇိဝှါဒသက၊ ကာယဒသက၊ ဂန္ထဗ္ဗဘာဝဒသက၊ ပုမ္ဘာဝဒသက၊ အာဟာရဇကလာပ်တို့ကို မရကုန်ဟူ၍ မရသင့်သမျှကို သိမ်း၍ဆိုသော စကားဖြစ်သည်၊ ယင်းသို့ ယာနစသော ရုပ်တို့၏မရှိခြင်းကိုသာ ဆိုသော် ယာနစသော ဝိညာဉ်တို့သည် ရှိပြန် လေသလောဟူအံ့၊ ထိုဝိညာဉ်တို့၏ မှီရာဝတ္ထုရုပ်ပင် မရှိခဲ့ရကား၊ ဝတ္ထုရုပ်တို့ကို မှီတတ်ကုန်သော ဝိညာဉ်တို့သည်လည်း မရှိလေကုန်ပြီ၊ ထို့ကြောင့် –

> သဗ္ဗထာပိ စ တံတံ ပသာဒ ရဟိတာနံ တံတံ ဒွါရိက ဝိထိစိတ္တာနိ န လဗ္ဘန္တေဝ။ အသည်းသတ္တာနံ ပန သဗ္ဗထာပိ စိတ္တပ္ပဝတ္တိ နတ္ထေဝါတိ။

ဟု ခပ်သိမ်းသော အခြင်းအရာအားဖြင့် ထိုထိုသို့သော ပသာဒဝတ္ထုရုပ်တို့မှ ကင်းကုန်သော သတ္တဝါတို့အား ထိုထိုသို့သော ဒွါရ၌ ဖြစ်ကုန်သော ဝိထိစိတ်တို့ကို မရအပ်ကုန်၊ အသည်းသတ် ပုဂ္ဂိုလ်တို့အားကား အလုံးစုံသောစိတ်တို့၏ ဖြစ်ခြင်းသည် မရှိသည်သာလျှင်တည်း ဟူလိုသည်။

ထို့ကြောင့် ဝတ္ထုရုပ် မှီရာမရှိသည်ရှိသော် ဝတ္ထုရုပ်ကို မှီတတ်သော ဝိညာဉ်တို့သည်လည်း မရှိကုန်ဟု မှတ်ရာ၏။ ယင်းသို့ ဝတ္ထုရုပ်ဝိညာဉ်တို့သည် မရှိလေသော် ပြကတ္တေ့သော နှာခေါင်း ပြကတ္တေ့သော လျှာတို့သည် မရှိကုန်သလော၊ လက်ခြေအင်္ဂါစသော ကိုယ်ရုပ်သဏ္ဌာန်တို့ သည်လည်း မရှိလေကုန်ပြီလော၊ အသွင်အပြင်တို့သည် ယောကျ်ားသဏ္ဌာန်လော၊ မိန်းမသဏ္ဌာန် လော ဟူငြားအံ့၊ ထိုအမေးကို ဤသို့သောပါဠိဖြင့် အလုံးစုံကိုသိအပ်၏။

တတ္ထပြဟ္မပါရိသဇ္ဇတော ပဌာယ ကြမာနိ သောဋ္ဌသ ရူပါဝစရာနိ နာမ၊ တေ သပ္ဖေ ပုရိသသဏ္ဌာနာ၊ ကြတ္ထိ ပုရိသ ဗျဉ္ဇနပ္ပိ နတ္ထိ၊ စက္ခုသောတာနိ အတ္ထိ၊ ရူပံ ပဿန္တိ၊ သဒ္ဒံ သုဏန္တိ၊ ဃာနံ အတ္ထိ၊ ဃာနပသာဒေါစ ဃာနဝိညာဏဉ္စ နတ္ထိ၊ တသ္မာ ဂန္ဓံ န ဃာနန္တိ၊ သမာပရိဝတ္တဇိဝှါ အတ္ထိ၊ တသ္မာ ဟသန္တိ၊ ဇိဝှါပသာဒေါစ ဇိဝှါဝိညာဏဉ္စ နတ္ထိ၊ တသ္မာ ကိဉ္စိ ရသံ န ဃာနန္တိ၊ နံ ခါဒန္တိ၊ နံ ပိဝန္တိ၊ စျာနရတိယေဝ တေသံ အဟာရော ဟောတိ၊ ကာယော အတ္ထိ၊ ကာယပသာဒေါ စ ကာယဝိညာဏဉ္စ နတ္ထိ၊ တသ္မာ တေ ကိဉ္စိ ဖဿံ န ဃာနန္တိ၊ ဧဝံ သန္တေပိ နိဝါသန ပါရုပန သာဋကာနိ အတ္ထိ၊ ပြဟ္မဝိမာန သဃာနာသနာနိ အတ္ထိ၊ ကေသ နခ ဒန္တာ အတ္ထိ၊ သေသ ကောဋ္ဌာသာနိ ပန နတ္ထိ၊ ဒီပသိခါ ဝိယ သရီရံ ဟောတိ။ မလမုတ္တမဂ္ဂါ နတ္ထိ။ ကြတ္ထိယော နတ္ထိ၊ ကြတ္ထိ-ဝေသောပိ နတ္ထိ၊ နစ္စ ဂီတာဒီနိ နတ္ထိ၊ ကေစိ အရိယဝိဟာရေန ကေစိ ဒိဗ္ဗဝိဟာရေန ကေစိ ပြဟ္မဝိဟာရေန ဝိဟာသီတိ၊

ဟူ၍ ဇနာလင်္ကာရဋီကာ၌ လာသည်။

အဓိပ္ပာယ်ကား။ ။ထိုပြဟ္မာဘုံနှစ်ဆယ်တို့တွင် ပြဟ္မပါရိသဇ္ဇာ ဘုံမှစ၍ တဆယ့်ခြောက်ပါးသော ဘုံတို့သည် ရူပါဝစရမည်ကုန်၏။ ထိုရူပါဝစရဘုံ၌ ခပ်သိမ်းသော ပြဟ္မာတို့သည် ယောကျ်ားသဏ္ဌာန်သာ ရှိကုန်၏။ မိန်းမနိမိတ် ယောကျ်ား နိမိတ်တို့သည် မရှိကုန်၊ မျက်စိနားတို့သည် ရှိကုန်၏၊ အဆင်းကိုမြင်ကုန်၏၊ အသံကိုကြားကုန်၏။ နှာခေါင်းကားရှိ၏။ ဃာနပသာဒဝတ္ထု ဃာနဝိညာဉ်တို့သည်ကား မရှိကုန်၊ ထို့ကြောင့် အနံ့ကိုမသိကုန်၊ လျှပ်ရှားလူးလဲ တတ်သော လျှာလည်းရှိ၏။ ထို့ကြောင့် ရဃ်ရွှင်ခြင်းတို့သည် ရှိကုန်၏။ ဇိဝှါပသာဒဝတ္ထုရုပ်၊ ဇိဝှါဝိညာဉ်တို့သည်ကား မရှိ၊ ထို့ကြောင့် တစုံတခုသော အရသာကို မသိကုန်၊ မခဲကုန်၊ မသောက်ကုန်၊ စျာန်ဖြင့် မွေ့လျော်ခြင်းသည်လျှင် ထိုပြဟ္မာတို့အား အာဟာရသည်ဖြစ်၏၊ လုံးလုံးလျောင်းလျောင်း မြင်စကောင်းသောကိုယ်ကားရှိ၏။ ကာယပသာဒဝတ္ထု ကာယဝိညာဉ်တို့သည်မူကား မရှိကုန်၊ ထို့ကြောင့် တစုံတခုသောအတွေ့ကို မသိကုန်၊ ဤသို့ မသိလေငြားသော်လည်း ဝတ်သောပုဆိုး၊ ရုံသောပုဆိုးတို့သည်ကား ရှိကုန်၏။ ဗိမာန်အိပ်ရာ နေရာတို့သည်လည်း ရှိကုန်၏။ ဆံ၊ ခြေသည်းလက်သည်းတို့သည်လည်း ရှိကုန်၏။ ကြွင်းသောအစုတို့သည်ကား မရှိကုန်၊ ဆီမီးတောက်အလျှံကဲ့သို့သော ကိုယ်သာရှိကုန်၏။ ကျင်ကြီး ကျင်ငယ်သွားသော မဂ်တို့သည် မရှိကုန်၊ ပြဟ္မာမိန်းမဟူ၍မရှိ၊ မိန်းမ၏ အသွင်အပြင်သဏ္ဌာန်သည်လည်း မဟုတ်၊ ကခြင်း သီခြင်းစသည်တို့သည်လည်း မရှိကုန်။ အချို့ သောပြဟ္မာတို့သည် အရိယ ဝိဟာရဖြင့် နေကုန်၏။ အချို့သော ပြဟ္မာတို့သည် ဒိဗ္ဗဝိဟာရဖြင့် နေကုန်၏။ အချို့သော ပြဟ္မာတို့သည် ပြဟ္မဝိဟာရဖြင့် နေကုန်၏၊ ဟူ၍ ဆိုသည်နှင့် အညီ ဃာနဝိညာဉ်၊ ဃာနပသာဒ စသည်မရှိသော်လည်း နှာခေါင်း၊ လျှာ၊ သွားစသောသဏ္ဌာန် ရှိကြောင်းကို သိသင့်သည်။

အသညသတ်ပုဂ္ဂိုလ်တို့အား စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ ဝတ္ထု၊ ကြတ္ထိဘာဝဒသက၊ ပဗ္ဗာဝဒသက၊ အဟာရဇကလာပ်၊ အလုံးစုံသော စိတ္တဇကလာပ်တို့ကိုလည်း မရအပ်၊ ထို အသညသတ်ပုဂ္ဂိုလ်တို့သည် ဘယ်သို့ဖြစ်လေသနည်းဟူအံ့။

တေသံ ဥပပတ္တိက္ခဏေ ဧကော ရူပကွန္ဓောယေဝ နိဗ္ဗတ္တတိ၊ ဌတ္တာ နိဗ္ဗတ္တော ဋ္ဌိတကော ဧဝ ဟောတိ၊ နိသိဒိတ္တာ နိဗ္ဗတ္တော နိသန္နကောဝ၊ နိပဇ္ဇိတ္တာ နိဗ္ဗတ္တော နိပန္နောဝ။ စိတ္တကမ္မ ရူပသဒိသာ ဟုတ္တာ ပဋ္ဌကပ္ပသတာနိ တိဋ္ဌန္တိ။

ဟု သမ္မောဟဝိနောဒနီအဋ္ဌကထာ၊ ဓမ္မဟဒယဝိဘင်းအဖွင့်(၅၀၄)တွင် ဆိုသောကြောင့် ရပ်လျက်ဖြစ်သော အသညသတ်ပုဂ္ဂိုလ်တို့အား ရပ်လျက်သာနေ၏။ ထိုင်လျက်ဖြစ်သော ပုဂ္ဂိုလ်တို့အား ထိုင်လျက်သာလျှင် နေလေ၏။ လျောင်းလျက်ဖြစ်သော ပုဂ္ဂိုလ်တို့အား လျောင်းလျက်သာလျှင် နေလေ၏၊ ပန်းချီဆေးရေးသော အရုပ်ကဲ့သို့ဖြစ်၍ ကမ္ဘာငါးရာတိုင်တိုင် တည်လေ၏။ ဤသို့လျှင် ရူပါဝစရ ပြဟ္မာတို့၏ အခြင်းအရာကို သိရာ၏။

ထိုရူပါဝစရ ပြဟ္မာပြည်၌ ဘုံနန်းဗိမာန်တို့သည် ရှိသလော မရှိသလော ဟူမူကား။ "ယော ပန ပြဟ္မဝိမာနကပ္ပရက္ခအာဘရဏေသု ဆန္ဒရာဂေါ ဥပ္ပဇ္ဇတိ" ဟု အဋ္ဌသာလိနီ အဋ္ဌကထာ၊ နိက္ခေပကဏ္ဍအဖွင့်တွင် လာသောကြောင့် ဗိမာန်တို့သည်လည်းကောင်း၊ ပဒေသာပင် ဘယက်တန်ဆာ တို့သည်လည်းကောင်း ရှိကုန်၏။

မူလပဏ္ဏာသ အဋ္ဌကထာ မာရတဇနီယသုတ် အဖွင့်တွင်လည်း "အယံ ပန ပြဟ္မလောကေ သုဓမ္မာ သဘာ၊ န တာဝတိံသဘဝနေ၊ သုဓမ္မာသဘာဝိရဟိတော ဟိ ဒေဝလောကော နာမ နတ္ထိ" ဟု ပြဟ္မာပြည်၌ သုဓမ္မာသဘင်ရှိ၏။ တာဝတိံသာမှာသာ သုဓမ္မာနတ်သဘင်ရှိသည် မဟုတ်၊ သုဓမ္မာနတ်သဘင်နှင့်ကင်းသောနတ်ပြည်ဟူ၍ မရှိဆိုသည်နှင့် အညီ သုဓမ္မာနတ်သဘင် တို့သည်လည်း ရှိကုန်၏ဟု မှတ်ရသည်။

သုဓမ္မာသဘင်ရှိကာလည်း ပဏ္ဏာကမ္မလာရှိရာသည်၊ ပဏ္ဏာကမ္မလာ၏ အကြောင်းကား။ "ဝသန္တော တိဒသာလယေ၊ ပါရိစ္ဆတ္တကမူလမ်ဳိ၊ ပဏ္ဏာကမ္မလနာမကေ၊ သိလာသနေ သန်္ဓိသိန္နော" ဟူသော အဋ္ဌသာလိနီပါဠိကိုမှီ၍ ပင်လယ်ကသစ်ပင်ရင်း၌သာ ပဏ္ဏာကမ္မလာရှိသည်ဟူ၍ ထင်သည်များကုန်၏၊ သုဓမ္မာမှာလည်း ပဏ္ဏာကမ္မလာရှိသေးသည်ပင်ဖြစ်၏။

စတ္တာလီသနိပါတ်၊ အလမ္ဗုသာဇာတ်တွင် "သုဓမ္မာယန္တိ သုဓမ္မဒေဝသဘာယံ ပဏ္ဏာကမ္မလသိလာသနေ နိသိန္နော" ဟုဆိုသောကြောင့် သုဓမ္မာနတ်သဘင်၌လည်း ပဏ္ဏာကမ္မလာရှိကြောင်း ကိုအတတ်သိသာသည်။ ဇာတ်တွင်ကား တာဝတိံသာ နတ်ပြည်၌ သုဓမ္မာတွင်သာ ဆိုလေသည်။ တာဝတိံသာ သုဓမ္မာကို ဥပမာပြုပြီးလျှင် ကြွင်းသော နတ်ပြည်တို့၌လည်းကောင်း၊ ပြဟ္မာပြည်တို့၌လည်းကောင်း သုဓမ္မာနှင့်ချည်းဖြစ်၍ ပဏ္ဏာကမ္မလာနှင့်ချည်းဟု ထင်ပေသည်။

၁၃၁-ပဏ္ဏာ။ ။ ကောင်းကင်၌ နေလတို့၏ အကြီးအကျယ်အမြင့် နက္ခတ်တာရာတို့၏ အကြီးအကျယ်အမြင့် သွားဟန် လိုက်ဟန်များကိုလည်း သိလိုပါသည်။

၁၃၁-ဝိသဇ္ဇနာ။ ။နေဗိမာန်၊ လဗိမာန်၊ နက္ခတ်၊ တာရာ၊ ကြယ်ဗိမာန်တို့၏ အကြီးအကျယ် အမြင့်သွားဟန်များကို မေးရာ၌ –

> ပမာဏတော စန္ဒော အာယာမဝိတ္ထာရုဗ္ဗေဓတော ဧကူနပညာသ ယောဇနော၊ ပရိက္ခေပေန ပန တီဟိ ယောဇနေဟိ ဥန ဒ်ဳယမုသတယောဇနော၊ သူရိယော အာယာမ-ဝိတ္ထာရုဗ္ဗေဓတော ပညာသယောဇနော ပရိက္ခေပတော ပန ဒ်ဳယမုသတယောဇနော။

ဟု လောကဒီပနီတွင် ဆိုသည်ဖြစ်၍ လဗိမာန်သည် အလျားအနံအားဖြင့် လေးဆယ်ကိုးယူဇနာ အဝန်းအားဖြင့် တရာ့လေးဆယ့်ခုနစ်ယူဇနာရှိသည်၊ နေဗိမာန်သည် အလျားအနံအားဖြင့် ယူဇနာငါးဆယ်၊ အဝန်းအားဖြင့် ယူဇနာတရာ့ငါးဆယ်ရှိသည်။

ဘရင့် ဝိမာနံ ပန အာယာမ ဝိတ္ထာရုဗ္ဗေဓတော ကေုနဝီသတိယောဇနံ၊ ဇီဝါ ဝိမာနံ သတ္တရသယောဇနံ၊ ကုစ္ဆိဝိမာနံ ပန္နရသယောဇနံ၊ တထာ ဗုဒ္ဓဝိမာနံ၊ သောရိ-ဝိမာနံ တေရသ ယောဇနံ၊ သေသာနိ နက္ခတ္တတာရကာနိ ဒွါဒသယောဇနာနေဝါတိ။

ဟု လောကဒီပနီတွင် ဆိုသည်နှင့်အညီ သောကြာဂြိုလ် ဗိမာန်သည် အလျား အနံ့အားဖြင့် တဆယ့်ကိုးယူဇနာ၊ ကြာသပတေးဂြိုလ်သည် တဆယ့်ခုနစ်ယူဇနာ၊ အင်္ဂါဂြိုလ် ဗုဒ္ဓဟူးဂြိုလ် ဗိမာန်တို့သည် တဆယ့်ငါးယူဇနာစီ၊ စနေဂြိုလ်ဗိမာန်သည် တဆယ့်သုံးယူဇနာ၊ ကြွင်းသော နက္ခတ်တာရာတို့သည် တဆယ့်နှစ်ယူဇနာစီ နှင်နှင်ရှိကုန်၏။

အဋ္ဌသာလိနီအဋ္ဌကထာ ရူပကဏ္ဍ၊ ရူပါရုံအဖွင့် (၃၅၅)တွင် –

သတ္တရတနမယာနိ သတ္တဋ္ဌဒသဒွါဒသယောဇနာယာမဝိတ္ထာရာနိ တေသံ တေသံ ဒေဝပုတ္တာနံ ဝိမာနာနိ တာရကရူပါနိ နာမ။

ဟု ဆိုသောကြောင့် ရတနာခုနစ်ပါးဖြင့်ပြီးသော ခုနစ်ယူဇနာ၊ ရှစ်ယူဇနာ၊ ဆယ်ယူဇနာ တဆယ့်နှစ်ယူဇနာ အလျားအနံရှိကုန်သော ထိုထိုသို့သော နတ်သားတို့၏ ဗိမာန်တို့သည် နက္ခတ်တာရာကြယ်ဗိမာန်မည်ကုန်၏ဟု ဆိုသည်ဖြစ်၍လည်း ခုနစ်ယူဇနာ၊ ရှစ်ယူဇနာ၊ ကိုး ယူဇနာ၊ ဆယ်ယူဇနာရှိကုန်၏ဟူ၍လည်း မှတ်ကုန်ရာ၏။

"စန္ဒဿ ဥဘောသု ပဿေသု နက္ခတ္တတာရကာ ဂစ္ဆန္တိ" ဟု လောကဒီပနီကျမ်းတို့၌လာ သောကြောင့် နက္ခတ်တာရာတို့သည် လဗိမာန်၏ နံပါးနှစ်ဘက်တို့၌ လိုက်ကုန် သွားကုန်၏။

သာရတ္ထဒီပနီ၌ကား နေဗိမာန်၏ အောက် တယူဇနာခြားသော အရပ်၌ လဗိမာန်သွား၏။ လဗိမာန်၏ ထက်ဝန်းကျင် နံပါးနှစ်ဘက်တို့၌ နက္ခတ်တာရာတို့သည် လိုက်ကုန်၏ဟုဆိုသည်။ ထိုစကားကို စန္ဒသူရိယဂတိဝိနိစ္ဆယ ဒီပနီ ဆရာက လွဲ၍ လဗိမာန်၏ နံပါးနှစ်ဘက်တို့၌ နက္ခတ်တာရာတို့သည် မလိုက်ကုန်။ နေဗိမာန်၏ ထက်ဝန်းကျင် နံပါးနှစ်ဘက်တို့၌ လိုက်ကုန်၏ဟု ယုတ္တိနှင့် ဆို၏။ ဤသို့လျှင် နက္ခတ်တာရာ ကြယ်တို့၏ အခြင်းအရာ ပမာဏ သွားဟန် လိုက်ဟန်ကို မှတ်ရာ၏။

၁၃၂-ပဏ္ဍာ။ ။ဥပါပိုဉ်သည်၊ ကြယ်ပုံသည်၊ ဥပါကျသည် ဆိုရိုးရှိပါသည် အချို့ကလည်း အရောင်အဝါမျှဖြစ်သည် တိမ်တိုက်ချင်း ခတ်မိ၍ ထွက်ပြေးသည့် အရာ မျှသာ ဖြစ်သည်။ ဥပါပိုဉ်ရိုးမရှိ ဆိုကြပါသည်။ ကြယ်, ဥပါပိုဉ်သော ကာလ တိမ်တိုက်ရှိသော ညလည်း ရှိ၏။ တိမ်တိုက်မရှိသော ညလည်းမရှိပင် ဖြစ်ခဲ့ပါသည်။ တိမ်တိုက်ကိုစွဲ၍ ဖြစ်လျှင်လည်း တိမ်တိုက်ရှိမှ ဥပါပိုဉ်ရပါသည်၊ ဘယ်ကိုစွဲ၍ ပုံသည် ကျသည် အခြင်းအရာကို သိလိုပါသည်။

၁၃၂-ဝိသဇ္ဇနာ။ ။ဥပါပိုဉ်သည် ကြယ်ပုံသည်ကို မေးရာ၌။ ကျမ်းဂန်တွင် ဥပါဟူ၍ မရှိ၊ ဥက္ကာဟူ၍ သာ ရှိသည်။ ထိုဥက္ကာသည် ပုံရိုးမရှိ ဆိုကြပါသည် ဟူရာ၌၊ ပုံရိုးရှိ၏ဟု မှတ်သင့်၏။

ဟတ္ထိပါလပျိုတွင်လည်း — "တိမ်တောင်နီပြောက်၊ စို့ရောက်တံခွန်၊ လှည့်ဘန်နက်သတ်၊ နေကြတ်စဉ်းနာ၊ ဥက္ကာပျံသန်း၊ လဝန်းတာရာ၊ ချင်းနင်းလာသား"၊ ဟူ၍လည်းကောင်း။

"ပုတ်ကြတ်ကန္ဒူ၊ ဘာဏုမဏ္ဍလ၊ ဓဇတာရာ၊ ဥက္ကာပျံပြောင်၊ တံဘောင်ငှက်သံ နာခံစံနှုန်း၊ တော်လည်းငလျင်" ဟူ၍လည်းကောင်း စပ်သည့်ထုံးများ၌ ပျံသန်းကြောင်းကို စပ်သောကြောင့် ပျံရိုးရှိသည်ဟူ၍ မှတ်သင့်၏။ တိုက်ရိုက်အားဖြင့်ကား ကျမ်းဂန်တို့တွင် ဥက္ကာပက္ခာ၊ ဥက္ကာပျံလေ၏ဟု မတွေ့ပေ။ ဥက္ကာပါတ ဥက္ကာကျ၏ ဟူ၍သာ တွေ့သည်။

> မဏ္ဍဇိုဝ်းခန်းတွင်လည်း "ဂြိုလ်ပျံတာရာ၊ သီဟဇာမှ၊ တခါပြုတုံ၊ နိယထုံက၊ စေ့စုံလှည့်စွာ၊ ဥက္ကာကျလျှော်၊ သဘောဝိပရိတ်၊ နိမိတ်စံနည်း၊ တော်လည်းမကျန်၊ တိမ်တံခွန်နှင့်၊ တောက်ဟန်သက်တင်၊ စို့ကိုမြင်သည်၊ ကောင်းကင်အလိုဆိုသည့်စကား" ဟူ၍ လည်းကောင်း။
>
> ဆုတောင်းခန်းတွင် "လက္ခဏာမှန်ကန်၊ စကြာဟန်သို့၊ မြေကြွန်ကောင်းကင်၊ နေဝင်နေထွက်၊ ဝိထိစက်နှင့်၊ ထွန်းပြက်ဥက္ကာ၊ ကျသက်လှာ၍၊ ရောက်လာဘေးဒဏ်၊ ရှေးလွန်အတိတ်၊ နိမိတ်နိမက်၊ အထက်မိုးပြင်၊ လျင်လျင်နှေးနှေး" ဟူ၍ စပ်ရာ၌ ကျလျှောသည်ကိုပင် စပ်ပေသည်။

ကျခြင်းသတ္တိရှိလျှင် ပျံခြင်းသတ္တိလည်း ရှိရာကောင်း၏ ဟူ၍ပင်ထင်ပေသည်။ ဥက္ကာပါတကို ဖွင့်ရာ၌ လေဟုန်ဖြင့် တိမ်တိုက်ချင်း ခတ်မိ၍ အလျှံထွက်ပြေးသည်ကို ဥက္ကာကျသည် ဆိုလေသည်ဟု သုတ်သီလက္ခန် အဋ္ဌကထာ ဋီကာတို့၌ ဆိုသည်။

ကြယ်ပျံသည်ဆိုသည့် အရာ၌ကား ရံခါလည်း ကြယ်ပကတိ ပျံသည်ကိုပင် ဆိုသည်လည်း ရှိရာ၏၊ ရံခါလည်း ကြယ်ပကတိမဟုတ်ဘဲ ကောင်းကင်၌ ဖြစ်သော ကျောက်မျက်ရတနာတို့ ပျံသည့် အရောင်အဝါကိုကြယ်ရောင်နှင့်တူ၍ ကြယ်ပျံသည်ဆိုလေသည်လည်း ရှိရာ၏။ ရံခါလည်း ဘုန်းရှိသောသူတို့ ကံကြမ္မာအလျောက် တိတ်နိမိတ် ပြလို၍ ဖြစ်လာသည့် အရောင်အဝါလည်း ရှိရာ၏ ထင်ပေသည်။

အဘယ့်ကြောင့်နည်း ဟူအံ့၊ ဧကနိပါတ်၊ မဂ်လဇာတ်အဖွင့် ဋီကာ၌ "ဥက္ကာပါတောတိ မဟန္တတာရကာနံ ပတနံ။ ဥက္ကာပါတောတိ၊ ဥက္ကာကျ၏ ဟူသည်ကား။ မဟန္တတာရကာနံ၊ ကြီးစွာသော ကြယ်တို့၏။ ပတနံ၊ ကျခြင်းတည်း" ဟုလာသည်။ ထို့ကြောင့် ပကတိကြယ်ပင် ကျလာသည်လည်း ရှိရာ၏ဟု ဆိုပေသည်။

ရံခါလည်း ကြယ်ပကတိ မဟုတ်ဘဲ ကောင်းကင်၌ ဖြစ်သော ကျောက်မြတ်ရတနာတို့ ပျံသည့် အရောင်အဝါကိုပင် ကြယ်ရောင်နှင့်တူ၍ ကြယ်ပျံလေသည်ဟု ဆိုကြလေသည်လည်း ရှိရာ၏ ဟူရာ၌ —

သာရတ္ထဒီပနီဋီကာ၊ ဝိနယာလင်္ကာရဋီကာ စသည့်တို့၌ ပုလဲမျိုးရှစ်ပါးကို ပြရာတွင် —

(၁) ဟတ္ထိကုမ္ဘပုလဲတို့ကား ဆင်ဦးကင်း၌ ဖြစ်ကုန်၏။ ရွှေသောအဆင်းရှိ၏၊ အရောင်မှ ယုတ်ကုန်၏။

(၂) ဝရာဟဒါဌပုလဲတို့ကား ဝက်စွယ်၌ ဖြစ်ကုန်၏။ ဝက်စွယ်နှင့်တူသော အဆင်းရှိကုန်၏။

(၃) ဘုဇင်္ဃသီသပုလဲတို့ကား မြွေဦးခေါင်း၌ ဖြစ်ကုန်၏၊ အညိုစသော အဆင်းရှိကုန်၏။ စင်ကြယ်သန့်ရှင်း၏။

(၄) ဝလာဟကပုလဲတို့ကား တိမ်တိုက်၌ ဖြစ်ကုန်၏၊ ရဲရဲဦးသော အရောင်ရှိကုန်၏။ အဆင်းအထွေထွေ သဏ္ဌာန်အထွေထွေရှိကုန်၏။ ညှဉ်အခါ၌ အမိုက်တိုက်ကို ဖျောက်ကုန်၏။ နတ်တို့သာ သုံးဆောင်ရကုန်၏။

(၅) ဝေဠုမည်သော ပုလဲတို့သည် ဝါး၌ဖြစ်ကုန်၏၊ ပဲကြီးသီးနှင့်တူသော အဆင်း၊ ဝါသီးနှင့်တူသော အဆင်းရှိကုန်၏၊ အရောင်အဝါ မရှိလွန်းကုန်၊ လူမနေသော တောအရပ်၌သာ ထိုဝါးတို့သည် ရောက်ကုန်၏။

(၆) မစ္ဆသီသမည်သော ပုလဲတို့သည် ငါး၏ ဦးခေါင်း၌ ဖြစ်ကုန်၏၊ ငါးပူတာငယ်၊ ငါးဖယ်ကျောက်ကုန်းနှင့် တူကုန်၏၊ လုံးသော သဏ္ဌာန်ရှိ၏၊ ပေါ့လည်းပေါ့ကုန်၏။ အရောင်အဝါ နည်းကုန်၏၊ ထိုငါးတို့သည် သမုဒ္ဒရာအလယ်၌သာ နေကုန်၏။

(၇) သခ်မည်သော ပုလဲတို့သည် ခရုသင်း၌ ဖြစ်ကုန်၏၊ ခရုသင်း၏ ဝမ်းရေအဆင်းနှင့် တူကုန်၏၊ ကရဝေးသီး၊ ကလောသီး၊ ဆီးသီးအတိုင်း အရှည်ရှိကုန်၏၊ အရောင်အဝါ နည်းကုန်၏။

(၈) သိပ္ပိမည်သော ပုလဲတို့သည် ယောက်သွား၌ ဖြစ်ကုန်၏၊ ထူးပြားသောအရောင် ရှိကုန်၏။ ထူးပြားသော သဏ္ဌာန်လည်း ရှိကုန်၏ဟု ဆိုသည်။

ထိုပုလဲမျိုးရှစ်ပါးတို့တွင် ဝလာဟက မည်သောပုလဲတို့၏ အရောင်အဝါကိုပင် ကြယ်ပျံသည်ဟူ၍လည်း ယူရာ၏။

ဝလာဟကမည်သော ပုလဲသာ ကောင်းကင်၌ တည်သည်၊ အရောင်အဝါ ထွန်းတောက်ပသည်မဟုတ်၊ ပုလဲမှကြွင်းသော ရတနာတို့သည်လည်း ကောင်းကင်၌ တည်ကုန်၏။ အရောင်အဝါ ထွန်းတောက်ပကုန်၏။ ဤအကြောင်းကို ဗုဒ္ဓဝင်အဋ္ဌကထာ၌ –

> အာကာသဋ္ဌာစ ဘူမဋ္ဌာတိ၊ အာကာသဋ္ဌောစ ဘူမဋ္ဌောစ။ ရတနာနီတိ မုတ္တာဒီနိ ရတနာနိ၊ ဇောတိန္တီတိ သြဘာသန္တိ။

ဟူ၍ အာဒိသဒ္ဒါဖြင့် ဆိုသောကြောင့် တပါးသော ရတနာတို့သည်လည်း ထွန်းပကုန်၏။ ပုလဲမှ ကြွင်းသော ကျောက်ရတနာတို့သည် ရံခါရံခါ ကောင်းကင်၌ ထွန်းပကုန်သည်တို့ကိုလည်း ပကတိ နက္ခတ်တာရာ ကြယ်တို့ပင် ဖြစ်ရာသည်ဟု မှတ်၍ ကြယ်ပျံသည်ဟု ဆိုလေသည်ဟူ၍လည်း မှတ်သင့်ပေသည်။

ရံခါလည်း ဘုန်းရှိသောသူတို့ ကံကြမ္မာအလျောက် တိတ်နိမိတ်ပြလို၍ ဖြစ်လာသည့် အရောင်အဝါဟူ၍လည်း ယူရာ၏ဟူရာ၌ –

(၁) နတ်တို့ စုတေလိုသည်ရှိသော် လူတို့ ရက်ဖြင့် ခုနစ်ရက်ကပင် ပန်သောပန်း ညှိုးမြန်းခြင်း။

(၂) ပုဆိုးနွမ်းခြင်း။

(၃) လက်ကတီးကြားမှ ချွေးယိုခြင်း။

(၄) ကိုယ်အဆင်းအရေ မလှခြင်း။
(၅) နတ်တို့၏နေရာ၌ မမွေ့လျော်ခြင်း၊ မတည်တံ့နိုင်ခြင်း။

ဤပုဗ္ဗနိမိတ် ငါးပါးတို့သည် တန်ခိုးကြီးသော နတ်တို့အား ဖြစ်ကုန်သည်။ လူတို့မှာလည်း ဘုန်းကြီးသော မင်းအမတ် စသောသူတို့၏ ကံကြမ္မာကြောင့်လည်း ဥက္ကာကျခြင်း၊ ရာဟုဖမ်းခြင်း၊ မြေလှုပ်ခြင်း စသော နိမိတ်တို့သည် ဖြစ်ကုန်၏။ ထိုနိမိတ်တို့ကိုလည်း လက္ခဏာဖတ်တတ်ကုန်သော သူတို့သာ သိကုန်သည်ဟု သာရတ္ထသင်္ဂဟကျမ်း၌ ဆိုသည်ဖြစ်၍ ရံခါလည်း တိတ်နိမိတ်ပြလို၍ ဖြစ်သည်ဟူ၍လည်း ဆိုသင့်၏ဟု ဆိုပေသည်။

ကျမ်းဂန်တွင် ဥက္ကာကျသည်ကိုပင် လောကကြောင်းမှာ ဥက္ကာပျံသည်ဟူ၍ ဆိုလေသည်၊ ထို့ကြောင့် ရာဇဝင်တွင်လည်း ပုဂံပြည်၌ သမုဒ္ဒရာဇမင်း စုတေလေသောအခါ ရှေ့တော်တွင် ဥပါကြီး လှည်းဘီးဝန်းခန့် ကျလာသည်ဟုဆိုသည်၊ ဟံသာဝတီ ပျက်လိုသော ကာလလည်း ကောင်းကင်၌ ကြယ်တို့သည် များစွာကျလာကုန်၏ဟု ဆိုသည်၊ ဤထုံးများကို ထောက်လျှင် တိတ်နိမိတ်ပြလို၍ ဥက္ကာကျခြင်း၊ ကြယ်ပျံခြင်းတို့ဖြစ်သည်ဟူ၍ မှတ်သင့်၏ဟု ဆိုပေသည်။

တကြောင်းမှာလည်း ဥက္ကာပျံသည်ကို မေးရာ၌ ဥပါဟူသော စကားသည် ရှေးစကားဖြစ်သည် ရှေးသူဟောင်းတို့သည် ဘီလူးကို "ဥပါ" ဟူ၍ဆိုသည် ဘီလူးတို့သည် ကောင်းကင်သို့ ပျံတက်နိုင်ကြောင်းမှာ နန္ဒဘီလူးတို့ဝတ္ထု၊ ဟေမဝတဘီလူးတို့ ဝတ္ထုကို ထောက်၍လည်းကောင်း၊ မိလိန္ဒပဉှာ၌ အာကာသအဂ်ါငါးပါးကို ဆိုရာဝယ် "ပုန စ ပရံ မဟာရာဇ အာကာသေ ဂ္ဂသိတာပသဘူတဒိဇဂဏာစရန္တိ" ဟု ကောင်းကင်ပြင်၌ ရဟန်း၊ ရသေ့၊ ဘီလူး၊ ဒုက်အပေါင်းတို့သည် သွားကုန်၏ဟူ၍ဆိုသည်ကို ထောက်၍လည်းကောင်း၊ ကောင်းကင်သို့ ပျံနိုင်ကြောင်းကို သိရသည်။

ဘီလူးကို ဥပါဟု ခေါ်ဖူးကြောင်းကား ပုဂံရာဇဝင်တွင် စလေမင်းခွေး၊ ကုလားကျ၊ တရုတ်ပြေး၊ ဤမင်းသုံးယောက်တို့ကို တယောက်တည်းပင် သုံးဘဝဆက်၍ မင်းဖြစ်သည်ဟု ဆိုသည်တွင် မင်းခွေးဖြစ်သော အပိုင်းတွင် တောင်စောင့်ဘီလူး ဖြစ်ခဲ့ဖူးသည်ဟု ဆိုသည်၊ ကုလားကျဖြစ်သောကာလ တောင်စောင့် ဥပါဖြစ်ခဲ့ဖူးသည်ဟု ဆိုသည်။ တရုတ်ပြေးဖြစ်သော ကာလလည်း တောင်စောင့် ဘီလူးဖြစ်ခဲ့ဖူးသည်ဟု ဆိုသည်၊ ဤသို့ ဘီလူးဆိုတုံ့၊ ဥပါဆိုတုံ ဆိုသည်၊ မင်းကျွေးမင်းကိုလည်း ဥပါ တစ်ယောက်သည် ဆိတ်ကျောင်းသားမိန်းမငယ်တစ်ယောက်နှင့် သင့်ရာတွင် မြင်သော သားငယ်ဟု ပုံလေးရပ်တွင် ဆိုသည်။

မဂ္ဂဖိုဝ်းခန်းတွင်ကား ဥပါဟူ၍မစပ်၊ ဘီလူးဟူ၍ပင် ဖော်လျက်စပ်ချေသည်။

လောကဝတ်လျောက်၊ တရေးထောက်လည်း၊ မျက်မှောက်မြင်ဖူး၊ ဘီလူးငပြည့်၊ ရွာကိုလှည့်လျက်၊ ကြည့်လတ်သော်လည်း၊ နတ်သို့ချည်းလျှင်၊ စုလည်းမြိတ်လွတ်၊ ထွက်ရရွတ်လျှင်၊ မိုးမြတ်ပြည်သူ၊ မြင်ပြားမူလည်း၊ အိမ်သူမကြိုက်၊ ပျော်ပိုက်တပ်ပြေ့၊ ရှေးချစ်ငွေ့ဖြင့်၊ သူငွေ့ကျွန်မ၊ ဆိတ်ကျောင်းမျှကို၊ မရ, ရအောင်၊ လုံ့လဆောင်၍၊ အိမ်ထောင်တူကွ၊ ဖြစ်လေကြ၏။

ဟု ဘီလူးဟူ၍ပင် ဖော်လျက်စပ်ချေသည်။

လောကီကျမ်းတို့တွင်လည်း ဂမုန်းဖြူ၊ ဂမုန်းနီ၊ ဂမုန်းနက်၊ ဤသုံးပါးတို့သည် ဥပါယကွဲ ဘီလူးသဘက်တို့သည် မဖမ်းဝံကုန် ဟူ၍ဆိုသည်။

ရွှေမင်းဘုန်းဘွဲ့ မော်ကွန်းဟောင်းတွင် –

အရိမဒ်ဝယ်၊ နေနတ်မင်းကြီး။ ဖြူစောထီးမှ၊ မသီးနွယ်တော်၊ ကျွန်းခွင်ကျော်သည်။ အနော်ရထာ၊ ဥပါမင်းသွေး၊ တရုတ်ပြေးဟု၊ ရပ်ဝေးသထုံ –ဟူ၍ လည်းကောင်း။

ဩဝါဒထူးတွင် – စွယ်ဖြူဖြူးဖြူး၊ မာန်ဟူးဟူးနှင့်၊ ဘီလူးဥပါ၊ ပြိတ္တာ တစ္ဆေ၊ ကင်းမြွေနွား ကျွဲ၊ သားရဲမြင်းဆင်၊ သမင်တိုးအောင်း မိကျောင်း ခွေးရူး၊ ပြင်းဟူးမာန်ဟုန်၊ ဂဠုန်နဂါး၊ သစ်ကျားခြင်္သေ့ – ဟူ၍လည်းကောင်း။

မင်းတရားမယ်တော်ဧချင်းတွင် – တောနေ တောင့်က်၊ အထွက်ကျူးလွန်၊ သတိုးကျွန်ဟု၊ ကြောက်တွန်ကွန်မြူး၊ မည်ရင့်ကျူး၏။ ဘီလူးရန်မွေ့၊ ဥပါဆွေလည်း၊ ကြိမ်းထွေသံပ၊ ကြက်သီးထမျှ-ဟူ၍ လည်းကောင်း။ သူဌေးခန်းတွင်-ဥပါတစ္ဆေ၊ အရေငင်ဆုတ်၊ သွေးသံထုတ်သား၊ ကြမ်းကြုတ်စွာငြား၊ ဟူ၍လည်းကောင်း။

ပါရမီခန်းတွင် – "ဥပါခက်ဟု၊ ရမ္မက်မကြွင်း၊ ဆယ့်နှစ်သင်းတည့်၊ အပြင်းဖမ်းကျူး၊ တောဘီလူးကို" ဟူ၍လည်းကောင်း စပ်ဆိုကြသည်။

ဤစကားများကို ထောက်၍ ဘီလူးကို "ဥပါ" ဟုဆိုသည် ဘီလူးတို့ ပုံသွားသည်ကို ဥပါပုံလေသည်ဟု-ဆိုလေသည်ဟု ယူသင့်၏။

၁၃၃-ပဏ္ဍာ။ ။ဗျာဒိတ်ခံပြီးသော ဘုရားလောင်းတို့သည် ငုံးအောက် ငယ်သော တိရစ္ဆာန်မဖြစ်ပြီဟု ဆိုကြသည်။ ဇာတ် ဝတ္ထု စာစောင်ငယ်များမှာလည်း ငုံးအောက်ငယ်သော သားငှက် တိရစ္ဆာန် ဖြစ်ကြောင်းများကို တွေ့မြင်ရပါသည်။ ဤအရာများကိုလည်း ခြားနား၍ သိလိုပါသည်။

၁၃၄-ဝိသဒ္ဒနာ။ ။ဗျာဒိတ်ရပြီးသော ဘုရားလောင်းတို့သည် ငုံးအောက်ငယ်သော တိရစ္ဆာန်ဖြစ်မည် မဖြစ်မည်ကို မေးရာ၌ –

ဧဝံ သမိဒ္ဓါဘိနိဟာရောစ ဗောဓိသတ္တော ဣမာနိ အဋ္ဌာရသ အဘဗ္ဗဌာနာနိ န ဥပေတိ။ သော ဟိ တတော ပဘုတိ နဇ္ဈန္ဒွော ဟောတိ၊ နဇ္ဈဗဓရော၊ နဥမ္မတ္တကော၊ နဧဠမူဂေါ၊ နပိဋ္ဌသပ္ပိ၊ နမိလက္ခဿု ဥပဋ္ဌာတိ၊ နဒါသိကုစ္ဆိယာ နိဗ္ဗတ္တတိ၊ နနိယတမိစ္ဆာဒိဋ္ဌိကောဟောတိ၊ နာသဿ လိင်္ဂံ ပရိဝတ္တတိ၊နပဉ္စာနန္တရိယကမ္မာနိ ကရောတိ၊ နကုဋ္ဌိ ဟောတိ၊ နတိရစ္ဆာနယောနိယံ ဥပ္ပဇ္ဇတော ပစ္ဆိမတ္တဘာဝေါ ဟောတိ၊ နခုပ္ပါသိကနိဏ္ဏာမတဏ္ဍိကပေတေသု ဥပပဇ္ဇတိ၊ နကာလကဉ္စိကာသုရေသု၊ နအဝီစိနိရယေ၊ နလောကန္တရိကေသု၊ ကာမာဝစရေသု နမာရော ဟောတိ၊ ရူပါဝစရေသု နအသညီဘဝေ၊ နသုဒ္ဓါဝါသဘဝေသု ဥပပဇ္ဇတိ၊ နအန္ဓိမဘဝေသု၊ နအညံ စက္ကဝါဠံ သက်မတိ။ ။ဟု သုတ္တနိပါတ်အဋ္ဌကထာ၊ ခဂ္ဂဝိသာဏ သုတ်အဖွင့် (ဋ္ဌ၁။၄၅)တွင် လာသည်။

ဗျာဒိတ်ခံရပြီးသော ဘုရားလောင်းတို့သည် –

(၁) အမိဝမ်းဌကန်းသောသူ မဖြစ်။
(၂) အမိဝမ်းတွင်းက နားပင်းသောသူမဖြစ်။
(၃) ရူးသောသူမဖြစ်။
(၄) အ-သောသူမဖြစ်။
(၅) ဆွံ့သောသူမဖြစ်။
(၆) ချင်း ကရင်မျိုး၊ မြဲအမျိုးကဲ့သို့သော တောဖျား တောင်ခြေ နေသော မိလက္ခအမျိုးဌ မဖြစ်။
(၇) ကျွန်မဝမ်းဌ ပဋိသန္ဓေမနေ။
(၈) နိယတမိစ္ဆာဒိဋ္ဌိကိုမယူ။
(၉) ပုရိသအဖြစ်မှ မပြောင်း။
(၁၀) ပဉ္စာနန္တရိယကံကို မပြု။
(၁၁) နူသောသူ မဖြစ်။
(၁၂) တိရစ္ဆာန်အမျိုးဌ နှံစုတ်ဌက်အောက် ငယ်သော ကိုယ်ရှိသော တိရစ္ဆာန် မဖြစ်။
(၁၃) ခုပ္ပါပါသိက၊ နိဇ္ဈာမတဏှိက ပြိတ္တာတို့ဌ လည်းကောင်း၊ ကာလကဉ္စိကအသူရာတို့ဌလည်းကောင်း မဖြစ်။
(၁၄) အဝီစိငရဲ လောကန္တရိက်ငရဲတို့ဌ မဖြစ်။
(၁၅) ကာမာဝစရဘုံတွင် မာရ်နတ်မဖြစ်။
(၁၆) ရူပါဝစရဘုံတွင် အသညသတ်ဘုံ၊ သုဒ္ဓါဝါသဘုံတို့ဌ မဖြစ်။
(၁၇) အရူပဘုံတို့ဌ မဖြစ်။
(၁၈) တပါးသော စကြာဝဠာသို့ ပြောင်း၍ မဖြစ်။
ဤတဆယ့်ရှစ်ရပ်သော ဌာနတို့ဌ မဖြစ်ကုန်။

ဤအရာတွင် "န တိရစ္ဆာနယောနိယံ ဝဇ္ဇကတော ပဋ္ဌိမတ္တာဘာဝေါ ဟောတိ" ဟူသော ပါဠိကို ဆရာမြတ်တို့သည် ငုံးအောက်ငယ်သော တိရစ္ဆာန် မဖြစ်ဟူ၍ အနက် မြန်မာပြန်ဆို ကြကုန်၏။

မမွေရာသီပို့ အကျဉ်းအကျယ် နှစ်ရပ်တို့ဌပင်–"ကာလကဉ္စိ၊ ဘူမိမရောက်၊ ငုံးအောက်မငယ်၊ ဆင့်ထက်ဝယ်လည်း၊ လွန်ဖွယ်မကြီး" ဟု စပ်ဆိုလျက်ရှိပေသည်။ ထိုဆရာတို့ စပ်ဆိုတော်မူခဲ့သော နည်းနှင့် ထပ်တူပင် ရှင်လူအများတို့ ပြောထုံး ဆိုထုံးလည်း ရှိပေသည်ပင်။ ယင်းသို့ရှိသော်လည်း နိပါတ်ကျမ်း ဇာတ်ဝတ္ထုများတွင် နှံစုတ်ဌက် ဖြစ်ကြောင်း၊ စာဝတီးဌက် ဖြစ်ကြောင်းတို့ကိုပါ ပြန်သည်။ ဒုကနိပါတ်၊ ဒုတိယဝဂ်၊ သကုဏဂ္ဃိဇာတ်ဌ လာသော ဌက်ငယ်ကို ဆရာတို့ နှံစုတ်ဌက်ဟု အနက်မြန်မာ ယောဇနာ ကုန်သည်။

ရာဇမဏ္ဍိစူဠာဇာတ် ကမ္မည်းတွင် ဗီလုံးငှက်ဟု မြန်မာပြန်၍ ရေးလျက်ရှိသည်၊ ဤနှစ်ချက်တွင် ဗီလုံးငှက်ဟု မဆိုဘဲ နှံစုတ်ငှက်ကို မဖြစ်ရာသည့် တဆယ့်ရှစ်ရပ်တွင်သွင်း၍၊ အဓိပ္ပာယ်ဆိုလိုက်သည်ကား တကြောင်းလည်း ငုံကို မဆိုပဲ နှံစုတ်ငှက်ကို ဆိုလိုက်သည်ကား အဋ္ဌကထာတွင် ဝတကတော ဟူသောပါဠိရှိသည် မဟုတ်လောဟူအံ့။ ထိုပါဠိသည် ငုံးဟောပါဠိ မဟုတ်လောဟူအံ့၊ ငုံးဟောပါဠိမှာ ဝဋ္ဋဖြစ်သည်။ ပရိတ်ကြီး၌လည်း ဝတက မဆို။ "ပူရေန္တံ ဗောဓိသမ္ဘာရေ နိဗ္ဗတ္တံ ဝဋ္ဋယောနိယံ" ဟု ဝဋ္ဋသဒ္ဒါနှင့် ဆိုသည်။ ထို့ကြောင့် ဝဋ္ဋမှာ၊ ငုံးဆိုသင့်၏။ ဝတကမှာ ငုံးမဆိုသင့်ဟု ထင်ပေသည်။

မူလပဏ္ဏာသအဋ္ဌကထာ မဟာသစ္စကအဖွင့်တွင်လည်း –

> အပရမ္ပိ ဘန္တေ ဥပမံ ကရောထာတိ၊ ဣမဉ္ဉ မဟာရာဇ ဝတကသကုဏာ နာမ အာကာသေ ကီဠန္တာ ဝိစရန္တိ ခုဒ္ဒကာ သကုဏဇာတိ၊ ကိန္နုခေါ တသ္သ သကုဏဿ အာကာသေ ပက္ခပ္ပဟရဏဗ္ဘာနံ ဗဟု အဝသေသော အာကာသောတိ။ ကိံ ဘန္တေ ဝဒထ အပ္ပေါ တသ္သ ပက္ခပ္ပဟရဏောကာသော၊ အဝသေသောဝ ဗဟူတိ။ ဧဝမေဝ မဟာရာဇ အပ္ပကာ မယာ ဗုဒ္ဓဂုဏာ ကထိတာ အဝသေသာ ဗဟူ အနုန္တာ အပ္ပမေယ္ယာတိ။

ဘန္တေ၊ အရှင်ဘုရား။ အပရမ္ပိ၊ ထိုမှတပါး၊လည်း။ ဥပမံ၊ ဥပမာကို။ ကရောထ၊ ပြုတော်မူကုန်လော့။ ဣတိ၊ ဤသို့။ အာဟ၊ ဆို၏။ မဟာရာဇ၊ မင်းကြီး။ ဣမဉ္ဉ၊ ဤအရာ၌။ ဝတကသကုဏာနာမ၊ နှံစုတ်ငှက်အမည်ရှိကုန်သော။ ခုဒ္ဒကာ၊ ငယ်ကုန်သော။ သကုဏဇာတိ၊ ငှက်မျိုးတို့သည်။ အာကာသေ၊ ကောင်းကင်၌။ ကီဠန္တာ၊ ကစြေးကုန်လျက်။ ဝိစရန္တိ၊ ပျံကုန်၏။ တသ္သ သကုဏဿ၊ ထိုငှက်ငယ်၏။ အာကာသေ၊ ကောင်းကင်၌။ ပက္ခပ္ပဟရဏဗ္ဘာနံ၊ အတောင်ခတ်ရာအရပ်သည်။ ဗဟူ၊ များသလော။ ကိန္နုခေါ၊ အသို့နည်း။ အဝသေသော၊ ကြွင်းသော။ အာကာသော၊ ကောင်းကင်သည်။ ဗဟူ၊ များသလော။ ဣတိ၊ ဤသို့ ပဿိ၊ မေး၏။

ဘန္တေ၊ အရှင်ဘုရား။ ကိံဝဒထ၊ အသို့ဆိုဘိသနည်း။ တသ္သ၊ ထိုငှက်ငယ်၏။ ပက္ခပ္ပဟရဏောကာသော၊ အတောင်ခတ်ရာအရပ်သည်။ အပ္ပေါ၊ နည်း၏။ အဝသေသော၊ ကြွင်းသော။ အာကာသောဝ၊ ကောင်းကင်သည်သာလျှင်။ ဗဟူ၊ များ၏။ ဣတိ၊ ဤသို့။ အဝေါစ၊ နားတော်လျှောက်၏။ ဧဝမေဝ၊ ထို့အတူငှင်းလျှင်။ မဟာရာဇ၊ မင်းကြီး။ မယာ၊ ငါသည်။ ကထိတာ၊ ဆိုအပ်ကုန်သော။ ဗုဒ္ဓဂုဏာ၊ ဘုရားဂုဏ်ကျေးဇူးတို့သည်။ အပ္ပကာ၊ အနည်းငယ်တို့သာတည်း။ အဝသေသာ၊ ကြွင်းကုန်သော ဂုဏ်ကျေးဇူးတို့သည်။ ဗဟူ၊ များကုန်၏။ အနုန္တာ၊ အဆုံးမရှိကုန်။ အပ္ပမေယ္ယာ၊ မနှိုင်းယှဉ်အပ်ကုန်။

ဤသို့လာသည်၌ ငုံးကိုဥပမာပြုသည်ထက် နှံစုတ်ငှက်ကို ဥပမာပြုခြင်းသည် သင့်မည် ထင်သည်။ ဤဥပမာ၌ ငုံးကိုအနက်ဆိုချေသော် ယခင်ပြခဲ့သော သကုဏဂ္ဃဇာတ်၌ နှံစုတ်ငှက်မှန်သည်ဖြစ်စေ၊ ဗီလုံးငှက် မှန်သည်ဖြစ်စေ၊ ဤနှစ်ခုတွင် တခုခုသည်လည်းကောင်း၊ ကုဋိဒုသကဇာတ်၌ စာဝတီးငှက်သည်လည်းကောင်း၊ ဤဇာတ်တို့သည် ထင်ရှားရှိသောကြောင့် ဤဇာတ်တို့၌ နှံစုတ်ငှက်၊ ဗီလုံးငှက်၊ စာဝတီးတို့သည် ငုံးအောက်ငယ်သောကြောင့် ယခင်ဥပမာ၌ ဝတကသဒ္ဒါကိုလည်း ခုဒ္ဒကသကုဏာ ဆိုသည်နှင့်အညီ နှံစုတ်ငှက်ကို အနက်ဆိုမှ သင့်မည်ထင်သည်။

ဤကား ဗျာဒိတ်ခံပြီးသော ဘုရားလောင်းတို့ မဖြစ်ရာသည့် အရပ်တဆယ့်ရှစ်ပါးတည်း။

၁၃၄-ပဏ္ဍာ။ ။ရှေးအခါ စာစောင်များတွင် လိပ်ကမ္ဘည်း အမည်နာမ တပ်မှတ် ရေးသားကြသောအရာ၌ တာလုဇ ပဌမကွရာ(စ) နှင့် (စာ) ဟူ၍ ရေးသား တပ်မှတ် ကြသော စာဟောင်းပေဟောင်း အစဉ်ရှိပါသည်။

ယခုအခါတတိယအက္ခရာ(ဇ)နှင့်(ဇာ)ဟူ၍ ရေးသားတပ်မှတ်ကြပြန်သည်။ ဤအရာ နှစ်ချက်တွင် ရှေးအရေးသင့်မည်၊ နောက်အရေး သင့်မည်ကိုလည်း သဘောယုတ္တိသာ ၍ ရှိရာကို မှတ်သိလိုပါသည် ဆရာတော်ဘုရား။

၁၃၄-ဝိသဇ္ဇနာ။ ။လိပ်ကမ္ဘည်း တပ်မှတ်ရေးသားကြရာ၌ ပဌမအက္ခရာ(စ)နှင့်(စာ)ဟူ၍လည်း ကောင်း။ တတိယအက္ခရာ (ဇ)နှင့် (ဇာ) ဟူ၍လည်းကောင်း ရေးခြင်းကိုမေးရာ၌-

ဝေသာလီမင်းတို့သည် ရှေး၌ဖြစ်လေပြီးသော အသုံးအစွဲအဆုံးအဖြတ်ကို ပညတ်ဟောင်း လည်းမပျက်၊ အသစ်လည်းပြင်၍ မပညတ်၊ ဤအကျင့်သည်လည်း ပြည်ရွာစည်ပင်အံ့သော အကြောင်း အပရိဟာနိယဓမ္မပင် ဖြစ်သည်ဟူ၍ ဟောတော်မူသောကြောင့် ရှေးအဟောင်း ပညတ်ရင်းလည်း မသင့်ဖြစ်သော် အသစ်ပြင်၍ ပညတ်ကောင်း၏၊ သင့်လေပြီးသော အရာ ဖြစ်လျှင် အသစ်ပြင်၍ ပညတ်ခြင်းသည် မသင့်ပြီထင်သည်။

ဟံသာဝတီ၌ ငါးဆူဒါယကာသည် ရှေးမင်းတို့လက်ထက် အသုံးအဆောင်၊ အခေါ်အဝေါ်၊ မြို့ပြတန်ဆောင်တို့ကို အသစ်ပြင်၍ ခေါ်ဝေါ်သုံးဆောင်လေ့ ရှိသောအရာတို့ကိုလည်း အမှာ တော်ပုံ ရာဇဝင်စသည်တို့၌ ပညာရှိတို့ မချိုးမွှမ်းကုန်၊ ဉာဏဝမုနဒီပနီ၌လည်း ဤအမှုကိုပြုမည် ဆိုသော် ထိုအမှုသည် သင့်မည်လော၊ မသင့်မည်လောဟု အဖန်တလဲလဲ ဆင်ခြင်ပြီးမှ ပြုသင့် ကြောင်းကို အကျိုးပြလျက် များစွာပင် ဆိုချေသည်။ ရာဇသုတဒီပနီ၊ ယသဝမုန ပထမပိုင်း တို့၌လည်း ဤနည်းအတူပင် ဆင်ခြင်စဉ်းစား၍ ပြုရာသောအကြောင်းကို များစွာဆိုပေသည်၊ ရှေးထုံးဥပဒေကို ပြင်သောသူတို့သည်လည်း ပညာကြီး၍ ပညာကိုအားကိုး၍ပြင်ရာ ပညာ ရှိဟု ပြုလိုသော သူတို့သည် ဝိစာရဏအလွန်အားကြီးသင့်သည် ပညာသာ အားကြိုသော်လည်း သဒ္ဓါအားနည်းက ဘုရားမချိုးမွှမ်းချေသေး။

ထို့ကြောင့် သမ္မောဟဝိနောဒနီအဋ္ဌကထာ(၂၆၄)၌ – "ဗလဝပညော မန္ဒသဒ္ဓေါ ကေရာဋိက-မက္ခံ ဘဇတိ၊ ဘေသဇ္ဇသမုဋ္ဌိတော ဝိယ ရောဂေါ အတေကိစ္ဆော ဟောတိ"။ စသည်ဖြင့် လည်းကောင်း၊ ပဋ္ဌာန်းကျမ်း၌လည်း "ပညံ ဥပနိဿာယ မာနံ ဇပ္ပေတိ၊ ဒိဋ္ဌိ ဂဏှာတိ။" ဟူ၍လည်းကောင်း ဟောတော်မူချေသည်။ ထို့ကြောင့် ကဲလွန်စွာ ဆင်ခြင်စဉ်းစား၍ သဒ္ဓနယ အတနယ မပျက်ကောင်းသော အရာ၌မူကား ပြင်အပ်ကောင်း၏၊ ပျက်သောအရာကား မပြင်သင့်ချေ။

တကြောင်းမှာလည်း ရှေးအဟောင်းသည် အနက်အဓိပ္ပာယ်သင့်လေပြီးဖြစ်လျှင် အသစ် မပြင်သင့်ချေ။ ယခင်စကား၌ (ဇာ)ဟူ၍ ရေးကြပြန်သော သူတို့၏ဝါဒကား –

ဒိဋ္ဌဓမ္မိက သမ္မရာယိကတ္ထသခီါတေ ဒွေ အတ္ထေ ဇာနေန္တိ ဇနေန္တိ ဧ တေတိတိ ဝါ ဇာ၊ ဇာနေန္တိ ဇနေန္တိ ဧတ္ထာတိ ဝါ ဇာ။

ဧတေဟိ၊ ထိုအက္ခရာ အပေါင်းတို့ဖြင့်။ ဒိဋ္ဌဓမ္မိကသမ္မရာယိကတ္ထသခီါတေ၊ မျက်မှောက်၌ ဖြစ်သောအကျိုး၊ တမလွန်၌ ဖြစ်သောအကျိုးဟု ဆိုအပ်သော၊ ဒွေ အတ္ထေ၊ တို့ကို။ ဇာနေန္တိ၊

သိစေတတ်ကုန်၏။ ဝါ၊ တနည်းကား။ ဇနေန္တိ ဖြစ်စေတတ်ကုန်၏။ ဣတိတသ္မာ။ ထို့ကြောင့်။ ဇာ ဇာမည်၏။ ဝါ၊ တနည်းကား။ ဇတ္ထ၊ ဤကျမ်း၌။ ဒိဋ္ဌဓမ္မိက သမ္ပရာယိကတ္ထသခါတေ၊ ကုန်သော။ ဒွေ အတ္ထေ၊ တို့ကို။ ဇာနေန္တိ၊ ကုန်၏။ ဝါ၊ တနည်းကား။ ဇနေန္တိ၊ ကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဇာ၊ ဇာမည်၏။ ဇာ၊ သိကြောင်းဖြစ်ကြောင်း။ ဇာ၊ သိရာဖြစ်ရာ။

ဤသို့ ဝစနတ္ထကြံ၍ (ဇာ) ဟုရေးသော်လည်း သင့်ကောင်း၏ဟု (စာ)ကို အသစ်ပြင်၍ (ဇာ) ဟု ရေးကြလေကုန်သည်။ ဤဝစနတ္ထသည်လည်း၊ အဘိဓာန်အနေကတ္ထဝဂ်၊ ကေက္ခရ-ကောသစာကိုယ်၊ ဋီကာ၊ နာနတ္ထမဉ္ဇရီကျမ်း။ ကစ္စည်းကျမ်း၊ မောဂ္ဂလ္လာန်ကျမ်း။ သဒ္ဒနီတိကျမ်း စသည်တို့၌လာသော ဝစနတ္ထမဟုတ်၊ နောက် ပညာရှိတို့ကြံစည်သော ဝစနတ္ထသာ ဖြစ်သည်။ ဤဝစနတ္ထကဲ့သို့ ရှေးပညာရှိတို့လည်း ကြံနိုင်ကောင်းပလေသည်ပင်။ ထိုသို့ ကြံနိုင်သော်လည်း ရှေးပညာရှိတို့သည်ကား(ဇာ)ဟုမရေးကုန်၊ စာဟူ၍သာ ရေးတော်မူချေသည်၊ ရှေးပညာရှိတို့ (စာ)ဟုရေးခြင်းသည်လည်း ဘုရားသခင်၏ ဝစီဘေဒဝါစာ ဖြစ်သည်ဟူ၍ နှလုံးပိုက်သောကြောင့် လည်းကောင်း။

ဝိနည်းပါဠို၊ အဋ္ဌကထာ၊ ဋီကာကျမ်းတို့၌။ ဒီဟိ ကမ္မဝါစာဟိ ထုလ္လစ္စယာ၊ ကမ္မပါစာ-ပရိယောသာနေ အာပတ္တိ သဲယာဒိသေသဿ။ ကမ္မဝါစံ ဘာသတိ၊ အန္တမသော ကမ္မဝါစာ-မတ္တမ္ပိ ဝါစုဂ္ဂတံ ပဝတ္တတိ။ ။စသည်ဖြင့် လာသောကြောင့်လည်းကောင်း။

ကစ္စည်း သဒ္ဒါကျမ်း ဥဏာဒိတွင်။ "သမာဒီဟိ ထမာ" ဟူသောသုတ်၌ "ကမ္မဝါစာယ ဗန္ဓတိ ဧတ္ထာတိ သီမာ" ။ဧတ္ထ ဌာနေ၊ ဤအရပ်၌။ ကမ္မဝါစာယ၊ ကမ္မဝါစာဖြင့်။ ဗန္ဓတိ၊ ဖွဲ့တတ်၏။ ဣတိတသ္မာ၊ ထိုသို့ဖွဲ့ရာဖြစ်သော သတ္တိကြောင့်။ သီမာ၊ သိမ်မည်၏ဟု ဝစနတ္ထပြ ရာ၌ စာဟူ၍ပါဠိရှိသောကြောင့် လည်းကောင်း ရှေးဆရာတို့ ပါဠို အဋ္ဌကထာ သဒ္ဒါကျမ်း၌ လာသော အကွာရကိုမှီ၍ (စာ)ဟု ရေးလေသည်။

ထုံးတွေ့ဖူးသည်မှာလည်း အရှင်မဟာသီလဝံသ ဆိုတော်မူသည့် တောင်တွင်းလား စုဒ္ဒသမပိုဒ်၌။

"စ-ကားရှေ့နေ့၊ အ-ကားကျေ၍၊ သရေလည်းကောင်း။ ထပ်ပြန်လောင်းမှ၊ အကြောင်းကိုစ၊ ပရုနယေ၊ ချဉ်းပါစေအံ့။" ဟူရာ၌၊ စ-ကိုခွင်း၍ သရာ သရေ လောပံ ဟူသော သုတ်ဖြင့်၊ စ-အစိတ်၊ အ-ကိုချေ၍ နယေ ပရံ ယုတ္တေဟူသောသုတ်ဖြင့်၊ စ-ကို၊ နောက်-အာ သရသို့ကပ်ရမည်။ စာဖြစ်၏။ လောကဝေါဟာရအားဖြင့် ကျမ်းဂန်ကို စာဟုလာသည် ကျမ်းဂန်စာပေ ဆိုလိုသည် ဤထုံးကိုလည်းကောင်း။

တကြောင်းမှာလည်း အရှင်မဟာသီလဝံသပင်ဆိုသည့် စ-အက္ခရာ ရတုဒ္ဓလည်း။

"စုံစမ်းစေ၍၊ စာခွေ၌တွင်၊ စမမြင်သည်။ စီရင်တင့်ဆုံး၊ စာတကုံးကို၊ စုနုံးထိပ်ပြင်၊ စိုက် ဆောင်ဆင်၍၊ စွယ်ရှင်မြတေ၊စူဠာဗွေဝယ်၊ စိတ်နေသီလ၊ စိတ်မခွတည့်၊ စိန္တာမာလာ၊ စိန်ခက်ဖြာနှင့်၊ စိန္တာနုဘော်၊ စွယ်ဆံတော်ကို၊ စိတ်တော် ရွှင်ဝမ်း၊ စိတ်ထပ်မွမ်းသည်။ ။စုံစမ်း စုံစေ့စေစွာစွ။" ဟူသော ဧကပိုဒ်၌လည်း စအက္ခရာဖြင့်သာ စပ်တော်မူသော ထုံးကိုလည်းကောင်း။

ပုဂံမင်းတို့လက်ထက် ရေးထားခဲ့သော ရွှေစည်းခုံကျောက်စာ၊ အရှင်မဟာသီလဝံသ ရေးထားခဲ့သော ရတနာဗိမာန်ကျောက်စာ၊ ရာဇမဏိစူဠာဇာတ် ကမ္ပည်းတို့၌ အရှင်ကုဏ္ဍာဓာန

ထေရ်(စာ) ရေးတံ ရှေးဦးစွာယူသော အရာ၌ ဧတဒဂ်ရကြောင်း ဆုတောင်းပတ္ထနာပြု၍ အလျှကြီးပေးကြောင်းကို ဆိုရာဝတ္ထုတို့၌လည်းကောင်း ဤသို့စသည်တို့၌ ပဌမကွဲရာ(စ)နှင့်သာ ထုံးသာဓက တွေ့ဖူးချေသည်။

ပုဂံ မြင်စိုင်းစသော ရှေးမင်းတို့လက်ထက် ရေးထားခဲ့သော ပုံစံ သက်သေ ဥပဒေသ နည်းနာနယ်ယူလောက်သော စာဟောင်းစာတမ်းတို့၌ တတိယကွဲရာ(ဇ)နှင့်ရေးသော ထုံးဥပဒေသ တို့ကို မတွေ့ဖူးပေ။

၁၃၅-ပဋ္ဌာ။ ။သဟမွတိ ပြဟ္မာကို အခို့ကလည်း ပဌမစျာန် ဘုံသားဆိုကြပါသည်။ အခို့ကလည်း သုဒ္ဓါဝါသ အကနိဋ္ဌဘုံသား ဆိုကြပါသည်။ အဘယ်ကဖြစ်မည်ကို သိလို ပါသည်။

သဏ္ဌာရာဇ်၊ ၁၁၁၇-ခု၊ တော်သလင်းလဆန်း ၁-ရက်၊ တနင်္ဂနွေနေ့ မဲ့ရွာသိရိမာလာက လျှောက်လာရာတွင် ဖြေဆိုလိုက်သည်ကား။

၁၃၅-ဝိသဇ္ဇနာ။ ။သဟမွတိ ပြဟ္မာ၏ နေရပ်ဌာနကိုမေးရာ၌ –

သဟမွတိပြဟ္မာသည် ကဿပမြတ်စွာဘုရားလက်ထက် သဟကမည်သော ရဟန်းဖြစ် သည်၊ ပဌမစျာန်ကိုရသည်။ ယခုပဌမစျာန်ဘုံ၌ဖြစ်သည်ဟူ၍ ဝိနည်းမဟာဝါပါဠိတော် နိဿယ၌ ရွှေဥမင်ဆရာ မှာတော်မူသည်။

မူလပဏ္ဏာသအဋ္ဌကထာ ပရာဘဝသုတ် အဖွင့်တွင်လည်း –

သော ကိရ ကဿပဘဂဝတော သာသနေ သဟကောနာ နာမ ထေရော ပဌမဈာနံ နိဗ္ဗတ္တေတွာ ပဌမဈာနဘူမိယံ ကပ္ပာယုကာ ပြဟ္မာ ဟုတွာ နိဗ္ဗတ္တော၊ တတြ နံ သဟမွတိပြဟ္မာတိ သင်္ခာနန္တိ။

ဟူ၍ ပဌမစျာန်ကိုရကြောင်း၊ ပဌမစျာန်ဘုံ၌ အသေခေါ်ယျုကပ်လုံး အသက်ရှည်သော ပြဟ္မာ ဖြစ်ကြောင်းကိုလာသည်။

သုတ္တနိပါတ်အဋ္ဌကထာ ကောကာလိကသုတ် အဖွင့်(၄၊၂။၁၉၆)တွင်လာသည်ကား -

အယံ ကဿပသမ္မ ဘဂဝတော သာသနေ သဟကော နာမ ဘိက္ခု အနာဂါမိ ဟုတွာ သုဒ္ဓါဝါသေသု ဥပ္ပန္နော တတ္ထ နံ သဟမွတိ ပြဟ္မာတိ သင်္ခာနန္တိ။

ဟု သဟမွတိ ပြဟ္မာသည် ကဿပမြတ်စွာဘုရား သာသနာတော်၌ သဟကမည်သော ရဟန်း ဖြစ်သည်။ အနာဂါမိဖိုလ်ကိုရ၍ သုဒ္ဓါဝါသဘုံ၌ ဖြစ်လေသည်။ ထိုဘုံ၌ သဟမွတိပြဟ္မာဟု တွင်လေသည်ဟု ဆိုသည်။

၁၃၆-ပဋ္ဌာ။ ။တကြောင်းမှာလည်း သဟမွတိ ပြဟ္မာသည် တရားဟော တော်မူပါဟု တောင်းပန်သောကာလ မဟာကုသိုလ်စိတ်နှင့် တောင်းပန်သင့်ပါသည်။ မဟာကုသိုလ်စိတ်နှင့် တောင်းပန်ကလည်း သုံးဆယ်ရှစ်ခုသော စေတသိက်ကို ရသင့်

ပါသည်။ ထိုသုံးဆယ်ရှစ်ခုသော စေတသိက်တို့တွင်လည်း ဝိရတိစေတသိက် ပါသင့်ပါသည်။ ဝိရတိစေတသိက် ပါဝင်သင့်ကလည်း သမ္မာဝါစာစေတသိက် ပါသင့်ပါသည်။ သမ္မာဝါစာ စေတသိက်ပါကလည်း သမ္မာဝါစာ ဖြစ်သင့်ပါသည်။ သို့ကိုလျက် သမ္မာဝါစာ ဖြစ်သင့်၏ မဖြစ်သင့်ဟု အသီးသီးပညာရှိတို့ ပြောဆိုကြပြန်ပါသည်။ သမ္မာဝါစာ ဖြစ်သင့်မည် မဖြစ်သင့်မည်ကို သိမှတ်လိုပါသည်။

၁၃၆- ဝိသဇ္ဇနာ။ ။တရားဟောတော်မူပါဟု တောင်းပန်သောအခါ မဟာကုသိုလ်စိတ် ဖြစ်သင့်ကြောင်း၊ မဟာကုသိုလ်စိတ်ဖြစ်ကလည်း စေတသိက် သုံးဆယ့်ရှစ်ခု ရသင့်ကြောင်း၊ သုံးဆယ်ရှစ်ခုရကလည်း ဝိရတိစေတသိက်ပါသင့်ကြောင်း၊ ဝိရတိစေတသိက်ပါကလည်း သမ္မာဝါစာ စေတသိက်ပါသင့်ကြောင်း၊ သမ္မာဝါစာ စေတသိက်ပါကလည်း သမ္မာဝါစာ ဖြစ်သင့်ကြောင်း၊ ဤအရာကိုမေးရာ၌–

ယခုမေးသည့်အတိုင်းပင် အထင်ရှိကြသူလည်း အများပင် ရှိကုန်သည်ဖြစ်၍ သမ္မာဝါစာ ဖြစ်၏ဟု အချို့ကလည်း ဆိုကြကုန်သည်။ နက်နဲသိမ်မွေ့သော ပညာရှိသော သူတို့ကလည်း ဖြစ်သင့် မဖြစ်သင့်ကို ဆင်ခြင်၍ မဖြစ်သင့်ဟု ဆိုကြကုန်သည်။ ထို့ကြောင့် ဖြစ်သင့်၏ မဖြစ်သင့်ဟု အသီးသီး ပြောဆိုကြပြန်သည်ဟူသောစကားလည်း အမှန်ပင် ဖြစ်တော့သည်။ သို့ရာတွင် ပရမတ္ထတရားကို ဆုံးဖြတ်ရသည်ဆိုရာ၌ ပရမတ္ထတရားသဘောကပင် အလွန်နက်နဲသိမ်မွေ့လှ၍ ပရမတ္ထတရားအရာ၌ ကျက်စားသော ဉာဏ်ကလည်း အလွန်သိမ်မွေ့ နက်နဲမှပင် သဘောအဓိပ္ပာယ်ကို အမှန်အကန် သိနိုင်ခဲမှ်မည်။ အဘိဓမ္မာတရားကိုလည်း "အဘိဓမ္မော နာမေသ သဗ္ဗညုဗုဒ္ဓါနမေဝ ဝိသယော။ နာ အညေသံ ဝိသယော" ဟု ဘုရားသခင့်ဉာဏ်တော်၏ အရာသာ၊ တပါးသောသူတို့၏ အရာပင်မဟုတ်ဟု ဆိုချေသည်။

ယခုမေးသော ပြဿနာ၌ မဟာကုသိုလ်စိတ် ရှစ်ခုတွင် စေတသိက် သုံးဆယ်ရှစ်ခု ရသင့်ပါသည်ဆိုရာ၌ အလုံးစုံသောစိတ်၌ သုံးဆယ်ရှစ်ခုရသင့်သည်ဟူ၍ မမှတ်သင့်၊ အချင်းခပ်သိမ်း သုံးဆယ်ရှစ်ခုတို့သည် တပြိုင်နက်ဖြစ်၏ ဟူ၍လည်း မမှတ်သင့်၊ ရှစ်ခုသော ကုသိုလ်စိတ်တို့တွင် ပဌမဒွေးဌ် အညသမာန်းတဆယ့်သုံးခု၊ သောဘဏစေတသိက် နှစ်ဆယ်ငါးခု၊ ဤသုံးဆယ့်ရှစ်ခု တို့သည် ဖြစ်ကုန်၏။။ ထိုစေတသိက်တို့တွင်လည်း အပွမညာနှစ်ခု၊ ဝိရတိသုံးခု၊ ဤငါးခုသော စေတသိက်တို့သည် ရံခါအသီးအသီးသာ ယှဉ်လာကုန်သည်။

ဒုတိယဒွေးဌ် ပညာစေတသိက်ကို ကြဉ်၍ တတိယဒွေးဌ် ပီတိကို ကြဉ်၍ သုံးဆယ်ခုနစ်ခု၊ စတုတ္ထဒွေးဌ်ကား ဉာဏ်၊ ပီတိ နှစ်ပါးကို ကြဉ်၍ သုံးဆယ့်ခြောက်ခုသော စေတသိက်တို့သည် ဖြစ်ကုန်၏။။ ထို့ကြောင့် "အဋ္ဌတိံသ သတ္တတိံသ၊ ဒ္ဝယံ ဆတ္တိံ သကံ သုဘေ" ဟု ဆိုတော်မူသည်၊ သုံးဆယ့်ရှစ်ခု၊ သုံးဆယ့်ခုနစ်ခု၊ သုံးဆယ်ခြောက်ခုတို့တွင်လည်း အပွမညာဝိရတိတို့သည် ရံခါ အသီးအသီး ဖြစ်၍သာ ယှဉ်ကုန်သည်။ ဝိရတိ၊ အပွမညာ ဤငါးခုသော စေတသိက်တို့သည် အသီးအသီး လည်းကောင်း၊ ရံခါရံခါ လည်းကောင်း ဖြစ်ကုန်သောကြောင့် အနိယတယောဂီစေတသိက် မည်ကုန်သည်။ ထို့ကြောင့် "ဝိရတိ ကရုဏာဒယော၊ နာနာ ကဒါစိ" ဟု ဆိုလေသတည်း။

ပဌမဒွေးဌ်ကား အနိယတယောဂီ စေတသိက် ငါးခုမှ တပါး၊ သုံးဆယ်သုံးခုသော စေတသိကား အမြဲယှဉ်သည် ဖြစ်သောကြောင့် နိယတယောဂီ မည်၏။

ဒုတိယဒွေး တတိယဒွေးဌိကား ယခင်ငါးခုမှ တပါး သုံးဆယ်နှစ်ခုသော စေတသိက်ကား နိယတယောဂီ၊ စတုတ္ထဒွေးဌိ ယခင်ငါးခုမှတပါး သုံးဆယ်တခုသော စေတသိက်ကား နိယတ ယောဂီမည်၏။ ဤသို့ နိယတယောဂီ၊ အနိယတယောဂီစေတသိက် နှစ်ကွဲအားဖြင့် ပြားလေ ပြီးသည်ကိုလည်း မှတ်ပြီး၍ ဤငါးခုတွင် ရဲခါရဲခါသော ဖြစ်သည်ကို ကဒါစိ ဖြစ်ခြင်း။ ထိုကဒါစိ ဖြစ်သည့် အခိုက်တွင်ပင် တခုသာဖြစ်၍ တခုသော စေတသိက် မဖြစ်သည်ကို နာနာဖြစ်ခြင်း အားဖြင့်လည်း မှတ်ဦးရာ၏။ ဤသို့ ရှင်းလင်းစွာမှတ်ပြီးမှ ဆိုလတ္တံ့သောစကားကို နှလုံးသွင်း၍ ဆင်ခြင်ရာ၏။ ဆင်ခြင်၍ သင့်သော်ကား ယူရာ၏။ မသင့်သော်ကား ပယ်ရာ၏။

သမ္မာဝါစာ ဖြစ်၏ဟု ဆိုကြသော ဆရာတို့အာဘော်ကား ပြဟ္မာ တောင်းပန်သောကာလ မဟာကုသိုလ်စိတ် ရှစ်ခုတွင် တခုသောစိတ် ဖြစ်ရာ၏။ တခုသော စိတ်ဖြစ်ကလည်း ထိုစိတ်တို့တွင် ပဌမဒွေး ဖြစ်အံ့၊ သုံးဆယ့်ရှစ်ခု၊ ဒုတိယဒွေး တတိယဒွေး ဖြစ်အံ့၊ သုံးဆယ်ခုနစ်ခု၊ စတုတ္ထ ဒွေးဖြစ်အံ့၊ သုံးဆယ်ခြောက်ခုသော စေတသိက်တို့ကို ရလေကုန်ပြီဟူ၍ ယူလိုကုန်သည်။ ထိုသို့ ယူခြင်းသည်လည်း "အဌတ္ထိသ သတ္ထတိသ၊ ဒွယံ ဆတ္တိ သကံ သုဘေ" ဟူသော ဂါထာ ပုဗ္ဗဓုကို ထောက်၍ ယူလေသည်။ ထိုစေတသိက်တို့၏အတွင်း၌လည်း အနိယတ ယောဂီစေတသိက် ငါးခုတို့သည် အကျုံးဝင်လေပြီးသည်သာလျှင်တည်း။ ထို့ကြောင့် အနိယတယောဂီစေတသိက် ငါးခုတို့အဝင်ဖြစ်သော် ဝိရတိ သမ္မာဝါစာ ပါလေပြီးဖြစ်သည်။ သမ္မာဝါစာ ပါဝင်လေပြီး ဖြစ်သောကြောင့်လည်း သမ္မာဝါစာဖြစ်၏၊ သမ္မာဝါစာမြောက်၏၊ သမ္မာဝါစာအဂ်ိသို့ ရောက်၏ဟု ယူလေသည်။

ဤစကားသည် အလုံးစုံသော စေတသိက်ကို အကွဲအပြား မရှိ၊ တပေါင်းတည်းသာ သတ္တိတူ ယူသောကြောင့်လည်းကောင်း၊ နိယတယောဂီ အနိယတယောဂီ အပြားကို မခွဲလေသောကြောင့် လည်းကောင်း၊ "ဝိရတိ ကရုဏာဒယော၊ နာနာကဒါစိ" ဟူသော ပါဠိ။ "လောကိယေသု ပန ကာမာဝစရ ကုသလေသွေဝ ကဒါစိ သန္ဒိဿန္တိ ဝိသုံ ဝိသုံ" ဟူသောပါဠိ။ "အပ္ပမညာ ဝိရတိယော ပနေတ္ထ ပစ္စေကမေဝ ယောဇေတဗ္ဗာ" ဟူသော ပါဠိတို့ကို မထောက်မရှုရာ ရောက်ချေသည်။ ဤသည်ကား သမ္မာဝါစာဖြစ်သင့်သည်ဟု ယူကြသော ဆရာတို့၏ အာဘောဂပေတည်း။

သမ္မာဝါစာ မဖြစ်သင့်၊ သမ္မာဝါစာ မမြောက်၊ သမ္မာဝါစာအဂ်ိသို့ မရောက်သင့်ဟု ပြောဆို ကြသော ဆရာတို့၏ အာဘောဂကား။ မြတ်စွာဘုရားသည် သတ္တဋ္ဌာနအလွန်တွင် တစ်ကြိမ် အဇပါလညောင်ပင်ရင်း၌ နေတော်မူသောအခါ တရားဟောတော် မမူလိုသော အကြံတော် ဖြစ်သည်ကို သဟမ္မတိပြဟ္မာသိ၍၊ "နဿတိ ဝတ ဘော အယံ လောကော" ဟူသော ပါဠိဖြင့် "ဤလောကသည် ပျက်စီးခြင်းသို့ ရောက်ချေအံ့သည်တကား၊ တရားမဟောချေကလည်း သတ္တဝါအပေါင်းတို့သည် ဒုဂ္ဂတိသို့ ရောက်ချေအံ့သည်တကား" ဟု ဒုက္ခိတ သတ္တဝါအပေါင်းတို့၌ အာရုံပြုလျက် သနားတတ်သော ကရုဏာ ပြဋ္ဌာန်းသော မဟာကုသိုလ်စိတ်ဖြင့် –

> ဥဒ္ဒေဟိ ဝိရ ဝိဇိတသင်္ဂါမ၊ သတ္ထဝါဟ အနဏ ပိစရ လောကေ။
> ဒေသေတု ဘဂဝါ ဓမ္မံ၊ အညာတာရော ဘဝိဿန္တိ။

စသော စကားဖြင့် ဝစီဘေဒနှုတ်မြွက်၍ တောင်းပန်၏။ ထိုတောင်းပန်သော စိတ်သည် ပဌမဒွေးဖြစ်အံ့၊ နိယတယောဂီစေတသိက် သုံးဆယ့်သုံးခုတွင် ကရုဏာထည့်၍ သုံးဆယ့်လေးခု၊ ဒုတိယဒွေး တတိယဒွေး ဖြစ်အံ့၊ နိယတယောဂီ စေတသိက်သုံးဆယ့်နှစ်ခုတွင်ပင် ကရုဏာထည့်၍

သုံးဆယ့်သုံးခု၊ စတုတ္ထဒွေဖြစ်အံ့၊ နိယတယောဂီစေတသိက် သုံးဆယ်တစ်ခုတွင် ကရုဏာထည့်၍ သုံးဆယ့်နှစ်ခု၊ ဤစေတသိက်တို့၏ ယှဉ်ခြင်းကို သိအပ်၏။

ဤစေတသိက်တို့သည် ယှဉ်၍ ဖြစ်သော ကုသိုလ်စိတ်၌ ဝိရတိစေတသိက်တို့သည် မဖြစ်ပြီလော်ဟူငြားအံ့၊ နာနာသမ္ပဓသတ္တိရိုက်ကြသော စေတသိက်တို့ဖြစ်၍ ကရုဏာနှင့် ယှဉ်သော ကာလ မုဒိတာ၊ ဝိရတိတို့သည် မဖြစ်လေကုန်ပြီ၊ သတ္တဝါပုဂ္ဂိုလ် တယောက်တည်း၌လည်း ကရုဏာ ပြဋ္ဌာန်းသောစိတ်လည်း တစ်ခု၊ မုဒိတာ၊ ဝိရတိ ပြဋ္ဌာန်းသော စိတ်လည်း တစ်ခု၊ ဤနှစ်ခုသော စိတ်တို့သည် ပြိုင်၍ မဥပါဒ်နိုင်လေ၊ ထို့ကြောင့် ကရုဏာပြဋ္ဌာန်းသော စိတ်၌ ဝိရတိ မပါ၊ ဝိရတိ မပါသောကြောင့် သမ္မဝါစာ မဖြစ်ပြီဟု မှတ်ရာ၏။

ယင်းသို့ တပြီးကား ဗြဟ္မာမင်း တောင်းပန်သောစကားသည် မုသာဝါဒစသော လေးပါးသော ဒုစရိုက်မှ ကင်း၏မဟုတ်လောဟူအံ့၊ ကင်းမူကား ကင်း၏။ ကင်းသော်လည်း သမ္မဝါစာစေတသိက် ဖြစ်ပြီလော ဟူပြန်အံ့၊ မဖြစ်ချေ။ အဘယ့်ကြောင့်နည်းဟူအံ့၊ ဗြဟ္မာမင်း တောင်းပန်သော ကာလ၊ ထိုစကားကို မြွက်သော ကာလ၊ ပညတ်ဖြစ်သော အတိုင်းမသိသော သတ္တဝါအပေါင်းတို့ကို အာရုံပြု၍ သနားတတ်သော ကရုဏာ စေတသိက် ပြဋ္ဌာန်း၍ တောင်းပန်သောစကားသာ ဖြစ်သည်။

အာဇီဝဟေတုကို မငဲ့မူ၍ မုသာဝါဒစသော ဝစီဒုစရိုက်လေးပါးတည်းဟူသော ဝိရမိတဗ္ဗ ဝတ္ထုမှ ကြဉ်ခြင်း၊ ကြဉ်ရှောင်လိုခြင်း၊ ထိုဝိရမိတဗ္ဗဝတ္ထုကို အာရုံပြုခြင်း သတ္တိရှိသော သမ္မာဝါစာ ပြဋ္ဌာန်းသောစိတ်ဖြင့် တောင်းပန်သော စကားပင် မဟုတ်ဖြစ်ချေသည်။

အပ္ပမညာတို့၏ သတ္တိ၊ ဝိရတိတို့၏ သတ္တိအထူးကား အပ္ပမညာတို့သည် ဒုက္ခိတ သုခိတအားဖြင့် ပြားသော အတိုင်းမသိသော သတ္တဝါပညတ်ကို အာရုံပြုသည်၊ ဝိရတိတို့မှာ အာဇီဝဟေတုကို ငဲ့သည် မငဲ့သည်အားဖြင့် ပြားသော လေးပါး၊ သုံးပါး၊ ခုနစ်ပါးသော ဝိရမိတဗ္ဗဝတ္ထုတို့ကို အာရုံပြုသည်။ ။ဤသို့လျှင် အာရမ္မဏ ပစ္စယသတ္တိချင်းမတူ ဓမ္မသဘာဝ သတ္တိဝိသေသ ထူးပြားကြသတည်း။

ထို့ကြောင့် တောင်းပန်သောကာလ နိယတယောဂီစေတသိက် သုံးဆယ့်သုံးခုတွင် ကရုဏာကို ထည့်၍ သုံးဆယ့်လေးခုကိုသာ ရသင့်သည်၊ ထို့ကြောင့် သမ္မာဝါစာ မဖြစ်ဟု ယူလေသည်။

အဂိီမမြောက်ဆိုသည်ကား – မုသာဝါဒ စသည်ကို ကြဉ်မည်ဟု အာရုံမပြုသောကြောင့် အဂိီမမြောက် ဆိုလေသည်။ ဤကား သမ္မဝါစာမဖြစ်ဟု ယူသောဆရာတို့၏ အာဘောဂတည်း။

ဤကဲ့သို့ ရှေးပညာရှိတို့ ယူဖူး၏လော ဟူအံ့၊ အမတ် လက်ဝဲဘယက မေးသည်ကာလ ရွှေဥမင် ဆရာတော်လည်း ဤသို့ယူ၍ပင် ဖြေတော်မူဖူး၏။

တတ်စိမ့် ထွေလာ ခီသော ပိုဒ်ဖြင့် မေးသော ပြဿနာ၌လည်း "နတ်လူတို့အား၊ တရားဟောပါ၊ ဗြဟ္မာနတ်မွန်၊ တောင်းပန်သောအခါ၊ သမ္မဝါစာ၊ ဖြစ်ပါလိမ့်လား၊ မဖြစ်လားကို၊ ဝိုးဝါးမသိ၊ ယုံမှားရှိခဲ့" ဟု မေးသော ကာလလည်း ထွေလာတတ်ဖွယ် ခီသောပိုဒ်ဖြင့် "မေရုပဟိုရ် လေးရောင်စိုသည်၊ မြင်းမိုရ်ခန့်လုံး၊ ရွှေပန်းကုံးဖြင့်၊ သုံးလူထွက်ထား၊ မြတ်ဘုရားအား၊ တရားဟောကြောင်း၊ ခည္ဇတ်ဟုတ်၍၊ တောင်းပန်သောခါ၊ မိုးဗြဟ္မာအား၊ သမ္မဝါစာ၊ မဖြစ်ပါတည့်။" ဟု ပို့စပ်၍ ဖြေဖူး၏။

သရေခေတ္တရာမည်သော ပြည်မြို့အရှေ့၊ မင်္ဂလာစေတီအနီး၊ ရွှေဗိမာန်ကျောင်း၌ နေစဉ် ရှင်ရဋ္ဌသာရက "ဌာနေတော်၍" ခီသောပျို့ဖြင့် မေးသော ကာလလည်း ပါဒဝန်တောင် ဘုန်းတော်ကြီး သဒ္ဓမ္မဇောတ-က ရွှေစင်္ကြာလည် ခီသောပျို့ကို စပ်ဆို၍ ဖြေတော်မူဖူး၏။

ဤကား အထောက်အထားနှင့် အညီဆိုကြသော ဆရာတို့ စကားကိုသာ ပြဆိုလိုက်သည်၊ အထောက်အထားမဲ့ ဖြေဆိုကြသည်ကား များစွာပင်ရှိကုန်၏။

အထောက်အထားနှင့် ဖြေဆိုကြသော ဆရာတို့၏ ဝါဒ တူကြ၏လော ဟူအံ့။ ဤစကားကို အမေးနှင့်တကွ ပြဆိုမှ သိမည်ဖြစ်၍ အမေးနှင့်တကွ ပြဆိုပြီးအံ့။

စာပေပျော်၍ ခီသော ဒုတိယပိုဒ်၌ - "သုံးပါးဝိရတိ၊ မရှိစပါ၊ ငြဟ္မာမှာဟု၊ ကျမ်းလာဆတ်ဆတ်၊ ပရမတ်ပါဠိ၊ ဤသို့ရှိလျက်၊ ဘုန်းတိမြတ်လှ၊ ထွတ်သကျကို၊ ဓမ္မဒေသနာ၊ ဟောစိမ့်ငှာလျှင်၊ ငြဟ္မာနတ်မွန်း၊ တောင်းပန်ခြေးခြေး၊ နှုတ်သံလေးနှင့်၊ ဒေသေတုဘဂဝါ၊ အညာတာရော ဘဝိဿန္တိ၊ ဤပါဠိဖြင့်၊ ရွတ်ဘိတွတ်တွတ်၊ ရိုညွတ်ပန်ထွာ၊ လျှောက်သောခါလည်း၊ ဝါစာကောင်းချည်း၊ ဖြစ်သတည်းဟု၊ အသည်းစိတ်တွင်း၊ မှတ်ကြခြင်းကို၊ စိုးမင်းတကာ၊ ပူဇော်ရာသား၊ မဟာယသိ၊ ထွတ်ကဝိလျှင်၊ သိတော်မူလျှောက်၊ မှားရှောက်မရှိ၊ ကျမ်းဂန်ညှိ၍၊ ပါဠိအဋ္ဌကထာ၊ ဋီကာလက်သန်း၊ ကျမ်းဆန်းအနှ၊ ကြည့်ရှုစကောင်း၊ ပိုင်ဝိန် တောင်းနှင့်၊ ကျမ်းပေါင်းမိန့်မှာ၊ ဤသို့လာဟု၊ ပညာစက်သွား၊ သန်လျက်ဓားဖြင့်၊ လွှားလွှားပိုင်းတော်မူပါဘုရား။" ဟု မေးရာ၌ -

"သဟမ္မတိ၊ ဘုန်းရှိငြဟ္မာ၊ သုဒ္ဓါဝါသ၊ ဘုံမှကြွ၍၊ သကျထွတ်ထား၊ မြတ်ဘုရားအား၊ တရားသံခြေ၊ ဟောစေခြင်းငှာ၊ တောင်းပန်ထွာလည်း။ သမ္မာဝါစာ၊ မှန်စွာမရ၊ မှတ်နေကြလော့၊ တွေးဆတိုးဝါး၊ တတ်ယောင်ကားနှင့်၊ လေးပါးမည်မှတ်၊ ပရမတ်ကို၊ မတတ်သည့်သူ၊ ရင်၏ဟူ၍၊ ရှင်လူဆိုရာ၊ မလိုက်နာနှင့်" ဟု မရကြောင်းကို ဖြေဆိုသည်။ ဤပို့ချ်၌ သုဒ္ဓါဝါသ၊ ဘုံမှကြွ၍ ဆိုသည်မှာ သုတ္တနိပါတ် အဋ္ဌကထာ ကောကာလိကသုတ် အဖွင့်ကိုမှီ၍ စပ်လေသည်။

တချက်တက်ပြန်၍လည်း- "မြင်းမိုရ်ငြဟ္မာ၊ ရွှင်သောခါလည်း၊ ကာမာဝစရ၊ ကုသလတွင်း၊ အစတိဟိတ်၊ ငြဟ္မာစိတ်ကား၊ စေတသိက်လုံး၊ သုံးဆယ့်သုံး၌၊ တရုံးတည်းသာ။" ဟု ငြဟ္မာတို့ ရွှင်သောအခါလည်း မဟာကုသိုလ်ပဌမစိတ်၌ နိယတယောဂီ စေတသိက် သုံးဆယ့်သုံးသာရသည်၊ အနိယတယောဂီငါးခုတွင် တခုမျှမပါသင့်ဟူ၍ ဖြေဆိုသည်၊ ဓမ္မစကြာ တရားဟောမည့် အကြောင်းကို ရည်မှတ်၍ အနာဂတ်ကို အာရုံပြု၍ တောင်းပန်သည် ဖြစ်သောကြောင့်လည်း အနာဂတ်ကို အာရုံမပြုတတ်သော ဝိရတိသမ္မာဝါစာလည်း မရသင့်ဟု ယူ၍ - "နောင်လာဟော မြွက်၊ ဓမ္မစက်ကို၊ ယူလျက်နာဂတ်၊ အာရုံညွတ်၍၊ ရှောင်လတ်ထိုမျှ၊ ရသည်မရှိ။" ဟု ဖြေသည်။

တယော သောဋ္ဌသစိတ္တေသု-ဟု ဆိုသောကြောင့် ဝိရတိသုံးခုတို့ကား လောကုတ္တရာစိတ်ရှစ်ခု၊ မဟာကုသိုလ်စိတ်ရှစ်ခု၊ ပေါင်းတဆယ့်ခြောက်ခုသော စိတ်တို့၌သာ ဖြစ်သည်။ လောကုတ္တရာစိတ်ရှစ်ခု၌ ဖြစ်သောအခါ နိဗ္ဗာန်ကိုအာရုံပြုလျက် မဂ်စိတ်ဖိုလ်စိတ်တို့နှင့်တကွ ဖြစ်လေသည်။ ဝိရတိတို့သည် ဝိရမိတပ္ပဝတ္ထုကို အာရုံပြုလျက် နိဗ္ဗာန်ကို အာရုံပြုသော လောကုတ္တရာစိတ်တို့နှင့် ဘယ့်ကြောင့်ဖြစ်နိုင်လေသနည်း ဟူအံ့။ လောကုတ္တရာစိတ်တွင် ပဌမမဂ်သည်ပင် အပါယဂမနီယစသော ဝိရမိတပ္ပဝတ္ထုတို့ကို သမုစ္ဆေဒပဟာနသတ္တိဖြင့် ပယ်ခြင်းကိစ္စကို ပြီးစေ

လျက်ဖြစ်ခြင်းငှာ စွမ်းနိုင်သောစိတ်ဖြစ်သည်၊ အထက်မင်္ဂသုံးခုတို့သည် ကြွင်းသောသံယောဇဉ်တို့ကို သမုစ္ဆေဒပဟာနသတ္တိဖြင့် ပယ်ခြင်းကိစ္စကို ပြီးစေနိုင်သည်။ ဖိုလ်လေးခုတို့သည် ပဋိပ္ပဿဒ္ဓိပဟာနသတ္တိဖြင့် ပယ်ခြင်းကိစ္စကို ပြီးစေနိုင်သည်။ ထို့ကြောင့် လောကုတ္တရာစိတ်၌ ဖြစ်သင့်လေသည်။

ဤအကြောင်းအရာတို့ကို စေ့စေ့စပ်စပ်သိလိုမူ သခ်ေပဝဏ္ဏနာ၊ မဏိမဉ္ဇူသာစသောကျမ်းတို့၌ ရှုရှုသိမှတ်ရာ၏။ သည်စကားကို ရည်၍ "ဝိရတိကား၊ မိမိဖြစ်ဖက်၊ ဆယ့်ခြောက်ချက်တွင်၊ ဖိုလ်မင်္ဂတို့ဝယ်၊ နိဗ္ဗာန်ကယ်၍" ဟု ဆိုလေသည်၊ ကာမကုသိုလ်စိတ်၌ကား ဝိရမိတဗ္ဗာဇ္ဇာကို ကြဉ်လိုသောစိတ်ဖြင့် သီလစောင့်ရှောက်သောအခါ မုသာဝါဒ စသော ခုနစ်ပါးကို ဇာရုံပြု၍ဖြစ်၏။ ထို့ကြောင့် "ရှစ်သွယ်ကာမ၊ မျိုးပုည၌၊ သီလစောင့်ခါ၊ ဖြစ်ပေလာလည်း၊ မုသာဝါဒ၊ စသည်ခုနစ်၊ အပြစ်၌သာ၊ မကွာချေပဲ" ဟု ဆိုလေသည်။

"အမြဲအာရုံ၊ မပြုတုံသော်၊ နတ်ဘုံပြဟ္မာ၊ သဒ္ဓါဦးတိုက်၊ မိန့်တော်ကြိုက်ပင်၊ မထိုက်သမ္မာ၊ ဝါစာမရ၊ ဖြစ်နေကြလော့" ဟူသည်၌ကား ဝိရမိတဗ္ဗဝတ္ထုကို အာရုံမပြုသည်ရှိသော် နတ်ပြဟ္မာတို့သည် မိန့်ဆိုလေသမျှ စကားတိုင်းပင် သမ္မာဝါစာ မရသည်သာတည်း ဟူလို သတည်း၊ မဟာနာရဒဇာတ်၌ မဟာနာရဒပြဟ္မာမင်းသည် အင်္ဂတိမင်းကို ပြောသောစကား၊ သနင်္ကုမာရပြဟ္မာမင်းသည် မဟာဂေါဝိန္ဒ ဘုရားလောင်းကို ပြောဆိုလာသောစကား၊ ပရောသဟဿဇာတ်၌ ပြဟ္မာလာ၍ ပြောဆိုသောစကား၊ စန္ဒာဘဇာတ်၌ ပြောဆိုလာသောစကား၊ သုမေဓာရှင်ရသေ့ထံ အကြောင်းနိမိတ်ကို ပြောဆိုလာသော စကားတို့သည်လည်း ဝိရမိတဗ္ဗဝတ္ထုကို အာရုံမပြုသောကြောင့် သမ္မာဝါစာ စေတသိက်မကပ် မဖြစ်သည်သာဟူ၍ ရှေးဆရာတို့ ယူကုန်၏ဟူလိုသည်။

ထို့ကြောင့် "နာရဒမှ၊ စသည်ပြဟ္မာ၊ ရှေးဆရာတို့၊ ကျမ်းလာနည်းတူ၊ မရဟူ၏" ဟု စပ်တော်မူသည်။ ဤကား ပါဒဝန်တောင် ဘုန်းတော်ကြီး အယူတော်တည်း။ ဤယခုပြခဲ့သော စကားရပ်တို့တွင် နိယတယောဂီစေတသိက် သုံးဆယ့်သုံးခု၌ ကရုဏာကို ထည့်၍ သုံးဆယ့်လေးခု ယူသင့်သည်ဟု ရွှေဥမင်ဆရာတော်နည်းကို မှီ၍ ငါတို့ယူပေသည်။

ထွေလာတတ်ဖွယ် ခြို၍ ဖြေသော ပို့ဆရာကား အကျိုးအကြောင်းကို မဆိုမပြ၊ သမ္မာဝါစာမဖြစ်သင့် ဟူ၍သာ ဆိုသည်။ ပါဒဝန်တောင် ဆရာတော်ကား နိယတယောဂီတွင် ကရုဏာကိုလောင်၍ သုံးလေးခု ရ၏ဟု မယူ၊ နိယတယောဂီ သုံးဆယ့်သုံးခုသာ ရသင့်၏ဟု ယူသည်။

အဘိဓမ္မာညဝါဆိုရိုး၌ လေ့လာကုန်သော ဆရာမြတ် အဆက်ဆက်တို့သည် သစ္စသခီါရ စသောယမိုက်တို့၌ မဟာကုသိုလ် မဟာကြိယာစိတ်ကို ကောက်ယူရာ၌ ရူပအရူပ ပြဟ္မာတို့၌ ဝိရတိအပွမညာကိုကြဉ်၍ ကောက်သည်၊ ထိုကောက်ရိုးအလိုအားဖြင့်လည်း ဝိရတိ သမ္မာဝါစာမရသင့် ဆိုသည့်စကားသည် သင့်သည်ပင်ဟူ၍လည်း ပညာရှိတို့ယူကြကုန်၏။

၁၃၇-ပဋ္ဌာ။ ။မြတ်စွာဘုရား၏ စွယ်တော်ဓာတ် အကြီးအရှည် အဘယ်မျှခန့်လောက် ပမာဏရှိမည်ကို သိလိုပါသည်။

၁၃၇-ဝိသဇ္ဇနာ။ ။မြတ်စွာဘုရား၏စွယ်တော်ဓာတ်သည် အကြောင်းအရှည် မည်မျှခန့်လောက် ပမာဏရှိမည်ကို သိလိုပါသည် ဟူရာ၌–

ဩသဓိတာရကပ္ပဋိဘာဂ သမုဒယ သမုဇ္ဇလိတ ကဒလိဖလပွဟာရ သုသုက္ကဒါဋ္ဌ-တော အာကာသဂင်္ဂါ ဂတိ အဘိဘဝမာနာဝိယ တာလက္ခန္ဓပွဟာရာ သေတရတ္တိယော နိက္ခမိတ္တာ။

ဩသဓိ တာရကပ္ပဋိဘာဂ သမုဒယ သမုဇ္ဇလိတ ကဒလိဖလပွဟာရ သုသုက္ကဒါဋ္ဌတော၊ သောက်ရှူးကြယ်အဖြို့ရှိသော၊ ကောင်းစွာတက်သော၊ ပြိုးပြိုးပြက်တောက်ပသော၊ ငှက်ပျောသီး ပမာဏရှိသော၊ အလွန်ဖြူစင်စွာသောစွယ်တော်မှ။ အာကာသဂင်္ဂါဂတိ အဘိဘဝမာနာ ဝိယ၊ အာကာသဂင်္ဂါသည် စီးလာလတ္တမ်းမိုးဘိသကဲ့သို့။ တာလက္ခန္ဓပွဟာရာ၊ ထန်းလုံးပမာဏရှိကုန်သော။ သေတရတ္တိယော၊ ဖြူသောရောင်ခြည်တော်တို့သည်။ နိက္ခမိတ္တာ၊ ထွက်လတ်၍။ ဟု အနာဂတဝင် အဋ္ဌကထာ၌ ဆိုသောကြောင့် မြတ်စွာဘုရား စွယ်တော်ဓာတ်၏ အကြီးအရှည်ကို ငှက်ပျောသီးပမာဏ ဟူ၍ မှတ်သင့်၏။

၁၃၈-ပုစ္ဆာ။ ။မြတ်စွာဘုရား၏ စွယ်တော်လေးချောင်းသည် ယခု မည်သည့်မြို့ရွာတွင် ရှိမည်ကို သိလိုပါသည် ဆရာတော်ဘုရား။

၁၃၈-ဝိသဇ္ဇနာ။ ။စွယ်တော်ဓာတ်တို့၏ နေရပ်ဌာနတို့ကို မေးရာ၌ –

ဧကော ဒါဋ္ဌာ တိဒသပုရေ၊ ဧကော နာဂပုရေ အဟု။
ဧကော ဂန္ဓာရဝိသယေ၊ ဧကော ကလိင်္ဂရာဇိနော။

ဟု တဆူသော စွယ်တော်သည် တာဝတိံသာ၌, တဆူသော စွယ်တော်သည် နဂါးပြည်၌, တဆူသော စွယ်တော်သည် ဂန္ဓာရတိုင်း၌,တဆူသောစွယ်တော်သည် ကလိင်္ဂတိုင်း၌ တည်လေ၏ဟု ဗုဒ္ဓဝင်ပါဠိတော် (၃၈၄)၌ သာမညဆိုသည်။

ဒါဋ္ဌာဓာတုဝင်၌ကား ဝိသေသထုတ်၍ ဆိုသည်။

အထက်လက်ယာစွယ်တော်ကို ဒေါဏပုဏ္ဏား ဦးသွေ့ဆောင်ကြား၌ ထားသည်ကို သိကြားမင်းယူပြီးသော် တာဝတိံသာ စူဠာမဏိဘုရား၌ ဌာပနာ၏။

အောက်လက်ယာစွယ်တော်ကို ဒေါဏပုဏ္ဏား အောက်ခြေကြား၌ထားသည်ကို ဇယသေန နဂါးမင်းယူ၍ နဂါးပြည်၌ ရတနာစေတီ၌ ဌာပနာလေ၏။

အထက်လက်ဝဲစွယ်တော်ကို ဒေါဏပုဏ္ဏား ပုဆိုးကြား၌ ထားသည်ကို ဂန္ဓာရတိုင်းသား မထေရ်တဦးမြင်၍ တန်ခိုးဖြင့်ဆောင်ယူပြီးသော် ဂန္ဓာရတိုင်းသားတို့နှင့်တကွ စေတီတည်၍ ကိုးကွယ်လေ၏။

အောက်လက်ဝဲစွယ်တော်ကို အရှင်သာရိပုတ္တရာ တပည့် အရှင်ခေမထေရ်သည် ရဲရဲမီးလျှံတောက်သော ထင်းပုံထဲမှဆောင်ယူ၍ ကလိင်္ဂတိုင်း ဗြဟ္မဒတ်မင်းအား သင်မှစ၍ ဂုဟသီဝမင်းတိုင်အောင် ကိုးကွယ်ရလတ္တံ့ဟု ဆို၍အပ်၏။

သာသနာတော် ကိုးရာသုံးဆယ်ငါးနှစ်ကျော်မှ ဂုဟသီဝမင်းလက်ထက် ဟေမမာလာ မင်းသမီးနှင့် ဒန္တမင်းသားတို့သည် ပုဏ္ဏားယောင်ဆောင်၍ စွယ်တော်ကို ယူပြီးသော် ကုန်သည်တို့နှင့် သင်္ဘောစီး၍ သီဟိုဠ်ကျွန်း ဇမ္ဗုကောဋ္ဌဆိပ်သို့ရောက်လျှင် သံဃာ့ထေရ်ကို လျှောက်၏။ မထေရ်လည်း ကိတ္တိသိရိမေဃ မင်းသားအား သိစေ၏၊ မင်းလည်း လာလတ်၍ ရှိခိုးပူဇော်လျှင် ပြာဋိဟာကို မြင်သောကြောင့် ဝမ်းမြောက်၍ သီဟိုဠ်ကျွန်းလုံးဖြင့် ပူဇော်၏။ ယနေ့တိုင် ထိုကျွန်းဠ်တည်လေ၏ဟု ဆိုသည့်အတိုင်းသာမှတ်ရာ၏။

၁၃၉-ပဋ္ဌာ။ ။ပေဒင်ကျမ်း၊ မန္တရားဆေးကျမ်း၊ ဓမ္မသတ်ကျမ်းတို့ကို စကြဝဠာ တံတိုင်း၌ ကမ္ဘာ့တန်ဆာ ဖြစ်စိမ့်သောဌာ ဆင်ရုပ်ခန့် မြင်းရုပ်ခန့် ပမာဏရှိသော အက္ခရာဖြင့် ရေးလျက်ရှိသည်။ ထိုအက္ခရာကို မနုသာရရသေ့၊ သုဘဒြရသေ့တို့ ဆောင်ယူ၍ မဟာသမ္မတမင်းကို အပ်သည်ဆိုပါသည်၊ သို့ဆိုတိုင်း မှန်ခဲ့ပါလျှင်လည်း စကြဝဠာက အက္ခရာအတိုင်းသာ တစောင်နှင့် တစောင် အညီအညွတ် အဆုံးအဖြတ်ရှိရပါမည်၊ တစောင်နှင့်တစောင် အဆုံးအဖြတ်ခြင်းလည်း မညီညွတ်၊ အကျဉ်းအကျယ်လည်း မညီညွတ်ရှိခဲ့သည်၊ ဤအရာများတို့လည်း သိသာခြားနားမှတ်သားလိုပါသည်။

သက္ကရာဇ် ၁၁၇၃-ခု၊ သီတင်းကျွတ်လဆန်း ၁ရက်၊ အင်္ဂါနေ့၊ မုံရွာသိရိမာလာက လျှောက်လာရာတွင် ဖြေဆိုလိုက်သည်ကား။

၁၃၉-ဝိသဇ္ဇနာ။ ။ပေဒင်ကျမ်း၊ မန္တရားဆေးကျမ်း၊ ဓမ္မသတ်ကျမ်းတို့ကို စကြဝဠာ တံတိုင်း၌ ကမ္ဘာ့တန်ဆာ ဖြစ်စိမ့်သောဌာ ဆင်ရုပ် မြင်းရုပ်ခန့် ပမာဏရှိသော အက္ခရာဖြင့် ရေးလျက်ရှိသည်၊ ထိုအက္ခရာကို မနုသာရရသေ့၊ သုဘဒြရသေ့တို့ဆောင်ယူ၍ မဟာသမ္မတမင်းကို အပ်သည်ဆိုသောစကားများသည် မှန် မမှန်ကို သိလိုပါသည် ဟူရာ၌—

စကြဝဠာတောင်၏ အလျား၊ အနံ၊ အဝန်း အမြင့် စသည်တို့ကို ချင့်တွက်ခြင်း၊ ကမ္ဘာဦးက နေလပေါ်သည့် တပေါင်းလပြည့် တနင်္ဂနွေနေ့ စ၍ ပေါ်ထွန်း ဖြစ်ရောက်ကြောင်း၊ စကြဝဠာတို့က် သုံးခုတို့၏ အကြားအကြား၌ ယူဇနာရှစ်ထောင် (၈၀၀၀) ရှိသော လောကန္တရိက် ငရဲကြီးရှိကြောင်း၊ ရေထဲ ရှစ်သောင်း နှစ်ထောင် (၈၂၀၀၀) မြေပ်ကြောင်း၊ ရေပေါ် ရှစ်သောင်း နှစ်ထောင် (၈၂၀၀၀)ပေါ်ကြောင်း၊ ရှစ်သောင်း နှစ်ထောင် (၈၂၀၀၀) အထူ ရှိကြောင်း၊ ယူဇနာ တသန်း နှစ်သိန်း သုံးထောင် လေးရာ့ငါးဆယ် (၁၂၀၃၄၅၀) အကျယ် အချင်းရှိကြောင်း၊ ယူဇနာ သုံးသန်း ခြောက်သိန်း တသောင်း သုံးရာ့ ငါးဆယ် (၃၆၁၀၃၅၀) အဝန်းရှိကြောင်းများကို ဝိနည်းပါရဇိကဏ္ဍ အဋ္ဌကထာ၊ ဝိသုဒ္ဓိမဂ်၊ အဋ္ဌသာလိနီ၊ သမ္မောဟ-ဝိနောဒနီ၊ လောကဒီပက၊ လောကဒီပနီ၊ စန္ဒသူရိယဂတိဒီပနီ။ ဆဂတိဒီပနီ၊ သာရတ္ထဒီပနီ၊ သာရတ္ထသင်္ဂဟ၊ လောကပညတ္တိ၊ လောကုပ္ပတ္တိ၊ ဇိနာလင်္ကာရ ဋီကာကြီး စသောကျမ်းတို့၌ လည်းကောင်း၊ ကပ္ပဝဏ္ဏနာ၊ ကပ္ပသာရ၊ ပဝရမနောဘိရာမ၊ အနုန္တလေးပါး၊ ဇိနာလင်္ကာရ၊ လောကဝိဒူ၊ ဝိသုဒ္ဓိမဂ္ဂဒီပနီစသော စကားပြေဝတ္ထု မှတ်စု မှတ်ရန် စာစောင်ကြီးငယ်တို့၌ လည်းကောင်း၊ အင်တန်အင်မျှ ဆိုင်ရာဆိုင်ရာ လာကြကုန်သည်ချည်း၊ ထိုကျမ်းတို့တွင် လည်းကောင်း၊ ထိုမှတပါး တွေ့မြင်ကြည့်ရှုဖူးသော ကျမ်းတို့၌လည်းကောင်း၊ ပေဒင်ကျမ်း

ဓမ္မသတ်ကျမ်းတို့ကို ဆင်ရုပ်မြင်းရုပ်ခန့် အက္ခရာနှင့် ရေးထားလျက်ရှိကြောင်းကို တစုံတခုမျှ မထွက်ဆို ဖြစ်ခဲ့သည်။

ဗေဒင်ကျမ်း ဓမ္မသတ်ကျမ်းတို့ကို စကြဝဠာတံတိုင်းက ရေးကူးခဲ့သည်ဟု ဆိုရာမှာလည်း ယခုရှိကြသော ဗေဒင်ကျမ်းတို့တွင် စကြဝဠာတံတိုင်းက ရေးကူးထားခဲ့ကြောင်းကို မဆို၊ အသီးအသီးနောက်မှ ရသေ့သူမြတ်တို့ စာစောင်ဖွဲ့ထားကြောင်းကို ဆိုပါသည်။

ဤရသေ့ ဤဆရာတို့ ဤသို့ဆို၏၊ ဤရသေ့ ဤဆရာတို့ ဤသို့ယူ၏ ဟူ၍သာ ပါသည်၊ အထူးထုတ်၍ ဆိုရာများတွင်လည်း ဝါကျဆရာ၊ ဝဂ္ဂဆရာ၊ ဟရိတဆရာ၊ ဂေါတမဆရာ၊ ယဝန ဆရာ၊ ဝရာဟမိဟိရဆရာ၊ ဗျာသဆရာ၊ ဟာရိတဆရာ၊ ယဝနာဓိပတိဆရာ၊ ဂုရိဆရာ၊ ဂိရိဒိသ ဆရာ၊ ဂိရိဒဏ္ဍဆရာ၊ ပဝနေရသဆရာ၊ ဗာရာဘာနဆရာ၊ ပရာသရဆရာ၊ သတျဆရာ၊ ဇိဝဆရာ၊ ယုဇဆရာ၊ သမိတဆရာ၊ ဤသို့စသော ရသေ့တို့ကိုသာ အထူးထုတ်၍ ဆိုသည်။ စကြဝဠာ တံတိုင်းက ကူးယူခဲ့သည်ဟု မပါမလာ၊ သုတ်သီလက္ခန်ပါဠိတော် (၉၇) အမ္ဗဋ္ဌသုတ်တွင် —

> ဧဝမေဝ ခေါ တွံ အမ္ဗဋ္ဌ ယေ တေ အဟေသုံ ဗြဟ္မဏာနံ ပုဗ္ဗကာ ဣသယော မန္တာနံ ကတ္တာရော မန္တာနံ ပဝတ္တာရော၊ ယေသမိဒံ ဧတရဟိ ဗြာဟ္မဏာ ပေါရာဏံ မန္တပဒံ ဂီတံ ပဝုတ္တံ သမိဟိတံ၊ တဒနုဂါယန္တိ တဒနုဘာသန္တိ ဘာသိတမနုဘာသန္တိ ဝါစိတမနုဝါစေန္တိ၊ သေယျထိဒံ၊ အဋ္ဌကော ဝါမကော ဝါမဒေဝေါ ဝေဿာမိတ္တော ယမဒဂ္ဂိ အင်္ဂီရသော ဘာရဒ္ဒါဇော ဝါသေဋ္ဌော ကဿပေါ ဘဂု။

ဟူသောပါဠိဖြင့် ဘုရားသခင်က ကဏ္ဍာယန အမျိုးဖြစ်သော အမ္ဗဋ္ဌလူလင်ကို မိန့်တော်မူသည် အမ္ဗဋ္ဌလူလင်ပုဏ္ဏားတို့၏ ရှေးဦးစွာဖြစ်ကုန်သော အကြင်ရသေ့တို့သည် ဗေဒင်ကျမ်းကို ပြုကုန်၏။ ထိုရသေ့တို့၏ ဗေဒင်ကျမ်းကိုပင် ယခုအခါ ပုဏ္ဏားတို့သည် ဟောအပ်ကုန်၏။ အတုလိုက်၍ သင်အပ်ကုန်၏။ သူ့ကို သင်စေရကုန်၏။

ထိုရသေ့တို့သည်ကား အဋ္ဌကရသေ့၊ ဝါမကရသေ့၊ ဝါမဒေဝရသေ့၊ ဝေဿာမိတ္တရသေ့၊ ယမဒဂ္ဂိရသေ့၊ အင်္ဂီရသရသေ့၊ ဘာရဒ္ဒါဇရသေ့၊ ဝါသေဋ္ဌရသေ့၊ ကဿပရသေ့၊ ဘဂုရသေ့ တို့တည်းဟု ဤရသေ့ တကျိပ်တို့ ပြုစုကြောင်းကို ဟောတော်မူသည်။

အဘိဓာန်တွင်လည်း။

> အဋ္ဌကော ဝါမကော ဝါမ၊ ဒေဝေါ စာင်္ဂီရသော ဘဂု။
> ယမဒဂ္ဂိစ ဝါသေဋ္ဌော၊ ဘာရဒ္ဒါဇော စ ကဿပေါ။
> ဝေဿာမိတ္တောတိ မန္တာနံ ၊ ကတ္တာရော ဣသယော ဣမေ။

ဟု ယခင်ရသေ့ တစ်ကျိပ်တို့သာ ဗေဒင်ကျမ်းကို ပြုစုကြောင်းကို ဆိုသည်။ ဝိနည်းမဟာဝါ ပါဠိတော်၌လည်း အဋ္ဌက ဝါမက စသော တစ်ကျိပ်သော ရသေ့တို့သည် ဗေဒင်ကျမ်းကို ပြုစုကုန်၏ဟု ကေနိယရသေ့ ဆိုဖူးကြောင်းကိုလာသည်။

သုတ်သီလက္ခန်အဋ္ဌကထာ အမ္ဗဋ္ဌသုတ်အဖွင့် (၂၄၄) တွင်လည်း။

> အဋ္ဌကောတိအာဒီနိ တေသံ နာမာနိ။ တေ ကိရ ဒိဗ္ဗေန စက္ခုနာ သြလောကေတွာ ပရူပယာတံ အကတ္တာ ကဿပသမ္မာသမ္ဗုဒ္ဓဿ ဘဂဝတော ပါဝစနေန သဟ သံယန္ဒိ-

တွာ မန္တေ ဂန္ဆိ သု။ အပရာ ပရေ ပန ဗြာဟ္မဏာ ပါဏာတိပါတာဒီနိ ပကိုဗိတွာ တယော ဝေဒေ ဘိန္ဒိတွာ ဗုဒ္ဓဝစနေန သဒ္ဓိဝိရုဒ္ဓေ အကံသု။

ဟု လာသည်။

အဋ္ဌက အစရှိသော အမည်တို့သည်ကား ထိုရသေ့တို့၏အမည်တို့တည်း၊ ထိုရသေ့တို့သည် ဒိဗ္ဗစက္ခုဉာဏ်ဖြင့်ရှု၍ သူတပါးအား သတ်ဖြတ်ခြင်းကို မပြုမူ၍ ကဿပ မြတ်စွာဘုရား၏ စကားနှင့်တကွနက် ရောနှော၍ ဗေဒင်ကျမ်းတို့ကို ပြုကုန်၏။ နောက်အခါ၌ ပုဏ္ဏားတို့သည် ပါဏာတိပါတစသည်တို့ကို ထည့်စွက်၍ သုံးပုံသော ဗေဒင်တို့ကိုဖျက်၍ ဘုရားစကားတော်နှင့် ဆန့်ကျင်သည်ကို ပြုကုန်၏ဟု လာသည်။

ဤသုတ်၏ အဖွင့်(၂၂၁)၌ပင်လည်း

တထာဂတော ကိရ ဥပ္ပဇ္ဇိဿတီတိ ပဋိကစ္စေဝ သုဒ္ဓါဝါသာ ဒေဝါ ဝေဒေသု လက္ခဏာနိ ပကိုပိတွာ "ဗုဒ္ဓမန္တာ နာမေတေ" တိ ဗြာဟ္မဏဝေသေနေဝ ဝေဒေ ဝါစေန္တိ "တဒနု သာရေန မဟေသက္ခာ သတ္တာ တထာဂတံ ဇာနိဿန္တိ" တိ တေန ပုဗ္ဗေ ဝေဒေသု မဟာပုရိသ-လက္ခဏာနိ အာဂစ္ဆန္တိ ပရိနိဗ္ဗုတေ ပန တထာဂတေ အနုက္ကမေန အန္တရဓာယန္တိ။ တေနေတရဟိ နတ္ထိတိ။

ဟု မြတ်စွာဘုရားသည် လူတွင်ထင်ရှား ဘုရားမဖြစ်မီကပင် သုဒ္ဓါဝါသပြဟ္မာတို့သည် ဗေဒင်ကျမ်းတို့၌ လက္ခဏာကျမ်းကိုထည့်၍ ဤမန္တန်တို့ကား ဗုဒ္ဓမန္တန်တို့တည်းဟု နည်းကို အစဉ်မြဲ၍ တန်ခိုးကြီးကုန်သော သူတို့သည် ဘုရားသခင်ကို သိကုန်လတ္တံ့ဟု ပုဏ္ဏားအသွင်ဖြင့် သင်လာကုန်သတည်း။

ထို့ကြောင့် နှေးအခါ ဗေဒင်ကျမ်းတို့၌ မဟာပုရိသလက္ခဏာတို့သည် လာကုန်၏။ ဘုရားသခင်ပရိနိဗ္ဗာန် စံယူတော်မူသည်ရှိသော် အစဉ်အတိုင်း ကွယ်လေကုန်၏၊ ထို့ကြောင့် ယခုအခါ မရှိလေပြီဟူ၍ ဆိုလေသည်၊ သုတ္တနိပါတ်အဋ္ဌကထာ၌လည်း နည်းတူပင်ဆိုသည်၊ ဤသို့ပါဠိ အဋ္ဌကထာ စသည်တို့၌ ဗေဒင်ကျမ်းတို့ကို ရသေ့တစ်ကိုယ်တို့သည် ဒိဗ္ဗစက္ခုဖြင့်ရှု၍ ကဿပ မြတ်စွာဘုရားရှင်၏ စကားတော်နှင့် ရောနှော၍ ပြုကြောင်း၊ ပုဏ္ဏားတို့သည် နောက်အခါ ဖျက်ဆီးပြန်၍ ဘုရားစကားတော်နှင့် ဆန့်ကျင်အောင် ပြုကြကြောင်း၊ သုဒ္ဓါဝါသပြဟ္မာတို့ ပုဏ္ဏားယောင်ဆောင်၍ သင်လာကြောင်းကိုသာ လာသည်ဖြစ်၍ စကြဝဠာတံတိုင်းက ကူးယူခဲ့သည်ဟူသော စကားသည် ဘုရားဟောတော်မူသော ကျမ်းတို့နှင့် မညီဖြစ်တော့သည်။

မန္တန် မန္တရားတို့၏ အကြောင်းမှာလည်း ယခင်ဗေဒင်ကျမ်းတို့၌ ပြဆိုခဲ့သော နည်းဖြင့်သာ ဇမ္ဗူဒီပါကျွန်းတွင် ပညာရှိသောသူ တန်ခိုးရှိသောသူတို့သည် ဓာတ်လေးပါး၊ ဝံသလေးပါး၊ အဝတ္ထာလေးပါး၊ ကွဋ္ဌဖလဂိုဏ်းလေးပါး၊ အနိဋ္ဌဖလဂိုဏ်းလေးပါး၊ ဂိုဏ်းရှစ်ပါး၊ နတ်ရှစ်ပါး၊ ဂြိုဟ်ရှစ်ပါး၊ နံခုနစ်ပါး၊ ဥပဒ်-မိတ္တူ၊ ကာဏ၊ စမ္ဘခန်း၊ ယမ္ဘခန်း၊ သိဒ္ဓိ၊ လာဘ၊ ငရဲ၊ အမြိတ္တ၊ တြိရန်း၊ စတုရန်း၊ ပဉ္စပွတ်၊ ဆပွတ်၊ ဇေယ၊ ဒုက္ခ၊ လာဘ၊ သိဒ္ဓိ၊ ဒဿိ၊ ကမ္မိ၊ အမိတ္တ၊ တူစာပေစာ၊ အဖိုအမ၊ ဓာတ်ဘက်၊ မိတ်ဘက်၊ ရန်ဘက်၊ နမန္တာရက်၊ နံပေါ်၊ နံငုပ်၊ အတွင်းသေ၊ ပြင်သေ၊ အနေအထိုင် တော်သင့်အောင် စီရင် ဖန်ဆင်း၍သာ ဖြစ်ရလေသည်ဟု ယူသင့်သည်။ စကြာဝဠာက ယူဆောင်ခဲ့သည် ဆိုသော စကားသည် မဟုတ်ရာဖြစ်သည်။ လောကီအင်္ဂါတ္တိရိက္ခာန်း၊ ရာဇမတ္တာဏ်

ကျမ်းတို့တွင်လည်း အသီးအသီး မန္တာန်မန္တရားတို့ကို ရသေ့တို့ ဖွဲ့ဆို၍ထားသည့် ဂါထာမန္တန်တို့သည် အများပင်ရှိသည်။ ထိုကဲ့သို့ပင် တပါးသော မန္တရားတို့ကိုလည်း ရသေ့ပညာရှိ လူပညာရှိ၊ နတ်ပညာရှိ၊ နဂါးပညာရှိ၊ ဂဠုန်ပညာရှိတို့ အတော်အသင့် ချင့်စားဆင်ခြင်၍ စီရင်ဖန်စိတ်ထားခဲ့သည်ဟု ယူသင့်သည်။

သုတ်သီလက္ခန် အဋ္ဌကထာ၊ကေဝဋ္ဋသုတ်အဖွင့်(၃၂၂)၌ ဂန္ဓာရီမန္တန်ကို ဆိုသော စကားတွင် –

ဂန္ဓာရီတိ ဂန္ဓာရေန နာမ ဣသိနာ ကတာ၊ ဂန္ဓာရရဋ္ဌေ ဝါ ဥပ္ပန္နာဝိဇ္ဇာ၊ တတ္ထ ကိရ ဗဟူ ဣသယော ဝသိံသု၊ တေသု ဧကေန ကတာ ဝိဇ္ဇာတိ အဓိပ္ပာယော။ ဟု လာသည်

အဓိပ္ပာယ်ကား။ ။ဂန္ဓာရီ မန္တန်မည်သည်ကား ဂန္ဓာရမည်သော ရသေ့ပြုအပ်သည်၊ တနည်းလည်း ဂန္ဓာရတိုင်း၌ များစွာသော ရသေ့တို့သည် နေကုန်၏၊ ထိုရသေ့တို့တွင် တစ်ယောက်သော ရသေ့သည် ပြုအပ်သော အတတ်မည်သည်ဟူလိုသည်၊ ထို့ကြောင့် ရသေ့ပညာရှိတို့သည် ပြုသည်ဟု ဆိုပေသည်၊ ထိုဂန္ဓာရီမန္တန်သည် စူဠဂန္ဓာရီမန္တန် မဟာဂန္ဓာရီမန္တန်ဟု နှစ်ပါးပြားသည်။ အသီတိမဟာသာဝကအင်္ဂ ပိလိန္ဒဝစ္ဆထေရ် အလောင်းသည် ဘုရားသခင်ကို မတွေ့မီ စူဠဂန္ဓာရီမန္တန်ကိုတတ်သည်၊ ထိုအတတ်ဖြင့် ကောင်းကင်သို့ ပျံနိုင်၏၊ သူတပါးစိတ်ကို သိနိုင်၏၊ မဟာဂန္ဓာရီမန္တန်ကား ထိုထက်ပင် လွန်ကဲ၍ တန်ခိုးအာနုဘော် ရှိသည်ဟူ၍ ဓမ္မပဒကျမ်း အပဒါန် အဋ္ဌကထာတို့၌ ဝတ္ထုပြီးအောင်ဆိုသည်။

လူပညာရှိတို့ သိဖူးတတ်ဖူးသည်မှာကား –

တဒါ ဗာရာဏသိယံ ဧကော မာဏဝေါ တက္ကသိလံ ဂန္တွာ ဒိသာပါမောက္ခဿ အာစရိယဿ သန္တိကေ အလမ္ဘာယ မန္တံ ဥဂ္ဂဏှိတွာ –

ဟု ဗာရာဏသီပြည်သား လုလင်တစ်ယောက်သည် တက္ကသိုလ်ပြည်သို့သွား၍ အလမ္ဘာယ်မန္တန်ကို သင်သည်၊ ထိုမန္တာန်ကို မန်းသောကာလ နဂါးမင်းတို့၏ နားတွင်း၌ ရဲရဲဦးသော သံတံကျင်ဖြင့် ထိုးကြေပ်သကဲ့သို့ ဖြစ်လေ၏ဟု ထက်သောအာနုဘော် ရှိကြောင်းနှင့် ဝတ္ထုကုန်အောင်ပင် စမွေယျဇာတ်တွင် ဆိုသည်။

သာဝတ္ထိပြည်၌ ဝဏ်သ လုလင်သည် ထဝသီသမန္တန်ကို တတ်၏၊ ထိုမန္တန်ဖြင့် သေလေပြီးသော သူ၏ ဦးခေါင်းခွံကိုယူ၍ မန်းစိပ်ရသည်ရှိသော် ငရဲ၌ဖြစ်လေသည်၊ ပြိတ္တာ၌ ဖြစ်လေသည် စသည်တို့ကို သိနိုင်သော တန်ခိုးအာနုဘော်ရှိသည် ဟူ၍ ဓမ္မပဒအဋ္ဌကထာ၊ အင်္ဂုတ္တိရ် အပဒါန် အဋ္ဌကထာတို့၌ ဝတ္ထုကုန်အောင် ဆိုသည်။

ဘုရားဖြစ်တော်မူခါနီးတွင် အလ္လကပ္ပမင်၊ ဝေဋ္ဌဒီပမင်း နှစ်ပါးတို့သည် တိုင်းပြည်ကို စွန့်၍ ရဟန်းပြုကြလျှင် ဝေဋ္ဌဒီပရသေ့သည် ရှေးဦးစွာသေ၍ တန်ခိုးကြီးသော နတ်ဖြစ်လျှင် အလ္လကပ္ပ ရသေ့ထံလာ၍ အကြောင်းမျိုးကို စေ့စုံစွာ မေးမြန်းပြောဆိုပြီးလျှင် ဆင်ကို ယဉ်စေတတ် ဆင်ကိုခွာစေတတ်သော ဟတ္ထိကန္တမန္တန်နှင့်တကွ စောင်းကို ပေးအပ်ခဲ့သည်။ အလ္လကပ္ပရသေ့သည်လည်း တဖန် ဥတေနမင်းကို ပေးလိုက်ပြန်သည်။ ထိုဟတ္ထိကန္တမန္တန်၏ အာနုဘော်ကား ရိုင်းလှစွာသော ဆင်ကို ယဉ်ကျေးစေ၍ ကိုယ်၏ထံသို့ လာစေတတ်သည်။ ကိုယ်၏ ထံမှလည်း ခွာပြေးစေတတ်သော အစွမ်းအာနုဘော် ရှိသည်ဟူ၍ ဓမ္မပဒအဋ္ဌကထာ၌ ဝတ္ထုကုန်အောင်ဆိုသည်။

မဟာပေါရိသာဒသည် တရာ့တပါးသော မင်းများကို ဖမ်းမည်ဟု သွားလေသော် အခြားမဲ့သော ကိုယ်၏အဖြစ်၌ ဘီလူးဖြစ်၍ တပေါင်းတည်း လူသားစားဖော်ဖြစ်သော ဘီလူး အဆွေခင်ပွန်းနှင့် ခရီး၌ကြုံ၍ မဟာပေါရိသာဒကိုမြင်လျှင် ဤသူသည် ရှေးဘဝက ငါ၏ အဆွေခင်ပွန်းတကားဟု သိ၍ နှုတ်ဆက်ပြီးသော် ရှေးအဖြစ်ကို စုံလင်စွာ ပြောပြီးမှ အဖိုး အတိုင်းမသိထိုက်သော ဤမန္တန်ကို ငါတတ်၏။ ခွန်အားကြီးခြင်း၊ လျင်လျားခြင်း၊ တန်ခိုးအာနုဘော်ကြီးခြင်းကို ပြုတတ်၏။ ဤမန္တန်ကိုယူ၍ သွားလေဟု ပေးလိုက်သည်ဟူ၏။ ထိုမန္တာန်ကိုတတ်လျှင် လေ၏ လျင်ခြင်းနှင့်တူသည်၊ အလွန်ရဲခြင်းရှိသည်ဟူ၍ ဝတ္ထုကုန်အောင် မဟာသုတသောမ ဇာတ်၌ဆိုသည်။

ဘုရားလောင်း ပဒကုသလ လုလင်ဖြစ်သောကာလ မယ်တော်ဖြစ်သော အဿမုခီ ဘီလူးမ-က အဖိုးအတိုင်း မသိထိုက်သော စိန္တမဏိမန္တန်ကို ပေးလိုက်၏။ ထိုမန္တာန်၏ အာနုဘော်ဖြင့် တဆယ့်နှစ်နှစ်က ဦးလေသော ဥစ္စာကိုလည်း ခြေရာအစဉ်အတိုင်း လိုက်၍ယူခြင်းငှာ စွမ်းနိုင်၏ဟု ဝတ္ထုကုန်အောင် ပဒကုသလမာဏဝဇာတ်၌ ဆိုသည်။

ဗာရာဏသီပြည်၌ သေနကမင်းကြီးအား ကျေးဇူးအထူးရှိပေသည်ဟူ၍ ရွှေငွေပေးခြင်း အဆွေခင်ပွန်းဖွဲ့ခြင်း၊ နောက်ကို နဂါးမငယ်တယောက်ကို ပေးခြင်းတို့ကို ပြု၏။ ထို့နောက် **နာဂဒဿဝီ**မန္တာန်ကို ပေး၏။ ထိုမန္တန်၏ အာနုဘော်ကား နဂါးတို့သည် ကိုယ်ပျောက်ကွယ်လေသည်ရှိသော် ဤမန္တန်ကို စိပ်မန်းသည်ရှိက မကွယ်မပျောက်နိုင်၊ မြင်ရသိရသည်ဟူ၏။

ထိုဗာရာဏသီပြည် သေနကမင်းကိုပင် နဂါးမင်းက **သဗ္ဗရုဒဝိဇာနန**မန္တန်ကို ပေးပြန်၏။ ထိုမန္တန်၏ အာနုဘော်ကား အလုံးစုံသော သတ္တဝါတို့၏ ဘာသာကို သိနိုင်သည်ဟူ၏။ ဤအကြောင်းကို ကုန်စင်အောင် ခရုပတ္တဇာတ်၌လည်းကောင်း။ ပရန္တပဇာတ်၌ လည်းကောင်း ဆိုသည်။

ဘူရိဒတ်နဂါးမင်းတို့လက်ထက် ရသေ့ တပါးအား ပြဿနာကိုဖြေသည် ဟူ၍ ဂဠုန်မင်းက **သုပဏ္ဏ**မန္တန်ကို ပေးခဲ့သည်၊ အာနုဘော်ကား နဂါးတို့ကြားလျှင် အလွန်ကြောက်လန့် ရှောင်ရှားရသည်ဟူ၍ ဘူရိဒတ်ဇာတ်၌ ဆိုသည်။

နက္ခတ်နှင့်ယှဉ်သောအခါ၌ မန္တန်ကိုမန်းရသည်ရှိသော် ရတနာမိုးကိုရွာစေနိုင်သော မန္တန်သည် **ဝေဒဗ္ဘ**မန္တန်မည်၏ ဤစကားကို ကုန်စင်အောင် ဝေဒဗ္ဘဇာတ်၌ ဆိုသည်။

ငြဟ္မဆတ္တရသေ့သည် တပါးသော ရသေ့ အထံမှ သင်ခဲ့၍ရသည့် မန္တန်သည် **နိမိဉ္ဇါရဏ**မန္တန်မည်၏၊ အာနုဘော်ကား မြေထဲ၌ရှိသော ရွှေအိုးတို့ကို ဤအရပ်၌ရှိသည်ဟူ၍ သိစွမ်းနိုင်၏၊ အကျယ်ကား စတုတ္တနိပါတ် ငြဟ္မဆတ္တဇာတ်၌ ဆိုသည်။

ဘုရားလောင်း ရှေဦးစွာတတ်သည်၊ နောက်သရဖျာယ်သံကိုကြားလျှင် သဗ္ဗဒါဋ္ဌိက မြေခွေးသည် ရှေးဘဝက လေ့ကျက်ခဲ့ဖူးသည်နှင့် တတ်ပြန်သည့် မန္တန်သည် **ပထဝီဇယ**မန္တန်မည်၏၊ အာနုဘော်ကား ထိုမြေခွေးသည် မန္တန်၏ အာနုဘော်အားဖြင့် ဆင်ကျောက်ကုန်းထက် ခြင်္သေ့ကို စီးစေ၍ ခြင်္သေ့ကျောက်ကုန်းထက် မြေခွေးတို့ကို စီးစေရသည်၊ မိမိကို ခပ်သိမ်းသော တိရစ္ဆာန်တို့က မင်းမြှောက်ရသည်၊ အကျယ်ကို သဗ္ဗဒါဋ္ဌိက ဇာတ်၌ဆိုသည်။

ဘုရားလောင်းစဏ္ဍာလ လုလင်တတ်သော အခါမဲ့ အသီးကို သီးစေ၍ သီးသောအသီးကို သည်းထန်စွာ မိုးပေါက်ကဲ့သို့ ကြွေကျစေနိုင်သော မန္တန်သည်ကား **အကာလဖလ** မန္တန်မည်၏။ အကျယ်ကို အမဖလဇာတ်၌ဆိုသည်။

ဘုရားလောင်း ဒိသာပါမောက္ခ ဆရာတတ်သောမန္တန်ကို စိပ်၍ ကျောက်စရစ်ဖြင့် ပစ်သည်ရှိသော် သေသောသူကို ထစေတတ်သော အစွမ်းရှိသော မန္တန်သည် **မတကုဋ္ဌာပန**မန္တန်မည်၏။ အကျယ်ကိုကား သဠိဝဇာတ်၌ ဆိုသည်။

ဤဇာတ်၌ပင် သဠိဝလုလင်သည် ဥဒ္ဒာပက မန္တန်ကိုသာသင်၏ ပဋိဟာနမန္တန်ကိုကား မသင်ချေဟုဆိုဟန်ကို ထောက်သော် ပဋိဟာနမန္တန်ဟူ၍လည်း ရှိသေး၏ဟု ယူရန်ရှိသည်။

ကပိလရှင်ရသေ့တတ်သည့် မြေ၏ ကြန်အင်လက္ခဏာကိုသိသည့် မြေထဲသို့ အတောင်ရှစ်ဆယ် တိုင်အောင် မြင်နိုင်သည့် အစွမ်းရှိသော မန္တန်သည် **ဘူမိဝိဇ္ဇာ**မည်၏၊ ဝတ္ထုကိုမူ သုတ်သီလက္ခန်၊ သုတ္တနိပါတ်အဋ္ဌကထာတို့၌ ဆိုသည်။

တက္ကသိုလ်ပြည်၌ ရသေ့တို့ထံက တတ်ခဲ့သည့် ဤသတ္တဝါသည် ဤမည်သောနေ့ရက်သို့ ရောက်သောကာလ သေရချိမ့်မည်ဟု သိစွမ်းနိုင်သော အာနုဘော်ရှိသော မန္တန်ကား **မတကကာလ ဝိဇာနန**မန္တန် မည်၏။ ဝတ္ထုကိုကား ဓမ္မပဒအဋ္ဌကထာ၊ အာယုဝဓုနသုတ် အဖွင့်တွင်ဆိုသည်။

စေတိယဇာတ်၌ ကပိလရှင်ရသေ့ တတ်သော အထူးထူးအပြားပြား ကြောက်မက်ဖွယ်ရှိသော အခြင်းအရာတို့ကို ထင်စေနိုင်သော အစွမ်းရှိသော မန္တန်သည်ကား **ဘူတဝိဇ္ဇာ** မန္တန်မည်၏။ ဝတ္ထုကို စေတိယဇာတ်၌ဆိုသည်။

ဤသို့စသည်ဖြင့် လူပညာရှိတို့ထံမှ၊ ရသေ့ပညာရှိတို့ထံမှ၊ နဂါးတို့ထံမှ၊ ဂဠုန်တို့ထံမှ၊ နတ်တို့ထံမှ ရကြောင်းများကိုသာ လာသည်။ စကြဝဠာတံတိုင်းက ကူးယူခဲ့၍ ရကြသည်ဟု ဆိုသော ကျမ်းဂန်အထွက်အလာကို မတွေ့ဖူးချေ ဖြစ်တော့သည်။

ဆေးကျမ်းတို့မှာလည်း ရှေးနည်းကဲ့သို့ပင် စကြဝဠာကဆိုသည်ကို ကျမ်းဂန် မတွေ့ဖူးပေ။ နောက်မှ ရသေ့ပညာရှိ လူပညာရှိ နတ်သကြားတို့ စီမံ ဖန်စိတ်၍သာ ကျမ်းဂန် စာစောင်ဖွဲ့လျက် ရှိလေသည်ဟု ယူရန်ရှိသည်။

မိလိန္ဒပဉ္ဉာတွင်လည်း အရှင်နာဂသိန်ကို မိလိန္ဒမင်းက လျှောက်သောအခါ၌ အထူးထူးသော ဆေးကျမ်းတို့ကို နာရဒဆရာ၊ ဓန္တန္တရိဆရာ၊ တိဿဆရာ၊ အဂ္ဂိဝေသဆရာ၊ ကပိလဆရာ၊ ကဏ္ဍရဂ္ဂိလောမဆရာ၊ အတုလဆရာ၊ ပုဗ္ဗကစ္စည်းဆရာ၊ ခဏ္ဍဟာလဆရာ၊ ဤဆရာတို့သည် အနာမဖြစ်မီကပင် အနာ၏အဖြစ်၊ အနာ၏အကြောင်း၊ အနာ၏ သဘော၊ အနာ၏ဖြစ်ရာ၊ ကုဖွဲ့သော ဆေးတို့နှင့်တကွ အကြွင်းမရှိရအောင် ဤကိုယ်၌ ဤအနာဖြစ်လတ္တံ့ဟု သိ၍ ဟောပြခဲ့ကြောင်းကို ဆိုသည်။

အပဒါန်ကျမ်းတွင်လည်း အရှင်ဗာကုလ အလောင်းသည် ရသေ့ဖြစ်၍ ဆေးအရာ၌ တတ်သောကြောင့် အနောမဒဿီ မြတ်စွာဘုရားကို ဆေးကုဖူးကြောင်းကို ဆိုသည်။ မဟာ-ကုဏာလ ဇာတ်၌လည်း ပုဏ္ဏမုခဖုဿဉာဿြဌ်အား ဟေဟိတပက္ခန္ဓိက ဝေဒနာကပ်ရောက်

သောအခါ ဘုရားလောင်း ဥသြမင်းက အတောင်နှုတ်သီးတို့ဖြင့်ထူ၍ ထစေပြီးလျှင် အပွင့်အသီး စသည်တို့ကို ခံနှုစ့၍ ဉာဏ်တော်နှင့်ပင် ကုသက္ကြောင်းကို "ပုပ္ပဖလာဒီနိ နာနာဘေသဇ္ဇာနိ သံဟာရေတွာ အရောဂံ ကရိဿမိ" ဟူ၍လည်းကောင်း၊ "ပက္ခေဟိစ မုခတုဏ္ဍကေဟိစ ပရိဂ္ဂဟေတွာ ဝုဋ္ဌာပေတွာ နာနာဘေသဇ္ဇာနိ ပါယေသိ" ဟူ၍လည်းကောင်း၊ ဘုရားလောင်း ကုသက္ကြောင်းကိုသာ ဆိုသည် စကြဝဠာက နည်းဖြင့် ကုက္ကြောင်းကိုမလာ။

ဝိနည်းမဟာဝါ အဋ္ဌကထာတွင်လည်း ဇီဝက ဆေးသင်မည် သွားသောကာလ ဒီသာပါမောက္ခ ဆရာ့ကိုယ်၌ သိကြားမင်း ဝင်စားကပ်မှီ၍ သင်ကြောင်းကို ဆိုသည်။ စမွေယျဇာတ်တွင်လည်း "ဒိဗ္ဗောသဓာနိ ဂဟေတွာ ဒိဗ္ဗမန္တာနိ ပရိဝတ္တေတွာ" နတ်တို့ ဆေးကိုကိုင်၍ နတ်တို့မန္တန်ကို သရဇ္ဈာယ်၍ နဂါးမင်းကို ဖမ်းသည်ဟုဆိုသည်၊ နတ်တို့မှာ ဆေးမန္တန်ကို လေ့လာကြောင်းကိုလည်း သိသာသည်၊ လူတို့လက်သို့လည်း ရောက်ရာသမျှ ရောက်သည်ဟု သိရာသည်။

ဤထုံးများကို ထောက်၍ လူပညာရှိ၊ ရသေ့ပညာရှိ၊ နတ်ပညာရှိတို့သည် ဓာတ်လေးပါး၊ ဓာတ်ငါးပါး၊ အရသာခြောက်ပါး၊ ဥတုခြောက်ပါး၊ အရုပ်သုံးပါး၊ အရွယ်သုံးပါး၊ သလိပ်မျိုးနှစ်ဆယ်၊ သည်းခြေမျိုးလေးဆယ်၊ လေရှစ်ဆယ်တို့၏ အတက် အတိုးကို မှတ်စွဲချင့်စားပြီးမှ ဖွဲ့ကုံးစီရင်၍သာ ဆေးကျမ်းတို့ ဖြစ်လေကုန်သည်ဟု ယူသင့်သည်။

ယင်းသို့သော် –

"သုဘဒြော စက္ကဝါဠ သေလာ လိခိတ္တာ လောကိယသာရံ ဓမ္မသတ္ထံ မနုသာရော လိခိတ္တာ ဝါစမုဂ္ဂတော" ဟု မနုသာရတွင် ရှိသည်မဟုတ်လော ဟူအံ့၊ ရှိသည်မှန်၏။ ရှိသော်လည်း ထိုပါဠိတို့ကို ကိုင်းစားတို့ ပြုပြင်စီရင်သော ပါဠိဋ္ဌသာဖြစ်၍ ကျမ်းဂန်ကလာသောပါဠိ ပါဠိကဲ့သို့ အမှန်မယူသာ ဖြစ်သည်။

ကျမ်းဂန်တတ်သိသော ဆရာတို့ပင် "သဿမေဓ၊ စသည်လေးခု၊ သဒ္ဒြိဟ်မှုဖြင့်၊ မနုသမ္မတ၊ ရွေးကသဲ့ပိုင်း၊ ထားခဲ့တိုင်းဖြင့်" ဟူ၍ မနုသာရနှင့် မဟာသမ္မတ မင်းကြီးတို့ကို ရည်၍ စပ်သည်မဟုတ်တုံလောဟူငြားအံ့၊ မဟုတ်ချေ၊ ဤကဗျာဠိကား မဟာသမ္မတမင်းကိုသာ မနုဟူ၍ စပ်လေသည်ဟု ယူသင့်သည်။ ကျမ်းဂန်တွင်လည်း ဤမဟာသမ္မတမင်းကိုသာ မနုဟူ၍ ဆိုသည်၊ မဟာသမ္မတမင်းကို မနုဟူ၍ ဆိုကြောင်းကား –

အာဒိစ္စကုလသမ္ဘူတော၊ သုဝိသုဒ္ဓဂုဏာကရော။
မဟာနုဘာဝေါ ရာဇာသိ၊ မဟာသမ္မတ နာမကော။

ယော စက္ခါဘူတော လောကဿ၊ ဂုဏရံသိ သမုဇ္ဇလော၊
တမောနုဒေါ ဝိရောစိတ္ထ၊ ဒုတိယော ဝိယ ဘာနုမာ။

ဌပိတာ ယေန မရိယာဒါ၊ လောကေ လောကဟိတေသိနာ၊
ဝဝတ္ထိတာ သက္ကာဏ္ဍိ၊ နဝိလင်္ဃိယိတုံ ဇနာ၊

ယသသီနံ သရာဇီနံ၊ လောကသမ္မာနုရက္ခဏံ၊
အာဒိဘူတံ မဟာဝိရံ၊ ကထယန္တိ မနုတိ့ယံ။

အာဒိစ္စကုလ သမ္ဘူတော၊ နေမင်း၏အဆွေ ဖြစ်တော်မူထသော၊ သုဝိသုဒ္ဓဂုဏာကရော၊ အလွန်စင်ကြယ်သော ဂုဏ်ကျေးဇူးကို ပြုတတ်ထသော။ မဟာနုဘာဝေါ၊ ကြီးမြင့်သော အာနုဘော် ရှိတော်မူထသော။ မဟာသမ္မတနာမကော၊ မဟာသမ္မတအမည်ရှိသော။ ရာဇာ၊ မည်းသည်။ အသိ၊ ဖြစ်တော်မူလေပြီ။

ယော၊ အကြင် မဟာသမ္မတမင်းသည်။ လောကဿ၊ လူများ၏။ စက္ခုဘူတော၊ မျက်စိသဖွယ် ဖြစ်၏။ ဂုဏရံသိ၊ ကျေးဇူးအရောင်ဖြင့်။ သမုဇ္ဇလော၊ ပြောင်ပြောင်တောက်၏။ ဒုတိယော၊ နှစ်ခုမြောက်သော။ ဘာနုမာဝိယ။ နေမင်းကဲ့သို့။ တမော၊ အညစ်အကြေး ရန်အမြေးကို။ နုဒေါ၊ ဖျောက်လွှင့်သည်ဖြစ်၍။ ဝိရောစိတ္ထ၊ တင့်တယ်လေပြီ။

ယေန၊ အကြင်မဟာသမ္မတမင်းသည်။ လောကေ၊ မနုဿလောကဌ်။ လောကဟိတေသိနာ၊ လူတို့၏ အစီးအပွားကို ရှာသည်ဖြစ်၍။ မရိယာဒါ၊ စီရင်နည်း, စီရင်ထုံး အဆုံးအဖြတ်ကို၊ ဌပိတာ၊ ထားအပ်လေပြီ။ ဇနာ၊ ပြည်တိုင်းသူတို့သည်။ ဝဝတ္ထိတာ၊ အပိုင်းအခြား ထားအပ်ပြီးသည်တို့ကို။ ဝိလင်္ဃိတုံ၊ ဖောက်လဲ့ဆန်လှန်၊ ကျူးလွန်ခြင်းငှာ။ နသက္ကုဏန္တိ၊ မတတ်စွမ်းနိုင်ကုန်။

ယသသိနံ များသော အခြံအရံလည်းရှိထသော။ သရာဇိနံ၊ မင်း၏ အသရေနှင့်တကွလည်း ဖြစ်ထသော။ လောကသမ္မာနုရက္ခဏံ၊ လူတို့ကို ကောင်းစွာ အစဉ်သဖြင့် စောင့်ရှောက်ထသော။ အာဒိဘူတံ၊ မင်းတကာတို့၏အစလည်းဖြစ်ထသော။ မဟာဝိရံ၊ ကြီးသော လုံ့လလည်း ရှိထသော။ ယံ၊ အကြင်မဟာသမ္မတမင်းကို။ မနူတိ၊ မနုဟူ၍။ ကထယန္တိ၊ ခေါ်ဝေါ်ကုန်၏။

ဤသို့သော သာရတ္ထသင်္ဂဟ၊ ဝိသုဒ္ဓိမဂ်။ အဂ္ဂညသုတ် အဋ္ဌကထာ စသည်တို့၌လာသောကြောင့် လည်းကောင်း။

ဝိမာနဝတ္ထုအဋ္ဌကထာ၌လည်း -

> လောကိယာ ပန မနုနော အပစ္စဘာဝေန မနုဿောတိ ဝဒန္တိ၊ မနု နာမ ပဌမ ကပ္ပိကော လောကမရိယာဒါယ အာဒိဘူတော ဟိတာဟိတဝိဓာယကော သတ္ထာနံ ပိတုဋ္ဌာနိယော၊ သာသနေ မဟာသမ္မတောတိ ဝုစ္စတိ။

လောကိကာ ပန၊ လောကီပညာရှိတို့သည်ကား။ မနုနော၊ မနုမည်သော မင်း၏။ အပစ္စဘာဝေန၊ သား၏အဖြစ်ကြောင့်။ မနုဿောတိ၊ မနုဿဟူ၍။ ဝဒန္တိ ၊ ဆိုကုန်၏။ မနုနာမ၊ မနုမည်သော မင်းသည်ကား။ ပဌမ ကပ္ပိကော၊ ပဌမကပ်ဦးဌဖြစ်သော။ လောကမရိယာဒါယ၊ လူတို့ကို ပိုင်းခြားစီရင်ဆုံးဖြတ်ခြင်းငှာ။ အာဒိဘူတော၊ အစဖြစ်၍ဖြစ်သော။ ဟိတာဟိတဝိဓာယကော၊ စီးပွားရှိသည် မရှိသည်ကို စီရင်တတ်သော။ သတ္ထာနံ၊ သတ္တဝါတို့၏။ ပိတုဋ္ဌာနိယော၊ အဖအရာ၌တည်သော သူတည်း။ သာသနေ၊ သာသနာတော်၌။ မဟာသမ္မတောတိ၊ မဟာသမ္မတမင်းဟူ၍ ဝုစ္စတိ၊ ဆိုအပ်၏။ ဟူ၍လည်းကောင်း။

အဘိဓမ္မတ္ထ ဝိဘာဝိနီဋီကာ (၁၆၂)၌လည်း —

> လောကိယာ ပန "မနုနော အာဒိဓတ္တိယဿ အပစ္စံ ပုတ္တောတိ မနုဿ" တိ ဝဒန္တိ။

လောကီယာ ပန၊ လောကီဆရာတို့သည်ကား။ မနုနော၊ မနုမည်သော။ အာဒိခတ္တိယသ၊ အစဖြစ်သော မဟာသမ္မတမင်း၏။ အပစ္စံ ပုတ္တာ၊ သားတို့တည်း။ ဣတိတသ္မာ၊ ထို့ကြောင့်။ မနုဿာတိ၊ မနုဿမည်ကုန်၏ ဟူ၍။ ဝဒန္တိ၊ ဆိုကုန်၏။

ဤသို့ ကျမ်းဂန်တို့၌ မဟာသမ္မတကိုသာ မနုဟူ၍ ဆိုသည်ဖြစ်သောကြောင့် မဟာသမ္မတမင်းကို ရည်၍ "မနုသမတ၊ ရှေးကသံပိုင်း၊ ထားခဲ့တိုင်းဖြင့်" ဟု စပ်လေသည်ဟု မှတ်သင့်သည်။

ယင်းသို့သော် ယခုရှိသော ဓမ္မသတ်ကျမ်းတို့သည် စကြဝဠာတံတိုင်းက မဖြစ်မူ အဘယ်က ဖြစ်သနည်းဟူအံ့၊ "ဌပိတာ ယေန မရိယာဒါ၊ လောကေ လောကဟိတေသိနာ"ဟူသော ပါဠိနှင့် အညီ မဟာသမ္မတမင်းသည် အဆုံးဖြတ် အမှတ်အသား ထားခဲ့သည် ဆိုသောကြောင့် မဟာ-သမ္မတမင်းကစ၍ ဖြစ်၏။ နောက်ပညာရှိသောမင်း ပညာရှိသောအမတ်၊ ပညာရှိသော တရားသူကြီး၊ တရားတတ် ရသေ့ရဟန်းတို့သည် စိရင်ဆုံးဖြတ်တမ်း ဆုံးဖြတ်နည်းထားပြန်၍လည်း ဖြစ်ပြန်၏ဟု ယူသင့်၏။

အထူးသဖြင့်ကား - ဆက္ကနိပါတ် တုဏ္ဍိသဇာတ်၌ ဘုရားလောင်း မဟာတုဏ္ဍိလ ဝက်မင်းသည် တရားဆုံးဖြတ်ရာအရပ်၌ နေ၍ တရားကို ဆုံးဖြတ်၏။ ဗာရာဏသီမင်းကြီး သေလွန်သည်မှနောက်၌ တရားစီရင်ထုံး အဆုံးအဖြတ်ကို ပေး၌ ရေးစေ၍ ဤစီရင်ထုံး ဆုံးဖြတ်ထုံးကို ကြည့်ရှု၍ တရား ဆုံးဖြတ် စီရင်ရစ်ကြကုန်လော့ဟု မှာထားခဲ့၍ လူအပေါင်းတို့ ဝိုင်းကြွေးစဉ်ပင် ညီတော် တုဏ္ဍိလ ဝက်မင်းကို ခေါ်၍ တောသို့ဝင်လေသည်။ ဘုရားလောင်း ဝက်မင်း၏ စီရင်ထုံး အဆုံးအဖြတ်ကို ထားတော်မူသော ဩဝါဒသည် အနှစ်ခြောက်သောင်း တည်ရစ်လေသည်ဟု။

> ဝိနိစ္ဆယေ ပေါတ္ထကေ လိခါပေတွာ ဣမံ ပေါတ္ထကံ ဩလောကေတွာ အဋ္ဌ တီရေယျာထာတိ ဝတွာ။ ဟူ၍လည်းကောင်း။
>
> တဒါ ဗောဓိသတ္တာသ ဩဝါဒေါ သဋ္ဌိဝဿသဟဿာနိ ပဝတ္တယိ ဟူ၍ လည်းကောင်း လာသည်။

ထိုကဲ့သို့ ဂါမဏိစန္ဒဇာတ်၌ အာဒါသမုခမင်း၊ ခဏ္ဍဟာလဇာတ်၌ စန္ဒကုမာရမင်း၊ ဝေဿန္တရာ ဇာတ်၌ သိဉ္စည်းမင်း၊ ဓမ္မဓဇဇာတ်၌ ဓမ္မဓဇလုလင်၊ သတ္တုဘဏ္ဍဇာတ်၌ သေနကအမတ်၊ မဟာ ဥမင်္ဂဇာတ်၌ မဟောသဓေပဏ္ဍိတ၊ မဟာဗောဓိဇာတ်၌ မဟာဗောဓိရသေ့တို့ စီရင်ဖူးသော ထုံးသာဓကတို့သည်လည်း အရှည်အကြာ တည်ရစ်ရာသော အကြောင်းရှိသည်ပင်၊ နောက်ကာလ၌လည်း ထပ်မံ၍ စီရင်ထုံးများ ဖြစ်ပြန်ဖူးသည်မှာလည်း သရေခေတ္တရာတွင် ဒွတ္တပေါင်မင်းကြီး စီရင်ထုံး၊ ငင်းပြည်တွင် ဘေရိန္ဒမင်း စီရင်ထုံး အရိမဒ္ဒနာတွင် ဖြူမင်းထီး စီရင်ထုံး၊ မုတ္တမတွင် ဝါရီယူမင်း စီရင်ထုံး၊ ဇင်းမယ်ပြည်တွင် အရကုနာမင်း စီရင်ထုံး ဤသို့ စသည်တို့ဖြင့် များစွာ ဖြစ်ကုန်သကဲ့သို့နောက်ကာလ၌လည်း ပညာရှိကုန်သော မင်းအမတ်တရားသူကြီး ရသေ့ရဟန်းတို့ ထားပြန်၍လည်း အများပင် ဖြစ်လေကုန်သည်သာဟု မှတ်သင့်သည်။

ရှေးမင်းတို့ ရေးထားခဲ့သည် ဆိုသည့်စကား၌လည်း သတ္တကနိပါတ်၊ ပဌမဝဂ်၊ ကုက္ကုဇာတ်(ဇာ၂၊၃၊၃၀၁)၌-

"ဝေါဟာရသုစိန္တိ ပေါရဏကေဟိ ဓမ္မိကရာဇူဟိ လိခါပေတွာ ဌပိတဝိနိစ္ဆယ-ဝေါဟာရေ သုစီ၊ အဂတိဂမနံ ပဟာယ ဓမ္မေန ဝိနိစ္ဆယကာရကန္တိ အတ္ထော" ဟု ဆိုသည်ဖြစ်၍ ရှေးမင်းတို့ထားခဲ့သည်သာ မှတ်သင့်သည်။

တေသကုဏဇာတ်၌လည်း –

> ဧဝံ ဝိနိစ္ဆယံ ပဝတ္တေယျာထာတိ ဝိနိစ္ဆယဓမ္မံ သုဝဏ္ဏပဋ္ဋေ လိခါပေတွာ အရည် ပါဝိသိ၊ တသော၀ါဒေါ စတ္တာလီသဝဿသဟဿာနိ ပဝတ္တတိ။

ဟု ဇမ္ဗုကမည်သော ဘုရားလောင်း ကျေးသားသည် တရားအဆုံးအဖြတ်ကို ရွှေပြား၌ ရေးထား၍ တောသို့ဝင်လေသည်။ ထိုဩဝါဒသည် အနှစ်လေးသောင်း တည်ရစ်လေသည်ဟူ၍ ဆိုသည်၊ ဤနည်းကဲ့သို့ ပညာရှိတို့ စီရင်၍ထားခဲ့သည် ဟူ၍သာ ထင်ပေသည်၊ ရှေးမင်းတို့ ထားဟန်ကိုကား စိတ္တသမ္ဘူတဇာတ်၌ "အဓမ္မကာရောတိ ပေါရာဏကရာဇူဟိ ဌပိတံ ဝိနိစ္ဆယဓမ္မံ ဘိန္ဒိတ္ထာ ပဝတ္တာ အဓမ္မကိရိယာ" ဟု ရှေးမင်းတို့ ထားခဲ့ဖူးဟန်ကို ပါသည်ဖြစ်၍ သိသာသည်။

ဗေဒင်မန္တရား ဆေးကျမ်းမှာလည်း ထိုကဲ့သို့ပင် အဋ္ဌကရသေ့၊ ဝါမကရသေ့ စသည်တို့ကဲ့သို့ နောက်ကာလလည်း ဝရာဟမိဟိရရသေ့၊ ကာလီဒါသရသေ့၊ ပိင်္ဂလရသေ့၊ ဇယဒေဝရသေ့၊ သုရာမရသေ့၊ ဘုတ္တဂုတ္တရသေ့၊ သေတဝရသေ့ စသည်တို့သည် ထပ်မံ၍ စီရင်သောကြောင့် အများပင် ဖြစ်ပွားလေသည်သာ၊ စကြဝဠာတံတိုင်းက ကူးခဲ့၍ ဗေဒင်မန္တရား ဓမ္မသတ်စသော ကျမ်းတို့ဖြစ်သည်ဆိုသော စကားသည် မဟုတ်ရာဟု မှတ်သင့်သည်။

တစောင်နှင့်တစောင် မညီမညွတ် ရှိခဲ့သည်ဆိုရာ၌လည်း ပညာရှိပင် ဆိုသော်လည်း တဦးနှင့် တဦးသည် အယူဝါဒ တူမျှနိုင်ရာသော သဘောမရှိဖြစ်၍ မိမိတို့သဘော သက်ရာကို မိန့်ဆို လေသော စကားဖြစ်၍ မညီမညွတ်ပင် ရှိလေတော့သည်ဟု မှတ်သင့်သည်။

၁၄၀-ပဏ္ဍာ။ ။ဘုရားမပွင့်သော သုညကမ္ဘာတွင် ပစ္စေကဗုဒ္ဓါ မဖြစ်၊ စကြဝဠာမြင်း မဖြစ်ဟူ၍ ဓမ္မရာဇိပို့တွင် စပ်ဆိုပါသည်၊ ဗုဒ္ဓသုညကပ်တွင် ပစ္စေကဗုဒ္ဓါ၊ စကြဝဠာမြင်းတို့ ဖြစ်၏ဟူ၍လည်း ပြောဆိုကြပြန်ပါသည်၊ ဖြစ်မဖြစ်ကို သိလိုပါသည်။

၁၄၀-ဝိသဇ္ဇနာ။ ။ဘုရားမပွင့်သော ကမ္ဘာ၌ ပစ္စေကဗုဒ္ဓါ၊ စကြဝဠာမြင်းတို့ ဖြစ်မည် မဖြစ်မည်ကို မေးရာ၌ –

> ဒုဝိဓော ကပ္ပေါ သုညကပ္ပေါ အသုညကပ္ပေါ စာတိ၊ တတ္ထ သုညကပ္ပေ ဗုဒ္ဓပစ္စေကဗုဒ္ဓ-စက္ကဝတ္တိနော နာ ဥပ္ပဇ္ဇန္တိ၊ တသ္မာ ဂုဏဝန္တပုဂ္ဂလသုညတ္တာ သုညကပ္ပေါတိ ဝုစ္စတိ။

ဟု ဗုဒ္ဓဝင်အဋ္ဌကထာ၊ ပဒုမုတ္တရ ဗုဒ္ဓဝံသဝဏ္ဏနာတွင်လာသည်။ ကပ်ကမ္ဘာသည်ကား သုညကမ္ဘာ အသုညကမ္ဘာဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် ဘုရားမပွင့်ကုန်၊ ပစ္စေကဗုဒ္ဓါတို့သည်လည်းကောင်း၊ စကြဝဠာမြင်းတို့သည်လည်းကောင်း မဖြစ်ကုန်၊ ဂုဏ်ထူးမြတ်သော ပုဂ္ဂိုလ်မှ ဆိတ်သောကြောင့် သုညကမ္ဘာဟူ၍ ဆိုအပ်၏ ဟူလိုသည်။

ထိုသုညကမ္ဘာသည် ဘုရားမဖြစ်သောကြောင့်လည်း သုညကမ္ဘာမည်၏။ ပစ္စေကဗုဒ္ဓါ မဖြစ်သောကြောင့်လည်း သုညကမ္ဘာမည်၏။ စကြဝတေးမင်း မဖြစ်သောကြောင့်လည်း သုညကမ္ဘာမည်၏။ ဘုရားဖြစ်သောကမ္ဘာသည် အသုညကမ္ဘာမည်၏။ ဘုရားမဖြစ်ရှိစေကာမူ ပစ္စေကဗုဒ္ဓါ၊ စကြဝတေးမင်းပင်ဖြစ်သော်လည်း အသုညကမ္ဘာပင်မည်၏။ သုံးပါးလုံးပင် ဖြစ်သောကမ္ဘာသည်ကား မြတ်သောကမ္ဘာမည်တော့သည်ဟု မှတ်အပ်၏။

ဤသို့ရှင်းလင်းစွာ မှတ်ပြီးမှ ယခုဆိုလတ္တံ့သော စကားတို့ကိုလည်း ဆင်ခြင်စုံစမ်း၍ သင့်တော်ယူအပ်၏။ ဤအရာ၌ အခို့သော ဆရာတို့သည် ဘုရားမဖြစ်သောကမ္ဘာ၌ ပစ္စေကဗုဒ္ဓါလည်း မဖြစ်လေပြီ။ စကြဝတေးမင်းလည်း မဖြစ်လေပြီဟူ၍လည်းကောင်း၊ ဘုရားဖြစ်သောကမ္ဘာတွင်သာ ပစ္စေကဗုဒ္ဓါ စကြဝတေးမင်းတို့ ဖြစ်ကုန်၏ဟူ၍လည်းကောင်း၊ ဘုရားနှင့် ပစ္စေကဗုဒ္ဓါ စကြဝတေးမင်းတို့ကို ဖြစ်ဖော်ဖြစ်ဖက်ပြု၍ ဆိုကြလေကုန်သည်။ ထိုစကားနှင့်လျော်ညီစွာ ဆင်ခြင်သော် ဤဘဒ္ဒကမ္ဘာတွင် ဘုရားလည်းဖြစ်၏။ ပစ္စေကဗုဒ္ဓါ စကြဝတေးမင်းတို့လည်း ဖြစ်ကုန်၏။ ထို့ကြောင့် ဘုရားဖြစ်မှ ပစ္စေကဗုဒ္ဓါ၊ စကြဝတေးမင်းတို့ ဖြစ်ကြရာသည်ဟု ဆိုသော စကားသည် မှန်၏သကဲ့သို့ ရှိလေသည်။ ရှိလေသော်လည်း ဧကန်ဆတ်ဆတ် ဒဋ္ဌိကမ္မ ထိရတရာ မုချတ္ထာ၊ နိယတယူ၍ စွဲမှတ်သင့်သော စကားမဟုတ်ချေသေး၊ အဘယ်ကြောင့်နည်းဟူအံ့။

ဘုရားပွင့်သော ကမ္ဘာတို့သည်ကား ဤဘဒ္ဒကပ်ကမ္ဘာမှ ပြန်၍ရေသော် တသိန်းသောကမ္ဘာအလွန်ရှိသော လေးသင်္ချေထက်၊ **ပဌမသင်္ချေဦး**၊ သာရမဏ္ဍကမ္ဘာ၌ တဏှာင်္ကရာ၊ မေဓင်္ကရာ၊ သရဏာင်္ကရာ-ဒီပင်္ကရာ ဤလေးဆူတို့သည် ပွင့်တော်မူကုန်၏။

ဒုတိယသင်္ချေဦး၊ သာရကပ်၌ ကောဏ္ဍညတဆူ ပွင့်တော်မူ၏။

တတိယသင်္ချေဦး၊ သာရမဏ္ဍကပ်၌ မင်္ဂလ၊ သုမန၊ ရေဝတ၊ သောဘိတ၊ ဘုရားလေးဆူ ပွင့်တော်မူ၏။

စတုတ္ထသင်္ချေဦး၊ ဝရကပ်၌ အနောမဒဿီ၊ ပဒုမ၊ နာရဒ၊ ဘုရားသုံးဆူ ပွင့်တော်မူ၏။

ဤဘဒ္ဒကပ်ကမ္ဘာမှ ပြန်၍ရေသော် ကမ္ဘာတသိန်းထက် သာရကပ်၌ ပဒုမုတ္တရဘုရားတဆူ ပွင့်တော်မူ၏။

ဤဘဒ္ဒကပ်ကမ္ဘာမှ ပြန်၍ ရေသော် ကမ္ဘာသုံးသောင်းထက် မဏ္ဍကပ်၌ သုမေဓာ၊ သုဇာတာ၊ ဘုရားနှစ်ဆူ ပွင့်တော်မူ၏။

ဘဒ္ဒကပ်ကမ္ဘာမှ ပြန်၍ရေသော် တရာ့တဆယ့်ရှစ် ကမ္ဘာထက် ဝရကပ်၌ ပိယဒဿီ၊ အတ္ထဒဿီ၊ ဓမ္မဒဿီ ဘုရားသုံးဆူ ပွင့်တော်မူ၏။

ဘဒ္ဒကပ်ကမ္ဘာမှ ပြန်၍ရေသော် ကိုးဆယ့်လေးကမ္ဘာထက် သာရကပ်၌ သိဒ္ဓတ္ထ ဘုရားတဆူ ပွင့်တော်မူ၏။

ကိုးဆယ့်နှစ်ကမ္ဘာထက် မဏ္ဍကပ်၌ တိဿ၊ ဖုဿ ဘုရားနှစ်ဆူ ပွင့်တော်မူ၏။

ကိုးဆယ့်တကမ္ဘာထက် သာရကပ်၌ ဝိပဿီ ဘုရားတဆူ ပွင့်တော်မူ၏။

သုံးဆယ့်တကမ္ဘာထက် မဏ္ဍကပ်၌ သိခီ၊ ဝေဿဘူ၊ ဘုရားနှစ်ဆူ ပွင့်တော်မူ၏။

ထို့နောင်ကား ဘုရားပွင့်သည် မရှိပြီ။ ယခုဘဒ္ဒကပ်သို့ရောက်မှသာ ကကုသန် ကောဏာဂုံ၊ ကဿပ၊ ဂေါတမ ဘုရားရှင်တို့ ပွင့်တော်မူတော့သည်။

ဤဘဒ္ဒကမ္ဘာကို လွှတ်၍ သုံးဆယ့်တကမ္ဘာ၊ ကိုးဆယ့်တကမ္ဘာ၊ ကိုးဆယ့်နှစ်ကမ္ဘာ၊ ကိုးဆယ့်လေးကမ္ဘာ၊ တရာ့တဆယ်ရှစ်ကမ္ဘာ၊ သုံးသောင်းပြည့်ကမ္ဘာ၊ တသိန်းပြည်ကမ္ဘာ၊ စတုတ္ထသင်္ချေကမ္ဘာ။ တတိယသင်္ချေကမ္ဘာ၊ ဒုတိယသင်္ချေကမ္ဘာ၊ ပဌမသင်္ချေကမ္ဘာ၊ ဤတဆယ့်တကမ္ဘာကိုသာ ဘုရားပွင့်သော ကမ္ဘာဟု ဗုဒ္ဓဝင်ပါဠို၊ အဋ္ဌကထာ၊ အဘိဓါန်ပါဠို၊ အဋ္ဌကထာ၊ အဋ္ဌသာလိနီ၊ ဇာတတ္ထကိနိဒါန်း၊ ဇိနာလင်္ကာရဋီကာကြီး၊ နလာဋမာတုဝင်၊ ဗောဓိဝင် စသော ကျမ်းတို့၌ လာသည်။ ဤမှကြွင်းသော ကမ္ဘာတို့၌ဘုရားပွင့်၏ဟု မလာမဆို။ မလာမဆိုသော်လည်း ထိုကမ္ဘာတို့၌ပင် ပစ္စေကဗုဒ္ဓါ ပွင့်ကြောင်းကို အဘိဓါန်ပါတော် (အပ။ ၁။၄၉) ၌ —

ဣတော ဒုတိယကေ ကပ္ပေ၊ အဋ္ဌသော နာမ ခတ္တိယော၊
အနန္တတေဇော အမိတယသော၊ ဘူမိပါလော မဟာဒ္ဓနော။

တဿ ရညော အဟံ ပုတ္တော၊ စန္ဒနော နာမ ခတ္တိယော။
ဇာတိမဒေန ပတ္တဒ္ဓေါ၊ ယသဘောဂမဒေန စ။

နာဂသတသဟဿာနိ၊ သဗ္ဗာလင်္ကာရဘူသိတာ။
တိမာ ပဘိန္နာ မာတင်္ဂါ၊ ပရိဝါရေန္တိ မံ သဒါ။

သဗလေဟိ ပရေတောဟံ၊ ဥယျာနံ ဂန္တ္ဝါကာမကော။
အာရုယ္ဟ သိရိကံ နာဂံ၊ နဂရာ နိက္ခမိံ တဒါ။

စရဏေန စ သမ္ပန္နော၊ ဂုတ္တဒ္ဓါရော သုသံဝုတော။
ဒေဝလော နာမ သမ္ဗုဒ္ဓေါ၊ အာဂစ္ဆ ပုရတော မမ။

ပေတ္တော သိရိကံ နာဂံ၊ ဗုဒ္ဓံ အာသာဒယိ တဒါ။
တတော သဉ္ဇာတကော ပေါသော နာဂေါ နုဒ္ဓရတေ ပဒံ။
နာဂံ ဒုဋ္ဌမနံ ဒိသွာ၊ ဗုဒ္ဓေ ကောဓံ အကာသဟံ။
ဝိဟေသယိတွာ သမ္ဗုဒ္ဓံ၊ ဥယျာနံ အဂမာသဟံ။

ဟူသော အဘိဓါန်ပါဠိတော် ပဌမဝဂ်။ ဥပါလိတ္ထေရသုတ်

တတ္ထ ဣတော ဘဒ္ဒကပ္ပတော ဟေဋ္ဌာ ဒုတိယေ ကပ္ပေ နာမေန အဋ္ဌသော နာမ ခတ္တိယော အဋ္ဌသော နာမ ဧကော ရာဇာ အဟောသိ။
စသော အဘိဓါန်အဋ္ဌကထာပါဠို။

ထိုပါဠို၏ **အဓိပ္ပာယ်ကား**။ ။ဤဘဒ္ဒကပ်ကမ္ဘာမှ အောက်ဖြစ်သော နှစ်ခုမြောက်သော ကမ္ဘာထက် အဋ္ဌသင်း၏သား စန္ဒနမည်သော မင်းသားသည် တသိန်းသော အမှုန်ယစ်သော ဆင်ပြောင်တို့ဖြင့် ခြံရံလျက် သိရိကာမည်သော ဆင်ပြောင်ကို စီး၍ ဥယျာဉ်သို့သွားရာ ခရီး၌ ဒေဝိလမည်သော ရှင်ပစ္စေကဗုဒ္ဓါကို ပြစ်မှားမိ၏ ဟူလိုသည်။

ဤသာဓကကို ထောက်သည်ရှိသော် ဤကမ္ဘာမှ ပြန်၍ရောက နှစ်ကမ္ဘာထက်၌ ဘုရားပွင့်တော်မမူ။ သုံးဆယ့်တကမ္ဘာထက် သိခီ၊ ဝေဿဘူ။ နှစ်ဆူပွင့်သည့်နောက် ဘုရားပွင့်သည် မရှိပြီ။ သို့ကိုလျက် နှစ်ကမ္ဘာထက် ပစ္စေကဗုဒ္ဓါ ဖြစ်ကြောင်းကို ကျမ်းဂန် လာတော့သည်။

အပဒါန် အဋ္ဌကထာ၊ ဘဒ္ဒဇိထေရသုတ်အဖွင့်တွင်လည်း-

"ဗုဒ္ဓသုညလောကေ ပဥ္စပစ္စေကဗုဒ္ဓသတာနိ စတူဟိပစ္စေယေဟိ ဥပဋ္ဌဟိတ္တာ"ဟု ဗုဒ္ဓသုညကမ္ဘာ၌ ပစ္စေကဗုဒ္ဓါ ငါးရာဖြစ်ဖူး ကြောင်းကို လာသည်၊ ဤသို့ လာသောကြောင့် ဘုရားမဖြစ်သော ကမ္ဘာ၌ ပစ္စေကဗုဒ္ဓါ ဖြစ်သည်ကို သိသာသည်။

ဘုရားဖြစ်သော ကမ္ဘာ၌စကြာမင်း ဖြစ်ကြောင်း မှာလည်း-

အနန္တရံ ဣတော ကပ္ပေ၊ ရာဇဟုံ ဝရဒဿနော။
သတ္တရတနသမ္ပန္နော၊ စက္ကဝတ္တီ မဟာဗလော။

ဟုလာသော အပဒါန်ပါဠိတော် ကုသုမာသနိယထေရ သုတ်တွင် ဤကမ္ဘာမှ အခြားမဲ့ဖြစ်သော ကမ္ဘာ၌ ကုသုမာသနိယထေရ်သည် ဝရဒဿီ စကြာမင်းဖြစ်ခဲ့ဖူး ကြောင်း။

ဣတော ဒုတိယကေ ကပ္ပေ၊ မိဂသမ္မတဆတ္တိယော။
သတ္တရတနသမ္ပန္နော၊ စက္ကဝတ္တီ မဟာဗလော။

ဟုလာသော တိဏာသန္ထရထေရ သုတ်တွင် ဤကမ္ဘာမှ နှစ်ခုမြောက် ကမ္ဘာ၌ တိဏာသန္ထရက ထေရ်သည် မိဂသမ္မတစကြာမင်း ဖြစ်ခဲ့ဖူးကြောင်း။

ဣတော တတိယကေ ကပ္ပေ၊ ဘိဿမ္မတာဒတ္တိယော။
သတ္တရတနသမ္ပန္နော၊ စက္ကဝတ္တီ မဟာဗလော။

ဟုလာသော ဘိသာလုဝဒါကယသုတ်၌ ဤကမ္ဘာမှ သုံးခုမြောက်ဖြစ်သော ကမ္ဘာထက်၌ ဘိသာလုဝထေရ်သည် ဘိသသမ္မတစကြာမင်း ဖြစ်ခဲ့ဖူး ကြောင်း။

သုပါရိစရိယာ နာမ၊ စတုတ္ထိသ ဇနာဓိပါ။
ဣတော တတိယကပ္ပမ်ိ၊ စက္ကဝတ္တီ မဟာဗလော။

ဟုလာသော ဇာတိပုဇကသုတ်တွင် ဤကမ္ဘာမှ သုံးခုမြောက်သော ကမ္ဘာ၌ ဇာတိပုဇက ထေရ်သည် သုပါရိစရိယ စကြာမင်း ဖြစ်ခဲ့ဖူး ကြောင်း၊ ဤမှတပါးလည်း များစွာပင်ဆိုသည်။

ဣတော တတိယကေ ကပ္ပေ၊ ရာဇာ သုသညတော အဟု၊
သတ္တရတနသမ္ပန္နော၊ စက္ကဝတ္တီ မဟာဗလော။

ဟုလာသော တမ္ဗပုပ္ဖိယသုတ်၌ ဤကမ္ဘာမှ သုံးခုမြောက်သော ကမ္ဘာ၌ တမ္ဗပုပ္ဖိယ ထေရ်သည် သုသညတ စကြာမင်း ဖြစ်ခဲ့ဖူးကြောင်း။

ဣတော စတုတ္ထကေ ကပ္ပေ၊ ဒုမသာရောသိ ဓတ္တိယော၊
စာတုရန္တော ဝိဇိတာဝီ၊ စက္ကဝတ္တီ မဟာဗလော။

ဟုလာသောသုတ်၌ ဤကမ္ဘာမှ လေးကမ္ဘာထက် သညကထေရ်သည် ဒုမသာရစကြာမင်း ဖြစ်ခဲ့ဖူး ကြောင်း။

ဂင်းနည်းတူ သမ္မဇ္ဇနိက ထေရ်၊ ဝိထိသမ္မဇ္ဇန စကြာမင်းဖြစ်ခဲ့ဖူးကြောင်း၊ ဂင်းနည်းတူ ဒွိရတနထေရ် မဟာရေဟိတ စကြာမင်းဖြစ်ခဲ့ဖူးကြောင်း။

ငါးကမ္ဘာထက် သေနာသနထေရ်၊ ဌိတာသနစကြာမင်း၊ ဝန္ဒနဥ္ဇလိကထေရ်၊ မဟာသိခ စကြာမင်း၊ အဇိနဒါယကထေရ်၊ သတ္တရတနစကြာမင်း ဖြစ်ခဲ့ဖူးကြောင်း။

ခြောက်ကမ္ဘာထက် ပါဋလိပုပ္ပိယထေရ်၊ အဘိသမ္ဗတစကြာမင်း၊ ဝေယျာဝစ္စကထေရ်၊ သုစိန္တိတစကြာမင်း၊ အာရက္ခထေရ်၊ သေနစကြာမင်း။

ခုနှစ်ကမ္ဘာထက်၊ ပဒသညကထေရ် သုခစကြာမင်း၊ ဗန္ဓုဇီဝကထေရ်၊ သမန္တစက္ခုစကြာမင်း၊ သံယုဒ္ဓသိကထေရ်၊ သတ္တဝါသစကြာမင်း၊ အဗျာဓိကထေရ်၊ အပရာဇိတစကြာမင်း။

ရှစ်ကမ္ဘာထက် ကတသညကထေရ်၊ အဂ္ဂိသိခ စကြာမင်း၊ တိကိစ္ဆထေရ်၊ သဗ္ဗောသဓ စကြာမင်း။

ကိုးကမ္ဘာထက် သာလဒါယကထေရ်၊ သီဟစကြာမင်း၊ ဥမ္မာရပုပ္ပထေရ်၊ သောမဒေဝ စကြာမင်း၊ ကက္ကာရုထေရ်၊ သတ္တုတ္တမစကြာမင်း။

ဆယ်ကမ္ဘာထက် မန္ဒာရဝထေရ်၊ ဇုတိန္ဓရစကြာမင်း၊

တစ်ဆယ့်တကမ္ဘာထက် ပါပနိဝါရထေရ်၊ အဂ္ဂိဒေဝစကြာမင်း၊ သုပနဝဇ္ဇိယထေရ်၊ သဟဿရ စကြာမင်း။

တစ်ဆယ့်နှစ်ကမ္ဘာထက် မဏိပူဇကထေရ်၊ သတရံသီစကြာမင်း။

တစ်ဆယ့်သုံးကမ္ဘာထက်၊ ခုဇ္ဇကထေရ်၊ ဂ္ဂန္ဓသမ္ဗတစကြာမင်း။ သန္ဓိကထေရ်၊ ဝနိဋ္ဌစကြာမင်း၊

တစ်ဆယ့်လေးကမ္ဘာထက် ဗုဒ္ဓသညထေရ်၊ သမ္ဗတစကြာမင်း၊ သာလပုပ္ပိယထေရ်၊ အမိတဥ္ဇလ စကြာမင်း၊ ဧကဥ္ဇလိကထေရ်၊ ဧကဥ္ဇလိကစကြာမင်း၊

တစ်ဆယ့်ငါးကမ္ဘာထက် နာဂသမာလထေရ်၊ ထူပိယစကြာမင်း၊ ကုမုဒမာလိယထေရ် ရတနမာလစကြာမင်း၊ ဥဒသနထေရ်၊ အတိထာမစကြာမင်း။

တစ်ဆယ့်ခြောက်ကမ္ဘာထက် တိလမုဋ္ဌိဒါယကထေရ်၊ တန္ဒသစကြာမင်း။

တစ်ဆယ့်ခုနစ်ကမ္ဘာထက် ကုဋ္ဌဇပုပ္ပိယထေရ်၊ သုပုပ္ပိကစကြာမင်း။

တစ်ဆယ့်ရှစ်ကမ္ဘာထက် ပဒုမပုပ္ပိယထေရ်၊ ပဒုမဘာသစကြာမင်း။

ကမ္ဘာနှစ်ဆယ်ထက်၊ အမောပုပ္ပိယထေရ်၊ သုမေဓစကြာမင်း။

ကမ္ဘာသုံးဆယ်ထက်၊ ပုဖ္ဖစကော်ဋ္ဌက ထေရ်၊ သုမေဓစကြာမင်း။

ကမ္ဘာလေးဆယ်ထက် ပဒုမပုပ္ပိယထေရ်၊ ပဒုမဘာသစကြာမင်း။

ကမ္ဘာငါးဆယ်ထက် ရုစိရပုပ္ပိယထေရ်၊ သုမိတ္တနန္ဒနစကြာမင်း။

ကမ္ဘာခုနစ်ဆယ်ထက်၊ ဉာဏသညကထေရ်၊ ပုဋ္ဌနပုပ္ပိယစကြာမင်း။

ကမ္ဘာရှစ်ဆယ်ထက် သစိတ္တနိယထေရ်၊ အနန္တယသစကြာမင်း။

ကမ္ဘာ ကိုးဆယ်ထက် သုမုခထဝိကထေရ် သုမုခထိကစကြာမင်း။
ကမ္ဘာတရာထက် ဖလဒါယကထေရ်၊ သုမင်္ဂလစကြာမင်း။
ကမ္ဘာ သုံးရာထက် အတ္ထသန္ဓကထေရ်၊ ဗဟုမိတ္တစကြာမင်း။
ကမ္ဘာ ငါးရာထက်၊ မဂ္ဂသညကထေရ်၊ သစက္ခုက စကြာမင်း။
ကမ္ဘာခုနစ်ရာထက် ပစ္စုပဋ္ဌာနထေရ်၊ ဘူမိပညာစကြာမင်း ဖြစ်ခဲ့ဖူး ကြောင်း တို့ကိုဆိုသည်။

ဤသို့လျှင်အပဒါန်ပါဠိ၊ အဋ္ဌကထာ၊ ထေရဂါထာတို့၌ လာသည်ဖြစ်၍ ဘုရားမဖြစ်သော ကမ္ဘာ၌ စကြာမင်း ဖြစ်၏ဟု သိသာသည်။ ဤသို့ သိသာစွာ လာသောကြောင့် ဘုရားမဖြစ်သော ကမ္ဘာ၌ ပစ္စေကဗုဒ္ဓါ စကြာမင်းတို့ဖြစ်၏ဟု မှတ်အပ်၏။

ယင်းသို့သော် "သုညကပ္ပေ ဗုဒ္ဓ ပစ္စေကဗုဒ္ဓ စက္ကဝတ္တိနော နာ ဥပ္ပဇ္ဇန္တိ" ဟု သုညကပ်၌ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ စကြာမင်း မဖြစ်ကြောင်းကို အဘယ့်ကြောင့် ဆိုသနည်းဟူအံ့၊ ထိုပါဠိ၌ သုညကပ်၌မဖြစ်ကြောင်းကိုသာ ဆိုသည်၊ ဘုရားမဖြစ်လျှင် ပစ္စေကဗုဒ္ဓါ စကြာမင်းတို့ မဖြစ်ကြောင်းကို ဆိုသည်မဟုတ်၊ ထိုပါဠိ၌ အသင့်အားဖြင့်ယူရန်ကား ကပ်၏အပြားကို သုညကမ္ဘာ၊ အသုညကမ္ဘာဟု နှစ်ပါး ခွဲဝေသင့်သည်၊ ထိုနှစ်ပါးတို့တွင် အသုညကမ္ဘာဟူသည်ကား ဘုရားပွင့်၏၊ ဘုရားမဖြစ်ရှိစေကာ ပစ္စေကဗုဒ္ဓါဖြစ်သေး၏။ ဘုရား၊ ပစ္စေကဗုဒ္ဓါ မဖြစ်စေကာ စကြာမင်း ဖြစ်သေး၏။ ဤသုံးပါးတွင် တပါးပါးပင် ဖြစ်သော်လည်း အသုညကမ္ဘာသာလျှင် မည်သတည်း။

သုညကမ္ဘာဟူသည်ကား ဘုရားလည်းမဖြစ်၊ ပစ္စေကဗုဒ္ဓါ စကြာမင်းတို့လည်း မဖြစ်ကုန်၊ ဤသုံးပါးတွင် တပါးပါး မဖြစ်ချေလျှင် သုညကမ္ဘာမည်သတည်း၊ ထို့ကြောင့် "သုညကပ္ပေ ဗုဒ္ဓပစ္စေကဗုဒ္ဓစက္ကဝတ္တိနော နာ ဥပ္ပဇ္ဇန္တိ" ဟု ဆိုပေသည်၊ ဤသို့ဆိုရာတွင် ပစ္စေကဗုဒ္ဓါ စကြာမင်းတို့သာ ဖြစ်သော အသုညကမ္ဘာကိုကား တဆူဖြစ်သော် မည်သည်ကပ်၊ နှစ်ဆူဖြစ်သော် မည်သည်ကပ် စသည်ဖြင့် မခွဲလေ၊ အဘယ့်ကြောင့်နည်းဟူအံ့၊ ငါတို့ဘဒ္ဒကပ်၌ ပဒုမဝတီမိဖုရားသားတော်ငါးရာတို့ တပြိုင်နက် ပစ္စေကဗုဒ္ဓါဖြစ်တော့သည်၊ ဆဒ္ဒန္တဇာတ်၌ ငါးရာတပြိုင်နက် ဖြစ်တော့သည်၊ ပစ္စေကဗုဒ္ဓါဖြစ်ခြင်းကို ရည်၍ ဤဘဒ္ဒကပ်ကို အမည်အထူးမဆိုပြီ။

သုတ်ပါထေယျ စက္ကဝတ္တိသုတ်၌ ဤကမ္ဘာဦးက ဒဠ္ဆနေမိမင်းမှစ၍ ခုနစ်ဆက်တိုင်တိုင် စကြာမင်းသာ ဖြစ်တော့သည်၊ ထိုမှတပါးလည်း မန္ဓာတုဇာတ်၌ စကြာမင်း၊ မဟာသုဒဿနဇာတ်၌ စကြာမင်း၊ ဇာဟိရဇာတ်၌ စကြာမင်း၊ ကလိင်္ဂဇာတ်၌ စကြာမင်း၊ ဒုကနိပါတ် မောရဇာတ်၌ စကြာမင်း၊ အင်္ဂုတ္တိရနိကာယ်၊ ပိလိန္ဒဝစ္ဆထေရ်အလောင်း စကြာမင်း-စက္ကဝတ္တိသုတ်၌ နောက်ကာလ ကေတုမတီပြည်၌ သခ်ဓစကြာမင်း၊ ဤသို့ စသည်တို့ဖြင့် ဤကမ္ဘာ၌ စကြာမင်း အများရှိကြောင်းကို လာတော့သည်၊ ထိုစကြာမင်းကိုစွဲ၍ ဤဘဒ္ဒကပ်ကမ္ဘာကို အမည်အထူး မဆိုပြီဖြစ်၍ အသုညကမ္ဘာမှန်သော်လည်း ပစ္စေကဗုဒ္ဓါ စကြာမင်းတို့ကြောင့် အမည်အထူးမရှိပြီ၊ ထို့ကြောင့် ဘုရားမဖြစ်သော ပစ္စေကဗုဒ္ဓါ စကြာမင်းတို့သာ ဖြစ်သော အသုညကမ္ဘာမှာ အမည်အထူး မရှိလေပြီ။ ဘုရားပွင့်သော ကပ်မှာသာ ဘုရားကို စွဲ၍ အမည်နာမ အထူးရှိတော့သည် ထို့ကြောင့်-

အသုညာကပ္ပေါ် ပဥ္စဝိဓော သာရကပ္ပေါ် မဏ္ဍူကပ္ပေါ် ဝရကပ္ပေါ် သာရ-မဏ္ဍူကပ္ပေါ် ဘဒ္ဒကပ္ပေါ်တိ၊ ဟူ၍လည်းကောင်း။

ဧကော ပုဒ္ဂါ သာရကပ္ပေ၊ မဏ္ဍကပ္ပေ ဇိနာ ဒုဝေ။
တယောပုဒ္ဂါ ဝရကပ္ပေ၊ သာရမဏ္ဍော စတုရော ပုဒ္ဂါ။
ပဉ္စပုဒ္ဂါ ဘဒ္ဒကပ္ပေ၊ တတော နတ္ထာဓိကာ ဇိနာ။

ဟု ဘုရားတဆူပွင့်လျှင် သာရကပ်၊ နှစ်ဆူပွင့်လျှင် မဏ္ဍကပ်၊ သုံးဆူပွင့်လျှင် ဝရကပ်၊ လေးဆူပွင့်လျှင် သာရမဏ္ဍကပ်၊ ငါးဆူပွင့်လျှင် ဘဒ္ဒကပ်ဟု ဘုရားကိုစွဲ၍သာ အသုညကမ္ဘာတွင် အမည်ငါးရပ်ရှိသည်။ ပစ္စေကပုဒ္ဂါ စကြာမင်းတို့ဖြစ်သည့် အသုညကမ္ဘာမှာ အမည်အထူး မရှိလေပြီဟု မှတ်သင့်သည်။

၁၄၁-ပဏ္ဍာ ။ ။သုဝဏ္ဏသာမ မြား မှန်ခနဲ ပျို့ ၌ "သဘောကောင်းပင်၊ သီလ စင်သည်။ ။အကြင်ဌက် စာမရီတည်း။" ဟု စာမရီကို ဌက်ဟူ၍ စပ်ဆိုပါသည်။

ပါရမီတွင် "စာမရီဟု၊ နောက်ချိုပွပွ၊ မြီးဆံလှနှင့်၊ တောဖျာ့ထွတ်ခေါင်း၊ သရေဆောင်သည်၊ ရွှေရောင်ဖြိုးဖြိုး၊ သားအမျိုးကား၊ ကျင့်ရိုးအစဉ်၊ ချင်းတို့ညင်ဖြင့်" ဟု သားမျိုးဟူ၍ စပ်ဆိုပါသည်။

ထိုစာမရီသည် သားမျိုး ဖြစ်မည်၊ ဌက်မျိုး ဖြစ်မည်ကို သိလိုပါသည်၊ စာမရီမျိုး သည် မည်သို့ဖြစ်မည်ကိုလည်း သိလိုပါသည်။

၁၄၁-ဝိသဇ္ဇနာ။ ။စာမရီသည် သားမျိုး ဖြစ်မည်၊ ဌက်မျိုး ဖြစ်မည်ကို မေးရာ၌-

ပုဒ္ဓဝင် အဋ္ဌကထာ၌"စာမရီမိဂေါ နာမ ဇီဝိတမိ အနောလောကေတွာ အတ္တာနော ဝါလမေဝ ရက္ခတိ" ဟူသောပါဠိ၊ "စာမရီတိ စာမရိမိဂေါ"ဟူသောပါဠိတို့ဖြင့် စာမရီဟူသည် သားမျိုး ဖြစ်ကြောင်းကို သိစေလို၍ မိဂသဒ္ဒါ အထူးဖြင့်ဆိုသည်။

ဝေဿန္တရာဇာတ်၌လည်း " စာမရီ စလနီ လယိီတိ စာမရိမိဂါစ စလနိမိဂါစ လယိီမိဂါစ"

စာမရီ စလနီလယိီတိ၊ စာမရီ စလနီလယိီဟူသည်ကား၊ စာမရိမိဂါစ။ စာမရီမည်သောသား တို့သည်လည်းကောင်း။ စလနိဂါစ၊ စလနီမည်သော သားတို့သည်လည်းကောင်း။ လယိီမိဂါစ။ သမင်ပျံဖြစ်သော သားတို့သည်လည်းကောင်း၊ ဗဟု၊ များကုန်၏။

ဤသို့ မိဂသဒ္ဒါဖြင့်ဖွင့်၍ အဋ္ဌကထာ၌ဆိုသည်၊ အဘိဓာန်အနေကတ္ထဝဂ်တွင်လည်း "မိဂေါ ပသု ကုရုဂေ်သု" "မိဂေါ၊ မိဂသဒ္ဒါသည်။ ပသု ကုရုဂေ်သု၊ သားဟူသောအနက်၊ ဆတ်ဟူသော အနက်တို့၌။ ဝတ္တတိ၊ ဖြစ်၏။" ဟု ဆိုလေသည်။

အရညာဒိဝဂ်၌လည်း "မိဂေါ တု ပသဝေါ သီဟာဒယော သဗ္ဗစတုပ္ပဒါ" မိဂေါ၊ သား။ တု၊ ထိုမှတပါး။ ပသဝေါ၊ သား။ သီဟာဒယော၊ ခြသေ့စသည်တို့ကား။ သဗ္ဗစတုပ္ပဒါ၊ အလုံး စုံသော အခြေလေးခုရှိသော သတ္တဝါတို့တည်း"ဟု ဆိုသည်ဖြစ်၍ စာမရီကို အခြေလေးခု ရှိသောသားဟူ၍ မှတ်သင့်သည်။

စာမရှိမြီး စည်းသဏ္ဌာန်ကိုမေးရာ၌။ "သီဟပုစ္ဆိ ပဥ္စိ ပဏ္ဏီ" သီဟပုစ္ဆိ၊ ပြိဿ ဗန်းနီပင်။ ပဥ္စိပဏ္ဏီ၊ ပြိဿဗန်းနီ ပင်။ တနည်းကား-သီဟပုစ္ဆိ၊ ဗန်းနီကြီးပင်။ ပဥ္စိပဏ္ဏီ၊ ဗန်းနီကြီးပင်။ ဟုဆိုသည်၌—

"သီဟပုစ္ဆာကာရ ကုသုမမဋ္ဌရိတာယ သီဟပုစ္ဆိ " ထိုဗန်းနီကြီးပင် ပွင့်သောကာလ ခြင်္သေ့ မြီးစည်းနှင့်တူသော ပန်းဝတ်မှုန်တံ ဝတ်ဆံမျှင်ရှိသောကြောင့် သီဟပုစ္ဆိတွင်သည်ဟု အဘိဓာန် ဋီကာ ဆိုသည်ကို ထောက်၍ ဗန်းနီပွင့်ကို မြင်သဖြင့် ခြင်္သေ့ မြီးစည်းကို အနုမာန သိရသကဲ့သို့။

"စမရော ပသဒေါ စေဝ၊ ကုရုဂေါ်. မိဂမာတုကာ။" "စမရော၊ အောင်း ။ ပသဒေါ၊ ချေ။ ကုရုဂေါ်၊ ကုရုဂ်သမင်။ မိဂမာတုကာ၊ ပြောင်။"

ဤသို့လာရာ၌ အဘိဓာန်ဋီကာတွင်—

စမရော ဥတ္တရာယထေ ချာတော့။ ယသ ပုစ္ဆံ စမရံ၊ စမု အဒနေ၊ အရော၊ စမရော ထိယံ စမရီ။

ဟုဆိုသည်နှင့်အညီ အောင်းကို စမရ ဆိုသည်ကား စာမရှိနှင့် တူသော အမြီးရှိသောကြောင့် "စမရ" တွင်သည်ဟု ဆိုသည်ကို ထောက်သဖြင့် လည်းကောင်း၊ ရှေးမင်းတို့လက်ထက် စာမရှိမြီးကို မရလျှင် အောင်းမြီးကိုပင် မင်းခမ်းတန်ဆာ သားမြီးယပ်ပြု၍ ဆောင်ရသည်ကို ထောက်၍လည်းကောင်း၊ အောင်းမြီးကို မြတ်ရသဖြင့် စာမရှိမြီးကို သိသင့်သည်။

၁၄၂-ပဏ္ဏာ။ ။ကလာပ်ကျမ်းတွင်၊ ဝရဇိန်တင် အက္ခရာ၊ ဆင်ဦးကင်းတင် အက္ခရာတို့အနက် ဘယ်သို့ရှိမည်။ ဘယ်သို့ခေါ်ဝေါ် ဖတ်ရွတ်ရမည်ကိုလည်း သိလိုပါသည် ဆရာတော်ဘုရား။

၁၄၂-ဝိသဇ္ဇနာ။ ။ကလာပ်ကျမ်းတွင် ဝရဇိန်တင်အက္ခရာ၊ ဆင်ဦးကင်းတင် အက္ခရာတို့သည် အနက်ဘယ်သို့ရှိမည်၊ ဘယ်သို့ခေါ်ဝေါ် ဖတ်ရွတ်ရမည်ကို သိလိုပါသည် ဟူရာ၌ ဝရဇိန်တင် အက္ခရာကို ပြလို၍-

ကက္ကတိ ဇိဝှါ မူလိယး။ ကကာရော ကက္ကောစ္စာရဏာတ္တီး။

"ကက္ကတိဩ ဇကွတိဗဏ္ဏိဇိဝှါမူလိယပဠော ဘွဝတိ၊ ဟူသော သုတ်ဝုတ္တိကို တည်၏။

အဓိပ္ပာယ်ကား။ ။ သည် ဇိဝှါ မူလိယမည်၏။ ဝရဇိန်လက်နက်ကဲ့သို့ ရေးအပ်၏။ မိုးကြိုးသွားကဲ့သို့ ရေးအပ်၏ဟု ဆိုလိုသည်။ ဆရာတို့ကား ပုဆိန်သွားသဏ္ဌာန်ရေး၍ တင်အပ်၏ဟု ဆိုသည်။

ဗျဥ္ဇနမသွရံ ပရံ ဝဏ္ဏိနယေတ် သုတ်သို့ရောက်သောကာလ၊ ကခိနတိ ဟူသော ဥဒါဟရဏ်းကို ဆောင်၏။ ကး- ခနတိ၊ ဟုပုဒ်ဖြတ်၍၊ ကး၊ အဘယ်မည်သောသူသည်။ ခနတိ၊ စူးသနည်း။

ကခိနတိကို ကး- ခနတိဟုတည်၍၊ ကခယောဇိဝှါ မူလိယံနဝါ၊ သုတ်ဖြင့် က-နောင်ရှိသော ဝိသဇ္ဇနီ နှစ်လုံးကို ဇိဝှါ့ မူလိယပြု၊ ဗျဥ္ဇနမသွရံသုတ်ဖြင့် ဇိဝှါမူလိယကို ခ-သို့ကပ်၊ ကခိနတိပြီး၏။

ဇိဝှါ့ မူလိယပြုဟူသည်ကား က-တွင်ရှိသော ဝိသဇ္ဇနီနှစ်လုံးကို ဝရဇိန်ယောင်၊ မိုးကြိုး သွားယောင် ရေး၍၊ ခ-အက္ခရာထက် တင်ထားရမည် ဆိုလိုသည်။

ဖတ်သောအခါ အချို့သောဆရာလည်း ကခနတိသာ ဖတ်သည်၊ အချို့သောဆရာလည်း ကက္ကခနတိ-ဟု ဖတ်သည်။ အချို့သောဆရာလည်း ကခိနတိဟု ဖတ်သည်။ ဤသုံးချက်တွင် ပထမဖတ်နည်းကား ဝရဇိန်တင်ပျောက်သည်၊ နောက်နှစ်နည်းကား ဝရဇိန်တင်မပျောက် ဒုတိယတတိယနည်း နှစ်ရပ်မှာပင် ဝရဇိန်တင်အက္ခရာသည် ကွသရကဲ့သို့ အသံရှိသည်။

ဆင်ဦးကင်းတင် အက္ခရာကို ပြလိုရှိလည်း-

ကွက္ကတျုပပ္မိနိယး။ ပကာရော က္ကဟောစ္စာရဏာတ္ထး။ တက္ကတိ ဂဇကုမ္ဘံ ကတိဗက ဥပပ္မိနိယ ပဠော ဘွဝတိ။ ဟူသော ဝုတ္တိကို တည်၏။

အဓိပ္ပာယ်ကား။ ။ကသည် ဥပပ္မိနိယမည်၏။ ဆင်ဦးကင်းကဲ့သို့ ရေးအပ်၏။ ကကို တင်ထားဘိသကဲ့သို့ ရေးအပ်၏ ဟူလိုသည်။

ဗျဥ္ဇနမသွရံပရံ ဝဏ္ဏိနယေတ်၊ သုတ်သို့ရောက်သောကာလ ကက္ခလတိ ဟူသော ဥဒါဟရဏ်ကိုဆောင်၏။ ကး- ဖလတိ ဟုပုဒ်ဖြတ်၍ ကး၊ အဘယ်မည်သောဆစ်ပင်သည်။ ဖလတိ၊ အသီးသီးသနည်း။ ကက္ခလတိကို ကး- လတိ တည်၍။ ပဖယော ဥပပ္မိနိယံနဝါ သုတ်ဖြင့် ဝိသဇ္ဇနီကို ဥပပ္မိနိယပြု၍ ဗျဥ္ဇနမသွရံသုတ်ဖြင့် ဥပပ္မိနိယကို ဖ-သို့ကပ်၊ ကက္ခလတိ၊ ပြီး၏။

ဝိသဇ္ဇနီကို ဥပပ္မိနိယပြု၍ ဆိုသည်ကား ဆင်ဦးကင်းယောင်ရေး၍ ဖ-ထက်ထားသည်ကိုဆိုသတည်း။ ဆင်ဦးကင်းယောင်ဟူသည်ကား ကဏ္ဌဇဝဋမအက္ခရာ ကကြီးကဲ့သို့ ရေး၍တင် ဟူလိုသည်။ ဖတ်သောအခါ အချို့သောဆရာလည်း ကဖလတိပင် ဖတ်၏။ အချို့သော ဆရာလည်း ကက္ကဖလတိပင် ဖတ်၏။ အချို့သော ဆရာလည်း ကဖိလတိပင် ဖတ်၏။ ပဌမဖတ်နည်းကား ဆင်ဦးကင်းတင် အက္ခရာပျောက်၏။ ဒုတိယဖတ်နည်းကား ဆင်ဦးကင်းတင် အက္ခရာသည် ကွသရကဲ့သို့အသံရှိ၏။ ဇိဝှါမူလိယနှင့် ဥပပ္မိနိယသည် ဝိသဇ္ဇနီ၏ ကာရိယဟု သိအပ်၏။ အနုသ္ဓရာဝိနိစ္ဆယဋ္ဌကား နွှဿန္တော။ နွှဿသော်ါသုတ်တို့၌ နွှဠ်လည်းကောင်း နွှဋ်လည်းကောင်း နသံယုတ်ကို မငဲ့မူ၍ ဖတ်ရသကဲ့သို့ ဝရဇိန်တင် ဆင်ဦးကင်းတင်သည်ဟု ငဲ့၍ မဖတ်ရပြီ။ ဖတ်သောသူကား အဖတ်ပျက်၏ဟု ဆို၏။

ငါတို့ဆရာကား ဝရဇိန်တင်ခြင်း၊ ဆင်ဦးကင်းတင်ခြင်း အထူးကိုသိရအောင် ဖတ်မှသင့်မည်ဟု ဆို၏။ ငါတို့လည်း ဝရဇိန်တင်ခြင်း၊ ဆင်ဦးကင်းတင်ခြင်းကို ငဲ့၍ အလေ့အလာ အဖတ်အရွတ်နည်းနာကိုပင် ပြသပေသည်။ ဤအက္ခရာနှစ်မျိုးလုံးပင် လောကီအသုံးမျှသာ ဖြစ်၍ သင်္ကရိုက်ကျမ်းအရေးမှာသာ အကျိုးရှိသည်။ သာသနာတော်ရေးမှာ အကျိုးမရှိလွန်း ဖြစ်တော့သည်။

သမန္တစက္ခုဒီပနီကျမ်း အဋ္ဌမတွဲ ပြီး၏။

သမ္မန္တစက္ခုဒီပနီကျမ်း

နဝမတွဲ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

တပည့်တော် သိရိမာလာ လျှောက်ပါသည် ဇေတဝန်ဆရာတော်ဘုရား။

၁၄၃- ပုစ္ဆာ။ ။သေခိယ သိက္ခာပုဒ်တွင် "နှ ဝေဠုတသီသဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ" ဟု ဟောတော်မူသည်ကို နှလုံးသွင်း၍ ဦးရစ်ပေါင်း ထုပ်ရှိသော သူတို့ကို တရားမဟောအပ် ဖြစ်သည်၊ ဦးရစ်ကို ဖြေလော့ဟု ဆုံးမ ဩဝါဒ ပေးကြပါသည်၊ အချို့သော ဒါယကာတို့လည်း မိမိပေါင်းသော ဦးပေါင်း ဦးရစ်ကို ဖြေချွတ်၍ တရားနာ ကြပါသည်၊ ဤအရာတွင် ဦးရစ်ပေါင်း၍ တရားနာသောသူသာ ယခုများခဲ့သည် ဦးရစ်ပေါင်းသော သူတို့ကို မည်သို့ပေါင်းရစ်မှ တရားဟောအပ်မည်ကို သိလိုပါသည်။

သက္ကရာဇ် ၁၁၇၃-ခု၊ တန်ဆောင်မုန်းလဆန်း ၁-ရက်၊ ဗုဒ္ဓဟူးနေ့ မုံရွာ သိရိမာလာက လျှောက်လာရာတွင် ဖြေဆိုလိုက်သည်ကား။

၁၄၃- ဝိဿဇ္ဇနာ။ ။ဦးရစ်ပေါင်းသောသူအား တရားဟောအပ် မဟောအပ်သည်ကို မေးရာ၌-

ပါစိတ်ပါဠိတော်၌-

ဝေဠုတသီသော နာမ ကောသမ္ဗိ နှ ဒဿာပေတွာ ဝေဠုတော ဟောတိ၊ နှ ဝေဠု-တသီသဿ အဂိလာနဿ ဓမ္မော ဒေသေတဗ္ဗော။

ဝေဠုတသီသောနာမ၊ ဦးရစ်ပေါင်းသော ဦးခေါင်းမည်သည်ကား။ ကောသမ္ဗိ၊ ဆံဖျားကို။ နဒဿာပေတွာ၊ မမြင်စေမူ၍။ ဝေဠုတော၊ ဦးရစ်ပေါင်းသည်။ ဟောတိ၊ ဖြစ်၏။ ဝေဠုတသီ-သဿ၊ ဦးရစ်ပေါင်းသော။ အဂိလာနဿ၊ မနာမဖျား ကျန်းမာသောသူအား၊ ဓမ္မော၊ တရားကို။ နှ ဒေသေတဗ္ဗော၊ မဟောအပ်။

ဤသို့ အာပတ္တိဝါရကို ပြပြီး၍ အနာပတ္တိဝါရကို ပြပြန်ခြင်းငှာ။

အနာပတ္တိ အသဉ္စိစ္စ၊ အဿတိယာ၊ အဇာနန္တဿ၊ ဂိလာနဿ၊ ကောသမ္ဗိ ဂိရာ ပေတွာ ဒေသေတိ၊ အာပဒါသု၊ ဥမ္မတ္တကဿ၊ အာဒိကမ္မိကဿတိ။ ဟု ဟောတော်မူပြန်သည်။

အသင်္ခိစ္စ၊ ဦးရစ်ပေါင်းသော သူအား ဟောမည်ဟူ၍ စေတနာမရှိသော သူအား လည်း ကောင်း။ အသဃီယာ၊ ဦးရစ်ပေါင်းသော သူရှိ၏ဟူ၍ သတိမသွင်းဖြစ်သော သူအားလည်း ကောင်း။ အဇာနန္တသ၊ ဦးရစ်ပေါင်းသော သူ ရှိ၏ဟု မသိသော သူအား လည်းကောင်း ဂိလာနသ၊ နာဖျား သော သူအား လည်းကောင်း။ ကောသန်္ဆ၊ ဆံဖျားကို။ ဝိဝရာပေတွာ၊ ဖွင့်စေ ဖော်စေ၍။ ဒေသေတိ၊ ဟော၏။ အာပဒါသု၊ ဘေးရန်တို့ကြောင့် လည်းကောင်း။ ဒေသေတိ၊ ဟော၏။ ဥမ္မတ္တကသ၊ ရူးသောသူအား လည်းကောင်း အာဒိကမ္မိကသ၊ အစ ဖြစ်သော ရဟန်းအား လည်းကောင်း။ အနာပတ္တိ၊ အာပတ်မသင့်ဟု ဟောတော်မူသည်။

ပါစိတ်အဋ္ဌကထာ၌လည်း-

> ဝေဠိတသီသဿာတိ ဒုဿဝေဌနေန ဝါ မောဠိအာဒီဟိ ဝါ ယထာ ကေသန္တော နာ ဒိဿတိ၊ ဧဝံ ဝေဠိတသီသဿ။

ဝေဠိတသီသဿာတိ၊ ဝေဠိတသီသဟူသည်ကား။ ဒုဿဝေဌနေနဝါ၊ ပုဆိုးဦးရစ်ဖြင့် လည်း ကောင်း။ မောဠိအာဒီဟိဝါ၊ မကိုင်ရသင်းကျစ် စသည်တို့ဖြင့် လည်းကောင်း။ ယထာ၊ အကြင် အခြင်းဖြင့်။ ကေသန္တော၊ ဆံဖျားသည်။ နဒိဿတိ၊ မထင်။ ဧဝံ၊ ဤသို့။ ဝေဠိတသီသဿ၊ ဦးရစ်ပေါင်းသောသူအား။ ဤသို့ဖွင့်သည် ဤသို့ ပါဠို အဋ္ဌကထာ၊ ကခ်ီတို့၌ လာသော ကြောင့် ဆံဖျားကို မမြင်စေမူ၍ ပေါင်းသည်ကိုသာ ယူအပ်၏ ဆံဖျား ဦးသွေ့ာင့်ပေါ်စေလျက် ပေါင်း ရစ်သော သူအား ဟောရာ၌ အပြစ်မရှိ။ ဟောသူ အပြစ်မရှိလျှင်လည်း နာသူ အပြစ်မရှိဟု သိအပ်၏။

၁၄၄- ပုစ္ဆာ။ ။ဓူဝံကြယ်သည် ဝေဇယန္တာ ပြဿဒ်ဖျားဝယ် တပ်သော ပတ္တမြား မှန်ကင်း အထွတ်ဟူ၍ စာပေစီကုံး စပ်ဆိုကြပါသည်၊ ဟုတ်မည် မဟုတ်မည်ကိုလည်း သိလိုပါသည်။

၁၄၄- ဝိသဇ္ဇနာ။ ။ဓူဝံကြယ်ကို ဝေဇယန္တာပြာသာဒ် အထွတ်မှန်မည်။ ကြယ်ဗိမာန်ပင် မှန်မည်ကို မေးရာ၌-

လောကဒီပနီ၊ သာရတ္ထဒီပနီ၊ စန္ဒသူရိယဂတိဒီပနီစသော ကျမ်းတို့၌ နက္ခတ်တာရာတို့သည် မိဿ၊ ပြိဿ စသော တဆယ့်နှစ်ရာသီ စက်ဝန်းကို မလွန်မူ၍ နှစ်လုံးတပါဒ် တည်းဟူသော ကိုးနဝင်းစီ အရေအတွက်အရ တရာ့ရှစ်နဝင်းနှင့် နှစ်ဆယ့်ခုနစ်လုံးသော နက္ခတ်တို့သည် ကိုယ်မှီသောစက်တွင်းကသာ နေ၍ မြင်းမိုရ်တောင်ကို လက်ယာရစ်။ လိတ္တာ နာရီ ခြောက် ဆယ်ဖြင့် တအသ်အရှိတွင် ပတ်မိစေလျက် လှည့်ကြကုန်သည်။ အဘိဇိနက္ခတ်ကား ဓနိဿ ထင်သည်၊ ရုံခါမထင်ဟု ဆိုသည် နွားမ ရှိရာသို့ နွားသား ငယ်သည် ကပ်လေသကဲ့သို့ နက္ခတ်တို့၏ ရာသီစက်ဝန်းကမ္ဘီ၌ နေလတို့သည် ကပ်ရောက်ကုန်သည်။

နေဗိမာန်ကား အသ်ာ သုံးဆယ်စေ့မှ ရာသီစက်တခုမှသည်ရာသီ စက်တခုသို့ ပြောင်း၏။ ထိုအခါ လိတ္တာတထောင့်ရှစ်ရာ ရှိပြီမှတ်။

လဗိမာန်ကား နှစ်ရက်နှင့် တမွန်းတည့်စေ့မှ တရာသီမှသည် တရာသီသို့ ပြောင်း၏။

နေဗိမာန်ကား အလျား၊ အနုံ၊ အမြင့်အားဖြင့် ယူဇနာငါးဆယ်ရှိ၏။ အဝန်းယူဇနာ တရာ့ငါးဆယ်ရှိ၏။ အပကား ဖန်၊ အတွင်းကား ရွှေဖြင့်ပြီး၏။

လဗိမာန်ကား အလျား၊ အနုံ၊ အမြင့်အားဖြင့် လေးဆယ့်ကိုးယူဇနာရှိ၏။ အဝန်းကား တရာ့လေးဆယ့်ခုနစ်ယူဇနာရှိ၏။ အပကား ငွေ၊ အတွင်းကား မြဖြင့်ပြီး၏ဟု ဆိုသည်။ အဘိဓာန်တွင်လည်း "အာဒိစ္စော သူရိယော သူရော စသော ဂါထာဖြင့် အာဒိစ္စ၊ သူရိယ၊ သူရ၊ သတရံသီ၊ ဒိဝါကရ၊ ဝေရောစန၊ ဒိနကရ၊ ဥဏှရံသီ၊ ပဘာက်ရ၊ အံသုမာလီ၊ ဒိနပတိ၊ တပန၊ ရဝိ၊ ဘာဇုမာ၊ ရံသိမာ၊ အာဒိတ္တကရ၊ ဘာဇု၊ အက္ခ၊ သဟဿရံသီ" ဟု နေ၏ ပရိယာယ်ကို တဆယ့်ကိုးပါးပြသည်။

"ကွန္ဒု၊ စန္ဒော စ နက္ခတ္တရာဇာ" စသော ဂါထာဖြင့် "ကွန္ဒု၊ စန္ဒ၊ နက္ခတ္တရာဇာ၊ သောမ၊ နိသာကရ၊ ဩသဓိ၊ ဟိမရံသီ၊ သသင်္၊ စန္ဒိမာ၊ သသီ၊ သီတရံသီ၊ နိသာနာထ၊ ဥဋုရာဇာ၊ မာ" ဟု လ၏ ပရိယာယ်ကို တဆယ့်လေးပါး ပြသည်။

နက္ခတ္တံ ဇောတိ ဘံ တာရာ။ အပုမေ တာရကောဋ္ဌ စ၊" ဟူသော ပါဒဖြင့် "နက္ခတ္တ၊ ဇောတိ၊ ဘံ၊ တာရာ၊ တာရာကဉ္ဉ" ဟု နက္ခတ်ကြယ်တို့၏ ပရိယာယ်ခြောက်ပါးကို ပြသည်။

"အဿယုဇော ဘရဏီတ္ထိ" စသော ဂါထာတို့ဖြင့် နက္ခတ် နှစ်ဆယ့်ခုနစ်လုံးတို့၏ အမည်ကို ပြသည်။

"သူရာဒီတု နဝဂ္ဂဟာ"ဟူသော ပါဒဖြင့် တနင်္ဂနွေစသော ကိုးလုံးသော ဂြိုဟ်တို့ကို ပြသည်။

မဟော်ဇာတ်၌- "နက္ခတ္တ ပဒ ကောဝိဒေါတိ အဋ္ဌဝိသတိ နက္ခတ္တကောဋ္ဌာသေသု ဆေကော။" ဟု နက္ခတ် နှစ်ဆယ်ရှစ်လုံးရှိကြောင်း ကို ပြသည်။ ဝိသေသ မဖွင့်။

ရာဇမတ္တဏ္ဍဗီပိကာကျမ်းတို့၌ကား ပြုပွာသန်နှင့် ဥတ္တရာသန်၏အကြား အဘိဇိနက္ခတ် နှင့်သော် နှစ်ဆယ့်ရှစ်လုံး ရေတွက်သည်။ လောကီအချို့ကျမ်း၌ကား "ကိတ်"နှင့်တကွ နှစ်ဆယ့်ရှစ်လုံးဟု ရေတွက်လေသည်။ "ကိတ်" ဟူသည်ကို ဂြိုဟ်ကိုးလုံး ရေတွက်ရာ၌လည်း ပါသည်။ နက္ခတ်နှစ်ဆယ့်ရှစ်လုံး ရေတွက်ရာ၌လည်း ပါသည်။ နှစ်ကွဲဖြစ်ဟန်ရှိသည်။

ဤသို့ နေလနက္ခတ်ဂြိုဟ်တို့ကိုသာ ကျမ်းဂန်တွင် အမည်နာမတို့ကို ထုတ်၍ ဝိသေသပြု၍ ဆိုသည်။ ဤမှတပါးသော တာရာကြီးငယ်တို့ကို အမည်နာမနှင့် မဆိုမပြခဲ့။ မဆိုမပြသော်လည်း ထိုမြင်သမျှသော နေလနက္ခတ်တာရာ ဂြိုဟ်ကြယ်အပေါင်းတို့သည် ယုဂန္ဓိရ်တောင်ထိပ်၏အစွန်းနှင့် အမျှတွင်ကသာ မြင်းမိုရ်တောင်ကို လှည့်ကြလေကုန်သည်ဟု ဆိုသည်။

မူဝံကြယ်ကိုမူကား နက္ခတ်တာရာ၏အဖြစ်ဖြင့် ထင်ရှားစွာ မဆိုသော်လည်း လောကီဖြစ်သော အာကာသသျှ ဟူရကျမ်း၌ "အဿဏီ ဘရဏီစေဝ" စသော ဂါထာတို့ဖြင့် ကိတ်နှင့်တကွ နက္ခတ် နှစ်ဆယ့်ရှစ်လုံးကို ဆိုသည်။

"ရဝိစန္ဒေ ထဝါဘောမော" စသော ဂါထာဖြင့် တနင်္ဂနွေ စသော ရှစ်လုံးသော ဂြိုဟ်တို့ကို ဆိုသည်။

"ကာကာ ဟံသာ စ ကက္ကဋာ" စသော ဂါထာဖြင့် ကိုးလုံးသော အတွင်းတာရာကြီးတို့ကို ဆိုသည်။ "အာနီဖုဿော စ သခေါ် စ" စသော ဂါထာတို့ဖြင့် လုံးရေသဏ္ဌာန် ယှဉ်ဟန်နက္ခတ်နှင့် တကွ ပြင်တာရာ အပေါင်းတို့ကို ပြသည်။

၁။ တလုံးသော ပတ္တမြားသဏ္ဌာန်ရှိသော အာနီတာရာ။
၂။ တဆယ့်တလုံး ကြောင်ရုပ်သဏ္ဌာန်ရှိသော ဖုဿတာရာ။
၃။ ငါးလုံး ခရုသင်းသဏ္ဌာန်ရှိသော သခ်တာရာ။
၄။ လေးလုံး လက်ဝါးသဏ္ဌာန်ရှိသော စတုက။
၅။ ခြောက်လုံး သားရေလွန့်သဏ္ဌာန်၊ ယောဂြ။
၆။ နှစ်လုံး တံငါနှစ်ဦး လှေဦးပဲ့ ထိုင်နေဟန်၊ ရုတ္တာ။
၇။ ရှစ်လုံး ဟင်္သလည်ယှက်နေဟန်၊ ပေါစောကိ။
၈။ ခုနစ်လုံး ဆင်ချွန်းတောင်းသဏ္ဌာန် အကံ့သ။
၉။ ငါးလုံး ပုဇွန်သဏ္ဌာန် ကက္ကဋတာရာ။
(တောင်တာရာကိုးသွယ်)

၁။ လေးလုံး ညောင်စောင်းတည်ဟန် မဃ။
၂။ ငါးလုံး ဟင်္သာမွေးစုဟန် ဇာတက။
၃။ လေးလုံး ပလ္လင်တည်ဟန် နိရမ္ဘ။
၄။ နှစ်ဆယ့်လေးလုံး အုတ်ဖိုစုတည်ဟန် ပါသာဒ။
၅။ သုံးလုံး ပန်းတောင်းတည်ဟန် သုနာ။
၆။ လေးလုံး အင်းပျဉ်တည်ဟန် ဗဟ။
(အရှေ့တာရာခြောက်သွယ်)

၁။ တလုံးတည်း၊ အထပ်တရာ ရွှေကြာပွင့်ဟန် ဒါရုတာရာ၊ ဓူဝံကြယ်ပင်တည်း။
၂။ ခုနစ်လုံး၊ ကြာညှိရွက်တည်ဟန်၊ တာရုတာရာ၊ ကြေးမုံခွက်ပင်တည်း။
၃။ ခုနစ်လုံး နဂါးရုပ်တည်ဟန်၊ ဖုဿတ္တတာရာ၊ ခုနစ်စဉ်ပင်တည်း။ ထိုခုနစ်စဉ်တွင် ကြာသပတေး၊ အင်္ဂါ၊ စနေ၊ ဗုဒ္ဓဟူး၊ သောကြာ၊ တနင်္ဂနွေ၊ တနင်းလာ၊ ဟု ဦးခေါင်းမှ စ၍ အမြီးဖျား တိုင်အောင် အစဉ်အတိုင်း ခေါ်ဝေါ်ကြကုန်၏။
၄။ ခြောက်လုံး၊ ကြောင်စာခွက်နှင့် တူ၏။ (ဧကာသိက်တာရာ။)
၅။ လေးလုံး၊ သားတစ်သဏ္ဌာန်၊ တရိဂုဏိ။
၆။ ငါးလုံး၊ တံကျင်တည်ဟန်၊ ရုပ်။
(မြောက်တာရာ ခြောက်သွယ်)

၁။ အလုံးငါးဆယ်၊ ကြက်ရုပ်သဏ္ဌာန်၊ ပညာသ။

၂။ ခုနစ်လုံး၊ ကြက်ရုပ်သဏ္ဌာန်ပင်၊ ဥတ္တရ။

၃။ ကိုးလုံး၊ မိကျောင်း သဏ္ဌာန်၊ ဇာရက။

၄။ ဆယ်လုံး၊ ကပ်စစ်သဏ္ဌာန်၊ ကောဗျာဂတိ။

၅။ လေးလုံး၊ ကြက်ခြေတည်ဟန်၊ သရိဒ္ဓဇ။

၆။ ခြောက်လုံး၊ စောင်းတန်းလျှောကားတည်ဟန်၊ ဒရိဒ္ဓဇ။

၇။ လေးလုံး၊ ချိန်သဏ္ဌာန်၊ ဝါနရိက။

(အနောက်တာရာခုနစ်သွယ်)တို့ကို ပေါင်းသောအား ဖြင့် တရာ့နှစ်ဆယ့်ကိုးလုံးတို့ကို လည်းကောင်း။

ထိုမှတပါး ငါးလုံးစီ ရှိသော ပဒုမတာရာ။ ပဥ္စရုတာရာ။ ပဥ္စမတာရာ။ ပဥ္စလိတာရာ။ ရှစ်လုံးရှိ တတ္တတာရာ။ ဤငါးလုံး တို့တွင် ပဒုမတာရာသည် အဿဏီနက္ခတ်၏ ပြင်၌တည်၏။ ပဥ္စရုတာရာသည် ဘရဏီနက္ခတ်၏ ပြင်၌ တည်၏။ အကြွင်းသုံးလုံးသည် ကြတ္တိကာနက္ခတ်၏ ပြင်၌တည်၏။

ခြောက်လုံးရှိ ဝတိတာရာ။ ကိုးလုံးရှိ ရဟုကတာရာ။ ခြောက်လုံးရှိ စုတိကတာရာ။ ဤသုံးလုံးတွင် ဝတိတာရာ၊ ရဟုကတာရာ နှစ်လုံးသည် ကြိုးတာရာ၏ ရှေ့၌၊ စုတိကတာရာလည်း ကြိုး၏ အမြီးဖျား ထက်တည်၏။

ကဏ္ဍဋတာရာ ခြောက်လုံးရှိ၏။ ဘရဏီနက္ခတ်နှင့် အတူလိုက်၏။ ရှစ်လုံးရှိ ဖုဿတာရာသည် ဘရဏီနက္ခတ်၏ အထက်၌ လိုက်၏၊ ခုတ္တတာရာ ခုနစ်လုံးရှိ၏။ ဘရဏီနက္ခတ်ပြင်၌ လိုက်၏။

သုံးလုံးရှိ ဆိုင်းထမ်းပမာဏ သိဂ္ဂတာရာ၊ ကိုးလုံးရှိ သတ္တတာရာတို့သည် ဘရဏီနက္ခတ် အောက်၌ တည်ကုန်၏။

ရှစ်လုံးရှိ သုရုန္ဓတာရာ တလုံးတည်းရှိ အာကိတာရာတို့သည် မိဂသီပြင်၌ တည်ကုန်၏။

ခုနစ်လုံးရှိ ရူပတာရာ၊ တလုံးသာရှိသော ရောဟိတ စိုင်တာရာ၊ ခြောက်လုံးရှိ အာဏိတာရာ တို့သည် ဖုသျ၊ အသလိဿနက္ခတ်တို့နှင့် ယှဉ်ကုန်၏။

ကုဋ္ဌိရ ပုစ္ဆန်တာရာ၊ ဧစုဏဟိရကတာရာတို့သည် ဖုသျ၊ အသလိဿတို့၏ အတွင်း၌ တည်ကုန်၏။

ခုနစ်စဉ်တာရာတို့သည် မာဃ၏ အတွင်း၌ လိုက်ကုန်၏။ ငါးလုံးရှိ သံယုတာရာ၊ တဆယ့် နှစ်လုံးရှိ မဏိကရွှတာရာ၊ သုံးလုံးရှိ စိတ္တတာရာတို့သည် မာဃ၏ အတွင်း၌ တည်ကုန်၏။

နှစ်လုံးရှိ သူလကမည်သော တံကျင်တာရာ၊ လေးလုံးရှိ ကေဝဋ္ဋ တံငါ့ကွန်တိုင်၊ ခြောက်လုံးရှိ ဘေရီ စည်တာရာ၊ ဆယ်လုံးရှိ ပါတိမည်သော ရွှေဖလား တာရာ၊ ဤငါးလုံးတို့သည် မာဃ၏ ပြင်၌ တည်ကုန်၏။

လုံးရေ သုံးဆယ်ရှိ အန္တတာရာ၊ ခြောက်လုံးရှိ အာနိန္တတာရာ၊ လေးလုံးရှိ မိဂသိင် သမင်ချိုတာရာ၊ ငါးလုံးရှိ သုဘတာရာ၊ လေးလုံးရှိ ကုက္ကုဠကဏ္ဍ၊ ကြက်ဆူးတာရာတို့သည်၊ ပြုဗ္ဗဖဂ္ဂုနီ၊ ဥတ္တရဖဂ္ဂုနီတို့၏ အနီးဌ် တည်ကုန်၏။ တလုံးစီသာ ရှိကုန်သော သံဝတိတာရာ။ အာဝတိတာရာ။ တဆယ့်နှစ်လုံးရှိ သံကိရတာရာတို့သည် ဟဿဒ၏အတွင်းဌ် တည်ကုန်၏။

လေးလုံးရှိ အလုတ္တတာရာ၊ တလုံးသာရှိ မာသုတာရာ၊ ငါးလုံးရှိ သခ်ခရုသင်းတာရာ၊ လေးလုံးရှိ လောရတာရာတို့သည် ဟဿဒ၏ပြင်ဌ် တည်ကုန်၏။

လုံးရေ နှစ်ဆယ်ရှိ ဂျာယုတာရာ၊ တလုံးသာရှိ သကာသတာရာ၊ ကောလိတာရာ၊ လေးလုံးရှိ ခရိတာရာ၊ တလုံးသာရှိ ပါသရိတာရာ၊ တဆယ့်နှစ်လုံးရှိ အတ္ထတိတာရာတို့သည် စိတြ သွာတိ၏ ပြင်ဌ် လိုက်ကုန်၏။

တဆယ့်လေးလုံးရှိ နိဗ္ဗာနတာရာ၊ နှစ်လုံးစီသာရှိ အစောတာရာ၊ သုသုဒ္ဓကတာရာ၊ တလုံးစီသာရှိ ဖုဿတာရာ၊ ဝရစာဂလတာရာ၊ လေးလုံးရှိ အာဟုတလိနတာရာ။ တလုံးသာရှိ ဝါသလိတာရာ ဤခုနစ်လုံးတို့သည် ဝိသာခါ၏ အတွင်းဌ် လိုက်ကုန်၏။

တလုံးစီသာရှိ ဒုမတာရာ၊ သမ္မာလိတာရာ ဤတာရာတို့ကို စနေကြယ်ဟူ၍ ခေါ်ကြကုန်၏။ တလုံးသာရှိ ဘဝတုသတာရာ။ကြာသပတေးကြယ်ဟူ၍ ဆိုကြကုန်၏။ တလုံးသာရှိ တုလတာရာကို ရာဟုကြယ် ဟူ၍လည်း ဆိုကြကုန်၏။ ခြောက်လုံးရှိ ပိန္နကတာရာ ဤတာရာ ငါးလုံးတို့သည် ဝိသာခါ အပြင်ဌ် တည်ကုန်၏။

တဆယ့်နှစ်လုံးရှိ ထမ္ဘ သည်တိုင် တာရာတလုံးစီသာရှိသော ရိစ္ဆတာရာ၊ မူလတာရာ၊ ငါးလုံးစီရှိသော အာရဘတာရာ၊ သလ္လိတုတာရာ ထိုငါးလုံးတို့သည် မူလနက္ခတ်၏ပြင်ဌ် တည်ကုန်၏။ သလ္လိတုတာရာသည် ခြေရာသဏ္ဌာန်ရှိ၏။ နှစ်လုံးရှိ ဂဏ္ဍူပ္ပါဒ တီတာရာ၊ တလုံးရှိ သံချုတာရာတို့သည် အာသဠှအတွင်းဌ် တည်ကုန်၏။ အဘိပါရန္တ တာရာကား သုံးလုံးသာတည်း။ နဂါးဦး ခေါင်းပင်တည်းဟု ဆိုသည်။

လေးလုံးစီသာရှိသော သုကတာရာ၊ အာဒိစ္စတာရာ၊ ဤတာရာတို့သည် အာသဠှပြင်ဌ် တည်ကုန်၏။

သုံးလုံးရှိ သရမည်သော မြားတာရာ၊ တလုံးရှိ ဥဒ္ဓဘဂ်တာရာ၊ အာဘတာရာကား နေကို ဆိုသည်။ ဤသုံးလုံးတို့သည် သရဝဏ်၏ အတွင်းဌ် သွားကုန်၏။ မြားတာရာကား ဓူဝံပါးဌ် ရှိသည်။

နှစ်ဆယ့်ငါး လုံးရှိ အာတုဘတာရာ၊ သုံးလုံးရှိ ဂရတာရာ၊ လေးလုံးရှိ သာလပန္တိကတာရာတို့သည် သရဝဏ်၏ အပြင်ဌ် တည်ကုန်၏။

ပုဗ္ဗဋ္ဌတာရာသည် တလုံးသာတည်း။ ဓနသိဒ္ဓ၊ သတ္တဘိသျှ အတွင်းဌ် တည်၏။

ကိုးလုံးရှိ ဆုလတာရာ၊ လေးလုံးရှိ ပါရိတာရာတို့သည် ဓနသိဒ္ဓ၊ သတ္တဘိသျှတို့၏ ပြင်ဌ် တည်ကုန်၏။ ပုဗ္ဗဋ္ဌတာရာသည် ဆိုင်းထမ်းနှင့် ပါရိတာရာသည် မြင်းနှင့်အတူ သွားကုန်၏။

လေးလုံးရှိသော ဝိသတာရာဃည်၊ ဆင်ခွန်းတောင်း သဏ္ဌာန်ရှိ၏၊ ငါးလုံးရှိသော တပ္ပတာရာ၊ ဆယ်လုံးရှိသော မာလိကာတာရာတို့သည် ပြပ္ပဘာဒြပိုက် ဥတ္တရာဘာဒြပိုက်တို့၏ အတွင်း၌ တည်ကုန်၏။

နှစ်လုံးရှိ တာလိန္ဒတာရာ၊ တလုံးရှိ ပါလတာရာ၊ လုံးရေ သုံးဆယ်ရှိ သာခါတာရာ၊ သုံးလုံးရှိ ဗာလီကတာရာ၊ နှစ်လုံးရှိ ဖာလိကတာရာတို့သည် ပြပ္ပဘာဒြပိုက် ဥတ္တရာဘာဒြပိုက်တို့၏ ပြင်၌ တည်ကုန်၏။ တလုံးရှိသော သုကတာရာ ဗျိုင်းနှင့်အတူ သွား၏။

ဤမှတပါး သဘော်သားတို့ မှတ်သားသုံးဆောင်ကြသော ကျမ်းများ၌ နေလနှင့်တကွ ပေလကူရီရှိတာရာ၊ ဝေန္ဒတ်တာရာ၊ မာယာတာရာ၊ ဇူဝိဘေတာရာ၊ သာတုရနုတာရာ၊ ဤတာရာကြီး ငါးလုံးတို့မှတပါး အာဂုတ္တာတာရာ၊ ဥသပိတာရာစသော လေးဆယ့်ငါးလုံးသော တာရာငယ်တို့ကို ဘာသာအလိုက် မှတ်သားလေသော ကျမ်းများ တွင် ဆိုသည်။

ဤမှတပါးလည်း နက္ခတ်ပေါင်း တထောင့်ရှစ်ရာ၊ တာရာပေါင်း တရာ့နှစ်ဆယ်တို့ကိုလည်း လောကီကျမ်းများက ပုံစံဥပဒေသ အဟောအပြန့် ဆိုသည်။

ဤသို့စသည်ဖြင့်လာသော ပိဋကတ်မှတပါးသော လောကီကျမ်း စုတို့တွင် အာကာသသ္ဘတ္တရကျမ်း၌ မြောက်တာရာ ခြောက်လုံးစုတွင်–

ဒါရေကံ သူရိယာဝဏ်၊ ဓူဝံ တာရုတု သတ္တကံ။
သဒိသံ နာဠိပတ္တေဟိ၊ ဝဒန္တာ ဒါသထူပိကံ။
ဖုဿတ္တော သတ္တ နာဂံဝ၊ ဝဒန္တိ သတ္တ ပန္တိယော။

ဒါရု၊ ဒါရုတာရာသည်။ ဧကံ၊ တလုံးသာတည်း။ သူရိယာဝဏ်၊ အထပ်တာရာ ရွှေကြာပွင့် သဏ္ဌာန်ရှိ၏။ ဓူဝံ၊ ဓူဝံကြယ်ကို။ ဝုစ္စတိ၊ ဆိုအပ်၏။ တာရုတု၊ တာရုတာရာသည်ကား။ သတ္တကံ၊ ခုနစ်လုံးတည်း။ နာဠိပတ္တေဟိ၊ ကြာရွက်တို့နှင့်။ သဒိသံ၊ တူ၏။ အာဒါသထူပိကံ၊ ကြေးမုံခွက်ကို ဆိုသောဟူ၍။ ဝဒန္တိ၊ ဆိုကြကုန်၏။ ဖုဿတ္တော၊ ဖုဿတာရာသည်။ သတ္တ၊ ခုနစ်လုံးတို့တည်း။ နာဂံဝ၊ နဂါးရုပ်သဏ္ဌာန်ရှိ၏။ သတ္တပန္တိယော၊ ခုနစ်စဉ်ကို ဆိုသောဟူ၍။ ဝဒန္တိ၊ ဆိုကုန်၏။

ဟူ၍ ဒါရုတာရာပင် ဓူဝံကြယ်ဟူ၍ ခေါ်ဝေါ်ကြောင်းကို လာသည်။ ယင်းသို့လာသော်လည်း ပိဋကတ်ကျမ်းဂန် မဟုတ်သောကြောင့် မခိုင်လွန်းသကဲ့သို့ ရှိ၏။ ပိဋကတ်အဝင် အဘိဓာန်ကျမ်းများတွင် အာကာသသ္ဘတ္တရကျမ်း၊ ဘာသာထူးကျမ်းများမှာကဲ့သို့ စုံစုံစေ့ စေ့ မပါချေ။

အဿယုဇနက္ခတ်နှင့် ယှဉ်၍ နတ်ပြည်မှ သက်တော်မူ၏။ မာယနက္ခတ်နှင့် ယှဉ်၍ ပါတိမောက် ပြသည်၊ အာယုသခီါရ လွတ်သည်၊ ဝိသာခါနက္ခတ်နှင့် ယှဉ်၍ ဖွားသည်၊ ဘုရားဖြစ်သည်၊ ပရိနိဗ္ဗာန်ယူသည်၊ အာသဠှိနက္ခတ်နှင့် ယှဉ်၍ ပဋိသန္ဓေယူသည်၊ တောထွက်သည်၊ ဓမ္မစက္ကာ တရားဟောသည်၊ ပြာဋိဟာပြသည်၊ "နက္ခတ္တပဒံ ဥဂ္ဂဟေဘာဒ္ဒံ" ဤသို့ စသည်ဖြင့် ပါတန်ရာသာ ပါချေသည်။

နက္ခတ်နှစ်ဆယ့်ခုနစ်လုံး ဂြိုဟ်ကိုးလုံးတို့ကိုသာ ပါချေသည်၊ ကြွင်းသော ကြယ်တာရာတို့ကို မူကား အမည်နာမနှင့် မပါ၊ ဓူဝံကြယ်လည်း မပါ၊ ထိုသို့ မပါသော်လည်း အဘိဓာန်ကျမ်း၏ မှီရင်းဖြစ်သော အမရကောသကျမ်း၌ ဓူဝံမည်သောကြယ်၊ အယင်္ဂမည်သော ကြယ်တို့သည်

မြောက်အရပ်၌ တည်ကုန်၏။ မရွေ့မပြောင်းရှိ၏။ ကြယ်ရံများစွာ ရံ၏။ ပွင့်ချပ်တရာရှိသော ကြာပဒုမ္မာနှင့်တူ၏ဟု စာကိုယ်၌ ဆို၏။ နိဿယဆရာကလည်း "ဓုဝံ" ကြယ်တည်းဟု အနက်ဆို၏။

သဓမ္မနိရဝါ ဩတ္တာနပါဒိ သျှဒ်။ အဂဿ္ဆ ကုမ္ဘသမ္ဘဝါ။
မြေဟြာဝရုဏ်အဂဿ္ဆ သဓမ္မနိကာမလောပါမုဒြာ။

သဓမ္မနိရဝါ၊ အမြဲတည်တတ်သောကြယ်။ ဩတ္တာနပါဒိ၊ ဩတ္တာနပါဒိ မည်သော မင်း၏ သားသည်။ သျှဒ်၊ ဖြစ်၏။ "ဂြဟာနမုပရိ ဌိတော နိစ္စလော တာရကာ ဝိသေသော ဓုဝေါ" ဟု ဋီကာ၌ဆိုသည်။ ဂြိုဟ်အဆက်၌ အမြဲတည်သော ကြယ်အထူးကို ဓုဝံဆိုသည်)။ အဂဿ္ဆ အပေါက်ကြားကို စွန့်တတ်သော အဂဿ္ဆကြယ်။ ကုမ္ဘသမ္ဘဝါ၊ အိုး၌ဖြစ်တတ်သောသား။ မြေဟြာဝရုဏ်၊ မြေဟြာဝရုဏ်မင်းသား။ (ဝရုဏ်နတ်မင်း၏ သားရင်းဖြစ်သည်။ မြေဟြနတ်မင်း၏ သားရင်းမဟုတ်တတ်။ ဓုဝံ၏အနီး၌ ရံသောကြယ်ကို။ အဂဿ္ဆကြယ်ဟု ဆိုသည်။) အဂဿ္ဆ၊ ထိုအဂဿ္ဆနတ်သား၏ သာလျှင်။ သဓမ္မနိ၊ တူသော သဘောရှိသော မယား။ ကာမလောပါ၊ အဆင်းဖြင့် မာန်မူတတ်သောသူကို ဖျက်ဆီးတတ်သောသူကို။ မုဒြာ၊ ဝမ်းမြောက်စေတတ်သော နတ်သမီး။ အဂဿ္ဆကြယ်နတ်မင်း၏ မယားကို ဆိုသည်။) ထို့ကြောင့် မာဂဓအဘိဓာန်တွင်– ဆိုခွင့်မသင့်၍သာ အကုန်မဆိုသဖြင့် မပါချေဟု ယူရန်ရှိသည်။ အဘယ့်ကြောင့်နည်းဟူမူ။

ပုဒ္ဓဝင်ပါဠိတော်၌–

ယထာပိ ဩသဓိ နာမ၊ တုလာဘူတော သဒေဝကေ။
သမယေ ဥတုဇသော ဝါ၊ နဝေါက္ကမတိ ဝိထိတော။

ဟူသော ပါဠိတော်၏ သံဝဏ္ဏနာ၌လည်း–

ဩသဓိနာမာတိ ဩသဓိတာရကာ။ ဩသဓိဂဟဏေန ဩသဓိတာရကံ ဥဒိတံ ဒိသွာ ဩသဓေ ဂဏ္ဍန္တိ၊ တသ္မာ ဩသဓိတာရကာတိ ဝုစ္စတိ။ စသည်ဖြင့်ဖွင့်သည်။

ဩသဓိကြယ်ဟူသည်ကား "စိုင်ရှူး" ကြယ်တည်း။ စိုင်ရှူးကြယ်ဟု အဘယ့်ကြောင့် သိအပ်သနည်း ဟူငြားအံ့။

ပါရမီတွင်– "ရောရုနက္ခတ်၊ လင်္ကာပတ်လျက်၊ တောင်ထွတ်မြင်းမိုရ်၊ ရစ်သည့်ဂြိုဟ်တွင်၊ တန်းသိုတိုင်ဖူး၊ ကြယ်စိုင်ရှူးကား" ဟူ၍ စပ်တော်မူသောကြောင့် စိုင်ရှူးကြယ်ကို ယူအပ်၏။ ထိုစိုင်ရှူးကြယ်သည် အခါခပ်သိမ်း သွားမြဲခရီးက မရွေ့ပဲရှိ၏။ အဘိဓာန်ကျမ်းတို့၌ကား မဆိုလေ။ မဆိုသော်လည်း စိုင်ရှူးကြယ်ကို ကြယ်၏အဝင်ဟု မှတ်အပ်သကဲ့သို့ ဒါရုကြယ်ကို မဆိုသော်လည်း မရွေ့ပဲနေသော ကြယ်မျိုးအဝင် ကြယ်ပင်မှတ်အပ်၏။ ယင်းသို့ မှတ်အပ်ကလည်း ဥတုသုံးပါး၌ များစွာမရွေ့သော ဓုဝံကြယ်သည် ကြယ်မျိုးပင်ဖြစ်၍ ကြယ်တကာတို့နည်းတူ။

စန္ဒိမသူရိယာ သိနေရု၊ ပဒက္ခိဏံ ကတွာ ဥစ္စတော ယုဂန္ဓရပဗ္ဗတသ္မ ပမာဏော အာကာသေ၊ စန္ဒော ပန စက္ကဝါဠပဗ္ဗတသ္မ ဝေမဇ္ဈေ ပမာဏော စရန္တိ။ ဟူသောပါဠ်။

စန္ဒသ္မ ဥဘောသု ပဿေသု နက္ခတ္တတာရကာ ဂစ္ဆန္တိ။ ဝေနဝစ္ဆံ ဥပသင်္ကမတိ ဝိယ စန္ဒော တံ တံ နက္ခတ္တံ ဥပသင်္ကမတိ။

ဟူသော လောကဒီပနီပါဠိတို့နှင့်အညီ မြင့်စွာအဆုံး ယုဂန္ဓိရ်တောင်၏ ထိပ်နှင့်အမျှ၊ နိမ့်စွာအဆုံး စကြာဝဠာတောင်၏ ထက်ဝက်နှင့်အမျှ လဗိမာန် နေဗိမာန်တို့၏ နံပါးနှစ်ဘက်တို့၌သာ တည်သည်ဖြစ်၍ မြင်းမိုရ်တောင်ထိပ် ဝေဇယန္တာပြာသာဒ်ဖျားဝယ် တပ်သော ပတ္တမြားအထွတ်ဟု ဆိုသော စကားသည် မဟုတ်တန်ရာဟု ထင်ပေသည်။

၁၄၅- ပဏ္ဍာ။ ။မြတ်စွာဘုရား ပါဝါမြစ်သို့ရောက်သောကာလ ရေသောက်တော်မူလို သည်ကား နွားငယ်အစစ်ဖြစ်သောကာလ အမိနွားမ ရေသောက်မည်ဟူ၍ ရှိစဉ် မြူးတူးရာတွင် ရေနောက်လေသည်၊ ထိုအကုသိုလ်ကံကြောင့် ရေတစ်ရပါသည်ဟု ဆိုကြပါသည်။ အမိကို ရေတစ်စေလိုသော စေတနာလည်းမရှိ၊ အမိလည်း ရေတစ်ရသည် ဟူ၍လည်း မဆိုပါ။ သို့ကိုလျက် အဘယ်အကုသိုလ်စေတနာက အကျိုးပေး၍ ဝိပါက်တော် ပါရသည်ဟု မခွဲခြမ်းနိုင်ပါ။ ဤအရာများကို ခြားနား၍ သိသာအောင် မှတ်သားလိုပါသည်။ ဆရာတော်ဘုရား။

၁၄၅–ဝိသဇ္ဇနာ။ ။မြတ်စွာဘုရားသည် ရေကို တောင့်တတော်မူရကြောင်း၊ နွားသားငယ် အစစ်ဖြစ်သောကာလ ရေနောက်စေကြောင်းတို့ကို မေးရာ၌—

သုတ်မဟာဝါပါဠိတော် မဟာပရိနိဗ္ဗာနသုတ်(၁၀၇)၌—

ကျယ် မေ တွံ အာနန္ဒ ပါနီယံ အာဟရ။ ပိပါသိတောသ္မိ အာနန္ဒ ပိဝိဿာမိတိ။

အာနန္ဒ၊ ညီမြတ်အာနန္ဒာ၊ ကျယ်၊ ငါတို့ကိုတွန်း၏။ တွံ၊ သင်သည်။ မေ၊ ငါ၏။ ပါနီယံ၊ သောက်ရေကို။ အာဟရ၊ ဆောင်ခဲ့လော့။ အဟံ၊ ငါသည်။ ပိပါသိတော၊ ရေမွတ်သိပ်တော်မူသည်။ အသ္မိ၊ ဖြစ်၏။ အာနန္ဒ၊ ညီမြတ်အာနန္ဒာ။ ပိဝိဿာမိ၊ သောက်အံ့။

ဤသို့ မြတ်စွာဘုရားမိန့်တော်မူလျှင် အရှင်အာနန္ဒာက—

> ကဒါနိ ဘန္တေ ပဉ္စမတ္တာနိ သကဋသတာနိ အတိက္ကန္တာနိ။ တံ စက္ကဆ္ဆိန္နံ ဥဒကံ ပရိတ္တံ လုဠိတံ အာဝိလံ သန္ဒတိ။ အယံ ဘန္တေ ကကုဓာ နဒီ အဝိဒူရေ အစ္ဆောဒကာ သာတောဒကာ သီတောဒကာ သေတောဒကာ သုပ္ပတိတ္ထာ ရမဏီယာ ဧတ္ထ ဘဂဝါ ပါနီယဉ္စ ပိဝိဿတိ၊ ဥတ္တာနိစ သီတီ ကရိသတိတိ။

ဘန္တေ၊ အရှင်ဘုရား၊ ကဒါနိ၊ ယခု။ ပဉ္စမတ္တာနိ သကဋသတာနိ၊ ငါးရာသောလှည်းတို့သည်။ အတိက္ကန္တာနိ၊ ကူးကုန်၏။ စက္ကဆ္ဆိန္နံ၊ လှည်းဘီးဖြတ်၍ ကူးသွားသော။ ပရိတ္တံ၊ အနည်းငယ်မျှ ဖြစ်သော၊ တံဥဒကံ၊ ထိုရေသည်။ လုဠိတံ၊ လှုပ်သည်ဖြစ်၍။ အာဝိလံ၊ နောက်ကျသည်ဖြစ်၍၊ သန္ဒတိ၊ စီး၏။ ဘန္တေ၊ အရှင်ဘုရား။ ကကုဓာ၊ ကကုဓာမည်သော။ အယံနဒီ၊ ဤမြစ်သည်။ အဝိဒူရေ၊ အနီး၌။ အစ္ဆောဒကာ၊ ကြည်သောရေရှိ၏။ သာတောဒကာ၊ မြိန်ဖွယ်သောရေရှိ၏။ သီတောဒကာ၊ ချမ်းမြေ့သောရေရှိ၏။ သေတောဒကာ၊ စင်ကြယ်သောရေရှိ၏။ သုပ္ပတိတ္ထာ၊ ကောင်းသောဆိပ်ရှိ၏။ ရမဏီယာ၊ နှလုံးမွေ့လျော်ဖွယ်ရှိ၏။ ဧတ္ထ၊ ဤကကုဓာမြစ်၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ပါနီယဉ္စ၊ ရေကိုလည်း။ ပိဝိဿတိ၊ သောက်ရပါလတ္တံ့။ ဥတ္တာနိစ၊ ကိုယ်တော်ကိုလည်း။ သီတီ၊ ချိုးရေသုံးတော်ခေါ်သည်ကို။ ကရိဿတိ၊ ပြုရပါ၊ပတ္တံ့။

ဤသို့ အရှင်အာနန္ဒာ လျှောက်သည်ကို မြတ်စွာဘုရားက ရှေးနှစ်ကြိမ် မိန့်သောကာလ အရှင်အာနန္ဒက နှစ်ကြိမ်ပင် လျှောက်သည်။ သုံးကြိမ်မြောက် မိန့်သောကာလ အရှင်အာနန္ဒာ သွား၍ ခပ်သည်။ မြတ်စွာဘုရားလည်း သောက်တော်မူသည်ဟူ၍ ပါဠိတော်၌ ဆိုသည်။

အဋ္ဌကထာ၌လည်း–

ကျယ်ဘိ စောဒနတ္ထေ နိပါတော အစ္ဆောဒကာတိ ပသန္နောဒကာ။ သာတော-ဒကာတိ မဓုရောဒကာ။ သီတောဒကာတိ တနုသီတလသလိလာ။ သေတောဒကာတိ နိက္ကဒ္ဒမာ။ သုပ္ပတိတ္ထာတိ သုန္ဒရတိတ္ထာ။ ဟူ၍ သာဖွင့်သည်။

ရေငတ်တော်မူရခြင်းသည် မည်သည့်ကာလ၊ မည်သည့်အကုသိုလ်ကံ၏ ဝိပါကကြောင့်ဟု မဆို အပဒါန်အဋ္ဌကထာ၊ (၁။၁၂၈)အကုသလအပဒါန်အဖွင့်တွင်—

ဒုက္ကရမ္မိ အဇ္ဇကွာနံ၊ အဇ္ဇကွာနံ ပုနာပရံ။
အဇ္ဇကွာနံ သိလာဝေဓေ၊ သကလိကာပိ စ ဝေဒနာ။

နာဠာဂိရိ သတ္ထစ္ဆေဒေါ၊ သီသဒုက္ခံ ယဝခါဒနံ၊
ပိဋ္ဌဒုက္ခမတီသာရော၊ ကွမေ အကုသလာဟာရဏာ။

(၁) ဒုက္ကရံ၊ ခြောက်နှစ်ပတ်လုံး၊ ဒုက္ကရစရိယာကျင့်ရခြင်းလည်းကောင်း။
(၂) အဇ္ဇကွာနံ၊ စိဉ္စမာဏဝိကာ၏ စွပ်စွဲခံရခြင်းလည်းကောင်း။
(၃) အဇ္ဇကွာနံ၊ သုန္ဒရီမ၏ စွပ်စွဲခံရခြင်းလည်းကောင်း။
(၄) ပုနာပရံ၊ ထို့မှတပါး။ အဇ္ဇကွာနံ၊ ဂေါတမ တပည့်တို့ သတ်သည်ဟူ၍ ပြည်သူ နှင့်တကွ တိတ္ထိတို့၏ စွပ်စွဲခံရခြင်းလည်းကောင်း။
(၅) သိလာဝေဓေါ၊ ကျောက်ဖြင့် လိုမ့်ခြင်းကို ခံရခြင်းလည်းကောင်း။
(၆) သကလိကာဝေဓေါ၊ ကျောက်လွှာစင်၍ သွေးစိမ်းခဲ တည်ရခြင်းလည်းကောင်း။
(၇) နာဠာဂိရိ၊ နာဠာဂိရိဆင်တိုက်ကိုဆွဲရခြင်းလည်းကောင်း။
(၈) သတ္ထစ္ဆေဒေါ၊ ထားမြှင်း ခံရခြင်းလည်းကောင်း။
(၉) သီသဒုက္ခံ၊ ဦးခေါင်းတော် ကိုက်ခဲခံရခြင်းလည်းကောင်း။
(၁၀) ယဝခါဒနံ၊ မုယောဆွမ်းကို စားရခြင်းလည်းကောင်း။
(၁၁) ပိဋ္ဌဒုက္ခံ၊ ခါးတော်ကိုက်ခဲနာကျင်သည်ကို ခံရခြင်းလည်းကောင်း။
(၁၂) အတီသာရော၊ ဝမ်းသွေးတော်သွန်ရခြင်းလည်းကောင်း။

ကွမေ၊ ဤဆယ့်နှစ်ပါးတို့သည်။ အကုသလကာရဏာ၊ အကုသိုလ်ဟူသောအကြောင်း ရှိကုန်၏။ ဟု အပဒါန်အဋ္ဌကထာတွင် ဤတဆယ့်နှစ်ပါးကိုသာ ဝိပါက်တော်ပိုင်း၌လာသည်။

ပါဠိတော်တွင်လည်း ကူနစတ္တာလီသဝဂ်တွင် ဤတဆယ့်နှစ်ပါးကိုသာ ဂါထာအသီးသီးနှင့် အနုတတ်အိုင်နားတွင် ဟောတော်မူကြောင်းကို လာသည်။ ရေငတ်တော်မူကြောင်းကို ပါကောင်းလျက် မပါချေသော် နွားငယ်ဖြစ်သောကာလ အကုသိုလ်ကြောင့်ဆိုသောစကားသည် မခိုင်လွန်းသကဲ့သို့ ထင်သည်။

ရေငပ်တော်မူရသကဲ့သို့ ဝဋ်ဝိပါက်ကိုကြံသော် ပစ္စသာလပုဏ္ဏားရွာတွင် ဆွမ်းရပ်တော်မူသည်။ ဆွမ်းမမှီဝဲရ၊ ပလလည်းတောတွင် နေသောကာလ အခြံအရံ အနည်းပင် နေရတော့သည်။ ကောသမ္ဗီပြည်တွင်နေသော ကာလလည်း လူအများတို့ ဆဲရေးခြင်းကို ခံရတော့သည်။ ရှေးအကြောင်းတော် အကုသိုလ်ကံကို ကျမ်းဂန်တွင်မလာ၊ ထိုသို့ မလာသော်လည်း မည်သည့်ကံ ဝိပါက်ကြောင့်ဖြစ်သည်ဟူ၍ ကျမ်းဆရာတို့ မဆိုရှိတော့သည်။ မဆိုသောကြောင့်လည်း အထူးမကြံကြလေပြီ။ သင့်လျော်ရာကြံသော်ကား။

ကမ္မနာနာကရဏံ ပဋိစ္စ သတ္တနာနာကရဏံ ပညာယတိ လာဘော၊ အလာဘော၊ ယသော၊ အယသော၊ နိန္ဒာ၊ ပသံသာ၊ သုခံ၊ ဒုက္ခံ။

ဟူ၍ အင်္ဂုတ္တိရ် အဋ္ဌကနိပါတ်တွင် ဟောတော်မူသော အေနာတော်နှင့်အညီ လာဘ အလာဘ စသော လောကဓံတရားတို့သည် ကံကိုစွဲ၍ဖြစ်သည်ဟူ၍ ဆိုသည်ကိုထောက်သော် ကံတော်နှင့်ကား မကင်းဟူ၍ ယူရန်သော်ကား ရှိ၏။ အထူးကိုမူကား မဆိုမဖွင့်လေပြီ မှတ်သင့်သည်။

၁၄၆-ပုစ္ဆာ။ ။မြတ်စွာဘုရားကိုယ်တော်စား ဖြစ်သော ရုပ်တုတော် စေတီတော်ကို ပူဇော်ကိုးကွယ်လျှင် အကျိုး ရှိသည်ဖြစ်၍ ပြစ်မှား လိုသောစိတ်ဖြင့် ဖျက်ဆီးလျှင် စင်စစ်မကောင်းမှု ဖြစ်ရာသည်ဟု အနုရုဒ္ဓတိရေက လှန်၍ သိရာသည်ပင် ဖြစ်တော့သည်။ မကောင်းသည်ကိုပြင်ဆင်လို၍ ရိဟောင်းနွမ်းနယ်သော အင်္ဂတေကို ခွါချခြင်း၊ စေတီဟောင်းကို ပြင်ဆင်လို၍ ထီးကိုချခြင်း ကျောင်းသစ် ဇရပ်သစ် ဆောက်လို၍ ကျောင်းဟောင်း ဇရပ်ဟောင်းတို့ကို ဖျက်သောအရာတို့၌ အပြစ် မရှိသင့်ပါ။ သို့ကိုလျက် မဖျက်မဆီးကောင်း၊ မခွါချကောင်းဟုဆိုလေ့ပြုကြပါသည်။

သဏ္ဌာဇ် ၁၁၇၃-ခု၊ နတ်တော်လဆန်း ၁-ရက်၊ သောကြာနေ့၊ မုံရွာသိရိမာလာက လျှောက်လာရာတွင် ဖြေဆိုလိုက်သည်ကား–

၁၄၆-စိသဇ္ဈနာ။ ။စေတီ ဂူ ကျောင်း တန်ဆောင်း ဇရပ်တို့ကို ဖျက်ဆီး လိုသော စိတ်ဖြင့် ဖျက်ဆီးလျှင် အပြစ်ရှိမည် မရှိမည်ကို မေးရာ၌-

စေတီ ဂူ ကျောင်း တန်ဆောင်း ဇရပ်တို့ကို ဖျက်ဆီးသည်ဟူသည်ကား ပျက်စီး စေလိုသော ပဒုဋ္ဌစိတ်ဖြင့် ဖျက်ဆီးသည်လည်း ရှိရာသည်။ အသစ်ပြုပြင်လိုသောအနဝဇ္ဇစိတ်ဖြင့် ဖျက်ဆီးသည်လည်းရှိရာသည်၊ ထိုသို့ နှစ်ပါး ရှိသည်။ တရား နေရာရှာသည်ရှိသော် သာရသခေါပိဏ္ဍဿာဘား ဖြင့်ကား မသင့်သောအား ဖြင့် နှလုံးသွင်းခြင်း အယောနိသော မနသိကာရ၊ သင့်သောအား ဖြင့် နှလုံးသွင်းခြင်း ယောနိသော မနသိကာရဟူနှစ်ပါး။ ထိုနှစ်ပါးတို့တွင် အယောနိသောမနသိကာရဖြင့် ပြုခြင်း ဖျက်ခြင်းသည် ပဒုဋ္ဌစိတ်ဖြင့် ပြုချေသောကြောင့် အပြစ်မလွတ်၊ ယောနိသော မနသိကာရဖြင့် ပြုခြင်း ဖျက်ခြင်းသည် ပသန္နစိတ်ဖြင့် ပြုသောကြောင့် အပြစ်မရှိ၊ ထို့ကြောင့်-

မနသာ စေ ပဒုဋ္ဌေန၊ ဘာသတိ ဝါ ကရောတိ ဝါ။
တတော နံ ဒုက္ခမန္ဝေတိ၊ စက္ကံဝ ဝဟတော ပဒံ။ ဟူ၍လည်းကောင်း။

မနသာ စေ ပသန္နေန၊ ဘာသတိ ဝါ ကရောတိ ဝါ။
တတော နံ သုခမန္ဒေတိ၊ ဆာယာဝ အနုပါယိနီ။ ။ဟူ၍ လည်းကောင်း၊

ဟောတော်မူသော တရားတော်နှစ်ရပ်သည် ယခု မေးသမျှသော စကားအကျယ်၏ အကျဉ်း သာဓက လမ်းစုံ လမ်းဝ ဖြစ်တော့သည်။

ပဒုဋ္ဌစိတ်သို့ရောက်မည်၊ ပသန္နစိတ်သို့ ရောက်မည်ကိုသာ ဆင်ခြင်ရန်ရှိတော့သည်။ ပဒုဋ္ဌစိတ်ဖြင့် ပြုသမျှ သည်လည်း အလွန်ဝန်လေးခြေ၏။ အာနန္ဒရိယကံတွင် လောဟိတုပ္ပါဒက ကံနှင့်တူသည်ဟု ဟောတော်မူသည်။ ထို့ကြောင့် ပညာရှိတို့သည် ဖျက်ဆီးလိုသော စိတ်ဖြင့် အုတ်လွှာတစ်ထပ်၊ ဗျဉ်ချပ်တပြား ကိုမျှ မခွါမဖျက်ရာချေ။

ကဿပမြတ်စွာဘုရား ဂန္ဓကုဋိကို မီးတိုက်သောသူသည် အနှစ်ရှည်မြင့်စွာ အဝီစိငရဲ၌ခံရပြီးမှ မလွတ်နိုင်ခြေသေး၍ ယူဇနာငါးဆယ်ရှိသော မြွေကြီးပြိတ္တာ ဖြစ်ရချေသည်၊ ထိုမြွေကြီး၏ ခံတွင်းမှစ၍ တောက်လောင်သွားသော မီးလျှံသည် အူသိမ်အူမသို့ လျှောက်၍ အမြီးဖျားသို့ ရောက်မှ ထွက်လေ၏။ အမြီးဖျား မှစ၍ တောက်လောင်သော မီးလျှံသည် အူသိမ်အူမသို့ လျှောက်၍ ခံတွင်းဝသို့ရောက်မှ ထွက်လေ၏။ လက်ဝဲနံပါးမှစ၍ တောက်လောင်သော မီးလျှံသည် အူသိမ်အူမကိုဖြတ်၍ လက်ယာနံပါးမှ ထွက်လေ၏။ လက်ယာနံပါးမှစ၍ တောက်လောင်သော မီးလျှံသည် အူသိမ်အူမကိုဖြတ်၍ လက်ဝဲနံပါးမှ ထွက်လေ၏။ဤသို့ ဆင်းရဲကြီးစွာ ခံရလျက်နှင့်သာ ငါတို့ဘုရားသခင် လက်ထက်တော်တိုင်အောင်မှသော်လည်း မြွေ၏အဖြစ်မှ မလွတ်နိုင်ပဲပင် ရှိခဲ့သေး၏။

အရှင် ပစ္စေကဗုဒ္ဓါ ကျောင်းကို မီးတိုက်သော သူသည်လည်း ယခင် မြွေကြီး ကဲ့သို့ပင် ငရဲကြီးမှာ ခံခဲ့ပြီးမှ ယခုတိုင် နှစ်ဆယ့်ငါးယူဇနာ ရှိသော မြွေကြီး ပြိတ္တာဖြစ်၍ ရှိခဲ့သေးသည်။ ဤအကြောင်းတို့ကို ဓမ္မပဒကျမ်း၌ ဆိုသည်။

အသီတိ မဟာသာဝကအဝင် ဧတဒဂ်ရ လေးကျိပ်နှစ်ပါးအဝင် လူခစီဝရဓာရဏာ ဖြစ်သော အရှင်မောဃရာဇထေရ် အလောင်းသည် သံယိကဇရပ်ကို မီးတိုက်ခဲ့ဖူး၍ ရှည်လျားစွာသော ကာလပတ်လုံး ငရဲကြီး၌ ခံခဲ့ပြီးမှ ကံအကြွင်းဖြင့် လူ၌ဖြစ်သော်လည်း ဘဝငါးရာ အဂိါကြီးငယ် ချို့တဲ့သောအဖြစ်၊ ဘဝငါးရာ နူနာစွဲကပ်သော အဖြစ်၌သာလျှင် ဖြစ်ခဲ့သည်။ ပစ္ဆိမဘဝ၌လည်း မင်း မျိုး ၌ဖြစ်၍ မင်းပင်ဖြစ်ရပါသော်လည်း မင်း၏ ချမ်းသာမှ ကင်းခြင်းကြောင့် မောဃရာဇဟု တွင်လေသည်။ကိုယ့်အပြစ်ကိုမြင်၍ တောထွက်ပြီး လျှင် ဗာဝရိပုဏ္ဏားထံ တပည့်ခံ၍ ဘုရားသခင်ထံ ပြဿနာကို မေးလျှင် အရှင်မောဃရာဇထေရ် အလောင်းသည်

သုညတော လောကံ အဝေက္ခသု၊ မောဃရာဇ သဒ္ဓါ သတော၊
အတ္တာနုဒိဋ္ဌိ ဥဟစ္စ၊ ဧဝံ မစ္စုတရော သိယာ။
ဧဝံ လောကံ အဝေက္ခန္တံ မစ္စုရာဇာ န ပဿတိ။

ဟု ဟောတော်မူသည့်အဆုံး၌ နူနာကင်းလေ၏။ ရဟန္တာလည်း ဖြစ်လေ၏ဟု အပဒါန်စသော ကျမ်းတို့၌ ဆိုသည်။

သိန်းခိုက္ခါန်း၌ သိရိနာဂအမည်ရှိသော မင်းသည် အနုရာဓပြည်၌ မင်းပြုအံ့ဟုကြံ၍ ဥစ္စာရှာလေသော် ဒက္ခိဏာစေတီ၌ ဥစ္စာများ သောစကားကို ကြား၍ စေတီကိုဖျက်အံ့ဟု အစပ်အဆက်ကို

ရှာသော် အစပ်အဆက်ကို မသိ၍ မေးမြန်းလျှင် လောကဂဠိယရွာသား စဏ္ဍာလက မည်သော သူသည် သိ၏ဟု ဆိုကုန်ကြ၏၊ ခေါ်၍မေးသော် သိ၏ဟု ဆို၏။ သိသော် ဖျက်လော့ဟုဆို၏၊ အရှင်မင်းကြီး အကျွန်ုပ်ကား မဖျက်ဝံ့ဟု ဆို၏။ မင်းလည်း အသက်ရှင်စဉ် တံကျင်တင်လေဟု ဆို၏။ သား ခုနှစ်ယောက်တို့ကို ဖျက်စေသော်လည်း မဖျက်လို၊ မင်းသည် သား တို့ကိုလည်း တံကျင်တင်စေ၏။ နတ်တို့ကား ထိုသူတို့၏ ပုညသမ္ဘတ္တိကို ပြအံ့သောငှာ နတ်ပြည်မှရထားဖြင့် ခံလာ၍ ခပ်သိမ်းသောသူတို့ မြင်စဉ်ပင် တုသိတာနတ်ပြည်သို့ ဆောင်လေကုန်၏။ မင်းလည်း ထိုသူတို့ကိုနတ်တို့ ယူဆောင်လေသည်ကိုမြင်လျှင် ထိုစေတီကို မဖျက်မူ၍ အရှေ့မျက်နှာဂင်္ဂါနား၌ မမုဝိဋ္ဌယစေတီကို ဖျက်၍ ဥစ္စာကိုယူ၏။ ဥစ္စာပေး၍ မင်းအဖြစ်ကိုရလျှင် နောင်အခါ ဥစ္စာကို ရှုံးစု၍ စေတီ၌ထားပြန်၏။ မင်းကား သေလေသော် ငရဲကြီး၌ဖြစ်လေ၏ဟု သီဟဠဝတ္ထု၌ ဆိုသည်။

ကဿပမြတ်စွာဘုရား သာသနာတော်၌ ဥပုသ်အိမ်သို့ဝင်၍ သံဃိကဖြစ်သော အဖိုးများစွာ ထိုက်သော မြေအခင်း၌ ညစ်ညူးသောကိုယ်ဖြင့် အိပ်ခဲ့ဖူး၍ ငရဲကြီး၌ ခံခဲ့ပြီးမှ အပ်သွားနှင့်တူသော အမွေးရှိသော သူစိလောမဘီလူးဖြစ်၍ ငါတို့မြတ်စွာဘုရားလက်ထက်တော်တိုင် ရှိကြောင်းကို သုတ္တနိပါတ် အဋ္ဌကထာ၌ဆိုသည်။

သီရိခမ္မာသောကမင်းကြီး၏ မိဖုရားငယ် တိဿရက္ခာသည် ဗောဓိပင်ကို လိပ်ကျောက်ဆူးဖြင့် ထိုး၍သတ်စေသောကြောင့် အဝီစိငရဲ၌ ခံရကြောင်းကို မဟာဝင်္သ ဆိုသည်။ ထို့ကြောင့် ပညာရှိတို့သည် ဖျက်ဆီးချိုးဖဲ့ခြင်း သုံးဆောင်ခြင်းတို့၌ အလွန်နှလုံးသွင်း၍ ရှောင်ကြဉ်ရာသည်။

အရှင်ဗာကုလထေရ် အလောင်းသည် ရှေးအခါ ဟောင်းနွမ်းလေပြီးသော ကျောင်းဟောင်း ဇရပ်ဟောင်းတို့ကို ပြင်ဆင်လုပ်ခဲ့ဖူး၍ လူ့ဘုံကျင်လည်ခဲ့ပြီးမှ အဆုံးစွန်၌ ရဟန္တာဖြစ်၍ သက်တော် တစ်ရာ့ခြောက်ဆယ်ကျော် ရှည်တော်မူသည်ဟု အပဒါန်အဋ္ဌကထာထေရအဋ္ဌကထာ စသည်တို့၌ ဆိုသည်။

သိန်းခိုကျွန်း၌ ဝသဘမင်းသည် တစ်ဆယ့်နှစ်နှစ် မျှ နန်းစံရမည်ဖြစ်လျက် ကျောင်းဟောင်း ဇရပ်ဟောင်းတို့ကိုပြင်ဆင်လေ့ရှိသောကြောင့် နန်းသက် လေးဆယ့်လေးနှစ်စေ့စံနေရကြောင်းကို မဟာဝင်ကျမ်းတွင် ဆိုသည်။

အဟောင်းကိုဖျက်၍ အသစ်ပြုပြင်ခြင်း၌ အပြစ်လွတ်မည် မလွတ်မည်ကို မေးရာ၌။ ဝိနည်းမဟာဝါ အဋ္ဌကထာ (၃၃၂) တွင်—

> သီမံ နာမ ဒ္ဒိဟိ ကာရဏေဟိ သမ္ဘဟနန္တိ့ ပကတိယာ ခုဒ္ဒကံ ပုန အာဝါသ-ဝဃုနတ္ထာယ မဟတိ ဝါ ကာတုံ၊ ပကတိယာ မဟတိ ပုန အညေသံ ဝိဟာရေကာသ ဒါနတ္ထာယ ခုဒ္ဒကံ ဝါ ကာတုံ။

ဟူသောပါဠိနှင့်အညီ ပကတိအားဖြင့် ငယ်သောသိမ်ကိုတဖန်ကျောင်းရုပ်ကျယ်စွာ ပွားစေလို၍ လည်းကောင်း၊ သိမ်ကြီးစွာပြုလုပ်လို၍လည်းကောင်း နုတ်ခြင်းလည်းရှိသည်၊ ပကတိအားဖြင့် ရှေးသိမ်ကြီးစွာရှိသည်ကို တဖန် တပါးသောသူအား ကျောင်းရာကို ပေးအံ့သောငှာ နုတ်ခြင်းလည်း ရှိသည်ဟု သိမ်ဟောင်းကိုနုတ်ခြင်း အပြား နှစ်ပါး ရှိကြောင်းကို ပြသည်။ ယခုအခါ သိမ်သစ်သမုတ်လိုသော ရဟန်းတို့သည် သိမ်ဟောင်းမရှိသော်သာ မနုတ်ရသည်။

သိမ်ဟောင်းရှိသော် နုတ်ဖျက်ပြီးမှသာ သမုတ်ရာချေသည်။ အကယ်၍ အပြစ်ရှိချေသော် မနုတ်သင့်ဟုဆိုရာသည်။ နုတ်သင့်ရာသောကြောင့်သာ၊ အပြစ်မရှိ နုတ်ဝံ့ကြသည်ကို ထောက်၍ အဟောင်းကို အသစ်ပြုလိုသော် အဟောင်းကို ဖျက်ကောင်း၏ဟု အမြဲမှတ်ရာသည်။

ဝိယသိဿ ဘဂဝတော၊ ဗောဓိယာ ပါဒမူတ္တမေ။
ပုရာဏပုဋ္ဌိနံ ဟိတ္တာ၊ သုဒ္ဓပုဋ္ဌိနမာဂိရိ။
ဧကနဝုတိတော ကပ္ပေ၊ ယံ ပုဋ္ဌိနမဒါသဟံ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ပုဋ္ဌိနဒါနသိဒ်ဖလံ။
တိပညာသေ ကပ္ပတော ကပ္ပေ၊ ရာဇာ အာသိ ဇနာဓိဘူ။
မဟာပုဋ္ဌိနနာမေန၊ စက္ကဝတ္တီ မဟာဗလော။
ပဋိသမ္ဘိဒါ စတသ်ော၊ ဝိမောက္ခာပိ စ အဋ္ဌမေ။
ဆဠဘိညာ သစ္ဆိကတာ၊ ကတံ ဗုဒ္ဓသ သာသနံ။ (အပ၊ ၁။ ၈၇။)

ဟု သုဘူတိဝဂ် ပုဋ္ဌိနပူဇကတ္ထေရ အပဒါန်ပါဠိ။

စေတိယင်္ဂဏဗောဓိယင်္ဂဏေသု ပုရာဏဝါလုကံ အပနေတွာ နဝမုတ္တသဒိသံ ပဏ္ဏရံ ပုဋ္ဌိနံ သြကိရိတွာ မာလံ ကရိ။

ဂင်းအပဒါန်အဋ္ဌကထာတို့၌ ဝိပသ္သီမြတ်စွာဘုရား ဗောဓိပင် စေတီရင်ပြင်တို့၌ သဲဟောင်းကို စွန့်၍ အသစ်ဖြစ်သော သဲကိုကြဲ၏ဟု ဆိုသည်။ ဤကောင်းမှုကြောင့် ကိုးဆယ်တကမ္ပာပတ်လုံး ဒုဂ္ဂတိ၌ မဖြစ်ရ။ ငါးဆယ့်သုံးကမ္ပာထက်၌ မဟာပုဋ္ဌိနစကြာမင်းလည်း ဖြစ်ခဲ့ဖူး၏။ ယခုအခါလည်း ရဟန္တာဖြစ်၏ဟု ဆိုသည်။

အရှင်အာနန္ဒာလည်း မြတ်စွာဘုရား ဂန္ဓကုဋိ၌ ဟောင်းနွမ်းသွေ့ခြောက်လေပြီးသော ပန်းတို့ကို သုတ်သင်ရှင်းလင်း၍ ပစ်ကြောင်း အရှင်မဟာကဿပတို့လည်း ရာဇဂြိုဟ်ပြည်၌ တဆယ့်ရှစ်ရပ်သော ကျောင်းကြီးတို့၌ ကျိုးပဲ့ပျက်စီးသည်ကို အသစ်ပြုပြင်ကြောင်းတို့ကို ဝိနည်းစူဠဝါ ပါဠိတော်၌ ဆိုသည်။ ထို့ကြောင့်လျှင် အဟောင်းကိုဖျက်၍ အသစ်ပြုပြင်ခြင်း၌ အပြစ်မရှိဟု သိရသည် ဖြစ်တော့သည်။ သာဓကပါဠိကား-

အထ ယေ စ ပရိနိဗ္ဗုတေ တထာဂတေ စေတိယံ ဘိန္ဒန္တိ၊ ဗောဓိံ ဆိန္ဒန္တိ၊ ဓာတုမ်ိ ဥပက္ကမန္တိ၊ တေသံ ကိံ ဟောတီတိ။

ဘာရိယံ ကမ္မံ ဟောတိ၊ အာနန္တရိယသဒိသံ။ သဓာတုကံ ပန ထူပံ ဝါ ပဋိမံ ဝါ ဗာဓေန်ာ ဗောဓိသာခံ ဆိန္ဒိတုံ ဝဋ္ဋတိ။ သစေပိ တတ္ထ နိလီနာ သကုဏာ စေတိယေ ဝစ္စံ ပါတေန္တိ၊ ဆိန္ဒိတုံ ဝဋ္ဋတိယေဝ။ ပရိဘောဂစေတိယတော ဟိ သရီရစေတိယံ မဟန္တတရံ။ စေတိယဝတ္ထုံ ဘိန္ဒိတွာ ဂစ္ဆန္တံ ဗောဓိမူလမ်ိ ဆိန္ဒိတွာ ဟရိတုံ ဝဋ္ဋတိ။ ယာ ပန ဗောဓိသာခါ ဗောဓိယရံ ဗာဓေတိ၊ တံ ဂေဟရက္ခဏတ္ထံ ဆိန္ဒိတုံ န လဘတိ။ ဗောဓိအတ္ထံ ဟိ ဂေဟံ၊ န ဂေဟတ္ထာယ ဗောဓိ။ အာသနဃရေပိ ဧသေဝ နယော။ ယသ်ိံ ပန အာသနဃရေ ဓာတု နိဟိတာ ဟောတိ၊ တဿ ရက္ခဏတ္ထာယ ဗောဓိသာခံ ဆိန္ဒိတုံ ဝဋ္ဋတိ။ ဗောဓိဇဂ္ဂနတ္ထံ သြဇောဟရဏသာခံ ဝါ ပူတိဋ္ဌာနံ ဝါ ဆိန္ဒိတုံ ဝဋ္ဋတိ ယေဝ၊ ဘဂဝတော သရီရဝဋ္ဌိဇဂ္ဂနေ ဝိယ ပုညမ်ိ ဟောတိ။ (မ၊ ဋ္ဌ၊ ၄။ ၇၇)

အထ၊ ထိုမှတပါး။ ယေ၊ အကြင်သူထို့သည်။ တထာဂတေ၊ မြတ်စွာဘုရားသည်။ ပရိ-နိဗ္ဗုတေ၊ ပရိနိဗ္ဗာန်စံယူတော်မူသည်ရှိသော်။ စေတိယံ၊ စေတီကို။ ဘိန္ဒန္တိ၊ ဖျက်ကုန်၏။ ဗောဓိံ၊ ဗောဓိပင်ကို။ ဆိန္ဒန္တိ၊ ဖြတ်ကုန်၏။ ဓာတုမှိ၊ ဓာတ်တော်၌။ ဥပက္ကမန္တိ၊ ဖျက်ဆီး ခြင်းငှာ လုံ့လပြုကုန်၏။ တေသံ၊ ထိုသူတို့အား။ ကိံ ဟောတိ၊ အဘယ်သို့ဖြစ်သနည်း။ ကိတိအယံ၊ ဤသည်လျှင်။ ပုစ္ဆာ၊ အမေးတည်း။

ဘာရိယံ၊ ဝန်လေးစွာသော။ ကမ္မံ၊ ကံသည်။ ဟောတိ၊ ဖြစ်၏။ အာနန္တရိယသဒိသံ၊ အာနန္တရိယကံနှင့်တူ၏။ ပန၊ အထူးအားဖြင့်ကား။ သဓာတုကံ၊ ဓာတ်တော်ရှိသော။ ထူပံဝါ၊ စေတီကိုလည်းကောင်း။ ပဋိမံဝါ၊ ဆင်းတုကိုလည်းကောင်း။ ဘဓမာနံ၊ ဖျက်ဆီး သော။ ဗောဓိယာ၊ ဗောဓိပင်၏။ သာခံ၊ အခက်ကို။ ဆိန္ဒိတုံ၊ ဖြတ်ခြင်းငှာ၊ ဝဋ္ဋတိ၊ အပ်၏။ သစေပိ၊ အကယ်၍လည်း။ တတ္ထ၊ ထိုဗောဓိခက်၌။ နိလီနာ၊ နားကုန်သော။ သကုဏာ၊ ငှက်တို့သည်။ စေတိယေ၊ စေတီ၌။ ဝစ္စံ၊ ကျင်ကြီးကို။ ပါတေန္တိ၊ စွန့်ကုန်၏။ ဆိန္ဒိတုံ၊ ဖြတ်ခြင်းငှာ။ သဋ္ဌတိယေဝ၊ အပ်သည်သာလျှင်တည်း။ ပရိဘောဂစေတိယတော၊ ပရိဘောဂ စေတီထက်။ သရီရစေတိယံ၊ ဓာတ်တော်စေတီသည်။ မဟန္တတရံ၊ မြတ်၏။ စေတိယဝတ္ထုံ၊ စေတီခံသောပလ္လင်အုတ်ချပ်ကို။ ဘိန္ဒိတွာ၊ ခွဲ၍။ ဂစ္ဆန္တိ၊ သွားသော။ ဗောဓိမူလမ္ပိ၊ ဗောဓိ မြစ်ကိုလည်း။ ဆိန္ဒိတွာ၊ ဖြတ်၍။ ဟရိတုံ၊ ပယ်ခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။ ယာပန ဗောဓိသာခါ၊ အကြင်ဗောဓိခက်သည်ကား။ ဗောဓိယရံ၊ ဗောဓိပင်၌ ဇရပ်ကို။ ဘဓတိ၊ ဖျက်ဆီး၏။ တံ၊ ထိုဗောဓိခက်ကို။ ဂေဟရက္ခဏတ္ထံ၊ ဇရပ်ကိုမဖျက်စိမ့်သောငှာ။ ဆိန္ဒိတုံ၊ ဖြတ်ခြင်းငှာ။ နလဗ္ဘတိ။ မရ။ ဟိ၊ သင့်စွ။ ဗောဓိအတ္ထံ၊ ဗောဓိအကျိုးငှာ။ ဂေဟံ၊ ဇရပ်ကို။ ကတံ၊ ပြုအပ်၏။ ဂေဟတ္ထာယ၊ ဇရပ်အကျိုးငှာ၊ ဗောဓိံ၊ ဗောဓိပင်ကို။ နကတံ၊ မပြုအပ်။ အာသနယရေပိ၊ နေရာဇရပ်၌လည်း။ သေဝနယော၊ ဤနည်းပင်တည်း။ ယသ္မိံ ပန အာသနယရေ၊ အကြင်နေသောဇရပ်၌။ ဓာတုနိဟိတာ၊ ဓာတ်တော်ထားသည်။ ဟောတိ၊ ဖြစ်၏။ တဿ၊ ထိုဇရပ်ကို။ ရက္ခဏတ္ထာယ၊ မပျက်စိမ့်သောငှာ၊ ဗောဓိသာခံ၊ ဗောဓိခက်ကို။ ဆိန္ဒိတုံ၊ ဖြတ်ခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။ ဗောဓိဇဂ္ဃဏတ္ထံ၊ ဗောဓိပင်ကို သုတ်သင်အံ့သောငှာ၊ ဩဇော ဟရဏသာခံဝါ၊ စိုသောအဆင်ကိုလည်းကောင်း။ ပုတိဋ္ဌာနံဝါ၊ ဆွေးရိသော အရပ်ကိုလည်းကောင်း။ ဆိန္ဒိတုံ၊ ဖြတ်အံ့သောငှာ၊ ဝဋ္ဋတိ၊ အပ်၏။ သရီရပ္ပဋိဇဂ္ဂနေဝိယ၊ မြတ်စွာဘုရားကိုယ်တော်ကို သုတ်သင်ခြင်း၌ကဲ့သို့။ ပုညမ္ပိ၊ ကောင်းမှုသည်လည်း။ ဟောတိ၊ ဖြစ်၏။

ဟု အဂ်ိုတ္ထိရ် အဋ္ဌကထာ၊ သာရတ္ထသဂ်ဟ၊ သမ္မောဟဝိနောဒနီကျမ်းတို့၌ ပြစ်မှား လိုသောစိတ်နှင့် ဖျက်ဆီးသောသူအား အာနန္တရိယကံနှင့် တူသော အကုသိုလ်ကံ ဖြစ်ကြောင်း စသည်တို့ကို ဆိုသည်ဖြစ်၍ ပြစ်မှားလိုသောစိတ် ရှိသည် မရှိသည်သာလျှင် ပမာနဖြစ်၍ ဇရပ်ဟောင်း၊ ကျောင်းဟောင်း ဘုရားဟောင်းတို့ကို မဖျက်ကောင်းလေဟု ဆိုသောအရာ၌လည်း ပြစ်မှား ဖျက်ဆီးလိုသောစိတ်နှင့် ဖျက်ဆီးခြေလျှင် အာနန္တရိယကံနှင့် တူသော အကုသိုလ်ကံ မြောက်ရာ သောကြောင့် ဆိုသည်ဖြစ်၍ ကျမ်းဂန်နှင့်အညီပင် ဖြစ်သည်။

မကောင်းသည်ကို ပြင်ဆင်လို၍ ဟောင်းနွမ်းသော အင်္ဂတေတို့ကို ခွာချခြင်း၊ ထီးကိုချခြင်း၊ အသစ်ဆောက်လုပ်လို၍ ဟောင်းနွမ်းသော ကျောင်းဇရပ်တို့ကို ချခြင်း ဖျက်ခြင်း တို့ကို မေးရာ၌-

ဝေရစိတ္တဿ ဒေဝဒတ္တဿ ရုဟိရုပ္ပါဒကမ္ပံ အာနန္တရိယံ အဟောသိ၊ မေတ္တစိတ္တဿ-ဇီဝကဿ ဂဏ္ဍာဖာလနံ ပုညမေဝ အဟောသိ။

ဟု အကုသလပုဒ္ဓအပဒါန် အဖွင့်(အပ၊ ၎၁။၁၃၈။)၌ဆိုသည်။

ဝေရစိတ္တဿဒေဝဒတ္တဿ၊ ရန်ငြိုးဖွဲ့သော စိတ်ရှိသော ဒေဝဒတ်အား။ ရုဟိရုပ္ပါဒကမ္ပံ၊ သွေးစိမ်းတည်စေသောအမှုသည်။ အာနန္တရိက်၊ အာနန္တရိယကံသည်။ အဟောသိ၊ ဖြစ်၏။ မေတ္တစိတ္တဿ-ဇီဝကဿ၊ မေတ္တာစိတ်ဖြင့် ပြုပြင်ကုမသောဇီဝကအား။ ပုညမေဝ၊ ကောင်းမှုသည်သာလျှင်။ အဟောသိ၊ ဖြစ်ပြီ။

ဟု ဆိုသည်နှင့်အညီ ပြစ်မှား လိုသောစိတ်ရှိမှု မကောင်းမှုဖြစ်ရာသည်။ မေတ္တာ သဒ္ဓါ ပြဋ္ဌာန်းသော စိတ်ဖြင့် ပြုသောသူအား မကောင်းမှုမဖြစ်၊ ကောင်းမှုသာ ဧကန်ဖြစ်လေတော့သည်၊ ထိုနှင့် လျော်စွာ သာရတ္ထသင်္ဂဟကျမ်း၌လည်း။

ဇီဝကော ပန တထာဂတဿ ရုစိယာ သတ္ထကေန စမ္ဗံ ဆိန္ဒိတွာ တမှာ ဌာနာ လောဟိတံ နီဟရိတွာ ဖာသုကံ အကာသိ၊ တထာ ကရောန္တဿ ပုညကမ္မမေဝ ဟောတိ။

ဟု ဇီဝကသည် မြတ်စွာဘုရား၏ အလိုတော်နှင့်လျော်စွာ ဓားဖြင့်အရေတော်ကို ခွာ၍ ထိုအရပ်မှ ခဲသော သွေးကိုထုတ်၍ ချမ်းသာအောင်ပြု၏။ ထို့အတူ ကောင်းသောစိတ်ဖြင့် ပြုသောသူအား ကောင်းမှုသာလျှင်ဖြစ်၏ဟု ဆိုသည်ဖြစ်၍ အသစ်ပြုပြင်လို၍ မကောင်းသော သွေးကို ထုတ်ဘိသကဲ့သို့ မကောင်းသည်ကို ခွာခြင်း၊ ဖဲ့ခြင်း၊ ချခြင်းတို့၌ တစုံတခုမျှသော မကောင်းမှု မဖြစ်ဟူ၍ သန္နိဋ္ဌာန်ကျမှတ်အပ်၏။

၁၄၇-ပုစ္ဆာ။ ။သီဟိုဠ်ကျွန်း ထူပါရာမ စေတီတည်သောကာလ၊ ဆင်ကျောက်ကုန်းထက် ညှပ်ရိုးတော်ဓာတ်ကို ချသောအခါ ဆင်အချမခံ၍ ဆင်နှင့်အမျှမြေကို စုပုံပြီးမှ ဓာတ်တော်ကိုထင်ထားရသည်။ ယင်းသို့ဖြစ်၍ မြင့်ရာအရပ်သို့ ရောက်လေပြီးသော ထီးတော်အစရှိသည်တို့ကို အသစ်ပြုပြင်လိုသော်လည်း မချကောင်းဟု ထုံးသာဓက ဆောင်၍ ပြောဆိုကြပါသည်။ ဤအရာတို့ကိုလည်း ခွဲခြား၍ သိလိုပါသည်။

၁၄၇-ဝိသဇ္ဇနာ။ ။သီဟိုဠ်ကျွန်းတွင် ထူပါရုံ စေတီတည်သောကာလ၊ ဆင်ကျောက်ကုန်းထက်က ဓာတ်တော်ကို အချမခံ၍ မြေတောင်ဘို့မြင့်ပြီးမှချရသည်ဆိုသည်မှာ ထိုညှပ်ရိုးတော်ဓာတ်ကိုလည်း မြင့်သောအရပ်၌ ကိန်းဝပ်စေထိုက်သည်ဟု မြတ်စွာဘုရားကပင် အဓိဋ္ဌာန်တော်မူရင်းရှိသည်ဟု ယူရန်ရှိသည်၊ ဓာတ်တော်တို့မည်သည်ကား မြတ်စွာဘုရား အဓိဋ္ဌာန်တော်မူတိုင်းသာ ဖြစ်မြဲဖြစ်၍ ဆိုပေသည်။ မြင့်ရာ၌နေပြီးသော ဓာတ်တော်တို့ကို နိမ့်ရာသို့ မချကောင်း၊ မသက်စေကောင်း ဆိုရာမှာ ပဓာနမုချမဟုတ်လွန်း ထင်ပေသည်။ ဤညှပ်ရိုးတော်ဓာတ်သည်ပင် တဝတိံ သာသို့ ရောက်ပြီးမှ၊ တဖန် လူ့ပြည်သို့ တဖန် သုမနသာမဏေ ဆောင်ယူခဲ့၍ ရောက်သောအရာလည်း ရှိတော့သည်၊ မဟာဗောဓိဒက္ခိဏသာခါသည် ကောင်းကင်တိမ်တိုက်သို့ ရောက်ပြီးမှပင် လူ့ပြည်မြေတိုင်အောင် သက်၍ အစဉ်ရှည်ကြာ ရှိသည်ပင်ဖြစ်တော့သည်။ မြတ်စွာဘုရား ဓာတ်တော်စစ်ကို အဇာတသတ်မင်းနှင့် မဟာကဿပတို့ အတောင် ရှစ်ဆယ်

တူး၍ မြေဝယ် ဌာပနာတိုက်နှင့် ထားကြောင်းကိုလည်း ကျမ်းဂန်တို့၌ ဆိုတော့သည်ဖြစ်၍ မြင့်သောအရပ်၌ပင် သူတပါးတို့ ပူဇော်သက္ကာရ များလျှင်လည်း မြင့်သောအရပ်၌ပင် ထားအပ်တော့သည်။ သဇိဝဖြစ်တော်မူသော မြတ်စွာဘုရားသည်လည်း နတ်ပြည်ခြောက်ထပ်၊ ဗြဟ္မာ့ပြည်၌ မဖြစ်မူ၍ သတ္တဝါတို့ အကျိုးစီးပွား များမည်ကို မြင်တော်မူ၍ လူ့ပြည်၌ ပွင့်တော်မူသကဲ့သို့ နိမ့်သောအရပ်တွင် ပူဇော်သက္ကာရ များလျှင်လည်း နိမ့်သောအရပ်၌ပင် ထား၍ ပူဇော်အပ်တော့သည်။ မြင့်ရာသို့ရောက်ပြီးသော ထီးတော်ကို မချကောင်းဆိုရာမှာလည်း ပြစ်မှား ဖျက်ဆီးလိုသော စိတ်ရှိ၍သာ မချကောင်းမချအပ်။ မကောင်းသည်ကို ပြင်လိုသော်ကား မြတ်စွာဘုရား ကိုယ်တော်ကိုပင် ဇိဝကခေးဖြင့် မွှင်း၍ အသစ်ပြုပြင်လျှင် ကောင်းမှုသာ ဖြစ်ကြောင်းကို ယခင် ပါဠိပဒတို့ဖြင့် ပြခဲ့ပြီးသောနည်းကိုသာ ယူအပ်တော့သည်။

ထူပါရုံတည်လိုသောကြောင့် ညွှပ်နှိုးတော်မာတ်ကို စူဠာမဏိစေတီကိုဖွင့်၍ သိကြားမင်းသည် ယူတော့သည်။ သီဟိုဠ်ကျွန်းမှာ စိုက်လိုသောကြောင့် မဟာဗောဓိပင်မှ တောင်ကိုင်းကို ဓမ္မာသောကမင်း ဖြတ်ယူတော့သည်။ စေတီ ရှစ်သောင်းလေထောင် တည်လိုသောကြောင့် အဇာတသတ်မင်း ထားသောတိုက်ကို ဓမ္မာသောကမင်း ဖောက်၍ မာတ်တော်ကို ယူတော့သည် အပြစ်ရှိသည်ဟူ၍ ကျမ်းဂန်က မဆို မလာ။

မဖောက်မပြန် မှန်သော သဘောရှိသော သူတော်ကောင်း တရားတည်းဟူသော ဓမ္မ၌ အပြစ်မရှိဟု ဆိုသည်ကို အပြစ်ရှိ၏ဟု ယူပြန်ချေသော် စတုဝေသာရဇ္ဇ ဉာဏ်တော်၊အနာဝရဏဉာဏ်တော်တို့ကို ကန့်ဆီး၍ ပိတ်ပင်ရာရောက်ချေသောကြောင့် မဖောက်မပြန် တရားဓမလာတိုင်းကိုသာ မှတ်ယူသင့်သည်။

၁၄၈-ပုစ္ဆာ။ ။အသီတိရှစ်ကျိပ်တို့၏ အမည်ကိုလည်း စေ့စေ့စုံစုံ သိလိုပါသည်။

၁၄၈-ဝိသဇ္ဇနာ။ ။အသီတိမဟာသာဝကတို့၏ အမည်နာမတို့ကို သိလိုပါသည်ဟူရာ၌-

အသီတိ မဟာဝကာတိ။

(၁) အညာသိကောဏ္ဍညော။
(၂) ဝပ္ပေါ။
(၃) ဘဒ္ဒိယော။
(၄) မဟာနာမော။
(၅) အဿဇိ။
(၆) နာဠကော။
(၇) ယသော။
(၈) ဝိမလော။
(၉) သုဗာဟု။
(၁၀) ပုဏ္ဏဇိ (၁-ကျိပ်)

(၁) ဂဝမ္ပတိ။
(၂) ဥရုဝေလကာဿပေါ။
(၃) နဒီကဿပေါ။
(၄) ဂယာကဿပေါ။
(၅) သာရိပုတ္တော။
(၆) မဟာမောဂ္ဂလ္လာနော။
(၇) မဟာကဿပေါ။
(၈) မဟာကစ္စာနော။
(၉) မဟာကောဋ္ဌိကော။
(၁၀) မဟာကပ္ပိနော။ (၂-ကျိပ်)။

(၁) မဟာစုန္ဒော။
(၂) အနုရုဒ္ဓေါ။
(၃) ကင်္ခါရေဝတော။
(၄) အာနန္ဒော။
(၅) နန္ဒကော။
(၆) ဘဂု။
(၇) နန္ဒိယော။
(၈) ကိမိလော။
(၉) ဘဒ္ဒိယော။ (၃-ကျိပ်)။
(၁၀) ရာဟုလော။

(၁) သီဝလိ။
(၂) ဥပါလိ။
(၃) ဒတ္တော။
(၄) ဥပသေနော။
(၅) ခဒိရဝနိယရေဝတော။
(၆) ပုဏ္ဏောမန္တာနိပုတ္တော။
(၇) ပုဏ္ဏောသုနာပရန္တကော။
(၈) သောဏောကုဋိကဏ္ဏော။
(၉) သောဏောကောဋိဝိသော။
(၁၀) ရာဓော။ (၄-ကျိပ်)။

(၁) သုဘူတိ။
(၂) အင်္ဂုလိမာလော။
(၃) ဝက္ကလိ။
(၄) ကာလုဒါယိ။
(၅) မဟာဥဒါယိ။

(၆) ပိလိန္ဒဝစ္ဆော။
(၇) သောဘိတော။
(၈) ကုမာရကဿပေါ။
(၉) ရဋ္ဌပါလော။
(၁၀) ဝဂ္ဂီသော။ (၅-ကျိပ်)။

(၁) သဘိယော။
(၂) သေလော။
(၃) ဥပဝါဏော။
(၄) မေဃိယော။
(၅) သာဂတော။
(၆) နာဂိတော။
(၇) လကုဏ္ဍကဘဒ္ဒိယော။
(၈) ပိဏ္ဍောလောဘာရဒ္ဒါဇော။
(၉) မဟာပန္ထကော။
(၁၀) စူဠပန္ထကော။ (၆-ကျိပ်)။

(၁) ဗာကုလော။
(၂) ကုဏ္ဍဓာနော။
(၃) ဒါရုစီရိယော။
(၄) ယသောဇော။
(၅) အဇိတော။
(၆) တိဿမေတ္တေယျော။
(၇) ပုဏ္ဏကော။
(၈) မေတ္တဂူ။
(၉) ဓောတကော။
(၁၀) ဥပသီဝေါ။ (၇-ကျိပ်)။

(၁) နန္ဒော။
(၂) ဟေမကော။
(၃) တောဒေယျော။
(၄) ကပ္ပေါ။
(၅) စတုကဏ္ဏီ။
(၆) ဘဒြာဝုဓော။
(၇) ဥဒယော။
(၈) ပေါသလော။
(၉) မောဃရာဇော။
(၁၀) ပိင်္ဂိယော။ (၈-ကျိပ်)။

တိ ဧတေ အသီတိမဟာသာဝကာ နာမ၊

ကသ္မာပနေတေ ဧဝ ဝေရာ“ မဟာသာဝကာ”တိ ဝုစ္စန္တိတိ? အဘိနီဟာရဿမဟန္တဘာဝ-တော။ကထာ ဟိဒ္ဒေ အဂ္ဂသာဝကာပိ မဟာသာဝကေသု အန္တောဂဓာ၊ တေ ဟိ သာဝက-ပါရမိဉာဏဿမတ္ထကပတ္တိယာ သာဝကေသု အဂ္ဂမ္ဘာဓိဂမေန အဂ္ဂဌာနေ ဌိတာပိ အဘိနီဟာရမဟန္တတာသာမညေန“မဟာသာဝကာ” တိ ပိ ဝုစ္စန္တိ။ ။

ဟု အဂ်ုတ္တိရ်ဋီကာကြီး၊ တိကနိပါတ်အဖွင့်(အံ၊ ဋီ၊ ၂။၁၃၂) တွင် လာသည်။

ဇာတ်ဋီကာတွင်လည်း

အသီတိ မဟာထေရာနန္တိ ကောဏ္ဍညော၊ ဘဒ္ဒိယော၊ ဝပ္ပေါ၊ မဟာနာမော၊ အဿဇိ။ စသည် ဖြင့်လာသည်။ ထိုဋီကာပါဠိတို့၌ လက်ဝဲမည်မျှ လက်ယာမည်မျှဟု ရေတွက်ပိုင်းခြား၍မလာ ရှစ်ကျိပ်သာ မဟာသာဝကဖြစ်ကြောင်းကို အဂ်ုတ္တိရ် ဋီကာက လာသည်။ ရှစ်ကျိပ်သာ မဟာထေရ် ဖြစ်ကြောင်းကို ဇာတ်ဋီကာက လာသည်။ ဝိသေသခွဲ၍ လက်ယာနေ လေးကျိပ် လက်ဝဲနေ လေးကျိပ်ဟူ၍မလာ ယင်းသို့မလာခြားသော်လည်း ဆရာအဆက်ဆက်တို့ထုတ်နုတ်၍ ဂါထာ ဗန္ဓဖွဲ့လျက် ထားကြလေသည်ဖြစ်၍လည်းကောင်း၊ ဇာတ်နိပါတ်ရေးထုံးရေးပုံ ဌာပနာသွင်းထုံး၊ ကျေဉက်စာဟောင်းများမှာ ခွဲဝေလျက်ရှိသောကြောင့်လည်းကောင်း လက်ယာ၊ လက်ဝဲခွဲ၍သာ သင်္ခေပအဓိပ္ပာယ် ကောက်ပေအံ့။

လက်ယာတော်ကာ

(၁) အရှင်သာရိပုတြာ။
(၂) ကောဏ္ဍညထေရ်။
(၃) ဝပ္ပထေရ်။
(၄) ဘဒ္ဒိယထေရ်
(၅) မဟာနာမထေရ်။
(၆) အဿဇိထေရ်။
(၇) နာလကထေရ်။
(၈) ယသထေရ်။
(၉) ဝိမလထေရ်။
(၁၀) သုဗာဟုထေရ်။ (၁-ကျိပ်)။

(၁) ပုဏ္ဏဇိထေရ်။
(၂) ဂဝမ္ပတိထေရ်။
(၃) ဥရုဝေလကဿပထေရ်။
(၄) နဒီကဿပထေရ်။
(၅) ဂယာကဿပထေရ်။
(၆) မဟာကဿပထေရ်။
(၇) မဟာကစ္စာယနထေရ်။
(၈) မဟာကောဋ္ဌိကထေရ်။

(၉) မဟာကပ္ပိနထေရ်။
(၁၀) မဟာစုန္ဒထေရ်။ (၂-ကျိပ်)။

(၁) ဥပါလိထေရ်။
(၂) အနုရုဒ္ဓါထေရ်။
(၃) ကင်္ခါရေဝတထေရ်။
(၄) အာနန္ဒာထေရ်။
(၅) နန္ဒိကထေရ်။
(၆) ဘဂုလထေရ်။
(၇) နန္ဒိယထေရ်။
(၈) ကိမိလထေရ်။
(၉) ဘဒ္ဒိယထေရ်။
(၁၀) ရာဟုလထေရ်။ (၃-ကျိပ်)။

(၁) သီပိလိထေရ်။
(၂) ဒဗ္ဗထေရ်။
(၃) ဥပသေနထေရ်။
(၄) ခဒိရဝနရေဝတထေရ်။
(၅) မန္တာနိပုတ္တပုဏ္ဏထေရ်။
(၆) သုနာပရန္တပုဏ္ဏထေရ်။
(၇) ကုဋိကဏ္ဏသောဏထေရ်။
(၈) ကောဋိဝိသသောဏထေရ်။
(၉) ရာဓထေရ်။
(၁၀) သုဘူတိထေရ်။ (၄-ကျိပ်)။

ဤတွင်ရွှေကား လက်ယာတော်နေ လေးကျိပ်တည်း။

လက်ဝဲတော်က

(၁) အရှင်မောဂ္ဂလာန်ထေရ်။
(၂) အဂ်ိုလိမာလထေရ်။
(၃) ဝက္ကလိထေရ်။
(၄) ကာလုဒါယီထေရ်။
(၅) မဟာဥဒါယီထေရ်။
(၆) ပိလိန္ဒဝစ္ဆထေရ်။
(၇) သောဘိတထေရ်။
(၈) ကုမာရကဿပထေရ်။
(၉) ရဋ္ဌပါလထေရ်။
(၁၀) ဝင်္ဂီသထေရ်။ (၁-ကျိပ်)။

(၁) သဘီယထေရ်။
(၂) သေလထေရ်။
(၃) ဥပါဝါဏထေရ်။
(၄) မေဃိယထေရ်။
(၅) သာဂတထေရ်။
(၆) နာဂိတထေရ်။
(၇) လကုဏ္ဍကဘဒ္ဒိယထေရ်။
(၈) ပိဏ္ဍောလဘာရဒ္ဒါဇထေရ်။
(၉) မဟာပန္ထကထေရ်။
(၁၀) စူဠပန္ထကထေရ်။ (၂-ကျိပ်)။

(၁) ဗာကုလထေရ်။
(၂) ကုဏ္ဍဓာနထေရ်။
(၃) ဒါရုစီရိယထေရ်။
(၄) ယသောဇထေရ်။
(၅) အဇိတထေရ်။
(၆) တိဿမေတ္တေယျထေရ်။
(၇) ပုဏ္ဏကထေရ်။
(၈) မေတ္တဂုထေရ်။
(၉) ဓောတကထေရ်။
(၁၀) ဥပသီဝထေရ်။ (၃-ကျိပ်)။

(၁) နန္ဒထေရ်။
(၂) ဟေမကထေရ်။
(၃) တောဒေယျထေရ်။
(၄) ကပ္ပထေရ်။
(၅) စတုကဏ္ဏိကထေရ်။
(၆) ဘဒြာဝုဓထေရ်။
(၇) ဥဒယထေရ်။
(၈) ပေါသာလထေရ်။
(၉) မောဃရာဇထေရ်။
(၁၀) သံကိစ္စထေရ်။ (၄-ကျိပ်)။

ဤတွင်ရွှေကား လက်ဝဲတော်နေ လေးကျိပ်တည်း။

ဤသို့လျှင် လက်ယာတော်နေလေးကျိပ်၊ လက်ဝဲတော်နေလေးကျိပ်ကို ပေါင်း၍ ရှစ်ကျိပ် ဆိုသည်။ အင်္ဂုတ္တိရ်ဋ္ဌကာထွက်နှင့် ဇာတ်ဋ္ဌကာထွက်ကို တိုက်ဆိုင်သော် အချို့အချို့ နေရာတွင် မညီကြ၊ ကွဲလွဲ၍ ရှိကြသည်။

ဤတွင်ရွှေ့ အသီတိရှစ်ကျိပ်ကား ပြီး၏။

၁၄၉- ပဏ္ဍာ။ ။တစ်ဦးသော ပုဂ္ဂိုလ်ကို ရည်မှတ်၍ထားသော လျှူရန် ဝတ္ထုကို တစ်ဦးသော ပုဂ္ဂိုလ်သို့ မပြောင်းကောင်းဆိုသည်မှာ သင့်ပါစေတော့၊ စေတီတဆူကို ရည်မှတ်ပြီးသော လျှူရန်ဝတ္ထုကို တစ်ဆူသောစေတီသို့ ပြောင်း၍ မလျှူကောင်းဟု ဆိုသည်မှာ ဘုရားသခင် တစ်ဆူတည်း၏ ဓာတ်တော် ဖြစ်ပါသည်၊ ပြောင်းသင့်ကောင်းပါ၏ဟု ထင်ပါသည်။ မပြောင်းသင့်ကြောင်း လည်း အဘယ်ကြောင့် မပြောင်းသင့်သည်ကိုလည်း သိလိုပါသည်။

၁၄၉- ဝိသဇ္ဇနာ။ ။တဦးသော ပုဂ္ဂိုလ်ကို ရည်မှတ်၍ထားသော လျှူရန်ဝတ္ထုကို တစ်ဦးသို့ မပြောင်းကောင်း ဆိုသည်မှာ သင့်ပါစေတော့။ စေတီတဆူကို ရည်မှတ်၍ထားသော လျှူရန်ဝတ္ထုကို စေတီတစ်ဆူသို့ မပြောင်းကောင်း ဆိုသည်မှာ ဘုရားတစ်ဆူတည်း၏ ဓာတ်တော် ချည်းသာ ဖြစ်ပါသည်။ ပြောင်းသင့်ကောင်းပါ၏ ထင်ပါသည်၊ အဘယ်ကြောင့် မပြောင်းသင့်မည်ကို သိလိုပါသည်ဟူရာ၌-

ပုဂ္ဂိုလ်ဖြစ်စေ၊ သံဃာဖြစ်စေ၊ စေတီဖြစ်စေ၊ ပြောင်း၍မလျှူသင့်ကြောင်းကို အတူတူပင် ဟောတော်မူခဲ့သည်။

နဝ အဓမ္မိကကနိဒါနာနီတိ။ သံဃဿ ပရိဏာတံ အညဿ သံဃဿ ဝါ စေတိယဿ ဝါ ပုဂ္ဂလဿ ဝါ ပရိဏာမေတိ။

စေတိယဿ ပရိဏာတံ အညစေတိယဿ ဝါ သံဃဿ ဝါ ပုဂ္ဂလဿ ဝါ ပရိဏာမေတိ။

ပုဂ္ဂလဿ ပရိဏာတံ အညပုဂ္ဂလဿ ဝါ စေတိယဿ ဝါ သံဃဿ ဝါ ပရိဏာမေတိတိ ဧဝံ ဝုတ္တာနိ။

ဟု ပရိဝါပါဠိတော်၊ အဋ္ဌကထာ(ဝိ၊ ဋ္ဌ။၄။၁၈၁။)တို့၌လာသည်။

အဓိပ္ပာယ်ကား။ ။မတရားသဖြင့် လျှုအပ်ကုန်သော အလျှူတို့သည် ကိုးပါး အပြားရှိကုန်၏။ ထိုကိုးပါးတို့တွင် သံဃာအား ရည်မှတ် ညွှတ်ပြတ်လေပြီးသော လာဘ်ကို တပါးသော သံဃာအား လည်းကောင်း၊ စေတီအားလည်းကောင်း၊ ပုဂ္ဂိုလ်အားလည်းကောင်း ညွှတ်လေ၏။

စေတီတဆူအား ညွှတ်လေပြီးသော လာဘ်ကို တပါးသော စေတီအားလည်းကောင်း သံဃာအားလည်းကောင်း၊ ပုဂ္ဂိုလ်အားလည်းကောင်း ညွှတ်လေ၏။

ပုဂ္ဂိုလ်အား ညွှတ်လေပြီးသော လာဘ်ကို တပါးသော ပုဂ္ဂိုလ်အားလည်းကောင်း၊ သံဃာအားလည်းကောင်း၊ စေတီအားလည်းကောင်း ညွှတ်လေ၏။

ဤကိုးပါးတို့ကို အဓမ္မိကဒါနဟူ၍ ဟောတော်မူသည်၊ ထိုသို့ ဟောတော်မူသောကြောင့် စေတီချင်းပင် ဖြစ်သော်လည်း တဆူသောစေတီကို ရည်မှတ်ပြီးသောလာဘ်ကို တဆူသော စေတီသို့ မပြောင်းအပ်ဟူ၍ မှတ်အပ်၏။

ဓာတ်တော်တို့သည်ကား ဘုရားတဆူတည်း၏ ဓာတ်တော်ချည်းပင် ဖြစ်ပါသည်။ ပြောင်းသင့်ကောင်းပါ၏၊ ဟူရာ၌လည်း ——

သက်တော်ရှည်သော ဘုရားသခင်တို့၏ ဓာတ်တော်တို့ကား တလုံးတခဲတည်း၊ တဆူတည်းသာ ဖြစ်စိမ့်သောငှာ အဓိဋ္ဌာန်တော်မူသည်နှင့်အညီ တဆူတည်းသော ကြွင်းရစ်တည်ရစ်သည်။ ငါတို့ဘုရားသခင်မှာမူကား သက်တော်တိုသောကြောင့် အဆူများစွာ တည်ရစ်စိမ့်သောငှာ အဓိဋ္ဌာန်တော်မူသည်နှင့်အညီ အဆူများစွာ ကြွင်းရစ် တည်ရစ်လေသည်။

ထိုသို့ကြွင်းရစ် တည်ရစ်သော အဆူဆူသော ဓာတ်တော်တို့သည် အဆူဆူသော ဘုရားနှင့် တူလေသည်ဖြစ်၍ အဆူဆူသော စေတီပင်ဖြစ်လေသည်။ ထို့ကြောင့် သက်တော်ရှိသော ဘုရားသခင်က တဆူတည်းမှန်သော်လည်း ဓာတ်တော်ဖြစ်သောကာလ အဆူများစွာဖြစ်လေသည်။ထို့ကြောင့် "စေတီယသ ပရိဏာတံ အညသ စေတီယသ"ဟု ဟောတော်မူသည်။

ပရိယတ္တိတရားတော် ဟောတော်မူရင်း ဘုရားတဆူသာဖြစ်လျက် ဒေသနာ၊ သာသနာကထာ၊ ပိဋကတ်အားဖြင့် ခွဲသောကာလ သုံးပါးပြားလေသည်။ ထိုသုံးပါးတို့တွင်-

> ဝိနယော ဝါ အန္တရဓာယတု၊ ကွမေ ဘိက္ခူ ဝါ အပ္ပကတညူ ဟောန္တူတိ ဥပသမ္ပန္နသ ဝိဝဏ္ဏေတိ အာဟတ္တိ ပါစိတ္တိယသ။ဟူ၍ ဝိနည်းကိုကဲ့ရဲ့ခြင်း၌ ပါစိတ်။

အညံမ္မံ ဝိဝဏ္ဏေတိ၊ အာဟတ္တိ ဒုက္ကဋသ။ ဟု သုတ္တန်အဘိဓမ္မာကိုကဲ့ရဲခြင်း၌ ဒုက္ကဋ်ဟူ၍ အပြစ်နို့မ်ိုမြင့် ရှိရပြန်ဆော့သည်။ မရှိသင့်ပြီ။ ဟောတော်မူသော ဘုရားသခင် တဆူတည်းပင်တကားဟု မဆိုရသကဲ့သို့ စေတီကွဲပြားလေသောကြောင့် တဆူသော စေတီညွတ်လေပြီးသောလာဘ်ကို ထိုစေတီကို ဖျက်ဆီး၍ တဆူသောစေတီသို့ ပြောင်းစေခြင်းသည် မသင့်ဟူ၍သာ မှတ်အပ်၏။

ရဟန်းတို့ကို ပညတ်ရာ၌လည်း-

> သံယသ ပရိဏာတံ အညသံယသ ဝါ စေတိယသ ဝါ ပရိဏာမေတိ အာဟတ္တိ ဒုက္ကဋသ။ စေတိယသ ပရိဏာတံ အညစေတိယသ ဝါ သံယသ ဝါ ပုဂ္ဂလသ ဝါ ပရိဏာမေတိ အာဟတ္တိ ဒုက္ကဋသ။ပုဂ္ဂလသ ပရိဏာတံ အညပုဂ္ဂလသ ဝါ သံယသ ဝါ စေတိယသ ဝါ ပရိဏာမေတိ အာဟတ္တိ ဒုက္ကဋသ။

ဟု သံယာသို့ ညွတ်လေပြီးသော လာဘ်ကို တပါးသော သံယာ၊ စေတီသို့။စေတီသို့ညွတ်လေပြီးသော လာဘ်ကို တပါးသော စေတီ၊ သံယာ၊ ပုဂ္ဂိုလ်သို့။ပုဂ္ဂိုလ်သို့ညွတ်လေပြီးသော လာဘ်ကို တပါးသော ပုဂ္ဂိုလ်၊ သံယာ၊ စေတီသို့ မညွတ်အပ်ဟု ပါစိတ်ဝိဘင်္ဂတော်(၂၀၄)တွင်လာသည်။

စေတီတဆူကိုရည်၍ စိုက်အပ်သောပန်းပင်မှ ပွင့်သောပန်းကိုလည်း စေတီတဆူမှာ မလှူအပ်ချေ။

ထို့ကြောင့်ပါရာဇိကဏ်အဋ္ဌကထာ(၂။၃၁၂။)၌-

> စေတိယသ ပရိဏာန္တိ တ္ထ နိယမေတွာ အည စေတိယ သဏ္ဌာဃ ရောပိတ မာလာဝစ္ဆတော အညစေတိယမ္ပိ ပူဇမ္ပိ အာရောပိတုံ န ဝဋ္ဋတိ။ ။ဟုလာသည်။

စေတီတဆူသို့ ညွှတ်လေပြီးသည်ကို စေတီတဆူသို့ ပြောင်းသည်ကို မဆိုလင့်ဦး၊ အယုတ်သဖြင့် ခွေးတခုသို့ ညွှတ်လေပြီးသော လာဘ်ကို ဤခွေးအား မပေးလင့် တပါးသောခွေးကို ပေးဘိလော့ဟူ၍မျှ မဆိုအပ်ချေဟု ဝိနည်း ပါရာဇိကဏ်အဋ္ဌကထာ (၂။၃၁၂။)၌——

အန္တမသော သုနခဿာပိ ပရိဏတော "ဣမသ္မာသုနခဿမာ ဒေဟိ၊ ဧတဿ ဒေဟီ"တိ ဧဝံ အညပုဂ္ဂလဿ ပရိဏာမေတိ ဒုက္ကဋံ။ ဟု လာသည်။

ဤအရာ၌ မတင်အပ်ဟူသည်ကား ညွှတ်လေပြီးသည်ကို မတင်ခင် မတင်ဦးပဲ စေတီတဆူသို့ ပြောင်းလွဲ၍ လှူသည်ကိုသာဆိုသည်။ တင်လှူပြီးသောပန်းကို ကောက်ယူ၍ တပါးသောစေတီ၌ တင်လှူပူဇော်ခြင်းငှာကား အပ်၏။

ထို့ကြောင့် သာရတ္ထဒီပနီဋီကာ၌-

ပုပ္ဖမိဗွိ ရောပိတံ နု ဝဋ္ဋတီတိ ဣဒံ ပရိဏတော သန္ဓာယ ဝုတ္တံ။ သစေ ပန ကေသို့ ဆေတိယေ ပူဇိတပုပ္ဖံ ဂဟေတွာ အညသို့ စေတိယေ ပူဇေတုံ ဝဋ္ဋတိ။ ဟု ဆိုသည်။

ပါရာဇိကဏ် အဋ္ဌကထာ(၂။၃၁၂။)၌ကား-

ကေသ စေတိယဿ ပန ဆတ္တံ ဝါ ပဋာကံ ဝါ အာရောပိတံ ဌိတံ ဒိသွာ သေသံ အညဿ စေတိယဿ ဒါပေတုံ ဝဋ္ဋတိ။ ဟု လာသည်။

တဆူသောစေတီ၏ ထီးကိုလည်းကောင်း၊ တံခွန်ကိုလည်းကောင်း၊ တင်လှူသည်ကိုမြင်၍ တင်လှူပြီးမှ ကောက်ယူပြီးလျှင် တပါးသောစေတီအား တင်လှူခြင်းငှာအပ်၏ဟု ဆိုသည်။ ဤပါဠိ၌ "သေသကံ ဂဟေတွာ"ကို တင်ထားပြီးမှ တဖန် ကောက်ယူအပ်၏ဟု အဓိပ္ပာယ်ဆိုကြ၏၊ အချို့ဆရာတို့လည်း တင်လှူပြီး၍ အကြွင်းအကျန်ကိုသာ တပါးသောစေတီမှာ လှူကောင်း၏ဟူ၍လည်း ယူကြ၏။

စေတီတဆူ၌ရည်၍ စိုက်သော ပန်းသစ်ပင်မှ ပွင့်သောပန်းသည် မဆွတ်သေး၊ ညှိုးနွမ်းလေပြီးသည်ရှိသော် ဆွတ်၍ တပါးသောစေတီ၌ တင်လှူခြင်းငှာ အပ်၏။

ထို့ကြောင့် ဝိမတိ၌-

ရောပိတမာလာဝစ္ဆတောတိ ကေနစိ နိယမေတွာ ရောပိတံ သန္ဓာယ ဝုတ္တံ အနောစိတံ မိလာယနံ ဩစိနိတွာ ယတ္ထ ကတ္ထစိ ပူဇေတုံ ဝဋ္ဋတိ။ ဟုဆိုသည်။

ဤစကားကိုထောက်ထား၍ စေတီတဆူသို့ ညွှတ်လေပြီးသည်ကို စေတီတဆူသို့မပြောင်းသင့်ကြောင်းကို သန္နိဋ္ဌာန်ကျ မှတ်အပ်၏။ ကိုယ်နှင့်လည်း စပ်ဆိုင်၏။ သူတဦးကိုလည်း လှူလေ၏၊ စပ်ဆိုင်ရင်း ပုဂ္ဂိုလ်ကား အမျက်ထွက်၍ မလုယူအပ်။ ဘုရားလောင်းကုသမင်းသားကဲ့သို့ ရှိရာပေ၏။ သတ္တနိပါတ် ကုဏဇာတ်၌ "ကုဒ္ဒါ ဟုတွာ ပတ္တတော ပူဝံ ဂဏှိ"ဟူ၍လည်းကောင်း၊ "တတ္ထ သယံ သော ကုဒ္ဒါ ဂန္တွာ ပူဝံ ဂဏှိ။ တဿ ပုဗ္ဗကမ္မဿ ဝသေန ဝိရူပေါ အဟောသိ" ဟူ၍လည်းကောင်း ဟောတော်မူသော ပါဠိတော်ကို သတိပြုဘွန်းခြင်းနှင့် တကွ နှလုံးသွင်းကြကုန်ရာ၏။

၁၅၁-ပုစ္ဆာ။ ။တဦးသောပုဂ္ဂိုလ်ကို ရည်မှတ်သော လှူရန်ဝတ္ထုကို ထိုရည်မှတ်ရင်း ပုဂ္ဂိုလ် ထင်ရှား မရှိပြီဖြစ်၍ ပုဂ္ဂိုလ်တဦးသို့ ပြောင်း၍လှူသော်လှူသင့်မည် မလှူသင့်မည်ကိုလည်း သိလိုပါသည် ဆရာတော်ဘုရား။

၁၅၁-ဝိသဇ္ဇနာ။ ။တဦးသော ပုဂ္ဂိုလ်အား ရည်မှတ်၍ထားသော လှူရန်ဝတ္ထုကို ရည်မှတ်ရင်း ပုဂ္ဂိုလ် ထင်ရှားမရှိဖြစ်၍ ပုဂ္ဂိုလ်တဦးသို့ပြောင်း၍ လှူသော် လှူသင့်မည်မလှူသင့်မည်ကို သိလိုပါသည်ဟူရာ၌-

ရည်မှတ်ရင်းပုဂ္ဂိုလ် မရောက်လာ၍လည်းကောင်း၊ ဘဝတပါးပြောင်းသွား သေလွန်၍လည်းကောင်း၊ တပါးကို လှူရသည်မှာ ရှေးရည်မှတ်ရင်း ပုဗ္ဗစေတနာကို ဖျက်၍ ပြောင်းလှူရသည့်အရာမဟုတ်။ အလှူခံပုဂ္ဂိုလ်ကသာ ထင်ရှားမရှိ၍ မလှူနေသည့် အရာဖြစ်သည်။ ရှေးကြံမိသည့် ဒါနဝတ္ထုကို ကိုယ်ပင် ပိုင်သေးသည်ဖြစ်တော့သည်။ ကိုယ်ပိုင်သည့် ဥစ္စာကို လှူကလည်းအပြစ်မရှိသင့် ဖြစ်တော့သည်။

သံဃသဒိန္နတော ပဋ္ဌာယ သံယောဝ ဂ္ဂဿရော။ ဟူသောပါဠိနှင့်အညီ ပေးလှူမိမှသာ သံဃာအလှူခံ ပုဂ္ဂိုလ်တို့ အစိုးရသည်ဆိုရကား မဖေးလှူမီ အလှူဒါယကာပင် အလှူဝတ္ထုကို အစိုးရသေး၏။ အစိုးရသောကြောင့် ရည်မှတ်ရင်း အလှူခံပုဂ္ဂိုလ်မရှိလျှင် တပါးပုဂ္ဂိုလ်ကို လှူကောင်း၏ဟု ဆိုသတည်း။ ဝိနည်း စူဠဝါအဋ္ဌကထာ(၆၃)၌လည်း-

> ကကုသန္ဓဿ အစ္စုတော ဂဟပတိ ဂါဝုတပ္ပမာဏံ သုဝဏ္ဏဟတ္ထိ ပဒသန္ဆရေန။ ကောဏာဂမနဿဉ္ဇ္ဂေါ ဂဟပတိ အဗ္ဘုဂါဝုတပ္ပမာဏံ သုဝဏ္ဏိဋ္ဌကာသန္ဆရေန။ကဿပဿ သုမင်္ဂလော ဂဟပတိ ဝီသတိဥသဘပ္ပမာဏံ သုဝဏ္ဏကစ္ဆပသန္ဆရေန။အမ္ဗာကံ ဘဂဝတော သုဒတ္တော ဂဟပတိ အဋ္ဌဂါရိယပ္ပမာဏံ ဘူမိံ ကဟာပဏသန္ဆရေန ကိဏိတွာ ဝိဟာရံ ကာရာပေသိ။ ဟုလာသည်။

ဤကမ္ဘာတွင်ပင် ကကုသန်မြတ်စွာဘုရားအား အစ္စုတသူကြွယ်သည် တဂါဝုတ်ပမာဏရှိသော မြေအရပ်ကို ရွှေဆင်ခြေခင်း၍ ဝယ်ယူပြီးလျှင် ကျောင်းဆောက်၍ လှူသည်။

ကောဏာဂုံဘုရားအား ဥဂ္ဂသူကြွယ်သည် ဂါဝုတ်ခွဲ ပမာဏရှိသော မြေအရပ်ကို ရွှေအုတ်ခင်း၍ ဝယ်ပြီးမှ ကျောင်းဆောက်၍ လှူသည်။

ကဿပမြတ်စွာဘုရားအား သုမင်္ဂလသူကြွယ်သည် ဥသဘနှစ်ဆယ်ရှိသော မြေအရပ်ကို ရွှေလိပ်ခွံခင်း၍ ဝယ်ပြီးလျှင် ကျောင်းဆောက်၍ လှူသည်။

ငါတို့ မြတ်စွာဘုရားအား သုဒတ္တသူကြွယ်သည် ရှစ်မင်းပယ်မျှ ရှိသော မြေအရပ်ကို ရွှေအသပြာခင်း၍ ဝယ်ပြီးလျှင် ကျောင်းဆောက်၍ လှူသည်ဟု ဆိုသည်။

ရှေးရှေးဘုရားတို့ မရှိကြလျှင် နောက်နောက် ဘုရားတို့သည် အလှူခံတော်မူကုန်၏။ ရှေးရှေးအလှူခံဘုရားတို့ မရှိလျှင် နောက်နောက်သော ဒကာတို့လည်းနောက်နောက်သော ဘုရားသခင်တို့အား လှူကြကုန်၏။

ထို့ကြောင့် မဇ္ဈိမဃဏ္ဏာသအဋ္ဌကထာ၊ ဒီဃနခသုတ် အဖွင့်တွင်လည်း-

ကဿပဗုဒ္ဓကာလေ ကိရ တံ လေဏံ ဧကသ္မိံ ပုဒ္ဒန္တရေ ပထဝိယာ ဝမှုမာနာယ အန္တော ဘူမိဂတံ ဇာတံ။

စသည်ဖြင့် လာသော်ငြားလည်း အဓိပ္ပာယ်သော်ကား သူကရခါတလိုဏ်သည် ကဿပဘုရားသခင် လက်ထက်ရှိသော လိုဏ်တည်း။ ထိုလိုဏ်သည် ဘုရားနှစ်ဆူတို့၏ တခုသော အကြားဌ မြေကြီးပွားတက်၍ လာသောကြောင့် မြေ၏အတွင်းဌ တည်၏။ တနေ့သဌ် ထက်တခုသည် ထိုလိုဏ်၏ အနီးဌ မြေကိုတူးယက်လေ၏။ မိုးရွာလေသော် မြေမှန့်ဝင်၍ လိုဏ်၏ အမိုးစွန်းသည် ပေါ်လေ၏။ တယောက်သော တောသွားယောကျ်ားသည် မြင်၍ ရှေးအခါ သီလရှိကုန်သော သူမြတ်တို့သည် သုံးဆောင်နေထိုင်ဖူးသော လိုဏ်ဖြစ်ရာ၏ဟုထင်ဝန်းကျင်မှ မြေကိုပယ်ထုတ်၍ သုတ်သင်ရှင်းလင်းပြီးလျှင် တိုက်နံရံကာ၍ တံခါးလေသွန်တို့ကိုပြုပြီးလျှင် ကောင်းစွာတတ်သော ဆေးစုံပန်းခရီတို့ကို ရေးစေပြီးလျှင် ငွေပြားအဆင်းနှင့် တူသော သဲကိုခင်း၍ ပရိဝုဏ်မီးတားရံ၍ ညောင်စောင်းအင်းပျဉ်ခင်းပြီးလျှင် မြတ်စွာဘုရားအားနေစိမ့်သောဘုလျှု၏။ထိုလိုဏ်သည်ကား နက်ဝမ်းစွာ၏။ သက်၍ပြီးမှ တက်အုပ်သည် ဖြစ်၏။ ထို့ကြောင့်-

မဉ္ဆပိဌံ ပညာပေတွာ ဘဂဝတော ဝသနတ္ထာယအဒါသိ။လေဏံ ဂမ္ဘီရံ အဟောသိ၊ ဩတရိတွာ အာရုဟိတဗ္ဗံ။ ဟု ဆိုလေသည်။

ဤလိုဏ်သည် ကဿပမြတ်စွာဘုရား လက်ထက်က ကဿပမြတ်စွာဘုရားအား လျှုလေပြီးသော လိုဏ်ပင်တည်း။ ကဿပမြတ်စွာဘုရား မရှိခဲ့လျှင် ငါတို့မြတ်စွာဘုရားအား လျှုပြန်တော့သည်။ ဘုရားသခင်လည်း အလျှုခံတော်မူတော့သည်။ သည်ကဲ့သို့အရာကို ဘုရားလည်း ဟောတော်မူဖူး၏။ ကောဒသနိပါတ်၊ မဟာပေါဿကဇာတ်၌ ဘုရားအား လည်းကောင်း၊ မယ်တော်အားလည်းကောင်း ရွာတည်ထောင်၍ နိစ္စဘတ်ဝတ်ကို မင်းက ဖြစ်စေ၏။ နောက်အခါ မယ်တော်သည် သေလေ၏။ ဘုရားအလောင်းလည်း ကရဏ္ဍက တောအုပ်သို့ သွားလေ၏။ နောက်အခါ ဟိမဝန္တာမှ ရသေ့ငါးရာတို့ လာကုန်၏။ ဘုရားအလောင်းအား လျှုသော ထုံးကို ဗာရာဏသီမင်းက ရသေ့ငါးရာတို့ကို လျှုရလေ၏။

ထို့ကြောင့်-

ဟိမဝန္တတော၊ ဟိမဝန္တာအရပ်မှ။ သြတရိတွာ၊ သက်၍။ ပဗ္ဗသတက္ကသယော၊ ငါးရာသော ရသေ့တို့သည်။ ဝသိံသု၊ နေလာကုန်၏။ တံ ဝတ္ထုံ၊ ထိုဘုရားလောင်းအား လျှုသောဝတ်ကို။ တေသံ၊ ထိုငါးရာသော ရသေ့တို့အား။ အဒါသိ၊ လျှုလေ၏။ ဟု ဟောတော်မူသည်။

ရှေးသာသနာဆောင် မင်းတို့လက်ထက် တပါးသော ဆရာကို ရည်မှတ်၍ ဆောက်သော ကျောင်းကို မလျှုမီကပင် ထိုဆရာမရှိခဲ့သော် နောက်သဒ္ဓါရာ ဆရာကို တင်လျှုကြဖူးသည် လည်းများ၏။ နောက်ဆရာတို့လည်း အလျှုခံကြသည် များ၏။ ထုံးသာဓကကို ပြသော် ကျယ်ဝန်းအံ့စိုး၍ မပြလိုက်ပေသည်။

၁၅၁-ပုစ္ဆာ။ ။ဤလောကတွင် ကိုယ်မချိသော် မိဘသားကို မကယ်နိုင် ဆိုကြပါသည်။ ကျမ်းဂန်ကလာသော စကားရှိ၍ပင် ဆိုသည့်စကား ဖြစ်မည်။ နှုတ်မဆိတ် တစုံတခု ဆိုစရှိလျှင်သာ အတုလိုက်၍ဆိုသည့် စကားမျိုးသာ ဖြစ်မည်ကို သိလိုပါသည်။

သတ္တရာဇ်၁၁၇၃-ခုနှစ်၊ ပြာသိုလဆန်း ၁-ရက်၊ စနေနေ့၊ မုံရွာ သိရိမာလာကလျှောက်လာရာတွင် ဖြေဆိုလိုက်သည်ကား။

၁၅၁-ဝိဿဇ္ဇနာ။ ။ကိုယ်မချိသော် အမိသားကို မကယ်နိုင် ဆိုသောစကားတွင်-

ဤလောက၌ မိဘနှင့် တူ၍ ချစ်သောသူမရှိပင် ဖြစ်တော့သည်။ ထိုသို့ပင် ချစ်သော်လည်း ကိုယ်နှင့် တူ၍ မချစ်ချေသေး။ မြတ်စွာဘုရားကို နတ်သားတယောက်က မေးသော ပြဿနာ၌ "ပုတ္တ သမံ ပေမံ နတ္ထိ"ဟု သားနှင့်တူ၍ ချစ်သောသူ မရှိသလော မေးရာ၌ မြတ်စွာဘုရားက "အတ္တသမံ ပေမံ နတ္ထိ"ဟု ကိုယ်နှင့်တူသော ချစ်ခြင်းမည်သည် မရှိဟု ဖြေတော်မူသည်။

ထို့ကြောင့် ကိုယ်မချိသောကာလ မိဘမှန်သော်လည်း သားမြေးတို့ကို မကယ်နိုင်လေပြီ။ ကုမ္ဘယောသက မိဘတို့သည် ယဉ်းအနာတိုက်သောကာလ မကယ်နိုင်၍ မောင်သာလွတ်ရာပြေးလေတော့ဟု ဆိုလိုက်ရချေသည်။ ထို့ကြောင့် ကိုယ်မချိသော် အမိ သားကို မကယ်နိုင်ဆိုသောစကားသည် ကျမ်းဂန်လာသောစကားပင် ဖြစ်တော့သည်ဟု မှတ်အပ်၏။

မကယ်နိုင်ရုံမျှမဟုတ်၊ ကိုယ်မချိသောကာလ သားကိုမျှ မတွယ်တာနိုင်ပြီ၊ ကြံမိကြံရာ ကြံမိလေသည့် ထုံးစံအများရှိပေသည်ပင်။ ထုံးစံကိုကား သမ္မောဟဝိနောဒနီ အဋ္ဌကထာ ရူပက္ခန္ဓာ၏ အဖွင့်၌-

ကော ကိရ ဣတ္ထိမရူကန္တာရေ သတ္ထတော ဩဟီနော စသည်ဖြင့်လာသည်၊ အမိပွာယ်ကား တယောက်သော မိန်းမသည် မရူကန္တာရ၌ ညဉ့်အခါ လှည်းစုမှ ကျန်ရစ်လေ၏၊ နေ့အခါ၌ နေဝန်းတက်လတ်သော် သဲအပြင်၌ ပူလှသည်ဖြစ်၍ ခြေကိုချထားအံ့သောငှာ မတတ်နိုင်သဖြင့် ဦးခေါင်းမှတောင်းကို ချပြီးလျှင် နင်း၏၊ အစဉ်သဖြင့် တောင်းသည်အပူဖြင့် နှိပ်စက်ပြန်၍ ရပ်အံ့သောငှာ မတတ်နိုင်ရကား ထိုဆောင်း၏အထက်၌ ပုဆိုးကို စုထား၍ နင်းပြန်၏။ ထိုပုဆိုးလည်း ပူပြန်လာသောကြောင့် ခါး၌ပိုက်ခြို့ခဲ့သော သားငယ်ကို မျက်နှာမှောက်ခုံအိပ်စေ၍ ငိုစဉ်ဆဲဆဲတွင် နင်းလေ၏။ သားငယ်နှင့်တကွပင်လျှင် ထိုအရပ်၌ အပူနှိပ်စက်၍သေလေ၏။

ဤကား ကိုယ်မချိ၍ အမိသားကို မတွယ်တာနိုင်သောအကြောင်းတည်း။

အဖ မတွယ်တာနိုင်သော အကြောင်းကား သုတ္တနိပါတ်၊ သံယုတ်၊ အဂ်ုတ္တိရအဋ္ဌကထာတို့၌ အာဠဝီမြို့၌အာဠဝိမင်းကြီးသည်တောကစားသွားရာတွင် အာဠဝကဘီလူး၏ပညောင်ပင်ရိပ်သို့ ထင်မိ၍ ထွက်အံ့သောငှာ အခွင့်မပေး၊ စားသည်ရှိသော် နေ့တိုင်း လူတယောက်ကို လည်းကောင်း၊ ထမင်းတအိုးချက်ကိုလည်းကောင်း ပို့လာစေအံ့ဟု သစ္စာပြုပြီးမှ လွတ်၏၊ နှောင်အိမ်သွင်း ခိုးသူကို ပို့စေ၏။ ရှည်လျားလတ်သော်နှောင်အိမ်၌ ခိုးသူကုန်၍ မြို့ခရီး၌ ဥစ္စာတို့ကို ချထား၍ ကောက်ယူသော သူကိုဖမ်း၍ပို့ပြန်စေ၏။ နောင်အခါ ကောက်ယူသူ မရှိ၍ သူအိုကိုပို့စေအံ့ဟု ကြံပြန်၏။ ပြည်လုံးထိတ်လန့်ခြင်းသို့ရောက်၍ပုန်းရှောင် ကြလေကုန်၏။ ဆို့ စို့သူငယ်ကို ပို့စေအံ့ဟု ကြံပြန်၏။ သူငယ်တို့၏ မိဘတို့သည် မိမိတို့၏သားငယ်

သမီးငယ်တို့ကိုယူ၍ အရပ်တပါးသို့ ပြေးကြလေကုန်၏။ မင်း၏သားတော်မှတပါး သူငယ်ကို မမြင်ရ၍ တပါးသောသူငယ်မရှိကြောင်းကို လျှောက်ကုန်၏။ မင်းကြီးလည်း ငါ့အား သားခံ၍ ချစ်ခြင်းသည် လွန်စွာဖြစ်သကဲ့သို့ ခပ်သိမ်းသော သူတို့သည်လည်း သားကို ချစ်ကုန်ရာ၏။ မိမိကိုယ်ထက် ချစ်အပ်သောသူမည်သည် ရှိရာသလော၊ ငါ့သားကိုပင် ဘီလူးစာပေး၍ ငါ့အသက်ကို စောင့်ကုန်လောဟု ဆို၏။ မင်းတမန်တို့သည်လည်း မယ်တော် မိဖုရားနှင့်တကွ တသောင်းခြောက်ထောင်သော မောင်းမတို့ ဝိုက်ကြွေးစဉ် ဘီလူးစာဖြစ်လတ္တံ့ဟု ဆို၍ ယူသွားလေကုန်၏။

ဤကား ကိုယ်မချို၍ အဖသားကို မတွယ်တာနိုင်သောအကြောင်းတည်း။

တထုံးမှာလည်း ဓမ္မပဒအဋ္ဌကထာ "အပ္ပမာဒေါ အမတံ ပဒံ" စသော ဂါထာ၏ အဖွင့်တွင် အလွန်ကပ္ပတိုင်း၌ ငတ်မွတ်ခြင်း ဖြစ်သည်ရှိသော် ကောတုဟလကမည်သော ယောကျ်ားသည် သားငယ်နှင့်တကွ ကာလီမည်သော မယားကိုယူ၍ ကောသမ္မီပြည်သို့ သွားလေ၏။ မျိုးရိုက္ခာကုန်၍ ငတ်မွတ်ခြင်း နှိပ်စက်ခဲ့လျှင် သားငယ်ကို မရွက်ဆောင်နိုင်သောကြောင့် လင်သည် မယားကိုဆို၏။ ငါတို့ အသက်ရှည်သည်ရှိသော် သားကိုရပြန်အံ့သည်။ ဤသားငယ်ကို စွန့်ပစ်၍ သွားကုန်အံ့ဟုဆို၏။ အမိတို့၏နှလုံးသည် အလွန်နူးညံ့သောကြောင့် ငါ့အသက်ရှင်လျက်နှင့် မစွန့်နိုင်ချေဟု ဆို၏။ လင်က ဘယ်သို့ပြုအံ့နည်းဟု ဆိုသည်ရှိသော် အလှည့်အလည်ရွက်ဆောင်ကုန်အံ့ဟုဆို၍ အမိသည် မိမိအလှည့်၌ ပန်းကုံးကဲ့သို့ခို၍ ရင်ခွင်အိပ်စေ၍ ခါးထစ်ဖြင့် ရွက်ဆောင်ပြီးလျှင် အဖအားပေး၏။ အဖလည်း သားကိုယူ၍ သွားလေသည်ရှိသော် မွတ်သိပ်သောထက်ပင်သော်လည်း ပြင်းစွာသော ဝေဒနာဖြစ်၍ ငါတို့အသက်ရှည်က ရပြန်မည်ကိုကား ဤသားကိုပင် ပစ်စွန့်ကုန်အံ့ဟု အဖန်တလဲလဲ ဆို၏။ မယားလည်း အဖန်တလဲလဲပယ်၏။ သားငယ်သည် ပင်ပန်းသောကြောင့် အဖ၏လက်၌ အိပ်ပျော်လေ၏။ အဖလည်း အမိကို ရှေ့သွားစေ၍ ချဲ့တခုအောက်၌ သစ်ရွက်ခင်း၍ အိပ်စေပြီးမှ သွားလေ၏။ အမိသည် ပြန်၍ ကြည့်လတ်သော် သားကိုမမြင်၍ မေးလျှင် ချဲ့တခုအောက်၌ သိပ်ခဲ့ပေတော့သည်ဟု ဆို၏။ မယားက သားနှင့်ကင်း၍ ငါအသက်မရှည်နိုင်ချေ။ သားကိုယူပါချေဟု ရင်ကိုခတ်၍ ငိုသည်ရှိသော် ပြန်၍ယူပြန်လေ၏။ ဤသို့စသည်ဖြင့် လာသောဝတ္ထု၌ ကိုယ်မချိသော် အဖသည် သားကို မတွယ်တာနိုင်သည့်အကြောင်းတည်း။

မူလပဏ္ဏာသအဋ္ဌကထာ သမ္မာဒိဋ္ဌသုတ်အဖွင့်၌ အာဟာရလေးပါးတွင် ကဗဠိကာရာဟာရ၌ နိကန္တိပရိယာဒါန အကျိုးငှာ "သေယျထာပိ ဘိက္ခဝေ ဇာယာပတိကာ" အစရှိသောနည်းဖြင့် ပုတ္တမံသုပမာကို ဟောတော်မူ၏။ ထိုအနက်ကို ထင်စွာပြခြင်းငှာ–

ဒွေ ကိရ ဇာယာပတိကာ ပုတ္တံ ဂဟေတွာ ပရိတ္တေနေဝ ပါထေယျေန ယောဇန-သတိကံ ကန္တာရမဂ္ဂံ ပဋိပဇ္ဇိသု။ စသောပါဠိတို့ကို ဆိုသတည်း။

အဓိပ္ပာယ်ကား။ ။ရှေးလွန်လေပြီးသောအခါ၌ နှစ်ယောက်သော လင်မယား တို့သည် သားငယ်ကိုယူ၍ အနည်းငယ်သော မျိုးရိက္ခာဖြင့် ယူဇနာတရာရှိသော ကန္တာရ ခရီးသို့ သွားကြလေကုန်သတတ်။ ထိုသူတို့အား ယူဇနာငါးဆယ်သွားကုန်၍ မျိုးရိက္ခာ ကုန်လေ၏။ ထိုသူတို့သည် မွတ်သိပ်ခြင်း ဆင်းရဲဖြင့် နှိပ်စက်၍ ကျဲသောအရွက်ရှိသော သစ်ပင် ရိပ်၌ နေကြလေကုန်၏။

ထိုအခါ ယောက်ျားသည် မယားကိုဆို၏။ အဘယ်နှမ၊ ဤအရပ်မှသည် ထက်ဝန်းကျင် ယူဇနာငါးဆယ်တိုင်တိုင် ရွာသည်လည်းကောင်း၊ နိဂုံးဇနပုဒ်သည်လည်းကောင်း မရှိကုန်။ ငါသည် ယောက်ျားတို့ပြုအပ်သော များစွာသော လယ်ထွန်ခြင်း၊ နွားစောင့်ခြင်း စသော အမှုကို ပြုအံ့သောငှာ မစွမ်းနိုင်၊ သင်သည် ငှါကို သတ်ပါလော့။ ထက်ဝက်သော အသားကိုစား၍ ထက်ဝက်သော အသားကို မျိုးရိက္ခာပြု၍ ဤသားငယ်နှင့် အတူတကွ ခရီးခဲမှ ထွက်ပါလော့ဟု ဆို၏။

အမောင်၊ ငါသည်လည်း ယခုအခါ မိန်းမတို့ပြုအပ်သော ချည်ငင်ခြင်းစသော အမှုကို ပြုခြင်းငှာ မစွမ်းနိုင်၊ အကျွန်ုပ်ကိုသတ်၍ ထက်ဝက်သော အသားကိုစား၍ ထက်ဝက်သော အသားကို မျိုးရိက္ခာပြု၍ သားငယ်နှင့်အတူတကွ ခရီးခဲမှ ထွက်လော့ဟု ဆို၏။

တဖန် ယောက်ျားသည် မယားကို ဆိုပြန်သည်ကား အဘယ်နှမ၊ မိန်းမသေသဖြင့် သားအမိနှစ်ယောက်စုံ သေသည်မည်၏။ ထိုစကားသည် သင့်မြတ်စွ။ ဤသားငယ်သည် အမိနှင့်ကင်း၍ အသက်ရှင်ခြင်းငှာ မစွမ်းနိုင်ရာ။ အကယ်၍ ငါတို့နှစ်ယောက် အသက်ရှင်ကုန်အံ့ တဖန် သားငယ်ကိုရရာ၏။ ယခု သားငယ်ကိုသတ်၍ အသားကိုယူပြီးလျှင် ခရီးမှ ထွက်ကြကုန်အံ့ဟု ဆို၏။ ထို့နောင် အမိသည် သားကို အဖထံသို့ သွားခေျဟုဆို၏။ သားငယ်လည်း သွားရှာလေ၏။ အဖသည် သားကို စိန်းစိန်းကြည့်၍ ဩော် ငါသည်ကား ဤသားငယ်ကို မွေးကျွေးအံ့ဟု လယ်ယာထွန်ခြင်း၊ နွားစောင့်ခြင်း အစရှိသော ဆင်းရဲကိုခံ၍ မွေးကျွေးပြီးမှ သားငယ်ကိုသတ်ရမည်ကား ရက်ရက်စက်စက် မစွမ်းနိုင်ခေျဟု မြည်၍ အမိထံသို့ သွားလေလော့ဟု လွှတ်လိုက်၏။ အမိလည်း စိန်းစိန်းရှုကြည့်၍ ဩော် ငါသည်ကား သားငယ်ကို မွေးကျွေးအံ့ဟု အတိုင်းမသိသော ဆင်းရဲကို ခံလေသည်ကား ဆိုဖွယ်မရှိလေပြီ၊ ဆယ်လတိုင်တိုင် ဝမ်းဖြင့်ဆောင်ရွက်ရခြင်း ဆင်းရဲကိုမျှ ဆို၍မဆုံးနိုင်။ ဆင်းရဲကြီးစွာခံပြီးမှ ယခု ဝမ်းဖြင့်ဆောင်၍ မွေးသောသားငယ်ကို ငါတဖန်သတ်ခြင်းငှာ မစွမ်းနိုင်ခေျဟု ဆိုပြီး၍ အဖထံသို့ သွားလော့ဟု ဆိုလိုက်၏။ ဤသို့သောနည်းဖြင့် ထိုသားငယ်သည် နှစ်ယောက်သော မိဘတို့၏ အကြား၌ လူးလားခေါက်ပြန် သွားစဉ်ပင်လျှင် သေရှာလေ၏။

အမိအဖ နှစ်ယောက်တို့သည် သေလေသော သားငယ်ကိုမြင်၍ ငိုကြွေးကြပြီးလျှင် ရှေးဆိုခဲ့ပြီးသောနည်းဖြင့် အသားကိုယူ၍ စားကြကုန်လျက် သွားကြလေကုန်၏။ ထိုအမိ အဖ နှစ်ယောက်တို့အား သားငယ်၏ အသားသည် ကိုးပါးသော အခြင်းအရာတို့ဖြင့် စက်ဆုပ်ခြင်းဖြစ်သောကြောင့် မြူးတူးရွှင်ပြခြင်းသည် မဖြစ်နိုင်လေကုန်၊ မာန်မာနဖြင့် ယစ်ခြင်းသည်လည်းကောင်း တင့်တယ်စံပယ်စိမ့်သောငှာလည်းကောင်း၊ အသားအရေပြည့်ဖြိုးစေခြင်းငှာလည်းကောင်း စိတ်မရှိနိုင်လေကုန်။ စင်စစ်သော်ကား ကန္တာရခရီးခဲမှ ထွက်မြောက်ခြင်းမျှသာ မိမိတို့၏စိတ်သည်ဖြစ်နိုင်လေကုန်သည်။ ကိုးပါးသောအကြောင်း ဟူသည်ကား။ ၁။ ဤအသားသည် ဇာတ်တူလူသား ဖြစ်သောကြောင့်လည်းကောင်း။ ၂။ ဆွေမျိုး၏ အသားဖြစ်သောကြောင့်လည်းကောင်း။ ၃။ သား၏ အသားဖြစ်သောကြောင့်လည်းကောင်း။ ၄။ ချစ်သောသူ၏ အသားဖြစ်သောကြောင့် လည်းကောင်း။ ၅။ သနားသောသူ၏ အသားဖြစ်သောကြောင့် လည်းကောင်း။ ၆။ မဖုတ်မမြိုက်ရ သားစိမ်းသားစိုဖြစ်သောကြောင့် လည်းကောင်း။ ၇။ ကြမ်းကြုတ်သော ကြောက်မက်ဖွယ်သော အသားဖြစ်သောကြောင့် လည်းကောင်း။

၈။ ဆားမရှိသောကြောင့် လည်းကောင်း။ ၉။ ကောင်းသောအရသာတပါးတို့ဖြင့် မထုံမနှော်ရသောကြောင့်လည်းကောင်း။+

ဤကိုးပါးသော အကြောင်းတို့ဖြင့် ရွံရှာစက်ဆုပ်ဖွယ် အတိသာဖြစ်လေကုန်သတည်း။ ထိုကဲ့သို့ ရဟန်းတို့သည်လည်း အာဟာရကို ဤအတူပင် သား၏ အသားကို စားရာတိသကဲ့သို့ထင်၏။ ထိုရဟန်းတို့သည် ထိုအာဟာရ၌ နိကန္တိပရိယာဒါနဖြစ်၏၊ ဟူလိုသည်။

ဤသို့ စသည်တို့ဖြင့် လာကုန်သော ဝတ္ထုသာဓကတို့ကို လည်းကောင်း၊ ဝဋ္ဋဇာတ်၌ ဘုရားလောင်းငုံးငယ်ကို အမိအဖတို့ပင် စွန့်ပစ်၍သွားရလေသည့် ထုံးလည်းရှိတော့သည်။ ထိုနှင့်လျော်စွာ လာကုန်သော တပါးသောဝတ္ထုတို့ကို လည်းကောင်း ထောက်၍ ကိုယ်မချိသောကာလ မိဘတို့သည် သားဟူ၍ မတွယ်တာနိုင်ပြီ။ ကြံမိကြံရာ ကြံရွာလေတော့သည်။ ဤစကားများကိုရည်၍ ကိုယ်မချိသော် အမိသားကို မကယ်နိုင်ဟု ဆိုလေသည်ယူရာ၏။

၁၅၂-ပဋ္ဌာ။ ။မဏိကုဏ္ဍတွင် ယုံတမ်းစကား ပြောဆိုကြသည့် ဝတ္ထုများသည် ကျမ်းဂန်လာသည့် ဝတ္ထုပင်ဖြစ်မည်။ အလွတ်ဝတ္ထုပင် ဖြစ်မည်ကို သိလိုပါသည်။

၁၅၂-ဝိဿဇ္ဇနာ။ ။မဏိကုဏ္ဍလ ဝတ္ထုတွင် ယုံတမ်းစကား ပြောဆိုကြသည်ဆိုသော စကားများသည် ကျမ်းဂန်ကလာမည် မလာမည်ကို မေးရာ၌–

မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ၊ အဘယ ကုမာရသုတ်အဖွင့်တွင်–

> ဧကံ ကိရ ဂါမဝါသိံ မဟာလွကံ နဂရံ အာဂန္တွာ ပါနာဂါရေ ဝိဝန္တံ ဝဠွေတုကာမာ သမ္မဟုလာ ဓုတ္တာ ဝိတဒ္ဒာနေ ဌတွာ တေန သဒ္ဒိံ သုရံ ပိဝိတွာ ဣမသ္မိ နိဂါသနပါဝုရဏမ္ပိ ဟတ္ထေ အဏ္ဏကမ္ပိ သဗ္ဗံ ဂဟေဿာမိတိ စိန္တေတွာ ကတိကံ အကံသု။ အစရှိသည်ဖြင့် လာသည်။

အဓိပ္ပာယ်ကား။ ။ရွာလတ်သား သက်ကြီးတယောက်သည် မြို့သို့သွား၍ သေတင်းကုပ်၌ သေသောက်၍နေသည်ကို လှည့်ပတ်ခြင်းငှာ အလိုရှိကုန်သော များစွာသော သေသောက်ကြူးတို့သည် ထိုသက်ကြီး သေသောက်ရာ တင်းကုပ်သို့ ဝင်သည်ကိုမြင်၍ အတူတကွ သောက်ကြပြီးသော် ဤသူ၏ အဝတ်ပုဆိုး လက်၌ရှိသော ဥစ္စာတို့ကိုယူအံ့ဟုကြံ၍ အချင်းတို့၊ တယောက်စီ အသီးအသီး မျက်မှောက်ထင်ထင် သိမြင်သောစကားကို ပြောဆိုကြကုန်အံ့၊ အကြင်သူသည် အဟုတ်ဟူ၍သော်လည်းပယ်အံ့၊ ဆိုသောစကားကို သော်လည်းမယုံအံ့၊ ထိုသူကို ကျွန်ပြုတမ်းဟု ကတိကဝတ်ကို ဆိုပြီးသော် ထိုသက်ကြီးကို အဘ၊ အသို့နည်း၊ အဘလည်း အလိုတူပါအံ့လော့ဟုမေး၏။ တူ၏ဟု ဆိုလျှင် သေသောက်ကြူးတယောက်သည် ဤသို့ဆို၏။

အချင်းတို့ ငါသည်ကား အမိဝမ်း၌ ပဋိသန္ဓေနေသောအခါ ငါ့အမိသည် သီးသီးစားချင်သောကြောင့် သီးသီးယူမည့်သူမရှိ၍ ငါ့ကိုပင်စေလိုက်၏။ ငါတုံသည်လည်း သီးပင်ရှိရာသို့ သွား၍တက်၏၊ တက်ခြင်းငှာမတတ်နိုင်သည်ရှိသော် ငါ့ခြေကိုပင် ငါကိုင်၍ ဆောက်ပုတ်လုံကဲ့သို့ သီးပင်ထက်သို့ ပစ်လိုက်၍ အထက်သို့ရောက်လျှင် တစ်တခက်မှသည် သစ်တခက်သို့

လျှောက်၍ သီးသီးကိုဆွတ်ယူပြီးသော် တဖန်သက်ခြင်းငှာ မတက်နိုင်ရကား အိမ်သို့သွားပြီး လျှင် လှေကားကိုဆောင်ယူချေ၍ သက်ပြီးသော် ငါ့အမိထံသို့ လာပြီးလျှင် ဆောင်ယူခဲ့သော သီးသီးကို ငါ့အမိအားပေး၏။ ထိုသီးသီးတို့သည် တခဏချင်းဖြင့်လျှင် အိုးစရည်းခန့်ရှိကြကုန်၏။ ငါ့အမိသည်လည်း ထိုသီးသီးတို့ကို တနေရာတည်း၌ အလုံးခြောက်ဆယ်ကုန်အောင် စား၏။ ငါသည် ခါးပိုက်ဖြင့် ဆောင်ယူခဲ့သော သီးသီးတို့တွင် ကြွင်းသရွေ့ကို ရွာ၌ ကြီးသူငယ်သားတို့ကို စားစေ၏။ မစားနိုင်၍ တဆယ့်ခြောက်တောင် မြင့်သော ငါ့အမိအိမ်၌ အလုံးစုံသော ပရိက္ခရာတို့ကို ထုတ်စေ၍ အမိုးတိုင်အောင် သီးသီးအတိပြည့်စေ၏။ ထိုထက်လွန်သရွေ့ကို ယူပြီးလျှင် အိမ်တံခါးအနီး၌ စုစေ၏။ ထိုအစုသည် အတောင်ရှစ်ဆယ် အစောက်မြင့်၍ တောင်ကဲ့သို့ဖြစ်၏။ ဤကဲ့သို့သော စကားတို့ကို အသူယုံပါအံ့နည်း။ ယုံ၏လောဟု မေး၏။ ရွာလတ်သား သက်ကြီးယောကျ်ားသည် ဆိတ်ဆိတ်နေ၏။ ထိုသူတို့သည်လည်း အလို အလျောက်ဆိုကြကုန်၏။ အသို့နည်းအဘ ယုံပါ၏လောဟုမေး၏။ ရွာလတ်သားလည်း အမောင်တို့ တိုင်းနိုင်ငံကား ကျယ်ဝန်းလှသည် ဖြစ်သောကြောင့် ဟုတ်ပေတန်ရာ၏။ ကျယ်ဝန်းသောနိုင်ငံ၌လည်း မယုံမရှိစကောင်း ယုံသင့်ပေကုန်၏ဟုဆို၏။ကြွင်းသော သေသောက်ကြူးတို့လည်း စွမ်းနိုင်သော အလျောက် အသီးအသီး အကျိုးမရှိသော အချည်းနှီးသော စကားကိုဆိုကြကုန်၏။

ထို့နောက်မှ ရွာလတ်သား သက်ကြီးလည်း သားတို့၊ ငါ့စကားကိုနာပါကုန်။ သင့်တို့ ဆွေမျိုးညာတကာတို့သာ ကြွယ်ဝများများမြောင်သည် မဟုတ်၊ ငါတို့ဆွေမျိုးညာတကာတို့လည်း ကြွယ်ဝ များများမြောင်ပါသည်ပင်၊ ရှေးသောအခါ ငါတို့လယ်ယာလုပ်ကြရာတွင် အလုံးစုံသော ယာခင်းထက် ငါ၏ ဝါ ယာခင်းသည် အလွန်တရာကြီးကျယ်စွာ၏၊ ထိုငါ၏ ယာခင်း၏အလယ်၌ ဝါတပင်သည် အလွန်ကြီးမြင့်သည်ဖြစ်၏။ အတောင်ရှစ်ဆယ် အဆောက်ရှိ၏။ ထိုဝါပင်သည် ခက်မ ငါးဖြာနှင့် ပြည့်စုံ၏။ အလွန်နှစ်သက်ဖွယ်ရှိ၏။ ထိုခက်မငါးဖြာတွင် လေးဖြာသော ခက်မသည် အသီးမသီး အရွေ့ခက်မတဖြာသည်သာ ကြီးစွာသော အိုးစရည်းခန့်ရှိ တလုံးတည်း သီးလာ၏။ ထိုအသီး၌ ခြောက်မြောင့်သော အစုတို့သည် ဖြစ်ကုန်၏။ ထိုခြောက်မြောင့်သောအစုတို့၌ ခြောက်ခုသော ဝါပေါက်တို့သည် ပေါက်ကုန်၏။ ငါတုံသည်လည်း မုတ်ဆိတ်ဆံကိုပြင်စေပြီးလျှင် ရေချိုး၍ ပန်းနံ့သာ ဆင်ယင်ပြီးသော် ဝတ်စားပြုပြင်၍ ငါ့ ဝါ ယာခင်းကို ကြည့်ရှုခြင်းငှာ သွား၍ကြည့်ရှု၏။ ထိုအခါ ဝါပေါက်ကိုမြင်၍ မြေကရုပ်လျက် လက်ဖြင့် ဆန့်၍ ငါယူ၏။ ထိုဝါခြောက်ပေါက်တို့သည် ငါယူလျှင်ပင် စွမ်းပကားခွန်အားနှင့် ပြည့်စုံစွာသော ကျွန်ယောကျ်ားခြောက်ယောက်တို့သည် ဖြစ်ကုန်၏။ ထိုကျွန်ယောကျ်ား ခြောက်ယောက်တို့သည် ငါတယောက်တည်းကို စွန့်ခဲ့၍ ပြေးလေကုန်၏။ မြင့်မြဲစွာသောကာလပတ်လုံး ရှာဖွေပါသော်လည်း မမြင်မတွေ့နိုင်၊ ယခုမူကား ငါတွေ့မြင်ရပြီ သင်တို့ခြောက်ယောက်တို့သည် ထိုပြေးလေသော ကျွန်ယောကျ်ားခြောက်ယောက်တို့ပင်တည်း။ သင်သည် နန္ဒမည်၏။ သင်သည် ပုဏ္ဏမည်၏။ သင်သည် ဝဓုမာနမည်၏။ သင်သည်စိတ္တမည်၏။ သင်သည်မင်္ဂလမည်၏။ သင်သည် ပေဠိယတ္ထမည်၏ဟု ထိတည့်၍ ထိုင်လျက်နေကုန်သော သေသောက်ကြူးခြောက်ယောက်တို့၏ ဦးသျှောင်ကို ကိုင်လျက်ရပ်၏။ ထိုသူတို့သည်လည်း ငါတို့သည် သင့်ကျွန်မဟုတ်ဟုဆိုချေသော်အကြင်သူသည်မဟုတ်ဟူ၍သော်လည်းပယ်အံ့။ ထိုထိုသောစကားကိုလည်း မယုံအံ့။ ထိုသူကို ကျွန်ပြုတမ်းဟူသော ကတိကဝတ်မှ ရှုံး၍ ကျွန်ဖြစ်ရာခဲ့၊ ကတိကဝတ်ကို

ကြောက်၍ဆိုသော စကားကို ယုံချေသော်လည်း သူကျွန်ရင်းမှန်ရာခဲ့။ ထို့ကြောင့် ငါတို့ သင့်ကျွန် မဟုတ်ဟုလည်း မငြင်းတတ်၊ ဟုတ်ပေ၏ဟူ၍လည်း အာမ မခံဝံ့ရကားဆိတ်ဆိတ်သာ နေကြကုန်၏။

ထို့နောင်မှ ထိုသူတို့ကို ဦးသွေးဂင်၌ ကိုင်ငင်၍ တရားတင်းကုပ်သို့ ဆောင်ပြီးသော် အဆုံးအဖြတ်ခံ၍ ကမ္မည်းစာရင်း တင်ပြီးလျှင် အသက်ထက်ဆုံး သူကျွန်ပြု၍ သုံးဆောင်လေ၏ဟူလိုသည်။

ဤစကားသည်ကား ခြောက်ခွန်းသောစကားတို့တွင် ပိယပက္ခ၌ ရှေးဦးစွာသော စကား အရာ မဟုတ်သည်၌ ဆိုသော် အဋ္ဌာနိယ ကထာမည်၏ ဟူသတည်း။

ခြောက်ခွန်းသော စကားဟူသည်ကား အပ္ပိယပက္ခ၌ ပထမစကားသည်ကား ခိုးသူမဟုတ်သည်ကို ခိုးသူဟူ၍၊ ကျွန်မဟုတ်သည်ကို ကျွန်ဟူ၍၊ မကောင်းမှုမပြုသည်ကို မကောင်းမှုကို ပြုသည်ဟူ၍ ဆိုသောစကား၊ ဟုတ်လည်းမဟုတ် သူလည်းမနာလို ကိုယ်လည်း အကျိုးမရှိသော ပထမစကားလည်းတခွန်း။

ခိုးသူကို ခိုးသူမှန်၏ဟု ဆိုသော် ဟုတ်ကားဟုတ်၏ သူလည်းမနာလို ကိုယ်လည်းအကျိုးမရှိသော ဒုတိယစကားလည်းတစ်ခွန်း။

ပြုအပ်သောကုသိုလ်ပုည နည်းပါးသောကြောင့် သင်သည်ကား အဆင်းမလှ၊ ဘုန်းတန်ခိုးနည်း၏ ဤလောက၌ တည်၍ ကောင်းမှု တဖန် မပြုပြန်သည် ဖြစ်အံ့။ နောင်ဘဝ၌လည်း အပါယ်လေးပါးမှ အဘယ်ကြောင့် လွတ်လတ္တံ့နည်း။ ဤသို့ လူမျှားအား အကျိုးစီးပွားကို ရှေးရှုသဖြင့် ဖြစ်သော တတိယစကားသည်လည်း တခွန်း။

ဤတတိယစကားကိုကား ကာလကို သိတော်မူ၍ အလှူပေးခိုန် သီလဆောက်တည်ခိုန်ကို ထောက်၍ ဆိုတော်မူ၏။ ပိယပက္ခတွင် ပထမစကားသည် ယခင်ပြခဲ့သော ဝတ္ထုကဲ့သို့ အဋ္ဌာနိယကထာမည်၏။ ဤသို့သော စကားကိုလည်း ဆိုတော်မမူ။ ဒုတိယစကားကိုကား အာမိသဟူသော အကြောင်းကြောင့် ရာဇကထာ စသော တိရစ္ဆာနကထာကိုလည်း ဆိုတော်မမူ။ တတိယစကားကိုကား အရိယသစ္စာကိုမှီသော အနှစ်တရာ မကပင် နာကုန်သော်လည်း ပညာရှင်တို့သည် ရောင့်ရဲခြင်းသို့ မရောက်နိုင်ကုန်။ ဤသို့သော စကားကိုသာ ဆိုတော်မူ၏။

ဤသို့ မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ၊ အဘယ ကုမာရသုတ် အဖွင့် ဆယ်ကြောင်းရေ "ဂံ-ဂါး" အဂိါတို့တွင် လာသည်ဖြစ်၍ ကျမ်းဂန်လာသော စကားပင်ဖြစ်သည်။

၁၅၃-ပုစ္ဆာ။ ။ဘုရားရှင်တို့ ဝေမေတ္တာရှစ်ပါးကိုလည်း သိလိုပါသည်။

၁၅၃-ဝိသဇ္ဇနာ။ ။ဘုရားရှင်တို့ ဝေမေတ္တာရှစ်ပါးကို သိလိုပါသည် ဟူရာ၌

ယခုအခါ မှတ်သားရေတွက်ကြကုန်သောအဋ္ဌဝိသဘုရားတို့၏ ဝေမေတ္တာကို အပြည့်အစုံမလာ။ ပါဠိတော်၌လည်း နှစ်ကျိပ်ရှစ်ဆူကုန်သော ဘုရားတို့ကို အပြည့်အစုံမဆို။ ဒီပင်္ကရာ

မြတ်စွာဘုရားက စ၍သာ ဟောတော်မူသည် ဖြစ်သောကြောင့် ဝေမ့တတ်အပြားကိုလည်း ဒီပင်္ကရာဘုရားကစ၍ နှစ်ကျိပ်ငါးဆူသော ဘုရားတို့ကိုသာ လာသည်။ ထိုကြောင့်–

ကျွမသို့ ပန သကလေပိ ဗုဒ္ဓဝံသေ နိဒါနံ ပဠဝိသတိယာ ဗုဒ္ဓါနံ အဋ္ဌဝေမတ္တာနိ ဝေဒိတဗ္ဗာနိ–

ဟု ဗုဒ္ဓဝင်အဋ္ဌကထာ၌ဆိုသည်။

ကတမာနိ အဋ္ဌ အာယုဝေမတ္တံ ပမာဏဝေမတ္တံ ကုလဝေမတ္တံ ပဓာနဝေမတ္တံ ရသ္မိဝေမတ္တံ ယာနဝေမတ္တံ ဗောဓိဝေမတ္တံ ပလ္လင်္ကဝေမတ္တန္တိ။ ဟု ဗုဒ္ဓဝင် အဋ္ဌကထာ၌ဆိုသည်နှင့်အညီ "အာယုဝေမတ္တာ၊ ပမာဏဝေမတ္တာ၊ ကုလဝေမတ္တာ၊ ပဓာနဝေမတ္တာ၊ ရသ္မိဝေမတ္တာ၊ ယာနဝေမတ္တာ၊ ဗောဓိဝေမတ္တာ၊ ပလ္လင်္ကဝေမတ္တာ" ဟု ရှစ်ပါးတည်း။

ထိုရှစ်ပါးတို့တွင် အချို့သောဘုရားသည် ရှည်သော သက်တော်ရှိ၏။ အချို့သောဘုရားသည် တိုသော သက်တော်ရှိ၏။ ထို့ကြောင့်–

ဒီပင်္ကရာ၊ ကောဏ္ဍည၊ အနောမဒဿီ၊ ပဒုမ၊ ပဒုမုတ္တရ၊ အတ္ထဒဿီ၊ ဓမ္မဒဿီ၊ သိဒ္ဓတ္ထ၊ တိဿ ဤကိုးဆူသော ဘုရားရှင်တို့သည် တသိန်းတမ်း။

မင်္ဂလ၊ သုမန၊ သောဘိတ၊ နာရဒ၊ သုမေဓ၊ သုဇာတ၊ ပိယဒဿီ၊ ဖုဿ၊ ဤရှစ်ဆူသော ဘုရားတို့သည် ကိုးသောင်းတမ်း။

ရေဝတ၊ ဝေဿဘူ၊ ဤနှစ်ဆူသော ဘုရားရှင်တို့သည် ခြောက်သောင်းတမ်း။

ဝိပဿီဘုရားရှင်သည် ရှစ်သောင်းတမ်း။

သိခီ၊ ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဤလေးဆူသော ဘုရားရှင်တို့သည် အစဉ်အတိုင်း ခုနစ်သောင်း၊ လေးသောင်း၊ သုံးသောင်း၊ နှစ်သောင်းတမ်း။

ငါတို့ဘုရား တရာတမ်း။ ဤကား အသက်တမ်းကိုဆိုသော **အာယုဝေမတ္တာတည်း**။

ပမာဏဝေမတ္တာကား။ ။ဒီပင်္ကရာ၊ ရေဝတ၊ ပိယဒဿီ၊ အတ္ထဒဿီ၊ ဓမ္မဒဿီ၊ ဝိပဿီ၊ ဤခြောက်ဆူသော ဘုရားကိုယ်တော် အရပ်အတောင်ရှစ်ဆယ်။

ကောဏ္ဍည၊ မင်္ဂလ၊ နာရဒ၊ သုမေဓ၊ ရှစ်ဆယ့်ရှစ်တောင်။

သုမနဘုရား အတောင်ကိုးဆယ်။

သောဘိတ၊ အနောမဒဿီ၊ ပဒုမ၊ ပဒုမုတ္တရ၊ ဖုဿ၊ ရှစ်ဆယ့်ငါးတောင်။

သုဇာတ၊ အတောင်ငါးဆယ်။

သိဒ္ဓတ္ထ၊ တိဿ၊ ဝေဿဘူ၊ အတောင်ခြောက်ဆယ်။

သိခီ၊ အတောင်ခုနစ်ဆယ်။

ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ အစဉ်အတိုင်း အတောင်လေးဆယ်၊ သုံးဆယ်၊ နှစ်ဆယ်။

ငါတို့ဘုရား တဆယ့်ရှစ်တောင်။ ဤကား **ပမာဏဝေမတ္တာ**တည်း။

ကုလဝေမတ္တကား။ ။ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ပုဏ္ဏားမျိုး။

ကြွင်းသော နှစ်ကျိပ်နှစ်ဆူသော ဘုရားတို့သည် မင်းမျိုး။ ဤကား **ကုလဝေမတ္တ**တည်း။

ပဓာနဝေမတ္တကား။ ။ဒီပင်္ကရာ၊ ကောဏ္ဍည၊ သုမန၊ အနောမဒဿီ၊ သုဇာတာ၊ သိဒ္ဓတ္ထ၊ ကကုသန်၊ ဆယ်လ ဒုက္ကရစရိယကျင့်ရသည်။

မင်္ဂလ၊ သုမေဓ၊ တိဿ၊ သိခီ၊ ရုစ်လ။

ရေဝတ၊ ခုနစ်လ။

သောဘိတ၊ လေးလ။

ပဒုမ၊ အတ္ထဒဿီ၊ ဝိပဿီ၊ လခွဲ။

နာရဒ၊ ပဒုမုတ္တရ၊ ဓမ္မဒဿီ၊ ကဿပ၊ ခုနစ်ရက်။

ဝိယဒဿီ၊ ဖုဿ၊ ဝေဿဘူ၊ ကောဏာဂုံ၊ ခြောက်လ။

ငါတို့ဘုရား ခြောက်နှစ်။ ဤကား **ပဓာနဝေမတ္တ**တည်း။

ရသ္မိဝေမတ္တကား။ ။မင်္ဂလဘုရား ရောင်ခြည်တော် လေးဖာတ် တသောင်းလုံးနှံ့၏။

ပဒုမုတ္တရ၊ တဆယ့်နှစ်ယူဇနာ။

ဝိပဿီ၊ ခုနစ်ယူဇနာ။

သိခီ၊ သုံးယူဇနာ။

ကကုသန်၊ ဆယ်ယူဇနာ။

ငါတို့ဘုရား တလံပမာဏ၊

ကြွင်းသောဘုရားတို့ကား အမြဲမရှိ၊ အလိုရှိတော်မူတိုင်း ထွန်းတောက်နိုင်၏။ ဤကား **ရသ္မိဝေမတ္တ**တည်း။

ယာနဝေမတ္တကား။ ။ဒီပင်္ကရာ၊ သုမန၊ သုမေဓ၊ ဖုဿ၊ သိခီ၊ ကောဏာဂုံ၊ ဆင်ယာဉ်စီး၍ တောထွက်တော်မူသည်။

ကောဏ္ဍည၊ ရေဝတ၊ ပဒုမ၊ ဝိယဒဿီ၊ ဝိပဿီ၊ ကကုသန်၊ ရထားယာဉ်။

မင်္ဂလ၊ သုဇာတာ၊ အတ္ထဒဿီ၊ တိဿ၊ ဂေါတမ၊ မြင်းယာဉ်။

အနောမဒဿီ၊ သိဒ္ဓတ္ထ၊ ဝေဿဘူ၊ ထမ်းစင်ယာဉ်။

နာရဒ၊ ဓမ္မဒဿီ၊ သောဘိတ၊ ပဒုမုတ္တရ၊ ကဿပ၊ ပြာသာဒ်ယာဉ်။ ဤကား **ယာနဝေမတ္တ**တည်း။

ဗောဓိဝေမတ္တကား။ ။ဒီပင်္ကရာ၊ ညောင်ကြတ်။

ကောဏ္ဍည၊ သာလကလျာဏီ။

မဂ်လ၊ သုမန၊ ရေဝတ၊ သောဘိတ၊ ကံ့ကော်။

အနောမဒဿီ၊ ထောက်ကြံ့။

ပဒုမ၊ နာရဒ၊ ကြောင်လျှာကြီး။

ပဒုမုတ္တရ၊ ထင်းရှူးပင်။

သုမေဓ၊ တမာပင်။

သုဇာတ၊ ဝါးကြခတ်။

ပိယဒဿီ၊ သျှိသျှား။

အတ္ထဒဿီ၊ တမာပင်။

ဓမ္မဒဿီ၊ သံသတ်။ မျက်နှာပန်းလည်းဟူ၏။

သိဒ္ဓတ္ထ၊ မဟာလှေကား။

တိဿ၊ ပိတောက်ပင်။

ဖုဿ၊ သျှိသျှား၊ သရက်လည်းဆို၏။

ဝိပဿီ၊ သခွတ်။

သိခီ၊ ပုဏ္ဏရိက်၊ သရက်ဖြူလည်းဟူ၏။

ဝေဿဘူ၊ အင်ကြင်း။

ကကုသန်၊ ကုက္ကို။

ကောဏာဂုံ၊ ရေသဖန်း။

ကဿပ၊ ပညောင်။

ဂေါတမ၊ ညောင်ဗုဒ္ဓဟေပင်၌ ပွင့်တော်မူကုန်၏။ ဤကား ဗောဓိဝေမတ္တတည်း။

ပလ္လင်ဝေမတ္တကား။ ။ဒီပင်္ကရ၊ရေဝတ၊ဝိယဒဿီ၊ အတ္ထဒဿီ၊ ဓမ္မဒဿီ၊ဝိပဿီ၊ ငါးဆယ့်သုံးတောင်ပလ္လင်ကျယ်၏။

ကောဏ္ဍည၊ မင်္ဂလ၊ နာရဒ၊ သုမေဓ၊ ပလ္လင်ငါးဆယ့်ရှစ်တောင်။

သုမနဘုရား၊ ပလ္လင် အတောင်ခြောက်ဆယ်။

သောဘိတ၊ အနောမဒဿီ၊ ပဒုမ၊ ပဒုမုတ္တရ၊ ဖုဿ၊ ပလ္လင်သုံးဆယ့်ရှစ်တောင်။

သုဇာတာဘုရား၊ ပလ္လင်တော် သုံးဆယ့်နှစ်တောင်။

သိခီဘုရား၊ ပလ္လင်တော် ငါးဆယ့်လေးတောင်။

သိဒ္ဓတ္ထ၊ တိဿ၊ ဝေဿဘူ၊ ကကုသန်၊ ပလ္လင် အတောင်လေးဆယ်။

ကောဏာဂုံဘုရား၊ ပလ္လင်တော် အတောင်နှစ်ဆယ်။

ကဿပဘုရား၊ ပလ္လင် တဆယ့်ငါးတောင်။

ဂေါတမဘုရား ပလ္လင် တဆယ့်လေးတောင်၊ ဤကား **ပလ္လင်ဝေမတ္တ**တည်း။

ဤသို့ ဗုဒ္ဓဝင် အဋ္ဌကထာ၌ လာသည့်အတိုင်း ဝေမတ္တရှစ်ပါးကို သိအပ်၏။

နက္ခတ်အားဖြင့်ကား။ ဥတ္တရာသန် နက္ခတ်နှင့်ယှဉ်၍ ပဋိသန္ဓေ ယူတော်မူ၏၊ တောထွက်တော်မူ၏။ ဓမ္မစကြာတရားကို ဟောတော်မူ၏။ ယမိုက်ပြာဋိဟာကို ပြတော်မူ၏။ ဝိသာခါနက္ခတ်နှင့်ယှဉ်၍ ဖွားတော်မူ၏၊ ဘုရားဖြစ်တော်မူ၏၊ ပရိနိဗ္ဗာန် စံတော်မူ၏။ မာဃနက္ခတ်နှင့်ယှဉ်၍ သာဝက အစည်းအဝေးကို ပြုတော်မူ၏။ အာယုသင်္ခါရ လွှတ်တော်မူ၏။ အဿယုဇနက္ခတ်နှင့်ယှဉ်၍ နတ်ပြည်မှ သက်တော်မူ၏၊ ဤကား နက္ခတ်နှင့်ယှဉ်ခြင်း နက္ခတ္တ ပရိစ္ဆေဒတည်း။

အန္တရာယ်ပြုခြင်းငှာ မတတ်နိုင်ရာသည်လေးပါးကား–

ဘုရားသခင်ကို ရည်၍ ဆောင်အပ်သော ပစ္စည်းလေးပါးတို့ကို တစုံတယောက်သောသူသည် အန္တရာယ်ပြုခြင်းငှာမထိုက်။

ခပ်သိမ်းသော ဘုရားသခင်တို့၏ အသက်တော်ကို တစုံတယောက်သောသူသည် အန္တရာယ်ပြုခြင်းငှာ မထိုက်။

သုံးဆယ့်နှစ်ပါးသော မဟာပုရိသ လက္ခဏာတော်ကို အန္တရာယ်ပြုခြင်းငှာ မထိုက်။

ရှစ်ဆယ်သော လက္ခဏာတော်ငယ်ကို အန္တရာယ်ပြုခြင်းငှာ မထိုက်။

ဤကား အန္တရာယ်ပြုခြင်းငှာ မထိုက်ရာသည့် အနန္တရာယိကဓမ္မ လေးပါးတည်း။

ဤနက္ခတ္တပယောဂနှင့် အန္တရာယ်ပြုခြင်းငှာ မထိုက်ရာသည့် လေးပါးတို့ကိုကား မေးလျှောက်သော ကာလ မပါသော်လည်း ဗုဒ္ဓဝင်အဋ္ဌကထာတွင် စကားအလျဉ်းသင့်၍ ဝေမတ္တရှစ်ပါးတို့ကို ဆိုရာ အနီးအပါးတို့တွင် ပါသောကြောင့် မှတ်သားရန် ရောဆက်၍ ရေးသွင်းလိုက်သည်။ ဝေမတ္တရှစ်ပါးပြီး၏။

၁၅၄- ပဉ္စာ။ ။ဘုရားသခင် ပလ္လင်တော် အမြင့် အရပ်ရှိ မရှိကိုလည်း အငြင်းအခုံရှိကြပါသည်။ ရှိ မရှိကိုလည်း သိလိုပါသည်။

၁၅၄-ဝိသဇ္ဇနာ။ ။ဘုရားသခင် ပလ္လင်တော်အရပ်အမြင့်ရှိသည် မရှိသည်ကိုမေးရာ၌–

အဋ္ဌတိဏမုဋ္ဌိ ကိရဏကဂ္ဃော အပရိမိတကပ္ပေါပစိတ ပါရမိတာ နုဘာဝေန ပထဝိတော ဥဋ္ဌိတော သဗ္ဗရတနဝိစိတ္တော အတီဝရမဏီယော သဒေဝကေ လောကေ ကေနစိ ကာတုံ အသက္ကုဏေယျ ရူပေါ စုဒ္ဒသဟတ္ထဝိတ္ထာရော တဒနုရူပါယာမော အပါဒကတ္တာ ပထဝိယော အမုတ္တော ဟုတ္တာ သဏ္ဌိကော ပထဝိဝဋ္ဋံသကော ဝဇိရာသန ဘူတော အပရာဇိတပလ္လင်္ကော၊ ဟေဓိဿ သမီပေ ဌိတော ပလ္လင်္ကော ဟေဓိ

ပလ္လင်္ကော် တသို့မ။ ကတ္တစိပန စုဒ္ဓသဟတ္ထုဗ္ဗေဓော ပလ္လင်္ကော်တိ အာဂတံ တတ္ထဥဗ္ဗေဓ-သဒ္ဒေါ ဝိတ္ထာရဝါစီယေဝ ဟောတိ၊ နဥဗ္ဗေဒဝါစီ တသ္မာ စုဒ္ဓသဟတ္ထဝိတ္ထာရောတိ အတ္ထော။

အဋ္ဌတိဏမုဋ္ဌိ၊ ရုစ်ဆုပ်သောမျက်ကို။ ကိရဏကွဏော၊ ကြသောခဏာ၌။ အပရိမိတ-ကပ္ပေါပစိတ ပါရမိတာနုဘာဝေန၊ မနိုင်းရှည့်အပ်သော ကမ္မာပတ်လုံး ဆည်းပူးတော်မူ အပ်သော ပါရမီတော်၏အာနုဘော်ကြောင့်။ ပထဝီတော၊ မြေမှ။ ဥဋ္ဌိတော၊ ပေါက်သော။ သဗ္ဗရတနဝိစိတ္တော ခပ်သိမ်းသောရတနာတို့ဖြင့် ဆန်းကြယ်သော။ အတီဝရမဏီယော။ အလွန်မြတ်သော ပတ္တမြားဖြင့်ပြီးသော။ တနည်းကား။ အလွန်လျင်မွေ့လျော်ဖွယ်ရှိသော သဒေဝကေ၊ နတ်နှင့်တကွသော။ လောကေ၊ လောက၌။ ကေနစိ၊ တစုံတယောက်သော သူသည်။ ကာတုံ၊ ပြုခြင်းငှာ။ အသက္ကာဏောယ္ယရူပေါ၊ မတတ်ကောင်းသော သဘောရှိသော။ စုဒ္ဓသဟတ္ထဝိတ္ထာရော၊ တဆယ့်လေးတောင်အကျယ်ရှိသော။ တဒနုရူပါယာမော၊ ထိုနှင့်သင့်လျော်သော အလျားရှိသော။ အပါဒကတ္တာ၊ အခြေမရှိသောကြောင့်။ ပထဝီတော၊ မြေမှ၊ အမုတ္တော၊ မလွတ်သည်။ ဟုတ္တာ၊ ဖြစ်၍။ သဏ္ဌိတော၊ တည်သော။ ပထဝီဝဋ္ဋ-သကော၊ မြေကြီး၏ ဦးဆောက်ပန်းလဲသည်းဖြစ်သော။ ဝဇိရာသနဘူတော၊ ဝရဇိန်နေရာဖြစ်၍ ဖြစ်သော။ အပရာဇိတပလ္လင်္ကော၊ အပရာဇိတပလ္လင်တည်း။ ဗောဓိဿ၊ ဗောဓိပင်၏။ သမီပေ၊ အနီး၌။ ဌိတော၊ တည်သော။ ပလ္လင်္ကော်၊ ပလ္လင်တည်း။ ဗောဓိပလ္လင်္ကော်၊ ဗောဓိပလ္လင်။ တသ္မိံ ဗောဓိပလ္လင်္ကေ၊ ထိုဗောဓိပလ္လင်၌။ ကတ္ထစိပန၊ အချို့သောကျမ်း၌ကား။ စုဒ္ဓသ-ဟတ္ထုဗ္ဗေဓော ပလ္လင်္ကော်တိ၊ စုဒ္ဓသဟတ္ထုဗ္ဗေဓော ပလ္လင်္ကော်ဟူ၍။ အာဂတံ၊ လာ၏။ တတ္ထ၊ ထိုသို့လာရာ၌။ ဥဗ္ဗေဓသဒ္ဒေါ၊ ဥဗ္ဗေဓသဒ္ဒါသည်။ ဝိတ္ထာရဝါစီယေဝ၊ အကျယ်ကိုဟောသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ဥဗ္ဗေဓဝါစီ၊ အစောက်ကို ဟောသည်။ န ဟောတိ၊ မဖြစ်။ တသ္မာ၊ ထို့ကြောင့်။ စုဒ္ဓသဟတ္ထဝိတ္ထာရော၊ တဆယ့်လေးတောင်အကျယ်ရှိ၏။ ဣတိအယံ၊ ဤသည်သာလျှင်။ အတ္ထော၊ အနက်တည်း။ ဤသည်ကား မဏိဒီပဋ္ဌိကာတွင် ဆိုသော စကားတည်း။

ဤမဏိဒီပကျမ်းကိုပြုသော စစ်ကိုင်းမြို့ အရှင်မဟာအရိယဝံသ အယူတော်ကား ဥဗ္ဗေဓသဒ္ဒါသည် အပြင်ကိုဟောသည်။ အမြင့်အစောက်ကို မဟောဖြစ်သည်။ ပလ္လင်တော် အလျားအနံ တဆယ့်လေးတောင်ရှိ၏။ အခြေမရှိသောကြောင့် မြေမှမလွတ်၊ အမြင့်လည်း မရှိဟု ယူတော်မူ၏။ ထိုစကားကို ကြိုက်နှစ်သက်ကုန်သော ပညာရှိတို့လည်း ပလ္လင်အမြင့် အစောက်မရှိဟူ၍ ပြောဆိုယူမှတ်ကြကုန်၏။

ဤကား ပလ္လင်တော်အမြင့်မရှိဟု ယူကြသော သူအပေါင်းတို့၏ ဝါဒရင်းကိုပြသောစကား တည်း။ပလ္လင်အမြင့်အစောက်ရှိ၏ဟု ယူမှတ်ကြသော သူအပေါင်းတို့၏ ဝါဒရင်းကား–

သုဒ္ဓိယေန တိဏဟာရကေန ဒိန္နံ အဋ္ဌတိဏမုဋ္ဌိဂဏှိတွာ ပုဗ္ဗုတ္တရဒိသာဘာဂေ ဌိတော တာနိ အဂ္ဂ ဂဟေတွာ စာလေန္တကွဏော အနေကကပ္ပေါပစိတပါရမိတ္တာနုဘာဝေန ပထဗျာ ဥဋ္ဌိတော သဗ္ဗရတနမယော စုဒ္ဓသဟတ္ထုစ္စဝိတ္ထာရော တဒနုရူပါယာမော ဘူမိကဏ္ဌိကော အပရာဇိတ ပလ္လင်္ကော်၊ ဗောဓိဿ သမီပေ ဝိဒတ္ထာမိက စတုဟတ္ထုန္နရေ ဌာနေ ပဝတ္တော ပလ္လင်္ကော် ဗောဓိပလ္လင်္ကော်၊ တသ္မိံ။ အာစရိယာ ပန ပလ္လင်္ကော် အဂ်ုလိမတ္တမ္မိ နဥဋ္ဌဟတိ၊

ဘူမိသမမေဝ၊ စုဒ္ဒသဟတ္ထော။ ပလ္လင်္ကော်တိ ကွဒံ ဝိတ္ထာရမေဝ သန္ဓာယ ဝုတ္တံ၊ န ဥဗ္ဗေဓံ။ ယဒိ ဥဗ္ဗေဓော၊ ဧဝံ သတိ ဝိပဿီနော ဘဂဝတော တေပညာသဟတ္ထော ပလ္လင်္ကော ပညာသဟတ္ထံ ဗောဓိက္ခန္ဓံ အတိက္ကမ္မ သာခန္တရံ ပဝိသေတွာ မဟာသာခံ ပိဋ္ဌိတော ကတွာ သာခန္တရေ အသီတိဟတ္ထုဗ္ဗေဓော ဝိပဿီ ဘဂဝါ နိသိန္နော ဘဝေယျ။ တသ္မာ ပလ္လင်္ကသ ဥဗ္ဗေဓဘာဝေါတိ ဝဏ္ဏယန္တိ၊ တံ ဝီမံသိတဗ္ဗံ ဗုဒ္ဓဝိသယာနံ အစိန္တေယျတ္တာ။ ဗုဒ္ဓါ ဟိ ယထာ ဝိဒတ္ထိမတ္တေ အာဒါသေ ဒသမိဒံ ဟတ္ထံ သတမိဒံ ဟတ္ထံ စေတိယံ ဒိဿတိ၊ တတ္ထ နမဟန္တော အာဒါသော နာ စ ခုဒ္ဒကံ စေတိယံ၊ အစိန္တေယျမေဝ၊ သာသပဗ္ဗန္တရေပိ သဟ ပရိက္ခာရေဟိ ကွဒ္ဒိံ အနုပါဒေတွာ တိဋ္ဌန္တာ စရန္တာ နိသိန္နာ သယနာပိတိ အစိန္တေယျ သဘာဝါ၊ "ဗုဒ္ဓဝိသယော အစိန္တေယျော တိ" ဟိ ဝုတ္တံ။

သုဒ္ဓိယေန၊ သုဒ္ဓိယအမည်ရှိသော။ တိဏဟာရကေန၊ မြက်ရိတ်သူသည်။ ဒိန္နံ၊ လျှူအပ်သော။ အဋ္ဌတိဏာမုဋ္ဌိံ၊ ရှစ်ဆုပ်သောမြက်ကို။ ဂဏှိတွာ၊ ခံယူတော်မူ၍။ ပုဗ္ဗုတ္တရဒိသာ-ဘာဂေ၊ ဗောဓိပင်၏ အရှေ့မြောက်ထောင့် အရပ်မျက်နှာအဖို့၌။ ဌိတော၊ ရပ်တော်မူလျက်။ တာနိ၊ ထိုမြက်တို့ကို။ အဂ္ဂေ၊ အဖျား၌။ ဂဟေတွာ၊ ကိုင်တော်မူ၍။ စာလေန္တဏ္ဍဏော၊ လှုပ်သောခဏ၌။ အနေကကပ္ပေါပစိတ ပါရမိတာနုဘာဝေန၊ ကမ္မာအတိုင်းမသိ ဆည်းပူးတော်မူအပ်သော ပါရမီအာနုဘော်ကြောင့်။ ပထဗျာ၊ မြေမှ။ ဥဋ္ဌိတော၊ တက်လတ်ထသော။ သဗ္ဗရတနမယော၊ ခပ်သိမ်းသော ရတနာတို့ဖြင့် ပြီးသော။ စုဒ္ဒသဟတ္ထုစ္စ-ဝိတ္ထာရော၊ တဆယ့်လေးတောင်အစောက်၊ တဆယ့်လေးတောင်အပြန့်ရှိသော။ တဒနုရူပါ-ယာမော၊ ထိုအနံနှင့်လျော်သော အလျားရှိသော။ ဘူမိကဏ္ဍကော၊ မြေကြီး၏အစွန်းဖြစ်သော။ အပရာဇိတပလ္လင်္ကော၊ အပရာဇိတပလ္လင်သည်။ ဗောဓိဿ၊ ဗောဓိ၏။ သမီပေ၊ အနီး၌။ ဝိဒတ္ထာဓိက စတုဟတ္ထုန္နရေ၊ တထွာအလွန်ရှိသော လေးတောင်အကြားရှိသော။ ဌာနေ၊ အရပ်၌။ ပဝတ္တော၊ ဖြစ်သော။ ပလ္လင်္ကော၊ ပလ္လင်သည်။ ဗောဓိပလ္လင်္ကော၊ ဗောဓိပလ္လမည်သည်။ ဟောတိ၊ ဖြစ်၏။ တသ္မိံ ဗောဓိပလ္လင်္ကေ၊ ထိုဗောဓိပလ္လင်၌။ အာစရိယာပန၊ ဆရာတို့သည်ကား။ ပလ္လင်္ကော၊ ပလ္လင်သည်။ ဘူမိတော၊ မြေမှ။ အဂ်ုလိတ္ထေမ္ဘိ၊ လက်တသစ်မျှလည်း။ န ဥဋ္ဌဟတိ၊ မတက်။ ဘူမိသမမေဝ၊ မြေနှင့်အမျှသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ စုဒ္ဒသဟတ္ထောပလ္လင်္ကော်တိ ကွဒံ၊ စုဒ္ဒသဟတ္ထောပလ္လင်္ကော ဟူသော ဤစကားသည်။ ဝိတ္ထာရမေဝ၊ အပြန့်ကိုသာလျှင်။ သန္ဓာယ၊ ရည်၍။ ဝုတ္တံ၊ ဆိုအပ်၏။ ဥဗ္ဗေဓံ၊ အစောက်ကို။ သန္ဓာယ၊ ရည်၍။ နဝုတ္တံ၊ မဆိုအပ်။ ဥဗ္ဗေဓော၊ အစောက်သည်။ ယဒိသိယာ၊ အကယ်၍ ဖြစ်ငြားအံ့။ ဧဝံသတိ၊ ဤသို့ဖြစ်သည်ရှိသော်။ ဝိပဿိနော၊ ဝိပဿီအမည်တော်ရှိသော။ ဘဂဝတော၊ မြတ်စွာဘုရား၏။ တေပညာသဟတ္ထော။ ငါးဆယ့်သုံးတောင်ရှိသော။ ပလ္လင်္ကော၊ ပလ္လင်သည်။ ပညာသဟတ္ထံ၊ အတောင်ငါးဆယ်ရှိသော။ ဗောဓိက္ခန္ဓံ၊ ဗောဓိပင်စည်ကို။ အတိက္ကမ္မ၊ လွန်၍။ သာခန္တရံ၊ ခက်မအကြားသို့။ ပဝိသေတွာ၊ ဝင်၍။ မဟာသာခံ၊ ခက်မကြီးကို။ ပိဋ္ဌိတော၊ နောက်မှ။ ကတွာ၊ ပြု၍။ သာခန္တရေ၊ ခက်မအကြား၌။ အသီတိဟတ္ထုဗ္ဗေဓော၊ အတောင်ရှစ်ဆယ်အမြင့်ရှိသော။ ဝိပဿီဘဂဝါ၊ ဝိပဿီမြတ်စွာဘုရားသည်။ နိသိန္နောပိ၊ နေသည်လည်း။ ဘဝေယျ ဖြစ်ရာ၏။ တသ္မာပိ ထို့ကြောင့်လည်း။ ပလ္လင်္ကသ၊ ပလ္လင်၏။ ဥဗ္ဗေဓဘာဝေါ၊ အစောက်မရှိသောအဖြစ်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဝဏ္ဏယန္တိ၊ ဖွင့်ကုန်၏။ ဗုဒ္ဓဝိသယာနံ၊

ဘုရားအရာတော်တို့၏။ အစိန္တေယျတာ။ အစိန္တေယျအဖြစ်ကြောင့်။ တံ ဝစနံ၊ ထိုစကားကို။ ဝီမံသိတပ္ပံ၊ စုံစမ်းဆင်ခြင်အပ်၏။ ဟိသစ္စံ၊ မှန်၏။ ဗုဒ္ဓါ၊ ဘုရားရှင်တို့သည်။ ဝိဒတ္ထိမတ္တော၊ တထွာမျှလောက်သော။ အာဒါသေ၊ ကြေးမုံ၌။ ဒသမွိဟတ္ထံ၊ ဆယ်တောင်ရှိသည်လည်း ဖြစ်သော။ သတမွိဟတ္ထံ၊ အတောင်တရာရှိသည်လည်း ဖြစ်သော။ စေတီယံ၊ စေတီသည်။ ဒိဿတိ၊ ထင်၏။ တတ္ထ၊ ထိုထင်ခြင်း၌။ အာဒါသော။ ကြေးမုံသည်။ မဟန္တော၊ ကြီးသည်။ န ဟောတိ၊ မဖြစ်။ စေတီယံ၊ စေတီသည်။ ခုဒ္ဒကံစ၊ ငယ်သည်လည်း။ နဟောတိ၊ မဖြစ်။ ဧတံ၊ ဤထင်ခြင်းသည်။ အစိန္တေယျမေဝ၊ မကြံအပ်သည်သာလျှင်။ ဟောတိ ယထာ၊ ဖြစ်သကဲ့သို့။ ဧဝံတထာ၊ ထို့အတူ၊ သာသပန္တရေပိ၊ မုနိညင်းစေ့အတွင်း၌လည်း။ သဟ-ပရိက္ခာရေပိ၊ ပရိက္ခရာတို့နှင့်တကွလျက်လည်း။ ဂ္ဂဗ္ဘိံ၊ တန်ခိုးကို။ အနုပ္ပါဒေတွာ၊ မဖြစ်စေမူ၍။ တိဋ္ဌန္တာပိ၊ ရပ်လည်းရပ်နိုင်ကုန်၏။ စရန္တာပိ၊ သွားလည်းသွားနိုင်ကုန်၏။ နိသိန္နာပိ၊ ထိုင်လည်းထိုင်နိုင်ကုန်၏။ သယနာပိ၊ အိပ်လည်းအိပ်နိုင်ကုန်၏။ ဣတိ၊ ဤသို့။ အစိန္တေယျသဘာဝါ၊ အစိန္တေယျ သဘောကြောင့်တည်း။ ဟိ၊ သင့်စွ။ ဗုဒ္ဓဝိသယော အစိန္တယျောတိ၊ ဗုဒ္ဓဝိသယော အစိန္တေယျောဟူ၍။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ ဤကား ပရိတ်ကြီးဋီကာတွင် ဆိုသောစကားတည်း။

ဤဋီကာကိုပြုသော စစ်ကိုင်းမြို့ တိလောကဂုရု ဆရာတော်သည် သည်းတော်ခံ ရှင်တေဇောဒီပ အယူတော်ကား ဥဇ္ဈေဓသဒ္ဒါသည် အစောက်ကို ဟောသည်ဖြစ်၍ ပလ္လင်တော်သည် အလျား အနံ အစောက်ရှိ၏ဟု ယူတော်မူသည်။ ထိုစကားကို ကြိုက်နှစ်သက်သောပညာရှိတို့သည်လည်း ပလ္လင်တော်အစောက်ရှိ၏ဟု မှတ်ကြကုန်၏။

ထိုသို့ ဋီကာဆရာနှစ်ပါးတို့သည် အစောက်ရှိ၏၊ မရှိဟု ယူကြသည့် စကားနှစ်ရပ်တွင် မဏိဒီပဆရာက ဝိပဿီဘုရား ပလ္လင်တော် ငါးဆယ့်သုံးတောင်ဆိုသော် အမြင့်ဖြစ်အံ့၊ အတောင်ငါးဆယ်မြင့်သော ဗောဓိပင်စည်ကိုမှီ၍ ခက်မကြားသို့ ဝင်လျက် တည်ရာ၏။ အတောင်ရှစ်ဆယ်မြင့်သော ဘုရားကိုယ်တော်သည် ခက်မကို နောက်ထား၍ နေရသည်ဖြစ်ရာ၏ဟု ကြံသည်။

ပရိတ်ကြီး ဋီကာဆရာကမူ မုနိညင်းခွံအတွင်း၌သော်လည်း ပရိက္ခရာရှစ်ပါးနှင့်တကွ ရပ်တော်မူနိုင်သည်။ ဗုဒ္ဓဝိသယ အစိန္တေယျဖြစ်သည်။ ဝိပဿီမြတ်စွာဘုရား၏ ပလ္လင်၊ ဗောဓိ၊ အရပ်တော်တို့၏ အတိုင်းအရှည်ကိုလည်း မကြံအပ်သောအရာပင် ဖြစ်သည်ဟုယူသည်။

ဤသို့ ဆရာနှစ်ဦးတို့၏ ဝါဒတို့လည်း အထောက်အထားနှင့်ချည်းပင် ဖြစ်ပေသည်။ ကြိုက်ရာမှတ်သားအပ်၏။ ဆင်ခြင်စဉ်းစားသော်ကား သုနာပရန္တ တမ္ဗဒီပစသော မြန်မာတိုင်းနိုင်ငံ၌ ကျမ်းတတ်ဆရာ လေးဦးရှိသည် ဆရာလေးဦးဟူသော်ကား—

ကျမ်းလည်းတတ်၏။ ကျမ်းလည်းပြု၏ ကျမ်းလည်းသေချာ၏။ ကျမ်းလည်းပြီး၏။ ဆရာတဦးတည်း။ သဒ္ဒနီတိကျမ်းကိုပြုသော **အရှင်အဂ္ဂပဏ္ဏိတ**တည်း။

ကျမ်းလည်းတတ်၏။ ကျမ်းလည်းပြု၏။ ကျမ်းလည်းသေချာ၏။ ကျမ်းကားမပြီး၊ ဆရာတဦးတည်း။ မဏိဒီပကျမ်းကိုပြုသော **အရှင်မဟာအရိယာဝံသ**တည်း။

ကျမ်းလည်းတတ်၏၊ ကျမ်းလည်းပြု၏။ ကျမ်းကားမသေချာ၊ ကျမ်းကားပြီး၏။ ဆရာတဦးတည်း။ ဝိနယာလင်္ကာရကို ပြုသော **အရှင်တိပိဋကာလင်္ကာရ**တည်း။

ကျမ်းကားတတ်၏။ ကျမ်းကားမပြု၊ ကျမ်းပြုသော်ကား သေချာရာ၏၊ ဆရာတဦးတည်း။ မဏိကုဏ္ဍလကိုပြုသော **အရှင်ဝရာဘိသယ်နာထ**တည်း။

ဤသို့ ကျမ်းဂန်တတ်ကုန်သော ဆရာကြီးတို့သည် ဥဒါန်းစကား ထားခဲ့သည့်အတိုင်း မဏိဒီပဆရာကိုလည်း အလွန် နှစ်သက်သံနှင့်ပင် ဆိုပေသည်။ သို့ရာတွင် အရှင်မဟာအရိယာဝံသ ဆရာတော်ကား မဏိဒီပကျမ်းကို ပြုသည်ရှိသော် မပြီးလေသောကြောင့် သက္ကရာဇ် မထွက်ချေ။ မဏိမဏ္ဍူတွင်မူကား —

> မဏိမဏ္ဍူသာနာမိသာ အဘိဓမ္မတ္ထဝိဘာဝိနိယာနာမ အဘိဓမ္မတ္ထသင်္ဂဟ မဏ္ဍနာယ ဝဏ္ဏနာ အဋ္ဌဝီသာဓိက အဋ္ဌသတ သက္ကရာဇမ္ပိ။

ဟု သက္ကရာဇ် ရှစ်ရာ့နှစ်ဆယ်ရှစ်ခုတွင် ပြီးကြောင်းကို ဆိုသည်။ ထိုသက္ကရာဇ်သည်လည်း ထူပါရုံဒါယကာမင်း နရပတိနန်းစံ လေးနှစ်ခန့်တွင်ကျသည်၊ မဏိဒီပသည်လည်း ထိုမင်းနောက် သက္ကရာဇ် ရှစ်ရာ့သုံးဆယ်တွင် နန်းတက်သော မဟာသီဟသူရလင်္ကာထက်နှင့် ပြိုင်မိရာသည်ဖြစ်၍ ရှစ်ရာ့သုံးဆယ်ကျော်မှ ရတနာပုရပြည်ကြီးကို တည်၍ မင်းဆယ်ဆက်မြောက်မှ ဖြစ်သောကျမ်း မှတ်ရာသည်။

ပလ္လင်တော် အမြင့်မရှိဟူသော စကားသည်လည်း သီဟိဠ်ကျွန်း၊ ပုဂံ၊ မြင်စိုင်း၊ စစ်ကိုင်း၊ ပန်းယ မင်းတို့ လက်ထက် ပြုသောကျမ်းတို့က မဆိုမလာ၊ ဤမဏိဒီပကျမ်းသစ် ဖြစ်လာမှသာ ဤစကားသစ် ဖြစ်ချေသောကြောင့်လည်းကောင်း၊ တစ်ပါးသော ကျမ်းတို့က ဤကဲ့သို့မဆိုချေ သောကြောင့်လည်းကောင်း စကားထီးချေသည်။

တစ်ကြောင်းမှာလည်း ဘုရားသခင်အနိမိသဘုန်တော်၌ နေတော်မူ၍ ခုနစ်ရက် ဗောဓိပင်နှင့် ရွှေပလ္လင်ကိုရှု၍ နေတော်မူသည့်အရာ၌ ပလ္လင်တော်အမြင့်မရှိသော် မြေ၌ခင်းသော နေရာမျှ ကိုသာ ရှုရမည့် လက္ခဏာရှိချေသည်။ အချို့ဆရာတို့ကလည်း ပလ္လင်္သဒ္ဒါသည် နေရာကိုလည်း ဟော၏။ အစောက်ရှိသော ပလ္လင်ကိုလည်းဟော၏။ ဤအရာတွင် ပလ္လင်္သဒ္ဒါသည် နေရာ ဟောဖြစ်သည်ဟူ၍လည်းဆို၏။ ထိုစကား၌လည်း နေရာဟောမျှသာမှန်သော ဗောဓိပလ္လင်္ကော် စသည်ဖြင့်သာ ကျမ်းဂန်၌ ဆိုခဲ့ချေသည်။ ဗောဓိအာသန စသည်ဖြင့် မဆိုစဘူး။ တစ်ပါးသော အရပ်၌ နေတော်မူသောကာလလည်း အာသနံ ပညာပေတွ စသည်ဖြင့်လည်းကောင်း၊ ပညတ္တာသနေ နိသီဒိ-စသည်ဖြင့်လည်းကောင်း၊ မဂ္ဂါဩက္ကမ္မ အညတရသ္မိံ ရုက္ခမူလေ ပညတ္တေ အာသနေ နိသီဒိ-စသည်ဖြင့်လည်းကောင်း လာသည်။ ဤသို့စသည်ဖြင့် တပါးသောအရာ၌ကား အာသနသဒ္ဒါဖြင့် လာသည်။ ဗောဓိပင်သို့ရောက်သောကာလ၌ အာသနသဒ္ဒါဖြင့် မလာ။ ပလ္လင်္သဒ္ဒါဖြင့် လာခဲ့သည်။ လာဟန်ကား ဝိနည်းမဟာဝါ အဋ္ဌကထာ၌ –

> စတ္တာရိ အသင်္ခ်ေယျာနိ ကပ္ပသတသဟဿဉ္စ ဥပစိတာနံ ပါရမီနံ ဗလာဓိဂမဋ္ဌာနံ ပလ္လင်္ဂ ဗောဓိရုက္ခဉ္စ အနိမ္မိသေဟိ အက္ခီဟိ ဩလောကယမာနော သတ္တာဟံ ဝီတိနာ-မေသိ။ ဟူ၍လည်းကောင်း။

ပလ္လင်္သစ ဋ္ဌိတဋ္ဌာနဿစ အန္တရာ။ ဟူ၍လည်းကောင်း။

ပဓာနစရိယံ ဗောဓိပလ္လင်္ကော်။ ဟူ၍လည်းကောင်း။

အပရာဇိတပလ္လင်္ကော် မာရဝိဇယံ။ ဟူ၍လည်းကောင်း။

ဤသို့စသည်ဖြင့် ဗောဓိပင်၌ နေသည်ကို ဆိုသောကာလ အာသနေ စသည်ဖြင့်မဆို၊ ပလ္လင်္ကော် စသည်ဖြင့်သာ ဆိုခဲ့သည်။ ထိုသို့ဆိုသောကြောင့် နေရာသက်သက် မြေ၌ခင်းလျက် တည်သော လက်တသစ်မျှ တက်ခြင်းမရှိသော အာသနမျှသာ မယူသင့်။ ဤအရာ၌ ပလ္လင်္ကသဒ္ဒါ အထူးရှိသောကြောင့် အရပ်အမြင့် အထူးရှိသော ပလ္လင်ဟု ယူသင့်သည်။

မြက်ကိုခင်းရုံမျှသာဖြစ်သော နေရာသာဟူ၍ယူသော် အကြောင်းပါရမီကို အထူးဆို၍ အကျိုးမရှိလွန်းဖြစ်သည်။ ထူးဆန်းလှသော အမြင့်အရပ်ရှိသော ပလ္လင်္ကဝိသေသ ဖြစ်၍သာ လေးသခ္ခဏ်နှင့် ကမ္မာတသိန်း ဆည်းပူးအပ်သော ပါရမီတော်၏ အကျိုးကြောင့်ဖြစ်ကြောင်းကို ဝိနည်းမဟာဝါ အဋ္ဌကထာ၌–

> စတ္တာရိ အသခ္ခေယ္ယာနိ ကပ္ပသတသဟဿဉ္စ ဥပစိတာနံ ပါရမီနံ ဗလာဓိဂမဋ္ဌာနံ ပလ္လင်္ကဉ္စ ဗောဓိရုက္ခဉ္စ-ဟု ဆိုလေသည်။

"သောဘိတ အနောမဒဿီ ပဒုမုတ္တရ ဖုဿနံ ဘဂဝန္တာနံ အဋ္ဌတိံသဟတ္ထာ" ဟု ဗုဒ္ဓဝင် အဋ္ဌကထာ၌ ပဒုမုတ္တရဘုရားပလ္လင်တော် သုံးဆယ့်ရှစ်တောင်ရှိသည်ဆိုသည်။ ဤ၌ အမြင့်မယူ၊ အပြင်မျှသာ ယူချေသော် ပလ္လင်တော်မှ ဆင်းသောကာလ ခြေတော်ကိုချမည် ဟူ၍ လက်ယာခြေတော်ကို ခြိုလျှင် တဆယ့်နှစ်တောင်ရှိသော ကြာပဒုမ္မာပေါက်၍ ခံသည်ဆိုသည်။ ပလ္လင်က အနိမ့်၊ ဆီးခံ၍ပေါက်သောကြာက မြင့်၍ရှိရာသည်။ သုံးဆယ့်ရှစ်တောင်ရှိသော ပလ္လင်က ဆင်းသက်ရာတွင် တဆယ့်ရှစ်တောင်ရှိသော ကြာပဒုမ္မာ ခံသည်ဆိုသော် လျော်ရာသော သဘောရှိသည်။ ထိုကြာ၏ အကြောင်းကား။

> တေသံ ကိရ ဓုရပတ္တာနိ နဝုတိ ဟတ္ထာနိ။ ကေသရာနိ တီ သဟတ္ထာနိ။ ကဏ္ဏိကာ-ဒ္ဝါဒသ ဟတ္ထာ၊ ဧကေကာနာဠိယော ဧကာဒသ ဟတ္ထာ အဟေသုံ။ တဿ ဧကာဒသ-ဟတ္ထေန ပါဒေန ဒ္ဝါဒသဟတ္ထာယ ကဏ္ဏိကာယ အက္ကန္တမတ္ထာ နဝယဇ္ဇပမာဏာ ရေဏဝေါ ဥဒ္ဒဟိတွာ အဋ္ဌပဏ္ဏာသဟတ္ထံ ဂတ္တံ မနောသိလာ စုဏ္ဏေန အာကိဏ္ဏံဝိယ ပစ္စောတ္ထရန္တိ။

ဟူသည်နှင့်အညီ ပဒုမုတ္တရ မြတ်စွာဘုရားသည် ဗောဓိပင်၌ ခုနစ်ရက်ကို လွန်စေပြီးမှ မြေ၌ ခြေတော်ကိုချအံ့ဟု လက်ယာခြေဖဝါးတော်ကို လှမ်းတော်မူလျှင် မြေကိုခွဲ၍ ကြာပဒုမ္မာ ပေါက်လာ၏။ ထိုကြာကား ကြီးသောအရွက်တို့သည် အတောင်ကိုးဆယ်ရှိ၏။ ဝတ်ဆံတို့သည် အတောင်သုံးဆယ်ရှိ၏။ အချတ်နားတောင်း တဆယ့်နှစ်တောင်ရှိ၏။ တခုတခုသော အရိုးတို့သည် တဆယ့်နှစ်တောင်စီရှိကုန်၏။ တဆယ့်တတောင်ရှိသော ခြေတော်ဖြင့် တဆယ့်နှစ်တောင်ရှိသော အချတ်၌ နင်းတော်မူကာမျှ အိုးစရည်း ပမာဏရှိကုန်သော ကိုးလုံးသော ဝတ်မှုန်တို့သည် ထလတ်၍ ငါးဆယ့်ရှစ်တောင် ပမာဏရှိသော ကိုယ်တော်ရုပ်ကို ဆေးဒန်းမြင်းသီလာမှုန့်ဖြင့် ရောပြွမ်းဘိသကဲ့သို့ပြု၍ လွှမ်းမိုးကုန်၏ဟု ဆိုသည်။ ဤသို့ မြင့်စွာသော ကြာပဒုမ္မာသည် ရွှေပလ္လင်မှ သက်တော်မူလျှင် မြေကပေါက်၍ ခံလာသည်ဆိုသည်။ ပလ္လင်တော်အမြင့်မရှိ။ အပြင်သာရှိအံ့၊ ပလ္လင်နိမ့်၍ နောက်ကပေါက်သော ကြာကမြင့်၍ တည်ခဲ့ရကား မလျော်ချေ။

အမြင့်မရှိ အပြင်သာရှိသည်ဆိုသည့် အရာကိုလည်း နောက်လာ ကျမ်းဂန်တတ်သော ဆရာတို့သည်လည်း မနှစ်သက်လွန်းကုန်၊ ကျမ်းဂန်တတ်သိလှသော ဆရာဖြစ်၍သာ ပစ်ပစ်ခါခါ မဆိုအားရှိကြချေသည်။

ပရိတ်ကြီးဋီကာဆရာမူကား ရွှေပလ္လင်သည် ဗောဓိပင်၏အနီး လေးတောင်ထွာကွာသော အရပ်၌ များစွာသော ကပ်ကမ္ဘာကာလပတ်လုံး ဆည်းပူးတော်မူအပ်သော ပါရမီတော်၏ အာနုဘော်အားဖြင့် မြေမှပေါက်သော ခပ်သိမ်းသော ရတနာတို့ဖြင့် ဆန်းကျယ်စွာသော တဆယ့်လေးတောင် အစောက်အမြင့်၊ ထိုနှင့်လျော်သော အလျားရှိသော အပရာဇိတ ပလ္လင်တော်သည် မြေမှပေါက်၏။ တပါးသောဆရာတို့ကား မြေမှလက်တသစ်မျှ မပေါက်မပေါ်၊ မြေနှင့်အမျှသာဟု ဆိုကုန်၏။ ထိုသို့ဆိုကြောင်းကို ရတနသုတ်၌ ငါတို့ပြခဲ့လေပြီဟု "ဇယန္တော ဗောဓိယာ မူလေ" စသောဂါထာ၏ အဖွင့်၌ဆို၏။

> ဗောဓိယာမူလေတိ ဗောဓိယာ သမီပေ ဝိဒတ္ထာဓိကစတုဟတ္ထန္တရေ ဌာနေ အနေက ကပ္ပေါပစိတပါရမိတာနုဘာဝေန ပထဗျာ ဥဋ္ဌိတေ သဗ္ဗရတနဝိစိတ္တေ စုဒ္ဒသဟတ္ထုစ္စဝိတ္ထာရေ တဒနုရူပါယာမေ အပရာဇိတပလ္လင်္ကေတိ ဝုတ္တံ ဟောတိ။ အညေပနာဟု န ပလ္လင်္ကော ဘူမိတော အဂ်ုလိမတ္တမ္ပိ ဥဋ္ဌဟတိ၊ အထခေါ ဘူမိသမမေဝါတိ။ တံ ရတနသုတ္တပဓာနေ-ဝုတ္တမေဝ။

ဗောဓိယာမူလေတိ၊ ဟူသည်ကား။ ဗောဓိယာ၊ ၏။ သမီပေ၊ အနီးဖြစ်သော။ ဝိဒတ္ထာ-ဓိကစတုဟတ္ထန္တရေ၊ တထွာအလွန် လေးတောင် အခြားရှိသော။ ဌာနေ၊ အရပ်၌။ အနေက ကပ္ပေါပစိတ ပါရမိတာနုဘာဝေန၊ များစွာသောကပ် ကမ္ဘာကာလပတ်လုံး ဆည်းပူးတော်မူအပ်သော ပါရမီတော်၏ အာနုဘော်အားဖြင့်။ ပထဗျာ၊ မြေမှ။ ဥဋ္ဌိတေ၊ ပေါက်သော။ သဗ္ဗရတနဝိစိတ္တေ၊ ရတနာခုနစ်ပါးတို့ဖြင့် ဆန်းကြယ်စွာထသော။ စုဒ္ဒသဟတ္ထုစ္စဝိတ္ထာရေ၊ တဆယ့်လေးတောင် အမြင့်အကျယ်ရှိသော။ တဒနုရူပါယာမေ၊ ထိုနှင့်လျော်သောအလျား ရှိသော။ အပရာဇိတပလ္လင်္ကေ၊ ရန်သူတို့သည် မအောင်နိုင်သော ပလ္လင်၌။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဆိုအပ်သည်။ ဟောတိ၊ ဖြစ်၏။ အညေပန၊ တပါးသောဆရာတို့သည်ကား။ ပလ္လင်္ကော၊ သည်။ ဘူမိတော၊ မှ။ အဂ်ုလိမတ္တမ္ပိ၊ မျှလည်း။ နဥဋ္ဌဟတိ၊ မပေါ်။ အထခေါ၊ စင်စစ်သော်ကား။ ဘူမိသမမေဝ၊ မြေနှင့်အမျှသာတည်း။ ဣတိ၊ ဤသို့။ အာဟု၊ ဆိုကုန်၏။ တံ၊ ထိုစကားကို။ ရတနသုတ္တပဓာနေ၊ ရတနသုတ်ကို ပြဋ္ဌာန်းသောအရာ၌။ ဝုတ္တမေဝ၊ ဆိုအပ်ပြီးသာတည်း။ ဟုလာ၏။

မဏိဒီပဆရာက ဝိပဿီဘုရား ဗောဓိပင်အရပ်၊ ပလ္လင်တော်အရပ်၊ ကိုယ်တော်အရပ်ကို ကြံဆ၍ ကိုယ်တော်လည်း အခက်ကြား၌ ရှိလေရာ၏ဟု အယူရှိ၍ ငါတို့ဘုရားသခင် ပလ္လင်တော်သည် မြေမှမပေါက်ဟု။ "န ပလ္လင်္ကော ဘူမိတော အဂ်ုလိမတ္တမ္ပိ ဥဋ္ဌဟတိ၊ ဘူမိသမမေဝ" ဟု ဆိုသော စကားဖြစ်သည်။ အဋ္ဌကထာ၌ "စုဒ္ဒသဟတ္ထုဗ္ဗေဓော ပလ္လင်္ကော" ဟု လာသော ပါဠိကိုလည်း-ဣဒံ ဝိတ္ထာရမေဝ သန္ဓာယ ဝုတ္တံ၊ န ဥဗ္ဗေဓံ ဟု ဥဗ္ဗေဓသဒ္ဒါကိုလည်း အကျယ်အပြန့်ကို ရည်၍ ဆိုသောစကားဖြစ်သည်ဟု ဆိုသည်။ ထိုဥဗ္ဗေဓသဒ္ဒါကိုလည်း သတဟတ္ထုဗ္ဗေဓော ဗောဓိဟူသည်၌ ဗောဓိပင်ကို အတောင်တရာ အမြင့်ရှိ၏ဟု ယူ၍ သရီရဓာတုစေတိယတ္ထုဗ္ဗေဓံ-၌ အရပ်တော် အတောင်ရှစ်ဆယ်မြင့်၏ဟု ယူ၍၊ ပညာသ ဟတ္ထုဗ္ဗေဓော ပလ္လင်္ကော၌ကာ

ဥဇ္ဇေဓသဒ္ဒါကို အပြင် ဟောသည်ဟု ယူလေသည်။ ဝေမတ္တ ရှစ်ပါးတွင် ဥဇ္ဇေဓသဒ္ဒါနှင့်ချည်းယှဉ်၍ ဟောတော်မူလျက် အလိုရှိရာ အမြင့်ကို အလိုရှိသောအခါ၌ အမြင့်ကို ယူသည်၊ အပြင်ကို ဖြစ်စေလိုသောအရာ၌ အပြင်ကို ယူလေသည်။ ထို့ကြောင့် ယူလိုရာယူမည်ဟု ဆိုသကဲ့သို့ ရှိချေသည်။ ထိုပလ္လင်တော်အမြင့်မရှိဟု ဆိုသောစကားလည်း မဏိဒီပဆရာဖြစ်မှ ပေါ်လာသော စကားနှင့်တူသည်။ အဘယ့်ကြောင့်နည်းဟူအံ့။

သဂါထာဝဂ္ဂသံယုတ်အဋ္ဌကထာ၊ အရုဏဝတီသုတ်၏ အဖွင့်၌ လာသော "စတုဝီသတိ ဟတ္ထတိဏသန္ထရံ သန္ထရိတွာ စတုဝီသတိ စတုဝီသတိ ဟတ္ထပမာဏကော ပလ္လင်္ကော ဥဋ္ဌဟိတွာ ပလ္လင်္ကေ နိသီဒိတွာ" ဟု လာသောပါဠိ၌ နှစ်ဆယ့်လေးတောင်ရှိသော မြက်အခင်းကို ခင်း၍ နှစ်ဆယ့်လေးတောင် ပမာဏရှိသော ပလ္လင်တော်သည် ပေါက်လာ၍ ထိုပလ္လင်၌ သိခီမြတ်စွာဘုရား နေတော်မူ၏။ သိခီမြတ်စွာဘုရား ပလ္လင်တော်ပင် ပေါက်လေပြီတကား။ ငါတို့မြတ်စွာဘုရား ပလ္လင်တော်သည်လည်း တဆယ့်လေးတောင်ပင် ပေါက်ပြီဟူ၍ အပြီးမှတ် အပ်လှတော့သည်၊ ပေါက်သည်ဟူသမျှသည် အမြင့်ဟူ၍သာ မှတ်သင့်သည်။

ရှေးအခါ မဟာစေတီ ဌာပနာသောကာလ ဗောဓိပင်၌ ပလ္လင်တော်ထက် နေဟန်သွင်းထားထုလုပ်ဟန်များ၌ အမြင့်အစောက်ရှိသော ပလ္လင်နှင့် သွင်းထားကြောင်းကိုလည်း မဟာဝင်ကျမ်း ထူပဝင်ကျမ်း စာကိုယ်ဋီကာတို့၌ ဆိုသည်။

သွင်းထားဟန်ကား။ ဌာပနာတိုက်၏ အလယ်၌ ငွေဖြင့်ပြီးသော တဆယ့်ရှစ်တောင်ပင်စည် ငွေဖြင့်ပြီးသော တဆယ့်ရှစ်တောင်သော ခက်မငါးဖြာရှိသော အချင်းချင်းယှက်တင်သောငွေဖြင့်ပြီးသော ခက်ငယ်နှင့်ပြည့်စုံသော ကမ္မလာစိမ်းကို ဖြန့်ဘိသို့သောအရောင်၊ မြယပ်ဝန်းကို ခပ်ဘိသို့သောအသွင်၊ ဥဒေါင်းမြီးစည်းကို ဖြန့်ဘိသို့သောသဏ္ဌာန်၊ မြဖြင့်ပြီးသော ရွက်ရင့်တို့ဖြင့် တင့်တယ်စွာသော ရွှေဖြင့်ပြီးသောခက်ရွက်ရော၊ သန္ဓာဖြင့်ပြီးသော ရွက်ဖူးရွက်ညွှန့်၊ ရွှေဖြင့်ပြီးသော သီးနုသီးရင့်ရှိသော၊ သန္ဓာဖြင့်ပြီးသော မြစ်မ မြစ်သေးတို့ဖြင့် ခိုင်ခံ့စွာ တည်သော ပင်စည်၌ ခြူးပန်းခြူးနွယ် အရေးအသားတို့ဖြင့် ဆန်းကြယ်စွာသော မဟာဗောဓိပင်ကို ဖန်ဆင်းစီရင်ပြီးသော် ပုလဲဖြင့်ပြီးသော ချူ ပုလဲ၊ သန္ဓာ၊ ရွှေ၊ ငွေ၊ မြတို့ဖြင့်ပြီးသော ကွန်ယက်ဖြင့် ဖွဲ့အပ်သော ရွှေ၊ ငွေ၊ ပတ္တမြား၊ ပုလဲ၊ သန္ဓာတို့ဖြင့် ဆန်းကြယ်စွာ ရတနာခုနစ်ပါးတို့ဖြင့် ပြုအပ်ဆွဲအပ်သော ပန်းပွားတို့ဖြင့် တင့်တယ်သော ရွှေလ၊ ရွှေနေ၊ ရွှေကြယ်၊ ငွေလ၊ ငွေနေ၊ ငွေကြယ်၊ ရတနာခုနစ်ပါးတို့ဖြင့်ပြီးသော လ, နေ, ကြယ်တို့ဖြင့် ဆန်းကြယ်စွာ လေးထောင့်၌ဆွဲအပ်သော၊ အသပြာတသိန်းထိုက်သော ပုလဲသွယ်ရှိသော၊ ပတ်လည်ဆွဲအပ်သော ရတနာတို့ဖြင့်ပြီးသော ကြာသွတ်အိုးငယ်ရှိဘော ဗိတာန်ကြက်ပြီးလျှင် ဗောဓိပင်၏ ထက်ဝန်းကျင်မှ ရတနာခုနစ်ပါးဖြင့်ပြီးသော ပွတ်တိုင်စိုက်ရံ၍၊ ပွတ်တိုင်၏အကြားအကြား၌ သျှိသျှားသီးလုံး ပမာဏရှိသော မြတ်သောရတနာတို့ကိုကြဲ၍၊ နံ့သာဖြင့်ပြီးသော ရွှေအိုး၌ သန္ဓာပန်း၊ သန္ဓာအိုး၌ ရွှေပန်း၊ ပတ္တမြားအိုး၌ ငွေပန်း၊ ငွေအိုး၌ ပတ္တမြားပန်း အစရှိသည်တို့ဖြင့် တင့်တယ်စွာ စီရင်အပ်သော ကြာသွတ်အိုးတို့ကိုထား၍၊ မဟာဗောဓိမှ အရှေ့မျက်နှာ၌ ရတနာခုနစ်ပါးဖြင့်ပြီးသော တကူ့ရွေထိုက်သော ပလ္လင်ထက်၌ တခဲနက်သော ရွှေဆိုင်တုံးကို ထုလုပ်အပ်သော ဘုရားသခင် ဆင်းတုတော်ကို ထားလျက် ကိုးကွယ်သည်။

ဘုရားသခင် ရုပ်တုတော်၌ လက်သည်း ခြေသည်းတော်နှစ်ဘက် မျက်စိတော်၌ ဖြူသင့်သော အရာတို့ကို ဖန်စစ်ဖြင့်၊ လက်ဖဝါး၊ ခြေဖဝါးတော်၊ နှုတ်ခမ်းတော်၊ မျက်စိတော်တို့၌ နီသင့်သော အရာတို့ကို သန္တာစစ်ဖြင့်၊ ဆံမုတ်ဆိတ်တော်၊ မျက်မှောင်တော်၊ မျက်စိတော်တို့၌ ညိုသင့်သော အရာတို့ကို ဂျက္ကနီလာဖြင့်၊ သွားတော် လေးဆယ်တို့ကို ဝရဇိန်ဖြင့်၊ ဥဏှလုံတော်၊ ရေပွက်တော်တို့ကို ငွေစစ် ငွေကောင်းဖြင့်ပြီးစေလျက် အတိုင်းအရှည်နှင့်တကွ ပြုလုပ်၍ သွင်းထားကိုးကွယ်သည်ဟူ၍ ဆိုသည်။

ဤ၌ ဗောဓိပလ္လင်တော်သည် အကယ်၍ မြေမှမတက်သည်ဖြစ်အံ့၊ မြေ၌သာလျှင်ထား၍ ကိုးကွယ်ရာသည်၊ ရတနာဖြင့်ပြီးသော ပလ္လင်တော်ကို ထုလုပ်ဖွယ်မရှိပြီ၊ ပလ္လင်ထုလုပ်၍ကိုးကွယ်သည်ကိုထောက်သော် ရှေးအခါ ပလ္လင်တော်အမြင့်ရှိ၏ဟု ယူသည်ဟု မှတ်ရာ၏။

ပလ္လင်တော် အမြင့်မရှိဟု ယူသောစကားသည် မဏိဒီပကျမ်းပြီးမှဖြစ်သော စကားဟု ယူရာ၏။ ထို့ကြောင့် ဆုတောင်းခန်းတွင် "ဗောဓိညောင်ရွှေ၊ ဗုဒ္ဓဗောအောက်၊ ဆန်းကြယ်ပေါက်သား၊ ရောင်တောက်ပလ္လင်၊ သမိုဂ်ပြင်ထက်"၊

ပုံတောင်နိုင် မော်ကွန်းတွင် "ထွတ်တိုင်ရှင်တော်၊ အာနုဘော်ကြောင့်၊ ထွန်းပေါ်ကမ္ဘာ၊ ပေါ်ဦးခါက၊ ကွန်းချာသမ္မုတိ၊ တုမရှိသည့်၊ ဗောဓိရှေ့တွင်၊ အောင်မြေပြင်၌၊ ပလ္လင်ရတနာ၊ ပေါက်လှည့်ရာကို၊ မိစ္ဆာလုယက်၊ မာရ်စစ်ထွက်သို့" ဟု ပေါက်ကြောင်းကို စပ်သည်။

ပါရမီခန်း၌ "ပလ္လင်နိမ့်မြင့်၊ အကျင့်တိုရှည်၊ ဆိုစသည်တုံ၊ တရည်တည်းပင်" ဟု အနိမ့်အမြင့်ကိုစပ်သည်။

ဓမ္မရာသီ၌လည်း "ရွှေမြောက်ယွန်းပါး၊ လေးတောင်ခြားဝယ်၊ တည်ကြားရပ်မြဲ၊ မြက်ဆုပ်ကြဲက၊ အံ့အဲဖွယ်သာ၊ ဆန်းကြယ်စွာသား၊ ထက်ဝါမြင့်ခေါင်၊ ဆယ့်လေးတောင်လျှင်၊ ပြောင်ပြောင်ထွန်းတောက်၊ ပလ္လင်ပေါက်၍၊ ဝမ်းမြောက်ထိုထက်၊ စံပယ်လျက်လျှင်"၊

ဗုဒ္ဓဗွတ္တိတွင် "ပလ္လင်ရွှေပြောက်၊ ဖူးညွန့်ညောက်နှင့်၊ လျားလျောက်မြင့်ခေါင်၊ ဆယ့်လေးတောင်တည့်၊ ပြောင်ပြောင်ထွန်းတောက်၊ ဘုန်းကြောင့်ပေါက်က"၊

တေမိယျိုတွင် "ငါရှင်တော်ကား၊ ရွှေလှော်ရောင်တောက်၊ ဗောဓိအောက်၌၊ စောက်ဆယ့်လေးတောင်၊ လျှံပြောင်ထိန်ထိန်၊ ဝရဇိန်ပလ္လင်၊ ဗွေထိပ်ပြင်ထက်"ဟု တဆယ့်လေးတောင်မြင့်ကြောင်းကိုစပ်သည်။ ပေါက်သည်ဆိုကလည်း အမြင့်တက်သည်ကိုသာ စပ်သော စကားဖြစ်သည်။ အချို့သောဆရာတို့ကား ပလ္လင်တော်ပေါက်သည်ဆိုသော အရာသည်ဆားပေါက်သည်။ ဆပ်ပြာပေါက်သည် ဆိုဘိသကဲ့သို့မျှသာဖြစ်သည်ဟူ၍ ဂုဏ်တော် ကျေးဇူးတော်ကို နှိပ်၍ဆို၏။ ထိုစကားလည်း ကျမ်းဂန်တို့တွင် အရိပ်အမြွက်မျှ မလာမရှိ ဖြစ်သောကြောင့် ပရိကပ္ပစကားမျှသာဖြစ်၍ မယူအပ်သော စကားဖြစ်သည်။

အာသန္ဓိ ပလ္လင်္ကော စသောပါဠိတို့၌လည်း ပလ္လင်ဆိုက အမြင့်အရပ်ရှိသည်ကိုသာ ယူရသည်။ အမြင့်အရပ်ရှိသော ပလ္လင်မှလည်း မြေတ်စွာဘုရား တင့်တယ်လျောက်ပတ်ရာသည်။ ခဲ့ီးမြောက်ရာသို့လည်း ရောက်သည်။ ကမ္ဘာအတိုင်းမသိ ဆည်းပူးတော် မူကျိုးလည်း ထင်ရာသည်။ ပလ္လင်တော် မြေမှမပေါက် ဆိုသောသူမှာ ဘုန်းတော်ကို နှိပ်ရာရောက်သည်။ ဇာတ်နိပါတ်ကျမ်းတို့၌လည်း ရှေးမင်းတို့ပလ္လင်၌ နေသည်ဟုလာရာ၌ မြင့်သောပလ္လင်ကိုသာလာသည်။ သဂ်ိယနာတင်ရာ၌

ပလ္လင်ထက်နေကြောင်းကို ဆိုရာ၌လည်း မြင့်သောပလ္လင်သာဖြစ်သည်။ မင်းအဆက်ဆက် ရာဇပလ္လင်လုပ်ရိုး ထုရိုး ကိုးပါးသော ပလ္လင်တို့၌လည်း "သီဟာသန၊ ဂဇာသန၊ အဿသန၊ မိဂါသန၊ မယုရာသန၊ ဘမရာသန၊ ဟံသာသန၊ ပဒုမာသန၊ သခ်ိသန" ဟူသော ကိုးပါးသောပလ္လင်၊ စူဠရာဇပလ္လင်၊ မဇ္ဈိမရာဇပလ္လင်၊ မဟာရာဇပလ္လင် လုပ်နည်းလုပ်ခန်းများလည်း ဘုရားသခင် ပလ္လင်တော်ကိုပုံပြု၍ အရပ်အမြင့်နှင့်သာ လုပ်ရိုး ထုရိုးရှိသည်။ ထို့ကြောင့် ဗောဓိပလ္လင်ကိုလည်း အရပ်အမြင့်၊ ရှိ၏ ဟူ၍သာ မှတ်သင့်သည်။

၁၅၅-ပုစ္ဆာ။ ။ဟိမဝန္တာတောတွင် သူယောင်ပင်ရှိသည်ဟူ၍ ပြောဆိုကြပါသည်။ ကျမ်းဂန် ထွက်ဆိုမည် မထွက်ဆိုမည်ကိုလည်း သိလိုပါသည် ဆရာတော်ဘုရား။

၁၅၅-ဝိသဇ္ဇနာ။ ။ဟိမဝန္တတော၌ သူယောင်ပင် ရှိသည် မရှိသည်ကို သိလိုပါသည်ဟူရာ၌–

စတ္တာလီသနိပါတ်၊ အလမ္ဗုသာ ဇာတ်တွင်–

> နာရိဝနံ နာမ ဂန္ဓာ တာတ ကွမသ္မိံ ဟိမဝန္တေ ကွမေဟိ ပုပ္ဖေဟိ သဒိသာ ကွတ္ထိယော နာမ ဟောန္တိ။ တာ အတ္တနော ဝသံ ဂတေ မဟာဝိနာသံ ပါပေန္တိ။ တာသံ ဝသံ နာမဂန္တုံ န ဝဋ္ဋတိ။

နာရိဝနံ နာမ၊ နာရိဝနမည်သော သူယောင်တောသည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုသူယောင်တောသို့။ ဂန္ဓာ၊ သွား၍။ တာတ၊ ချစ်သား။ ကွမသ္မိံဟိမဝန္တေ၊ ဤဟိမဝန္တာတော၌။ ကွမေဟိ ပုပ္ဖေဟိ၊ ဤသူယောင်ပွင့်တို့နှင့်။ သဒိသာ၊ အဆင်းသဏ္ဌာန် တူကုန်သော။ ကွတ္ထိယောနာမ၊ မိန်းမမည်ကုန်သောသူတို့သည်၊ ဟောန္တိ၊ ရှိသည်ဖြစ်ကုန်၏။ တာ၊ ထိုသူယောင်ပွင့်နှင့်တူကုန်သော မိန်းမတို့သည်။ အတ္တနော၊ မိမိ၏။ ဝသံ၊ အလိုသို့။ ဂတေ၊ လိုက်ကုန်သော သူတို့ကို။ မဟာဝိနာသံ၊ ကြီးစွာသောပျက်စီးခြင်းသို့။ ပါပေန္တိ၊ ရောက်စေတတ်ကုန်၏။ တာသံ၊ ထိုမိန်းမတို့၏။ ဝသံနာမ၊ အလိုသို့။ ဂန္တုံ၊ လိုက်ခြင်းငှာ။ နဝဋ္ဋတိ၊ မအပ်။

ဟု ဘုရားလောင်းအဖရသော့သည် သား ကွသိသိဂ်ရသော့ငယ်ကို ခေါ်၍ နာရိဝနမည်သော သူယောင်တောသို့သွား၍ ချစ်သား ကွသိသိဂ်ရသော့ငယ် ဤဟိမဝန္တာတော၌ ဤသူယောင်ပွင့်နှင့် တူကုန်သော အဆင်းသဏ္ဌာန်ရှိကုန်သော မိန်းမမည်ကုန်သော သူတို့သည် ရှိကုန်၏။ ထိုသူယောင်ပွင့်နှင့်တူကုန်သော မိန်းမတို့သည် မိမိတို့၏ အလိုသို့ လိုက်ကုန်သော သူတို့ကို ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်စေတတ်ကုန်၏။ ထိုမိန်းမတို့၏ အလိုသို့ လိုက်ခြင်းငှာ မပြုအပ်၏ဟု ဆုံးမတော်မူကြောင်းကိုလာသည်။

လောကပညတ္တိ ကျမ်းတွင်လည်း။

> ဇမ္ဗုရုက္ခဿ သမီပေ နာရိဝနံ နာမ အတ္ထိ၊ ဟူ၍လည်းကောင်း။ သတ္တံပဝနာသတ္တ နဒိယော၊ အမ္ဗဝနံ၊ ဇမ္ဗုဝနံ၊ သာလဝနံ၊ နရဝနံ၊ ကဒလိဝနံ၊ ကပိဋ္ဌဝနံ၊ တေသံ ဖလာနိ ပရမရသ သမ္ပန္နာနိယတာ ခုဒ္ဒမဓုအနိဋ္ဌကံဝ ဒိဿတိ။ ဟူ၍လည်းကောင်း။

ဇမ္ဗူသပြေပင်၏အနီး၌ သူယောင်တော ရှိကြောင်းကို လာသည်ဖြစ်၍ သူယောင်ပင်ဆိုသည်ကား ကျမ်းဂန်ထွက်ဆိုသော စကားပင်ဖြစ်သည်ဟု မှတ်ရာသည်။

၁၅၆-ပုစ္ဆာ ။ ။စာပေကျမ်းဂန်မှစ၍ အရပ်ရပ်ကျောက်စာမော်ကွန်းတို့၌ ရေးမှတ်ကြသည်တို့တွင် "ကလိယုဂသက္ကရာဇ်၊ ကောဇာသက္ကရာဇ်" ဟု ရေးမှတ်ကြသည့် အရာများသည်။ ဘယ်အကြောင်းကြောင့် "ကလိယုဂ" ဆိုသည်။ "ကောဇာ" ဆိုသည်။ "သက္ကရာဇ်" ဆိုသည်တို့ကို သိလိုပါသည်။

သက္ကရာဇ် ၁၁၇၃၊ တပို့တွဲလဆန်း ၁-ရက်၊ တနင်းလာနေ့၊ မုံရွာသိရိမာလာက မေးလျှောက်လာရာတွင် ဖြေဆိုလိုက်သည့်ကား။

၁၅၆-ဝိသဇ္ဇနာ။ ။ကလိယုဂဆိုသည်, ကောဇာ ဆိုသည်, သက္ကရာဇ် ဆိုသည်တို့ကို မေးရာ၌–

ကလိယုဂ် ဟူသည်ကား ဂလိယုဂဟုဆိုလိုသည်။ ယုဂ်၏အပြားသည် လေးပါးရှိသည်။ လေးပါးဟူသော်ကား–

ကတယုဂ်၊ တြေတာယုဂ်၊ ဒွါပရယုဂ်၊ ကလိယုဂ်ဟူ၍ လေးပါးအပြားရှိ၏။

ထို့ကြောင့် အဘိဓာန်ဋီကာတွင် "ကတ တေတာ ဒွါပရ ကလိဝသေန စတုယုဂံ" ဟု ဆိုသည်။

ထိုတွင် ရှေးဦးစွာ ကတယုဂ်သည် တသန်းခုနစ်သိန်း နှစ်သောင်းရှစ်ထောင်၊ နှစ်အရေအတွက် ပတ်လုံးတည်း၏။

ထို့နောင် တြေတာယုဂ်ဆန်း၏။ ထိုတြေတာယုဂ်သည် တသန်းနှစ်သိန်းကိုးသောင်း ခြောက်ထောင်၊ နှစ်အရေအတွက်ပတ်လုံးတည်း၏။

ထို့နောင် ဒွါပရယုဂ်ဆန်း၏။ ထိုဒွါပရယုဂ်သည် ရှစ်သိန်းခြောက်သောင်း လေးထောင် နှစ်အရေအတွက်ပတ်လုံး တည်း၏။

ထို့နောင် ကလိယုဂ်ဆန်း၏။ ထိုကလိယုဂ်သည် လေးသိန်းသုံးသောင်းနှစ်ထောင်၊ နှစ် အရေအတွက်ပတ်လုံးလည်း၏။

ယုဂ်လေးပါးအပေါင်း နှစ်အရေအတွက် လေးသန်းသုံးသိန်း နှစ်သောင်းသည် စတုယုဂ်၏ အသက်ပေါင်းမည်း၏။ ထို့ကြောင့် အဘိဓာန်ဋီကာ (စဝ-၁)၌–

"သုညံ သုညံ ခံ နာဂါ၊ ကရမုနိသသိနော။
မာန' မာဒေါ ယုဂဿ၊ တေတာယ ခံခံသုညံ။
ရသနဝသူရိယာ ဝဿသင်္ခ်ာ ပသိဒ္ဓါ။
သုညံ သုညံ ခံ ဝေဒါ၊ ရသဘုဇဂမိတိ။
ဒွါပရေ ဝဿသင်္ခ်ာ၊ သုညာကာသံခံနေတ္တ-
ဂုဏဇလနိဓယော၊ ဝဿသင်္ခ်ာ ကလိဿေ" တိ။
ပိဏ္ဍော စေသ ဝိသတိ ဝဿသဟဿာဓိကာနိ တေ စတ္တာလီဝဿသလက္ခာနိ။

ဟု ဆိုလေသည်။ ထိုစတုယုဂ်သည် အလှည့်အလည် ဆန်းတုံကွယ်တုံအားဖြင့် အကြိမ်တထောင်ရှိသောကာလ လူတို့၏ ဟာယနကပ် ကုန်၏။ ထိုကဲ့သို့ ဆန်းတုံကွယ်တုံအားဖြင့် အကြိမ်တထောင်သည် ဝဓုနကပ်ကုန်၏။

ဤသို့ ယုဂ်လေးပါး ဆန်းကြသည်တွင် **ကတယုဂ်**ဆန်းသောကာလ လူအပေါင်းတို့သည် အခြေလေးချောင်းထောက်၍ နေဘိသကဲ့သို့ သစ္စာစောင့်ကုန်၏၊ သူ့ကျေးဇူးကို သိကုန်၏၊ သက်ကြီးမိဘတို့အား ရိုသေကုန်၏၊ တရားစောင့်ကုန်၏။

တြေတာယုဂ် ဆန်းသောကာလ အခြေသုံးချောင်း ထောက်၍ တချောင်းသောခြေ ကျိုးပြတ်ဘိသကဲ့သို့ တရားစောင့်သောသူ သုံးစုခန့်၊ မစောင့်သောသူ တစုခန့်ရှိချေပြီ။

ဒွါပရယုဂ် ဆန်းသောကာလလည်း အခြေနှစ်ချောင်းထောက်၍ နှစ်ချောင်းသောခြေ ကျိုးပြတ်ဘိသကဲ့သို့ တရားစောင့်သူနှစ်စု၊ မစောင့်သူ နှစ်စုပင် ဖြစ်ချေပြီ။

ကလိယုဂ် ဆန်းသောကာလကား အခြေသုံးချောင်းကျိုးပြတ်၍ တချောင်းမျှသော အခြေသာထောက်၍ တည်ဘိသကဲ့သို့ တရားမစောင့်သူ လူအပေါင်းကား သုံးစုခန့်ရှိချေပြီ။ တရားစောင့်သူလူတို့ကား တစုခန့်မျှသာ ရှိချေတော့သည်။ ငါတို့ဘုရားဂေါတမပွင့်တော် မူသောကာလကလည်း ကလိယုဂ်ဆန်းချေပြီဖြစ်၍ မိစ္ဆာဒိဋ္ဌိအယူရှိသော သူတို့သည် အများပင် ရှိချေသည်။ သာရတ္ထသင်္ဂဟကျမ်းတွင်လည်း–

ဂစ္ဆန္တေ ကာလေ ကလိယုဂေ ရာဇာနော အဓမ္မိကာ ဟောန္တိ။ တေသု အဓမ္မိကေသု ရာဇသမ္ဘာဒယော အဓမ္မိကာ ဟောန္တိ–ဟူ၍လာချေသည်။

မဟောသဓာ ဖြစ်သောအခါ မဟာဗောဓိ ပရိပိုဏ်ဖြစ်သောအခါတို့၌လည်း ကလိယုဂ်၊ ဆန်းဆဲနှင့် ကြုံသောကြောင့် ဘုရားလောင်း ဆုံးမဩဝါဒသည် များစွာ မတည်နိုင်ပင်ရှိချေသည်။

ထိုလေးပါးသောယုဂ်တို့၏ အကြောင်းကိုလည်းကောင်း၊ နရယုဂ်၊ ဒေဝယုဂ်၊ ဥဒယကပ် ခယကပ်တို့၏ အကြောင်းကိုလည်းကောင်း အဘိဓာန်ဋီကာ၊ အမရကောသကျမ်း၊ သူရိယသိဒ္ဓန္တကျမ်း၊ ပြုဟတ်ကျမ်း၊ ရာဇမတ္တဏ္ဍကျမ်းတို့၌ များစွာဆိုသည်။

ယခုကာလကား ကလိယုဂ်၏ ကာလ၊ ကလိယုဂ်ဆန်းဆဲဟု ဆိုလိုသည်။

ယုဂ်ဖြစ်ဟန်၊ ကလိယုဂ်၏ ဆန်းဟန်ကိုဆိုဦးအံ့။

ကင်လရာရဇ္ဇတော ဂုဏာ၊ သမ္ဘပဉ္စဒုကေ ဂတေ။

ဝဆရေဝ ဗဟုဝသေ၊ ဓမ္မဝိဒါ ဂေါတမာဘိဓာ။ ဂေါတမ ပူရာဏ်ကျမ်းထွက်။

ကင်လံ၊ ကလိယုဂ်၏။ အာရဇ္ဇတော၊ အဦးအစမှ။ ဂုဏာသမ္ဘပဉ္စဒုကေ၊ နှစ်ထောင့်ငါးရာ့ခုနစ်ဆယ်သော။ ဝဆရေဝ၊ နှစ်သည်လျှင်။ ဂတေ၊ ရောက်လတ်သော်။ ဓမ္မဝိဒါ၊ တရားကို သိတော်မူသော။ ဂေါတမာဘိဓာ၊ ဂေါတမအမည်တော်ရှိသောဘုရားသည်။ ဝေ၊ စင်စစ်။ ဗဟုဝါ၊ ဖြစ်တော်မူလေပြီ။

အဓိပ္ပာယ်ကား။ ။ဘုရားသခင် ပရိနိဗ္ဗာန်စံသောနှစ်၌ ကလိယုဂ်နှစ်ပေါင်း နှစ်ထောင့်ငါးရာ ခုနစ်ဆယ်ရှိပြီဟု ဆိုသည်။ ထိုကျမ်း၏ အလိုအားဖြင့်ကား ပရိနိဗ္ဗာန်မစံမီ သုည၊ သတ္တ၊ ပဉ္စ၊ ဒွယ၊ နှစ်ထောင့်ငါးရာ့ ခုနစ်ဆယ် ပရိနိဗ္ဗာန်စံပြီးကာလ ယခုရောက်သော သာသနာနှစ်ကို နှောလျှင် ကလိယုဂ်ဆန်းဆဲနှစ်ပေါင်းဟု သိရ၏ဟူလိုသည်။

သူရိယသိဒ္ဓန္တဋ္ဌကား။ ။သာကေ နဝဂေါန္ဒဝဿနယုတ္တော၊ ကလေယုဂဿဘဝတျုတ္တသနံ။ သာကေ၊ ဘဂီလိသက္ကရာဇ်၌။ နဝဂါရေန္ဒဝဿနယုတ္တော၊ သုံးထောင့်တရာ့ ခုနစ်ဆယ့်ကိုးခု ရောသည်ရှိသော်၊ ကလေယုဂဿ၊ ကလိယုဂ်၏။ အဗ္ဘသနံ၊ နှစ်အပေါင်းသည်။ ဘဝတိ၊ ဖြစ်၏။

အဓိပ္ပာယ်ကား။ ။ဘဂီလိသက္ကရာဇ်ပေါ်တွင် နဝသတ္တဇကေတရိ၊ သုံးထောင့်တရာ့ ခုနစ်ဆယ့်ကိုး နှောအပ်၏ဟုဆိုသည်။ **ဘဂီလိသက္ကရာဇ်** ဟူသည်ကား ယခုမှတ်ကြသည့်သက္ကရာဇ်ပေါ်တွင် ခဆပစ္စာလည်းနှော၊ တေရသလည်းနှော၊ ဘဂီလိသက္ကရာဇ်ဖြစ်၏။ ဘဂီလိသက္ကရာဇ်ကား ဘုရားပရိနိဗ္ဗာန်စံတော်မူပြီး ဒေါဒေါရသ မဖြိမီ တဆယ့်သုံးနှစ်က သခ်ၤခြောက်ရာ့ကိုးခုကို ဖြိသည်၊ ဘုရားပရိနိဗ္ဗာန်မစံမီ ကလိယုဂ် သုည သတ္တ ပဉ္စ ဒွယ နှစ်ထောင့်ငါးရာ့ ခုနစ်ဆယ်၌ ခြောက်ရာ့ကိုးခုကိုနှောသော် နဝ သတ္တ ဇကေတရိဟု ဆိုအပ်သော သုံးထောင့်တရာ့ ခုနစ်ဆယ့်ကိုးခု ဖြစ်၏။ ၎င်းသခ်ၤပေါ်တွင် ဘဂီလိသက္ကရာဇ်သာ နှောလေတော့ ဆိုလိုသည်။ အဓိပ္ပာယ်မှတ်ရမည် ခက်သည်။

ဘုရားမလွန်မီ သုည သတ္တပဉ္စဒွယ နှစ်ထောင့်ငါးရာ့ ခုနစ်ဆယ်တည်၊ နောက်ကို သာသနာနှစ်ကိုနှောလျှင် သာ၍ သိလွယ်ရာသည်၊ သာသနာနှစ်ကို သိလိုသော်ကား ယခုရောက်ဆဲ သက္ကရာဇ်ကိုတည်၊ ဒေါဒေါရသလည်းနှော ခ ဆ ပဉ္စ လည်းနှော သာသနာနှစ်ဖြစ်၏။

တနည်းကား။ ။ကိန်းနှစ်ရပ်ကိုပေါင်း၍ ဒွေအင္ဂဇကောဆိုသည်နှင့်အညီ တထောင့်တရာ့ ရှစ်ဆယ့်နှစ်ခုရောလျှင် သာသနာနှစ်ဟု သိရာ၏။ သာသနာနှစ်ရလျှင် "သုညသတ္တ၊ ပဉ်းဒွယ၊ နှောထကလိယုဂ်" ဆိုသည်နှင့် ကလိယုဂ်ကို သိရာ၏။

ဝိနယာလင်္ကာရ ဆရာတော်ကား ရောက်ဆဲသော သက္ကရာဇ်နှစ်ပေါင်း အရေအတွက်ကိုပင် ကလိယုဂ်ဟု အထင်အယူတော် စွဲဟန်ရှိသည်။ "တတ္ထ ကလိယုဂ ဂဏနေ ဇကူနဝိသတိ-ဂဏေနေန ဘာဇိ။ ဟူ၍ ပါဠိစီသည်။

နိဂုံးဋ္ဌလည်း။

ရူပဆိဒ္ဒန္ဒသကဏ္ဏော၊ သမွတ္တော ဇိနသာသနေ။
ဆိဒ္ဒသုတ္တံ သမံ ရူပေ၊ ကလိယုဂမှိ အာဂတေ-ဟူ၍ ဆိုလေသည်။

ဂေါတမပူရာဏ်ဆရာ၊ သူရိယသိဒ္ဓန္တဆရာ၊ ဇောတိသတ္ထဆရာ၊ ရာဇမတ္တဏ်ဆရာ၊ ရာဇာဓိ-ရာဇဝေဒကထာ ဆရာတို့နှင့်သော်ကား မပြိုင်မိ ရှိချေသည်။ ယခုပညာရှိအများတို့ သုံးဆောင်ကြသည်မှာ။ ကလိယုဂ်ဆန်းဆဲဖြစ်၍ ဗေဒင်ကျမ်း၌ လေ့လာသောသူတို့သည် ယုဂ်နှင့် သက္ကရာဇ်ကို စပ်၍ ကလိယုဂ် သက္ကရာဇ်ဟု ခေါ်ဝေါ်လေသည်။ ထိုသို့ ခေါ်ဝေါ်သောနည်းကို အမှီပြု၍ သိသောသူ၊ မသိသောသူအပေါင်းတို့သည် နှုတ်ယောင်လိုက်၍ ကလိယုဂ် သက္ကရာဇ်ဟု ခေါ်ဝေါ်နေသားကြလေသည်။ နေသားကြသူ များသောကြောင့်လည်း သက္ကရာဇ်၏ ပရိယာယ်အမှတ်ရှိ၍ အခို့သောသူတို့သည် သက္ကရာဇေဟု အမှတ်အသား မထည့်ပဲပင် ကလိယုဂေ သဟသေကေ စသည်တို့ဖြင့် ပါဠိပဒ စီကုံးကြလေတော့သည်။

စင်စစ်အားဖြင့်သော်ကား။ သက္ကရာဇ်ကိုသာ တထောင်တရာ စသည်တို့ဖြင့်မှတ်သားအပ်သောနှစ်အပေါင်း၏ ပရိယာယ်ဝေါဟာရ ဖြစ်သင့်၏။ ကလိယုဂ်သည်ကား ယခုခေါ်ဝေါ်မှတ်

သားကြသော တထောင်တရာစသော နှစ်အပေါင်းတို့၏ ပရိယာယ်မဖြစ်သင့်၊ အဘယ့်ကြောင့် ဟူအံ့၊ ယခုရေးမှတ်ကြသော တထောင့်တရာ့ ခုနစ်ဆယ့်သုံးခုစသော နှစ်အရေအတွက်ကား ပုဂံပုပ္ပါးစောရဟန်းမင်း လက်ထက်တွင်သာ စ၍မှတ်သားသော အရေအတွက်ဖြစ်သည်။ ကလိယုဂ်၏နှစ်ကား မြတ်စွာဘုရား ပွင့်တော်မမူမီကပင် ဆန်းနှင့်သော နှစ်ပေါင်းအစဖြစ်သည်။ ထို့ကြောင့် မသင့်လွန်းတည်း။ ယင်းသို့သော် အဘယ့်ကြောင့် အမျှားသုံးဆောင်ကြသနည်း ဟူအံ့၊ ယခုဆန်းဆဲကြိုက်သောကြောင့်သာ သုံးဆောင်ကြလေသည်။ ကတယုဂ်၊ တြေတာယုဂ်၊ ဒွါပရယုဂ်တို့ကား ယခုဆန်းဆဲ မဟုတ်ဖြစ်သောကြောင့် မသုံးဆောင်ကြလေ။ ထိုယုဂ်သုံးခုတို့ ဆန်းသောကာလကလည်း ကလိယုဂ်ဟု သုံးဆောင်ခေါ်ဝေါ်၍ မသင့်ရာပြီ။ ထို့ကြောင့် ယခုကာလနှင့် သင့်သောကြောင့်သာ ဆရာတို့ သုံးဆောင်ကြလေသည်။ သက္ကရာဇ်၏ ပရိယာယ်ဖြစ်သောကြောင့် သုံးဆောင်ကြသည်မဟုတ်ဟု မှတ်ရာ၏။

ထိုယုဂ်တို့ဆန်းသောကာလ အဘယ်သို့ သုံးဆောင်မည်နည်းဟူအံ့၊ ကတယုဂ်သက္ကရာဇ်၊ တြေတာယုဂ်သက္ကရာဇ်၊ ဒွါပရယုဂ်သက္ကရာဇ် ဤသို့အထူးပြု၍ သုံးဆောင်အပ်သတည်း။

ဤသို့လျှင် ထိုကာလနှင့်ထိုယုဂ်၊ ယခုကာလနှင့် ယခုယုဂ်ဖက်၍ တည်ရုံမျှသာဖြစ်သည်။ အခါခပ်သိမ်းတို့ ခေါ်ဝေါ်ခြင်းဖြစ်သော သက္ကရာဇ်ဟူသော ဝေါဟာရ၏ ပရိယာယ်မဟုတ်ဟု မှတ်သင့်၏။ ဤကား ကလိယုဂ်၏ တွင်ဟန်ကိုသာပြသော အပိုင်းတည်း။

ဂေါဇာဟူသည်ကား။ ဂေါသဒ္ဒါသည်—

'ဂေါ' ဂေါဏော ထီ ပုမေသေသေ၊ ပုမိန္ဒြိယေဇလေကရေ။
သဂ္ဂေဝဇိရဝါစာယံ။ ဘူမျဉ္ဉာဏေစ သူရိယေ။

စသော ဧကာက္ခရကောသကျမ်း၌ လာသော ပါဠိနှင့်အညီ နေ, ဟူသောအနက်၊ လ, ဟူသော အနက်တို့ကို ဟော၏။ ထို နေ, လ, တို့ သွားကုန် ရွေ့ကုန်သည်ကိုပင် ဂေါဇာဟူ၍ လည်းကောင်း၊ ဂေါဇာအချိန် ဟူ၍လည်းကောင်း၊ ဂေါဇာဂြိုဟ် ရောက်ဆဲဟူ၍လည်းကောင်း ခေါ်ဝေါ်ကြကုန်သည်။

နေ၊ လနက္ခတ် သွားသောအခါ ဟူလိုသည်။ နေ၊လ၊နက္ခတ်သည် အခါမပြတ်သွားသည်။ သွားခြင်း၏ ကာလသည် ခရာပြန် ဗီဇနာ ပါဒိ နာရီ နှေ့ ည ရက်တိုးပွား၍ ပက္ခဖြစ်သည်။ ပက္ခများ၍ လ,ဖြစ်သည်၊ လ,များ၍ ဥတုနှစ်ဖြစ်သည်။ ယင်းသို့ဖြစ်သော ကာလကိုရည်၍ နေ,လ,နက္ခတ်၏ သွားခြင်းကိုစွဲ၍ ဖြစ်သောကြောင့် နှစ်ကို ဂေါဇာ ဆိုလေသည်။ နှစ်ပေါင်း၏ အမည်နာမကိုလည်း ဂေါဇာပင် ဆိုပြန်လေသည်။ ထို့ကြောင့် ဂေါဇာသက္ကဉ်ရာဇ်ဟု ခေါ်လေသည်။ ဤကား ဂေါဇာဟု ခေါ်ဝေါ်ခြင်း၏ အဖြေတည်း။

ကောဇာဟူသော်ကား 'ကော' ပြဟ္မတ္တာ နိလက္ကဂို၊ မောရပုမေသု ဘူမိယံ ဟု ဧကာက္ခရကောသဉ် လာသောကြောင့် ပြဟ္မာ၊ ကိုယ်၊ လေ၊ နေ၊ မီး၊ ဥဒေါင်း၊ ယောကျ်ား၊ မြေ ဤအနက်တို့ကို ဟောရကား 'က'သည် နေမင်းဟူသောအနက်ကို ယူသင့်၏။

သက္ကရာဇ် ဟူသည်ကား ငါတို့အလိုတော် ပိဋကတ်ကျမ်းတို့၌လည်းကောင်း၊ ဗေဒင်ကျမ်းတို့၌လည်းကောင်း၊ တစုံတခု အကြောင်းနိမိတ် ဝေါဟာရတွင်ကြောင်းကို မပြမဆို မတွေ့ပေသောကြောင့် ခေါ်ဝေါ်မှတ်သားရရုံမျှ ရုဋ္ဌိသညာဖြစ်သည်ဟု ယူလိုသည်။

ပညာရှိတို့ကား "သက္ကရာဇံ ဋ္ဌိတံ ကတ္တာ" စသောပါဠိကို စီထားအပ်သည်ကိုရှု၍ သက္ကရာဇပုဒ်သည် ရုဋ္ဌနိပါတ်မဟုတ် ဝိဂြိုဟ် ဝစနတ္ထ ပြုရစကောင်းသော သမာသ်ပုဒ်ပင် ဖြစ်သည်။ ဝိဂြိုဟ် ဝစနတ် ပြုအပ်သည်သာဟု ဝိဂြိုဟ်ဝစနတ်ပြု၍ ကြံကြကုန်၏။ ထိုဝိဂြိုဟ်၏အရလည်း သက္ကရာဇ်ကိုဖြို့ခြင်းငှာ အသစ်ထားခြင်းငှာ စွမ်းနိုင်သောမင်းသည် သက္ကရာဇ်မည်ကြောင်းကို ရည်၍–

ဝိနာသိတုံ ဌပိတုဉ္စ သက္ကတိ သမတ္ထောတီတိ သက္ကော။ တချက်။

ဓမ္မေန သမေန စတုသင်္ဂဟဝတ္ထူဟိ ပရိသံ ရဉ္ဇေတီတိ ရာဇာ– ဟူ၍ တချက်စီပြုပြီးလျှင် ကမ္မဓာရည်းသမာသ်ဆင့်၍ သက္ကော စ သော ရာဇာ စာတိ သက္ကရာဇာ။ တချက်ပြု၍ မင်းကို အရကောက်၏။

သက္ကရာဇသ ကွဒံ သက္ကရာဇံ-ဟု ကွဒံ တဒ္ဓိတ်ဆင့်၍ သက္ကရာဇ်ကို ရကြောင်းကြံ၏။ ဤဝိဂြိုဟ်လည်း ပဋ္ဌကတ်ကျမ်း၊ ဗေဒင်ကျမ်းတို့တွင် မထင်၊ အချို့ပညာရှိတို့ကား သိကြားမင်းစီရင်၍ဖြစ်သည်၊ ထို့ကြောင့် သက္ကရာဇ်တွင်သည်ဟု ဆိုကုန်သည်။ ဤစကား လည်း သိကြားမင်း စီရင်ကြောင်းကို ကျမ်းဂန်လည်း မတွေ့။

အာလမ္ဗီကကိန်းတရပ်၊ ဇာဝစန္ဒေကိန်းတရပ်၊ နာတိမဇ္ဈလဒ္ဓဝယ ကိန်းတရပ်၊ ဤသုံးရပ်တို့ကို သိကြားမင်းစီရင်သည်ဟူ၍လည်း မဆို၊ ယခုဖြို့ကြသည်တို့ကို စိုးစဉ်းထုံးရာဇဝင်တွင် တွေ့မြင်ဖူးသည်မှာလည်း သိကြားမင်းဖြို့သည်ဟူ၍ မရှိ၊ မြန်မာတို့ပြည်မှာ မြန်မာမင်း၊ ကုလားတို့ပြည်မှာ ကုလားမင်း၊ မဇ္ဈိမဒေသမင်းတို့မှာ ပညာရှိကုန်သော ရသေ့ ရဟန်း အမတ်တို့နှင့် တိုင်ပင်၍သာ ကိန်းပေါင်းခန်းပေါင်း တရာကျော်တို့ကို အဟောင်းကိုပယ်ရာ သစ္ဆေကိုပယ်၍၊ အသစ်ထားရာသစ္ဆေကိုထား၍ ပြုကြလေတော့သည်သာ၊ သိကြားမင်း ထားလာသည်ဟူ၍ပင် မတွေ့။

အရေးအမှတ်ပြုကြသည်မှာ(ရာဇ်)ဟူ၍ ရေးသားထားသည်ကား "သက္ကရာဇံ ဋ္ဌိတံ ကတ္တာ" စသော သုဇာတ်လက်ရိုး။ သက္ကရာဇေ ဟူသော ကလျာဏီကျောက်စာပါဠိတို့ကိုမှီ၍ ရေးကြလေသည်။ အချို့လည်း'က'တွင်သာရရစ်၍ (ကြဇ်) ဟု ရေးကြလေသည်မှာ ယခင်ပါဠိကိုမှီ၍ ရေးလေသည်။ အဓိပ္ပာယ်အတူတူပင် ဖြစ်သင့်သည်ဟူ၍ ဗိုလ်ဦးကာသစ်ဆရာဆို၏။ အချို့လည်း'ရ'တွင် ပဌမက္ခရာ စ-သတ်၍ (ရစ်) ဟု ရေးအပ်၏ဟု ယူကြ၏။ရာဇမဏိ-စူဠာကျောက်စာတွင်လည်း စ-သတ်ပင် ရေးလျက်ရှိသည်၊ သူတပါးတို့မူကား အသုံးအစွဲနည်းချေ၏၊ စစ်ကိုင်း စကားကျောင်း ကျောက်စာများတွင် (သကရာဇ်) ဟူ၍ 'က'တွင် သံယုတ်မဆင့်ပဲ ရေး၏။ ယခုကာလ အသုံးအစွဲနည်းချေ၏။

ငါတို့ဆရာကို ရွှေနန်းသခင်က (သက္ကရာဇ်)ဟူ၍ ကျမ်းဂန်တွင် မရှိလောဟု မေးသော ကာလ ဖြေတော်မူသည့် စကားတွင် ပါဠိအဋ္ဌကထာ စသော ကျမ်းတို့၌ကား ထင်ရှားမရှိ။ လောကတွင် လူတို့၌ နှစ်တို့၏ အပေါင်းအရေအတွက်သင်္ချာကို သက္ကရေတ်ဟူ၍ ခေါ်ဝေါ်သည်။ ထိုသို့ခေါ်ဝေါ်ပညတ်သော သက္ကရေတ်ကို ပဋ္ဌကတ်ဝင် သဒ္ဒါကျမ်းနှင့်အညီ ဝစနတ္ထ ဆိုသော်။ "သက္ကရီယတေတိ သက္ကရိတော" ဟု ဆိုအပ်၏။

ယော ဝဿဂဏော၊ အကြောင်နှစ်တို့၏အပေါင်းကို။ ပစ္ဆိမဇနကေဟိ၊ နောင်လာလူအပေါင်းတို့သည်။ သက္ကရီယတေ၊ အရိုအသေပြုအပ်၏။ ကွတိတသ္မာ၊ ထိုသို့ နောင်လာ လူအပေါင်းတို့

အရှိအသေပြုအပ်သောကြောင့်။ သက္ကရိတော၊ သက္ကရိတ မည်၏။ သက္ကရိတော၊ နောင်လာလူအပေါင်းတို့ အရှိအသေပြုအပ်သည်။ သက္ကရိတော၊ သက္ကရေတ်။

ဤမျှဤရွေ့ရှိသည့် နှစ်ပေါင်း ခုနှစ်က မွေးဖွားသည်ဟု မွေးဖွားသော ဇာတာနှစ်ကို အရှိအသေ မမေ့မလျော့ မပျက်ရအောင် မှတ်သားရာသကဲ့သို့ အလိုရှိအပ်သော နှစ်ပေါင်းသခ်ၤာကို မှတ်သားရသောကြောင့် သက္ကရေတ်မည်၏ ဆိုလိုသည်။ နောင်လာဖြစ်သူ ပစ္စုပ္ပန်လူတို့ မှတ်အပ်သောကြောင့်သာ သက္ကရေတ် မည်သည် မဟုတ်။ ရှေးသူဟောင်းတို့လည်း အရှိအသေ မှတ်အပ်ရကား "သကရီယိတ္ထာတိ သက္ကရိတော" ဟူ၍လည်း ဝစနတ္ထကို ပြုကောင်း၏။

ယော ဝဿသမူဟော၊ အကြင်နှစ်တို့၏ အပေါင်းကို။ ပေါရာဏာဟိ၊ ရှေးသူဟောင်းတို့သည်။ သက္ကရီယိတ္ထာ၊ အရှိအသေပြုအပ်လေပြီ။ ကွတိတသ္မာ၊ ထိုသို့ အရှိအသေပြုအပ်လေပြီးသောကြောင့်။ သော ဝဿသမူဟော၊ ထိုနှစ်တို့၏အပေါင်းသည်။ သက္ကရိတော၊ သက္ကရိတ မည်၏။ သက္ကရိတော၊ ရှေးသူဟောင်းတို့ အရှိအသေပြုအပ်သည်။ သက္ကရိတော၊ သက္ကရေတ်။

ဤ အရှင်ကစ္စည်းဆရာ မိန့်တော်မူသည့် ဥဏာဒိကျမ်း၊ ဘျာဒီဟိမိဒိဗုဒိပူဇာဒီဟိစတ္တော ဟူသော သုတ်လက္ခဏာနှင့်အညီ ဝစနတ္ထဝိဂြိဟ် ကြံဆိုလျှင် သက္ကရေတ်သည် ကျမ်းဂန်ထွက်သည် ရှိသည်ပင် ထင်ပေသည်။ သက္ကရေတ်ကို သဝေထိုး၍ ရအက္ခရာမှာ တသတ်၍ (သက္ကရေတ်) ဟု အရေးအသား အမှတ်ထားလျှင်ကား ဓမ္မဝတ်၊ (သက္ကရာဇ်) ဟု ရအက္ခရာမှာ ဇသတ်၍ ရေးမှတ်သားကြရာမှာ လောကဝတ်ရေးဟု ထင်ပေသည်ဟု ဖြေတော်မူသည်။

ဤသို့ စသည်ဖြင့် နည်းနာနယ များစွာပင် တွေ့မြင်ကြားသိရဖူး၏။ ကာလဒေသ အလျောက် သင်္ကေတပညတ် မှတ်သား ရေးသားရရုံမျှသာ အကျိုးရှိသည်။ ထိုအရေးအသား အမှတ်အက္ခရာ တိမ်းယိမ်းသည်ဟူ၍ သံသရာရေး လျော့ပါး, နွမ်းနယ်ကောင်းသော အရာမဟုတ် ဖြစ်၍တကြောင်း၊ ဤသို့သောအရေးကို အတပ်အမှန် သိရသဖြင့် ဝဋ်ဒုက္ခများမှ ထွက်မြောက်နိုင်သော အကျိုးဆောင်သော ပညာ၊ သမ္မာဒိဋ္ဌိဉာဏ်၏ အာရုံမဟုတ်သည်လည်းတကြောင်း ဖြစ်၍ ငါတို့အလိုကား လျော်ရာလျော်ရာ တော်သင့်ကြလေသည်ချည်းပင် ဖြစ်တော့သည်ဟူ၍ နှလုံးသွင်းသင့်မည် ထင်ပေသည်။

၁၅၇-ပုစ္ဆာ။ ။ သုံးဆယ့်နှစ်ပါးခြီ မင်္ဂလာစေတီမော်ကွန်း၌–

ကမ္ဘာရေမြုပ်၊ တောင်ဝန်းချုပ်ဝယ်၊ ပေါ်ငုပ်ယူဇနာ၊ သခ်ၤာတွက်ကိန်း၊ တသိန်းခြောက်သောင်း၊ ရှစ်ထောင်ပေါင်းဖြင့်၊ ဆောင်းဆောင်းသွယ်မြင့်၊ စွင့်စွင့်ကြီးထု၊ မေရုရာဇာ။

ဟူ၍ မြင်းမိုရ်တောင်ကို ကမ္ဘာရေမြုပ်က ဖြစ်ကြောင်းကို စပ်ဆိုပါသည်။ မြင်းမိုရ်တောင် ဖြစ်ပေါ်သောကာလ ကမ္ဘာရေမြုပ်တို့သည် ရှိရာသောအကြောင်း မရှိရာပါပြီ။ ရေမရှိသည်နောက် ရသပထဝီ ဖြစ်ပြီးမှ မနုဿဗြဟ္မာတို့ကိုယ်ရောင်ကိုယ်ဝါ ကွယ်သည်။ ထိုအခါမှ နေလပေါ်သည်။ နေလပေါ်သည်မှစ၍ မြင်းမိုရ်၊ သတ္တရတ္တန် တောင်စဉ်တို့သည် ပေါ်ကြောင်းကို ဇာတ်ပေါင်းပျို့တွင်–

"ကမ္ဘာဦးသူ၊ မှောင်မိုက်ထူ၍၊ အူအူသောင်းသောင်း၊ ဆုများတောင်းသော်"။ စသည်ဖြင့် စပ်ဆိုပါသည်။ ဤအရာများကိုလည်း ညှိ၍ ဖြေတော်မူပါ။

၁၅၇-ဝိသဇ္ဇနာ။ ။မင်္ဂလာစေတီမော်ကွန်း၌-

"ကမ္ဘာရေမြှုပ်၊ တောင်ဝန်းချုပ်ဝယ်၊ ပေါ်ငုပ်ယူဇနာ၊ သခ်ျာတွက်ကိန်း၊ တသိန်းခြောက်သောင်း၊ ရှစ်ထောင်ပေါင်းဖြင့်၊ ဆောင်းဆောင်းသွယ်မြင့်၊ စွင့်စွင့်ကြီးထု၊ မေရုရာဇာ"

ဟူ၍ မြင်းမိုရ်တောင်ကို ကမ္ဘာရေမြှုပ်က ဖြစ်ကြောင်းနှင့် စပ်ဆိုပါသည်။ မြင်းမိုရ်တောင်ပေါ်သောကာလ ကမ္ဘာရေမြှုပ်တို့သည် ရှိရာသောအကြောင်း မဟုတ်ရာပါပြီ။ နောက် ရသပထဝီဖြစ်ပြီးမှ မနုဿဗြဟ္မာတို့ ကိုယ်ရောင်ကိုယ်ဝါ ကွယ်သည်။ ထိုအခါမှ နေလပေါ်သည်။ နေလ ပေါ်သည့်နေ့မှစ၍ မြင်းမိုရ်သတ္တရတ္တနစ်စသော တောင်အပေါင်းတို့ ပေါ်ကြောင်းကို ဇာတ်ပေါင်းပျို့တွင် "ကမ္ဘာဦးသူ၊ မှောင်မိုက်ထူ၍၊ အူအူသောင်းသောင်း ဆုများတောင်းသော်" စသည်ဖြင့် စပ်တော်မူပါသည်။ သည်အရာကိုညှိ၍ ဖြေတော်မူပါဟူရာ၌-

ကမ္ဘာဦးကဖြစ်ကြောင်းအခြင်းအရာသည် ကျယ်ဝန်း၏။ အကျဉ်းအားဖြင့်ကား ရှေးဦးစွာ ချိုမြက်သောရေသည် ကုန်ခြင်းသို့ရောက်၏။ အထက်၌ ရသပထဝီသည် ဖြစ်၏။ ဝဏ္ဏ၊ ဂန္ဓ၊ ရသနှင့်ပြည့်စုံ၏။ အာဘဿရ ဗြဟ္မာပြည်၌ ရှေးဦးစွာဖြစ်ကုန်သော ဗြဟ္မာတို့သည် အသက်ကုန်ခြင်းကြောင့်လည်းကောင်း၊ ကောင်းမှုကုန်ခြင်းကြောင့်လည်းကောင်း ထိုဘုံမှ စုတေခဲ့၍ လူ့ပြည်၌ဖြစ်ကုန်၏။ ထိုသူတို့သည် မိမိတို့၏ ကိုယ်ရောင်ဖြင့် ထွန်းပကုန်၏။ ကောင်းကင်ပြင်၌ သွားကုန်၏။ ထိုသူတို့သည် ရသပထဝီကိုလျက်၍ တဏှာဖြင့် နှိပ်စက်ကုန်သည်ဖြစ်၍ များစွာစားခြင်းဖြင့် စားကုန်၏။ ထိုအခါ ထိုသူတို့၏ ကိုယ်ရောင်ကိုယ်ဝါတို့သည် ကွယ်လေကုန်၏။ အမိုက်အတိသာဖြစ်၏။ အမိုက်အတိကိုမြင်၍ အလွန်ကြောက်လန့်ကုန်၏။ ထို့နောင် ထိုသူတို့အား ကြောက်ခြင်းကို ဖျောက်၍ ရဲရင့်ခြင်းကို ဖြစ်စေလျက် နေဗိမာန်သည်ဖြစ်၏။ နေမင်းသည် တနေ့ပတ်လုံး အလင်းကိုပြု၍ ဝင်သည်ရှိသော် အလင်းကိုတောင့်တစဉ် လဝန်းသည် ထင်ရှားဖြစ်၏။ နေလတို့သည် ထင်ရှားဖြစ်သည်ရှိသော် နက္ခတ်တာရာအပေါင်းတို့သည်လည်း ထင်ရှားဖြစ်ကုန်၏။ ထိုနေလနက္ခတ်တာရာတို့သည် ထင်ရှားဖြစ်သော နေ့၌ပင်လျှင် မြင်းမိုရ် စကြဝဠာ၊ ဟိမဝန္တာတောင်တို့သည် ထင်ရှားဖြစ်ကုန်၏။ ထိုနေလ နက္ခတ်တာရာ မြင်းမိုရ် စကြဝဠာ ဟိမဝန္တာတောင်စသည်တို့သည် မရှေးမနှောင်း တပေါင်းလပြည့်နေ့၌သာလျှင် ဖြစ်ကုန်၏ ဟူသတည်း။

ထို့ကြောင့် ဝိသုဒ္ဓိမဂ်၌-

စန္ဒိမသူရိယာနမ္မန ပါတုဘူတဒိဝသေယေဝ သိနေရု စက္ကဝါဠဟိမဝန္တပဗ္ဗတာ ပါတုဘဝန္တိ၊ တေ စ ခေါ် အပုဗ္ဗံ အစရိမံ ဖဂ္ဂုနပုဏ္ဏမဒိဝသေယေဝ ဘဝန္တိ။ ဟုဆိုလေသည်။

ထို့ကြောင့် ဘူရိဒတ်ဇာတ်ပေါင်း၌-

ကမ္ဘာဦးသူ၊ မှောင်မိုက်ထူ၍၊ အူအူသောင်းသောင်း၊ ဆုများတောင်းသော်၊ တပေါင်းမာသ၊ လပြည့်ဝ၌၊ စန္ဒသူရိယာ၊ ရောင်ဝါပလစ်၊ အသစ်စက်စက်၊ ထွက်လတ်သနေ့၊ အရွှေ့

နိန်းဆော်၊ ညီစေခေါ်သို့၊ ရေပေါ်ဆွဆွ၊ ပုဗ္ဗဥ္ဇသို့၊ ထူပထူပါ၊ စုံတက်ရာကား၊ သေလာပဗ္ဗတ၊ နိန္နနိန္နာ၊ နိမ့်ရာရာကား၊ မဟာအဏ္ဏဝ၊ သမသမာ၊ ညီရာရာကား၊ လေးဖြာဒီပ၊ ဖြစ်ကြတုံ့ ရှောင်း၊ ဤအကြောင်းကို၊ ကောင်းကောင်းမှတ်လေ၊ အထွေအပြား၊ ယုံမှားမရှိ၊ ဟုတ်လှဘိ၏။ ဟု စပ်တော်မူသည်။

ထို့ကြောင့် ကမ္ဘာဦးက ရသပထဝီမဖြစ်မီ ရေမြှုပ်က တောင်ဖြစ်သည်ဟု မယူလို။ ရေဖြစ်သည်ကားရှေး၊ တောင်ဖြစ်သည်ကားနှောင်း ဖြစ်ခဲ့သည်။ သို့သော် အဘယ့်ကြောင့် ရေမြှုပ်ဟူ၍ စပ်လေသနည်းဟူအံ့။ ရေမြှုပ်ကဖြစ်သည်ကို ရည်၍ မစပ်လေ။ ကမ္ဘာရေမြှုပ် တောင်ဝန်းချုပ်-ဟူ၍စပ်လေသည်မှာ စကြဝဠာတောင်၊ သတ္တရတ္တန်တောင်တို့ကို စပ်သည်။ ထိုတောင်တို့သည် ကမ္ဘာဦးနေလပေါ်သည့်နေ့ စ၍ဖြစ်သည့် သမုဒ္ဒရာ ရေသီဒါတို့ဝယ် မြုပ်သည် နစ်သည် ဆိုလိုသည်။ ထို့ကြောင့် ဝိသုဒ္ဓိမဂ်(၁။၂၀၀)၌—

> ဒွေအသီတိယဟဿာနိ၊ အဏ္ဏောဂါဠ္ဟော မဟဏ္ဏဝေ။
> အစ္ဆုဂ္ဂတော တာဝဒေဝ၊ စက္ကဝါဠသိလုစ္စယော။ ဟူ၍လည်းကောင်း။
>
> စတုရာသီတိ သဟဿာနိ၊ အဏ္ဏောဂါဠ္ဟော မဟဏ္ဏဝေ။
> အစ္ဆုဂ္ဂတော တာဒေဝ၊ သိနေရု ပဗ္ဗတုတ္တမော။
>
> တတောဥပမျုပမေ့နေ၊ ပမာဏေန ယထာဂ္ဂမံ။
> အဏ္ဏောဂါဠ္ဟောဂ္ဂတာ ဒိဗ္ဗာ၊ နာနာရတနဝိစိတ္တိတာ။
>
> ယုဂန္ဓရော ဤသန္ဓရော၊ ကရဝီကော သုဒဿနော။
> နေမိန္ဓရော ဝိနတကော၊ အဿကဏ္ဏော ဂိရိဗြဟာ။ ဟူ၍လည်းကောင်း။

စကြဝဠာတောင်သည် ယူဇနာ ရှစ်သောင်း နှစ်ထောင် ရေဝယ်မြုပ်၏၊ ရှစ်သောင်း နှစ်ထောင်ပေါ်၏။ မြင်းမိုရ်တောင်သည် ယူဇနာရှစ်သောင်းလေးထောင် ရေဝယ်မြုပ်၏။ ရှစ်သောင်း လေးထောင် ပေါ်၏။ ယုဂန္ဓိရ်တောင်သည် မြင်းမိုရ်တောင်၏ ထက်ဝက်ချိုး ရေဝယ်မြုပ်၏။ ထက်ဝက်ချိုး ပေါ်၏။ ဤသန္ဓရ ကရဝီကစသော တောင်တို့သည် ထက်ဝက်ချိုး ပမာဏဖြင့် အစဉ်အတိုင်း မြုပ်ကုန်ပေါ်ကုန်၏။ ဤသို့မြုပ်ကုန်ပေါ်ကုန်သော တောင်တို့တွင် စကြဝဠာ သတ္တရတ္တန်တောင်တို့သည် ပတ်လည်က ဝန်းရံပတ်ချုပ်လျက် နေသည်ကိုရည်၍ ကမ္ဘာရေမြှုပ်၊ တောင်ဝန်းချုပ်ဝယ်-ဟုဆိုလေသည်။

ထိုသတ္တရတ္တန်တောင်၏ အတွင်း၌ မြင်းမိုရ်တောင်သည် ရေထဲမြေထဲသို့ ရှစ်သောင်း လေးထောင် မြုပ်နစ်လေသည်။ ဤစကားကို ရည်၍ ဆုတောင်းခန်းတွင်—

"ရှစ်သောင်းလေးထောင်၊ ဆုံးတိုင်အောင်လျှင်၊ နက်ချောင်ငုပ်လေ၊ လှိုင်းမရှေ့၍ မြေထုပ်ချင်းလျှို့ တောင်မြင်းမိုရ်ဟု၊ ပဟိုရ်တည်ထွန်း၊ လေးကျွန်းဦးကိုင်၊ နိမိတ်တိုင်သို့" ဟု စပ်လေသည်။

မြင်းမိုရ်တောင်သည် ရေပေါ်ရှစ်သောင်း လေးထောင် ပေါ်ကြောင်းကို ရည်၍လည်း နဝရတ်ပျို့တွင်—

"ရတနာမဏ္ဍိုင်၊ ပင်းရင်းခိုင်၍၊ ရောင်စိုင်ဖြူးဖြူး၊ လေးဖြာမြူးလျက်၊ မြင့်ဖူးယူဇနာ၊ သန်္ဘာရှစ်သောင်း၊ လေးထောင်ဆောင်းလျက်၊ အပေါင်းရံမြောက်" ဟု စပ်လေသည်။

နှစ်ရပ်ပေါင်းသော် ရှစ်သောင်း လေးထောင် နှစ်ပြန်ရှိကြောင်းကိုလည်း ကိုးခန်းပို့တွင် "ရှစ်သောင်းလေးထောင်၊ နှစ်ပြန်ဆောင်သည်၊ တောင်၏ထိပ်မှာ၊ မိုးရပ်ချာ၌" ဟူ၍ စပ်လေသည်။

မြင်းမိုရ်တောင်သည် ရှစ်သောင်း လေးထောင် သုံးပြန် နှစ်သိန်း ငါးသောင်း နှစ်ထောင် လုံးပတ်ရှိကြောင်းကိုလည်း ဆုတောင်းခန်းတွင် "နှစ်သိန်းငါးသောင်း၊ နှစ်ထောင်ပေါင်းဖြင့်၊ လုံးလောင်းကြံခိုင်၊ တုရိဏ်တည်ဟန်၊ စည်သဏ္ဌာန်သို့၊ လေးတန်ရောင်စို့၊ မြင်းမိုရ်ကျော်ခေါင်၊ တောင်ဖြင့်ကွယ်ဆီး၊ မုန်ညင်းသီးနှင့်" ဟူ၍ စပ်ဆိုတော်မူသည်။

ထိုမြင်းမိုရ်တောင်သည် အစောက်ရှစ်သောင်းလေးထောင် နှစ်ပြန်ကိုပေါင်းသော် တသိန်းခြောက်သောင်း ရှစ်ထောင် ရှိလေသည်။ ဤစကားကို ရည်၍ မင်္ဂလာစေတီမော်ကွန်း၌–

ဤကမ္ဘာရေမြေပါ၊ တောင်ဝန်းချုပ်ဝယ်၊ ပေါ်ငုပ်ယူဇနာ၊ သန်္ဘာတွက်ကိန်း၊ တသိန်းခြောက်သောင်း၊ ရှစ်ထောင်ပေါင်းဖြင့်၊ ဆောင်းဆောင်းသွယ်မြင့်၊ စွင့်စွင့်ကြီးထူ။ မေရုရာဇာ၊ ဟု စပ်လေသည်။

ဤသို့စပ်သည်ကိုရည်၍ မြင်းမိုရ်တောင် သတ္တရတ္တန်စသောတောင်တို့သည် ကမ္ဘာရေမြေပ်က ဖြစ်ကြောင်းကို ကျမ်း၌ မဆိုရကား ကမ္ဘာရေမြေပ်က ဖြစ်သည်ဟူ၍ စပ်တော်မမူချေဟု မှတ်အပ်၏။

မြင်းမိုရ်တောင်၊ သတ္တရတ္တန်စသော တောင်တို့သည် ကမ္ဘာဦးနေလပေါ်ဦးတွင် ဖြစ်သော ရေတွင်သာ ထက်ဝက်ခန့် ပမာဏဖြင့် မြုပ်နစ်၍နေကြောင်း တည်ကြောင်းကို ကျမ်းတွင်ဆိုရကား ထိုကမ္ဘာဦးက နေလပေါ်ဦးတွင် ဖြစ်သော သီဒါရေ ဆားငန်ရေတို့တွင်သာ ထက်ဝက်မြုပ်နစ်သည်ကိုရည်၍ "ကမ္ဘာရေမြေပ်၊ တောင်ဝန်းချုပ်ဝယ်" ဟု စပ်တော်မူလေသည်ဟူ၍သာ မှတ်သင့်သည်ထင်ပေသည်။

၁၅၈-ပုစ္ဆာ။ ။ခြသ့ေ် လေးမျိုးတို့၏ သရုပ် အဆင်း သဏ္ဌာန် လက္ခဏာနှင့် မည်သည့်အစာကို စားသည်ကို သိလိုပါသည်။

၁၅၈-ဝိဿဇ္ဇနာ။ ။ခြသ့ေ်လေးမျိုးတို့၏ အခြင်းအရာကို မေးရာ၌–

သီဟာ စတုဗ္ဗိဓာ ဟောန္တိ၊ တိဏသီဟော ကာဠသီဟော ပဏ္ဍုသီဟော ကေသရသီဟောတိ၊ တေသု တိဏသီဟော၊ ကပေါတိက ဝဏ္ဏဂါဝိသဒိသော တိဏဘက္ခော ဟောတိ၊ ကာဠသီဟော ကာဠဂါဝိသဒိသော တိဏဘက္ခောယေဝ၊ ပဏ္ဍုသီဟော ပဏ္ဍုပလာသဝဏ္ဏဂါဝိသဒိသော မံသဘက္ခော။

စသောပါဠိနှင့်အညီ ခြသ့ေ်တို့သည် တိဏသီဟ၊ ကာဠသီဟ၊ ပဏ္ဍုသီဟ၊ ကေသရသီဟ ဟူ၍ လေးပါးအပြားရှိသည်။

ထိုလေးပါးတို့တွင် **တိဏသီဟ**သည် ညိုသော အဆင်းရှိသော နွားမနှင့်ကူ၏၊ မြက်ကိုစား၏၊

ကာဠသီဟသည်ကား မည်းနက်သောနွားမနှင့် တူ၏၊ မြက်ကိုပင်စား၏။

ပဏ္ဍုသီဟသည် သစ်ရွက်ရော်အဆင်းနှင့် တူသော နွားမနှင့်တူ၏။ တိရစ္ဆာန်တို့အသားကို စား၏။

ကေသရသီဟဟူသည်ကား ခြိပ်ရည်ဖြင့် အပြေအပြစ်ပြုသကဲ့သို့ နီသောခံတွင်း မြီးစည်း လေးချောင်းသောခြေဖြားတို့သည် ရဲရဲနီကုန်၏၊ ဦးခေါင်းမှစ၍ ခြိပ်ရည်ဖြင့် ရေးသားဘိသကဲ့သို့ သုံးခုသော အရေးတို့သည် ကျောက်ကုန်း၏ အလယ်ဖြင့် သွားလေ၍ ဝမ်း၏အောက်သို့ ရောက်သောကာလ လက်ယာရစ်လှည့်၍ တည်လေ၏၊ လည်ကုပ်၌ကား အဖိုးတသိန်းထိုက်သော ကမ္မလာထည်ဖြင့် လွှမ်းရစ်ဘိသကဲ့သို့သော လည်ဆံရှိ၏။ ဆိုခဲ့ပြီးသည်မှ ကြွင်းသော အရပ်သည်ကား အလွန်စင်ကြယ်လှစွာသော သလေးဆန်မှုန့်ညက်ကဲ့သို့ အလွန် ဖြူစင်သန့်ရှင်းစွာ၏။

ထိုကေသရသီဟသည် မိမိနေမြဲဖြစ်သော ရွှေဂူမှလည်းကောင်း၊ ငွေဂူ၊ မြဂူ၊ ဖန်ဂူ၊ ဆေးဒန်းမြင်းသီလာဂူမှ လည်းကောင်း လေးပါးသောအကြောင်းတို့ဖြင့် ထွက်ကုန်၏။

လေးပါးသောအကြောင်းကား–

၁။ အမိုက်တိုက်ဖြင့် နှိပ်စက်ခြင်းကြောင့် အလင်းကို အလိုရှိ၍လည်းကောင်း၊
၂။ ဥစ္စာရ ပဿာဝဖြင့် နှိပ်စက်ခြင်းကြောင့် ခါစွန့်အံ့သောငှာလည်းကောင်း၊
၃။ ငတ်မွတ်ခြင်းဖြင့် နှိပ်စက်ခြင်းကြောင့် အစာရှာအံ့သောငှာလည်းကောင်း၊
၄။ အသဒ္ဓမ္မပ္ပဋိသေဝန အလို့ငှာ လည်းကောင်း။

ဤလေးပါးသော အကြောင်းတို့တွင် တပါးပါးသော အကြောင်းကြောင့်ထွက်၏။

ထွက်သည်ရှိသော်ကား ရွှေကျောက်ဖျာပြင်၊ ငွေကျောက်ဖျာပြင်၊ မြကျောက်ဖျာပြင်၊ ဖန်ကျောက်ဖျာပြင်၊ ဆေးဒန်းမြင်းသီလာ အပြင်တို့တွင် တပါးပါးသော ကျောက်ဖျာအပြင်၌ နောက်ခြေနှစ်ဘက်တို့ကို ညီညွတ်စွာ ထိစေ၍ ရှေ့ခြေနှစ်ဘက်တို့ကို ရှေ့သို့ဆန့်၍ ကိုယ်၏နောက်အဖို့ကို အားသစ်ပြီး၍ ရှေ့အဖို့ကို အားယူဆန့်၍ ကျောက်ကုန်းရိုးကို ညွတ်ပြီးလျှင် လည်ကိုချိ၍ မိုးကြိုးသံကိုပြုဘိသကဲ့သို့ နှာခေါင်းကိုခါ၍ ကိုယ်၌ကပ်သော မြေမှုန့်ကိုခါတွက်လျက် စံပယ်၏။ စံပယ်ရာမြေ အရပ်၌ကား နွားသားငယ်ကဲ့သို့ ထိုမှဤမှပြေး၏။ ထိုသို့ပြေးသောခြင်္သေ့မင်း၏ မှင်ဆံသည်ကား ညှဉ့်အခါ အမိုက်တိုက်၌ ထိုမှဤမှ လှည့်၍ ရမ်းသော မီးစက်ကဲ့သို့ ထင်၏။ ဤသို့စံပယ်ကွန့်မြူးပြီးလျှင် ခြင်္သေ့သံကိုဟစ်၏၊ ထိုအသံသည်ကား ထက်ဝန်းကျင်ဖြင့် သုံးယူဇနာသောအရပ်သို့ တပြိုင်နက် ပဲ့တင်ထပ်ခြင်းကို ပြု၏။ ထိုပဲ့တင်သံကို ကြားကုန်၍ သုံးယူဇနာအတွင်း၌တည်ကုန်သော အခြေနှစ်ချောင်းရှိကုန်သော အခြေလေးချောင်းရှိကုန်သော သားငှက်အပေါင်းတို့သည် မိမိတို့၏ နေရာ၌ ရပ်ခြင်းငှာ မတတ်နိုင်ကြကုန်။ ယခုအခါငါတို့အား လာလတ်၍ ဖမ်းယူလတ္တံ့သတည်းဟု ကြောက်လန့်ကုန်သည်ဖြစ်၍ ခရီးကို ကြည့်ကုန်လျက် တွင်း၌နေကုန်သော မြွေ၊ မြွေပါ၊ ပတတ် အစရှိကုန်သော တိရစ္ဆာန်တို့သည် တွင်းသို့ ဝင်အောင်းလေကုန်၏။ ရှေ့၌နေကုန်သော ငါးလိပ်စသော တိရစ္ဆာန်တို့သည် ရေသို့ငုပ်လျှိုးပြေးကြလေကုန်၏။ တောင်၌နေကုန်သော ဆင်၊ မြင်း၊ စိုင်၊ ဆတ်၊ သမင်၊ ဒရယ်စသော တိရစ္ဆာန်တို့သည်လည်း တောခုံပိတ်ပေါင်းတို့သို့ ဝင်ကြလေကုန်၏။ ငှက်အပေါင်းတို့သည်လည်း ကောင်းကင်သို့ ပျံတက်လေကုန်၏။

အကြင်သားမျိုးတို့သည် ထိတ်လန့်ကြကုန်၏၊ ထိုသားမျိုးတို့သည် ရွာ နိဂုံး ရာဇဌာနီ စသည်တို့၌ မြဲခိုင်စွာ သားရေဖြင့်ပြီးသော ကြိုးလွန်နွယ်တို့ဖြင့် နှောင်ဖွဲ့အပ်ကုန်သော ဆင်ပြောင် စသည်တို့သည်လည်း ထိုကြိုးလွန်ကို ဖြတ်ကုန်၍ ကြောက်လန့်သည် ဖြစ်၍ ကျင်ကြီးကျင်ငယ်ကို စွန့်ကုန်လျက် ထိုထိုသို့သော အရပ်သို့ ပြေးကြလေကုန်၏။ ဤသို့လျှင် ခြသ့်မင်း၏ အသံကို ကြားကုန်၍ များစွာသော သတ္တဝါတို့သည် ကြောက်လန့်ကြကုန်၏။ မကြောက်သော သတ္တဝါတို့သည် နည်းကုန်၏။

ထိုမကြောက်ကုန်သော သူတို့သည် အဘယ်နည်းဟူမူကား-မိမိနှင့် ဇာတ်တူဖြစ်ကုန်သော ခြသ့်၊ အာဇာနည်ဖြစ်ကုန်သော ဆင်၊ အာဇာနည်ဖြစ်ကုန်သော မြင်း၊ အာဇာနည်ဖြစ်ကုန်သော ဥသဘ၊ ပုရိသအာဇာနည်ဖြစ်ကုန်သော ရဟန္တာ၊ ဤငါးမည်သော သတ္တဝါတို့သည်သာ မကြောက်ကုန်သတည်း။

ထိုငါးပါးသော သတ္တဝါတို့သည် အဘယ့်ကြောင့် မကြောက်ကုန်သနည်း၊ ဟူမူကား၊ ဇာတ်တူဖြစ်ကုန်သော ခြသ့်တို့သည် ဇာတ်တူအမျိုးအနွယ်အားဖြင့် ရဲရင့်သောသဘော တူမျှကုန်သည်ဖြစ်၍ မကြောက်ကုန်။ အာဇာနည်ဆင် စသည်တို့ကား မိမိတို့အား သတ္တာယဒိဋ္ဌအားကြီးသောကြောင့် မကြောက်ကုန်၊ ရဟန္တာတို့သည်ကား သတ္တာယဒိဋ္ဌကို ပယ်သောကြောင့် မကြောက်ကုန်။

ထိုခြသ့်သည် မြူးထူးရာဖြစ်သော မြေအရပ်၌ ရုပ်လျက် လက်ယာသို့ လည်းကောင်း၊ လက်ဝဲသို့လည်းကောင်း ခုန်ပျံသည်ရှိသော် ဥသဘမျှသို့ ရောက်နိုင်၏။ အထက်သို့ ခုန်ပျံသည်ရှိသော် လေးဉသဘ၊ ရှစ်ဉသဘသို့ ရောက်နိုင်၏။ ညီညွတ်သော မြေအပြင်၌ ခုန်ပျံသည်ရှိသော် တဆယ့်ခြောက် ဥသဘမျှသောအရပ်သို့ ရောက်နိုင်၏။ ကုန်းထိပ်မှလည်းကောင်း၊ တောင်ထိပ်မှလည်းကောင်း ခုန်ပျံသည်ရှိသော် ဥသဘခြောက်ဆယ်မျှသို့ ရောက်နိုင်၏။ ထိုသို့ခုန်ပျံရာ ခရီးအကြား၌ သစ်ပင်ကိုလည်းကောင်း၊ တောင်ထွတ်ကိုလည်းကောင်း မြင်၍ တဖန် အားကိုယူ၍ ရှောင်ရှားသည်ရှိသော် လက်ဝဲသို့လည်းကောင်း၊ လက်ယာသို့လည်းကောင်း၊ အထက်သို့လည်းကောင်း တဥသဘမျှလောက် ဖဲရှောင်နိုင်ကုန်၏။ ထိုခြသ့်သည် သုံးကြိမ်ခြသ့်သံကိုဟစ်၍ ထိုအသံနှင့် တပြိုင်နက်လျှင် သုံးယူဇနာသော အရပ်သို့ ရောက်နိုင်၏။ သုံးယူဇနာအရပ်သို့ ရောက်ပြီးလျှင် တုံ့ပြန်ခဲ့၍ ရပ်၏။ မိမိဟစ်အပ်သောအသံ၏ ပဲ့တင်ထပ်၍ တည်သော အသံကိုကြား၏။ ထိုအသံမစဲမီ ရောက်လာနိုင်၏ဟု ဆိုလိုသည်။

ဤသို့ရဲရင့်သော အဖြစ် အစရှိသော ဂုဏ်တို့ဖြင့် ကြွင်းကုန်သော ခြသ့်မျိုးတို့ထက် ကေသရာခြသ့်သည် ကဲမြတ်၏။ ထို့ကြောင့်–

တိဏသီဟော ကာဠသီဟော၊ ပဏ္ဏုသီဟော စ ကေသရီ။
တေသံ စတုန္နံ သီဟာနံ၊ ကေသရီ အဂ္ဂတံဂတော။

ဟု ဟောတော်မူ၏။

ခြသ့်တို့သည် တန်ခိုး၌ လုံ့လပြု၏။ အိပ်သောအခါ ရှေ့ခြေနှစ်ချောင်းကို တခုသော အရပ်၌ နောက်ခြေနှစ်ချောင်းကို တခုသောအရပ်၌ထား၍၊ အမြီးကို ဝဲ့အောက်၌ထား၍ လက်ခြေအမြီးတို့၏ တည်ရာအရပ်ကိုမှတ်၍ နှစ်ခုသော ရှေ့လက်၏အထက်၌ ဦးခေါင်းကို

ထား၍အိပ်၏၊ နေ့အခါအိပ်ပြီး၍ နိုးသောအခါ ထိတ်လန့်၍ နိုးခြင်းမရှိ။ ဦးခေါင်းကို ချီ၍ ခြေလက် အမြီးတို့၏တည်ရာ အရပ်ကို မှတ်၍ ဆင်ခြင်၏၊ အကယ်၍လျှင် တစိုးတစိ နေရာဟောင်းက ပြောင်း၍တည်အံ့၊ ဤကဲ့သို့ သင်အိပ်ခြင်းသည် အမျိုးအားဖြင့် လည်းကောင်း၊ ရဲရင့်သောအဖြစ်အားဖြင့်လည်းကောင်း၊ မလျော်ပတ်လေတကားဟု နှလုံးမသာသည်ဖြစ်၍ ကျက်စားခြင်းငှာ မသွားမူ၍ တဖန်ပင်အိပ်ပြန်လေ၏။ နိုးသောအခါ နေရာမှ မဖောက်မပြန် တည်သည်ရှိသော်ကား သင့်အား ဇာတိအားဖြင့်လည်းကောင်း၊ ရဲရင့်သောအဖြစ်အားဖြင့်လည်းကောင်း၊ အိပ်ခြင်းသည် လျော်ပတ်လေပြီဟု ဝမ်းမြောက်စွာထ၍ ခြသေ့၏စံပယ်ခြင်းဖြင့် စံပယ်လျက်လည်ဆဲကိုခါတွက်၍ သုံးကြိမ် ခြသေ့သံကို ဟောက်လျက် ကျက်စားခြင်းငှာ သွားလေ၏ဟု သာရတ္ထသင်္ဂဟကျမ်းတွင် လာသည်။ ဤသို့သော စကားဖြင့်လျှင် ခြသေ့လေးမျိုးတို့၏ အခြင်းအရာကို မှတ်ရာ၏။

၁၅၉-ပုစ္ဆာ။ ။အနဝတတ်အိုင်မှ မြစ်ကြီးငါးသွယ် လာဟန်ကိုလည်းကောင်း မြစ်ငယ်ငါးရာတို့၏ အမည်နာမတို့ကိုလည်းကောင်း သိလိုပါသည်။

၁၅၉-ဝိသဇ္ဇနာ။ ။အနဝတတ်အိုင်မှ မြစ်ကြီးငါးသွယ်လာဟန်ကို သိလိုပါသည် ဟူရာ၌–

အယံ ကိရ ဇမ္ဗုဒီပေါ သတသဟဿ ယောဇနပရိမာဏော တတ္ထ စတုသဟဿ ယောဇနပ္ပမာဏော ပဒေသော ဥဒကေန အဇ္ဈောတ္ထဋ္ဌော သမုဒ္ဒေါတိ သခ်ဳ ဂတော။ စသောပါဠိတို့ဖြင့် မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ ပေါတလိသုတ်အဖွင့်တွင် အကျယ်အားဖြင့် လာသတည်း။ ၎င်းနည်းတူ သုတ္တနိပါတ် အဋ္ဌကထာ၊ သာရတ္ထဒီပနီ၊ သာရတ္ထသင်္ဂဟစသော ကျမ်းတို့၌လည်းလာသည်။

အဓိပ္ပာယ်ကား။ ။ဤဇမ္ဗုဒီပါကျွန်းသည် ယူဇနာ တသောင်းပမာဏရှိ၏။ ထိုယူဇနာ တသောင်းတွင်လည်း ယူဇနာလေးထောင် အတိုင်းအရှည်ရှိသော အရပ်သည် ရေဖြင့် လွှမ်းမိုးသောကြောင့် သမုဒ္ဒရာဟူ၍ ရေတွက်ခြင်းသို့ ရောက်၏၊ ယူဇနာသုံးထောင်ရှိသော အရပ်တို့၌ လူတို့သည်နေကုန်၏။ ယူဇနာသုံးထောင်ရှိသောအရပ်၌ ဟိမဝန္တာတောသည်တည်ရှိ၏၊ အစောက်အားဖြင့် ယူဇနာ ငါးရာရှိ၏၊ ရှစ်သောင်း လေးထောင်သော အထွတ်တို့ဖြင့် တန်ဆာဆင်အပ်၏၊ ထက်ဝန်းကျင်မှ စီးကုန်သော ငါးရာသော မြစ်တို့ဖြင့် ဆန်းကြယ်၏၊ အကြင် အရပ်၌ အလျားအနံအားဖြင့်လည်းကောင်း၊ အနက်အားဖြင့်လည်းကောင်း၊ ယူဇနာငါးဆယ်၊ အဝန်းယူဇနာ တရာငါးဆယ် ရှိကုန်သော **အနောတတ္တအိုင်၊ ရထကာရအိုင်၊ ဆဒ္ဒန္တအိုင်၊ ကုဏာလအိုင်၊ ဟံသပဝပါတအိုင်၊ မန္ဒာကိနီအိုင်၊ သီဟပဝပါတအိုင်**၊ ဤခုနစ်အိုင်တို့သည် တည်ကုန်၏။

ထိုခုနစ်အိုင်တို့တွင် အနောတတ္တအိုင်သည် သုဒဿနကူဋ၊ စိတြကူဋ၊ ကာဉကူဋ၊ ဂန္ဓမာဒနကူဋ၊ ကေလာသကူဋ၊ ဤငါးလုံးသော တောင်တို့ဖြင့် ရံအပ်၏။

ထိုငါးလုံးတို့တွင် သုဒဿနကူဋသည် ရွှေဖြင့်ပြီး၏၊ ယူဇနာ နှစ်ရာမြင့်၏၊ အတွင်းသို့ကောက်သော ကိုးနှုတ်သီးသဏ္ဌာန်ရှိ၏၊ ထိုအနောတတ္တအိုင်ကိုသာလျှင် ဖုံးအုပ်၍တည်၏၊ စိတြကူဋသည် ခပ်သိမ်းသောရတနာတို့ဖြင့် ပြီး၏၊ ကာဉကူဋသည် ကျောက်စိမ်း ကျောက်ညိုဖြင့် ပြီး၏။ ဂန္ဓမာဒနကူဋသည် တောင်လျှဉ် တောင်ဝှမ်းဖြင့် ပြီး၏၊ အတွင်း၌ ပဲနောက်အဆင်းနှင့် တူ၏၊ အမြစ်နံ့သာ၊ အနှစ်နံ့သာ၊ အကာနံ့သာ၊ အခေါက်နံ့သာ၊ အလွှာနံ့သာ၊ အရည်နံ့သာ၊ အရွက်နံ့သာ၊ အပွင့်နံ့သာ၊ အသီးနံ့သာ၊ ပင်စည်နံ့သာ ဤဆယ်ပါးသော နံ့သာမျိုးဖြင့် ပြန့်ပြော၏၊

အထူးထူးအပြားပြားရှိသော ဆေးတို့ဖြင့် ဖုံးလွှမ်း၏၊ လဆုတ်ပက္ခ ဥပုသ်နေ့၌ ရဲရဲတောက်သော မီးလျှံကဲ့သို့ အလျှံထွက်လျက်တည်၏၊ ကေလာသကူဋ္ဌသည် ငွေဖြင့်ပြီး၏၊ အလုံးစုံ လေးလုံးသော တောင်ထွတ်တို့သည် သုဒဿနတောင်နှင့်မျှသော အစောက်သဏ္ဌာန် ရှိကုန်၏၊ အနောတတ္တ အိုင်ကိုသာလျှင် ဖုံးအုပ်၍ တည်ကုန်၏။ ထိုတောင်ငါးလုံးတို့သည် နတ်တို့၏ အာနုဘော်အားဖြင့် လည်းကောင်း၊ နဂါးတို့၏ အာနုဘော်အားဖြင့်လည်းကောင်း မိုးတို့သည် ရွာကုန်၏။ မြစ်တို့သည် ထိုတောင်တို့၌ စီးကုန်၏။ အလုံးစုံသော ရေတို့သည် အနောတတ်အိုင်သို့သာ စီးဝင်ကုန်၏။ လ,နေတို့သည် ဒက္ခိဏာယာဉ်တို့ဖြင့် လည်းကောင်း၊ ဥတ္တရာယာဉ်တို့ဖြင့် လည်းကောင်း သွားကုန်သည်ရှိသော် တောင်၏အကြားဖြင့် ထိုအိုင်၌ အရောင်ကို ပြုနိုင်ကုန်၏။ ဖြောင့်ဖြောင့်သွားကုန်သော နေ,လ တို့သည်ကား အရောင်ကို မပြုနိုင်ကုန်။ ထို့ကြောင့်လျှင် အပူမရှိကုန်ဟု ဆိုအပ်သော အနောတတ္တာအိုင်ဟူသော ခေါ်ဝေါ်ခြင်းသည် ထင်ရှားဖြစ်၏။ ထိုအိုင်၌ ဆေးဒန်းမြင်းသီလာ အစရှိသည်တို့သည်လည်းကောင်း၊ ငါးလိပ်တို့သည် လည်းကောင်း၊ ဖန်အဆင်းနှင့် တူကုန်သော အညစ်အကြေးကင်းသော ရေတို့သည်လည်းကောင်း၊ ရေခဲျးဆိပ်တို့သည် လည်းကောင်း ကောင်းစွာရှိကုန်၏။

အကြင်အကြင် ရေဆိပ်တို့၌ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာတို့သည်လည်းကောင်း၊ တန်ခိုးကြီးသော ရသေ့တို့သည်လည်းကောင်း ရေခဲျးကုန်၏။ နတ်ဘီလူး စသည်တို့သည်လည်း ရေကစားခြင်းဖြင့် ကစားကုန်၏။ ထိုအိုင်၏ လေးခုသော နံပါးတို့၌ ခြင်္သေ့ခံတွင်း၊ ဆင်ခံတွင်း၊ မြင်းခံတွင်း၊ ဥသဘခံတွင်းဟူ၍ လေးခုသော ခံတွင်းတို့သည် ရှိကုန်၏။ ထိုလေးခုသော ခံတွင်းမှ လေးစင်းသော မြစ်တို့သည် စီးထွက်ကုန်၏။ ခြင်္သေ့ခံတွင်းမှ စီးထွက်သော မြစ်၏ကမ်းနားဌ ခြင်္သေ့တို့သည် များကုန်၏။ ဆင်ခံတွင်း စသည်မှ ထွက်ကုန်သော မြစ်ကမ်းနားတို့၌ ဆင်၊ မြင်း၊ ဥသဘတို့သည် များကုန်၏။ အရှေ့အရပ်မှထွက်သော မြစ်ရေသည် အနောတတ်အိုင်၌ သုံးကြိမ်လက်ယာရစ်လှည့်၍ ထိုမှကြွင်းသော သုံးစင်းသော မြစ်တို့ကို မကပ်မထိမူ၍ အရှေ့စူးစူးဟိမဝန္တာဖြစ်သော လူတို့ခရီးမဟုတ်သော အရပ်သို့ စီးသွားလေ၍ မဟာသမုဒ္ဒရာသို့ ဝင်လေ၏။ တောင်အရပ်မှ ထွက်သောမြစ်သည်ကား အနောတတ်အိုင်ကို သုံးပတ်လှည့်၍ တောင်အရပ်သို့ ဖြောင့်ဖြောင့်ကျောက်ဖျာအပြင်ဖြင့်သာ ယူဇနာခြောက်ဆယ်တိုင်တိုင် စီးသွား၍ တောင်တစ်ခုကို ဆိုက်လေပြီးလျှင် တက်ပြီး၍ အဝန်းအားဖြင့် သုံးဂါဝုတ် အတိုင်းအရှည်ရှိသော ရေအလျှံဖြစ်၍ ကောင်းကင်ဖြင့် ယူဇနာခြောက်ဆယ် သွားလေ၍ တိယင်္လမည်သော ကျောက်ဖျာထက် ကျလေ၏။ ကျောက်ဖျာကို ရေအလျှံ၏ အဟုန်ဖြင့် ထွင်းလေ၏။ ထိုအရပ်၌ ယူဇနာငါးဆယ် အတိုင်းအရှည်ရှိသော တိယင်္လမည်သော ရေကန်ဖြစ်လေ၏။ ထိုကန်၏ နံပါးကိုဖောက်၍ ကျောက်သို့ဝင်ပြီးလျှင် ယူဇနာခြောက်ဆယ်တိုင်တိုင် သွားလေ၏။ ထို့နောင် တခဲနက်ဖြစ်သော မြေကိုဖောက်ထွင်း၍ ဥမင်ခရီးဖြင့် ယူဇနာခြောက်ဆယ် သွားပြန်လေ၏။ ဝိဠုမည်သော ဖီလာဆီးသော တောင်ကြီးကို ခတ်မိ၍ လက်ဝါးအပြင်၌ ငါးခုသော လက်ချောင်းနှင့်အတူ ငါးသွယ်ဖြာသည်ဖြစ်၍ စီးလေကုန်၏။

တောင်သို့လာခဲ့သော ထိုမြစ်သည် သုံးကြိမ် အနောတတ်အိုင်ကို လက်ယာရစ်လှည့်၍ စီးသွားသော အရာ၌ **အာဝဋ္ဋဂင်္ဂါ**မည်၏။ ဖြောင့်ဖြောင့် ကျောက်ဖျာအပြင်ဖြင့် ယူဇနာခြောက်ဆယ်တိုင်တိုင် စီးသွားရာ၌ **ကဏ္ဏဂင်္ဂါ**မည်၏။ ကောင်းကင်ဖြင့် ယူဇနာခြောက်ဆယ် စီးသွားလေသော အရာ၌ **အာကာသဂင်္ဂါ** မည်၏။ တိယင်္လကျောက်ဖျာထက် ယူဇနာငါးဆယ်

ရှိသောအရပ်၌ တည်သော အိုင်သည် **ပေါက္ခရဏီ** မည်၏။ တိယင်္လကျောက်ကမ်းယံကို ဖောက်ထွင်းပြီးလျှင် ကျောက်သို့ဝင်၍ ယူဇနာခြောက်ဆယ် သွားလေသောအရပ်၌ **ဗဟလဂင်္ဂါ** မည်၏။ ဥမင်မြေတွင်းဖြင့် ယူဇနာခြောက်ဆယ် သွားလေသောအရပ်၌ **ဥမင်္ဂဂင်္ဂါ**မည်၏။

အာဝဋ္ဋဂင်္ဂါမှ အဖြောင့်ခွာခဲ့သည်ရှိသော် ဝိဠုမည်သော တောင်သို့ရောက်အောင် ယူဇနာနှစ်ရာ့ကိုးဆယ်ရှိ၏။ ဝိဠုမည်သော ဖီလာဆီးသောတောင်ကို ခတ်မိလေ၍ ငါးသွယ်ဖြာ၍ စီးရာအရပ်သည်ကား ဂင်္ဂါ၊ ယမုနာ၊ အစိရဝတီ၊ သရဘူ၊ မဟီ၊ မြစ်ကြီးငါးသွယ် ဖြစ်လေ၏ ဟူလိုသည်။

ထိုအနာတတ္တာအိုင်ကို အနောဒတ္တာအိုင်၊ အနဝဒတ်အိုင်–ဟူ၍ ဒန္တဇ တတိယက္ခရာ(ဒ)နှင့် ရေးမိတတ်ကြ၏။ ပဉ္စမက္ခရာ(တ)နှင့် အနောတတ္တာအိုင်၊ အနဝတတ်အိုင်ဟူ၍ သာ ရေးသင့်သည်။

အိုင်ကြီး ခုနစ်အိုင်တို့၏ အမည်ကား မဖ္ဂိုမပဏ္ဏာသ အဋ္ဌကထာ၊ ပေါတလိသုတ်အဖွင့်တွင်–

အနောတတ္တာဒဟော၊ ရထကာရဒဟော၊ ဆဒ္ဒန္တဒဟော၊ ကုဏာလဒဟော၊ ဟံသပဂပါတဒဟော၊ မန္ဒာကိနီဒဟော၊ သီဟပဂပါတဒဟောတိ သတ္တ မဟာသရာ ပတိဋ္ဌိတာ။

ဟု လာသည်။

ငင်းမဖ္ဂိုမပဏ္ဏာသအဋ္ဌကထာတွင်ပင် သန္ဒကသုတ်၏အဖွင့်(၁၆၁။)၌–

သရာတိ မဟာသရာ။ ကဏ္ဏမုဏ္ဍ ရထကာရ အနောတတ္တ သီဟပဂပါတ စာလိ၊ မုစလိန္ဒ ကုဏာလဒဟေ ရဟေတ္တာ ဝဒတိ။

ဟု လာသည်။

ရှေ့ပါဠိ၌ အနောတတ္တ၊ ရထကာရ၊ ဆဒ္ဒန္တ၊ ကုဏာလ၊ ဟံသပဂပါတ၊ မန္ဒာကိနီ၊ သီဟပဂပါတ ဟု ခုနစ်အိုင်။

နောက်ပါဠိ၌ကား ကဏ္ဏမုဏ္ဍ၊ ရထကာရ၊ အနောတတ္တ၊ သီဟပဂပါတ၊ စာလိယ၊ မုစလိန္ဒ၊ ကုဏာလ ဟု ခုနစ်အိုင်။

ဤနှစ်နည်းတွင် ရှေးနည်း၌ ကဏ္ဏမုဏ္ဍအိုင် မပါ၊ ဟံသပဂပါတအိုင် ထူး၍လာသည်။ နောက်နည်း၌ မန္ဒာကိနီအိုင်၊ ဆဒ္ဒန်အိုင် မပါ။ စာလိယအိုင်၊ မုစလိန္ဒအိုင် ထူး၍လာသည်။

အဘိဓာန်တွင်—အနောတတ္တော တထာကဏ္ဏ၊ မုဏ္ဍောစ ရထကာရကော။

ဆဒ္ဒန္တော စ ကုဏာလော စ၊ ဝုတ္တာ မန္ဒကိနီ ထိယံ။

တထာ သီဟပဂပါတောတိ၊ ဧတေ သတ္တ မဟာသရာ။

ဟု အနောတတ္တာအိုင်၊ ကဏ္ဏမုဏ္ဍာအိုင်၊ ရထကာရအိုင်၊ ဆဒ္ဒန္တအိုင်၊ ကုဏာလအိုင်၊ မန္ဒာကိနီအိုင်၊ သီဟပဂပါတအိုင် ဟူ၍ ခုနစ်အိုင်တို့၏ အမည်ကိုဆိုသည်။

အသီတိနိပါတ်၊ ကုဏာလဇာတ်တွင်လည်း ကုဋ္ဌရအိုင်ကိုထည့်၍ ခုနစ်အိုင်လာသည်။ အချို့ကျမ်းတွင် တိယင်္လပေါက္ခရဏီကိုထည့်၍ ခုနစ်အိုင်လာသည်။ အလုံးစုံကို ပေါင်းသည်ရှိသော် အနောတတ္တအိုင်၊ကဏ္ဏမုဏ္ဍအိုင်၊ ရထကာရအိုင်၊ ဆဒ္ဒန္တအိုင်၊ ကုဏာလအိုင်၊ မန္ဒာကိနီအိုင်၊

ကုဋ္ဌီရအိုင်၊ စာလိယအိုင်၊ သီဟပွပါတအိုင်၊ မုစလိန္ဒအိုင်၊ တိယင်္ဂလအိုင်၊ ဟံသပွပါတအိုင် ဟူ၍ တဆယ့်နှစ်အိုင်ပင် ဆိုသင့်ရာ ရောက်သည်။

ဆဒ္ဒန္တဇာတ်၌ ဆဒ္ဒန္တအိုင်နား၌ ဆဒ္ဒန်ဆင်တို့ နေသည် ဆိုသည်။ လောကပညတ္တိ စသည့် ကျမ်းတို့၌လည်း မန္ဒာကိနီအိုင်နား၌ ရုစာဂီရိဆင်တို့ နေသည်ဟု ဆိုသည်။ အခြို့သော ကျမ်းကလည်း ရုစာဂီရိဆင်ဟူသည် ဆဒ္ဒန်ဆင်ကိုပင် ဆိုသည်ဟု လာပြန်သည်။

သဂါထာဝဂ္ဂသံယုတ်၊ ကောဏ္ဍညသုတ်အဋ္ဌကထာတွင် "ဆဒ္ဒန္တဝနေ မန္ဒာကိနိပေါက္ခရ-ဏိယာ တီရေ" ဟူ၍လည်းကောင်း၊ ပတ္တစီဝရမာဒါယ ဆဒ္ဒန္တဝနေ မန္ဒာကိနိတီရံ ဂတော" ဟူ၍လည်းကောင်း လာသည်ကိုထောက်၍ မန္ဒာကိနီအိုင်တွင်း၌ ဆဒ္ဒန်ဆင်တို့ ရှိ၏ဟူ၍ မှတ်ရာသည်။

ဤကား အနောတတ်အိုင်နှင့် မြစ်ကြီးငါးသွယ်တို့၏ အမည်နာမကို သိလိုပါသည်ဟု မေးသောစကားစု၏ အဖြေတည်း။

မြစ်ငယ်တို့၏ အမည်နာမကို သိလိုပါသည်ဟူရာ၌-

စန္ဒဘာဂါ၊ သရသွတီ၊ နေရဉ္ဇရာ စ ကာဝေရီ နမ္မဒါဒီ စ နိန္နဂါ-ဟု အဘိဓာန်တွင်လာသည် နှင့်အညီ စန္ဒဘာဂါမြစ်၊ သရသွတီမြစ်၊ နေရဉ္ဇရာမြစ်၊ ကာဝေရီမြစ်၊ နမ္မဒါမြစ်၊ နိန္နဂါမြစ် ဟူ၍လာသည်။

ဘုရားလောင်း တောထွက်တော်မူသောကာလ ကူးမြောက်သည်ကား အနောမာမြစ်။

ရာဇဂြိုဟ်ပြည်သို့ ဆွမ်းရပ် ကြွသောကာလ ကူးမြောက်သော မြစ်သုံးစင်းကား ဥတ္တရဂါမြစ်၊ တရင်္ဂဂါမြစ်၊ အသဂါမြစ်။

ရွှေဥက်မျှောသောမြစ်ကား နေရဉ္ဇရာမြစ်။

အာဒိတ္တပရိယာယသုတ်ကို ဟောရာ၌မြစ်ကား ဂယာမြစ်၊ တတိယပါရာဇိကကို ပညတ်ရာ၌ လာသောမြစ်။

ပါဝါနှင့် ကုသိနာရုံအကြား၌မြစ်ကား ကကုဓာမြစ်။
စမ္မေယျဇာတ်၌ စမ္မာမည်သောမြစ်၊
ကီ ဆန္ဒဇာတ်၌ ကောသိကီမည်သောမြစ်၊
နိလိနီဇာတ်၌ ခေမာမည်သော မြစ်၊
သရဘင်္ဂဇာတ်၌ ဂေါဓာဝရီမြစ်။
သုဝဏ္ဏသာမဇာတ်၌ ရေခပ်ရာမြစ်ကား မိဂသမ္မတာမြစ်။
နေမိဇာတ်တွင် ရသေ့တထောင်တို့ နေသောအရပ်၌မြစ်ကား သီဒါမြစ်။
ဝေဿန္တရာဇာတ်၌ ဝေဿန္တရာမင်းတွေ့သောမြစ်ကား ကေတုမတီမြစ်။
မဟာကပ္ပိနမင်းတို့ ကူးသောမြစ်သုံးတန်ကား အပ္ပရဏ္ဏာမြစ်၊ နီလဝါဟာမြစ်၊ စန္ဒဘာဂါမြစ်။
ကျောက်စိုက်ငါးရပ်အဝင်မြစ်ကား သလ္လဝတီမြစ်။
အဘိဓာန်ဋီကာ၌ ခရမ်းပိမ့်ပင်တို့၏ အစစွာရောက်ရာ ဇရာဝတီမြစ်။
အမရကောသဋီကာ၌လာသည့် သိန္ဓဝမြင်းတို့၏ တည်ရာ သိန္ဓုမည်သောမြစ်။

အဌနိပါတ်၊ ဣန္ဒြိယဇာတ်၌လာသည့် သရဘင်္ဂရသေ့တို့တွင် အကြီးဖြစ်သော တာလိသရမည်သော ရသေ့နေရာ သာတာဂိတာမြစ်၊ ဓိဂေါမည်သောမြစ်။

စိတ္တသမ္ဘူတဇာတ်၌ နေရာ္ဇရာမြစ်၊ ရမ္မာမြစ်။
ဘလ္လာတိယဇာတ်၌ ဟေမဝန္တာမြစ်၊
မဏ္ဍဗျမာတင်္ဂဇာတ်၌ ဝေတ္တဝတီမြစ်။
မိလိန္ဒပဉ္ဉာ၌ ဗုဒ္ဓပြဿနာတွင်လာသည့် ဥဟာနဒီမြစ်။

ပထဝီစလနပြဿနာတွင် လာသည့် သိန္ဓုမြစ်၊ သရသွတီမြစ်၊ တေဇြဝတီမြစ်၊ ဝိတဿယမြစ်။ စန္ဒဘာဂါမြစ်။

ရာဇာဂြိုဟ်၏ အနီး၌ တပေါဒါမြစ်၊ သိပ္ပိနိယမြစ်။

ကဝိလဝတ္ထုပြည်၏ အနီး၌ ရောဟိနီမည်သောမြစ်။

ဗြာဟ္မဏသံယုတ်တွင် သုန္ဒရိကာမြစ်။

ဤသို့စသည်ဖြင့် အနည်းငယ်မျှသာ ဆိုရာဆိုခွင့် သင့်သည်တွင်လာသည်။ တနေ့ပါင်း တစည်းတည်း ငါးရာစ့ အောင် မဆိုဖြစ်၍ အစုံအစ့ မတွေ့နိုင်ရှုချေသည်။

၁၆၀-ပုစ္ဆာ။ ။မုသာဝါဒပြောဆိုသောစကား၌ ပြက်ရယ်ပြုလို၍ ပြောဆို့သော စကားမျှသော်လည်း မုသားမလွတ်ဆိုပါသည်။ ထိုသို့ပြက်ရယ်မှု ပြောဆိုသော အရာ၌ မုသားလွတ်, မလွတ်ကိုသိလိုပါသည်။

၁၆၀-ဝိဿဇ္ဇနာ။ ။မုသာဝါဒသိက္ခာပုဒ်အရာ၌ ပြက်ရယ်ပြုလို၍ ပြောဆိုသောစကားမျှသော်လည်း မုသားမလွတ်ဆိုသည်၌ကား—

မုသာဝါဒဟူသည်ကား စီးပွားချမ်းသာကို ပျက်စေတတ်သော ကာယပယောဂ ဝစီပယောဂသည် မုသာဝါဒမည်၏။ ချွတ်ယွင်းစေလိုသောအားဖြင့် သူ့ကို ချွတ်ယွင်းစေတတ်သော ကာယပယောဂ၊ ဝစီပယောဂကို ဖြစ်စေတတ်သော စေတနာသည် မုသာဝါဒမည်၏။

တနည်းကား မဟုတ်မမှန်သော ဝတ္ထုသည် မုသာမည်၏။ ထိုမဟုတ် မမှန်သည်ကို ဟုတ်မှန်သောအားဖြင့်သိစေသည်ကား မုသာဝါဒမည်၏။ အနက်အားဖြင့်ကား မဟုတ်မမှန်သော ဝတ္ထုကို ဟုတ်မှန်သောအားဖြင့် သိစေတတ်သော ဝိညတ်ကို ဖြစ်စေတတ်သော စေတနာသည် မုသာဝါဒမည်၏။

ထိုမုသာဝါဒသည်ကား—

ဝိပရီတဝတ္ထုတာ၊ ဝိသံဝါဒနစိတ္တံ၊ တဒ္ဇောဝါယာမော၊ ပရဿ တဒတ္ထ ဝိဇာနနာတိ စတ္တာရိ အင်္ဂါနိ။

ဟု အဌကထာလာသောကြောင့်။

(၁) ချွတ်ယွင်းသော ဝတ္ထုရှိသည်။

(၂) ချွတ်ယွင်းစေလိုသော စိတ်လည်းရှိသည်။

(၃) ထိုနှင့်လျော်သောလုံ့လရှိသည်။

(၄) ထိုသို့ဆိုတိုင်းကို သူတပါးတို့သိသည်။ ဤသို့ အင်္ဂါလေးပါးစုံသည်ရှိသော် ကမ္မပထမြောက်၏။

ထိုမုသာဝါဒသည် သူတပါးတို့အား ပြောဆို၍ အကျိုးစီးပွား အနည်းငယ်မျှသာ ပျက်သဖြင့် အပွသာဝဇ္ဇဖြစ်၍ အပြစ်နည်း၏။ အပျက်အစီးများသဖြင့် မဟာသာဝဇ္ဇ ဖြစ်၍ အပြစ်ကြီး၏။ စင်စစ်အားဖြင့် လူတို့အား မိမိတို့ဥစ္စာကို မပေးလိုသောအားဖြင့် မရှိဟု ဤသို့ စသည်တို့ဖြင့် ဆိုသောစကားသည် အပြစ်နည်း၏ သက်သေအရာ၌တည်၍ အကျိုးစီးပွား ပျက်စိမ့်သောငှာ ဆိုအံ့၊ အပြစ်ကြီး၏၊ ရဟန်းတို့အား အနည်းငယ်သော ဆီကို လည်းကောင်း၊ ထောပတ်ကိုလည်းကောင်းရ၍ ချွတ်ယွင်းစေလိုသဖြင့် ယနေ့ရွာ၌ ဆီသည် မြစ်ကဲ့သို့ စီး၏ဟုဆို၏၊ ရှေးနည်းကဲ့သို့ အပျက်အစီးနည်းသော် အပြစ်နည်း၏၊ အပျက်အစီးများသော် အပြစ်ကြီး၏။

တနည်းလည်း ချွတ်ယွင်းစေလိုသည်ကို ရှေးရှုပြုသည်၊ ချွတ်ယွင်းစေလိုသော စိတ်ဖြင့် ဆိုသော အဓိပ္ပာယ်ကိုသိစေလိုသော ပယောဂလည်းရှိသည်။ ဤသို့အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော် မုသာဝါဒဖြစ်၏ ဟူ၍လည်း သုတ္တသင်္ဂဟ အဋ္ဌကထာစသည်တို့၌ ဆိုသည်။

မဆိုမိကလည်း ငါမုသားဆိုအံ့ဟု လုံ့လပြုသည်၊ ဆိုစဉ် ဆဲဆဲ၌လည်း ငါမုသားဆို၏ဟု သိသည်၊ ဆိုပြီးသောနောင်လည်း ငါမုသားဆို၏ဟု သိသည်၊ ဤသို့အင်္ဂါသုံးပါးစုံမှ ကမ္မပထမြောက်၏ဟု ဆိုသည်။ ဤသို့ အနည်းနည်း၊ သာရတ္ထသင်္ဂဟ၊ သုတ္တသင်္ဂဟ အဋ္ဌကထာ၊ ဝိနည်းအဋ္ဌကထာ၊ ခုဒ္ဒကပါဋအဋ္ဌကထာ စသည်တို့၌ဆိုသည်။

ဝိနည်း ပါဠိတော်၌ကား ဝိသံဝါဒနပုရေက္ခာရပုဂ္ဂိုလ်၏ ဝါစာ၊ ဂိရာ၊ ဗျပ္ပထ၊ ဝစီဘေဒ၊ ဝါစသိက၊ ဝိညတ္တိဟု ခြောက်ပါးသော အခြင်းအရာ၌ အဒိဋ္ဌကို ဒိဋ္ဌ၊ အသုတကိုသုတ၊ အမုတကို မုတ၊ အဝိညာတကို ဝိညာတ၊ ဒိဋ္ဌကို၊ အဒိဋ္ဌ၊ သုတကို အသုတ၊ မုတကို အမုတ၊ ဝိညာတကို အဝိညာတဟု ရှစ်ပါးသော အနရိယဝေါဟာရတို့ကိုထည့်၍ မဆိုမိ ဤသို့ဆိုအံ့ဟု၊ ဆိုဆဲလည်း ဤသို့ဆို၏ဟု၊ ဆိုပြီးလည်း ဤသို့ဆိုအပ်ပြီဟု တိတကာရတချက်။ ဤသုံးချက်တွင် ဒိဋ္ဌကိုသွင်း၍ လေးချက်၊ ဒိဋ္ဌ၊ ခန္တိကိုသွင်း၍ ငါးချက်၊ ဒိဋ္ဌ၊ ခန္တိ၊ ရုစိကိုသွင်း၍ ခြောက်ချက်။ ဒိဋ္ဌ၊ ခန္တိ၊ ရုစိ၊ ဘာဝကိုသွင်း၍ ခုနစ်ချက်ကိုလည်း ဟောတော်မူသည်။

ဒိဋ္ဌ၊ သုတ၊ မုတ၊ ဝိညာတတို့၌ ဝေမတိက၊ နောကပ္ပေတိ၊ နသဿရတိ၊ သမ္မဠ္ဠ၊ လေးချက် လောင်း၍လည်း ဟောတော်မူပြန်သည်။ ဤကား အာပတ္တိဝါရ၌ ဟောတော်မူချက်။

အာပတ္တိဝါရ ဟူသည်ကား အပြစ်ရောက်သည် ဟူလိုသည်။ အနာပတ္တိဝါရ၌ကား၊ ဒဝါတချက်၊ ရဝါတချက်ပြသည်။

ဒဝါ ဟူသည်ကား၊ ဒဝါ ဘဏတိ နာမ သဟသာ ဘဏတိ ဟု လာသောကြောင့် အဆော တလျင်ဆိုသော စကားတည်း။

ရဝါဟူသည်ကား၊ ရဝါ ဘဏ္ဍာတိ နာမ အည် ဘဏ္ဍီသာမီတိ အည် ဘဏ္ဍာတိဟု လာသော ကြောင့် ဤသို့သောစကားကို ဆိုမည် ကြံသည်ကိုမဆို၊ တပါးသောစကားကို ဆိုမိလေသတည်း။

အဆောတလျင် ဆိုသော စကား ဟူသည်ကား။ "သဟသာ ဘဏ္ဍာတီတိ အဝီမံသိတ္တာ အနုပတရေတ္တာ ဝါ ဝေဂေန ဒိဋ္ဌမိ အဒိဋ္ဌမေတိ ဘဏ္ဍာတိ" ဟု ပါစိတ် အဋ္ဌကထာ၌ ဖွင့်သည်။ မစုံမစမ်းမိပဲ မဆင်မခြင်မိပဲ ဆောလျင်စွာသော အဟုန်ဖြင့် မြင်သည်ကို မမြင်ဟုဆိုမိသော စကားတည်း။

ရဝါ၏အရှဉ် တပါးကို ဆိုမည်ကြဲလျက် ထိုစကားကို မဆို၊ တလွဲဆိုမိ၏ ဟူသည်ကား။ မန္ဒတ္တာ ဇဋ္ဌတ္တာ ပက္ခလန္တော စိဝရန္တိ ဝတ္တာဧွေ စီရန္တိ အာဒိ ဘဏ္ဍာတိ။ ။ဟူသည်နှင့် အညီ ဉာဏ်နှံ့သောကြောင့်လည်းကောင်း၊ နှုတ်တွန့်သောကြောင့်လည်းကောင်း၊ ချွတ်ယွင်းသောကြောင့်လည်းကောင်း စီဝရဆိုမည့်အရာ၌ စီရစသည်တို့ကို ဆိုမိသော စကားမျိုးတို့တည်း။

ဤသို့သောအရာတို့၌ အနာပတ္တိဝါရ မုသားမဖြစ်၊ အပြစ်မရောက်ဆိုလိုသည်။ ကိုယ်စိတ်ကြောင့်လည်းကောင်း၊ နှုတ်စိတ်ကြောင့်လည်းကောင်း၊ ကိုယ်နှုတ်စိတ်ကြောင့် လည်းကောင်း ဖြစ်၏။

သာမဏေတယောက်သည် ရဟန်းတပါးကို အကျွန်ုပ်ဆရာကို မြင်ပါ၏လောဟု မေးသည်ရှိသော် ပြက်ရယ်မှုပြုလို၍ သင်၏ဆရာသည် ထင်လှည်းကိုကု၍ သွားသည်ဖြစ်လတ္တံ့ဟူ၍ လည်းကောင်း၊ မြေခွေးသံကြား၍ အရှင်ဘုရား ဤအသံကား အဘယ်နည်းဟု မေးသည်ရှိသော် သင်၏အမိသည် လှည်းဖြင့်သွားစဉ် ညွန်မှလှည်းဘီးကို ထုတ်ခွာရသော အသံတည်းဟူ၍လည်းကောင်း ဆိုသောအရာသည် ဒဝါလည်းမဟုတ် ရဝါလည်းမဟုတ် မုသားဖြစ်၏။ ထို့ကြောင့် မုသားဆိုခြင်း၌ ပြက်ရယ်မှုမျှသော်လည်း အပြစ်မလွတ်ဆိုသော စကားသည် အမှန်ပင်ဖြစ်သည်။

၁၆၁-ပုစ္ဆာ။ ။မိဘတို့သည် သားငယ် မြေးငယ်တို့ကို မသွားလာစေလိုသော စိတ်ဖြင့် ဤလမ်း၌ဆင်ရှိသည်၊ ကျားရှိသည်၊ ဤအရပ်၌ တစ္ဆေရှိသည် ခြိမ်းခြောက်၍ မသွားလေအောင် မလာအောင် ပြောဆိုသောအရာ၌ မုသားလွတ်မည် မလွတ်မည်ကို သိလိုပါသည်။

၁၆၁-ဝိဿဇ္ဇနာ။ ။မိဘတို့သည် သားငယ် သမီးငယ်တို့အား မသွားစေလို မလာစေလိုသောစိတ်ဖြင့် ဤအရပ်၌ ဆင်ရှိသည်၊ ကျားရှိသည် စသည်တို့ဖြင့် မသွား မလာလေအောင် ပြောဆိုသောအရာ၌ မုသာဝါဒ လွတ် မလွတ်ကို မေးရာ၌–

ယုံကြည်စေလိုသောစိတ်ရှိသည်၊ ထိုစိတ်ဖြင့် ဆိုသည်၊ ကြားသူ သားမြေးတို့ကလည်း ယုံကြည်သည်၊ ကျားဆင်မရှိသည်၊ ဤသို့ စသည်တို့ဖြင့် အင်္ဂါအများ ညီညွတ်သောကြောင့် ဝိနည်းသုတ္တန်တို့တွင် လာသောနည်းတို့ဖြင့်သာ အဝီမံသနာကာရဖြင့် ယူချေသော် မုသာဝါဒ ဖြစ်ရာပင် ရောက်၏ဟု ဆိုကောင်းပခြေ၏ သို့သော်လည်း စုံစမ်းဆင်ခြင်ရန် အများပင်

ရှိခဲ့သည်။ ဝိနည်းအဋ္ဌကထာတွင် "အကုသလစိတ်တဲ့ တိဝေဒနံ" ဟုလာသည်၊ မုသာဝါဒ ဟူသည်ကား အကုသိုလ်စိတ်ကြောင့်သာ ဖြစ်သည်ဟု ဆိုသည်။

မိဘတို့သည်ကား သားငယ် မြေးငယ်တို့ကို အဝေးအနီး မရွေးမချယ် သွားလာလေ သည်ရှိသော် တစုံတခုသော ဘေးရန် ထိခိုက်ရာ၏ဟု ထိုဒက္ခမှ ကင်းစေလိုခြင်းဆိုသည်။ ဒုက္ခ ဖြစ်ခဲ့တော့မည် ပြောဆိုသော်လည်း မလိမ္မာသောကြောင့် မရှောင်ရှားရာ၊ ကြောက်လန့် ဖွယ်ကို ပြော၍ ခြိမ်းခြောက်မှ ကြောက်လန့်၍ မသွားမလာ နေရာသည်၊ မသွားမလာ နေမှလည်း ဘေးရန် ကင်းရာသည်ဟု ကရဏာ ပြဋ္ဌာန်းသော မဟာကုသိုလ်စိတ်ဖြင့် ဆိုသော စကားဖြစ်၍ မုသာဝါဒမဖြစ်၊ အပြစ်မရှိ မိဘတို့ကသာ ဆိုသင့်သည်မဟုတ်၊ ဤကဲ့သို့ အကျိုးကို မျှော်ထောက်၍ ဆရာသမား ဦးရီးနောင်မယ် မိတ်ဆွေခင်ပွန်းတို့ ပြောဆိုသမျှလည်း မုသာဝါဒ မဖြစ်ဟူ၍သာ မှတ်သင့်သည်။

မဟာသုတသောမဇာတ်၌ ညောင်စောင့်နတ်သည် ရဟန်း အယောင်ဆောင် ပေါရိသာဒကို ပြသောကာလ သုတသောမမင်းပါမှ ငါပူဇော်ခံရမည်ဆိုသည်။ အရှင်သာရိပုတ္တရာသည် တမ္ဗဒါဋ္ဌကအား တရားကို တည်တံ့စွာ မနာနိုင်သည်ကိုမြင်၍ သင်လူကို သတ်ရသည်ကား သင့် အလိုအလျောက်လောဟု မေးရာ၌ မင်းကခိုင်း၍ သတ်ရပါသည်ဆိုလျှင် သင့်အလိုအလျောက် မဟုတ်၊ မင်းကခိုင်းသည်ရှိသော် သင့်မှာအပြစ်မရှိဟု မိန့်တော်မူမှ တရားကိုနာနိုင်သည် ဟူ၏။

နန္ဒမထေရ်အား ဤမန္တန်ကိုရအောင် ကျက်လော့ နတ်သမီးကို ရလိမ့်မည်ဟု မိန့်တော် မူသည်။ ပိလိန္ဒဝစ္ဆထေရ်အား မဟာဂန္ဓာရီ မန္တန်ကို တတ်လိုသော် ရဟန်းပြုလော့ဟု မိန့်တော်မူသည်။ ဝင်္ဂီသထေရ်အား ရဟန္တာ၏ လားရာကိုသိသော မန္တန်ကို တတ်လိုသော် ရဟန်းပြုလော့ဟု မိန့်တော်မူသည်။ ဤသို့သောအရာတို့၌ အကုသိုလ်စိတ် မဟုတ်သောကြောင့် မုသားမဖြစ်။ ထို့ကြောင့် အဘိဓမ္မတ္ထသင်္ဂဟကျမ်း၌–

ပါဏာတိပါတော ဖရုသဝါစာ ဗျာပါဒေါစ ဒေါသမူလေန ဇာယန္တိ၊ ကာမေသုမိစ္ဆာ–စာရော အဘိဇ္ဈာ မိစ္ဆာဒိဋ္ဌိ စ လောဘမူလေန၊ သေသာနိ စတ္တာရိပိ ဒ္ဝိဟိ မူလေဟိ သမ္ဘဝန္တိ။ စိတ္တုပ္ပါဒဝသေန ပနေတံ အကုသလံ သတ္တဏာပိ ဒ္ဝါဒသဝိဓံ ဟောတိ။ ဟုဆိုသည်။

ပါဏာတိပါတ၊ ဖရုသဝါစာ၊ ဗျာပါဒ၊ ဤသုံးခုသော ကမ္မပထသည် ဒေါသမူကြောင့် ဖြစ်၏။

ကာမေသုမိစ္ဆာစာရ၊ အဘိဇ္ဈာ၊ မိစ္ဆာဒိဋ္ဌိ၊ ဤသုံးပါးသည် လောဘမူကြောင့် ဖြစ်၏။

မုသာဝါဒ၊ ပိသုဏဝါစာ၊ သမ္ဖပ္ပလာပ၊ အဒိန္နဒါန၊ ဤလေးပါးသည် လောဘမူ၊ ဒေါသမူ ကြောင့် ဖြစ်၏ဟုဆိုသည်။

ထို့ကြောင့် အရှင်သာရိပုတြာစသော သူမြတ်တို့၌ ထိုမုသာဝါဒ ဖြစ်ကြောင်းအကုသလ မူလ တရားမရှိပြီဖြစ်၍ တမ္ဗဒါဋ္ဌိက စသည်တို့အား မိန့်ဆိုသောစကားသည် မုသာဝါဒ မဖြစ် လေပြီ။ ကရဏာပြဋ္ဌာန်းသော ကိရိယာဇောသာတည်း။ ထိုကဲ့သို့ ဆရာမိဘစသည်တို့သည် တပည့်သားမြေး စသည်တို့အား ဘေးရန်မှကင်းစေလိုခြင်း၊ ကောင်းကျိုးချမ်းသာ ဖြစ်စေ လိုခြင်းစသော အကျိုးတို့ကို ထောက်၍ ခြိမ်းခြောက်ချော့မော့ ပြောဆိုသမျှသော စကားတို့

လည်း မေတ္တာကရုဏာ ပြဋ္ဌာန်းသော မဟာကုသိုလ်ဇောသာဖြစ်၍ မုသားလည်းမဖြစ်၊ အပြစ်လည်းမထိုက်၊ ကုသိုလ်တရားသာ ဆင့်ပွားတိုးများလေ၏ဟု မှတ်သင့်သည်။

ယခင် အကုသလကမ္မပထ ဆယ်ပါးတွင် သုရာမေရယသည် မပါမလာသော်လည်း ကာမသုမိစ္ဆာစာရ၌ သွင်း၍ ယူရမည်ဟု အဘိဓမ္မတ္ထ ဝိဘာဝိနီဋီကာဆိုသည်။ အချို့သောသူတို့က မူကား သုရာမေရယကို ဘုရားပင် မဟောဖြစ်သည် အပြစ်မရှိ၊ ပစ္စက္ခတွင်သာ အသောက် အစားကြူးလျှင် မျက်မှောက်တွင်သာ အပြစ်ရှိသည်။ ငရဲလားရမည့် အပြစ်မရှိဟု ဆိုကြ၏။ ထိုစကားလည်း မဆိုသင့်ဖြစ်သည်၊ ထို့ကြောင့် အင်္ဂုတ္တိုရ်ပဋ္ဌကနိပါတ်ပါဠိတော်၌—

> ပဋ္ဌဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ဥပါသကော ယထာဘတံ နိက္ခိတ္တော၊ ဧဝံ နိရယေ။ ကတမေဟိ ပဋ္ဌဟိ၊ ပါဏာတိပါတီ ဟောတိ၊ အဒိန္နာဒါယီ ဟောတိ၊ ကာမေသုမိစ္ဆာစာရီ ဟောတိ၊ မုသာဝါဒီ ဟောတိ၊ သုရာမေရယမဇ္ဇပမာဒဋ္ဌာယီ ဟောတိ၊ ဣမေဟိ ခေါ ဘိက္ခဝေ ပဋ္ဌဟိ ဓမ္မေဟိ သမန္နာဂတော ဥပါသကော ယထာဘတံ နိက္ခိတ္တော၊ ဧဝံ နိရယေ။

ဟု ဟောတော်မူသည်။

ထို့ကြောင့် သုရာမေရယကို သုံးဆောင်သော သူတို့သည် ဧကန်အားဖြင့် ငရဲသို့သွားရ လိမ့်မည်ဟု ဘုရားဟောတော်မူခြေ၏ဟု မှတ်သင့်သည်။

၁၆၂-ပုစ္ဆာ။ ။စိန္တိတံ သတ္တသခ္ခေယျံ စသော ဂါထာသည် ကျမ်းကြီးကျမ်းခိုင်တို့ကလာမည် မလာမည်ကို သိလိုပါသည်။

၁၆၂-ဝိသဇ္ဇနာ။ စိန္တိတံ သတ္တသခ္ခေယျံ စသောဂါထာကို ကျမ်းကြီးကျမ်းခိုင်တို့ကလာမည်မလာမည်ကို သိလိုပါသည်ဟု မေးရာ၌—

> စိန္တိတံ သတ္တသခ္ခေယျံ၊ နဝသခ္ခေယျဝါစကံ။
> ကာယဝါစာ စတုချာတံ၊ ပုဒ္ဓတ္တံ သမုပါဂမိ။

ဤဂါထာကို ရွေးချယ်စိစစ်၍ ဆိုမှစကားကုန်မည်။ စကားကုန်မှလည်း ဟုတ်တန် မဟုတ်တန်ကို ရွေးချယ်နိုင်ရာသည်၊ ဤသို့သောအရာ၌ အချို့ကျမ်းဂန်တတ်သော ဆရာတို့ပင် ဤဂါထာ၏အရအတိုင်း ဝတ္ထုစကားပြေ ထုတ်နုတ်၍ ရေးသားကြသည်လည်း အများပင်ရှိသည်၊ ပို့ကဗျာစပ်ဆို၍ စာစောင်ဖွဲ့ကြသည်လည်း အများပင်ရှိသည်ဖြစ်၍ အရပ်ထက်ဝန်းကျင် လူရှင်ရဟန်းတို့ ရွတ်အံသရဇ္ဈာယ်ကြပေသည့် ဂါထာပင်ဖြစ်ပေသည် အချို့ကျမ်းတတ်သော ဆရာသည် ပယ်လည်း မပယ်၊ ဆောင်လည်း မဆောင်ရက်၊ ကျမ်းဂန်တို့လည်း များပြားလှသည်၊ အကုန်အစင် သိမြင်နိုင်ခဲသည်ဟု မကျမတင် မိန့်ဆိုကြသော ဆရာတို့လည်း ရှိသည်။ အချို့ဆရာတို့ကလည်း ကျမ်းဂန်များပြားလှသည် ဆိုရတော့မည်မဟုတ်၊ ယခုထင်ရှားရှိသော ပါဠိအဋ္ဌကထာတို့လည်း ကျမ်းကြီးကျမ်းခိုင် မဟုတ်လော။ ဤကျမ်းတို့က လာသည် ဖြစ်ကလည်း ယူသင့်သောစကား ဖြစ်တော့သည်။ ဤကျမ်းတို့က မလာသော် ဂန္ထန္တရကျမ်းထူးကျမ်းသီးက လာသောစကားဖြစ်လျှင် ယခုကျမ်းကြီးတို့က ထွက်ဆိုသည်နှင့်ညီလျှင် ယူသင့်၏။ အညီမထွက်မဆိုလျှင် ယူသင့်တော့မည်မဟုတ်ဟု မနှစ်သက်သံနှင့် ဆိုကြ၏။

ငါတို့အမှတ်တော်ကား–

စတုတ္ထိံ သေဝ သုတ္တန္တာ၊ တိဝင်္ဂေါ ယဿ သင်္ဂဟော၊
ဧသ ဒီဃနိကာယောတိ၊ ပဌမော အနုလောမိကော။

ဟူသည်နှင့်အညီ သုံးဆယ့်လေးသုတ်ရှိသော သုံးပါးသော ဝဂ်တို့ဖြင့် သင်္ဂြိဟ်အပ်သော သီလက္ခန်မဟာဝဂ် ပါထေယျဝဂ် ဤဒီဃနိကာယ်သုံးကျမ်း၊ ထိုသုံးကျမ်းတို့၏ အဖွင့်ဖြစ်သော သုမင်္ဂလဝိလာသိနီမည်သော အဋ္ဌကထာသုံးကျမ်း။ ဋီကာသုံးကျမ်း။

ဒီဃမုသတသုတ္တန္တာ၊ ဒ္ဝေ သုတ္တာနိ စ ယတ္တသော။
နိကာယော မဇ္ဈိမော ပဋ္ဌ၊ ဒသဝဂ္ဂပရိဂ္ဂဟော။

ဟူသည်နှင့်အညီ တရာငါးဆယ်နှစ်သုတ်ရှိသော တဆယ့်ငါးဝဂ်တို့ဖြင့် သိမ်းဆည်းအပ်သော မူလပဏ္ဏာသ၊ မဇ္ဈိပဏ္ဏာသ၊ ဥပရိပဏ္ဏာသ၊ ဤမဇ္ဈိမနိကာယ်သုံးကျမ်း၊ ထိုသုံးကျမ်းတို့၏ အဖွင့်ဖြစ်သော ပပဉ္စသူဒနီမည်သော အဋ္ဌကထာသုံးကျမ်း၊ ဋီကာသုံးကျမ်း။

သတ္တသုတ္တသဟဿာနိ၊ သတ္တသုတ္တသတာနိ စ။
ဒ္ဝါသဋ္ဌိ စေဝ သုတ္တန္တာ၊ ဧသော သံယုတ္တသင်္ဂဟော။

ဟူသည်နှင့်အညီ ခုနစ်ထောင့် ခုနစ်ရာခြောက်ဆယ် နှစ်သုတ်ရှိသော သဂါထာဝဂ္ဂ၊ နိဒါနိဝါရ၊ ခန္ဓဝါရ၊ သဠာယတန၊ မဟာဝဂ္ဂ၊ ဤသံယုတ္တနိကာယ် ငါးကျမ်း၊ ထိုငါးကျမ်းတို့၏ အဖွင့်ဖြစ်သော ပရမတ္ထဝိဘာဝိနီမည်သော အဋ္ဌကထာငါးကျမ်း၊ ဋီကာငါးကျမ်း။

နဝ သုတ္တသဟဿာနိ၊ ပဉ္စသုတ္တသတာနိ စ။
သတ္တပညာသ သုတ္တန္တာ၊ သင်္ခ်ာအင်္ဂုတ္တရေ အယံ။

ဟူသည်နှင့်အညီ ကိုးထောင့်ငါးရာ့ ငါးဆယ့်ခုနစ်သုတ်ရှိသော ကေနိပါတ်မှစ၍ ဧကာဒသနိပါတ်တိုင် အင်္ဂုတ္တရနိကာယ် တဆယ့်တကျမ်း၊ ထိုတဆယ့်တကျမ်း၏ အဖွင့်ဖြစ်သော မနောရထပူရဏီမည်သော အဋ္ဌကထာတဆယ့်တကျမ်း၊ ထိုတဆယ့်တကျမ်းတို့၏ အဖွင့်ဋီကာဟောင်း ဋီကာသစ်တဆယ့်တကျမ်း။

ဌပေတွာ စတုရော ပေတေ၊ နိကာယေ ဒီဃအာဒီကေ။
တဒဋ္ဌိ ပုဒ္ဓဝစနံ၊ နိကာယော ခုဒ္ဒကော မတော။

ဟူသည်နှင့်အညီ ယခင်နိကာယ်လေးရပ်တို့မှ ကြွင်းသော ဝိနည်း၊ အဘိဓမ္မာ၊ သုတ္တန်ကျမ်းတည်းဟူသော ခုဒ္ဒကနိကာယ်တို့တွင် ဝိနည်းပါဠိတော်ငါးကျမ်း၊ အဋ္ဌကထာငါးကျမ်း၊ ဝဇိရဗုဒ္ဓိ၊ သာရတ္ထဒီပနီ၊ ဝိမတိဝိနောဒနီဋီကာ ဋီကာမျိုးသုံးပါး ပါတိမောက္ခဝိဘင်္ဂဝေနနှင့် တကွ ပါတိမောက်ကျမ်း၊ အဋ္ဌကထာကျမ်း၊ ဋီကာဟောင်း ဋီကာသစ်နှစ်မျိုး။

ဓမ္မသင်္ဂဏီ၊ ဝိဘင်းစသော အဘိဓမ္မာခုနစ်ကျမ်း၊ အဋ္ဌသာလိနီ စသောအဋ္ဌကထာခုနစ်ကျမ်း၊ မူလဋီကာ အနုဋီကာ၊ မဓုဋီကာ၊ မဏိဒီပနှင့် ဂဉ္ဌတ္ထဒီပနီရောက်အောင် ဋီကာလေးမျိုး။

အဋ္ဌကထာနှင့်တကွချည်း ခုဒ္ဒကပါဋိကျမ်း၊ ဓမ္မပဒကျမ်း၊ ဥဒါန်းကျမ်း၊ ဣတိဝုတ်ကျမ်း၊ သုတ္တနိပါတ်ကျမ်း၊ ဝိမာနဝတ္ထုကျမ်း၊ ပေတဝတ္ထုကျမ်း၊ ထေရဂါထာ၊ ထေရီဂါထာ၊ အဋ္ဌကထာဋီကာနှင့်တကွ ဇာတ်ကျမ်း၊ အဋ္ဌကထာဋီကာနှင့်တကွ စူဠနိဒ္ဒေသကျမ်း၊ မဟာနိဒ္ဒေသကျမ်း၊ အဋ္ဌကထာဋီကာနှင့်တကွ ပဋိသမ္ဘိဒါကျမ်း၊ အပဒါန်ကျမ်း၊ ဗုဒ္ဓဝင်ကျမ်း၊ စရိယပိဋကကျမ်း၊ ဤကျမ်းတို့သည် နိကာယ်ငါးကျမ်းအဝင် ကျမ်းကြီးကျမ်းခိုင် ဖြစ်တော့သည်။

သာသနာတော်အား များသော ကျေးဇူးရှိသော အတိသာသနသောပကာရ ကျမ်းစုတို့တွင် ဋီကာလေးစောင်နှင့်တကွ သံယုတ်ကျမ်း၊ နိရုတ္တိသာရမဉ္ဇူနှင့်တကွ ကစ္စည်းကျမ်း၊ ဋီကာနှင့်တကွ ရူပသိဒ္ဓိကျမ်း၊ ဝုတ္တိနှင့်တကွ မောဂ္ဂလ္လာန်ကျမ်း၊ အဋ္ဌကထာ၊ ဋီကာဟောင်း၊ ဋီကာသစ်တို့နှင့်တကွ နေတ္တိကျမ်း၊ အဋ္ဌကထာနှင့်တကွ ပေဋကောပဒေသကျမ်း၊ နိရုတ္တိကျမ်း၊ ဆန္ဒောဝိစိတိကျမ်း၊ ဋီကာခြောက်စောင်နှင့်တကွ ဆန်းကျမ်း၊ ဆန္ဒောမဉ္ဇရီကျမ်း၊ ဋီကာနှစ်စောင်နှင့်တကွ အလင်္ကာကျမ်း၊ ဝိစိတ္တာလင်္ကာရကျမ်း၊ ဋီကာနှင့်တကွ ဝဇိရသင်္ဂဟကျမ်း၊ ဋီကာနှင့်တကွ ဝိဒဂ္ဂကျမ်း၊ သိရိဒန္တိကျမ်း၊ ဋီကာနှင့်တကွ အဘိဓာန်ကျမ်း၊ သဒ္ဒနီတိကျမ်း၊ ဋီကာနှင့်တကွ ကေက္ခရကောသကျမ်း၊ ရတနကောသကျမ်း၊ နာနတ္ထမဉ္ဇရီကျမ်း၊ ကလာပ်ကျမ်း၊ ဗျာကရိဏ်းကျမ်း၊ သရသွတီကျမ်း၊ စန္ဒဗျာကရိဏ်းကျမ်း၊ ပါဏိနီဗျာကရိဏ်းကျမ်း၊ မုဒ္ဓဗောဓဗျာကရိဏ်းကျမ်း ဤသို့ စသောကျမ်းမျိုးတို့သည် လည်းကောင်း၊

ဋီကာနှစ်စောင်နှင့်တကွ ဝိနည်းသင်္ဂြိဟ်ကျမ်း၊ ဋီကာနှင့်တကွ ခန္ဓနိဒ္ဒေသ၊ ဋီကာနှင့်တကွ ဝိနယ ဝိနိစ္ဆယ၊ ဋီကာနှင့်တကွ ဥတ္တရဝိနိစ္ဆယ၊ ဋီကာနှစ်စောင်နှင့်တကွ ခုဒ္ဒသိက္ခာ၊ ဋီကာနှစ်စောင်နှင့်တကွ မူလသိက္ခာ၊ သိက္ခာပဒဝဏ္ဏန၊ သိက္ခာပဒဝိနိစ္ဆယ၊ သီလာဝဟနိပုဏ္ဏပဒ-သခ်ေပ၊ ဋီကာနှင့်တကွ သီမာလင်္ကာရစသော ဝိနယဂန္ထန္တရကျမ်းစုတို့သည် လည်းကောင်း။

အဋ္ဌကထာနှင့်တကွ သုတ္တသင်္ဂဟ စသော သုတ္တန် ဂန္ထန္တရကျမ်းစုတို့သည် လည်းကောင်း၊
ဋီကာနှင့်တကွ မောဟဝိစ္ဆေဒနီ စသော အဘိဓမ္မာဂန္ထန္တရကျမ်းစုတို့သည် လည်းကောင်း၊
ဋီကာနှင့်တကွ သမ္မန္ဓစိန္တာစသော သဒ္ဒဝိစာရဏာ ကျမ်းစုတို့သည် လည်းကောင်း၊
ဋီကာနှင့်တကွ မဟာဝင်စသော ဂန္ထန္တရကျမ်းထူးတို့သည် လည်းကောင်း၊

ပိဋကတ်သုံးပုံနှင့် ဆက်ဆံသော ဋီကာနှစ်စောင်၊ ဂဏ္ဌိပုဒ်၊ ဒီပနီနှင့်တကွသော ဝသုဒ္ဓိမဂ်ကျမ်း၊ မိလိန္ဒပဉ္ဉာကျမ်းတို့သည်လည်းကောင်း၊

ဤသို့ အစရှိကုန်သော ကျမ်းကြီးကျမ်းငယ်တို့သည် သာသနာတော်၌ အတိသာသ-နသေပကာရဖြစ်၍ နေလနက္ခတ်တာရာတို့သည် သတ္တဝါတို့အား အလင်းအရပ်ဒေသကို သိစေခြင်း၊ နေ့ည၌ကို မှတ်စေခြင်း သတ္တိရှိသကဲ့သို့ ပညာတည်းဟူသော အလင်းကိုပြလျက် မဂ်ဖိုလ် နိဗ္ဗာန်တည်းဟူသော လောကုတ္တရာခရီးကို သိစေလျက် ဖြစ်ခြင်း၊ ချုပ်ခြင်းတည်းဟူသော နေ့ည၌ကိုမှတ်စေလျက် ခပ်သိမ်းသော သူတို့သည် တူးဖြို ဖျက်ဆီးခြင်းငှာ မစွမ်းနိုင်ကောင်းသော တခဲနက်ကျောက်အတိပြီးသော ရှစ်သောင်းလေးထောင်သော အထွတ်ရှိသော ဟိမဝန္တာ တောင်မင်းကဲ့သို့ ရှစ်သောင်းလေးထောင်သော နည်းနာနယဓမ္မကန္ဓာရှိသော ပိဋကတ်သုံးပုံ တည်းဟူသောအခြံအရံနှင့်တကွ၊ ပရိယတ္တိတည်းဟူသော တောင်ကြီးဖြစ်၍ တစုံတယောက်သော လူနတ်တို့သည် တူးဖြိုဖျက်ဆီးခြင်းငှာ မတတ်နိုင်ကုန်။

ထို့ကြောင့် အခြံအရံ တောင်ငယ်နှင့်တူသော ဂန္ဆန္တရကျမ်းမြတ် ကျမ်းထူး ကျမ်းပြား အစောင်စောင်တို့သည် ဟိမဝန္တာတောင်မင်းနှင့်တူသော ပိဋိကတ်သုံးပုံကို နည်းနာနယ တူရာချ၍ သဘောသဘာဝ ညီညွတ်သည်ရှိသော် ယူရာမှတ်ရာဖြစ်၏။ တစိုးတစိ ထိုကျမ်းတို့၌ အချင်းချင်းလည်းကောင်း၊ နိကာယ်ကျမ်းကြီး၏ အဋ္ဌကထာဋီကာသို့လည်းကောင်း၊ မသက မဝင်ချေသော် စုံစမ်းဆင်ခြင်၍ စွန့်ရာချေသည်လည်းရှိ၏။ ထိုသို့ရှိသော်လည်း ထိုသို့ ဆိုမြည် ရေရွတ်ခဲ့သမျှသော ပိဋကတ်တော်၊ နိကာယ်ငါးရပ်၊ အဋ္ဌကထာ ဋီကာတို့၌လည်းကောင်း ဂန္ဆန္တရကျမ်းထူး ကျမ်းပြားတို့၌လည်းကောင်း၊ တစုံတခုသော ကျမ်းတို့၌ ဤစိန္တိတံ သတ္တသင်္ချံယျံ၊ စသော ဂါထာ၊ ထိုဂါထာ၏အရ သင်္ချေနှစ်ဆယ်တို့၏အမည်၊ ထိုသင်္ချေတို့၌ ပွင့်တော်မူသည်ကို ရေတွက်၍ ပြသောဘုရားပေါင်း၊ ထိုဘုရားတို့ထံ ငါတို့ဘုရားလောင်း စိတ်ကြဲ၍ ဆုတောင်းကြောင်း၊ နှုတ်မြွက်၍ ဆုတောင်းကြောင်းတို့ကို မတွေ့ မမှတ်မိချေ၊ ကျမ်းဂန်တို့သည်လည်း တစောင်က ထွက်ဆိုလျှင် တစောင်နှစ်စောင်က နည်းတူ နည်းမျှ လာမြဲဖြစ်သည်။ တစောင်မတွေ့သော်လည်း တစောင်တွေ့ရမည်ကို မတွေ့မမြင် မလာရှိချေသည်။ တွေ့ရသော ကျမ်းကား သောတထ္ထကီ ကျမ်းတွင်သာ တွေ့သည်။ ထိုသောတထ္ထကီ ကျမ်းလည်း ကျမ်းကြီးကျမ်းမာလည်း မဟုတ်လွန်း၊ ထိုကျမ်းလည်း ဇင်းမယ်အရပ်ကဖြစ်သော ကျမ်းဟူ၍ဆိုကြကုန်သည်။ ဇင်းမယ်အရပ်ကဖြစ်ကြောင်းကိုလည်း ဥတ္တမသိင်္ဂါ ဖြေသော ပိဋကတ်စာရင်းစုတွင် လည်းကောင်း၊ ကျော်အောင်စံထား ဆရာဖြေသော ဝိသဒ္ဓနာဒ်၌ လည်းကောင်းပါသည်။ သဘောကိုထောက်သော်လည်း ပေါရာဏဋီပက်ရာ လက်ထက် ငါတို့ဘုရားအလောင်း သုမိတ္တာမင်းသမီးဖြစ်၍ မုန်ညင်းဆီ လှူလိုက်သည်ဆိုသည်။ ဇင်းမယ်က ပြုသော ယွင်းပဏ္ဏာသဇာတ်တွင်လည်း ၎င်းနည်းတူပင်ဆိုသည်ဖြစ်၍ သောတထ္ထကီကျမ်းသည် ဇင်းမယ်ကဖြစ်သည်ဆိုသော စကားသည် ယုတ္တိရှိသကဲ့သို့ ထင်သည်၊ ဇင်းမယ် သောတထ္ထကီ စကားကို နှုတ်၍လည်း အရှင်ဉာဏကိတ္တိရပြုသည့် တထာဂတုပ္ပတ္တိကျမ်းတွင် လာပြန်သည်၊ ထိုကျမ်းလည်း ကျမ်းခိုင် ကျမ်းမာ မဟုတ်ချေ၊ ကျယ်ငယ်ကျမ်းနုပင် ဖြစ်ပြန်သည်။ တပါးသော ကျမ်းကြီးတို့နှင့် မနီးနောမိသော စကားရပ်လည်း အများပင်ပါသည်။ ထို့ကြောင့် သောတထ္ထကီ၊ လောကိယွန်းပဏ္ဏာသ၊ တထာဂတုပ္ပတ္တိ ကျမ်းတို့တွင် လာသော စကားသာဖြစ်၍ ဤစိန္တိတံ သတ္တသင်္ချံယျံ စသော ဂါထာလာတိုင်း စိတ်ကြဲ၍ တောင်းသည်။ နုတ်မြွက်၍ တောင်းသည် ဆိုသော စကားများသည် စကားခိုင် မဟုတ်လွန်းသည် ထင်သည်။

ပေါရာဏဋီပက်ရာလက်ထက် ငါတို့ဘုရားအလောင်း သုမိတ္တာမင်းသမီးဖြစ်သည် ဆိုရာ၌လည်း မယုံအပ်သကဲ့သို့ ရှိသည်၊ ငါတို့ဘုရားလောင်းကား ယောကျ်ားဖြစ်၍ ယသောဓရာ အလောင်းကား အလုပ်အကျွေးမယားဖြစ်ရလို၏ဟု ဆုတောင်းကြောင်းကို ယသောဓရာ အပဒါန်တွင် လာသည်။ ယသောဓရာ ဆုတောင်းပြုခဲ့ ဖူးသည်မှာလည်း ဘုရားပေါင်း အကုဋေမက များကြောင်းကို တိုက်ရိုက်လာလျက်ပင် ရှိသည်။ ငါတို့ဘုရားသခင်လည်း စိန္တိတံ သတ္တသင်္ချံယျံ ဂါထာကထွက်သည်မှာ ငါးသိန်း တသောင်း နှစ်ထောင်သော ဘုရားတို့ထံ ဆုပန်ကြောင်းကို ဆိုသည်။ ဗုဒ္ဓဝင်ပါဠိတော်တွင်ကား အကုဋေမကသော ဘုရားတို့ထံ ဆုတောင်းခဲ့ဖူးကြောင်းကို–

ဧတေသံ ဓမ္မရာဇူနံ၊ အညေသံ နေကကောဋိနံ။
အာစိက္ခိတွာန တံ မဂ္ဂံ၊ နိဗ္ဗုတာ တေ သသာဝကာ။

ဧတေသံ၊ ထိုနှစ်ကျိပ်ရှစ်ဆူကုန်သော။ ဓမ္မရာဇူနံ၊ တရားမင်းတို့၏ လည်းကောင်း။ အညေသံ၊ ထိုမှတပါးကုန်သော။ အနေကကောဋိနံ၊ အကုဋေ မကကုန်သော။ ဓမ္မရာဇူနံ၊ တရားမင်းတို့၏ လည်းကောင်း။ တံ မဂ္ဂံ၊ ထိုသို့ဖြစ်တော်မူကုန်သောအကြောင်း အတ္ထုပ္ပတ္တိ ဗုဒ္ဓဝင်အဆင်ကို။ အာစိက္ခိတွာန၊ ဟောကြားတော်မူပြီး၍။ သသာဝကာ၊ တပည့်သားတော်နှင့်တကွကုန်သော။ တေ၊ ထိုဘုရားသခင်တို့သည်။ နိဗ္ဗုတာ၊ ပရိနိဗ္ဗာန်စံတော်မူကုန်ပြီ။

ဟူ၍ အကုဋေမကကုန်သော ဘုရားသခင်တို့ထံ ပါရမီဖြည့်ရကြောင်း၊ ဗုဒ္ဓဝံသကို ဟောတော်မူကြောင်းကို ဂါထာလာသည်။ ဤသို့လာသော ဘုရားအပေါင်းကိုလည်း မတိုက်မဆိုင်မိ ထင်သည်။ ယသောဓရာ အပဒါန်နှင့် တိုက်ဆိုင်သော်လည်း သုမိတ္တာ မင်းသမီးဖြစ်၍ နေသည်ဆိုသည့် စကားနှင့် မတိုက်မဆိုင်မိထင်သည်။ ယင်းသို့ဖြစ်၍ သောတတ္ထကီ၊ တထာဂတုပ္ပတ္တိ၊ ယွန်းပဏ္ဏာသကျမ်းတို့က ထွက်ဆိုသော စကားသည် အနှစ်မရှိလွန်းယူရန်ရှိသည်။

ပညာရှိတို့ ဆင်ခြင်ရန် ထိုကျမ်းတို့က လာသောစကားနှင့် အပဒါန် ဗုဒ္ဓဝင်စသော ကျမ်းတို့က လာသောစကားကိုပြုင်၍ ပြပေအံ့။ သူတော်ကောင်းတို့ ရှေ့နောက် နှီးနှော၍ စေ့စေ့နှလုံးသွင်းရာ၏။

စိန္တိတံ သတ္တာသင်္ခေယ္ယံ၊ နဝ သင်္ခေယ္ယ ဝါစကံ။
ကာယဝါစာ စတုချာတံ၊ ဗုဒ္ဓတ္ထံ ပရိပူရိတံ။

အချို့စာတွင်၊ ဗုဒ္ဓတ္တသမုပါဂတံ၊ အချို့စာတွင် သမုပါဂမိ၊ ဟုရှိ၏

နန္ဒော သုနန္ဒော ပထဝီ၊ မဏ္ဍော ဓရဏီ သာဂရော။
ပုဏ္ဏရိကာတိ သတ္တာဝ၊ မနသာ ပတ္ထနာ မယံ့။ နိဒ္ဒိဋ္ဌာ သင်္ခေယျာ ဂ္ဂမေ။

သဗ္ဗေ သတသဟဿာနိ၊ ဝိသတိ ဗုဒ္ဓသဟဿံ။
တေသံ ပဋ္ဌသဟဿာနိ၊ သမ္မာသမ္ဗုဒ္ဓပဏ္ဍိတာ။

စသောဂါထာတို့၏ အဓိပ္ပာယ်ကား- ခုနစ်သင်္ချေအစ နန္ဒအသင်္ချေထက် ပြဟ္မဒေဝဘုရားဖြစ်သောအခါ သာဂရပြည်၌ အတိဒေဝမင်းကြီးဖြစ်၍ ဘုရားဆုကို စိတ်ဖြင့် တောင်းတော်မူ၏၊ ခုနစ်သင်္ချေအနက်၊ နန္ဒအသင်္ချေတွင်း၌ ဘုရားပေါင်းကား ငါးထောင်၊ သုနန္ဒသင်္ချေတွင်း၌ ဘုရားပေါင်း ကိုးထောင်၊ ပထဝီအသင်္ချေ၌ တသောင်း၊ မဏ္ဍအသင်္ချေ၌ တသောင်းတထောင်၊ ဓရဏီအသင်္ချေ၌ နှစ်သောင်း၊ သာဂရအသင်္ချေ၌ သုံးသောင်း၊ ပုဏ္ဏရိကအသင်္ချေ၌ လေးသောင်း၊ ပေါင်းတသိန်းနှစ်သောင်း ငါးထောင်ရှိ၏။

ကိုးသင်္ချေတို့ကား–

သဗ္ဗဘဒ္ဒါ သဗ္ဗဖုလ္လော၊ သဗ္ဗရတနဥသဘော။
ခန္ဓော မာနိဘဒ္ဒါ စေဝ၊ ပဒုမော သဗ္ဗဗာလကော။

ကမေ ကပ္ပါ အသန္ဓေယ္ယာ၊ နဝကာတိ ပဝုစ္စတိ။
ဝစီဘေဒါ ပတ္ထနာ မယ္ဟံ၊ ပူရိတာ နဝ သန္ဓေယ္ယာ။

တီဏိ သတသဟဿာနိ၊ နဝုတိပိ သဟဿ စ၊
ဝိသတိ စေဝ ဗုဒ္ဓါနံ၊ သမ္ဘာသမ္ဘုဒ္ဓပဏ္ဍိတာ။

သဗ္ဗဘဒ္ဒ အသန္ဓေါတွင် ဥပဝတီပြည်၌ သာဂရစကြာမင်းဖြစ်၍ ပေါရာဏ ဂေါတမ ဘုရားရှင်ကို ဖူးမြင်ရ၍ ဘုရားဆုကို နှုတ်မြွက်၍ တောင်း၏၊ ဘုရားပေါင်းကား ငါးသောင်း၊ သဗ္ဗဖုလ္လအသန္ဓေါ်၌ ခြောက်သောင်း၊ သဗ္ဗရတနအသန္ဓေါ်၌ ခုနစ်သောင်း၊ ဥသဘအသန္ဓေါ်၌ ရှစ်သောင်း၊ ခန္ဓအသန္ဓေါ်၌ကိုးသောင်း၊ မာနိအသန္ဓေါ်၌ တသောင်းလေးထောင်၊ ဘဒ္ဒအသန္ဓေါ်၌ တသောင်း၊ ပဒုမအသန္ဓေါ်၌ တသောင်းလေးထောင်၊ ဗာလအသန္ဓေါ်၌ လေးထောင်၊ ပေါင်းကိုးသန္ဓေါတွင်း၌ သုံးသိန်း ကိုးသောင်း နှစ်ထောင်ပွင့်၏ ဟုဆိုသည်။ ဤစကားကိုရည်၍—

ဗုဒ္ဓါ အနုန္နာ မရိယာ သုသဒ်ယေ၊ ဗုဒ္ဓါ အနုန္နာသုမလာ ဝိသဒ်ယေ- ဟု ဆိုလေသည်။

သဗ္ဗဘဒ္ဒအသန္ဓေါ်၌ ပေါရာဏဂေါတမပွင့်သောအခါ သာဂရစကြာမင်းဖြစ်၍ နှုတ်မြွက်၍ ဘုရားဆုကို တောင်းသည်ဟု ဆိုသည်၊ ပေါရာဏဂေါတမ ပွင့်သည့်နောက်၌ ပေါရာဏ ဒီပင်္ကရာ ဟူသောအမည်ဖြင့် ဘုရားတဆူ ပွင့်သည်ဟူ၏၊ ပေါရာဏဒီပင်္ကရာ၏ ဘထွေးတော် သမီး သန္တသုမိတ္တာသည် ငါတို့ဂေါတမဘုရားလောင်းပင် ဟူ၏။ ထိုမင်းသမီး၏ အဖြစ်ဖြင့် နောက်ဒီပင်္ကရာဘုရားအလောင်း သာမဏေကို မုန့်ညင်းဆီလှူ၍ ဘုရားဆုကို တောင်းသည်ဟု စုံလင်စွာ အကျယ်အဝန်းဆိုသည်။ ဘုရားနှစ်ရပ်ကို ပေါင်းသော် ငါးသိန်း တသောင်းခုနစ်ထောင်ရှိသည်။

ဗုဒ္ဓဝင်ကျမ်းတွင် "ဧတေသံ ဓမ္မရာဇူနံ၊ အညေသံ နေကကောဋိနံ" စသောဂါထာနှင့်အကုဋေမကကုန်သောဘုရားတို့ထံ ပါရမီဖြည့်ရကြောင်းကိုဆိုသည်။ ဗုဒ္ဓဝင်လာဘုရားကား အမည်နာမသရုပ်နှင့်တကွ ပေထက်မတင်သောကြောင့်သာ မသိသာလွန်းရှိသည်။ ဟောတော်မူရင်းက အမည်နာမ သရုပ်နှင့်ပင် ဟောတော်မူဟန်ရှိသည်၊ ထိုဘုရားအပေါင်းတို့ကိုလည်း အကုဋေမက ဟူ၍ပင်ဆိုသည်။ သောတထ္ထကီ၊ တထာဂတုပ္ပတ္တိတွင်ကား ငါးသိန်း တသောင်း ခုနစ်ထောင် မျှသာဆိုခဲ့သည်။ ဤသို့လည်း မညီလွန်း ထင်ချေသည်။

အပါဒါန်ပါဠိတော်၊ ယသော်ရောသုတ်တွင်–

ဗြဟ္မဒေဝဿ သမ္မုခ်ာ၊ ဂေါတမံ လောကနာယကံ။
အညေသံ လောကနာထာနံ၊ သင်္ကမန္တေ ဗဟုံ မယာ။

ဟူသောဂါထာဖြင့် ဗြဟ္မဒေဝဘုရား၊ ဂေါတမဘုရားတို့ထံ ဆုပန်ရကြောင်းကိုလည်းကောင်း။

ပဒ္မကောဋိသတာ ဗုဒ္ဓါ၊ နဝ ကောဋိသတာနိစ။
ဧတေသံ ဒေဝဒေဝါနံ၊ မဟာဒါနံ ပဝတ္တယိ။
အဓိကာရံ မဟာမယ္ဟံ၊ မဟာရာဇ သုဏောဟိ မေ။

ဟူသောဂါထာ၌ ဘုရားအပေါင်း ကုဋေငါးရာတရပ်၊ ကုဋေကိုးရာတရပ်။

ကောဒသ ကောဋိသတာ၊ ဒွါဒသကောဋိသတာနိ စ။
ဧတေသံ ဒေဝဒေဝါနံ၊ မဟာဒါနံ ပဝတ္တယိ။
အဓိကာရံ မဟာမယ္ဟံ၊ မဟာရာဇ သုဏောဟိ မေ။

ဟူသောဂါထာ၌ ကုဋ္ဌေတထောင့်စာရာတရပ်၊ ကုဋ္ဌေတထောင့်နှစ်ရာတရပ်။

"ဝိသ ကောဋိ သတာ ဗုဒ္ဓါ၊ တိံသ ကောဋိသတာနိစ၊ ဂါထာ၌ ကုဋ္ဌေနှစ်ထောင်တရပ်၊ ကုဋ္ဌေသုံးထောင်တရပ်။

"စတ္တာလီသ ကောဋိသတာ၊ ပဉ္စကောဋိသတာနိစ"။ ဂါထာ၌ ကုဋ္ဌေလေးထောင်တရပ် ကုဋ္ဌေငါးထောင်တရပ်၊

"သဋ္ဌိကောဋိသတာဗုဒ္ဓါ၊ သတ္တတိကောဋိသတာနိစ"။ ဂါထာ၌ ကုဋ္ဌေခြောက်ထောင်၊ တရပ်၊ ကုဋ္ဌေခုနစ်ထောင်တရပ်၊

"အသီတိကောဋိသတာဗုဒ္ဓါ၊ နဝုတိ ကောဋိသတာနိစ" ဂါထာ၌ ကုဋ္ဌေရှစ်ထောင်တရပ်။ ကုဋ္ဌေကိုးထောင်တရပ်။

"ကောဋိသတာသဟဿာနိ၊ ဟောန္တိလောကဂ္ဂနာယကာ" ဂါထာ၌ ကုဋ္ဌေတသိန်းတရပ်။

"နဝကောဋိသဟဿာနိ၊ အပရေ လောကနာယကာ" ဂါထာ၌ ကုဋ္ဌေကိုးထောင်တရပ်။

ကောဋိသတသဟဿာနိ၊ ပဉ္စအသီတိ မဟေသိနော။
ပဉ္စသီတိကောဋိသတာ၊ သတ္တတိ သဟ ကောဋိယော။
ဧတေသံ ဒေဝဒေဝါနံ၊ မဟာဒါနံ ပဝတ္တယိ။

ဂါထာ၌ ကုဋ္ဌေတသိန်းရှစ်သောင်း ငါးထောင်တရပ်၊ ကုဋ္ဌေရှစ်ထောင့်ငါးရာတရပ်၊ ကုဋ္ဌေတရာ့ခုနစ်ဆယ်သော ဘုရားတရပ်တို့ထံ ဆုပန်ရကြောင်းကိုလည်းကောင်း။

"ပစ္စေကဗုဒ္ဓါ ဝိတရာဂါ၊ အဒ္ဒဌမကာ ကောဋိယော" ဂါထာ၌ ပစ္စေကဗုဒ္ဓါပေါင်း ရှစ်ဆယ့်ရှစ်ကုဋ္ဌေ။

ဒီဏာသဝါ ဝိတမာလာ၊ အသခ်ယာ ဗုဒ္ဓသာဝကာ" ဂါထာ၌ ရဟန္တာပေါင်း အသခ်္ဘေယျဉ္ဉာသို့စသည်တို့ဖြင့် များစွာသောဘုရားအပေါင်း အရေအတွက် ပစ္စေကဗုဒ္ဓါ ရဟန္တာအရေအတွက်ရှိသော အလျှုခံပုဂ္ဂိုလ်မြတ်တို့ထံ ဆုပန်၍ ပါရမီဖြည့်ရကြောင်းကိုဆိုသည်။ ယသော ဓရာဖြည့်ရသော ဘုရားပေါင်းမှ ဉာဏ်မျှလောက်စင် များခြေသည်ရှိသော် ဘုရားသခင်မှာ ယသောဓရာထက်ကဲလွန်၍ များရာသော အကြောင်းရှိခဲ့သည်။ ငါးသိန်းတသောင်း ခုနစ်ထောင်မျှသည် နည်းရာရောက်ခြေသည်။ ယသောဓရာ အောက်လည်း မနည်းရခြေ။ ယသောဓရာထက် သာလွန်၍များသည် ယူမှလည်း ဗုဒ္ဓဝင်ဆိုသည့်အတိုင်း အကုဋ္ဌေမကသော ဘုရားရှင်တို့ထံ ပါရမီဖြည့်ရသည်ဆိုသောစကားသည် ညီညွတ်ရာသည်။

ယသောဓရာဟောသည် ဆိုသော်လည်း အလွတ်ဟောသည်မဟုတ်။ ဘုရားသခင်က သုဒ္ဓါဓနမင်းကြီးကို မဟာရာဇ သုဏောဟိ-ဟု ဟောသည့်အတိုင်း ဟောရသည်ဖြစ်သည်။

ဤစကားကိုထောက်၍ သောတတ္ထကီ၊ တထာဂတုပ္ပတ္တိကျမ်းတို့တွင် ဘုရားပေါင်းနှင့် ပုဒ္ဓဝင်အပဒါန်တို့တွင်ဆိုသည့် ဘုရားပေါင်း နည်းများ မတူကြောင်းကို ဆင်ခြင်ရန်ရှိသည်။

တကြောင်းမှာလည်း သောတတ္ထကီမှာ ပေါရာဏဒီပက်ရာတွင် သန္တသုမိတ္တာ မင်းသမီးသည် ဘုရားလောင်းပင်ဆိုသည်။ အပဒါန်မှာမူကား ယသောဓရာမင်း မိန်းမဖြစ်၍ ယောကျ်ားဘုရားလောင်း တောင့်တ၍နေသောကာလ အလွန်ရှည်နှင့်လှလေပြီးဖြစ်၍ ထိုစကားကိုလည်း ဆင်ခြင်ရန်ရှိသည်။ ထို့ကြောင့် ငါတို့သော်ကား သောတတ္ထကီ တထာဂတုပ္ပတ္တိ ကျမ်းတို့ဆိုသော စကားကို အခိုအခဲ့မဟုတ်လွန်းဟု အဆိုရှိပေသည်။

၁၆၃-ပုစ္ဆာ။ ။ဘုရားအလောင်းသည် ငါးရာ့ငါးဆယ်ဇာတ်တော်၌ တိရစ္ဆာန်မျိုးဘယ်မျှလောက် ဖြစ်မည်ကို သိလိုပါသည်။

၁၆၃-ဝိဿဇ္ဇနာ။ ။ဘုရားလောင်းသည် ငါးရာ့ငါးဆယ်ဇာတ်တော်တို့တွင် တိရစ္ဆာတ်မျိုး၌ဘယ်မျှလောက်ဖြစ်မည်ကို သိလိုပါသည်ဟူရာ၌—

ငါးရာ့ငါးဆယ် ဇာတ်နှင့်တကွ ဆိုင်ရာ ကျမ်းတို့တွင် တိရစ္ဆာန် ဖြစ်ကြောင်းကို တွေ့မြင်ဖူးသမျှ စုရုံး၍ ဇာတ်နိပါတ်ကျမ်းတွင် သဂ်ါဃနာတင်တိုင်း အကျယ်ပြသည်ရှိသော် ပြီးပြေနိုင်ရာသော အကြောင်းမရှိ အကျဉ်းအားဖြင့် မှတ်သားရုံသာ ထုတ်နုတ်၍ ပြပေအံ့။

၁-ခေါက်ရှာငှက်။ ။၂-ပြေလုံးငှက်။ ။၃-တင်ကျိုးငှက်။ ။သစ်တောက်။ ။၅-ဖား။ ၆-ကွဲ။ ။၇-ယုန်။ ။၈-စာပေါင်းသောင်း။ ။၉-ဝက်။ ။၁၀-ကိန္နရာ။ ။၁၁-ဝံလိုငှက်။ ဤတဆယ့်တမည်ကား တကြိမ်စီသာ ဖြစ်ကြောင်းကို ဆိုသည်။ တဆယ့်တခါဖြစ်။ (၁၁)

၁-ကျီး။ ။၂-ခါ။ ။၃-ကြက်။ ။၄-ကြွက်။ ။၅-စက္ကဝါက်။ ။၆-ဥဩ။ ။၇-ဂဠုန်။ ဤခုနစ်မည်တို့ကား နှစ်ကြိမ်စီပါသည်။ ပေါင်းတဆယ့်လေးဖြစ်။ (၁၄)

၁-ခွေး။ ။၂-ဥဒေါင်း။ ။၃-ဆတ်။ ။၄-ဖွတ်။ ။၅-ငါး။ ။ဤငါးမည်ကား သုံးကြိမ်စီပါသည်။ ပေါင်းတဆယ့်ငါးဖြစ်။ (၁၅)

၁-လင်းတ၊ ။၂-ငုံး။ ။၃-မြင်း။ ။၄-နဂါး။ ။ဤလေးမည်ကား လေးကြိမ်စီပါသည်။ ပေါင်းတဆယ့်ခြောက်ဖြစ်။ (၁၆)

၁-ခို။ ။၂-နွား။ ။ဤနှစ်မည်ကား ငါးကြိမ်စီပါသည်။ ပေါင်းတဆယ်ဖြစ်။ (၁၀) ဆင်ကား ခုနှစ်ကြိမ်ပါသည်။ ပေါင်းရန်မရှိ။ (၇)

၁-ကျေးသား။ ၂-သမင်။ ဤသည်ကား ကိုးကြိမ်စီပါသည်။ ပေါင်းတဆယ့်ရှစ်ဖြစ်။ (၁၈)

၁-ဟာသ်ာ။ ၂-ခြင်္သေ့။ ။ဤနှစ်မည်တို့ကား ဆယ်ကြိမ်စီပါသည်။ ပေါင်းနှစ်ဆယ်။ (၂၀) မျောက် တဆယ့်နှစ်ကြိမ်ပါသည်။ ပေါင်းရန်မရှိ။ (၁၂) အလုံးစုံကိုပေါင်းသော် တဆယ့်တစ်ဖြစ်။ တဆယ့်လေးဖြစ်။ တဆယ့်ငါးဖြစ်။ တဆယ်ခြောက်ဖြစ်။ ဆယ်ဖြစ်။ ခုနစ်ဖြစ်။ တဆယ့်ရှစ်ဖြစ်။ အဖြစ်နှစ်ဆယ်။ တဆယ့်နှစ်အားဖြင့် တရာ့နှစ်ဆယ့်သုံးဖြစ်။

၁။ ဧကနိပါတ်၊ တတိယဝဂ်၊ ဆဋ္ဌမြောက်၊ သကုဏဇာတ်၌ သစ်ပင်ကြိတ်မီး ဖြစ်သည်၊ ပညာရှိ ငှက်မင်း ဘုရားအလောင်း။

၂။-ဌာနိပါတ်၊ စုဒ္ဒသမ၊ အသမ္မဒါနဝဂ်၊ တတိယမြောက်၊ ယတာသနဇာတ်၌ ရေကန်က မီးထွက်သည်။ ပညာရှိ ငှက်မင်းဘုရားအလောင်း။

၃။ ဌာနိပါတ်၊ ဂဒြဘပဉ္ဉာဝဂ်။ ပဉ္စမမြောက်၊ အနုသာသိကာဇာတ်၌ ငှက်မိုက်ကို လှည်းနင်းမိသည်၊ ပညာရှိ ငှက်မင်းဘုရားအလောင်း။

၄-ဆက္ကနိပါတ်၊ ဓမ္မဇေ ဇာတ်၌ သမုဒ္ဒရာအလယ်ကျွန်းတွင် ငှက်တကောင်သည် ငှက်ဥငှက်ငယ်ကို စားသည်၊ ပညာရှိငှက်မင်း ဘုရားအလောင်း။

ဤလေးဇာတ်၌ ငှက်ဟူ၍ သာမှည ဆိုသည်။ ဤမည်သော အမျိုးအနွယ်ဟူ၍ ဝိသေသမဆို၊ လေးဇာတ်က ငှက်လေးဖြစ်ကို ပေါင်းသော် တရာ့နှစ်ဆယ်ခုနစ် ဖြစ်ရသင့်သည်။

စတုက္ကနိပါတ်၊ ကာကဝတိဇာတ် အဋ္ဌကထာတွင် ဗာရာဏသီ မင်းကြီးကို ဘုရားလောင်း ဟု ဆိုသည်။ အသီတိနိပါတ်၊ မဟာကုဏာလဇာတ်၌ ဂဠုန်မင်းကို ဘုရားလောင်း ဟု ဆိုသည်။ မဟာကုဏာလဇာတ်မှ ဂဠုန်မင်းကို ဘုရားလောင်းဟု ဆိုသောစကားသည် ပါဠိပျက်သည်ဟု ဆရာတို့ဆိုကြကုန်၏။ ဂဠုန်မင်း ဘုရားလောင်းမှန်သော် ဂဠုန်သုံးကြိမ်ဖြစ်သင့်သည်ဟု ယူသင့်၏။ ဂဠုန်သုံးကြိမ်ဖြစ်လျှင် တရာ့နှစ်ဆယ့်ရှစ်ဖြစ်ဟု မှတ်ရမည်။

သုတ်ပါထေယျ အဋ္ဌကထာ လက္ခဏသုတ် အဖွင့်တွင် ရှည့်မင်းတကြိမ် ဗုဒ္ဓဝင်ကျမ်းတွင် ခြသ့ေတကြိမ်၊ နဂါးနှစ်ကြိမ်၊ ဗျာဒိတ်ခံကြောင်းကို လာသည်။ ဤလေးဘဝ လောင်းပြန်လျှင် တရာ့သုံးဆယ့်နှစ်ကြိမ်၊ ဂဠုန်တကြိမ်နှုတ်လျှင်လည်း တရာ့သုံးဆယ့်တကြိမ် ဖြစ်သည်ဟုမှတ်ရမည်။

ဇာတ်ကျမ်းတွင် ဝိသေသမရှိသော တရာ့နှစ်ဆယ့်သုံး ဖြစ်ရကား။

(၁) ဧကနိပါတ်၊ ဆဝ သကုဏဇာတ်၌ ခေါက်ရှာငှက်၊ ထောက်ရှာငှက် ဟူ၍လည်း ခေါ်ကြ၏။ ဆဝသကုဏကို သစ်တောက်ငှက်ဟူ၍လည်း ယောဇနာကြသည်။ ဇာတ်ကျမ်းတွင် ဗောဓိသတ္တော ဟိမဝန္တပ္ပဒေသေ ရုက္ခကောဋ္ဌကသကုဏော ဟုတွာ နိဗ္ဗတ္တိ ဟု ဆိုသည် ဖြစ်၍ ခေါက်ရှာဟူသည်ကား သစ်တောက်ငှက်ကို ခေါ်သည်ဟူ၍ ဆိုကြသည်။ ဆင်ခြင်၍ ခေါက်ရှာငှက် နှင့် သစ်တောက် တူမည် ခြားမည်ကို စဉ်းစားကြပါလေ။

(၂) ဒုကနိပါတ်၊ သကုဏဂ္ဃိဇာတ်၌ ပြေလုံးငှက်၊ နှံစုတ်ငှက်ဟု အချို့ဆရာတို့ ယောဇနာကြ၏။ ရာဇမဏိစူဠာဇာတ် ကမ္ဘည်းတွင် ဗီးလုံးဟူ၍ ဆိုသည်။ ရှေးအခါ ဗီလုံးငှက်ခေါ်သည်ဟူ၍ ရှေးသူဟောင်းတို့ ပြောဆိုကြ၏။ ယခု ပြေလုံးငှက် ခေါ်သည်သာများသည်။

(၃) ဌာနိပါတ်၊ ဝိရကဇာတ်၌ တင်ကျီး၊ သူအချို့ကား တင်ကျည်း ဟူ၍ ညသတ်သံ နှင့် စာပေစပ်၏။ ခေါ်လည်း ခေါ်ဝေါ်ကြ၏။ မနော်သစ်တွင် " ငှက်ကျားထုံးကြီး၊ တင်ကျီးငါးယူး ဗျိုင်းဖြူဗျိုင်းညစ်၊" ဟူ၍ စာစပ်ရှိသည်။ ဝဏ္ဏဗောဓနတွင် လုံးကြီးတင် အင်းတွင် ပြ၏။

(၄) ကလန္ဒကဇာတ်၌ သစ်တောက်ပိုးကောင်စား။
(၅) ဟရိတမဏ္ဍူကဇာတ်၌ ဖား၊ ရှေးအခေါ် ဘားဟူ၍ ရေးသားခေါ်ဝေါ်ကြ၏။
(၆) တိကနိပါတ်၊ မဟိံသဇာတ်၌ကဲ့။

(၇) စတုတ္ထနိပါတ် သသဇာတ်၌ ယုန်။
(၈) ၎င်းနိပါတ် ကုဋိဒူသကဇာတ်၌ စာပေါင်းသောင်း။
(၉) ဆဋ္ဌနိပါတ် တုဏ္ဍိလဇာတ်၌ ဝက်။
(၁၀) ပကိဏ္ဏကနိပါတ် စန္ဒကိန္နရာဇာတ်၌ ကိန္နရာ။
(၁၁) ဒသကနိပါတ် စိတ္တသမ္ဘူတဇာတ်၌ ဝံလိုဂ္ဂက်။

ဤသို့လျှင် ခေါက်ရှာ၊ ပြေလုံး၊ တင်ကျီး၊ သစ်တောက်၊ ဖား၊ ကျွဲ၊ ယုန်၊ စာပေါင်းသောင်း၊ ဝက်၊ ကိန္နရာ၊ ဝံလိုဂ္ဂက်။ ။ဤတဆယ့်တမည်တို့သည် တကြိမ်စီသာ ပါသည်။

(၁) ဧကနိပါတ် ကာကဇာတ်၊ တိကနိပါတ် သုပတ္တဇာတ်၌ ကျီး။
(၂) ဧကနိပါတ် တိတ္တိရဇာတ်၊ နဝနိပါတ် တိတ္တိရဇာတ်၌ ခါ။
(၃) ဆဋ္ဌနိပါတ် ကုက္ကုဋ္ဌဇာတ်၊ ဒသနိပါတ် ကုက္ကုဋ္ဌဇာတ်၌ ကြက်။
(၄) ဧကနိပါတ် ဗိဠာရဝတကဇာတ်၊ ၎င်းနိပါတ် အဂ္ဂိက ဘာရဒ္ဒါဇဇာတ်၌ ကြွက်။
(၅) နဝနိပါတ် စက္ကဝါကဇာတ်၊ ဒသနိပါတ် စက္ကဝါကဇာတ်၌ စက္ကဝါက်။
(၆) ဒွါဒသနိပါတ် စူဠကုဏ္ဍလဇာတ်၊ အသီတိနိပါတ် မဟာကုဏ္ဍလဇာတ်၌ ဥဩ။
(၇) ပဉ္စကနိပါတ် သုယောနန္ဒိဇာတ်၊ တိသနိပါတ် ပဏ္ဍာရင်္ဂနာဂရာဇဇာတ်၌ ဂဠုန်။

ဤသို့လျှင် ကျီး၊ ခါ၊ ကြက်၊ ကြွက်၊ စက္ကဝါက်၊ ဥဩ၊ ဂဠုန်။ ဤခုနစ်မည်တို့သည် နှစ်ကြိမ်စီ ဖြစ်သည်။

(၁) ဧကနိပါတ် ကုက္ကုရဇာတ်၊ ၎င်းနိပါတ် ပန္နရသဝဂ်တွင် ဒုတိယ သိဂ်ီလဇာတ်။ အဋ္ဌမ သိဂ်ီလဇာတ်၌ ခွေး။

(၂) ဒုကနိပါတ် မောရဇာတ်၊ စတုက္ကနိပါတ် ဗာဝေရုဇာတ်၊ ပကိဏ္ဏကနိပါတ် မဟာမောရဇာတ်၌ ဥဒေါင်း။

(၃) ဧကနိပါတ် ကုရုဂ်မိဂဇာတ်၊ ဒုကနိပါတ် ကုရုဂ်မိဂဇာတ်၊ တေရသနိပါတ် ရုရုမိဂဇာတ်၌ ဆတ်။ မဏိကုဏ္ဍလတွင် ဤရုရုမိဂကို သမင်ဟု ဆို၏။

(၄) ဧကနိပါတ် အသမ္ဘဒါနဝဂ် ဂေါဓဇာတ်၊ ၎င်းနိပါတ် ပန္နရသဝဂ် ဂေါဓဇာတ်၊ စတုက္ကနိပါတ် ဂေါဓဇာတ်၌ ဖွတ်။

(၅) ဧကနိပါတ် စတုတ္ထဝဂ် မဋ္ဌဇာတ်၊ ၎င်းနိပါတ် ဒွါဒသဝဂ် မိတစိန္တိဇာတ်၊ ဒုကနိပါတ် ဗကဇာတ်၌ ငါး။

ဤသို့လျှင် ခွေး၊ ဥဒေါင်း၊ ဆတ်၊ ဖွတ်၊ ငါး၊ ပေါင်းငါးမည်တို့သည် သုံးကြိမ်စီ ဖြစ်သည်။

(၁) ဒုကနိပါတ် ဂိဇ္ဈဇာတ်၊ ဆက္ကနိပါတ် မိဂါလောပဇာတ်၊ သတ္တကနိပါတ် ဂိဇ္ဈဇာတ်၊ နဝနိပါတ် ဂိဇ္ဈဇာတ်၊ လင်းတစု။

(၂) ဧကနိပါတ် သမ္ဘောဒမာနဇာတ်၊ ၎င်းနိပါတ် စတုတ္ထဝဂ် ဝဋ္ဋကဇာတ်၊ ဒွါဒသနိပါတ် ဝဋ္ဋကဇာတ်၊ ဆက္ကနိပါတ် ဝဋ္ဋကဇာတ်၊ ငုံးစု။

(၃) ဧကနိပါတ် ဂေါဇာဇာနီယဇာတ်၊ (ဘောဇာဇာနီယဇာတ် ဟူ၍ လည်းကောင်း၊ စာစောင်အချို့ ရှိကြ၏။) ဌင်းနိပါတ် အာဇညဇာတ်၊ ဒုကနိပါတ် ဝလာဟကဇာတ်၊ တိကနိပါတ် သိန္ဓဝဇာတ်၊ မြင်းစု။

(၄) စတုက္ကနိပါတ် ဒဒ္ဒရဇာတ်၊ ဝီသတိနိပါတ် စမ္မေယျဇာတ်၊ စတ္တာလီသနိပါတ် သခ်ပါလဇာတ်၊ မဟာနိပါတ် ဘူရိဒတ္တဇာတ် နဂါးစု။

ဤသို့ လင်းတ၊ ငှံး၊ မြင်း၊ နဂါး၊ လေးမည်တို့သည် လေးကြိမ်စီ ပါသည်။

ဧကနိပါတ် ကပေါတဇာတ်၊ တိကနိပါတ် လောလကာကဇာတ်၊ ဌင်းနိပါတ် ရောမကဇာတ်၊ ပဉ္စကနိပါတ် ကပေါတဇာတ်၊ ဆက္ကနိပါတ် ပါရေဝတဇာတ်၊ ခိုစု။

ဧကနိပါတ် နန္ဒိဝိသာလဇာတ်၊ ဌင်းနိပါတ် ကဏ္ဍာဇာတ်၊ မူနိကဇာတ်၊ သာရမ္ဘဇာတ်၊ တိကနိပါတ် သာလုကဇာတ်၊ နွားစု။

ဤခိုနှင့်နွား နှစ်မည်တို့သည် ငါးကြိမ်စီ ပါသည်။

ဧကနိပါတ် သီလဝနာဂရာဇဇာတ်၊ ဒုမ္မေဓဇာတ်၊ ဒုကနိပါတ် ကာသာဝဇာတ်၊ တိကနိပါတ် ကုဋိရကက္ကဋ္ဌဇာတ်၊ ပဉ္စကနိပါတ် လဋုကိကဇာတ်၊ ဧကာဒသနိပါတ် မာတုပေါသကဇာတ်၊ တီ သနိပါတ် ဆဒ္ဒန္တဇာတ်၊ ဆင်စု။

ဤဆင်စုသည် ခုနစ်ကြိမ်ဖြစ်သည်။

ဧကနိပါတ် ရာဓဇာတ်၊ ဒုကနိပါတ် ရာဓဇာတ်၊ တိကနိပါတ် သုကဇာတ်၊ စတုက္ကနိပါတ် ကာလဟာဟုဇာတ်၊ နဝနိပါတ် မဟာသုဝဇာတ်၊ ဌင်းနိပါတ် စူဠသုဝဇာတ်၊ ပကိဏ္ဏကနိပါတ် ကေဒါရဇာတ်၊ ဝီသတိနိပါတ် သတ္တိဂုမ္ဗဇာတ်၊ စတ္တာလီသနိပါတ် တေသကုဏဇာတ်၊ ကျေးသားစု။

ဧကနိပါတ် လက္ခဏဇာတ်၊ ဌင်းနိပါတ် နိဂ္ရောဓဇာတ်၊ ခရာဒိယဇာတ်၊ တိပလ္လတ္ထဇာတ်၊ ပဉ္စကနိပါတ် သုဝဏ္ဏမိဂဇာတ်၊ ဆက္ကနိပါတ် နန္ဒိယမိဂဇာတ်၊ တေရသနိပါတ် သရဘမိဂဇာတ်၊ ဝီသတိနိပါတ် စိတ္တသမ္ဘူတဇာတ်၊ ဌင်းနိပါတ် ရောဟဏဇာတ်၊ သမင်စု။

ဤကျေးသားနှင့် သမင်တို့သည် ကိုးကြိမ်စီပါသည်။

ဧကနိပါတ် နစ္စဇာတ်၊ ဌင်းနိပါတ် သုဝဏ္ဏဟံသဇာတ်၊ ဒုကနိပါတ် ဝိနီလဇာတ်၊ တိကနိပါတ် ဥလူကဇာတ်၊ ပဉ္စကနိပါတ် ပလာသဇာတ်၊ ဆက္ကနိပါတ် နေရုဇာတ်၊ တေရသနိပါတ် ဇဝနဟံသဇာတ်၊ ဝီသတိနိပါတ် ဟံသဇာတ်၊ အသီတိနိပါတ် စူဠဟံသဇာတ်၊ ဌင်းနိပါတ် မဟာဟံသဇာတ်၊ ဟသ်ာစု။

ဧကနိပါတ် ဝိရောစနဇာတ်၊ ဒုကနိပါတ် သိဂ်ီလဇာတ်၊ ဌင်းနိပါတ် သုကရဇာတ်၊ ဂုဏဇာတ်၊ ဒဒ္ဒရဇာတ်။ သီဟကောဋ္ဌဇာတ်၊ စတုက္ကနိပါတ် ဒဒ္ဒရဇာတ်၊ ဌင်းနိပါတ် သိဂ်ီလဇာတ်၊ သတ္တနိပါတ် မနောဇဇာတ်၊ ပကိဏ္ဏကနိပါတ် မဟာဥက္ကုသဇာတ်၊ ခြသ္ခေ့စု။

ဤဟသ်ာနှင့် ခြသ္ခေ့သည် ဆယ်ကြိမ်စီ ဖြစ်ပါသည်။

ဧကနိပါတ် နဋ္ဌပါနဇာတ်၊ ဎနိပါတ် ဝါနရိန္ဒဇာတ်၊ တယောဓမ္မဇာတ်၊ ဒုကနိပါတ် တိန္ဒုကဇာတ်၊ ဎနိပါတ် သံသုမာရဇာတ်၊ ဂရဟိတဇာတ်၊ စူဠနန္ဒိယဇာတ်၊ ကုမ္ဘိလဇာတ်၊ စတုက္ကနိပါတ် ဝါနရဇာတ်၊ သတ္တနိပါတ် ကပိဇာတ်၊ မဟာကပိဇာတ်၊ တိ သနိပါတ် မဟာကပိ-ဇာတ်၊ မျောက်စု။

ဤမျောက်၏ အဖြစ် တစ်ဆယ့်နှစ်ခါ ပါသည်။

ဤသို့လျှင် ခေါက်ရှာ၊ ပြေလုံး၊ တင်ကျီး၊ သစ်တောက်၊ ဖား၊ ကျွဲ၊ ယုန်၊ စာပေါင်းသောင်း၊ ဝက်၊ ကိန္နရာ၊ ဝံလို ဤတစ်ဆယ့်တစ်မည်တို့သည် တစ်ကြိမ်စီသာလာသည်။

ကျီး၊ ခါ၊ ကြက်၊ ကြွက်၊ စက္ကဝါက်၊ ဥဩ၊ ဂဠုန်၊ ဤခုနစ်မည်တို့သည် နှစ်ကြိမ်စီသာ လာသည်။

ခွေး၊ ဥဒေါင်း၊ ဆတ်၊ ဖွတ်၊ ငါး၊ ဤငါးမည်တို့သည် သုံးကြိမ်စီ လာသည်။

လင်းတ၊ ငုံး၊ မြင်း၊ နဂါး၊ ဤလေးမည်တို့သည်ကား လေးကြိမ်စီသာ လာသည်။

ခို၊ နွား ဤနှစ်မည်တို့သည် ငါးကြိမ်စီသာ လာသည်။

ဆင်ကား ခုနစ်ကြိမ်ဖြစ်သည်ကို လာသည်။

ကျေးသား၊ သမင်၊ ဤနှစ်မည်တို့သည် ကိုးကြိမ်စီလာသည်။

ဟသ်၊ ခြင်္သေ့၊ ဤနှစ်မည်တို့သည် ဆယ်ကြိမ်စီသာ လာသည်။

မျောက်၏အဖြစ် တစ်ဆယ့်နှစ်ကြိမ်ပါသည်။

ပေါင်းသော် တစ်ရာနှစ်ဆယ့်သုံးဖြစ်၊ ငှက်သာမည လေးဖြစ်၊ နှစ်ပေါင်းသော် တစ်ရာ့နှစ်ဆယ့်ခုနစ်ဖြစ်။ မဟာကုဏာလဇာတ်ကိုမှီ၍ ပဋ္ဌန်တဖြစ်သွင်းသော် တရာ့နှစ်ဆယ့်ရှစ်ဖြစ်။ သုတ်ပါထေယျ အဋ္ဌကထာတွင် ရှဉ့်တဖြစ်၊ ဗုဒ္ဓဝင်ထွက် ခြင်္သေ့တစ်ကြိမ်၊ နဂါးနှစ်ကြိမ်၊ လေးဇာတ် ပေါင်းသော် တရာသုံးဆယ့်နှစ်ဖြစ် ရှိသည် ဟူ၍ မှတ်ရာသည်။

အကျဉ်းမှတ်ရန် လက်ာဖြင့် ဆိုသော်ကား

မဟာသမ္ဘာရ၊ ပုညမြုတော၊ လျှမ်းလျှမ်းဝေသား၊ ကျက်သရေစုပေါင်း၊ ဗောဓိလောင်း လျှင်၊ ဆုတောင်းဝသီ၊ ပါရမီကုသလာ၊ ဆည်းပူးခါ၌၊ ခေါက်ရှာတထုံး၊ ပြေလုံး တင်ကျီး၊ နည်းမှီသစ်တောက်၊ ထိုနောက်တကွဲ၊ ဖား-ကျွဲ-ယုန်-စာ၊ ကိန္နရာ-ဝက်၊ ဝံလိုငှက်တည့်၊ ဆယ့်တစ်ချက်မှာ၊ တစ်ကြိမ်သာရှင့်၊ ကျီး-ခါ-ကြက်-ကြွက်၊ စက္ကဝါက်-ဥဩ၊ ဂဠုန်နှောရှေ့၊ ပေါင်းသောအားဖြင့်၊ ခုနစ်ပါးသည်နှစ်ကြိမ်တည်၏၊ တွက်မည်ဆယ့်လေး၊ ခွေး-ဥဒေါင်း-ဆတ်၊ ဖွတ်နှင့်ကား-ငါး၊ ဤငါးပါးဝယ်၊ သုံးကြိမ်တွယ်သည်၊ မှတ်ရွယ်ပေါင်းထ၊ ဆယ့်ငါးရှေ့၏။ လင်းတ-ငုံး-မြင်း၊ သွင်းလောနဂါး၊ ဤလေးပါးစစ်၊ လေးဖြစ်စီကောက် ဆယ့်ခြောက်မှတ်ဆို၊ ခိုနှင့်-နွားမှ၊ ငါးဖြစ်စီပြု။ အပေါင်းရှုသော်၊ ဆယ်ခုမှန်ချင်၊ ဆယ်မူသတ္တ။ သုဝသမင်၊ ကိုးဖြစ်ပင်တည့်၊ ပေါင်းလျှင်သခ်္ခ၊ ဆယ့်ရှစ်လာ၏၊ ဟသ်-ခြင်္သေ့၊ ဆယ်စီစေ့၏၊ သိမ်မွေ့မှတ်လောက်၊ နှစ်ဆယ်ရောက်စွ။ မျောက်၏ဘဝ၊ ဒွါဒသ

တည့်။ ဓမ္မဇ၊ သကုဏဇာတ်လာ၊ အနုသာသိက၊ ဃတာသမုတ်၊ ဤလေးဇာတ်မှာ၊ ပညတ်နာမ၊ ဝိသေသကို၊ မုချမထွက်၊ ဌက်ဟူ၍သာ၊ သာမန်လာ၏။ စိတ်ဖြာဝေဌ၊ ပေါင်းတွက်ချမှ၊ တစ်ရာ့နှစ်ဆယ်၊ ဆွယ်တုံသတ္တ၊ ကုဏာလဇာတ်၊ မိန့်လတ်တုံရှောင်း၊ ဂဠုန်လောင်း၍၊ ကျမ်းဟောင်းလက္ခဏ၊ ရှင်ဉာဝနှင့်၊ ဗုဒ္ဓဝံသာ၊ တေဇာလောက်လွှဲ၊ ခြသော့်တပါး၊ နဂါးနှစ်တန်၊ စွက်လိုက်ပြန်သော်၊ ရာလွန်သုံးဆယ်၊ နှစ်ဖြစ်ဆွယ်သည်။ မှတ်ဖွယ်ကျမ်းနှင့် ညီဘိသော။

ဤသို့လျှင် ငါးရာ့ငါးဆယ် ဇာတ်ကျမ်း၌လာသော တိရစ္ဆာန်တို့၏ အမျိုး၌ဖြစ်တော်မူသမျှသော အခြင်းအရာတို့ကို တစ်ရာ့နှစ်ဆယ့်ခုနစ်ဖြစ်လည်း တနည်း၊ တစ်ရာ့နှစ်ဆယ့်ရှစ်လည်းတဝ၊ လက္ခဏသုတ်အဋ္ဌကထာထွတ်၊ ဗုဒ္ဓဝင်ကျမ်းထွက်နှင့် ပေါင်းပြန်သော် တစ်ရာ့သုံးဆယ့်နှစ်ဖြစ်ရသင့်သည်ကို အကျဉ်းအားဖြင့် မှတ်ရသည်။

သောဋ္ဌသ ပဌမံ ကုဋ္ဌံ၊ နဝ ဟံသာ တထေဝ စ။
ပါရေဝတာ ဆဋ္ဌဋ္ဌေဝ၊ သုဝဏ္ဏာတရိမေဝ စ။

ပဋ္ဌ ကရဝိကဋ္ဌေဝ၊ စတုကိန္နရမေဝ စ။
ပဋ္ဌဒသ စမရီစေဝ၊ ဒသ မဏ္ဍူကမေဝ စ။

ဧကာဒသ ဟတ္ထိကဋ္ဌ၊ စတုဒ္ဒသ ဥသဘ မယံ။
သိန္ဓဝံ ဧကဝါရဋ္ဌ၊ မဟိသာ အဋ္ဌမေဝ စ။

မရုယာစမ္မကဋ္ဌေဝ၊ သာဠိကာ သတ္တမေဝ စ။
ဒွါဒသ ကုက္ကုဋဋ္ဌေဝ၊ တယောဒသ သူကရာနံ။

ဆတ္တိံသ သတ ဇာတာနိ၊ မရဏဒုက္ခာ ပမုဋ္ဌေတိ။
တထေဝါဟံ သုခံ ပတ္တော၊ မုတ္တော မရဏမေဝ စ။

ဟူသော ငါးဂါထာ၏အရကို ဘုရားအလောင်းတော် ငါးရာ့ငါးဆယ်ဇာတ်ဝယ် တိရစ္ဆာန်ဖြစ်တော်မူသော ဘဝတို့ကို အကျဉ်းချုပ်သော ဂါထာပင် ဖြစ်သည်ဟူ၍ အမှတ်အသားပြု၍ ပြောဆိုကြကုန်သည် များ၏။ ထိုဂါထာ၏ အရအတိုင်း ကြိုးကြာဆယ့်ခြောက်ခါ၊ ဟသ်ကိုးဖြစ်၊ ခိုခြောက်ခါ၊ ကျေးသုံးခါ၊ ကရဝိက်ငါးခါ၊ ကိန္နရာလေးခါ၊ စာမရီတဆယ့်ငါးခါ၊ မျောက်ဆယ်ခါ၊ ဆင်ဆယ့်တခါ၊ နွားဆယ့်လေးခါ၊ မြင်းတခါ၊ ကျွဲရှစ်ခါ၊ ဥဒေါင်းနှစ်ခါ၊ သာလိကာခုနစ်ခါ၊ ကြက်တဆယ့်နှစ်ခါ၊ ဝက်တဆယ့်သုံးခါ၊ ပေါင်းတရာ့သုံးဆယ့်ခြောက်ခါ ဖြစ်သည်ဟူ၍ ဇာတ်ကျမ်းတို့၌ မလာမရှိသောကြောင့် "သောဋ္ဌသ ပဌမံ ကုဋ္ဌံ" စသော ဂါထာ၏အရကို ဆင်ခြင်၍ ယူရန်ရှိသည်။

၁၆၄-ပုစ္ဆာ။ ။ဝါဆိုတော်မူသော အရပ်တို့ကို စိုးစဉ်း တွေ့မြင်ရဖူးပါသည်။ မညီမညွတ် မတူမမျှရှိခဲ့ပါသည်၊ ညီညွတ်သည် ထင်သည့် ပါဠိတို့နှင့်အညီ သိလိုပါသည်။

၁၆၄–ဝိသဇ္ဇနာ။ ။ဝါဆိုတော်မူသည့် အရပ်တို့ကို စိုးစဉ်းမျှ တွေ့မြင်ရဖူးပါသည်။ မညီမညွတ် မတူမမျှ ရှိခဲ့သည်ကို ညီညွတ်မည်ထင်သည့် ပါဠိတို့နှင့်အညီ သိလိုပါသည်ဟူရာ၌–

ဝါဆိုတော်မူသည့် အရပ်ကို ကျမ်းဂန်များကပင် မညီမညွတ်ရှိခဲ့သည်၊ ညီညွတ်အောင် ပြသရမည့်အရာသည် ခဲသည်ပင် ဖြစ်တော့သည်၊ မညီမညွတ်ဟန်ကား တထာဂတုပ္ပတ္တိတွင် ဒုတိယဗောဓိ, တတိယဗောဓိ ဝါကိုပြရာ၌–

> သတ္တဝီသတိ မေ ဝဿေ စာလိယပဗ္ဗတေ ဘဂဝါ ဝဿံ ဝသိ၊ အဋ္ဌတိံ သမေ ဝဿေ ဘဂဝါ ဘေသကလာဝနေ ဝဿံ ဝသိ၊ ဧကူနစတ္တာလီသမေ ဝဿေ စတ္တာလီသမေ ဝဿေ ဧကစတ္တာလီသမေ ဝဿေ ပုန သာဝတ္ထိယံ ဝဿံ ဝသိ၊ ဒွေစတ္တာလီသမေ ဝဿေ ပုနစာလိယ-ပဗ္ဗတေ ဝဿံ ဝသိ၊ တေစတ္တာလီသမေ ဝဿေ စတုစတ္တာလီသမေ ဝဿေ ကပိလဝတ္ထုနဂရေ နိဂြောဓာရာမေ ဝဿံ ဝသိ။

သတ္တဝီသတိ ဝါ၊ စာလိယတောင်၌။ အဋ္ဌတိံသဝါ၊ ဘေသကလာဝုန်၌။ ဧကူနစတ္တာလီသ ဝါ၊ အမျှလေးဆယ်ပြည့် စတ္တာလီသ ဝါ၊ ဧကစတ္တာလီသ ဝါ၊ သာဝတ္ထိပြည်၌။ ဒွေစတ္တာလီသ ဝါ၊ စာလိယတောင်၌။ တေစတ္တာလီသ ဝါ၊ စတုစတ္တာလီသ ဝါ၊ ကပိလဝတ် နိဂြောဓရုံကျောင်း၌ ဝါဆိုသည်ဟုလာသည်။

ဤအရာသည် တပါးသော ဗုဒ္ဓဝင်အဋ္ဌကထာ စသည်တို့၌–

> တတော ပဋ္ဌာယ သာဝတ္ထိယံယေဝ ဥပနိဿာယ ဇေတဝနေ မဟာဝိဟာရေ စ ပုဗ္ဗာရာမေ စ ခုဝပရိဘောဂဝသေန ဝသိ။

ဟုလာသော စကားနှင့် ဆန့်ကျင်သောကြောင့် သန္နိဋ္ဌာန်ကျ မမှတ်အပ်။

ဝဇိရဗုဒ္ဓိဋီကာ၌ကား–

> သောဋ္ဌသမံ အာဋဝိယံ၊ တတော ဝုတ္ထဝဿော စာရိကံ စရန္တော ရာဇဂဟံ ပတ္တော သတ္တရသမံ ဝသိ။ အပရာနိ တီဏိ ဝဿာနိ တတ္ထေဝ ဝသိ။ ဧတ္တာဝတာ ဘဂဝါ ပရိပုဏ္ဏ-ဝီသတိဝဿော ရာဇဂဟတော အနုပုဗ္ဗေန ဝေသာလိံ ပါပုဏိ။

ဟု တဆယ့်ခုနစ်ဝါ၊ ရာဇဂြိုဟ်ပြည်၌ ဝါဆိုတော်မူ၏။ တဆယ့်ရှစ်ဝါ၊ တဆယ့်ကိုးဝါ၊ ဝါ နှစ်ဆယ်မြောက်၊ ပေါင်းသုံးဝါလည်း ရာဇဂြိုဟ်ပြည်၌ပင် ဝါဆိုတော်မူ၏ဟု ဆိုသည်။ ထိုစကား၌လည်း "အဋ္ဌာရသမံ စာလိယပဗ္ဗတေယေဝ" ဟူသော ဗုဒ္ဓဝင်အဋ္ဌကထာ ဇိနာလင်္ကာရဋီကာ၊ တထာဂတုပ္ပတ္တိတို့နှင့် ဆန့်၏။ ဗုဒ္ဓဝင်အဋ္ဌကထာ ဇိနာလင်္ကာရ ဋီကာတို့၌ ပဌမဗောဓိ ဝါနှစ်ဆယ်ကို အစဉ်အတိုင်း ပြခဲ့၍ ဒုတိယဗောဓိ ပစ္ဆိမဗောဓိသို့ ရောက်သော ကာလေ။

> တတော ပဋ္ဌာယ သာဝတ္ထိယံယေဝ ဥပနိဿာယ ဇေတဝနေ မဟာဝိဟာရေ စ ပုဗ္ဗာရာမေ စ ခုဝပရိဘောဂဝသေန ဝသိ။

နောက် နှစ်ဆယ့်ငါးဝါမှာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ လည်းကောင်း၊ ပုဗ္ဗာရုံ၌ လည်းကောင်း မြဲသောအားဖြင့် ဝါဆိုတော်မူ၏ဟု ဆိုသည်။

သုတ်မဟာဝါ မဟာပရိနိဗ္ဗာနသုတ်၌–

ဝေဠုဝဂါမကေ ဝိဟရတိ။ တတြခေါ ဘဂဝါ ဘိက္ခူ အာမန္တေသိ၊ ဧထ တုမှေ သမန္တာ ဝေသာလိယာ ယထာမိတ္တံ ယထာသိန္ဒိံ့ ယထာသမ္ဘတ္တံ ဝဿံ ဥပဂစ္ဆထ၊ အဟံ ပန ဣဓေဝ ဝေဠုဝဂါမကေ ဝဿံ ဥပဂစ္ဆာမိ။ ဟူ၍ လည်းကောင်း။

ဘဂဝါ ပန တတ္ထ စ ဝေဠုဝဂါမကေ ဝဿံ ဥပဂစ္ဆိ။ ဟူ၍လည်းကောင်း။

သုတ်မဟာဝါ အဋ္ဌကထာ၌လည်း–

ဝေဠုဝဂါမကေတိ ဝေသာလိယာ သမီပေ ပါဠလိဂါမေ။ ဟူသောပါဠိ။

ဧကံ သမယံ ဘဂဝါ အာယသ္မတာ အာနန္ဒေန ဝေသာလိယံ ဝိဟရတိ ဝေဠုဝဂါမကေ။ ဟူသော မဇ္ဈိမပဏ္ဏာသပါဠိတော်။

ဝေဠုဝဂါမကော နာမ အတ္ထိ၊ တံ ဂေါစရဂါမံ ကတ္ဝာတိ အတ္ထော။ ဟူသော မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာပါဠိ။

ပဠစတ္တာလီသမေ သေ ပန ဝေဠုဝဂါမကေ ပစ္ဆိမဝဿံ ဝသိ။ ဟုလာသော တထာဂတုပ္ပတ္တိ စသည်တို့၌ လေးဆယ့်ငါးဝါမြောက် အဆုံးစွန်ပစ္ဆိမဝါကို ဝေသာလီပြည်၏အနီး ဝေဠုဝဂ္ဂာ၌ ဝါဆိုကြောင်းကို လာသည်။ ထိုစကားနှင့်လည်း ဆန့်ပြန်သည်။

အနာထပိဏ္ဍိကေန ကာရိတေ ဇေတဝန မဟာဝိဟာရေ ဧကူနဝီသတိဝဿာနိ၊ ဝိသာခါယ သတ္တဝီသတိကောဋိဓနပရိစ္စာဂေန ကာရိတေ ပုဗ္ဗာရာမေ ဆဗ္ဗဿနီတိ၊ ဒွိန္နံ ကုလာနံ ဂုဏမဟတ္တတံ ပဋိစ္စ သာဝတ္ထိံ နိဿာယ ပဠဝီသတိဝဿာနိ ဝဿာဝါသံ ဝုသိ။ အနာထပိဏ္ဍိကောပိ ဝိသာခါပိ မဟာဥပါသိကာ နိဗဒ္ဓံ ဒိဝသဿ ဒွေ ဝါရေ တထာဂတဿ ဥပဋ္ဌာနံ ဂစ္ဆန္တိ။

ဟူ၍ ဓမ္မပဒအဋ္ဌကထာ၌ လာသည်၊ ဤစကားကိုလည်း တိုက်ရိုက်ယူသော် နောက် နှစ်ဆယ့်ငါးဝါပင် သာဝတ္ထိပြည်၌ ဝါဆိုတော်မူသည်ဟု ယူရန်ရှိသည်၊ ရှိသည့်အတိုင်းယူသော် ယခင် သုတ်မဟာဝါ အဋ္ဌကထာတို့နှင့် ဆန့်ရာသည်။ ဤအရာတွင် ဆရာတို့ပြင်၍ ယူသည်မှာ "ဝဿံဝုတ္ထော" ဟူရာ၌ ဝဿသဒ္ဒါကို ဝါတွင်းသုံးလကို ယူရာသည်။ "ဝဿ သံဝစ္ဆရာ နိတ္ထိ" ဟု အဘိဓာန်၌ လာသောကြောင့် ဝဿသဒ္ဒါသည်ပင် နှစ်ကိုလည်း ဟော၏။ ထို့ကြောင့် နှစ်ဆယ့်ငါးနှစ်ယူသော် သင့်၏ဟု ယူတော်မူကြ၏။

သီမဝိသောဓန ဆရာကား ပစ္ဆိမဘောဓိ၌ ဇေတဝန် ကျောင်းတော်၌ တဆယ့်ကိုးဝါ၊ ပုဗ္ဗာရုံကျောင်းတော်၌ ခြောက်ဝါနေတော်မူပြီး၍ အဆုံးစွန် ပရိနိဗ္ဗာန်ပြုတော်မူအံ့သောနှစ်၌ ဝေဠုဝဂ္ဂာ၌ ဝါကပ်တော်မူကြောင်းကို လာ၏။ ဤသို့လာတိုင်း ယူပြန်သော် သာဝတ္ထိပြည်၌ပင် နှစ်ဆယ့် ငါးဝါ၊ ဝေဠုဝဂ္ဂာ၌တဝါ ပေါင်း နှစ်ဆယ့် ခြောက်ဝါ ဖြစ်ခဲ့ရကား ပဌမဘောဓိက ဝါနှစ်ဆယ်နှင့်ပေါင်းသော် ဝါတော် လေးဆယ့်ခြောက်ဝါ ရှိပြန်သဖြင့် ထိုစကားကိုလည်း ဆရာတို့ဝန်မခံကုန်။

ငါတို့အယူသော်ကား ယခင် ဓမ္မပဒအဋ္ဌကထာပါဠိကို ဆရာတို့ပရိယာယ်ကြံ၍ ယူတိုင်း ဆယ့်ငါးဝါမှန်၏။ ဝါသော်ကား နှစ်ဆယ့်လေးဝါမျှသာ ဝေဠုဝဂ္ဂာ၌ တဝါနှင့်ပေါင်းသော်

နှစ်ဆယ့်ငါးဝါစေ့၏။ သဘောလည်း လျော်၏ဟု ယူသည်။ ယသဝမ္ဗုနဌ် ဝေဠုဝရွာဌ် ဝါဆို သည်ကိုမပါ။ ရာဇမဏ္ဍိစူလာဇာတ် ကမ္ဘည်းဌ်ကား ဝေဠုဝရွာဌ် ဝါဆိုတော်မူသည်ကိုလာသည်။ အလုံးစုံကျမ်းတို့ဌ် လာသည်ကိုအညီအညွတ် ယူရမည့် အရာသော်ကား ခဲ၏။ ယခုဆိုလတ္တံ့ သည်ကား ခလိတ ခလိတာလေခ ဝိနိစ္ဆယဆရာ၊ ဝိနယသာရ ဆရာတို့ညှိ၍ သင့်၏ဟု ဆိုသည့်ဂါထာဖြင့် ပြပေအံ့။

မဟာကာရုဏိကော နာထော၊ လောကဟိတံ ဂဝေသေန္တော။
ပဌမံ ဣသိပတနေ၊ ဒုတိယံ တတိယဉ္စဝေ။

စတုတ္ထသတ္တရသမ၊ ဝီသတိမေ ဂိရိဗ္ဘဇေ။
ပဉ္စမဉ္စ ဝေသာလိယံ၊ ဆဋ္ဌံ ဗကုလ ပဗ္ဗတေ။

သတ္တမံ တာဝတိံ သေသု၊ ဘဂ္ဂေသု ပန အဋ္ဌမံ။
ကောသမ္ဗိယဉ္စ နဝမံ၊ ဒသမံ ပါလိလေယျကေ။

ဧကာဒသမံ နာဠာယံ၊ ဒ္ဝါဒသမေ ဓိရော ဝိသိ။
ဝေရဉ္ဇာယံ ဒ္ဝါဒသမံ၊ ဝသိ လောကဟိတော ဇိနော။

တေရသဋ္ဌာရသမက၊ ဧကူနဝီသတိမေဝ စ။
စာလိယပဗ္ဗတေ ယေဝ၊ ဇေတေ စုဒ္ဒသမံ နာထော။

ကပိလေ ပဉ္စ ဒသမံ၊ အာဠဝိယံ ဇိနောသောဠ္ဠ။
သမံ သာဝတ္ထိယံ တတော၊ စတုဝီသတိဝဿနိ။

ပုဗ္ဗာရာမေစ ဇေတေစ၊ ဝသိတ္ဝာ ပရိယာယေန။
အန္တိမေ ပန ဝဿမ္ဒိ၊ ဝေဠုဝေ ဝသိတံ ဝန္ဒေ။

အနက်ကား။ ။မဟာကာရုဏိကော၊ ကြီးမြတ်သောကရုဏာ နှင့် ယှဉ်ထသော။ နာထော၊ မြတ်စွာဘုရားသည်။ လောကဟိတံ၊ သတ္တလောက၏ အစီးအပွားကို၊ ဂဝေသေန္တော၊ ရှာတော်မူလျက်။ ပဌမံ၊ ပထမဝါကို။ ဣသိပတနေ၊ ဣသိပတနအမည်ရှိသော မိဂဒါဝုန်တော၌။ ဝသိ၊ ဝါဆိုတော်မူ၏။ ဒုတိယဉ္စဝေ၊ ဒုတိယဝါကိုလည်းကောင်း။ တတိယဉ္စဝေ၊ တတိယဝါကိုလည်းကောင်း။ စတုတ္ထသတ္တရသမဝီသတိမေ၊ စတုတ္ထဝါ၊ သတ္တရသမဝါ၊ ဝီသတိမဝါတို့ကိုလည်းကောင်း။ ဂိရိဗ္ဘဇေ၊ ရာဇဂြိုဟ်ပြည်၌။ ဝသိ၊ ဝါဆိုတော်မူ၏။ ပဉ္စမဉ္စ၊ ပဉ္စမဝါကိုကား။ ဝေသာလိယံ၊ ဝေသာလိပြည်၌။ ဝသိ။ ဝါဆိုတော်မူ၏။ ဆဋ္ဌံ၊ ဆဋ္ဌဝါကို။ ဗကုလပဗ္ဗတေ၊ ဗကုလတောင်၌။ ဝသိ၊ နေတော်မူ၏။ သတ္တမံ၊ သတ္တမဝါကို။ တာဝတိံ သေသု၊ တာဝတိသာနတ်ပြည်တို့၌။ ဝသိ၊ ဝါဆိုတော်မူ၏။ အဋ္ဌမံပန၊ အဋ္ဌမဝါကိုကား။ ဘဂ္ဂေသု၊ ဘဂ္ဂတိုင်းတို့၌။ ဝသိ၊ နေတော်မူ၏။ နဝမဉ္စ၊ နဝမဝါကိုကား။ ကောသမ္ဗိယံ၊ ကောသမ္ဗီပြည်၌။ ဝသိ၊ နေတော်မူ၏။ ဒသမံ၊ ဒသမဝါကို။ ပါလိလေယျကေ၊ ပါလိလေယျကတောင်၌။ ဝသိ၊ နေတော်မူ၏။ ဓိရော၊ တည်ကြည်သော သမာဓိရှိတော်မူသော မြတ်စွာဘုရားသည်။ ဧကာဒသမံ၊ ဧကာဒသမဝါကို။ နာဠာယံ၊ နာဠမည်သော။ ဒ္ဝါဒသမေ၊ ပုဏ္ဏားရွာ၌။ ဝသိ၊ နေတော်မူ၏။ လောကဟိတော၊ လူသုံးပါးတို့၏ အစီးအပွားကို ဆောင်တော်မူသော။ ဇိနော၊ မြတ်စွာဘုရားသည်။ ဒ္ဝါဒသမံ၊ ဒ္ဝဒသမဝါကို။ ဝေရဉ္ဇာယံ၊ ဝေရဉ္ဇာပြည်၌။ ဝသိ၊ နေတော်မူ၏။ တေရသဋ္ဌာရသမက၊ ဧကူန-

ဝိသတိမေဝ၊ တေရသမဝါ၊ အဋ္ဌရသမဝါ၊ ကျေနစီသတိမဝါတို့ကို။ စာလိယပဗ္ဗတေယေဝ၊ စာလိယတောင်၌လျှင်။ ဝသိ၊ နေတော်မူ၏။ နာထော၊ လူနတ်တို့၏ ကိုးကွယ်ရာဖြစ်တော်မူသော မြတ်စွာဘုရားသည်။ စုဒ္ဒသမံ၊ စုဒ္ဒသမဝါကို။ ဇေတေ၊ ဇေတဝန်ကျောင်းတော်၌။ ဝသိ၊ နေတော်မူ၏။ ပဉ္စဒသမံ၊ ပဉ္စဒသမဝါကို။ ကပိလေ၊ ကပိလဝတ်ပြည်၌။ ဝသိ၊ နေတော်မူ၏။ ဇိနော၊ မြတ်စွာဘုရားသည်။ သောဠသမံ၊ သောဠသမဝါကို။ အာဠဝိယံ၊ အာဠဝီပြည်၌။ ဝသိ၊ နေတော်မူ၏။ တတော၊ ထို့နောင်မှ။ သာဝတ္ထိယံ၊ သာဝတ္ထိပြည်၌။ စတုဝိသတိဝဿာနိ၊ နှစ်ဆယ့်လေးဝါတို့ပတ်လုံး၊ ပုဗ္ဗာရာမေစ၊ ပုဗ္ဗာရုံကျောင်း၌ လည်းကောင်း။ ဇေတေစ၊ ဇေတဝန်ကျောင်းတော်၌လည်းကောင်း။ ပရိယာယေန၊ အလှည့်အလည်အားဖြင့်။ ဝသိတ္ထာ၊ နေတော်မူပြီး၍။ အန္တိမေ ပန ဝဿမှိ၊ ပရိနိဗ္ဗာန်စံယူတော်မူသောနှစ်၌ကား။ ဝေဠုဝေ၊ ဝေဠုဝန်ရွာ၌။ ဝသိ၊ ဝါဆိုတော်မူ၏။ တံနာထံ၊ ထိုမြတ်စွာဘုရားကို။ ဝန္ဒေ ဝန္ဒာမိ၊ ရှိခိုးပါ၏။

ဤဂါထာနှင့်အညီမှတ်သော် သင့်သည်များလိမ့်မည်ဟုထင်သည်။ ဗုဒ္ဓဝင်အဋ္ဌကထာ၌–

အဋ္ဌာရသမံ စာလိယပဗ္ဗတေ ယေဝ၊ တထာ ကျေနဝိသတိမံ။ ဝိသတိမံ ပန ဝဿံ ရာဇဂဟေယေဝ။

ဟူသောပါဠိကို ယသဝမုနှင့် တဆယ့်ရှစ်ဝါ စာလိယတောင်၌ ဝါဆိုတော်မူ၏။ တဆယ့်ကိုးဝါ ဝါနှစ်ဆယ်ကား ရာဇဂြိုဟ်ပြည်၌ ဝါဆိုတော်မူ၏ဟု ဆိုသည်။ သည်တွင် ဆရာတို့ ယူကြသည်လည်း မတူလို။ ဝါဒကွဲပြားကြသည်များ၏။ ဤကား ဝါဆိုရပ်ကို သိလိုပါသည်ဟု မေးသော ပုစ္ဆာ၏ အဖြေတည်း။

လက််အားဖြင့် မှတ်လိုသော် ဤသို့မှတ်ရာ၏။

တက်ထွန်းကျက်သရေ။ ။သုံးလူဆွေကား၊ အောင်မြေသိရိ၊ ဗောဓိသမီပ၊ ရပ်ဌာနှင့်၊ နှစ်လမှန်ကယ်၊ ရက်ခြောက်ဆယ်ဖြင့်၊ သပ္ပာယ်မျှတ၊ နေပြီးမှလျှင်၊ ပဌမဝါ၊ ဗာရာဏသီ၊ မြို့ငံတောမှီ၏။ နောက်ခါဒုတိယ၊ တတိယနှင့်၊ စတုတ္ထဝါ၊ ပြည်ရာဇဂြိုဟ်၊ ဝါးညိုကျောင်းလှ၊ ဝါကပ်မျှ၏၊ ပဉ္စမဝါ၊ ပြည်ဝေသာလီ။ လိစ္ဆဝီမင်းပေါင်း၊ ဆောက်တုံရှောင်းသည့်၊ ကျောင်းမဟာဝန်၊ တတန်ဆင်၊ ဗကုလတောင်မှာ၊ ခုနစ်ဝါသော်၊ တာဝတိံရောက်၊ မြောက်တုံရှစ်ဝါ၊ ဘဂ္ဂါယန၊ ကိုးဝါကျသော်၊ ဌာနပူရိ၊ ကောသမ္မီ၌၊ ယောသိတာရုံ၊ ရွှေဘုံမှီကပ်၊ ဆယ်ဝါရပ်ကား၊ မလျှပ်သိပ်သည်း၊ ပလလည်းသာမော၊ ဆင်မင်းတောဝယ်၊ ရှင်စောမှီကာ၊ ဆယ့်တဝါကား၊ နာဠထင်ရှား၊ ပုဏ္ဏားနေထ၊ ရပ်ဂါမတည့်၊ ဒွါဒသယှဉ်၊ ဝေရဉ္ဇခေါ်၊ ဆယ့်သုံးသော်ကား၊ တောင်ကျော်သာလှ၊ စာလိယ၌၊ ကပ်ထပြီးခါ၊ ဆယ့်လေးဝါတွင်၊ သာဝတ္ထိတောင်စွန်၊ ဇေတဝန်ထင်ရှား၊ ရွှင်ပျော်ပါး၏၊ ဆယ့်ငါးဝါမှ၊ ကပိလတွင်၊ စိမ်းမြရိပ်သာ၊ နိဂြောဓဟု၊ ကျောင်းသာစံမြောက်၊ ဆယ့်ခြောက်ဝါဆီ၊ အာဠဝိဟု၊ ပူရီဘက်မဲ့၊ ပျော်စံခဲ့၍၊ ဆယ့်ခုနစ်ဝါ၊ ထိုသောခါလျှင်၊ ရာဇဂြိုဟ်ဌာန၊ သာလဗိမာန်၊ နတ်ထံတူလော၊ ဝါးတောညိုလဲ့၊ အောင်ပွဲဖွဲ့၏။ တဆယ့်ရှစ်ဝါ၊ ဆယ့်ကိုးဝါ၌၊ စာလိယ-ရောက်၊ ဝါဆိုမြောက်၏၊ ပယ်ဖျောက်ရန်ကွာ၊ နှစ်ဆယ်ဝါကား၊ ရာဇဂြိုဟ်ငင်း၊

ရောက်ပြန်ရှောင်း၏။ နှစ်ပေါင်းဝီသ၊ ပထမဗောဓိ၊ မုနိမြတ်စွာ၊ ဝါဆို ပါလည်း၊ မြစွာမရှိ၊ နောက်ဗောဓိကား။ သာဝတ္ထိမှာ၊ ပုဗ္ဗာရုံမွန်၊ ဇေတဝန်ဟု၊ နှစ်တန်ကျောင်းမှာ၊ လူးလားမဝေး၊ နှစ်ဆယ့်လေးဝါ၊ နေပြီးခါမှ၊ နိဗ္ဗာနသို့၊ ကြွအံ့ လှူလှူ၊ ဝါတာခုကား၊ ဝေဠုဝန္တ၊ ကပ်မှီလာ၏။ သခ်ၤမ္ပတ်သား၊ ဆယ့်ငါးဌာန၊ ပဥ္စစတ္တာ၊ ဝါလေးဆယ့်ငါး၊ သက်ကားရှစ်ဆယ်၊ တိုင်ခါဝယ်၌၊ ဘုန်းကြွယ်ထွတ်ခေါင်၊ ခေမာသောင်သို့၊ ရွှေဘောင်တော်ယွန်း၊ စံသိမ်းမြန်းသည်။ (**။သုံးခန်းလူတို့မှန်ကူတည်း။**)

ဤပို့ချ်၌ ဝါဆိုရာဌာန တဆယ့်ငါးပါးဟူသော်ကား။

၁–ဗာရာဏသီ။
၂–ရာဇဂြိုဟ်။
၃–ဝေသာလီ။
၄–ဗကုလ။
၅– တာဝတိ သာ။
၆– ဘဂ္ဂါယန။
၇–ကောသမ္ဗီ။
၈– ပလလည်းတော။
၉– နာဠကရွာ။
၁၀– ဝေရဉ္ဇာပြည်။
၁၁–စာလိယတောင်။
၁၂– သာဝတ္ထိ။
၁၃—ကပိလဝတ်။
၁၄– အာဠဝီ။
၁၅– ဝေဠုဝန္တ။

ဤသို့လျှင် တဆယ့်ငါးဌာနတည်း။ ဤသို့လင်္ကာဖြင့် မှတ်သော်လည်း သင့်သည်ပင်ဖြစ်တော့သည်။

၁၆၅–ပုစ္ဆာ။ ။တပည့်တော်လည်း မိဘတို့ အိုရွမ်းချေ၍ မိဘတို့မှာလည်း တပည့်တော်မှတပါး ထောက်မကျွေးမွေးမည့်သူ ခန့်ခန့်မားမား မရှိပါသောကြောင့် လုပ်ကျွေးမွေးမြူလိုသောစိတ် ကပ်စွဲပါကြောင်းကို လျှောက်ပါသည် ဆရာတော် ဘုရား။

၁၅၆–(ဝိသဇ္ဇနာ)။ ။မိဘကို လုပ်ကျွေးလိုဟန် လျှောက်လိုက်ရာမှာ သာဝတ္ထိပြည်တွင် တဆယ့်ရှစ်ကုဋေကြွယ်ဝသော သူဌေးသားတယောက်သည် ရဟန်းပြု၍ တောဝယ်နေသည်၊ တဆယ့်နှစ်ဝါရှိလေ၏။ ထိုအခါ သူဌေးကြီးတို့၏ ပျက်စီးနွမ်းပါးကြောင်းကို ကြား၍ လူပြု၍ လုပ်ကျွေးတော့မည်ဟု ကြံပြီးလျှင် ယနေ့တည ဘုရားသခင်ထံ တရားနာဦးမည်ဟု

ကြံ၍ တရားနာလေသော် ဘုရားသခင်လည်း မာတုပေါသကသုတ်ဖြင့် အမိအဖတို့အား လုပ်ကျွေးခြင်းကို ချီးမွမ်းတော်မူ၏။

ထိုရဟန်းလည်း ပရိသတ်အစွန်ကနေလျက် တရားနာစဉ် ကြံလေသည်ကား ငါသည် လူပြု၍ အမိအဖတို့ကို လုပ်ကျွေးခြင်းငှာ တတ်ကောင်း၏ဟု ကြံစည်ပြန်၏။

မြတ်စွာဘုရားကလည်း "ပဗ္ဗဇိတောဝ သမာနော ပဋိဇဂ္ဂိတော ဥပကာရကော မာတာပိတူ-နံ-ဟု ရဟန်းပြုလျက်ပင် မိဘတို့အား ကျွေးမွေးအပ်၏" ဟု ဟောတော်မူလျှင် ငါသည် လူမပြုပြီ ရဟန်းဖြစ်၍ပင် ကျွေးမွေးအံ့ဟု ကြံတိုင်းကြံတိုင်း ကျွေးမွေး၏။ ထိုရဟန်းကို လူတို့အား ကျွေးမွေးရမည်လောဟု ရဟန်းတို့သည် ဘုရားသခင်ကို လျှောက်ကြလေသော် ဘယ်သူ့ကို ကျွေးမွေးသနည်းဟု မေးတော်မူသောအခါ မိဘတို့ ကျွေးမွေးပါသည်ဟု လျှောက်လျှင် မြတ်စွာဘုရားသည် ဥဿာဟကို ဖြစ်စေလို၍ သာဓု သာဓုဟု သုံးကြိမ်တိုင်တိုင် ကောင်းချီးပေးတော်မူ၏။ သင်ရဟန်းသည် ငါဘုရားသွားတော်မူသော လမ်း၌တည်၏။ ငါဘုရားပင်လည်း ရှေးပါရမီကို ဖြည့်သောကာလ မိဘတို့ကို လုပ်ကျွေးတော်မူဖူး၏ဟု မိန့်တော်မူလို၍ "ကော နု မံ ဥသုနာ ဝိဇိ" အစရှိသော ဂါထာပုဒ်တို့ဖြင့် တန်ဆာဆင်အပ်သော ဤသုဝဏ္ဏသာမဇာတ်ကို ဟောတော်မူ၏။ ထိုရဟန်းလည်း သောတပန်အဖြစ်သို့ ရောက်လေ၏။

ထို့အတူ သောဏပညာရှိ ရသေ့ညီနောင်တို့လည်း မိဘတို့ကို ကျွေးမွေးကြဖူးကြောင်းကို သတ္ထတိနိပါတ်၊ သောဏနန္ဒဇာတ်၌–

> ပေါရာဏပဏ္ဍိတာ သကလဇမ္ဗုဒီပေ ရဇ္ဇံ လဘမာနာပိ အကတ္တာ မာတာပိတရောစ ပေါသေန္တိယေဝါတိ၊

ဟု အလုံးစုံသော ဇမ္ဗူဒီပါကျွန်း၌ မင်းစည်စိမ်ကိုစွန့်၍ ကျွေးမွေးကြဖူး၏ဟု ဟောတော်မူ၏။ အစိန္တေယျ လောက သေဋ္ဌနိပါတ်၊ ဝေဿန္တရဇာတ်၌–

> ဧကေန ဘိက္ခဝေ အံသေန မာတရံ ပရိဟရေယျ။ ဧကေန ဘိက္ခဝေ အံသေန ပိတရံ ပရိဟရေယျ။

အစရှိသော ဒေသနာတော်ဖြင့် မိဘတို့၏ ကျေးဇူးကို ဆပ်၍မပိုင်ရာသည်ကို ဟောတော်မူသည်။

အသက်တရာ ခန္ဓာမြင့်ရှည်တည်သော သူသည် မိဘတို့၏ ကျေးဇူးကို ဆပ်အံ့ဟု လုံ့လပြု၍ အမိကို လက်ယာပခုံး၌ အဖကို လက်ဝဲပခုံး၌ထမ်း၍ အနှစ်တရာ ကာလပတ်လုံး ဆောင်ရွက်ရာ၏။ ပခုံး၌သာလျှင် တည်ကုန်သော မိဘတို့အား အမွေးအကြိုင် လိမ်းကျံခြင်း၊ ခြေလက်ကို ဆုပ်နယ်ခြင်း၊ ချမ်းသောကာလ၌ ရေနွေးဖြင့်ချိုးခြင်း၊ ပူသောကာလ၌ ရေအေးဖြင့်ချိုးခြင်း၊ လက်ခြေတို့ကို ရှေ့ရှုငင်ခြင်း၊ ထက်ဝန်းကျင် ငင်ခြင်းအားဖြင့် လုပ်ကျွေးခြင်းကို ပြုလေရာ၏။ မိဘတို့သည်လည်း သား၏ပခုံး၌ နေကုန်လျက် ကျင်ကြီးကျင်ငယ်တို့ကိုလည်းစွန့်လေကုန်ရာ၏။ ဤသို့ပင်လုပ်ကျွေးငြားသော်လည်း မိဘတို့အား ကျေးဇူးပြုသည် မမည်သေး၊ ကျေးဇူးဆပ်သည် မမည်လေသေး၊ အကြင်သားတို့သည် တမူကား သဒ္ဓါတရားမရှိကုန်သော မိဘတို့ကို သဒ္ဓါတရားနှင့် ပြည့်စုံစိမ့်သောငှာ တိုက်တွန်းပေ၏။ သဒ္ဓါတရား၌ တည်စေ၏၊ သီလမရှိသောမိဘတို့ကိုလည်း သီလနှင့်ပြည့်စုံစိမ့်သောငှာ တိုက်တွန်းပေ၏။ သီလ၌တည်စေ၏၊ အလျှူဒါနမရှိသော မိဘတို့ကိုလည်း အလျှူဒါနနှင့် ပြည့်စုံစိမ့်သောငှာ တိုက်တွန်းပေ၏၊ အလျှူဒါနနှင့် ပြည့်စုံသည်

၏အဖြစ်၌ တည်စေ၏၊ ပညာမရှိကုန်သော မိဘတို့ကို ပညာနှင့် ပြည့်စုံစိမ့်သောဌာ တိုက်တွန်းပေ၏၊ ပညာ၌တည်စေ၏၊ ထိုသူသာလျှင် ဤမျှအတိုင်းအရှည်ရှိသော သမာဒါနအမှုဖြင့် မိဘတို့အား ကျေးဇူးပြုသည်မည်၏၊ ကျေးဇူးကိုဆပ်သည်မည်၏ဟု မိဘတို့၏ ကျေးဇူးကိုဆပ်၍ ပိုင်ရာမပိုင်ရာသော ခိုးမြှောက်ထောက်ပံ့ခြင်းအင်္ဂါကို ဟောတော်မူသည်တွင် ပရိယတ္တိသာသနာတော်ကို လေ့ကျင့်သင်အံ့ခြင်း၊ သဒ္ဓါတရားနှင့်ပြည့်စုံစိမ့်သောဌာ နှိုးဆော်ခြင်း၊ ထိုသဒ္ဓါ၌ တည်စေခြင်းဟူသော အနုဂ္ဂဟအင်္ဂါဖြင့်သာ မိဘတို့၏ ကျေးဇူးကို ဆပ်သင့်ပေသည်။

ဘုရားသခင် လက်ထက်တော်၌ သာနုအမည်ရှိသော အသက်အရွယ် နုနယ်ပျိုမျစ်သော သာမဏေသည် ပိဋ္ဌကတ်သုံးပုံကို အကုန်ဆောင်လျက် ပရိသတ်တို့အား တရားဟော၍ ဓမ္မဒေသနာကုသိုလ်၏အဖို့ကို မိဘတို့အား ပေးဝေသဖြင့် ခုနစ်ဘဝ၌ အမိဖြစ်ခဲ့ဖူးသော နတ်သမီးအား တရားဟော ဓမ္မကသာမဏေမြတ်၏ မယ်တော်ဖြစ်ပေသည်ဟု နတ်အပေါင်းတို့ လေးမြတ်သဖြင့် ဘုန်းကျက်သရေ အတိုင်းထက်အလွန် တိုးပွားသည်ဟု တရားကျမ်းဂန် လာသည်ကို နှလုံးထားရာသည်။

ကဏ္ဍဒီပါယနဇာတ်၌ ကဏ္ဍဒီပါယနရှင်ရသေ့သည် အနှစ်ငါးဆယ်တိုင်သော်လည်း စောင့်အပ်သော သဘောကို စောင့်လျက်နေကြောင်းကို ဟောတော်မူချေသည်။

စာလိယတောင်၌ နေတော်မူသောအခါ ကာမဝိတက် စသော မိစ္ဆာဝိတက်တို့ဖြင့် နှိပ်စက်အပ်သည်အဖြစ်ကြောင့် မိမိနေသော သရက်ဥယျာဉ်၌ ကမ္မဋ္ဌာန်းကို နှလုံးသွင်းခြင်းငှာ မတတ်နိုင်၍ လာသော မေယိယထေရ်ကို ခေါ်တော်မူ၍ "အတိဘာရိယံ မေယိယ ကတံ" စသည်ဖြင့် တယောက်တည်းသော ငါဘုရားကို သင်စွန့်၍ သွားသဖြင့်လည်း ဝန်လေးစွာသောအမှုကို ပြုသတည်းဟု အပြစ်တော်တင်ပြီး၍ "မေယိယ၊ ရဟန်းဟူသည်ကား ဤသို့ စိတ်၏အလိုသို့လိုက်သည် မဖြစ်ရာ၊ ဤစိတ်မည်သည် လျင်သော အပြန်ရှိ၏။ မိမိအလိုသို့သာ စိတ်ကိုလိုက်စေရာ၏" ဟု မိန့်တော်မူပြီး၍

ဖန္ဒနံ စပလံ စိတ္တံ၊ ဒုရက္ခံ ဒုန္နိဝါရယံ။
ဥဇုံ ကရောတိ မေဓာဝီ၊ ဥသုကာရော၀ တေဇနံ။
၀ါရိဇော၀ ထလေ ခိတ္တော၊ ဩကမောကတဥ္ဇတော။
ပရိပ္ဖန္ဒတိဒံ စိတ္တံ၊ မာရဓေယ္ယံ ပဟာတ၀ေ။

ဤဂါထာကို ဟောတော်မူသည်။

ဖန္ဒနံ၊ ရူပါရုံ၊ စသည်တို့၌ တုန်လှုပ်ထသော။ စပလံ၊ တခုတည်းသောအာရုံ၌ မတည်သည်ဖြစ်၍ လျှပ်ပေါ်ထသော။ ဒုရက္ခံ၊ ကောက်ရိုးခင်း၌ နွားကဲ့သို့ မသင့်သောအာရုံမှ စောင့်နိုင်ခဲထသော။ ဒုန္နိဝါရယံ၊ ဝိသဘာဂအာရုံသို့ သွားသည်ကို မြစ်နိုင်ခဲထသော။ စိတ္တံ၊ စိတ်ကို။ မေဓာဝီ၊ ပညာရှိသော အမျိုးသားသည်။ ဥဇုံ၊ ဖြောင့်သည်ကို။ ကရောတိ၊ ပြု၏။ ယထာ၊ အဘယ်ကဲ့သို့နည်းဟူမူကား။ ဥသုကာရော၊ လေးသမားသည်။ တေဇနံ၊ မြားကို။ ဥဇုံ၊ ဖြောင့်သည်ကို။ ကရောတိဣ၀၊ ပြုသကဲ့သို့။ တထာ၊ ထို့အတူ။ မေဓာဝီ၊ ပညာရှိသော အမျိုးသားသည်။ ဧတံ၊ ဤတုန်လှုပ်ခြင်း စသော သဘောရှိသောစိတ်ကို။ ဥဇုံ၊ ဖြောင့်သည်ကို။ ကရောတိ၊ ပြု၏။

သြကမောကတော ဟု ဆိုအပ်လျက် တော-၌ သြ-ကိုချေ၍ သြကမောကတဟု ဆိုသည်။ ရှေ့ သြက-ကား ရေဟော။ နောက် သြက-ကား တည်ရာဟော ဖြစ်သည်။

သြကမောကတော၊ ရေဟူသော တည်ရာမှ။ ဥဇ္ဇတော၊ ထုတ်တင်အပ်ပြီးသည် ဖြစ်၍။ ထလေ၊ ကြည်း၌။ ခိတ္တော၊ စွန့်ပစ်အပ်ပြီးသော။ ဝါရိဇော၊ ငါးသည်။ ပရိပ္ပန္ဒတိဂ္ဂဝ၊ လွန်ယက်တုန်လှုပ်သကဲ့သို့။ တထာ၊ ထို့အတူ။ ဂ္ဂဒံစိတ္တံ၊ ဤကာမဂုဏ်ငါးပါးတည်းဟူသော အာရုံ၌ အလွန်မွေ့လျော်သောစိတ်သည်။ တတော၊ ထိုကာမဂုဏ်မှ။ ဥဒ္ဓရိတွာ၊ ထုတ်၍။ မာရောဓေယျံ၊ ကိလေသာမာရ်၏ အရာတည်းဟူသောဝဋ်ကို။ ပဟာတဝေ၊ ပယ်ဖျောက်ခြင်းငှာ၊ ကမ္မဋ္ဌာနေ၊ ကမ္မဋ္ဌာန်း၌။ ခိတ္တံ၊ ပစ်ချအပ်သည်ရှိသော်။ ပရိပ္ပန္ဒတိ၊ လွန့်ယက်တုန်လှုပ်၏။

ယောဂါဝစရပုဂ္ဂိုလ်သည် ကမ္မဋ္ဌာန်းအာရုံ၌ မိမိစိတ်ကို ချထားအပ်သည် ရှိသော်လည်း ထိုစိတ်သည် ထိုကမ္မဋ္ဌာန်း၌ မမွေ့လျော်မူ၍ ကာမဂုဏ်ငါးပါးသို့ သွားခြင်းငှာ လွန့်ယက်တုန်လှုပ်၏ဟူ၍ မေယိယထေရ်ကို ဟောတော်မူသည်။

မာတိကရွာကို မှီသော တယောက်သောရဟန်းကို မြတ်စွာဘုရားက သင်၏စိတ်ကိုသာလျှင် စောင့်အပ်သတည်း။ ဤစိတ်မည်သည် စောင့်နိုင်ခဲ၏။ မိမိစိတ်ကိုသာ နှိပ်စက်လေ၊ တပါးကို မကြံလင့်၊ စိတ်မည်သည်ကို နှိပ်နိုင်ခဲ၏ဟု မိန့်တော်မူပြီး၍–

ဒုန္နိဂ္ဂဟဿ လဟုနော၊ ယတ္ထကာမနိပါတိနော။
စိတ္တဿ ဒမထော သာဓု၊ စိတ္တံ ဒန္တံ သုခါဝဟံ။

ဤဂါထာကို ဟောတော်မူသည်။

အနက်ကား။ ။ဒုန္နိဂ္ဂဟဿ၊ အလွန်နှိပ်နိုင် ခဲထသော။ လဟုနော၊ လျင်စွာချုပ်ခြင်း ဖြစ်ခြင်း ဖြစ်ထသော။ ယတ္ထကာမနိပါတိနော၊ အကြင်အကြင် အလိုရှိအပ်သော အာရုံ၌ ကျခြင်းရှိထသော။ စိတ္တဿ၊ စိတ်ကို။ စိတ်၏။ ဒမထော၊ အရိယမဂ်ပညာဖြင့် ဆုံးမအပ်သည် ဖြစ်၍ ယဉ်ကျေးသည်၏ အဖြစ်သည်။ သာဓု၊ ကောင်း၏။ ကိံကာရဏာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ ဒန္တံ၊ ဆုံးမအပ်ပြီးသည်ဖြစ်၍ ယဉ်ကျေးထသော။ စိတ္တံ၊ စိတ်သည်။ သုခါဝဟံ၊ မဂ်ဖိုလ်နိဗ္ဗာန် ချမ်းသာကို ဆောင်တတ်၏။

ဆုံးမအပ်ပြီးသည်ဖြစ်၍ ယဉ်ကျေးသောစိတ်သည် မဂ်ဖိုလ် နိဗ္ဗာန်ချမ်းသာကို ဆောင်တတ်၏။ ဟူလိုသည်။

သာဝတ္ထိပြည်၌ သူဌေးသား ရဟန်းသည် ဤသာသနာတော်၌ လက်ဆန့်ခြင်းကိုမျှ မရ၊ လူပြု၍ ဒုက္ခမှ ကင်းခြင်းငှာ တတ်ကောင်း၏။ လူဖြစ်ပါအံ့ဟု ဆိုရာတွင် ချစ်သား တခုကိုသာလျှင် စောင့်နိုင်အံ့။ သည်မှတပါး စောင့်ဖွယ်မရှိပြီဟု ဆိုလျှင် အဘယ်နည်းဟု မေးလတ်သော် သင်၏ စိတ်ကိုသာ စောင့်နိုင်အံ့လောဟု မေးလျှင် စောင့်ခြင်းငှာ တတ်နိုင်ပါ၏ဟု လျှောက်၍ သင်၏ စိတ်ကိုသာ စောင့်လေ၊ ဒုက္ခမှ လွတ်ခြင်းငှာ တတ်နိုင်လေအံ့ဟု ဩဝါဒပေးတော်မူလို၍–

သုဒုဒ္ဒသံ သုနိပုဏံ၊ ယတ္ထကာမနိပါတိနံ။
စိတ္တံ ရက္ခေထ မေဓာဝီ၊ စိတ္တံ ဂုတ္တံ သုခါဝဟံ။

ဘိက္ခု၊ ရဟန်း။ သုဒ္ဒဒ္ဒသံ၊ အလွန်မြင်နိုင်ခဲထသော။ သုနိပုဏ်၊ အလွန်သိမ်မွေ့စွာထသော။ ယတ္ထကာမနိပါတိနံ၊ အကြင်အကြင် အမှတ်မရှိသော အလိုရှိရာအာရုံ၌ ကျလေ့ရှိထသော။ စိတ္တံ၊ စိတ်ကို။ မေဓာဝိ၊ ပညာရှိသော အမျိုးသားသည်။ ရက္ခေထ၊ စောင့်ရာ၏။ ကိံ ကရဏာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ ဂုတ္တံ၊ လုံစွာစောင့်အပ်သော။ စိတ္တံ၊ စိတ်သည်။ သုခါဝဟံ၊ မဂ်ဖိုလ်နိဗ္ဗာန်ချမ်းသာကို ဆောင်တတ်၏။ ဟု ဟောတော်မူသည်။

သဃ်ရက္ခိတထေရ်၏ တူဖြစ်သော ရဟန်းငယ်ကို ချစ်သား ဤစိတ်မည်သည်ကား အဝေးအနီးရှိသော အာရုံကိုသော်လည်း ခံစားတတ်သော သဘောရှိ၏။ ရာဂစသော အနှောင်အဖွဲ့မှ လွတ်စေခြင်းငှာ လုံ့လပြုအပ်၏ဟု ဆိုပြီး၍ –

ဒူရင်္ဂမံ ဧကစာရံ၊ အသရီရံ ဂုဟာသယံ။
ယေ စိတ္တံ သံယမေဿန္တိ၊ မောက္ခန္တိ မာရဗန္ဓနာ။

ဘိက္ခု၊ ရဟန်း။ စိတ္တံနာမ၊ စိတ်မည်သည်ကား။ ဒူရင်္ဂမံ၊ အဝေးဥ်ရှိသော အာရုံကိုသော်လည်း ခံစားသည်ဖြစ်၍ ဝေးသောအာရုံသို့ ရောက်တတ်၏။ ဧကစရံ၊ တခုတည်းသာ ဖြစ်တတ်၏။ (တခုချုပ်ပြီးမှ တခုဖြစ်ရကား တခုတည်းသာ ဖြစ်သည်ဟူလိုသည်။) အသရီရံ၊ ကိုယ်သဏ္ဌာန်မရှိ။ (အညိုစသော အဆင်းအပြား မရှိလည်းဟူ။) ဂုဟာသယံ၊ ဟဒယရုပ်တည်းဟူသော လိုဏ်ကို မှီ၍ ဖြစ်၏။ (လိုဏ်လျှင် မှီရာရှိ၏လည်းဟူ။) ယေ၊ အကြင် ယောဂျီဘုရား မိန်းမ လူ ရဟန်း တို့သည်။ ဧကစိတ္တံ၊ တခုတည်းသော စိတ်ကို။ သံယမေဿန္တိ၊ မပျံ့လွင့်စေမူ၍ စောင့်စည်းကုန်လတ္တံ့။ တေ၊ ထိုသူတို့သည်။ မာရဗန္ဓနာ၊ မာရ်၏ အဖွဲ့ဟု ဆိုအပ်သော တေဘူမကဝဋ်တရားမှ၊ မောက္ခန္တိ၊ လွတ်ကုန်၏။ ဟု ဟောတော်မူသည်။

စိတ္တဟတ္ထထေရ်ကို အကြောင်းပြု၍လည်း—

အနဝဋ္ဌိတစိတ္တဿ၊ သဒ္ဓမ္မံ အဝိဇာနတော။
ပရိပ္လဝပသာဒဿ၊ ပညာ န ပရိပူရတိ။
အနဝဿုတစိတ္တဿ၊ အနန္ဒာဟတစေတသော။
ပုညပါပပဟီနဿ၊ နိတ္ထိ ဇာဂရတော ဘယံ။

အနဝဋ္ဌိတစိတ္တဿ၊ တစုံတခု၌ရပ်တည်သော စိတ်မရှိထသော။ သဒ္ဓမ္မံ၊ သူတော်ကောင်းတရားကို။ အဝိဇာနတော၊ မသိသော။ ပရိပ္လဝပသာဒဿ၊ ပေါ်သောကြည်ခြင်းရှိထသော။ ပုဂ္ဂလဿ၊ ပုဂ္ဂိုလ်အား။ ပညာ၊ ကာမာဝစရ ရူပါဝစရ စသောပညာသည်။ နပရိပူရတိ၊ မပြည့်။

အနဝဿုတစိတ္တဿ၊ ရာဂဖြင့် မစွတ်သော စိတ်ရှိထသော။ အနန္ဒာဟတ စေတသော၊ ဒေါသဖြင့် မထိမပါးသော စိတ်ရှိထသော။ ပုညပါပပဟီနဿ၊ ကောင်းမှုမကောင်းမှုကို ပယ်ပြီးထသော။ ဇာဂရတော၊ သဒ္ဓါစသော ငါးပါးသော နိုးချုပ်ခြင်းတရား ရှိထသော။ ခီဏာသဝဿ၊ ရဟန္တာ ပုဂ္ဂိုလ်အား။ ဘယံ၊ ကိလေသာဘေးသည်။ နိတ္ထိ၊ မရှိ။ ဟု ဟောတော်မူသည်။

စူဠကာလ၊ မဟာကာလညီနောင် နှစ်ဦးကိုလည်း အကြောင်းပြု၍ –

သုဘာနုပသိံ ဝိဟရန္တံ၊ ဣန္ဒြိယေသု အသံဝုတံ။
ဘောဇနမှိ စာမတ္တညုံ၊ ကုသီတံ ဟီနဝီရိယံ။
တံ ဝေ ပသဟတိ မာရော၊ ဝါတော ရုက္ခံ ဝ ဒုဗ္ဗလံ။

အသုဘာနုပဿီ ဝိဟရန္တံ၊ ဣန္ဒြိယေသု သုသံဝုတံ။
ဘောဇနမ္ဟိ စ မတ္တညူ၊ သဒ္ဓံ အာရဒ္ဓဝီရိယံ။
တံ ဝေ နပ္ပသဟတိ မာရော၊ ဝါတော သေလံဝ ပဗ္ဗတံ။

သုဘာနုပဿီ၊ တင့်တယ်သော အာရုံကို အဖန်တလဲလဲ ရှုသည်ဖြစ်၍။ တနည်းကား၊ ဣန္ဒြိယုရိသ စသောအာရုံကို တင့်တယ်သောအားဖြင့် ရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရန္တံ၊ နေထသော။ ဣန္ဒြိယေသု၊ စက္ခုစသော ဣန္ဒြေတို့၌။ အသံဝုတံ၊ သတိဖြင့်ကောင်းစွာ မစောင့်မိတ်ထသော။ ဘောဇနမ္ဟိစ၊ အစာအာဟာရ၌လည်း။ အမတ္တညူ၊ ရှာခြင်း ခံခြင်း သုံးဆောင်ခြင်း၏။ အတိုင်းအရှည်ကို မသိထသော။ ကုသိတံ၊ ကာမစ္ဆန္ဒ အစရှိသည်၏ အလိုသို့လိုက်သဖြင့် ပျင်းရိထသော။ ဟီနဝီရိယံ၊ လေးပါးသော ဣရိယာပုထ်တို့၌ ယုတ်သောဝီရိယ ရှိထသော။ တံပုဂ္ဂလံ၊ ထိုပုဂ္ဂိုလ်ကို။ မာရော၊ ကိလေသမာရ်သည်။ ဝေ၊ စင်စစ်။ ပသဟတိ၊ နှိပ်စက်ဘိ၏။ ယထာကိံ၊ အဘယ်ကဲ့သို့နည်းဟူမူကား။ ဝါတော၊ အားကြီးသောလေသည်။ ဒုဗ္ဗလံ၊ ကမ်းပါးပြတ်၌ ရောက်သည်ဖြစ်၍ အားနည်းထသော။ ရုက္ခံ၊ သစ်ပင်ကို။ ပသဟတိဣဝ၊ နှိပ်စက်ဖိစီးလေသကဲ့သို့။ ဧဝံ၊ ဤအတူ။ မာရော၊ ကိလေသမာရ်သည်။ ပသဟတိ၊ နှိပ်စက်ဖိစီးလေ၏။

အသုဘာနုပဿီ၊ အသုဘဆယ်ပါးတို့တွင် တပါးပါးကို ရှုသည်ဖြစ်၍။ ဝိဟရန္တံ၊ နေထသော။ ဣန္ဒြိယေသု၊ တို့၌။ သုသံဝုတံ၊ ကောင်းစွာစောင့်သည်ဖြစ်၍ ပိတ်ထသော။ ဘောဇနမ္ဟိစ၊ အစာအာဟာရ၌လည်း။ မတ္တညူ၊ အတိုင်းအရှည်ကို သိထသော။ သဒ္ဓံ၊ ကံ၏အကျိုးကို ယုံကြည်ခြင်းလက္ခဏာရှိသော လောကီသဒ္ဓါ၊ ဘုရားအစရှိသော ဝတ္ထုတို့၌ မတုန်မလှုပ် ယုံကြည်ခြင်း တည်းဟူသော လောကုတ္တရာ သဒ္ဓါနှင့် ပြည့်စုံထသော။ အာရဒ္ဓဝီရိယံ၊ အားထုတ်အပ်သော ဝီရိယရှိထသော။ တံပုဂ္ဂလံ၊ ထိုပုဂ္ဂိုလ်ကို။ မာရော၊ ကိလေသမာရ်သည်။ ဝေ၊ စင်စစ်။ နပသဟတိ၊ မနှိပ်စက်နိုင်။ ယထာကိံ၊ အဘယ်ကဲ့သို့နည်းဟူမူကား။ ဝါတော၊ လေသည်။ သေလံ၊ ကျောက်အတိုဖြိုးသော။ ပဗ္ဗတံ၊ တောင်ကို။ နပ္ပသဟတိဣဝ၊ မနှိပ်စက်နိုင်သကဲ့သို့။ မာရော၊ ကိလေသမာရ်သည်။ နပ္ပသဟတိ၊ မနှိပ်စက်နိုင်ဟု ဟောတော်မူသည်။

ညီတော်နန္ဒထေရ်ကို အကြောင်းပြု၍လည်း—

ယထာ အဂါရံ ဒုစ္ဆန္နံ၊ ဝုဋ္ဌီ သမတိ ဝိဗ္ဘတိ။
ဧဝံ အဘာဝိတံ စိတ္တံ၊ ရာဂေါ သမတိ ဝိဗ္ဘတိ။

ယထာ အဂါရံ သုစ္ဆန္နံ၊ ဝုဋ္ဌီ န သမတိ ဝိဗ္ဘတိ၊
ဧဝံ သုဘာဝိတံ စိတ္တံ၊ ရာဂေါ န သမတိ ဝိဗ္ဘတိ။

ဒုစ္ဆန္နံ၊ မကောင်းသဖြင့် မိုးအပ်သော။ အဂါရံ၊ အိမ်ကို။ ဝုဋ္ဌီ၊ ရွာသောမိုးသည်။ သမတိ ဝိဗ္ဘတိယထာ၊ ဖောက်ထွင်းသကဲ့သို့။ ဧဝံ၊ ဤအတူ။ အဘာဝိတံ၊ ဘာဝနာမှကင်းထသော။ စိတ္တံ၊ စိတ်ကို။ ရာဂေါ၊ ရာဂသည်။ သမတိ ဝိဗ္ဘတိ၊ ထိုးဖောက်နိုင်၏။

သုစ္ဆန္နံ၊ ကောင်းစွာမိုးအပ်သော။ အဂါရံ၊ အိမ်ကို။ ဝုဋ္ဌီ၊ မိုးသည်။ နသမတိ ဝိဗ္ဘတိ ယထာ၊ မဖောက်ထွင်းသကဲ့သို့။ ဧဝံ၊ ဤအတူ။ သုဘာဝိတံ၊ ကောင်းစွာ ပွားစေအပ်သော

ဘာဝနာရှိုထသော။ စိတ္တံ၊ စိတ်ကို။ ရာဂေါ၊ ရာဂသည်။ နသမတိဝိဇ္ဈတိ၊ မထွင်းဖောက်နိုင်။ ဟု ဟောတော်မူသည်။

ဤသို့ စသည်တို့ဖြင့် ကိုယ့်စိတ်ကို ဆုံးမရမည့်အကြောင်းတို့ကို အနည်းနည်း အသွယ်သွယ် ဆန်းကြယ်လှစွာသော ဒေသနာတော်အရပ်ရပ်တို့ဖြင့် ကွပ်နှိပ်ဆုံးမတော် မူခဲ့တိုင်းကို ယူလိုလျှင် ကိုယ့်စိတ်သာလျှင် ကိုယ်တွင်အကြောင်းရင်း၊ မယူလိုလျှင်လည်း ကိုယ့်စိတ်သာလျှင် ကိုယ်တွင် အကြောင်းရင်း ဖြစ်တော့သည်။

မိမိကိုယ်၏ ကိုးကွယ်ရာသည် သူတပါးမဟုတ်ချေ။ မိမိကိုယ်၏ ကိုးကွယ်ရာသည် မိမိကိုယ်သာ ဖြစ်ချေသည်။ မိမိကိုယ်ကို ယဉ်ကျေးအောင်မပြုချေသည်ရှိသော် မိမိကိုယ်၏ ကိုးကွယ်ရာဖြစ်သော အရဟာတ္တဖိုလ်တရားကို မရရာချေ။ မိမိကိုယ်ကို မိမိယဉ်ကျေးအောင် ပြုချေမှ မိမိကိုယ်၏ ကိုးကွယ်ရာဖြစ်သော အရဟာတ္တဖိုလ်ကို ရရာချေသည်။ ထို့ကြောင့် လူသုံးပါးတို့၏ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည်—

အတ္တာ ဟိ အတ္တနော နာထော၊ ကော ဟိ နာထော ပရော သိယာ။
အတ္တနာ ဟိ သုဒန္တေန၊ နာထံ လဘတိ ဒုလ္လဘံ။

ဘိက္ခဝေ၊ ရဟန်းတို့။ အတ္တာဟိ၊ မိမိသည်သာလျှင်။ အတ္တနော၊ မိမိ၏။ နာထော၊ ကိုးကွယ်ရာတည်ရာသည်။ ဟောတိ၊ ဖြစ်၏။ ဟိ၊ သင့်စွ။ ကော၊ အဘယ်မည်သော၊ ပရော၊ သူတပါးသည်။ ပရဿ၊ သူတပါး၏။ နာထော၊ ကိုးကွယ်ရာသည်။ သိယာ။ ဖြစ်ရာအံ့နည်း။ ဟိ၊ ထိုစကားဆိုသင့်စွ။ အတ္တနာဝ၊ မိမိကိုယ်သည်သာလျှင်။ သုဒန္တေန၊ ကောင်းစွာယဉ်ကျေးသဖြင့်။ (ကောင်းစွာ ကိုယ်ကိုဆုံးမခြင်းဖြင့်လည်းဟူ။) ဒုလ္လဘံ၊ ရခဲသော။ နာထံ၊ အရဟတ္တဖိုလ် တည်းဟူသော တည်ရာကို၊ လဘတိ၊ ရ၏။ ဟူ၍ ဟောတော်မူ ချေသည် တပည့်သိရိမာလာ။

သမန္တစက္ခု ဒီပနီကျမ်း နဝမတွဲ ပြီး၏။

ကျမ်းအမွှမ်း

ယူဇနာရှစ်သောင်းလေးထောင် နက်သော မဟာသမုဒ္ဒရာရေထဲ၌ ရှိသော အထူးထူး သော လက္ခဏာနှင့် ပြည့်စုံစွာသော ရတနာအပေါင်းတို့ကို ထုတ်ယူ၍ပြသကဲ့သို့၊ ရှစ်သောင်း လေးထောင်သော ရတနာကျောက်အပေါင်းတို့ဖြင့် ခြံရံအပ်သော တထောင်မျှလောက် သော ရကို့သိကုမ္ဘဏ်အပေါင်းတို့သည် နေ့ညမပြတ် အကွပ်အကဲနှင့်တကွ စောင့်ရှောက် ဝန်းရံအပ်သော လေးကျွန်းသေ့ဌာန်း စကြာမင်းတို့သာ သုံးဆောင်ခြင်းငှာထိုက်သော တရုဉ်းဆယ့်ခြောက်သွယ်သော ကြိုးအပေါင်းတို့ဖြင့် တန်ဆာ ဆင်အပ်သော ဝင်သဝဏ် ကျောက်မြတ်ရတနာကို ဝေပုလ္လပဗ္ဘတတောင်မှ ဆောင်ယူ၍ ပြဘိသကဲ့သို့ မဟာကပ်ဟုဆို အပ်သော ကမ္ဘာအပေါင်း ရှစ်သောင်းလေးထောင် အသက်ရှည်သော ဘုံတကာဗို့၏ အထက်ဘဝဂ်ဟူသော အရူပလောက ဩကာသ၌ တည်သော အရိယာ ပုဂ္ဂိုလ်တို့၏ အထက် အရဟတ္တမဂ် အရဟတ္တဖိုလ် တည်းဟူသော ထူးမြတ်သော တန်ဆာရှိသော ရဟန္တာ တို့၏ အဆုံးစွန်သိမ်မွေ့လှစွာသော စုတိစိတ်ကား စေတသိက်ပေါင်း ဤမျှဖြင့်ခြံရံ၍ ချုပ်

ခြင်းသို့ရောက်၏ဟုပြဘိသကဲ့သို့၊ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ၊ အနု၊ မဓု၊ ဒီပနီ၊ အမိုယောဇနာ များစွာသော အခြံအရံရှိသော ရှစ်သောင်းလေးထောင်သော ဓမ္မက္ခန္ဓာအပေါင်းဟုဆိုအပ်သော လေးပါးသော နက်နဲခြင်း၊ သုံးပါးသော ကောင်းခြင်း၊ သုံးပါးသော သမ္မတ်တိုင်နှင့် ပြည့်စုံသော မြတ်သော ဝိမုတ္တိရသ ကိစ္စရှိသော ပိဋကတ်သုံးပုံတည်းဟူသော မဟာသမုဒ္ဒရာ အတွင်း၌တည်သော အထူးထူးသော နည်းနာနယ ဝိနိစ္ဆယ ဂဏ္ဌိဌာနတို့ကို နုတ်ယူ၍ အထူးထူး အပြားပြားသော သုတ္တ၊ သုတ္တာနုလောမ၊ အာစရိယဝါဒ၊ လဒ္ဓါပဒေသ၊ အတ္တနောမတိ၊ သကဝါဒ၊ ပရဝါဒတို့နှင့်တကွ ဖော်ပြလျက် လောကဓမ္မ၊ လောကုတ္တရာဓမ္မ၊ သဒ္ဒနယ အတ္ထနယ တည်းဟူသော ထက်ဝန်းကျင်သော ဓမ္မနယတို့ကိုလည်းကောင်း၊ ပစ္စုပ္ပန်သံသရာ ချမ်းသာ စီးပွားများခြင်းတို့ကိုလည်းကောင်း မြင်ခြင်းငှာ စွမ်းနိုင်သော သမန္တစက္ခုဟုဆို အပ်သော ပညာဆီမီးကို ညီးညီးပြောင်းရှန်း ထွန်းလင်းစေတတ်သော **သမန္တစက္ခုဒိပနီ** အမည်ရှိသော **မဟာဂဏ္ဌိပဗ္ဗဝိနိစ္ဆယ**ကျမ်း၌ ရေတွက်ခဲ့ပြီးသော လေးဆယ့်ခြောက်ဌာန ရှိသော ပုစ္ဆာဝါရ၌ ပုစ္ဆာ၊ ဝိသဇ္ဇနာ၊ ပဥ္စ၊ ကထန၊ သံသယဝိသောဓန ဝေယျာကရဏ အပေါင်းတို့ကား တရာ့ခြောက်ဆယ့်ငါးပါးသော ပုစ္ဆာပရိစ္ဆေဒ။ တရာ့ခြောက်ဆယ့်ငါးပါး သော ဝိသဇ္ဇနာပရိစ္ဆေဒ။ နှစ်ပါးစုံကိုပေါင်းသည်ရှိသော် သုံးရာသုံးဆယ်သော ဝိမတိ ဝိသောဓန ပကိဏ္ဏက ကထာတို့ဖြင့် တန်ဆာဆင်အပ်သော **သမန္တစက္ခုဒိပနီ** အမည်ရှိသောကျမ်းကား ဤတွင်ရွေ့ပြီးပြည့်စုံပြီ။

ကျမ်းပြီးနိဂုံး

ဇမ္ဗူဒီပမဟိတလေ၊ ဇမ္ဗူဒီပါလင်္ကာသောင်းခွင် မြေအပြင်၌။ အနေကရဋ္ဌကရိက္ကေ၊ သုနာပရန္တ၊ တမ္ဗဒီပ၊ ကမ္ဗောဇ မဟာရဋ္ဌ၊ ဇောတိနဂရ၊ ဟရိပုဉ္ဇ၊ လဝရဋ္ဌ၊ ယောနက၊ စီနရဋ္ဌ၊ သိရိခေတ္တရာ၊ ဇေယဝမုနာ၊ ရာမညာ၊ သုဝဏ္ဏဘူမိ၊ မဟာဝိဟာ၊ နာဂသျှန်၊ ဂန္ဓာရ စသော များစွာသောတိုင်းကြီး ပြည်ကြီးတို့၌ နေကုန်သောလူအပေါင်းတို့၏ အခွန်ပဏ္ဏာ ဆက်သွင်းရာဌာနဖြစ်ထသော။ အမရပုရနဂရေ၊ တောင်သမန် တောင်ညွှန့်၌ တည်အပ်သော အမရပုရအမည်ရှိသော ရာဇဌာနီ မင်းနေပြည်ကြီး၌။ အနေကသေတိဘ သာမိကော၊ ဆဒ္ဒန်နွယ်စစ် မျိုးရိုးဖြစ်သော များစွာသော ဆင်ဖြူရတနာတို့၏ အရှင်သခင်လည်း ဖြစ်တော်မူထသော။ ရာဇမိရာဇာ၊ ပြည်ထောင်ဦးတည်စဖြစ်သော မင်းခေါင်မင်းဖျား တရားမင်းမြတ်သည်။ ဓမ္မေန၊ အပရိဟာနိယ စသော မင်းတကာတို့၏ ကျင့်ရာဖြစ်သော တရားနှင့်။ သမေန၊ ညီညွတ်စွာ။ ရဇ္ဇံ၊ မင်းအဖြစ်ကို။ ကာရေသိ၊ မင်းပြုတော်မူ၏။ တက္ကာရိတဿ၊ ထိုတရားမင်းမြတ်သည် တည်တော်မူအပ်သော။ နဂရဿ၊ အမရပုရဟူသော ရာဇဌာနီ၊ မင်းနေပြည်ကြီး၏။ ပစ္ဆိမုတ္တရေ၊ အနောက်မြောက်ယွန်းရပ်၌။ တိယောဇနာမိကဌာနေ။ သုံးယူဇနာ သုံးဂါဝုတ်ဆောင်း၊ နှစ်သောင်းတိုင်တာ၊ ကျော်၍ကွာသော အရပ်၌။ သလ္လဝတိနဒီယာ၊ သလ္လဝဝတီအမည်ရှိသော မြစ်ကြီး၏။ ပါစီနတီရေ၊ အရှေ့ဘက်ကမ်းထိပ် ဖြစ်သော။ ဂါဝုတန္တရေ၊ တဂါဝုတ်ခန့် ကွာသောအရပ်၌။ အနေကသဟဿာဓိ ဇနသန္နိဝါသဿ၊ အထောင်မကသော လူတို့၏ နေရာဌာနဖြစ်ထသော။ အနေက ထူပ သာလာမဏ္ဍပ ဝိဟာရ ဂေဟာပဏ သဘာ သမ္ပဏ္ဏဿ၊ များစွာသော စေတီ ဇရုပ် မဏ္ဍပ် တန်ဆောင်းဂူ ကျောင်းဖွေးဖွေး အိမ်စျေး သဘင်တို့ဖြင့် ပြည့်စုံစွာထသော။ သေဋ္ဌဂဟပတိမဟာ-မစ္စသေနာပတိဇာတိဘူတဿ၊ သူဌေးသူကြွယ် အမတ်စစ်သူကြီးတို့၏ ဖွားရာဌာန ရပ်ဒေသ လည်း ဖြစ်ထသော။ ဂါမဿ၊ ရွာ၏။ ပစ္ဆိမဒိသာဘာဂေ၊ အနောက်မျက်နှာအရပ်၌။ ဗဟုသဝဏ္ဏိသောမ္ဘသရ ခေတ္တေဟိ၊ များစွာသော ချောင်း မြောင်း ထုံးအိုင် လယ်ယာလုပ်ငန်း အုန်းထန်း ဥယျာဉ်တို့နှင့်။ သမ္ပန္နော၊ ပြည့်စုံစွာထသော။ ပုဗ္ဗဘာဂေ၊ အရှေ့မျက်နှာအဖို့၌။ ဧကူနသတပဗ္ဗတပရိက္ခိတ္တော၊ ကိုးဆယ့်ကိုးလုံးသော တောင်ကြီးတောင်ငယ်တို့ဖြင့် ဝန်းရံလျက် တည်ထသော။ ဒက္ခိဏဒိသာယ၊ တောင်မျက်နှာအရပ်မှ။ ဂေါပါလနာမဂါမေန၊ နွားထိန်းအမည်ရှိသော ရွာဖြင့်။ ဥတ္တရဒိသာယ၊ မြောက်မျက်နှာ အရပ်မှ။ အာဒါသနာမ ဂါမေန၊ ကြေးမုံအမည်ရှိသော ရွာဖြင့်။ သုသောဘိတက္ကမဋ္ဌတော၊ လျောက်ပတ်စွာ စဉ်လျက်တည်ထသော မုံရွေးတိ နာမကော၊ မုံရွေးအမည်ရှိသော။ မဟာဂါမော၊ ရွာကြီး သည်။ အတ္ထိ၊ ရှိ၏။

တဿ ဂါမဿ၊ ထိုမုံရွေးအမည်ရှိသော ရွာကြီး၏။ ပါစီနဒိသဘာဂေ။ အရှေ့မျက်နှာ အဖို့၌။ နာတိဒူရ နာစ္စာသန္နာဒိဒေါသရဟိတေ၊ ဝေးလည်းမဝေးလွန်း၊ နီးလည်းမနီးလွန်း ခြင်း စသော အပြစ်တို့မှ ကင်းထသော။ မဟာပါကာရ ပရိက္ခိတ္တော၊ ကြီးမြင့်သော တံတိုင်း မဟာရံတို့ဖြင့်လည်း ဝန်းရံအပ်ထသော်။ အနေကသဟဿ ဖလာရာမပုပ္ဖါရာမေဟိ၊ အထောင်မက သော သရက် ပိန္နဲ့ နရဲ့ မာလကာ ဩဇာ အုန်း ထန်းစသော သစ်သီးအရံ ပုန်းညက် သရဖီ ကတ္တရီ စကား မဟာလှေကား ခရားကဲ့ကော် စွယ်တော်ရင်ခတ် ဇလပ် ဆပ်သွား စသော ပန်းအရံတို့ဖြင့်။ နီလောဘာသဆာယူဒက ဓရ မနောရမ္မေ၊ စိမ်းစိမ်း ညိုညို နုစ်လိုဖွယ်ရှိသောအရိပ်၊ အေးမြ ချမ်းကြည်စွာသော ရေတွင်း၊ ကြာမျိုးအတိ ပြည့်သော ရေကန်တို့ဖြင့် နှလုံးမွေ့လျော်ဖွယ် ရှိထသော။ ဘူမိပဒေသေ၊ မြေအရပ်၌။ စတုဒီပဝေရွိယနာမကော၊ လေးကျွန်းရန်အောင်အမည် ရှိသော။ မဟာထူပေါ၊ စည်းခုံတော်ကြီးသည်။ ဂဂနတလေ၊ ကောင်းကင်ပြင်၌။ ရဝိရှ္မေ၊ နေဝန်း လဝန်းကဲ့သို့။ သုဝဏ္ဏစ္ဆတြာလင်္ကာရေဟိ၊ ရွှေထီးရွှေတန်ဆာတို့ဖြင့်။ ဇလန္တေ၊ ထွန်းတောက်ပ လျက်။ တိဋ္ဌတိ၊ တည်တော်မူ၏။ တဿ မဟာထူပဿ၊ ထိုလေးကျွန်းရန်အောင် အမည်ရှိသော စည်းခုံတော်ကြီး၏။ ပစ္ဆိမာသန္နေ၊ အနီးဖြစ်သော အနောက်မျက်နှာအဖို့၌။ အန္တောဗဟိရ-ဟရိလင်္ကာရာနေကဓေ ကေတုမုခ သောပါနိကေ၊ အတွင်းအပ ရွှေတန်ဆာဖြင့် တန်ဆာဆင်အပ်သော များစွာသော တံခွန်မှန်ကင်း မုခ်ထွတ်ဘုရင် စောင်းတန်း လှေကားလည်း ရှိထသော။ စတုဘုမ္မိကေ၊ ဘုံလေးဆင့် လေးထပ်ရှိထသော။ ဂန္ဓစ္ဆေကာစာရာဝါသေ၊ ပရိယတ္တိတည်းဟူသော ကျမ်းဂန်၌ လိမ္မာကုန်သော ပဋိပတ္တိတည်းဟူသော ခြုံခြံသောအကျင့် ရှိကုန်သော သူမြတ်တို့၏ ကိန်းဝပ်ပျော်ပါးရာဌာနလည်း ဖြစ်ထသော။ ဇေတဝန မဟာဝိဟာရေ၊ ဇေတဝန်အမည်ရှိသော ကျောင်းကြီး၌။ ဝိစိတ္တာဘိရာမ မဟာထေရော၊ ဝိစိတ္တာဘိရာမ မဟာထေရ်မြတ်သည်။ ဟိတဒ္ဓရော၊ အတ္ထဟိတ ပရဟိတတည်းဟူသော စီးပွားနှစ်ပါးကို ဆောင်တော်မူလျက်။ စိရဿံ၊ မြင့်ရှည်စွာသော ကာလပတ်လုံး။ ဝသိ၊ နေတော်မူ၏။

တသ္မိ ထေရေ၊ ထိုဝိစိတ္တာဘိရာမ အမည်ရှိသော မဟာထေရ်မြတ်သည်။ ဒိဝင်္ဂတော၊ နတ်ရွာ လားတော်မူသည်ရှိသော်။ တသ္မိဝိဟာရေ၊ ထိုဇေတဝန်အမည်ရှိသော ကျောင်းကြီး၌။ တဿ၊ ထိုမဟာထေရ်မြတ်၏။ သဒ္ဓိဝိဟာရိကေန၊ ပဉ္စင်းခံတပည့်ဖြစ်သော။ တဇ္ဇာတိကော၊ ထိုမုံရွေးရွာလျှင် ဖွားရာဇာတိရှိသော။ တရုဏဝယော၊ ငယ်သော အရွယ်တော်လည်း ရှိထသော။ အမ္မာက၊ ငါတို့၏။ အာစရိယဘူတော၊ ဆရာလည်းဖြစ်ထသော။ အရိယဝံသအာဒိစ္စရံ သိနာမကော၊ အရိယဝံသအာဒိစ္စရံသီအမည်ရှိထသော။ ဝရပုဂ္ဂလော၊ ပုဂ္ဂိုလ်သူမြတ်သည်။ အတ္ထိ၊ ရှိတော်မူ၏။ သောပုဂ္ဂလော၊ ထိုအရိယဝံသ အာဒိစ္စရံသီ ပုဂ္ဂိုလ်သူမြတ်သည်။ ဒ္ဝိဓုရဒ္ဓရန္တော၊ ဂန္ထ ဓုရ ဝိပဿနာဓုရ ဟု ဆိုအပ်သော နှစ်ပါးသောဓရကို ဆောင်တော်မူလျက်။ ဝသိ၊ နေတော်မူ၏။ တဒဥ္ဇေပိ၊ ထိုမှ တပါးလည်း။ ဝါမနောရထာနာမ အန္တောဂါမဇာ အမစ္စေန၊ လက်ဝဲနော်ရထာ အမည်ရှိသော အတွင်းဝန် အမတ်ကြီးသည်။ ကာရိတေ၊ ဆောက်အပ်ထသော။ ပဥ္စပန္တိထမ္ဘိကေ၊ ကွန်းငါးစဉ်လည်း ရှိထသော။ သောဝဏ္ဏလင်္ကာရ ဘူသိတေ၊ အတွင်းအပ ရွှေတန်ဆာဖြင့် တင့်တယ်စွာ တန်ဆာဆင်အပ်ထသော။ ကလျာဏီ သောဝဏ္ဏ ဝိဟာရောတိစ၊ ကလျာဏီရွှေကျောင်းဟူ၍လည်းကောင်း၊ ဇိဘူပတိ မုတ္တောတိစ၊ အောင်မြေတုလွတ်ဟူ၍ လည်းကောင်း။ ဒ္ဝိက္ခတ္တုံ၊ နှစ်ကြိမ်၊ လဒ္ဓလဉ္စော၊ ရအပ်သောမင်း၏ ဌာနတံဆိပ်လည်း ရှိထသော။ သောဝဏ္ဏဝိဟာရေစ၊ ရွှေကျောင်းကြီး၌ လည်းကောင်း။ ဝါရံဝါရံ၊ အလှည့်အလှည့်။ ဝသိဧဝ၊ နေတော်မူသလျှင် ကတည်း။

ဣတိ၊ ဤသို့။ ဒွိသုမဟာဝိဟာရေသု၊ ကျောင်းကြီးနှစ်ရပ်တို့၌။ ဝသန္တေ၊ နေတော်မူသော အခါ၌။ ပရဒေသေဟိ၊ အရပ်တပါးတို့မှ။ ဝိဒူဟိ၊ ပညာရှိအပေါင်းတို့သည်။ တိပိဋကဓရန္တေဟိ၊ ပိဋကတ်သုံးပုံတည်းဟူသော ဓမ္မကျမ်းဂန်တို့မှလည်းကောင်း။ လောကီသိပ္ပသိဒ္ဓိပတ္တဂန္ထန္တရေဟိစ၊ လောကီအတတ်ဟု ဆိုအပ်သော စက္ခုမောဟန, မာယာသိဒ္ဓိ, ကာယသိဒ္ဓိ, ဓနသိဒ္ဓိတို့၌ အပြီးအမြောက်သို့ ရောက်စေတတ်သော ဝိဇ္ဇာမယကျမ်းထူး ကျမ်းပြားတို့မှ လည်းကောင်း။ အဋ္ဌဝိနိစ္ဆယ ဂန္ထေဟိစ၊ အဋ္ဌဝိနိစ္ဆယ လောကီဓမ္မသတ် ကျမ်းဂန်တို့မှလည်းကောင်း။ အာဂတေသု၊ လာကုန်သော။ နာနာဂဏ္ဌိပဘွဌာနေသု၊ အထူးထူးသော အဆစ်အဖုဖြစ်သော ဂဏ္ဌိပဘွအရာတို့၌။ ပုစ္ဆိတေ ပုစ္ဆိတေ၊ မေးလာတိုင်း မေးလာတိုင်း။ ဝိသောဓေတွာ၊ သုတ်သင်ရှင်းလင်း၍။ ဝိဿဇ္ဇေတိ၊ ဖြေတော်မူလိုက်၏။

တေ တေ ပုစ္ဆာ ဝိသဇ္ဇနာ ရာသယော၊ ထိုထိုသို့သော ပုစ္ဆာ ဝိသဇ္ဇနာ အစုတို့ကို၊ သမောဓာနေတွာ၊ ပေါင်းရုံး၍။ လိခိတေ၊ ရေးထားသည်ရှိသော်။ သော ဝိသဇ္ဇနာသမူဟော၊ ထိုအဖြေအပေါင်းသည်။ ကဒါကာလေ၊ အဘယ်အခါ၌။ မတ္ထကပတ္ထံ၊ အပြီးသို့ရောက်အံ့သည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့နည်း။ ယသ္မာ၊ အကြင့်ကြောင့်။ ပါရံ၊ ကမ်းကို။ နဒိဿတိ၊ မထင်။ တသ္မာ၊ ထို့ကြောင့်။ နလိခိတော၊ မရေးမသားလိုက်။ ဣမာနိ ပုစ္ဆာဝိသဇ္ဇနာနိယေဝ၊ ဤပုစ္ဆာ ဝိသဇ္ဇနာတို့ကိုသာလျှင်။ လိခိတော၊ ရေးသားလိုက်၏။ မယာ၊ ငါသည်။ လိခိတော၊ ရေးသားအပ်သော။ သမန္တတော၊ ထက်ဝန်းကျင်မှ။ စက္ခုဒီပကာရကော၊ ပညာမျက်စိတည်းဟူသော ဆီမီးရောင်ဖြင့် ပြောင်ပြောင်တောက်ပခြင်းကို ပြုတတ်ထသော။ သမန္တစက္ခုဒီပနီနာမ၊ သမန္တစက္ခုဒီပနီ အမည်ရှိသော။ အယံဂန္ထော၊ ဤကျမ်းသည်။ လောကေ၊ သတ္တလောကဌ်။ ဥဒပါဒိ၊ ဖြစ်၏။

မဏိလင်္ခသာသနေစ၊ နှစ်ထောင့်သုံးရာငါးဆယ့်ငါးနှစ်ပြည့်သော သာသနာ၌လည်းကောင်း။ ဒွိကိန္ဒြဘေဒတော၊ ဏဝစန္ဒကိန်း , အာဋမွိကကိန်းတည်းဟူသော ကိန်းကြီးနှစ်ကိန်း ပြီးသည်မှ။ တနည်းကား၊ ဒွိကိန္ဒြဘေဒတော၊ ဒေါဒေါရသကိန်း, ခဆပဉ္စကိန်းတည်းဟူသော ကိန်းသစ်နှစ်ကိန်းပြီးသည်မှ။ ပရေ၊ နောင်အခါ၌ဖြစ်သော။ တိသတ္တတာဓိကေ၊ ခုနစ်ဆယ့်သုံးခု အလွန်ရှိသော။ သတသဟဿေ၊ တစ်ထောင့်တစ်ရာ ဖြစ်သော။ ကလိယုဂေ၊ ယုဂ်လေးပါး အဆန်းအဆုတ်တို့တွင် ကလိယုဂ်ဆန်းဆဲသော။ သက္ကရာဇေစ၊ သက္ကရာဇ်၌လည်းကောင်း။ ဖဂ္ဂုမာသ-ပုဏ္ဏမိယံ၊ တပေါင်းလပြည့်ဖြစ်သော။ အဂ်ိရဝါရေ၊ အဂ်ါနေ့၌။ ပုဗ္ဗာပရံ၊ ရှေ့နှင့်နောက်ကို။ ယထာဂ္ဂမံ၊ အစဉ်အတိုင်း။ အသံကိဏ္ဏော၊ မရောရှက်အောင်။ ကတွာ၊ ပြု၍။ တာဿ ဂရုနော၊ ထိုအရိယဝံသအာဒိစ္စရံသိအမည်ရှိသော ပုဂ္ဂိုလ်သူမြတ်၏။ အန္တေဝါသိကေန၊ တပည့်လည်းဖြစ်ထသော။ သိရိသဒ္ဓမ္မနာမေန၊ သိရိသဒ္ဓမ္မအမည်ရှိသော။ မယာ၊ ငါပဉ္စင်းသစ်သည်။ လိခိတွာ၊ ရေး၍။ ဌပိတော၊ ထားအပ်၏။ ဣမိနာ ပုညကမ္မေန၊ ဤမိနာ ပုညကမ္မေန၊ ဤသို့ ရေးထားရသော ကောင်းမှုကံကြောင့်။ ဆ ဒေဝလောကေဝ၊ နတ်ပြည်ခြောက်ထပ်၌သာလျှင်။ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ သံသရိတွာ၊ ကျင်လည်၍။ အန္တိမဘဝေ၊ အဆုံးစွန်သောကိုယ်၏ အဖြစ်၌။ မေတ္တေယျသမ္မုဒ္ဓဿ၊ မေတ္တေယျဘုရားသခင်၏။ သန္တိကေ၊ အထံတော်၌။ သုခပဋိပဒါ ခိပ္ပါ-ဘိညော၊ သုခပဋိပဒါ ခိပ္ပါဘိညဖြစ်သော။ မဟာသာဝကော၊ သာဝကမြတ်သည်။ ဟောမိ၊ ဖြစ်ရပါလို၏။

မေ၊ ငါ၏။ ယံ ပုညံ၊ အကြင်ကောင်းမှုသည်။ အတ္ထိ၊ ရှိ၏။ တံ ပုညံ၊ ထိုကောင်းမှုကို။ သဗ္ဗေ၊ အလုံးစုံကုန်သော။ သတ္တာ၊ သတ္တဝါအပေါင်းတို့သည်။ မယာ၊ ငါနှင့်။ သမံ၊ အမျှ။ လဘန္တု၊ ရစေကုန်သတည်း။

ရာဇာပိ၊ ပြည့်ရှင်မင်းသည်လည်း။ အပ္ပမာဒေန၊ မမေ့လျော့သဖြင့်။ ဓမ္မဋ္ဌ၊ ဆယ်ပါးသော မင်းကျင့်တရားကိုလည်းကောင်း။ ပဇာနဋ္ဌ၊ သတ္တဝါအပေါင်းတို့ကိုလည်းကောင်း။ ရက္ခန္တု၊ စောင့်ရှောက်တော်မူစေသတည်း။

ပဇာပိ၊ သတ္တဝါအပေါင်းတို့သည်လည်း။ အပ္ပမာဒေန၊ မမေ့လျော့သဖြင့်။ ဓမ္မဋ္ဌ၊ ဒါန သီလ စသော ဆယ်ပါးသော တရားကိုလည်းကောင်း။ ရာဇာနဋ္ဌ၊ ပြည့်ရှင်မင်းမြတ်ကိုလည်းကောင်း။ ရက္ခန္တု၊ စောင့်ရှောက်ကြစေကုန်သတည်း။

သမန္တစက္ခုဒီပနီကျမ်း ကိုးတွဲလုံး

ဤတွင်ရွေ့ ပြီး၏။

မှတ်သားပွယ် အကွာရာစဉ်

အကွာရာစဉ်	စာမျက်နှာ
[အ]	
အခိုးတံ(ဆေးတံ)လှူရသော အကျိုးသုံးပါး	၂၆၀
အစေလက	၁၀၉
အဋ္ဌာနကောပဆယ်မျိုး	၂၃
အတ္တသမံ ပေမံ နတ္ထိ	၅၇၈
အတောင်နှင့်တိုင်းရာသည်ငါးပါး	၃၃၄
အတောင်ရှစ်ဆယ်စီ	၂၁၄
အဓမ္မရာဂပဟာန	၃၁၆
အဓမ္မရာဂ	၁၆၆
အနုမတဂ္ဂ	၅၂
အနဝဇ္ဇဘောဇိပုဒ်၏အနက်	၄၅၆
အနုလောမခန္တိဉာဏ်လေးဆယ်	၁၀၆
အပရန္တာနုဒိဋ္ဌိ ၄၄-ပါး	၁၀၃
အပေါ်ရုံအာယောဂပတ်	၂၅၉
အမိမျိုးမှ အဘိုးအဋ္ဌန	၂၅
အဘာယမထေရ်	၈၅
အယူမှားလျှင် အပါယ်သို့ လားစေတတ်ကြောင်း	၁၀၅
အရသာလှူရသော အကျိုးလေးပါး	၂၃၃
အရှင်အာနန္ဒာအလောင်း မိန်းမဖြစ်ခဲ့ရပုံ	၄၃
အရှင်နာဂသိန်၏ ကပွအယူတော်	၄၉၃
အရှင်မဟာသီဝလိ၏ အတ္ထုပ္ပတ္တိ	၃၆၆
အရှင်မောဂ္ဂလာန်	၄၉၇
အရှင်သီဝလိဂါထာ	၃၇၀
အရှည်နှင့်တိုင်းရာသည်ငါးပါး	၃၃၄
အလှူခံမြတ်တို့၏ အရေအတွက်ပြဂါထာ	၁၂၈
အဝိဘူတာရုံဝိထိ	၁၄၂
အဝတ်သင်္ကန်း အကျိုးရှစ်ပါး	၂၄၄
အသာဓာရဏာဉာဏ်တော်ခြောက်ပါး	၉၁

အကွာရာစဉ်	စာမျက်နှာ
[အ]	
အာစိဏ္ဏာဟူသည်	၁၉၃
အာဇီဝက	၁၀၉
အင်းပျဉ်လှူရသော အကျိုးငါးပါး	၂၆၇
အင်းပျဉ်လှူရသော အကျိုးနှစ်ပါး	၂၇၀
အပ်ကျည်လှူရသော အကျိုးသုံးပါး	၂၅၁
အိပ်မက်တို့သည် မှန်မမှန်	၁၃၈
အိုင်ကြီးခုနစ်အိုင်	၆၀၈
အိုင်ကြီးတစ်ဆယ့်နှစ်အိုင်	၆၁၁
အိုးခွက်အလှူ အကျိုးသုံးပါး	၂၅၃
[ဥ-ဩ]	
ဥစ္စေဒဒိဋ္ဌိ ခုနစ်ပါး	၁၀၂
ဥဒေါင်းမြီးယပ်	၂၄၉
ဩပပါတိကပဋိသန္ဓေ	၁၁
[က]	
ကလိင်္ဂမင်း သားတော်များ	၃၁၄
ကာမာဝစရကုသိုလ်စိတ်	၁၈၅
ကေသရသီဟ	၆၀၆
ကောသလအိပ်မက်	၁၄၇
ကံမျိုးတစ်ဆယ့်နှစ်ပါး	၉၄
ကောက်နယ်တလင်းခန့်ရှိ ပုစွန်	၇၈
ကျင့်ဝတ်မွေတာတော်နှစ်ပါး	၁၉၃
ကျွန်းဦးရောက်သစ်ပင်	၁၇၂
ကြာရိုး၏ အပေါက်တွင်းသို့	၈၀
ကိုယ်စောင့်နတ် တစ်ကျိပ်တစ်ယောက်	၇၄
ကိုယ်စောင့်နတ် ရှိ မရှိ	၇၂
ကပွအပြား	၄၉၀
ကမ္ဘာမြေက ဖြစ်သောရွှေ	၂၉၁

အက္ခရာစဉ်	စာမျက်နှာ
[ခ]	
ခုတင်လျှူသော အကျိုးတစ်ဆယ့်တစ်ပါး	၂၆၅
ခုနစ်ထပ်သောတောင်	၁၇၅
ခါးပန်းလျှူရသော်အကျိုး	၂၅၂
ခပ်သိမ်းသောဘုရားရှင်တို့၏ ဓမ္မတာ	၁၈၆
ခေါင်းအုံးလျှူရသောအကျိုး	၂၇၀
ခြေဆေးအင်းပျဉ်လျှူရသော်အကျိုး	၂၇၁
ခြသေ့လေးမျိုး	၁၂
ခြောက်ဆယ့်နှစ်ပါးသော ဒိဋ္ဌိ	၉၇
[ဂ]	
ဂုဏ်တော်အထူး တစ်ဆယ့်ရှစ်ပါး	၁၈၉
ဂန္ဓာရီအတတ်၏ အစွမ်း	၃၈၇
[င-စ]	
ငါးဆယ်သော အနိစ္စာနုပဿနာဉာဏ်	၁၀၇
ငွေကထွက်သည့်ရွှေ	၂၉၁
စကြဝတေးမင်း၏ ကျင့်ဝတ်	၁၆၄
စကြဝတေးမင်း၏ ရတနာခုနစ်ပါး	၁၆၈
စကြာရတနာ	၃၁၆
စတုဒိသာ	၄၅၂
စတုဓာတုဝဝတ္ထာန်	၇၂
စာမီကရ	၉
စူဠနာဂမထေရ်	၃၇၇
စေတီသုံးပါး	၃၂၆
စက်တော်ရာပါဒစေတီ	၄၈၄
စွန့်ပစ်ထိုက်သော မယားငါးမျိုး	၂၂
[ဆ]	
ဆရာပြုအင်းဆန်ဂါထာ	၁၂
ဆေးမျက်စဉ်းလျှူသောအကျိုးရှစ်ပါး	၂၅၈
ဆေးလျှူရသောအကျိုးဆယ်ပါး	၂၅၅
ဆီလျှူရသော အကျိုးငါးပါး	၂၅၀
ဆီ၊ နယ်ဆီလျှူရသောအကျိုးငါးပါး	၂၇၁
ဆံတော်တောင်း ရဟန္တာခြောက်ပါး	၃၃၀

အက္ခရာစဉ်	စာမျက်နှာ
[ဆ-ဇ]	
ဆင်ပြောင်ကြီးနှင့်တူသော မဟာဇဓိတ်	၉၁
ဆင်ရတနာ	၃၁၆
ဆယ်ပါးသောနံ့သာ	၁၇၄
ဆွမ်းအကျိုးငါးပါး	၂၃၉
ဆွမ်းအဖျော်လျှူသောအကျိုးဆယ်ပါး	၂၇၄
ဇမ္ဗူရုစ်ရွှေ	၈
ဇော်ဂီကဖြစ်သောရွှေ	၂၉၁
[တ-ထ]	
တက္ကတွန်းဟော ပရိယာယ်	၁၁၀
တစ်ဆယ့်နှစ်ပါးသော ကံအပြား	၉၄
တစ်ရာနှစ်ဆယ့်ငါးပါးသော ဒုက္ခာ နုပဿနာဉာဏ်	၁၀၇
တရုတ် ဥတည်မင်းနေမြို့များ	၂၉၄
တေသဋ္ဌဒိဋ္ဌိ	၁၀၆
တံခွန်ဟူသည်	၁၈၃
တံမြက်လှည်းခြင်း အကျိုးငါးပါး	၂၄၀
တောင်စဉ်ခုနစ်ထပ်	၂၃၄
တောင်ဝှေးလျှူသောအကျိုးခြောက်ပါး	၂၅၇
တန်ခိုးအရာကို မကြဲအပ်	၁၀
တိမ်ကြားလည်ဟူသည်	၁၈၃
တိုင်းကြီး တဆယ့်ခြောက်တိုင်း	၂၉၃
ထီးအကျိုးရှစ်ပါး	၂၄၂
ထောပတ်ဆီလျှူရသောအကျိုးငါးပါး	၂၇၂
ထုံသင်းလျှူရသော အကျိုးဆယ်ပါး	၂၇၅
[ဒ]	
ဒဓိဝါဟနဇာတ်	၂၂၇
ဒီဋ္ဌမင္ဂ နိဒ္ဒာနဝါဒ ငါးပါး	၁၁၃
ဒိဋ္ဌိခြောက်ဆယ့်နှစ်မျိုး	၉၇
ဒု-သ-နု- သော	၄၃
ဒေဝဒတ်နှင့်ဇီဝက၏စေတနာ	၅၆၆
ဒန်ပူလျှူရသော အကျိုးငါးပါး	၂၇၂

အကွာရာစဉ်	စာမျက်နှာ
[ပ]	
ပုလဲမျိုးရှစ်ပါး	၅၁၇
ပိုးမျိုးရှစ်ဆယ်	၁၂၄
ပျားလှူသော အကျိုးတစ်ပါး	၂၇၃
ပြဒါးအပြား	၃၈၃
ပြဒါး၏ အခြေအမြစ်နှင့်တန်ခိုး	၃၇၉
ပြာသာဒ်ရှင်ဟူသည်	၁၈၃
[ဗ-ဘ]	
ဗဟုသုတ	၄၆၆
ဗုဒ္ဓါစိဏ္ဏတော်	၁၉၃
ဗျာဒိတ်ရပြီးသော ဘုရားလောင်း	၅၂၀
ဘုရားကျောင်းကို မီးတိုက်ခြင်း	၅၆၂
ဘုရားဆင်းတုတော်၏ လက္ခဏာ	၃၃၅
ဘုရားနှင့်ပစ္စေကဗုဒ္ဓါ	၄၃၈
ဘုရားရှင်၏ ဝါဆိုတော်စဉ်လက််	၆၃၂
ဘုရားရှင်၏ အသာဓာရဏ ဉာဏ်တော်	၉၁
ဘုရားရှင်၏ ရောင်ခြည်တော်	၂၁၈
ဘုရားရှင်၏ အဆုံးမရှိ ရောင်ခြည်တော်	၂၀၉
ဘုရားရှင်၏ လက္ခဏာတော်ငယ် ရှစ်ဆယ်	၁၉၄
ဘုရားရှင်၏ အံ့ဖွယ်တော်တဆယ့်ရှစ်ပါး	၁၈၉
ဘုရားလောင်း၏ထူးကဲသောအတိတ်ဒါန	၁၃၁
ဘဝတိုင်း ယောကျ်ားချည်း ဖြစ်စေရန်	၄၅
[မ]	
မကြောက်တတ်သော ပုဂ္ဂိုလ်သတ္တဝါ	၆၀၇
မဂ်-ဖိုလ်၏ အန္တရာယ်	၂၀
မဇ္ဈိမဒေသ အပိုင်းအခြား	၁၅၅
မဠုခိုင်ကို ဆွတ်၏ဟူသည်	၁၈၃
မနောဒါရဥ် ဝိသယပွဝတ္တိ	၁၄၂
မန္တန်ဆေးမြစ်	၃၈၄
မန္တန်တို့၏ တန်ခိုးစွမ်းအင်	၅၃၅
မယုတ်မာအံ့သော အကြောင်း	၃
မဟာဗောဓိပင်၏အံ့ဖွယ်	၃၄၄

အကွာရာစဉ်	စာမျက်နှာ
[ဓ-န]	
ဓမ္မက္ခန္ဓာပမာဏ	၃၆၃
ဓမ္မစေတီမင်းတို့ ဆိုသောစကားအစဉ်	၁၄၁
ဓူလီ-ဓူလာ	၃၁၈
ဓားငယ်လှူသော အကျိုးတစ်ပါး	၂၆၂
ဓားလှူရသော အကျိုးငါးပါး	၂၄၇
နဂါးကထွက်သည့်ရွှေ	၂၉၁
နန္ဒမူတောင်ဝှမ်း	၄၄၁
နိဂဏ္ဌဥပုသ်	၁၁၄
နိယတမိစ္ဆာဒိဋ္ဌိသုံးမျိုး	၅၀၂
နေယျတ္ထ	၄၀၅
နေ-လ-နက္ခတ်-တာရာ	၅၅၃
နေဝသညီနာသညီဝါဒရှစ်ပါး	၁၀၂
နှာခေါင်း နှာနှပ်ဆေး လှူရသောအကျိုး ရှစ်ပါး	၂၆၃
နှစ်ကျိပ်ရှစ်ဆူ ဘုရားရှိခိုးဂါထာတော်	၁၉၉
နှစ်ဆယ့်ငါးပါးသော အနတ္တာနုပဿနာဉာဏ်	၁၀၇
နတ်ကြီးငါးပါးတို့၏ ဘုရားရှိခိုး	၈၆
နတ်တို့၏ ဒိဗ္ဗစက္ခု	၁၄၄
နတ်ပြည်၌ မြစ်များရှိမရှိ	၁၀၇
နို့ဓမ်းလှူသော အကျိုးတစ်ပါး	၂၇၃
[ပ]	
ပစ္စေကဗုဒ္ဓါအရှင်မြတ်	၄၄၇
ပညာရှိတို့၏ သဘောလက္ခဏာ	၄၀၃
ပဏ္ဏရင်္ဂတိတ္ထိ	၁၀၉
ပတ္တမြားဂူဟူသည်	၁၈၃
ပရိက္ခရာစုံ အလှူ၏အကျိုး	၂၄၂
ပရိနိဗ္ဗန်စံ ရဟန္တာ	၃၀၆
ပရိပိဋိရဟန်းဟူသည်	၁၀၉
ပလ္လင်လှူရသော အကျိုးငါးပါး	၂၆၅
ပလ္လင်လှူသော အကျိုးတစ်ဆယ့် ခြောက်ပါး	၂၆၆

အက္ခရာစဉ်	စာမျက်နှာ
[မ]	
မဟာဗောဓိမှသည် တရုတ်ပြည်	၂၉၄
မဟာသမ္မတမင်း၏ ဂုဏ်ကျေးဇူး	၅၃၉
မဟာသာဝကရှစ်ကျိပ်	၅၆၇
မဟာသုပ္ပဒုဒ္ဓနှင့် သုပ္ပဒုဒ္ဓတို့၏အမည်အထူး	၂၇
မာတုဂါမတို့၏အား	၄၈၅
မိမိကိုယ်သာ မိမိကိုးကွယ်ရာ	၆၃၉
မိန်းမအဖြစ်မှ ကင်း၍	၄၇
မိန်းမတို့၏ အားငါးပါး	၄၈၅
မိဖုရားရတနာ	၃၂၀
မိဘတို့၏ ကျေးဇူးကို မဆပ်နိုင်ပုံ	၆၃၄
မီးခွက်မီးအိမ်လှူသော အကျိုးသုံးပါး	၂၆၀
မီးသွေးကိတ္တိကတ်	၃၈၁
မုယောနှင့်တိုင်းရာသည် တဆယ့်ငါးပါး	၃၃၅
မုဋ္ဌန့်တိုင်းရာသည် တဆယ့်သုံးပါး	၃၃၄
မုဒိန်းစည်	၇၈
မုသာဝါဒနှင့် ပတ်သက်သော	၆၁၂
မိုးကြိုး၏ ပရိယာယ်သုံးပါး	၁၇
မိုးကြိုး ၉-မျိုး	၁၇
မယ်တော်မာယာ၏ အသက်	၉၂
မွေ့ရာလှူသော အကျိုးခြောက်ပါး	၂၆၈
မွေးညှဉ်လှူသော အကျိုးတစ်ပါး	၂၆၂
မျောက်မျဉ်း	၁၄၀
မြမြတ်ရတနာ	၃၁၇
မြမျိုးရှစ်ပါး	၃၁၈
မြေအတွင်း၌နေကြသောနဂါး	၈၂
မြေကထွက်သည့်ရွှေ	၂၉၁
မြားမာ ဟူသည်	၁၈၃
မြက်ကိုစားသောခြင်္သေ့မျိုး	၆၀၆
မြင်းရတနာ	၃၁၇
မြတ်စွာဘုရား၏အသရေတော်	၂၀၄
[ယ]	
ယာဂုအကျိုးဆယ်ပါး	၂၄၀
ယုဂ်လေးပါး	၂၅၇

အက္ခရာစဉ်	စာမျက်နှာ
[ရ]	
ရတနာခုနှစ်ပါး	၃၉၄
ရတနာဆယ်ပါး	၃၁၉
ရတနာဟူသည်	၁၈၃
ရဿတဏှာ	၅၇၉
ရသေ့ ပရိယာယ်	၁၀၈
ရသေ့ရှစ်မျိုး	၁၁၅
ရဟန်းအယောင်	၁၁၀
ရေသုတ်ပုဆိုးလှူသောအကျိုးငါးပါး	၂၅၇
ရန်အောင်တရားလေးပါး	၂၂
ရှင်ဥပဂုတ်	၉
ရွှေအထူး	၂၈၉
ရွှေမျိုးအပါးနှစ်ဆယ်	၂၉၁
ရွှေမျိုးတစ်ဆယ့်နှစ်ပါး	၂၉၁
ရွှေဟောပရိယာယ်တစ်ဆယ့်သုံးပုဒ်	၂၈၉
[လ]	
လက္ခဏာတော်ငယ်ရှစ်ဆယ်	၁၉၄
လောလငါးမျိုး	၁၄၂
လောသကတိဿထေရ်အကြောင်း	၃၇၅
လောဟသဒ္ဒါဖြင့်	၃၈၀
လောဟိတုပ္ပါဒကဏ်	၅၆၂
လက်ဆေးအင်လှူသောအကျိုးငါးပါး	၂၆၂
လက်သစ်နှင့်တိုင်းရာသည်	၃၃၄
လက်သည်းလှီးဓားလှူသော အကျိုးငါးပါး	၂၄၈
[ဝ]	
ဝါဟခြောက်သန်း	၃၂၅
ဝိဇ္ဇာမိုရ်	၃၈၅
ဝိဇ္ဇာမိုရ်တို့၏အတတ်	၃၈၇
ဝိဇ္ဇာမယက္ကဒ္ဓိ	၃၈၈
ဝိဒင်ကျမ်း၏သဘောသွား	၃၉၅
ဝိဘူတာရုံခုနစ်ဝိထိ	၁၄၂
ဝိသမလောဘပဟာန	၃၁၆
ဝေဿဝဏနတ်မင်း	၁၈၀

အက္ခရာစဉ်	စာမျက်နှာ
[သ]	
သက္ကရာဇ်	၆၀၀
သက္ကာယဒိဋ္ဌိ	၁၀၅
သညီဝါဒ	၁၀၀
သူဌေးရတနာ	၃၂၀
သပိတ်အလှူအကျိုးဆယ်ပါး	၂၄၅
သပိတ်အိတ်လှူသောအကျိုးကိုးပါး	၂၆၄
သပိတ်ခြေလှူသော အကျိုးငါးပါး	၂၅၂
သဗ္ဗညုတညာဏ်တော်	၅၂
သမ္မတ္တိလေးပါး	၄၁၉
သရေခေတ္တရာ	၂၇၇
သရေခေတ္တရာမြို့သက်	၂၇၈
သဟမွတိပြဟ္မာ	၅၂၇
သာဝကာစိဏ္ဏ	၁၉၄
သာဝိတ္တိဆန်း	၃၅

အက္ခရာစဉ်	စာမျက်နှာ
[သ-ဟ]	
သိရိဝါယနံ	၃၃
သိရိသုံးပါး	၃၃
သုဇာတာသူဌေးသမီး	၁၅၉
သုတဗုဒ္ဓ	၃၂၃
သူစိလောမဘီလူး	၅၆၃
သောရေယျသူဌေးသား	၄၄
သံသရာ၏သဘော	၅၄
သစ်ဆင်းလ	၂၉၂
သစ်ဆင်းသဘင်	၂၉၃
သုံးဆယ်သောဓမ္မတာ	၁၈၆
သုံးပါးအပြားရှိသောစက္ကဝတ္တိကျင့်ဝတ်	၃၁၄
သုံးလုံးသောဂူ	၁၇၅
ဟိမဝန္တာတောင် သူယောင်တော	၅၉၆
ဟင်းခွက်ဆွမ်းခွက် လှူသောအကျိုး	၂၅၄

